# စာစဉ် ၃၇ : အပိုင်း ၁၁

## အပိုင်း ၇၀၁ : လူငယ်လေး၊ မင်းဇာတ်ညွှန်းက အစကတည်းက မှားနေတယ်

လော်ချင်းဝူသည် လင်းဖုန်းအား စပ်စုစွာနှင့် ကြည့်လိုက်သည်။ သူမသည် သူမဆရာက ချူးယန်သည် သူမအား စိန်ခေါ်လိမ့်မည်ဟု သူနေသည်ကို ပဟေဠိ ဖြစ်နေခဲ့၏။

သို့သော်လည်း သူမတွေ့ရသည်မှာ လင်းဖုန်း၏ မျက်နှာပေါ်မှ အပြုံးတစ်ဝက်ကိုသာ ဖြစ်သည်။ လင်းဖုန်းသည် ပြီးတာနှင့် သူမအား

စိတ်ချင်းဆက်သွယ်၍ ပြောလိုက်သည်။ "ချင်းဝူ၊ မင်းက ငါဟိုအရင်နှစ်တွေတုံးက ပြောထားဖူးခဲ့တဲ့ စကားတွေကို မှတ်မိသေးလား"

လော်ချင်းဝူသည် လင်းဖုန်းကသူ့အား သတိပေးထားဖူးသည့် စကားများကို အမှတ်ရလိုက်၍ သူမ၏ ရင်မှာ ပြင်းထန်စွာနှင့် ခုန်လာခဲ့သည်။

"ဒီကမ္ဘာပေါ်မှာ တချို့ အရွယ်ရောက်ပြီးတဲ့ လူတွေက မင်းတို့လိုမျိုး ငယ်ရွယ်တဲ့ ကောင်မလေးတွေကို သဘောကျကြတယ်။ သူတို့က နည်းလမ်းအမျိုးမျိုးနဲ့ မင်းကို

လှည့်ကွက်တွေ ဆင်ပြီးမှ လှည့်စားလိုကြတယ်။ မင်းက ဒီလိုမျိုး လူတွေကို တွေ့လို့ရှိရင် သူတို့ကို တတ်နိုင်သလောက် ဝေးဝေးရှောင်ရမယ်"

"တကယ်လို့ သူကမင်းကို လိုက်ပြီးနှောင့်ယှက်နေသေးလို့ရှိရင် သူ့ကို ခက်ထန်စွာနဲ့ တုံ့ပြန်ရမယ်။ ဒါတောင်မှပဲ အလုပ်မဖြစ်သေးလို့ရှိရင် ငါ့ကိုဖြစ်ဖြစ်၊ မင်းရဲ့ စီနီယာတွေကို ဖြစ်ဖြစ် အကူအညီ တောင်းရမယ်။ သူတို့အားလုံးက မင်းကို အကူအညီ ပေးကြလိမ့်မယ်"

လော်ချင်းဝူသည် တံတွေးများကို မျိုချလိုက်ကာ အလင်းတန်း ပုံရိပ်အတွင်းမှ ချူးယန်အား ကြည့်လိုက်၏။ ပြီးတာနှင့် သူမသည် လင်းဖုန်းအား ကြည့်လိုက်ကာ မေးလိုက်သည်။ "ဆရာ၊ မဟုတ်မှလွဲရော ဒီလူက..."

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒီကနေ့မှာ မင်းက အသက် အများကြီး ပိုကြီးလာပြီ။ ဒီကောင်စုတ်လေးက မင်းကို အသက်ဆယ်နှစ် အရွယ်ကတည်းက မျက်စိကျနေတယ် ဆိုတာကို အသိပေးဖို့ အချိန်တန်ပြီ"

လင်းဖုန်းသည် ခေတ္တမျှ ငြိမ်သွားခဲ့ကာ သေချာစွာနှင့် ပြောလိုက်၏။ "ဒါက လူကြီးက ကလေးတွေကို ချစ်တဲ့အချစ်မျိုး မဟုတ်ဘူး။ အချစ်ဇာတ်လမ်းတွေ အထဲက အချစ်မျိုး ဖြစ်တယ်"

လော်ချင်းဝူက ချောင်းတစ်ချက်ဆိုးလိုက်သည်။ "ဒါပေမဲ့ ကျွန်မကသူ့ကို မသိဘူး"

"ဒါကြောင့်မို့ ဒီလိုလူမျိုးဟာ စက်ဆုပ်စရာအကောင်းဆုံး လူမျိုးဖြစ်တယ်" လင်းဖုန်းက သက်ပြင်းအနည်းငယ် ချလိုက်သည်။ လော်ချင်းဝူက သတိတကြီးဖြင့် မေးလိုက်သည်။ "အခု.. အခုဆိုရင် ကျွန်မက

အသက်ကြီးလာပြီဖြစ်လို့ သူ့အကြိုက်ပုံစံ
မဟုတ်လောက်တော့ပါဘူးနော်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"သူကနင့်ကို စိန်ခေါ်နေတယ်လေ။ နင်က
ဘယ်လိုများ ထင်နေလို့လဲ"

လော်ချင်းဝူ၏ မျက်နှာမှာ ပျက်သွားခဲ့ပြီး
သူမ၏ဘေးမှ ရှောင်ယန်သည် အေးစက်စွာဖြင့်
ရယ်လိုက်၏။ "ဂျူနီယာလော်၊
ဘာမှစဥ်းစားနေစရာ မလိုဘူး။ သူ့ကို
ကောင်းကောင်း ရိုက်နှက်ပေးလိုက်ရင်
ပြဿနာက ပြေလည်သွားလိမ့်မယ်"

"ကျွန်မက ဆရာပြောတာတွေ အားလုံးကို ယုံပါတယ်" လော်ချင်းဝူက ပြောလိုက်သည်။ "ဒါပေမဲ့ သူက ကျွန်မကို မကောင်းကြံတာ ဘာမှ မလုပ်ခဲ့ဘူး။ ကျွန်မကသူ့ကို အရမ်းကြမ်းလိုက်လို့ရှိရင် ကောင်းပါ့မလား။ လူတွေအများကြီးရဲ့ အရှေ့မှာ ဒီလိုမျိုး လုပ်လိုက်ရင် အထင်လွဲစရာတွေ ဖြစ်လာနိုင်တယ်"

"ထာဝရ တောင်တန်းဂိုဏ်းက ကျွန်မတို့ဂိုဏ်းနဲ့ နီးစပ်လာတယ်။ တကယ်လို့ သူတို့ကို မျက်နှာမပေးရင် သိပ်မကောင်းဘူး မဟုတ်လား"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။
"ရိုးအတဲ့ ကောင်မလေး၊ ချန်းရှင်းယု
မပေါ်လာရင် မင်းပြောတဲ့အတိုင်း ဖြစ်မှာပေါ့။
ဒါပေမဲ့ ချန်းရှင်းယုက သူ့ကိုယ်သူ
အဆုံးသတ်သော ယင်ဖြစ်တည်မှုအဖြစ်
ဖော်ပြခဲ့ပြီဆိုတော့ တခြားသူတွေက
ဟင်းလင်းပြင် ဘုရားကျောင်းကို
တုံ့ပြန်တဲ့အနေနဲ့ ပြုလုပ်ခဲ့တယ်လို့ပဲ
ယူဆနေကြလိမ့်မယ်"

"ထာဝရ တောင်တန်းဂိုဏ်းကလည်း သူတို့ဟာ
ကံမကောင်းပဲ ငါတို့နဲ့ ဟင်းလင်းပြင်

ဘုရားကျောင်းတို့ရဲ့ အကြားက မြေစာပင် ဖြစ်သွားတယ်လို့ပဲ ယူဆနေကြလိမ့်မယ်"

ယွဲ့ဟုန်ယန်ကလည်း အေးစက်စွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။
"အသက်မပြည့်သေးတဲ့ ကောင်မလေးတွေကို နှစ်သက်တဲ့သူတွေက သင်ခန်းစာကောင်းကောင်း ပေးမှရမယ်။ ဓမ္မခန်းမရဲ့ ကာကွယ်မှု ရှိနေတဲ့အတွက် သူကသေမှာ မဟုတ်ဘူး။ ဂျူနီယာလော်၊ မင်းကသူ့ကို မြန်မြန်လေး အပြတ်ရှင်းလိုက်ရင် သူဒဏ်ရာတောင်ရမှာ မဟုတ်ဘူး"

လင်းဖုန်းသည် ထိုစကားများကို နားထောင်လိုက်ကာ သူ၏ရင်ထဲမှနေ၍ ရယ်နေခဲ့သည်။ "ဟီးဟီးဟီး၊ ငါက အရမ်းကြီး များသွားပြီလား။ မဟုတ်ဘူး၊ ငါက နည်းနည်းလေးပဲ များသေးတာ"

ပြီးတာနှင့် သူ၏စိတ်အတွင်းတွင် ပုံရိပ်တစ်ခု ပေါ်လာခဲ့၏။

လော်ချင်းဝူက ဦးဆောင်၍ သူ၏ တပည့်များသည် ပွေးကောင်များ တွင်းအပေါ်သို့ ထွက်လာသည်ကို တူဖြင့်ရိုက်သော ကစားပွဲတစ်ခုကို ကစားနေသည့် မြင်ကွင်းဖြစ်သည်။ ပေါ်လာသော

ပွေးကောင်များ အားလုံးတို့သည် ချူးယန်တို့၏
မျက်နှာများ ဖြစ်ကြ၏။

ထိုမြင်ကွင်းသည် လွန်စွာမှ လှပလွန်းသဖြင့်
လင်းဖုန်းက ဆက်၍ မစဥ်းစားရဲတော့ပေ။

လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ
ရယ်လိုက်သည်။ သူပြောခဲ့သမျှ အရာတိုင်းသည်
လေးနက်စွာ ယူဆ၍မရသော ဟာသများသာ
ဖြစ်သည်။ လူတိုင်းတွင် သူတို့၏ ဘဝနှင့်
အချစ်ရေးတို့ ရှိကြ၏။ အကယ်၍ သူသည်
တကယ်ပဲ ကလေးကြိုက်သူတစ်ယောက်
ဖြစ်ခဲ့လျှင်လည်း သူကဝင်၍ ဟန့်တားမည်

မဟုတ်ပေ။ အားလုံးတို့သည် လေ်ာချင်းဝူ၏
ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်သည်။

အကယ်၍ လင်းဖုန်းသည် အမှန်တကယ်ပဲ
ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက် ရှိပါက
သူတို့နှစ်ယောက်တို့သည် တွေ့ဆုံရန်
အခွင့်အရေးပင် ရှိမည်မဟုတ်ပေ။ အကယ်၍
သူတို့နှစ်ယောက်တို့သည် စကားပြောရန်
မဆိုထားနှင့် တစ်ယောက်နှင့်တစ်ယောက်
တွေ့ပင်မတွေ့ဖူးကြလျှင် မည်ကဲ့သို့
ဆက်ဆံရေး ရှိနိုင်မည်နည်း"

"လူငယ်လေး၊ မင်းရဲ့ ထူထဲလှတဲ့
မျက်ခုံးမွေးတွေနဲ့ ကြီးမားတဲ့

မျက်လုံးတွေနဲ့ဆိုရင် လူဆိုးပုံ မပေါက်နေပဲ
သူရဲကောင်းပုံတောင် ပေါက်နေသေးတယ်။
ဒါက မင်းရဲ့အစွမ်း အကုန်တော့
မဟုတ်ဘူးမလား" လင်းဖုန်းသည် အလင်းတန်း
ပုံရိပ်အတွင်းမှ ချူးယန်အား ကြည့်လိုက်ကာ
ရင်ထဲမှနေ၍ ပြုံးလိုက်သည်။ "အခုအချိန်မှာ
မင်းက ဓားအဆောင်လက်ဖွဲ့ တချို့ကိုပဲ
ရထားတာလား၊ ကောင်းကင်တံခါးဂိုဏ်းရဲ့
ဓားကျမ်းစာကို ရထားတာလား ဆိုတာကို ပြဖို့
အချိန်တယ်ပြီ"

ထာဝရ တောင်တန်းဂိုဏ်မှ ချူးယန်သည်
အခန်းအတွင်းမှ ထွက်လာခဲ့သည်။
သူ့အကြောင်းကို သိမထားကြသော

သူများသည် သူနှင့် လော်ချင်းဝူတို့၏ အကြားမှ တိုက်ပွဲကို စိတ်မဝင်စားနေကြပေ။

လင်းဖုန်း၏ လက်အောက်မှ ပထမမျိုးဆက် တပည့်များအနက် လော်ချင်းဝူနှင့် လီယွမ်ဖန်းတို့သည် ဂိုဏ်းအတွင်းသို့ နောက်ဆုံးမှ ဝင်လာကြသဖြင့် ကျင့်ကြံမှုအဆင့် အနိမ့်ကျဆုံး ဖြစ်ကြ၏။ ဘေးမှကြည့်နေသော သူများ၏ မျက်လုံးများ အတွင်းတွင် ချူးယန်က လော်ချင်းဝူအား စိန်ခေါ်သည်မှာ သာမန်သာ ဖြစ်သည်။

လူပေါင်းများစွာတို့သည် ချူးယန်အား ကျေးဇူးတင်နေကြသည်။ လော်ချင်းဝူနှင့်

လီယွမ်ဖန်းတို့သည် ဂိုဏ်းအတွင်းသို့
ဝင်ကြအပြီးတွင် ပြင်ပသို့
သွားရောက်ကျက်စားခဲ့ကြသော်လည်း
တိုက်ပွဲများတွင် ဝင်မပါခဲ့ကြပေ။ ထို့ကြောင့်
သူတို့၏ စွမ်းအားများကို လူအချို့သာ
သိနိုင်ကြပြီး အများစုမှာ စိတ်ဝင်တစား
ဖြစ်နေကြ၏။

"တည်ငြိမ်အောင်ထား.. တည်ငြိမ်အောင်ထား.."
ချူးယန်သည် အဆက်မပြတ်
အသက်ရှူနေခဲ့ကာ ဦးနှောက်အတွင်းမှ
အဆက်မပြတ် စဉ်းစားနေခဲ့သည်။

သူသည် သူမကို တွေ့လျှင်တွေ့ချင်း သူမသည် သူနှင့် ဖူးစာပါလာသူဖြစ်ပြီး သူသည် သူမအား လက်ထပ်ချင်နေသည်ဟူ၍ ပြော၍မဖြစ်ပေ။ ထိုကဲ့သို့ဆိုလျှင် သူသည် အရူးလုံးလုံး ဖြစ်သွားပေလိမ့်မည်။

"ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း လုပ်ရမယ်။ အထင်ကြီးအောင် အရင်လုပ်ရမယ်" ပုံမှန်ဆိုလျှင် တည်ငြိမ်နေသော ချူးယန်သည် သူ၏ နှလုံးခုန်နှုန်းသည် မြန်လာခဲ့ကာ သူ၏ အတွေးများသည် ပြန့်ကျဲနေခဲ့သည်။ "ကောင်းမွန်တဲ့ စတင်မှုဟာ အောင်မြင်မှုအတွက် အရေးပါတယ်။ မင်းက အခွင့်အရေးကို အသုံးချမှရမယ်"

သူသည် ထိုအထိ တွေးသွားပြီးသောအခါ သူ၏
ကျောရိုးအတွင်းမှ စိမ့်ကနေ ဖြစ်သွားခဲ့၏။
သူ၏ခေါင်းကို လှည့်ကြည့်လိုက်ရာ
ရှီထျန်းဟောင်က သူ့အား စူးစူးဝါးဝါး
စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"မင်းတို့နှစ်ယောက်စလုံးတို့ဟာ
ဓားကျင့်ကြံသူတွေ ဖြစ်ကြတဲ့အတွက် မင်းတို့က
လက်နက်တွေကို အသုံးပြုလို့ရတယ်"
ရှီထျန်းဟောင်က ပြုံးကာပြောလိုက်၏။

ချူးယန်က ခေါင်းညိတ်လိုက်သည်။
"ဟုတ်ကဲ့ပါ" သူသည် ပြီးတာနှင့်
ရှီထျန်းဟောင်အား စပ်စုစွာဖြင့်
ကြည့်လိုက်သည်။ သူသည် တစ်စုံတစ်ခုက
မှားယွင်းနေသည်ဟု ခံစားနေရ၏။ သူ့အား
ကြောက်ရွံ့စေခဲ့သော ခံစားချက်မှာ
ပျောက်သွားခဲ့ပြီ ဖြစ်ကာ ပုံရိပ်ယောင်
တစ်ခုဟုသာ ခံစားနေခဲ့ရသည်။

ရှီထျန်းဟောင်က ပြီးတာနှင့်
ဆက်ပြောလိုက်သည်။ "စိန်ခေါ်သူတစ်ယောက်
အနေနဲ့ မင်းက စစ်မြေပြင်ကို
ရွေးချယ်လို့ရတယ်"

ဘာမှ တွေဝေနေခြင်း မရှိပဲ ချူးယန်သည် လော်ချင်းဝူအား အားနည်းစေမည့် တောက်လောင်နေသော ပူပြင်းသည့် စစ်မြေပြင်ကို ရွေးချယ်ခဲ့သည်။ သူမသည် သူမ၏ သန့်စင်သောယင် စွမ်းအားများကို အစွမ်းကုန် အသုံးပြု၍ရမည် မဟုတ်ပေ။

ဒါသည် သူက လော်ချင်းဝူအား လေးစားသောအားဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူသည် သာမန် စစ်မြေပြင် သို့မဟုတ် လော်ချင်းဝူနှင့် သင့်တော်သည့် နေရာကို ရွေးချယ်ခဲ့ပါက သူသည်

မည်သည့်အဆင့်ရှိသော စိန်ခေါ်သူ
ဖြစ်သွားမည်နည်း။

ထိုကဲ့သို့သော စိန်ခေါ်မှုသည် စီနီယာ
ကျင့်ကြံသူ တစ်ယောက်က ဂျူနီယာ စိန်ခေါ်သူ
တစ်ယောက်အား လေ့ကျင့်ပေးသကဲ့သို့
ဖြစ်သွားမည် ဖြစ်သည်။ ဒါသည် တရားမျှတရာ
မကျသောကြောင့်လည်း လေကျဲက
သူ၏အခွင့်အရေးကို စွန့်လွှတ်ရန်
ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ချူးယန်သည် ဖြည်းဖြည်းချင်း ဆက်သွားရမည်
ဖြစ်ကာ အရင်ဆုံး အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် လော်ချင်းဝူတို့အား

သူ့ကို အမှတ်ရနေအောင် လုပ်ဆောင်ရမည် ဖြစ်သည်။ နှိမ့်နှိမ့်ချချ နေခြင်းသည် လုပ်သင့်သော အရာတစ်ခု ဖြစ်၏။ ထို့အပြင် သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား မှီခိုနေရသော ထာဝရ တောင်တန်းဂိုဏ်းမှ တပည့်တစ်ယောက် ဖြစ်သည်။

သို့သော်လည်း ဒါသည် သူနှင့် တောက်ယုတင်းတို့၏ အကြားမှ တိုက်ပွဲကဲ့သို့ ဖြစ်ရမည်။ သူသည် ရှုံးနိမ့်လျှင်လည်း ထိုက်တန်စွာနှင့် ရှုံးနိမ့်ရမည် ဖြစ်၏။ ပွတ်ကာသီကာ ရှုံးသွားသည် ဖြစ်စေ၊ အပြတ်အသတ် ရှုံးသွားသည်ဖြစ်စေ သူသည် သူ၏အစွမ်းကို ပြရမည် ဖြစ်ပြီး သူ့ပြိုင်ဘက်က

သူ့အား အထင်ကြီးအောင် စွမ်းဆောင်ရမည် ဖြစ်သည်။

သာမန် လမ်းတွင်တွေ့ခဲ့သူကဲ့သို့ ခဏလေးနှင့် မေ့ပျောက်သွားမည်ကို သူက ကြောက်ရွံ့နေပေသည်။ ထိုသို့သာဆိုလျှင် သူ၏ အားထုတ်မှုများ အားလုံးတို့သည် အလဟဿ ဖြစ်သွားလိမ့်မည် ဖြစ်သည်။

ချူးယန်သည် စဥ်းစား၍ ကောင်းနေဆဲတွင်ပင် ခရမ်းရောင် ဝတ်စုံနှင့် ကောင်မလေးသည် သူ၏အရှေ့တွင် ပေါ်လာခဲ့သည်။ သူသည်လည်း အနည်းငယ် လန့်ဖျန့်သွားခဲ့၏။

သူမ၏ မျက်နှာ အသွင်အပြင်သည်
ပြောင်းလဲသွားသည့်ပုံ မပေါက်နေခဲ့ချေ။
သူမသည် သူ၏ မှတ်ဉာဏ်အတွင်းမှ သူသာ
ဖြစ်သည်။ သို့သော်လည်း သူမသည် သူမ၏
အနီရောင် ဝတ်ရုံအစား အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ခရမ်းရောင်
ဝတ်ရုံအဖြစ်သို့ ပြောင်းသွားခဲ့သည်။
သူမသယ်ဆောင်လေ့ရှိသော
ဆေဘာသည်လည်း ရေခဲအော်ရာများဖြင့်
ပြည့်နှက်လျှက်ရှိသည့် အနက်ရောင်
ရေခဲဓားအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိုရေခဲခဲဓားကို ကြည့်နေရင်းနှင့် ချူးယန်သည် သတိဝင်လာခဲ့သည်။ ဓားကျင့်ကြံသူ တစ်ယောက်အနေနှင့် သူ၏ တည်ငြိမ်မှုကို ပြန်လည် ထိန်းသိမ်းလိုက်ကာ ထိုအနက်ရောင် ရေခဲဓားမှ ထုတ်လွှတ်နေသော အန္တရာယ် အငွေ့အသက်များကို ခံစားနိုင်ခဲ့သည်။

သူသည် သုံးပေခန့် ရှည်၍ သန့်စင်သော အနက်ရောင် ရေခဲဖြင့် သွန်းလုပ်ထားသကဲ့သို့ ထင်နေရ၏။ သူ့တွင် မသန့်စင်မှု တစ်ခုမှ မပါပဲ ဓားသွားသည်လည်း မည်းနက်နေခဲ့ကာ အလင်းတန်း တစ်စက်မှ မတောက်ပနေခဲ့ပေ။

ထိုအနက်ရောင်ခဲ့တေးသည်
မည်သည့်အလင်းပြန်ခြင်းမှ ရှိမနေသည့်အပြင်
သူသည် ဂူတစ်ခုကဲ့သို့ မှောင်မည်းနေခဲ့သည်။
သူသည် သူနှင့် ထိတွေ့ခဲ့သော
အလင်းရောင်များ အားလုံးတို့ကို စုပ်ယူသွားခဲ့၍
သူ၏ ထိပ်ဖျားကပင် စကြာဝဠာ တွင်းနက်ကြီး
တစ်ခုနှင့် တူနေခဲ့၏။

သူသည် အဆုံးမဲ့ ယင်စွမ်းအင်များနှင့်
ပြည့်ဝနေခဲ့ကာ ရင်ခုန်သံများကို
ရပ်တန့်စေနိုင်သည့် ခဲ့တေးတစ်ခုပင် ဖြစ်သည်။

ချူးယန်သည် သူ၏ ခံစားချက်များကို
ထိန်းချုပ်ရာတွင် အလွန်ကျွမ်းကျင်သောသူ

တစ်ယောက်ဖြစ်၏။ လော်ချင်းဝူကသာ သူမဆရာ၏ ကြိုတင်သတိပေးချက်များကို ရမထားခဲ့ပဲ သူမသည် သူ၏ လုပ်ဆောင်ချက်များကို အသေအချာ သတိထား၍ ကြည့်မနေခဲ့လျှင် တစ်ခုခုက လွဲမှားနေသည်ကို သူမက လုံးဝသတိပြုမိမည် မဟုတ်ပေ။

"ဆရာက ကြိုတင်သတိပေးထားလို့ တော်သေးတယ်.." ကောင်မလေးသည် သူ့ကိုယ်သူ တီးတိုးရေရွတ်လိုက်သည်။ သူမ၏ မျက်နှာမှာမူ အမူအရာ မပြောင်းခဲ့ပဲ သူမ၏ ညာလက်တွင် ရေခဲဓားကို ဆွဲကိုင်လိုက်၏။ သူမသည် အေးစက်စွာနှင့် ပြုံးလိုက်၍

ပြောလိုက်သည်။ "တာအိုရောင်းရင်းချူး၊ ကျေးဇူးပြုပြီး စပါ"

ချူးယန်ကလည်း သူ၏ခေါင်းကို ညိတ်လိုက်ကာ သူ၏ဓားကို ဓားအိမ်အတွင်းမှ ထုတ်လိုက်သည်။ ဓားသည် လေထုအလယ်တွင် လည်ပတ်နေခဲ့ကာ တစ်ယောက်သည် ကောင်းကင်တံခါးဂိုဏ်း၏ ကောင်းကင်ကိုးလွှာ မဟာဓားနည်းစနစ်၏ အနောက်တောင် ယူကောင်းကင်ဓားနှင့် ထာဝရ တောင်တန်းဂိုဏ်း၏ နည်းစနစ် အငွေ့အသက်များကို တွေ့နေနိုင်၏။

သို့သော်လည်း အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲများက ထိုအရာကို တွေ့လိုက်သောအခါ သူတို့၏ ခေါင်းများကို ခါလိုက်ကြသည်။ "ဒါက သူဟာ ဟိုစားအဆောင်လက်ဖွဲ့တွေကို လေ့လာပြီးမှ နားလည်နိုင်ခဲ့တာသာ ဖြစ်ပြီး တကယ့် အနောက်တောင် ယူကောင်းကင်စား မဟုတ်ဘူး"

"တာအိုရောင်းရင်းလော်.. ကျေးဇူးပြုပြီး ညွှန်ကြားပြသပေးပါ" ချူးယန်က ပြောလိုက်၍ လော်ချင်းဝူထံသို့ ဝင်ရောက်လာခဲ့သည်။

သူသည် နောက်တစ်ဆင့် ဘာလုပ်မည်
ဆိုသည်ကို ကြံစည်ထားပြီး ဖြစ်၏။
သို့သော်လည်း သူ၏ တစ်ကိုယ်လုံးမှ အမွေးများ
ထောင်လာခဲ့ကာ ရင်ဘတ်ထဲမှ
အေးစိမ့်သွားခဲ့သည်။

သူသည် အသေအချာ ကြည့်လိုက်ရာ
လော်ချင်းဝူ၏ ခန္ဓာကိုယ် အတွင်းမှနေ၍
ရေခဲပြာရောင် ဓားအော်ရာ တစ်ခုက
ပေါက်ကွဲထွက်လာခဲ့သည်ကို တွေ့လိုက်ရသည်။
သူ့တွင် အစွန်းရောက် အေးခဲမှုများနှင့်
ပြည့်နေခဲ့ကာ ကောင်းကင်နှင့်မြေကြီး၊
ယင်နှင့်ယန်တို့အား ဖျက်ဆီးချင်နေခဲ့သည်နှင့်
တူနေခဲ့သည်။

လော်ချင်းဝူသည် သူမ၏ ဘယ်လက်ဖြင့်
ခေါးသကော်တတစ်ခုကို ဖော်ထုတ်လိုက်၍
သူမ၏ ညာလက်မှ ရွှမ်းချီခေါးနှင့်
ပူးပေါင်းလိုက်သည်။ သူမ၏ ရေခဲပြာရောင်
ခေါးအော်ရာတွင် အဖြူရောင် ဖျော့ဖျော့လေးက
လှည့်ပတ်လာခဲ့ကာ အေးစက်သော
ခေါးအော်ရာအဖြစ်သို့ ပြောင်းသွားခဲ့သည်။
သူသည် လေဟာနယ်ကို ဖြတ်ကျော်လာခဲ့ကာ
ချူးယန်၏ အရှေ့သို့ ရောက်လာခဲ့သည်။

ချူးယန်၏ ခေါးအော်ရာသည် ထိုအေးစက်သော
ခေါးအော်ရာနှင့် ထိတွေ့လိုက်သည်နှင့်

တပြိုင်နက် ရေခဲအဖြစ်သို့ အေးခဲသွားခဲ့ကာ
ပျက်ပြယ်သွားခဲ့သည်။

မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင်
လင်းတောက်ဟန်၏ မျက်ခုံးများသည်
တင်းကျပ်စွာနှင့် ကြုတ်သွားခဲ့၍
ယန့်မင်းရှဲ့ကလည်း အံ့သြတကြီးနှင့်
မေးလိုက်သည်။ "အဆုံးသတ်သော
ယင်စွမ်းအားလား"

ဟင်းလင်းပြင် ဘုရားကျောင်း၏
အခန်းအတွင်းတွင် ဖန်းရှယ်ဖုန်းနှင့်
ကျန်သောသူများသည် ပါးစပ်အဟောင်းသား
ဖြစ်သွားကြ၏။ သူတို့သည် သူတို့၏

ခေါင်းများကို လှည့်လိုက်ကြကာ
ချန်းရှင်းယုဘက်သို့ လှမ်းကြည့်လိုက်ကြသည်။

သာမန်အချိန်တွင် တည်ငြိမ်အေးဆေးလေ့
ရှိသော ချန်းရှင်းယုသည်လည်း
ထိတ်လန့်တုန်လှုပ်သွားခဲ့ကာ ပြောလိုက်သည်။
"ဒါက တကယ်ကိုပဲ အဆုံးသတ်သောယင်
စွမ်းအားဖြစ်တယ်။ သူမက တကယ်ကိုပဲ.."

ဓမ္မခန်းမနှင့် မဟာကောင်းကင် ခန်းမဆောင်
အတွင်းမှ လူအားလုံးတို့သည် လော်ချင်းဝူ၏
ဓားနည်းစနစ်ကြောင့်
အံ့သြတုန်လှုပ်ကုန်ကြသည်။

မဟာကောင်းကင် တာအိုကျမ်းစာ၏
အရေအတွက်သုံးခု အင်းရှစ်ကွက်အား
လေ့လာအပြီးတွင် လော်ချင်းဝူသည် သူမ၏
ကိုယ်ပိုင် ဓားနည်းစနစ်များကို
တီထွင်နိုင်ခဲ့သည်။

ကောင်းကင်မှ ချီးမြှင့်ထားသော ပေါင်းစည်းခြင်း
ဓားခြောက်လက် ကျမ်းစာ၏ ပဋ္ဌမဓား၊
နယ်နိမိတ်ဆယ်ပါး အဆုံးသတ်သောယင်ဓား!

သူမ၏ကိုယ်ပိုင် သန့်စင်သောယင်
စွမ်းအားများကို အသုံးချ၍ သူမသည် သူမ၏

ယင်စွမ်းအားများကို အဆုံးစွန်
သိပ်သည်းနိုင်ခဲ့ကာ အဆုံးသတ်သော
ယင်ခေါးပုံစံဖြင့် ပြိုင်ဘက်ကင်းသော
ဖျက်ဆီးနိုင်မှု စွမ်းအားများကို
ထုတ်ဖော်နိုင်ခဲ့သည်။

သူမသည် သူမ၏ ကိုယ်ပိုင်အားထုတ်မှုများဖြင့်
ဖျက်ဆီးနိုင်သည့် အဆုံးသတ်သော
ယင်စွမ်းအားများကို တုပြိုင်နိုင်ခဲ့ခြင်း ဖြစ်၏။
ချန်းရှင်းယုနှင့် စာလျှင် တစ်စက်မှ
အားမနည်းနေခဲ့ပဲ အချို့အပိုင်းများတွင် သူ၏
စွမ်းအားများထက်ပင် ပို၍
သာလွန်နေခဲ့သေးသည်။ သူမ၏ကိုယ်ပိုင်
ခေါးကွက် နည်းစနစ်များနှင့်

တွဲဖက်လိုက်သောအခါ စူတောင်မှ
ဆင်းသက်လာခြင်း မရှိသော အစွမ်းထက်၍
ဖျက်ဆီးနိုင်စွမ်း အားကောင်းသော
ခေးကွက်များကို ထုတ်ဖော်နိုင်ခဲ့ကာ
အားလုံးတို့အား မျက်လုံးပြူးစေခဲ့သည်။

ထိုကဲ့သို့သော စွမ်းအားကောင်းသည့်
ခေးကွက်နှင့် ရင်ဆိုင်ခဲ့ရသောအခါ
ချူးယန်သည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားခဲ့၏။
သူသည် လော်ချင်းဝူက ပထမ ခေးကွက်နှင့်ပင်
ခက်ထန်စွာနှင့် ဤမျှအားကောင်းစွာ
တိုက်ခိုက်လာလိမ့်မည်ဟု မမျှော်မှန်းထားခဲ့ပေ။
ဒါသည် သူ၏ မှတ်ဉာဏ်အတွင်းမှ
လော်ချင်းဝူနှင့် လုံးဝကွာခြားနေခဲ့သည်။

ဒါသည် သာမန် ပြိုင်ပွဲတစ်ခုသာ
ဖြစ်သော်လည်း လော်ချင်းဝူသည်
ခေါးကွက်တစ်ကွက်တည်းနှင့်ပင် အမြန်ဆုံး
အနိုင်ယူချင်နေသည်မှာ သိသာနေခဲ့သည်။

ဒါသည် သူမျှော်မှန်းထားသည်နှင့် လုံးဝ
ကွာခြားနေခဲ့၏။

မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင်
လင်းဖုန်းသည် သူ၏ ရင်အတွင်းမှ ပြုံးနေခဲ့ကာ
တွေးလိုက်သည်။ "လူငယ်လေး၊ မင်းရဲ့

ဓာတ်ညွှန်းတွေက အစကတည်းက
မှားနေတယ်"

## စာစဉ် ၃၇ : အပိုင်း ၁၂

## အပိုင်း ၇၀၂ : မျက်ရည်ကျသွားခဲ့သော ချူးယန်

လွန်စွာ အစွမ်းထက်သော နယ်နိမိတ်ဆယ်ပါး
အဆုံးသတ်သော ယင်ဓားနှင့်
ရင်ဆိုင်ခဲ့ရသောအခါ ချူးယန်၏
ဓားအလင်းတန်းသည် ချက်ချင်းဆိုသလိုပင်
ပျက်စီးသွားခဲ့သည်။

သူ၏ စိတ်ဝိညာဉ်အတွင်းမှ ခေးပုံရိပ်သည် လေဘ်ချင်းဝူ၏ တိုက်ခိုက်မှုများကြောင့် တုန်ခါသွားခဲ့သည်။ သူမ၏ ညှာတာမှု ကင်းမဲ့သော တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရသောအခါ ခေးပုံရိပ်သည် အားစိုက်ကာ ပြန်လည်တုံ့ပြန်ရန် ကြိုးစားနေခဲ့သည်။

"တည်ငြိမ်စမ်း" ချူးယန်သည် သူ၏ စိတ်ဝိညာဉ် အတွင်းမှ ခေးပုံရိပ်အား ငြိမ်သက်နေအောင် ထိန်းသိမ်းလိုက်သည်။ အားလုံးတို့၏ အကြည့်အောက်တွင် သူသည် သူမ၏ ခေးကွက်များကို ခုခံ၍ မဖြစ်ချေ။ အကယ်၍ သူသည် သူ၏ စွမ်းအားအမှန်များကို

ထုတ်ဖော်ခဲ့ပါက သူသည် လင်းဖုန်းနှင့် ကျန်သောသူများထံမှ ဖုံးကွယ်ထား၍ရမည် မဟုတ်တော့ချေ။

သူစဉ်းစားနေသော အချိန်တွင်ပင် ချူးယန်သည် နဂိုနေရာတွင် မလှုပ်မယှက် ရပ်နေခဲ့သည်။ သူသည် ရှောင်တိမ်းရန်ပင် မကြိုးစားခဲ့ပဲ ထိုနေရာတွင် ရှုံ့ရုပ်ကြီးကဲ့သို့ ငူငူကြီး ရပ်နေခဲ့၏။ သူသည် လေ့ကျင့်သည့် အရုပ်ကြီးတစ်ခုကဲ့သို့ ထိုတိုက်ခိုက်မှုကို ခံခဲ့လိုက်ရသည်။

ဓမ္မခန်းမ၏ အကာအကွယ် စနစ်သည် အသက်ဝင်လာခဲ့ကာ ချူးယန်အား ကယ်တင်လိုက်သည်။

သူသည် ပြန်လည်တိုက်ခိုက်ခြင်း မပြုခဲ့သလို ရှောင်ရှားခြင်းလည်း မပြုခဲ့ပေ။ ထို့ကြောင့် လော်ချင်းဝူ၏ ဓားချက်သည် သူ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်ခဲ့၏။ သို့သော်လည်း သူသည် နာကျင်မှု ဝေဒနာများကို တစ်စက်မှ မခံခဲ့ရပဲ ပြိုင်ပွဲစင်မြင့် ပြင်ပသို့ ရောက်သွားခဲ့သည်။

ချူးယန်သည် ခေတ္တမျှ မိန်းမောနေခဲ့သည်။
သူသတိပြန်ဝင်လာသောအခါ သူရှုံးနိမ့်သွားပြီ
ဖြစ်ကြောင်းကို သိလိုက်ရ၏။

စင်မြင့်ထက်မှ ခရမ်းရောင် ဝတ်စုံနှင့်
ကောင်မလေးသည် သူမ၏
ဓားအလင်းတန်းအား ရုပ်သိမ်းလိုက်သည်။
သူမ၏ ရွှမ်းချီဓားကို ပြောင်းပြန်လှည့်လိုက်ကာ
ချူးယန်အား ဦးညွှတ်လိုက်၍ ပြောလိုက်သည်။
"တာအိုရောင်းရင်းချူးကို ကျေးဇူးတင်ပါတယ်"
ပြီးတာနှင့် သူမသည် ပျောက်ကွယ်သွားခဲ့၏။
ခရမ်းရောင် အလင်းတန်း တစ်ခုသည်
ဟင်းလင်းပြင် အတွင်းတွင် လက်ကနဲ

ဖြစ်သွားခဲ့ကာ မဟာကောင်းကင် ခန်းမဆောင်
အတွင်းသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

အနက်ရောင် ဝတ်စုံနှင့် လူငယ်သည်
ကသိကအောက် ဖြစ်လှစွာနှင့်
သူ၏လည်ပင်းအား လှည့်လိုက်ကာ
သူ၏ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။
ပြီးတာနှင့် သူ၏လက်ဝါးကို ကြည့်လိုက်သည်။
ချက်ချင်းဆိုသလိုပင် သူသည်
ကောင်းကင်ပေါ်သို့ မျက်ရည်အပြည့်နှင့်
မော့ကြည့်ချင်စိတ်များ ပေါ်လာခဲ့၏။

သူသည် တစ်စက္ကန့် အတွင်းပင် လော်ချင်းဝူ၏
အနိုင်ယူခြင်းကို ခံလိုက်ရသည်။

"ဒီလိုမျိုး မဖြစ်သင့်ဘူး.." ချူးယန်သည် ရယ်ရမည်လော ငိုရမည်လော မသိ ဖြစ်နေခဲ့သည်။ အကယ်၍ သူ၏ စွမ်းအားများကို အစွမ်းကုန် ထုတ်ဖော်ခဲ့လျှင် ဤကဲ့သို့ ဖြစ်ချင်မှ ဖြစ်မည် ဖြစ်သည်။ သူ၏ အစစ်အမှန် စွမ်းအားများကို အသုံးပြု၍ရမည် မဟုတ်သော်လည်း ဤမျှ အရှက်ကွဲမည် မဟုတ်ခဲ့ပေ။

အစောပိုင်းက သူက တောက်ယုတင်းနှင့် ယှဉ်ပြိုင်ခဲ့ရရာတွင် ရှုံးနိမ့်ခဲ့သော်လည်း ဤကဲ့သို့ ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့ပေ။

နှမြောစရာကောင်းသည်မှာ သူက
အစောပိုင်းက ဖြစ်နိုင်သော ရလဒ်မျိုးစုံတို့အား
ကြိုတင်တွက်ချက်ရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။
သူသည် သူ၏ စိတ်အတွင်းမှ
ကြိုတင်စဥ်းစားထားခဲ့ကာ
တစ်ဆင့်ချင်းအတွက် အကွက်ချထားခဲ့သည်။
သူ၏ အကြံများကို အသေးစိတ် ဆွဲထားခဲ့ကာ
စိတ်ချရပြီဟု ထင်နေခဲ့သည်။

သူမစဥ်းစားမိခဲ့သော အချက်မှာ လော်ချင်းဝူက
မည်မျှ သန်မာသနည်း ဆိုသည်နှင့် သူမ၏
အစွမ်းအထက်ဆုံးသော အကွက်ကို အရင်ဆုံး
အသုံးပြုမည်ကို ဖြစ်သည်။ ကြည့်ရသည်မှာ
သူမသည် သူမချက်ချင်း သတ်ဖြတ်ရမည့်

သူတစ်ယောက်ကို ယှဥ်ပြိုင်ရသည်နှင့် တူနေခဲ့ပြီး သူမ၏ စွမ်းအားများကို အစွမ်းကုန် အသုံးချခဲ့၏။

ချူးယန်သည် လော်ချင်းဝူ အခုအသုံးပြုသွားခဲ့သော အကွက်သည် ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူများသာမက အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူများ အတွက်ပင် အန္တရာယ် ရှိနိုင်သည်ဟူ၍ ပြောရဲသည်။

"ငါ့ရဲ့ စွမ်းဆောင်ရည်တွေက အထင်ကြီးဖွယ်ရာ မရှိပဲ ထာဝရ တောင်တန်းဂိုဏ်းရဲ့ တပည့်တစ်ယောက် အနေနဲ့ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းက လက်ရင်းတပည့်
တစ်ယောက်ကို မယုံကြည်နိုင်မှန်း သိပေမဲ့
နင်ကငါ့ကို ဒီလောက်အထိ လုပ်ဖို့လိုလို့လား"
ချူးယန်၏ မျက်ရည်များသည် စီးကျလာခဲ့၍
ရင်ထဲမှနေ၍ နာကျင်စွာနှင့် ခံစားနေခဲ့ရသည်။

အစောပိုင်းက သူသည် ရှုံးနိမ့်မည်ကို
ကြောက်မနေခဲ့ပေ။ သူ၏ အစွမ်းများကို
ထုတ်ဖော်ပြသခွင့် မရပဲ ဒီအတိုင်း
ရှုံးနိမ့်သွားမည်ကိုသာ ကြောက်နေခဲ့သည်။
သူ့အား အလွယ်တကူ မေ့ပျောက်သွားမည်ကို
စိုးရိမ်နေခဲ့၏။

ယခုအချိန်တွင် ပြန်လည်စဉ်းစားလိုက်လျှင် တစ်ယောက်၏ ပြိုင်ဘက်အား တစ်ကွက်တည်းနှင့် ရှုံးနိမ့်သွားခဲ့ရခြင်းလောက် ကသိကအောက် ဖြစ်စရာ အခြေအနေမျိုး မရှိတော့ပေ။

သူ၏ ကိုယ်ပိုင်စွမ်းရည်များကို ပြဖို့ရန်ဝေးစွ၊ သူသည် ဘာမှ မလှုပ်ရှားခဲ့ရပဲ မရှုမလှ ရှုံးနိမ့်သွားခဲ့သည်။ သူ၏ စွမ်းရည်များကို ပြသဖို့နှင့် အထင်ကြီးဖွယ်ရာ စွမ်းဆောင်ဖို့ကို အဘယ်မှာ တတ်နိုင်တော့မည်နည်း။

သူ၏ ပြိုင်ဘက်မှာ သူက အဘယ်ကြောင့် ဤမျှအားနည်းနေသည်ဟု ပဟေဋ္ဌိပင် ဖြစ်နေခဲ့လိမ့်မည်။

လော်ချင်းဝူက သူမ၏ စွမ်းရည်များကို ပြသခဲ့ချိန်တွင် ချူးယန်သည် သူ၏ စိတ်ဝိညာဉ် အတွင်းမှ ခေါးပုံရိပ်အား ထိန်းချုပ်ရန် ကြိုးစားနေခဲ့ရသဖြင့် မလှုပ်ရှားနိုင်ခဲ့ပေ။ သို့သော်လည်း ပြင်ပသူများ အနေနှင့် သူသည် လော်ချင်းဝူ၏ တိုက်ခိုက်မှုကို ကြောက်ရွံ့နေသဖြင့် မလှုပ်ရှားနိုင် ဖြစ်နေသည်ဟုပင် ထင်နေကြမည် ဖြစ်သည်။

"ပွဲဦးထွက်ကတော့ မလှဘူး" ချူးယန်က ကိုယ့်ကိုယ်ကိုယ် ခါးသီးစွာနှင့် ရယ်ရမ်းသွေးလိုက်သည်။ "ဘာမှမဖြစ်ဘူး။ ဘာမှမဖြစ်ဘူး။ ဒီလိုဆိုရင် ချင်းဝူရဲ့ စွမ်းဆောင်ရည်တွေက အရမ်းကို ထူးချွန်ပြောင်မြောက်သွားခဲ့တယ်။ ဒါဆိုရင်လည်း တန်တာပဲ"

ချူးယန် တွေးထားသကဲ့သို့ပင် သူ၏ ရှုံးနိမ့်မှုမှာ အလွန်နဲ့ကို မရှုမလှနိုင်သောကြောင့် သူ၏ ယခင် စွမ်းဆောင်ရည်များကို ဖုံးလွှမ်းသွားခဲ့သည်။

ဓမ္မခန်းမအတွင်းမှ ကျင့်ကြံသူများသည် အားရပါးရ ဆွေးနွေးနေကြကာ

သူတို့အများစုသည် သူ့အပေါ်တွင် ထားရှိသော
ထင်မြင်ချက်များ ပြောင်းသွားကြ၏။
သူတို့သည် ချူးယန်၏ လျှင်မြန်စွာ
တိုးတက်လာနိုင်ခြင်းမှာ ကံကောင်း၍
ဖြစ်သည်ဟု သံသယ ဝင်လာကြ၏။

ထာဝရ တောင်တန်းဂိုဏ်းမှ
ကျင့်ကြံသူများသည်
ခေါင်းငိုက်စိုက်ချထားကြကာ
သူတို့အားလုံးတို့က သက်ပြင်းချနေကြသည်။
သူတို့သည် သူတို့၏ ကိုယ်ပိုင်အခန်းအတွင်းတွင်
ရှိနေကြသော်လည်း ကျန်သောသူများက
သူတို့အား လှောင်ပြောင်နေကြသည်ကို
ခံစားနေနိုင်ခဲ့သည်။

အနီရောင် တိမ်တိုက်ဂိုဏ်းမှ သူများသည် အပျော်ရွှင်ဆုံးသော သူများဖြစ်ကြ၏။ သူတို့ဂိုဏ်းမှ ငယ်ရွယ်သော ကျင့်ကြံသူများသည် ပျော်ရွှင်မြူးတူးနေကြသည်။ ချူးယန်က တတိယအဆင့်သို့ တက်ရောက်သွားနိုင်သော အချိန်တွင် ဖြစ်ပေါ်လာသော ဝမ်းနည်းမှုသည် ပျောက်ကွယ်လုနီးပါး ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

အချို့သူများသည် ချူးယန်အား ကြည့်လိုက်ကြကာ တွေးလိုက်သည်။ "ဒီလူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်ကိုများ ကြိုက်နေတာလား။ ဒါကြောင့် သူက အချိန်မီ

မတုံ့ပြန်နိုင်ပဲ ရုပ်သေးရုပ်လိုမျိုး တွေတွေကြီး ရပ်နေခဲ့ပြီး လျှင်မြန်စွာနဲ့ ရှုံးနိမ့်သွားခဲ့တာလား"

"ဘယ်သူက သိမှာလဲ။ သူက ငတုံးအေပုံတော့ ပေါက်မနေပါဘူး။ ပြီးတော့ သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်ကို ကြိုက်နေရင် အနိုင်တိုက်မှ ဖြစ်မှာပေါ့"

"သူတစ်ယောက်တည်း မဟုတ်ပါဘူး။ သူ့လိုမျိုး ရည်ရွယ်ချက် ရှိတဲ့သူ ဘယ်လောက်များ ရှိတယ်လို့ ထင်နေတာလဲ။ သူတို့အားလုံးတို့က ဒီအကြံကို စဥ်းစားမိထားကြပေမဲ့ မဖြစ်နိုင်တာကို သိထားကြတယ်။

သူတစ်ယောက်တည်းကပဲ တုံးအစွာနဲ့ သွားလုပ်တာ"

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ်။ အကြံက ကောင်းပေမဲ့ စွမ်းရည်က လိုအပ်နေတယ်။ ဒါကြောင့် စိတ်ကူးယဉ် အိမ်မက်ပဲ ဖြစ်သွားခဲ့တယ်"

"ဒါနဲ့ပြောရရင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လက်ရင်းတပည့်တွေက လော်ချင်းဝူ အပါအဝင် အားလုံးက အရမ်းကို ထူးချွန်ပြောင်မြောက်တဲ့ သူတွေပဲ ဖြစ်ကြတယ်။ သူမအစောက ထုတ်သုံးသွားတဲ့ ဓားကွက်ဟာ အခြေတည်ဝိညာဉ် အဆင့်က

ကျင့်ကြံသူတွေရဲ့ ရင်ထဲမှာပါ
ကြောက်စိတ်တွေကို ဖြစ်ပေါ်နိုင်စေခဲ့တယ်။
ချူးယန်က ရှုံးနိမ့်သွားတဲ့အတွက် အပြစ်တော့
တင်လို့မရဘူး"

"ဟုတ်တယ်ကွ"

သူ၏ ယခုစွမ်းဆောင်ရည်ကြောင့် ချူးယန်သည်
အခြားသူများက သူ့အား မည်ကဲ့သို့
ဝေဖန်နေမည်ကို သိထားခဲ့ပြီး ဖြစ်သည်။
သူသည် အခြားသူများ မည်ကဲ့သို့
စဉ်းစားနေသည်ကို ဂရုမစိုက်သော်လည်း သူ၏
လော်ချင်းဝူနှင့် ရင်ဆိုင်ခဲ့ရသည့်
စွမ်းဆောင်ရည်ကို သူ့ကိုယ်သူ အလွန်အမင်း

မကျေမနပ် ဖြစ်နေခဲ့သည်။ ဒါသည် သူမက သူ့အား အထင်သေးသွားစေနိုင်သည်ဖြစ်၍ ချူးယန်လုပ်နိုင်သည်မှာ နောင်တရစွာဖြင့် ခေါင်းများကို ခါလိုက်ရုံသာ ဖြစ်သည်။

"ဟင်း၊ ငါတတ်နိုင်တာက နောက်ထပ် အခွင့်အရေး တစ်ခုကို စောင့်ဖို့ပဲ ဖြစ်တယ်။ ဒါပေမဲ့ ချင်းဝူက သူမရဲ့ စွမ်းရည်တွေကို လုံလောက်စွာ ဖော်ပြနိုင်တဲ့အတွက် ဝမ်းသာရမှာပဲ"

ချူးယန်သည် ဖြည်းဖြည်းချင်း လမ်းလျှောက်သွားနေရင်း တိုးညင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်၏။ "အခုအချိန်မှာ

ငါက ဆရာနဲ့ ကျန်တဲ့သူတွေကို
ကျေနပ်အောင်လုပ်ဖို့ နည်းလမ်းတစ်ခုကို
စဉ်းစားရမယ်။ ဒီတစ်ခေါက်မှာ သူတို့ကို
စိတ်ပျက်စေခဲ့ပြီ။ ဒါပေမဲ့ ငါ့ရဲ့ အစောပိုင်း
စွမ်းဆောင်ရည်တွေနဲ့ ထာဝရ
တောင်တန်းဂိုဏ်းကို ကူညီနိုင်ခဲ့တယ်
ဆိုတာကိုတော့ ယုံကြည်ပါတယ်"

"ချင်းဝူ.. ချင်းဝူ.. မင်းက အခုဆိုရင်
မဟာကောင်းကင် ခန်းမဆောင်ကို
ပြန်ရောက်သွားလောက်ပြီပေါ့၊
ဟုတ်တယ်မလား"

ချူးယန်နှင့် တိုက်ခိုက်အပြီးတွင်
လော်ချင်းဝူသည် မဟာကောင်းကင်
ခန်းမဆောင်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။
သူမ၏ မည်းနက်နေသော ရွှမ်းချီခေးမှာ
ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်ပြီး သူမသည်
ခန်းမဆောင် အတွင်းမှ အကြီးအကဲများကို
ဦးညွှတ်လိုက်၏။ "အားလုံးတို့ကို
နှုတ်ဆက်ပါတယ်။ ကျွန်မရဲ့ စွမ်းဆောင်ချက်ကို
စိတ်မပျက်ဘူးလို့ မျှော်လင့်ပါတယ်"

ပြီးတာနှင့် သူမသည် သူမ၏ နေရာသို့
ပြန်သွားလိုက်သည်။

ယန့်မင်းရွဲ့က ပြုံးလိုက်ကာ ပြောလိုက်သည်။
"မင်းရဲ့ သန့်စင်သောယင် စွမ်းအားတွေကို အသုံးပြုပြီး အဆုံးသတ်သောယန် စွမ်းအားတွေကို ဖော်ထုတ်နိုင်ခဲ့တာ တကယ့်ကို အံ့သြစရာပဲ"

ဟင်းလင်းပြင် ဘုရားကျောင်းတွင် သန့်စင်သောယင် တပည့်များ ရှိခဲ့ဖူးသည်။ သူတို့သည် သူတို့၏ သန့်စင်သောယင် စွမ်းအားများကို အစွမ်းကုန် ဖော်ထုတ်နိုင်ခဲ့သော်လည်း အဆုံးသတ်သောယင် စွမ်းအားများကိုမူ မသုံးမပြုနိုင်ခဲ့ကြပေ။

လော်ချင်းဝူက ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "စီနီယာယန့်က မြှောက်နေပါပြီ။ ကျွန်မက ဆရာရဲ့ လမ်းညွှန်မှု အရသာ ဒီလိုမျိုး လုပ်နိုင်ခဲ့တာပါ"

အဓိကနေရာတွင် ထိုင်နေသော လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျုပ်တပည့်က အခုမှ ဓားလမ်းစဥ်ကို လေ့လာနေတာပါ။ သူမရဲ့ စွမ်းဆောင်ရည်တွေက မဆိုးလှဘူးလို့ မျှော်လင့်ပါတယ်"

ကောင်းကင်မာစတာ ဓားမာစတာက လော်ချင်းဝူအား အကြာကြီး စိုက်ကြည့်နေခဲ့သည်။ ပြီးတာနှင့် သူ၏ခေါင်းကို

ခါလိုက်ကာ ပြောလိုက်၏။ "ဒါက မဆိုးဘူး ဆိုတာထက် အများကြီး ပိုပါတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အရမ်းကို နှိမ့်ချတာပဲ။ ခင်ဗျားကလည်း တကယ့်ကို ထူးချွန်တဲ့ ဓားသမားတစ်ယောက် ဖြစ်တယ်"

"ခင်ဗျားတပည့်ရဲ့ နည်းစနစ်က ခင်ဗျားရဲ့ ကောင်းကင်ဖျက်ဆီး ဓားချီနဲ့ မတူဘူး။ သူ့မျာ သူ့ရဲ့ကိုယ်ပိုင် ထူးခြားတဲ့ အချက်တွေ ရှိတယ်။ သူက အခုအချိန်မှာ အနည်းငယ် မပြေမပြစ် ဖြစ်နေသေးပေမဲ့ သူမမှာ အလွန်တောက်ပတဲ့ အနာဂတ်တွေ ရှိနေတယ်"

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် လော်ချင်းဝူအား
ကြည့်လိုက်ကြကာ ရင်ထဲမှနေ၍
သဘောတူလိုက်ကြသည်။

ချူးယန်သည် မရှုမလှ ရှုံးနိမ့်သွားခဲ့သော်လည်း
ယခုရှိနေကြသူ အားလုံးတို့သည် လော်ချင်းဝူ၏
နယ်နိမိတ်ဆယ်ပါး အဆုံးသတ်သော
ယင်ခေးသည် ဉာဏ်စိတ်ဝိညာဉ် အစည်းအဝေးမှ
နောက်ပိုင်းမျိုးဆက်များမှ ကျင့်ကြံသူများထက်
အထက်တန်းကျသည်ဟု သိနေကြသည်။

သူမ၏ ခေးကွက်ကို ခုခံနိုင်သူမှာ
ဆယ်ယောက်ပင် ပြည့်မည်မဟုတ်ပေ။

ထို့အပြင် သူတို့အများစုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသာ ဖြစ်ကြပေမည်။

"အစောပိုင်းက ဟင်းလင်းပြင် ဘုရားကျောင်းက အဆုံးသတ်သော ယင်ဖြစ်တည်မှုကို ပိုင်ဆိုင်ထားတဲ့ ချန်းရှင်းယုက လော်ချင်းဝူကို အနိုင်တိုက်နိုင်မယ်လို့ ယူဆထားခဲ့တာ။ အခုကြည့်ရတာတော့ အဲ့လိုမျိုးဖြစ်မယ် မထင်တော့ဘူး" လူအများစုသည် သက်ပြင်းများကို ချလိုက်ကြ၏။ "ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လက်ရင်းတပည့်တွေရဲ့ စွမ်းအားတွေ့ပဲ"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခေးဂိုဏ်းတစ်ဂိုဏ်း မဟုတ်ပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ သူ့တပည့်တွေဟာ ခေးလမ်းစဉ်မှာလည်း ကျွမ်းကျင်ကြတယ်"

ကောင်းကင်မာစတာ ခေးဂိုဏ်း၊ နေလခေးဂိုဏ်း၊ ကျယ်ပြန့်သောပင်လယ် ခေးဂိုဏ်းနှင့် အလင်းခေးမြန်ဂိုဏ်းမှ တပည့်များ၏ မျက်နှာပေါ်တွင် နာကျင်သော အမူအရာများ ပေါ်လာကြသည်။ "စူတောင်ခေးဂိုဏ်းကို ထည့်မပြောနဲ့၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခေးသမားတွေတောင် အတော့်ကို သန်မာကြတယ်"

ဟင်းလင်းပြင် ဘုရားကျောင်းမှ အခန်းအတွင်းတွင် ချန်းရှင်းယု၏ အမူအရာများသည် ပုံမှန်အနေအထားသို့ ပြန်ရောက်သွားပြီ ဖြစ်သည်။ သူသည် လေဟာနယ်သို့ တွေတွေကြီး စိုက်ကြည့်နေခဲ့ကာ ဟင်းလင်းပြင် ဘုရားကျောင်းမှ တပည့်များသည် သူ့အား ဘာမှ မပြောခဲ့ကြပေ။ အချိန်အတော်ကြီးကြာမှ ဖန်းရွှယ်ဖုန်းက မေးလိုက်၏။ "ဂျူနီယာချန်း၊ မင်းသာဆိုရင်..."

ချန်းရှင်းယုက နွေးထွေးစွာဖြင့် ပြုံးလိုက်ကာ ရိုးသားစွာနှင့် ဖြေလိုက်သည်။

"တစ်ကွက်ထဲသာ ဆိုရင်တော့ ဘာမှ မဖြစ်ပါဘူး"

ဖန်းရှယ်ဖန်းနှင့် ကျန်သောသူများသည် သူတို့၏ ပါးစပ်များကို ဟလိုက်ကြသော်လည်း ဘာမှမပြောရန် ဆုံးဖြတ်လိုက်ကြ၏။

အချိန်အတော်ကြီး ကြာမှသာ ဖန်းရှယ်ဖုန်းက ရုတ်တရက် မေးလိုက်သည်။ "ငါတို့ ဟင်းလင်းပြင် ဘုရားကျောင်းမှလည်း သန့်စင်သောယန် ခန္ဓာကိုယ်တွေ ရှိတာပဲ။ သူတို့ကရော ကျိုးယွင်ချုံးလိုမျိုး မီးလောင်ပြာကျသော ယန်စွမ်းအားတွေကို ထုတ်ဖော်လို့ မရနိုင်ဘူးလား"

ချန်းရှင်းယုသည် အချိန်အနည်းငယ်မျှ စဉ်းစားနေခဲ့ကာ ချက်ချင်းအဖြေ ပြန်မပေးခဲ့ပေ။ ထို့နောက် လင်းတောက်ဟန်၏ အသံသည် သူတို့အခန်းအတွင်းတွင် ပေါ်လာခဲ့၏။ "ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အမတန်ကိုမှ ခက်ခဲလိမ့်မယ်"

ပြီးတာနှင့် လင်းတောက်ဟန်၏ အသံသည် ထပ်၍ ပေါ်မလာတော့ချေ။

မဟာကျောင်းကင် ခန်းမဆောင် အတွင်းတွင် ယန့်မင်းရွှဲ့သည် သူမ၏ခေါင်းကို

လှည့်လိုက်ကာ သူ့အားကြည့်လိုက်ပြီး စိတ်ချင်းဆက်သွယ်၍ မေးလိုက်သည်။ "လော်ချင်းဝူက သူမရဲ့ သန့်စင်သောယင် စွမ်းအားတွေကို အမတန်မှ စွမ်းအားကြီးတဲ့ အဆုံးသတ်သော ယင်စွမ်းအားတွေအဖြစ် ပြောင်းလဲနိုင်ခဲ့တယ်။ ဒါက သူမရဲ့ မွေးရာပါ စွမ်းရည်ဖြစ်တဲ့ သန့်စင်သောယန် ခန္ဓာကိုယ်ကို အခြေခံထားတာ ဆိုပေမဲ့ သူမရဲ့ ဂိုဏ်းနဲ့ ဆရာတို့ရဲ့ အားထုတ်မှုကို လျစ်လျူရှုထားလို့ မရဘူး"

လင်းတောက်ဟန်က သူ၏ခေါင်းကို ညိတ်လိုက်ပြီးနောက် ခေါင်းပြန်ခါလိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။ "ပြီးတော့

တခြား အကြောင်းရင်းတွေလည်း ရှိသေးတယ်။ အစဦးပိုင်း သုံးသပ်ချက်တွေအရ သူမဟာ အလွန်အေးပြီး ယင်စွမ်းအင်တွေနဲ့ ပြည့်နေတဲ့ နေရာတစ်ခုမှာ ထူးခြားတဲ့ ပစ္စည်းတစ်ခုနဲ့ လေ့ကျင့်ထားတယ်လို့ ငါယုံကြည်နေတယ်"

ယန့်မင်းရွဲ့၏ အကြည့်သည် လင်းလက်သွားခဲ့ကာ ပြောလိုက်သည်။ "ယုကျင်းတောင်အောက်မှာ အနက်ရောင် ပင်လယ်တစ်ခု ရှိတယ်။ ဒါက စီနီယာပြောတဲ့ နေရာတစ်ခု ဖြစ်လိမ့်မယ်။ ထူးခြားတဲ့ အရာကတော့ ဘာများလဲ"

လင်းတောက်ဟန်က သူ၏ခေါင်းကို
ဖြည်းညင်းစွာနှင့် ခါယမ်းလိုက်သည်။
"ငါကလည်း မသေချာဘူး"

လင်းတောက်ဟန်သည် ခေတ္တမျှ တွေးလိုက်ကာ
သူ၏ခေါင်းကို ထပ်မံခါယမ်းလိုက်သည်။
"မဟုတ်ဘူး၊ ဒါမဟုတ်နိုင်ဘူး"

ယန့်မင်းရွှဲ့က မေးလိုက်သည်။ "အစ်ကိုကြီး၊
ယင်ပင်လယ်က တောင်သုံးတောင် ပေါ်လာတဲ့
အချိန်မှာ ကျွန်မတို့ဂိုဏ်းက ဝင်ပါဦးမလား"

လင်းတောက်ဟန်က ပြန်ဖြေလိုက်၏။
"မဟာလွင်တီးခေါင် ကုန်းမြေမှာ ထူးခြားတဲ့ ကိစ္စတွေ ဖြစ်ပျက်နေပြီး ငါတို့ရဲ့ ဆရာတွေက အသေအချာ စောင့်ကြည့်နေကြတယ်။ ငါက သံသရာဂိုဏ်းရဲ့ လုပ်ဆောင်ချက်တွေကိုလည်း အနီးကပ် စောင့်ကြည့်ရဦးမယ်။ ဒါကြောင့် ဒီတစ်ခေါက် ယင်ပင်လယ်ရဲ့ တောင်သုံးတောင် ကိစ္စမှာ ငါတို့က ဝင်မပါတော့ဘူး။ ငါတို့က သေချာစောင့်ကြည့်နေရုံပဲ လုပ်ရမယ်"

"မဟာကျိုး အင်ပါယာက အိမ်ကွင်းအားသာချက် ရှိပြီး ပထမဆုံး လှုပ်ရှားတဲ့သူလည်း ဖြစ်တော့ အခုတစ်ခေါက် ယင်ပင်လယ်က အဖြစ်အပျက်တွေမှာ

အကျိုးသက်ရောက်မှု အများကြီး ရှိစေလိမ့်မယ်။ တစ်ယောက်ကမှ ဘာဖြစ်မလဲဆိုတာကို ကြိုမပြောနိုင်ဘူး"

လင်းတောက်ဟန်က အချိန်အနည်းငယ် ငြိမ်သက်သွားပြီးနောက် ပြောလိုက်သည်။ "ယင်ပင်လယ်နဲ့ စာလိုက်ရင် ဂိုဏ်းနဲ့ငါက လင်းဖုန်းရဲ့ ကျောက်ပုလွေနဲ့ ကျောက်တုံးလှေကားကို ပိုစိုးရိမ်တယ်"

ယန့်မင်းရွဲ့က အချိန်အတော်ကြာ ငြိမ်သက်သွားပြီးမှ မေးလိုက်သည်။ "ကျွန်မ နားလည်ပါတယ်။ ဒီကျောက်တုံးလှေကားဟာ အစောပိုင်းက ပျောက်ဆုံးသွားတဲ့

ကျောက်ပုလွေနဲ့ ဆက်စပ်နေတယ်။ အစ်ကိုကြီး၊ ဒီရတနာတွေရဲ့ အသုံးဝင်မှုက ဘာတွေလဲ"

## စာစဉ် ၃၇ : အပိုင်း ၁၃

## အပိုင်း ၇၀၃ : စိတ်ဝိညာဉ် အစည်းအဝေးကို အောင်မြင်စွာနှင့် အဆုံးသတ်ခြင်း

လင်းတောက်ဟန်သည် ယန့်မင်းရှဲ့၏ ကျောက်ပုလွေနှင့် ကျောက်တုံးလှေကား အကြောင်းကို မေးသည့်မေးခွန်းအား ကြားလိုက်သောအခါ သူတို့နှင့် အမြင်နှင့် လမ်းကြောင်းများ မတူခဲ့သော်လည်း သူမအား

ကွယ်ဝှက်ထားရန် မကြိုးစားခဲ့ပေ။ သူက တည်ငြိမ်စွာနှင့် ပြောလိုက်၏။
"ဒီကျောက်ပုလွေလေးနဲ့ ကျောက်တုံးလှေကားတို့ဟာ ကောင်းကင်တို့ရဲ့ အပေါ်က လောကနဲ့ ဆက်သွယ်ထားတယ်"

"ကောင်းကင်တို့ရဲ့ အပေါ်က လောက!" ယန့်မင်းရွှဲ့၏ မူလက တည်ငြိမ်နေသော မျက်နှာသည် အံ့ဩထိတ်လန့်သည့်ပုံ ပေါ်လာခဲ့သည်။ "ဒဏ္ဍာရီအရဆိုရင် ဒါက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကောင်းကင်ကိုးလွှာ နန်းတော်တွေရဲ့ အပေါ်က လောကဖြစ်တယ်။ ဒါပေမဲ့ သူက လွှန်ခဲ့တဲ့

နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကတည်းက ချိတ်ပိတ်ခြင်းကို ခံထားရတာ မဟုတ်ဘူးလား"

လင်းတောက်ဟာန်က တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်သည်။ "ဟုတ်တယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀,၀၀၀ ကျော်က ငါတို့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ဘိုးဘေးဘီဘင် တစ်ယောက်ရဲ့ ကျေးဇူးကြောင့် တစ်ယောက်ကမှ ကောင်းကင်တို့ရဲ့ အပေါ်က လောကကို မတတ်နိုင်တော့ဘူး။ ဒါပေမဲ့ ငါတို့ရဲ့ စီနီယာတွေနဲ့ ဆရာတို့က ကောင်းကင်တို့ရဲ့ အပေါ်က လောကကို ပြန်ဖွင့်နိုင်မယ့် လမ်းကြောင်းကို ကြိုးစားနေကြတာ ခရီးတော်တော် ရောက်နေပြီ"

"ဒီကျောက်ပုလွေနဲ့ ကျောက်တုံးလှေကားတို့ဟာ သူတို့ ကြိုးစားမှုရဲ့ အသီးအပွင့်တွေ ဖြစ်တယ်"

ယန့်မင်းရွဲ့က သူမ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ မေးလိုက်သည်။ "ဒါပေမဲ့ ဒီပစ္စည်းတွေက လောလောဆယ် လင်းဖုန်းရဲ့ လက်ထဲကို ရောက်သွားကြပြီ.."

"ကိစ္စမရှိဘူး" လင်းတောက်ဟာန်က တိုးညင်းစွာနှင့် ပြောလိုက်သည်။ "ငါတို့ ဆရာတွေနဲ့ ကောင်းဟာန်တို့က လင်းဖုန်းဟာ

ကောင်းကင်တို့ရဲ့ အပေါ်က လောကနဲ့
ဆက်စပ်နေတယ်လို့ သံသယရှိနေကြတယ်။
ဒါပေမဲ့ အချိန်အနည်းငယ် စဉ်းစားခဲ့အပြီးမှာ
သူတို့က အချိန်မကျသေးဘူးလို့
ဆုံးဖြတ်လိုက်ကြတယ်။ ဒီအိုင်တမ်တွေက သူ့ရဲ့
လက်ထဲမှာ ရှိနေခဲ့ပေမဲ့ သူက
ဘာမှသိပ်လုပ်လို့တော့ မရသေးဘူး"

ယန့်မင်းရွှဲ့၏ အကြည့်သည် သံသရာဂိုဏ်း၏
ကောင်းကင်လမ်းစဉ်မှ ကောင်းကင်တိမ်တိုက်
သူတော်စင် စန်းချီဖန်းထံသို့
ကျရောက်သွားခဲ့ကာ တိတ်တဆိတ်
မေးလိုက်သည်။ "စန်းချီဖန်းက ဘာတွေ

တွေးနေတာလဲ။ သံသရာဂိုဏ်းက ဘာများ လုပ်ချင်နေတာလဲ"

လင်းတောက်ဟန်က သူ၏ခေါင်းအား အနည်းငယ် ခါလိုက်ကာ ပြောလိုက်သည်။ "အသေအချာ စောင့်ကြည့်နေမှရမယ်"

ဤအချိန်တွင် စိတ်ဝိညာဉ် အစည်းအဝေးသည် အောင်မြင်စွာနှင့် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။

အစည်းအဝေး မစခင်က ဧည့်သည်များကို ကြိုဆိုရန် တာဝန်ကျခဲ့သော ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် ယခုအချိန်တွင်

ညှော်သည်များကို ပြန်ပို့ရန်
ဆောင်ရွက်နေကြသည်။

ရှုယွင်စန်း၊ လီရှင်းဖေး၊ လျိုရှုဖုန်းနှင့်
ကျန်သောတပည့်များသည်လည်း
တာဝန်အသီးသီးနှင့် အလုပ်ရှုပ်နေကြ၏။

ကျန်သော ကျင့်ကြံသူများသည် ကျိုးယွင်ချုံး၊
တောက်ယုတင်း၊ လင်းတုန်၊ ဟွမ်ကျန်းထင်၊
ရှုယွင်စန်းနှင့် ကျန်သောသူများကို
တွေ့လိုက်သောအခါ သူတို့၏ ရင်ထဲတွင်
ခံစားချက် အမျိုးမျိုး ပေါ်ပေါက်လာကြသည်။

ယနေ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်
ယခင်က လင်းဖုန်းနှင့် တပည့်အချို့တို့ဖြင့်သာ
စတင်ဖွဲ့စည်းခဲ့သော ဂိုဏ်းသစ်တစ်ဂိုဏ်း
မဟုတ်တော့ပေ။

မျိုးဆက်သစ် တပည့်များသည် သူတို့၏
စွမ်းရည်များကို ပြသလာခဲ့ပြီ ဖြစ်သည်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ပါရမီရှင်များဖြင့်
ပြည့်နေခဲ့ကာ လူအများတို့၏
လေးစားအားကျမှုကို ခံခဲ့ရပြီ ဖြစ်သည်။

ယခုလောလောဆယ်တွင် သူတို့၏ ကျင့်ကြံမှု
အဆင့်များသည် နိမ့်ကျနေသေးသော်လည်း
သူတို့သည် အံ့ဩဖွယ်ရာ အလားအလာများကို

ထုတ်ဖော်ပြသနိုင်ခဲ့ပြီ ဖြစ်၏။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အောက်တွင် သူတို့၏ အရှေ့တွင် တောက်ပသော အနာဂတ်များ ရှိနေသည်။

ရှောင်ယန်၊ ဇူရီနှင့် လင်းဖုန်း၏ လက်အောက်မှ ကျန်သော လက်ရင်းတပည့်များသည် တစ်ရက်ထက်တစ်ရက် ပို၍သန်မာလာကြသည်။ အနာဂတ်တွင် မြင့်မြတ်နယ်မြေတစ်ခု ဖြစ်လာနိုင်သည့် ထိပ်သီးဂိုဏ်းတစ်ဂိုဏ်းကို ဖန်ဆင်းနေခဲ့ကြသည်။

ဂိုဏ်းအသီးသီးမှ ခေါင်းဆောင်များသည် လင်းဖုန်းက ဤစိတ်ဝိညာဉ် အစည်းအဝေးကို အကြောင်းပြု၍ သူ၏ဂိုဏ်းမှ တပည့်များစွာတို့၏ စွမ်းအားများကို မောက်မာစွာဖြင့် ထုတ်ဖော်ခဲ့ကာ သူတို့အား နာမည်ရအောင် တည်ဆောက်ပေးမည်ဟု ထင်နေကြသည်။

သို့သော်လည်း လင်းဖုန်းက ထိုကဲ့သို့ မပြုလုပ်ခဲ့ပေ။ ရှီယုနှင့် ကျန်သော အကြီးအကဲများက ကောက်ချက်အတူတူ ချနိုင်ခဲ့ကြသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က တကယ့်ကို အမြင်ကျယ်ပါပေတယ်"

လင်းဖုန်း၏ အတွေးမှာမူ ရိုးရှင်းပေသည်။ သူ့အနေနှင့် အခြေတည်ဝိညာဉ် အဆင့်နှင့် ရွှေရောင်ဗဟိုချက် အဆင့်များမှာ စာမဖွဲ့လောက်ပေ။ သူသည် သူ့တပည့်များက အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်သွားသည့် အချိန်ကို စောင့်နေပြီးမှ ကမ္ဘာကြီးကို ကိုင်လှုပ်မည် ဖြစ်သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က တကယ့်ကို ယုံကြည်ချက် ပြင်းထန်တယ်။ သူက သူ့တပည့်တွေ အားလုံးဟာ အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်နိုင်မယ်လို့ ထင်နေတာလား။

အင်မော်တယ် ဝိညာဥ် အဆင့်က သူ့အောက်က အဆင့်တွေ အားလုံးထက် ခက်ခဲမှုအဆင့်မှာ လုံးဝမတူဘူး။ အင်မော်တယ် ဝိညာဥ် အဆင့်ကို တက်လှမ်းရခြင်းက သူ့အောက်က အဆင့်တွေအားလုံး ပေါင်းထားတာထက်ကို ပိုခက်တယ်။ သမိုင်းမှာ ပါရမီရှင်ပေါင်း ဘယ်လောက်များများက ဒီအဆင့်ကို မရောက်နိုင်ပဲ ရှိခဲ့ကြသလဲ"

အချို့သူများမှာ သံသယများ ရှိနေကြ၏။ သို့သော်လည်း သူတို့သည် ရှောင်ယန်၊ ရှီထျန်းဟောင်နှင့် ကျန်သောသူများက ပြသထားသော အလားအလာများကို ပြန်လည်

စဉ်းစားမိခဲ့ကြသည်နှင့် မဖြစ်နိုင်သည်လည်း မဟုတ်ဟု ပြန်တွေးမိကြသည်။

သို့သော်လည်း ထိုအကြောင်းကို စဉ်းစားမိသည်နှင့် အခြားဂိုဏ်းမှ တပည့်များသည် တောင်ကဲ့သို့ ကြီးမားသော ဖိအားကြီးသည် သူတို့အပေါ်တွင် ကျရောက်လာသည်ဟု ခံစားနေခဲ့ရသည်။

ယခုအချိန်မှ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဖယ်ရှား၍ မရသော ရောမ သားရဲတစ်ကောင်အလား ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွက်
ဤစိတ်ဝိညာဥ် အစည်းအဝေးသည်
ကောင်းမွန်စွာနှင့် အဆုံးသတ်သွားခဲ့ခြင်း
ဖြစ်သည်။ သူ့အား ချောမွေ့စွာနှင့်
ပြီးဆုံးသွားသော ငြိမ်းချမ်းအောင်မြင်သည့်
စိတ်ဝိညာဥ် အစည်းအဝေး တစ်ခုဟု ဆိုရမည်
ဖြစ်သည်။

သံသရာဂိုဏ်း၏ ကောင်းကင်လမ်းစဥ်မှ
စန်းချီဖန်းသည် ယုကျင်းတောင်မှ
ဆင်းသွားခဲ့ကာ ခွန်းလွန်တောင်ကို
စွန့်ခွာသွားခဲ့၍ အိမ်သို့ ပြန်သွားခဲ့ပြီ ဖြစ်သည်။

အိမ်အပြန် လမ်းတလျှောက်တွင် သူတို့
အုပ်စုတစ်ခုလုံးမှာ တိတ်ဆိတ်နေကြ၏။
ဘာပဲပြောပြော သူတို့၏ ဤတစ်ခေါက်
ခွန်းလွန်တောင် ခရီးစဉ်သည် ဂုဏ်ယူဖွယ်ရာ
ခရီးစဉ်တစ်ခု မဟုတ်ခဲ့ပေ။

သူတို့သည် အစည်းအဝေးသို့
မရောက်သေးခင်တွင်ပင် သူတို့၏
တပည့်များသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။
သူတို့၏ အခြေတည်ဝိညာဥ် အဆင့်မှ
ဂရန်းမာစတာ၏
ကိုယ်ပိုင်မှော်အိုင်တမ်သည်ပင် ဇူရီ၏
သိမ်းပိုက်သွားခြင်းကို ခံခဲ့ရ၏။ သူတို့သည်

အစည်းအဝေး မစသေးခင်တွင်ပင်
မျက်နှာပျက်ခဲ့ရသည်။

အစည်းအဝေး အတွင်းတွင် သူတို့ဂိုဏ်းမှ
အဓိက တပည့်တစ်ယောက်ဖြစ်သူ
ယန်လီခွန်းသည် ကျိုးယွင်ချုံး၏ ဒုက္ခိတ ဘဝသို့
အပို့ခံလိုက်ရသည်။

စန်းချီဖန်းသည်လည်း လင်းဖုန်းအား
လောင်းကစားလုပ်ရာတွင် ရှုံးနိမ့်ခဲ့ရ၏။ သူသည်
သိက္ခာပြန်မဆည်နိုင်ခဲ့သည့်အပြင် သူ၏
စိတ်ဝိညာဉ် ငှက်တောင်နွယ်ပင်အား
ဆုံးရှုံးခဲ့ရသေးသည်။

သံသရာဂိုဏ်းသည် လင်းဖုန်းအတွက် ဤစိတ်ဝိညာဉ် ငှက်တောင်နွယ်ပင်၏ အရေးပါမှုကို မသိပဲ ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး၏ အကြောင်းကိုလည်း မသိပေ။ သို့သော်လည်း စိတ်ဝိညာဉ် ငှက်တောင်နွယ်ပင်သည် စိုက်ပျိုးရန် အလွန်ခက်ခဲပြီး အမတန်မှ ရှားပါးသော ဆေးပင်တစ်ပင် ဖြစ်သည်။ သူသည် အလွန်အစွမ်းထက်သဖြင့် ဆေးလုံးများစွာတို့ကို ဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။

သံသရာဂိုဏ်း၏ ကောင်းကင်လမ်းစဉ် တစ်ခုလုံးသည် ဒေါသထွက်နေကြသည်။

သူတို့သည် စန်းချီဖန်းက လင်းဖုန်း၏
အရှေ့တွင် အလွန်အားနည်းစွာ
ဆက်ဆံခဲ့သည်ဟု ယုံကြည်နေကြ၏။
သို့သော်လည်း စန်းချီဖန်းသည် သူတို့
ကိုယ်စားလှယ် အဖွဲ့၏
ခေါင်းဆောင်ဖြစ်ရုံသာမက အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်လည်း
ဖြစ်နေကြသဖြင့် သူတို့က
ဘာမှမတတ်နိုင်ခဲ့ကြပေ။

သံသရာဂိုဏ်းသည် အချင်းချင်း ပဋိပက္ခများ
ဖြစ်နေကြသော်လည်း သူတို့သည်
နတ်ဘုရားနယ်မြေ အတွင်းမှ ထိပ်သီးဂိုဏ်း
အချို့အတွင်းတွင် တစ်ခု အပါအဝင်ဖြစ်ပြီး

ကိစ္စအတော်များများတို့တွင် သဘောထား တင်းမာကြသူများ ဖြစ်ကြ၏။ ဟင်းလင်းပြင် ဘုရားကျောင်း၊ စူတောင်ခေါ်ဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့ကိုပင် သူတို့က အညံ့မခံခဲ့ကြပေ။

စန်းချီဖန်း၏ မျက်နှာသည် ဟန်ပန် အမူအရာ ကင်းမဲ့လျက်ပင် ရှိသေးသည်။ သူ၏ သဘာဝလွန် အသိစိတ်ကမူ သူ့အပေါ်တွင် မပျော်မရွှင် ဖြစ်မှုနှင့် အပြုံးထားမှုတို့ကို အာရုံခံနိုင်ခဲ့သည်။ သို့သော်လည်း သူသည် သူတို့အား လျစ်လျူရှုရန်သာ ဆုံးဖြတ်ထားခဲ့၏။

သူတို့အုပ်စုသည် ဂိုဏ်းသို့ ပြန်ရောက်သွားသောအခါ စန်းချီဖန်းသည်

ချက်ချင်းပင် ဂိုဏ်းခေါင်းဆောင်များ၏
ဆင့်ခေါ်မေးမြန်းခြင်းကို ခံခဲ့ရသည်။

အကြောင်းအရာမှာ ခွန်းလွန်တောင်သို့
သွားသောခရီး ကိစ္စပင် ဖြစ်၏။ စန်းချီဖန်း၏
ခေါင်းဆောင်မှုအောက်တွင် သံသရာဂိုဏ်းမှ
ကောင်းကင်လမ်းစဥ်သည် ပြိုင်ပွဲတွင်
ရှုံးနိမ့်ခဲ့ရရုံသာမက သူတို့၏
တပည့်တစ်ယောက်ကပင် ဒုက္ခိတ
ဖြစ်သွားခဲ့သည်။

စန်းချီဖန်း၏ လုပ်ဆောင်ချက်များသည်
အခြားအကြီးအကဲများ၏ အရှေ့တွင်
အမှတ်မရခဲ့သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

အများစုသည် သူက ပျော့ညံ့လွန်းသည်ဟု ထင်နေကြကာ သံသရာဂိုဏ်းအား မျက်နှာပျက်စေခဲ့သည်ဟု ယူဆနေကြသည်။ စန်းချီဖန်းသည် ဂိုဏ်း၏ ပထမတပည့် ဖြစ်သော်လည်း သူ၏ စွမ်းဆောင်ရည်မှာ မေးခွန်းထုတ်စရာ ဖြစ်နေခဲ့သည်။

"ကျွန်တော်တို့ သံသရာဂိုဏ်းဟာ အချင်းချင်း ပဋိပက္ခ ဖြစ်နေပေမဲ့ ပြင်ပက ခြိမ်းခြောက်မှုတွေ ရှိလာရင် အချင်းချင်း ပေါင်းစည်းတိုက်ခိုက်မှာ ဖြစ်တယ်။ ဒါကြောင့် တခြားဂိုဏ်းတွေကလည်း ကျွန်တော်တို့ကို အထင်မသေးရဲကြဘူး" စန်းချီဖန်းက တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ငရဲလမ်းစဉ်နဲ့ လူသားလမ်းစဉ်တို့နဲ့ နီးကပ်တဲ့ ဆက်ဆံရေးတွေ ရှိထားတယ်။ သူတို့က ကျွန်တော်တို့ကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာရန်သူတွေ ဖြစ်စေချင်နေပြီး သူတို့က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာမိတ်လုပ်ဖို့ ရည်ရွယ်ချက်တွေ ရှိနေတယ်"

"ဒီအချိန်မှာ အခြေအနေတွေက အရင်ကနဲ့ မတူတော့ဘူး။ ကျွန်တော်တို့ဂိုဏ်းက တစ်စစီ ကွဲနေပြီ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ရန်သူဖြစ်ရခြင်းဟာ ကောင်းကင်လမ်းစဉ်အတွက် အကျိုးမရှိဘူး"

ကောင်းကင်လမ်းစဉ်မှ အင်မော်တယ် ဝိညာဉ် အဆင့် အကြီးအကဲတစ်ယောက်က အေးစက်စွာနှင့် နှာမှုတ်လိုက်သည်။ "စန်းချီဖန်း၊ ဒီတစ်ခေါက်မှာ ဝေ့လည်ကြောင်ပတ် လုပ်မနေပါနဲ့။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ သူ့ရဲ့ခေါင်းဆောင် လင်းဖုန်းက အစွမ်းထက်ပေမဲ့ သူတို့မှာရော ရန်သူတွေ မရှိဘူးလား"

"ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ စူတောင်ဓားဂိုဏ်းတို့က သူတို့ထက် အောက်မကျဘူး။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မဟာချင် အင်ပါယာ၊

မဟာကျိုး အင်ပါယာတို့နဲ့
ပူးပေါင်းလိုက်ရင်တောင် သူတို့ကို ခုခံချင်မှ
ခုခံနိုင်မှာ။ ဒါ့အပြင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက မဟာကျိုး အင်ပါယာနဲ့
အောင်မြင်စွာ မဟာမိတ် ဖွဲ့ချင်မှ ဖွဲ့နိုင်မှာ"

စန်းချီဖန်းက ပြန်ဖြေလိုက်သည်။
"ဂိုဏ်းတူဦးလေး ပြောတာမှန်တယ်။ ဒါပေမဲ့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
သူ့ရဲ့ စွမ်းအားတွေကို ထုတ်ဖော်ပြသခဲ့ပြီးပြီ။
ရှီးလင်မြို့ တိုက်ပွဲမှာ သူပြသခဲ့တဲ့
စွမ်းရည်တွေက နတ်ဘုရားနယ်မြေမှာ
ယှဉ်နိုင်တဲ့သူ အနည်းငယ်သာ ရှိတယ်။
မှော်ရတနာ တစ်ခုမှ မပါပဲနဲ့ သူက

စူတောင်ခါးဂိုဏ်းရဲ့ သူတော်စင်
ကောင်းကင်ခါးကို ခုခံနိုင်ခဲ့တယ်"

"ဒါ့အပြင် သူက သူ့ရဲ့ ကိုယ်ပိုင်စွမ်းအားနဲ့
အယ်လ်ဖာ ကံကြမ္မာကပ်ဘေးတွေကို
ဆင့်ခေါ်နိုင်ခဲ့တယ်။ သူ့ရဲ့ စွမ်းအား
အကန့်အသတ်တွေကို အတိအကျ
မသိရသေးပေမဲ့ သူရဲ့ စွမ်းအားတွေဟာ
အနည်းဆုံးတော့ အဲ့ဒီကပ်ဘေးတွေကို
ကျော်ဖြတ်ခဲ့ပြီး ဖြစ်ကြောင်းကို
ပြသနေခဲ့တယ်"

ထိုအင်မော်တယ်ဝိညာဉ် အဆင့်မှ
အကြီးအကဲ၏ အမူအရာသည်

မပြောင်းလဲသွားခဲ့ပဲ ပြောလိုက်သည်။
"မင်းပြောတာကလည်း မှန်တယ်။ ငါကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ စွမ်းအားတွေကို လေးစားပါတယ်။ ဒါပေမဲ့ မမေ့ပါနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းမှာ ကျန်းရီသူတော်စင်၊ ထိုက်ရီသူတော်စင်၊ ချင်းရီ သူတော်စင်မယ်နဲ့ ရှမ်းရီ သူတော်စင်တို့ ရှိကြသေးတယ်"

စန်းချီဖန်က အနည်းငယ် ပြုံးလိုက်သည်။
"ကျွန်တော်က သိပါတယ်။ ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အာရုံတွေဟာ အခုအချိန်မှာ မဟာလွင်တီးခေါင် ကုန်းမြေက အဖြစ်အပျက်တွေကိုပဲ အာရုံစိုက်နေကြတယ်။

သူတို့ရဲ့ ရှည်လျားတဲ့ သမိုင်းကြောင်း တလျှောက်မှာ အန္တိမ ကောင်းကင်ကြေးမုံက နတ်ဘုရား နယ်မြေကို ဦးတည်တဲ့ ဖြစ်ရပ်က သုံးခေါက်ပဲ ရှိသေးတယ်"

"ကျွန်တော်က လင်းတောက်ဟာန်၊ ယန့်မင်းရွှဲ့နဲ့ လင်းဖုန်းတို့ရဲ့ ဆက်ဆံပုံတွေကို ကြည့်ခြင်းအားဖြင့် ဟင်းလင်းပြင် ဘုရားကျောင်းဟာ အခုလောလောဆယ်မှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ ရန်သူဖြစ်ဖို့အတွက် ရည်ရွယ်ချက် မရှိတာကို ခန့်မှန်းလို့ရတယ်"

ထိုအကြီးအကဲသည် သူ၏ခေါင်းကိုခါလိုက်ကာ ပြောလိုက်သည်။ "မင်းက တစ်စိတ်တစ်ပိုင်းကိုသာ သိထားသေးတယ်"

အသံကျယ်ကြီး တစ်သံက ရုတ်တရက် ပေါ်လာခဲ့၏။ "ဒီနေရာမှာပဲ ဆွေးနွေးမှုက အဆုံးသတ်မယ်"

စန်းချီဖန်းက ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်။ ကောင်းကင်လမ်းစဉ်မှ အခြား အကြီးအကဲများကလည်း ငြိမ်သက်သွားကြကာ ညွှန်ကြားချက်များကို နားထောင်နေကြသည်။

သံသရာဂိုဏ်း၏ ကောင်းကင်လမ်းစဉ်မှ ခေါင်းဆောင်ဖြစ်သော ရှီထျန်းဖန်းက ပြောလိုက်သည်။ "ချီဖန်း၊ မင်းက အကြောင်းပြချက်တွေ ပေးနေပေမဲ့ မလုံလောက်သေးဘူး။ မင်းရဲ့ စွမ်းဆောင်ရည်တွေက အားရစရာ မရှိတဲ့အတွက် ကောင်းကင် ချောက်ကမ်းပါး အထဲကို သွားပြီးတော့ သုံးသပ်ဆင်ခြင်ရမယ်"

စန်းချီဖန်းက ရိုသေစွာနှင့် ပြန်ပြောလိုက်သည်။ "နားလည်ပါတယ်" ပြီးတာနှင့် သူသည် အညွှန်ကြား ခံထားရသည့်အတိုင်း

ကောင်းကင်လမ်းစဉ်၏ ပြစ်ဒဏ်ချမှတ်သည့် နေရာသို့ ထွက်သွားခဲ့သည်။

သူသည် ကောင်းကင် ချောက်ကမ်းပါး အတွင်းသို့ ရောက်သွားပြီးသောအခါ ဟင်းလင်းပြင်၏ အနိမ့်ဆုံး အပိုင်းတွင် ထိုင်နေခဲ့ကာ ကပ်ဘေးမျိုးစုံတို့အား ခံစားနေခဲ့သည်။ စန်းချီဖန်း၏ အမူအရာသည် တည်ငြိမ်လျှက်ပင် ရှိသေးကာ ပြုံး၍ပြောလိုက်၏။ "ဘာမှမဖြစ်ဘူး။ ဘာမှမဖြစ်ဘူး။ ငါက အချိန်စောင့်ဖို့ပဲလိုတာ"

ဤကိစ္စကို ဂရုမစိုက်သော စန်းချီဖန်းနှင့် အတူပဲ အခြားသူတစ်ယောက်သည် အလွန်ကိုမှ စိတ်လှုပ်ရှားနေခဲ့သည်။

ကျင်းဟွမ်အမတ်သည် သူ၏အရှေ့မှ ရဟန်းအား ကြည့်လိုက်ကာ ပြုံး၍ပြောလိုက်သည်။ "ခင်ဗျားက နောက်ဆုံးမှာ လှုပ်ရှားဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"

ထိုသက်လတ်ပိုင်း ရဟန်းသည် ဖွဖွလေး ပြုံးလိုက်သည်။ သူသည် အသိဉာဏ်ပညာများဖြင့် ပြည့်ဝနေ၍ ဒေါသ အရိပ်အယောင် တစ်စက်မှ မတွေ့ရပေ။ "လှုပ်ရှားမယ်တော့ မဟုတ်သေးပါဘူး။ ဒါပေမဲ့

ဒီတစ်ခေါက် ယင်ပင်လယ်ရဲ့
ပြန်လည်ပေါ်ပေါက်လာမှုမှာ
တစ်စုံတစ်ယောက်က ဒီအချိန်မှာ သူတို့ကို
ရယူနိုင်လိမ့်မယ်လို့ ခံစားနေရတယ်"

သူသည် ပြုံးလိုက်ကာ ကျင်းပွှမ်အမတ်အား
ကြည့်လိုက်သည်။ "မင်းက သူများအနောက်မှာ
ကျန်နေချင်မှာ မဟုတ်ဘူး။ ငါကမင်းကို
ကူညီပါရစေ"

ကျင်းပွှမ်အမတ်က သူ၏ခေါင်းကို ခါလိုက်ကာ
ရယ်လိုက်သည်။ "ကျုပ်နဲ့ မကစားနေပါနဲ့တော့။
ခင်ဗျားရဲ့ တကယ့်ပစ်မှတ်ဟာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်ဖြစ်တယ်။

ကျုပ်ကို ကူညီတာက ခင်ဗျားရဲ့ အကြံ
တစ်စိတ်တစ်ပိုင်းပဲ ရှိသေးတာ မဟုတ်လား"

သက်လတ်ပိုင်း လူကြီးသည် သူ့အား
မငြင်းဆန်ခဲ့ပဲ ပြုံးလိုက်ကာ မေးလိုက်၏။
"ဒါဆိုမင်းက ငါ့ရဲ့ ကူညီမှုတွေကို
မလိုချင်ဘူးလား"

"လိုချင်တာပေါ့၊ လိုချင်တာပေါ့။ ကျုပ်က
ခင်ဗျားရဲ့ အကူအညီကို လိုအပ်နေတာ"
ကျင်းဟွမ်အမတ်သည် လုံးဝ ချီတုံချတုံ
ဖြစ်မနေခဲ့ပဲ ပြောလိုက်သည်။ "ကျုပ်က
အားမနည်းပေမဲ့ ယင်ပင်လယ်က
တောင်သုံးတောင် ပေါ်လာတာက

သာမန်ကိစ္စမျိုး မဟုတ်ဘူး။ တခြားဂိုဏ်းတွေကို မပြောနဲ့ မဟာကျိုး အင်ပါယာက ဒီတောင်တွေဟာ သူ့ရဲ့ အနာဂတ်အတွက် အလွန်အရေးပါတယ်လို့ မြင်နေတယ်။ ကျွန်တော်က ထိုင်ကြည့်နေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ခင်ဗျားရဲ့ ကူညီမှုနဲ့ ကျုပ်ကလည်း ဝင်ခွင့်ရမယ်ဆိုတော့ ဘေးက ရပ်ကြည့်နေတဲ့သူ မဖြစ်တော့ဘူး"

သက်လတ်ပိုင်း ရဟန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း ယင်ပင်လယ်မှာ တွေ့ကြတာပေါ့"

ကျောင်းဟွမ်အမတ်သည် သူ၏ခေါင်းကို ညိတ်လိုက်သည်။ ရုတ်တရက်ပင် သူသည် ထိုရဟန်းအား တည့်တည့်ကြည့်လိုက်ကာ မေးလိုက်သည်။ "ခင်ဗျားကို တွေ့ရတာက တကယ်ကောင်းပါတယ်။ ဒါပေမဲ့ ခင်ဗျားက ဘာဖြစ်လို့ ဒီတစ်ခေါက်မှာ ကိုယ်တိုင်ကိုယ်ကျ လာခဲ့တာလဲ ဆိုတာကို စဉ်းစားလို့မရဘူး"

သက်လတ်ပိုင်း ရဟန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းက မကြာမီ သိလာပါမှာ"

သူက ကောင်းကင်ပေါ်သို့ ကြည့်လိုက်ကာ သက်ပြင်းချလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ဒီတစ်ခေါက်မှာ ယင်ပင်လယ်ကို သွားချင်နေတယ်။ သူ့ရဲ့ အကြံအစည်တွေက ဘယ်လိုပါလိမ့်"

ကျင်းဟွမ်အမတ်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါက အရှင်မင်းမြတ်နဲ့ ရှမ်းကျိအမတ်တို့ ဆုံးဖြတ်ဖို့ ထားလိုက်ပါ။ ကျုပ်သိထားသလောက် ဆိုရင် မဟာကျိုး အင်ပါယာက ယင်ပင်လယ်ကို လာတဲ့လူတိုင်းကို ကြိုဆိုဖို့ ပြင်ဆင်မှုတွေ အများကြီး လုပ်ထားတယ်"

"တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနဲ့ မဟာချင် အင်ပါယာတို့က သူတို့ရဲ့ အာရုံတွေကို မဆွဲဆောင်နိုင်ခဲ့ဘူးဆိုရင် ကျုပ်က တစ်ခုခုကို လုပ်ရလိမ့်မယ်"

## စာစဥ် ၃၇ : အပိုင်း ၁၄

## အပိုင်း ၇၀၄ : ကြမ်းတမ်းသော သူရဲကောင်း

စိတ်ဝိညာဥ် အစည်းအဝေးက ပြီးဆုံးသွားသောအခါ နတ်ဘုရား နယ်မြေမှ

အခြေအနေသည် မတည်မငြိမ်
ဖြစ်လာကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တတိယအကြိမ်
တပည့်လက်ခံပွဲ အခမ်းအနားနှင့်အတူ
နတ်ဘုရား နယ်မြေအတွင်းမှ သုံးနှစ်တာ
ငြိမ်သက်နေမှုတို့သည်
ပြန်လည်ထကြွလာကြသည်။

ဂိုဏ်းကြီးဂိုဏ်းငယ်များ အားလုံးတို့သည်
တိုက်ခတ်လာတော့မည့် မုန်တိုင်းအကြားတွင်
ကိုယ့်ကိုယ်ကိုယ် မည်ကဲ့သို့ ကာကွယ်ရမည်နှင့်
မည်ကဲ့သို့ အမြတ်ထုတ်နိုင်မည်ကို
အစီအစဥ်များ ဆွဲနေကြ၏။

ထာဝရ တောင်တန်းဂိုဏ်းမှ ဝူယွမ်လန်သည်လည်း ထိုအတွင်းမှ တစ်ယောက် အပါအဝင် ဖြစ်သည်။ စိတ်ဝိညာဉ် အစည်းအဝေး ပြီးသွားသော အချိန်တွင် သူသည် လင်းဖုန်းနှင့် မျက်နှာခြင်းဆိုင် တွေ့ရန် အခွင့်အရေး ရခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူတစ်ယောက်တည်းကိုသာ တွေ့ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ထာဝရ တောင်တန်းဂိုဏ်းမှ အခြား အဖွဲ့ဝင်များသည် သူနှင့်တွေ့ခွင့် မရခဲ့ပေ။ မုန့်ချောင်ယန်ပင် အပါအဝင် ဖြစ်၏။

"စီနီယာ၊ စီနီယာရဲ့ လုပ်ဆောင်ချက်တွေက ကျွန်တော်တို့ ထာဝရ တောင်တန်းဂိုဏ်းရဲ့ အနာဂတ်ကို အဆုံးအဖြတ် ပေးလိမ့်မယ်။ ကျေးဇူးပြုပြီးမှ.. သေချာ ဂရုစိုက်ပါ" ဝူယွမ်လန်၏ဘေးမှ သက်လတ်ပိုင်း ကျင့်ကြံသူ တစ်ယောက်သည် သူ့အား အသံတိုးတိုးဖြင့် ပြောလိုက်သည်။ သူသည် ထာဝရ တောင်တန်းဂိုဏ်းမှ ဒုတိယ အရေးအကြီးဆုံး သူတစ်ယောက်ဖြစ်သော လီဘိုတောက် ဖြစ်သည်။

မုန့်ချောင်ယန်ကလည်း ဘေးကနေ ဝင်ပြောလိုက်၏။ "ဒါကို အစောကြီး ကတည်းက အစီအစဥ် ချထားတာပါ။ ဒုတိယ

စီနီယာက သိပ်ပြီးတော့ စိုးရိမ်မနေပါနဲ့။ သူ့ရဲ့ လက်ရှိအဆင့်နဲ့ဆိုရင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ကျွန်တော်တို့ကို မတရား တောင်းဆိုမှုတွေ ပြုလုပ်မှာ မဟုတ်ပါဘူး"

လီဘိုတောက်သည် မုန့်ချောင်ယန်အား လှည့်ကြည့်လိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်၍ ဘာမှမပြောတော့ပေ။

ဝူယွမ်လန်က ပြောလိုက်သည်။ "ဂျူနီယာမုန့် ပြောတာမှန်တယ်။ အားလုံးကို အစီအစဉ်အတိုင်း ဆောင်ရွက်ရမယ်"

လီဘိုတောက်က ဝူယွမ်လန်အား မျက်လုံးများ အတွင်းသို့ စိုက်ကြည့်လိုက်ကာ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ကံကောင်းပါစေ၊ စီနီယာ"

"ဒီအတိုင်းပဲ မျှော်လင့်ပါတယ်" ဝူယွမ်လန်က ပြောလိုက်၏။ ပြီးတာနှင့် သူသည် မဟာကောင်းကင် ခန်းမဆောင် အတွင်းသို့ ဝင်သွားခဲ့သည်။

ခန်းမဆောင် အတွင်းမှ အခိက နေရာတွင် လင်းဖုန်းက ငြိမ်သက်စွာနှင့် ထိုင်နေခဲ့သည်။

သူ၏အနောက်တွင် ဟန်ပန် အမူအရာ ကင်းမဲ့နေသော ကညာပျို တစ်ယောက်က ရပ်နေခဲ့သည်။ သူမ၏ ဆံပင်မှာ တစ်ခြမ်းဖြူ တစ်ခြမ်းနက်နေကာ ရောမ ဓားအိမ်ကြီး တစ်ခုကို လွယ်ထားခဲ့သည်။

ဝူယွမ်လန်က သူ၏အရှေ့သို့ ရောက်လာသောအခါ လင်းဖုန်းက ပြုံးကာပြောလိုက်သည်။ "ကြည့်ရတာ ခင်ဗျားက ဆုံးဖြတ်ချက် ချပြီးသွားပြီနဲ့ တူတယ်"

ဝူယွမ်လန်သည် လင်းဖုန်းအား လေးနက်စွာနှင့် ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။ "ထာဝရ

တောင်တန်းဂိုဏ်းဟာ အခုအချိန်ကစပြီး အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကိုပဲ အားကိုးတော့ပါမယ်။ အနာဂတ်မှာ ဖရိုဖရဲဖြစ်တဲ့နေ့တွေ ရောက်လာခဲ့ရင် ကျွန်တော်တို့ကို လိုအပ်တဲ့ အကူအညီတွေပေးပြီး ကယ်တင်ဖို့ တောင်းဆိုပါတယ်။ ဒါဆိုရင် ကျွန်တော်တို့က ကျေးဇူးအရမ်း တင်မိမှာပါ"

လင်းဖုန်းက မေးလိုက်သည်။ "ခင်ဗျားတို့ဂိုဏ်းကလူတွေ အကုန်ပါလား"

ဝူယွမ်လန်က သက်ပြင်းတစ်ချက် ချလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်က မဟုတ်တဲ့

ကတိတွေကို မပေးရဲပါဘူး။ ဒါပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို အာမခံနိုင်တာက ကျွန်တော်တို့ဂိုဏ်းက လူအများစုက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို လိုလားပါတယ်"

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း ခင်ဗျားသိထားရမှာက ကျုပ်တို့ဟာ ကျုပ်တို့ကို အားကိုးတဲ့ ဂိုဏ်းတွေကို အတတ်နိုင်ဆုံး ကူညီတယ် ဆိုတာပဲ။ ဒါပေမဲ့ တကယ်လို့ တစ်ဂိုဏ်းဂိုဏ်းက ကျုပ်တို့ကို ဒုက္ခပေးဖို့ ကြံခဲ့ရင်တော့ ကျုပ်တို့က သူတို့ ဘယ်မှာပဲ ပုန်းနေနေ လိုက်ပြီးတော့ ဖျက်ဆီးပစ်မှာပဲ"

"ကျုပ်က ခင်ဗျားရဲ့ သဘောထားကို
သိပြီးပြီဆိုတော့ အသေးစိတ်
အချက်အလက်တွေကို ကျုပ်တပည့်တွေနဲ့
ဆွေးနွေးလိုက်ပါ"

ဝူယွမ်လန်က ရိုသေစွာနှင့် ပြောလိုက်သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့
ညွှန်ကြားချက် အတိုင်းပါ"

ကိစ္စပြီးသွားသည်နှင့် ဝူယွမ်လန်သည်
မဟာကောင်းကင် ခန်းမဆောင် အတွင်းမှ
ပြန်ထွက်လာခဲ့သည်။ လီဘိုတောက်နှင့်

မုန့်ချောင်ယန်တို့က သူ့အား
စိုက်ကြည့်နေကြသည်။

ဂူယွမ်လန်၏ အမူအရာသည်
တည်ငြိမ်နေခဲ့သော်လည်း သူ၏အကြည့်မှာ
ရှုပ်ထွေးနေခဲ့၏။ သူသည် သူတို့၏
အကြည့်များကို တွေ့လိုက်သောအခါ ခေါင်းကို
ဖြည်းညင်းစွာနှင့် ညိတ်ပြလိုက်သည်။

လီဘိုတောက်က သက်ပြင်းတစ်ချက်
ချလိုက်ကာ ပြောလိုက်သည်။ "အခုအချိန်မှာ
ကျွန်တော်တို့ လုပ်နိုင်တာက စောင့်နေဖို့ပဲ
ရှိတယ်" သူ၏ အကြည့်သည်
သက်တောင့်သက်သာ ရှိနေသော်လည်း

စိုးရိမ်ပူပန်သော အရိပ်အယောင်များ ရှိနေသည်။ ဝူယွမ်လန်ကဲ့သို့ပင် သူ၏အကြည့်သည် အနည်းငယ် ရှုပ်ထွေးနေခဲ့သည်။

ဝူယွမ်လန်သည် ဘာမှ မပြောခဲ့ပေ။ သူ၏ အမူအရာသည် လေးလံနေခဲ့သော်လည်း မုန့်ချောင်ယန်နှင့် ကျန်သောသူများအား တွေ့လိုက်ရသောအခါ သူ၏ ပူပန်နေမှုသည် လျှင်မြန်စွာနှင့် ပြန်လည် ပျောက်ကွယ်သွားခဲ့၏။

သို့သော်လည်း မုန့်ချောင်ယန်အား ရင်းနှီးကျွမ်းဝင်နေသော ချူးယန်သည် သူ၏

ပုံမှန်ဆိုလျှင် စိုးရိမ်စိတ်ကြီးနေသော စိတ်သည် ယခုအချိန်တွင် သက်တောင့်သက်သာ ဖြစ်သွားပြီ ဖြစ်ကြောင်းကို ခံစားလိုက်ရသည်။

"ကောင်းတယ်၊ ကောင်းတယ်.." ချူးယန်၏ အမူအရာသည် မပြောင်းလဲသွားခဲ့သော်လည်း သူ၏ ရင်အတွင်းမှနေ၍ သက်ပြင်းများကို မှုတ်ထုတ်လိုက်သည်။ "အနာဂတ်မှာ ငါတို့ ထာဝရ တောင်တန်းဂိုဏ်းက ကပ်ဘေးတွေကို ကျော်ဖြတ်နိုင်လောက်ပါတယ်"

သူသည် ဆိတ်ငြိမ်စွာနှင့်ပင် မုန့်ချောင်ယန်၏ အနောက်မှလိုက်၍ အခြား စီနီယာများနှင့်အတူ ယုကျင်းတောင်ပေါ်မှ ဆင်းသွားကြကာ အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း၏ နယ်မြေအတွင်းမှ ထွက်လာကြသည်။

ချူးယန်သည် မတတ်နိုင်ပဲ ဟင်းလင်းပြင်သို့ ကြည့်လိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ချင်းဝူ.."

သူသည် သူမအား ခဏတာလေးသာ တွေ့လိုက်သော်လည်း ယုကျင်းတောင်ပေါ်ရှိ ဓမ္မခန်းမ အတွင်းမှ ခရမ်းရောင် ဝတ်စုံနှင့် ပုံရိပ်သည် သူ၏ မှတ်ဉာဏ်အတွင်းမှ အနီရောင် ပုံရိပ်နှင့် တစ်ထပ်တည်း ဖြစ်၏။

သူသည် ဒါက အတိတ်ဘဝမှ အိမ်မက်လော၊ မှတ်ဉာဏ်လောဟု သိမနေပေ။ သို့သော်လည်း သူ၏ အိမ်မက်အတွင်းတွင် ထာဝရ တောင်တန်းဂိုဏ်းက အဖျက်ဆီးခံလိုက်ရသောအခါ သူ၏ လုံ့လများ အားလုံးတို့ကို ကျင့်ကြံမှု အတွင်းသို့ နစ်မြှုပ်ထားခဲ့ကာ နောက်ကွယ်မှ အကြောင်းကို သိရန် ကြိုးစားခဲ့သည်။

ဤဖြစ်စဉ် အတွင်းတွင် သူသည် အလယ်ခေတ်မှ စိတ်လှုပ်ရှားမှုများကို ငြိမ်းသတ်သည့် လမ်းစဥ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုနည်းလမ်းအရ သူသည် ချစ်ကျွမ်းဝင်ပြီးနောက်တွင် သံယောဇဥ်များ

အားလုံးတို့ကို ဖြတ်တောက်ရမည် ဖြစ်သည်။ သူသည် သူ၏ မှတ်ဉာဏ်အတွင်းမှ ဝတ်ရုံနီ မိန်းကလေးကို ရွေးချယ်၍ ကျင့်ကြံခဲ့သည်။

အမှန်တွင် ထိုမိန်းကလေးသည် ဤအရာများကို သိရှိနေခဲ့သည်။ သို့သော်လည်း မီးကိုတိုးသော ပိုးဖလံကဲ့သို့ သူမသည် သေဆုံးသွားသည့် အချိန်ထိတိုင်အောင် သူ့အား နောင်တမရပဲ ချစ်မြတ်နိုးခဲ့သည်။

သို့သော်လည်း ချူးယန်သည် သူ၏ မှတ်ဉာဏ်အတွင်းမှ သူသေဆုံးသွားသည့် အချိန်ကျမှသာ သူမအတွက် ခံစားချက်များကို

မငြိမ်းသတ်နိုင်သေးကြောင်းကို
သဘောပေါက်သွားခဲ့သည်။

နောက်တရခြင်း၊ အပြစ်ရှိခြင်း၊ မုန်းတီးခြင်းနှင့်
သနားခြင်း စသော ခံစားချက်များသည်
ချူးယန်၏ ရင်အတွင်းတွင် ပြည့်နှက်နေခဲ့သည်။
သူသည် ထိုခံစားချက်များကို ရှင်းထုတ်ရန်
မတတ်နိုင်ခဲ့ပေ။

ချူးယန်သည် ခွန်းလွန်တောင်မှ လေများသည်
သူ့အနားမှ ညင်သာစွာ တိုက်ခတ်နေသည်ကို
ခံစားမိခဲ့သည်။ သူသည် သူ၏ မျက်လုံးများကို
ဖြည်းဖြည်းချင်း မှိတ်လိုက်ကာ ပြန်ဖွင့်လိုက်၏။
သူသည် ကိုယ့်ကိုယ်ကိုယ်

တီးတိုးရေရွတ်နေသည်ကို ပြန်ကြားနေခဲ့ရသည်။ "ဒါက အိမ်မက်ပဲဖြစ်ဖြစ်၊ အတိတ်ဘဝက မှတ်ဉာဏ်ပဲဖြစ်ဖြစ်၊ ငါက အခွင့်အရေး ပြန်ရခဲ့ရင် အရင်ကလိုမျိုး အမှားမျိုးကို ထပ်မလုပ်တော့ဘူး"

"ချင်းဝူ၊ ဒီတစ်ခေါက်မှာ အတူတကွ နေကြရအောင်"

ဝတ်ရုံနက်နှင့် လူငယ်၏ မျက်လုံးတို့မှာ ပြန်လည်ကြည်လင်လာခဲ့သည်။ သို့သော်လည်း သူ၏ ရင်အတွင်းတွင် နောက်ထပ် ပုံရိပ်တစ်ခု ထပ်ပေါ်လာခဲ့၏။

ထိုလူသည် သာမန်ဟုသာ ထင်နေရသည်။ သို့သော်လည်း သူသည် ကောင်းကင်အောက်မှ မည်သည့်အရာမှ မယှဉ်နိုင်သော စွမ်းအားများနှင့် ပြည့်ဝနေခဲ့သည်။ သူသည် ခရမ်းရောင် ဝတ်စုံများကို ဝတ်ဆင်ထား၏။

ချူးယန်သည် ခါးသီးစွာနှင့် ရယ်လိုက်သည်။ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊ ငါ့ရဲ့ မှတ်ဉာဏ် အတွင်းမှာ ဒီလူက တစ်ခါမှ ပေါ်မလာဖူးဘူး။ ဒါကြောင့် ငါကသူ့ကို တည့်တည့် မကြည့်ရဲခဲ့ဘူး။ ငါကသူ့အနားကနေ ထွက်သွားချင်နေတယ်။ သူနဲ့ ဝေးဝေးမှာသာ နေချင်နေတယ်"

သူက ခါးသီးစွာနှင့် ပြုံးလိုက်သည်။
"ဘာဖြစ်လို့လည်းဆိုတော့ သူ့အရှေ့မှာ ငါက
ငါ့လျှို့ဝှက်ချက်တွေကို ထိန်းထားနိုင်မှာ
မဟုတ်လို့ပဲ"

သူ၏ရင်ထဲတွင် ချူးယန်သည် အခြားသူများက
သူ၏ စိတ်ဝိညာဉ် အတွင်းမှ ဓားပုံရိပ်၏
လျှို့ဝှက်ချက်ကို မတွေ့နိုင်ခဲ့သော်လည်း
လင်းဖုန်းက တွေ့သွားခဲ့သည်ဟု
ခံစားနေခဲ့ရသည်။

သူ့တွင် သက်သေမရှိပဲ ထင်မြင်ချက်များသာ ရှိသည်။ သို့သော်လည်း ချူးယန်သည် လင်းဖုန်းက သူ၏လျှို့ဝှက်ချက်များကို အခြားသူများ မတွေ့သွားအောင် ကူညီပေးခဲ့သည်ဟု ခံစားနေရသည်။

လင်းဖုန်း၏ အရိပ်အယောင် ပြမှုကြောင့် သူ့အား သတ်ချင်နေကြသည့် သူများက ရပ်တန့်သွားကြသည်။ သူတို့သည် လက်ဆုပ်လက်ကိုင် ပြစရာမရှိသည့် အကြောင်းအရာ တစ်ခုဖြင့် လင်းဖုန်းအား အပြစ်ပြုမိမည်ကို စိုးရိမ်နေကြ၏။

"အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ငါ့ရဲ့ ပြဿနာတွေကို အလွယ်တကူနဲ့ ဖြေရှင်းသွားပေးခဲ့တယ်။ ဒါပေမဲ့ သူက နာမည်ကောင်း မယူချင်နေခဲ့သလို ငါ့ကိုလည်း သူ့ဆီကို လာပူးပေါင်းဖို့ မခေါ်ခဲ့ဘူး" ချူးယန်က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ငါက သူ့ဆီမှာ အကြွေးတင်သွားခဲ့ပြီ"

ဤအထိ စဥ်းစားပြီးသည်နှင့် ချူးယန်သည် ချက်ချင်း ပြုံးလိုက်သည်။ "ချင်းဝူက ဒီလိုမျိုး စိတ်ဝင်စားစရာကောင်းတဲ့ အကျင့်စရိုက်ရှိတဲ့သူကို ဆရာတော်ထားရတယ်။ သူမက ကြီးမြတ်တဲ့သူဖြစ်ဖို့ ကံပါလာတယ်။ ငါက

မဖြစ်နိုင်တဲ့ အရာတွေကို လိုက်နေရသလိုမျိုး ဖြစ်နေပြီ"

"ဟင်း၊ ငါကလည်း ကြိုးစားလေ့ကျင့်မှရမယ်။ မဟုတ်လို့ရှိရင် ငါက အနာဂတ်မှာ ပိုပိုပြီးမှ ငိုနေရမယ်" ချူးယန်က ရင်ထဲမှနေ၍ ပြုံးလိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ တပည့်မလေးကို မျက်စိကျနေတဲ့ကောင်တွေ နောက်ဆုတ်လိုက်ကြ၊ သူမက ငါ့ရဲ့ ဇနီးလောင်းပဲ"

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည် တောင်အောက်မှ ဟင်းလင်းပြင်ကို

အတွေးမဲ့စွာနှင့် စိုက်ကြည့်နေခဲ့သည်။ ပြီးတာနှင့် သူ၏ အကြည့်ကို ရုပ်သိမ်းလိုက်ကာ သူ၏ခေါင်းကို ခါလိုက်၏။ သူက စိတ်ဝင်တစားနှင့် တွေးလိုက်သည်။ "'ငါက ကြမ္မာပန်းတိုင်ရှိတဲ့ သူရဲကောင်း လေးယောက်ကို ဂိုဏ်းအတွင်းကို သိမ်းသွင်းနိုင်ခဲ့ပေမဲ့ မင်းကတော့ မပါဘူး"

"လူငယ်လေး၊ မင်းက ဘယ်လောက်အထိ သွားနိုင်သလဲ ဆိုတာကို ပြပါဦး" လင်းဖုန်းက ပြုံးလိုက်သည်။ "တကယ်လို့ မင်းက ငါ့တပည့်ကို လက်ထပ်ချင်တယ် ဆိုရင်တော့ အရင်ဆုံး ကိုယ်ပိုင်စွမ်းရည်တွေ ရှိဖို့လိုလိမ့်မယ်။ ငါက သိပ်အများကြီး

ပြောဖို့မလိုပါဘူး။ ဒါပေမဲ့ မင်းမှာ
ကျော်ဖြတ်ရမယ့် အခက်အခဲတွေ အများကြီး
ရှိသေးတယ်"

သူသည် ပါးနပ်စွာနှင့် ပြုံးလိုက်ရင်း
လော်ချင်းဝူနှင့် သူမအနောက်တွင်
ရပ်နေကြသော ရှောင်ယန်၊ ဇူရီ၊
ရှီထျန်းဟောင်နှင့် ကျန်သောသူများအား
ကြည့်လိုက်၏။

လော်ချင်းဝူသည် သူ့အကြည့်ကို
သတိထားမိလိုက်၍ ခေါင်းကိုအောက်သို့
ငုံ့လိုက်ကာ သူမကိုယ်သူမ
ပြန်ကြည့်လိုက်သည်။

သူမသည် အင်္ကျီများကို ပြောင်းပြန်ဝတ်ထားမိလေသလော။

"ဆရာ" သူမက မေးရန် ကြိုးစားလိုက်သော်လည်း လင်းဖုန်းက သူမအား လက်ဝှေ့ယမ်းပြလိုက်သည်။ "ဒီကနေ့မှာ မင်းက ကိုယ့်နာမည်ကို တည်ဆောက်နိုင်ခဲ့ပြီ။ ယွမ်ဖန်းက ဘာမှ မလုပ်ခဲ့ရပေမဲ့ သူ့ကိုလည်း တစ်ယောက်ကမှ အထင်သေးမှာ မဟုတ်ဘူး"

"ဒီကနေ့မှာ မင်းတို့နှစ်ယောက်တို့က ကိုယ်ပိုင်ဗိမာန်တွေကို ကိုယ်စီပိုင်ဆိုင်လို့ရပြီ"

ပြီးတာနှင့် လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်သည်။ သူသည် ငရဲမီး ချောက်ကမ်းပါး၊ ကောင်းကင်ဘုံကျောင်း၊ တောအုပ်ဗိမာန်နှင့် ကျန်သော ဗိမာန်များကို တည်ဆောက်ခဲ့သည့်အတိုင်း ယုကျင်းတောင်ပေါ်မှာ ကျောက်တုံးများကို အသုံးပြုလိုက်ကာ မဟူရာကောင်းကင် ရတနာသစ်ပင်မှ သစ်ရွက်များနှင့်အတူ သက်တန့်တိမ်တိုက် တံတားများနှင့် သီးသန့်တောင်များကို တည်ဆောက်လိုက်သည်။ သူတို့သည် ယုကျင်းတောင်နှင့် ဆက်သွယ်ထားသော်လည်း သီးသန့်ရပ်တည်နေနိုင်သည်။

ပုံမှန်ဆိုလျှင် တည်ငြိမ်နေသော
လီယွမ်ဖန်းသည် သူ၏ ရင်များ တစ်ဒိန်းဒိန်းနှင့်
ခုန်လာသည်ကို ခံစားနေရသည်။ လော်ချင်းဝူက
ခုန်ပေါက်၍ မေးလိုက်၏။ "ဆရာ၊ ဒါက စီနီယာ
ယွမ်ဖန်းနဲ့ ကျွန်မတို့ဖို့လား"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"မင်းတို့က စိတ်ကြိုက် ပုံဖော်နိုင်တယ်။
ငါကမင်းတို့ကို ကူညီပေးမယ်"

ရှောင်ယန်နှင့် ကျန်သောသူများက သူတို့၏
ဗိမာန်များကို

စိတ်ကြိုက်တည်ဆောက်ခဲ့ကြသကဲ့သို့ လီယွမ်ဖန်းနှင့် လော်ချင်းဝူတို့သည် သူတို့၏ ကျင့်ကြံမှုနှင့် ကိုယ်ပိုင် အာသီသများအတိုင်း စိတ်ကြိုက်ပြုပြင်ခဲ့ကြသည်။

လင်းဖုန်း၏ အကူအညီဖြင့် တောင်ပေါ်မှ ကျောက်တုံးများသည် ပုံသဏ္ဍာန် အမျိုးမျိုးသို့ ပြောင်းသွားကြသည်။ သူသည် အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ပုံရိပ်ကိုလည်း အတွင်းတွင် ထည့်သွင်းပေးထားခဲ့သည်။

အရေအတွက်သုံးခု အင်းရှစ်ကွက်တို့သည် ရောမ ဝက်ပါတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ သူ၏ အလယ်တွင် အိမ်လေးတစ်လုံး ရှိနေ၏။

ဤအိမ်၏ တည်ဆောက်ပုံမှာ ရှုပ်ထွေးမှု မရှိပေ။ သူသည် ပန်းခြံတစ်ခုနှင့် ရိုးရှင်းသော အိမ်တစ်လုံးသာ ဖြစ်သည်။ သို့သော်လည်း ဤအိမ်ကို တည်ဆောက်ရန် အသုံးပြုထားသော ပစ္စည်းများမှာ အမှားအယွင်း တစ်ခုမှ မရှိပဲ သေသပ်ကျနစွာ စီစဥ်ထားခဲ့သည်။ ကျောက်တုံး အမျိုးမျိုးတို့မှာ အုတ်မြစ်မချခင် ပေတံတစ်ခုနှင့် သေချာစွာ တိုင်းတာထားခဲ့သည်။ အမှားအယွင်း တစ်စက်မှ မရှိပေ။

ရှောင်ယန်နှင့် ကျန်သောသူများသည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ ပြုံးလိုက်ကြသည်။ ရှီထျန်းဟောင်က ခေါင်းကိုခါလိုက်ကာ ပြောလိုက်သည်။ "နံပါတ်ခြောက် စီနီယာရဲ့ ဘဝက ပင်ပန်းလိုက်တာ"

လီယွမ်ဖန်းက မည်သို့မှ မတုံ့ပြန်ခဲ့ပေ။ ထို့အစား သူက သူ့အိမ်၏အပေါ်မှ ဆိုင်းဘုတ်တွင် 'မြစ်ပြင်ဂေဟာ'ဟူသော စကားလုံးများ ပေါ်လာသည်ကို ကြည့်လိုက်ကာ ပြုံးလိုက်၏။

နောက်တစ်ခေါက်တွင် လော်ချင်းဝူ၏ အလှည့်ဖြစ်သည်။ သူမသည် သူမ၏ ဗိမာန်ကို

ကြိုးစားတည်ဆောက်လိုက်သည်။ သူမသည် ယုကျင်းတောင်မှ ကျောက်တုံးများကို အသုံးပြုကာ တောင်ကြားတစ်ခုကို တည်ဆောက်လိုက်ကာ ထိုတောင်ကြား အတွင်းတွင် စံအိမ်အသေးလေး တစ်ခုကို ဆောက်လုပ်လိုက်၏။ သူသည် သေသပ်ကျနစွာ ဆောက်လုပ်ထားသည့်ပုံ ပေါက်နေသော်လည်း မသေမသပ် ဖြစ်နေသည့် နေရာများစွာ ရှိနေ၏။

ယုကျင်းတောင်အောက်မှ ယင်ယန်ပင်လယ်အတွင်းရှိ အနက်ရောင် ပင်လယ်ရေများကိုလည်း သူမက ဆင့်ခေါ်လိုက်သည်။ သူတို့သည် စံအိမ်ပတ်ပတ်လည်တွင်

လှည့်ပတ်စီးဆင်းနေသော
အဖြူနှင့်အနက်ရောင် ရေများဖြင့်
စမ်းချောင်းတစ်ခု အသွင်သို့
ပြောင်းသွားခဲ့သည်။

စံအိမ်ပြင်ပတွင် သူမသည် ကျောက်တုံးတစ်ခု
အပေါ်တွင် 'ချင်းဝူစံအိမ်'ဟု သာမန်သာ
ရေးခဲ့လိုက်သည်။

ရှောင်ယန်က ပြုံးလိုက်ကာ စလိုက်သည်။
"ဂျူနီယာလော်က ဂျူနီယာလေးထက်တောင်
အပျင်းထူသေးတာပဲ"

လော်ချင်းဝူက တစ်ခစ်ခစ်နှင့် ရယ်လိုက်သည်။ "ကျွန်မကလည်း သိပါတယ်"

ရှီထျန်းဟောင်က ရုတ်တရက် ဆန္ဒပြလိုက်၏။ "အစ်ကိုကြီးကလည်း သိပ်မထူးပါဘူး"

လီယွမ်ဖန်းက လင်းဖုန်းအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဆရာ၊ ဒါက ဂျူနီယာလော်နဲ့ ကျွန်တော်တို့ကလည်း တပည့်တွေကို လက်ခံနိုင်ပြီလို့ ဆိုလိုနေတာလား"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ ပြုံးလိုက်သည်။ "ဟုတ်တယ်။ တပည့်တွေကို

နောက်တစ်ခါ စမ်းသပ်မှုတွေ ပြုလုပ်တဲ့အခါမှာ သူတို့က မင်းနဲ့ ချင်းဝူတို့ရဲ့ တပည့်တွေဖြစ်ဖို့ အရွေးချယ်ခံနိုင်ကြတယ်"

ရှီထျန်းဟောင်က ရုတ်တရက် ဝင်ပြောလိုက်သည်။ "ဆရာ၊ တခြားကျင့်ကြံသူတွေက အခြေတည်ဝိညာဉ် အဆင့်ကို ရောက်ရင် ဒါမှမဟုတ် ရွှေရောင်ဗဟိုချက် အဆင့်ကတည်းက ဘွဲ့နာမည်တွေ ရထားကြတယ်။ ကျွန်တော်တို့ကတော့ မရသေးဘူး။ တစ်ခုလောက် ရှိရင် လှူရှိန်တာပေါ့"

လင်းဖုန်းက သူတို့အား လက်ညှိုးထိုးလိုက်ကာ ပြောလိုက်သည်။ "ဒီလောက်အထိ လူရှိန်နေတာ မလုံလောက်သေးဘူးလား"

ပြီးတာနှင့် သူကပြုံး၍ ပြောလိုက်သည်။ "ပြီးတော့ မင်းတို့မှာ မရှိဘူးလို့ ဘယ်သူက ပြောသလဲ"

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို ဝှေ့ယမ်းလိုက်ရာ အားလုံးတို့၏ အရှေ့တွင် အလင်းတန်း လိုက်ကာတစ်ခု ပေါ်လာခဲ့သည်။ သူတို့သည် အသေအချာ ကြည့်ရှုလိုက်ကြရာ သူ့အပေါ်တွင် နာမည်များ ရေးထိုးထားသည်ကို တွေ့လိုက်ကြရ၏။

## စာစဉ် ၃၇ : အပိုင်း ၁၅

## အပိုင်း ၇၀၅ : တာအိုနာမည်များ

လေထုအတွင်းတွင် အလင်းတန်းများက
လက်ကနဲ ဖြစ်သွားခဲ့ကာ ကျောက်စိမ်းပြားများ
ပေါ်လာခဲ့သည်။ ကျောက်စိမ်းပြား
တစ်ခုချင်းစီတွင် လူတစ်ယောက်၏
နာမည်များကို ခတ်နှိပ်ထား၏။ ရှောင်ယန်နှင့်
ကျန်သောသူများသည် စုပြုံ၍ သူတို့အား
စပ်စုစွာဖြင့် လှမ်းကြည့်လိုကြသည်။

သူတို့သည် ကျောက်စိမ်းပြား တစ်ခုက ကျန်သော ကျောက်စိမ်းပြားများထက် နှစ်ဆပိုကြီးနေသည်ကို တွေ့လိုက်ကြသည်။ သူ့အပေါ်တွင် နာမည်နှစ်လုံးသာ ရေးထွင်းထား၏။ 'ဂိုဏ်းချုပ်'ဟူသော စကားလုံး ဖြစ်သည်။

'ဂိုဏ်းချုပ်'ဟူသော စကားလုံးပါသော ကျောက်စိမ်းပြားအောက်တွင် ပို၍ငယ်သော ကျောက်စိမ်းပြား ရှစ်ခုတို့ ရှိနေကြသည်။ သူတို့တစ်ခုချင်းစီ၏ အပေါ်တွင် နာမည်တစ်ခုစီ ရေးထိုးထားခဲ့သည်။

လင်းဖုန်းက ဖွဖွလေး ရယ်လိုက်ကာ ပြောလိုက်သည်။ "ငါကမင်းတို့ကို ရွှေရောင်ဗဟိုချက်နဲ့ အခြေတည် ဝိညာဉ်တို့ကို ဖန်ဆင်းပြီးသွားတဲ့နောက်မှာ တာအိုနာမည်တွေ မပေးခဲ့သေးတာက မင်းတို့က မင်းတို့ကိုယ့်ကိုယ် အရင်နာမည်ရအောင် တည်ဆောက်တာကို ကြည့်ချင်နေလို့ပဲ"

"မင်းတို့နာမည်ကို မသိခင် မင်းတို့ကို လူတွေက အရင်သိသွားတာက ပိုပြီးတော့ လူမရှိန်ဘူးလား"

သူသည် ကျောက်ပြားပေါ်မှ နာမည်ကို ညွှန်ပြလိုက်ကာ ပြောလိုက်သည်။

"ဂိုဏ်းတွင်းမှာ ငါတို့က စီနီယာအလိုက်
ဆက်ခံသူတွေကို ကိုယ်စားပြုတဲ့
ကိုယ်ပိုင်တာအိုနာမည်တွေကို ပေးထားရမယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်၏။
"တာအိုနာမည် မရှိတဲ့
တစ်ယောက်တည်းသောသူက ငါပဲဖြစ်မယ်"

သူသည် တာအိုနာမည် တစ်ခုရှိရန် မလိုပေ။
ဂိုဏ်းတစ်ခုလုံးတွင် သူသည် ဂိုဏ်းချုပ်ဖြစ်ကာ
ဆရာများ အားလုံး၏ ဆရာဖြစ်သည်။ သူ့တွင်
စီနီယာများ မရှိပဲ သူနှင့် မျိုးဆက်တူသော
သူတစ်ယောက်မှလည်း မရှိပေ။

ရှောင်ယန်သည် ဒုတိယအတန်းတွင် ရှိနေသော ကျောက်စိမ်းပြား ရှစ်ခုတို့ကို ကြည့်လိုက်သည်။ ညာဘက်ဆုံးမှ တစ်ခုတွင် 'ရွှမ်းယန်'ဟူသော စကားလုံးများကို ရေးထိုးထားသည်။ သူသည် သူ့အား လက်ညှိုးထိုးပြလိုက်ကာ ပြုံးလိုက်သည်။ "ဆရာ၊ ဒါက ကျွန်တော့်နာမည် ဟုတ်တယ်မလား"

လင်းဖုန်းက ခေါင်းကိုညိတ်လိုက်ကာ ပြုံးလိုက်သည်။ "ဟုတ်တယ်။ ငါ့ရဲ့ ပထမမျိုးဆက် တပည့်တွေဖြစ်တဲ့ မင်းတို့အားလုံးတို့က 'ရွှမ်း'ဆိုတဲ့ စကားလုံးကို အသုံးပြုရမယ်"

ဇူရီ၊ ရှီထျန်းဟောင်နှင့် ကျန်သောသူများက ပြုံးလိုက်ကြကာ ရှောင်ယန်အား ဦးညွတ်လိုက်ကြသည်။ "ရွှမ်းယန်မာစတာကို ဂါဝရ ပြုပါတယ်"

ရှောင်ယန်က သူတို့အား ပြုံးပြလိုက်ကာ ပြောလိုက်သည်။ "မင်းတို့ကလည်း မင်းတို့နာမည်တွေကို ယူကြည့်ကြလေ"

ဇူရီက အရှေ့သို့ တက်လှမ်းလိုက်သည်။ အစီအစဥ် အရဆိုလျှင် သူသည် ရှောင်ယန်၏ ညာဘက်တွင် ရှိနေ၏။ ရှောင်ယန်၏

ကျောက်စိမ်းပြား ညာဘက်တွင် 'ရှမ်းရီ'ဟူသော စကားလုံးများကို ရေးထိုးထားသည့် ကျောက်စိမ်းပြားတစ်ခု ရှိနေသည်။

လင်းဖုန်းက သူ့အားကြည့်လိုက်၍ ပြောလိုက်သည်။ "မင်းရဲ့မိခင်က မင်းကို တစ်ကမ္ဘာလုံးက ကံကောင်းခြင်းတွေကို ရရှိနိုင်ဖို့ 'ရီ'ဆိုတဲ့ နာမည်ကို မှည့်ထားတယ်။ ငါကလည်း အဲ့ဒီနေ့ရက်ကို စောင့်မျှော်နေမယ်"

ဇူရီက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒီနှစ်တွေ အတွင်းမှာ ကျွန်တော့်ရဲ့ ကျင့်ကြံမှုနဲ့ လေ့လာမှုတွေကို အခြေခံပြီး ကျွန်တော့်မှာ ကိုယ်ပိုင်အမြင်တွေအချို့ ရှိနေပါတယ်။

ကျွန်တော်က သူတို့ကို အစီအစဉ်ကျအောင် လုပ်ပြီးသွားရင် ဆရာက ကျွန်တော့်ကို ကူညီပြီး သုံးသပ်ပေးပါဦး"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "လုပ်ပေးရမှာပေါ့"

ဝမ်လင်းသည် တတိယ နေရာမှ ကျောက်စိမ်းပြားအား ကြည့်လိုက်ကာ ရေရွတ်လိုက်သည်။ "ရွှမ်း.. နီ" သူ၏ ဂိုဏ်းတူ မောင်နှမများကလည်း ထိုစကားလုံးအား စိတ်ဝင်စားစွာဖြင့် ကြည့်လိုက်ကြ၏။ သူတို့၏ မျက်လုံးများသည် ဝမ်လင်းနှင့် ထိုနာမည်အကြားတွင်

ခေါက်တုံ့ပြန်နေကြသည်။ သူတို့အားလုံးတို့၏ မျက်နှာပေါ်တွင် နားမလည်သော အမူအရာများ ပေါ်လာခဲ့သည်။

လင်းဖုန်းသည် ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒီနာမည်ကို သေသေချာချာ စဥ်းစားကြည့်ပါ။ ဒါက မင်းရဲ့ ကျင့်ကြံမှုနဲ့ ဆက်စပ်နေတယ်။ အနာဂတ်ကို အဝေးကြီးကြည့်စရာ မလိုဘူး။ မင်းက အင်မော်တယ်ဝိညာဥ်ကို ဖန်ဆင်းနိုင်ဖို့ ကြိုးစားတဲ့အခါမှာ အများကြီး အကျိုးရှိလိမ့်မယ်"

ဝမ်လင်းက သူ၏ခေါင်းကို လေးနက်စွာနှင့် ညိတ်လိုက်ကာ ပြောလိုက်သည်။ "နားလည်ပါတယ်၊ ဆရာသခင်"

ရှီထျန်းဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "တတိယ စီနီယာ၊ စီနီယာရဲ့ ကျောက်စိမ်းပြား တစ်ခုတည်းအောက်မှာ တစ်ခုခုရှိနေတယ်"

ဟုတ်ပေသည်။ ရွှမ်းယန် ကျောက်စိမ်းပြားနှင့် ရွှမ်းရီ ကျောက်စိမ်းပြားတို့ အပါအဝင် အခြား ကျောက်စိမ်းပြားများ အောက်တွင် မည်သည့်အရာ တစ်ခုမှ မရှိပေ။ ရွှမ်းနီဟူသော ကျောက်စိမ်းပြား အောက်တွင်သာ တတိယ

အတန်းတွင် နောက်ထပ် ကျောက်စိမ်းပြားငယ် တစ်ခု ရှိနေခဲ့သည်။

ထိုကျောက်စိမ်းပြား၏ အောက်တွင် 'ထျန်းချွမ်'ဟူသော စကားလုံးကို တွေ့နိုင်သည်။

ယန်ချင်က သူ့အားကြည့်လိုက်ကာ မေးလိုက်သည်။ "ဒါက ယုတင်းအတွက်လား"

လင်းဖုန်းက ပြုံးလိုက်ကာ ဖြေလိုက်သည်။ "ဟုတ်တယ်။ ဒါက တောက်ယုတင်းအတွက်ပဲ။ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ထျန်းချွမ် သီလရှင် ဖြစ်တယ်"

သူကပြီးမှ ဆက်ပြောလိုက်၏။
"ဒုတိယမျိုးဆက်က တပည့်တွေရဲ့ နာမည်မှာ
'ထျန်း'ဆိုတဲ့ စကားလုံးတွေကို ပေးထားရမယ်"

အားလုံးတို့သည် သူတို့၏ ခေါင်းများကို
မော့လိုက်ကြသောအခါ လင်းဖုန်းက
ပြောလိုက်သည်။ "သူတို့က ဒီနေရာမှာ
စာရင်းအသွင်း မခံရခင် အရင်ဆုံး
ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ရမယ်"

လင်းဖုန်း၏ ဘယ်လက်သည် လေထုထဲသို့
ဖြတ်တောက်လိုက်ရာ နောက်ထပ် အလင်းတန်း

တစ်ခုက လင်းလက်လာခဲ့သည်။ ဤအချိန်တွင် ရွှေရောင် အလင်းတန်း ဘောလုံးလေး တစ်ခုဖြစ်၏။ လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တပည့်တိုင်းဟာ အခြေခံအုတ်မြစ် အဆင့်က တပည့်တွေ အပါအဝင် ဝိညာဉ်မီးအိမ်ကို ရရှိနိုင်မယ်။ ဒါပေမဲ့ ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်တဲ့သူတွေကသာ သူတို့နာမည်ပါတဲ့ ကျောက်စိမ်းပြားကို ရရှိနိုင်မှာ ဖြစ်တယ်"

လော်ချင်းဝူသည် သူမ၏ လက်အစုံကို ဆုပ်လိုက်ကာ ဝမ်းလင်းထံသို့ ပြုံးပြလိုက်၏။

"ဂုဏ်ယူပါတယ် တတိယ စီနီယာ၊
ဂုဏ်ယူပါတယ် ရှမ်းနီမာစတာ"

ဝမ်လင်းသည် သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "ယုတင်းက အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်နဲ့ ဂိုဏ်းအတွင်းကို ဝင်ခဲ့တာ။ သူမက ကျန်တဲ့သူတွေ အားလုံးထက် ရွှေရောင်ဗဟိုချက် အဆင့်ကို စောပြီးပိုရောက်တာက သဘာဝပဲ။ ငါတို့က အနာဂတ်မှာ သူမရဲ့ စွမ်းဆောင်ရည်ကို စောင့်ကြည့်ဖို့ လိုသေးတယ်"

အခြားတပည့်များသည် ပြုံးလိုက်ကြ၍ သူတို့၏ အကြည့်သည် ဒုတိယ အတန်းမှ

ကျောက်စိမ်းပြားများ အပေါ်သို့ ပြန်ရောက်သွားကြသည်။ ဝမ်လင်း ကျောက်စိမ်းပြား၏ ဘယ်ဘက်တွင် 'ရွှမ်းလန်'ဟူသော စကားလုံးများကို ခပ်နိုပ်ထားသည် ကျောက်စိမ်းပြားကို တွေ့လိုက်ရသည်။

ယွဲ့ဟုန်ယန်၏ နှုတ်ခမ်းများသည် လှုပ်သွားခဲ့ကာ လင်းဖုန်းအား ဦးညွှတ်၍ ပြောလိုက်သည်။ "ကျေးဇူးပါ၊ ဆရာသခင်"

ရှီထျန်းဟောင်၊ လော်ချင်းဝူနှင့် ကျန်သောသူများက သူမအား စပ်စုစွာဖြင့် လှမ်းကြည့်နေကြ၏။ ဇူရီသည် သူတို့အား

ဘေးမှနေ၍ တိတ်တိတ်ကလေး ရှင်းပြနေခဲ့သည်။ "လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုံးက နှင်းမုန်တိုင်း နိုင်ငံရဲ့ မြို့တော်ကို ရွှယ်လန်မြို့လို့ ခေါ်တယ်။ အကြောင်းရင်းကတော့ ဒီမြို့တော်ရဲ့ အပြင်ဘက်မှာ လန်တောင်လို့ခေါ်တဲ့ တောင်တစ်တောင် ရှိနေလို့ပဲ"

ယွဲ့ဟုန်ယန်သည် ပြုံးလိုက်ကာ သူမ၏ ခေးပါးနှင့်တူသော မျက်ခုံးများသည် အတော်ကို သိမ်မွေ့လာခဲ့သည်။ "ကျွန်မက လန်တောင်ပေါ်မှာ ကြီးပြင်းလာခဲ့တာ။ ဒါက ကျွန်မရဲ့ ဇာတိမြေဖြစ်တယ်"

အခြားတပည့်များသည် သူတို့၏ ခေါင်းများကို တိတ်တဆိတ်ဖြင့် ညိတ်လိုက်ကြကာ စကားလွှဲလိုက်ကြသည်။ လေဘ်ချင်းဝူက ပြောလိုက်၏။ "နံပါတ်ငါး စီနီယာရဲ့ ကျောက်စိမ်းပြားကို ကြည့်လိုက်ကြရအောင်။ အိုး.. ရွှမ်းမင်"

ယန်ချင်ကလည်း နံပါတ်ငါး ကျောက်စိမ်းပြားသည် 'ရွှမ်းမင်'ဟူသော စကားလုံးများ ခတ်နှိပ်ထားသည်ကို သတိပြုမိလိုက်သည်။ သူက ထိုနာမည်၏ အနောက်မှ အဓိပ္ပာယ်ကို နားလည်အောင် ကြိုးစား၍ စဉ်းစားနေခဲ့သည်။ "ယင်နဲ့ယန်က အတူတကွ လာပြီးတော့ တာအိုလမ်းစဉ်က

ခက်ခဲနက်နဲတယ်။ ဒါက ဆရာက ငါ့အပေါ်မှာ ထားတဲ့ မျှော်လင့်ချက်တွေကို ကိုယ်စားပြုနေတယ်"

လော်ချင်းဝူက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကြည့်ရတာ နံပါတ်ငါး စီနီယာက သူ့ရဲ့ ကျောက်စိမ်းပြားအောက်မှာ မကြာခင် နောက်ထပ် ကျောက်စိမ်းပြားတစ်ခုကို ရတော့မယ်နဲ့ တူတယ်"

ယန်ချင်က သူ၏လက်ကို အလောတကြီးဖြင့် ခါယမ်းလိုက်ကာ ပြုံး၍ပြောလိုက်သည်။ "ယွင်ချုံးက လေ့လာစရာ အများကြီး လိုသေးတယ်။ သူ့ရဲ့ တိုက်ခိုက်မှု ပုံစံက

ခက်ထန်ကြမ်းတမ်းပေမဲ့ သူ့ရဲ့
ကျင့်ကြံမှုအဆင့်က အမြန်ကြီး
တိုးတက်လာလိမ့်မယ်လို့ မဆိုလိုဘူး။ သူက
အများကြီး သင်ယူဖို့ လိုသေးတယ်"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။
"ထျန်းချွမ်ရဲ့ နောက်မှာ ဘယ်သူက
ရွှေရောင်ဗဟိုချက်ကို
အရင်ဖန်ဆင်းနိုင်မှာပါလိမ့်"

လီယွမ်ဖန်းက တိုးညင်းစွာနှင့် ပြောလိုက်သည်။
"ကျိုးယွင်ချုံး၊ ရှုယွင်စန်း၊ လျှိုရှဖုန်း၊ လီရှင်းဖေး၊
ယင်းလော်ရှတို့ အထဲက ဖြစ်လိမ့်မယ်။
လင်းတုန်၊ ကျူးကော်ဝမ်ချိုးနဲ့

ဟွမ်ကျန်းထင်တို့က အတော်ကြီး
လိုသေးတယ်"

ရှီထျန်းဟောင်က ပြုံးလိုက်ကာ
ပြောလိုက်သည်။ "ဟုတ်တာပေါ့၊ စီနီယာ
ရွှမ်းလော်"

လီယွမ်ဖန်းအား ကိုယ်စားပြုနေသော
နံပါတ်ခြောက် ကျောက်စိမ်းပြား အပေါ်တွင်
'ရွှမ်းလော်'ဟူသော နာမည်တစ်ခုကို
ရေးထိုးထားသည်။

လီယွမ်ဖန်းက သူ၏ကိုယ်ပိုင် ဗိမာန်ကို ပေးထားသော နာမည်ကို တွေးမိသောအခါ တပည့်တစ်အုပ်စုလုံးက ရယ်လိုက်ကြ၏။ "ဆရာက ကျွန်တော်တို့အကြောင်းကို အတော်သိတာပဲ"

လီယွမ်ဖန်းက ကျောက်စိမ်းပြားပေါ်မှ 'ရွှမ်းလော်'ဟူသော နာမည်ကို ကြည့်လိုက်ကာ သူ၏ အကြည့်သည် အနည်းငယ်မျှ လင်းလက်လာခဲ့သည်။ သူသည် လင်းဖုန်းဘက်သို့ လှည့်လိုက်ကာ လေးနက်စွာနှင့် ဦးညွှတ်လိုက်သည်။ "ဆရာ့ကို ကျေးဇူးတင်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်၍ ဘာမှ မပြောခဲ့ပေ။ အခြားတစ်ဘက်တွင်မူ လော်ချင်းဝူ၏ အကြည့်သည် နောက်ဆုံး ကျောက်စိမ်းပြား နှစ်ခုအပေါ်သို့ ကျရောက်သွားခဲ့သည်။ "နံပါတ်ခုနှစ် ကျောက်စိမ်းပြားက အငယ်ဆုံး စီနီယာ အတွက် ဖြစ်ရမယ်။ အိုး!"

"နောက်ဆုံးတစ်ခုက ကျွန်မဟာပဲ။ ဘာလဲဆိုတာ ကြည့်ကြည့်ရအောင်။ ရွှမ်းချီ!" လော်ချင်းဝူသည် ပြုံးလိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ၊ ဆရာက ကျွန်မကို ရွှမ်းချီဓား ပေးထားကတည်းက စဉ်းစားထားပြီးသား ဖြစ်ရမယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါပေါ့"

ရှီထျန်းဟောင်က ပွစိပွစိနှင့် ရေရွတ်နေခဲ့သည်။ "ဆရာကသာ ဒီနေရာမှာ အပျင်းအထူဆုံးနေမှာ။ နာမည်ပေးရတာက အခက်ခဲဆုံးပဲ"

လင်းဖုန်းက သူ့အား ကြည့်လိုက်ကာ သူ၏ မျက်နှာတွင် အပြုံးရေးရေးလေး ပေါ်လာခဲ့သည်။ "တကယ်လို့ငါက အချိန်အကုန်မခံချင်ရင် မင်းရဲ့

ကျောက်စိမ်းပြားပေါ်မှာ 'ထျန်းဟောင်'ဆိုတဲ့ နာမည်ကို ထွင်းထုလိုက်ရင် ပြီးရောမလား။ အဲ့ဒါဆိုရင် အဆင်အပြေဆုံးပေါ့"

ရှီထျန်းဟောင်က သူ၏ ပါးစပ်ကို ဟလိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင် ကျွန်တော်က တတိယ မျိုးဆက်က တပည့်နာမည်တွေနဲ့ သွားတူနေမှာပေါ့"

ရှောင်ယန်က ကျယ်လောင်စွာနှင့် ရယ်မောလိုက်သည်။ "ထျန်းဟောင်မာစတာ၊ ငါ့ကမင်းအတွက် လက်ဆောင်တစ်ခု ရှိတယ်.. ဟားဟားဟား!" သူ၏စကားမဆုံးခင် သူသည် မထိန်းနိုင်တော့ပဲ တစ်ဟားဟားနှင့်

ရယ်ခဲ့လိုက်သည်။ ယွဲ့ဟုန်ယန်နှင့်
လော်ချင်းဝူတို့ကလည်း လိုက်ရယ်လိုက်ကြ၏။

ဇူရီ၊ ဝမ်လင်း၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့က
အသီးသီး ပြုံးလိုက်ကြသည်။

ရှီထျန်းဟောင်က ရှောင်ယန်အား
လျစ်လျူရှုထားလိုက်ကာ ပြောလိုက်သည်။
"ရွှမ်းဟွမ်က အများကြီး ပိုပြီးတော့
နားထောင်လို့ကောင်းတယ်"

လင်းဖုန်းသည် သူ၏ခေါင်းကိုပုတ်လိုက်ကာ
ပြောလိုက်သည်။ "တုံးအတဲ့ ကောင်ကလေး။

မင်းတတိယ စီနီယာရဲ့ နာမည်အတွင်းက 'နီ'ဆိုတဲ့ စကားလုံးအတိုင်းပဲ 'ဟွမ်'ဆိုတဲ့ စကားလုံးက မင်းရဲ့ ကျင့်ကြံမှု ဘဝအတွင်းမှာ အရေးကြီးတဲ့ နေရာက ပါနေတယ်။ မင်းက ငါ့ကို မင်းလိုမျိုး အပျင်းထူတယ်များ ထင်နေတာလား"

ရှီထျန်းဟောင်သည် ကြီးပြင်းရင့်ကျက်လာသောအခါ ရှောင်ယန်နှင့် ကျန်သောသူများသည် သူ၏ခေါင်းကို မပုတ်ကြတော့ပေ။ လင်းဖုန်းတစ်ယောက်သာ ရှီထျန်းဟောင် ငယ်စဉ်တုံးကအတိုင်း ဆက်ပုတ်နေခြင်း ဖြစ်၏။

ရှိထျန်းဟောင်ကလည်း စိတ်ထဲမထားခဲ့ပေ။ သူက တစ်ခစ်ခစ်နှင့်သာ ရယ်လိုက်၏။ "ကျွန်တော် နားလည်ပါတယ်။ အနာဂတ်ကို မပြောပဲ ကျွန်တော့်ရဲ့ ရွှမ်းဟွမ်ကမ္ဘာလေးခု မှော်ကျိုန်စာကတောင် 'ဟွမ်'ဆိုတဲ့ စကားလုံး ရှိတာပဲ။ ကျွန်တော်က ဆရာရဲ့ မျှော်လင့်ချက်တွေကို နားလည်ပါတယ်"

လင်းဖုန်းသည် သူ၏ခေါင်းအား ကျေနပ်စွာဖြင့် ညိတ်လိုက်ကာ ဝမ်လင်း၏ 'ရွှမ်းနီ'အောက်မှ 'ထျန်းချွမ်'ဟူသော ကျောက်စိမ်းပြားအား ကြည့်လိုက်၍ ပြောလိုက်သည်။ "အစကတော့ မင်းတို့ တပည့်တွေရဲ့ တာအိုနာမည်ကို မင်းတို့ကိုယ်တိုင်ပဲ ရွေးပေးရမှာ။ ဒါပေမဲ့

ထျန်းချွမ်ရဲ့ ထူးခြားတဲ့ အခြေအနေတွေကြောင့် ငါကသူမကို ရွေးပေးလိုက်တာ"

ဝမ်လင်းက ခေတ္တမျှ တွေးလိုက်ကာ ပြောလိုက်သည်။ "ဘာမှမဖြစ်ပါဘူး။ ဆရာမှာလည်း ဆရာ့အကြောင်းနဲ့ ရှိတာပဲ"

"ကျွန်တော်ထင်တာက ကျွန်တော်တို့ဂိုဏ်းကို ဝင်လာတဲ့ ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ် အကြီးအကဲနဲ့ သက်ဆိုင်နေမယ် ထင်တယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်တယ်၊ ဒါကြောင့်ပဲ။

ဒါကငါသူ့ကို ပေးထားတဲ့ ကတိဖြစ်တဲ့အတွက် စောင့်ထိန်းရမယ်"

"နတ်ရေကန်ဂိုဏ်း" ရှိထျန်းဟောင်က နှိမ့်ချသော လေသံဖြင့် ပြောလိုက်သည်။ "သူတို့နဲ့ ထိုက်တန်တာကို သူတို့ရသွားကြတာပဲ။ ဒါဆိုရင် ကျွန်တော်တို့က ယုတင်းကို  'နတ်ရေကန်'လို့ ခေါ်လိုက်ရင် ပြီးတာပဲ"

လင်းဖုန်းက ပြုံးလိုက်သည်။ "မင်းက နားလည်လာမှာပါ"

ပြီးတာနှင့် ရှီထျန်းဟောင်က ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ သူက စဉ်းစားနေရင်းနှင့် သူ၏ အကြည့်သည် လင်းလက်လာခဲ့သည်။ ပြီးတာနှင့် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်ခဲ့လိုက်သည်။

ထိုအချိန်တွင် ရှောင်ယန်က အားရပါးရ ရယ်ခဲ့လိုက်သည်။ သူတို့အုပ်စုက ခေါင်းများကို လှည့်လိုက်ကြကာ ရှောင်ယန်အားကြည့်လိုက်ကြ၏။ ရှောင်ယန်က ရယ်ရင်းနှင့် ပြောလိုက်သည်။ "ကျွန်တော်က ရွှမ်းလင်သူတော်စင်ကို ရုတ်တရက် သတိရလာလို့ပါ"

အားလုံးတို့ကလည်း စတင်ရယ်မောလိုက်ကြသည်။ ဇူရီက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "သူက သူ့ရဲ့နာမည်ကို သူ့ရဲ့ မွေးရာပါ မှော်ရတနာဖြစ်တဲ့ အန္တိမ ရွှမ်းအလင်းတန်း ကျောက်စိမ်းပြားကနေ ရခဲ့တာ ဖြစ်တယ်။ ဒီကနေပြီး သူ့ရဲ့ တာအိုနာမည်ကို ရခဲ့တာ"

"ဒါပေမဲ့ သူ့ရဲ့ အန္တိမ ရွှမ်းအလင်းတန်း ကျောက်စိမ်းပြားဟာ ကမ္ဘာနှစ်ခု အကြားက တိုက်ပွဲမှာ ပျက်စီးသွားခဲ့တယ်။ ဒါပေမဲ့ အားလုံးတို့က သူ့ကို ရွှမ်းလင်သူတော်စင်လို့ပဲ ခေါ်ရတာ အသားကျနေတော့ ဒီအတိုင်းပဲ

ဆက်ခေါ်နေကြတာ။ ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်း အတွင်းမှာ သူ့ကို နာမည် နောက်တစ်မျိုးနဲ့ ခေါ်ကြတယ်"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ငါကလည်း ဒီအကြောင်းကို သိပါတယ်။ ဒါက စိတ်ဝင်စားဖွယ် ကောင်းတယ်"

သူ၏ တပည့်များ၏ စကားများကို နားထောင်နေရင်း လင်းဖုန်းက ဘေးကနေ၍ ရယ်ရမ်းသွေးလိုက်သည်။ သူ၏အကြည့်သည် တစ်ခါတစ်ရံ ကျောက်စိမ်းပြား သုံးတန်းတို့ အပေါ်သို့ ကျရောက်သွားခဲ့သည်။ အထူးသဖြင့်

ဒုတိယ အတန်းမှ ကျောက်စိမ်းပြားများကို အာရုံစိုက်ထားခဲ့၏။

သူက ရှောင်ယန်နှင့် ကျန်သောသူများကို စပေးထားသော နာမည်များမှာ ရွှမ်းယန်၊ ရွှမ်းရီ၊ ရွှမ်းနီ၊ ရွှမ်းဟွမ်၊ ရွှမ်းလန်၊ ရွှမ်းမင်၊ ရွှမ်းလော်နှင့် ရွှမ်းချီတို့ကဲသို့သော နာမည်ကောင်းများ မဟုတ်ကြောင်းကို ကောင်းကင်ကြီးက သက်သေခံနိုင်သည်။

သူက သူတို့အား 'မီးတုတ်'၊ 'စာကြွမ်းပိုး'၊ 'ငရဲကမ္ဘာ လူသတ်သမား'၊ 'အစားပုတ်ရှီ'၊ 'အနက်ရောင် ပင့်ကူ'.. စသဖြင့် နာမည်ပြောင်များကို ပေးဖို့ စဉ်းစားထားသည်။

သူ၏ ကျင့်ကြံမှု အဆင့်က
မြင့်မားလာသည်နှင့်အမျှ လင်းဖုန်း၏
ရွတ်နောက်နောက် စရိုက်သည် ပို၍ပို၍
ဆိုးလာခဲ့သည်။ အခြားသူများ၏ အရှေ့တွင်
သူသည် ဆရာသခင်ပုံစံကို ဖမ်းနေခဲ့သော်လည်း
သူ၏ ပြောင်ချော်ချော် လုပ်လိုသော ဆန္ဒသည်
ပို၍ပို၍ ပြင်းထန်လာခဲ့သည်။

လင်းဖုန်းသည် စွမ်းအားများနှင့် ပြည့်နေ၍
တာအိုဆရာ ပုံစံပေါက်နေသော သူ၏
ခန္ဓာကိုယ်အား ပြန်ကြည့်လိုက်သည်။
ပြီးတာနှင့် သူ၏ခေါင်းကို မော့လိုက်ကာ
ကောင်းကင်သို့ကြည့်၍ တွေးလိုက်၏။

"ဘဝခရီးလမ်းက တကယ်ကိုပဲ အထီးကျန်ဆန်လှပါတယ်။ မင်းက တစ်ခုကို ရခဲ့ရင် တစ်ခုကို ဆုံးရှုံးသွားရမယ်"

## စာစဥ် ၃၇ : အပိုင်း ၁၆

## အပိုင်း ၇၀၆ : ပထမတပည့်

လင်းဖုန်းသည် ကျောက်စိမ်းပြားများကို ပြန်သိမ်းလိုက်ကာ လက်ရင်းတပည့် တစ်အုပ်စုအား ကြည့်လိုက်ကာ ပြုံး၍ ပြောလိုက်သည်။ "ငါ့ရဲ့ စကားတွေက မပြောင်းလဲဘူး။ ဒီနေရာမှာ ခတ်နှိပ်ထားတဲ့

အရာတွေဟာ ငါတို့ဂိုဏ်းရဲ့ ဆက်ခံသူတွေ ဖြစ်ကြတယ်။ တစ်နေ့မှာ မင်းတို့ကလည်း ပြင်ပမှာ မင်းတို့နာမည်ကို ခတ်နှိပ်နိုင်တဲ့သူတွေ ဖြစ်လာမယ့်နေ့ကို ငါကစောင့်မျှော်နေတယ်"

ရှောင်ယန်နှင့် ကျန်သောသူများသည် လင်းဖုန်းအား လေးနက်စွာနှင့် ဦးညွှတ်လိုက်ကြကာ ပြောလိုက်သည်။ "ကျွန်တော်တို့က ဆရာကို စိတ်မပျက်စေရပါဘူး။ ကျွန်တော်တို့က ကျွန်တော်တို့ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို အကောင်းဆုံး မြှင့်တင်နိုင်အောင် ကြိုးစားပါ့မယ်"

လင်းဖုန်းက ပြုံးလိုက်ကာ သူ၏လက်အား ဖော့ယမ်းလိုက်သည်။ "ငါကမင်းတို့က အမြဲတမ်းပဲ ကျေနပ်အားရနေပါတယ်"

သူ၏အကြည့်သည် သူ၏ဘေးမှ အလင်းတန်း လိုက်ကာသို့ ရွေ့သွားခဲ့ကာ ဆက်ပြောလိုက်သည်။ "မင်းတို့အားလုံးကလည်း မင်းတို့တပည့်တွေကို ကျေနပ်အားရနေမယ်လို့ ထင်တယ်"

ရှောင်ယန်နှင့် ကျန်သောသူများကလည်း စတင်၍ ရယ်မောလိုက်ကြ၏။ သူတို့အုပ်စုသည် ယန်ချင်အား ကြည့်လိုက်ကြကာ ရှောင်ယန်က ပြုံး၍ပြောလိုက်သည်။ "ဘယ်သူကမှ နံပါတ်ငါး

ဂျူနီယာရဲ့ လက်အောက်က ယွင်ချုံးလောက်
မထူးချွန်ကြပါဘူး"

ယန်ချင်ကလည်း မအောင့်နိုင်ပဲ
ကျန်သောသူများနှင့်အတူ
ရယ်မောလိုက်မိသည်။

သူတို့အားလုံးတို့သည် ဘာမှဆက်၍
မပြောတော့ပဲ ပြုံးနေကြသည်။ အမှန်တွင်မူ
ကျိုးယွင်ချုံး၏ ပထမတပည့်
အဆင့်အတန်းသည် ဤစိတ်ဝိညာဉ်
အစည်းအဝေး မတိုင်ခင်ကတည်းက
ဆုံးဖြတ်ပြီးသား ဖြစ်သည်။ ယန်ချင်၏
လှုံ့လထုတ်၍ သင်ကြားပေးမှု အပါအဝင် သူ၏

အားထုတ်မှုကလည်း အရေးကြီးသော အပိုင်းတွင် ပါဝင်နေသည်။

မဟုတ်လို့ရှိလျှင် နိဗ္ဗာန်ကမ္ဘာမှ ပထမတပည့် နေရာသည် လွတ်နေမည်သာ ဖြစ်၏။ ယန်ချင်သည် နောက်ပိုင်းတွင် တပည့်များကို ဆက်လက်လက်ခံခဲ့သည်နှင့် ထိုနေရာသည် ကြာရှည်စွာ လွတ်နေမည် မဟုတ်ပေ။

ထို့အပြင် ကျိုးယွင်ချုံးသည် အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်မှ အလယ်အလတ် အဆင့်သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။ သူသည် စိတ်ဝိညာဉ် တာဝါကို ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်ကာ မဟာကောင်းကင် တာအိုကျမ်းစာ၏

အရေအတွက်သုံးခု အင်းရှစ်ကွက်အား
စတင်ကျင့်ကြံနေခဲ့ပြီ ဖြစ်သည်။

ဒါသည် စနစ်တကျ ဖြစ်မနေသော်လည်း
ယန်ချင်၏ လမ်းညွှန်မှုအောက်တွင် သူ၏
အခြေခံသည် အတော်ကို ခိုင်မာနေသည်။

ဒါသည် ယန်ချင်က မျက်နှာလိုက်၍ မဟုတ်ပဲ
လင်းဖုန်း၏ အထူးညွှန်ကြားချက်
ဖြစ်ကြောင်းကို ရှောင်ယန်နှင့်
ကျန်သောသူများကလည်း သိနေကြ၏။

ထိုအကြောင်းပြောရလျှင်
အခြားတပည့်များအတွက် တရားမျှတရာ
မကျသော်လည်း ကျိုးယွင်းချုံး၏
အခြေအနေသည် အတော့်ကို ထူးခြားနေသည်။
မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို
ပိုင်ဆိုင်ထားသောသူများ လေ့ကျင့်ရာတွင်
အမှားတစ်ခု လုပ်မိသည်နှင့် ကိုယ့်ကိုယ်ကိုယ်
ယဇ်ပူဇော်ပြီးသား ဖြစ်သွားမည် ဖြစ်သည်။
ချက်ချင်းဆိုသလိုပင် မည်သူမှ
ကယ်တင်နိုင်မည် မဟုတ်ပဲ ပြာပုံအတိ
ဖြစ်သွားခဲ့မည် ဖြစ်သည်။

အကယ်၍ သူသည် မဟာကောင်းကင်
တာအိုကျမ်းစာ၏ အရေအတွက်သုံးခု

အင်းရှစ်ကွက်အား မလေ့ကျင့်ခဲ့လျှင် သို့မဟုတ် သူ့ဆရာ၏ သတိပေးချက်များကို သေချာစွာ နားမထောင်ခဲ့လျှင် ကျိုးယွင်းချုံးသည် ပြန်လည်ပြုပြင်၍ မရသော အမှားများကို ပြုလုပ်မိနိုင်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းမှ ချန်းရှင်းယုသည်လည်း လင်းတောက်ဟန်မှနေ၍ ဟင်းလင်းပြင်၏ ယင်ယန်ကျမ်းစာကို သင်ပေးခြင်းကို ခံနေရ၏။ သူသည်လည်း သူ့တပည့်၏ တိုးတက်မှုကိုလိုက်၍ များစွာအားထုတ်ခဲ့ရခြင်း ဖြစ်သည်။ တစ်ချက်လောက်

လျစ်လျူရှုခဲ့မိသည်နှင့် ချန်းရှင်းယုသည် အေးခဲ၍ သေဆုံးသွားနိုင်ပေသည်။

သန့်စင်သောယင်နှင့် သန့်စင်သောယန် ခန္ဓာကိုယ်များနှင့် ယှဉ်လိုက်လျှင် အဆုံးသတ်သောယင်နှင့် မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုများသည် တိုက်ခိုက်မှုတွင် များစွာပို၍ အစွမ်းထက်သည်။ သို့သော်လည်း တန်ဖိုးအဖြစ် ပေးဆပ်ရသည်မှာ ထောင်ချောက်များစွာတို့ဖြင့် ပြည့်နှက်နေသည့် ကျင့်ကြံမှု လမ်းကြောင်းပင် ဖြစ်သည်။

လင်းဖုန်းသည် ယန်ချင်အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒီစိတ်ဝိညာဉ်

အစည်းအဝေးကနေပြီး ယွင်ချိုးဟာ သူ့ရဲ့ အတွေ့အကြုံတွေကို တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တယ်။ အခုအချိန်မှာ သူ့ရဲ့ အခြေခံတွေက သေချာ ဆောက်တည်ပြီးပြီ ဖြစ်လို့ မင်းက မဟာကောင်းကင် တာအိုကျမ်းစာ၏ အရေအတွက်သုံးခု အင်းရှစ်ကွက်ကို သူ့ရဲ့ ရွှေရောင်ဗဟိုချက် ဖန်ဆင်းနိုင်ဖို့အတွက် သင်ကြားပေးဖို့ သေချာပြင်ဆင်ထားပေတော့"

ယန်ချင်က သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

လင်းဖုန်းက သူ့အားကြည့်လိုက်ကာ ပြုံး၍ပြောလိုက်သည်။ "မင်းရဲ့ ကျင့်ကြံမှုတွေကိုလည်း မမေ့မထားနဲ့ဦး။ မင်းက အခုအချိန်မှာ ယင်လေပြင်း ကပ်ဘေးကို ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပြီဆိုတာ ငါသိတယ်"

"ယွင်ချုံးက မင်းလက်အောက်ကို ရောက်လာခဲ့တာ မင်းအတွက်ရော သူ့အတွက်ပါ အကျိုးရှိစေခဲ့တယ်"

ယန်ချင်က ပြုံးလိုက်ကာ ပြောလိုက်၏။ "စိတ်ချပါဆရာ၊ ကျွန်တော်က ဒီလိုမျိုး အရေးကြီးတဲ့ ကိစ္စကို မမေ့ရပါဘူး"

လင်းဖုန်းသည် ရှောင်ယန်နှင့် ကျန်သောသူများကို ကြည့်လိုက်ကာ မေးလိုက်သည်။ "မင်းတို့အားလုံးကလည်း ဒီအစည်းအဝေး ပြီးသွားရင် ဘာလုပ်ရမလဲ သိတယ်မလား"

"ငရဲမီး ချောက်ကမ်းပါး အတွက်ဆိုရင် ပထမတပည့် နေရာက လွတ်နေဦးမယ် ထင်တယ်" ရှောင်ယန်က ပြောလိုက်သည်။ "လင်းတုန်က ဒီလိုမျိုး အရေးကြီးတဲ့ နေရာကို ရယူဖို့ လုံလောက်စွာ မရင့်ကျက်သေးဘူး။ ပြီးတော့ ကျွန်တော်ရော ကျန်းအာပါ သူမကို

အသက်ငယ်ငယ်လေးနဲ့ တာဝန်အကြီးကြီးကို
မယူစေချင်သေးဘူး"

သူ၏ ကိုယ်ပိုင်တပည့်များကို
လေ့ကျင့်ပေးရမည့် အပြင် ပထမတပည့်သည်
အခြားသော ဆက်ခံသူ တပည့်များကို
လမ်းညွှန်ပေးရန်လည်း တာဝန်ရှိသည်။
အကယ်၍ ရှောင်ယန်နှင့် ကျန်သောသူများသည်
တံခါးပိတ်၍ ကျင့်ကြံနေခဲ့လျှင်
ပထမတပည့်သည် ခက်ခဲသော ကာလကို
ရေရှည်ရင်ဆိုင်ရမည် ဖြစ်သည်။

သူတို့သည် ကောင်းကင်စကြာဝဠာ
အလင်းတန်းကမ္ဘာ အတွင်းတွင် တံခါးပိတ်၍

ကျင့်ကြံနေသည့်တိုင်အောင် မဟာကမ္ဘာမှ အချိန်စီးဆင်းမှုသည် နှေးကွေးသွားမည် မဟုတ်ချေ။ ထို့အပြင် သူတို့အချို့သည်လည်း ယုကျင်းတောင် ပြင်ပတွင် သွားရောက်ကျက်စားနေလိုကြသေးသည်။

"ဖက်တီးလေး ဝူဝေအနေနဲ့ကလည်း သူက ရင့်ကျက်လာပေမဲ့ သူ့ရဲ့ စိတ်အခြေအနေနဲ့ ကျင့်ကြံမှု အဆင့်တွေကြောင့် ပထမတပည့် နေရာနဲ့ မသင့်တော်ဘူး" ရှောင်ယန်က သူ၏ခေါင်းကို ခါလိုက်သည်။
"လျှိုရှုဖုန်းကတော့ မဆိုးပေမဲ့ သူက စိတ်လွတ်လက်လွတ်ပဲ နေတတ်တယ်"

"ဒီအစည်းအဝေး မတိုင်ခင်မှာ သူက ယွင်ချုံးကို မရမနေ သွားစိန်ခေါ်ခဲ့တယ်။ နောက်ဆုံးမှာတော့ သူက မဟာသူရိယ အကြွင်းမဲ့ မီးတောက်ကို ဆုံးရှုံးလုနီးပါး ဖြစ်သွားခဲ့ပြီးတော့ ဒီစိတ်ဝိညာဉ် အစည်းအဝေးမှာ ထင်ထားသလောက် အစွမ်းမပြနိုင်ခဲ့ဘူး"

ရှီထျန်းဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "အစ်ကိုကြီး၊ အစ်ကိုကြီးက သူ့ကို ဒါအတွက်နဲ့ အပြစ်ပေးမှာတော့ မဟုတ်လောက်ပါဘူး၊ ဟုတ်တယ်မလား"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။
"ငါက ဘယ်လိုလုပ်ပြီးတော့
အပြစ်ပေးနိုင်မှာလဲ။ ငါ့ရဲ့အမြင်မှာ သူက ငါ့ရဲ့
ကိုယ်ကျင့်စရိုက်တွေနဲ့ အနီးစပ်ဆုံးသူ
ဖြစ်တယ်။ သူက ညီအစ်ကိုစိတ်ဓာတ်
ရှိသူဖြစ်ပြီး ငရဲမီး ချောက်ကမ်းပါးမှာရော
တစ်ဂိုဏ်းလုံးမှာပါ အလေးစားခံရတဲ့သူ
ဖြစ်တယ်"

"ဒါပေမဲ့ ဒီလိုမျိုး စရိုက်နဲ့ သူကငါ့ရဲ့
ပထမတပည့် ဖြစ်ဖို့ရာ မသင့်တော်ဘူး။
အနည်းဆုံးတော့ အခုအချိန်အထိပေါ့"
ရှောင်ယန်က သက်ပြင်းတစ်ချက် ချလိုက်သည်။
"သူက လေ့ကျင့်ဖို့ အချိန်တစ်ခု လိုဦးမယ်။

မဟုတ်လို့ရှိရင် ခဏာတာလောက်
စွမ်းဆောင်နိုင်ပေမဲ့ ရေရှည်မှာ ခံနိုင်မှာ
မဟုတ်ဘူး"

"ပြီးတော့ သူက သူလုပ်ချင်တာကို
လုပ်လေ့ရှိပြီး စိတ်ထဲမှာ ပေါ်လာတဲ့အတိုင်း
မစဉ်းစားပဲ လုပ်လေ့ရှိတယ်။ သူက ရေရှည်ကို
ကြိုမတွေးနိုင်ပဲ တချို့ကိစ္စတွေမှာ
အခြေအနေကို ပိုဆိုးသွားစေတယ်"

ရှောင်ယန်သည် ပြောနေရင်း သူ၏ ကိုယ်ပိုင်
အတွေ့အကြုံများကို ပြန်စဉ်းစားနေခဲ့၏။
သူကိုယ်တိုင်ကလည်း လွတ်လပ်မှုကို မြတ်နိုးသူ

ဖြစ်သဖြင့် လှျိုရှုဖုန်း၏ အကျင့်စရိုက်ကို နှစ်သက်သည်။

လင်းဖုန်းက သူ့အား ပထမတပည့် တာဝန်ကို ပေးအပ်လိုက်ခဲ့ချိန်မှစ၍ သူသည် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။ သူ၏ လူငယ်ဘဝနှင့် ယှဥ်လိုက်လျှင် သူ၏ အမြင်များသည် များစွာပြောင်းလဲသွားခဲ့၏။ သူသည် မာနကြီး၍ ခေါင်းမာသေးသော်လည်း ကိစ္စများစွာတို့ကို စဥ်းစားဆင်ခြင်၍ သတ္တိရှိရှိ ဆုံးဖြတ်နိုင်ခဲ့သည်။

"မင်းရဲ့စိတ်ထဲမှာ အခြားတစ်ယောက် ရှိနေတယ်မလား။ ဒါကြောင့်မင်းက

မဆုံးဖြတ်နိုင်ခဲ့တာ" လင်းဖုန်းက ရှောင်ယန်အား ကြည့်လိုက်ကာ ပြုံး၍မေးလိုက်သည်။

"ဟီးဟီး၊ ကျွန်တော်က ဆရာ့ဆီကနေ ဘာကိုမှ ဖုံးကွယ်ထားလို့ မရပါလား" ရှောင်ယန်က ရယ်လိုက်၏။

ဤစကားဝိုင်းကို နားထောင်နေကြသော အခြားတပည့်များသည် စိတ်ရှုပ်ထွေးသွားကြသည်။ ဇူရီ၏ အကြည့်သည် လင်းလက်သွားခဲ့ကာ ရှောင်ယန်အား ပြုံး၍ ညွှန်ပြလိုက်သည်။ "အစ်ကိုကြီးက ဒီတစ်ခေါက် တပည့်လက်ခံပွဲ

အတွင်းမှာ လက်ခံခဲ့တဲ့ အခြေခံတပည့် အသစ်တစ်ယောက်ကို မျက်စိကျနေတယ်နဲ့ တူတယ်"

ရှောင်ယန်ကလည်း မငြင်းဆန်ခဲ့ပေ။ သူက ခေါင်းကိုညိတ်လိုက်ကာ ပြောလိုက်သည်။ "နှလုံးသားကို ဖော်ပြသော လှေကားပေါ်က စွမ်းဆောင်ရည်အရ ငါကသူ့ကို အတော် အထင်ကြီးသွားခဲ့တယ်။ တကယ်လို့ သူက ဆက်ခံသူတပည့် ဖြစ်လာတဲ့အချိန်မှာ ငါ့ကို မရွေးချယ်ခဲ့ရင် ကိစ္စမရှိဘူး။ တကယ်လို့ ငါ့လက်အောက်ကို ဝင်လာခဲ့ရင်တော့ ငါက အထူးလုံ့လစိုက်ပြီး သူ့ကို လေ့ကျင့်ပေးမယ်"

"ငရဲမီး ချောက်ကမ်းပါးက အနာဂတ် ပထမ တပည့်ဟာ သူ ဒါမှမဟုတ် လျှို့ရှုဖုန်း ဖြစ်လာလိမ့်မယ်"

သူ၏စကား ဆုံးသည်နှင့် ဝမ်လင်း၊ ရှီထျန်းဟောင်၊ ယွဲ့ဟုန်ယန်နှင့် ကျန်သောသူများသည် အနည်းငယ်မျှ စဉ်းစားလိုက်ကြသည်။ ပြီးတာနှင့် သူက မည်သူ့ကို ဆိုလိုနေသည်ကို သဘောပေါက်သွားကြ၏။ "တန်ကျွင်းဆိုတဲ့ လူငယ်လေးမလား"

"ဟုတ်တယ်" ရှောင်ယန်က ပြန်ဖြေလိုက်သည်။ "သူပဲဖြစ်တယ်"

ရှီထျန်းဟောင်၏ နှုတ်ခမ်းမှာ တွန့်သွားခဲ့ကာ ပြောလိုက်သည်။ "သူ့ရဲ့ အရည်အချင်းကို ကြည့်ရတာ အစ်ကိုကြီးရဲ့ တပည့်ဖြစ်ဖို့ အသင့်တော်ဆုံး ဖြစ်မှာပဲ"

လင်းဖုန်းက ဇူရီအား ကြည့်လိုက်ရာ ဇူရီကလည်း ပြောလိုက်၏။ "ကောင်းကင်ဘုံကျောင်းရဲ့ ပထမတပည့်ကိုလည်း မဆုံးဖြတ်ရသေးဘူး"

ယန်ချင်က တိုးညင်းစွာနှင့် မေးလိုက်သည်။ "ဒုတိယ စီနီယာက ယန်တီကိုပေးဖို့

စီစဉ်ထားတာလား၊ ဒါမှမဟုတ် ယွင်စန်း ပြန်လာမယ့် အချိန်ကို စောင့်နေတာလား"

ယန်တီသည် အခြေခံအုတ်မြစ် စဦးပိုင်း အဆင့်တွင်သာ ရှိသေး၏။ စိတ်ဝိညာဉ် အစည်းအဝေးတွင် သူသည် ကံမကောင်းစွာနှင့် အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင် ရှိနေသော ဟွမ်ကျန်းထင်နှင့် တွေ့ဆုံခဲ့ရသဖြင့် သူ၏ စွမ်းဆောင်ရည်ကို ပြသရန် အခွင့်အရေး မရှိခဲ့ပေ။

သူသည် ဂိုဏ်းသို့ဝင်သည့်အချိန် နောက်ကျရုံသာမကပဲ သူ၏ ကျင့်ကြံမှု အဆင့်မှာလည်း မမြင့်သေးချေ။ ပြင်ပလူများ

အနည်းငယ်ကသာ သူ့အား
ကောင်းကင်ဘုံကျောင်း၏ ပထမတပည့်
နေရာအတွက် စဉ်းစားမိမည် ဖြစ်သည်။

သို့သော်လည်း ဇူရီ၊ ရှောင်ယန်နှင့်
ယန်ချင်တို့သည် ယန်တီ၏ ကျင့်ကြံမှုကို
ဂရုပြုမိထားကြသည်။

ယင်းလော်ရှု၏ ကျင့်ကြံမှုမှာ ကောင်းမွန်ပြီး
သူ၏ တိုက်ခိုက်မှု စွမ်းရည်များမှာလည်း
ကြောက်စရာကောင်းသည်။ သို့သော်လည်း
သူသည် ပထမတပည့် ရာထူးအတွက်တော့
ကောင်းမွန်သည့် ရွေးချယ်မှုမဟုတ်ပေ။
သူကိုယ်တိုင်ကလည်း လုပ်ချင်မည် မဟုတ်ချေ။

ဇူရီက ပြန်ဖြေလိုက်၏။
"အခုလောလောဆယ်မှာ
ပြောဖို့စောနေသေးတယ်။ ကျွန်တော်တို့က
ယန်တီရဲ့ အခြေအနေကို စောင့်ကြည့်ရဦးမယ်။
တကယ်လို့ အဆင်ပြေမယ်ဆိုရင်တော့ သူက
ကောင်းကင်ဘုံကျောင်းရဲ့ ပထမတပည့်
ဖြစ်လာနိုင်တယ်"

ယွဲ့ဟုန်ယန်က သက်ပြင်းချကာ
ပြောလိုက်သည်။ "မဟာကျိုး
အင်ပါယာကြောင့်သာ မဟုတ်ခဲ့ရင်၊ ယွင်စန်းက
ဒုတိယ စီနီယာရဲ့ ပထမတပည့် နေရာအတွက်
စိတ်ကြိုက်တပည့် ဖြစ်ခဲ့မှာ"

ဇူရီက သူ၏ခေါင်းကို ခါလိုက်သည်။ "တစ်ယောက်က မှားသွားတဲ့ ခြေလှမ်းတစ်ခု အပြီးမှာ နောက်ပြန်လှည့်နိုင်သေးပေမဲ့ ဒီဖြစ်စဉ်မှာ အများကြီး နောက်ကျသွားနိုင်တယ်"

ရှောင်ယန်က မေးလိုက်သည်။ "မင်းက မဟာကျိုး အင်ပါယာမှာ သူ့ရဲ့ညီမလေးကို သွားကယ်ဖို့ အစီအစဉ်ရှိလား"

"ဟုတ်တယ်" ဇူရီက ပြန်ဖြေလိုက်၏။
"ကျွန်တော်က ဒီကိစ္စကို မကြာခင်မှာပဲ
လှုပ်ရှားလိုက်မယ်"

ခဏအကြာတွင် မည်သူကမှ မေးမြန်းစရာ
မလိုပဲ ဝမ်လင်းက တိုးညင်းစွာဖြင့်
ပြောလိုက်သည်။ "ကျွန်တော်ကလည်း
တောအုပ်ဗိမာန်အတွက် ပထမတပည့်နေရာကို
ဆုံးဖြတ်ရခြင်း မရှိသေးဘူး"

"ကျွန်တော်က ထျန်းချွမ်အတွက် အခြား
အစီအစဉ်တွေ ရှိသလို ရှင်းဖေးကလည်း
လေ့ကျင့်ဖို့ လိုသေးတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ
လင်းဖုန်းက ပြုံးလိုက်၍ သူ၏ခေါင်းကို
ညိတ်လိုက်သည်။ ဝမ်လင်းသည်
အေးစက်ငြိမ်သက်နေပုံ ပေါက်သော်လည်း
သူ၏ အတွေးများမှာ လွန်စွာစနစ်ကျသည်။
အစောပိုင်းတွင် တောက်ယုတင်း၏
ထူးခြားသော အခြေအနေများသည်
ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်နှင့်
ဆက်စပ်နေသည်ကို သိလိုက်ရသောအခါ
ဝမ်လင်းသည် သူ့ဆရာ၏ ရည်ရွယ်ချက်များကို
နားလည်ခဲ့သည်။

အားလုံးတို့သည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ ယွဲ့ဟုန်ယန်က ပြောလိုက်၏။ "ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းက ပထမတပည့်ဟာ ကျောက်ဟွမ်ဖြစ်လိမ့်မယ်"

ရှီထျန်းဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "အနာဂတ်မှာ ပိုကောင်းတဲ့ တပည့်တွေ ပေါ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ နံပါတ်လေး စီနီယာ"

ယွဲ့ဟုန်ယန်၏ မျက်ခုံးများမှာ လှုပ်ရှားသွားခဲ့၍ သူမက ပြုံးကာပြောလိုက်သည်။ "ဒါဆိုရင်တော့ သူ့အပေါ်မှာပဲ မူတည်နေလိမ့်မယ်"

ယန်ချင်သည် ဘေးမှနေ၍
ရယ်ကာပြောလိုက်သည်။ "ကျွန်တော်ကတော့
ရွေးချယ်ဖို့ အခွင့်အရေး သိပ်မရှိဘူး၊
ဟုတ်တယ်မို့လား။ ယွမ်ချုံးက ပထမတပည့်
နေရာနဲ့ သိပ်မသင့်တော်ပေမဲ့ သူက
ရွှေရောင်ဇဟိုချက်ကို ဖန်ဆင်းပြီးသွားခဲ့ရင်
သူ့ကိုယ်သူ ပိုမိုထိန်းချုပ်လာနိုင်ပြီး ပိုမို
သင့်တော်လာလိမ့်မယ်"

ရှီထျန်းဟောင်က ပြုံးလိုက်ကာ
ပြောလိုက်သည်။ "မြေရိုင်းလျှိုမြောင်ရဲ့
ပထမတပည့်ကတော့ ဟွမ်ကျန်းထင်ပဲ
ဖြစ်လိမ့်မယ်"

"ဝမ်ချိုးရဲ့ ပင်ကိုစရိုက်က အမတန်မှ နူးညံ့သိမ်မွေ့ပြီး ကျန်းထင်ကလည်း အပြည့်အဝ မရင့်ကျက်သေးဘူး။ ဒါပေမဲ့ ဝမ်ချိုးက သူ့ကို စောင့်ကြည့်ပေးနေခဲ့ရင် ဆိုးဆိုးရွားရွားတော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

သူ၏ ဂိုဏ်းတူမောင်နှမများမှာ သူ့အား လက်ညှိုးဝိုင်းထိုး၍ ရယ်လိုက်ကြသည်။ "ကံကောင်းတာက ကျန်းထင်က မင်းလိုမျိုး ပြဿနာရှာတဲ့ ကောင်လေးမဟုတ်လို့ပဲ"

လင်းဖုန်းက သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ ပြောလိုက်သည်။ "တော်လောက်ပြီ။ မင်းတို့ တပည့်တွေ အားလုံးကို ကိုယ်ပိုင်ဗိမာန်တွေဆီကို ပြန်ခေါ်သွားကြပြီး ဒီစိတ်ဝိညာဉ် အစည်းအဝေးက သင်ခန်းစာတွေကို အသေအချာ အနှစ်ချုပ်ပြီး သင်ပြပေးလိုက်ကြပါ။ ခမ္မခန်းမအတွင်းမှာ ကျင်းပခဲ့တာ ဖြစ်ပေမဲ့ အဲ့ဒီကနေ သင်ယူစရာ သင်ခန်းစာတွေ အများကြီး ရှိနေခဲ့တယ်"

ရှောင်ယန်နှင့် ကျန်သောသူများက သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ ထွက်ခွာသွားကြသည်။

လင်းဖုန်းသည် မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် ငြိမ်သက်စွာနှင့် ထိုင်နေခဲ့ကာ ဟင်းလင်းပြင်က တုန်ခါသွားခဲ့သည်ကို ငြိမ်သက်စွာနှင့် ကြည့်နေခဲ့သည်။

မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် အရပ်ရှည်ရှည်နှင့် ချောမောသော လူငယ်တစ်ယောက် ပေါ်လာခဲ့၏။ သူသည် ရွှေရောင်အနားသားများပါသော ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ သွယ်လျလျကိုယ်လုံးရှိသည်။ သူ၏ အသားအရေမှာ ဖြူဖွေးနေ၍ သူ၏ မျက်ခုံးများမှာ ပြီးပြည့်စုံသည်။ သူပေါ်လာသည်နှင့် တပြိုင်နက်

လေထုအတွင်းတွင် အမွေးရနံ့များကို ရှူရှိုက်နိုင်ခဲ့သည်။

ထိုလူငယ်၏ ကန္တဲ့ကလျ စကားကို ကြားလိုက်ရသော် လင်းဖုန်း၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့သည်။ "အရှင်၊ မတွေ့ရတာ အကြာကြီး ရှိသွားပြီ။ ကျွန်တော့်ကို သတိမရဘူးလား"

ထိုသူသည် မြောင်ရှီးဟောင်မှလွဲ၍ မည်သူဖြစ်နိုင်မည်နည်း။

"အာ၊ မင်းက အခြေတည်ဝိညာဉ် နောက်ဆုံး
အဆင့်ကို ရောက်သွားပြီလား"
မြောင်ရှီးဟောင်နှင့် အချိန်ကြာမြင့်စွာ
ဆက်ဆံလာခဲ့ပြီး ဖြစ်သဖြင့် လင်းဖုန်းသည်
သူ့အပြုအမူများကို ကျင့်သားရနေခဲ့ပြီ
ဖြစ်သည်။ သူ၏ မိန်းမဆန်သော
အမူအရာများကို လျစ်လျူရှုထားလိုက်ကာ
မြောင်ရှီးဟောင်အား ကြည့်လိုက်၏။
မြောင်ရှီးဟောင်သည် တံခါးပိတ်
လေ့ကျင့်မှုများကို ပြီးဆုံးခဲ့ကာ
အခြေတည်ဝိညာဉ် နောက်ဆုံးအဆင့်၏
အထွတ်အထိပ်ကို ရောက်နေခဲ့ပြီ ဖြစ်ပြီး
အင်မော်တယ် ဝိညာဉ် အဆင့်အား
ခြေတစ်လှမ်းသာ လိုတော့သည်။

သူကထိုသို့ ပြောလိုက်သည်နှင့်
မြောင်ရှီးဟောင်က သက်ပြင်းချကာ
ပြောလိုက်သည်။ "ဒီကအစ်ကို ရှီးဟောင်က
အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်ပြီးမှသာ တံခါးပိတ်ပြီး
လေ့ကျင့်နေတာကနေ ထွက်လာဖို့
ကြံထားခဲ့တာ။ ကျွန်တော်က ဒီလောက်လေးပဲ
လိုတော့တယ်"

သူ၏ မျက်နှာပေါ်မှ စိုးရိမ်စိတ်သည်
ပျောက်ကွယ်သွားခဲ့ကာ ပြုံးလိုက်သည်။
"ဒါပေမဲ့ ကျွန်တော့်မှာ အစီအစဉ် တစ်ခုရှိတယ်။

ဒါကြောင့် ကျွန်တော်က တံခါးပိတ်နေရာကနေ အချိန်မီ ထွက်လာခဲ့တာ"

"အိုး၊ ဒါဆိုကောင်းတာပေါ့" လင်းဖုန်းက စိတ်ဝင်စားမှု ကင်းမဲ့စွာနှင့် ပြောလိုက်သည်။

နေပါဦး၊ တစ်ခုခုက မှားနေတယ်။

လင်းဖုန်း၏ မျက်လုံးအစုံမှာ ကျဉ်းမြောင်းသွားခဲ့၍ ပြောလိုက်သည်။
"အချိန်မီ.. မင်းက ဘာကို ဆိုလိုနေတာလဲ"

## စာစဥ် ၃၇ : အပိုင်း ၁၇

## အပိုင်း ၇၀၇ : မင်းကို လမ်းပြပါရစေ

'အချိန်မီ' ဟူသော စကားကို ကြားလိုက်ရသောအခါ သူ၏ရင်အတွင်းတွင် နိမိတ်မကောင်းသော ခံစားချက်များကို ခံစားလာခဲ့ရသည်။

ပြီးတာနှင့် မြောင်ရှီးဟောင်၏ ရယ်သံကို ကြားလိုက်ရ၏။ "အရှင်၊ အရှင်က သိသင့်ပါတယ်။ ဒါမှမဟုတ် အခုတလောမှာ အလုပ်ရှုပ်နေတာလား။ ပန်းလိုင်၊ ယင်ကျိုး၊ ဖန်းကျန်းဆိုတဲ့ ယင်ပင်လယ်က

တောင်သုံးတောင်တို့က မကြာမီ
အချိန်အတွင်းမှာ ပေါ်လာတော့မယ်။
ရှေးဟောင်းခေတ်က တိုင်ဧကေရာဇ်က
ယင်ပင်လယ် အတွင်းကို
ဝင်ရောက်သွားအပြီးမှာ သူတို့ရဲ့
ပေါ်ပေါက်လာတဲ့ အချိန်တွေက
အနည်းနဲ့အများ အချိန်မှန်လာခဲ့တယ်"

"ပန်းလိုင်၊ ယင်ကျိုးနဲ့ ဖန်ကျန်းတို့က
ကမ္ဘာပေါ်ကို သုံးနှစ်လောက်ပဲ ခြားနားပြီး
အချိန်မှန်မှန် ပေါ်လာခဲ့တယ်။ တွက်ချက်မှုတွေ
အပြီးမှာ ကျွန်တော်က မကြာခင်
ပေါ်လာတော့မယ်လို့
သဘောပေါက်ခဲ့လိုက်တယ်"

ရုတ်တရက်ပင် သူ၏လက်အတွင်းတွင် လက်သည်းတိုက်သော တံစဉ်းတစ်ခု ပေါ်လာခဲ့၏။ သူ၏ လက်သည်းများကို သေချာစွာနှင့် သနေခဲ့၍ ပြောလိုက်သည်။ "ဒီကအစ်ကို ရှီးဟောင်က အင်မော်တယ် ဝိညာဉ် အဆင့်ကို တက်ရောက်ဖို့ အရာတစ်ခု လိုနေတယ်။ အဲ့ဒီပစ္စည်းကိုသာ ရခဲ့ရင် ကျွန်တော်က အောင်မြင်သွားဖို့ သေချာနေတယ်"

"ဒါပေမဲ့ အဲ့ဒီပစ္စည်းက အမတန်မှ ရှားပါးပြီး တန်ဖိုးရှိတယ်။ ယင်ပင်လယ် အတွင်းက တောင်တစ်တောင် အပေါ်မှာက လွဲလို့

မူလကောင်းကင် ကမ္ဘာအတွင်းက ဘယ်နေရာမှာမှ ရှာမတွေ့နိုင်ဘူး။ ဒါကြောင့် ဒီတောင်သုံးတောင် ပေါ်လာတဲ့ အချိန်မှာ ကျွန်တော်က သွားမှရမယ်"

သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ ပြုံး၍ပြောလိုက်သည်။ "အရှင်၊ အရှင်ကလည်း စိတ်ဝင်စားနေတယ် မဟုတ်လား"

လင်းဖုန်း၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့၍ ပြောလိုက်သည်။ "ငါ.. ငါက အခုလောလောဆယ်မှာ စိတ်မဝင်စားနိုင်သေးဘူး"

မြောင်ရှီးဟောင်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ ညင်သာစွာ ပြောလိုက်၏။ "အရှင်၊ အရှင်က ဒီလိုမျိုး တွေးလို့မရဘူး။ အရှင်က ဘာမှမလိုချင်ရင်တောင် ယင်ပင်လယ်က တခြားအင်အားစုတွေရဲ့ လက်အတွင်းကို ကျရောက်သွားမှာကို ကြည့်နိုင်လို့လား။ အထူးသဖြင့် ယင်ပင်လယ်နဲ့ နီးကပ်စွာ တည်ရှိပြီး နှစ်နဲ့ချီပြီး အစီအစဥ်တွေ ဆွဲထားခဲ့တဲ့ မဟာကျိုး အင်ပါယာပေါ့။ တကယ်လို့ သူတို့က ယင်ပင်လယ်ကို ထိန်းချုပ်နိုင်ခဲ့ရင် သူတို့ရဲ့ စွမ်းအားတွေက နောက်တစ်ဆင့်ကို တက်သွားနိုင်လိမ့်မယ်"

လင်းဖုန်းက ခြောက်ကပ်စွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းရဲ့ ကြိုးစားအားထုတ်မှုတွေ အောင်မြင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ မင်းလိုအပ်နေတာကို မြန်မြန်ရှာတွေ့နိုင်ပါစေ"

မြောင်ရှီးဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "အတူတူ သွားကြရအောင်လေ၊ အရှင်။ အရှင့်ရဲ့ မျက်စိကို မှိတ်ပြီးတော့ ကျယ်ပြန့်လှတဲ့ ပင်လယ်ကြီးနဲ့ အဆုံးမဲ့ ကောင်းကင်ကို မြင်ယောင်ကြည့်လိုက်ပါ။ ဒီလိုမျိုး လှပတဲ့ ရှုခင်းနေရာကို အရှင်နဲ့ ကျွန်တော်နဲ့ အတူတကွ

သွားရလို့ရှိရင် စဉ်းစားလိုက်ရုံနဲ့တောင် ကြက်သီးတွေ ထလာပြီ"

"ငါကတော့ ဘာမှ မခံစားရဘူး" လင်းဖုန်းက စကားလမ်းကြောင်းပြောင်းရန် ကြိုးစားလိုက်သည်။ "မင်းက တံခါးပိတ် လေ့ကျင့်မှုတွေ ပြီးဆုံးသွားတော့ မင်းကို အကူအညီ တောင်းရဦးမယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက အမြဲတမ်း လျှို့လျှို့ဝှက်ဝှက် နေခဲ့တဲ့အတွက် ငါက သိချင်နေတဲ့ အရာတစ်ခုကို မသိနိုင်ခဲ့ဘူး"

စကားပြောနေရင်း လင်းဖုန်းက သူ၏လက်ကို ဆွဲယမ်းလိုက်ရာ အလင်းတန်း ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

ထိုအလင်းတန်း ပုံရိပ်အတွင်းတွင် စိတ်ဝိညာဉ် အစည်းအဝေး အတွင်းမှ ဖြစ်ခဲ့သမျှတို့ကို မှတ်တမ်းတင်ထားခဲ့သည်။ ဤအချိန်တွင် ချန်းရှင်းယုနှင့် ကျိုးယွင်ချုံးတို့၏ တတိယအဆင့်မှ တိုက်ပွဲကို ပြသနေခဲ့၏။

ဒါသည် ဓမ္မခန်းမအတွင်းမှ မှတ်တမ်းများလောက် မတိကျပဲ ပုံရိပ်များကိုသာ ရိုက်ကူးထားခြင်း ဖြစ်သည်။

မြောင်ရှီးဟောင်သည် သူ၏ မျက်လုံးများကို ပျင်းရိစွာနှင့် ရွှေ့လိုက်၏။ ပြီးတာနှင့် သူ၏ မျက်နှာအပေါ်မှ ပျင်းရိနေသော အကြည့်မှာ ပေါက်ကွယ်သွားခဲ့သည်။ ရှားပါး၍ တွေ့ရခဲသော လေးနက်သော အကြည့်သည် သူ၏ မျက်နှာအပေါ်တွင် ပေါ်လာခဲ့သည်။

"မီးလောင်ပြာကျသော ယန်ဖြစ်တည်မှု၊ အဆုံးသတ်သော ယင်ဖြစ်တည်မှု.." မြောင်ရှီးဟောင်က သူ့ကိုယ်သူ ရေရွတ်နေခဲ့သည်။ သူ၏ အမူအရာသည် အနည်းငယ် မှင်သက်သွားခဲ့ကာ ကျိုးယွင်ချုံးနှင့် ချန်းရှင်းယုအား အသေအချာ

လေ့လာနေခဲ့သည်။ ပြီးတာနှင့် သူသည် အေးစက်စွာနှင့် ရယ်လိုက်၏။

ရယ်ပြီးသွားသောအခါ သူ၏ အမူအရာသည် မှင်သက်နေဆဲ ဖြစ်သည်။ သူသည် အတွေးများအတွင်းတွင် နစ်မျောနေသည့်ပုံ ပေါ်နေခဲ့သည်။

သူ၏ အော်ရာ တစ်ခုလုံးမှာ ပြောင်းလဲသွားသောပုံ ပေါက်နေခဲ့သည်။ သူသည် ကန္တကလျှနှင့် မိန်းမဆန်သောပုံ ပေါက်မနေတော့ပဲ ရှိုးတိုးရှန့်တန့် ဖြစ်နေသေးသော်လည်း ယောကျ်ားဆန်သောပုံ

ပေါက်လာခဲ့၏။ သူသည် စိုးရိမ်ပူပန်နေသောပုံ ပေါက်လာခဲ့သည်။

မြောင်ရှီးဟောင်သည် မိန်းမဆန်သော ကောင်ကလေး ပုံစံမှ ဉာဏ်ပညာရှိသော လူငယ်တစ်ယောက်ပုံ ပေါက်လာခဲ့၍ ကျိုးယွင်ချုံးနှင့် ချန်းရှင်းယုတို့အား စိုက်ကြည့်နေခဲ့သည်။ အချိန်အတော်ကြာမှသာ သူ၏ခေါင်းကို ခါလိုက်၍ လင်းဖုန်းအား ကြည့်လိုက်သည်။

"အရှင်၊ အရှင်က ဘာကို သံသယရှိနေတာလဲ" မြောင်ရှီးဟောင်က အနည်းငယ် စိုးရိပ်ပူပန်သည့် ပုံဖြင့် မေးလိုက်သည်။

သူ၏အကြည့်သည် အိမ်မက်တစ်ခုမှ
နိုးထလာခဲ့သကဲ့သို့ ပို၍ပို၍
ကြည်လင်လာခဲ့သည်။

လင်းဖုန်းသည် သူ၏ သံသယများကို
ပြောလိုက်ရာ မြောင်ရှီးဟောင်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "ဟုတ်တယ်အရှင်၊ အရှင်ရဲ့
ခန့်မှန်းချက်တွေက မှန်လောက်တယ်"

သူသည် မအောင့်နိုင်ပဲ ကျိုးယွင်ချုံးနှင့်
ချန်းရှင်းယုတို့အား နောက်ဆုံးအကြိမ်အဖြစ်
ပြန်ကြည့်လိုက်သည်။ အချိန်အတော်ကြီး ကြာမှ
လင်းဖုန်းက လေးနက်စွာဖြင့် မေးလိုက်သည်။
"မင်းက သူ့ရဲ့ မူလကို တွေ့နိုင်သလား"

မြောင်ရှီးဟောင်က နောင်တရစွာဖြင့်
သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။
"သူတို့ဟာ အရမ်းရှားပါးပေမဲ့ မူလကောင်းကင်
ကမ္ဘာရဲ့ သမိုင်းကြောင်းက အမတန်ကိုမှ
ရှည်လျားတာ ဖြစ်တဲ့အတွက် ဟင်းလင်းပြင်
ဘုရားကျောင်း တစ်ခုတည်းမှာတောင်
အတော်များများ ရှိခဲ့ဖူးတယ်။
တစ်ယောက်ထဲကမှာ မဟုတ်ဘူး"

"ဒါဆိုရင်တော့ ငါတို့က ဆက်ပြီးမှ
စောင့်ကြည့်ရမှာပေါ့" လင်းဖုန်းက
သူ၏ခေါင်းကိုညိတ်လိုက်ရာ အလင်းတန်း
ပုံရိပ်က ပျောက်ကွယ်သွားခဲ့သည်။

အလင်းတန်း ပုံရိပ် ပျောက်ကွယ်သွားသော အခါ မြောင်ရှီးဟောင်သည် အတွေးနက်သွားခဲ့သည်။

"တကယ်လို့ တိုးတက်မှုတွေ ရှိလာခဲ့ရင် မင်းကို ထပ်ပြောမယ်" လင်းဖုန်းက ပြောလိုက်၏။

မြောင်ရှီးဟောင်က မိန်းမောနေရာမှ သတိဝင်လာခဲ့ကာ သူ၏ခေါင်းကို ညင်သာစွာနှင့် ခါယမ်းလိုက်သည်။ သူ၏ မျက်လုံးများက ပြန်လည်လင်းလက်လာခဲ့ကာ ပျင်းရိ၍ ကလက်သော အပြုံးတစ်ခုက သူ၏မျက်နှာပေါ်တွင် ပြန်ပေါ်လာခဲ့သည်။ သူ၏

ခန္ဓာကိုယ် တစ်ခုလုံးသည် ကန့်ကလျ
ပြန်ဖြစ်သွားခဲ့၍ ရှက်ကိုးရှက်ကန်း
ဖြစ်လာခဲ့ကာ ဉာဏ်ပညာရှိသော ပုံစံက
လုံးဝပျောက်ကွယ်သွားခဲ့၏။ သူသည် နဂိုပုံစံ
ပြန်ဖြစ်သွားခဲ့သည်။

"အရှင်၊ အခုဆိုရင် ကျွန်တော်တို့က
ယင်ပင်လယ်ထဲကို သွားရတော့မယ့်
စွန့်စားခန်းတွေ အကြောင်းကို
ဆက်ပြောလို့ရပြီလား" မြောင်ရှီးဟောင်က
ဆွဲဆောင်မှု ရှိလှစွာဖြင့် မေးလိုက်သည်။

လင်းဖုန်းသည် သူ၏စကားကို
မကြားချင်ယောင်ဆောင်လိုက်ကာ

ပြတ်ပြတ်သားသား ပြောလိုက်၏။ "မင်းက ယင်ပင်လယ် အတွင်းကို သွားချင်ရင် နောက်ရက်တွေမှာ မှော်စွမ်းအင်တွေကို အခြေကျအောင် လေ့ကျင့်ပြီး ပြင်ဆင်မှုတွေကို ပြုလုပ်ထားပါ"

မြောင်ရှီးဟောင်က သူ့အားကြည့်လိုက်ကာ ရယ်လိုက်သည်။ "အရှင်၊ အရှင်က မသွားဘူးဆိုရင် ဘယ်သူက ကျွန်တော့်ကို အဖော်လုပ်ပေးမှာလဲ"

ပြီးတာနှင့် သူက လှည့်ကာ ထွက်သွားလိုက်၏။ လင်းဖုန်းသည် သူ့အား စိတ်ဓာတ်ကျစွာဖြင့် ကြည့်လိုက်ကာ တွေးလိုက်သည်။

"အခုအချိန်မှာ ငါက ယင်ပင်လယ်ထဲကို
သွားချင်တဲ့စိတ်တွေ တကယ်ကုန်သွားပြီ"

တွေးနေရင်းနှင့် လင်းဖုန်းသည် သူ၏
ရင်အတွင်းမှ အနည်းငယ် လှုပ်ရှားသွားခဲ့သည်။
"ဒီကနေ့က ဘာနေ့များလဲ။ ဘာဖြစ်လို့
အကုန်လုံးက တံခါးပိတ် ကျင့်ကြံတဲ့
နေရာတွေကနေ ထွက်လာကြတာလဲ"

မဟာကျောင်းကင် ခန်းမဆောင် အပြင်ဘက်မှ
လေးနက်သော အသံတစ်ခုက
ထွက်လာခဲ့သည်။ "ကျဲယုနဲ့ ဇနီးတို့က အရှင့်ကို
လာနှုတ်ဆက်ပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"ဒီလောက်အထိ မလိုပါဘူး။ ဝင်လာကြပါ"

အနက်ရောင် ဝတ်စုံနှင့် လူသန်ကြီး
တစ်ယောက်နှင့် ဝတ်ရုံဖြူ အမျိုးသမီး
တစ်ယောက်တို့က မဟာကောင်းကင်
ခန်းမဆောင် အတွင်းသို့ ဝင်လာကြသည်။
သူသည် လူသားပုံစံကို ဖန်ဆင်းထားသော
မဟူရာနဂါး ကျဲယုနှင့် သူ၏ဇနီး
အဖြူရောင်နဂါး ပိုင်ကွမ်းတို့ ဖြစ်ကြသည်။

လင်းဖုန်း၏ အကြည့်သည် ကျဲယုအပေါ်သို့ ကျရောက်သွားခဲ့ကာ ပြောလိုက်သည်။
"မဆိုးဘူး။ မင်းက မိစ္ဆာသခင် အလယ်အလတ် အဆင့်ကို ရောက်သွားနိုင်ခဲ့ပြီ။ မင်းက နောက်ဆုံးအဆင့်ကို ရောက်ဖို့ အရမ်းကို နီးစပ်နေပြီ"

ကျဲယုက သူ၏ခေါင်းကို အလောတကြီး ခါယမ်းလိုက်ကာ ပြောလိုက်သည်။
"ကျွန်တော်က အသုံးမကျပါဘူး။ ကျွန်တော်က မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို မရောက်နိုင်ခဲ့လို့ အရှင့်ကို စိတ်ပျက်စေခဲ့ပြီ"

အစောပိုင်းတွင် သူက မသေဝိညာဉ် အဆင့်ရှိ အဝါရောင် နဂါးတစ်ကောင်၏ ရုပ်အလောင်း အပြည့်အစုံ တစ်ခုကို ကျင့်ကြံမှုအတွက် ရရှိခဲ့၏။ ထို့ကြောင့် သူသည် မိစ္ဆာသခင် အလယ်အလတ် အဆင့်ကို လွယ်ကူစွာနှင့် ရောက်ရှိနိုင်ခဲ့သည်။ သို့သော်လည်း သူသည် မိစ္ဆာသခင် အလယ်အလတ် အဆင့်သို့ ရောက်ရှိပြီးသွားသော အချိန်တွင် တိုးတက်မှုများ ရပ်တန့်သွားခဲ့ကာ တစ်ဆို့ကြန့်ကြာသော အတားအဆီးတစ်ခုနှင့် တွေ့ခဲ့ရသည်။

မိစ္ဆာသခင် နောက်ဆုံးအဆင့်သည်
လက်မလေးတင် လိုတော့သော်လည်း သူသည်
မရောက်ရှိနိုင်ခဲ့ပေ။

ဒါသည် မဟူရာနဂါးကို အလွန်
စိတ်ဓာတ်ကျစေခဲ့၏။ သူသည် သူ၏ဇနီး
ပိုင်ကွမ်းသာဆိုလျှင် ထိုရုပ်အလောင်း၏
အကူအညီဖြင့် မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို
လျှင်မြန်စွာနှင့် ရောက်ရှိနိုင်မည်ဟု
တစ်ရာရာခိုင်နှုန်း ယုံကြည်နေခဲ့သည်။

ပိုင်ကွမ်းသည် ကျဲယုအား သနားစွာဖြင့်
ကြည့်လိုက်သည်။ ကျဲယုရော သူမကပါ သူက
တစ်ဆို့ကြန့်ကြာနေရခြင်းမှာ သူမက ကျဲယု၏

အပေါ်တွင် လွှမ်းမိုးထားသော စိတ်ပိုင်းဆိုင်ရာ ပြဿနာကြောင့် ဖြစ်သည်ဟု သိနေခဲ့ပေ။

ကျဲယုသည် သူ၏ဇနီးအား ချစ်မြတ်နိုးသလို ကြောက်လည်း ကြောက်ရွံ့နေခဲ့သည်။ ကျင့်ကြံမှုနှင့် ပတ်သတ်၍ သူမသည် သူ၏ စိတ်လှုံ့ဆော်မှု အရင်းအမြစ် ဖြစ်သလို ဖိအားတို့၏ အရင်းအမြစ်လည်း ဖြစ်၏။ သူ၏ ခံစားနေရသော ရှုပ်ထွေးလှသည့် ခံစားချက်များမှာ အခြားသူများက စဥ်းစား၍ ဉာဏ်မီမည် မဟုတ်ပေ။

"ကိစ္စမရှိဘူး၊ ကောင်းသွားမှာပါ" လင်းဖုန်းက သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်ကာ

ပြောလိုက်သည်။ သူ၏ လက်ဝါးအလယ်တွင် တောက်ပသော ပုံဆောင်ခဲအချို့ ပေါ်လာခဲ့၏။ ထိုပုံဆောင်ခဲများထံမှ တစ်ယောက်သည် နဂါးအော်ရာ လှိုင်းလုံးများကို ခံစားရနိုင်ပေသည်။ ကျဲယုနှင့် ပိုင်ကွမ်းတို့၏ ရင်အတွင်းတွင်လည်း ခလောက်ဆန်နေကြသည်။

"နဂါးအကြေးခွံ ကျောက်စိမ်း" ကျဲယုက အော်လိုက်သည်။ ပိုင်ကွမ်းကလည်း အံ့သြတုန်လှုပ်နေခဲ့၏။ သူတို့၏ အရှေ့မှ ပုံဆောင်ခဲများသည် မသေဝိညာဉ်ကို ဖန်ဆင်းထားပြီးသော နဂါးဘုရင်၏ အကြေးခွံများ ဖြစ်ကြသည်။ သူတို့အား

ရှားပါးသော သတ္တုများနှင့်
ပေါင်းစပ်မြှုပ်နှံပြီးသွားသောအခါ သူတို့သည်
အချင်းချင်း ပေါင်းစပ်သွားကြကာ
ပြန်လည်တူးဖော်လိုက်သည့်အခါ ပုံစံအသစ်
တစ်မျိုးအဖြစ်သို့ ပြောင်းလဲသွားကြသည်။

သူတို့သည် နဂါးများ၏ စွမ်းအား
အဆီအနှစ်များကို ပိုင်ဆိုင်ထားပြီး အခြား
ရတနာများ၏ စိတ်ဝိညာဉ်
စွမ်းအင်များကိုလည်း ပြည့်စုံစွာနှင့်
စုပ်ယူထားခဲ့သည်။ သူသည် နဂါးဘုရင်၏
သာမန် အကြေးခွံများထက် များစွာပို၍
ရှားပါး၏။

နဂါးများအတွက်ဆိုလျှင် ဒါသည် ကျင့်ကြံမှုအတွက် အလွန်ပင် တန်ဖိုးရှိသော ရတနာများ ဖြစ်ကြ၏။

လင်းဖုန်းသည် ထိုနဂါးအကြေးခွံ ကျောက်စိမ်းများကို ယူဆောင်ထားခဲ့ကာ ပြုံး၍ပြောလိုက်သည်။ "မင်းက အစောပိုင်းမှာ တံခါးပိတ်ပြီး လေ့ကျင့်နေတော့ မသိလိုက်ပဲ ဖြစ်သွားတယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ငါတို့ဂိုဏ်းက အလယ်ကမ္ဘာ တစ်ခုကို ရရှိခဲ့ပြီး ငါတို့က သူ့ကို အံ့ဖွယ် ကောင်းကင်ကမ္ဘာလို့ နာမည်ပေးထားတယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏
ခေါင်းများကို ညိတ်လိုက်ကြကာ
ပြောလိုက်သည်။ "ကျွန်တော်တို့က
အသေးစိတ်ကို မသိကြပေမဲ့ ကျွန်တော်တို့က
တံခါးပိတ် ကျင့်ကြံမှုကနေ ထွက်လာတဲ့
အချိန်မှာ ဂိုဏ်းက လူတွေ အများကြီးက
ပြောနေကြတာကို ကြားခဲ့ရပါတယ်"

"အံ့ဖွယ် ကောင်းကင်ကမ္ဘာမှာ အရင်းအမြစ်
ပစ္စည်းတွေ အများကြီး ရှိတယ်။ ငါတို့ဂိုဏ်းက
ဒီပစ္စည်းတွေကို အသုံးပြုနိုင်ရုံတင်မကပဲ
အခြားဂိုဏ်းတွေနဲ့လည်း ကုန်သွယ်မှုတွေ
ပြုလုပ်နိုင်ခဲ့တယ်" လင်းဖုန်းက
ပြုံး၍ပြောလိုက်ကာ ထိုနဂါးအကြေးခွံ

ကျောက်စိမ်းများကို ကျဲယုထံသို့ လှမ်းပေးလိုက်သည်။ "ဒါဟာ ငါတို့က မဟာချင် အင်ပါယာနဲ့ ကုန်သွယ်ရာကနေ ရရှိလာတဲ့ ပစ္စည်းတွေဖြစ်တယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့က ထိတ်လန့်တုန်လှုပ်သွားကြ၏။ မဟာချင် အင်ပါယာသည် ကောင်းကင်နဂါး ရှေးဟောင်းနယ်မြေကို ပိုင်ဆိုင်ထားကြ၍ နဂါးအကြေးခွံ ကျောက်စိမ်း မြောက်မြားစွာကို ပိုင်ဆိုင်ထားခဲ့သည်။

"အ..အရှင်၊ ဘယ်.. ဘယ်လိုလုပ်ပြီး.." ကျဲယုသည် ပျော်ရွှင်စွာနှင့် ထိုကျောက်စိမ်းနဂါး

အကြေးခွံတို့ကို ယူဆောင်ရန်
ပြင်ဆင်ခဲ့လိုက်သော်လည်း ပိုင်ကွမ်းက သူ့အား
မျက်စောင်းထိုး၍ တစ်ချက်ကြည့်လိုက်သည်။
သူသည် ပြီးတာနှင့် ငြိမ်သက်သွားခဲ့ကာ
ထစ်ငေါ့ထစ်ငေါ့ဖြင့် ပြောလိုက်၏။
"ကျွန်တော်က မထိုက်တန်ပါဘူး။ အရှင်က
ကျွန်တော့်ကို နဂါးဘုရင်ရဲ့ ရုပ်အလောင်း
တစ်ခုလုံးကို ပေးထားခဲ့ပြီးပြီ"

လင်းဖုန်းက သာမန်သာ ပြောလိုက်သည်။
"မင်းက ဂိုဏ်းကို သစ္စာရှိတဲ့အတွက် ငါကလည်း
မင်းကို ပစ်မထားပါဘူး။ ခြေသည်းကိုးခု၊
ကျွန်သွားဘုရင်နဲ့ ကျန်တဲ့သူတွေလည်း
အတူတူပဲ။ မင်းက တံခါးပိတ်ပြီး

လေ့ကျင့်နေစဉ် အတွင်းမှာပဲ သူတို့ကလည်း အကျိုးအမြတ်တွေ အများကြီးကို ရထားပြီးပြီ။ ဒါက မင်းနဲ့ထိုက်တန်တဲ့ ဆုလာဘ်တွေ ဖြစ်တယ်"

ထိုအချိန်မှသာ ကျဲယုသည် ထိုနဂါးအကြေးခွံ ကျောက်စိမ်းများကို ပျော်ရွှင်စွာနှင့် လှမ်းယူလိုက်၏။ သူသည် ပိုင်ကွမ်းအား ကြည့်လိုက်ကာ သူသည်ယခင်က နဂါးရုပ်အလောင်းကို ရရှိပြီးဖြစ်၍ ထိုကျောက်စိမ်းများကို သူ့ဇနီးအား ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီနဂါးအကြေးခွံ ကျောက်စိမ်းတွေက မင်းအတွက်ဖြစ်တယ်။ ပိုင်ကွမ်းအတွက် ငါက သက်သက် စီစဉ်ထားတယ်" လင်းဖုန်းက သူ့အား ထိုးဖောက်မြင်နိုင်ခဲ့သည်။ "ဒီနဂါးအကြေးခွံ ကျောက်စိမ်းတွေဟာ မင်းက မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို ရောက်ရှိသွားအပြီးမှာ မင်းရဲ့ မိစ္ဆာစွမ်းအားတွေနဲ့ စကြာဝဠာ ပုံသဏ္ဌာန်ကို အားဖြည့်ဖို့အတွက် ဖြစ်တယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့မှာ အံ့သြတုန်လှုပ်သွားကြ၏။ လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းက နောက်ပိုင်းမှာ မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို

ဝင်ရောက်သွားအပြီးမှာ ငါက
မင်းတို့နှစ်ယောက်ကို လုပ်ခိုင်းစရာ တစ်ခု
ရှိတယ်။ ဒါက တာဝန်လို့ ပြောလို့ရသလို
ကံကြမ္မာလို့လည်း ပြောလို့ရတယ်'

ပိုင်ကွမ်းသည် သူ့အား အကြီးအကျယ်
ကျေးဇူးတင်လိုက်၍ အနည်းငယ်
ကြောက်ရွံ့သည့်ပုံ ပေါက်လာခဲ့သည်။
"မာစတာလင်း၊ ကျွန်မ.."

"ငါက အခုလောလောဆယ်
ဘာမှမပြောသေးဘူး။ အချိန်ကျလာရင် မင်းတို့
အလိုလို သဘောပေါက်လာလိမ့်မယ်"
လင်းဖုန်းသည် သူ၏ လက်ကို

ဖော့ယမ်းလိုက်ကာ သူမအား ဖြတ်ပြောလိုက်၏။ ပိုင်ကွမ်းသည် ခေတ္တမျှ ငြိမ်သက်သွားခဲ့ကာ သူမ၏ဘေးမှ ခင်ပွန်းကို လှမ်းကြည့်လိုက်သည်။ ပြီးတာနှင့် သူမ၏ခေါင်းကို ညိတ်လိုက်သည်။

ကျဲယုက မေးလိုက်သည်။ "အရှင်၊ ကျွန်တော်က မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို ရောက်သွားပြီးမှသာ ကျွန်တော့်ကို တာဝန်ပေးမယ်လို့ အစောက ပြောထားတယ်။ ဒါပေမဲ့ ကျွန်တော်.."

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ငါကမင်းဟာ အတားအဆီး တစ်ခုနဲ့ တွေ့နေရတယ်ဆိုတာ သိနေတယ်"

ထိုစကားကို ကြားလိုက်ရသည်နှင့် ကျဲယုသည် သူ၏ခေါင်းကို အရှက်ရစွာနှင့် ငုံ့လိုက်သည်။ ပိုင်ကွမ်းကလည်း အနေရခက်သွားသည့်ပုံ ပေါက်သွားခဲ့၏။

လင်းဖုန်းက ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "ဒါကြောင့် ငါက မင်းကို လမ်းပြလိုက်မယ်။ ငါ့ရဲ့ လမ်းညွှန်ချက်အတိုင်း လုပ်လိုက်ရင် မင်းက မကြာခင် မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို ရောက်နိုင်လိမ့်မယ်"

"အရှင်၊ ကျွန်တော်က ဘာလုပ်ရမှာလဲ" ကျဲယု၏ မျက်လုံးအစုံသည် တောက်ပလာခဲ့ကာ ပိုင်ကွမ်းကလည်း မျှော်လင့်ချက်များဖြင့် ကြည့်နေခဲ့သည်။ သူမသည် သူမခင်ပွန်းက ပိုမိုတိုးတက်လာနိုင်မည်ကို ဝမ်းသာနေခဲ့၏။

လင်းဖုန်းက ငရဲမီး ချောက်ကမ်းပါးဘက်သို့ ညွှန်ပြလိုက်သည်။ "ငါ့တပည့် ရှောင်ယန်ကို သွားရှာလိုက်ပါ။ သူကမင်းကို ကူညီနိုင်လိမ့်မယ်"

ထိုစကားကို ကြားရသည်နှင့် ကျဲယုသည် ဝမ်းမြောက်စွာနှင့် ပြောလိုက်သည်။ "ကျွန်တော်က အသက်နဲ့ရင်းပြီးတော့ ဂိုဏ်းကို ကျေးဇူးပြန်ဆပ်ပါမယ်"

ပိုင်ကွမ်းကလည်း လင်းဖုန်းအား ကျေးဇူးတင်နေခဲ့သည်။ "အရှင့်ရဲ့ဂိုဏ်းကို ဝင်ခဲ့ရခြင်းဟာ ကျွန်မခင်ပွန်းအတွက် ကောင်းမွန်တဲ့ ကံကြမ္မာပဲ ဖြစ်ပါတယ်"

## စာစဥ် ၃၇ : အပိုင်း ၁၈

## အပိုင်း ၇၀၈ : ခါးစာခံ

ကဲ့ယုနှင့် သူ့ဇနီးတို့သည် ငရဲမီး ချောက်ကမ်းပါးသို့ မျှော်လင့်ချက် ကြီးမားစွာနှင့် ရောက်သွားကြသည်။

သူတို့သည် သူတို့လာရောက်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြခဲ့သောအခါ ရှောင်ယန်က ကဲ့ယုအား ဆေးပုလင်း တစ်ပုလင်းကို လှမ်းပေးလိုက်ကာ ပြောလိုက်သည်။ "သူ့ကို သတိထားပြီးမှ အသုံးပြုရမယ်။ ကျွန်တော်က ခင်ဗျားတို့ရဲ့ ခန္ဓာကိုယ် စွမ်းအားနဲ့လိုက်ပြီး ဖော်စပ်ထားတာ ဖြစ်တဲ့အတွက် အတော့်ကို အာနိသင် ပြင်းထန်တယ်"

သူတို့ မလာခဲ့မီကပင် ကျဲယုနှင့် သူ့ဇနီးတို့သည် ရှောင်ယန်ထံမှ အကူအညီသည် ဆေးဝါးများပင် ဖြစ်လိမ့်မည်ဟု ကြိုတင်မှန်းဆထားပြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဆေးဖော်စပ်ခန်းကို ထိန်းချုပ်ရသူဖြစ်ပြီး အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ အကောင်းဆုံး ဆေးကျင့်ကြံသူ ဖြစ်သောကြောင့် ဖြစ်သည်။

"ဒါက ငါ့ရဲ့ အတားအဆီးတွေကို တစ်ချက်တည်းနဲ့ ချိုးဖောက်သွားနိုင်တဲ့ ဆေးလုံးမျိုးလား" ကျဲယုက တွေးလိုက်သည်။ "ဒါပေမဲ့ ငါက နဂါးဖြစ်တဲ့အတွက် လူသားတွေ

အသုံးပြုနေတဲ့ ဆေးလုံးတွေက ငါ့အပေါ်မှာ အကျိုးသက်ရောက်မှု မရှိနိုင်ဘူး"

တွေးနေရင်းနှင့် ကျဲယုသည် ဆေးပုလင်းအား လှမ်းယူလိုက်ကာ အညွှန်းကို ဖတ်လိုက်၏။

"ထင်းချောင်း.. တစ်ချောင်းအား.. ချစ်ခြင်း.. ဘာတွေများလဲ" ကျဲယုသည် သူ၏မျက်လုံးများကို ပြူးလိုက်ကာ သူ၏ခေါင်းကို စိတ်ရှုပ်ထွေးစွာဖြင့် ကုတ်နေလိုက်သည်။ သူသည် ရှောင်ယန်အား ပဟေဠိအကြည့်ဖြင့် ကြည့်လိုက်သည်။ ပိုင်ကွင်းကလည်း စဉ်းစားမရ ဖြစ်နေခဲ့သည်။

ရှောင်ယန်က ခြောက်ကပ်စွာနှင့် ရယ်လိုက်ကာ ပြောလိုက်သည်။ "သောက်ပြီးတာနဲ့ သူ့ရဲ့အစွမ်းကို သိလာလိမ့်မယ်။ ပိုင်ကွမ်းကလည်း သုံးရမယ်။ ဒါပေမဲ့ ဒီဆေးက ခင်ဗျားတို့ နှစ်ယောက်အတွက်ပဲ"

"ပြီးတော့ ဒီတောင်ပေါ်က တခြားနေရာမှာ သုံးလို့မရဘူး။ ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်အခန်းထဲကို ပြန်သွားပြီး အခန်းတံခါးကို ပိတ်ပြီးမှ သုံးလို့ရမယ်"

ကျဲယုက စိတ်ရှုပ်ထွေးစွာဖြင့် မေးလိုက်သည်။
"ကျုပ်က ဒီဆေးကို တံခါးပိတ်ပြီးမှာ
သောက်မှာပေါ့။ အကြီးအကဲရှောင်က
သတိပေးဖို့ မလိုပါဘူး"

ရှောင်ယန်သည် သူ့အားကြည့်လိုက်ကာ
လေးနက်စွာနှင့် ပြောလိုက်သည်။
"ကျွန်တော်ပြောတဲ့ အချက်အားလုံးက
အရေးကြီးတယ်။ ဒါပေမဲ့ အခုပြောမဲ့ အရာက
အရေးအကြီးဆုံး ဖြစ်တယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့မှာ အကြည့်ချင်း
ဖလှယ်လိုက်ကြကာ ပြိုင်တူမေးလိုက်ကြသည်။
"ဘာများလဲ"

"ဘယ်သူက ဆေးသောက်တာပဲ ဖြစ်ဖြစ် တစ်ယောက်က ဘေးမှာ ရှိနေရမယ်။ အထူးသဖြင့် ဆေးသောက်ပြီးတဲ့ အချိန်မှာ နှစ်ယောက်သား အတူတကွ ရှိနေမှရမယ်" ရှောင်ယန်၏ အမူအရာသည် လေးနက်လာခဲ့၍ ထစ်ငေါ့ထစ်ငေါ့ဖြင့် ပြောလိုက်သည်။ "တစ်ချိန်တည်းမှာပဲ ဘေးမှာ တတိယလူ ရှိနေလို့မရဘူး"

ကျဲယုနှင့် ပိုင်ကွမ်းတို့မှာ ပို၍ စိတ်ရှုပ်ထွေးသွားကြသည်။ သူတို့သည် ရှောင်ယန်ထံမှ ပို၍ သတင်း အချက်အလက်များကို

လိုချင်နေကြသေးသော်လည်း ရှောင်ယန်သည် နောက်ထပ်ဘာမှ ထပ်မပြောတော့ချေ။ သူတို့ကိုသာ ပြန်ပို့ပေးခဲ့သည်။

သူတို့နှစ်ယောက် ထွက်သွားသည်ကို ကြည့်လိုက်ကာ ရှောင်ယန်၏ ကျောပေါ်တွင် ချွေးအေးများက ရွှဲနစ်လာခဲ့သည်။ သူ၏ ပါးစပ်အတွင်းတွင် ခါးသီးစွာနှင့် ခံစားနေခဲ့ရ၏။

"ငါတော့ ဒုက္ခရောက်တော့မယ်နဲ့ တူတယ်"

ရှောင်ယန်က စဥ်းစားနေဆဲတွင် မြေရိုင်းလျှိုမြောင် အတွင်းမှ ရှီထျန်းဟောင်၏

ကျယ်လောင်သော အသံတစ်ခုကို ကြားလိုက်ရသည်။ "ဟေး၊ အစားပုတ်မ၊ နင်က ငါ့အမဲလိုက်လာတဲ့ တောက်ဝူတစ်ဝက်ကျော်ကို စားလိုက်တယ်။ နင်ကဘာဖြစ်လို့ စားပိုးနင့်ပြီး မသေသေးတာလဲ"

"အာ၊ ထွမ်းထွမ်းက ပြန်ရောက်လာပြီလား" ရှောင်ယန်သည် ခေတ္တမျှ မှင်သက်သွားခဲ့ကာ ခဏကြာမှ သတိပြန်ဝင်လာခဲ့သည်။

လွန်ခဲ့သော နှစ်များအတွင်းတွင် ထွမ်းထွမ်းသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာတွင်သာ သူမ၏ အချိန်တစ်ဝက်ကျော်ကို ကုန်ဆုံးခဲ့၍

ထိုနေရာတွင် လှေကျော်နေကြသော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များနှင့်
စီမံခန့်ခွဲသူများကို ဦးနှောက်ခြောက်စေခဲ့သည်။

ထိုအစားပုတ်မသည် သူမစားချင်သော
အရာများစွာတို့ကို စားနိုင်ခဲ့သဖြင့်
ပျော်ရွှင်နေခဲ့သည်။ စိတ်ဝိညာဉ်
စွမ်းအင်များဖြင့် ပြည့်ဝနေသော
အရာများဆိုပါက သူမသည် ပူလောအေးလော၊
အရှင်လော အသေလော မခွဲခြားပဲ
အားလုံးတို့ကို ပျော်ရွှင်စွာဖြင့် ဝါးမျိုခဲ့သည်။

ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေးတွင်ပင်
ထွမ်းထွမ်းသည် ထိုနေရာတွင် အလွန်ကို
ပျော်နေ၍ ပြန်မလာခဲ့ပေ။

သို့သော်လည်း ရှောင်ယန်နှင့်
ရှီထျန်းဟောင်တို့သည် သူတို့၏
လုံခြုံရေးများကို တိုးမြှင့်ထားကြ၏။
ထွမ်းထွမ်းသည် ဂိုဏ်းအတွင်းသို့ ပြန်လာသော
အချိန်တိုင်းတွင် သူမသည် ရှီထျန်းဟောင်က
မြေရိုင်းလျှိုမြောင် အတွင်းတွင်
မွေးမြူထားသော သားရဲများနှင့်
ရှောင်ယန်တာဝန်ယူထားရသော
ဆေးခန်းမဆောင်တွင်
လာရောက်သောင်းကျန်းခဲ့သည်။

သူတို့သည် သတိလက်လွတ်ဖြင့် နေခဲ့ပါက သူမသည် ထိုနေရာများတွင် ရှိသမျှတို့၏ တစ်ဝက်ကျော်ကို ဝါးမျိုသွားခဲ့၏။

ရှောင်ယန်သည် ဘာမှ မပြောခဲ့ပဲ ကောင်းကင်ရွှေရောင် ခန်းမဆောင်သို့ အမြန်သွားလိုက်သည်။ "ငါက ငါ့ရဲ့ ဆေးလုံးတွေကို အသေအချာ သိမ်းဆည်းထားမှရမယ်။ မဟုတ်လို့ရှိရင် ထွမ်းထွမ်းလက်ချက်နဲ့ အကုန်ပြောင်သွားလိမ့်မယ်။ သူမရဲ့ ခံတွင်းက တဖြည်းဖြည်းနဲ့ ပိုကောင်းလာတယ်"

ထိုအချိန်တွင် မြေရိုင်းလျှိုမြောင် အတွင်းတွင် ဖရိုဖရဲ ဖြစ်နေခဲ့သည်။ ရှီထျန်းဟောင်သည် ထွမ်းထွမ်းအား ဂုတ်မှနေ၍ ဆွဲမထားကာ ဆူနေခဲ့သည်။ "မင်းက အတော်ဟုတ်နေတယ် ဟုတ်လား။ မင်းက ငါ့အခုမှ အမဲလိုက်လာတဲ့ တောက်ဝူကို ငါတောင် မမြည်းရသေးခင် စားပစ်လိုက်တယ်"

တောက်တီတို့၏ သက်တမ်းမှာ လူသားများထက် များစွာပိုရှည်၏။ သို့ဖြစ်၍ လွန်ခဲ့သော နှစ်များအတွင်းက မိစ္ဆာဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့သော ထွမ်းထွမ်းအတွက် အချိန်များစွာ မကုန်လွန်သေးပေ။ သူမ၏ လူသားပုံစံသည် ကောင်မလေးပုံစံပင်

ရှိနေသေးကာ အနည်းငယ်သာ
အသက်ပိုကြီးလာဟန် ပေါက်နေခဲ့သည်။

လင်းဖုန်းနှင့် ရှောင်ယန်တို့၏ ပြုပြင်ပေးမှုအရ
လင်းတုန်သည် လူသားကဲ့သို့
ကျင့်ကြံနိုင်ခဲ့သည်။ သူမက လူသားအသွင်သို့
ပြောင်းထားသည့် အချိန်တွင် သူမသည်
သာမန်လူသားကဲ့သို့ပင်
အသက်ကြီးလာခဲ့သည်။ ထို့ကြောင့်
ယခုအချိန်တွင် သူမသည် ထွမ်းထွမ်းထက်
များစွာ အသက်ပိုကြီးသည့်ပုံ ပေါက်နေခဲ့သည်။

ရှီထျန်းဟောင်၏ ဂုတ်မှဆွဲကိုင်ခြင်းကို ခံထားရသော ထွမ်းထွမ်းက ညည်းညူနေခဲ့သည်။

ရှီထျန်းဟောင် အမဲလိုက်လာ၍ သူမစားခဲ့သော တောက်ဝူသည် မိစ္ဆာပဏ္ဍိတအဆင့် ရှိသည်။ ထွမ်းထွမ်းသည် သူမတို့ တောက်တီမျိုးနွယ်၏ အထူးစွမ်းရည်ဖြစ်သော 'ဝါးမျိုခြင်း'ကို သုံးခဲ့သောလည်း အစာကြေရန် အချိန်ပေးရမည် ဖြစ်သည်။

"အရသာလည်း မရှိဘူး။ ကျန်တာကို နင်ပဲစားလိုက်တော့" ထွမ်းထွမ်းက ရှီထျန်းဟောင်အား ရန်တွေ့လိုက်သည်။

ရှီထျန်းဟောင်က လက်ကိုဝှေ့ယမ်းလိုက်ကာ ရောမ ခွက်ကြီးတစ်ခုကို ယူလိုက်၏။ ထိုခွက်၏ အဝမှာ ပင်လယ်ကြီးလောက် ကြီးမားသည်။ ချက်ချင်းဆိုသလိုပင် သူသည် ထွမ်းထွမ်းကို ထိုခွက်အတွင်းသို့ ပစ်ထည့်လိုက်သည်။

"လျှောက်ပြောမနေနဲ့၊ ငါကနင့်ကို တောက်ဝူတစ်ကောင်လုံး ပေးစားမယ်လို့ ထင်နေတာလား" ရှီထျန်းဟောင်က သူမအား အေးစက်စွာဖြင့် ပြောကာပြောလိုက်သည်။ "နင်က ငါ့ရဲ့ တောက်ဝူကို စားလိုက်တော့ ဒီကနေ့မှာ ငါက တောက်တီကို မြည်းကြည့်ရမယ်"

"မဟုတ်ဘူး။ ငါ့ကိုယ်ပေါ်က အသွေးအသားဟာ မူလတောက်တီရဲ့ အသွေးအသားမဟုတ်ဘူး" ထွမ်းထွမ်းက သူမ၏ ခြေလက်များကို ဖော့ယမ်းနေကာ ခွက်အတွင်းမှ လွတ်မြောက်ရန် ကြိုးစားနေခဲ့၏။ သူမသည် နှုတ်ခမ်းဝသို့ ရောက်လာသောအခါ ရှီထျန်းဟောင်က သူမအား အတွင်းသို့ ပြန်လည် တွန်းချလိုက်သည်။

ရှီထျန်းဟောင်သည် သူ၏ မေးကို ပွတ်သပ်နေရင်း ပြောလိုက်သည်။ "နင်အခုစားထားတဲ့ တောက်ဝူရဲ့ အဆီအနှစ်တွေက မလွင့်ပြယ်သေးဘူး။

တကယ်လို့ နင့်ကိုအခု စားလိုက်ရင် ငါက သူ့ရဲ့ အဆီအနှစ် တချို့ကို ရနိုင်ဦးမယ်"

ထွမ်းထွမ်းက သူမ၏ အစွယ်များကို သူ့အား ထုတ်ပြလိုက်ကာ အော်လိုက်သည်။ "အိမ်မက်မက်မနေနဲ့။ ငါကအားလုံးကို အစာချေလိုက်ပြီ"

မြေရိုင်းလျှိုမြောင် အတွင်းတွင် ဟွမ်ကျန်းထင်သည် တင်ပလ္လင်ခွေကာ ထိုင်နေခဲ့သည်။ သူသည် သူ၏ နားများကို လက်ဖြင့်ပိတ်ထားခဲ့၍ သက်ပြင်းချလိုက်သည်။ "အန်တီထွမ်းထွမ်းက ဆရာရဲ့ အစာတွေကို ခိုးစားပြန်ပြီ။ ဒီတစ်ခါမှာ ဆရာက သူမကို

ခွက်ထဲကို ထည့်ထားလိုက်ပြီ။ သူမက တကယ်ပဲ အပြစ်ပေးခံရတော့မယ်။ ဘာဖြစ်လို့ သူမက မမှတ်သေးတာလဲ"

မြေရိုင်းလျှိုမြောင် အတွင်းမှ ဆက်ခံသူ တပည့်များသည် သူ့အားကြည့်လိုက်ကာ ရယ်လိုက်ကြ၏။ ကျူးကော်ဝမ်ချိုးက သူ၏ လက်ကောက်ဝတ်အား ညင်သာစွာနှင့် ပုတ်လိုက်ကာ ပြောလိုက်သည်။ "နင်ကလည်း အရင်တစ်ခေါက်က ဒီလိုမျိုး ဖြစ်ထားတဲ့ဟာကို အန်တီထွမ်းထွမ်း အကြောင်းကို ပြောနေသေးတယ်"

သူတို့တစ်အုပ်စုသည် စတင်၍
ရယ်မောလိုက်ကြသည်။ ရုတ်တရက်ပင်
ယုကျင်းတောင်ပေါ်မှ အဆောင်တစ်ခုသည်
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။
တစ်စုံတစ်ယောက်က ရန်အကြီးအကျယ်
ဖြစ်နေခဲ့ကြသကဲ့သို့ ဖြစ်၏။

ထွမ်းထွမ်းသည် ရှီထျန်းဟောင်နှင့်
အငြင်းပွားရန်ကို သတိမရတော့ပဲ
သူမ၏ခေါင်းကို ခွက်အပြင်သို့
ပြူထွက်လိုက်ကာ မေးလိုက်သည်။
"ဘာတွေများ ဖြစ်နေတာလဲ"

ခဏအကြာတွင် ရှီထျန်းဟောင်သည် သူမအား ခွက်အတွင်းသို့ ပြန်လည် တွန်းချလိုက်သည်။ သူကလည်း ခေါင်းကို လှည့်ကြည့်လိုက်ကာ ကြည့်လိုက်သည်။ "ဒီခံစားချက်.. ကြည့်ရတာ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူနှစ်ယောက်၊ မဟုတ်ဘူး မိစ္ဆာသခင် အဆင့်က မိစ္ဆာနှစ်ကောင်က တိုက်ခိုက်နေကြသလိုပဲ"

"အိုး၊ ဒီစွမ်းအင်က မိစ္ဆာစွမ်းအင်ပဲ ဖြစ်တယ်။ နဂါးအော်ရာကိုလည်း ခံစားနေရတယ်" ရှီထျန်းဟောင်က မှင်သက်သွားခဲ့၏။ "နဂါးနှစ်ကောင်တို့က တိုက်ခိုက်နေကြတာလား။

ယုကျင်းတောင်ပေါ်မှာ ကျဲယုနဲ့ သူ့ဇနီးတို့ပဲ ရှိတာ"

"သူတို့နှစ်ယောက်က ရန်ဖြစ်နေကြတာလား။ ဒီအော်ရာတွေအရ သူတို့က ယှဉ်ပြိုင်နေကြတာ မဟုတ်ဘူး။ အကြိတ်အနယ် ချနေကြတာ"

ထွမ်းထွမ်းသည် သူမ၏ တံတောင်ဆစ်များဖြင့် သူမ၏ ကိုယ်လုံးကို ထိန်းထားခဲ့ကာ ခွက်အတွင်းမှ ထွက်လာခဲ့သည်။ ရှီထျန်းဟောင်၏ စကားကို ကြားလိုက်ရသောအခါ သူမက နှာမှုတ်လိုက်၏။ "ကျဲယုလား။ တကယ်လို့ သူ့ရဲ့ ပြိုင်ဘက်က မမပိုင်ကွမ်းသာဆိုရင် သူက ဘာမှ ပြန်လုပ်ရဲမှာ

မဟုတ်ဘူး။ ပြန်လည်တုံ့ပြန်ခြင်းဟာ
ငြိမ်ငြိမ်လေး ခံနေတာထက် ပိုဆိုးတယ်"

ခေတ္တမျှ စဥ်းစားလိုက်ပြီးနောက်တွင်
ထွမ်းထွမ်းက ပဟေဠိ ဖြစ်သွားခဲ့သည်။
"မဟုတ်သေးပါဘူး။ ဒါက သူတို့ရဲ့
အဆောင်ဆီက လာနေတာပဲ"

ရှီထျန်းဟောင်က ပြုံးဖြီးဖြီးဖြင့်
ပြောလိုက်သည်။ "ကြည့်ရတာ ကျဲယုက
ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်ပြီ ထင်တယ်။
ဆရာပြောသလိုပဲ အဖိနှိပ် ခံရတာ
များလာလို့ရှိရင် ပေါက်ကွဲထွက်လာလိမ့်မယ်"

ပြီးတာနှင့် သူသည် ထွမ်းထွမ်းအား ခွက်အတွင်းသို့ ပြန်လည်တွန်းချလိုက်သည်။ ပြီးတော့မှ ပြုံးလိုက်ကာ ပြောလိုက်၏။ "ငါက ဒီတိုက်ပွဲကို သွားကြည့်လိုက်ဦးမယ်"

ရှီထျန်းဟောင်သည် ထွမ်းထွမ်းအား ဂရုမစိုက်ခဲ့တော့ပဲ မြေရိုင်းလျှိုမြောင် အတွင်းမှ ထွက်ခွာသွားခဲ့သည်။ သူသည် ယုကျင်းတောင်ပေါ်သို့ ရောက်လာခဲ့၍ သူတို့၏ အဆောင်ထံသို့ သွားတော့မည် ပြင်လိုက်စဥ်တွင် ကောင်းကင်ရွှေရောင် ခန်းမဆောင်မှ ပြန်လာသော ရှောင်ယန်က သူ့အား တားလိုက်၏။

"ဟီးဟီး။ ဂျူနီယာလေး၊ ကျေးဇူးပြုပြီး မသွားပါနဲ့" ရှောင်ယန်က ချောင်းခြောက်တစ်ချက်ဆိုးကာ ပြောလိုက်သည်။ "ငါတို့က စုံတွဲတစ်တွဲ အကြားက ကိုယ်ပိုင်ကိစ္စတွေ အကြားမှာ ဝင်မရှုပ်သင့်ဘူး"

ရှီထျန်းဟောင်က စပ်စုစွာဖြင့် မေးလိုက်သည်။ "အစ်ကိုကြီးက ဒီအကြောင်းကို သိနေသလား"

ရှောင်ယန်က သူ၏ခေါင်းကို ကသိကအောက် ဖြစ်စွာဖြင့် ခါကာ ပြောလိုက်သည်။ "မသိဘူး၊

မသိဘူး။ ဒါပေမဲ့ ငါတို့က သူတပါးတွေရဲ့ ကိုယ်ပိုင်ကိစ္စ အကြားမှာ ဝင်မရှုပ်သင့်ဘူးလေ"

သူပြောနေရင်း ထိုအဆောင်ဘက်မှ မီးစ္စာစွမ်းအင်များသည် တဖြည်းဖြည်းနှင့် ငြိမ်သက်လာခဲ့သည်။ သို့သော်လည်း တိုက်ပွဲမှာ မတိုးသာ မဆုတ်သာ အခြေအနေကို ရောက်နေသကဲ့သို့ ပတ်ဝန်းကျင်တွေ ပျံ့နှံ့လျှက် ရှိသေး၏။

အချိန်အတော်ကြာမှသာ မီးစ္စာစွမ်းအင် လှိုင်းလုံးများမှာ ငြိမ်သက်သွားခဲ့သည်။ နောက်ဆုံးပိုင်းတွင် တစ်ချက် ပေါက်ကွဲသွားအပြီးမှာသာ အဆုံးတိုင် တည်ငြိမ်သွားခဲ့သည်။

မိစ္ဆာတစ်ကောင်ဖြစ်သော ထွမ်းထွမ်းမှာ ချက်ချင်း တုံ့ပြန်ခဲ့သည်။ "ဒါ.. ဒါက တစ်ယောက်ဟာ မိစ္ဆာသခင် အလယ်အလတ် အဆင့်ကနေ နောက်ဆုံးအဆင့်ကို တက်လှမ်းသွားနိုင်ပြီး စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ခဲ့တာပဲ။ ဒါပေမဲ့ ဒီမိစ္ဆာစွမ်းအင် လှိုင်းလုံးတွေက မမပိုင်ကွမ်း တစ်ယောက်ဆီကသာ မကပဲ ကျဲယုဆီကလည်း လာခဲ့တာပဲ"

"တစ်ခုခုက မှားနေပြီ"

ရှောင်ယန်၏ အောက်နှုတ်ခမ်းများမှာ လှုပ်သွားခဲ့သည်။ "စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေက တကယ်ကိုပဲ အတားအဆီး ဖြစ်နိုင်တာပဲ.."

"အစ်ကိုကြီးက ဘာကို ဆိုလိုနေတာလဲ" ရှီထျန်းဟောင်က ရှောင်ယန်အား လှမ်းကြည့်လိုက်ရာ ရှောင်ယန်က အနည်းငယ် အရှက်ရနေသည့်ပုံဖြင့် ပြောလိုက်သည်။ "ကြည့်ရတာ ငါရှောင်နေမှ ရမယ်.. ငါဆိုလိုတာက ငါ့မှာ အခြား လုပ်စရာတွေ ရှိသေးတယ်။ ငါက မဟာကောင်းကင် ခန်းမဆောင်ကို သွားပြီးတော့ ဆရာကို ရှာရဦးမယ်။ နောက်မှ တွေ့ကြတာပေါ့"

သူ၏စကားဆုံးသည်နှင့် ရှောင်ယန်သည် ချက်ချင်းလှည့်ထွက်သွားခဲ့သည်။ သို့သော်လည်း သူခြေတစ်လှမ်းမှ မလှမ်းရသေးခင် သူ၏အနောက်မှ ဒေါသတကြီးနှင့် ဟိန်းဟောက်သံ တစ်ခုက ပေါ်လာခဲ့သည်။ "ရှောင်ယန်၊ မင်းကဘယ်ကို သွားချင်နေတာတုံး"

စကားက နောက်ကျနေသေး၏၊ ပြောသူက ချက်ချင်း သူ၏ အရှေ့သို့ ရောက်လာခဲ့သည်။ အဖြူနှင့် အနက် ပုံရိပ်နှစ်ခုတို့သည် ရှောင်ယန်နှင့် ရှီထျန်းဟောင်တို့၏ အရှေ့သို့ ရောက်လာခဲ့သည်။

သူတို့အနက်မှ တစ်ယောက်သည် မိစ္ဆာသခင်
နောက်ဆုံးအဆင့်သို့ အခုလေးတင်
ရောက်သွားခဲ့သည့် ကျဲယုဖြစ်၏။ သူ၏
တစ်ကိုယ်လုံးသည် နုပျိုသော
အသက်စွမ်းအင်များဖြင့် ပြည့်ဝနေခဲ့သော်လည်း
သူသည် မပျော်ရွှင်နေခဲ့ပေ။ ထို့အစား သူသည်
အနည်းငယ် ကသိကအောက်ဖြင့်
အရှက်ရနေသကဲ့သို့ ဖြစ်နေခဲ့သည်။

အခြားတစ်ယောက်မှာ သူ၏ဇနီး
ပိုင်ကွမ်းဖြစ်သည်။ သူမသည် ရှောင်ယန်အား
ဒေါသတကြီးဖြင့် ကြည့်နေခဲ့ကာ
ရန်တွေ့လိုက်သည်။ "ကောင်းတယ်။

နင်ကသူ့ကို ဒီလိုဆေးမျိုးကို ပေးလိုက်တယ်။
ဘာများ လုပ်ချင်နေတာလဲ"

ပိုင်ကွမ်းသည် ပုံမှန်ဆိုလျှင် အားလုံးကို
ချေင်စွာနှင့် ဆက်ဆံတတ်ကာ
ကျဲယုတစ်ယောက်တည်းကိုသာ
ဒေါသထွက်တတ်ခြင်း ဖြစ်သည်။ သူမက
ဤပုံပေါက်နေခဲ့သည်မှာ သူမက တကယ့်ကို
ဒေါသထွက်နေသည်မှာ သိသာနေပေသည်။

ရှောင်ယန်သည် ခါးသီးစွာနှင့် ပြုံးလိုက်ကာ
နောက်ပြန်လှည့်လိုက်သည်။ သူ၏ လက်များကို
ဆုပ်လိုက်ပြီးမှ ပြောလိုက်သည်။ "ကျေးဇူးပြုပြီး

စိတ်မတိုပါနဲ့။ ကျွန်တော်က ကူညီချင်ရုံ သက်သက်ပါ။ မကောင်းတဲ့စိတ် မပါပါဘူး"

ပိုင်ကွမ်းက ဒေါသတကြီးဖြင့် ပြောလိုက်၏။ "ဒါဆိုရင်တောင်မှ ရှင်က ဒီလိုမျိုး ဆေးမျိုးကို ပေးပြီး ကျွန်မတို့ကို မလှည့်စားသင့်ဘူး"

ရှောင်ယန်သည် ကသိကအောက် ဖြစ်လှစွာနှင့် သူ၏ခေါင်းကို ကုတ်လိုက်ကာ ကူရာမဲ့စွာဖြင့် ပြောလိုက်သည်။ "တ.. တကယ်လို့ ဒါက ဆရာရဲ့ အစီအစဥ်လို့ပြောရင် ခင်ဗျားတို့က ကျွန်တော့်ကို ယုံမှာလား"

"မယုံဘူး!"

ဤအချိန်တွင် ကျဲယုနှင့် ပိုင်ကွမ်းတို့ နှစ်ယောက်စလုံးတို့က လုံး၀ တွေဝေမှု မရှိပဲနှင့် ပြောလိုက်သည်။ "လုံး၀ မဖြစ်နိုင်ဘူး"

ရှောင်ယန်သည် ချက်ချင်းပင် တောင်ပေါ်မှ ခုန်ချလိုသော စိတ်များ ပေါ်လာခဲ့၏။

"ဟင်း၊ ဒီလိုပုံမျိုးပဲ ဖြစ်လာမယ်လို့ အစကတည်းက သိပြီးသားပဲ.."

စာစဉ် ၃၇ : အပိုင်း ၁၉

# အပိုင်း ၇၀၉ : မင်းဘယ်ကို ပြေးမလဲ

ဤအချိန်တွင် ရှောင်ယန်သည် ငိုချင်စိတ်များ ပေါက်လာခဲ့သော်လည်း အရေးကြီးသော အရာတစ်ခုကို ရုတ်တရက် တွေးမိလိုက်သည်။

အစောပိုင်းတွင် လင်းဖုန်းက သူ့အား ဤတာဝန်ကို ပါးစပ်ဖြင့်သာ ပေးခဲ့ခြင်း ဖြစ်သည်။ သူက ဆေးအညွှန်းကိုပင် ပေးခဲ့ခြင်း မရှိပေ။ အရာအားလုံးကို ရှောင်ယန်က သူ့ကိုယ်သူ ရှာဖွေကြံဆခဲ့ရခြင်း ဖြစ်၏။

အခြားစကားလုံးဖြင့် ပြောရလျှင်
တခြားသူများက လင်းဖုန်းနှင့်သူ့အား မည်သူ့ကို
ယုံကြည်မည်ကို မပြောနှင့်ဦး၊ အကယ်၍သူက
လင်းဖုန်း၏အကြံ ဖြစ်သည်ဟု
သက်သေပြချင်လျှင်ပင် သူ့တွင်
အထောက်အထား တစ်ခုမှ မရှိပေ။

ယခုအချိန်တွင် ကျဲယုနှင့် သူ့ဇနီးတို့က သူ့အား
အထင်သေးသော ပုံစံဖြင့် ကြည့်နေကြသည်ကို
ကြည့်လိုက်ခြင်းအားဖြင့် သူတို့သည် သူက
သူ့အပြစ်ကို သူ့ဆရာအပေါ်သို့ ပုံချရန်
ကြိုးစားနေသည်ဟု အထင်မှားနေပြီကို
သိလိုက်၏။ ဒါသည် သူ့အား ပိုမို၍
အရှက်ကင်းမဲ့သည့်ပုံ ပေါက်စေခဲ့သည်။

ထိုကဲ့သို့ သဘောပေါက်ပြီးသွားသောအချိန်တွင် ရှောင်ယန်သည် မျက်ရည်များ ကျလုဆဲဆဲ ဖြစ်သွားခဲ့ကာ တွေးလိုက်သည်။ "သွားပြီ၊ ဒီတစ်ခေါက်မှာတော့ ဘယ်လိုမှ ရှင်းပြလို့ရမှာ မဟုတ်တော့ဘူး"

သူသည် ဘေးကို လှည့်ကြည့်လိုက်ရာ တွေတွေကြီး ရပ်နေသော ရှီထျန်းဟောင်ကို တွေ့လိုက်ရ၏။ သူသည် သူ၏အရှေ့မှ အခြေအနေကို တစ်စက်လေးမှ နားလည်နေသည့်ပုံ ပေါက်မနေခဲ့ပေ။

ကူရာမဲ့စွာနှင့် ရှောင်ယန်သည် သူ၏ခေါင်းကို ငုံ့လိုက်သည်။ သူသည် ဘာမှမတတ်နိုင်ပဲ ဤတစ်ခေါက်တွင် ခေးစာခံ ဖြစ်သွားခဲ့ပြီ ဖြစ်သည်။ ယခုအချိန်တွင် သူသည် ငိုချင်စိတ်များ ပေါက်နေခဲ့ကာ တွေးလိုက်သည်။ "အားလုံးတို့က ဂျူနီယာလေးဟာ ဆရာလိုမျိုး သူများတွေကို တစ်ပတ်ရိုက်တတ်လာပြီလို့ ပြောနေကြတယ်။ ဒါပေမဲ့ အခုကြည့်ရရင် ဂျူနီယာလေးက ဆရာနဲ့စာရင် ကလေးလေးလိုမျိုးပဲ အပြစ်ကင်းစင်နေသေးတယ်"

စိတ်ခတ်ကျစွာဖြင့် သူသည် သူ၏လက်များကို ခါလိုက်ကာ ပြောလိုက်သည်။ "ကောင်းပါပြီ၊

ကောင်းပါပြီ။ ကျွန်တော်က အလောတကြီး လုပ်မိပါတယ်။ ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ"

ကျဲယုသည် သူ၏လက်အစုံကို ဆုပ်လိုက်ကာ ပိုင်ကွမ်း၏ အရှေ့သို့ ရောက်လာခဲ့ကာ ဖွဖွလေးပြုံး၍ ပြောလိုက်သည်။ "အချစ်၊ အကြီးအကဲရှောင်ကလည်း ကူညီတဲ့ အနေနဲ့ လုပ်ခဲ့တာပဲ..."

ပိုင်ကွမ်း၏ မျက်လုံးမှာ ပြူးကျယ်သွားခဲ့ကာ သူ့အား စိုက်ကြည့်လိုက်သည်။ ကျဲယုသည် သူ၏ စကားလုံးများသည် လည်ပင်းအတွင်းတွင် တစ်ဆို့နေခဲ့သည်ဟု ခံစားလိုက်ရသည်။ သို့သော်လည်း သူက တိုးတိုးလေး

ဆက်ပြောလိုက်၏။ "ငါတစ်ယောက်ထဲ သောက်တာမှ မဟုတ်တာ၊ နင်ကလည်း သောက်ခဲ့တာပဲ"

"နင်က ပြောရဲသေးတယ်" ပိုင်ကွမ်း၏ မျက်နှာသည် အနည်းငယ် နီရဲလာခဲ့သည်။ သူမသည် ဒေါသထွက်နေသလို ကသိကအောက်လည်း ဖြစ်နေ၏။ ကျဲယုသည် သူ၏လက်များကို အရှုံးပေးသည့် အနေနှင့် မြှောက်လိုက်ကာ ပြောလိုက်သည်။ "ကောင်းပြီ၊ ကောင်းပြီ။ ငါတို့က ဒီအကြောင်းကို ဆက်မပြောတော့ဘူး"

ကျဲယုသည် ဆေးပုလင်းလေး တစ်ခုကို ထုတ်လာခဲ့ကာ အရှက်ရစွာနှင့် ရှောင်ယန်အား လှမ်းပေးလိုက်သည်။ "အကြီးအကဲရှောင်၊ ဒါက အကြီးအကဲရဲ့ ဆေးပုလင်းပါ"

ပိုင်ကွမ်းက ခက်ထန်စွာနှင့် ပြောလိုက်သည်။ "နင်က ဘာဖြစ်လို့ သိမ်းထားသေးတာလဲ။ သူ့ကို ချက်ချင်း ဖျက်ဆီးပစ်လိုက်ရမှာ"

ရှောင်ယန်သည် ထိုဆေးပုလင်းကို ယူလိုက်ကာ ကျဲယုအား လျှို့ဝှက်စွာဖြင့် စိတ်ချင်းဆက်သွယ်၍ ပြောလိုက်သည်။ "ပြဿနာက ပြေလည်သွားပြီ မဟုတ်ဘူးလား။ ကျွန်တော်က မကောင်းတဲ့ ရည်ရွယ်ချက် လုံးဝ

မရှိပါဘူး။ ခင်ဗျားက မိစ္ဆာသခင်
နောက်ဆုံးအဆင့်ကို မတတ်နိုင်တာက
စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေကြောင့် ဖြစ်ပြီး
အဓိက အကြောင်းရင်းက ခင်ဗျားရဲ့
ဇနီးကြောင့်ပဲ ဖြစ်တယ်"

"ခင်ဗျားက သူမကို ဆက်ချစ်လို့ရပေမဲ့
ကြောက်ဖို့တော့ မလိုဘူး။ ဒါက ခင်ဗျားရဲ့
ကျင့်ကြံမှု အတွက်သာ မကပဲ အိမ်ထောင်ရေး
ဘဝမှာပါ အကျိုးရှိစေလိမ့်မယ်။ ဒါပေမဲ့
ခင်ဗျားက အတားအဆီးတွေကို
ချိုးဖောက်သွားပြီး မိစ္ဆာသခင်
နောက်ဆုံးအဆင့်ကို
တက်လှမ်းသွားနိုင်တာက.. သွားနိုင်တာက

ခင်ဗျားက ခင်ဗျားဇနီးနဲ့ ချစ်ပွဲဝင်ခဲ့လို့တော့ မဟုတ်ဘူး"

ကဲ့ယုက မျက်နှာနီနီဖြင့် ပြောလိုက်သည်။ "အခုအချိန်မှာ ကျုပ်က သဘောပေါက်သွားပါပြီ။ စိတ်မပူပါနဲ့၊ ပြဿနာက ပြေလည်သွားခဲ့ပါပြီ။ ကျုပ်ကလည်း နောက်တစ်ဆင့် တက်လှမ်းနိုင်ဖို့ စာရွက်တစ်ရွက်စာလောက် ပါးပါးလေးပဲ လိုတော့တာဆိုတော့..."

ရှောင်ယန်က သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း

ကောင်းတာပေါ့။ ကျုပ်ရဲ့ စွမ်းဆောင်ချက်လည်း တစ်ဝက်ပါတယ်နော်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်တော်တို့က အလိမ်ခံလိုက်ရတယ် ထင်လို့ အစောက ဒေါသထွက်သွားခဲ့တာပါ။ ဒါပေမဲ့ အခုပြန်တွေးကြည့်တော့ အကြီးအကဲရှောင်ကို ကျေးဇူးတင်ရမှာပါ"

သူတို့နှစ်ယောက်တို့သည် ခြောက်ကပ်စွာနှင့် ရယ်ခဲ့ကြသော်လည်း ကသိကအောက် ဖြစ်နေကြသေး၏။

ထိုအချိန်တွင် ရှောင်ယန်သည် သူ၏
လက်ပေါ်တွင် တစ်စုံတစ်ခုကို
ခံစားလိုက်ရသည်။ အောက်သို့ ငုံ့ကြည့်လိုက်ရာ
ထွမ်းထွမ်းသည် ဆေးထည့်ထားသော
ကြွေပုလင်းကို ယူသွားခဲ့သည်ကို
တွေ့လိုက်ရ၏။

ရှောင်ယန်သည် သူ၏မျက်မှောင်များကို
ကြုတ်လိုက်ကာ မေးလိုက်သည်။ "မင်းက
ဘာများ လိုချင်နေလို့လဲ"

ထွမ်းထွမ်းက မပျော်မရွှင် ဖြစ်လှစွာနှင့်
ပြောလိုက်သည်။ "ကျွန်မကလည်း ဒီဆေးမျိုးကို
လိုတယ်"

"အဟွတ်ဟွတ်ဟွတ်ဟွတ်"

သူမ၏ စကားကို ကြားလိုက်ရသောအခါ ရှောင်ယန်၊ ကျဲယုနှင့် ပိုင်ကွမ်းတို့မှာ တံတွေးများ သီးသွားကြ၏။

"မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ မင်းက ဒါက ဘာဆေးလဲဆိုတာကိုရော သိရဲ့လား" ရှောင်ယန်က ရယ်ရမလို ငိုရမလို ဖြစ်နေခဲ့သည်။ "အခြေအနေတွေက အတော်ကို ရှုပ်ထွေးနေပြီ၊ ကျေးဇူးပြုပြီး ပိုပြီးတော့ ပြဿနာတက်အောင် မလုပ်ပါနဲ့တော့"

ထွမ်းထွမ်းက မပျော်မရွှင် ဖြစ်လှစွာနှင့် နှာမှုတ်လိုက်သည်။ "ဟိုနဂါးအိုကြီးကျတော့ ပစ္စည်းကောင်းတွေ ရပြီး ကျွန်မကတော့ ဘာဖြစ်လို့ မရတာလဲ"

ကျဲယုက ကောင်းကင်ပေါ်သို့ ကြည့်လိုက်ကာ ရယ်လိုက်သည်။ "ပ.. ပစ္စည်းကောင်း၊ ဟုတ်တယ်၊ ပစ္စည်းကောင်းလေးပဲ..အွတ်!"

သူ၏ဘေးမှ ပိုင်ကွမ်းက သူ့အား တံတောင်ဖြင့် တွတ်လိုက်၏။ ကျဲယုသည် အချိန်အတော်ကြာမျှ စကားမပြောနိုင်တော့ပေ။

ပိုင်ကွမ်းက ခါးသီးစွာနှင့် ပြုံးလိုက်ကာ ထွမ်းထွမ်းအား ပြောလိုက်သည်။ "ထွမ်းထွမ်း၊ ဒါက ကောင်းတဲ့အရာတစ်ခု မဟုတ်ဘူး"

ထွမ်းထွမ်းက တိုးတိုးလေး ပြောလိုက်သည်။ "ကျွန်မသိတယ်။ ကျဲယုက ပြဿနာတစ်ခုခုနဲ့ တွေ့ရင် အစ်မပိုင်ကွမ်းက သူ့ကို ကာကွယ်ပေးတယ်"

"ကျွန်မက 'ထင်းချောင်းတစ်ချောင်းအား ချစ်ခြင်း'ဆိုတာ ဘာမှန်း မသိပေမဲ့ ကျဲယုက ဒီဆေးလုံးကြောင့် မိစ္ဆာသခင် အလယ်အလတ် အဆင့်ကနေ နောက်ဆုံးအဆင့်ကို တက်သွားတယ် ဆိုတာကိုတော့ သိတယ်"

ရှောင်ယန်၏ မျက်နှာသည် ရှုပ်ထွေးနေခဲ့၍ ကျဲယုကလည်း ကသိကအောက် ဖြစ်နေခဲ့သည်။ ပိုင်ကွမ်း၏ မျက်နှာကလည်း နီရဲသွားခဲ့၏။ သူတို့သုံးယောက်သားတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြကာ သူမကို မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေခဲ့သည်။

ထွမ်းထွမ်းသည် ဆေးပုလင်း တစ်ခုလုံးကို လုယူနိုင်ခဲ့သဖြင့် ကျေနပ်အားရပုံ ပေါက်နေခဲ့ပြီး ပြောလိုက်သည်။
"ကျွန်မကလည်း ဒီဆေးလုံးတွေကို အသုံးပြုပြီး အဆင့်တက်အောင် လုပ်ရမယ်"

သူမသည် ကဲ့ယုအား မျက်စောင်းထိုးလိုက်ကာ ပြောလိုက်သည်။ "ဒီအသုံးမကျတဲ့ နဂါးအိုကြီးတောင် မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို ရောက်သွားခဲ့ပြီး ကျွန်မကတော့ မိစ္ဆာသခင် စဦးပိုင်း အဆင့်မှာပဲ ရှိသေးတယ်။ ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာလဲ။ ကျွန်မရဲ့ ရုပ်ခန္ဓာကိုယ် မပျက်စီးခဲ့စဉ်က ကျွန်မက မိစ္ဆာသခင် အဆင့်မှာ ရှိနေပြီး ဒီနဂါးအိုကြီးက မိစ္ဆာဝိညာဉ်ကိုတောင် မဖန်ဆင်းရသေးဘူး။ သူက မိစ္ဆာအုပ်ချုပ်သူ အဆင့်မှာပဲ ရှိသေးတယ်"

မိစ္ဆာ အမျိုးမျိုးတို့သည် သူတို့၏ မတူညီသော အခြေအနေများကြောင့် ကျင့်ကြံမှု လမ်းကြောင်းတွင် ခြားနားသော ပြဿနာများနှင့် ရင်ဆိုင်ရသည်။

အချို့မိစ္ဆာများ အနေနှင့် သူတို့သည် စတင်မွေးဖွားလာစဉ်က အလားအလာများ အလွန်ကောင်းသော်လည်း သူတို့တွင် ကျင့်ကြံမှု တစ်ခုမှ ပါမလာခဲ့ပေ။ သူတို့သည် ကျင့်ကြံမှုများကို တစ်ဆင့်ပြီးတစ်ဆင့်တက်အောင် ကြိုးစားကျင့်ကြံကြရပြီး သူတို့၏ မိဘများထံမှ မည်သည့်အမွေများကိုမှ မရခဲ့ကြပေ။

သို့သော်လည်း အချို့မိစ္ဆာများမှာ အကယ်၍ သူတို့၏ မိဘများက ကျင့်ကြံမှုအဆင့် မြင့်မားပါက သူတို့၏ ကလေးများသည် မွေးကတည်းက စွမ်းအားကြီးသော မိစ္ဆာများ ဖြစ်လာကြသည်။ မွေးစကတည်းက သူတို့အချို့သည် မိစ္ဆာအုပ်ချုပ်သူ သို့မဟုတ် မိစ္ဆာသခင် အဆင့်ပင် ရှိနေကြ၏။

ထွမ်းထွမ်းသည် ဥပမာကောင်း တစ်ခုဖြစ်သည်။ သူမ၏ ဖခင်သည် မသေဝိညာဥ် ဒုတိယ အဆင့်တွင်ရှိသော တောက်တီ မဟာပဏ္ဍိတ ဖြစ်ပြီး သူမ၏ မိခင်မှာ မိစ္ဆာသခင် နောက်ဆုံးအဆင့်တွင်ရှိသော ခရမ်းရောင် လေပြည် တောက်တီ မိစ္ဆာသခင် ဖြစ်၏။

ထို့ကြောင့် ထွမ်းထွမ်းအား မွေးဖွားလာချိန်တွင် သူမသည် မိစ္ဆာသခင် စဦးပိုင်း အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်သည်။

ထိုကဲ့သို့သော မိစ္ဆာတို့၏ အထူးဝိသေသများကြောင့် သူတို့သည် မွေးခါစတွင် အခြေခံအုတ်မြစ် အဆင့်သာ ရှိသေးသော ရှီထျန်းဟောင်ထက် များစွာပို၍ စွမ်းအားကြီးကြသော်လည်း သဘာဝမှာ မှုခြေညီမျှအောင် စီမံထားခဲ့သည်။ ထွမ်းထွမ်းသည် စွမ်းအားကြီးသည်ဟု ထင်နေရသော်လည်း သူမ၏ ကျင့်ကြံမှု လမ်းကြောင်းမှာ အခက်အခဲများစွာနှင့် ပြည့်နေပေသည်။

ပထမ၊ သူတို့မိဘများ၏ စွမ်းအားများကို
အမွေဆက်ခံနိုင်သော မိစ္ဆာများသည်
မျိုးပွားနိုင်စွမ်း အမတန်မှ နည်းပါးသည်။
အခက်ခဲဆုံးမှာ သန့်စင်သော သွေးမျိုးဆက်
နဂါးများ ဖြစ်ကြသည်။

ထွမ်းထွမ်း၏ မိဘများသည် နှစ်ပေါင်း
တစ်သောင်းကျော် သက်တမ်းရှိပြီ
ဖြစ်သော်လည်း သူတို့သည်
သူမတစ်ယောက်တည်းကိုသာ
မွေးဖွားနိုင်ခဲ့ကြသည်။ တောက်တီမျိုးနွယ်စု
တစ်ခုလုံးတွင် အဖွဲ့ဝင် အရေအတွက်
အနည်းငယ်သာ ရှိကြသည်။

ထွမ်းထွမ်းကဲ့သို့သော မိစ္ဆာများသည် အလားအလာ အလွန်ကောင်းသော်လည်း သူတို့သည် နောက်တစ်ဆင့်သို့ တက်နိုင်ရန် အတွက် အတော်ကို ကျင့်ကြံမှရသည်။ သာမန် မိစ္ဆာများနှင့် နှိုင်းယှဉ်ရလျှင် အနည်းဆုံး အဆတစ်ရာကျော် ပိုမိုခက်ခဲပေသည်။

ထိုအခြေအနေသည် သူမက မသေဝိညာဉ်ကို ဖန်ဆင်းနိုင်မှသာ အနည်းငယ် သက်သာသွားမည် ဖြစ်သည်။

ဤနေရာတွင် သူမသည် ရှီထျန်းဟောင်နှင့် အခြား လူသားကျင့်ကြံသူများနှင့် လွန်စွာ ကွဲပြားသွားခဲ့သည်။

ထို့ကြောင့် ထွမ်းထွမ်းကဲ့သို့သော မိစ္ဆာမျိုးမှာ အမတန်မှပင် ကသိကအောက်ဖြစ်ဖွယ် အခြေအနေမျိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

ဥပမာအားဖြင့် မွေးစကတည်းက မိစ္ဆာအုပ်ချုပ်သူ အဆင့်ကို ရရှိထားသော မိစ္ဆာတစ်ကောင်သည် သူတို့မျိုးဆက်မှ အခြားမိစ္ဆာများကို အပေါ်စီးမှနေ၍ ဆက်ဆံ၍ရသည်။ သို့သော်လည်း သူ၏ နောက်တစ်ဆင့်သို့ တက်ရောက်ရန်မှာ

အလွန်အမင်း ခက်ခဲလှသည်ဖြစ်၍ သူ၏ တစ်သက်လုံးပင် မိစ္ဆာအုပ်ချုပ်သူ အဆင့်နှင့်သာ နေကောင်း နေသွားရနိုင်သည်။ နောက်ဆုံးတွင် သူယခင်က အထင်သေးထားသော သူများ၏ ကျော်တက်သွားခြင်းကို ခံရမည် ဖြစ်၏။

မိစ္ဆာများ၏ သက်တမ်းသည် လူသားများထက် ပိုရှည်ကြသည်။ သို့သော်လည်း သူတို့၏ သက်တမ်းသည် မသေဝိညာဉ်ကို မဖော်ဆောင်နိုင်ခဲ့ပါက အကန့်အသတ် ရှိသေး၏။ သူတို့သည် မသေဝိညာဉ်ကို မဖော်ဆောင်နိုင်ပဲ သူတို့၏ ဘဝသက်တမ်း၏ နောက်ဆုံးနားသို့ ရောက်လာခဲ့ကြပြီဆိုပါက

သူတို့၏ ခါးသီးမှုနှင့် သွေးရူးသွေးတမ်း
ဖြစ်မှုများသည် မှန်းဆ၍မရပေ။

အလားအလာများနှင့် မွေးဖွားလာကြသော
မိစ္ဆာများသည် ထိုကံကြမ္မာကို
ခံစားခဲ့ကြရသည်။

တစ်စုံတစ်ခုအား ရရှိရန် တစ်ယောက်သည်
တစ်စုံတစ်ခုအား စွန့်လွှတ်ရမည် ဖြစ်သည်။

အခြားသူများက နှစ်ပေါင်းများစွာ
ကျင့်ကြံလျှင်ပင် မရောက်နိုင်ကြသော
အဆင့်များကို သူတို့သည် မွေးစကတည်းက

ရထားကြသည်။ သူတို့၏ လူငယ်ဘဝတွင်
သူတို့သည် ထူးချွန်ပြောင်မြောက်သော
စွမ်းအားများကို ပြနိုင်ကြ၏။

သို့သော်လည်း ထိုကဲ့သို့ ပြုလုပ်နိုင်ခြင်း၏
ပေးဆပ်ရသော တန်ဖိုးများ အလွန်ကိုပို၍
ခက်ခဲသော ကျင့်ကြံမှု လမ်းကြောင်း ဖြစ်သည်။

ဒါသည် ကောင်းချီးမင်္ဂလာလော ကျိန်စာလော
ဟူသည်မှာ တစ်ယောက်၏ နောက်ပိုင်းဘဝမှ
တိုးတက်မှုအပေါ်တွင် မူတည်နေမည်
ဖြစ်သည်။ အကယ်၍ တစ်ယောက်သည်
အခက်အခဲများစွာတို့ကို ကျော်လွှားနိုင်၍
မသေဝိညာဉ်ကို ဖန်ဆင်းနိုင်မည် ဆိုပါက

သူတို့သည် အခြား သာမန်မိန်းမများနှင့် အဆင့်အတူတူ ဖြစ်သွားမည် ဖြစ်သည်။

သို့သော်လည်း ထွမ်းထွမ်းသည် မွေးစကတည်းက မိန်းမသခင် စဦးပိုင်း အဆင့်တွင် ရှိနေခဲ့ခြင်း ဖြစ်သည်။ ဒါသည် တောက်တီမျိုးနွယ်စု အတွင်းတွင်ပင် မြင်ရခဲသော အခြေအနေ တစ်ခုဖြစ်၏။ သူမသည် မွေးစအချိန်တွင် မိန်းမဗိုလ်ချုပ်နှင့် မိန်းမအုပ်ချုပ်သူ အဆင့်တွင်သာ ရှိကြသော သူမ၏ သူငယ်ချင်းများထက် များစွာပို၍ စွမ်းအားကြီးသည်။

သို့သော်လည်း တစ်ချိန်တည်းတွင်ပင် သူမသည် ထပ်မံတိုးတက်ရန် များစွာပို၍ ခက်ခဲနေခဲ့သည်။ အကယ်၍ တစ်ယောက်သည် သူမအား ပင်လယ်ကြီးမှ အရင်းအမြစ် ပစ္စည်းများကို ပေးထားခဲ့လျှင်ပင် ကံမကောင်းပါက သူမသည် မိစ္ဆာသခင် အဆင့်တွင် အမြဲတမ်း တစ်ဆို့ကြန့်ကြာနေမည် ဖြစ်၏။

ရှုထောင့်တစ်ခုမှနေ၍ ကြည့်လိုက်လျှင် သူမသည် အစပိုင်းက ရုပ်ခန္ဓာကိုယ် အဖျက်ဆီး ခံလိုက်ရ၍ စိတ်ဝိညာဉ် လက်ကျန်တစ်ခုနှင့်သာ ကျန်နေခဲ့သည်။ ဒါသည် သူမ၏ စွမ်းအားများကို ကျဆင်းစေခဲ့သော်လည်း ကံကြမ္မာမှ သူမအပေါ်တွင် ချုပ်နှောင်ထားသော

ချိန်းကြိုးများကို ဖျက်ဆီးခဲ့လိုက်သည်နှင့် တူနေသည်။ ယခုအချိန်တွင် ထွမ်းထွမ်းသည် သူမရုပ်ခန္ဓာကိုယ် အဖျက်ဆီး မခံခဲ့ရစဥ်ထက် ပို၍တိုးတက်ရန် မြန်ဆန်နေခဲ့ပြီ ဖြစ်သည်။

ကောင်းချီးမင်္ဂလာနှင့် ကျိန်စာတို့သည် ဒင်္ဂါးပြားတစ်ခု၏ မျက်နှာပြင် နှစ်ဘက်နှင့် တူနေသည်။ ဒါသည် ကံကြမ္မာ၏ လှည့်စားမှုဟုလည်း ပြော၍ရ၏။

သို့သော်လည်း အခြားမိစ္ဆာများနှင့် ယှဥ်လိုက်လျှင် ထွမ်းထွမ်းသည် အလွန် ခက်ခဲစွာနှင့် တိုးတက်အောင် ကြိုးစားနေရခြင်း ဖြစ်သည်။ ထို့ကြောင့် သူမသည် ကျဲယုက

မိစ္ဆာသခင် အလယ်အလတ် အဆင့်မှ နောက်ဆုံးအဆင့်သို့ ဤဆေးလုံးများကြောင့် တက်သွားနိုင်သည်ကို မြင်ရသောအခါ သူမက လိုချင်နေခဲ့ခြင်း ဖြစ်သည်။

ဤဆေးဘူးကို လက်ဝယ်ရရှိသွားသောအခါ ထွမ်းထွမ်းသည် အားရပျော်ရွှင်နေခဲ့သည်။

ရှောင်ယန်သည် ခါးသီးစွာနှင့် ပြုံးလိုက်ကာ ပြောလိုက်၏။ "ကျွန်တော်ကသူမကို အဖြစ်မှန်တွေကို ပြောပြမှ ရမယ်။ မဟုတ်လို့ရှိရင် သူမက ဆေးသောက်ခဲ့လိုက်လို့ရှိရင် အိမ်မက်ဆိုးတွေ ဖြစ်လာလိမ့်မယ်"

ပိုင်ကွမ်း၏ မျက်နှာမှာ
သွေးများထွက်လာသကဲ့သို့ နီရဲလာခဲ့သည်။
ကျဲယုက ရှောင်ယန်အား ခါးသီးစွာနှင့်
ပြုံးကာကြည့်နေခဲ့သည်။ သို့သော်လည်း
အခြားနည်းလမ်း မရှိတော့ပေ။ ထွမ်းထွမ်းအား
ဒုက္ခရောက်ခြင်းမှ ကာကွယ်ရန် သူသည်
ထွမ်းထွမ်းအား စိတ်ချင်းဆက်သွယ်၍
အဖြစ်မှန်ကို ပြောပြလိုက်ရ၏။

ထိုအကြောင်းအား ကြားလိုက်ရသောအခါ
ထွမ်းထွမ်း၏ မျက်လုံးအစုံမှာ

ပြုံးကျယ်သွားခဲ့ကာ အနည်းငယ်
မှင်သက်သက်ကဲ့သို့ ဖြစ်သွားခဲ့သည်။

အချိန်အတော်ကြီးကြာမှသာ သူမက
သတိပြန်ဝင်လာခဲ့သည်။ သူမသည်
ရှောင်ယန်နှင့် ကျဲယုတို့အား ကြည့်လိုက်ကာ
နှာမှုတ်လိုက်၏။ "ကျွန်မက ရှင်တို့ကို မယုံဘူး"

သူမသည် ပိုင်ကွမ်းအား ကြည့်လိုက်ကာ
မေးလိုက်သည်။ "မမပိုင်ကွမ်း၊ သူတို့ပြောတာ
မှန်ရဲ့လား"

ရှောင်ယန်နှင့် ကျဲယုတို့သည် ပိုင်ကွမ်းအား ကူရာမဲ့စွာဖြင့် ကြည့်လိုက်ကြ၏။ သူမကလည်း သက်ပြင်းတစ်ချက် ချလိုက်ကာ တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ထွမ်းထွမ်း၊ လိမ္မာပါတယ်။ ဒါက တကယ့်ကို ညစ်ပတ်တဲ့ အရာတစ်ခုပဲ"

ထွမ်းထွမ်း၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားခဲ့ကာ ပြောလိုက်သည်။ "ဒါဆို တကယ်ကြီးပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါအမှန်ပဲ" ရှောင်ယန်၊ ကျဲယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခေါင်းများကို ပြင်းထန်စွာနှင့် ညိတ်လိုက်ကြ၏။

မည်သူက သိမည်နည်း၊ ထွမ်းထွမ်းက
ပျော်ရွှင်စွာနှင့် ရယ်မောလိုက်သည်။
"ဟားဟားဟား၊ ကောင်းတယ်၊
အရမ်းကောင်းတယ်"

ရှောင်ယန်က ခါးသီးစွာနှင့် ပြုံးလိုက်ကာ
ပြောလိုက်သည်။ "နင်က အခုအချိန်အထိ
မယုံသေးဘူးလား"

ထွမ်းထွမ်းက အရယ်ရပ်လိုက်ကာ ပြုံးရွှင်စွာနှင့်
ပြောလိုက်သည်။ "ယုံတာပေါ့၊ ဒါပေမဲ့
ရှင့်ကိုမယုံဘူး။ မမပိုင်ကွမ်းကို ယုံတာ"

ရှောင်ယန်နှင့် ကျန်သောသူများက စဉ်းစားရ ခက်သွားကြ၏။ "ဒါတောင်မှပဲ မင်းက…"

ထွမ်းထွမ်းသည် ဆေးပုလင်း တစ်ခုလုံးကို မျိုချလိုက်သည်။ သို့သော်လည်း သူမက ဆေးများကို သောက်ခြင်း မဟုတ်ပေ။ သူမသည် သူမဗိုက်အတွင်းတွင် ယာယီသိမ်းထားခြင်း ဖြစ်သည်။

ပြီးတာနှင့် သူမသည် သူမ၏ လက်ကို ခါးပေါ်တွင် ထောက်ထားခဲ့၍ ပြုံးကာပြောလိုက်သည်။ "ဒါက ကျင့်ကြံမှု

ဆေးလုံး မဟုတ်ပေမဲ့ ကျွန်မအတွက်တော့
ကျင့်ကြံမှု ဆေးလုံးထက်ပိုပြီး တန်ဖိုးရှိတယ်"

ထွမ်းထွမ်းသည် လေအတွင်းသို့
လက်သီးလက်မောင်း ဆန့်တန်း၍
ကြုံးဝါးလိုက်သည်။
"'ထင်းချောင်းတစ်ချောင်းအား ချစ်ခြင်း'နဲ့
ဆိုရင်တော့ မင်းဘယ်ပြေးမလဲ၊ အနက်ရောင်
အဏ္ဏဝါ ရွှမ်းမင်၊ ဟားဟားဟားဟား"

ရှောင်ယန် "..."

ကျဲယု "..."

ပိုင်ကွမ်း "..."

## စာစဥ် ၃၇ : အပိုင်း ၂၀

## အပိုင်း ၇၁၀ : အပြင်ထွက်ရန် အသင့်

ရယ်နေသော ထွမ်းထွမ်းအား ကြည့်လိုက်ကာ မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် ထိုင်ကြည့်နေသော လင်းဖုန်းမှာ ဘာပြောရမှန်းမသိ ဖြစ်သွားခဲ့၏။

"မင်း.." လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ ငိုရမည်လော ရယ်ရမည်လော မသိ ဖြစ်နေခဲ့သည်။ ပြီးတာနှင့် သူမသည် အနက်ရောင် အဏ္ဏဝါ ရွှမ်းမင်း၏ ဘဝကို ဖျက်ဆီးခဲ့မည်ကို စိုးရိမ်နေသည့်အတွက် သူမထံမှ ဆေးပုလင်းကို လုယူရန် အသေအချာ စဥ်းစားလိုက်သည်။

ကျဲယု၏ မိစ္ဆာသခင် အဆင့်သို့ တက်လှမ်းသွားနိုင်ခြင်းနှင့် ထွမ်းထွမ်း၏ ယုကျင်းတောင်သို့ ပြန်ရောက်လာခြင်းတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ယုကျင်းတောင်တို့အတွက် သိပ်မထူးခြားလှသော ကိစ္စများ ဖြစ်ကြသည်။

လင်းဖုန်းဘက်တွင် သူ့မှာလည်း လုပ်စရာ ကိစ္စများစွာ ရှိသည်။

ရှောင်ယန်နှင့် ကျန်သောသူများကလည်း သူတို့၏ မှော်ကျိန်စာများကို လေ့ကျင့်ကာ သူတို့၏ တပည့်များကို သင်ကြားပေးနေခဲ့သည်။ သူတို့သည် အခြေခံ တပည့်အသစ်များကိုလည်း စောင့်ရှောက်ဖို့ လိုအပ်သေး၏။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် တိုးတက်လာခဲ့ကာ ဆက်ခံသူ တပည့်များသည်

အခြေခံအုတ်မြစ် အဆင့်သို့
တစ်ယောက်ပြီးတစ်ယောက်
တက်ရောက်လာနိုင်ကြသည်နှင့် အမှု အခြေခံ
တပည့်များအား လှူိုရှုဖုန်း၊ ကျူးကော်ဝမ်ချိုးနှင့်
အခြား ဆက်ခံသူ တပည့်များက အဓိက
တာဝန်ယူ၍ သင်ကြားပေးခဲ့သည်။

ရှောင်ယန်၊ ဇူရီနှင့် ကျန်သော အခြား
လက်ရင်းတပည့်များသည် တစ်ခါတစ်ရံမှ
ဆင်းလာကြကာ အခြေခံ တပည့်များရော
ဆက်ခံသူ တပည့်များကိုပါ သင်ခန်းစာများ
ပို့ချပေးခဲ့ကြသည်။

သို့သော်လည်း ခွန်းလွန် စိတ်ဝိညာဉ်
အစည်းအဝေး အပြီးတွင် သူတို့၏
လတ်တလော တပည့်လက်ခံပွဲ
အခမ်းအနားတွင် လက်ခံထားသော အခြေခံ
မရှိသေးသည့် တပည့်အသစ်များစွာ
ရှိနေကြသဖြင့် ရှောင်ယန်၊ ဇူရီနှင့်
ကျန်သောသူများသည်
ဤအခြေခံတပည့်များကို ကိုယ်တိုင်ကိုယ်ကျ
သင်ကြားပေးခဲ့ကြ၏။

ဤသို့ပြုလုပ်ခြင်းအားဖြင့် သူတို့သည်
ဤတပည့်များ၏ အတိုင်းအတာများကို
သိရှိနိုင်ကြသည်။

"တတိယ တပည့်လက်ခံပွဲ အခမ်းအနားမှာ အရင်နှစ်ခေါက်က တပည့်လက်ခံပွဲတွေတုံးကထက် ပါရမီ ပါတဲ့သူတွေ အများကြီး ပိုများတယ်" ရှောင်ယန်က ရိုးသားစွာဖြင့် ပြောလိုက်၏။
"ထိပ်ဆုံးနှစ်ယောက်က အနာဂတ်မှာ ယွင်ချုံးထက်တောင် ပိုပြီးမှ သာနိုင်သေးတယ်"

အစောပိုင်း နှစ်ခေါက်က တပည့်လက်ခံပွဲ အခမ်းအနားနှင့် စာလိုက်လျှင် ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခင်ကထက် များစွာပို၍ နာမည်ကျော်ကြားကာ ဂုဏ်သတင်း မွေးပျံ့နေခဲ့ပြီ ဖြစ်သည်။ ကံတရားကလည်း

ထောက်ပံ့ပေးလိုက်သောအခါ တတိယအကြိမ် တပည့်လက်ခံခြင်း အခမ်းအနားသည် ဂိုဏ်း၏ သမိုင်းတလျှောက်တွင် အကောင်းဆုံးဟူ၍ သတ်မှတ်၍ ရနိုင်ခဲ့သည်။

ယွဲ့ဟုန်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "အစ်ကိုကြီးက တန်ကျွင်းနဲ့ ဟန်ရန်ကို ဆိုလိုနေတာမလား"

ရှီထျန်းဟောင်က မြူးကြွစွာဖြင့် ပြောလိုက်သည်။ "အစ်ကိုကြီးက တန်ကျွင်းကို လိုချင်နေတာမလား။ ဟီးဟီး၊ သဘာဝ မီးအနွယ်ဝင် ဖြစ်တည်မှုနဲ့ မီးသခင် ခန္ဓာကိုယ်၊ ကျွန်တော်မှတ်မိသလောက်ဆိုရင် ဒီလိုလူမျိုးက

မူလကောင်းကင် ကမ္ဘာရဲ့ သမိုင်းတလျှောက်မှာ တစ်ခါသာ ပေါ်ပေါက်ဖူးခဲ့ပြီး အဲ့ဒီအချိန်က ရှေးဟောင်းခေတ်မှာပဲ ဖြစ်တယ်"

တန်ကျွင်းနှင့် ဟန်ရန်တို့သည် နှလုံးသားကို ဖော်ပြသော လေ့ကားများကို ဖြတ်ကျော်ခဲ့ရာတွင် သူတို့၏ စွမ်းဆောင်ရည်များမှာ အကောင်းဆုံး ဖြစ်ခဲ့ပြီး တန်ကျွင်းကိုယ်တိုင်ကလည်း အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံမှုကို ပိုင်ဆိုင်ထားသည်။ သူသည် ဂိုဏ်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသော ယခုအသုတ် အခြေခံ တပည့်များတွင် ကျင့်ကြံမှု အမြင့်မားဆုံး ဖြစ်၏။

သူသည် အသက်၁၅နှစ်သာ ရှိသေး၍ အလားအလာများသည် လွန်စွာ ကောင်းမွန်နေသည်။

ရှောင်ယန်က ရိုးသားစွာနှင့် ပြောလိုက်၏။ "ဒီကောင်လေးရဲ့ အရိုးအရင်းမြစ်က ထူးခြားတယ်။ ဒါ့အပြင် သူ့မှာ ငါလေးစားရတဲ့ စိတ်အခြေအနေလည်း ရှိတယ်"

သူသည် ခေတ္တမျှ ငြိမ်သွားခဲ့ကာ ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ သူ့ဆီမှာ လျှို့ဝှက်ချက် တစ်ခုရှိနေသလိုပဲ။ ဆရာက သူဟာ မဟာကျိုး အင်ပါယာ ဒါမှမဟုတ်

လေမိသားစုအတွက် လုပ်ပေးနေတာ
ဖြစ်နိုင်တယ်လို့ ပြောထားတယ်"

အခြားတပည့်များက သူတို့၏ ခေါင်းများကို
အသီးသီး ညိတ်လိုက်ကြသည်။ သူတို့သည်
ယုကျင်းတောင်ပေါ်တွင် ရှိနေကြသော်လည်း
သူတို့၏ အကြည့်များကို ယွင်တောင်ထိပ်ပေါ်သို့
ပို့လိုက်ကြသည်။

ထိုနေရာတွင် အလင်းတန်း ပုံရိပ်တစ်ခုကို
တွေ့နိုင်ခဲ့သည်။ ဤအချိန်တွင်
အသက်ဆယ်နှစ်ပင် မပြည့်သေးသည့်
ကောင်းလေးတစ်ယောက်၏ပုံကို
ဖော်ပြထားခဲ့၏။ သူသည် ချစ်ဖွယ်ကောင်းကာ

သူ၏အကြည့်များမှာ တောက်ပလျှက် ရှိသည်။ သူသည် ကလေးတစ်ယောက်သာ ရှိသေးသော်လည်း သူကြီးပြင်းလာသောအခါ လူချောတစ်ယောက် ဖြစ်လာမည်ကို သိနိုင်ပေသည်။

ထိုလူငယ်အား ဟန်ရန်ဟု ခေါ်သည်။ သူ၏ နှလုံးသားကို ဖော်ပြသော လေှကားအပေါ်မှ စွမ်းဆောင်မှုသည် တန်ကျွင်းနှင့် ယှဥ်နိုင်ကာ အခြားသူများ အားလုံးတို့ထက် ပိုသာသည်။ သူ့အား ဇူရီက ယုကျင်းတောင်ပေါ်သို့ ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။ စိတ်ဝင်စားစရာကောင်းသည့် အချက်မှာ

သူသည် ယခင်က သူတောင်းစားတစ်ယောက် ဖြစ်နေခဲ့ခြင်း ဖြစ်၏။

သူသည် ဉာဏ်ကောင်းကာ စူးစမ်းလေ့လာတတ်သည်။ သူသည် အသက်ငယ်သေးသော်လည်း အကြံများ အပြည့်ရှိ၏။

သို့သော်လည်း သူ့တွင် ပြုပြင်ရမည့် စရိုက်များလည်း ရှိသည်။ အကယ်၍ သူကလိုလားလျှင် သူသည် လူများစွာတို့နှင့် အလိုက်သင့် ဆက်ဆံနိုင်သည်။ သို့သော်လည်း ဟန်ရန်၏ ပင်ကိုစရိုက်သည် မာနကြီးကာ

သူ့အား အရင်မိတ်လာဖွဲ့သည့် သူများကိုသာ သူက ပြန်လည်မိတ်ဖွဲ့ခဲ့သည်။

ရှီထျန်းဟောင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "သူက ဘယ်သူ့ဆီကို ဝင်မလဲ မသိဘူး။ ကျွန်တော်ကတော့ သူ့ကို ကြိုက်တယ်"

ဇူရီက ပြုံး၍ပြောလိုက်၏။ "သူက မသွေးရသေးတယ့် ကျောက်စိမ်းတုံး တစ်တုံးနဲ့တူတယ်။ သူက ငယ်ရွယ်သေးပြီး သင့်တော်တဲ့ လမ်းညွှန်မှုနဲ့ ကျင့်ကြံလိုက်မယ်ဆိုရင် လေးစားဖွယ်ရာ သူတစ်ယောက် ဖြစ်လာလိမ့်မယ်"

ပြီးတာနှင့် ဇူရီသည် လော်ချင်းဝူက ဟန်ရန်ကို အသေအချာ စိုက်ကြည့်နေခဲ့သည်ကို တွေ့လိုက်ရသည်။

"ဘာဖြစ်လို့လဲ ဂျူနီယာလော်"
ကျန်သောသူများ အားလုံးကလည်း သူမအား သတိပြုမိခဲ့သည်။

လော်ချင်းဝူသည် သတိပြန်ဝင်လာခဲ့ကာ အနည်းငယ် ချီတုံချတုံ ဖြစ်လှစွာနှင့် ပြောလိုက်သည်။ "အစောပိုင်းက ကျွန်မကဟာ အခြေခံ ကျင့်ကြံမှုတွေကို

သင်ကြားပေးနေစဉ်က ဟန်ရန်ဟာ  တစ်ခုခု
ထူးခြားနေတယ်လို့ ခံစားလိုက်ရတယ်။
ဘယ်လိုပြောရမလဲ.. သူနဲ့ကျွန်မက
ရင်းနှီးကျွမ်းဝင်နေသလိုမျိုး ခံစားနေရတယ်။

သူတို့သည် အချင်းချင်း ကြည့်လိုက်မိကြသည်။
ဇူရီက ငြိမ်သက်သွားပြီး
အချိန်အနည်းငယ်ကြာမှ ပြောလိုက်သည်။
"သူက ခေးကျင့်ကြံသူတစ်ယောက်
ဖြစ်လာနိုင်တယ်လို့ ဆိုလိုချင်နေတာလား"

လော်ချင်းဝူက ခေါင်းညိတ်လိုက်ကာ
ပြောလိုက်သည်။ "စီနီယာဇူ ပြောတာမှန်တယ်။
ကျွန်မကသူဟာ ခေးကျင့်ကြံသူကောင်း

တစ်ယောက် ဖြစ်လာနိုင်တယ်လို့
ခံစားနေရတယ်"

"ဂျူနီယာလော်က အတော်လည်တာပဲ"
ရှီထျန်းဟောင်က ပြုံး၍ပြောလိုက်သည်။
"မင်းကသူ့ကို တပည့်အဖြစ်
လက်ခံချင်နေတယ်လို့ အရိပ်အယောင်
ပြနေတာပေါ့"

လော်ချင်းဝူက ပြုံးလိုက်ကာ ပြောလိုက်၏။
"အရိပ်အယောင် ပြနေစရာ မလိုပါဘူး။
ကျွန်မက ကျွန်မဟာ သူ့ရဲ့ ဆရာဖြစ်ဖို့
ကံပါလာတယ်လို့ တကယ်ကို
ယုံကြည်နေတယ်။ ကျွန်မမှာ အခု

တပည့်တစ်ယောက်မှ မရှိသေးတော့ ပထမတပည့်က ထူးခြားတဲ့သူ တစ်ယောက်ဖြစ်ရမှာပေါ့၊ မဟုတ်ဘူးလား။ ဒါကြောင့် ခွင့်ပြုပေးကြတဲ့ စီနီယာတွေကို ကျေးဇူးအထူး တင်ပါတယ်"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "အရင်ဆုံး တပည့်တွေက ကိုယ့်ကို ရွေးချယ်ပါစေဦး။ ဒါမှသာ ငါတို့ကသူတို့ကို ဆန်းစစ်နိုင်မယ်။ တကယ်လို့ သူကနင့်ကို မရွေးချယ်ခဲ့ရင် နင်ကလည်း ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

လော်ချင်းဝူက သူမ၏ လျှာကိုထုတ်လိုက်ကာ ရှောင်ယန်အား ပြောင်ပြလိုက်သည်။
"စီနီယာရှောင်ယန်၊ ကျေးဇူးပြုပြီး ကျွန်မကို အနိုင်မကျင့်ပါနဲ့။ စီနီယာတို့က သင်ခန်းစာတွေကို ပို့ချကြတဲ့အခါ စီနီယာတို့ မျက်စိကျနေတဲ့ တပည့်တွေကို ဦးစားပေးပြီးမှ သူတို့က စီနီယာတို့ကို ဆရာအဖြစ် ရွေးချယ်အောင် ဆွဲဆောင်နေကြတယ်မလား"

သူတို့အချို့သည် စတင်ရယ်မောလိုက်ကြသည်။

ယန်ချင်သည် ယွင်တောင်ထိပ်မှ တပည့်အုပ်စုအား ဖော်ပြနေသော အလင်းတန်း ပုံရိပ်အတွင်းသို့ ကြည့်လိုက်သည်။

"ဒီတပည့်အုပ်စုက သိပ်မဆိုးဘူး။ အကောင်းဆုံး ဖြစ်နေကြတဲ့ တန်ကျွင်းနဲ့ ဟန်ရန်တို့အပြင် ကျန်တဲ့သူတွေကလည်း အတော်ကို ကောင်းမွန်ကြတယ်"

သူ၏ဘေးမှ ဝမ်လင်းကလည်း သူ၏ခေါင်းကို ညိတ်လိုက်ကာ အချို့တပည့်များကို ညွှန်ပြလိုက်သည်။ "ဟိုကောင်လေးနဲ့ ကောင်မလေး၊ ပြီးတော့ ဟိုမောင်နှမကလည်း မဆိုးဘူး"

လီယွမ်ဖန်းက ပြောလိုက်သည်။ "မန့်ဟုန်လူ၊ ရဲ့ရှင်းဟွေ၊ ရဲ့ရှင်းဟွမ်နဲ့ တန်ယွင်ချင်"

လော်ချင်းဝူက ပြုံးလိုက်ကာ ပြောလိုက်၏။ "ကျိုးယွင်ချုံး၊ ရှုယွင်စန်း၊ အခုကျတော့ တန်ယွင်ချင်။ ဟားဟား၊ ကျွန်မက တပည့်ဘယ်နှစ်ယောက်ရဲ့ နာမည်မှာ ယွင်ဆိုတဲ့ စကားလုံး ပါသလဲဆိုတာ စဉ်းစားနေမိတယ်"

ယွဲ့ဟုန်ယန်က အနည်းငယ် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ယွင်စန်းက သူ့ရဲ့ အမှားတွေကို ပြုပြင်နိုင်ခဲ့တယ်။ ယွင်ချုံးက ထူးချွန်ပြောင်မြောက်တယ်။ တကယ်လို့ တန်ယွင်ချင်ကလည်း အနာဂတ်မှာ တောက်ပလာနိုင်လို့ ရှိရင် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းမှာ ယွင်သုံးယွင် ရှိလာတော့မယ်။ စိတ်ဝင်စားစရာပဲ"

ရှောင်ယန်က ပြောလိုက်သည်။ "ဒီစိတ်ဝိညာဉ် အစည်းအဝေး အပြီးမှာ ကောင်းမွန်စွာ စွမ်းဆောင်နိုင်တဲ့ တပည့်တွေက သူတို့ရဲ့ ကိုယ်ပိုင်တပည့်တွေကို လက်ခံနိုင်ကြလိမ့်မယ်။ အနာဂတ်မှာ ဆန်းစစ်မှုတွေ ပြုလုပ်ခဲ့ရင် အမှတ်ကောင်းတဲ့ သူတွေဟာ ဒုတိယမျိုးဆက် တပည့်တွေ ဖြစ်လာနိုင်ပြီး အမှတ်နည်းတဲ့ သူတွေက တတိယအဆင့် မျိုးဆက် တပည့်တွေ ဖြစ်သွားကြမယ်"

ဇူရီကလည်း ပြောလိုက်သည်။ "ဂျူနီယာလီနဲ့ ဂျူနီယာလော်တို့ကလွဲလို့ ကျန်တဲ့သူတွေက ကိုယ်ပိုင်တပည့်တွေကို လက်ခံနိုင်တယ်လို့ ယူဆရတဲ့ တပည့်တွေကို ပြောနိုင်တယ်။ ငါ့ရဲ့ ကောင်းကင်ဘုံကျောင်း အတွက်ကိုတော့ ယင်းလော်ရှကို အဆိုပြုတယ်"

ရှောင်ယန်က ပြောလိုက်သည်။ "ငါကတော့ လျှို့ရှုဖုန်းကို ရွေးထားတယ်"

"ထျန်းချွမ်"

"ကျောက်ဟွမ်"

"ကျူးကော်ဝမ်ချီး"

ယန်ချင်တစ်ယောက်သာ ကျန်တော့သည်။
သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။
"တကယ်လို့ ယွင်ချုံးက တပည့်တွေကို
လက်ခံချင်ရင် သူက အနည်းဆုံး
ရွှေရောင်ဗဟိုချက် အဆင့်ကို ရောက်ပြီး
ယင်မီးတောက် ကပ်ဘေးကို ကျော်လွှားနိုင်မှ
ရမယ်"

ရှောင်ယန်နှင့် ကျန်သောသူများကလည်း
သဘောတူစွာဖြင့် ခေါင်းညိတ်လိုက်ကြသည်။

မဟာကောင်းကင် ခန်းမဆောင် အတွင်းတွင် လင်းဖုန်းကလည်း သူတို့၏ ဆွေးနွေးမှုများကို နားထောင်နေခဲ့ကာ ပြုံးလိုက်သည်။ "သူတို့ကလည်း ပါရမီရှင်တွေကို မျက်စိကျတတ်ကြတာပဲ"

ရှောင်ယန်နှင့် ကျန်သောသူများနှင့် မတူပဲ လင်းဖုန်းသည် သူတို့၏ ပင်ကိုစွမ်းရည် အမှတ်များကို ကြည့်နိုင်ခဲ့သည်။

ဤတပည့်လက်ခံပွဲ အခမ်းအနားတွင် အဓိက ရိပ်သိမ်းနိုင်ခဲ့သော သူများမှာ အမှတ်၃၀ကျော်

ရရှိခဲ့သော တန်ကျွင်းနှင့် ဟန်ရန်တို့ပင် ဖြစ်ကြ၏။

တန်ယွင်ချင်၊ မန့်ဟုန်လူနှင့် ရီမောင်နှမတို့မှာလည်း ထူးချွန်ပြောင်မြောက်သော သူများဖြစ်ကြသည်။ တတိယအကြိမ် တပည့်လက်ခံပွဲ အခမ်းအနားသည် အရှေ့မှ အခမ်းအနားများထက် ပိုမို အကျိုးအမြတ် ရှိခဲ့သည်။

"ကျိုးယွင်ချုံး၊ တန်ကျွင်း၊ ဟန်ရန်၊ ဟွမ်ကျန်းထင်၊ ယန်တီ" လင်းဖုန်းက တွေးလိုက်၏။ "ဒုတိယ မျိုးဆက် တပည့်တွေက

လုံလောက်တဲ့ ပါရမီတွေ ရှိနေကြပြီ။
နောက်ထပ် ပါရမီရှင် အုပ်စုတွေကို တတိယ
မျိုးဆက်အတွက် ချန်ထားမှ ဖြစ်မယ်"

ထိုအကြောင်းကို တွေးနေခဲ့ရင်း လင်းဖုန်းသည်
ရှောင်ယန်နှင့် ကျန်သောသူများကို
သူ့အားလာတွေ့ရန် မဟာကောင်းကင်
ခန်းမဆောင်သို့ ဆင့်ခေါ်လိုက်သည်။

"ကဲ၊ မင်းတို့က ဘာများ အစီအစဉ် ရှိကြသလဲ"
လင်းဖုန်းက သူတို့အား တွေ့လိုက်သောအခါ
မေးလိုက်သည်။ ရှောင်ယန်နှင့်
ကျန်သောသူများမှာ တစ်ယောက်မျက်နှာ
တစ်ယောက် ကြည့်လိုက်ကြသည်။

ရှောင်ယန်က အရင်ဆုံး ပြန်ဖြေလိုက်၏။
"သူတို့ကို ညွှန်ကြားပြသမှုအပြင် ဘာမှ
မရှိပါဘူး"

"ကျွန်တော်ကတော့ ယွင်စန်းကို မဟာကျိုး
အင်ပါယာကို ခေါ်သွားပြီး သူ့ညီမကို
ပြန်သွားခေါ်ပေးမယ်" ဇူရီက
ပြန်ဖြေလိုက်သည်။

ဝမ်လင်းက ခေတ္တမျှ ငြိမ်သက်သွားပြီးမှ
ပြန်ဖြေလိုက်၏။ "ကျွန်တော်ကတော့
ဟင်းလင်းပြင် စစ်တလင်း အတွင်းကို
ဝင်သွားပြီး သေမင်းခန်းမ အကြောင်းကို
စုံစမ်းချင်တယ်" သူ၏ မိသားစုဝင်များကို

သတ်ဖြတ်သွားခဲ့သော အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံသူသည်
လွတ်မြောက်နေဆဲ ရှိသေးသည်။

ယွဲ့ဟုန်ယန်က ပြန်ဖြေလိုက်သည်။
"ကျွန်မကတော့ တာအိုနည်းစနစ်တွေကို၊
မှော်ကျိန်စာတွေကို တံခါးပိတ် ကျင့်ကြံပြီး
အခြေတည်ဝိညာဉ် ဖန်ဆင်းနိုင်ဖို့
ပြင်ဆင်ချင်တယ်"

ယန်ချင်က အနည်းငယ်မျှ စဥ်းစားလိုက်ကာ
ပြောလိုက်သည်။ "ယွင်ချုံးကို
ဆက်လက်လေ့ကျင့် ပေးဖို့ကလွဲလို့
တခြားလုပ်စရာ ဘာမှ မရှိပါဘူး"

လီယွမ်ဖန်းက ပြန်ဖြေလိုက်၏။
"ကျွန်တော့်မှာလည်း ထူးထူးခြားခြား လုပ်စရာ ဘာမှ မရှိပါဘူး။ အခြေခံ တပည့်တွေကို သင်ကြားဖို့နဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် ကျင့်ကြံမှုတွေကို ပြုလုပ်ဖို့ပဲ ရှိပါတယ်"

ရှီထျန်းဟောင်၏ မျက်နှာပေါ်တွင် အပြုံးတစ်စက်မှ မရှိပဲနှင့် ပြောလိုက်သည်။
"ကျွန်တော်ကတော့ တတိယ စီနီယာနဲ့အတူ ဟင်းလင်းပြင် စစ်တလင်း အတွင်းကို လိုက်ဝင်ချင်တယ်။ ကျွန်တော့် မိဘတွေရဲ့ သတင်းကို မရသေးပဲ ကျွန်တော့်

အဘိုးကလည်း ဒီသုံးနှစ်အတွင်းမှာ ပြန်မလာခဲ့ဘူး"

လော်ချင်းဝူက ပြန်ဖြေလိုက်သည်။ "ကျွန်မမှာလည်း လုပ်စရာ မရှိဘူး။ ဒီစိတ်ဝိညာဉ် အစည်းအဝေး အပြီးမှာ ကျွန်မက နယ်နိမိတ်ဆယ်ပါး အဆုံးသတ်သော ယင်ခါးကို ကိုယ်တိုင်ကိုယ်ကျ အသုံးချခဲ့ရတယ်။ ဒါကြောင့်မို့ ကျွန်မမှာ အတွေးအမြင်သစ်တွေ ရရှိခဲ့ပြီး ပြန်လည် သုံးသပ်ရဦးမယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "မင်းတို့ကို အစောပိုင်းက

ယင်ပင်လယ်မှာ တောင်သုံးတောင်
ပေါ်လာတော့မယ် ဆိုတာကို ပြောထားခဲ့တယ်။
ငါတို့က ခန့်မှန်းနိုင်ပေမဲ့ သူတို့က
ဘယ်အချိန်မှာ ပေါ်လာမလဲ ဆိုတာကို
အသိအကျ မပြောနိုင်ဘူး။ ဒါကြောင့်မို့
အခွင့်အရေးကို လက်မလွှတ်ရလေအောင် ဘာမှ
လုပ်စရာ မရှိတဲ့ သူတွေက ငါနဲ့အတူ
ယင်ပင်လယ်ကို လိုက်လာခဲ့ပြီး အဲ့ဒီက
ပတ်ဝန်းကျင် အခြေအနေတွေနဲ့ ရင်းနှီးမှု
ရှိနေအောင် လုပ်ထားရမယ်"

"ဝမ်လင်းနဲ့ ထျန်းဟောင်၊ ဟင်းလင်းပြင်
စစ်တလင်းကို သွားပြီးတော့ မင်းတို့
လုပ်စရာရှိတာကို သွားလုပ်ခဲ့ကြ။ မင်းတို့က

ယင်ပင်လယ်ကို မလိုက်ရလို့လဲ ဘာမှမဖြစ်ဘူး။ ဘာပဲပြောပြော မင်းတို့က ထိခိုက်နစ်နာစရာ မရှိဘူး" လင်းဖုန်းက ပြောလိုက်ရာ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့က ပြုံးလိုက်ကြသည်။

"ဟုန်ရန်၊ မင်းက တံခါးပိတ်ပြီး အာရုံစိုက် ကျင့်ကြံနေ။ ချင်းဝူ၊ မင်းက မင်းရဲ့ အသိအမြင်တွေကို သုံးသပ်ပြီး နောက်တစ်ကွက်ကို တီထွင်ဖို့ ကြိုးစားနေပါ။ အခြေခံ တပည့်တွေကို သင်ကြားပေးဖို့ တာဝန်ကို မင်းကို ယာယီလွှဲအပ်ထားမယ်။ ဒါကလည်း မင်းအတွက် လေ့ကျင့်မှု တစ်မျိုးပဲ"

ထိုစကားအား ကြားရသောအခါ လော်ချင်းဝူက ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

လင်းဖုန်းက ရှောင်ယန်၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့အား ညွှန်ပြလိုက်သည်။ "မင်းတို့ သုံးယောက်တို့ကတော့ ပစ္စည်းသွားသိမ်းပြီး ယင်ပင်လယ်ကိုသွားဖို့ ပြင်ဆင်ထားကြ"

ပြီးနောက်သူသည် ဇူရီအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါတို့က မင်းနဲ့အတူ မဟာကျိုး အင်ပါယာကို လိုက်လာခဲ့မယ်။ ပထမ ယွင်စန်းရဲ့ ပြဿနာကို ပြေလည်အောင် ဖြေရှင်းပြီးမှ ယင်ပင်လယ် အတွင်းကို သွားကြတာပေါ့"

ရှောင်ယန်၊ ဇူရီ၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့သည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

## စာစဥ် ၃၈ : အပိုင်း ၁

## အပိုင်း ၇၁၁ : တရားမျှတစွာ သွား၍မေးရမည်

လင်းဖုန်းသည် သူတပည့်များအတွက် လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ပေးပြီးသွားသည်နှင့် ပြုံးကာမေးလိုက်သည်။ "ပြောရရင်

ငါတို့အထဲမှာ အရှေ့ပင်လယ် အကြောင်းကို ကောင်းကောင်းသိတဲ့သူ ရှိနေတယ်"

သူသည် စိတ်ချင်းဆက်သွယ်၍ ဆင့်ခေါ်လိုက်ကာ ခဏအကြာတွင် ကွေန္တားဘုရင်က လူထွားကြီး တစ်ဦးပုံစံကို ဖန်ဆင်းခဲ့ကာ သူတို့အရှေ့တွင် ရောက်လာခဲ့သည်။

ရှောင်ယန်နှင့် ကျန်သောသူများကလည်း သူ့အား တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့၏။ ကွေန္တားများသည် မြေရိုင်းလျှိုမြောင် အတွင်းတွင် နေကြကာ အချိန်အတော်ကြာက ခွန်းလွန်တောင်ပေါ်တွင်

လင်းဖုန်းက သိမ်းသွင်းထားခြင်း ဖြစ်သည်။ သို့သော်လည်း သူတို့သည် ခွန်းလွန်တောင်ပေါ်တွင် နေထိုင်ကြခြင်း မရှိပဲ အရှေ့ပင်လယ်နှင့် လီ၇၀၀၀ ဝေးကွာသော လီဘိုတောင်တွင် နေထိုင်ကြခြင်း ဖြစ်သည်။

သူတို့သည် လီဘိုတောင်တွင် နေထိုင်ကြစဉ်က ကွေ့နွားဘုရင်က သူတို့၏ ခေါင်းဆောင် ဖြစ်သည်။ သူတို့သည် ရေလှိုင်းသူတော်စင်ဟုခေါ်သော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ လက်အောက်တွင် နေထိုင်ကြခြင်း ဖြစ်သည်။ တစ်ချိန်တည်းတွင် သူတို့၏ ကိုယ်ပိုင် ကျင့်ကြံမှုများကို လေ့ကျင့်နေကြ၏။

သူတို့သည် သူ့ကျေးဇူးအောက်တွင်
ရှိနေကြသဖြင့် ကွေန္နားများသည် သူ့အား
သူတို့၏ ဆရာသခင်အဖြစ်
သတ်မှတ်ထားကြသည်။

ရေလှိုင်းသူတော်စင်သည် ခွန်းလွန်တောင်သို့
ရွှေ့ပြောင်းသွားခဲ့သဖြင့်
ကွေန္နားများသည်လည်း အရှေ့ပင်လယ်ကို
စွန့်ခွာသွားခဲ့ကာ အနောက်ပိုင်းသို့
လိုက်လာခဲ့ကြသည်။

သို့သော်လည်း သူတို့သည်
ရေလှိုင်းသူတော်စင်နှင့် အဆက်အသွယ်
ပြတ်တောက်သွားကြ၏။

ကွေနွားအုပ်စုများသည် သူချန်ထားရစ်ခဲ့သော ဆာရိုသံမဏိ အပင်ပေါက်အား စောင့်ရှောက်နေကြချိန်တွင် လင်းဖုန်းနှင့် တွေ့ရှိခဲ့ကြခြင်း ဖြစ်သည်။

ကွေနွားဘုရင် ရောက်ရှိလာသောအချိန်တွင် သူသည် လင်းဖုန်းအား ဦးညွှတ်လိုက်၍ ကျန်သောသူများအား နှုတ်ဆက်လိုက်သည်။ လင်းဖုန်း၏ အမိန့်များကို နားထောင်ပြီးသွားသောအခါ သူက ပျော်ရွှင်စွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။ "အရှင်က ကျွန်တော့်ကို ကောင်းကောင်း စောင့်ရှောက်ထားတဲ့အတွက်

ကျွန်တော်ကလည်း တကယ်ကို
ကျေးဇူးတင်မိပါတယ်"

ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။
"မြင်းအိုက လမ်းကို ကောင်းကောင်းသိတယ်
ဆိုတဲ့ စကားပုံအတိုင်း ဒီနေရာမှာတော့
နွားအိုက လမ်းကောင်းကောင်း သိတာပေါ့"

အားလုံးကလည်း သူ့ကိုကြည့်ကာ
ရယ်လိုက်ကြ၏။ ကွေ့နွားဘုရင်ကလည်း
လင်းဖုန်းအား ကြည့်လိုက်ကာ ရိုးသားစွာနှင့်
ပြောလိုက်သည်။ "အရှင်၊ ကျွန်တော်က
အသက်ကြီးပြီ ဖြစ်ပြီး ကျွန်တော့်ဘဝမှာ
အတွေ့အကြုံ များစွာတို့ကို ကြုံတွေ့ခဲ့ရပြီးပါပြီ။

ကျွန်တော်က အရှေ့ပင်လယ်ကို ခွဲခွာခဲ့ရတာ အကြာကြီးရှိပြီ ဖြစ်ပေမဲ့ နေလို့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မျိုးနွယ်စုက လူငယ်မျိုးဆက်တွေက သူတို့ရဲ့အိမ်ကို လွမ်းနေကြပါတယ်။ သူတို့ကိုများ တစ်ပါတည်း ခေါ်လာလို့ရမလား မသိဘူး"

"သူတို့က အရှေ့ပင်လယ်ကို ရောက်ရင်ရပါပြီ။ အရှင်တို့ရဲ့ အလုပ်ကို အနှောင့်အယှက် ဖြစ်မှာ စိုးတဲ့အတွက် ယင်ပင်လယ် အတွင်းကိုတော့ လိုက်လာမှာ မဟုတ်ပါဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဘာမှ စိုးရိမ်နေစရာ မလိုပါဘူး။ ယင်ပင်လယ်

အတွင်းက တောင်သုံးတောင် ပေါ်လာဖို့ကလည်း အချိန်အနည်းငယ် လိုပါသေးတယ်။ သူတို့က အချိန်စောပြီးတော့သာ ပေါ်မလာခဲ့ရင် ငါတို့က ကြိုပြီးတော့ စောရောက်သွားကြမှာပဲ"

ကွေန္တားဘုရင်က ပျော်ရွှင်စွာနှင့် ပြောလိုက်သည်။ "အရှင်က နားလည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်"

လင်းဖုန်းက စိတ်ချင်းဆက်သွယ်၍ နောက်ထပ် အမိန့်ပေးလိုက်ရာ ကျဲယုနှင့် ပိုင်ကွမ်းတို့က သူ၏အရှေ့သို့ ရောက်လာကြသည်။

လင်းဖုန်းအား မြင်လိုက်ရသောအခါ
ပိုင်ကွမ်းသည် အနည်းငယ် ကသိကအောက်
ဖြစ်နေခဲ့၍ ကျဲယုကလည်း
ရှက်ကိုးရှက်ကန်းဖြင့် ကြည့်နေခဲ့သည်။
ကျဲယုသည် သူ၏လက်များကို
မည်သည့်နေရာတွင် ထားရမည်မသိ
ဖြစ်နေခဲ့၏။

"အစောပိုင်းက ငါဟာ မင်းက
အတားအဆီးတွေကို ချိုးဖောက်သွားပြီး
မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို
ရောက်သွားခဲ့ရင် မင်းတို့နှစ်ယောက်ကို တစ်ခုခု
လုပ်ခိုင်းစရာ ရှိတယ်လို့ ပြောထားခဲ့တယ်"

လင်းဖုန်းသည် အစောပိုင်းက ဘာဖြစ်ခဲ့သည်ကို မသိသည့် ပုံစံမျိုးနှင့် လုံးဝ အစမဖော်ခဲ့ပဲ ဆက်ပြောလိုက်၏။ "အခုက အချိန်ကျပြီ။ ငါနဲ့လိုက်ခဲ့ပါ"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ ကျဲယုက ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ အရှင်"

ပိုင်ကွမ်းက အနည်းငယ် ချီတုံချတုံ ဖြစ်သွားပြီးမှ မေးလိုက်သည်။ "ကျွန်မရော လိုက်ခဲ့ရမှာလား"

သူမသည် သူ့အမိန့်ကို ဖီဆန်ချင်နေ၍ မဟုတ်ပေ။ သူမက တောင်ပေါ်ရှိနေသည့် အချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ စောင့်ရှောက်မှုအောက်တွင် ရှိနေခဲ့သည်။ သူမ၏ခင်ပွန်း ကျဲယုမှာလည်း လင်းဖုန်း၏ ကူညီမှုဖြင့် မိစ္ဆာသခင် စဦးပိုင်း အဆင့်မှ နောက်ဆုံးအဆင့်သို့ အချိန်အနည်းငယ်အတွင်း ရောက်ရှိသွားနိုင်ခဲ့သည်။

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဘာမှမဖြစ်ပါဘူး။ ဒီတာဝန်က မင်းတို့နှစ်ယောက်အတွက် ကောင်းမွန်တဲ့ အခွင့်အရေးတစ်ခု ဖြစ်လာနိုင်တယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွက်လည်း အကျိုးအမြတ်တွေ ဖြစ်ထွန်းလာနိုင်တယ်"

လင်းဖုန်းကိုယ်တိုင်က ဤကဲ့သို့ ပြောလာသောအခါ ပိုင်ကွမ်းကလည်း သူမ၏ လက်များကို ဆုပ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါအရှင်၊ ကျွန်မက အရှင့်ရဲ့ အမိန့်တွေကို နားထောင်ပါ့မယ်"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။ "ယင်ပင်လယ်ရဲ့ တောင်သုံးတောင်က မကြာခင်

ပေါ်လာတော့မယ်။ ငါက ငါ့တပည့်တွေကို အဲ့ဒီက ပတ်ဝန်းကျင်နဲ့ ရင်းနှီးကျွမ်းဝင်မှုတွေ ရှိအောင် ခေါ်သွားမယ်။ မင်းတို့နှစ်ယောက်ကလည်း လိုက်လာကြပါ"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် ထိုသတင်းကို ကြားလိုက်ရသောအခါ အနည်းငယ် တွေဝေမိန်းမောသွားကြသော်လည်း ဦးညွှတ်လိုက်ကြကာ သဘောတူလိုက်ကြသည်။

လင်းဖုန်းသည် ပြီးနောက် သူ၏ခေါင်းကို လှည့်လိုက်ကာ ရှောင်ယန်ထံသို့ ကြည့်လိုက်သည်။ "ကျန်းအာကလည်း

တောင်ပေါ်ကနေ မဆင်းရသေးဘူး။ သူမကသာ ဆန္ဒရှိရင် သူမကလည်း လိုက်လာနိုင်တယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ရှောင်ယန်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျေးဇူးအထူးပါ၊ ဆရာသခင်"

"ဒါဆိုရင်လည်း လိုအပ်တာတွေကို သွားပြီးမှ ပြင်ဆင်ထားကြပါ။ ငါတို့က မကြာခင် ထွက်ကြမယ်" လင်းဖုန်း၏ စကားဆုံးသည်နှင့် ဟင်းလင်းပြင်တွင် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ကာ မြောင်ရှီးဟောင်က ပြုံးနေကာ ထွက်လာခဲ့သည်။ သူကပြောလိုက်၏။ "အရှင်၊ ကျွန်တော်က ကြိုသိနေတယ်။ ယင်ပင်လယ်က

တောင်သုံးတောင် ပေါ်လာတဲ့ ကိစ္စလိုမျိုး ကြီးမားတဲ့ အဖြစ်အပျက်ကို အရှင်က ဘယ်လိုလုပ်ပြီး လက်လွှတ်ခံပါ့မလဲ"

သူ၏ခေါင်းကို လှည့်လိုက်ကာ ရှောင်ယန်၊ ဇူရီ၊ ကျဲယုနှင့် ကျန်သောသူများကို ကြည့်လိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်၏။
"တခြားသူတွေက လိုက်ပါလာကြလည်း ကိစ္စမရှိပါဘူး။ သူတို့က အရှင်နဲ့ ကျွန်တော်တို့က ယင်ပင်လယ်မှာ ပျော်ရွှင်နေကြမှာကို မနှောင့်ယှက်နိုင်ဘူး"

ရှောင်ယန်နှင့် ကျန်သောသူများသည် အနည်းငယ် တုန်ခါသွားကြကာ သူတို့၏

အကြည့်များကို အခြားတစ်နေရာသို့ လွှဲလိုက်ကြသည်။ မြောင်ရှီးဟောင်၏ လင်းဖုန်းအပေါ်တွင် ကျရောက်နေသော မဟုတ်တရုတ် စွဲလမ်းမှုများသည် သူတို့အပေါ်သို့ ကျရောက်လာမည်ကို ကြောက်ရွံ့နေကြသကဲ့သို့ ဖြစ်၏။

လင်းဖုန်း၏ အမူအရာများသည် မပြောင်းလဲခဲ့ပေ။ "ရှီးဟောင်၊ မင်းက စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ခဲ့တာ သိပ်မကြာသေးတော့ ယုကျင်းတောင်ပေါ်မှာပဲ နေခဲ့ပြီး မင်းရဲ့ မှော်စွမ်းအင်တွေကို ဆက်လက်ကျင့်ကြံနေသင့်တယ်။ တကယ်လို့ ယင်ပင်လယ် အတွင်းမှာ လိုချင်နေတဲ့

ပစ္စည်းတွေရှိရင် ငါ့ကိုပြောလိုက်ပါ၊
ငါမင်းအတွက် ယူပြန်လာပေးမယ်"

မြောင်ရှီးဟောင်က မခို့တယ်လို့ပြုံးလိုက်ကာ
သူ၏ခေါင်းကို ခါလိုက်သည်။ "ကျွန်တော်က
ဘယ်လိုလုပ်ပြီး မလိုက်လို့ရမှာလဲ။ ဒီလိုမျိုး
စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်တစ်ခုကို
ဘယ်လိုလုပ်ပြီး လက်လွှတ်လိုက်ရမှာလဲ။
ကျွန်တော် လိုချင်နေတဲ့ ပစ္စည်းကို
မရခဲ့ရင်တောင် အရှင်နဲ့ အရှေ့ပင်လယ်ကို
အတူတူ ခရီးထွက်ရရင် တန်ပါတယ်"

သူသည် အသက်ပြင်းပြင်း ရှူလိုက်ကာ သူ၏
မျက်လုံးအစုံကို ပိတ်လိုက်ရင်း မူးဝေနေသကဲ့သို့

ပြောလိုက်သည်။ "အရှင်၊
စဉ်းစားကြည့်လိုက်စမ်းပါ။ တောက်ပတဲ့
လရောက်အောက်က အပြာရောင် ရေလှိုင်းတွေ၊
ကြည်လင်လန်းဆန်းစေတဲ့ ပင်လယ်ရဲ့
လေပြည်လေညင်းတွေ.. အိုး!
တွေးလိုက်တာနဲ့တောင်
တိုင်းတာလို့မရနိုင်အောင် ပျော်ရွှင်စေခဲ့တယ်။

အုပ်စုအတွင်းမှ ကျန်သောသူများမှာ သူတို့၏
နှုတ်ခမ်းများကို တွန့်လိုက်ကြကာ
ခြောက်ကပ်စွာနှင့် ပြုံးလိုက်ကြ၍ ခေါင်းများကို
ညိတ်လိုက်ကြသည်။ "ဟား..ဟား..
ဟုတ်တယ်.. ဟုတ်တယ်.."

လင်းဖုန်း၏ အမူအရာမှာ တည်ငြိမ်လျှက်သာ ရှိသေး၍ မြောင်ရှီးဟောင်အား မေးလိုက်သည်။ "မင်းက တကယ်ပဲ သွားချင်နေတာလား"

မြောင်ရှီးဟောင်က ခေါင်းကိုညိတ်လိုက်ကာ ဖြေလိုက်သည်။ "သွားချင်တာပေါ့"

"မင်းက စိတ်အပြောင်းအလဲ မြန်တယ်။ ပုံမှန်ဆိုရင် မင်းက တစ်ခုခု ပြောပြီးသွားရင် ခဏအကြာမှာ လုံးဝမေ့သွားပြီ။ အခုရော ဒီလိုမျိုး လုပ်ဦးမှာလား" လင်းဖုန်းက သာမန်သာ မေးလိုက်၏။

မြောင်ရှီးဟောင်သည် သူ၏ရင်ဘတ်အား ပုတ်လိုက်ကာ ပြောလိုက်သည်။ "ဒါက တခြားအရာတွေမှာပဲ လုပ်တတ်တာ။ အရှေ့ပင်လယ်ကို သွားမယ့် ဒီခရီးမှာ ဒီကအစ်ကို ရှီးဟောင်က ဆုံးဖြတ်ပြီးသွားပြီ။ ကျွန်တော်က ဆုံးဖြတ်ချက်ကို မပြောင်းတော့ဘူး။ ဂိုဏ်းစောင့်ရှောက်သူ တစ်ယောက်အဖြစ် ကျွန်တော်က ဘာဖြစ်လို့ ဘာမှမလုပ်ပဲ နေရမှာလဲ"

"ယင်ပင်လယ်က တောင်သုံးတောင် ပေါ်လာတဲ့ ကိစ္စဟာ လူသားကျင့်ကြံမှု ကမ္ဘာအတွင်းက အနေအထားတွေကို ပြောင်းသွားစေနိုင်တဲ့ အရေးကြီးတဲ့ ကိစ္စတစ်ခု ဖြစ်တယ်။

ကျွန်တော်တို့ဂိုဏ်းက ဘာမှမလုပ်ပဲ ထိုင်နေလို့ မဖြစ်ဘူး။ ကျွန်တော်က ဂိုဏ်းအတွက် တစ်ခုခု လုပ်ပေးချင်တယ်။ အရှင်က ဘာမှစိတ်ပူမနေပါနဲ့၊ ကျွန်တော်က သွားမယ်ဆို မဖြစ်မနေ သွားမှာပါ"

မြောင်ရှီးဟောင်၏ ကိုယ့်ကိုယ်ကိုယ် အမွှမ်းတင် ပြောဆိုနေမှုကို ရှောင်ယန်နှင့် ကျန်သောသူများက အထင်သေးစွာဖြင့် နှာခေါင်းရှုံ့လိုက်ကြသည်။ "ဟွန့်"

"အိုး၊ ဒီလိုလား" လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ရှီးဟောင်၊

မင်းက တကယ်ပဲ ဒီလိုမျိုးတွေးတယ်ဆိုရင်
ငါက ကျေနပ်အားရမိတယ်"

"မင်းမှာက အတွေ့အကြုံတွေ အများကြီး
ရှိတဲ့အတွက် မင်းကို တစ်ပါတည်း ခေါ်သွားရင်
အများကြီး အကူအညီရမှာပဲ။ ငါကလည်း
အားရှိသွားပြီ"

မြောင်ရှီးဟောင်သည် သူ၏ပါးစပ်ကို
လက်ဝါးဖြင့် ပိတ်ထားလိုက်ကာ တသိမ့်သိမ့်နှင့်
ရယ်လိုက်၏။ "အိုင်းယား၊ အရှင်ရယ်၊ အရှင်က
နောက်ဆုံးမှာတော့..." သူ၏စကားမဆုံးခင်
သူသည် ထိတ်လန့်တုန်လှုပ်စွာနှင့် ရုတ်တရက်
ရပ်သွားခဲ့သည်။

လင်းဖုန်း၏ ဘေးတွင် ဟင်းလင်းပြင်က
ကွဲဟသွား၍ အရပ်ရှည်ရှည်နှင့် ခရမ်းရောင်
ဝတ်စုံကို ဝတ်ထားသည့် ကြေးနီရောင်
အသားအရည်နှင့် လူငယ်တစ်ယောက်က
ထွက်လာကာ လင်းဖုန်းအနားတွင်
ရပ်လိုက်သည်ကို တွေ့ခဲ့ရသည်။

ထိုခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော
ကြေးနီရောင် အသားအရည်နှင့် လူငယ်သည်
လင်းဖုန်းနှင့် လုံးဝ မတူညီခဲ့ပေ။
သူထုတ်လွှတ်နေသော အော်ရာကပင်
ကွဲပြားနေခဲ့၏။ သို့သော်လည်း
သူ၏ခန္ဓာကိုယ်မှ မှော်စွမ်းအင်သည်

ခေတ်အချို့မှလွဲ၍ လင်းဖုန်းနှင့် ထပ်တူနီးပါး တူညီနေခဲ့သည်။

ထိုအရာသည် ဆာရိုသံမဏိ သစ်ပင်၏ ထာဝရ မဖျက်ဆီးနိုင်သော စွမ်းအားကို ပိုင်ဆိုင်ထားခဲ့သည်။

ထိုအရာသည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားဖြစ်၏။ ကောင်းကင်စကြာဝဠာ အလင်းတန်းကမ္ဘာ အတွင်းတွင် နှစ်ပေါင်းများစွာ လေ့ကျင့်ပြီးနောက်တွင် ထိုသံမဏိသစ်ပင် ကိုယ်ပွားသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်၍ အင်မော်တယ် ဝိညာဉ်

အဆင့်သို့ ရောက်ရှိနိုင်ရန် ခြေတစ်လှမ်းသာ လိုတော့သည်။

မြောင်ရှီးဟောင်၏ ရင်အတွင်းတွင် နိမိတ်မကောင်းသော ခံစားချက်များ ပေါ်လာခဲ့သည်။ ပြီးတာနှင့် သူသည် လင်းဖုန်း၏ တည်ငြိမ်စွာဖြင့် ပြောလိုက်သည်ကို ကြားလိုက်ရ၏။ "အခုတစ်ခေါက် အရှေ့ပင်လယ်ကိုသွားဖို့ ခရီးမှာ ငါက ယုကျင်းတောင်ပေါ်မှာ လုပ်စရာကိစ္စတွေ ရှိသေးတာမို့ မလိုဘူးဆိုရင် မလိုက်တော့ဘူး"

"ဒါကြောင့် အခုယင်ပင်လယ်က လျှို့ဝှက်ချက်တွေကို ဖော်ထုတ်မယ့် ခရီးမှာ

ငါ့ရဲ့ သံမဏိသစ်ပင် ကိုယ်ပွားက မင်းတို့နဲ့ လိုက်လာခဲ့မယ်"

ပြီးတာနှင့် လင်းဖုန်းသည် သူတို့အုပ်စုအား ခေါင်းညိတ်ပြလိုက်ကာ ပျောက်ကွယ်သွားခဲ့သည်။ အမြဲတမ်းပင် ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့သော ရွှမ်းလီသည်လည်း ရောမ ဓားအိမ်ကြီးကို သယ်ဆောင်ထားခဲ့ကာ ပျောက်ကွယ်သွားခဲ့၏။

သံမဏိသစ်ပင် ကိုယ်ပွားသည် ဘာမှ မဖြစ်ခဲ့သလို ပြောလိုက်သည်။ "အားလုံးပဲ သွားပြီးတော့ ပြင်ဆင်ထားကြပါ။ ငါတို့က နောက်တစ်ရက်မှာ ခရီးစထွက်မယ်"

မြောင်ရှီးဟောင်သည် ထိုနေရာတွင် ပါးစပ်အဟောင်းသားနှင့် ရပ်နေခဲ့သည်။ သူ၏ မျက်လုံးအိမ်များသည် လှုပ်ရှားနေခဲ့ကာ သံမဏိသစ်ပင် ကိုယ်ပွားအား အကြာကြီး စိုက်ကြည့်နေခဲ့၏။ နောက်ဆုံးတွင် သူက ပြုံးလိုက်ကာ ပြောလိုက်သည်။ "အရှင်၊ အရှင်က ကိုယ်ပွားကို တောင်ပေါ်မှာ ထားခဲ့ပြီး အရှင်ကိုယ်တိုင်က လိုက်လာလို့ မရဘူးလား"

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဘာများဖြစ်လို့လဲ၊ ငါတို့က စိတ်ချင်းဆက်သွယ်ထားကြတာပဲ"

မြောင်ရိုးဟောင်က အသက်မပါသလိုနှင့် ပြောလိုက်သည်။ "ဘာမှ မဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး"

သူသည် သံမဏိသစ်ပင် ကိုယ်ပွားအား ကြည့်လိုက်ကာ တိုးတိုးလေး ရေရွတ်လိုက်သည်။ "အကုန်လုံးက မှားတာပဲ။ လုံးဝကို ဆိုးရွားတာပဲ။ ဒါက သူတို့နှစ်ယောက်က စိတ်ချင်းဆက်သွယ်ထားကြပေမဲ့ ဒါက ငါ့အကြိုက်ပုံစံ မဟုတ်ဘူး"

"အရှင်၊ ကျွန်တော့်ရဲ့ မှော်စွမ်းအင်တွေက ရုတ်တရက်ပဲ မတည်မငြိမ် ဖြစ်လာခဲ့တယ်။ ကျွန်တော်က တောင်ပေါ်မှာပဲ ဆက်လက် ကျင့်ကြံနေရင် ကောင်းမယ်နဲ့တူတယ်.." မြောင်ရှီးဟောင်က အတွန့်တက်ရန် ကြိုးစားခဲ့လိုက်သောလည်း လင်းဖုန်းက သူ့အား တည်ငြိမ်စွာနှင့် စိုက်ကြည့်နေခဲ့၍ ရှောင်ယန်နှင့် ကျန်သောသူများက သူတို့၏ ရယ်သံများကို ဖုံးအုပ်ရန် ကြိုးစားနေခဲ့ကြသည်။

မြောင်ရှီးဟောင်သည် သူ့တစ်ကိုယ်လုံးက အားများ ကုန်ဆုံးသွားခဲ့သကဲ့သို့ ဖြစ်သွားခဲ့သည်။ သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ကာ ပြောလိုက်သည်။

"ကောင်းပြီ၊ ကောင်းပြီ။ ဘယ်လိုဖြစ်မလဲ ကြည့်ကြတာပေါ့"

မြောင်ရှီးဟောင်၏ မကျေမနပ် ဖြစ်နေသော ပုံရိပ်လေး ပျောက်ကွယ်သွားသည်ကို ကြည့်နေခဲ့ကာ ရှောင်ယန်နှင့် ကျန်သောသူများသည် ရယ်ချင်နေကြသော်လည်း မရယ်ရဲနေကြပေ။ သူတို့သည် အပြုံးများကို ကြိုးစားထိန်းချုပ်နေခဲ့ရသဖြင့် ပါးများပင် နာနေကြ၏။ ရှီထျန်းဟောင်က စပ်စုစွာနှင့် မေးလိုက်သည်။ "ဆရာ၊ မစ္စတာမြောင်က ဆရာ့ရဲ့ သံမဏိသစ်ပင် ကိုယ်ပွားကို ဘာဖြစ်လို့ သဘောမကျတာလဲ"

"မစ္စတာမြောင်က သန်သန်မာမာနဲ့ ယောကျ်ားပီသတဲ့သူတွေကို သဘောကျတာ မဟုတ်ဘူးလား။ ဆရာရဲ့ သံမဏိသစ်ပင် ကိုယ်ပွားက သူ့အကြိုက် ဖြစ်သင့်တာပေါ့"

မြောင်ရှီးဟောင်နှင့် အချိန်ကြာမြင့်စွာ ဆက်ဆံခဲ့ပြီးနောက်တွင် အားလုံးတို့သည် သူ၏ အကြိုက်များကို သိထားကြသည်။

လင်းဖုန်းက ပြုံးလိုက်ကာ လီယွမ်ဖန်းအား လက်ညှိုးထိုးလိုက်၍ ပြောလိုက်သည်။ "ရှီးဟောင်က ဒီနှစ်တွေအတွင်းမှာ

ကျင့်ကြံနေရင်း အားလပ်တဲ့ အချိန်မှာ ဂိုဏ်းအတွင်းမှာ လျှောက်သွားနေတတ်တယ်။ သူက ယွမ်ဖန်းကို တွေ့တဲ့အချိန်မှာ သူက ယွမ်ဖန်းက သူ့အကြိုက် မဟုတ်ဘူးလို့ ပြောတယ်"

လီယွမ်ဖန်း၏ ပုံမှန်ဆိုလျှင် လေးနက် မည်းမှောင်နေသော မျက်နှာသည် ကသိကအောက် ဖြစ်စွာနှင့် ခါးသီးစွာ ရယ်လိုက်သည်။ "ကျွန်တော်က ဒီနေရာမှာ ကံကောင်းသွားခဲ့တယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ငါ့ရဲ့ သံမဏိသစ်ပင် ကိုယ်ပွားနဲ့ ယွမ်ဖန်းတို့ရဲ့ အကြားမှာ ဘာတူညီတာကို သတိထားမိသလဲ"

ရှီထျန်းဟောင်က ရုတ်တရက် သဘောပေါက်သွားခဲ့သည်။ "အသားအရောင်၊ နှစ်ယောက်စလုံးတို့ဟာ ကြေးနီရောင်လိုမျိုး အသားမည်းတယ်။ မစ္စတာမြောင်က အသားဖြူတဲ့ သူတွေကိုပဲ သဘောကျတာ"

သူတို့အုပ်စုသည် ရယ်လိုက်ကြကာ သူတို့၏ ခေါင်းများကို ခါလိုက်ကြသည်။ ရှောင်ယန်က သူ၏မေးကို ပွတ်သတ်နေခဲ့ကာ

ပြောလိုက်သည်။ "ဆရာ၊ ဆရာရဲ့ အသားအရောင်ကို ပြောင်းလိုက်ပါလား"

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။ "အလုပ်မဖြစ်ဘူး။ သူ့ရဲ့ စွမ်းရည်နဲ့ဆိုရင် ငါက ပြောင်းထားတာကို သိနေမှာ"

အားလုံးတို့က ရယ်မောလိုက်ကြ အပြီးတွင် သူတို့၏ ပြင်ဆင်မှုများကို သွားလုပ်လိုက်ကြ၏။ အရာအားလုံး ပြင်ဆင်ပြီးသွားသောအခါ သူတို့သည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွား၏ ဦးဆောင်မှုဖြင့် အရှေ့ပင်လယ်သို့ သွားလိုက်ကြသည်။

သူတို့ခရီး၏ ပထမတစ်ထောက်
နားသောနေရာသည် မဟာကျိုး အင်ပါယာ၏
မြို့တော် ထျန်းကျင်း ဖြစ်သည်။

ရှုယွင်စန်းသည် ဇူရီအနောက်တွင်
လိုက်ပါလာခဲ့ကာ တွေးလိုက်သည်။
"ဂရန်းမာစတာနဲ့ ဆရာတို့ရဲ့ စိတ်ထဲမှာ
ဘယ်လိုများ ရှိနေလည်း မသိဘူး"

သူသည် ဇူရီအား ကြည့်လိုက်ကာ
ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော်က
မဟာကျိုး အင်ပါယာရဲ့ သံသယဝင်မှာ စိုးတာနဲ့

ကိုယ်ပိုင် စမ်းစစ်မှုတွေ မလုပ်ရဲဘူး။ ကျွန်တော့်ညီမ ဘယ်နေရာမှာ ရှိသလဲ ဆိုတာကို မသိပဲ ဘယ်ကနေ စရမှန်းကို မသိဘူး"

ဇူရီက သူ၏လက်များကို ကျောနောက်တွင် ပစ်ထားခဲ့ရင်း တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "လျှို့ဝှက်စွာ လုပ်နေဖို့ မလိုပါဘူး။ ငါတို့က တရားမျှတစွာနဲ့ သွားမေးလိုက်ရုံပဲ။ ဘာပဲပြောပြော ငါတို့က အမှားလုပ်ထားကြတဲ့ သူတွေမှ မဟုတ်တာ"

## စာစဥ် ၃၈ : အပိုင်း ၂

## အပိုင်း ၇၁၂ : ကျုပ်တို့က သူမအတွက်လာတာ

"ငါတို့က သူမကို တိုက်ရိုက်သွားရှာပြီး မေးလို့ရတယ်" ဇူရီက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ သူသည် တိုက်ရိုက်ပင် ရိုးရှင်းစွာနှင့် ပြောလိုက်၏။

ရှုယွင်စန်းသည် ငြိမ်သက်သွားခဲ့သည်။ အချိန်အတော်ကြီး ကြာမှသာ သူသည် သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ သူသည် ပုံမှန်ဆိုလျှင် လေးနက်ကာ အစီအစဉ်တကျ လုပ်တတ်သူ ဖြစ်သော်လည်း

သူ့အား ငယ်စဉ်က သွန်သင်ဆုံးမလာမှုကြောင့် အနည်းငယ် ကောက်ကျစ်တတ်သည်။ သူ၏ စိတ်အတွင်းတွင် အတွေးများစွာ ရှိသော်လည်း သူသည် ပွင့်လင်းစွာ ပြောလေ့မရှိပေ။

ထို့ကြောင့် သူ၏ ကိုယ်ပိုင်စိတ်ထားအရ သူသည် သူမအား တိတ်တိတ်ကလေး သွား၍ကယ်ဖို့သာ စဥ်းစားနေခဲ့၏။ သို့သော်လည်း သူ၏ဆရာနှင့် ဂရန်းမာစတာတို့သည် လွန်စွာ ဆုံးဖြတ်ချက် ပြတ်သားသူများ ဖြစ်သည်ကို မေ့သွားခဲ့သည်။

လင်းဖုန်းသည် မလုပ်ဆောင်မီ သေချာစွာ အစီအစဉ် ချထားကာ အရာအားလုံးကို

ထည့်သွင်း တွက်ချက်ထားခဲ့သည်။ သို့သော်လည်း သူသည် ဆုံးဖြတ်ချက် ချပြီးသည်နှင့် တပြိုင်နက် ဘာမှ တွေဝေနေခြင်း မရှိခဲ့ပဲ လုပ်ဆောင်ခဲ့သည်။

ဇူရီသည် လူကြီးလူကောင်း ဆန်ကာ စိတ်ထားမြင့်မြတ်သူ ဖြစ်၏။ သူသည် ကလိမ်ကျနည်း မျိုးပေါင်းစုံကို သိသော်လည်း သူတို့အား အသုံးပြုရန် စိတ်မဝင်စားခဲ့ပေ။ အကယ်၍ သူသည် တစ်စုံတစ်ခုအား ပြုလုပ်မည် ဆိုပါက တရားမျှတစွာနှင့် ပွင့်ပွင့်လင်းလင်း ပြုလုပ်မည် ဖြစ်သည်။ အကယ်၍ သူ့ဘက်တွင် တရားမျှတမှု ရှိနေပါက ပို၍ပင် ကောင်းသေးသည်။

ရှုယွင်စန်း အနေနှင့်ဆိုလျှင် သူကသာ ပြုလုပ်ရမည်ဆိုပါက အလွန်အမင်း ခက်ခဲမည် ဖြစ်သည်။ မဟာကျိုး အင်ပါယာ၏ သူလျှိုတစ်ယောက် အနေနှင့် သူ့တွင် မဟာကျိုး အင်ပါယာမှ လိုချင်နေသော ပစ္စည်းများ အမြောက်အမြား ရှိနေလျှင်ပင် သူသည် မဟာကျိုး၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မည်သို့မှ ရုန်းမထွက်နိုင်ပဲ သူတပါးတို့၏ ထိန်းချုပ်မှုကိုသာ ခံရမည် ဖြစ်၏။

သို့သော်လည်း လင်းဖုန်းနှင့် ဇူရီတို့သည် ကွဲပြားခြားနားကြ၏။ သူတို့အနေနှင့်ဆိုရလျှင်

သူတို့ ဒုတိယမျိုးဆက် တပည့်တစ်ယောက်၏ မိသားစုဝင် တစ်ယောက်က ပြန်ပေးအဆွဲခံထားရခြင်း ဖြစ်သည်။ သူတို့သည် သူမအား တိုက်ရိုက်တောင်းဆိုခွင့် ရှိကြသည်။

ဇူရီသည် သူပြောထားသည့်အတိုင်း လုပ်ခဲ့သည်။ သူက ထျန်းကျင်းမြို့သို့ ရောက်သောအခါ မြို့ဆင်ခြေဖုံးမှ သူ၏နေရာသို့ သွားရောက်နေထိုင်ခဲ့သည်။ ပြီးတာနှင့် သူသည် ထိုအိမ်မှ သူ၏အိမ်တော်ထိန်းကို လွှတ်လိုက်၍ မဟာကျိုး အင်ပါယာမှ အိမ်ရှေ့မင်းသား လျှမ်ယွမ်အား ဖိတ်ခေါ်လိုက်၏။

သူသည် သူ၏ဖိတ်စာအား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ရွှမ်ရီမာစတာ ဇူရီဟူ၍ လတ်မှတ်ရေးထိုးခဲ့သည်။ ဆိုလိုရင်းမှာ ရှင်းလင်းနေ၏။ သူသည် မှူးမတ်တစ်ယောက်က အိမ်ရှေ့မင်းသားအား ဖိတ်ခေါ်သည့် အနေနှင့် မဟုတ်ပဲ ကျင့်ကြံသူတစ်ယောက်က တာအိုရောင်းရင်း တစ်ယောက်အား တွေ့ဆုံရန် ဖိတ်ကြားသည့် သဘောဖြစ်သည်။

လျှမ်ယွမ်သည် ထိုဖိတ်စာအား ရရှိသောအခါ မည်သည့်အကြောင်းကြောင့် ဖိတ်ခေါ်ခဲ့သည်ကို မသေချာနေခဲ့ပေ။ ဇူရီသည် သူ၏တပည့်ဖြစ်သူ ရှုယွင်စန်းအား ခေါ်ကာ မဟာကျိုး အင်ပါယာသို့

လာခဲ့ခြင်းကို သိခဲ့ရအပြီးတွင် သူ၏ ရင်မှာ လေးလံသွားခဲ့သည်။ ကောင်းသောလာခြင်း မဟုတ်မှန်းကို သိနေခဲ့သော်လည်း သူသည် သွားတွေ့မှ ရပေလိမ့်မည်။

သူတို့နှစ်ယောက် တွေ့လိုက်သောအခါ ဇူရီက တိုက်ရိုက်ပင် ပြောလိုက်၏။ "ကျုပ်တပည့် ရှုယွင်စန်းက သူ့ရဲ့ညီမ ရှုမြောင်ရင်ဟာ မဟာကျိုး အင်ပါယာရဲ့ စောင့်ရှောက်မှုအောက်မှာ နှစ်ပေါင်းများစွာ ရှိနေတယ်ဆိုတာကို ပြောထားတယ်။ ဒီကနေ့မှာ ကျုပ်က သူတို့နှစ်ယောက် ပြန်လည်ဆုံစည်းရဖို့ရာ ပြန်လာခေါ်တာပါ"

"ဒီလိုမျိုး ပျော်ရွှင်ဖွယ်ရာ အချိန်ကို မင်းသားအနေနဲ့ မငြင်းပယ်ဘူးလို့ မျှော်လင့်ပါတယ်"

လျှမ်ယွမ်က သူ၏ခေါင်းကို မော့လိုက်ကာ ရှူယွင်စန်းအား ကြည့်လိုက်ပြီး ဘာမှမပြောခဲ့ပေ။ သူခေါ်ဆောင်လာသော မဟာကျိုး အင်ပါယာမှ ကျင့်ကြံသူများ၏ မျက်နှာများမှာ မည်းမှောင်နေခဲ့၏။

ရှူယွင်စန်းက မသက်မသာ ဖြစ်စွာနှင့် ပြောလိုက်သည်။ "ဒီလိုမျိုး ကိစ္စသေးသေးလေး အတွက် လူတွေအများကြီး ပါဝင်ပတ်သတ်စရာ မလိုပါဘူး။ ဒီကိစ္စအတွက် တာဝန်ရှိတဲ့သူက

အိမ်ရှေ့မင်းသား လျှမ်ယွမ်ရဲ့
လက်အောက်ကသူပါ"

သူသည် နှစ်တစ်ရာ အလုပ်ကြမ်း လုပ်ရမည် ဖြစ်သော်လည်း ရှုယွင်စန်းသည် သူ၏ဂိုဏ်းကို အလွန်ပင် ချစ်မြတ်နိုးသည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့သည် သူ့ညီမ ကိစ္စအတွက်နှင့် မသင့်မမြတ် ဖြစ်မည်ကိုလည်း စိုးရိမ်နေခဲ့သည်။

လျှမ်ယွမ်က ဇူရီအား လေးလံသော အမူအရာဖြင့် ပြောလိုက်သည်။ "ဒီနေရာမှာ နားလည်မှု လွဲမှားတာတွေ မရှိနိုင်ဘူးလား။ ကျုပ်သိထားသလောက်ဆိုရင် ရွှမ်ရီမာစတာရဲ့

တပည့်ဟာ ကျွန်တော်တို့ မဟာကျိုး
အင်ပါယာနဲ့ သိပ်မပြေလည်တဲ့ မဟာချင်
အင်ပါယာကနေ လာခဲ့တာပဲ။

ပြောရရင် ရယ်စရာတောင် ကောင်းနေပေမဲ့
အခုအချိန်မှာ မဟာချင် အင်ပါယာနဲ့ မဟာကျိုး
အင်ပါယာတို့က တစ်ဖက်တည်းမှာ ရှိနေပေမဲ့
ကျုပ်တို့အချင်းချင်းတို့ရဲ့ အကြားမှာ
တင်းမာမှုတွေက ရှိနေဆဲပဲ"

သူဆိုလိုနေသည်မှာ ရှုယွင်စန်း၏ ညီမသည်
သူတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိနေခြင်း
မဟုတ်ပေ။ ထို့အစား ဒါသည် မဟာချင်
အင်ပါယာက မဟာကျိုး အင်ပါယာနှင့် အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းတို့၏ အကြားတွင်
ပဋိပက္ခများ ဖြစ်စေရန် ပြုလုပ်ထားသည့်
ထောင်ချောက်တစ်ခုဖြစ်သည်ဟု
စွပ်စွဲနေလိုခြင်း ဖြစ်၏။

လျှမ်ယွမ်သည် ဇူရီအား ထူးခြားသော
အကြည့်ဖြင့် ကြည့်နေခဲ့သည်။ သူသည်
ရှုယွင်စန်းက သူလျှိုဖြစ်သည်ဟု
ပေါ်ပေါက်သွားအပြီးတွင် ဇူရီနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည် သူ့အား
အပြတ်မရှင်းခဲ့ပဲ မဟာကျိုး အင်ပါယာသို့
ခေါ်လာမည်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။

အခြားတစ်ဘက်တွင် လျှမ်ယွမ်၏
နှလုံးသားသည် နောင်တများဖြင့်
ပြည့်လျှက်ရှိသည်။ ယခုအခြေအနေကို
ကြည့်ခြင်းအားဖြင့် ရှုယွင်စန်းသည် သူ့အတွက်
လုံးဝ မသုံးမဝင်နိုင်တော့ပေ။

ထိုစကားကို ကြားရသောအခါ ဇူရီ၏
အမူအရာသည် မပြောင်းလဲသွားခဲ့ပေ။ သူ၏
ညာလက်ကို မြှောက်လိုက်ကာ သူ၏နဖူးအား
ဖွဖွလေး ပုတ်လိုက်ကာ မေးလိုက်၏။
"ဒီစကားပြောနေတဲ့ သူတွေကို သိသလား"

သူ၏နဖူးမှနေ၍ အလင်းတန်း တစ်ခု
ဖြာကျလာခဲ့ကာ တိမ်တိုက်များက

အခန်းတစ်ဝက်ကို ဖုံးလွှမ်းသွားခဲ့သည်။ ထိုတိမ်တိုက်များသည် လှုပ်ရှားနေခဲ့ကာ တစ်ယောက်သည် အတွင်းမှ စကားဝိုင်းများကို ကြားနေနိုင်သည်။

"ပထမတပည့် ဖြစ်ဖို့ ဘာတွေလိုအပ်ပြီး မင်းမှာက ယုံကြည်ချက် ဘယ်လောက် ရှိသလဲ"

"နေ့စဥ် လုပ်ဆောင်ချက်တွေက အရေးပါတဲ့ အချက်တစ်ခုဖြစ်တယ်။ ဒါ့အပြင် အခုကျင်းပတဲ့ ဂိုဏ်းတွင်းပြိုင်ပွဲကလည်း အရမ်းကို အရေးကြီးတယ်။ ဂိုဏ်းထဲကသူ အချင်းချင်း အပြင် တခြားဂိုဏ်းက ပါရမီရှင်တွေနဲ့လည်း ယှဥ်ပြိုင်ဖို့ အခွင့်အရေးတွေကို ရနိုင်မယ်"

"အကြီးအကဲတွေက ကျွန်တော်တို့ရဲ့ စွမ်းဆောင်ရည်တွေကို စောင့်ကြည့်ပြီး အဆုံးအဖြတ် လုပ်လိမ့်မယ်လို့ ထင်ပါတယ်။ ထူးချွန်ပြောင်မြောက်တဲ့ သူတွေကို ရွေးချယ်ကြလိမ့်မယ်"

"သွားပြီးတော့ ပြင်ဆင်ထားတော့။ အချိန်ကျလာရင် မင်းရှိသမျှ အကုန်လုံးကို ထုတ်ဖော်လိုက်။ တခြားဘာကိုမှ စဥ်းစားစရာ မလိုဘူး"

"မဟာကျိုးနဲ့ အခြားဂိုဏ်းက ပါရမီရှင်တပည့်တွေနဲ့ တိုက်ခိုက်ဖို့ကိုတော့ ငါက စီစဉ်ပေးမယ်။ မင်းကို ပထမတပည့် ရနိုင်ဖို့ ငါက ကူညီပေးမယ်။ ကျန်တာတွေကတော့ မင်းအပေါ်မှာပဲ မူတည်တယ်"

စကားပြောသူ နှစ်ယောက်အနက်မှ တစ်ယောက်သည် ရှုယွင်စန်းဖြစ်၏။ ကျန်တစ်ယောက်သည် မည်သူဖြစ်သည်ဆိုသည်မှာ အလွန်သိသာနေသည်။

လျှမ်ယွမ်သည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ သူသည် ထိုစကားများကို

ပြောနေချိန်က ဘေးတွင် ရှိနေခဲ့သဖြင့်
စကားအားလုံးတို့ကို သိနေပေသည်။
ထိုစကားများက ဘာကို ဆိုလိုနေသည်ကိုလည်း
သိနေသည်။

ယခုအခြေအနေကို ကြည့်လိုက်ရသော်
ရှုယွင်စန်းသည် သူထင်ထားသည်ထက်ပို၍
စောစီးစွာ အဖော်ထုတ်ခံခဲ့ရခြင်း ဖြစ်သည်။
ဇူရိက သူ့အတွင်းတွင် ထည့်ထားသော
မှော်စွမ်းအင်သည် သာမန်အချိန်တွင်
မဖော်ပြခဲ့သော်လည်း ရှုယွင်စန်းက
အသံလွှင့်ကျောက်တုံး သို့မဟုတ် ဆက်သွယ်ရန်
အသုံးပြုသည့် အခြားပစ္စည်းများကို

အသုံးပြုလိုက်လျှင် တုံ့ပြန်၍ စကားများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ဇူရီ၏ အကြည့်သည် တည်ငြိမ်စွာနှင့်ပင် လျှမ်ယွမ်၏ အနောက်မှ ကျင့်ကြံသူ အုပ်စုအပေါ်သို့ ကျရောက်သွားခဲ့သည်။ နောက်ဆုံးတွင် သူ၏အကြည့်သည် ဆောင်မျိုးနွယ်မှ ကျင့်ကြံသူ၏ အပေါ်သို့ ကျရောက်သွားခဲ့၏။

"ဒီစကားဝိုင်းရဲ့ မှော်စွမ်းအင်ပိုင်ရှင်က ဒီကမိတ်ဆွေနဲ့ တူတယ်"

ဇူရီက ပြုံးလိုက်ကာ ပြောလိုက်သည်။
"ကြည့်ရတာ တာအိုရောင်းရင်းလျှမ်က မသိဘူးနဲ့တူတယ်။ ဒါက ခင်ဗျားကိုယ့်ကိုယ် ကြံစည်လုပ်ဆောင်ခဲ့တာပဲ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ အခုက ကျုပ်ကလည်း ဒီမှာရှိနေပြီဆိုတော့ ခင်ဗျားက တာအိုရောင်းရင်းလျှမ်ကို ရှင်းပြသင့်တယ် ထင်တယ်"

"တကယ်လို့ ခင်ဗျားက ဒီမှာ မတင်ပြခဲ့ဘူးဆိုရင် ခင်ဗျားက ခင်ဗျားရဲ့သခင်ကို တမင်သက်သက် ထောင်ချောက်ဆင်နေတာပဲ။ ဒါဆိုရင် မင်းပြစ်မင်းဒဏ် သင့်လိမ့်မယ်"

ဇူရီ၏ အသံသည် တည်ငြိမ်နေသော်လည်း သူ၏ စကားလုံးတိုင်းမှာ ဓားသွားများကဲ့သို့ ထက်မြက်လှ၏။

ရှုယွင်စန်းသည် ဘေးမှနေ၍ ကြည့်လိုက်ကာ ချက်ချင်း သဘောပေါက်သွားခဲ့သည်။
"တကယ်လို့ ဆရာကသာ လျှမ်ယွမ်ကို မသတ်ခဲ့ရင် ငါတို့ဂိုဏ်းနဲ့ မဟာကျိုး အင်ပါယာတို့ အကြားမှာ စစ်ပွဲကြီးတစ်ခု မပေါ်လာနိုင်ဘူး"

"ဂရန်းမာစတာရော၊ ကျိုးကေရာဇ် လျှမ်ပန်းပါ၊ နောက်ဆုံး ရွှမ်ကျိအမတ်ကပါ ဒီကိစ္စကို ဝင်ပါမှာ မဟုတ်ဘူး"

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားနှင့် ကျန်သောသူများသည် ဇူရီ၏ ခြံဝင်းအတွင်းမှ အခြားအခန်းများတွင် အနားယူလျက် ရှိကြသည်။ ထို့ကြောင့် လင်းဖုန်းက ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက်မရှိသည်မှာ ပေါ်လွင်နေသည်။

အဘယ်ကြောင့်ဆိုသော ဒါသည် သူ့အဆင့် မဟုတ်သောကြောင့် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင်
ရှုယွင်စန်းသည် ထူးချွန်ပြောင်မြောက်သော
ဆက်ခံသူတပည့် တစ်ယောက်ဖြစ်သော်လည်း
သူသည် ငယ်ရွယ်သေး၏။ မဟာကျိုး
အင်ပါယာဘက်မှ ကြည့်လျှင်လည်း သူသည်
ဘာမှမဟုတ်ပဲ အဖော်ထုတ်ခံလိုက်ရသော
သူလျှိုတစ်ယောက် ဖြစ်သည်။ မဟာကျိုးသည်
ဤကိစ္စကြောင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ဆက်ဆံရေး အပျက်ခံမည် မဟုတ်ပေ။

တစ်ချိန်တည်းမှာပင် လျှမ်ယွမ်က ဤကိစ္စကို
တကယ်မသိဟု ဆိုလျှင်လည်း ဇူရီက

ခေါင်းမာစွာဖြင့် ဆက်လက်စွပ်စွဲနေမည် မဟုတ်ပေ။

သို့သော်လည်း သူက လျှမ်ယွမ်၏အောက်မှ အခြေတည်ဝိညာဉ် အဆင့် ကျင့်ကြံသူ တစ်ယောက်အား သတ်လိုက်မည်ဆိုလျှင် လျှမ်ယွမ်ကို အမျက်ထွက်အောင် လုပ်ရာကျမည် ဖြစ်သည်။ အဖော်ထုတ် ခံလိုက်ရ၍ အသုံးမဝင်တော့သော သူလျှိုတစ်ယောက်နှင့် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား ရွေးချယ်ရာတွင် မည်သူက ပိုအရေးကြီးသည်ကို လျှမ်ယွမ်ကလည်း သိနေပေသည်။

သူ့လျှိုလုပ်ရခြင်းသည် ဂုဏ်ယူစရာ မရှိသလို မျက်နှာရစရာလည်း မရှိပေ။

ထို့ကြောင့် လင်းဖုန်းသည် ဤကိစ္စကို ကိုယ်တိုင်ဝင်ရောက် စွက်ဖက်ခြင်း မပြုခဲ့ပေ။ သူကိုယ်တိုင်ကလည်း မည်ကဲ့သို့ ပြုလုပ်လျှင် အဆင်ပြေမည်ကို သိနေခဲ့သဖြင့် ဇူရီအား လွှဲထားပေးလိုက်သည်။ ကိစ္စအားလုံးပြီးသွားမှ ဇူရီက သူ့အား ပြန်လည်တင်ပြမည် ဖြစ်သည်။

ထိုနည်းတူစွာ အိမ်ရှေ့မင်းသား လျှမ်ယွမ်ကလည်း သူအသုံးမကျကြောင်း ဝန်ခံချင်မှပင် ဤကိစ္စကို သူ၏ဖခင် ကျိုးကေရာဇ် လျှမ်ပန်းအား တင်ပြမည် ဖြစ်၏။

ဤကိစ္စက ဟိုးလေးတကျော် မဖြစ်ခဲ့လျှင် လျှမ်ပန်းကိုယ်တိုင်ကလည်း ဝင်ရောက် စွက်ဖက်မည် မဟုတ်ပေ။

ရှောင်ယန်နှင့် ဇူရီတို့က ရင့်ကျက်လာကြသဖြင့် လင်းဖုန်းသည် ကိစ္စအတော်များများတို့အား သူတို့အား လွှဲအပ်ထား၍ ရပြီဖြစ်သည်။

အကယ်၍ သူတို့သည် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပါက အတွေ့အကြုံများစွာ ရရှိမည်ဖြစ်သည်။ အကယ်၍ ရှုပ်ထွေးအောင် လုပ်ခဲ့မိပါက ကိုယ့်ကိုယ် ပြန်လည်ဖြေရှင်းရမည် ဖြစ်သည်။

ခွန်းလွန်တောင် အတွင်း၌ ဇူရီ၊ ရှုယွင်စန်းနှင့် ယင်းလော်ရှတို့သည် သံသရာဂိုဏ်းမှ ကောင်းကင်လမ်းစဉ်နှင့် ပဋိပက္ခဖြစ်သောအခါ လင်းဖုန်းသည် သိနေခဲ့သောလည်း သိပ်ပြီးမှ ဂရုမစိုက်ခဲ့ပေ။ ဤကဲ့သို့သော အသေးအဖွဲ ကိစ္စများကို ဝင်ပါနေခြင်းသည် တပည့်များကို ချစ်ရာမကျပဲ သူက မည်မျှပျင်းနေသည်ကို ဖော်ပြရာ ရောက်နေပေသည်။

အကယ်၍ စန်းချီဖန်း၏ ပုံမမှန်သော အပြုအမူကြောင့်သာ မဟုတ်လျှင် လင်းဖုန်းသည် ကိုယ်တိုင်ဝင်ပါမည် မဟုတ်ပဲ

ဇူရီကိုပင် စန်းချီဖန်းအား ကိုင်တွယ်ရန်
လွှတ်ထားပေးလိုက်မည် ဖြစ်သည်။

လင်းဖုန်း၏ လက်ရှိအဆင့်တွင် လျှမ်ပန်းနှင့်
ဇူဟုန်ဝူကဲ့သို့သော အဆင့်မှသာ သူ၏
စိတ်ဝင်စားမှုများကို ရရှိနိုင်ပေသည်။

လျှမ်ပန်းကလည်း ထို့အတူပင် ဖြစ်၏။
နှစ်ဦးနှစ်ဘက်စလုံးတို့သည် မဟာကျိုး
အင်ပါယာနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏
အကျိုးအမြတ်များကိုသာ
ထည့်သွင်းစဥ်းစားကြသည်။ သူတို့
လက်အောက်ငယ်သားများ၏ ကိစ္စများနှင့်

ပတ်သတ်၍မူ သူတို့အချင်းချင်းသာ ပြေလည်အောင် ဖြေရှင်းရမည် ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ဖြစ်စေ၊ မဟာကျိုး အင်ပါယာ ဖြစ်စေ သူတို့သည် နတ်ဘုရားနယ်မြေမှ မဟာအင်အားစုများ ဖြစ်ကြသည်။ အကယ်၍ သူတို့ နှစ်ဦးနှစ်ဘက်တို့သည် တိုက်ရိုက် ပဋိပက္ခများ ဖြစ်ကြမည် ဆိုပါက နတ်ဘုရားနယ်မြေ အတွင်းမှ နိုင်ငံရေး အခြေအနေများကို ပြောင်းလဲသွားစေနိုင်သော ရှည်ကြာသည့် စစ်ပွဲကြီးအဆင့်သို့ ရောက်သွားနိုင်ပေသည်။

ထိုကဲ့သို့သော စစ်ပွဲသည် အုံဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး
အင်ပါယာတို့၏ အကြားမှ
တိုက်ပွဲသက်သက်သာ မဟုတ်နိုင်ပဲ
ဟင်းလင်းပြင် ဘုရားကျောင်း၊
စူတောင်ဓားဂိုဏ်း၊ မဟာချင် အင်ပါယာ၊
သံသရာဂိုဏ်း၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၊
ကောင်းကင်မာစတာ ဓားဂိုဏ်း၊
မြောက်ပိုင်းမျိုးနွယ်စုတို့၏
တော်ဝင်အိမ်တော်နှင့် အခြားအင်အားစုများပါ
ပါဝင်လာကြမည် ဖြစ်သည်။
သူတို့အားလုံးတို့သည် ဤအဖြစ်အပေါ်တွင်
မူတည်၍ ကိုယ်ပိုင် အစီအစဥ်များကို
ချမှတ်ထားကြမည် ဖြစ်သည်။

မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာများကပင် အာရုံစိုက်လာကြမည် ဖြစ်၏။

ဤအချက်များကို သဘောပေါက်လိုက်သောအခါ ရှုယွင်စန်းသည် စိတ်သက်သာရာ ရသွားခဲ့ကာ ဖွဖွလေး ပြုံးလိုက်၍ တွေးလိုက်သည်။ "ငါက ပမွှားကောင်လေးပါ။ ဒီလိုမျိုး ကိစ္စသေးသေးလေးက ပြဿနာ ကြီးကြီးကျယ်ကျယ် ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး"

ထိုအချိန်တွင် ဇူရီ၏ အသံသည် သူ၏ ရင်အတွင်းတွင် ပေါ်လာခဲ့သည်။ "မင်းရဲ့ ဂိုဏ်းပေါ်မှာထားတဲ့ စိတ်ထားက လေးစားလောက်ပါတယ်။ ဘာမှ ပူနေစရာ မလိုပါဘူး။ ဂရန်းမာစတာက ဂိုဏ်းစထောင်လိုက်တဲ့ အချိန်ကစပြီး သူ့မှာ စည်းမျဉ်းစည်းကမ်း တစ်ခုရှိတယ်။ ငါတို့ဂိုဏ်းကို ဝင်လာခဲ့တဲ့ သူတိုင်းက သူနဲ့ထိုက်တန်တဲ့ တရားမျှတမှုကို ရစေရမယ်"

"တကယ်လို့ လျှမ်ယွမ်က အလျှော့မပေးခဲ့ပဲ ငါတို့နှစ်ဘက်အကြားက ပဋိပက္ခကို မထိန်းသိမ်းနိုင်လောက်အောင် ဖြစ်စေခဲ့ရင်လည်း ငါတို့ဂိုဏ်းက

အလျှော့ပေးမှာ မဟုတ်ဘူး။ တကယ်လို့ လိုအပ်ရင် စစ်ပွဲပါ ဆင်နွှဲနိုင်တယ်"

ရှုယွင်စန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကျွန်တော် နားလည်ပါတယ်"

အခြားတစ်ဘက်တွင် ဆောင်မျိုးရိုးနာမည်နှင့် ကျင့်ကြံသူ၏ မျက်နှာမှာ နီရဲသွားခဲ့ကာ ဖြူဖွေးသွားခဲ့၏။ အချိန်အတော်ကြီး ကြာမှသာ သူကသက်ပြင်းချလိုက်ကာ ပြောလိုက်သည်။ "အရှင်မင်းသား၊ ဒါတွေအားလုံးက ကျွန်တော့် လက်ချက်ပါ။ ကျွန်တော်က မဟာကျိုး အင်ပါယာကို မျက်နှာပျက်စေခဲ့ပါတယ်။

ကျေးဇူးပြုပြီး ကျွန်တော့်ကို
ထိုက်သင့်တဲ့ပြစ်ဒဏ် ပေးပါ"

လှျမ်ယွမ်က ဘာမှ မပြောခဲ့ပေ။ ဇူရီက
တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ကျုပ်တို့က
ဒီအကြောင်းကို နောက်မှ ဆွေးနွေးလို့ရတယ်။
ကျုပ်တပည့်ရဲ့ ညီမကို တတ်နိုင်သမျှ စောစော
ပြန်လွှတ်ပေးပါ။ မောင်နှမတွေ အချင်းချင်း
ခွဲခွာနေရတာဟာ နာကျင်တဲ့ ခံစားမှုဖြစ်ပြီး
တစ်ယောက်မှ ခံစားဖို့ မထိုက်တန်ပါဘူး"

ဆောင်အမျိုးအနွယ် ကျင့်ကြံသူသည်
တုန်ခါသွားခဲ့ကာ ပြောလိုက်သည်။

"ကောင်မလေးက ထျန်းကျင်းမြို့မှာ မရှိတော့ဘူး"

ဇူရီက သူ့အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "တာအိုရောင်းရင်းလျှမ်နဲ့ ကျုပ်တို့က ဒီမှာ အတူတကွ ညစာသုံးဆောင်ရင်း ခင်ဗျားက သူမကို သွားကြိုလာတာကို စောင့်နေမယ်"

ဆောင်အမျိုးအနွယ်မှ ကျင့်ကြံသူ၏ အသက်ရှူသံမှာ ပို၍ ပြင်းလာခဲ့သည်။

သူသည် ဇူရီအား ကောင်းစွာနားလည်နေသည်။

ငါကဒီကို လူတောင်းဖို့ လာခဲ့တာ။ မင်းတို့က မြန်မြန်ထုတ်ပေးရင် ကောင်းမယ်။ မင်းတို့က ဘယ်မှာ သွားခေါ်ခေါ် ငါက ဂရုမစိုက်ဘူး။ သူမက အန္တရာယ်ကင်းစွာ ရောက်လာရင် ပြီးပြီ။ ဒီလိုဆိုရင် ငါတို့ကလည်း ကောင်းကောင်း ထွက်သွားမယ်။ မဟုတ်လို့ရှိရင် မင်းတို့ကလည်း ထွက်သွားဖို့ မစဥ်းစားနဲ့။

## စာစဥ် ၃၈ : အပိုင်း ၃

## အပိုင်း ၇၁၃ : ကြေးမုံကဲ့သို့ ကြည်လင်သော နှလုံးသား

ဆောင်အမျိုးအနွယ်မှ အခြေတည်ဝိညာဥ်
အဆင့် ကျင့်ကြံသူသည် တည်ငြိမ်နေသောပုံ
ပေါက်နေသော်လည်း သူ၏ စိတ်အတွင်းတွင်
အတွေးများစွာ ပေါ်လာခဲ့သည်။

ယခင်က မည်သည့် စွမ်းအားနှင့် လွှမ်းမိုးမှုများ
မရှိခဲ့သည့် ရွှမ်ကျိအမတ်၏
တရားမဝင်သားသည် ယခုအချိန်တွင် သူ့အား
သူကြိုက်သလို အမိန့်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။
သူကလည်း ဘာမှ တတ်နိုင်ခြင်း မရှိပေ။
ဤခံစားချက်သည် သူ့အား အလွန်အမင်း
မသက်မသာ ဖြစ်စေခဲ့၏။

သူသည် ဇူရီက စိတ်ရှုပ်ထွေးကာ
ဒုက္ခရောက်နေသော လူငယ်တစ်ဦး
မဟုတ်တော့ပဲ ယခင်နှင့် နှိုင်းယှဥ်၍
မရတော့ဟူ၍ သိနေခဲ့သော်လည်း ထိုကဲ့သို့
တွေးတောခြင်းက သူ၏ မသက်မသာ
ဖြစ်ခြင်းများကို မသက်သာစေနိုင်ခဲ့ပေ။

ဇူဟုန်ဝူသည် သူ၏ လက်ရှိ ကျင့်ကြံမှု
အဆင့်ကြောင့် ဇူရီအား အလွယ်တကူ
အနိုင်ယူနိုင်၍ ဇူရီအပေါ်၌ သဘောထား
မပြောင်းလဲခဲ့ပေ။ စိတ်ပိုင်းဆိုင်ရာ
အနေအထားအရ သူသည် ဇူရီအပေါ်၌
အားသာချက် ရှိသည်။

သို့သော်လည်း ဆောင်အမျိုးအနွယ်မှ ကျင့်ကြံသူသည် ထိုကဲ့သို့သော အားသာချက် မရှိပေ။ လှျမ်ယွမ်၏ လူယုံတော်တစ်ယောက် အနေနှင့် သူသည် ဇူရီက အစွမ်းထက်သော အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်နှင့်ပင် သတ်နိုင်ခဲ့ကြောင်းကို သိနေသည်။ ဇူရီသည် ယခုအချိန်တွင် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သဖြင့် အလွန်ပို၍ အစွမ်းထက်နေပြီ ဖြစ်၏။

ထို့ကြောင့် ဆောင်အမျိုးအနွယ်မှ ကျင့်ကြံသူသည် မကျေမနပ် ဖြစ်နေရုံတင်

မကပဲ အခြိမ်းခြောက် ခံနေရသလိုပါ
ခံစားနေရခြင်း ဖြစ်သည်။

"ငါကသူ့ကို အစောကြီးကတည်းက
ရှင်းပစ်လိုက်ရမှာ" လွန်ခဲ့သော
နှစ်အနည်းငယ်က သူသည် ဤကိစ္စအား
နောင်တရစရာ အကြောင်းမရှိခဲ့ပေ။
သို့သော်လည်း ယနေ့တွင် ဤနောင်တသည်
မျိုးစေ့လေးတစ်ခု အဖြစ်မှ ရောမ သစ်ပင်ကြီး
အဖြစ်သို့ ပေါက်ပွားလာခဲ့ပြီ ဖြစ်သည်။

သူသည် သူ့ကိုယ်သူ တည်ငြိမ်အောင်
ထိန်းသိမ်းထားနိုင်ခဲ့သော်လည်း ထိုအတွေးက
သူ့စိတ်အတွင်းတွင် ပေါ်လာသည်နှင့် သူ၏

မှော်စွမ်းအင်များသည်လည်း ထပ်ဖန်တစ်ခါ တုန်ခါသွားခဲ့၏။

"ဟင်" ဇူရီကလည်း သူ့၏ခံစားချက်ကို အာရုံခံနိုင်ခဲ့သည်။ သူသည် ထိုကျင့်ကြံသူအား တစ်ချက်ကြည့်လိုက်ကာ သူ့အား ထွင်းဖောက်၍ မြင်နိုင်ခဲ့သည်။

ပြိုင်ဘက်မှာလည်း အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်နေ၍ သူ၏စိတ်ကို အသေအချာတော့ မဖတနိုင်ခဲ့ပေ။ သို့သော်လည်း သူ၏ ရန်ငြိုးထားရှိမှုကိုမူ သိနိုင်ခဲ့၏။

ဤရန်ပြိုးအတွင်းတွင် သတ်ဖြတ်လိုမှုများ ရှိနေခဲ့သည်။

လင်းဖုန်း၏ လက်အောက်တွင် ဝမ်လင်း၏ စိတ်ဝိညာဉ်သည် ငရဲကမ္ဘာ အကြွင်းမဲ့ရေ၏ သန့်စင်ခြင်းအား ခံနေရ၍ ဇူရီ၏ စာပေ အငွေ့အသက်သည် အသိဉာဏ် မီးတောက်ကို လင်းလက်စေခဲ့ကာ သူ၏ စိတ်ဝိညာဉ်အား အခြေခံမှစ၍ ပြောင်းလဲစေနိုင်ခဲ့သည်။ သူတို့နှစ်ယောက်သည် လင်းဖုန်း၏ လက်အောက်တွင် အစွမ်းအထက်ဆုံး စိတ်ဝိညာဉ် ရှိကြသူများ ဖြစ်ကြသော်လည်း သူတို့၏ စွမ်းအားများမှာ ကွာခြားကြ၏။

ဝမ်လင်း၏ စိတ်ဝိညာဉ်မှာ အလွန်အမင်း ခံနိုင်ရည် ကောင်းခြင်း ဖြစ်သည်။ ဇူရီ၏ စိတ်ဝိညာဉ်မှာမူ အလွန်အမင်း အာရုံခံနိုင်စွမ်း ကောင်းမွန်ပေသည်။ သူသည် အစွန်းအထင်း မရှိသော ကြေးမုံတစ်ခုနှင့် တူနေ၏။ အကယ်၍ ရန်သူက လှုပ်ရှားမှု ပြုလုပ်ခဲ့လျှင် သူသည် အာရုံခံနိုင်စွမ်း ရှိပေသည်။

လျှမ်ယွမ်ကလည်း ခံစားနိုင်ခဲ့သည်။ သူ၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားခဲ့သော်လည်း သူဘာမှ မလုပ်နိုင်ခင် ဇူရီက အရင်လှုပ်ရှားလိုက်၏။

ဇူရီက ဘာမှ သိပ်မလုပ်ခဲ့ပေ။ သူလုပ်ခဲ့သည်မှာ အသက်ကို အသာအယာ ရှူလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း သူအသက်ပြန်လည် ရှူထုတ်လိုက်သောအခါ အဖြူရောင် စိတ်ဝိညာဉ် စွမ်းအင်များ ပါလာခဲ့၍ အခန်းအား ရှုပ်ထွေးသွားစေခဲ့သည်။

ထိုအဖြူရောင် စိတ်ဝိညာဉ် စွမ်းအင်များသည် ရုပ်လုံးပေါ်လာခဲ့၍ တိမ်တိုက်များ အဖြစ်သို့ ပြောင်းသွားကြသည်။ သူတို့သည် မီတာအနည်းငယ်မျှ ကျယ်ပြန့်၍ အခန်းတစ်ဝက်ကို ဖုံးလွှမ်းသွားခဲ့၏။ အခန်းအတွင်းမှ လေဟာနယ် တစ်ဝက်ကလည်း ဖရိုဖရဲ ဖြစ်သွားခဲ့သည်။

ထိုတိမ်တိုက်များ၏ အပေါ်မှ ဆင်ပေါင်းများစွာတို့ကို စုစည်းထားသကဲ့သို့ ကြီးမားသည့် ရောမ သားရဲကြီးတစ်ကောင် ပေါ်လာခဲ့သည်။

သူ၏ တစ်ကိုယ်လုံးမှာ မည်းနက်နေ၏။ သူ့တွင် နဂါးတစ်ကောင်၏ ခေါင်း၊ သမင်တစ်ကောင်၏ကိုယ်၊ နွားထီးတစ်ကောင်၏ အမြီးနှင့် လေးညှင်းပွင့်ပုံစံ ခွာများရှိသည်။

ဒါသည် မြင့်မြတ်သောသားရဲ ချီလင်ဖြစ်သည်။
သူပေါ်လာသောအခါ တရားမျှတမှု
လှိုင်းလုံးတစ်ခုက ထွက်လာခဲ့ကာ ရှိနေသော
လူများအားလုံးကို ထိတ်လန့်စိုးရွံ့စေခဲ့သည်။

လျှမ်ယွမ်၏ အုပ်စုအတွင်းတွင် လျှမ်ယွမ်
ကိုယ်တိုင်မှလွဲ၍ ကျန်သောသူများ
အားလုံးတို့သည် သူတို့၏ မှော်စွမ်းအင်
စီးဆင်းမှုများက မတည်မငြိမ် ဖြစ်လာသည်ကို
ခံစားလာကြရသည်။

ချီလင်၏ အကြည့်အောက်တွင် အားလုံးတို့သည်
ထုတ်ဖော်ခြင်း ခံခဲ့ရသကဲ့သို့
ခံစားနေကြရသည်။ သူတို့၏

အနက်ရှိုင်းဆုံးနေရာမှာ မကောင်းသော
အတွေးများသည် အထုတ်ဖော် ခံခဲ့ရ၏။
သူတို့၏ အကောင်းဆုံးနှင့် အဆိုးဆုံးသော
ရည်ရွယ်ချက်များ အပါအဝင် ဖြစ်သည်။

အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် အရှက်အခွဲ ခံခဲ့ရသကဲ့သို့
ခံစားခဲ့ကြရသည်။ သူတို့အား ပို၍
ဒေါသထွက်စေခဲ့သည်မှာ ဇူရိက သူ၏
မှော်စွမ်းအင်ဖြင့် ဖန်ဆင်းထားသော ချီလင်မှာ
လေးနက်တည်ကြည် နေရုံသာမက
များပြားလှသော မှော်စွမ်းအင်များကိုလည်း
အာရုံခံနိုင်ခဲ့သည်။ တစ်ယောက်ကမှ
အလောတကြီးနှင့် မလှုပ်ရှားရဲခဲ့ကြပေ။

ချီလင်သည် တရားမျှတသော
သားရဲတစ်ကောင် ဖြစ်၏။ သူသည်
သတ်ဖြတ်ဖို့အတွက် မဟုတ်ပဲ
သူ့စွမ်းအားများကို နတ်ဆိုးများနှင့်
အကျင့်စာရိတ္တမကောင်းသူများကို နှိမ်နင်းရန်
အသုံးပြုခြင်း ဖြစ်သည်။

ကျန်သောသူများ အားလုံးတို့သည် ခံနိုင်ရည်
ရှိကြသေးသော်လည်း ချီလင်၏ အစစ်အမှန်
ပစ်မှတ်ဖြစ်သော ဆောင်ကျင့်ကြံသူသည်
ချက်ချင်းဆိုသလိုပင် သူ၏ စိတ်ဝိညာဉ်မှာ
အဖိနှိပ် ခံလိုက်ရ၍ မလှုပ်ရှားနိုင်
ဖြစ်သွားခဲ့သည်ကို သတိထားမိခဲ့သည်။

သူသည် ချောင်းတစ်ချက်ဆိုးလိုက်ကာ သူ၏ ခေါင်းပေါ်မှနေ၍ အလင်းတန်းတစ်ခု ထွက်ပေါ်လာခဲ့သည်။ သူ၏ အခြေတည် ဝိညာဥ်မှာ ကိုယ့်ကိုယ်ကိုယ် ဖော်ပြလိုက်၍ အသက်က် ၇နှစ်၊၈နှစ် ရှိသော ကလေးတစ်ယောက် အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ လေထုအလယ်တွင် သူက အော်ဟစ်လိုက်၏။ "ပွင့်စမ်း" ထိုအော်ဟစ်သံနှင့်အတူ ဟင်းလင်းပြင်သည် တုန်ခါသွားခဲ့၍ ကမ္ဘာငယ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဒါသည် ဇူရီအား တုံ့ပြန်ရန် မဟုတ်ပဲ သူ့အား ဖုံးလွှမ်းရန်အတွက် ဖြစ်၏။

စွမ်းအားကြီးသော မှော်စွမ်းအင်များသည် ထူထဲသော မြစိမ်းရောင် ခေတ်ငွေ့များအဖြစ် ပြောင်းလဲသွားခဲ့၍ မြစိမ်းရောင် ကမ္ဘာအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူသည် ဆောင်ကျင့်ကြံသူအား လွှမ်းခြုံသွားခဲ့၍ သူ့အား ဟင်းလင်းပြင် အတွင်းသို့ တိုက်ရိုက်ပို့ဆောင်ခဲ့လိုက်သည်။

ဇူရီ၏ အမူအရာသည် မပြောင်းလဲသွားခဲ့ပဲ သူ၏ အကြည့်သည် အနည်းငယ် လင်းလက်သွားခဲ့၏။ "အိုး၊ ဒါက အတော့်ကို ထူးခြားတဲ့ ပျောက်ကွယ်ခြင်း မှော်ကျိန်စာပဲ။ ဒီကမ္ဘာမှာ သူက အကောင်းဆုံးထဲက တစ်ခုလို့ ပြောလို့ရတယ်။ ဆိုးတာက မင်းဟာ

ကျွမ်းကျင်ပိုင်နိုင်မှု မရှိတာပဲ။
တခြားစကားလုံးနဲ့ ပြောရရင် မင်းရဲ့
နည်းစနစ်ဟာ ပြီးပြည့်စုံတယ်"

"ဒါပေမဲ့ မင်းက ဒီကောင်းမွန်တဲ့ နည်းစနစ်ကို
ကျွမ်းကျင်နေခဲ့ရင်တောင်
မင်းကငါ့လက်ထဲကနေ မလွတ်မြောက်နိုင်ဘူး"

"ပြီးတာနှင့် ဇူရီသည် သူ၏ မှော်စွမ်းအင်ဖြင့်
ချီလင်၏ လက်သည်းများကို ချီမလိုက်၏။
သူသည် လေဟာနယ်ကို ထိုးဖောက်သွားခဲ့ကာ
ဒီမြစိမ်းရောင် ကမ္ဘာငယ်အား
ဆွဲကုတ်လိုက်သည်။

သူ၏ အားကောင်းသော ဖိအားများဖြင့် မြစိမ်းရောင် ကမ္ဘာသည် ကြက်ဥတစ်လုံးကဲ့သို့ ကွဲအက်သွားခဲ့ကာ ပွင့်သွားတော့မည်ကဲ့သို့ ဖြစ်သွားခဲ့သည်။

လျှမ်ယွမ်သည် သက်ပြင်းတစ်ချက် ချလိုက်ကာ သူ၏နေရာမှ ထလိုက်သည်။ အားကောင်းသော စွမ်းအားတစ်ခုသည် ပျံ့နှံ့လာခဲ့ကာ ဘီလူးကြီး တစ်ကောင်၏ ပုံရိပ်သည် သူ၏အနောက်မှ ပေါ်လာခဲ့၏။

ဇူရီ၏ အမူအရာသည် ပြောင်းလဲခြင်း မရှိခဲ့ပေ။ သူသည် ပြုံးလိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ကေရာဇ်ရဲ့ မှော်ကျိန်စာ၊ နာမည်ကျော်တာနဲ့ လိုက်ပါပေတယ်" သူသည် ထိုကဲ့သို့ ပြောလိုက်သော်လည်း သူ၏ ဆုပ်ကိုင်ထားကို မလွှတ်ခဲ့ပေ။ ချီလင်၏ ကုတ်ဆွဲမှုအောက်မှာ အစိမ်းရောင် ကမ္ဘာငယ်လေးသည် လုံးဝကို ကွဲဟသွားခဲ့ကာ လေထုအတွင်းတွင် အစိမ်းရောင် အလင်းတန်းများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

လျှမ်ယွမ်သည် တိုက်ခိုက်မှု မပြုခဲ့ပေ။ သူသည် ဇူရီအား ကြည့်ပင်မကြည့်ခဲ့ပဲ ချီလင်၏ ကုတ်ဆွဲမှုအောက်မှ ကျင့်ကြံသူအား

တိုက်ရိုက်ပြောလိုက်၏။ "တောင်းတဲ့သူကို ထုတ်ပေးလိုက်ပါ။ ဆွေမျိုးတွေ ပြန်လည် တွေ့ဆုံရတာက ပျော်ရွှင်ဖွယ်ကောင်းတဲ့ အချိန်တစ်ခုပဲ"

ဆောင်ကျင့်ကြံသူသည် ခါးသီးစွာဖြင့် ပြုံးလိုက်ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။ ဇူရီသည် ချီလင်အား စိတ်ဖြင့် အမိန့်ပေးလိုက်ကာ သူ၏ အခြေတည်ဝိညာဉ်အား သူ့ကိုယ်အတွင်းသို့ ပြန်သွင်းလိုက်၏။

"တာအိုရောင်းရင်းလျှမ်က ဒီလိုမျိုး တွေးနိုင်တာ အရမ်းကောင်းတယ်" ဇူရီသည် ခုံပေါ်တွင်သာ

ထိုင်နေ၍ လုံးဝ မလှုပ်ရှားခဲ့ပေ။ သူ၏
မှော်စွမ်းအင်၊ ချီလင်နှင့် တိမ်တိုက်များကို
ပျောက်ကွယ်သွားကြသည်။ အခန်းအတွင်းမှ
မှော်စွမ်းအင် စီးဆင်းမှုများက
ပုံမှန်ပြန်ဖြစ်သွားကြသည်။

သူ၏အကြည့်သည် ဆောင်ကျင့်ကြံသူ၏
အပေါ်သို့ ကျရောက်သွားခဲ့ကာ
ပြောလိုက်သည်။ "မင်းကငါ့ကို
သတ်ချင်နေပေမဲ့ ပြောတောင် မပြောရဲဘူး။
ငါက ဒီလိုမျိုး အတွေးကို ခံစားနေခဲ့ရတာ
ကြာပြီ။ ငါက အထင်သေးတဲ့ အရိပ်အယောင်
အချို့လည်း တွေ့ထားရတယ်။ ဒီလိုမျိုး
ပြောင်းလဲမှု ဖြစ်ဖို့ဆိုရင် မင်းကငါ့ကို

ဆရာ့တပည့် မဖြစ်သေးခင် ရှမ်ကျိုအမတ်ဂေဟာမှာ နေကတည်းက သိထားခဲ့တာဖြစ်မယ်"

"မင်းက ဘယ်သူလဲ"

ဆောင်ကျင့်ကြံသူသည် အချိန်အတော်ကြီးကြာမှသာ သူ၏ခါးကို ဆန့်လိုက်၍ဖြည်းညင်းစွာဖြင့် ဖြေလိုက်သည်။ "ကျုပ်က အရှေ့ကောင်းကင် တံခါးဂိုဏ်းက ဆောင်ပန်းဖြစ်တယ်"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်၏။ "လတ်စသတ်တော့ မင်းရဲ့ မျိုးရိုးနာမည်က ဆောင်ဖြစ်နေတာကိုး။ မထူးဆန်းပါဘူး၊ လေဒီဆောင်က သာမန်သေမျိုးသာ ဖြစ်ပေမဲ့ သူမက ကျင့်ကြံမှု မိသားစုကနေ ဆင်းသက်လာခဲ့တာ။ သူမက သာမန်လူတော့ မဖြစ်နိုင်ဘူး။ သူမမှာ လျှို့ဝှက်ချက် တစ်ခုတော့ ရှိရမယ်"

သူက ရုတ်တရက် ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ ဘာမှ အရေးမကြီးပါဘူး။ ကျုပ်က ရွှမ်ကျိအမတ် ဂေဟာကို ပြန်သွားတဲ့အချိန်မှာ ဘာမှ ထူးခြားမှာ မဟုတ်ဘူး"

ဆောင်ပန်း၏ မျက်နှာသည် အမူအရာ
ကင်းမဲ့လျှက် ရှိသည်။ သူသည် ဘာမှမပြောခဲ့ပဲ
အိမ်ရှေ့မင်းသား လျှမ်ယွမ်အား
ဦးညွှတ်လိုက်ကာ ဟင်းလင်းပြင် အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။

ဇူရိကသူ့အား မတားမြစ်ခဲ့ပေ။
အဘယ်ကြောင့်ဆိုသော် သူသည်
ရှုမြောင်ရင်အား သွားခေါ်နေသည်မှာ
သိသာနေသောကြောင့် ဖြစ်သည်။

အစောပိုင်းက ဇူရီ၏ စကားများနှင့်
လုပ်ဆောင်မှုများအရ ဆောင်ပန်းက
ရှုမြောင်ရင်အား မခေါ်လာပါက သူ့ကို
အရှင်ထားမည် မဟုတ်ပေ။

အကယ်၍သူက ယခုအချိန်တွင်
ထွက်ပြေးသွားခဲ့ပါက အိမ်ရှေ့မင်းသားအား
ကသိကအောက် အခြေအနေသို့
တွန်းပို့လိုက်သကဲ့သို့ ဖြစ်သွားပေမည်။
သူကိုယ်တိုင်ကလည်း မင်းပြစ်မင်းဒဏ်
သင့်သွားမည်ဖြစ်ကာ မဟာကျိုး အင်ပါယာသို့
တစ်သက်လုံး ပြန်လာနိုင်တော့မည် မဟုတ်ပေ။

သူသည် ရှုမြော်ရင်
တစ်ယောက်လေးအတွက်နှင့် ဤကဲ့သို့
ပြုလုပ်မည်လော။

ဤမြင်ကွင်းအား ကြည့်လိုက်ကာ ရှုယွင်စန်း၏
ရင်အတွင်းတွင် ခံစားချက်ပေါင်းတစ်ရာ
ပေါ်လာခဲ့၏။ သူသည် သူ့ကိုယ်သူ
ရယ်စရာကောင်းသောသူ ဖြစ်သည်ဟု
ခံစားနေရသည်။ သူသည် သူ့ဆရာနှင့်
အချိန်အကြာကြီး ဆက်ဆံခဲ့ရသဖြင့် သူ၏
ကိုယ်ကျင့်စရိုက်ကို သိထားသင့်ပေသည်။

သူသည် လျှို့ဝှက်ကယ်တင်မည့် အစီအစဥ်ကို
စောင့်မျှော်၍ ဆွဲနေမည် မဟုတ်ပေ။ သူသည်

စူးစမ်းလေ့လာနေမည်လည်း မဟုတ်ပေ။
သူလုပ်ရန်လိုသည်မှာ မျက်နှာချင်းဆိုင်တွေ့၍
လူကို တိုက်ရိုက်တောင်းရန်သာ ဖြစ်သည်။

သူသည် ဉာဏ်မျှ ယဉ်ကျေးနေသည်မှာ
ရှုယွင်စန်းအား ငဲ့ညှာနေ၍ ဖြစ်သည်။
မဟုတ်လျှင် သူသည် ပို၍ပြင်းထန်သော
နည်းလမ်းများကို အသုံးပြုခဲ့မည် ဖြစ်၏။

ငါ့ကို ဒီလိုမျိုး အဖြစ်က မရှိဘူးလို့ မပြောနဲ့။
ငါ့ကို ဒီလူ မရှိနေဘူးလို့ မပြောနဲ့။ ဘယ်သူ့ကိုမှ
အသုံးပြုပြီး ငါ့ကို မခြိမ်းခြောက်နဲ့။

ငါကမှန်တယ်ဆိုရင် ငါက တွေဝေနေခြင်း မရှိပဲ ငါ့ပစ္စည်းကို ပြန်ယူမှာ ဖြစ်တယ်။ ငါက ဝေ့လည်ကြောင်ပတ် လုပ်နေမှာမဟုတ်ပဲ ငါ့ရဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လှုပ်ရှားမှာ ဖြစ်တယ်။ ဒါက ဒီလိုမျိုးပဲ ရိုးရှင်းတယ်။

လျှမ်ယွမ်နှင့် ဆောင်ပန်းတို့မှာ မည်သို့မှ မတတ်နိုင်ပဲ သူ၏ဆန္ဒကို လိုက်လျောခဲ့ရသည်။

ဒါသည် မဟာကျိုး အင်ပါယာက ပထမဆုံး အကြိမ်အဖြစ် သူလျှိုများကို စေလွှတ်ခဲ့ခြင်း မဟုတ်ပေ။ သူတို့သည် အမတန်မှ အသုံးဝင်ကြသော်လည်း သူတို့သည် မကြာခဏ အဖော်ထုတ်ခံခဲ့ကြရသည်။

သူလျှိုတစ်ယောက်သည်
အဖော်ထုတ်ခံခဲ့ရအပြီးတွင် သူတို့သည်
တစ်ဘက်သူ၏ အမျက်ထွက်ခြင်းကို
ခံခဲ့ရသည်။ အကယ်၍ သူသည် မဟာကျိုး
အင်ပါယာမှ ဖိအားကြောင့်
အသက်မခံရလျှင်ပင် သူ၏ ကျင့်ကြံမှုသည်
အဖျက်ဆီးခံရမည် ဖြစ်သည်။

သို့သော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းကဲ့သို့သော ပုံမှန်ခလေ့မှ
ကွဲထွက်နေသောဂိုဏ်း တစ်ဂိုဏ်းမှ မရှိဖူးခဲ့ချေ။
သူတို့သည် သူလျှိုအား
ဖော်ထုတ်နိုင်ခဲ့သော်လည်း သူလျှို၏

မိသားစုဝင်ကိုပင် ပြန်လည်ကူညီ၍
တောင်းခံပေးခဲ့၏။

တစ်ယောက်သည် သူ့ဘက်မှ မှန်ကန်နေ၍
စွမ်းအားလည်းရှိမည် ဆိုပါက သူလိုချင်သည်ကို
အလွယ်တကူ ရရှိနိုင်မည် ဖြစ်သည်။

ဤအချိန်တွင် ရှုယွင်စန်းသည် သူ၏
ရင်တွင်းမှနေ၍ သူ၏အနောက်တွင်
စွမ်းအားကြီးသော ဂိုဏ်းတစ်ဂိုဏ်း
ရှိနေသည်မှာ ကံကောင်းသည်ဟု ခံစားနေရ၏။
သူကိုယ်တိုင် မဖြေရှင်းနိုင်သော ကိစ္စများကို
ဂိုဏ်းကသူ့အား ကူညီ၍ ဖြေရှင်းပေးမည်
ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ တပည့်များသည်
အချိန်ကြာလာသည်နှင့်အမျှ
ဤခံစားချက်မျိုးကို ခံစားလာခဲ့ကြရသည်။
သူတို့၏ ဂိုဏ်းအပေါ်
တွယ်တာစိတ်များကလည်း တိုးတက်လာခဲ့၏။

ဤကဲ့သို့ ခံစားချက်များကြောင့် ရှုယွင်စန်းသည်
ရင်ထဲမှနေ၍ နက်ရှိုင်းစွာ
ကျေးဇူးတင်နေခဲ့သည်။ ပုံမှန်ဆိုလျှင်
တည်ငြိမ်နေတတ်သော ရှုယွင်စန်းသည်
မျက်ရည်များ ကျလုဆဲဆဲ ဖြစ်နေခဲ့သည်။

လျှမ်းယွမ်သည် ဤအချိန်အတွင် အလွန်အမင်း တည်ငြိမ်နေခဲ့၏။ သူ့အတွက်ဆိုလျှင် ဒါသည် လွန်စွာဆိုးရွားသော ကိစ္စတစ်ခု မဟုတ်သေးပေ။ ဒါသည် သူလျှိုက သူ့အား သစ္စာပြန်ဖောက်သည့် ကိစ္စတစ်ခုသာ ဖြစ်သည်။ သို့သော်လည်း ရှုယွင်စန်းအပေါ်တွင် သူရင်းနှီးမြှုပ်နှံခဲ့သမျှတို့သည် အလကား ဖြစ်သွားခဲ့သည်ဟု ခံစားနေခဲ့ရသည်။

အကယ်၍ ဆောင်ပန်းသည် ဇူရီအား တွေ့လိုက်ရသောအခါ သူ၏ ခံစားချက်များကို ထိန်းချုပ်ထားနိုင်ခဲ့ပါက ဤကဲ့သို့ အဖြစ်များ ဖြစ်လိမ့်မည် မဟုတ်ချေ။

အသုံးမဝင်တော့သော သူလျှိုအား
ဆက်ထိန်းထားရန် မည်သည့်အကြောင်းမှ
မရှိချေ။ ထို့ကြောင့် သူမအား
လက်လွှဲပေးလိုက်ရခြင်းသည် သူ့အတွက်
မည်သည့်အရှုံးမှ မရှိပေ။ သူလုပ်နိုင်သည်မှာ
အစီအစဉ်အသစ် ပြန်ဆွဲရန် ဖြစ်၏။
ဆုံးရှုံးသွားသည်ကို မြည်တမ်းနေ၍
မည်သည့်အကျိုးမှ မရှိချေ။

သူ၏ အိမ်ရှေ့မင်းသားရာထူးသည် မတည်မငြိမ်
ဖြစ်သွားပြီးနောက်တွင် လျှမ်ယွမ်၏
စိတ်အခြေအနေသည် အကြီးအကျယ်
ပြောင်းလဲသွားခဲ့သည်။

"ဒီကနေ့ ဖြစ်ရပ်က ဘာကိစ္စမှ သိပ်မရှိဘူး။ တိုက်ခိုက်ရန်ဖြစ်ဖို့ မလိုဘူး။ ယင်ပင်လယ်က တောင်သုံးတောင် ကိစ္စက အများကြီးပိုပြီး အရေးကြီးတယ်။ ဖခမည်းတော်နဲ့ မဟာသုခမိန်တို့က လုံလောက်တဲ့ ပြင်ဆင်မှုတွေကို ပြုလုပ်ထားခဲ့ပြီးပြီ။ တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အခုအချိန်မှာမှ ဝင်လှုပ်ရှားရင် သူတို့က အကြီးအကျယ် ဆုံးရှုံးကြလိမ့်မယ်။ အဲ့ဒီအချိန်ကျရင် ငါက လက်စားပြန်ချေလို့ရပြီ"

ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေး အပြီးတွင် သူသည် လျှမ်ပန်းအား ပြန်လည်၍ တွေ့ဆုံခဲ့သည်။ ပြီးတာနှင့် သူယခင်က

မသိခဲ့သေးသော အရာများစွာတို့ကို သိရှိခဲ့ရ၏။ ဒါသည် သူ့အား ယုံကြည်မှု အသစ်များကို ပြန်လည်ပေးစွမ်းနိုင်ခဲ့သည်။

ဇူရီသည် အခန်းအတွင်းတွင် ထိုင်နေခဲ့၍ ဘာမှ မဖြစ်ခဲ့သလို လျှမ်ယွမ်နှင့် စကားစမြည် ပြောဆိုနေခဲ့သည်။

စကားပြောနေဆဲတွင် ဇူရီက စဥ်းစားနေခဲ့၏။ "အရှေ့ကောင်းကင် တံခါးဂိုဏ်း၊ ငါက ဒီဂိုဏ်းကို တစ်ခါမှ မကြားဖူးဘူး။ ကြည့်ရတာ သူက ရှေးဟောင်းခေတ်တုံးက အဖျက်ဆီး ခံလိုက်ရတဲ့ ကောင်းကင်တံခါးဂိုဏ်းနဲ့ ဆက်စပ်နေမလား။ အရှေ့ကောင်းကင်

တံခါးဂိုဏ်း၊ သူ့ကိုကြည့်ရတာ
အရှေ့အစွန်အဖျားမှ တည်ရှိနေတာနဲ့တူတယ်။
ကောင်းကင်တံခါးဂိုဏ်းက
ပြန်လည်ရှင်သန်လာတာလား"

"အရှေ့ အစွန်အဖျားဆိုရင် အရှေ့ပင်လယ်ကို
ဆိုလိုနေတာပဲ။ အခုအခြေအနေကို ကြည့်ရတာ
ငါတို့က အရှေ့ပင်လယ်ကို သွားတဲ့ခရီးမှာ
သူတို့ကို တွေ့နိုင်မှာ ဖြစ်တယ်"

ဇူရီက ဖွဖွလေး ပြုံးလိုက်ကာ တွေးလိုက်သည်။
"ဒါကလည်း ကောင်းသားပဲ။ ငါက
ရွှမ်ကျိဂေဟာကို ပြန်မသွားခင် သူ့ရဲ့
လက်ရုံးတွေကို ဖယ်ရှားလိုက်ဦးမယ်"

# စာစဥ် ၃၈ : အပိုင်း ၄

## အပိုင်း ၇၁၄ : ငါတို့ဂိုဏ်းချုပ်ကလည်း အရမ်းကြီးမြတ်တယ်

လင်းဖုန်းသည် ဤကိစ္စများကို ဇူရီအား လွှဲအပ်ထားအပြီးတွင် ခေါင်းထဲထည့်မထားတော့ပဲ ခြံဝင်းအတွင်းမှ အခန်းငယ်လေး တစ်ခုအတွင်းတွင်သာ အေးအေးဆေးဆေး အနားယူနေခဲ့သည်။

ဤနေရာမှ အလွန်ဝေးကွာသော
ခွန်းလွန်တောင်အပေါ်ဘက်မှ
ယုကျင်းတောင်ပေါ်တွင် လင်းဖုန်းသည်
မဟူရာကောင်းကင် ရတနာသစ်ပင်၏
ထိပ်များတွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့၏။
သူ၏ခေါင်းပေါ်မှ ကြည်လင်သော
အလင်းတန်းများ ကျလာကြ၍
ဟင်းလင်းပြင်တွင် အပေါက်တစ်ခု
ပေါ်လာခဲ့သည်။ ခတ်များသည်
ဟင်းလင်းပြင်တွင် လှည့်ပတ်နေကြကာ
ပုံမှန်မဟုတ်ပဲ တည်ငြိမ်နေကြ၏။

သူ၏ခေါင်းအပေါ်မှ ဟင်းလင်းပြင်အား
ကြည့်လိုက်ကာ သူ၏ နဖူးအပေါ်တွင်

ထိုက်ကျိုပုံရိပ်တစ်ခု ပေါ်လာခဲ့ကာ
ဖြည်းညင်းစွာနှင့် စတင်လှည့်ပတ်လာခဲ့သည်။

ထိုထိုက်ကျိုပုံရိပ်သည်
စတင်လှည့်ပတ်လာခဲ့သည်နှင့် တာအို
အဆုံးအမများသည် သူ၏ စိတ်အတွင်းသို့
ဝင်ရောက်လာကြ၏။ နောက်ဆုံးတွင်
ကောက်ချက်တစ်ခု ချနိုင်ခဲ့ကာ လင်းဖုန်း၏
တာအိုဝါဒအား နားလည်မှုသည်
နောက်တစ်ဆင့်သို့ တိုးသွားခဲ့သည်။

"မဟာကောင်းကင် တာအိုကျမ်းစာရဲ့
ခတ်နှစ်ပါး ကျမ်းစာကို အပြည့်အဝ
မပြုစုနိုင်သေးဘူး။ ဒီအကွက်အသစ်ဟာ

ခဝတ်နှစ်ပါး ကျမ်းစာနဲ့ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာတို့ရဲ့ အကြားမှာ ရှိနေတယ်။ သူ့ကို လွယ်လွယ်နဲ့ လေ့ကျင့်လို့ရမှာ မဟုတ်ဘူး" လင်းဖုန်းက အလောတကြီး မလုပ်ခဲ့ပေ။

"ဒါပေမဲ့ ဒီအကွက်ကို လေ့လာခြင်းအားဖြင့် သူ့ကို အပြည့်အဝ ကျင့်ကြံနိုင်ခဲ့ရင် သူက ခဝတ်နှစ်ပါး ကျမ်းစာနဲ့ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာတို့ရဲ့ အကြားမှာ တံတားလိုမျိုး ဆက်သွယ်ပေးနိုင်မှာ ဖြစ်တယ်။ ပြီးရင်ငါက ခဝတ်နှစ်ပါး ကျမ်းစာကို အပြည့်အဝ ပြုစုနိုင်ပြီး အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်ကို တက်ရောက်နိုင်မှာ ဖြစ်တယ်"

လင်းဖုန်းသည် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ကာ ဖြည်းဖြည်းချင်း လှေ့ကျင့်နေခဲ့သည်။ တောက်ပသော မှော်သင်္ကေတများသည် ထိုက်ကျိပုံရိပ်အတွင်းမှ ဖြည်းဖြည်းချင်း ပေါ်လာခဲ့ကာ လေထုအတွင်းတွင် ပေါ်လာခဲ့၏။ ပြီးတာနှင့် သူတို့သည် သူ၏ခေါင်းပေါ်က ဟင်းလင်းပြင် အတွင်းမှ ဓာတ်များ၏ စုပ်ယူသွားခြင်းအား ခံလိုက်ရသည်။ ထိုနေရာတွင် တစ်ယောက်သည် တဖြည်းဖြည်း ရုပ်လုံးပေါ်လာသော စွမ်းအားကြီးမားသည့် အရာဝတ္ထုတစ်ခုအား အာရုံခံနိုင်ပေသည်။

ဇူရီ၏ခြံဝင်း အတွင်းတွင် လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည် သူ၏
မူလခန္ဓာကိုယ်က တာအိုဝါဒအား
လေ့လာနေခဲ့သည်ကို ဖြည်းဖြည်းချင်း
ခံစားနေနိုင်ခဲ့သည်။ သူသည်လည်း လင်းဖုန်း၏
အားထုတ်မှုများကြောင့် အကျိုးအမြတ် များစွာ
ရရှိနိုင်ခဲ့ကာ သူ၏လက်ရှိအဆင့်၏
အထိတ်အထိပ်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းကိုယ်တိုင်က ရွှေရောင်ဗဟိုချက်
အဆင့်သို့ ရောက်နေခဲ့စဉ်တွင် သူ၏
အေးရီးစ်ကိုယ်ပွားက ရွှေရောင်ဗဟိုချက်
အဆင့်၏ အထွတ်အထိပ်သို့ ရောက်ရှိနေခဲ့ပြီ
ဖြစ်သည်။ လင်းဖုန်းက သူ၏ အခြေတည်

ဝိညာဉ်ကို ဖန်ဆင်းနိုင်သည့် အချိန်တွင်လည်း အေးရီးစ်ကိုယ်ပွားသည် အခြေတည် ဝိညာဉ် အဆင့်၏ အထွတ်အထိပ်သို့ ရောက်ရှိသွားနိုင်ခဲ့သည်။

အေးရီးစ်ကိုယ်ပွားသည် အဓိက ရုပ်ခန္ဓာကိုယ် သိုင်းပညာရှင် တစ်ယောက်သာ ဖြစ်သော်လည်း သူသည် မဟာကောင်းကင် တာအိုကျမ်းစာအား အသုံးပြုနိုင်သည်။ သို့သော်လည်း လင်းဖုန်းကိုယ်တိုင် အသုံးပြုသလောက်တော့ စွမ်းအားမကောင်းခဲ့ပေ။ သို့တိုင်အောင် လင်းဖုန်းက အင်မော်တယ်ဝိညာဉ် အဆင့်၏ အောက်တွင် ရှိခဲ့စဉ်က အေးရီးစ်ကိုယ်ပွားသည် မူလခန္ဓာကိုယ်ထက် ပိုမိုသန်မာနေခဲ့သည်။

လင်းဖုန်းသည် အင်မော်တယ်ဝိညာဉ်အား
ဖန်ဆင်းနိုင် အပြီးတွင်
အေးရီးစ်ကိုယ်ပွားကလည်း
အင်မော်တယ်ဝိညာဉ် ပထမ အဆင့်သို့
ရောက်ရှိသွားခဲ့သည်။ သို့သော်လည်း သူသည်
မူလခန္ဓာကိုယ်ထက် အတော်ပင်
အားနည်းသွားခဲ့၏။

သို့သော်လည်း သံမဏိသစ်ပင် ကိုယ်ပွားမှာ
ကွဲပြားခြားနားသည်။ သူ၏ ကျင့်ကြံမှုမှာ
လင်းဖုန်းနှင့် သီးသန့်ဖြစ်သည်။ ထို့ကြောင့်
သူသည် အေးရီးစ်ကိုယ်ပွားကဲ့သို့
အင်မော်တယ်ဝိညာဉ် အဆင့်ကို လျှင်မြန်စွာ

မရောက်နိုင်ခဲ့ပေ။ သို့သော်လည်း
သံမဏိသစ်ပင် ကိုယ်ပွားသည်
အင်မော်တယ်ဝိညာဉ် အဆင့်သို့
ရောက်ရှိနိုင်လျှင် သူသည်
အေးရီးစ်ကိုယ်ပွားထက် ပို၍သန်မာလာမည်
ဖြစ်သည်။

သူ၏အခန်းအတွင်းတွင် လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည်
အသက်ရှူထုတ်လိုက်ကာ သူ၏ မျက်လုံးအား
ဖွင့်လိုက်သည်။ "ဇူရီလား၊ ဝင်လာခဲ့ပါ"

ဇူရီက တံခါးကိုဖွင့်ကာ ဝင်လာခဲ့သည်။
လင်းဖုန်းအား တွေ့လိုက်သောအခါ သူက

ဦးညွှတ်လိုက်ကာ ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော်က ဒီကိစ္စကို ဖြေရှင်းပြီးသွားပါပြီ။ ယွင်စန်းရဲ့ညီမ ရှုမြောင်ရင်က ပြန်ရောက်လာခဲ့ပါပြီ။ ကျွန်တော်က သူမကို စစ်ဆေးပြီးသွားပါပြီ။ သူမက ဘာမှ မဖြစ်နေပါဘူး။ အခုအချိန်မှာ သူမက ယွင်စန်းနဲ့ စကားပြောနေပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ မေးလိုက်သည်။ "ရှုမြောင်ရင်ကလည်း မဟာကျိုး အင်ပါယာ လေ့ကျင့်ထားပေးတဲ့ သူလျှိုတစ်ယောက် ဖြစ်လိမ့်မယ်။ မဟာကျိုး အင်ပါယာက ဘာဖြစ်လို့ သူမကို အသုံးပြုပြီးမှ သူ့အစ်ကိုကို ပြန်မထောက်လှမ်းတာလဲ"

အကယ်၍ ရှူယွင်စန်းနှင့် ရှူမြောင်ရင်တို့သည် တစ်ယောက်အပေါ်တွင် တစ်ယောက် မှီခိုနေကြပါက သူတို့အား မဟာကျိုး အင်ပါယာ၏ ထောက်လှမ်းရေးအဖွဲ့က မွေးမြူ၍ ရင့်ကျက်လာပြီးသောအခါ သူတို့အား တာဝန်ခွဲခြား၍ ပေးထားမည်ဖြစ်သည်။ ထိုသို့ဆိုလျှင် သူတို့က ပို၍ အသုံးဝင်နိုင်ပေသည်။

ဇူရီက ပြုံးလိုက်ကာ ပြောလိုက်သည်။ "မူလက ယွင်စန်းဟာ မဟာချင် အင်ပါယာကို စေလွှတ်ပြီး မြောင်ရင်ကို တခြားနေရာမှာ အသုံးပြုဖို့ စီစဉ်ထားတာ။ ဒါပေမဲ့ ယွင်စန်းက

ကျွန်တော်တို့ဂိုဏ်းကို ဝင်ပြီးနောက်မှာ လျှမ်ယွမ်က ဒီကိစ္စကို အာရုံစိုက်ထားပြီး ယွင်စန်းကို ပိုမိုတင်းကျပ်စွာ ချုပ်ကိုင်လိုက်တယ်။ မြောင်ရင်ကို ယွင်စန်းကို အကျပ်ကိုင်ဖို့ အနေနဲ့ ထားထားပြီး သူမကို တခြားနေရာမှာ အသုံးမပြုပဲ ကောင်းကောင်း စောင့်ရှောက်ထားခဲ့တယ်"

"သူမက ဦးနှောက်အဆေးခံထားရတာမျိုး၊ အယူဝါဒတွေ သွတ်သွင်းခြင်း ခံထားရတာမျိုး ရှိသလား" လင်းဖုန်းက မေးလိုက်သည်။

အစောပိုင်းတွင် သူတို့နှစ်ယောက်စလုံးတို့ ငယ်စဉ်က မဟာကျိုး အင်ပါယာသည်

သူတို့အား ကောင်းမွန်စွာနှင့် ဆက်ဆံထားခဲ့သည်။ အကယ်၍ သူတို့သည် သူမအား ကောင်းမွန်သော နေရာတစ်ခုကို ပေးထားခဲ့လျှင် သို့မဟုတ် ကောင်လေးတစ်ယောက်နှင့် ဆွဲဆောင်ထားခဲ့လျှင် သူမသည် မဟာကျိုး အင်ပါယာကို အလွန်အမင်း သစ္စာစောင့်သိမည် ဖြစ်ကာ သူမ၏ အစ်ကိုကိုပင် ပြန်၍ သူလျှိုလုပ်နိုင်ပေသည်။ ဤကဲ့သို့သော အဖြစ်မျိုးမှာ မရှားလှချေ။

ဒါသည် ထောက်လှမ်းရေး အဖွဲ့များ လုပ်လေ့ရှိသော နည်းလမ်းများ အနက်မှ တစ်ခုဖြစ်၏။

ဇူရီက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ရှုမြောင်ရင်နဲ့ ရှုယွင်စန်းတို့က အတော့်ကို နီးစပ်ကြတယ်"

ထိုစကားကို ကြားရသောအခါ လင်းဖုန်းက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ကောင်းပြီ။ သူတို့နှစ်ယောက်ကို ပြန်လည်ပေါင်းစည်းပေးလိုက်ပါ။ မြောင်ရင်ရဲ့ ရှေ့ရေးနဲ့ ပတ်သတ်ပြီး သူတို့က ကိုယ်ပိုင် ဆုံးဖြတ်ချက်ကို ချနိုင်တယ်။ တကယ်လို့ သူမက ငါတို့ရဲ့ စမ်းစစ်မှုကို အောင်မြင်ခဲ့ရင် ငါတို့ဂိုဏ်းကို ဝင်နိုင်တယ်။ သူမက

မအောင်ခဲ့ရင်လည်း တိမ်တိုက်ကြေးမုံမြို့မှာ နေနေနိုင်တယ်"

"မင်းက အသေးစိတ်ကို ဆက်လက်ဆောင်ရွက်လိုက်ပါ"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

ဤအချိန်တွင် ရှောင်ယန်နှင့် ကျန်သောသူများသည် လင်းဖုန်း၏ အခန်းအတွင်းသို့ ဝင်လာကြသည်။ ဇူရီအား တွေ့လိုက်ရသောအခါ ရှောင်ယန်က

ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒုတိယ ဂျူနီယာ၊ ဆောင်အမျိုးအနွယ်နဲ့ ကျင့်ကြံသူက အခြားနေရာမှာ သာမန်သာ ဖြစ်ပေမဲ့ သူ့ရဲ့ ပျောက်ကွယ်မှု မှော်ကျိန်စာက အတော့်ကို ထူးခြားတယ်"

"ဟုတ်တယ်။ မပြည့်စုံသေးတာ နှမြောစရာပဲ။ မဟုတ်လို့ရှိရင် သူက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာနဲ့ အလင်းရောင်နဲ့ လေဟာနယ်တို့ရဲ့ စီးဆင်းခြင်းတို့လိုမျိုး အစွမ်းထက်မှာ ဖြစ်တယ်" သူက အရှေ့ကောင်းကင် တံခါးဂိုဏ်းရဲ့ အဖွဲ့ဝင်ဖြစ်တယ်လို့ ပြောတယ်။ ဒါက

ကောင်းကင်တံခါးဂိုဏ်းနဲ့ ဆက်သွယ်မှုများ ရှိနေသလား မသိဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကောင်းကင်တံခါးဂိုဏ်းက ရှေးဟောင်းခေတ် နှောင်းပိုင်းမှာ ပျက်စီးသွားခဲ့ပေမဲ့ အရှေ့ကောင်းကင် တံခါးဂိုဏ်းက ကောင်းကင်တံခါးဂိုဏ်းရဲ့ အမွေအနှစ်အချို့ကို အမွေဆက်ခံနိုင်ခဲ့တယ်"

"သူအသုံးပြုခဲ့တဲ့ မှော်ကျိန်စာကို ကောင်းကင်ရှောင်တိမ်းခြင်း မှော်ကျိန်စာလို့ ခေါ်တယ်။ ဒါက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ကောင်းကင်တံခါးဂိုဏ်းရဲ့ ထိပ်တန်း

ပျောက်ကွယ်ခြင်း မှော်ကျိန်စာ ဖြစ်တယ်။ ဇူရီ၊ မင်းမှန်းတာမှန်တယ်။ ရှေးဟောင်းခေတ်တုံးက ကောင်းကင်ရှောင်တိမ်းခြင်း မှော်ကျိန်စာက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကောင်းကင်သို့ တက်လှမ်းခြင်း မှော်ကျိန်စာ၊ အလင်းရောင်နဲ့ လေဟာနယ်တို့၏ စီးဆင်းခြင်းနဲ့ စူတောင်ဓားဂိုဏ်းရဲ့ ရှောင်ဇီဓားတို့ထက် မနိမ့်ကျဘူး"

လင်းဖုန်းသည် သူ၏ အခန်းအတွင်းတွင်သာ ငြိမ်သက်စွာ နေနေခဲ့ကာ ဇူရီအား အားလုံးကို လွှဲအပ်ထားခဲ့သော်လည်း သူသည် ဤခြံဝင်းအတွင်း၌ ဖြစ်ပျက်ခဲ့သမျှတို့ကို အာရုံစိုက်ထားခဲ့သည်။ ဆောင်ဖန်း၏

ပျောက်ကွယ်ခြင်း မှော်ကျိန်စာသည် သူ၏ အာရုံစိုက်မှုကိုလည်း ခံခဲ့ရသည်။

လင်းဖုန်းသည် ကောင်းကင်တံခါးဂိုဏ်း၏ အစစ်အမှန် ကောင်းကင်ရှောင်တိမ်းခြင်း မှော်ကျိန်စာအား တစ်ခါမှ မမြင်ဖူးခဲ့သော်လည်း ဤမှော်ကျိန်စာမှာ အလွန်ကို နာမည်ကြီး၍ မြစိမ်းရောင် အလင်းတန်းများဖြင့် ကမ္ဘာငယ် တစ်ခုအား ဖန်ဆင်းက ဟင်းလင်းပြင်ကို ချိုးဖောက်သွားခြင်း ဟူသော ထူးခြားသည့် ပုံစံရှိသောကြောင့် သူ့အား ချက်ချင်း မှန်းဆနိုင်ခဲ့သည်။

ဤပျောက်ကွယ်ခြင်း မှော်ကျိန်စာသည်
ဟင်းလင်းပြင် ဘုရားကျောင်း၏ ကောင်းကင်သို့
တက်လှမ်းခြင်း မှော်ကျိန်စာနှင့်
အလင်းရောင်နှင့် လေဟာနယ်တို့၏
စီးဆင်းမှုလောက် မြန်ဆန်သော်လည်း သူသည်
များစွာပို၍ ခက်ထန်ကာ ပေါက်ကွဲနိုင်စွမ်း
ကြီးမားသည်။ အကယ်၍ ပြိုင်ဘက်က
ဟန့်တားရန် ကြိုးစားခဲ့လျှင်ပင် သူသည်
အားသုံး၍ ချိုးဖောက်သွားနိုင်ပေသည်။

သို့သော်လည်း ဇူရီသည် ဆောင်ဖန်းထက်
များစွာပို၍ စွမ်းအားကြီးမားသည်။
သူကျင့်ကြံထားသော
ကောင်းကင်ရောင်တိမ်းခြင်း မှော်ကျိန်စာက

ပြည့်စုံခြင်း မရှိသည့် အချက်နှင့်
ပေါင်းလိုက်လျှင် ဇူရီက သူ့အား
လင်းယုန်တစ်ကောင်က ကြွက်ပေါက်လေး
တစ်ကောင်အား ထိုးသုတ်ခဲ့သကဲ့သို့
ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

"တကယ်လို့ ဒီလူက ကောင်းကင်တံခါးဂိုဏ်းရဲ့
အစစ်အမှန် သင်ကြားမှုတွေကို မခံခဲ့ရလို့ရှိရင်
အရှေ့ကောင်းကင် တံခါးဂိုဏ်းရဲ့ သင်ကြားမှု
ကိုယ်တိုင်ကလည်း မပြည့်စုံဘူးလို့ ယူဆရမှာ
ဖြစ်တယ်" ဇူရီက ပြောလိုက်၏။
"ဒီအကြောင်းကို ပြောရလို့ရှိရင်
ကျွန်တော်ကလည်း ကောင်းကင်တံခါးဂိုဏ်းရဲ့

အစစ်အမှန် မှော်ကျိန်စာက ဘယ်လိုမျိုးလဲ ဆိုတာကို သိချင်သေးတယ်"

လင်းဖုန်းက ပြောလိုက်သည်။
"ဒီပျောက်ကွယ်ခြင်း မှော်ကျိန်စာက မပြည့်စုံပေမဲ့ တခြား မှော်ကျိန်စာတွေကလည်း မပြည့်စုံဘူးလို့ ပြောလို့မရဘူး။ ငါတို့ရဲ့ အရှေ့ပင်လယ်ကိုသွားမယ့် ခရီးက မင်းကို စိတ်မပျက်စေဘူးလို့ ထင်ပါတယ်၊ ဇူရီ"

"ကောင်းကင်တံခါးဂိုဏ်းနဲ့ တိုင်ကေရာဇ်တို့ရဲ့ အဆုံးအမတွေကို ရထားတဲ့ မင်းရဲ့ဖခင် ရွှမ်ကျိအမတ်ကို ထည့်မပြောနဲ့ဦး၊ တကယ်လို့ ငါခန့်မှန်းတာက မှန်ခဲ့ရင် မင်းမိခင်ကို

သေစေခဲ့တဲ့ လေဒီဆောင်ကိုပါ အရှေ့ပင်လယ် အတွင်းမှာ တွေ့ရလိမ့်မယ်နဲ့ တူတယ်။ အရှေ့ကောင်းကင် တံခါးဂိုဏ်းကလည်း အဲ့ဒီမှာ ရှိနေလိမ့်မယ်"

"ပိုပြီးတော့ တိတိကျကျ ပြောရရင် လေဒီဆောင် ကိုယ်တိုင်ကို တွေ့ရလိမ့်မယ်"

ဇူရီက သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ ပြောလိုက်၏။ "လေဒီဆောင်၊ ဆရာ ဆိုလိုချင်နေတာက.."

လင်းဖုန်းက သူ၏လက်ကို ဖော့ယမ်းလိုက်ရာ ဇူရီနှင့် ရှောင်ယန်တို့က ထိုင်လိုက်သည်။ ပြီးတာနှင့် သူက ဆက်ပြောလိုက်၏။ "ငါသိထားသလောက်ဆိုရင် ကောင်းကင်တံခါးဂိုဏ်းရဲ့ အန္တိမနည်းစနစ် ဖြစ်တဲ့ ကြီးမြတ်သော ကောင်းကင်မန္တန်မှာ ထူးခြားပြီး အစွမ်းထက်တဲ့ မှော်ကျိန်စာ တစ်ခုရှိတယ်။ သူ့ကို ကောင်းကင်လူသား၏ လျှို့ဝှက်ဆန်းကြယ်သော လမ်းစဥ်လို့ ခေါ်တယ်"

"ဒီမှော်ကျိန်စာကို အင်မော်တယ်ဝိညာဥ် အဆင့်က ကျင့်ကြံသူတွေကသာ ကျင့်ကြံနိုင်တယ်။ ပထမ၊ တစ်ယောက်က

အလားအလာကောင်းတဲ့ အဆင့်မြင့်
မှော်ရတနာ သန္ဓေလောင်းကို ရယူရမယ်။
သူ့ကိုအသုံးပြုပြီးမှ တစ်ယောက်ဟာ
သာမန်သေမျိုး ကိုယ်ပွားတစ်ခုကို
ဖန်ဆင်းနိုင်တယ်"

"ဒီမှော်ရတနာဟာ ကောင်းကင်ကို
ကိုယ်စားပြုပြီး ကိုယ်ပွားက လူသားကို
ကိုယ်စားပြုတယ်။ သာမန်သေမျိုးရဲ့
ကိုယ်ခန္ဓာကို အသုံးပြုပြီး တစ်ယောက်ဟာ
ကောင်းကင်နဲ့ လူသားတို့ရဲ့
သဘောတရားတွေကို ထည့်သွင်းပြီး
အင်မော်တယ်ဝိညာဉ် အဆင့်က မှော်ရတနာ
တစ်ခုကို ဖန်ဆင်းနိုင်တယ်။ ဒီမှော်ရတနာကို

တစ်ယောက်ရဲ့ ခန္ဓာကိုယ် အတွင်းကို ပြန်လည် ထည့်သွင်းလိုက်ရင် တစ်ယောက်ရဲ့ လက်ရှိနယ်နိမိတ်တွေကို ကျော်လွန်သွားနိုင်တဲ့ အလွန် အစွမ်းထက်တဲ့ မှော်စွမ်းအင်ကို ရရှိနိုင်တယ်"

"တစ်ယောက်ဟာ သူ့ကျင့်ကြံမှုထက် သာလွန်နိုင်ရုံတင်မကဘူး အဆင့်တူ အတွင်းက တခြားကျင့်ကြံသူတွေထက် အများကြီးပိုပြီး စွမ်းအားကောင်းနိုင်တယ်"

လင်းဖုန်းသည် ထိုအရာများကို သူတို့အား ရှင်းပြနေချိန်တွင် ရှောင်ယန်၊ ဇူရီ၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့သည် အချင်းချင်း

ကြည့်လိုက်ကြသည်။ "ဆရာ၊ ဒါက
သိပ်ပြီးတော့
စိတ်ကူးယဉ်ဆန်လွန်းမနေဘူးလား။
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ကတောင် မှော်ရတနာ တစ်ခုကို
မကျင့်ကြံနိုင်ပဲ သာမန်သေမျိုး
တစ်ယောက်က..."

"ဘာပဲပြောပြော ဒီမှော်ရတနာကို
ကျင့်ကြံတဲ့သူက အင်မော်တယ် ဝိညာဉ်
အဆင့်က အကြီးအကဲပဲ ဖြစ်တယ်။
သာမန်သေမျိုး ကိုယ်ပွားဟာ ဤမှော်ကျိန်စာကို
ပြည့်စုံအောင်လုပ်ပြီး မှော်ရတနာကို ကျင့်ကြံဖို့

ပြုလုပ်ထားတဲ့ တန်ဆာပလာ တစ်ခုပဲ ဖြစ်တယ်" လင်းဖုန်းက ပြုံး၍ ပြောလိုက်သည်။

"ဒါက ကောင်းကင်တံခါးဂိုဏ်းရဲ့ ထူးခြားတဲ့ အကြောင်းအရာ တစ်ခုပဲ ဖြစ်တယ်။ ဒီဂိုဏ်းက ဘုန်းမီးနေလ တောက်ပနေတုံးက သူဟာ ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ကောင်းကောင်း ယှဉ်ပြိုင်လို့ ရခဲ့တယ်။ သူက ဘယ်လိုလုပ်ပြီး သာမန် ဖြစ်နိုင်မှာလဲ။ ကောင်းကင်လူသား၏ လျှို့ဝှက်ဆန်းကြယ်သော လမ်းစဥ်က ကြီးမြတ်သော ကောင်းကင်ကျမ်းစာအတွင်းက အစွမ်းထက် မှော်ကျိန်စာတွေ အနက်က တစ်ခုသာ ဖြစ်တယ်"

ဇူရီသည် သူ၏အကြည့်ကို အောက်သို့ပို့လိုက်ကာ တိုးညင်းစွာနှင့် ပြောလိုက်၏။ "ဒီလိုဆိုရင် ရွှမ်ကျိအမတ် ဂေဟာက လေဒီဆောင်ဟာ သာမန်သေမျိုး ကိုယ်ပွားတစ်ခုပဲ ဖြစ်တာပေါ့"

လင်းဖုန်းက ပြောလိုက်သည်။ "ဒါက ငါ့ရဲ့ ခန့်မှန်းချက်သာ ဖြစ်တယ်။ ဒါပေမဲ့ မှားမှာ မဟုတ်ဘူးလို့တော့ ထင်တယ်"

ယန်ချင်က အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "အရှေ့ကောင်းကင် တံခါးဂိုဏ်းက ကောင်းကင်တံခါးဂိုဏ်းရဲ့ အမွေအနှစ်တွေအနက် ဘယ်လောက်ကို

အမွေဆက်ခံနိုင်ခဲ့လည်း မသိဘူး။ ဆရာ၊ သူတို့ရဲ့ ထိပ်ဆုံးအချိန်တုံးက ကောင်းကင်တံခါးဂိုဏ်းရဲ့ အဆင့်က ဘယ်လောက်ရှိသလဲ"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "သူတို့က ငါတို့လက်ရှိ အဆင့်ထက် အများကြီး ပိုအားကောင်းတယ်။ သူတို့က မဟာမိုးကြိုး ကျောင်းတော်နဲ့ စူတောင်ဓားဂိုဏ်းတို့ကို ဖိနှိပ်ထားနိုင်ပြီး ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ တစ်ခုတည်းသောဂိုဏ်း ဖြစ်တယ်"

"သူက နောက်ဆုံး လူသားကေရာဇ်ဖြစ်တဲ့ အစွန်းရောက် ကေရာဇ်ကို ခေါင်းအကြီးအကျယ် ကိုက်စေခဲ့တယ်။ ကောင်းကင်တံခါးဂိုဏ်းနဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ရဲ့ ဦးဆောင်မှုအောက်မှာ သူတို့က အစွန်းရောက် ကေရာဇ်ကို သတ်ဖြတ်ပြီး နန်းချနိုင်ခဲ့ကြတယ်"

"ဒါပေမဲ့ အဲ့ဒီတိုက်ပွဲဟာ ကောင်းကင်တံခါးဂိုဏ်းကို အကြီးအကျယ် အားနည်းစေခဲ့တယ်။ ဒါကြောင့်ပဲ အဲ့ဒီနောက်မှာ ဖြစ်ပွားတဲ့ ကမ္ဘာနှစ်ခုအကြားက စစ်ပွဲမှာ သူတို့က အဖျက်ဆီးခံလိုက်ရတာပဲ"

လင်းဖုန်း၏ အသံမှာ တဖြည်းဖြည်းနှင့် တိုးလာခဲ့သည်။ "ဘယ်လောက်ကြီးမားတဲ့ ဂိုဏ်းပဲဖြစ်ဖြစ် သူတို့မှာ အနိမ့်အမြင့် အတက်အကျတွေ ရှိကြတယ်။ ဂိုဏ်းတစ်ဂိုဏ်းတည်းရဲ့ စွမ်းအားဟာ ကွဲပြားခြားနားတဲ့ ခေတ်တွေအပေါ်မှ မူတည်ပြီး ကွဲပြားမှုတွေ ရှိနိုင်တယ်။ ခေတ်တိုင်းမှာ သူတို့က တခြားဂိုဏ်းတွေ အပေါ်ကို ကြီးစိုးလွှမ်းမိုးမှုတွေ မပြုလုပ်နိုင်ဘူး"

"လူသားကောရာဇ်တွေရဲ့ အုပ်ချုပ်မှုကို ထည့်မတွက်ပဲ ငါတို့က ဂိုဏ်းတစ်ဂိုဏ်းချင်းစီရဲ့ စွမ်းအားတွေကို သူတို့ရဲ့ ထိပ်ဆုံးအချိန် ရောက်နေတဲ့ အချိန်မှာ တွက်ချက်ရင်

ကောင်းကင်တံခါးဂိုဏ်းဟာ မဟာမိုးကြိုး ကျောင်းတော်နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းတို့ရဲ့အောက်မှာပဲရှိပြီး နတ်ဘုရားနယ်မြေမှာ တတိယအဆင့်မှာ ရှိတယ်။ သူက ရှေးဟောင်းစေတန်ဂိုဏ်းနဲ့ စူတောင်ဓားဂိုဏ်းတို့ထက် အများကြီးပိုပြီး စွမ်းအားကြီးမားတယ်"

ရှောင်ယန်က အံ့သြတုန်လှုပ်သည့်ပုံ ပေါက်သွားခဲ့သည်။ "မဟာမိုးကြိုး ကျောင်းတော်"

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်၏။ "သိပ်ပြီးတော့လည်း အံ့မသြသွားပါနဲ့။

မဟာမိုးကြိုး ကျောင်းတော်ကို စတင်တည်ထောင်တဲ့သူက အမတန်ကိုမှ ထူးခြားတယ်။ ဒီကျောင်းတော်ရဲ့ အထွတ်အထိပ်အချိန်ဟာ ဗုဒ္ဓဟာ သူ့ရဲ့ အဆုံးအမတွေကို စတင်သင်ကြားပေးပြီး သူ့ရဲ့ မဟာသာဝက ဆယ်ပါးက သူ့ရဲ့တရားတွေကို လိုက်လံဖြန့်ဖြူးပေးချိန်မှာပဲ ဖြစ်တယ်"

ထိုစကားကို ကြားရသောအခါ ရှောင်ယန်၊ ဇူရီ၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့သည် သူတို့၏ နှလုံးခုန်သံများက မြန်လာသည်ဟု ခံစားလိုက်ကြရ၏။

ရှောင်ယန်က သူ၏တံတွေးများကို မျိုချလိုက်ကာ တုန်ခါနေသော အသံဖြင့် ပြောလိုက်သည်။ "ပါရမီ ဇန်မာစတာကို စော်ကားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဆရာပြောပုံ အရဆိုရင် မဟာမိုးကြိုး ကျောင်းတော်က စတင်တည်ထောင်တဲ့ အချိန်ကတည်းက နိမ့်ကျလာခဲ့တဲ့ပုံ ပေါက်နေတယ်။ သူ့ကို စတင်တည်ထောင်တုံးက အသန်မာဆုံး ဖြစ်ပြီး နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ ကျဆင်းလာခဲ့တယ်"

လင်းဖုန်းက ဘာမှမဖြစ်သလို သူ၏ခေါင်းကို ညိတ်လိုက်ပြီး ပြုံးလိုက်သည်။ "ဟုတ်တယ်"

ရှောင်ယန်နှင့် ကျန်သောသူများက
ငြိမ်သက်သွားကြသည်။ သူတို့၏ ဆရာသည်
ဤကိစ္စကို အကြောင်းမရှိပဲနှင့်
ပြောမည်မဟုတ်ဟု သဘောပေါက်လိုက်ကြ၏။
သူတို့အား အကြံဉာဏ် ပေးနေခြင်း ဖြစ်သည်။

## စာစဥ် ၃၈ : အပိုင်း ၅

## အပိုင်း ၇၁၅ : ရင်သပ်ရှုမောလောက်သော အကွက်

ရှောင်ယန်နှင့် ကျန်သောသူများသည် တိတ်တဆိတ် သုံးသပ်နေကြစဥ် အတွင်းတွင် လင်းဖုန်း၏ အသံသည် အခန်းအတွင်းတွင် ထပ်မံပေါ်ပေါက်လာခဲ့သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အခြေအနေက အန္တိမ ကောင်းကင်ကြေးမုံရှိတဲ့အတွက် အနည်းငယ် ထူးခြားတယ်။ ဒါကြောင့်မို့ မဟာမိုးကြိုး ကျောင်းတော်၊ ကောင်းကင်တံခါးဂိုဏ်း၊ ရှေးဟောင်းစေတန်ဂိုဏ်းနဲ့ စူတောင်ဓားဂိုဏ်းတို့က သူတို့ရဲ့ ထိပ်ဆုံးအချိန်မှာ ရှိနေတဲ့တိုင်အောင် ဟင်းလင်းပြင် ဘုရားကျောင်းကို ရန်မစရဲဘူး"

"ဒါပေမဲ့ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်လိုက်ရင် သူတို့ရဲ့ အထွတ်အထိပ် အချိန်ဟာ မဟာဟင်းလင်းပြင် သူတော်စင်က ရှေးဟောင်းခေတ်မှာ ဂိုဏ်းကို စတင်ထူထောင်ပြီး အန္တိမ ကောင်းကင်ကြေးမုံကိုလည်း ပိုင်ဆိုင်ထားတဲ့ အချိန်ဖြစ်တယ်။ အဲ့ဒီအချိန်ဟာ ဟင်းလင်းပြင် ဘုရားကျောင်းက ထိပ်သီးကျင့်ကြံသူတွေနဲ့ ပြည့်နှက်နေတဲ့ အချိန်လည်း ဖြစ်တယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ဆက်ပြောလိုက်သည်။ "မဟာဟင်းလင်းပြင် သူတော်စင်နဲ့ ဗုဒ္ဓတို့ဟာ သေမင်းပင်လယ် အတွင်းကို ဝင်သွားကြပြီး အစအနတောင်

ရှာမရပဲ ပျောက်သွားကြတယ်။ ဟင်းလင်းပြင် ဘုရားကျောင်းက စွမ်းအားကြီးနေသေးပေမဲ့ သူတို့က မဟာဟင်းလင်းပြင် သူတော်စင်ရဲ့ လက်အောက်မှာ ရှိနေတဲ့ အခြေအနေမျိုးကို ဘယ်တော့မှ ပြန်မရခဲ့ဘူး"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀၀၀လောက်တုံးက ဟင်းလင်းပြင် ဘုရားကျောင်းက သူတို့ရဲ့ အရင်က ဂုဏ်ကျက်သရေကို ပြန်ရနိုင်ခဲ့ပေမဲ့ ကံမကောင်းစွာနဲ့ပဲ သူတို့က အစွမ်းအထက်ဆုံး မြင့်မြတ်သော မိစ္ဆာကေရာဇ် တစ်ယောက်ဖြစ်တဲ့ ဟေးဒီးစ်ကေရာဇ်နဲ့ ရင်ဆိုင်ခဲ့ကြရတယ်။ ရလဒ်ကတော့ ဟေးဒီးစ်ကေရာဇ်က ကြွေလွင့်သွားခဲ့ပြီး

ဟင်းလင်းပြင် ဘုရားကျောင်းကလည်း အများကြီး အားပြန်နည်းသွားခဲ့တယ်"

ရှောင်ယန်နှင့် ကျန်သောသူများအား ကြည့်လိုက်ကာ လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်၍ ပြောလိုက်သည်။ "ဟုတ်တယ်၊ ဟင်းလင်းပြင် ဘုရားကျောင်းက နတ်ဘုရား နယ်မြေကို လွှမ်းမိုးနိုင်တဲ့ မဟာအင်အားစု တစ်ခုအဖြစ်နဲ့ ရှိနေသေးပေမဲ့ ဒါက သူတို့အရင်ကရဲ့ အရိပ်တစ်ခု အဖြစ်သာ ရှိတော့တယ်"

"မဟာမိုးကြိုး ကျောင်းတော်ကလည်း သူတို့လမ်းကြောင်း အနောက်ကိုပဲ

လိုက်လာခဲ့တယ်။ ဗုဒ္ဓက ထွက်ခွာသွားခဲ့ပြီး သူ့ရဲ့ မဟာသာဝက ဆယ်ပါးတို့ကလည်း ကျဆုံးသွားတဲ့အခါ သူတို့ရဲ့ အရင် ဂုဏ်ကျက်သရေကို ပြန်မရတော့ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄ဝဝဝက ဟေးဒီးစ်ကေရာဇ်က သူတို့ရဲ့ အစွမ်းအထက်ဆုံး ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာဖြစ်တဲ့ မီရူတောင်ကို ဖျက်ဆီးခဲ့ပြီးနောက်မှာ သူတို့ရဲ့ ကံကောင်းမှုတွေက ကုန်ခမ်းသွားခဲ့တယ်"

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "ကမ္ဘာဦးခေတ်နဲ့ ရှေးဟောင်းခေတ်တို့မှာ လူသားကေရာဇ်တွေက အုပ်စိုးခဲ့တယ်။ မဟာဟင်းလင်းပြင် သူတော်စင်က

သူ့ရဲ့ကိုယ်ပိုင် မင်းဆက်ကို ထူထောင်နိုင်ခဲ့ပေမဲ့ အဲ့ဒီလိုမျိုး မလုပ်ခဲ့ဘူး။ အဲ့ဒီအစား သူက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ အာရုံကို မဟာလွင်တီးခေါင် ကုန်းမြေမှာပဲ စူးစိုက်ထားခဲ့တယ်"

"ဗုဒ္ဓဆိုတာက အမှန်တကယ်တော့ တိုင်ကေရာဇ် ကျဆုံးသွားပြီးတဲ့နောက်မှာ တက်လာတဲ့ ဒုတိယမြောက် လူသားကေရာဇ် ရှူကေရာဇ် ဖြစ်တယ်။ ရှူကေရာဇ်ဟာ နှစ်ပေါင်း ၁၀,၀၀၀လောက် နန်းစံပြီးမှာ ထီးနန်းကို တခြားတစ်ယောက်ကို လွှဲပေးခဲ့တယ်။ သူကိုယ်တိုင်ကတော့ မဟာမိုးကြိုး ကျောင်းတော်ကြီးကို တည်ထောင်ခဲ့တယ်"

"ဒါပေမဲ့ နောက်ပိုင်း ဖြစ်ခဲ့တာကိုတော့ မင်းတို့က သိပြီးသားပါ"

ရှောင်ယန်နှင့် ကျန်သောသူများသည် လင်းဖုန်းက သူတို့အား ပြောပြခဲ့သော ကမ္ဘာဦးခေတ်မှ လျှို့ဝှက်ချက်များကို စဉ်းစားသုံးသပ်နေကြ၏။ အတော်ကြီး ကြာသွားမှသာ ရှောင်ယန်က တောက်ပစွာနှင့် ပြုံးလိုက်ကာ ပြောလိုက်သည်။

"ကျွန်တော်တို့ဂိုဏ်းကို ပြန်ရောက်ပြီးရင် ကျွန်တော်က အခုနားထောင်ခဲ့ရတဲ့ အရာတွေကို ကျွန်တော့် တပည့်တွေကို ပြန်ပြောပြလိုက်မယ်"

ဇူရီ၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့
အားလုံးကလည်း ပြုံးလိုက်ကြသည်။

ဤမြင်ကွင်းအား ကြည့်လိုက်ကာ
လင်းဖုန်းကလည်း ပြုံးလိုက်၍ ရှောင်ယန်အား
တိုက်ရိုက်ကြည့်လိုက်သည်။ "ကောင်းတယ်၊
ဇူရီက သူ့ကိစ္စကို ဖြေရှင်းပြီးသွားပြီ။
မင်းကရော"

အခန်းအတွင်းမှ လူများအားလုံး
တိတ်ဆိတ်ကုန်ကြ၏။ ဇူရီသည်
အိမ်ရှေ့မင်းသား လျှမ်ယွမ်နှင့်

လက်အောက်ခံများကို ညှော့်ခံခဲ့ပြီး ရှုယွင်စန်း၏ ကိစ္စကို ဖြေရှင်းပေးခဲ့သည့် အချိန်တွင် အားလုံးတို့ကလည်း သူတို့၏ သက်ဆိုင်ရာ အခန်းအတွင်းတွင် အနားယူနေကြသည်။ ရှောင်ယန်တစ်ယောက်သာ အပြင်သို့ ထွက်သွားခဲ့ပြီး ယခုအချိန်မှ ပြန်ရောက်လာခြင်း ဖြစ်သည်။

ရှောင်ယန်က ပြောလိုက်၏။ "ကျွန်တော်က မဟာကျိုး အင်ပါယာရဲ့ အနောက်မှာရှိတဲ့ ကျင်းကျိုးကို သွားခဲ့တာပါ။ ကျွန်တော်က လျှို့ဝှက်သတင်းတွေကို မရရှိခဲ့ပေမဲ့ တစ်စုံတစ်ခုကိုတော့ ရရှိခဲ့တယ်"

"ဒီကိစ္စရဲ့ အဓိက အကြောင်းရင်းက တန်ကျွင်းနဲ့ လေကျဲတို့ရဲ့ အဖေနဲ့ ဆက်စပ်နေတယ်"

"မဟာချင် အင်ပါယာက လေမိသားစုဟာ မဟာချင် အင်ပါယာရဲ့ မိသားစုကြီး လေးခုအတွင်းမှာ တစ်ခုအပါအဝင် ဖြစ်ခဲ့တယ်။ သူတို့ဟာ ရှီးလင်မြို့တိုက်ပွဲ အပြီးမှာ မဟာချင် အင်ပါယာကို သစ္စာဖောက်ပြီး မဟာကျိူး အင်ပါယာဘက်ကို ခိုလှုံသွားကြတယ်"

သူတို့၏ နယ်မြေအတွင်းမှ ဂိုဏ်းများကို ဖယ်ရှားပြီး အင်အားကြီးသော မိသားစုများ၏ စွမ်းအားများကို ထိန်းချုပ်ထားခဲ့သော မဟာကျိူး အင်ပါယာသည် လေမိသားစုက

လက်ကမ်း၍ ကြိုဆိုခဲ့သည်။ ယနေ့အချိန်တွင် လေမိသားစုသည် ကျင်းကျိုးတွင် အခြေချခဲ့ကာ ထိုနေရာတွင် လွှမ်းမိုးနိုင်ခဲ့သည်။

ရှောင်ယန် သွားရောက်စုံစမ်းခဲ့သည့် ကိစ္စမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ မကြာခင် အချိန်ကမှ ဝင်ထားသော တန်ကျွင်းနှင့် ပတ်သတ်နေသည်။

တန်ကျွင်းနှင့် လေမိသားစုမှ ပါရမီရှင် တစ်ဦးဖြစ်သူ လေကျဲတို့သည် ရုပ်အတော် ဆင်တူနေသည်။ သူတို့အား ကြည့်လိုက်လျှင် အမျိုးတော်စပ်မည်ဟု လူတိုင်းက သံသယဝင်ကြမည် ဖြစ်သည်။

လေမိသားစု ခေါင်းဆောင်က လင်းဖုန်းအား
အကူအညီ လာတောင်းသည့် ကိစ္စနှင့်
ပတ်သတ်၍ ရှောင်ယန်နှင့်
ကျန်သောသူများသည် တန်ကျွင်း၏
မူလရင်းမြစ်ကို လွယ်ကူစွာနှင့်
ခန့်မှန်း၍ရသည်။

နှလုံးသားကို ဖော်ပြသော လေ့ကားများသည်
လူတစ်ယောက်၏ အတွင်းစိတ်ရိုင်းများကိုသာ
ဖော်ပြနိုင်ကာ သူ၏ မှတ်ဉာဏ်များကို
မဖော်ထုတ်နိုင်ပေ။ သို့သော်လည်း
တန်ကျွင်းသည် လင်းဖုန်း၏ ဂိုဏ်းအတွင်းသို့
ဝင်ခဲ့သည်မှာ မကောင်းသော

ရည်ရွယ်ချက်များဖြင့် မဟုတ်ပဲ ကိုယ်ပိုင်
အကြောင်းရင်းများကြောင့်သာ သူမည်သူမည်ဝါ
ဆိုသည်ကို ဖုံးကွယ်ထားခြင်း ဖြစ်ရမည်။

ထို့ကြောင့် ရှောင်ယန်သည်
ယုကျင်းတောင်ပေါ်မှ မထွက်ခွာမီ
တန်ကျွင်းအား ဤအကြောင်းကို ဆွေးနွေးခဲ့၏။
တန်ကျွင်းကလည်း သူ့အား ဘာမှ မဖုံးကွယ်ခဲ့ပဲ
သူ၏ ဇာတ်လမ်းအကြောင်းစုံကို ရှောင်ယန်အား
အမှန်အတိုင်း ဖွင့်ပြောခဲ့သည်။ သို့သော်လည်း
သူသိခဲ့သည်မှာ အကန့်အသတ် ရှိနေသည်။

တန်ကျွင်း၏ နာမည်မှာ အမှန်ဆိုလျှင်
လေကျွင်း ဖြစ်ရမည် ဖြစ်၏။ သူသည်

လေမိသားစုခေါင်းဆောင် လေလေ၏ မျိုးဆက်ဟူ၍ ပြောနိုင်သည်။ သို့သော်လည်း သူ၏ မျိုးရိုးနာမည်မှာ တန်ဖြစ်သည်။ သူ၏ဖခင် တန်ဝန်ဟွာသည် လေမိသားစုဝင်နှင့် လက်ထပ်ခဲ့ကာ လေမိသားစုထံသို့ ဝင်ရောက်လာခဲ့၏။ ထို့ကြောင့် သူ၏နာမည်ကို လေဝန်ဟွာဟူ၍ ပြောင်းလိုက်သည်။

တန်ဝန်ဟွာနှင့် တန်ကျွင်း၏ မိခင်သည် လက်ထပ်ပြီး သိပ်မကြာခင်တွင် ကလေးတစ်ယောက် ရခဲ့သည်။ ထိုကလေးအား လေမိသားစုက ငယ်စဉ်မှစ၍ ပြုစုစောင့်ရှောက်ခဲ့သည်။ မွေးစကတည်းက သူသည် ထူးချွန်ပြောင်မြောက်သော

ပါရမီများကို ဖော်ပြခဲ့၏။ သူသည် ကိုးနဝင်းချီ
အစစ်အမှန် မိုးကြိုးပုံစံကို ပိုင်ဆိုင်ထားကာ
လေမိသားစု၏ မိုးကြိုးအနွယ်ဝင်
မှော်ကျိန်စာများကို လေ့ကျင့်နိုင်ခဲ့သည်။
ကောင်းကင်ဘုံမှနေ၍ လေမိသားစုအား
ပါရမီရှင်တစ်ယောက် ချီးမြှင့်ပေးခဲ့သကဲ့သို့
ဖြစ်သည်။

ဒါသည် တန်ကျွင်း၏ အစ်ကိုအရင်းဖြစ်သူ
လေကျဲဖြစ်၏။

လေကျဲနှင့် တန်ကျွင်းတို့သည် ညီအစ်ကို
အရင်းများ ဖြစ်ကြသော်လည်း ကံကြမ္မာသည်
လူတိုင်းအပေါ်တွင် ညီတူမျှတူ မပေးထားခဲ့ချေ။

လေကျဲသည့် ငယ်စဉ်ကတည်းမှစ၍
ထူးချွန်ပြောင်မြောက်၍ မှင်သက်ဖွယ်ရာ
ပင်ကိုစွမ်းရည်များကို ပြသနိုင်ခဲ့သည်။
ရှီထျန်းရီကသာ သူ၏အပေါ်တွင် မရှိခဲ့လျှင်
သူသည် မဟာချင် အင်ပါယာမှ ပါရမီရှင်
လူငယ်များအတွင်း မျက်စိကျစရာ
အကောင်းဆုံးသူ ဖြစ်နေလိမ့်မည်။

သို့သော်လည်း တန်ကျွင်းသည် များစွာပို၍
သာမန်ကျသည်။ ငယ်စဉ်ကတည်းမှစ၍
သူသည် မည်သည့် အထူးစွမ်းအားများကို
မဖော်ပြခဲ့ပဲ ကံမကောင်းစွာနှင့် သူမွေးဖွားပြီး
မကြာမီတွင် ကသိကအောက် ဖြစ်စရာ
ကိစ္စတစ်ခု ဖြစ်ပွားခဲ့သည်။ လေမိသားစုသို့

ဝင်ရောက်ခဲ့ပြီးနောက် မျိုးရိုးနာမည်
ပြောင်းခဲ့သော သူ၏ဖခင် တန်ဝန်ဟွာသည်
လေမိသားစုထံမှ ရတနာတစ်ပါးကို
ခိုးယူပြီးနောက် ပျောက်ကွယ်သွားခဲ့၏။

ဒါသည် လေမိသားစု ခေါင်းဆောင် လေလေ
အပါအဝင် လေမိသားစု အတွင်းမှ လူတိုင်းကို
ဒေါသထွက်စေခဲ့သည်။

လေကျဲ၏ ငယ်စဉ်ကတည်းက ဖော်ပြခဲ့သော
စွမ်းရည်များကြောင့် သူ့အား
မိသားစုအတွင်းတွင် ဖူးဖူးမှုတ်ထားကြသည်။
သူ၏ဖခင်သည် ဤကဲ့သို့ စက်ဆုပ်ဖွယ်ရာ

အပြစ်ကို ကျူးလွန်ခဲ့သော်လည်း သူ့အား
အကျိုးသက်ရောက်မှု သိပ်မရှိခဲ့ပေ။

အခြားစကားလုံးဖြင့် ပြောရလျှင်
တန်ကျွင်းမွေးဖွားပြီး နောက်ပိုင်းတွင်
မုန်းတီးဒေါသထွက်မှုများသည် သူ့အပေါ်သို့
စုပြုံ၍ ကျရောက်လာခဲ့သည်။ သူသည်
နှစ်ယောက်မျှခံသင့်သည့် အပြစ်များကို
တစ်ယောက်တည်း ကျိတ်မှိတ်ခံစားခဲ့ရသည်။

ထို့ကြောင့် တန်ကျွင်းအနေနှင့် သူနှင့်
လေကျဲတို့၏ အကြားတွင် ဆွေမျိုးတို့၏
ချစ်ခြင်းမေတ္တာများ လုံးဝမရှိပေ။

ငယ်စဉ်ကတည်းမှစ၍ လေကဲ့သည်
တန်ကျွင်းအား သူ့မှတ်တမ်းမှ အစွန်းအထင်း
တစ်ခုဟူ၍ ယူဆထား၏။ လေကဲ့၏
အကြီးမားဆုံး အရှက်ရမှုသည် သူနှင့်
ဖခင်တစ်ယောက်တည်းမှ ဆင်းသက်လာသော
သူ၏ ညီအရင်းပင် ဖြစ်သည်။

တန်ကျွင်းသည် လေကဲ့၏ သဘောထားကို
အပြည့်အဝ နားလည်နေခဲ့သည်။ သူ၏
တည်ရှိနေမှုသည် လေမိသားစု၏ ပါရမီရှင်အား
သူ၏ တကယ့်မျိုးရိုးနာမည်မှာ လေမဟုတ်ပဲ
တန်ဖြစ်သည်ဟူ၍ သတိပေးနေခဲ့သည်။

ထို့အပြင် သူ့တွင် သူခိုးဖြစ်သော
ဖခင်တစ်ယောက် ရှိနေသေး၏။

လေကဲ့သည် တန်ကျွင်းအား ဆိုးရွားစွာဖြင့်
ဆက်ဆံခဲ့၍ တန်ကျွင်းကလည်း အပြန်အလှန်
တုံ့ပြန်ခဲ့သည်။ သူ၏ ခံစားရသော
ဒုက္ခတစ်ဝက်တို့မှာ လေကဲ့နှင့် ဆက်စပ်နေခြင်း
ဖြစ်သည်။

လေကဲ့နှင့် နီးစပ်ချင်သောသူများအတွက်
အလွယ်ကူဆုံးသော နည်းလမ်းမှာ
တန်ကျွင်းအား အနိုင်ကျင့်ရန်ပင် ဖြစ်၏။

တန်ကျွင်းသည် ခေါင်းမာသူ ဖြစ်သောလည်း
အလောသုံးဆယ် လုပ်တတ်သူတစ်ယောက်
မဟုတ်ပေ။ သူသည် လေမိသားစုတွင်
အချိန်အတော်ကြာ
အောင့်အီးနေထိုင်ခဲ့ပြီးနောက်တွင်
လေမိသားစုမှ ထွက်ခွာကာ ပြင်ပတွင်
သူ့နာမည်ကိုသူ ကျော်ကြားအောင် လုပ်ခဲ့သည်။

လေမိသားစုကလည်း သူ့အား
အလေးသိပ်မထားခဲ့ပေ။ တန်ကျွင်းသည်
လေမိသားစု၏ နာမည်ကို အလွဲသုံးစား မလုပ်ပဲ
နာမည်မဖျက်ခဲ့လျှင် သူတို့ကလည်း သူ့အား
ဂရုစိုက်နေမည် မဟုတ်ချေ။

သို့သော်လည်း တန်ကျွင်းသည် သူ့ကိုယ်သူ ပြင်ပသို့ ထွက်သွားသောအခါ သူ၏ ခန္ဓာကိုယ်သည် ရုတ်တရက် လုံး၀ အသွင်ပြောင်းလဲမှု ဖြစ်ပေါ်လာခဲ့သည်။ သူ၏ သာမန် ကိုယ်ခန္ဓာသည် ရုတ်တရက်ပင် သဘာ၀ မီးအနွယ်ဝင် ဖြစ်တည်မှုတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့၍ မီးသခင် ခန္ဓာကိုယ်အား ပိုင်ဆိုင်သွားခဲ့သည်။ အခြားစကားလုံးဖြင့် ပြောရလျှင် သူ၏ ခန္ဓာကိုယ်သည် မီးအနွယ်ဝင် မှော်ကျိုန်စာများကို ကျင့်ကြံရန် အသင့်တော်ဆုံး ခန္ဓာကိုယ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ခြင်း ဖြစ်သည်။

အသေအချာ တွက်ချက်လိုက်လျှင်
သူခန္ဓာကိုယ်သည် လေကျဲ၏ ကိုးနဝင်းချီ
အစစ်အမှန် မိုးကြိုးပုံစံထက်ပင် ပိုသာသေး၏။

တန်ကျွင်းကိုယ်တိုင်ကလည်း
ဉာဏ်ပြောင်းလဲမှုကြောင့် အံ့အားသင့်
ပျော်ရွှင်သွားခဲ့သည်။ သို့သော်လည်း သူသည်
လေမိသားစုသို့ ပြန်ရန် လုံးဝ စိတ်မဝင်စားပေ။
ထို့အစား သူသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသို့သာ ဝင်ရောက်ရန်
ဆန္ဒရှိနေခဲ့သည်။ ထို့ကြောင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက နောက်ထပ်
တပည့်လက်ခံပွဲ အခမ်းအနား ပြုလုပ်သောအခါ
သူသည် ဝင်ရောက်ရန် လာခဲ့ခြင်း ဖြစ်သည်။

တန်ကျွင်း၏ ပြောင်းလဲမှုသည် လေမိသားစု၏ အာရုံများကို ဆွဲဆောင်နိုင်ခဲ့သည်။ သူတို့သည် သူ့အား ပြန်ခေါ်ချင်နေကြသော်လည်း သူ့အပေါ်မှ သဘောထားသည် ထူးခြားနေ၏။

သူတို့သည် သူ့အား ပါရမီရှင်တစ်ယောက်အဖြစ် မဆွဲဆောင်ခဲ့ပဲ
ထွက်ပြေးလွတ်မြောက်သွားသော တရားခံ တစ်ယောက်ကဲ့သို့ ဆက်ဆံခဲ့ကြသည်။

ဤသဘောထားသည် တန်ကျွင်းအား သံသယဖြစ်စေခဲ့သည်။ သူသည် လေမိသားစုကို ပို၍ အော့နှလုံးနာနေခဲ့၏။

"တန်ကျွင်း အစောပိုင်းက ပြောပုံအရဆိုရင် သူ့ရဲ့ ခန္ဓာကိုယ် ရုတ်တရက် ပြောင်းလဲလာမှုဟာ သူ့ဖခင် တန်ဝန်ဟွာရဲ့ အရင်က နေထိုင်တဲ့ နေရာနဲ့ ဆက်စပ်နေတယ်" ရှောင်ယန်က ပြောလိုက်သည်။ "အဲ့ဒီအိမ်မှာ မှော်ကျိန်စာ ဝင်္ကပါတစ်ခု ရှိနေတယ်။ တခြားသူတွေ ဝင်လာရင် ဘာမှ မတုံ့ပြန်ခဲ့ပဲ တန်ကျွင်း ဝင်ရောက်လိုက်တာနဲ့ သူက တုံ့ပြန်ခဲ့တယ်။ ပြီးတာနဲ့ သူ့ရဲ့ ခန္ဓာကိုယ်က ပြောင်းလဲသွားခဲ့တယ်"

"ဒါပေမဲ့ ပြီးတာနဲ့ ဒီမှော်ကျိန်စာ ဝက်ံပါက စွမ်းအားကုန်သွားခဲ့တယ်။ တန်ကျွင်းက နောက်တစ်ခေါက် ထပ်တက်ခဲ့ပေမဲ့ ဘာမှ ဆက်မဖြစ်တော့ဘူး"

လီယွမ်ဖန်းက သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဒီမှော်ကျိန်စာ ဝက်ံပါက ခေတ်ကူပစ္စည်း အနေနဲ့ပဲ ဆောင်ရွက်ခဲ့တာ။ တန်ကျွင်းရဲ့ ကိုယ်ထဲမှာ ထူးခြားပေမဲ့ မြုံနေတဲ့ အရာတစ်ခု ရှိနေလိမ့်မယ်"

ယန်ချင်က တိုးညင်းစွာဖြင့် ပြောလိုက်သည်။ "ဒီထူးခြားတဲ့ စွမ်းရည်ဟာ လေမိသားစုရဲ့ အခြေတည်ဝိညာဉ် အဆင့်နဲ့ အင်မော်တယ် ဝိညာဉ် အဆင့်က အကြီးအကဲတွေကိုတောင် ဖုံးကွယ်နိုင်ခဲ့တယ်။ တကယ့်ကို ထူးခြားတာပဲ"

ရှောင်ယန်က သူ၏ပါးစပ်ကို ဟလိုက်ကာ ပြောလိုက်သည်။ "ဟုတ်တယ်။ ကျွန်တော်ကလည်း ဒီကိစ္စရဲ့ အဓိက အကြောင်းရင်းက လေကျဲနဲ့ တန်ကျွင်းတို့ရဲ့ဖခင် တန်ဝန်ဟွာလို့ပဲ ယူဆတယ်။ ဒါပေမဲ့ သူက အစအန ရှာမရပဲ ပျောက်သွားခဲ့တယ်"

"ကျွန်တော့်ရဲ့ ဒီတစ်ခေါက် ကျင်းကျိုးကိုသွားတဲ့ ခရီးမှာ လေမိသားစုက မိသားစုဝင်တွေနဲ့လည်း တွေ့ခဲ့တယ်။ လေမိသားစုကလည်း တန်ဝန်ဟွာကို ကျယ်ကျယ်ပြန့်ပြန့် လိုက်ရှာနေကြတယ်။ သူတို့ရဲ့ တန်ကျွင်းကို လိုက်ဖမ်းနေကြတဲ့ ရည်ရွယ်ချက်ကလည်း တန်ဝန်ဟွာကို ဖမ်းမိနေချင်ကြလို့ပဲ ဖြစ်မယ်။ သူတို့က တန်ကျွင်းရဲ့ ခန္ဓာကိုယ်ကနေ တန်ဝန်ဟွာ ပုန်းနေတဲ့ နေရာကို ရှာနိုင်မယ့် သဲလွန်စတွေကို တွေ့နိုင်မယ်လို့ ယူဆင်နေကြတယ်"

ဇူရီက ထိုအကြောင်းကို ခေတ္တမျှ စဥ်းစားလိုက်ကာ လင်းဖုန်းအား ကြည့်လိုက်၍

ပြောလိုက်သည်။ "ဆရာ၊ ကျွန်တော့်မှာ ခန့်မှန်းချက်တစ်ခု ရှိပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ မေးလိုက်သည်။ "မင်းက တန်ကျွင်းရဲ့ မီးသခင် ခန္ဓာကိုယ်နဲ့ လေကျဲ့ရဲ့ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံတို့ဟာ တန်ဝန်ဟွာနဲ့ ဆက်စပ်နေတယ်လို့ ထင်နေတာလား"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်၍ ပြန်ဖြေလိုက်သည်။ "ဆရာမှန်းတာ ကွက်တိပဲ။ ကျွန်တော်က ဒီလိုမျိုးပဲ ယုံကြည်နေပါတယ်။ ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံက ရှားပါးပေမဲ့ အရင်က လူတွေ ရှိခဲ့ဖူးတယ်။ သူ့ကို

အလွန်အမင်း ရှားပါးတယ်လို့ ပြောလို့မရဘူး။
ဒါပေမဲ့ မီးသခင် ခန္ဓာကိုယ်နဲ့ ကိုးနဝင်းချီ
အစစ်အမှန် မိုးကြိုးပုံစံတို့က ညီအစ်ကို
နှစ်ယောက်မှာ ပေါ်လာတာက
တိုက်ဆိုင်မှုသက်သက် မဖြစ်နိုင်ဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ဘာကိုမှ မပြောခဲ့ပေ။

သူသည် လေမိသားစုအား ဤမျှ အလောတကြီး
ဖြစ်နေသည်ကို အပြစ်တင်၍ မရချေ။ သူသည်
စနစ်ထံမှနေ၍ တန်ကျွင်း၏
အရိုးအရင်းမြစ်သည် ကိုးမှတ်ရှိနေသည်ကို
သိခဲ့ရသည်။ မီးသခင် ခန္ဓာကိုယ်သည်
ယန်ချင်၏ မျှခြေညီသော ယင်ယန်ပုံစံ၊

ကျိုးယွင်ချုံး၏ မီးလောင်ပြာကျသော
ယန်ဖြစ်တည်မှုနှင့် လော်ချင်းဝူ၏
သန့်စင်သောယင် ခန္ဓာကိုယ်နှင့် တူညီသော
အဆင့်ရှိသည်။

လေကျဲ၏ ကိုးနဝင်းချီ အစစ်အမှန်
မိုးကြိုးပုံစံသည်လည်း ထိုကဲ့သို့ပင် ဖြစ်၏။
အကယ်၍ ထိုအရာတို့ကို တမင်သက်သက်
ဖန်တီး၍ရလျှင် ဟင်းလင်းပြင်
ဘုရားကျောင်းသည်ပင်လျှင် အရှုံးအမှုံး
လိုချင်နေမည် ဖြစ်သည်။

တစ်ယောက်၏ အတိုင်းအတာကို
လေ့ကျင့်မှုနှင့် ဆေးဝါးများဖြင့် တိုးတက်အောင်

လုပ်ခြင်းသည် တစ်ပိုင်းဖြစ်သည်။
သို့သော်လည်း မီးသခင် ခန္ဓာကိုယ်နှင့်
ကိုးနဝင်းချီ အစစ်အမှန် မိုးကြိုးပုံစံတို့ကဲ့သို့
စွမ်းအားကောင်းသော ဖြစ်တည်မှုကို
တည်ဆောက်နိုင်သည်မှာ တကယ့်ကို
ရင်သပ်ရှုမောလောက်သော အကွက်ပင် ဖြစ်၏။

"ဒါပေမဲ့ ခက်ခဲတဲ့ အကန့်အသတ်တွေ
ရှိဦးမယ်လို့ ယူဆရတယ်။ မဟုတ်လို့ရှိရင်
တန်ဝန်ဟွာက မူလကောင်းကင်
ကမ္ဘာကိုတောင် အုပ်စိုးနိုင်လိမ့်မယ်။
ဘာပဲပြောပြော သူက အကြံကောင်း
ဉာဏ်ကောင်းတွေရှိတဲ့ တစ်စုံတစ်ယောက်ပဲ
ဖြစ်တယ်"

လင်းဖုန်းသည် သူ၏ ထိုင်ခုံလက်ရန်းကို ခေါက်နေခဲ့ကာ ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများကို ကြည့်နေခဲ့သည်။ ရုတ်တရက်ပင် သူကပြုံးလိုက်ကာ ပြောလိုက်သည်။ "စိတ်အေးအေးထားကြပါ။ ငါခန့်မှန်းတာ မှန်ရင် အဓိက အကြောင်းရင်းက တန်ဝန်ဟွာဆီမှာ ရှိမနေဘူး"

ရှောင်ယန်နှင့် ကျန်သောသူများက မှင်သက်သွားကြ၏။ ပြီးတာနှင့် သူတို့သည် အချိန်အတော်ကြာမျှ ငြိမ်သက်သွားပြီးမှသာ သူတို့၏ မျက်နှာများ အပေါ်တွင် သဘောပေါက်သော အမူအရာများ

ပေါ်လာကြသည်။ သူတို့သည် ခေါင်းများကို အသီးသီး ညိတ်လိုက်ကြကာ ပြောလိုက်ကြသည်။ "ဆရာပြောတာ မှန်ပါတယ်။ ကျွန်တော်တို့က မှားယွင်းစွာ တွေးခေါ်ခဲ့ကြတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်၏။ "ဒါကြောင့်မို့ ဒီကိစ္စမှာ ငါတို့က တိတ်တိတ်လေးပဲ စောင့်ကြည့်နေရမယ်။ ဘာပဲပြောပြော ငါတို့က စင်ပေါ်မှာ ရှိနေတယ်"

သူသည် မတ်တတ်ထရပ်လိုက်ကာ သူ၏လက်များကို နောက်ကျောတွင် ပစ်ထားလိုက်သည်။ သူသည် အခန်းအပြင်သို့

ထွက်သွားခဲ့ကာ ပြောလိုက်သည်။
"သွားပြီးတော့ ပစ္စည်းတွေ သိမ်းထားတော့။
ယွင်စန်းရဲ့ ကိစ္စက ပြေလည်သွားပြီ ဆိုတော့
ငါတို့က အရှေ့ပင်လယ်ကို သွားပြီး
ယင်ပင်လယ်ရဲ့ တောင်သုံးတောင်
ပေါ်လာတော့မယ့် ကိစ္စကို ပြင်ဆင်မှုတွေ
ပြုလုပ်ထားရမယ်"

သူ၏အခန်းအပြင်သို့ ရောက်သွားသောအခါ
သူသည် ညကောင်းကင်ယံကို
မော့ကြည့်လိုက်ကာ စိုးရိမ်သော လေသံဖြင့်
ပြောလိုက်သည်။ "မဟာကျိုး အင်ပါယာက
သူတို့ကိုယ်သူတို့ အရမ်း သေချာနေတဲ့ပုံ
ပေါက်နေတယ်။ သူတို့က ဘယ်လိုမျိုး

ပြင်ဆင်မှုတွေ ပြုလုပ်ထားလို့ ဒီလောကအထိ ယုံကြည်မှုတွေ ရှိနေပါလိမ့်"

## စာစဥ် ၃၈ : အပိုင်း ၆

## အပိုင်း ၇၁၆ : တရားမဝင်ကျူးကျော်ဝင်ရောက်သူ

အရှေ့ပင်လယ် အတွင်းမှ မြစိမ်းရောင်လှိုင်းလုံးများက လှုပ်ရှားလျှက်ရှိကာ အဆုံးမရှိသော ပင်လယ်အတွင်းတွင် ရွှေရောင်အလင်းတန်းများက တောက်ပလျှက် ရှိကြ၏။ မိုးကုတ်စက်ဝိုင်းမှနေ၍ နံနက်ခင်း နေမင်းက

မြင့်တက်လာသည်ကို ကြည့်နေရင်း လင်းဖုန်းနှင့် အဖွဲ့သည် တောင်ပေါ်သို့ ရောက်ရှိလာကြသည်။

သူတို့အုပ်စုတို့သည် ကျဲယုနှင့် ကွေ့နွားဘုရင်အပေါ်မှနေ၍ ထိုင်နေကြကာ ပင်လယ်အပေါ်မှ ကောင်းကင်မှနေ၍ ပျံသန်းလာကြသည်။ ပင်လယ်အတွင်းမှ လှိုင်းကြက်ခွပ်များကို ကြည့်လိုက်ကာ ရှောင်ယန်က ပြုံး၍ပြောလိုက်သည်။
"ကျွန်တော်က ရေခဲတွေနဲ့ ပြည့်နေတဲ့ မြောက်ဝင်ရိုးစွန်း ပင်လယ်ကိုပဲ တွေ့ဖူးခဲ့တာ။ အခုအရှေ့ပင်လယ်က လုံးဝကို ကွဲပြားခြားနားတဲ့ အတွေ့အကြုံ တစ်ခုပဲ"

လင်းဖုန်းက ပြောလိုက်၏။
"ကောင်းကင်ကနေပြီး သဘာဝရှုခင်း
အမျိုးမျိုးကို ဖန်ဆင်းထားပေးခဲ့တယ်။
တစ်ခုချင်းစီက သူတို့ရဲ့ ကိုယ်ပိုင်
ထူးခြားချက်တွေ ရှိနေကြတယ်"

လီယွမ်ဖန်းက သူ၏ခေါင်းကို ငုံ့လိုက်ကာ
ကွေ့န္တားဘုရင်အား ကြည့်ကာပြောလိုက်သည်။
"စီနီယာ ကွေ့န္တားဘုရင်၊ အရှေ့ပင်လယ်မှာ
ကျွန်တော်တို့ သတိထားသင့်တဲ့ အင်အားစု၊
ဒါမှမဟုတ် စွမ်းအားကြီးတဲ့ ကျင့်ကြံသူတွေကို
ပြောပြပေးပါ"

"ပထဝီဝင် အနေအထားနဲ့ မဟာကျိုး အင်ပါယာတို့ရဲ့ ကန့်သတ်မှုကြောင့် အရှေ့ပင်လယ်မှာ ကျင့်ကြံသူနဲ့ ဂိုဏ်းတွေ အနည်းငယ်သာ ရှိတယ်။ ဒါပေမဲ့ သူ့ရဲ့ အရွယ်အစားကြောင့် မဟာကျိုး အင်ပါယာက နေရာတိုင်းကို တင်းတင်းကျပ်ကျပ် မထိန်းချုပ်နိုင်ဘူး"

"မင်းတို့ အထူးသတိထားရမယ့် ဂိုဏ်းတစ်ခုကတော့ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း ဖြစ်တယ်။ သူက အရှေ့ပင်လယ်မှာ အသန်မာဆုံးဂိုဏ်းပဲ ဖြစ်တယ်" ကွေန္တာ့သားဘုရင်က ခေတ္တမျှ နားလိုက်ပြီးမှ ဆက်ပြောလိုက်၏။

"အရှေ့ကောင်းကင် တံခါးဂိုဏ်းအနေနဲ့ကတော့ ငါလည်း သိပ်မသိဘူး။
ငါသိထားသလောက်ကတော့ လော်ဖူး လျို့ဝှက်ဆန်းကြယ်သောကျွန်းကတော့ အရှေ့ပင်လယ်မှာ အင်အားအကြီးဆုံးဂိုဏ်း ဖြစ်တယ်"

"လော်ဖူးသူတော်စင်က အမတန်မှ စွမ်းအားကြီးတဲ့ သီးသန့်ကျင့်ကြံသူ ဖြစ်တယ်။
လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက သူဟာ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်ကို ရောက်ရှိခဲ့ပြီး ကျူးကော်ဝမ်ချိုးရဲ့ ဖခင် ကျူးကော်ကျန်းလိုမျိုး ရှားပါးတဲ့

တစ်ကိုယ်တော် ထိပ်သီးကျင့်ကြံသူတွေ
အထဲက တစ်ယောက်ဖြစ်တယ်"

"သူက လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှာ နေထိုင်ပေမဲ့
ဂိုဏ်းတစ်ခုကို တည်ထောင်ထားခြင်းတော့
မရှိဘူး။ အဲ့ဒီအစား သူဟာ
အခြားကျင့်ကြံသူတွေနဲ့အတူ
သာမန်သေမျိုးတွေကိုတောင်မှ ဒီကျွန်းမှာ
နေထိုင်ခွင့်ပြုခဲ့တယ်"

ကွေ့နွားဘုရင်က ဆက်ပြောလိုက်သည်။
"ဒဏ္ဍာရီတွေ အဆိုအရ လောဖူးသူတော်စင်နဲ့
ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

လက်ရှိခေါင်းဆောင် ယန်နန်းလိုင်တို့ဟာ နက်ရှိုင်းတဲ့ ဆက်ဆံရေးတွေ ရှိကြတယ်"

"လော်ဖူးသူတော်စင်က တရားမျှတမှုရှိတယ်။ အရှေ့ပင်လယ်က ကျင့်ကြံသူတွေ အကြားမှာ အငြင်းပွားမှုတွေ ဖြစ်လာတိုင်း သူတို့ဟာ သူ့ကိုရှာပြီး ခုံသမာဓိ လူကြီးအဖြစ် ဆောင်ရွက်စေကြတယ်။ မဟာကျိုး အင်ပါယာကတောင်မှ သူ့ကို လေးလေးစားစားနဲ့ ဆက်ဆံရတယ်"

လင်းဖုန်းသည် သူ့စကားအား နားထောင်နေရင်း ရုတ်တရက် ဝင်မေးလိုက်သည်။ "လော်ဖူး

လှိုဂှက်ဆန်းကြယ်သောကျွန်းက
ဘယ်နားမှာလဲ"

ကွေနွားဘုရင်က ပြန်ဖြေလိုက်၏။
"အရှေ့ပင်လယ်ရဲ့ မြောက်ပိုင်းမှာပါ။ သူက
နတ်ဘုရားနယ်မြေနဲ့ မဟာလွင်တီးခေါင်
ကုန်းမြေတို့ရဲ့ အကြားက
ကမ္ဘာကြားဆက်ကြောင်းတွေရဲ့ အနားမှာ
တည်ရှိနေတယ်။ သူက ယင်ပင်လယ်ရဲ့
ဝင်ပေါက်နဲ့လည်း အမတန်မှ နီးကပ်တယ်"

"သူ့ကို အချက်အချာကျတဲ့ နေရာလို့
ပြောလို့ရသလို ပဋိပက္ခတွေနဲ့လည်း အမြဲတမ်း
ပြည့်နှက်နေတဲ့ နေရာလည်း ဖြစ်တယ်။

လော်ဖူးသူတော်စင်ရဲ့
စွမ်းအားကြောင့်သာမဟုတ်ရင် အဲ့ဒီနေရာကို
ထိန်းချုပ်ပြီး သူ့ရဲ့
လက်အောက်ငယ်သားတွေကို ကာကွယ်ဖို့
သိပ်မလွယ်ဘူး"

ရှောင်ယန်က ဖွဖွလေး ရယ်လိုက်ကာ
ပြောလိုက်သည်။ "ကြည့်ရတာ
လောဖူးသူတော်စင်က မဟာကျိုး အင်ပါယာရဲ့
လက်အောက်ကို မဝင်ခဲ့ပေမဲ့ သူတို့ရဲ့
ဆက်ဆံရေးက ဆိုးပုံမပေါ်ဘူး။ ဒါက
ဟော်မိသားစုဟာ မဟာချင် အင်ပါယာကို
သူတို့ရဲ့ တောင်ပိုင်းနယ်မြေတွေကို
စောင့်ကြပ်ပေးတဲ့ပုံနဲ့ ဆင်တူနေတယ်"

ကွေန္တားဘုရင်က ပြောလိုက်သည်။ "ဟုတ်တယ်၊ အဲ့ဒီလိုပဲ။ မဟာကျိုး အင်ပါယာက ကျင့်ကြံသူတွေက အရှေ့ပင်လယ်က ကျင့်ကြံသူတွေနဲ့ ပဋိပက္ခ ဖြစ်ပွားကြရင် လော်ဖူးသူတော်စင်က ဝင်ပါပြီး တရားမျှတအောင် ဖြေရှင်းပေးတယ်။ သူ့ရဲ့ တရားစီရင်ချက်ဟာ အားလုံးရဲ့ လေးစားမှုကို ခံရပြီး အဲ့ဒီကိစ္စက အရမ်း အရေးမကြီးခဲ့ရင် မဟာကျိုး အင်ပါယာကလည်း ဒီအတိုင်း လွှတ်ထားလိုက်တယ်"

အခြားသူများက ကြားလိုက်သောအခါ သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြသည်။ ဒါသည်

အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
လော်ဖူးသူတော်စင်၏ စွမ်းပကားဖြစ်၏။

တစ်ကိုယ်တော် ကျင့်ကြံသူ
တစ်ယောက်အတွက် ဤကဲ့သို့ အဆင့်မြင့်မြင့်
စွမ်းဆောင်နိုင်ခြင်းသည် အတော်ကိုမှ
ရှားပါးသည်။ သူတို့အနေနှင့် ဤကဲ့သို့
ကျင့်ကြံမှုအဆင့် ရောက်အောင် ကျင့်ကြံနိုင်ရန်
မလွယ်ပဲ တစ်ကိုယ်တော်
ထိပ်သီးကျင့်ကြံသူများ
တစ်ယောက်ချင်းတိုင်းတွင် အစွမ်းထက်သော
ကိုယ်ပိုင်နည်းစနစ်များ ရှိချင်မှ ရှိပေမည်။

အဘယ်ကြောင့်ဆိုသော် သီးသန့်ကျင့်ကြံသူ
အများအပြားတို့သည်
သိုသိုသိပ်သိပ်နေလေ့ရှိကြပြီး
ဂိုဏ်းကြီးများကဲ့သို့ မကြာခဏ ခိုက်ရန်ဖြစ်ပွား
တိုက်ခိုက်ခြင်း မရှိကြပေ။ သူတို့အနက်မှ
စွမ်းအားထက်သော ကျင့်ကြံသူတစ်ယောက်
ပေါ်ထွက်လာရန် မလွယ်ကူသော်လည်း
သူတို့သည် သက်တမ်းပိုရှည်လေ့ ရှိကြသည်။

ထူးချွန်ထက်မြက်သော တစ်ကိုယ်တော်
ကျင့်ကြံသူများသည် ကိုယ်ပိုင်ဂိုဏ်းများကို
ထူထောင်လျှင်လည်း
အောင်မြင်လေ့ရှိကြသည်။ သို့သော်လည်း
ကိုယ်ပိုင် အကြောင်းပြချက်များ ရှိကြသဖြင့်

သူတို့အများစုသည် ထိုကဲ့သို့
လုပ်လေ့မရှိကြပေ။

ဘာပဲပြောပြော နတ်ဘုရားနယ်မြေ အတွင်းမှ
လက်ရှိဂိုဏ်းများကို ထူထောင်ခဲ့ကြသူများမှာ
သူတို့၏ ကိုယ်ပိုင်ဂိုဏ်းများကို မထူထောင်မီက
သူတို့အား တစ်ကိုယ်တော်
ကျင့်ကြံသူများဟူ၍ပင် ပြောရမည် ဖြစ်သည်။

အဆင့်နိမ့်သော တစ်ကိုယ်တော်
ကျင့်ကြံသူများသည် ဂိုဏ်းကြီးများမှ
တပည့်များထက် အစွမ်းပြသရန် များစွာပို၍
ခက်ခဲသည်။ သို့သော်လည်း ရွှေရောင်ဗဟိုချက်
အဆင့်၊ အခြေတည်ဝိညာဉ် အဆင့် သို့မဟုတ်

အင်မော်တယ် ဝိညာဉ် အဆင့်သို့ပင်
ရောက်ရှိကာ သူတို့၏ နာမည်ကို
ထင်ရှားအောင် ပြုလုပ်နိုင်သော တစ်ကိုယ်တော်
ကျင့်ကြံသူတိုင်းသည် သူ့ထူးခြားချက်နှင့်သူ
ရှိကြသူများပင် ဖြစ်ကြ၏။

ကွေ့နွားဘုရင်က ဆက်ပြောလိုက်သည်။
"လော်ဖူးသူတော်စင်အပြင် အရှေ့ပင်လယ်က
ကျင့်ကြံသူ အများစုတို့ကလည်း သီးသန့်
ကျင့်ကြံသူတွေ ဖြစ်ကြတယ်။ သူတို့က
စိတ်ဝိညာဉ် စွမ်းအင်တွေ များပြားတဲ့ ကျွန်း၊
ဒါမှမဟုတ် ရေအောက်ဂူတွေမှာ နေထိုင်ကြပြီး
တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်
လုပ်လေ့ သိပ်မရှိကြဘူး"

"မဟာကျိုး အင်ပါယာ အပေါ်မှာ သီးသန့်ကျင့်ကြံသူတွေ အများစုတို့ဟာ အတိုင်းအတာ တစ်ခုအထိ အညှံ့ခံထားကြတယ်။ သူတို့ဟာ မဟာကျိုး အင်ပါယာက ချမှတ်ထားတဲ့ အချို့အမိန့်တွေကို နာခံရပေမဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တော့ အတော်ရှိကြတယ်။ ဒါပေမဲ့ မဟာကျိုး အင်ပါယာကို ဂရုသိပ်မစိုက်ကြတဲ့ မာနကြီးတဲ့ သူတွေကတော့ ဇာတ်သိမ်းသိပ်မလှကြဘူး"

ဇူရီက မေးလိုက်သည်။
"ကျယ်ပြန့်သောပင်လယ် ခေါ်ဂိုဏ်းကရော ဘယ်လိုနေလဲ"

ကွေနွားဘုရင်က ပြန်ဖြေလိုက်၏။
"ကျယ်ပြန့်သောပင်လယ် ခေးဂိုဏ်းက
အရှေ့ပင်လယ်ရဲ့ တောင်ပိုင်းမှာ တည်ရှိတယ်။
ဒါပေမဲ့ ကျယ်ပြန့်သောပင်လယ် ခေးဂိုဏ်းနဲ့
မဟာကျိုး အင်ပါယာတို့က တူညီတဲ့
နည်းဗျူဟာတွေ ရှိကြတယ်"

"လတ်တလောမှာ သူတို့က သူတို့ရဲ့
စွမ်းအားတွေကို ပြည်မအပေါ်မှာသာ
အာရုံစိုက်ထားပြီး အရှေ့ပင်လယ်မှာကိုတော့
သူတို့ကိုယ်သူတို့ ထိန်းထားနိုင်ရုံလောက်သာ
စွမ်းအားတွေကို ချန်ထားတယ်။ ဒါကြောင့်

အရှေ့ပင်လယ်က ကျင့်ကြံသူ အများစုတို့က သူတို့ကို ဂရုသိပ်မစိုက်ကြဘူး"

လင်းဖုန်းက နားထောင်နေရင်းနှင့် ပြုံး၍ပြောလိုက်သည်။ "သူတို့က အရင်က ဂရုမစိုက်ကြပေမဲ့ အခုအချိန်မှာ သူတို့ရဲ့ အာရုံတွေက ဒီဘက်ကို ပြန်ရောက်လာပြီနဲ့ တူတယ်"

ကွေနွားဘုရင်က ပြောလိုက်သည်။ "အရှင်ပြောတာ မှန်ပါတယ်"

ကျဲယုနှင့် ကွေ့နွားဘုရင်တို့သည် သူတို့အုပ်စုအား သူတို့၏ ကျောပေါ်တွင် တင်ဆောင်ထားခဲ့ကာ ပျံသန်းလာကြသည်။ ကွေ့နွားဘုရင်က ရေကြောင်းကို ကြည့်လိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။ "အရှင်၊ ကျွန်တော်တို့ရဲ့ အရင်နေရာဖြစ်တဲ့ လီဘိုတောင်က ဒီနေရာရဲ့ အရှေ့ဘက်မှာ ရှိပါတယ်"

လင်းဖုန်းက ပြုံးလိုက်ကာ မေးလိုက်သည်။ "အိုး၊ ဟုတ်လား၊ မင်းတို့မျိုးနွယ်စုက အဖွဲ့ဝင်တွေအချို့ အဲ့ဒီမှာ ကျန်ခဲ့သေးလား"

ကွေန္ဒားဘုရင်က ပြန်ဖြေလိုက်သည်။
"ကျွန်တော်တို့ မာစတာက လီဘိုတောင်ကနေ ထွက်ခွာလာတဲ့ အချိန်မှာ ကျွန်တော်တို့ မျိုးနွယ်စု တစ်ခုလုံးက သူနဲ့အတူ ပြည်မကို လိုက်ပါလာကြပါတယ်။ ဒါပေမဲ့ ဆရာ့ဆီမှာ ဆေးစိုက်ခင်းတစ်ခုက တောင်ပေါ်မှာ ကျန်နေခဲ့တယ်။ ဒီဆေးပင်တွေကို ရွှေ့ပြောင်းဖို့ ခက်ခဲတာကြောင့် သူက အဲ့ဒီနေရာမှာ လူတချို့ကို ဆေးစိုက်ခင်းကို ပြုစုစောင့်ရှောက်ဖို့ ချန်ထားခဲ့ပါတယ်"

"ဒါ့အပြင် ကျွန်တော်တို့ ကွေန္ဒားတွေနဲ့အတူ ကျွန်တော်တို့ မာစတာအနားမှာ လေ့လာသင်ယူနေကြတဲ့ မိစ္ဆာတစ်အုပ်စုလည်း

ရှိကြပါသေးတယ်။ သူတို့ကတော့ စိတ်ဝိညာဉ်ရေနဂါးတွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ မျိုးနွယ်စုတို့က ကျွန်တော်တို့ မာစတာနဲ့ ထွက်လာတဲ့အချိန်မှာ သူတို့က တောင်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ကျန်နေခဲ့ပါတယ်"

လင်းဖုန်းက သာမန်သာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း အဲ့ဒီကို သွားလည်ရအောင်။ အနည်းဆုံးတော့ ငါတို့မှာ ယင်ပင်လယ်ကို သွားပြီးတော့ စူးစမ်းလေ့လာတဲ့ အချိန်မှာ အခြေစိုက်လို့ ရတာပေါ့"

ကွေ့နွားဘုရင်က သူတို့အားလုံးအား ခေါ်ဆောင်ခဲ့ကာ အရှေ့စူးစူးသို့

သွားခဲ့လိုက်သည်။ မကြာမီတွင်ပင် သူတို့အားလုံး၏ မြင်ကွင်းအတွင်း၌ ကျွန်းငယ်လေးတစ်ကျွန်း ပေါ်လာခဲ့၏။

လင်းဖုန်းသည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ ကွေ့န္တားဘုရင်အား မေးလိုက်သည်။ "ရေလှိုင်းသူတော်စင်က ကွေရေ ယင်မိုးကြိုး မှော်ကျိန်စာကို ကျင့်ကြံထားတာလား။ ဒါက မင်းတို့ရဲ့ နည်းစနစ်နဲ့ မတူနေသလိုပဲ"

ကွေ့န္တားဘုရင်ကလည်း ထိတ်လန့်တုန်လှုပ်စွာနှင့် ရပ်လိုက်သည်။ သူသည် အရှေ့သို့ လျှောက်သွားနေခဲ့ရင်းနှင့်

ထူးဆန်းသော အရာတစ်ခုအား
သတိပြုမိလိုက်၏။ သူသည် စိတ်ဝိညာဉ်
စွမ်းအင် စီးဆင်းပုံကို အာရုံခံလိုက်ကာ
လင်းဖုန်းက ဘာဆိုလိုနေသည်ကို
နောက်ဆုံးတွင် သတိပြုမိသွားခဲ့သည်။ သူ၏
နှုတ်ခမ်းများသည် ဒေါသဖြင့်
ပြုံးကျယ်လာခဲ့၏။

"တစ်စုံတစ်ယောက်က မာစတာရဲ့
လီဘိုတောင်ကို ကျူးကျော်ဝင်ရောက်ပြီး
မှော်ကျိန်စာ ဝင်္ကပါတစ်ခုကို ထားထားခဲ့တယ်။
သူတို့က ကျွန်းပေါ်က စိတ်ဝိညာဉ် စွမ်းအင်
စီးဆင်းမှုကို ပြောင်းလဲထားခဲ့တယ်"

ကွေ့န္တားဘုရင်က အသက်ပြင်းပြင်း ရှူလိုက်ကာ ပြောလိုက်သည်။ "ဟိုရေနဂါးအိုကြီးက ဘာလုပ်နေတာလဲ။ သူက ဘာဖြစ်လို့ တခြားလူ တစ်ယောက်ကို မာစတာရဲ့ လီဘိုတောင်ကို ကျူးကျော်ဝင်ရောက်ခွင့် ပေးထားရတာလဲ"

သူသည် ဒေါသတကြီးဖြင့် လီဘိုတောင် ရှိရာဆီသို့ ပျံသန်းသွားခဲ့သည်။ သူသည် အနားသို့ ရောက်လာသောအခါ တောင်အနီးမှာ မှော်ကျိန်စာ ဝက်ပါအနားသို့ ချဉ်းကပ်သွားခဲ့သည်။ သူ၏ မျက်လုံးအတွင်းမှ ဒေါသအငွေ့အသက်များမှာ အနည်းငယ် လျော့ကျသွားခဲ့ကာ ပြောလိုက်သည်။ "ဒီမှော်ကျိန်စာ ဝက်ပါ.. ဒါက အင်မော်တယ်

ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်က ပြုလုပ်ထားခဲ့တာပဲ။ ဒါဆိုရင်တော့ ဟိုရေနဂါးအိုကြီးကို အပြစ်တင်လို့ မရတော့ဘူး"

လင်းဖုန်းက ထိုကျွန်းအား တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "ဒီတရားမဝင် ကျူးကျော်ဝင်ရောက်သူက အခုအချိန်မှာ အပြင်သွားနေတယ်နဲ့ တူတယ်။ သူက အထဲမှာ မရှိဘူး"

သူသည် သူ၏လက်ကို ဆန့်တန်းလိုက်ကာ ခုတ်ဖြတ်သည့် အမူအရာကို ပြုလုပ်လိုက်ကာ ကျွန်းပေါ်မှ မှော်ကျိန်စာ ဝင်္ကပါကို

ဖြတ်တောက်လိုက်သည်။ သို့သော်လည်း သူ၏ သဲလွန်စများကို တစ်ခုမှ မထားခဲ့ပေ။ ဤမှော်ကျိန်စာ ဝက်ပါကို တည်ဆောက်ထားသူသည် သူ၏စိတ်နှင့် ဝက်ပါကို ဆက်သွယ်ထားခဲ့သည်။ သို့သော်လည်း လင်းဖုန်း၏ ကောင်းကင်၏ စည်းရိုးများ မှော်ကျိန်စာကြောင့် သူသည် သူ့ဝက်ပါ၌ ဘာဖြစ်သွားခဲ့သည်ကို သတိမပြုမိခဲ့ပေ။

"သွား၊ အထဲကို ဝင်သွားလိုက်ကြ" လင်းဖုန်းက ဘာမှ မဖြစ်သလိုနှင့် ပြောလိုက်သည်။ "ကျွန်းကို ပြန်လည်သိမ်းပိုက်ပြီး ငါတို့က ဒီလူပြန်လာမှာကို စောင့်နေလိုက်မယ်"

""မင်းတို့ လုပ်စရာရှိတာကို လုပ်ကြပါ။ ဘာမှ
ကြောက်စရာ မလိုဘူး။ ဟိုလူက
ဘာမှမသိသေးဘူး။ သူပြန်လာလို့ရှိရင်
နောက်တစ်ခါ ထပ်မပေါ်လာရဲအောင်
ကြောက်သွားအောင် လုပ်ပေးလိုက်မယ်"

လင်းဖုန်းနှင့် ကျန်သောသူများသည်
ကွေနွားဘုရင်နှင့် ကျဲယုတို့၏ ကျောပေါ်မှ
ဆင်းလိုက်ကြသည်။ ကွေနွားဘုရင်သည်
ကျွန်းအတွင်းသို့ ပြေးဝင်သွားခဲ့ကာ လင်းဖုန်း၏
အရှေ့တွင် သူ၏ စွမ်းဆောင်ရည်များကို
ပြလိုနေသော ကျဲယုကလည်း လိုက်ပါသွားခဲ့၏။

ပိုင်ကွမ်းသည် ဘာမှ မလုပ်ခဲ့ပဲ သူမ၏ ခင်ပွန်းအနောက်သို့သာ လိုက်သွားခဲ့သည်။

မကြာမီတွင်ပင် အတွင်းမှနေ၍ ကျိန်ဆဲသံများကို ကြားလိုက်ရသည်။ "ဘယ်သူက ရေချိုးသူတော်စင်ရဲ့ တောင်ကို ကျူးကျော်ဝင်ရောက်ရဲသလဲ"

သူ၏ စိတ်ဝိညာဉ် စွမ်းအင် လှုပ်ရှားမှုများအရ သူသည် အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်ပေလိမ့်မည်။ သူသည် အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထား၍ ကျွန်းအတွင်းမှ

ပျံသန်းလာခဲ့သည်။ သူသည် ကွေ့နွားဘုရင်အား ဒေါသတကြီးဖြင့် စိုက်ကြည့်နေခဲ့၏။

ကွေ့နွားဘုရင်၏ အသံသည် ကောင်းကင်ကိုးဆင့်သို့တိုင်အောင် ပဲ့တင်ရိုက်သွားစေသော မိုးခြိမ်းသံအလား ဖြစ်နေခဲ့သည်။ "ရေချိုသူတော်စင်၊ ဟွန့်"

"အစောပိုင်းက သူဟာ ငါတို့ မာစတာရဲ့ သင်ကြားမှုတွေကို နားထောင်ပြီး ညွှန်ပြမှုတွေကို ခံယူခဲ့တယ်။ ဒါမှပဲ သူဟာ အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်ရှိသွားနိုင်ခဲ့တယ်။ အခုအချိန်မှာ သူက

ငါတို့ မာစတာရဲ့ လီဘိုတောင်ကို
ကျူးကျော်သိမ်းပိုက်ခဲ့တယ်။ အရှက်မရှိတဲ့လူ!"

ကွေ့နွားဘုရင်သည် အော်ဟစ်လိုက်ရာ
ကောင်းကင်ပေါ်မှနေ၍ မိုးခြိမ်းသံများ
ပေါ်လာခဲ့သည်။ လျှပ်စီးများက
စက်ဝိုင်းတစ်ခုအလား သူ၏ပြိုင်ဘက်အပေါ်သို့
ကျဆင်းလာခဲ့၏။

ထိုသူသည် ကွေ့နွားဘုရင်အား
တွေ့လိုက်ရသောအခါ
ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။ သူသည်
ရေလှိုင်းသူတော်စင် ပြန်လာမည်ကို
ကြောက်ရွံ့နေခြင်း မဟုတ်ပေ။

ကွေ့နွားဘုရင်က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ရောက်သွားသည်ကို
သိနေသောကြောင့် ဖြစ်သည်။

ထိုအကြောင်းကို စဉ်းစားမိလိုက်သောအခါ
သူသည် ဘာမှ တွေဝေနေခြင်း မရှိခဲ့ပေ။
သူ၏လက်များဖြင့် မှော်သင်္ကေတ တစ်ခုကို
ဖန်ဆင်းလိုက်ကာ အော်လိုက်သည်။
"မြင့်တက်လာစမ်း"

မိစ္ဆာစွမ်းအင်တန်းများသည် မြင့်တက်လာခဲ့ကာ
သူ၏ ခန္ဓာကိုယ်အား ဝန်းရံထားလိုက်ကြသည်။

ကွေ့နွားဘုရင်သည် အသေအချာ
စောင့်ကြည့်နေကာ ပို၍ပင်
ဒေါသထွက်လာခဲ့၏။ ထိုမိစ္ဆာစွမ်းအား၏
အရင်းအမြစ်မှာ သူ၏ ယခင်က
ရဲဘော်ရဲဘက်ဖြစ်သူ စိတ်ဝိညာဉ်
ရေနဂါးများထံမှ လာခဲ့ခြင်း ဖြစ်သည်။

ဤစိတ်ဝိညာဉ် ရေမြင်းများသည်
သူတို့ရန်သူအား ဒူးမထောက်ခဲ့ကြပေ။
သူတို့သည် တစ်စုံတစ်ယောက်၏
လှို့ဝှက်မှော်ကျိန်စာဖြင့် ထိန်းချုပ်ခြင်းအား
ခံနေကြခြင်း ဖြစ်သည်။ သူတို့သည်
သူ၏ပွန်းများအဖြစ် အကျပ်ကိုင်ခြင်းကို

ခံနေရကာ သူတို့၏ မိစ္ဆာစွမ်းအင်များကို အထုတ်ယူ ခံနေရခြင်း ဖြစ်၏။

စိတ်ဝိညာဉ် ရေနဂါးများ၏ မိစ္ဆာစွမ်းအင်ကို ရယူပြီးတွင် ထိုအခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ၏ မှော်စွမ်းအင်သည် များစွာပို၍ တိုးတက်သွားခဲ့သည်။ သူသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူနှင့်ပင် ရင်ဆိုင်နိုင်လုနီးပါး ဖြစ်သွားခဲ့သည်။

သို့သော်လည်း သူသည် သူ၏စွမ်းအားများကို ကွေန္လားဘုရင်နှင့် ရင်ဆိုင်ရန် ထုတ်သုံးခဲ့ခြင်း မဟုတ်ပေ။ သူက ကြုံးဝါးလိုက်၏။ "ငါတို့

ဖြည်းဖြည်းချင်း ဆွေးနွေးကြတာပေါ့။
ဒီစိတ်ဝိညာဉ် ရေနဂါးတွေရဲ့ အပေါ်မှာ
ငါ့ဆရာက အရံအတားတွေ ထားထားတယ်။
ဒီအရံအတားတွေကို ဖျက်ဆီးလိုက်ရင် သူတို့က
အသက်ပျောက်သွားလိမ့်မယ်"

ကွေ့နွားဘုရင်က ဒေါသတကြီးဖြင့်
ရယ်မောလိုက်သည်။ "အရမ်းကောင်းတယ်၊
မင်းက အခုအချိန်မှာ ခါးစာခံတွေနဲ့
ခြိမ်းခြောက်နေတာပေါ့"

ရေချိုသူတော်စင်၏ တပည့်က ပြုံးလိုက်ကာ
ပြောလိုက်သည်။ "သိပ်ပြီးတော့လည်း
စိတ်မတိုပါနဲ့၊ ကွေ့နွားဘုရင်။ အခုအချိန်မှာ

မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ဝင်လိုက်ပြီဆိုတော့ ငါကမင်းနဲ့ မတိုက်ခိုက်ချင်ဘူး။ ငါက လွတ်လမ်းကိုပဲ ရှာချင်နေတာပါ"

သူသည် ကျဲယုနှင့် ပိုင်ကွမ်းတို့အား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါ့ကို ဒီကျွန်းပေါ်ကနေ ထွက်ခွာခွင့်ပေးပါ။ ဒါက ငါ့ရဲ့ တစ်ခုတည်းသော တောင်းဆိုမှုပဲ"

ပိုင်ကွမ်းက အေးစက်စွာနှင့် ပြောလိုက်သည်။ "ရှင်က ချက်ချင်း ထွက်ပြေးသွားရင် ကျွန်မတို့ရဲ့ အကြားမှာ ရန်ငြိုးရန်စ မရှိတဲ့အတွက် ရှင့်ကို လိုက်ဖမ်းဖို့ ရည်ရွယ်ချက် မရှိဘူး။ ဒါပေမဲ့

ရှင်က အခုဆိုရင် ယုတ်မာတဲ့ အကွက်တွေ
သုံးခဲ့တဲ့ အတွက်ကြောင့်
ခွင့်မလွှတ်နိုင်တော့ဘူး"

ထိုအခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်မှ ကျင့်ကြံသူက အံ့အားသင့်သွားခဲ့သည်။
သူသည် ဘာမှ ပြန်မပြောနိုင်ခင် သူ၏
ထိန်းချုပ်မှုအောက်မှ မိစ္ဆာအုပ်ချုပ်သူ
အဆင့်ရှိသူ စိတ်ဝိညာဉ် ရေနဂါး တစ်ကောင်က
အော်ပြောလိုက်သည်။ "ကွေန္ဒားဘုရင်၊ သူ့ရဲ့
လိမ်ညာမှုတွေကို နားမထောင်နဲ့။ သူက
ငါတို့မျိုးနွယ်စုရဲ့ အဖွဲ့ဝင်တွေ အများကြီးကို
သတ်ဖြတ်ခဲ့ပြီး သူ့ရဲ့လက်က သွေးစွန်းနေခဲ့ပြီ။
မာစတာက ဆေးစိုက်ခင်းကို

ပြုစုစောင့်ရှောက်ဖို့ ချန်ထားရစ်ခဲ့တဲ့
ကလေးတောင်မှ သူ့လက်ချက်နဲ့ သေသွားပြီ"

"စကားအရမ်း မများနဲ့" အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ ကျင့်ကြံသူက
အေးစက်စွာနှင့် ပြောလိုက်သည်။
ချက်ချင်းဆိုသလိုပင် ထိုမိစ္ဆာအုပ်ချုပ်သူ
အဆင့်မှ စိတ်ဝိညာဉ် ရေနဂါးသည်
ညည်းညူသွားခဲ့ရ၏။

## စာစဉ် ၃၈ : အပိုင်း ၇

# အပိုင်း ၇၁၇ : ထမင်းကျွေးသောလက်ကို ပြန်ကိုက်ခြင်း

ကွေန္ဒွားဘုရင်သည် သူ၏ မျက်လုံးများကို ဖွင့်လိုက်ကာ သူ့ပြိုင်ဘက်အား မသတီသကဲ့သို့ ကြည့်လိုက်သည်။ သူ၏ခေါင်းပေါ်မှ မိုးကြိုးများသည် ထစ်ချုန်းနေခဲ့ကာ သူ၏ဒေါသသည် အမြင့်ဆုံးအဆင့်တွင် ရောက်နေသည်မှာ သိသာနေ၏။

"လျှန်ဟုန်၊ မင်းက မင်းဆရာနဲ့အတူ ငါတို့ရဲ့ မာစတာ လက်အောက်မှာ သင်ယူဖူးခဲ့တယ်။ ဒီကနေ့မှာ မင်းက သူ့ရဲ့ လီဘိုတောင်ကို ကျူးကျော်သိမ်းပိုက်ထားရုံတင် မကပဲ

သူချန်ထားရစ်ခဲ့တဲ့ ကလေးကိုပါ
သတ်လိုက်တယ်။ အစောပိုင်းက
မင်းကိုဘာဖြစ်လို့ ထွင်းဖောက်ပြီး
မမြင်နိုင်ခဲ့ရတာလဲ၊ နှလုံးသားကင်းမဲ့ပြီး
ကျေးဇူးကန်းတဲ့သူ"

လျှန်ဟုန်ဟုခေါ်သော အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ၏
မျက်နှာအပေါ်တွင် မနှစ်မြို့သော အမူအရာများ
ပေါ်လာခဲ့သည်။ သူက အေးစက်စွာနှင့်
ပြောလိုက်၏။ "ရေလှိုင်းသူတော်စင်က
ဒီတောင်ပေါ်ကနေ ထွက်သွားတာ
အကြာကြီးရှိခဲ့ပြီ။ ငါတို့က ဒီလိုမျိုး နေရာကို
ဘယ်လိုလုပ်ပြီး လက်လွှတ်ခံနိုင်မှာလဲ။

အလကား ဖြစ်သွားမယ့်အစား နေမယ့်သူရှိတာ မကောင်းဘူးလား"

"ရေလှိုင်းသူတော်စင်ရဲ့ လက်အောက်က ကလေးရဲ့ သေခြင်းကလည်း ငါ့အပြစ်မဟုတ်ဘူး။ သူက ရိုင်းစိုင်းပြီး ငါ့ဆရာကို စော်ကားတဲ့အတွက် ငါက အပြစ်ပေးလိုက်တာ"

သူ၏ ရင်အတွင်းတွင် သူကြောက်နေခဲ့သော အရာများက ဖြစ်လာခဲ့ပြီ ဖြစ်သည်။ ရေချိုသူတော်စင်သည် အင်မော်တယ် ဝိညာဉ် အဆင့်သို့ ရောက်ရှိသွားသောကြောင့်သာ ရေလှိုင်းသူတော်စင်၏ နေရာသို့

ဝင်ရောက်ကျူးကျော်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ရေလှိုင်းသူတော်စင်၏ သတင်းကိုလည်း လုံးဝမကြားရတော့ချေ။ တစ်ယောက်ကမှ သူသည် မည်သည့်နေရာသို့ ရောက်သွားသနည်းကို မသိကြသဖြင့် သူကလည်း သူ့စံအိမ်ကို ဝင်ယူရဲခြင်း ဖြစ်သည်။

သို့သော်လည်း ရေချိုသူတော်စင်နှင့် သူ့တပည့်မှာ အမှန်တကယ်ပင် ရက်စက်လှပေသည်။ သူတို့သည် ကလေးနှင့် စိတ်ဝိညာဉ် ရေနဂါးများကို မောင်းထုတ်ခဲ့ရုံသာဆိုလျှင် တော်သေးသည်။ သို့သော်လည်း သူတို့သည် စိတ်ဝိညာဉ် ရေနဂါးများကို ကျေးကျွန်များအဖြစ်

ပြုလုပ်ခဲ့ကာ ကိုယ်ပိုင် မှော်ကျိန်စာများဖြင့် ချုပ်နှောင်ခဲ့ကာ လက်နက်များအဖြစ်ဖြင့် အသုံးချခဲ့ကြသည်။

စိတ်ဝိညာဉ် ရေနဂါးဘုရင်သည် သူ့မျိုးနွယ်စုမှ အဖွဲ့ဝင်များကို ညှာတာသောအားဖြင့် အညံ့ခံခဲ့သည်။ သို့သော်လည်း ရေလှိုင်းသူတော်စင် မွေးစားထားသော ကလေးသည် စိတ်ခါတ်ပြင်းထန်၍ လျှာစောင်းထက်ပေသည်။ သူသည် လျှန်ဟုန်အား ဒေါသထွက်စေခဲ့သဖြင့် အသတ်ခံခဲ့ရခြင်း ဖြစ်၏။

ကွေနွားဘုရင်နှင့် သူ၏ မျိုးနွယ်စုသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ဝင်ရောက်သွားသော သတင်းအား ကြားခဲ့ရသောအခါ ရေချိုသူတော်စင်နှင့် လျှန်ဟုန်တို့သည် စိတ်မသက်မသာ ဖြစ်သွားကြသည်။ သို့သော်လည်း သူတို့သည် အချိန်အတော်ကြာ စဥ်းစားခဲ့ပြီးနောက်တွင် လီဘိုတောင်မှ မစွန့်ခွာချင်ခဲ့ကြပေ။ ထို့အစား သူတို့သည် သူတို့ကိုယ်သူတို့ အတတ်နိုင်ဆုံး သိုသိုသိပ်သိပ် နေခဲ့ကြသည်။

သူတို့သည် နှစ်ပေါင်းအနည်းငယ်မျှ တည်ငြိမ်စွာဖြင့် နေနိုင်ခဲ့ကြသည်။ ထို့ကြောင့် သူတို့နှစ်ဦးသားတို့သည် အနည်းငယ်မျှ

စိတ်အေးလာကြ၏။ နောက်ဆုံးတွင် ရေချိုသူတော်စင်သည် အပြင်သို့ ထွက်ရန် ဆုံးဖြတ်လိုက်၍ လျှန်ဟုန်အား အစောင့်အဖြစ် ထားခဲ့ခြင်းဖြစ်သည်။ သူသည် ကွေ့နွားဘုရင်က ပြန်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ပို၍ဆိုးသည့် အချက်မှာ လျှန်ဟုန်က မည်သည့်သတင်းကိုမှ ကြိုတင်၍ မရခဲ့ခြင်း ဖြစ်သည်။ ကျွန်းပေါ်မှ မှော်ကျိန်စာ ဝက်ပါကလည်း မည်သို့မှ အချက်မပြခဲ့ပေ။ သူသိလိုက်သော အချိန်တွင် ကွေ့နွားဘုရင်က သူ၏အရှေ့သို့ ရောက်နေခဲ့ပြီး ဖြစ်သည်။ သူသည် ထွက်ပြေးရန် မဖြစ်နိုင်သလို ငြင်းဆန်ရန်လည်း မဖြစ်နိုင်တော့ချေ။

ပို၍ဆိုးသည်မှာ လျှန်ဟုန်က သူ၏ဆရာဖြစ်သူ
ရေချိုသူတော်စင်အား မဆက်သွယ်နိုင်ခြင်း
ဖြစ်သည်။ လီဘိုတောင် တစ်ခုလုံးသည်
ပြင်ပကမ္ဘာနှင့် အဆက်အသွယ်
ပြတ်တောက်နေသကဲ့သို့ ဖြစ်နေခဲ့၍ သူ၏
ကျောရိုးတလျှောက်တွင်
စိမ့်ကနေဖြစ်နေခဲ့သည်။

ရေချိုသူတော်စင်သည် ပျောက်ကွယ်ခြင်း
မှော်ကျိန်စာများကို မကျွမ်းကျင်ချေ။
လျှန်ဟုန်က သူသည်
လွတ်လမ်းမရှိတော့မည်ကို ကြောက်နေခဲ့၏။
ကွေ့နွားဘုရင်သည် စိတ်ဝိညာဥ်

ရေနဂါးများထံမှ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို သိခဲ့ရလျှင် သူ့အား လိုက်လံဖမ်းဆီးမည်မှာ သေချာနေသည်။ အကယ်၍သူသည် လျှင်မြန်သော ကျင့်ကြံသူ တစ်ယောက်နှင့် ကြုံတွေ့ခဲ့ရပါက လွတ်မြောက်ရန် ခက်ခဲမည် ဖြစ်သည်။ ထို့ကြောင့်သူသည် အံကိုသာ ကြိတ်နိုင်ခဲ့ကာ စိတ်ဝိညာဉ် ရေနဂါးများကို ဓားစာခံများအဖြစ် အသုံးပြုခဲ့ရခြင်း ဖြစ်သည်။

သူသည် ကွေ့န္ဒားဘုရင်အား စိုက်ကြည့်နေခဲ့ကာ ပြောလိုက်သည်။ "မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းကို ဝင်သွားတဲ့အတွက် ငါကမင်းကို ဘာမှမလုပ်နိုင်ဘူး။ ဒါပေမဲ့ ငါ့ကို

လွတ်မြောက်ခွင့် မပေးရင်တော့ ငါတို့အားလုံး အတူသေရလိမ့်မယ်"

"ကွေ့န္တွားတွေနဲ့ စိတ်ဝိညာဉ် ရေနဂါးတွေက မျိုးဆက်ပေါင်းများစွာ မိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ်။ မင်းနဲ့ စိတ်ဝိညာဉ် ရေနဂါးဘုရင်ကလည်း မိတ်ဆွေရင်းချာတွေ ဖြစ်ကြတယ်။ ငါမှတ်ထားတာ မမှားခဲ့ရင် မင်းက ငါ့ထိန်းချုပ်မှုအောက်က စိတ်ဝိညာဉ် ရေနဂါး ဖင်ကောင် ကြီးပြင်းလာတာကို စောင့်ကြည့်နေခဲ့တာပဲ"

အခြားတစ်ဘက်တွင် ကျဲယုသည် ရောမ အနက်ရောင် နဂါးတစ်ကောင်အဖြစ် သူ၏

မူလခန္ဓာကိုယ်အား ဖော်ပြလိုက်သည်။ သူ၏ အသံမှာ အားကောင်းသော နဂါးအော်ရာများဖြင့် ပြည့်ဝနေခဲ့ကာ ကွေ့နွားဘုရင်ထက်ပင် ကြောက်မက်ဖွယ်ရာ ကောင်းနေခဲ့သည်။ "ဟော့လူ၊ ခင်ဗျားက အရှက်နည်းနည်းမှ မရှိဘူးလား"

လျှန်ဟုန်က လုံးဝ အလျှော့မပေးသော ပုံစံဖြင့် ပြောလိုက်သည်။ "ခင်ဗျားကလည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကပဲလား။ ကျုပ်ကိုနားလည်ပေးပါ။ ခင်ဗျားတို့က ကျုပ်ကို လွှတ်ပေးမယ်ဆိုရင် ကျုပ်က စိတ်ဝိညာဉ် ရေနဂါး တစ်ကောင်ကိုမှ ဒဏ်ရာရအောင် မလုပ်ပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားက သူတို့ရဲ့ ကိုယ်ပေါ်က အမွေးတစ်စကိုတောင် ဒဏ်ရာရအောင် လုပ်လို့မရဘူး" ထိုအချိန်တွင် တည်ငြိမ်အေးဆေးသော အသံတစ်သံက ပေါ်လာခဲ့၏။ ခရမ်းရောင် ဝတ်စုံနှင့် စာသင်သား လူငယ်သည် ကျဲယုဘေးတွင် ပေါ်လာခဲ့သည်။ သူသည် ဇူရီဖြစ်သည်။

လျှန်ဟုန်၏ မျက်လုံးများသည် အံ့အားသင့်စွာဖြင့် ပြူးကျယ်သွားခဲ့သည်။ သူ၏ မျက်လုံးများသည် ကူရာမဲ့သောပုံ ပေါက်သွားခဲ့၏။

အရှေ့ပင်လယ်မှ တစ်ကိုယ်တော်
ကျင့်ကြံသူများသည်
တစ်ယောက်နှင့်တစ်ယောက်
သီးခြားနေတတ်ကြသော်လည်း သူတို့သည်
နတ်ဘုရားနယ်မြေ အတွင်းမှ အဓိက
ဖြစ်ရပ်များကို အာရုံစိုက်ထားကြသည်။
သူတို့သည် ထွန်းတောက်လာကြသော
ပုဂ္ဂိုလ်များနှင့် ပဋိပက္ခဖြစ်မိကြမည်ကို
စိုးရိမ်ကြသဖြင့် သူတို့အကြောင်းကို
စုံစမ်းထားကြ၏။

လူတစ်ယောက်၏ ပုံပန်းသဏ္ဌာန်ကို
မှတ်တမ်းတင်နိုင်သော
ကျောက်စိမ်းပြားများသည် ထုလုပ်ရန် ခက်ခဲ၍

အလွန်ပင် ရှားပါးသည်။ သာမန် သီးသန့်ကျင့်ကြံသူများသည် သူတို့အား ရယူနိုင်မည် မဟုတ်သော်လည်း လျှန်ဟုန်ကဲ့သို့သော စွမ်းအားကြီးသည့် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် နည်းလမ်းများ ရှိကြသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယခုလတ်တလောတွင် နာမည်ကြီးလာသော မျက်စိကျစရာ အကောင်းဆုံး ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သဖြင့် လျှန်ဟုန်သည် သူတို့၏ အဓိက အဖွဲ့ဝင်များ အားလုံး၏ ရုပ်ပုံများကို မြင်ဖူးထား၏။

ဒုတိယ လက်ရင်းတပည့် တစ်ယောက်ဖြစ်သူ ဇူရီလည်း အပါအဝင် ဖြစ်သည်။

ပို၍ တိကျစွာ ပြောရလျှင် အရှေ့ပင်လယ်သည် မဟာကျိုး အင်ပါယာနှင့် နယ်နိမိတ်ချင်း ထိစပ်နေသဖြင့် အရှေ့ပင်လယ် အတွင်းတွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းမှ ပုဂ္ဂိုလ်များအနက် လင်းဖုန်းမှလွဲလျှင် အကျော်ကြားဆုံးသောသူမှာ မဟာကျိုး အင်ပါယာ တလျှောက်တွင် နာမည်ကြီးနေသော ဇူရီပင် ဖြစ်သည်။

လျှန်ဟုန် ဘာမှမပြောနိုင်ခင် ဇူရီက သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။

"တကယ်လို့ မင်းက ကျေးဇူးကို ပြန်မဆပ်နိုင်ရင်တောင် ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ မင်းက မင်းကိုထမင်းကျွေးထားတဲ့လက်ကို ပြန်ကိုက်တယ်။ မင်းလိုမျိုး လူယုတ်မာမျိုးကို အရှင်ထားဖို့ အကြောင်းမရှိဘူး"

ပြီးတာနှင့် သူ၏ ညာလက်ကို ဆန့်တန်းလိုက်ကာ သူ၏ လက်ဝါးများကို ဖွင့်လိုက်သည်။ အဖြူနှင့် အနက်ရောင် မျဉ်းကြောင်းများက ပျံသန်းထွက်လာခဲ့ကာ ရောမ ကမ္ဘာကြီး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၏။

ဒီကမ္ဘာသည် မန်ဒလာနှင့် တူညီသော
စိတ်ဝိညာဉ် ယစ်ပလ္လင်ပုံစံသို့
ပြောင်းသွားခဲ့သည်။

တောက်ပ၍ မျက်စိစူးရှစေသော
အလင်းတန်းများသည် မည်းနက်နေသော
အနက်ရောင် မျဉ်းကြောင်းများနှင့်
ကန့်လတ်ဖြတ်သွားကြကာ ကြယ်စုံသော
ညကောင်းကင်အလား ဖြစ်သွားကြသည်။
အတူတကွပင် သူတို့သည်
သီးသန့်ကမ္ဘာငယ်လေး တစ်ခုအဖြစ်သို့
ပြောင်းသွားကြ၏။

ဒါသည့် ကောင်းကင် အလင်းနှင့်အမှောင်
မန်ဒလာ မဟာနယ်နိမိတ်ဖြစ်၍ လျှန်ဟုန်အား
ချက်ချင်းပင် ဖုံးလွှမ်းသွားခဲ့သည်။

လျှမ်ဟုန်သည် သူ၏ အထူးမှော်ကျိန်စာကို
အသုံးပြုရန် ကြိုးစားလိုက်သော်လည်း
အံ့ဩတုန်လှုပ်စွာဖြင့် သူသည် ပြင်ပမှ
စိတ်ဝိညာဉ် ရေနဂါးများနှင့် လုံးဝ
အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်ကို
တွေ့လိုက်ရသည်။

လီဘိုတောင်ပေါ်မှ စိတ်ဝိညာဉ်
ရေနဂါးများကလည်း အံ့ဩတကြီး
ဖြစ်နေကြသည်။ သူတို့အားလုံးတို့သည်

သန်မာသော စိတ်ခါတ်များ ရှိနေကြသဖြင့်
ဤတစ်ခေါက်တွင် သူတို့သည်
ကွေ့နွားဘုရင်အား နိုင်ပွဲရစေရန်
သူတို့ကိုယ်သူတို့ အနစ်နာခံရန်
ပြင်ဆင်ထားကြပြီး ဖြစ်သည်။ တစ်ယောက်ကမှ
ဇူရီက လျှန်ဟုန်အား ဤမျှ လွယ်လွယ်ကူကူ
ဖမ်းချုပ်နိုင်မည်ဟု ထင်မထားကြပေ။

သူသည် တုန့်ပြန်ဖို့ နေနေသာသာ
ထိုစိတ်ဝိညာဉ် ရေနဂါး တစ်ကောင်ကိုမှ
သတ်ဖြတ်ရန် ကြိုးစား၍ မရတော့ချေ။

ပထမ တုံ့ပြန်ခဲ့သူမှာ အစောက
စကားပြောခဲ့သည့် မိစ္ဆာအုပ်ချုပ်သူ အဆင့်မှ

စိတ်ဝိညာဉ် ရေနဂါး ဖြစ်သည်။ သူသည် ဇူရီအား တွေတွေကြီး စိုက်ကြည့်နေခဲ့ပြီးမှ ကွေ့နွားဘုရင်အား မေးလိုက်သည်။ "ကွေ့နွားဘုရင်၊ ဒီ.. ဒီစီနီယာက ဘယ်သူများလဲ"

ကွေ့နွားဘုရင်က ပြန်ဖြေလိုက်သည်။ "သူက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ဒုတိယတပည့်ဖြစ်တဲ့ ဇူရီဖြစ်တယ်"

စိတ်ဝိညာဉ် ရေနဂါး တစ်အုပ်စုတို့သည် အိမ်မက်ဆိုးတစ်ခုမှ လန့်နိုးလာခဲ့သည့်ပမာ ဖြစ်လာခဲ့သည်။ သူတို့သည် ဇူရီနှင့်

ကျဲယုတို့ထံသို့ ပြေးလာကြကာ အရိုအသေများ ပြုလိုက်ကြသည်။

ယခုအချိန် အထိတိုင်အောင် သူတို့သည် အစစ်အမှန် မဟုတ်ဟု ခံစားနေကြရ၏။ ခဏအကြာကပင် သူတို့သည် တစ်စုံတစ်ယောက်၏ ထိန်းချုပ်မှုကို ခံနေရ၍ သူတို့၏ အသက်များကိုပင်လျှင် သူတို့က မပိုင်ကြချေ။ ယခုအခါတွင် သူတို့က ချက်ချင်းဆိုသလိုပင် သူတို့၏ လွတ်လပ်မှုများကို ပြန်လည်ရရှိခဲ့ကြသည်။ ဒါသည် သူတို့အား အိမ်မက်မက်နေရသကဲ့သို့ ခံစားရနေစေခဲ့သည်။

ရေချိုသူတော်စင်နှင့် လျှန်ဟုန်တို့၏
ထိန်းချုပ်မှုအောက်တွင် ထိုစိတ်ဝိညာဉ်
ရေနဂါးတို့သည် ပြင်ပကမ္ဘာမှ
ဖြတ်တောက်ခြင်းကို ခံနေကြရသည်။
သူတို့သည် အကြောင်းအရာများစွာတို့ကို
မသိရှိခဲ့ကြပဲ ကွေ့နွားဘုရင်မှ သူတို့အား
ရှင်းပြပေးနေခဲ့သည်။

ရှင်းပြပြီးသွားသောအခါ သူကမေးလိုက်သည်။
"ဟိုရေနဂါးအိုကြီးကရော ဘယ်မှာလဲ"

မိစ္ဆာအုပ်ချုပ်သူ အဆင့်မှ စိတ်ဝိညာဉ်
ရေနဂါးက ဝမ်းနည်းနေကာ ဒေါသဖြစ်လှစွာနှင့်
ပြောလိုက်သည်။ "ကျွန်တော်တို့အတွက်

ကျွန်တော်တို့ခေါင်းဆောင်က
ရေချိုသူတော်စင်ရဲ့ စီးနင်းစရာ
ဖြစ်သွားခဲ့ပါတယ်"

ကွေနွားဘုရင်သည် ဒေါသအိုး
ပေါက်ကွဲသွားခဲ့သည်။ စိတ်ဝိညာဉ်
ရေနဂါးဘုရင်နှင့် သူသည်
ရေလှိုင်းသူတော်စင်၏ လက်အောက်တွင်
အတူတကွ သင်ယူခဲ့ကြပြီး သူ့အား သူတို့၏
ဆရာအဖြစ် သတ်မှတ်ခဲ့ကြသည်။

သူတို့၏ ဆက်ဆံရေးများမှာလည်း အလွန်ပင်
ကောင်းလှကာ သူ၏ မိတ်ဆွေဟောင်းမှာ
နူးညံ့သိမ်မွေ့သော်လည်း အတွင်းတွင်

အလွန်ပြတ်သားသူ ဖြစ်သည်ကို သူကသိထားလေသည်။ သူသည် ဤကဲ့သို့ ခေါးစားခံအဖြစ် အဖမ်းခံထားခြင်းကို ခံနေရသဖြင့် သူမိတ်ဆွေ၏ စိတ်အတွင်းတွင် မည်ကဲ့သို့ ခံစားနေရသည်ကို ကွေနွားဘုရင်က မှန်းဆကြည့်နိုင်ခဲ့သည်။

"မလောနဲ့၊ ငါတို့က သူ့ကို ဒီနေရာမှာပဲ စောင့်နေလို့ရတယ်" ဇူရီက သူ၏ ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်ကို ဖြည်းဖြည်းချင်း ဖြိုခွဲလိုက်ရာ အတွင်းတွင် ရှိနေသော လျှန်ဟုန်အနေဖြင့် ကမ္ဘာပျက်သကဲ့သို့ ဖြစ်သွားခဲ့သည်။ သူသည် ခုခံရန် မဝံ့ရဲခဲ့ပဲ

သူတို့အား ဖြစ်ပျက်ခဲ့သမျှကို အမှန်အတိုင်း ပြောခဲ့ရသည်။

သူ၏ အဆိုအရ ရေချိုသူတော်စင်သည် မကြာမီ ပြန်လာတော့မည် ဖြစ်သည်။

လင်းဖုန်း၏ ကောင်းကင်၏ စည်းရိုးများ မှော်ကျိန်စာ၏ အကူအညီနှင့် လီဘိုတောင်မှ ဖြစ်ပျက်နေသမျှသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက်နေခဲ့သည်။ ရေချိုသူတော်စင်သည် ကျွန်းပေါ်တွင် စွမ်းအားကောင်းသော မှော်ကျိန်စာများကို ထားထားခဲ့သော်လည်း သူသည် ဘာတစ်ခုမှ သံသယဖြစ်ဖွယ်ကို မတွေ့ရှိခဲ့ပေ။

လင်းဖုန်းနှင့် ရှောင်ယန်တို့သည် ကျွန်းအပေါ်သို့ ရောက်လာကြသည်။ သူ၏ ဖနောင့်ကို အသုံးပြုကာ လင်းဖုန်းသည် အောက်မှ မြေကြီးများကို ဆောင့်နင်းလိုက်ကာ ပြုံး၍ပြောလိုက်သည်။ "ကွေ့ရေ ယင်မိုးကြိုး မှော်ကျိန်စာကို ကျင့်ကြံထားတယ်။ တကယ့်ကို စိတ်ဝင်စားစရာပဲ။ သူက ကွေ့မိုးကြိုး အနက်ရောင်ရေကို ဆင့်ခေါ်နိုင်မလား မသိဘူး။ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင် ငါက ကြည့်ချင်သေးတယ်"

အခြားတစ်ဘက်တွင် ကျဲယုနှင့် ပိုင်ကွမ်းတို့သည် လူသားပုံစံများကို

ပြန်ပြောင်းလိုက်ကာ တစ်ဘက်တွင် စကားပြောနေကြသည်။

"မိန်းမ၊ အရှေ့ပင်လယ် အတွင်းက ကမ္ဘာနယ်နိမိတ် လမ်းကြောင်းက မဟာလွင်တီးခေါင် ကုန်းမြေနဲ့ ဆက်စပ်နေတယ်လို့ ကြားထားတယ်။ သူက ခရမ်းရောင် ပင်လယ်နဂါး ဘုရင်ရဲ့ နယ်မြေနဲ့ နီးနေတဲ့ပုံပဲ" ကျဲယုသည် သူ၏ဇနီး ပိုင်ကွမ်းအား မေးလိုက်ကာ သူမက ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်သည်။
"ဟုတ်တယ်၊ အမှန်ပဲ"

ခရမ်းရောင် ပင်လယ်နဂါး ဘုရင်သည် မဟာလွင်တီးခေါင် ကုန်းမြေတွင် နာမည်ကြီးသော အစွမ်းထက်သော မိစ္ဆာတစ်ကောင် ဖြစ်သည်။ တက်ကြွစွာ လှုပ်ရှားလေ့ ရှိကြသော မိစ္ဆာ မဟာပဏ္ဍိတများကို မိစ္ဆာ မဟာပဏ္ဍိတ ဆယ်ပါးဟူ၍ ခေါ်ဝေါ်ကြပြီး ခရမ်းရောင် ပင်လယ်နဂါး ဘုရင်ကလည်း သူတို့အနက်မှ တစ်ပါးဖြစ်သည်။ ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတနှင့် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတတို့နှင့်အတူ သူသည် အစွမ်းအထက်ဆုံး မိစ္ဆာသုံးပါး အတွင်းတွင် အပါအဝင် ဖြစ်၏။

သို့သော်လည်း ခရမ်းရောင် ပင်လယ်နဂါး ဘုရင်သည် တည်တည်ငြိမ်ငြိမ် နေတတ်ကာ အလုပ်များကို နှိုင်းနှိုင်းချိန်ချိန် လုပ်လေ့ရှိသည်။ ထို့ကြောင့် အခြား မိစ္ဆာ မဟာပဏ္ဍိတများနှင့် ယှဥ်လိုက်လျှင် သူသည် နာမည်သိပ်မကြီးခဲ့ပေ။

သို့သော်လည်း ကောင်းကင်ကျက်သရေ မဟာပဏ္ဍိတပင်လျှင် သူ့အား အထင်မသေးရဲခဲ့ပေ။ သူကိုယ်တိုင်က အလွန်အမင်း စွမ်းအားကြီးနေ၍ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခရမ်းရောင် ပင်လယ်နဂါး ဘုရင်သည် နဂါးများအတွင်းမှ ခေါင်းဆောင်တစ်ယောက် ဖြစ်နေသောကြောင့် ဖြစ်၏။ သူသည် မဟူရာ ပင်လယ်အတွင်းတွင်

နေထိုင်ကြသော ရှေးပဝေသဏီမှ
နတ်နဂါးများအား ကိုယ်စားပြုနေခဲ့သည်။

ရှေးပဝေသဏီမှ နတ်နဂါးများသည်
ဖီးနစ်များကဲ့သို့ပင် သူတို့ကိုယ်သူတို့
သိပ်မဖော်ပြကြပဲ လူသားနှင့် မိစ္ဆာတို့၏
အကြားမှ စစ်ပွဲများတွင် သိပ်မပါလိုကြပေ။
သို့သော်လည်း လူသားများရော မိစ္ဆာများကပါ
သူတို့၏ လွှမ်းမိုးနိုင်မှုကို သံသယမဖြစ်ရဲကြပေ။

ပိုင်ကွမ်းက တိုးတိုးလေး ပြောလိုက်သည်။
"အရှေ့ပင်လယ်က ကမ္ဘာနယ်နိမိတ်
လမ်းကြောင်းကနေတဆင့် နတ်ဘုရားနယ်မြေ
အတွင်းကို ဝင်လာကြတဲ့ မိစ္ဆာတွေက

ခရမ်းရောင် ပင်လယ်နဂါး ဘုရင်ရဲ့
လက်အောက်က ဖြစ်ကြတယ်။
သူတို့အများစုက နဂါးတွေပဲ ဖြစ်ကြတယ်"

"တချို့ မိစ္ဆာတွေက ခရမ်းရောင် ပင်လယ်နဂါး
ဘုရင်ရဲ့ နယ်မြေကို ငှားသုံးတာ ဖြစ်လိမ့်မယ်။
ငါက ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနဲ့
ခရမ်းရောင် ပင်လယ်နဂါး ဘုရင်တို့ရဲ့
ဆက်ဆံရေးက မဆိုးဘူးလို့ ကြားထားတယ်။
သူတို့ရဲ့ လက်အောက်က
မိစ္ဆာအချင်းချင်းကလည်း အချင်းချင်း
ဆက်သွယ်မှုတွေ ရှိနေကြတယ်"

ကျဲယုက ပြောလိုက်သည်။ "ငါ့အရှင်က မင်းကို ငါနဲ့အတူ အရှေ့ပင်လယ်ကို လိုက်လာခဲ့ဖို့ ခေါ်ထားတယ်။ သူက တစ်စုံတစ်ခုနဲ့ ကံစပ်နေတယ်လို့လဲ ပြောထားတယ်။ မဟုတ်မှလွဲရော.."

ပိုင်ကွမ်းသည် အချိန်အတော်ကြာ ငြိမ်သက်သွားပြီးမှ ပြောလိုက်သည်။ "ငါတို့နှစ်ယောက်စလုံးတို့က ဟင်းလင်းပြင် ဘုရားကျောင်းက နဂါးရေအိုင်ကနေ လာခဲ့တာ။ တကယ်လို့ ငါတို့က မဟာလွင်တီးခေါင် ကုန်းမြေက နဂါးတွေနဲ့တွေ့ရင် အနည်းငယ် ကသိကအောက် ဖြစ်စရာပဲ။ ငါတို့က

မာစတာလင်းရဲ့ ညွှန်ကြားချက်တွေကိုပဲ
နားထောင်သင့်တယ်လို့ ထင်တယ်"

သူမက ထိုစကားကို ပြောလိုက်သည်သည်
လင်းဖုန်း၏ အသံကို ကြားလိုက်ရသည်။
"သူရောက်လာပြီ"

အဝေးမှနေ၍ လေဟာနယ်သည် ကွဲဟသွားခဲ့၍
အနက်ရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်က
ထွက်လာခဲ့သည်။ သူ၏ မျက်နှာမှာ
အသားမည်း၍ နှုတ်ခမ်းများမှာ ပါးလျသည်။
သူသည် နှာရိုးမြင့်ကာ ထူးခြားသော
မှော်ကျိန်စာ သင်္ကေတများက သူ၏
နှာခေါင်းအပေါ်တွင် ရေးထိုးထားခဲ့သည်။

လင်းဖုန်းနှင့် ကျန်သောသူများကို
ကျွန်းအပေါ်တွင် မတွေ့ခဲ့ရခင်အထိ
သူ၏မျက်နှာ အမူအရာသည် သာမန်သာ
ဖြစ်သည်။ ထို့နောက် ချက်ချင်းဆိုသလိုပင်
သူ၏ အမူအရာသည် ပျက်သွားခဲ့၏။
အဘယ်ကြောင့်ဆိုသော သူ၏ ကျွန်အပေါ်တွင်
ထားထားခဲ့သော အရံအတားများသည်
မည်သူကမှ ထိတွေ့ခြင်း မရှိသကဲ့သို့
အချက်မပြခဲ့ခြင်းကြောင့် ဖြစ်သည်။

သူသည် ရေလှိုင်းသူတော်စင်၏ ယခင်ဗိမာန်ကို
ဝင်ရောက်ကျူးကျော် နေထိုင်ခဲ့သော
ရေချိုသူတော်စင်ပင် ဖြစ်သည်။ သူသည်

လူအုပ်အား ဝေ့ကြည့်လိုက်၍ ကွေနွားဘုရင်၊ ရှောင်ယန်၊ ဇူရီ၊ ယန်ချင်နှင့် လီယွမ်ဖန်းတို့အား တွေ့လိုက်ရသောအခါ သူ၏ မျက်နှာမှာ ပို၍ မည်းမှောင်လာခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၈

## အပိုင်း ၇၁၈ : လုံး၀ အရှက်ရခြင်း

လျှန်ဟုန်သည် ဇူရီအား တစ်ချက်တည်းကြည့်ပြီး မှတ်မိနိုင်ခဲ့၍ ရေချိုသူတော်စင်ကလည်း မခြားနားခဲ့ပေ။ သူသည် ကွေနွားဘုရင်နှင့် ရှောင်ယန်၊

ဇူရီတို့အား တွေ့လိုက်ရသောအခါ
အခြေအနေကို ကောင်းစွာ သိရှိသွားခဲ့သည်။

သို့သော်လည်း သူသည် သူတို့ဘက်သို့
လှမ်းကြည့်လိုက်ရာ လင်းဖုန်းကို
မတွေ့ခဲ့လိုက်ရသဖြင့် စိတ်သက်သာရာ
ရသွားခဲ့ကာ သက်ပြင်းတစ်ချက်ကို ချလိုက်၏။

ရှောင်ယန်နှင့် ကျန်သောသူများသည်
ယခုအချိန်တွင် နာမည်ကြီးနေကြသော်လည်း
ရေချိုသူတော်စင်သည် ဘာပဲပြောပြော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတစ်ဦး ဖြစ်ပေသည်။ သူတို့အား
ရင်ဆိုင်နိုင်ရန် သူ့တွင် ယုံကြည်ချက်ရှိသည်။

အခြားအချိန်သာဆိုလျှင် သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ရန်စရဲမည် မဟုတ်ချေ။ သူသည် ချက်ချင်း ထွက်ခွာသွားခဲ့မည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် မထွက်ခွာသွားနိုင်ခဲ့ပေ။ သူကျင့်ကြံနေသည်မှာ ပြီးဆုံးခါနီးနေပြီ ဖြစ်သော မှော်ရတနာသည် လီဘိုတောင်ပေါ်တွင် ရှိနေသေး၏။ သူ့အား နှစ်ပေါင်းများစွာ ကြိုးစား၍ ကျင့်ကြံလာခဲ့ရသဖြင့် သူသည် မစွန့်လွှတ်နိုင်ပေ။

ကျင့်ကြံသူများ၊ အထူးသဖြင့်
အဆင့်မြင့်သူများသည် ကိုယ်ပိုင်ရတနာများ
ရှိကြသည်။ သို့သော်လည်း စွမ်းအားထက်သော
ဂိုဏ်းများနှင့် ယှဉ်လျှင် သူတို့သည်
လူအင်အားသာ မကပဲ ကိုယ်ပိုင်
မှော်ရတနာများကို ထုလုပ်ရာတွင်
အားနည်းချက်များ ရှိကြသည်။

ရေချိုသူတော်စင်သည် ရေလှိုင်းသူတော်စင်၏
နယ်မြေကို ဝင်ရောက်ရခြင်းသည် ဤနေရာမှာ
စိတ်ဝိညာဉ် စွမ်းအင်များကို အသုံးပြု၍ သူ၏
မှော်ရတနာအား သန့်စင်ရန်
ရည်ရွယ်ချက်လည်း တစ်စိတ်တစ်ဒေသ
ပါသည်။ ယခုအချိန်တွင် သူသည် သူ၏ကိုယ်ပိုင်

မော်ရတနာကို ကျင့်ကြံနေသည်မှာ ပြီးဆုံးခါနီး ရှိပြီ ဖြစ်သဖြင့် စွန့်လွှတ်လိုက်ရန် အလွန်အမင်း တွန့်ဆုတ်နေခဲ့သည်။

"ဟိုအဆောင်လက်ဖွဲ့နဲ့ ငါက ဒီမော်ရတနာကို ယူပြီးသွားရင် ထွက်သွားလိုက်မယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရောက်မလာခင် ငါက ယင်ပင်လယ် အထဲမှာ ပုန်းနေလိုက်မယ်။ ဒါဆိုရင်သူက ဘာမှမတတ်နိုင်ပဲ စောင့်ကြည့်နေပြီး သက်ပြင်းပဲ ချနိုင်လိမ့်မယ်" ရေချိုသူတော်စင်သည် စိတ်အတွင်းမှနေ၍ တွက်ချက်နေခဲ့၏။

သူသည် ဘာကိုမှ မပြောခဲ့ပေ။ ဇူရီ၊
ရှောင်ယန်နှင့် ကျန်သောသူများကို
ကြည့်လိုက်ကာ သူသည် သူ့တပည့်
လျှန်ဟုန်သည် မည်သည့်နေရာတွင်
ရှိသနည်းကိုပင် မမေးခဲ့တော့ပေ။ သူ၏
လက်ချောင်းများဖြင့် ညွှန်ပြလိုက်ရာ
အနက်ရောင် မိုးကြိုးဘောလုံး
ထောင်ပေါင်းများစွာတို့သည်
လီဘိုတောင်ပေါ်သို့ ကျရောက်လာကြသည်။

မိုးကြိုးဘောလုံး တစ်ခုချင်းစီတိုင်းသည်
လွန်စွာများပြားလှသော မှော်စွမ်းအင်များ
ပါရှိနေကြသည်။ သို့သော်လည်း
ကောင်းကင်ယံမှ မိုးကြိုးမုန်တိုင်းများနှင့် မတူပဲ

သူသည် ခိုင်မာသော ယန်စွမ်းအားများအစား မည်းမှောင်၍ ကြောက်မက်ဖွယ်ကောင်းသည့် ယင်စွမ်းအားများ ပါဝင်နေကြသည်။

ထိုမြင်ကွင်းအား ကြည့်လိုက်ကာ ရှောင်ယန်၏ အကြည့်သည် ရေခဲကဲ့သို့ အေးစက်သွားခဲ့သည်။ သူ၏ကျောမှနေ၍ သန့်စင်သော ရွှေအတောင်ပံများ ထွက်လာခဲ့၍ သူတို့၏ အပေါ်မှနေ၍ မီးတောက်များသည် ရွှေရောင် အလင်းတန်းများကဲ့သို့ ကခုန်နေကြ၏။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မြေကြီးအပေါ်မှ ကြွသွားခဲ့ကာ သန့်စင်သော သွေးနီရောင် စာကလေး အဖြစ်သို့

ပြောင်းသွားခဲ့၍ ကောင်းကင်ပေါ်သို့
ပျံတက်သွားခဲ့သည်။

လက်သီးတစ်ချက်တည်းနှင့်ပင် သူသည်
ကွေရေ ယင်မိုးကြိုးများကို
ဖျက်ဆီးခဲ့လိုက်သည်။ ယင်မိုးကြိုးများက
ပျက်စီးသွားအပြီးတွင် သူတို့သည်
အသံတစ်စက်မှ မထွက်ခဲ့ကြပေ။ သို့သော်လည်း
ကောင်းကင်ပေါ်မှ မိုးကြိုးမုန်တိုင်းများကဲ့သို့
ပြင်းထန်သော စွမ်းအားတစ်ခုက
ပေါက်ကွဲလာခဲ့၍ ရှောင်ယန်ထံသို့
ပြေးဝင်လာကြ၏။

ရှောင်ယန်၏ ခေါင်းပေါ်မှ ရတနာ
အလင်းတန်းများက လင်းလက်လာခဲ့ကာ
အနက်ရောင် အုတ်ဂူကဲ့သို့သော
ကျောက်ပြားတစ်ခု ပေါ်လာခဲ့သည်။ သူမှနေ၍
တောက်ပသော အလင်းရောင်များ
ထွက်လာခဲ့၍ ယင်မိုးကြိုး၏
ကြောက်မက်ဖွယ်ရာ စွမ်းအားများကို လုံးဝ
တားဆီးခဲ့လိုက်၏။

တစ်ချိန်တည်းတွင်ပင် ရှောင်ယန်၏
ခန္ဓာကိုယ်မှနေ၍ စွမ်းအားများဖြင့်
ပေါက်ကွဲထွက်လာခဲ့သည်။ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်သည်
သူ၏ခန္ဓာကိုယ်မှနေ၍ ထွက်လာခဲ့ကာ သူ၏

မွေးညင်းပေါက် တစ်ခုစီမှ စိမ့်ထွက်လာခဲ့၍
သွေ့တစ်ကိုယ်လုံးအား
ရွှေရောင်ပြောင်းစေခဲ့သည်။

ခဏအကြာတွင် ရှောင်ယန်၏
အတောင်ပံများသည် ငှက်များကဲ့သို့
ရိုက်ခတ်သွားခဲ့ကာ ချက်ချင်းပင် သူ၏
ကျောပေါ်မှ ပျောက်သွားခဲ့၍
ကြောက်မက်ဖွယ်ရာ
မိုးကြိုးဘောလုံးများစွာတို့အား
ကျော်ဖြတ်သွားခဲ့ပြီး ရေချိုသူတော်စင်၏
အရှေ့ထံသို့ ရောက်သွားခဲ့သည်။

သူသည် အင်မော်တယ်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် ရင်ဆိုင်နေခဲ့ရသော်လည်း ရှောင်ယန်သည် ကြောက်ရွံ့စိတ် တစ်စက်မှ မရှိခဲ့ပေ။ သူသည် ရဲဝံ့စွာဖြင့် ဆက်လက်တိုက်ခိုက်နေခဲ့သည်။

ရေချိုသူတော်စင်သည် အေးစက်စွာဖြင့် ရယ်လိုက်ကာ မရေမတွက်နိုင်သော အနက်ရောင် မိုးကြိုးဘောလုံးများဖြင့် သူ့ကိုယ်သူ ဝန်းရံလိုက်ကာ ကာကွယ်ထားလိုက်သည်။

ထိုမိုးကြိုးဘောလုံးများကို ကြည့်လိုက်ကာ ရှောင်ယန်ကလည်း ရယ်လိုက်ပြီး သူ၏

လက်နှစ်ဘက်ဖြင့် အကြိမ်ပေါင်းများစွာ ထိုးနှက်ခဲ့လိုက်၏။ သူ၏ လက်သီးချက်များသည် မိုးကြိုးမုန်တိုင်း အကြားမှ မိုးရေစက်များနှင့် တူနေခဲ့၍ မိုးကြိုးဘောလုံးများအား တရစပ် ထိုးနှက်နေခဲ့သည်။ လက်သီးတစ်ချက်စီဖြင့် သူသည် ယင်မိုးကြိုးများကို ချိုးဖောက်နိုင်ခဲ့၍ ရေချိုသူတော်စင် ဖန်ဆင်းထားသော ကွေရေနှင့် ယင်မိုးကြိုး အကာအကွယ်ဒိုင်းအား တစ်ဝက်မျှ လျော့ကျသွားစေခဲ့သည်။

ရွှေရောင်မီးတောက်များသည် ကောင်းကင်ယံတွင် ဆက်လက်ပေါက်ကွဲလျှက် ရှိကြသေးကာ ကောင်းကင်တစ်ဝက်နှင့်

ကျယ်ပြန့်သော ပင်လယ်ကြီးအား ရွှေရောင်သန်းစေခဲ့သည်။

ရေချိုသူတော်စင်၏ မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားခဲ့ကာ သူ၏မျက်နှာသည် မည်းမှောင်သွားခဲ့၏။ သူသည် ဟန်ပန် အမူအရာ ကင်းမဲ့စွာဖြင့် ရှောင်ယန်အား ကြည့်လိုက်သည်။

"ဒီလူက ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်နဲ့ အခြေတည် ဝိညာဥ် နောက်ဆုံး အဆင့်က ကျင့်ကြံသူတွေ အပါအဝင် လူများစွာတို့ကို သတ်နိုင်ခဲ့တယ်လို့

ကြားဖူးထားတယ်။ သူက တကယ့်ကို ထူးချွန်ပြောင်မြောက်တဲ့သူပဲ"

ရှောင်ယန်သည် သူ၏ ယင်မိုးကြိုးများကို မဖျက်ဆီးခင်တွင်ပင် သူ၏ စိတ်ကို အသုံးပြုကာ အရာအားလုံးတို့ကို ပြန်လည် ပုံဖွဲ့လိုက်သည်။ အခုအချိန်တွင် ယင်မိုးကြိုးများသည် အတူတကွ တန်းစီနေကြကာ အနက်ရောင် ပင်လယ်တစ်ခုအလား ဖြစ်နေကြသည်။

ရှောင်ယန်သည် ထိုအနက်ရောင် ပင်လယ်အား တွေ့လိုက်ရသောအခါ သူ၏ ခေါင်းအတွင်းတွင် အချက်ပေး ခေါင်းလောင်းသံများ မြည်လာခဲ့၏။

ထိုအနက်ရောင် ပင်လယ်သည် သူ၏
ခေါင်းပေါ်မှ ပလ္လင်ငါးပါး နတ်ဘုရား
အထိမ်းအမှတ်နှင့် တွေ့လိုက်သောအခါ
မီးရှူးမီးပန်းများက လျှင်မြန်စွာနှင့်
ပေါက်ကွဲသွားသကဲ့သို့သော ပေါက်ကွဲသံများကို
ကြားနိုင်ခဲ့သည်။

ရောင်ယန်သည် အားလုံးတို့အား သူ၏
သဘာဝလွန် အသိစိတ်နှင့် ကြည့်လိုက်ရာ
သူ၏အရှေ့မှာ အနက်ရောင် ပင်လယ်သည်
တကယ့်ပင်လယ်ကဲ့သို့ ကျယ်ပြန့်နေကြောင်း
သိလိုက်ရသည်။ သူ၏ အတွင်းမှ ရေများသည်
လျှပ်စီးများကဲ့သို့ တဖျစ်ဖျစ်နှင့် မြည်နေခဲ့၏။

ထိုအနက်ရောင် ပင်လယ်သည် ခက်ထန်၍
ပေါက်ကွဲနိုင်သော လျှပ်စီးများဖြင့်
ဖွဲ့စည်းထားခြင်း ဖြစ်သည်။

မိုးကြိုးသည် ဤကမ္ဘာတွင် ရှိနေသော အရာများ
အတွင်းတွင် ပေါက်ကွဲနိုင်မှု
အပြင်းထန်ဆုံးသော စွမ်းအားဖြစ်၏။
ယခုအချိန်တွင် သူ့အား ကမ္ဘာပေါ်တွင်
အသိမ်မွေ့ အနူးညံ့ဆုံး ဖြစ်သော ရေအဖြစ်သို့
ပြောင်းလဲလိုက်ခြင်း ဖြစ်သည်။

လီဘိုတောင်ပေါ်တွင် လင်းဖုန်းသည်
ဤမြင်ကွင်းအား စိတ်ဝင်တစားဖြင့်
ကြည့်နေခဲ့ကာ သူ၏ခေါင်းကို ညိတ်လိုက်သည်။
"သူက တကယ်ကိုပဲ ကွေမိုးကြိုး
အနက်ရောင်ရေကို ကျင့်ကြံထားနိုင်ခဲ့တယ်၊
စိတ်ဝင်စားစရာပဲ"

အနက်ရောင် ပင်လယ်ကြီး၏ ဝန်းရံခြင်းကို
ခံနေရသော ရှောင်ယန်သည်
ထိတ်လန့်တုန်လှုပ် မသွားခဲ့ပေ။
ဟိန်းဟောက်နေကာ သူ၏ကိုယ်မှ အနက်ရောင်
မီးခိုးငွေ့များကို ထုတ်လွှတ်နေသော
ကျောက်စိမ်းနဂါး တစ်ကောင်သည် သူ၏
ခန္ဓာကိုယ်အား ရစ်ခွေထားလိုက်သည်။

အနက်ရောင် မြူခိုးငွေ့များနှင့် ကျောက်စိမ်းနဂါးသည် မြူခိုးများအကြားမှ ပုံရိပ်ယောင်ဟု ထင်နေရ၏။ သူသည် တွန့်လိမ်နေခဲ့ပြီး ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်နှင့် ပူးပေါင်းလိုက်ကာ ကွေမိုးကြိုး အနက်ရောင် ရေများကို ရင်ဆိုင်လိုက်သည်။ အနက်ရောင် မြူခိုးငွေ့ ကျောက်စိမ်းနဂါးသည် အပြင်သို့ ထွက်လာခဲ့၍ ပြိုင်ဘက်၏ မိုးကြိုးရေများကို မျိုချလိုက်သည်။

ကျောက်စိမ်းနဂါးသည် ပို၍များသော မိုးကြိုးရေများကို မျိုချပြီးသည်နှင့်

သူ၏ကိုယ်ပိုင် စွမ်းအားများမှာ
တိုးတက်လာခဲ့၏။

ရေချိုသူတော်စင်၏ မျက်ခုံးများမှာ
တွန့်သွားခဲ့၍ ကျောက်စိမ်းနဂါးအား
ဝန်းရံထားသော အနက်ရောင် မြူခိုးငွေ့များကို
သုံးသပ်လိုက်သည်။ ပြီးတာနှင့် ထိုအရာသည်
အမှန်တော့ ထူးဆန်းသည့် မီးတောက်တစ်ခု
ဖြစ်ကြောင်းကို သူက
သဘောပေါက်သွားခဲ့သည်။

"ကောင်းကင်ကမ္ဘာဖျက် မီးတောက်"
ရေချိုသူတော်စင်သည် အရှေ့ပင်လယ်တွင်
နေထိုင်နေသော်လည်း သူသည်

နှစ်ပေါင်းထောင်နှင့်ချီ၍ နေထိုင်ခဲ့ပြီး ဖြစ်သည်။ သူသည် ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးအနက်မှ တစ်မျိုးဖြစ်သော ကောင်းကင်ကမ္ဘာဖျက် မီးတောက် အကြောင်းကို ကြားဖူးထားသည်။ သို့သော်လည်း သူသည် ရှောင်ယန်ကလည်း သူ့ကို ကျင့်ကြံထားနိုင်လိမ့်မည်ဟု ထင်မထားခဲ့ပေ။

"နေပါဦး၊ ဒီလူက ငရဲပြည်က ရှောင်ခြည်နတ်ဆိုး မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ သန့်စင်သောယန် အကြွင်းမဲ့မီးတောက်နဲ့ နန်းမင် အကြွင်းမဲ့ မီးတောက်တို့ကိုလည်း ပိုင်ဆိုင်ထားတယ်လို့

ကြားထားတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူက ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကိုလည်း အသုံးပြုနိုင်တယ်။ သူ့ဆီမှာ အကြွင်းမဲ့မီးတောက် ဘယ်နှစ်မျိုးတောင် ရှိတာလဲ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးစလုံး ရှိနေတာလား"

ရေချိုသူတော်စင်သည် သူနှစ်ထောင်ပေါင်းများစွာ သိလာခဲ့သော အရာများသည် ပြောင်းဆန်သွားခဲ့သကဲ့သို့ ခံစားခဲ့ရသည်။ "ခုနှစ်မျိုး မပြောနဲ့၊ ငါးမျိုးကို ထိန်းချုပ်နိုင်တာတောင် မဖြစ်သင့်ဘူး။ သူက

ဘယ်လိုလုပ်ပြီး ဒီအကြွင်းမဲ့မီးတောက်တွေရဲ့ ဝါးမျိုမှုကို မခံခဲ့ရတာလဲ"

သူသည် အံ့ဩထိတ်လန့်နေခဲ့သော်လည်း သူ၏ တိုက်ခိုက်မှုများကို အားမလျှော့ခဲ့ပေ။ သူသည် ကောင်းကင်ကမ္ဘာဖျက် မီးတောက်ကို တစ်ခါမှ မတွေ့ဖူးခဲ့သော်လည်း အနည်းငယ်ကိုတော့ သဘောပေါက်နေခဲ့သည်။ သူသည် သူ၏ ကွေမိုးကြိုး အနက်ရောင် ရေများသည် ပို၍ပို၍ တောက်ပလာသော ကောင်းကင်ကမ္ဘာဖျက် မီးတောက်၏ လောင်စာများအဖြစ်သို့ ပြောင်းလဲခြင်းအား ခံနေရသည်ကို ကြည့်လိုက်ကာ သူတို့အား

မရုပ်သိမ်းလိုက်သည့်အပြင် တိုက်စစ်ကိုပင် ထပ်မံ တိုးမြှင့်လိုက်၏။

မိုးကြိုးများဖြင့် ဖွဲ့စည်းထားသော အနက်ရောင် ပင်လယ်သည် ကောင်းကင်နှင့် အောက်ဘက်မှ ပင်လယ်အား ဆူနာမီ လှိုင်းလုံးကြီးကဲ့သို့ ဖုံးအုပ်လိုက်သည်။

အကယ်၍ အတွေ့အကြုံ နုနယ်သော ကျင့်ကြံသူတစ်ယောက်သာ ဖြစ်ပါက သူသည် ကောင်းကင်ကမ္ဘာဖျက် မီးတောက်၏ ထူးခြားသော စွမ်းရည်များကို ကြောက်ရွံ့နေမည် ဖြစ်ပြီး ဘာမှ လုပ်ရဲတော့မည် မဟုတ်ပေ။ သို့သော်လည်း

ရေချိုသူတော်စင်၏ အခြေအနေကို သုံးသပ်မှုများသည် မှန်ခဲ့၏။ ဘာပဲပြောပြော သူသည် ရှောင်ယန်ထက် စွမ်းအားများ ပိုသာသော အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည် စွမ်းအားကြီးသော်လည်း ရှောင်ယန်၏ အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည် အကန့်အသတ်ရှိသည်။ သူ့အနေဖြင့် ရေချိုသူတော်စင်၏ မိုးကြိုးရေများအားလုံးကို မျိုချနိုင်စွမ်းရှိမည် မဟုတ်ပေ။

ရေချိုသူတော်စင်သည် သူ့အား လွှမ်းမိုးရန် ကြိုးစားခဲ့၍ ရှောင်ယန်၏ ကောင်းကင်ကမ္ဘာဖျက် မီးတောက် ဝါးမျိုနိုင်သည့်ထက် ပို၍များသော မိုးကြိုးရေများ အမြောက်အမြားတို့အား ထုတ်လုပ်ခဲ့သည်။ ဤသို့ ပြုလုပ်နေရင်းနှင့် သူသည် ကောင်းကင်ကမ္ဘာဖျက် မီးတောက်၏ ခံစစ်အား ချိုးဖောက်၍ ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်၊ ပြီးတော့ ရှောင်ယန်အား တိုက်ရိုက် ခြိမ်းခြောက်နိုင်ရန် ကြိုးစားခဲ့သည်။ မျိုချနိုင်သည်ထက် ပိုနေသော မိုးကြိုးရေများသည် ရှောင်ယန်အား နတ်ပြည်သို့ ပို့ပေးလိုက်မည် ဖြစ်၏။

သူသည် ဆုံးဖြတ်ချက် ပြတ်သားစွာနှင့်
လုပ်ဆောင်ခဲ့သော်လည်း ရှောင်ယန်ကလည်း
ငြိမ်မခံနေခဲ့ပေ။ ပလ္လင်ငါးပါး နတ်ဘုရား
အထိမ်းအမှတ်က သူ့အား
ကာကွယ်ထားချိန်တွင် ကောင်းကင်ကမ္ဘာဖျက်
မီးတောက်ဖြင့် ဖန်ဆင်းထားသော
ကျောက်စိမ်းနဂါးက အရှေ့သို့ တိုးဝင်၍
တိုက်ခိုက်နေခဲ့သည်။

တစ်ချိန်တည်းတွင်ပင် မဟာသူရိယ အကြွင်းမဲ့
မီးတောက်မှ ပြောင်းလဲထားသော သွေးနီရောင်
စာကလေးသည် ရှောင်ယန်ကိုယ်တိုင်နှင့်
ပူးပေါင်းသွားခဲ့ပြီး အနီရောင်
အလင်းတန်းတစ်ခု အဖြစ်သို့

ပြောင်းသွားခဲ့သည်။ ထို့နောက် ရှောင်ယန်သည် အနက်ရောင် မိုးကြိုးပင်လယ်က ဖုံးလွှမ်းထားသော နေရာမှ လွတ်မြောက်ရုန်းထွက်နိုင်ခဲ့သည်။

ကောင်းကင်ပေါ်တွင် ရှောင်ယန်၏ ရယ်သံက ပေါ်လာခဲ့၏။ "အရမ်းကောင်းတယ်။ ကျုပ်ရဲ့ ဂိုဏ်းတူ ညီအစ်ကိုတွေကလွဲလို့ ကျုပ်ရဲ့ အခြေတည်ဝိညာဥ် အဆင့်နဲ့ ကောင်းကောင်း တိုက်ခိုက်နိုင်တဲ့ ပြိုင်ဘက်ကောင်းတွေကို ရှာတွေ့ဖို့ ခက်ခဲတယ်"

ရှောင်ယန်၏ ရယ်သံများသည် ရပ်တန့်သွားခဲ့၍ သူသည် ဟင်းလင်းပြင် အတွင်းတွင်

တည်ငြိမ်စွာဖြင့် ရပ်နေခဲ့သည်။ နို့နှစ်ကဲ့သို့ ဖြူဖွေးသော သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်သည် သူ၏ နဖူးမှစ၍ စတင်ပျံ့နှံ့လာခဲ့သည်။ သူသည် ရေချိုသူတော်စင်လောက် မကျယ်ပြန့်သော်လည်း အတူတူပင် အစွမ်းထက်သည်။

အဖြူရောင် မီးတောက်ပင်လယ် အတွင်းတွင် သွေးနီရောင် စာကလေးနှင့် ကျောက်စိမ်းနဂါးအပြင် အဖြူရောင်ကျားနှင့် ရွှမ်ဝူတို့ကလည်း ရှိနေကြသည်။ ဒါသည် ထူးခြားဆန်းပြားသော မြင်ကွင်းတစ်ခုဖြစ်ကာ အင်မော်တယ် ဝိညာဥ် အဆင့်မှ

ကျင့်ကြံသူတစ်ယောက်ဖြစ်သော ရေချိုသူတော်စင်အား အလေးအနက် ဖြစ်သွားစေခဲ့သည်။

ရှောင်ယန်သည် သူ၏ အပြုံးများကို ရုပ်သိမ်းလိုက်ကာ သူ၏အကြည့်သည် ရေခဲကဲ့သို့ အေးစက်သွားခဲ့၏။ သူသည် ရေချိုသူတော်စင်အား တည့်တည့်ကြည့်လိုက်ကာ ပြောလိုက်သည်။ "ခင်ဗျားက အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက် ဖြစ်ပေမဲ့ ခင်ဗျားက နှလုံးသား ကင်းမဲ့တဲ့ ကျေးဇူးကန်းတဲ့ လူဆိုးလူသွမ်း တစ်ယောက် ဖြစ်တယ်။

ဒီကမ္ဘာကြီးမှာ ခင်ဗျားကို အသက်ရှင်ရင်
ထားထားရင် အရှက်ရစရာပဲ ဖြစ်နေလိမ့်မယ်"

ရေချိုသူတော်စင်၏ အမူအရာသည်
ခပ်တည်တည်နှင့်ပင် ရှိနေသေးကာ
ဤတိုက်ပွဲကို ဝင်မပါပဲ ငြိမ်သက်စွာနှင့်
စောင့်ကြည့်နေသော ဇူရီအား
လှည့်ကြည့်လိုက်သည်။

သူသည် ကွေန္နားဘုရင်နှင့် ပိုင်ကွမ်းတို့အား
ဂရုမစိုက်ပေ။ ယန်ချင်နှင့် လီယွမ်ဖန်းတို့သည်
လင်းဖုန်း၏ လက်ရင်းတပည့်များ
ဖြစ်ကြသော်လည်း သူတို့သည်
ရွှေရောင်ဗဟိုချက် အဆင့်တွင်သာ

ရှိကြသေး၏။ သူတို့အားလည်း
သိပ်ဂရုမစိုက်ခဲ့ပေ။

မြောင်ရှီးဟောင်နှင့် ကျဲယုတို့သည်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်နှင့်
မိစ္ဆာသခင် နောက်ဆုံးအဆင့်တို့တွင်
ရှိနေကြကာ သူတို့သည်
ထူးချွန်ပြောင်မြောက်သော တိုက်ပွဲစွမ်းရည်များ
ရှိနေကြသည်။ သူသည် သူတို့အား အနည်းငယ်
သတိထားရမည် ဖြစ်သော်လည်း သူ၏အရှေ့မှ
ရှောင်ယန်သာ မရှိပါက လုံးဝ ဂရုစိုက်စရာ
လိုမည် မဟုတ်ပေ။

သို့သော်လည်း ဇူရီမှာမူ ကွဲပြားခြားနား၏။
ကောလဟာလများအရ ဇူရီသည်လည်း
ရှောင်ယန်နှင့် အလားတူ စွမ်းအားကြီးပေသည်။
အကယ်၍ သူကသာ တိုက်ပွဲအတွင်းသို့
ဝင်ပါလာပါက ရေချိုသူတော်စင်သည်
အသေအချာ သတိထားရမည် ဖြစ်သည်။

အိုး၊ နောက်ထပ် ကြေးနီရောင်
အသားအရည်နှင့် လူငယ်တစ်ယောက်
ရှိသေး၏။ သူသည် အခြေတည်ဝိညာဥ်
နောက်ဆုံး အဆင့်တွင် ရှိနေသည်ပုံ ပေါက်နေ၍
သူ၏ တိုက်ပွဲစွမ်းအားများအား ခန့်မှန်း၍
မရချေ။

ထိုကြေးနီရောင် အသားအရည်နှင့် လူငယ်အား
ကြည့်လိုက်ကာ ရေချိုသူတော်စင်၏ ရင်ထဲတွင်
မသက်သာသော ခံစားချက်များ
ပေါ်လာခဲ့သည်။

ဤအထိတွေးပြီးသည်နှင့် သူသည် လုံးဝကို
ချီတုံချတုံ မဖြစ်ရဲတော့ပဲ သူ၏လက်များဖြင့်
မှော်ကျိန်စာ သင်္ကေတ တစ်ခုအား
ဖော်ထုတ်လိုက်သည်။

လီဘိုတောင်ကို ဝန်းရံထားသော
ပင်လယ်အတွင်းမှ ရှောမ ဝင်္ကပါပေါင်း
တစ်ရာတို့က လင်းလက်မြင့်တက်လာခဲ့ကာ
မှော်ကျိန်စာ ဝင်္ကပါအတွင်းမှ

ပင်လယ်ရေများသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့ကာ တိမ်တိုက်များ အတွင်းသို့ ပျံ့သန်းသွားကြသော ရေပြင်နဂါးများ အဖြစ်သို့ ပြောင်းသွားကြသည်။

ထိုမှတဆင့် ထွက်လာသော စွမ်းအားနှင့် မှော်စွမ်းအင်များသည် ဇူရီနှင့် ရှောင်ယန်တို့အား မျက်မှောင်များကို ကြုတ်စေခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့နှင့် ပတ်ဝန်းကျင်မှ စွမ်းအားများကို အသုံးပြုထားသော ဤရှေးမ မှော်ကျိန်စာ ဝင်္ကပါအား ထုတ်ဖော်ခဲ့သောသူသည် စွမ်းအားများစွာတို့အား အသုံးပြု၍

ပြင်ဆင်ထားခဲ့ခြင်း ဖြစ်သည်။ သူ၏
စွမ်းအားများမှာ လျှော့တွက်၍မရချေ။

ထို့အပြင် ရေချိုသူတော်စင်သည် အင်မော်တယ်
ဝိညာဉ် အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်သည်။
သူမှနေ၍ ဤကဲ့သို့သော ဝက်ပါအား
ထုတ်လွှတ်လိုက်သောအခါ ဤစွမ်းအားများ၏
အစွမ်းကို စဉ်းစားကြည့်နိုင်ပေသည်။

"ဟာ" သူ၏ပြိုင်ဘက်သည် သူ့မော်ကျိန်စာ
ဝက်ပါအား သရော်သည့်ပုံဖြင့် ကြည့်နေသည်ကို
ကြည့်လိုက်ကာ ရေချိုသူတော်စင်သည်
တစ်စုံတစ်ခုက မှားယွင်းနေပြီဟူ၍
သံသယဝင်လာခဲ့၏။ ထိုအချိန်တွင် ခရမ်းရောင်

ဝတ်စုံနှင့် ကြေးနီရောင် လူငယ်သည်
ပြုံးလိုက်ကာ သူ၏လက်များဖြင့် ထူးခြားသော
မှော်ကျိန်စာ သင်္ကေတ တစ်ခုအား
ထုတ်ဖော်လိုက်သည်ကို သတိပြုမိလိုက်သည်။

ခဏအကြာတွင် ခရမ်းရောင် တိမ်တိုက်များက
ပင်လယ်အတွင်းမှ ရာနှင့်ချီသော မှော်ကျိန်စာ
များ၏ အလယ်ဗဟိုတွင် ပေါ်လာခဲ့ပြီး
သူတို့အား ချက်ချင်း ဖုံးလွှမ်းသွားခဲ့သည်။

ရေချိုသူတော်စင်သည် ချက်ချင်းဆိုသလိုပင်
သူ၏ မှော်ကျိန်စာ ဝင်္ကပါများက
နေ့ကွေးလေးလံသွားခဲ့သည်ကို
သတိပြုမိလိုက်၏။ သူတို့သည် သူ၏

အမိန့်များကို မနာခံတော့ပဲ
သူ၏မျက်နှာသည်လည်း
မည်းမှောင်သွားခဲ့သည်။ "ငါ့ကို
လိမ်ညာလှည့်ဖြားခဲ့ရုံတင် မကပဲ ငါ့ရဲ့
ဝက်ပါတွေက တစ်ခုခု ဖြစ်သွားခဲ့တာလား"

သူသည် သူ၏ မှော်ကျိန်စာ ဝက်ပါအား
ပြန်လည် ထိန်းချုပ်နိုင်ရန်
ကြိုးစားခဲ့သော်လည်း ကြေးနီရောင် လူငယ်၏
ညာလက်သည် လေထုအလယ်တွင် ဓားဖြင့်
ခုတ်ချလိုက်သကဲ့သို့ ခုတ်ချလိုက်သည်။

ခဏအကြာတွင် ရာနှင့်ချီသော မှော်ကျိန်စာ
ဝက်ပါများသည် ရောမ ဝက်ပါကြီး

တစ်ခုအဖြစ်သို့ စုစည်းသွားရန် အချိန်မရှိတော့ပဲ အလင်းရောင်များ မှေးမှိန်သွားခဲ့ကာ ငြိမ်သက်သွားကြသည်။

ရေချိုသူတော်စင်၏ စိတ်အတွင်းတွင် တုန်ခါသွားခဲ့ကာ သူနှင့် သူ၏ မှော်ကျိန်စာ ဝက်ပါများ၏ ဆက်သွယ်မှုသည် ပြတ်တောက်သွားခဲ့သည်ဟု ခံစားခဲ့ရသည်။

ထိတ်လန့်တုန်လှုပ်စွာနှင့် သူသည် ကြေးနီရောင် လူငယ်အား လှမ်းကြည့်လိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က နောက်ထပ် စွမ်းအားကြီးတဲ့ တပည့်တစ်ယောက်ကို ထပ်မွေးထားတာလား"

သူသည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွား ဖြစ်သည်။ သူက ပြုံးလိုက်ကာ ရေချိုသူတော်စင်အား လှမ်းကြည့်လိုက်၏။

"ထူးဆန်းတယ်။ ဒီလူမှာ ထူးခြားတဲ့ အရာတစ်ခု ရှိနေတယ်။ ဘာများပါလိမ့်"

## စာစဥ် ၃၈ : အပိုင်း ၉

## အပိုင်း ၇၁၉ : အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား အလွယ်တကူ ဖိနှိပ်ခြင်း

လင်းဖုန်းသည် မည်ကဲ့သို့ ရုပ်ရည်ရှိသည်ကို လူတိုင်းက သိကြသည်။ နတ်ဘုရားနယ်မြေ အတွင်းတွင်သာမက အရှေ့ပင်လယ်မှ ကျင့်ကြံသူများကပင် သူ၏ရုပ်ပုံအား မြင်ဖူးထားကြ၏။ သူ၏ အေးရီးစ်ကိုယ်ပွားသည် သူနှင့် တစ်ထပ်တည်း တူနေသဖြင့် သူ့အား မှတ်မိရန် မခက်ခဲပေ။

သို့သော်လည်း သံမဏိသစ်ပင် ကိုယ်ပွားမှာမူ ခြားနားသည်။ သူ၏ ရုပ်ရည်သွင်ပြင်သည် လင်းဖုန်းနှင့် မတူညီသည့်အပြင် သူက အပြင်သို့ ထွက်လေ့ သိပ်မရှိပေ။

နတ်ဘုရားနယ်မြေ အတွင်းတွင် ဟင်းလင်းပြင် ဘုရားကျောင်း၊ မဟာကျိုး အင်ပါယာ၊ မဟာချင် အင်ပါယာနှင့် စူတောင်ဓားဂိုဏ်းတို့ကဲ့သို့သော အားကြီးသော စွမ်းအားစုများကသာ သတင်း အချက်အလက် အစုံအလင်ကို ရထားကြကာ လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွား၏ ရုပ်ပုံကို ရရှိထားကြသည်။ သို့သော်လည်း ရေချိုသူတော်စင်ကဲ့သို့သော အရှေ့ပင်လယ် အတွင်း၌သာ နေထိုင်သည့် တစ်ကိုယ်တော် ကျင့်ကြံသူတစ်ယောက်အနေနှင့် ထိုကဲ့သို့ ပြုလုပ်နိုင်ရန် အလွန်ခက်ခဲသည်။

ရေချိုသူတော်စင်သည် လင်းဖုန်းအား တည့်တည့် စိုက်ကြည့်လိုက်ကာ

ကောင်းကင်အပေါ်မှ သူ၏ ပုံစံသည် စတင်၍ ပြောင်းလဲလာခဲ့၏။ သူသည် လူသားပုံစံ မပေါက်တော့ပဲ ရောမ အနက်ရောင် မိုးကြိုးဘောလုံး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ထိုအနက်ရောင် မိုးကြိုးဘောလုံးသည် လီဘိုတောင်၏ အပေါ်မှ ကောင်းကင်ထက်တွင် အနက်ရောင် နေမင်းတစ်ခုကဲ့သို့ လွင့်မျောနေခဲ့ကာ အောက်ဘက်မှ ကျွန်းနှင့်ပင်လယ်တို့အား ငုံ့ကြည့်နေခဲ့သည်။

ဒါသည် ရေချိုသူတော်စင်၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွား ဖြစ်သည်။

သူ့အသွင်ပြောင်းလဲထားသော အနက်ရောင်
မိုးကြိုးဘောလုံးတွင် မြွေများကဲ့သို့
တွန့်လိမ်နေကြသော လျှပ်စီးပေါင်း
မြောက်မြားစွာတို့ ရှိနေကြ၏။ သို့သော်လည်း
သူတို့သည် အသံတစ်စက်မှ မထွက်ကြပေ။

အသေအချာ ကြည့်လိုက်လျှင် ထိုမြွေကဲ့သို့
တွန့်လိမ်နေကြသော လျှပ်စီးများသည်
ကွေမိုးကြိုး အနက်ရောင်ရေများဖြင့်
ဖွဲ့စည်းထားကြခြင်း ဖြစ်သည်။

"သူက ဘာမှမဟုတ်ပဲ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက အခြေတည်ဝိညာဉ်
အဆင့် ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်တယ်"

မိုးကြိုးဘောလုံးသည် ကောင်းကင်ပေါ်တွင်
ခက်ထန်စွာနှင့် တုန်ခါနေခဲ့၍
ချက်ချင်းဆိုသလိုပင် မြောက်မြားလှစွာသော
ကွေ့မိုးကြိုး အနက်ရောင်ရေများသည်
အောက်သို့ သွန်ကျလာကြသည်။ သူတို့သည်
လေထုအလယ်တွင် ရောယှက်သွားကြ၍
မိုးကြိုးရေများဖြင့် ဖွဲ့စည်းထားသော ရောမ
အနက်ရောင် ကွန်ယက်တစ်ခု ဖြစ်သွားပြီး
လင်းဖုန်းနှင့် အပေါင်းပါများကို
လွှမ်းခြုံထားခဲ့သည်။

ရှောင်ယန်နှင့် ဇူရီတို့သည် သူတို့၏
မျက်မှောင်များကို ကြုတ်လိုက်ကြ၍

လင်းဖုန်းသည် သူတို့အား
လက်ဖဝါးယမ်းပြလိုက်ကာ ပြောလိုက်သည်။
"သူ့အတွင်းမှာ လျှို့ဝှက်ချက်တချို့ ရှိနေတယ်။
သူ့ကို ငါကပဲ ကိုင်တွယ်လိုက်မယ်။
မဟုတ်လို့ရှိရင် သူထွက်ပြေးသွားလိမ့်မယ်"

သူ၏စကားဆုံးသည်နှင့် လင်းဖုန်းသည်
ချက်ချင်းဆိုသလိုပင် တိမ်တိုက်များ အတွင်းသို့
ထိုးတက်သွားသော ကြည်လင်သော
အလင်းတန်း တစ်ခုဖြင့် တောက်ပလာခဲ့သည်။

ထိုကြည်လင်သော အလင်းတန်း အတွင်းတွင်
ရောမ အလင်းတန်း ပုံရိပ်တစ်ခုက
ပေါ်လာခဲ့သည်။ သူ့တွင် ခြေလေးချောင်း၊

လက်ရှစ်ဖက်ရှိကာ ခေါင်းမပါသော ဘီလူးကြီး
တစ်ကောင်နှင့် တူနေခဲ့၏။
တစ်ချိန်တည်းတွင်ပင် သူသည်
မြေပြင်အတွင်းတွင် ခိုင်မာစွာ
အမြစ်စိုက်ထားသော သစ်ပင်တစ်ပင်နှင့်
တူနေခဲ့သည်။ ရောမ သစ်ကိုင်းရှစ်ကိုင်းတို့သည်
ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

အလင်းတန်းသည် ပို၍
ကြည်လင်လာသောအခါ သူသည်
ကောင်းကင်ကိုးဆင့်တိုင်အောင်
ဆန့်တန်းသွားသည့် ရောမ သစ်ပင်ကြီးတစ်ပင်
ဖြစ်နေခဲ့၏။

သူ၏အောက်ခြေမှ ထုထဲသော
အမြစ်လေးခုတို့သည်
ဟင်းလင်းပြင်အတွင်းတွင် နစ်မြှုပ်ထားခဲ့ကာ
မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်လေးပါးတို့အား
တည်ငြိမ်အောင် ပြုလုပ်ထားခဲ့သည်။

ကောင်းကင်ယံသို့ ထိုးတက်သွားကြသော
သစ်ကိုင်းရှစ်ကိုင်းတို့မှာ ကောင်းကင်၊ မြေကြီး၊
လေပြင်း၊ မိုးကြိုး၊ ရေပြင်၊ မီးတောက်၊
တောင်တန်းနှင့် ရေအိုင်ဟူသော ဖန်ဆင်းခြင်း
ဓာတ်ရှစ်ပါးတို့အား ကိုယ်စားပြုနေခဲ့သည်။

သစ်ပင်၏ ကိုယ်ထည်အပေါ်မှ
အဖြူနှင့်အနက်ရောင် အလင်းတန်းတို့သည်

အဆက်မပြတ် လင်းလက်နေကြကာ
သစ်ကိုင်းများပေါ်မှ သစ်ရွက်တို့သည် သံမဏိ
သစ်ရွက်များကဲ့သို့ မလှုပ်မယှက်
ငြိမ်သက်နေကြသည်။ ခံနိုင်ရည် အားကောင်း၍
ဖျက်ဆီး၍ မရနိုင်သော စွမ်းအားကြီးမားသည့်
အော်ရာတစ်ခုသည် စတင်၍ ပျံ့နှံ့လာခဲ့၏။

ဒါသည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားမှ
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်သို့
ရောက်ရှိသွား အပြီးတွင် ဖန်ဆင်းနိုင်ခဲ့သော
စကြာဝဠာ ပုံသဏ္ဌာန်ပင် ဖြစ်သည်။

ကောင်းကင်ပေါ်သို့တိုင်အောင်
ထိုးတက်သွားခဲ့သော စကြာဝဠာ

ပုံသဏ္ဍာန်သည် ကျဆင်းလာသော
မိုးကြိုးကွန်ယက်အား ဖမ်းဆီးနိုင်ခဲ့၏။
သို့သော်လည်း မည်းမှောင်နေကာ
ပေါက်ကွဲနိုင်စွမ်း အားကောင်းသော ကွေ့မိုးကြိုး
အနက်ရောင်ရေများသည် ဧရာမ
သစ်ကိုင်းကြီးအား ဝန်းရံကာ အဆက်မပြတ်
ပေါက်ကွဲနေခဲ့သည်။ သို့သော်လည်း သူ့အား
ဒဏ်ရာရဖို့ရန် ဝေးစွ၊ သစ်ရွက်လေး
တစ်ရွက်ကိုပင် ခြစ်ရာထင်အောင်
မလုပ်နိုင်ခဲ့ပေ။

ထို့အစား သစ်ပင်၏ သစ်ကိုင်းရှစ်ကိုင်းတို့သည်
စတင်၍ အသက်ဝင်လာခဲ့ကြပြီး
မိုးကြိုးရေကွန်ယက်အား ဆွဲဖြဲလိုက်ကြသည်။

ကောင်းကင်ပေါ်မှ ရောမ အနက်ရောင်
မိုးကြိုးဘောလုံး အသွင်သဏ္ဍာန်နှင့်
ရေချိုသူတော်စင်သည် စတင်၍
တုန်ခါလာခဲ့သည်။

"ဘယ်လောက်အထိ စွမ်းအားကြီးမားလှတဲ့
စကြာဝဠာ ပုံသဏ္ဍာန်လဲ! ဒါ.. ဒါက
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူ
တစ်ယောက်ရဲ့ စွမ်းအားနဲ့ မတူဘူး။ ဒါက
အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတစ်ယောက်ရဲ့
ကိုယ်ပွားဖြစ်ရင်တောင်မှ ဒီလောက်အထိ

စွမ်းအားကြီးတဲ့သူက အနည်းငယ်သာ ရှိနိုင်တယ်"

သူ့ပြိုင်ဘက်၏ မူလရင်းမြစ်ကို မသိခဲ့သော်လည်း ရေချိုသူတော်စင်သည် မှန်ကန်စွာ ခန့်မှန်းနိုင်ခဲ့၏။ လင်းဖုန်း၏ တိုက်ခိုက်မှုအရ သူသည် ရှောင်ယန်နှင့် ဇူရီတို့ထက် များစွာပို၍ ခြိမ်းခြောက်မှုကို ပေးနိုင်ခဲ့သည်။

အစပထမတွင် လင်းဖုန်းသည် တိုက်ရိုက် မလှုပ်ရှားခဲ့၍ သူ၏ စွမ်းအား မည်မျှနက်ရှိုင်းသည်ကို မသိနိုင်ခဲ့ပေ။ သို့သော်လည်း လင်းဖုန်းက

စတင်တိုက်ခိုက်လိုက်သောအခါ
ရေချိုသူတော်စင်၏ နှလုံးသားအတွင်းတွင်
နိမိတ်မကောင်းသော ခံစားချက်များကို
ခံစားနိုင်ခဲ့သည်။

သူ၏ပြိုင်ဘက်သည် အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်တွင်သာ ရှိနေသော်လည်း
ရေချိုသူတော်စင်သည် လင်းဖုန်းအား
ကြည့်နေရင်းနှင့် နှလုံးသား အတွင်းတွင်
အေးစိမ့်လာခဲ့သည်။ သူသည်
အလွန်ကြီးမားသော အန္တရာယ်၏
အငွေ့အသက်များကို ခံစားနေခဲ့ရသည်။

ရှောင်ယန်နှင့် ဇူရီတို့သည် လွန်စွာ
ထူးချွန်ပြောင်မြောက်လှသော်လည်း
ရေချိုသူတော်စင်သည် သူတို့အား
ရင်ဆိုင်နိုင်ရန် ယုံကြည်ချက် ရှိသေး၏။
သို့သော်လည်း ဤခရမ်းရောင် ဝတ်စုံနှင့်
ကြေးနီရောင် လူငယ်အား ရင်ဆိုင်ခဲ့ရသည့်အခါ
ရေချိုသူတော်စင်သည် သူ့ပြိုင်ဘက်မှာ
သူ့အသက်အား ခြိမ်းခြောက်နိုင်သည်ထက်ပင်
ပိုနေသည်ဟု အသေအချာ ခံစားနေရသည်။

စွမ်းအားထက်သော မှော်ရတနာများကို
ပိုင်ဆိုင်ထားခြင်း မရှိသည့် အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်သည် အင်မော်တယ် ဝိညာဉ်

အဆင့်မှ အကြီးအကဲ တစ်ယောက်အား အသက်ဆုံးရှုံးမည်ကို ကြောက်ရွံ့နေစေခဲ့သည်မှာ ကြားရလျှင် ရယ်စရာ ကောင်းနေခဲ့၏။ မူလကောင်းကင် ကမ္ဘာအတွင်းမှ လူအများတို့အား သူတို့၏ ယခင်ယုံကြည်ထားခဲ့သော အတွေးအမြင်များကို ပြောင်းလဲစေနိုင်ခဲ့မည့် အကြောင်းအရာ တစ်ခုဖြစ်သည်။

သို့သော်လည်း ရေချိုသူတော်စင်သည် လွန်စွာအားကောင်းသော အန္တရာယ် အငွေ့အသက်များကို အမှန်တကယ်ပင် ခံစားနေခဲ့ရသည်။ ဤခရမ်းရောင် ဝတ်စုံနှင့်

ကြေးနီရောင် လူငယ်သည် သူ့အား
ခြိမ်းခြောက်နိုင်ခဲ့သည်။

ဒါသည် ရေချိုသူတော်စင်က သူ့ကိုယ်သူ
ယုံကြည်ချက် မရှိနေ၍ မဟုတ်ပဲ
ပြောင်းပြန်သာ ဖြစ်၏။ တစ်ယောက်တည်း
နှစ်ပေါင်းများစွာ ကြိုးစားကျင့်ကြံခဲ့၍
နောက်ဆုံးတွင် အင်မော်တယ် ဝိညာဉ်
အဆင့်သို့ ရောက်ရှိသွား အပြီးတွင် သူ၏
စိတ်ဝိညာဉ်နှင့် စိတ်စွမ်းအားတို့သည်
ကြီးမားသော အန္တရာယ်များကို အာရုံခံနိုင်စွမ်း
အလွန်ပင် အားကောင်းလာခဲ့သည်။

ဤအထိ တွေးလိုက်အပြီးတွင်
ရေချိုသူတော်စင်သည် သူ၏စိတ်ကို
ပိုင်းဖြတ်လိုက်ကာ နောက်ဆုတ်လိုက်ရန်
ပြင်ဆင်လိုက်၏။

သူ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားဖြစ်သော
ရောမ အနက်ရောင် မိုးကြိုးဘောလုံးသည်
အနက်ရောင် အလင်းတန်း တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့၍ ဟင်းလင်းပြင်မှတဆင့်
ထွက်ပြေးရန် ကြိုးစားလိုက်သည်။

သူသည် ဤမှော်ရတနာအား
စွန့်လွှတ်နိုင်ပေသည်။ သူ၏
ကိုယ်ပိုင်အသက်ထက် မည်သည့်အရာကမှ

ပို၍အရေးမကြီးပေ။ သူသည်
မသေဆုံးသေးလျှင် အမြဲတမ်း
ပြန်လည်ကြိုးစား၍ရသည်။

သို့သော်လည်း သူသည် လင်းဖုန်း၏
ရယ်သံဖွဖွလေးအား ကြားလိုက်ရကာ
သူ့စကြာဝဠာ ပုံသဏ္ဍာန်မှ သစ်ရွက်များသည်
စပေါ်လာသည့်အချိန်မှ ပထမဆုံး အကြိမ်အဖြစ်
တုန်ခါလာခဲ့သည်။

အရေအတွက်သုံးခု အင်းရှစ်ကွက် ပုံရိပ်သည်
ပျောက်ကွယ်သွား၍ ကျန်နေခဲ့သည်မှာ ရောမ
ဝဲကတော့ကြီး တစ်ခုဖြစ်၏။
သစ်ပင်အောက်ခြေမှ မြေ၊ ရေ၊ လေ၊ မီးတို့သည်

စတင်ပေါင်းစည်း ပြောင်းလဲသွားကြ၏။ ရှေးကျသော စွမ်းအားကြီးသော အော်ရာတစ်ခုသည် သစ်ပင်၏ ကိုယ်ထည်မှတဆင့် ဝဲကတော့ အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

ဝဲကတော့သည် ပို၍ပို၍ စွမ်းအားကြီးလာခဲ့ကာ ဟင်းလင်းပြင်အား တည်ငြိမ်အောင် လုပ်နိုင်ခဲ့သည်။ အနက်ရောင် အလင်းတန်း အဖြစ်သို့ ပြောင်းသွားခဲ့၍ ထွက်သွားရန် အသင့်ဖြစ်နေခဲ့သော ရေချိုသူတော်စင်သည် အနက်ရောင် မိုးကြိုးဘောလုံး အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။

အရေအတွက်သုံးခု အင်းရှစ်ကွက် ဝဲကတော့၏ ချုပ်နှောင်မှုကို ခံခဲ့ရသော ရောမ အနက်ရောင် မိုးကြိုးဘောလုံးသည် ရုန်းကန်နေခဲ့သော်လည်း မလွတ်မြောက်နိုင်ခဲ့ပေ။

သူသည် မလွတ်မြောက်နိုင်ရုံတင် မကပဲ ဖြည်းဖြည်းချင်းနှင့် ဝဲကတော့၏ အလယ်သို့ စုပ်ယူသွားခြင်းကို ခံနေရသည်။

ရေချိုသူတော်စင်သည် ရင်ထဲမှနေ၍ တုန်လှုပ်ချောက်ချားလာခဲ့၏။ သူ၏ မှော်စွမ်းအင်များကို အစွမ်းကုန် အသုံးပြုနေခဲ့သော်လည်း သူသည် အနက်ရောင်

ချောက်ကမ်းပါး အတွင်းသို့
ပြုတ်ကျသွားနေခဲ့သည်ဟု ခံစားနေခဲ့ရသည်။

အစောပိုင်းတွင် ခံစားနေ၍သော အန္တရာယ်
အငွေ့အသက်များသည် အမှန်ပင် ဖြစ်လာခဲ့ပြီ
ဖြစ်သည်။ ရေချိုးသူတော်စင် ယခုအချိန်တွင်
ခံစားနေခဲ့ရသည်မှာ ရင်အတွင်းမှနေ၍
ရေခဲကဲ့သို့ အေးစက်နေသည့် ခံစားချက်သာ
ဖြစ်၏။

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်နှင့် အင်မော်တယ် ဝိညာဉ် အဆင့်
မဟုတ်သော ကျင့်ကြံသူများ၏
ကွာခြားချက်သည် အမတန်ကိုမှ ကြီးမား၏။

သူတို့သည် လုံးဝကို ကွဲပြားခြားနားနေသော သဘောတရား နှစ်ခုတို့ ဖြစ်ကြသည်။

မူလကောင်းကင်ကမ္ဘာမှ သမိုင်းတစ်လျှောက်လုံးတွင် အင်မော်တယ် ဝိညာဉ် အဆင့်အောက်မှ ကျင့်ကြံသူ တစ်ယောက်က အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား အနိုင်ယူနိုင်သည့် ဥပမာ အနည်းငယ်သာ ရှိခဲ့သည်။

ထိုဥပမာများသည် အလွန်နည်းပါး၍ လက်တစ်ဘက်နှင့်သာ ရေတွက်၍ရသည်။ သူတို့ အားလုံးတို့သည် ဒဏ္ဍာရီများ ဖြစ်ကြ၍ အထူး အခြေအနေ တစ်မျိုး

ပါဝင်နေကြသည်ချည်း ဖြစ်သည်။
ထိုအခြေအနေများသည် အလွန်ကို ထူးခြား၍
နောက်ထပ် ထပ်လုပ်ရန် မဖြစ်နိုင်ပေ။
သူတို့သည် ပုံတူကူး၍ မရသော အံ့ဖွယ်သရဲ
အဖြစ်အပျက်များသာ ဖြစ်ကြသည်။

အခြားစကားလုံးများဖြင့် ပြောရသော်
ဤဒဏ္ဍာရီမှ လူများသည် နောက်ထပ်တစ်ဖန်
ပြန်လည်တိုက်ခိုက်လျှင် ဤကဲ့သို့
ပြန်ဖြစ်နိုင်တော့မည် မဟုတ်ပေ။

သို့သော်လည်း ရေချိုသူတော်စင်သည်
သူ၏စွမ်းအား အကုန်သုံးခဲ့သည့်တိုင်အောင်
လင်းဖုန်း၏ စကြာဝဠာ ပုံသဏ္ဍာန်၏

ဖိနှိပ်မှုမှနေ၍ မလွတ်မြောက်နိုင်ခဲ့သောကြောင့်
သူတို့နှစ်ယောက်က ဘယ်နှစ်ကြိမ်
တိုက်ခိုက်သည်ဖြစ်ဖြစ် သူကသာ
ရှုံးနိမ့်လိမ့်မည်ဟု သေချာနေခဲ့သည်။

အကယ်၍ သူသည် မတိုက်ခိုက်ခဲ့ပဲ လင်းဖုန်းက
သူ၏ စကြာဝဠာ ပုံသဏ္ဍာန် မထုတ်ဖော်ခဲ့ခင်
ထွက်ပြေးရန် ကြိုးစားခဲ့ပါက သူသည်
အောင်မြင်ကောင်း အောင်မြင်နိုင်မည် ဖြစ်၏။

သို့သော်လည်း ယခု အဖြစ်အပျက်များကို
ပြန်လည် စဥ်းစားလိုက်လျှင် သူသည် အလွန်ကို
အရှက်ရနေခဲ့သည်။

လီဘိုတောင်ပေါ်တွင် ရှောင်ယန်နှင့် ဇူရီတို့က
ဘာမှမထူးသလို ကြည့်နေကြချိန်တွင်
စိတ်ဝိညာဉ် ရေနဂါး အုပ်စုတို့မှာ
ထိတ်လန့်တုန်လှုပ်နေခဲ့ကြသည်။

သူတို့၏ အရှေ့တွင် ရောမ သစ်ပင်ကြီး
တစ်ပင်သည် ဟင်းလင်းပြင်အား
တည်ငြိမ်စေခဲ့ရုံသာမက ရောမ အနက်ရောင်
မိုးကြိုးဘောလုံးအား ချုပ်နှောင်ထားနိုင်ခဲ့သော
ရောမ ဝဲကတော့ကြီး တစ်ခုကိုပင်
ထုတ်လုပ်နိုင်ခဲ့သည်။

ဤအချိန်တွင် အနက်ရောင် မိုးကြိုးဘောလုံး တစ်ဝက်နီးပါးသည် ဝဲကတော့ အတွင်းသို့ ရောက်ရှိသွားနေခဲ့ပြီ ဖြစ်၏။ ကျန်နေသေးသော သုံးပုံနှစ်ပုံခန့်က အပြင်ဘက်မှနေ၍ လွတ်မြောက်နိုင်ရန် အတွင်း အပြင်းအထန် ရုန်းကန်ကြိုးစားနေခဲ့သည်။

မရေမတွက်နိုင်သော နဂါးနှင့်တူသည့် ကွေမိုးကြိုး အနက်ရောင် ရေများတို့သည် တွန့်လိမ်လှုပ်ရှားနေကြသည်။ သူတို့ တစ်ခုချင်းစီတို့သည် သာမန် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား သတ်ဖြတ်နိုင်စွမ်း ရှိကြသည်။ သို့သော်လည်း ယခုအချိန်တွင် သူတို့သည် သေမိန့်ကိုသာ

စောင့်နေရသကဲ့သို့ အချည်းနှီးသာ ရှန်းကန်နေနိုင်ခဲ့၏။

သူ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား ဖော်ပြထားခဲ့သော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ စကြာဝဠာ ပုံသဏ္ဍာန်အား မကျော်လွှားနိုင်ခဲ့ပေ။

လင်းဖုန်းသည် မည်သည့် မှော်ကျိန်စာ ဝက်ပါနှင့် မှော်ရတနာတို့ကိုမှ အသုံးပြုခဲ့ခြင်း မရှိပေ။ သူသည် မည်သည့်အရာ၏ အကူအညီကိုမှ မယူပဲ သူ၏ကိုယ်ပိုင်

စကြာဝဠာ ပုံသဏ္ဍာန်ကိုသာ အသုံးပြု၍
ရေချိုသူတော်စင်၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွားအား တိုက်ခိုက်ခဲ့ပြီး
အောင်မြင်စွာ ဖိနှိပ်ထားနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှောင်ကျန်းအာ၊ ကျဲယု၊ ပိုင်ကွမ်းနှင့်
ကွေ့နွားဘုရင်တို့သည် ရင်သပ်ရှုမော
ဖြစ်နေကြ၏။ "ဒါက ကိုယ်ပွားတစ်ခုပဲ
ရှိသေးတယ်။ ဒီလောက်အထိကို
အစွမ်းထက်နေပြီ"

ရှောင်ယန်နှင့် ကျန်သောသူများသည်
အကြည့်ချင်း ဖလှယ်လိုက်ကြ၍ သူတို့၏

မျက်နှာများပေါ်တွင် အပြုံးများ ပေါ်လာကြသည်။ "ဆရာကတော့ ဆရာပါပဲ"

"မင်းကဘာဖြစ်လို့ အလောတကြီးနဲ့ ထွက်ပြေးချင်နေရတာလဲ" ရှောင်ယန်က ကောင်းကင်ပေါ်မှ အနက်ရောင် မိုးကြိုးဘောလုံးအား ကြည့်လိုက်၍ အသံသဲ့သဲ့ဖြင့် ရယ်လိုက်သည်။ "ဒီနေရာမှာ အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေသာ ရှိကြတယ်။ မင်းက အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ဖြစ်တာတောင် အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေ ဆီကနေ ထွက်ပြေးတာ ရှက်စရာ မကောင်းဘူးလား"

ထိုအချိန်တွင် ရေချိုသူတော်စင်သည် ကျိန်ဆဲလိုစိတ်များ ပေါက်လာခဲ့သည်။

"ငိုးမသားတွေ!"

"ဒါက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူလား"

"ဒါက စကြာဝဠာ ပုံသဏ္ဌာန်လား"

ရေချိုသူတော်စင်သည် စိတ်ခါတ်ကျနေခဲ့ချိန်တွင် လင်းဖုန်းကလည်း

မပျော်မရွှင် ဖြစ်နေခဲ့သည်။ သူသည် ဝဲကတော့ အတွင်းသို့ ဖြည်းညင်းစွာ ဝင်နေခဲ့သော အနက်ရောင် မိုးကြိုးဘောလုံးအား ကြည့်လိုက်၍ သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။ "ဒီသံမဏိသစ်ပင် ကိုယ်ပွားက ခံစစ်ပိုင်းမှာ ကောင်းပေမဲ့ တိုက်စစ်ကတော့ အားနည်းနေသေးတယ်။ သူက ဒီအချက်မှာ ငါ့ရဲ့ မူလခန္ဓာကိုယ်ထက် အားနည်းတယ်"

"တကယ်လို့ ငါ့ရဲ့ မူလခန္ဓာကိုယ်သာ ဆိုရင် ငါ့ရဲ့ စကြာဝဠာ ပုံသဏ္ဍာန်က ဒီအင်မော်တယ် ဝိညာဉ် ကိုယ်ပွားကို ချေဖျက်နိုင်လိမ့်မယ်"

ဝဲကတော့ အတွင်းသို့ အနက်ရောင် မိုးကြိုးဘောလုံးသည် တစ်ဝက်ခန့် ဝင်သွားခဲ့ပြီ ဖြစ်သည်။ မိုးကြိုးဘောလုံးမှနေ၍ တစ်ယောက်သည် ရေချိုသူတော်စင်၏ ဒေါသတကြီး ဟိန်းဟောက်သံများကို ကြားနိုင်ခဲ့သည်။ ခဏအကြာတွင် မိုးကြိုးဘောလုံးသည် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။

"ကွေရေ ကောင်းကင်မိုးကြိုး!"

မိုးကြိုးဘောလုံးသည် သိပ်သည်းသွားခဲ့ပြီးနောက် အရပ်မျက်နှာ လေးခုစလုံးသို့ လျှင်မြန်စွာနှင့် ပျံ့နှံ့သွားခဲ့သည်။

ရေချိုသူတော်စင်သည် အစွမ်းကုန် အသုံးပြု၍ တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း လင်းဖုန်းသည် ကြောက်ရွံ့မသွားခဲ့ပေ။ ဝဲကတော့ကြီးသည် အဆက်မပြတ် လှည့်ပတ်နေခဲ့၍ ရေချိုသူတော်စင်၏ မှော်စွမ်းအင်များကို တိုက်စားနေခဲ့သည်။ အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ပုံရိပ်များသည် တစ်လှိုင်းပြီးတစ်လှိုင်း စုစည်းလာခဲ့၍ ဝဲကတော့ကြီးကို ပြောင်းလဲသွားစေခဲ့သည်။ သူ၏ ထူးချွန်ပြောင်မြောက်သော စွမ်းအားများကို ထုတ်ဖော်ခဲ့ကာ ပြီးပြည့်စုံသော ကမ္ဘာငယ် အဖြစ်သို့ ပြောင်းသွားခဲ့၏။

ရေချိုသူတော်စင်သည်
သူမလွတ်မြောက်နိုင်တော့မှန်းကို သိလိုက်၍
သူ၏ နှုတ်ခမ်းကို ကိုက်လိုက်ကာ သူ၏
အနက်ရောင် မိုးကြိုးဘောလုံးမှနေ၍
အဖြူရောင် အလင်းတန်းများက
ထွက်ပေါ်လာခဲ့သည်။

ထိုအဖြူရောင် အလင်းတန်းမှနေ၍
အဆောင်လက်ဖွဲ့ တစ်ခုက ထွက်လာခဲ့သည်။
သူသည် လျှင်မြန်စွာနှင့် လောင်ကျွမ်းသွားခဲ့ကာ
လင်းဖုန်း၏ စကြာဝဠာ ပုံသဏ္ဍာန်
တည်ငြိမ်အောင် ပြုလုပ်ထားသည့်
ဟင်းလင်းပြင်ကို ချိုးဖောက်လိုက်သည်။

ပြီးတာနှင့် သူသည် ကောင်းကင်သို့တိုင်အောင် ပေါက်သွားသည့် ရောမ လမ်းကြောင်းတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ လေဟာနယ် အလွှာပေါင်း များစွာတို့ကို ချိုးဖောက်သွားခဲ့၏။ သူသည် အထူးလမ်းကြောင်း တစ်ခုနှင့် တူနေခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၁၀

## အပိုင်း ၇၂၀ : ဒီလမ်းကြောင်းက ဘယ်ကိုသွားတာလဲ

လင်းဖုန်းသည် ထိုအဖြူရောင် အလင်းတန်း လမ်းကြောင်းအား ကြည့်လိုက်၍ သူ၏ မျက်လုံးမှာ တောက်ပလာခဲ့သည်။ "ဒါက အတော်ကို ထူးဆန်းတာပဲ"

အဖြူရောင် အလင်းတန်း လမ်းကြောင်းသည် ဒိုင်မန်းရှင်း အတွင်းသို့ ဖြတ်တောက်သွားခဲ့၍ ရေချိုသူတော်စင်သည် ထိုမှတဆင့် ထွက်ပြေးလွတ်မြောက်ရန် ကြံစည်နေခဲ့သည်။ လင်းဖုန်းသည် ထိုအဖြူရောင် အလင်းတန်းအား ကြည့်လိုက်ကာ အခြားတစ်ဘက်တွင် ကြည်လင်စွာ တောက်ပနေသော ပင်လယ်တစ်ခုကို သတိပြုမိလိုက်သည်။ သို့သော်လည်း ထိုပင်လယ်အား အဖြူရောင်

တိမ်တိုက်များက ဝန်းရံနေခဲ့ကာ
ပုံရိပ်ယောင်အသွင် ဖြစ်နေခဲ့သည်။

ယင်ပင်လယ် အတွင်းသို့ ကိုယ်တိုင်ကိုယ်ကျ
မရောက်ဖူးသော်လည်း လင်းဖုန်းသည်
ထိုအဖြူရောင် အလင်းတန်း၏
အခြားတစ်ဘက်သည် ယင်ပင်လယ်၏
အလယ်တွင် ဖြစ်ကြောင်းကို သိခဲ့လိုက်သည်။

ရေချိုသူတော်စင်က ကြောက်ရွံ့ခြင်း
မရှိနေသည်မှာ အထူးအဆန်း မဟုတ်ပေ။
ယင်ပင်လယ်သည် ဟင်းလင်းပြင်
စစ်တလင်းနှင့် ဆင်တူသည်။ သူ့အတွင်းတွင်
အခြေအနေများသည် ရှုပ်ထွေးနေကာ

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ပင် လမ်းရှာရန် မလွယ်ကူပေ"

လင်းဖုန်းကိုယ်တိုင်က ဝင်ရောက်ခဲ့လျှင်ပင်
သူသည် အလွန်ဆုံး သူ့ကိုယ်သူ
လမ်းမပျောက်ရန်သာ တတ်နိုင်လိမ့်မည်။
တစ်စုံတစ်ယောက် သို့မဟုတ် တစ်စုံတစ်ခုအား
ရှာဖွေချင်လျှင်မူ အလွန်အမင်းကို
ခက်ခဲပေသည်။

"ဒါပေမဲ့ ဒီအဆောင်လက်ဖွဲ့က ဘယ်ကနေ
ရလာတာလဲ။ ဒါက သူ့ကို
ဟင်းလင်းပြင်ကနေတဆင့် ယင်ပင်လယ်
အတွင်းကို ယင်ပင်လယ်နဲ့ နတ်ဘုရားနယ်မြေ

အတွင်းက နယ်နိမိတ် လမ်းကြောင်းတွေကနေ တဆင့် မဟုတ်ပဲ တိုက်ရိုက် ပို့ဆောင်ပေးနိုင်တယ်" လင်းဖုန်းက သူ့ကိုယ်သူ တွေးလိုက်သည်။

စဉ်းစားနေရင်းနှင့် လင်းဖုန်း၏ ရင်အတွင်း၌ မသက်မသာသော ခံစားချက်တစ်ခု ပေါ်လာခဲ့သည်။ "ဒါ.. ဒါက အတော့်ကို မရိုးရှင်းဘူး"

ထိုအကြောင်းကို စဉ်းစားနေရင်းနှင့် လင်းဖုန်းသည် အလွန်ပင် လျှင်မြန်စွာ တုံ့ပြန်ခဲ့၏။ ရေချိုသူတော်စင်သည် ထွက်ပြေးလွတ်မြောက်တော့မည့် ဆဲဆဲတွင်

လင်းဖုန်းသည် သူ၏ လက်ကို ဖော့ယမ်းလိုက်ရာ အဖြူနှင့်အနက် ကျောက်စိမ်း တစ်ခုသည် ပေါ်လာခဲ့သည်။

ထိုကျောက်စိမ်းသည် လေထုအလယ်တွင် တောက်ပလှသော အလင်းရောင်များကို ထုတ်လွှတ်လိုက်သည်။ အဖြူနှင့်အနက် အလင်းတန်းများက ပေါ်လာခဲ့၍ တိမ်တိုက် များစွာတို့က ထွက်လာခဲ့သည်။ ယင်နှင့်ယန်တို့ဖြင့် ပြုလုပ်ထားသော နေမင်းတစ်စင်းက ဖြည်းညင်းစွာနှင့် မြင့်တက်လာသကဲ့သို့ ဖြစ်၏။

မရေမတွက်နိုင်သော
လျှို့ဝှက်ဆန်းကြယ်လှသည့်
မှော်သကော်တမျှားသည် ဟင်းလင်းပြင်အား
ဖုံးလွှမ်းသွားခဲ့ကာ ကောင်းကင်နှင့်
မြေကြီးတို့အား တုန်ခါစေခဲ့သည်။

ခဏအကြာတွင် တောက်ပလှသော အဆုံးမဲ့
အလင်းတန်းများသည် သက်တံ့တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့သည်။ သူသည် ကောင်းကင်ကို
နှစ်ပိုင်းပိုင်းခဲ့သကဲ့သို့ ဖြစ်နေခဲ့၏။

တစ်ခြမ်းဖြူ၊ တစ်ခြမ်းနက်နေသော
အလင်းတန်းမှနေ၍ တစ်ယောက်သည်
နတ်ဘုရား များထံမှ လာခဲ့သည့်အတိုင်း

နားဝင်ချိုသော တေးသံများကို ကြားနေရသည်။
ထိုနောက် နတ်ဘုရားများက
ကိုယ်ထင်ပြလာခဲ့ကာ အလင်းတန်း
အတွင်းတွင် ရပ်နေကြ၏။ သူတို့သည်
ကောင်းကင်ကို ပေါင်းကူးထားသည့်
တံတားအပေါ်တွင် ရပ်နေရန်
ဆုံးဖြတ်ထားခဲ့သကဲ့သို့ ဖြစ်သည်။

ထိုတံတား ပေါ်လာသည်နှင့် တပြိုင်နက်
သူသည် ရေချိုသူတော်စင်၏
အဆောင်လက်ဖွဲ့မှ ထုတ်လွှတ်ထားသော
အဖြူရောင် အလင်းတန်း လမ်းကြောင်းအား
ချုပ်နှောင်ထားလိုက်သည်။ သူသည်

ပျောက်ကွယ်မသွားခဲ့သော်လည်း
မည်သည့်နေရာကိုမှ သွား၍မရတော့ချေ။

ရေချိုသူတော်စင်သည် ထိုမြင်ကွင်းအား
ထိတ်လန့်တုန်လှုပ်စွာနှင့် ကြည့်နေခဲ့သည်။
သူ၏ နှစ်ပေါင်းများစွာသော ကျင့်ကြံမှုနှင့်ပင်
သူက ရှုံးနိမ့်သွားခဲ့သည်။ သူသည်
ယုံကြည်နိုင်ရန် ခက်ခဲနေခဲ့၏။

သူ၏ တုန်လှုပ်နေမှုနှင့်အတူ သူ့အင်မော်တယ်
ဝိညာဥ် ကိုယ်ပွား၏ စွမ်းအားများသည်
အားနည်းသွားခဲ့ကာ လင်းဖုန်း၏ စကြာဝဠာ
ပုံသဏ္ဍာန်၏ လုံးဝ ဖိနှိပ်ခြင်းအား ခံခဲ့ရသည်။

ရှောင်ကျန်းအာသည် လင်းဖုန်းထံမှ ထွက်လာသော ကြောက်မက်ဖွယ်ရာ အဖြူနှင့် အနက်ရောင် အလင်းတန်းများကို ကြည့်လိုက်ကာ ရှောင်ယန်ထံသို့ လှည့်လိုက်သည်။ "ကိုကိုရှောင်ယန်၊ ဒါက.."

ရှောင်ယန်က သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဒါက ဆရာရဲ့ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ပုံဆောင်ခဲအသွင် ပြောင်းထားတာ"

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် ထူးခြားပြီး လင်းဖုန်းတစ်ယောက်ကသာ အသုံးပြုနိုင်သည်။ သူ့ကိုယ်ပွား တစ်ခုကမှ ထိုကဲ့သို့သော စွမ်းရည်မျိုးကို မပိုင်ဆိုင်ထားကြပေ။

သို့သော်လည်း တစ်ယောက်၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား ပုံဆောင်ခဲ အသွင်ပြောင်းရန်မှာ ပို၍ခက်ခဲသည်။ လင်းဖုန်းကလည်း သုံးခေါက်သာ ပြုလုပ်နိုင်စွမ်း ရှိ၏။ သူ၏ တပည့်များကိုပင် အပိုလုပ်မပေးနိုင်ခဲ့ပေ။

သူ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ပုံဆောင်ခဲတစ်ခု ဆုံးရှုံးသွားခဲ့ရသော်လည်း လင်းဖုန်းသည် သူ့အား အလဟဿ ဖြစ်သွားသည်ဟု မခံစားခဲ့ရပေ။ သူ့အနေနှင့် အဖြူရောင် အလင်းတန်း လမ်းကြောင်းအား ဖန်ဆင်းခဲ့သော အဆောင်လက်ဖွဲ့သည် များစွာပို၍ တန်ဖိုးကြီးသည်။

ရေချိုသူတော်စင်၏ လွတ်လမ်းကို ဖြတ်တောက်လိုက် အပြီးတွင် လင်းဖုန်းသည် သူ့အား အပြတ်ရှင်းရန် ကြိုးစားခဲ့သည်။ ရေချိုသူတော်စင်ကလည်း ချောင်ပိတ်မိနေသော သားရဲတစ်ကောင်ကဲ့သို့ အပြင်းအထန် ပြန်လည်တိုက်ခိုက်ခဲ့သည်။

လင်းဖုန်းသည် သူ့အား ကြည့်လိုက်ကာ ရယ်ရမ်းသွေးလိုက်ပြီး သူ၏ လက်ဝါးများကို လှန်လိုက်သည်။ နူးညံ့သိမ်မွေ့ကာ ရေခဲကဲ့သို့ အေးစက်နေသော မြူခိုးငွေ့များသည် သူ၏ လက်ဝါးအလယ်မှ ပေါ်လာခဲ့၏။

ထိုမြူခိုးငွေ့များ အတွင်းတွင် တစ်ယောက်သည် အေးစိမ့်နေ၍ တောက်ပသော ဓားအလင်းတန်း တစ်ခုအား တွေ့နိုင်ခဲ့သည်။

ဒါသည် ဝင်ရိုးစွန်းနှစ်ဘက် တောင်ထိပ်အပြီးတွင် နတ်ရေကန်ဂိုဏ်း၏ ဒုတိယ အစွမ်းအထက်ဆုံး မှော်ရတနာ တစ်ပါးဖြစ်သည်။ သူ့အား ရေခဲဝိညာဥ်

တိမ်တိုက်ဟုခေါ်ပြီး သူသည်
မှော်ကျိန်စာခားတစ်မျိုး ဖြစ်သည်။ သူ၏
မူလပုံစံသည် ရေခဲ သို့မဟုတ် တိမ်တိုက်အဖြစ်
ရှိနေနိုင်သောကြောင့် အတော့်ကို
ဆန်းကြယ်သော အရာတစ်ခုဟု ပြော၍ရသည်။

ချောင်ဝေနှင့် ရေခဲမီးတောက် အကြီးအကဲ
နှစ်ပါးတို့သည် လင်းဖုန်း၏ အဖိနှိပ်ကို
ခံခဲ့ရအပြီးတွင် ထိုမှော်ရတနာသည် လင်းဖုန်း၏
လက်အတွင်းသို့ ကျရောက်လာခဲ့၍ အညံ့ခံရန်
ဆုံးဖြတ်ခဲ့သည်။

ထိုအဖြူရောင် အလင်းတန်းနှင့် လင်းဖုန်းသည်
ရေချိုသူတော်စင်နှင့်

အချိန်ဆက်ဖြုန်းမနေတော့ပေ။
ထို့အစားသူသည် ရေခဲဝိညာဥ် တိမ်တိုက်နှင့်
သူ့အား တိုက်ရိုက် တိုက်ခိုက်ခဲ့သည်။

ခုခံခြင်း၊ ဖိနှိပ်ခြင်း၊ အားသာခြင်း၊
သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးခြင်းတို့မှာ ခက်ခဲမှု
အဆင့်ခြင်း မတူညီကြပေ။ ရေချိုသူတော်စင်၏
အင်မော်တယ် ဝိညာဥ် ကိုယ်ပွားသည်
လင်းဖုန်း၏ စကြာဝဠာ ပုံသဏ္ဍာန်အား
မယှဥ်နိုင်သော်လည်း သူသည် ဘာပဲပြောပြော
အင်မော်တယ် ဝိညာဥ် အဆင့်တွင် ရှိနေသည်။
အကယ်၍သူသည် သူသေကိုယ်သေ
တိုက်ခိုက်ပါက အခြေအနေ သိပ်မလှနိုင်ပေ။

လင်းဖုန်းသည် ရေချိုးသူတော်စင်အား အပေါ်စီးမှ တိုက်ခိုက်နိုင်သည်။ သူအား အနိုင်ယူရန်၊ မောင်းထုတ်ရန် သို့မဟုတ် ဒဏ်ရာရအောင် ပြုလုပ်ရန် တတ်နိုင်သည်။ သို့သော်လည်း ရေချိုးသူတော်စင်က ထွက်ပြေး၍ မရတော့သဖြင့် သူသေကိုယ်သေ တိုက်ခိုက်ခဲ့မည် ဆိုလျှင် အခြေအနေ တစ်မျိုးဖြစ်သွားပေမည်။

သို့သော်လည်း သူ၏ လက်အတွင်းမှ ရေခဲဝိညာဉ် တိမ်တိုက်နှင့်ဆိုလျှင် လွယ်ကူသွားခဲ့သည်။ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ သံမဏိသစ်ပင် ကိုယ်ပွားသည် ဤပွားစည်းခြင်း အဆင့်မှ

မှော်ရတနာ၏ အစွမ်းကို အဆုံးစွန် အသုံးမပြုနိုင်ခဲ့သော်လည်း လိုသည်ထက်ပင် ပိုနေသေး၏။

ရေချိုသူတော်စင်သည် သူ၏ ကွေမိုးကြိုး အနက်ရောင်ရေများက တဖြည်းဖြည်း အေးခဲလာသည်ကို တွေ့ခဲ့ရပြီး သူ၏ နှလုံးသားကလည်း အေးခဲသွားခဲ့သည်။

"ဝမ်လင်းက ဒီမှာမရှိတာ နာတာပဲ။ မဟုတ်လို့ရှိရင် သူ့ကို ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန်အထဲမှာ ထည့်ထားလို့ရတယ်" လင်းဖုန်းက ပြုံးလိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ သူသည်

ပို၍ပြင်းထန်စွာနှင့် တိုက်ခိုက်လိုက်၏။ သူ၏ စကြာဝဠာ ပုံသဏ္ဍာန်နှင့် အတူ ရေခဲဝိညာဥ် တိမ်တိုက်သည် ရေချိုသူတော်စင်၏ အင်မော်တယ် ဝိညာဥ် ကိုယ်ပွားအား ဖျက်ဆီးခဲ့လိုက်သည်။

သနားစရာကောင်းသည်မှာ ရေချိုသူတော်စင်၏ နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံလာမှုများသည် တစ်ရက်တည်းနှင့် ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်။

အခြေတည်ဝိညာဥ် အဆင့်တွင် သူသည် ရေလှိုင်းသူတော်စင်၏ အဆုံးအမများကို နာခံခဲ့ပြီးမှသာ အင်မော်တယ် ဝိညာဥ် အဆင့်သို့ သူ၏ လမ်းညွှန်မှုနှင့် ရောက်ရှိခဲ့ခြင်း

ဖြစ်သည်။ ပြီးတာနှင့် သူ၏ယခင် ကျေးဇူးရှင် ပျောက်ဆုံးနေမှုကို အခွင့်ကောင်းယူကာ သူ့လက်အောက်ငယ်သားများကို သတ်ဖြတ်၍ သူ့စံအိမ်ကို ခိုးယူခဲ့သည်။ ယနေ့တွင်မူ သူသည် သံမဏိသစ်ပင် ကိုယ်ပွား၏ သတ်ဖြတ်မှုကို ခံခဲ့ရပြီ ဖြစ်၏။

သို့သော်လည်း သူ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွား ပျက်စီးသွားအပြီးတွင် လင်းဖုန်းသည် သူ၏ လက်ကျန် စိတ်ဝိညာဉ် တစ်စအား ချုပ်နှောင်ထားခဲ့ကာ စစ်ဆေးမေးမြန်းခဲ့သည်။

ရေချိုသူတော်စင်သည် အလွန်အမင်း စိတ်ဓာတ်ကျနေခဲ့၏။ ပြီးတော့မှ သူသည်

သူမတိုက်ခိုက်မီက ရှောင်ယန်နှင့် ဇူရီတို့၏
အရှေ့တွင် သူ့ကိုယ်သူ မည်ကဲ့သို့
သုံးနှုန်းခဲ့သည်ကို စဥ်းစားမိခဲ့သည်။

မင်းတို့ရဲ့ဆရာ။

ရှောင်ယန်နှင့် ဇူရီတို့အား ဤကဲ့သို့
ပြောနိုင်သည်မှာ လူတစ်ယောက်သာ ရှိ၏။
ထိုသူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏
ခေါင်းဆောင် လင်းဖုန်းမှလွဲ၍ မည်သူမှ
မဟုတ်ပေ။

ထိုအချိန်မှသာ သူနှင့် တိုက်ခိုက်ခဲ့သော ကြေးနီရောင် လူငယ်မှာ လင်းဖုန်း၏ ကိုယ်ပွားဖြစ်ကြောင်းကို သဘောပေါက်သွားခဲ့သည်။

သို့မှသာ သူသည် သူရှုံးနိမ့်သွားခဲ့သည်ကို ဖြေသာသွားခဲ့သည်။ သို့သော်လည်း သူသည် လင်းဖုန်း၏ ကိုယ်ပွားသည် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ ရှိနေကြောင်းကို စဉ်းစားမိသည်နှင့် ကိစ္စတစ်ခုလုံးသည် ဟာသလုံးလုံး ဖြစ်သည်ဟု ခံစားခဲ့မိသည်။

ယခုအချိန်တွင် သူသည် လင်းဖုန်း၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီ ဖြစ်သဖြင့် သူ၏

ကံကြမ္မာသည် သူ၏လက်အတွင်းတွင် ရှိမနေတော့ပေ။ သူသည် လင်းဖုန်းမေးခဲ့သမျှကို ရိုးသားစွာနှင့် ဖြေလိုက်ရသည်။

"မင်းက ဒီအဆောင်လက်ဖွဲ့ကို ဘယ်ကနေ ရခဲ့တာလဲ" လင်းဖုန်းသည် သူ၏ စကြဝဠာ ပုံသဏ္ဍာန်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီ ဖြစ်သည်။ သူသည် အဖြူနှင့် အနက်ရောင် အလင်းတန်းများ၏ ချုပ်နှောင်ခြင်းကို ခံနေရသည့် အဖြူရောင် အလင်းတန်း လမ်းကြောင်းကို ကြည့်၍ ပြုံးလိုက်ကာ ရေချိုသူတော်စင်အား မေးခွန်းထုတ်လိုက်သည်။

ရေချိုးသူတော်စင်သည် သူ၏
ထိန်းချုပ်မှုအောက်သို့ လုံးဝ ကျရောက်သွားခဲ့ပြီ
ဖြစ်သဖြင့် သူသည် ရိုးသားစွာဖြင့်သာ
အမှန်အတိုင်း ဖြေခဲ့ရသည်။ "အစောပိုင်းက
ကျွန်တော်ဟာ မဟာကျိုး အင်ပါယာနဲ့
တိတ်တဆိတ် ပူးပေါင်းခဲ့ပါတယ်။
ဒီအဆောင်လက်ဖွဲ့ကိုလည်း မဟာကျိုး
အင်ပါယာထံကနေ ရရှိခဲ့တာပါ"

သူသည် ကွေ့နှားဘုရင်က အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်သွားခဲ့သည့်
သတင်းအား ကြားရသောအခါ
လီဘိုတောင်ပေါ်မှ မခွာချင်နေခဲ့ပေ။ သူ့ကိုယ်သူ
ပြင်ပကမ္ဘာနှင့် အဆက်ဖြတ်ထားသည့် အပြင်

သူသည် မဟာကျိုး အင်ပါယာ၏ အင်မော်တယ် ဝိညာဉ် သံတမန်တစ်ယောက် ဖြစ်လာခဲ့၏။ ပြင်ပကမ္ဘာမှ လူတစ်ယောက်ကမှ မသိခဲ့ကြပေ။

ထိုအဆောင်လက်ဖွဲ့အပြင် သူသည် မဟာကျိုး အင်ပါယာမှ အခြား ပစ္စည်းကောင်း များစွာတို့ကိုလည်း ရရှိထားခဲ့သည်။ ဤအဆောင်လက်ဖွဲ့သည် မဟာကျိုး အင်ပါယာမှ သူ့အား အသက်ကာကွယ်နိုင်ရန်အတွက် ပေးထားခဲ့ခြင်း ဖြစ်သည်။

အစောပိုင်းတွင် ရေချိုသူတော်စင်သည် လင်းဖုန်းကိုယ်တိုင်က

မလာရောက်ခဲ့ကြောင်းကို တွေ့လိုက်ရသဖြင့် သူသည် ချက်ချင်း ထွက်မပြေးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထို့အစား သူသည် ကျင့်ကြံမှု ပြီးဆုံးခါနီး ဖြစ်နေသည့် မှော်ရတနာကို အရင်ယူမည်ဟု ဆုံးဖြတ်ခဲ့သည်။

သူ၏လောဘကြောင့် သူ၏အသက်ကို ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

ထိုစကားကို ကြားလိုက်ရသောအခါ လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲသွားခဲ့ပေ။ သူ၏ ရင်ထဲတွင် စိတ်ကူးတစ်ခု ပေါ်လာခဲ့၏။

"မင်းအပြင် အရှေ့ပင်လယ် အတွင်းမှာ ဒီလိုမျိုး အဆောင်လက်ဖွဲ့တွေကို ရထားကြတဲ့ အခြားကျင့်ကြံသူတွေ ရှိသလား။ သူတို့ ဘယ်နှစ်ယောက်လောက်က မဟာကျိုး အင်ပါယာအတွက် အလုပ်လုပ်ပေးနေကြသလဲ" လင်းဖုန်းက စူးစမ်းလိုက်သည်။

"ဒီနှစ်ပိုင်းတွေ အတွင်းမှာ တစ်ကိုယ်တော် ကျင့်ကြံသူတွေ များစွာတို့က မဟာကျိုး အင်ပါယာနဲ့ ပူးပေါင်းလိုက်ကြတယ်။ ဒါပေမဲ့ ကျွန်တော်က အရေအတွက် အတိအကျကိုတော့ မသိပါဘူး" ရေချိုသူတော်စင်က နာမည်အချို့ကို ရွတ်ပြ၍

ပြောလိုက်သည်။ သူတို့အများစုတို့မှာ အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ ဖြစ်ကြ၏။

ပြီးတာနှင့် သူက ဆက်ပြောလိုက်သည်။ "ကျွန်တော် သိသလောက်ဆိုရင် ကျွန်တော် တစ်ယောက်ကသာ ဒီအဆောင်လက်ဖွဲ့ကို ရခဲ့တာ ဖြစ်တယ်။ အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေသာ သူ့ကို ရနိုင်တာနဲ့ တူတယ်"

လင်းဖုန်းသည် ခေါင်းကို ညိတ်ပြလိုက်ကာ ဘာမှ ဆက်မမေးခဲ့ပဲ စဉ်းစားနေခဲ့သည်။

မိစ္ဆာအုပ်ချုပ်သူ အဆင့်မှ စိတ်ဝိညာဉ်ရေနဂါးသည် လင်းဖုန်းအား ကြည်ညိုစွာဖြင့် ကြည့်လိုက်ကာ တစ်ခုခု ပြောချင်နေသော်လည်း မဝံ့ရဲခဲ့ပေ။ သူသည် ကွေနွားဘုရင်အား တိုးတိုးလေး လှမ်းပြောလိုက်သည်။ "နွားဘုရင်၊ အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို ကျွန်တော့်ရဲ့ ဖခင် ဘယ်မှာရှိနေလဲ ဆိုတာကို မေးပေးလို့ရမလား"

စိတ်ဝိညာဉ် ရေနဂါးဘုရင်သည် သူ၏မျိုးနွယ်စုများကို ငှဲ့ကွက်ကာ ရေချိုသူတော်စင်အား အညံ့ခံခဲ့၍ သူ၏

စီးနင်းမှုကို ခံယူခဲ့သည်။ သို့သော်လည်း
ဤတစ်ခေါက်တွင် သူသည်
ရေချိုသူတော်စင်နှင့် အပြင်ထွက်ရာတွင်
ပါသွားခဲ့သော်လည်း အပြန်တွင် ပါမလာခဲ့ပေ။

ကွေ့နွားဘုရင်ကလည်း တုန်လှုပ်သွားခဲ့၏။
သူသည် လင်းဖုန်းထံသို့
အမြန်ပြေးလာခဲ့သော်လည်း လင်းဖုန်း၏
စဉ်းစားနေမှုကို မနှောင့်ယှက်ရဲခဲ့ပေ။ ထို့ကြောင့်
သူသည် တိတ်တဆိတ်ပင် ဘေးမှနေ၍
စောင့်နေခဲ့၏။

လင်းဖုန်းသည် စိတ်ဝိညာဥ် ရေနဂါး၏
စကားများကို ကြားသွားခဲ့သည်။ သူသည်

ကွေ့နွားဘုရင်ဘက်သို့ လှည့်ကာ ပြုံးလိုက်ပြီးမှ ရေချိုသူတော်စင်၏ လက်ကျန် စိတ်ဝိညာဉ်အား ကြည့်လိုက်ကာ ပြောလိုက်၏။ "သူတို့ပြောတာ ကြားတယ်မလား၊ ရှင်းပြလိုက်ပါ"

ရေချိုသူတော်စင်သည် အသံတိုးတိုးဖြင့် ပြန်ဖြေလိုက်သည်။ "သူ့ကို ကျွန်တော်က လော်ဖူး လျှို့ဝှက်ဆန်းကြယ်သော ကျွန်းကလူတွေနဲ့ ကျွန်တော် မှော်ရတနာ ကျင့်ကြံရာမှာ လိုအပ်နေတဲ့ ပစ္စည်းတစ်ခုနဲ့ လဲလှယ်ခဲ့တယ်။ ကျွန်တော်ထွက်လာတဲ့ အချိန်မှာ သူက အသက်ရှင်နေသေးပေမဲ့ အခုအချိန်မှာတော့ မသိတော့ဘူး"

ယန်ချင်က တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"လော်ဖူးသူတော်စင်က အရှေ့ပင်လယ်မှာ
နာမည်ကောင်းရှိတော့ သူ့လက်အောက်က
လူတွေလည်း သိပ်ဆိုးမှာ မဟုတ်ပါဘူး၊
ဟုတ်တယ်မလား"

"တကယ်လို့ စိတ်ဝိညာဉ် ရေနဂါးဘုရင်က
သူတို့ကို လီဘိုတောင်က အဖြစ်တွေကို
ပြောပြလိုက်ရင် ခင်ဗျားရဲ့ အပြစ်တွေ
ပေါ်သွားမှာ မကြောက်ဘူးလား"

ရေချိုသူတော်စင်က ပြန်ဖြေလိုက်သည်။
"ကျွန်တော်က သူ့ရဲ့ စိတ်ဝိညာဉ်ကို
ထိန်းချုပ်ထားပြီး အကန့်အသတ်တွေကို

ပြုလုပ်ထားတယ်။ သူက နှစ်ခြိုက်စွာနဲ့ အိပ်မောကျနေခဲ့တယ်။ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းက လူတွေက ဆေးဖော်စပ်နေရာမှာ မိစ္ဆာသခင်အဆင့်က စိတ်ဝိညာဉ် ရေနဂါးတစ်ကောင်ရဲ့ အရိုးကို လိုနေတယ်။ ဒါပေမဲ့ သူတို့က ဆေးမဖော်ခင်မှာ ဒီရေနဂါးက အသက်ရှင်နေဖို့ လိုအပ်တယ်"

"ပြဿနာတွေကို ရှောင်ရှားဖို့အတွက် သူတို့က သူ့အပေါ်မှာ ထားထားတဲ့ အတားအဆီးတွေကို ဖယ်ရှားမှာ မဟုတ်ဘူး။ ဒါကြောင့်မို့ သူတို့က ဒီစိတ်ဝိညာဉ် ရေနဂါးရဲ့ မူလရင်းမြစ်ကို သိမှာ မဟုတ်ဘူး။ သူတို့က လီဘိုတောင်မှာ ဘာဖြစ်နေတယ် ဆိုတာကိုလဲ သိမှာမဟုတ်ဘူး။

သူတို့က သိသွားခဲ့ရင်တောင် ကျွန်တော်က
မှော်ရတနာကို ကျင့်ကြံပြီးသွားရင်
ယင်ပင်လယ် အတွင်းမှာ
သွားပုန်းနေလို့ရတယ်"

စိတ်ဝိညာဉ် ရေနဂါး တစ်အုပ်စုတို့သည်
ဒေါသထွက်သွားကြကာ ကွေ့န္တားဘုရင်ကလည်း
ဒေါသတကြီးနှင့် ရေချိုသူတော်စင်အား
စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်းသည် ရေချိုသူတော်စင်၏
လက်ကျန်စိတ်ဝိညာဉ်အား ရှောင်ယန်အား
ပေးလိုက်၍ သူ့တပည့်များကို ပေးလိုက်သည်။
"ငါက သူ့ရဲ့ မှော်ရတနာကို ယူပြီးတော့

ဘာဆက်လုပ်ရမလဲ ဆိုတာကို အစီအစဥ် ဆွဲလိုက်ဦးမယ်။ အခုအချိန်မှာ မင်းတို့က စိတ်ဝိညာဥ် ရေနဂါးဘုရင်ရဲ့ ကိစ္စကို သွားပြီးတော့ ဖြေရှင်းကြပါ။ မင်းတို့ရဲ့ နည်းလမ်းနဲ့ စကား အသုံးအနှုန်းတွေကို ဂရုစိုက်ပါ။ ငါတို့က ဒီကိုရောက်နေတော့ ဒီနေရာရဲ့ အကြီးဆုံး ခေါင်းဆောင်ကို ရန်မစသင့်ဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ကွေ့နွားဘုရင်နှင့် စိတ်ဝိညာဥ် ရေနဂါးများသည် လင်းဖုန်းအား အကြီးအကျယ် ကျေးဇူးတင်ခဲ့ကြသည်။

ရှောင်ယန်နှင့် ကျန်သောသူများက သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ မေးလိုက်ကြသည်။ "ဆရာကရော ဘာလုပ်ဖို့ အစီအစဉ် ရှိပါသလဲ"

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို လှုပ်လိုက်ရာ အဖြူနှင့် အနက်ရောင် အလင်းတန်းများက ပျောက်ကွယ်သွားခဲ့သည်။ အဖြူရောင် အလင်းတန်း လမ်းကြောင်းက ပြန်လည် လင်းလက်လာခဲ့ကာ ဟင်းလင်းပြင်အား ချိုးဖောက်သွားခဲ့ကာ ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

"ငါက ဒီလမ်းကြောင်းကနေသွားကြည့်ပြီး သူ့ရဲ့
လျှို့ဝှက်ချက်တွေကို ဖော်ထုတ်လိုက်ဦးမယ်"
လင်းဖုန်းက ပြောလိုက်၏။ သူသည်
ထိုလမ်းကြောင်းအား အကဲခတ်လိုက်ရာ
လူတစ်ယောက်သာ အသုံးပြုနိုင်ကြောင်း
သိရှိသွားခဲ့သည်။

သူသည် ထိုအဖြူရောင် အလင်းတန်း
လမ်းကြောင်းအပေါ်သို့ ခြေချလိုက်ကာ
ဟင်းလင်းပြင်အတွင်းသို့
ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၁၁

# အပိုင်း ၇၂၁ : သာမန်သေမျိုးတစ်ယောက်သည် ဖန်ကျန်း၏ အံ့ဖွယ်ကောင်းပုံကို သဘောမပေါက်နိုင်ပေ

လင်းဖုန်းသည် သူ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ပုံဆောင်ခဲ တစ်ခုကို အသုံးကာ ရေချိုသူတော်စင်၏ အဖြူရောင် အလင်းတန်း လမ်းကြောင်းအား ချုပ်နှောင်ထားခဲ့သည်။ ဒါသည် သူ၏ လွတ်လမ်းကို ပိတ်ဆို့ထားရုံသာမကပဲ အဖြူရောင် အလင်းတန်းကိုပါ ထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။ သူသည် အဖြူနှင့် အနက်ရောင် အလင်းတန်းအား

မတင်လိုက်သည်နှင့် တပြိုင်နက်
ထိုအဆောင်လက်ဖွဲ့မှ ထွက်ပေါ်လာသော
အဖြူရောင် အလင်းတန်း လမ်းကြောင်းသည်
ပြန်လည် ထွက်ပေါ်လာခဲ့သည်။

လင်းဖုန်းသည် ထိုအဖြူရောင်
အလင်းတန်းပေါ်သို့ ခြေချလိုက်ရာ
ချက်ချင်းဆိုသလိုပင် မူလကောင်းကင်
ပင်လယ်ခုနှစ်စင်း အတွင်းတွင် တစ်ခု
အပါအဝင် ဖြစ်သော ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။

"အဖြူရောင် အလင်းတန်း၏ လျှို့ဝှက်ချက်က
ထူးခြားတဲ့ သယ်ယူပို့ဆောင်ခြင်း

စွမ်းအားဖြစ်တယ်။ သူက တစ်ခါသာ အသုံးပြုနိုင်ပြီး အရပ်မျက်နှာ တစ်ခုကိုသာ သွားနိုင်ပေမဲ့ သူရဲ့ ဒိုင်မန်းရှင်းတွေကို ဖြတ်တောက်နိုင်တဲ့ စွမ်းရည်က ဩချလောက်ပါပေတယ်" လင်းဖုန်းက တွေးလိုက်သည်။ "ငါ့ရဲ့ အရင်က ခန့်မှန်းချက်တွေက မှားယွင်းနေပါစေလို့ ဆုတောင်းပါတယ်"

ဤအထိ တွေးလိုက်ပြီးသည်နှင့် လင်းဖုန်းသည် အဖြူရောင် အလင်းတန်း၏ အနောက်သို့ လိုက်သွားခဲ့ကာ ထူထဲသော တိမ်တိုက်မြူခိုးငွေ့များဖြင့် ဖုံးလွှမ်းထားသော

သီးသန့် ဒိုင်မန်းရှင်း တစ်ခုအတွင်းသို့ ရောက်သွားခဲ့သည်။

အဖြူရောင် အလင်းတန်းသည် တဖြည်းဖြည်း လွင့်ပြယ်သွားခဲ့၍ လုံးဝ ကွယ်ပျောက်သွားခါနီးတွင် လင်းဖုန်းက မှော်သင်္ကေတ တစ်ခုအား ဖန်ဆင်းလိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။ "တည်ငြိမ်စမ်း"

ခရမ်းရောင် တိမ်တိုက်များက ပေါ်ပေါက်လာခဲ့ကာ မေးမှိန်နေခဲ့သော အဖြူရောင် အလင်းတန်းအား တည်ငြိမ်အောင် လုပ်ဆောင်ခဲ့ကြသည်။ အဖြူရောင် အလင်းတန်းသည် တွန့်လိမ်သွားခဲ့၍

ခရမ်းရောင် တိမ်တိုက်များအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ပြီးတာနှင့် သူသည် အပ်ဖျားလောက် သေးငယ်သော ခရမ်းရောင် အလင်းတန်း အစက်လေး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

ထိုသေးငယ်သော ခရမ်းရောင် အလင်းတန်းသည် ငါးတစ်ကောင်ကဲ့သို့ ခရမ်းရောင် တိမ်တိုက်များ အကြားတွင် လှုပ်ရှားနေခဲ့သည်။

လင်းဖုန်း၏ မှော်သင်္ကေတများမှာ ထပ်ဖန်တစ်ခါ ထပ်ပြောင်းသွားခဲ့၍ ပြောလိုက်သည်။ "သွားစမ်း"

သေးငယ်သော ခရမ်းရောင် အလင်းတန်းသည် မြားတစ်စင်းကဲ့သို့ ထူထဲလှသည့် အဖြူရောင် မြူခိုးငွေ့ တိမ်တိုက်အတွင်းသို့ ဝင်သွားခဲ့သည်။

လင်းဖုန်းသည် အနောက်မှ ထပ်ကြပ်မကွာ လိုက်လာခဲ့ကာ တိမ်တိုက်များ ဖုံးလွှမ်းထားသည့် နေရာအတွင်းသို့ ပျံသန်းဝင်ရောက်သွားခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ပတ်ဝန်းကျင် အခြေအနေများကို လေ့လာရန် အချိန်ရလာခဲ့သည်။ သူ၏အောက်မှ

ရေများသည် အရှေ့ပင်လယ်နှင့် တူနေ၏။ သို့သော်လည်း ဤနေရာမှ စိတ်ဝိညာဥ် စွမ်းအင်များသည် ပိုမိုသိပ်သည်းကာ ဖရိုဖရဲ ဖြစ်နေသည်။

ပင်လယ်၏ အပေါ်မှ အဖြူရောင် တိမ်တိုက်များသည် တစ်ယောက်၏ မျက်လုံး မြင်နိုင်သည့်အထိ ဖုံးလွှမ်းနေခဲ့သည်။ ထိုတိမ်တိုက်များသည် ပင်လယ်တစ်ခုလုံးအား ဖုံးလွှမ်းထားသည်ဟု သူက ယုံကြည်နေခဲ့သည်။

ဤရောမ သီးသန့် ဒိုင်မန်းရှင်းအတွင်းတွင် ပင်လယ်နှင့် တိမ်တိုက်များသည် နှစ်ခုအဖြစ်သို့ ကွဲပြားသွားကြ၏။

ယင်ပင်လယ်နှင့် ဟင်းလင်းပြင်
စစ်တလင်းဟုခေါ်သော ဟင်းလင်းပြင်
ပင်လယ်သည် မူလကောင်းကင် ကမ္ဘာ
အတွင်းမှ အန္တရာယ်များသော နေရာများ
ဖြစ်ကြသည်။ သို့သော်လည်း ဟင်းလင်းပြင်
စစ်တလင်း၏ ကစဥ့်ကလျား ဖြစ်နေကြသော
ဟင်းလင်းပြင် မုန်တိုင်းများထက်စာလျှင်
ယင်ပင်လယ်သည် များစွာပို၍
တည်ငြိမ်ပေသည်။

သို့သော်လည်း ဒါသည် အပေါ်ယံ သုံးသပ်ချက်
တစ်ခုသာ ဖြစ်၏။ လင်းဖုန်းသည် အပေါ်မှ
အဖြူရောင် တိမ်တိုက်များ ဖြစ်စေ၊ အောက်မှ

တည်ငြိမ်နေသော ပင်လယ်ရေပြင် ဖြစ်စေ သူတို့နှစ်မျိုးစလုံးတို့သည် ကြီးမားသော အန္တရာယ်များဖြင့် ပြည့်နေသည်ဟု သေချာနေခဲ့သည်။

လင်းဖုန်း၏ သဘာဝလွန် အသိစိတ်သည် အရှေ့မှ နေရာအနည်းငယ်ကိုသာ ကင်းထောက်နိုင်ခဲ့သည်။ သူသည် ပုံရိပ်ယောင်နှင့် အစစ်အမှန်တို့ကို မခွဲခြားနိုင်တော့မည်ကို စိုးရိမ်နေသဖြင့် အရှေ့သို့များစွာ မထောက်လှမ်းရဲခဲ့ပေ။

ရှေးဟောင်း တံလျှပ်သားရေ၊ ကောင်းကင်ရောင်ပြန် ကျောက်တုံးတို့နှင့်တကွ

ယင်-ယန် ဖန်ဆင်းခြင်းနှင့် ယိုယွင်းခြင်း ဝက်ပါတို့ကြောင့် လင်းဖုန်းသည် သာမန် ကျင့်ကြံသူများနှင့် စာလျှင် အစစ်အမှန်နှင့် ပုံရိပ်ယောင်တို့အား အဆင့်မြင့်စွာ နားလည်ထားနိုင်ခဲ့သည်။

သို့တိုင်အောင် သူက သတိတစ်ချက် လွတ်သွားခဲ့လျှင် သူသည် ယင်ပင်လယ် အတွင်းတွင် လမ်းပျောက်သွားခဲ့မည် ဖြစ်သည်။

ယင်ပင်လယ်အား တံလျှပ်ပင်လယ် ဟူ၍လည်း ခေါ်ကြ၏။ ယနေ့တွင် လင်းဖုန်းသည် သူက ထိုနာမည်နှင့် ထိုက်တန်သည်ဟူ၍ အသိအမှတ်ပြုလိုက်သည်။

စွမ်းအားကြီးမားသော အင်မော်တယ်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများသည် ဤနေရာတွင်
ကျရှုံးခဲ့ရသည်မှာ အထူးအဆန်း မဟုတ်ပေ။

တံလျှပ်များသည် အစစ်အမှန်နှင့်
ပုံရိပ်ယောင်တို့၏ အကြားတွင် လျှင်မြန်
လွယ်ကူစွာနှင့် ပြောင်းလဲနေခဲ့သည်။ သူသည်
အစပထမတွင် တံလျှပ်ဖြစ်နေနိုင်သော်လည်း
တစ်ယောက်က ဝင်ရောက်သွားအပြီးတွင်
အစစ်အမှန် ဖြစ်သွားနိုင်သည်။
အစစ်အမှန်သည် ပုံရိပ်ယောင်
ဖြစ်သွားနိုင်သကဲ့သို့ ပုံရိပ်ယောင်ကလည်း
မျက်စိတစ်မှိတ်အတွင်းတွင် အစစ်အမှန်

ပြန်ဖြစ်သွားနိုင်သည်။ သူတို့အားလုံးတို့သည် ဤနေရာတွင် သာမန်သာ ဖြစ်ကြ၏။

ထို့ကြောင့် တံလျှပ်အတွင်းမှ အန္တရာယ်နှင့် သေမင်းတို့သည် အလွန်တရာ စစ်မှန်သော အရာများအဖြစ်သို့ ပြောင်းသွားနိုင်ပေသည်။

ဟင်းလင်းပြင် စစ်တလင်းသည် အန္တရာယ်များကာ ဖရိုဖရဲနိုင်၍ ခန့်မှန်းရန် ခက်ခဲသည်။ သို့သော်လည်း သူ၏ အန္တရာယ်များသည် သိသာနေသည်။ ယင်ပင်လယ် အတွင်းမှ အန္တရာယ်များသည် ပရိယာယ် မာယာများ၍ ခြိမ်းခြောက်နိုင်စွမ်း ပိုမိုအားကောင်းသည်။

သို့သော်လည်း ဤကဲ့သို့သော ကြီးမားသည့် အန္တရာယ်များ အကြားတွင် မြောက်မြားလှစွာသော ရတနာများကို ရရှိနိုင်သည့် အခွင့်အရေးကလည်း ရှိနေသည်။

ဟင်းလင်းပြင် စစ်တလင်းကဲ့သို့ပင် မူလကောင်းကင် ကမ္ဘာအတွင်းတွင် မတွေ့နိုင်သော ရှားပါးသည့် ရတနာများစွာတို့က သူ၏အတွင်းတွင် ရှိနေသည်။ ထို့ကြောင့် ယင်ပင်လယ်၏ အတွင်းမှ ရတနာများ၏ ဆွဲဆောင်မှုကို ခံနေရသော ကျင့်ကြံသူများသည် ဟင်းလင်းပြင် စစ်တလင်းထက်ပင် ပိုမိုများပြားသည်။

သို့သော်လည်း ယင်းပင်လယ် အတွင်းတွင် ကျဆုံးခဲ့သော ကျင့်ကြံသူများကလည်း အမြောက်အမြားပင် ရှိနေကြသည်။

သို့သော်လည်း ဤနေရာသို့ ဝင်ရောက်လာကြသော ကျင့်ကြံသူများကလည်း များစွာရှိနေကြသည်။ မဟာကောင်းကင် ပင်လယ်ခုနှစ်စင်းတို့တွင် လျှို့ဝှက်ဆန်းကြယ်သော သေမင်းပင်လယ်မှလွဲ၍ ကျန်သောနေရာ အားလုံးတို့သည် မူလကောင်းကင် ကမ္ဘာ၏ ရတနာသိုက်များဟူ၍ အသတ်မှတ် ခံထားရသည်။

ထိုအကြောင်းရင်းကြောင့်ပင် ကျင့်ကြံသူပေါင်း
များစွာတို့သည် ယင်ပင်လယ်မှ
တောင်သုံးတောင် ပေါ်လာမှုကို အထူး
အာရုံစိုက်နေကြခြင်း ဖြစ်၏။ အကယ်၍
သူတို့သည် တောင်သုံးတောင် စလုံးတို့အား
ထိန်းချုပ်နိုင်ပါက သူတို့သည် ယင်ပင်လယ်
အတွင်းမှ အန္တရာယ်များကို
ကြောက်ရွံ့နေစရာလိုမည် မဟုတ်တော့ပေ။
ယင်ပင်လယ် အတွင်းမှ ရတနာတို့အား
ရယူနိုင်မည့် အခွင့်အရေးသည်
အားလုံးတို့အတွက် တပ်မက်စရာ
ဖြစ်နေခဲ့သည်။

လင်းဖုန်းကလည်း အတူတူပင် ဖြစ်၏။ သူ၏ အချိန်ခဏတာလေး အတွင်းတွင်ပင် သူသည် ပစ္စည်းကောင်းလေး များစွာတို့ကို တွေ့ခဲ့ပြီး ဖြစ်သည်။

အဖြူရောင် တိမ်တိုက်များ အကြားတွင် တောက်ပသော အလင်းတန်းများကို ရံဖန်ရံခါ တွေ့နေရသည်။ သူက အသေအချာ ကြည့်လိုက်သောအခါ သူတို့သည် ကြည်လင်ဖြူစင်သော သလင်းကျောက်များ ဖြစ်သည်ကို တွေ့လိုက်ရသည်။

သူတို့သည် အခြားသလင်းကျောက်များနှင့် မတူပဲ သူတို့၏ အပေါ်တွင် သေးငယ်သော

အလင်းတန်း တောင်ပံများ ပါနေသည်ဟု ထင်နေရသည်။ သူတို့သည် အသက်ရှိနေကြသကဲ့သို့ ညင်သာစွာဖြင့် တုန်ခါနေကြသည်။

ငှက်တောင်ပံ့ သလင်းကျောက်သည် ယင်ပင်လယ်၏ အထူးထွက်ကုန် တစ်ခုဖြစ်၏။ သူ၏ လှုပ်ရှားမှုသည် လျှို့ဝှက်ဆန်းကြယ်၍ မှော်အိုင်တမ်များ ထုလုပ်ရာတွင် လွန်စွာ အသုံးဝင်သော ပစ္စည်းတစ်ခုဖြစ်သည်။

မှော်အိုင်တမ် တစ်ခုအား ကျင့်ကြံရာတွင် သူ့အတွင်းသို့ ငှက်တောင်ပံ့ သလင်းကျောက်အား ထည့်သွင်းလိုက်ပါက

မှော်အိုင်တမ်သည် များစွာပို၍
အစွမ်းထက်လာမည် ဖြစ်သည်။ သခင်နှင့်
မှော်အိုင်တမ်တို့၏ အကြားမှ
ဆက်သွယ်မှုကိုလည်း ပိုမိုနီးစပ်စေနိုင်မည်
ဖြစ်သည်။

မှော်အိုင်တမ်ကလည်း သူ့သခင်၏
အလိုဆန္ဒများကို ပိုမို အာရုံခံနိုင်မည် ဖြစ်သဖြင့်
ပိုမိုကောင်းမွန်စွာ စွမ်းဆောင်နိုင်မည် ဖြစ်သည်။

ဤအချက်ကို လျှော့တွက်၍ မရချေ။ ကျင့်ကြံမှု
အဆင့်တူနေသော ကျင့်ကြံသူနှစ်ယောက်တို့၏
တိုက်ပွဲအကြားတွင် ဤကဲ့သို့သော

သေးငယ်သည့် ခြားနားမှုများသည်
ကြီးမားသော ရလဒ်များကို ပေးစွမ်းနိုင်သည်။

သေးငယ်သော အမှားအယွင်း တစ်ခုကြောင့်
တိုက်ပွဲ၏ ရလဒ်များအပေါ်၌ ကြီးမားသော
အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။

သို့သော်လည်း ထိုငှက်တောင်ပျံ
သလင်းကျောက်အား ရယူရန် မလွယ်ကူပေ။
ယင်ပင်လယ် အတွင်းတွင် မဆိုထားနှင့်
အခြားနေရာများတွင်ပင် ထိုအိုင်တမ်များသည်
ပုံရိပ်ယောင် ပုံရိပ်များကို ထုတ်လွှတ်နိုင်၍
လူများကို လှည့်စားနိုင်သည်။ ထို့ကြောင့်
တစ်ယောက်သည် ထိုရတနာအား မရနိုင်ရုံတင်

မကပဲ သူကိုယ်တိုင်က
ထောင်ချောက်အတွင်းသို့ ကျရောက်နိုင်ကိန်း
ရှိသည်။

ငှက်တောင်ပျံ သလင်းကျောက်အား မြင်နိုင်ရန်
လွယ်ကူသော်လည်း အခြေတည် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ကသာ
သူ့အား ဖမ်းဆီးနိုင်ခြင်း ဖြစ်သည်။

ထိုအဆင့်အောက်မှ ကျင့်ကြံသူများသည်
သူ့အနားသို့ ချဉ်းကပ်သွားပါက သူ၏
အတောင်ပံများ ခတ်သွား၍
ချက်ချင်းပျောက်ကွယ်သွားမည် ဖြစ်၏။

သူသည် တုံ့ပြန်ရန် အချိန်ပင် ရလိုက်မည် မဟုတ်ပေ။

ဤရတနာများသည် ပစ္စည်းသက်သက် မဟုတ်ပေ။ သူတို့သည် သက်ရှိများကဲ့သို့ လှုပ်ရှားတတ်ကြသည်။ သူတို့တွင် အသိစိတ်များ မရှိကြသော်လည်း သူတို့သည် ယင်ပင်လယ်နှင့် တစ်သားတည်း ဖြစ်နေခဲ့သလိုမျိုး ဖြစ်နေကြသည်။

အကယ်၍ ကျင့်ကြံသူ တစ်ယောက်သည် ငှက်တောင်ပျံ သလင်းကျောက်အား လိုက်ဖမ်းမည် ဆိုပါက သူသည် သူ့အား

ပုံရိပ်ယောင် တစ်ခုထံသို့ ခေါ်ဆောင်သွားမည် ဖြစ်၏။

ထိုင်ကုတ်တောင်ပုံ သလင်းကျောက်များအပြင် လင်းဖုန်းသည် သူ၏အောက်မှ ပင်လယ်အတွင်းတွင် လင်းလက်နေသော အပြာရောင် အလင်းတန်းများကိုလည်း တွေ့နိုင်ခဲ့သည်။

လင်းဖုန်းသည် အသေအချာ တွေ့နိုင်ရန် ရေအောက်သို့ ငုပ်သွားခဲ့သည်။ သူသည် ပင်လယ်ကြမ်းပြင် အပေါ်တွင် အလွန်အမင်း အေးစက်မှုများကို ထုတ်လွှတ်နေသည့် အပြာရောင် သလင်းကျောက်များကို

တွေ့ခဲ့ရသည်။ သူ၏အနားမှ ရေများသည် ရေခဲပြင်များ အဖြစ်သို့ပင် ပြောင်းသွားကြ၏။

ထူးခြားဆန်းပြားသော ရေခဲသလင်းကျောက်သည့် မှောင်မိုင်းသော အလင်းမဲ့သတ္တု၊ မိစ္ဆာဖယ်ရှား ခရမ်းရောင်ရွှေတို့နှင့်အတူ ကမ္ဘာပေါ်မှာ လျှို့ဝှက်ဆန်းကြယ်သော သတ္တုခြောက်မျိုးအနက် တစ်ခု အပါအဝင် ဖြစ်သည်။

သူသည် ရေခဲအနွယ်ဝင်နှင့် ရေအနွယ်ဝင် မှော်အိုင်တမ်နှင့် မှော်ရတနာများကို ထုတ်လုပ်ရန် အကောင်းဆုံး ပစ္စည်းတစ်ခု

ဖြစ်၏။ သူ့အား အနည်းငယ်
ထည့်သွင်းလိုက်ရုံနှင့်ပင် ထိုမှော်အိုင်တမ်နှင့်
မှော်ရတနာများ၏ အရည်အသွေးသည် များစွာ
တိုးတက်လာနိုင်မည် ဖြစ်သည်။

ဤပင်လယ်အောက်မှ
သလင်းကျောက်များသည် သတ္တုတွင်း
တစ်ခုမဟုတ်သော်လည်း ဤမျှ
မြောက်မြားသော အရေအတွက်ကို
တွေ့ရသည်မှာ အတော်ကို ကံကောင်းခြင်း
ဖြစ်သည်။

သို့သော်လည်း သူ့အနားမှ ရေများအတွင်းတွင်
ပုံရိပ်ယောင် များစွာတို့ကို တွေ့နေရသဖြင့်

ထိုထူးခြားဆန်းပြားသော
ရေခဲသလင်းကျောက်များအတွက် လူမည်မျှ
သေခဲ့ပြီးပြီကို တွက်ဆ၍ရနိုင်သည်။

လင်းဖုန်းသည် ထိုပုံရိပ်ယောင်များကို
သေချာစွာ ရှောင်ရှား၍ ရတနာသိုက် အနီးသို့
ရောက်ရှိလာခဲ့သည်။

ဖြတ်သန်းသွားရင်း လမ်းကြုံ၍
တွေ့ခဲ့ရသော်လည်း လင်းဖုန်းသည်
လက်ဗလာနှင့် အိမ်ပြန်မည် မဟုတ်ပေ။
ဖမ်းမိခဲ့သော ငှက်တောင်ပုံ
သလင်းကျောက်များအပြင် သူသည်
ထူးခြားဆန်းပြားသော

ရေခဲသလင်းကျောက်များကိုလည်း
အိတ်အတွင်းတွင် ကောက်ထည့်လာခဲ့သည်။

ငှက်တောင်ပျံ သလင်းကျောက်နှင့်
ထူးခြားဆန်းပြားသော ရေခဲ
သလင်းကျောက်များအပြင် ယင်ပင်လယ်
အတွင်းမှ ကျွန်းများကိုယ်စီတွင် ရတနာများ
အမြောက်အမြား ရှိနေကြ၏။

အချို့သည် ပုံရိပ်ယောင်များသာ
ဖြစ်ကြသော်လည်း အချို့ကျွန်းများမှာ
အစစ်အမှန် တည်ရှိနေကြသည်။ သို့သော်လည်း
ကျွန်းများအပေါ်တွင်လည်း ပုံရိပ်ယောင်များ
ရှိနေကြသည်။

လင်းဖုန်းတွင် လုပ်စရာကိစ္စများ ရှိနေခဲ့သဖြင့် သူသည် ထိုကျွန်းများ အပေါ်သို့ မတက်သွားခဲ့ပေ။ သို့သော်လည်း သူ၏ သဘာဝလွန် အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ ထိုကျွန်းများသည် ဗလာဖြစ်နေသည့်ပုံ ဖြစ်နေသော်လည်း မူလကောင်းကင် ကမ္ဘာတွင် ရှားပါးသည်ဟု သတ်မှတ်ထားသည့် ရတနာများ အမြောက်အမြား ရှိနေသည်ကို တွေ့လိုက်ရသည်။

သို့သော်လည်း ဤအရာများသည် ရေခဲတောင်ကြီး၏ ထိပ်ပ်ဖျားသာ ရှိနေသေး၏။

လင်းဖုန်းသည် ရတနာများကို စုဆောင်းနေရင်း ခရမ်းရောင် အလင်းတန်း၏ အနောက်သို့ လိုက်လာခဲ့သည်။ သို့သော်လည်း ခရီးအတော်အကြာ သွားပြီးသည့်နောက်တွင် ထိုခရမ်းရောင် အလင်းတန်းသည် ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

သူသည် စွမ်းအားကုန်ခမ်းသွားခြင်းကြောင့် ရပ်တန့်သွားခြင်း မဟုတ်ပေ။ သူသည် အဆက်မပြတ် လင်းလက်နေခဲ့ကာ လမ်းကြောင်းကို ဆက်မရှာနိုင်သည့်ပုံ ပေါက်နေခဲ့၏။

လင်းဖုန်းသည် သူ၏ မျက်ခုံးများကို ပင့်လိုက်ကာ ရပ်တန့်လိုက်ပြီး စောင့်နေခဲ့သည်။ သို့သော်လည်း စိတ်ပျက်စရာ ကောင်းစွာဖြင့် မည်သို့မှ မထူးခြားလာခဲ့ပေ။ ခရမ်းရောင် အလင်းတန်းသည် လေထုအလယ်တွင် တုန်ခါလာခဲ့၍ ရုတ်တရက် ပေါက်ကွဲသွားခဲ့သည်။ အလင်းတန်းများသည် လေဟာနယ် အတွင်းတွင် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့၏။

"မကောင်းတော့ဘူး.." လင်းဖုန်းက သက်ပြင်းချလိုက်ကာ အန္တရာယ် အငွေ့အသက်များကို ခံစားခဲ့ရသည်။

ခဏအကြာတွင် သူ၏အရှေ့မှ
ဟင်းလင်းပြင်သည် တုန်ခါသွားခဲ့ကာ
အဖြူရောင် တိမ်တိုက်များက
ရွှေရောင်ပြောင်းသွားခဲ့သည်။

ဂယက်ထနေသော ရွှေရောင်တိမ်တိုက်များ
အကြားတွင် တောက်ပလှသော
အလင်းရောင်များက လင်းလက်လာခဲ့၍
လေဟာနယ်သည် အဆက်မပြတ်
တွန့်လိမ်ပြောင်းလဲသွားခဲ့၏။

လင်းဖုန်း၏ မျက်လုံးသူငယ်အိမ်များသည်
ပြုံးကျယ်သွားခဲ့သည်။ သူသည်
တောင်တစ်တောင် ရှိနေသော ရောမ

ကျွန်းကြီးတစ်ကျွန်းက ရွှေရောင်
အလင်းတန်းများ၏ အကြားတွင်
ပေါ်လာသည်ကို တွေ့လိုက်ရသည်။

သူသည် လီပေါင်း ၅၀၀၀ခန့် အလျားရှိသော
စတုရန်းပုံ ကျွန်းတစ်ကျွန်း ဖြစ်၏။
ကျွန်းအပေါ်တွင် အလင်းတန်း ပုံရိပ်များဖြင့်
ဖုံးကွယ်ထားသော နတ်တောင်တစ်တောင်ကို
တွေ့နေနိုင်သည်။ အသေအချာ
ကြည့်ရှုလိုက်လျှင် ထိုအလင်းတန်း
ပုံရိပ်များသည် ရောမ နဂါးပုံရိပ်များ
စုစည်းနေကြခြင်း ဖြစ်သည်။

တောင်၏အောက်ခြေတွင် တောက်ပနေသော ရွှေရောင်နန်းတော် တစ်ခုရှိနေ၏။ နန်းတော်အနီးတွင် မရေမတွက်နိုင်သော စိတ်ဝိညာဉ် ဆေးပင်များ ပေါ်နေသော မြေတစ်ကွက် ရှိသည်။ သူသည် ကျယ်ပြန့်သော စိုက်ခင်းတစ်ခုနှင့် တူနေသည်။ သို့သော်လည်း သီးနှံများအစား စိတ်ဝိညာဉ် ဆေးပင်များက ပေါက်နေကြ၏။

ထိုကျွန်းပေါ်မှ နတ်တောင်အား ကြည့်လိုက်၍ လင်းဖုန်းသည် အံ့သြစွာဖြင့် အချိန်အတော်ကြာ ရပ်နေခဲ့သည်။

"သာမန်သေမျိုး တစ်ယောက်ဟာ ဖန်ကျန်းရဲ့ အံ့ဖွယ်ရာတွေကို သဘောမပေါက်နိုင်ဘူး။ ယင်ပင်လယ်ရဲ့ နတ်တောင်တွေဟာ သူတို့ရဲ့ ကျော်ကြားမှုတွေနဲ့ လိုက်ဖက်လှပါပေတယ်"

သို့သော်လည်း တစ်စုံတစ်ခုကြောင့် သူသည် မပျော်ရွှင်နိုင်ခဲ့ပဲ ရင်လေးသွားခဲ့သည်။ ကြည့်ရသည်မှာ သူစိုးရိမ်ပူပန်နေခဲ့သော အရာများသည် လက်တွေ့ ဖြစ်လာခဲ့ပြီ ဖြစ်သည်။

ယင်ပင်လယ်အား ထိန်းချုပ်ရန် အဓိက သော့ချက်မှာ တောင်သုံးတောင် ဖြစ်ကြသော ပန်းလိုင်၊ ယင်ကျိုးနှင့် ဖန်ကျန်းတို့ ဖြစ်ကြ၏။

ယခုကြည့်ရသည်မှာ ဖန်ကျန်းသည် မဟာကျိုး အင်ပါယာ၏ လက်အောက်သို့ ကျရောက်သွားခဲ့ပြီ ဖြစ်သည်။

ယင်ပင်လယ်မှ တောင်သုံးတောင် မပေါ်လာခင်ကတည်းက ကျင့်ကြံသူများသည် အရှေ့ပင်လယ် အတွင်းတွင် စုစည်းနေကြပြီ ဖြစ်ကြသည်။ သို့သော်လည်း သူတို့အတွင်းတွင် တစ်ယောက်ကမှ တောင်သုံးတောင် အနက်မှ ဖန်ကျန်းသည် မဟာကျိုး အင်ပါယာ၏ လက်အောက်သို့ ကျရောက်သွားသည်ကို မသိခဲ့ကြပေ။

"လျှမ်ပန်း၊ ဇူဟုန်ဝူ၊ ခင်ဗျားတို့ နှစ်ယောက်က လျှို့ဝှက်ချက်တွေကို အတော် ထိန်းသိမ်းတတ်တာပဲ။ ကျုပ်တို့အားလုံးဟာ ဘာကိုမှ မသိခဲ့ကြဘူး" လင်းဖုန်းက တိုက်ကြီးတစ်တိုက်မျှ ကြီးမားသော ဖန်ကျန်းအား ကြည့်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်၍ ရယ်လိုက်သည်။ "ခင်ဗျားတို့ နှစ်ယောက်က ဒီလောက်အထိ ယုံကြည်ချက် ပြင်းထန်နေတာ မထူးဆန်းပါဘူး။ ခင်ဗျားတို့က အိမ်ကွင်းအားသာချက် ရှိရုံတင်မကပဲ တောင်တစ်တောင်ကိုပါ သိမ်းပိုက်ထားနိုင်ခဲ့ပြီကိုး"

## စာစဥ် ၃၈ : အပိုင်း ၁၂

# အပိုင်း ၇၂ : အပေါ်တွင် လမ်းမရှိသလို အောက်တွင်လည်း လမ်းမရှိချေ

ဖန်ကျန်းနတ်တောင်ကို တွေ့လိုက်ရသောအခါ လင်းဖုန်းသည် မဟာကျိုး အင်ပါယာ၏ ဤတစ်ခေါက် အားသာချက်မှာ ပထဝီဝင် အနေအထားအရသာ မကတော့ကြောင်းကို သိခဲ့လိုက်သည်။ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် လမ်းတစ်ဝက် နီးပါးသို့ပင် ရောက်နေခဲ့လေပြီ။

ပန်းလိုင်၊ ယင်ကျိုးနှင့် ဖန်ကျန်းတို့သည် တစ်ခုနှင့်တစ်ခု သီးသန့်ဖြစ်နေကြသော်လည်း

ထူးဆန်းစွာနှင့် ဆက်သွယ်မှုများလည်း ရှိနေကြသည်။ ဖန်ကျန်းအား ရယူထားနိုင်ခြင်းဖြင့် ပန်းလိုင်နှင့် ယင်ကျိုးတို့ ပေါ်လာသောအခါ ရယူရန် လွယ်ကူသွားကြမည် ဖြစ်သည်။

သူတို့အား ရှာဖွေလိုလျှင် အကယ်၍ လင်းဖုန်းသည် မဟာချင် အင်ပါယာနှင့် အခြား အင်အားစုများနှင့် ပူးပေါင်းလိုက်မည် ဆိုလျှင်ပင် မဟာကျိုး အင်ပါယာနှင့် ယှဉ်ပြိုင်နိုင်ရန် မဖြစ်နိုင်တော့ချေ။ သူတို့သည် သမုဒ္ဒရာ အတွင်းတွင် ကူးခတ်နေရင်း ဧရာမ စစ်သင်္ဘောကြီးနှင့် ရင်ဆိုင်နေရသကဲ့သို့ ဖြစ်နေပေလိမ့်မည်။

အစောပိုင်းတွင် မဟာကျိုး အင်ပါယာ၏ အားသာချက်မှာ သူသည် ယင်ပင်လယ်နှင့် ပထဝီဝင် အနေအထားအရ နီးကပ်နေ၍ ပိုမို အကျွမ်းတဝင် ရှိနေခြင်း ဖြစ်သည်။ ယခုအခါတွင်မူ သူတို့သည် တောင်တစ်တောင်ကို ပိုင်ဆိုင်သွားနိုင်ခဲ့ပြီ ဖြစ်သည်။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် ပန်းလိုင်နှင့် ယင်ကျိုး ပေါ်လာလျှင် ဘာလုပ်မည်ဆိုသည်ကို အစီအစဥ် အကုန်လုံး ဆွဲထားပြီး ဖြစ်နေလိမ့်မည်။

ခြေတစ်လှမ်းဆုတ်၍ ပြောရလျှင် အကယ်၍ သူတို့သည် ပန်းလိုင်နှင့် ယင်ကျိုးအား မရနိုင်ခဲ့လျှင်ပင် သူတို့သည် ဖန်ကျန်းအား ထိန်းချုပ်ထားနိုင်သည်နှင့် ယင်ပင်လယ် အတွင်းတွင် ပြိုင်ဘက်ကင်း ဖြစ်နေနိုင်သည်။ အခြားအင်အားစုများသည် ဘာမှ မလုပ်နိုင်ခင်တွင် မဟာကျိုး အင်ပါယာမှာမူ အခွင့်အရေး များစွာရနိုင်မည် ဖြစ်သည်။

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ဒီလောက်အထိ ငါက မမျှော်မှန်းထားခဲ့ဘူး"

"တွေ့ရတာ ဝမ်းသာပါတယ် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်။ ခင်ဗျားက ဒီနေရာကို ရှာတွေ့နိုင်ခဲ့တာကို ကျုပ်က အံ့ဩလို့မဆုံးဘူး" ကျယ်ပြန့်လှသော နတ်တောင်ထိပ်ပေါ်တွင် လျှန်ပန်း၏ အသံသည် တောက်ပလှသော ရွှေနန်းတော်ကြီး အတွင်းမှနေ၍ ထွက်လာခဲ့သည်။

နန်းတော်အတွင်းမှ အဓိက ခန်းမဆောင် အတွင်းတွင် လျှမ်ပန်းနှင့် တစ်ပုံစံတည်း ဆင်တူသော သက်လတ်ပိုင်း လူကြီးတစ်ယောက်က ထိုင်နေခဲ့သည်။ သို့သော်လည်း သူ၏ အော်ရာသည် ခြားနားပေသည်။ သူသည်

တာအိုဝတ်စုံများကိုသာ ဝတ်ဆင်ထား၍
ကေရာဇ်၏ တော်ဝင် အငွေ့အသက်များကို
မပိုင်ဆိုင်ထားပေ။

ဒါသည် လျှမ်ပန်း၏ မူလခန္ဓာကိုယ် မဟုတ်ပဲ
သူက ဖန်ကျန်းအပေါ်တွင် ထားထားခဲ့သော
ကိုယ်ပွားတစ်ခုသာ ဖြစ်၏။

သို့သော်လည်း လင်းဖုန်းသည် သူ့အား
လျှော့မတွက်ရဲချေ။ အကယ်၍ သူ၏
မူလခန္ဓာကိုယ် ရှိနေလျှင်ပင် လျှမ်ပန်းက
ဖန်ကျန်းကို ထိန်းချုပ်ထားနိုင်သည့် အချက်ကို
အထူး သတိထားရမည် ဖြစ်သည်။
လင်းဖုန်းသည် သူက အင်မော်တယ် ဝိညာဉ်

အဆင့်သို့ မရောက်ခင်တွင်ပင်
ယုကျင်းတောင်ကို ရွှေ့လျားနိုင်သည့် အဖြစ်ကို
မှတ်မိလိုက်သည်။

ဖန်ကျန်းက ယုကျင်းတောင်ထက်
အစွမ်းထက်သလော၊ အားနည်းသလော
ဟူသည်ကို မသိခဲ့သော်လည်း လင်းဖုန်းသည်
သူ၏ သံမဏိသစ်ပင် ကိုယ်ပွားအား
အနစ်နာခံရန် ရည်ရွယ်ချက် မရှိပေ။

လင်းဖုန်းသည် သူ၏လက်ကို ကျောနောက်သို့
ပစ်ထားခဲ့ကာ ဖန်ကျန်းအား
လှေ့လာနေခဲ့သည်။ အချိန်အတော်ကြီး
ကြာမှသာ သူကပြုံးလိုက်ကာ ပြောလိုက်၏။

"ဒီနတ်တောင်ကို ကြည့်ရတာ အတော်ကို ထူးခြားတာပဲ။ ခင်ဗျားက သူ့ကို ပိုင်ဆိုင်ထားတာ အချိန်အတော်ကြာ ရှိနေပေမဲ့ အပြည့်အဝတော့ ထိန်းချုပ်လို့ မရသေးဘူး၊ ဟုတ်တယ်မလား"

လျှမ်ပန်းသည် လင်းဖုန်းအား ကြည့်လိုက်ကာ တည်ငြိမ်စွာနှင့် ပြုံးလိုက်သည်။ သူက မငြင်းဆန်ခဲ့ပဲ ပြောလိုက်သည်။ "နတ်တောင်ကို ထိန်းချုပ်ရတာ မခက်ပါဘူး။ ဒါပေမဲ့ သူ့ရဲ့ လျှို့ဝှက်ချက်တွေကို သိရှိဖို့ရာက အချိန်အတော် ပေးရမယ်"

"သေမျိုးကမ္ဘာက ကိစ္စတွေက ကျုပ်ကို အလုပ်ရှုပ်စေခဲ့တာကြောင့် ကျုပ်က ဒီတောင်ပေါ်မှာ ကိုယ်ပွားတစ်ခုကိုသာ ထားနိုင်ခဲ့တယ်။ ဒါကြောင့်မို့ ကျုပ်ရဲ့ ရှာဖွေစူးစမ်းမှုတွေက အတော်လေးကို နှေးကွေးနေခဲ့တယ်။ ခင်ဗျားက ဗွေမယူဘူးလို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက သူ၏ခေါင်းကို မော့လိုက်ကာ ကောင်းကင်တစ်ဝက်အား လွှမ်းခြုံထားသည့် ရွှေရောင် အလင်းတန်းကို ကြည့်လိုက်ကာ တိုးညင်းစွာနှင့် ပြောလိုက်၏။

"တာအိုရောင်းရင်းလျှမ်၊ ခင်ဗျားက ကျုပ်ရဲ့

ကိုယ်ပွားကို ဒီနေရာမှာ
ခေါ်ထားချင်နေတာလား"

ဖန်ကျွန်းပေါ်လာသောအခါ လင်းဖုန်းက
တစ်ခုခု မှားနေပြီဆိုသည်ကို
သဘောပေါက်ခဲ့လိုက်သည်။

ဖန်ကျွန်းအပေါ်မှ စိတ်ဝိညာဉ် စွမ်းအင်များသည်
အဖိနှိပ်ခံထားရသည်ကို လင်းဖုန်းက
သတိပြုမိခဲ့သည်။ ရွှေရောင်
အလင်းတန်းများသည် ပြင်ပကမ္ဘာနှင့်
ဤတောင်ကို လုံးဝ ဖြတ်တောက်ထားခဲ့သည်။
တစ်ယောက်ကမှ သူ၏အသံကို ပြင်ပကမ္ဘာသို့
ပို့လွှတ်၍ ဆက်သွယ်မရပေ။ သံမဏိသစ်ပင်

ကိုယ်ပွားနှင့် လင်းဖုန်း၏ မူလခန္ဓာကိုယ်၏
ဆက်သွယ်မှုမှာလည်း
ပြတ်တောက်သွားခဲ့သည်။

သံမဏိသစ်ပင် ကိုယ်ပွားသည် ကိုယ်ပိုင်သီးသန့်
လှုပ်ရှား၍ ရသေးသော်လည်း
ယုကျင်းတောင်ပေါ်မှ လင်းဖုန်း၏
မူလခန္ဓာကိုယ်နှင့် ဆက်သွယ်၍ မရတော့ချေ။

သူ၏ မူလခန္ဓာကိုယ်သည် ဆက်သွယ်မှု
ပြတ်တောက်သွားသည်ကိုသာ ခံစားခဲ့ရမည်
ဖြစ်ပြီး မည်သည့်အရာက
ဖြစ်ပျက်သွားခဲ့သည်ကိုတော့ သိလိမ့်မည်
မဟုတ်ပေ။

သို့သော်လည်း လင်းဖုန်းသည်
ထိတ်လန့်တုန်လှုပ်နေခဲ့ခြင်း မရှိပေ။
ဖန်ကျန်း၏ ပိုင်ရှင်ဖြစ်သော လျှမ်ပန်းသည်
ဤကဲ့သို့ စွမ်းဆောင်နိုင်စွမ်း ရှိမည်မှာ
သေချာနေ၏။ လင်းဖုန်းကလည်း
ယုကျင်းတောင် အပေါ်တွင် ဤကဲ့သို့
ပြုလုပ်နိုင်စွမ်း ရှိသည်။

သို့သော်လည်း အကယ်၍ သံမဏိသစ်ပင်
ကိုယ်ပွားက ဤတိုက်ပွဲတွင် ကျဆုံးသွားခဲ့လျှင်
သို့မဟုတ် အဖမ်းခံလိုက်ရလျှင်
တစ်ယောက်ကမှ မဟာကျိုး အင်ပါယာသည်

ဖန်ကျန်းအား ထိန်းချုပ်ထားနိုင်ခဲ့ပြီကို
သိကြမည် မဟုတ်ပေ။

လှျမ်ပန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။
"မဟာကျိုး အင်ပါယာနဲ့ ကျုပ်တို့က
နှစ်ပေါင်းများစွာ အစီအစဥ်တွေ
ဆွဲထားကြတာပါ။ ကျုပ်တို့က ဘာမှ
မတတ်နိုင်ပဲ သတိတကြီးနဲ့ပဲ လုပ်ဆောင်ရမှာ
ဖြစ်တယ်။ မာစတာလင်းက ဒီအချိန်
အတောအတွင်းမှ တောင်ပေါ်မှာပဲ
နေရလိမ့်မယ် ထင်တယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်၏။
"ခင်ဗျားက ဖန်ကျန်းကို ရရှိသွားခဲ့ပြီ ဆိုတော့

ကျုပ်နဲ့ အခြားသူတွေထက် အများကြီး သာသွားခဲ့ပြီ။ ခင်ဗျားက ဘာကို စိုးရိမ်နေသေးတာလဲ"

လျှမ်ပန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ ပြုံး၍ပြောလိုက်သည်။ "တစ်ယောက်က အောင်မြင်မှုနဲ့ နီးလာလေလေ ပိုပြီးတော့ ဂရုစိုက်ဖို့ လိုလေလေပဲ ဖြစ်တယ်"

သူသည် မတ်တတ်ထရပ်လိုက်ပြီး နန်းတော်အတွင်းတွင် ဖြည်းဖြည်းချင်း လမ်းလျှောက်နေခဲ့သည်။ "ဒီနတ်တောင် ဖန်ကျန်းက ဟင်းလင်းပြင် အတွင်းမှာ လွတ်လပ်စွာ လှုပ်ရှားနိုင်တဲ့ မာစတာလင်းရဲ့

ယုကျင်းတောင်နဲ့ မတူဘူး။ သူက ယင်လယ်အတွင်းမှာ လွင့်မျောနိုင်ပေမဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေက ယင်ပင်လယ် အတွင်းမှာပဲ အကန့်အသတ် ရှိတယ်"

"ဒါပေမဲ့ သူ့ဆီမှာ တခြား ထူးခြားချက်တွေ အများကြီး ရှိတယ်။ မာစတာလင်းက ဒီမှာနေနေပြီး သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ကျုပ်နဲ့အတူ လေ့လာပါလား"

သူ၏စကား ဆုံးသည်နှင့် လျှမ်ပန်းသည် ဘာမှ ဆက်မပြောတော့ပေ။ အတွေးတစ်ချက်နှင့်ပင် ဖန်ကျန်း တစ်တောင်လုံးသည်

လှုပ်ရှားသွားခဲ့ကာ လင်းဖုန်းထံသို့
ဝင်ရောက်လာခဲ့သည်။

တိုက်ကြီးတစ်တိုက်နှင့်ပင် တူနေသော
ကြီးမားလှသည့် တောင်ကြီးတစ်တောင်သည်
အလွန်အမင်း လျှင်မြန်စွာနှင့် လှုပ်ရှားလာခဲ့ကာ
မျက်စိတစ်မှိတ်အတွင်းတွင် လင်းဖုန်း၏
နဖူးအပေါ်သို့ ရောက်ရှိလာခဲ့၏။

တိမ်တိုက်များ၏ လှည့်ပတ်နေမှုနှင့်အတူ
ရွှေရောင်အလင်းတန်းများက
လင်းလက်နေကြသည်။ မရေမတွက်နိုင်သော
တောက်ပလှသည့် ရွှေရောင်

မှော်သင်္ကေတများက လေဟာနယ် အတွင်းတွင် တောက်ပနေကြသည်။

ထိုအခြင်းအရာကို ကြည့်လိုက်ကာ လင်းဖုန်းက မအောင့်နိုင်ခဲ့ပဲ ရယ်လိုက်၏။ "ကံကြမ္မာက တကယ်ကို လှည့်စားတတ်တာပဲ။ အစောပိုင်းက ကျုပ်ဟာ ယုကျင်းတောင်ကို အသုံးပြုပြီး သူများတွေကို ခြေမွခဲ့တယ်။ ဒီကနေ့မှာတော့ အခြားတစ်ယောက်က နတ်တောင်တစ်တောင်နဲ့ ကျုပ်ကို ခြေမွချင်နေခဲ့ပြီ"

သူတို့အကြားတွင် မှော်ကျိန်စာ အရံအတားပေါင်းများစွာ ရှိနေကြသော်လည်း

လျှမ်ပန်းက မဖုံးကွယ်ထားသည့်အတွက်
ဖန်ကျန်းအား ထိန်းချုပ်နေသော ကိုယ်ပွားသည်
အင်မော်တယ် ဝိညာဉ် ပထမ အဆင့်တွင်
ရှိနေသည်ကို လင်းဖုန်းက သိခဲ့လိုက်သည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ
ရှိသေးသော်လည်း လျှမ်ပန်းသည် လင်းဖုန်းနှင့်
တိုက်ခိုက်ရန် မရည်ရွယ်ခဲ့ပေ။

သူက တိုက်ခိုက်ရန် ကြောက်ရွံ့နေခြင်း
မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော သူသည်
လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား
တတ်နိုင်သမျှ အမြန်ဆုံး စာရင်းရှင်းချင်နေကာ

ဖန်ကျန်းအား အခြားတစ်နေရာသို့ သွားရောက်ဖုံးကွယ် လိုနေသောကြောင့် ဖြစ်သည်။ သူသည် အချိန် အနည်းငယ်လေးမျှ ဖြုန်းတီးနေလိုခြင်း မရှိပေ။

သူသည် လင်းဖုန်း၏ မူလခန္ဓာကိုယ်နှင့် ကိုယ်ပွားတို့၏ အကြားမှ ဆက်သွယ်မှုကို ဖြတ်တောက်နိုင်ခဲ့ကာ ယုကျင်းတောင်ပေါ်မှ လင်းဖုန်း၏ မူလခန္ဓာကိုယ်အား ဖန်ကျန်းအပေါ်တွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို သိရှိခြင်း မရှိနိုင်အောင် တားဆီးနိုင်ခဲ့သည်။ သို့သော်လည်း လင်းဖုန်းက သူ၏ သံမဏိသစ်ပင် ကိုယ်ပွားနှင့် ဆက်သွယ်မှု

ပြတ်တောက်သွားသည့်ကို အသေအချာ
အာရုံခံမိနေကြောင်းကို သူက သိနေခဲ့သည်။

အကယ်၍ လင်းဖုန်းကိုယ်တိုင်က
ယင်ပင်လယ်သို့ လာရောက်၍
စုံစမ်းစစ်ဆေးခဲ့လျှင် လျှမ်ပန်းက သူနှင့်
တိုက်ခိုက်ရန် ကြောက်နေခြင်း မရှိပေ။
သို့သော်လည်း သူသည် မလိုအပ်သော
ပြဿနာများကို ဖန်တီးနေရန် ရည်ရွယ်ချက်
မရှိပေ။

ထို့အပြင် ယင်ပင်လယ် အတွင်းတွင်
ရောက်ရှိနေကြသော အခြား ကျင့်ကြံသူ
များစွာတို့ကလည်း ရှိနေကြသည်။

ဤအချိန်တွင် လျှမ်ပန်း၏ အနားတွင် မည်သူမှ ရှိမနေကြသော်လည်း
အချိန်ကြာလာသည်နှင့်အမျှ အခြားသူများ၏ အာရုံစိုက်မှုကို ခံလာရမည် ဖြစ်၏။
ထိုအချိန်တွင် ဖန်ကျန်း၏ လျှို့ဝှက်ချက်ကလည်း ပေါ်ပေါက်သွားလိမ့်မည် ဖြစ်သည်။

လင်းဖုန်းကလည်း လျှမ်ပန်း၏ အကြံကို ရိပ်စားမိနေခဲ့၏။ အကယ်၍ သူသည် သူ့နေရာတွင် ရှိနေလျှင်လည်း ဤကဲ့သို့ပင် ပြုလုပ်ခဲ့မည် ဖြစ်သည်။

သို့သော်လည်း ဒါသည် သူက ထိုင်နေ၍ သေမင်းကို စောင့်မျှော်နေမည်ဟု မဆိုလိုနေပေ။

သံမဏိသစ်ပင် ကိုယ်ပွား၏ ထိပ်မှနေ၍ ကြည်လင်သော အလင်းတန်းတစ်ခု လင်းလက်လာခဲ့ကာ ပေပေါင်း ၁၅ဝဝရှိသော စကြာဝဠာ ပုံသဏ္ဌာန်က ပေါ်လာခဲ့သည်။ သူသည် ကောင်းကင်သို့တိုင်အောင် ထိုးတက်သွားခဲ့သော ရောမ သစ်ပင်ကြီးနှင့် တူနေခဲ့သော်လည်း ဖန်ကျန်းနှင့် ယှဉ်လိုက်လျှင် အလွန်ကို သေးငယ်နေခဲ့၏။

သို့သော်လည်း စကြာဝဠာ ပုံသဏ္ဌာန်၏
အရေအတွက်သုံးခု အင်းရှစ်ကွက်၏
ပုံရိပ်များကို ကိုယ်စားပြုနေသော
သစ်ကိုင်းရှစ်ကိုင်းမှ အခက်အလက်များတို့သည်
ဝဲကတော့ကဲ့သို့ စတင်လည်ပတ်လာကြသည်။
ပြီးတာနှင့် ဤဝဲကတော့အား အလင်းတန်းက
လွှမ်းခြုံသွားခဲ့၍ စကြာဝဠာ ပုံသဏ္ဌာန်နှင့်
လင်းဖုန်းတို့အား ဖုံးလွှမ်းသွားခဲ့သည်။
ဖျက်ဆီး၍ မရနိုင်သော ထာဝရ
စွမ်းအင်တစ်မျိုးက စတင်ပျံ့နှံ့လာခဲ့၏။

ထိုအလင်းတန်း၏ အပေါ်တွင် နောက်ထပ်
ထူးခြားဆန်းကြယ်သော အလင်းတန်း တစ်ခုက
စတင်လင်းလက်လာခဲ့သည်။ ဒါသည်

လင်းဖုန်းက အင်မော်တယ် နဂါးမြို့တော်မှ သင်ယူနိုင်ခဲ့ကာ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားနှင့် ပေါင်းစပ်ထားခဲ့သည့် ထာဝရ အလင်းတန်း မှော်ကျိန်စာပင် ဖြစ်သည်။

အရေအတွက်သုံးခု အင်းရှစ်ကွက်၏ အကူအညီဖြင့် ဆာရိုသံမဏိသစ်ပင်၏ အသက်စွမ်းအင်များသည် ထာဝရ အလင်းတန်းနှင့် ပူးပေါင်းနိုင်ခဲ့သည်။ ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြင့် သံမဏိသစ်ပင် ကိုယ်ပွား၏ ခံစစ်စွမ်းအားများကို အစွမ်းကုန် တိုးမြှင့်နိုင်ခဲ့၏။

သို့သော်လည်း ကြောက်မက်ဖွယ်ရာ ဖန်ကျန်း၏အောက်တွင် သူသည် တောင်အောက်မှ ကြက်ဥတစ်လုံးနှင့်ပင် တူနေခဲ့သည်။

ထိတွေ့ခဲ့လိုက်ရုံနှင့်ပင် လင်းဖုန်း၏ စကြာဝဠာ ပုံသဏ္ဌာန်အား ဖုံးလွှမ်းထားသည့် အလင်းတန်းများသည် စတင် တုန်ခါလာခဲ့၍ ပင့်ကူအိမ်ကဲ့သို့ အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။

ကမ္ဘာတစ်ခုလုံး၏ စွမ်းအားများသည် ကျဆင်းလာခဲ့သကဲ့သို့ သူ၏ အနားမှ

စိတ်ဝိညာဥ် စွမ်းအင်များသည်ပင်လျှင် ပျက်စီးလုနီးပါး ဖြစ်လာခဲ့သည်။

နတ်တောင်၏ ကြီးမားသော ဖိအားများနှင့် ရင်ဆိုင်လိုက်ရသောအခါ လင်းဖုန်းသည် လေးနက်လာခဲ့၍ သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။ "ဒါက ငါအခြေတည်ဝိညာဥ် အလယ်အလတ် အဆင့်မှာ ရှိစဥ်က အသုံးပြုခဲ့တဲ့ ယုကျင်းတောင်ရဲ့ ခြေမွနိုင်စွမ်းလောက် သန်မာတယ်"

ဖန်ကျန်းနတ်တောင်အား ထိန်းချုပ်ထားသည့် လျှမ်ပန်းသည် အင်မော်တယ် ဝိညာဥ် ပထမ အဆင့်တွင် ရှိနေသော်လည်း ဖန်ကျန်း၏

စွမ်းအားများသည် ယုကျင်းတောင်ထက်တော့ နိမ့်ကျပေသည်။

သို့သော်လည်း ပန်းလိုင်၊ ယင်ကျိုးနှင့် ဖန်ကျန်းတို့၏ ပူးပေါင်းစွမ်းအားများဖြင့် ယင်ပင်လယ် တစ်ခုလုံးသည် ခလောက်ဆန် ရှုပ်ထွေးသွားနိုင်သည်။ ဖန်ကျန်း၏ စွမ်းအားများသည် တောင်သုံးတောင်၏ ပူးပေါင်းစွမ်းအားများနှင့် ယှဉ်လိုက်လျှင် ဘာမှမဟုတ်ပေ။

တိုင်ကေရာဇ်သည် လူသားကေရာဇ်များ အတွင်းမှ အစွမ်းအထက်ဆုံး သူများအနက် တစ်ယောက် အပါအဝင် ဖြစ်သည်။

သို့သော်လည်း ယင်ပင်လယ်၏
ကစဉ့်ကလျားမှုများ အကြားတွင် သူသည်
သတိတကြီးနှင့် လုပ်ဆောင်နေခဲ့ရကာ
မိစ္ဆာများက ကမ္ဘာအကြားမှ စစ်ပွဲကို
စတင်ခဲ့သည့် သတင်းကို ရရှိခဲ့၍
အလောတကြီးနှင့် ပြန်ခဲ့ရာမှ ဒဏ်ရာ
အပြင်းအထန် ရရှိသွားခဲ့သည်။

သူသည် ဖန်ကျန်း၏ စွမ်းအားများကို
စမ်းသပ်ခဲ့ပြီး ဖြစ်သဖြင့် လင်းဖုန်းသည် သူ့အား
ထိပ်တိုက်ရင်ဆိုင်ရန် မဝံ့ရဲတော့ပေ။ ထို့အစား
သူသည် သူ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း
အလင်းတန်း၏ ဒုတိယ ပုံဆောင်ခဲအား
ထုတ်သုံးလိုက်၏။

အဖြူနှင့်အနက် အလင်းရောင်များသည်
ထပ်ဖန်တစ်ခါ လင်းလက်လာကြ၍
ပတ်ဝန်းကျင် တစ်ခုလုံးက တုန်ခါသွားကြသည်။
သူ၏အပေါ်မှ ကြီးမားလှသည့် ဖန်ကျန်းကပင်
လှုပ်ခါသွားခဲ့သည်။

လင်းဖုန်း ထုတ်လွှတ်လိုက်သည့် မြင့်မြတ်သော
ဖန်ဆင်းခြင်း အလင်းတန်းသည်
ကောင်းကင်နှင့် မြေကြီးတို့နှင့်
ဆက်သွယ်ထားသကဲ့သို့ ဖြစ်သွားခဲ့ကာ သူနှင့်
ဖန်ကျန်းတို့အကြားတွင် ဆက်သွယ်ထားသော
နတ်တံတား တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ပြီး
ဖန်ကျန်းအား အောက်သို့ဖိခြေရန်

ကျဆင်းလာခြင်းမှ ထပ်ဖန်တစ်ခါ
ကာကွယ်ထားနိုင်ခဲ့သည်။

လင်းဖုန်း၏ စကြာဝဠာ ပုံသဏ္ဌာန်သည် သူ၏
ကောင်ကင်နှင့်မြေကြီး ဖျက်ဆီးခြင်း
မှော်ကျိန်စာအား ထုတ်လွှတ်လိုက်ကာ
ဟင်းလင်းပြင်တွင် တောက်ပနေကြသော
ရွှေရောင် အလင်းတန်းများကို ဖျက်ဆီးလိုက်၍
မြေ၊ရေ၊ လေ၊မီး ဟူသော
ဓာတ်ကြီးလေးပါးတို့၏ ဖရိုဖရဲ
လေစီးကြောင်းများအဖြစ်သို့
ပြောင်းလဲလိုက်သည်။

ဒါသည့် ဖန်ကျန်း၏ ဟင်းလင်းပြင် အပေါ်တွင် ပိတ်ထားခဲ့သော ချိတ်ကို ပျက်စီးစေခဲ့ကာ လင်းဖုန်းက လျှင်မြန်စွာနှင့်ပင် ထွက်ခွာရန် ပြင်ဆင်လိုက်၏။

သို့သော်လည်း ဤအချိန်တွင် လျှမ်ပန်း၏ အသံသည် ဖန်ကျန်းအတွင်းမှနေ၍ ပေါ်လာခဲ့သည်။ "ကောင်းကင်နှလုံးသား နဂါးကမ္ဘာ နတ်ကျိန်စာ"

ဖန်ကျန်း၏အပေါ်မှ နဂါးပုံရိပ်များသည် အချင်းချင်း သွယ်ယှက်သွားကြသည်။ သူတို့သည် သံပြိုင်ဟိန်းဟောက်လိုက်ကြကာ အရာအားလုံးကို တုန်ခါသွားစေခဲ့၏။

ထိုအချိန်တွင် ဖန်ကျန်းသည် ယခင်ကထက်ပို၍
ကြောက်မက်ဖွယ် ကောင်းသည့်ပုံ
ပေါက်လာခဲ့သည်။

ပေါင်းစပ်နေခဲ့သော နဂါးများသည် ပြန်လည်
ကွဲကွာသွားခဲ့ကာ ပျံသန်းလာခဲ့ကြသည်။
အတူတကွပင် သူတို့သည် လှည့်ပတ်နေကြကာ
မြောက်မြားလှစွာသော အလင်းတန်း
စက်ဝိုင်းများကို ဖန်ဆင်းလိုက်ကြ၍
ဟင်းလင်းပြင်အား ခိုင်မာစွာနှင့်
ပိတ်ဆို့ထားလိုက်ကြ၏။

ဖန်ကျန်း၏ အပေါ်မှ ဟင်းလင်းပြင်သည်
အဆက်မပြတ် လင်းလက်နေကြသော

တောက်ပသည့် အလင်းတန်း ပုံရိပ်များအဖြစ်သို့ ပြောင်းသွားကြကာ လင်းဖုန်းအား မလွတ်မြောက်နိုင်ရန် တားဆီးထားလိုက်ကြသည်။

ဖန်ကျန်းသည် သူ၏အပေါ်သို့ ခြေမွရန် ဆက်လက် ကျဆင်းလာသည်ကို တွေ့လိုက်ရသော် လင်းဖုန်း၏ မျက်မှောင်များသည် ကြုတ်သွားခဲ့သည်။ သူ၏ အဖြူနှင့် အနက်ရောင် အလင်းတန်းများသည် ပို၍ပို၍ အားနည်းလာခဲ့သည်။

ဒါသည် သူကိုယ်တိုင်က ထုတ်လွှတ်ခဲ့သော မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း

မဟုတ်ပဲ ပုံဆောင်ခဲမှတဆင့် သူ၏ကိုယ်ပွားက ထုတ်လွှတ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်သူသည် မူလထက် များစွာအားနည်းပေသည်။

မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းက ပျောက်ကွယ်သွားသည်နှင့် ဖန်ကျန်းက သူ့အပေါ်သို့ ကျရောက်လာပေတော့မည်။

လင်းဖုန်းတွင် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ပုံဆောင်ခဲ နောက်ဆုံးတစ်ခု ရှိနေသေး၏။ ဤအချိန်တွင် သူသည် တောင်ပေါ်မှ အသံတစ်ခုက ပျံ့လွင့်လာခဲ့သည်ကို ကြားလိုက်ရသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊

ကျေးဇူးပြုပြီးမှ ဒီနေရာမှာ ကျုပ်ရဲ့
ဧည့်သည်အဖြစ်နဲ့ နေလိုက်ပါ။ ဒါပေမဲ့
အချိန်အတော် ကြာကြာတော့ နေနေရမယ်"

ခရမ်းရွှေရောင် သရဖူနှင့် တောက်ပြောင်သော
ဝတ်စုံများကို ဝတ်ဆင်ထားသည့် ဇူဟုန်ဝူသည်
ဟင်းလင်းပြင်ကို ချိုးဖောက်လာခဲ့ကာ
ဖန်ကျန်းတောင်ခြေတွင် ပေါ်လာခဲ့သည်။
သူသည် လင်းဖုန်းအောက်တွင် ပေါ်လာခဲ့၍
သူ့အား ခေါင်းမော့၍ ကြည့်နေခဲ့သည်။
သို့သော်လည်း သူသည် သူအား
အထင်သေးသည့် အကြည့်ဖြင့်
ကြည့်နေခဲ့သည်မှာ သိသာနေ၏။

ဇူဟုန်ဝူ၏ ခန္ဓာကိုယ် အတွင်းမှနေ၍ အော်ရာတစ်စက်မှ ထွက်မပေါ်နေခဲ့သော်လည်း သူသည် ကြောက်မက်ဖွယ်ရာ စွမ်းအားများဖြင့် ပြည့်နေခဲ့သည်။ သူက တိုးညင်းစွာနှင့် ပြောလိုက်၏။ "ခင်ဗျားက ကိုယ်ပွားတစ်ခုသာ ဖြစ်ပေမဲ့ ယင်ပင်လယ်ရဲ့ တောင်သုံးတောင်ကို သိမ်းပိုက်တဲ့ ဖြစ်စဥ်ကို ကြည့်ရတာက ဂုဏ်ယူစရာ အဖြစ်တစ်ခုပဲ"

## စာစဥ် ၃၈ : အပိုင်း ၁၃

## အပိုင်း ၇၂၃ : ဒီလိုမျိုးပဲ လွယ်လွယ်လေး ထွက်သွားနိုင်တာလား

အပေါ်တွင် ဖန်ကျွန်း အောက်တွင် ဇူဟုန်ဝူ ရှိနေခဲ့သဖြင့် လင်းဖုန်းသည် အကြားတွင် ပိတ်မိနေခဲ့၏။ သူ့တွင် ပြေးစရာမြေ မရှိတော့ဟု လင်းဖုန်းသည် ခံစားနေခဲ့ရသည်။

သို့သော်လည်း လင်းဖုန်းသည် တုန်လှုပ်နေခြင်း မရှိခဲ့ပေ။ ထို့အစား သူ၏ခေါင်းကို ဇူဟုန်ဝူဘက်သို့ ငုံ့ကြည့်လိုက်ကာ ဖွဖွလေး ပြုံးလိုက်၍ ပြောလိုက်သည်။ "ဖန်ကျွန်းက ခင်ဗျားတို့ လက်ထဲကို ကျရောက်နေခဲ့ပြီး ယင်ပင်လယ် အတွင်းမှာ အားသာချက် ရရှိထားခဲ့ပြီ ဖြစ်ပေမဲ့ မဟာကျိုး အင်ပါယာက

ဒီတစ်ခေါက်မှာ အနိုင်ရမယ်လို့ ပြောဖို့ စောနေပါသေးတယ်"

ဇူဟုန်ဝူက တိုးညင်းစွာနှင့် ပြောလိုက်သည်။ "သမိုင်းရဲ့ စီးဆင်းမှုဟာ တစ်စုံတစ်ယောက်က ရပ်တန့်လို့ ရနိုင်တဲ့ အရာတစ်ခု မဟုတ်ဘူး။ မဟာကျိုး အင်ပါယာ ပိုင်ဆိုင်နေတဲ့ ဂုဏ်ကျက်သရေကို ဘယ်သူနဲ့မှ ဝေမျှပြီး ခံစားနိုင်မှာ မဟုတ်ဘူး"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်၏။ "နှမြောစရာ ကောင်းတာက ဒီဂုဏ်ကျက်သရေဟာ မဟာကျိုး အင်ပါယာနဲ့ မသက်ဆိုင်တာပဲ။ မဟာကျိုး အင်ပါယာက

ကိုယ်ပိုင်နေမင်း အတွင်းမှာပဲ
နေပူစာလှုံလို့ရမယ်။ တခြားသူတွေရဲ့
အလင်းရောင်က မဟာကျိုး အင်ပါယာကို
မျက်စိကျိန်းစေလိမ့်မယ်"

ဇူဟုန်ဝူ၏ အမူအရာသည် တစ်စက်ကလေးမှ
ပြောင်းသွားခြင်း မရှိပဲ ဟင်းလင်းပြင်မှတဆင့်
လင်းဖုန်းထံသို့ လျှောက်လာခဲ့ကာ
ပြောလိုက်သည်။ "စကားပြောနေလို့ ဘာမှ
အကျိုးမရှိဘူး။ စောင့်ပြီးမှ ကြည့်ကြတာပေါ့"

ခြေတစ်လှမ်း လှမ်းလိုက်အပြီးတွင်
သူ၏ကိုယ်ပေါ်မှ အော်ရာများက
တိုးတက်လာခဲ့သည်။ မိစ္ဆာတစ်ပါးက

ဆင်းသက်လာသကဲ့သို့ ဖြစ်နေ၍ သူ၏
ခေါင်းပေါ်မှ ဟင်းလင်းပြင်သည်
တွန့်လိမ်ပြောင်းလဲနေခဲ့သည်။

ဇူဟုန်ဝူ၏ စွမ်းအားများသည် ဆထက်ထမ်းပိုး
တိုးတက်လာခဲ့သော်လည်း သာမန်
ကျင့်ကြံသူများနှင့် ကွဲပြားလှစွာ သူ၏
ခန္ဓာကိုယ်သည် သာမန်သေမျိုး
တစ်ယောက်အတိုင်းသာ ဖြစ်နေခဲ့သည်။
သို့သော်လည်း သူ၏ တိုက်ခိုက်လိုမှုသည် သူ၏
ခေါင်းအပေါ်တွင် ပုံရိပ်ယောင် တစ်ခုအဖြစ်
ပြောင်းလဲသွားနေခဲ့သည်။

သူ၏ခေါင်းအပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် မရေမတွက်နိုင်သော ကမ္ဘာငယ်များ ပေါ်လာကြကာ သူတို့တစ်ခုချင်းစီ၏ အတွင်းတွင် လိုသည်ထက် ပိုများနေသော နတ်ဘုရားများက သံပြိုင်ဟစ်ကြွေးနေကြ၏။

မရေမတွက်နိုင်သော ကမ္ဘာများသည် ဘီးများအဖြစ်သို့ ပြောင်းသွားကာ ဇူဟုန်ဝူ၏ ခေါင်းပေါ်တွင် ဖြည်းဖြည်းချင်း လည်ပတ်နေကြ၏။ သူ၏အတွင်းတွင် လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားတစ်ခု ပေါ်လာခဲ့သည်ဟု ထင်နေရသည်။

လင်းဖုန်းသည် သူ့အားကြည့်လိုက်၍ တည်ငြိမ်သော အမူအရာဖြင့် သူ၏ခေါင်းကို ခါလိုက်ကာ ပြောလိုက်သည်။ "ကျုပ်က သိပ်မကြာခင်မှာ ခင်ဗျားတို့ရဲ့ ဒီတောင်ကို ထပ်လာလည်ပါ့မယ်။ ဒါပေမဲ့ အဲ့ဒီအချိန်ကျရင် ခင်ဗျားတို့က ကျုပ်ကို မကြိုဆိုမှာကို စိုးရိမ်မိတယ်"

"ဒီကနေ့မှာတော့ ကျုပ်က သွားမှဖြစ်မယ်" လင်းဖုန်း၏ စကားဆုံးသည်နှင့် သူသည် ကျောက်စိမ်းတုံး တစ်ခုအား ထုတ်ယူလိုက်သည်။ ဒါသည် သူ၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း နောက်ဆုံး ပုံဆောင်ခဲ ဖြစ်၏။

ထိုကျောက်စိမ်းတုံးသည်
ငန်းဥလောက်သာရှိသော
သာမန်ကျောက်တုံးတစ်ခုနှင့်သာ တူနေသည်။
သူသည် လင်းဖုန်း၏ လက်ဖဝါး အတွင်းတွင်
ငြိမ်သက်စွာနှင့်သာ နေနေခဲ့၏။

ဇူဟုန်ဝူနှင့် ဖန်ကျန်းအပေါ်တွင် ထိုင်နေခဲ့သော
လှျမ်ပန်းတို့သည် ထိုကျောက်စိမ်းတုံးအား
တွေ့လိုက်ရသောအခါ သူတို့၏
နှလုံးခုန်သံများမှာ မြန်လာခဲ့သည်။

သူတို့သည် ထိုအရာမှာ မည်သည်ကို မသိခဲ့သော်လည်း သူတို့သည် လင်းဖုန်းအား ထိုအရာကို အသုံးပြုခွင့် ပေး၍မရပေ။

ဇူဟုန်ဂူ၏ ခန္ဓာကိုယ်သည် လှုပ်ရှားသွားပြီး အရှေ့သို့ လှမ်းလာခဲ့သည်။ အလင်းထက်ပင် ပို၍လျှင်မြန်စွာနှင့် သူသည် လင်းဖုန်း၏ အရှေ့တွင် ပေါ်လာခဲ့၏။ သိုင်းပညာ လမ်းစဉ်အား လေ့ကျင့်ထားသော ကျင့်ကြံသူ တစ်ယောက်၏ စွမ်းအားများသည် ပေါက်ကွဲထွက်လာခဲ့သည်။ သူသည် ဖန်ကျန်းထက်ပင် ပို၍ လျှင်မြန်နေသေးသည်။

သူသည် လက်သီးဖြင့် လှမ်းထိုးလိုက်ရာ စကြာဝဠာကြီး တစ်ခုလုံးက လင်းဖုန်း၏ အပေါ်သို့ ကျဆင်းလာသကဲ့သို့ ဖြစ်နေခဲ့သည်။

ဖန်ကျန်းကလည်း လင်းဖုန်း၏ ခေါင်းအပေါ်သို့ ကျဆင်းလာခဲ့သည်။ ဤအချိန်တွင် နဂါးသာ တိုက်ခိုက်နေခြင်း မဟုတ်ခဲ့ပဲ လျှမ်ပန်း၏ ကိုယ်ပွားကပါ အလင်းရောင်များဖြင့် လင်းလက်လာခဲ့သည်။

ခန်းမဆောင်အတွင်းမှ အလင်းတန်းများသည် အရပ်မျက်နှာ အားလုံးသို့ ပျံ့နှံ့သွားခဲ့၍ ဖန်ကျန်းတစ်တောင်လုံးကို ဖုံးလွှမ်းသွားခဲ့သည်။ ဖန်ကျန်းအား လွှမ်းခြုံထားသော

ရွှေရောင်အလင်းတန်းများက မှေးမှိန်သွားခဲ့ကာ ရွှေနက်ရောင် အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ကောင်းကင်နှလုံးသား ဖန်ကျန်း နတ်အလင်းတန်း!

ထိုရွှေနက်ရောင် အလင်းတန်း ပေါ်လာသောအခါ ဖန်ကျန်းသည် ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းလာခဲ့၏။ သူက မည်မျှ အစွမ်းထက်သည်ကို တစ်ယောက်ကမှ အသေအချာ မပြောနိုင်ခဲ့ပေ။

ထိုအလင်းတန်း ကျရောက်သွားသည့်
နေရာတိုင်းတွင် အသွင်သဏ္ဍာန် ကင်းမဲ့သော
ဟင်းလင်းပြင်ဖြစ်စေ၊ အရာဝတ္ထုများပင် ဖြစ်စေ
အားလုံးတို့သည် ပြာမှုန်များအဖြစ်သို့
ပြောင်းသွားခဲ့ကာ ကြည့်ရှုရသည့် သူတို့၏
ရင်အတွင်းတွင် ကြောက်ရွံ့မှုများကို
ဖြစ်ပေါ်စေခဲ့သည်။

ဇူဟုန်ဝူနှင့် လျှမ်ပန်းတို့သည် လျှင်မြန်စွာနှင့်
လှုပ်ရှားခဲ့ကြသည်။ အထူးသဖြင့် ဇူဟုန်ဝူ
ဖြစ်၏။ လျှပ်စီးလျှပ်သွားသကဲ့သို့ သူသည်
လင်းဖုန်း၏ အရှေ့တွင် ပေါ်လာခဲ့သည်။
သူ၏အမြန်နှုန်းသည် ကျင့်ကြံမှုအဆင့်တူသော

စူတောင်ခေါးဂိုဏ်းမှ ရှောင်ဇီခေါး
ကျင့်ကြံသူများထက် ပိုမြန်နေသေးသည်။

ဤအမြန်နှုန်းသည် လင်းဖုန်း၏ အခြေတည်
ဝိညာဉ် နောက်ဆုံး အဆင့်မှ သံမဏိသစ်ပင်
ကိုယ်ပွား၏ တုံ့ပြန်မှုနှုန်းထက်
သာလွန်နေသည်။

သို့သော်လည်း လင်းဖုန်းက တုံ့ပြန်ရန်
မလိုခဲ့ပေ။ သူသည် ထိုပြောင်ချောနေသော
ကျောက်စိမ်းတုံးအား ထုတ်ယူလိုက်ပြီးသည်နှင့်
အားလုံးတို့က အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။

အသွင်သဏ္ဍာန် အရောင်အဆင်း ကင်းမဲ့သော မှော်စွမ်းအင်များက စတင်ပျံ့နှံ့လာခဲ့သည်။ သူသည် အလင်းရောင်၊ အသံနှင့် ပုံစံ မရှိခဲ့ပဲ အစကတည်းက ဘာတစ်ခုမှ မရှိခဲ့သကဲ့သို့ပင် ဖြစ်နေခဲ့၏။

လင်းဖုန်းရှိနေသော ဟင်းလင်းပြင် အပိုင်းအစသည် စတင်၍ ပွင့်သွားခဲ့သည်။

ဖန်ကျန်းနတ်တောင်၏ ကောင်းကင်နှလုံးသား ဖန်ကျန်း နတ်အလင်းတန်းသည်လည်း ဘာမှ အသုံးမဝင်သကဲ့သို့ ဖြစ်နေခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့အား
ပြောင်းပြန်လှန်နိုင်စွမ်း ရှိသော ဇူဟုန်ဝူ၏
လက်သီးကလည်း အသုံးမဝင်ခဲ့ပေ။

အသံတစ်စက်မှ မထွက်ခဲ့ပဲ လင်းဖုန်းသည်
နဂိုနေရာမှ မည်သည့် သဲလွန်စမှ ချန်မထားခဲ့ပဲ
ပျောက်ကွယ်သွားခဲ့သည်။ ရောမ အပေါက်ကြီး
တစ်ခုသာ ကျန်ရစ်ခဲ့သည်။

ဒိုင်မန်းရှင်း အတွင်းမှ တုန်ခါမှုများကို
ခံစားနေခဲ့ရကာ ဇူဟုန်ဝူ၏ ပုံမှန်ဆိုလျှင်
တည်ငြိမ်နေ၍ အာဏာရှင်ဆန်သော
မျက်နှာသည် အံ့သြတုန်လှုပ်နေသည့်ပုံ
ပေါက်နေခဲ့၏။

ဖန်ကျန်း၏ အပေါ်မှ
နန်းတော်အတွင်းတွင်လည်း လျှမ်ပန်းသည်
အံ့အားသင့်နေသည့်ပုံ ပေါက်နေခဲ့၏။ သူ၏
မျက်နှာပေါ်တွင် လေးလံနေသည့် အမူအရာ
တစ်ခု ပေါ်လာခဲ့၍ ပြောလိုက်သည်။ "သူက
ကမ္ဘာနယ်နိမိတ် လမ်းကြောင်းကို
ဖွင့်လှစ်သွားခဲ့တာလား။ ဒါက ကစဥ္စကလျား
ဖြစ်နေတဲ့ ဟင်းလင်းပြင် စစ်တလင်း မဟုတ်ပဲ
ယင်ပင်လယ်သာ ဖြစ်တယ်။ ပြီးတော့
သူ့ကိုယ်ပွားကလည်း အခြေတည် ဝိညာဥ်
နောက်ဆုံး အဆင့်မှာပဲ ရှိသေးတယ်။ သူက
ဘယ်လိုလုပ်ပြီး လုပ်သွားခဲ့တာလဲ"

ကမ္ဘာတစ်ခု အတွင်းတွင် သို့မဟုတ်
ယင်ပင်လယ် အတွင်းတွင် ဟင်းလင်းပြင်
လမ်းကြောင်းများကို ဖွင့်လှစ်ခြင်းမှာ
အကြောင်းအရာ တစ်ခုဖြစ်သည်။
သို့သော်လည်း ဟင်းလင်းပြင် အတွင်းမှနေ၍
ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ်
လမ်းကြောင်းအား ဖွင့်လှစ်သည့် ကိစ္စမှာ
လုံးဝကို ကွဲပြားခြားနားသော ကိစ္စဖြစ်၏။
ရှုပ်ထွေးကာ ဖရိုဖရဲ ဖြစ်နေသော ဟင်းလင်းပြင်
စစ်တလင်းမှလွဲ၍ အခြားနေရာများတွင်
ဤကဲ့သို့ ပြုလုပ်ရခြင်းမှာ အမတန်မှ
ခက်ခဲလှသည်။

ထို့အပြင် လင်းဖုန်းသည် ဇူဟုန်ဝူနှင့် ဖန်ကျန်းတို့၏ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်မှုအကြားမှ ပြုလုပ်သွားခဲ့ခြင်း ဖြစ်သည်။ ဇူဟုန်ဝူ ဖြစ်စေ၊ ဖန်ကျန်းဖြစ်စေ သူတို့နှစ်ဦးစလုံးတို့သည် ဒိုင်မန်းရှင်းအား လုံးဝပိတ်ဆို့ထားခဲ့ခြင်း ဖြစ်သည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည်ပင်လျှင် ဤကဲ့သို့ လွယ်ကူစွာ စွမ်းဆောင်နိုင်မည် မဟုတ်ချေ။

ဇူဟုန်ဝူသည် သူ၏ လက်သီးအား ပြန်လည် ရုပ်သိမ်းလိုက်ကာ သူ၏ လက်ဝါးများကို ကွေးချည်ဆန့်ချည် လုပ်နေခဲ့သည်။ "ဒါက

နယ်နိမိတ်လမ်းကြောင်း တစ်ခုကို ဖွင့်ခဲ့ရုံတင် မကဘူး၊ သူက အခြားတစ်ဘက်ကို ချက်ချင်းဆိုသလိုပဲ ရောက်သွားခဲ့တယ်။ ကျွန်တော်က သူ့ကိုယ်ပွားကို လိုက်ဖမ်းပြီး သတ်ဖြတ်နိုင်ပေမဲ့ သူ့ရဲ့ သတင်းဖြန့်တာကိုတော့ တားဆီးနိုင်မှာ မဟုတ်ဘူး"

ဇူဟုန်ဝူ၏ လျှပ်စီးကဲ့သို့ အမြန်နှုန်းနှင့် သူသည် နယ်နိမိတ် လမ်းကြောင်းအား ဖြတ်ကျော်သွားကာ အခြားတစ်ဘက်သို့ လိုက်သွား၍ လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား လိုက်ဖမ်းနိုင်ပေသည်။

သို့သော်လည်း ဤအချိန် အတွင်းတွင် လင်းဖုန်း၏ ကိုယ်ပွားသည် သူ၏ မူလခန္ဓာကိုယ်နှင့် ဆက်သွယ်၍ ဖြစ်ခဲ့သမျှကို အကြောင်းကြားပြီးသား ဖြစ်နေလောက်ပြီ ဖြစ်သည်။

လိုက်ဖမ်းခြင်းသည် သူ၏ ဒေါသများကို ဖြေဖျောက်နိုင်ရုံသာ ရှိပြီး အခြားဘာမှ အဓိပ္ပာယ်ရှိမည် မဟုတ်တော့ပေ။ မဟာကျိုး အင်ပါယာက ဖန်ကျန်းကို ရယူထားနိုင်သော လျှို့ဝှက်ချက်သည် ပျံ့သွားတော့မည် ဖြစ်၏။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် ပြန်ပိတ်နေခဲ့သော နယ်နိမိတ် လမ်းကြောင်းကို ကြည့်လိုက်ကြကာ သုန်မှုန်စွာဖြင့် ငြိမ်သက်သွားကြသည်။

တောင်ပေါ်တွင် ရှိနေသည်မှာ လျှမ်ပန်း၏ ကိုယ်ပွားတစ်ခုသာ ဖြစ်သော်လည်း သူသည် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်သည်။ ထို့အပြင် ဇူဟုန်ဝူ ကိုယ်တိုင်ကလည်း ရှိနေခဲ့၏။ ဖန်ကျန်း၏ စွမ်းအားများကို အသုံးပြုလိုက်သည့် တိုင်အောင် သူတို့သည် လင်းဖုန်း၏ အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ ကိုယ်ပွား၏ ဆံပင်တစ်ချောင်းကိုမှ ထိခိုက်အောင်

မလုပ်နိုင်ခဲ့ပေ။ သူတို့အနေနှင့် ဒါသည် လုံးဝကို အရှက်ရခြင်း ဖြစ်သည်။

အကယ်၍ မဟာချင် အင်ပါယာမှ ကေရာဇ်ရှီယု၊ ရှီကျုံးယွဲ့နှင့် ရှင်ပျော်ပျော် သူတော်စင်တို့ကသာ ဤအကြောင်းကို သိသွားကြပါက သူတို့သည် သွားကျွတ်လုမတတ် ရယ်မောကြမည် ဖြစ်သည်။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် ခိုင်မာသော စိတ်စွမ်းအင်များ ရှိနေကြသော်လည်း သူတို့ နှစ်ယောက်စလုံးတို့သည် ယခုအချိန်တွင် အတော်ကိုပင် မရှင်မပြ ဖြစ်နေကြသည်။

သူတို့၏ စိတ်အတွင်းမှ မကောင်းသော ခံစားမှုများကို မျိုသိပ်ထားကြရင်း သူတို့၏ ရင်အတွင်းမှနေ၍ သံသယများ ပေါ်ပေါက်လာကြ၏။ "အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းခေါင်းဆောင် အခု အသုံးပြုသွားတဲ့ ကျောက်စိမ်းတုံးက ဘာများလဲ။ သူက ငါတို့ရဲ့ ဒိုင်မန်းရှင်းတွေ အပေါ်မှ ချမှတ်ထားတဲ့ အရံအတားတွေကို ချိုးဖောက်သွားနိုင်ရုံတင် မကပဲ ဘာတွေ လုပ်နိုင်သေးသလဲ။ သူ့ကို အသုံးပြုဖို့ အကန့်အသတ်တွေ ရှိသလား"

"ဟုန်ဝူ၊ အခြေအနေက ဒီလိုမျိုး ဖြစ်သွားပြီဆိုတော့ သူ့ကို လိုက်သတ်ဖို့ မလိုတော့ဘူး။ ငါတို့ရဲ့ နောက်ထပ် အစီအစဉ်တွေကို ပြောင်းပြီးတော့ ဆွဲမှ ရတော့မယ်" လျှမ်ပန်းက သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားလိုက်ကာ ဖန်ကျန်းတောင်အောက်မှ ဇူဟုန်ဝူအား ကြည့်၍ ပြောလိုက်သည်။

သူတို့ကဲ့သို့ အဆင့်မြင့် ကျင့်ကြံသူများ အနေနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှု သိပ်ရှိလိမ့်မည် မဟုတ်ပေ။ သို့သော်လည်း မပျော်မရွှင်မှုများ ဖြစ်ပေါ်လာပါက မပယ်ဖျောက်နိုင်ခဲ့လျှင်

အချိန်ကြာလာသည်နှင့်အမျှ သူတို့၏ ရင်အတွင်းမှ မိစ္ဆာစိတ်ရိုင်းများ အဖြစ်သို့ ပြောင်းသွားခဲ့မည် ဖြစ်သည်။

သို့သော်လည်း လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏ မျက်နှာပေါ်မှ အမူအရာများသည် ပုံမှန်သို့ ပြန်လည် ရောက်ရှိသွားကြသည်။ သူတို့သည် ဂရုမစိုက်ကြတော့ခြင်း မဟုတ်ပဲ ဤသံသယ မျိုးစေ့အား လက်ခံထားခဲ့ပါက သူသည် အပင်ပေါက်လာခဲ့ကာ ဆက်လက် ကြီးထွားလာမည်ကို သိနေသောကြောင့် ဖြစ်သည်။

သို့သော်လည်း ဒါသည် သူတို့၏
ထိန်းချုပ်မှုအောက်တွင်သာ ရှိသေး၏။
သူတို့သည် နောက်ပိုင်းတွင် လင်းဖုန်းအား
ပြန်ရှာ၍ လက်စားပြန်ချေနိုင်သေးသည်။
ဤသို့ဆိုလျှင် သူတို့သည် သူတို့၏
စိတ်အတွင်းမှ သံသယများကို
ဖယ်ရှားနိုင်မည်ဖြစ်ကာ သူတို့၏
စိတ်ကြံ့ခိုင်မှုကလည်း ပိုမို တိုးတက်လာမည်
ဖြစ်သည်။

ဇူဟုန်ဝူက ရိုသေစွာဖြင့် ပြောလိုက်သည်။
"အရှင်မင်းမြတ်က ဒီလိုကိစ္စမျိုးကို
ကြိုတင်တွက်ချက်ထားပြီး အစီအစဉ်တွေ
လုပ်ထားပြီးဖြစ်လို့ တော်သေးတယ်။

ဖန်ကျန်းရဲ့ လျှို့ဝှက်ချက်က
ပေါက်ကြားသွားခဲ့ပြီး မဟာကျိုးအတွက်
အခက်အခဲကို ဖြစ်စေခဲ့ပေမဲ့ ကျွန်တော်တို့က
အရန် အစီအစဉ်တွေကို ဆွဲထားပြီး ဖြစ်တယ်။
ကျွန်တော်က အခုပဲ သွားလုပ်လိုက်မယ်"

လျှမ်ပန်းက ခေါင်းညိတ်လိုက်ကာ
ဟင်းလင်းပြင်အား ကြည့်၍ ပြောလိုက်သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
တကယ့်ကိုပဲ လျှို့ဝှက်ချက်တွေနဲ့
ပြည့်နေတယ်"

ကျယ်လောင်လှသော မြည်ဟည်းသံ
တစ်ခုနှင့်အတူ ကြီးမားလှသည့် ဖန်ကျန်းသည်

ရွှေရောင် အလင်းတန်းများကို
ထုတ်လွှတ်နေခဲ့ပြီး ယင်ပင်လယ်၏ အပေါ်မှ
တိမ်တိုက်များ အကြားတွင် အစရှာမရပဲ
ပျောက်ကွယ်သွားခဲ့သည်။

အခြားတစ်ဘက်တွင်မူ လင်းဖုန်းသည်
ယင်ပင်လယ်မှ တိုက်ရိုက်ထွက်ခွာလာခဲ့၍
အရှေ့ပင်လယ်သို့ ရောက်ရှိလာခဲ့သည်။

ကမ္ဘာအကြားမှ နယ်နိမိတ် လမ်းကြောင်းများကို
ဖြတ်သန်း၍ သူသည် ယင်ပင်လယ်မှ
ထွက်ခွာကာ နတ်ဘုရားနယ်မြေသို့ ပြန်လည်
ရောက်ရှိနိုင်ခဲ့၏။

လင်းဖုန်းသည် နောက်သို့ပြန်လှည့်လိုက်ကာ ပျောက်ကွယ်နေခဲ့သော နယ်နိမိတ် လမ်းကြောင်းအား ကြည့်လိုက်၍ သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "ဒါက တကယ့်ကို မတည်ငြိမ်ဘူးပဲ"

သူသည် သူ၏လက်အတွင်းမှ ကျောက်စိမ်းတုံးလေးအား တယုတယ ပွတ်သပ်လိုက်ကာ ပြောလိုက်သည်။ "စနစ်အထဲက အိုင်တမ်တစ်ခုဟာ အရမ်းကောင်းနိုင်သလို အရမ်းလဲ ဆိုးနိုင်တယ်"

ဤကျောက်စိမ်းတုံးအား အရှုံအတား
ချိုးဖောက်ကျောက်တုံးဟု ခေါ်သည်။
လင်းဖုန်း၏ ရေပန်းစားမှု တန်ဖိုး
မြှင့်တင်ရသည့် အဓိကမစ်ရှင်
ပြီးဆုံးသွားသောအခါ စနစ်က သူ့အား
ပေးထားသော ဆုလာဘ်ပင် ဖြစ်၏။

အစောပိုင်းတွင် လင်းဖုန်းသည် သူ့အား
တစ်ခေါက်သာ အသုံးပြုခဲ့ရသေးသည်။
ယခုအချိန် အရှေ့ပင်လယ်သို့ လာသောခရီးတွင်
သူ့အား သယ်ဆောင်လာခဲ့ခြင်း ဖြစ်သည်။

ဒါသည် အမှန်တကယ်ကို အသုံးဝင်သော
ပစ္စည်းတစ်ခု ဖြစ်၏။ အထူးသဖြင့်

ထွက်ပြေးလွတ်မြောက်ရန် လိုအပ်သည့် အချိန်တွင် ဖြစ်သည်။

သူသည် ယခုအချိန်တွင် အလွန်အမင်းကို ကျေနပ်အားရနေခဲ့သည်။ မဟုတ်လို့ရှိလျှင် သူ၏ ယုကျင်းတောင်ပေါ်မှ မူလကိုယ်ခန္ဓာသည် ကျင့်ကြံမှုအား ရပ်တန့်ကာ အမြန်ပြေးလာရမည် ဖြစ်သည်။

"အာ၊ လျှမ်ပန်း၊ ဇူဟုန်ဝူ၊ မင်းတို့က ငါ့ကို အကြွေးဆပ်ဖို့ ဘာဖြစ်လို့ လိုက်မလာကြတာလဲ။ ငါကလည်း မင်းတို့ကို အကြွေးဆပ်ချင်နေတာ" လင်းဖုန်းက ရယ်၍ ပြောလိုက်သည်။ "ဒီကနေ့ အဖြစ်ကြောင့်

မင်းတို့က စိတ်မထိန်းနိုင် ဖြစ်မသွားကြပါနဲ့။ ငါက ငါတို့ရဲ့ အကြွေးတွေကို မကြာခင် ဆပ်တော့မှာပါ"

"ဒါ့အပြင်..' လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏လက်ကို ဖွင့်လိုက်၏။ သူ၏ လက်ဝါးအတွင်းတွင် ရွှေနက်ရောင် အလင်းတန်း တစ်ခုသည် လင်းလက်နေခဲ့ကာ ခရမ်းရောင် ခါတ်ငွေ့လှောင်အိမ် တစ်ခုအတွင်းတွင် အချုပ်နှောင် ခံထားရသည်။ ဒါသည် ဖန်ကျန်းနတ်တောင်၏ ကောင်းကင်နှလုံးသား ဖန်ကျန်း နတ်အလင်းတန်း ဖြစ်သည်

ထိုအလင်းတန်း အတွင်းမှ စွမ်းအားများကို
အာရုံခံလိုက်ရသောအခါ သူ၏
နှုတ်ခမ်းများသည် တွန့်သွားခဲ့ကာ
ပြောလိုက်သည်။ "ဒါက အစသာ ရှိသေးတယ်"

သူ၏ ပြိုင်ဘက်များသည် သူ့အား
လိုက်မဖမ်းခဲ့၍ လင်းဖုန်းကလည်း သူတို့အား
ဂရုမစိုက်တော့ချေ။ လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့သည် ယင်ပင်လယ် အတွင်းမှ
တောင်သုံးတောင်တို့အား ဤမျှ အရေးတကြီး
သဘောထားနေကြရာ လင်းဖုန်းကလည်း
အဘယ်ကြောင့် ဤကဲ့သို့
သဘောမထားနိုင်ရမည်နည်း။

"ဒီအကြောင်းပြောရရင် ဒီတစ်ခေါက် ငါယူဆောင်လာတဲ့ ပစ္စည်းတွေက အတော့်ကို အသုံးကျတာပဲ" တွေးနေရင်းနှင့် သူသည် အရုံအတား ချိုးဖောက်ကျောက်တုံးအား သိမ်းဆည်းလိုက်ကာ အခြားတစ်ခုအား ထုတ်လိုက်သည်။ ဒါသည် တစ်ဝက်တစ်ပျက် ထွင်းဖောက်မြင်နေရသော ပုလဲလုံးလေး ဖြစ်သည်။ သူ၏အတွင်းတွင် ရွှေရောင် မြူခိုးငွေ့များက လှည့်ပတ်နေကြ၏။

ထိုရွှေရောင် မြူခိုးငွေ့များ အတွင်းတွင် ခရမ်းရောင် အလင်းတန်း တစ်ခုက တောက်ပစွာနှင့် လင်းလက်နေခဲ့သည်။

ဒါသည် ကောင်းကင်ယောက်သွား ရွှေပုလဲ ဖြစ်သည်။ ယင်းပင်လယ် အတွင်းတွင် သူသည် နှစ်ကြိမ်တိုင်တိုင် ထူးခြားစွာ လုပ်ဆောင်ခဲ့၏။ ရွှေပုလဲအတွင်းမှ ခရမ်းရောင် အလင်းတန်းသည် အလွန်အမင်း တောက်ပလာခဲ့ကာ ပုလဲတစ်ခုလုံးသည် ခရမ်းရောင် သန်းသွားခဲ့သည်။

ထို့နောက်တွင် ဖန်ကျန်းက ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

## စာစဥ် ၃၈ : အပိုင်း ၁၄

# အပိုင်း ၇၂၄ : မင်းက ကစားပွဲရဲ့ စည်းမျဉ်းတွေကို ချမှတ်ပေး၊ ငါက အနိုင်ယူမယ်

ယင်ပင်လယ်၏ တောင်သုံးတောင် ပေါ်လာမည့် အချိန်တွင် အားလုံးတို့သည် ယင်ပင်လယ်အား ထိန်းချုပ်နိုင်ရန် ကြံစည်နေကြ၏။ ဘာပဲပြောပြော ဒါသည် လူတိုင်း မက်မောလောက်သည့် ရတနာသိုက် တစ်ခုပင် ဖြစ်၏။

သို့သော်လည်း လင်းဖုန်း အပါအဝင် အခြားသူများ အားလုံးတို့သည် တောင်သုံးတောင် အတွင်းတွင် တစ်တောင် အပါအဝင်ဖြစ်သော ဖန်ကျန်းသည် မဟာကျိုး

အင်ပါယာ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားပြီကို မသိခဲ့ကြပေ။

မဟာကျိုး အင်ပါယာ အနေနှင့် ဖန်ကျန်းကို ထိန်းချုပ်နိုင်ခြင်းသည် သူတို့ အကြံအစည်၏ ပထမ အပိုင်းသာ ဖြစ်သေးသည်။ နောက်တစ်ဆင့်တွင် သူတို့သည် ကျန်သော တောင်နှစ်တောင် ဖြစ်ကြသည့် ပန်းလိုင်နှင့် ယင်ကျိုးတို့အား ရယူနိုင်ရန် ကြိုးစားကြမည် ဖြစ်သည်။ အားလုံးတို့က ထိန်းချုပ်နိုင်ရန် ကြိုးစားကြသည့်အနက် မဟာကျိုး အင်ပါယာသည် ထိပ်မှ ပြေးနေခဲ့ပြီ ဖြစ်၏။

လင်းဖုန်းသည် အဖြူရောင် အလင်းတန်း လမ်းကြောင်းအား ဖွင့်လှစ်နိုင်သော အဆောင်လက်ဖွဲ့အား ရေချိုသူတော်စင်ကို မဟာကျိုး အင်ပါယာက ပေးထားခဲ့သည်ကို သိရှိခဲ့ရအပြီးတွင် သူ၏ ရင်အတွင်းမှ မသက်မသာ ခံစားနေခဲ့ရသည်။

ယင်ပင်လယ်သည် ဟင်းလင်းပြင် စစ်တလင်းကဲ့သို့ ခန့်မှန်းရ မခက်ခဲပဲ ကစဥ့်ကလျား မဖြစ်နေသော်လည်း နတ်ဘုရား နယ်မြေ အတွင်းမှ ယင်ပင်လယ်၏ အတွင်းသို့ အဆောင်လက်ဖွဲ့ တစ်ခုဖြင့် ကျင့်ကြံသူ တစ်ယောက်အား ပို့နိုင်ရန်ဆိုလျှင် ကျင့်ကြံမှု အဆင့်အတန်း မြင့်မား၍ ယင်ပင်လယ်အား

နက်ရှိုင်းစွာ နားလည်ထားသည့်
ကျင့်ကြံသူတစ်ယောက် လိုအပ်သေးသည်။
ထို့အပြင် သူသည် ယင်ပင်လယ်အား
အတိုင်းအတာ တစ်ခုအထိ
ထိန်းချုပ်နိုင်ခြင်းလည်း ရှိရဦးမည် ဖြစ်သည်။

မဟာကျိုး အင်ပါယာသည် ပထဝီဝင်
အနေအထားအရ အားသာချက်ရှိပြီး
တိုင်ကေရာဇ်က လွန်ခဲ့သော
နှစ်ပေါင်းများစွာက တည်ဆောက်ထားခဲ့သော
အခြေခံများမှလည်း အကျိုးအမြတ် ရရှိခဲ့သည်။
ထို့ကြောင့် သူတို့၏ အရှေ့ပင်လယ်နှင့်
ယင်ပင်လယ်တို့အား နားလည်နိုင်မှုမှာ
အခြားသူများထက် ပို၍နက်ရှိုင်းသည်။

သို့သော်လည်း သူတို့သည် ဤမျှဖြင့်
ထိုအဆောင်လက်ဖွဲ့ကို ပြုလုပ်နိုင်မည်
မဟုတ်သေးချေ။

ထို့အပြင် ထိုအဆောင်လက်ဖွဲ့သည် မဟာကျိုး
အင်ပါယာအား အညံ့ခံထားသော
အင်မော်တယ်ဝိညာဥ် အဆင့်
ကျင့်ကြံသူများအား ပေးအပ်ထားခြင်း
ဖြစ်သည်။ ဒါသည် ထိုအဆောင်လက်ဖွဲ့ကို
အမြောက်အမြား ထုတ်လုပ်နိုင်သည်ဟု
ဆိုလိုနေခြင်းလည်း ဖြစ်၏။

ထို့ကြောင့် လင်းဖုန်းသည် ယင်ပင်လယ်
အတွင်းသို့ ထိုအဖြူရောင် အလင်းတန်း

လမ်းကြောင်းဖြင့် ဝင်လာခဲ့ချိန်တွင် သူ၏ ပူပန်မှုများမှာ ဖြစ်နိုင်ခြေ များနေသော်လည်း မှားနေပါစေဟု ရင်အတွင်းမှနေ၍ ဆုတောင်းနေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သူ၏ ကြောက်ရွံ့မှုများသည် အမှန်တကယ် ဖြစ်လာခဲ့သည်။ မဟာကျိုး အင်ပါယာသည် ယင်ပင်လယ် အတွင်းမှ တောင်တစ်တောင်ကို အမှန်တကယ် ထိန်းချုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

မဟာကျိုး အင်ပါယာသည် ယင်ပင်လယ် အတွင်းမှ တောင်သုံးတောင် ပေါ်လာသည့် အချိန်တွင် ဤမျှအထိ ယုံကြည်မှု ရှိနေသည့်ပုံ

ပေါက်နေသည်မှာ အထူးအဆန်း
မဟုတ်တော့ပေ။

လင်းဖုန်းအနေနှင့် သူ၏ ပြိုင်ဘက်များသည်
ကစားပွဲ၏ စည်းမျဉ်းများကို
ချမှတ်ထားသော်လည်း သူသည်
နည်းလမ်းတစ်ခုရှာကာ အနိုင်ယူရမည်
ဖြစ်သည်။ သူသည် ယင်ပင်လယ်အား
သူ့ရန်သူများ၏ လက်အတွင်းသို့
အကျရောက်မခံနိုင်ပေ။

ဖန်ကျန်းအား ရယူနိုင်ခြင်းသည် မဟာကျိုး
အင်ပါယာအား အားသာချက်ကြီးကြီး
ပေးလိုက်ခြင်း ဖြစ်သည်။ သို့သော်လည်း

အခြားသူများ မသိကြသေးသဖြင့် ပန်းလိုင်နှင့် ယင်ကျိုးတို့က ပေါ်လာသည့် အချိန်တွင် မဟာကျိုး အင်ပါယာသည် သူတို့နှစ်ခုစလုံးတို့ကို သူတို့၏ အားသာချက်များကို အသုံးချကာ တစ်ခါတည်း ရယူနိုင်ရန် ကြိုးစားမည် ဖြစ်၏။

သို့သော်လည်း ယခုအချိန်တွင် သတင်းများက ပျံ့သွားခဲ့ပြီ ဖြစ်သဖြင့် သူတို့၏ ပိုင်ဆိုင်ထားသော ဖန်ကျန်းသည် အသွားနှစ်ဘက်ပါ ဓားတစ်လက် ဖြစ်သွားခဲ့ပြီ ဖြစ်၏။ မဟာကျိုး အင်ပါယာသည် ပထမဆုံး လှုပ်ရှားသူ၏ အားသာချက်များကို

ရရှိခဲ့သော်လည်း တစ်ချိန်တည်းတွင်ပင် အခြားသူများ၏ ဘုံပစ်မှတ် ဖြစ်သွားခဲ့သည်။

လင်းဖုန်းသည် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား စာနာနေမည် မဟုတ်ပေ။ သူယင်ပင်လယ် အတွင်းမှ ထွက်ခွာခဲ့ အပြီးတွင် ပထမဆုံး ပြုလုပ်သည့် အရာမှာ ဤသတင်းကို လူများများ သိစေနိုင်ရန် အတတ်နိုင်ဆုံး ဖြန့်ဖြူးခြင်းပင် ဖြစ်၏။

မဟာကျိုး အင်ပါယာက ဤသတင်းပေါက်ကြားမှုကို အသေအချာ တုံ့ပြန်လိမ့်မည်ဟု သူ့အနေနှင့် သေချာနေ၏။ သူတို့သည် ဘာမှမလုပ်ပဲ ဤအတိုင်း

ထိုင်ကြည့်နေကြမည် မဟုတ်ပေ။
သို့သော်လည်း သူတို့က မည်ကဲ့သို့
ပြုလုပ်သည်ဖြစ်စေ
သတင်းမပေါက်ကြားခဲ့မီကထက်စာလျှင် ပိုမို
ဆိုးဝါးမည် ဖြစ်သည်။

ထို့အပြင် ဖန်ကျန်းသည် မဟာကျိုး
အင်ပါယာ၏ ယင်ပင်လယ် အတွင်းမှ
တောင်များကို ထိန်းချုပ်ရန်အတွက်
လျှို့ဝှက်ဖဲချပ် ဖြစ်သည်။ ဤသတင်းက
အချိန်မတိုင်မီ ပေါက်ကြားသွားခဲ့သဖြင့်
လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် ယခုအချိန်တွင်
တည်ငြိမ်အောင် ထိန်းထားနိုင်ပြီ
ဖြစ်သော်လည်း သူတို့သည်

ခေါင်းအကြီးအကျယ် ကိုက်နေရပြီ
ဖြစ်ပေလိမ့်မည်။

ဤသတင်းအား ဖြန့်ခဲ့အပြီးတွင် လင်းဖုန်းသည်
ကောင်းကင်နှလုံးသား ဖန်ကျန်း
နတ်အလင်းတန်းအား စတင်
စူးစမ်းလေ့လာခဲ့သည်။

သူသည် အရှံအတား ချိုးဖောက်ကျော်တုံးဖြင့်
ထွက်ခွာလာခဲ့စဥ်က ကောင်းကင်၏
စည်းရိုးများနှင့် ကောင်းကင်ကမ္ဘာငယ်
မှော်ကျိန်စာများဖြင့် ထိုအလင်းတန်း
အနည်းငယ်ကို ယူဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် အများအပြား မဟုတ်သော်လည်း သူ၏ စွမ်းအားများမှာ ထူးခြားလှ၏။ သူသည် အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ သံမဏိသစ်ပင် ကိုယ်ပွားဖြင့် ဖိနှိပ်ထားသည့်တိုင်အောင် ဖိအားများကို ခံစားနေရသေးသည်။

သို့သော်လည်း ဒါသည် လင်းဖုန်းအား ကျေနပ်အားရစေခဲ့သည်။ သူသည် ရွှေနက်ရောင် အလင်းတန်းများအား ကြည့်လိုက်ကာ သူ၏ စိတ်အတွင်းတွင် အတွေးများက ပေါ်ပေါက်လာခဲ့၏။

ဖြည်းဖြည်းချင်းပင် သူ၏ စိတ်အတွင်း၌
အကြံတစ်ခု ပုံပေါက်လာခဲ့သည်။

မဟာကျိုး အင်ပါယာနှင့် ဖန်ကျန်းတို့၏
ပြဿနာများအပြင် အခြားအရာများကလည်း
သူ၏အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

သူနှင့်အတူ ယူဆောင်လာသော
ကောင်းကင်ယောက်သွား ရွှေပုလဲက
ရုတ်တရက် တုံ့ပြန်လာခဲ့သဖြင့် လင်းဖုန်းက
အံ့အားသင့်သွားခဲ့သည်။

ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ ခရမ်းရောင် အလင်းတန်းများသည် ပုလဲအတွင်းမှ ပါလာခဲ့ခြင်း မဟုတ်ပေ။ အစောပိုင်းက တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင် သူတို့အုပ်စုက ဟေးဒီးစ် အမှောင်မန္တန်အတွက် ပြိုင်ဆိုင်ခဲ့ကြရာတွင် သူသည် သုံးပိုင်း ပိုင်းသွားခဲ့သည်။ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် မဟာကျိုး အင်ပါယာတို့က တစ်ပိုင်းစီ ရသွားခဲ့၏။

သို့သော်လည်း သူတို့သုံးယောက်အပြင် လင်းဖုန်း၏ ကောင်းကင်ယောက်သွား ရွှေပုလဲကလည်း ခရမ်းရောင်

အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်ကို
မည်သူကမှ သတိမထားမိခဲ့ကြပေ။

ပြီးတာနှင့် လင်းဖုန်းသည်
ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ
ခရမ်းရောင် အလင်းစ အနည်းငယ်ကို
အသေအချာ စူးစမ်းလေ့လာခဲ့သော်လည်း ဘာမှ
အကျိုးမထူးခဲ့ပေ။

သူသည် ယင်ပင်လယ် အတွင်းသို့
ရောက်သောအခါမှ နှစ်ကြိမ်တိုင်တိုင် တုံ့ပြန်မှု
ရှိလိမ့်မည်ဟု လုံးဝ ထင်မထားခဲ့ပေ။
ဒုတိယအကြိမ် သူလင်းလက်လာသော

အချိန်မှာ ဖန်ကျန်းက ပေါ်ပေါက်လာသော အချိန်တွင် ဖြစ်၏။

ပထမအချိန်တွင် သူသည် ဘာအကြောင်းမှ မရှိပဲနှင့် လင်းလက်လာခဲ့ခြင်း ဖြစ်သည်။ လင်းဖုန်းသည် သူ၏ ပတ်ဝန်းကျင်တွင် မည်သည့် ထူးခြားသော အရာကိုမှ သတိမပြုမိခဲ့ပေ။

ပြီးတာနှင့် လင်းဖုန်းသည် သူက အဖြူရောင် အလင်းတန်း လမ်းကြောင်းအနောက်သို့ လိုက်ရန် ဆုံးဖြတ်ခဲ့သဖြင့် မရပ်နားခဲ့လိုက်ပေ။

သို့သော်လည်း ကိစ္စများက ထင်သလောက် မရိုးရှင်းနေသည်ကို သူက သိနေခဲ့သည်။ ခရမ်းရောင် အလင်းတန်းများက ပထမအကြိမ် လင်းလက်ခဲ့သည့် အချိန်တွင် သူက နောက်ထပ် နတ်တောင်တစ်တောင် အနားတွင် ရောက်နေခဲ့ခြင်း ဖြစ်နိုင်သည်။

ဒါသည် ပန်းလိုင် သို့မဟုတ် ယင်ကျိုး ဖြစ်နိုင်သည်။

သို့သော်လည်း ယခုအချိန်သည် နတ်တောင်များ ပေါ်လာသည့်အချိန် မဟုတ်သေးပေ။ ပန်းလိုင်ဖြစ်စေ ယင်ကျိုးဖြစ်စေ သူတို့သည် ယင်ပင်လယ် အတွင်းမှ

ပုံရိပ်ယောင်များစွာတို့၏ အကြားတွင် ပျောက်ဆုံးနေကြဦးမည် ဖြစ်၏။ လင်းဖုန်း ကိုယ်တိုင်လာခဲ့လျှင်ပင် သူသည် ရှာတွေ့နိုင်မည် မဟုတ်ပေ။

လင်းဖုန်းအား အာရုံပိုစိုက်စေခဲ့သည်မှာ ကောင်းကင်ယောက်သွား ရွှေပုလဲက ပထမအကြိမ် လင်းလက်လာခဲ့သောအခါ သူသည် ဖန်းကျန်းအနားတွင် ဒုတိယအကြိမ် လင်းလက်လာခဲ့သည်ထက် များစွာပို၍ တောက်ပခြင်း ဖြစ်သည်။

ဒါသည် ကောင်းကင်ယောက်သွား ရွှေပုလဲက နောက်ထပ် နတ်တောင်တစ်လုံးအား

အာရုံခံမိနေ၍ ဖြစ်ကာ သူ၏ တုံ့ပြန်မှုသည် ဖန်ကျန်းအား တုံ့ပြန်မှုထက် များစွာပို၍ အားကောင်းသည်။

လင်းဖုန်းက တွေးလိုက်သည်။ "ဒီရတနာက ယင်ပင်လယ်က လာခဲ့တာဖြစ်ပြီး ယင်ကျိုး ဒါမှမဟုတ် ပန်းလိုင်နဲ့ ဆက်စပ်နေတာများလား"

သူ၏ ဖန်ကျန်းအား တုံ့ပြန်မှုမှနေ၍ နတ်တောင်များသည် ကောင်းကင်ယောက်သွား ရွှေပုလဲနှင့် တိုက်ရိုက် ဆက်စပ်နေခြင်း မရှိကြောင်းကို သိနိုင်ခဲ့သည်။ သူသည် တောင်သုံးတောင် အကြားမှ အချင်းချင်း

ဆက်သွယ်နေမှု အပေါ်တွင်သာ
မူတည်နေနိုင်ပေသည်။

ဤအချိန်တွင် ကောင်းကင်ယောက်သွား
ရွှေပုလဲသည် စတင်ပြောင်းလဲလာခဲ့၏။
ခရမ်းရောင် အလင်းတန်းများက ထပ်မံ
လင်းလက်လာခဲ့သည်။ သူသည် မျက်စိကျစရာ
အရမ်း မကောင်းသော်လည်း တစ်စုံတစ်ခုက
လှုံ့ဆော်နေသည်မှာ သေချာနေသည်။
လင်းဖုန်းက သူ့အား ထူးခြားစွာနှင့်
ကြည့်လိုက်ကာ တွေးလိုက်သည်။
"အခုအချိန်မှာ ငါက အရှေ့ပင်လယ် အတွင်းမှာ
ရှိနေတာ။ ဘာဖြစ်လို့ လှုပ်ရှားမှုတွေ
ရှိနေရတာလဲ"

ဤကိစ္စအား ပဟေဠိ ဖြစ်နေခဲ့သော်လည်း လင်းဖုန်းသည် အချိန်တစ်စက်မှ ဖြုန်းနေခြင်း မရှိပေ။ ချက်ချင်းဆိုသလိုပင် သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား ကျင့်ကြံလိုက်သည်။ သူသည် မှော်သင်္ကေတ တစ်ခုအား ဖန်ဆင်းလိုက်ရာ ခရမ်းရောင် တိမ်တိုက်များက ပုလဲအား ပင့်တင်ပေးလိုက်သည်။

ပုလဲသည် လေထုအလယ်တွင် တုန်ခါသွားခဲ့ကာ မှေးမှိန်သော အလင်းတန်း တစ်ခုသည် အဝေးတစ်နေရာသို့ ညွှန်ပြနေခဲ့သည်။

ပုံရိပ်ယောင်များဖြင့် ပြည့်နေသော
ယင်ပင်လယ် အတွင်းမှ ထွက်လာခဲ့သော်လည်း
ကောင်းကင်ယောက်သွား ရွှေပုလဲသည်
လင်းဖုန်းအား လမ်းပြပေးနိုင်ဆဲ ဖြစ်၏။

လင်းဖုန်းသည် အဝေးကို ကြည့်လိုက်ကာ
ကောင်းကင်ယောက်သွား ရွှေပုလဲကို
ပြန်သိမ်းလိုက်ပြီး ထိုနေရာသို့
ပျံသန်းသွားခဲ့သည်။

ပျံသန်းနေရင်းနှင့် လင်းဖုန်းသည် သူ၏နေရာကို
စူးစမ်းလိုက်ကာ တွေးလိုက်သည်။ "ဒါက
အရှေ့ပင်လယ်ရဲ့ မြောက်ပိုင်းနေရာ ဖြစ်တယ်။
သူက လောဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းနဲ့

သိပ်မဝေးပဲ နတ်ဘုရားနယ်မြေနဲ့
ယင်ပင်လယ်တို့ အကြားရဲ့ နယ်နိမိတ်
လမ်းကြောင်းတွေ အနားမှာ ရှိနေတယ်။
နတ်ဘုရားနယ်မြေနဲ့ မဟာလွင်တီးခေါင်
ကုန်းမြေတို့ရဲ့ နယ်နိမိတ် လမ်းကြောင်းနဲ့လည်း
သိပ်မဝေးဘူး"

ဤအထိတွေးပြီးသည်နှင့် လင်းဖုန်းသည်
အနောက်ဘက်အရပ်တွင်
စွမ်းအားကောင်းသော မှော်စွမ်းအင် များက
တုန်ခါနေခဲ့သည်ကို သတိပြုမိလိုက်သည်။

အာရုံခံကြည့်လိုက်သောအခါ လင်းဖုန်းသည်
ထိုမှော်စွမ်းအင်များသည်

လူသားကျင့်ကြံသူများသာမက မိစ္ဆာများထံမှပါ လာနေကြောင်းကို သဘောပေါက်လိုက်၏။ နှစ်ဦးနှစ်ဘက်သားတို့သည် ရန်စောင်နေကြသည်နှင့် တူနေခဲ့သည်။

အဝေးတွင်သာ ရှိနေပြီး လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် အင်မော်တယ် ဝိညာဉ် အဆင့်တွင် မရှိသေးသဖြင့် သူသည် ပြိုင်ဘက်များ၏ စွမ်းအား အဆင့်အတန်းကို မပြောနိုင်ပဲ သူ၏ တည်ရှိနေမှုကိုသာ အတည်ပြုနိုင်ခဲ့သည်။

သူသည် အာရုံစိုက်လိုက်ရာ ထိုမော်စွမ်းအင်သည် သူ့ထံသို့ ဦးတည်လာနေခဲ့သည်ကို သိခဲ့လိုက်သည်။

လင်းဖုန်းသည် သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ သူ၏ သဘာဝလွန် အသိစိတ်အား ပြန်ရုပ်သိမ်းလိုက်၍ တွေးလိုက်သည်။ "ကြည့်ရတာ သီးသန့်ကမ္ဘာနှစ်ခုက ရင်ဆိုင်နေခဲ့ကြတာပဲ။ သူတို့နှစ်ခုစလုံးက ကောင်းကင်လိုမျိုး ကျယ်ပြန့်တယ်။ ဒီလိုမျိုး စွမ်းအားက အင်မော်တယ် ဝိညာဉ် တတိယ အဆင့်က ကျင့်ကြံသူ ဒါမှမဟုတ် မသေဝိညာဉ်

တတိယအဆင့်က မိစ္ဆာ မဟာပဏ္ဍိတမှာသာ တွေ့နိုင်တယ်"

လူသားကျင့်ကြံသူသည် စင်စစ်ဖြစ်တည်မှု လမ်းကြောင်းကို လေ့ကျင့်ထားပြီးနိုင်ကာ မိစ္ဆာ မဟာပဏ္ဍိတသည် မူလ အစစ်အမှန် စိတ်ဝိညာဉ်အား ဖန်ဆင်းထားနိုင်ခဲ့ပြီး ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးတို့သည် သူတို့၏ ကိုယ်ပိုင် ကောင်းကင်နှင့် မြေကြီးတို့အား ဖန်ဆင်းနိုင်ရန်တော့ အတော်လေး လိုနေသေး၏။

သူတို့ ဖော်ပြခဲ့သော ကြီးမားသည့် စွမ်းအားနှင့် နက်ရှိုင်းသော ကျင့်ကြံမှုသည် သူတို့သည်

စင်စစ် ဖြစ်တည်မှု လမ်းကြောင်းနှင့်
ပေါင်းစပ်ကြယ်စင် ဝိညာဉ်အဆင့်တွင်
ရှိနေကြောင်းကို ပြသနေခဲ့သည်။

သူတို့သည် လင်းဖုန်းက သူ၏ သဘာဝလွန်
အသိစိတ်အား ပြန်လည် ရုပ်သိမ်းလိုက်သည်ကို
သတိထားမိခဲ့သောအခါ သူတို့အချင်းချင်း
ပြန်လည် အာရုံစိုက်လိုက်ကြ၏။

"သူတို့အထဲမှာ တစ်ယောက်က
လော်ဖူးသူတော်စင် ဖြစ်လိမ့်မယ်။ ကြည့်ရတာ
သူက မသေဝိညာဉ် တတိယအဆင့်က မိစ္ဆာ
မဟာပဏ္ဍိတ တစ်ပါးက နယ်နိမိတ်
လမ်းကြောင်းကနေ ဝင်လာခဲ့တာကို

တားဆီးနေတာ ဖြစ်လိမ့်မယ်" လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ သူတို့အား လျစ်လျူရှုထားလိုက်ပြီး သူ၏ ပန်းတိုင်နေရာသို့သာ ဆက်လက် ပျံသန်းသွားလိုက်သည်။

မကြာမီပင် သူသည် လူမနေထိုင်သည့် ကျွန်းငယ်လေး တစ်ခုအပေါ်သို့ ရောက်လာခဲ့သည်။

လင်းဖုန်းသည် ထိုကျွန်းအား သူ၏ သဘာဝလွန် အသိစိတ်နှင့် ဆန်းစစ်လိုက်ရာ သူ၏ မြင်ကွင်းအတွင်းတွင် အစိမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်က ပေါ်လာခဲ့၏။ သူသည်

တောအုပ်တစ်ခုအတွင်းတွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့ကာ တရားထိုင်နေခဲ့သည်။

ထိုလူငယ်သည် အသက် ၁၅နှစ်ပင် မရှိသေးသော်လည်း သူ၏အရပ်မှာ အလွန်ရှည်သည်။ သူသည် ၁.၉မီတာခန့် ရှည်လိမ့်မည်ဟု လင်းဖုန်းက တွက်လိုက်၏။ သို့သော်လည်း သူ၏ ခန္ဓာကိုယ်မှာ အချိုးအစား အလွန်ကျနသည်။ သူသည် ပိန်ရှည်ရှည် ဖြစ်မနေခဲ့သလို  သိပ်လည်း မဝနေခဲ့ပေ။

သူ၏ ကြည်လင်၍ ချောမောသော ရုပ်ရည်နှင့် သူအား ကြည့်ရသည်မှာ အချိုးမကျ ဖြစ်မနေခဲ့ပေ။

သို့သော်လည်း သူ့အား ကြည့်ရသည်မှာ ချီသာဝက အဆင့်သာ ရှိနေသေး၏။ သူသည် စတင် ကျင့်ကြံခဲ့သည်မှာ ကြာသေးသည့်ပုံ မပေါက်ချေ။ သူသည် အလွန်အမင်း ထူးချွန်သည့်ပုံ မပေါက်ပဲ သာမန်ထက်သာ အနည်းငယ် ပို၍ အလားအလာ ရှိသည့်ပုံ ပေါက်နေသည်။

သို့သော်လည်း လင်းဖုန်း၏ သဘာဝလွန် အသိစိတ်သည် သူ့အား စူးစမ်းလိုက်သောအခါ သူသည် ဆေးပင်ဝါးပင် များစွာတို့၏ စွမ်းအားများဖြင့် ပြည့်ဝနေသည်ကို တွေ့လိုက်ရသည်။

ထိုဆေးဝါးများမှ အတော်ကို ထူးခြားသည်။ သူတို့သည် သူ၏အတွင်းသို့ စားသုံးခြင်းကို ခံခဲ့ရပြီးသော်လည်း အစာမခြေရသေးပေ။ ထို့အစား သူတို့သည် မှော်ကျိန်စာ တစ်မျိုးဖြင့် ထိန်းချုပ်ထားခြင်းကို ခံနေရသကဲ့သို့ ဖြစ်နေခဲ့သည်။

ထိုမှော်ကျိန်စာအား ထုတ်လွှတ်ထားသူသည် အနည်းဆုံး ရွှေရောင်ဗဟိုချက် အဆင့်တွင် ရှိနေသည်။ ထိုလူငယ် ကိုယ်တိုင် မဖြစ်နိုင်ပေ။

လင်းဖုန်းသည် ထိုလူငယ်က ဆေးပင်များကို မှားယွင်း၍ စားသုံးခဲ့မိပြီး တစ်စုံတစ်ယောက်က သူ့အား ဒုက္ခမရောက်စေရန် အထူးမှော်ကျိန်စာ တစ်မျိုးကို အသုံးပြုကာ တားဆီးထားခဲ့ဟန် တူသည်။ သို့သော်လည်း ဆေးဝါးများကို သူ့ကိုယ်အတွင်းမှ ဒဏ်ရာမရစေပဲ ပြန်လည်ထုတ်ယူရန် မတတ်နိုင်ပဲ ဤကဲ့သို့သာ ပြုလုပ်ထားရန် တတ်နိုင်သည့်ပုံ ပေါက်နေသည်။

ဤအချက်ကို ကြည့်ချင်းအားဖြင့် ဤမှော်ကျိန်စာကို ထုတ်လွှတ်ထားသောသူသည် စိတ်ကောင်းရှိသူ သို့မဟုတ် ဤလူငယ်နှင့်

ဆက်ဆံရေးကောင်းများ ရှိသူဖြစ်နိုင်သည်။ ထို့ကြောင့် သူက သူ့အား အန္တရာယ် မဖြစ်စေလိုနေခြင်း ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် ထိုဆေးဝါးများက တန်ဖိုးကြီးကာ ရှားပါးသည်။ ထိုသူကလည်း ဤလူငယ်အား သူတို့ကို မစုပ်ယူနေစေလိုပေ။

သို့သော်လည်း သူ၏အရှေ့မှ ထိုချီသာဝက အဆင့်မှ ဝတ်ရုံစိမ်းနှင့် လူငယ်သည် ကောင်းကင်ယောက်သွား ရွှေပုလဲက တုံ့ပြန်မှု ပြုလုပ်ခဲ့သော အရင်းအမြစ် ဖြစ်နေ၍ လင်းဖုန်းက သူ့အား အထူးအာရုံစိုက်နေခဲ့သည်။

"စိတ်ဝင်စားစရာပဲ၊ ဟေးဒီးစ်ဧကေရာဇ်က ကျဆုံးသွားတာ နှစ်ပေါင်း ၄၀၀၀ကျော် ရှိနေပြီး ကောင်းကင်ယောက်သွား ရွှေပုလဲ ရှိနေတာကလည်း နှစ်ပေါင်း တစ်သောင်းကျော် ရှိနေပြီ။ ဒါပေမဲ့ သူက ဒီ၁၆နှစ်သာ မပြည့်သေးတဲ့ ကောင်လေးကို စိတ်ဝင်စားနေခဲ့တယ်"

လင်းဖုန်းက စိတ်ဝင်တစားဖြင့် သက်ပြင်းချလိုက်သည်။ "သူတို့နှစ်ယောက် အကြားမှာ ဘာဆက်သွယ်မှုများ ရှိနေသလဲ"

သူသည် ထိုကျွန်းပေါ်သို့ ရောက်လာခဲ့၍
အစိမ်းရောင် ဝတ်ရုံနှင့် လူငယ်အရှေ့သို့
ရောက်လာခဲ့သည်။ သူတို့၏ ကျင့်ကြံမှု
အဆင့်အတန်း ကွာခြားချက်ကြောင့်
လင်းဖုန်းကသာ သူ့ကိုယ်သူ မဖော်ပြခဲ့လျှင်
ထိုလူငယ်က သူ့အား သတိပြုမိမည် မဟုတ်ပေ။

အချိန်အနည်းငယ် ကြာပြီးနောက်တွင်
လင်းဖုန်းသည် ကောင်းကင်ယောက်သွား
ရွှေပုလဲအား ထုတ်လိုက်ရာ သူသည် ယခင်က
မကြုံဖူးသော တောက်ပမှုမျိုးဖြင့်
တောက်ပနေခဲ့သည်ကို တွေ့လိုက်ရသည်။

ဟေးဒီးစ် အမှောင်မန္တန် ပထမတစ်ခေါက် စတင်ပေါ်ပေါက်လာသည့် အချိန်ကိုပင် ပြန်လည် အမှတ်ရစေခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၁၅

## အပိုင်း ၇၂၅ : ပို၍ ရှာဖွေတွေ့ရှိချက်များ

လင်းဖုန်းသည် သူ၏အရှေ့မှ ထိုအစိမ်းရောင် ဝတ်စုံနှင့် အရပ်ရှည်ရှည် လူငယ်အား စိတ်ဝင်တစားဖြင့် အကဲခတ် ကြည့်ရှုနေခဲ့သည်။ သို့သော်လည်း သူသည် မည်သည့် ထူးခြားချက်မျိုးကိုမှ မတွေ့ခဲ့ရပေ။

သူ၏အသက်သည် သူ၏ အသွင်အပြင်နှင့် ကိုက်ညီနေသည်။ သူသည် ၁၅နှစ်နှင့် ၁၆နှစ် အကြားတွင် ရှိပြီး သူကျင့်ကြံခဲ့သည်မှာ ၇နှစ်ခန့် ရှိပြီ ဖြစ်၏။ သူသည် ချီသာဝက အဆင့်၁၀တွင် ရှိနေပြီး အဆင့်၁၁သို့ ချိုးဖောက်ခါနီးနေပြီ ဖြစ်သည်။

သူလေ့ကျင့်နေသော နည်းစနစ်များမှာ သာမန်သာဖြစ်ပြီး အထင်ကြီးဖွယ်ရာ မရှိပေ။ သူ၏ တာအိုနည်းစနစ်များသည် ထူးခြားသော ပုံစံစနစ်မျိုး ရှိမနေခဲ့ပဲ အလွန်အမင်းကို သာမန်ဆန်လှ၏။

ချီကျင့်ကြံမှုအတွက် အသုံးဝင်သော
နည်းလမ်းအချို့သာ ရှိသည်။ သို့သော်လည်း
ထိုနည်းလမ်းများသည် သူ၏ နည်းစနစ်များနှင့်
မကိုက်ညီနေပေ။ ကြည့်ရသည်မှာ
တစ်စုံတစ်ယောက်က သူ့အား
အကြံဉာဏ်အချို့ ပေးထားပုံရပြီး
ကျန်သည်များကို သူ့ကိုယ်သူ
ထိုးထွင်းကြံဆနေရခြင်း ဖြစ်သည်။

သူ၏ ကျင့်ကြံမှု ခရီးတစ်လျှောက်တွင်
ရရှိခဲ့သော အရင်းအမြစ် ပစ္စည်းများမှာလည်း
အကန့်အသတ် ရှိသည်။ ဘာပဲပြောပြော
သူသည် အနိမ့်ဆုံး အဆင့်မှာ တစ်ကိုယ်တော်
ကျင့်ကြံသူ ဖြစ်ပြီး သူ့ထက် သာမန်ကျနိုင်သူ

မရှိတော့ပေ။ သူ၏ ပင်ကိုစွမ်းရည်မှာလည်း သာမန်ထက် အနည်းငယ်သာ မြင့်သည်။

သူသည် ဘဝအခြေအနေကို ပြောင်းလဲနိုင်သည့် ဖြစ်ရပ်တစ်ခုနှင့် မကြုံရသေးပဲ အကယ်၍ အလွန်အမင်း ကံကောင်းသော အခြေအနေ တစ်မျိုးနှင့် မကြုံတွေ့ခဲ့ရပါက သူသည် အနာဂတ်တွင် ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းနိုင်မည့် အလားအလာ မရှိပေ။

အားလုံးသည် သာမန်သာဖြစ်ပြီး မည်သည့် ထူးခြားချက်မှ ရှိပုံ ပေါက်မနေပေ။ သို့သော်လည်း ဤအချက်နှင့် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ

ပြောင်းလဲမှုများအား ဆက်စပ်
စဥ်းစားလိုက်သောအခါ အရာအားလုံးသည်
အတော်ကို ထူးဆန်းနေပေသည်။
ဤလူငယ်အား အသေအချာ
စောင့်ကြည့်နေလေလေ လင်းဖုန်း၏
စိတ်အတွင်းတွင် သံသယများက
တိုးပွားလာလေလေ ဖြစ်နေခဲ့သည်။

"ကြည့်ရတာ.. တစ်ခုခုက လွဲမှားနေသလိုပဲ"
လင်းဖုန်း၏ မျက်မှောင်များမှာ အနည်းငယ်
ကြုတ်လာခဲ့၍ သူ၏အရှေ့မှ လူငယ်အား
အသေးစိတ် လေ့လာနေခဲ့သော်လည်း
ထူးခြားချက် တစ်စုံတစ်ခုမှ မတွေ့ခဲ့ရပေ။

ဤအချိန်တွင် အစိမ်းရောင် ဝတ်စုံနှင့်
လူငယ်သည် ကျင့်ကြံနေမှုမှာ ပြီးဆုံးသွားခဲ့ပြီ
ဖြစ်သည်။ သူ၏ မျက်လုံးများကို ဖွင့်လိုက်ကာ
သူ၏ အရှေ့တွင် သူ့အား တိတ်တဆိတ်
စောင့်ကြည့်နေသော လင်းဖုန်းအား
မြင်လိုက်ရသော အချိန်တွင်
ထိတ်လန့်တုန်လှုပ်သွားခဲ့၏။

ထိုလူငယ်သည် လင်းဖုန်း၏ ကျင့်ကြံမှု
အဆင့်ကို ထိုးဖောက်၍ မမြင်နိုင်ခဲ့ပေ။
သူ့ကိုယ်သူ တည်ငြိမ်အောင်
ကြိုးစားလိုက်အပြီးတွင် သူသည် လင်းဖုန်းအား
နှုတ်ဆက်လိုက်ကာ မေးလိုက်သည်။ "ဒီ.. ဒီက
စီနီယာက ဘာများ အလိုရှိနေပါလဲ ခင်ဗျာ"

လင်းဖုန်းသည် သူ့အား ခြေဆုံးခေါင်းဆုံး တစ်ချက် ထပ်ကြည့်လိုက်၍ သာမန်သာ ဖြေလိုက်သည်။ "ငါက အရှေ့ပင်လယ်ကို ပထမဆုံး ရောက်ရှိလာခဲ့လို့ ဒီနေရာနဲ့ အကျွမ်းတဝင် မရှိဘူး။ ဒါကြောင့် မင်းကို ဒီနေရာမှာ တွေ့လိုက်တဲ့ အချိန်မှာ လမ်းညွှန်ခိုင်းမလို့ပဲ။ ဒါပေမဲ့ မင်းကို ကြည့်ရတာ အခြေအနေတွေက သိပ်ကောင်းတဲ့ပုံ ပေါက်မနေဘူး"

ဝတ်ရုံစိမ်းနှင့် လူငယ်သည် ယခုအချိန်တွင် မူလ အနေအထားသို့ ပြန်လည် တည်ငြိမ်သွားခဲ့ပြီ ဖြစ်သည်။ လင်းဖုန်းသည် သူ့အား

မည်သည့်ဖိအားမှ မပေးခဲ့သဖြင့် သူကလည်း တည်ငြိမ်စွာနှင့် ပြန်လည် ဖြေကြားခဲ့သည်။ "စီနီယာ၊ ဒီနေရာက အရှေ့ပင်လယ်ရဲ့ မြောက်ပိုင်းနယ်စပ် ဖြစ်ပါတယ်။ တကယ်လို့ စီနီယာက တောင်ဘက်ကို ဆက်သွားလိုက်ရင် ယင်ပင်လယ်ကို ဝင်ရောက်နိုင်တဲ့ နယ်နိမိတ် လမ်းကြောင်းကို ရောက်ရှိနိုင်တယ်"

"တကယ်လို့ အရှေ့ကို သွားခဲ့ရင် အရှေ့ပင်လယ်နဲ့ မိစ္ဆာမျိုးနွယ်စုတွေရဲ့ မဟာလွင်တီးခေါင် ကုန်းမြေ တို့ရဲ့ နယ်နိမိတ်ကို ရောက်သွားမှာ ဖြစ်တယ်"

"တကယ်လို့ မြောက်ဘက်ကို ဆက်သွားလိုက်ရင် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို ရောက်သွားနိုင်ပါတယ်" သူက ခေတ္တမျှ ရပ်လိုက်ပြီးနောက် ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ အခုအချိန်မှာ မဟာလွင်တီးခေါင် ကုန်းမြေက မိစ္ဆာတွေ အမြောက်အမြား နတ်ဘုရားနယ်မြေ အတွင်းကို ဝင်လာကြတဲ့အတွက် ဒီနေရာက အခြေအနေတွေက အတော်ကို ရှုပ်ထွေးနေတယ်။ မြောက်ပိုင်းက လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို သွားတဲ့လမ်းကို မိစ္ဆာတွေက ဖြတ်တောက်ထားတယ်"

လင်းဖုန်းက စိတ်ဝင်တစားဖြင့် နားထောင်နေခဲ့၏။ "လော်ဖူးသူတော်စင်ကရော ဘယ်လိုလဲ"

ဝတ်ရုံစိမ်း လူငယ်က ချက်ချင်း ပြန်ဖြေလိုက်သည်။ "လော်ဖူးသူတော်စင်က အခုလောလောဆယ်မှာ မဟာလွင်တီးခေါင် ကုန်းမြေနဲ့ ဆက်နေတဲ့ နယ်စပ်မှာ မိစ္ဆာ မဟာပဏ္ဍိတ တစ်ပါးနဲ့ ရင်ဆိုင်နေတယ်။ သူ့ရဲ့လက်အောက်က ကျင့်ကြံသူတွေကလည်း ကျူးကျော်ဝင်ရောက်လာတဲ့ မိစ္ဆာတွေကို တိုက်ခိုက်နေကြတယ်။ အခုအချိန်မှာ အခြေအနေတွေက အရမ်းကို

ရှုပ်ထွေးနေကြတယ်။ ဒါပေမဲ့ အခြေအနေကို ကြည့်ရတာ မိစ္ဆာတွေက ရှုံးနိမ့်နေကြပြီး လူသားတွေက အချိန်တန်ရင် အနိုင်ရကြလိမ့်မယ်"

လင်းဖုန်းက သူပြောနေသည်ကို ငြိမ်သက်စွာဖြင့် နားထောင်နေခဲ့သည်ကို ကြည့်လိုက်ကာ သူ့ကိုယ်သူ မိတ်ဆက်လိုက်၏။ "ကျွန်တော့်နာမည်ကတော့ လျှိုယောင် ဖြစ်ပါတယ်။ ကျွန်တော်က အဖော်တွေနဲ့ ကွဲကွာလာခဲ့လို့ တစ်ယောက်တည်း ဖြစ်နေခဲ့တာပါ"

လင်းဖုန်းက ပွင့်လင်းစွာဖြင့် ပြောလိုက်သည်။
"ကြည့်ရတာ မင်းက အစောပိုင်းက ထူးခြားတဲ့
ဆေးတစ်မျိုးကို စားသုံးမိပြီး ဒီဆေးရဲ့
အကျိုးသက်ရောက်မှုတွေကို
တစ်ယောက်ယောက်က
ထိန်းထားပေးခဲ့သလိုပဲ"

လျှိုယောင်၏ အမူအရာများသည် အနည်းငယ်
ပြောင်းလဲသွားခဲ့၏။ သူသည် ခေတ္တမျှ
စဉ်းစားလိုက်ကာ ပြန်ဖြေလိုက်သည်။
"စီနီယာက မြင်သွားပြီ ဆိုတော့လည်း
ကျွန်တော်က မဖုံးကွယ်ထားတော့ပါဘူး။
ဒါပေမဲ့ နောက်ထပ် သတင်းတွေကိုတော့
ဆက်မပြောပြနိုင်တာ ခွင့်လွှတ်ပါ။ စီနီယာမုက

ကျွန်တော့်အပေါ်မှာ အမတန် ကြင်နာပြီး
သူ့အကြောင်းကို ပြောလို့မဖြစ်ဘူး"

သူ၏အရှေ့မှ ခရမ်းရောင် ဝတ်စုံနှင့်
ကြေးနီရောင် လူငယ်၏ ကျင့်ကြံမှု အဆင့်ကို
အသေအချာ မသိခဲ့၍ လျှိုဟောင်သည်
ဤလူအား လိမ်ညာရန် မကြိုးစားခဲ့ပေ။ သူ၏
ကျင့်ကြံမှု အဆင့်သည် နိမ့်ကျသေးသဖြင့်
အကယ်၍သူသည် လိမ်ညာလှည့်ဖြားရန်
ကြိုးစားခဲ့ပါက သူ၏ စိတ်အခြေအနေများသည်
ပြောင်းလဲသွားနိုင်သည်။ လင်းဖုန်းကသာ
အဆင့်မြင့် ကျင့်ကြံသူ ဖြစ်ခဲ့ပါက သူ့အား
ထွင်းဖောက်မြင်နိုင်လိမ့်မည် ဖြစ်သည်။

ဤသို့သာဆိုလျှင် သူသည် လင်းဖုန်းအား အမျက်ထွက်စေခဲ့မည် ဖြစ်၏။ သူသည် လင်းဖုန်းက သူ့အား နားလည်ပေးနိုင်လိမ့်မည်ဟုသာ ယူဆကာ သူ၏ အခက်အခဲများကို တင်ပြခဲ့သည်။

သို့သော်လည်း အကယ်၍ လင်းဖုန်းသည် ရက်စက်ဗိုလ်ကျတတ်ကာ အခြားသူများ၏ အသက်ကို မြက်ပင်လောက်ပင် တန်ဖိုးမထားတတ်သူ ဆိုပါက သူသည် သူ့အား နှိပ်စက်၍မေးမြန်းမည် ဖြစ်သည်။ ဝိညာဉ်ရှာဖွေခြင်း နည်းစနစ်ကိုပင် သုံးနိုင်သေး၏။

ဤသို့သာဆိုလျှင် လျှိုယောင်သည့်
သူ့ကံကြမ္မာကိုသာ သူအပြစ်တင်ရမည့်
ဖြစ်သည်။

လင်းဖုန်းကလည်း သူမပြောချင်သည်ကို
အတင်းအကျပ်မမေးမြန်းခဲ့ပေ။ သူက
တည်ငြိမ်စွာဖြင့်သာ ပြောလိုက်သည်။
"မင်းမပြောချင်ရင်လည်း ငါက
ဖိအားမပေးပါဘူး။ ဒါပေမဲ့ မင်းကငါ့ကို
ဒီကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးကို
ဖော်စပ်တဲ့သူအနားကို ခေါ်သွားပေးရမယ်။
မင်းအရင်က ပြောထားတဲ့ အရဆိုရင် သူ့ရဲ့
မျိုးရိုးနာမည်က မုဖြစ်တယ် မလား"

လျှိုယောင်သည် ခေတ္တမျှ အံ့အားသင့်သွားခဲ့ကာ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ မေးလိုက်သည်။ "ခင်ဗျားက သိပြီးသားလား"

လင်းဖုန်းက သာမန်သာ ပြန်ဖြေလိုက်၏။ "ဒါက ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးပဲမလား။ ငါသိတာပေါ့"

သူသည် ဤဆေးလုံး၏ ဖော်စပ်နည်းရော ဆေးလုံးကိုပါ တစ်ခါမှ မတွေ့ဖူးပေ။ သို့သော်လည်း သူသည် ထိုဆေးလုံး၏ နာမည်နှင့် အကျိုးသက်ရောက်မှုကို ကြားဖူးထားသည်။ သူ၏ အသိစိတ်ဖြင့် လျှိုယောင်၏ ခန္ဓာကိုယ် အတွင်းတွင်

ရှာဖွေခဲ့ပြီးနောက် မည်သည့်ဆေးလုံးဟူသည်ကို သိရှိနိုင်ခဲ့သည်။

ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးသည် တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးနှင့် ပေါင်းစပ်ကာ အသုံးပြုသူကို ကြောင်လိမ်ကိုးဆင့် ရွှေမျက်လုံးအား အချိန်အနည်းငယ်မှ ရရှိစေနိုင်၏။ အသုံးပြုသူသည် ကမ္ဘာအတွင်းမှ ပုံရိပ်ယောင်များကို ထိုးထွင်းမြင်နိုင်ခဲ့ကာ အမှားနှင့် အမှန်ကို ပိုင်းခြားသိမြင်နိုင်ခဲ့မည် ဖြစ်သည်။

ဤဆေးလုံးအား ဖော်စပ်နေသူမှာ ယင်ပင်လယ်
အတွင်းသို့ ခရီးထွက်ရန် ဆန္ဒရှိနေသူ ဖြစ်ရမည်။

လင်းဖုန်း၏ ထိုအကြောင်းကို
စစ်ဆေးမေးမြန်းရခြင်းမှာ တစ်ချက်သည်
လျှိုယောင်နှင့် ကောင်းကင်ယောက်သွား
ရွှေပုလဲတို့၏ ဆက်စပ်မှုကြောင့် ဖြစ်သည်။
အခြားတစ်ချက်မှာ သူသည်
ကြောင်လိမ်ကိုးဆင့် ရွှေပုလဲနှင့်
မရင်းနှီးနေသော်လည်း
တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို
ဖော်စပ်ရတွင် စိတ်ဝိညာဥ် ရေနဂါး၏

ရုပ်အလောင်းကို လိုအပ်သည်ကို သိနေသောကြောင့် ဖြစ်သည်။

ဤစိတ်ဝိညာဉ် ရေနဂါး၏ ကျင့်ကြံမှုအဆင့် မြင့်မားလေလေ တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံး၏ အကျိုးသက်ရောက်မှုက ကြီးမားလေလေ ဖြစ်သည်။ သူသည် မသေချာနေသေးသော်လည်း ရေချိုသူတော်စင် အလှဲအလှယ်ပြုလုပ်ခဲ့သည့် စိတ်ဝိညာဉ် ရေနဂါးသည် ဤဆေးလုံးနှင့် ဆက်စပ်မှု ရှိနေမည်ဟူ၍ သေချာနေခဲ့သည်။

လှျိုယောင်သည့် ယခုအချိန်တွင်
ဒုက္ခအနည်းငယ် ရောက်နေခဲ့သည်။
လင်းဖုန်းက သူ၏ သွေးအဆီအနှစ်များကို
ထုတ်ယူ၍ ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံး၏
စွမ်းအားများကို ရယူမည်ကို စိုးရိမ်နေခြင်း
မဟုတ်ပေ။ လင်းဖုန်း၏ အမူအရာများကို
ကြည့်လိုက်ခြင်းအားဖြင့် သူသည်
ဤဆေးလုံးကို လုံးဝ စိတ်ဝင်စားနေခြင်း
မရှိဟူ၍ သိနေနိုင်သည်။

သို့သော်လည်း လင်းဖုန်းက ဤဆေးလုံးအား
ဖော်စပ်သူဖြစ်သော မုယုအား မည်ကဲ့သို့
ပြုလုပ်မည်ကို သူက မသေချာနေခဲ့ပေ။
လင်းဖုန်းသည် မုယုအပေါ်၌ မကောင်းသော

ရည်ရွယ်ချက် ရှိမရှိကို အာမမခံနိုင်ပေ။ သူသည် မုယုအား ကျေးဇူးရှိနေခဲ့သဖြင့် သူ၏ ကျေးဇူးရှင်ကို ကျေးမစွပ်လိုနေပေ။

လင်းဖုန်းသည် ဆက်လက် မရှင်းပြနေခဲ့ပဲ လှျိုယောင်အား ပြုံး၍သာ ကြည့်နေကာ သူ၏ ဆုံးဖြတ်ချက်ကို စောင့်မျှော်နေခဲ့၏။ သူသည် လှျိုယောင်၏ စိတ်အတွင်းတွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို အတိအကျ မသိခဲ့သော်လည်း မုယုနှင့် ပတ်သတ်၍ သူသည် စိတ်မတည်မငြိမ် ဖြစ်နေခဲ့သည်ကိုမူ သိနိုင်ခဲ့သည်။

မုယုသည် လှျိုယောင်အပေါ်၌ ကြင်နာသူ ဖြစ်သည်။ သူသည် လှျိုယောင်၏ သွေးအဆီအနှစ်များကို တိုက်ရိုက် ထုတ်ယူလိုက်မည့်အစား အနာဂတ်တွင် သူ့အား မထိခိုက်စေသော နည်းလမ်းဖြင့် ဆေး၏ အစွမ်းများကို စုပ်ယူနိုင်ရန် ဆေး၏ အကျိုးသက်ရောင်မှုများအား ယာယီဖိနှိပ်ထားခဲ့သည်။

မုယုသည် လှျိုယောင်အား ကျင့်ကြံမှု လမ်းစဉ်တွင် ညွှန်ပြမှုများ ပေးခဲ့သူလည်း ဖြစ်နိုင်၏။

လှျိုယောင်သည် အချိန်အကြာကြီး မစဥ်းစားခဲ့ပဲ လင်းဖုန်းအား အဖြေပြန်ပေးခဲ့သည်။ "ယခုအချိန်မှာ စီနီယာမုက ဘယ်နေရာမှာ ရှိနေသလဲ ဆိုတာကိုတော့ အတိအကျ မသိဘူး။ ဒါပေမဲ့ ကျွန်တော်က မူလနေရာကို ပြန်သွားလိုက်ရင် စီနီယာမုက အဲ့ဒီနေရာမှာ ရှိသေးရင်တော့ သူနဲ့တွေ့နိုင်မယ်"

"ဒါပေမဲ့ ခင်ဗျားက ကျုပ်နဲ့အတူ လိုက်လာမယ်ဆိုရင်တော့ မကူညီနိုင်ဘူး"

လင်းဖုန်း၏ အမူအရာများသည် မပြောင်းလဲသွားခဲ့ပေ။ သူသည် ရယ်မောလိုက်ကာ တရားစီရင်မှုကို

စောင့်မျှော်နေသကဲ့သို့ ဖြစ်နေသော လျှိုယောင်အား ကြည့်လိုက်သည်။

"တကယ့်ကို စိတ်ဝင်စားစရာကောင်းတဲ့ လူငယ်လေးပဲ" လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။

ဤအစိမ်းရောင် ဝတ်စုံနှင့် အရပ်ရှည်သော လူငယ်သည် ဖြစ်စဉ်တစ်လျှောက်လုံးတွင် တည်ငြိမ်အေးဆေးစွာနှင့် သင့်တင့်လျှောက်ပတ်စွာ စဉ်းစားနိုင်ခဲ့သည်။ သူသည် အခြေအနေ အပေါ်တွင် ကောင်းစွာ လေ့လာသုံးသပ်နိုင်ခဲ့၏။

အကယ်၍ လင်းဖုန်းသည် ဤကိစ္စအား ထပ်မံစုံစမ်းခြင်း မရှိတော့ပဲ ရယ်၍သာ ထွက်သွားပါက ဘာမှမဖြစ်ပေ။ သို့သော်လည်း လင်းဖုန်းကသာ သူ၏ ခေါင်းမာမှုကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားကာ သူ့အား အတင်းအကျပ် မေးမြန်းပါက လျှိုဝှက်ထားသည့် ဘာမှ တတ်နိုင်မည် မဟုတ်ပေ။ အကယ်၍ သူကသာ ဆက်လက်ခေါင်းမာနေပါက လင်းဖုန်းသည် ဝိညာဉ်ရှာဖွေခြင်း နည်းစနစ်ကို အသုံးပြုနိုင်သည်။ လင်းဖုန်းသည် သူ့ထံမှ သတင်း အချက်အလက်များကို ရရှိရန် ခဲယဉ်းလိမ့်မည် မဟုတ်ပေ။

သူသည် ဤအချက်ကို သိရှိနေသော်လည်း သူ၏ ကိုယ်ပိုင် အယူအဆများကိုသာ ဖက်တွယ်ထားခဲ့သည်။ သူ၏ပါးစပ်ကို တင်းကျပ်စွာ ပိတ်ထားခဲ့ကာ လင်းဖုန်းအား မည်သို့မှ မပြောခဲ့ပေ။ ဤကဲ့သို့သော စိတ်ပိုင်းဖြတ်မှုသည် အဓိပ္ပာယ် မရှိပဲ ဖြစ်သွားနိုင်ကာ သူ၏အသက်သာ အချည်းနှီး ဆုံးရှုံးသွား၍ နောက်ဆုံးတွင် လင်းဖုန်းက သတင်း အချက်အလက်များကို ရရှိသွားမည် ဖြစ်သော်လည်း သူက ဤကဲ့သို့သာ ဆုံးဖြတ်ခဲ့၏။

သူသည် မုယုအား အန္တရာယ် ပေးနိုင်သည့်
အလားအလာရှိသောသူအား စွန့်စား၍
သူ့အနားကို ခေါ်သွားပေးမည် မဟုတ်ပေ။

ဒါသည် အသိပညာ မရှိခြင်း၊ တုံးအခြင်း
မဟုတ်ပေ။ ထို့အစား သူသည် ဉာဏ်ပညာရှိ၍
တွက်ချက်တတ်သူ ဖြစ်သည်။
အကယ်၍သူသည် သူ့ကိုယ်သူ ကာကွယ်ရန်
သူသိသမျှကို လင်းဖုန်းအား အကုန်ပြောပြပြီးမှ
နောက်ထပ် ဘာလုပ်မည်ကို စဉ်းစားမှသာလျှင်
တုံးအသူဟု ဆိုရမည် ဖြစ်သည်။

သူသည် လင်းဖုန်း၏ ကျင့်ကြံမှု အဆင့်အမှန်ကို
မသိသော်လည်း သူတို့၏ အကြားမှ

ကွဲခြားချက်မှာ အမတန်မှ ကြိုးမားရှ်
လင်းဖုန်းအား ဒေါသထွက်အောင် လုပ်၍မရဟု
သိနေခဲ့သည်။ သူ၏ လုပ်ဆောင်ချက်
အသေးလေးပင်လျှင် ရယ်စရာ ဖြစ်နေမည်
ဖြစ်သည်။ အရှေ့တွင် ဖော်ပြခဲ့သော
လုပ်ဆောင်ချက်မျိုးသည် လင်းဖုန်းအား
ဒေါသထွက်စေနိုင်ခဲ့သည်။

ထို့ကြောင့် လျှိုယောင်သည် သူ့ကိုယ်သူ
တည်ငြိမ်အောင် ကြိုးစား၍ လင်းဖုန်းအား
ရိုသေလေးစားစွာဖြင့် ဆက်ဆံခဲ့သည်။ သူသည်
လိမ်ညာလှည့်ဖြားခြင်း မပြုခဲ့ပဲ သူ၏
လျှို့ဝှက်ချက်များကို

ပါးစပ်ပိတ်ထားခဲ့သည်မှလွဲ၍ လင်းဖုန်းအား စိတ်တိုစေမည့် အရာမှန်သမျှကို မပြုလုပ်ခဲ့ပေ။

သူသည် သူ့ကိစ္စသူသာ ဂရုစိုက်ခဲ့၍ လင်းဖုန်းက မုယုအား မည်သည့်အတွက်ကြောင့် ရှာနေသနည်းဟု မမေးခဲ့သလို အပေးအယူ လုပ်ရန်လည်း မရည်ရွယ်ခဲ့ပေ။ သူတို့နှစ်ယောက်တို့၏ အကြားမှ ကွာခြားချက်သည် အတော်ကိုပင် ကြီးမားလှသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် ရှုးမိုက်ရာ ကျသည်မှာ မေးခွန်းထုတ်စရာ မလိုချေ။

နောက်ဆုံးတွင် လျှိုယောင်သည်
နှစ်ကြိမ်တိုင်တိုင် ပူးပေါင်းဆောင်ရွက်ရန်
ငြင်းဆိုခဲ့သော်လည်း လင်းဖုန်းသည် သူ့အား
ယခင်ကထက်ပို၍ အထင်ကြီးလာခဲ့သည်။

သူသည် အကျိုးအကြောင်း
ဆက်စပ်တွေးခေါ်တတ်ကာ ဉာဏ်ပညာ ရှိပြီး
သူ၏ ကိုယ်ပိုင် အယူအဆများကို
ဖက်တွယ်ထားသူ ဖြစ်၏။ သူသည်
သူမကျော်ရမည့် မျဉ်းကြောင်းကို သိပြီး
ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းတတ်သူ ဖြစ်၏။

ဒါသည် လင်းဖုန်းအား ပိုမို
စိတ်ဝင်စားစေခဲ့သည်။ သူက ရယ်လိုက်ကာ

ပြောလိုက်သည်။ "မင်းရဲ့ လျှို့ဝှက်ချက်တွေကို ငါက စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ငါက သိချင်လို့ရှိရင် မင်းက ဖုံးကွယ်ထားလို့ မရဘူးဆိုတာကိုတော့ သိထားရမယ်"

စကားပြောနေရင်းနှင့် လင်းဖုန်းသည် သူ၏ လက်ညှိုးကို ဆန့်တန်းလိုက်ရာ ခရမ်းရောင် စွမ်းအင်တစ်စသည် လျှိုယောင်၏ မျက်ခုံးများ အတွင်းသို့ ဝင်သွားခဲ့သည်။

လျှိုယောင်သည် အစပထမတွင် တုန်လှုပ်သွားခဲ့သော်လည်း လင်းဖုန်းသည် သူ၏ ဆင်ခြင်နိုင်စွမ်းနှင့် တွေးတောနိုင်စွမ်းတို့အား ဆုံးရှုံးအောင်

ပြုလုပ်ခဲ့ခြင်း မဟုတ်သည်ကို လျှင်မြန်စွာနှင့် သဘောပေါက်သွားခဲ့သည်။

သူ၏ ခန္ဓာကိုယ် အတွင်းသို့ ဝင်ရောက်လာသည့် ဤခရမ်းရောင် စွမ်းအားများသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံး၏ အစွမ်းများ အဖိနှိပ် ခံထားရသော နေရာသို့ ရောက်ရှိသွားခဲ့သည်။ ဆေးလုံးအား ဖိနှိပ်ထားသော စွမ်းအားများမှာ ခရမ်းရောင် စွမ်းအားများနှင့်စာလျှင် ဘာမှမဟုတ်ခဲ့ပဲ လင်းဖုန်းသည် ဆေးစွမ်းအား အနည်းငယ်ကို ထုတ်လွှတ်ပေးလိုက်သည်။

လျှိုယောင်၏ မျက်လုံးများသည်
ပြူးကျယ်သွားခဲ့၏။ လင်းဖုန်းသည် ဆေးလုံး၏
အစွမ်းများကို အနည်းငယ်
ထုတ်လွှတ်လိုက်သော်လည်း သူသည် မုယု၏
ဖိနှိပ်ထားသော မှော်ကျိန်စာများကို လုံးဝ
ဖယ်ရှားခဲ့ခြင်း မဟုတ်ပေ။ ဆေးစွမ်းအား
အများစုမှာ အဖိနှိပ် ခံထားရသေးကာ
အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

ဤခံစားချက်သည် နံရံကို ဖြတ်ကျော်၍
လမ်းလျှောက်နိုင်သော လူတစ်ယောက်ကို
ကြည့်နေခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။
ဤလူသည် တံခါးများ ပြတင်းပေါက်များ
လုံးဝမရှိပဲ အပြည့်အဝ အလုံပိတ်ထားသော

လှျို့ဝှက်အခန်း တစ်ခုအတွင်းသို့
ဝင်သွားနိုင်ခဲ့ကာ အခန်းတွင်းမှ
တစ်စုံတစ်ခုအား ယူဆောင်ခဲ့ပြီး အတွင်းမှ
အခြားအရာများကို လုံးဝ အနှောင့်အယှက်
မပေးခဲ့ပဲ ပြန်ထွက်လာနိုင်သည့်သူနှင့်
တူနေခဲ့၏။

လင်းဖုန်းသည် ထိုဆေးလုံး၏
စွမ်းအားအနည်းငယ်ကို ထုတ်ယူလိုက်ပြီး သူ၏
ညာလက်ဖြင့် မှော်ကျိန်စာ တစ်ခုအား
ထုတ်လွှတ်လိုက်ကာ ကြုံးဝါးလိုက်သည်။
"ရေးဆွဲစမ်း"

လင်းဖုန်း၏ နောက်ပြန်
ပြန်လည်တည်ဆောက်မှု မော်ကျိန်စာဖြင့်
ဆေးလုံး၏ စွမ်းအား အစအနများသည်
မြေးတစ်စင်းကဲ့သို့ ပြောင်းသွားခဲ့ကာ
မိုးကုတ်စက်ဝိုင်း အဆုံးသို့
ထိုးတက်သွားခဲ့သည်။

လင်းဖုန်းသည် သူ၏ အင်္ကျီလက်စကို
ဖော့ယမ်းလိုက်ကာ ပါးစပ်အဟောင်းသား
ဖြစ်နေသော လျှိုယောင်အား ဆွဲယူလိုက်၍
ထိုမော်မြေး ညွှန်ပြနေခဲ့သော အရပ်မျက်နှာသို့
ပျံသန်းသွားခဲ့လိုက်သည်။ သူက ရယ်လိုက်ကာ
ပြောလိုက်သည်။ "တကယ်လို့ ဒီဆေးလုံးက
ဒီမုယုဆိုတဲ့လူ ဖော်စပ်ခဲ့တာ ဆိုရင် ဒီမြေးက

သူ့ဆီကို ရောက်သွားလိမ့်မယ်။
သူမဟုတ်ရင်လည်း ကိစ္စမရှိပါဘူး၊
ငါတွေ့ချင်နေတဲ့သူက ဒီဆေးလုံးကို
ဖော်ခဲ့တဲ့သူပဲ"

လျှိုယောင်သည် အချိန်အတော်ကြာမှသာ
သတိပြန်ဝင်လာခဲ့၏။ သူသည် ကြိုးစား၍
ရယ်လိုက်ကာ ပြောလိုက်သည်။ "စီနီယာရဲ့
နည်းလမ်းတွေက ကျွန်တော့်ကို
မျက်စိပွင့်စေခဲ့ပါတယ်"

လင်းဖုန်းသည် သူ့အား မျက်လုံးထောင့်ကပ်၍
ကြည့်လိုက်ကာ သူ့ကိုယ်သူ တွေးနေခဲ့သည်။

"မင်းကသာ ငါ့ကို အံ့သြစေခဲ့တဲ့ လူတစ်ယောက်ပဲ"

သူသည် ဆေးလုံး၏ စွမ်းအားများကို ယူဆောင်ခဲ့ရာတွင် သူ၏ အသိစိတ်ကိုသာ ထုတ်လွှတ်ခဲ့သည် မဟုတ်ပေ။ သူ၏ မှော်စွမ်းအင်များကို အသုံးချကာ လျှိုယောင်၏ ခန္ဓာကိုယ်အား စူးစမ်းခဲ့ပြီး အချက်အလက် အသစ်များကို ရှာဖွေတွေ့ရှိခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၁၆

# အပိုင်း ၇၂၆ : စနစ်၏ ပုံမှန်အသုံးပြုသည့် နည်းလမ်းဖြင့် သုံးသပ်၍ မရပေ

လှျိုယောင်၏ ခန္ဓာကိုယ် အတွင်းသို့ သူ၏ မှော်စွမ်းအင်များ ထည့်သွင်းလိုက်၍ ဆေးစွမ်းအားများ အနည်းငယ်ကို ထုတ်ယူပြီးသွားသောအခါ လင်းဖုန်းသည် သူ၏ အသိစိတ် သက်သက်ကို အားကိုး၍ မလုံလောက်တော့ကြောင်းကို တွေ့လိုက်သည်။

လှျိုယောင်၏ စိတ်ဝိညာဉ်နှင့် မှော်စွမ်းအင်တို့သည် လုံးဝ မျှခြေမညီနေခဲ့ပေ။

ကြည့်ရသည်မှာ သူ၏ သွေးကြောများ
အတွင်းတွင် မရှိနေသင့်သော အရာတစ်ခုအား
ထည့်သွင်းခဲ့ထားသကဲ့သို့ ဖြစ်နေခဲ့သည်။

ဤမညီမျှမှု သဲလွန်စသည် အလွန်ကို
အားနည်းနေသဖြင့် လုံးဝ အမှုမထား၍လည်း
ရနေခဲ့သည်။

အမှန်တရားမှာ လျှိုယောင်၏ စိတ်ဝိညာဥ်နှင့်
မှော်စွမ်းအင်တို့အား အတူတကွ မည်မျှပင်
ဟာကွက်မရှိအောင်
ပေါင်းစည်းလိုက်လျှင်လည်း သူတို့သည်
ဖြစ်တည်မှု တစ်ခုတည်းသာ ဖြစ်သွားမည်
မဟုတ်ပေ။ ဒါသည် သာမန်လူများ၏

စိတ်ဝိညာဉ်နှင့် ရုပ်ခန္ဓာကိုယ်များနှင့်
ကွာခြားနေခဲ့သည်။

ဤကွဲသို့သော သေးငယ်သည့်
ကွာခြားချက်မျိုးကို သာမန်လူများက
သိရှိနိုင်မည် မဟုတ်ချေ။
အဘယ်ကြောင့်ဆိုသော် လှျိုယောင်၏
ရုပ်ခန္ဓာကိုယ် အသွင်အပြင်မှနေ၍ မည်သည့်
ပြဿနာမျိုးကိုမှ မတွေ့ရှိနိုင်သောကြောင့်
ဖြစ်သည်။ အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် အသေအချာ
မစူးစမ်းကြည့်ပါက သတိပြုနိုင်မည် မဟုတ်ပေ။

ပြဿနာမှာ ဤကဲ့သို့ သူ့ထက်
သာမန်ကျသောသူ မရှိနိုင်တော့သည် သာမန်
လူငယ်လေး တစ်ယောက်အား မည်သည့်
အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ကမှ အားအားယားယား
စောင့်ကြည့်နေမည် မဟုတ်ခြင်း ဖြစ်သည်။

အကယ်၍ အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်က သူ့အား
တပည့်အဖြစ် လက်ခံရန် ကြံရွယ်ခဲ့လျှင်ပင်
သူသည် လျှိုယောင်၏ အရိုးအရင်းမြစ်နှင့်
ပင်ကိုစွမ်းရည်များကိုသာ သူ၏ အသိစိတ်နှင့်
ဆန်းစစ်ခဲ့မည် ဖြစ်၍ ဤကဲ့သို့ သေးငယ်သည့်
မှုမမှန်မှုများကို သတိပြုမိမည် မဟုတ်ပေ။

လင်းဖုန်း ကိုယ်တိုင်ပင်လျှင် သတိမပြုမိပဲ
ကျော်သွားတော့မည်ကဲ့သို့ ဖြစ်သွားခဲ့သည်။
ကောင်းကင်ယောက်သွား ရွှေပုလဲ၏
တုံ့ပြန်မှုကြောင့်သာ မဟုတ်လျှင် သူသည်
ဤလူငယ်အား ဤမျှအထိ အသေးစိတ်
စူးစမ်းလေ့လာနေမည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် လျှိုယောင်၏
စိတ်ဝိညာဉ်နှင့် မော်စွမ်းအင်တို့သည်
အတော်ကို ကောင်းမွန်စွာ ပေါင်းစပ်ထားနိုင်၍
ဟာကွက် မရှိလုနီးပါးအထိ ဖြစ်နေခဲ့သည်။
သာမန်လူများ၏ အခြေအနေနှင့် မည်သို့မှ
ကွာခြားချက် မရှိသကဲ့သို့ ဖြစ်နေခဲ့၏။

"ဒီလူရဲ့ စိတ်ဝိညာဉ်က ရိုးရှင်းပြီး ကြည်လင်တယ်။ သူက ရှုပ်ထွေးတဲ့ အတွေ့အကြုံနဲ့ မှတ်ဉာဏ်တွေ မရှိခဲ့သလို ဖြစ်နေခဲ့တယ်။ သူကိုယ်တိုင်ကလည်း သူ့ရဲ့ ပုံမမှန်မှုကို သတိထားမိတဲ့ပုံ မပေါ်ဘူး"

"စိတ်ဝင်စားစရာပဲ၊ တကယ့်ကို စိတ်ဝင်စားစရာပဲ" လင်းဖုန်းသည် အံ့ဩစွာဖြင့် သူ၏နှုတ်ခမ်းကို လျှာနှင့်သပ်လိုက်သည်။ "သူနဲ့ ယင်ပင်လယ်က တောင်သုံးတောင်၊ ကောင်းကင်ယောက်သွား ရွှေပုလဲ၊ ဟောဒီးစ် အမှောင်မန္တန်တို့ရဲ့ အကြားက ဆက်သွယ်မှုက ဘာများလဲ"

လင်းဖုန်းသည် လျှိုယန်အား စနစ်ဖြင့် ကြည့်ရှုလိုက်သည်။ စနစ်၏ ရှင်းပြချက်များမှာ လင်းဖုန်း၏ စိတ်ဝင်စားမှုများကို ပို၍ပင် တိုးလာစေခဲ့သည်။ "ဤလူအား စနစ်၏ သာမန် သုံးသပ်ချက်များဖြင့် သုံးသပ်၍ မရပါ။ သူက အခြားတစ်ယောက်ကို ဆရာအဖြစ် သတ်မှတ်ထားခဲ့သဖြင့် ဤဆရာတပည့် ဆက်ဆံရေး ပျက်ပြားသွားမှသာ သင့်ရဲ့တပည့် ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ ပြီးမှသာ သူ့ရဲ့ အလားအလာ တန်ဖိုးကို စနစ်ရဲ့ သုံးသပ်ချက်နဲ့ ပြသနိုင်မှာ ဖြစ်ပါတယ်"

စနစ်၏ သာမန်သုံးသပ်ချက် ဟူသည်မှာ လူသားများ၏ ပင်ကိုစွမ်းရည် အလားအလာ တန်ဖိုးလေးမျိုးတို့ကို ဂဏန်းများဖြင့် တွက်ချက်ပြသခြင်း ဖြစ်သည်။

လင်းဖုန်းသည် လျှို့ဝှက်ကဲ့သို့သော အခြေအနေမျိုးကို ယခင်ကလည်း တွေ့ကြုံဖူးခဲ့သည်။ သူသည် ထွမ်းထွမ်းနှင့် လင်းတုန်တို့အား စမ်းစစ်ကြည့်ခဲ့သော အချိန်တွင်လည်း စနစ်သည် လူသားများကို တိုင်းတာသည့် စနစ်ကို ပြောင်းလဲခဲ့ပြီး မိစ္ဆာများ သို့မဟုတ် လူသားမဟုတ်သော ဖြစ်တည်မှုများကို စမ်းစစ်သည့် စနစ်ဖြင့် အစားထိုးခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်း၏ နှုတ်ခမ်းထောင့်များသည် အပြုံးတစ်ခု အဖြစ်သို့ တွန့်သွားခဲ့၏။ "မဟုတ်မှလွဲရော ဒီလူက မိစ္ဆာတစ်ပိုင်း ဖြစ်နေသလား"

ခေတ္တမျှ ပျံသန်းလာပြီးနောက် လင်းဖုန်းအား လမ်းညွှန်ပြနေခဲ့သော ခရမ်းရောင် အလင်းတန်းသည် ကျွန်းငယ်တစ်ခု အပေါ်တွင် ရပ်တန့်သွားခဲ့ကာ ကောင်းကင်ပေါ်တွင် အလင်းတန်း အစက်လေးအဖြစ် ပျောက်ကွယ်သွားခဲ့၏။

လင်းဖုန်းသည် လှျိုယောင်အား ကျွန်းပေါ်သို့ ချလိုက်၍ ဤနေရာကို သူ၏ အသိစိတ်ဖြင့် ဆန်းစစ်လိုက်သည်။ သူသည် ရွှေရောင်ဗဟိုချက် အဆင့်နှင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူ အချို့နှင့်အတူ အခြေတည် ဝိညာဉ် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်တို့အား တွေ့ခဲ့လိုက်သည်။

လင်းဖုန်းသည် ကျွန်းအတွင်းသို့ ပိုမိုနက်ရှိုင်းစွာ ဝင်ရောက်သွားခဲ့၍ ထူထဲသော တောအုပ်တစ်ခု၏ အတွင်းသို့ ရောက်ရှိသွားခဲ့၏။ ထိုအုပ်စုနှင့် အတန်ငယ် နီးကပ်လာသောအခါ လင်းဖုန်းသည် သူ၏

အော်ရာကို ထုတ်လွှတ်လိုက်၍ သူ၏
ရောက်ရှိလာမှုကို အချက်ပြလိုက်သည်။

"ဘယ်သူလဲ၊ တစ်ဘက်လူသည် အနည်းငယ်
ပင်ပန်း၍ အားပြတ်နေသောပုံ
ပေါက်နေသော်လည်း သတိတကြီး ရှိနေခဲ့သည်။
လင်းဖုန်းသည် သူ၏အော်ရာကို
ထုတ်လွှတ်လိုက်သည်နှင့် တပြိုင်နက် သူ့အား
ချက်ချင်း သတိပြုမိခဲ့သည်။

သို့သော်လည်း ထိုသူသည် ဒေါသထွက်နေသလို
စိတ်ပျက်လက်ပျက်လည်း ဖြစ်နေခဲ့၏။
လင်းဖုန်းသည် သူတို့အနားသို့
အတော်နီးကပ်လာသော အချိန်မှသာ သူတို့က

သိရှိခဲ့ခြင်း ဖြစ်သည်။ အကယ်၍ လင်းဖုန်းသည် သူတို့အား မကောင်းသည့် ရည်ရွယ်ချက်များ ရှိခဲ့ပါက သူတို့ တစ်အုပ်စုလုံးသည် အန္တရာယ် အတွင်းသို့ ကျရောက်သွားနိုင်ကြသည်။

အခြေတည် ဝိညာဥ် အဆင့်မှ အမျိုးသား ကျင့်ကြံသူ တစ်ယောက်သည် လင်းဖုန်းထံသို့ သတိတကြီးနှင့် ချဥ်းကပ်လာခဲ့သည်။ သူသည် လင်းဖုန်းအား သတိထားသော မျက်လုံးများနှင့် ကြည့်နေခဲ့၍ ကျန်သော ရွှေရောင်ဗဟိုချက် အဆင့်နှင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများသည် သူ၏အနောက်မှ ထပ်ကြပ်မကွာ လိုက်ပါလာကြ၏။ အားလုံးတို့သည် သတိထားနေကြသည်။

အခြေခံတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
အပါအဝင် ကျန်သောသူများသည်
ဒဏ်ရာကိုယ်စီ ရရှိထားကြသည်။
အချို့သူများ၏ ဒဏ်ရာမှာ ပြင်းထန်၍
အချို့သူများက မပြင်းထန်ပေ။ သူတို့သည်
မိစ္ဆာမျိုးနွယ်စုများနှင့် တိုက်ပွဲများကို ဆက်တိုက်
ဆင်နွှဲခဲ့ကြသည်မှာ သိသာနေသည်။

သို့သော်လည်း အနည်းဆုံးတော့ သူတို့သည်
လင်းဖုန်း၏ အော်ရာမှာ လူသားတစ်ယောက်၏
အော်ရာဖြစ်သည်ဟု ပြောနိုင်ကြသည်။
မဟုတ်လျှင် သူတို့သည် နှုတ်ဆက်ဖို့ရန်ပင်
ဂရုစိုက်နေလိမ့်မည် မဟုတ်ချေ။ လက်ရှိ

အခြေအနေအရ တိုက်လျှင်တိုက်၊ မတိုက်လျှင် ထွက်ပြေးရမည် ဖြစ်သည်။ သူတို့သည် အမြီးကုတ်၍ ထွက်မပြေးခဲ့လျှင် ဘာမှ စဉ်းစားနေခြင်း မရှိပဲ တိုက်ခိုက်ရမည် ဖြစ်၏။

သို့သော်လည်း သူတို့သည် ယခုအချိန်တွင် ချီတုံချတုံ ဖြစ်နေကြ၏။ လင်းဖုန်းသည် ရန်သူလော မိတ်ဆွေလော ဟူသည်ကို မသေချာနေခဲ့ပေ။ အခြေတည် ဝိညာဉ် အဆင့်မှ အခြား ကျင့်ကြံသူ တစ်ယောက်သည် သူ့ကိုယ်သူ မဖော်ပြခဲ့ပေ။ သူသည် လိုအပ်လျှင် ခြုံခိုတိုက်ခိုက်နိုင်ရန် သူ၏အောင်ရာကို ဖုံးကွယ်လျှက် ပုန်းအောင်းနေခဲ့သည်။

လင်းဖုန်း၏ အရှေ့မှ အမျိုးသား အခြေတည် ဝိညာဉ် အဆင့် ကျင့်ကြံသူသည် ဒဏ်ရာ အပြင်းအထန် ရရှိထားသည်။ နောက်ကွယ်တွင် ပုန်းအောင်းနေသည့် အမျိုးသမီး အခြေတည် ဝိညာဉ် အဆင့် ကျင့်ကြံသူမှာမူ ဒဏ်ရာ အနည်းငယ်သာ ရရှိထား၏။

သူတို့အသုံးပြုချင်နေသော နည်းဗျူဟာမှာ ဒဏ်ရာရထားသောသူကို ရှေ့တန်းပို့ထားပြီး မမျှော်လင့်ထားသော အခြေအနေများ ဖြစ်ပေါ်လာပါက သန်မာသော ကျင့်ကြံသူက ပုန်းကွယ်နေရာမှ ခြုံခိုတိုက်ခိုက်ရန် ဖြစ်သည်။

သို့သော်လည်း သူမသည် မည်မျှပင်
သူမကိုယ်ကိုယ် ဖုံးကွယ်ထားခဲ့သော်လည်း
လင်းဖုန်း၏ ထိုးထွင်းနိုင်သော
အသိစိတ်နှင့်စာလျှင် ဘာမှမဟုတ်ချေ။

သို့သော်လည်း လင်းဖုန်းက သိပ်ပြီးမှ
အရေးမထားနေခဲ့ပေ။ သူ၏
အင်္ကျီလက်စများကို ဝှေ့ယမ်းလိုက်ကာ
လျှိုယောင်အား အပြင်သို့ ထုတ်လိုက်သည်။
သူ၏အရှေ့မှ လူစုအား မြင်လိုက်ရသောအခါ
လျှိုယောင်၏ မျက်နှာမှာ
ချက်ချင်းတောက်ပသွားခဲ့၏။ "မင်းတို့အားလုံး
ဘာမှမဖြစ်လို့ တော်သေးတယ်"

လူအားလုံးတို့၏ အရှေ့မှ အခြေတည် ဝိညာဥ်
အဆင့် အမျိုးသား ကျင့်ကြံသူသည်
လျှိုယောင်အား တွေ့လိုက်သည့် အချိန်ကျမှ
စိတ်သက်သာရာရသောပုံ ပေါက်သွားခဲ့သည်။

သို့သော်လည်း ရွှေရောင်ဗဟိုချက်နှင့်
အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများ၏
အမူအရာများသည် ချက်ချင်း
ပြောင်းလဲသွားကြကာ သူတို့၏
မျက်လုံးများသည် လင်းဖုန်းနှင့်
လျှိုယောင်အကြားတွင်
ခေါက်တုံ့ပြန်နေကြသည်။

သူတို့အတွင်းတွင် ရွှေရောင်ဖျော့ဖျော့ ဆံပင်နှင့် အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီး ကျင့်ကြံသူတစ်ယောက် ရှိနေ၏။ သူမ၏ ဆံပင်များကို ငွေရောင်ကြိုး တစ်ခုဖြင့်သာ ချည်ထားကာ သူမ၏ ဆံနွယ်များသည် လေအတွင်းတွင် လွင့်မျောနေခဲ့သည်။

သူမသည် လျှိုယောင်အား ကြည့်လိုက်ကာ စကားပြောလိုက်သည်။ သူမ၏ အသံသည် မြေလူးငှက်တစ်ကောင်၏ အသံကဲ့သို့ ချိုသာသည်။ သို့သော်လည်း သူမ၏ လေသံသည် ဗိုလ်ကျလွှမ်းမိုးလိုစိတ်ရှိကာ သူမ၏ အသံနှင့် လုံးဝ မလိုက်ဖက်ပေ။

"လှိုကြီး၊ ဒီလူက ဘယ်သူလဲ၊ မင်းကသူ့ကို ခေါ်လာတာလား"

လှိုယောင်က သူ၏ခေါင်းကို ခါလိုက်သည်။ "မဟုတ်ဘူး၊ သူက သူ့ဘာသာသူ ရှာတွေ့ခဲ့တာ"

ထိုလှပသော အမျိုးသမီး ကျင့်ကြံသူ၏ဘေးမှ လူငယ်တစ်ယောက်က သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ဒီစီနီယာက အင်မော်တယ်ဝိညာဉ်ကို မဖန်ဆင်းရသေးဘူး။ သူက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရှာတွေ့နိုင်ရတာလဲ"

လှျိုယောင်က ရှက်ကိုးရှက်ကန်းနှင့်သာ ရယ်လိုက်၍ ထပ်မံ၍ ဆက်လက် မရှင်းပြတော့ပေ။ ယခုအချိန်အထိတိုင် သူသည် လင်းဖုန်း၏ စွမ်းရည်များကို အံ့အားသင့်နေဆဲ ရှိသေး၏။ သူသည် သူ့အပေါင်းအသင်းဟောင်းများ၏ အထင်လွဲမှုနှင့် မယုံကြည်မှုကို မခံချင်နေခဲ့ပေ။ သို့သော်လည်း ဤကဲ့သို့ မှားယွင်းစွပ်စွဲမှုအား ဖြေရှင်းရန် အတော်ခက်ပေသည်။

လင်းဖုန်းသည် ဘေးမှနေ၍ အရာအားလုံးအား ကြည့်နေခဲ့သည်။ သူ၏ စိတ်အတွင်းတွင်

ရယ်ချင်ပက်ကျိ ဖြစ်နေခဲ့၏။ "ဟားဟား၊ လျှိုကြီး..."

ထိုကောင်မလေးက လျှိုယောင်အား ဤသို့ခေါ်လိုက်ခြင်းမှာ သူ၏ အရပ်ကြောင့်သာ ဖြစ်မည် ဖြစ်သော်လည်း လင်းဖုန်းသည် ဟာသအဖြစ်နှင့်သာ မြင်နေခဲ့သည်။

ဤစကားလုံးနှစ်လုံး၏ အဓိပ္ပာယ်သည် အတော့်ကို ရယ်စရာကောင်းသည်။ နာမည်ပြောင်သည် ဖြစ်သလို ခေါ်၍ရသော အရာတစ်ခုမဟုတ်ပေ။ ထို့အပြင် တစ်ယောက်ကမှ ချီသာဝက အဆင့်မှ

ကျင့်ကြံသူ တစ်ယောက်အား ဤသို့ခေါ်မည် မဟုတ်ချေ။

"ကျင်းရှိ၊ ကျန်းတုန်း၊ လျှောက်ပြောမနေကြနဲ့"

အခြေတည် ဝိညာဥ် အဆင့်မှ အမျိုးသား ကျင့်ကြံသူသည် ကောင်မလေးနှင့် ကောင်လေးတို့အား မျက်မှောင်ကြုတ်၍ လှည့်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်စလုံးတို့သည် သူ၏ တပည့်များ ဖြစ်ကြသည်။ ကောင်မလေးမှာ ယွင်ကျင်းရှီဟုခေါ်ပြီး ကောင်လေးမှာ ချောင်ကျန်းတုန်း ဖြစ်၏။

သူ၏တပည့်များကို ဆုံးမပြီးသွားသောအခါ သူ၏လက်များကို ဆုပ်လိုက်၍ လင်းဖုန်းအား နှုတ်ဆက်လိုက်သည်။ "ကျုပ်ကတော့ လောဖူးသူတော်စင်ရဲ့ ဒုတိယတပည့်ဖြစ်တဲ့ မာစတာဟွမ်ရဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်။ ကျုပ်နာမည်ကတော့ မုယုပါ။ ခင်ဗျားကို ဘယ်လိုခေါ်ရပါ့မလဲ၊ ခင်ဗျားရဲ့ ဒီနေရာကို လာရတဲ့ ရည်ရွယ်ချက်ကရော ဘာများလဲ"

"တကယ်လို့ ခင်ဗျားကလည်း မိစ္ဆာတွေရဲ့ ခြံခိုတိုက်ခိုက်တာကို ခံနေရရင် ကျုပ်တို့အုပ်စုနဲ့ ပူးပေါင်းပြီး လော်ဖူး

လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို အတူတကွ သွားလို့ရပါတယ်"

မုယုသည် ဒဏ်ရာ အပြင်းအထန် ရရှိထားခဲ့သော ကပိုကယို ဖြစ်နေခဲ့သော်လည်း သူ၏ ပုံစံမှာ လွတ်လပ်၍ ပေါင်းသင်းရလွယ်သည့်ပုံ ပေါက်နေသည်။ သူသည် လူတိုင်းကို နွေးထွေးစွာနှင့် ဆက်ဆံတတ်ကာ ခင်ခင်မင်မင် ပေါင်းသင်းတတ်သည်။

သူသည် လျှိုယောင်အား ကြည့်လိုက်ကာ ဆက်ပြောလိုက်၏။ "လျှိုယောင်က ကျုပ်ရဲ့ဂျူနီယာ ဖြစ်ပါတယ်။ သူက တဲ့တိုးသမားဖြစ်ပြီး ခပ်တည်တည်ပဲ

နေတတ်တယ်။ သူက ခင်ဗျားကို မရည်ရွယ်ပဲ အပြစ်လုပ်မိခဲ့လို့ရှိရင် သူ့အစား ကျွန်တော်က တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး သူ့ကို ခွင့်လွှတ်ပေးလိုက်ပါ"

လင်းဖုန်းသည် အနည်းငယ် သဘောပေါက်လာခဲ့သည်။ သူသည် အသေးစိတ်ကို အသေအချာ မသိခဲ့သော်လည်း ကွေနွားဘုရင်မှတဆင့် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ အကြောင်းအရာ အချို့ကို သိထားသည်။

လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ ကျင့်ကြံသူများတွင် ကျင့်ကြံမှုအဆင့်

အထွတ်အထိပ်တွင် ရှိနေသော လော်ဖူးသူတော်စင်မှလွဲ၍ သူ၏ တပည့်ကြီး လေးယောက်ရှိသည်။

လော်ဖူးသူတော်စင်သည် အသက်ရှင်နေသည်မှာ အချိန်ကြာလှပြီ ဖြစ်သည်။ သူသည် ကိုယ်ပိုင်ဂိုဏ်းကို တစ်ခါမှ မထူထောင်ခဲ့သော်လည်း သူ၏ သက်တမ်းတလျှောက်တွင် လက်ခံခဲ့သော တပည့်များသည် လေးယောက်မကသည်မှာ သေချာနေ၏။

သူတို့သည် တိုက်ပွဲများတွင် ကျဆုံးသွားကြခြင်း သို့မဟုတ် အင်မော်တယ်ဝိညာဉ်ကို

မဖန်ဆင်းနိုင်ခင်တွင်
သက်တမ်းကုန်ဆုံးသွားကြခြင်းကြောင့်
လက်ရှိအချိန်တွင် လေးယောက်သာ ရှိနေသည်။

အကြီးဆုံး တပည့်မှာ အင်မော်တယ်ဝိညာဉ်
အဆင့်တွင် ရှိနေသည်။ လော်ဖူးသူတော်စင်
မရှိနေသောအချိန်တွင် သူသည် လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ ကိစ္စများကို
တာဝန်ယူရသူ ဖြစ်၏။ သူသည်
အရှေ့ပင်လယ်အတွင်းတွင်
လော်ဖူးသူတော်စင်၏ကိုယ်စား
ကျင်လည်ကျက်စားလေ့ ရှိပြီး သူ့အစား
ကိစ္စများကို ဖြေရှင်းပေးလေ့ရှိသည်။

ဒုတိ အကြီးဆုံးတပည့်မှာ မုယု၏
ဆရာဖြစ်သည်။ သူသည် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်တွင် ရှိနေပြီး သူ့အား
ဟွမ်းမင်ဟု ခေါ်သည်။ သူသည် ဆေးလုံးများကို
ဖော်စပ်ရာတွင် အထူးကျွမ်းကျင်သူ ဖြစ်၏။
အရှေ့ပင်လယ်အတွင်းတွင် ဆေးဖော်စပ်မှုနှင့်
ပတ်သတ်၍ အင်မော်တယ်ဝိညာဉ်
အဆင့်အောက်တွင် အကောင်းဆုံးဟူ၍
အသတ်မှတ် ခံထားရသူလည်း ဖြစ်၏။
အချို့သော အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများပင်လျှင် သူ့ထက်
ဆေးဖော်စပ်ခြင်း စွမ်းရည် နိမ့်ကျကြသည်။

မုယုသည် အခြေတည် ဝိညာဥ် စဦးပိုင်း အဆင့်တွင်သာ ရှိနေသော်လည်း ဘာပဲပြောပြော သူသည် ဟွမ်းမင်၏ တပည့်တစ်ယောက် ဖြစ်သည်။ သူသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးအား ဖော်စပ်နိုင်သည်မှာ အံ့ဩစရာ မဟုတ်ပေ။

လင်းဖုန်းသည် လျှိုယောင်အား မချုပ်ချယ်ထားခဲ့ပဲ မုယုဘက်သို့ ပြန်သွားခွင့် ပြုလိုက်သည်။

ယွင်ကျင်းရှီက လျှိုယောင်အား ကြည့်လိုက်ကာ မေးလိုက်သည်။ "အဆင်ပြေရဲ့လား" လျှိုယောင်က ပြန်ဖြေလိုက်၏။ "ဘာမှ

မဖြစ်ပါဘူး။ ဟိုစီနီယာက ကျွန်တော့်ကို ဘာမှ မလုပ်ခဲ့ဘူး"

ချောင်ကျန်းတုံးသည် လျှိုယောင်၏ အဖြေကို ကြားလိုက်သောအခါ နှာမှုတ်လိုက်၍ လေသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။ "ဟွန့်၊ သူကမင်းကို ဘယ်လုပ်မှာလဲ" သူသည် လင်းဖုန်းနှင့် မုယုတို့အား ကြောက်နေသဖြင့် အသံတိုးတိုးဖြင့်သာ ပြောခဲ့ခြင်း ဖြစ်သည်။ သူ၏ ဆိုလိုရင်းမှာ လျှိုယောင်က လင်းဖုန်းအား လမ်းပြ၍ ခေါ်လာခြင်းသာ ဖြစ်၏။

ယွင်ကျင်းရှီက ပြောလိုက်သည်။ "စီနီယာ ကျန်းတုံး၊ ဟိုစီနီယာက စွမ်းအားကြီးတဲ့

အခြေတည် ဝိညာဉ် အဆင့်က
ကျင့်ကြံသူဖြစ်တယ်။ ကျွန်မတို့က သူ့ရဲ့
စွမ်းရည် အတိအကျကို မသိပေမဲ့
လှျိုကြီးကတော့ သူ့ကို ဘာမှ တတ်နိုင်မှာ
မဟုတ်ဘူး။ သူ့ကို ရန်မစပါနဲ့တော့"

သူမသည် လှျိုယောင်အား ကာကွယ်နေသည့်ပုံ
ပေါက်နေသော်လည်း သူမသည်
ချောင်ကျန်းတုံး၏ ယူဆချက်ကို
သဘောတူနေသည်မှာ ထင်ရှားနေသည်။

အခြား ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူများကလည်း သူတို့နှစ်ယောက်၏

စကားများကို ကြားရသောအခါ အားလုံးကပင် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြ၏။

လှိုုယောင်၏ နှုတ်ခမ်းများသည် အနည်းငယ် တုန်ခါနေခဲ့သော်လည်း ဘာကိုမှ ဆက်မပြောင်းခဲ့ပေ။

လင်းဖုန်းသည် လူငယ်များ၏ တိုးတိုးတိတ်တိတ် စကားဝိုင်းကို အမှုအထားခဲ့ပေ။ သူသည် မုယုအား ကြည့်လိုက်ကာ ကြည့်လိုက်ကာ မေးလိုက်သည်။ "ကျုပ်ကဒီကိုလာခဲ့တာ အကြောင်းအရာ တစ်ခုကို စုံစမ်းဖို့ပါ။ ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးအပြင်

ခင်ဗျားက တိမ်တိုက်မြူခိုးငွေ့တို့ရဲ့ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကိုရော ဖော်စပ်နေတာလား"

မုယုသည် ခေါင်းငုံ့လိုက်ကာ လင်းဖုန်း၏ မေးခွန်းကို စဥ်းစားနေခဲ့သည်။ လင်းဖုန်းသည် လျှိုယောင်အား ခေါ်ယူလာသည်မှာ သူ၏ကိုယ်တွင်းမှ ဆေးစွမ်းအားများကို အာရုံခံမိပြီး ဒါသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးဖြစ်သည်ဟု သိခဲ့သောကြောင့် ဖြစ်မည်။ ဒါသည် သိပ်တော့လည်း မထူးဆန်းပေ။ အကယ်၍ သူသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံး အကြောင်းကို သိခဲ့မည် ဆိုပါက ဒါသည်

တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးနှင့် တွဲဖက်၍
အသုံးပြုရသည်ကို သိမည်ဖြစ်သည်။

သို့သော်လည်း လင်းဖုန်း၏
တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော
ဆေးလုံးအကြောင်းအား မေးမြန်းခဲ့သည်မှာ
စဉ်းစားစရာ ဖြစ်၏။

မုယုသည် ဟွမ်းမင်၏ တပည့်ဖြစ်၍
သူ့ဆရာသည် အင်မော်တယ်ဝိညာဉ် အဆင့်သို့
ချိုးဖောက်နိုင်ရန် အခွင့်အရေးကို
စောင့်မျှော်နေခဲ့သော်လည်း တစ်ခါမှ

မအောင်မြင်ခဲ့သည်ကို သိနေခဲ့၏။
ဟွမ်းမင်သည် ယင်ပင်လယ်မှ
တောင်သုံးတောင် ပေါ်လာသည့် အပေါ်တွင်
သူ၏ မျှော်လင့်ချက်များကို ထားထားခဲ့သည်။

သူသည် တောင်သုံးတောင်အား ထိန်းချုပ်နိုင်ရန်
မမျှော်မှန်းထားသော်လည်း တောင်များအပေါ်မှ
ရှားပါးသော ရတနာများနှင့် ဆေးပင်များကို
ရရှိနိုင်ရန် မျှော်လင့်ထားသည်။ သူသည်
ယင်ပင်လယ် အတွင်းမှ ရှားပါးသော
မှော်ရတနာအချို့ကို ရယူနိုင်၍
နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ရန်
မျှော်မှန်းထားခဲ့သည်။

မုယုသည် သူ့ကိုယ်သူ တွေးနေဆဲတွင် တစ်စုံတစ်ယောက်သည် သူ့အား အသံလွှင့်၍ ဆက်သွယ်လာခဲ့သည်။ "သူ့ကို မပြောပြနဲ့။ ဒါက ရှင့်ဆရာနဲ့ အမတ်တို့ရဲ့ မဟာ အကြံအစည်နဲ့ ဆက်စပ်နေတယ်။ လျှို့ဝှက်ချက်ကို မဆိုင်တဲ့သူကို မပြောပြပါနဲ့"

ထိုစကားကို ပြောခဲ့သူမှာ အမှောင်အတွင်းတွင် ပုန်းကွယ်နေသော အခြေတည် ဝိညာဉ် အဆင့်မှ အမျိုးသမီး ကျင့်ကြံသူဖြစ်သူ လုနင်ဖြစ်၏။

သူမ၏ အသံသည် တောအုပ်အတွင်းမှနေ၍ ထွက်လာခဲ့သည်။ "ရှင့်နာမည်ကို အရင်သိပါရစေ"

သူမသည် လင်းဖုန်းအား သူမ၏ မေးခွန်းဖြင့် အာရုံပျံ့လွင့်အောင် လုပ်လိုက်ပြီး မုယုနှင့် ကျန်သောသူများအား အသံလွှင့်၍ ဆက်ပြောလိုက်သည်။ "ဒီလူက လူသားလား မိစ္ဆာလား ဆိုတာကိုတောင် ကျွန်မတို့က မသိဘူး။ ကျွန်မက သူ့ရဲ့ ခန္ဓာကိုယ် အထဲကနေ ဆာရိုသံမဏိ သစ်ပင်ရဲ့ အော်ရာတွေကို ခံစားနေရတယ်"

ထိုစကားအား ကြားပြီးသွားသည်နှင့် အားလုံးတို့၏ အမူအရာတို့သည် ပြောင်းလဲသွားကြသည်။ သူတို့အုပ်စုသည် လင်းဖုန်းအား လှည့်ကြည့်လိုက်ကြကာ သူတို့၏

အရှေ့မှ ထူးခြားဆန်းကြယ်သည့် သူအား
သတိထားသည်ပုံ ပေါက်လာကြ၏။

သူတို့သည် ယခုကလေးမှတင် မိစ္ဆာများနှင့်
ခက်ထန်စွာ တိုက်ခိုက်ခဲ့ပြီးကြ၍ လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှာလည်း
အရှေ့ပင်လယ်နှင့် မဟာလွင်တီးခေါင်
ကုန်းမြေတို့၏ နယ်နိမိတ်
လမ်းကြောင်းအနီးတွင် တည်ရှိနေသည်။
သူတို့သည် မိစ္ဆာများနှင့် တစ်ချိန်လုံးပင်
တိုက်ခိုက်နေရကာ သူတို့အကြားမှ
သွေးကြွေးသည် အတော်နက်ရှိုင်း၏။
ဤနေရာမှ လူသားများနှင့် မိစ္ဆာတို့၏ အကြားမှ

ရန်ငြိုးရန်စသည့် အခြားနေရာများထက်
ပို၍ကြီးမားသည်။

မုယုက ပြန်ဖြေလိုက်သည်။ "လုနင်၊ နင်က
သေချာသလား"

လုနင်က အသံလွင့်၍ ပြန်ဖြေလိုက်သည်။
"လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်က ငါက
မဟာမိုးကြိုး ကျောင်းတော်ကို ရောက်ဖူးခဲ့ပြီး
ကျောင်းတော် အတွင်းက ဆာရိုသံမဏိ
သစ်ပင်ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးခဲ့တယ်"

စာစဉ် ၃၈ : အပိုင်း ၁၇

# အပိုင်း ၇၂၇ : မိစ္ဆာကို ဖမ်းဆီး၍ ဆေးလုံးအား ရယူခြင်း

လင်းဖုန်းသည် သူတို့ အချင်းချင်း အသံလွှင့်နေကြသည်ကို ကြားဝင်နားထောင်ခြင်း မပြုခဲ့ပေ။ သူသည် မုယု၊ လုနင်နှင့် ကျန်သောသူများက တစ်ယောက်နှင့်တစ်ယောက် မည်သည့် အကြောင်းအရာများကို ပြောနေကြသည်အား သတိမပြုမိသော်လည်း သူ့အား သတိထားလာကြသည်ကိုမူ သတိပြုမိ၏။

လင်းဖုန်းသည် သူ၏ခေါင်းကို မော့လိုက်ကာ အရှေ့မှ ထူထပ်သော တောအုပ်အား ရယ်ချင်လှစွာဖြင့် ကြည့်ရသည်။ သူသည် သူ၏အနားမှ လေဟာနယ်သည် တွန့်လိမ်သွားခဲ့ကာ မူလ အနေအထားမှ လုံးဝကွဲပြားသွားခဲ့သည်ကို သတိထားမိခဲ့သည်။ အရာအားလုံးတို့သည် မှော်ဝင်္ကပါတစ်မျိုး၏ လွှမ်းခြုံခြင်းကို ခံနေရ၍ လူသတ်လိုသော အော်ရာများကို ထုတ်လွှတ်နေခဲ့သည်။ ခက်ထန်သော တိုက်ပွဲတစ်ခုက အစပြုတော့မည်ကဲ့သို့ ဖြစ်နေခဲ့၏။

ဒါသည် လုနင် အားကိုးနေသော အရာပင် ဖြစ်ပေလိမ့်မည်။ သူသည် လင်းဖုန်း၏

သံမဏိသစ်ပင် ကိုယ်ပွားသည် အခြေတည် ဝိညာဉ် အဆင့်တွင်သာ ရှိနေသည်ကို သိခဲ့သော်လည်း သူ၏ စွမ်းရည် အစစ်အမှန်ကို မပြောနိုင်ခဲ့ပေ။ ထို့ကြောင့် သူမသည် သူ့အား ရှင်းလင်းပစ်နေလိုသော စိတ်များ ရှိနေခဲ့သည်။

လင်းဖုန်းသည် သူ၏ခေါင်းကို အသာခါလိုက်ကာ သူ၏ညာလက်အား ဆန့်တန်းလိုက်၏။ သူသည် သူတို့နှစ်ခုအကြားမှ လေဟာနယ်ကို ဖြတ်ကျော်သွားခဲ့၍ လုနင်ထံသို့ ကုတ်ဆွဲလိုက်သည်။

လုနင်သည် ခေတ္တမျှ မှင်သက်သွားခဲ့သည်။ သူမသည် သူမအား ကွယ်ဝှက်ထားရန် အသက်သွေးဝက်ပါကို သူမ၏ လျှို့ဝှက်နည်းလမ်းများဖြင့် တည်ဆောက်ထားခဲ့သည်။ သာမန်လူများသည် သူမ၏ ဖုံးကွယ်ထားမှုကို တွေ့မြင်ရန်ဝေးစွ သူမ၏ ဝက်ပါကို ချိုးဖောက်ရန် ခက်ခဲစွာ ကြိုးစားရမည် ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းသည် သူမ၏ မှော်ဝက်ပါအား လုံးဝ လျစ်လျူရှုထားခဲ့ကာ သူမထံသို့ တိုက်ရိုက်ရောက်လာခဲ့သည်။

ဝက်ပါအလှသွာများစွာတို့သည် မျက်စိတစ်မှိတ် အတွင်းတွင်ပင် လင်းဖုန်း၏ ဖယ်ရှားခြင်းအား

ခံလိုက်ရ၏။ ပြီးတာနှင့် လုနင်သည် အလွယ်တကူပင် အဖမ်းဆီးခံလိုက်ရသည်။

မုယုနှင့် ကျန်သောသူများကလည်း ကြောက်ရွံ့ထိတ်လန့်သွားကြသည်။ တစ်မိနစ် အချိန်လေးတွင်ပင် လင်းဖုန်းသည် သူ၏ စွမ်းရည်များကို ထူးချွန်ပြောင်မြောက်စွာ ပြသခဲ့သည်။ သူပြသခဲ့သော ကြီးစိုးလွှမ်းမိုးနိုင်မှုသည် အခြားသူများအား အင်မော်တယ်ဝိညာဥ် အဆင့်မှ ထိပ်သီးကျင့်ကြံသူ တစ်ယောက်နှင့် ရင်ဆိုင်နေခဲ့ရသကဲ့သို့ ခံစားစေခဲ့သည်။ မုယုသည် သူ၏ဆရာ ဟွမ်းမင်သည်ပင်လျှင်

လင်းဖုန်းကဲ့သို့ အစွမ်းထက်သော နည်းစနစ်နှင့် မှော်ကျိန်စာများ မရှိဟု သေချာနေခဲ့သည်။

အခြေအနေ ရုတ်တရက် ပြောင်းလဲသွားမှုသည် အားလုံးတို့အား ဘာလုပ်ရမှန်းမသိ ဖြစ်သွားစေခဲ့သည်။ သူတို့၏ စိတ်ခံစားချက်များမှု ရှုပ်ထွေးနေခဲ့ပြီး အားလုံးတို့သည် စိုးရိမ်ပူပန်နေကြ၏။

ချောင်ကျန်းတုန်းသည် လျှိုယောင်အား ဒေါသတကြီးဖြင့် ကြည့်လိုက်သည်။ "အားလုံးမင်းကြောင့်ပဲ"

လှိုင်ယောင်သည် လင်းဖုန်းအား ကြည့်လိုက်သော်လည်း စဉ်းစားနေခဲ့သကဲ့သို့ ဘာမှမပြောခဲ့ပေ။

မုယုသည် သူ၏အသံကို နှိမ့်ချလိုက်၍ ပြောလိုက်သည်။ "စီနီယာ၊ ကျေးဇူးပြုပြီး သူမကို ချမ်းသာပေးလိုက်ပါ။ သူမက သတ်ဖြတ်လိုစိတ်တွေ ရှိနေခဲ့ပေမဲ့ စီနီယာကို မိစ္ဆာတွေနဲ့ ပတ်သတ်နေတယ်လို့ သံသယ ရှိနေလို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က မိစ္ဆာတွေနဲ့ တိုက်ခိုက်နေခဲ့တာ အချိန်အတော်ကြာသွားခဲ့ပြီ။ ဒီလိုမျိုး အခြေအနေတွေမှာ သံသယဖြစ်ပြီး သတိတကြီး ထားရတာလည်း အကျိုးအကြောင်း

ဆီလျှော်ပါတယ်။ စီနီယာကို
စော်ကားသလိုဖြစ်သွားခဲ့ရင်
တောင်းပန်ပါတယ်"

လင်းဖုန်း၏ ထုတ်ဖော်ပြသခဲ့သော
စွမ်းရည်များသည် လူသားကျင့်ကြံမှု
စွမ်းအားသက်သက်သာ ဖြစ်သည်။ ဒါသည်
မုယုနှင့် ကျန်သောသူများ၏ သံသယများကို
ကင်းရှင်းသွားစေခဲ့၏။ သို့သော်လည်း
သူတို့သည် မှားသောဘက်မှ ဖြစ်သွားခဲ့သည်။
သူတို့သည် လင်းဖုန်းအား မိစ္ဆာမဟုတ်ဟူ၍
သေချာသွားခဲ့သော်လည်း သူ့အား
ဒေါသထွက်အောင် လုပ်မိခဲ့သည်။

လင်းဖုန်းက ဘာကိုမှ တုံ့ပြန်၍ မပြောခဲ့ပေ။
သူသည် မိုးကုတ်စက်ဝိုင်း အလွန်ကို
လှမ်းကြည့်လိုက်၍ ပြောလိုက်သည်။
"လက်စသတ်တော့ ဒီလိုကိုး။
ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးကို
ဖော်စပ်တဲ့အခါမှာ အသုံးပြုတဲ့ ပစ္စည်းတွေက
နဂါးမျိုးနွယ်တွေနဲ့ ဆက်စပ်နေတယ်။
မိစ္ဆာမျိုးနွယ်စုတွေက ခင်ဗျားတို့ကို
ပစ်မှတ်ထားနေတာ အဆန်းတော့
မဟုတ်ပါဘူး။ ဒါတွေက ကျပန်းတိုက်ပွဲတွေ
မဟုတ်ဘူး၊ ဟုတ်တယ်မလား"

မုယုနှင့် ကျန်သောသူများမှာ
ပါးစပ်အပေါင်းသား ဖြစ်သွားကြ၏။

သူတို့သည် လင်းဖုန်း၏
အကြည့်နောက်သို့လိုက်၍ အီကွေတာ၏
အခြားတစ်ဘက်သို့ ကြည့်လိုက်ကြသည်။
ခဏအကြာတွင် ကမ္ဘာအစွန်းမှနေ၍
အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့၍ ရောမ
နဂါးပုံရိပ်များစွာတို့ ထွက်လာကြသည်။
သူတို့သည် ဟိန်းဟောက်လိုက်ကြကာ
ဤကျွန်းပေါ်မှ လူအုပ်ထံသို့
ပြေးဝင်လာကြသည်။

သူတို့အတွင်းတွင် မိစ္ဆာသခင် အဆင့်မှ
နဂါးနှစ်ကောင် ပါဝင်ပြီး တောင်ပံနှစ်ဘက်နှင့်
ဖြူကောင်ကဲ့သို့သော ဆူးချွန်များနှင့်
ထူးခြားသော သားရဲတစ်ကောင်လည်း

ပါဝင်သည်။ ထိုသားရဲသည် နွားသိုးနှင့် ဆင်နေသကဲ့သို့ ကျားတစ်ကောင်နှင့်လည်း တူနေခဲ့သည်။ သူသည် မိစ္ဆာသခင် အဆင့်မှ ချုံးချိတစ်ကောင် ဖြစ်သည်။

ထိုမိစ္ဆာသခင် သုံးကောင်တို့သည် ကျွန်းပေါ်မှာ လူများထံသို့ ခုန်အုပ်လိုက်ကြသည်။ အရှေ့ဆုံးမှ ကျောက်စိမ်းရောင် နဂါးက လင်းဖုန်းအား ကောင်းကင်ပြာရောင် မျက်လုံးဖြင့် စိုက်ကြည့်လိုက်သည်။ သူသည် သူ၏အဖော်များကို အော်ဟစ်၍ ပြောလိုက်၏။ "နောက်ထပ်လူ တစ်ယောက်လည်း ရှိနေတယ်။ သူက အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူပဲ"

ချိုးချိမိစ္ဆာသခင်က ထူးမခြားနား အမူအရာဖြင့် ပြန်ဖြေလိုက်သည်။ "တကယ်လို့ သူက လူသားသာဆိုရင် ကျန်တဲ့သူတွေနဲ့ အတူတူ သတ်ပစ်လိုက်ပေါ့"

ချောင်ကျန်းတုန်း၊ ယင်ကျင်းရှီနှင့် ကျန်သောသူများ၏ မျက်နှာများပေါ်တွင် မျှော်လင့်ချက် ကင်းမဲ့မှုများ ပေါ်လာခဲ့သည်။ လင်းဖုန်းမှလွဲ၍ ကျန်သောသူများ အားလုံးတို့သည် အားအင်ကုန်ခန်းနေကြပြီ ဖြစ်သည်။ မိစ္ဆာသခင် သုံးကောင်နှင့် အခြား မိစ္ဆာ အုပ်ချုပ်သူ တစ်အုပ်စုတို့၏ ဝိုင်းရံပိတ်ဆို့မှုကို ခံနေရသဖြင့် သူတို့သည်

သေမင်းနှင့် ရင်ဆိုင်ရတော့မည်မှာ
သေချာနေ၏။

သူတို့၏ အုပ်စုအတွင်းမှ စွမ်းအားအကြီးဆုံး
ကျင့်ကြံသူဖြစ်သော လုနင်သည်
ထူးခြားဆန်းကြယ်သော လင်းဖုန်း၏
ဖမ်းဆီးထားခြင်းကို ခံနေရသည်။ သူတို့သည်
လင်းဖုန်းက ရန်သူလော မိတ်ဆွေလော
ဟူသည်ကို မသေချာနေခဲ့ပေ။ ဤအချက်
နှစ်ချက်စလုံးသည် သူတို့အား အဆိုးဆုံး
အခြေအနေသို့ တွန်းပို့ပေးခဲ့သည်။

အနည်းဆုံးတော့ မုယုသည် တည်ငြိမ်စွာနှင့်
ဆုံးဖြတ်ချက် ချနိုင်ခဲ့သည်။ သူသည် မဟာ

သယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့
တစ်ခုအား ထုတ်ယူလိုက်၍ ချောင်ကျန်းတုန်း၊
လျှိုယောင်နှင့် ကျန်သော ဂျူနီယာ
တပည့်များကို လှမ်းခြုံလိုက်ကာ သူတို့အား
ထွက်သွားရန် အမိန့်ပေးလိုက်သည်။

"ငါက သူတို့ကို ငါတတ်နိုင်သလောက်
အချိန်ဆွဲထားပေးမယ်။ မင်းတို့
တတ်နိုင်သလောက် အမြန်ပြေးကြပြီး မင်းတို့ရဲ့
ဂိုဏ်းတူဦးလေးယွမ်ဆီကို အကူအညီ
တောင်းပြီးတော့ ဆရာဘိုးဘိုးဆီကို
ပို့ခိုင်းလိုက်ကြပါ။ ကြောင်လိမ်ကိုးဆင့်
ရွှေဆေးလုံးက သူ့လက်ထဲကို ရောက်မှရမယ်"

မဟာ သယ်ယူပို့ဆောင်ခြင်း အဆောင်လက်ဖွဲ့၏ စွမ်းအားများသည် မစရသေးခင်တွင်ပင် လင်းဖုန်း၏ ဝင်ရောက်တားဆီးမှုကို ခံလိုက်ရကာ မုယုနှင့် ကျန်သောသူများသည် ကျောက်ရုပ်များကဲ့သို့ ဖြစ်သွားကြ၏။

လင်းဖုန်းသည် ရယ်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်ပြီး သူတို့အပေါ်သို့ ခုန်အုပ်လာနေသော မိစ္ဆာသခင် သုံးကောင်ဘက်သို့ လှည့်လိုက်သည်။ သူ၏ လက်တစ်ဘက်ကို မြှောက်လိုက်၍ မှော်ကျိန်စာ တစ်ခုအား ဖန်ဆင်းလိုက်သည်။

ကောင်းကင်သယ်ဆောင် တံဆိပ်သည်
သက်ရှိအားလုံးကို ခြေမွနိုင်၍ ကောင်းကင်နှင့်
မြေကြီးတို့အား သယ်ဆောင်ထားသည့်
အင်အားများဖြင့် ထိုမိစ္ဆာသခင် သုံးကောင်အား
ရိုက်ချလိုက်သည်။ ခဏအကြာတွင်
ထိုမိစ္ဆာသခင် သုံးကောင်တို့သည်
လေထုအလယ်တွင် အရိုက်ခံလိုက်ရကာ
ကျွန်း၏ ကမ်းခြေအပေါ်သို့ ပုံလျှက်သား
ကျလာကြသည်။

နဂါးနှစ်ကောင်နှင့် ချုံးချိတစ်ကောင်တို့သည်
ကမ်းခြေပေါ်တွင် တတ်နိုင်သမျှ
ရုန်းကန်နေကြသော်လည်း မထလာနိုင်ကြပေ။
သူတို့၏ အပေါ်သို့ အဆုံးမဲ့ အလေးတုံးကြီးဖြင့်

ဖိနှိပ်ထားသကဲ့သို့ ခံစားနေရကာ မလှုပ်မရှားနိုင် ဖြစ်နေကြသည်။ သူတို့သည် ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက်ချင်နေကြသော်လည်း မတတ်နိုင်ခဲ့ကြပေ။

မုယုနှင့် ကျန်သောသူများသည် မြေပြင်အပေါ်တွင် မတ်မတ်ရပ်နေကြကာ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

လင်းဖုန်းသည် အစောပိုင်းက ဝင့်ကြွားနေခဲ့သော မိစ္ဆာသခင်များကို တစ်ချက်ကြည့်လိုက်ကာ မုယုထံသို့ ပြန်လှည့်ကြည့်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ကျုပ်က

တိမ်တိုက်မြူခိုးငွေ့တို့ရဲ့
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကိုသာ
အလေးထားတယ်။ အခုအချိန်မှာ
ကျုပ်မေးခွန်းကို ဖြေနိုင်ပြီလား"

မုယုသည် သူ၏လျှာမှာ ထုံးနေသည်ဟု
ခံစားနေရသည်။ အချိန်အတော်ကြီး ကြာမှသာ
သူသည် အားတင်း၍ ရယ်လိုက်ကာ
ပြန်ဖြေလိုက်၏။ "ကျွန်တော်က
ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးကို
ဖော်စပ်ဖို့သာ တာဝန်ရှိပါတယ်။
တိမ်တိုက်မြူခိုးငွေ့တို့ရဲ့
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကတော့

ကျွန်တော့်ရဲ့တာဝန် မဟုတ်တော့
ကျွန်တော်ကလည်း မသိပါဘူး"

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို
လှုပ်လိုက်ကာ သူအစောပိုင်းက
တားဆီးထားသော လေထုအလယ်တွင်
တုန်ခါနေသည့် မဟာ သယ်ယူပို့ဆောင်ခြင်း
အဆောင်လက်ဖွဲ့ကို ကြည့်လိုက်သည်။
"ဒီအဆောင်လက်ဖွဲ့က ကျုပ်ကို သဲလွန်စ
ပေးနိုင်မယ်ထင်တယ်"

မုယုကမူ ဘာမှ မပြောခဲ့ပဲ လင်းဖုန်း၏
ဖိနှိပ်ခြင်းကို ခံထားရသည့် ကျောက်စိမ်းနဂါးက
ဟိန်းဟောက်လိုက်၍ ပြောလိုက်သည်။

"ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးဖြစ်ဖြစ်၊ တိမ်တိုက်မြူခိုးငွေ့တို့ရဲ့ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးဖြစ်ဖြစ် နှစ်ခုစလုံးတို့က မိစ္ဆာတွေရဲ့ ခန္ဓာကိုယ်က ပစ္စည်းတွေကို အသုံးပြုပြီး ဖော်စပ်ရတာဖြစ်တယ်။ သူတို့က နဂါးဘုရင်ရဲ့သားကို သတ်လိုက်ပြီးမှ ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးကို ဖော်စပ်ခဲ့တာ ဖြစ်တယ်။ ဒါကြောင့်မို့ ကျုပ်တို့က လက်စားချေဖို့ သူတို့ကို လိုက်ရှာနေကြတာ ဖြစ်တယ်"

"ခင်ဗျားပြောတဲ့ ပုံအရဆိုရင် ခင်ဗျားသိတဲ့ သူတစ်ယောက်ကလည်း လော်ဖူး

လျှို့ဝှက်ဆန်းကြယ်သောကျွန်းက လူတွေရဲ့
သူတို့ရဲ့ တန်ဖိုးကြီး ဆေးလုံးဖော်ဖို့
ဖမ်းဆီးခြင်းကို ခံထားရတဲ့ပုံပဲ။ ခင်ဗျားက
စိတ်ဝိညာဉ် ရေနဂါးကို ရှာနေတာလား၊
တောင်ပံကိုးခု ငါးပျံကို ရှာနေတာလား"

လင်းဖုန်းက ဤမှတ်ချက်အား
ဟားတိုက်ရယ်လိုက်သည်။ "မင်းတို့နဲ့
ဘာမှမဆိုင်ဘူး"

သူသည် မုယုဘက်သို့ လှည့်ကြည့်လိုက်၍
ပြောလိုက်သည်။ "ဒါပေမဲ့ ဒီကျောက်စိမ်းနဂါး
ပြောတာက အမှန်ပဲ။ ကျုပ်က
တိမ်တိုက်မြူခိုးငွေ့တို့၏

လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို ဖော်စပ်တဲ့ နေရာမှာ စိတ်ဝိညာဉ် ရေနဂါးဘုရင်ရဲ့ ရုပ်အလောင်းကို အသုံးပြုရတယ်လို့ ကြားထားတယ်။ ကျုပ်က သူ့ကို ရှာနေတာ"

ကျောက်စိမ်းနဂါး မြင်နိုင်သောအရာအား မုယုကလည်း မြင်နိုင်သည်။ သို့သော်လည်း ပြဿနာမှာ ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးနှင့် တိမ်တိုက်မြူခိုးငွေ့တို့၏ ထူးခြားဆန်းကြယ်သော ဆေးလုံးတို့သည် သူ၏ဆရာ ဟွမ်းမင်အတွက် အလွန်အရေးကြီးသော အရာတစ်ခုဖြစ်နေသည်။ အကယ်၍

ဤဆေးလုံးများက တစ်ခုခု ဖြစ်သွားခဲ့လျှင်
သူ့ဆရာ၏ အကြံများက
ပျက်စီးသွားပေလိမ့်မည်။

သို့သော်လည်း လင်းဖုန်းက စိတ်ဝိညာဉ်
ရေနဂါးဘုရင်၏ အကြောင်းအရာကို
ဖော်ပြခဲ့သည့် အချိန်တွင် မုယု၏
စိတ်အတွင်းတွင် အလင်းရောင် တစ်စက
လက်ကနဲ ဖြစ်သွားခဲ့သည်။

မိစ္ဆာများသည် အရှေ့ပင်လယ် အတွင်းသို့
အလုံးအရင်းနှင့် ဝင်ရောက်
တိုက်ခိုက်ခဲ့ကြသဖြင့် ဟွမ်းမင်နှင့် သူ၏
စီနီယာ၊ ဂျူနီယာများအပြင် သူ၏ဆရာကပင်

မိစ္ဆာများကို နှိမ်နင်းတိုက်ခိုက်နေရသဖြင့် ဆေးလုံးများ၏ ကိစ္စကို သူ၏တပည့် နှစ်ယောက်ဖြစ်သော မုယုနှင့် ယွမ်ရှုတို့အား တာဝန်ပေးထားရသည်။ မုယုသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးအား တာဝန်ယူရကာ ယွမ်ရှုသည် တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးအား တာဝန်ယူခဲ့ရသည်။

တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးအား ဖော်စပ်ရာတွင် ဆေးအမယ်များစွာတို့အား လိုအပ်သည်။ သူတို့အနက်မှ တစ်ခုသည်

စိတ်ဝိညာဉ် ရေနဂါး၏ ရုပ်အလောင်း ဖြစ်၍ ကျန်တစ်ခုသည် တောင်ပံကိုးခု ငါးပုံ၏ အတောင်များ ဖြစ်သည်။

မုယုသည် ယွမ်ရှုက စိတ်ဝိညာဉ် ရေနဂါး၏ ရုပ်အလောင်းကို မည်သို့ ရရှိခဲ့သည်ကို မသိခဲ့သော်လည်း ရုတ်ချည်းပင် သူ၏ စိတ်အတွင်းတွင် တစ်ခုကို စဉ်းစားမိလိုက်သည်။

စိတ်ဝိညာဉ် ရေနဂါးတို့သည် သဘာဝအားဖြင့် နူးညံ့သိမ်မွေ့ကာ မဟာလွင်တီးခေါင် ကုန်းမြေအတွင်းမှ ခက်ထန်ကြမ်းတမ်းသော မိစ္ဆာများနှင့် ကွာခြားသည်။ သူတို့သည်

ရေအနွယ်ဝင် မှော်ကျိန်စာများအား
ကျင့်ကြံရာတွင် အသုံးဝင်သဖြင့်
တစ်ကိုယ်တော် ကျင့်ကြံသူ အများစုတို့သည်
အရှေ့ပင်လယ်တွင် သူတို့၏ ကိုယ်ပိုင်
စိတ်ဝိညာဉ် ရေနဂါးများကို
မွေးမြူထားကြသည်။

တစ်ချိန်တည်းတွင်ပင် စိတ်ဝိညာဉ် ရေနဂါး
အရိုင်းများကလည်း အရှေ့ပင်လယ်အတွင်းတွင်
ကျင်လည်ကျက်စားနေကြ၏။ သို့သော်လည်း
မိစ္ဆာသခင် အဆင့်မှ စိတ်ဝိညာဉ်
ရေနဂါးများသည် လွန်စွာမှ ရှားပါးသည်။
သူတို့အနက်မှ လီဘိုတောင်တွင် နေထိုင်သော
တစ်ယောက်သည် နာမည်ကြီးသည်။

ရေလှိုင်းသူတော်စင်သည် မည်သည့်နေရာသို့ ရောက်သွားခဲ့မှန်း မသိသော်လည်း သူ့အနောက်သို့ လိုက်သွားသော ကျွန်ုပ်သွားမျိုးနွယ်စုတို့သည် ယုကျင်းတောင်ပေါ်မှ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထံသို့ ဝင်ရောက်သွားကြသည်။ အကယ်၍ ယွမ်ရှုက ဤဆေးလုံးကို ဖော်စပ်ရန် အသုံးပြုနေသော စိတ်ဝိညာဉ် ရေနဂါးသည် လီဘိုတောင်တွင် နေထိုင်သော စိတ်ဝိညာဉ် ရေနဂါးဖြစ်ခဲ့လျှင်…

ဤအတွေးက သူ၏ခေါင်းအတွင်းသို့ ဝင်လာသောအခါ မုယု၏ တစ်ကိုယ်လုံးတွင် ကြက်သီးမွေးညင်းများ ထလာခဲ့၏။ သူသည်

လင်းဖုန်းဘက်သို့ လှည့်လိုက်ကာ မေးလိုက်သည်။ "ခင်ဗျားက အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းကမျိုးလား"

လျှို့ယောင်၊ ချောင်ကျန်းတုန်း၊ ယွမ်ကျင်းရှီနှင့် ကျန်သောသူများတို့သည် လင်းဖုန်းအား အံ့အားတကြီးဖြင့် လှည့်ကြည့်လိုက်ကြသည်။

လင်းဖုန်း၏ ဖိနှိပ်ခြင်းကို ခံနေကြရသော မိစ္ဆာသခင် သုံးကောင်တို့သည်ပင်လျှင် သူတို့၏ ရှန်းကန်နေမှုတို့အား ခေတ္တမျှ ရပ်လိုက်ကြကာ လင်းဖုန်းအား မသက်မသာ ဖြစ်နေသော မျက်လုံးများဖြင့် ကြည့်လိုက်ကြ၏။

လင်းဖုန်းက ဘာမှ မတုံ့ပြန်ရသေးခင် မုယုက ဆက်လက် ရှင်းပြလိုက်သည်။

"တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို ဖော်စပ်ဖို့ ကျွန်တော့်ရဲ့ ဂျူနီယာ ယွမ်ရှူက တာဝန်ယူထားတာပါ။ သူနဲ့ဆက်သွယ်လို့ရတဲ့ ကျွန်တော်ရဲ့ အသံလွှင့်ကျောက်တုံးက ပျောက်ဆုံးသွားခဲ့ပြီး သူနဲ့ အဆက်အသွယ် ပြတ်နေခဲ့ပါတယ်။ သူ့ရဲ့ နေရာကိုလည်း ခန့်မှန်းလို့ မရနိုင်ပါဘူး"

"ဂျူနီယာယွမ်က ဒီဆေးလုံးကို လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းရဲ့ မြောက်ဘက်

မိုင်သုံးထောင်က ကျွန်းတွေမှာ ဖော်စပ်နေပါတယ်။ တကယ်လို့ သူက မိစ္ဆာတွေရဲ့ တိုက်ခိုက်မှုကြောင့် နေရာမရွှေ့ခဲ့ရင် အဲ့ဒီနေရာမှာပဲ ရှိနေနိုင်ပါတယ်"

သူသည် ဟွမ်းမင်က ဤတိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးအား လွန်စွာ တန်ဖိုးထားသည်ကို သိသော်လည်း မုယုသည် လင်းဖုန်းအား သူသိထားသမျှတို့ကို လုံးဝ ချီတုံချတုံ ဖြစ်မနေခဲ့ပဲ ပြောပြလိုက်၏။

လင်းဖုန်း လိုချင်နေသည်မှာ လီဘိုတောင်မှ စိတ်ဝိညာဉ် ရေနဂါးဘုရင်သာ ဖြစ်သည်။

သူသည် တိမ်တိုက်မြူခိုးငွေ့တို့၏
လှို့ဝှက်ဆန်းကြယ်သော ဆေးလုံးအား
စိတ်မဝင်စားပဲ လေဘ်ဖူး
လှို့ဝှက်ဆန်းကြယ်သောကျွန်းတွင်
နေထိုင်သော သူများကိုလည်း
ရန်ငြိုးထားနေခြင်း မရှိပေ။ သူတို့သည်
နောက်ထပ် စိတ်ဝိညာဉ် ရေနဂါးတစ်ကောင်ကို
ရှာရန် အချိန်အနည်းငယ် ပေးလိုက်ကာ
အချိန်အနည်းငယ် နောက်ဆုတ်လိုက်ရုံသာ
ဖြစ်သည်။ ဤမျှသော ကိစ္စလေးဖြင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဆန့်ကျင်ဘက်
ဖြစ်ရသည်မှာ မတန်ချေ။

မုယုသည် သူ၏လက်ကို လေပေါ်တွင် ဖွေ့ယမ်းလိုက်ရာ အရှေ့ပင်လယ်၏ မြေပုံမှာ အလင်းတန်း ပုံရိပ်တစ်ခုအဖြစ် ပေါ်လာခဲ့သည်။ ပြီးတာနှင့် သူသည် ယွမ်ရှုရှိနေသော ကျွန်းကို ထောက်ပြလိုက်သည်။

လင်းဖုန်းက တစ်ချက်ကြည့်လိုက်ကာ ဖွဖွလေး ပြုံးလိုက်သည်။ "အရမ်းကောင်းတယ်" ပြီးတာနှင့် သူ၏ လက်ညှိုးကို ဆန့်တန်းလိုက်ရာ မှော်စွမ်းအင် တစ်စသည် လျှိုယောင်၏ ကိုယ်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

ခရမ်းရောင် အလင်းတန်း တစ်ခုက
လင်းလက်လာခြင်းနှင့်အတူ လျှိုယောင်၏
ခန္ဓာကိုယ်ကလည်း တုန်ခါသွားခဲ့၏။
ခရမ်းရောင် အလင်းတန်း အတွင်းမှ
ရွှေရောင်ဆေးလုံးငယ်လေး တစ်ခုသည်
ထွက်လာခဲ့၍ တောက်ပစွာနှင့်
လင်းလက်နေခဲ့သည်။

မုယုနှင့် ကျန်သောသူများသည် ဒါက မိစ္ဆာတို့
ကျူးကျော်ဝင်ရောက်လာစဥ် ဆေးမီးဖို
ပေါက်ကွဲသွားမှုကြောင့် လျှိုယောင်၏
ခန္ဓာကိုယ် အတွင်းသို့ မတော်တဆ
ဝင်ရောက်သွားခဲ့သော ကြောင်လိမ်ကိုးဆင့်
ရွှေဆေးလုံးဖြစ်မှန်းကို သိခဲ့လိုက်သည်။

မုယုသည် ဤဆေးလုံး၏ အစွမ်းများကို ယာယီသာ ဖိနှိပ်ထားနိုင်ခဲ့၍ လျှိုယောင်အား ဟွမ်းမင်ထံသို့ ခေါ်သွား၍ သူ့အား ထိခိုက်စေခြင်း မရှိပဲ ဆေးလုံးကို ပြန်လည်ထုတ်ယူနိုင်ရန် မျှော်လင့်နေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း မုယုအနေဖြင့် ဟွမ်းမင်သည် လျှိုယောင်အား ထိခိုက်စေခြင်း မရှိပဲ ဆေးလုံး၏ အစွမ်းများကို ထုတ်ယူနိုင်မည်ကို တစ်ရာရာခိုင်နှုန်း မသေချာနေခဲ့ပေ။

လင်းဖုန်းသည် ထိုဆေးလုံး၏ စွမ်းအားများကို ထုတ်ယူနိုင်ခဲ့ရုံသာမက နောက်ထပ် ဆေးလုံးတစ်လုံး အဖြစ်သို့ ပြန်လည် ဖော်စပ်နိုင်ခဲ့သည်။

လင်းဖုန်းသည် လုနင်ကိုလည်း ပြန်လည် လွှတ်ပေးလိုက်သည်။ လုနင်သည် လက်ချောင်းတစ်ချောင်းပင် မလှုပ်ရဲခဲ့ပဲ သူမ၏ မျက်နှာသည် စိမ်းလိုက်ဖြူလိုက် ဖြစ်နေခဲ့၏။ လင်းဖုန်းသည် သူမအား ဂရုမစိုက်တော့ပဲ မြေကြီးပေါ်တွင် မလှုပ်ရှားနိုင်ဖြစ်နေသော မိစ္ဆာသခင် သုံးကောင်တို့အား ဆုပ်ကိုင်လိုက်ကာ ဟင်းလင်းပြင် အတွင်းသို့ ထွက်သွားခဲ့သည်။

လင်းဖုန်းသည် မိစ္ဆာသုံးကောင်တို့အား ဆွဲယူ၍ ထွက်သွားခဲ့သည်နှင့် ကျန်သော မိစ္ဆာငယ်များမှာလည်း ထွက်ပြေးသွားကြသည်။ မုယုနှင့် ကျန်သောသူများမှာ အိမ်မက်မက်နေသကဲ့သို့ ဖြစ်နေကြသည်။

ယွင်ကျင်းရှီက အချိန်အတော်ကြီးကြာမှ သတိပြန်ဝင်လာခဲ့ကာ ပြောလိုက်သည်။ "ဒီ.. ဒီစီနီယာက တကယ့်ကို စွမ်းအားကြီးပြီး လျှို့ဝှက်ဆန်းကြယ်တာပဲ"

ချောင်ကျန်းတုန်းက ကသိကအောက်
ဖြစ်လှစွာဖြင့် ရယ်လိုက်ကာ သဘောတူသည့်
အနေဖြင့် ခေါင်းညိတ်လိုက်သည်။
"ဟုတ်တယ်.. ဟုတ်တယ်"

လျှိုယောင်ကမူ ပို၍ပင် တုန်လှုပ်နေခဲ့၏။
မိစ္ဆာသခင် သုံးကောင်တို့ ရောက်ရှိလာချိန်တွင်
သူခံစားနေရသော ဖိအားများမှာ
ကြီးလွန်းသဖြင့် သူ၏ ခန္ဓာကိုယ်သည်
သွေးသံရဲရဲဖြင့် ပေါက်ကွဲသွားတော့မည့်ကဲ့သို့
ဖြစ်နေခဲ့သည်။ သို့သော်လည်း လင်းဖုန်းသည်
သူ၏ လက်ဝါးတစ်ချက် လှုပ်လိုက်ရုံဖြင့်
ထိုမိစ္ဆာသခင် သုံးကောင်တို့ကို

ဖိနှိပ်ထားနိုင်ခဲ့ပြီး သူ၏ ဖိအားများမှာလည်း ချက်ချင်း ပျောက်ကွယ်သွားခဲ့သည်။

ပြီးတာနှင့် လင်းဖုန်းသည် သူ၏ ခန္ဓာကိုယ် အတွင်းတွင် ရှိနေသော ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံး၏ ပြဿနာကို ဖြေရှင်းပေးခဲ့၏။ သူ၏ ရင်အတွင်းမှ လေးလံသော ဝန်ထုပ်ဝန်ပိုးများကို ဖယ်ရှားသွားပေးသကဲ့သို့ပင် ဖြစ်သည်။

ဟွမ်းမင်ကပင် သူ့အား အန္တရာယ် မဖြစ်စေပဲ ဆေးစွမ်းအားများကို ထုတ်ယူနိုင်မည်ဟု သူကလည်း မသေချာနေခဲ့ပေ။ မုယုသည် သူ့အား ဂရုစိုက်သော်လည်း ဟွမ်းမင်က

သူ့အသက်ထက် ဤဆေးလုံးကို
ပိုတန်ဖိုးထားခဲ့လျှင် သူကလည်း
ဘာမှတတ်နိုင်မည် မဟုတ်ပေ။

လင်းဖုန်းသည် သူ့အား ကျေးဇူး အကြီးအကျယ်
ပြုသွားခဲ့သည်မှာ သံသယဖြစ်ဖွယ် မရှိပေ။

သို့သော်လည်း ဤအချိန်အထိတိုင်အောင်
လျှိုယောင်နှင့် ကျန်သောသူများသည်
ဤထူးခြားဆန်းကြယ်သောသူမှာ
မည်သူဖြစ်မှန်းကို မသိနေခဲ့ပေ။ ဒါသည်
အားလုံးကို ရှုပ်ထွေးသော စိတ်ခံစားမှုများကို
ပေးစေခဲ့ပြီး အဖြေမရှိသော မေးခွန်းများစွာဖြင့်
ကျန်နေစေခဲ့သည်။

လုနင်၏ မျက်နှာသည် ဖြူဖွေးနေခဲ့သည်။
"သွားကြစို့၊ ဘာပဲဖြစ်ဖြစ် မာစတာဟွမ်နဲ့
ကျန်တဲ့သူတွေက ကျွန်မတို့ကို
စောင့်နေကြတယ်"

သူတို့အုပ်စုသည် အခြားသူများနှင့်
အချိန်းအချက် ပြုလုပ်ထားသော နေရာသို့
ထွက်ခွာသွားခဲ့သည်။ သူတို့မသိနေကြသည်မှာ
လင်းဖုန်းက ဟင်းလင်းပြင် အတွင်းတွင်
ပုန်းအောင်းနေခဲ့ပြီး သူတို့အား တိတ်တဆိတ်
စောင့်ကြည့်နေခဲ့ခြင်း ဖြစ်သည်။

ပို၍တိကျစွာ ပြောရလျှင် သူသည်
လျှိုယောင်အား စောင့်ကြည့်နေခြင်း ဖြစ်၏။
သူသည် သူ၏ကိုယ်အတွင်းတွင်
သိမ်းဆည်းထားသော ကောင်းကင်ယောက်သွား
ရွှေပုလဲ အတွင်းတွင် လင်းလက်နေခဲ့သော
ခရမ်းရောင် အလင်းတန်းအား ကြည့်လိုက်ကာ
သူ၏မျက်နှာပေါ်တွင် အပြုံးတစ်ခု
ပေါ်လာခဲ့သည်။

## စာစဥ် ၃၈ : အပိုင်း ၁၈

## အပိုင်း ၇၂၈ : မဟာလှိုင်းလုံးများကြောင့် နတ်တောင်များသည် အချိန်မတိုင်မီ ပေါ်လာကြသည်

လှိုဂြယောင်၏ ခန္ဓာကိုယ် အတွင်းသို့ ကောင်းကင်ယောက်သွား ရွှေပုလဲအား ထည့်သွင်းသွားပြီးနောက်တွင် လင်းဖုန်း၏ ခေါင်းအတွင်းမှ အကြံတစ်ခု ပေါ်လာခဲ့သည်။

ထို့နောက်သူသည် သူ့ယခုလေးတင် ဖမ်းလာခဲ့သော မိစ္ဆာသခင် သုံးကောင်ထံသို့ လှည့်လိုက်ကာ နဂါးနှစ်ကောင်၏ ခေါင်းများကို ပုတ်လိုက်၍ ပြောလိုက်သည်။ "မင်းတို့က ဒီနေရာကို လက်စားချေချင်တဲ့ အတွက်လာခဲ့တာ ဖြစ်တာကြောင့် ငါကမင်းတို့ကို ဘာမှမလုပ်တော့ပဲ

လွှတ်ပေးလိုက်မယ်။ ဒါပေမဲ့ ဒီကလူတွေကို ရန်ထပ်ရှာဖို့ စဉ်းတောင် မစဉ်းစားနဲ့တော့"

ပြီးတာနှင့် သူသည် ထိုနဂါးနှစ်ကောင်တို့အား ဟင်းလင်းပြင် အတွင်းသို့ ပစ်ထည့်လိုက်ရာ သူတို့သည် ချက်ချင်း သတိလစ်သွားကြသည်။ သူတို့ သတိပြန်ရလာသောအခါ သူတို့သည် မိုင်ထောင်ပေါင်းများစွာ ဝေးကွာသော နေရာသို့ ရောက်နေကြပြီ ဖြစ်သည်။ သူတို့သည် ထိုနေရာသို့ ပြန်လာချင်နေကြသော်လည်း လင်းဖုန်း၏ သတိပေးမှုကို ပြန်စဉ်းစားမိခဲ့သောအခါ သတ္တိများ ကင်းမဲ့သွားကြသည်။

"ဒီကိစ္စကို နဂါးဘုရင်ဆီကို ပြန်လည် တင်ပြကြစို့။ ဒီလူက ဟိုကောင်တွေကို အကူအညီ ပေးနေသ၍တော့ ငါတို့က အဲ့ဒီနေရာကို ပြန်သွားလည်း ဟိုသူခိုးစုတ်တွေကို ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး" ထိုနဂါးနှစ်ကောင်တို့သည် ဘာမှ မတတ်နိုင်ကြတော့သဖြင့် အဝေးမှ ကောင်းကင်ထံသို့သာ ပျံသန်းသွားခဲ့လိုက်ကြသည်။

ချုံးချိမှာမူ ဤမျှ ကံမကောင်းပေ။ သူသည် လင်းဖုန်း၏ မှော်စွမ်းအင်ဖြင့် မလှုပ်မရှားနိုင်အောင ချုပ်နှောင်ခြင်းကို ခံနေရသေး၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
လူတွေအားလုံးက အကုန်လုံး သေသင့်တယ်။
ကျုပ်တို့ခေါင်းဆောင်က ပေါင်းစပ်ကြယ်စင်
ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့ပြီး မသေဝိညာဉ်
တတိယအဆင့်ကို ရောက်သွားခဲ့ပြီ။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ကိုယ်တိုင်ကလွဲ၍
တစ်ယောက်ကမှ ခင်ဗျားကို အကာအကွယ်
မပေးနိုင်ဘူး" ထိုချုံးချသည်
စိတ်ကသောင်းကနင်း ဖြစ်နေခဲ့သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
ခင်ဗျားကို တစ်သက်လုံး အကာအကွယ်
ပေးနိုင်မလား ဆိုတာကို ကြည့်ချင်နေတယ်"

လင်းဖုန်းသည် သူ၏ ကယောင်ချောက်ချား
ဗလုံးဗထွေး ပြောဆိုနေသည်ကို ဂရုမစိုက်ခဲ့ပဲ
သူ့၏လက်ကို ဖွဲ့ယမ်းလိုက်ပြီး
ကျွမ်းထိုးမှောက်ခုံ ဖြစ်စေခဲ့သည်။
"လက်စသတ်တော့ လော်ဖူးသူတော်စင်နဲ့
ရင်ဆိုင်နေတဲ့သူက ဒီရုပ်ဆိုးအိုကြီးကိုး..
ဒီမိစ္ဆာအော်ရာက ဒီလောက်အထိ
ရင်းနှီးကျွမ်းဝင်နေတာ မထူးဆန်းပါဘူး"

အစောပိုင်းက တိမ်တိုက်တောအုပ် ကမ္ဘာတွင်
ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတသည် ပါရာဆို
နတ်သမီးထံမှ ရယူခဲ့သည့် တော်ဝင်စိတ်ဝိညာဥ်
ဆီးနှင်းပေါက်အား ချုံးချိ မဟာပဏ္ဍိတအား

ချီးမြှင့်ပေးခဲ့သည်။ ချုံးချိ မဟာပဏ္ဍိတသည် အစကတည်းက မသေဝိညာဉ် ဒုတိယအဆင့်တွင် ရှိနေခဲ့ပြီး ဖြစ်သည်။ တော်ဝင်စိတ်ဝိညာဉ် ဆီးနှင်းပေါက်အား ကျင့်ကြံပြီးအသွားတွင် ချုံးချိ မဟာပဏ္ဍိတသည် မသေဝိညာဉ် တတိယအဆင့်သို့ တက်လှမ်းသွားနိုင်ခဲ့သည်။ ဒါသည် ထူးခြားသော အရာတစ်ခု မဟုတ်ပေ။

လင်းဖုန်းသည် ထိုချုံးချိအား ရိုက်နှက်အပြီးတွင် ဖွဖွလေး ရယ်လိုက်သည်။ "အခုအချိန်မှာ ထျန်းဟောင်က သူ့ရဲ့ မဟာ ကစဉ္စကလျား ဆေးမီးဖို မော်ကျိန်စာအတွက် ရှေးပဝေသဏီက မဟာမိစ္ဆာသားရဲ

လေးကောင်အထဲက လိုအပ်နေသေးတဲ့
နောက်ဆုံး သွေးအဆီအနှစ်ကို ရသွားပြီ"

ရှီထျန်းဟောင်နှင့် အပေါင်းပါများသည်
အစောပိုင်းက ချုံးချိအချို့ကို ဖမ်းမိနိုင်ခဲ့သည်။
သို့သော်လည်း သူတို့သည် မိစ္ဆာအုပ်ချုပ်သူနှင့်
မိစ္ဆာသခင်အဆင့်မှ မိစ္ဆာငယ်များသာ
ဖြစ်ကြသည်။ တစ်ကောင်မှ
မိစ္ဆာသခင်အဆင့်တွင် မရှိခဲ့ကြပေ။
ယခုအချိန်တွင် လင်းဖုန်းသည် ချုံးချိ မိစ္ဆာသခင်
တစ်ကောင်ကို ဖမ်းဆီးနိုင်ခဲ့ပြီ ဖြစ်၍
သူတပည့်၏ နောက်ဆုံးလိုအပ်နေသည့်
အရာတစ်ခု မမျှော်လင့်ပဲ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ

ဖြစ်သည်။ တကယ့်ကို ပျော်ရွှင်စေသော အံ့အားသင့်မှုပင် ဖြစ်၏။

မိစ္ဆာသခင် သုံးကောင်အား ဖမ်းဆီးအပြီးတွင် သူသည် အသံလွှင့်ကျောက်တုံး တစ်ခုကို ဖိခြေလိုက်ကာ ရှောင်ယန်အား သတင်းတစ်ခု ပို့ပေးလိုက်သည်။ "ရှောင်ယန်၊ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းရဲ့ မြောက်ပိုင်း မိုင်သုံးထောင်မှာ ရှိနေတဲ့ ကျွန်းတွေအနားကို သွားလိုက်။ လော်ဖူးသူတော်စင်ရဲ့ တပည့်တစ်ယောက်က တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို အဲ့ဒီမှာ ဖော်စပ်နေတယ်။ စိတ်ဝိညာဉ်

ရေနဂါးဘုရင်ကလည်း အဲ့ဒီနေရာမှာ ရှိနေနိုင်တယ်။ မင်းက အမြန်သွားခဲ့ရင် အချိန်မီ ရောက်သွားနိုင်တယ်"

အခြားတစ်ဘက်တွင် ရှောင်ယန်က ပြန်ဖြေလိုက်၏။ "ကျွန်တော်က ကျန်းအာ၊ နံပါတ်ငါး ဂျူနီယာ၊ ကွေ့နွားဘုရင်တို့နဲ့ သွားလိုက်ပါမယ်။ ဒုတိယ ဂျူနီယာနဲ့ နံပါတ်ခြောက် ဂျူနီယာတို့က တခြားနေရာမှာ ရှာနေကြတယ်။ ကျွန်တော်က သူတို့ကို တစ်ခါတည်း အကြောင်းကြားလိုက်ပါ့မယ်"

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ ဆက်ပြောလိုက်သည်။ "ငါ့မှာ လုပ်စရာ

ကိစ္စတစ်ခု ရှိနေသေးတယ်။ မင်းတို့ကိုယ့်ကိုယ် ဂရုစိုက်ကြပါ။ အရှေ့ပင်လယ်က ပဋိပက္ခတွေနဲ့ ရှုန်းရင်းဆန်ခတ် ဖြစ်နေပြီး မိစ္ဆာတွေက အုပ်စုလိုက် ကျူးကျော်ဝင်ရောက်လာကြတယ်"

ရှောင်ယန်က ရယ်လိုက်ကာ ပြောလိုက်သည်။ "စိတ်မပူပါနဲ့ ဆရာ၊ ကျွန်တော်က မျက်စိကန်းနေကြတဲ့ ကြွက်တချို့ကို ရှင်းပစ်လိုက်ပြီးပါပြီ"

လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်များကို အသုံးပြုလိုက်ကာ သူထံတွင် ရှိနေသော မြေပုံအား အသံလွှင့်ကျောက်တုံးမှတဆင့် ရှောင်ယန်ထံသို့ ပေးပို့လိုက်သည်။

ဆက်သွယ်မှု ပြီးဆုံးသွားသောအခါ
လင်းဖုန်းသည် လျှိုယောင်နှင့် အပေါင်းပါများကို
အာရုံပြန်စိုက်လိုက်၏။ သူ၏ နှုတ်ခမ်းများမှာ
ပြုံးယောင်သန်းသွားခဲ့၍ စိတ်ရှည်စွာနှင့်
စောင့်ဆိုင်းနေခဲ့သည်။

သူသည် ရှောင်ယန်နှင့် စိတ်ဝိညာဉ်
ရေနဂါးဘုရင်တို့အတွက် ဤမျှ
စိတ်မပူနေခဲ့ပေ။ ရှောင်ယန်နှင့်
ကျန်သောသူများသည် သူတို့တာဝန်ကို
ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်
လိုသည်ထက်ပင် ပိုနေသေး၏။

ရှောင်ယန်နှင့် ကျန်သောသူများသည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း အတွင်းသို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ သူတို့အား လော်ဖူးသူတော်စင်က ချုံးချိ မဟာပဏ္ဍိတနှင့် ရင်ဆိုင်နေရသည့်အတွက် မကြိုဆိုခဲ့သော်လည်း သူ့တပည့်များနှင့် တွေ့ခဲ့ကြပြီး ဖြစ်သည်။

သူတို့သည် အခြေအနေများကို ရှင်းပြလိုက်သောအခါ တစ်ဘက်သားကလည်း နားလည်မှု ရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ သူတို့သည် စိတ်ဝိညာဉ် ရေနဂါးဘုရင်အား ပြန်လည် ပေးအပ်လိုစိတ် ရှိနေသော်လည်း

လက်ရှိအချိန်တွင် မိစ္ဆာများ၏
ကျူးကျော်ဝင်ရောက်နေမှုကြောင့် အခြေအနေ
တစ်ခုလုံးမှာ ရုန်းရင်းဆန်ခတ် ဖြစ်နေခဲ့၏။
သူတို့သည် ဟွမ်းမင်နှင့် ယွမ်ရှုတို့အား
ဆက်သွယ်၍ မရနိုင်ခဲ့ပဲ ယွမ်ရှုက
တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို
မည်သည့်နေရာတွင် ဖော်စပ်နေသည်ကို
မသေချာနေခဲ့ပေ။

ရှောင်ယန်နှင့် ဇူရီတို့သည် ဟွမ်းမင်၊ ယွမ်ရှုနှင့်
မုယုတို့ ကျင်လည်ကျက်စားတတ်သည့်
နေရာများကို စုံစမ်းကာ လူခွဲ၍
နေရာအသီးသီးသို့ လိုက်ရှာနေကြသည်။

ယခုအချိန်တွင် လင်းဖုန်းသည် ယွမ်ရှု၏
တည်နေရာကို ထောက်ပြခဲ့ပြီ ဖြစ်သဖြင့်
သူတို့အုပ်စုတို့သည် ချက်ချင်းပင်
ထွက်ခွာခဲ့ကြကာ သူ့အား သွားရှာခဲ့ကြသည်။
လော်ဖူးသူတော်စင်၏ တပည့်ကြီးသည် ကျွန်းမှ
ထွက်ခွာ၍ မရနိုင်သဖြင့်
တစ်စုံတစ်ယောက်အား သူတို့နှင့်
ထည့်ပေးလိုက်သည်။

ယွမ်ရှုသည် သူ့ထံမှ စိတ်ဝိညာဉ်
ရေနဂါးဘုရင်နှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ အကြားမှ
ဆက်သွယ်မှုကို သိပြီးသွားသောအခါ ဒါသည်

တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးအား
ဖော်စပ်ရာတွင် နှောင့်နှေးစေခဲ့ပြီး ဟွမ်းမင်း၏
အမျက်ထွက်ခြင်းကို ခံရမည်ကို
သိနေသော်လည်း ဘာမှမတတ်နိုင်ပဲ
စိတ်ဝိညာဉ် ရေနဂါးဘုရင်ကို
ထုတ်ပေးခဲ့ရသည်။

ရှောင်ယန်တို့ အုပ်စုနှင့်
လိုက်ပါလာသောသူကလည်း
သူတို့နှစ်ဦးနှစ်ဘက်တို့၏ အကြားတွင်
ပဋိပက္ခများ မဖြစ်ပွားခဲ့သည်ကို တွေ့ရမှာသာ
စိတ်သက်သာရာ ရသွားခဲ့ပြီး ရှောင်ယန်နှင့်
ကျန်သောသူများ ထွက်ခွာသွားအပြီးတွင်

ယွမ်ရှုအား မေးလိုက်သည်။
"ဂိုဏ်းတူဦးလေးယွမ်၊ ဆရာက ဦးလေးကို မေးခွန်းတစ်ခု မေးခိုင်းလိုက်တယ်။ ဦးလေးက ဒီဆေးလုံးရဲ့ ဖော်စပ်နည်းကို ဘယ်လိုလုပ်ပြီး ရုတ်တရက် ရသွားခဲ့တာလဲ"

သူပြောခဲ့သည့် ဆရာဆိုသူမှာ အင်မော်တယ် ဝိညာဉ် အဆင့်တွင် ရောက်နေခဲ့သည့် လောဖူးသူတော်စင်၏ တပည့်ကြီးဖြစ်သည်။ ယွမ်ရှုကလည်း သူ၏မေးခွန်းကို ရှောင်လွှဲ၍ မရသလို လိမ်ညာဖြေကြား၍လည်း မရကြောင်း သိနေခဲ့သည်။ ဒါသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် ဆက်စပ်နေ၍ သူ၏

ဆရာဘိုးဘိုး လော်ဖူးသူတော်စင်ကပင် ပါဝင်ပတ်သတ်လာနိုင်ခြေ ရှိနေသည်။

ဟွမ်းမင်ကိုယ်တိုင်ပင်လျှင် ဘာမှ တတ်နိုင်မည် မဟုတ်ပေ။

ယွမ်ရှူက ချက်ချင်း ပြန်ဖြေလိုက်၏။ "ဒီဆေးဖော်စပ်နည်းကို မဟာကျိုး အင်ပါယာက ကျင်းဟွမ်အမတ်က ပေးထားတာပဲ။ သူက ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးနဲ့ တိမ်တိုက်မြူခိုးငွေ့တို့၏ လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးတို့ နှစ်ခုစလုံးတို့ရဲ့ ဆေးဖော်စပ်နည်းတွေကို ပေးထားခဲ့တယ်။ ငါတို့က လိုအပ်တဲ့

ပစ္စည်းအမယ်တွေကို ရှာပြီးတော့
ဒီဆေးလုံးတွေကို ဖော်စပ်ရမယ်။ ဒါပေမဲ့
ဖော်စပ်ပြီးသွားရင် ဆရာက ကျင်းဟွမ်အမတ်နဲ့
ဆေးလုံးတွေကို ခွဲဝေယူရမယ်"

ရှောင်ယန်တို့နှင့် လိုက်ပါလာသူမှာ
လောဖူးသူတော်စင်၏ အကြီးဆုံးတပည့်၏
လက်ထောက်ဖြစ်သည်။ သူသည်
အရှေ့ပင်လယ်နှင့် မဟာကျိုး အင်ပါယာတို့၏
အကြားမှ အရာများစွာတို့ကို
နားလည်သဘောပေါက်ထားခဲ့ပြီး
ကျင်းဟွမ်အမတ်၏ ဂုဏ်သတင်းအားလည်း
သိထား၏။ "လက်စသတ်တော့ သူကိုး။ သူက
အခုအချိန်မှာ ရတနာတွေအပြည့် ရှိနေမှာပဲ"

ယွမ်ရှုသည် သူ၏ခေါင်းခါလိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။ "ပြန်သွားပြီး မင်းရဲ့ဆရာကို တင်ပြလိုက်ပါ။ ငါက နောက်ထပ် စိတ်ဝိညာဉ် ရေနဂါး တစ်ကောင်ကို ထပ်ရှာရမယ်။ မိစ္ဆာသခင် အဆင့်က တစ်ကောင်ကို ရဖို့က မလွယ်ဘူး။ ငါက မိစ္ဆာအုပ်ချုပ်သူ နောက်ဆုံးအဆင့်က တစ်ကောင်နဲ့ အစားထိုးကောင်း ထိုးရလိမ့်မယ်။ ငါက ဆရာရဲ့ မဟာအကြံအစည်တွေကို ပျက်အောင်လုပ်လို့ မဖြစ်ဘူး"

ယွမ်ရှုသည် ခေါင်းအကြီးအကျယ် ကိုက်နေခဲ့သည်။ သို့သော်လည်း

အခြားတစ်ဘက်တွင် ရှောင်ယန်နှင့် ကျန်သောသူများက ပျော်ရွှင်မြူးတူးနေကြသည်။ ကွေ့နွားဘုရင်သည် စိတ်ဝိညာဉ် ရေနဂါးဘုရင်နှင့် ပြန်လည် ဆုံစည်းခဲ့ပြီ ဖြစ်ကာ စိတ်ဝိညာဉ် ရေနဂါးဘုရင်ကလည်း သူ့သားနှင့် ပြန်လည် ဆုံစည်းနိုင်ခဲ့ပြီး ဖြစ်၏။ သူတို့သည် အောင်ပွဲခံလိုသော စိတ်များ ရှိနေသည်မှာ အဆန်းမဟုတ်ပေ။ စိတ်ဝိညာဉ် ရေနဂါးသည် သေမင်းခံတွင်းဝမှ သီသီလေး လွတ်လာခဲ့သော အချက်ကြောင့်သာ မဟုတ်လျှင် သူတို့သည် ပို၍ပင် ပျော်ရွှင်နေကြဦးမည် ဖြစ်သည်။

စိတ်ဝိညာဉ် ရေနဂါးတို့သည် သူတို့၏ မူလမိစ္ဆာ ခန္ဓာကိုယ်များကို ဖော်ပြလိုက်သောအခါ သူတို့သည် ရေနဂါးများနှင့် တူညီကြသောလည်း များစွာအကောင်ပိုကြီးကြသည်။ သူတို့သည် ခွာလေးဘက်ရှိကြကာ ပင်လယ်အပေါ်မှ ရေလှိုင်းများကို စီးနင်းနိုင်ကြပြီး ပင်လယ်နက်အတွင်းသို့လည်း ငုပ်လျှိုးနိုင်စွမ်း ရှိကြသည်။

သူတို့သည် သဘာဝအားဖြင့် နူးညံ့သိမ်မွေ့သူများ ဖြစ်ကြ၍ တိုက်ပွဲတွင် အစွမ်းမထက်ကြပေ။ သို့သော်လည်း သူတို့သည် ကောင်းကင်ပေါ်နှင့် ရေအောက်တွင် ခရီးသွားရာတွင် ကျွမ်းကျင်ကြ၏။

တစ်ချိန်တည်းတွင်ပင် သူတို့၏
ခန္ဓာကိုယ်မှနေ၍ ဆေးပင်နှင့် ဆေးလုံးများ၏
အပေါ်တွင် အားသစ်လောင်းပေးနိုင်သော
ထူးခြားသည့် ရန့်များကို ထုတ်လွှတ်နိုင်စွမ်း
ရှိနေသည်။ ထို့ကြောင့်ပင် သူတို့သည်
လီဘိုတောင်တွင် နေခဲ့ကာ
ရေလှိုင်းသူတော်စင်၏ ဆေးစိုက်ခင်းများကို
ပြုစုစောင့်ရှောက်နေကြခြင်း ဖြစ်သည်။

သို့သော်လည်း ကျရောက်လာမည့်
ကပ်ဆိုးများကို ကြိုတင်မခန့်မှန်းနိုင်ကြပေ။
အားလုံးတို့သည် ရေချိုသူတော်စင်၏
ကျေးကျွန်ပြုခြင်းကို ခံခဲ့ရကာ စိတ်ဝိညာဥ်

ရေနဂါးဘုရင်ကလည်း အသက်ပျောက်ရန်
အနည်းငယ်သာ လိုတော့၏။

ကွေနွားဘုရင်နှင့် ပြန်လည် ဆုံစည်းပြီးသွား၍
ရှောင်ယန်နှင့် ကျန်သောသူများကို
ကျေးဇူးတင်ပြီးသွားသော အချိန်တွင်
ကွေနွားဘုရင်သည် လတ်တလော
အဖြစ်အပျက်များကို ပြန်လည်ပြောပြခဲ့သည်။
စိတ်ဝိညာဉ် ရေနဂါးဘုရင်ကလည်း
အံ့သြတကြီးဖြင့် ပါးစပ်အဟောင်းသား
ဖြစ်နေခဲ့၏။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က
တကယ့်ကို ဒဏ္ဍာရီပဲ ဖြစ်တယ်"

"ဒါပေမဲ့ ဆရာက ပျောက်ဆုံးနေဆဲ ဖြစ်တယ်။
ဒါက တကယ့်ကို စိုးရိမ်စရာပဲ"

ထိုမိစ္ဆာသခင် နှစ်ဦးတို့
ပြန်လည်ပေါင်းစပ်ကြရာတွင်
ပျောက်ဆုံးနေသော ရေလှိုင်းသူတော်စင်၏
အကြောင်းအား ဆွေးနွေးကြမည်မှာ
အသေအချာပင် ဖြစ်၏။

ကွေနွားဘုရင်က ယုံကြည်ချက်အပြည့်ဖြင့်
ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်က အရမ်းစွမ်းအားကြီးတယ်။

အခုအချိန်မှာ သူက ငါတို့ဆရာရဲ့ သဲလွန်စတစ်ခုကို ရထားတယ်။ ဆရာရဲ့အသက်သာ အန္တရာယ်မရှိခဲ့ရင် သူက တစ်နေ့ပြန်လာနိုင်မှာပါ။ အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က သူ့ရဲ့ကိုယ်ပိုင် အကြံအစည်တွေရှိတယ်။ ငါတို့က သိပ်ပြီးမှ စိတ်ပူစရာ မလိုဘူး"

စိတ်ဝိညာဉ် ရေနဂါးဘုရင်က အသိအမှတ် ပြုသည့်အနေနှင့် သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဒါက အကျိုးအကြောင်း ဆီလျော်တယ်။ ငါနားလည်ပါပြီ"

ကျွန်သွားဘုရင်က မေးလိုက်သည်။ "မင်းရဲ့ လက်ရှိ အစီအစဉ်တွေက ဘယ်လိုလဲ"

စိတ်ဝိညာဉ် ရေနဂါးဘုရင်က ပြန်ဖြေလိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ကူညီမှုတွေကြောင့်သာ ငါက အန္တရာယ် အကြားက လွတ်မြောက်လာနိုင်ခဲ့တာ။ သူ့အပေါ်မှာ ငါ့ရဲ့အကြွေးတွေ ရှိနေပြီ"

"ငါတို့က ဘာမှ လောက်လောက်လားလား မကူညီနိုင်ပေမဲ့ ငါတို့က ငါတို့အပေါ်က ကျေးဇူးတွေကို ပြန်ဆပ်လိုတဲ့ဆန္ဒရှိပါတယ်။ တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က လက်ခံမယ်ဆိုရင် ငါတို့

မျိုးနွယ်စု တစ်ခုလုံးက မင်းတို့မျိုးနွယ်စုလိုမျိုး သူ့ရဲ့လက်အောက်ကို ခိုဝင်ပြီး ငါတို့တတ်နိုင်တဲ့ နေရာက အစွမ်းကုန် ကူညီပါမယ်"

"တကယ်လို့ သူ့ဘက်က အဆင်မပြေဘူး ဆိုရင်လည်း ငါတို့က ဘာမှထပ်ပြီး မတောင်းဆိုတော့ပါဘူး။ ဒီကျေးဇူးကိုတော့ ငါတို့ရဲ့ ရင်ထဲမှာ အမြဲမှတ်ထားမှာပါ။ တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အနာဂတ်မှာ ငါတို့အတွက် တာဝန်ပေးစရာ ရှိလာခဲ့ရင် အစွမ်းကုန် ဆောင်ရွက်ပေးမှာပါ။ ငါတို့က လီဘိုတောင်မှာ ဆက်နေပြီး ဆရာပြန်လာတာကို စောင့်ရင်းနဲ့

သူ့ရဲ့ ပစ္စည်းတွေကို
ထိန်းသိမ်းစောင့်ရှောက်နေလိုက်မယ်"

"ဆရာ့ရဲ့ ဆေးစိုက်ခင်းတွေက
ရေချိုသူတော်စင်ကြောင့် ပျက်စီးသွားခဲ့ပြီ။
ဒါကြောင့်မို့ စောင့်ရှောက်စရာ ဘာမှတော့
မကျန်တော့ဘူး။ ဒါပေမဲ့ ဒီလိုပဲ
စဉ်းစားရမှာပေါ့"

ကွေ့န္တွားဘုရင်က ပြောလိုက်သည်။ "တကယ်လို့
မင်းကသာ ဒီလိုတွေးခဲ့ရင် ငါက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်အရှေ့မှာ
မင်းအတွက် ကူညီပြီး ပြောပေးပါမယ်။ ဒါပေမဲ့
ဒီတောင်းဆိုချက်ကို လက်ခံမလား ဆိုတာက

သူ့ရဲ့ ဆုံးဖြတ်ချက် အပေါ်မှာပဲ
မူတည်နေတယ်။ ငါက အာမတော့ မခံနိုင်ဘူး"

စိတ်ဝိညာဉ် ရေနဂါးဘုရင်နှင့် သူ၏သားတို့က
တပြိုင်နက်တည်း ပြောလိုက်သည်။ "ငါတို့က
နားလည်ပါတယ်။ အားလုံးတို့က အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်အပေါ်မှာပဲ
မူတည်နေတယ်"

ရှောင်ယန်က သူတို့၏ စကားဝိုင်းကို
ဘေးမှကြားသွားကာ ရယ်လိုက်သည်။
"ခင်ဗျားတို့နှစ်ယောက်ကို ကြည့်လိုက်ရင်း
ရေလှိုင်းသူတော်စင်ရဲ့ အတိတ်က
ဂုဏ်ကျက်သရေတွေက တကယ့်ကို

ထူးခြားပြောင်မြောက်တယ် ဆိုတာကို ပြောနိုင်တယ်"

ကွေနွားဘုရင်နှင့် စိတ်ဝိညာဉ် ရေနဂါးဘုရင်တို့သည် တပြိုင်နက်တည်း ပြန်ပြောလိုက်၏။ "မာစတာရှောင်ရဲ့ ချီးကျူးတာကို ကျေးဇူးတင်ပါတယ်"

"ရှောင်ယန်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ အကြီးဆုံး တပည့်ဖြစ်တယ်။ မာစတာယန်က နံပါတ်ငါး တပည့်ဖြစ်တယ်။ မင်းက သူတို့ကို အကူအညီတောင်းပြီး သူတို့ဆရာကို စကားကောင်းတွေ ပြောခိုင်းရင် အောင်မြင်ဖို့ အခွင့်အရေး ပိုများတယ်"

ကွေနွှားဘုရင်က ဤအခွင့်အရေးကို အသုံးချကာ အကူအညီတောင်းလိုက်သည်။

ယန်ချင်က သူ၏မှတ်ချက်ကို ကြားလိုက်သောအခါ ရယ်လိုက်ကာ သူ၏ခေါင်းကို ခါလိုက်သည်။ "စိတ်ဝိညာဉ် ရေနဂါးဘုရင်က သန့်စင်တဲ့ နှလုံးသားရှိတယ်။ ကျွန်တော်တို့ကလည်း အထင်ကြီး သဘောကျနေကြပါတယ်။ ကျွန်တော်တို့က အမှန်အတိုင်း တင်ပြပေးပါမယ်။ ဒါပေမဲ့ ရလဒ်ကတော့ ဆရာ့အပေါ်မှာပဲ လုံးဝ မူတည်နေပါတယ်။ သူ့ရဲ့ စိတ်ဆန္ဒကို ပြောင်းလဲသွားအောင် တောင်းပန်ပေးဖို့တော့ ကျွန်တော်တို့က သတ္တိမရှိဘူး"

ရှောင်ယန်ကလည်း ရယ်ရမ်းသွေးလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်တို့က ဒီအတွက် အသံလွှင့်ကျောက်တုံး မလိုပါဘူး။ ခင်ဗျားကိုယ်တိုင် လိုက်လာပြီး ကျွန်တော်တို့ဆရာနဲ့ လိုက်တွေ့နိုင်ပါတယ်"

သူတို့သည် ရယ်မောနေကြရင်း တောင်ဘက်ပိုင်းမှနေ၍ ပြင်းထန်စွာ တုန်ခါမှု တစ်ခုအား ခံစားလိုက်ရသည်။ ဒါသည် လျှောင်တစ်ခု လှုပ်သွားသည်နှင့် တူနေ၍ တောင်ပိုင်းမှနေ၍ ဆူနာမီ လှိုင်းလုံးကြီးများက ရိုက်ခတ်လာသည်ကို တွေ့လိုက်ရသည်။

ပြင်းထန်သော လှိုင်းလုံးများသည် ရှောင်ယန်နှင့် အပေါင်းပါတို့ထံသို့ ပြင်းထန်စွာဖြင့် ရောက်လာကြသည်။ တဝေါဝေါ မြည်နေကြသော ဒီရေများအပြင် ကစဉ့်ကလျား ဖြစ်နေကြသော ကျယ်ပြန့်သည့် စိတ်ဝိညာဉ် စွမ်းအင်များသည်လည်း အတူပါလာကြ၏။

ရှောင်ယန်၏ လက်ရှိ ကျင့်ကြံမှု အဆင့်နှင့်ပင်လျှင် သူသည် ဤတိုက်ခိုက်မှုအား အလေးအနက် ရင်ဆိုင်ခဲ့ရ၍ ကျန်သောသူများမှာလည်း တည်ငြိမ်အောင် မနည်း ရုန်းကန်နေကြရသည်။

"အာ" ရှောင်ယန်သည် သူ၏ခေါင်းကို မော့လိုက်ကာ တောင်ဘက်သို့ ကြည့်လိုက်၍ တိုးတိုးလေး ရေရွတ်လိုက်သည်။ "ဒါက လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းကနေလာတာ မဟုတ်ဘူး။ သူက ပိုပြီးဝေးတဲ့ နေရာကလာတာ။ အရှေ့ပင်လယ်ရဲ့ ဗဟိုချက်အနီးက နတ်ဘုရားနယ်မြေနဲ့ ယင်ပင်လယ်တို့ရဲ့ အကြားက နယ်နိမိတ် လှိုဏ်ခေါင်းကနေ လာခဲ့ခြင်း ဖြစ်တယ်"

ကျေွန္တွားဘုရင်နှင့် စိတ်ဝိညာဉ် ရေနဂါးဘုရင်တို့၏ မျက်နှာများတွင် ထိတ်လန့်သော အငွေ့အသက် အနည်းငယ် ပေါ်လာကြ၏။ သူတို့သည် အချင်းချင်း

စိုက်ကြည့်လိုက်ကြကာ တစ်ပြိုင်နက်တည်း အော်ဟစ်လိုက်ကြသည်။ "ယင်ပင်လယ်က တောင်သုံးတောင်တို့က ထပ်ဖန်တစ်ခါ ပေါ်လာခဲ့ပြီ"

သူတို့၏ အော်ဟစ်သံကို ကြားရသည့်အခါ ရှောင်ယန်၏ မျက်မှောင်များသည် ကြုတ်သွားခဲ့၏။ "တစ်ယောက်ကမှ တောင်သုံးတောင်တို့ ပေါ်လာမယ့်အချိန်ကို အတိအကျ မသိဘူး။ ဒါပေမဲ့ အားလုံးတို့က ခန့်မှန်းချက်တွေ ရှိကြတယ်။ သူတို့ရဲ့ ပေါ်လာခြင်းက မျှော်မှန်းထားတာထက် အနည်းငယ် စောနေကြတာပဲ"

ရှောင်ယန်သည် ကွေ့နွားဘုရင်နှင့် စိတ်ဝိညာဉ်ရေနဂါးဘုရင်တို့ဘက်သို့ လှည့်လိုက်ကာ မေးလိုက်၏။ "ခင်ဗျားတို့က သေချာသလား"

မိစ္ဆာနှစ်ကောင်တို့သည် သူတို့၏ ခေါင်းများကို အသီးသီး ညိတ်လိုက်ကြသည်။ "ဒီဖြစ်စဉ်ဟာ အရင်တစ်ခေါက်တုံးက ယင်ပင်လယ်က တောင်သုံးတောင် ကမ္ဘာမြေပေါ် ပေါ်လာတဲ့ အဖြစ်အပျက်နဲ့ ထပ်တူညီတယ်။ အဲ့ဒီအချိန်တုံးက ကျွန်တော်တို့ ဆရာကလည်း ရှိသေးတယ်။ သူက ယင်ပင်လယ် အတွင်းကို ဝင်နိုင်ခဲ့တယ်။ သူက တောင်တွေကို မထိန်းချုပ်နိုင်ခဲ့ပေမဲ့ အကျိုးအမြတ်တွေကိုတော့ ရရှိခဲ့တယ်"

ရှောင်ယန်သည် စကားဆက်၍
ပြောမနေတော့ပဲ သူ၏ သန့်စင်သော
ရွှေရောင်မီးတောက် တောင်ပံများကို
ဆန့်တန်းလိုက်ကာ နေမင်းကို
ဖုံးလွှမ်းသွားစေခဲ့သည်။ ဖီးနစ်တစ်ကောင်
ပြန်လည်မွေးဖွားခြင်းနှင့်ပင် တူနေခဲ့၏။
သူသည် အားလုံးကို လွှမ်းခြုံလိုက်ကာ
ဟင်းလင်းပြင်ကို ဖြတ်တောက်လိုက်၍
လင်းဖုန်း၊ ဇူရီနှင့် ကျန်သောသူများအား
သတင်းပို့လိုက်ကာ တောင်ပိုင်းသို့
ပျံသန်းသွားခဲ့လိုက်သည်။

## စာစဥ် ၃၈ : အပိုင်း ၁၉

# အပိုင်း ၇၂၉ : ကြိုတင်ပြင်ဆင်မှုများက အရေးကြီးသည်

ယင်ပင်လယ် အတွင်းမှ တောင်သုံးတောင်၏ ပေါ်ပေါက်လာမှုသည် ပုံစံတစ်ခုအတိုင်း ပေါ်လာခြင်း ဖြစ်သည်။ အချိန်ကာလ တစ်ခုအပြီးတွင် သူတို့သည် ကမ္ဘာကြီး အတွင်းသို့ ပြန်လည် ပေါ်ပေါက်လာလေ့ရှိသည်။ အချိန်အတိအကျကို မပြောနိုင်သော်လည်း အချိန်အတိုင်းအတာ ကာလ တစ်ခုအတွင်းတွင် ပေါ်လာကြခြင်း ဖြစ်၏။

အရှေ့ပင်လယ် အတွင်းမှ စွမ်းအားစုများနှင့် ကျင့်ကြံသူများသည် ယင်ပင်လယ် အတွင်းမှ တောင်သုံးတောင် ပေါ်လာမည့်အချိန် မကျရောက်လာကြသေး၍ ပြင်ဆင်မှုများကို စတင်ပြုလုပ်ကြရုံသာ ရှိကြသေးသည်။ တောင်များ၏ ရုတ်တရက် ပေါ်လာမှုသည် သူတို့အား အံ့အားသင့်စေခဲ့သော်လည်း သူတို့၏ တုံ့ပြန်မှု အမြန်နှုန်းကိုမူ အများကြီး အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

ခေတ္တမျှ မှင်သက်သွားအပြီးတွင် နတ်ဘုရား နယ်မြေ အတွင်းမှ အစွမ်းထက်သော ကျင့်ကြံသူ အများအပြား အပါအဝင် မဟာလွင်တီးခေါင် ကုန်းမြေအတွင်းမှ

မိစ္ဆာအချို့ကလည်း ယင်ပင်လယ်နှင့်
အရှေ့ပင်လယ်တို့၏ အကြားမှ
ဆက်သွယ်ထားသော နယ်နိမိတ်
လမ်းကြောင်းထံသို့ ရောက်ရှိလာကြသည်။

တောင်သုံးတောင် ရုတ်တရက် ပြန်လည်
ပေါ်ပေါက်လာခြင်းထက် ကျန်သောသူများအား
ဖိအားပိုများစေခဲ့သော အချက်မှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းထံမှ အစပြုလာသော
သတင်းဖြစ်သည်။

တောင်သုံးတောင် အတွင်းမှ
တစ်တောင်ဖြစ်သော ဖန်ကျန်းသည် မဟာကျိုး
အင်ပါယာ၏ လက်အတွင်းသို့

ကျရောက်သွားခဲ့ပြီး ဖြစ်သည်။ အားလုံးတို့သည် ဤအချက်၏ ဆိုလိုရင်းကို သဘောပေါက်နေကြ၏။

မဟာကျိုး အင်ပါယာ၏ စွမ်းအားများသည် လူအများစုထက် များစွာ သာလွန်နေပြီး ဖြစ်သည်။ သို့သော်လည်း သူတို့အများစုမှာ ယင်ပင်လယ်အား ဤကဲ့သို့ပင် လက်လွှတ်လိုက်ရမည်ကို မလိုလားနေကြပေ။ ထို့ကြောင့်ပင် မဟာကျိုး အင်ပါယာသည် အားလုံးတို့၏ ဘုံရန်သူ ဖြစ်သွားခဲ့ကာ လူအများစုတို့၏ ဆန့်ကျင်မှုကို ခံနေရသည်။

သို့သော်လည်း မဟာကျိုး အင်ပါယာကလည်း
ထိုကဲ့သို့ အဆိုးဆုံး အခြေအနေမျိုးကို
ကြိုတင်ခန့်မှန်းထားခဲ့ပြီး ဖြစ်သည်။ သူတို့သည်
သူတို့အနားမှ လူများကို ထိန်းချုပ်ကာ
မဟာမိတ်များ ဖွဲ့ပြီး သူတို့၏
အခြေအနေများကို ပြောင်းပြန်လှန်နိုင်ရန်
ကြိုးစားနေခဲ့၏။

တောင်သုံးတောင်တို့ ပြန်လည်
ပေါ်ပေါက်လာခြင်းမှာ သူတို့အား
စတင်ရှာဖွေ၍ရပြီဟု ဆိုလိုနေခြင်း ဖြစ်သည်။
သို့သော်လည်း အဆုံးမဲ့ ကျယ်ပြန့်သော
ယင်ပင်လယ် အတွင်းတွင် သူတို့၏ နေရာ

အတိအကျကို ရှာရခြင်းမှာ အများစုအတွက် စိန်ခေါ်မှုကြီး တစ်ရပ် ဖြစ်နေသည်။

ထို့ကြောင့်ပင် ယင်ပင်လယ်က ရောမ ဒီရေလှိုင်းလုံးကြီးများဖြင့် တုန်ခါနေသောအချိန်တွင် လူအများစုတို့သည် အခြေအနေကို စောင့်ကြည့်နေကြဆဲ ဖြစ်သည်။ အဓိက ဦးဆောင်လှုပ်ရှားသူများမှာ မဟာကျိုး အင်ပါယာနှင့် ကျန်သော မဟာအင်အားစုများ ဖြစ်ကြ၏။ သူတို့သည် သူတို့ကိုယ်ပိုင် အစီအစဉ်များအတိုင်း လှုပ်ရှားနေကြရင်း ကျန်သောသူများနှင့်လည်း ပြိုင်ဆိုင်နေကြသည်။

အချို့ အားနည်းသော အင်အားစုများသည် သူတို့ကိုယ်တိုင် နတ်တောင်များကို ထိန်းချုပ်နိုင်ရန် မျှော်လင့်ချက်များ မထားကြပေ။ သူတို့ အလိုရှိသည်မှာ ယင်ပင်လယ် အတွင်းမှ ရှားပါးသော ရတနာပစ္စည်း အချို့ကို ရှာဖွေတွေ့ရှိနိုင်ရန်ပင် ဖြစ်သည်။ မဟာအင်အားစုများက အချင်းချင်း စိန်ခေါ်နေကြသော အချိန်သည် သူတို့အတွက် ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်ကာ ရှားပါးသော ရတနာ ပစ္စည်းများကို ရှာဖွေရယူရန် အချိန်ကောင်း ဖြစ်သည်။

လင်းဖုန်းသည်လည်း ယင်ပင်လယ်၏ နယ်နိမိတ် လမ်းကြောင်း အတွင်းမှ စိတ်ဝိညာဉ်

စွမ်းအင်များ ရိုက်ခတ်လာသည်ကို ခံစားမိလိုက်၏။ တောင်သုံးတောင်တို့က အချိန်မတိုင်မီ ပေါ်လာခဲ့သည်ကို သိရှိနိုင်ရန် မခက်ခဲခဲ့ပေ။

သူသည် ရှောင်ယန်၏ အသံလွှင့်မှုကို ရရှိပြီးသွားသောအခါ သူ၏ သံသယများကို အတည်ပြုနိုင်ခဲ့သည်။ သို့သော်လည်းလင်းဖုန်းသည် အလျှင်စလို သွားရောက်ရန် ဆန္ဒမရှိခဲ့ပေ။

သူ၏ အာရုံများမှာ လျှိုယောင်၏ အပေါ်သို့ ကျရောက်နေဆဲသာ ဖြစ်သည်။ သူသည် ယင်ပင်လယ်မှ တောင်သုံးတောင်အား

ဂရုမစိုက်၍ မဟုတ်ပေ။ သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ သဘာဝမကျသော ပြောင်းလဲမှုများကို ပို၍ အာရုံစိုက်နေရသောကြောင့် ဖြစ်သည်။

ဘာပဲပြောပြော လင်းဖုန်း၏ အရှေ့ပင်လယ်သို့ လာရောက်ခြင်းသည် ယင်ပင်လယ် အတွင်းမှ ရှုခင်းများကို လာကြည့်ကာ အပျော်ခရီး ထွက်လာခြင်း မဟုတ်ပေ။ သူသည် ဤနေရာသို့ ပန်းလိုင်၊ ယင်ကျိုးနှင့် ဖန်ကျန်း နတ်တောင်များအတွက် လာခဲ့ခြင်း ဖြစ်သည်။

သူ၏ ပစ်မှတ်မှာ နတ်တောင်များကို ရှာဖွေကာ ယင်ပင်လယ် အတွင်းမှ မှော်ရတနာများကို

ရယူရုံ သက်သက် မဟုတ်ပေ။ သူ၏
ရည်ရွယ်ချက်မှာ လျှမ်ပန်း၊ ဇူဟုန်ဝူနှင့် အခြား
မဟာအင်အားစုများကဲ့သို့ တောင်သုံးတောင်ကို
သိမ်းပိုက်ကာ ယင်ပင်လယ်အား
ထိန်းချုပ်နိုင်ရန် ဖြစ်သည်။

ဒါသည် ထိုနေရာသို့ အရင်ရောက်ရှိရုံ
သက်သက်ဖြင့် ပြီးမြောက်နိုင်သည့် အရာတစ်ခု
မဟုတ်ပေ။ နတ်တောင်များကို
ထိန်းချုပ်ရခြင်းသည် အသေးစိတ်
နည်းလမ်းများဖြင့် အသေအချာ စီစဉ်မှုအပြင်
ကံတရား အနည်းငယ်လည်း လိုအပ်သေး၏။

ထို့ကြောင့် လင်းဖုန်း၏ အာရုံသည်
လျှိုယောင်အပေါ်သို့သာ စူးစိုက်ထားခဲ့ခြင်း
ဖြစ်သည်။ သူတွေ့ရှိခဲ့သော ပုံမှန်မဟုတ်သည့်
အခြေအနေများကို အခြေခံ၍ လင်းဖုန်းက
သာမန်ပုံစံသာ ပေါက်နေခဲ့သော
ဤလူငယ်သည် ယခု ဖရိုမရဲ ဖြစ်နေသော
အခြေအနေများကို ဖြေရှင်းရန်
အဓိကသော့ချက် ဖြစ်နေမည်ဟု
ခံစားနေရသည်။

သို့သော်လည်း သူသည် ဤကိစ္စအတွက်
အချိန်အများကြီး အကုန်ခံနေမည် မဟုတ်ပေ။
သူသည် သူတို့ပင် မတုံ့ပြန်နိုင်ခင်
အခြားတစ်ယောက်က

နတ်တောင်တစ်တောင်ကို
ထိန်းချုပ်သွားနိုင်သည့် အန္တရာယ်ကို
စွန့်စားမည် မဟုတ်ပေ။

ထို့အပြင် အင်အားစု အသီးသီးကလည်း
လှုပ်ရှားရန် အချိန် အကန့်အသတ် ရှိနေသည်။
အကယ်၍ သူတို့သည် အချိန်တစ်ခုတိုင်အောင်
မထိန်းချုပ်နိုင်ခဲ့သေးလျှင် နတ်တောင်များသည်
ယင်ပင်လယ်အောက်သို့ ပြန်လည်ဝင်ရောက်
ပျောက်ကွယ်သွားမည် ဖြစ်၏။
ထို့ကဲ့သို့သာဆိုလျှင် အားလုံးတို့ကလည်း သူတို့
နောက်တစ်ခေါက် ပြန်ပေါ်လာမည့် အချိန်ကို
စောင့်နေရမည် ဖြစ်သည်။

သို့သော်လည်း တောင်များသည် ယခုအချိန်မှ စပေါ်လာခြင်း ဖြစ်သဖြင့် လင်းဖုန်းသည် လုံလောက်သောအချိန် ရှိသေးသည်။ ဘာပဲပြောပြော ကြိုတင်ပြင်ဆင်မှုများက အရေးကြီးပေသည်။

"ငါက ဒီကကိစ္စကို လုပ်ဆောင်ပြီးလို့ရှိရင် အဲ့ဒီကို လာခဲ့မယ်။ မင်းတို့က ငါမပါပဲနဲ့ ယင်ပင်လယ် အထဲကို အရင်ဝင်နှင့်ကြ။ ဒါပေမဲ့ တစ်ယောက်ကိုတစ်ယောက် စောင့်ရှောက်ဖို့ မမေ့ကြနဲ့" လင်းဖုန်းသည် ရှောင်ယန်အား အသံလွှင့်ကာ ပြန်ပြောလိုက်သည်။

"မင်းတို့က အထဲရောက်သွားတာနဲ့ နတ်ဘုရား နယ်မြေ အထဲမှာလိုမျိုး အသံလွှင့်ကျောက်တုံးနဲ့ ဆက်သွယ်ဖို့က ခက်သွားလိမ့်မယ်။ ငါက မင်းတို့ရဲ့ နေရာကို အလွယ်တကူ ရှာနိုင်မှာလည်း မဟုတ်ဘူး။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် သေချာ ဂရုစိုက်ကြပါ"

လင်းဖုန်း၏ မူလခန္ဓာကိုယ်သည် ယုကျင်းတောင်ပေါ်တွင် ကျင့်ကြံနေပြီး သူ၏ မှော်စွမ်းအင်နှင့် နည်းစနစ် အားလုံးတို့ကို စုစည်းထားရန် လိုအပ်နေခဲ့သည်။ ထို့ကြောင့် ဤတစ်ခေါက်တွင် သူသည် သူ့တပည့်များ အားလုံးတို့ကို သူ၏ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်များအား ပေးထားခဲ့၍ မရပေ။

ယင်ပင်လယ် အတွင်းမှ
ထိပ်တိုက်ရင်ဆိုင်မှုများသည် များစွာ
အကျိုးသက်ရောက်မှု ရှိနိုင်မည် ဖြစ်သည်။
ထိပ်သီးကျင့်ကြံသူ အများအပြားတို့ကလည်း
ရောက်ရှိလာမည် ဖြစ်၍။ ရှောင်ယန်နှင့်
ကျန်သောသူများ မယှဉ်ပြိုင်နိုင်သော
သူအချို့လည်း ရှိနေမည်မှာ သေချာနေ၏။

ထို့ကြောင့် လင်းဖုန်းသည် ဆရာတစ်ယောက်
အနေနှင့် သူ့တပည့်များကို
စိုးရိမ်ပူပန်နေကျအတိုင်း
မြည်တွန်တောက်တီးနေရခြင်း ဖြစ်သည်။

အမှန်တွင်မူ လင်းဖုန်းသည် သူတို့၏
လုံခြုံမှုအား ဤမျှ စိတ်ပူနေစရာ မလိုပေ။
ရှောင်ယန်နှင့် ဇူရိကဲ့သို့သော သတ္တိဗျတ္တိဖြင့်
ပြည့်စုံ၍ အစွမ်းထက်သော သူများအနေနှင့်
ဆိုလျှင် သူတို့က အခြားသူများအား
ခေါင်းပြုတ်အောင် မလုပ်ခဲ့လျှင်ပင် သူတို့က
ကံကောင်းနေမည်ဟု ဆိုရမည် ဖြစ်သည်။

တကယ် အရေးကြီးသော အချိန်မှပင်
အရည်အသွေး အစစ်အမှန်များက ပေါ်လာခြင်း
ဖြစ်၏။ အခြေအနေက ရှုပ်ထွေးလေလေ
ပဋိပက္ခက ကြီးမားလေလေ သူတို့ကဲ့သို့သော
သူများက ပျော်လေလေပင် ဖြစ်ပေလိမ့်မည်။
သူတို့တွင် ကြီးမြတ်သော နှလုံးသားနှင့်

မြင့်မားသော ပန်းတိုင်များ ရှိနေကြကာ ဤကမ္ဘာကြီးအတွင်းတွင် အဓိက ကစားသမားများ ဖြစ်လာရန် ကံကြမ္မာ ပါလာကြသူများ ဖြစ်ကြသည်။

လင်းဖုန်း၏ စကားများကို ကြားပြီးသောအခါ ရှောင်ယန်က ရယ်၍ ပြန်ပြောလိုက်သည်။ "စိတ်မပူပါနဲ့ ဆရာသခင်၊ ကျွန်တော်တို့က နားလည်ပါတယ်။ ကျွန်တော်ကိုယ့်ကိုယ်နဲ့ တခြားသူတွေကိုလည်း စောင့်ရှောက်ပါ့မယ်"

သူသည် လင်းဖုန်းနှင့် အဆက်အသွယ် ပြီးသွားသည်နှင့် ဇူရီအား သတင်းလှမ်းပို့လိုက်သည်။ "ဒုတိယ ဂျူနီယာ၊

ငါတို့က မင်းကိုမစောင့်တော့ပဲ ယင်ပင်လယ် အတွင်းကို သွားနှင့်လိုက်မယ်။ ပျော်စရာတွေက စောင့်နေပြီ၊ သိပ်နောက်မကျစေနဲ့"

ဇူရီက ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "အစ်ကိုကြီးတို့ သွားနှင့်ပါ၊ ကျွန်တော်တို့က မကြာခင် လိုက်လာကြပါမယ်" အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် တစ်ယောက်နှင့် တစ်ယောက် ဆက်သွယ်၍ ဆုံတွေ့ရန် လျှို့ဝှက်နည်းလမ်းများ ရှိကြသည်။ အထူးသဖြင့် ဆက်သွယ်ရန် ခက်ခဲသည့် ယင်ပင်လယ် အတွင်းတွင် ဖြစ်၏။

ထိုအချိန်တွင် ကွေန္တားဘုရင်နှင့် စိတ်ဝိညာဉ်
ရေနဂါးဘုရင်တို့ အပါအဝင် ရှောင်ယန်နှင့်
အပေါင်းပါတို့သည် နယ်နိမိတ်
လမ်းကြောင်းမှတဆင့် ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်သွားခဲ့ကြသည်။

ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်သွားကြအပြီးတွင် ရှောင်ယန်သည်
သူ၏မျက်လုံးအရှေ့တွင်
လက်သည်းခွံလောက်သာ ရှိသည့်
သေးငယ်သော သလင်းကျောက် တစ်ခုကို
ထုတ်လိုက်သည်။ သူသည်
သူ့မှော်စွမ်းအင်များဖြင့် သူ၏

မျက်လုံးအတွင်းသို့ ထိုသလင်းကျောက်အား ထည့်လိုက်၏။

သူ့မှော်စွမ်းအင်များ၏ ထိန်းချုပ်မှုအောက်တွင် သူသည် ထိုသလင်းကျောက်၏ ထူးခြားဆန်းကြယ်သော စွမ်းအားများနှင့် သူ၏ ကိုယ်ပိုင်အမြင်အား ပေါင်းစပ်နိုင်ခဲ့သည်။ သူသည် ယခုအချိန်တွင် ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင် အမျိုးမျိုးတို့ကို ထိုးဖောက်ကြည့်ရှုနိုင်စွမ်းရှိကာ လမ်းမှန်ကို ရွေးချယ်နိုင်စွမ်း ရှိပြီဖြစ်၏။

ဒါသည် လင်းဖုန်းက ကောင်းကင်ရောင်ပြန် ကျောက်တုံး၏ အပိုင်းအစလေးမှနေ၍

ပြန်လည်တည်ဆောက်ထားခြင်း ဖြစ်သည်။ သူတို့သည် သေးငယ်သော သလင်းကျောက်စလေးများသာ ဖြစ်ကြသော်လည်း လှည့်ဖြားမှုများကို ကျော်လွှားနိုင်၍ ပုံရိပ်ယောင်များကို ထိုးထွင်းသိမြင်နိုင်သည့် ထူးခြားဆန်းပြားသော စွမ်းရည်များကို ပိုင်ဆိုင်ထားသည်။

ယန်ချင်၊ ဇူရီနှင့် လီယွမ်ဖန်းတို့ အပါအဝင် ကျန်သောသူများ အားလုံးကလည်း တစ်စစီ ရရှိထား၏။

ဒါသည် ကြီးမားကျယ်ပြန့်သော ယင်ပင်လယ် အတွင်းသို့ သူတို့ဘာသာ ပထမဆုံးအကြိမ်

လာရောက်ခဲ့ရခြင်း ဖြစ်သည်။ လင်းဖုန်းသည် သူတို့အား အန္တရာယ်များ၊ လှည့်စားမှုများဖြင့် ပြည့်နေသော ယင်ပင်လယ်၏ အကြောင်းကို ကြိုတင် သတိပေးထားခဲ့သော်လည်း သူတို့အတွက် ပြင်ဆင်မှုများကို ကြိုတင်ပြုလုပ်ပေးထားခဲ့သည်။

စွမ်းအားကြီး၍ ကြောက်မက်ဖွယ်ကောင်းသော ပုံရိပ်ယောင်များသည် ချိုးဖောက်ရန် အခက်ဆုံးဖြစ်သည်။ အချို့သည် အပိုင်းအစလေးတစ်ခု မပြောနှင့် ကောင်းကင်ရောင်ပြန် ကျောက်တုံးနှင့်ပင် ကျော်လွှားရန် မလွယ်ကူပေ။ သို့သော်လည်း ထိုကဲ့သို့သော အန္တရာယ်များသည့်

ပုံရိပ်ယောင်များမှာ အတော်ကို ရှားပါးလှသည်။ ရှောင်ယန်နှင့် ကျန်သောသူများသည် ဂရုတစိုက်နှင့် ရှေ့ဆက်လာကြရာ သူတို့သည် ပုံရိပ်ယောင် အများစုတို့ကို ကျော်လွှားနိုင်ခဲ့ကြသည်။

သူတို့အုပ်စုတို့သည် အဖြူရောင် မြူခိုးငွေ့များ ကာဆီးထားသော ယင်ပင်လယ် အတွင်းတွင် ဆက်လက် ချီတက်လာကြသည်။ သူတို့၏ အမြန်နှုန်းသည် သာမန် ကျင့်ကြံသူများထက် များစွာပို၍ သာနေ၏။

တစ်ခုတည်းသော ပြဿနာမှာ သူတို့သည်
တောင်သုံးတောင်အား ရှာဖွေနေရာတွင်
တိကျသော လမ်းကြောင်း မရှိခြင်း ဖြစ်သည်။

"ငါတို့က မဟာကျိုး အင်ပါယာရဲ့
လက်အောက်ကို ရောက်ရှိနေတဲ့
ဖန်ကျန်းနတ်တောင် ပေါ်လာမှာကို
အရင်စောင့်နေပြီး နောက်မှ အခွင့်အရေးတွေကို
ရှာရမယ်နဲ့တူတယ်" ရှောင်ယန်က အနည်းငယ်
ရန်လိုသော လေသံဖြင့် မှတ်ချက်ပြုလိုက်သည်။
ကွေ့နွားဘုရင်နှင့် စိတ်ဝိညာဉ် ရေနဂါးတို့က
ထိတ်လန့်တုန်လှုပ်သွားကြကာ
ပြောလိုက်ကြသည်။ "ဒါပေမဲ့ မဟာကျိုး

အင်ပါယာကို ကျွန်တော်တို့က ဘာမှ
လုပ်နိုင်လိမ့်မယ် မထင်ဘူး"

ရှောင်ကျန်းအာက တစ်ခစ်ခစ်နှင့် ရယ်လိုက်ကာ
ပြောလိုက်၏။ "ဒါကြောင့်မို့ ကျွန်မတို့က
အခွင့်အရေး စောင့်ရမယ်လို့ ပြောတာပေါ့။
မဟာချင် အင်ပါယာက မဟာကျိုး အင်ပါယာ
အပေါ်မှ မျက်စိကျနေမှာက မေးခွန်းထုတ်စရာ
မလိုဘူး။ သူတို့က မဟာကျိုး အင်ပါယာက
တောင်တစ်တောင်ပဲ ထိန်းချုပ်ထားနိုင်လည်း
ငြိမ်ပြီးတော့ ထိုင်ကြည့်နေမှာ မဟုတ်ဘူး"

ရှောင်ယန်က ရယ်ရမ်းသွေးလိုက်ကာ ဝင်ပြောလိုက်သည်။ "ကျန်းအာပြောတာ မှန်တယ်"

သူ၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားခဲ့၍ မြူခိုးငွေ့များ ကာရံထားသည့် ယင်ပင်လယ်၏ မျက်နှာပြင်အား လှမ်းကြည့်လိုက်သည်။

ရှောင်ကျန်းအာနှင့် ကျန်သောသူများကလည်း သူ၏ အကြည့်နောက်သို့ လိုက်ကြည့်ခဲ့ကြကာ ယန်ချင်သည် အနည်းငယ် စိတ်လှုပ်ရှားသည့်ပုံ ပေါက်လာသော်လည်း ဘာမှ မပြောခဲ့ပေ။

ရှောင်ယန်က ပထမဦးစွာ ပြောလိုက်၏။ "ရှားပါးလှတဲ့ မြင်ကွင်းတစ်ခုပဲ။ ဒီပင်လယ်ရဲ့ အောက်ခြေမှာ ဆောင်ယန် လှိုဏ်ဂူဝှက်ဆန်းကြယ်သော ရေကြောတစ်ကြော ရှိနေတယ်"

သူသည် ယန်ချင်ဘက်သို့ လှည့်လိုက်ကာ ဆက်ပြောလိုက်သည်။ "ဒါက မင်းရဲ့ ကျင့်ကြံမှုတွေကို အရမ်း အကျိုးဖြစ်ထွန်းစေလိမ့်မယ်၊ နံပါတ်ငါး ဂျူနီယာ"

ယန်ချင်သည် သူ၏ခေါင်းကို သဘောတူစွာနှင့် ညိတ်လိုက်သည်။ "ဒါပေမဲ့ ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သောရေကို စုဆောင်းဖို့က အချိန်အကြာကြီး ယူရလိမ့်မယ်။ ယင်ပင်လယ်က တောင်သုံးတောင်က ပိုပြီးတော့ အရေးကြီးတယ်။ တကယ်လို့ ကျွန်တော်တို့က ယင်ပင်လယ်ကို ထိန်းချုပ်နိုင်လို့ရှိရင် ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သောရေကို ယူရတာ လွယ်ကူသွားပြီ"

ရှောင်ယန်သည် သူ၏ခေါင်းကို ခါလိုက်သော်လည်း သူ၏ မျက်နှာပေါ်မှ အပြုံးမှာ ယခင်ကကဲ့သို့ နွေးထွေးဆဲဖြစ်၏။

သို့သော်လည်း သူ၏အသံသည် အနည်းငယ် လေးနက်လာခဲ့သည်။ "တကယ်လို့ ငါတို့ထွက်သွားအပြီးမှာ တစ်စုံတစ်ယောက်က ယူဆောင်သွားရင် ဘယ်လိုလုပ်မလဲ။ ဒီလူက ချက်ချင်းပြန်သွားလို့ရှိရင် ငါတို့က တောင်သုံးတောင်ကို ရနိုင်ခဲ့ရင်တောင်မှ ဒီရေတွေ ရှိတော့မှာ မဟုတ်ဘူး"

"သေးငယ်တဲ့ အရာတွေ အတွက်နဲ့ ကြီးမားတဲ့ ကိစ္စကို လွှတ်သွားလို့ မဖြစ်ဘူး။ တကယ်လို့ ငါတို့က ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သောရေကို အချိန်အကြာကြီး အသုံးပြုပြီး ယူရမယ် ဆိုရင်တော့ ငါက သဘောတူမှာ မဟုတ်ဘူး။

ဒါပေမဲ့ မင်းမှာက မဟာလမင်း အကြွင်းမဲ့ရေ ရှိနေပြီးပြီ ဆိုတော့ ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သောရေကို ယူရတာက အလွယ်လေး ဖြစ်သွားပြီ။ ငါတို့က ဒီလိုမျိုး အခွင့်အရေးကို လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ"

"ငါတို့က ပစ္စုပ္ပန်အချိန်ကို အသုံးပြုပြီး အနာဂတ်ကို ထိန်းချုပ်နိုင်ဖို့ စဉ်းစားရမယ်။ တကယ်လို့ ငါတို့က အချိန်နည်းနည်းလေး နောက်ကျသွားလို့ နတ်တောင်တွေကို ထိန်းချုပ်နိုင်ဖို့ အခွင့်အရေး ဆုံးရှုံးသွားခဲ့မယ်ဆိုရင် ငါတို့ရဲ့ အားနည်းချက်ကြောင့်အပြင် သူတို့နဲ့ ကံမစပ်လို့ပဲလို့ ပြောရမှာပဲ"

"ငါတို့က ဒီကမ္ဘာကြီးမှာ ရှင်သန်ချင်နေလို့ရှိရင် ဘယ်လိုမျိုး အပေးအယူလုပ်ပြီး စေ့စပ်ညှိနှိုင်းရမလဲ ဆိုတာကို သိထားမှရမယ်။ ငါတို့က ဘယ်လိုမျိုး အခွင့်အရေးတွေကို ဆုပ်ကိုင်ရမယ်ဆိုတာကို သင်ယူဖို့ လိုအပ်တယ်။ ဘယ်သူက သိမှာလဲ၊ ဒီကံကောင်းခြင်းက ငါတို့ကို ပိုပြီးတော့ ကြီးမားတဲ့ ကံကောင်းခြင်းကို သယ်ဆောင်ပေးလာစေနိုင်တယ်။ ဆရာက ကိစ္စတစ်ခု ရှိနေလို့ ငါတို့နဲ့ အတူမလာနိုင်သေးဘူး။ သူ့ကိစ္စပြီးသွားရင် ငါတို့ရဲ့ ကြိုးစားအားထုတ်မှု အပေါ်မှာလည်း အများကြီး အကျိုးအမြတ်ရှိလာနိုင်တယ်"

သူ၏စကားကို နားထောင်ပြီးသွားသောအခါ ယန်ချင်သည် ခေတ္တမျှ စဉ်းစားလိုက်ကာ ပြန်ဖြေလိုက်၏။ "အစ်ကိုကြီးပြောတာ မှန်ပါတယ်။ ဒါဆိုရင်တော့ အားလုံးက ကျွန်တော့်ကို ခဏလောက် စောင့်ပေးကြပါဦး။ ကျွန်တော်က မကြာခင် ပြန်လာခဲ့ပါ့မယ်"

သူသည် မည်သို့မှ ချီတုံချတုံ ဖြစ်မနေခဲ့ပဲ ပင်လယ်အတွင်းသို့ ခုန်ဆင်းသွားခဲ့သည်။ သူသည် ပင်လယ်ကြမ်းပြင်တွင် အစိမ်းနုရောင် ရေစီးကြောင်း တစ်ခုက စီးဆင်းနေသည်ကို တွေ့နိုင်ခဲ့၏။ ထိုရေစီးကြောင်းသည် ပင်လယ်ရေနှင့် အတူတကွ ရောယှက်နေခြင်း

မရှိခဲ့ပဲ သူမှနေ၍ နွေးထွေးမှုများကို
ပေးနိုင်ခဲ့ကာ မှောင်မည်းသော
ပင်လယ်ကြမ်းပြင်တွင် ရွှေရောင်
အလင်းတန်းများအား ထုတ်လွှတ်နေခဲ့သည်။

ယန်ချင်သည် လက်ညှိုးဖြင့် ထိုးလိုက်ရာ
ကျောက်စိမ်းရောင် ရေတစ်တန်းသည်
ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သော
ရေစီးကြောင်းထံသို့ စီးဆင်းသွားခဲ့သည်။
ဤရေသည် ရေများအားလုံးတို့၏
အုပ်ချုပ်သူဖြစ်သော မဟာလမင်း အကြွင်းမဲ့ရေ
ဖြစ်သည်။ သူသည် ဆောင်ယန်
လျှို့ဝှက်ဆန်းကြယ်သောရေအား

ဖုံးလွှမ်းလိုက်ကာ ပင်လယ်ကြမ်းပြင်
တစ်ခုလုံးအား တုန်ခါသွားစေခဲ့သည်။

ဆောင်ယန် လှျို့ဝှက်ဆန်းကြယ်သော
ရေစီးကြောင်းအတွင်းတွင် ကျောက်စိမ်းရောင်
အလင်းတန်းများ လင်းလက်လာခဲ့၍
ရေစီးကြောင်း တစ်ခုလုံးသည် ယန်ချင်၏
ဆုပ်ကိုင်မှု အတွင်းသို့ ကျရောက်လာခဲ့သည်။
တစ်ခုတည်းသော ပြဿနာမှာ
ထိုရေစီးကြောင်းက အတော်လေး
ကျယ်ပြန့်လှသဖြင့် ယန်ချင်သည် အပြည့်အဝ
ထိန်းချုပ်နိုင်ရန် အချိန်ပိုမို၍ လိုအပ်ကာ
ပို၍ပို၍များသော မဟာလမင်း

အကြွင်းမဲ့ရေအား အတွင်းသို့ ပို့လွှတ်နေရခြင်း ဖြစ်သည်။

သို့သော်လည်း ထိုအချိန်တွင် ကြောက်မက်ဖွယ်ရာ မိစ္ဆာစွမ်းအား တစ်ခုသည် ထွက်လာခဲ့ကာ ယန်ချင်၏ မဟာလမင်း အကြွင်းမဲ့ရေအား ရိုက်ချလိုက်ကာ ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သော အကြွင်းမဲ့ရေနှင့် ကွဲကွာစေခဲ့သည်။

ယန်ချင်သည် အနည်းငယ် အံ့အားသင့်သွားခဲ့ကာ ကြီးမားသော နဂါးအော်ရာ တစ်ခုက သူ၏ခန္ဓာကိုယ်အား ဖုံးလွှမ်းသွားသည်ဟု ခံစားလိုက်ရသည်။ သူ၏

ခန္ဓာကိုယ် ပတ်ပတ်လည်မှ မှော်စွမ်းအင်
လှုပ်ရှားမှုများသည် ဖြည်းဖြည်းချင်း
ကျဆင်းလာခဲ့သည်။

သူသည် ဤကဲ့သို့သော စွမ်းအားကြီးသည့်
နဂါးအော်ရာအား တစ်ခါမှ မခံစားရဖူးချေ။
မိစ္ဆာသခင် နောက်ဆုံးအဆင့်တွင် ရှိနေသော
ကျဲယုပင် အပါအဝင် ဖြစ်၏။ သူသည်
လျှင်မြန်စွာနှင့် သတိပြန်ဝင်လာခဲ့ကာ
သူ့ကိုယ်သူ တွေးလိုက်သည်။ "မသေဝိညာဉ်
အဆင့်က နဂါးဘုရင် တစ်ပါးပဲ"

အနက်ရောင် ရေများအတွင်းမှ ရောမ
အနက်ရောင် ပုံရိပ်တစ်ခုက ထွက်လာခဲ့သည်။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် အပြာရင့်ရောင် ရှိနေ၍ သူသည် ပေတစ်ထောင်ကျော် ရှည်လျားကာ ကြီးကျယ်ခမ်းနားသော ပုံစံပေါက်နေ၏။ သူ၏ခန္ဓာကိုယ်မှ အဆုံးမှ မိစ္ဆာစွမ်းအားများ ထုတ်လွှတ်နေခဲ့ကာ ပင်လယ်တစ်ခုလုံးအား လှိုင်းထန်စေသည့်ပုံ ပေါက်နေခဲ့သည်။ သူသည် ပင်လယ်နဂါးဘုရင် ဖြစ်၏။

ရှောင်ယန်သည် ယန်ချင်နှင့် မတွေ့ခင်တွင်ပင် ပင်လယ်နဂါး ဘုရင်ကို အာရုံခံနေမိပြီ ဖြစ်သည်။ သူသည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်ကာ ပင်လယ်အတွင်းသို့ ခုန်ဆင်းသွားမည် ဆဲဆဲတွင် သူ၏ နှလုံးခုန်

တစ်ချက်မှားသွားခဲ့သည်။ သူသည် တစ်စုံတစ်ယောက်က အမှောင်အတွင်းမှနေ၍ သူ့ကို စောင့်ကြည့်နေသည်ဟု ခံစားနေခဲ့ရသည်။

## စာစဥ် ၃၈ : အပိုင်း ၂၀

## အပိုင်း ၇၃၀ : ကျင်းပွှမ်အမတ်၏ စာရင်း

ပင်လယ်နဂါး ဘုရင်သည် အနားသို့ ရောက်လာသောအခါ ရန်လိုမှုများကို ပြလာခဲ့၏။ ရှောင်ယန်သည် နဂါးဘုရင်က သူ၏ မိစ္ဆာစွမ်းအားများကို ထုတ်ဖော်၍ ယန်ချင်၏

ဆောင်ယန် လှျို့ဝှက်ဆန်းကြယ်သော
ရေစီးကြောင်းအား ထုတ်ယူနေမှုကို
နှောင့်ယှက်တော့မည်ကို ကြိုသိနေ၍
ဝင်ရောက် ဟန့်တားမည်ဟု
ကြံခဲ့လိုက်သော်လည်း ရုတ်တရက်ပင် သူ၏
ရင်အတွင်းမှ မသက်မသာ ခံစားလာခဲ့ရသည်။

ထိုခံစားချက်မှာ တစ်စုံတစ်ယောက် သို့မဟုတ်
တစ်စုံတစ်ခုက သူ့အား အရိပ်အတွင်းမှနေ၍
စောင့်ကြည့်နေသည်ဟု ခံစားနေရခြင်း
ဖြစ်သည်။

ဤကဲ့သို့ စောင့်ကြည့်နေခြင်းမှာ အတော်ကို
ထူးခြားလှျို့ဝှက်ကာ အခြေတည် ဝိညာဉ်

အဆင့်မှ ကျင့်ကြံသူ အများအပြားတို့
အာရုံခံနိုင်မည် မဟုတ်ပေ။
တစ်ချိန်တည်းတွင်ပင် သူသည် ကြောက်ရွံ့မှု
ကင်းမဲ့၍ ရက်စက်တတ်ကာ ရှောင်ယန်၏
ခန္ဓာကိုယ်နှင့် မှော်စွမ်းအင် ပြီးနောက် သူ၏
စိတ်ဝိညာဉ် အတွင်းသို့ပင်
ဝင်ရောက်နေခဲ့သည်ဟု ခံစားနေရသည်။

ရှောင်ယန်၏ မျက်မှောင်များမှာ ကြုတ်သွားခဲ့၍
သူ၏ ခေါင်းအပေါ်တွင် ဖြူဖွေးသော
သန့်စင်သောယန် အကြွင်းမဲ့မီးတောက်အား
ထုတ်လွှတ်လိုက်သည်။ အသွင်သဏ္ဍာန်
လေးမျိုးတို့သည် ထိုအဖြူရောင် မီးပင်လယ်
အတွင်းမှနေ၍ ထွက်လာကြပြီး သူ၏ ခန္ဓာကိုယ်

တစ်ခုလုံးအား မှော်စွမ်းအင်များဖြင့်
ဖုံးလွှမ်းထားခဲ့သည်။

တောက်ပသော မီးတောက်များသည် အနီး
ပတ်ဝန်းကျင် တစ်ခုလုံးအား
လင်းလက်သွားစေခဲ့၏။
တစ္ဆေအရိပ်များသည်ပင် လောင်ကျွမ်းသွားခဲ့၍
အလင်းတန်း တစ်တန်းသာလျှင် ရုတ်တရက်
ပေါ်လာခဲ့သည်။ သူသည် အဝေးနေရာ တစ်ခုမှ
ထွက်ပေါ်လာခဲ့၍ ရှောင်ယန်၏ ခန္ဓာကိုယ်
အပေါ်သို့ ကျရောက်သွားခဲ့ကာ ကြေးမုံတစ်ခုမှ
ရောင်ပြန်ဟပ်နေသည်နှင့် တူနေခဲ့သည်။
ဒါသည် ရှောင်ယန်အား လျှို့ဝှက်စွာနှင့်
အကဲခတ်နေသော အရာဖြစ်သည်။

သူ့အား ရှာဖွေတွေ့ရှိသွားပြီဟု
သဘောပေါက်သွားသောအခါ တစ်ဘက်မှသူမှာ
ကိုယ့်ကိုယ်ကိုယ် ဖုံးကွယ်မနေတော့ပဲ
ထူထဲသော အဖြူရောင် မြူခိုးငွေ့များအကြားမှ
ပုံရိပ်တစ်ခုသည် ဖြည်းဖြည်းချင်း
ထွက်လာခဲ့သည်။

ထိုသူမှာ  တန်ဖိုးကြီးသော
ရွှေရောင်ဝတ်စုံများကို ဝတ်ဆင်ထားကာ
ခေါင်းပေါ်တွင် ရွှေသရဖူတစ်ခု ဆောင်းထား၍
ခါးတွင် အဝါရောင် ခါးပတ်ကို
ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ဖြစ်၏။

သူ၏ ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်မှာ အလွန်ကို အချိုးအစား ကျနစ၍ သူ၏ခေါင်းပေါ်တွင် ဆံပင် တစ်လက်မခန့်သာရှိသည်။ သူသည် ကြည့်၍ကောင်းသော ရုပ်ရည်ရှိကာ တကယ့်နေမင်းနှင့်တူသော ရွှေရောင်ဖျော့ဖျော့ စက်လုံးနှစ်လုံးသည် သူ၏ နားထင်များပေါ်တွင် လှည့်ပတ်နေကြသည်။

သူသည် မဟာကျိုး အင်ပါယာမှ ကျင်းဟွမ်အမတ် လျှမ်အန်းဖြစ်သည်။ သူ၏အနောက်တွင် ရောမ အနက်ရောင် အလံကြီး တစ်ခုကို ထောင်ထားခဲ့ကာ လေထုအတွင်းတွင် တစ်ဖျပ်ဖျပ် လွင့်နေခဲ့သည်။ အနက်ရောင်

အလင်းတန်းများသည် အလံအနားတွင် လှည့်ပတ်နေ၍ တော်ဝင်ကေရာဇ်အား တပ်မကြီး တစ်ခုက စောင့်ရှောက်ထားသကဲ့သို့ ခံစားနေရ၏။

ထိုတစ္ဆေစစ်တပ်မှ ထွက်ပေါ်လာနေသော စွမ်းအား သဘောတရားများသည် သူတို့၏ ရန်သူများက စွမ်းအားမည်မျှကြီးပါစေ၊ သူတို့အပေါ်တွင် ကပ်ဆိုးဘေးဆိုးများက ကျရောက်ပါစေ၊ သူတို့၏ သခင်အား အသက်ပေး၍ ကာကွယ်မည့် စိတ်စွမ်းအားများကို ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

သူတို့၏ ကာကွယ်မှုအောက်မှ
ဧကရာဇ်ကလည်း ဂုဏ်သိက္ခာ ကြီးမားလှသည်။
ဧကရာဇ် တစ်ယောက်ကသာ ပိုင်ဆိုင်နိုင်သည့်
ထာဝရ ကြီးမြတ်သည့်
ခမ်းနားကြီးကျယ်မှုများကို ပိုင်ဆိုင်ထားသည်။
ထောင်စုနှစ်ပေါင်းများစွာ
လွှမ်းမိုးအုပ်ချုပ်နိုင်သော ဧကရာဇ် တစ်ပါး၏
စိတ်စွမ်းအားများကို တွေ့နေနိုင်သည်။

ကျင်းပွှမ်အမတ်၏ ပွားစည်းခြင်း အဆင့်မှ
အင်မော်တယ် တော်ဝင်အလံ၏ အောက်တွင်
ရပ်နေကြသူ အမြောက်အမြားလည်း
ရှိနေကြ၏။ သူတို့အား အခြေတည် ဝိညာဥ်
နောက်ဆုံး အဆင့်မှ လူနှစ်ယောက်က

ဦးဆောင်နေကြသည်။ တစ်ယောက်သည် ချပ်ဝတ်တန်ဆာများကို ဝတ်ဆင်ထားသော လူသန်ကြီး တစ်ယောက်ဖြစ်၍ တစ်ယောက်မှာ အဖြူရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် သက်လတ်ပိုင်း လူတစ်ယောက် ဖြစ်၏။ သူတို့နှစ်ယောက်စလုံးတို့သည် အားကောင်းသော အော်ရာများကို ထုတ်လွှတ်နေကြကာ ထူးချွန်ပြောင်မြောက်သော စွမ်းရည်များကို ပိုင်ဆိုင်ထားကြသည်။

ကျန်သောသူများကလည်း အခြေတည် ဝိညာဥ် အဆင့်တွင် ရှိနေကြသည်။ သူတို့သည် ကျင်းပွမ်အမတ်၏ အနောက်တွင်

ငြိမ်သက်စွာနှင့် ရပ်နေကြသည်။
သူတို့အုပ်စုသည် လက်တစ်ဆုပ်စာသာ
ရှိသော်လည်း သူတို့အား ကြည့်နေသူများအား
အင်မော်တယ် တော်ဝင်အလံကဲ့သို့ပင်
သူတို့သခင်အား အသက်ထက်ဆုံး
ကာကွယ်စောင့်ရှောက်မည့် မဟာစစ်တပ်
တစ်ခု၏ အငွေ့အသက်များကို
ပေးစွမ်းနိုင်ခဲ့သည်။ သူတို့၏
ကာကွယ်စောင့်ရှောက်မည့်သူမှာ
အခြားသူမဟုတ်ပဲ ကျင်းဟွမ်အမတ်သာ ဖြစ်၏။

လျှမ်အန်း၏ ခေါင်းပေါ်တွင် မီးစနှင့်တူသော
အလင်းတန်း စက်ဝိုင်းတစ်ခုကို တွေ့နိုင်သည်။
ဒါသည် ကြေးမုံဝိုင်းလေး တစ်ခုနှင့်တူပြီး

ရှောင်ယန်အပေါ်သို့ ရွှေရောင်ဖျော့ဖျော့
အလင်းတန်း တစ်ခုအား ထုတ်လွှတ်နေခဲ့သည်။

လျှမ်အန်း၏ အမူအရာသည် မပြောင်းလဲခဲ့ပေ။
ရှောင်ယန်၏ ထုတ်ဖော်ခြင်းကို
ခံခဲ့ရသော်လည်း သူသည် ရယ်ရမ်းသာ
သွေးလိုက်ကာ ကြေးမုံထံမှ အလင်းတန်းသည်
ပါးလျသော လေထုအတွင်းသို့
ပျောက်ကွယ်သွားခဲ့သည်။

သို့သော်လည်း သူ၏ကြေးမုံမှ အလင်းတန်းကို
ရုပ်သိမ်းလိုက်ခြင်းမှာ သူက နောက်ဆုတ်ရန်
ရည်ရွယ်လိုက်ခြင်း မဟုတ်ပေ။
ပြောင်းပြန်ဖြစ်လုစွာပင် သူ၏

တစ်ကိုယ်လုံးမှနေ၍ လေးပေါ်မှ
ထွက်လာတော့မည်ကဲ့သို့ ဖြစ်နေသော
မြားတစ်စင်းကဲ့သို့ အော်ရာများကို
ထုတ်လွှတ်နေခဲ့သည်။ သူသည်
သူ၏ပစ်မှတ်အပေါ်သို့ အချိန်မရွေး
ခုန်အုပ်တော့မည့် မကောင်းဆိုးဝါး ဝံပုလွေမိစ္ဆာ
တစ်ကောင်ကဲ့သို့ ဖြစ်နေခဲ့သည်။

"မင်းရဲ့ဆရာက ဒီတစ်ခေါက်မှာ မင်းရဲ့
ကိုယ်အထဲကို သူ့ရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်
မထည့်ပေးထားတော့ဘူး။ မင်းရဲ့လက်ရှိ
အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်က
ကျင့်ကြံမှုက သူ့ရဲ့ စောင့်ရှောက်မှုကို
မလိုတော့ဘူးလို့ ထင်ကောင်းထင်နေလိမ့်မယ်"

ကျင်းဟွမ်အမတ်က သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။

"ဒါက တကယ့်ကို နမော်နမဲ့နိုင်တာပဲ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့ လမ်းကြောင်းက အရမ်းကို ချောမွေ့နေလွန်းတော့ သူက အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်က ကျင့်ကြံမှုဟာ ဘာမှ ဂုဏ်ယူစရာ အဖြစ်တစ်ခု မဟုတ်မှန်းကို မေ့သွားတယ် ထင်တယ်"

သူသည် ရှောင်ယန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ "မင်းနဲ့ မင်းရဲ့ ဂျူနီယာတွေက တခြား အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်က

ကျင့်ကြံသူတွေနဲ့စာရင် အဆင့်မြင့်ရဲ့
တိုက်ပွဲစွမ်းရည်တွေ ရှိတယ်ဆိုတာကိုတော့
ငါကလက်ခံပါတယ်။ ဒါပေမဲ့ မင်းတို့က
ကမ္ဘာကြီးအထဲမှာ လက်မထောင်နိုင်ဖို့က
အဝေးကြီး လိုသေးတယ်"

"ဘာပဲပြောပြော မင်းတို့ကို ကျန်တဲ့သူတွေက
မထိရဲကြတာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်က
ကာကွယ်စောင့်ရှောက်ထားလို့ပဲ။
မဟုတ်လို့ရှိရင် မင်းတို့ကောင်တွေက
အကြိမ်ပေါင်းများစွာ သေကြပြီး ဖြစ်လိမ့်မယ်"

ရှောင်ယန်က ကျင်းဟွမ်အမတ်အား အေးစက်စွာဖြင့် ကြည့်လိုက်သည်။ "ခွန်းလွန်တောင်မှာ အေးအေးဆေးဆေး နေခဲ့တာ အချိန်အတော်ကြာသွားပြီ။ ဒါပေမဲ့ မင်းက အမှတ်မရှိပဲ လာလာပြီးတော့ ဟောင်နေတော့ ငါကမင်းကို ဒီကနေ့မှာ အပြတ်ရှင်းလိုက်တော့မယ်"

ကျင်းဟွမ်အမတ်က ရှောင်ယန်၏ မှတ်ချက်အား နှာခေါင်းရှုံ့လိုက်သည်။ မင်းပြောတာမှားနေပြီ။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ခွန်းလွန်တောင်ကို ဖိတ်ခေါ်တုံးက ငါက ဧည့်သည်ဖြစ်ပြီး မင်းတို့က အိမ်ရှင်ဖြစ်တယ်။ ငါက အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းကို မျက်နှာပေးချင်လို့
နောက်ဆုတ်လိုက်တာ။ အမှန်အတိုင်းပြောရရင်
ကပ်ဆိုးကို ရှောင်နိုင်ခဲ့တဲ့သူက မင်းပဲ"

သူသည် နောက်လှည့်လိုက်ကာ
သူ၏အနောက်မှ အင်မော်တယ်
တော်ဝင်အလံ၏ အလံတိုင်ကို ကိုင်လိုက်၍
တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "ရှောင်ယန်၊
မင်းက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ရဲ့ တပည့်ကြီးဖြစ်တယ်။
လူတွေက သူ့ကြောင့်သာ မင်းကို
လိုတာထက်ပိုပြီး လေးစားနေကြတာ"

"ရှီးလင်မြို့တိုက်ပွဲ မတိုင်ခင်မှာ မင်းက ရှီးလင်မြို့အထဲက ယုမိသားစုရဲ့ အိမ်ယာတစ်ခုလုံးကို မီးလောင်ပြာကျစေခဲ့ပြီး ယုမိသားစုရဲ့ ဘိုးဘေးဘီဘင် နယ်မြေကို မြေလှန်ခဲ့တယ်။ ဒါက အတော်လေးကို အထင်ကြီးဖို့ကောင်းပေမဲ့ ငါ့ရဲ့ အမြင်မှာကတော့ မဟာချင် အင်ပါယာက မိသားစုကြီး လေးခုတို့ဟာ အသုံးမကျတဲ့ လူတွေချည်းပဲ။ ယုရှင်းတောက်ကလွဲလို့ သူတို့ဆီမှာ သူတို့ရဲ့ ကြီးကျယ်ခမ်းနားမှုတွေကို ထိန်းသိမ်းနိုင်မဲ့သူတွေ မရှိကြဘူး"

"နှမြောစရာ ကောင်းတာက မင်းဟာ ပြင်ပကမ္ဘာရဲ့ ချီးကျူးမှုတွေ အချို့ကြောင့်

အောက်ခြေလွတ်နေခဲ့တာပဲ။ ငါ့ရဲ့အမြင်ကနေ ပြောရရင် မင်းရဲ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်နဲ့ ပတ်သတ်မှုကလွဲလို့ မင်းက ဘာမှမဟုတ်ဘူး" ကျင်းဟွမ်အမတ်သည် အင်မော်တယ် တော်ဝင်အလံကို အသာခါယမ်းလိုက်ရာ အနက်ရောင် အလင်းတန်းများက ပြင်ပသို့ ထွက်လာခဲ့ကာ နေမင်းကိုပင် ဖုံးအုပ်သွားခဲ့သည်။

"မင်းက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ လွတ်မြောက်နိုင်ခဲ့တာက မင်းဆရာရဲ့ ကျေးဇူးကြောင့်ပဲ။ ပြီးတော့ ဒီအကြောင်းရင်းကြောင့်ပဲ မင်းက

ခွန်းလွန်တောင်မှ အခွင့်အရေးတစ်ခု ထပ်ရခဲ့ပြီး
အခုအချိန်အထိ အသက်ဆက်ရှင်နိုင်ခဲ့တယ်"

ကျင်းဟွမ်အမတ်က ရယ်ရမ်းသွေးလိုက်၏။
"သနားစရာက မင်းဟာ အခုအချိန်မှာတော့
ကံမကောင်းနိုင်တော့ဘူး။ ငါ့ရဲ့ သတင်းအရ
လင်းဖုန်းက အခြေတည်ဝိညာဉ် နောက်ဆုံး
အဆင့်က ကိုယ်ပွားတစ်ခုကိုသာ
အရှေ့ပင်လယ် အတွင်းကို
လွှတ်လိုက်တာဖြစ်တယ်။ အခုအချိန်အထိကို
ယင်ပင်လယ်အတွင်းကို ရောက်မလာသေးဘူး"

"သူက မင်းနဲ့ မင်းအဖော်တွေကို မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်တွေ မထည့်ပေးလိုက်တာ သူ့ရဲ့

နမော်နမဲ့နိုင်မှုပဲ။ မင်းကို အသက်ရှင်ရက်နဲ့ လွှတ်ပေးရမယ့် အကြောင်းရင်းတွေရှိရင် ပြောပြပါဦး"

ရှောင်ယန်၏ မျက်နှာပေါ်မှ အပြုံးကလည်း အသက်ဝင်၍ နွေးထွေးနေသည်။ သို့သော်လည်း ဘေးမှကြည့်နေသူများ၏ မျက်စိအတွင်းတွင် အထူးကို အေးစက်နေ၏။ "လျှမ်အနန်း၊ မင်းကို အရင်က တခြားသူတွေ ပြောခဲ့ဖူးလား မသိဘူး။ ဒါပေမဲ့ မင်းက ကိုယ့်ကိုယ်ကိုယ် အထင်အရမ်းကြီးနေတဲ့ အချိန်မှာ အဓိပ္ပာယ် မရှိတာတွေ အတော်ကို ပြောတာပဲ"

"ဒါပေမဲ့ ငါက ဒီကနေ့မှာ နားထောင်ရတာ ကိစ္စတော့ သိပ်မရှိပါဘူး" ရှောင်ယန်၏ အပြုံးသည် ပို၍ပို၍ အေးစက်လာခဲ့သည်။ "ဘာဖြစ်လို့လဲဆိုတော့ ဒီကနေ့ အပြီးမှာ မင်းက နောက်ထပ်စကားပြောနိုင်ဖို့ အခွင့်အရေး မရှိတော့ဘူး"

ကျင်းဟွမ်အမတ်သည် ရှောင်ယန်၏ မှတ်ချက်အား ပြက်ရယ်ပြုကာ ရယ်မောလိုက်သည်။ "အိုး၊ ငါက မင်းနေရာမှာဆိုရင် မင်းရဲ့အဖော်ကို အရင်စိတ်ပူနေမှာ"

မသေဝိညာဉ် အဆင့်မှ ပင်လယ်နဂါး
ဘုရင်သည် ယန်ချင်၏ အနားမှ ဆောင်ယန်
လျှို့ဝှက်ဆန်းကြယ်သော ရေစီးကြောင်းအား
လုယူပြီးနောက်တွင် အလောတကြီးနှင့်
ပြန်လည် မထွက်သွားခဲ့ပေ။ သူ၏ လူသားပုံစံကို
ပြောင်းလိုက်ကာ ပင်လယ်မျက်နှာပြင်ပေါ်တွင်
ရပ်နေခဲ့၍ ရှောင်ယန်နှင့်
ကျင်းဟွမ်အမတ်တို့အား ငြိမ်သက်စွာနှင့်
စောင့်ကြည့်နေခဲ့သည်။

သူ၏ လူသားပုံစံမှာ ကောင်းကင်ပြာရောင်
ဝတ်ရုံရှည်နှင့် သက်လတ်ပိုင်း လူကြီးဖြစ်သည်။
သူ၏ မျက်လုံးအစုံမှာ ရှောင်ယန်နှင့်
ကျင်းဟွမ်အမတ်တို့၏ အကြားတွင်

ခေါက်တုံ့ပြန်နေခဲ့၍ ရယ်ချင်ပက်ကျိ
ဖြစ်လုစွာဖြင့် ကြည့်နေခဲ့သည်။ ကြည့်ရသည်မှာ
သူသည် သူတို့နှစ်ဦးတို့၏ အကြားမှ ရန်ပွဲအား
ထိုင်ကြည့်နေမည့်ပုံ ပေါက်နေသည်။

သို့သော်လည်း ဤသက်လတ်ပိုင်း
လူကြီးထံမှလာသော ဖိအားသည် အနည်းငယ်
ကွဲပြားနေသည်။ သူသည် ရှောင်ယန်တို့ဘက်မှ
တစ်စုံတစ်ယောက်နှင့် ယခုလေးတင်
ပဋိပက္ခဖြစ်ထားခဲ့၏။ ကိုယ့်ရန်သူ၏
ရန်သူသည် ကိုယ်၏မိတ်ဆွေ ဖြစ်သည်။
ထို့ကြောင့် ပင်လယ်နဂါး ဘုရင်က
တစ်ဘက်ဘက်ကို ပါခဲ့လျှင်
လျှမ်အန်း၏ဘက်သို့ ဖြစ်ပေလိမ့်မည်။

ရှောင်ယန်၏ အနောက်တွင် ငြိမ်သက်စွာသာ ရပ်နေသော မိန်းမပျိုလေးသည် စတင်၍ ရယ်မောလိုက်သည်။ "ကိုကိုရှောင်ယန်၊ ဘာမှစိတ်မပူပဲ သွားသာတိုက်ပါ။ ဒီကကိစ္စကို ကျွန်းအာတာဝန် ထားလိုက်ပါ"

သူမစကားဆုံးသည်နှင့် သူမ၏ နဖူးပေါ်မှနေ၍ အလင်းတန်း ရေးရေးလေးတစ်တန်း ထွက်လာကာ အတွင်းမှနေ၍ ကျောက်စိမ်းနားဆွဲတစ်ခုသည် ပေါ်လာခဲ့၏။ ကြောက်မက်ဖွယ်ရာ မိုးကြိုးများက ကျောက်စိမ်းနားဆွဲ၏ အပေါ်တွင် ထစ်ချုန်းနေခဲ့၍ ကမ္ဘာကြီး တစ်ခုလုံးအား

တုန်ခါစေခဲ့သည်။ ထိုအဖြူရောင် ဖျော့ဖျော့နှင့် မိုးကြိုးများမှာ အားကောင်းလွန်း၍ အင်မော်တယ် တော်ဝင်အလံမှ အနက်ရောင် အလင်းတန်းများကပင် သူတို့အား မဖိနှိပ်နိုင်ခဲ့ပေ။

ရောင်ကျန်းအာသည် သူမ၏လက်အား ဟင်းလင်းပြင်အတွင်းတွင် ကျက်သရေရှိစွာ ပင့်မြှောက်လိုက်ရာ သူမ၏ လက်အတွင်းတွင် ဓားရှည်တစ်ချောင်း ပေါ်လာခဲ့သည်။ သူမှနေ၍ ရေးကျသော အန္တိမ တော်ဝင် အငွေ့အသက်များကို ထုတ်လွှတ်နေခဲ့သည်။

ပင်လယ်နဂါး ဘုရင်၏ အမူအရာမှာ အနည်းငယ် ပြောင်းသွားခဲ့၏။ သူသည် အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူသာ ဖြစ်သော ရှောင်ကျန်းအားတွင် မှော်ရတနာ နှစ်မျိုးကို ပိုင်ဆိုင်ထားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

သူမ၏ လင်းဖုန်းက လက်ဆောင်ပေးထားသော ရှေးဟောင်း တော်ဝင်ခါးမြှောင် အပြင် သူမ၏ မိသားစုက သူမအား အကာအကွယ် အနေဖြင့် ပေးအပ်ထားသော ရှေးဟောင်း ကျောက်စိမ်းနားဆွဲကလည်း ရှိသေးသည်။

မှော်ရတနာ နှစ်မျိုးစလုံးတို့သည် သန္ဓေလောင်း
အဆင့်တွင်သာ ရှိသေး၍ ရှောင်ကျန်းအာ၏
လက်အတွင်းတွင် သူတို့၏
စွမ်းအားအကုန်လုံးကို ထုတ်ဖော်နိုင်မည်
မဟုတ်ပေ။ သို့သော်လည်း သူမ၏ လက်ထဲတွင်
မှော်ရတနာနှစ်ခု ရှိနေသဖြင့်
ရှောင်ကျန်းအာသည် လျှော့တွက်၍မရသော
အင်အားတစ်ခု ဖြစ်နေ၏။

သူမ၏ လေးနက်တည်ကြည်သော
အကြည့်သည် များစွာပို၍ ခြိမ်းခြောက်နိုင်စွမ်း
ရှိသည်။ သူမသည် မသေဝိညာဉ် အဆင့်တွင်
ရှိနေသော ပင်လယ်နဂါး ဘုရင်နှင့်
ရင်ဆိုင်နေခဲ့ရသော်လည်း သူမ၏

စိတ်ခါတ်များမှာ တုန်လှုပ်နေခြင်းမရှိပေ။ သူမ၏ စွမ်းအားသည် ယုံကြည်မှုများကို အားဖြည့်ပေးနေခဲ့သည်။

ပင်လယ်နဂါးဘုရင်သည် အနည်းငယ် အံ့အားသင့်သွားခဲ့သော်လည်း ချက်ချင်းပင် သတိပြန်ဝင်လာခဲ့သည်။ သူသည် ရှောင်ကျန်းအာအား အနည်းငယ် စိတ်ဝင်တစားဖြင့် ကြည့်လိုက်ကာ တိုးတိုးလေး ရေရွတ်လိုက်၏။ "ကောင်မလေး၊ မင်းမှာ မှော်ရတနာ နှစ်ခုရှိနေတာနဲ့ ငါ့ကို ယှဥ်နိုင်လိမ့်မယ်လို့ ထင်နေတာလား"

ရှောင်ကျန်းအာသည် ယခင်ကဲ့သို့ပင် တည်ငြိမ်နေဆဲ ဖြစ်သည်။ "ရှင်က မသေဝိညာဥ် အဆင့်မှာ ရှိနေပေမဲ့ ဘယ်သူက နောက်ဆုံးမှာ အနိုင်ရမလဲ ဆိုတာက တိုက်ပွဲအပေါ်မှာပဲ မူတည်နေတယ်။ ကျွန်မက ရှင့်ကို အနိုင်တိုက်ဖို့ မလိုဘူး။ ရှင့်ကို အချိန်လုံလောက်အောင် ဟန့်တားထားနိုင်ဖို့ပဲ လိုတယ်. ကိုကိုရှောင်ယန်က သူ့ရန်သူကို အနိုင်တိုက်နိုင်ဖို့ အချိန်အများကြီးလိုမှာ မဟုတ်ဘူး"

ရှောင်ယန်၏ အမူအရာမှာ တည်ငြိမ်နေဆဲ ဖြစ်သည်။ "ကျန်းအာ၊ မင်းကငါ့ကို ချောက်ချနေတာပဲ"

ရှောင်ကျန်းအာက လှပစွာပြုံးလိုက်၏။
ဆိတ်ငြိမ်တိတ်ဆိတ်နေသော
ညအမှောင်ယံတွင် ကြာပန်းတစ်ပွင့်က
ဖူးပွင့်လာသကဲ့သို့ ဖြစ်သည်။
အခြားအရာအားလုံးတို့ကို အရောင်အဆင်း
ကင်းမဲ့သွားအောင် ပြုလုပ်နိုင်ခဲ့သည်။

သူမသည် ကျင်းဟွမ်အမတ်၏ ရှောင်ယန်အား
နှိမ့်ချ၍ ရန်စပြောဆိုနေခဲ့ခြင်းကို အတော်ပင်
နားကြားပြင်းကပ်နေခဲ့ပြီ ဖြစ်သည်။
အမှန်အတိုင်းပြောရလျှင် သူမ၏
ဒေါသနှင့်ဆိုလျှင် သူမသည်
ကျင်းဟွမ်အမတ်နှင့် သူမကိုယ်တိုင်

ရင်ဆိုင်လိုနေပေသည်။ သူမအား နောက်ဆုတ်နေစေသည့် အချက်နှစ်ချက်မှာ သူမသည် ရှောင်ယန်၏ ပင်ကိုစရိုက်များကို နက်ရှိုင်းစွာ နားလည်နေပြီး သူမသည် သူ၏လက်ရှိ ကျင့်ကြံမှု အဆင့်အတန်းကို သေချာစွာ သိနေသောကြောင့် ဖြစ်သည်။

ရှောင်ယန်သည် ရှောင်ကျန်းအာ၏ စဥ်းစားပုံအား နားလည်နေခဲ့သည်။ သူသည် ချစ်ခြင်းမေတ္တာ၊ ကျေးဇူးတရား၊ မာနများဖြင့် ပြည့်နှက်နေခဲ့ကာ ကျင်းဟွမ်အမတ်အား အေးစက်စွာဖြင့် လှမ်းကြည့်လိုက်သည်။ "ငါက တကယ်ကို အချိန်သိပ်မလိုပါဘူး"

ကျောင်းဟွမ်အမတ်သည် ရှောင်ကျန်းအာအား
ခြေဆုံးခေါင်းဆုံး ကြည့်နေခဲ့ကာ
ဟင်းလင်းပြင်သို့ လက်တစ်ဘက်ဖြင့်
ဖော့ယမ်းလိုက်ပြီး သွေးနီရောင် အလင်းတန်း
တစ်ခုကို ထုတ်လွှတ်လိုက်သည်။

ထိုအနီရောင် အလင်းတန်း အတွင်းတွင်
နာမည်စာရင်းများ ရှိနေသည်။
ကျောင်းဟွမ်အမတ်သည် ပြုံးလိုက်၍ သာမန်သာ
ပြောလိုက်သည်။ "ငါ့လက်ထဲကို
မကျရောက်လာသေးတဲ့ အချောအလှ
လေးတွေတိုင်းဟာ ဒီပျောက်ဆုံးနေသော
အချစ်စာရင်းအတွင်းကို ဝင်သွားလိမ့်မယ်"

"ငါက ရွှေရောင်စာရင်းထဲက အင်မော်တယ် ဝိညာဉ် အဆင့် အမျိုးသမီးတွေကို ယာယီ လျစ်လျူရှုထားလိုက်ဦးမယ်။ ငါကိုယ်တိုင်က အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားပြီးမှ ဆက်လက်ပြီး အစီအစဉ်ဆွဲရမယ်" ကျင်းဟွမ်အမတ်၏ အသံမှာ ထူးဆန်းစွာနှင့် တည်ငြိမ်နေခဲ့သည်။ သို့သော်လည်း သူက သူတစ်ပါးများအပေါ်တွင် ထားသည့် ခံစားချက်မှာ ကြောက်ရွံ့မှု ကင်းမဲ့နေပြီး တစ်ကမ္ဘာလုံးအား ဂရုမစိုက်သည့်ပုံ ပေါက်နေခဲ့သည်။

"မင်းက အစတုံးက အနီရောင် စာရင်းထဲမှာ နံပါတ်သုံးဖြစ်တယ်။ မင်းက ချင်းချိုးတောင်က

ဟူရန်ရန်နဲ့ ဖီးနစ်မျိုးနွယ်စုက မဟူရာဖီးနစ် မိုယုတို့ရဲ့ အနောက်မှာ ရှိနေတယ်။ ဒါပေမဲ့ အခုအချိန်မှာ ငါကမင်းကို နံပါတ်တစ်မှာ ထားလိုက်ပြီ"

ကျင်းဟွမ်အမတ်သည် ရယ်ရမ်းသွေးလိုက်ကာ ဆက်ပြောလိုက်သည်။ "ငါ့ကို အထင်မလွဲပါနဲ့၊ မင်းနဲ့ ရှောင်ယန်တို့ရဲ့ နီးကပ်နေမှုဟာ အကြောင်းရင်း များစွာထဲက တစ်ခုသာ ဖြစ်တယ်။ အကြီးမားဆုံး အကြောင်းရင်းက မင်းရဲ့ တင့်တယ်လှပလာမှုဟာ အရင်ကထက် အများကြီး ပိုပြီးတော့ ကြည့်ကောင်းလာလို့ ဖြစ်တယ်"

"ဩော်၊ ဟုတ်သားပဲ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းက ယွဲ့ဟုန်ယန်က
အခြေတည်ဝိညာဥ်ကို မဖန်ဆင်းရသေးပေမဲ့
သူမက ငါ့စာရင်းထဲမှာ နံပါတ်လေးဖြစ်တယ်။
သူမက မဟာချင် အင်ပါယာက ရှီရှင်းယွမ်ထက်
တစ်ဆင့်ပိုမြင့်တယ်။ ငါက အခုအချိန်မှာတောင်
သူမကို သတိရနေသေးတယ်။ သူမက
အရှေ့ပင်လယ် စွန့်စားခန်း ခရီးကို မပါလာတာ
နှမြောစရာပဲ"

သူသည် သူ၏အနောက်မှ လိုက်ပါလာကြသော
အခြေတည်ဝိညာဥ် အဆင့် ကျင့်ကြံသူ
တစ်အုပ်စုအား မျက်လုံးထောင့်ကပ်၍
ကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါက

အင်မော်တယ် တော်ဝင်အလံကို
မင်းကိုပေးထားလိုက်မယ်။ မင်းရဲ့တာဝန်က
မိချောလေးကို ဖမ်းဆီးပြီး သူမရဲ့ လက်ထဲက
မှော်ရတနာ နှစ်မျိုးကို ရယူဖို့ပဲ"

တစ်ချိန်တည်းတွင်ပင်
ကျင်းဟွမ်အမတ်၏ဘေး၌
ကြောက်မက်ဖွယ်ကောင်းသော နတ်ဘုရား
သတ်ဖြတ်သူ ရုပ်သေးရုပ်က ပေါ်လာခဲ့သည်။
သူသည် တောက်လောင်နေသော နေမင်းကဲ့သို့
ကျယ်ပြန့်သော အသွေးအသား
စွမ်းအင်အော်ရာများကို ထုတ်လွှတ်နေခဲ့သည်။

အင်မော်တယ် တော်ဝင်အလံအား အဖြူရောင်
ဝတ်စုံနှင့် သက်လတ်ပိုင်း ကျင့်ကြံသူအား
ပေးလိုက်အပြီးတွင် သူ၏ လက်ဝါးအစုံအား
ပူးကပ်လိုက်ကာ ဘေးဘက်သို့
ဆန့်ထုတ်လိုက်သည်။ အားလုံးတို့၏
ကျောရိုးများကို စိမ့်သွားစေသော
ရေခဲအလင်းတန်း တစ်ခုသည် သူ၏
လက်ဝါးများ အလယ်မှ ထွက်လာခဲ့၏။
ထိုအလင်းတန်း ထိတွေ့ခဲ့သော
နေရာတိုင်းသည် ပတ်ဝန်းကျင်မှ
ဟင်းလင်းပြင်များ အပါအဝင် ရေခဲများအဖြစ်သို့
ပြောင်းသွားခဲ့သည်။ ယင်ပင်လယ် အတွင်းမှ
ထူထဲသော အဖြူရောင်

မြူခိုးငွေ့များသည်ပင်လျှင် စတင်၍
လွင့်ပြယ်လာခဲ့သည်။

ဒါသည် နောက်ထပ် မှော်ရတနာ တစ်ခုဖြစ်၏။

ရှေးဟောင်း တော်ဝင်ဓားမြှောင်အား
ဆုံးရှုံးသွားခဲ့အပြီးတွင် သူသည်
မည်သည့်နေရာမှ ရလာမှန်း မသိသော
မှော်ရတနာ တစ်ခုအား ထပ်မံရရှိလာခဲ့သည်။

ကျင်းဟွမ်အမတ်သည် ရှောင်ယန်နှင့်
ကျန်သောသူများအား ကြည့်လိုက်ကာ
အားရပါးရ ရယ်လိုက်သည်။ "ငါက

စစ်သားတစ်ယောက် ဖြစ်တယ်။ ငါက ရန်သူတွေနဲ့ တိုက်ခိုက်တဲ့အခါမှာ ရလဒ်က အရေးအကြီးဆုံးပဲ။ တိုက်ပွဲမှာ ငါ့ရဲ့ လက်အောက်ငယ်သားတွေက ထိုင်ကြည့်နေမှာ မဟုတ်ပဲ ပါဝင်တိုက်ခိုက်ကြလိမ့်မယ်"

သူ၏စကားဆုံးသည်နှင့် သူသည် ရှောင်ယန်နှင့် ရှောင်ကျန်းအာတို့အား ညွှန်ပြလိုက်ကာ ပင်လယ်နဂါး ဘုရင်ထံသို့ လှည့်လိုက်သည်။ "ကျုပ်က ဒီနှစ်ယောက်ကိုပဲ လိုချင်တယ်။ ကျန်တဲ့သူတွေကို ခင်ဗျားက ကြိုက်သလို လုပ်နိုင်တယ်"

## စာစဥ် ၃၉ : အပိုင်း ၁

## အပိုင်း ၇၃၁ : အခြေအနေများ ရုတ်တရက် ပြောင်းသွားခြင်း

ပင်လယ်နဂါး ဘုရင်ကပင် ကျင်းဟွမ်အမတ်၏ အပေါ်စီးမှ ဆက်ဆံမှုအား အနည်းငယ် မပျော်မရွှင် ဖြစ်သွားခဲ့သည်။

သို့သော်လည်း သူခင်းကျင်းပြသထားသော တိုက်ပွဲစွမ်းအားများမှာ အမှန်တကယ်ပင် ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ အကယ်၍ ရှောင်ကျန်းအာနှင့် သူမ၏ လက်အတွင်းတွင် ရှိနေသော မှော်ရတနာ

နှစ်ခုကပင် ပင်လယ်နဂါး ဘုရင်အား
အလေးအနက် ထားစေခဲ့လျှင်
ကျင်းပွှမ်အမတ်၏ ချမ်းသာကြွယ်ဝလှသော
နောက်ခံသည့် မသေဝိညာဥ်အဆင့်တွင်
ရောက်နေခဲ့ပြီ ဖြစ်သော ပင်လယ်နဂါး
ဘုရင်အတွင်ပင်လျှင် ပို၍ကြီးမားသော
ပြဿနာဖြစ်သည်။

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည်
အင်မော်တယ် ဝိညာဥ် အဆင့်မှ စွမ်းအားများကို
မရနိုင်သေးသော်လည်း သူ၏ ရုပ်ခန္ဓာကိုယ်
စွမ်းရည်သက်သက်နှင့်ပင် သူသည်
အင်မော်တယ် ဝိညာဥ် အဆင့်မှ
ကျင့်ကြံသူများအား ယှဥ်ပြိုင်နိုင်သည်။

ပွားစည်းခြင်းအဆင့်မှ မှော်ရတနာ -
အင်မော်တယ် တော်ဝင်အလံ

သန္ဓေလောင်းအဆင့်မှ မှော်ရတနာ - မဟာရေခဲ
လမင်းအလင်း ပေတံ

ထို့အပြင် ကျင်းဟွမ်အမတ် ကိုယ်တိုင်ကလည်း
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်၏
အထွတ်အထိပ်တွင် ရောက်နေခဲ့ပြီ ဖြစ်သည်။
သူသည် သိုင်းပညာရပ်များအား
အထူးကျွမ်းကျင်ပြီး သူ၏
ဘဝသက်တမ်းတလျှောက်တွင်

မရေမတွက်နိုင်သော တိုက်ပွဲများကို
တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။ သူ၏
တိုက်ပွဲစွမ်းအားများသည် သာမန်
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကျင့်ကြံသူများထက် များစွာသာသည်။ သူသည်
အင်မော်တယ် တော်ဝင်အလံနှင့် မဟာရေခဲ
လမင်းအလင်း ပေတံတို့၏ စွမ်းအာများကို
အစွမ်းကုန် မထုတ်သုံးနိုင်သေးသော်လည်း
သူ၏ စွမ်းအားများမှာ အထင်ကြီးဖွယ်ရာ
ရှိနေခဲ့ပြီ ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေမျိုးဖြင့် သူသည်
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများနှင့် ရင်ဆိုင်ရလျှင်ပင်

ကျွားတစ်ကောင်က ဖြူတစ်ကောင်နှင့်
ရင်ဆိုင်ရနေသကဲ့သို့ ဖြစ်နေပေလိမ့်မည်။
သူတို့သည် သူ့အား ဒဏ်ရာရအောင်
လုပ်နိုင်လိမ့်မည် မဟုတ်ပေ။

ကျင်းပွဲအမတ်ကလည်း အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်အား
အနိုင်ယူ၍ သတ်ဖြတ်နိုင်ရန်မှု ကြီးမားစွာသော
စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသေး၏။ သို့သော်လည်း
အင်မော်တယ် ဝိညာဉ် ပထမ အဆင့်မှ
ကျင့်ကြံသူ အများစုသည်လည်း သူ့အား
ဘာမှလုပ်နိုင်မည် မဟုတ်ချေ။

ဒါသည့် ဟင်းလင်းပြင် စစ်တလင်းအတွင်းတွင် သူ၏ ရှေးဟောင်း တော်ဝင်ဓားမြှောင်အား ဆုံးရှုံးခဲ့ရ၍ ဖြစ်သည်။ မဟုတ်လျှင် သူ၏ ပိုင်ဆိုင်မှုအတွင်းတွင် နောက်ထပ် သန္ဓေလောင်း အဆင့်မှ မှော်ရတနာတစ်ပါး ရှိနေမည်ဖြစ်ပြီး ကျန်သောသူများမှာ သူ၏ မယုံနိုင်စရာ ကံကောင်းမှုအား ပါးစပ်အဟောင်းသားနှင့် ကြည့်နေရမည် ဖြစ်၏။

ကျင်းဟွမ်အမတ်သည် ရှောင်ကျန်းအာ၏ လက်အတွင်းမှာ ရှေးဟောင်း တော်ဝင်ဓားမြှောင်အား လှမ်းကြည့်လိုက်ကာ နှာမှုတ်လိုက်သည်။ "ရှေးဟောင်း

တော်ဝင်ဓားမြှောင် အနေနဲ့ မင်းက အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ လက်အတွင်းကို
မကြာခင်က ကျရောက်သွားခဲ့တယ်။ မင်းက
သူတို့ကို အညွှံ့ခံလိုက်တာကို ငါက
အပြစ်မတင်ပါဘူး။ ဒါပေမဲ့ မင်းက ငါ့ဆီကို
မကြာခင် ပြန်လာရလိမ့်မယ်"

ရှေးဟောင်း တော်ဝင်ဓားမြှောင်သည်
အနည်းငယ် တုန်ခါသွားခဲ့ကာ သက်လတ်ပိုင်း
လူကြီးတစ်ယောက်၏ အသံကို အတွင်းမှနေ၍
ကြားနိုင်ခဲ့သည်။ "နှစ်ယောက်စလုံးက
အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေ
ဖြစ်ကြတယ်။ ဒါပေမဲ့ ကျုပ်က

ရှောင်ကျန်းအာကို သခင်အဖြစ်နဲ့ ပိုပြီးတော့ လိုလားပါတယ်"

ကျင်းဟွမ်အမတ်သည် ထိုခေး၏ စကားကို ကြားလိုက်ရသောအခါ ရယ်လိုက်သည်။ "မင်းက ငါအင်မော်တယ် ဝိညာဉ် အဆင့်ကို မရောက်ခင်အထိ စိတ်ပြောင်းလဲဖို့ အခွင့်အရေး တစ်ခု ရှိဦးမယ်။ ငါက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားပြီးရင် မင်းကငါ့အတွက် ဒီလောက်အသုံးဝင်တော့မှာ မဟုတ်ပဲ မင်းအတွက် နောင်တရစရာတွေ ဖြစ်သွားလိမ့်မယ်"

သူသည် ရှောင်ကျန်းအာဘက်သို့ လှည့်လိုက်ကာ ပြောလိုက်သည်။
"အမှန်အတိုင်းပြောရရင် မင်းက ဒီမိချောလေးရဲ့ လက်အထဲကို ရောက်သွားတာလည်း မဆိုးပါဘူး။ သူမက ရှေးဟောင်းဧကရာဇ်ရဲ့ အမျိုးအနွယ် ဖြစ်တယ်။ အရင်တုံးက ငါကသူ့ကို လက်ထပ်ခွင့်တောင်းတုံးက သူမက လက်ခံခဲ့ရင် ငါကမင်းကို သူမအတွက် ခန်းဝင်ပစ္စည်းအနေနဲ့ လက်ဆောင်ပေးလိုက်မှာ ဖြစ်တယ်"

"ကံကြမ္မာအရ မင်းကသူမရဲ့ လက်အတွင်းကို ကျရောက်သွားခဲ့တယ်။ ဒါပေမဲ့ ငါ့မှာ အခုအထိ ကြင်ယာတော် မရှိသေးဘူး။ တကယ်လို့ သူမက

ငါ့ကို လက်ခံခဲ့ရင် သူမကိုပေးဖို့ ငါ့မှာ ရှေးဟောင်း တော်ဝင်ခါးမြှောင် အပြင် နောက်ထပ် မှော်ရတနာတွေ ထပ်ရှိသေးတယ်"

ကျင်းဟွမ်အမတ်က ရယ်လိုက်ကာ ဆက်ပြောလိုက်၏။ "ငါက ငါလက်ခံထားတဲ့ အခြား သာမန်မိန်းကလေးတွေကို ပြင်ပလူတွေနဲ့ ထိတွေ့ဖို့ ခွင့်မပြုထားဘူး။ ဒါပေမဲ့ ရှောင်ကျန်းအာကတော့ ခြွင်းချက်ဖြစ်လိမ့်မယ်။ တကယ်လို့ ငါက ဒီလိုမျိုး ပါရမီရှင် မိန်းကလေးနဲ့ လက်ထပ်ခွင့် ရခဲ့ရင် သူမဟာ ငါ့ရဲ့ လူယုံတော် ဖြစ်လာပြီး ငါနဲ့အတူတူ အနာဂတ်ကို လက်တွဲပြီး တည်ဆောက်နိုင်မယ်"

ရှောင်ကျန်းအာသည် လျှမ်အန်း၏ စကားများကို ဂရုမစိုက်ခဲ့ပေ။ သူမသည် ရှေးဟောင်း တော်ဝင်ခားမြွှောင်အား ငုံ့ကြည့်လိုက်ကာ တီးတိုးပြောလိုက်သည်။ "မင်းအရင်တုံးက ခံစားခဲ့ရတဲ့ ဒုက္ခတွေအတွက် ဝမ်းနည်းပါတယ်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက မင်းကို ဒုက္ခတောအထဲက လွတ်မြောက်အောင် ကူညီခဲ့တာကို ဝမ်းသာနေသင့်တယ်"

ရှေးဟောင်း တော်ဝင်ခားမြွှောင်သည် တစ်ဝီဝီ မြည်လာခဲ့သော်လည်း ဘာမှ မပြန်ပြောခဲ့ပေ။ သို့သော်လည်း သူဖော်ပြခဲ့သော ခံစားမှုသည်

ရှောင်ကျန်းအာ၏ မေးခွန်းကို ဖြေဆိုရန် လုံလောက်နေခဲ့သည်။

ရှောင်ယန်သည် လျှမ်အန်း၏ လေလုံးထွားမှုကို နှာခေါင်းရှုံ့လိုက်သည်။ သူသည် ကျင်းဟွမ်အမတ်အား သရော်သော အကြည့်ဖြင့် ကြည့်လိုက်ကာ ပြောလိုက်သည်။ "လျှမ်အန်း၊ မင်းမှာက ရတနာတွေ အများကြီးတော့ ရှိနိုင်တယ်။ ဒါပေမဲ့ မင်းက မရယူနိုင်တဲ့ အရာတွေ အတွက်တော့ ခေါင်းထဲ မထည့်ထားသင့်ဘူး။ ဒီကနေ့မှာ မင်းက ဘယ်ရတနာတွေကို ချန်ထားခဲ့မလဲဆိုတာကို စဉ်းစားပြီးပြီလား"

သူ့မျက်လုံးသူငယ်အိမ် အတွင်းဘက်အကျဆုံး
နေရာမှ မီးတောက်များက
လင်းလက်လာခဲ့သည်။ ဒါသည် ရှောင်ယန်
ပုံမှန်ဖော်ပြနေကျ ခက်ထန်သော
အကြည့်များနှင့် သိပ်မတူပေ။
မျက်လုံးသူငယ်အိမ် တစ်ခုစီမှ
မီးတောက်ငါးစတို့သည် သံလိုက်အိမ်မြှောင်မှ
နေရာများအတိုင်း အစီအစဥ်တကျ
နေရာယူထားခဲ့ကာ ကခုန်လှုပ်ရှားနေကြသည်။

"မသိတတ်တဲ့ ကလေးလေး"
ကျင်းဟွမ်အမတ်က ရယ်ရမ်းသွေးလိုက်သည်။
သူ၏ ခန္ဓာကိုယ် အတွင်းမှ ကြောက်မက်ဖွယ်ရာ
အော်ရာများသည် ပေါက်ကွဲထွက်လာခဲ့၍

ကြည်လင်သော အလင်းတန်းများသည်
သူ၏ခေါင်းအပေါ်တွင် တုန်ခါနေခဲ့သည်။
ရှေးခေတ်စစ်တပ်မှ အချက်ပြမီးကဲ့သို့
အလင်းတန်း တစ်တန်းသည်
ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့၏။

ထိုအလင်းတန်း အတွင်းမှနေ၍ ကမ္ဘာကြီးကိုပင်
တုန်ခါသွားစေနိုင်သော ရောမ စစ်တပ်ကြီး
တစ်ခု၏ ကြောက်မက်ဖွယ်ရာ စွမ်းအားက
ပေါ်လာခဲ့သည်။ သန်းပေါင်းများစွာသော
စစ်သားများ၏ စိတ်စွမ်းအင်က ထိုအလင်းတန်း
အတွင်းသို့ ပေါင်းစည်းထားခဲ့သကဲ့သို့ ဖြစ်သည်။

သူ၏အနောက်မှ ကျင့်ကြံသူ တစ်အုပ်စုတို့၏ မျက်လုံးများ အတွင်းတွင် ခက်ထန်သော ပုံများ ပေါက်လာခဲ့ကာ သူတို့၏ စွမ်းအားများကို အင်မော်တယ် တော်ဝင်အလံ အတွင်းသို့ ထည့်လိုက်ကြ၍ အနက်ရောင် အလင်းတန်းများသည် ရှောင်ယန်နှင့် ကျန်သောသူများအား ဝိုင်းရံလိုက်ကြ၏။

ပင်လယ်နဂါး ဘုရင်ကလည်း တိုက်ပွဲအတွင်းသို့ ဝင်ရောက်ရန် ဟန်ပြင်လိုက်သည်။ ရှောင်ကျန်းအာ၏ ခေါင်းပေါ်မှ ရေးဟောင်းလျှပ်စီး ကျောက်စိမ်းနားဆွဲသည် လင်းလက်လာခဲ့ကာ သူမ၏ လက်အတွင်းမှ ရေးဟောင်း တော်ဝင်ဓားမြှောင်ကို

တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။
သူမသည် ရှောင်ယန်၏ဘေးတွင်
တည်ငြိမ်စွာနှင့် ရပ်နေခဲ့ကာ ယန်ချင်၊
ကွေနွားဘုရင်နှင့် စိတ်ဝိညာဉ်
ရေနဂါးဘုရင်တို့ကလည်း တိုက်ခိုက်ရန်
ပြင်ဆင်ထားခဲ့သည်။

တွက်ကြည့်လိုက်လျှင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် အခြေအနေ
သိပ်မကောင်းပေ။ ရှောင်ယန်သည်
ကျင်းဟွမ်အမတ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်ပြီး
ရှောင်ကျန်းအာကလည်း ပင်လယ်နဂါး
ဘုရင်နှင့် တိုက်ခိုက်ရမည် ဖြစ်သည်။
ထိုတိုက်ပွဲများသည် အချိန်အတိုလေး

အတွင်းတွင် အဖြေပေါ်မည် မဟုတ်ပဲ ဤတိုက်ပွဲ၏ ရလဒ်များကို ယာယီ လျစ်လျူရှုထားခဲ့လျှင်ပင် ယန်ချင်နှင့် ကျန်သောသူများသည် အင်မော်တယ် တော်ဝင်အလံကို ခက်ခက်ခဲခဲနှင့် ရင်ဆိုင်ရမည် ဖြစ်၏။

ဤမှော်ရတနာ၏ စွမ်းအားများကို ထုတ်ယူသုံးစွဲနိုင်သောသူ မရှိသော်လည်း သူ၏ စွမ်းအား တစ်စိတ်တစ်ပိုင်းကပင် လွန်စွာ အစွမ်းထက်နေခဲ့ပြီ ဖြစ်သည်။

အပေါ်ယံတွင် ရှောင်ယန်သည် ကျင်းပွမ်အမတ်နှင့် အငြင်းပွားနေသည်ဟု

ထင်နေရသော်လည်း အမှန်တွင်မူ သူသည် ဤအခြေအနေ၏ အရေးကြီးသော အချက်များကို သုံးသပ်နေခြင်း ဖြစ်သည်။ သူသည် မည်ကဲ့သို့ တုံ့ပြန်ရမည်ကို လျှင်မြန်စွာဖြင့် တွေးနေခဲ့သည်။ "တကယ်လို့ ကျန်းအာရောငါပါ ပြိုင်ဘက်တွေကို လျှင်မြန်စွာနဲ့ အနိုင်ယူနိုင်ခဲ့ရင် အင်မော်တယ် တော်ဝင်အလံကို ပူးပေါင်းပြီးမှ ရင်ဆိုင်နိုင်တယ်"

"ငါတို့က ပင်လယ်အထဲမှာ ရောက်နေခဲ့တာ။ ယင်ပင်လယ်ဟာ အန္တရာယ်များပြီး ခန့်မှန်းရခက်ပေမဲ့ ပင်လယ်နဂါးဘုရင်က ပထဝီဝင် အနေအထားအရ အားသာချက်ရှိနေတယ်။

ကျန်းအာက သူ့ကို အနိုင်ရဖို့ မလွယ်ဘူး။
ဒီအတွက် အခုအခြေအနေရဲ့ အရေးအပါဆုံး
တိုက်ပွဲက ငါ့တိုက်ပွဲပဲ ဖြစ်လိမ့်မယ်။ ငါကသူ့ကို
လျှင်မြန်စွာနဲ့ အနိုင်မယူနိုင်ရင်တောင်
အင်မော်တယ် တော်ဝင်အလံကို အသုံးပြုပြီး
သူ့ကိုယ်သူ ကာကွယ်ရအောင်
ဖိအားပေးမှရမယ်"

အမှန်အတိုင်း ပြောရလျှင် ရှောင်ယန်အား ပို၍
စိတ်ပူပန်စေသည်မှာ လျှမ်အန်း
ယခင်ကသူ့အပေါ်သို့ ထိုးထားခဲ့သည့်
ရွှေရောင်အလင်းတန်း ဖြစ်သည်။ ဒါသည်
မှော်ကျိန်စာတစ်ခု မဟုတ်ပဲ ကျင်းဟွမ်အမတ်

ယခုထက်ထိတိုင် လျှို့ထားသေးသော ထူးခြားသည့် မှော်ရတနာ တစ်ပါးဖြစ်၏။

သူသည် သူ၏ ရွေးချယ်မှုများကို စဉ်းစားနေစဉ် အတွင်းပင် ချိုသာသော အမျိုးသမီး အသံတစ်ခုသည် မိုးကုတ်စက်ဝိုင်း အလွန်မှ ထွက်လာခဲ့သည်။ "လှိုင်းလုံး ပင်လယ်နဂါး၊ ရှင်က အခုဆိုရင် မသေဝိညာဉ် အဆင့်က ပင်လယ်နဂါးဘုရင် တစ်ပါးဖြစ်သွားပြီ။ အင်မော်တယ်ဝိညာဉ် အဆင့်ကို မရောက်သေးတဲ့ လူသားကျင့်ကြံသူ တစ်ယောက်ကို တိုက်ခိုက်တာက ရှင့်ရဲ့ အဆင့်အတန်းနဲ့ မသင့်တော်ပဲ

နည်းနည်းလေးများ ကသိကအောက် ဖြစ်စရာ ဖြစ်မနေဘူးလား"

ထူထဲလှသော အဖြူရောင် မြူခိုးငွေ့များသည် အနည်းငယ် တုန်ခါသွားခဲ့သော်လည်း လွင့်ပြယ်၍ မသွားခဲ့ပေ။ ဤနေရာတွင် ရှိနေသော သူများအားလုံးတို့သည် စွမ်းအားကောင်းသော အသိစိတ် တစ်ခုက အတွင်းမှနေ၍ သူတို့အား စောင့်ကြည့်နေသည်ဟု ခံစားခဲ့ရသည်။

ထိုအသံအား ကြားလိုက်ရသောအခါ ရှောင်ယန်တို့အဖွဲ့ ဖြစ်စေ၊ ကျင်းဟွမ်အမတ်တို့

အဖွဲ့ဖြစ်စေ သူတို့အားလုံးတို့သည် မှင်သက်သွားကြ၏။

"ဟင်းလင်းပြင် ဘုရားကျောင်းက ယန့်မင်းရွဲ့"

တိမ်တိုက်မြူခိုးငွေ့များ အကြားမှ မည်သည့် ပြောင်းလဲမှုမှ ဖြစ်မလာခဲ့ပေ။ သူသည် ယန့်မင်းရွဲ့နှင့် တူသော မျက်နှာတစ်ခုအဖြစ်သို့သာ ပြောင်းသွားခဲ့သည်။

သူမသည် ပင်လယ်နဂါး ဘုရင်အပေါ်သို့ အစကတည်းက သူမ၏ မှော်စွမ်းအင်များဖြင့် တိုက်ရိုက် မှတ်သားထားခဲ့ပြီးသား ဖြစ်သည်။

တိုက်ပွဲကို မူလက ဘေးမှသာ ကြည့်နေခဲ့သော
ပင်လယ်နဂါး၏ အမူအရာသည်
ပြောင်းသွားခဲ့ကာ ပင်လယ်အတွင်းသို့
ပြန်လည်ငုပ်လျှိုးသွားရန်
ဟန်ပြင်လိုက်သောအခါ ယန့်မင်းရွှဲ့က
ဖွဖွလေးပြုံး၍ ဝင်တားလိုက်သည်။

"ဒီလောက်အထိလည်း လောမနေပါနဲ့။
လူငယ်မျိုးဆက် အတွင်းက စွမ်းအားအကြီးဆုံး
သူနှစ်ယောက်က အခုအချိန်မှာ
တိုက်ခိုက်ကြတော့မှာဖြစ်တယ်။
အလွန်ကြည့်လို့ကောင်းတဲ့
တိုက်ပွဲဖြစ်မှာကြောင့် ကျွန်မနဲ့ အတူတူ
စောင့်ကြည့်ပါဦး"

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည် ချက်ချင်းပင် ရပ်တန့်လိုက်ကာ သူ၏ မျက်နှာမှာ ရှုံ့မဲ့သွားခဲ့သည်။ ယန့်မင်းရွှဲ့၏ လေသံမှာ သာမန်သာဖြစ်ပြီး သူမသည် တိမ်တိုက်မြူခိုးငွေ့များ အကြားတွင်သာ ပုန်းကွယ်နေသော်လည်း သူမသည် နေရာတိုင်းတွင် ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။ သူမ၏ အသိစိတ်သည် သူ့အပေါ်တွင် အသေချည်နှောင်ထားခဲ့ကာ သူမ၏ ရန်လိုမှုမှာ သိသာနေ၏။

အကယ်၍ လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည် အမြီးကုတ်၍ ပြေးသွားခဲ့ပါက ယန့်မင်းရွှဲ့၏

တိုက်ခိုက်မှုသည် သူ၏အပေါ်သို့
ကျရောက်လာနိုင်ပြီး သူ၏အသက်ပင်
ဆုံးရှုံးသွားနိုင်သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
မသေဝိညာဉ် အဆင့်တွင် ရှိနေပြီ ဖြစ်ပြီး သူ၏
စိတ်ဝိညာဉ် စွမ်းအင်များသည်
အလွန်အားကောင်းသည်။ သူသည်
သူ၏အောက်မှ သူကျက်စားနေကျ
ပင်လယ်သည် ချက်ချင်းဆိုသလိုပင်
ပိုမိုလှိုင်းထန်ကာ အန္တရာယ်
ကြီးမားလာခဲ့ကြောင်းကို သတိထားမိခဲ့သည်။

ယန့်မင်းရွဲ့၏ မူလခန္ဓာကိုယ်သည်
ပင်လယ်အောက်ခြေတွင် ရှိနေ၍ သူ့အား
စောင့်နေသည်ဟု သူက အမတန်ပင်
သံသယရှိနေခဲ့သည်။

ရေအောက်တွင် သူ၏အမြန်နှုန်းသည်
ပြိုင်ဘက်ကင်းကာ ယန့်မင်းရွဲ့အား
လွတ်အောင်ပြေးနိုင်မည်ဟု ယုံကြည်ချက်
ရှိနေသည်။ သို့သော်လည်း ယန့်မင်းရွဲ့သည်
သူ့အား အောက်တွင် စောင့်နေပါက သူမသည်
သူ့ရေထဲ ဝင်ရောက်သည်နှင့် တပြိုင်နက်
တိုက်ခိုက်ခဲ့မည် ဖြစ်ပြီး သူသည် ထွက်ပြေးရန်
အချိန်ပင်ရမည် မဟုတ်ပေ။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည် ထပ်မံညည်းညူလိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင်လည်း ကျုပ်က လူငယ်မျိုးဆက်က ပါရမီရှင် နှစ်ယောက်တို့က ဘယ်လောက်အထိ အစွမ်းထက်သလဲ ဆိုတာကို ကြည့်ကြတာပေါ့"

ယန့်မင်းရွဲ့၏ ရယ်သံသည် တိမ်တိုက်များ အကြားမှ ပျံ့လွင့်လာခဲ့သည်။ "ဒါဆိုရင်လည်း စောင့်ကြည့်နေလိုက်ပါ"

အခြေအနေများက ရုတ်တရက် ပြောင်းလဲသွားသောကြောင့် ရှောင်ယန်နှင့် ကျင်းဟွမ်အမတ်တို့မှာ အနည်းငယ် အံ့အားသင့်သွားကြသည်။ ယန့်မင်းရွဲ့၏

အပြုအမူများသည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းအား အကျိုးရှိစေခဲ့သည်။

ကျင်းဟွမ်အမတ်၏ မျက်နှာပေါ်မှ အပြုံးသည်
ပျောက်ကွယ်သွားခဲ့ကာ သူ၏
မျက်လုံးအတွင်းမှ အေးစက်သော
အကြည့်တစ်ချက် ပေါ်လာခဲ့၏။ "နှမြောစရာပဲ၊
ကျုပ်က အင်မော်တယ်ဝိညာဥ် အဆင့်ကို
ရောက်သွားပြီးရင် ခင်ဗျားကို
စကားလာပြောမလို့ အမြဲတမ်း တွေးနေခဲ့တာ"

ယန့်မင်းရွဲ့က ဖွဖွလေး ပြုံးလိုက်သည်။
"ရှင်နဲ့ကျွန်မက ဘယ်လိုနည်းနဲ့မှ မိတ်ဆွေ
မဖြစ်နိုင်ဘူး။ ဘာအကျိုးရှိမှာလည်း"

"ခင်ဗျားက ထိန်းထိန်းသိမ်းသိမ်း ပြောတတ်သားပဲ။ ကျုပ်က လုံရဲ့နဲ့ နောက်ဆုံးတစ်ခေါက် စကားပြောခဲ့တုန်းက သူမက သူမဟာ ကျုပ်ကို တစ်သက်လုံး အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်အောင် အခွင့်အရေး မပေးဘူးလို့ ကြုံးဝါးထားခဲ့တယ်" ကျင်းဟွမ်အမတ်သည် သိပ်ဂရုစိုက်နေသည့်ပုံ မပေါ်ခဲ့ပဲ ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ကာ ရယ်လိုက်သည်။

"နှမြောစရာ ကောင်းတာက သူမဟာ သူမကိုယ့်ကိုယ် မလုပ်နိုင်တာပဲ"

"ကျုပ်က သူမနဲ့ တိုက်ခိုက်ခဲ့ရလို့ ကမ္ဘာငယ် တစ်ခုအတွင်းကို မတော်တဆ ရောက်ရှိသွားခဲ့တယ်။ မမျှော်လင့်ထားတဲ့ အခွင့်အရေး တစ်ခုကနေ ကျုပ်က မဟာရေခဲ လမင်းပေတံကို ရရှိနိုင်ခဲ့တာပဲ"

ကျင်းဟွမ်အမတ်သည် သူ၏ခေါင်းကို ခါလိုက်ကာ သူ၏ရယ်သံသည် ပို၍ ကျယ်လောင်လာခဲ့သည်။ "ခင်ဗျားက ဒီတိုက်ပွဲကို ထိုင်ကြည့်နေမယ် ဆိုရင်လည်း ကျုပ်က ဘာမှမဖြစ်ပါဘူး"

သူသည် ရှောင်ယန်အား လှမ်းကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ကောင်းပြီ။

အခြေအနေတွေက အများကြီး
ပြောင်းလဲသွားခဲ့ပေမဲ့ နောက်ဆုံးရလဒ်ကတော့
ပြောင်းလဲမှာ မဟုတ်ပါဘူး"

သူသည် နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ်အား ပုတ်လိုက်ရာ သူ၏ ရောမ
ခန္ဓာကိုယ်ကြီးသည် သွေးပျက်လုမတတ်
ဟိန်းဟောက်လိုက်ကာ ဟင်းလင်းပြင်
အတွင်းသို့ ထိုးတက်သွားခဲ့သည်။ သူသည်
အနက်ရောင် မျဥ်းကြောင်း တစ်ခုအဖြစ်ဖြင့်
ရှောင်ယန်ထံသို့ ထိုးဆင်းလာခဲ့၏။
ထိုအနက်ရောင် မျဥ်းကြောင်းသည်
ကောင်းကင်အပေါ်တွင် အမာရွတ်များကို
ထင်ကျန်စေနိုင်ခဲ့သည်။

ရှောင်ယန်သည် တိမ်တိုက်ပေါ်မှ ယန့်မင်းရွဲ့၏ မျက်နှာကို လှမ်းကြည့်လိုက်ကာ ဘာမှ ဆက်မပြောတော့ပေ။ မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည် သွေးနီရောင် စာကလေး ပုံစံသို့ ပြောင်းသွားခဲ့ကာ သူ၏ တောင်ပံများကို ဖြန့်လိုက်၍ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်၏ တိုက်ခိုက်မှုများကို ရှောင်တိမ်းလိုက်သည်။

တစ်ချိန်တည်းမှာပင် ရှောင်ကျန်းအာ၊ ယန်ချင်နှင့် ကျန်သောသူများသည် ကျင်းဟွမ်အမတ်၏ စစ်သားများနှင့်

ရင်ဆိုင်ခဲ့လိုက်ရာ ရှုပ်ထွေးသော တိုက်ပွဲတစ်ခု ပေါ်ပေါက်လာခဲ့သည်။

အင်မော်တယ် တော်ဝင်အလံသည် လေထုအလယ်တွင် လှုပ်ခါနေခဲ့ကာ အနက်ရောင် အလင်းတန်းများက ကောင်းကင်ပေါ်သို့ ထိုးဖောက်သွားခဲ့၍ နေမင်းကို ဖုံးအုပ်ထားခဲ့သည်။ အနက်ရောင် အလင်းတန်း အတွင်းမှ စစ်တပ်သည် ရှူးသွပ်စွာဖြင့် ဟိန်းဟောက်လိုက်ကာ သွေးဆာနေသော စွမ်းအား သဘောတရားများသည် ပျံ့နှံ့လာခဲ့၏။

သို့သော်လည်း ယန့်မင်းရွှဲ့က လှိုင်းလုံး ပင်လယ်နဂါး ဘုရင်အား ထိန်းထားပေးခဲ့၍ ရှောင်ကျန်းအာသည် ကျန်သောသူများအား ကူညီရန် အခွင့်အရေး ရရှိသွားခဲ့သည်။ ရှေးဟောင်း လျှပ်စီး ကျောက်စိမ်းနားဆွဲသည် ငွေရောင် လျှပ်စီးများဖြင့် ပေါက်ကွဲထွက်လာ၍ အင်မော်တယ် တော်ဝင်အလံမှ အနက်ရောင် အလင်းတန်းများနှင့် တိုက်ရိုက် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ရှေးဟောင်း တော်ဝင်ဓားမြှောင်သည် ရွှေရောင် အလင်းတန်းများအဖြစ် ပြောင်းသွားခဲ့ကာ အနက်ရောင် အလင်းတန်း အလွှာများကို ခုတ်ဖြတ်ပစ်ခဲ့သည်။

ခြားနားသော မှော်ရတနာ နှစ်ခုသည် အံ့သြဖွယ်ကောင်းလှစွာ ခက်ထန်သော တိုက်စစ်စွမ်းအားများကို ပိုင်ဆိုင်ထားကြ၏။ တစ်ခုသည် ငွေရောင်ဖြစ်၍ တစ်ခုသည် ရွှေရောင်ဖြစ်ကာ သန္ဓေလောင်း အဆင့်မှ မှော်ရတနာ နှစ်မျိုးတို့သည် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာဖြစ်သော အင်မော်တယ် တော်ဝင်အလံအား ယုံကြည်မှု အပြည့်နှင့် ကြောက်ရွံ့မှုကင်းစွာ တိုက်ခိုက်နေကြသည်။

အခြားတစ်ဘက်တွင် ရှောင်ယန်သည် သွေးနီရောင် စာကလေး၏ အစစ်အမှန် စွမ်းအားများကို စတင်၍ ထုတ်ဖော်နေခဲ့သည်။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည် မီးတန်းကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ ဟင်းလင်းပြင် အတွင်းတွင် ထိုးတက်လာခဲ့သည်။ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည် ကိရိယာ တန်ဆာပလာ သက်သက်သာ ဖြစ်၍ တုံ့ပြန်မှုမှာ နှေးကွေးသည်။ သူ၏ ထိုးဖောက်နိုင်သော အမြန်နှုန်းမှာ မယုံနိုင်လောက်အောင် မြန်ဆန်သော်လည်း ရှောင်ယန်အား လိုက်မမီခဲ့ပေ။

ကျင်းဟွမ်အမတ်သည် ဤမြင်ကွင်းကို ကြည့်နေခဲ့ကာ စိုးရိမ်ပူပန်မှုများ မရှိနေခဲ့ပေ။ သူသည် မဟာရေခဲ လမင်းပေတံ၏

စွမ်းအားများကို ထုတ်ယူလိုက်ရာ
ရေခဲအလင်းတန်း တစ်တန်းသည်
ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့သည်။
သူမှနေ၍ တိမ်တိုက်မြူခိုးငွေ့များကိုပင်
ကျော်ဖြတ်၍ အေးစက်နေသော အော်ရာများကို
ထုတ်လွှတ်နေခဲ့၏။ ဤရေခဲ အလင်းတန်းသည်
ကောင်းကင်ပေါ်မှ လမင်းနှင့် တူညီနေခဲ့၍
ကမ္ဘာကြီးသည် ငြိမ်သက်သွားခဲ့ကာ
ဆောင်းတွင်းသို့ ဝင်ရောက်လာခဲ့သကဲ့သို့
ဖြစ်နေခဲ့သည်။

မဟာရေခဲ လမင်းပေတံ၏
ရောင်ပြန်ဟပ်မှုမှနေ၍ ရှောင်ယန်သည်
မဟာသူရိယ အကြွင်းမဲ့ မီးတောက်ဖြင့်

ဖန်ဆင်းထားသော သွေးနီရောင်
စာကလေးသည် သူ၏ ခန္ဓာကိုယ် အတွင်းမှ
မှော်စွမ်းအင် စီးဆင်းမှုများနှင့် အတူ စတင်
နွေးထွေးလာခဲ့သည်ဟု ခံစားခဲ့ရသည်။ သူ၏
ခန္ဓာကိုယ် တစ်ခုလုံးကလည်း ဤနေရာတွင်
ခဲသွားတော့မည်ကဲ့သို့ ခံစားလာခဲ့ရသည်။

ကျင်းပွမ်အမတ်သည် ရယ်ရမ်းသွေးလိုက်ကာ
ပြောလိုက်သည်။ "ဒါကြောင့်မို့ ငါပြောတာပေါ့၊
ကံကြမ္မာက ငါ့ဘက်မှာ ရှိနေတယ်။ မင်းရဲ့
အကြွင်းမဲ့မီးတောက်တွေကို တန်ပြန်ဖို့၊ မင်းကို
ငါ့လက်အောက်မှာ ရှုံးနိမ့်စေဖို့ မဟာရေခဲ
လမင်းပေတံကို ပေးထားခဲ့တယ်"

"တခြားလူတွေက မင်းကို အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းရဲ့ တပည့်ကြီးအဖြစ်
လူငယ်မျိုးဆက်တွေ အထဲမှာ
တောက်ပလာတော့မယ့် ပါရမီရှင်
တစ်ယောက်အနေနဲ့ သတ်မှတ်ထားကြတယ်။
မင်းကလည်း မင်းကိုယ်ကိုယ် ဒီအတိုင်းပဲ
တွေးလာတယ်။ ဒါပေမဲ့ ငါကမင်းကို
ဘယ်လိုမျိုး သတ်မှတ်ထားသလဲ သိလား။
မင်းက သားသတ်ရုံမှာ အသတ်ခံရဖို့
စောင့်နေရတဲ့ ဆူဖြိုးတဲ့ ဝက်တစ်ကောင်ပဲ။
ငါကမင်းကို အစောက ဘာဖြစ်လို့
မသတ်သေးသလဲဆိုတော့ မင်းက အစာဝပြီး
ဆူဖြိုးလာအောင်လို့ စောင့်နေတာ။
မင်းကိုသတ်ပြီးသွားရင် မင်းရဲ့ ရတနာတွေ၊

အမျိုးသမီးနဲ့ အကြွင်းမဲ့မီးတောက်တွေ
အကုန်လုံး ငါ့ဆီကို ရောက်လာလိမ့်မယ်"

## စာစဉ် ၃၉ : အပိုင်း ၂

## အပိုင်း ၇၃၂ : အစာကျွေးထားသောဝက်

ကျင်းဟွမ်အမတ်သည် ရှောင်ယန်အား
ရယ်လိုက်ကာ ပြောလိုက်သည်။ "ငါက
စစ်သားတစ်ယောက် အနေနဲ့
မွေးဖွားခဲ့တဲ့အတွက် သတင်း
အချက်အလက်တွေရဲ့ အရေးကြီးပုံကို
အမြဲတမ်း သိထားတယ်။ မင်းက အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ လေ့ကျင့်မှုအောက်မှာ အကြွင်းမဲ့မီးတောက်တွေ အများကြီးကို ကျင့်ကြံထားတယ်။ ငါက ဘယ်လိုလုပ်ပြီး ဒီလိုမျိုး စွမ်းအားတွေကို အရေးမစိုက်ပဲ နေနိုင်ပါ့မလဲ"

"ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးတို့က အမတန်မှ စွမ်းအားကြီးလှတယ်။ ဒါပေမဲ့ ဘာပဲပြောပြော ငါ့ရဲ့ မဟာရေခဲ လမင်းပေတံက မှော်ရတနာ တစ်ခုဖြစ်တယ်။ တကယ်လို့ မင်းက အင်မော်တယ်ဝိညာဉ် အဆင့်မှာ ရှိနေခဲ့ရင် ငါ့ရဲ့ မှော်ရတနာဟာ မင်းရဲ့ အကြွင်းမဲ့မီးတောက် တစ်မျိုးကိုမှ အေးခဲအောင် လုပ်နိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ မင်းက အခုအချိန်မှာ အခြေခံတည်
ဝိညာဥ် အလယ်အလတ် အဆင့်မှာပဲ
ရှိသေးတယ်။ ဒါကြောင့်မို့ မင်းရဲ့
အကြွင်းမဲ့မီးတောက် ပေါင်းစပ်ခြင်းကို ငါ့ရဲ့
မဟာရေခဲ လမင်းပေတံရဲ့ စွမ်းအားတွေနဲ့
အားနည်းအောင် လုပ်နိုင်တယ်"

သူသည် ကျယ်လောင်စွာ ရယ်လိုက်ကာ
သူကိုယ်တိုင် လှုပ်ရှားလိုက်၍ နတ်ဘုရား
သတ်ဖြတ်သူ ရုပ်သေးရုပ်၏ အနောက်မှနေကာ
နေးကွေးနေသော ရှောင်ယန်၏ အပေါ်သို့
ခုန်အုပ်လိုက်သည်။ "ငါအလေးအနက်
ထားရမယ့် မှော်ကျိန်စာက မင်းက

အကြွင်းမဲ့မီးတောက်တွေကို ပေါင်းစည်းထားတဲ့
မီးတောက်ကြာပန်းတွေပဲ ဖြစ်တယ်။
အဲ့တာမရှိရင် မင်းက သွားမရှိတဲ့
ကျားတစ်ကောင် ဖြစ်သွားပြီ"

သူ၏ တွက်ချက်မှုများမှာ ရှင်းလင်းပေသည်။
မဟာရေခဲ လမင်းပေတံသည့် ရှောင်ယန်၏
အကြွင်းမဲ့မီးတောက်များ၏ စွမ်းအားများကို
လုံး၀ အားနည်းအောင် လုပ်နိုင်မည် မဟုတ်ပေ။
သို့သော်လည်း သူသည် မီးတောက်များ၏
ပေါင်းစပ်မှုကို အကြီးအကျယ် အနှောင့်အယှက်
ပေးနိုင်လိမ့်မည် ဖြစ်သည်။

ရှောင်ယန်သည် ယခုအချိန်တွင်
ကောင်းကင်မီးတောက် ကြာပန်းအား
ဖန်ဆင်းခဲ့မည် ဆိုလျှင်ပင် သူ၏
စွမ်းအားများသည် ယခင်ကထက် များစွာပို၍
အားနည်းသွားလိမ့်မည် ဖြစ်သည်။

ရှောင်ယန်၏ မျက်လုံးများသည်
ကျင်းဟွမ်အမတ်အား စူးစိုက်ကြည့်နေခဲ့ကာ
သူ၏ မျက်နှာအပေါ်တွင် ခက်ထန်သော
အမူအရာများ ပေါ်လာခဲ့၏။

"လျှမ်အန်း၊ မင်းက စကားသိပ်များတယ်။ ငါက
မင်းနဲ့ အငြင်းပွားချင်စိတ် မရှိနေဘူး"

သူ၏ လက်သီးများကို ဆုပ်လိုက်ကာ
သူ့ခန္ဓာကိုယ် အရှေ့သို့ ဆန့်တန်းလိုက်သည်။
"တကယ်လို့ မင်းကို ဒီနေရာမှာ
လာကယ်မယ့်သူ မရှိဘူးဆိုရင် မင်းရဲ့
နောက်ဆုံးစကားတွေကို ပြောထားတော့"

ရှောင်ယန်သည် သူ၏ တစ်ကိုယ်လုံးကို
မဟာသူရိယ အကြွင်းမဲ့ မီးတောက်များဖြင့်
ဖုံးလွှမ်းထားခဲ့ကာ ကြုံးဝါးလိုက်၏။
သူ၏အနောက်မှ တောင်ပံများအား ခတ်လိုက်၍
တစ်ကိုယ်လုံး တုန်ခါသွားခဲ့ကာ
ကျင်းပှမ်အမတ်ထံသို့
ပျံသန်းသွားခဲ့လိုက်သည်။

သူ၏ခေါင်းပေါ်မှနေ၍ ကြည်လင်သော အလင်းတန်း တစ်ခုက လင်းလက်သွားခဲ့ကာ ပလွှင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်က ပေါ်ထွက်လာခဲ့သည်။ အရောင်ငါးမျိုး ရတနာ အလင်းတန်းတို့သည် သူ၏ လမ်းကြောင်းတွင် မားမားမတ်မတ် ရပ်နေခဲ့ကာ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်အား တားဆီးထားခဲ့သည်။

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်၏ လက်သီးများသည် ကြေးမုံကဲ့သို့သော အရောင်ငါးမျိုး ရတနာ အလင်းတန်း

အရုံအတားအပေါ်သို့ ထိုးချလိုက်သော်လည်း ထိုအရုံအတားသည် လုံးဝမလှုပ်ရှားခဲ့ပေ။

"မင်းမှာက မှော်ရတနာ တစ်ခုရှိပေမဲ့ မင်းမှာက သူ့ရဲ့ စွမ်းအားတွေကို အပြည့်အဝ အသုံးချနိုင်တဲ့ စွမ်းရည်မရှိဘူး။ မင်းက နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်ကိုသာ တားဆီးနိုင်လိမ့်မယ်။ မင်းက ငါ့ရဲ့ တိုက်ခိုက်မှုတွေကို ခုခံဖို့ စွမ်းအားတွေ ရှိတော့မှာ မဟုတ်ဘူး" လျှမ်အန်းသည် စကားပြောနေရင်း သူ၏ လက်ချောင်းငါးချောင်းတို့ကို ဆန့်တန်းလိုက်ကာ ရှောင်ယန်၏ ခေါင်းပေါ်သို့ လျှင်မြန်လှစွာဖြင့် ရိုက်ချလိုက်သည်။

ကျယ်လောင်သော ပေါက်ကွဲသံများနှင့်အတူ ရှောင်ယန်၏ အနားမှ လေဟာနယ် ဟင်းလင်းပြင်များသည် ဆွဲအားတစ်ခု၏ စုပ်ယူခြင်းကို ခံခဲ့ရသကဲ့သို့ အလယ်ဗဟိုသို့ ပြိုကျသွားခဲ့သည်။ ရှောင်ယန်သည် အလယ်တွင် ခံနေခဲ့၍ သွေးသံရဲရဲဖြစ် ကြိတ်ခြေခြင်းကို ခံနေရတော့မည်ကဲ့သို့ ဖြစ်သွားခဲ့၏။

ကေရာဇ်၏ မှော်ကျိန်စာ၊ အာဃာရှင်၏ အမိန့်။ ဒါသည် တော်ဝင်အမိန့် တစ်ခုကဲ့သို့ ချမှတ်လိုက်ပြီးသည်နှင့် အများပြည်သူတို့က မည်သို့ပင်ဖြစ်ဖြစ် လိုက်နာရမည် ဖြစ်သည်။

သွေးနီရောင် စာကလေး၏ ပုံစံသည် အပြင်သို့
ပေါက်ထွက်သွားခဲ့၍ အတွင်းမှနေ၍
ခရမ်းရောင် ကျားတစ်ကောင်က
ခုန်ထွက်လာခဲ့သည်။ သူသည် နားကွဲလုမတတ်
ကျယ်လောင်စွာဖြင့် ဟိန်းဟောက်လိုက်ကာ
လူအားလုံးတို့အား ကမ္ဘာပျက်တော့မည်ကဲ့သို့
မဟာကပ်ဆိုးတစ်ပါးက
ကျရောက်လာတော့မည်ကဲ့သို့သော
ခံစားချက်မျိုးကို ပေးစွမ်းနိုင်ခဲ့သည်။

ခက်ထန်သော အနက်ရောင် ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်သည်
မဟာကျားဖြူ အဖြစ်သို့ ဖန်ဆင်းခဲ့လိုက်သည်။

မဟာကျားဖြူသည် ကျင်းဟွမ်အမတ်၏
အာဏာရှင်၏ အမိန့်နှင့် တိုက်ရိုက်ရင်ဆိုင်ခဲ့ကာ
တွေ့ဆုံမှုမှ ထွက်ပေါ်လာသော
လှိုင်းလုံးကြီးသည် ယင်ပင်လယ်၏
ပတ်ပတ်လည်မှ အဖြူရောင်
မြူခိုးတိမ်တိုက်များကို ဖယ်ရှားပစ်လိုက်သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်၏ မျက်ခုံးများမှာ
လှုပ်သွားခဲ့၍ စိတ်အတွင်းမှ တွေးနေခဲ့သည်။
"သူ့တို့ရဲ့ တိုက်ပွဲအတွင်းက သက်လုံ၊
ခံနိုင်ရည်နဲ့ ဒဏ်ရာသက်သာနိုင်စွမ်းတို့ကို
ထည့်မတွက်နဲ့ဦး၊ သူတို့ရဲ့ သိုင်းကွက်
တစ်ကွက်တည်းရဲ့ ပေါက်ကွဲဖျက်ဆီးနိုင်မှု

စွမ်းအားတို့ဟာ ငါရဲ့ မူလပုံစံရဲ့
စွမ်းအားနီးပါးလောက်ကို ရှိနေပြီ"

ကျင်းဟွမ်အမတ်သည် နောက်ဘက်သို့ ချက်ချင်း ခုန်ဆုတ်ခဲ့လိုက်ရသည်။ သူသည် မဟာရေခဲ လမင်းပေတံ၏ စွမ်းအားများကို စတင်ထုတ်ယူလိုက်ရာ ရေခဲအလင်းတန်းက ကောင်းကင်အောက်မှ အရာအားလုံးတို့အား ရေခဲများအဖြစ်သို့ ပြောင်းလဲလိုက်သည်။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်သည် မဟာသူရိယ အကြွင်းမဲ့ မီးတောက်ထက် ပိုမိုပြင်းထန်သော်လည်း သူသည်ပင်လျှင် အနည်းငယ် အကျိုးသက်ရောက်မှု ရှိခဲ့သည်။

ရုတ်တရက်ပင် ကြောက်မက်ဖွယ်ရာ မီးတောက်ကျွားထံမှ ခက်ထန်သော မီးကွင်းကြီး တစ်ခုက ပေါက်ကွဲထွက်လာခဲ့သည်။

ကျင်းဟွမ်အမတ်သည် ဓားတစ်လက်အား ဝှေ့ယမ်းလိုက်ရာမှ ထွက်ပေါ်လာသော အသံတစ်ခုအား ကြားလိုက်ရ၏။

ရှောင်ယန်သည် တံခါးတစ်ခုနှင့်ပင် တူနေသည့် ကျယ်ပြန့်လေးလံလှသော ဓားတစ်ချောင်းအား မြှောက်လိုက်ရာ အတွင်းမှနေ၍ အဆုံးမဲ့ ခရမ်းပြာရောင် မီးတောက်များက ထွက်လာခဲ့သည်။ ဤဓားတွင် ထက်မြက်သော ဓားသွားများ မရှိပဲ ရှောင်ယန်သည်

ကျင်းပွမ်အမတ်အား အေးစက်စွာဖြင့်
စိုက်ကြည့်လိုက်ကာ သူ့အပေါ်သို့
လေးလံစွာဖြင့် ခုတ်ချလိုက်သည်။

ပေါက်ကွဲထွက်လာသော မီးတောက်များသည်
ဟင်းလင်းပြင် အတွင်းတွင် ခရမ်းရောင်
အမာရွတ်များကို ချန်ထားခဲ့ကာ သူတို့အကြားမှ
လေဟာနယ်အား ဟုန်းဟုန်းတောက်စေခဲ့၍
ကျင်းပွမ်အမတ်ကို ကြီးမားသော
ဖိအားများဖြင့် ဖိနှိပ်ခဲ့လိုက်သည်။

"ဒါက မှော်အိုင်တမ် တစ်ခုတောင် မဟုတ်ဘူး၊
ဒါပေမဲ့ ဘယ်လိုလုပ်ပြီး ဒီလောက်အထိ
အားကောင်းနေရတာလဲ။ သူ့ကိုကြည့်ရတာ

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နဲ့ မူလရင်းမြစ် အတူတူနဲ့ တူတယ်"
ကျင်းဟွမ်အမတ်သည် မျက်မှောင်များကို ကြုတ်လိုက်ကာ မဟာရေခဲ လမင်းပေတံ၏ စွမ်းအားများကို အသုံးပြုလိုက်ကာ ရှောင်ယန်၏ ခေါင်းချက်အား ခုခံလိုက်သည်။
တစ်ချိန်တည်းတွင်ပင် သူသည် ရှောင်ယန်အား ပြန်လည်တုံ့ပြန်၍ တိုက်ခိုက်လိုက်၏။

သို့သော်လည်း တစ်စုံတစ်ခုသည် ချက်ချင်းပင် ပြောင်းလဲသွားခဲ့သည်။

ရှောင်ယန်၏ လက်အတွင်းမှ ကျယ်ပြန့်လှသည့် ရောင်ခြည်နတ်ဆိုး အာဏာရှင်ခေါင်း၏

မျက်နှာပြင် အပေါ်မှနေ၍ ကြောက်မက်ဖွယ်ရာ
နက်ရှိုင်းသည့် သွေးများဖြင့် ပြည့်နေသော
ခုတ်ရာတစ်ခုက ပွင့်လာခဲ့သည်။

ထိုသွေးနီရောင် အမာရွတ်သည် နိုင်ထက်စီးနင်း
ပြုတတ်သည့် မွန်းစတား တစ်ကောင်က
ထာဝရ ဆောင်းခိုနေရာမှ နောက်ဆုံးတွင်
မျက်လုံးများ ပွင့်လာသည်ကဲ့သို့ ဖြစ်နေခဲ့သည်။

ဤခါး၏ သွေးနီရောင် အမာရွတ်မှနေတဆင့်
တစ်ယောက်သည် ကမ္ဘာ၏ အဆုံးသတ်ကို
တွေ့မြင်နိုင်ခဲ့သည်။ ကျင်းဟွမ်အမတ်ကဲ့သို့
မရေမတွက်နိုင်သည့် သွေးစွန်းသည့်
တိုက်ပွဲများကို

ကြုံတွေ့ခဲ့ဖူးသောသူသည်ပင်လျှင်
ဤမြင်ကွင်းကြောင့် အတန်ငယ်
ထိတ်လန့်သွားခဲ့သည်။

ညို့မှိုင်းနေသော မမြင့်မြတ်သည့်
သွေးမြစ်အတွင်းမှ သွေးများသည်
မရေမတွက်နိုင်သော သွေးပူဖောင်းများဖြင့်
ပွက်ပွက်ဆူနေခဲ့ကာ ပေါက်ကွဲနေခဲ့၏။

မှောင်မည်းနေသော ကြောက်မက်ဖွယ်ရာ
ငြိမ်သက်နေသည့် ငရဲကမ္ဘာမြစ်သည်
တိတ်တဆိတ် စီးဆင်းနေခဲ့သော်လည်း
လူတိုင်း၏ ကျောရိုးများကို စိမ့်ကနဲ
ဖြစ်စေခဲ့သည်။ သူသည် အရာအားလုံးကို

သန့်စင်နိုင်၍ ဘာမှမရှိခြင်းအဖြစ်သို့
ပြောင်းလဲနိုင်သည့်အလား ခံစားစေနိုင်ခဲ့၏။

အဝီစိ ငရဲမုန်တိုင်းသည် မြူခိုးလေပြင်းများ၏
ချစ်မြတ်နိုးခြင်းကို ခံရသော ကလေးကဲ့သို့
အနီရောင် အလင်းတန်းများဖြင့်
လင်းလက်နေခဲ့သည်။
ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
တစ္ဆေဝိညာဉ်များသည် သူတို့အတွင်းတွင်
နေထိုင်နေခဲ့ကြကာ ထက်မြက်လှသော
ခြေသည်းလက်သည်းများနှင့်အတူ
စုန်းများကဲ့သို့ ငိုကြွေးမြည်တမ်းသံများကို
ကြားနေရသည်။

မည်းနက်နေသော ငရဲကိုးလွှာ လေပြင်းသည်
ကောင်းကင်ယံပေါ်တွင် အနက်ရောင်
အလင်းတန်းများကဲ့သို့ ပြေးလွှားနေ၍
ဟင်းလင်းပြင် အတွင်းတွင်
ကျင်လည်ကျက်စားနေခဲ့ကာ သူတို့နှင့်
ထိတွေ့မှုရှိသော အရာမှန်သမျှကို
အေးခဲစေခဲ့၏။

ခရမ်းပြာရောင် ငရဲပြည်က ရောင်ခြည်နတ်ဆိုး
မီးတောက်သည် စိတ်ကစဥ့်ကလျား
ဖြစ်သွားသကဲ့သို့ ဖြစ်နေခဲ့သည်။ သူသည်
ကမ္ဘာကြီးအား တုန်လှုပ်ချောက်ချားစေခဲ့ကာ
သူ၏လမ်းကြောင်းမှ အရာမှန်သမျှတို့အား
ဖျက်ဆီးခဲ့သည်။

အနက်ရောင် ကောင်းကင်ကမ္ဘာဖျက်
မီးတောက်သည့် သူ့အနားတွင် ရှိသော
အရာမှန်သမျှကို လောင်ကျွမ်းပစ်ကာ သူ၏
ကိုယ်ပိုင်စွမ်းအားများကို တိုးတက်အောင်
လုပ်နေခဲ့၍ အပေါ်မှ ကောင်းကင်ကြီးအား
လွှမ်းခြုံထားခဲ့သည်။

"ငရဲကမ္ဘာ ပင်လယ်" ကျင်းဟွမ်အမတ်သည်
ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၏။ ဘေးမှ
ကြည့်နေခဲ့သူများ ဖြစ်ကြသော ယန့်မင်းရွှဲ့နှင့်
လှိုင်းလုံး ပင်လယ်နဂါး ဘုရင်တို့သည်ပင်လျှင်
ဆွံ့အသွားကြသည်။

ကျင်းဟွမ်အမတ်သည် ကြိုးစား
ရုန်းကန်လိုက်ကာ မဟာရေခဲ လမင်းပေတံ၏
စွမ်းအားကို ထုတ်ဖော်လိုက်ကာ ရှောင်ယန်၏
ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓား၏
တိုက်ခိုက်မှုကို ရှောင်နိုင်ခဲ့သော်လည်း
ရှောင်ယန်၏ ထောင်ချောက်အတွင်းသို့
ကျသွားခဲ့၏။ အဖြူရောင် ပေတံသည်
ဓားအတွင်းမှ သွေးအက်ကွဲကြောင်း အတွင်းသို့
စုပ်ယူခြင်း ခံလိုက်ရကာ ချက်ချင်းပင်
မလှုပ်မရှားနိုင် ဖြစ်သွားခဲ့သည်။

ဒါသည် ကျင်းဟွမ်အမတ်နှင့် ရှောင်ယန်တို့၏
အကြားမှ တိုက်ရိုက်တိုက်ပွဲမဟုတ်ပဲ
မှော်ရတနာ တစ်ခု မဟုတ်သေးသော

ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓားနှင့်
မဟာရေခဲ လမင်းပေတံတို့၏ အကြားမှ
တိုက်ပွဲလည်း မဟုတ်ခဲ့ပေ။ ဒါသည် အမှန်တော့
ငရဲကမ္ဘာ ပင်လယ်၏ အက်ကွဲကြောင်းနှင့်
မဟာရေခဲ လမင်းပေတံတို့၏ အကြားမှ
တိုက်ပွဲဖြစ်သည်။

မဟာရေခဲ လမင်းပေတံသည် မှော်ရတနာ
တစ်ပါးဖြစ်သော်လည်း သူ၏ စွမ်းအားများသည်
ငရဲကမ္ဘာ ပင်လယ်၏ နယ်နိမိတ် စွမ်းအာများ၏
ချိုးနှိမ်မှုအား ခံခဲ့ရသည်။ သူသည်
ထိုအက်ကွဲကြောင်း၏ ဆွဲအားများမှနေ၍
စုပ်ယူခြင်း မခံရအောင် သူ့ကိုယ်သူသာ
ကာကွယ်ရန် တတ်နိုင်တော့သည်။

ကျောင်းဟွမ်အမတ်သည် သူနေရာတွင် မလှုပ်မရှားနိုင် ဖြစ်နေခဲ့၏။ သူသည် ရှောင်ယန်၏ စွမ်းရည်များကို အထူးတန်ပြန်ရန် သူရယူထားသည့် မှော်ရတနာသည် မှော်ရတနာ တစ်ခုပင် မဟုတ်သည့် အရာတစ်ခု၏ မလှုပ်ရှားနိုင်အောင် ဖိနှိပ်ခြင်းကို ခံခဲ့ရမည်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။

"ငါက မင်းလိုမျိုး တုံးအတဲ့ သူမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး။ မင်းလိုလူမျိုးကို သခင်အဖြစ် အသိအမှတ်ပြုထားတဲ့ ဒီမှော်ရတနာရဲ့ စိတ်ဝိညာဉ်ကဆို ပိုတောင် ဆိုးသေးတယ်။ ဒါက တုံးအပြီးတော့ ညံ့ဖျင်းတာပဲ"

ရှောင်ယန်သည် ရယ်ရမ်းသွေးလိုက်ကာ ဆက်ပြောလိုက်၏။ "ဒါပေမဲ့ ငါကမင်းကို ကျေးဇူးတင်ရမယ်။ တကယ်လို့ မင်းက သူ့ရဲ့စွမ်းအားတွေကို အကုန် မထုတ်သုံးလိုက်ဘူးဆိုရင် သူက အထဲမှ ပိတ်မိနေမှာ မဟုတ်ဘူး"

"မင်း.." ကျင်းဟွမ်အမတ်၏ မျက်လုံးများမှာ ပြူးကျယ်လာခဲ့၍ ရှောင်ယန်အား ပြင်းထန်စွာဖြင့် စိုက်ကြည့်နေခဲ့ပြီး သွေးအန်လုဆဲဆဲ ဖြစ်နေခဲ့သည်။

မဟာရေခဲ လမင်းပေတံသည် အသတ်ခံရန် လည်စင်းပေးထားသော သိုးတစ်ကောင်ကဲ့သို့

တစ်ဘက်လူ၏ လက်နက်ထိပ်တွင်
ရောက်ရှိနေခဲ့သည်။

ဤထူးဆန်းသော လက်နက်သည် ငရဲကမ္ဘာ
ပင်လယ်ထံသို့ အက်ကွဲကြောင်း ဖွင့်နိုင်ခဲ့မည်ဟု
မည်သူက ထင်မိမည်နည်း။

"မင်းကိုယ်မင်း နိုင်ပြီလို့ ထင်နေတာလား"
ကျင်းဟွမ်အမတ်၏ မျက်လုံးအတွင်းမှနေ၍
မီးဝင်းဝင်းတောက်နေခဲ့သည်။ သူ၏ ပုံစံသည်
ရုတ်တရက် ပြောင်းလဲသွားခဲ့၍ သူ၏
အဝတ်အစားများဖြင့် မဖုံးကွယ်ထားသော
အရေပြားများသည် ဖြူဖျော့ဖျော့ ဖြစ်သွားခဲ့၏။

အထူးသဖြင့် သူ၏လက်များသည်
ဖြူဖွေးလာခဲ့၍ အစွန်းအထင်း မရှိသကဲ့သို့
ပြီးပြည့်စုံနေခဲ့သည်။ သူတို့သည်
သန့်စင်ကြည်လင်လွန်း၍ အတွင်းမှ
သွေးကြောနှင့် အရိုးများကိုပင် တွေ့နေရ၏။

ဟင်းလင်းပြင် ဘုရားကျောင်း၏
ကြွက်သားခန္ဓာကိုယ် ရုပ်သိုင်းပညာ -
အားလုံးကို လွှမ်းခြုံနိုင်သော ကောင်းကင်လက်

အကယ်၍ ကောင်းကင်ပေါ်တွင်
အပေါက်တစ်ပေါက် ရှိပါက ငါ၏လက်များကို

အသုံးပြု၍ ကောင်းကင်မှ အက်ကွဲကြောင်းကို ဖာထေးနိုင်လိမ့်မည်။

လျှမ်အမ်း၏ လက်များသည် မေးမိုန်စွာနှင့် လင်းလက်နေခဲ့၍ ထိုအလင်းတန်းသည် သူ၏ ဘေးပတ်ဝန်းကျင် တစ်ခုလုံးအား ဖုံးလွှမ်းထားခဲ့သည်။ သူသည် အကြားအလပ် မရှိပဲ အားကောင်းလှစွာဖြင့် မဟာရေခဲ လမင်းပေတံအား မလှုပ်နိုင်အောင် ချုပ်နှောင်ထားခဲ့သည့် ရောင်ခြည်နတ်ဆိုး အာဏာရှင်ဓားအား ရိုက်ချလိုက်သည်။

"ငါက နိုင်မယ်လို့ ထင်နေတာ မဟုတ်ဘူး။ ငါနိုင်မှာ ဆိုတာက သေချာနေတယ်"

ရှောင်ယန်သည့် သူ၏ ဘယ်လက်ကို
ဆန့်တန်းလိုက်ကာ လက်သည်းများဖြင့်
လျှမ်အမ်း၏လက်အား ကုတ်ဆွဲလိုက်သည်။
သူ၏ လက်ချောင်းများ အကြားမှ
ကြောက်မက်ဖွယ်ရာ အနက်ရောင်
မီးတောက်များက လှည့်ပတ်နေကြသည်။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည်
ကျောက်စိမ်းနဂါး အသွင်သို့
ပြောင်းလဲသွားခဲ့ကာ လျှမ်အမ်း၏
အရာအားလုံးကို လွှမ်းခြုံနိုင်သည့်
ကောင်းကင်လက်နှင့် ရင်ဆိုင်
တိုက်ခိုက်ခဲ့သည်။

အရာအားလုံးကို လွှမ်းခြုံနိုင်သော
ကောင်းကင်လက်သည် အရာအားလုံးဖြင့်
ပြီးပြည့်စုံနေခဲ့သော်လည်း
ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည်
သူ့အား လုံးဝကို လျစ်လျူရှုထားခဲ့သည်။
သူသည် မှော်စွမ်းအင်နှင့် အသက်
အဆီအနှစ်တို့ကိုသာ စားသုံးရန်
ရည်ရွယ်နေခဲ့၏။

မင်းက အပိုင်းအစတွေ ဖြစ်နေခဲ့ရင် ငါက
ခွဲခြမ်းပြီး အနိုင်ယူမယ်။ တကယ်လို့ မင်းက
အားနည်းချက် မရှိပဲ ပြည့်စုံနေခဲ့ရင် ငါက
အကောင်လိုက် မျိုချပစ်မယ်"

သူ၏ အရာအားလုံးကို လွှမ်းခြုံနိုင်သည့်
ကောင်းကင်လက်အား ရှောင်ယန်က
ခုခံနိုင်ခဲ့သည်ကို တွေ့ခဲ့ရသောအခါ
လျှမ်အန်း၏ မျက်လုံးအတွင်းမှ အနီရောင်သည်
ပျောက်ကွယ်သွားခဲ့ကာ သူ၏
မျက်လုံးသူငယ်အိမ်များသည် ပြန်လည်
ကြည်လင်လာခဲ့သည်။

သူသည် မဟာရေခဲ လမင်းပေတံ၏
နှေးကွေးစေသော အကျိုးသက်ရောက်မှုများ
မရှိတော့သည့် အတွက် ရှောင်ယန်
ထိန်းချုပ်ထားသော
အကြွင်းမဲ့မီးတောက်များသည် အကောင်းဆုံး
အခြေအနေသို့ ပြန်ရောက်သွားခဲ့ကာ

အလွန်အမင်း ခက်ထန်လာခဲ့သည်ကို
သဘောပေါက်လိုက်၏။

အကယ်၍ သူသည် မဟာရေခဲ
လမင်းပေတံအား ပြန်ယူရန် ဆက်လက်
ကြိုးစားနေခဲ့ပါက ရှောင်ယန်က သူ၏
ပျော့ကွက်ကို နင်းထားသဖြင့် အောက်စည်းသို့
ရောက်သွားခဲ့ကာ ရှောင်ယန်၏
တိုက်ခိုက်မှုအောက်သို့သာ ကျရောက်နေခဲ့မည်
ဖြစ်သည်။

အခြေအနေက ဤသို့ ဖန်တီးလာခဲ့သဖြင့်
လျှမ်အန်းသည် မဟာရေခဲ လမင်းပေတံအား

ဒီအတိုင်းသာ ထားလိုက်ရန် ဆုံးဖြတ်လိုက်ကာ နောက်ထပ်တစ်မျိုး ကြံစည်ရမည် ဖြစ်သည်။

ဤအထိ စဉ်းစားပြီးသွားသည်နှင့် ကျင်းပွှမ်အမတ်သည် သူ၏ အကွက်ကို တစ်မျိုး ထပ်ပြောင်းလိုက်သည်။ သူ၏လက်များကို ပြန်လည် ရုပ်သိမ်းလိုက်ကာ သူ၏ ရင်ဘတ်အရှေ့တွင် ဘီးကဲ့သို့သော ပုံစံကို လုပ်လိုက်၍ သူ၏ လက်များကို အဆက်မပြတ် လည်ပတ်နေခဲ့သည်။

ဘဝသည် တိုတောင်း၏၊ ဗုဒ္ဓသည် တစ်ချိန်က ဘဝသည် အဆက်မပြတ် ပြောင်းလဲနေသည်ဟု ဟောကြားခဲ့ဖူးသည်။

သေခြင်းနှင့် ရှင်ခြင်းတို့၏ အကြီးမားဆုံး ကြောက်ရွံ့မှုများမှာ လူသားတို့သည် ဘဝ၏ မသေချာမှုများမှ ခိုကိုးရာကို ရယူသွားနိုင်မည်ကို ဖြစ်သည်။ ထို့ကြောင့် ထာဝရ ဗဂျရာသည် စတင်ဖြစ်ပေါ်လာခဲ့၏။

တည်ရှိနေမှုသည် အချိန်ခဏမျှသာ ဖြစ်၍ တစ်ယောက်၏ ဘဝခရီးတွင် အရာတစ်ခုမှ တည်မြဲမှု မရှိပေ။ အမြဲတမ်း ယိမ်းယိုင်လှုပ်ရှားမှု မရှိသည်မှာ ဗဂျရာသာ ရှိ၏။

တထာဂတ ဓမ္မကျမ်းစာ ငါးမျိုးအတွင်းမှ ရတ်နာဆန်ဘာဗာ မန္တန် - ရတ်နာဆန်ဘာဗာ ဗဂျရာဘီး လက်ဝါး!

ဤစွမ်းအားထက်သော နည်းစနစ်အား တွေ့လိုက်ရသောအခါ ယန့်မင်းရွဲ့က အသိအမှတ် ပြုသည့်အနေနှင့် ခေါင်းညိတ်လိုက်သည်။ "ဒီလူရဲ့ အကျင့်စရိုက်က ပြဿနာများစွာ ရှိပေမဲ့ သူ့ရဲ့ စွမ်းရည်တွေကတော့ အထင်ကြီးဖွယ်ရာ ရှိတယ်။ သူက တော်ဝင် နည်းစနစ်တွေ၊ မဟာမိုးကြိုး ကျောင်းတော်နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းက နည်းစနစ်တွေကိုတောင် ကျင့်ကြံထားနိုင်တယ်။ သူလေ့ကျင့်ထားတဲ့

နည်းစနစ်တွေ အားလုံးကလည်း အခြေတည်
ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက်
အဆင့်အမြင့်ဆုံး လေ့ကျင့်နိုင်တဲ့
မှော်ကျိန်စာတွေပဲ ဖြစ်ကြတယ်"

တည်ငြိမ်နေသော ပုံစံနှင့် ကျင်းဟွမ်အမတ်၏
တိုက်ခိုက်မှုများကို ရင်ဆိုင်လိုက်ရသောအခါ
ရှောင်ယန်၏ နှုတ်ခမ်းထောင့်စွန်းသည်
အနည်းငယ် ကွေးသွားခဲ့သည်။ "ခင်ဗျားက
ဟင်းလင်းပြင် စစ်တလင်း အတွင်းက
တိုက်ပွဲထက်စာရင် အများကြီး တိုးတက်လာပြီ"

သို့တိုင်အောင် ရှောင်ယန်သည် ဟင်းလင်းပြင်
အတွင်းတွင် မားမားမတ်မတ် ရပ်နေခဲ့ကာ

နောက်ဆုတ်ရန် ရည်ရွယ်ချက် မရှိခဲ့ပေ။ သူ၏ ဘယ်လက်သည် လက်သည်းတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ မီးတောက်များဖြင့် ပေါက်ကွဲလာခဲ့၍ သူ၏ ညာလက်မှ ကျောက်စိမ်းနဂါးသည် ထူးခြားသော မှော်ကျိန်စာ တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ထို့နောက်တွင် မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် ကွဲပြားနေသော ရွှေရောင်မီးတောက် ဘောလုံးတစ်ခုသည် ထွက်ပေါ်လာခဲ့၏။ သူမှနေ၍ အနီနှင့်အပြာရောင် အလင်းတန်းများက လင်းလက်လာခဲ့၍ ရှောင်ယန်၏

ကိုယ်အနောက်တွင် လိပ်တစ်ကောင်နှင့်
မြွေတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားခဲ့၏။

မြွေနှင့်လိပ်မှာ လုံးဝ ဆန့်ကျင်ဘက် ဖြစ်ကြ၏။
တစ်ကောင်သည် လှုပ်ရှားနေကာ
တစ်ကောင်က ငြိမ်သက်နေ၏။ တစ်ခုမှာ
ယန်ဖြစ်ကာ တစ်ခုက ယင်ဖြစ်၏။ သူတို့သည်
ဆန့်ကျင်ဘက်များ ဖြစ်နေကြသော်လည်း
ယင်နှင့်ယန်တို့က အချင်းချင်း
စုပေါင်းနေခဲ့ကြသကဲ့သို့ တစ်ခုနှင့်တစ်ခု
အထောက်အပံ့ ပေးနေကြသည်။

ရွှမ်းဝူပုံစံ!

သူသည် သိပ်သည်းလေးလံသော်လည်း
တစ်ချိန်တည်းတွင်ပင် လျှင်မြန်သွက်လက်သည့်
ကြီးမားသည့် စွမ်းအားများကို
ပိုင်ဆိုင်ထားသည်။ သူ့အား ရှောင်ယန်၏
ညာလက်မှနေ၍ ထုတ်ဖော်ပြသနေခဲ့ခြင်း
ဖြစ်သည်။ သူသည် မြင့်တက်လာခဲ့၍
ကျင်းဟွမ်အမတ်၏ ရတ်နာဆန်ဖြဟ္မာ
ဗဂျရာဘီး လက်ဝါးနှင့် ရင်ဆိုင်လိုက်သည်။

ထိပ်တိုက်တွေ့ဆုံမှုမှနေ၍ ပြင်းထန်လှသော
လှိုင်းလုံးကြီးများ ထွက်ပေါ်လာခဲ့ကာ
ဘေးများလူများ အနေနှင့်
ရှောင်ကျန်းအာကဲ့သို့သော သူမျိုးပင်လျှင်

ခြေလှမ်းမပျက်အောင် မနည်း
ရုန်းကန်ခဲ့ရသည်။ ရှေးဟောင်းလျှပ်စီး
ကျောက်စိမ်းနားဆွဲ၊ ရှေးဟောင်း
တော်ဝင်ခါးမြှောင်းနှင့် အင်မော်တယ်
တော်ဝင်အလံတို့၏ ကာကွယ်မှုကြောင့်သာ
မဟုတ်လျှင် အားလုံးတို့သည် ကျွမ်းထိုးမှောက်ခုံ
ဖြစ်ကုန်ကြမည် ဖြစ်သည်။

ဤတိုက်ခိုက်မှုကြောင့် လျှမ်အန်းသည်
နောက်သို့ ထပ်ဆုတ်သွားခဲ့ရကာ
ဒေါသအလိပ်လိုက် တက်လာခဲ့သည်။

သူသည် အဆင့်တူများထက် များစွာပို၍
အထက်တန်းကျသော ကွဲပြားခြားနားသည့်

သိုင်းပညာရပ် သုံးမျိုးတို့ကို ပြောင်းလဲသုံးစွဲခဲ့သည်။ ဤသုံးမျိုး အနက်မှ တစ်မျိုးကိုသာ တတ်ကျွမ်းသည့် မည်သူမဆို ကမ္ဘာအလယ်တွင် ဝင့်ကြွားနိုင်မည် ဖြစ်သည်။ သို့သော်လည်း သူသည် သုံးမျိုးစလုံးတို့၏ ကြီးမားလှသည့် ရုပ်ခန္ဓာကိုယ် စွမ်းရည်တို့ကို အဆုံးစွန် ထုတ်သုံးနိုင်ခဲ့သည်။

သူသည် သနားညှာတာမှု လုံးဝမရှိခဲ့ပဲ ပြင်းထန်ရက်စက်စွာ တိုက်ခိုက်ခဲ့၏။ ရှောင်ယန်သည်လည်း ထို့အတူ သူ၏ကိုယ်ပိုင် နည်းစနစ် တစ်မျိုးစီဖြင့် ထိုသိုင်းပညာရပ် သုံးမျိုးကို ပြန်လည် တုံ့ပြန်ခဲ့သည်။ အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ

ကျင့်ကြံသူသည် နည်းစနစ်များ မထပ်ပဲ အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူအား ပြန်လှန်တွန်းလှန်နိုင်ခဲ့ကာ အသာစီးပင် ရနိုင်ခဲ့၏။

ဤတိုက်ခိုက်မှုဖြင့် ရှောင်ယန်က သူ့ကို သရော်နေသယောင် ခံစားနေရသည်။

ရှောင်ယန်သည် မီးပင်လယ် အတွင်းသို့ ဝင်ရောက်သွားခဲ့ကာ မာန်ဟုန်ပြင်းလှသော မီးတောက်များသည် ကောင်းကင်ယံတွင် တောက်လောင်နေခဲ့သည်။ သူသည် ကမ္ဘာအတွင်းမှ မီးတောက်များအားလုံးကို ထိန်းချုပ်နိုင်သည့် နိုင်ထက်စီးနင်းနိုင်သော

အုပ်ချုပ်သူ တစ်ယောက်နှင့် တူနေခဲ့၏။
သူသည် ကျင်းပွှမ်အမတ်အား အေးစက်စွာဖြင့်
ကြည့်လိုက်ကာ အေးစက်စွာနှင့်
ရယ်လိုက်သည်။ "ကဲ၊ အခုဆိုရင် ဘယ်သူက
ဝက်မွေးနေတာလဲ"

## စာစဥ် ၃၉ : အပိုင်း ၃

## အပိုင်း ၇၃၃ : ကိုယ်တုံးလုံးဝက်

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည်
ဟင်းလင်းပြင် အတွင်းတွင် ဘယ်ညာပြောင်း၍
ဝင်ရောက်တိုက်ခိုက်နေခဲ့သော်လည်း

ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်၏
အရောင်ငါးမျိုး ရတနာ အလင်းတန်း
အရံအတား၏ ခုခံမှုကို မကျော်လွှားနိုင်ခဲ့ပဲ
ရှောင်ယန်အနားသို့ မကပ်နိုင်ခဲ့ချေ။

မဟာရေခဲ လမင်းပေတံသည် ငရဲကမ္ဘာ
ပင်လယ်မှ အက်ကွဲကြောင်း၏ ရုတ်တရက်
ပေါ်ပေါက်လာမှုကြောင့် ကိုယ့်ကိုယ်ကိုယ်
ငရဲကမ္ဘာ ပင်လယ်အတွင်းသို့
ကျရောက်မသွားရရန် ကြိုးစား၍သာ
ရုန်းကန်နေရရှာသည်။

"မင်းက လေးခုမြောက် သိုင်းပညာရပ်ကို
တတ်သေးသလား" ရှောင်ယန်သည်

မီးတောင်ပင်လယ် အတွင်းတွင်
ဖြည်းဖြည်းဆေးဆေး လမ်းလျှောက်နေကာ
သူ၏ ခန္ဓာကိုယ် တစ်ခုလုံးမှ မီးတောက်များက
ထိုးထွက်နေခဲ့၏။ သူ၏ခန္ဓာကိုယ်သည်
မီးလျှံကြယ်စင် အဖြစ်သို့ ပြောင်းသွားခဲ့ကာ
ကျင်းဟွမ်အမတ်ထံသို့ အညှာအတာ
ကင်းမဲ့စွာဖြင့် ကြယ်ကြွေသကဲ့သို့
ကျဆင်းလာခဲ့သည်။ လျှမ်အန်းသည်
အခြေအနေကို ပြောင်းပြန်လှန်ရန် ကြိုးစားဖို့
အချိန်ပင် မရှိခဲ့ပေ။

ကျင်းဟွမ်အမတ်သည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ သူ၏ ခန္ဓာကိုယ်မှ
ရုပ်အခြေအနေ အရည်အသွေးသည်

ထပ်ဖန်တစ်ခါ ပြောင်းလဲလာခဲ့၏။ သူသည် ကမ္ဘာကြီးအား ကြီးစိုးလွှမ်းမိုးနိုင်သည့် နတ်ဘုရား ဇေကရာဇ်တစ်ပါး၏ အော်ရာများ မဟုတ်တော့သလို ဗဂျရာ၏ မယိမ်းယိုင် မလှုပ်ရှားနိုင်သည့် ပုံစံလည်း မဟုတ်တော့ပေ။

ဒါသည် သူ့ကိုယ့်ကိုယ်အား ပိုမို ကိုယ်စားပြုနိုင်သော အရာတစ်ခု ဖြစ်သည်။ သူသည် နယ်နိမိတ် မခွဲခြားပဲ ကမ္ဘာအပေါ်တွင် အထက်တန်းအကျဆုံး နိုင်ထက်စီးနင်း လွှမ်းမိုးနိုင်သည့် သက်ရှိတစ်ပါးကဲ့သို့ ဖြစ်နေခဲ့သည်။

သူ၏ အသွေးအသား အဆီအနှစ်များနှင့်
မှော်စွမ်းအင်တို့သည် သိပ်သည်းသွားခဲ့ကာ
သူ၏ သွေးကြောများနှင့်
အရွတ်အကြောတို့သည် ခန္ဓာကိုယ်အတွင်းမှ
တွန့်တွန့်လူးနေသော မြွေများကဲ့သို့
ထိုးထွက်လာကြ၏။
ဟင်းလင်းပြင်သည်ပင်လျှင် ဤပေါက်ကွဲနိုင်မှု
စွမ်းအားကြောင့် တုန်ခါလာခဲ့သည်။

"ရှောင်ယန်၊ ငါရဲ့ ဒီတိုက်ခိုက်မှုကို မင်းရဲ့
အားနည်းတဲ့ ရုပ်ခန္ဓာကိုယ်နဲ့ ရင်ဆိုင်လိုက်စမ်း"
ကျင်းဟွမ်အမတ်သည် သူ၏လက်သီးများဖြင့်
ထိုးလိုက်ကာ သူ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်
စွမ်းအားအကောင်းဆုံး အခြေအနေသို့

ရောက်သွားခဲ့၍ ရှောင်ယန်အား နောက်ထပ် တိုက်ခိုက်လိုက်သည်။

သူ့လက်သီးချက်၏ အမြန်နှုန်းမှာ ပြိုင်ဘက်ကင်း၏။ သူသည် ရှောင်ယန်၏ သွေးနီရောင် စာကလေး၏ ပုံသဏ္ဍာန်ထက်ပင် ပိုမြန်သည်။ သူသည် နောက်မှ ထုတ်လွှတ်လိုက်သော်လည်း အရင် ရောက်လာသကဲ့သို့ ဖြစ်နေခဲ့သည်။

သို့သော်လည်း အခြားသူများ အမြင်တွင်မူ ဤလက်သီးချက်သည် အလွန်အမင်းကို နှေးကွေး၏။ သူသည် သူ၏လက်သီးများကို

ဖြည်းဖြည်းချင်း တွန်းထုတ်နေခဲ့သကဲ့သို့ ဖြစ်သည်။

ဤနေးကွေးသည်ဟု ထင်နေရသော လက်သီးချက်မှနေ၍ လေမုန်တိုင်းကဲ့သို့သော အသံများ ထွက်လာခဲ့သည်။ သူ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများမှ နတ်ဘုရား တစ်ပါးက နိုးထလာသကဲ့သို့ ဖြစ်နေ၍ အော်ဟစ်ဟိန်းဟောက်ကာ ရှေ့သို့ ဆက်တိုးလာကြသည်။ စွမ်းအား တစ်စစီတိုင်းသည် အတူတကွ ပေါင်းစည်းသွားကြကာ လက်သီးချက်သည် ကြောက်မက်ဖွယ် ကောင်းလွန်း၍ ပုံရိပ်ယောင် တစ်ခုကို ဖန်တီးနိုင်ခဲ့သည်။

ထိုပုံရိပ်ယောင် အတွင်းတွင် ရှောင်ယန်သည် စကြာဝဠာကြီး တစ်ခုလုံးက တစ်စစီ ဖြစ်သွားသည်ဟု ခံစားနေရသည်။

မဟာကောင်းကင်နှင့် ကျယ်ပြန့်သော ကမ္ဘာသည် အလယ်ဗဟိုမှနေ၍ တိုက်စားခြင်းကို ခံနေရကာ အားလုံးတို့သည် ပျက်စီးသွားနေခဲ့သည်။
ပျက်စီးကြေမွခြင်းများသည် အပြင်ဘက်သို့ ပိုမို လျှင်မြန်စွာဖြင့် ပျံ့နှံ့သွားခဲ့ကာ ရပ်တန့်၍ မရနိုင်တော့ဟူ၍ ထင်နေရ၏။

ဤလက်သီးချက်၏ စွမ်းအားသည်လည်း ပိုမို ပြင်းထန်လာခဲ့၏။ အစပိုင်းတွင် သူသည် သာမန် စွမ်းအားနှင့် အမြန်နှုန်းသာ ရှိ၍ ယခင်က သိုင်းကွက်များလောက်ပင် အစွမ်းမထက်ဟု ထင်နေရသည်။

သို့သော်လည်း စက္ကန့်များက ကုန်လွန်သွားသည်နှင့် ဤတိုက်ခိုက်မှု၏ စွမ်းအားသည် ဆတက်ထမ်းပိုး တိုးတက်လာခဲ့သည်။ မိမိကိုယ်တိုင်၏ နယ်နိမိတ် ကင်းမဲ့ခြင်းကို ကိုယ်စားပြုနေသော စွမ်းအား သဘောတရားသည် ဤတိုက်ခိုက်မှု၏ အင်အားကို အဆုံးမဲ့ တိုးတက်စေခဲ့သည်။

ယန့်မင်းရွဲ့သည်ပင် ဤသိုင်းကွက်အား ကြည့်လိုက်၍ တအံ့တသြ ဖြစ်သွားခဲ့သည်။ သူမ စတင်ပေါ်ပေါက်လာကတည်းက ငရဲကမ္ဘာ ပင်လယ်မှ အက်ကွဲကြောင်းကို မြင်လိုက်ခဲ့ရစဥ်တွင်သာ ဤကဲ့သို့သော တုံ့ပြန်မှုကို ပြသခဲ့၏။ အခြားသူများသည် သူတို့ မြင်တွေ့နေခဲ့ရသည့် အရာကို မသိနေသော်လည်း သူမက သိနေ၏။ "ဒါ.. ဒါက အစွန်းရောက် ဧကရာဇ်ရဲ့ အစွမ်းအထက်ဆုံး သိုင်းပညာ နည်းစနစ်ဖြစ်တဲ့ အဆုံးမဲ့လက်သီး မဟုတ်လား"

အစွန်းရောက် ဧကရာဇ်သည် လူသား ကျင့်ကြံမှု ကမ္ဘာအတွင်းမှ နောက်ဆုံး ဧကရာဇ်ဖြစ်သည်။

သူသည် ယခင်က ယွဲ့ကေရာဇ်ဟု
ခေါ်သော်လည်း သူသည်
ကြမ်းတမ်းခက်ထန်စွာဖြင့်
အစွန်းရောက်လွန်းသောကြောင့် သူ၏
စိတ်ဝိညာဉ်သည်ပင် ဆွေးမြေ့သွားခဲ့ကာ
သူ့အား အစွန်းရောက် ကေရာဇ်ဟုပင်
ခေါ်ခဲ့ကြ၍ နောက်ဆုံးတွင် အတွန်းလှန်
ခံလိုက်ရကာ နန်းအချခံခဲ့ရသည်။

အစွန်းရောက် ကေရာဇ်သည် နောက်ဆုံးတွင်
မဟာမိတ် အဖွဲ့များ၏ အနှိမ်နင်းကို
ခံခဲ့ရသော်လည်း သူ၏
ထူးချွန်ပြောင်မြောက်သော စွမ်းရည်များကို
အားလုံးက အသိအမှတ်ပြုခဲ့ရသည်။

အဆုံးမဲ့ လက်သီးမှာ အစွန်းရောက် ဧကရာဇ်၏
ကိုယ်ပိုင် နောက်ဆုံးသိုင်းကွက် ဖြစ်၍
အကန့်အသတ် မရှိသော စွမ်းအားများ၏
အဆုံးမဲ့ ခွန်အားကို သုံးစွဲနိုင်သည်။

ဤတိုက်ခိုက်မှုအား ထုတ်ဖော်လိုက်သောအခါ
စွမ်းအားများသည် အဆက်မပြတ်
တိုးတက်လာခဲ့ကာ ကျင့်ကြံသူ၏ ယခင်မှ
မကြုံဖူးသည့် ခေတ်သစ်တစ်ခုအား
ဖော်ထုတ်နိုင်ခဲ့၍ အတားအဆီးများ အားလုံးကို
ကျော်လွှားနိုင်စေ၍ မည်သည့်အရာကမှ
တားဆီးနိုင်မည် မဟုတ်ချေ။

ဤကဲ့သို့သော ထူးချွန်ပြောင်မြောက်သော စွမ်းရည်နှင့် ရင်ဆိုင်ခဲ့ရသောအခါ ရှောင်ယန်၏ မျက်လုံးများသည် အရောင်တောက်လာခဲ့၏။ "ဒါက မင်းကို ဒီကနေ့နေရာကို ရောက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ နည်းစနစ်လား။ မင်းက သိုင်းပညာရပ် လမ်းစဥ်ကို စတင်လျှောက်လှမ်းတဲ့ အချိန်မှာ ရွေးချယ်ခဲ့တဲ့ အခြေခံ နည်းစနစ်ပေါ့"

"ဒီသိုင်းကွက်က စိတ်ဝင်စားစရာပဲ။ သူက မင်းအရင်က ထုတ်ဖော်ခဲ့တဲ့ သိုင်းပညာရပ်တွေထက် ပိုပြီးမှ သန်မာတယ်"

ကျင်းပွှမ်အမတ်က တည်ငြိမ်စွာနှင့် ပြန်လည်ဖြေကြားလိုက်သည်။ "ရှောင်ယန်၊ မင်းက ထိုက်တန်တဲ့ ပြိုင်ဘက်တစ်ယောက် ဖြစ်တယ်။ မင်းရဲ့ စွမ်းအားတွေက ငါ့ကို အံ့ဩစေခဲ့ပြီး မင်းကို အနိုင်ယူဖို့ ငါ့ရဲ့ နောက်ဆုံးသိုင်းကွက်ကို အသုံးပြုစေခဲ့တယ်။ မင်းလိုမျိုး ပြိုင်ဘက်ကသာ ငါ့ရဲ့ တိုးတက်မှုကို အထောက်အကူပြုနိုင်တယ်။ ဒါပေမဲ့ အားလုံးဟာ ဒီနေရာမှာ အဆုံးသတ်သွားခဲ့ပြီ"

"ငါက ဒီလို မပြောချင်ပေမဲ့ ငါကမင်းကို ဆက်ပြီးတော့ အသက်ရှင်ခွင့် မပေးနိုင်တော့ဘူး။ မဟုတ်လို့ရှိရင်

ဝဖီးနေတဲ့ဝက်က မိုးပေါ်ကို
ပျံတက်သွားတော့မယ်"

ကျင်းဟွမ်အမတ်သည် မည်သည့်အကွက်ကိုမှ
လျှို့ထားခဲ့ခြင်း မရှိတော့ပဲ အဆုံးမဲ့
လက်သီးအား မရပ်တန့်နိုင်သော
ပေါက်ကွဲမှုမျိုးဖြင့် ထုတ်ဖော်လိုက်၏။ သူ၏
တိုက်ခိုက်မှုမှာ သာမန် အခြေတည်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများထက် များစွာပို၍
အဆင့်အတန်း မြင့်ကာ လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်သည်ပင်လျှင် သူ့အားကြည့်လိုက်၍
မျက်မှောင်အနည်းငယ် ကြုတ်သွားခဲ့သည်။
ဤလက်သီးချက်ကို ခုခံရမည်ဆိုလျှင် သူ၏
မူလပုံစံအား ပြန်လည် ပြောင်းလဲရမည်ဟု

သဘောပေါက်ခဲ့လိုက်သည်။ မဟုတ်လျှင် သူသည် အန္တရာယ်နှင့် ကြုံတွေ့နိုင်ပေသည်။

ပို၍ ကြောက်မက်ဖွယ် ကောင်းသည်မှာ အဆုံးမဲ့ လက်သီး၏ စွမ်းအားများသည် ဆက်တိုက် မြင့်တက်နေကာ အဆုံးမရှိပဲ အကန့်အသတ် မဲ့နေခဲ့သည်။

ရှောင်ယန်၏ မျက်လုံးများသည် လျှမ်အန်း၏ လက်သီးအား စိုက်ကြည့်နေခဲ့၍ မီးတောက်များက ပန်းထွက်လာခဲ့၏။ သူသည် ထိုတိုက်ခိုက်မှုအား မရှောင်ခဲ့သလို နောက်လည်း မဆုတ်ခဲ့ပေ။ ထို့အစား သူသည် အာရုံစိုက်ထားခဲ့ကာ အရှေ့သို့ ခြေတစ်လှမ်း

တက်လိုက်၍ ရောမ တူကြီးနှင့် တူနေသော သူ၏လက်သီးဖြင့် ကျင်းပွဲအမတ်အား ထိုးလိုက်သည်။

"ဆရာ၊ ဆရာရဲ့ အသစ်တီထွင်ထားတဲ့ သိုင်းကွက်ကို ဒီကောင်စုတ်လေးနဲ့ ပွဲဦးထွက် အသုံးချလိုက်မယ်"

ရှောင်ယန်၏ ခန္ဓာကိုယ်သည် အနည်းငယ် တွန့်လိမ်သွားခဲ့၍ လျှမ်အန်းအပေါ်သို့ သူ၏ လက်သီးချက်များက ကျရောက်သွားခဲ့သည်။ သူ၏အပေါ်မှ မီးတောက်ပင်လယ် အတွင်းတွင် အကြွင်းမဲ့မီးတောက် လေးမျိုးတို့သည် ကျောက်စိမ်းနဂါး ပုံစံ၊ ရွှမ်းဝူပုံစံ၊ မဟာကျားဖြူ

ပုံစံနှင့် သွေးနီရောင် စာကလေး ပုံစံသို့
ပြောင်းသွားခဲ့၍ တစ်ခုချင်းစီမှ
စွမ်းအားများသည် တစ်ခုတည်း အဖြစ်သို့
ပြောင်းလဲသွားခဲ့ကာ ရှောင်ယန်၏
လက်သီးအတွင်းသို့ စုစည်းသွားခဲ့သည်။

ကျောက်စိမ်းနဂါးသည် ရေကို ကိုယ်စားပြုကာ
မဟာကျားဖြူသည် လေကို ကိုယ်စားပြုသည်။
ရွှမ်းဝူသည် မြေကို ကိုယ်စားပြုကာ
သွေးနီရောင် စာကလေးသည် မီးကို
ကိုယ်စားပြု၏။ ဟင်းလင်းပြင်သည်
ကွဲဟသွားခဲ့ကာ ခါတ်လေးမျိုးတို့သည်
ဖရိုဖရဲနှင့် လှည့်ပတ်နေခဲ့သည်။ အဆုံးမဲ့

စွမ်းအားများသည် ဆက်တိုက်
ထွက်ပေါ်လာခဲ့ကာ ပျက်စီးသွားခဲ့သည်။

ဒါသည် အသွင်သဏ္ဍာန် လေးမျိုးတို့၏ အခြေခံ
စွမ်းအား ဖြစ်သည်။ ဤသိုင်းကွက်သည်
အရေအတွက်သုံးခု အင်းရှစ်ကွက်
ကောင်းကင်တူ၏ ပုံစံကို အခြေခံထားကာ
အဆုံးမဲ့ စွမ်းအားများကို အဆက်မပြတ်
ဖန်ဆင်းခဲ့ကာ တစ်ချိန်တည်းတွင်
ဖျက်ဆီးနေခဲ့သည်။ ပြင်းထန်သော
စွမ်းအားများသည် တစ်ခုနှင့်တစ်ခု
ပေါင်းစည်းသွားခဲ့ကာ ဗဟိုချက်မှ
အက်ကြောင်းအတွင်းသို့ ကျုံ့ဝင်သွားခဲ့၏။

ဤကြောက်မက်ဖွယ်ရာ စွမ်းအား
သဘောတရားသည် လျှမ်အန်းတိုက်ခိုက်မှု၏
အမြဲမပြတ် တိုးတက်နေသော ရုပ်ခန္ဓာကိုယ်
စွမ်းအားများကိုပင် ဆွဲယူသုံးစွဲခဲ့သည်။ သူ၏
စွမ်းအားများသည် အဆက်မပြတ်
ဖျက်ဆီးခြင်းကို ခံခဲ့ရကာ ရှောင်ယန်၏
တုံ့ပြန်တိုက်ခိုက်မှု စွမ်းအားများ၏
လောင်စာများအဖြစ်သို့ ပြောင်းသွားခဲ့သည်။

အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း
ကျမ်းစာနှင့် အရေအတွက်သုံးခု အင်းရှစ်ကွက်
ကောင်းကင်တူတို့၏ ပေါင်းစည်းလိုက်ကာ
အသွင်သဏ္ဍာန်လေးမျိုး ကမ္ဘာဖျက်ဆီးတူ
အဖြစ်သို့ ဖန်ဆင်းလိုက်ခြင်း ဖြစ်သည်။

ယင်ပင်လယ် ပတ်ပတ်လည်မှ
မိုင်ထောင်ပေါင်းများစွာတို့သည်
ဤတိုက်ခိုက်မှု၏ စွမ်းအားကြောင့်
တုန်ခါလာခဲ့၍ ဤနေရာသည် ကိုယ်ပိုင်
အသိစိတ်ရှိနေ၍ ကမ္ဘာကို ဖျက်ဆီးနိုင်သော
ဤစွမ်းအားကို ဆန့်ကျင်သည့်ပုံ ပေါက်နေခဲ့၏။

"ဒီသိုင်းကွက်က တကယ့်ကို
ကြောက်စရာကောင်းတယ်။ သူက
ရတ်နာဆန်ဘာဗာ ဇန်လက်ဝါးရဲ့
ပထမအကွက်နဲ့တောင်မှ ယှဉ်နိုင်တယ်"
ကျင်းဟွမ်အမတ်သည် စိတ်အတွင်းမှနေ၍
တုန်လှုပ်နေခဲ့၏။ သူ့လက်သီးမှ ဟင်းလင်းပြင်

အတွင်းတွင် ဖန်ဆင်းထားသော ပုံရိပ်ယောင်သည် အစုပ်ယူ ခံလိုက်ရ၍ ပြိုကျပျက်စီးသွားခဲ့သည်ကို ကြည့်ရုံသာ ကြည့်နေနိုင်ခဲ့သည်။ သူ၏ စွမ်းရည်များမှာ အားနည်းသောကြောင့် မဟုတ်ပေ။ ပြင်ပစွမ်းအားများ၏ အဖျက်ဆီးကို ခံလိုက်ရသောကြောင့် ဖြစ်သည်။

"နှမြောစရာပဲ၊ ငါ့ရဲ့ အဆုံးမဲ့ လက်သီးဟာ အားနည်းချက် တစ်ခုရှိတယ်။ မဟုတ်လို့ရှိရင် မင်းက ဘယ်လိုလုပ်ပြီး ဖိနှိပ်နိုင်မှာလဲ"

ရှောင်ယန်က လင်းဖုန်းထံမှ သင်ယူခဲ့ရသော အသွင်သဏ္ဍာန်လေးမျိုး ကမ္ဘာဖျက်ဆီးတူတွင်

ကမ္ဘာကြီးအား ကပ်ဆိုးများကို
ကျရောက်စေနိုင်သော ကြောက်မက်ဖွယ်ရာ
အရည်အသွေးများကို ပိုင်ဆိုင်ထားသည်။
သူသည် အဆုံးမဲ့ လက်သီး၏ စွမ်းအားများကို
လုံး၀ ချေမှုန်းနိုင်ခဲ့၏။

အဆုံးမဲ့ လက်သီးသည် စွမ်းအားများကို
စုဆောင်းနေဆဲသာ ရှိသေး၍ အဆုံးစွန်
အဆင့်သို့ မရောက်သေးပေ။ သူ၏
တိုးတက်နေမှုကို အသွင်သဏ္ဍာန်လေးမျိုး
ကမ္ဘာဖျက်ဆီးတူက ချက်ချင်း ၀င်ရောင်
ပိတ်ဆို့လိုက်သောအခါ ဤအဖြစ်သည်
အားရပါးရ တောက်လောင်တော့မည့် မီးအား

ရေအေးတစ်ပုံးဖြင့် ရုတ်တရက်
ငြိမ်းသက်လိုက်သည်နှင့် တူနေခဲ့၏။

ဤမွန်းကျပ်သော ခံစားချက်သည်
ကျင်းပွမ်အမတ်အား သွေးအန်တော့မည်ကဲ့သို့
ဖြစ်စေခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် သူ၏ရင်ဘတ်
အလယ်မှ အနီရောင် အလင်းတန်း
စက်ဝိုင်းတစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။
သူသည် ဝိုင်းစက်နေကာ စက်ဝိုင်းကြေးမုံ
တစ်ခုနှင့် တူနေကာ ရွှေရောင်ဖျော့ဖျော့
အလင်းတန်း တစ်ခုအား ထုတ်လွှတ်နေခဲ့၏။
ဒါသည် ယခင်က ရှောင်ယန်အား

ထောက်လှမ်းခဲ့ရာတွင် အသုံးပြုခဲ့သော ကြေးမုံဖြစ်သည်။ ယခုအချိန်တွင် သူသည် အကာအကွယ် အဆောင်လက်ဖွဲ့ အဖြစ် လုပ်ဆောင်ခဲ့ကာ သူ၏ ရင်ဘတ် အရှေ့တွင် ကာဆီးထားပေးခဲ့သည်။

ခဏအကြာတွင် သူ၏ အတွင်းမှနေ၍ ခက်ထန်ကြမ်းတမ်းသော အော်ရာတစ်ခုက ပေါက်ကွဲထွက်လာခဲ့သည်။ ထိုစွမ်းအား သဘောတရားများမှ အားလုံးကို အနိုင်ယူနိုင်၍ ဖျက်ဆီးနိုင်ကာ ကမ္ဘာအတွင်းမှ အရာအားလုံးတို့ကို အမိန့်ပေးနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

အနီရောင် ကြေးမုံကို အလယ်တွင်
ထားထားကာ ရွှေရောင် အလင်းတန်းများက
အပြင်ဘက်သို့ အရပ်မျက်နှာပေါင်းစုံ
ထွက်လာခဲ့၍ လျှမ်အန်း၏ ခန္ဓာကိုယ်အား
ဖုံးလွှမ်းသွားခဲ့သည်။ သူသည် ချပ်ဝတ်တန်ဆာ
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ပြီး
သူ့တစ်ကိုယ်လုံးအား ကာကွယ်ထားခဲ့သည်။

ဤရွှေရောင် ချပ်ဝတ်တန်ဆာသည်
ရှောင်ယန်၏ ခက်ထန်ကြမ်းတမ်းသော
ပြိုင်ဘက်ကင်း အသွင်သဏ္ဍာန်လေးမျိုး
ကမ္ဘာဖျက်ဆီးတူအား အသာအယာပင်
ရင်ဆိုင်လိုက်သည်။

အင်အားစုနှစ်ခုတို့ ရင်ဆိုင်ခဲ့ကြသောအခါ
ကောင်းကင်ယံတွင် မီးတောက်များ
ထိုးတက်လာခဲ့၍ နေရာတိုင်းတွင်
ပေါက်ကွဲမှုများ ဖြစ်သွားကြသည်။
ရွှေရောင်ပုံရိပ် တစ်ခုသည် အနောက်သို့
အတော်ဝေးဝေး လွင့်သွားခဲ့ပြီးမှသာ
ဟင်းလင်းပြင် အတွင်းတွင် တည်ငြိမ်အောင်
ပြန်ရပ်နိုင်ခဲ့သည်။

ရွှေရောင် ချပ်ဝတ်တန်ဆာ၏ အပေါ်တွင်
မီးတောက်များက ဆက်လက်
လောင်ကျွမ်းနေကြဆဲ ရှိသေးသည်။
သို့သော်လည်း ထိုချပ်ဝတ်တန်ဆာသည်
ရှောင်ယန်၏ တိုက်ခိုက်မှု စွမ်းအင်

အားလုံးတို့အား စုပ်ယူလိုက်ကာ
ကျင်းပွဲအမတ်အား ကာကွယ်ပေးခဲ့သည်မှာ
သိသာနေ၏။

ရှောင်ယန်သည် သက်ပြင်းတစ်ချက်ကို
လေးလံစွာ ချလိုက်ကာ ပြောလိုက်၏။
"ထင်ထားတဲ့ အတိုင်းပဲ၊ အစွန်းရောက်
ကေရာဇ်ရဲ့ နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာ"

သူ့အား အစပထမက ယွဲ့ကေရာဇ်၏ ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာဟု ခေါ်သည်။ ဒါသည်
သူနှင့်အတူတူ အမြဲတမ်း
သယ်ဆောင်သွားသည့် ထိပ်တန်းအကျဆုံး

မှော်ရတနာ တစ်ပါးဖြစ်၏။ ဒါသည်
အစွန်းရောက် ဧကရာဇ်က အချိန်ကာလ
အလွန်ကြာမြင့်စွာ လုံ့လများစွာ စိုက်ထုတ်၍
ထုလုပ်ထားရသည့် မှော်ရတနာ တစ်ပါးဖြစ်၏။

သူသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ
တစ်ပါးဖြစ်လာရန် အလားအလာများ
ရှိသော်လည်း ဤအိမ်မက်အား
အကောင်အထည် မဖော်နိုင်ခင် အစွန်းရောက်
ဧကရာဇ်သည် နန်းအချခံလိုက်ရသည်။
ဤနတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာသည့်လည်း အကြီးအကျယ်
ပျက်စီးသွားခဲ့ကာ ထိုအချိန်ကတည်းက
ပျောက်ဆုံးသွားနေခဲ့ခြင်း ဖြစ်သည်။

ယန့်မင်းရွဲ့သည် အစွန်းရောင် ကေရာဇ်၏ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာသည် ကျင်းဟွမ်အမတ်၏ ပြုပြင်မှုနှင့် မွမ်းမံမှုကို အကြိမ်ပေါင်းများစွာ ခံခဲ့ရပြီးသော်လည်း ယခင်နှစ်များက အကောင်းဆုံး အခြေအနေသို့ ပြန်မရောက်နိုင်သေးကြောင်းကို သိခဲ့လိုက်သည်။

သူ၏ ကံကြမ္မာမှာ ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်နိုင်ရန် အလားအလာရှိသည့် အင်မော်တယ် နဂါးမြို့တော်ထက်ပင် ဆိုးသေးသည်။ သူသည် ကြမ္မာပန်းတိုင် အဆင့်သို့ မရောက်မီပင် အကြီးအကျယ်

ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်။ အင်မော်တယ် နဂါးမြို့တော်သည် အနည်းဆုံးတော့ ဤအဆင့်သို့ ရောက်ပြီးမှပင် ပျက်စီးသွားခဲ့ခြင်း ဖြစ်၏။

သို့တိုင်အောင် ဤနတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ စွမ်းအားများသည် လွန်စွာ ကြီးစိုးလွှမ်းမိုးနိုင်ခဲ့သေးသည်။ သူသည် ကျင်းဟွမ်အမတ်နှင့် စိတ်ဝိညာဥ် အဆင့်တွင် ပေါင်းစပ်ထားကာ သူ၏ နောက်ဆုံးဖဲချပ် ဖြစ်ရန် ထိုက်တန်လှပေသည်။

သူ၏ခန္ဓာကိုယ် အပေါ်တွင် အစွမ်းရောက် ကေရာဇ်၏ နတ်ဘုရား ခန္ဓာကိုယ်

ချပ်ဝတ်တန်ဆာ ရှိနေသဖြင့်
ကျင်းပွဲအမတ်၏ စွမ်းအားများသည်
အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်၏ စံနှုန်းများဖြင့် သတ်မှတ်၍
မရတော့ချေ။ ဤချပ်ဝတ်တန်ဆာသည်
လျှမ်းအန်းနှင့် တစ်သားတည်းအဖြစ်
ပေါင်းစပ်သွားခဲ့ကာ သူ၏ စွမ်းရည်များကို
အင်မော်တယ် ဝိညာဥ် အဆင့်သို့
ပို့ဆောင်ပေးနိုင်စွမ်း ရှိသည်။

"အံ့သြစရာပဲ၊ ရှောင်ယန်။ မင်းက
ဒီလောက်အထိ တကယ်ပဲ
စွမ်းအားကောင်းတာကိုး။ မင်းကို
ဝက်တစ်ကောင်လိုမြင်ပြီး မင်းရဲ့ အသက်ကို

မယူခင် ဝအောင် ကျွေးထားမယ်လို့ မြင်ခဲ့တာ တကယ့်ကို ရယ်စရာ ကောင်းတာပဲ။ ယွဲ့ကေရာဇ်ရဲ့ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာကြောင့်သာ မဟုတ်ရင် ငါက မင်းရဲ့ တိုက်ခိုက်မှုကို ခံခဲ့ရပြီး ငါက နတ်ပြည်ရောက်သွားနိုင်တယ်"

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာဖြင့် ဖုံးလွှမ်းထားခဲ့၍ သူ၏ တစ်ကိုယ်လုံးမှနေ၍ ဖိနှိပ်လိုသော အော်ရာများ ထုတ်လွှတ်နေခဲ့ကာ ရွှေရောင် ဘီလူးကြီး တစ်ကောင်နှင့် တူနေခဲ့၏။

"ယွဲ့ကေရာဇ်ရဲ့ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာဟာ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာဖြစ်ဖို့ အလားအလာတွေ ရှိထားပေမဲ့ သူဟာ ရှေးဟောင်းခေတ် နှောင်းပိုင်းမှာ ဒဏ်ရာတွေ အပြင်းအထန် ရရှိခဲ့ပြီး သူ့ရဲ့ အခြေခံတွေက ပျက်ဆီးလုနီးပါး ဖြစ်သွားခဲ့တယ်။ သူက အစွမ်းအရမ်း ထက်ပေမဲ့ ငါက သူ့ကို ဒီအကြောင်းကြောင့်ပဲ အသုံးပြုဖို့ တွန့်ဆုတ်နေခဲ့တယ်။ ငါက ရေတိုမကြည့်ပဲ ရေရှည်မှာ ပိုကောင်းနိုင်ဖို့ သူ့ကို ဖြည်းဖြည်းချင်းသာ မွေးမြူဖို့ကို ဆုံးဖြတ်ခဲ့တယ်"

ကျင်းဟွမ်အမတ်က ဟိန်းဟောက်လိုက်ကာ ဆက်ပြောလိုက်၏။ "ဒါပေမဲ့ ဒီကနေ့မှာ မင်းကို သတ်ဖို့အတွက် ငါက ခြွင်းချက်တစ်ခုကို လုပ်ခဲ့ရတယ်"

ရှောင်ယန်က အေးစက်စွာ ရယ်လိုက်ကာ ပြန်ပြောလိုက်သည်။ "ဒီလိပ်ခွံက မင်းရဲ့ နောက်ဆုံး ဖဲချပ်လား"

"လိပ်ခွံ၊ ဟုတ်လား" ကျင်းဟွမ်အမတ်က တူညီစွာ အေးစက်သော လေသံဖြင့် ရယ်ရမ်းသွေးလိုက်သည်။ "မင်းက အခုအချိန်အထိ သဘောမပေါက်သေးဘူး"

ပေါက်ကွဲမှု တစ်ခုဖြင့် ကျင်းပွမ်းအမတ်သည်
ရွှေရောင်လျှပ်စီး တစ်တန်း အဖြစ်သို့
ပြောင်းသွားခဲ့ကာ ရှောင်ယန်ထံသို့
ယခင်ကထက် များစွာမြန်သော အမြန်နှုန်းဖြင့်
ရောက်ရှိလာခဲ့သည်။

သူသည် ရှောင်ယန်၏ အရှေ့သို့
ရောက်လာသောအခါ ယခင်က
သိုင်းကွက်ဖြစ်သော အဆုံးမဲ့ လက်သီးဖြင့်သာ
ထိုးလိုက်၏။ သို့သော်လည်း ယခု
အဆုံးမဲ့လက်သီးမှာ နတ်ဘုရား ခန္ဓာကိုယ်
ချုပ်ဝတ်တန်ဆာ၏ စွမ်းအားများဖြင့်
ထောက်ပံ့ထားသောကြောင့် ယခင်ကထက်

များစွာပို၍ ကြောက်မက်ဖွယ်ရာ
ကောင်းနေခဲ့သည်။

သူသည် ရှောင်ယန်၏ အသွင်သဏ္ဌာန်လေးမျိုး
ကမ္ဘာဖျက်ဆီးတူနှင့် ရင်ဆိုင်ခဲ့ရသော်လည်း
အောက်စည်းသို့ မရောက်သွားခဲ့ပေ။

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏
ထောက်ပံ့မှုဖြင့် ကျင်းဟွမ်အမတ်၏
ရုပ်ခန္ဓာကိုယ် စွမ်းအားသည် နောက်တစ်ဆင့်သို့
တက်သွားနိုင်ပြီ ဖြစ်သည်။ သူသည်
ယခုအချိန်တွင် အဆုံးမဲ့ လက်သီး၏
ပေါက်ကွဲနိုင်မှု စွမ်းအားကို များစွာပို၍
တိုးမြှင့်နိုင်ပြီ ဖြစ်၏။ သူသည် သူ၏ ကိုယ်ပိုင်

အသွေးအသားများကိုသာ မှီခိုနေစရာ မလိုတော့ပေ။

ယင်ပင်လယ် အထက်တွင် သိုင်းကွက်သုံးကွက် ဖလှယ်ပြီးသွားကြပြီ ဖြစ်သည်။ ကြည့်ရသည်မှာ ပြိုင်ဘက်နှစ်ယောက်စလုံးတို့က အင်အားညီမျှနေကြသည့်ပုံ ပေါက်နေကြသည်။ ကျင်းဟွမ်အမတ်သည် နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ အကူအညီဖြင့် သူ့ကိုယ်သူ ကာကွယ်နိုင်ခဲ့ပြီ ဖြစ်ကာ အားအင်ကုန်ခမ်းသွားမည့် အဖြစ်ကို စိတ်ပူစရာလည်း မလိုတော့ပေ။ သူသည် သူ၏ သိုင်းပညာရပ်များကို အစွမ်းကုန် ထုတ်လွှတ်ခဲ့ကာ အဆုံးမသတ်နိုင်သည့် အလား

ဖြစ်နေခဲ့သည်။ တကယ့်ကိုပင် ကြောက်မက်ဖွယ်ကောင်းသည့် မြင်ကွင်းဖြစ်သည်။"

"ကျွတ်၊ကျွတ်၊ ငါ့ရဲ့ အသွင်သဏ္ဍာန်လေးမျိုး ကမ္ဘာဖျက်ဆီးတူက အတော်လေးကို မဆိုးဘူး။ ဒါပေမဲ့ ငါက ဆရာလိုမျိုး ခေတ်ကြီးလေးပါး အထဲက မြေကြီးရဲ့ သဘောတရားနဲ့ ကမ္ဘာကို ဖန်ဆင်းခြင်းနဲ့ ဖျက်ဆီးခြင်း လမ်းကြောင်းကို သိပ်ပြီးမှ နားမလည်နိုင်ခဲ့သေးဘူး။ ငါက သူ့လိုမျိုး ဒီသိုင်းကွက်ရဲ့ စွမ်းအား အစွမ်းကုန်ကို ထုတ်လွှတ်နိုင်စွမ်း မရှိခဲ့ဘူး"

ပို၍ တိုးတက်လာသော လျှမ်အန်း အသစ်နှင့် ရင်ဆိုင်ခဲ့ရသောအခါ ရှောင်ယန်က သူ့ကိုယ်သူ ရယ်လိုက်သည်။ "ငါက မင်းရဲ့ နောက်ဆုံး ဖဲချပ်ကို စောင့်မျှော်နေတာ"

အစပထမကတည်းက ရှောင်ယန်၏ မသိစိတ်မှနေ၍ လျှမ်အန်း၏ ကြောက်စရာ အကောင်းဆုံး စွမ်းအားများမှာ ထိုထူးခြားဆန်းကြယ်သော ကြေးမုံအလင်းတန်းနှင့် ဆက်စပ်နေမည်ဟု ထင်နေခဲ့သည်။ သူသည် မှန်ကန်စွာ မှန်းဆနိုင်ခဲ့သည်။

ရှောင်ယန်သည် သူ၏ လက်ဝါးများကို
ဖွင့်လိုက်ရာ ဒေါ်သူပုန် ထနေသော
မီးတောက်များက လင်းလက်လာကြ၏။
ကြောက်မက်ဖွယ်ရာ စွမ်းအင်များသည်
နေရာအနှံ့သို့ ပျံ့လွင့်သွားကြသည်။

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏
ကာကွယ်မှုအောက်တွင် ရှိနေသော
ကျင်းဟွမ်အမတ်သည်ပင်လျှင်
ကြက်သီးမွေးညင်းများ ထလာခဲ့သည်။

"မင်းက 'ကိုယ်တုံးလုံးဝက်' ဆိုတာကို
ကြားဖူးသလား" ရှောင်ယန်သည်
ပြုံးလိုက်သော်လည်း သူ၏ အပြုံးသည်

တခဏာတွင်းချင်းပင် မရဏာ အပြုံး
ဖြစ်သွားခဲ့သည်။ "ငါကမင်းကို ကိုယ်တုံးလုံး
ဖြစ်သွားအောင် လုပ်ပေးလိုက်မယ်။ မင်းမှာက
မှော်ရတနာတွေ အများကြီး ရှိပေမဲ့
မင်းရဲ့အထဲမှာ ဘာတွေရှိသေးလဲ ဆိုတာကို
ကြည့်ချင်သေးတယ်"

## စာစဥ္၃၉ : အပိုင်း ၄

## အပိုင်း ၇၃၄ : လောင်ကျွမ်းနေသော ယင်ယန်ကောင်းကင်၊ အရောင်လေးမျိုး မီးတောက်ကြာပန်း

"မင်းရဲ့ ရှေးဟောင်း တော်ဝင်ခားမြှောင်က
ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ
ဆုံးရှုံးခဲ့ရတယ်"

"မင်းရဲ့ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်က
မင်းကို ဖြေရှင်းပြီးသွားရင် ငါ့ရဲ့ ပလ္လင်ငါးပါး
နတ်ဘုရား အထိမ်းအမှတ်ရဲ့
ထိန်းချုပ်မှုအောက်မှာ ရှိနေလိမ့်မယ်"

"မင်းရဲ့ စိတ်ပျက်စရာ ပေတံက ငရဲကမ္ဘာ
ပင်လယ်အတွင်းကို အစုပ်ယူ မခံရရင်တောင်
မင်းရဲ့အနားကို ဘယ်တော့မှ ပြန်လာနိုင်မှာ
မဟုတ်ဘူး"

"မင်းရဲ့ အင်မော်တယ် တော်ဝင်အလံက ကျန်းအာရဲ့ ရှေးဟောင်းလျှပ်စီး ကျောက်စိမ်းနားဆွဲနဲ့ ရှေးဟောင်း တော်ဝင်ဓားမြှောင်တို့ရဲ့ တားဆီးမှုကို ခံနေရတယ်။ မင်းရဲ့ အသုံးမကျတဲ့ လက်အောက်ငယ်သားတွေက ကျန်းအာရဲ့ ပြိုင်ဘက်မဟုတ်ဘူး"

"ပြီးတော့ အခုအချိန်မှာ ငါက မင်းတစ်ခုထဲသာ ကျန်တော့တဲ့ အရာကို ချွတ်ပစ်လိုက်မယ်။ ဒီမှော်ရတနာသာ မရှိတော့ရင် မင်းက ဟိုကြက်ဥမျက်လုံးနဲ့ ကောင်စုတ် ရှီထျန်းရီလောက်တောင် အဆင့်မရှိဘူး။ ငါ့ရဲ့

တိုက်ခိုက်မှု ဘယ်နှစ်ကွက်ကို
မင်းခံနိုင်သလဲဆိုတာကို ကြည့်ချင်သေးတယ်"

ရှောင်ယန်၏ ခန္ဓာကိုယ်ဘေးမှ
မာန်ဟုန်ထနေသော မီးတောက်နှစ်ခုသည်
အတူတကွ ပေါင်းစည်းလာခဲ့ကာ
သူ၏ခန္ဓာကိုယ် ပတ်ပတ်လည်မှ
မှော်စွမ်းအင်သည် စတင်ကြီးထွားလာခဲ့သည်။

သူ၏ဘယ်လက်ဝါး၏ အလယ်တွင်
မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည်
နို့နှစ်ဖြူရောင် သန့်စင်သောယန် အကြွင်းမဲ့
မီးတောက်နှင့် နီပြာရောင် နန်းမင် အကြွင်းမဲ့
မီးတောက်တို့နှင့်အတူ မျက်စိကျိန်းလုမတတ်

လင်းလက်နေခဲ့သည်။ အကြွင်းမဲ့မီးတောက်
သုံးမျိုးတို့သည် စတင်ပေါင်းစည်းလာကြ၍
သူတို့ထံမှ ထုတ်လွှတ်နေသော အော်ရာသည်
အားလုံးတို့အား ကြက်သီးမွေးညင်း
ထစေခဲ့သည်။

ကခုန်နေသော မီးတောက်များသည်
ချက်ချင်းဆိုသလိုပင် လုံးဝ
ပျောက်ကွယ်သွားကြ၏။ ကျန်နေခဲ့သည်မှာ
ရွှေဝါရောင် ကြာပန်းပလ္လင်နှင့်အတူ လေယူရာ
ယိမ်းနွဲ့နေကြသော အနီနှင့် အပြာရောင်
ကြာပန်းပွင့်ချပ်များပင် ဖြစ်သည်။

သူ၏ညာလက် အတွင်းတွင် ခက်ထက်လှသော
ရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်သည်
နန်းမင် အကြွင်းမဲ့ မီးတောက်၊
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့နှင့်အတူ
ပေါင်းစည်းသွားကြ၏။ ဤမီးတောက်များသည်
ယခင်ကထက် များစွာပို၍ ကြောက်မက်ဖွယ်ရာ
ကောင်းနေကြ၍ ဘေးပတ်ပတ်လည်မှ
ဟင်းလင်းပြင်ကြီးသည် အလယ်သို့
ပြိုကျပျက်စီးလာကြသည်။

နောက်ထပ် ကြာပန်းပလ္လင်တစ်ခုက
ယခင်ကထက် အနည်းငယ်နှေးကွေးစွာဖြင့်
ပေါ်လာခဲ့သည်။ ဤအချိန်တွင် ကြာပန်းသည်
ရွှေရောင်၊ ခရမ်းပြာရောင်နှင့် အနက်ရောင်

ပွင့်ချပ်များဖြင့် ဖွဲ့စည်းထား၍ အနီနှင့်
အပြာရောင် အလင်းတန်း စက်လုံးက
ကြာပန်းကို လှည့်ပတ်နေခဲ့သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
လေးနက်သောအကြည့် ပေါ်လာခဲ့၏။ သူသည်
ရှောင်ယန်အား လုံးဝလျှော့တွက်၍မရကြောင်း
သိလာခဲ့သည်။ ရှောင်ယန်အား သူနှင့် အဆင့်တူ
ပြိုင်ဘက်အဖြစ် သတ်မှတ်ရတော့မည်
ဖြစ်ကြောင်းကို ဝန်ခံခဲ့ရသည်။

အကယ်၍ သူသည် ရှောင်ယန်နှင့်
ယှဉ်ပြိုင်ရလျှင် မဟာမိစ္ဆာတစ်ကောင်က
အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ

လူသားကျင့်ကြံသူ တစ်ယောက်အား
အနိုင်ကျင့်နေသည်နှင့် တူနေမည် မဟုတ်ပေ။
ဒါသည် သူသေကိုယ်သေ တိုက်ခိုက်ရသော
မော်ကွန်းဝင်တိုက်ပွဲ ဖြစ်ပေလိမ့်မည်။

ယန့်မင်းရွဲ့သည်ပင်လျှင် အတော်ကိုပို၍
လေးနက်လာခဲ့သည်။ "တစ်နှစ်အပြီးမှာ
ဒီလူငယ်လေးက ဒီလိုမျိုး အံ့သြဖွယ်ရာ
အမြန်နှုန်းနဲ့
ဆက်လက်တိုးတက်လာလိမ့်မယ်လို့ ဘယ်သူက
ထင်ထားမိမှာလဲ။ သူက အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှာပဲ ရှိသေးတယ်။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က

သူ့လိုမျိုး လူတွေကို ဘယ်လိုမျိုး
မွေးထုတ်ပေးနိုင်ခဲ့ပါလိမ့်"

ကျင်းဟွမ်အမတ်၏ လက်အောက်မှ
ကျင့်ကြံသူများသည် ဤအချိန်တွင်
အင်မော်တယ် တော်ဝင်အလံ၏ လိပ်ယူခြင်းကို
ခံခဲ့ရကာ အတော်ဝေးသော နေရာတစ်ခုသို့
ဆုတ်ခွာသွားခဲ့ပြီ ဖြစ်သည်။ သူတို့သည်
ရှောင်ကျန်းအာနှင့် ကျန်သောသူများနှင့်
တိုက်ခိုက်ခဲ့ရာတွင် အရေးနိမ့်နေခဲ့၏။

ကျင်းဟွမ်အမတ်သည် အသက်ပြင်းပြင်း
တစ်ချက်ရှူလိုက်ကာ ပြောလိုက်သည်။ "မင်းက
ယုမိသားစုရဲ့ ဘိုးဘေးဘီဘင် နယ်မြေကို

ဖျက်ဆီးခဲ့တုံးက အကြွင်းမဲ့မီးတောက် သုံးမျိုးကို ပူးပေါင်းပြီးသွားနောက်မှာ မူးလဲတော့မလို ဖြစ်သွားခဲ့တယ်လို့ ကြားဖူးတယ်"

"ဒါပေမဲ့ အခုအချိန်မှာ ကြည့်ရသလောက်တော့ မင်းက အခြေတည်ဝိညာဉ် အဆင့်မှာပဲ ရှိနေသေးပေမဲ့ အကြွင်းမဲ့မီးတောက် သုံးမျိုးတို့ကို အလွယ်တကူနဲ့ စိတ်ကြိုက် ပေါင်းစည်းနိုင်စွမ်း ရှိနေပြီ"

ကျင်းဟွမ်အမတ်သည် အစွန်းရောင် ကေရာဇ်၏ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ အကာအကွယ်အောက်တွင် ရွှေရောင် ဘီလူးကြီး တစ်ကောင်အဖြစ်သို့

ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။ သူ၏ကိုယ်ပိုင် စိတ်ဝိညာဉ် စွမ်းအင်များနှင့် အသွေးအသား အဆီအနှစ်တို့အား ဤမှော်ရတနာ၏ စိတ်ဝိညာဉ်နှင့် ပေါင်းစပ်လိုက်ကာ ရွှေရောင်လျှပ်စီး တစ်တန်းအဖြစ် ပြောင်းလဲသွားခဲ့ပြီး ရှောင်ယန်ထံသို့ ဝင်ရောက်လာခဲ့သည်။ သူသည် ရှောင်ယန်၏ အကြွင်းမဲ့မီးတောက်များ ပေါင်းစပ်ခြင်းကို ဝင်ရောက် နှောင့်ယှက်နေလိုခဲ့သည်။

ရှောင်ယန်သည် သူ၏ လက်ဝါးများကို ဆန့်တန်းလိုက်ကာ ကောင်းကင်မီးတောက် ကြာပန်း နှစ်ခုတို့အား ဝင်ရောက်လာသော ကျင်းပွမ်အမတ်ထံသို့ ပစ်လွှတ်လိုက်သည်။

သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်တွင် ရှိစဉ်က မီးတောက်သုံးခု
ကြာပန်းတစ်ခုနှင့်ပင် အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ဂရန်းမာစတာ
သုံးယောက်တို့အား နှိမ်နင်းခဲ့သည်။ သူသည်
ယခုအချိန်တွင် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်တွင် ရှိနေပြီ ဖြစ်၍
သူ၏ အကြွင်းမဲ့မီးတောက်များသည်
ယခင်ကထက် များစွာပို၍ သန်မာနေပြီ ဖြစ်၏။
ပေါင်းစပ်ထားသော ကောင်းကင်မီးတောက်
ကြာပန်းတို့သည်လည်း များစွာပို၍
ခက်ထန်ကာ ကြောက်မက်ဖွယ် ကောင်းနေခဲ့ပြီ
ဖြစ်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများကပင် အထူးအလေးထား၍
ရင်ဆိုင်ရမည် ဖြစ်၏။

သို့သော်လည်း ကျင်းဟွမ်အမတ်သည်
ထိုတိုက်ခိုက်မှုအား ရှောင်ရှားရန်ပင်
မကြိုးစားခဲ့ပေ။ ထို့အစား သူသည်
ကျယ်လောင်စွာနှင့် အော်ဟစ်လိုက်ကာ
ရှောင်ယန်အပေါ်သို့ တိုက်ရိုက်
ခုန်အုပ်လိုက်သည်။

"သတ်ဖြတ်စမ်း!"

ကျင်းဟွမ်အမတ်သည် လက်ရှိ အခြေအနေကို ကောင်းစွာ သဘောပေါက်နေခဲ့၏။ ရှောင်ယန်၏ ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်သည် သူ၏ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်အား မလှုပ်နိုင်အောင် ထိန်းထားနိုင်ခဲ့သည်။ သို့သော်လည်း ထို့ကြောင့်ပင် သူသည်လည်း နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်၏ ထိန်းထားခြင်းကို ခံနေရကာ ရှောင်ယန်အား အကာအကွယ် မပေးနိုင်ခဲ့ပေ။

ကောင်းကင်မီးတောက် ကြာပန်းများ၏ တိုက်စစ်စွမ်းအားသည် အလွန်အမင်း

ကြောက်မက်ဖွယ်ရာ ကောင်းသော်လည်း သူ၏
ခံစစ်စွမ်းအားများသည် များစွာပို၍
အားနည်းသည်။

ကျင်းပှွမ်အမတ်သည် သူ၏ အသက်ဖြင့်
အလောင်းအစား ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။
သူသည် နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာနှင့် ကောင်းကင်မီးတောက်
ကြာပန်းကို ထိပ်တိုက်ရင်ဆိုင်ပြီး သူ၏
ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များဖြင့်
ရှောင်ယန်အား အပြီးတိုင်
အဆုံးသတ်နေလိုခြင်း ဖြစ်၏။

အဆုံးမဲ့ လက်သီး၏ ကြောက်မက်ဖွယ်ရာ
စွမ်းအားများသည် ထပ်ဖန်တစ်ခါ
ပေါက်ကွဲထွက်လာခဲ့သည်။ ပေါက်ကွဲနိုင်မှု
စွမ်းအားများသည် ပတ်ပတ်လည်မှ
ဟင်းလင်းပြင်အား ကျိုးပျက်စေခဲ့ကာ
ယင်ပင်လယ်၏ မိုင်တစ်ထောင်
ပတ်ပတ်လည်မှ လေဟာနယ်
တစ်လက်မစီတိုင်းသည် ရှောင်ယန်နှင့်
လျှမ်အန်းတို့၏ မော်ကွန်းဝင် တိုက်ပွဲကြောင့်
လုံးဝကို ကြေမွသွားခဲ့သည်။

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏
ထောက်ပံ့မှုဖြင့် အဆုံးမဲ့ လက်သီး၏
စွမ်းအားများသည် ဆတက်ထမ်းပိုး

တိုးတက်လာခဲ့ကာ မီးတောက်သုံးခု ကြာပန်း၏ ပေါက်ကွဲနိုင်စွမ်းကိုပင် ယှဉ်ပြိုင်နိုင်ခဲ့၏။

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ ခံစစ်စွမ်းအားများသည် ပို၍ပင် မယုံနိုင်စရာ ကောင်းသေးသည်။ ရှောင်ယန်က မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်၊ နန်းမင် အကြွင်းမဲ့ မီးတောက်တို့ဖြင့် ပေါင်းစည်းထားသော ပထမ မီးတောက်သုံးခု ကြာပန်းသည် ကျင်းဟွမ်အမတ်၏ ခန္ဓာကိုယ် အပေါ်သို့ ကျရောက်သွားသောအခါ ဝုန်းကနဲ ပေါက်ကွဲသွားခဲ့သည်။ လျှမ်အန်း၏ ခန္ဓာကိုယ်

အပေါ်တွင် မျက်စိကျိန်းလုမတတ်
မီးတောက်များက လောင်ကျွမ်းနေကြ၏။

သို့သော်လည်း ထိုရွှေရောင်
ချပ်ဝတ်တန်ဆာသည် လုံး၀ ဘာမှမဖြစ်ခဲ့ပေ။
ရှောင်ယန်၏ တိုက်ခိုက်မှုအား ခံခဲ့ရသော်လည်း
ခြစ်ရာ အက်ကွဲကြောင်း တစ်ခုလေးမှပင်
မထင်ခဲ့ချေ။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊
ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့် နန်းမင်
အကြွင်းမဲ့ မီးတောက်တို့ဖြင့် ဖွဲ့စည်းထားသော
ဒုတိယ မီးတောက်သုံးခု ကြာပန်းသည် ပထမ
ကြာပန်းထက်ပင် များစွာပို၍ သန်မာသေး၏။

ထိုကြာပန်းဖြင့် အတိုက်ခိုက်
ခံလိုက်ရသောအခါ ဤမှော်ရတနာ၏ ရွှေရောင်
အလင်းတန်းများသည် များစွာပို၍
မှေးမှိန်သွားခဲ့သည်။ သို့သော်လည်း ရလဒ်မှာ
အတူတူပင် ဖြစ်၏။ ဤချပ်ဝတ်တန်ဆာသည်
မပျက်စီးသွားခဲ့ပဲ ကြံ့ကြံ့ခံနိုင်ခဲ့သည်။

ဒါတောင်မှပင် သူသည် အပြည့်အဝ
ပြန်လည်ကောင်းမွန်ခြင်း မရှိသေးသော
မှော်ရတနာ တစ်ခုဖြစ်သည်။ လွန်ခဲ့သော
နှစ်ပေါင်းများစွာက အပြင်းအထန်
ဒဏ်ရာရရှိခဲ့သည့်အပြင် သူ့အား
ထိန်းချုပ်နေသည်မှာ အခြေတည်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သာ

ဖြစ်သော်လည်း သူ၏ ခံစစ်စွမ်းအားများမှာ အံ့မခန်းပင် ဖြစ်၏။

ဤမော်ရတနာသည် လွန်ခဲ့သော နှစ်များက အစွန်းရောက် ကေရာဇ်၏ များစွာ တန်ဖိုးထားခြင်းကို ခံခဲ့ရသည်။ ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်နိုင်ရန် အလားအလာ ရှိနေသော မော်ရတနာ တစ်ခုသည် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်က ယှဉ်ပြိုင်နိုင်စွမ်း ရှိသော အရာတစ်ခု မဟုတ်ပေ။ ထိုအခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများတွင် ရှောင်ယန်ကဲ့သို့သော

သာမန်ထက် ထူးခြားသော စွမ်းအားများကို ပိုင်ဆိုင်ထားသောသူများပင် ပါဝင်နေ၏။

ယန့်မင်းရွဲ့နှင့် လှိုင်းလုံး ပင်လယ်နဂါး ဘုရင်တို့ပင် သူတို့သည် ဤနတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ ခံစစ်အား ချိုးဖောက်နိုင်မည်ဟု ယုံကြည်ချက်အပြည့် မရှိပေ။

ကျင်းဟွမ်အမတ်သည် သူ၏ ခံစစ်အား ပူပန်စရာ မလိုတော့သဖြင့် သူ၏ တိုက်စစ်စွမ်းအားများကို အစွမ်းကုန်အထိ တိုးမြှင့်လိုက်သည်။ အဆုံးမဲ့ လက်သီးသည် ပို၍ သန်မာခက်ထန်လာခဲ့ကာ ရှောင်ယန်အား

ကမ္ဘာကြီး တစ်ခုလုံးကိုပင် ဖျက်ဆီးနိုင်သော စွမ်းအားဖြင့် ထိုးချလိုက်သည်။

သူသည် ရှောင်ယန်၏ တိုက်ခိုက်မှုအား အရဲစွန့်၍ ခံယူခဲ့သည်မှာ သူ၏ တိုက်ခိုက်မှုသည် ရှောင်ယန်၏ အပေါ်သို့ တစ်ခေါက်သာ ကျရောက်သွားသည်နှင့် ရှောင်ယန်သည် လုံး၀၊ လုံး၀၊ လုံး၀ကို သေသွားနိုင်သည်ဟု ယုံကြည်နေသောကြောင့် ဖြစ်သည်။

ရှောင်ယန်သည် သွေးနီရောင် စာကလေး၏ စွမ်းအားများကို ထပ်ဖန်တစ်ခါ ထုတ်ဖော်လိုက်ကာ သူ၏ ကျောနောက်တွင်

ရွှေရောင်မီးတောက် တောင်ပံများက
ပေါ်လာခဲ့၍ နောက်သို့ဆုတ်ရန်
ကြိုးစားလိုက်၏။ လျှမ်းအန်းက သူသည်
အသာစီးရနေပြီဟု ထင်မှတ်လိုက်ကာ
စိတ်ဓာတ် တက်ကြွလာ၍ အစွမ်းကုန်
ရှေ့ဆက်တိုးကာ တိုက်ခိုက်ခဲ့သည်။

ဤဖြစ်စဉ် တစ်လျှောက်လုံးတွင်
ကျင်းဟွမ်အမတ်သည် ထင်မှတ်မထားခဲ့သော
တွေ့ရှိမှု တစ်ရပ်ကို ကြုံတွေ့ခဲ့သည်။ သူက
အားနည်းချက်များ ရှိနေသည်ဟု ထင်နေခဲ့သော
နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာနှင့်
အဆုံးမဲ့ လက်သီးတို့သည် ကိုယ့်ကိုယ်ကိုယ်

ပြန်လည်ပြုပြင်၍ ကုစားနေခဲ့သည်ကို တွေ့ရှိလိုက်ရသည်။

ဒါသည် လျှမ်အန်းအတွက် ပျော်ရွှင်ဖွယ်ရာ အံ့အားသင့်မှုတစ်ရပ် ဖြစ်စေခဲ့သည်။

ဤတိုက်ခိုက်မှုသည် ပို၍ ချောမွေ့ကာ နုပျိုလာခဲ့သည်။ သူ၏ ခေါင်းထဲမှ အတွေးသည် ပိုမိုကြည်လင်ကာ အကျိုးအကြောင်း ဆက်စပ်၍ စဉ်းစားလာနိုင်ခဲ့၏။ သူသည် နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ စိတ်ဝိညာဉ်နှင့် ပို၍နီးကပ်စွာ ဆက်သွယ်နိုင်ခဲ့သည်။ သူယခင်နှစ်များက ပဟေဠိ ဖြစ်နေခဲ့သော မေးခွန်းများနှင့်

လျှို့ဝှက်ချက်များသည်
ကြည်လင်ပြတ်သားလာခဲ့ကာ သူ၏
နည်းစနစ်များနှင့် သိုင်းပညာရပ်များ အပေါ်၌
ပို၍နက်ရှိုင်းစွာ နားလည်
သဘောပေါက်နိုင်ခဲ့သည်။

အကျိုးရလဒ်မှာ သူ၏ အဆုံးမဲ့လက်သီး
စွမ်းအားသည် ယခင်ကထက်ပို၍
စွမ်းအားကောင်းလာခဲ့ကာ သူ၏
ခက်ထန်မှုသည် အကန့်အသတ်မဲ့လာခဲ့သည်။

သူသည် နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာအား ချွတ်လိုက်၍
ရှောင်ယန်၏ အသွင်သဏ္ဍာန်လေးမျိုး

ကမ္ဘာဖျက်ဆီးတူနှင့် ထပ်မံရင်ဆိုင်ခဲ့ရပါက သူသည် ကောင်းစွာ ခုခံနိုင်လိမ့်မည်ဟုပင် ခံစားနေရ၏။

ရှောင်ယန်သည် အောက်စည်းသို့ ပြန်လည် ရောက်ရှိသွားခဲ့၏။ ယန့်မင်းရွှဲ့ကလည်း သူ့အားကြည့်လိုက်၍ အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့သည်။ "သူကဘာဖြစ်လို့ သူခုနက အသုံးပြုခဲ့တဲ့ သိုင်းကွက်ကို ပြန်ပြီးတော့ မသုံးခဲ့ပဲ မီးတောက်သုံးခု ကြာပန်းကိုသာ အသုံးပြုခဲ့တာလဲ။ ဒါက သူ့အတွက် မှော်စွမ်းအင်တွေကို အများကြီး ပိုပြီးတော့ ကုန်ခမ်းစေခဲ့မှာပေါ့"

"ဒါ့အပြင် တကယ်လို့ အကြွင်းမဲ့မီးတောက်
သုံးခုကို ပေါင်းစပ်မယ် ဆိုရင်လည်း
အကောင်းဆုံး ရွေးချယ်မှုက ငရဲပြည်က
ရောင်ခြည်နတ်ဆိုး မီးတောက်၊ မဟာသူရိယ
အကြွင်းမဲ့ မီးတောက်နဲ့ ကောင်းကင်ကမ္ဘာဖျက်
မီးတောက်တို့ကို ပေါင်းစပ်ခြင်း ဖြစ်တယ်။
ဒါမှသာ သူအရင်က ရွေးချယ်ထားတဲ့
ကောင်းကင်မီးတောက် ကြာပန်းတွေထက်
ပိုပြီးမှ အကျိုးသက်ရောက်မှု
အားကောင်းနိုင်မယ်"

"နေပါဦး၊ မဟုတ်မှလွဲရော..."

ဤအချိန်တွင် လျှမ်အန်းသည်
ရွှင်မြူးအားရစွာနှင့် ကြုံးဝါးလိုက်သည်။
"ရှောင်ယန်၊ မင်းက ငါ့ကို တကယ်ပဲ
ကံကောင်းခြင်းတွေကို
ယူဆောင်ပေးလာခဲ့တယ်။ ငါက အင်မော်တယ်
ဝိညာဉ် အဆင့်ကို အစောကြီးကတည်းက
ရောက်နိုင်နေခဲ့ပေမဲ့ ငါ့ရဲ့ နည်းစနစ်တွေ၊
သိုင်းကွက်တွေကို အသန်မာဆုံး
အဆင့်ထိရောက်အောင် ကြိုးစားပြီးမှ
အင်မော်တယ် ဝိညာဉ် အဆင့်ကို
တက်လှမ်းချင်နေခဲ့တာ"

"မင်းနဲ့ တိုက်ခိုက်ခဲ့တဲ့ တိုက်ပွဲမှာ ငါ့ရဲ့
နည်းစနစ်တွေ၊ သိုင်းကွက်တွေရဲ့ အရင်က

စဉ်းစားလို့ မရခဲ့တဲ့ သံသယတွေ၊
အတားအဆီးတွေဟာ အခုအချိန်မှာ
လွယ်ကူချောမွေ့စွာနဲ့
ကြည်လင်ပြတ်သားသွားခဲ့ပြီ။ မင်းကို
အပြတ်ရှင်းလိုက်ပြီးရင် ငါ့ရဲ့ စိတ်ဝိညာဉ်
စွမ်းအင်တွေက အရမ်းကို အားကောင်းနေပြီး
ငါက ပြီးပြည့်စုံတဲ့ အင်မော်တယ် ဝိညာဉ်
ကိုယ်ပွားကို ဖန်ဆင်းနိုင်တော့မယ်"

ကျင်းဟွမ်အမတ်သည် ဤအချိန်တွင်
နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာနှင့်
ပေါင်းစပ်နေခဲ့ကာ ရွှေရောင်အလင်းတန်း
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ သူ၏
ခြေရာများသည် ဟင်းလင်းပြင်တွင်

တောက်ပနေခဲ့ကာ နေရာတကာတွင် သူ၏
ပုံရိပ်ယောင်များ ပေါ်ထွက်လာခဲ့၏။ သူသည်
နေရာတကာတွင် ရှိနေသကဲ့သို့ ထင်နေရသည်။

ဒါသည် အဆုံးမဲ့လက်သီး မဟုတ်တော့ပေ။
သူသည် ရတ်နာဆန်ဘာဗာ ဗဂျရာဘီးလက်ဝါး၊
အားလုံးကို လွှမ်းခြုံနိုင်သည့်
ကောင်းကင်လက်ဝါးနှင့် အာဏာရှင်၏
အမိန့်တို့ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်သည်။

ကျင်းဟွမ်အမတ်သည် သိုင်းကွက်ပေါင်း
မျိုးစုံတို့ကို ထုတ်လွှတ်နေခဲ့ပြီး
အဆုံးမဲ့လက်သီးအား နဂါးခေါင်း အဖြစ်သို့
အသုံးချ၍ သူတို့အားလုံးတို့အား

စတင်ပေါင်းစည်းနေခဲ့သည်။ ရုပ်ခန္ဓာကိုယ် သိုင်းပညာ လမ်းစဥ်၏ အဆုံးမဲ့ စွမ်းအားများတို့ကို ဖော်ထုတ်ပြသခဲ့၍ ကျင်းဟွမ်အမတ်သည် သူတစ်ယောက် အတွက်သာ သီးသန့်ဖြစ်သော မဟာသိုင်းပညာ လမ်းစဥ်တစ်ခုအား ထုတ်ဖော်ပြသခဲ့သည်။

"ရှောင်ယန်၊ မင်းက တကယ့်ကို ကြီးမားတဲ့ ခြေနင်းကျောက်တုံး တစ်ခုဖြစ်တယ်"

သူ၏ ကြုံးဝါးသံများ အကြားတွင် ကျင်းဟွမ်အမတ်သည် ရှောင်ယန်ထံသို့ နောက်ထပ် လက်သီးတစ်လုံး ပစ်လွှတ်လိုက်သည်။ သို့သော်လည်း

ဤအချိန်တွင် သူဝတ်ဆင်ထားသော နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာသည် စတင်၍ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့၍ နိမိတ်မကောင်းသော ခံစားချက်များကို ထုတ်လွှတ်လာခဲ့သည်။ မဟာကပ်ဆိုးကြီး တစ်ပါးက သူ့အပေါ်တွင် ကျရောက်လာတော့မည်ကဲ့သို့ ဖြစ်၏။

"ဟာ" ကျင်းဟွမ်အမတ်သည် ချက်ချင်းပင် ရပ်တန့်လိုက်ကာ လုံးဝ ချီတုံချတုံ ဖြစ်မနေပဲ နောက်ဆုတ်မည်ဟု ပြင်ဆင်လိုက်သည်။

သို့သော်လည်း အလွန်ကို နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

သူ၏အပေါ်မှ ဟင်းလင်းပြင် တစ်ခုလုံးသည် ရောင်စုံမီးတောက်များဖြင့် လင်းလက်လာခဲ့၏။ သူ၏ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ အပေါ်တွင် ယခင်က ပေါက်ကွဲနေခဲ့သော ကောင်းကင်မီးတောက် ကြာပန်းသည် မလွင့်ပြယ်သွားခဲ့သေးပဲ စုစည်းသွားခဲ့ကာ သူ၏ခေါင်းပေါ်မှ လေထုအတွင်းတွင် လွင့်မျောနေခဲ့၏။

ထိုကခုန်နေကြသော မီးတောက်များသည် ထိုးတက်လာခဲ့ကာ တစ်မျိုးနှင့်တစ်မျိုး ပေါင်းစပ်သွား၍ ကျယ်ပြန့်လှသော

မီးတောက်ပင်လယ်ကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

အစောပိုင်းတွင် ပေါက်ကွဲသွားခဲ့ပြီးသော ကောင်းကင်မီးတောက် ကြာပန်းတို့သည် ထပ်ဖန်တစ်ခါ စတင်၍ စုစည်းလာကြသည်။ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့ကတစ်ဘက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့က အခြားတစ်ဘက်တွင် ပူးပေါင်းသွားကြပြီး

မီးတောက်သုံးခု ကြာပန်းအမျိုးမျိုးတို့က
စတင်ဖွဲ့စည်းလာကြသည်။

မီးတောက်ကြာပန်း နှစ်မျိုးတို့သည်
ကျင်းဟွမ်အမတ်အား အလယ်မှထား၍
ယင်နှင့်ယန် အခင်းအကျင်း သဘောမျိုးဖြင့်
စုစည်းလာခဲ့သည်။

ခဏအကြာတွင် ယင်နှင့်ယန်တို့သည်
စတင်လည်ပတ်လာကြကာ စိစိညက်ညက်
ကြေစေနိုင်သည့် အလွန်အမင်း ကြီးမားလှသည့်
စွမ်းအားများသည် ကျင်းဟွမ်အမတ်၏
အပေါ်သို့ စတင်၍ ကျဆင်းလာကြသည်။

ကျင်းဟွမ်အမတ်၏ အနားမှ
ဟင်းလင်းပြင်သည် ဘာမှမရှိခြင်း အဖြစ်သို့
ကြေမွသွား၍ ကစဥ့်ကလျား ဖြစ်သွားကြသည်။
လျှမ်အန်းသည် နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာ၏ ကာကွယ်မှုကြောင့်သာ
ခံနိုင်နေခဲ့သည်။ သို့တိုင်အောင် သူသည်
ထောင်ချောက်မိသွားကာ မလှုပ်မရှားနိုင်
ဖြစ်သွားခဲ့၏။ မြောက်မြားလှစွာသော
မီးတောက်သုံးခု ကြာပန်းတို့ဖြင့်
ဖွဲ့စည်းထားသော ရောမ ယင်ယန်ဝက်ပါ၏
စွမ်းအားများကို အသက်မသေရုံသာ ခုခံနိုင်ခဲ့၏။

ရှောင်ယန်သည် ဟင်းလင်းပြင်တွင် ပြန်လည်ပေါ်ပေါက်လာခဲ့ကာ လှျမ်အန်းအား အေးစက်စွာပြုံး၍ ကြည့်လိုက်သည်။ "ငါက ဒုတိယ ဂျူနီယာနဲ့ နံပါတ်ခြောက် ဂျူနီယာတို့လို ဝက်ပါတွေကို မကျွမ်းကျင်ပေမဲ့ ငါ့ဆရာက ဘယ်သူလဲ ဆိုတာကို မမေ့ပါနဲ့။ ငါက မင်းကို ငါ့ရဲ့ လောင်ကျွမ်းနေသော ယင်ယင်ကောင်းကင် ဝက်ပါကို ပေးမြည်းလိုက်မယ်။ ဒါက ငါ့ရဲ့ ငရဲမီး ချောက်ကမ်းပါးရဲ့ တောင်အကာအကွယ် ဝက်ပါ ဆိုတာကိုလည်း သတိပေးလိုက်ဦးမယ်"

ပြင်းထန်လှစွာသော စိစိညက်ညက် ကြေစေနိုင်သော စွမ်းအားများသည်

အလယ်တွင် ပိတ်မိနေသော လျှမ်အန်း၏
ကိုယ်ပေါ်သို့ ကျဆင်းလာကြ၏။
သူဝတ်ဆင်ထားသော နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာသည် စွမ်းအားအစွမ်းကုန်
ထုတ်လွှတ်လိုက်၍ ရွှေရောင် အလင်းတန်းများ
ထွက်ပေါ်လာကြကာ ဤမှော်ကျိန်စာ ဝက်ပါ၏
ပေါက်ကွဲနိုင်သော မီးတောက်များကို
သွေးရှူးသွေးတန်း ခုခံနေခဲ့ရသည်။

ကျင်းဟွမ်အမတ်သည် ညည်းညူလိုက်၍
ပြန်ဖြေလိုက်သည်။ "ငါက အတွက်အချက်
မှားသွားခဲ့တယ်။ မင်းရဲ့ တိုက်ရိုက်တဲ့တိုး
တိုက်ခိုက်တတ်တဲ့ တိုက်ပွဲပုံစံကို
ပြောင်းလဲခဲ့မယ် မထင်ခဲ့လို့ ငါက မင်းရဲ့

ထောင်ချောက်အထဲကို ကျသွားခဲ့တာ။ ဒါပေမဲ့ ငါ့ကို ထာဝရ ကာကွယ်ပေးမယ့် နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ ရှိတယ်။ မင်းရဲ့ ဒီမဟာဝက်ပါကတောင် ချိုးဖောက်နိုင်မှာ မဟုတ်ဘူး"

"ဒီလိုမျိုး စွမ်းအားကြီးလှတဲ့ မှော်ဝက်ပါက မင်းရဲ့ စွမ်းအားနဲ့ မှော်စွမ်းအင်တွေကို အများကြီး သုံးစွဲနေခဲ့တယ်။ မင်းက ဒီဝက်ပါကို ဘယ်လောက်ကြာကြာ ဆက်ပြီးတော့ အသုံးပြုနိုင်မလဲ ဆိုတာကို ကြည့်ရတာပေါ့"

ရှောင်ယန်က သူ၏မှတ်ချက်ကို ပြက်ရယ်ပြုလိုက်သည်။ "ထာဝရ

ကာကွယ်ပေးမယ်၊ ဟုတ်လား။ ဘယ်သူကမှ မင်းနဲ့ မဆုံးနိုင်တဲ့ စစ်ပွဲဆင်နွှဲဖို့ကို စိတ်မဝင်စားဘူး"

သူ၏စကား ဆုံးသည်နှင့် သူ၏လက်များကို ဆန့်တန်းလိုက်ရာ သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့သည် တစ်ချိန်တည်းတွင် ပေါ်လာကြကာ ရှောင်ယန်၏ လက်ချောင်းများ အပေါ်တွင် ဖြည်းဖြည်းချင်း စုစည်းလာကြ၏။

ဤပေါင်းစပ်မှု အမြန်နှုန်းသည် ရှောင်ယန် အစောပိုင်းက အကြွင်းမဲ့မီးတောက် သုံးမျိုးကို အသုံးပြု၍ ဖွဲ့စည်းခဲ့သည့် ကောင်းကင်မီးတောက် ကြာပန်းထက် များစွာပို၍ နှေးကွေးသည်။ ရှောင်ယန်သည် ယခင်ကထက် များစွာပို၍ အသေအချာ အာရုံစူးစိုက်နေခဲ့ရသည်။

သို့သော်လည်း မထိန်းချုပ်နိုင်အောင် ခက်ထန်ကြမ်းတမ်းသော ကြောက်မက်ဖွယ်ရာ စွမ်းအားနှင့် ကမ္ဘာဖျက် စွမ်းအင်တို့သည် မီးတောက်သုံးခု ကြာပန်းများထက် များစွာပို၍ အထက်တန်း ကျနေ၏။

မရေမတွက်နိုင်သော မှော်သင်္ကေတများသည်
မီးတောက်များ အတွင်းသို့
ဝင်ရောက်သွားကြကာ အချိန်အတော်ကြီး
ကြာမှသာ ဒေါသူပုန်ထနေသော
မီးတောက်များက ဖြည်းဖြည်းချင်း
တည်ငြိမ်သွားကြသည်။

ရှောင်ယန်၏ လက်များအတွင်းတွင်
ကြာပန်းပလ္လင်တစ်ခု
စတင်ပေါ်ပေါက်လာခဲ့သည်။ အောက်ဆုံးပိုင်း
အလွှာသည် နို့နှစ်ကဲ့သို့ ဖြူဖွေးနေကာ
အလယ်အလွှာမှာ သန့်စင်သော
ရွှေရောင်ဖြစ်သည်။ အပေါ်ဆုံး အလွှာမှာမူ
ခရမ်းပြာရောင် ဖြစ်၏။ ကြာပန်း၏

နှလုံးသားမှာ ရွှေရောင်အလင်းတန်းများ လင်းလက်နေခဲ့၍ အနီရောင်နှင့် အပြာရောင် ပွင့်ချပ်များသည် လေယူရာတွင် ယိမ်းနွဲ့နေကြသည်။

ဤအခြင်းအရာကို တွေ့လိုက်ရသောအခါ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ အောက်မှ လျှမ်အန်း၏ မျက်နှာအပေါ်၌ နောက်ဆုံးတွင် အမှန်တကယ် ကြောက်ရွံ့မှု အရိပ်အယောင်များ ပေါ်လာခဲ့သည်။

## စာစဉ် ၃၉ : အပိုင်း ၅

# အပိုင်း ၇၃၅ : တောက်လောင်နေသော ကောင်းကင်နှင့် လောင်ကျွမ်းနေသော ပင်လယ်

သန့်စင်သောယန် အကြွင်းမဲ့မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်နှင့် နန်းမင် အကြွင်းမဲ့ မီးတောက်တို့ဖြင့် ဖွဲ့စည်းထားသော မီးတောက်လေးခု ကြာပန်းသည် မော်စွမ်းအင် တစ်ခုမှ မထွက်နေပဲ သာမန်ဟုသာ ထင်နေရ၏။ သူသည် တောက်လောင်နေသော ယင်ယန်ကောင်းကင် ဝက်ပါ၏ အလယ်၌ ပိတ်မိနေခဲ့သော ကျင်းဟွမ်အမတ်ထံသို့ ဖြည်းဖြည်းချင်း လွင့်မျောလာနေခဲ့သည်။

သို့သော်လည်း သူ၏အတွင်းတွင်
ဖုံးကွယ်ထားသော ကြောက်မက်ဖွယ်ရာ
စွမ်းအားသည် ပတ်ဝန်းကျင်အား
အသက်ရှူရခက်ကာ မွန်းကျပ်စေနေခဲ့သည်။

မသေဝိညာဥ် အဆင့်တွင် ရှိနေပြီဖြစ်သော
လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်ပင်လျှင်
သူ၏အမှားကို နားလည်
သဘောပေါက်ပြီးသွားခဲ့သောအခါ
ကျောရိုးထဲမှနေ၍ စိမ့်တက်လာခဲ့၏။ သူ၏
အံကိုကြိတ်လိုက်ကာ ပင်လယ်အတွင်းသို့
လက်ညှိုးတစ်ချောင်း ထိုးလိုက်၍
အစောပိုင်းတွင် ယန်ချင်ထံမှ လုယူထားခဲ့သော
ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သော ရေအား

ပင်လယ်အတွင်းသို့ ပြန်လည်
စွန့်လွှတ်လိုက်သည်။

ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သောရေအား
ထုတ်ပေးခဲ့ပြီးသည်နှင့် လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်သည် ယန့်မင်းရွဲ့ကိုပင်
ဂရုမစိုက်နိုင်တော့ပဲ အမြီးကုတ်ကာ
ထွက်ပြေးသွားခဲ့သည်။ သူသည်  ဤနေရာတွင်
တစ်စက္ကန့်လေးမျှပင် နေလိုစိတ်
မရှိနေတော့ပေ။

ယန့်မင်းရွဲ့သည်လည်း သူ့အား
ဂရုမစိုက်အားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော်
သူမ၏ အာရုံများကို ရှောင်ယန်နှင့်

ကျင်းပှွမ်အမတ်ထံသို့ စူးစိုက်ထားခဲ့သောကြောင့် ဖြစ်သည်။ "သူက အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှာပဲ ရှိနေသေးပေမဲ့ အကြွင်းမဲ့မီးတောက် လေးခုတို့ကို ပေါင်းစပ်နိုင်ခဲ့ပြီ။ ငါတို့ရဲ့ မူလ ခန့်မှန်းချက်က သူဟာ အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်သွားပြီး စကြာဝဠာ ပုံသဏ္ဌာန်ကို ဖန်ဆင်းနိုင်ပြီးမှ ဒီလိုမျိုး လုပ်နိုင်မယ်လို့ ထင်ထားခဲ့တာ"

လျှမ်အန်းသည်လည်း မီးတောက်လေးခု ကြာပန်းမှ ထွက်ပေါ်လာနေခဲ့သော ကြောက်မက်ဖွယ်ရာ ဖိအားများကို

ခံစားနေရသည်။ ကြာပန်းသည်
မပေါက်ကွဲသွားခဲ့သေးသော်လည်း
သူထုတ်လွှတ်နေခဲ့သော အော်ရာသည်ပင်လျှင်
သူ့ကိုယ်အတွင်းမှ ကြောက်စိတ်များကို
ဖြစ်ပေါ်စေခဲ့သည်။

အစွန်းရောက် ကေရာဇ်၏ နတ်ဘုရား
ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာမှ
ထွက်ပေါ်လာသော ရွှေရောင်
အလင်းတန်းသည် အဆက်မပြတ်
လင်းလက်လာခဲ့ကာ စွမ်းအားကြီးသော
မှော်သင်္ကေတများသည် အပြင်သို့
အဆက်မပြတ် ထွက်လာခဲ့၏။ သူသည်

သူ့ကိုယ်သူ အစွမ်းကိုယ် ခုခံရမည့်အစား ပြန်လည် တိုက်ခိုက်ရန် ကြိုးစားနေခဲ့သည်။

သူသည် တောက်လောင်နေသော ယင်ယန်ကောင်းကင် ဝက်ပါ၏ ဖိနှိပ်ထားသော ဖိအားများအောက်မှ လွတ်မြောက်နိုင်ခဲ့လျှင် မီးတောက်လေးခု ကြာပန်းနှင့် တိုက်ရိုက်ထိပ်တိုက် ရင်ဆိုင်ခြင်းမှ ရှောင်ရှားနိုင်သောကြောင့် ရုန်းကန်နေရခြင်း ဖြစ်သည်။

လျှမ်အန်းသည် ဤကဲ့သို့ ပြုလုပ်ခဲ့လျှင် သူသည် အကာအကွယ်မဲ့သွား၍ တောက်လောင်နေသော ယန်ယန်ကောင်းကင်

ဝက်ပါ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာ
အပြင်းအထန် ရနိုင်သည်ကို သိနေခဲ့သော်လည်း
ဘာမှ မတတ်နိုင်ခဲ့ပေ။

မီးတောက်လေးခု ကြာပန်းနှင့်
တောက်လောင်နေသော ယင်ယန်ကောင်းကင်
ဝက်ပါတို့က ပူးပေါင်း၍ သူ့အပေါ်သို့
ကြီးမားသော ဖိအားများကို ပေးနေခဲ့သည်။
ရုတ်တရက်ပင် လျှမ်အန်း၏ ရင်ဘတ်အရှေ့မှ
အကာအကွယ် ကြေးမုံ၏ အပေါ်မှနေ၍
သွေးနီရောင် မျဉ်းကြောင်းတစ်ခု
ထွက်ပေါ်လာခဲ့၏။

ဒါသည် အနီရောင် အလင်းတန်းများဖြင့်
လင်းလက်နေသည့် ဒေါင်လိုက် မျဉ်းကြောင်း
တစ်ခုဖြစ်ကာ သူ၏ နံရိုးများမှတဆင့်
တင်ပဆုံရိုးများအထိ ထက်မြက်သော
ပြတ်ရှဒဏ်ရာတစ်ခုကို ဖန်ဆင်းခဲ့၏။

မရေမတွက်နိုင်သော မှော်သင်္ကေတများသည်
ထိုအနီရောင် အလင်းတန်း အကြားတွင်
လင်းလက်နေခဲ့ကာ နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာသည် သူ့ကိုယ်သူ ပြန်ပြုပြင်ရန်
သွေးရူးသွေးတန်းနှင့် ကြိုးစားနေခဲ့၏။
သို့သော်လည်း ရှောင်ယန်၏ ရပ်တန့်၍
မရနိုင်သော တိုက်ခိုက်မှုများ၏ အောက်တွင်
ရူးသွပ်စွာ ခုခံမှုများသည် အချည်းနှီး

ဖြစ်သွားခဲ့ကာ ဒဏ်ရာများက ထပ်ခါထပ်ခါ ထပ်ပေါ်လာခဲ့သည်။

ချပ်ဝတ်တန်ဆာ အပေါ်တွင် ဒဏ်ရာများ ပေါ်လာခဲ့သည်ကို တွေ့လိုက်ရသောအခါ လျှမ်အန်း၏ မျက်နှာမှာ မည်းမှောင်လာခဲ့သည်။

ဒါသည် ဤနတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာအား ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည့် မဟာကောင်းကင်ဘီးက ရှေးဟောင်းခေတ်၏ နောက်ဆုံးနှစ်များ အကြားတွင် ပေးထားခဲ့သော ဒဏ်ရာနှင့် အတူတူပင် ဖြစ်သည်။

ဤတိုက်ပွဲသည် အစွန်းရောက် ဧကရာဇ်အား မိုးပေါ်မှနေ မြေကြီးပေါ်သို့ ပြုတ်ကျစေခဲ့သော တိုက်ပွဲပင် ဖြစ်၏။ သူသည် မဟာကောင်းကင်ဘီး၏ နှစ်ပိုင်းဖြတ်မှုကို ခံရလုနီးပါး ဖြစ်သွားခဲ့ကာ ဒဏ်ရာ အပြင်းအထန် ရရှိသွားခဲ့၍ ယခင် ဂုဏ်ကျက်သရေများကို တစ်ခါမှ ပြန်မရနိုင်ခဲ့တော့ပေ။

ကျင်းဟွမ်အမတ်သည် ဤနတ်ဘုရား ခန္ဓာကိုယ် ချုပ်ဝတ်တန်ဆာ၏ ပိုင်ရှင် ဖြစ်လာခဲ့ချိန်မှစ၍ သူသည် သူ့အား ပြန်လည်ပြုပြင်ရန် အစွမ်းကုန်

အားထုတ်နေခဲ့သည်။ သူသည် ဤဒဏ်ရာကို
ပြန်လည် ဖုံးအုပ်နိုင်ခဲ့သော်လည်း
ဤကြီးမားလှသော ဒဏ်ရာသည်
အရှင်းမပျောက်သေးဟူ၍ သိနေခဲ့သည်။
ထို့ကြောင့်ပင် သူက ဤမှော်ရတနာကို
မလိုအပ်သော အချိန်တွင် လုံးဝ
အသုံးမပြုခဲ့ခြင်း ဖြစ်၏။

သို့သော်လည်း ယခုအချိန်တွင်
မီးတောက်လေးခု ကြာပန်းနှင့်
တောက်လောင်နေသော ယင်ယန်မီးတောက်
ဝက်ပါတို့၏ ကြောက်မက်ဖွယ်ရာ
စွမ်းအားအောက်တွင် နတ်ဘုရား ခန္ဓာကိုယ်

ချပ်ဝတ်တန်ဆာ၏ ဒဏ်ရာဟောင်းက ပြန်လည်ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

"ပြန်လာစမ်း" ကျင်းပွဲမ်အမတ်၏ ခန္ဓာကိုယ် တစ်ခုလုံးမှ ကြက်သီးမွေးညင်းများ ထလာခဲ့ကာ ချွေးများ တစ်ဒီးဒီး ကျလာခဲ့၏။ သူသည် ငရဲပြည်၏ တံခါးဝသို့ ရောက်နေခဲ့ပြီ ဖြစ်သည်ကို ခံစားနေနိုင်ခဲ့သည်။

သူ၏အမိန့်ကြောင့် အင်မော်တယ် တော်ဝင်အလံနှင့် နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်တို့သည် သူတို့၏ လက်ရှိပြိုင်ဘက်များကို လျစ်လျူရှုထားကြကာ ကျင်းပွဲမ်အမတ်အား ကာကွယ်ရန်

ရောက်ရှိလာကြသည်။ ငရဲကမ္ဘာ ပင်လယ်
အက်ကွဲကြောင်း၏ ချုပ်နှောင်ခြင်းကို
ခံနေရသော မဟာရေခဲ
လမင်းပေတံသည်ပင်လျှင် ယခင်က
မကြုံဖူးသည့် စွမ်းအားမျိုးဖြင့် တုန်ခါလာခဲ့ကာ
အနှောင်အဖွဲ့မှ လွတ်မြောက်ရန်
ကြိုးစားနေခဲ့သည်။

အကြွင်းမဲ့မီးတောက် လေးခုအား
ပေါင်းစပ်ခြင်းသည် ရှောင်ယန်၏
မှော်စွမ်းအင်များကို အများအပြား
ကုန်ခမ်းစေခဲ့သည်။ သို့သော်လည်း သူသည်
တည်ငြိမ်အေးဆေးနေဆဲပင် ဖြစ်ကာ
ပြောလိုက်၏။ "ဒါက ဘာမှအသုံးမဝင်ဘူး။

ငါပြောထားပြီးသားပဲ၊ မင်းကို ဒီကနေ့မှာ
ကိုယ်တုံးလုံးဖြစ်သွားအောင် လုပ်ပစ်မယ်"

မူလက ခံစစ်အနေဖြင့်သာ ခုခံနေခဲ့သော
ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်သည်
စတင်၍ ပြောင်းလဲလာခဲ့သည်။ 'ရှီ'၊ 'တိုင်'၊ 'ချုံး'၊
'ရှ'နှင့် 'ဂူ' ဟူသော စာလုံးငါးလုံးတို့မှနေ၍
မျက်စိကျိန်းလောက်သော အလင်းတန်းတစ်ခုစီ
ပေါ်ထွက်လာခဲ့ကာ နတ်ဘုရား အလင်းတန်း
ငါးတန်းတို့သည် နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ်ကို စတင်တိုက်ခိုက်လိုက်၏။

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည်
ကယောက်ချောက်ချားနှင့် လွတ်မြောက်ရန်

ရုန်းကန်နေခဲ့သည်။ သူသည် လွန်စွာ
မလျင်မြန်သော်လည်း သူ၏
စွမ်းအားသက်သက်မှာ အင်မော်တယ်ဝိညာဉ်
အဆင့်တွင် ရှိနေပြီ ဖြစ်သည်။
အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်၏ ထိန်းချုပ်မှုကို မခံနေရသည့်
သန္ဓေလောင်း အဆင့်မှ မှော်ရတနာ တစ်ခုအား
ရင်ဆိုင်ရာတွင် ပြဿနာ မရှိသင့်ပေ။

သို့သော်လည်း ပလ္လင်ငါးပါး နတ်ဘုရား
အထိမ်းအမှတ်၏ စွမ်းအားများသည် အခြား
သန္ဓေလောင်း အဆင့်မှ မှော်ရတနာများထက်
များစွာပို၍ အထက်တန်းကျသည်။ သူသည်
သူ၏စွမ်းအား အကုန်လုံးအား ထုတ်ဖော်ခဲ့ကာ

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်အား ပြန်လည်တိုက်ခိုက်၍ ဖိနှိပ်ထားနိုင်ခဲ့သည်။

ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်၏ ပေါက်ကွဲလာသော တုံ့ပြန်တိုက်ခိုက်မှုသည် နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်အား အချိန်အနည်းငယ်မျှသာ နှောင့်နှေးအောင် လုပ်နိုင်ခဲ့သည်။ သို့သော်လည်း လျှမ်အန်းသည် အရေးပေါ် အခြေအနေသို့ ရောက်နေခဲ့ပြီ ဖြစ်၍ ဉာဏ်ခေတ္တမျှ ပိတ်ပင်တားဆီး နိုင်ခဲ့ခြင်းကြောင့် နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည် ကျင်းဟွမ်အမတ်အား အချိန်မီ လာမကူနိုင်ခဲ့ပေ။

အခြားတစ်ဘက်တွင် ရှောင်ကျန်းအာသည် ရှေးဟောင်းလျှပ်စီး ကျောက်စိမ်းနားဆွဲ၏ စွမ်းအားများအား အစွမ်းကုန် ထုတ်ဖော်လိုက်၍ မဟာယင် အထီးကျန် လျှပ်စီးကို အစွမ်းကုန် ထုတ်လွှတ်လိုက်သည်။ ဖြူဖျော့နေသော မိုးကြိုးလျှပ်စီး အလင်းတန်းများသည် တကယ့်ကို ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။

ရှောင်ကျန်းအာသည် သူမ၏ကိုယ်ပိုင် နန်းမင် အကြွင်းမဲ့ မီးတောက်အား ထုတ်ဖော်လိုက်ကာ ရှေးဟောင်း တော်ဝင်ခါးမြှောင်နှင့် ပေါင်းစပ်လိုက်သည်။ ထိုခါးမြှောင်သည် ရွှေရောင် အလင်းတန်း အဖြစ်သို့

ပြောင်းသွားခဲ့ကာ မဟာယင် အထီးကျန်
လျှပ်စီးနှင့် ပူးပေါင်းသွားခဲ့၍ အင်မော်တယ်
တော်ဝင်အလံ အပေါ်သို့ ပစ်ချလိုက်သည်။
မီးတောက်နှင့် လျှပ်စီးတို့၏ ကစဉ့်ကလျား
ပေါင်းစည်းမှုသည် အင်မော်တယ်
တော်ဝင်အလံအား ကျင်းဟွမ်အမတ်ကို အချိန်မီ
အကာအကွယ် မပေးနိုင်အောင်
ဖိအားပေးနိုင်ခဲ့သည်။

မဟာရေခဲ လမင်းပေတံ၏
အခြေအနေမှာလည်း သိပ်မကောင်းလှချေ။
သူသည် အားအင်များကို အစွမ်းကုန်
ထုတ်ဖော်ခဲ့၍ အပြင်းအထန်

ရှန်းကန်နေခဲ့သော်လည်း ငရဲကမ္ဘာ ပင်လယ် အက်ကွဲကြောင်းမှ မလွတ်မြောက်နိုင်ခဲ့ပေ။

သူသည် သံသယဖြစ်ဖွယ် မရှိပဲ လျှမ်အန်းထံသို့ အချိန်မီ လာရောက်ကူညီနိုင်လိမ့်မည် မဟုတ်ပေ။

"ရှောင်ယန်!" ကျင်းဟွမ်အမတ်သည် သူ၏ နှလုံးသားသည် မှောင်မည်းလှသော အသူရာ ချောက်နက်အတွင်းသို့ ကျဆင်းသွားသည်ဟု ခံစားလိုက်ရသည်။ သူသည် မီးတောက်လေးခု ကြာပန်းက သူ၏ခန္ဓာကိုယ် အပေါ်တွင် ပြင်းထန်စွာနှင့် ပေါက်ကွဲသွားခဲ့သည်ကို ကြည့်ရုံသာ ကြည့်နိုင်ခဲ့၏။

ခဏအကြာတွင် ကောင်းကင်နှင့်
မြေကြီးတို့သည် သူတို့၏ မူလ အခြေအနေသို့
ပြန်လည် ရောက်ရှိသွားခဲ့သည်။
အားလုံးတို့သည် တည်ငြိမ်စွာနှင့်
ငြိမ်သက်နေကြသည်။
အသံတစ်စက်ကလေးကိုမှ ကြားနေရခြင်း
မရှိချေ။ အားလုံးတို့သည် ခေတ္တမျှ ဘာမှ
မမြင်ရတော့ချေ။ မျက်စိတစ်မှိတ်လေး
အတွင်းတွင် နေ့မှနေ၍ ညသန်းကောင်ယံသို့
ပြောင်းလဲသွားသကဲ့သို့ ဖြစ်နေခဲ့သည်။

ဘေးပတ်ပတ်လည်မှ အသံ၊ အလင်းရောင်နှင့်
စိတ်ဝိညာဉ် စွမ်းအင်တို့သည် ပါးလျသော
လေထုအတွင်းသို့ ပျောက်ကွယ်သွားကြသည်။

ခေတ္တခဏမျှ
တည်ငြိမ်အေးဆေးသွားပြီးနောက်တွင်
ကောင်းကင်ပေါ်သို့ မာန်ဟုန်ပြင်းလှသော
မီးတောက်များက ထိုးတက်လာကြပြီး
ဟင်းလင်းပြင် ပတ်ပတ်လည်
မိုင်ပေါင်းတစ်ထောင်တို့သည်
မီးဟုန်းဟုန်းတောက်နေသော
ဆေးမီးဖိုတစ်ခုကဲ့သို့ ဖြစ်သွားခဲ့သည်။

စစ်မြေပြင်၏ အောက်ဘက်မှ
ပင်လယ်တစ်ပြင်လုံးသည် အငွေ့ပျံသွားကြ၏။
အချိန်သည် ရပ်တန့်သွားသကဲ့သို့ ဖြစ်သွားခဲ့ကာ
သမုဒ္ဒရာကြီးသည် မြေပြင်တစ်ခုကဲ့သို့
ဖြစ်သွားခဲ့၍ အောက်ဘက်တွင် ရောမ
ချိုင့်ဝှမ်းကြီး တစ်ခုက ပေါ်လာခဲ့သည်။

သို့သော်လည်း ပင်လယ်ရေများက
လျှင်မြန်စွာနှင့် ပြန်လည် ကျဆင်းလာခဲ့ကာ
ထိုချိုင့်ဝှမ်း အတွင်းသို့ ပြန်ဖြည့်ပေးခဲ့သည်။

တည်ငြိမ်အေးချမ်းနေသော
ပင်လယ်ပြင်ကြီးသည် အော်မြည်နေသော
ဝဲသြဃတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့ကာ

လေဆင်နှာမောင်းများက တိုက်ခတ်လာခဲ့၍
ရောမ လှိုင်းလုံးကြီးများ ပေါ်လာခဲ့သည်။
ကြောက်မက်ဖွယ်ရာ ဒီရေလှိုင်းလုံးကြီးများက
အချင်းချင်း အဆက်မပြတ်
ရိုက်ခတ်နေကြသည်။

ဤကဲ့သို့သော ကပ်ဘေးကြီးကြောင့်
ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင်
အများအပြားတို့သည် တုန်ခါကာ
မြင်ကွင်းများအတွင်းတွင် ပေါ်လာကြ၏။

ကျင်းဟွမ်အမတ်သည် ထိုပေါက်ကွဲမှုကြီး၏
အလယ်ဗဟိုချက်တွင် ရှိနေခဲ့သူ ဖြစ်သည်။
သူသည် မီးတောက်လေးခု ကြာပန်း၏

တိုက်ခိုက်မှုကို တိုက်ရိုက်ခံခဲ့ရ၍
နားကွဲလုမတတ် ကြောက်မက်ဖွယ်ရာ
ဟိန်းဟောက်သံကြီး တစ်ခုအား
ထုတ်လွှတ်လိုက်သည်။

သူ၏ခန္ဓာကိုယ်အား လွှမ်းခြုံပေးထားခဲ့သော
အစွမ်းထက်သည့် နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာသည် ယခင်ကကဲ့သို့
ရွှေရောင်အလင်းရောင်များ မရှိတော့ချေ။ သူ၏
ရင်ဘက်မှ အကာအကွယ်
ကြေးမုံဝိုင်းလေးသည် လုံးဝ ကွဲကြေသွားခဲ့၏။

သူ၏ ရင်ဘတ်အလယ်မှ ဒဏ်ရာသည်
ပြန်လည်ကုစား၍ မရခဲ့ပဲ အကက်ကွဲကြောင်းသည်
ပို၍ပို၍ ကြီးမားလာခဲ့၏။

ချပ်ဝတ်တန်ဆာ၏ အကာအကွယ်
ကျိုးပေါက်သွားခြင်းမှာ ရင်ဘတ်နေရာတွင်သာ
မကပေ။ မှော်ရတနာ တစ်ခုလုံး၏ စွမ်းအား
သဘောတရား တစ်ခုလုံးသည်
ပျောက်ကွယ်လုနီးပါး ဖြစ်သွားခဲ့သည်။
ရွှေရောင် ချပ်ဝတ်တန်ဆာကလည်း
တစ်စစီအဖြစ်သို့ ကြေမွပျက်စီးသွားခဲ့သည်။

ဒါသည် ဘောလုံးတစ်လုံးနှင့် တူနေသည်။
ဘောလုံးမှ အပေါက်တစ်ပေါက်သည်ပင်

အတွင်းမှ လေများအားလုံးကို အပြင်သို့
ထွက်စေနိုင်ခဲ့သည်။ ကျန်နေခဲ့သည်မှာ
အသုံးမဝင်တော့သော အရေခွံအလွှာပင် ဖြစ်၏။

လျှမ်အန်းအား ပိုမို ချောက်ချားစေခဲ့သည်မှာ
ဒါသည် အစပိုင်းသာ ရှိသေးခြင်း ဖြစ်သည်။

မီးတောက်လေးခု ကြာပန်း၏
ပေါက်ကွဲခြင်းသည် ဤတွင်
ရပ်တန့်မသွားခဲ့ပေ။ သူသည်
တောက်လောင်နေသော ယင်ယန်ကောင်းကင်
ဝက်ပါကိုပါ ဆက်လက်၍ ပေါက်ကွဲစေခဲ့သည်။

"ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း၊ ဘုန်း"
ပေါက်ကွဲသံများသည် တစ်ခုပြီးတစ်ခု
ပေါ်လာခဲ့ကာ ဝက်ပေါ်၏ တစ်လက်မစီတိုင်းမှ
ယင်နှင့်ယန်တို့၏ တွန့်လိမ်နေသောလည်း
ကြီးမားလှသည့် စွမ်းအားများသည်
နဂိုကတည်းက ကြေမွနေခဲ့ပြီ ဖြစ်သော
အစွန်းရောက် ဧကရာဇ်၏ နတ်ဘုရား
ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာအား
ထပ်မံတိုက်ခိုက်ခဲ့သည်။

ရှောင်ယန်သည် အခွံမာသီး တစ်ခု၏
အလွန်မာသော ပြင်ပအခွံအား ထုရိုက်နေသူနှင့်
တူနေ၏။ တစ်ယောက်သည် အက်ကွဲကြောင်း
တစ်ခုပေါ်လာစေရန် တူဖြင့် အဆက်မပြတ်

ထုရိုက်ရမည် ဖြစ်၏။ သို့သော်လည်း ချပ်ဝတ်တန်ဆာတွင် အက်ကွဲကြောင်း တစ်ခုက စတင်ပေါ်ပေါက်လာခဲ့သောအခါ သူသည် နဂိုမူလ ခံစစ်အခြေအနေမျိုးကို ဘယ်တော့မှ ပြန်မရတော့ချေ။

ပြီးတာနှင့် သူသည် ဂျုံကြိတ်စက်ကဲ့သို့ စွမ်းအားများကို အဆက်မပြတ် အသုံးချကာ အခွံမရှိတော့သော အသီးအား အမှုန့်များအဖြစ်သို့ ကြိတ်ခြေလိုက်မည် ဖြစ်သည်။

သူသည် ကျင်းဟွမ်အမတ်အား လုံးဝ သနားညှာတာမှု မထားခဲ့ပေ။

တောက်လောင်နေသော ယင်ယန်ကောင်းကင်
ဝက်ပါသည့် ပေါက်ကွဲသွားခဲ့သောအခါ
ကြီးမားလှသော စွမ်းအားဖြင့် နတ်ဘုရား
ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ ရင်ဘတ်နေရာမှ
နဂိုရှိနေပြီးဖြစ်သော ဒဏ်ရာဟောင်းကို
ဆွဲဖြဲခဲ့ကာ နှစ်ခြမ်းပိုင်းလိုက်သည်။

ဘေးမှ ကြည့်နေသူများသည် ဤအံ့သြဖွယ်ရာ
မြင်ကွင်းကို အံ့သြတကြီးဖြင့် ကြည့်နေကြ၏။
အားလုံးတို့သည် တစ်ကိုယ်လုံးမှ အမွေးများ
ထောင်လာသကဲ့သို့ ခံစားနေခဲ့ရသည်။
အထူးသဖြင့် ရှောင်ကျန်းအာနှင့် ယန်ချင်တို့မှ

ကြက်သေသေနေကြ၍ ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ပြီးပြည့်စုံခြင်း မရှိသေးသော မှော်ရတနာ တစ်ခုဖြစ်၏။ သူသည် ဒဏ်ရာ အပြင်းအထန် ရရှိထားခဲ့၍ သူ၏ စွမ်းအားများမှာ များစွာကျဆင်းသွားခဲ့သည်။ ကျင်းပွမ်အမတ်၏ နှစ်ပေါင်းများစွာ ပြန်လည်ပြုပြင်မှုကြောင့်သာ ရင်ဘတ်နေရာမှ အက်ကွဲကြောင်း ဒဏ်ရာကို ပိတ်ဆို့နိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ကြမ္မာပန်းတိုင် အဆင့်သို့
ရောက်ရှိနိုင်စွမ်းရှိသော မှော်ရတနာ
တစ်ပါးသည် ယနေ့တွင် လုံးဝကို တစ်စစီ
ဖြစ်သွားခဲ့သည့်အချက်ကိုမူ ဖုံးကွယ်၍
ရနိုင်တော့မည် မဟုတ်ပေ။

အစွန်းရောက် ကေရာဇ်၏ နတ်ဘုရား
ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာအား
ဖျက်ဆီးခဲ့သောသူသည် အံ့သြဖွယ်
ကောင်းလှစွာပင် အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် ဖြစ်နေသည်။

တောက်လောင်နေသော ယင်ယန်ကောင်းကင်
ဝင်္ကပါ၏ ပေါက်ကွဲမှုသည် မီးတောက်လေးခု
ကြာပန်းလောက် မပြင်းထန်နေသော်လည်း
သူသည် အချိန်ပို၍ ကြာမြင့်စွာ ပိုခံနိုင်သည်။

အချင်းချင်း ရိုက်ခတ်နေသော
ဒီရေလှိုင်းလုံးကြီးများမှာ သူတို့၏ အပေါ်မှ
တောက်လောင်နေသော မီးတောက်များကြောင့်
အငွေ့ပျံကုန်ကြသည်။ ကျန်နေသေးသော
ပင်လယ်ရေများသည် ဆူပွက်နေခဲ့ကာ
ရေခိုးငွေ့များ သည် ယင်ပင်လယ်၏ အပေါ်မှ
အဖြူရောင် တိမ်တိုက်မြူခိုးငွေ့များကို
ပိုမိုထူထပ်စေခဲ့သည်။ အားလုံးတို့သည်

မျက်စိကျိန်းစေခဲ့သော အဖြူရောင် လွင်ပြင်ကြီး
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရှောင်ယန်၏ တိုက်ခိုက်မှု နှစ်ခုသည်
တစ်ခုပြီးတစ်ခု ပေါက်ကွဲသွားခဲ့ကာ
ကောင်းကင်ကို တောက်လောင်စေခဲ့၍
ပင်လယ်ကို လောင်ကျွမ်းစေခဲ့သည်။

သို့သော်လည်း ထိုအချိန်တွင် ဟင်းလင်းပြင်၏
အလွန်မှ ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများ
ပေါ်လာခဲ့၍ ကြာပန်းပလ္လင်အပေါ်မှ
ဗုဒ္ဓရုပ်ပွားတော် တစ်ဆူက
ပေါ်ပေါက်လာခဲ့သည်။

ကြာပန်းပလ္လင်၏ အရှေ့တွင် လမင်းဘီးများက လည်ပတ်နေ၍ မြင်းရှစ်ကောင်က ဆွဲထားခဲ့သည်။ ဗုဒ္ဓ၏ ညာလက်တွင် ရတနာ ပုတီးလုံးများကို ကိုင်ထား၍ ဘယ်လက်တွင် ခေါင်းလောင်းတစ်ခုအား ကိုင်ထားခဲ့သည်။ သူသည် ရတ်နာဆန်ဘာဗာ ဗုဒ္ဓပုံစံကို ဖော်ပြနေခဲ့၏။

ထိုဗုဒ္ဓပုံစံ ပေါ်လာသောအခါ ယန့်မင်းရှဲ့သည် ရယ်မောလိုက်ကာ ပြောလိုက်သည်။ "ရှင့်ရဲ့ သည်းခံနိုင်မှုက ကုန်ဆုံးသွားပြီ ဆိုတော့ နောက်ဆုံးမှာ ထွက်လာခဲ့ပြီပေါ့။ နှမြောစရာ ကောင်းတာက ဒါဟာ ရှင့်ရဲ့ ကိုယ်ပွား

တစ်ခုသာ ဖြစ်သာကြောင့် ဒီလူကို ကယ်လို့မရနိုင်ဘူး"

သူမသည် ကောင်းကင်တောင်ဝင် ကျောက်စိမ်းကို ထုတ်လိုက်ရာ အဖြူရောင် တိမ်တိုက်များသည် အလိပ်လိုက် တက်လာခဲ့ပြီး နတ်ဘုရား နန်းတော် တစ်ခုသည် မည်သည့်နေရာမှ ပေါ်လာမှန်းမသိ ပေါ်လာခဲ့၍ ရတ်နာဆန်ဘာဗာ ဗုဒ္ဓ၏ မှော်ခန္ဓာကိုယ်အား တားဆီးထားလိုက်သည်။

ရတ်နာဆန်ဘာဗာ ဗုဒ္ဓခန္ဓာကိုယ်၏ အောက်တွင် ရဟန်းငယ် တစ်ပါးသည် ထိုင်နေခဲ့သည်။ သူ၏ မျက်နှာပေါ်တွင်

နွေးထွေးသော အပြုံးတစ်ခုအား တွေ့နိုင်၍ ယန့်မင်းရွှဲ့အား ခေါင်းခါပြလိုက်သည်။

"ကောင်းကင်တော်ဝင် ကျောက်စိမ်း.. ဟင့်.. ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ကောင်းကင်တံခါးဂိုဏ်းတို့ဟာ အတိတ်ကာလတုံးက ကောင်းကင်ကိုးလွှာနဲ့ ပတ်သတ်ပြီး ပဋိပက္ခတွေ ဖြစ်ခဲ့ကြတယ်။ ဒီကနေ့မှာ ဟင်းလင်းပြင် ဘုရားကျောင်းက ကောင်းကင်တော်ဝင် ကျောက်စိမ်းကို အသုံးပြုဖို့ ဆန္ဒရှိနေခဲ့တော့ ကမ္ဘာကြီးရဲ့ ကံကြမ္မာဟာ တကယ်ကိုပဲ ခန့်မှန်းရ ခက်ခဲသွားခဲ့ပြီ"

သူ၏အသံသည် နက်ရှိုင်း၍ ညင်သာကာ သူ၏ ခန္ဓာကိုယ်သည် မြင်ကွင်းအတွင်းမှနေ၍ ပျောက်ကွယ်သွားခဲ့၏။ သူ၏ အသံသည်လည်း ချက်ချင်းပင် တိတ်ဆိတ်သွားခဲ့ကာ ရတ်နာဆန်ဘာဗာ ဗုဒ္ဓ ခန္ဓာကိုယ်သည် ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ထိုရဟန်းငယ် ထွက်ခွာသွားသည်ကို မြင်လိုက်ရသောအခါ မီးတောက်ပင်လယ် အတွင်းတွင် နက်ရှိုင်းစွာ နစ်မြှုပ်နေခဲ့သော ကျင်းဟွမ်အမတ်သည် တုန်လှုပ်ချောက်ချားသွားခဲ့သည်။

ဤကြောက်ရွံ့မှု၏ အရင်းအမြစ်သည်
ထိုရဟန်းငယ်က သူ့အား သေစေရန်
ပစ်ထားခဲ့ခြင်းကြောင့် မဟုတ်ပေ။ သူသည်
အရေးကြီးသော အရာတစ်ခုကို ချက်ချင်း
သဘောပေါက်သွားသောကြောင့် ဖြစ်သည်။

ပြဿနာမှ သူသည် တွေးတော စဉ်းစားရန်
အချိန်သိပ်မရှိတော့သောကြောင့် ဖြစ်သည်။
မီးတောက်များသည် ဤအချိန်တွင် နတ်ဘုရား
ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာအား လုံးဝ
လောင်ကျွမ်းခဲ့လိုက်ပြီ ဖြစ်၏။

သူ၏ ရုပ်ခန္ဓာကိုယ်သည်
အကြွင်းမဲ့မီးတောက်များ၏ မီးဖိုအတွင်းတွင်

တဖြည်းဖြည်း အရည်ပျော်နေသော ဗဂျရာ
တစ်ပါးကဲ့သို့ မလှုပ်မရှားနိုင်ခဲ့ပေ။

သူ၏ နာကျင်နေသော အောင်ဟာစ်သံသည်
ကောင်းကင်အကြားတွင် ပဲ့တင်ရိုက်နေခဲ့သည်။
"ရှောင်ယန်…"

ခဏအကြာတွင် သွေးများနှင့်
ရောယှက်နေသော စိတ်ဝိညာဉ် စွမ်းအင်
တစ်တန်းသည် လေအပေါ်သို့
ထိုးတက်လာခဲ့သည်။ သူသည် အစိမ်းရောင်
မီးခိုးငွေ့များအဖြစ် ပြောင်းလဲသွားခဲ့ကာ
လေထုအထဲတွင် လွင့်ပြယ်သွားခဲ့သည်။

ကျင်းဟွမ်အမတ်သည် အစိမ်းသရဲ
ရုပ်ထုတစ်ခုကဲ့သို့ မီးတောက်ပင်လယ်
အကြားတွင် မတ်မတ်ရပ်နေခဲ့၏။ သူ၏
ခန္ဓာကိုယ်သည် အပိုင်းအစများစွာ အဖြစ်သို့
ရိုက်အခွဲ ခံခဲ့ရသော ကြွေပန်းအိုး
တစ်လုံးအတိုင်း ဖြစ်နေခဲ့သည်။

အရှေ့ပင်လယ်နှင့် လွန်စွာဝေးကွာသည့်
ယင်ပင်လယ် ပြင်ပမှ နတ်ဘုရား နယ်မြေ
အတွင်းမှ မဟာချင် အင်ပါယာနှင့် မဟာကျိုး
အင်ပါယာတို့၏ နယ်စပ်အကြားတွင် စစ်စခန်း
တစ်ခုရှိသည်။ အဖြူရောင်
ကိုယ်ကျပ်ဝတ်စုံအား ဝတ်ဆင်ထားသော

ရွှေရောင်ဗဟိုချက် အဆင့်မှ
လူငယ်တစ်ယောက်သည် ဒွာရကိုးပေါက်မှ
သွေးများ စီးကျလာခဲ့ကာ အနောက်သို့
လဲကျသွားခဲ့သည်။

သူ၏အနားတွင် ဝန်းရံနေကြသော
အစောင့်တို့မှာ ကြောက်ရွံ့တုန်လှုပ်စွာနှင့်
မလှုပ်ရှားရဲကြပေ။ တစ်ယောက်ကမှ သူတို့
မဟာဗိုလ်ချုပ်၏ ကိုယ်ပွားသည်
အဘယ်ကြောင့် ရုတ်တရက်
လဲပြိုသွားခဲ့သည်ကို မသိခဲ့ကြပေ။

တစ်ချိန်တည်းတွင်ပင် လျှမ်အန်း၏
ကိုယ်ပွားနောက်တစ်ယောက်သည်

တောင်တန်းတစ်ခု၏ အလယ်မှ
စံအိမ်အတွင်းတွင် ထိုင်နေခဲ့၏။
ထိုကိုယ်ပွားသည် ရှည်လျားသော အဖြူရောင်
ဝတ်စုံကို ဝတ်ဆင်ထား၍ စူးရှစွာဖြင့်
အော်ဟစ်လိုက်ကာ သူ၏ မျက်လုံးများသည်
အသက်မရှိတော့ပဲ တစ်ကိုယ်လုံးသည်
သစ်သားရုပ်ကဲ့သို့ တောင့်တင်းသွားခဲ့သည်။

လေပြင်းတစ်ချက်သည် ဝေ့သွားခဲ့ကာ
အဖြူရောင် စာသင်သား ပုံစံနှင့် ကိုယ်ပွားသည်
မြေပြင်ပေါ်သို့ ကျသွားခဲ့၏။

ကျင်းဟွမ်အမတ်သည် အင်မော်တယ်ဝိညာဉ်
အဆင့်သို့ မရောက်ခဲ့သေးပဲ လုံးဝ

ပျက်စီးသွားခဲ့ပြီ ဖြစ်သဖြင့် သူ၏
ကိုယ်ပွားများသည်လည်း သူနှင့်အတူ လိုက်ပါ
ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်။

ရှောင်ယန်နှင့် တိုက်ပွဲတွင်
ကျင်းဟွမ်အမတ်သည် ဘာမှ
မကျန်ရစ်သည်အထိ အကြွင်းမဲ့
ပျက်သုန်းသွားခဲ့ပြီ ဖြစ်သည်။

## စာစဥ် ၃၉ : အပိုင်း ၆

## အပိုင်း ၇၃၆ : စစ်ပွဲ၏ အကျိုးအမြတ်များ

ကျင်းဟွမ်အမတ်၏ ထိန်းချုပ်မှု
မရှိတော့သောအခါ အင်မော်တယ်
တော်ဝင်အလံ၊ နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ်နှင့် မဟာရေခဲ လမင်းပေတံတို့သည်
ခေတ္တမျှ ရုပ်တန့်သွားခဲ့ကာ သားရဲတို့၏ လက်မှ
ထွက်ပြေးနေကြသော သားကောင်များကဲ့သို့
အရပ်မျက်နှာ အသီးသီးသို့
ထွက်ပြေးသွားကြသည်။

ရှောင်ကျန်းအာနှင့် ကျန်သောသူများသည်
ခြေတစ်လှမ်း ပိုစောနေကြကာ အစွမ်းကုန်
ကြိုးစား၍ ထိုမှော်ရတနာများကို
ဖိနှိပ်ခဲ့ကြသည်။

ကျောင်းဟွမ်အမတ်၏ လက်အောက်မှ
ကျင့်ကြံသူများသည် ကြွက်များကဲ့သို့ နေရာအနှံ့
ထွက်ပြေးသွားကြ၏။ မည်သူကမှလည်း
သူတို့အား အမှုမထားခဲ့ကြပေ။

ယန့်မင်းရွှဲ့သည် တောက်ပစွာနှင့် ပြုံးလိုက်ကာ
အဖြူနှင့် အနက်ရောင် မှော်စွမ်းအင်
စီးကြောင်းများက ထွက်လာခဲ့ကာ
ကျန်သောသူများ၏ အင်မော်တယ်
တော်ဝင်အလံနှင့် ကျန်သော
မှော်ရတနာများအား ဖမ်းဆီးနေခြင်းကို
ကူညီခဲ့လိုက်သည်။

ရှောင်ယန်သည် ရှောင်ခြည်နတ်ဆိုး
အခေါ်ဗာရှင်ဓားအား ပြန်လည်
သိမ်းဆည်းလိုက်ကာ ပလ္လင်ငါးပါး နတ်ဘုရား
အထိမ်းအမှတ်သည် သူ၏ခေါင်းပေါ်သို့
ပြန်လည် ရောက်ရှိလာခဲ့၍ သူ၏
ရောင်စဥ်ငါးမျိုး ရတနာ အလင်းတန်းဖြင့်
သူ့အား လွှမ်းခြုံထားခဲ့သည်။

ရှောင်ယန်သည် ဤတိုက်ပွဲအပြီးတွင်
အားအင်ကုန်ခမ်းသွားခဲ့၍ ဒူးများပင်
ခွေနေခဲ့သည်။ သို့သော်လည်း ပလ္လင်ငါးပါး
နတ်ဘုရား အထိမ်းအမှတ်က သူ့အား
မပြိုလဲသွားစေရန် ထောက်မပေးထားခဲ့ကာ
သူ၏ ကိုယ်ပိုင် မီးတောက်ပင်လယ် အတွင်းသို့

ကံဆိုးစွာဖြင့် ပြုတ်မကျသွားအောင် ကာကွယ်ပေးထားခဲ့၏။ မဟုတ်လို့ရှိလျှင် လုံးဝကို ဝမ်းနည်းစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သွားခဲ့မည် ဖြစ်သည်။

ဤတိုက်ပွဲသည် ကျင်းဟွမ်အမတ်အား ဘာမှ မကျန်ရစ်တော့သည့်အထိ ဖျက်ဆီးခဲ့သည်နှင့် တူနေခဲ့၏။ အင်မော်တယ် တော်ဝင်အလံ၊ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်နှင့် မဟာရေခဲ လမင်းပေတံနှင့် အစွန်းရောက် ကေရာဇ်၏ နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာကပင် သူ၏ခန္ဓာကိုယ်အပေါ်မှ ချွတ်ခြင်းကို ခံခဲ့ရသည်။

သို့သော်လည်း ရှောင်ယန်သည် သတိများကို လျှော့ခဲ့ခြင်း မရှိခဲ့သေးပေ။ သူသည် ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်စေရန် ကြိုးစားလိုက်၍ ယန့်မင်းရွှဲ့ထံသို့ လှည့်လိုက်သည်။ "ခင်ဗျားစိတ်ထဲမှာ ဘာတွေရှိသလဲ"

ယန့်မင်းရွှဲ့၏ ကောင်းကင်တော်ဝင် ကျောက်စိမ်းသည် အဖြူရောင် စွမ်းအင်အဖြစ်သို့ ပြောင်းသွားခဲ့ကာ နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်အား ဖုံးလွှမ်းသွားခဲ့သည်။ သူမသည် ရေခဲ အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သော ထွင်းဖောက်မြင်နေရသော သလင်းကျောက်နှင့်

တူသည့် အဖြူရောင်
ပေတံတစ်ချောင်းအားလည်း ကိုင်ထားခဲ့၏။

အခြားတစ်ဘက်တွင် ရှောင်ကျန်းအာသည်
ရှေးဟောင်း တော်ဝင်ဓားမြှောင်နှင့်
ရှေးဟောင်းလျှပ်စီး ကျောက်စိမ်းနားဆွဲအား
အသုံးပြုကာ အင်မော်တယ် တော်ဝင်အလံအား
ဖိနှိပ်ခဲ့၍ ရှောင်ယန်၏ဘေးသို့ ပြန်လာခဲ့သည်။
ယန်ချင်၊ ကွေ့နွားဘုရင်နှင့် စိတ်ဝိညာဉ် ရေနဂါး
ဘုရင်တို့သည် ရှောင်ယန်အနားသို့
ရောက်လာခဲ့၍ အားလုံးတို့သည်
ယန့်မင်းရွှဲ့ထံသို့ လှမ်းကြည့်လိုက်ကြသည်။

ယန့်မင်းရွဲ့သည် နွေးထွေးစွာ ပြုံးလိုက်၍ ပြောလိုက်သည်။ "ငါကမင်းတို့ကို အန္တရာယ် မပေးပါဘူး။ ငါက နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်နဲ့ မဟာရေခဲ လမင်းပေတံတို့ကို အခုအချိန်မှာ ကူညီပြီး ထိန်းသိမ်းထားပေးတာပါ။ ဒီရတနာတွေက မင်းပိုင်ဆိုင်တာဖြစ်ပြီး ငါက ငါ့အတွက် ယူဆောင်ဖို့ ရည်ရွယ်ချက် မရှိပါဘူး"

ရှောင်ယန်သည် သူမအား စိုက်ကြည့်လိုက်ကာ သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ဒီလိုဆိုရင်တော့ ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ရမှာပေါ့"

ပြီးတာနှင့် သူသည် သူ၏ သိုလှောင်အိတ်ကို ထုတ်လိုက်ရာ အတွင်းမှနေ၍ သစ်တုံးကြီး တစ်တုံးက ထွက်လာခဲ့၏။ သူ၏ ပင်စည်သည် မယုံနိုင်လောက်အောင် ကြီးမားကာ သိပ်သည်းလှသည့် စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ပြည့်ဝနေခဲ့သည်။

ရှောင်ယန်သည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ စိတ်ဝိညာဉ် စွမ်းအင်များစွာတို့ကို သူ၏ ခန္ဓာကိုယ် အတွင်းသို့ စုပ်ယူလိုက်သည်။ သူ၏ နွမ်းနယ်မှုးဝေနေမှုများသည် လျှင်မြန်စွာနှင့်ပင် သက်သာသွားခဲ့သည်။

ပင်ပန်းမှုကြောင့် ပြိုလဲလုမတတ် ဖြစ်နေခဲ့သော ရှောင်ယန်သည် အကောင်းဆုံး အခြေအနေသို့ ပြန်ရောက်ရန် အချိန်အနည်းငယ်သာ လိုအပ်ခဲ့သည်။

ကျင်းဟွမ်အမတ်နှင့် ရှောင်ယန်တို့၏ သမိုင်းဝင် တိုက်ပွဲတွင် သူ၏ နည်းစနစ်နှင့် မှော်စွမ်းအင်များကို အဆုံးစွန် သုံးစွဲခဲ့ရသည်။ ဤနိုင်ပွဲကြောင့် သူသည် ဉာဏ်အလင်းပွင့်သွားခဲ့ကာ သူ၏ စွမ်းအားများသည် တိုးတက်လာခဲ့ပြီး တိမ်တိုက်တောအုပ် သစ်ပင်၏ ပင်စည်မှနေ၍ စိတ်ဝိညာဥ် စွမ်းအင်များကို ဆက်လက်၍ စုပ်ယူနေခဲ့သည်။

သစ်ပင်၏ ကြီးမားလှသည့် ပင်စည်သည် ဘာမှမပါသည့် မျက်စိနှင့် ကြည့်လျှင်ပင် သိသိသာသာကြီးကို ကျုံ့ဝင်လာခဲ့၏။

ရှောင်ယန်၏ ခေါင်းပေါ်မှနေ၍ ကြည်လင်သော အလင်းတန်းတစ်ခု ပေါ်လာခဲ့ကာ ပုံရိပ်တစ်ခုက ပေါ်လာခဲ့၏။ ဒါသည် ဆယ်နှစ်သာသာသာ ရှိသေးသည့် ရှောင်ယန်၏ ပုံရိပ်ဖြစ်သည်။

ဤအချိန်တွင် ရှောင်ယန်သည် သူတစ်သက်တာ လေ့ကျင့်ခဲ့သည့် နည်းစနစ်နှင့် စွမ်းရည်များကို အသေအချာ စဉ်းစားသုံးသပ်နေခဲ့သည်။

သူသည် ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်၊ သန့်စင်သောယန် အကြွင်းမဲ့မီးတောက်၊ မဟာသူရိယ အကြွင်းမဲ့ မီးတောက်၊ နန်းမင် အကြွင်းမဲ့ မီးတောက်နှင့် ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့အား ထုတ်ဖော်လိုက်၍ သူတို့အား ကုန်ကြမ်းအဖြစ် အသုံးချလိုက်ကာ သူ၏ ခေါင်းပေါ်မှ နောက်ထပ် လူသားပုံရိပ် တစ်ခုအား ထုတ်ဖော်လိုက်၏။

အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ပုံရိပ်များက ထွက်ပေါ်လာကာ ထိုရောမ ပုံရိပ်ကြီး၏ ခြေလက်ရှစ်ချောင်း ဖြစ်သွားခဲ့၏။

သန့်စင်သောယန် အကြွင်းမဲ့မီးတောက်သည်
ဤဘီလူကြီး၏ ကိုယ်ပိုင်း ဖြစ်သွားခဲ့သည်။

အခြား အကြွင်းမဲ့မီးတောက် လေးမျိုးတို့သည်
ခေါင်းတစ်ခု ပုံစံသို့ အသီးသီး
ပြောင်းသွားခဲ့သည်။

ငရဲပြည်က ရောင်ခြည်နတ်ဆိုး မီးတောက်ဖြင့်
ဖွဲ့စည်းထားသော ခေါင်းသည် ခရမ်းပြာရောင်
ဖြစ်နေကာ ကြီးစိုးလွှမ်းမိုးနိုင်၍
နားကွဲလုမတတ် ဟိန်းဟောက်သံတစ်ခုအား
ထုတ်လွှတ်လိုက်သည်။

မဟာသုရိယ အကြွင်းမဲ့ မီးတောက်သည်
သန့်စင်သော ရွှေရောင်ခေါင်းအဖြစ်သို့
ပြောင်းသွား၍ နေမင်းအား ဘာမှမပါသော
မျက်လုံးဖြင့် ကြည့်နေရသကဲ့သို့
မျက်စိကျိန်းလောက်ပေသည်။
ကျန်သောသူများကလည်း သူတို့၏
အကြည့်များကို လွှဲလိုက်ရ၏။

နန်းမင် အကြွင်းမဲ့ မီးတောက်ဖြင့်
ဖွဲ့စည်းထားသော ရွှေရောင်ခေါင်းသည် အနီနှင့်
အပြာရောင်များကို ထုတ်လွှတ်နေသော
မျက်လုံးအစုံကို ပိုင်ဆိုင်ထား၏။

ကောင်းကင်ကမ္ဘာဖျက် မီးတောက်သည် လွန်စွာ မည်းနက်နေသော အနက်ရောင် စွမ်းအင်များကို ထုတ်လွှတ်နေ၍ သူ၏ မျက်နှာသွင်ပြင်များကိုပင် ရှင်းလင်းစွာ မမြင်နိုင်ခဲ့ပေ။

ဘီလူးကြီး၏ ခေါင်းများအားလုံးက စတင်ဟိန်းဟောက်လိုက်ကြကာ လက်ရှစ်ဘက်တို့ကလည်း ဝှေ့ယမ်းနေကြသည်။ ကောင်းကင်ပေါ်မှ တိမ်တိုက်များသည် ရွေ့လျားသွားကြ၍ လွှမ်းမိုးနိုင်စွမ်းရှိသော ဘီလူးကြီးသည် ကြောက်မက်ဖွယ်ရာ အော်ရာများကို

ထုတ်လွှတ်နေ၍ ဟင်းလင်းပြင် အတွင်းတွင်
ရပ်နေခဲ့သည်။

ရှောင်ယန်သည် ကျင်းဟွမ်အမတ်နှင့်
တိုက်ပွဲအပြီးတွင် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်သို့ တက်လှမ်းသွားနိုင်ခဲ့ကာ
သူ၏ စကြာဝဠာ ပုံသဏ္ဍာန်အား
ဖန်ဆင်းနိုင်ခဲ့ခြင်း ဖြစ်သည်။

စကြာဝဠာ ပုံသဏ္ဍာန်၏အောက်တွင်
ရှောင်ယန်၏ အခြေတည်ဝိညာဉ်သည် ၁၁နှစ်၊
၁၂နှစ် အရွယ်သို့ ပြောင်းသွားခဲ့သည်။
ဒါသည်လည်း သူက အခြေတည်ဝိညာဉ်

နောက်ဆုံး အဆင့်သို့ တက်လှမ်းသွားနိုင်သည့်
လက္ခဏာတစ်ခု ဖြစ်သည်။

သူ၏ အခြေတည်ဝိညာဉ်သည် ဖြည်းဖြည်းချင်း
သူ၏ခေါင်းအတွင်းသို့ ပြန်ဝင်သွားခဲ့သည်။
ယန့်မင်းရွဲ့သည် အရာအားလုံးကို
စောင့်ကြည့်နေခဲ့ရင်း ဖွဖွလေး ပြုံးလိုက်ကာ
နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်နှင့်
မဟာရေခဲ လမင်းပေတံအား
တစ်ချိန်တည်းတွင် ပြန်လွှတ်လိုက်သည်။

ဤရတနာနှစ်ပါးတို့သည် ထပ်မံ၍
ထွက်ပြေးချင်နေကြသည်။ သို့သော်လည်း
ရှောင်ယန်သည် ပြင်ဆင်ထားပြီးဖြစ်၍ သူ၏

မျက်လုံးများကို ပင့်လိုက်၏။ သူသည်
မဟာရေခဲ လမင်းပေတံအား ဖိနှိပ်ရန်
ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်အား
မလိုတော့ပေ။ သူ၏ စကြာဝဠာ ပုံသဏ္ဍာန်မှ
လက်ရှစ်ချောင်းတို့သည် အပြင်သို့
ဆန့်တန်းလိုက်ကာ နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ်ကို တစ်ချိန်တည်းတွင်
ဖမ်းချုပ်လိုက်၏။

နတ်ဘုရား သတ်ဖြတ်သူ ရုပ်သေးရုပ်သည်
ရှောင်ယန်၏ လက်များအတွင်းတွင်
ရုန်းကန်နေခဲ့သည်။ စကြာဝဠာ ပုံသဏ္ဍာန်သည်
ဟိန်းဟောက်လိုက်ရာ နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ် အတွင်းမှ

မီးခိုးငွေ့များထွက်လာခဲ့ပြီး သူ၏
စိတ်ဝိညာဉ်သည် အကြီးအကျယ်
ထိခိုက်သွားခဲ့သည်။

ယန့်မင်းရွှဲ့သည် ထပ်မံပြုံးလိုက်ကာ
ပြောလိုက်သည်။ "ကြောက်စရာပဲ။ နတ်ဘုရား
သတ်ဖြတ်သူ ရုပ်သေးရုပ်က အင်မော်တယ်
ဝိညာဉ် အဆင့်က ကျင့်ကြံသူလို့
ပြောလို့မရပေမဲ့ ဒီအဆင့်နဲ့ သိပ်မကွာဘူး။
မင်းက မင်းရဲ့ စကြာဝဠာ ပုံသဏ္ဍာန်နဲ့တင်
ဖိနှိပ်ထားနိုင်ခဲ့တယ်"

ရှောင်ကျန်းအာ၊ ယန်ချင်နှင့်
ကျန်သောသူများသည် သိပ်၍

အံ့ဩနေသောပုံများ ပေါက်မနေကြပေ။
သူတို့သည် လင်းဖုန်း၏ ကိုယ်ပွားက သူ၏
စကြာဝဠာ ပုံသဏ္ဍာန်ဖြင့် အင်မော်တယ်
ဝိညာဉ် ကိုယ်ပွားအား ဖိနှိပ်ခဲ့ပုံကို မကြာခင်ကမှ
တွေ့ခဲ့ပြီး ဖြစ်ကြသည်။

ကျင်းဟွမ်အမတ်၏ ညွှန်ကြားချက်
မရှိတော့သဖြင့် နတ်ဘုရား သတ်ဖြတ်သူ
ရုပ်သေးရုပ်သည် သူ၏ ကိုယ်ပိုင်
အသိစိတ်ကိုသာ မှီခို၍ လှုပ်ရှားနိုင်ခဲ့သည်။
သူသည် ရှောင်ယန်၏ ကြီးမားသော
စွမ်းအားများကို ကြောက်ရွံ့လာခဲ့၍ သူ၏
ရန်းကန်မှုသည် ပို၍ပို၍ အားနည်းလာခဲ့၍
နောက်ဆုံးတွင် လုံးဝ လက်လျှော့လိုက်သည်။

ရှောင်ယန်သည် မတည်မငြိမ် ဖြစ်နေသော အင်မော်တယ် တော်ဝင်အလံထံသို့ လှည့်လိုက်သည်။ အင်မော်တယ် တော်ဝင်အလံ၏ အနက်ရောင် အလင်းတန်းများ အတွင်းမှ ရွှေရောင်လူသား ပုံရိပ်ယောင် တစ်ခုက ထွက်လာခဲ့သည်။ ဒါသည် အလင်းတန်းများဖြင့် ဖန်ဆင်းထားသော ပုံရိပ်ဖြစ်ကာ ရွှေရောင် ချပ်ဝတ်တန်ဆာနှင့် ရွှေရောင် သံခမောက်အား ဆောင်းထား၏။ သူ့တွင် အင်ပါယာ တစ်ခုမှ ဧကရာဇ် တစ်ပါး၏ တော်ဝင်အော်ရာများကို တွေ့နိုင်ခဲ့သည်။

ဒါသည့် အင်မော်တယ် တော်ဝင်အလံမှ
မူလစိတ်ဝိညာဥ် ဖြစ်သည်။ သူသည်
ပွားစည်းခြင်း အဆင့်မှ မော်ရတနာ
တစ်ပါးဖြစ်၍ သူ၏ စိတ်ဝိညာဥ်သည်
အကောင်အထည် ဖော်ပြနိုင်ခဲ့ပြီ ဖြစ်သည်။

ပြဿနာမှာ မော်ရတနာ တစ်ပါးသည်
မဟာယာန အဆင့်သို့ မရောက်ခဲ့လျှင်
သူကိုယ်တိုင် ထုတ်လွှတ်နိုင်သော စွမ်းအားမှာ
ပိုင်ရှင်မရှိလျှင် လွန်စွာ အကန့်အသတ်
ရှိနေခြင်း ဖြစ်သည်။ ဤအချိန်တွင်
ရှေးဟောင်းလျှပ်စီး ကျောက်စိမ်းနားဆွဲနှင့်
ရှေးဟောင်း တော်ဝင်ဓားမြှောင်တို့သည် သူ့အား

ရန်လိုသော အကြည့်များဖြင့်
ကြည့်နေကြသည်။

အင်မော်တယ် တော်ဝင်အလံ၏
မူလစိတ်ဝိညာဉ်သည် ရှောင်ယန်အား
အချိန်အကြာကြီး ကြည့်နေခဲ့၍ အရှုံးပေးသည့်
အနေနှင့် သက်ပြင်းတစ်ချက် ချလိုက်၏။
"ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်နဲ့ တွေ့ချင်နေပါတယ်။
အဲ့ဒီအချိန်မတိုင်ခင် ကျုပ်က ခင်ဗျားတို့နဲ့ ရန်သူ
မဖြစ်ချင်နေပါဘူး။ ခင်ဗျားတို့နဲ့ အတူတကွ
ခရီးဆက်လိုစိတ် ရှိပါတယ်"

အနက်ရောင် အလင်းတန်းများက
လွင့်ပြယ်သွားခဲ့ကာ အင်မော်တယ်
တော်ဝင်အလံသည် ရောမ အနက်ရောင်
အလံတံခွန် အဖြစ်သို့ ပြန်လည်ပြောင်းသွားခဲ့ပြီး
ရှောင်ယန်၏ အရှေ့သို့ ကျရောက်လာခဲ့သည်။

ရှောင်ယန်သည် သူ၏လက်များကို
ဝှေ့ယမ်းလိုက်ရာ ဘေးပတ်ပတ်လည်မှ
မီးတောက်ပင်လယ်သည် သေးငယ်လာခဲ့၍
သူ၏ လက်ဝါးအလယ်သို့
ပြန်လည်ဝင်ရောက်သွားခဲ့သည်။
မီးတောက်ပင်လယ် အတွင်းတွင်
မည်းတူးနေသော ချပ်ဝတ်တန်ဆာ
အကြွင်းအကျန်များပင် ရှိနေသေး၏။ ဒါသည်

ရှောင်ယန်က မီးတောက်လေးခု ကြာပန်းနှင့် တောက်လောင်နေသော ယင်ယန်ကောင်းကင် ဝက်ပါတို့ဖြင့် ရက်စက်စွာ ဆုတ်ဖြဲခဲ့သော နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ၏ အပိုင်းအစများ ဖြစ်သည်။

ရှောင်ယန်သည် သူ၏ မှော်စွမ်းအင်များကို အသုံးပြု၍ အပိုင်းအစ တစ်ခုအား ယူလိုက်ကာ သူ၏အတွင်းမှ စွမ်းအား သဘောတရားများကို အာရုံခံလိုက်၍ သိမ်းဆည်းထားလိုက်သည်။

ပလ္လင်ငါးပါး နတ်ဘုရား အထိမ်းအမှတ်အား အသုံးပြုကာ မဟာရေခဲ လမင်းပေတံအား သိမ်းဆည်းလိုက်အပြီးတွင် သူသည်

ယန့်မင်းရွဲ့ဘက်သို့ လှည့်ကာပြောလိုက်သည်။ "ယန့်မင်းရွဲ့၊ ခင်ဗျားမှာ ဘယ်လို ရည်ရွယ်ချက်တွေပဲ ရှိရှိ၊ ကျွန်တော်ကတော့ ခင်ဗျားရဲ့ ကူညီမှုကို ကျေးဇူးတင်ရမှာပဲ"

"စစ်ပွဲရဲ့ အကျိုးအမြတ်တွေကို ခင်ဗျားကလည်း ခံစားသင့်တယ်။ ခင်ဗျားက တစ်ခု ရွေးချယ်နိုင်ပါတယ်"

ဤစစ်ပွဲ၏ အကျိုးအမြတ်များမှာ အတော်ကို များပြားသည်။ ပွားစည်းခြင်း အဆင့်မှ မှော်ရတနာတစ်ခု၊ သန္ဓေလောင်း အဆင့်မှ မှော်ရတနာ တစ်ခု၊ အင်မော်တယ် ဝိညာဉ် အဆင့်မှ ရုပ်သေးရုပ်တစ်ခု၊

ပျက်စီးသွားခဲ့သော်လည်း စွမ်းအား
သဘောတရားများကို လေ့လာနိုင်သေးသော
နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာ
တစ်ခုတို့ ဖြစ်ကြသည်။

အင်မော်တယ် တော်ဝင်အလံ အတွင်းမှ
လေဟာနယ်များ အတွင်းတွင် ကျင်းဟွမ်အမတ်
နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်းထားသည့်
ရတနာပေါင်းစုံတို့ကလည်း ရှောင်ယန်တို့
လာရောက်ရှာဖွေရန် စောင့်နေကြသည်။

ယန့်မင်းရွဲ့သည် သူမ၏ အရှေ့မှ
ကြည့်၍ကောင်းသော လူငယ်လေးအား
စိုက်ကြည့်နေရင်း လွန်ခဲ့သော

နှစ်ပေါင်းများစွာက တွေ့ခဲ့ဖူးသည့် သတ္တိရှိကာ ရဲရင့်သော ဆယ်ကျော်သက်လေး အကြောင်းကို ပြန်တွေးလိုက်သည်။ သူသည် ယခုအခါတွင် များစွာပို၍ တည်ငြိမ်ရင့်ကျက်လာခဲ့ပြီ ဖြစ်သည်။

ရှောင်ကျန်းအာနှင့် ယန်ချင်တို့က အမူအရာ ကင်းမဲ့နေကြသော်လည်း ကွေ့န်အာဘုရင်နှင့် စိတ်ဝိညာဉ် ရေနဂါးဘုရင်တို့မှာ စဉ်းစားနေခဲ့ရင်း အနည်းငယ် အံ့အားသင့်နေကြသည်။

ရှောင်ယန်က ဤစကားများကို ပြောလိုက်ခြင်းသည် အခြား အဓိပ္ပာယ်များလည်း ပါဝင်နေ၏။

ယန်ချင်သည် သူတို့အား ကြည့်လိုက်ကာ အသံလွှင့်၍ သတင်းတစ်ခုကို ပေးလိုက်သည်။ "ယန့်မင်းရွှဲ့ရဲ့ ဒီတစ်ခေါက် ကျွန်တော်တို့ကို ကူညီခဲ့တာဟာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို ကူညီရုံသာ မကပဲ မဟာကျိုး အင်ပါယာကိုပါ ကူညီချင်နေခဲ့ခြင်း ဖြစ်တယ်"

"ကျင်းဟွမ်အမတ်ဟာ မဟာကျိုး အင်ပါယာမှ မွေးဖွားခဲ့တာ ဖြစ်ပေမဲ့ ဒီလူရဲ့ နောက်ခံက အမတန်ကို ရှုပ်ထွေးပွေလီတယ်။ ခင်ဗျားတို့

အစောပိုင်းက တွေ့ခဲ့တဲ့ ဗုဒ္ဓပုံစံက ဒီအချက်ကို သက်သေပြနေတယ်"

"အစွန်းရောက် ကေရာဇ်ရဲ့ အမွေအနှစ်အပြင် သူလေ့ကျင့်ထားတဲ့ နည်းစနစ်တွေ အထဲမှာ မဟာကျိုး အင်ပါယာ၊ ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ရှေ့ဆောင်လမ်းစဥ်ပါတီနဲ့ ဟိုလျှို့ဝှက်ဆန်းကြယ်တဲ့ ဘုန်းကြီးတို့ရဲ့ နည်းစနစ်တွေလည်း ပါဝင်တယ်။ သူက ယင်ပင်လယ် အတွင်းက တောင်သုံးတောင် ပေါ်လာတဲ့ ဖြစ်စဥ်မှာ မသေချာတဲ့ ကိန်းရှင်တစ်ခု ဖြစ်တယ်"

"ယန့်မင်းရွဲ့က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ တပည့်အနေနဲ့ ဖြစ်စေ၊ မဟာကျိုး အင်ပါယာရဲ့ မဟာမိတ် အနေနဲ့ ဖြစ်စေ ဒီကိန်းရှင်ကို ဖယ်ထုတ်ဖို့ရာ လုံလောက်တဲ့ အကြောင်းရင်းတွေ ရှိနေတယ်" ယန်ချင်သည် ခေတ္တမျှ ရပ်နားလိုက်ကာ သူ၏မျက်လုံးများကို အပေါ်မှ ဟင်းလင်းပြင်သို့ မော့ကြည့်လိုက်သည်။

"တကယ်လို့ ကျွန်တော်ထင်တာ မမှားခဲ့ရင် ယန့်မင်းရွဲ့ရဲ့ အဓိက ရည်ရွယ်ချက်ဟာ ကျင်းဟွမ်အမတ်ရဲ့ နောက်ကွယ်က လျှို့ဝှက်ဆန်းကြယ်တဲ့ ဘုန်းကြီးပဲ ဖြစ်တယ်။

ဆရာကတောင် ဒီဘုန်းကြီး ဘယ်သူဆိုတာကို
အတော်လေး သိချင်နေခဲ့တယ်"

"ပြဿနာက ဒီဘုန်းကြီးဟာ အရမ်းကို
ပါးနပ်လွန်းတာပဲ ဖြစ်တယ်။ သူက ယန့်မင်းရွဲ့ရဲ့
ရည်ရွယ်ချက်တွေကို ထိုးဖောက်မြင်နိုင်ခဲ့ပြီး
ချက်ချင်း နောက်ဆုတ်သွားခဲ့တယ်။
ကြည့်ရတာ ယန့်မင်းရွဲ့ရဲ့ဘေးမှာ
တခြားသူတွေလည်း ရှိနေတယ်နဲ့ တူတယ်။
တကယ်လို့ ဒီဘုန်းကြီးက ချက်ချင်း
ပြန်မဆုတ်သွားခဲ့ရင် ဝိုင်းဝန်းပြီး ခြံုခို
အတိုက်ခိုက်ခံရကိန်း ရှိတယ်"

ကွေ့နွားဘုရင်နှင့် စိတ်ဝိညာဉ်
ရေနဂါးဘုရင်တို့သည် ယန်ချင်၏ စကားများကို
နားထောင်ခဲ့ရအပြီးတွင် ချက်ချင်း
လေးနက်သွားကြသည်။ "ဒီခြုံခိုတိုက်ခိုက်မှုဟာ
ကျုပ်တို့အပေါ်ရော ကျရောက်လာနိုင်မလား"

ယန်ချင်သည် ဘာမှ ဆက်မပြောတော့ပဲ
ယန့်မင်းရွှဲ့ထံသို့ လှမ်းကြည့်လိုက်၏။

ယန့်မင်းရွှဲ့က ရယ်ရမ်းသွေးလိုက်ကာ
ပြောလိုက်သည်။ "ငါက အစောကြီးကတည်းက
မင်းတို့ကို အန္တရာယ်ပေးဖို့ ရည်ရွယ်ချက်
မရှိဘူးလို့ ပြောထားပြီးသားပဲ။ ဒီစစ်ပွဲရဲ့
အကျိုးအမြတ်တွေက မင်းရဲ့

အားထုတ်မှုတွေကြောင့် ရခဲ့တာ ဖြစ်တယ်။ ငါက တစ်ခုမှ မလိုချင်ပါဘူး"

သူမသည် ရှောင်ယန်အား နွေးထွေးစွာ ပြုံးပြလိုက်၍ ဆက်ပြောလိုက်သည်။ "မင်းက လင်းဖုန်းရဲ့ တပည့်ကြီးရာထူးနဲ့ ထိုက်တန်ပါတယ်။ မင်းက အကြွင်းမဲ့မီးတောက်ငါးမျိုးရဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ထားပြီး ယင်နဲ့ယန်တို့ရဲ့ ပြောင်းလဲမှုတွေကိုတောင် သူတို့အထဲကို ပေါင်းစပ်နိုင်ခဲ့တယ်"

ရှောင်ယန်၏ မီးတောက်သုံးခု ကြာပန်း၏ အစွမ်းအထက်ဆုံး ပုံစံမှာ ငရဲပြည်က ရှောင်ခြည်နတ်ဆိုး မီးတောက်၊ မဟာသူရိယ

အကြွင်းမဲ့ မီးတောက်နှင့်
ကောင်းကင်ကမ္ဘာဖျက် မီးတောက်တို့၏
ပေါင်းစပ်မှုများ ဖြစ်ကြသော်လည်း
ရှောင်ယန်သည် သူ့အား အသုံးမပြုခဲ့ပေ။

ထို့အစား သူသည် ငရဲပြည်က
ရှောင်ခြည်နတ်ဆိုး မီးတောက်၊
ကောင်းကင်ကမ္ဘာဖျက် မီးတောက်နှင့် နန်းမင်
အကြွင်းမဲ့ မီးတောက်တို့အား အသုံးပြုကာ
ယင်မီးတောက်ကြာပန်းအား ဖန်ဆင်းခဲ့၍
သန့်စင်သောယန် အကြွင်းမဲ့ မီးတောက်၊
မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် နန်းမင်
အကြွင်းမဲ့ မီးတောက်တို့အား အသုံးပြုခဲ့ကာ
ယန်မီးတောက်ကြာပန်းအား ဖွဲ့စည်းခဲ့၏။

နန်းမင် အကြွင်းမဲ့ မီးတောက်သည် ယင်နှင့်ယန်တို့၏ အကြားတွင် မျှခြေညီအောင် လုပ်ဆောင်ပေး၍ တောက်လောင်နေသော ယင်ယင်ကောင်းကင် ဝက်ံပါ၏ ပြောင်းလဲမှုတို့ အကြားမှ ဆက်သွယ်မှု အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဤမှော်ဝက်ံပါ၏ ပြောင်းလဲမှု များစွာတို့သည် သဘာဝမကျစွာ ရှုပ်ထွေးနက်နဲလှ၏။ ပို၍ အရေးကြီးသည်မှာ အကြွင်းမဲ့မီးတောက်များသည် ပြင်းထန်လှ၍ ပေါက်ကွဲနိုင်အားကောင်းကာ

ကောင်းကင်မီးတောက် ကြာပန်းကလည်း
အန္တရာယ်များလှသည်။

ဤကဲ့သို့ အလွယ်တကူ ပေါက်ကွဲနိုင်သော
စွမ်းအားများဖြင့် မော်ဝက်ပါတစ်ခုအား
တည်ဆောက်ရခြင်းသည် ခြေတစ်လှမ်း
မှားသွားသည်နှင့် အန္တရာယ် ကြီးမားစွာ
ကျရောက်နိုင်ပေသည်။ ရန်သူကို ဘာမှ
မလုပ်နိုင်ခင် မော်ဝက်ပါက အရင်
ပေါက်ကွဲသွားနိုင်သည်။

ပြီးခဲ့သော သုံးနှစ် အတွင်းတွင် ရှောင်ယန်သည်
လင်းဖုန်း၏ လမ်းညွှန်မှုများဖြင့်

ဤအစွမ်းထက်လှသော မှော်ဝက်ပါအား ကိုယ်ပိုင် စွမ်းအားများဖြင့် လေ့လာနိုင်ခဲ့သည်။

ဤမှော်ဝက်ပါသာ မရှိလျှင် ရောင်ယန်သည် ကမ္ဘာကို အဆုံးသတ်နိုင်သော မီးတောက်လေးခု ကြာပန်း၏ စွမ်းအားများကို ထုတ်လွှတ်နိုင်သော်လည်း ဤကဲ့သို့သော အကျိုးသက်ရောက်မှုများကို ရရှိနိုင်မည် မဟုတ်ပေ။ သူသည် ကျင်းဟွမ်အမတ်အား အနိုင်ယူနိုင်မည် ဖြစ်သော်လည်း ဤကဲ့သို့ သူ၏ လွှတ်လမ်းများကို ပိတ်ဆို့နိုင်ခဲ့ကာ သူ၏အသက်ကို အဆုံးသတ်နိုင်လိမ့်မည် မဟုတ်ပေ။

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှသာ လုပ်ဆောင်နိုင်မည်ဟု တွက်ချက်ထားခဲ့သဖြင့် ရှောင်ယန်၏ မီးတောက်လေးခု ကြာပန်းအား ဖန်ဆင်းနိုင်ခြင်းသည် ယန့်မင်းရွှဲ့ရော ကျင်းဟွမ်အမတ် အတွက်ပါ အံ့အားသင့်စရာ ဖြစ်စေခဲ့သည်။

သို့သော်လည်း သူသည် အခြေတည်ဝိညာဉ်အား ဖန်ဆင်းသည့် အချိန်ကတည်းက အထူး ပြင်ဆင်မှုများအား ပြုလုပ်ထားခဲ့၏။ လင်းဖုန်းသည် အကြွင်းမဲ့မီးတောက် ငါးမျိုးတို့၏ စွမ်းအားများကို အသုံးပြုကာ ရှောင်ယန်အား ဤဖြစ်စဉ်တွင် ကူညီခဲ့၍ သူ၏

အခြေတည်ဝိညာဉ် အတွင်းသို့
နည်းစနစ်များအား ပေါင်းစပ်ပေးနိုင်ခဲ့သည်။

ဤအခြေခံများသည် ရှောင်ယန်အား
အကြွင်းမဲ့မီးတောက် လေးမျိုးတို့ကို
ပေါင်းစည်း၍ အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများကိုပင် တုန်လှုပ်စေနိုင်ခဲ့သည့်
မီးတောက်လေးခု ကြာပန်းအား
ဖန်ဆင်းစေနိုင်ခဲ့သည်။

ရှောင်ယန်သည် ယန့်မင်းရွဲ့အား
ပြုံး၍ကြည့်လိုက်သည်။ "ခင်ဗျားက
ကျွန်တော့်ကို မြှောက်နေပါပြီ"

သူ၏အကြည့်သည် ဟင်းလင်းပြင် အတွင်းသို့ ဝေ့ကြည့်လိုက်ကာ ဖြည်းညင်းစွာနှင့် မေးလိုက်သည်။ "ခင်ဗျားက ဒီကိစ္စပြီးသွားရင် ဘာအစီအစဉ်တွေ ရှိသလဲ"

သူသည်လည်း ယန်ချင်တွေးခဲ့သော ပြဿနာကို တွေးနိုင်ခဲ့သည်။

## စာစဉ် ၃၉ : အပိုင်း ၇

## အပိုင်း ၇၃၇ : အခြေခံ အကျဆုံးသော အရာ

အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်းသည်
ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်
လှုပ်ရှားမည်ဆိုလျှင် ယန့်မင်းရွဲ့၏
အနေအထားမှာ ခန့်မှန်းရခက်ပေလိမ့်မည်။
သို့သော်လည်း သူမသည် ပါဝင်လှုပ်ရှားခြင်း
မရှိပါက ယန့်မင်းရွဲ့သည် မဟာကျိုး
အင်ပါယာဘက်တွင် နေနေသည်မှာ
သိသာနေသည်။

မဟာကျိုး အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည် အပြန်အလှန်
ချစ်ကြည်ရင်းနှီးမှုများ သိပ်မရှိကြပေ။

ယန့်မင်းရွဲ့ ကိုယ်တိုင်ကမူ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းမှ သူများအားလုံးနှင့်
ရင်းနှီးသော ဆက်ဆံရေး ရှိသည်။ သူမသည်
ခွန်းလွန် စိတ်ဝိညာဉ်  အစည်းအဝေးတွင်
လင်းတောက်ဟန်နှင့်အတူ
တက်ရောက်ခဲ့သည်။ ပြင်ပလူများ အမြင်အရ
ဟင်းလင်းပြင် ဘုရားကျောင်းမှ
ထူးချွန်ထက်မြက်သော
တပည့်တစ်ယောက်ဖြစ်သည့် ယန့်မင်းရွဲ့သည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကို အလွန်
အရေးပေးသည်ဟု မြင်ကြမည် ဖြစ်သည်။

သို့သော်လည်း လင်းဖုန်းရော ယန့်မင်းရွဲ့ပါ
သူမအား ထောက်ခံနေသော သူများသည်

ကွန်ဆာဗေးတစ်နှင့် ရှေ့ဆောင်လမ်းစဥ်
ပါတီတို့၏ လက်ရှိလမ်းကြောင်းများနှင့်
ကွာခြားသော လမ်းအသစ် တစ်ခုအား
ဖောက်ရန် ကြံနေသူများ ဖြစ်သည်ကို
သိနေကြသည်။ တတိယ လမ်းကြောင်းမှာ
မဟာကျိုး အင်ပါယာအား မှီခိုရန် ဖြစ်သည်။
ယန့်မင်းရွဲ့သည် မဟာကျိုး အင်ပါယာကို
ကျော်လွှန်၍ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းဘက်သို့ ဦးစားပေးမည်
မဟုတ်ပေ။

လွန်ခဲ့သော သုံးနှစ်ကျော်က ရှီးလင်မြို့
တိုက်ပွဲတွင် လင်းဖုန်းနှင့် ယန့်မင်းရွဲ့တို့သည်
ဘက်ပြောင်းမည့် အကြောင်းနှင့် ပတ်သက်၍

ခဏတာမျှ ဆွေးနွေးခဲ့ကြဖူးသည်။
သို့သော်လည်း နှစ်ယောက်စလုံးတို့သည် ဒါက ကျီစယ်နောက်ပြောင်ခြင်းသာ ဖြစ်၍ အမှန်တကယ် ဖြစ်လာမည် မဟုတ်ကြောင်းကို သိနေကြ၏။

ဒါသည် သူမက မဟာကျိုး အင်ပါယာအတွက် ကျခဲ့ရသော သွေးချွေးများကြောင့် မဟုတ်ပေ။ အကယ်၍ ယန့်မင်းရွှဲ့သည် မဟာကျိုး အင်ပါယာက သူမ၏ ကိုယ်ပိုင်လမ်းကြောင်းနှင့် မကိုက်ညီတော့ဟု ခံစားခဲ့ရပါက သူမသည် ဆုံးဖြတ်ချက် ပြတ်သားစွာနှင့် နှစ်ပေါင်းများစွာ ကြိုးစားခဲ့သော အားထုတ်မှုများကို စွန့်လွှတ်၍ အစမှနေ ပြန်စမည် ဖြစ်သည်။

သို့တိုင်အောင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် သူမ၏
လမ်းကြောင်းနှင့် ကိုက်ညီခြင်း မရှိသဖြင့်
သူတို့အား ရွေးချယ်မည် မဟုတ်ပေ။

အကြောင်းရင်းမှာ လင်းဖုန်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့က အားနည်းနေ၍
မဟုတ်ပေ။ ပြောင်းပြန် ဖြစ်လုစွာဖြင့်
ယန့်မင်းရွှဲ့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
တပည့်များ၏ ကြောက်မက်ဖွယ်ရာ
အလားအလာများကို မြင်နိုင်နေခဲ့သောကြောင့်
ဖြစ်သည်။ ထို့အချက်ကြောင့်ပင် သူတို့

နှစ်ဦးနှစ်ဘက်တို့သည် ပူးပေါင်းဆောင်ရွက်ရန် လုံးဝ မဖြစ်နိုင်ပေ။

သို့တိုင်အောင် သူမသည် လင်းဖုန်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့အား ဆက်ဆံပုံ မပြောင်းလဲခဲ့ပေ။ သူတို့သည် အနာဂတ်တွင် ပဋိပက္ခများ ဖြစ်လာနိုင်ကြသော်လည်း ထိုအချိန်မတိုင်ခင်တွင် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ပျော်ပျော်ရွှင်ရွှင် ဆက်ဆံကြကာ အတိုင်းအတာ တစ်ခုအထိ ပူးပေါင်းဆောင်ရွက်ကြပြီး ခင်မင်မှုများကို တည်ဆောက်ထားကြမည် ဖြစ်သည်။

အများနှင့် သက်ဆိုင်သော ကိစ္စများသည် ကိုယ်ပိုင် ကိစ္စများနှင့် မတူပေ။ လင်းဖုန်း၊ ယန့်မင်းရွဲ့နှင့် လင်းတောက်ဟာန်၊ လျှမ်ပန်းတို့ကပင် ဤအချက်ကို ကောင်းစွာ သဘောပေါက်ထားကြ၏။

အတွင်းသတင်းကို သိထားကြသူများမှာ အနည်းငယ် စိတ်ရှုပ်ထွေးနေကြသည်။ မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာတို့သည် တစ်ဘက်နှင့်တစ်ဘက် မကြာခဏ ရန်စောင်နေကြသည်။ သို့သော်လည်း ကျိုးကောရာဇ် လျှမ်ပန်းနှင့် ချင်ကောရာဇ် ရှီယုတို့သည် သာမန်သိကျွမ်းသူများထက် ပိုပေသည်။

သူတို့သည် အချင်းချင်း လေးစား တန်ဖိုးထားကြကာ တစ်ယောက်နှင့် တစ်ယောက် စာအသွားအလာများ ရှိကြသည်။ ဒါသည် တာအိုနည်းစနစ်များနှင့် ပတ်သတ်၍ အချင်းချင်း ဆွေးနွေးမှုများသာ ဖြစ်ပြီး တိုင်းရေးပြည်ရေး ကိစ္စများ မပါချေ။

ယန့်မင်းရွဲ့သည် သူမ၏ နားစပ်မှ ဆံပင်များကို သပ်လိုက်ကာ ရှောင်ယန်နှင့် အပေါင်းပါများကို ကြည့်ကာပြောလိုက်သည်။ "ယင်ပင်လယ် အတွင်းမှာ ထူးခြားဆန်းကြယ်တဲ့ တောင်သုံးတောင် အပြင် အခြားရှားပါးပြီး တန်ဖိုးရှိတဲ့ ရတနာတွေလည်း အများကြီး

ရှိကြတယ်။ ငါက ဒီကိုရောက်နေပြီ ဆိုတော့ လက်ဗလာနဲ့ မပြန်ရအောင် အားထုတ်ရမှာပေါ့"

"ငါ့ရဲ့ နောက်ပိုင်း အစီအစဥ်က ယင်ပင်လယ် အတွင်းကို ပိုပြီး နက်ရှိုင်းစွာ ဝင်ရောက်ဖို့ပဲ။ မင်းတို့က ငါနဲ့ အတူတူ သွားချင်တယ်ဆိုလည်း အတူသွားဖို့ အသင့်ပါ။ ဒီလိုမဟုတ်ရင်လည်း ဒီနေရာမှ နောက်တစ်ကြိမ် ပြန်မတွေ့ခင်အထိ နှုတ်ဆက်ကြတာပေါ့။ တောင်သုံးတောင်က ပေါ်လာပြီဆိုတော့ မင်းနဲ့ငါတို့က နောက်တစ်ခေါက် ပြန်တွေ့နိုင်ဖို့ အခွင့်အရေးတွေ ရှိနေတယ်"

"ဒါပေမဲ့ ငါတို့ နောက်တစ်ကြိမ် ပြန်တွေ့တဲ့ အချိန်ကျရင် အဓိက ကစားသူတွေက လင်းဖုန်းနဲ့ တခြား ထိပ်သီးခေါင်းဆောင်တွေ ဖြစ်နေကြလိမ့်မယ်။ ငါတို့က အနောက်ကနေ အေးဆေး ထိုင်ကြည့်နေရုံပဲ"

ရှောင်ယန်က သူမ၏ မှတ်ချက်အား ကြားလိုက်သောအခါ အားရပါးရ ရယ်လိုက်သည်။ "ခင်ဗျားပြောတာ မှန်ပါတယ်။ ဒါဆိုရင်လည်း ကိုယ့်လမ်းကိုယ် သွားပြီးမှ နောက်တစ်ကြိမ် ပြန်ဆုံကြတာပေါ့"

ယန့်မင်းရွှဲ့သည် သူမပြောလိုသည့် အကြောင်းအရာကို ရှင်းရှင်းလင်းလင်း

ပြောခဲ့ပြီး ဖြစ်သည်။ သူမသည် ထိုရဟန်းငယ် အတွက် လာခဲ့ခြင်း ဖြစ်ကာ ရှောင်ယန်နှင့် ကျန်သောသူများ အတွက် မဟုတ်ပေ။ သူမ၏ ရည်ရွယ်ချက်များကို ဖုံးကွယ်ထားရန် အကြောင်းမရှိပေ။

ရှောင်ယန်သည် ယန်ချင်အား ဆောင်ယန် လျှို့ဝှက်ဆန်းကြယ်သော ရေများကို ယူဆောင်နိုင်ရန် ကူညီပေးလိုက်၍ အားလုံးတို့ကို သူ၏ မှော်စွမ်းအင်ဖြင့် လွှမ်းခြုံလိုက်ကာ ယင်ပင်လယ် အပေါ်မှ တိမ်တိုက်မြူခိုးငွေ့များ အကြားတွင် ပျောက်ကွယ်သွားခဲ့သည်။

ယန့်မင်းရွဲ့သည့် ရှောင်ယန်နှင့်
အပေါင်းအဖော်များ
ပျောက်ကွယ်သွားခဲ့သည်ကို ကြည့်လိုက်ကာ
သူမ၏ခေါင်းကို ခါလိုက်သည်။
"လင်းဖုန်းတစ်ယောက်တည်းကသာ
လျှို့ဝှက်ဆန်းကြယ်ပြီး ခန့်မှန်းရခက်တာ
မဟုတ်ဘူး။ သူ့ရဲ့ တပည့်တွေကလည်း ငါတို့ရဲ့
မူလခန့်မှန်း မျှော်လင့်ချက်တွေထက်ကို
ကျော်လွန်နေတယ်။ ရှောင်ယန်က ဒီလိုဆိုတော့
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
ကျန်တဲ့တပည့်တွေကိုလည်း ငါတို့ရဲ့ မူလ
ခန့်မှန်းချက်တွေအတိုင်း တိုင်းတာလို့ရတော့မှာ
မဟုတ်ဘူး"

အစိမ်းရောင် ဝတ်စုံနှင့် မိန်းမပျိုသည် သူမ၏လက်များကို ကျောအနောက်တွင် ထားထားခဲ့ကာ သူမ၏အကြည့်အား ကျယ်ပြန့်လှသော ယင်ပင်လယ်အား စိုက်ကြည့်နေခဲ့သည်။ သူမသည် သက်ပြင်းတစ်ချက် ချလိုက်၍ တီးတိုးရေရွတ်လိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက တကယ်ကိုပဲ အံ့သြစရာတွေနဲ့ ပြည့်နေတာပဲ"

"လင်းဖုန်းက အခုအချိန်မှာ ဘယ်နေရာမှာပါလိမ့်။ သူက တောင်သုံးတောင် ပေါ်လာတဲ့ ကိစ္စမှာ အခြေခံ အကျဆုံး အချက်ထဲမှာ ပါတယ်"

သူမသည် သူမ၏ ကိုယ်ပိုင်လမ်းကြောင်းအား အဆုံးတိုင် လျှောက်လှမ်းသွားရန် စိတ်ပိုင်းဖြတ်ထားပြီးသား ဖြစ်သည်။ သို့သော်လည်း သူမ၏ အောင်မြင်မှုအား အကြီးမားဆုံး နှောင့်ယှက်နိုင်သူမှာ သူမကိုယ်တိုင် ဖြစ်သည်။ ...

သူမ၏ လမ်းကြောင်းအား ရပ်တန့်နိုင်သူမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းပင် ဖြစ်နိုင်နေသည်။

နောက်ထပ် သက်ပြင်းဖွဖွလေး ချလိုက်ကာ ယန့်မင်းရွဲ့သည်လည်း ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။

ရုပ်ရည်ချောမောကာ ကြည့်၍ကောင်းသည့် ရဟန်းငယ် တစ်ပါးသည် ယင်ပင်လယ် အတွင်းတွင် အေးအေးဆေးဆေး လမ်းလျှောက်နေခဲ့သည်။ သူသည် ယခင်တိုက်ပွဲနှင့် လွန်စွာကွာဝေးသည့် နေရာတစ်ခုတွင် ရှိနေခဲ့သည်။ သူသည် ကပိုကယို ဖြစ်နေ၍ စုတ်ပြဲနေသော မီးခိုးရောင် သင်္ကန်းအား ဝတ်ဆင်ထား၍ ခြေဗလာဖြင့် သူ၏အောက်မှ ပင်လယ်အတွင်းတွင် လျှောက်သွားနေခဲ့၏။

သူလျှောက်နေသော ခြေလှမ်းတိုင်းမှာ တည်ငြိမ်နေသည်။ သူသည် လှိုင်းထနေသော ပင်လယ်အတွင်းတွင် လျှောက်လှမ်းနေခြင်း မဟုတ်ပဲ ခိုင်မာသော မြေပြင်ပေါ်တွင် လမ်းလျှောက်နေသည့်အတိုင်း ဖြစ်နေခဲ့သည်။

ရေပေါ်တွင် လမ်းလျှောက်နိုင်ခြင်းမှာ ဘာမှ မဟုတ်သော်လည်း ပုံရိပ်ယောင်များဖြင့် လှည့်စားတတ်သော ယင်ပင်လယ် အတွင်းတွင် မြေပြင်ပေါ်တွင် လမ်းလျှောက်နေသကဲ့သို့ လျှောက်နိုင်ခြင်းသည် ခြားနားသော အရာတစ်ခု ဖြစ်သည်။ သူသည် ကြောက်မက်ဖွယ်ရာ ပုံရိပ်ယောင်များ၊

ထောင်ချောက်များကို သူတို့သည် ဘာမှ မဟုတ်သကဲ့သို့ အေးအေးလူလူ ဖြတ်သန်းသွားနိုင်ခဲ့သည်။

ယင်ပင်လယ် အတွင်းမှ စွမ်းအားထက်သော ပုံရိပ်ယောင်များသည် ကမ္ဘာကြီး၏ ကံကြမ္မာများ၊ ပန်းတိုင်များကို အခြေခံ၍ ဖန်တီးထားခြင်း ဖြစ်သည်။ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများပင်လျှင် သူတို့အား အထူးဂရုစိုက်၍ ကျော်လွှားရမည် ဖြစ်သည်။ မဟုတ်လျှင် သူတို့သည် တစ်သက်သာ အပိတ်လှောင် ခံနေနိုင်သည့် အန္တရာယ် ရှိပေသည်။

သို့သော်လည်း ဤမြီးခိုးရောင် သက်န်းနှင့် ရဟန်းငယ်မှာ ပန်းခြံအတွင်းတွင် လမ်းလျှောက်ထွက်နေသကဲ့သို့ သဘောထားကာ ယင်ပင်လယ် အတွင်းမှ အန္တရာယ် အမျိုးမျိုးတို့ကို ဘာမှ မဟုတ်သကဲ့သို့ သဘောထားနေခဲ့သည်။

ရဟန်းငယ်သည် ခြေလှမ်းများကို ရုတ်တရက် ရပ်လိုက်ကာ သူ၏ခေါင်းကို ဘေးသို့ အသာ စောင်းကြည့်လိုက်သည်။
ဗုဒ္ဓအလင်းရောင်များက လင်းလက်သွားခဲ့၍ ရတ်နာဆန်ဘာဗာ ဗုဒ္ဓပုံစံနှင့် ဘုန်းကြီးသည် ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့ကာ

တောက်ပစွာ ပြုံးနေခဲ့၍ သူ့အား
နှုတ်ဆက်လိုက်သည်။

မီးခိုးရောင် သက်န်းနှင့် ရဟန်းက ပြန်လည်
နှုတ်ဆက်လိုက်ကာ မေးလိုက်သည်။
"ရတ်နာဆန်ဘာဗာ၊ မင်းရဲ့
လမ်းညွှန်မှုအောက်က သူက တစ်ခုခု
ဖြစ်သွားသလား"

ရတ်နာဆန်ဘာဗာ ဘုန်းကြီးက
ရယ်ရမ်းသွေးလိုက်ကာ ပြန်ဖြေလိုက်၏။
"ရှင်ခြင်းက ဘာမှ မဟုတ်သလို
သေခြင်းကလည်း ဘာမှ မဟုတ်ပါဘူး။
သေခြင်းရှင်ခြင်း သံသရာက အဆက်မပြတ်

လည်ပတ်နေတယ်။ ငါတို့ရဲ့ နောက်ဆုံးကြိုးကို ချည်ပြီးဖြစ်တယ်။ နည်းနည်းလေး စောနေသေးပေမဲ့ ဒါက ဆိုးရွားတဲ့ ကိစ္စတော့ မဟုတ်ပါဘူး"

"ဒါဆိုရင်တော့ မင်းပဲ ဆက်လုပ်လိုက်တော့" မီးခိုးရောင် သက်န်းနှင့် ရဟန်းသည် ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ နောက်တစ်ခါကျရင် နောက်ယောင်ခံလိုက်လာတဲ့ သူတွေကို ခေါ်မလာနဲ့"

သူ၏စကား မဆုံးသေးခင်တွင် ကောင်းကင် တစ်ဘက်ခြမ်းမှ ထူထဲသော

တိမ်တိုက်မြူခိုးငွေ့များမှနေ၍ တောက်ပသော အလင်းတန်းများ ထွက်ပေါ်လာကြသည်။

ရတ်နာဆန်ဘာဗာ ဘုန်းကြီးသည် ရယ်လိုက်ကာ မှတ်ချက်ပြုလိုက်သည်။ "တောင်းပန်ပါတယ်၊ ကျွန်တော်ကလည်း ဘာမှ မတတ်နိုင်ပါဘူး။ ကျွန်တော်က ရွှေရောင်ပုံသဏ္ဌာန် ဒုတိယ အဆင့်မှာပဲ ရှိသေးတယ်။ သူတို့ရဲ့ ဝိုင်းဝန်းပိတ်ဆို့မှုကို မခံခဲ့ရတာက ဗုဒ္ဓရဲ့ ကရုဏာတော် ကြောင့်ပါပဲ"

မီးခိုးရောင် ဝတ်စုံနှင့် ရဟန်းက ပြုံးလိုက်သည်။ "ဒါဆိုရင်လည်း မင်းက မြန်မြန်လာတော့လေ"

ရတ်နာဆန်ဘာဗာ ဘုန်းကြီးက
ရယ်ရမ်းသွေးလိုက်ကာ သူ၏ ခန္ဓာကိုယ်သည်
အလင်းတန်းပုံရိပ် တစ်ခုအဖြစ်သို့
ပြောင်းသွားခဲ့ကာ မီးခိုးရောင် ဝတ်စုံနှင့်
ရဟန်းအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။
ရဟန်းငယ်ကလည်း နဂိုမူလအတိုင်း
အေးအေးဆေးဆေး
လမ်းဆက်လျှောက်နေခဲ့၏။

သို့သော်လည်း ပထမခြေလှမ်း အပြီးမှာပင်
သူ၏ ခန္ဓာကိုယ်သည်
ပျောက်ကွယ်သွားခဲ့သည်။

"ရွှေပုစဉ်း ဆရာတော်၊ ကျုပ်တို့သိလာတာ
အချိန်ဒီလောက်ကြာလှပြီ။ ဘာဖြစ်လို့
အလောတကြီး ထွက်သွားရတာလဲ"
ကျယ်လောင်သော အသံတစ်ခုသည်
ကောင်းကင်ပေါ်တွင် ပဲ့တင်ရိုက်လာခဲ့သည်။

ရဟန်းပျို၏ ခန္ဓာကိုယ်မှာ ပျောက်ကွယ်သွားခဲ့၍
သူ၏ ရယ်သံကိုသာ ကြားနိုင်ခဲ့သည်။
"ကံကြမ္မာကြောင့် ကျုပ်တို့က ပြန်လည်
ဆုံတွေ့နိုင်ခဲ့တယ်။ ခင်ဗျားက ဘာဖြစ်လို့
ဒီလောက်အထိ တစ်ယူသန်နိုင်ရတာလဲ။
လျှို့ဝှက်ဆန်းကြယ်တဲ့ တောင်သုံးတောင်က
ပြန်လည် ပေါ်ပေါက်လာတဲ့အတွက် ခင်ဗျားက
သူတို့အပေါ်မှာပဲ အာရုံစိုက်နေသင့်တယ်"

ကျယ်လောင်သော အသံသည် ထပ်ဖန်တစ်ခါ ပေါ်လာခဲ့ပြန်သည်။ "ခင်ဗျားကလည်း တောင်သုံးတောင် အတွက် လာခဲ့တာ ဖြစ်တဲ့အတွက် ကျုပ်တို့က မကြာခင်မှာ ပြန်လည် ဆုံတွေ့နိုင်ကြမှာ ဖြစ်တယ်"

ရောက်လာခဲ့သောသူ၏ သဘောထားမှာ ခက်ထန်၍ ရန်လိုနေခြင်းမျိုး မရှိပေ။ အကယ်၍ ရွှေပုစဉ်း ဆရာတော်က မထွက်ခွာခဲ့လျှင် သူတို့သည် အနည်းငယ် လုံးထွေးသတ်ပုတ်ကြမည် ဖြစ်သော်လည်း သူက ထွက်ခွာသွားခဲ့လျှင်တော့ သူ့အား လိုက်လံဖမ်းဆီးလိုစိတ် မရှိခဲ့ပေ။

ယင်ပင်လယ်၏ တောင်သုံးတောင်တို့က
ပေါ်လာကြပြီ ဖြစ်၏။ မဟာအင်အားစု
အသီးသီးကလည်း သူတို့အပေါ်တွင်
မျက်စိကျနေကြ၏။ အကယ်၍
သူတို့နှစ်ယောက်တို့က
သွေးထွက်သံယိုဖြစ်အောင် တိုက်ခိုက်ခဲ့ကြပါက
အခြားသူများ အနေဖြင့် အကျိုးအမြတ်များ
ရနိုင်ကြမည် ဖြစ်သည်။

ရွှေပုစဥ်း ဆရာတော်သည် ထွက်ခွာသွားပြီ
ဖြစ်သဖြင့် ကောင်းကင်ပေါ်မှ
သိပ်သည်းလှသော အလင်းတန်းများကလည်း
လွင့်ပြယ်သွားခဲ့သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က အခုအချိန်မှာ ဘာများ လုပ်နေပါလိမ့်။ သူ့ရဲ့ မူလခန္ဓာကိုယ်က ဒီနေရာမှာ မရှိပဲ သူ့ရဲ့ ကိုယ်ပွားကိုသာ အရှေ့ပင်လယ် အထဲကို ပို့လိုက်ပြီး အခုအချိန်အထိ ယင်ပင်လယ် အထဲကို ဝင်ရောက်လာခြင်း မရှိသေးဘူး။

အားလုံးက စဉ်းစားနေကြသော လင်းဖုန်းသည် ယခုအချိန်တွင် နတ်ဘုရားနယ်မြေ အတွင်းမှ အရှေ့ပင်လယ် အတွင်း၌သာ ရှိနေသေး၏။

သူသည် လှျိုယောင်နှင့် မုယုတို့၏ အနောက်သို့
လှျို့ဝှက်စွာနှင့် လိုက်လာခဲ့ကာ သူတို့အား
လော်ဖူး လှျို့ဝှက်ဆန်းကြယ်သောကျွန်းသို့
ပြန်လာသည်ကို စောင့်ကြည့်နေခဲ့သည်။

သူ၏အရှေ့မှသူဖြစ်သော မုယုသည်
ယင်ပင်လယ်၏ ဝင်ပေါက်မှ
မိုးကြိုးမုန်တိုင်းများနှင့် ပြင်းထန်သော
လှိုင်းလုံးများမှာ ထူးခြားဆန်းကြယ်သော
တောင်သုံးတောင် ပေါ်လာခြင်းကြောင့်
ဖြစ်သည်ကို အသေအချာ သိနေခဲ့သည်။

သူတို့၏ ပေါ်ပေါက်လာခြင်းမှာ
မျှော်မှန်းထားသည်ထက် ပိုစောနေကာ

သူတို့အား လက်စားချေရန် လိုက်ရှာနေကြသော မိစ္ဆာများကြောင့် သူသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးအား ဖော်စပ်ပြီးသွားသော်လည်း သူ့ဆရာထံသို့ မပေးနိုင်ခဲ့သေးပေ။

ထို့ကြောင့်သူသည် စိတ်မသက်မသာ ဖြစ်နေခဲ့ကာ စိုးရိမ်ပူပန်နေခဲ့၏။ သူ့ဂျူနီယာ၏ အခြေအနေမှာ သူ့ထက်များစွာ ပိုဆိုးနေသည်ဟုလည်း သိနေခဲ့သည်။ ရှောင်ယန်သည် စိတ်ဝိညာဉ် ရေနဂါးဘုရင်အား ပြန်လည် ခေါ်ဆောင်သွားခဲ့ပြီ ဖြစ်ပြီး တောင်သုံးတောင်တို့ကလည်း ပြန်ပေါ်လာခဲ့ပြီ ဖြစ်သဖြင့် သူတို့သည် နောက်ထပ် စိတ်ဝိညာဉ် ရေနဂါး တစ်ကောင်ကိုရှာရန် အခွင့်အရေး

ရတော့မည် မဟုတ်ပေ။
တိမ်တိုက်မြူခိုးငွေ့တို့၏
လျှို့ဝှက်ဆန်းကြယ်သော ဆေးလုံးကို
စတင်၍ပင် မဖော်စပ်ရသေးပေ။

သူသည် စိတ်လှုပ်ရှား ပူပန်နေခဲ့သော်လည်း
လျှိုယောင်အား ကြည့်လိုက်သောအခါ ရင်ထဲမှ
နွေးထွေးမှုများကို ခံစားခဲ့ရသည်။
လင်းဖုန်းသည် သူ့အားကူညီ၍ လျှိုယောင်၏
ကိုယ်အတွင်းသို့ မတော်တဆ
ရောက်ရှိသွားခဲ့သော ကြောင်လိမ်ကိုးဆင့်
ရွှေဆေးလုံးအား ထုတ်ပေးခဲ့လိုက်သည်။
သို့ဖြစ်၍ သူသည် သူ့ဆရာက လျှိုယောင်၏
ခန္ဓာကိုယ် အတွင်းမှ ကြောင်လိမ်ကိုးဆင့်

ရွှေဆေးလုံးအား မည်ကဲ့သို့ ထုတ်ယူမည်ကို ပူပန်နေစရာ မလိုတော့ပေ။

သူသည် လှိုဂယောင်ကြီးပြင်းလာသည်ကို ငယ်စဉ်ကလေး ဘဝကတည်းက ကြည့်ခဲ့ရခြင်း ဖြစ်သည်။ သူ၏ ပင်ကိုစွမ်းရည်နှင့် အရာအားလုံးတို့သည် သာမန်သာ ဖြစ်နေသော်လည်း မုယုသည် သူ၏ စိတ်စွမ်းအားနှင့် ကိုယ်ကျင့်စရိုက်အား သဘောကျသည်။ သူသည် သူ့အား လက်ရင်းတပည့်အဖြစ် လက်ခံရန် ဆုံးဖြတ်ချက် ချခဲ့ပြီးသား ဖြစ်သည်။

ချောင်ကျန်းတုန်းနှင့် ယွင်ကျင်းရှီတို့သည် သူ့တပည့် ဖြစ်လာကြရန် ပြင်ပ အကူအညီများကို ယူခဲ့ကြခြင်း ဖြစ်သည်။ သို့သော်လည်း မုယုသည် လျှိုယောင်အား ကိုယ်တိုင် ရွေးချယ်ထားခြင်း ဖြစ်၏။ သူသည် လျှိုယောင်အား ပိုမိုထက်မြက်လာစေရန် ပြင်ပကမ္ဘာသို့ ခေါ်ဆောင် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

မုယုသည် လျှိုယောင်၏ ကျင့်ကြံမှုအား အမြဲတမ်း အာရုံစိုက်နေခဲ့သည်။ သူသည် သူ့အား လျှို့ဝှက်စွာဖြင့် တိတ်တဆိတ် ကူနေပေးနေခဲ့ခြင်း ဖြစ်၏။

လျှို့ယောင်သည် ကျင့်ကြံမှုအတွက်
အရင်းအမြစ် ပစ္စည်းများစွာ မရှိချေ။ ထို့ကြောင့်
သူ၏ တိုးတက်မှု အမြန်နှုန်းသည်
ချောင်ကျန်းတုန်း၊ ယွင်ကျင်းရှီတို့နှင့်စာလျှင်
နှေးကွေးနေသည်။ သို့သော်လည်း သူ၏
အဆင့်တိုင်းသည် အခြေခံ ခိုင်မာစွာနှင့်
တိုးတက်လာခြင်း ဖြစ်၏။

မုယုသည် သူ၏ အလားအလာများကို အမြင့်ဆုံး
အဆင့်အထိသို့ရောက်အောင်
ပြုစုပျိုးထောင်လိုသော အစီအစဉ်များ
ရှိနေသည်။ သူ၏ အမြင်အရဆိုလျှင်
လျှို့ယောင်သည် ချောင်ကျန်းတုန်းနှင့်

ကျန်သောသူများထက်ပင် ပို၍
တိုးတက်လာနိုင်သေးသည်။

သို့သော်လည်း သူ့အား ဒုက္ခပေးနေသော
အကြောင်းအရာ နှစ်ခုရှိနေသေး၏။ တစ်ခုမှာ
အရှေ့ပင်လယ်သို့ ဝင်လာကြသော
မိစ္ဆာအများစုသည် ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်သွားကြသော်လည်း
အရှေ့ပင်လယ်တွင် အတော်များများ
ကျန်နေကြသေးသည်။

သူတို့အနက်မှ တစ်ခုသည် နဂါးမျိုးနွယ်စုများ
ဖြစ်ကြသည်။ နဂါးများသည် ဤနေရာသို့

အငြိုးတကြီးနှင့် လက်စားချေရန် ရောက်လာကြခြင်း ဖြစ်သည်။

လင်းဖုန်းသည် မိစ္ဆာသခင် အဆင့်မှ နဂါးနှစ်ကောင်တို့အား မောင်းထုတ်ခဲ့ပြီး ဖြစ်သော်လည်း သူတို့၏ အနောက်သို့ လိုက်လာကြသော အခြားနဂါးများစွာတို့ ရှိကြသေး၏။

ဒုတိယ တစ်ခုမှာ လုနင်ဖြစ်သည်။ သူသည် အေးစက်သည့်ပုံ ပေါက်နေသော အမျိုးသမီးအား တစ်ချက် ကြည့်လိုက်သည်။ သူမသည် ကျင်းဟွမ်အမတ်မှ ပို့လာခဲ့သော ဆက်သားဖြစ်၏။ အစပထမတွင် သူမသည်

မုယုထံမှ ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံးအား ယူပြီးသောအခါတွင် ယင်ပင်လယ်ထံသို့ သွား၍ ကျင်းဟွမ်အမတ်ထံ ပြန်မည် ဖြစ်သည်။

သို့သော်လည်း နောက်ဆုံးတွင် သူမသည် ဆက်နေခဲ့ပြီး မုယုနှင့် ကျန်သောသူများ အနောက်သို့သာ လိုက်ပါလာခဲ့သည်။

မုယု၏ ခန့်မှန်းချက်မှာ သူမသည် ကျင်းဟွမ်အမတ်ထံမှ နောက်ထပ် အမိန့်တစ်ခုကို ရရှိခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဘာဖြစ်နေသည်ကိုမူ သူက အတိအကျ မသိချေ။

အမှန်အတိုင်း ပြောရလျှင် သူမရှိနေခြင်းသည် သူတို့၏ တိုက်ပွဲစွမ်းအားများအား များစွာတိုးတက်စေ၏။ သူမရှိနေလျှင် သူတို့အနောက်သို့ အပြင်းအထန် လိုက်နေကြသော မိစ္ဆာများထံမှ ပို၍လုံခြုံသည်။ သို့သော်လည်း သူသည် တစ်ခုခု မှားနေသကဲ့သို့ ခံစားနေရသည်။

သို့သော်လည်း အခြားဘာမှ မဖြစ်မီ လော်ဖူး လျို့ဝှက်ဆန်းကြယ်သောကျွန်းထံသို့ ပြန်ရောက်အောင် အလျှင်အမြန် ခရီးဆက်နေခြင်းမှလွဲ၍ သူသည် ဘာမှ မတတ်နိုင်ခဲ့ပေ။

လင်းဖုန်းသည် သူတို့အား ဟင်းလင်းပြင်အတွင်းမှ ကြည့်နေ၍ သူ့ကိုယ်သူ တွေးနေခဲ့သည်။ "ငါထင်ထားတဲ့ အရာတွေက မှန်နေတယ် ထင်တယ်"

## စာစဉ် ၃၉ : အပိုင်း ၈

## အပိုင်း ၇၃၈ : မိုးကြိုးမုန်တိုင်းက လာနေပြီ

လူငယ်များမှာမူ စိတ်လက်ပေါ့ပါးနေကြသည်။ ချောင်ကျန်းတုန်းနှင့် ယွင်ကျန်းရှီတို့မှာ အချင်းချင်းပင် နောက်ပြောင်နေကြ၏။

လှိုယောင်သည်လည်း ယခင်ကထက်စာလျှင် များစွာပို၍ တည်ငြိမ်နေခဲ့ပြီ ဖြစ်သည်။ ကြောင်လိမ်ကိုးဆင့် ရွေဆေးလုံးအား သူ၏ခန္ဓာကိုယ် အတွင်းမှ ထုတ်ယူပြီးပြီ ဖြစ်၍ ဉာဏ်အုပ်စုနှင့် လိုက်ပါနိုင်ခဲ့လျှင် သူ၏ အသက်အန္တရာယ်သည် စိုးရိမ်ရတော့မည် မဟုတ်ပေ။ အကယ်၍ သူတို့သည် မုယု သို့မဟုတ် လုနင်တို့ပင် ဘာမှ မတတ်နိုင်သည့် ရန်သူများနှင့် ရင်ဆိုင်ခဲ့ရပါက သူကလည်း ဘာမှ တတ်နိုင်မည် မဟုတ်ပေ။

လှိုယောင်သည် ယခင်ကနှင့် အနည်းငယ် ကွဲပြားစွာ ခံစားနေရသည်။ သူ၏

မသိစိတ်မှနေ၍ သူသည် တစ်ခုခု
ထူးခြားနေသည်ဟု ထင်နေခဲ့၏။ သို့သော်လည်း
ဒါသည် မရှင်းမလင်း ဖြစ်နေ၍ သူကလည်း
လက်ဆုပ်လက်ကိုင် မပြနိုင်ခဲ့ပေ။

သူ၏ခေါင်းကို ခါလိုက်၍ သူ့ကိုယ်သူ
အနည်းငယ် ရယ်လိုက်သည်။
သူ၏ရက်ပိုင်းအတွင်း တွေ့ကြုံခဲ့ရသော
အတွေ့အကြုံများသည် အတော်ပင် ဒရာမာ
ဆန်လှကာ တုန်လှုပ်ချောက်ချားဖွယ်
ကောင်းလှ၍ ဘဝကို ပြောင်းလဲစေနိုင်သည်။
ထိုအရာများသည် သူတစ်သက်လုံး
ကြုံတွေ့ခဲ့ရသည်ထက် များစွာပို၍
စိတ်လှုပ်ရှားဖွယ် ကောင်းနေခဲ့သည်။

သူသည် သတိပြန်ဝင်လာခဲ့သောအခါ
လုနင်ကသူ့အား တိတ်တဆိတ်
ကြည့်နေခဲ့သည်ကို တွေ့လိုက်ရ၏။

လုနင်သည် သူမ၏ အကြည့်ကို ဖုံးကွယ်ထားရန်
မကြိုးစားခဲ့ပေ။ သူမသည် လျှိုယောင်အား
နောက်တစ်ခေါက် ထပ်ကြည့်လိုက်ပြီးမှသာ
ပြန်လှည့်သွားခဲ့သည်။

လျှိုယောင်သည် ဘာမှ မတတ်နိုင်ပဲ
အနည်းငယ် မသက်မသာ ဖြစ်လာခဲ့သည်။
လုနင်သည် အခြေတည် ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူ တစ်ယောက်ဖြစ်၍ မုယုထက်ပင် ပို၍ အစွမ်းထက်သေးသည်။ သူသည်မူကား ချီသာဝက အဆင့်မှ ပမွှားလေးတစ်ကောင် ဖြစ်၍ သူမနှင့် ရင်ဆိုင်ရလျှင် ဆင်တစ်ကောင်နှင့် ပုရွက်ဆိတ် တစ်ကောင်တို့ ယှဉ်ပြိုင်သကဲ့သို့ ဖြစ်နေမည် ဖြစ်သည်။ အကယ်၍ လုနင်က သူ့အား တစ်ခုခု လုပ်ချင်နေခဲ့ပါက သူကလည်း ဘာမှ တတ်နိုင်မည် မဟုတ်ပေ။

မုယုသည် ကြောင်လိမ်ကိုးဆင့် ရွှေဆေးလုံး နှစ်လုံးကို ဖော်စပ်ထား၍ မိစ္ဆာများက ဝင်ရောက် တိုက်ခိုက်ခဲ့ချိန်တွင် ဆေးမီးဖိုက ပေါက်ကွဲသွားခဲ့၍ ဆေးလုံးတစ်လုံးသည် သူ၏

ခန္ဓာကိုယ် အတွင်းသို့ မတော်တဆ ဝင်ရောက်သွားခဲ့သည်။

ဤဆေးလုံးသည် ဟွမ်းမင်၏ အမိန့်အရ ဖော်စပ်ထားခဲ့ခြင်း ဖြစ်သည်။ ဟွမ်းမင်သည် ကျင်းဟွမ်အမတ်နှင့် ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သဖြင့် သူတို့သည် ဆေးလုံးတစ်လုံးစီ ခွဲဝေယူရမည် ဖြစ်၏။

လုနင်သည် ထိုနေရာတွင်ပင် လျှိုယောင်အား အနစ်နာခံစေ၍ ဆေးလုံးကို ထုတ်ယူမည် ကြံနေခဲ့သော်လည်း မုယုက သူမအား ဟန့်တားခဲ့သည်။ ဖြေရှင်းနည်းမှာ မုယုသည်

အခြားဆေးလုံး တစ်လုံးအား လုနင်သို့ ပေးခဲ့၍ လှိုယောင်၏ အသက်ကို ကယ်တင်ခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် ဆေးလုံးနှစ်လုံးစလုံးတို့အား ပြန်ရခဲ့ပြီ ဖြစ်သဖြင့် လုနင်ကဲ့သို့သော အခြေတည် ဝိညာဉ် အဆင့်မှ မဟာကျင့်ကြံသူက သူကဲ့သို့သော ချီသာဝကအဆင့်မှ အသေးအမွှား တစ်ကိုယ်တော် ကျင့်ကြံသူအား ဂရုစိုက်ရန် အကြောင်း မရှိတော့ပေ။ သို့သော်လည်း သူ၏ တစ်ကိုယ်လုံးမှ ကြွက်သီးမွေးညင်းများ ထလာ၍ သူ၏ ကျောရိုးအတွင်းမှ စိမ့်တက်လာခဲ့သည်။

လျှို့ဝှက်ယောင်သည် သူ့ကိုယ်သူ စိတ်ပူပန်စွာနှင့် တွေးနေခဲ့သော်လည်း လုနင်ကလည်း စိတ်ရှုပ်ထွေးနေခဲ့သည်ကို မသိနေခဲ့ပေ။

သူမသည် ဖြစ်ပျက်ခဲ့သမျှကို ကျင်းဟွမ်အမတ်အား ဆက်သွယ်၍ တင်ပြခဲ့ပြီး ဖြစ်သည်။ သူမသည် အသေးစိတ် အချက်အလက်များကို တစ်ခုမှ ချန်မထားခဲ့ပဲ အသေအချာ ပြင်ဆင်ထားခဲ့သည်။ လင်းဖုန်း၏ ပေါ်ပေါက်လာမှုမှအစ ဓာတ်လမ်းအဆုံးအထိပင် ဖြစ်၏။

သူမ၏ တာဝန်မှာ ကြောင်လိမ်ကိုးဆင့်
ရွေးဆေးလုံးအား ဖော်စပ်ပြီးသည်နှင့် ရယူ၍
ကျင်းဟွမ်အမတ်ထံသို့ ပြန်ပို့ပေးရန်ဟုသာ
ထင်နေခဲ့သည်။ သို့သော်လည်း ခေတ္တမျှ
စဉ်းစားအပြီးတွင် ကျင်းဟွမ်အမတ်သည်
သူမအား သူတို့နှင့် ဆက်နေ၍
ခရီးအတူတူထွက်ရန် အမိန့်ပေးခဲ့၏။

ပို၍တိကျစွာ ပြောရလျှင် ကျင်းဟွမ်အမတ်သည်
သူမအား လျှိုယောင်နှင့် အတူတကွ
ခရီးထွက်နေစေလိုခြင်း ဖြစ်သည်။

"မင်းက ဆာရိုသံမဏိ သစ်ပင်ရဲ့
အငွေ့အသက်တွေကို ရရှိခဲ့တယ် ဆိုတော့ အဲ့ဒီ

အခြေတည် ဝိညာဥ် အဆင့်က ကျင့်ကြံသူဟာ အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ကိုယ်ပွားဖြစ်ဖို့များတယ်"

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား ယခင်က မြင်ဖူးခဲ့သူ အများအပြား မရှိပေ။ ထို့ကြောင့် အရှေ့ပင်လယ်မှ တစ်ကိုယ်တော် ကျင့်ကြံသူများသည် သူ့အား မှတ်မိစရာ အကြောင်းမရှိချေ။ သို့သော်လည်း ကျင်းဟွမ်အမတ်သည် သူတို့ထက် ပိုသိကာ သူ့ကိုယ်သူ တွေးနေခဲ့၏။

"သူ့ရဲ့ မူလခန္ဓာကိုယ်ဟာ အရှေ့ပင်လယ်မှာ မရှိပဲ ကိုယ်ပွားကိုသာ စေလွှတ်ခဲ့တယ်။ သူက

သူရဲ့တပည့်တွေနဲ့တောင် အတူတကွ ခရီးမထွက်နေဘူး။ ကြည့်ရတာ သူက သူ့ကိုယ်သူ တစ်စုံတစ်ခု ကြံစည်နေတာ ဖြစ်လိမ့်မယ်"

"လျှိုယောင်ဟာ အရင်ကသူနဲ့ သီးသန့် တွေ့ဆုံခဲ့ဖူးတယ်။ ပြီးတော့ သူ့အပေါ်မှာ ဆေးလုံးကို ထုတ်ယူပေးခဲ့တဲ့ လင်းဖုန်းရဲ့ ကျေးဇူးကလည်း ရှိနေတယ်။ သူတို့က အနာဂတ်မှာ တစ်ယောက်နဲ့တစ်ယောက် ပြန်လည် တွေ့ဆုံဖို့ အလားအလာတွေ ရှိတယ်။ ဒါကြောင့် မင်းက အဲ့ဒီနေရာမှာ ဆက်နေပြီး အခြေအနေတွေကို စိတ်ရှည်ရှည်နဲ့ စောင့်ကြည့်နေလိုက်ပါ"

"တကယ်လို့ အချိန် အတော်ကြာတဲ့အထိ ဘာမှမဖြစ်ခဲ့ရင် မင်းက သူ့ကို စိတ်ဝိညာဉ် ရှာဖွေခြင်း နည်းစနစ်ကို အသုံးပြုလိုက်ပြီး သာမန်မဟုတ်တဲ့ ကိစ္စတွေ ဖြစ်ခဲ့သလား ဆိုတာကို ရှာလိုက်ပါ"

သူမသည် ထိုညွှန်ကြားချက်များကို ရရှိခဲ့သောအခါ အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့၍ လျှိုယောင်အား ထပ်ဖန်တစ်ခါ စိုက်ကြည့်လိုက်သည်။ သူမသည် သူမ၏ အသိစိတ်ကို အသုံးပြု၍ လျှိုယောင်၏ ခန္ဓာကိုယ် အတွင်းသို့ ရှာဖွေခဲ့သော်လည်း မည်သည့် ထူးခြားချက်များကိုမှ မတွေ့ခဲ့ရပေ။

"ထားလိုက်ပါတော့။ ငါက နည်းနည်းလေး ဆက်စောင့်လိုက်ဦးမယ်။ တကယ်လို့ ဘာမှ ထပ်ပြီးတော့ မထူးခြားခဲ့ဘူးဆိုရင် စိတ်ဝိညာဉ် ရှာဖွေခြင်း နည်းစနစ်ကိုပဲ အသုံးပြုလိုက်တော့မယ်"

အားလုံးတို့တွင် သူတို့၏ ကိုယ်ပိုင် အတွေးနှင့် စိုးရိမ်မှုများ ရှိနေကြသည်။ သူတို့သည် အတူတူ ခရီးဆက်ခဲ့ကြကာ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းထံသို့ ဦးတည်၍ သွားနေကြ၏။ မုယုနှင့် လုနင်တို့မှာ ဒဏ်ရာ အသီးသီး ရထားကြ၍ သူတို့၏ အခြေတည် ဝိညာဉ်တို့မှာ အားနည်းနေခဲ့သည်။ ထို့ကြောင့်

သူတို့သည် ဟင်းလင်းပြင်ကို ချိုးဖောက်၍ ခရီးမသွားနိုင်ကြပေ။ သူတို့တတ်နိုင်သည်မှာ ကျန်သောသူများကို ခေါ်ဆောင်၍ ကောင်းကင်ပေါ်မှသာ ခရီးဆက်နိုင်ခြင်း ဖြစ်သည်။

လမ်းတွင် သူတို့အား အနှောင့်အယှက်ပေးလိုကြသော မိစ္ဆာအချို့လည်း ရှိကြသေး၏။ ကံကောင်းသည်မှာ မိစ္ဆာသခင် အဆင့်မှ မိစ္ဆာတစ်ကောင်မှ မပါခဲ့၍ သူတို့၏ ခရီးလမ်းသည် အေးချမ်းလုံခြုံနေခဲ့သည်။

သူတို့သည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း အနားသို့

ရောက်လာခဲ့သည်နှင့် သူတို့ တွေ့ကြုံနေရသည့်
မိစ္ဆာ အရေအတွက်များမှာလည်း
ကျဆင်းလာခဲ့သည်။ ချောင်ကျန်းတုန်း၊
ယွင်ကျင်းရှီနှင့် ကျန်သောသူများသည် ပို၍
သက်တောင့်သက်သာ ဖြစ်လာခဲ့၏။
သို့သော်လည်း လုနင်နှင့် မုယုတို့သည်
တစ်ယောက်ကမှ သတိလက်လွတ် မနေခဲ့ပေ။
ထို့အစား သူတို့သည် ပို၍ပို၍
သတိကြီးလာကြသည်။

လျှိုယောင်သည် ခရီးစဉ် တစ်လျှောက်လုံးတွင်
မသက်မသာ ခံစားနေရ၍ သူ၏
အမူအရာများသည် တည်ငြိမ်နေသော်လည်း
အနည်းငယ် မည်းမှောင်နေခဲ့သည်။

ယွင်ကျင်းရှိသည် သူ့အားရယ်လိုက်ကာ တစ်ချက်ကြည့်လိုက်သည်။ "လှျိုကြီး၊ ဘာဖြစ်နေတာလဲ"

လှျိုယောင်သည် မုယုနှင့် လုနင်တို့အား တစ်ချက်ကြည့်လိုက်ကာ သူ၏ခေါင်းကို ငုံ့လိုက်၍ ပြန်ဖြေလိုက်သည်။ "ငါက ကပ်ဆိုးတစ်ပါး ကျလာဦးမယ်လို့ ခံစားနေရတယ်"

ယွင်ကျင်းရှိက ခေတ္တမျှ မှင်သက်သွားခဲ့၍ ချောင်ကျန်းတုန်းကလည်း သူကို လှည့်ကြည့်လိုက်သည်။

လျှိုယောင်က အနည်းငယ် စဥ်းစားလိုက်ပြီး ဖြေလိုက်သည်။ "ငါတို့က လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို ပြန်ရောက်ပြီးမှသာ ဘေးကင်းပြီလို့ ပြောလို့ရမယ်။ မိစ္ဆာတွေက အဲ့ဒီကျွန်းကိုတော့ မကျူးကျော်ရဲဘူး။ ဒါပေမဲ့ ဒီလိုဆိုတော့ သူတို့က ကျွန်းနဲ့ မနီးမဝေး နေရာမှာ နောက်ဆုံးအနေနဲ့ တိုက်ခိုက်ဖို့ စောင့်နေကြမှာပဲ"

"ဒီနောက်ဆုံးတစ်ခေါက် တိုက်ခိုက်မှုရဲ့ အန္တရာယ်က အရင်ကထက် အများကြီး ကြီးမားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက သူတို့ လက်စားချေဖို့ နောက်ဆုံး အခွင့်အရေး ဖြစ်လို့ပဲ"

ယွင်ကျင်းရှီက မေးလိုက်သည်။ "ဒါဆိုရင် သူတို့က ဘာဖြစ်လို့ သူတို့ရဲ့ အင်အားစုတွေကို စုစည်းပြီး ငါတို့ကို မတိုက်ခိုက်တာလဲ။ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းရဲ့ အနီးအနား နေရာတွေက သူတို့အတွက်လည်း အန္တရာယ် များတာပဲ။ လော်ဖူးသူတော်စင်ကို ထည့်မပြောရင်တောင် ကျွန်းပေါ်က တခြား

ကျင့်ကြံသူတွေက ငါတို့ကိုလာပြီး အကူအညီ
ပေးကြမှာ"

လျှိုယောင်က ဆက်၍ ရှင်းပြလိုက်သည်။
"ကျွန်းနဲ့ အတော်ဝေးတဲ့ နေရာတွေက
အရမ်းကျယ်ပြန့်ပြီး ငါတို့ကို
ထောင်ချောက်ဆင်ဖို့ ခက်ခဲတယ်။ ငါတို့က
ဘယ်နေရာကိုပဲ ဖြစ်ဖြစ်
ထွက်ပြေးသွားနိုင်တယ်။ ဒါဆိုရင်  သူတို့ရဲ့
အင်အားတွေကို နေရာအကျယ်ကြီး
ဖြန့်ထားရမှာ ဖြစ်တဲ့အတွက် သူတို့ကလည်း
အားနည်းသွားနိုင်တယ်"

"ဒါက ငါတို့ လမ်းတလျှောက်မှာ တွေ့ခဲ့ရတဲ့ သာမန် မိစ္ဆာတွေလိုမျိုး ဖြစ်တယ်။ ငါတို့က သူတို့ကို အလွယ်တကူ ကျော်ဖြတ်လို့ရတယ်" လျှိုယောင်သည် စိုးရိမ်စိတ်များနေသည်မှာ သိသာနေ၏။ "ငါတို့က ဘာပဲပြောပြော လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို ပြန်ရမှာ ဖြစ်တဲ့အတွက် နောက်ဆုံးပန်းတိုင်က မပြောင်းလဲဘူး။ ဒါကြောင့်မို့ သူတို့က ငါတို့ရဲ့ နောက်ဆုံးပန်းတိုင်နဲ့ မနီးမဝေးမှာ စောင့်ဆိုင်းပြီး ခြုံခိုတိုက်ခိုက်ဖို့က ပိုလွယ်တယ်"

"တစ်ချိန်တည်းမှာပဲ ငါတို့က ကျွန်းနဲ့ နီးလာပြီဆိုတော့ သတိတွေကို

လျှော့ချထားကြပြီး သက်တောင့်သက်သာ ဖြစ်နေကြမှာ ဖြစ်တယ်။ လှိုယောင်က မော့ကြည့်လိုက်ရာ ချောင်ကျန်းတုန်းနှင့် ကျန်သော ကျင့်ကြံသူများ အပါအဝင် ယွင်ကျန်းရှီက သူ့အား စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် မျက်နှာမှာ အနည်းငယ် နီသွားခဲ့၏။

သူသည် ကသိကအောက် ဖြစ်လှစွာနှင့် အခြားတစ်ဘက်သို့ လှည့်လိုက်ကာ အလောတကြီး ဆက်ပြောလိုက်သည်။ "ဒါကြောင့်မို့ သူတို့က ငါတို့ ဒီလိုမျိုး ဖြစ်တဲ့အချိန်ကို စောင့်နေပြီး ပထဝီဝင် အနေအထား အားသာတဲ့ နေရာတစ်ခုမှ

ငါတို့ကို ခြုံခိုတိုက်ခိုက်ဖို့ စောင့်နေကြမှာ ဖြစ်တယ်"

"ဒါပေမဲ့ ဒီလိုမျိုး အကြံက သူတို့အတွက် ပိုပြီးတော့ အန္တရာယ်များတဲ့ အစီအစဉ် ဖြစ်တယ်။ တကယ်လို့ လေဘ်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းက လူတွေက တစ်ခုခု မှားနေတာကို တွေ့သွားခဲ့ရင် သူတို့က တတ်နိုင်သလောက် အမြန်ဆုံး လာပြီး ကူညီကြမှာ။ ဒါပေမဲ့ ဒါကြောင့်ပဲ ငါတို့ရဲ့ ရန်သူတွေရဲ့ စွမ်းအားဟာ ပိုပြီးတော့ ခက်ထန်သန်မာကြမှာ ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ငါတို့ကို

တတ်နိုင်သမျှ အမြန်ဆုံး သုတ်သင်နေချင်ကြမှာ ဖြစ်လို့ပဲ"

သူ၏စကားများကို ကြားခဲ့ရသောအခါ ကျန်သောသူများသည် သူတို့အချင်းချင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။ သူတို့သည် သူ့အား နှုတ်လှန်ထိုးချင်နေခဲ့ကြသော်လည်း သူ၏ ခန့်မှန်းချက်များမှာ ဖြစ်နိုင်ခြေ ရှိနေကြသည်။ ထို့အပြင် မုယုနှင့် လုနင်တို့သည် ဘာမှ ဝင်မပြောခဲ့ကြသဖြင့် သူတို့ကလည်း လျှိုယောင်၏ ခန့်မှန်းချက်ကို သဘောတူနေမှာ သေချာနေ၏။

သူတို့၏ ပျော်ရွှင်နေကြသော စိတ်များမှာ ချက်ချင်းပင် ကျဆင်းသွားကြ၏။ ယွင်ကျင်းရှိသည့် အပြုံးတစ်ခုကို ကြိုးစား၍ ပြုံးလိုက်ကာ ပြောလိုက်သည်။ "လှျိုကြီးရဲ့ စကားတွေက အကျိုးအကြောင့် သင့်လျော်တယ်။ ငါတို့က ဒီလိုမျိုး မစဉ်းစားမိခဲ့ကြဘူး။ ငါတို့ရဲ့ သတိတွေကို အမြဲတမ်း ကပ်ထားတာက လုပ်သင့်တဲ့ အရာတစ်ခု ဖြစ်တယ်။ ငါတို့က လော်ဖူး လှျို့ဝှက်ဆန်းကြယ်သောကျွန်း အပေါ်ကို ခြေချနိုင်မှသာ သက်တောင့်သက်သာ နေသင့်တယ်"

အားလုံးတို့ကလည်း သဘောတူညီစွာဖြင့် ခေါင်းညိတ်လိုက်ကြသည်။ ယွင်ကျင်းရှီသည် သူတို့၏ ဘေးပတ်ပတ်လည်မှ ပင်လယ်ကြီးအား တစ်ချက်အကဲခတ်လိုက်ကာ သူတို့ ရောက်ရှိရန် လိုသေးသည့် အကွာအဝေးအား တွက်ချက်လိုက်သည်။ ရုတ်တရက်ပင် သူမသည် ပျော်ရွှင်စွာနှင့် ရယ်မောလိုက်ကာ အော်ဟစ်လိုက်သည်။

"စီနီယာချောင်၊ ကျွန်မတို့က ကျွန်မတို့ မိသားစုရဲ့ ကိုယ်ပိုင်ကျွန်းငယ်လေးကို ရောက်ခါနီးနေပြီ"

ချောင်ကျန်းတုန်းသည်
တစ်ချက်ငေ့ကြည့်လိုက်၍ ရယ်မောလိုက်ကာ
ပြောလိုက်သည်။ "မင်းပြောတာ မှန်တယ်"

လျှိုယောင်သည် ငြိမ်သက်နေခဲ့သည်။
ယွင်ကျင်းရှီနှင့် ချောင်ကျန်းတုန်းတို့
မွေးဖွားခဲ့သည့် ကျွန်းငယ်လေးတွင်
သူကြီးပြင်းလာခဲ့ခြင်း ဖြစ်သည်။

သူသည် ချောင်ကျန်းတုန်း၊
ယွင်ကျင်းရှီတို့နှင့်အတူ ငယ်စဉ်ဘဝကို
ဖြတ်သန်းခဲ့သည်။ သူသည် ယွင်ကျန်းရှီနှင့်
အသက် အတူတူဖြစ်၍ ချောင်ကျန်းတုန်းက
အနည်းငယ် ပို၍ကြီးသည်။ ချောင်မိသားစုနှင့်

ယွင်မိသားစုများသည် ကျင့်ကြံမှု
မိသားစုငယ်များ ဖြစ်ကြ၍ အနည်းငယ်ပို၍
လွှမ်းမိုးနိုင်စွမ်း ရှိကြသည်။

ချောင်ကျန်းတုန်းနှင့် ယွင်ကျန်းရှီတို့သည်
ထူးချွန်သော ကျင့်ကြံမှု ပါရမီများကို
ပြသနိုင်ခဲ့ကြသောအခါ သူတို့၏
မိသားစုများသည် သူတို့အား လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းတွင်
လေ့လာသင်ယူနိုင်ရန် ကြိုးစားပေးခဲ့ကြသည်။

လျှိုယောင်မှာမူ မိဘမဲ့ တစ်ယောက်သာ ဖြစ်၍
သူသည် ကျွန်းငယ်လေးမှ ဘုန်းတော်ကြီး
တစ်ပါး၏ မွေးမြူခြင်းကို ခံခဲ့ရသူ ဖြစ်၏။

ဤဘုန်းတော်ကြီးသည် သူ့အား
သားတစ်ယောက်ကဲ့သို့ သဘောထား၍
ဖခင်တစ်ယောက်ကဲ့သို့ စောင့်ရှောက်ခဲ့သည်။
တစ်ချိန်တည်းမှာပင် သူတို့သည်
ဆရာတပည့်များလည်း ဖြစ်ကြသည်။ သူယနေ့
ပိုင်ဆိုင်ထားသော သာမန် နည်းစနစ်များသည်
ထိုသူက သင်ကြားထားပေးခဲ့ခြင်း ဖြစ်သည်။

ဤဘုန်းတော်ကြီးသည် အခြေခံအုတ်မြစ်
နောက်ဆုံး အဆင့်တွင်သာ ရှိနေ၍
ရွှေရောင်ဗဟိုချက်ကို မဖန်ဆင်းနိုင်ခဲ့ပေ။
နောက်ဆုံးတွင် သူသည် နောင်တများကို
အုတ်ဂူအတွင်းသို့သာ ယူဆောင်သွားနိုင်ခဲ့၏။
လျှို့ယောင်သည် သူ၏အသုဘ ပြီးသွားသော

အခါမှသာ ထိုကျွန်းငယ်လေးအား စွန့်ခွာ၍ ကမ္ဘာကြီးသို့ စူးစမ်းလေ့လာခဲ့ခြင်း ဖြစ်သည်။ သူသည် ယွင်ကျန်းရှီနှင့်အတူ ခရီးထွက်ရန် ဖိတ်ခေါ်ခြင်း ခံခဲ့ရကာ မုယုဆေးဖော်သည့် နေရာသို့ ရောက်သွားခဲ့ခြင်း ဖြစ်သည်။

မုယုသည်လည်း သူ့အား အစောကြီးကတည်းက သိထားခဲ့ခြင်း ဖြစ်သည်။ မုယုသည် ဤမိဘမဲ့အား အစောကြီးကတည်းက ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်များ ရှိနေသဖြင့် ဆေးဖော်စပ်သည့် နေရာသို့ လှိုယောင် ပါလာခဲ့သည်ကို မျက်စိတစ်ဘက် မှိတ်ထားပေးခဲ့သည်။ နောက်ဆုံးတွင် ဆေးမီးဖို ပေါက်ကွဲသွားသည့်အခါ ဆေးလုံးသည်

လှျိုယောင်အတွင်းသို့ မတော်တဆ
ကျရောက်သွားခဲ့ခြင်း ဖြစ်၏။

သူတို့သည် ငယ်စဉ်က ကြီးပြင်းလာခဲ့သော
ကျွန်းငယ်လေးသို့ ရောက်လာခဲ့သည်နှင့်
လှျိုယောင်၏ စိတ်အတွင်းတွင်
ခံစားချက်များက ပေါ်လာခဲ့သည်။
သို့သော်လည်း သူသည် အတတ်နိုင်ဆုံး
ကြိုးစား၍ ထိန်းချုပ်ထားခဲ့သည်။
ချောင်ကျန်းတုန်းနှင့် ကျန်သောသူများကလည်း
ဤအချိန်သည် အိမ်ပြန်၍ သူတို့၏
မိသားစုများအား ဝင်ရောက်နှုတ်ဆက်ရန်
သင့်တော်သော အချိန်မဟုတ်သဖြင့် သူတို့၏
ခံစားချက်များကို ကြိုးစား၍ ဖိနှိပ်ထားကြသည်။

သူတို့သည် ဤကျွန်းငယ်လေး အနီးသို့ ရောက်လာခဲ့သောအခါ မုယုနှင့် လုနင်တို့၏ မျက်နှာများမှာ ပြောင်းသွားကြသည်။

ချောင်ကျန်းတုန်းနှင့် ကျန်သောသူများကလည်း အချိန်အတော်ကြာ စိုက်ကြည့်နေပြီး နောက်တွင် သူတို့၏ အမူအရာများမှာ မည်းမှောင်သွားကြသည်။ ဤကျွန်းငယ်လေးမှာ အကြီးအကျယ် ပျက်စီးနေခဲ့သဖြင့် သာမန်မျက်လုံးဖြင့်ပင် မြင်နိုင်ခဲ့သည်။ တစ်ယောက်၏ အသိစိတ်နှင့် စူးစမ်းလေ့လာနေရန်ပင် မလိုနေခဲ့ချေ။

ဤကျွန်းငယ်လေး အတွင်းမှ
သေမင်းအော်ရာကို အသေအချာ
ခံစားနေနိုင်ခဲ့သည်။

"ဆရာ.." ယွင်ကျင်းရှီသည် မုယုအား
မျက်ရည်ဝိုင်းနေသော မျက်လုံးများဖြင့်
ကြည့်လိုက်၏။ မုယုသည် လေးလံစွာဖြင့်
သက်ပြင်းတစ်ချက် ချလိုက်ကာ အားလုံးတို့အား
ကျွန်းပေါ်သို့ ချပေးလိုက်သည်။ လုနင်သည်
ကောင်းကင်ပေါ်တွင်သာ ဆက်လက် ရှိနေမြဲ
ဖြစ်သည်။ သူမသည် မကာန့်ကွက်ခဲ့သလို
ရှေ့ဆက်သွားခြင်းလည်း မပြုခဲ့ပေ။

ဒါသည့် ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။
ဤကျွန်းပေါ်တွင် နေထိုင်ကြသော
သူအားလုံးတို့မှာ သက်ဖြတ်ခြင်းကို ခံခဲ့ရပြီး
ဖြစ်သည်။ အဆောက်အအုံတိုင်းမှာလည်း
ပျက်စီးကုန်ကြပြီ ဖြစ်၏။ အိမ်တိုင်းသည်
အပျက်အစီးပုံများ ဖြစ်နေကြ၍ မြေပြင်ပေါ်တွင်
အိမ်တိုင်လုံးများမှာ ပြန့်ကျဲနေကြသည်။

ချောင်နှင့် ယွင်မိသားစုများအပြင် ကျွန်းပေါ်တွင်
နေထိုင်နေကြသော အခြား ကျင့်ကြံမှု
မိသားစုများလည်း ရှိကြသေးသည်။
သို့သော်လည်း သူတို့အနက်မှ အဆင့်အမြင့်ဆုံး
ကျင့်ကြံသူများမှာ အခြေခံအုတ်မြစ်
အဆင့်တွင်သာ ရှိကြခြင်း ဖြစ်သည်။ သူတို့သည်

ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုအား
တွန်းလှန်နိုင်စွမ်း မရှိပဲ နောက်ဆုံးတွင်
အမြစ်ပြတ် ချေမှုန်းခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

ချောင်ကျန်းတုန်းသည် အမှိုက်ပုံ ဖြစ်နေခဲ့သော
ချောင်မိသားစု၏ အိမ်ဝင်းအား
စိုက်ကြည့်နေခဲ့သည်။ သူသည် မြေပေါ်တွင်
မလှုပ်မယှက် ရပ်နေခဲ့၍ သူ၏ ပါးစပ်သည်
တစ်ဝက်ပွင့်နေခဲ့သော်လည်း မည်သည့်
အသံတစ်ခုမှ ထွက်မလာခဲ့ပေ။

အခြားတစ်ဘက်တွင်မူ ယွင်ကျင်းရှီမှာ ပို၍ပင်
ဆိုးနေသေး၏။ သူမသည် ပြိုကျနေသော
ယွင်မိသားစု အိမ်ဝင်းအတွင်းမှ သူမ

မိသားစုဝင်များ၏ ကြောက်မက်ဖွယ်ရာ
ရုပ်အလောင်းများကို အသေအချာ တွေ့နေရ၏။
ဂုဏ်သိက္ခာနှင့် ပြည့်စုံ၍ သဘောထား
ပြည့်ဝသော သူမ၏ဖခင်၊ သူမအား ချစ်ခင်၍
ဂရုစိုက်သည့် မိခင်..

လျှိုဝှက်သည့် ယွင်ကျင်းရှီအား
ဘာပြောရမည်မှန်း မသိခဲ့ပဲ ကောင်မလေးက
ကျယ်လောင်စွာ အော်ဟစ်လျှက်
ငိုကြွေးနေခဲ့သည်ကို ကြည့်ရုံသာ
ကြည့်နိုင်ခဲ့သည်။ သူသည် သူမအား
နှစ်သိမ့်ပေးနေလိုသော်လည်း စကားလုံး
သက်သက်သည် ဘာမှ အဓိပ္ပာယ် မရှိပဲ အပိုသာ
ဖြစ်နေမည်ကို သိနေခဲ့သည်။ သူသည်

သူမနှင့်အတူတူ လက်စားချေပေးမည်ဟု ကမ်းလှမ်းလိုနေသော်လည်း သူ၏ ချီသာဝက အဆင့်မှ ကျင့်ကြံမှုသည် ရယ်စရာပင် ဖြစ်နေလိမ့်မည်။ ယွင်ကျင်းရှီ ကိုယ်တိုင်ကပင် သူ့ထက်များစွာ ပို၍သန်မာသည်။

သူသည် ဖျတ်ဖျတ်လတ်လတ်ရှိ၍ အသက်ဝင်လှသော ဤကောင်မလေးအား အရင်ကတည်းက သဘောကျနေခဲ့ခြင်း ဖြစ်သည်။ သူမက ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေသည်ကို ကြည့်ရသောအခါ လျှိုယောင်သည် သူ့အပေါ်၌လည်း ဖိအားများစွာ ကျရောက်လာသည်ဟု ခံစားခဲ့ရသည်။

လင်းဖုန်းသည် ဤမြင်ကွင်းအား ဟင်းလင်းပြင် အတွင်းမှ ကြည့်နေရသောအခါ သူကလည်း သက်ပြင်းတစ်ချက် ချလိုက်သည်။ သူသည် ဤကျွန်းငယ်လေး အတွင်းမှ ဝမ်းနည်းဖွယ်ရာ အဖြစ်အပျက်ကို သူတို့အုပ်စုထက် များစွာပိုစော၍ တွေ့ရှိခဲ့ပြီး ဖြစ်သည်။ နောင်တရစရာမှာ ဤအဖြစ်က ဖြစ်ပျက်ခဲ့ပြီးသွားခဲ့ပြီ ဖြစ်သည်။

မိစ္ဆာများသည် လျှိုယောင်နှင့် ယွင်ကျင်းရှီတို့၏ နောက်ခံကို သူတို့ဘာသာ စုံစမ်းရန်အထိ စွမ်းအားမကြီးကြပေ။ သူတို့သည် လက်စားချေလိုမည် ဆိုပါကလည်း ဟွမ်းမင်နှင့်

မုယုတို့ကိုသာ ပစ်မှတ်ထားကြမည် ဖြစ်သည်။ ဤကျွန်းငယ်လေး၏ ကံကြမ္မာမှာ ကံဆိုးစွာနှင့် တိုက်ဆိုင်မှုပင် ဖြစ်သည်။ မိစ္ဆာများက သူတို့၏ ဒေါသများကို ဖောက်ခွဲရန် တစ်စုံတစ်ခု လုပ်ချင်နေကြစဉ်တွင် ဤကျွန်းငယ်လေးက သူတို့အရှေ့တွင် ပေါ်လာခဲ့ခြင်း ဖြစ်သည်။

"ဒီအချိန်က ဝမ်းနည်းရမယ့် အချိန် မဟုတ်သေးဘူး" လင်းဖုန်းသည် သူ၏ခေါင်းကို အနည်းငယ် ခါလိုက်ကာ မိုးကုတ်စက်ဝိုင်းအလွန်မှ ကောင်းကင်အား ကြည့်လိုက်သည်။ "မုန်တိုင်းမလာခင် ငြိမ်သက်နေမှုက ပြီးဆုံးသွားပြီ။ တကယ့် မိုးကြိုးမုန်တိုင်းက ကျလာတော့မယ်"

ခဏအကြာတွင် လုနင်သည် သူမ၏
ကျောရိုးတလျှောက် စိမ့်ကနဲ ဖြစ်သွားခဲ့ကာ
ထိုနေရာသို့ပင် ကြည့်လိုက်၏။
ကောင်းကင်ယံတွင် အပေါက်တစ်ပေါက်
ပေါ်လာခဲ့ကာ မရေမတွက်နိုင်သော
မိစ္ဆာများသည် အတွင်းမှထွက်လာခဲ့၍
ဤကျွန်းငယ်လေးထံသို့ ပြေးဝင်လာခဲ့ကြသည်။

## စာစဥ် ၃၉ : အပိုင်း ၉

## အပိုင်း ၇၃၉ : ပြန်လည်မွေးဖွားခြင်း

ယင်ပင်လယ်မှ တောင်သုံးတောင် ပြန်လည်
ပေါ်ပေါက်လာသည့် အချိန်တွင်
မိစ္ဆာအများစုတို့သည် ယင်ပင်လယ် အတွင်းသို့
စတင်ဝင်ရောက်သွားကြပြီ ဖြစ်သည်။
အားလုံးတို့သည် သူတို့၏ စွန့်စားခန်းမှ
အကျိုးအမြတ်ရှိအောင် အနည်းဆုံးတော့
ယင်ပင်လယ်မှ ထူးခြား၍ ရှားပါးသည့် ရတနာ
ပစ္စည်းများကို အိမ်သို့ ယူပြန်သွားလိုကြသည်။

ယခုအချိန်တွင် အရှေ့ပင်လယ် အတွင်းတွင်
ကျန်နေခဲ့သော မိစ္ဆာများမှာ အတော်ပင်
နည်းပါးသွားကြပြီ ဖြစ်သည်။ သို့သော်လည်း
မုယုနှင့် ကျန်သောသူများတို့၏ အရှေ့တွင်
ပေါ်လာကြသော မိစ္ဆာများမှာ မိစ္ဆာသခင်

အဆင့်မှ နဂါးသုံးကောင်နှင့် ကျန်သော ကျင့်ကြံမှု အဆင့်နိမ့်သည့် နဂါးများစွာတို့လည်း ပါကြသေးသည်။

ထိုမိစ္ဆာသခင် အဆင့်မှ နဂါးသုံးကောင်တို့တွင် လင်းဖုန်း အရင်က မောင်းထုတ်ခဲ့သည့် နဂါးနှစ်ကောင်ပင် မပါချေ။

ရောက်ရှိလာသူတို့၏ လူထုတ်ပုံအား ကြည့်လိုက်သောအခါ မုယုနှင့် လုနင်တို့၏ ရင်များမှာ လေးသွားခဲ့သည်။ လုနင်သည် လျှို့ယောင်အား ခေါ်သွား၍ ထွက်ပြေးရန်ကိုပင် စဉ်းစားနေခဲ့သည်။ ဘာပဲပြောပြော မိစ္ဆာများ၏ ပစ်မှတ်မှာ မုယုပင် ဖြစ်သည်။

သို့သော်လည်း ထိုမိစ္ဆာများ၏ စိတ်အတွင်းတွင် အခြားတစ်စုံတစ်ရာလည်း ရှိသေးသည်။ သူတို့သည် မုယုတို့အား ဝိုင်းရံလိုက်ကြကာ ဟင်းလင်းပြင်တွင် အရံအတားများကို ပြုလုပ်လိုက်ကြသည်။ သူတို့သည် လူတစ်ယောက်ကိုမှ လွတ်မသွားစေရန် ဆုံးဖြတ်ထားကြသည်။ လုနင်သည် မည်သို့မှ ရွေးချယ်ခွင့် မရှိတော့ပဲ မုယုတို့နှင့်အတူ ရန်သူများကို ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ရှုပ်ထွေးသော ယခင်က တိုက်ပွဲတွင် မုယုသည် သူ၏ စီနီယာ၊ ဂျူနီယာများကို ဆက်သွယ်နိုင်သည့် အသံလွှင့်ကျောက်တုံးမှာ

ပျောက်ဆုံးသွားခဲ့သည်။ သူသည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း သို့မဟုတ် ဟွမ်းမင်ကို ခေါ်၍ စစ်ကူတောင်းရန် မဖြစ်နိုင်တော့ချေ။ သူတို့၏ တစ်ခုတည်းသော မျှော်လင့်ချက်မှာ ဤနေရာသည် လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းနှင့် သိပ်မဝေးခြင်းပင် ဖြစ်သည်။

အကယ်၍ လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှ လူများသည် တစ်ခုခုက မှားနေပြီကို သတိထားမိသောအခါ စုံစမ်းစစ်ဆေးရန် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည် ဖြစ်၏။ သို့သော်လည်း ထိုအချိန်မတိုင်ခင်တော့

မုယုနှင့် ကျန်သောသူများသည်
အသက်ရှင်နိုင်ရန် ကြိုးစားရမည် ဖြစ်သည်။

ပြဿနာမှာ သူတို့နှစ်ဖွဲ့တို့၏ အကြားမှ
တိုက်ခိုက်နိုင်မှု စွမ်းအားသည် အတော့်ကို
ကွာခြားခြင်း ဖြစ်သည်။ တိုက်ပွဲစပြီး
မကြာခင်တွင်ပင် လူသားတို့သည် ကြီးမားသော
ဖိအားများကို စတင်ခံစားလိုက်ရသည်။

မုယုနှင့် လုနင်တို့သည် ကိုယ့်ကိုယ်ကိုယ်ပင်
မနည်းကာကွယ်နေရ၏။ လျှိုယောင်၊
ယွင်ကျင်းရှီနှင့် ကျန်သောသူများသည်
ကိုယ့်ကိုယ်ကိုယ်သာ အားကိုး၍ ကျန်သော
ရွှေရောင်ဗဟိုချက်နှင့် အခြေခံအုတ်မြစ်

အဆင့်မှ ကျင့်ကြံသူများနှင့် ပူးပေါင်းကာ
သူတို့ထံသို့ ဝင်ရောက်လာကြသော အဆင့်နိမ့်
မိစ္ဆာများကို ရင်ဆိုင်ခဲ့ရသည်။

ယွင်ကျင်းရှီနှင့် ချောင်ကျန်းတုန်းတို့သည်
သူတို့၏ အရှေ့မှ မိစ္ဆာများကို
မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့်
စိုက်ကြည့်နေကြသည်။ ဒေါသတကြီးနှင့်
လက်စားချေလိုနေသော စိတ်များသည်
ခြုံခိုတိုက်ခိုက်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့်
ကြောက်စိတ်များကို လွှမ်းမိုးသွားကြကာ
သူတို့၏ ကိုယ်ပိုင် မှော်ကျိန်စာများနှင့်
မှော်အိုင်တမ်တို့အား ထုတ်ဖော်လိုက်ကြကာ

မိစ္ဆာအုပ်ချုပ်သူ အဆင့်မှ နဂါးများကို
သူသေကိုယ်သေ တိုက်ခိုက်လိုက်ကြသည်။

လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်းသည်
ကမ္ဘာနှစ်ခု အကြား နယ်နိမိတ် အနီးမှ
မိစ္ဆာများနှင့် အမြဲတစေ ပဋိပက္ခများ
ဖြစ်ပွားနေခဲ့သည်။ မိစ္ဆာများက
အရှေ့ပင်လယ်သို့ ကျူးကျော်ဝင်ရောက်မှုများ
ရှိသလို လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းမှလည်း
ကျင့်ကြံသူများအား မဟာလွင်တီးခေါင်
ကုန်းမြေ အတွင်းသို့ စေလွှတ်၍ မိစ္ဆာများကို
တိုက်ခိုက်လေ့ရှိကြသည်။

ထို့ကြောင့် ယွင်ကျင်းရှိနှင့်
ကျန်သောသူများသည် အသက်များပင်
ငယ်သေးကြ၍ ကျင့်ကြံမှု အဆင့်များက
သိပ်မမြင့်ကြသေးသော်လည်း သူတို့၏ တိုက်ပွဲ
အတွေ့အကြုံများမှာ သိပ်မနည်းကြချေ။

သို့သော်လည်း ပြဿနာမှာ ဒေါမာန်ဟုန်
ပြင်းနေခြင်းသည် အရေအတွက်နှင့်
တိုက်ပွဲစွမ်းရည်တို့၏ ကွာခြားချက်ကို
လိုက်မမီနိုင်ခြင်းပင် ဖြစ်သည်။ ထို့အပြင်
ဤနဂါးများမှာလည်း ရန်ငြိုးရန်စများဖြင့်
လက်စားချေရန် လာရောက်ခဲ့ခြင်း
ဖြစ်ကြသဖြင့် သူတို့၏ စိတ်ပိုင်းဖြတ်မှုများသည်

ယွင်ကျန်းရှီနှင့် ချောင်ကျန်းတုန်းတို့ထက် အောက်မကျကြချေ။

သိပ်မကြာမီတွင်ပင် ယွင်ကျန်းရှီနှင့် ကျန်သောသူများသည် အောက်စည်းသို့ ကျရောက်သွားခဲ့ကာ အလူးအလဲ ခံနေရ၏။ ချီသာဝကအဆင့်တွင်သာ ရှိသေးသော လျှိုယောင်မှာ ပို၍ပင် ဆိုးသေးသည်။

မုယုသည် အစပထမတွင် လျှိုယောင်အား ရံဖန်ရံခါ ကူညီနိုင်သေးသည်။ သို့သော်လည်း လျှင်မြန်စွာနှင့်ပင် သူ့ကိုယ်သူသာ အာရုံစိုက်၍ ခုခံနိုင်တော့သည်။ သိပ်မကြာမီတွင်ပင် သူသည် ဘာမှ ရွေးချယ်ခွင့် မရှိတော့ပဲ လျှိုယောင်နှင့်

ဝေးနိုင်သမျှ ဝေးသောနေရာကိုသာ ဆုတ်ခွာခဲ့ရသည်။ မဟုတ်လျှင် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် မိစ္ဆာသခင် အဆင့်မှ နဂါးတစ်ကောင်တို့၏ တိုက်ပွဲမှ လှိုင်းလုံးများသည် သူ့အား ဒဏ်ရာရရှိနိုင်ကာ အခန့်မသင့်လျှင် အသက်ပင် ပျောက်သွားနိုင်သည်။

လျှိုယောင်အား ဒေါသထွက်နေသော ကျောက်စိမ်းနဂါး တစ်ကောင်မှ လိုက်လံတိုက်ခိုက်နေခဲ့သည်။ လျှိုယောင်သည် အစွမ်းကုန် ကြိုးစား၍ ဘယ်ညာသို့ ရှောင်ရှားနေခဲ့၏။ သို့သော်လည်း

ကြည့်ရသည်မှာ သူသည် မကြာမီတွင်
နှစ်ပိုင်းအပိုင်း ခံရတော့မည် ဖြစ်သည်။

သူ၏ မျက်လုံးထောင့်မှနေ၍
ချောင်ကျန်းတုန်းသည် လက်တစ်ဘက်လုံး
ပြုတ်ထွက်သွားပြီ ဖြစ်သည်ကို တွေ့နေရ၏။
သူ၏ ခန္ဓာကိုယ် တစ်ဝက်မှာ သွေးများဖြင့်
ဖုံးလွှမ်းလျှက်ရှိသည်။ သူ၏ ဆံပင်များမှာ
ဖရိုဖရဲ ဖြစ်နေ၍ ကြည့်ရသည်မှာ
ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။ သူသည်
ဒဏ်ရာများကို ကုစားရန် အချိန်မရှိပဲ
နောက်ထပ် နဂါးတစ်ကောင်၏ တိုက်ခိုက်မှုကို
ရှောင်ရှားနေရ၏။

သူသည် တိုက်ခိုက်မှု တစ်ခုကို ရှောင်ရှားနိုင်အပြီးတွင် နောက်ထပ် တစ်ခုအား ရှောင်ရှားရန် အာရုံ ပြန်စိုက်နေရသည်။ သိပ်မကြာမီတွင်ပင် သူ၏ အကာအကွယ် မှော်အိုင်တမ်သည် လုံးဝကို ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

ယွင်ကျင်းရှီ၏ ခေါင်းပေါ်မှ နေမင်းကဲ့သို့ တောက်ပနေခဲ့သော ရွှေရောင် ဆံပင်များသည် ယခုအချိန်တွင် သွေးစများ၊ ဖုန်မှုန့်များနှင့် ပြည့်နေခဲ့သည်။ မူလမှ ကြည့်၍ကောင်းသော အသွင်အပြင်သည်လည်း လုံးဝကို ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်၏။ သူမ၏ နှင်းဆီရောင် နှုတ်ခမ်းဖူးများသည် အရောင်

လွင့်ပြယ်နေပြီ ဖြစ်ကာ မိစ္ဆာဗိုလ်ချုပ် အဆင့်မှ နဂါးများကို အစွမ်းကုန် တွန်းလှန်ရန် ကြိုးစားနေရသည်။ သို့သော်လည်း ပို၍ကြီးမားသော အန္တရာယ်သည် ထိုမိန်းကလေး အပေါ်သို့ ကျရောက်လာတော့မည် ဖြစ်သည်။

ဤမျှအထိ အန္တရာယ် များနေသော အချိန်တွင် သူမသည် မျှော်လင့်ချက်များ အားလုံး ပျောက်ကွယ်သွားပြီဟု ခံစားလိုက်ရသည်။ မိစ္ဆာအုပ်ချုပ်သူ အဆင့်မှ ကျောက်စိမ်းနဂါး တစ်ကောင်သည် သူ၏ ဟထားသော ခံတွင်းအတွင်းမှ အပြာရောင် မီးတောက်များကို မှုတ်ထုတ်နေရင်း သူမထံသို့ ခုန်ဝင်လာခဲ့သည်။

သူမ၏ အကာအကွယ် မှော်အိုင်တမ်နှင့် သူမကို ကာရံထားသည့် မှော်စွမ်းအင်တို့သည် ချက်ချင်းပင် လောင်ကျွမ်းသွားခဲ့၍ ထိုနဂါးသည် သူမ၏ အရှေ့သို့ ရောက်လာ၍ သူမအား မျိုချဟန် ပြင်နေခဲ့သည်။

လျှိုယောင်ကလည်း ထိုအချိန်တွင် အဝေး တစ်နေရာသို့ ရောက်နေခဲ့၏။ သူ၏ ရုပ်ခန္ဓာကိုယ်ကလည်း ကျောက်စိမ်းနဂါး တစ်ကောင်၏ တိုက်ခိုက်ခြင်းကို ခံနေရသည်။ အရပ်ရှည်ရှည်နှင့် လူငယ်၏ တစ်ကိုယ်လုံးမှ သွေးများ ပန်းထွက်လာခဲ့သော်လည်း သူသည် နာကျင်မှု တစ်စုံတစ်ရာမှ မခံစားခဲ့ရပေ။

"ငါ.. ငါက သေသွားပြီလား.." လျှိုယောင်သည် သူသည် စဉ်းစားနိုင်နေသေး၍ သူ၏ဦးနှောက်သည် အလုပ်လုပ်နေသေးသည်ကို အကြီးအကျယ် အံ့သြစွာဖြင့် တွေ့ရှိခဲ့ရသည်။ သူ၏ ခန္ဓာကိုယ်သည် သွေးအိုင်ကြီး တစ်ခုအဖြစ်သို့ ကြေမွသွားခဲ့သည်ကို ကြည့်နေခဲ့ကာ သူသည် အလွန်အမင်း ထူးခြားသော ခံစားချက် တစ်ခုအား ခံစားနေခဲ့ရသည်။

"ဘာ.. ဘာဖြစ်နေတာလဲ" လျှိုယောင်သည် ထိတ်လန့်တုန်လှုပ်နေခဲ့သည်။ သို့သော်လည်း သူသည် ပုလဲလုံးကဲ့သို့သော အရာတစ်ခု၏ အတွင်းတွင် ရောက်ရှိနေခဲ့သည်ကို

တွေ့လိုက်ရ၍ သူ၏အရှေ့တွင် ရွှေရောင်
မြူခိုးငွေ့များက လည်ပတ်နေကြသည်။
ခရမ်းရောင် အလင်းတန်းများက
လင်းလက်နေကြ၍ ထူးဆန်းသည်မှာ သူက
ဒါသည် ဘာဖြစ်သည်ဟူသည်ကို သိနေသကဲ့သို့
ခံစားနေရခြင်း ဖြစ်သည်။

လျှို့ယောင်သည် ခဏအကြာတွင်
သတိပြန်ဝင်လာခဲ့၏။ သူ၏ ရုပ်ခန္ဓာကိုယ်သည်
လုံးဝကို အဖျက်ဆီး ခံခဲ့ရပြီဖြစ်၍ ထူးခြားသော
ရွှေပုလဲအတွင်းတွင် ရောက်ရှိနေခဲ့သည်မှာ
သူ၏ စိတ်ဝိညာဉ်သာ ဖြစ်နေသည်။

ခရမ်းရောင် အလင်းတန်းများက သူ၏
စိတ်ဝိညာဉ် အတွင်းသို့ ဝင်ရောက်လာခဲ့ကာ
မှောင်မည်း၍ ထူးခြားအံ့ဩဖွယ်ကောင်းသည့်
ခံစားချက် တစ်မျိုးကို စတင်၍
ခံစားနေခဲ့ရသည်။ မရေမတွက်နိုင်သော
ထူးခြားသည့် ရုပ်ပုံများသည် သူ၏
စိတ်အတွင်းသို့ ဝင်ရောက်လာခဲ့၍ သူကလည်း
သူတို့၏ အဓိပ္ပာယ်ကို မဖော်နိုင်ခဲ့ပဲ ဆက်စပ်၍
မစဥ်းစားနိုင်ခဲ့ပေ။

သူသည် ဒယီးဒယိုင် ဖြစ်နေခဲ့၍ သူ၏
စိတ်ဝိညာဉ်ထံမှ တူညီသော ခရမ်းရောင်
အလင်းတန်းများ စတင်၍

ထုတ်လွှတ်လာခဲ့သည်ကို စတင်
သဘောပေါက်ခဲ့သည်။

အတွေးနှင့် စိုးရိမ်ပူပန်မှု မျိုးစုံတို့သည် သူ၏
အသိစိတ်အတွင်းတွင် ပြည့်နှက်နေခဲ့၏။
သူအခိုင်အမာ ဖက်တွယ်ထားသည့်
သဘောတရားများသည် ပို၍
သန်မာကြီးထွားလာကြသည်။ နောက်ဆုံးတွင်
သူ၏ စိတ်အတွင်းတွင် အတွေးတစ်ခုနှင့်
အသံတစ်ခုသာ ကျန်ရစ်ခဲ့သည်။ ထိုအသံသည်
ထပ်ခါထပ်ခါ အော်ဟစ်နေခဲ့သည်။

"ငါသေလို့မရဘူး။ ငါကသူတို့ကိုကယ်ဖို့ လိုအပ်တယ်။ စီနီယာမုနဲ့ ကျင်းရှီတို့က သေလို့မရဘူး!"

တောက်ပသော ခရမ်းရောင် အလင်းတန်းများသည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ ထိုးထွက်လာခဲ့ကာ ကောင်းကင်တစ်ခုလုံးအား လင်းလက်သွားစေခဲ့သည်။

မရေမတွက်နိုင်သော မှော်သင်္ကေတများသည် မီးတောက်များ အကြားတွင် ကခုန်နေခဲ့၍ ဟင်းလင်းပြင်အား တောက်ပစေခဲ့ကာ

လေဟာနယ် တစ်လက်မမှမကျန်
သူတို့ကိုယ်သူတို့ ခတ်နှိပ်လိုက်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် အသည်းအသန်
အနီးကပ် တိုက်ခိုက်နေကြသည့် မုယု၊ လုနင်နှင့်
ကျန်သော မိစ္ဆာသခင် အဆင့်မှ နဂါးများပင်
ရပ်တန့်လိုက်ကြကာ ကောင်းကင်ယောက်သွား
ရွှေပုလဲထဲသို့ လှမ်းကြည့်ခဲ့ရသည်။

မုယုနှင့် ကျန်သော လူသားများသည်
အနည်းငယ်သာ အံ့အားသင့်နေကြသော်လည်း
အစွမ်းထက်သည့် မိစ္ဆာသခင် အဆင့်မှ
နဂါးများသည် သူတို့၏ စိတ်ဝိညာဉ်
အတွင်းမှနေ၍ ကပ်ဆိုးကျလာတော့မည်ကဲ့သို့

ကြောက်ရွံ့မှုများကို ခံစားလာကြရသည်။ သူတို့မွေးဖွားလာကတည်းက သူတို့အား အုပ်ချုပ်ရမည့် ဖိနှိပ်တတ်သည့် အာဏာရှင် တစ်ပါးက ပြန်လည် ရှင်သန်လာသကဲ့သို့ ဖြစ်သည်။

"မဟုတ်မှလွဲရော.." ထိုကျောက်စိမ်းနဂါး သုံးကောင်၏ မျက်လုံးများသည် ပြူးကျယ်လာခဲ့၍ ခရမ်းရောင် အလင်းတန်းများဖြင့် လင်းလက်နေသေးသည့် ကောင်းကင်ယောက်သွား ရွှေပုလဲအား စိုက်ကြည့်နေကြသည်။

လှိုင်ယောင်၏ ခန္ဓာကိုယ်အား ဆွဲဖြဲခဲ့သည့်
နဂါးမှာ ခေါင်းစမှ ခြေဆုံးတိုင်အောင်
တုန်ခါနေခဲ့၏။ သူသည်
ထိတ်လန့်တုန်လှုပ်လွန်းသဖြင့် လှုပ်ပင်
မလှုပ်နိုင်တော့ချေ။ သူသည်
ထွက်ပြေးချင်နေခဲ့သော်လည်း
ကြောက်ရွံ့လွန်းသဖြင့် သူ၏ တစ်ကိုယ်လုံး
အားမရှိတော့ပဲ လက်သည်းတစ်ချောင်းမှပင်
မလှုပ်နိုင်တော့ချေ။

ခရမ်းရောင် အလင်းတန်းများသည်
ဆက်လက်၍ လင်းလက်နေခဲ့ပြီး ထူထဲလှသော
ရွှေရောင် မြူခိုးငွေ့များသည်
ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ

ဆက်လက် ထွက်လာခဲ့၍ လေပေါ်တွင်
အကောင်အထည် ပေါ်လာခဲ့သည်။
ထိုမြူခိုးငွေ့များသည် ရွှေရောင်ပုံရိပ်
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ခရမ်းရောင်
အလင်းတန်းများဖြင့် ဖုံးလွှမ်းထားခဲ့၏။

ထိုပုံရိပ်သည် လူသားတစ်ယောက်နှင့်
တူနေခဲ့သောလည်း ပုံစံသာ တူနေခဲ့ခြင်း
ဖြစ်သည်။

သူ၏ တစ်ကိုယ်လုံးတွင် ခရမ်းရောင်
အမှတ်အသားများဖြင့် ခတ်နှိပ်ထားခဲ့ကာ
ပြည့်နှက်နေခဲ့သည်။ သူ၏ ခေါင်းပေါ်မှ
ဆံပင်များမှာ ငွေဖြူရောင် ဖြစ်၍ ကျောမှတဆင့်

တင်ပါးတိုင်အောင် ကျဆင်းနေခဲ့သည်။ အနီးကပ် ကြည့်လိုက်လျှင် ထိုဆံပင်များသည် ခေါင်းမှသာ ထွက်နေသည် မဟုတ်ပဲ ကျောရိုးတစ်လျှောက်မှ မြီးညှောင့်ရိုးအထိ တောက်လျှောက် ထွက်နေခဲ့ခြင်း ဖြစ်သည်။

အမွေးများသည် လက်ပြင်ရိုးကိုတော့ ကျော်၍ မပေါက်ခဲ့ပဲ သူ၏ အရေပြားမှာ လူသားများနှင့် တူပြီး ခရမ်းရောင် အမှတ်အသားများကို တစ်ပြင်လုံးတွင် တွေ့နိုင်ခဲ့သည်။

မြီးညှောင့်ရိုးမှ ကျော်လွန်၍ ပေါက်လာခဲ့သော အမွေးများသည် အမွေးများနှင့် ပြုလုပ်ထားသည့် အမြီးရှည်တစ်ချောင်းအဖြစ်

ပြောင်းသွားခဲ့၍ လေထုအတွင်းတွင် ခါယမ်းနေခဲ့၏။

ဤပုံရိပ်သည် မိစ္ဆာတစ်ဝက် လူတစ်ဝက်နှင့် တူနေသည်။ သူ၏ ရုပ်ခန္ဓာကိုယ် အသွင်အပြင်မှာ လျှို့ယောင်နှင့် တစ်ပုံစံတည်းဖြစ်၍ မတူသည်မှာ သူ့မျက်နှာက ခရမ်းရောင် အမှတ်အသားများဖြင့် ပြည့်နေခြင်း ဖြစ်သည်။ သူ၏ ခေါင်းအပေါ်မှနေ၍ မှော်သင်္ကေတ များစွာတို့ဖြင့် ပြည့်နှက်နေသော ဦးချိုသုံးခုတို့က ပေါက်နေခဲ့ပြီး ကြောက်မက်ဖွယ်ရာ မိစ္ဆာစွမ်းအားတို့က ထွက်ပေါ်လာနေကြသည်။

လျှိုယောင်၏ မျက်လုံးများ အတွင်းမှ ထွက်ပေါ်လာသော အလင်းရောင်များသည် ခရမ်းရောင် ဖြစ်နေခဲ့ပြီး သူ၏အကြည့်နှင့် ထိတွေ့ခဲ့သမျှ အရာအားလုံးတို့သည် ဖုန်မှုန့်များ အဖြစ်သို့ ကြေမွသွားကြသည်။

"ဝေါင်း!!!"

ပြန်လည်မွေးဖွားလာသော လူငယ်လေးသည် ကျယ်လောင်စွာနှင့် ဟိန်းဟောက်လိုက်ကာ ထက်မြက်လှသည့် သွားစွယ်လေးချောင်းတို့ကို ဖော်ပြလိုက်၏။

ဤကြီးကျယ်ခမ်းနားလှသည့် ဟိန်းဟောက်သံသည် ရှိသမျှ သူအားလုံးတို့အား မှင်သက်သွားစေခဲ့သည်။ ဤအသံက သူတို့၏ စိတ်ဝိညာဉ်တို့အား လှုပ်ခါစေခဲ့သည်ဟု ခံစားနေကြရသည်။

အဆင့်နိမ့် နဂါးတို့သည် ပထမဆုံး ကျဆင်းသွားကြသည်။ သူတို့၏ မျက်လုံးများ အတွင်းမှ တောက်ပမှုများသည် လုံးဝ ပျောက်ကွယ်သွားကြ၍ အောက်မှ ပင်လယ်အတွင်းသို့ ကျောက်တုံးများပမာ ပြုတ်ကျသွားခဲ့ကြသည်။ ထိုနဂါးများ၏ မိစ္ဆာ စိတ်ဝိညာဉ်များသည် လျှို့ဟောင်း၏

ဟိန်းဟောက်သံကြောင့် တိုက်ရိုက်
ကွဲကြေကုန်ကြခြင်း ဖြစ်၏။

မိစ္ဆာသခင် အဆင့်မှ နဂါးသုံးကောင်တို့သည်
ခြေလက်များ ထုံကျဥ်ကုန်ကြသည်ဟု
ခံစားနေကြရသည်။ သူတို့သည် ခေါင်းများကို
ငုံ့လိုက်ကြကာ သူတို့၏ အကြေးခွံများသည်
မှေးမှိန်စွာ လင်းလက်လာခဲ့၍ အညံ့ခံသည့်
ပုံစံမျိုးကို ပြသနေကြသည်။ သူတို့သည် ခုခံရန်
မဆိုထားနှင့် ထွက်ပြေးရန်ပင် မကြိုးစားခဲ့ပေ။

မုယုနှင့် ကျန်သောသူများသည် ခရမ်းရောင်
အလင်းတန်းများဖြင့် တောက်ပနေခဲ့သော
လူသားပုံစံနှင့် လျှို့ယောင်အား

ပါးစပ်အဟောင်းသားနှင့် ကြည့်နေခဲ့၍ ဘာမှ မပြောနိုင်ခဲ့ပေ။

တည်ငြိမ်နေ၍ စဥ်းစားတွေးခေါ်နိုင်ခဲ့သူမှာ ဟင်းလင်းပြင် အတွင်းမှ စောင့်ကြည့်နေခဲ့သော လင်းဖုန်းသာ ဖြစ်၏။ သူသည် ပြန်လည် မွေးဖွားလာခဲ့သော လျှိုယောင်အား ကြည့်လိုက်၍ သူ၏ မျက်ခုံးအား ပင့်လိုက်သည်။ "အင်း၊ ဒါက ဟေးဒီးစ် တော်ဝင်ဒေသကနေ ပြန်လည် ဝင်စားလာခဲ့တာ မဟုတ်ဘူး။ စိတ်ဝင်စားစရာပဲ၊ အတော့်ကို စိတ်ဝင်စားစရာ ကောင်းလာပြီ"

ကောင်းကင်ယောက်သွား ရွှေပုလဲသည် လျှိုယောင်၏ ရုပ်ကိုယ်ခန္ဓာ အသစ်အား ဖန်ဆင်းပေးခဲ့သော်လည်း လင်းဖုန်းသည် သူနှင့် ကောင်းကင်ယောက်သွား ရွှေပုလဲ၏ ဆက်သွယ်မှုသည် ပြတ်တောက်မသွားခဲ့ဟု ခံစားနေရသည်။ သူသည် လျှိုယောင်၏ အသွင်ပြောင်းလဲခြင်းကို အစမှ အဆုံးအထိ စောင့်ကြည့်နေခဲ့၏။

"ဒါက သားရဲတစ်ကောင် မဟုတ်ပဲ မိစ္ဆာသာ ဖြစ်တယ်။ သူ့ရဲ့ စိတ်ဝိညာဉ်ဟာ ရိုးရှင်းပြီး ထွင်းဖောက် မြင်နေရတယ်။ သူက အရင်ဘဝက မဟာမိစ္ဆာတစ်ကောင်ရဲ့ ပြန်လည်ဝင်စားခြင်း မဟုတ်ဘူး။ ဒါပေမဲ့.."

လင်းဖုန်း၏ နှုတ်ခမ်းများသည်
အပြုံးဖွဖွလေးအဖြစ် တွန့်သွားခဲ့သည်။ "..
ဒါပေမဲ့ ဒီစိတ်ဝိညာဉ် အတွင်းမှာ တခြား
လျှို့ဝှက်ချက်တွေ အများကြီး မြှုပ်နှံထားတယ်။
ရှာမတွေ့သေးတဲ့ အရာတွေ အများကြီး
ရှိသေးတယ်။ စိတ်ဝင်စားစရာပဲ။ ဒါက
မမျှော်လင့်ထားတဲ့ အံ့အားသင့်မှု
တစ်ရပ်ဖြစ်တယ်"

ကြီးကျယ်ခမ်းနားသော ဟိန်းဟောက်မှု
အပြီးတွင် လျှိုယောင်၏ ခန္ဓာကိုယ်သည်
ခရမ်းရောင် အလင်းတန်းများဖြင့် ထပ်ဖန်တစ်ခါ
လင်းလက်လာခဲ့သော်လည်း သူ၏
မျက်လုံးအတွင်းမှ ခရမ်းရောင်

အလင်းတန်းများက မှေးမှိန်သွားခဲ့သည်။ သူ၏ မျက်လုံးများသည် ထပ်ဖန်တစ်ခါ ကြည်လင်လာခဲ့၏။ သို့သော်လည်း သူ၏ မျက်လုံး သူငယ်အိမ်များသည် အနက်ရောင် မဟုတ်တော့ပဲ ခရမ်းရောင်ရင့်ရင့် ဖြစ်သွားခဲ့သည်။

လျှိုယောင်၏ အသိစိတ်သည် ပြန်ဝင်လာခဲ့၍ သူ၏အနားမှ အော်ရာသည် ယခင်ကလို ပြင်းထန်ခြင်း မရှိတော့ပေ။ သူ၏ မျက်လုံးအစုံသည် ဘာဖြစ်ခဲ့မှန်း မသိသည့်ပုံဖြင့် ခေါင်းကို အောက်ငုံ့လိုက်ကာ သူ၏ ခန္ဓာကိုယ် အသစ်အား အသေးစိတ် ကြည့်ရှုလိုက်ကာ သူ၏ လက်ကို မြှောက်လိုက်၍

သူ၏ခေါင်းပေါ်မှ ဦးချိုသုံးခုအား စမ်းလိုက်သည်။

"ငါ.. " လျှိုယောင်သည် သူ၏ပါးစပ်ကို ဟလိုက်ကာ တစ်ခုခုပြောဖို့ ကြိုးစားခဲ့သော်လည်း အသံတစ်စက်မှ ထွက်မလာခဲ့ပေ။ သူသည် နေရာတွင် ကျောက်ရုပ်ကြီးကဲ့သို့သာ ဖြစ်နေခဲ့သည်။

နဂါးတစ်အုပ်စုသည် လှုပ်ပင် မလှုပ်ရဲခဲ့ပေ။ သူတို့သည် စိတ်ရှည်စွာနှင့်သာ အမိန့်များကို နာခံရန် စောင့်နေကြသည်။

ဒဏ္ဍာရီများသည် ရေးကျလွန်းခဲ့ပြီ ဖြစ်ကာ
ထိုသက်ရှိများကို မတွေ့ရတော့သည်မှာ
နှစ်ပေါင်း ထောင်နှင့်ချီကာ ကြာခဲ့ပြီ ဖြစ်သည်။
မုယုနှင့် ကျန်သောသူများသည် လှျိုယောင်၏
ပြောင်းလဲမှုအား အံ့ဩခဲ့ကြသော်လည်း
ထိုအဓိပ္ပာယ်၏ လေးနက်မှုများကို
နားမလည်နိုင်ခဲ့ကြပေ။

မိစ္ဆာသခင်မှ နဂါးသုံးကောင်တို့ကသာ
လှျိုယောင်၏ ပုံစံအသစ်အား
မှတ်မိနိုင်ခဲ့ကြသည်။

သူသည် မဟာလွင်တီးခေါင် ကုန်းမြေအား
ကြီးစိုးခဲ့ကာ အခြားသူများ အားလုံးတို့အား

အုပ်ချုပ်နိုင်ခဲ့သည့် မျိုးနွယ်စု အနည်းငယ်
အတွင်းမှ တစ်ခုဖြစ်သော ဟေးဒီးစ် မျိုးနွယ်စုမှ
ဖြစ်သည်။

ကောင်းကင်အား ဖျက်ဆီးနိုင်၍
စကြာဝဠာကြီးအား ခြိမ်းခြောက်နိုင်သည့်
ခရမ်းရောင် အလင်းတန်းသည် ရှေးဟောင်း
ဟေးဒီးစ် တော်ဝင်ဒေသမှ ဟေးဒီးစ်
အမှောင်မန္တန်ထံမှ လာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ဟေးဒီးစ် သားရဲတိုင်းသည်
ကောင်းကင်ပင်လယ် ဟေးဒီးစ်၏
စွမ်းအားအဆင့်ကို ရောက်နိုင်သည် မဟုတ်ပေ။
သူတို့တွင်လည်း သန်မာသော သူများနှင့်

အားနည်းသောသူများ ရှိပေသည်။
သို့သော်လည်း လျှို့ယောင်က
ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ
ဖန်ဆင်းခဲ့သော ရုပ်ခန္ဓာကိုယ် အသစ်သည်
မိစ္ဆာသခင် နောက်ဆုံးအဆင့်တွင် ရှိနေကာ
သူ၏အရှေ့မှ နဂါးအားလုံးတို့အား
တစ်ပိုင်းတစ်စစီ ဖြစ်အောင် လုပ်နိုင်ပေသည်။

နဂါးများသည် စွမ်းရည်ပိုနိမ့်၍
ဟေးဒီးစ်မျိုးနွယ်စုအား အသာပေးရမည်
ဖြစ်သည်။ ထိုကြောင့်ပင် သူ၏အရှေ့မှ
နဂါးများသည် ခုခံရန်လုံး၀ မစဉ်းစားရဲကြခြင်း
ဖြစ်သည်။

# စာစဉ် ၃၉ : အပိုင်း ၁၀

## အပိုင်း ၇၄၀ : ပြဿနာများစွာတို့ကို ဖြေရှင်းနိုင်သော သော့ချက်

ခန္ဓာကိုယ် အသစ် တစ်ခုအား ရရှိထားခဲ့သဖြင့် လျှိုယောင်၏ ခန္ဓာကိုယ် အတွင်းမှ ထွက်လာခဲ့သော မိစ္ဆာအောင်ရာများသည် ထိန်းချုပ်မှု မရှိပဲ ဟင်းလင်းပြင် တစ်ခုလုံးအား တုန်ခါစေခဲ့သည်။

ထိန်းချုပ်မှုမှ လုံး၀ ကင်းလွတ်သွားခြင်း မရှိခဲ့သော်လည်း လျှိုယောင်ထံမှ

ထွက်ပေါ်လာသော မိစ္ဆာစွမ်းအင်များသည်
ရှုပ်ထွေးနေကာ အစီအစဥ် မကျ ဖြစ်နေခဲ့သည်။
သူ၏ ကိုယ့်ကိုယ်ကိုယ် မည်သူမည်ဝါ
ဖြစ်သည်ကို ခံစားနေရမှုမှာ ဖရိုဖရဲ ဖြစ်နေခဲ့၍
မမျှော်လင့်ထားသော အဖြစ်အပျက်
ပြောင်းလဲမှုများအား ထိတ်လန့်
ကြောက်ရွံ့နေခဲ့သည်။

လော်ဖူး လျှို့ဝှက်ဆန်းကြယ်သောကျွန်း
အနီးတဝိုက်မှ အရှေ့ပင်လယ် အတွင်းရှိ
လူများအားလုံးတို့သည် ကျင့်ကြံသူများ ဖြစ်စေ၊
သာမန် ပြည်သူများသာ ဖြစ်စေ သူတို့၏
လက်များသည် သွေးစွန်းနေကြ၏။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ကမ္ဘာနှစ်ခု

အကြားမှ နယ်နိမိတ် အနီးတွင် နေထိုင်နေသောကြောင့် ဖြစ်သည်။ လူသားနှင့် မိစ္ဆာတို့သည် အမြဲတစေပင် ပဋိပက္ခ ဖြစ်နေကြသည်။

ဤအဆက်မပြတ်နိုင်သော ရန်ပွဲများကြောင့် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အမြဲတစေ သံသယများဖြင့် ဆက်ဆံနေကြသည်။

လျှိုယောင်၏ ကိုယ်တိုင် အတွေ့အကြုံများအရ သူသည် မိစ္ဆာများနှင့် မကြေနိုင်သော ရန်ငြိုးသွေးကြွေးများ မရှိသော်လည်း သူသည် သူတို့အား မုန်းတီးစွာနှင့် တိုက်ခိုက်၍

ကြီးပြင်းလာရခြင်း ဖြစ်သည်။ သူကိုယ်တိုင်ကလည်း ချီသာဝက အဆင့်မှ မိစ္ဆာငယ်များအား သတ်ဖြတ်ခဲ့ဖူးသည်။

သူ၏ ရုတ်တရက် မိစ္ဆာအဖြစ်သို့ ပြောင်းလဲ၍ ပြန်လည် မွေးဖွားလာခဲ့ခြင်းသည် သူ့အား ရောထွေးသော စိတ်ခံစားချက်များကို ပေးစွမ်းနိုင်ခဲ့သည်။ သူသည် အမြဲတမ်းပင် တည်ငြိမ်အေးဆေးနေတတ်သော်လည်း ယခုအချိန်တွင် စိုးရိမ်ပူပန်၍ ကြောက်ရွံ့နေခဲ့သည်။ သူ့အား ပို၍ မသက်မသာ ဖြစ်စေခဲ့သော အချက်မှာ သူ့ကိုယ်သူ ဘာဖြစ်သွားမှန်း မသိခဲ့ခြင်း ဖြစ်သည်။

သူ၏ စိတ်အတွင်းမှ ယခင်က ပေါ်လာခဲ့သော အပိုင်းအစများသည် အဆက်အစပ် မရှိနေခဲ့ပဲ သူ၏ အတွေးများကို ကစဉ့်ကလျား ဖြစ်စေခဲ့သည်။

သူ၏ခြေအောက်တွင် ဒူးထောက်နေကြသော နဂါးတစ်အုပ်စုလုံးသည် သူ့အား ကျေနပ်အားရခြင်း သို့မဟုတ် အောင်ပွဲရခြင်း ဟူသော ခံစားချက်များကို မပေးစွမ်းနိုင်ခဲ့ပေ။

ယွင်ကျင်းရှီ၊ ချောင်ကျန်းတုန်းနှင့် ကျန်သောသူများ၏ အကြည့်များသည် သူ၏

ရင်အတွင်းသို့ စူးရှစွာဖြင့် ထိုးဖောက် ဝင်ရောက်နေခဲ့သည်။ သူတို့၏ မျက်စိများ အတွင်းတွင် သတိထားမှုနှင့် သံသယများကို တွေ့နိုင်ခဲ့၏။ သူတို့သည် မူလက တိုက်ပွဲအတွင်းတွင် အပေါင်းအဖော်များ ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် သူ့အား သံသယများဖြင့် ရန်လိုနေသော အရိပ်အယောင်များဖြင့်ပင် စိုက်ကြည့်နေကြ၏။

လျှိုယောင်သည် သူ၏လက်ကို မသိစိတ်ဖြင့် လူသားအုပ်စုဘက်သို့ ဆန့်တန်းလိုက်ကာ တစ်ခုခု ပြောမည် ကြံလိုက်သောလည်း အားလုံးတို့သည် ပစ်လိုက်သော

ကျည်ဆံများကဲ့သို့ အနောက်သို့ လျှင်မြန်စွာ ဆုတ်ခွာသွားခဲ့သည်ကို တွေ့လိုက်ရသည်။

ယွင်ကျန်းရှီက အော်ဟစ်လိုက်၏။ "တစ်စက်မှ ရှေ့ဆက်တိုးမလာခဲ့နဲ့"

လျှိုယောင်သည် သူ၏ လက်ကို အမောင်းခံခဲ့ရသော ကင်းမြီးကောက် တစ်ကောင်ကဲ့သို့ ပြန်ရုပ်လိုက်၍ သူ၏အရှေ့မှ မိန်းမငယ်လေးအား ထိတ်လန့်စွာဖြင့် ကြည့်လိုက်သည်။ သူမ၏ မျက်လုံးများ အတွင်းတွင် ကြောက်ရွံ့မှုနှင့် သံသယများကို တွေ့နိုင်ခဲ့သည်။ ပို၍ဆိုးသည်မှာ ဒေါသ

အရိပ်အရောင်များကိုပင် တွေ့ခဲ့ရခြင်း ဖြစ်သည်။

ယွင်ကျင်းရှီ၏ မိသားစု တစ်ခုလုံးသည် ရက်စက်ကြမ်းကြုတ်သော မိစ္ဆာများ၏ လက်အောက်တွင် အသက်ပျောက်ခဲ့ရခြင်း ဖြစ်သည်။ သူမသည်လည်း အခြား မိစ္ဆာတစ်အုပ်စုနှင့် သွေးစွန်းသော တိုက်ပွဲတွင် အသက်ပျောက်လုနီးပါး ဖြစ်နေခဲ့သည်။ သူ၏ ရုတ်တရက် ပြောင်းလဲသွားသော ခန္ဓာကိုယ် အပေါ်တွင် သူမ၏ တုံ့ပြန်မှုများ နားလည်၍ ရနိုင်သည်။

သို့သော်လည်း ကောင်မလေး၏ထံမှ ထွက်ပေါ်လာသော စက်ဆုပ်ရွံရှာမှုသည် သူ့အား မျှော်လင့်ချက် ကင်းမဲ့စေခဲ့သည်။

"လှိုျယောင်၊ မင်းက ငါတို့ကို မှတ်မိသေးလား" မုယုသည် လှိုျယောင်၏ အမူအရာများကို အနီးကပ် အကဲခတ်နေခဲ့ပြီး သူ့အား မေးခွန်းတစ်ခု မေးလိုက်ကာ စူးစမ်းလိုက်သည်။

လှိုျယောင်သည် ခါးသီးစွာဖြင့် ပြန်လည် ဖြေကြားလိုက်သည်။ "စီနီယာမု၊ ကျွန်တော်က မှတ်မိတာပေါ့။ ကျွန်.. ကျွန်တော်က ဘာဖြစ်သွားခဲ့မှန်းကို မသိခဲ့ဘူး။ ကျွန်တော်က ဘာတစ်ခုကိုမှ နားမလည်နိုင်ခဲ့ဘူး"

လုနင်သည် လျှိုယောင်အား စိုက်ကြည့်နေခဲ့၍ ရုတ်တရက် အော်ဟစ်လိုက်သည်။ "မင်းက မိစ္ဆာတစ်ကောင် ဖြစ်တယ်။ မင်းက လူသားတစ်ယောက်ရဲ့ ခန္ဓာကိုယ် အထဲမှာ နေထိုင်နေခဲ့တာ။ မင်းရဲ့ အရင်ခန္ဓာကိုယ်ကို ပျက်စီးသွားခဲ့ပေမဲ့ မင်းရဲ့ မိစ္ဆာ စိတ်ဝိညာဉ်က မှော်အိုင်တမ် တစ်ခုရဲ့ ကူညီမှုနဲ့ ခန္ဓာကိုယ် အသစ်တစ်ခုကို ဖန်ဆင်းခဲ့တာ"

သူမသည် ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် ဆက်လက် ရှင်းပြလိုက်သည်။ "မင်းရဲ့ ခန္ဓာကိုယ်က မိစ္ဆာခန္ဓာကိုယ် ဖြစ်တယ်။ ဒါက မင်းရဲ့ မိစ္ဆာ စိတ်ဝိညာဉ် နေထိုင်နေတဲ့ မူလ

ရုပ်ခန္ဓာကိုယ် ဖြစ်တယ်။ ဒါကမှ
မင်းအစစ်ဖြစ်တယ်။ မင်းက ခြေစကနေ
ခေါင်းဆုံးအထိ မိစ္ဆာတစ်ကောင်ပဲ၊

သူမ၏ မျက်နှာသည် အမူအရာ
ကင်းမဲ့နေခဲ့သော်လည်း သူမသည်
အတွင်းထဲတွင် ထိတ်လန့်တုန်လှုပ်နေခဲ့သည်။
လှျိုယောင်သည် တစ်ခုခုတော့ သေချာပေါက်
မှားယွင်းနေသည်။

သူမ၏ စကားများကို ကြားရသောအခါ
လှျိုယောင်၏ နှုတ်ခမ်းများသည်
တုန်ခါလာခဲ့သော်လည်း သူ၏မျက်နှာသည် ပို၍
ခါးသီးသောပုံ ပေါက်လာခဲ့သည်။

ယွင်ကျင်းရှိ၊ ချောင်ကျန်းတုန်းနှင့်
ကျန်သောသူများသည် လုနင်၏ ခံစားချက်
ပေါက်ကွဲမှုများ အပြီးတွင် သူ့အားပို၍
ရန်လိုလာကြသည်ကို ပြောနိုင်ခဲ့သည်။
လျှိုယောင်သည် သူမည်သူမည်ဝါ ဖြစ်သည်ကို
ဖုံးကွယ်ထား၍ သူတို့အား ရည်ရွယ်ချက်ရှိရှိဖြင့်
တစ်ခုခု ကြံစည်ရန်
လိမ်ညာလှည့်ဖြားနေသကဲ့သို့ပင် ဖြစ်၏။

အားလုံးတို့သည် ဖိအားများအောက်သို့
ကျရောက်နေကြကာ ပတ်ဝန်းကျင်သည်
တဖြည်းဖြည်းနှင့် ပို၍ မွန်းကြပ်လာခဲ့သည်။
မုယုသည် တစ်စုံတစ်ခု

ပြောချင်နေခဲ့သော်လည်း ဘယ်ကနေ
စပြောရမှန်း မသိခဲ့ပေ။ သူသည် လျှိုယောင်၏
ခန္ဓာကိုယ် အသစ်မှာ မည်သည့်မျိုးနွယ်စု
ဖြစ်မှန်းကို မသိခဲ့သော်လည်း သူ၏အရှေ့မှ
နဂါးများ၏ တုံ့ပြန်မှုများကို
ကြည့်လိုက်ခြင်းအားဖြင့် အတော့်ကို ထူးခြား၍
အဆင့်မြင့်မှန်းကို ပြောနိုင်ခဲ့သည်။

သူသည်လည်း အခြေအနေ ရုတ်တရက်
ပြောင်းလဲသွားမှုအား မည်ကဲ့သို့ ကိုင်တွယ်ရမှန်း
မသိခဲ့ပေ။ အကယ်၍ သူ၏ဆရာဖြစ်သူ
ဟွမ်းမင်သည် ဤနေရာတွင် ရှိနေခဲ့လျှင်ပင်
သူသည်လည်း မည်ကဲ့သို့ ပြုလုပ်ရမည်ကို

သေချာနေမည် မဟုတ်ကြောင်းကို
သူပြောနိုင်သည်။

မုယုသည်လည်း လျှိုယောင်သည် သူတို့အား
အစကတည်းက လိမ်ညာနေခဲ့သည်ဟူသော
ခံစားချက်များကို စတင်ခံစားလာခဲ့ရသည်။
သို့သော်လည်း သူသည် လျှိုယောင်
ငယ်စဉ်ကတည်းက ကြီးပြင်းလာခဲ့သည်ကို
ကြည့်ခဲ့ရသူ ဖြစ်သဖြင့် အနည်းငယ်
နှောင်တရသကဲ့သို့ ခံစားနေရ၏။

သူသည် လျှိုယောင်၏ ခါးသီးနေသော
အမူအရာများကို စောင့်ကြည့်နေခဲ့ရင်း
သက်ပြင်းတစ်ချက် လေးလံစွာဖြင့်

ချလိုက်ကြ၍ သူ့ကိုယ်သူ တွေးလိုက်၏။
"ထားလိုက်ပါတော့၊ ထားလိုက်ပါတော့။ ငါတို့က
တစ်ယောက်နဲ့တစ်ယောက် သိထားကြပြီး
ဆရာတပည့် ဖြစ်ခါနီးနေခဲ့ပြီ"

မုယုသည် တစ်စုံတစ်ခုကို ပြောမည်ဟု
ကြံလိုက်ဆဲတွင်တွင် အားလုံးတို့အား
ကြောက်မက်ဖွယ်ရာ စွမ်းအားစက်လုံး တစ်ခုက
လွှမ်းခြုံသွားခဲ့ကာ အားလုံး၏ ကျောရိုးများကို
စိမ့်တက်သွားစေခဲ့သည်။

ထိုအော်ရာသည် အင်မော်တယ်ဝိညာဥ် အဆင့်မှ
ကျင့်ကြံသူများ ထံမှသာ လာခဲ့နိုင်ခြင်း
ဖြစ်သည်။ သက်လတ်ပိုင်း လူတစ်ယောက်သည်

ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့၍ လှျိုယောင်အား တည့်တည့်ကြည့်လိုက်သည်။

"ဂိုဏ်းတူဦးလေး" မုယုသည် အံ့အားသင့်သွားခဲ့၏။ ရောက်ရှိလာခဲ့သောသူမှာ လော်ဖူးသူတော်စင်၏ အကြီးဆုံးတပည့် ဖြစ်သည်။ သူသည် လောဖူးသူတော်စင်က ချုံးချိ မဟာပဏ္ဍိတအား ဟန့်တားထားချိန်တွင် လော်ဖူး လှျို့ဝှက်ဆန်းကြယ်သောကျွန်းအား တာဝန်ယူထားရသူ ဖြစ်သည်။

မုယုအား စစ်ကူပေးရသော တာဝန်သည် အတန်ငယ် ရိုးရှင်း၍ သူကိုယ်တိုင်လာစရာ မလိုပေ။ သို့သော်လည်း မုယု၏ဆရာ

ဟွမ်းမင်သည် အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ ရှိသေးပြီး လျှိုယောင်၏ ပေါက်ကွဲလာသော စွမ်းအားသည် သူ့အား အနှောင့်အယှက် ဖြစ်စေခဲ့သဖြင့် သူကိုယ်တိုင် လာရောက်ခဲ့ရခြင်း ဖြစ်သည်။

ထိုသက်လတ်ပိုင်း လူကြီးသည် လျှိုယောင်အား တစ်ချက် စိုက်ကြည့်လိုက်ကာ မုယုနှင့် ကျန်သောသူများအား ကြည့်လိုက်ကာ မေးလိုက်သည်။ "ဘာတွေ ဖြစ်သွားတာလဲ"

လုနင်သည် တိတ်ဆိတ်နေခဲ့၍ မုယုသည် လတ်တလော ဖြစ်ပျက်ခဲ့သမျှအား အစမှနေ အဆုံးအထိ ပြန်လည် ပြောကြားခဲ့သည်။

သက်လတ်ပိုင်း လူကြီး၏ မျက်လုံးသည်
တောက်ပလာခဲ့၍ သူ၏ အကြည့်သည်
လှိုဏ်ယောင်ထံသို့ ပြန်ရောက်သွားခဲ့ကာ သူ့အား
ခြေဆုံးခေါင်းဆုံး ကြည့်နေခဲ့သည်။ သူသည်
လှိုဏ်ယောင်၏ အသွင်သဏ္ဍာန်အား
သူကြားသာကြားဖူးခဲ့ပြီး တစ်ခါမှ
မမြင်ဖူးခဲ့သည့် မိစ္ဆာ မျိုးနွယ်စု တစ်ခုနှင့်
တိုက်ကြည့်နေခြင်း ဖြစ်သည်။

"ဟေးဒီးစ် သားရဲတစ်ကောင်"
ဤတွေ့ရှိချက်သည် ထိုသက်လတ်ပိုင်း
လူကြီးအား အနည်းငယ်
တုန်လှုပ်သွားစေခဲ့သည်။ သူ၏
အာရုံအားလုံးတို့ကို လှိုဏ်ယောင်ထံသို့

စိုက်ထားခဲ့ပြီး သူ၏ လက်ကို တစ်ချက်
ဖော့ယမ်းလိုက်သည်။ သူ၏အောက်ဘက်မှ
ပင်လယ်မှနေ၍ ရေတိုင်လုံးများစွာတို့သည်
တက်လာကြ၍ ကောင်းကင်ပေါ်မှ ထူထဲသော
တိမ်တိုက်စွမ်းအင်တို့သည်
ကျဆင်းလာကြသည်။
အင်အားနှစ်ခုလုံးတို့သည် အတူတကွ
ပေါင်းစည်းသွားကြကာ လျှိုယောင်အား
အတွင်းတွင် ချုပ်နှောင်လိုက်သည်။

ဤလှုပ်ရှားမှုသည် လျှိုယောင်ကိုယ်တိုင်အား
ဘာမှ အကျိုးသက်ရောက်မှု မရှိခဲ့ပေ။
သို့သော်လည်း သူ၏ စိတ်ဝိညာဉ် အတွင်းမှ
မိစ္ဆာစွမ်းအားများသည် ထိန်းချုပ်နိုင်စွမ်း

မရှိတော့ပဲ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်ကို ခံစားခဲ့ရ၏။

ပို၍ ကြောက်မက်ဖွယ် ကောင်းသည်မှာ သူ၏ ခရမ်းရောင် သူငယ်အိမ်များ အတွင်းမှ ခရမ်းရောင် အလင်းတန်းများ စတင်ထုတ်လွှတ်လာခဲ့သည်။

ထိုခရမ်းရောင် အလင်းတန်းများ ထိတွေ့ခဲ့သည့် နေရာတိုင်းတွင် ထိုသက်လတ်ပိုင်း လူကြီး၏ တိမ်တိုက်ရေပြင် အကျဥ်းထောင်သည် စတင်အရည်ပျော်ကာ တုန်ခါသွားခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးသည်
ဤမြင်ကွင်းအား မြင်လိုက်ရသောအခါ
မျက်မှောင်တစ်ချက် ကြုတ်လိုက်ကာ သူ၏
အသံကိုထိန်းကာ ပြောလိုက်သည်။
"ငါကမင်းကို အခုအချိန်မှာ လော်ဖူး
လျှို့ဝှက်ဆန်းကြယ်သောကျွန်းကို ခေါ်သွားပြီး
မင်းရဲ့ ခန္ဓာကိုယ်မှာ ဘာဖြစ်နေသလဲ ဆိုတာကို
စမ်းသပ်ဖော်ထုတ်ပေးမယ်။ မင်းကလည်း
မင်းကိုယ်မင်း ဘာဖြစ်နေသလဲ ဆိုတာကို
မသိဘူးဆိုတော့ ငါ့အနောက်ကို လိုက်ခဲ့ပြီး
မင်းရဲ့ သံသယတွေကို တစ်ခါတည်း
ဖြေရှင်းလိုက်ပါ"

ဒါသည် သူအလျှော့ပေးရမည့် အရာတစ်ခု မဟုတ်ပေ။ လျှို့ဝှက်ဆန်းကြယ်လှသော ပေးဒီးစ် မျိုးနွယ်စုသည် နတ်ဘုရား နယ်မြေ အတွင်းတွင် နှစ်ပေါင်းလေးထောင်အတွင်း ပထမဆုံးအကြိမ် ပြန်လည် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဒါသည် အသေအချာ သုတေသနပြုလုပ်၍ စမ်းသပ်ရမည့် ကိစ္စတစ်ခု ဖြစ်သည်။

ထို့အပြင် လျှိုယောင်က ယခုအချိန်တွင် ထုတ်ဖော်ပြသနေခဲ့သော စွမ်းအားများသည် ရှုပ်ထွေးနေခဲ့သော်လည်း ဖျက်ဆီးနိုင်မှု စွမ်းအားများ အကြီးအကျယ် ထွက်ပေါ်နေခဲ့သည်။

လှိုင်ယောင်၏ တုံ့ပြန်မှုမှနေ၍ သူသည်
ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်စွမ်း မရှိမှန်း
သိသာနေသည်။ ပြင်ပကမ္ဘာမှ လှုံ့ဆော်မှု
အနည်းငယ်သည် သူ၏ အလိုအလျှောက်
တုံ့ပြန်မှု စနစ်အား အသက်ဝင်စေနိုင်ခဲ့သည်။

လှိုင်ယောင်သည် သူ့ဘာသာသူ
လျှောက်သွားနေပါက ဤကဲ့သို့ အဖြစ်များ
ဆက်ဖြစ်နေဦးမည် ဖြစ်သဖြင့် သူသည် သူ့အား
လုံခြုံအောင် ထိန်းသိမ်းထားရမည် ဖြစ်သည်။

သက်လတ်ပိုင်း လူကြီးသည် သူ၏စိတ်အား ပိုင်းဖြတ်လိုက်ပြီး ဖြစ်သည်။ သူသည် ဘာမှ ဂရုမစိုက်နိုင်တော့ပဲ သူ့အား အားသုံး၍ ဖမ်းဆီးရန် ဆုံးဖြတ်လိုက်၏။ အကောင်းဆုံးသော ရလဒ်မှာ သူသည် လျှိုယောင်အား သူ၏ဆရာဖြစ်သူ လော်ဖူး သူတော်စင်ထံသို့ ခေါ်ဆောင်သွားနိုင်၍ သူ့ဆရာမှ လိုအပ်သော စမ်းသပ်မှုများကို ပြုလုပ်ခြင်း ဖြစ်သည်။ အကယ်၍ ဤသို့ မဖြစ်နိုင်ပါက သူသည် လျှိုယောင်အား ဤနေရာတွင်ပင် အပြတ်ရှင်းပစ်မှ ရမည်။

သူမမျှော်လင့်ခဲ့သည်မှာ သူ၏ စိတ်ထဲတွင် စဥ်းစားနေဆဲ အချိန်တွင် လျှိုယောင်သည်

သူ၏ခေါင်းကို ရုတ်တရက် မော့လိုက်ကာ ခရမ်းရောင် မျက်လုံးအစုံဖြင့် သူ၏ စိတ်ဝိညာဉ် အတွင်းသို့ တည့်တည့် စိုက်ကြည့်ခဲ့ခြင်း ဖြစ်သည်။ လျှိုယောင်၏ မျက်လုံးအစုံမှ ရက်စက်ကြမ်းကြုတ်သော ခရမ်းရောင် အလင်းတန်းက ထပ်ဖန်တစ်ခါ လင်းလက်လာခဲ့ပြီး ဟေးဒီးစ် အမှောင်မန္တန် တစ်စသည် ထိုသက်လတ်ပိုင်း လူကြီးထံသို့ ဝင်ရောက်လာခဲ့သည်။

ထိုသက်လတ်ပိုင်း လူကြီးသည် အင်မော်တယ်ဝိညာဉ် အဆင့်တွင် ရှိနေပြီ ဖြစ်သော်လည်း ကြက်သီးမွေးညင်းများ ထလာခဲ့သည်။ သူ၏ ကျင့်ကြံမှု အဆင့်တွင်

သူ၏ တည်ငြိမ်မှုကို လွယ်ကူစွာနှင့် ပျက်ပြားသွားအောင် လုပ်နိုင်မည် မဟုတ်ပဲ သူ့ထက် အဆင့်မြင့်သောသူများကသာ လုပ်နိုင်မည် ဖြစ်သည်။

သူ၏စိတ်ထဲတွင် သတ်ဖြတ်လိုစိတ်များကို တွေးနေခဲ့သော်လည်း သူသည် ထိုအရိပ်အယောင်များကို တစ်စက်မှ မဖော်ပြခဲ့ပေ။ သူသည် စဉ်းစားနေရုံ သက်သက်သာ ဖြစ်သော်လည်း ဒါသည်ပင်လျှင် လှိုုယောင်၏ ချက်ချင်း ထုတ်ဖော်ခြင်းကို ခံလိုက်ရသည်။

လင်းဖုန်းသည်လည်း ထိုမြင်ကွင်းအား ရယ်ချင်ပက်ကျိ ဖြစ်လှစွာနှင့် တိတ်တိတ်ကလေး ကြည့်နေခဲ့သည်။ "သူက ဘယ်လိုလုပ်ပြီး ဒီလို လုပ်နိုင်ပါလိမ့်။ ဒီလိုမျိုး ရုတ်တရက် အာရုံခံနိုင်စွမ်းက အတော့်ကို ထူးချွန်ပြောင်မြောက်လှပါတယ်။ ဒါက ဟေးဒီးစ် မျိုးနွယ်စုရဲ့ သဘာဝ ပင်ကိုစွမ်းရည်ပဲလား"

ဟေးဒီးစ် အမှောင်မန္တန်၏ စွမ်းအားများသည် အလွန်အမင်းကို ကြီးစိုးလွှမ်းမိုးနိုင်လှသည်။ ဒါသည် သေးငယ်သော အစလေးတစ်ခု ဖြစ်သော်လည်း သူသည် ကောင်းကင်ကို ထိုးဖောက်နိုင်၍ သူ၏လမ်းကြောင်း

တစ်လျှောက်ရှိ အရာအားလုံးကို
ပျက်သုန်းအောင် လုပ်နိုင်သည်ဟု
ထင်နေရသည်။

မုယုနှင့် ကျန်သောသူများမှနေ၍
ကြောက်ရွံ့သော အရိပ်အယောင်များ
ပေါ်လာကြ၏။ ထိုသက်လတ်ပိုင်း လူကြီးသည်
ချက်ချင်းပင် အကာအကွယ် မှော်ကျိန်စာ
တစ်ခုအား ဆင့်ခေါ်လိုက်သည်။ သို့သော်လည်း
ဒါသည် ခရမ်းရောင် အလင်းတန်း၏ ချက်ချင်း
ကျော်ဖြတ်ခြင်းအား ခံလိုက်ရ၍ သူသည်
ကြမ်းတမ်းလှသော တိုက်ခိုက်မှုအား
ရှောင်ရှားသာ ရှောင်နိုင်ခဲ့သည်။

"ငါထင်တာမှန်နေတယ်၊ သူက တကယ်ကိုပဲ သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့ ရည်ရွယ်ချက် ပါပါမပါပါ သူ့ဘေးက လူတွေကို ထိခိုက်စေနိုင်တယ်။ သူက အခြေတည် ဝိညာဉ် နောက်ဆုံးအဆင့်မှာပဲ ရှိနေသေးပေမဲ့ သူက ဟေးဒီးစ်သားရဲ ဖြစ်နေတော့ သူ့ရဲ့ စွမ်းအားတွေက ရှိသင့်တာထက် အများကြီး ပိုနေတယ်"

ထိုသက်လတ်ပိုင်း လူကြီး၏ ဆက်လက်၍ မတွေးတောနေတော့ပဲ သူ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား ထုတ်လွှတ်လိုက်ကာ သူ၏ မှော်ရတနာ စွမ်းအားကို ထုတ်ဖော်လိုက်သည်။

ရုတ်တရက်ပင် လှျိုယောင်၏ မျက်လုံးများသည် တင်းကျပ်စွာနှင့် ပိတ်သွားခဲ့ကာ သူ၏မျက်နှာပေါ်တွင် နာကျင်သော အမူအရာများ ပေါ်လာခဲ့သည်။ "စီနီယာမု၊ ကျွန်တော်က လူတိုင်းနဲ့ တစ်ကယ်ပဲ ရန်သူ မဖြစ်ချင်နေပါဘူး"

သူ၏စကားဆုံးသည်နှင့် လှျိုယောင်၏ ခန္ဓာကိုယ်မှနေ၍ ခရမ်းရောင် အလင်းတန်းများ လင်းလက်လာခဲ့ကာ ဟင်းလင်းပြင် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

သက်လတ်ပိုင်းလူကြီးသည် ခေတ္တမျှ
မှင်သက်သွားခဲ့ကာ သူ၏ အနောက်သို့ လိုက်ရန်
ဟန်ပြင်လိုက်သော်လည်း မထင်မှတ်ထားသော
အဖြစ်တစ်ခုက ထပ်မံဖြစ်ပေါ်လာခဲ့သည်။
လှိုယောင်၏ အနောက်မှ ဟင်းလင်းပြင်
အပေါက်သည် ဘာမှ မဖြစ်သွားခဲ့သကဲ့သို့
ပြန်ပိတ်သွားခဲ့ကာ သူသည် ပါးလျသော
လေထုအတွင်းသို့ ဤအတိုင်းပင်
ပျောက်ကွယ်သွားခဲ့သည်။

လှိုယောင်သည် မြင်ကွင်းအတွင်းမှ
ပျောက်ကွယ်သွားရန် အချိန်အနည်းငယ်မျှသာ
လိုခဲ့ပြီး ထိုသက်လတ်ပိုင်း လူကြီးကလည်း
မည်ကဲ့သို့မှ လိုက်မမီနိုင်ခဲ့ပေ။

လှိုင်ယောင်သည် ဟင်းလင်းပြင် အတွင်းသို့
ရောက်ရှိသွား အပြီးတွင် သူသည်
ခါးသီးနာကျင်သော အမှုအရာနှင့် လော်ဖူး
လှို့ဝှက်ဆန်းကြယ်သောကျွန်းနှင့်
ဝေးရာဘက်သို့ ပျံသန်းသွားခဲ့သည်။

လောဖူးသူတော်စင်နှင့် ကျန်သောသူများသည်
သူ့အား မကောင်းကြံမည်၊ မကြံမည်ကို
သံသယများ ရှိနေခဲ့သော်လည်း
လှိုင်ယောင်သည် မုယုနှင့် ကျန်သောသူများ၏
အနောက်သို့လိုက်၍ လော်ဖူး
လှို့ဝှက်ဆန်းကြယ်သောကျွန်း အပေါ်သို့
ပြန်လိုက်သွားမည်ဟု ဆုံးဖြတ်ချက် ချခဲ့ပြီး

ဖြစ်သည်။ ဘာပဲပြောပြော သူသည်လည်း သူ့ကိုယ်သူ ဘာဖြစ်သွားခဲ့မှန်းကို သိချင်နေခဲ့သည်။

သို့သော်လည်း ထိုသက်လတ်ပိုင်း လူကြီးက လူသတ်ချင်စိတ်များကို ဖော်ပြခဲ့အပြီးတွင် လျှို့ယောင်သည့် သူ၏ မိစ္ဆာ စိတ်ဝိညာဥ် အတွင်းမှနေ၍ မိစ္ဆာစွမ်းအားများသည် ထိန်းချုပ်နိုင်စွမ်း မရှိပဲ ကြမ်းတမ်းလိုမှုဖြင့် တုန်ခါလာသည်ကို ခံစားမိခဲ့လိုက်သည်။

သူသည် အချိန်နည်းနည်းလေးမျှ ဆက်နေ၍ မဖြစ်တော့ပဲ ထွက်ပြေးမှ ဖြစ်တော့မည်ဟု သိခဲ့လိုက်သည်။

သူ၏ အကြည့်သည် ကျယ်ပြန့်လှသော
အဆုံးမဲ့ပင်လယ် အတွင်းသို့ ကျရောက်သွားခဲ့ပြီး
သူ၏ ထူးခြားသော ပုံစံဖြင့် ခန္ဓာကိုယ်အား
ပြန်ကြည့်မိသည်။ သူ၏ခန္ဓာကိုယ် အနောက်မှ
ကြီးမားသော အမြီးနှင့် သူ၏ခေါင်းပေါ်မှ
ဦးချိုသုံးခုတို့အား ပွတ်သပ်ကြည့်နေရင်း
ကမ္ဘာကြီးသည် ကြီးမားလှသောလည်း
သူ့အတွက် သွားစရာ နေရာ မရှိပဲ
မည်သည့်နေရာမှ သူနှင့် မသက်ဆိုင်ဟူ၍
စိုးရိမ်စိတ်များကို ခံစားလာခဲ့ရသည်။

သူ၏ ခန္ဓာကိုယ်သည် ရုတ်တရက်
တုန်ခါသွားခဲ့၍ သူ၏ ရုပ်ခန္ဓာကိုယ်သည်

စတင်ပြိုကွဲလာခဲ့ကာ မျက်စိတစ်မှိတ် အတွင်းတွင် သူသည် ရွှေရောင် မြူခိုးငွေ့များ အဖြစ်သို့ ပြန်လည် ပြောင်းလဲသွားခဲ့သည်။

ရွှေရောင် အလင်းတန်းများ အကြားမှ ကောင်းကင်ယောက်သွား ရွှေပုလဲသည် ထပ်မံ ပေါ်ပေါက်လာခဲ့၍ ထူထဲသော မြူခိုးငွေ့များကို စုပ်ယူလိုက်၏။ ဘေးပတ်ဝန်းကျင်မှ မြူခိုးငွေ့များသည် မူလ အဖြူရောင်သို့ ပြန်ပြောင်းသွားကြကာ လျှိုယောင်၏ စိတ်ဝိညာဉ်သည် ရွှေရောင် အလင်းတန်း မြူခိုးငွေ့များ အကြားသို့ ပြန်လည် ရောက်ရှိသွားခဲ့သည်။

လှျိုဝှက်သည့် အိမ်မက်ဆိုးတစ်ခုမှ
နိုးထလာခဲ့သကဲ့သို့ တစ်ကိုယ်လုံးမှနေ၍
သက်တောင့်သက်သာ ခံစားလိုက်ရသည်။
သို့သော်လည်း သူ၏ စိတ်ဝိညာဉ်အား
လေ့လာခဲ့အပြီးတွင် သူသည် ထွင်းဖောက်၍
မြင်နေရသော စိတ်ဝိညာဉ် ပုံစံဖြင့်
ရှိနေခဲ့သော်လည်း ဤပုံစံသည် ဆိုးရွားလှသော
မိစ္ဆာတစ်ဝက် လူသားတစ်ဝက် ခန္ဓာကိုယ်
ပုံစံပင် ပေါက်နေသေးကြောင်း
တွေ့ခဲ့လိုက်သည်။

သူ၏ စိတ်ခံစားမှုများသည် ဝမ်းနည်းခြင်းနှင့်
မျှော်လင့်ချက် ကင်းမဲ့ခြင်း အခြေအနေသို့
ပြန်ရောက်သွားခဲ့သည်။

လင်းဖုန်းသည် ဟင်းလင်းပြင် အတွင်းမှ ဆက်လက် စောင့်ကြည့်နေဆဲဖြစ်ကာ စတင် စဥ်းစားလိုက်သည်။ "ဒါက ကောင်းကင်ယောက်သွား ရွှေပုလဲက သူ့ရဲ့ ရုပ်ခန္ဓာကိုယ်ကို ပြန်လည် ဖွဲ့စည်းပေးခဲ့တာ မဟုတ်ဘူး။ မိစ္ဆာ စိတ်ဝိညာဥ်က သူ့ကိုယ်သူ ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းသို့ ဝင်သွားပြီး ရုပ်ခန္ဓာကိုယ် တစ်ခုကို ယာယီ ထုတ်လုပ်ခဲ့တာ။ သူ့ရဲ့ ကျင့်ကြံမှု အဆင့်ကိုလည်း ကောင်းကင်ယောက်သွား ရွှေပုလဲကပဲ ဆုံးဖြတ်ပေးခဲ့တာ။ အခုအချိန်မှာ ပုလဲရဲ့ အကျိုးသက်ရောက်မှုတွေက

ကုန်ဆုံးသွားပြီ ဖြစ်လို့ သူက မူလ
အခြေအနေကို ပြန်ရောက်သွားခဲ့တာ"

သူသည် အခြေအနေများကို အကြွမ်းဖျင်း
လေ့လာနိုင်ခဲ့သည်နှင့် သူ့ကိုယ်သူ
ဟင်းလင်းပြင် အတွင်းမှ ဖော်ပြခဲ့သည်။
"ကြည့်ရတာ ဒါက ငါတို့ရဲ့ ပြဿနာ အများစုကို
ဖြေရှင်းပေးနိုင်တဲ့ သော့ချက်နဲ့ တူတယ်"

## စာစဥ် ၃၉ : အပိုင်း ၁၁

## အပိုင်း ၇၄၁ : သင်ဆရာ

လင်းဖုန်းသည် အချိန်ခေတ္တမျှကြာအောင်
စောင့်လိုက်၍ လျှိုယောင်အား ပြန်လည်
တည်ငြိမ်လာအောင် အချိန်ပေးလိုက်သည်။

သူတို့၏ အစောပိုင်း တွေ့ဆုံထားမှုမှ တဆင့်
လင်းဖုန်းက ထိုလူငယ်လေးသည်
စိတ်ခတ်ပြတ်သားကာ အကျိုးအကြောင်း
ဆီလျော်စွာ ခေါင်းအေးအေးဖြင့် စဉ်းစားနိုင်သူ
ဟူသည်ကို သိထားခဲ့သည်။

ဤအဖြစ်အပျက်သည် သူ့အား ကြီးမားစွာ
အကျိုးသက်ရောက်မှု ရှိနိုင်သော်လည်း သူ၏
စိတ်ကို လွတ်သွားလောက်အောင်တော့
မဖြစ်စေနိုင်ပေ။ လျှိုယောင်အတွက်

ယခုအချိန်တွင် အကြီးမားဆုံးသော ပြဿနာမှာ သူ၏ ကိုယ့်ကိုယ်ကိုယ် မည်သူဆိုသည့် ပဟေဠိနှင့် မဖြေဆိုရသေးသည့် မေးခွန်းများစွာတို့ပင် ဖြစ်သည်။

လှျိုယောင်၏ စိတ်ဝိညာဥ်သည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းတွင် ရှိနေသေးသည်။ သူ၏ အတွေးများသည် ရှုတ်ရှက်ခတ်နေခဲ့သော်လည်း သူသည် အတိုင်းအတာ တစ်ခုအထိ တည်ငြိမ်နေနိုင်ကာ ပြင်ပကမ္ဘာအား သုံးသပ်နိုင်ခဲ့သည်။

သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲက တစ်နေရာသို့ သွားချင်နေသည့်အလား

ဟင်းလင်းပြင် အတွင်းတွင် ပျံသန်းနေခဲ့သည်ကို သဘောပေါက်လာခဲ့သည်။

ခဏအကြာတွင် သူသည် ဟင်းလင်းပြင် အလွှာများစွာတို့ကို ဖြတ်သန်းသွားခဲ့၍ ခရမ်းရောင် ဝတ်စုံ ကြေးနီရောင် အသားအရည်နှင့် လူငယ်သည် သူ၏ အရှေ့တွင် ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်းဖြစ်၏။

လျှိုယောင်၏ ပါးစပ်မှာ အဟောင်းသား ဖြစ်သွားခဲ့၏။ "အရှင်၊ အရှင်က ဒီမှော်ပုလဲကို ကျွန်တော့်ရဲ့ စိတ်ဝိညာဉ် အထဲမှာ မြှုပ်နှံထားခဲ့တာလား"

လျှိုယောင်သည် လင်းဖုန်းအား ရန်ရှာ၍ အပြစ်တင်လိုနေခြင်း မဟုတ်ပေ။ သို့သော်လည်း သူသည် လင်းဖုန်းအား ဘာဖြစ်နေသနည်း ဟူသည်ကို ရှင်းပြစေလိုနေပေသည်။ "ကျွန်တော်က ဘာဖြစ်သွားခဲ့သလဲ ဆိုတာကို အရှင်က သိပါသလား"

လင်းဖုန်းသည် သူ၏လက်အား ဆန့်တန်းလိုက်ကာ ကောင်းကင်ယောက်သွား ရွှေပုလဲကို ယူဆောင်လိုက်သည်။ သူ၏အသိစိတ်အား ကောင်းကင်ယောက်သွား ရွှေပုလဲအတွင်းသို့ ထည့်လိုက်ကာ

လျှိုယောင်နှင့် ဆက်သွယ်လိုက်သည်။
"မင်းဘာဖြစ်သွားခဲ့သလဲ ဆိုတာကို ငါက ဒီရွှေပုလဲနဲ့ ဆက်သွယ်နေခဲ့တဲ့အတွက် သိတယ်"

"ငါက ဒီရွှေပုလဲကို မင်းရဲ့ ခန္ဓာကိုယ် အထဲကို ထည့်ခဲ့တဲ့သူလည်း ဖြစ်တယ်။ ဒီမတိုင်ခင်က မင်းရဲ့ စိတ်ဝိညာဉ်က အနည်းငယ် ပုံမမှန်ပဲ မင်းက ဒီရွှေပုလဲနဲ့ ကံစပ်နေတယ် ဆိုတာကို သိခဲ့တယ်။ ဒါကြောင့် ငါကမင်းရဲ့အထဲကို ဒီပုလဲထည့်ထားခဲ့တာပဲ။ အဲ့ဒီနောက်ပိုင်း ဖြစ်ခဲ့သမျှ အရာအားလုံးတို့ဟာ မင်းရဲ့ ကြမ္မာပန်းတိုင်ရဲ့ အလိုအတိုင်း ဖြစ်တယ်"

လျှိုယောင်က အသိအမှတ် ပြုလိုက်စွာနှင့် သူ၏ခေါင်းအား ညိတ်လိုက်သည်။ လင်းဖုန်းထားခဲ့သည့် ကောင်းကင်ယောက်သွား ရွှေပုလဲသည် ယနေ့မတိုင်ခင်မှ သူ၏ဘ၀ တစ်ခုလုံးအား ကပြောင်းကပြန် ဖြစ်သွားစေခဲ့ကာ သူ၏ဘ၀ အသစ်စခဲ့ရခြင်း ဖြစ်သည်။ သူသည် မုယု၊ ယွင်ကျန်းရှီတို့ အပါအ၀င် ကျန်သောသူများနှင့် ဆက်ဆံရေးပျက်ခဲ့ရသည်။ သို့သော်လည်း သူသည် အမှားအမှန်ကို ခွဲခြားသိမြင်ခဲ့သဖြင့် လင်းဖုန်းအား ဖြစ်ခဲ့သမျှအတွက် အပြစ်မတင်ခဲ့ပေ။

အကယ်၍ ကောင်းကင်ယောက်သွား
ရွှေပုလဲကသော သူ၏ မိစ္ဆာ စိတ်ဝိညာဥ်အား
ပြန်လည် ဝင်စားစေခဲ့ပြီး ရုပ်ခန္ဓာကိုယ်
အသစ်တစ်ခုအား မဖန်ဆင်းပေးခဲ့ပါက သူသည်
နဂါးများ၏ လက်သည်းများအောက်တွင်
အသက်ပျောက်သွားခဲ့မည် ဖြစ်သည်။
ယွင်ကျင်းရှီ၊ ချောင်ကျန်းတုန်းနှင့်
ကျန်သောသူများသည်လည်း
ကံဆိုးသွားကြမည် ဖြစ်၏။

အတွေ့ကြီးသော သူများနှင့် အခြားသူများအား
အပြစ်တင်လိုကြသော သူများအနေနှင့်
သူတို့သည် အခြားအတွေးများ ရှိနိုင်ကြသည်။
ဥပမာဆိုလျှင် လင်းဖုန်းသည် နဂါးများ

ကျူးကျော်ဝင်ရောက်လာမှုကို
တားဆီးပေးနိုင်၍ သူတို့အား လော်ဖူး
လှိုဂုဏ်ဆန်းကြယ်သောကျွန်းပေါ်သို့
လွယ်လွယ်ကူကူ ပို့ဆောင်ပေးနိုင်သည်။

ဒါဆိုလျှင် တစ်ယောက်ကမှ ဒဏ်ရာရကြမည်
မဟုတ်ပဲ ပျော်ရွှင်သော ဇာတ်လမ်း အဆုံးသတ်
ဖြစ်သွားမည် ဖြစ်သည်။
လှိုယောင်ကိုယ်တိုင်ကလည်း မိစ္ဆာအဖြစ်
ပြောင်းလဲသွားမည် မဟုတ်ပဲ သူ့အဖော်များနှင့်
ခွဲရမည် မဟုတ်ချေ။

သို့သော်လည်း လှိုယောင်သည်
ထိုကဲ့သို့သောသူမျိုး မဟုတ်ပေ။

အားလုံးတို့သည် လင်းဖုန်းအား တစ်ကြိမ်သာ
တွေ့ခဲ့ဖူးခြင်း ဖြစ်သည်။
တစ်ယောက်ကမှလည်း သူ့အား ရန်သူလော
မိတ်ဆွေလော ဟူသည်ကို မသိခဲ့ပေ။
လင်းဖုန်းအနေနှင့် သူတို့အား အနစ်နာခံ၍
ကူညီရန် အကြောင်းမရှိချေ။

"စီနီယာ၊ ကျွန်တော်က ဘာ..."
လျှိုယောင်သည် သတိထား၍ မေးလိုက်သည်။

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြန်ဖြေလိုက်၏။
"ဟိုအမျိုးသမီး ကျင့်ကြံသူက မှန်တယ်။ မင်းက
မိစ္ဆာတစ်ကောင်ပဲ။ မင်းက မိစ္ဆာ စိတ်ဝိညာဥ်နဲ့
မွေးဖွားလာခဲ့တာ ဖြစ်တယ်။ ဒါပေမဲ့ မင်းရဲ့ မိစ္ဆာ

စိတ်ဝိညာဉ်က မင်းရဲ့ မူလ ရုပ်ခန္ဓာကိုယ်နဲ့ ကွဲကွာနေပြီး သံသရာနဲ့ ဆက်စပ်နေခဲ့ပြီး လူသားခန္ဓာကိုယ် တစ်ခုအတွင်းမှာ မွေးဖွားလာခြင်း ဖြစ်တယ်။ သံသရာက မင်းရဲ့ အစစ်အမှန် စိတ်ဝိညာဉ်ကို ဖျက်ပစ်ခဲ့ခြင်း မရှိဘူး။ ဒါကြောင့်မို့ ဒါက မင်းရဲ့ မိစ္ဆာ စိတ်ဝိညာဉ်ရဲ့ အစစ်အမှန် ခန္ဓာကိုယ် ဖြစ်တယ်"

"မင်းရဲ့ အခြေခံနဲ့ မင်းရဲ့ မျိုးနွယ်စုတို့က..." လင်းဖုန်းသည် ခေတ္တမျှ ရပ်နားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။ "မင်းက ခြေနှစ်ချောင်း ရှိနေတဲ့ ဝံပုလွေနဲ့ တူတယ်။ ခြေလက်နဲ့ ခြေသည်းတို့က နဂါးနဲ့ တူတယ်။ ငွေဖြူရောင်

အမွေးနဲ ဆံပင်တွေ ရှိတယ်။ ခေါင်းပေါ်မှာ ဦးချိုသုံးခု ရှိပြီး မင်းရဲ့ တစ်ကိုယ်လုံးမှာ ခရမ်းရောင် အမှတ်အသားတွေ ရှိနေတယ်"

"အတိတ်ကာလက ဟေးဒီးစ် မျိုးနွယ်စုတွေက ဒီလိုမျိုး ကိုယ်ခန္ဓာ အသွင်အပြင်တွေ ရှိကြတယ်။ မင်းက လူသားဖြစ်ခဲ့ပြီး ဒီမျိုးနွယ်စုတွေက မျိုးသုန်းသွားခဲ့တာ နှစ်ပေါင်း ထောင်နဲ့ချီခဲ့ပြီ ဆိုတော့ မင်းက ကြားဖူးမှာ မဟုတ်ဘူး။ ဒါပေမဲ့ မင်းမှာ မှတ်ဉာဏ်တချို့ ရှိလိမ့်မယ်လို့တော့ ထင်တယ်"

လှျိုယောင်၏ စိတ်ဝိညာဉ်သည် အနည်းငယ် တုန်ခါသွားခဲ့ကာ သက်ပြင်းချသကဲ့သို့

အမှုအရာတစ်ခု ပြုလုပ်ခဲ့သည်။
"အရှင်ပြောတာ မှန်ပါတယ်။ ကျွန်တော်က
ဟေးဒီးစ်ဆိုတဲ့ စကားလုံးကို ကြားဖူးနေတယ်။
ဒါပေမဲ့ ကျွန်တော့်ရဲ့ ခေါင်းအထဲမှ ပေါ်လာတဲ့
ပုံရိပ်တွေက တစ်စစီ ဖြစ်နေပြီး
အရာအားလုံးက အဆက်အစပ်
ကင်းမဲ့နေတယ်"

လျှိုယောင်သည် စတင်ရယ်မောလိုက်သည်။
"ကြည့်ရတာ ကျွန်တော့်နာမည်က
လျှိုကြီးဟေးဒီးစ် ဖြစ်မယ်။ ဒါက ကျွန်တော်ရဲ့
မူလနာမည် ဖြစ်လိမ့်မယ်"

"ဘယ်သူက သိမှာလဲ။ ယွင်ကျင်းရှီက ကျွန်တော်တို့ ကလေးဘဝတုံးက ကျွန်တော့်ကို ပေးထားခဲ့တဲ့ နာမည်ပြောင်က ကျွန်တော့်ရဲ့ နာမည်အရင်း ဖြစ်နေခဲ့တယ်။ ဘယ်လောက်အထိ တိုက်ဆိုင်သလဲ၊ ဟားဟားဟား!"

သူသည် ရယ်မောနေခဲ့သော်လည်း လျှိုယောင်၏ စကားများမှာ နာကျင်ဝမ်းနည်းမှုများနှင့် ပြည့်နေ၏။ သူ၏ စကားလုံးများတွင် ပျော်ရွှင်ကျေနပ် အားရမှုများ တစ်စက်ကလေးမှ မပါနေခဲ့ချေ။

လင်းဖုန်းသည် သူ့အား ကြည့်နေခဲ့ရင်း
သူ့ကိုယ်သူ တွေးနေခဲ့သည်။
"လျှိုကြီးဟေးဒီးစ်.. သူ့ကို ဒီနာမည်ကို
ပေးခဲ့တဲ့သူဟာ ဟိုကောင်မလေးလိုမျိုး
ပြက်ချော်ချော ပေးခဲ့မှာ မဟုတ်ဘူး။ ဒီလူက
ဒီလူငယ်လေးရဲ့ အပေါ်မှာ
မျှော်လင့်ချက်ကြီးကြီး ထားခဲ့မှာ ဖြစ်တယ်။
ဒီလူကိုယ်တိုင်ကလည်း အတော့်ကို
မာနကြီးတဲ့သူ ဖြစ်လိမ့်မယ်"

"ဒါပေမဲ့ သူ့ရဲ့ မိစ္ဆာ စိတ်ဝိညာဉ် အထဲမှာ
လျှို့ဝှက်ချက်တွေ အများကြီး ရှိသေးတယ်။
ဒါက ဘာတွေ ဖြစ်မလဲ"

လင်းဖုန်းသည် သူ၏အရှေ့မှာ လျှိုယောင်၏ ပုံစံအသစ်အား ဆက်၍ ကြည့်နေခဲ့သည်။ ဤလူငယ်သည် လင်းဖုန်းအား မုန်းတီးနေခြင်း မရှိသော်လည်း လင်းဖုန်းသည် သူ၏ရင်ထဲမှနေ၍ သူသည် သူ့အား အသုံးချရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်ဟု သိနေခဲ့သည်။ သူသည် လျှိုကြီးဟေးဒီးစ်၏ ပြန်လည် မွေးဖွားမှုကို ကြည့်ချင်နေခဲ့၏။ သူ၏ မူလပုံသဏ္ဍာန်အား ကြည့်ချင်နေခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူတို့သည် လင်းဖုန်းနှင့် လုံးဝ မတွေ့ဆုံခဲ့ကြလျှင် ဤအုပ်စု၏ ကံကြမ္မာများသည် ခန့်မှန်းရခက်ခဲသည်။

မုယုနှင့် ကျန်သောသူများသည် လင်းဖုန်းက ဝင်မကူခဲ့၍ အစောကြီးကတည်းက မိစ္ဆာသခင် အဆင့်မှ မိစ္ဆာသုံးကောင်တို့၏ လက်ချက်ဖြင့် အသက်ပျောက်ခဲ့ကြလိမ့်မည်။

သို့မဟုတ် သူတို့သည် ယခုလေးတင်က ဖြစ်ပွားခဲ့သော ရှုပ်ထွေးလှသည့် တိုက်ပွဲအတွင်းတွင် ကျဆုံးကောင်း ကျဆုံးခဲ့ကြလိမ့်မည်။ သို့သော်လည်း လူငယ်လေး လျှိုယောင် အတွက်မှာ အနည်းငယ် ကွဲပြားသည်။ သူ၏ လူသားခန္ဓာကိုယ် သေဆုံးမှု သို့မဟုတ် မိစ္ဆာအဖြစ်သို့ ပြန်လည်မွေးဖွားမှုတွင်

မည်သည့်ဘဝက သူ၏ ပို၍လိုလားသော ရွေးချယ်မှု ဖြစ်သည်မှာ မသေချာပေ။

အထူးသဖြင့် လျှို့ဝှက်သည် ဤဖြစ်စဥ် တစ်ခုလုံးတွင် မည်သို့မှ ရွေးချယ်နိုင်မှု မရှိခဲ့ခြင်း ဖြစ်သည်။ သူတတ်နိုင်သည်မှာ ဖြစ်ပျက်ခဲ့သမျှကို သူ၏ မျက်လုံးအစုံဖြင့်သာ ကြည့်နိုင်ခဲ့ခြင်း ဖြစ်၏။

သူသည် သူ၏ အတွေ့အကြုံများမှနေ၍ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားမှုများကို တွေ့ကြုံခဲ့ရသော်လည်း သူသည် တစ်ယောက်၏ ကံကြမ္မာသည် တစ်ယောက်၏ ဘဝအား မည်ကဲ့သို့ အကျိုးသက်ရောက်မှု

ရှိခဲ့သည်ကို တအံ့တသြ ရှိနေခဲ့၏။ နောက်ဆုံးတွင် လျှို့ယောင်သည် နောင်တရခြင်း၊ ခံပြင်းနာကြည်းခြင်းတို့ မရှိခဲ့ပဲ သူသေခါနီး အချိန်တွင် သူ၏ခေါင်းအတွင်းတွင် ပဲ့တင်ရိုက်နေသော အသံတစ်သံကိုသာ မှတ်မိနေခဲ့သည်။

"ငါသေလို့ မဖြစ်ဘူး။ ငါက သူတို့ကို ကယ်တင်ချင်တယ်။ ငါက စီနီယာမု၊ ကျင်းရှီနဲ့ ကျန်တဲ့သူတွေကို ကယ်တင်ချင်တယ်"

ထိုအချိန်မှစ၍ ယခုအချိန်အထိတိုင်အောင် လျှို့ကြီးက သူသည် စွမ်းအားများကို ဆာလောင်နေခဲ့ခြင်း ဖြစ်သည်ဟု

သေချာနေခဲ့သည်။ အနည်းဆုံးတော့ သူကိုယ်တိုင်နှင့် သူ့အနားမှ လူများကို ကာကွယ်နိုင်ရန် လုံလောက်သော စွမ်းအားများကို ဆာလောင်နေခဲ့ခြင်း ဖြစ်သည်။

ဒါသည် သူ့အား လင်းဖုန်းကို အတိုင်းအတာ တစ်ခုအထိ ကျေးဇူးတင်စေခဲ့သည်။ ဒါသည် တန်ဖိုးကြီးကြီးမားမား ပေးဆပ်ခဲ့ရသော်လည်း မည်သည့်အရာမှ အလကား မရရှိနိုင် မဟုတ်ပါလော။

သူသည် လင်းဖုန်းထံသို့ လှည့်လိုက်၍ လေးစားစွာဖြင့် လက်နှစ်ဘက်ကို ဆုပ်လိုက်ကာ ပြောလိုက်သည်။ "ကျွန်တော့်ရဲ့

အသက်ကို ကယ်ခဲ့တဲ့အတွက်
ကျေးဇူးတင်ပါတယ်"

သူသည် ပြီးနောက်ချက်ချင်း ထပ်မေးလိုက်၏။
"စီနီယာ၊ နောက်ကြောင်းပြန် ပြကွက်တွေက
တစ်ပိုင်းတစ်စစီ ဖြစ်နေတော့ ကျွန်တော်က
ဘာမှ ပြန်ပြောင်းတွေးကြည့်လို့ မရဘူး။
ကျွန်တော့်ကို ရှင်းပြလို့ရမလား။ ကျွန်တော်က
ဘာများ ဖြစ်ခဲ့တာလဲ"

လင်းဖုန်းသည် လက်ကိုဝှေ့ယမ်းလိုက်ကာ
ကောင်းကင်ယောက်သွား ရွှေပုလဲအား
သိမ်းယူလိုက်၍ ယင်ပင်လယ်၏ အဝင်ဝသို့
ပျံသန်းခဲ့ကာ ပြောလိုက်သည်။ "မင်းကိုယ်မင်း

ကိုယ်တိုင် ဖော်ထုတ်ရမယ့် အကြောင်းအရာတွေ အများကြီးရှိတယ်။ မင်းက အမှန်တရားကို သိချင်ရင် ကိုယ်ကိုယ်တိုင် ပြုလုပ်မှရမယ်။ ငါလုပ်နိုင်တာက မင်းကို သဲလွန်စရအောင် အကြံတချို့ ပေးနိုင်ရုံပဲ"

လျှိုကြီးသည် ရုတ်တရက် အတွေးပေါက်သွားဟန်နှင့် ပြန်ဖြေလိုက်သည်။ "တောင်းပန်ပါတယ်၊ ကျွန်တော်က စိတ်ရှုပ်ထွေးသွားခဲ့ပါတယ်။ ဒါနဲ့၊ အရှင့်ကို ဘယ်လိုခေါ်မှန်းတောင် မမေးရသေးဘူး"

လင်းဖုန်းက သာမန်သာ ပြန်ဖြေလိုက်၏။ "ငါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်

လင်းဖုန်းဖြစ်တယ်။ မင်းအခုတွေ့နေရတဲ့ ခန္ဓာကိုယ်က ငါ့ရဲ့ ကိုယ်ပွားတစ်ခုသာ ဖြစ်တယ်"

သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ လျှိုကြီး၏ စိတ်ဝိညာဉ်အား ကြည့်လိုက်ကာ ဆက်ပြောလိုက်သည်။ "ဒီကိုယ်ပွားက ဆာရို သံမဏိသစ်ပင်ကနေ ပြုလုပ်ထားတာ။ ဒါပေမဲ့ ဒီမိစ္ဆာပုံစံက မရင့်ကျက်သေးခင် ငါက သူ့ရဲ့ ရုပ်အရည်အသွေးကို ပြောင်းခဲ့လိုက်တယ်။ ဒါကြောင့် ငါက လူသားပုံစံကို ဖန်ဆင်းနိုင်ခဲ့တာ"

လှိုင်ကြီးက အနည်းငယ်
အံ့အားသင့်သွားခဲ့သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်"

သူသည် လင်းဖုန်းအား တစ်ချက်တစ်ချက်
ခိုးကြည့်လိုက်ကာ အနည်းငယ် မသက်မသာ
ခံစားလာရသည်။ သူ၏ မိစ္ဆာ စိတ်ဝိညာဉ်က
ပြန်လည်နိုးထလာ၍ ဟေးဒီးစ်မျိုးနွယ်စုတို့၏
မာနကြီးသော စိတ်ခါတ်ကြောင့်သာ
မဟုတ်လျှင် သူသည် ဒူးထောက်၍ အရိုအသေ
ပေးတော့မည် ဖြစ်သည်။

ဘာပဲပြောပြော သူ၏ ယခင် ချီသာဝက
အဆင့်မှ ကျင့်ကြံသူတစ်ဦး အနေနှင့်

အရှေ့ပင်လယ်မှ အုပ်ချုပ်သူဖြစ်သော လော်ဖူး
သူတော်စင်ကဲ့သို့သော သူမျိုးသည်ပင်လျှင်
အလွန်အမင်းကို ကြည်ညိုလေးစားရသည့်
ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပေပြီ။
အခြားတစ်ဘက်တွင်မူ လင်းဖုန်းသည်
လူသားမျိုးနွယ်စု တစ်ခုလုံး၏ ထိပ်သီးပုဂ္ဂိုလ်
တစ်ဦးဖြစ်ကာ လော်ဖူးသူတော်စင်ပင်လျှင်
ယှဉ်နိုင်သောသူ တစ်ယောက်မဟုတ်ပေ။

သူ၏အရှေ့မှ ကိုယ်ခန္ဓာသည် လင်းဖုန်း၏
ကိုယ်ပွားတစ်ခုသာ ဖြစ်သော်လည်း သူ၏
ရင်အတွင်းမှ လာခဲ့သော ကြည်ညိုရိုသေ
လေးစားမှုသည် အတုတုပင် ဖြစ်၏။

လင်းဖုန်းက တိုးတိုးလေး ပြောလိုက်သည်။
"ငါက ကောင်းကင်ယောက်သွား ရွှေပုလဲကို
မထင်မှတ်ပဲနဲ့ ရရှိခဲ့တယ်။ မင်းတို့နှစ်ဦးကလည်း
အတူတကွ ဆုံဆည်းဖို့ ကံပါလာတယ်။
ငါကမင်းရဲ့ စိတ်ဝိညာဉ် နေထိုင်ဖို့အတွက် သူ့ကို
ယာယီပေးထားလိုက်မယ်။ ဒါပေမဲ့ မင်းကသူ့ကို
အသုံးပြုပြီးမှာ ရုပ်ခန္ဓာကိုယ် တစ်ခု
ပြန်ဖွဲ့ချင်ရင် မင်းရဲ့ အတိတ်က
အတွေ့အကြုံတွေကို ပြန်လည်
စဉ်းစားနိုင်မှရမယ်။ ဒါက ယာယီသာဖြစ်ပြီး
မင်းက အကြာကြီး ဒီလို နေနိုင်မှာ မဟုတ်ဘူး"

"မင်းက ရုပ်ခန္ဓာကိုယ် တစ်ခုကို
ယာယီဖန်ဆင်းပြီးသွားရင် နောက်ထပ်

ပြောင်းလဲမှုတစ်ခု ထပ်လုပ်နိုင်ဖို့ ခုနှစ်ရက်တိတိ
စောင့်မှရမယ်"

လှိုကြီး၏ စိတ်ဝိညာဉ်သည် နောက်ဆုံးတွင်
လင်းဖုန်း၏ အရှေ့သို့ ဒူးထောက်ခဲ့ရသည်။
"ကျွန်တော့်ကို လုပ်ပေးခဲ့တဲ့ အရာတွေ
အားလုံးအတွက်၊ ကျွန်တော့်ရဲ့
ပြန်လည်မွေးဖွားမှု အတွက်
ကျေးဇူးတင်ပါတယ်။ ကျွန်တော်က
အသုံးမကျပဲ ပျော့ညံ့ပေမဲ့ အရှင့်နောက်ကို
လိုက်ပါပြီး ကျေးဇူးပြန်ဆပ်ဖို့
မျှော်လင့်နေပါတယ်။ ကျွန်တော့်ကို
ဒီအခွင့်အရေးပေးဖို့ တောင်းပန်ပါတယ်"

သူသည် လင်းဖုန်း၏တပည့် ဖြစ်လာရန် မပြောဝံ့ပေ။ သူသည် လင်းဖုန်းထံမှ ကျေးဇူးကြီးမားစွာ ခံယူခဲ့ရပြီး ဖြစ်သည်။ ယခုအချိန်တွင် ဟေးဒီးစ်သားရဲ အကြောင်းကို အနည်းငယ် နားလည်လာပြီ ဖြစ်သဖြင့် သူ၏အတွေးများသည် စတင်ပြောင်းလဲလာခဲ့ပြီ ဖြစ်သည်။

အကယ်၍ လင်းဖုန်းကသာ သူ့အား တပည့်အဖြစ် လက်ခံခဲ့လျှင် လင်းဖုန်းအနေနှင့် နတ်ဘုရား နယ်မြေ တစ်ခုလုံးမှ ကျင့်ကြံသူများ၏ အမျက်ဒေါသနှင့် ရင်ဆိုင်ရမည် ဖြစ်ကာ မလိုလားအပ်သော ပြဿနာများကို ဖြေရှင်းရမည် ဖြစ်သည်။

အကယ်၍ သူသည် အခြားမျိုးနွယ်စုများမှ မိစ္ဆာတစ်ကောင် ဖြစ်လျှင် တော်သေးမည်ဖြစ်ကာ ဟေးဒီးစ် မျိုးနွယ်စု ဖြစ်ခဲ့ရခြင်းသည် အတော်ကို ထူးခြားလှပေသည်။

သူ၏ စကားလုံးများမှာ တောက်ဇီချွမ်နှင့် ဆင်တူနေပေသည်။ သူလုပ်ချင်နေသည်မှာ လင်းဖုန်းအား တတ်နိုင်သမျှ ကူညီကာ ကျေးဇူးပြန်ဆပ်ရန်ဖြစ်ပြီး ဘာမှထပ်ပြီး တောင်းဆိုချင်နေခြင်း မရှိပေ။

သို့သော်လည်း သူသည် လူသားတစ်ယောက် အနေနှင့် စဉ်းစားနေခြင်းသာဖြစ်ပြီး တစ်စုံတစ်ယောက်၏ စီးတော်မြင်းတော့ မဖြစ်ချင်နေလိုပေ။

လင်းဖုန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "မင်းရဲ့ မိစ္ဆာပုံစံက ရင့်ကျက်လာရင် မင်းရဲ့ ပင်ကိုစွမ်းရည် တန်ဖိုးတွေက သာမန်ထက် အများကြီး သာနေမယ်လို့ ပြောနိုင်တယ်။ မင်းရဲ့ စိတ်နေစိတ်ထားကလည်း ငါ့အကြိုက်ဖြစ်တယ်။ မင်းနဲ့ငါက ကံစပ်နေကြတယ်။ မင်းကိုငါက တပည့်အဖြစ် လက်ခံလိုက်ရင်တောင် ဘာမှမဖြစ်ဘူး"

"တကယ်လို့ ငါက တစ်စုံတစ်ယောက်ကို တပည့်အဖြစ်နဲ့ လက်ခံချင်ရင် ငါရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက် အရသာ ပြုလုပ်မှာ ဖြစ်တယ်"

သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ လူကြီးအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ဒါပေမဲ့ မင်းရဲ့ ပင်ကိုယ်စွမ်းရည် အလားအလာတွေကို အစွမ်းကုန် ထုတ်ဖော်ပြီး မင်းရဲ့ အထက်တန်းကျတဲ့ စွမ်းရည်တွေကို အလဟဿ မဖြစ်ချင်ရင် မင်းအတွက် ဟေးဒီးစ်သားရဲ တစ်ကောင်ရဲ့ စစ်မှန်တဲ့ ရုပ်ခန္ဓာကိုယ်ကို ရှာဖွေပေးမှ ရမယ်။ ဒါမှသာ

မင်းရဲ့ စိတ်ဝိညာဉ်နဲ့ ခန္ဓာကိုယ်ဟာ တစ်သားတည်း ပေါင်းစပ်နိုင်ပြီး မင်းရဲ့ အလားအလာတွေကို ဖော်ထုတ်နိုင်မှာ ဖြစ်တယ်"

"လူသားပုံစံဟာ မင်းရဲ့ တိုးတက်မှုတွေကို အနှောင့်အယှက် ပေးမှာဖြစ်ပြီး ငါ့ရဲ့ လမ်းညွှန်မှုတွေ ရရင်တောင်မှ မင်းရဲ့ တိုးတက်မှုနှုန်းဟာ အတော်ကို နှေးကွေးမှာ ဖြစ်တယ်"

လင်းဖုန်းက ဆက်လက်၍ ရှင်းပြလိုက်သည်။ "ဟေးဒီးစ် မျိုးနွယ်စုတွေက မိစ္ဆာတွေရဲ့ အထက်တန်း အကျဆုံး နည်းစနစ်ဖြစ်တဲ့

ကောင်းကင်တာအိုု မိစ္ဆာကျမ်းစာ အပြည့်အစုံကို ပိုင်ဆိုင်ထားတယ်။ မင်းက မင်းရဲ့ မျိုးနွယ်စုတွေနဲ့ အတူမရှိနေပေမဲ့ မင်းရဲ့ မှတ်ဉာဏ်အပိုင်းအစတွေမှာ ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်နိုင်ခဲ့ရင် ဘာမှ စိတ်ပူစရာမလိုဘူး"

လျှိုကြီးသည် သူ၏ခေါင်းကို ညိတ်လိုက်စဥ်တွင် လင်းဖုန်းက ဆက်၍ ရှင်းပြလိုက်သည်။ "ဒါကြောင့် မင်းက ငါ့တပည့်လို့ သတ်မှတ်လို့ မရသေးပဲ ငါ့အနောက်ကို တစ်ကောက်ကောက် လိုက်နေဖို့လည်း မလိုဘူး။ မင်းမှာက မင်းသွားရမယ့် ကိုယ်ပိုင်ခရီးလမ်းရှိတယ်။ မင်းက မေးစရာ မေးခွန်းတွေရှိရင် ဒါမှမဟုတ်

အကူအညီ လိုခဲ့ရင် ငါကမင်းကို
လမ်းညွှန်ပေးနိုင်တယ်"

"ကျေးဇူးပါ၊ သင်ဆရာလင်း" လှျိုကြီးသည်
ထပ်ဖန်တစ်ခါ ဒူးထောက်လိုက်၏။ သူသည်
လင်းဖုန်းအား နတ်ဘုရား နယ်မြေမှ
ထုံးတမ်းဓလေ့အတိုင်း ခေါ်ခဲ့ခြင်း ဖြစ်သည်။
သင်ဆရာ ဆိုသည်မှာ တစ်ယောက်၏
ဆရာမဟုတ်သေးသော်လည်း သူ့အား
တစ်နည်းမဟုတ် တစ်နည်းဖြင့် လမ်းညွှန်မှု
ပေးနေသော စီနီယာ တစ်ယောက်အား ခေါ်ခြင်း
ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာတွင် သင်ဆရာ နှစ်မျိုးရှိ၏။ တစ်မျိုးမှာ တပည့်က သူ့ကိုယ်သူ တပည့်အဖြစ် သတ်မှတ်ထားသော်လည်း လမ်းညွှန်သူက သူ့ကိုယ်သူ ဆရာအဖြစ် မသတ်မှတ်ထားသူ ဖြစ်သည်။ သူတို့၏ ဆက်ဆံရေးမှာ ထူးခြား၍ တစ်ယောက်သည် ကျန်တစ်ယောက်ထက် အဆင့်အတန်း မြင့်မားသော်လည်း သူတို့အား တန်းတူရည်တူဟု ပြော၍ရသည်။

ဤအဖြစ်သည် ကျင့်ကြံသူ တစ်ယောက်က အခြား ကျင့်ကြံသူ တစ်ယောက်အား လမ်းညွှန်မှုများပေး၍ ကျင့်ကြံမှု ခရီးလမ်းတွင် အကူအညီများ ပေးခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း သူတို့သည် ဆရာနှင့်
တပည့်များအဖြစ် အခမ်းအနား သတ်မှတ်၍
ပြုလုပ်ထားခြင်း မရှိကြပေ။ ထို့ကြောင့်
သူတို့သည် တစ်ချိန်တည်းတွင်
မိတ်ဆွေတစ်ဝက်၊ ဆရာတပည့်
တစ်ဝက်ကဲ့သို့သော ဆက်ဆံရေးများသာ
ရှိနေကြသည်။

လှျိုကြီးသည် ဒုတိယ အမျိုးအစား အတွင်းတွင်
ပါဝင်သည်။

လင်းဖုန်းသည် သူ့အား ပြန်လည်မွေးဖွားခြင်း
ဟူသော ကျေးဇူးကို ပြုထားပေးခဲ့သည်။
သူသည် လင်းဖုန်း၏ လက်ရင်းတပည့် မဟုတ်ပဲ

သူ၏ နည်းစနစ်များကို ကျင့်ကြံထားခြင်း
မရှိသော်လည်း လင်းဖုန်းသည် သူ့အား
အနာဂတ်တွင် လျှောက်လှမ်းရမည့်
လမ်းနှင့်ပတ်သတ်၍ လမ်းညွှန်မှုများကို
ညွှန်ကြားပြသပေးခဲ့၏။

လင်းဖုန်းသည် သူ့အား မူလခန္ဓာကိုယ်
ပြန်လည်တည်ဆောက်ရာ၌ ကူညီနေလိုသော
ဆန္ဒရှိနေသည်မှာလည်း သိသာနေ၏။
ထို့ကြောင့် လျှိုကြီးသည် သူက လင်းဖုန်း၏
တပည့်တစ်ယောက် ဖြစ်ရန် အရည်အချင်း
မပြည့်မှီဟု ခံစားနေခဲ့ရသော်လည်း
သူ၏စိတ်ထဲတွင် လင်းဖုန်းအား ဆရာအဖြစ်
သတ်မှတ်ပြီးသား ဖြစ်သည်။

သူသည် ရှောင်ယန်၊ ဇူရီနှင့်
ကျန်သောသူများနှင့်အတူ လင်းဖုန်းက သူ့အား
ခိုင်းစေသော ညွှန်ကြားချက်များကို အစွမ်းကုန်
ဆောင်ရွက်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း
သူသည် လူကြားသူကြားထဲသို့
ထွက်မည်မဟုတ်ပဲ သူက လင်းဖုန်း၏
တပည့်ဟု ကြေညာလိမ့်မည် မဟုတ်ချေ။

"သွားကြစို့၊ မင်းက အမှန်တရားကို
ရှာဖွေချင်ရင် ပထမဆုံး အဆင့်က ယင်ပင်လယ်
အထဲကို သွားကြဖို့ပဲ ဖြစ်တယ်" လင်းဖုန်းသည်
သူက လျှိုကြီးအား မည်ကဲ့သို့ ခေါ်ဆိုရမည်ကို
ခေါင်းထဲ သိပ်မထည့်နေပဲ သူ့အားခေါ်၍

ပျံ့သန်းလာခဲ့ရာ မြူခိုးငွေ့များ ထူထပ်နေသော ယင်ပင်လယ် အတွင်းသို့ သိပ်မကြာခင် ရောက်ရှိလာခဲ့သည်။

## စာစဥ် ၃၉ : အပိုင်း ၁၂

## အပိုင်း ၇၄၂ : ယင်ကျိုးနတ်တောင်၊ အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်

လင်းဖုန်း၏ လက်အောက်တွင် လက်ရှိအချိန်တွင် လက်ရင်းတပည့် ရှစ်ယောက်ရှိသည်။ အကယ်၍ သူက လျှိုကြီးအား ထက်၍ လက်ခံလိုက်လည်း

သိပ်များသွားမည် မဟုတ်ပေ။ လင်းဖုန်း ကိုယ်တိုင်ကလည်း သူ၏လက်အောက်မှ တပည့်အရေအတွက်အား သိပ်တွက်နေခဲ့သည် မဟုတ်ချေ။ သူသည် အကန့်အသတ်များကို အလေးထားခဲ့လျှင်ပင် ကိုးသည် သင့်တော်သော အရေအတွက် ဖြစ်ကာ သူသည် နောက်ဆုံး ကိုးယောက်မြောက်အား လက်ခံရခြင်း မရှိသေးပေ။

အကယ်၍ သူသည် လှျိုကြီးအား တပည့်အဖြစ် လက်ခံလိုက်သည်ဟူသော သတင်းက နတ်ဘုရားနယ်မြေ အတွင်းတွင် ပျံ့သွား၍ လူသားနှင့် မိစ္ဆာ မျိုးနွယ်စုများ အတွင်းမှ ပဋိပက္ခများနှင့် အမျက်ဒေါသများကို

ပိုဆိုးလာစေနိုင်သော်လည်း လင်းဖုန်းက ဤမျှ ဂရုစိုက်နေမည် မဟုတ်ပေ။ အားလုံးတို့တွင် အားသာချက်နှင့် အားနည်းချက် ကိုယ်စီ ရှိနေကြ၏။ မည်သည့်က ပိုသာမည်နည်း ဆိုသည်မှာ မိမိ၏ စွမ်းဆောင်ရည်နှင့် အခြေအနေများကို ကိုယ်တွယ်ပုံ အပေါ်တွင် မူတည်နေသည်။

သို့သော်လည်း လင်းဖုန်းသည် သူ၏ တာအိုနည်းစနစ်များကို လျှို့ကြီးထံသို့ အခုချိန်အထိတော့ လက်ဆင့်ကမ်းပေးရန် ရည်ရွယ်ချက်များ မရှိသေးပေ။ လျှို့ကြီးက မူလ ရုပ်ခန္ဓာကိုယ် ပြန်လည် ဖန်ဆင်းပြီးလျှင်လည်း သူ၏စိတ်က ပြောင်းလဲမည် မဟုတ်ပေ။

လင်းဖုန်းသည် လျှိုကြီးအား သူ၏
ကျင့်ကြံမှုများကို ကိုယ့်ဘာသာကို သုတေသန
ပြုလုပ်ပြီး လျှိုကြီးက အကျပ်အတည်း
တွေ့နေသော အချိန်မှသာ သူ့၏
လမ်းပြကြယ်အဖြစ် ဆောင်ရွက်မည်ဟု
စီစဥ်ထားသည်။

လျှိုကြီးအား ကြည့်နေ၍ လင်းဖုန်း၏
ခေါင်းအတွင်းတွင် ထူးဆန်းသော အတွေးတစ်ခု
ပေါ်လာခဲ့သည်။ လျှိုကြီးသည် ဤကိစ္စအတွက်
အသင့်တော်ဆုံးသောသူ ဖြစ်ပေသည်။

အကယ်၍ လျှိုကြီးသည် ကောင်းကင်တာအို
မိစ္ဆာကျမ်းစာအား အောင်မြင်စွာ

လေ့ကျင့်နိုင်ခဲ့မည် ဆိုပါက ပို၍ပင် အဆင်ပြေပေလိမ့်မည်။

လင်းဖုန်းသည် မဟာကောင်းကင်တာအိုကျမ်းစာကို ပိုင်ဆိုင်ထား၏။ သို့ဖြစ်၍ သူသည် ကောင်းကင်တာအို မိစ္ဆာကျမ်းစာအား တပ်မက်မှု မရှိပေ။ သို့သော်လည်း သူ့တွင် ထင်မြင်ချက် တစ်ခုရှိနေ၍ လျှို့ကြီး၏ မိစ္ဆာနည်းစနစ်များအား လေ့ကျင့်မှုအား အသုံးချကာ သူ့အမြင် မှန်မမှန်ကို စစ်ဆေး၍ ရနိုင်သည်။

သို့သော်လည်း ဒါသည် လျှို့ကြီးက သူ၏ စမ်းသပ်မှုတွင် အသုံးချမည့် ပူးတစ်ကောင်ဟု

ဆိုလိုနေခြင်း မဟုတ်ပေ။ လှိုုကြီး စတင်လျှောက်လှမ်းရမည့် လမ်းကြောင်းသည် သူ၏ မည်သူမည်ဝါ ဖြစ်သည်ကို ဖော်ထုတ်သိရှိနိုင်ရန် အလျှင်မြန်ဆုံး လမ်းကြောင်းပင် ဖြစ်သည်။

လှိုုကြီးအနေနှင့် ဒါသည် လင်းဖုန်း၏ တပည့်ဖြစ်ရေးနှင့် သူ၏ နည်းစနစ်များကို သင်ယူခြင်းထက် ပို၍ အရေးကြီးသည်။ ဒါသည် နှစ်ဦးနှစ်ဘက် စလုံးအတွက် တိုက်ဆိုင်လှစွာဖြင့် အကျိုးရှိစေမည် ဖြစ်သည်။

လှိုုကြီးအနေဖြင့်လည်း အန္တရာယ်လမ်းကို လျှောက်လှမ်းရမည် မဟုတ်ပဲ လင်းဖုန်းက

သူ့အား ပို၍ ကောင်းမွန်သော ဘဝသို့ရောက်အောင် လမ်းညွှန်ပေးမည် ဖြစ်သည်။ သူနှင့် ရှောင်ယန်၊ ဇူရီ အစရှိသော သူများနှင့် တစ်ခုတည်းသော ခြားနားချက်မှာ ဤလမ်းကြောင်းသည် လင်းဖုန်းက ဖော်ဆောင်ပေးမည် ဖြစ်ပြီး သူ၏ကိုယ်ပိုင် ဆုံးဖြတ်ချက် ဖြစ်ချင်မှဖြစ်မည် ဖြစ်သည်။

ဒါသည် လင်းဖုန်း၏ တပည့်ရွေးချယ်သည့် သဘောတရားနှင့် မကိုက်ညီနေပေ။ ထို့ကြောင့် လင်းဖုန်းသည် လျှိုကြီးအား ယခုအချိန်တွင် သူ၏ လက်ရင်းတပည့် အဖြစ် လက်မခံခဲ့သေးခြင်း ဖြစ်သည်။

သူသည် ဤဆက်ဆံရေးအား
ရေရှည်တည်မြဲအောင်
လုပ်ဆောင်ထားမည်လည်း မဟုတ်ချေ။
သူသည် လူကြီးက သူ၏
မည်သူမည်ဝါဆိုသည်နှင့် နောက်ခံ
အသိုင်းအဝိုင်းကို သိသွားပြီးသောအခါတွင်
ရှောင်ယန်နှင့် ကျန်သောသူများအား
ပေးထားခဲ့သော ရွေးချယ်မှုများအတိုင်း
ပေးမည်ဖြစ်သည်။ သူထွက်သွားချင်သလော
သို့မဟုတ် ဆက်နေချင်သလော ဟူသည်မှာ
သူ၏ အပေါ်တွင်သူ မူတည်မည် ဖြစ်သည်။

"ကြည့်ရတာ.. သူက တကယ်ကိုပဲ
ငါ့ပြဿနာတွေ အများကြီးကို ဖြေရှင်းပေးနိုင်တဲ့

သော့တစ်ချောင်းနဲ့ တူနေတယ်" လင်းဖုန်းသည် ယင်ပင်လယ် အတွင်းမှ အန္တရာယ် များလှသည့် ပုံရိပ်ယောင် အမျိုးမျိုးကို ရှာနေခဲ့ရင်း တွေးနေခဲ့သည်။ တောင်သုံးတောင်၏ ပေါ်လာမှုနှင့်အတူ ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင်များ၏ စွမ်းအားများသည် များစွာပို၍ အစွမ်းထက်လာကာ အန္တရာယ် များလာခဲ့သည်ဟု ခံစားလာခဲ့ရသည်။

သူတို့သည် အရှေ့သို့ ဆက်သွားနေရင်း လင်းဖုန်းသည် သူတို့၏ နေရာမှ သိပ်မဝေးလှသော တိမ်တိုက် မြူခိုးငွေ့များ၏ အကြားတွင် မှော်စွမ်းအင် တုန်ခါမှုတစ်ခုအား ရုတ်တရက် ခံစားလိုက်ရ၏။

သူသည် ထိုအရာမှာ ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင်တစ်ခု မဟုတ်မှန်းကို ကောက်ချက်ချလိုက် အပြီးတွင် ကိုယ့်ကိုယ်ကိုယ် တွေးနေခဲ့သည်။ "လူတွေက စတင်ပြီးတော့ တိုက်ခိုက်နေကြပြီ"

သူသည် တိမ်တိုက်များကို ဆွဲဖွင့်လိုက်ကာ ဘေးတွင် အသံမထွက်ပဲနှင့် ရောက်လာခဲ့သည်။ ဒါသည် လူသားတစ်ယောက်နှင့် မိစ္ဆာတစ်ကောင်တို့၏ အကြားမှ မဟာတိုက်ပွဲ ဖြစ်သည်။ မိစ္ဆာမှာ ရွှေရောင်ငှက်တောင် မဟာနတ်ငှက် သခင်ဖြစ်၍ လူသားမှာ မဟာကျိုး အင်ပါယာမှ အိမ်ရှေ့မင်းသား

လျှမ်ယွမ်၏ လက်အောက်မှ အခြေတည်ဝိညာဉ်အဆင့် ကျင့်ကြံသူတစ်ယောက် ဖြစ်သည်။ ထိုလူသားကျင့်ကြံသူသည် အရှေ့ကောင်းကင်တံခါးဂိုဏ်းမှ တပည့်တစ်ယောက် ဖြစ်ဟန်တူ၍ သူ၏နာမည်မှာ ဆောင်ပန်းဖြစ်၏။

လျှမ်ပန်းနှင့် ရွှမ်ကျိအမတ် ဇူဟုန်ဝူတို့ နှစ်ယောက်စလုံးသည် နတ်တောင်သုံးတောင် ပြန်လည် ပေါ်ပေါက်လာသော ဖြစ်စဉ်တွင် ဤနေရာသို့ ရောက်ရှိလာကြ၏။ လျှမ်ယွမ်သည် ထျန်းကျင်းမြို့တွင် ခံတပ်ကို စောင့်ကြပ်နေခဲ့ပြီး ဆောင်ပန်းကသာ သူ့အစား ရောက်ရှိလာခြင်း ဖြစ်သည်။

ရွှေရောင်ငှက်တောင် မဟာနတ်ငှက်
သခင်သည် သူ၏မူလ မိစ္ဆာခန္ဓာကိုယ်အား
ထုတ်လွှတ်လိုက်ရာ
ရွှေရောင်အလင်းတန်းများဖြင့်
လင်းလက်နေသော ငှက်တောင်များဖြင့်
ဖုံးလွှမ်းထားသည့် ရောမ
မဟာနတ်ငှက်အဖြစ်သို့ ပြောင်းသွားခဲ့၍
ဆောင်ပန်းအား ချက်ချင်းလွှမ်းခြုံလိုက်၏။

ဆောင်ပန်း၏ ရှောင်ရှားခြင်း နတ်ကျိန်စာသည်
ထူးချွန်ပြောင်မြောက်လှသော်လည်း သူသည်
အပြည့်အစုံ မလေ့ကျင့်နိုင်ခဲ့သေးချေ။
ဇူရီကဲ့သို့သော သာမန် အခြေတည်ဝိညာဉ်
အဆင့်အတန်းနှင့် တိုင်းတာ၍ မရသည့်

ကျင့်ကြံသူများကဲ့သို့ ဤရွှေရောင်ငှက်တောင် မဟာနတ်ငှက် သခင်သည် ကံဆိုးစွာနှင့်ပင် သူခါချနိုင်စွမ်း မရှိသော ပြိုင်ဘက်အနည်းငယ် အတွင်းမှ တစ်ယောက် ဖြစ်နေခဲ့သည်။

ထို့ကြောင့် သူသည် အကျပ်အတည်း တစ်ခုအတွင်းသို့ ရောက်ရှိသွားခဲ့သည်။ ရွှေရောင်ငှက်တောင် မဟာနတ်ငှက် သခင်သည် လူသားလေသံဖြင့် ပြောလိုက်သည်။ "ရုန်းကန်နေမှုကနေ ရပ်လိုက်ပြီး အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်ရဲ့ သတင်းကို ပြောလိုက်ပါ။ မင်းကိုငါက ဖမ်းမိတဲ့ အချိန်အထိ ရုန်းကန်နေခဲ့ရင် ငါက စိတ်ဝိညာဉ် ရှာဖွေခြင်း နည်းစနစ်ကို အသုံးပြုရလိမ့်မယ်"

ဆောင်ပန်းက နှာမှုတ်လိုက်ကာ ပြန်ဖြေလိုက်၏။ "ငါက မင်းနဲ့ အချိန်ဖြုန်းဖို့ အချိန်မရှိဘူး။ မင်းက ငါ့ကို အကျပ်ကိုင်ချင်နေတာလား"

သူသည် တစ်ချက် ညည်းညူလိုက်ကာ သူ၏ လက်ဝါးအစုံအား စုစည်းလိုက်သည်။ သူ၏ ခန္ဓာကိုယ် အတွင်းမှ အစိမ်းရောင် စွမ်းအားတစ်တန်းက ထွက်လာခဲ့၍ ကောင်းကင်အပေါ်တွင် လွင့်မျောသွားခဲ့ကာ ကြည်လင်သော လေထုအဖြစ်သို့ ပြောင်းသွားခဲ့ပြီး ကောင်းကင်တွင် တောက်ပနေသော ကြယ်များရှိနေသော

ပုံရိပ်ယောင် ကမ္ဘာတစ်ခုအဖြစ်သို့ ဖန်ဆင်းလိုက်သည်။

ဆောင်ပန်းသည့် နောက်ထပ် မှော်ကျိန်စာ တစ်ခုအား ဖော်ထုတ်လိုက်ရာ ဤသေးငယ်၍ ထွင်းဖောက်မြင်နေရသော ကမ္ဘာမှနေ၍ ရောမ တံခါးကြီး တစ်ခုက ပွင့်သွားခဲ့ကာ အတွင်းမှနေ၍ ကြီးမားသော ကမ္ဘာဆွဲအားတစ်ခု ထွက်လာခဲ့သည်။

ရွှေရောင်ငှက်တောင် မဟာနတ်ငှက် သခင်သည် ရုတ်တရက် အငိုက်မိသွားခဲ့ကာ အတွင်းသို့ အစုပ်ယူ ခံရလုမတတ် ဖြစ်သွားခဲ့၏။ သူသည် သူ၏ကိုယ်ပိုင် စွမ်းအားများကို

ထုတ်ဖော်ခဲ့ကာ သူ၏ အတောင်များကို
ဆန့်တန်းလိုက်၍ ပျံသန်းရန်
ကြိုးစားလိုက်သော်လည်း ထိုသေးငယ်၍
ထွင်းဖောက်မြင်နေရသော ကမ္ဘာမှ တံခါး၏
ချုပ်နှောင်မှုကို ခံနေရ၏။

ထိုသေးငယ်၍ ထွင်းဖောက်မြင်နေရသော
ကမ္ဘာသည် ရွှေရောင်ငှက်တောင် မဟာနတ်ငှက်
သခင်အား မလှုပ်နိုင်အောင်
လုပ်နိုင်ခဲ့သော်လည်း သူ့အား လုံးဝစုပ်ယူခြင်း
မပြုနိုင်ခဲ့ပဲ နတ်ငှက်ကလည်း သူ့ထံမှ
လွတ်မြောက်ရန် မစွမ်းဆောင်နိုင်ခဲ့၍ မတိုးသာ
မဆုတ်သာ အခြေအနေ တစ်ခုအဖြစ်သို့
ကျရောက်သွားနေခဲ့သည်။

လင်းဖုန်းသည် ဤမြင်ကွင်းကို ကြည့်လိုက်ကာ အတော်ကို ရယ်ချင်ပက်ကျိ ဖြစ်နေခဲ့၏။ ဆောင်ပန်းသည် ဇူရီနှင့် ပထမ ဆုံတွေ့လိုက်ရအပြီးတွင် ချက်ချင်း အဖမ်းခံလိုက်ရ၍ မည်သည့် အစွမ်းကိုမှ မပြနိုင်ခဲ့ပေ။ သို့သော်လည်း ဤလူသည် အချဉ်တော့ မဟုတ်ပေ။

အနည်းဆုံးတော့ သူသည် အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ တပည့်တစ်ယောက် ဖြစ်၍ သူတို့၏ အနက်ရောင် နယ်နိမိတ် ကျိန်စာနည်းစနစ်အား သင်ယူနိုင်ခဲ့သည်။ အခြေတည်ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူတစ်ယောက် အနေနှင့် ဤစွမ်းဆောင်ရည်သည် သိပ်မဆိုးဟူ၍ ပြော၍ရသည်။

လင်းဖုန်းသည် ဤတိုက်ပွဲတွင် မည်သူက အနိုင်ရမည်ကို စိတ်မဝင်စားနေခဲ့ပေ။ သို့သော်လည်း သူ့အား စိတ်ဝင်စားနေခဲ့သည်မှာ သူတို့ ဆွေးနွေးနေခဲ့သော အရာဖြစ်သည်။

အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်၊ ဒါသည် မှော်အိုင်တမ် တစ်ခု၏ နာမည်ဖြစ်သည်။

လင်းဖုန်းသည် မှော်အိုင်တမ်များ
ရှာဖွေစုဆောင်းခြင်းကို စိတ်ဝင်စားနေသေး၏။
သို့သော်လည်း ဒါသည် ထိုမှော်အိုင်တမ်၏
ရှားပါးမှုနှင့် စွမ်းအားအပေါ်တွင် မူတည်သည်။
သာမန် အိုင်တမ်များသည် သူ၏
စိတ်ဝင်စားမှုနှင့် မထိုက်တန်ပေ။

သို့သော်လည်း ဤအစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်သည် ခွင်းချက်ဖြစ်၏။
သူ၏ တန်ဖိုးသည် မှော်အိုင်တမ်၏
အပေါ်တွင်သာ မမူတည်နေပေ။ သူ၏
ယင်ပင်လယ်မှ မှော်တောင်သုံးတောင်တို့နှင့်
ဆက်စပ်မှု အပေါ်တွင် မူတည်နေသည်။

ဤမှော်အိုင်တမ်သည် ယင်ပင်လယ်၏
ပြင်ပတွင် မည်သို့မှ ထူးခြားခြင်း မရှိပေ။

အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်၏
မူလပိုင်ရှင်သည် ရွှေတောင်ကုန်း သူတော်စင်
ဖြစ်၏။ ဤသူသည် အလယ်ခေတ်မှ တက်ကြွမှု
အရှိဆုံး အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ အတွင်းတွင် တစ်ဦး အပါအဝင်
ဖြစ်သည်။ သူ၏ ကိုယ်ပိုင်နည်းစနစ်များကိုပင်
တီထွင်ခဲ့၍ ရွှေတောင်ကုန်းလမ်းစဥ် ဟူ၍
အမည်ပေးထားခဲ့သည်။

ယင်ပင်လယ်မှ တောင်သုံးတောင်တို့ စတင်
ပေါ်ပေါက်လာခဲ့သော အချိန်တွင်

ရွှေတောင်ကုန်း သူတော်စင်သည် အနည်းဆုံး တောင်တစ်တောင်ကို ထိန်းချုပ်နိုင်မည်ဟူသော မျှော်လင့်ချက်ဖြင့် ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်ခဲ့သော ထိပ်သီးကျင့်ကြံသူများ အနက်မှ တစ်ယောက်ဖြစ်သည်။

သို့သော်လည်း သူသည် နောင်တရစွာနှင့်ပင် ယင်ပင်လယ် အတွင်းတွင် ကြွေလွင့်သွားခဲ့သည်။ သူ့တွင် ဆက်ခံသူတပည့် မရှိသည့်အတွက် သူ၏ ရွှေတောင်ကုန်း လမ်းစဥ်သည်လည်း ကွယ်ပျောက်သွားခဲ့၏။

သမိုင်းတလျှောက်တွင် ယင်ပင်လယ်ကဲ့သို့သော အန္တရာယ်များသော နေရာများ အတွင်းတွင်

ကြွေလွင့်ခဲ့ကြသော အင်မော်တယ်ဝိညာဉ်
အဆင့်မှ ထိပ်သီးကျင့်ကြံသူ အများအပြား
ရှိခဲ့ကြသဖြင့် ဤသတင်းသည် ထူးခြားသော
သတင်းတစ်ခု မဟုတ်ပေ။

သို့သော်လည်း တောင်သုံးတောင်
နောက်တစ်ခေါက် ထပ်ပေါ်လာသည့်
အချိန်တွင် နတ်တောင်သုံးတောင် အတွင်းမှ
တစ်ခုဖြစ်သည့် ယင်ကျိုးနတ်တောင်
အပေါ်တွင် အစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်ကို အချို့သူများက
တွေ့ခဲ့ရသည်ဟူသော ကောလဟာလက
ထွက်လာခဲ့သည်။

မျက်မြင်သက်သေများ အများအပြား
ရှိခဲ့ကြသဖြင့် ဤကောလဟာလသည်
အမှန်ဟူ၍ သက်သေပြုနိုင်ခဲ့သည်။
နောက်ပိုင်းတွင် ထိုမြင်ကွင်းကို
တင်ပြခဲ့ကြသူများလည်း
များစွာထပ်ရှိကြသေး၏။

သို့သော်လည်း ဤထောင်စုနှစ်များ အတွင်းတွင်
ယင်ကျိုးနတ်တောင် အနားသို့
ရောက်ရှိနိုင်ခဲ့ကြသူများသည် အစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်အား
မမြင်တွေ့ခဲ့ရတော့ချေ။

လူအများ၏ ထင်မြင်ယူဆချက်မှာ
ဤမှော်အိုင်တမ်သည်
ယင်ကျိုးနတ်တောင်ပေါ်တွင် ရှိခဲ့သော်လည်း
သူ့အား ထိန်းချုပ်လိုသော သူများ၏
ပြင်းထန်သော တိုက်ပွဲများကြောင့် တောင်၏
အကာအကွယ် စနစ်အား အသက်ဝင်စေခဲ့၍
အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်သည်
တောင်ပေါ်မှ လွင့်စင်သွားခဲ့သည်ဟူ၍ပင်
ဖြစ်သည်။

အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်သည်
ယင်ကျိုးနတ်တောင် အပေါ်တွင်
မရှိတော့သော်လည်း သူသည်
ထိုတောင်အပေါ်တွင် ထောင်စုနှစ်ပေါင်းများစွာ

တည်ရှိနေခဲ့ခြင်း ဖြစ်သည်။ လူအများတို့သည် ဤမှော်အိုင်တမ်အား ရယူနိုင်ခဲ့ပါက ဤနတ်တောင်အား ထိန်းချုပ်နိုင်ရန် များစွာ အထောက်အကူ ပြုနိုင်လိမ့်မည်ဟူ၍ ယူဆထားကြ၏။

ထို့ကြောင့် ဤအစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်သည် ယင်ကျိုးနတ်တောင်အား ရှာဖွေရာတွင် အရေးအကြီးဆုံး သဲလွန်စဖြစ်၍ တောင်အား ရှာဖွေသည့်နည်းတူ အရေးကြီးသော အရာတစ်ခုဟူ၍ အသတ်မှတ်ခြင်းကို ခံခဲ့ရသည်။

လင်းဖုန်းသည် နောက်ဆုံးတွင် ဟင်းလင်းပြင် အတွင်းမှ ထွက်လာခဲ့၍ သူ့ကိုယ်သူ ဖော်ပြလိုက်သည်။ သူ၏ လက်ချောင်းများကို ဆန့်တန်းလိုက်ရာ အမှောင်နယ်နိမိတ် ကျိန်စာဖြင့် ဖန်ဆင်းထားသော သေးငယ်သည့် ထွင်းဖောက်မြင်နေရသော ကမ္ဘာသည် ချက်ချင်းပင် ကွဲကြေသွားခဲ့သည်။

ရွှေရောင်ငှက်တောင် မဟာနတ်ငှက် သခင်က လွတ်မြောက်သွားသည်ကို တွေ့လိုက်ရသောအခါ ဆောင်ပန်း၏ မျက်နှာသည် ဖြူဖျော့သွားခဲ့သည်။ သို့သော်လည်း နတ်ငှက်သည် ဤအခွင့်အရေးကို အသုံးချကာ ဆောင်ပန်းအား

အလစ်အငိုက် တိုက်ခိုက်ခဲ့ခြင်း မပြုခဲ့ပဲ
လင်းဖုန်းဘက်သို့သာ လှည့်၍
သတိထားနေသော အကြည့်ဖြင့်
ကြည့်ကာပြောလိုက်သည်။ "ခင်ဗျား.."

သူ၏စကား အဆုံးမသတ်နိုင်ခင်တွင်
လင်းဖုန်းသည် သူ၏ လက်ချောင်းများကို
လှုပ်ရှားလိုက်ရာ ခရမ်းရောင် တိမ်တိုက်များက
လေပြင်းများကဲ့သို့ ရွှေရောင်ငှက်တောင်
မဟာနတ်ငှက် သခင်ထံသို့ ပြေးဝင်လာခဲ့ကာ
သူ့အား မြေပေါ်တွင် အမှောက်သိပ်လိုက်သည်။

ရွှေရောင်ငှက်တောင် မဟာနတ်ငှက်သခင်၏
မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်၍

ခံပြင်းနာကျည်းသော အမူအရာများ
ပေါ်လာခဲ့သည်။ သို့သော်လည်း သူသည်
လင်းဖုန်း၏ပြိုင်ဘက် မဟုတ်မှန်း သိနေ၍
ဘာမှမလုပ်ရဲခဲ့ပေ။ နောက်ဆုံးတွင် သူသည်
ဘာမှ ချီတုံချတုံ ဖြစ်မနေခဲ့ပဲ သူ၏
အတောင်များကို ဆန့်တန်းလိုက်၍
အမြီးကုပ်လိုက်ကာ မိုးကုတ်စက်ဝိုင်း
အဆုံးဘက်သို့ ထွက်ပြေးသွားခဲ့သည်။

လင်းဖုန်းက သူ့ဘက်သို့ လှည့်လာသောအခါ
ဆောင်ပန်းသည် နှလုံးခုန် မှားသွားခဲ့၏။
သူသည် ရင်အတွင်းမှ သက်ပြင်းတစ်ချက်
ချလိုက်ကာ ဦးညွတ်၍ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ခင်ဗျာ"

ကြည့်ရသည်မှာ ဆောင်ပန်းသည်
လင်းဖုန်းကိုယ်ပွား၏ ရုပ်ပုံများကို
ကြည့်ခဲ့ဖူးဟန် တူသည်။ လင်းဖုန်းသည် ဘာမှ
ဂရုမစိုက်ခဲ့ပဲ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"ပြောစမ်း"

ဆောင်ပန်းသည် လင်းဖုန်း၏ တောင်းဆိုချက်
အနောက်မှ အဓိပ္ပာယ်များကို သိနေသည်။
သူသည် တံတွေးတစ်ချက် မျိုချလိုက်၍ သူ၏
ရွေးချယ်နိုင်မှုများကို စဥ်းစားလိုက်သည်။
ဤကိုယ်ပွားသည် အခြေတည် ဝိညာဥ်

အဆင့်တွင်သူ ရှိသေးသော်လည်း
ရွှေရောင်ငှက်တောင် မဟာနတ်ငှက်သခင်အား
မောင်းထုတ်ခဲ့သော လင်းဖုန်း၏ စွမ်းအားများကို
သုံးသပ်ရခြင်းအားဖြင့် သူသည် တိုက်ခိုက်ဖို့
နေနေသာသာ ထွက်ပြေးရန်ပင်
တတ်နိုင်လိမ့်မည် မဟုတ်ချေ။

သူသည် ကိုယ့်ကိုယ့်ကိုယ် သတ်သေရန်ပင်
တတ်နိုင်မည် မဟုတ်ပဲ သူ၏ သေခြင်း၊
ရှင်ခြင်းတို့သည် သူ့အပေါ်တွင် မူတည်နေမည်
မဟုတ်တော့ချေ။

ဆောင်ပန်းသည် လင်းဖုန်းအား
လိမ်ညာရန်လည်း သတ္တိမရှိခဲ့ပဲ

လျှို့ဝှက်ချက်များကို ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်သည်။ "ဒီအစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်က.."

သူသည် ဘာမှ ဆက်မပြောနိုင်ခင်တွင် သူ၏ မျက်လုံးများမှနေ၍ အစိမ်းရောင် အလင်းတန်းများ ထွက်လာ၍ သူ၏ စိတ်ဝိညာဉ် တစ်ခုလုံးသည် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။

သူ၏ မျက်လုံးများတွင် အကြီးအကျယ် ကြောက်ရွံ့မှုများ ပေါ်လာခဲ့၍ သူ၏ ပါးစပ်မှနေ၍ စကားသုံးလုံးကို ဖျစ်ညှစ်၍ ပြောလိုက်သည်။ "သခင်မ..."

ခဏအကြာတွင် သူ၏ အခြေတည်
ဝိညာဉ်သည် တောက်လောင်နေသော
မီးတောက်များနှင့် လောင်ကျွမ်းသွားခဲ့သည်။

လင်းဖုန်းသည် အရာအားလုံးကို
တိတ်ဆိတ်စွာနှင့် စောင့်ကြည့်နေခဲ့ကာ
သူ၏ခေါင်းကို ခါလိုက်၏။ သူသည်
သူ၏ညာလက်ဖြင့် ခေါသွားကဲ့သို့
ခုတ်ချလိုက်ကာ ကောင်းကင်၏ စည်းရိုးများ
မှော်ကျိန်စာကို ထုတ်ဖော်လိုက်သည်။

ဆောင်ပန်း၏ အခြေတည် ဝိညာဉ် အပေါ်မှ မီးတောက်များသည် ချက်ချင်းဆိုသလိုပင် ယခင်က လုံးဝမပေါ်လာဖူးသကဲ့သို့ ပျောက်ကွယ်သွားခဲ့သည်။

"ကျွန်.. ကျွန်တော်..." ဆောင်ပန်းသည် အခြေတည် ဝိညာဉ် အဆင့်တွင် ရောက်ရှိနေခဲ့ပြီး ဖြစ်သော်လည်း သူသည် ချွေးသီးချွေးပေါက်များ ကျလာခဲ့၍ အိမ်မက်ဆိုး တစ်ခုမှ ယခုလေးတင် နိုးထလာခဲ့ရသကဲ့သို့ ဖြစ်နေခဲ့သည်။

သူ့စိတ်ဝိညာဉ်၏ အနက်ရှိုင်းဆုံးသော နေရာတစ်ခုတွင် အမှတ်အသား တစ်မျိုးက

ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့၍ အတွင်းမှနေ၍ အေးစိမ့်နေသော အသံတစ်ခုကို တိုးတိုးလေး ကြားနိုင်ခဲ့သည်။ ထိုအသံသည် အချိန်နှင့်အမျှ တိုး၍သွားခဲ့ကာ နောက်ဆုံးတွင် လုံးဝတိတ်သွားခဲ့သည်။

လင်းဖုန်းသည် ဆောင်ပန်းထံသို့ ဘာမှ မဖြစ်ခဲ့သလို လှည့်ကြည့်လိုက်ကာ ထပ်ပြောလိုက်သည်။ "ပြောစမ်း"

ဆောင်ပန်းသည် ရင်ထဲမှ ခါးသီးစွာနှင့် ခံစားလိုက်ရကာ သူ၏ စိတ်ခံစားချက်များက ပြုတ်ကျသွားခဲ့သည်။ "ယင်ပင်လယ် အတွင်းမှာ ပုံရိပ်ယောင်တွေ အမျိုးမျိုး ရှိကြပါတယ်။ သူ့ရဲ့

လေဟာနယ်က ဟင်းလင်းပြင်
စစ်တလင်းလောက် ကစဉ့်ကလျား
မဖြစ်နေကြပေမဲ့ သူက အတော်လေးကို
ခန့်မှန်းရ ခက်ခဲတယ်။ ကျွန်တော်ကလည်း
အစိမ်းရောင် ဖန်ကျောက်စိမ်းတိုင်ရဲ့ နေရာ
အတိအကျကို မသိပါဘူး"

"ကျွန်တော်တို့က ဒီရတနာဟာ ယင်ပင်လယ်ရဲ့
အနောက်မြောက်က ကျွန်းငယ်လေး
တစ်ကျွန်းအပေါ်မှာ ပေါ်လာခဲ့တယ်လို့
သတင်းရခဲ့ပါတယ်။ ဒီကျွန်းငယ်လေးက
တခြားကျွန်းငယ် နှစ်ကျွန်းနဲ့အတူ တြိဂံပုံစံ
ဖွဲ့စည်းထားပါတယ်။ ဒီကျွန်းငယ်သုံးခုနဲ့
မနီးမဝေး နေရာတစ်ခုမှာ ဒီလိုမျိုး တြိဂံပုံစံနဲ့

ကျွန်းသုံးကျွန်း ထပ်ရှိနေတယ်။ ဒါက ဒီကျွန်းတွေကို အခြားကျွန်းတွေနဲ့ ခွဲခြားနိုင်တယ့် ဝိသေသ လက္ခဏာတွေ ဖြစ်ကြပါတယ်"

"ဒါပေမဲ့ ပြဿနာက ယင်ပင်လယ်က အမတန်ကိုမှ ကျယ်ပြန့်တဲ့အပြင် ပုံရိပ်ယောင်တွေကလည်း များစွာရှိနေကြပြီး ဒီလိုမျိုး ပထဝီဝင် ပုံစံနဲ့ နေရာတွေကလည်း တစ်ခုမက ရှိနေနိုင်တယ်။ ကျွန်တော်ကလည်း ဒီကျွန်းတွေကို ကိုယ်တိုင် မမြင်ဖူးခဲ့ပဲ အခြားကျွန်းတွေနဲ့ ဘယ်လို ခွဲခြားရမှန်း မသိသလို သူတို့ရဲ့ နေရာ အတိအကျကိုလည်း မသိပါဘူး"

ယင်ပင်လယ်၏ အနောက်မြောက်ပိုင်း
ဒေသသည် လွန်စွာ ကျယ်ပြန့်လှပြီး မျက်နှာပြင်
ဧရိယာမှာ တွက်ချက်၍မရနိုင်ပေ။
ပုံရိပ်ယောင်ပေါင်း များစွာတို့က
တိမ်တိုက်မြူခိုးငွေ့ အလွှာပေါင်း
များစွာတို့အောက်တွင် ရှိနေကြသည်။
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
ထိပ်သီး ကျင့်ကြံသူများပင်လျှင် အတားအဆီး
များစွာတို့နှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

ဤလမ်းညွှန်ချက်သည် မသေအချာခဲ့ပဲ
ဝေဝါးနေခဲ့သည်။ သို့သော်လည်း လင်းဖုန်းသည်
ခေါင်းတစ်ချက်ကိုသာ ညိတ်လိုက်၍

ဟင်းလင်းပြင် အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။

ဆောင်ပန်းသည် မြေပြင်ပေါ်တွင်သာ ငူငူကြီး
ကျန်ရစ်နေခဲ့၍ သူသည် နောက်ဆုံးတွင်
လွတ်မြောက်သွားခဲ့ပြီ ဖြစ်သည်ကို
သဘောပေါက်သွားခဲ့သည်။ သို့သော်လည်း
သူသည် စိတ်သက်သာရာ ရမသွားခဲ့သေးပဲ
သူယခု ဘယ်သွားသင့်သည်ကို စဥ်းစား၍
မရနေခဲ့ပေ။

လင်းဖုန်းသည် ကောင်းကင်အပေါ်မှ
ပျံသန်းသွားလာနေခဲ့၍ ဖြစ်ပျက်ခဲ့သမျှကို
ပြန်လည် သုံးသပ်နေခဲ့သည်။ ဆောင်ပန်းက

သူ့အား တင်ပြနေချိန်တွင် သူ၏
စိတ်ခံစားချက်များကို အသေအချာ
ကြည့်ရှုနေခဲ့၍ ဆောင်ပန်းက သူ့အား
လိမ်ညာရန် မကြိုးစားနေခဲ့ဟု ပြောနိုင်ခဲ့သည်။
ဒါသည် သူ၏ နားအတွင်းသို့
ကျရောက်လာခဲ့သော ကောလဟာလတစ်ခုပင်
ဖြစ်သော်လည်း အရေးပါသော သဲလွန်စ
တစ်ခုပင် ဖြစ်ပေသည်။

အကယ်၍ ဤအစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်သည် ထွက်ပြေးနိုင်လျှင်ပင်
သူသည် လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်သော
ယင်ကျိုးနတ်တောင်နှင့် ယှဉ်လိုက်လျှင်
ယင်ပင်လယ်မှ အကန့်အသတ် များစွာတို့၏

ပိတ်ဆို့မှုကို ခံနေရမည် ဖြစ်၏။
ပစ်မှတ်ထားရမည့် နေရာတစ်ခုအား
အကြမ်းဖျင်း သိလိုက်ရခြင်းသည် များစွာပို၍
လွယ်ကူသွားမည် ဖြစ်သည်။

ထို့အပြင် တောင်များကို ထိန်းချုပ်ရန်
တာဝန်သည် သူတို့အား ရှာရမည်လောက်
မရိုးစင်းပေ။ တစ်ယောက်သည်
ထိုတောင်များကို ထိန်းချုပ်နိုင်ရန် အခြား
မဟာအင်အားစု များစွာတို့နှင့်
ယှဉ်ပြိုင်တိုက်ခိုက်ရမည် ဖြစ်သည်။

ထို့ကြောင့် အနိုင်ရနိုင်မှုသည် တစ်ယောက်၏
ကိုယ်ပိုင်စွမ်းရည်များ အပေါ်တွင်

မူတည်နေမည် ဖြစ်ပြီး အစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်သည်
ယင်ကျိုးနတ်တောင်အား ရယူနိုင်ရန်
အခွင့်အရေးများကို အနည်းငယ်
တိုးမြှင့်နိုင်ရုံသာ ရှိနေသည်။

အချိန်အတော်ကြာ ပျံသန်းလာအပြီးတွင်
တူညီသော ထိုသတင်းအား သိရှိခဲ့ကြသော
လူသားကျင့်ကြံသူနှင့် မိစ္ဆာများ
အမြောက်အမြားတို့နှင့် တွေ့ခဲ့အပြီးတွင်
လင်းဖုန်းသည် နောက်ဆုံးတွင် သူ၏
နောက်ဆုံးပန်းတိုင်ထံသို့ ရောက်ရှိလာခဲ့သည်။

မြင်ကွင်းအတွင်းတွင် တြိဂံပုံနှင့်
ကျွန်းငယ်များသည် ပေါ်လာခဲ့၏။
သိပ်သည်းသော တိမ်တိုက်မြူခိုးငွေ့
အလွှာများစွာတို့နှင့် ဖုံးလွှမ်းနေခြင်းကို
ခံနေရသော်လည်း လင်းဖုန်းသည် သူ့နေရာမှ
သိပ်မဝေးသော နေရာတစ်ခုတွင် ပြင်းထန်သော
တိုက်ပွဲတစ်ခု ဖြစ်ပွားနေခဲ့သည်ကို
တွေ့လိုက်ရသည်။

## စာစဉ် ၃၉ : အပိုင်း ၁၃

## အပိုင်း ၇၄၃ : မဟာရန်သူများသည် မကြာခဏ တွေ့ဆုံလေ့ရှိကြသည်။

"ဒုတိယ စီနီယာ၊ ကျွန်တော်တို့ ဘယ်လောက် လိုသေးလဲဗျ"

အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး အသားမည်းမည်းနှင့် လူငယ်တစ်ယောက်က ယင်ပင်လယ်၏ အပေါ်မှ တိမ်တိုက်များ အတွင်းမှနေ၍ မေးလိုက်သည်။ သူသည် လင်းဖုန်း၏ နံပါတ်ခြောက်တပည့် လီယွမ်ဖန်းဖြစ်၏။

သူသည် မဟူရာနဂါး ကျဲယု၏ အပေါ်တွင် တင်ပလ္လင်ခွေထိုင်နေလျှက် ရှိသည်။ ဇူရီသည်

သူ၏ဘေးတွင် လူသားအသွင် ပြောင်းထားသော ကျောက်စိမ်းနဂါး ပိုင်ကွမ်းနှင့်အတူ ထိုင်နေခဲ့၏။

ဇူရီသည် မျက်လုံးများ အကျယ်ကြီး ဖွင့်ထားခဲ့သည်။ သူ၏အကြည့်သည် နက်ရှိုင်းသော ပင်လယ်အတွင်းမှ ချောက်ကဲ့သို့ပင် အဆုံးမဲ့နေသည်။ မာန်ဟုန်ပြင်းနေသော လှိုင်းလုံးများကဲ့သို့ အလင်းတန်းများက အဆက်မပြတ် လင်းလက်နေကြ၏။

သူ၏ခေါင်းပေါ်မှ လေဟာနယ် အတွင်းတွင် လွင့်မျောနေသော ရောမ လိပ်တစ်ကောင်၏

ပုံရိပ်တစ်ခု ရှိနေသည်။ သူသည် အလွန်တရာမှ ကြီးမားလှ၍ မူလနဂါးပုံစံကို ဖန်ဆင်းထားသော ကျဲယုကပင် မယှဉ်နိုင်ခဲ့ပေ။

ထိုရောမ လိပ်ကြီး၏ မျက်လုံးများ အတွင်းတွင်လည်း အဆုံးမဲ့ ပင်လယ်များ ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။

မရေမတွက်နိုင်သော မှော်သင်္ကေတများသည် တစ်ချိန်တွင် ပေါ်လာခဲ့၍ ခဏအကြာတွင် လိပ်ကြီး၏ အခွံအတွင်းတွင် ပျောက်ကွယ်သွားကြကာ ပင်လယ်အတွင်းမှ မြင့်ချည်နိမ့်ချည် ဖြစ်နေကြသော လေပူဖောင်းများကဲ့သို့ ဖြစ်နေကြသည်။

"ယင်ပင်လယ် အတွင်းမှာ အန္တရာယ်ရှိနေတဲ့ ပုံရိပ်ယောင်တွေ အမြောက်အမြား ရှိနေကြပြီး သူတို့က တကယ်ကိုပဲ စိတ်ရှုပ်စရာ ကောင်းကြတယ်။ ကျေးဇူးတင်ဖို့ကောင်းတာက ငါတို့ရရှိထားတဲ့ သတင်းဟာ နေရာအကြမ်းဖျင်း တစ်ခုကို ပေးထားခဲ့ပြီး ငါတို့က ရှာဖွေနိုင်သေးတာပဲ"

ဇူရီ၏ မျက်လုံးများသည် နားလည်ရန် ခက်နေသေးခဲ့ပြီး သူ၏အကြည့်ကို ကောင်းကင်တခွင်သို့ ဖြန့်ထားခဲ့သည်။ တစ်ယောက်သည် အနီးကပ် အသေအချာ ကြည့်ရှုလိုက်လျှင် သူ၏ မျက်လုံး

သူငယ်အိမ်များ အတွင်းတွင် အရေအတွက်သုံးခု အင်းရှစ်ကွက် ပုံစံများ လှည့်ပတ်နေသည်ကို တွေ့နိုင်ပေသည်။

သူ၏ လေသံများသည် တင်းမာမနေခဲ့ပဲ သက်တောင့်သက်သာ ရှိနေသည်။ "ငါတို့က တဖြည်းဖြည်းနဲ့ နီးလာပြီ။ ငါတို့က ဒီအရပ်မျက်နှာ အတိုင်းပဲ ရှေ့ဆက်သွားလို့ရှိရင် နောက်ထပ် မိုင်တစ်ထောင်လောက် ရောက်ရင် ငါတို့ပန်းတိုင်ကို ရောက်နိုင်လိမ့်မယ်"

သူသည် စကားပြောနေရင်း သူ၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ "အိုး၊ အဲ့ဒီနေရာမှာ

တစ်စုံတစ်ယောက်က ရောက်နေခဲ့ပြီ။
ကြည့်ရတာ ဒီသတင်းကို ရထားခဲ့တာ
ငါတို့အုပ်စုတင် မဟုတ်ဘူး။
အားလုံးတို့ကလည်း ဒီအစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်ကို စိတ်ဝင်စားနေတဲ့ပုံ
ပေါက်ကြတယ်"

လီယွမ်ဖန်းသည် တည်ငြိမ်စွာနှင့် ပြောလိုက်၏။
"လက်ရှိ အနေအထား အရဆိုရင် ဒီအစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်ဟာ တစ်နေရာမှာ
ပျောက်ဆုံးသွားခဲ့ပြီး သူက
ယင်ကျိုးနတ်တောင်နဲ့ အနီးစပ်ဆုံး
ဆက်စပ်နေတဲ့ ရတနာ တစ်ပါးပဲ ဖြစ်တယ်။
သူက ယင်ကျိုးနတ်တောင်ကို ရှာဖွေတဲ့

နေရာမှာ အရေးကြီးပြီး တန်ဖိုးရှိတဲ့ သဲလွန်စ
တစ်ခုပဲ ဖြစ်လိမ့်မယ်"

သူတို့အုပ်စုသည် တိမ်တိုက်မြူခိုးငွေ့များကို
လျှင်မြန်လှသော အမြန်နှုန်းဖြင့်
ကျော်ဖြတ်လာကြရာ တြိဂံပုံစံနှင့်
ကျွန်းသုံးကျွန်းတို့သည် များမကြာမီတွင်
သူတို့၏ မြင်ကွင်းအတွင်းတွင် ပေါ်လာခဲ့သည်။

ဇူရီသည် အောက်သို့ ငုံ့ကြည့်လိုက်ရာ
ကျွန်းတစ်ကျွန်းပေါ်တွင် ရွှေရောင်
အလင်းတန်းများ လင်းလက်နေသည်ကို
ချက်ချင်းပင် သတိထားမိလိုက်သည်။

ထိုရွှေရောင် အလင်းတန်းသည် ကျောက်စိမ်းများဖြင့်သာ ဖွဲ့စည်းထားသည်ဟု ထင်နေရသော ကျွန်းငယ်လေး တစ်ခုအတွင်းမှ ထွက်လာခဲ့ခြင်း ဖြစ်သည်။ အစိမ်းရောင် အလင်းတန်းများ လင်းလက်လာမှုနှင့် အတူ မရေမတွက်နိုင်သော ရွှေရောင် မှော်သင်္ကေတများသည် မြင်ကွင်းအတွင်းသို့ ဝင်လာခဲ့ကာ မျက်စိကျိန်းစေသော ရွှေရောင် အလင်းတန်းများကို ထုတ်လွှတ်နေခဲ့သည်။

သို့သော်လည်း ဤကျွန်းပေါ်တွင် မမြင်နိုင်သော အရန်အတား တစ်ခုက ရှိနေခဲ့သကဲ့သို့ ထိုရွှေရောင် အလင်းတန်းများသည်

ကျွန်းငယ်လေး၏ မီတာတစ်ရာ
ပတ်ပတ်လည်တွင်သာ ရှိနေကြပြီး အပြင်သို့
ထွက်မလာနိုင်ခဲ့ကြပေ။

အလင်းတန်းများသည် ဤမမြင်နိုင်သော
အရန်အတားနှင့် ထိတွေ့မိကြသည်နှင့်
သူတို့သည် တွန့်လိမ်သွားကြကာ
အလင်းယိုင်သွားကြသည်။ ဒါသည်
အရာအားလုံးတို့အား ပုံရိပ်ယောင် တစ်ခုနှင့်
တူစေခဲ့၍ အမှန်မဟုတ်သကဲ့သို့
ဖြစ်သွားစေခဲ့သည်။

ဇူရီနှင့် လီယွမ်ဖန်းတို့သည်
ချက်ချင်းဆိုသလိုပင် မည်ကဲ့သို့

ဖြစ်ပျက်နေသည်ကို သိခဲ့ကြသည်။
"ဒီကျွန်းအနားမှာ ရောမ ပုံရိပ်ယောင် ဝင်္ကပါ
တစ်ခုက ရှိနေခဲ့ပြီး အစိမ်းရောင်
ဖန်ကျောက်စိမ်းတိုင်က အဲ့ဒီ ပုံရိပ်ယောင်
ဝင်္ကပါအထဲမှာ ပိတ်မိနေခဲ့တာ"

ထိုအချိန်တွင် ဤကျွန်းအတွင်းတွင်
ရောက်ရှိနေသော အုပ်စုငါးစု ရှိနေခဲ့ပြီ
ဖြစ်သည်။

ပထမအုပ်စုမှ လူများမှာ
အသိအကျွမ်းဟောင်းများ ဖြစ်ကြသည်။
သူတို့သည် ရှင်ပျော်ပျော် သူတော်စင်
ဦးဆောင်ထားသည့် မဟာချင် အင်ပါယာမှ

ကျင့်ကြံသူများ ဖြစ်ကြသည်။ ရှင်းယွင်မင်းသမီးကပင် ထိုအုပ်စုအတွင်းတွင် ပါနေခဲ့၏။

ကျန်သော အဖွဲ့လေးဖွဲ့ အတွင်းတွင် နှစ်ဖွဲ့မှာ မဟာလွင်တီးခေါင် ကုန်းမြေမှ မိစ္ဆာများ ဖြစ်ကြပြီး ကျန်နှစ်ဖွဲ့မှာ လူသားကျင့်ကြံသူများ ဖြစ်ကြ၏။

မိစ္ဆာတစ်အုပ်စုမှာ ရွှေရောင်ငှက်တောင် မဟာနတ်ငှက်များ ဖြစ်ကြ၏။ သို့သော်လည်း သူတို့အုပ်စု၏ ခေါင်းဆောင်မှာ မဟာနတ်ငှက် မဟုတ်ပဲ တစ်ကိုယ်လုံး အနက်ရောင် မြူခိုးငွေ့များဖြင့် ဖုံးလွှမ်းထားသည့်

ငှက်အမျိုးအစား မိစ္ဆာဖြစ်၏။ သူသည် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ပူးပေါင်းထားသည့် နေမင်းမျိုးချ သိမ်းငှက်ပင် ဖြစ်သည်။

သူ၏အနားတွင် ပတ်လည်ဝိုင်းနေသော အနက်ရောင် မြူခိုးငွေ့များသည် ကမ္ဘာအတွင်းမှ အလင်းရောင် အားလုံးကို ဝါးမျိုနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။ သူ၏အနောက်မှ မဟာနတ်ငှက် အုပ်စုပင် သူ၏အနောက်တွင် ခပ်ခွာခွာ နေခဲ့ကြသည်။

အခြားအုပ်စုမှာ နဂါးများ ဖြစ်ကြသည်။
သူတို့အုပ်စု၏ ခေါင်းဆောင်သည် မသေဝိညာဉ်
အဆင့်မှ မိုးကြိုးနဂါး တစ်ကောင် ဖြစ်၏။

နဂါးမျိုးနွယ်စုများသည် သူတို့၏
အမျိုးအနွယ်အပေါ် မူတည်၍ နည်းစနစ်များ၊
ပင်ကိုစွမ်းရည်များ ကွာသွားကြသည်။
ကျဲယုသည် ဘတ်စ်တလီ အနက်ရောင်
နဂါးမျိုးနွယ်စုတွင် မွေးဖွားလာပြီး ပိုင်ကွမ်းသည်
ကျောက်စိမ်းနဂါး မျိုးနွယ်စုမှဖြစ်သည်။
လှိုင်းလုံးနဂါး ဘုရင်သည် ပင်လယ်နဂါး
မျိုးနွယ်စုမှ ဖြစ်၏။

ဤမိုးကြိုးနဂါးအား အနီရောင် နဂါးဘုရင်ဟု ခေါ်သည်။ မိုးကြိုးနဂါးများ၏ သဘာဝ စွမ်းရည်များနှင့် နည်းစနစ်များမှာ အထီးကျန်ရှစ်မျိုး နတ်ဘုရားမိုးကြိုးအား ထိန်းချုပ်နိုင်ခြင်း ဖြစ်သည်။

အတိတ်ကာလများက အထီးကျန်ရှစ်မျိုး နတ်ဘုရားမိုးကြိုးအား အစွမ်းအလွန်ထက်သည်အထိ လေ့ကျင့်ထားနိုင်သော နဂါးတစ်ကောင် ရှိခဲ့ဖူးကာ သူ၏ စွမ်းအားများသည် မိုးကြိုးသခင်၏ ကောင်းကင်ကိုးလွှာ နတ်ဘုရားမိုးကြိုး မဟာလမ်းစဥ်နှင့် တိုင်ကေရာဇ်၏ ကစဥ့်ကလျားဂူ သူတော်စင်

သတ်ဖြတ်ခြင်း မိုးကြိုးသွားတို့နှင့်ပင်
ယှဉ်နိုင်ပေသည်။

ဤအနီရောင် နဂါးဘုရင်သည် သူ၏
ရှေးယခင်မှ ဘိုးဘေးဘီဘင်များအား
မယှဉ်နိုင်ခဲ့သော်လည်း သူသည် မသေဝိညာဉ်
အဆင့်တွင် ရှိနေကာ သူ၏ စွမ်းအားများသည်
အတော်ကို ကြီးမားပေသည်။

ကျန်နေသော လူသားအုပ်စု နှစ်ဖွဲ့တွင်
တစ်ဖွဲ့မှာ အပြာရောင် ရေလှိုင်းများကို
ရေးထိုးထားသည့် အဖြူရောင် ဝတ်ရုံရှည်များကို
ဝတ်ဆင်ထားကြကာ သူတို့၏ ခါးများတွင်
ဓားရှည်များကို ချိတ်ဆွဲထားကြသည်။

သူတို့ထံမှ ထွက်ပေါ်လာသော
ခေးအော်ရာများသည် ပင်လယ် သမုဒ္ဒရာ၏
အဆုံးမဲ့ ကျယ်ပြန့်မှုနှင့် တူနေပေသည်။

ခေးအော်ရာများ၏ ထက်မြက်မှုသည်
ပင်လယ်တို့၏ ကျယ်ပြန့်သော စွမ်းအား
သဘောတရားများနှင့် ဆန့်ကျင်ဘက်
ဖြစ်နေကြသည်။ သို့သော်လည်း ယခုအချိန်တွင်
သူတို့နှစ်မျိုးစလုံးတို့သည် အတူတကွ
လိုက်လျောညီထွေမှု ရှိစွာနှင့်
ယှဥ်တွဲနေနိုင်ကြသည်။

သူတို့အုပ်စု၏ ခေါင်းဆောင်အား ကြည့်ရန်ပင် မလိုခဲ့ပဲ သူတို့သည် ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်းမှ ဖြစ်သည်ဟု သိနိုင်ခဲ့သည်။

အနီရောင် နဂါးဘုရင်၊ နေမင်းမျိုချ သိမ်းငှက်၊ ရွှင်ပျော်ပျော် သူတော်စင်တို့နှင့် ရင်ဘောင်တန်းကာ ရင်ဆိုင်နေသော ထိုအုပ်စု၏ ခေါင်းဆောင်မှာ ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်းမှ အင်မော်တယ်ဝိညာဉ် အဆင့်မှ မဟာဓားကျင့်ကြံသူ လေးယောက်အနက်တွင် တစ်ယောက် အပါအဝင်ဖြစ်သော အင်မော်တယ်ဝိညာဉ် ပထမ အဆင့်တွင် ရှိနေသည့် ဒီရေဓား အကြီးအကဲဖြစ်သည်။

ဇူရီသည် ကျယ်ပြန့်သော ပင်လယ်ခရားဂိုဏ်းနှင့်
ဒီရေခရား အကြီးအကဲတို့အား
မှတ်မိခဲ့သော်လည်း နောက်ဆုံး
လူသားကျင့်ကြံသူ အုပ်စုကိုမူ မသိနေခဲ့ပေ။

သူတို့ အားလုံးတို့သည် အစိမ်းရောင်
ဝတ်စုံများကို ဝတ်ဆင်ထားကြ၍
ကျယ်ပြန့်သော ပင်လယ်ခရားဂိုဏ်းမှ
ကျင့်ကြံသူများထက် များစွာပို၍
သက်တောင့်သက်သာ ရှိနေကြသည်။ သူတို့
ထုတ်လွှတ်နေသော အော်ရာနှင့် စွမ်းအင်များမှာ
ကျယ်ပြန့်သော ပင်လယ်ခရားဂိုဏ်းမှ

ကျင့်ကြံသူများထက် အောက်တန်းမကျပဲ
အနည်းငယ်ပင် အထက်တန်း ပိုကျသေး၏။

သူတို့အား ရင်ဆိုင်နေရသည်မှာ
ကြီးမားကျယ်ပြန့်လှသော ကောင်းကင်နှင့်
ရင်ဆိုင်နေခဲ့ရသလို ဖြစ်သည်။

ဇူရီသည် ထိုအုပ်စု၏ ခေါင်းဆောင်ဖြစ်သူအား
လှမ်းကြည့်လိုက်သည်။ သူ၏ မျက်လုံးများသည်
လင်းလက်လာခဲ့ကာ နားလည်ရခက်သော
အခြေအနေသို့ တစ်ဖန် ပြန်ရောက်သွားခဲ့သည်။

သူသည် ထိုသူအား တရင်းတနှီးပင် သိကျွမ်း၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူသည် ရွှမ်ကျိအမတ် ဂေဟာတွင် ရှိခဲ့စဉ်က သူသည် ဤလူ၏ စံအိမ်သို့ သူမအား နှုတ်ဆက်ရန် အတွက် နံနက်တိုင်း သွားခဲ့ရ၏။ ဇူဟုန်ဝူ၏ အဆိုအရ သူမသည် သူ၏ မိထွေးတော် ဖြစ်၏။

ရွှမ်ကျိဂေဟာ၏ စည်းမျဉ်းစည်းကမ်းများအရ သူသည် သူ၏ မိခင်အရင်းဖြစ်သူ မုန့်ပင်းယွင်အား အဒေါ်ဟုသာ ခေါ်ခဲ့ရသည်။

ဇူရီ၏ အမူအရာသည် တည်ငြိမ်နေခဲ့ပြီး သူ၏အရှေ့မှ အသက်နှစ်ဆယ် အရွယ်ခန့်သာ ရှိသေးသည့်ပုံ ပေါက်နေသော အမျိုးသမီးအား

ငြိမ်သက်စွာနှင့် စိုက်ကြည့်နေခဲ့သည်။
"မတွေ့ရတာ အချိန်အကြာကြီး ရှိသွားပြီ၊
လေဒီဆောင်"

သူမသည် သူ၏ မှတ်ဉာဏ်အတွင်းမှ
မိထွေးတော်နှင့် အနည်းငယ် ကွာခြားနေ၏။
သူမ၏ ရုပ်ရည် အသွင်အပြင်များသည်
အတူတူပင် ဖြစ်သော်လည်း သူမသည်
ယခင်ကထက် ငယ်နေသည်ပုံ ပေါက်နေသည်။

ရွှမ်ကျိုအမတ် ဂေဟာမှ လေဒီဆောင်သည်
ဆေးလုံးများနှင့် မှော်အိုင်တမ်များကို
အသုံးပြုကာ ရုပ်ရည် နုပျိုစေရန်
အချိန်ဆွဲထားခဲ့သည်။ သို့သော်လည်း သူမ၏

ခန္ဓာကိုယ်သည် သေမျိုးခန္ဓာကိုယ်သာ ဖြစ်၏။
သူမသည် နုပျိုနေစေရန် အထူး
ဂရုစိုက်နေခဲ့သော်လည်း
အချိန်ကြာလာသည်နှင့်အမျှ ဇရာ၏
သဘောများသည် သူမ၏ ခန္ဓာကိုယ် အပေါ်တွင်
ပေါ်လာခဲ့သည်။

သူသည် သူ၏အရေ့မှ အမျိုးသမီး၏ အသက်ကို
မခန့်မှန်းနိုင်ခဲ့ပေ။ တစ်ယောက်သည်
လျှင်မြန်စွာနှင့် အကဲခတ်လိုက်လျှင်
အသက်နှစ်ဆယ်ကျော် ရှိနေပြီဟု
ထင်နေရသော်လည်း အနီးကပ်၍ အသေအချာ
ကြည့်ရှုလိုက်ပါက သူမသည်
အသက်နှစ်ဆယ်ပင် မပြည့်သေးသည့်

ဆယ်ကျော်သက် မိန်းကလေး
တစ်ယောက်ဖြစ်သည်ဟူ၍ ထင်နေရသည်။

သူတို့၏ အမူအရာများကလည်း
ကွဲပြားခြားနားသည်။ ရွှမ်ကျိုအမတ် ဂေဟာမှ
လေဒီဆောင်သည် တည်ကြည်ခန့်ငြား၍ အိမ်၏
အိမ်ကြီးရှင်မပုံစံ ပေါက်နေသည်။
သို့သော်လည်း တစ်ချိန်တည်းတွင်ပင် သူမသည်
ရောမ သစ်ပင်ကြီး အပေါ်တွင် နွယ်ပတ်၍
တက်နေသော နွယ်ပင်တစ်ပင်နှင့်လည်း
တူနေခဲ့၏။ သူမ၏ စွမ်းအားများသည်
မဟာကျိုး အင်ပါယာ၏ မဟာသုခမိန်
ဇူဟုန်ဝူ၏ တရားဝင် ဇနီးဆိုသည့် အချက်မှ
လာခဲ့ခြင်း ဖြစ်သည်။

အရာအားလုံးတို့သည် သူမ၏ ခင်ပွန်းနှင့် မဟာကျိုး အင်ပါယာ၏ ဥပဒေတို့ထံမှ လာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သူ၏အရှေ့မှ လေဒီဆောင်၏ ပုံရိပ်နှင့် စွမ်းအားများမှာ သူမ၏ကိုယ်ပိုင် ကျင့်ကြံမှုမှ လာခဲ့ခြင်း ဖြစ်သည်။

သူမသည် ရွှမ်ကျိအမတ် ဂေဟာမှ သူမ၏ပုံရိပ်နှင့် ဂုဏ်သိက္ခာတို့အား အမတန် ဂရုစိုက်သည့် လေဒီဆောင်နှင့် တူမနေခဲ့ပဲ သာမန်သာ ရပ်နေခဲ့၏။ သူမသည် မည်မျှပင်

သာမန်ဆန်နေခဲ့သော်လည်း အခြားသူများသည် သူမအား လေးစားစွာဖြင့် ဆက်ဆံရမည် ဖြစ်သည်။

သူမသည် ကောင်းကင်နှင့် မြေကြီးတို့သည် တစ်သားတည်း ဖြစ်နေသည်ဟူသော ခံစားချက်များကို ပေးစွမ်းနိုင်ခဲ့သည်။ သူမနှင့် ကောင်းကင်တို့က ပေါင်းစည်းနေခဲ့သည် ဟူသော မှော်ဆန်သည့် အော်ရာများကိုလည်း ထုတ်ဖော်ပြသနေခဲ့၏။ သူမထံမှ ထွက်ပေါ်နေသော အော်ရာများသည် ကောင်းကင်ကြီးကဲ့သို့ ကျယ်ပြန့်လှသည်။

သူမသည် ယခင်ကနှင့် တူနေခဲ့ကာ ဘာမှ
ခြားနားနေပုံ သိပ်မပေါက်ခဲ့သော်လည်း
သူ၏အရှေ့မှ လေဒီဆောင်သည်
အံ့အားသင့်ဖွယ်ကောင်းလှစွာ အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်
ဖြစ်နေခဲ့သည်။

ဇူရီ၏ မသိစိတ်မှနေ၍ သူ၏အရှေ့တွင်
ကျင့်ကြံမှုအဆင့် တူညီနေကြသော
အင်မော်တယ် ဝိညာဉ် ပထမအဆင့်နှင့်
မသေဝိညာဉ် ပထမအဆင့်မှ
ကျင့်ကြံသူငါးယောက် ရှိနေကြသော်လည်း
သူ၏အရှေ့မှ ဤအမျိုးသမီးသည်
အစွမ်းအထက်ဆုံးဟူ၍ ပြောနိုင်ခဲ့သည်။

သူမသည် လင်းဖုန်း မှတ်ချက်ချခဲ့သော ကောင်းကင်လူသား၏ လျှို့ဝှက်ဆန်းကြယ်သော နည်းလမ်းအား ရုတ်တရက် အမှတ်ရလိုက်သည်။

"ကောင်းကင်လူသားရဲ့ လျှို့ဝှက်ဆန်းကြယ်သော နည်းလမ်းဟာ အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေကို နောက်တစ်ဆင့်တက်ဖို့ရာ ကောင်းစွာ ကူညီနိုင်စွမ်း ရှိတယ်။ တကယ်လို့ သူမဟာ ဒီနည်းလမ်းကို အောင်မြင်စွာနဲ့ လေ့ကျင့်သွားနိုင်ခဲ့ရင် သူမဟာ စင်စစ် ဖြစ်တည်မှု အဆင့်ကို ချိုးဖောက်သွားနိုင်ဖို့ အခွင့်အရေး ကောင်းကောင်းရှိတယ်"

သူတို့အချင်းချင်း အခြေအနေ အနည်းငယ် တင်းမာနေခဲ့ကြသော်လည်း အားလုံးတို့သည် ဇူရီတို့အား လှမ်းကြည့်ခဲ့လိုက်ကြသည်။

ထိုအမျိုးသမီးသည် ဇူရီဘက်သို့ လှည့်လိုက်ကာ ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။
"မုန့်ပင်းယွင် ကိုယ်တိုင်ကတော့ အသုံးမကျဘူး။ ဒါပေမဲ့ သူမက သားကောင်းတစ်ယောက်ကို မွေးထုတ်ပေးနိုင်ခဲ့တယ်။ ငါ့ရဲ့ကိုယ်ပိုင် သားသမီးတွေထက် အများကြီးပိုပြီး အထက်တန်းကျတယ်"

သူမ၏စကားဆုံးသည်နှင့် လေဒီဆောင်၏ အနောက်မှ ကြည့်၍ကောင်းသည့် မိန်းကလေး တစ်ယောက်၏ မျက်နှာပေါ်တွင် အေးစက်သောအကြည့်တစ်ခု လက်သွားခဲ့သော်လည်း သူမ၏ ခေါင်းကို ပြန်ငုံ့လိုက်သည်။

"ဆောင်ချင်းစန်း၊ ဟုတ်လား" ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "လက်စသတ်တော့ ခင်ဗျားရဲ့ နာမည်အရင်းက ဒီလိုကိုး။ ဒါပေမဲ့ ကျုပ်အတွက်တော့ ဘာမှ မထူးခြားပါဘူး"

"ကျုပ်မိခင်ကို မသေခင်မှာ သွေးအန်စေခဲ့တဲ့သူက ခင်ဗျားပဲ ဖြစ်တယ်။ ကိုယ်ပွားပဲ ဖြစ်ဖြစ်၊ မူလ ခန္ဓာကိုယ်ပဲ ဖြစ်ဖြစ် အတူတူပါပဲ"

"မုန့်ပင်းယွင်ဟာ ဇူဟုန်ဝူကို ချစ်လွန်းလို့ ကိုယ်ပိုင်နှလုံးသား အကွဲခံခဲ့ပေမဲ့ သူမဟာ သူ့ကို သေတဲ့အထိတိုင်အောင် မြူဆွယ်နေခဲ့တယ်" ဆောင်ချင်းစန်းက သာမန်သာ ပြန်ဖြေခဲ့သည်။ "ဒါက သူမရဲ့ လမ်းကြောင်း မဖြစ်သင့်ဘူး။ ငါတို့ရဲ့ လမ်းကြောင်းဟာ အမြဲတမ်း ဆန့်ကျင်ဘက် ဖြစ်နေခဲ့ပြီး သူမရဲ့ ကံကြမ္မာကို အစကတည်းက သတ်မှတ်ထားပြီးခဲ့ပြီ။ တကယ်လို့

ငါမလုပ်ခဲ့ရင်လည်း ဟုန်ဝူကိုယ်တိုင်က လုပ်မှာပဲ"

သူမ၏ အသံသည် အသံသေ ပုံစံမျိုးဖြစ်သည်။ သို့သော်လည်း သူမ၏ ကျိုးကြောင်းဆင်ခြင်မှုသည် ဟာကွက်မရှိဟူ၍ သူမကိုယ်သူမ ယုံကြည်မှု အပြည့်ရှိနေသည်။ ဒါသည် ယခင်က အိမ်ရှင်မ လေဒီဆောင်နှင့် လုံးဝကွဲပြားနေ၍ ဇူဟုန်ဝူနှင့်ပင် အတော် ဆင်တူနေခဲ့၏။

ဇူရီ၏ အမူအရာသည်လည်း တူညီစွာနှင့် တည်ငြိမ်နေခဲ့သည်။ သူသည် မကျေမနပ် လုံးဝ မဖြစ်နေခဲ့ပေ။ သို့သော်လည်း ဤအချက်ကပင်

လူတိုင်း၏ ကျောများကို စိမ့်စေခဲ့သည်။ "ခင်ဗျားက သူမကို လမ်းကြောင်း မတူညီဘူး ဆိုတဲ့ အချက်နဲ့ပဲ သတ်ခဲ့တာလား။ ခင်ဗျားက ကျုပ်အဖေနဲ့ ဘာမှ မကွာခြားပါဘူး"

သူသည် လေဒီဆောင်၏ အနောက်မှ သူမ၏ခြေမများကို ငုံ့ကြည့်နေသော မိန်းကလေးအား စိုက်ကြည့်လိုက်၍ တိုးတိုးလေး ပြောလိုက်သည်။ "ဇူရုံနဲ့ ဇူလဲ့တို့ဟာ ရွှမ်ကျိအမတ်ရဲ့ အမွေခံတွေ ဖြစ်ကြတယ်။ ဒါပေမဲ့ ဒီလူကသာ ခင်ဗျားနဲ့ ကျုပ်အဖေတို့က ခင်ဗျားရဲ့ ဆက်ခံသူအဖြစ်နဲ့ ပြုစုပျိုးထောင်ထားတဲ့သူ မဟုတ်လား"

"အမေတူသမီးဆိုတာ သေချာတယ်။ မင်းရဲ့ခေါင်းကို ငုံ့ထားစရာ မလိုပါဘူး။ ငါကမင်းရဲ့ ရန်လိုမှုနဲ့ မင်းက ဘယ်လောက်အထိ ငါ့ကို သတ်ချင်နေသလဲ ဆိုတာကို သိနေပါတယ်" ဇူရီသည် သူ၏ လက်များကို ကျောနောက်တွင် ပစ်ထားခဲ့ကာ ဆက်ပြောလိုက်သည်။ "တကယ်လို့ မင်းက ကိုယ့်ရဲ့ အမျိုးနဲ့ တိုက်ခိုက်ချင်နေရင်လည်း ရတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက် ချပြီးသွားရင်တော့ နောင်တရဖို့ အခွင့်အရေး မရှိတော့ဘူး"

ထိုမိန်းမငယ်သည် သူမ၏ခေါင်းကို ရုတ်တရက် မော့လိုက်ကာ ဇူရီအား အေးစက်စွာဖြင့် လှမ်းကြည့်လိုက်သည်။

သူမ၏ နာမည်မှာ ဆောင်ဟွားရန်ဖြစ်၍ သူမ၏ မျိုးရိုးနာမည်သည် သူမ၏ မိခင်အနောက်သို့ လိုက်၍ ယူထားခဲ့သည်။ သူမသည် ဇူဟုန်ဝူနှင့် ဆောင်ချင်းစန်းတို့၏ သမီးဖြစ်၍ သူမမိခင်ထံတွင် ငယ်စဉ်ကတည်းမှ သင်ကြားနေခဲ့သူ ဖြစ်ကာ ဇူဟုန်ဝူ ကိုယ်တိုင်ကပင် အချိန်နှင့်အမျှ သူမအား ကူညီသင်ပြပေးလေ့ရှိသည်။ သူမ၏ ပင်ကိုစွမ်းရည်နှင့် အလားအလာများသည်

မျိုးဆက် တစ်ခုတည်းမှ သူမ၏ မောင်နှမများ၊ ဝမ်းကွဲများတို့ထက် များစွာပို၍ မြင့်မားသည်။

သူမသည် ယခုအချိန်တွင် အခြေတည်ဝိညာဉ် အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်၏။ သူမသည် အဆင့်တူ ကျင့်ကြံသူများထက် အထက်တန်းကျသော တိုက်ပွဲစွမ်းရည် ရှိသော်လည်း ဇူရီနှင့် ယှဉ်လိုက်လျှင် ဘာမှမဟုတ်ချေ။

ဇူရီပိုင်ဆိုင်ထားသော စွမ်းအားများသည် မယုံနိုင်လောက်အောင် ထူးချွန်ပြောင်မြောက်လှသည်။ သူက ထျန်းကျင်းတွင် စာမေးပွဲ လာဖြေသည့်

အချိန်တွင် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံမှုဖြင့် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ သူတစ်ယောက်ကို သတ်ခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်ပင် သူမသည် ဇူရိက သူမအား တိုက်ရိုက်စိန်ခေါ်ခဲ့သည်ကို ငြင်းပယ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူမ၏ မျက်လုံးအတွင်းမှ ရန်လိုနေမှုနှင့် လူသတ်လိုစိတ်တို့အား ဖုံးကွယ်ရန် ကြိုးစားခဲ့ခြင်း မရှိခဲ့ပေ။

ဆောင်ချင်းစန်းသည် သူမ၏လက်အား သူမသမီးအပေါ်သို့ ထားလိုက်ကာ ဖွဖွလေး

ပြောလိုက်သည်။ "မင်းကသူ့ရဲ့ ပြိုင်ဘက် မဟုတ်ဘူး။ ငါက အရှေ့ပင်လယ်မှာတုံးက မင်းကို ပြန်မလွှတ်လိုက်တာ မှားသွားတယ်။ ဒါပေမဲ့ အခုအချိန်မှာ မင်းကသူနဲ့ တိုက်ခိုက်လို့ မဖြစ်ဘူး။ ငါ့နောက်မှာသာ နေနေပါ"

ဆောင်ဟွားရန်သည် သူမ၏ မိခင်အား အသံလွှင့်၍ အတွန့်တက်လိုက်သည်။ "အမေ၊ ကျွန်မက အစောကြီးကတည်းက ဒီကလေးကို အသက်ဆက်ရှင်ခွင့် မပေးသင့်ဘူးလို့ ပြောထားတယ်။ တကယ်လို့ ကျွန်မကသူ့ကို ဟိုနှစ်တွေကတည်းက ကိုယ်တွယ်ခဲ့လိုက်ရင် အခုအချိန်မှာ အစော်ကားခံနေရမှာ မဟုတ်ဘူး"

## စာစဥ် ၃၉ : အပိုင်း ၁၄

## အပိုင်း ၇၄၄ : စိန်ခေါ်ခြင်း

ဆောင်ချင်းစန်းသည် သူမသမီး၏ ဒေါသပေါက်ကွဲနေမှုအား တည်ငြိမ်စွာနှင့် တုံ့ပြန်လိုက်သည်။ "ဇူရိက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို ဆရာအဖြစ် ရထားခဲ့တာ ကံကောင်းသွားတယ်။ သူက အဲ့ဒီနောက်ပိုင်းကစပြီး အထင်ကြီးဖွယ်ရာ အဆင့်အတန်းကို ပိုင်ဆိုင်သွားခဲ့တယ်။ ဒါပေမဲ့ မင်းက သူ့ထက် အချိန်ပိုပြီး ကျင့်ကြံခဲ့တာတောင်

နောက်ကောက်အချခံလိုက်ရတယ်။ မင်းကိုယ်မင်းလည်း သုံးသပ်ဆင်ခြင်သင့်တယ်"

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့ရဲ့ ထူးခြားတဲ့ ကိုယ်ပိုင် နည်းစနစ်တွေကို ပိုင်ဆိုင်ထားကြပေမဲ့ မင်းကလည်း မင်းမိဘတွေရဲ့ အဆက်မပြတ် ပံ့ပိုးထောက်ပံ့မှုကို ခံထားခဲ့ရတာပဲ။ ငါတို့ရဲ့ နည်းစနစ်နဲ့ မှော်ကျိန်စာတွေကလည်း အတူတူပဲ အစွမ်းထက်ကြတယ်"

ဆောင်ချင်းစန်းသည် တိုးညင်းစွာနှင့် ဆက်ပြောလိုက်သည်။ "မင်းက ဒီနှစ်တွေအတွင်းမှာ အတော် အတွေ့အကြုံ

ရခဲ့ပေမဲ့ မင်းရဲ့ဘဝဟာ ဘာပဲပြောပြော ချောမွေ့ပြီး သက်တောင့်သက်သာ ရှိနေခဲ့တယ်"

"မင်းက ခံပြင်းဝမ်းနည်းတယ် ဆိုတာလဲ သဘာဝပါပဲ။ ဒါပေမဲ့ မင်းက ဒီခံစားချက်တွေအောက်မှ နစ်မြုပ်နေလို့ မရဘူး။ ဒါကို သင်ခန်းစာအဖြစ်နဲ့ သတ်မှတ်ပြီး အနာဂတ်မှာ သူ့ကို အဆတစ်ရာ ပြန်ပြီးတော့ တုံ့ပြန်နိုင်အောင် ကြိုးစားမှရမယ်။ အားနည်းပြီး သူရဲဘောကြောင်တဲ့သူတွေသာ တစ်ချိန်လုံး ညည်းညူနေကြတာ"

ဆောင်ဟွားရန်သည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူမ၏ အမူအရာသည် တည်ငြိမ်သွားခဲ့ပြီး သူမမျက်လုံးများ အတွင်းမှ မီးတောက်များကလည်း ကွယ်ပျောက်သွားခဲ့သည်။ "ကျွန်မ နားလည်ပါပြီ။ ကျွန်မတို့ နှစ်ယောက်အကြားမှာ ဘယ်သူက အင်မော်တယ် ဝိညာဉ် အဆင့်ကို အရင်ရောက်မလဲ ကြည့်ကြသေးတာပေါ့။ ကျွန်မက ဒီနေ့အရှက်ရမှုကို သည်းခံထားပြီး နောင်တစ်ချိန်ကျရင် အဆတစ်ရာ ပိုပြီးမှ လက်တုံ့ပြန်မယ်"

ဆောင်ချင်းစန်းသည် သူသမီးက သဘောပေါက်သွားသဖြင့် ပြုံးလိုက်သည်။

"ဒီလိုပဲ ဖြစ်ရမှာပေါ့။ မုန့်ပင်းယွင်က ငါ့ကို မယှဥ်နိုင်ခဲ့ဘူး။ သူမရဲ့ သားမိုက်ကလည်း ငါ့သမီးကို ယှဥ်နိုင်မှာ မဟုတ်ဘူး။

သူမသည် ဇူရီအား တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ ပြောလိုက်သည်။ "ရှမ်..ရီ၊ ဒါက မင်းလျှမ်ယွမ်ကို ဖိတ်ခေါ်စဥ်က ပေးခဲ့တဲ့ ဖိတ်စာအပေါ်မှာ ရေးထိုးထားတဲ့ဘွဲ့မလား"

"ဇူဟုန်ဝူက မင်းကို သူကိုယ်တိုင် သင်ခန်းစာ ပေးချင်နေတာ။ ဒါပေမဲ့ ဒီကနေ့မှာ မင်းကလည်း ဒီနေရာကို အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ကြောင့်

ရောက်ရှိလာခဲ့တဲ့အတွက် မင်းရဲ့စွမ်းရည်တွေကို ကြည့်ကြည့်ရအောင်"

သူမသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် ဖြစ်၏။ သို့ဖြစ်၍ သူမသည် ဤနေရာတွင် ဇူရီအား သတ်ဖြတ်ချင်နေခဲ့ပါက လင်းဖုန်းကိုလည်း ထည့်သွင်းစဉ်းစားရဦးမည် ဖြစ်သည်။

လင်းဖုန်းသည် ရှောင်ယန်နှင့် ဇူရီတို့က အင်မော်တယ် ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူများနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်ပူပန်နေခြင်း မရှိသော်လည်း ဒါကသူ၏ ကိုယ်ပိုင် အတွေးအမြင်သာ ဖြစ်၏။

အပြင်လူများ အနေနှင့်မူ ရှောင်ယန်နှင့် ကျန်သောသူများသည် ဘာပဲပြောပြော အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသာ ဖြစ်ကြသည်။

သမရိုးကျ ထုံးစံများအရ ဆောင်ဟွားရန်သည် ဇူရီအား စိန်ခေါ်သည်မှာ အမတန်မှ သဘာဝကျပေသည်။ ဇူရီသည် အကယ်၍ တိုက်ပွဲတွင် ရှုံးနိမ့်သွားခဲ့လျှင်ပင် ဒါသည် သူ၏ ကြိုးစားမှု မလုံလောက်သေး၍သာ ဖြစ်သည်။ သို့သော်လည်း ဆောင်ချင်းစန်းက သူ့အား စိန်ခေါ်ခဲ့ပါက ဒါသည် သိသိသာသာ အားနည်းနေသော ပြိုင်ဘက်အား အနိုင်ကျင့်ချင်နေခြင်းပင် ဖြစ်၏။

လင်းဖုန်းသည် ဤကဲ့သို့သော အပြုအမူများကို အထူး မနှစ်သက်ပေ။

သို့သော်လည်း အကယ်၍ ဇူရီသည် သူမအား ဆန့်ကျင်၍ စတင်စိန်ခေါ်ခဲ့ပါက အခြား အခြေအနေတစ်မျိုး ဖြစ်သွားပေမည်။ အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် ဂုဏ်သိက္ခာကိုယ်စီ ရှိနေကြသည်။ ဇူရီ၏ အနောက်တွင် စွမ်းအားကြီးသော ဂိုဏ်းနှင့် ဆရာတို့ ရှိနေသည် ဆိုရုံမျှဖြင့် သူမနှင့် သူမ၏ သမီးတို့အား စော်ကားခဲ့သည်ကို သည်းခံနေမည် မဟုတ်ပေ။

"ငါကမင်းကို အကြောင်းမဲ့ အနိုင်ကျင့်မှာတော့ မဟုတ်ဘူး။ တကယ်လို့ မင်းကငါ့ကို ရှိသေမှု မရှိပဲ အရက်ခွဲခဲ့မယ်ဆိုရင် ငါကမင်းကို ဒီနေရာမှာပဲ သတ်ပစ်လိုက်မယ်။ မင်းရဲ့ဆရာ ဒေါ်သထွက်မှာကိုလည်း ငါက ဂရုမစိုက်ဘူး။ တကယ်လို့ ငါကသူ့ကို မနိုင်ရင် ထွက်ပြေးလို့ရတယ်။ တကယ်လို့ မပြေးနိုင်ရင်လည်း တစ်နည်းနည်းနဲ့ အလျှော်ပြန်ပေးမယ်။ တကယ်လို့ အလျှော်မပေးနိုင်ရင်လည်း သူသေကိုယ်သေ တိုက်ခိုက်ရုံပဲ ရှိတော့တယ်"

အကယ်၍ ဒါသည် သူတို့၏ အသက်ကိုပင် ဆုံးရှုံးနိုင်သည် ဆိုသော်လည်း အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ အများစုတို့သည် အခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူများက သူတို့အား စော်ကားခဲ့သည်ကို ခွင့်လွှတ်နိုင်မည် မဟုတ်ချေ။ သူတို့ကဲ့သို့သော သူများအတွက် ဤအရာများကို မမြင်ချင်ယောင်ဆောင်နေရခြင်းသည် တွေး၍ပင် မရသော အဖြစ်တစ်ခု ဖြစ်၏။

သို့သော်လည်း အကယ်၍ ဤအင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူသည် ထိုအခြေတည်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူက သာမန်ထက် များစွာ အစွမ်းထက်သည်ကို

သိနေခဲ့လျှင် အခြေအနေက တစ်မျိုးဖြစ်သွားလိမ့်ပြန်မည်။ အနည်းဆုံးတော့ ဤအခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူက သူ၏ ကိုယ်ပိုင်စွမ်းရည်အား ယှဉ်နိုင်လောက်အောင် သန်မာနေပါက သူသည် စိတ်ပြောင်းသွားမည် ဖြစ်၏။

ထို့ကြောင့်ပင် ရေချိုသူတော်စင်၊ လှိုင်းလုံး ပင်လယ်နဂါး ဘုရင်နှင့် ကျန်သောသူများသည် ရှောင်ယန်နှင့် ဇူရီတို့အား သူတို့၏ ကိုယ်ပိုင်စွမ်းရည်များကို အတိအကျ မသိသေးခင်က တစ်မျိုးဆက်ဆံခဲ့ခြင်း ဖြစ်သည်။

ဆောင်ချင်းစန်းသည် ဇူရီအား မည်မျှပင်
နှစ်သက်ခြင်း မရှိသော်လည်း သူမသည်
စတင်၍ စိန်ခေါ်မည် မဟုတ်ပေ။
တစ်ခုတည်းသော ခြွင်းချက်မှာ မဟာကျိုး
အင်ပါယာနှင့် အရှေ့ကောင်းကင်
တံခါးဂိုဏ်းတို့က အဖွဲ့ဖွဲ့ယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် စစ်ပွဲကြီး ဆင်နွှဲရန်
ဆုံးဖြတ်ခဲ့မှသာလျှင် သူမသည် သူမ၏စိတ်ကို
လွှတ်ပေးလိုက်မည် ဖြစ်သည်။

သူမသည် ဤနေရာသို့ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်အား ရယူရန်
ရောက်လာခဲ့ခြင်း ဖြစ်သည်။ အကယ်၍
ဇူရီသည်လည်း ထိုအကြောင်းကြောင့်ပင်

လာခဲ့ပါက သူသည် သူမ၏ လမ်းကြောင်းတွင် လာရောက်ပိတ်ဆို့နေသူ ဖြစ်ပြီး အနိုင်ရသူမှာ စွမ်းအားအထက်ဆုံး သူပင် ဖြစ်ပေလိမ့်မည်။ ယခင်က အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူက အခြေတည်ဝိညာဉ် အဆင့်က ကျင့်ကြံသူကို အနိုင်ကျင့်သည့်ဟူသော အခြေအနေမှာ အကြိုးဝင်တော့မည် မဟုတ်ပေ။

ဇူရီသည် ကျဲယု၏ ကျောပေါ်တွင် မတ်မတ်ရပ်နေဆဲသာ ဖြစ်၏။ သူ၏ ခရမ်းရောင် ဝတ်ရုံရှည်သည် လေပေါ်တွင် တစ်ဖျပ်ဖျပ် လွင့်နေသေး၍ တည်ငြိမ်စွာနှင့် ပြန်ပြောလိုက်သည်။ "ခင်ဗျားက ကျုပ်က

ဘာတတ်နိုင်သလဲ ဆိုတာကို
သိချင်နေတာလား။ ကျုပ်ကလည်း ခင်ဗျားကို
ဘာနဲ့ လုပ်ထားသလဲ ဆိုတာကို သိချင်နေတာနဲ့
အတော်ပဲ"

"ကောင်းကင်တံခါးဂိုဏ်းက
ရှေးခေတ်တွေတုံးက ဂုဏ်သိက္ခာအကြီးဆုံး
ဂိုဏ်းတွေအထဲမှ တစ်ဂိုဏ်း အပါအဝင်
ဖြစ်တယ်။ ကောင်းကင်တံခါးဂိုဏ်းရဲ့
မှော်ကျိန်စာတွေက ပြန်ပေါ်လာတာက ကျုပ်ကို
ပျော်ရွှင်စေခဲ့တယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့
အရှေ့ကောင်းကင် တံခါးဂိုဏ်းက
ကောင်းကင်တံခါးဂိုဏ်းရဲ့ အဆုံးအမ

ဘယ်လောက်အထိကို ဆက်ခံနိုင်ခဲ့သလဲ
ဆိုတာကို ကျူပ်က သိချင်နေခဲ့တယ်"

အားလုံးတို့သည် သူ၏ စကားများကို
ကြားရသောအခါ ပါးစပ်အဟောင်းသား
ဖြစ်သွားကြသည်. သူတို့သည် ဇူရီ၊
ရှီထျန်းဟောင်နှင့် ကျန်သောသူများ၏
ကျော်စောလှသော ဂုဏ်သတင်းများကို
ကြားဖူးခဲ့ကြသော်လည်း သူသည်
အခြေတည်ဝိညာဉ် အဆင့်တွင်သာ
ရှိနေစဉ်တွင် အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက်အား
စိန်ခေါ်ရဲလိမ့်မည်ဟု လုံးဝ ထင်မထားကြပေ။

ကျွန်းအပေါ်၌ ရှိနေကြသူများအနက်
ရှင်ပျော်ပျော် သူတော်စင်နှင့် မဟာချင်
အင်ပါယာမှ ကျင့်ကြံသူများသည် ဇူရီ၏
အစစ်အမှန် စွမ်းရည်များကို ရင်းနှီးကျွမ်းဝင်မှု
အရှိကြဆုံးသူများ ဖြစ်ကြသည်။ ဇူရီသည်
အခြေတည်ဝိညာဉ် အလယ်အလတ်
အဆင့်တွင်သာ ရှိနေသေးသဖြင့် သူတို့သည်
ဤတိုက်ပွဲ၏ ရလဒ်များကို
မသေချာနေခဲ့သော်လည်း သူတို့သည်
အနည်းငယ်တော့
တည်ငြိမ်အေးဆေးနေကြသေးသည်။

ရှီရှင်းယွမ်သည် ဇူရီအား ကြည့်လိုက်ကာ
သူမ၏ခေါင်းကို တစ်ချက်ခါလိုက်၍

ရယ်လိုက်သည်။ "ဒါကတော့ သူ့အလုပ်လုပ်တဲ့ ပုံစံပါပဲ"

နေမင်းမျိုးချ မဟာပဏ္ဍိတနှင့် အနီရောင် နဂါးဘုရင်တို့သည် အရှေ့ကောင်းကင် တံခါးဂိုဏ်းက ကောင်းကင်တံခါးဂိုဏ်း၏ အဆုံးအမများကို အမွေဆက်ခံထားခဲ့သည်ဟူသော သတင်းကို သိခဲ့ရသောအခါ အနည်းငယ် အံ့အားသင့်သွားကြသည်။ ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည် အတော်လေး စွမ်းအားထက်ကြသည်ကို သိထားကြသော်လည်း သူတို့သည် တစ်ယောက်နှင့် တစ်ယောက်

မတိုက်ခိုက်ရသေးသဖြင့် သူတို့ရန်သူ၏
နောက်ခံနှင့် ဘယ်သူဘယ်ဝါ ဟူသည်ကို
မသိထားကြသေးပေ။

ယခုအချိန်တွင် သူတို့က သိသွားကြပြီ
ဖြစ်သဖြင့် စွမ်းအားကြီးသော
မိစ္ဆာနှစ်ကောင်တို့သည် အနည်းငယ်
စိုးရိမ်မှုများ ရှိလာကြသည်။
ကောင်းကင်တံခါးဂိုဏ်းသည်
ပြိုကွဲသွားသည်မှာ အချိန်အကြာကြီး ရှိခဲ့ပြီ
ဖြစ်သော်လည်း သူ၏ ဂိုဏ်းသတင်းမှာ
မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းတွင်
ထင်ရှားကျော်ကြားနေဆဲပင် ဖြစ်၏။

မဟာချင် အင်ပါယာမှ ကျင့်ကြံသူများနှင့် ကျယ်ပြန့်သောပင်လယ် ဓားဂိုဏ်းတို့သည်လည်း အလားတူပင် အံ့ဩတုန်လှုပ်သွားကြသည်။ ဤသတင်းကို ကြိုသိထားကြသော ရှင်ပျော်ပျော် သူတော်စင်နှင့် ဒီရေ ဓားအကြီးအကဲတို့ကသာ ဟန်ပန် အမူအရာ ကင်းမဲ့နေကြသည်။

မဟာချင် အင်ပါယာမှ အဆင့်မြင့် အုပ်ချုပ်သူများသည် အရှေ့ကောင်းကင် တံခါးဂိုဏ်း၏ တည်ရှိနေမှုကို ကြိုသိကြပြီးသား ဖြစ်ကြသည်။ ဒါသည် မဟာကျိုး အင်ပါယာ၏ လက်အောက်မှ အစွမ်းထက်သော အင်အားစုတစ်ခု ဖြစ်သည်။ သူတို့သည်

မဟာချင် အင်ပါယာ၏ အာရုံကို ဆွဲဆောင်နိုင်စွမ်း ရှိခဲ့သည်မှာ အဆန်းတော့ မဟုတ်ပေ။ အတွင်းသတင်း အသေးစိတ်ကိုသာလျှင် သူတို့က မသိခဲ့ခြင်း ဖြစ်သည်။

ကျယ်ပြန့်သောပင်လယ် ဓားဂိုဏ်းသည် အရှေ့ကောင်းကင် တံခါးဂိုဏ်းကဲ့သို့ပင် မဟာကျိုး အင်ပါယာဘက်သို့ တိမ်းညွတ်မှီခိုနေရသော ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်သည်။ သူတို့နှစ်ဂိုဏ်းစလုံးတို့သည် ပင်လယ်များ အတွင်းတွင် အခြေစိုက်နေကြသော ဂိုဏ်းများလည်း ဖြစ်ကြ၏။ သို့ဖြစ်၍ သူတို့သည်

သူတို့အကြောင်းကို အနည်းငယ်တော့ သိထားခဲ့ပြီး ဖြစ်ကြသည်။ သို့သော်လည်း အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် အလွန်အမင်းကို သိုသိုသိပ်သိပ် နေခဲ့ခြင်း ဖြစ်သဖြင့် ဒီရေဓား အကြီးအကဲကပင် သူတို့၏ တည်ရှိနေမှုအပြင် အခြားဘာကိုမှ သိပ်မသိခဲ့ပေ။

ဆောင်ချင်းစန်း၏ အနောက်မှ ဆောင်ဟွားရန် အပါအဝင် အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ ကျင့်ကြံသူများသည် ဇူရီအား လှောင်ပြောင်သရော်သော မျက်လုံးများဖြင့် ကြည့်နေကြသည်။

ယင်ပင်လယ် အတွင်းမှ တောင်သုံးတောင် ပြန်ပေါ်လာခြင်းသည် မဟာကျိုး အင်ပါယာအတွက် အလွန်အရေးကြီးသော အဖြစ်တစ်ခု ဖြစ်သည်။ ဒါသည် အရှေ့ကောင်းကင် တံခါးဂိုဏ်း အတွက်လည်း မဟာ အခွင့်အရေး တစ်ခုဖြစ်၏။ နှစ်ဦးနှစ်ဘက်စလုံးတို့သည် ဤဖြစ်စဥ်အတွင်းတွင် အင်အားကုန်သုံးရန် ဆုံးဖြစ်ထားကြသည်။

အရှေ့ကောင်းကင်ဂိုဏ်းသည် သူတို့က ကမ္ဘာအတွင်းသို့ ပြန်လည် ဝင်ရောက်လာမည့် နေ့အတွက် ပြင်ဆင်ထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဇူရီက သူတို့ မည်သူမည်ဝါ

ဖြစ်သည်ကို ဖော်ပြလိုက်သော်လည်း သိပ်ပြီး ဂရုမစိုက်နေကြပေ။ အားလုံးတို့၏ မျက်စိအတွင်းတွင် ဇူရီက ဆောင်ချင်းစန်းနှင့် ယှဉ်ပြိုင်ရန် စိန်ခေါ်ခြင်းသည် နံ့ကောင်တစ်ကောင်က ကားတစ်စီးကို လက်ဖြင့် တားချင်နေသည်နှင့် တူနေခဲ့၍ သူ့အား သရော်လှောင်ပြောင်ကာ ရယ်မောနေကြသည်။

"အရမ်းကောင်းတယ်။ မင်းကလည်း ဒီဆုံးဖြတ်ချက်အတွက် နောင်တမရဖို့ မှတ်ထားလိုက်ပါ" ဆောင်ချင်းစန်း၏ မျက်နှာသည် တည်ငြိမ်နေဆဲ ဖြစ်သည်။ သူမ၏ မျက်စိများကို အနည်းငယ် ပိုဖွင့်လိုက်ကာ

ဇူရီအား တည့်တည့် စိုက်ကြည့်လိုက်သည်။ သူမ ထုတ်လွှတ်ခဲ့သော ဖိအားများသည် ကျဲယု၊ ပိုင်ကွမ်းနှင့် လီယွမ်ဖန်းတို့အား လေးနက်စွာဖြင့် မျက်မှောင်များ ကြုတ်စေခဲ့သည်။

သူမ၏စကား ဆုံးသွားသည်နှင့် သူမသည် ချက်ချင်း မလှုပ်ရှားခဲ့ပဲ ကျွန်းပေါ်တွင် ရှိနေသော အစိမ်းရောင် ကျောက်စိမ်းဖန်တိုင် ဘက်သို့ လှမ်းကြည့်လိုက်သည်။

ဇူရီကလည်း ယှဉ်ပြိုင်ပွဲကို အလောတကြီး မစနေလိုခဲ့ပေ။ သူသည် သူမအား စိန်ခေါ်ထားခဲ့သော်လည်း သူတို့၏ ယင်ပင်လယ်အတွင်းသို့ ခရီးထွက်လာခဲ့ခြင်း၏

အဓိက အကြောင်းရင်းကို သိနေခဲ့သည်။ ဤအစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် ယင်ကျိုးနတ်တောင်နှင့် ဆက်သွယ်ထားသဖြင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ တိုးတက်မှုနှင့် သွယ်ဝိုက်ကာ ဆက်သွယ်နေပေသည်။

ကိုယ်ပိုင်ကိစ္စများကို လုပ်ငန်းတာဝန်များနှင့် ရောထွေး၍ မရချေ။ ဇူရီသည် ဤအချက်ကို ကောင်းစွာ သိနေခဲ့၍ အဓိကတာဝန်ကို မေ့ထားခဲ့မည် မဟုတ်ပေ။

အကယ်၍ သူတို့သည် ယခုချက်ချင်း တိုက်ခိုက်ခဲ့ပါက အခြားအုပ်စု လေးခုအား

အလကား အကျိုးအမြတ် ရှိစေခဲ့မည်ဟု သူတို့ နှစ်ယောက်စလုံးက သိနေကြသည်။

သူတို့၏ တိုက်ခိုက်မှုသည် ဤကျွန်းကို ပတ်လည်ဝိုင်းနေသော ပုံရိပ်ယောင်က ပြိုကွဲသွားပြီး အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်က သူတို့၏ လက်အတွင်းသို့ ရောက်လာခဲ့မှသာလျှင် စတင်နိုင်မည် ဖြစ်၏။ ကျန်သောသူများ အားလုံးတို့ကလည်း ဤနေရာသို့ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အတွက် လာခဲ့ကြခြင်း ဖြစ်ကြသဖြင့် ပဋိပက္ခများသည် အချိန်မရွေး ပေါ်ပေါက်လာနိုင်ပေသည်။

ဇူရီနှင့် ဆောင်ချင်းစန်းတို့က
တစ်ယောက်နှင့်တစ်ယောက် အလောတကြီး
တိုက်ခိုက်ခြင်း မရှိခဲ့ကြသည်ကို
တွေ့လိုက်ရသော်လည်း ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်
ကျင့်ကြံသူများက သိပ်ပြီးမှ မအံ့သြခဲ့ကြပေ။

ရှင်ပျော်ပျော် သူတော်စင်က ပြောလိုက်သည်။
"တခြားဘာမှ မလုပ်ခင် ကျွန်းပေါ်က
ပုံရိပ်ယောင်ကို အရင် ဖျက်ဆီးကြစို့"

ပဋိပက္ခများက မလွဲမသွေ ဖြစ်လာကြမည်
ဖြစ်သော်လည်း အားလုံးတို့သည်

သူတို့လိုချင်နေသော ပစ္စည်းကို
အရင်လုံခြုံအောင် လုပ်ထားရမည် ဖြစ်သည်။

ဤအတိုင်းသာ ရေရှည်ဆက်သွားနေလျှင်
သူတို့အားလုံးအတွက် အကျိုးမရှိနိုင်ပေ။
ဘာပဲပြောပြော ဤသတင်းကို ကြားခဲ့ပြီးသော
သူများသည် အချိန်ကြာလာသည်နှင့်အမျှ
ဤကျွန်းထံသို့ ရောက်ရှိလာကြပေမည်။

လူများများ ရောက်လာလေလေ သူတို့၏
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား
ရရှိနိုင်ရန် အခွင့်အရေးက နည်းသွားလေလေ
ဖြစ်သည်။

ဒီရေ ခါးအကြီးအကဲသည် သဘောတူခဲ့၍
စကားဘာမှ ထပ်မပြောခဲ့ပေ။
သူ၏လက်ချောင်းအား သူ၏အောက်မှ
ကျွန်းပေါ်သို့ ညွှန်ပြလိုက်ရာ
ကျွန်းပတ်ပတ်လည်မှ ပင်လယ်ရေများက
စတင်တုန်ခါလာခဲ့သည်။ မာန်ဟုန်ပြင်းနေသော
ဒီရေလှိုင်းလုံးများသည် ခါးကဲ့သို့သော
ရေတိုင်လုံးများ အဖြစ်သို့ ပြောင်းသွားကြ၍
ကျွန်းပတ်ပတ်လည်မှ ပုံရိပ်ယောင်ထံသို့
ပြေးဝင်သွားကြသည်။

ရေခါးများစွာတို့သည်
ပါးလွှာအားနည်းနေသည့်ပုံ

ပေါက်နေသော်လည်း တစ်ယောက်ကမှ အင်မော်တယ် ဝိညာဉ် အဆင့်မှ ခေါးကျင့်ကြံသူ တစ်ယောက်၏ ခေါးနည်းစနစ်အား အထင်မသေးရဲခဲ့ကြပေ။

ပါးလွှာသော ရေခေါးများသည် ပင်လယ်ရေ အမြောက်အမြားတို့ ပေါင်းစပ်ထားသော လေဟာနယ်၏ စွမ်းအားများနှင့် ဖွဲ့စည်းထားကြခြင်း ဖြစ်သည်။ သူတို့သည် ကမ္ဘာအတွင်းမှာ သတ္တုအများစုတို့ထက် များစွာပို၍ မာကျောသည်။ ဒီရေ ခေါးအကြီးအကဲ၏ ထိန်းချုပ်မှုအောက်တွင် ခေါးတစ်ချောင်းချင်းစီတို့သည် လွန်စွာထက်မြက်နေကြသည်။

သာမန် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများသည် ထိုရေခား တစ်ချောင်းကိုပင် တွန်းလှန်နိုင်မည် မဟုတ်ပဲ နေရာတွင်ပင် အသတ်ခံလိုက်ရမည် ဖြစ်၏။

သို့သော်လည်း ထိုရေခားများသည် ဤပုံရိပ်ယောင်အား ထိုးဖောက်သွားခဲ့သောအခါ ဘာမှ မလုပ်နိုင်ခဲ့ပဲ တိုက်ရိုက်သာ အခြားတစ်ဘက်သို့ ရောက်သွားခဲ့သည်။ ရေခားများသည် ဤကျွန်းကိုလည်း ထွင်းဖောက်သွားကြကာ ဤကျွန်းကိုယ်တိုင်ကလည်း ပုံရိပ်ယောင်ပုံစံ ဖြစ်နေကြသည်။

သို့သော်လည်း ဒီရေ ခေါင်းအကြီးအကဲသည် တည်ငြိမ်နေဆဲ ဖြစ်ကာ သူ၏ ခေါင်းကွက်များကို ပြောင်းလဲလိုက်သည်။ မာကျောထက်မြက်သော ရေခေါင်းများသည် ပျော့ပျောင်း၍ ကျုံ့နိုင်ဆန့်နိုင်သော ရေတိုင်လုံးများအဖြစ်သို့ ပြောင်းသွားခဲ့ကာ တစ်လွှာပြီးတစ်လွှာ ထပ်လိုက်၍ ပုံရိပ်ယောင်အား ပြင်ပမှနေ၍ ဝန်းရံထားလိုက်သည်။ အချင်းဝက် ဆယ်မိုင်ကျော် ရှိသော ရောမ ရေစက်လုံးကြီး တစ်ခုသည် ချက်ချင်းဆိုသလိုပင် ပေါ်လာခဲ့သည်။

ဒီရေ ခေါ်ဒေါ်ကြီးအကဲသည် ဤပုံရိပ်ယောင်အား တိုက်စားချင်နေခဲ့၍ သူ၏ မှော်စွမ်းအင်များနှင့် ပုံရိပ်ယောင်တို့၏ ထိတွေ့နေသော အသံများကို ကြားနေရသည်။

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင် ရှိနေသောကျွန်း၏ ပုံရိပ်ယောင်သည် စွမ်းအားကြီးသော်လည်း အင်မော်တယ် ဝိညာဥ် အဆင့်မှ ကျင့်ကြံသူများအတွက် ပြဿနာ သိပ်မဟုတ်ခဲ့ပေ။ သူတို့သည် အတွင်းသို့ ရောက်သွား၍ ပုံရိပ်ယောင်များ၏ အချုပ်အနှောင်ကို မခံခဲ့ရပါက ပြင်ပမှနေ၍ ပုံရိပ်ယောင်များကို ဖျက်ဆီးခြင်းသည် အတန်ငယ် လွယ်ကူပေသည်။

အားလုံးတို့သည် သဘောတူညီချက် ရသွားခဲ့ပြီး ဖြစ်သောကြောင့် ကျန်သော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများကလည်း ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့် အတူတကွပင် ဒီရေ ဓားအကြီးအကဲနှင့်အတူ ပုံရိပ်ယောင်အား အတူတကွ တိုက်ခိုက်လိုက်ကြသည်။

အစိမ်းရောင် အလင်းတန်း ဘောလုံးတစ်ခုသည် ရှင်ပျော်ပျော် သူတော်စင်၏ လက်အတွင်းတွင် ပေါ်လာခဲ့၏။ ထိုဘောလုံးသည် ရေစက်လုံးအနားတွင် လှည့်ပတ်နေခဲ့ကာ သစ်ပင်ငယ် တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍ မြေပေါ်တွင် စတင်ကြီးထွားလာခဲ့သည်။

အသေးစိတ်ကျ၍ ရှုပ်ထွေးသော
အမြစ်များသည် ပုံရိပ်ယောင် အတွင်းဘက်
အထိတိုင် အမြစ်တွယ်သွားခဲ့ကာ
ကပ်ပါးကောင်များကဲ့သို့ သူတို့၏
အာဟာရအတွက် ပုံရိပ်ယောင်မှ စိတ်ဝိညာဉ်
စွမ်းအင်များကို စားသုံးခဲ့သည်။
ပုံရိပ်ယောင်သည် ပို၍ပို၍ အားနည်းလာခဲ့ကာ
သစ်ပင်ငယ်လေးသည် ဖြည်းဖြည်းချင်း ပို၍
ကြီးမားလာခဲ့သည်။

နေမင်းမျိုးချ သိမ်းငှက်သည်
ဟိန်းဟောက်လိုက်ရာ သူ၏အနားတွင်
ဝန်းရံထားသည့် အနက်ရောင်

မြူခိုးငွေ့များသည် အပြင်သို့
ကျယ်ပြန့်လာခဲ့ကာ ပုံရိပ်ယောင်ကို
လွှမ်းခြုံလိုက်၍ အနက်ရောင် အဖြစ်သို့
ပြောင်းလဲခဲ့လိုက်သည်။

အနီရောင် နဂါးဘုရင်သည် အထီးကျန်ရှစ်မျိုး
နတ်ဘုရား လျှပ်စီးအား လည်ပတ်လိုက်၍
လျှပ်စီးများ တစ်တန်းပြီးမှ တစ်တန်းတို့သည်
ပုံရိပ်ယောင် အပေါ်သို့ ကျဆင်းသွားခဲ့၍
ပြင်းထန်စွာနှင့် တုန်ခါစေခဲ့သည်။

ဇူရီသည် ဆောင်ချင်းစန်းအား ကြည့်လိုက်ရာ
သူမသည် သူမ၏ ညာလက်ကို မြှောက်လိုက်၍
သွေးနီရောင် မီးတောက် ခုနစ်မျိုးတို့သည်

သူမ၏ လက်ဖဝါးအလယ်တွင်
စုစည်းလာခဲ့သည်။ မီးတောက်ဘောလုံးသည်
အဆက်မပြတ် လှည့်ပတ်နေခဲ့ကာ
ချက်ချင်းဆိုသလိုပင် လည်ပတ်နေသော
မီးတောက်ဘီးတစ်ခုအဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

## စာစဥ် ၃၉ : အပိုင်း ၁၅

## အပိုင်း ၇၄၅ : ဂြိုဟ်ကိုးလုံး အစစ်အမှန်
ကောင်းကင်ကျိန်စာ

ကြက်သွေးရောင် မီးတောက်ဘီးသည်
ဆောင်ချင်းစန်း၏ လက်ဝါးအတွင်းတွင်
လျှင်မြန်စွာနှင့် လည်ပတ်နေခဲ့ကာ
အောက်ဘက်မှ ကျွန်းငယ်လေးထံသို့
ကျရောက်သွားခဲ့သည်။ နေမင်းသည်
ကမ္ဘာမြေပေါ်သို့ ကျဆင်းလာခဲ့သကဲ့သို့ ဖြစ်၏။

ဇူရီသည် ထိုမြင်ကွင်းအား အမှုမထားသည့်ပုံဖြင့်
ကြည့်နေခဲ့ပြီး သူ၏ဘေးမှ လီယွမ်ဖန်းက
တိုးညင်းစွာဖြင့် မေးလိုက်သည်။ "ဒုတိယ
စီနီယာ၊ ဒါ.. ဒါက ကောင်းကင်တံခါးဂိုဏ်းရဲ့
မားစ်မီးတောက်ဘီး မဟုတ်လား"

"ဟုတ်တယ်။ အခုအချိန်မှာ သူက မားစ်ဂြိုဟ်ရဲ့ စွမ်းအားတွေကို ထုတ်ယူသုံးစွဲခဲ့တာ မဟုတ်ပဲ ဆောင်ချင်းစန်းရဲ့ ကိုယ်ပိုင် မှော်စွမ်းအင်နဲ့သာ အသုံးပြုခဲ့တာ ဖြစ်တယ်။ မဟုတ်လို့ရင်ရင် သူ့စွမ်းအားတွေက ဒီထက်တောင် အများကြီး ပိုကြီးလိမ့်မယ်"

"ကောင်းကင်တံခါးဂိုဏ်းရဲ့ နေမင်းအလင်းတန်းနဲ့ ခုနှစ်စဥ် တောက်ပသော မီးတောက်ဟာ ဒဏ္ဍာရီလာ အကြွင်းမဲ့မီးတောက် ခုနှစ်မျိုးအထဲမှာ မပါပေမဲ့ သူတို့က အမတန်ကိုမှ ထူးခြားတဲ့ မီးတောက်တွေ ဖြစ်ကြတယ်။ သူတို့ဟာ မဟာမိုးကြိုး ကျောင်းတော်ရဲ့ ဗီရိုကာနာ

ဖန်သန့်စင်ခြင်း မီးတောက်ထက်
နည်းနည်းလေးမှ အောက်မကျဘူး။
သူတို့နှစ်မျိုးတို့ဟာ ဒဏ္ဍာရီလာ
အကြွင်းမဲ့မီးတောက် ခုနှစ်မျိုး အောက်မှာ
ကြောက်စရာ အကောင်းဆုံး မီးတောက်တွေလို့
ပြောလို့ရတယ်"

"တစ်ယောက်က ခုနှစ်စဥ် တောက်ပသော
မီးတောက်ကိုတော့ မားစ်ဂြိုဟ်ရဲ့
စွမ်းအားတွေကို ထုတ်သုံးနိုင်ခြင်း မရှိရင်
စွမ်းအားတွေက အကန့်အသတ်ရှိလို့ ဒီအဆိုကို
ပြင်းချင်ရင်ရတယ်။ ဒါပေမဲ့
နေမင်းအလင်းတန်းကိုတော့ ဘယ်လိုမှ
လျှော့တွက်လို့မရဘူး။ သူက ဗီရိုကာနာ

ဖန်သန့်စင်ခြင်း မီးတောက်လိုမျိုး မလှုပ်မရှားနဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်လို့ မရပေမဲ့ သူ့ရဲ့ ဖျက်ဆီးနိုင်စွမ်းက ပိုပြီးတော့တောင် ကြီးသေးတယ်"

သူတို့သည် အရှေ့ကောင်းကင် တံခါးဂိုဏ်း၏ တည်ရှိနေမှုကို သိရှိခဲ့သည့် အချိန်မှစ၍ ဇူရီနှင့် အခြားတပည့်များသည် လင်းဖုန်းထံမှ ကောင်းကင်တံခါးဂိုဏ်း အကြောင်းကို အနည်းငယ်မျှ နားထောင်ခဲ့ရသည်။ ထို့ကြောင့် ဇူရီနှင့် လီယွမ်ဖန်းတို့သည် ဆောင်ချင်းစန်း၏ နည်းစနစ်မှာ ကောင်းကင်တံခါးဂိုဏ်း၏ လျှို့ဝှက် မှော်ကျိန်စာ တစ်ခုဖြစ်သော

မားစ်မီးတောက်ဘီးဖြစ်သည် ဟူ၍ သိခဲ့ခြင်း ဖြစ်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း မတိုင်ခင်တွင် လူသားကျင့်ကြံမှု သမိုင်းတစ်ခုလုံးတွင် ကောင်းကင်တံခါးဂိုဏ်းသည် မြင့်မြတ်နယ်မြေ အဆင့်သို့ အလျှင်မြန်ဆုံး တက်လှမ်းနိုင်သော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။ နှစ်ထောင်ပေါင်း အနည်းငယ် အတွင်း၌ပင် သူသည် အမြင့်ဆုံး အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး နတ်ဘုရား နယ်မြေ အတွင်းမှ မဟာအင်အားစုတိုင်းနှင့် ပုခုံးချင်း ယှဉ်နိုင်ခဲ့သည်။

ထိပ်သီးကျင့်ကြံသူ အများအပြားနှင့်
အခွင့်အရေးပေါင်း မြောက်မြားစွာတို့အပြင်
ကောင်းကင်တံခါးဂိုဏ်း၏ လျှင်မြန်စွာ
မြင့်တက်လာမှုသည် ဂိုဏ်း၏ ပုံစံနှင့်လည်း
သက်ဆိုင်သည်။ သူတို့သည် စိတ်ဓာတ်
ပြတ်သားစွာနှင့် လမ်းသစ်ကို ဖောက်နိုင်ခဲ့သည်။
အရာအားလုံးတို့အား လက်ခံနိုင်စွမ်း
ရှိကြသည်။

မူလကောင်းကင် ကမ္ဘာအတွင်းတွင်
လူသားအင်အားစု ဖြစ်စေ၊ မိစ္ဆာအင်အားစု
ဖြစ်စေ သူတို့၏ စိတ်ဝင်စားမှုကို ဖြစ်စေသော
နည်းစနစ်တစ်ခု သို့မဟုတ် မှော်ကျိန်စာ
တစ်ခုအား တွေ့ရှိခဲ့ပါက သူတို့ထံမှ

အတွေးအမြင်များကို ရယူကာ
အစွမ်းထက်လှသော နည်းစနစ်နှင့်
မော်ကျိုန်စာများ တစ်ခုပြီးတစ်ခုတို့ကို
တီထွင်နိုင်ခဲ့သည်။

ဥပမာအားဖြင့် ကြယ်တာရာများနှင့်
ဂြိုဟ်များ၏ စွမ်းအားများကို
ထုတ်ယူသုံးစွဲနိုင်သည့် နည်းစနစ်များသည်
ကောင်းကင်တံခါးဂိုဏ်း၏ မျက်စိကျခြင်းအား
ခံခဲ့ရသည်။ မိစ္ဆာတို့၏ အကြီးမားဆုံး
ဝက်ပါတစ်မျိုးဖြစ်သော ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ပါနှင့် ဟင်းလင်းပြင်
ဘုရားကျောင်း၏ မဟာဟင်းလင်းပြင်
ကောင်းကင်ကိုးလွှာ မော်ကျိုန်စာမှ

ရှန်ကောင်းကင် မြင့်မြတ်သော
ကြယ်စင်အလင်းတန်းတို့သည်လည်း အပါအဝင်
ဖြစ်၏။

ပြီးတာနှင့် ကောင်းကင်တံခါးဂိုဏ်းမှ
ကျင့်ကြံသူများသည် သူတို့အား အဆက်မပြတ်
စဉ်းစားတွေးခေါ်၍ လေ့လာမှုများ
ပြုလုပ်ခဲ့ကြကာ သူတို့ကိုယ်ပိုင်
ကြီးမြတ်သောကောင်းကင် ကျမ်းစာအား
အခြေခံထားပြီး ဂြိုဟ်ကိုးလုံး အစစ်အမှန်
ကောင်းကင်ကျိန်စာကို ဖန်တီးခဲ့ကြသည်။
သူ့အား ကောင်းကင်မှ ဂြိုဟ်ကိုးလုံးတို့၏
စွမ်းအားဟုလည် ခေါ်သည်။ ထို့အပြင် သူသည်

ဝက်ပါတစ်ခုမဟုတ်ပဲ မှော်ကျိန်စာတစ်ခု ဖြစ်သည်။

မားစ်မီးတောက်ဘီးအား အဆုံးစွန် လေ့ကျင့်နိုင်ခဲ့ပါက သူသည် မားစ်ဂြိုဟ်စ်မှ စွမ်းအားများကို လှုံ့ဆော်၍ ထုတ်ယူသုံးစွဲနိုင်ကာ ဤရလဒ်သည် ကမ္ဘာကြီးအား တုန်လှုပ်ချောက်ချားစေခဲ့သည်။

သို့သော်လည်း ဤမှော်ကျိန်စာအား တစ်ဦးတစ်ယောက်တည်း၏ စွမ်းအားများဖြင့် ထုတ်လွှတ်ရခြင်းသည် ဝက်ပါတစ်ခု၏ စွမ်းအားများကို အသုံးပြု၍ ကြယ်စင်များ၏

မဟာစွမ်းအားကို ထုတ်ယူရခြင်းထက်
များစွာပို၍ခက်ခဲ၏။

ကောင်းကင်တံခါးဂိုဏ်း
ပျက်သုဥ်းသွားသည့်တိုင်အောင် ဂြိုဟ်ကိုးလုံး
အစစ်အမှန် ကောင်းကင်ကျိန်စာသည်
အပြည့်အ၀ မပြီးဆုံးသေးပေ။
အမှောင်ဂြိုလ်နှစ်ခုဖြစ်ကြသော ရာဟုနှင့်
ကိတုတို့အား အသက်သွင်း၍ မရသေးပဲ
အတိအကျ ပြောရလျှင် ဤမှော်ကျိန်စာအား
ဂြိုဟ်ခုနှစ်လုံး အစစ်အမှန်
ကောင်းကင်ကျိန်စာဟူ၍ပင် ခေါ်ရမည်
ဖြစ်သည်။

သို့သော်လည်း ကောင်းကင်တံခါးဂိုဏ်းမှ
ထိပ်သီးကျင့်ကြံသူများ၏ သဘောတရား
အရဆိုလျှင် အကယ်၍ ဤနောက်ဆုံး
ဂြိုဟ်နှစ်လုံး၏ မှော်ကျိန်စာများသာ
ပြီးမြောက်သွားပါက ဂြိုဟ်ကိုးလုံးတို့အား
တပြိုင်နက် အသက်သွင်းနိုင်ခဲ့လျှင်
တစ်ယော်ကသည် ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ပါနှင့်
တန်းတူရည်တူရှိသော ကြီးမားလှသည့်
စွမ်းအားများကို လူတစ်ယောက်တည်းက
ထုတ်ဖော်နိုင်မည် ဖြစ်သည်။

ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝက်ပါ၏ စွမ်းအားများသည် ဝက်ပါအတွင်းတွင်

ထည့်သွင်း အသုံးပြုခဲ့သော ရတနာများ၏ အပေါ်တွင်လည်း မူတည်နေသည်။ ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာ၏ စွမ်းအားသည်လည်း အသုံးပြုသူ၏ ကျင့်ကြံမှု အပေါ်တွင် မူတည်နေသည်။ သို့သော်လည်း ကောင်းကင်တံခါးဂိုဏ်းမှ ထိပ်သီးခေါင်းဆောင်များ အသုံးပြုခဲ့ပါက သူတို့သည် ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါ၏ အပြည့်အစုံ စွမ်းအားထက် များစွာပို၍ အောက်ကျနေမည် မဟုတ်ပေ။

ဂြိုဟ်ခုနှစ်လုံး အစစ်အမှန် ကောင်းကင်ကျိန်စာတွေ အထဲက မှော်ကျိန်စာ

ဘယ်နှစ်ခုကို အရှေ့ကောင်းကင် တံခါးဂိုဏ်းက ဆက်ခံနိုင်ခဲ့သလဲ မသိဘူး" ဇူရိသည် ဆောင်ချင်းစန်း၏ မားစ်မီးတောက်ဘီးသည် ကျွန်းပေါ်မှ ပုံရိပ်ယောင် မျက်နှာပြင် အပေါ်သို့ ကျရောက်သွားခဲ့သည်ကို တည်ငြိမ်စွာနှင့် ကြည့်နေခဲ့သည်။

သို့သော်လည်း သူသည် အကြမ်းနည်းဖြင့် ပေါက်ကွဲသည့် စွမ်းအားကို အသုံးမပြုခဲ့ပဲ မီးတောက်ဘီးသည် လျှင်မြန်စွာနှင့် လည်ပတ်နေခဲ့၍ ပုံရိပ်ယောင်၏ စွမ်းအားကို ဖြည်းဖြည်းချင်း အားနည်းအောင် ပြုလုပ်နေခဲ့သည်။

ဖူရိသည့် နေရာမှ မရွေ့လျားခဲ့ပဲ သူ၏
လက်ချောင်းများဖြင့် ထူးခြားဆန်းကြယ်သည့်
သင်္ကေတများကို ဖန်ဆင်းလိုက်သည်။
သူ၏ခေါင်းပေါ်မှ ရောမလိပ်ကြီး၏
ပုံရိပ်သည်လည်း ကျွန်းအပေါ်သို့
ကျရောက်သွားခဲ့သည်။

သူတို့ခြောက်ယောက် အနက် တစ်ယောက်ကမှ
သူတို့၏ လျှို့ဝှက်ဖဲချပ်များကို
မထုတ်ဖော်ခဲ့ကြပေ။ ထိုသို့သာဆိုလျှင်
ကိုယ်ကိုယ်တိုင်က နစ်နာ၍ သူတစ်ပါးအား
အကျိုးရှိစေလိမ့်မည် ဖြစ်သည်။ သို့သော်လည်း
တစ်ယောက်ကမှ အနောက်တွင် နေခဲ့ကာ
ကျန်သောသူများကို ခေးစားခံအနေနှင့်

အသုံးမပြုခဲ့ကြပေ။ မဟုတ်လို့ရှိလျှင် ပုံရိပ်ယောင်က ပွင့်သွားသောအခါ ကျန်သောသူများက စုပေါင်း၍ သူ့အား ထုတ်ဖယ်လိုက်ကြမည် ဖြစ်သည်။

အားလုံးတို့သည် လူကြီးလူကောင်းတို့၏ သဘောတူညီချက်ကို ရရှိထားကြသဖြင့် ဇူရီကလည်း အသာမနေနေခဲ့ပေ။

ကျရောက်သွားသည်နှင့် တပြိုင်နက် ဧရာမ လိပ်ကြီးသည် ချက်ချင်းဆိုသလိုပင် ကြီးမားလာခဲ့သည်။ နောက်ဆုံးတွင် သူသည် ကျွန်းတစ်ကျွန်းလုံးနှင့် အရွယ်အစား တူသွားခဲ့၏။ သူသည် ပုံရိပ်ယောင်၏

မျက်နှာပြင်အပေါ်တွင်
ကျရောက်သွားသောအခါ ထပ်မံ၍
မလှုပ်ရှားခဲ့တော့ပေ။

သို့သော်လည်း ဆောင်ချင်းစန်း၊ ဒီရေ
ခေးအကြီးအကဲ၊ အနီရောင် နဂါးဘုရင်နှင့်
ကျန်သောသူများ၏ မျက်ခုံးများသည် ချက်ချင်း
တွန့်ကုန်ကြသည်။ ဤရောမ လိပ်ကြီး၏
ဖိအားပေးမှုကို ခံလိုက်ရသောအခါ ဤကျွန်း၏
ပုံရိပ်ယောင်သည် နှစ်ခြိုက်စွာ
အိပ်မောကျသွားသကဲ့သို့
ငြိမ်သက်သွားခဲ့သည်ကို သူတို့အားလုံးတို့က
ကောင်းစွာ ခံစားလိုက်ရသည်။

ပုံရိပ်ယောင်၏ စွမ်းအားသည်
ကျဆင်းလာခဲ့ကာ စိတ်ဝိညာဉ် စွမ်းအင်များ၏
လည်ပတ်မှုသည်လည်း အဆက်မပြတ်
နှေးကွေးလာခဲ့၍ တည်ငြိမ်လုနီးပါး
ဖြစ်သွားခဲ့သည်။

ရောမ လိပ်ကြီး၏ ကျောကုန်းပေါ်မှ
အရေအတွက်သုံးခု အင်းရှစ်ကွက်၏ ပုံစံများဖြင့်
ဖန်ဆင်းထားသော မရေမတွက်နိုင်သည့်
မှော်သင်္ကေတများသည် အဆက်မပြတ်
လင်းလက်နေခဲ့၏။ ထူးခြားဆန်းကြယ်သော
စွမ်းအား သဘောတရားများသည်
အဆက်မပြတ် လှုပ်ရှားနေကြကာ
ပုံရိပ်ယောင်၏ ပြောင်းလဲမှုကို တွက်ချက်နေခဲ့၍

သူ့၏ သဘာဝနှင့် အားနည်းချက်များကို ဖော်ထုတ်နေခဲ့သည်။

ဤအချိန်တွင် အားလုံးအတွက် ဤကျွန်းပေါ်မှ ပုံရိပ်ယောင်သည် လျို့ဝှက်ချက် မဟုတ်တော့ပေ။ ပုံရိပ်ယောင်၏ တံလျှပ်များနှင့် ပြောင်းလဲမှုများက ပြောင်းလဲသွားကာ သူ၏ အစစ်အမှန် သဘာဝကို သိရှိသွားသော အချိန်တွင် အင်မော်တယ်ဝိညာဉ် အဆင့် မဆိုထားနှင့် အခြေတည် ဝိညာဉ် အဆင့်၊ ရွှေရောင်ဗဟိုချက် အဆင့်နှင့် အခြေခံအုတ်မြစ် အဆင့်မှ ကျင့်ကြံသူများပင်လျှင် သူ့အား ကြောက်ရွံ့ကြတော့မည် မဟုတ်ချေ။

ယခုအချိန်တွင် ရှင်ပျော်ပျော် သူတော်စင်ကပင် ဇူရီအား အံ့သြတကြီးဖြင့် ကြည့်လိုက်သည်။ "သူက အင်မော်တယ်ဝိညာဉ် အဆင့်က ဆောင်ချင်းစန်းကို စိန်ခေါ်ရဲတာ အဆန်းတော့ မဟုတ်ပါဘူး။ ဒီလိုမျိုး စွမ်းအားနဲ့ မှော်စွမ်းအင်တို့က တကယ့်ကို ထူးချွန်ပြောင်မြောက်လွန်းတယ်"

ဒီရေ ဓားအကြီးအကဲ၊ အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ သိမ်းငှက်တို့၏ မျက်လုံးများတို့သည် အဆက်မပြတ် လင်းလက်နေကြသည်။ ဇူရီသည် နောက်ဆုံးမှ လှုပ်ရှားခဲ့သူ ဖြစ်သော်လည်း ဤအခြေတည်

ဝိညာဥ် အလယ်အလတ် အဆင့်မှ ဂျူနီယာသည် ဤကျွန်းမှ ပုံရိပ်ယောင်ကို ချိုးဖျက်ခဲ့ရာတွင် အဓိက အကျဆုံးသော နေရာမှ ပါဝင်ခဲ့သည်။

ပုံရိပ်ယောင်က ပျက်စီးသွားသည်နှင့် တပြိုင်နက် ကျွန်းပေါ်မှ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် အချုပ်အနှောင်မှ လွတ်သွားခဲ့သည်။ ကောင်းကင်ပေါ်တွင် အစိမ်းရောင် အလင်းတန်း တစ်ခုကို ထုတ်လွှတ်လိုက်၍ သူသည် ဟင်းလင်းပြင်ကို ချိုးဖောက်ကာ လွတ်မြောက်ရန် ကြိုးစားခဲ့သည်။

နေမင်းမျိုးချ သိမ်းငှက်သည် ကျယ်လောင်စွာနှင့်
ဟိန်းဟောက်လိုက်၍ အနက်ရောင်
မြူခိုးငွေ့များက ကောင်းကင်အား
ဖုံးလွှမ်းသွားခဲ့ကာ သူ၏ မူလသိမ်းငှက်
ခန္ဓာကိုယ်အား ဖော်ပြခဲ့၍ အစိမ်းရောင်
ပုံရိပ်အား လွှမ်းခြုံလိုက်သည်။

အစိမ်းရောင် ပုံရိပ်သည်
ကြိုးစားရုန်းကန်နေခဲ့သော်လည်း
ဤအနက်ရောင် မြူခိုးငွေ့များထံမှ
မလွတ်မြောက်နိုင်ခဲ့ပေ။ မဟာယာန အဆင့်သို့
မရောက်သေးလျှင် သခင်မရှိသော
မှော်ရတနာများသည် သူ၏ကိုယ်ပိုင် အစွမ်းကို
အဆုံးစွန် ထုတ်သုံးနိုင်ခြင်း မရှိပေ။

ဤအချိန်တွင် နေမင်းမျိုးချ သိမ်းငှက်နှင့် ရင်ဆိုင်ခဲ့ရသောအခါ သူ့တွင် ခုခံရန် စွမ်းအားမရှိခဲ့ပေ။

သို့သော်လည်း ကျန်သောသူများ အနေဖြင့် သူတို့သည် နေမင်းမျိုးချ သိမ်းငှက်က ဤအစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား ရယူ၍ ထွက်သွားမည်ကို ထိုင်ကြည့်နေကြမည် မဟုတ်ပေ။ ဒီရေ ဓားအကြီးအကဲ၏ မျက်လုံးများ အတွင်းတွင် ကျယ်ပြန့်လှသော မိုးပြာရောင် ပင်လယ် အတွင်းမှ လှိုင်းထန်နေသကဲ့သို့ ဖြစ်လာခဲ့သည်။

ခဏအကြာတွင် ဒီရေ ခါးအကြီးအကဲ၏
ညာဘက်မျက်လုံးမှနေ၍ အပြာရောင်
ခါးအလင်းတန်းတစ်ခု ထွက်လာခဲ့ကာ ရောမ
ဒီရေလှိုင်းလုံးတစ်ခုအား ဖြစ်စေခဲ့၍ နေမင်းမျိုးချ
သိမ်းငှက်၏ ခန္ဓာကိုယ်အား လွှမ်းခြုံနေသော
အနက်ရောင် မြူခိုးငွေ့များကို
ဖြတ်တောက်လိုက်သည်။

နေမင်းမျိုးချ သိမ်းငှက်ကလည်း
ဒေါသတကြီးဖြင့် အလျှော့မပေးခဲ့ပေ။
အနက်ရောင် မြူခိုးငွေ့များသည် အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်အား ဖိနှိပ်ထားခဲ့၍
အပြာရောင် ခါးအလင်းတန်းအား
လွှမ်းခြုံထားခဲ့သည်။

ဒီရေ ခေါးအကြီးအကဲသည် သူ၏
လက်ချောင်းများဖြင့် ခေါးသင်္ကေတ တစ်ခုအား
ဖော်ဆောင်လိုက်သည်။ မိုးပြာရောင်
ခေါးအလင်းတန်းသည် အပြာရောင် ခေါးပျံတစ်ခု
အဖြစ်သို့ ပြောင်းလဲသွားခဲ့၍ အဆုံးမဲ့
ပင်လယ်၏ ကြီးမားသော စွမ်းအားများကို
ဖော်ဆောင်ထားခဲ့ကာ နေမင်းမျိုးချသိမ်းငှက်၏
အနက်ရောင် မြူခိုးငွေ့များကို ဖြိုခွဲလိုက်သည်။

တစ်ချိန်တည်းတွင်ပင် အောက်ဘက်မှနေ၍
ကျွန်းပတ်ပတ်လည်မှ အဆုံးမဲ့ သမုဒ္ဒရာမှ
ဒီရေလှိုင်းလုံးများက တက်လာကြသည်။
မရေမတွက်နိုင်သော ရေခေါးများသည်

ကောင်းကင်ပေါ်သို့ ထိုးတက်လာကြ၍
လေဟာနယ် ဒိုင်မန်းရှင်းများကို ဖျက်ဆီးပစ်ကာ
ဒီရေ ဓားအကြီးအကဲ၏ မှော်ရတနာ ဖြစ်သော
ပင်လယ်ဒီရေဓားဖြင့် နေမင်းမျိုးချ
သိမ်းငှက်အား တိုက်ခိုက်လိုက်သည်။

"ပင်လယ်နဂါး ကလန်လိုပဲ
စိတ်ရှုပ်စရာကောင်းတယ်" နေမင်းမျိုးချ
သိမ်းငှက်၏ အမူအရာသည် အနည်းငယ်
ပြောင်းသွားခဲ့၏။

ကျယ်ပြန့်လှသော သမုဒ္ဒရာ အတွင်းတွင်
ပင်လယ်နဂါး ကလန်နှင့် ကျယ်ပြန့်သော
ပင်လယ်ဓားဂိုဏ်းတို့သည် ကြီးမားသော

အိမ်ကွင်းအားသာချက်များ ရှိကြသည်။ ကျယ်ပြန့်လှကာ မကုန်မခမ်းနိုင်သည့် ရေအနွယ်ဝင် စိတ်ဝိညာဉ် စွမ်းအင်များကို အသုံးပြုနိုင်၍ သူတို့၏ အားသာချက်များသည် တိုက်ပွဲ၏ ရလဒ်များကို ပြောင်းလဲနိုင်စွမ်းပင် ရှိနိုင်သည်။

ဘာမှ ရွေးချယ်မှု မရှိတော့ပဲ နေမင်းမျိုးချ သိမ်းငှက်သည် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား စွန့်လွှတ်လိုက်ရကာ ခံစစ်ကိုသာ အာရုံစိုက်၍ ကာကွယ်ခဲ့ရသည်။ သို့မှသာ သူသည် ဒီရေ ဓားအကြီးအကဲ၏ တိုက်စစ်လှိုင်းလုံးများကို အောင်မြင်စွာနှင့် ချေဖျက်နိုင်ခဲ့သည်။

သို့သော်လည်း ဒီရေ ဓားအကြီးအကဲသည် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား မယူနိုင်ခင်တွင် အလင်းတန်း တစ်တန်းသည် လက်ကနဲ ဖြစ်သွားခဲ့ကာ ကျောက်စိမ်းဖန်တိုင်အား ယူသွားခဲ့သည်။ အနီရောင် နဂါးဘုရင်က စတင်လှုပ်ရှားခဲ့လိုက်ခြင်း ဖြစ်သည်။

နဂါးဘုရင်သည် ရယ်လောင်စွာနှင့် ရယ်မောလိုက်၏။ "မင်းက နေမင်းမျိုးချ သိမ်းငှက်ကို ဟန့်တားနိုင်ပေမဲ့ ငါ့ကိုတော့ မရပ်တန့်နိုင်ပါဘူး"

ခရမ်းစိမ်းရောင် မိုးကြိုးသွားများသည် ပြင်ပသို့ ထွက်လာခဲ့၍ ဒီရေ ဓားအကြီးအကဲ၏ ရေဓားများ၏ လွှမ်းမိုးမှုအား လုံးဝ အလေးမထားခဲ့ပေ။ အနီရောင် နဂါးဘုရင်၏ အထီးကျန်ရှစ်မျိုး နတ်ဘုရား မိုးကြိုးသည် ရေဓား တစ်ခုပြီးမှ တစ်ခုအား ဖျက်ဆီးခဲ့လိုက်ကာ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား ယူလိုက်၍ ထွက်သွားခဲ့ရန် ဟန်ပြင်လိုက်သည်။

"အနီရောင် နဂါးဘုရင်၊ ထွက်မသွားပါနဲ့ဦး" ရွှင်ပျော်ပျော် သူတော်စင်သည် အနည်းငယ် ပြုံးလိုက်သည်။ သူသည် ဆောင်ချင်းစန်း၊ ဒီရေ ဓားအကြီးအကဲတို့နှင့် ဆက်ဆံရေးများ

မကောင်းကြသော်လည်း ဘာပဲပြောပြော
သူတို့သည် လူသားများပင် ဖြစ်ကြသည်။
ယင်ပင်လယ်၏ ဝင်ပေါက်ကလည်း
နတ်ဘုရားနယ်မြေ အတွင်းမှ
လူသားကမ္ဘာအတွင်းတွင် ရှိနေသည်။
အကယ်၍ ယင်ကျိုးနတ်တောင်သည်
မိစ္ဆာများ၏ လက်အတွင်းသို့
ကျရောက်သွားခဲ့ပါက သူတို့အနေနှင့်
မျက်နှာပျက်စရာ ဖြစ်သွားလိမ့်မည်။

မရေမတွက်နိုင်သော အစိမ်းရောင်
နွယ်ပင်များသည် ပေါ်ပေါက်လာခဲ့ကာ
အနီရောင် နဂါးဘုရင်၏ လမ်းကြောင်းအား
ကာထားလိုက်သည်။ အထီးကျန်ရှစ်မျိုး

နတ်ဘုရား လျှပ်စီးအား ထိန်းချုပ်ထားသော
အနီရောင် နဂါးဘုရင်သည် နွယ်ပင်တစ်ပင်ပြီးမှ
တစ်ပင်တို့အား ဖျက်ဆီးပစ်ခဲ့လိုက်သည်။

သို့သော်လည်း ထိုအစိမ်းရောင်
နွယ်ပင်များသည် အဆုံးမရှိဟု ထင်နေရ၏။
အချို့နွယ်ပင်များက
အဖျက်ဆီးခံလိုက်ရချိန်တွင်
ကျန်သောအပင်များက မိုးကြိုးစွမ်းအားများကို
မခံစားရပဲ အာဟာရ ဖြည့်ပေးသကဲ့သို့ပင်
ဖြစ်ကာ ပိုမို လျှင်မြန်စွာနှင့်
ကြီးထွားလာကြသည်။

ရှင်ပျော်ပျော် သူတော်စင်၏ ဟန့်တားမှုကို ခံလိုက်ရသဖြင့် အနီရောင် နဂါးဘုရင်ကလည်း အဝေးသို့ မထွက်သွားနိုင်တော့ပေ။ သူ၏ ခေါင်းအပေါ်တွင် ဆောင်ချင်းစန်း၏ မားစ်မီးတောက်ဘီးကလည်း တစ်ဝီဝီမည်နေကာ ကြီးမားလှသော စွမ်းအားများဖြင့် ကျဆင်းလာခဲ့သည်။

အနီရောင် နဂါးဘုရင်သည် အေးစက်စွာဖြင့် နှာတစ်ချက်မှုတ်လိုက်ရာ သူ၏ ခန္ဓာကိုယ် အတွင်းမှ လျှပ်စီးများ ထွက်လာခဲ့၍ နဂါးဟိန်းသံများက ကောင်းကင်ထက်တွင် ပဲ့တင်ရိုက်သွားခဲ့သည်။ သူ၏ မူလခန္ဓာကိုယ်အား ဖော်ပြလိုက်ကာ

ခရမ်းရောင် အကြေးခွံများဖြင့်
တစ်ကီလိုမီတာခန့် ရှည်လျားသည့်
နတ်နဂါးအသွင်သို့ ပြောင်းသွားခဲ့သည်။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးမှနေ၍
အကြေးခွံများသည် ပွင့်လိုက်ပိတ်လိုက်
ဖြစ်နေကြကာ သူ၏ မိုးကြိုးစွမ်းအားများက
ပိုမိုသန်မာလာခဲ့ပြီး ဆောင်ချင်းစန်း၏
မားစ်မီးတောက်ဘီးကို အားသုံး၍ ခုခံနေခဲ့ကာ
တစ်ချိန်တည်းတွင်ပင် ရွှင်ပျော်ပျော်
သူတော်စင်၏ မော်ကျိန်စာဖြင့်
ဖန်တီးထားသော သန်းနှင့်ချီသည့် အပင်များကို
ဖျက်ဆီးနေခဲ့၏။

"နဂါးကလန်ရဲ့ အကောင်းဆုံး မျိုးနွယ်စုတွေက
တကယ့်ကိုပဲ ထူးခြားလှပါတယ်"
ဆောင်ချင်းစန်းက တည်ငြိမ်စွာနှင့်
ပြောလိုက်ကာ သူမ၏ ညာလက်ဖြင့်
ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများကို
ရေးဆွဲလိုက်သည်။ ချက်ချင်းပင် အပေါ်မှ
ကောင်းကင်ယံသည် ရေအိုင်အတွင်းမှ
လှိုင်းများကဲ့သို့ တုန်ခါလာခဲ့သည်။

ကောင်းကင်ကြီးသည် ပုံရိပ်ယောင်
အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့သည်ဟု
ထင်နေရပြီး ထိုအက်ကွဲကြောင်း အတွင်းတွင်
တောက်ပလင်းလက်နေသော
ကြယ်စင်ပင်လယ်တစ်ခုအား မြင်နေရသည်။

သူတို့အတွင်းတွင် အနီရောင်
မီးတောက်ကြယ်စင် တစ်ခုသည် ပို၍ပို၍
တောက်ပလာကာ အရွယ်အစားကလည်း
ပို၍ပို၍ ကြီးမားလာ၏။
ဤပုံရိပ်ယောင်ကလည်း အောက်သို့
ကျဆင်းလာခဲ့ကာ အောက်မှ လူအားလုံးတို့နှင့်
တဖြည်းဖြည်း ပို၍ပို၍ နီးကပ်လာခဲ့သည်။

ကောင်းကင်ပေါ်မှ ဂြိုဟ်ကြီးကိုးလုံးအတွင်းတွင်
တစ်ခု အပါအဝင် ဖြစ်သော ယင်ဟော်၊
မားစ်ဂြိုဟ်!

မားစ်၏ ကြယ်စင်အလင်းတန်း
စွမ်းအားများသည့် ဆောင်ချင်းစန်း၏
မားစ်မီးတောက်ဘီး အပေါ်သို့
ကျဆင်းလာခဲ့ကာ သူမ၏ မှော်ကျိန်စာအား
အားဖြည့်ပေးနေခဲ့ကာ အနီရောင်
နဂါးဘုရင်အား ကာကွယ်နေခဲ့သည့်
အထီးကျန်ရှစ်မျိုး နတ်ဘုရားမိုးကြိုးတို့အား
အဆက်မပြတ် ဖြိုခွဲနေခဲ့သည်။

မိုးကြိုးနှင့် မီးတောက်တို့၏
ထိပ်တိုက်တွေ့ဆုံမှုမှနေ၍ မဆုံးနိုင်သော
ပေါက်ကွဲမှုများ ဖြစ်ပေါ်လာခဲ့သည်။
ကျွန်းအပေါ်မှ ကောင်းကင်ယံထက်တွင်

ချက်ချင်းပင် လျှပ်စီးနှင့် မီးတောက်များဖြင့် ဖုံးလွှမ်းသွားခဲ့သည်။

အနီရောင် နဂါးဘုရင်သည် ခက်ထန်လှသော်လည်း ရှင်ပျော်ပျော် သူတော်စင်နှင့် ဆောင်ချင်းစန်းတို့၏ တိုက်ခိုက်မှုများကို တစ်ယောက်တည်း ခုခံခဲ့ရသောအခါ ပြင်းထန်လှသော ဖိအားများကို စတင် ခံစားနေခဲ့ရသည်။ အထူးသဖြင့် သူသည် သူ၏စွမ်းအားများကို အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား ဖိနှိပ်ထားရန် ခွဲဝေသုံးစွဲထားရချိန်တွင် ဖြစ်သည်။

ဘာမှ မတတ်နိုင်ခဲ့ပဲ အနီရောင် နဂါးဘုရင်သည် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား ပထမ စွန့်လွှတ်လိုက်ကာ တိုက်ခိုက်မှုများကို အာရုံစိုက်၍ ခုခံခဲ့လိုက်ရသည်။

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် နောက်ထပ် လက်ပြောင်းသွားခဲ့၍ ဒီရေ ဓားအကြီးအကဲ၏ အပြာရောင် ဓားအလင်းတန်း တစ်ခုသည် သူ့ထံသို့ ရောက်ရှိလာခဲ့၏။

ဆောင်ချင်းစန်း၏ မျက်လုံးအစုံသည် လင်းလက်သွားခဲ့သည်။ သူမသည် သူမ၏ ညာလက်ဖြင့် မားစ်မီးတောက်ဘီးကို ထိန်းချုပ်နေခဲ့ကာ သူမ၏ ဘယ်လက်သည်

နောက်ထပ် ထူးခြားဆန်းကြယ်သော မှော်သင်္ကေတ တစ်ခုအား ဖော်ဆောင်လိုက်သည်။ ငရဲကမ္ဘာ၏ အောက်ဆုံးထပ်မှ လာခဲ့သကဲ့သို့ အလွန်အမင်း အေးစက်မှု တစ်ခုသည် ပြင်ပသို့ ထွက်လာခဲ့၍ ချက်ချင်းဆိုသလိုပင် ဒီရေ ခါးအကြီးအကဲ၏ ကျယ်ပြန့်သော ပင်လယ် ခါးလမ်းကြောင်းကို တားဆီးလိုက်၏။

ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာ ချန်ရှင်းနည်းစနစ်၊ ရေဂြိုဟ် မာကျူရီ၊ မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုး!

ထိုမှော်ကျိန်စာဖြင့် ဆောင်ချင်းစန်းသည် ဒီရေ
ခါးအကြီးအကဲ၏ အိမ်ကွင်းအားသာချက်ကို
ဂရုမစိုက်ခဲ့ပေ။

စကြာနန့်ပိုင်း အတွင်းတွင် အင်မော်တယ် ဝိညာဉ်
အဆင့်မှ အကြီးအကဲများက တိုက်ပွဲကြီး
တစ်ခုအား ဆင်နွှဲနေခဲ့ကြသည်။ ထိုအချိန်တွင်
ဇူရီသည် ရောမလိပ်ကြီး ပုံရိပ်အား
ထိန်းချုပ်ကာ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်ထံသို့
ဝင်ရောက်လာခဲ့သည်။

ဆောင်ချင်းစန်း၏ မျက်လုံးအစုံမှ
အေးစက်သော အလင်းတန်းတစ်ခု

ပေါ်လာခဲ့ကာ ပြောလိုက်သည်။ "ဂျူနီယာ၊ မင်းကတကယ် လာရဲသလား"

ဇူရီသည် တည်ငြိမ်အေးဆေးစွာနှင့်ပင် ပြန်ပြောလိုက်သည်။ "ဆောင်ချင်းစန်း၊ ခင်ဗျားတို့ အရှေ့ကောင်းကင် တံခါးဂိုဏ်းက ကောင်းကင်တံခါးဂိုဏ်းရဲ့ နည်းစနစ်တွေ ဘယ်လောက်ကို အမွေဆက်ခံနိုင်ခဲ့သလဲ ဆိုတာကို ကြည့်ရတာပေါ့။ ခင်ဗျားတို့ရဲ့ ရှောင်တိမ်းခြင်း နတ်ကျိန်စာက မပြည့်စုံဘူး။ တခြား မှော်ကျိန်စာတွေကတော့ ပြီးပြည့်စုံသလား ဆိုတာကို ကြည့်ရအောင်"

## စာစဉ် ၃၉ : အပိုင်း ၁၆

# အပိုင်း ၇၄၆ : အန္တိမ အကွက်အား စတွေ့သည်နှင့် ထုတ်သုံးခြင်း

ရှုရီသည် ဆောင်ချင်းစန်းအား တည်ငြိမ်စွာနှင့် ကြည့်နေခဲ့၍ သူ၏ မျက်လုံးအတွင်းမှ အလင်းတန်းတစ်ခု ထွက်လာခဲ့ကာ သူ၏ ပါးစပ်ကို အနည်းငယ် ဟလိုက်၍ အဖြူရောင် ခတ်ငွေ့ဘောလုံး တစ်ခုအား ထုတ်လွှတ်လိုက်သည်။

အဖြူရောင် ခတ်ငွေ့သည် အစိုင်အခဲ ဖြစ်သွားခဲ့၍ ငါးတစ်ကောင်၏ အကြေးခွံများနှင့်

တူနေသော တိမ်တိုက်အငွေ့များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူတို့သည် စတုရန်းမီတာ နှစ်ထောင်ကျော် ကျယ်ပြန့်သွားခဲ့ကာ ဇူရီ၏ ခေါင်းပေါ်တွင် လွင့်မျောနေခဲ့သည်။

ထိုအကြေးခွံပုံစံ တိမ်တိုက်များ၏ အပေါ်တွင် တောင်ကြီးတစ်လုံးအလား ကြီးမားကာ ဒီဇင်ဘာညကဲ့သို့ မှောင်မည်းနေသည့် ချီလင်တစ်ကောင် ပေါ်လာခဲ့သည်။ သူ၏ အရွယ်အစားမှာ ဆောင်ပန်းအား ဖမ်းချုပ်ခဲ့သည့် အကောင်ထက် အရွယ်အစား ပို၍ကြီးမားကာ ဂုဏ်သိက္ခာ စွမ်းပကားက ပို၍ နက်ရှိုင်းသည်။

ရောမ အကောင်နှစ်ကောင် ဖြစ်ကြသည့်
ချီလင်နှင့် လိပ်ကြီးတို့သည် ဇူရိ၏ဘေးတွင်
အတူတကွ ပေါ်လာခဲ့သည်။
တစ်ချိန်တည်းတွင်ပင် သူ၏အရှေ့မှ
လေထုအတွင်းတွင် မည်းနက်နေသော
ကျောက်တိုင်တစ်ခုသည် အဆုံးမဲ့
အမှောင်ထုကဲ့သို့ ပေါ်လာခဲ့၍ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်အား လွှမ်းခြုံလိုက်သည်။
သူသည် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ
တစ်ပါးဖြစ်သည့် ထာဝရည
မိစ္ဆာကျောက်တိုင်မှလွဲ၍ အခြားမဟုတ်ချေ။

ထာဝရည မိစ္ဆာကျောက်တိုင်သည်
သူပေါ်လာသည်နှင့် တပြိုင်နက် အစိမ်းရောင်

ကျောက်စိမ်းဖန်တိုင်အား ဖိနှိပ်လိုက်သည်။ ဇူရီ၏ အမူအရာသည် တည်ငြိမ်နေခဲ့ကာ ဘာမှ မဖြစ်ခဲ့ပဲ ကျန်သောသူများ အားလုံးတို့၏ ဘုံပစ်မှတ် ဖြစ်သွားခဲ့မည်ကို မစိုးရိမ်သကဲ့သို့ပင် နေနေခဲ့၏။

ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည် ထိုအခြင်းအရာကို တွေ့လိုက်ရသောအခါ သူတို့၏ စိတ်ခံတတ်များသည် အနည်းငယ် ကျသွားကြသည်။ "ဒီကောင်လေးက မောက်မာတဲ့ပုံ ပေါက်နေပေမဲ့ သူက လောဘစိတ်ကြောင့် ဘာမှမမြင်နိုင်တော့တဲ့ သူတစ်ယောက်နဲ့ မတူနေဘူး။ သူက ဒီလိုမျိုး

လုပ်ရဲတယ်ဆိုတော့ သူ့ရဲ့ ယုံကြည်ချက်က
တစ်နေရာကနေ လာခဲ့တာ ဖြစ်မယ်"

ထိုကဲ့သို့သော အတွေးများ
ရှိနေသည့်တိုင်အောင် သူတို့၏
လှုပ်ရှားမှုများသည် တစ်စက္ကန့်မှ
မနှေးသွားကြပေ။ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်ကို ပိုင်ဆိုင်ထားသူသည်
အားလုံးတို့၏ ဘုံပစ်မှတ် ဖြစ်သွားခဲ့မည်
ဖြစ်သည်။ ရွှင်ပျော်ပျော် သူတော်စင်ကပင် သူ၏
မှော်ကျိန်စာအား ထုတ်လွှတ်ရန်
ပြင်ဆင်နေခဲ့သည်။ သို့သော်လည်း
ထိုအချိန်တွင် ဖြူဖွေးသန့်စင်နေသော
ဝတ်ရုံတစ်ခုသည် ဇူရီ၏ ခန္ဓာကိုယ် အပေါ်တွင်

သူ၏ ခရမ်းရောင် အဝတ်အပြင်မှ ရုတ်တရက် ပေါ်လာခဲ့သည်။

ဤအဖြူရောင် ဝတ်စုံသည် ရိုးစင်းသော်လည်း အသက်ကြီး၍ ဂုဏ်ကျက်သရေရှိကာ တည်ကြည်ခန့်ညားနေသည်။ သူ၏ မျက်နှာပြင် အပေါ်မှနေ၍ အဖြူရောင် အလင်းတန်းတစ်ခုက တောက်ပစွာ ထွက်ပေါ်လာခဲ့၍ သူ၏အတွင်းမှနေ၍ စာရွတ်သံများ ကြားနေရ၏။ ဤအသံသည် အစပိုင်းတွင် သိပ်မထူးခြားသော်လည်း မကြာမီတွင် ကမ္ဘာအတွင်းမှ စာသင်သားများ အားလုံးက စာအုပ်များကို

သံပြိုင်ရွတ်ဆိုနေကြသကဲ့သို့
ကျယ်လောင်လာခဲ့သည်။

ဤအရာကို တွေ့လိုက်သောအခါ
ဆောင်ချင်းစန်း၊ ဒီရေ ဓားအကြီးအကဲနှင့်
ရှင်ပျော်ပျော် သူတော်စင်တို့ အားလုံးတို့၏
မျက်နှာအပေါ်တွင် ရှုပ်ထွေးသော အမူအရာများ
ပေါ်လာကြသည်။ "မြင့်မြတ်သော အန္တိမ
ရှေးဟောင်း ချပ်ဝတ်တန်ဆာ..."

ဤဝတ်ရုံသည် ရှေးဟောင်းခေတ်မှ
စာပေပညာရှင် မဟာပညာရှိ တစ်ပါးက
ဝတ်ဆင်ခဲ့ခြင်း ဖြစ်သည်။ သူ၏ထူးခြားချက်မှာ
အခြားကျင့်ကြံသူများ၏ လက်အတွင်းတွင်

ဘာမှ အသုံးမကျပဲ သာမန်အဝတ်စ
တစ်ခုအဖြစ်သာ ရှိနေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း စာပေပညာရော ကျင့်ကြံမှုပါ
အထင်ကြီးဖွယ်ရာ ကျင့်ကြံထားနိုင်ခဲ့သော
သူများအတွက် ဒါသည် အလေးထားရမည့်
အင်အားတစ်ခုဖြစ်သည်။ လွန်ခဲ့သော
သုံးနှစ်ကျော်က ဇူရီသည် ထျန်းကျင်းမြို့သို့
နန်းတွင်းစာမေးပွဲ သွားဖြေခဲ့ အပြီးတွင် သူသည်
ကမ္ဘာကြီးအား သူ၏ စာစီစာကုံးဖြင့်
အံ့သြတုန်လှုပ်စေခဲ့၍ ပညာရှိ တစ်ရာတို့၏
အသိအမှတ် ပြုမှုအား ခံခဲ့ရသည်။
နောက်ပိုင်းတွင် သူသည် ဤပွားစည်းခြင်း
အဆင့်မှ မှော်ရတနာ တစ်မျိုးဖြစ်သော

မှော်ရတနာ၏ အသိအမှတ် ပြုမှုအား
ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်ဖြင့်ပင်
ရရှိခဲ့သည်။

ပြီးတာနှင့် မြင့်မြတ်သော အန္တိမ ရေးဟောင်း
ချပ်ဝတ်တန်ဆာသည် သူ၏ စွမ်းအားများကို
ထုတ်မပြပဲ ထျန်းကျင်းမြို့၏ စာမေးပွဲ
ခန်းမအတွင်းမှ ဇူရီနှင့်အတူ
ထွက်ခွာလာခဲ့သည်။ ထို့ကြောင့်
အားလုံးတို့သည် ဤအဖြစ်ကို
မေ့မေ့ပျောက်ပျောက် ဖြစ်နေကြသည်။

သို့သော်လည်း ဆောင်ချင်းစန်းနှင့်
ကျန်သောသူများက သူ့အား

အထင်မသေးရဲကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဤမြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာ၏ အတွင်းမှနေ၍ ခိုင်မာသော စိတ်ဓာတ်အား တစ်ခုကို အာရုံခံနိုင်နေခဲ့သောကြောင့် ဖြစ်သည်။

ကောင်းကင်အောက်မှ စာသင်သားတိုင်း၏ စိတ်ဓာတ်အင်များသည် အတူတကွ စုစည်းနေခြင်းနှင့်ပင် တူနေပေသည်။ စကြာဝဠာကြီး၏ တရားမျှတသော လမ်းကြောင်းပမာ ရှေးပဝေသဏီခေတ်မှ ယနေ့ခေတ်တိုင်အောင် လူအားလုံးကို တုန်လှုပ်စေခဲ့သည်။

ဇူရီ၏ဘေးမှ လေထုအတွင်းတွင်
မတ်တတ်ရပ်နေသော မုတ်ဆိတ်မွေးရှည်နှင့်
အသက်ကြီးကြီး လူတစ်ယောက်၏
ပုံရိပ်ရေးရေးလေးသည် ပေါ်လာခဲ့သည်။
သူသည် နူးညံ့သိမ်မွေ့ကာ
တည်ငြိမ်အေးဆေးသော အငွေ့အသက်များ
ရှိနေသော်လည်း သူ၏ မာနနှင့်
ဂုဏ်သိက္ခာတို့ကိုမူ ဖုံးကွယ်ထားနိုင်ခြင်း
မရှိခဲ့ပေ။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ အကြောင်းကို
မသိထားကြသော အနီရောင် နဂါးဘုရင်နှင့်
နေမင်းမျိုးချ သိမ်းငှက်ကဲ့သို့သော

မိစ္ဆာများသည့်ပင်လျှင်
တည်ကြည်လေးနက်သောပုံများ
ပေါက်လာကြ၏။

ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ တစ်ပါးအား ဇူရီကဲ့သို့ အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူတစ်ယောက် မပြောနှင့်၊ အင်မော်တယ်ဝိညာဉ် ပထမ အဆင့်တွင် ရှိနေကြသော ဆောင်ချင်းစန်းနှင့် ရှင်ပျော်ပျော် သူတော်စင်တို့ကဲ့သော သူများကပင် သူ၏ စွမ်းအားများကို အပြည့်အဝ ထုတ်လွှတ်နိုင်မည် မဟုတ်ပေ။ အလွန်ဆုံး သူတို့သည် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများထက်သာ သူ၏ စွမ်းအားများကို ထုတ်ဖော်နိုင်မည် ဖြစ်သည်။

သို့သော်လည်း သူတို့၏ အရှေ့မှ မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာသည့် အတော့်ကိုပင် ထူးဆန်း၏။ တစ်ယောက်ကမှ မှော်ရတနာ တစ်ပါး၏ မူလစိတ်ဝိညာဉ်ကို အတင်းအကျပ် ပယ်ဖျက်ခြင်း မပြုပဲ သူ၏သခင် ဖြစ်လာနိုင်စွမ်း မရှိပေ။

သို့သော်လည်း ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား အသိအမှတ် ပြုထားခဲ့သည် အပြင် ယခုအချိန်တွင် အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ ဇူရီ၏ ထိန်းချုပ်မှုကို ခံနေရသည့်တိုင် သူသည် အင်မော်တယ်ဝိညာဉ်

ပထမ အဆင့်မှ ကျင့်ကြံသူများက ပွားစည်းခြင်း အဆင့်မှ မှော်ရတနာများကို ထိန်းချုပ်သည့် အချိန်တွင် ထုတ်ဖော်နိုင်သည့် စွမ်းအားများကို ထုတ်ဖော်နိုင်ခဲ့သည်။

ဒါသည် သမရိုးကျ သဘောတရားများကို ဆန့်ကျင်နေသည်ဟူ၍ ခံစားနေခဲ့ရသော်လည်း ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည် အကယ်၍ ဇူရိက အင်မော်တယ်ဝိညာဥ် ပထမ အဆင့်သို့ ရောက်သွားခဲ့လျှင် သူသည် ဤပွားစည်းခြင်း အဆင့်မှ မှော်ရတနာအား အပြည့်အဝ ထိန်းချုပ်နိုင်လိမ့်မည်ဟု ယုံကြည်နေကြသည်။

မြင့်မြတ်သော အန္တိမ ရေးဟောင်း
ချပ်ဝတ်တန်ဆာ ပေါ်လာခဲ့အပြီးတွင် ဇူရီသည်
သူ၏လက်ကို မြှောက်လိုက်ကာ
လေထုအတွင်းတွင် စတင်ရေးသားခဲ့သည်။

သူသည် စတင်၍ ရေးသားရုံသာ
ရှိသေးသော်လည်း စက္ကန့်ပိုင်း အတွင်းတွင်
မရေမတွက်နိုင်သော အလင်းနှင့်အမှောင်
စကားလုံးများသည် လေထုအတွင်းတွင်
ပေါ်ပေါက်လာကြသည်။

ယခင်အကြိမ်များနှင့် မတူပဲ ယခုအချိန်တွင်
ဇူရီက အလင်းနှင့်အမှောင်တို့၏ အပြန်အလှန်
ထောက်ပံ့နေကြသော စွမ်းအင်များကို

အသုံးပြု၍ ရေးသားခဲ့သော စကားလုံးများသည် မိတာသုံးဆယ်ကျော် ရှည်လျားသည်။ လေထုအလယ်တွင် လွင့်မျောနေကြသော ရောမ စာလုံးကြီးများသည် ကြည့်နေသူများအား ထိတ်လန့်တုန်လှုပ်စေခဲ့သည်။

စာလုံးများစွာတို့သည် ထက်အောက်စုန်ဆန်၍ ရွေ့လျားနေကြကာ ရောမ ဝက်ပါကြီး တစ်မျိုးအား ဖန်ဆင်းနေခဲ့ကာ ကမ္ဘာကို လှုပ်ခါနိုင်သော စာစီစာကုံး တစ်ပုဒ်အား ရေးသားနေခဲ့သည်။

သူတို့သည် သီးသန့်ဒိုင်မန်းရှင်းဖြစ်သော ယင်ပင်လယ် အတွင်းသို့

ရောက်ရှိနေခဲ့ကြသော်လည်း ယဉ်ကျေးမှု အငွေ့အသက်များနှင့် ဉာဏ်ပညာ အလင်းတန်းများတို့သည် စကြာဝဠာ၏ နေရာအသီးသီးမှနေ၍ အတူတကွ ရောက်ရှိလာကြသည်။

သူတို့သည် ကြယ်စင်အလင်းတန်းများကို ဖွဲ့စည်းခဲ့ကာ နတ်သမီးများက ကောင်းကင်ပေါ်မှနေ၍ ပန်းများကို ကြဲချနေခဲ့သကဲ့သို့ မြင်ကွင်းများကို ဖန်ဆင်း၍ သာမန်သေမျိုးများ၏ နားနှင့်ကြားရန် မထိုက်တန်သည့် နတ်တေးသွားများကို တီးခတ်သီဆိုနေခဲ့သည်။

ဤမဟာ စာစီစာကုံးသည် အဆုံးမရှိသကဲ့သို့
မိုးကုတ်စက်ဝိုင်း အလွန်ထိတိုင်အောင်
ဆန့်တန်းသွားခဲ့သော ရွှေရောင်တံတား
တစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

စာစီစာကုံး၏ ပထမအပိုဒ်သည်
အတိတ်ဖြစ်သလို အနာဂတ်လည်း ဖြစ်၏။
ရှေ့သို့ ဆက်လက် တည်ဆောက်သွားနေခဲ့ကာ
အနာဂတ်မှ အဆုံးမဲ့ ဖြစ်နိုင်ခြေများကို
ရှာဖွေနေခြင်း ဖြစ်သည်။ သူသည်
ဖန်ဆင်းခြင်းကို ကိုယ်စားပြုနေသည်။
လူသားတို့၏ အရှိန်အဟုန်သည်
အတိတ်ကာလမှ
စည်းမျဉ်းစည်းကမ်းဟောင်းများကို

ဖက်တွယ်ထားနေခြင်း မရှိပဲ အရှေ့သို့သာ ခြေလှမ်းကျဲများဖြင့် ဆက်လက်လျှောက်လှမ်းရမည်။

စာစီစာကုံး၏ ဒုတိယ အပိုဒ်သည် အတားအဆီး အားလုံးကို ချိုးဖြတ်၍ အန္တရာယ် အားလုံးတို့ကို ကျော်လွှားခြင်း ဖြစ်သည်။ သူသည် ကျော်လွှန်ခြင်းအား ကိုယ်စားပြုသည်။ ရန်သူများအား ကျော်လွှန်ရမည်။ အခက်အခဲများအား ကျော်လွှန်ရမည်။ အချိန်ကာလအားလည်း ကျော်လွှန်ရမည်။ ကမ္ဘာကြီး၏ အကန့်အသတ်များကိုလည်း ကျော်လွှန်ရမည်။ လူသားတို့၏ အရှိန်အဟုန်၊

လူသားတို့၏ မဟာ အရှိန်အဟုန်ကသာလျှင် အကန့်အသတ်မရှိပဲ တိုးတက်စေရမည်။

သို့သော်လည်း စာစီစာကုံး၏ တတိယ အပိုဒ်မှာ သိပ်မထူးခြားသကဲ့သို့ ဖြစ်၏။ သို့သော်လည်း သူသည် နက်ရှိုင်းသော အဓိပ္ပာယ် တစ်ခုအား သယ်ဆောင်ထားသည်။ သူသည် ဝေမျှခြင်းအား ကိုယ်စားပြုသည်။ ကျင့်ကြံမှုအား ကိုယ်စားပြုသည်။ လမ်းညွှန်မှုအား ကိုယ်စားပြုသည်။ ကမ္ဘာကြီး၏ ဆရာအဖြစ် ပထမဆုံး တက်လှမ်းကာ သဘောတရားများနှင့် ပညာရှိများ၏ အဆိုအမိန့်များကို ရှင်းလင်းပြသရမည်။
လူတစ်ယောက်ချင်းစီတိုင်းသည်

ပင်ကိုယ်စွမ်းရည် မည်ကဲ့သို့ပင် ရှိသည်ဖြစ်စေ သူတို့ကသာ လိုလားပါက ကျင့်ကြံမှုကို လက်ခံနိုင်မည် ဖြစ်သည်။

ဤတတိယ စာပိုဒ်သည် ဇူရီ၏ ကိုယ်ပိုင် စာပေ အငွေ့အသက်နှင့် ပြီးပြည့်စုံစွာ တစ်ထပ်တည်း ကျနေခဲ့ပြီး သိသာထင်ရှားစွာ မြင်နေနိုင်သည်။

ဤစာပိုဒ်သုံးပိုဒ်တို့အား အတူတကွ စုပေါင်းလိုက်သောအခါ ဇူရီ၏ ကိုယ်ပိုင် တီထွင်ထားသော မူလ နည်းစနစ်ဖြစ်လာသည်။ ပညာရှိတို့၏ စာစီစာကုံးသည် စာပေ အငွေ့အသက်များ၊ မော်ကျိန်စာတို့၏ စွမ်းအားများနှင့် ပြီးပြည့်စုံစွာ

ပေါင်းစည်းခဲ့သည်။ ဤစာစီစာကုံးသည် ဇူရီ
စာမေးပွဲဖြေသောနေ့တွင် ပညာရှိ တစ်ရာတို့၏
အသိအမှတ်ပြုမှုအား ရရှိခဲ့သော စာစီစာကုံးပင်
ဖြစ်ပေသည်။

ထိုစာစီစာကုံး ပေါ်လာခဲ့သည်နှင့် မြင့်မြတ်သော
အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာ၏
အလင်းတန်း အတွင်းမှ မရေမတွက်နိုင်သော
ပုံရိပ်များ ထွက်ပေါ်လာခဲ့သည်။
သူတို့အကုန်လုံးတို့သည် သမိုင်းသက်တမ်း
တလျှောက်မှ စာသင်သားများ၊ ပညာရှိများ
ဖြစ်ကြသည်။ သူတို့အားလုံးတို့သည်
ဤပညာရှိတို့၏ စာစီစာကုံးအား
ကျယ်လောင်စွာ အသံထွက်၍ အတူတကွ

ဖတ်နေကြသည်။ ဤမှော်ရတနာ၏
စွမ်းအားများသည် ဇူရီ၏ နည်းစနစ်နှင့်
ပြီးပြည့်စုံစွာ ပေါင်းစည်းသွားကြ၍
တစ်ခုနှင့်တစ်ခု အပြန်အလှန်
အားဖြည့်ပေးနေကြသည်။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ စွမ်းအားများသည် ဇူရီ၏
နည်းစနစ် အတွင်းသို့ ပေါင်းစပ်သွားခဲ့၍ ဇူရီ၏
စာပေ အငွေ့အသက်များသည်လည်း
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာနှင့် လိုက်လျောညီထွေ
ဖြစ်နေခဲ့၏။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချုပ်ဝတ်တန်ဆာ၏ အားဖြည့်ပေးမှုအောက်တွင်
ရွှေရောင် တံတားကြီးသည် စကြာဝဠာ
တစ်ခုလုံးအား ဆက်သွယ်ထားသကဲ့သို့ ပို၍ပင်
အစိုင်အခဲပုံစံဖြင့် အကောင်အထည်
ပေါ်လာခဲ့သည်။ ထာဝရည
မိစ္ဆာကျောက်တိုင်အား သူနှင့်အတူ
ယူဆောင်ခဲ့၍ ဇူရီသည် ဤရွှေရောင်
တံတားအပေါ်သို့ တက်သွားခဲ့ကာ ဒီအတိုင်းပင်
ပျောက်ကွယ်သွားခဲ့၏။

ဤဖြစ်စဉ်သည် ရှည်ကြာသည်ဟု
ထင်နေရသော်လည်း ဤကျွန်းအပေါ်မှ
အချိန်နှင့် လေဟာနယ်တို့သည်

အေးခဲနေသကဲ့သို့ ဖြစ်နေခဲ့သည်။
စက္ကန့်ပိုင်းလေး အတွင်းတွင်ပင် ဇူရီသည်
ရွှေရောင်တံတားအပေါ်သို့ ခြေချလိုက်ကာ
ပျောက်ကွယ်သွားခဲ့၍ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်နှင့်အတူ အဝေးမှ
မိုးကုတ်စက်ဝိုင်းထံသို့ ရောက်ရှိသွားခဲ့သည်။

စွမ်းအားကြီးသော ကျင့်ကြံသူများ ဖြစ်ကြသည့်
ဆောင်ချင်းစန်း၊ အနီရောင် နဂါးဘုရင်၊
ရွှင်ပျော်ပျော် သူတော်စင်တို့ပင်လျှင်
ဤရွှေရောင်တံတား ပေါ်လာသည့် အချိန်တွင်
သူတို့၏ စိတ်အာရုံများသည် သူတို့နှင့်
မကပ်ခဲ့ကြပဲ ခေတ္တမျှ အေးခဲသွားခဲ့သည်။

သူတို့ သတိပြန်ဝင်လာကြသောအခါ အဝေးမှ မိုးကုတ်စက်ဝိုင်း အတွင်းသို့ ပျောက်ကွယ်သွားပြီ ဖြစ်သော ရွှေရောင်အလင်းတန်းအား ကြည့်လိုက်၍ သူတို့အားလုံးတို့၏ မျက်နှာများသည် မည်းမှောင်သွားကြသည်။ ချက်ချင်းပင် သူတို့သည် အလင်းတန်း ငါးတန်းအဖြစ်သို့ ပြောင်းသွားခဲ့၍ သူ့အနောက်ကို လိုက်ဖမ်းလိုက်ကြသည်။

ဆောင်ချင်းစန်းသည် သူမ၏ လက်များဖြင့် ထူးခြားဆန်းကြယ်သည့် မှော်သင်္ကေတ လက္ခဏာများကို ဖန်ဆင်းခဲ့ရာ သူမ၏ အပေါ်မှ ကောင်းကင်ထက်တွင် ပုံရိပ်ယောင်

အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့သည်။ အနီရောင်နှင့် အပြာရောင် ဂြိုဟ်ကြီးနှစ်လုံး တို့သည် အတူတကွ လင်းလက်နေကြသည်ကို တွေ့နိုင်ခဲ့၏။ သူတို့သည် မားစ်နှင့် နက်ပကျွန်းဂြိုဟ်တို့ ဖြစ်ကြသည်။

ဒီရေ ခားအကြီးအကဲကလည်း သူ၏ ပင်လယ်ဒီရေခားကို မြှောက်၍ ခုတ်ချလိုက်ရာ မိုးပြာရောင် ခားအလင်းတန်း တစ်ခုသည် ဇူရီ၏ အနောက်သို့ လိုက်သွားခဲ့၏။

အနီရောင် နဂါးဘုရင်၏ ခန္ဓာကိုယ်သည် မိုးကြိုးသွား တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ဒီရေ ခားအကြီးအကဲ၏ အမြန်နှုန်းထက်ပင်

ပိုမြန်နေသေးသည်။ ရှင်ပျော်ပျော်
သူတော်စင်သည် အနည်းငယ်
နောက်ကျနေခဲ့သော်လည်း တည်ငြိမ်နေခဲ့ကာ
အနောက်မှနေ၍ လိုက်လာခဲ့သည်။

သို့သော်လည်း ဆောင်ချင်းစန်း၊ ဒီရေ
ခေါးအကြီးအကဲနှင့် အနီရောင်
နဂါးဘုရင်တို့သည် ဇူရီက ရွှေရောင်တံတား၏
အပေါ်တွင် ရှိနေခဲ့၍ သူတို့၏
မြင်ကွင်းအတွင်းတွင် ရှိနေခဲ့သော်လည်း သူ၏
တည်နေရာကို ချုပ်နှောင်၍ မရပဲ သူ့အား
တိုက်ခိုက်တားဆီးနိုင်စွမ်း မရှိကြောင်းကို
တွေ့ရှိခဲ့ရသည်။

ဇူရီသည် ရွှေရောင်တံတား၏ အပေါ်တွင် တည်ငြိမ်စွာနှင့် ရပ်နေခဲ့၍ သူ၏ ခေါင်းပေါ်တွင် ရောမ လိပ်ကြီး တစ်ကောင်က လွင့်မျောလျှက် ရှိသည်။ သူ၏ မျက်လုံးများ အတွင်းတွင် အလင်းတန်းများ လင်းလက်နေခဲ့ပြီး ကျောမှအခွံပေါ်တွင် ဘီလီယမ်နှင့်ချီသော မော်သကော်တများတို့သည် အဆက်မပြတ် လှုပ်ရှားနေကြကာ မရေမတွက်နိုင်သော တွက်ချက်မှုများကို ပြုလုပ်နေကြသည်။

အကယ်၍ အနည်းငယ်ပို၍ နီးကပ်လာခဲ့ပါက ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည် ဇူရီအား ချုပ်နှောင်နိုင်၍ တိုက်ခိုက်မှုများကို ထုတ်လွှတ်နိုင်တော့မည် ဖြစ်သည်။

သို့သော်လည်း အကွာအဝေးမှာ အမြဲတမ်းပင် အနည်းငယ် ဝေးကွာနေသေးခဲ့ပြီး ဆောင်ချင်းစန်းနှင့် ကျန်သောသူများအား သွေးအန်လုမတတ် ဒေါသထွက်စေခဲ့သည်။ ဇူရီသည် ပထမတစ်ခေါက် လှူပ်ရှားလိုက်သည်နှင့် အားလုံးတို့အား နောက်ကောက်ချနိုင်ခဲ့သည်။

သူတို့ခြောက်ယောက် - ရှေ့မှတစ်ယောက် နောက်မှငါးယောက်တို့သည် အလင်းတန်း ခြောက်တန်းများအဖြစ် ယင်ပင်လယ်မှ ကောင်းကင်ယံတွင် အဆက်မပြတ် လှူပ်ရှားနေခဲ့သည်။ သူတို့သည်

တစ်ယောက်ကိုတစ်ယောက်
သတိထားနေကြရင်း ယင်ပင်လယ် အတွင်းမှ
ပတ်ဝန်းကျင် အန္တရာယ်များကိုလည်း
အာရုံစိုက်၍ ရှောင်ရှားနေရသေးသည်။

ဆောင်ဟွားရန်နှင့် ကျန်သောသူများ၊
မိုးကြိုးနဂါးနှင့် မဟာနတ်ငှက် ကလန်မှ
မိစ္ဆာများသည် ဤမြင်ကွင်းအား
မြင်လိုက်ရသောအခါ အားလုံးတို့သည်
အံ့သြတုန်လှုပ်ကုန်ကြသည်။
အုပ်စုခြောက်စုတို့က ပြိုင်ဆိုင်ကြရာတွင်
အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲ
ငါးဦးတို့က အခွင့်အရေးကို အသုံးမချနိုင်ခဲ့ပဲ

အခြေတည်ဝိညာဥ် အဆင့်မှ ဇူရီက
အမှတ်ယူသွားနိုင်ခဲ့သည်။

ရှီရှင်းယွင်သည်ပင်လျှင် ဆောင်ချင်းစန်းနှင့်
အခြားအကြီးအကဲ လေးဦးတို့၏
ဝိုင်းဝန်းပိတ်ဆို့ခြင်းကို ခံနေရသည့် ဇူရီသည်
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်နှင့်အတူ
လွတ်မြောက်သွားနိုင်ခဲ့သည်ကို အနည်းငယ်
အံ့အားသင့်နေမိသည်။

လင်းဖုန်းသည် ထိုကျွန်းအနီးသို့
ရောက်လာခဲ့သောအခါ ဇူရီသည် သူ၏
မဟာလွတ်မြောက်မှုအား ပြုလုပ်နိုင်ခဲ့သည်ကို
ကြည့်ရန် အချိန်မီပင် ဖြစ်၏။ သူ၏ခေါင်းကို

ခါလိုက်ကာ မရယ်ပဲနှင့် မနေနိုင်ခဲ့ချေ။
"ဟားဟား၊ ဒါက ရီကလေးရဲ့ ပုံစံပဲ!"

လင်းဖုန်းသည် ဆရာတစ်ယောက် အနေနှင့်
သူ့တပည့်များ၏ တိုက်ခိုက်မှု ပုံစံများကို
သိရှိနေခဲ့သည်။

အားနည်းသလို ဟန်ဆောင်၍ နောက်မှ
ကြီးကျယ်ခမ်းနားစွာ ပြန်လည်
အနိုင်ယူတတ်သော ရှောင်ယန်နှင့် မတူပဲ
ဇူရီသည် သူ၏တိုက်ပွဲများတွင်
အကဲစမ်းခြင်းများကို မလုပ်တတ်ပေ။ သူသည်
ရန်သူတို့ တွေ့သည်နှင့် တပြိုင်နက် သူ၏
အန္တိမအကွက်ကို ထုတ်ဖော်လိမ့်မည် ဖြစ်ကာ

ရန်သူအား တိုက်ခိုက်၍ တိုက်ပွဲအား ရိုးရှင်း၍ တိုက်ရိုက်ဆန်သော နည်းလမ်းဖြင့် အနိုင်ယူလိမ့်မည် ဖြစ်သည်။

သူသည် ဆောင်ပန်းကဲ့သို့သော နှစ်ဦးအကြားမှ ကွာခြားချက်သည် အလွန်အမင်း ကွာဟနေသော အချိန်မှသာ ခြင်းချက်အနေနှင့် အနည်းငယ် သာမန်ဆန်ဆန် တိုက်ခိုက်ခဲ့မည် ဖြစ်သည်။ ခြသေ့်သည် ယုန်ကိုဖမ်းလျှင်ပင် အားကုန်ထုတ်ခဲ့မည် ဖြစ်သော်လည်း ပုရွတ်ဆိတ်နှင့် တိုက်ခိုက်ရာတွင် ဤမျှအထိ မလိုပေ။

သူထက်များစွာပို၍ အားမနည်းသော ပြိုင်ဘက်များနှင့် ရင်ဆိုင်ရရာတွင် ဗူရီသည် သူတို့အား အန္တိမအကွက်ဖြင့် ချက်ချင်း ချေမှုန်းခဲ့မည် ဖြစ်သည်။ သူနှင့် ယှဉ်ပြိုင်ရာတွင် သူ့ပြိုင်ဘက်များသည်လည်း အစကတည်းမှပင် အစွမ်းကုန် ထုတ်ထားမှရမည်။ အားလုံးတို့သည် အစွမ်းအထက်ဆုံး သိုင်းကွက်များကို ထုတ်သုံး၍ ပိုကောင်းသောသူက အနိုင်ရမည် ဖြစ်သည်။

အကယ်၍ သင်က သင်၏ လျှို့ဝှက်ဖဲချပ်များကို အစပိုင်းတွင် လျှိုထားမည်ဟု ကြံရွယ်ထားပါက သင်၏ နောက်ဆုံးအချိန် ရောက်သည့်တိုင်အောင် သင်၏

လှျို့ဝှက်ဖဲချပ်များကို သုံးလိုက်ရမည်
မဟုတ်ချေ။

အသုံးပြုရန် အခွင့်အရေးမရှိခဲ့သည့်
အစွမ်းထက်သော သိုင်းကွက်သည်
အသုံးမဝင်သော သိုင်းကွက်ဖြစ်သည်။ ဒါသည်
ကောင်းမွန်သော ခံစားချက်တစ်ခု မဟုတ်ပေ။

ဥပမာအနေနှင့် ဆောင်ချင်းစန်းနှင့်
ကျန်သောသူများသည် ယခုအချိန်တွင်
ဤကဲ့သို့သော ခံစားချက်များကို
ခံစားနေကြရသည်။ သူတို့သည် ဇူရီ၏
စွမ်းရည်များကို အထင်မသေးကြသော်လည်း
အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ

အနေနှင့် အသေအကြေ မချသေးခင်
ပြိုင်ဘက်၏ စွမ်းရည်များကို အကဲစမ်းခဲ့ရာတွင်
ကိုယ့်ကိုယ်ကိုယ်တော့ အသာစီးဘက်မှ
တွက်ထားခဲ့ခြင်း ဖြစ်သည်။

ဒါသည် မောက်မာခြင်း မဟုတ်ပဲ
သာမန်အတိုင်းသာ ရှိနေသော ယုံကြည်မှု
ဖြစ်၏။ အကယ်၍ အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည်
အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်နှင့် ရင်ဆိုင်ရာတွင် သတိထား၍
ချီတုံချတုံ ဖြစ်နေပါက သူ၏ တစ်သက်လုံး
ကျင့်ကြံလာမှုများသည် အလကားကဲ့သို့
ဖြစ်သွားပေမည်။

သို့သော်လည်း ဇူရီဟူသော အခြေတည်ဝိညာဉ်၏
အလယ်အလတ် အဆင့်မှ ကျင့်ကြံသူနှင့်
ရင်ဆိုင်ခဲ့ရရာတွင် သမရိုးကျ
အခြေအနေများနှင့် ခြားနားလှစွာ
ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည်
ဇူရီက အခွင့်အရေးကို အသုံးချ၍
စတင်လှုပ်ရှားခဲ့သည်နှင့် ချက်ချင်းပင်
ခံခဲ့လိုက်ရသည်။

ဤကဲ့သို့သော အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ တစ်အုပ်စုနှင့် ရင်ဆိုင်ခဲ့ရပါက
မည်သည့် အခြေတည်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူမဆို အစကတည်းမှ သူ၏

လက်နက်တိုက်ကို အကုန်ဖွင့်ထားခဲ့မည် ဖြစ်သည်။ ဆောင်ချင်းစန်းနှင့် ကျန်သောသူများကလည်း ဤသည်ကို တွက်ထားကြပြီး ဖြစ်သည်။ သို့သော်လည်း သူတို့သည် ဇူရီ၏ အစွမ်းကုန် လှုပ်ရှားခြင်းသည် ဤမျှ ခက်ထန်ကြမ်းတမ်းကာ သူတို့ငါးယောက်စလုံးတို့က အငိုက်မိသွားကြလိမ့်မည်ဟု ထင်မထားကြချေ။

ဇူရီသည် သူတို့ငါးယောက်စလုံးတို့၏ ဝန်းရံမှုကို ခံထားရသောကြောင့်ပင် အရင်ဆုံး ထိုးဖောက်ဝင်ရောက်ကာ နောက်မှ လွတ်မြောက်ခြင်း ဟူသော နည်းဗျူဟာကို သုံးခဲ့ခြင်း ဖြစ်သည်။ အကယ်၍

တစ်ယောက်ချင်းသာ ရင်ဆိုင်တိုက်ခိုက်ခဲ့ရပါက ဇူရီသည် သူ၏ အကွက်များစွာတို့ဖြင့် ဆက်လက်တိုက်ခိုက်မည် ဖြစ်ကာ အင်မော်တယ် ဝိညာဥ် အဆင့်မှ အကြီးအကဲများပင် ဖိအားများနှင့် ရင်ဆိုင်ရမည် ဖြစ်၏။

"တကယ်လို့သာ တစ်စုံတစ်ယောက်က ဒီကောင်စုတ်လေးကို ဟန့်တားထားနိုင်လို့ ရှိရင်.." အနီရောင် နဂါးဘုရင်သည် အေးစက်စွာနှင့် ပြောလိုက်သည်။ သူတို့သည် ဇူရီအား လိုက်မီနိုင်ရန် အနည်းငယ်လေးသာ လိုခဲ့ခြင်း ဖြစ်၍ ဇူရီကလည်း သူ၏ မှော်စွမ်းအင်များကို အစွမ်းကုန် အသုံးပြု၍

သူတို့၏ ချုပ်နှောင်ခြင်းကို ကြိုးစား၍ ရှောင်ရှားနေခဲ့ခြင်း ဖြစ်သည်။

ဤအချိန်တွင် အကယ်၍ ရွှေရောင်ဗဟိုချက် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ကပင် တစ်စက္ကန့်မျှ ဝင်ရောက်နှောင့်ယှက်နိုင်ခဲ့ပါက သူတို့သည် ဇူရီအား ဟန့်တားထားနိုင်မည် ဖြစ်သည်။ ဤတစ်ကြိမ်တွင် သူသည် နောက်ထပ်တစ်ခါ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ဖြင့် ထွက်ပြေးလွတ်မြောက်ရန် ဖြစ်နိုင်တော့မည် မဟုတ်ပေ။

ဆောင်ချင်းစန်း၏ အမူအရာများသည် အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေခဲ့သော်လည်း သူမ၏ တည်ငြိမ်နေမှုမှာ နည်းနည်းလေးမှ ပျက်မသွားခဲ့ပေ။ "သူက ပြေးလို့မလွတ်ပါဘူး" သူမက တိုးတိုးလေးသာ ပြောလိုက်၏။

သူမ၏အသံ မဆုံးသေးခင်ပင် အပြာရောင် ဝတ်စုံနှင့် ဆယ်ကျော်သက် တစ်ယောက်သည် ပါးလျသော လေထုအတွင်းမှ ပေါ်လာခဲ့ကာ ပြုံး၍ ပြောလိုက်သည်။ "နောက်ကျသွားတာ တောင်းပန်ပါတယ်၊ စီနီယာဆောင်။ ဒါပေမဲ့ ဒီအခြေအနေကို ကြည့်ရတာ သင့်တော်တဲ့

အချိန်မှာ ရောက်လာတာက စောပြီး
ရောက်လာတာထက် ပိုကောင်းတာပဲ"

## စာစဉ် ၃၉ : အပိုင်း ၁၇

## အပိုင်း ၇၄၇ : မဆိုင်ပဲ ဝင်မရှုပ်ရင် ဒုက္ခမရောက်ဘူး

သူ့ကိုယ်သူ ဖော်ပြခဲ့အပြီးတွင်
ထိုကောင်းကင်ပြာရောင် ဝတ်စုံနှင့်
ဆယ်ကျော်သက် လူငယ်သည် ဇူရီအား
စူးစိုက်၍ စိုက်ကြည့်နေခဲ့သည်။ လေဟာနယ်
ကိုယ်တိုင်ကပင် ရွှေရောင်အလင်းတန်းများဖြင့်

ဖရိုဖရဲ ဖြစ်နေခဲ့၏။ ဆောင်ချင်းစန်းနှင့်
ကျန်သောသူများသည် ဇူရီအား လိုက်လံ
မဖမ်းဆီးနိုင်ခဲ့ကြသော်လည်း ဇူရီ၏
ထွက်ပြေးနိုင်သော လမ်းကြောင်းများကို
အလွန်အမင်း ကန့်သတ်ထားနိုင်ခဲ့သည်။

နှစ်ဦးနှစ်ဘက်တို့သည်
အပြေးပြိုင်နေကြရုံသာမက
တာအိုနည်းစနစ်များကိုလည်း
ပြိုင်ဆိုင်နေကြသည်။

ဤဆယ်ကျော်သက် လူငယ်လေးသည်
အင်မော်တယ် ဝိညာဉ်အား
မဖန်ဆင်းရသေးသော်လည်း သူသည်

အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင် ရှိနေခဲ့ပြီ ဖြစ်သည်။ သူ၏ နည်းစနစ်များနှင့် မှော်စွမ်းအင်များအား လျှော့တွက်၍ မရချေ။

"ဂျူနီယာယင်၊ မင်းက အချိန်မီ ရောက်လာခဲ့တာပဲ" ဆောင်ချင်းစန်းက ပြောလိုက်သည်။

အရှေ့ကောင်းကင်ဂိုဏ်း၏ တိုက်ရိုက်ဆက်ခံသူ ဖြစ်သော ယင်ချန်စန်းက ဖွဖွလေး ပြုံးလိုက်သည်။ "စီနီယာဆောင်ကို ကူညီနိုင်တာကို ကျွန်တော့်က ဂုဏ်ယူရမှာပါ"

သူသည် သက်တောင့်သက်သာ
ရှိဟန်ပေါက်နေသော်လည်း ယင်ချန်စန်းသည်
ဇူရီအား အထင်မသေးရဲခဲ့ပေ။ဇူရီသည်
အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ
ငါးယောက်တို့ကိုပင်
ထိုးဖောက်လွတ်မြောက်နိုင်ခဲ့သည်။
ဤစွမ်းရည်များကို သူသည် မယှဉ်နိုင်ဟု
ရိုးသားစွာနှင့်ပင် ဝန်ခံရပေလိမ့်မည်။

သို့သော်လည်း သူသည် ဇူရီအား
အနိုင်တိုက်ခိုက်လိုနေခြင်း မဟုတ်ပေ။ သူသည်
သူ့အား အချိန်အနည်းငယ်လေးမျှပင်
ရပ်တန့်စေနိုင်ခဲ့လျှင် ဆောင်ချင်းစန်းနှင့်

ကျန်သောသူများက သူ့အား လိုက်မီလာကြမည် ဖြစ်သည်။

ယင်ချန်စန်းသည် ဘာမှ ဆက်မပြောတော့ပေ။ သူ၏ ခေါင်းပေါ်မှနေ၍ အလင်းတန်း ဖဲကြိုးပြားများ ထွက်လာခဲ့ကာ သူ၏ မီတာလေးရာကျော် ကြီးမားသည့် စကြာဝဠာ ပုံသဏ္ဍာန် ဘီလူးကြီးက ထွက်လာခဲ့သည်။

ထိုဘီလူး၏ ခေါင်းပေါ်တွင် စကြာဝဠာ အပေါင်းအစုတို့၏ ပုံစံရေးရေးလေးက လည်ပတ်နေခဲ့ကာ ကြီးမားသော ဖိအားများကို ထုတ်လွှတ်နေခဲ့၏။ စကြာဝဠာ အပေါင်းအစုတို့က ဖိနှိပ်နေခဲ့သကဲ့သို့ ဖြစ်သည်။

ယင်ချန်စန်းက လက်ကို တွန်းလွှတ်လိုက်ရာ ဘီလူးကြီး၏ အပေါ်မှ လည်ပတ်နေသော ရောမ ဘီးကြီးသည် ဇူရီထံသို့ ရောက်ရှိလာခဲ့သည်။

သူ၏အရှေ့မှ လေဟာနယ်သည် ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့၍ ကီလိုမီတာ တစ်ရာပတ်ပတ်လည်တွင် စိတ်ဝိညာဉ် စွမ်းအင်များက လုံးဝ ပျက်သုဉ်းသွားခဲ့သည်။

ယင်ချန်စန်း၏ ဝင်ရောက်နှောင့်ယှက်မှုကြောင့် သူ၏ ရွှေရောင်တံတားဖြင့် ဆောင်ချင်းစန်းနှင့် ကျန်သောသူများကို အပြည့်အဝ

ကာကွယ်နေရသော ဇူရီသည် ရုတ်တရက်ပင် သူ၏ လမ်းကြောင်းသည် အပိတ်ဆို့ခံလိုက်ရသည်ဟု ခံစားလိုက်ရသည်။

"မင်းက အဝေးကြီး လိုသေးတယ်" ဇူရီ၏ အမူအရာသည် မပြောင်းလဲခဲ့ပဲ လက်ညှိုးတစ်ချောင်းဖြင့် ညွှန်ပြလိုက်သည်။ ချီလင်သည် ကျယ်လောင်စွာနှင့် ဟိန်းဟောက်လိုက်ကာ ရောမ တောင်ကြီးတစ်တောင်က မြေပေါ်သို့ ကျဆင်းလာသကဲ့သို့ အနက်ရောင် အလင်းတန်း ဘောလုံးတစ်ခုအား ထုတ်လွှတ်လိုက်သည်။ ခြေလှမ်းတစ်လှမ်းတိုင်း၏ စွမ်းအားသည်

မယုံနိုင်အောင်
ခက်ထန်ကြမ်းတမ်းလွန်းလှသဖြင့်
ကစဥ့်ကလျား ဖြစ်နေခဲ့သော လေဟာနယ်အား
ချိုးဖောက်သွားနိုင်ခဲ့သည်။

ရွှေရောင်တံတား အပေါ်မှ ဇူရီသည်
ရွှေရောင်အလင်းတန်း တစ်ခုအနေဖြင့်
ကျော်ဖြတ်သွားလုဆဲဆဲ ဖြစ်နေခဲ့သည်။ သူ၏
အမြန်နှုန်းမှာ တစ်စက်ကလေးမှ
လျော့နည်းသွားခြင်း မရှိခဲ့ပေ။

ယင်ချန်စန်း၏ မျက်မှောင်များသည်
ကြုတ်သွားခဲ့၏။ သူကိုယ်တိုင်သည်လည်း
အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ

လူငယ်မျိုးဆက်များ အတွင်းတွင်
အကောင်းဆုံးထဲမှ တစ်ယောက်ဖြစ်ကာ
ကြီးမားသော အလားအလာ ရှိသောသူဟု
သတ်မှတ်ခြင်း ခံထားရ၏။ သူသည်
နောက်ကျမှသာ ဂိုဏ်းအတွင်းသို့
ဝင်ခဲ့သော်လည်း အတော့်ကို လျှင်မြန်စွာနှင့်
တိုးတက်လာခဲ့၏။ သူ၏ နည်းစနစ်များနှင့်
မှော်စွမ်းအင်တို့မှာလည်း အတော့်ကို
ထူးချွန်ပြောင်မြောက်လှသည်။

သို့သော်လည်း သူ၏ အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်မှ ကျင့်ကြံမှုနှင့် သူ၏
စကြာဝဠာ ပုံသဏ္ဍာန်အား
ထုတ်သုံးလိုက်သော်လည်း ဇူရီအား တားပင်

မတားဆီးနိုင်ခဲ့ပေ။ သူ၏ ရင်အတွင်းတွင် ရှုပ်ထွေးသော ခံစားချက်ဖြင့် ရှုံးနိမ့်သည်ဟု ခံစားလာရသည်မှာ မလွဲမသွေပင် ဖြစ်သည်။

"ငါတို့ဂိုဏ်းက ကျမ်းစာတွေနဲ့ နည်းစနစ်တွေကို တတ်နိုင်သလောက် အမြန်ဆုံး ရှာဖွေစုဆောင်းမှ ရမယ်" သို့သော်လည်း ယင်ချန်စန်းသည်လည်း အထင်ကြီးဖွယ်ရာ လူတစ်ယောက် ဖြစ်သည်။ သူသည် လျှင်မြန်စွာနှင့်ပင် ပြန်လည်တည်ငြိမ်အောင် ကြိုးစားနိုင်ခဲ့ပြီး သူ၏ စိတ်အတွင်းတွင် အတွေးပေါင်းများစွာ ပေါ်လာခဲ့သည်။ "အမှန်ဆိုရင် ငါက စီနီယာဆောင်နဲ့

ကျန်တဲ့သူတွေ လိုက်မီလာအောင် သူ့ကို
နည်းနည်းလေး ဟန့်တားထားနိုင်ရင် ရပြီ"

"အဲ့ဒီအချိန်ကျရင် အင်မော်တယ် ဝိညာဥ်
အဆင့်က ကျင့်ကြံသူ သုံးယောက်နဲ့ မိစ္ဆာ
မဟာပဏ္ဍိတ နှစ်ပါးတို့နဲ့ ရင်ဆိုင်ရရင် သူက
သေလမ်းကလွဲပြီး ဘာမှ မရှိတော့ဘူး"

ယင်ချန်စန်းသည် မျက်စိစောင်း၍
ကြည့်လိုက်သည်။ သူ၏အကြည့်သည်
အေးစက်လှ၏။ "ငါက သူ့ကို
ဒေါသထွက်အောင် လုပ်ပြီးမှ သူ့ရဲ့
စဥ်းစားနိုင်စွမ်းနဲ့ တည်ငြိမ်မှုကို ပျက်ပြားအောင်
လုပ်ရမယ်။ ကျင့်ကြံသူ တစ်ယောက်ရဲ့

စိတ်အခြေအနေက ဘယ်လောက်ပဲ တည်ငြိမ်တယ်ပြောပြော သူက စိတ်ဆန္ဒတွေ၊ အချစ်အမုန်းတွေကို မဖယ်ရှားထားနိုင်သေးရင် သူ့မှာ စွဲလမ်းမှုတွေ၊ မိစ္ဆာစိတ်ရိုင်းတွေ ရှိနိုင်သေးတာပဲ"

"ဒီဇူရီရဲ့ မိစ္ဆာစိတ်ရိုင်းတွေက.. သံသယဖြစ်ဖွယ် မရှိပဲ သူ့ရဲ့ ဖခင်နဲ့ မိခင်တို့ပဲ ဖြစ်လိမ့်မယ်"

ဤအထိ တွေးပြီးသည်နှင့် ဆောင်ချန်စန်းသည် ရယ်လိုက်ကာ ပြောလိုက်သည်။
"မုန့်ပင်းယွင်က သူမရဲ့ လမ်းစဉ်ကို ဆက်လက်ကျင့်သုံးဖို့ ဆန္ဒမရှိတော့တဲ့အတွက် ဟင်းလင်းပြင် ဘုရားကျောင်းရဲ့

ထုတ်ပယ်ခြင်းကို ခံခဲ့ရတယ်။ ဒါပေမဲ့ သူမက မဟာဥပေက္ခာလမ်းစဥ်ကို လေ့ကျင့်ဖို့ သေမျိုးကမ္ဘာ အတွင်းမှာ အချစ်အမျိုးမျိုးရဲ့ ပုံစံကို ခံစားဖို့ ဝင်ရောက်ခဲ့ချိန်မှာ ဟင်းလင်းပြင် ဘုရားကျောင်းကို မျက်နှာပျက်စေခဲ့မှာပဲ။ သူမရဲ့ နှုတ်ခမ်းတွေက လူထောင်ပေါင်းများစွာရဲ့ နမ်းခြင်းကို ခံခဲ့ရမှာ"

ဒါသည့် အချက်အလက်များကို မှန်သယောင်ပြု၍ မုန့်ပင်းယွင်၏ ဂုဏ်သိက္ခာကို တမင်သက်သက် စော်ကားခြင်းပင် ဖြစ်သည်။

ထိုစကားကို ကြားရသောအခါ ဇူရီသည် သူ့အား
အေးစက်စွာနှင့် ကြည့်လိုက်ကာ သူ၏
မျက်ခုံးများကို အနည်းငယ် ပင့်လိုက်သည်။

သို့သော်လည်း မကြာမီပင် ဇူရီ၏
မျက်ခုံးများသည် ထပ်ဖန်တခါ
ပြေလျော့သွားခဲ့သည်။

ခဏအကြာတွင် သူသည်
ရွှေရောင်တံတားအပေါ်တွင်
မတ်တတ်ရပ်နေခဲ့ကာ ယင်ချန်စန်းထံသို့
တဟုန်ထိုး ဝင်လာခဲ့၏။

ယင်ချန်စန်းကလည်း ပြင်ဆင်ထားပြီး ဖြစ်၏။ သူ၏ခေါင်းပေါ်မှ ဘီလူးကြီးပုံစံ စကြာဝဠာ ပုံသဏ္ဍာန်သည့် လက်ဝါးများကို ဆန့်ထုတ်လိုက်သည်။ ကျယ်ပြန့်လှသော မှော်စွမ်းအင်များသည် ကမ္ဘာငယ် တစ်ခုအား ဖန်ဆင်းလိုက်ကာ ယင်ချန်စန်းအား အတွင်းတွင် ထည့်ထားလိုက်၍ ဇူရီ၏ တိုက်ခိုက်မှုများကို ကာကွယ်ပေးလိုက်သည်။

ကောင်းကင်တံခါးဂိုဏ်း၏ လျှို့ဝှက်နည်းစနစ်၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုအတွက် အကောင်းဆုံး မှော်ကျိန်စာ တစ်ခုဖြစ်သော ကောင်းကင်ကျိန်စာ!

တစ်ချိန်တည်းတွင်ပင်
ကောင်းကင်ကျိန်စာအတွင်းမှ ယင်ချန်စန်းသည်
သူ၏ ဖဲချပ်များကို လျှို့ထားခြင်း မပြုတော့ပေ။
သူ၏ လက်နှစ်ဘက်စလုံးတို့ဖြင့်
မှော်သင်္ကေတများကို ဖန်ဆင်းလိုက်သည်။
"ရတနာ၊ ကိုယ့်ကိုယ်ကိုယ် ဖော်ပြလိုက်ပါ"

စကြာဝဠာ၏ မူလအမှောင်ကဲ့သို့
မည်းနက်နေသော မှော်ဆရာဝတ်ရုံ တစ်ခုသည်
သူ၏ကိုယ်အတွင်းမှ ထွက်ပေါ်လာခဲ့ကာ
သူ့တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွားခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ မှော်ရတနာ
တစ်ပါး၏ အားကောင်းသော

အော်ရာတစ်ခုသည် ထိုဝတ်ရုံအတွင်းမှ ထွက်လာခဲ့၍ အတွင်းမှ အသံတစ်ခုက ပေါ်လာခဲ့သည်။ "ဘယ်လောက်အထိကို ခမ်းနားလှတဲ့ နည်းစနစ်လဲ။ ဒါ့အပြင် သူ့မှာ ပွားစည်းခြင်း အဆင့်က မော်ရတနာ တစ်ပါးရဲ့ ထောက်ပံ့မှုကို ရထားသေးတယ်။ ဒီနှစ်မျိုးရဲ့ ပူးပေါင်းခြင်းက တကယ့်ကို ခက်ထန်လှတယ်။ ငါက ငါ့စွမ်းရည်တွေ အကုန်ထုတ်ဖော်လိုက်ရင်တောင် ကာကွယ်နိုင်မလား ဆိုတာက ပြောဖို့ခက်တယ်"

"သူက ကျွန်တော်နဲ့ ငရဲကို အတူတကွ မသွားချင်နေဘူး ဆိုရင်တော့ အစွမ်းကုန်

တိုက်ခိုက်မှာ မဟုတ်ဘူး။ တကယ်လို့သူက ကျွန်တော့်ကို အားကုန်သုံးပြီး တိုက်ခိုက်လိုက်မယ်ဆိုရင် စီနီယာဆောင်နဲ့ ကျန်တဲ့သူတွေ တိုက်ခိုက်ဖို့ သူ့ကျောကို ဖွင့်ပေးထားသလို ဖြစ်သွားလိမ့်မယ်"

ယင်ချန်စန်း၏ စကားကို ကြားလိုက်ပြီးသော်လည်း ဝတ်ရုံအတွင်းမှ အသံသည် လေးနက်နေဆဲ ဖြစ်၏။ "မင်းက မင်းရဲ့ သတိကို လျှော့လိုက်လို့ မရဘူး"

စကားပြောနေရင်နှင့် မှောင်မည်းသော အနက်ရောင် အလင်းတန်းသည် ယင်ချန်းစန်းအား လွှမ်းခြုံလိုက်ကာ

အစက်ငယ်လေး အဖြစ် ကျုံ့ဝင်သွားခဲ့ပြီး ကောင်းကင်ကျိန်စာဖြင့် ဖန်ဆင်းထားသည့် ကမ္ဘာငယ် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့သည်။

မှော်ရတနာ၏ ထောက်ပံ့မှုနှင့် ယင်ချန်စန်းသည် ပြင်ပတွင် ဘာဖြစ်နေခဲ့သည်ကို ကောင်းကောင်းကြီး တွေ့နိုင်ခဲ့သေး၏။ ဇူရီက တိုက်ခိုက်နေခဲ့သည်ကို ကြည့်ရင်း သူက အေးစက်စွာနှင့် ပြုံးလိုက်သည်။ "မင်းရဲ့ နည်းစနစ်နဲ့ မှော်စွမ်းအင်တွေက စွမ်းအားကြီးလည်း ဘာဂရုစိုက်စရာလိုလဲ။ မင်းရဲ့ စိတ်အခြေအနေက အရမ်းကို

အားနည်းတယ်။ တစ်ချက်လေး ပြောလိုက်ရုံနဲ့ မင်းက ရှုးမိုက်တဲ့ အလုပ်တွေကို ပြုလုပ်ခဲ့တယ်။ မင်းလိုမျိုး ကျင့်ကြံသူဟာ ကံအလွန်ကောင်းပြီး နတ်ဘုရားတွေရဲ့ ကာကွယ်မှုတွေ ရထားခဲ့လို့ ဒီနေ့အထိတိုင် အသက်ရှင်နေခဲ့တာ"

"ဒါပေမဲ့ ဒါတွေအားလုံးဟာ ဒီကနေ့မှာ အဆုံးသတ်သွားခဲ့ပြီ"

ဤကဲ့သို့ တွေးနေရင်းနှင့် ယင်ချန်စန်းသည် ရုတ်တရက်ပင် တစ်စုံတစ်ခုက မှားနေပြီဟူ၍ ခံစားလိုက်ရသည်။

အံ့သြစရာ ကောင်းလှစွာဖြင့် ဇူရီသည်
သူ၏အနောက်မှ ဆောင်ချင်းစန်းနှင့်
ကျန်သောသူများအား လုံး၀
လျစ်လျူရှုထားခဲ့ကာ သူ့ထံသို့သာ
၀င်ရောက်တိုက်ခိုက်လာခဲ့သည်။ သူသည်
သူ၏ကိုယ်ပိုင် ခံစစ်အား လုံး၀ ပစ်ထားခဲ့၍
သူ့အား ဤနေရာတွင်ပင် မရမက သတ်မည့်ပုံ
ပေါက်နေခဲ့သည်။

ယင်ချန်စန်းသည် ခေတ္တမျှ
ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့၏။
"သူ့ရဲ့မိခင်ဟာ သူ့ရဲ့ အထိမခံနိုင်တဲ့
အရာတစ်ခု ဖြစ်ပေမဲ့ ပါးစပ်လေးနဲ့

ပြောလိုက်ရုံလေးကို သူကငါနဲ့ အုတ်ဂူထဲကို အတူတူ သွားချင်နေတာလား"

ခဏအကြာတွင် မြင့်မြတ်သော အန္တိမ ရေးဟောင်း ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားကာ ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော ရွှေရောင်တံတားအပေါ်တွင် ရပ်နေသော ဇူရီသည် သူ၏ ကောင်းကင်ကျိန်စာဖြင့် ဖန်ဆင်းထားသော အကာအကွယ် ကမ္ဘာငယ်အား ချက်ချင်းပင် ဖျက်ဆီးလိုက်ခဲ့သည်ကို ယင်ချန်စန်းက မျက်လုံးအပြူးသားဖြင့် ကြည့်သာ ကြည့်နိုင်ခဲ့သည်။

စာစီစာကုံးအား ရှုတ်ဖတ်နေကြသော
မရေမတွက်နိုင်သည့် အသံများသည် စကြာဝဠာ
အတွင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။
တရားမျှတသော အငွေ့အသက်များဖြင့်
ရွှေရောင်တံတားက ကျဆင်းလာခဲ့၍
အချိန်ကာလနှင့် လေဟာနယ်ကပင်
အေးခဲသွားသကဲ့သို့ ဖြစ်နေခဲ့သည်။

ဟင်းလင်းပြင် အတွင်းတွင် ဖုန်မှုန့်တစ်စကဲ့သို့
သေးငယ်သော အနက်ရောင်
အစက်လေးတစ်ခုသည် အဆက်မပြတ်
ကျယ်ပြန့်လာနေခဲ့သည်။

ထိုအနက်ရောင် အစလေးသည်
ကျယ်ပြန့်လာခြင်းကို တားဆီးနေခဲ့သော်လည်း
သူသည် အနက်ရောင် အလင်းတန်း
ဘောလုံးအဖြစ်သို့ ပြန်လည်
ပြောင်းလဲသွားခဲ့ကာ အတွင်းမှ အနက်ရောင်
ဝတ်ရုံ၏ ကာကွယ်မှုကို ခံနေရသော
ယင်ချန်စန်းအား ဖော်ပြခဲ့သည်ကို ကြည့်ရှုံသာ
ကြည့်နိုင်ခဲ့သည်။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ မူလစိတ်ဝိညာဉ်ဖြစ်သော
မှတ်ဆိတ်မွေးနှင့် အကြီးအကဲသည်
ထိုဝတ်ရုံအား စိုက်ကြည့်နေခဲ့၍
ကျယ်လောင်စွာနှင့် နှာမှုတ်လိုက်သည်။

အဖြူရောင် အလင်းတန်းများက
လင်းလက်လာခဲ့၍ အနက်ရောင် ဝတ်ရုံသည်
ချက်ချင်းပင် အေးခဲသွားခဲ့၏။

ဇူရီထုတ်လွှတ်လိုက်သော ပညာရှိတို့၏
စာစီစာကုံး၏ ကြီးမားလှသည့်
စွမ်းအားများသည် ယင်ချန်းစန်း၏ အပေါ်သို့
မရပ်တန့်နိုင်သော အရှိန်အဟုန်ဖြင့်
ကျဆင်းလာခဲ့သည်။

ယင်ချန်စန်း၏ မျက်နှာသည် ရေခဲနေသော
ရေအိုင်တမျှ အေးစက်နေခဲ့သည်။ "မင်းက
စစ်ကြေညာချင်နေရင်လည်း တိုက်ကြတာပေါ့။

ဘယ်သူက အရင်သေမလည်း ဆိုတာကို ကြည့်ကြတာပေါ့"

သူ၏ စကြာဝဠာ ပုံသဏ္ဍာန်၏ စွမ်းအားကို အဆုံးစွန် ထုတ်ဖော်လိုက်ကာ ဇူရီ၏ ပညာရှိတို့၏ စာစီစာကုံးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။ "သူကငါ့ကို တိုက်ခိုက်လိုက်တဲ့ အချိန်ခဏလေးက စီနီယာဆောင်နဲ့ ကျန်တဲ့သူတွေကို လိုက်မီလာစေခဲ့မှာ။ အခုအချိန်မှာ ငါလုပ်ရမှာက ခံစစ်ကို အတတ်နိုင်ဆုံး အာရုံစိုက်ပြီး ဒီကောင်စုတ်လေးနဲ့ အတူတကွ ငရဲကို မသွားရဖို့ပဲ။ မဟုတ်လို့ရှိရင် လုံးဝကိုတန်မှာ မဟုတ်ဘူး.."

သူက ဤသို့တွေးနေဆဲတွင်ပင်
ယင်ချန်စန်းသည် ဆောင်ချင်းစန်းထံမှ
အသံလွှင့်လာသော စကားအား
ကြားလိုက်ရသည်။ "ဂျူနီယာယင်၊
အမြန်ပြန်ဆုတ်!"

ထိုအချိန်တွင် သူ၏မသိစိတ်အတွင်းမှ
အန္တရာယ်ကို ခံစားလိုက်ရ၍ ယင်ချန်စန်း၏
နှလုံးသားသည် အေးခဲသွားခဲ့၏။ သို့သော်လည်း
သူဘာမှ မတုံ့ပြန်နိုင်ခင် သူသည်
မြင်ကွင်းတစ်ခုအား မြင်လိုက်ရကာ
အလွန်အမင်း ကြောက်ရွံ့သွားခဲ့၍ သူ၏
တစ်ကိုယ်လုံးသည် မလှုပ်ရှားနိုင်တော့ပေ။

ပါးလျသော လေထုအလယ်တွင်
စာလိပ်တစ်ခုက ရုတ်တရက် ပေါ်လာခဲ့သည်။
ထိုစာလိပ်တွင် ရေးဆွဲထားသည်မှာ
သွေးမြစ်တစ်ခု ဖြစ်သည်။ ထိုစာလိပ်မှ
အနက်ရောင် အလင်းတန်းများ
လင်းလက်လာခဲ့၍ သွေးမြစ်သည် အရှိတရား
တစ်ခုအဖြစ် အသက်ဝင်လာခဲ့သည်။
ညစ်ညမ်းနေသော သွေးများသည် စူးရှသော
အနံ့ပြင်းများကို ထုတ်လွှတ်နေကာ
အဆက်မပြတ် စီးဆင်းလာခဲ့၏။
ကောင်းကင်တစ်ခုလုံးကို
သွေးရောင်မြစ်ရေများဖြင့် ပြည့်သွားစေခဲ့သည်။

ထိုညစ်ညမ်းနေသော သွေးမြစ်သည် ဆောင်ချင်းစန်းနှင့် ကျန်သောသူများက ဇူရီအား လိုက်ဖမ်းနေကြသော လမ်းကြောင်းကို ပိတ်ဆို့လိုက်သည်။

"မှော်ရတနာ၊ အကြွင်းမဲ့ သွေးမြစ်ရေနဲ့ ထုလုပ်ထားတဲ့ မှော်ရတနာ တစ်ခု" ဆောင်ချင်းစန်းနှင့် ကျန်သောသူများသည် သူတို့၏ မျက်မှောင်များကို အတန်ငယ် ကြုတ်ခဲ့လိုက်သည်။ သူတို့သည် အခြားတစ်ယောက်က ပုန်းကွယ်နေသည်ကို မရှာဖွေနိုင်ခဲ့ပဲ သူတို့ခံစားနေရသည်မှာ အနည်းငယ် စိတ်မသက်မသာ ဖြစ်မှုသာ ဖြစ်သည်။

ယခုအချိန်တွင် သွေးမြစ်စာလိပ်က
ပေါ်လာခဲ့ကာ ထိုသူက သူ့ကိုယ်သူ
ဖော်ပြလိုက်ပြီ ဖြစ်သဖြင့် သူတို့သည် သူ၏
တည်ရှိနေမှုကို အတည်ပြုနိုင်ခဲ့ပြီ ဖြစ်သည်။

သူသည် စတင်လှုပ်ရှားလိုက်သည်နှင့်
သူတို့ငါးယောက်တို့သည် အကြွင်းမဲ့
သွေးမြစ်ရေကို ရှောင်ရှားခဲ့ကြရင်း သူ့အော်ရာ
လှုပ်ရှားမှုများကို ခံစားခဲ့လိုက်ရသည်။

ချက်ချင်းပင် ဆောင်ချင်းစန်းနှင့်
ကျန်သောသူများသည် သူတို့၏ အကြည့်များကို

နေရာတစ်ခုတည်းသို့ ကြည့်လိုက်ကြရာ ခရမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် အသားမည်းမည်းနှင့် လူငယ်တစ်ယောက်သည် လေပေါ်တွင် တည်ငြိမ်စွာနှင့် ရပ်နေသည်ကို တွေ့လိုက်ရသည်။

မသိသာ မထင်ရှားပဲ ခန့်မှန်းရ ခက်ခဲသည့် အေးခဲနေသော မြူခိုးတိမ်တိုက် တစ်ခုသည် သူ၏အနားတွင် လွင့်မျောနေခဲ့၏။ ထိုပုံရိပ်ယောင် မြူခိုးငွေ့များ၏ အကြားတွင် အေးစက်သော ဓားအလင်းတန်းများက ဝေဝါးစွာ လင်းလက်နေခဲ့သည်။

ဤသူအား မြင်လိုက်သောအခါ ဆောင်ချင်းစန်း၊ ရှွင်ပျော်ပျော် သူတော်စင်နှင့် ဒီရေ ခေးအကြီးအကဲတို့၏ စိတ်ခေတ်များမှာ ပြုတ်ကျသွားကြ၏။ သို့သော်လည်း သူတို့အားလုံးတို့သည် သက်ပြင်းတစ်ချက်ကို ကျိတ်၍ချလိုက်ကြကာ ခေါင်းညိတ်၍ နှုတ်ဆက်လိုက်ကြသည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် ကိုယ်တိုင် ရောက်လာတာပဲ၊ မင်္ဂလာပါ"

အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ သိမ်းငှက်တို့၏ မျက်ခုံးများကလည်း ပင့်သွားခဲ့သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ကိုယ်ပွား။ အခြေတည် ဝိညာဉ်

နောက်ဆုံး အဆင့်က ကျင့်ကြံမှုနဲ့
ငါတို့အားလုံးရဲ့ အသိစိတ်ကနေ ရှောင်ရှားပြီး
ကောင်းကောင်း ဖုံးကွယ်နိုင်ခဲ့တယ်။ ငါတို့က
အရိပ်ရေးရေးလေး အစတစ်ခုကိုသာ
အာရုံခံနိုင်ခဲ့တယ်။ သူက အင်မော်တယ်ဝိညာဉ်
ပထမ အဆင့်က ကျင့်ကြံသူ တစ်ယောက်ထက်
လုံးဝ အောက်မကျဘူး.."

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်..
သူက ဂုဏ်သိက္ခာတွေနဲ့ ကိုက်ညီလှပါတယ်"

ဆောင်ချင်းစန်းသည် ရုတ်တရက် အတွေးတစ်ခု
ဝင်လာခဲ့သည်။ သူမနှင့် ဆက်သွယ်ထားသော
မှော်စွမ်းအင် မျိုးစေ့များကို စိတ်နှင့်

ဆန်းစစ်ကြည့်လိုက်သည်။ သူတို့အနက်မှ တစ်ခုသည် သူမနှင့် ဆက်သွယ်မှု ပြတ်တောက်သွားခဲ့သည်ကို တွေ့လိုက်ရ၏။

"ဆောင်ပန်း.. သူက ငါထည့်သွင်းထားတဲ့ မှော်စွမ်းအင် မျိုးစေ့ကို ငါမသိလိုက်ပဲနဲ့ ဖျောက်ဖျက်လိုက်တယ်။ ငါက ကိုယ်တိုင် မစစ်ဆေးခဲ့လိုက်ရင် သိတောင်သိလိုက်မှာ မဟုတ်ဘူး။ ကြည့်ရတာ သူက ဆောင်ပန်းဆီကနေ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ရဲ့ သတင်းကို ရခဲ့တာနဲ့ တူတယ်"

လင်းဖုန်းကိုယ်တိုင်က ဤနေရာသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။ ဒါသည် သူ၏ကိုယ်ပွားသာ ဖြစ်သော်လည်း သူထုတ်ဖော်ပြသခဲ့သော စွမ်းရည်သည် ဆောင်ချင်းစန်းနှင့် ကျန်သောသူများအား စိုးရိမ်စွာနှင့် မျက်မှောင်များကို ကြုတ်စေခဲ့ပြီ ဖြစ်၏။ ထို့အပြင် သူ့တွင် မှော်ရတနာ နှစ်မျိုးလည်း ရှိသေး၏။ ရေခဲဝိညာဥ် တိမ်တိုက်နှင့် သွေးမြစ်စာလိပ်တို့ ဖြစ်သည်။ သူ၏ မူလခန္ဓာကိုယ် ရောက်မလာသော်လည်း သူသည် ဤနေရာတွင် ရှိနေကြသူ အားလုံးတို့က လျှော့တွက်၍ မရသောသူ ဖြစ်သည်။

ဤသို့ဖြင့် ဆောင်ချင်းစန်းနှင့်
ကျန်သောသူများသည် လင်းဖုန်း၏
ဟန့်တားမှုကို ခံခဲ့ရသောအခါ ယင်ချန်စန်းသည်
ဟာသလုံးလုံး ဖြစ်သွားခဲ့သည်။

ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော
ရွှေရောင်တံတား အပေါ်တွင်
မရေမတွက်နိုင်သော ပုံရိပ်များ
ပေါ်လာကြသည်။ ဖူရီနှင့်အတူ
ဘီလီယမ်နှင့်ချီသော စာသင်သားများသည်
တံတားအပေါ်တွင် ရပ်နေကြကာ
စုစည်းညီညွတ်စွာဖြင့် အော်ဟစ်နေကြသည်။
လူသားတို့၏ မဟာ အရှိန်အဟုန်သည်
သမိုင်းဒီရေအလား မရပ်တန့်နိုင်ခဲ့ပေ။

ဤခမ်းနားထည်ဝါလှသည့် စွမ်းအား
အရှိန်အဟုန်သည် ယင်ချန်စန်း၏ စကြဝဠာ
ပုံသဏ္ဍာန်အား တိုက်ရိုက်ပင်
ခြေမွခဲ့လိုက်သည်။

"ငါတွက်တာ မှားသွားခဲ့တယ်"
ယင်ချန်စန်းသည် ဟင်းလင်းပြင် အတွင်းတွင်
ရပ်နေ၍ ဆောင်ချင်းစန်းနှင့်
ကျန်သောသူများကို ဟန့်တားထားခဲ့သော
လင်းဖုန်းအား စိုက်ကြည့်နေခဲ့ကာ ဒေါသပင်
မထွက်နိုင်ခဲ့ပေ။ ပြီးတာနှင့် သူ၏အရှေ့မှ
ရွှေရောင်အလင်းတန်းက လင်းလက်သွားခဲ့၍

စာဖတ်သံများက အတူတကွ စုစည်းသွားခဲ့ကာ
ကမ္ဘာတစ်ခုလုံးက အေးခဲသွားခဲ့သည်။

ဇူရီ၏ တိုက်ခိုက်မှုသည် စကြာဝဠာ
ပုံသဏ္ဍာန်အား ခြေမွအပြီးတွင် မရပ်တန့်ခဲ့ပဲ
ယင်ချန်စန်း ကိုယ်တိုင်ထံသို့
ရောက်လာခဲ့သည်။

ဆောင်ချင်းစန်း၏ မျက်ခုံးများသည် အတော့်ကို
ကြုတ်သွားခဲ့၏။ ခေတ္တမျှ
တွေဝေသွားခဲ့အပြီးတွင် သူမ၏ ခန္ဓာကိုယ်သည်
မြစိမ်းရောင် အလင်းတန်း တစ်တန်းအား
ထုတ်လွှတ်လိုက်၍ လင်းဖုန်း၏ဘေးမှ

ရှောင်တိမ်းသွားလိုက်ကာ ဇူရီအနောက်သို့ ပြေးသွားခဲ့သည်။

ဆောင်ပန်းအနေနှင့် သူမသည် သူ့အပေါ်တွင် လျှို့ဝှက် အမှတ်အသား တစ်ခုအား ထားထားခဲ့ကာ အကယ်၍ အရေးကြီးသော လျှို့ဝှက်ချက်များ ပေါက်ကြားတော့မည်ဆိုလျှင် သူ့အား အသက်သွင်း၍ နှုတ်ပိတ်ခဲ့မည် ဖြစ်သည်။ သို့သော်လည်း ယင်ချန်စန်းမှာမူ အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ မွေးမြူထားသော အရေးကြီးသည့် ပါရမီရှင် တစ်ဦးဖြစ်၍ သူမအား ထောက်ခံသူလည်း ဖြစ်သည်။ အကယ်၍ သူသည် ဤကဲ့သို့ပင် ဇူရီ၏ လက်အတွင်းတွင် သေဆုံးသွားခဲ့ပါက

စိတ်အနှောင့်အယှက် ဖြစ်ရသည်ထက်
ပိုမည်ဖြစ်၏။

သူမ၏ ခေါင်းပေါ်တွင် မီးအိမ်တစ်ခုက ပျံတက်လာခဲ့ကာ လင်းဖုန်းအား သတိတကြီးဖြင့် ရင်ဆိုင်လိုက်သည်။ သို့သော်လည်း လင်းဖုန်းသည် သူမအား ဟန့်တားရန် ကြိုးစားခြင်း မရှိခဲ့သည်ကို တွေ့လိုက်ရ၏။ သို့သော်လည်း ဒီရေ ခါးအကြီးအကဲနှင့် ကျန်သောသူများက အရှေ့သို့တက်ရန် ကြိုးစားခဲ့ပါက အကြွင်းမဲ့ သွေးမြစ်ရေသည် သူတို့ထံသို့ ချက်ချင်း ရောက်ရှိလာခဲ့သည်။

# စာစဉ် ၃၉ : အပိုင်း ၁၈

## အပိုင်း ၇၄၈ : ခြိမ်းခြောက်မှု

လင်းဖုန်း ရောက်ရှိလာအပြီးတွင် ဇူရီသည် သူ၏လက်ဖြင့် မှော်သင်္ကေတ တစ်ခုအား ဖော်ထုတ်လိုက်သည်။ ထာဝရည မိစ္ဆာကျောက်တိုင်၏ ဖိနှိပ်ခြင်းကို ခံနေရသည့် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် ချက်ချင်း လွတ်မြောက်သွားခဲ့ကာ မြစိမ်းရောင် အလင်းတန်း တစ်ခုအနေဖြင့် ကောင်းကင်ယံသို့ ထိုးတက်သွားခဲ့သည်။

သို့သော်လည်း သူ၏ ပျော်ရွှင်မှုကို မဖော်ပြနိုင်ခင်တွင်ပင် သူသည် လင်းဖုန်းက သွေးမြစ်စာလိပ်ကို အသုံးပြု၍ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ သူနှင့်အတူ ဖိနှိပ်မှုကို ခံနေရသည်မှာ ယင်ချန်စန်း၏ အနက်ရောင် ဝတ်ရုံပင် ဖြစ်သည်။

လင်းဖုန်းသည် ထိုအနက်ရောင် မှော်ဆရာဝတ်ရုံနှင့် ဆောင်ချင်းစန်း၏ ခေါင်းပေါ်မှ မီးအိမ်အား ကြည့်လိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။ "အရှေ့ကောင်းကင် တံခါးဂိုဏ်းက ပစ္စည်းကောင်းလေးတွေကို ရထားခဲ့တာပဲ"

သန္ဓေလောင်း အဆင့်တွင်သာ ရှိသေးသော မှော်ရတနာ တစ်ပါးဖြစ်သည့် သွေးမြစ်စာလိပ် အနေဖြင့် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်နှင့် အနက်ရောင် ဝတ်စုံတို့အား သူတစ်ခုတည်းဖြင့် ဖိနှိပ်ထားရသည်မှာ လွယ်ကူသော ကိစ္စတစ်ခု မဟုတ်ချေ။ အကယ်၍ နှစ်ဘက်စလုံးက အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ၏ ထိန်းချုပ်မှုကို ခံနေရပါက သွေးမြစ်စာလိပ်သည် ဤမှော်ရတနာ နှစ်ပါးအား သူ့ကိုယ်သူ ချုပ်နှောင်ထားနိုင်မည် မဟုတ်ချေ။

သို့သော်လည်း သွေးမြစ်စာလိပ်သည် အခြားစွမ်းရည်များ မရှိသော်လည်း

သူ၏အတွင်းမှ မျှားပြားလှသော အကြွင်းမဲ့ သွေးမြစ်ရေများအား ထိန်းချုပ်နိုင်စွမ်း ရှိပေသည်။

ဒါသည် မမြင့်မြတ်သော သွေးမြစ်တစ်စင်းလုံး ဖြစ်သဖြင့် ဤကဲ့သို့သော မျှားပြားလှသည့် အကြွင်းမဲ့ သွေးမြစ်ရေများနှင့် ရင်ဆိုင်ခဲ့ရသောအခါ ပိုင်ရှင်၏ ထိန်းချုပ်မှုကို မခံနေရသော အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်နှင့် အနက်ရောင် ဝတ်ရုံတို့သည် ရှိနေသော စွမ်းအား အကန့်အသတ်ဖြင့်သာ ရုန်းကန်ခဲ့ရပြီး မလွတ်မြောက်နိုင်ခဲ့ပေ။

အကယ်၍ သူတို့သည် ပိုမိုရုန်းကန်ခဲ့ပါက အကြွင်းမဲ့ သွေးမြစ်ရေများ၏ ညစ်ညမ်းမှုကို ခံခဲ့ရကာ သူတို့၏ စိတ်ဝိညာဉ်များကို ဆုံးရှုံးသွား၍ အခြေခံများ ပျက်စီးသွားနိုင်ပေသည်။

အလုပ်လုပ်သော သဘောတရားများအရ ဤသွေးမြစ်စာလိပ်သည် လင်းဖုန်းက ဝမ်လင်းအား ပေးအပ်ထားသော ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း အလံတံခွန်နှင့် ဆင်တူပေသည်။ ရန်သူများနှင့် တိုက်ခိုက်သောအခါ မှော်ရတနာ ကိုယ်တိုင်က တိုက်ခိုက်ခဲ့ခြင်း မဟုတ်ပဲ အတွင်းတွင်

ရှိနေသော အရာများက တိုက်ခိုက်ခဲ့ခြင်း
ဖြစ်သည်။

သွေးမြစ်စာလိပ်သည် သူ၏အတွင်းတွင်
သိမ်းဆည်းထားသော အကြွင်းမဲ့
သွေးမြစ်ရေများကို မှီခိုနေ၍
ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း
အလံတံခွန် အနေနှင့် အတွင်းတွင်
အကျဉ်းချထားသော စိတ်ဝိညာဉ်များကို
အသုံးပြုနေခြင်း ဖြစ်သည်။

ထို့ကြောင့် လင်းဖုန်း၏ သံမဏိသစ်ပင်
ကိုယ်ပွားသည် အင်မော်တယ်ဝိညာဉ် အဆင့်သို့
မရောက်သေးသော်လည်း သူက

သွေးမြစ်စာလိပ်နှင့် အတွင်းမှ အကြွင်းမဲ့
သွေးမြစ်ရေကို ထိန်းချုပ်ရုံဖြင့် သခင်များနှင့်
ကင်းကွာနေသည့် အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်နှင့် အနက်ရောင်
ဝတ်ရုံအား ချုပ်နှောင်ထားနိုင်ခဲ့သည်။

သတိထားရန် လိုသည့် တစ်ခုတည်းသော
အရာတစ်ခုမှာ သင်က သွေးမြစ်စာလိပ်အား
အလွန်အကျွံ မသုံးမပြုရန် ဖြစ်သည်။
မဟုတ်လျှင် ဤမှော်ရတနာ
ထိန်းချုပ်ထားသော မမြင့်မြတ်သော
သွေးမြစ်သည် ထိန်းချုပ်မှုအောက်မှ
လွတ်မြောက်သွားနိုင်သည်။

လင်းဖုန်းသည် သူတို့၏ မျက်စိရှေ့တွင်
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်နှင့်
အနက်ရောင် ဝတ်ရုံတို့အား
သိမ်းဆည်းလိုက်သည်ကို
တွေ့လိုက်ရသောအခါ ဒီရေ ဓားအကြီးအကဲနှင့်
ကျန်သောသူများသည် ဝေခွဲရ ခက်သွားကြ၏။

လင်းဖုန်းသည် မှော်ရတနာ နှစ်ခုနှင့်
သန်မာသည်မှာ သေချာနေသော်လည်း
သူတို့တွင် လူအင်အား ပိုသာ၏။ အကယ်၍
သူတို့ကသာ ပူးပေါင်းတိုက်ခိုက်ခဲ့လျှင် သူသည်
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား
ထိန်းသိမ်းထားချင်မှ
ထိန်းသိမ်းထားနိုင်လိမ့်မည်။

သို့သော်လည်း ဒီရေ ဓားအကြီးအကဲနှင့်
ကျန်သောသူများတို့သည် လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားအား
အလွယ်တကူတော့ အနိုင်ယူ၍ မရနိုင်သည်ကို
သိထားကြ၏။ ပြင်းထန်၍ သွေးလွှမ်းသော
တိုက်ပွဲတစ်ခုကို ရှောင်လွှဲ၍ မရနိုင်ချေ။

အကယ်၍ သူတို့က
အနိုင်ရသွားသည့်တိုင်အောင် လင်းဖုန်း၏
မူလခန္ဓာကိုယ် ရောက်ရှိလာရန် အချိန်က
လိုသည်ထက်ပင် ပိုနေသေးသည်။

အကယ်၍ လျှမ်ပန်းနှင့် ရှီယုတို့ကဲ့သို့သော ထိပ်သီးကျင့်ကြံသူများ ရောက်မလာခဲ့ပါက သူတို့သည် ကူရာမဲ့ဖြစ်သွားကြမည် ဖြစ်သည်။

ရှွင်ပျော်ပျော် သူတော်စင်သည် ခါးသီးစွာနှင့် ရယ်လိုက်ကာ ပြောလိုက်သည်။ "အရှင်လင်း၊ ဒီကိစ္စက ယင်ပင်လယ်ရဲ့ တောင်သုံးတောင်နဲ့ ဆက်စပ်နေတယ်။ မဟာချင်က ဒီကိစ္စမှာ အလျှော့ပေးမှာ မဟုတ်ဘူး။ ကျွန်တော်ကတော့ ခင်ဗျားကို အနိုင်မတိုက်နိုင်တော့ ခင်ဗျားရဲ့ ကိုယ်ပွားကို အခက်တွေ့အောင် မလုပ်တော့ပါဘူး။ ဒါပေမဲ့ ကျုပ်က ကျုပ်ဧကရာဇ်ကိုတော့ တင်ပြထားခဲ့ပြီးပြီ"

"အရှင်မင်းမြတ်က ဒီနေရာကို
လာတဲ့လမ်းပေါ်မှာ ရောက်နေပြီ။ ကျွန်တော်က
ခင်ဗျားကို အနည်းငယ်တော့
တားဆီးထားရလိမ့်မယ်။ အမှားပြုမိရင်
ခွင့်လွှတ်စေလိုပါတယ်"

ဒီရေ ခါးအကြီးအကဲကလည်း တိုးညင်းစွာဖြင့်
ပြောလိုက်၏။ "ကျုပ်ကလည်း
ဒီအဖြစ်အပျက်တွေကို မဟာကျိုး ကေရာဇ်နဲ့
ကျုပ်တို့ဂိုဏ်းခေါင်းဆောင်ကို
တင်ပြထားပြီးပါပြီ"

သူသည် ဇူရီထံသို့ ခုန်ဝင်သွားခဲ့သော
ဆောင်ချင်းစန်းအား ကြည့်လိုက်သည်။ သူတို့

ကျယ်ပြန့်သော ပင်လယ်ခေါ်ဂိုဏ်းနှင့်
အရှေ့ကောင်းကင် တံခါးဂိုဏ်းတို့သည်
မဟာကျိုး အင်ပါယာကို ထောက်ခံကြသော
မဟာမိတ်များ ဖြစ်ကြသော်လည်း
သူတို့နှစ်ဘက်အကြားတွင် ခင်မင်ရင်းနှီးမှုများ
မရှိနေကြပေ။ အမှန်အတိုင်းပြောရလျှင်
သူတို့သည် မဟာကျိုး အင်ပါယာ၏ အဖွဲ့ခွဲများ
အတွင်းတွင် သန်မာသော အဖွဲ့နှစ်ဖွဲ့
ဖြစ်ကြသဖြင့် အချင်းချင်း ပြိုင်ဆိုင်နေကြသူများ
ဖြစ်ကြသည်။

ထို့ကြောင့် ယခုအချိန်တွင် အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်အား တိုက်ခိုက်ခဲ့ချိန်တွင်
သူနှင့် ဆောင်ချင်းစန်းတို့သည်

တစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခဲ့ရာတွင် လုံးဝ အလျှော့ပေးခဲ့ခြင်းမျိုး မရှိခဲ့ကြပေ။ ဤရတနာကို ပြိုင်ဆိုင်ရာတွင် တစ်ယောက်၏ စွမ်းအားဖြင့်သာ အဆုံးအဖြတ် ပေးမည် ဖြစ်၏။

သို့သော်လည်း ယခုအချိန်တွင် လင်းဖုန်းနှင့် ရင်ဆိုင်ရာတွင် သံသယဖြစ်ဖွယ်မရှိပဲ သူသည် ဆောင်ချင်းစန်းနှင့် ပူးပေါင်းရမည် ဖြစ်သည်။

မိုးပြာရောင် ပင်လယ်ဒီရေစားသည် တောက်ပနေသော ဟတ်တာပေါင်းတစ်ထောင် ကျယ်ပြန့်နေသည့် ပင်လယ်အဖြစ်သို့

ပြောင်းသွားခဲ့ကာ လင်းဖုန်း၏ ရေခဲဝိညာဉ်
တိမ်တိုက်ဖြင့် ရင်ဆိုင်လိုက်သည်။

တစ်ခုသည် သူ၏စွမ်းအင်များကို အပြည့်အဝ
ထုတ်လွှတ်နိုင်သော သန္ဓေလောင်း အဆင့်မှ
မှော်ရတနာ ဖြစ်၍ ကျန်တစ်ခုသည် စွမ်းအား
အကန့်အသတ်သာရှိသော ပွားစည်းခြင်း
အဆင့်မှ မှော်ရတနာ ဖြစ်သည်။ မည်သူက
အနိုင်ရမည် ဆိုသည်မှာ သူတို့အား
ကိုင်ဆောင်ထားသော သခင်များ
အပေါ်တွင်သာ မူတည်နေ၏။

အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ
သိမ်းငှက်တို့သည် ဤအချိန်အထိ

စကားမပြောကြသေးပေ။ သို့သော်လည်း ဒီရေ
ခေါအကြီးအကဲက တိုက်ခိုက်ရန်
ဟန်ပြင်လိုက်သည်ကို ကြည့်လိုက်ကြကာ
သူတို့သည်လည်း စတင် စဥ်းစားလိုက်ကြသည်။

သူတို့သည် ဆောင်ချင်းစန်းနှင့် ဇူရီတို့၏
အကြားမှ တိုက်ပွဲကို စိတ်မဝင်စားကြပေ။ သူတို့
ဂရုစိုက်ကြသည်မှာ လင်းဖုန်း၏
လက်အတွင်းသို့ လောလောဆယ်
ရောက်ရှိနေသော အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်ပင် ဖြစ်သည်။

အင်မော်တယ်ဝိညာဥ် အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်နှင့် မိစ္ဆာ မဟာပဏ္ဍိတ နှစ်ပါးတို့၏

မျက်လုံးထောက်ထောက် ကြည့်မှုကို ခံနေရသော်လည်း လင်းဖုန်း၏ အမူအရာများသည် တည်ငြိမ်နေဆဲသာ ဖြစ်၏။ ထို့အပြင် သူသည် ရှင်ပျော်ပျော် သူတော်စင်အား ပြုံး၍ကြည့်လိုက်ကာ ဖွဖွလေး ပြုံးလိုက်သည်။ "အခုအချိန်မှာ ကျုပ်တပည့်က ဖျော်ဖြေမှု ပေးနိုင်တဲ့ မဟာတိုက်ပွဲ တစ်ခုကို ဆင်နွှဲတော့မယ်။ ကျုပ်က အခုအချိန်မှာ ထွက်သွားလို့ ဘယ်ဖြစ်မလဲ"

"ဒါပေမဲ့ ကျုပ်က ရဲဘော်ရှီ ရောက်လာတဲ့အထိ စောင့်နေမှာ မဟုတ်ဘူး။ ကျုပ်တပည့် တိုက်ပွဲအဆုံးသတ်ပြီးသွားတဲ့ အချိန်အထိ

ရဲဘော်ရှီက ရောက်မလာသေးရင် ကျုပ်မှာက သူ့ကိုစောင့်ဖို့ အချိန်မရှိဘူး"

ရွှင်ပျော်ပျော် သူတော်စင်ကလည်း ပြုံးလိုက်ကာ ပြန်ပြောလိုက်သည်။ "တကယ်လို့ အရှင်မင်းမြတ်က နောက်ကျခဲ့လို့ရှိရင် ကျုပ်က အရှင်လင်းကို ဟန့်တားဖို့ စွမ်းရည်မရှိပါဘူး" သူ၏စကားဆုံးသည်နှင့် သူသည် နောက်သို့ ခြေလှမ်းအနည်းငယ် ဆုတ်သွားခဲ့ကာ လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား ကျန်သောသူများနှင့်အတူ တိုက်ခိုက်မည်မဟုတ်ဟု ဖော်ပြလိုက်သည်။

လင်းဖုန်းက ထွက်သွားမည် မဟုတ်သဖြင့်
သူသည် ဇူရီနှင့် ဆောင်ချင်းစန်းတို့၏
တိုက်ပွဲအား သူနှင့်အတူ ဘေးမှ
ထိုင်ကြည့်နေမည် ဖြစ်သည်။

လင်းဖုန်းသည် ဂဏ္ဍာမငြိမ် ဖြစ်နေကြသော
အနီရောင် နဂါးဘုရင်၊ နေမင်းမျိုးချ သိမ်းငှက်နှင့်
ဒီရေ ခေါ်အကြီးအကဲတို့အား
စိုက်ကြည့်လိုက်သည်။ သူသည်
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများနှင့် တပြိုင်နက်တည်း
တိုက်ခိုက်နေရသော်လည်း သူသည်
ယခင်အတိုင်း တည်ငြိမ်နေဆဲပင် ဖြစ်၏။
အမှန်အတိုင်းပြောရလျှင် သူသည် သူ၏

မူလခန္ဓာကိုယ်အား ဤနေရာသို့ ခေါ်ရန် စိတ်ကူးပင် မရှိခဲ့ချေ။

သူ၏ခေါင်းပေါ်မှနေ၍ အလင်းတန်းများ လင်းလက်သွား၍ ကီလိုမီတာတစ်ဝက် မြင့်မား၍ အသက်အကြီးဆုံး မိခင်သစ်ပင်နှင့် တူနေခဲ့သော စကြာဝဠာ ပုံသဏ္ဌာန်က ပေါ်လာခဲ့သည်။ သူသည် ထိုအုပ်စု၏ အရှေ့တွင် ရပ်နေခဲ့ကာ ကောင်းကင်အား ထောက်ကန်ထားသော တိုင်လုံးပမာ အပေါ်သို့ ထိုးတက်သွားခဲ့သည်။

အရေအတွက်သုံးခု အင်းရှစ်ကွက်နှင့် အသွင်သဏ္ဌာန် လေးမျိုးတို့၏ ဖန်ဆင်းခြင်း

စွမ်းအားများ၊ ဆာရိုသံမဏိ သစ်ပင်၏
မယုံနိုင်လောက်သော ခံနိုင်ရည်နှင့်
ထာဝရအလင်းတန်း၏ အချိန်မဲ့ မသေနိုင်ခြင်း
စသည်တို့အား ပေါင်းစပ်စုစည်းလိုက်သောအခါ
မယုံနိုင်လောက်သော ခံစစ်စွမ်းရည်များကို
ပေးစွမ်းနိုင်ခဲ့ပြီး အင်မော်တယ်ဝိညာဉ် ပထမ
အဆင့်မှ ကျင့်ကြံသူ အများစုတို့က
လက်မှိုင်ချသွားရပေလိမ့်မည်။

ဒီရေ ဓားအကြီးအကဲနှင့် ကျန်သောသူများ၏
မျက်နှာများ အပေါ်တွင် အံ့အားသင့်မှုများ
ပေါ်လာကြသည်။ အစပထမတွင် လင်းဖုန်း၏
အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကိုယ်ပွားသည် အစွမ်းအမတန်

ထက်လိမ့်မည်ဟု ထင်ထားကြသော်လည်း အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ အနေဖြင့် သူတို့တွင် ဒုတိယအတွေးများ ရှိနေကြ၏။ သို့သော်လည်း ယခုအချိန်တွင်မှ သူတို့သည် သဘောပေါက်သွားကြသည်။

အမှန်အတိုင်းပြောရလျှင် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် တိုက်ခိုက်မှု စွမ်းအားများကလည်း အထူးမည့်ပေ။ သူသည် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ ကျင့်ကြံသူ အများစုတို့အား အသာစီးမှ တိုက်ခိုက်နိုင်စွမ်း ရှိသည်။ သို့သော်လည်း ခံစစ်စွမ်းအားများနှင့် ယှဉ်လိုက်လျှင် ဒါသည် ကွဲပြားခြားနားသော အရာတစ်ခု ဖြစ်၏။

သူ၏ ကိုယ်ပိုင် အဆင့်အတန်းနှင့် ပြောရလျှင် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် တိုက်စစ်အားနည်း၍ ခံစစ်သန်မာသည်။ ခံစစ်သည် သူ၏ အဓိက အားသာချက် ဖြစ်၏။

သံမဏိသစ်ပင် ကိုယ်ပွားသည် သူ၏ စကြာဝဠာ ပုံသဏ္ဌာန်အား ဖော်ပြလိုက်ကာ သူ၏ ခံစစ်များကို အစွမ်းကုန် မြှင့်တင်လိုက်သောအခါ အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှ ကျင့်ကြံသူများပင် သူ့အားကြည့်၍ ခေါင်းကိုက်သွားမည် ဖြစ်သည်။

ယခုအချိန်တွင် ဒီရေ ခေါးအကြီးအကဲနှင့် ကျန်သော နှစ်ယောက်တို့၏ တိုက်ခိုက်မှုသည် လင်းဖုန်းကိုလည်း သူတို့အား ရေချိုသူတော်စင်ကို အနိုင်ယူခဲ့သကဲ့သို့ အနိုင်ရရန်လည်း ခက်ခဲစေသည်။ သို့သော်လည်း သူတို့သုံးယောက် အနေဖြင့် လင်းဖုန်း၏ ခံစစ်များကို ချိုးဖောက်ရန်မှာ ပို၍ ခက်ခဲသေးသည်။

ဒါသည် လင်းဖုန်း၏ ရေခဲဝိညာဉ် တိမ်တိုက်အား ထည့်သွင်း မတွက်ချက်ရသေးပေ။ အကယ်၍ ဒီရေ ခေါးအကြီးအကဲနှင့် ကျန်သောသူများသည် လင်းဖုန်းအား အစွမ်းကုန် တိုက်ခိုက်ခဲ့ပါက

သူတို့သည် လင်းဖုန်း၏
တန်ပြန်တိုက်ခိုက်မှုများကို ခံရမည် ဖြစ်သည်။

ထိုအရာကို သဘောပေါက်သွားအပြီးတွင်
ဆောင်ချင်းစန်းအား သွားရောက်
ကူညီချင်နေသော ဒီရေ ဓားအကြီးအကဲနှင့်
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား
မျက်စိကျနေသော အနီရောင် နဂါးဘုရင်နှင့်
နေမင်းမျိုးချ သိမ်းငှက်တို့သည်
ငြိမ်သက်သွားကြကာ တိုက်ခိုက်လိုစိတ်များ
ကုန်ခမ်းသွားကြသည်။ သူတို့သည်
လင်းဖုန်းကိုသာ ဆက်လက်၍
စောင့်ကြည့်နေကြ၏။

အခြားတစ်ဘက်တွင် လင်းဖုန်း၏ အမူအရာသည် လွန်စွာ သက်တောင့်သက်သာ ရှိနေခဲ့၍ လွန်စွာဝေးကွာသော နေရာတစ်ခုသို့ လှမ်းကြည့်နေခဲ့သည်။ ထိုနေရာတွင် အရှေ့ကောင်းကင်ဂိုဏ်းနှင့် ကျယ်ပြန့်သော ပင်လယ်ဓားဂိုဏ်းမှ ကျင့်ကြံသူများ၊ မိုးကြိုးနဂါးနှင့် ရွှေရောင်ငှက်တောင် မဟာနတ်ငှက် မျိုးနွယ်စုတို့မှ မိစ္ဆာတို့သည် လီယွမ်ဖန်း၊ ကျဲယုနှင့် ပိုင်ကွမ်းတို့အား ခက်ထန်စွာနှင့် ဝိုင်းရံထားကြသည်။

သို့သော်လည်း ယခုအချိန်တွင် လင်းဖုန်း၏ အကြည့်ကြောင့် အားလုံးတို့သည်

ကျောရိုးအတွင်းမှ စိမ့်ကနဲ ဖြစ်သွားကြ၍ သူတို့၏ အကြံများကို ရပ်လိုက်ရသည်။

အကယ်၍ ဒီရေ ခေါ်ားအကြီးအကဲနှင့် ကျန်သောသူများသည် သူ့အား ဟန့်တားရန် ကြိုးစားခဲ့ကြပါက လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွား အနေဖြင့် သူတို့ကို ထိုးဖောက်ကာ သူ့တပည့်များကို သွားရောက်ကယ်တင်ရန် အလွန်ခက်ခဲမည် ဖြစ်သော်လည်း ဤသို့ဆိုလျှင် ဒီရေ ခေါ်ားအကြီးအကဲတို့သည် သဘောထား သေးသိမ်ရာ ကျသွားလိမ့်မည် ဖြစ်သည်။

သူတို့သည် ရတနာ အတွက်သာ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည် ဖြစ်၍

မပြေနိုင်သော ရန်ငြိုးရန်စများ ရှိနေကြသည် မဟုတ်ပေ။ အကယ်၍ သူတို့သည် လင်းဖုန်း၏ တပည့်များကို ဓားစာခံများအဖြစ် ခေါ်ထားခဲ့ပါက သူတို့သည် စေ့စပ်ပြေငြိမ်း၍ မရသော အမုန်းတရားများကို ဖန်တီးမိခဲ့မည် ဖြစ်သည်။

သူတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အမျက်ဒေါသကို ရင်ဆိုင်နိုင်ရန် လုံလောက်အောင် သန်မာနေခဲ့သည် ဆိုလျှင်ပင် ဤသို့ပြုလိုက်ရန် လုံးဝ မလိုအပ်နေပဲ ယင်ပင်လယ် အတွင်းမှ ကျန်သော အင်အားစုများကိုသာ အကျိုးရှိစေခဲ့မည် ဖြစ်သည်။

အကယ်၍ အရှေ့ပင်လယ်ဂိုဏ်း သို့မဟုတ် မဟာကျိုး အင်ပါယာမှ အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ ကျင့်ကြံသူတစ်ဦး ရှိနေခဲ့ပါက သူသည် သံသယဖြစ်ဖွယ်ရာ မရှိပဲ လင်းဖုန်းအား သူဖော်သည့်ဆေးကို သူ့အား ပြန်တိုက်ခဲ့မည် ဖြစ်သည်။ သို့သော်လည်း ဤနေရာတွင် ရှိနေသော ကျင့်ကြံသူများအနက် အရှေ့ကောင်းကင်ဂိုဏ်းနှင့် အနီးစပ်ဆုံးဖြစ်သော ဒီရေ ဓားအကြီးအကဲသည်ပင် ဆောင်ချင်းစန်းနှင့် ယင်ချန်စန်းတို့အတွက် လင်းဖုန်းနှင့် သူသေကိုယ်သေ တိုက်ခိုက်လိမ့်မည် မဟုတ်ပေ။

လင်းဖုန်း၏ ခြိမ်းခြောက်သော
အကြည့်အောက်တွင် အခြေအနေသည်
ပြန်လည် တည်ငြိမ်သွားခဲ့၏။
အခြားတစ်ဘက်တွင်မူ ဇူရီနှင့်
ဆောင်ချင်းစန်းတို့၏ တိုက်ပွဲမှာ ပို၍ပို၍
ပြင်းထန်လာခဲ့သည်။

လင်းဖုန်းသည် ဒီရေ ဓားအကြီးအကဲနှင့်
ကျန်သောသူများကို ဟန့်တားထားပြီး
သူမကိုသာ ဖြတ်သန်းခွင့် ပြုလိုက်သည်ကို
ကြည့်လိုက်ပြီး ဆောင်ချင်းစန်း၏
မျက်လုံးများသည် လက်ကနဲ ဖြစ်သွားခဲ့၏။

"ရှင်က ရှင့်တပည့်အပေါ်မှ တကယ်ကို ယုံကြည်ချက် ရှိတာပဲ"

"ဒီလိုမျိုး လုပ်လိုက်ခြင်းအားဖြင့် ရှင်က ဒီရေ၊ ရွှင်ပျော်ပျော်နဲ့ ကျန်တဲ့သူတွေကို ဟန့်တားထားနိုင်ခဲ့ပေမဲ့ ရှင်ကလည်း သူတို့ရဲ့ ပိတ်ဆို့ခြင်းကို ခံထားခဲ့ရပြီ"

ဆောင်ချင်းစန်း၏ အကြည့်သည် ပို၍ အေးစက်လာခဲ့သည်။ ရွှေရောင် လင်းလက်နေသော ကြက်သွေးရောင် မီးတောက်များသည် သူမ၏ ခေါင်းအပေါ်မှ မီးအိမ်မှနေ၍ တိုးထွက်လာကြသည်။

ကွဲပြားသော မီးတောက် နှစ်ဆယ့်ရှစ်ခုတို့ ဖြစ်ကြ၏။ သူတို့သည် ပြန့်ကြဲသွားကြကာ စံအိမ် နှစ်ဆယ့်ရှစ်လုံးတို့၏ ပုံစံကို ဖန်ဆင်းလိုက်ပြီး ဇူရီအား အလယ်မှထားကာ ဝန်းရံလိုက်ကြသည်။

ဇူရီ၏ ရွှေရောင် တံတားသည် ကျဆင်းလာခဲ့ကာ ယင်ချန်စန်း၏ စကြာဝဠာ ပုံသဏ္ဍာန်အား ဖျက်ဆီးလိုက်၍ သူ့ကိုယ်တိုင်အား တိုက်ခိုက်လိုက်ရန် ပြင်ဆင်လိုက်သည်။

ဤအချိန်တွင် ဆောင်ချင်းစန်းကလည်း လျှင်မြန်စွာနှင့် ရောက်ရှိလာခဲ့သည်။ ရွှေရောင်အလင်းတန်းများဖြင့် ဖုံးအုပ်ထားသည့် ကြက်သွေးရောင် မီးတောက် နှစ်ဆယ့်ရှစ်လုံးတို့အား ကြည့်လိုက်ကာ ဇူရီက ခေါင်းငုံ့လိုက်သည်။ "ကောင်းတယ်။ နေမင်းအလင်းတန်း၊ စံအိမ် နှစ်ဆယ့်ရှစ်လုံး ကောင်းကင်မီးလျှံ ဝင်္က်ပါ! အရမ်းကောင်းတယ်။ မင်းတို့က တကယ်ကိုပဲ ကောင်းကင်တံခါးဂိုဏ်းက အမွေအနှစ်တွေကို ရထားခဲ့တယ်"

ပညာရှိတို့၏ စာစီစာကုံးသည် ဇူရီ၏ အစွမ်းအထက်ဆုံး နည်းစနစ် ဖြစ်သဖြင့်

သူသည် ယင်ချန်စန်း၏ စကြာဝဠာ
ပုံသဏ္ဍာန်အား တစ်ချက်တည်းဖြင့်
ဖျက်ဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း အရှေ့ကောင်းကင်
တံတားဂိုဏ်း၏ လူငယ်မျိုးဆက်မှ
အကောင်းဆုံးများ အတွင်းတွင်
တစ်ယောက်ဖြစ်သဖြင့် ယင်ချန်စန်းသည်
သာမညတစ်ယောက် မဟုတ်ပေ။ သူ၏
ပြိုကွဲသွားသော စကြာဝဠာ ပုံသဏ္ဍာန်သည်
ဖရိုဖရဲ ဖြစ်နေသော ဟင်းလင်းပြင်
တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ ဇူရီ၏
ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော

ရွှေရောင်တံတားအား အဆက်မပြတ် တိုက်စားနေခဲ့သည်။

ထိုအချိန်တွင် ဆောင်ချင်းစန်း၏ မှော်ရတနာမှ ထုတ်လွှတ်ခဲ့သော စံအိမ် နှစ်ဆယ့်ရှစ်လုံး ကောင်းကင်မီးလျှံ ဝင်္ကပါသည် ချက်ချင်းပင် ဇူရီအား လွှမ်းခြုံသွားခဲ့သည်။

တစ်ချိန်တည်းတွင် ဆောင်ချင်းစန်း၏ ညာလက်မှနေ၍ ကောင်းကင်အား ခုတ်ချလိုက်ရာ ပုံရိပ်ယောင် အက်ကွဲကြောင်းတစ်ခု ပွင့်လာခဲ့ပြီး ကောင်းကင်မှ ကြယ်တာရာများကို ဖော်ပြလိုက်သည်။ မီးကဲ့သို့ နီရဲနေသော

မားစ်သည် တည်ငြိမ်စွာဖြင့်
တောက်ပနေခဲ့သည်။ ကြယ်စင်များ၏
ကြီးမားလှသည့် စွမ်းအားသည်
ဆောင်ချင်းစန်း၏ မားစ်မီးတောက်ဘီးအား
ထောက်ပံ့ပေးနေခဲ့၍ ဇူရီ၏ ခေါင်းပေါ်သို့
ကျဆင်းလာခဲ့သည်။

စွမ်းအားကြီးမားသော တိုက်ခိုက်မှုများတို့သည်
ဇူရီထံသို့ တည့်တည့် ဝင်ရောက်လာကြကာ
သူ့အား နောက်ဆုတ်ရန် ဖိအားပေးလိုက်သည်။
အကယ်၍ ဇူရီသည် ယင်ချန်စန်းအား
သတ်ဖြတ်ရန်သာ အာရုံစိုက်နေခဲ့ပါက
သူကိုယ်တိုင်ကလည်း ဒဏ်ရာ အပြင်းအထန်
ရရှိသွားမည် ဖြစ်၏။ ဆောင်ချင်းစန်းကသာ

သူမ၏ ဒုတိယအကြိမ် တိုက်ခိုက်မှုများကို ထုတ်လွှတ်လိုက်ပါက သူသည် ယင်ချန်စန်းနှင့်အတူ သင်္ချိုင်းသို့ အတူတကွ သွားခဲ့ရနိုင်သည်။

"နောက်ဆုတ်လိုက်စမ်း" ဆောင်ချင်းစန်းသည် ပြင်းထန်စွာနှင့် ကြုံးဝါးလိုက်သည်။ သူမ၏ မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးအား ထပ်မံထုတ်လွှတ်ရန် အသင့်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

မျှော်လင့်ချက် ကင်းမဲ့စွာဖြင့် ချောက်နက်ကြီး အတွင်းသို့ ကျနေခဲ့သလို ဖြစ်နေခဲ့သည့် ယင်ချန်စန်းသည် မျှော်လင့်ချက်

ရေးရေးလေးကို ပြန်တွေ့လိုက်ရသည်။ လျှင်မြန်စွာနှင့်ပင် သူသည် ဆောင်ချင်းစန်းနှင့် အတူတကွ တိုက်ခိုက်လိုက်၍ ဇူရီ၏ နည်းစနစ်များမှ ထိုးဖောက်၍ အသက်ရှင်နိုင်ရန် ကြိုးစားလိုက်သည်။

ဇူရီသည် တစ်စက္ကန့်လေးမှပင် ပြာမသွားခဲ့ပေ။ "ငါက အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အတွက် ဒီကျွန်းကို လာခဲ့စဉ်တုံးမှာ အသွင်သဏ္ဍာန် အားလုံးတို့၏ ပြန်လာခြင်း မှော်ကျိန်စာနဲ့ ဂမ္ဘီရ အတွက်အချက်တွေကို ပြုလုပ်ခဲ့တယ်။ ကံဆိုးခြင်းတွေရဲ့ အကြားမှာ ကံကောင်းခြင်း ရှိတယ်။ ကပ်ဆိုးကျရောက်လာတဲ့ အချိန်မှာ

ကံကောင်းနိုင်တယ်။ ကြည့်ရတာ
မင်းတို့တတွေရဲ့ အပေါ်မှာ ကံဆိုးမိုးမှောင်
ကျရောက်တော့မယ်နဲ့ တူတယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်နှင့်
အနက်ရောင် ဝတ်စုံတို့ နှစ်ခုစလုံးတို့သည်
လင်းဖုန်းထံသို့ ရောက်ရှိသွားကြပြီ ဖြစ်သည်။
ထူးခြားသော မှော်သင်္ကေတ တစ်ခုအား
ဖန်ဆင်း၍ သူသည် အားသွားပြီ ဖြစ်ကြသော
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာနှင့် ထာဝရည
မိစ္ဆာကျောက်တိုင်တို့အား ဆင့်ခေါ်လိုက်သည်။
သူတို့သည် အတူတကွ စတင်တုန်ခါလာကြပြီး

အားကောင်းသော အော်ရာတစ်ခုအား ထုတ်လွှတ်လိုက်ကြသည်။

## စာစဉ် ၃၉ : အပိုင်း ၁၉

## အပိုင်း ၇၄၉ : အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါ

ဇူရီ၏ မြင့်မြတ်သော အန္တိမ ရေးဟောင်း ချပ်ဝတ်တန်ဆာမှ တောက်ပလှသော အဖြူရောင် အလင်းတန်းများ ထွက်လာကြသည်။ အဖြူရောင် အလင်းတန်းများ၏ အတွင်းတွင် ပုံရိပ်များ

ထောင်နှင့်ချီ၍ လှုပ်ရှားနေကြကာ
ကျမ်းစာရွတ်ဖတ်သံများသည် အားလုံးတို့၏
နားအတွင်းတွင် ပဲ့တင်ရိုက်နေခဲ့၏။

အဖြူရောင် အလင်းတန်းသည် ဇူရီ၏
ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသည့်
ရွှေရောင်တံတား အပေါ်သို့
ကျရောက်သွားခဲ့သည်။
ရွှေရောင်တံတားကလည်း
ဟင်းလင်းပြင်တလျှောက် ကြီးထွားလာခဲ့၍
ဆောင်ချင်းစန်း၏ ကြယ်စင်စွမ်းအားများဖြင့်
အားဖြည့်ထားသော မားစ်မီးတောက်ဘီးအား
လမ်းလွှဲပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် ထာဝရည
မိစ္ဆာကျောက်တိုင်မှနေ၍
မယုံနိုင်လောက်အောင် မည်းနက်သော
အလင်းတန်းအား ထုတ်လွှတ်လာခဲ့၍
ဘေးပတ်ပတ်လည်မှ လေဟာနယ်နှင့်
အချိန်ကာလအား ထာဝရညအတွင်း၌
ပိတ်လှောင်ထားခဲ့သည်။

ဆောင်ချင်းစန်း၏ မှော်ရတနာဖြစ်သော
ယန်ကောင်းကင်မီးအိမ်မှ တောက်ပလှသော
မီးတောက်သည် အဆက်မပြတ်ပင်
အမှောင်ထု၏ ဝါးမျိုခြင်းကို ခံနေရ၏။
သူနှင့်အတူ မှေးမှိန်သွားခဲ့သည်မှာ စံအိမ်

နှစ်ဆယ့်ရှစ်လုံး ကောင်းကင်မီးလျှံ ဝက်ပါ၏ အလင်းတန်းပင် ဖြစ်သည်။

ဤကဲ့သို့ တိုက်ခိုက်နေရသည့်တိုင်အောင် ဇူရီသည် ယင်ချန်စန်းအား မေ့သွားခြင်း မရှိခဲ့ပေ။ လက်ခုပ်တစ်ချက် တီးလိုက်ရာ တောက်ပလှသော အဖြူနှင့် အနက်ရောင် အလင်းတန်းများသည် ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ် အဖြစ် တစ်ခုနှင့်တစ်ခု ယှက်သန်းသွား၍ ယင်ချန်စန်းအား အတွင်းတွင်ချုပ်နှောင်ထားခဲ့သည်။

ခဏာအကြာတွင် ကောင်းကင်
အလင်းနှင့်အမှောင် မန်ဒလာ
မဟာနယ်နိမိတ်သည် အလယ်ဗဟိုမှ
နေရာတစ်ခုထံသို့ စတင်၍
ပြိုကျပျက်ဆီးသွားခဲ့သည်။ ယင်ချန်စန်း၏
စကြာဝဠာ ပုံသဏ္ဍာန်သည် ပြိုကွဲသွားခဲ့ပြီ
ဖြစ်ကာ သူသည် ယခုအချိန်တွင် ကောင်းကင်
အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်
အတွင်း၌ ပိတ်မိနေခဲ့၍ ထိုမန်ဒလာက
ပြိုကျပျက်စီးသွားခဲ့ပြီး စကြာဝဠာကြီး၏
ဖျက်ဆီးမှု စွမ်းအားများနှင့် အလားတူ
စွမ်းအားများက ပေါက်ကွဲလာသည်နှင့်
တပြိုင်နက် သူအား စောင့်ဆိုင်းနေသော
ကံကြမ္မာမှာ သေမင်းပင် ဖြစ်ပေလိမ့်မည်။

"မင်းက အခုအချိန်အထိ အနိုင်ကျင့်ချင်နေသေးတာလား။ မင်းက ကိုယ့်ကိုယ်ကိုယ် ပိုတွက်ထားခဲ့ပြီ" ဆောင်ချင်းစန်းက အထက်စီးပုံစံဖြင့် နှာမှုတ်လိုက်သည်။ "တကယ့်ကို အမေတူသားပဲ။ မုန့်ပင်းယွင်ကလည်း ဒီအတိုင်းပဲ၊ ပြီးတော့ သူမလိုမျိုး မထိုက်တန်တဲ့ မျိုးဆက်ကို ထားရစ်ခဲ့တယ်"

သူမ၏ လက်ကို ဝှေ့ယမ်းလိုက်ရာ မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးသည် ရေခဲလှိုင်းလုံးကြီးအဖြစ် ပြောင်းလဲသွားခဲ့၍ ချက်ချင်းပင် ကောင်းကင် အလင်းနှင့်အမှောင်

မန်ဒလာ မဟာနယ်နိမိတ်အား
အေးခဲသွားစေခဲ့သည်။

မာကျူရီဂြိုဟ်၏ စွမ်းအားများမှ
ဝင်ရိုးစွန်းရေခဲများအဖြစ်သို့
ပြောင်းလဲထားသော အင်အားသည် ရွှမ်းမင်
အကြွင်းမဲ့ရေအား ထိန်းချုပ်နိုင်သည့် အဆင့်တူ
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများထက် အားနည်းနေမည်
မဟုတ်ပေ။ သူသည် လေဟာနယ်၊
အချိန်ကာလ၊ အရာဝတ္ထု၊ စိတ်ဝိညာဉ် စွမ်းအင်၊
မှော်စွမ်းအင် အစရှိသော အရာအားလုံးကို
အေးခဲစေလိမ့်မည် ဖြစ်သည်။

မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးနှင့်
ထိတွေ့ခဲ့ရသောအခါ ဇူရီ၏ မန်ဒလာသည်
ပြိုကျနေဆဲမှာပင် ချက်ချင်း
ရပ်တန့်သွားခဲ့သည်။

အပျော်လွန်သွားခဲ့သော ယင်ချန်စန်းသည်
ချိပ်ပိတ်ထားမှုမှ ဖောက်ထွက်ကာ
လွတ်မြောက်ရန် ဟန်ပြင်ခဲ့သည်။

"ငါ့ရဲ့ စကြာဝဠာ ပုံသဏ္ဍာန်က ပျက်စီးသွားခဲ့ပြီ။
ငါ့ရဲ့ ကျင့်ကြံမှုကလည်း အမတန်ကိုမှ
ထိခိုက်သွားခဲ့ပြီ။ ငါက စကြာဝဠာ ပုံသဏ္ဍာန်ကို
ပြန်လည်ဖန်တီးဖို့ ရာစုနှစ် အနည်းငယ်
အချိန်ယူရလိမ့်မယ်။ ဒါပေမဲ့ ငါ့မှာ

အင်မော်တယ်ဝိညာဉ် အဆင့်ကို ကြိုးစားဖို့
အချိန်ကျန်သေးတယ်။ ငါက
အင်မော်တယ်ဝိညာဉ် အဆင့်ကို
ရောက်သွားပြီးမှ ဒီကနေ့ရဲ့ အရှက်ရမှုကို
အဆတစ်ရာ ပြန်ပြီးတော့ ပေးဆပ်မယ်"

ယင်ချန်စန်းအား ကယ်တင်ပြီးခဲ့သော်လည်း
ဆောင်ချင်းစန်း၏ အမူအရာသည်
သက်တောင့်သက်သာ မရှိသွားခဲ့ပဲ ပို၍ပင်
လေးနက်လာခဲ့သည်။ ဒါသည် သူမ၏
အင်မော်တယ်ဝိညာဉ် ကျင့်ကြံမှု အဆင့်မှ
စူးရှသော အာရုံခံနိုင်မှုတို့ကြောင့်ပင် ဖြစ်သည်။

ဘာမှ တွေဝေနေခြင်း မရှိပဲ
ဆောင်ချင်းစန်းသည် ယင်ချန်စန်းအား
ဆွဲယူလိုက်သည်။ သူမ၏ ခန္ဓာကိုယ်
အပေါ်မှနေ၍ အစိမ်းရောင် အလင်းတန်းတစ်ခု
ပေါ်လာခဲ့၍ မြစိမ်းရောင် ကမ္ဘာငယ် တစ်ခုအား
ဖန်ဆင်းလိုက်ကာ သူမအား ကာကွယ်ပေးခဲ့ပြီး
ဟင်းလင်းပြင်ကို ချိုးဖောက်ကာ ထွက်သွားရန်
ပြင်ဆင်လိုက်၏။

သို့သော်လည်း ဇူရီ၏ ပညာရှိတို့၏ စာစီစာကုံးမှ
ဖန်ဆင်းထားသော ရွှေရောင်တံတားသည်
ရွေ့လျားလာခဲ့ပြီး သူမ၏ အရှေ့တွင်
ကာထားခဲ့ကာ သူမ၏ လမ်းကြောင်းအား
ပိတ်ဆို့ထားလိုက်သည်။

"ကောင်းကင်တံခါးဂိုဏ်းရဲ့ ရှောင်တိမ်းခြင်း နတ်မှော်ကျိန်စာက တကယ့်ကို ထူးခြား ပြောင်မြောက်လှပါတယ်။ တကယ့် အစစ်အမှန် မှော်ကျိန်စာဆိုရင် ကျုပ်ကတောင် လိုက်လို့မီမှာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားတို့ အရှေ့တံခါးဂိုဏ်းရဲ့ မပြည့်စုံတဲ့ အပိုင်းအစ မှော်ကျိန်စာနဲ့ ဆိုရင်တော့ ကိုယ့်အရှက်ကိုယ် ခွဲနေတာပဲ"

"ဒါက ခြေသုံးချောင်းသာရှိတဲ့ ထိုင်ခုံတစ်ခုနဲ့ တူတယ်။ သူက ဒီအတိုင်းသာ ထားခဲ့ရင် တခြားသူတွေကို လှည့်စားကောင်း လှည့်စားနိုင်ပေမဲ့ တစ်ယောက်ယောက်က

သူ့အပေါ်မှ တက်ထိုင်လိုက်ရင် ချက်ချင်းပဲ ပြို့ကျသွားမှာပဲ" ဇူရီက အလေ့တကြီး ဖြစ်မနေပဲ ပြောလိုက်သည်။

သူစကားပြောနေရင်း မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာက ထောက်ပံ့ပေးထားသည့် ရွှေရောင်တံတားသည် လေဟာနယ် အချိန်ကာလအား ရပ်တန့်ခဲ့ကာ ဆောင်ချင်းစန်း အပေါ်သို့ ကျရောက်လာခဲ့သည်။

"ဉာဏ်များလိုက်တဲ့ ကောင်စုတ်လေး" ဆောင်ချင်းစန်းသည် ချက်ချင်းပင် သဘောပေါက်သွားခဲ့သည်။ အစကတည်းက

ဇူရီ၏ ပစ်မှတ်သည် ဘယ်တော့မှ ယင်ချန်စန်း မဟုတ်ခဲ့ပေ။ သူမကိုသာ ဖြစ်၏။

ယင်ချန်စန်းအား ငါးစာအဖြစ် အသုံးချ၍ သူမအား လာရောက်ကယ်တင်ရန် မျှားခေါ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် သူက ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်အား အသုံးပြုကာ ယင်ချန်စန်းအား ချုပ်နှောင်ခဲ့ခြင်း ဖြစ်သည်။ မဟုတ်လျှင် ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖွဲ့စည်းထားသော ရွှေရောင်တံတားဖြင့် ဆက်လက် ရိုက်ချခဲ့ပါက ယင်ချန်စန်းအား ချက်ချင်း ဖျက်စီးနိုင်မည် ဖြစ်၏။

အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်မှ ဇူရီ၏ စွမ်းအားများကို အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ၏ အဆင့်အတန်းဖြင့် တိုင်းတာ၍ မရတော့ချေ။ အင်မော်တယ် ဝိညာဉ် အဆင့်မှ ဆောင်ချင်းစန်းနှင့် ယှဉ်ပြိုင်နေရသော အချိန်တွင်ပင် သူသည် အောက်မကျနေခဲ့ပေ။

အကယ်၍ ဆောင်ချင်းစန်းသည် သူ့အား ထိပ်တိုက်ရင်ဆိုင်ခဲ့ပါက ဇူရီသည် လုံးဝ ကြောက်ရွံ့နေမည် မဟုတ်ချေ။ သို့သော်လည်း အကယ်၍ ဆောင်ချင်းစန်းက ထွက်ခွာသွားရန် ဆုံးဖြတ်ခဲ့ပါက ဇူရီသည် သူမအား ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်ပေ။

အရှေ့ကောင်းကင် တံခါးဂိုဏ်း၏
ရှောင်တိမ်းခြင်း နတ်မှော်ကျိန်စာသည်
အမှန်ပင် မပြည့်မစုံ ဖြစ်နေ၏။ သို့သော်လည်း
ဆောင်ချင်းစန်းသည် ယင်ချန်စန်းအား
ကယ်တင်ရန် မကြိုးစားခဲ့ပါက သူမသည်
အကျပ်အတည်းနှင့် ကြုံတွေ့ခဲ့မည် မဟုတ်ပေ။
အကယ်၍ သူမက လွတ်မြောက်ရန်
ကြိုးစားခဲ့ပါက ဇူရီအား ဟန့်တားနိုင်ရန်
နည်းလမ်းများစွာရှိပြီး အလွယ်တကူ
ထွက်သွားနိုင်မည် ဖြစ်သည်။

"ငါ့ကိုတကယ်ပဲ မလွတ်မြောက်နိုင်အောင်
ဟန့်တားနေခဲ့တာလား" ဆောင်ချင်းစန်း၏

မျက်ခုံးများသည် ပင့်သွားခဲ့၍ သူမ၏
ချောမွေ့သော မျက်နှာပေါ်တွင် အပြုံးတစ်ဝက်
ပေါ်လာခဲ့သည်။ ဇူရီ၏ အပြုအမူများကို
ရယ်ချင်နေသကဲ့သို့ ဖြစ်၏။ သို့သော်လည်း
လူသတ်လိုစိတ် အရိပ်အယောင်များကိုပါ
တွေ့နေနိုင်သည်။

"မင်းက မုန့်ပင်းယွင်လို့ပဲ ကိုယ့်ကိုယ်ကိုယ်
အဟုတ်ကြီး ထင်နေတယ်။ ကိုယ့်ကိုယ်ကိုယ်
သိပ်ဟုတ်နေတယ်လို့ ထင်နေတာလား"
ဆောင်ချင်းစန်း၏ အပြုံးသည် မှေးမှိန်သွားခဲ့၍
သူမ၏ မျက်လုံးများက အေးစက်လာခဲ့သည်။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
ခေါင်းဆောင်ကိုယ်တိုင်က ဒီလိုမျိုး

လုပ်မယ်ဆိုရင် နားလည်နိုင်သေးတယ်။
ဒါပေမဲ့မင်း.. မင်းက ငါ့ရဲ့အရှေ့မှာ
စိတ်ကြီးဝင်လို့ ရမယ် ထင်နေတာလား"

သူမသည် လက်တစ်ဘက်မှ
မားစ်မီးတောက်ဘီးကို ကိုင်ထားကာ
အခြားတစ်ဘက်မှ မာကျူရီ သေမင်းရေခဲ
လှိုင်းတံပိုးအား သယ်ထားခဲ့သည်။
အတူတကွပင် မှော်ကျိန်စာ နှစ်ခုတို့သည် ဇူရီ၏
ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖွဲ့စည်းထားသော
ရွှေရောင်တံတားထံသို့ ဝင်ရောက်လာခဲ့သည်။

ဆောင်ချင်းစန်း၏ စွမ်းအားကြီးသော
ပြန်လည်တုံ့ပြန် တိုက်ခိုက်မှုများနှင့်

ရင်ဆိုင်ခဲ့ရသော်လည်း ဇူရီသည် စိတ်မလှုပ်ရှားသွားခဲ့ပေ။ ထို့အစား သူသည် တည်ငြိမ်လွန်းနေခဲ့ကာ စကားပြောရင်း ခေါင်းပင်ညိတ်နေနိုင်ခဲ့သည်။ "ဒီစာစီစာကုံးနဲ့ ကျုပ်ဟာ ပညာရှိတစ်ရာတို့ရဲ့ အသိအမှတ်ပြုမှုကို ခံရပြီး စာမေးပွဲမှာ ပထမ ရခဲ့ကာ ရွှေရောင်စာရင်းမှာ ကျုပ်နာမည်ကို ထိပ်ဆုံးမှာ ရေးထိုးနိုင်ခဲ့ပေမဲ့ ကျုပ်ရဲ့အတွင်းက ဗဟုသုတတွေကို အပြည့်အစုံ ဖြည့်သွင်းနိုင်ခြင်း မရှိသေးဘူး"

"ကျုပ်ရဲ့ ပညာရှိတို့၏ စာစီစာကုံးဟာ ဆက်လက်တိုးတက်ဖို့ အခွင့်အရေးတွေ ရှိသေးတယ်။ တကယ်လို့ ဒီစာစီစာကုံးက

ပြီးပြည့်စုံသွားခဲ့ရင် ခင်ဗျားကို
လက်တစ်ချောင်းလေး လှုပ်လိုက်ရုံနဲ့
ဖိနှိပ်နိုင်စွမ်း ရှိတယ်။ ဒါပေမဲ့ သူ့ကို အပြည့်အစုံ
ရေးပြီးသွားရင် ကျုပ်ကလည်း အင်မော်တယ်
ဝိညာဉ် အဆင့်ကို ရောက်နေလောက်ပြီ။
ဒါဆိုရင်တော့ ပညာရှိတို့၏ စာစီစာကုံးကို
မသုံးရင်တောင် ခင်ဗျားကို လက်တစ်ချောင်း
လှုပ်ရုံနဲ့ ဖိနှိပ်နိုင်စွမ်း ရှိနေမှာပဲ"

ဇူရိက ဖွဖွလေး ပြုံးလိုက်သည်။ "ကံဆိုးမှုတွေ
အကြားမှ ကံကောင်းမှုတွေ ရှိတယ်။
ကပ်ဆိုးတွေ ကျရောက်လာတဲ့အခါ
ကံကောင်းခြင်းတွေကိုပါ
သယ်ဆောင်လာခဲ့တယ်။ ဒီကနေ့မှာ ခင်ဗျားရဲ့

ကံဆိုးမိုးမှောင် ကျမှုတွေကနေ ကျုပ်အတွက်
ကံကောင်းခြင်းနဲ့ ကောင်းချီးမင်္ဂလာတွေကို
သယ်ဆောင်လာပေးခဲ့မှာ ဖြစ်တယ်။
ဆောင်ချင်းစန်း၊ ဒီအကွက်ကို ခုခံလိုက်ပါ"

ကျွန်းအရွယ်အစား ရှိသော လိပ်ကြီးနှင့်
တောင်ကဲ့သို့ ကြီးမားသော ချီလင်တို့သည်
ဇူရီ၏ဘေးတွင် ထပ်ဖန်တစ်ခါ
ပေါ်လာကြပြန်သည်။ တစ်ချိန်တည်းမှာပင်
ဇူရီ၏ အနောက်မှာ စူးရှသော
ဟိန်းဟောက်သံတစ်ခု ပေါ်လာခဲ့သည်။
နဂါးတစ်ကောင်၏ စွမ်းအားသည်
နတ်တိမ်တိုက်ပင်လယ် တစ်ခု အတွင်းမှ
ဖြာထွက်လာခဲ့သည်။ လိပ်နှင့် ချီလင်တို့၏

အရွယ်အစားထက် လုံး၀ အောက်မကျသော နဂါးတစ်ကောင်သည် ဟင်းလင်းပြင် အတွင်းမှ ထွက်ပေါ်လာခဲ့သည်။

ပြီးတာနှင့် ကြည်လင်သော ဖီးနစ်အော်သံ တစ်ခုကိုလည်း ကြားနိုင်ခဲ့သည်။ ရောင်စုံဖီးနစ် တစ်ကောင်သည် တင့်တယ်လှပစွာဖြင့် ဇူရီ၏ ခေါင်းပေါ်တွင် ဝဲနေခဲ့၏။

"အသွင်သဏ္ဍာန် အားလုံးတို့၏ ပြန်လာခြင်း မှော်ကျိန်စာ"

"ကောင်းကင်ချီလင် မန္တန်"

"ဖိုးနစ် ပြန်လည်မွေးဖွားခြင်း မှော်ကျိန်စာ"

"ပျံ့ဝဲနေသော နဂါး မှော်ကျိန်စာ"

ဇူရီ၏ လက်များသည် သိမ်မွေ့နက်နဲသော
မှော်သင်္ကေတများကို ဖန်ဆင်းနေခဲ့ကာ
အသွင်သဏ္ဍာန် လေးမျိုးတို့သည်
စုစည်းသွားကြ၏။ ဟိန်းဟောက်နေကြသော
စိတ်ဝိညာဉ် စွမ်းအင်များသည် ရောမ
စက်ဝိုင်းတစ်ခုအား ဖန်ဆင်းလိုက်ကြကာ
ဆောင်ချင်းစန်း အနားမှ လေဟာနယ်ကို

ဖြတ်တောက်ခဲ့၍ သူမအား အတွင်းတွင်
ပိတ်ဆို့ထားခဲ့သည်။

ဆောင်ချင်းစန်း၏ မျက်လုံးသူငယ်အိမ်များသည်
အနည်းငယ် ကျဉ်းမြောင်းသွားခဲ့၏။
ဤစက်ဝိုင်းသည် ထာဝရ ရှင်သန်နိုင်ကာ
ကောင်းကင်၏ ထူးခြားနက်နဲသော
လမ်းစဥ်များကို လွှမ်းခြုံထားနိုင်စွမ်း ရှိနေသည်။

သူသည် စကြာဝဠာ အတွင်းမှ
အရာအားလုံးတို့၏ ရှင်သည်မှ သေသည်အထိ၊
စသည်မှ ဆုံးသည်အထိ လှုပ်ရှားနေသော
စည်းမျဥ်းစည်းကမ်း ဥပဒေသများကို
ဆုံးဖြတ်ထားသကဲ့သို့ ဖြစ်နေသည်။

စက်ဝိုင်းအတွင်းတွင် အသွင်သဏ္ဍာန်
လေးမျိုးတို့၏ ပုံရိပ်များသည် တလှည့်စီ
ပေါ်လာကြ၏။

လိပ်သည် ထကြွလှုပ်ရှား ပြောင်းလဲမှုများကို
ဖိနှိပ်ထားသည်။ ကမ္ဘာကြီးအား
လမ်းကြောင်းတစ်ခုသို့ လမ်းညွှန်နေခဲ့၏။
တစ်ချိန်တည်းတွင်ပင် သူသည် အနာဂတ်
အဖြစ်အပျက်များကို တွက်ချက်
လေ့လာနေကာ အားလုံးတို့အား
မြင်တွေ့သိရှိသကဲ့သို့ ဖြစ်နေသည်။

တရားမျှတမှုများဖြင့် ပြည့်နေသော ချီလင်သည် အလယ်ဗဟိုတွင် မျှတသော လမ်းကြောင်းကို စောင့်ကြပ်နေသည်။ သူသည် မကောင်းဆိုးဝါး မှန်သမျှအား ဖိနှိပ်ထားကာ အရာအားလုံးတို့ကို သူတို့၏ လမ်းကြောင်းမှ သွေဖီသွားခြင်း မရှိပဲ နည်းမှန်လမ်းမှန် ဖြစ်စေရန် လမ်းညွှန်နေခဲ့၏။

ဖီးနစ်သည် ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့၏ သံသရာကို ဖော်ပြနေခဲ့သည်။ အရာအားလုံးတို့သည် နောက်ဆုံးတွင် ပျက်စီးမှုနှင့် ကြုံရမည် ဖြစ်သော်လည်း ထို့နောက်တွင် ပြန်လည် မွေးဖွားလာမည် ဖြစ်၍ ဤကဲ့သို့ပင် သံသရာလည်နေမည် ဖြစ်သည်.

နဂါးသည် ခက်ထန်ကြမ်းတမ်းမှုများ မရှိခဲ့ပေ။ ထို့အစား သူသည် ရဲတင်းစွာ လမ်းကြောင်းအသစ် ဖောက်လိုသော စိတ်ဆန္ဒများကို ဖော်ပြနေခဲ့သည်။ သူသည် တစ်ကိုယ်ကောင်း မဆန်သလို လောဘလည်း မကြီးပေ။ သို့သော်လည်း သူ့တွင် ကောင်းကင်အောက်မှ လူများအားလုံးတို့၏ ကြိုးစားကာ တိုးတက်စေရန် ရုန်းကန်လိုသော မဟာဆန္ဒများကို ကိုယ်စားပြုနေခဲ့သည်။

ဤအသွင်သဏ္ဍာန် လေးမျိုးတို့၏ စွမ်းအားများသည် တစ်ခုနှင့်တစ်ခု အထောက်အပံ့ ပေးနိုင်ကြကာ အချင်းချင်း ပေါင်းစည်းသွားခဲ့ကြသည်။ ဤစက်ဝိုင်းသည်

ကြည့်သည်မှာ ရိုးရှင်းသော်လည်း ကမ္ဘာကြီး တစ်ခုလောက် ကျယ်ပြန့်၍ ပညာရှိတို့၏ စွမ်းအားများနှင့် စံနမူနာနှင့် တူနေသည်။

"ဆောင်ချင်းစန်း၊ ငါ့ရဲ့ အသွင်သဏ္ဍာန် လေးမျိုး ကောင်းကင်ဝင်္ကပါကို မြည်းကြည့်ပါဦး။ မင်းက အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက် ဖြစ်တယ်။ ငါ့ကို ညွှန်ပြမှုတွေ ပေးနိုင်တယ် မဟုတ်လား"

အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝင်္ကပါသည် လင်းဖုန်းက သူ့အား သင်ပေးထားခဲ့သော အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာအား အခြေခံ၍

တီထွင်ထားခြင်း ဖြစ်သည်။ ပညာရှိတို့၏
စာစီစာကုံးနှင့်အတူ ဒါသည် ဇူရီ၏ လက်ရှိ
အစွမ်းအထက်ဆုံး နည်းစနစ် နှစ်ခုအနက်မှ
တစ်ခုဖြစ်၏။

ကောင်းကင်မှ စွမ်းအားများက
ကျဆင်းလာခဲ့သောအခါ ဆောင်ချင်းစန်းသည်
သူမက ကောင်းကင်ကို ဖွင့်လှစ်၍
ကြယ်တာရာတို့၏ စွမ်းအားကို သုံးစွဲ၍
မရတော့သည်ကို သဘောပေါက်သွားခဲ့သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများ၏ စကြာဝဠာနှင့်
ဆက်သွယ်မှုနှင့် စကြာဝဠာ

အသက်ဝိညာဉ်တို့အား
ထိန်းချုပ်နိုင်မှုတို့ပင်လျှင် အနည်းငယ်
အပိတ်ဆို့ခံခဲ့ရသည်။

"ကောင်းတယ်၊ အရမ်းကောင်းတယ်"
ဆောင်ချင်းစန်း၏ မျက်ခုံးများသည်
အနည်းငယ် ဆန့်တန်းသွားခဲ့သည်။ "မင်းက
မုန့်ပင်းယွင်ထက် သန်မာတယ်။ မင်းက
တကယ်လို့ အင်မော်တယ် ဝိညာဉ် အဆင့်ကို
ရောက်ရှိသွားခဲ့ရင် ဒီဝက်ံပါက ငါနဲ့
စကြာဝဠာတို့ရဲ့ ဆက်သွယ်မှုကို ချက်ချင်း
ပိတ်ဆို့ထားနိုင်ခဲ့မှာ ဖြစ်တယ်"

"ဒါပေမဲ့ နှမြောစရာ ကောင်းတာက မင်းက အင်မော်တယ် ဝိညာဉ်ကို မဖန်ဆင်းရသေးဘူး"

သူမ၏စကားဆုံးသည်နှင့် ဆောင်ချင်းစန်း၏ ခန္ဓာကိုယ်သည် လေဟာနယ် အတွင်းတွင် ရုတ်တရက် တွန့်လိမ်သွားခဲ့ကာ စကြာဝဠာ တစ်စိတ်တစ်ပိုင်း အဖြစ်သို့ ပြောင်းလဲသွားခဲ့၍ စကြာဝဠာအတွင်းမှ ကမ္ဘာများအလား လည်ပတ်နေခဲ့၏။

ဤအချိန်တွင် ဆောင်ချင်းစန်းသည် သူမ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား နောက်ဆုံးတွင် ထုတ်ဖော်လိုက်ပြီ ဖြစ်၏။ သူမ၏ အင်မော်တယ် ဝိညာဉ်ဖြင့်

ဖန်ဆင်းထားသော စကြာဝဠာ အပေါင်းအစု အတွင်းတွင် မားစ်မီးတောက်ဘီးနှင့် မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးတို့သည် ချက်ချင်း မြင့်တက်လာခဲ့သည်။ ဝင်ရိုးစွန်း အစွန်းနှစ်ဘက်တို့သည် စုစည်းလာကြကာ ကစဥ့်ကလျား မဖြစ်သွားကြပဲ အတူတကွပင် ပေါင်းစည်းလာကြသည်။

"ဂျူနီယာယင်ကို ငါးစာအဖြစ် အသုံးပြုပြီးမှ မင်းကင်ဂ့ကို ထောင်ချောက်အတွင်း ဆွဲသွင်းခဲ့တယ်။ မင်းက တကယ့်ကို ကြိုးကြိုးစားစားနဲ့ အားထုတ်ခဲ့တာပဲ။ ဒါပေမဲ့ နမြောစရာ ကောင်းတာက နည်းဗျူဟာတွေ

အားလုံးက စွမ်းအားတွေရဲ့ အပေါ်မှာ မူတည်တာ ဖြစ်တယ်"

"ငါပြောတာက အကျုံးဝင်သေးတယ်။ မင်းက မင်းရဲ့ဆရာ မဟုတ်ဘူး" ဆောင်ချင်းစန်းက အေးစက်စွာနှင့် ပြောလိုက်သည်။

"မင်းငယ်ငယ်တုံးက မုန့်ပင်းယွင်က မင်းကို စာဖတ်တတ်အောင် သင်ကြားပေးပြီး ဇူဟုန်ဝူရဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ခဲ့တယ်လို့ ကြားဖူးတယ်။ သူမက ဒီအတွက်နဲ့ အပြစ်ပေးခံခဲ့ရတယ်။ သူမကမင်းကို ဒါမသင်ပေးထားခဲ့ဘူးလား"

"မီးနဲ့ရေတို့က ကပ်ဆိုးတွေကို ဖြစ်စေတယ်"

ဆန့်ကျင်ဘက် စွမ်းအားနှစ်မျိုးဖြစ်သော မားစ်မီးတောက်ဘီးနှင့် မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးတို့သည် အတူတကွ ပေါင်းစည်းသွားကြကာ ချက်ချင်းဆိုသလိုပင် အတွင်းမှ အသစ်စက်စက် စွမ်းအားတစ်မျိုးက စတင်မွေးဖွားလာခဲ့သည်။

လျှော်လှုပ်နေသကဲ့သို့ တုန်ခါမှုများသည် တစ်လှိုင်းထက်တစ်လှိုင်း ပို၍ပို၍ ပြင်းထန်စွာ ဖြာထွက်လာခဲ့သည်။ နောက်ဆုံးတွင် ကမ္ဘာကြီး

ကိုယ်တိုင်က ကြေမွသွားသကဲ့သို့
ဖြစ်သွားခဲ့သည်။ မီးတောင်များက ပေါက်ကွဲ၍
ရေကာတာများက ကျိုးပေါက်သွားကြသည်။
ကပ်ဆိုးတစ်ပါး၏ အငွေ့အသက်သည်
အနီးအနားမှ ငှက်များ၊
သားရဲများအားလုံးတို့အား တုန်လှုပ်စေခဲ့သည်။

ကမ္ဘာပျက်ခြင်း၊ နောက်ဆုံးအချိန်တွင်
ကောင်းကင်နှင့် မြေကြီးတို့ပင်လျှင် သူတို့၏
မရှောင်ရှားနိုင်သော အဆုံးသတ်မှုကို
ကြုံတွေ့ရမည် ဖြစ်သည်။

မီးနှင့်ရေတို့၏ တွေ့ဆုံခြင်း၊ ကြယ်တာရာများ၏
ကပ်ဘေး!

ထကြွသောင်းကျန်းနေသော စွမ်းအားများသည်
အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါ၏
စွမ်းအားများနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြသည်။
ဝက်ပါမှ ဖန်ဆင်းထားသော
ကမ္ဘာပုံရိပ်သည်ပင်လျှင် ပြင်းထန်စွာနှင့်
တုန်ခါလာခဲ့သည်။ ဆောင်ချင်းစန်း၏
အန္တိမအကွက်သည် ကောင်းကင်အား အားသုံး၍
ဆွဲဖြဲတော့မည်ကဲ့သို့ ဖြစ်နေခဲ့၏။

ဒီရေ ဓားအကြီးအကဲနှင့် ကျန်သော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် ဤမြင်ကွင်းအား
မြင်လိုက်ရသောအခါ မျက်နှာမလှ

ဖြစ်သွားကြသည်။ ဤမျှ ပြင်းထန်သော
စွမ်းအားနှင့် နည်းစနစ်များ၊ သူမ၏
မှော်ရတနာဖြစ်သော ယင်ကောင်းကင်
မီးအိမ်နှင့်အတူ ဆောင်ချင်းစန်း၏
စွမ်းအားများသည် လက်ရှိ ရှိနေသော
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူငါးယောက်အနက် ပထမနေရာတွင်
ရှိနေသည်။

ဆောင်ချင်းစန်း၏ မှော်စွမ်းအင်
အစွမ်းများအောက်တွင် ကောင်းကင်ပေါ်မှ
အက်ကွဲကြောင်းသည် ပြန်လည်
ပေါ်ပေါက်လာတော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

အကယ်၍ သူမကသာ အောင်မြင်သွားမည်ဆိုပါက သူမသည် ကြယ်စင်များ၏ စွမ်းအင်ကို ဆွဲယူသုံးစွဲနိုင်မည် ဖြစ်ကာ သူမ၏ နည်းစနစ်များသည် ပို၍ အစွမ်းထက်လာခဲ့မည် ဖြစ်သည်။ ဒါသည် 'ကြယ်တာရာများ၏ ကပ်ဘေး'ဟူသော သူ၏နာမည်နှင့် လိုက်ဖက်လှသည်။

သို့သော်လည်း ဇူရီသည် တည်ငြိမ်နေဆဲဖြစ်၍ တုံးတိတိ ပြန်ပြောလိုက်သည်။ "ရေနဲ့မီးတို့က ကပ်ဘေးတွေကို ဖြစ်စေတယ်။ ကျုပ်အမေက ကျုပ်ကို သင်ပေးထားခဲ့တာပေါ့။ ဒါ့အပြင် သူမက ကွဲပြားခြားနားချက် အနည်းငယ်က

ကြီးမားတဲ့ အမှားတွေကို ဖြစ်စေတယ်လို့လည်း သင်ကြားပေးခဲ့တယ်"

ထာဝရည မိစ္ဆာကျော်က်တိုင်သည် သူ၏ အစွမ်းကို အကုန်အသုံးပြုထား၍ ယန်ကောင်းကင် မီးအိမ်အား ဖိနှိပ်ထားကာ မြင့်မြတ်သော အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာသည် တောက်ပသော အဖြူရောင် အလင်းတန်းကို ထုတ်လွှတ်နေခဲ့သည်။ သူသည် ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော ရွှေရောင်တံတားအား အားဖြည့်ပေးနေခဲ့ကာ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့်

ပူးပေါင်း၍ ဆောင်ချင်းစန်း၏
တိုက်ခိုက်မှုများကို ခုခံနေခဲ့သည်။

နည်းစနစ် နှစ်မျိုးစလုံးတို့သည် သူတို့၏
စွမ်းအားကို ခံစစ်အဖြစ်နှင့် အစွမ်းကုန်
အသုံးပြုနေကြသဖြင့် ဆောင်ချင်းစန်းသည်
အင်မော်တယ် ဝိညာဉ် အဆင့်တွင်
ရှိနေသော်လည်း သူမအနေနှင့် သူတို့၏
ခံစစ်များကို လျှင်မြန်စွာနှင့်
မထိုးဖောက်နိုင်ခဲ့ပေ။

ပညာရှိတို့၏ စာစီစာကုံးတို့ဖြင့်
ဖန်ဆင်းထားသော ရွှေရောင်တံတားသည်
ပို၍ပင် အံ့ဖွယ်ကောင်းနေခဲ့သည်။ သူသည်

ဆောင်ချင်းစန်း၏ တိုက်ခိုက်မှုများကို
ခုခံနေခဲ့ရင်း သူမ၏ အင်မော်တယ် ဝိညာဉ်
ကိုယ်ပွားအား လွှမ်းမိုးနေခဲ့ကာ သူမ၏
စိတ်အခြေအနေများကို နှေးကွေးစေခဲ့သည်။

ဆောင်ချင်းစန်း၏ စိတ်သည် အနည်းငယ်
တွေဝေသွားခဲ့၏။ ခေတ္တမျှပင် သူမသည်
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားမှ မူလပုံစံသို့
ပြန်ရောက်သွားခဲ့သေးသည်။

သူမ၏ သတိပြန်ဝင်လာသောအခါ
ဆောင်ချင်းစန်းသည် ဒေါသအိုး
ပေါက်ကွဲသွားခဲ့သည်။ သူမ၏ စွမ်းအားများကို
အစွမ်းကုန် တိုးမြှင့်လိုက်၍ ဇူရီ၏ ပညာရှိတို့၏

စာစီစာကုံးနှင့် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါအား ဖျက်ဆီးရန် ကြိုးစားလိုက်သည်။

"ကွဲပြားခြားနားချက် အနည်းငယ်က ကြီးမားတဲ့ အမှားတွေကို ဖြစ်စေတယ်၊ ဟုတ်လား။ မင်းရဲ့ ကွဲပြားခြားနားချက်တွေကလည်း နည်းနည်းလေးပဲ"

ရွှေရောင်တံတားအပေါ်မှ ဇူရီသည် ဖွဖွလေး ရယ်လိုက်သည်။ "အရင်က ကွဲပြားခြားနားချက် နည်းနည်းလေးပဲ၊ ဒါပေမဲ့ အခုအချိန်မှာ နည်းနည်းလေးထက် ပိုသွားပြီ"

ကျယ်ပြန့်အားကောင်းလှသော မော်စွမ်းအင်
လှိုင်းလုံးများသည် ရွှေရောင်တံတားပေါ်မှ
ဖြာထွက်လာခဲ့ကာ ဘေးပတ်ပတ်လည်မှ
ဟင်းလင်းပြင်အား တုန်ခါစေခဲ့သည်။

## စာစဉ် ၃၉ : အပိုင်း ၂၀

## အပိုင်း ၇၅၀ : ဒေါသထွက်၍ သေလုနီးပါး ဖြစ်ခဲ့သော အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ

ဇူရီနှင့် ဆောင်ချင်းစန်းတို့၏ အပြင်းအထန် တိုက်ခိုက်နေကြသော တိုက်ပွဲအား ကြည့်လိုက်ကာ ဒီရေ ဓားအကြီးအကဲ၊ ရွှင်ပျော်ပျော် သူတော်စင်၊ အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ သိမ်းငှက်တို့သည် တိတ်ဆိတ်သွားကြသည်။

သူတို့သည် ဘေးမှ ကြည့်နေသူများ အနေနှင့် ဘာဖြစ်သွားခဲ့သည်ကို ကောင်းကောင်းကြီး သိခဲ့လိုက်သည်။

ဆောင်ချင်းစန်း၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည် ခဏတာမျှ လူသားအဖြစ်သို့ ပြောင်းလဲသွားခဲ့သော်လည်း

သူတို့နှစ်ယောက်တို့သည် အချိန် အတန်ကြာမျှ
သူမသာ ကိုယ်မသာ ဖြစ်နေကြသည်။

ဇူရိ၏ အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ဝက်ပါနှင့် ပညာရှိတို့၏
စာစီစာကုံးတို့သည် အတူတကွ ပူးပေါင်း၍
ဆောင်ချင်းစန်း၏ တိုက်ခိုက်မှုများကို
ခုခံနိုင်ခဲ့ကြသည်။

သို့သော်လည်း ဒါသည် အများဆုံးတော့
ယာယီသာ ခံနိုင်ပေလိမ့်မည်။ ဘာပဲပြောပြော
ဆောင်ချင်းစန်းသည် အင်မော်တယ်ဝိညာဉ်
အဆင့်မှ အကြီးအကဲတစ်ယောက်ပင် ဖြစ်၏။

ဇူရီ၏ ခံစစ်များက တစ်ချက်မျှ
ကျိုးပေါက်သွားခဲ့လျှင် ဆောင်ချင်းစန်းသည်
မိုးသောက်ကြယ်စင် နည်းစနစ်အား
ထပ်ဖန်တစ်ခါ ဖော်ဆောင်နိုင်မည် ဖြစ်သည်။
ဤအချိန်တွင် သူမ၏ စွမ်းအားများသည်
တိုးတက်လာခဲ့မည် ဖြစ်ကာ အကယ်၍
ဇူရီသည် မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာအား အသုံးပြုခဲ့လျှင်ပင် သူ၏
လုံခြုံမှုအား အာမခံနိုင်မည် မဟုတ်ပေ။

သို့သော်လည်း ဤရှေ့မတိုးသာ
နောက်မဆုတ်သာ အခြေအနေမှ ဇူရီသည်
သူတို့အားလုံးတို့၏ ပါးစပ်အား အဟောင်းသား

ဖြစ်သွားစေသည့် အကွက်တစ်ခုကို
ဖော်ပြလိုက်သည်။

သူသည် ဆောင်ချင်းစန်းနှင့်
တိုက်ခိုက်နေဆဲတွင်ပင် သူ၏ အခြေတည်
ဝိညာဉ်အား ထုတ်လွှတ်လိုက်၍ စကြာဝဠာ
ပုံသဏ္ဍာန်ကို ဖော်ဆောင်နိုင်ရန်
ကြိုးစားခဲ့သည်။

ဇူရီ၏ ဝိညာဉ်သည် သူဆယ်နှစ်သား အရွယ်နှင့်
တူနေ၍ တိမ်တိုက်တောအုပ် သစ်ပင်၏
အကိုင်းတစ်ကိုင်းသည် သူ၏ခေါင်းပေါ်တွင်
ပေါ်လာခဲ့ကာ မြောက်မြားလှစွာသော

စိတ်ဝိညာဉ် စွမ်းအင်များက အပေါ်မှနေ၍
ကျဆင်းလာခဲ့သည်။

ဤစိတ်ဝိညာဉ် စွမ်းအင်များ၏ ထောက်ပံ့မှုဖြင့်
ဇူရိသည် ဆောင်ချင်းစန်း၏ မှော်စွမ်းအင်များကို
ယှဉ်နိုင်စွမ်း ရှိခဲ့သည်။

ဤစိတ်ဝိညာဉ် စွမ်းအင်များ
တိုးတက်လာခြင်းသည် သူ၏ မြင့်မြတ်သော
အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာ၊
ပညာရှိတို့၏ စာစီစာကုံးနှင့်
အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ဝက်ပါတို့အားလည်း

အားဖြည့်ပေးနိုင်၍ သူ၏ အခြေတည်
ဝိညာဥ်အား အားကောင်းစေခဲ့သည်။

ဇူရီ၏ စွမ်းအားများသည် ဤလူသား
အသွင်သဏ္ဍာန် ပုံစံအတွင်းတွင်
စုဆောင်းနေခဲ့၍ ကြီးထွားလာခဲ့ကာ ဘီလူးကြီး
တစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

"သူက နာချင်နေပြီ" နေမင်းမျိုးချ သိမ်းငှက်က
မှတ်ချက်ပြုလိုက်သည်။

တစ်ယောက်၏ စွမ်းရည်များကို ကျော်လွန်၍
ဆောင်ရွက်ခြင်းသည် လွယ်ကူသော

အရာတစ်ခု မဟုတ်ချေ။ အထူးသဖြင့် စကြာဝဠာ ပုံသဏ္ဍာန် ဖြစ်သည်။ တစ်ယောက်၏ စကြာဝဠာ ပုံသဏ္ဍာန်အား ဖန်ဆင်းရခြင်းသည် လွယ်ကူသော အရာတစ်ခု မဟုတ်ချေ။

တိုက်ခိုက်နေစဉ်အတွင်းတွင် စကြာဝဠာ ပုံသဏ္ဍာန် ဖန်ဆင်းခြင်းသည် ယခင်က မကြုံဖူးသော အရာတစ်ခု မဟုတ်ချေ။ သို့သော်လည်း အများစုသည် အသွင်မပြောင်းနိုင်ခင် အသက်ဆုံးရှုံးသွားခဲ့ရခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အကယ်၍ တစ်ယောက်သည် သူ့ပြိုင်ဘက်ထက် များစွာပို၍ စွမ်းအားထက်မနေပါက စိတ်အာရုံတစ်ချက် လွင့်ပျံ့သွားခြင်းသည် သေမင်းကို ဖိတ်ခေါ်နေခြင်းနှင့် တူသည်။ သူ၏ ပြိုင်ဘက်သည် အကြီးအကျယ် တိုက်ခိုက်ရန်ပင် မလိုပဲ တစ်ယောက်၏ အသွင်ပြောင်းလဲနေခြင်းကို အာရုံပျံ့လွင့်အောင် လုပ်လိုက်ရုံဖြင့် သူ့အား ဖျက်ဆီးနိုင်မည် ဖြစ်သည်။

တစ်ယောက်သည် သူ၏ပြိုင်ဘက်က ဤကဲ့သို့ အလောတကြီး မိုက်မဲစွာ ပြုလုပ်မည်ကို

ဝမ်းသာအားရ ကြိုဆိုနေမည် ဖြစ်သည်။ ဒါသည် လွယ်ကူသော နိုင်ပွဲတစ်ခု ဖြစ်လာနိုင်သည်။

သို့သော်လည်း ဇူရီသည် ဘာမှ တွေဝေနေခြင်း မရှိပဲနှင့် သူ၏ စကြာဝဠာ ပုံသဏ္ဌာန်အား ဖွဲ့စည်းလိုက်သည်။ တစ်စက်မှ ကြောက်ရွံ့နေခြင်း မရှိခဲ့ပေ။

ဇူရီ၏ လက်များသည် လေထုအတွင်းတွင် ကစားနေခဲ့ကာ သူ၏ လက်ချောင်းများမှတဆင့် စကားလုံးများက ပေါ်ထွက်လာခဲ့သည်။ သူတို့သည် စိတ်ဝိညာဉ် စွမ်းအင်များ အမြောက်အမြားတို့အား စုဆောင်းကာ

လူသားပုံစံ ဘီလူးကြီးအား
အားဖြည့်ပေးနေကြ၏။

နဂါး၊ ဖီးနစ်၊ လိပ်၊ ချီလင်တို့၏ ပုံစံများကလည်း
ပေါ်လာခဲ့ကာ ထိုလူသားပုံစံ
ဘီလူးကြီးအတွင်းသို့ ဝင်သွားကြသည်။

ချက်ချင်းဆိုသလိုပင် မျက်နှာလေးဘက်၊
ခြေလက်ရှစ်ချောင်းတို့ဖြင့် ဖွဲ့စည်းထားသော
ဘီလူးကြီး တစ်ကောင်သည်
ချီလင်တစ်ကောင်၏ ကိုယ်အပေါ်တွင်
ထိုင်လျက် ပေါ်လာခဲ့သည်။ နဂါးတစ်ကောင်က
သူ၏အနောက်တွင် လိုက်ပါလာခဲ့ပြီး
တောက်ပလှသော ဖီးနစ်တစ်ကောင်က

သူ၏ခေါင်းအပေါ်တွင် လွင့်မျောနေခဲ့သည်။
သူ၏ အာဏာအား စိန်ခေါ်ရဲသူ မှန်သမျှအား
သတိပေးရန် အောင်မြင်နေလျှက် ရှိသည်။

ဘီလူးကြီး မျက်နှာလေးဘက်သည်
ပုံစံတစ်မျိုးစီနှင့် ဖြစ်သည်။

ဗဟုသုတရှိသော မျက်နှာ၊ ပညာရှိသော
မျက်နှာ၊ စည်းကမ်းကြီးသော မျက်နှာ၊
ယဥ်ကျေးမှုရှိသော မျက်နှာ။

ခေတ်ရှစ်ပါးတို့သည် ခြေလက်ရှစ်ချောင်းများ
အဖြစ်သို့ ပြောင်းလဲသွားကြသည်။

မျက်နှာလေးဘက်နှင့် ပေါင်းစပ်သွားခဲ့ကာ မျက်နှာတစ်ဘက်သည် ခြေလက်နှစ်ချောင်းနှင့် ဆက်စပ်နေခဲ့သည်။

ဗဟုသုတရှိသော မျက်နှာသည် စာအုပ်များ တစ်ထပ်ကို ကိုင်ဆောင်ထား၍ ပညာရှိသော မျက်နှာသည် စာရွက်နှင့် မင်တံအား ကိုင်ဆောင်ထားသည်။ စည်းကမ်းကြီးသော မျက်နှာသည် တပည့်များအား ဆုံးမရန် ပေတံတစ်ချောင်းအား ကိုင်ဆောင်ထား၍ ယဉ်ကျေးမှုရှိသော မျက်နှာသည် တေးတူရိယာ တစ်မျိုးအား ကိုင်ဆောင်ထား၏။

ဟင်းလင်းပြင်အတွင်းတွင် ရောမ
ဗျပ်စောင်းတစ်ခုသည် လိပ်ကြီးတစ်ကောင်၏
ကျောပေါ်တွင် ရှိနေခဲ့ကာ ဘီလူးကြီး၏
အနားတွင် ငြိမ်သက်စွာ နေနေခဲ့၏။

မရေမတွက်နိုင်သော စကားလုံးများသည်
လေပေါ်တွင် လွင့်မျောနေကာ ကျမ်းစာအဖြစ်
ပြောင်းသွားကြ၍ ကျင့်ဝတ်များကို
သင်ကြားပေးနေကြကာ ဘီလူးကြီးအနားတွင်
ဝန်းရံနေကြသည်။

ဆောင်ပွားရန်နှင့် ကျန်သောသူများသည်
ဘာဖြစ်သနည်း ဟူသည်ကို သိနိုင်ရန် အလွန်
ဝေးကွာနေကြ၏။ သူတို့သည်

ဆောင်ချင်းစန်း၏ ကောင်းကင်ကို
ဆွဲဖြဲနိုင်သည့် ကြီးမားလှသော အင်အားရှိသည့်
မှော်ကျိန်စာများသည် ဇူရီ၏
အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့်
ပညာရှိတို့၏ စာစီစာကုံးတို့အား
ဝန်းရံတိုက်ခိုက်နေသည်ကိုသာ တွေ့နိုင်ခဲ့သည်။

ဆောင်ချင်းစန်းက ဇူရီအား
ခံစစ်အနေအထားသို့
ပို့ဆောင်ထားနိုင်ခဲ့သည်ကို ကြည့်လိုက်ပြီး
ဆောင်ဟွားရန်နှင့် ကျန်သောသူများတို့၏
မျက်နှာများတွင် တောက်ပသော အပြုံးများ
ပေါ်လာခဲ့သည်။

"အခြေခံတည် ဝိညာဉ် အလယ်အလတ် အဆင့်က လူတစ်ယောက် အနေနဲ့ ဒီလူမျိုးစွမ်းအားတွေရှိတာက အတော်ကို ထူးချွန်လှပြီ။ ဒါပေမဲ့ မင်းက မောက်မာလွန်းအားကြီးပြီး ကိုယ်စွမ်းအားတွေကို ပိုတွက်ထားတယ်။ အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက်ကို စိန်ခေါ်တာက မင်းအတွက် အရှက်ရစရာပဲ ဖြစ်စေလိမ့်မယ်"

"မင်းရဲ့ မာနဟာ မင်းရဲ့ အားနည်းချက်ပဲ။ မင်းရဲ့ ဒီကနေ့အထိ ဖြတ်သန်းလာခဲ့ရတဲ့ ခရီးဟာ ချောမွေ့နေလေလေ ဒီကနေ ရှုံးနိမ့်မှုဟာ မင်းရဲ့ ကျင့်ကြံမှုကို မဖျက်ဆီးနိုင်ခဲ့တဲ့တိုင်အောင်

မင်းရဲ့တိုးတက်မှုတွေကို ဟန့်တားနိုင်လေလေပဲ ဖြစ်လိမ့်မယ်"

"ပြီးရင်ငါကနင့်ကို ကျော်တက်သွားပြီး နင်က အနံ့တောင် မရှူနိုင်သေးခင်မှာ ငါက အင်မော်တယ်ဝိညာဉ် အဆင့်ကို ရောက်ရှိသွားလိမ့်မယ်။ မင်းကို ငါ့အနောက်က လမ်းပေါ်က ဖုန်တွေကို ရှူခိုင်းရမယ်။ ဒီကနေ့မှာ နင့်အသက် မသေဖို့ မိုးနတ်မင်းကြီးထံမှာ ငါက ဆုတောင်းလိုက်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အနာဂတ်မှာ နင့်ကို ငါကိုယ်တိုင် အနိုင်ယူပြီး သတ်ဖြတ်မှာ ဖြစ်လို့ပဲ ဖြစ်တယ်"

ထိုအချိန်တွင် ရွှေရောင်တံတား အပေါ်မှ
ထစ်ချုန်းသံများ ပေါ်လာခဲ့သည်။ ဟင်းလင်းပြင်
အတွင်းမှနေ၍ လူပုံစံနှင့် ဘီလူးကြီး
တစ်ကောင် ပေါ်လာခဲ့၏။ ကျမ်းစာများ
ရွတ်ဖတ်နေသံအား ကြားနေနိုင်ခဲ့ကာ
မိုးဖွဲဖွဲလေးက ကျဆင်းလာခဲ့သည်။

ဆောင်ဟွားရန်နှင့် ကျန်သော
ကျင့်ကြံသူများသည်
ပါးစပ်အဟောင်းသားနှင့်သာ
ကြည့်နေနိုင်ခဲ့သည်။

ဒီရေ ဓားအကြီးအကဲ၊ ရွှင်ပျော်ပျော် သူတော်စင်၊
အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ

သိမ်းငှက်တို့ပင်လျှင် ဤမြင်ကွင်းအား
အနည်းငယ် အံ့အားသင့်စွာနှင့်
ကြည့်နေကြသည်။

ဆောင်ပွားရန်နှင့် ကျန်သောသူများသည်
မည်သို့ ဖြစ်ပျက်နေခဲ့သည်ကို ကောင်းစွာ
မမြင်ခဲ့ရသော်လည်း သူတို့သည် ဇူရိက သူ၏
စကြာဝဠာ ပုံသဏ္ဍာန်အား ဖန်ဆင်းနေရင်း
ဆောင်ချင်းစန်း၏ တိုက်ခိုက်မှုများကို
ခံနေနိုင်ခဲ့သည်ဟု ပြောနိုင်ကြသည်။

ဆောင်ချင်းစန်း၏ တိုက်ခိုက်မှုများသည်
သူ့အား မထိခိုက်စေရုံသာ မကပဲ သူ၏

ဖွဲ့စည်းမှုအား ပိုမိုလျှင်မြန်လာစေခဲ့သကဲ့သို့ ဖြစ်နေခဲ့၏။

ဇူရီသည် မျက်နှာ ဖြူဖျော့နေခဲ့၍ အားနည်းနေသည့်ပုံ ပေါက်နေခဲ့သော်လည်း သူ၏ အခြေတည် ဝိညာဉ်သည် ပို၍ပို၍ သန်မာလာခဲ့ကာ သူ၏ စကြာဝဠာ ပုံသဏ္ဌာန်သည် ပို၍ပို၍ ကြည်လင်ပြတ်သားလာခဲ့သည်။

"သူက အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူနဲ့ တိုက်ခိုက်ပြီး သူ့နည်းစနစ်က မလိုလားအပ်တဲ့ အပိုင်းတွေကို ဖယ်ရှားပြီး သူ့စွမ်းအင်ရဲ့ အဆီအနှစ်တွေကို

သန့်စင်နေခဲ့တာ" ရှင်ပျော်ပျော် သူတော်စင်က မှတ်ချက်ပြုလိုက်သည်။

"ဒါပေမဲ့ ဒါက သူဟာ အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်ရဲ့ ထိပ်ဆုံးကို ရောက်နေခဲ့တဲ့အတွက် လုပ်နိုင်ခဲ့တာ။ သူက အစကတည်းက စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ဖို့ ခြေတစ်လှမ်းသာ လိုနေခဲ့လို့ ဖြစ်တယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "ဒီလိုမျိုး အတွေ့အကြုံက နောက်တစ်ခါ ထပ်ရဖို့ ခက်ခဲတယ်။ သူက အနာဂတ်မှာ နောက်ထပ် အဆင့်တွေ ထပ်တက်ချင်တယ်

ဆိုရင်တောင်မှ ဒီလိုမျိုး အဖြစ်ကို ထပ်ရဖို့ မလွယ်ဘူး"

"ဒါပေမဲ့ လုံလောက်တဲ့ ယုံကြည်မှု မရှိပဲ သူဟာ ဒီလိုမျိုး အလောတကြီး လုပ်ရဲမှာမဟုတ်ဘူး။ သူက ဆောင်ချင်းစန်းနဲ့ တိုက်ပွဲဟာ သူ့ကို အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ကို ချိုးဖောက်နိုင်စေမယ် ဆိုတာကို ကြိုတင်တွက်ချက်ထားပြီး ဖြစ်လိမ့်မယ်"

ဒီရေ ဓားအကြီးအကဲနှင့် ကျန်သောသူများသည် ဘာဖြစ်ခဲ့သနည်း ဟူသည်ကို နားလည်သွားကြပြီ ဖြစ်နေသော်လည်း သူတို့သည် လေးနက်စွာနှင့် နှုတ်ဆိတ်၍သာ

နေနေကြသည်။ ဇူရီ ယနေ့ပြုလုပ်ခဲ့သော အရာများမှာ ဤအင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲများ၏ ရင်အတွင်းတွင် ထင်ကျန်ရစ်နေခဲ့ရန် လိုသည်ထက်ပင် ပိုနေသေးသည်။

နောက်ဆုံးတွင် ဆောင်ချင်းစန်းသည် ရွှေရောင်တံတား၏ လွှမ်းမိုးမှုအောက်မှ ရုန်းထွက်နိုင်ခဲ့ကာ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့် ပညာရှိတို့၏ စာစီစာကုံးတို့အား ကျော်လွှားနိုင်ရန် လုံလောက်သော အင်အားများကို ထုတ်လွှတ်နိုင်ခဲ့ချိန်တွင် ဇူရီ၏ စကြာဝဠာ

ပုံသဏ္ဍာန်ကလည်း အကောင်အထည်
ပေါ်လာခဲ့ပြီ ဖြစ်သည်။

သူ၏ အခြေတည် ဝိညာဉ်သည် ယခုအချိန်တွင်
၁၂နှစ်အရွယ် ကလေးတစ်ယောက်နှင့်
တူနေခဲ့၍ သူသည် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်သို့ ရောက်သွားခဲ့ပြီ
ဖြစ်သည်ကို ဖော်ပြနေခဲ့သည်။

တိမ်တိုက်တောအုပ် သစ်ပင်၏ သစ်ကိုင်းသည်
ဇူရီ၏ မှော်စွမ်းအင်များကို
ပြန်လည်ဖြည့်တင်းနိုင်ရန် လုံလောက်သော
စိတ်ဝိညာဉ် စွမ်းအင်များကို ထုတ်ပေးခဲ့ပြီး
အရွယ်အစား ကျုံ့ဝင်သွားခဲ့ပြီ ဖြစ်သည်။

သူသည် အခြေတည် ဝိညာဉ်အား
အားဖြည့်ပေးနိုင်ခဲ့ကာ စကြာဝဠာ
ပုံသဏ္ဌာန်အား တည်ငြိမ်စေခဲ့သည်။

"အမှန်အတိုင်း ပြောရရင်
ကျုပ်တို့နှစ်ယောက်အကြားက
ကွာခြားချက်ဟာ တကယ်ကို ပါးပါးလေးပါပဲ"
ဇူရီက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။
"ဒါပေမဲ့ အခုအချိန်မှာ သူက ပါးပါးလေး
မဟုတ်တော့ဘူး"

သူ၏စကားဆုံးသည်နှင့် သူ၏ ရောမ စကြာဝဠာ
ပုံသဏ္ဌာန်ကြီးသည် ရွှေရောင်တံတား
အပေါ်တွင် ခြေဆောင့်နင်းလိုက်၍

မီးပွားများသည် မီးရှူးမီးပန်းများကဲ့သို့
လွင့်ပျံသွားကြသည်။

ယခုအချိန်တွင် သူသည် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်သို့ ရောက်ရှိသွားပြီ
ဖြစ်သဖြင့် ဇူရီ၏ စွမ်းအားများသည်
ထိုးတက်လာခဲ့ကာ မြင့်မြတ်သော အနန္တမ
ရှေးဟောင်း ချပ်ဝတ်တန်ဆာ၏
စွမ်းအားများကလည်း ဆတက်ထမ်းပိုး
တိုးတက်လာခဲ့၏။ မီးပွားများ၊ ကျမ်းစာများ၏
အကြားတွင် ဇူရီသည် ဆောင်ချင်းစန်း၏
မိုးသောက်ကြယ်စင် နည်းစနစ်အား
တွန်းဖယ်ခဲ့သည်။

"မင်းက ငါ့ကို ဖျက်ဆီးချင်နေလေလေ ငါက ပြန်လည်ရှင်သန်ပြီး ထမြောက်လာလေလေပဲ"

"ငါ့ရဲ့အရှေ့မှာ ကပ်ဆိုးဘေးဆိုးတွေ ဘယ်လောက်ပဲ တားဆီးနေပါစေ ငါက ပြည်သူအများကို ဦးဆောင်ပြီး သူတို့ရဲ့ အတွင်းစိတ် ငြိမ်းချမ်းအောင် လုပ်ဆောင်ပေးမယ်" ဇူရီက ကြုံးဝါးလိုက်သည်။

"ဆောင်ချင်းစန်း! မင်းက ငါ့မိခင်ကို ကောင်းမွန်စွာ မဆက်ဆံခဲ့ဘူး။ ငါ့မိခင် သေရတာ မင်းရဲ့စနက် မကင်းဘူး။ ငါ့မိခင်ရဲ့ အုတ်ဂူကို ပြုစုစောင့်ရှောက်ပြီး သူမထံက

ခွင့်လွှတ်မှုကို တောင်းခံရအောင် ငါကမင်းကို အသက်ချမ်းသာခွင့်တော့ ပေးထားမယ်"

ခွင့်လွှတ်ရန် တောင်းပန်ရမည်ဟူသော အတွေးသည် သေရသည်ထက်ပင် ပို၍ အရှက်ရစေ၍ ဆောင်ချင်းစန်း၏ မျက်နှာသည် အေးစက်သွားခဲ့သည်။

သူမက ပြန်လည်တုံ့ပြန်လိုက်၏။ "ဟိုကောင်မ မုန့်ပင်းယွင်ရဲ့ အုတ်ဂူကို သန့်ရှင်းရေးလုပ်ပေးရမယ်၊ ဟုတ်လား။ ငါက ဇူဟုန်ဝူရဲ့ မျက်နှာကို ထောက်နေလို့ သူမအုတ်ဂူကို မဖျက်ဆီးပစ်ခဲ့တာ"

"မင်းအခုအချိန်မှာ သွားရင် ကောင်းလိမ့်မယ်" ဇူရိက အော်ဟစ်လိုက်၏။

သူ၏ စကြာဝဠာ ပုံသဏ္ဌာန်သည် မိုးကြိုးကဲ့သို့ ထစ်ချုန်းလာခဲ့၍ အသွင်သဏ္ဌာန်လေးမျိုး ကောင်းကင်ဝင်္ကပါသည် စတင်၍ လည်ပတ်လာခဲ့သည်။

သူသည် ကောင်းကင်အား ဖုံးလွှမ်းနိုင်သည်အထိ ကျယ်ပြန့်သွားခဲ့၍ ဖုန်မှုန့်လေး တစ်စက်ကဲ့သို့ ပြန်၍ ကျုံ့ဝင်သွားခဲ့သည်။

ထိုကဲ့သို့ ပြောင်းလဲမှုသည် ကြီးမားလှသော
ဖိအားတစ်ခုကို ဖော်ထုတ်ခဲ့၍
ဆောင်ချင်းစန်း၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွား အပေါ်သို့ ကျရောက်သွားခဲ့ကာ
ပြောပြ၍ မရနိုင်သည့် နာကျင်မှုမျိုးကို
ခံစားစေခဲ့သည်။

ဤအင်မော်တယ် ဝိညာဉ်ကိုယ်ပွားသည်
ဝင်္ကပါကဲ့သို့ ဖုန်မှုန့်ပုံစံသို့
ပြောင်းသွားတော့မည်ကဲ့သို့ ဖြစ်သည်။

ဇူရီ၏ အသွင်သဏ္ဌာန်လေးမျိုး
ကောင်းကင်ဝင်္ကပါသည် ယခုအချိန်တွင်
တိုက်စစ် ပုံစံသို့ ပြောင်းသွားခဲ့ပြီ ဖြစ်သည်။

ယခင်က သူ၏ စကြာဝဠာ ပုံသဏ္ဍာန်
ပြီးမြောက်စေရန်အတွက် သူက ခံစစ်ကိုသာ
ကျင့်သုံးခဲ့ရသည်။ သို့သော်လည်း
ယခုအချိန်တွင် တိုက်ခိုက်မှုများကို ခုခံနေရန်
မလိုတော့ပေ။

"အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်၊
စကြာဝဠာ ပုံသဏ္ဍာန်!" ဆောင်ချင်းစန်းသည်
ဇူရီ၏ ဒေါတတကြီး တိုက်ခိုက်မှုများကို
ခံနေခဲ့ရသည်။ "သူက ငါနဲ့
တိုက်ခိုက်နေတုန်းမှာ စကြာဝဠာ ပုံသဏ္ဍာန်ကို
အောင်မြင်စွာနဲ့ ဖန်ဆင်းနိုင်ခဲ့တာလား။
မဖြစ်နိုင်ဘူး"

သူမသည် အရှက်ရမှုနှင့် စိတ်ပျက်လက်ပျက် ဖြစ်မှုများကို ခံစားလိုက်ရသည်။

အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူသည် အင်မော်တယ်ဝိညာဉ် အဆင့်မှ အကြီးအကဲ တစ်ယောက်နှင့် တိုက်ခိုက်နေရင်း အဆင့်တက်သွားခဲ့သည်။

ပြီးတော့ ဒါသည် ဆောင်ချင်းစန်းက သူ့အား ညှာတာ၍ တိုက်ခိုက်မှုများကို အားလျှော့လိုက်၍ မဟုတ်ချေ။ ဒါသည် ဇူရီ၏ ကိုယ်ပိုင်စွမ်းရည်နှင့် ဆုံးဖြတ်ချက် ပြတ်သားမှုကြောင့်သာ ဖြစ်သည်။ သူမခံစားနေရသော အမျက်ဒေါသများသည်

ကြီးမားလွန်းသဖြင့် သူမ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွားသည်ပင် မတည်မငြိမ် ဖြစ်လာခဲ့သည်။

သို့သော်လည်း ဇူရီ၏ ပြန်လည် တိုက်ခိုက်မှုများကို ခံခဲ့ရသောအခါ သူမ၏ ရင်အတွင်းမှ အမျက်ဒေါသများကို မျိုသိပ်ထားရပြီး တည်ငြိမ်အောင် ပြန်လည် ထိန်းသိမ်းလိုက်သည်။

သူမသည် ဇူရီအား တစ်ခေါက် ထပ်ကြည့်လိုက်၍ သူမ၏ မိုးသောက်ကြယ်စင် နည်းစနစ်အား ရုပ်သိမ်းလိုက်သည်။

အကယ်၍ သူမသည် ကြယ်တာရာများ၏
စွမ်းအားကို ယူသုံးနိုင်ခဲ့လျှင် သူမ၏
နည်းစနစ်သည် များစွာပို၍
အားကောင်းလာခဲ့ကာ သူမသည် ဇူရီနှင့်
ထိပ်တိုက်ရင်ဆိုင်နိုင်မည် ဖြစ်သည်။
သို့သော်လည်း ဇူရီ၏ အသွင်သဏ္ဌာန်လေးမျိုး
ကောင်းကင်ဝက်ပါနှင့် ပညာရှိတို့၏
စာစီစာကုံးတို့သည် ဆောင်ချင်းစန်း၏
အနားတွင် အရန်အတား တစ်ခုအား
ဖန်ဆင်းထားကာ သူမအား အစွမ်းကုန်
မတိုက်ခိုက်နိုင်ရန် တားဆီးထားခဲ့သည်။
ပြီးတော့လည်း သူ့အနေနှင့် အနိုင်ရရှိရန်

အတွက် ပိုမိုခက်ခဲသော နည်းလမ်းများကို
အသုံးပြုရန်လည်း အကြောင်းမရှိချေ။

ဇူရီ၏ တိုက်ခိုက်မှု နည်းစနစ်အရ
သူ၏ပြိုင်ဘက်က တစ်ခုခု ရရှိဖို့
ကြိုးစားလေလေ သူကသူ့အား မရနိုင်အောင်
တားဆီးလေပင် ဖြစ်လိမ့်မည်။

ဆောင်ချင်းစန်း၏ အင်မော်တယ် ဝိညာဉ်
ကိုယ်ပွားဖြင့် ဖန်ဆင်းထားသော
ကမ္ဘာကြီးသည် စတင်လည်ပတ်လာခဲ့ကာ
သူမ၏ ပတ်ပတ်လည်မှ လေဟာနယ်များနှင့်
ဆက်သွယ်လိုက်၍ စွမ်းအားနယ်မြေ တစ်ခုအား
ဖန်ဆင်းလိုက်သည်။

ဒါသည့် သံသယဖြစ်ဖွယ် မရှိပဲ ကောင်းကင်တံခါးဂိုဏ်း၏ လျှို့ဝှက်နည်းစနစ် တစ်ခုဖြစ်သော ကောင်းကင်ကျိန်စာပင် ဖြစ်ပေသည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ ဆောင်ချင်းစန်းက ထုတ်ဖော်ခဲ့ခြင်း ဖြစ်သဖြင့် ဤအကာအကွယ် နည်းစနစ်သည် ယခင်က ယင်ချန်စန်း အသုံးပြုခဲ့သည်ထက် များစွာပို၍ အားကောင်းလှသည်။

"ဘာမှ မထူးပါဘူး" ဇူရီက ပြောလိုက်ကာ ရွှေရောင်တံတားက သူမအပေါ်သို့ ထပ်မံကျရောက်လာခဲ့သည်။

## စာစဥ် ၄၀ : အပိုင်း ၁

## အပိုင်း ၇၅၁ : ကောင်းကင်တော်လှန်ခြင်းနှင့် ပညာရှိတို့၏ စာစီစာကုံး

ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော ရွှေရောင်တံတားသည် ဆောင်ချင်းစန်း၏ ကောင်းကင်ကျိန်စာအား ထိုးဖောက်လာခဲ့ကာ သူမ၏ကမ္ဘာနှင့် ပြင်ပကမ္ဘာတို့ အကြားမှ ခွဲခြားထားမှုအား ချိုးဖောက်လိုက်သည်။

ကောင်းကင် ဝင်္ကပါသည် ထပ်မံ၍
လည်ပတ်လာခဲ့ကာ ကမ္ဘာငယ်လေးအား
ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းလဲပစ်လိုက်၏။

ဆောင်ချင်းစန်းသည် ထိုလေဟာနယ်ကို
ဖန်ဆင်းရန် သူမထုတ်လွှတ်ထားခဲ့သော
မှော်စွမ်းအင်များသည် ဇူရီ၏
ထိန်းချုပ်မှုအောက်တွင် ကောင်းကင်နှင့်
မြေကြီးတို့၏ ဖျက်ဆီးခြင်းကဲ့သို့
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားသည်ဟု
ခံစားနေရသည်။

ဤလေဟာနယ်သည် သူမဖန်ဆင်းထားခြင်း ဖြစ်သဖြင့် သူမသည်လည်း ကောင်းကင်နှင့် မြေကြီးတို့၏ ပျက်စီးခြင်းကို ခံစားခဲ့ရသည်။

သူမ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားသည် စိတ်ခံစားမှု အရိပ်အယောင် အချို့ကို ဖော်ပြလာခဲ့သည်။ အမျက်ဒေါသ ထွက်နေသော်လည်း ကြောက်ရွံ့မှုနှင့် သတိထားမှုများက ပိုနေပေသည်။

"ထာဝရ တည်မြဲသော ဘဝ! ကောင်းကင်က ကျွန်ုပ်တို့ကို ကောင်းချီးပေးပါစေ"

ဆောင်ချင်းစန်း၏ အသံသည်
လေထုအတွင်းတွင် ပဲ့တင်ရိုက်လာခဲ့၍
ခရမ်းရောင်နှင့် ရွှေရောင် အလင်းတန်းများက
သူမ၏ အင်မော်တယ် ဝိညာဉ်ကိုယ်ပွား
အနားတွင် ရစ်ဝဲလာခဲ့ကာ
ချပ်ဝတ်တန်ဆာကဲ့သို့ အသုံးပြုရသည့်
ကျောက်စိမ်းနတ်ဘုရားကဲ့သို့ ဝတ်စုံတစ်ခု
ပေါ်လာခဲ့သည်။ သူသည် ဖျက်ဆီးခြင်း
စွမ်းအားများကို ကြွံ့ကြွံ့ခံခဲ့၍ သူမအား
ပြိုလဲခြင်းမှ ကာကွယ်ထားခဲ့သည်။

ထာဝရ တည်မြဲသော လေထု ခိုလှုံခြင်း!

လင်းဖုန်းနှင့် ဇူရီတို့သည် အချင်းချင်း အကြည့်ချင်း ဖလှယ်လိုက်ကြကာ တွေးလိုက်ကြသည်။ "ဒါက တိုင်ကေရာဇ်ရဲ့ လက်ဆင့်ကမ်းလာတဲ့ လျှို့ဝှက်ခံစစ် မှော်ကျိန်စာဖြစ်တယ်"

ကောင်းကင်ကျိန်စာ အပြီးတွင် ဆောင်ချင်းစန်းသည် နောက်ထပ် ထိုးဖောက်ရန် ခက်ခဲသော ခံစစ် နည်းစနစ် တစ်ခုအား ထုတ်ဖော်ပြသခဲ့သည်။ အတူတကွပင် သူတို့သည် နောက်ဆုံးတွင် ဇူရီ၏ အညှာအတာ ကင်းမဲ့သော တိုက်ခိုက်မှုများအား ခုခံနိုင်ခဲ့သည်။

သူမ၏ စွမ်းအားများ တိုးတက်လာခြင်းနှင့်အတူ
ယန်ကောင်းကင် မီးအိမ်သည်
ယခင်ကထက်ပို၍ တောက်ပလာခဲ့သည်။
ထာဝရည မိစ္ဆာကျောက်တိုင်၏ ပိတ်ဆို့မှုများကို
ကျော်လွှားနိုင်ခဲ့၍ သူမ၏ဘေးသို့ ပြန်လည်
ရောက်ရှိလာခဲ့သည်။

ဆောင်ချင်းစန်း၏ ဤတိုက်ပွဲ အပေါ်တွင်
ကြိုတင်ခန့်မှန်းထားမှုတို့မှာ အမှားမရှိခဲ့ပေ။
မီးအိမ်သည် သူမ၏ဘေးသို့ ပြန်လည်
ရောက်ရှိလာသည်နှင့် တပြိုင်နက် ဇူရီ၏
တိုက်ခိုက်မှုများသည် သူမအား အသက်ရှူခွင့်
မပေးခဲ့ပဲ သူမအပေါ်သို့
ထပ်မံကျရောက်လာခဲ့သည်။

အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ဝက်ပါသည်
ကောင်းကင်တော်လှန်ခြင်း အဖြစ်သို့
ပြောင်းသွားခဲ့ကာ ဆောင်ချင်းစန်း၏ ထာဝရ
တည်မြဲသော လေထု ခိုလှုံခြင်းအား
ထပ်မံလွှမ်းခြုံလိုက်ကာ ချက်ချင်းပင်
ကျုံ့ဝင်လာခဲ့သည်။ ခရမ်းရောင်နှင့် ရွှေရောင်
ချပ်ဝတ်တန်ဆာသည် အက်ကြောင်းများ
ပေါ်လာခဲ့၍ ပေါက်ကွဲသွားခဲ့ကာ
ပတ်ဝန်းကျင်သို့ ပျောက်ကွယ်သွားခဲ့သည်။

"မြင့်တက်လာစမ်း!" ဆောင်ချင်းစန်းက
ဟစ်ကြွေးလိုက်သည်။

ယန်ကောင်းကင် မီးအိမ်မှ အနီရောင်
မီးတောက်များက သေးငယ်သော ပုံစံများဖြင့်
မြင့်တက်လာခဲ့ကာ သူမ၏ အနားတွင်
မီးတောက်ပိုက်ကွန်တစ်ခု အဖြစ်သို့
ပြောင်းသွားခဲ့၍ တတိယ ခံစစ်ကြောင်းအဖြစ်
ဖန်ဆင်းလိုက်သည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူတစ်ယောက် အနေနှင့် သူမသည်
ဤမီးအိမ်၏ စွမ်းအားကို အစွမ်းကုန်
သုံးစွဲနိုင်ခဲ့ကာ နောက်ထပ် အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူတစ်ယောက်
အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။

နေမင်းအလင်းတန်းမှ ထုတ်လွှတ်ခဲ့သော
မီးတောက်ပင်လယ်ကြီးသည် ဟင်းလင်းပြင်
ပတ်ပတ်လည်မှ
မိုင်ပေါင်းတစ်ထောင်ကျော်အား
လွှမ်းခြုံသွားခဲ့ကာ လေဟာနယ်
ကိုယ်တိုင်ကပင် တွန့်လိမ်သွားခဲ့၏။

"တကယ်လို့ ဒါက အကြွင်းမဲ့မီးတောက်
ခုနှစ်မျိုးအထဲကဆိုရင် ငါက အနည်းငယ်
စိုးရိမ်နေဦးမယ်။ ဒါပေမဲ့ မင်းရဲ့
နေမင်းအလင်းတန်းက လုံလောက်အောင်
မသန်မာဘူး" ဇူရီက မြည်တွန်တောက်တီးခဲ့ကာ
ကြောက်မက်ဖွယ်ရာ

မီးတောက်ပင်လယ်ကြီးအား လုံးဝ
ဂရုမစိုက်ခဲ့ပေ။

သူ၏ မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာသည် တောက်ပသော
အဖြူရောင် အလင်းတန်း တစ်ခုဖြင့်
လင်းလက်လာခဲ့၍ နေမင်းအလင်းတန်း
မီးတောက်များ၏ အပူဓာတ်ကို
ကာကွယ်ပေးခဲ့သည်။

တစ်ချိန်တည်းတွင်ပင် သူ၏
အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့်
ပညာရှိတို့၏ စာစီစာကုံးတို့သည် အညှာအတာ

ကင်းမဲ့စွာဖြင့် ဆက်လက်
တိုက်ခိုက်နေခဲ့ကြသည်။

ယန်ကောင်ကင် မီးအိမ်ဖြင့်
ဆောင်ချင်းစန်းသည် အသက်ဝအောင် ရှု၍
သူမ၏ နည်းဗျူဟာများကို ပြောင်းလဲနိုင်ရန်
အခွင့်အရေး တစ်ခုအား
ဖန်တီးရန်မျှော်လင့်နေခဲ့သည်။ သို့သော်လည်း
ဇူရီသည် သူ၏ ကောင်းကင်ဝက်ပါနှင့်
စာစီစာကုံးတို့အား ယန်ကောင်းကင် မီးအိမ်အား
ခုခံရန်အတွက် အသုံးမပြုခဲ့ပဲ အဆက်မပြတ်
ဆက်လက် တိုက်ခိုက်နေခဲ့သည်။

ဇူရီသည် သူ၏ နတ်ဘုရား ခန္ဓာကိုယ်
ချပ်ဝတ်တန်ဆာဖြင့်သာ ယန်ကောင်းကင်
မီးအိမ်အား ခုခံနိုင်ခဲ့သဖြင့် သူသည် သူမအား
ပညာရှိတို့၏ စာစီစာကုံးဖြင့် ဆက်လက်
ဖိနှိပ်ထားနိုင်ခဲ့၏။

ပညာရှိတို့၏ စာစီစာကုံး ကိုယ်တိုင်သည်
ပုံမှန်မဟုတ်သော လက်နက်တစ်ခု ဖြစ်၏။
ဇူရီ၏ ကိုင်ဆောင်မှုအား ခံထားရသောအခါ
သူ့အား အင်မော်တယ် ဝိညာဉ် ကိုယ်ပွားပုံစံဖြင့်
အသုံးပြုနိုင်ခဲ့ကာ ယန်ကောင်းကင် မီးအိမ်၏
တိုက်စစ်စွမ်းအားများကို ဖိနှိပ်ထားနိုင်ခဲ့သည်။

ဇူရီ၏ ဒီရေလှိုင်းလုံးများပမာ တိုက်ခိုက်မှုများကို ခံခဲ့ရသောအခါ ဆောင်ချင်းစန်းသည် ခုခံရန်အတွက် ခြေလက်လေးချောင်းတို့ဖြင့် မလုံလောက်တော့သကဲ့သို့ ခံစားလာရကာ သူမ၏ နည်းစနစ်များတွင် ဟာကွက်များ စတင်ပေါ်ပေါက်လာခဲ့သည်။

ရုတ်တရက်ပင် အဆုံးမဲ့ အနက်ရောင် ကန့်လန့်ကာ တစ်ခုသည် သူမ၏ အင်မော်တယ် ဝိညာဉ် ကိုယ်ပွားအား စတင်ဖုံးလွှမ်းလာခဲ့ကာ ဘာမှမရှိသော ကမ္ဘာတစ်ခုအတွင်းသို့ ဆွဲသွင်းသွားခဲ့သည်။ ဤကမ္ဘာအတွင်းတွင် အသံမရှိသလို အလင်းရောင်လည်း ရှိမနေပေ။

"သေစမ်း!" သူမက ဒါသည့် ထာဝရည
မိစ္ဆာကျောက်တိုင်၏ လက်ချက်ဖြစ်မှန်းကို
သိလိုက်ရ၏။

"ကောင်စုတ်လေး၊ မင်းက လုပ်ရဲတယ်
ဟုတ်လား" ဆောင်ချင်းစန်းက
အော်ဟစ်လိုက်သည်။ သူမ၏ အင်မော်တယ်
ဝိညာဉ်ကိုယ်ပွားဖြင့် ဖန်ဆင်းထားသော
စကြာဝဠာ အပေါင်းအစုသည် စတင်၍
တုန်ခါလာခဲ့ကာ ကမ္ဘာငယ်ပေါင်း များစွာတို့က
မဟာစွမ်းအင် စက်လုံးတစ်ခု အနေဖြင့်
လည်ပတ်လာခဲ့သည်။ စွမ်းအားကြီးသော
စက်လုံးသည် အရန်အတားများကို ချိုးဖောက်၍

ကြီးထွားလာခဲ့ကာ ကမ္ဘာငယ်လေးများဖြင့် စတင်ပေါင်းစပ်လာခဲ့သည်။

ခဏအကြာတွင် ဤစွမ်းအား သဘောတရားများတို့၏ အင်အားသည် အလင်းတန်းများ အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ ထာဝရသည မိစ္ဆာကျောက်တိုင်၏ ချုပ်နှောင်မှု၏ အပြင်သို့ ပေါက်ကွဲထွက်လာခဲ့သည်။

ဝမ်းနည်းမြည်တမ်းမှု တစ်ခုနှင့်အတူ ထာဝရသည မိစ္ဆာကျောက်တိုင်သည် နောက်သို့ ဆုတ်သွားရကာ အမှောင်ထုကလည်း လွင့်ပြယ်သွားခဲ့သည်။ ဆောင်ချင်းစန်းသည် အလင်းရောင်ကို ထပ်ဖန်တစ်ခါ မြင်လိုက်ရ၏။

သူမသည် အမှောင်ထုအတွင်းတွင် ခေတ္တမျှသာ အနှောင်ဖွဲ့ ခံလိုက်ရသော်လည်း နှစ်ပေါင်းတစ်ထောင် ကြာမြင့်ခဲ့သကဲ့သို့ ခံစားလိုက်ရသည်။

ဆောင်ချင်းစန်းက ဤကျောက်တိုင် အပေါ်သို့ တိုက်ခိုက်ခဲ့သော အင်အားမှာ ကြီးမားလှသည်။ ပွားစည်းခြင်း အဆင့်မှ မော်ရတနာတစ်ခု ဖြစ်သော်လည်း သူသည် အချိန်ခဏတာအတွင်း ပြန်လည် ကောင်းမွန်နိုင်ခြင်း မရှိခဲ့ပေ။

သို့သော်လည်း ဆောင်ချင်းစန်း ကိုယ်တိုင်မှာလည်း ဒဏ်ရာများ ရရှိသွားခဲ့ကာ သူမ၏ အင်မော်တယ် ဝိညာဥ် ကိုယ်ပွားအား

ထိန်းမထားနိုင်တော့ပဲ လူသားပုံစံသို့ ပြန်ပြောင်းသွားခဲ့သည်။

ဇူရီက တိုးညင်းစွာနှင့် ပြောလိုက်သည်။ "ခင်ဗျားရဲ့ အစောပိုင်းက တုံ့ပြန်တိုက်ခိုက်မှုမှာ ကြီးမြတ်သော ကောင်းကင်ကျမ်းစာနဲ့ နတ်ရတနာဘီးတို့ရဲ့ သဘောတရားတွေ ပါဝင်နေတယ်။ သူတို့က အနည်းငယ်သာ ဖြစ်ပေမဲ့ အတော်လေးကို အထင်ကြီးဖွယ်ရာ ကောင်းလှပါတယ်"

"ဒါပေမဲ့ ဒါက ကျုပ်ကခင်ဗျားကို အနိုင်ယူမယ်ဆိုတဲ့ အမှန်တရားကို မပြောင်းလဲနိုင်ဘူး"

ဇူရီ၏ အသွင်သဏ္ဌာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့် ပညာရှိတို့၏ စာစီစာကုံးတို့သည် ဆောင်ချင်းစန်းထံသို့ ထပ်ဖန်တစ်ခါ ကျဆင်းလာခဲ့သည်။ ဇူရီသည် တိုက်ခိုက်မှုကို မရပ်တန့်သေးသည်ကို တွေ့လိုက်ရသဖြင့် ဆောင်ချင်းစန်း၏ မျက်နှာပေါ်တွင် စိတ်ပျက်လက်ပျက် ဖြစ်သွားသော အရိပ်အယောင်များ ပေါ်လာခဲ့၏။ ဒဏ်ရရထားသော အင်မော်တယ် ဝိညာဉ် ကိုယ်ပွားဖြင့် ဤတိုက်ခိုက်မှုကို ခုခံရသည်မှာ ခက်ခဲလှပေသည်။

ဆောင်ချင်းစန်းသည် ဤတိုက်ပွဲအား
အနိုင်ရရန် မျှော်လင့်ချက်များကို
စွန့်လွှတ်လိုက်ပြီ ဖြစ်သည်။  သရေကျရန်
အချိန်ဆွဲ၍ပင် တိုက်ခိုက်နိုင်တော့မည်
မဟုတ်ချေ။ လင်းဖုန်းသည်လည်း
ထိုတိုက်ပွဲအား အဝေးမှ ကြည့်နေခဲ့ကာ
ရလဒ်များကို သိရှိခဲ့ပြီး ဖြစ်သည်။

ဤအချိန်တွင် ဆောင်ချင်းစန်းသည် ဘာမှ
မတတ်နိုင်တော့ပဲ အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူတစ်ယောက်ဖြစ်သည့်
သူမသည် အခြေတည်ဝိညာဉ် အဆင့်မှ
သူရဲကောင်း တစ်ယောက်၏ အနိုင်ယူမှုအား
ခံလိုက်ရပြီဟု ဝန်ခံလိုက်ရသည်။

သူမသည် အသက်ပြင်းပြင်း ရှူလိုက်ကာ သူမ အမြဲတစေ ပိုင်ဆိုင်ခဲ့သော ဆုံးဖြတ်ချက် ပြတ်သားမှုကို ပြသလိုက်သည်။ သူမသည် သူမ၏ နဖူးထံသို့ လက်ညှိုးတစ်ချောင်းဖြင့် ညွှန်ပြလိုက်၏။

သူမ၏ နဖူးမှနေ၍ ရွှေရောင် အလင်းတန်းများ ဖြာထွက်လာခဲ့ကာ အဓိပ္ပာယ်ဖော်ရန် ခက်ခဲလှသည့် မှော်သင်္ကေတများဖြင့် ခတ်နှိပ်ထားသော ရွှေရောင်သတ္တုပြား တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ရွှေရောင် အလင်းတန်းများက
မှေးမှိန်သွားသောအခါ ထိုသတ္တုပြားသည်
ကြက်သွေးရောင် စာသားများ
ရေးထွင်းထားသော အနက်ရောင်
သတ္တုအဖြစ်သို့ ပြောင်းသွားခဲ့သည်။
သို့သော်လည်း အနီးကပ် ကြည့်ရှုလိုက်လျှင်
သတ္တုပြား တစ်ဝက်သာ ရှိနေခြင်း ဖြစ်သည်။

သူမ၏ လက်ချောင်းများသည် ထိုသတ္တုပြားကို
ပြင်းထန်စွာနှင့် ထိုးဖောက်လိုက်ကာ
ကြေမွသွားစေခဲ့သည်။ ခရမ်းရောင်နှင့် ရွှေရောင်
မြူခိုးငွေ့များ ထွက်လာခဲ့၍ သူမ၏
တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွားခဲ့သည်။
ချက်ချင်းဆိုသလိုပင် မြူခိုးငွေ့များက

ဟင်းလင်းပြင်ကို ချိုးဖောက်လိုက်ကာ သူမအား စစ်မြေပြင်ထံမှ ဆွဲခေါ်သွားခဲ့၏။ ဆောင်ချင်းစန်းသည် ပျောက်ကွယ်သွားလုနီးပါး ဖြစ်သွားခဲ့သည်။

ဇူရီ၏ အသွင်သဏ္ဌာန်လေးမျိုး ကောင်းကင်ဝက်ပါနှင့် ပညာရှိတို့၏ စာစီစာကုံးတို့ပင် သူမအား လိုက်ဖမ်းရန် မမီခဲ့ပေ။

"တိုင်ကေရာဇ်ရဲ့ သံတမန် ကိုယ်ခံစွမ်းအား လတ်မှတ်" ဇူရီ၏ စိတ်အတွင်းတွင် အတွေးတစ်ခု ပေါ်လာခဲ့သည်။

ရှေးဟောင်းခေတ်တွင် တိုင်ကေရာဇ်သည် သူ၏
အယုံကြည် စိတ်အချရဆုံး ဗိုလ်ချုပ်များအား
သေမိန့်ကျနိုင်သော အပြစ်တစ်ခုအား
ကျူးလွန်မိလျှင် ရှေရောင် အခွင့်အရေး
ပေးနိုင်ရန် သံတမန် ကိုယ်ခံစွမ်းအား
လတ်မှတ်တစ်ခုစီကို ပေးထားခဲ့သည်။
တစ်ချိန်တည်းတွင်ပင် ဒါသည် သူ၏
ချစ်မြတ်နိုးရသော မှူးမတ်များအား
အကာအကွယ် ပေးနိုင်သည့် ရတနာ
တစ်ပါးလည်း ဖြစ်၏။

ဤသတ္တုပြားအား ချိုးဖောက်၍
အသုံးပြုလိုက်လျှင် တိုင်ကေရာဇ်၏

စွမ်းအားများသည် ဤသတ္တုပြား တစ်ဝက်အား ကိုင်ဆောင်ထားသူကို အကာအကွယ်ပေး၍ သူ့အား ဟင်းလင်းပြင်ကို ချိုးဖောက်စေခဲ့ကာ နောက်ထပ် သတ္တုပြားတစ်ဝက် ရှိရာနေရာသို့ ပို့ဆောင်ပေးခဲ့မည် ဖြစ်သည်။

ထို့ကြောင့် ရာစုနှစ်ပေါင်း များစွာ ကြာပြီးနောက်တွင် လူများသည် ထိုလတ်မှတ်အား ရွှေရောင် အခွင့်အရေးဟူ၍ ခေါ်ကြခြင်း ဖြစ်သည်။ သူသည် တစ်ခါသာ အသုံးပြုနိုင်သော်လည်း သူသည် ကိုင်ဆောင်ထားသူအား နောက်ထပ် အသက်ရှင်ရန် အခွင့်အရေး တစ်ခု ပေးနိုင်သည်။

သို့သော်လည်း ဤရတနာသည် မြင့်မြတ်၍ ရှားပါးကာ ယနေ့ကမ္ဘာတွင် မတွေ့ရသလောက် ဖြစ်သွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း တိုင်ကေရာဇ်၏ တော်ဝင်နန်းတော်အား တူးဖော်တွေ့ရှိခဲ့သော မဟာကျိုး အင်ပါယာ အနေဖြင့် တိုင်ကေရာဇ်၏ အခြား ရတနာများကို ရရှိထားခဲ့သည်မှာ အထူးအဆန်း မဟုတ်ပေ။ သူတို့သည် အရှေ့ကောင်းကင် တံခါးဂိုဏ်း၏ အဓိကအဖွဲ့ဝင် တစ်ဦးဖြစ်သော ဆောင်ချင်းစန်းအား အကာအကွယ် ရတနာ အချို့အား ပေးထားခဲ့ခြင်း ဖြစ်သည်။

"ဇူရီ၊ မင်းက အတော်ဟုတ်နေပါလား" ဆောင်ချင်းစန်းက တည်ငြိမ်မှု ပြန်ရသွားအပြီးတွင် ပြောလိုက်သည်။ "မင်းက ဟုန်ဝူကိုယ်တိုင် လှုပ်ရှားရတော့မယ့် အဆင့်ကို ရောက်တော့မယ်။ ဒါပေမဲ့ ဒါက မင်းအတွက် သတင်းဆိုးတစ်ပုဒ် ဖြစ်တယ်"

"သူက ကျုပ်ကို လာမရှာရင်တောင် ကျုပ်ကသူ့ကို ရှာမှာဖြစ်တယ်" ဇူရီက ထူးခြားသော အပြုံးတစ်ခုဖြင့် ပြောလိုက်သည်။

"အဲ့ဒီအချိန် ကျရင် အရှေ့တံခါးဂိုဏ်း၊ မဟာကျိုး အင်ပါယာနဲ့ ကျုပ်အဖေကိုယ်တိုင်ကတောင် ခင်ဗျားကို ကယ်နိုင်တော့မှာ မဟုတ်ဘူး"

"ခင်ဗျားက ဒီရတနာနဲ့ ဒီအတိုင်း ထွက်သွားလို့ရမယ် ထင်နေတာလား။ ခင်ဗျားရဲ့ စိတ်ဝိညာဥ်က ဒဏ်ရာရသွားခဲ့ပေမဲ့ ကျုပ်ရဲ့ ကျောက်တိုင်ကလည်း ဒဏ်ရာရသွားခဲ့တယ်။ လျှော်ကြေးအနေနဲ့ ခင်ဗျားရဲ့ ချစ်မြတ်နိုးရတဲ့ မီးအိမ်ကို လျှော်ကြေးအနေနဲ့ ထားခဲ့ရမယ်"

ဇူရီ စကားပြောနေဆဲတွင် သူ၏ အနောက်မှ မြေကြီးသည် စတင်တုန်ခါလာခဲ့၏။ ချီလင်၏ အပေါ်တွင် ထိုင်နေခဲ့သော ဘီလူးကြီးသည်

မတ်တတ်ထလာခဲ့ကာ သူ၏
မျက်နှာလေးခုစလုံးက ကျမ်းစာများကို
ရွတ်ဖတ်နေခဲ့ကာ သူ၏
လက်ရှစ်ဘက်စလုံးတို့သည် သူတို့၏
စာအုပ်များ၊ မင်တံ၊ ဗျပ်စောင်းနှင့် ပေတံတို့အား
ချထားခဲ့ကာ ဦးညွှတ်ခဲ့လိုက်သည်။

ကြီးမားလှသော စွမ်းအားတစ်ခုသည်
လေထုအလယ်တွင် ထွက်ပေါ်လာခဲ့သည်။
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ အားဖြည့်ပေးမှုဖြင့် ဇူရီ၏
အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ဝက်ပါသည် လေထုအလည်တွင်
လှည့်ပတ်နေခဲ့၍ ဟင်းလင်းပြင်အား

တုန်ခါစေခဲ့ကာ ဆောင်ချင်းစန်း၏
လွတ်မြောက်သွားမှုကို ခဏတာ
ဟန့်တားထားခဲ့သည်။

ခဏအကြာတွင် ဇူရီ၏ မှော်ကျိန်စာဖြင့်
ဖန်တီးထားသော ရွှေရောင်တံတားသည်
ဆောင်ချင်းစန်း၏ ခေါင်းပေါ်တွင် ရှိနေသော
ယန်ကောင်းကင် မီးအိမ်အား
တစ်ချက်တည်းနှင့် ရိုက်ချလိုက်သည်။

"ခင်ဗျား သွားလို့ရပြီ" ဇူရီသည်
ကျေနပ်အားရစွာဖြင့် ရယ်မောကာ
ပြောလိုက်၏။

သူ၏ ရယ်သံအကြားတွင် ရွှေရောင်တံတား၏ အရိုက်ခံလိုက်ရသော ဆောင်ချင်းစန်းသည် ဒယိမ်းဒယိုင်ဖြင့် လဲကျသွားခဲ့သည်။ ပြီးမှသာ သံတမန် ကိုယ်ခံစွမ်းအား လတ်မှတ်ထံမှ ထွက်ပေါ်လာသော ခရမ်းရောင် အလင်းတန်းသည် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါ၏ ထိန်းချုပ်မှုမှ လွတ်မြောက်သွားခဲ့ကာ သူမအား ဘေးကင်းရာသို့ ပို့ဆောင်နိုင်ခဲ့သည်။

အနီးအနားမှ လူအားလုံးတို့သည် ဘာဖြစ်ခဲ့သနည်း ဟူသည်ကို ကောင်းကောင်း တွေ့ခဲ့ရသည်။ ဒီရေ ဓားအကြီးအကဲ၊ အနီရောင်

နဂါးဘုရင်၊ နေမင်းမျိုးချ သိမ်းငှက်နှင့်
ဆောင်ပွားရန်တို့သာ မကပဲ
အရှေ့ကောင်းကင်ဂိုဏ်းမှ
ကျင့်ကြံသူများအားလုံးနှင့်
ကျန်ပရိသတ်များကပါ တွေ့မြင်ခဲ့ရ၏။

"ဇူရီ!" ဆောင်ချင်းစန်းက အော်ဟစ်လိုက်သည်။
အားလုံးတို့၏ အရှေ့တွင် အရှက်တကွဲ
ဖြစ်ခဲ့ရခြင်းသည် သူမအား အသက်ရှူရန်ပင်
မွန်းကြပ်စေခဲ့သည်။

သူမ၏ တည်ငြိမ်သော အမူအရာသည်
ထပ်ဖန်တစ်ခါ ပျက်ပြားသွားခဲ့ရသည်။
အကယ်၍ သူမသည် ရုပ်ကိုယ်ခန္ဓာ အနေဖြင့်

ရှိနေခဲ့ပါက အမျက်ဒေါသနှင့် အရှက်ရမှုကြောင့် သွေးအန်မည်မှာ သေချာနေ၏။

"စီနီယာဆောင်!"

သံတမန် ကိုယ်ခံစွမ်းအား လတ်မှတ်သည် လူတစ်ယောက်ကိုသာ ကယ်နိုင်ခြင်း ဖြစ်သည်။ ဆောင်ချင်းစန်းသည် သူ့အား အသုံးပြုခဲ့လိုက်သဖြင့် ကျန်နေခဲ့သော ယင်ချန်စန်းမှာ သေရန် သေချာသွားခဲ့ပြီ ဖြစ်၏။ ဆောင်ချင်းစန်းသည် သူ့အားကယ်ရန် မပြောနှင့် သူမ၏ မီးအိမ်ကိုပင် မကယ်နိုင်ခဲ့ချေ။

ယင်ချန်စန်းသည် ဤအချိန်အတိုင်ခင်က ဇူရီကြောင့် အပြင်းအထန် ဒဏ်ရာရသွားခဲ့ပြီး ဖြစ်၍ ဆောင်ချင်းစန်း၏ အကာအကွယ်အောက်တွင် နေနေရခြင်း ဖြစ်သည်။ ယခုအချိန်တွင် ဆောင်ချင်းစန်းက ထွက်သွားခဲ့ပြီ ဖြစ်သဖြင့် သူသည် ဇူရီ၏ ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်က သူ့အား ဖမ်းချုပ်ခဲ့သည်ကို ကြည့်ရှုသာ ကြည့်နိုင်ခဲ့သည်။

"မင်းက အရမ်းစကားများတာပဲ။ မင်းက ဒါပြီးရင် လအ ဖြစ်မသွားအောင် ဂရုစိုက်နေပါ" ဇူရီက ယင်ချန်စန်းအား ဖိနှိပ်နေရင်းနှင့် ရယ်လိုက်သည်။

လူအုပ်ကြီးသည် ဤမြင်ကွင်းအား ကြည့်ခဲ့လိုက်ကာ ငြိမ်ကျသွားခဲ့သည်။

အစပထမတွင် တစ်စုံတစ်ယောက်ကမှ ဤကဲ့သို့သော ရလဒ်မျိုးကို မမျှော်လင့်ထားကြပေ။ သူတို့သည် ဇူရီက ကံကောင်းမှသာ အသက်ရှင်နိုင်မည် သို့မဟုတ် သရေကျမည်ဟု ထင်နေကြသည်။ ဇူရီသည် ဆောင်ချင်းစန်းအား ဤကဲ့သို့ အပြတ်အသတ် အနိုင်ယူနိုင်လိမ့်မည်ဟု ထင်မနေကြပေ။

ဒီရေ ခါးအကြီးအကဲနှင့် ကျန်သော အကြီးအကဲများ၏ အကြည့်များသည် ဇူရီထံမှ လင်းဖုန်းထံသို့ ရောက်သွားကြသည်။ သူတို့၏ ခံစားချက်များမှာ သိသာနေ၏။ သူတို့သည် လင်းဖုန်းအား လုံးဝနှိုင်းယှဥ်ရန် မဖြစ်နိုင်တော့ဟု၍ ခံစားနေကြရသည်။

ရုပ်ကိုယ်ခန္ဓာ ဖြစ်စေ၊ စွမ်းအားဖြစ်စေ၊ အဆင့်အတန်းအရ ဖြစ်စေ လင်းဖုန်း၏ တပည့်ဖြစ်သူ ဇူရီကပင် သူတို့နှင့် ယှဥ်နေနိုင်ပြီ ဖြစ်၏။ သူ၏တပည့်ကိုပင် ခက်ခက်ခဲခဲ ရင်ဆိုင်ရမည် ဖြစ်သဖြင့် သူ၏ဆရာကို မည်ကဲ့သို့ ရင်ဆိုင်ရပါမည်နည်း။ လင်းဖုန်းနှင့်

သူတို့၏ အကြားမှ ကွာခြားချက်သည် ယခုအချိန်တွင် သိသာသွားခဲ့ပြီ ဖြစ်သည်။

လင်းဖုန်း၏ တည်ငြိမ်အေးဆေးနေမှုသည် ကျန်သောသူများ၏ ထိတ်လန့်တုန်လှုပ်နေမှုနှင့် ယှဉ်လိုက်လျှင် သူသည် ဇူရီ၏ တိုက်ပွဲသည် သူ့အား စိတ်ပူပန်စေခဲ့မည် မဟုတ်ပဲ နိုင်ပွဲရမည်မှာ အစကတည်းက အသေအချာ ယုံကြည်နေသည်ဟု သိသာနေခဲ့သည်။

သူသည် ကျန်သောသူများအား ပျူငှာစွာဖြင့် ကြည့်လိုက်ကာ ပြောလိုက်သည်။ "တိုက်ပွဲက ပြီးဆုံးသွားပြီ ဖြစ်တာကြောင့် ကျုပ်တို့ဂိုဏ်းက ထွက်သွားပါတော့မယ်"

ရှင်ပျော်ပျော် သူတော်စင်နှင့် ဒီရေ
ခေါအကြီးအကဲတို့သည် လင်းဖုန်းက
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား
ယူသွား၍ ထွက်သွားတော့မည်ကို
ကြိတ်မှိတ်၍သာ သည်းခံနေခဲ့ရသည်။

## စာစဥ် ၄၀ : အပိုင်း ၂

## အပိုင်း ၇၅၂ : ကောင်းမွန်သော ခြေနင်းကျောက်တုံး

"အရှင်မင်းမြတ်က ရောက်မလာသေးဘူး"
လင်းဖုန်းက အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်နှင့်အတူ
ထွက်သွားတော့မည်ကို ကြည့်လိုက်ကာ
ရှင်ပျော်ပျော် သူတော်စင်သည် သူ၏
စိတ်အတွင်းတွင် ယောက်ယက်ခတ်နေခဲ့သည်။
သူ၏ စိတ်အတွင်းတွင် လင်းဖုန်းအား မည်သို့
ဟန့်တားရလျှင် ကောင်းမည်နည်းဟူ၍
ကြံစည်နေခဲ့၏။

ဒီရေ ဓားအကြီးအကဲသည်လည်း အတူတူပင်
ဖြစ်၏။ သူသည် ကျိုးကေရာဇ် လျှမ်ပန်းနှင့်
ကျယ်ပြန့်သော ပင်လယ်ဓားမာစတာအား

ဆက်သွယ်ရန် ကြိုးစားနေခဲ့သော်လည်း ပို၍
အံ့ဩဖွယ် သတင်းကိုသာ ရရှိခဲ့သည်။

ကျိုးကေရာဇ်၏ လာရာလမ်းတွင်
ပို၍အရေးကြီးသော တစ်စုံတစ်ခုက
သူ၏အာရုံကို ဆွဲဆောင်နိုင်ခဲ့ကာ
သူ၏လမ်းကြောင်းကို နည်းဗျူဟာအရ
ပြောင်းလဲလိုက်ရသည်။

ချင်ကေရာဇ် ရှီယုအား
ကြိုးစားဆက်သွယ်နေသော ရှင်ပျော်ပျော်
သူတော်စင်သည်လည်း တူညီသော
တုံ့ပြန်မှုကိုသာ ရရှိခဲ့သည်။

အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ နှစ်ယောက်စလုံးတို့သည် ချင်ကောရာဇ်ဖြစ်စေ၊ ကျိုးကောရာဇ်ဖြစ်စေ၊ သူတို့နှစ်ယောက်စလုံးတို့သည် အချိန်မီ လာနိုင်တော့မည် မဟုတ်ဟု သိလိုက်ကြ၏။

"ကျုပ်ရဲ့ခေါင်းဆောင်ဟာ ခင်ဗျားကို လိုက်မပို့နိုင်တော့တဲ့အတွက် ဝမ်းနည်းတဲ့အကြောင်း ပြောခိုင်းလိုက်ပါတယ်" ရွှင်ပျော်ပျော် သူတော်စင်သည် နောင်တရစွာ ရင်ကွဲပက်လက်ဖြင့် ပြောခဲ့လိုက်သည်။

"မဟာကျိုး အင်ပါယာရဲ့ လက်အောက်ကို ကျရောက်သွားခဲ့တဲ့ ဖန်ကျန်းနတ်တောင် အပါအဝင် တောင်သုံးတောင် ရှိတယ်။ ကျုပ်က ဘယ်လိုလုပ်ရင် ကောင်းမလဲ စဉ်းစားနေတုံး ရှိသေးတယ်။ ဒါပေမဲ့ ရဲဘော်ရှီက အစီအစဉ် တစ်ခု ရှိသွားပြီနဲ့ တူတယ်" လင်းဖုန်းက ပြောလိုက်သည်။

"ဒါဆိုရင်လည်း ကျုပ်က စောင့်မနေတော့ပါဘူး"

သူ၏စကားဆုံးသည်နှင့် လင်းဖုန်းသည် ဇူရီ၊ လီယွမ်ဖန်းနှင့် ကျန်သောသူများအား

ခေါ်ဆောင်လိုက်ကာ အဝေးသို့
ထွက်သွားလိုက်သည်။

ရွှင်ပျော်ပျော် သူတော်စင်နှင့် ဒီရေ
ခေါအကြီးအကဲတို့သည် တပြိုင်နက်တည်း
သက်ပြင်းများကို ချလိုက်ကြ၏။ သူတို့၏
လူများကို ခေါ်လိုက်၍ လင်းဖုန်း၏ အနောက်မှ
နောက်ယောင်ခံ လိုက်သွားကြသည်။
သို့သော်လည်း လင်းဖုန်းနှင့် သူတို့၏
အကြားတွင် အကွာအဝေး ကြီးကြီးမားမား
ထားဖို့တော့ မမေ့ခဲ့ကြပေ။

အချင်းချင်း တိုင်ပင်ထားကြခြင်း မရှိပဲ သူတို့
နှစ်ယောက်စလုံးတို့သည် ရတနာအား

အားသုံး၍ ရယူနိုင်ရန် စဥ်းစားမိနေကြသည်။ သို့သော်လည်း အားကောင်းသော စစ်ကူများ မရောက်လာခြင်းကြောင့် သူတို့သည် သေးသိမ်စွာဖြင့် လင်းဖုန်း၏ အနောက်မှသာ နောက်ယောင်ခံ၍ လိုက်လာနိုင်ကြသည်။ သို့သော်လည်း သူတို့သည် ဘာမှ မတတ်နိုင်ခဲ့ပေ။ သူတို့သည် မတိုက်ခိုက်ပဲနှင့် ဤအတိုင်း စွန့်လွှတ်ခဲ့ရန် မလိုလားနေကြပေ။

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် ယင်ကျိုးနတ်တောင်အား ရှာဖွေနိုင်သည်ဟူ၍ ကောလဟာလများ ရှိနေသည်။ ဤအချက်တစ်ခုတည်းကပင် သူတို့အား လှုပ်ရှားကြရန် လုံလောက်သော အကြောင်းရင်းများ

ပေးနိုင်စွမ်းရှိသည်။ အကယ်၍ သူတို့သည် ဤကျောက်စိမ်းကို ကိုယ်တိုင် အသုံးမပြုရလျှင်ပင် လင်းဖုန်း၏ အနောက်သို့ လိုက်သွားခြင်းအားဖြင့် အကြွင်းအကျန်များကို ရယူနိုင်စွမ်း ရှိသေးသည်။

အကယ်၍ လင်းဖုန်းက သူတို့အား မောင်းထုတ်ခဲ့မှသာ ထိပ်တိုက်တွေ့ခြင်း မပြုပဲ ရှောင်တိမ်းသွားလျှင်လည်း နောက်မကျသေးပေ။

အကယ်၍ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည် အမှန်တကယ်ပင် ဤကိစ္စတစ်ခုလုံး၏ အရေးပါသော အပိုင်းအစ

တစ်ခု ဖြစ်ခဲ့လျှင် သူတို့သည် ရှီယုနှင့် လျှမ်ပန်းတို့အား ချက်ချင်း အကြောင်းကြားရမည် ဖြစ်သည်။

သူတို့သည်သာ ဤကဲ့သို့ လှုပ်ရှားခဲ့ကြခြင်း မဟုတ်ချေ။ အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ သိမ်းငှက်တို့သည်လည်း သူတို့၏ လက်အောက်ငယ်သားများကို စုဆောင်းကာ သူတို့၏ အနောက်မှ တိတ်တဆိတ် လိုက်ပါလာကြသည်။

အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ သူများသာလျှင် အင်မော်တယ်ဝိညာဉ် အဆင့်မှ

အကြီးအကဲများကို လိုက်မမီနိုင်ကြပဲ
ကျန်ရစ်ခဲ့ကြသည်။

ဆောင်ချင်းစန်း၏ ရှုံးနိမ့်သွားမှု အပြီးတွင်
လင်းဖုန်းနှင့် ကျန်သောသူများသည် သူတို့အား
ဂရုမစိုက်ကြတော့ပဲ သူတို့အား
အခက်တွေ့အောင် မလုပ်ခဲ့ကြပေ။

ဇူရီ၏ အရေးမပါသကဲ့သို့ ထင်မြင်ခြင်း
ခံခဲ့ရသဖြင့် ဆောင်ဟွားရန်၏ ကိုယ်အတွင်းမှ
သွေးများသည် ဆူပွက်နေခဲ့၏။ သူမ၏
စိတ်သည် လှိုင်းထနေသော ပင်လယ်ကြီးကဲ့သို့
လှုပ်ရှားနေခဲ့ကာ ခံပြင်းနာကျည်းစွာနှင့်

တွေးနေခဲ့သည်။ "အမေကတောင် သူ့ရဲ့ပြိုင်ဘက် မဟုတ်ခဲ့တာ မယုံနိုင်သေးဘူး"

"သူမက အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူ ဖြစ်တာတောင် အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကို ရှုံးနိမ့်သွားခဲ့ပြီး သံတမန် ကိုယ်ခံစွမ်းအား လတ်မှတ်ကိုတောင် အသုံးပြုခဲ့ရတယ်။ ငါက အခုအချိန်အထိ မယုံနိုင်သေးဘူး"

"ဒါဆိုရင် ဇူရီက အခြေတည် ဝိညာဉ် အဆင့်မှာပဲ ရှိနေခဲ့ပြီး ငါက အင်မော်တယ်ဝိညာဉ် အဆင့်ကို

ရောက်သွားရင်တောင် ငါကသူ့ကို
မနိုင်နိုင်ဘူးလို့ ဆိုလိုနေတာလား"

"ဒီကောင်စုတ်လေး၊ သူက စံအိမ်မှာ ရှိတုံးက
နိမ့်ကျစွာ နေခဲ့ရပြီး လေ့ကျင့်ဖို့
အခွင့်အရေးတောင် မရှိခဲ့ဘူး။ သူက ဒီနေ့လိုမျိုး
ဖြစ်လာလိမ့်မယ်လို့ ဘယ်သူက
ထင်ထားခဲ့မှာလဲ"

ဆောင်ဟွားရန်သည် သူမ၏ အောက်မှ
မြေကြီးသည် ချာချာလည်သွားခဲ့၍ သူမ၏
မျက်လုံးများ အတွင်းတွင် ကြယ်များ
ပေါ်လာခဲ့သည်ဟု ထင်လာခဲ့သည်။

အသက်လေးနှစ် ကလေးအရွယ်ရှိနေသော သူမ၏ အခြေတည်ဝိညာဉ်သည် ပါးလျ၍ ကွဲအက်လွယ်သော ကြွေပန်းကန်တစ်လုံးကဲ့သို့ အနည်းငယ် ခိုက်မိလျှင် ကွဲကြေသွားမည်ကဲ့သို့ ဖြစ်နေခဲ့သည်။

"အဖေကတော့ သူ့ကို အနိုင်တိုက်နိုင်မှာ။ ဟုတ်တယ်၊ သူက အဖိုးရဲ့ မျက်လုံးတွေ အထဲမှာဆို အလကားပဲ နေမှာ။ မဟာကျိုး အင်ပါယာက အကြီးအကဲတွေဆိုရင်လည်း ဒီအတိုင်း ဖြစ်မှာပဲ.. ပြီးတော့ အမေ..!"

"အမေက မပြင်ဆင်ထားခဲ့ရလို့
အလစ်အငိုက်မိသွားခဲ့တာ။ တကယ်လို့ သူတို့က
ထပ်တွေ့လို့ရှိရင် သူမက
ပြင်ဆင်ပြီးသားဆိုတော့ ဒီလိုမျိုး ရလဒ်မျိုး
ထပ်ဖြစ်တော့မှာ မဟုတ်ဘူး"

သူမသည် သူမ၏ခေါင်းကို ခါလိုက်၍
ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ပြန်လည်
ကြိုးစားလိုက်သည်။ အတွေးလွန်သွားခဲ့ပြီး
ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ပေးနေရမှုကြောင့်
သူမ၏ နှာခေါင်းနှင့် မျက်လုံးများ
အတွင်းမှနေ၍ သွေးများ ယိုစီးကျလာခဲ့သည်။

"ဒါပေမဲ့ ငါကတော့ သူ့ကို အနိုင်ရဖို့ လမ်းမမြင်တော့ဘူး။ သူက ဆက်လက်မတိုးတက်ပဲ ငါက အင်မော်တယ် ဝိညာဉ် အဆင့်ကို ရောက်သွားတော့မှ ဖြစ်နိုင်လိမ့်မယ်။ ဒါပေမဲ့ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ"

အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ တပည့်များသည် ရင်ကွဲပက်လက် ဖြစ်နေရှာသော ဆောင်ဟွားရန်ထံမှ သူတို့၏ အကြည့်များကို လွှဲထားခဲ့သည်။ တစ်ယောက်ကမှ သူတို့စကားအပြောမှားသွား၍ သူမ၏ ဒေါသထွက်မှုကို မခံလိုကြပေ။ အမှန်အတိုင်းပြောရလျှင် သူမသည်

မိုးလေဝသထက်ပင် ခန့်မှန်းရ
ခက်ခဲသူတစ်ယောက် ဖြစ်၏။

သို့သော်လည်း သူတို့သည် ဆောင်ချင်းစန်း၏
အခြေတည်ဝိညာဉ် အဆင့်တွင်သာ ရှိသေးသည်
ဇူရီအား ရှုံးနိမ့်သွားမှုအပေါ်တွင်
ခံပြင်းနာကြည်းနေကြ၏။

အချို့သူများသည် သူတို့၏ ကမ္ဘာကြီး
အပေါ်တွင် နားလည်မှုမှာ လုံးဝ
ပြောင်းလဲသွားခဲ့၍ သူတို့၏ ဘဝများသည်
လိမ်ညာမှုများ ဖြစ်ခဲ့သည်ဟူ၍ပင်
ထင်နေကြသည်။

ရွှင်ပျော်ပျော် သူတော်စင်နှင့် ဒီရေ ခေါင်းအကြီးအကဲတို့၏ အနောက်သို့ လိုက်လာကြသူများကပင် မသက်မသာ ခံစားနေကြရသည်။ ဤတုန်လှုပ်ဖွယ် သတင်းသည် အချိန်ယူ၍ နားလည်အောင် ကြိုးစားရမည် ဖြစ်သည်။ ဒါသည် နတ်ဘုရားနယ်မြေကိုသာမက မဟာလွင်တီးခေါင် ကုန်းမြေကိုပါ အကျိုးသက်ရောက်မှုများ ရှိစေလိမ့်မည် ဖြစ်သည်။

ဒါသည် တိုက်ဆိုင်မှု ဖြစ်ဖြစ် မဖြစ်ဖြစ် အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ

တစ်ယောက်က အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား အနိုင်ယူခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သည်။

ဤအကြောင်းကို တွေးမိရုံနှင့်ပင် အားလုံးတို့အား တုန်လှုပ်သွားစေခဲ့သည်။

ဤနှစ်များ အတွင်းတွင် လင်းဖုန်းနှင့် သူ့တပည့်များ၏ အစွမ်းသည် မိစ္ဆာများ အပါအဝင် မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံး၌ ပျံ့နှံ့နေခဲ့ပြီ ဖြစ်သည်။ သူ၏စွမ်းရည်များသည် မယုံနိုင်လောက်အောင် အစွမ်းထက်လှသည့်အပြင်

သူ့တပည့်လေးယောက်တို့ ဖြစ်ကြသော ဇူရီ၊ ရှောင်ယန်၊ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့သည် ခေတ်တစ်ခေတ်တွင် တစ်ယောက်သာ ပေါ်နိုင်ကြသော ပါရမီရှင်များသာ ဖြစ်ကြသည်။

ထိုကဲ့သို့သော ပါရမီရှင်များသည် တစ်ခေတ်အတွင်းတွင် ပေါ်လာကြပြီး ဆရာတစ်ယောက်တည်း၏ လက်အောက်တွင် သင်ယူခဲ့ကြခြင်းသည် ပို၍ပင် ယုံကြည်ရန် ခက်ခဲလှ၏။

အစပထမတွင် အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် လျှို့ဝှက်နေရာမှ ကမ္ဘာပေါ်သို့ ပြန်ထွက်လာ၍ သူတို့၏ နာမည်ကို

ကျော်ကြားအောင် ပြုလုပ်မည်ဟု
အသင့်ပြင်ထားခဲ့သည်။ သို့သော်လည်း
မည်သူက သိမည်နည်း၊ သူတို့
ပြန်လည်ပေါ်ပေါက်လာသော အချိန်တွင်
နာမည်ရသွားခဲ့သည်မှာ လင်းဖုန်း၏ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းပင် ဖြစ်သွားခဲ့သည်။

သူတို့၏ ပြန်လည် ပေါ်ပေါက်လာခြင်းသည်
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွက်
ကောင်းမွန်လှသော ခြေနင်းကျောက်တုံးသဖွယ်
ဖြစ်သွားခဲ့သည်။

မှူတစ္စာဖြင့် ပြောရလျှင် ဆောင်ချင်းစန်းသည်
ပထမအဆင့် သူရဲကောင်းတစ်ယောက်

ဖြစ်သည်။ ယန်ကောင်းကင် မီးအိမ်နှင့် သူမသည် အင်မော်တယ် ဝိညာဉ် အဆင့်မှ အကြီးအကဲ အများစုကို အသာစီးမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည်။ ဒီရေ ဓားအကြီးအကဲ၊ ရွှင်ပျော်ပျော် သူတော်စင်၊ အနီရောင် နဂါးဘုရင်နှင့် နေမင်းမျိုးချ သိမ်းငှက်တို့ပင်လျှင် သူတို့သည် သူမ၏ ပြိုင်ဘက်မဟုတ်ဟူ၍ ဝန်ခံရမည် ဖြစ်သည်။

သို့သော်လည်း သူမသည် အခြေတည်ဝိညာဉ် အဆင့်တွင်သာ ရှိသေးသည့် ကျင့်ကြံသူ တစ်ယောက်ကို ရှုံးနိမ့်သွားခဲ့သည်မှာ တွေးစရာများ ဖြစ်နေခဲ့သည်။

အခြားတစ်ဘက်တွင် ဇူရီကိုယ်တိုင်ကမူ သူ့၏နိုင်ပွဲအကြောင်းကို သိပ်ပြီးတော့ တွေးမနေခဲ့ချေ။

စကြာဝဠာ ပုံသဏ္ဍာန်ဖြင့် အင်မော်တယ် ဝိညာဉ်ကိုယ်ပွားအား အနိုင်ယူရန်အတွက် ကြိုးမားလှသော ကံတရားကလည်း လိုအပ်သည်။ ဤအဖြစ်သည် ရှားလွန်းလှသဖြင့် ယခုနှစ်များ အတွင်းတွင် ကြားပင် မကြားဖူးခဲ့ချေ။ ထို့ကြောင့် ဒါသည် ရှိနေကြသော အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများအား ရုတ်ရုတ်သဲသဲ ဖြစ်စေခဲ့၏။

အင်မော်တယ် ဝိညာဉ် အဆင့်သို့
မရောက်ကြသေးသော ကျင့်ကြံသူများမှာ
ပြောစရာပင် မလိုတော့ချေ။ သူတို့သည်
ဤကဲ့သို့သော မယုံနိုင်ဖွယ်ရာ မြင်ကွင်းအား
မြင်တွေ့ခဲ့ရအပြီးတွင်
ထိတ်လန့်တုန်လှုပ်နေကြသည်။

သို့သော်လည်း ဇူရီအနေနှင့်မူ ဒါသည် သူ၏
မိစ္ဆာစိတ်ရိုင်းများကို ဖယ်ရှားလိုက်နိုင်ခြင်းပင်
ဖြစ်သည်။ သူ၏ နိုင်ပွဲအတွက်
မာနတက်နေစရာ အကြောင်းမရှိချေ။ ထို့အပြင်
သူ၏ဆရာ ကိုယ်တိုင်ကလည်း များမကြာမီ
အချိန်အတွင်းက ဤကဲ့သို့ စွမ်းဆောင်ပြထားပြီး
ဖြစ်သည်။

လီယွမ်ဖန်း၊ ကျဲယု၊ ပိုင်ကွမ်းတို့သည် အခြားသူများကဲ့သို့ လွန်လွန်ကဲကဲ မဟုတ်သော်လည်း ချီးကျူးသော စကားများကို ပြောခဲ့ကြသည်။

"ဆရာ၊ သူတို့က ကျွန်တော်တို့အနောက်ကို လိုက်လာကြတယ်" လီယွမ်ဖန်းက ပြောလိုက်သည်။

"လိုက်လာကြပါစေ" လင်းဖုန်းက ပြန်ဖြေလိုက်၏။

"အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်က နတ်တောင်၏ သဲလွန်စ တစ်ခုသာ ဖြစ်တယ်။ ဒီဖန်တိုင်ကို ရတာနဲ့ ငါတို့က ဒီတောင်ကိုရပြီလို့ မဆိုလိုဘူး"

"တကယ်လို့ ယင်ကျိုးနတ်တောင်ကို အလွယ်တကူသာ ရနိုင်ခဲ့မယ်ဆိုရင် ရွှေတောင်ကုန်း သူတော်စင်က ဒီအစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ကို ချန်ထားရစ်ခဲ့မှာ မဟုတ်ဘူး" လင်းဖုန်းက ဆက်ပြောလိုက်သည်။

"ဒါပေမဲ့ ငါတို့က ဇူရီရဲ့ အနိုင်ရမှုကနေ ရလာခဲ့တဲ့ ပစ္စည်းတွေကို ကြည့်ကြရအောင်။

ဆိုလာဘ်တွေက အတော်ကို များပြားတာပဲ"
လင်းဖုန်းက ပြုံးလိုက်သည်။

လင်းဖုန်းသည် သွေးမြစ်စာလိပ်ကို
ထုတ်ယူလိုက်၏။ စာလိပ်အတွင်းတွင်
အကြွင်းမဲ့ သွေးမြစ်ရေများ အတွင်းမှ
လွတ်မြောက်ရန် ရုန်းကန်နေသော
အနက်ရောင် ဝတ်ရုံတစ်ခု ရှိနေသည်။

ဇူရီက ဝင်ပြောလိုက်သည်။ "ဒီဝတ်ရုံရဲ့
ခံစစ်စွမ်းအားတွေက သာမန်တော့ မဟုတ်ဘူး။
ကျွန်တော်က အခြေတည်ဝိညာဉ်
အလယ်အလတ် အဆင့်မှာ ရှိနေတုံးက
ပညာရှိတို့၏ စာစီစာကုံးရဲ့ ရွှေရောင်တံတားသာ

မရှိခဲ့ရင် သူ့ကို ဆွဲထုတ်နိုင်မှာ မဟုတ်ဘူး။
ပြီးတော့ သူ့ရဲ့ စွမ်းရည်တွေက
အခုမြင်ရတာထက် ပိုဦးမယ်လို့
ခံစားနေရတယ်"

"ဒါပေါ့" လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "ဒါက
ယူကောင်းကင် ဝတ်ရုံဖြစ်တယ်။ သူက
အတော့်ကို ဂုဏ်သတင်း ကျော်ကြားတယ်"

ဇူရီနှင့် လီယွမ်ဖန်းတို့က
တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။
"လက်စသတ်တော့ ဒါက
ကောင်းကင်တံခါးဂိုဏ်းရဲ့ ရတနာကိုးပါးထဲက
တစ်ပါးဖြစ်တာကိုး"

ဒက္ခိဏာရီအရဆိုလျှင် ကောင်းကင်တံခါးဂိုဏ်း အထွတ်အထိပ်သို့ ရောက်နေခဲ့စဉ် ကာလက သူတို့၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာဖြစ်သော မဟာကောင်းကင်ဘီးအပြင် နောက်ထပ် အစွမ်းအထက်ဆုံး မှော်ရတနာများကို ကောင်းကင်တံခါးဂိုဏ်း၏ ရတနာကိုးပါးဟူ၍ ခေါ်ကြသည်။

အလယ်ဗဟိုတွင် ကောင်းကင်တော်ဝင် ကျောက်စိမ်း၊ မဟာယာန အဆင့်မှ မှော်ရတနာ။

အရှေ့ဘက်တွင် ချန်ကောင်းကင် ကျိန်စာခေး၊
မဟာယာန အဆင့်မှ မှော်ရတနာ။

အရှေ့မြောက်ဘက်တွင် မင်ကောင်းကင်
အလံတံခွန်၊ ပွားစည်းခြင်း အဆင့်မှ
မှော်ရတနာ။

မြောက်ဘက်တွင် ရှမ်ကောင်းကင် တံဆိပ်၊
မဟာယာန အဆင့်မှ မှော်ရတနာ။

အနောက်မြောက်ဘက်တွင် ယူကောင်းကင်
ဝတ်ရုံ၊ ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ။

အနောက်ဘက်တွင် ယွမ်ကောင်းကင်
မြစိမ်းအပ်၊ မဟာယာန အဆင့်မှ မော်ရတနာ။

အနောက်တောင်ဘက်တွင် ကျူးကောင်းကင်
စေတီ၊ ပွားစည်းခြင်း အဆင့်မှ မော်ရတနာ။

တောင်ဘက်တွင် ယမ်ကောင်ကင် ဆေးမီးဖို၊
မဟာယာန အဆင့်မှ မော်ရတနာ။

အရှေ့တောင်ဘက်တွင် ယန်ကောင်းကင်
မီးအိမ်၊ ပွားစည်းခြင်း အဆင့်မှ မော်ရတနာ။

သို့သော်လည်း ကောင်းကင်တံခါးဂိုဏ်း
ပျက်စီးသွားပြီး နောက်တွင်
ထိုရတနာများစွာတို့သည် ဖြည်းဖြည်းချင်း
အခိုးယူခံလိုက်ကြရကာ မကြာခင်တွင်
မေ့ပျောက်ခြင်း ခံခဲ့ကြရသည်။

လင်းဖုန်းက ပြုံးလိုက်ကာ ဆက်ပြောလိုက်၏။
"ဟင်းလင်းပြင် ဘုရားကျောင်းက ယန့်မင်းရွဲ့ရဲ့
ကောင်းကင်တော်ဝင် ကျောက်စိမ်းက
မဟာယာန အဆင့်ရဲ့ အထွတ်အထိပ်မှာ
ရှိနေတယ်။ ကောင်းကင်ကိုးလွှာဓားကို
မဖန်ဆင်းနိုင်ခင်မှာ သူက
မဟာကောင်းကင်ဘီးရဲ့အောက်မှာ နံပါတ်တစ်
ရတနာလို့ သတ်မှတ်ခြင်းကို ခံခဲ့ရတယ်"

"ဒါပေမဲ့ အစွန်းရောက် ကေရာဇ်ကို နန်းချတဲ့ တော်လှန်ရေးမှာ သူက ဒဏ်ရာရသွားခဲ့ပြီး ပွားစည်းခြင်း အဆင့်ကို ကျသွားခဲ့တယ်။ ပြီးတာနဲ့ သူက ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ လက်ထဲကို ကျရောက်သွားခဲ့တာကို ဘယ်သူကမှ မသိခဲ့ဘူး"

သူသည် အနက်ရောင် ဝတ်ရုံအား ညင်သာစွာ ပွတ်သပ်လိုက်ကာ ပြောလိုက်သည်။
"တကယ်လို့ ငါမှတ်ထားခဲ့တာ မမှားခဲ့ရင် မူလ ယူကောင်းကင် ဝတ်ရုံဟာ အဲ့ဒီတိုက်ပွဲမှာ ပျက်စီးသွားခဲ့တယ်။ စိတ်ဝိညာဉ်ရော ခန္ဓာကိုယ်ပါ ကြေမွသွားခဲ့တယ်။ ဒါကြောင့်

ဒါဟာ မူရင်းမဟုတ်ပဲ မိတ္တူတစ်ခုသာ ဖြစ်တယ်။ အရှေ့ကောင်းကင် တံခါးဂိုဏ်းက အင်မော်တယ် ဝိညာဥ် အဆင့် ကျင့်ကြံသူတွေက ရှေးဟောင်းကျမ်းစာတွေ အနောက်ကို လိုက်ပြီးမှ ဒီမိတ္တူကို ထုလုပ်နိုင်ခဲ့တာ ဖြစ်တယ်။ ဒါတောင်မှပဲ ဒါဟာ အတော်ကို ကောင်းမွန်တဲ့ ရတနာတစ်ခုလို့ သတ်မှတ်လို့ရတယ်"

ဝတ်ရုံအတွင်းမှ ညည်းညူသံတစ်ခု ထွက်လာခဲ့၏။ ဒါသည် ယင်ချန်စန်းနှင့် စကားပြောခဲ့သော အသံဖြစ်သည်။ သို့သော်လည်း ပို၍ နူးညံ့သိမ်မွေ့ကာ ငယ်ရွယ်ပုံ ပေါက်နေ၏။

လင်းဖုန်းက ဆက်ပြောလိုက်သည်။ "ဇူရီ ယူလာခဲ့တဲ့ မီးအိမ်ကတော့ ရတနာ ကိုးပါးထဲမှာ အပါအဝင် ဖြစ်တယ်။ ဒါပေမဲ့ သူက သန္ဓေလောင်း အဆင့်ကို ကျသွားခဲ့ပြီ"

"ဝတ်ရုံဖြစ်ဖြစ်၊ မီးအိမ်ဖြစ်ဖြစ်၊ ဒါတွေက ဇူရီရဲ့ တိုက်ပွဲပါ အကျိုးအမြတ်တွေ ဖြစ်ကြတယ်" လင်းဖုန်းက ရယ်လိုက်သည်။

ဇူရီက ခေါင်းညိတ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ဆရာ၊ ဒီအစိမ်းရောင် ကျောက်စိမ်းဖန်တိုင်က တကယ်ပဲ

ယင်ကျိုးနတ်တောင်ကို ရှာတွေ့ဖို့
ကူညီနိုင်သလား"

လင်းဖုန်းသည် စာလိပ်ကို ထပ်မံခေါက်လိုက်ရာ
ကျောက်စိမ်းတစ်စက ပျံသန်းထွက်လာခဲ့သည်။

## စာစဥ် ၄၀ : အပိုင်း ၃

## အပိုင်း ၇၅၃ : ငမ်းငမ်းတက် စားသောက်ခြင်း

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည်
သွေးမြစ်စာလိပ် အတွင်းမှ
ပျံသန်းထွက်လာခဲ့ကာ ပြုံးနေသော

လင်းဖုန်းအရှေ့သို့ ရောက်လာခဲ့သည်။ သူသည် ခေတ္တမျှ တုန်ခါသွားပြီးနောက်တွင် သက်လတ်ပိုင်း လူကြီးတစ်ယောက်၏ ခန့်ညားသော အသံက အတွင်းမှ ထွက်လာခဲ့သည်။ "ဆရာရော တပည့်ပါ ထူးချွန်ပြောင်မြောက်လှတဲ့ စွမ်းအားတွေကို ပိုင်ဆိုင်ထားကြတယ်။ အခြေတည်ဝိညာဥ် အဆင့်က အင်မော်တယ် ဝိညာဥ် အဆင့်ကို အနိုင်ယူနိုင်တယ်။ ဒါက ရှေးခေတ်ကတည်းက ရှားပါးလှတဲ့ မြင်ကွင်းပဲ"

လင်းဖုန်းက ပွင့်လင်းစွာနှင့် ပြောလိုက်သည်။ "ကျုပ်က အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင် လင်းဖုန်းဖြစ်တယ်။ ကျုပ်တို့က

ယင်ပင်လယ်က တောင်သုံးတောင်အတွက်
လာခဲ့ကြတာ"

ထိုအသံက ပြန်ပြောလိုက်သည်။ "ကျုပ်က
အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်
ဖြစ်ပါတယ်။ ဒီမှော်ရတနာရဲ့ မူလ စိတ်ဝိညာဉ်
ဖြစ်ပါတယ်" သူက ဆက်ပြောလိုက်၏။
"တကယ်လို့ ခင်ဗျားတို့က
ယင်ကျိုးနတ်တောင်ကို ရှာချင်နေတာဆိုရင်
ကျုပ်က လိုလိုလားလား ကူညီပေးပါမယ်။
ခင်ဗျားတို့က ဒီနတ်တောင်ကို
ထိန်းချုပ်နိုင်ပြီးသွားရင် ကျုပ်ကို
တောင်ထိပ်ပေါ်မှာ ထားပေးပါလို့ပဲ
တောင်းဆိုချင်ပါတယ်"

"အမှန်အတိုင်း ပြောရရင် အဲ့ဒီတောင်ပေါ်မှာ ချိုမြိန်ကြည်လင်တဲ့ ရေအိုင်တစ်ခုရှိတယ်။ ကျုပ်က အဲ့ဒီရေထဲမှာ နှစ်ပေါင်းတစ်ထောင်လောက် စိမ်နေပြီး ပွားစည်းခြင်း အဆင့်ကိုရောက်ဖို့ နည်းနည်းလေးပဲ လိုတော့တယ်။ ကံမကောင်းစွာနဲ့ ကျုပ်က တောင်ပေါ်ကနေ ထွက်ခွာလာရတယ်။ ခင်ဗျားက ကူညီပေးဖို့ မျှော်လင့်ပါတယ်" အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်က ပြောလိုက်သည်။

ဇူရီ၊ လီယွမ်ဖန်းနှင့် ကျန်သောသူများ၏ မျက်လုံးအစုံတို့မှ တပြိုင်နက်တည်း

တောက်ပသွားကြ၏။ "ဒီလိုမျိုး ရေအိုင်က
တကယ်ပဲ ရှိတာလား"

သန္ဓေလောင်း အဆင့်မှ မှော်ရတနာ
တစ်ပါးသည် ကိုယ့်ကိုယ်ကိုယ် ကျင့်ကြံခြင်းဖြင့်
ပွားစည်းခြင်း အဆင့်သို့ ရောက်နိုင်၏။
သို့သော်လည်း ဒါသည် ခက်ခဲပင်ပန်းစွာ
နှစ်ထောင်ပေါင်းများစွာ ကျင့်ကြံရခြင်း ဖြစ်၏။
အထူးသဖြင့် ကိုင်ဆောင်သူ မရှိသော
အချိန်တွင် ဖြစ်သည်။

လင်းဖုန်းက မေးလိုက်သည်။ "မင်းက
ဘယ်လိုလုပ်ပြီး ငါ့ကို ယင်ကျိုးနတ်တောင်ကို
ရှာတွေ့အောင် ကူညီပေးနိုင်မလဲ"

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်က ပြန်ဖြေလိုက်သည်။ "ကျုပ်က ဒီတောင်ကနေ ထွက်ခွာလာခဲ့တာ အချိန်အကြာကြီးရှိပြီ ဖြစ်ပေမဲ့ အဲ့ဒီတောင်ပေါ်က ရေအိုင်ထဲမှာ နှစ်ပေါင်း ထောင်နဲ့ချီပြီး နေခဲ့တဲ့အတွက် နောက်ကြောင်း ပြန်လည်တည်ဆောက်ခြင်း မှော်ကျိန်စာကို အသုံးပြုပြီးတော့ အဲ့ဒီနေရာကို ပြန်သွားနိုင်ပါတယ်။ ကျုပ်က သူ့ရဲ့ နေရာအတိအကျကို ပြောချင်မှ ပြောနိုင်ပေမဲ့ အနည်းဆုံးတော့ သူ့ရဲ့ တည်ရှိနေတဲ့ အရပ်ကို ပြောနိုင်ပါတယ်"

ခဏအကြာတွင် သူက ဆက်ပြောလိုက်၏။ "ကျုပ်ရဲ့ အရင်ပိုင်ရှင် ရွှေတောင်ကုန်း သူတော်စင်က ရွှေရောင်အမိုး ပြန်လည်တည်ဆောက်ခြင်း နည်းစနစ်ကို ကျင့်ကြံထားခဲ့တယ်။ ကျုပ်ကိုလည်း အဲ့ဒီနည်းစနစ်ရဲ့ စွမ်းအားတွေနဲ့ ကျင့်ကြံထားခဲ့တာ။။ ဒါကြောင့်မို့ ကျုပ်ရဲ့ ကိုယ်ပိုင် ကျင့်ကြံမှုကလည်း ဒီနည်းလမ်းအတိုင်းပဲ ဖြစ်တယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်၏ စွမ်းရည်မှာ နဂိုပုံစံသို့ ပြန်လည်တည်ဆောက်ခြင်း ဖြစ်သည်။ သူသည် ပြိုင်ဘက်များ၏ တိုက်ခိုက်မှုကို

သူ၏စွမ်းအားအပေါ် မူတည်၍ တိုက်ခိုက်မှု
စွမ်းအားများကို သန့်စင်သော စွမ်းအားများ
အဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။

သူသည် ပျက်စီးသွားသော ပစ္စည်းများကို
အတိုင်းအတာ တစ်ခုအထိ ပြန်လည်
ကောင်းမွန်လာအောင် ပြုလုပ်ပေးနိုင်၏။
သို့သော်လည်း သက်ရှိများကိုမူ ကုစားနိုင်စွမ်း
မရှိပေ။ သူသည် သေပြီးသား
သူတစ်ယောက်အား ပြန်လည်
ရှင်သန်လာအောင်တော့ မလုပ်ပေးနိုင်ချေ။

ပြီးတော့ ဤရတနာသည် သူနှင့်
ထိတွေ့ဖူးသော အရာမှန်သမျှတို့၌

တနည်းနည်းဖြင့် သဲလွန်စများကို
ချန်ထားနိုင်သည်။

ရှေးခေတ်က ရွှေတောင်ကုန်း သူတော်စင်သည်
အင်မော်တယ် ဝိညာဉ် ပထမ အဆင့်တွင်သာ
ရှိနေသော်လည်း သူ့တွင် အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင် ရှိနေသဖြင့်
လူများစွာတို့သည် သူ့အား အကူအညီ
လာတောင်းခဲ့ကြသည်။ သူတို့သည်
ပျောက်ဆုံးနေသော ပစ္စည်းများနှင့်
နေရာများကို ရှာဖွေရန် လာရောက်
တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

ရွှေတောင်ကုန်း သူတော်စင်သည် သူ၏
ပညာများ အပေါ်တွင် ယုံကြည်ချက် အပြည့်ဖြင့်
ယင်ပင်လယ် အတွင်းမှ
တောင်သုံးတောင်တို့အား
လိုက်လံရှာဖွေခဲ့သော်လည်း နောက်ဆုံးတွင်
ကြွေလွင့်ခဲ့ရရှာကာ သူ၏ ရွှေတောင်ကုန်း
လမ်းစဥ်ကလည်း သူနှင့်အတူ
ပျောက်ကွယ်သွားခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းမှ လူအများသည်
သူ၏ ရွှေရောင်အမိုး
ပြန်လည်တည်ဆောက်ခြင်း နည်းစနစ်အား
ရယူရန် ရှာဖွေခဲ့ကြသော်လည်း နှစ်ပေါင်းများစွာ
ကြာသည့်တိုင်အောင် အောင်မြင်ခြင်း မရှိခဲ့ပေ။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်က ပြောလိုက်သည်။ "ခင်ဗျားရဲ့ ကိုယ်ပွားကတောင် ဒီလောက်အထိ အစွမ်းထက်နေမှတော့ ခင်ဗျားက ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ရမယ်။ ကျုပ်က ခင်ဗျားအတွက် အလုပ်လုပ်ပေးလိုတဲ့ ဆန္ဒရှိပြီး ခင်ဗျားကလည်း ကျုပ်ကို ပွားစည်းခြင်းအဆင့် ရောက်အောင် ကူညီပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက ပြန်ပြောလိုက်၏။ "ခင်ဗျားကသာ သင်ယူလိုတဲ့ ဆန္ဒရှိရင် ကျုပ်ကလည်း လက်ခံဖို့ အသင့်ပါပဲ"

"ကျူပ်ကလည်း ဒီအတိုင်း မျှော်လင့်နေပါတယ်" အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်က ပြန်ပြောလိုက်သည်။

"မင်းက ဒီယင်ပင်လယ် အတွင်းမှ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို စပြီးပြောပြပါ" လင်းဖုန်းက ပြောလိုက်သည်။ "ငါ့မှာ အချိန်ပိုတွေ ရှိတယ်။ ဒါကြောင့် အသေးစိတ်နိုင်သလောက် အသေးစိတ်ပြီး ပြောပြပါ။ ရွှေတောင်ကုန်း သူတော်စင် ဘာဖြစ်သွားခဲ့သလဲ ဆိုတာ အပါအဝင်ပေါ့"

"တောင်တွေကို တစ်ပတ်ပတ်လိုက်မယ်ဆိုရင် မိုင်လေးထောင်လောက် ရှိတယ်။ သူ့ရဲ့ သစ်ပင်ပန်းမန်တွေ၊ တိရစ္ဆာန်တွေကလည်း မှော်စွမ်းအားတွေ ရှိတယ်။ သူတို့အထဲက တစ်ခုဟာ ကျုပ်စွမ်းအင်တွေကို စုစည်းခဲ့တဲ့ တောင်ခြေက ရေအိုင်ဖြစ်တဲ့ ကျောက်စိမ်းနတ်ရေစင် ရေအိုင်ဖြစ်တယ်"

"တောင်ပေါ်မှာ ရှုပ်ထွေးတဲ့ ဝက်ပါတွေ အများကြီး ရှိတယ်။ ဒါပေမဲ့ သူတို့ဟာ လူတွေက ဖန်တီးထားတာ မဟုတ်ပဲ သဘာဝ နတ်စွမ်းအင်တွေနဲ့ ဖန်တီးထားတာ။ ဒီဝက်ပါတွေကပဲ ယင်ပင်လယ်ကို သူတို့ရဲ့

မှော်စွမ်းအားတွေနဲ့ အန္တရာယ်တွေကို
ဖန်တီးထားတာ ဖြစ်တယ်"

လင်းဖုန်းနှင့် သူ၏ တပည့်များသည်
သူပြောခဲ့သမျှ အရာအားလုံးကို အသေအချာ
အာရုံစိုက်၍ နားထောင်နေကြသည်။
တောင်များအပေါ်တွင် သဘာဝမှ
ဖန်တီးထားခဲ့သော ရှေးဟောင်းဝက်ပါများကို
အထူး အလေးထားနေကြ၏။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်၏
အလိုအရ ဤဝက်ပါများသည် လွန်စွာ
ရှုပ်ထွေးလှသဖြင့် ရွှေတောင်ကုန်း
သူတော်စင်သည် သူတို့အတွင်းတွင်

လမ်းပျောက်ခဲ့ကာ ကြွေလွင့်ခဲ့ရခြင်း ဖြစ်သည်။
ထို့နောက် အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်သည်လည်း
ဝက်ပါအတွင်းတွင် နှစ်ပေါင်း တစ်သောင်းကျော်
လမ်းပျောက်နေခဲ့၏။

တောင်များသည် ပင်လယ်အတွင်းသို့
ပြန်ပေါ်လာကြသော အကြိမ်ပေါင်း
များစွာတို့တွင် ကျင့်ကြံသူ မျိုးဆက်ပေါင်း
များစွာတို့၏ ရှာဖွေမှုကြောင့် ဝက်ပါများက
အားနည်းလာကြသည်။ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်ကလည်း
ထိုအခွင့်အရေးကို အသုံးချက
လွတ်မြောက်နိုင်ခဲ့၍ သူ့အား

အားဖြည့်ပေးနိုင်သည့် ကျောက်စိမ်းနတ်ရေစင်
ရေအိုင်အတွင်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း နှစ်ပေါင်းတစ်ထောင် အပြီးတွင်
တောင်ပေါ်၌ ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့၍
အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်သည်
ရေအိုင်အတွင်းမှ အထုတ်ခံခဲ့ရကာ တောင်ပေါ်မှ
ပြုတ်ကျလာခဲ့ခြင်း ဖြစ်သည်။

ဤပြောင်းလဲမှုသည် အတော်ပင်
ပြင်းထန်သည်။ သူ့သည် တောင်ပေါ်မှ
ကျလာရုံတင် မကပဲ ဒဏ်ရာများပင်
ရရှိခဲ့သေးသည်။ ယခုလတ်တလောမှပင်
သူသည် ဒဏ်ရာများမှ သက်သာလာခဲ့ကာ

ပင်လယ်အပေါ်သို့ ပြန်ပေါ်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် ထိုရေကန်အား ပြန်ပြောင်း အမှတ်ရနေသည်မှာ နှစ်ပေါင်းများစွာ ရှိပြီဖြစ်သည်။ ထိုတောင်ပေါ်သို့ ပြန်နိုင်ရန် အမြဲတမ်း အိမ်မက်မက်နေခဲ့၏။ သို့သော်လည်း ပြန်လာရာ လမ်းတလျှောက်တွင် ယင်ပင်လယ်၏ အနောက်မြောက်ပိုင်းမှ ကျွန်းတစ်ကျွန်း၏ ပုံရိပ်ယောင် တစ်ခုအတွင်းတွင် ပိတ်မိနေခဲ့ပြီး သူ့ကိုယ်သူ ဖော်ပြခဲ့ရကာ ဆောင်ချင်းစန်း၊ အနီရောင် နဂါးဘုရင်၊ ရွှင်ပျော်ပျော် သူတော်စင်နှင့်

ကျန်သောသူများ၏ ရှာဖွေခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

လင်းဖုန်းက ခေါင်းညိတ်လိုက်ကာ ပြုံးလိုက်သည်။ "ယွမ်ဖန်း၊ မင်းကဘယ်လို ထင်သလဲ"

"အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ် အကြီးအကဲ ပြောတဲ့အတိုင်း ဆိုရင် ယင်ကျိုးနတ်တောင်ဟာ အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခြင်းကို ခံထားရပြီး သူ့အပေါ်က ဝက်ပါတွေက အားနည်းနေခဲ့ပြီ"

"ဒါပေမဲ့ သူထွက်လာတာ နှစ်ထောင်ပေါင်းများစွာ ရှိခဲ့ပြီ ဖြစ်တာကြောင့် လက်ရှိ အခြေအနေကိုတော့ လွယ်လွယ်ကူကူ ခန့်မှန်းဖို့ မဖြစ်နိုင်တော့ဘူး"

လီယွမ်ဖန်းသည် စကားကို အသေအချာ အလေးအနက် ပြောတတ်သူဖြစ်ကာ သူ၏ မှတ်ချက်များကို မတွေးတော မဆင်ခြင်ပဲနှင့် မချတတ်ပေ။ သူ၏ စကားများ အတွင်းတွင် 'ဒီလိုထင်တယ်' သို့မဟုတ် 'ဒါဖြစ်နိုင်တယ်' ဟူသော စကားလုံးများ ပါမည်မဟုတ်ပေ။

"ဒါပေမဲ့ သေချာတာတော့ တစ်ခုရှိတယ်" သူ၏ လေသံမှာ ပြောင်းသွားခဲ့သည်။ "တကယ်လို့

ဝက်ပါတွေက လူတွေကလုပ်တာ မဟုတ်ပဲ သဘာဝ အင်အားတွေကနေ ဖန်ဆင်းထားတာ ဆိုရင် ဝက်ပါအပေါ်မှာ ဖြစ်ပျက်ခဲ့သမျှဟာ တောင်ပေါ်မှာလည်း အကျိုးသက်ရောက်မှု ရှိမှာပဲ"

"ဝက်ပါတွေက ပိုပြီးတော့ အားနည်းလာတယ် ဆိုတော့ တောင်က ပိုပြီးတော့ သန်မာလာမယ်လို့ ကျွန်တော်က အခိုင်အမာ ပြောလိုတယ်"

ဇူရီက ဝင်ပြောလိုက်၏။ "ကျွန်တော်ကလည်း သဘောတူတယ်။ ဒါပေမဲ့ ဒီသန်မာလာမှုဟာ

တောင်ရဲ့ ခွန်အားသက်သက်သာ
ဖြစ်မယ်မထင်ဘူး"

"တောင်ပေါ်က သစ်ပင်ပန်းမာန်တွေ၊
တိရိစ္ဆာန်တွေရဲ့ မှော်စွမ်းအားတွေက
တိုးတက်လာနိုင်တယ်။ ဒါမှမဟုတ်
ကျောက်စိမ်း နတ်ရေစင် ရေအိုင်ရဲ့
အားဖြည့်နိုင်မှု စွမ်းအားတွေကလည်း
မြင့်တက်လာနိုင်တယ်"

လီယွမ်ဖန်းက သဘောတူညီစွာဖြင့်
ခေါင်းညိတ်လိုက်သည်။

လင်းဖုန်းက ဆက်ပြောလိုက်၏။ "ဒါမှမဟုတ် သူ့ရဲ့ အသိဉာဏ်ကလည်း တိုးတက်လာနိုင်တာပဲ"

အားလုံးတို့သည် ရပ်လိုက်ကြကာ ဤဖြစ်နိုင်ခြေကို စဉ်းစားနေကြသည်။ အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်ကပင် ငြိမ်သက်သွားခဲ့ကာ သူ၏ အတွေးများ နက်သွားခဲ့သည်။

"ဒီတောင်ပေါ်မှာ ငါတို့က မင်းရဲ့ အတွေ့အကြုံတွေကို အားကိုးရမှာပဲ" လင်းဖုန်းက အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်အား ပြောလိုက်သည်။

သူကလည်း တွေဝေနေခြင်း မရှိပဲ
ခေါင်းညိတ်လိုက်ကာ လင်းဖုန်းက သူ့အား
သန့်စင်ခြင်းကို လက်ခံလိုက်သည်။

လင်းဖုန်းသည် သူ၏ စွမ်းအားများကို
ထုတ်ဖော်လိုက်ရာ အစိမ်းရောင်
ကျောက်စိမ်းထံမှ ရွှေရောင်အလင်းတန်းများ
ထွက်ပေါ်လာခဲ့ကာ အလင်းတန်း
လိုက်ကာတစ်ခုအား ဖန်ဆင်းလိုက်သည်။

ရောမ နတ်တောင်တစ်ခုသည် ထိုအလင်းတန်း
လိုက်ကာအပေါ်တွင် ရေးရေးလေး
ပေါ်လာခဲ့၏။ သူသည် ဖန်ကျန်း

နတ်တောင်ထက် သေးငယ်သော်လည်း
စွမ်းအားမှာမူ နိမ့်မကျနေခဲ့ပေ။

လိုက်ကာသည် တစ်စစီ ဖြစ်သွား၍
အလင်းတန်းများကလည်း
လွင့်ပြယ်သွားကြသည်။ သို့သော်လည်း
သူတို့သည် အပြည့်အဝ
ပျောက်ကွယ်မသွားကြပဲ မျက်စိတဆုံးရှိ
မိုးကုတ်စက်ဝိုင်းအတွင်းသို့
ရွှေရောင်မျဥ်းကြောင်း တစ်ခုအနေနှင့်
ဆန့်တန်းသွားခဲ့၏။

လင်းဖုန်းနှင့် ကျန်သောသူများသည်
ခေါင်းများကို ညိတ်လိုက်ကြကာ

ပြုံးလိုက်ကြသည်။ အစိမ်းရောင်
ကျောက်စိမ်းဖန်တိုင်သည် အမှန်တကယ်ပင်
တောင်ကို ရှာဖွေရမည့် သော့ချက်ဖြစ်သည်။

အနောက်မှ တိတ်တဆိတ် လိုက်ပါလာကြသော
အုပ်စုတို့သည် လင်းဖုန်းက တစ်စုံတစ်ခုကို
ရှာဖွေတွေ့ရှိသွားသည့်ပုံ ပေါက်နေခဲ့သဖြင့်
စိတ်လှုပ်ရှားလာကြသည်။ သို့သော်လည်း
လင်းဖုန်းသည် ရပ်တန့်လိုက်ကာ
သူတို့ဘက်အား လှည့်ကြည့်လိုက်သော
အကြည့်သည် သူတို့၏ ပျော်ရွှင်နေမှုများကို
ငြိမ်သက်စေခဲ့သည်။ ဤအကြည့်သည် သူ၏
ထုံးစံအတိုင်း ဖတ်ရန်ခက်ခဲသော
အကြည့်မျိုးပင် ဖြစ်၏။

ဒီရေ ခါးအကြီးအကဲ၊ ရွှင်ပျော်ပျော် သူတော်စင်၊ နေမင်းမျိုးချ သိမ်းငှက်နှင့် အနီရောင် နဂါးဘုရင်တို့သည် သူတို့၏ လူများကို ရပ်တန့်စေခဲ့၍ သူတို့၏ ကူရာမဲ့နေမှုကို ဖုံးကွယ်ထားနိုင်ရန် လင်းဖုန်းအား ကြည့်လိုက်၍ အားတင်းကာ ပြုံးပြခဲ့လိုက်သည်။

"တောင်ကို ရှာတွေ့ဖို့က လွယ်တာမဟုတ်ဘူး။ တွေ့ခဲ့မယ် ဆိုရင်တောင် တစ်ယောက်က သူ့ကို ထိန်းချုပ်ချင်မှ ထိန်းချုပ်နိုင်မယ်။ ကျုပ်တို့မှာ သဲလွန်စတွေ များများရလေလေ ရွေးချယ်ဖို့နည်းလမ်း ပိုများလေလေပဲ။

ရှာဖွေတဲ့လူများလေလေ အောင်မြင်ဖို့ အခွင့်အရေးက ပိုများလေလေ ဖြစ်တယ်။ ကျုပ်က ခင်ဗျားတို့ကို အတူတကွ ရှာဖွေဖို့ ကြိုဆိုပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ကလည်း တူညီစွာ အရေးပါတဲ့ သဲလွန်စတွေကို ဖလှယ်မှရမယ်" လင်းဖုန်းက ကသိကအောက် ဖြစ်နေခဲ့သော အုပ်စုအား ကြည့်၍ ပြောလိုက်သည်။

ရှင်ပျော်ပျော် သူတော်စင်နှင့် ကျန်သော အကြီးအကဲများတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၍ တူညီစွာ တွေးလိုက်ကြသည်။

"ဒီလင်းဖုန်းဆိုတဲ့လူက အတော့်ကို
တောင်းဆိုတတ်တဲ့သူပဲ"

လူအုပ်အတွင်းတွင် တစ်ယောက်ကမှ
ထိုတောင်သည် သူပိုင်ဆိုင်သည်ဟု
ပြောနိုင်သောသူ တစ်ယောက်မှ မရှိပေ။
အမှန်အတိုင်းဆိုရလျှင် တောင်ကို
ကိုယ်ပိုင်ပစ္စည်းအဖြစ် ယူရဲသောသူ
တစ်ယောက်မှ မရှိပေ။

ထို့ကြောင့် သူတို့အားလုံးသည် ရှိနေကြသော
သဲလွန်စများကို စုဆောင်းခြင်း၍ သူတို့၏
အင်အားများကို စုပေါင်းခြင်းသည်
အကြံကောင်း တစ်ခုဟူ၍ ထင်ရ၏။

လောဘကြီးကာ မပူးပေါင်းလိုပါက
တစ်ယောက်သည် ထိုရတနာအား
ရှာတွေ့နိုင်ရန် အခွင့်အရေး လုံးဝမရှိဟူ၍
ပြောရမည် ဖြစ်သည်။

ဤနတ်တောင်သုံးတောင်တို့အား
ထိန်းချုပ်နိုင်သော သူသည် ယင်ပင်လယ်အား
ထိန်းချုပ်နိုင်မည်ဟူ၍ အဆိုရှိသည်။
သို့သော်လည်း တိကျစွာနှင့် ပြောရလျှင်
လူတစ်ယောက်တည်းမှ တောင်သုံးတောင်
စလုံးတို့အား ထိန်းချုပ်နိုင်ရန် အလွန်အမင်းကို
ခက်ခဲပေသည်။ အထူးသဖြင့် အားလုံးတို့က
ဘေးတွင် ရပ်ကြည့်နေကြကာ
အမြတ်ဝင်ထုတ်ရန် စောင့်ဆိုင်းနေကြသော

အချိန်တွင် ဖြစ်၏။ ဖန်ကျန်းနတ်တောင်အား ရရှိပြီးဖြစ်သော ကျိုးကေရာဇ်သည်ပင်လျှင် သူတို့အားလုံးတို့အား ရရှိနိုင်ရန် မျှော်လင့်ချက် ရေးရေးလေးသာ ရှိသည်။

သို့သော်လည်း တည်ငြိမ်နေသော လင်းဖုန်းအား ကြည့်လိုက်ကာ အကြီးအကဲများသည် သူ့အကြံအား အတွန့်တက်ရန် အကြောင်းရှာမရခဲ့ပေ။

သူတို့သည် သူတို့၏ ရွေးချယ်မှုများကို အချိန်ယူ၍ စဉ်းစားပြီးကြသောအခါ ဒီရေခေါ်အကြီးအကဲသည် ဆုံးဖြတ်ချက် ပြတ်သားစွာဖြင့် အသံလွှင့်ကာ

ပြောလိုက်သည်။ "ယင်ပင်လယ်ရဲ့
တောင်ဘက်ပိုင်းမှာ တစ်ယောက်က
ပန်းလိုင်နတ်တောင်ရဲ့ သဲလွန်စတွေကို
တွေ့လိုက်တယ်လို့ အဆိုရှိတယ်။ ဒါကြောင့်
ကျိုးဧကရာဇ်နဲ့ ချင်ဧကရာဇ်တို့က
သူတို့ကိုယ်တိုင် သွားပြီးမှ စူးစမ်းနေကြတယ်"

ရှင်ပျော်ပျော် သူတော်စင်သည် ဒီရေ
ဓားအကြီးအကဲထက် အနည်းငယ်
နောက်ကျသွားသောကြောင့် သူအစောပိုင်းက
ရရှိခဲ့သော အလားတူ သတင်းအား ဝေမျှ၍
မရတော့ချေ။ ရှင်ပျော်ပျော် သူတော်စင်သည်
ဒီရေ ဓားအကြီးအကဲ၏ဖင်အား
ဆောင့်ကန်ချင်စိတ်များ ပေါက်နေခဲ့၏။

ရွှင်ပျော်ပျော် သူတော်စင်သည်
အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ
အသံလွှင့်၍ လင်းဖုန်းအား
ဆက်သွယ်လိုက်သည်။ "တောင်ပိုင်းဒေသမှာပဲ
မဟာကျိုး အင်ပါယာ ပိုင်ဆိုင်တဲ့
ဖန်ကျန်းနတ်တောင်က ပေါ်လာခဲ့တယ်"

"အိုး" လင်းဖုန်းက သူ့လက်ထဲမှ သတင်း
အချက်အလက်များကို တွက်ချက်လျှက်
ရှိသည်။

အနီရောင် နဂါးဘုရင်က ဝင်ပြောလိုက်၏။
"ကျုပ်က ရှာဖွေမှုမှာ ဘာသဲလွန်စမှ မရှိပါဘူး။
ဒါပေမဲ့ ကျုပ်မှာ ပန်းလိုင်နတ်တောင်ရဲ့
အရန်အတားတွေကို ချိုးဖောက်နိုင်တဲ့
နည်းလမ်း တစ်မျိုး နှစ်မျိုးတော့ ရှိတယ်။
ခင်ဗျားက စိတ်ဝင်စားမလား မသိဘူး"

"အိုး၊ ပြောကြည့်ကြည့်လေ" လင်းဖုန်းက
ပြန်ပြောလိုက်သည်။

အနီရောင် နဂါးဘုရင်က ပြောလိုက်သည်။
"အားလုံးတို့က ပန်းလိုင်နတ်တောင်ဟာ
ပင်လယ်တွေနဲ့ ဝိုင်းရံထားတယ် ဆိုတာကို
သိကြတယ်။ တောင်ပေါ်ကို ရောက်နိုင်ဖို့က

ကြီးမားတဲ့ ဒီရေလှိုင်းလုံးကြီးတွေက အဓိက
အပေါ်ယံအတားအဆီး ဖြစ်တယ်။ ဒီလှိုင်းလုံးကြီးတွေက
တောင်ဘက်နေရာကို သွားသွား
လိုက်ပါသွားတယ်လို့ အဆိုရှိတယ်။ ဒါပေမဲ့
ကျုပ်မှာက သူတို့ကို ကျော်လွှားနိုင်မယ့်
နည်းလမ်းတစ်ခု ရှိတယ်"

## စာစဉ် ၄၉ : အပိုင်း ၄

## အပိုင်း ၇၅၄ : စကားပြော အရည်အသွေး

စွမ်းအားမြင့် ကျင့်ကြံသူများ၏ မျိုးဆက်
တစ်ခုပြီးမှ တစ်ခုတို့၏ ရှာဖွေလေ့လာမှု

အပြီးတွင် နတ်တောင်သုံးတောင်တို့၏ အပေါ်မှ မျက်နှာဖုံးသည် ပါးလာခဲ့ပြီ ဖြစ်ကာ ကံစပ်သော သူတစ်ယောက်၏ ထိန်းချုပ်မှုအား ခံယူရန် စောင့်နေကြ၏။

ထိုတောင်သုံးတောင် တို့၏ အကြားတွင် ပန်းလိုင်နတ်တောင်တွင် ကိုယ်ပိုင်ပင်လယ် တစ်ခုရှိသည်။ ဤရေများသည် မည်းမှောင်၍ နက်ရှိုင်းကာ သူ့အား အနက်ရောင်ပင်လယ် ဟူ၍ နာမည်ပေးထားသည်။ လေပြင်းများ မရှိကြသော်လည်း ပေတစ်ရာကျော် မြင့်မား၍ အားကောင်းသော လှိုင်းလုံးကြီးများက တောင်နှင့်အတူ ရွှေ့လျားကာ

သူသွားသည့်နေရာသို့လိုက်၍
ကာကွယ်စောင့်ရှောက်နေကြသည်။

ဤအနက်ရောင် ပင်လယ်သည် ငရဲကမ္ဘာ
ပင်လယ်နှင့် ကွဲပြားခြားနားကာ သူ၏
နာမည်အမှန်မှာ ကျယ်ပြန့်သော အနက်ရောင်
ပင်လယ် ဖြစ်သည်။

သူ၏ အနက်ရောင်သည် ကောင်းကင်ပေါ်မှ
အနက်ရောင်နှင့် ယှဥ်နိုင်စွမ်း ရှိသည်။ သူ၏
ကျယ်ပြန့်မှုသည် လေဟာနယ် ပင်လယ်တစ်ခု
တည်ရှိသော ဟင်းလင်းပြင် စစ်တလင်းနှင့်
ယှဥ်နိုင်သည်။ ထို့ကြောင့် သူ့အား

ကျယ်ပြန့်သော အနက်ရောင် ပင်လယ်ဟူ၍ နာမည်ပေးထားခြင်း ဖြစ်သည်။

ပန်းလိုင်နတ်တောင်သို့ ဝင်ရောက်လို့သော သာမန်သူများအတွက် ဤအနက်ရောင် ပင်လယ်သည် အစွမ်းထက်သော အတားအဆီး တစ်ခုဖြစ်သည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများသည်ပင်လျှင် အားသုံး၍ ဝင်ရောက်ခဲ့မည် ဆိုလျှင် ယင်ပင်လယ်၏ ဟင်းလင်းပြင်မှ ဖိအားသည် ကြီးမားသော စိန်ခေါ်မှုတစ်ခု ဖြစ်နေသည်။

ဤအတားအဆီးများသည် အခြား
တောင်နှစ်တောင်တွင်လည်း ရှိနေကြသည်။

တောင်သုံးတောင်စလုံးတို့အား နတ်ဘုရား
စွမ်းအားများဖြင့် ကာကွယ်ထားကြသည်။
သို့သော်လည်း ဖန်ကျန်းနတ်တောင်သည်
ကျိုးကေရာဇ်၏ ထိန်းချုပ်ခြင်းကို ခံခဲ့ရသဖြင့်
ပန်းလိုင်နတ်တောင်၏ အနားမှ
ဝက်ပါများသည်လည်း အားနည်းလာခဲ့ကာ
အနက်ရောင် ပင်လယ်ကို ဖြတ်ကျော်ရန်
နည်းလမ်းများ ပေါ်လာခဲ့သည်။

ဒါသည် လင်းဖုန်းအား အံ့အားသင့်စေခဲ့သည်။ လူသားမျိုးနွယ်စုများ၏ စုပေါင်းစွမ်းအားသည် အားကောင်းလှ၏။ ဒါသည် ကစားပွဲ တစ်ခုအား တစ်ယောက်ချင်း ကစားလျှင် ရှုံးနိမ့်၍ အားလုံးတို့က ပေါင်းစည်း၍ ကစားခဲ့လျှင် သဘာဝ၏ အကြီးမားဆုံးသော ပဟေဠိများကို အဖြေထုတ်နိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

လူသားများ၏ မျိုးဆက် တစ်ဆက်ပြီးမှ တစ်ဆက်တို့သည် လာရောက်ခဲ့ကြကာ ပဟေဠိများကို ဖြေရှင်းနိုင်ခဲ့ကြသဖြင့် ဤခက်ခဲသော ပဟေဠိသည် နောက်ဆုံးတစ်ဆင့်သာ ကျန်ခဲ့တော့သကဲ့သို့ ဖြစ်နေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် လင်းဖုန်းနှင့်
ကျန်သောသူများက ဤတစ်ခေါက်တွင်
မအောင်မြင်ခဲ့လျှင်ပင် သူတို့အား
တစ်စုံတစ်ယောက်က ထိန်းချုပ်နိုင်ရန်
အချိန်မှာ သိပ်ကြာတော့မည် မဟုတ်ချေ။

သို့သော်လည်း မည်သူက
နောက်ဆုံးရယ်နိုင်မည်ကို ပြောရန်မှာ
အတော်ကိုပင် စောသေး၏။

လင်းဖုန်းသည် အနီရောင် နဂါးဘုရင်အား
ကြည့်လိုက်ကာ ပြောလိုက်သည်။ "တကယ်လို့

ခင်ဗျားရဲ့ နည်းလမ်းတွေက တကယ်
အလုပ်ဖြစ်ခဲ့ရင် ကျုပ်က ခင်ဗျားကိုလည်း
လိုက်ခွင့်ပေးမယ်"

ဘာပဲပြောပြော တစ်ယောက်သည်
တောင်များကို ထိန်းချုပ်နိုင်ရန် အသာထား၍
အရင် ရှာတွေ့ရန် လိုနေပေသည်။

အနီရောင် နဂါးဘုရင်က ပြောလိုက်သည်။
"အမှန်အတိုင်း ပြောရရင် ဒီနည်းလမ်းဟာ
ကျုပ်တို့ကလန်က ခရမ်းရောင်
ပင်လယ်နဂါးဘုရင်က လွှန်ခဲ့တဲ့
နှစ်ပေါင်းလေးထောင်ကျော်က စမ်းသပ်ပြီး
သက်သေပြထားပြီးပါပြီ"

"ဒါပေမဲ့ ပေါ့ဒီးစ်ကေရာဇ်ရဲ့ ရုတ်တရက်
ရောက်ရှိလာမှုကြောင့် ခရမ်းရောင်
ပင်လယ်နဂါး ဘုရင်နဲ့ ပန်းလိုင်နတ်တောင်တို့ရဲ့
ဆက်သွယ်မှုက ပျောက်ကွယ်သွားပြီး
အနက်ရောင်ပင်လယ်က ပြန်လည်
ဖွဲ့စည်းနိုင်ခဲ့လို့ တောင်ကိုထပ်ပြီးတော့
ဖုံးကွယ်သွားခဲ့တယ်"

"ဒါက ပေါ့ဒီးစ်ကေရာဇ် အတွက်တောင်မှ
နှစ်ဦးနှစ်ဘက် ဆုံးရှုံးခဲ့တဲ့ အခြေအနေ
ဖြစ်ခဲ့တယ်" အနီရောင် နဂါးဘုရင်က
သက်ပြင်းတစ်ချက်ချလိုက်သည်။

လင်းဖုန်း၏ ခေါင်းအတွင်းတွင်
အတွေးတစ်ချက် ပေါ်လာခဲ့သည်။
သို့သော်လည်း သူသည် မည်သည့်
အမှုအရာကိုမျှ မဖော်ပြခဲ့ပဲ ခေါင်းကိုသာ
ညိတ်ပြလိုက်သည်။

အနီရောင် နဂါးဘုရင်က ဆက်ပြောလိုက်၏။
"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းရဲ့
ခေါင်းဆောင်အနေနဲ့ ခင်ဗျားက ယင်ပင်လယ်
အတွင်းမှာ အတွင်းကို ဝင်ရောက်တဲ့ သူတွေကို
ချုပ်နှောင်ထားတဲ့ လေဟာနယ်
မွန်းစတားတစ်ကောင် ရှိနေတာကို သိမှာပေါ့။
သူက ပြီးတာနဲ့ သူတို့ကို သတ်ဖြတ်ပြီး သူတို့ရဲ့
စွမ်းအင်တွေကို စုပ်ယူတယ်"

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ သူသည် ယခင်က ဤသတ္တဝါများနှင့် တွေ့ခဲ့ဖူးပြီး အချို့ကိုပင် သုတ်သင်ခဲ့သေး၏။

"ဒီမွန်းစတားတွေက တောင်အနီးအနားက လျှို့ဝှက်ဆန်းကြယ်တဲ့ လေဟာနယ် အတွင်းမှာ လွတ်လပ်စွာ လှုပ်ရှားနိုင်ကြပြီး အနက်ရောင် ပင်လယ်ထဲမှာတောင် ကူးခတ်နိုင်ကြတယ်။ ခရမ်းရောင် ပင်လယ်နဂါး ဘုရင်က ဒီအကြောင်းကို သိထားပြီး ဒီမွန်းစတားတွေ ထောင်ပေါင်းများစွာတို့ကို ဖမ်းဆီးပြီး သူတို့ရဲ့ သွေးတွေကို စုဆောင်းကာ

ပန်းလိုင်နတ်တောင်ကို သွားတဲ့
လမ်းတစ်လမ်းကို ဖောက်လုပ်ခဲ့တယ်"

လင်းဖုန်းသည် သူ၏ စကားများကို အချိန်
အနည်းငယ်မျှ စဉ်းစားလိုက်ကာ
သူပြောခဲ့သည်မှာ ယုတ္တိရှိသည်ဟု တွေးလိုက်၍
ခေါင်းညိတ်ပြလိုက်သည်။ "ခင်ဗျားလည်း
လိုက်နိုင်တယ်"

နေမင်းမျိုးချ သိမ်းငှက်သည် ကျန်သော
အင်မော်တယ်ဝိညာဉ် အဆင့်မှ
အကြီးအကဲများက လင်းဖုန်းအား အသံလွှင့်၍
ပြောခဲ့ကြသဖြင့် ဘာပြောခဲ့မှန်း မသိခဲ့ပေ။
သို့သော်လည်း သူတို့၏ ပျော်ရွှင်နေကြသော

အမှုအရာများကို ကြည့်ရခြင်းအားဖြင့် သူတို့သည် လင်းဖုန်းအား အရေးပါသော သတင်း အချက်အလက်များကို ပေးလိုက်၍ လင်းဖုန်းနောက်သို့ လိုက်ပါခွင့် ရမှန်းကိုမူ သိလိုက်၏။

နေမင်းမျိုးချ သိမ်းငှက်သည် သံသယ ဖြစ်နေခဲ့သည်။ သူသည် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတထံမှ သတင်းအချို့ကို ရရှိခဲ့သည်။ သို့သော်လည်း ဒါသည် လင်းဖုန်းနှင့် ဝေမျှရသည်မှာ တန်သလော ဟူသည်ကိုမသိ ဖြစ်နေခဲ့သည်။

သူသည် အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်မှ ဖန်တီးထားသော ရွှေရောင်မျဉ်းကြောင်းအား တစ်ချက်ကြည့်လိုက်ကာ သူ၏ မာနများကို မျိုချလိုက်၍ လင်းဖုန်းအား ပြောလိုက်သည်။
"ကျိုးကေရာဇ်က ဖန်ကျန်းနတ်တောင်ကို ထိန်းချုပ်ထားတယ်။ ဒါပေမဲ့ ဒါက သူတို့ဟာ ဒီတောင်ကို ခိုင်မြဲစွာ ချုပ်ကိုင်ထားနိုင်တယ်လို့ မဆိုလိုဘူး"

"ဖန်ကျန်းနတ်တောင် အပေါ်မှ လွင့်မျောနေတဲ့ နဂါးပုံရိပ်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတုံးက နဂါးတွေက ထိုးဖောက်ဝင်ရောက်ပြီး ဖန်တီးထားခဲ့တာ။

သူတို့ရဲ့ ကျူးကျော်မှုဟာ ဒီနတ်တောင်ရဲ့ ခံစစ်စနစ်တွေကို အများကြီး ထိခိုက်စေခဲ့တယ်"

"ကျိုးကေရာဇ်က ဒီအားနည်းချက်တွေကို အသုံးချပြီးမှ ချိုးဖောက်ဝင်ရောက်နိုင်ခဲ့တာ ဖြစ်လိမ့်မယ်" နေမင်းမျိုးချ သိမ်းငှက်က ပြောလိုက်သည်။

သူက ဆက်ပြောလိုက်သည်။ "တကယ်လို့ မာစတာလင်းက အဲ့ဒီနဂါးပုံရိပ်တွေကို မြင်ခဲ့ရသေးတယ် ဆိုရင် ကျိုးကေရာဇ်က ဒီခံစစ်ကျိုးပေါက်မှုတွေကို မပြုပြင်ရသေးလို့ပဲ"

"ခံစစ်စနစ် အဟောင်းနဲ့ အသစ်တွေကို
ပေါင်းစည်းဖို့ ဆိုတာက ခက်ခက်ခဲခဲ
ကြိုးပမ်းရမယ့် ဖြစ်စဉ် တစ်ခု ဖြစ်တယ်။
ကျိုးကေရာဇ် လျှမ်ပန်းနဲ့ ရှမ်ကျိအမတ်
ဇူဟုန်ဝူတို့က အချိန်သိပ်ပြီးမှ မရှိဘူး။
အင်မော်တယ်ဝိညာဉ် ပထမ အဆင့်က
ကိုယ်ပွားနဲ့ဆိုရင် လျှမ်ပန်းက ဒီဖြစ်စဉ်ကို
တစ်သက်လုံး အချိန်ယူရလိမ့်မယ်"

သူ၏စကားကို ကြားပြီးသွားသောအခါ
လင်းဖုန်းက သူသည် ဖန်ကျန်းနှင့်
တွေ့ကြုံခဲ့ရစဉ်က အဖြစ်များကို
စဉ်းစားမိလိုက်သည်။ ယခုအချိန်တွင်

အကြောင်းအရာများသည် အံ့ဝင်ခွင်ကျ
ဖြစ်သွားခဲ့ပြီ ဟူ၍ ခံစားလိုက်ရ၏။

လင်းဖုန်း၏ နှုတ်ခမ်းများသည် ဖွဖွလေး
ပြုံးလိုက်ကာ သူ၏အရှေ့မှ အုပ်စုတို့အား
ကြည့်လိုက်သည်။ "ကျုပ်က ခဏနေကျရင်
လှုပ်ရှားတော့မယ်။ ခင်ဗျားတို့က ဆန္ဒရှိသလို
လိုက်လာနိုင်ကြပါတယ်"
သူ၏စကားဆုံးသည်နှင့် သူ၏ တပည့်များကို
ခေါ်ဆောင်လိုက်ကာ ရွှေရောင်ကြိုးမျှင်
အနောက်သို့ လိုက်သွားခဲ့သည်။

ရှင်ပျော်ပျော် သူတော်စင်နှင့်
ကျန်သောသူများသည် ခါးသီးစွာနှင့်သာ မချိပြုံး
ပြုံးနိုင်ခဲ့ကြသည်။

လင်းဖုန်းသည် သတင်းတစ်ခုတည်းနှင့်
လေးခုကို ရယူသွားနိုင်ခဲ့သည်။
အလွန်ကိုတန်သော ကုန်သွယ်မှုပင် ဖြစ်၏။

သို့သော်လည်း ဒါသည် လင်းဖုန်းကိုယ်တိုင်က
စွမ်းအားကြီး၍ အားကောင်းသဖြင့်
စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။
နောက်တစ်ချက်မှာ သူသည်
အရေးအကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး
သတင်းဖြစ်သော အစိမ်းရောင်

ကျောက်စိမ်းဖန်ဝိညာဉ်ကို
ပိုင်ဆိုင်ထားခြင်းကြောင့် ဖြစ်သည်။

ဒါကြောင့် ကျန်သောသူများက သူနှင့်
လိုလိုလားလားပင် ဖလှယ်ခဲ့ကြခြင်း ဖြစ်၏။

သူတို့သည် ခါးသီးစွာနှင့်သာ ရယ်နိုင်ခဲ့ကြသည်။
လင်းဖုန်းသည် သူတို့အား လိုက်လာခွင့်
ပေးထားသော်လည်း လမ်းပြအနေနှင့်
ဆောင်ရွက်မည် မဟုတ်ပေ။ ကြားတွင်
လမ်းပျောက်သွားသော သူများမှာ
ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရမည် ဖြစ်၏။

လီယွမ်ဖန်းသည် နောက်မှအုပ်စုကို ဂရုမစိုက်ပဲ လင်းဖုန်းဘက်သို့ လှည့်ကာမေးလိုက်သည်။
"ဆရာ၊ ကျွန်တော်တို့က ယင်ပင်လယ်က နတ်တောင်တွေကို ထိန်းချုပ်နိုင်ဖို့ နည်းဗျူဟာ တစ်ခုကို စဥ်းစားဖို့ လိုမယ်ထင်တယ်"

လီယွမ်ဖန်း၏ အမြင်အရဆိုလျှင် သူတို့သည် တစ်ချိန်လျှင် အလုပ်တစ်ခုကိုသာ အာရုံစိုက်၍ လုပ်သင့်ပေသည်။

လင်းဖုန်းက တည်ငြိမ်စွာနှင့် ပြန်ပြောလိုက်၏။
"စိတ်မပူပါနဲ့၊ ငါ့မှာ အစီအစဥ် တစ်ခု ရှိပါတယ်"

လင်းဖုန်းက သူ၏ အင်္ကျီလက်ဝတွင်
နတ်တောင်များကို ရယူရာတွင် အကြီးအကျယ်
အထောက်အကူ ပြုနိုင်သည့် ဖဲချပ်တစ်ခု
ရှိနေမှန်းကို သိထားခဲ့သည်။ လျှိုကြီးနှင့်
ကောင်းကင်ယောက်သွား ရှေပုလဲ ဖြစ်၏။

ထို့ကြောင့် သူ၏ အဓိက အာရုံစိုက်ရမည်မှာ
တောင်များကို ရှာတွေ့ရန်ပင် ဖြစ်သည်။
ပထမအဆင့်သည် အရေးအကြီးဆုံး ဖြစ်သည်။

ဇူရီနှင့် လီယွမ်ဖန်းတို့သည် အချင်းချင်း
ကြည့်လိုက်ကြကာ
သဘောပေါက်သွားကြသည်။ အကယ်၍
လင်းဖုန်းက အစီအစဉ် တစ်ခုရှိကြောင်း

ပြောလျှင် သူတို့သည် သူ၏ ဆုံးဖြတ်ချက်ကို ယုံကြည်ကြမည် ဖြစ်သည်။

သူတို့သည် နတ်တောင်ထံသို့ အလျှင်အမြန် သွားရောက်နေကြရင်း လင်းဖုန်းသည် ထိုသတင်းအား ရှောင်ယန်နှင့် ကျန်သောသူများထံသို့ လက်ဆင့်ကမ်းလိုက်သည်။ ယင်ပင်လယ် အတွင်းသို့ ရောက်ရှိနေခဲ့၍ သူတို့အား ဆက်သွယ်ရန် ခက်ခဲနေသော်လည်း လုံးဝ အဆက်အသွယ် ပြတ်နေခြင်းတော့ မရှိပေ။

ရှောင်ယန်နှင့် ကျန်သောသူများသည် ယင်ပင်လယ်၏ အရှေ့မြောက်ဘက်တွင်

ရှိနေကြသဖြင့် လင်းဖုန်းသည် သူတို့အား
သူ့ထံသို့ လာခဲ့ကြရန် ညွှန်ကြားလိုက်သည်။

တစ်ချိန်တည်းတွင်ပင် သူသည် ဇူရီအား
ယန်ကောင်းကင် မီးအိမ်နှင့် ယူကောင်းကင်
ဝတ်ရုံအား ကျင့်ကြံရန် ကူညီပေးခဲ့သည်။

ရတနာများကို ဖိနှိပ်ခြင်းနှင့် သန့်စင်ခြင်းတို့မှာ
လုံးဝကို ကွဲပြားခြားနားသော ဖြစ်စဉ်များ
ဖြစ်ကြသည်။ အကယ်၍ မှော်ရတနာ တစ်ပါးက
အသန့်စင်ခံရန် ဆန္ဒရှိလျှင် သူက
သန့်စင်သောသူအား အညံ့ခံခဲ့ခြင်း ဖြစ်သည်။

ယူကောင်းကင် ဝတ်ရုံမှာ လူသစ်တန်း
ဖြစ်သဖြင့် လင်းဖုန်းနှင့် ဇူရီတို့အား
အလွယ်တကူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။
သူသည် လင်းဖုန်းနှင့် ဇူရီတို့၏
အစွမ်းထက်သော နည်းလမ်းများကို
အံ့သြတုန်လှုပ်နေခဲ့၏။

အခြားတစ်ဘက်တွင်မူ ယန်ကောင်းကင်
မီးအိမ်မှာ ဆောင်ချင်းစန်းနှင့် အချိန်အကြာကြီး
နေခဲ့ဖူးကာ ရှေးခေတ်ကတည်းက ပွားစည်းခြင်း
အဆင့်သို့ ရောက်ခဲ့ဖူးသော မှော်ရတနာ
တစ်ခုဖြစ်သဖြင့် ကမ္ဘာကြီး အကြောင်းကို
အတော်သိနေကာ သူ၏ ကိုယ်ပိုင်အမြင်များ
ရှိနေ၏။

သူ၏ စိတ်ဝိညာဉ်အား ညစ်ညမ်းစေနိုင်သော အကြွင်းမဲ့ သွေးမြစ်ရေနှင့် ရင်ဆိုင်ခဲ့ရချိန်တွင်ပင် သူသည် အလျှော့မပေးခဲ့ပေ။

"ယန်ကောင်းကင် မီးအိမ်၊ မင်းက အစွန်းရောက် ကေရာဇ်နဲ့ သမိုင်းတလျှောက် အကြာကြီး ဖြတ်သန်းလာခဲ့ဖူးတယ်။ မင်းက အသိဉာဏ်ရှိတဲ့ ရတနာတစ်ပါး ဖြစ်ပြီး မင်းအနားမှာ ဘာဖြစ်နေသလဲ ဆိုတာကိုလည်း သိနေတယ်" ဇူရီက အော်ပြောလိုက်သည်။

"ကျိုးကေရာဇ်က လူသားကေရာဇ်တွေလိုမျိုး ပြန်ဖြစ်ချင်နေတယ်။ ဒါပေမဲ့ ငါတို့အားလုံးတို့က ဒီခေတ်က ကုန်ဆုံးသွားပြီး ပြန်မရနိုင်တော့ဘူး ဆိုတာကို သိနေတာပဲ"

"ကောင်းကင်တံခါးဂိုဏ်းဟာ လူသားကေရာဇ်တွေရဲ့ အတွေးအမြင်တွေကို ပထမဆုံး ဆန့်ကျင်တဲ့ ဂိုဏ်းတစ်ဂိုဏ်း ဖြစ်တယ်။ ဒါပေမဲ့ မင်းက ဒီအကြံတွေကို ထောက်ခံတဲ့ သူတွေကို ကူညီနေခဲ့တယ်။ မင်းကဒါကို သစ္စာရှိတယ်လို့ ခေါ်သလား။ မင်းက ဒါကို မင်းရဲ့ တန်ဖိုးထားမှုနဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတယ်လို့ ခေါ်ရဲတာလား"

"သူတို့က စွမ်းအားတွေသာရှိပြီး
နည်းမှန်လမ်းမှန် မဟုတ်ကြတဲ့
သူတွေဖြစ်တယ်။ သူတို့ဟာ တကယ့်
ကောင်းကင်တံခါးဂိုဏ်းက လူတွေနဲ့ တစ်စက်မှ
မတူဘူး။ မင်းက ဒါတောင်မှ သူတို့နဲ့
ပူးပေါင်းချင်စိတ် ရှိခဲ့တာလား"

ယန်ကောင်းကင် မီးအိမ်သည် အနည်းငယ်
ငြိမ်သက်သွားခဲ့၏။ သူ၏ မီးတောက်များသည်
သူ၏ အတွေးများနှင့်အတူ လှုပ်ရှားနေခဲ့သည်။

ဇူရီက သူ၏လေသံကို ပြောင်းလိုက်သည်။
"မင်းရဲ့ လက်ရှိ အခြေအနေကို ကြည့်ပါဦး။
မင်းက ဒဏ်ရာရထားအပြီးမှာ အရင်ကနဲ့
မတူတော့ဘူး။ အရှေ့ကောင်းကင်
တံခါးဂိုဏ်းက သူတွေက မင်းအပေါ်မှာ
အာရုံသိပ်မထားခဲ့ဘူးဆိုတာကို ပြောနိုင်တယ်"

"ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ အတွေးအမြင်
မတူမှုတွေကြောင့်ပဲ။ ဒါမှမဟုတ်
မင်းသတိမထားမိသေးတဲ့ စိုးရိမ်မှု
အချို့ကြောင့်ပဲ ဖြစ်မယ်"

မီးတောက်များသည် ထပ်ဖန်တစ်ခါ
လှုပ်ရှားသွားခဲ့သော်လည်း
အသံထွက်မလာခဲ့ပေ။

ဇူရီက ဆက်ပြောလိုက်သည်။ "တကယ်လို့
မင်းကငါ့ကို ယုံကြည်ရင် ငါကမင်းကို ကူညီပြီး
ဒဏ်ရာတွေကို ကုစားပေးလို့ရတယ်။ မင်းက
ငါရဲ့ လုပ်ပုံကိုင်ပုံတွေကို ကြည့်လို့ရတယ်။
ငါပြောချင်တာက အရှေ့ကောင်းကင်
တံခါးဂိုဏ်းက ကောင်းကင်တံခါးဂိုဏ်း
တစ်ခုလုံးကို ကိုယ်စားမပြုဘူး။ သူတို့က
သူတို့ရဲ့ နည်းစနစ်တွေနဲ့ ကျင့်ကြံမှုတွေကို
အမွေဆက်ခံနိုင်ခဲ့ပေမဲ့ သူတို့ရဲ့ တန်ဖိုးထားမှုနဲ့
စိတ်ဓာတ်တွေကိုတော့ အမွေမဆက်ခံနိုင်ခဲ့ဘူး"

"ကောင်းကင် တံခါးဂိုဏ်းက ပြန်လာမလား
မလာဘူးလား ဆိုတာကိုတော့ ငါမပြောနိုင်ဘူး။
ဒါပေမဲ့ သေချာတာ တစ်ခုတော့ ရှိတယ်။
အရှေ့ကောင်းကင် တံခါးဂိုဏ်းက သူ့ရဲ့
ဂိုဏ်သိက္ခာကို ပျက်စီးစေလိမ့်မယ်"

လင်းဖုန်းသည် လှုပ်ရှားနေသော
မီးတောက်များနှင့် မီးအိမ်၏
ပျော့ပျောင်းလာသော သဘောထားအား
ကြည့်လိုက်ကာ မတတ်နိုင်ပဲ
သူ၏ခေါင်းကိုခါလိုက်ကာ ဇူရီထံသို့ကြည့်ကာ
ပြုံးလိုက်၏။

"ဇူရိက စကားပြောတဲ့ နေရာမှာ ပါရမီ ပါလာတာပဲ" လင်းဖုန်းက တွေးလိုက်သည်။

ထိုအချိန်တွင် အဝေးက ယုကျင်းတောင်မှ အသံတစ်ခု လွင့်လာခဲ့သည်။ "ဒီနေရာက ငါ့အလုပ် ပြီးသွားပြီ"

"ဒီတော့ ငါကိုယ်တိုင်ကလည်း ယင်ပင်လယ်ကို သွားလို့ရပြီ"

## စာစဉ် ၄၀ : အပိုင်း ၅

## အပိုင်း ၇၅၅ : ပုံရိပ်အတွင်းသို့ ဝင်ရောက်ခြင်း

ခွန်းလွန်တောင်၏ အပေါ်ဘက်မှ ဟင်းလင်းပြင်
အတွင်းရှိ ယုကျင်းတောင်ထိပ်ပေါ်တွင်
လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ ထိပ်ဖျားတွင် တင်ပလ္လင်ခွေ
ထိုင်နေခဲ့သည်။ သူသည် သူ၏အရှေ့မှ
လှုပ်ရှားနေသော အလင်းစက်လေးအား
ကြည့်လိုက်ရင်း ပြုံးလိုက်သည်။
"ယင်ပင်လယ်က တောင်သုံးတောင်တို့ဟာ
ခန့်မှန်းထားတာထက် တစ်နှစ်စောပြီး
ပေါ်ထွက်လာခဲ့ပေမဲ့ ကိစ္စတော့ မရှိပါဘူး"

သူသည် ထိုင်နေရာမှ ထလိုက်ရာ
ယုကျင်းတောင်သည် တစ်ချက် တုန်ခါသွားပြီး

ဟင်းလင်းပြင် အတွင်းမှနေ၍
အရှေ့ပင်လယ်ထံသို့ ရောက်သွားခဲ့သည်။

ယင်ပင်လယ်၏ အတွင်းတွင် လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည် ဇူရီနှင့်
ကျန်သောသူများအား ခေါ်ဆောင်ကာ
အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်
ဖော်ပြခဲ့သည့် လမ်းကြောင်းအတိုင်း
လိုက်သွားနေခဲ့သည်။

ခရီးသွားနေခဲ့ရင်း သူတို့သည် သူတို့၏
ခံစားခံများကို စစ်ဆေးမေးမြန်းနေခဲ့၏။
ယူကောင်းကင် ဝတ်ရုံနှင့် သူ၏ ယခင်ပိုင်ရှင်
ယင်ချန်စန်းတို့သည် ဘာတစ်ခုကိုမှ

မဖုံးကွယ်ထားရဲကြပဲ သူတို့သိသမျှ
အရာအားလုံးတို့အား ပြောပြခဲ့ရသည်။

လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည်
ငရဲကမ္ဘာ ရုပ်သေးရုပ် ဖန်ဆင်းခြင်း ပညာရပ်ကို
မတတ်မြောက်ထားပဲ သူနှင့်အတူ
ကောင်းကင်နတ်ဘုရား ချုပ်နှောင်ခြင်း
အလံတံခွန် ပါမလာခဲ့သော်လည်း သူတို့ထံမှ
အမှန်တရားများကို သိနိုင်ရန် နည်းလမ်းများကို
ပိုင်ဆိုင်ထား၏။

"ငါသိထားသလောက်ဆိုရင် အတိတ်က
ကောင်းကင်တံခါးဂိုဏ်း ပျက်စီးသွားတဲ့
အချိန်မှာ သူတို့ရဲ့ ရတနာကိုးပါးတို့ကလည်း

ကပ်ဆိုက်သွားကြတယ်။ သူတို့အထဲက အရှေ့ဘက် ချန်ကောင်းကင် ကျိန်စာခေးနဲ့ အနောက်တောင်ဘက် ကျူးကောင်းကင် စေတီတို့ကလွဲလို့ ကျန်တဲ့ ရတနာ ခုနှစ်ခုက ဒဏ်ရာ အပြင်းအထန် ရသွားကြတယ်"

"အရှေ့မြောက်ဘက် မင်ကောင်းကင် အလံတံခွန်၊ အနောက်မြောက်ဘက် ယူကောင်းကင် ဝတ်ရုံ၊ အနောက်ဘက် ယွမ်ကောင်းကင် မြစိမ်းအပ်၊ တောင်ဘက် ယမ်ကောင်းကင် ဆေးမီးဖိုတို့က လုံးဝ ပျက်စီးသွားကြတယ်" လင်းဖုန်းက မေးလိုက်သည်။ "မင်းတို့ အရှေ့ကောင်းကင်

တံခါးဂိုဏ်းက မှော်ရတနာတွေ ဘယ်နှစ်ခုကို စုဆောင်းထားနိုင်ခဲ့သလဲ"

ဇူရိ၏ ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်၏ အတွင်းတွင် အချုပ်နှောင် ခံနေရသော ယင်ချန်စန်းသည် အကယ်၍ သူသည် အမှန်တရားကို ဖုံးကွယ်ထားလျှင် သို့မဟုတ် မဟုတ်မမှန် ပြောခဲ့လျှင် ဤမန်ဒလား၏ ကောင်းကင်နှင့် မြေကြီးတို့၏ ဖျက်ဆီးမှု စွမ်းအားကြောင့် အသက်ပျောက်ရမည်ကို ကောင်းကောင်းကြီး သိနေခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ယင်ချန်စန်းသည် ဂရုဏ်မူးထိုး လုပ်တတ်သောသူတစ်ယောက် မဟုတ်ချေ။ သူသည် မုန့်ပင်းယွင်အကြောင်း မကောင်းပြောရခြင်းမှာ ဇူရီအား ဒေါသထွက်စေ၍ ရပ်တန့်ပြီး သူ့အား လာရောက်တိုက်ခိုက်စေရန် တမင်သက်သက် ပြောခဲ့ခြင်း ဖြစ်သည်။

သူ၏ စဉ်းစားပုံမှာ သူကသာ ဇူရီ၏ တိုက်ခိုက်မှု တစ်ချက်ကို ခုခံနိုင်ခဲ့လျှင် ဆောင်ချင်းစန်းနှင့် ကျန်သောသူများက ဇူရီအား လိုက်မီလာနိုင်မည် ဖြစ်ပြီး ဇူရီအနေဖြင့် လွတ်လမ်းမရှိတော့ဟူ၍ တွက်ဆခဲ့ခြင်း ဖြစ်သည်။

သူ့အတွက် ကံမကောင်းသည်မှာ လင်းဖုန်းသည် ဆောင်ချင်းစန်းတို့ အရှေ့ကို ရောက်လာခဲ့ပြီး ဇူရီက သူထင်ထားသည်ထက် များစွာပို၍ သန်မာနေခဲ့ခြင်း ဖြစ်သည်။

"ငါက အရင်ဆုံး အသက်ရှင်အောင် လုပ်ထားရပြီး နောက်မှ လွတ်လမ်းတစ်ခုကို ရှာကြံရမယ်။ အရင်လွတ်မြောက်ပြီးမှ လက်စားချေမယ့် အကြောင်းကို တွေးနိုင်လိမ့်မယ်" တည်ငြိမ်စွာနှင့် စဉ်းစားသုံးသပ်ခဲ့ အပြီးတွင် ယင်ချန်စန်းသည် အမှန်အတိုင်း ဖြေကြားလိုက်သည်။
"အရှေ့ကောင်းကင် တံခါးဂိုဏ်းက

မြောက်ဘက် ရွှမ်ကောင်းကင် တံဆိပ်နဲ့ အနောက်တောင်ဘက် ကျူးကောင်းကင် စေတီ၊ ပြီးတော့..."

သူသည် ဇူရီအား ကြည့်လိုက်သည်။ ".. ပြီးတော့ အရှေ့တောင်ဘက် ယန်ကောင်းကင် မီးအိမ်"

"ဒါ့အပြင် အနောက်ဘက် ယွမ်ကောင်းကင် မြစိမ်းအပ်က အပြည့်အဝ မပျက်စီးသေးပါဘူး။ ဒီရတနာရဲ့ မူလစိတ်ဝိညာဉ်က ပျက်စီးသွားခဲ့ပေမဲ့ အပြင်အခွံက ကျန်နေခဲ့ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က ရရှိခဲ့တယ်။ ပြန်လည်ပြုပြင်အပြီးမှာ ရတနာ

ဝိညာဉ်က ပြန်လည်မွေးဖွားခဲ့ပြီး အခုအချိန်မှာ သန္ဓေလောင်း အဆင့်ကို ရောက်သွားခဲ့ပြီ"

"အနောက်မြောက်ဘက် ယူကောင်းကင် ဝတ်ရုံနဲ့ တောင်ဘက် ယမ်ကောင်းကင် ဆေးမီးဖိုတို့က တကယ်ပျက်စီးသွားခဲ့ပေမဲ့ ကျွန်တော်တို့ဂိုဏ်းက အကြီးအကဲတွေက သူတို့ကို ရှေးဟောင်း နည်းစနစ်တွေကို အသုံးပြုပြီးမှ သန္ဓေလောင်း အဆင့်က မှော်ရတနာ နှစ်ခုအဖြစ် ပြန်လည် ထုလုပ်နိုင်ခဲ့တယ်။ သူတို့အထဲက တစ်ခုဟာ ကျွန်တော့်ရဲ့ ယူကောင်းကင် ဝတ်ရုံဖြစ်ပါတယ်"

စကားပြောနေရင်း ယင်ချန်စန်းသည် သွေးအန်ချင်လာခဲ့သည်။ သူသည် အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ တောက်ပလာသော လူငယ်ကြယ်ပွင့် တစ်ဦးဖြစ်၏။ လူအများက သူ့အား အထင်တကြီးနှင့် ဆက်ဆံခဲ့ကာ ဂိုဏ်းကလည်း ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်ရာတွင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ရန် အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ ရှိသေးသော်လည်း သူ့အား မှော်ရတနာ တစ်ခုကို ပေးထားခဲ့သည်။ ယူကောင်းကင် ဝတ်ရုံသည် ဆောင်ချင်းစန်း၏ ယန်ကောင်းကင် မီးအိမ်ကဲ့သို့ ရှေးခေတ်မှ မှော်ရတနာ တစ်ပါး

မဟုတ်သော်လည်း သူသည် အတော့်ကို
အစွမ်းထက်လှ၏။

အမှန်အတိုင်းပြောရလျှင် သူ၏ ကျင့်ကြံမှု
အဆင့်နှင့် ယူကောင်းကင် ဝတ်ရုံတို့အား
ပေါင်းလိုက်လျှင် သူသည် အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အချို့အား
အနိုင်ယူနိုင်မည် ဖြစ်ကာ အနည်းဆုံးတော့
သူတို့ထံမှ အန္တရာယ်ကင်းစွာ
လွတ်မြောက်နိုင်မည် ဖြစ်သည်။ သို့သော်လည်း
ဇူရီနှင့် မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာတို့၏ ပူးပေါင်းစွမ်းအားသည်
သူ၏ ခံစစ်ကို တမုဟုတ်ချင်း ထိုးဖောက်နိုင်၍
သူ့အား ချက်ချင်း ဖမ်းဆီးနိုင်လိမ့်မည်ဟု

မည်သူကမှ ထင်မထားခဲ့ပေ။ ယူကောင်းကင်
ဝတ်ရုံသည်ပင်လျှင် သူ၏
ယူဆောင်သွားခြင်းကို ခံလိုက်ရ၏။

လင်းဖုန်းက ခေါင်းညိတ်လိုက်သည်။ "ဒါဆို
ကျူးကောင်းကင် စေတီကလည်း
မင်းတို့ဂိုဏ်းရဲ့ လက်ထဲကို ရောက်နေတာပေါ့"

ယင်ချန်စန်းက ပြန်ဖြေလိုက်သည်။
"ဟုတ်ပါတယ်။ အရှေ့ကောင်းကင်
တံခါးဂိုဏ်းက သူ့ရဲ့ သီးသန့်ကမ္ဘာအထဲမှာ
နေနေတာပါ"

ကျူးကောင်ကင် စေတီသည် ပွားစည်းခြင်း
အဆင့်မှ မှော်ရတနာ တစ်ပါး ဖြစ်သဖြင့်
ပုန်းကွယ်နေသော နဂါးချောက်၊ အင်မော်တယ်
တော်ဝင်အလံတို့ကဲ့သို့ပင် သူ၏အတွင်းတွင်
သီးသန့်ကမ္ဘာ တစ်ခုကို ဖန်ဆင်းထားနိုင်သည်။
သူသည် လမင်းနဲ့ ကြယ်စင်တို့၏ ထံမှ
စွမ်းအားများကို စုပ်ယူနိုင်၍
ကောင်းကင်တံခါးဂိုဏ်းမှ ရတနာ
ကိုးပါးအနက်တွင် ကပ်မဆိုက်ခဲ့သော ရတနာ
အနည်းငယ် အတွင်းမှ တစ်ခုဖြစ်သည်။

အကယ်၍ ကောင်းကင်တံခါးဂိုဏ်းသည်
ကမ္ဘာဦးခေတ် အဆုံးပိုင်းတွင် မပျက်စီးခဲ့ပဲ
ယနေ့ထက်တိုင် တည်တန့်နိုင်ခဲ့လျှင်

ဤမှော်ရတနာသည် မဟာယာန
အဆင့်သို့တိုင်အောင် တက်လှမ်းနိုင်ပြီး
ဖြစ်နေလိမ့်မည်။

လင်းဖုန်းနှင့် ဇူရီတို့၏ အာရုံစိုက်ခြင်းကို
ခံခဲ့ရသည်မှာ ဤမှော်ရတနာသည်
ဟင်းလင်းပြင် အတွင်းတွင် ပုန်းအောင်းနေနိုင်၍
ပြင်ပလူများက ရှာဖွေ၍ မရနိုင်ခြင်း ဖြစ်သည်။
ထို့ကြောင့်ပင် အရှေ့ကောင်းကင်
တံခါးဂိုဏ်းသည် ဤမှော်ရတနာအား
အလွန်တန်ဖိုးထားကာ သူ့အား ဂိုဏ်း၏
ဌာနချုပ်အဖြစ် သတ်မှတ်ထားခဲ့ခြင်း ဖြစ်သည်။
ကျူးကောင်းကင် စေတီ၏ ကျေးဇူးဖြင့်
အရှေ့ကောင်းကင် တံခါးဂိုဏ်းသည်

သိုသိုသိပ်သိပ် နေနိုင်ခဲ့၍ တစ်ယောက်ကမှ
သူတို့ဂိုဏ်း၏ သတင်းအား မရခဲ့ခြင်း ဖြစ်သည်။

အတိုင်းအတာတစ်ခု အနေနှင့်
အရှေ့ကောင်းကင် တံခါးဂိုဏ်း လက်ရှိ
အခြေစိုက်ရာဖြစ်သည့် ကျူးကောင်းကင်
စေတီသည် လင်းဖုန်း၏ ယုကျင်းတောင်နှင့်
ဆင်တူသည်။ သို့သော်လည်း ကျူးကောင်းကင်
စေတီသည် ဟင်းလင်းပြင် အတွင်းတွင်
လွယ်လွယ်ကူကူ ဖြတ်သန်းသွားလာ၍
မရသဖြင့် များစွာပို၍ ခန့်မှန်းရလွယ်ကူကာ
ယုကျင်းတောင်ထက် ပို၍ နိမ့်ကျပေသည်။
ကျူးကောင်းကင် စေတီသည် ဟင်းလင်းပြင်
အတွင်းတွင် ပုန်းအောင်းနေမည် ဆိုပါက

ပြန်ပေါ်လာသော အခါတွင် ထိုနေရာ၌သာ ပြန်ပေါ်လာမည် ဖြစ်၏။

"ရွှမ်ကောင်းကင် တံဆိပ်က ကျွန်တော့်ရဲ့ ဆရာဖြစ်တဲ့ ကျွန်တော်တို့ ဂိုဏ်းခေါင်းဆောင် ဆောင်တုန်းထျန်း သူတော်စင်က ကိုင်ဆောင်ထားပါတယ်" ယင်ချန်စန်းက ဆက်ပြောလိုက်သည်။ "ဒါပေမဲ့ ရွှမ်ကောင်းကင် တံဆိပ်က ကပ်ဘေးကနေ အကြီးအကျယ် ဒဏ်ရာရရှိခဲ့တာကြောင့် သူက မဟာယာန အဆင့်ကနေ ပွားစည်းခြင်း အဆင့်ကို နိမ့်ကျသွားခဲ့တယ်"

"ကျွန်တော်တို့ဂိုဏ်းက အများကြီး
အားထုတ်ပြီးမှ ဒီမှော်ရတနာကို
ပြုပြင်နိုင်ခဲ့တာ။ ဒါပေမဲ့ သူ့ရဲ့ ဒဏ်ရာ
အခြေအနေတွေအရ သူက အခုအချိန်အထိ
မဟာယာန အဆင့်ကို ပြန်မရောက်သေးဘူး"

ဇူရီနှင့် လီယွမ်ဖန်းတို့သည် အချင်းချင်း
ကြည့်လိုက်ကြကာ သူတို့၏ ခေါင်းများကို
ခါလိုက်ကြသည်။ ဟင်းလင်းပြင်
ဘုရားကျောင်း၏ နဂါးရေကန်မှ
လာခဲ့ကြသူများ ဖြစ်ကြသည့် ကျဲယုနှင့်
ပိုင်ကွမ်းတို့ နဂါးစုံတွဲတို့သည်လည်း
မတတ်နိုင်ပဲ သက်ပြင်းများကို ချလိုက်ကြ၏။

ကောင်းကင်အား ဖိနှိပ်နိုင်စွမ်းရှိသည့်
ကြမ္မာပန်းတိုင် အဆင့်မှ
မဟာကောင်းကင်ဘီးနှင့် စာရွက်ပေါ်တွင်သာ
ရှိသေးသည့် ကောင်းကင်ကိုးလွှာခေးတို့အပြင်
အတိတ်မှ ကောင်းကင်တံခါးဂိုဏ်းတွင်
မဟာယာန အဆင့်မှ မှော်ရတနာ ငါးခု :
ကောင်းကင်တော်ဝင် ကျောက်စိမ်း၊
ချန်ကောင်းကင် ကျိန်စာခေး၊ ရွှမ်ကောင်းကင်
တံဆိပ်၊ ယွမ်ကောင်းကင် မြစိမ်းအပ်နှင့်
ယမ်ကောင်းကင် ဆေးမီးဖိုတို့ ရှိကြသည်။

ဂိုဏ်းအတွင်းမှ ကျန်သော ကျင့်ကြံသူများအား
ထည့်မတွက်လျှင်ပင် ထိုမဟာယာနမှ
မှော်ရတနာ ငါးခုတို့သည် အင်မော်တယ်ဝိညာဉ်

တတိယ အဆင့်မှ ကျင့်ကြံသူ ငါးယောက်တို့နှင့် တူညီနေပြီ ဖြစ်၏။

ကမ္ဘာဦးခေတ်က ကောင်းကင်တံခါးဂိုဏ်း၏ ဂိုဏ်းကျက်သရေ အထွတ်အထိပ်သို့ ရောက်နေခဲ့စဉ်တွင် သူတို့သည် မေးခွန်းထုတ်စရာ မလိုပဲ အမတန်မှ စွမ်းအားကြီးမားကာ ထိုအချိန်က ဟင်းလင်းပြင် ဘုရားကျောင်းနှင့် ကောင်းကောင်းကြီး ယှဉ်နိုင်သည်။

လင်းဖုန်းက နောက်မေးခွန်း တစ်ခုအား မေးလိုက်သည်။ "မင်းတို့ဂိုဏ်းက ယမ်ကောင်းကင် ဆေးမီးဖိုကိုပါ ပြန်လည်

ထုလုပ်နေတာလား။ သူဟာ အတိတ်က ယမ်ကောင်းကင် ဆေးမီးဖိုနဲ့ ယှဉ်လိုက်ရင် ဘယ်လိုနေသလဲ"

ကောင်းကင်တံခါးဂိုဏ်းမှ ရတနာကိုးပါးအနက် အစွမ်းအထက်ဆုံးမှာ သံသယဖြစ်ဖွယ်ရာ မရှိပဲ ကောင်းကင်တော်ဝင် ကျောက်စိမ်းသာ ဖြစ်သော်လည်း လင်းဖုန်းအတွက်မူ ယမ်ကောင်းကင် ဆေးမီးဖိုကသာ ပို၍ တန်ဖိုးကြီးမားသည်။

လင်းဖုန်း၊ ယန်နန်းလိုင်၊ ရှင်းလုံစန်း၊ လျှမ်ပန်းနှင့် ရှီယုတို့ကဲ့သို့သော လူများ၏ အမြင်အရဆိုလျှင် ယမ်ကောင်းကင်

ဆေးမီးဖိုသည် ကောင်းကင်တံခါးဂိုဏ်း၏
ရတနာကိုးပါး အတွင်းတွင် ပထမနေရာကို
ရသင့်သည် ဖြစ်၏။

တစ်ယောက်သည် ယမ်ကောင်းကင်
ဆေးမီးဖိုအား မဟာကောင်းကင်ဘီးနှင့်
တန်ဖိုးတူညီသော မှော်ရတနာ တစ်ခုဖြစ်သည်
ဟူ၍ပင် ပြောနိုင်သည်။ ဤမှော်ရတနာ
နှစ်ပါးစလုံးတို့၏ ပူးပေါင်းထားသော
စွမ်းအားများသည် ကောင်းကင်တံခါးဂိုဏ်းအား
တိုတောင်းသော်လည်း ဂုဏ်ကျက်သရေ
ကြီးမားသည့် အခိုက်အတန့် ခေတ္တမျှကို
ပေးစွမ်းနိုင်ခဲ့သည်။

အကယ်၍ ကောင်းကင်တံခါးဂိုဏ်းသည်
ကမ္ဘာဦးခေတ်တွင် အဖျက်ဆီး မခံခဲ့ရလျှင်
သူတို့သည် အချိန်နှင့်အမျှ ပိုမို
တိုးတက်သန်မာလာကြမည် ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော် ယမ်ကောင်းကင်
ဆေးမီးဖိုသည် နတ်ဘုရား နယ်မြေမှ
လူသားသမိုင်း တလျှောက်တွင်
ဆေးလုံးများအား ဖော်စပ်ရာတွင်
အစွမ်းအထက်ဆုံး မှော်ရတနာများ အနက်တွင်
တစ်ခုအပါအတင် ဖြစ်သောကြောင့် ဖြစ်သည်။
သူသည် ရှကေရာဇ်၏ ကြမ္ဘာပန်းတိုင် အဆင့်မှ
မှော်ရတနာ တစ်ခုဖြစ်သည့် နတ်ဘုရား
နယ်မြေ ဆေးမီးဖိုအောက်တွင်သာ ရှိပြီး ဒုတိယ
နေရာတွင် ရပ်တည်နေ၏။

ကောင်းကင်တံခါးဂိုဏ်းသည်
ထိပ်ဆုံးအချိန်တွင် ရှိခဲ့စဥ်က ယမ်ကောင်းကင်
ဆေးမီးဖိုသည် တစ်ရက် အတွင်းတွင်
ဆေးလုံးပေါင်း မြောက်မြားစွာတို့အား
ထုတ်လုပ်နိုင်ခဲ့သည်။ အစွမ်းထက်သည့်
ဆေးလုံး အမျိုးပေါင်း များစွာတို့အား
အဆက်မပြတ် ထုတ်လုပ်နိုင်ခဲ့၍
ကောင်းကင်တံခါးဂိုဏ်းမှ တပည့်များအား
သူတို့၏ ကိုယ်ပိုင် ကျင့်ကြံမှုအား
အထောက်အကူ ပြုနိုင်ခဲ့သည်။

ကျင့်ကြံမှု အထောက်အကူပြု
ပစ္စည်းများစွာတို့သည် အစွမ်းထက်သော

ထိပ်သီး ကျင့်ကြံသူများအား ပျိုးထောင်နိုင်ရန် မလုံလောက်သော်လည်း အတော်ထူးချွန်သော ကျင့်ကြံသူများကိုမူ မွေးထုတ်ပေးနိုင်သည်။ ထူးချွန်သော ကျင့်ကြံသူများ၏ အရေအတွက် တိုးတက်လာသည်နှင့်အမျှ ထိပ်သီးကျင့်ကြံသူများ ထွက်ပေါ်လာသည့် အခွင့်အရေးကလည်း တိုးတက်လာမည် ဖြစ်သည်။

သို့သော်လည်း ကျင့်ကြံသူများ ကိုယ်တိုင်က ခိုင်မာသော စိတ်စွမ်းအားများ ပိုင်ဆိုင်ရမည် ဖြစ်သည်။ ထို့ကြောင့်ပင် လင်းဖုန်းသည် ဝမ်လင်းက အခြေခံအုတ်မြစ် အဆင့်တွင် ရှိနေစဉ်က အရင်းအမြစ် ပစ္စည်းပေါင်း

များစွာတို့အား အသုံးပြု၍ အဆင့်တစ်
စိတ်ဝိညာဉ် တာဝါအား တည်ဆောက်ပေးခဲ့ခြင်း
ဖြစ်သည်။ တိမ်တိုက်တောအုပ် သစ်ပင်များကို
ရရှိထားကြသဖြင့် ရှောင်ယန်၊ ဇူရီနှင့်
ကျန်သောသူများသည် ကျင့်ကြံမှု
အရင်းအမြစ်များအတွက်
စိတ်ပူနေစရာမလိုတော့ပဲ လျှင်မြန်စွာ
တိုးတက်နိုင်ကြမည် ဖြစ်၏။

ယင်ချန်စန်းက ပြန်ဖြေလိုက်သည်။ "ပြန်လည်
ထုလုပ်ထားတဲ့ ယမ်ကောင်းကင် ဆေးမီးဖိုက
တူညီတဲ့ အကျိုးသက်ရောက်မှုတွေ ရှိခဲ့ပေမဲ့
သူက ပွားစည်းခြင်း အဆင့်မှာပဲ ရှိသေးပြီး

အတိတ်က မဟာယာန အဆင့်နဲ့
မယှဉ်နိုင်သေးဘူး"

သူက အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ
ဆက်ပြောလိုက်သည်။ "အခု ယမ်ကောင်းကင်
ဆေးမီးဖိုက အတိတ်က ယမ်ကောင်းကင်
ဆေးမီးဖို ပွားစည်းခြင်း အဆင့်မှ ရှိခဲ့စဉ်က
မှတ်တမ်းတွေထက် ပိုပြီးတော့မှ
အားနည်းတယ်"

ဇူရီက ဝင်ပြောလိုက်၏။ "ဒါတောင်မှပဲ
ဒီယမ်ကောင်းကင် ဆေးမီးဖိုက အတော်ကို
ထူးခြားတယ်"

သူတို့သည် အစောပိုင်းတွင် တွေ့ခဲ့သော ဆောင်ချင်းစန်း အပါအဝင် အရှေ့ကောင်းကင် တံခါးဂိုဏ်းတွင် အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူလေးယောက် ရှိနေမှန်းကို သိလိုက်ကြသည်။ သူတို့အနက်တွင် ယင်ချန်စန်း၏ ဆရာနှင့် ဆောင်ချင်းစန်း၏ ဖခင်ဖြစ်သူ ဆောင်တုန်းထျန်းသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့ မကြာမီကပင် တက်လှမ်းသွားနိုင်ခြင်း ဖြစ်သည်။

ခြုံ၍ကြည့်ရလျှင် အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် နတ်ဘုရား နယ်မြေ အတွင်းမှ

ဂိုဏ်း အတော်များများတို့ထက် ပို၍ သန်မာကာ ယခုအချိန်အထိ သိုသိုသိပ်သိပ် နေရခြင်းမှာ အတော်ကို စိတ်ခေတ်ခိုင်မာမှ ရပေမည်။

ယမ်ကောင်းကင် မီးအိမ်၊ ယူကောင်းကင် ဝတ်ရုံနှင့် ယင်ချန်စန်းတို့အား ကိုင်တွယ်ပြီးသွားသောအခါ သူတို့အုပ်စုသည် ဆက်လက်၍ ချီတက်ခဲ့ကြသည်။

ဇူရီက ရုတ်တရက် စဉ်းစားမိခဲ့သည်။ "ဆရာ၊ ကျွန်တော်တို့ ယင်ပင်လယ်ကို စဝင်တဲ့ အချိန်တုံးက မစ္စတာမြောင်က ကျွန်တော်တို့ကို အသံလွှင့်ကျောက်တုံး မပေးခဲ့ပဲနဲ့ ကျွန်တော်တို့က သီးခြားသွားသင့်တယ်လို့

ပြောပြီးမှ ထွက်သွားခဲ့တယ်။ နံပါတ်ခြောက် ဂျူနီယာက သူ့ကို သတိလှမ်းပေးခဲ့ပေမဲ့ သူက မကြားချင်ယောင်ဆောင်ပြီး ထွက်သွားခဲ့တယ်။ အခုအချိန်မှာ ကျွန်တော်တို့က ယင်ကျိုးနတ်တောင်ရဲ့ သတင်းကို ရပြီးတဲ့ အချိန်မှာ သူ့ကိုဘယ်လိုမှ ဆက်သွယ်လို့ မရနိုင်ခဲ့ဘူး"

လင်းဖုန်းက ပြောလိုက်သည်။ "သူ့ဘာသာသူ သွားပါစေ။ သူက ယင်ကျိုးနတ်တောင်ပေါ်မှာသာ တွေ့နိုင်တဲ့ တစ်ခြမ်းဝိုင်း ကျောက်စိမ်းချပ်ပြားကို ရှာနေတာ။ တကယ်လို့ သူက ယင်ကျိုးရဲ့ သတင်းကို ရခဲ့လို့ရှိရင် သူ့ဘာသာသူ

ရောက်လာလိမ့်မယ်။ တကယ်လို့
သူမရောက်လာခဲ့ရင်လည်း မင်းက
ဒီနတ်တောင်အပေါ်ကို တက်နိုင်ခဲ့ရင် သူ့အစား
ကူပြီးတော့ ရှာပေးလိုက်ပါ"

ဇူရီနှင့် လီယွမ်ဖန်းတို့သည် ခေါင်းများကို
အသီးသီး ညိတ်လိုက်ကြသည်။

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်
ညွှန်ပြခဲ့သော လမ်းကြောင်းသည်
အဆုံးသတ်ပိုင်းသို့ ရောက်လာခဲ့သည်။
သို့သော်လည်း နတ်တောင်ကိုမူ
အရိပ်အယောင်မျှပင် မတွေ့ခဲ့ရချေ။ အားလုံးတို့

မြင်နေရသည်မှာ ထူထဲလှသော
မြူခိုးငွေ့များပင် ဖြစ်ကြသည်။

သို့သော်လည်း အားလုံးတို့သည်
ဤလမ်းကြောင်းက မှန်ကန်သည်ဟု
သိထားခဲ့သည်။ သူတို့သည် ယင်ပင်လယ်
အတွင်းမှ အခြားနေရာများထက် ပုံရိပ်ပေါင်း
များစွာတို့အား ခံစားနေခဲ့ရသည်။ သူတို့သည်
ပုံရိပ်ပေါင်း များစွာတို့အား
ခံစားနေရသော်လည်း သူတို့
မတွေ့ရှိခဲ့သေးသည့် ပုံရိပ်ပေါင်း
များစွာတို့ကလည်း ရှိဦးမည်မှာ သံသယဖြစ်ဖွယ်
မရှိချေ။

ထို့အပြင် လင်းဖုန်းတွင် အခြားသူများထက် ပို၍ ယုံကြည် စိတ်ချရသော သက်သေတစ်ခု ရှိနေသည်။ သူ၏ ကောင်းကင်ယောက်သွား ရွှေပုလဲသည် စတင်၍ ခရမ်းရောင် အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။

ထိုအလင်းတန်းသည် သူဖန်ကျန်းနတ်တောင် အနားသို့ ရောက်သွားခဲ့စဉ်နှင့် တူညီစွာ လင်းလက်နေခဲ့၏။ လင်းဖုန်းက တွေးလိုက်သည်။ "ဒီလင်းလက်မှုက ပထမ တစ်ခေါက်တုံးကလောက်တော့ မလင်းလက်နေခဲ့ဘူး။ ကြည့်ရတာ ပထမ တစ်ခေါက်တုံးက ငါက ပုန်းကွယ်နေတဲ့

ပန်းလိုင်နတ်တောင် အနားကို မသိပဲ
နီးကပ်စွာနဲ့ ရောက်ရှိနိုင်ခဲ့တာ ဖြစ်လိမ့်မယ်"

"တော်ဝင်ဟောဒီးစ် ဒေသဟာ
ပန်းလိုင်နတ်တောင်နဲ့ တူညီတဲ့ ဆက်စပ်မှုတွေ
ရှိလိမ့်မယ်။ ကောင်းကင်ယောက်သွား
ရွှေပုလဲက ဖန်ကျန်းနဲ့ ယင်ကျိုး
နတ်တောင်တွေရဲ့ အနားကို
ရောက်လာတဲ့အခါမှာ တုံ့ပြန်ခဲ့တာက
ယင်ပင်လယ်က တောင်သုံးတောင်တို့က
အချင်းချင်း တူညီတဲ့ ဂုဏ်    သတ္တိတွေရှိလို့
ဖြစ်လိမ့်မယ်"

ဤနေရာကို အသေအချာ လေ့လာသွားခဲ့ အပြီးတွင် လင်းဖုန်း၏ အမူအရာများသည် ပို၍ လေးနက်လာခဲ့သည်။

သူ၏ဘေးတွင် ရပ်နေသော ဇူရီကလည်း တူညီသော အမူအရာများ ရှိနေခဲ့သည်။ သူသည် လင်းဖုန်းအား ကြည့်လိုက်၏။ "ဆရာ၊ ကြည့်ရတာ ယင်ကျိုးနတ်တောင်က ဧရာမ ပုံရိပ်တစ်ခုနဲ့ ဖုံးလွှမ်းခြင်းကို ခံထားရတယ်။ ကျွန်တော်တို့က ဒီပုံရိပ်အတွင်းကို ဝင်ရောက်ပြီး အတွင်းကနေ ချိုးဖောက်နိုင်မှသာ ယင်ကျိုးနတ်တောင် အတွင်းကို ရောက်နိုင်မှာ ဖြစ်တယ်"

လင်းဖုန်းက သဘောတူစွာနှင့်
ခေါင်းညိတ်လိုက်သည်။ "ဟုတ်တယ်၊
မင်းပြောတာ မှန်တယ်။ သွားကြစို့" သူသည်
ထိုပုံရိပ် ရှိရာဆီသို့ လျှောက်သွားခဲ့သည်။

## စာစဉ် ၄၀ : အပိုင်း ၆

## အပိုင်း ၇၅၆ : လင်းဖုန်း၏ ရှောင်လွှဲမရနိုင်သော ပြဿနာများ

လင်းဖုန်းသည် ကျဲယု၏ ကျောပေါ်မှ
ပျံသန်းသွားခဲ့ကာ လေထုအပေါ်တွင်
ရပ်နေခဲ့သည်။ သူသည် ဘေးဘီဝဲယာသို့

လှမ်းကြည့်လိုက်၍ သူ၏အရှေ့မှ ဘာမှရှိနေပုံ
မပေါ်သော ဟင်းလင်းပြင်အား
လှမ်းတို့လိုက်သည်။

ခဏအကြာတွင် လင်းဖုန်း၏ လက်ဖဝါး
အလယ်မှနေ၍ လှိုင်းများကဲ့သို့သော
အလင်းတန်း စက်ဝိုင်းများ အပြင်သို့
ထွက်လာကြသည်။

အလင်းတန်း စက်ဝိုင်းများ
ကျယ်ပြန့်လာကြသောအခါ လင်းဖုန်း၏
အရှေ့တွင် ရောမ အလင်းတန်း စက်လုံးတစ်ခု
ပေါ်လာခဲ့၏။ ထိုစက်လုံး၏ အရွယ်အစားမှာ

ကြီးမားလှကာ အနီးကပ် ကြည့်လိုက်လျှင် ကြယ်အသေးစား တစ်လုံးနှင့်ပင် တူနေသည်။

လင်းဖုန်းက ရယ်လိုက်ကာ ပြောလိုက်သည်။
"ကဲ၊ ဝင်သွားကြစို့"

ဇူရီ၊ လီယွမ်ဖန်း၊ ကျဲယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခေါင်းများကို ညိတ်လိုက်ကြကာ လင်းဖုန်း၏ အနောက်မှလိုက်၍ အလင်းတန်း စက်လုံးအတွင်းသို့ ဝင်သွားကြသည်။

ထိုအလင်းတန်း စက်လုံးကြီးသည် ဧရာမ လေဟာနယ် ပုံရိပ်ယောင် တစ်ခုဖြစ်၏။

လင်းဖုန်းသည် သူ့အတွင်းသို့ ရောက်သွား၍ ဘေးသို့ ကြည့်လိုက်သောအခါ ဇူရီနှင့် ကျန်သောသူများအား မတွေ့ရတော့သည်ကို ချက်ချင်း သတိထားမိလိုက်သည်။

"ကောင်းပြီလေ။ မင်းရဲ့ လေဟာနယ် ပုံရိပ်ယောင်က ဘယ်လောက်အထိ လျှို့ဝှက်ပြီး ထူးခြားဆန်းကြယ်သလဲ ဆိုတာကို ကြည့်ကြတာပေါ့" လင်းဖုန်းသည် သူ၏ လက်များကို ကျောနောက်တွင် ပစ်ထားလိုက်ပြီး အရှေ့သို့ အေးအေးဆေးဆေး လျှောက်သွားလိုက်သည်။

သူ၏အရှေ့မှ အရာအားလုံးတို့သည်
မျက်စိကျိန်းလောက်သော အဖြူရောင်
အလင်းတန်းများဖြစ်၍ ဘာကိုမှ
ကောင်းကောင်း မမြင်နေရချေ။ လင်းဖုန်းသည်
ဘာမှ မပူပန်နေခဲ့ပဲ တစ်လှမ်းပြီးတစ်လှမ်း
ရှေ့သို့ လျှောက်သွားခဲ့သည်။

ရုတ်တရက်ပင် အဖြူရောင် အလင်းတန်းများက
ပျောက်ကွယ်သွားခဲ့ပြီး လူသားပုံရိပ် တစ်ခုက
ပေါ်လာခဲ့ကာ လင်းဖုန်းထံ လျှောက်လာခဲ့သည်။
သူသည် ရှောင်ယန်၏ အုပ်စုအတွင်းတွင်
ရှိနေခဲ့သော ယန်ချင်ပင် ဖြစ်၏။

ယန်ချင်အား ကြည့်ရသည်မှာ အနည်းငယ် သောကရောက်နေသည့်ပုံစံ ပေါက်နေ၍ လင်းဖုန်းအား နှုတ်ဆက်လိုက်သည်။ "ဆရာ၊ ကြည့်ရတာ ကျွန်တော်က ပိုကောင်းလာမယ့်ပုံ ပေါက်မနေတော့ဘူး။ ကျွန်တော်က ဘာလုပ်ရပါ့မလဲ"

လင်းဖုန်းသည် ယန်ချင်အား အချိန်အတော်ကြာအောင် တိတ်ဆိတ်စွာဖြင့် ကြည့်နေခဲ့သည်။

ယန်ချင်သည် လင်းဖုန်း၏ အကြည့်အောက်တွင် ပို၍ ကတုန်ကရင် ဖြစ်လာခဲ့သည်။ သူ၏ မျက်နှာပေါ်တွင် နောင်တရသော ပုံစံ

ပေါက်လာခဲ့၍ လင်းဖုန်း၏ အကြည့်ကို ရှောင်လွှဲနိုင်ရန် သူ၏ခေါင်းကို ငုံ့လိုက်သည်။

"ဒါက ငါ့နှလုံးသားထဲက ဖုံးကွယ်ထားတဲ့ စိုးရိမ်စိတ်တွေကို ဖော်ပြတဲ့ ပုံရိပ်တွေပဲ" လင်းဖုန်းသည် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ခါလိုက်ကာ ရယ်လိုက်၍ တိုးတိုးလေး ရေရွတ်လိုက်သည်။ "ဒီပုံရိပ်ယောင်က စိတ်ဝင်စားစရာပဲ"

လင်းဖုန်းသည် သူ၏အရှေ့မှ ယန်ချင်အား လုံးဝ လျစ်လျူရှုထားလိုက်၍ သူ၏ ဘေးပတ်ပတ်လည်အား အကဲခတ်လိုက်၏။ "တကယ်လို့ ငါက ငါ့ရဲ့ကိုယ်ပိုင် စိုးရိမ်မှုတွေ

အထဲမှ နစ်မျောနေပြီး ရုန်းမထွက်နိုင်ခဲ့ရင်
ဒီအထဲမှ တစ်သက်လုံး နစ်မြှုပ်နေတော့မှာပဲ။
ဒီပုံရိပ်ယောင်က ငါ့ရဲ့ စိတ်ဝိညာဉ်ကို
တိုက်စားပြီး နောက်ဆုံးမှာ
ပျက်စီးသွားနိုင်တယ်"

"ဟဲဟဲ၊ စိတ်ဝင်စားစရာပဲ" လင်းဖုန်းသည်
ယန်ချင်ထံသို့ ပြန်လှည့်ကြည့်လိုက်သည်။

ယန်ချင်သည် အလွန်တရာကို
စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့၍ အချိန်မရွေးပင်
လဲပြိုသွားတော့မည့်ကဲ့သို့ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် ယန်ချင်က
နောက်ကျကျန်နေခဲ့ကာ သူ၏
အခြားတပည့်များကဲ့သို့ ပါရမီများကို
မဖော်ပြနိုင်ပဲ မအောင်မမြင် ဖြစ်မည်ကို
စိုးရိမ်နေခြင်းကြောင့် မဟုတ်ပေ။ သူက
ယန်ချင်အား အထင်သေးနေ၍လည်း
မဟုတ်ပေ။ လင်းဖုန်း အမှန် စိုးရိမ်နေသည်မှာ
အကယ်၍ ယန်ချင်သည် သူ၏ မပြတ်သားသော
စိတ်အခြေအနေတွင် ကြာရှည်စွာ နေနေခဲ့လျှင်
ကြာလာသောအခါ သူ့ကိုယ်သူ
ပျက်စီးစေခဲ့မည်ကိုပင် ဖြစ်၏။

ယန်ချင်သည် လွန်ခဲ့သော နှစ်များက ဝမ်လင်း
လင်းဖုန်း၏ တပည့်စဖြစ်ခဲ့စဉ်က

တွေ့ကြုံခဲ့ရသော ကသိကအောက်
အခြေအနေများကို ကြုံတွေ့နေရခြင်း
ဖြစ်သည်။ သူမှလွဲ၍ သူ၏ စီနီယာများရော
ဂျူနီယာများကပါ ပြင်ပတွင် သူတို့၏ ကိုယ်ပိုင်
ဂုဏ်သတင်းများကို
တည်ဆောက်နိုင်ခဲ့ကြသည်။
သူတစ်ယောက်တည်းသာ သာမန်ဖြစ်နေခဲ့၍
သူ့ဆရာ၏ နာမည်ကို ညှိုးနွမ်းစေကာ သူ၏
အရိပ်အောက်၌သာ ခိုနေရသည်ဟု
ထင်နေရသည်။

ဝမ်လင်းသည် စိတ်စွမ်းအား သက်သက်ဖြင့်
ထိုဖိအားများကို ခံနိုင်ခဲ့၍ အခြားသူများအား
လိုက်မီနိုင်ခဲ့သည်။ သို့သော်လည်း

ဤအခြေအနေသည် ယခုအချိန်တွင်
ယန်ချင်ထံသို့ ရောက်လာခဲ့ပြီ ဖြစ်ကာ
အချိန်အတော် ကြာနေခဲ့ပါက ယန်ချင်သည်
အောင်မြင်နိုင်မည်လော ဟူသည်မှာ
မသေချာနေပေ။

အမှန်အတိုင်း ပြောရလျှင် ယန်ချင်သည်
စိတ်စွမ်းအင် အားကောင်းသည်ဟု
ပြော၍မရသော်လည်း ငယ်စဉ်ကထက်စာလျှင်
များစွာ တိုးတက်လာပြီ ဖြစ်၏။

လင်းဖုန်း၏ အမြင်အရ အကယ်၍ ယန်ချင်သည်
လွန်ခဲ့သော နှစ်ပေါင်းများစွာက ဝမ်လင်း၏
နေရာတွင် ရောက်နေခဲ့ပါက အောင်မြင်စွာ

ရှန်းထွက်နိုင်လိမ့်မည်ဟု တစ်ရာ ရာခိုင်နှုန်း မသေချာနေပေ။

သို့သော်လည်း ဒါသည် သူ၏ စိတ်အတွင်းမှ ပူပန်နေမှု ဖြစ်သဖြင့် ထိုပုံရိပ်သည် ဤအချိန်တွင် လင်းဖုန်း၏ အရှေ့သို့ ပေါ်လာခဲ့ခြင်း ဖြစ်သည်။

"ကြည့်ရတာ ငါကမင်းကို မိုးသက်မုန်တိုင်းတွေနဲ့ ရင်ဆိုင်ဖို့ ကမ္ဘာကြီး အတွင်းကို လွှတ်ဖို့ အချိန်တန်ပြီနဲ့ တူတယ်။ ငါကမင်းကို အမြဲတမ်း ကာကွယ်ပေးနေရင် မင်းက မင်းရဲ့လမ်းကြောင်းကို ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ်ဘူး" လင်းဖုန်းသည်

သူ့အား သူ၏တပည့်အဖြစ် မဆိုလိုနေခဲ့ပေ။ သူသည် စကားပြောနေစဉ်တွင် သူ၏အရှေ့မှ ယန်ချင်အား ကြည့်ပင် မကြည့်နေခဲ့ပေ။

သူ၏အကြည့်သည် ယန်ချင်၏ ပုခုံးကို ကျော်လွန်၍ သူ့ကိုယ်သူ စကားပြောနေသကဲ့သို့ အဝေးမှ မိုးကုတ်စက်ဝိုင်းအား ကြည့်နေခဲ့ခြင်း ဖြစ်သည်။

ယန်ချင်သည် လင်းဖုန်း၏ စကားများကို ကြားရသောအခါ သူ၏ခေါင်းကို ပို၍ငုံ့လိုက်ကာ ပြောလိုက်သည်။ "ဒါဆိုရင် ကျွန်တော်က အပြင်မှ ဒုက္ခအကြီးကြီးနဲ့ တွေ့ခဲ့ပြီး ကျွန်တော် မကျော်လွှားနိုင်တဲ့ စိတ်ထိခိုက်မှုနဲ့ တွေ့ခဲ့ရင်

ဘယ်လိုလုပ်မလဲ။ ကျွန်တော်က သေသွားရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော်က စိတ်လေသွားခဲ့ရင်..."

ဒါသည် ယန်ချင်၏ စိတ်အခြေအနေကို ဖော်ပြနေခြင်း မဟုတ်ပေ။ လင်းဖုန်း၏ ပူပင်မှု နောက်တစ်ခုအား ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

"ဒီလိုမှသာ မင်းက တည်ငြိမ်ရင့်ကျက် ကြီးပြင်းလာမှာဖြစ်ပြီး ကြီးမြတ်တဲ့ အရာတွေကို စွမ်းဆောင်နိုင်မှာ ဖြစ်တယ်။ ဒီလိုမှသာ မင်းက မင်းဘဝမှာ စိတ်လှုပ်ရှားဖွယ် အချိန်ကာလတွေကို တွေ့ကြုံနိုင်မှာ ဖြစ်တယ်။ ဒါက ဆရာတစ်ယောက်အနေနဲ့ ငါလုပ်သင့်တဲ့

အရာတစ်ခုပဲ။ မင်းကို ငှက်တစ်ကောင်ကို စောင့်ရှောက်ထားသလိုမျိုး လှောင်အိမ်ထဲမှာပဲ အချိန်တွေကို မကုန်ဆုံးစေချင်ဘူး။ ငါက လင်းယုန်တစ်ကောင်က လေပေါ်မှ မပျံဝဲနိုင်တဲ့ ကြက်ပေါက်လေး တစ်ကောင် ဖြစ်သွားမှာကို မလိုလားဘူး"

"သေခြင်းနဲ့ စိတ်ဒဏ်ရာ ရနိုင်ခြင်းတို့က တကယ်ပဲ ဖြစ်နိုင်ခြေ ရှိတယ်။ ဒါပေမဲ့ ဒီကမ္ဘာပေါ်မှာ အရာအားလုံးက အလကားမရပဲ မင်းက အားမထုတ်ခဲ့ရင် ဘာမှ ဖြစ်မြောက်မှာ မဟုတ်ဘူး။ တကယ်လို့ မင်းက အောင်မြင်မှုတွေကို လိုချင်ရင် မင်းက လျှောက်လှမ်းရင်း အန္တရာယ်တွေနဲ့

ရှုံးနိမ့်မှုတွေကို လက်ခံရဲတဲ့ သတ္တိရှိရမယ်။ မင်းလုပ်နိုင်တဲ့ တစ်ခုတည်းသော အရာက မင်းရဲ့ အောင်မြင်နိုင်ဖို့ အခွင့်အလမ်းတွေကို တစ်နည်းမဟုတ် တနည်းနဲ့ မြင့်မားလာအောင် လုပ်ဖို့ပဲ"

လင်းဖုန်းက ဖွဖွလေး ဆက်ပြောလိုက်သည်။ "ငါက အားလုံးကို မင်းရွေးချယ်ဖို့ ချန်ထားခဲ့မယ်။ မင်းက ငါ့ကို စိတ်ပျက်စေမှာ မဟုတ်ဘူးလို့ ယုံကြည်နေပါတယ်"

ယန်ချင်သည် နောက်ဆုံးတွင် သူ၏ခေါင်းအား မော့လိုက်ကာ နွေးထွေးစွာနှင့် ပြုံးလိုက်ပြီး လင်းဖုန်း၏ မျက်လုံးများအတွင်းသို့

တည့်တည့်ကြည့်လိုက်သည်။ "ဟုတ်ကဲ့ပါ၊ ဆရာသခင်"

သူ၏ အသံမဆုံးသေးခင်တွင် လင်းဖုန်း၏ အရှေ့မှ ပုံရိပ်သည် ပါးလျသော လေထုအတွင်းတွင် ပျောက်ကွယ်သွားခဲ့သည်။

လင်းဖုန်းသည် ဟန်ပန် အမူအရာ ကင်းမဲ့စွာနှင့်ပင် အရှေ့သို့ ဆက်သွားလိုက်သည်။ အချိန် သိပ်မကြာမီပင် သူ၏အရှေ့တွင် နောက်ထပ်ပုံရိပ် နောက်တစ်ခု ထွက်လာခဲ့၏။ သူသည် သူနှင့် သိပ်မကြာသေးမီကပင် အတူရှိနေသော ဇူရီဖြစ်သည်။

ဇူရီသည် အစောနက ယန်ချင်ကဲ့သို့ပင် သူ့အား လေးနက်သော အမူအရာဖြင့် နှုတ်ဆက်လိုက်သည်။ "ဆရာ၊ ဆရာက တချို့တပည့်တွေ အပေါ်ကို မျက်နှာသာ ပေးနေတယ်လို့ ကျွန်တော်က ထင်နေပါတယ်"

"အိုး၊ မင်းက ဘာဖြစ်လို့ ဒီလိုမျိုး ပြောရတာလဲ" လင်းဖုန်းက မေးခွန်းပြန်မေးလိုက်ရာ ဇူရီက လျှင်မြန်စွာနှင့် ပြန်ဖြေလိုက်သည်။ "တတိယ ဂျူနီယာက ချီသာဝက အဆင့်မှ ရှိစဥ်ကနဲ့ နောက်ပိုင်းမှာ အခြေခံအုတ်မြစ် အဆင့်ကို ရောက်သွားတဲ့အခါမှာ ဆရာက ဆရာတတ်နိုင်သမျှ အကုန်လုံး

ကူညီပေးခဲ့တယ်။ ဆရာက သူလျှင်မြန်စွာ
တက်လှမ်းနိုင်ဖို့ အရင်းအမြစ်တွေကို
အကောင်းဆုံး ရှာဖွေပေးပြီး သူ့ရဲ့
စိတ်အခြေအနေနဲ့ ကျင့်ကြံမှုကို
အထူးအာရုံစိုက်ပေးခဲ့တယ်။ သူ့ရဲ့ ပုခုံးပေါ်က
ဝန်ထုပ်ဝန်ပိုးတွေကို လျှော့ချနိုင်ဖို့အတွက်
သူ့ကို အကြံတွေ မကြာခဏပေးခဲ့တယ်"

"အားလုံးတို့က တတိယ ဂျူနီယာဟာ ဆရာ
တပည့်ရွေးတဲ့ နေရာမှာ မှားယွင်းဆုံးဖြတ်ခဲ့တဲ့
အကောင်းဆုံး ဥပမာ တစ်ခုပဲလို့
ပြောနေကြတယ်။ ဒါပေမဲ့ ဆရာက သူ့ကို
အမြဲတစေ ကာကွယ်ပေးခဲ့ပြီး
စောင့်ရှောက်ပေးခဲ့တယ်"

လင်းဖုန်း၏ အမူအရာသည် ခပ်တည်တည်နှင့် ငြိမ်သက်နေဆဲပင် ဖြစ်၏။
"ဘာများကျန်သေးလဲ"

ဇူရီက ဗလုံးဗထွေးနှင့် ဆက်ပြောလိုက်သည်။
"အစ်ကိုကြီးက အခြေတည်ဝိညာဉ် အဆင့်ကို မရောက်သေးခင်မှာ ဆရာက အမတန်ကိုမှ ကြိုးစားပေးခဲ့တယ်။ သူ့ရဲ့ အကြွင်းမဲ့မီးတောက်ငါးမျိုးတို့ကို အတူတကွ ပေါင်းစပ်နိုင်ဖို့ ဆရာက ကိုယ်တိုင်ကိုယ်ကျ စောင့်ကြပ်ပေးခဲ့တယ်။ ဒါက သူ့ကို အခြေတည်ဝိညာဉ် ဖော်ဆောင်ပြီးသွားတဲ့ အချိန်မှာ အမတန်ကို ထူးချွန်ပြောင်မြောက်သွားစေခဲ့တယ်"

လင်းဖုန်းသည် ယခင်ကကဲ့သို့ပင် တူညီသော မေးခွန်းအား ထပ်မေးလိုက်သည်။
"ဘာများကျန်သေးလဲ"

ဇူရီသည် မရပ်တန့်ချင်သေးသကဲ့သို့ သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။
"ဂျူနီယာလေး အနေနဲ့ သူက ဆရာ့ထံကို ကောင်ကလေး ဘဝကနေ စဝင်လာခဲ့ပြီး ဆရာက သူကြီးပြင်းလာတာကို စောင့်ကြည့်ခဲ့ရတယ်။ သူဒီကနေ့ ဖြစ်လာခဲ့တဲ့ ဘဝကို ဆရာက ဖန်ဆင်းပေးခဲ့တာ။ ဆရာက သူ့ရဲ့ဆရာ ဖြစ်သလို သူ့ရဲ့ဖခင်လိုလည်း ဖြစ်နေခဲ့တယ်။ သူ့ရဲ့မိဘတွေကတောင်

ဆရာ့လို့မျိုး သူ့အပေါ်မှာ သွေးနဲ့ချွေးနဲ့
ပေးဆပ်ခဲ့တာမျိုး မရှိခဲ့ဘူး"

"ယင်လေပြင်း ကပ်ဘေးကို ရင်ဆိုင်ခဲ့ရစဉ်က
ဆရာက သူ့ရဲ့ အပေါက်ကိုးပေါက်
ရွှေရောင်ဗဟိုချက်ကို ဖာထေးနိုင်ဖို့
အသုံးပြုခဲ့ရတဲ့ စွမ်းအားနဲ့ အရင်းအမြစ်
ပစ္စည်းတွေက တတိယ ဂျူနီယာ
အခြေခံအုတ်မြစ် အဆင့် အတွင်းမှာ
အသုံးပြုခဲ့ရတဲ့ အားထုတ်မှုနဲ့ ယှဉ်နိုင်တယ်။
ဆရာက သူ့အတွက်နဲ့တောင်
နတ်ဘုရားနယ်မြေက နံပါတ်တစ်
မြင့်မြတ်နယ်မြေဖြစ်တဲ့ ဟင်းလင်းပြင်
ဘုရားကျောင်းနဲ့တောင် ပဋိပက္ခဖြစ်ခဲ့တယ်။

ဂျူနီယာလေးအတွက် တရားမျှတမှုကို ရှာဖွေပေးဖို့ သူတို့ကို အားသုံးပြီး တွန်းလှန်ခဲ့တယ်"

"နတ်ဘုရားနယ်မြေက လူတွေအားလုံးတို့က ဆရာဟာ ရူးနေပြီး ကိုယ်လုပ်နေတာကို ကိုယ်မသိဘူးလို့ ပြောနေကြတယ်။ ဆရာက တပည့်ငယ်လေး တစ်ယောက်အတွက်နဲ့ ဟင်းလင်းပြင် ဘုရားကျောင်းကိုတောင် အံတုရဲခဲ့တယ်"

ဇူရီသည် လင်းဖုန်း၏ မျက်လုံးများ အတွင်းသို့ တည့်တည့် စိုက်ကြည့်လိုက်သည်။ "ဆရာနဲ့ အရင်းနှီးဆုံး တပည့်လေးယောက်အတွင်းမှာ

ကျွန်တော်တစ်ယောက်တည်းကို ဆရာ့အနေနဲ့
သက်သက်သာသာ သဘောထားခဲ့တယ်။
ကျွန်တော်က လုံခွက်ကို ဖန်ဆင်းတဲ့
အချိန်မှာသာ အလင်းနဲ့အမှောင် မျှခြေက
မညီမမျှ ဖြစ်နေတဲ့အတွက် ဆရာက
ကျွန်တော့်ကို ဟန်ဟိုင် စိတ်ဝိညာဉ်
အစည်းအဝေးကို ခေါ်သွားပြီး ထာဝရ
အလင်းတန်း တထာဂတ မန္တန်ကို
ရအောင်လုပ်ပေးခဲ့တယ်။ အဲ့ဒီအချိန်ကလွဲလို့
ဆရာက ကျွန်တော့်ကို အခြားသူတွေလိုမျိုး
အထူးဂရုတစိုက်နဲ့
ပြုစုစောင့်ရှောက်ပေးခဲ့တာမျိုး မလုပ်ပေးခဲ့ဘူး"

လင်းဖုန်းသည် ဇူရီ၏ အကြည့်ကို
တုံ့ပြန်လိုက်ကာ စတင် ရယ်မောလိုက်သည်။

ဒါသည် သူ့စိတ်၏ နက်ရှိုင်းသော
နေရာအတွင်းတွင် ရှိနေသော စိုးရိမ်စိတ်
တစ်ခု၏ ပုံရိပ်တစ်ခုသာ ဖြစ်၏။ သူသည် ဇူရီက
သူ့ထံမှ ဝေးကွာသွားမည်ကို စိုးရိမ်နေခဲ့ပြီး
သူတို့၏ ဆရာတပည့် ဆက်ဆံရေးက
ပြိုကွဲသွားမည်ကို စိုးရိမ်နေခဲ့ခြင်း ဖြစ်သည်။

ဒါသည် သဘာဝ မကျပဲ ကသိကအောက်
ဖြစ်စရာ ကိစ္စတစ်ခု မဟုတ်ချေ။ ဒါသည်
လူတစ်ယောက်နှင့် ကျန်သောသူများ၏
ဆက်ဆံရေး အကြားတွင် ဖြစ်နေကျ

ကိစ္စမျိုးသာ ဖြစ်၏။ တစ်ချိန်ချိန်တွင် တစ်စုံတစ်ယောက်သည် စိုးရိမ်စိတ်များနှင့်အတူ ဆုံးရှုံးရမည်ကို ကြောက်ရွံ့စိတ်များ ပေါ်လာသည်မှာ သဘာဝပင် ဖြစ်သည်။

ဒါသည် တစ်ယောက်၏ ကျင့်ကြံမှုအဆင့်နှင့် စိတ်ဓာတ်စွမ်းအားတို့နှင့် ဘာမှ မသက်ဆိုင်ပေ။ ဒါသည် သာမန်လူသားတစ်ယောက်က တွေ့ကြုံရမည့် စိတ်အခြေအနေ တစ်ခုသာ ဖြစ်သည်။

လင်းဖုန်းသည် ဇူရီအား ပြုံးပြလိုက်ကာ မေးခွန်းတစ်ခုကို ပြန်မေးလိုက်သည်။ "မင်းမှာက လုံခွက်ဖန်ဆင်းတဲ့ အချိန်ကလွဲလို့

ငါ့ရဲ့ ကူညီမှုကို ရယူရလောက်အောင်
ကြီးမားတဲ့ ခက်ခဲမှုတွေကို
ကြုံတွေ့ခဲ့ရဖူးသလား"

ဇူရီက သူ၏ခေါင်းကို ခါလိုက်သည်။ "မရှိပါဘူး"

လင်းဖုန်းက အားရပါးရ ရယ်မောလိုက်ကာ
ပြောလိုက်သည်။ "ဒါပဲလေ။ မင်းပြုလုပ်နေခဲ့တဲ့
အရာတိုင်းက ပြည့်စုံလုနီးပါး ဖြစ်နေခဲ့တယ်။
မင်းက ဘာမှမဟုတ်တဲ့ ကိစ္စလေးအတွက်
ဘာဖြစ်လို့ နားပူနားဆာ လာလုပ်နေတာလဲ"

"မင်းက ငါအနည်းဆုံး စိုးရိမ်ရတဲ့
တပည့်တစ်ယောက် ဖြစ်တယ်။
ဆရာတစ်ယောက် လုပ်သင့်တဲ့
အရာတွေကလွဲလို့ ငါကမင်းကို ဝင်မစွက်ဖက်ပဲ
ဒုက္ခတွေကို ထပ်မပေးခဲ့ဘူး"

"စဉ်းစားကြည့်စမ်းပါဦး။ မင်းက အကုန်လုံးကို
မှန်ကန်စွာ လုပ်ဆောင်နေချိန်မှာ
တစ်စုံတစ်ယောက်က မင်းနားအနားမှာ
စိတ်ရှုပ်စရာကောင်းတဲ့ ယင်ကောင်လိုမျိုး
တစ်ဝီဝီနဲ့ အဆက်မပြတ်
အော်မြည်နေမယ်ဆိုရင် မင်းက
ဘယ်လိုလုပ်မလဲ။ မင်းက
စိတ်မပျက်မိဘူးလား။ မင်းက ဒီလူကို

မင်းဘဝထဲကနေ ကန်ထုတ်ပစ်ချင်စိတ်
မပေါ်နိုင်ဘူးလား"

ဇူရီက သဘောတူစွာနှင့် သူ၏ခေါင်းကို
ညိတ်လိုက်၏။ "ဟုတ်ပါတယ်၊
ကျွန်တော့်နားကို ချမ်းသာပေးပါ"

လင်းဖုန်းသည် သူ၏လက်များကို
ကျောနောက်တွင် ပစ်ထားခဲ့ကာ
ထပ်မံရယ်လိုက်သည်။ "ဒါပေါ့၊ ငါကလည်း
ဒီလိုလူမျိုး မဖြစ်ချင်နေဘူး"

လင်းဖုန်းသည် ရယ်ချင်စိတ်များကို မျိုသိပ်ထားလိုက်ကာ သူ၏မျက်နှာမှာ လေးနက်သွားခဲ့၏။ "မင်းက ရှောင်ယန်၊ ဝမ်လင်းနဲ့ ရှောင်ပုတန်တို့လိုမျိုး မင်းကိုယ်တိုင် မကျော်လွှားနိုင်တဲ့ ကိစ္စ တစ်စုံတစ်ရာနဲ့ ကြုံတွေ့ခဲ့မယ်ဆိုရင် ငါက ဘေးကနေ ဘာမှမလုပ်ပဲ ထိုင်ကြည့်နေမှာ မဟုတ်ဘူး။ ငါက မင်းရဲ့ ဖြေရှင်းရခက်တဲ့ ပြဿနာကို အတတ်နိုင်ဆုံး ကူညီပြီး ဖြေရှင်းပေးမှာ ဖြစ်တယ်"

သူသည် ဇူရီ၏ မျက်လုံးများအတွင်းသို့ တည့်တည့် စိုက်ကြည့်လိုက်ကာ ဖြည်းဖြည်းချင်း ပြောလိုက်သည်။ "မင်းက ငါ့ရဲ့

ရည်ရွယ်ချက်တွေကို နားလည်ပြီး
ငါဘာလုပ်နေသလဲ ဆိုတာကို သဘောပေါက်ဖို့
အများကြီး မျှော်လင့်နေပါတယ်"

ဇူရီ၏ ပုံရိပ်သည် သူ၏မြင်ကွင်း အတွင်းမှ
တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့သည်ကို
ကြည့်လိုက်ပြီး လင်းဖုန်းသည် သူ၏ခေါင်းကို
ထပ်မံခါလိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။
ဤလေဟာနယ် ပုံရိပ်ယောင်သည် သူစိတ်၏
နက်ရှိုင်းသော အတွင်းတစ်နေရာမှ
ကြောက်ရွံ့စိုးရိမ်စိတ်များကို ရင်ဆိုင်၍
ပေါင်းပင်များကို သုတ်သင်ဖယ်ရှားရန်
အကောင်းဆုံးသော အခွင့်အရေး တစ်ခုဖြစ်၏။

ဤပုန်းကွယ်နေသော စိုးရိမ်စိတ်များသည် အမှန်ဆိုလျှင် အလွန်တရာသေးငယ်လှ၏။ သူတို့သည် မသိစိတ် အတွင်း၌သာ နေနေခြင်း ဖြစ်၍ သာမန်အချိန်တွင် စဉ်းစားမိမည် မဟုတ်ပဲ ဒီအတိုင်း ကျော်ဖြတ်သွားခဲ့မည် ဖြစ်သည်။

သူတို့သည် လင်းဖုန်းအသိစိတ်၏ နက်ရှိုင်းသော အပိုင်းအတွင်းတွင် မှီခိုနေကြသော ကပ်ပါးကောင်များကဲ့သို့ ဖြစ်သည်။ ဤလေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် လင်းဖုန်းသည် ဤကပ်ပါးကောင်လေးများအား တစ်ကောင်ပြီးတစ်ကောင် ဆွဲထုတ်နိုင်ရန် အခွင့်အရေးကို ရရှိခဲ့သည်။ နောက်ဆုံးတွင်

ဒါသည် သူ၏ ကျင့်ကြံမှု လမ်းကြောင်းနှင့် စိတ်အခြေအနေတို့အတွက် အဖိုးတန်သော တိုးတက်မှုများကို ပေးစွမ်းနိုင်သည်။

ဤပုံရိပ်ယောင် အတွင်းတွင် သူတွေ့ခဲ့ရသမျှ လူများသည် သူ၏ နက်ရှိုင်းသော စိတ်အတွင်းမှ စိုးရိမ်ပူပန်နေရမှုများ ဖြစ်ကြသည်။

သူသည် ပါရမီ ဇန်မာစတာကိုပင် တွေ့ခဲ့ရ၏။ ပါရမီ ဇန်မာစတာသည် မဟာမိုးကြိုး ကျောင်းတော်ကြီး၏ အစပိုင်းနေ့များမှ ခမ်းနားကြီးကျယ်မှုများကို ပြောဆိုနေခဲ့၏။ သို့သော်လည်း ဗုဒ္ဓ၏ မဟာသာဝက ဆယ်ပါး မရှိတော့သည့် နောက်တွင် ဗုဒ္ဓသာဝကများ၏

အခြေအနေသည် စတင်၍ ကျဆင်းလာခဲ့၏။
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်လည်း
ထိုကဲ့သို့သော ကံကြမ္မာမျိုးကို
ရှောင်လွှဲနိုင်မည်လော။

လင်းဖုန်းအပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ
ပထမမျိုးဆက် တပည့်များသည်
အလွန်အမင်းကို ထူးချွန်ပြောင်မြောက်လှသည်။
ဤကဲ့သို့သော အဖြစ်မျိုးသည် ယခင်က
တစ်ခါမှ မကြုံဖူးသေးခဲ့ပဲ နောက်ထပ်
ပေါ်ပေါက်လာရန်လည်း မဖြစ်နိုင်ချေ။
လင်းဖုန်းသည် ဒုတိယနှင့် တတိယ မျိုးဆက်မှ
တပည့်များကို အသေအချာ
ရွေးချယ်ထားခဲ့သော်လည်း သူတို့သည်

ရှောင်ယန်နှင့် ကျန်သောသူများထက်တော့ နိမ့်ကျကြသေး၏။ ဤအဖြစ်သည် လွန်ခဲ့သော နှစ်များအတွင်းက မဟာမိုးကြိုး ကျောင်းတော်၏ အဖြစ်နှင့် တူမနေပါလော။

သူသည် စန်းချီဖန်နှင့်လည်း တွေ့ခဲ့သေး၏။ သူသည် သံသရာ ဘုန်းတော်ကြီး၏ ဦးဆောင်မှုအောက်တွင် သံသရာဂိုဏ်း၏ လျှင်မြန်စွာ ကြီးကျယ်ခမ်းနား တိုးတက်လာမှုကို ပြောနေခဲ့၏။ သို့သော်လည်း သံသရာ ဘုန်းတော်ကြီး၏ မမျှော်လင့်ပဲ သေဆုံးသွားမှု အပြီးတွင် သံသရာဂိုဏ်းသည် ချက်ချင်းပင် အဖွဲ့ခွဲပေါင်း များစွာအဖြစ်သို့ ပြိုကွဲသွား၏။ အချင်းချင်း အဆက်မပြတ်

ထိုးနှက်တိုက်ခိုက်နေမှုသည် သူတို့ဂိုဏ်းအား
ဖုန်မှုန့်အဖြစ်သို့ ကျဆင်းသွားစေခဲ့၏။

ယနေ့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည်လည်း
လင်းဖုန်းနှင့် လင်းဖုန်းတစ်ယောက်တည်း
အပေါ်တွင်သာ မှီခိုနေခြင်း ဖြစ်၏။ အကယ်၍
သူကသာ ကံမကောင်းစွာဖြင့်
ကြွေလွင့်သွားခဲ့ရသော အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ ကံကြမ္မာသည်
မည်ကဲ့သို့ ဖြစ်သွားလိမ့်မည်နည်း။

သူ၏ လက်ရင်းတပည့်များသည်
သူ့နည်းလမ်းနှင့်သူ ထူးချွန်ပြောင်မြောက်ကာ
ခေတ်တစ်ခေတ်တွင် ကြီးမားသော

ကစားသူများ ဖြစ်လာရန် ကံကြမ္မာများ ပါလာကြသူများ ဖြစ်သည်။ သူတစ်ယောက်တည်းသာလျှင် သူတို့အား အတူတကွ ပေါင်းစည်းထားနိုင်၍ ထိန်းချုပ်ထားနိုင်ခြင်း ဖြစ်သည်။ အကယ်၍ သူမရှိတော့လျှင် အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် အစိတ်စိတ် အမြွှာမြွှာ ကွဲသွားနိုင်သည်။

သူသည် ရွှမ်းလီနှင့် ကောင်းကင်ဖျက်ဆီး ဓားအကြောင်းကို ပြောခဲ့သည်။ သူသည် ကမ္ဘာဖျက်ကပ်ကို ဖန်ဆင်းနိုင်၍ အရာအားလုံးကို ဖျက်ဆီးစေနိုင်သော ဤကောင်းကင် ဖျက်ဆီးဓား၏ အမြင့်ဆုံး

ရောက်ရှိနိုင်သော စွမ်းအားအကြောင်းကို ဆွေးနွေးခဲ့၏။

လင်းဖုန်းသည် ထိုစိုးရိမ်ပူပန်မှုများ အားလုံးတို့အား ပွင့်လင်းစွာနှင့် ရင်ဆိုင်ခဲ့၍ တစ်ခုချင်းစီအား အောင်မြင်စွာနှင့် ကျော်ဖြတ်နိုင်ခဲ့သည်။

"ကြည့်ရတာ ငါ့ရဲ့ စိုးရိမ်မှုတွေက ပုန်းအောင်းမနေတော့ပဲ နောက်ပိုင်းကျရင် ဂရုစိုက်စရာ မလိုတော့ဘူး" လင်းဖုန်းက သူ့ကိုယ်သူ တွေးလိုက်ကာ နောက်ထပ် ပုံရိပ်တစ်ခုအား ရင်ဆိုင်လိုက်သည်။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိခေါင်းဆောင်ဖြစ်သူ ယန်နန်းလိုင် ဖြစ်၏။

## စာစဥ် ၄၀ : အပိုင်း ၇

## အပိုင်း ၇၅၇ : တော်ဝင်နန်းတော်က ရောက်လာခဲ့ပြီ

လင်းဖုန်း၏ အရှေ့တွင် လှုပ်ရှားနေသော အဖြူရောင် တိမ်တိုက်များ ပေါ်လာခဲ့၍ အနည်းငယ် တုန်ခါသွားကာ ပွင့်သွားခဲ့၍

အတွင်းမှနေ၍ အနက်ရောင် ဆံပင်များနှင့် နားစပ်နှစ်ဘက်တွင် အဖြူရောင် ဆံနွယ်များ ကျနေခဲ့သော လူငယ်တစ်ယောက် ထွက်လာခဲ့သည်။ သူ့ကို ကြည့်ရသည်မှာ အသက်နှစ်ဆယ်ကျော်ဟုပင် ထင်နေရ၏။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်ရှိခေါင်းဆောင် ယန်နန်းလိုင် ဖြစ်ပေသည်။

သူသည် ထူထဲသော အဖြူရောင် တိမ်တိုက်များ အတွင်းတွင် နေနေခဲ့ကာ အဖြူရောင်နှင့် အနက်ရောင် စွမ်းအား နှစ်ကြောင်းတို့သည် သူ၏ခန္ဓာကိုယ်အား လည်ပတ်နေကြသည်။

လင်းဖုန်းသည် ယန်နန်းလိုင်အား
စိုက်ကြည့်နေခဲ့၍ သူတို့ နှစ်ယောက်တို့သည်
အချင်းချင်း တိတ်ဆိတ်စွာနှင့်ပင်
စိုက်ကြည့်နေခဲ့ကြသည်။

ဤတွေ့ဆုံမှုသည် သူတွေ့ခဲ့သော
အခြားပုံရိပ်ယောင်တို့၏ စကားဝိုင်းများနှင့်
အနည်းငယ် ကွာခြားနေ၏။ သို့သော်လည်း
လင်းဖုန်းသည် ယန်နန်းလိုင်၏ ပုံရိပ်က
မည်သည်ကို ကိုယ်စားပြုနေသည်ကို
ကောင်းကောင်း သိနေခဲ့သည်။

သူသည် အကြီးမြတ်ဆုံး ကျင့်ကြံသူ ဖြစ်လာ၍ သူ၏ဂိုဏ်းသည် သမိုင်းဝင် နံပါတ်တစ်ဂိုဏ်း ဖြစ်လာရမည်။ သူ၏အရှေ့တွင် သူဘယ်တော့မှ ကျော်လွှားနိုင်မည်မဟုတ်ဟု ထင်နေရသည့် တောင်ကြီးတစ်တောင် ရှိနေခဲ့သည်။ ဒါသည် နတ်ဘုရား နယ်မြေ၏ သမိုင်းတလျှောက်တွင် စွမ်းအားအကြီးဆုံး ဂိုဏ်းဖြစ်သည့် ဟင်းလင်းပြင် ဘုရားကျောင်းပင် ဖြစ်၏။

သူတို့အတွင်းတွင် လက်ရှိ အာဏာရနေသော ကွန်ဆာဗေးတစ်ပါတီကြောင့်သာ ဟင်းလင်းပြင် ဘုရားကျောင်းသည် လက်ရှိအချိန်တွင် သိုသိုသိပ်သိပ် နေနေခဲ့ခြင်း ဖြစ်သည်။ သူတို့သည် ကမ္ဘာကြီးအား

စစ်တုရင်ခုံကွဲသို့ သဘောထားနေကြကာ
တခါတရံမှသာ ဝင်ရောက် အကွက်ရွှေ့လေ့
ရှိကြသည်။ ထို့ကြောင့် လူအများစုသည်
ဟင်းလင်းပြင် ဘုရားကျောင်းက မည်မျှအထိ
အစွမ်းထက်သည်ကို
မေ့လျော့နေလေ့ရှိကြသည်။

လင်းဖုန်း၏ အဆင့်သို့ ရောက်သွားလျှင် ရှီယု၊
ရှင်းလုံစန်းနှင့် လျှမ်ပန်းတို့နှင့်အတူ သူတို့သည်
ဟင်းလင်းပြင် ဘုရားကျောင်းက မည်မျှအထိ
အစွမ်းထက်သည်ကို ကောင်းကောင်းသိကြကာ
သူတို့အား မည်သို့မျှ လျှော့မတွက်ရဲကြပေ။
သို့သော်လည်း အခြား အဆင့်နိမ့်သော

ကျင့်ကြံသူများသည် ဤမျှအထိ
သိပ်မသိကြပေ။

ပြင်ပသူများ မဆိုထားနှင့် လင်းဖုန်း၏ အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း အတွင်းတွင်ပင် ဤကဲ့သို့
ဖြစ်နေကြ၏။ ဂိုဏ်းအတွင်းသို့ ယခုမှ
ဝင်လာကြသော တပည့်သစ်များသည်
ဟင်းလင်းပြင် ဘုရားကျောင်းအား
ဘာမှမဟုတ်ဟူ၍ သဘောထားနေကြ၏။
"ဟွန့်၊ ဟင်းလင်းပြင် ဘုရားကျောင်းက
သူတို့ကိုယ်သူတို့ အစ်ကိုကြီး
လုပ်ချင်နေကြတာလား။ သူတို့က
ဘာမှမဟုတ်ပါဘူး"

အမှန်မှာမူ ဟင်းလင်းပြင် ဘုရားကျောင်းက
အစ်ကိုကြီး လုပ်ချင်နေခဲ့ခြင်း မဟုတ်ပေ။
သူတို့သည် နတ်ဘုရား နယ်မြေ၏ လူသား
ကျင့်ကြံမှု ကမ္ဘာအတွင်းမှ အစ်ကိုကြီးပင်
ဖြစ်သည်။ သူတို့သည် ဤအဆင့်အတန်းအား
ထောင်စုနှစ်ပေါင်းများစွာ ရရှိလာခဲ့ခြင်း
ဖြစ်သည်။

သူ၏ ရန်သူများကို အများကြီး ပိုတွက်ကာ
သူ၏ ကိုယ်ပိုင် စွမ်းအားနှင့် စိတ်ခံတတ်များကို
လျှော့ချခြင်းသည် လင်းဖုန်း၏ ပုံစံမဟုတ်ပေ။
မိမိရန်သူများ၏ စွမ်းအားများအား ကောင်းစွာ
နားလည်သဘောပေါက်ထားခြင်းသည်

သူတို့အား ကျော်လွှားနိုင်ရန်အတွက်
အသင့်တော်ဆုံး နည်းလမ်းဖြစ်သည်။

လင်းဖုန်းသည် ဤအချက်ကို အမြဲတမ်း
ကောင်းစွာ သဘောပေါက်ထား၏။

ဟင်းလင်းပြင် ဘုရားကျောင်းသည်
ရှေးဟောင်းခေတ်တွင် လူသားကေရာဇ်များ
အုပ်စိုးခဲ့သည့် အချိန်ကာလကတည်းက
တည်ရှိနေခဲ့ခြင်း ဖြစ်သည်။ အခြား
မဟာအင်အားစုများ၊ အခြား ဂိုဏ်းကြီးများ
မပေါ်လာမီကတည်းက ဟင်းလင်းပြင်
ဘုရားကျောင်းသည် လူသားကေရာဇ်များ၏
လက်အောက်ခံ မဟုတ်သော တစ်ခုတည်းသော

မဟာအင်အားစု တစ်ခုအဖြစ်နှင့် တည်ရှိလာခဲ့ခြင်း ဖြစ်သည်။

သူတို့သည် ကေရာဇ်များ၏ ဩဇာအာဏာကို အသိအမှတ်ပြုခဲ့ကာ သူတို့အား နန်းလု၍ သူတို့ကိုယ်တိုင်က အာဏာသိမ်းလိုသော ဆန္ဒများ မရှိခဲ့ပေ။ သူတို့အာရုံစိုက်နေသော တစ်ခုတည်းသော အရာမှာ မိစ္ဆာများသာ ဖြစ်ပြီး မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းမှ အဖြစ်အပျက်များကိုသာ ဖြစ်၏။

ဟင်းလင်းပြင် ဘုရားကျောင်းအား တည်ထောင်ခဲ့သောသူမှာ မဟာဟင်းလင်းပြင် သူတော်စင် ဖြစ်သည်။ သူသည် ကမ္ဘာဦးခေတ်

ကုန်ဆုံး၍ ရေးဟောင်းခေတ် စတင်ချိန်တွင်
တိုင်ကေရာဇ်နှင့် တစ်ခေတ်တည်း
ပေါ်ပေါက်ခဲ့သူ ဖြစ်သည်။ သူသည်
လူသားကျင့်ကြံသူများအား ဦးဆောင်၍
မိစ္ဆာများနှင့် စစ်ပွဲများကို တိုက်ခိုက်ခဲ့သူ ဖြစ်ကာ
သူ၏ ကျင့်ကြံမှု အဆင့်သည်
တိုင်ကေရာဇ်ထက် အောက်မကျပေ။
သို့တိုင်အောင် သူသည် တိုင်ကေရာဇ်ထံမှ
နန်းလုရန် စိတ်ကူးမရှိခဲ့ပေ။

တိုင်ကေရာဇ် ကျဆုံးသွားအပြီးတွင်
မဟာဟင်းလင်းပြင် သူတော်စင်သည်
ထီးနန်းဆက်ခံရန် ငြင်းဆန်ခဲ့သည်။ ထို့ကြောင့်
ရှူကေရာဇ်က နန်းတက်လာခဲ့သည်။

နောက်ပိုင်းတွင် ရှုကေရာဇ်က နန်းစွန့်ပြီး မဟာမိုးကြိုး ကျောင်းတော်အား ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မဟာဟင်းလင်းပြင် သူတော်စင်သည့် တတိယအကြိမ်အဖြစ် ထီးနန်းဆက်ခံရန် ငြင်းဆန်ခဲ့ပြီး နောက်ဆုံးတွင် သေမင်းပင်လယ် အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့ကာ မည်သည့် သတင်းကိုမှ မကြားခဲ့ရတော့ပေ။

ဒါသည် 'မဟာဟင်းလင်းပြင်၏ မဟာ အခွင့်အရေးသုံးခု'ဟူ၍ ရှေးဟောင်းခေတ်မှ လူသားကေရာဇ် ကာလတွင် ကျော်ကြားခဲ့သည့် ပုံပြင်တစ်ပုဒ် ဖြစ်သည်။

မဟာဟင်းလင်းပြင် သူတော်စင်သည်
သေမင်းပင်လယ် အတွင်းသို့
ဝင်ရောက်စူးစမ်းအပြီးတွင် သဲလွန်စ
မကျန်ရစ်ခဲ့ပဲ ပျောက်ဆုံးသွားခဲ့သော်လည်း
ဟင်းလင်းပြင် ဘုရားကျောင်းသည်
ထိပ်ဆုံးတွင်သာ ရှိနေခဲ့ပြီး
ကျန်သောသူများထက် အဆင့်မြင့်သော
နေရာ၌သာ ရှိနေခဲ့သည်။

သူတို့သည် ကောင်းကင်တံခါးဂိုဏ်းနှင့်
ပူးပေါင်းကာ နောက်ဆုံးလူသား ကေရာဇ်ကို
နန်းချ၍ ရှေးဟောင်းခေတ်အား တရားဝင်
ပြီးဆုံးစေခဲ့သော ပြုပြုပြောင်းလဲမှု

အပြီးတွင်လည်း ထိပ်ဆုံး၌သာ
ရပ်တည်နိုင်ခဲ့သည်။

ဤဖြစ်စဉ်ကို ရှင်းပြရန် အကြောင်းရင်းများစွာ
ရှိသည်။ ဟင်းလင်းပြင် ဘုရားကျောင်းသည်
ပါရမီရှင်များ အမျိုးအပြားကို
မွေးထုတ်ပေးနိုင်ရုံသာမက အဓိက
အကျဆုံးသော အကြောင်းရင်း တစ်ခုမှာ
ဂိုဏ်းအား ထောက်ကန်ပေးရန်
မဟာဟင်းလင်းပြင် သူတော်စင်
ချန်ထားရစ်ခဲ့သော မှော်ရတနာဖြစ်သည့် အန္တိမ
ကောင်းကင်ကြေးမုံပုံ ဖြစ်သည်။

သူ့အားပေးထားသော 'မူလကောင်းကင်
ကမ္ဘာ၏ နံပါတ်တစ် မော်ရတနာ'ဟူသော
ဘွဲ့နာမည်မှာ အရာအားလုံးကို
ရှင်းပြပေးနိုင်ခဲ့သည်။

ဤမော်ရတနာ၏ စွမ်းအားများအောက်တွင်
ကျဆုံးခဲ့ရသော ထိပ်သီး ကျင့်ကြံသူများ၏
စာရင်းအား ကြည့်လိုက်ရုံနှင့်ပင် ထပ်မံ၍
ရှင်းပြစရာ မလိုတော့ပေ။

ရွှမ်ဆန်းဟု အမည်ရသော ကြွယ်ကေရာဇ်၊
ရှန်းယွမ်ဟု အမည်ရသော ကျိကေရာဇ်တို့သည်
ထိုစာရင်း အတွင်းတွင် ပါဝင်သည်။
ထျန်းဟိုင်ဟု အမည်ရသော

ပေါးဒီးစ်ကေရာဇ်သည်ပင်လျှင် ဟင်းလင်းပြင် ဘုရားကျောင်း၏ လက်အောက်တွင် ကျဆုံးသွားခဲ့ရသည်။ သူတို့သည် သမိုင်းတလျှောက်တွင် အားအကြီးဆုံး မိစ္ဆာကေရာဇ်သုံးပါးဟူ၍ အမည်တွင်ကြသူများ ဖြစ်ကြ၏။ သူတို့တစ်ယောက်ချင်းစီတို့၏ ကံမကောင်းစွာ ကြွေလွင့်သွားခဲ့ရမှုတို့သည် အန္တိမ ကောင်းကင်ကြေးမုံနှင့် သက်ဆိုင်နေ၏။

ဤကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာသည် လူသား ကျင့်ကြံမှု ကမ္ဘာ၏ ဗဟိုချက်ကဲ့သို့ နတ်ဘုရား နယ်မြေမှ လူသားအားလုံးတို့၏ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုတို့အား အာမခံထားပေးခဲ့သည်။

အန္တိမ ကောင်းကင်ကြေးမုံသည်
သမိုင်းတလျှောက်တွင် မဟာဒဏ်ရာ သုံးခုကို
ရရှိဖူးခဲ့သည်။ ထိုဒဏ်ရာတို့မှာ
မိစ္ဆာကောရာဇ်သုံးပါး ဖြစ်ကြသော ကြွယ်၊ ကျိ၊
ဟေးဒီးစ်တို့နှင့် သက်ဆိုင်သည်။ သူဒဏ်ရာ
တစ်ခါရပြီးတိုင်းတွင် အန္တိမ
ကောင်းကင်ကြေးမုံသည် သူ၏ထိပ်ဆုံး
အခြေအနေသို့ ပြန်ရောက်နိုင်ရန်
အချိန်ပေါင်းများစွာ ယူရသည်။

ပြန်လည်ကုစားမှု အချိန်အတွင်းတွင်
ဟင်းလင်းပြင် ဘုရားကျောင်းသည် သူ၏
တိုးတက်မှုကို နှောင့်နှေးစေပြီး

ကုစားမှုအချိန်ကို ကြာရှည်နိုင်သဖြင့် အန္တိမ
ကောင်းကင်ကြေးမုံအား တစ်ခါမှ အသုံးပြုမည်
မဟုတ်ချေ။

သို့သော်လည်း အန္တိမ ကောင်းကင်ကြေးမုံအား
မသုံးမနေရ အခြေအနေသို့
ရောက်လာခဲ့လျှင်တော့ ဟင်းလင်းပြင်
ဘုရားကျောင်းသည် မည်သို့မှ
တွေဝေနေလိမ့်မည် မဟုတ်ပေ။

ရှုထောင့်တစ်ခုမှ ကြည့်ရလျှင် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ခေါင်းဆောင်
အဆင့်အတန်းအား စိန်ခေါ်ချင်နေခဲ့သူ

လူသားအချို့သည် ထိုမိစ္ဆာကောရာဇ် သုံးပါးအား ကျေးဇူးတင်ရမည် ဖြစ်၏။

လင်းဖုန်းသည် ယန်နန်းလိုင်အား ငြိမ်သက်စွာနှင့် ကြည့်နေခဲ့သည်။ ဟင်းလင်းပြင် ဘုရားကျောင်းသည် ထိပ်သီးကျင့်ကြံသူများနှင့် ပြည့်နေကာ စွမ်းအားအလွန်ထက်၍ သူတို့ကိုယ် သူတို့သာ မှီခို၍ နတ်ဘုရား နယ်မြေ တစ်ခုလုံးအား ထိန်းချုပ်နေသော်လည်း၊ သူတို့တွင် အန္တိမ ကောင်းကင်ကြေးမုံ ရှိနေသော်လည်း လင်းဖုန်းသည် ဘယ်တုံးကမှ မကြောက်ရွံ့ခဲ့ပေ။

သူတို့သည် ယခုလောလောဆယ်တွင်
သူတို့ထက် နိမ့်ကျနေခဲ့ခြင်းသည် သူတို့အား
အနာဂတ်တွင် မကျော်လွှားနိုင်ဟု ဆိုလိုနေခြင်း
မဟုတ်ပေ။ အားလုံးတို့သည် သူတို့၏
အားထုတ်မှုနှင့် နည်းလမ်းများ အပေါ်တွင်သာ
မူတည်နေခြင်း ဖြစ်သည်။

လင်းဖုန်း၏ ရည်မှန်းချက်မှာ
ကမ္ဘာတစ်ခုလုံးတွင် နံပါတ်တစ်ဂိုဏ်းကို
ထူထောင်ရန်နှင့် သမိုင်းတလျှောက်တွင်
အကြီးမြတ်ဆုံး ကျင့်ကြံသူ
ဖြစ်လာရန်အတွက်ပင် ဖြစ်၏။

ဤကဲ့သို့ဆိုလျှင် ဟင်းလင်းပြင်
ဘုရားကျောင်းအား ကျော်လွှားနိုင်ရုံ
သက်သက်ဖြင့် သူ၏ ရည်မှန်းချက်များကို
အကောင်အထည် ဖော်နိုင်မည် မဟုတ်ချေ။
သို့ဖြစ်၍ ဤကဲ့သို့သော ရောမ ဖြစ်တည်မှု
တစ်ခုအား ကျော်လွှားနိုင်ရန်
ကြိုးစားရခြင်းသည် အဘယ်မှာ ဤမျှအထိ
ကြောက်မက်ဖွယ် ကောင်းလိမ့်မည်နည်း။

သူ၏ ရည်ရွယ်ချက်မှာ ဟင်းလင်းပြင်
ဘုရားကျောင်းထက်ပင် ပို၍ အင်အားကြီးကာ
အစွမ်းထက်လာရန်ပင် ဖြစ်၏။

ယခင်က 'မဟာဟင်းလင်းပြင်၏ မဟာ အခွင့်အရေးသုံးခု'အား ရခဲ့ဖူးပြီး လက်ရှိအချိန်တွင် သိုသိုသိပ်သိပ် နေတတ်သော ကွန်ဆာဖေးတစ်ပါတီက အာဏာရနေခဲ့သောလည်း ဟင်းလင်းပြင် ဘုရားကျောင်းသည် ဆရာကြီး အဖြစ်နှင့် လှုပ်ရှားရသည်မှာ အကျင့်ပါနေပေပြီ။

ရှည်လျားလှသော သမိုင်းကြောင်း တလျှောက်တွင် ကောင်းကင် တံခါးဂိုဏ်းဖြစ်စေ၊ မဟာမိုးကြိုး ကျောင်းတော် ဖြစ်စေ၊ ရှေးဟောင်းစေတန်ဂိုဏ်း ဖြစ်စေ၊ စူတောင်ဓားဂိုဏ်းဖြစ်စေ၊ သူတို့၏ အန္တိမ ဦးဆောင်မှုအား စိန်ခေါ်ခဲ့ကြသူများသည်

နောက်ဆုံးတွင် မအောင်မမြင်
ဖြစ်သွားခဲ့ကြသည်။

သို့သော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းကို ကျော်လွှား၍ သူတို့၏ အန္တိမ
ဦးဆောင်မှုအား စိန်ခေါ်လာနိုင်ခဲ့လျှင်
ဟင်းလင်းပြင် ဘုရားကျောင်းသည်
တည်ငြိမ်စွာနှင့်
ဆက်လက်တုံ့ပြန်နိုင်မည်လော။

သူတို့သည် မဟာလွင်တီးခေါင် ကုန်းမြေမှ
မိစ္ဆာများကိုသာ အဓိက အာရုံစိုက်ရန်
ကြိုးစားနေခဲ့၍ မိစ္ဆာများက အချောင်

အကျိုးအမြတ် မရရှိနိုင်ရန် အချင်းချင်း တိုက်ခိုက်မှု မရှိရန် ကြိုးစားတားဆီး နေခဲ့သော်လည်း အရာအားလုံးတို့သည် သူတို့၏ အလိုအတိုင်း ဖြစ်နိုင်မည်လော။ ကောင်းကင် ကျက်သရေ မဟာပဏ္ဍိတ၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတကဲ့သို့သော စွမ်းအားကြီးသည့် မဟာမိတ္တာများတို့သည် သူတို့၏ ဆန္ဒများကို လိုက်လျောကြမည့် ရုပ်သေးရုပ်များ မဟုတ်ကြပေ။

အားလုံးတို့သည် သူတို့၏ကိုယ်ပိုင် တွက်ချက်မှုနှင့် ကိုယ်ပိုင် အစီအစဉ်များ ရှိနေကြသူများ ဖြစ်ကြသည်။ မည်သူက

နောက်ဆုံးရယ်နိုင်မည် ဟူသည်မှာ
ပြောရခက်ပေသည်။

လင်းဖုန်းသည်လည်း လူသားများက အချင်းချင်း
ရန်စောင်နေကြ၍ မိစ္ဆာများက အခွင့်အရေး
ယူကာ ကျူးကျော်လာမည့် အခြေအနေကို
လက်မခံနိုင်ပေ။

အကယ်၍ သူသည် အနာဂတ်တွင်
ပိုမိုမြင့်မားသည့် အဆင့်အတန်း တစ်ခုအား
ရရှိလာခဲ့ပါက သူ၏ စဉ်းစားပုံများကို
ပြောင်းလဲလိုက်ကာ လူသားများနှင့် မိစ္ဆာများ
အကြားက ပဋိပက္ခအား ရှုထောင့်အသစ်
တစ်မျိုးဖြင့် ကြည့်ရမည် ဖြစ်သည်။

သို့သော်လည်း သူ၏ယခုလက်ရှိ
အဆင့်အတန်းဖြင့် သူသည် ဟင်းလင်းပြင်
ဘုရားကျောင်းကဲ့သို့ မိစ္ဆာတို့၏
ခြိမ်းခြောက်မှုအား သတိဖြင့်
စောင့်ကြည့်နေရမည် ဖြစ်သည်။

လူတစ်ယောက်၏ ကပ်ဆိုးသည် သူ၏ မိသားစု
တစ်ခုလုံးကိုပါ အကျိုးသက်ရောက်နိုင်မည်
ဖြစ်သည်။

လင်းဖုန်းသည် ယန်နန်းလိုင်အား ဆက်လက်၍
စိုက်ကြည့်နေခဲ့ကာ စတင်၍
ရယ်မောလိုက်သည်။ ခပ်တည်တည်ဖြင့်သာ
ရှိနေခဲ့သော ယန်နန်းလိုင်ကလည်း စတင်၍

ရယ်မောခဲ့သည်။ သူတို့အား ကြည့်ရသည်မှာ ခြားနားနေသော်လည်း သူတို့၏ မျက်နှာများပေါ်မှ အမူအရာများသည် ပုံစံခွက် တစ်ခုတည်းမှ လာခဲ့သကဲ့သို့ အလွန်အမင်း ဆင်တူနေကြ၏။

"ဘယ်လောက်အထိ ကြီးမားတဲ့ စိန်ခေါ်မှုလဲ" လင်းဖုန်းက ရယ်ရမ်းသွေးလိုက်သည်။ "ဒါပေမဲ့ ဒါက အလှတရား တစ်ခုပဲ။ တောင်ထိပ်ပေါ်ကို ရောက်သွားပြီးရင် ကြည့်ရတဲ့ ရှုခင်းက ပိုပြီးတော့ ထိုက်တန်တယ်"

ယန်နန်းလိုင်၏ ပုံရိပ်သည် ထူထဲသော အဖြူရောင် တိမ်တိုက်များ အဖြစ်သို့

ပြောင်းလဲ၍ လျှင်မြန်စွာနှင့်
ပျောက်ကွယ်သွားခဲ့သည်။

ဒါသည် နောက်ဆုံးတွေ့ရသော ပုံရိပ်ဖြစ်သည်။
လင်းဖုန်းသည် နောက်ထပ်မည်သည့်
ပုံရိပ်ယောင်တို့ကိုမှ မတွေ့တော့ခဲ့ပဲ
သူ၏အရှေ့တွင် ကျန်နေခဲ့သည်မှာ
လင်းလက်နေသော အလင်းတန်းများပင်
ဖြစ်၏။

သူသည် ရုတ်တရက်ပင် လွတ်လပ်သွားခဲ့သည်။
သူသည် ဘေးဘီဝဲယာသို့ ကြည့်လိုက်ရာ
သူသည် ယင်ပင်လယ် အတွင်းသို့
ပြန်လည်ရောက်ရှိနေပြီ ဖြစ်သည်ကို

တွေ့ခဲ့ရသည်။ သူသည် ဘေးသို့
လှည့်ကြည့်လိုက်ရာ ထွင်းဖောက်၍
မြင်ရလုမတတ် ဖြစ်နေသော မှေးမှိန်သည့်
အလင်းတန်း တစ်လွှာသည် ပြင်ပကမ္ဘာနှင့်
ခွဲခြားထားခဲ့သည်ကို တွေ့လိုက်ရ၏။

သူယခုလေးတင်က တွေ့ကြုံခဲ့ရသော
သူ့ရင်အတွင်းမှ စိုးရိမ်စိတ်များကို ဖော်ပြခဲ့သော
ပုံရိပ်ယောင်များသည် ထိုအလင်းတန်း အလွှာမှ
လာခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူသည် စိတ်ဓာတ်ပြတ်သွားစွာနှင့်
စိတ်ထဲမှ ယုံကြည်မှုတို့အား
မထုတ်ဖော်နိုင်ခဲ့လျှင် သူ၏ စိတ်ဝိညာဉ်သည်

ဤပုံရိပ်ယောင်၏ တိုက်စားမှုကို ခံနေရ၍
ထိုအလင်းတန်း အလွှာအတွင်းတွင်သာ
ပေါင်းစည်းသွားခဲ့ကာ ထာဝရ ပိတ်နှောင်ခြင်း
ခံခဲ့ရမည် ဖြစ်သည်။

ဤကဲ့သို့သော ပုံရိပ်ယောင်သည်
တစ်ယောက်၏ စိတ်စွမ်းအားများနှင့်
စိတ်ခံစားခွင့်အပေါ်တွင်သာ မှီတည်၍
သူ၏ ကျင့်ကြံမှု အဆင့်များနှင့် မသက်ဆိုင်ပေ။

ဤလေဟာနယ် ပုံရိပ်ယောင်သည် ထူးဆန်းကာ
ခက်ခဲနက်နဲသည်။ တစ်ယောက်သည်
အောင်မြင်စွာနှင့် ကျော်ဖြတ်ပြီးသည်နှင့်
လေဟာနယ် ပုံရိပ်ယောင်သည်

လွင့်ပြယ်သွားခဲ့ကာ အလင်းတန်း အလွှာသည် သူ၏အရှေ့တွင် တစ်စစီ ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ ချက်ချင်းဆိုသလိုပင် ဇူရီ၊ လီယွမ်ဖန်းနှင့် ကျန်သောသူများသည် သူ၏အရှေ့တွက် လက်ကျန် အလင်းတန်း အစများနှင့် အတူ စိုးရိမ်ပူပန်စိတ်များနှင့် ဒုက္ခရောက်နေသော အမူအရာများနှင့် ပေါ်လာခဲ့သည်။

"ဒါက အန္တရာယ်များတဲ့ ပုံရိပ်ယောင် တစ်ခုဖြစ်တယ်။ ဒါပေမဲ့ မင်းတို့ရဲ့ စိတ်ဝိညာဉ်နဲ့ စိတ်စွမ်းအားတွေကို လေ့ကျင့်ပေးဖို့ အသုံးဝင်တယ်" လင်းဖုန်းက ဟက်ဟက်ပက်ပက် ရယ်လိုက်ရာ ဇူရီနှင့်

ကျန်သောသူများက သဘောတူလှစွာဖြင့်
ခေါင်းညိတ်လိုက်ကြသည်။

အားလုံးတို့သည် သူတို့၏ အကြည့်များကို
အဝေးမှ မိုးကုတ်စက်ဝိုင်းထံသို့ ပို့လိုက်ကြရာ
ကျွန်းတစ်ကျွန်းနှင့် တူနေသော ရောမ
လှျို့ဝှက်ဆန်းကြယ်သော
တောင်တစ်တောင်သည် ပင်လယ်
ရေမျက်နှာပြင်ပေါ်တွင် လွင့်မျောနေခဲ့သည်ကို
သူတို့၏ မျက်လုံးများအတွင်းတွင်
တွေ့လိုက်ရသည်။

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ထံမှာ အံ့ဩတုန်ခါနေသော အသံတစ်ခုအား ကြားလိုက်ရသည်။ "ယင်ကျိုးနတ်တောင်"

ဇူရီနှင့် ကျန်သောသူများသည် သူတို့၏ အရှေ့တွင် ပေါ်လာခဲ့သော နတ်တောင်၏ မြင်ကွင်းကို တွေ့လိုက်ကြရသဖြင့် အသက်ရှူရန် မေ့သွားခဲ့ကြသည်။

ဤနတ်တောင်၏ ပတ်ပတ်လည်မှ လေဟာနယ်သည် အတန်ငယ် တွန့်လိမ်နေ၍ အနေအထား မမှန်နေခဲ့ပေ။ ထို့ကြောင့် ဤတောင်သည် ယင်ပင်လယ် အတွင်းတွင်

လွင့်မျောနေရင်း သူရှိသင့်သည့် မျက်နှာပြင်
ဧရိယာထက် ပို၍ သေးငယ်ဟန် ပေါက်နေခဲ့၏။

အမှန်အတိုင်းပြောရလျှင်
ယင်ကျိုးနတ်တောင်သည် ဖန်ကျန်းနှင့်
ပန်းလိုင်တို့နှင့် သိပ်မကွာလှချေ။ သူသည်
ကျယ်ပြန့်လွန်းသဖြင့် ကျွန်းငယ်လေး
တစ်ကျွန်းနှင့်ပင် ယှဉ်နေနိုင်သည်။ သူသည်
ဖန်ကျန်းနတ်တောင်လောက်
မကြီးမားသော်လည်း သူသည် မိုင်လေးထောင်
ပတ်ပတ်လည် ကျယ်ဝန်းပေသည်။

လင်းဖုန်းသည် သူ၏ မျက်ခုံးများကို
ပင့်လိုက်ကာ ထိုတောင်အား အသေးစိတ်

အကဲခတ်လိုက်သည်။ "ဒါက သဘာဝ တရားတွေကနေ မွေးဖွားလာတဲ့ ရှေးဟောင်း မှော်ဝင်ကံ့ပါ တစ်ခုဖြစ်တယ်"

ဇူရီနှင့် လီယွမ်ဖန်းတို့သည် တောင်ပေါ်မှ ထိုဝင်ကံ့ပါအား စတင်ကြည့်ရှုလိုက်ကြ၏။ မှန်ပေ၏၊ သူ၏အပေါ်မှ တွန့်လိမ်နေ၍ အချိုးအစား မကျသော လေဟာနယ် အတွင်းတွင် ထွင်းဖောက်မြင်နေရသော မှန်ကူကွက်များနှင့် သလင်းကျောက်များသည် လွင့်မျောလျှက် ရှိကြ၏။

ဤမှန်ကူကွက်များသည် အတော့်ကို ကြီးမားလှသည်။ သူတို့သည်

ထောင့်မှန်စတုဂံပုံရှိကြကာ တစ်ခုချင်းစီသည် မီတာသုံးရာ စတုရန်း မီတာမျှရှိ၍ အလွှာပေါင်း များစွာအဖြစ် ဖွဲ့စည်းထားကြသည်။ သူတို့သည် ယင်ကျိုးနတ်တောင်အား အမိုးကဲ့သို့ မိုးထားကြခြင်း ဖြစ်သည်။

"သူက ထူးခြားပြီး ရှေးကျပေမဲ့ အခုအချိန်မှာ အတော့်ကို အားနည်းသွားခဲ့ပြီ" လီယွမ်ဖန်းသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ ဤရှေးဟောင်း မှော်ဝက်ပါအား ဆက်လက် လေ့လာနေခဲ့သည်။

လင်းဖုန်းသည် သူ၏လက်ကို ဝှေ့ယမ်းလိုက်ကာ ပြောလိုက်သည်။ "ကဲ၊ အချိန်ဖြုန်းမနေကြပဲ

သွားကြစို့" ပြီးတာနှင့် သူသည် ဇူရီနှင့် ကျန်သောသူများအား ခေါ်ဆောင်လိုက်ကာ ယင်ကျိုးနတ်တောင် ရှိရာထံသို့ သွားလိုက်ကြသည်။

ရွှင်ပျော်ပျော် သူတော်စင် အပါအဝင် သူတို့အနောက်မှ လူအများတို့သည် သူတို့၏ အရှေ့မှ ယင်ကျိုးနတ်တောင်အား မျက်လုံးအပြူးသားနှင့် စိုက်ကြည့်နေကြသည်။ လူတစ်ယောက်ချင်းစီတိုင်းသည် လင်းဖုန်းက သူတို့၏ အရှေ့တွင် ရှိနေမှန်း သိနေသည့်တိုင်အောင် လှုပ်ရှားချင်နေကြသည်။

လင်းဖုန်းသည် သူ့အနောက်မှ လူများအား ဂရုမစိုက်နေခဲ့ပဲ တောင်ရှိရာထံသို့သာ ပျံသန်းလာခဲ့သည်။ ရုတ်တရက်ပင် သူ၏ခေါင်းကို မော့လိုက်ကာ တောင်ပေါ်မှ ဟင်းလင်းပြင် အကွက်တစ်ကွက်ထံသို့ စိုက်ကြည့်နေခဲ့သည်။ "အဲ့ဒီမှာပဲ"

တောင်ပေါ်မှ အဖြူရောင် တိမ်တိုက်များနှင့် မြူခိုးငွေ့များသည် စတင် လောင်ကျွမ်းလာခဲ့ကာ သန်းနှင့်ချီသော ရွှေရောင် အလင်းတန်းများအဖြစ်သို့ ပြောင်းသွားကြသည်။

ကျယ်ပြန့်သော ပုံရိပ်တစ်ခုသည် ရွှေရောင် အလင်းတန်းများ အကြားမှ ပေါ်လာခဲ့သည်။ သူ့အား အသေအချာ မမြင်ခဲ့ရသော်လည်း တစ်ယောက်သည် သူ့ထံမှ ခမ်းနားကြီးကျယ်သော တော်ဝင်အော်ရာများကို ခံစားနေရသည်။ သူသည် တစ်ကမ္ဘာလုံးအား အုပ်စိုးနိုင်သောသူဟူ၍ ထင်နေရ၏။

မရေမတွက်နိုင်သော မှော်သင်္ကေတများသည် ရွှေရောင် အလင်းတန်းများ အကြားတွင် လွင့်မျောနေခဲ့သည်။ ပြီးတာနှင့် မြို့ကြီးတစ်မြို့ကဲ့သို့ ခမ်းနားကြီးကျယ်လှသည့် တော်ဝင်နန်းတော်သည် အားလုံးတို့၏ မြင်ကွင်းအတွင်းတွင် ပေါ်လာခဲ့သည်။

စံအိမ်များ၊ ခန်းမများ၊ ဥယျာဉ်များ၊ မိုးမျှော်
အဆောက်အအုံများစွာတို့သည်
တော်ဝင်နန်းတော် တစ်ခုအား ဖန်ဆင်းကာ
ကောင်ကင်ပေါ်မှ နတ်ဘုရားများ နေထိုင်သည့်
နန်းတော်အလား ခမ်းနားထည်ဝါလှသည့် အ
ငွေ့အသက်များကို ပိုင်ဆိုင်ထားသည်။

လင်းဖုန်းက သူ၏ခေါင်းကို ဖြည်းဖြည်းချင်း
ညိတ်လိုက်သည်။ "တော်ဝင်နန်းတော်"

တိုင်ကေရာဇ် စတင်ထုလုပ်ခဲ့သော
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ

တစ်ပါးဖြစ်ပြီး နောက်ဆုံးတွင် မဟာကျိုး အင်ပါယာ၏ လက်တွင်းသို့ ရောက်ရှိသွားခဲ့သော တော်ဝင်နန်းတော် ဖြစ်သည်။

## စာစဉ် ၄၈ : အပိုင်း ၈

## အပိုင်း ၇၅၈ : ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများ၏ တိုက်ခိုက်မှု

တော်ဝင်နန်းတော်သည် တိုင်ကေရာဇ်က ကမ္ဘာဦးခေတ် ကုန်ဆုံး၍ ရှေးဟောင်းခေတ် စတင်ရောက်ရှိလာသော အချိန်တွင်

စတင်ထုလုပ်ခဲ့သော ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်၏။

တော်ဝင်နန်းတော်သည် အန္တိမ ကောင်းကင်ကြေးမုံနှင့် အတူတကွ လက်တွဲကာ ရှေးခေတ်မှ မိစ္ဆာကေရာဇ် တစ်ပါးဖြစ်သော ရွှမ်းဆန်းအား ခုခံကာကွယ်ခဲ့သည်။ သူသည် အင်အားကြီးမားသော မဟာနဂါးများစွာတို့ကိုလည်း နှိမ်နင်းနိုင်ခဲ့ကာ မူလကောင်းကင် ကမ္ဘာအား လွှမ်းခဲ့သော နှစ်ပေါင်းများစွာက အုပ်စိုးခဲ့သော ရှေးပဝေသဏီ နတ်နဂါးများ၏ အုပ်ချုပ်မှုအား အဆုံးသတ်ပေးခဲ့သည်။

ကံမကောင်းစွာနှင့်ပင် တိုင်ကေရာဇ်သည်
ဤတိုက်ပွဲတွင် အသက်ဆုံးရှုံးခဲ့ရကာ
တော်ဝင်နန်းတော်ကလည်း အကြီးအကျယ်
ထိခိုက်ပျက်စီးသွားခဲ့၍
ထောင်စုနှစ်ပေါင်းများစွာ
အစပျောက်သွားခဲ့သည်။

သူ့အား နောက်ဆုံးတွင် မဟာကျိုး အင်ပါယာမှ
ထုတ်ဖော်နိုင်ခဲ့ပြီး မရေမတွက်နိုင်သော
မှော်အိုင်တမ်များနှင့် ရတနာများစွာတို့အား
ထည့်သွင်းကာ ပြန်လည် ပြုပြင်ခဲ့ခြင်း
ဖြစ်သည်။ တော်ဝင်နန်းတော်သည် မဟာကျိုး
အင်ပါယာ၏ အင်အားကြီးထွားလာမှုတွင်

အဓိကကျသော အခန်းကဏ္ဍတစ်ရပ်မှ ပါဝင်နေသည်။

ဗုဒ္ဓဝါဒအား နှိမ်နင်းသော စစ်ပွဲအတွင်းတွင် လျှမ်ပန်းသည် ဉာဏ်နန်းတော်အား အသုံးပြုကာ မဟာမိုးကြိုး ကျောင်းတော်၏ နောက်ဆုံး ကျောင်းထိုင်ဘုန်းကြီးအား အနိုင်ယူ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ သူသည် မဟာကျိုး အင်ပါယာ၏ စွမ်းအားနှင့် လွှမ်းမိုးမှုများအား ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော်လည်း မဟာမိုးကြိုး ကျောင်းတော်သည် မီးရှူတောင်က ပျက်စီးသွားခဲ့ပြီးသော်လည်း ချောင်ပိတ်ခံနေရသော ဒဏ်ရာရနေသည့်

သားကောင်ပမာ အပြင်းအထန်
ပြန်လည်တုံ့ပြန်ခဲ့သည်။ အပြည့်အ၀ ပြန်လည်
မကောင်းမွန်သေးခဲ့သည့်
တော်ဝင်နန်းတော်သည် မဟာမိုးကြိုး
ကျောင်းတော်မှ ဘုန်းကြီးများ၏
လက်ချက်ကြောင့် ဒဏ်ရာ အပြင်းအထန်
ပြန်လည် ရရှိသွားခဲ့၏။

လင်းဖုန်းသည် တိမ်တိုက်တောအုပ် ကမ္ဘာတွင်
တော်ဝင်နန်းတော်နှင့် တစ်ခါ အနီးကပ်
တိုက်ခိုက်ခဲ့ရ၏။ ထိုတိုက်ပွဲတွင် သူသည်
ယုကျင်းတောင်အား အသုံးပြုကာ
တော်ဝင်နန်းတော်နှင့်
ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။

ထိုအချိန်မှ တော်ဝင်နန်းတော်သည် ဗုဒ္ဓဝါဒအား နှိမ်နင်းသော တိုက်ပွဲကလောက် စွမ်းအားမထက်တော့ပေ။ သူသည် ထိုနှစ်များအတွင်းက မူလကောင်းကင် ကမ္ဘာအပေါ်တွင် ဝင့်ကြွားခဲ့သော ကြမ္မာပန်းတိုင်အဆင့်မှ မှော်ရတနာအားမီရန် များစွာလိုသေးသည်။

လင်းဖုန်းသည် သူ၏အသိစိတ်ကို အသုံးပြု၍ တစ်ချက် အကဲခတ်လိုက်ရာ သူ၏အရှေ့မှ တော်ဝင်နန်းတော်သည် ယခင်က တိမ်တိုက်တောအုပ် ကမ္ဘာတွင် တွေ့ခဲ့သည်နှင့် ဘာမှမဆိုင်တော့ကြောင့် တွေ့လိုက်သည်။

သူသည် ထိပ်ဆုံး အခြေအနေသို့
ပြန်မရောက်ခဲ့သေးသော်လည်း ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာများ ဖြစ်ကြသည့်
အင်မော်တယ် နဂါးမြို့တော်နှင့်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့၏
စွမ်းအားများနှင့် ယှဉ်ပြိုင်နိုင်ရန်
ဆံခြည်တစ်မျှင်မျှသာ လိုတော့သည်။

တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းမှ
တော်ဝင်နန်းတော်၏ စွမ်းအားသည်ပင်လျှင်
အတော့်ကို အစွမ်းထက်နေပေပြီ။
ထောင်နှင့်သောင်းနှင့်ချီသော မှုးမတ်များနှင့်
စည်းကမ်းလိုက်နာသော
ပြည်သူလူထုများတို့သည် သူတို့၏

စွမ်းအားများကို စုစည်း၍ နန်းတော်အား အားဖြည့်ပေးနေကြသည်။

အတိတ်ကာလမှ မဟာပုဂ္ဂိုလ်များသည့်လည်း တော်ဝင်နန်းတော်ထံတွင် အမှုထမ်းနေကြသည်။ သူတို့သည် သဘာဝ အမှန်တရားများကို ထုတ်ဖော်ပြသခဲ့၍ တော်ဝင်နန်းတော်၏ စွမ်းအားများကို အားဖြည့်ပေးနေကြသည်။

ပုံရိပ်ရောင် နတ်သမီးများနှင့် အစေခံများတို့သည် စံအိမ်များ၊ ခန်းမဆောင်များ အကြားတွင် ခေါက်တုံ့ပြန် လွန်းထိုး၍ သွားလာနေကြသည်။ သူတို့၏

လက်အတွင်းတွင် နတ်သုဒ္ဓါများကို
ကိုင်ထားကြကာ ပို၍ကောင်းမွန်သော
ကမ္ဘာတစ်ခု စတင်ခြင်းအား ကြိုဆိုနေကြသည်။

မရေမတွက်နိုင်သော သူတော်စင်များတို့သည်
တော်ဝင်နန်းတော်၏ အပေါ်တွင်
ခန့်ညားစွာဖြင့် လွင့်မျောနေကြ၏။

လင်းဖုန်းနှင့် နောက်ဆုံးတွေ့ဆုံခဲ့သည့်
အချိန်တွင် အားလုံးတို့သည် အတွင်းမှ
ထွက်လာသော ခရမ်းရွှေရောင်
အလင်းတန်းများတို့၏ အတွင်းတွင် ပုံရိပ်ယောင်
အရိပ်များ အနေနှင့်သာ ရှိနေကြခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင်
စည်းကမ်းသေဝပ် ပိပြားသော
ပြည်သူများဖြစ်စေ၊ နတ်သမီးများ ဖြစ်စေ၊
သူတော်စင်များ ဖြစ်စေ၊ သူတို့အားလုံးတို့သည်
ရုပ်အကောင်အထည် ပေါ်လာကြပြီ ဖြစ်သည်။
ကောင်းကင်ကိုးလွှာမှာ နတ်နန်းတော်
အစစ်တစ်ပါးက ပေါ်လာခဲ့ကာ အလွန်ပင်
ကြည်ညိုလေးစားစရာ ကောင်းလွန်းလှသဖြင့်
လူအများတို့သည် မတတ်နိုင်ပဲ
ဒူးထောက်ပူဇော်ရမည်ကဲ့သို့ ဖြစ်၏။

သံမဏိသစ်ပင် ကိုယ်ပွား၏ ခန္ဓာကိုယ်
အတွင်းမှ လင်းဖုန်းသည် သူ၏အရှေ့မှ

ကြောက်မက်ဖွယ်ရာ မှော်ရတနာ တစ်ပါးနှင့်
ရင်ဆိုင်လိုက်ရသောအခါ သူ၏
စိတ်ဝိညာဉ်သည် တုန်ခါသွားသည်ဟု
ခံစားလိုက်ရသည်။ ကမ္ဘာတစ်ခုလုံး၏
ကံကြမ္မာတို့သည် သူ၏ခေါင်းပေါ်သို့
ကျောက်ဆူးအလား ဖိချလာသကဲ့သို့
ခံစားလိုက်ရ၏။

ဤဖိအားသည် သူယခင်က
ဖန်ကျန်းနတ်တောင်နှင့် တွေ့ခဲ့စဉ်က
ခံစားရသည်ထက်ပင် ပိုနေသေး၏။

တော်ဝင်နန်းတော်၏ ပေါ်ပေါက်လာမှုကြောင့်
ယင်ကျိုးနတ်တောင် ပတ်ပတ်လည်မှ

အဖြူရောင် တိမ်တိုက် မြူခိုးငွေ့များ
ကင်းစင်သွား၍ ယင်ပင်လယ်မှ
ပင်လယ်ရေများကလည်း ဆူပွက်လာသကဲ့သို့
လှိုင်းထန်လာကြသည်။ ယင်ပင်လယ်၏
ပတ်ပတ်လည်မှ ပုံရိပ်ယောင်များသည် စတင်၍
အက်ကွဲလာကြကာ နောက်ဆုံးတွင်
ပူစီဖောင်းများကဲ့သို့ တစ်ခုပြီးတစ်ခု
ပေါက်ကွဲသွားကြသည်။

ဤလေဟာနယ် ပုံရိပ်ယောင် အများစုတို့သည်
အားနည်းကြကာ အစွမ်းမထက်ကြသော်လည်း
အချို့သည် အမှုမဲ့အမှတ်မဲ့ ဖြစ်နေသည့်
အင်မော်တယ်ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများအား

ချုပ်နှောင်ထားနိုင်သည့်အထိ
အားကောင်းကြသည်။ တော်ဝင်နန်းတော်၏
ဖိအားများနှင့် ရင်ဆိုင်ခဲ့ရသောအခါ
ထိုအားကောင်းသည့် ပုံရိပ်ယောင်များတို့သည်
ကြွေပန်းအိုးများကဲ့သို့ ကွဲကြေသွားခဲ့ကာ
ဘာမှမရှိခြင်း အဖြစ်သို့
ပျောက်ကွယ်သွားခဲ့သည်။

ဒါသည် တော်ဝင်နန်းတော်က သူတို့အား
တမင်သက်သက် ရည်ရွယ်၍
ပစ်မှတ်ထားနေခဲ့ခြင်း မဟုတ်သေးပေ။
တော်ဝင်နန်းတော်က ထိုနေရာသို့
ဆင်းသက်လာခြင်းကြောင့် ဖြစ်ပေါ်လာသော

လှိုင်းလုံးများကြောင့်သာ ထိုပုံရိပ်ယောင်များက ကွဲကြေသွားခဲ့ကြခြင်း ဖြစ်သည်။

ပုံရိပ်ယောင်များအား ရှောင်ရှားရန် မလိုပဲ သူတို့အား အတွင်းမှနေ၍ ကျော်လွှားရန်လည်း မလိုခဲ့ပေ။ သူလုပ်ခဲ့သည်မှာ ပုံရိပ်ယောင်များနှင့် သူတို့ဖန်တီးထားသော လျှို့ဝှက်ဆန်းကြယ်သည့် စွမ်းအားများကို ပြင်ပမှနေ၍ အားသုံးကာ ဖိခြေလိုက်ရုံသာ ဖြစ်သည်။ ဒါသည် အရာအားလုံးအား ပြင်ပအားသုံးကာ ခြေမွပစ်ခဲ့ခြင်းသာ ဖြစ်၏။

လင်းဖုန်းသည် ထိုမြင်ကွင်းအား မြင်လိုက်ရသောအခါ ရယ်လိုက်သည်။

"သူတို့က တော်ဝင်နန်းတော်ကို ပြန်လည်
ပြင်ဆင်နိုင်ခဲ့ရုံသာ မကပဲ အတိတ်က
တိုင်ဧကရာဇ်ရဲ့ ဗိုလ်ကျလွှမ်းမိုးခဲ့တဲ့
နည်းလမ်းတွေကိုတောင်
အတုခိုးထားခဲ့သေးတယ်"

တော်ဝင်နန်းတော်သည် လင်းဖုန်းနှင့်
ကျန်သောသူများအား
သူရောက်လာကတည်းက ဖုတ်လေသည့်ငပိ
ရှိသည်ဟူ၍ပင် ထင်မထားခဲ့ပဲ
ယင်ကျိုးနတ်တောင်ထံသို့သာလျှင် ဦးတည်ကာ
လှုပ်ရှားခဲ့လိုက်သည်။

မဟာကျိုး အင်ပါယာမှ ဧကရာဇ် လျှမ်ပန်းသည်
အချိန်ကိုက်ကို ရွေးချယ်ကာ အလုပ်လုပ်လေ့
ရှိသည်ဟူ၍ နာမည်ကြီးသည်။

ကြယ်စင်များ ပေါက်ကွဲ
လောင်ကျွမ်းနေသကဲ့သို့ တောက်ပလှသော
ခရမ်းရွှေရောင် အလင်းတန်းများ၏
အောက်တွင် ယင်ကျိုးနတ်တောင်၏
ရှေးဟောင်း မှော်ဝက်ပါသည် စတင်၍
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။

လျှမ်ပန်းသည် ထိုမှော်ဝက်ပါများ
ပြောင်းလဲလာသည်ကို စောင့်နေဖို့ရန်
စိတ်မရှည်သလို စိတ်လည်း မဝင်စားခဲ့ပေ။

သူသည် သူ၏ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာဖြင့်သာ အားသုံး၍ ဖိခြေပစ်ချင်နေခဲ့သည်။

သို့သော်လည်း သူသည် တောင်အနားသို့ ကပ်လာသည်နှင့် တပြိုင်နက် အလွန်တရာကြီးမားလှ၍ တိုင်းတာ၍ မရနိုင်အောင် ရှည်လျားသည့် အလင်းတန်း တစ်ခုသည် နဂါးတစ်ကောင်က ကောင်းကင်ပေါ်တွင် ပျံဝဲနေသည့်အတိုင်း ဟင်းလင်းပြင် တလျှောက် ဖြတ်သန်းလာခဲ့သည်။ သူ၏ အလျားသည် တကယ့်ကို အဆုံးမဲ့စွာဖြင့် ကောင်းကင်ယံတွင် ဆန့်တန်းနေခဲ့၏။

ဤကျယ်ပြန့်လှသော အလင်းတန်းထံမှ မလှုပ်ရှားနိုင်သော အော်ရာတစ်ခုက ထွက်လာခဲ့သည်။ သူသည် ဤကမ္ဘာအတွင်းမှ အရာအားလုံးတို့အား ကာကွယ်နိုင်သည်ဟူသော ခံစားချက်မျိုးကို ပေးနိုင်သည်။ ကောင်းကင်အောက်မှ ကံကြမ္မာအားလုံးတို့အား အန္တရာယ် ပေါင်းစုံတို့မှ ကင်းဝေးအောင် ကာကွယ်ပေးနိုင်သကဲ့သို့ ဖြစ်၏။ ချက်ချင်းဆိုသလိုပင် တော်ဝင်နန်းတော်၏ အားကောင်းလှသည့် အင်အားသည် အတွန်းလှန်ခံလိုက်ရကာ အနောက်သို့ ဆုတ်သွားခဲ့သည်။

ဒါသည် ထာဝရ အလင်းတန်းတို့ဖြင့်
ဖြာထွက်နေသော မြို့တံတိုင်း တစ်ခုဖြစ်သည်။
သူသည် မသေဆုံးနိုင်ပဲ အချိန်ကာလ
အားလုံးတို့မှ သက်ရှိဝိညာဉ်တို့၏
ကာကွယ်သူဖြစ်သည်။ သူ့ထံမှ
တော်ဝင်နန်းတော်နှင့် ယှဉ်နိုင်သည့်
ခမ်းနားကြီးကျယ်သော ဂုဏ်ကျက်သရေ
အော်ရာများကို ထုတ်လွှတ်နေသည်။ သူသည်
ကမ္ဘာဦးခေတ်မှ ပထမဆုံး လူသားကေရာဇ်
ဖြစ်သော ရှီကေရာဇ်က ထုလုပ်ခဲ့ခြင်း ဖြစ်၍
မဟာချင် အင်ပါယာမှ ကြမ္မာပန်းတိုင် အဆင့်မှ
မှော်ရတနာ တစ်ခုအဖြစ် နောက်ဆုံးတွင်
အဆုံးသတ်နိုင်ခဲ့သည် အင်မော်တယ်
နဂါးမြို့တော် ဖြစ်သည်။

ကြမ္မာပန်းတိုင်အဆင့်မှ မှော်ရတနာ နှစ်ခုတို့၏ တိုက်ခိုက်ခြင်း!

တော်ဝင်နန်းတော်၏ အပေါ်မှ ခရမ်းရွှေရောင် အလင်းတန်းသည် ထပ်ဖန်တစ်ခါ တောက်ပလာခဲ့၍ အစိမ်းရောင် ကစဉ့်ကလျား တွင်းနက်တစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ အတွင်းမှနေ၍ အစိမ်းရောင် စွမ်းအားစက်လုံး တစ်ခုသည် ပေါက်ကွဲထွက်လာခဲ့သည်။

ဤအစိမ်းရောင် စွမ်းအင်စက်လုံးမှ မိုးကြိုးထစ်ချုန်းသံများ ကြားနေရ၏။ ဒါသည်

ကစဉ့်ကလျားဂူ သူတော်စင် သတ်ဖြတ်ခြင်း
မိုးကြိုးသွားဖြစ်သည်။

ဘုရင့်အာဏာအား ဖီဆန်သူအားလုံးတို့သည်
ဤအစိမ်းရောင် လျှပ်စီး၏ ရိုက်ခတ်ခြင်းကို
ခံရမည် ဖြစ်သည်။

လင်းဖုန်း၏ မျက်လုံးအစုံသည်
ကျဉ်းမြောင်းသွားခဲ့၏။ တော်ဝင်နန်းတော်မှ
ထုတ်လွှတ်လိုက်သော ကစဉ့်ကလျားဂူ
သူတော်စင် သတ်ဖြတ်ခြင်း မိုးကြိုးသွားသည်
တိမ်တိုက်တောအုပ် ကမ္ဘာတွင်
ထုတ်လွှတ်ခဲ့စဉ်ကထက် များစွာပို၍
အစွမ်းထက်နေသည်။

ဤအစိမ်းရောင် အလင်းတန်း
စက်လုံးတစ်ခုတည်း၏ စွမ်းအားများသည်
ကမ္ဘာကြီး စတင်ပေါ်ပေါက်လာစဉ်က
ဖြစ်ပေါ်လာသော မဟာ ကစဉ့်ကလျားမှုများကို
ချိုးဖောက်နိုင်စွမ်း ရှိသည်နှင့် တူနေသည်။

အနီရောင် နဂါးဘုရင်သည် ချောင်တစ်ချောင်သို့
ကပ်၍ပုန်းနေခဲ့သည်။ သူ၏ကိုယ်ပိုင်
အထီးကျန်ရှစ်မျိုး နတ်ဘုရားမိုးကြိုးသည်
သူ၏အရှေ့မှ ကစဉ့်ကလျားဂူ သူတော်စင်
သတ်ဖြတ်ခြင်း မိုးကြိုးသွားနှင့် ယှဉ်လိုက်လျှင်
ဘာမှမဟုတ်ချေ။ မသေဝိညာဉ်
တတိယအဆင့်မှ မိုးကြိုးနဂါးဘုရင်၏

စွမ်းအားများပင်လျှင် အဆင့်နိမ့်ဦးမည် ဖြစ်၏။
ထို့အပြင် တော်ဝင်နန်းတော်သည်
တစ်ချိန်တည်းတွင်ပင် လျှပ်စီးများစွာတို့အား
ထုတ်လွှတ်နေခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင်
ပုံရိပ်တစ်ခုက ရုတ်တရက် ပေါ်လာခဲ့၏။
သူသည် တော်ဝင်သရဖူအား ဆောင်းထားကာ
ပျံဝဲနေသော နဂါးပုံစံကို ရေးထိုးထားသည့်
ဝတ်စုံအား ဝတ်ဆင်ထား၍
ခမ်းနားထည်ဝါသော တော်ဝင်
အငွေ့အသက်များကို ပိုင်ဆိုင်ထားသည်။
သူသည် မဟာချင် အင်ပါယာမှ ကေရာဇ်
ရှီယုပင် ဖြစ်၏။

သူသည် သူ့ထံသို့ ပြေးဝင်လာသော ကစဥ္စကလျားဂူ သူတော်စင် သတ်ဖြတ်ခြင်း မိုးကြိုးသွားအား ကြည့်လိုက်ကာ တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "လျှမ်ပန်း၊ မင်းက နောက်ဆုံးမှာ စင်စစ် ဖြစ်တည်မှု လမ်းကြောင်းကို ဖော်ဆောင်နိုင်ခဲ့ပြီး အင်မော်တယ် ဝိညာဥ် တတိယ အဆင့်ကို ရောက်သွားခဲ့ပြီ"

သူစကားပြောနေရင်းနှင့် အင်မော်တယ် နဂါးမြို့တော်သည် ရွှေရောင် အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။ သူသည် သာမန်ဟုသာ ထင်နေရသော်လည်း

အစိမ်းရောင် လျှပ်စီးစက်လုံးသည်
ရွှေရောင်မြို့နရံများနှင့် တိုက်ခိုက်၍
ပေါက်ကွဲသွားသောအခါ ခြစ်ရာတစ်ခုမျှပင်
ထင်ကျန်ရစ်မနေခဲ့ပေ။ လျှပ်စီးဘောလုံးသည်
အစိမ်းရောင် မြူခိုးငွေ့များ အဖြစ်သို့
ပြောင်းလဲကာ လွင့်ပြယ်သွားခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်သည်
အခြားကမ္ဘာတစ်ခု၏ အရန်အတားနှင့်
တူနေခဲ့၏။ မြို့နံရံတစ်လျှောက်တွင်
ဟင်းလင်းပြင်များက ကျိုးပဲ့နေ၍
လျှပ်စီးပစ်ချက်များဖြင့် ကသောင်းကနင်း
ဖြစ်နေခဲ့သော်လည်း မြို့ရိုး၏

အခြားတစ်ဘက်တွင် ဘာမှမဖြစ်နေသကဲ့သို့ အေးဆေးတည်ငြိမ်နေခဲ့သည်။

ဤရလဒ်သည် အင်မော်တယ် နဂါးမြို့တော်၏ စွမ်းအားများကို အစွမ်းကုန် ဖော်ပြနေခဲ့ခြင်း ဖြစ်သည်။

လျှမ်ပန်းသည် ထိုမြင်ကွင်းအား တော်ဝင်နန်းတော် အတွင်းမှနေ၍ တည်ငြိမ်စွာနှင့် စောင့်ကြည့်နေခဲ့သည်။ သူသည်လည်း နဂါးပုံစံ ရေးထိုးထားသော ဝတ်ရုံကို ဝတ်ဆင်ထားကာ ကေရာဇ်တစ်ပါးကသာ ပိုင်ဆိုင်နိုင်သော တော်ဝင်အော်ရာများကို ထုတ်လွှတ်နေခဲ့သည်။

သူသည် ယခင်ကထက်စာလျှင် များစွာပို၍
အစွမ်းထက်လာခဲ့၍ တော်ဝင်နန်းတော်၏
စွမ်းအားသာ မကပဲ သူ၏
ကိုယ်ပိုင်စွမ်းအားများကပါ
အားကောင်းလာခဲ့ခြင်း ဖြစ်သည်။

နတ်ဘုရားနယ်မြေမှ စွမ်းအားအထက်ဆုံး
အင်ပါယာ နှစ်ခုမှ ကေရာဇ်များသည် သူတို့၏
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများ၏
ပြင်းထန်စွာ တိုက်ခိုက်နေမှုအကြားတွင်
အချင်းချင်း တိတ်ဆိတ်စွာနှင့်
စိုက်ကြည့်နေခဲ့ကြသည်။

"ကျုပ်က စင်စစ် ဖြစ်တည်မှု လမ်းကြောင်းကို ယင်ပင်လယ်က တောင်သုံးတောင် မပေါ်လာခင် အုံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ဦးဆောင်ကျင်းပတဲ့ ခွန်းလွန် စိတ်ဝိညာဉ် အစည်းအဝေး ကျင်းပနေစဉ် အတွင်းမှာ ရရှိသွားခဲ့တာ" လျှမ်ပန်းသည် တော်ဝင်နန်းတော်အတွင်းမှ နဂါးပလ္လင်ပေါ်တွင် ထိုင်နေရင်း ပြောလိုက်သည်။

ရှီယုက သူ၏ခေါင်းကို အသိအမှတ်ပြုသည့် အနေဖြင့် ညိတ်လိုက်သည်။ "ဂုဏ်ယူပါတယ်။ ခင်ဗျားက မဟာကျိုး အင်ပါယာ စတင်တည်ထောင်ခဲ့တဲ့ အချိန်ကစပြီး စင်စစ်

ဖြစ်တည်မှု လမ်းကြောင်းကို ပထမဆုံး ရောက်ရှိခဲ့တဲ့ မင်းတစ်ပါး ဖြစ်တယ်"

လှျမ်ပန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါက အစပဲ ရှိသေးတယ်"

သူသည် ကစဥ့်ကလျားဂူ သူတော်စင် သတ်ဖြတ်ခြင်း မိုးကြိုးသွားကြောင့် ဒဏ်ရာလုံးဝမရခဲ့သည့် လှုပ်ရှား၍ မရနိုင်သည့် သူ၏အရှေ့မှ အင်မော်တယ် နဂါးမြို့တော်အား ကြည့်လိုက်ကာ ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "မဆိုးဘူး။ မဟာချင် အင်ပါယာကလည်း ရှီကေရာဇ် လက်ဆင့်ကမ်းလာတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့

ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာကို
နောက်ဆုံးမှာ အဆုံးသတ်နိုင်ခဲ့ပြီ"

"ဒါပေမဲ့ နှမြောစရာ ကောင်းတာက
ရှီကေရာဇ်ဟာ ဒီမှော်ရတနာကို
စတင်ထုလုပ်ခဲ့စဉ်မှာ အသုံးပြုခဲ့တဲ့ စွမ်းအား
သဘောတရားတွေအရ သူက
ကာကွယ်ဖို့အတွက် ရည်ရွယ်တဲ့
တိုက်စစ်စွမ်းအား အနည်းငယ် အားနည်းတဲ့
ခံစစ်ပစ္စည်းတစ်ခု ဖြစ်တာပဲ။
တော်ဝင်နန်းတော်က အမြင့်ဆုံး
အချိန်မှာတောင် သူ့ထက် အနည်းငယ်
နိမ့်ကျနိုင်ပေမဲ့ ခံစစ်သမားတွေက အနိုင်ရဖို့
မလွယ်ကူဘူး"

"တော်ဝင်နန်းတော်အနေနဲ့ အင်မော်တယ်
နဂါးမြို့တော်ကို ချိုးဖောက်နိုင်ဖို့ မလွယ်ပေမဲ့
အင်မော်တယ် နဂါးမြို့တော်ကလည်း
တော်ဝင်နန်းတော်ကို ဘာမှ မလုပ်နိုင်ဘူး။
ကျုပ်က ခင်ဗျားနဲ့တိုက်တဲ့ တိုက်ပွဲမှာ
မရှုံးနိမ့်နိုင်ပဲ ခင်ဗျားကတော့ ခင်ဗျားကို
ရိုက်နှက်နေတာကို ထိုင်ပြီးတော့ ကြည့်နိုင်ရုံပဲ
တတ်နိုင်မှာ။ ကျုပ်က ယင်ကျိုးနတ်တောင်ကို
ထိန်းချုပ်ဖို့ ယှဉ်ပြိုင်ရာမှာ အသာစီးရနိုင်တယ်"

သူ၏အသံ မဆုံးခင်တွင် တော်ဝင်နန်းတော်၏
ဘေးမှနေ၍ နောက်ထပ် ခရမ်းရွှေရောင်
အလင်းတန်း တစ်ခုက လင်းလက်လာခဲ့ကာ

နောက်ထပ် ကစဥ့်ကလျား တွင်းနက်တစ်ခု
ပေါ်လာခဲ့သည်။ ထိုအလင်းတန်းသည်
သိပ်သည်းလာခဲ့ကာ အနက်ရောင်
အလင်းတန်းတစ်ခု ထွက်လာခဲ့၍
အနောက်မှနေ၍ ခဏအတွင်းတွင်ပင်
နောက်ထပ် အဖြူရောင် အလင်းတန်း တစ်ခုက
အနောက်မှ လိုက်လာခဲ့သည်။

ထိုအလင်းတန်း နှစ်မျိုးတို့သည် အချင်းချင်း
ယှက်လိမ်သွားကြကာ အချင်းချင်း
လှည့်ပတ်သွားနေကြ၍ အင်မော်တယ်
နဂါးမြို့တော်ထံသို့ ပြေးဝင်သွားကြသည်။

ဝင်ရိုးစွန်းနှစ်ဘက် ကစဥ့်ကလျားဂူ နတ်ဘုရား အလင်းတန်း!

ထိုလှည့်ပတ်နေသော အလင်းတန်းများနှင့် ထိတွေ့ခဲ့သမျှ အရာအားလုံးတို့သည် ချက်ချင်းပင် ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားကြသည်။ ဖျက်စီးနိုင်သော သံလိုက်စွမ်းအင်များသည် ပေါက်ကွဲသွားကြ၍ မိုင်ပေါင်းတစ်ထောင် ဝေးကွာသော နေရာများတွင်ပင် သံလိုက်စွမ်းအင်များ၏ တုန်ခါမှုကို ခံစားခဲ့ရသည်။

လျှပ်စီးမီးပွားများသည် လင်းလက်နေကြကာ ဟင်းလင်းပြင် အတွင်းတွင် ထစ်ချုန်းနေကြ၏။

သံသတ္တုပြစ္စည်းများတို့သည်
တွန့်လိမ်သွားကြကာ သူတို့၏ ပုံသဏ္ဍာန်များက
ပြောင်းလဲသွားကြပြီး အောက်ဘက်မှ
ပင်လယ်ရေတို့သည် ပြင်းထန်စွာနှင့်
ဆူပွက်သွားကြကာ အခိုးအငွေ့များအဖြစ်
အငွေ့ပျံသွားကြသည်။

အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူများပင် ထိုနတ်ဘုရား
အလင်းတန်းအား ထိပ်တိုက်ရင်ဆိုင်ရဲကြမည်
မဟုတ်ပေ။

ဒါသည် ဝင်ရိုးစွန်းနှစ်ဘက် သံလိုက်စက်ကွင်းမှ တတ်နိုင်သမျှ အမြင့်ဆုံး ထုတ်လွှတ်လိုက်သည့် ဖျက်စီးနိုင်မှု စွမ်းအားပင် ဖြစ်သည်။

ရှီယုသည် ယခင်ကကဲ့သို့ပင် တည်ငြိမ်နေဆဲ ဖြစ်၏။ "ခင်ဗျားက ခင်ဗျားကိုယ်ခင်ဗျား ဘာပြောနေမှန်း မသိပါဘူး။ ကျုပ်ကသာ ဒီတိုက်ပွဲမှာ မရှုံးနိုင်တဲ့သူ ဖြစ်တယ်။ တော်ဝင်နန်းတော်က အင်မော်တယ် နဂါးမြို့တော်ကို ဘယ်လိုမျိုး နည်းစနစ်တွေ၊ မှော်ကျိန်စာတွေ သုံးသုံး ခင်ဗျားက ချိုးဖောက်ဖို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး"

ရှည်လျားလှသည် မြို့နံရံအပေါ်တွင်
ရောင်စုံအလင်းတန်းများက
လင်းလက်လာကြသည်။ ရုတ်တရက်ပင်
မရေမတွက်နိုင်သော ပုံရိပ်များသည်
မြို့ရိုးပေါ်တွင် မည်သည့်နေရာမှ
ရောက်လာမှန်းမသိ ရောက်လာကြသည်။
ထိုပုံရိပ်ယောင်များတို့သည် မြို့ရိုးအစွန်းတွင်
ပုခုံးချင်းယှဉ်၍ ရပ်နေကြကာ တပြိုင်နက်တည်း
ဟစ်ကြွေးလိုက်ကြ၍ သူတို့၏
စိတ်စွမ်းအားများဖြင့် အင်မော်တယ်
နဂါးမြို့တော်အား ထောက်ပံ့ခဲ့ကြ၏။

ဤစစ်ဟစ်ကြွေးသံများသည်
ဘေးပတ်ပတ်လည်မှ လေဟာနယ်များကို

တွန့်လိမ်စေခဲ့၍ ဒီရေ
ခေါ်အကြီးအကဲကဲ့သို့သော အင်မော်တယ်
ဝိညာဉ် အဆင့်မှ ကျင့်ကြံများပင် သူတို့၏
စိတ်ဝိညာဉ်များက တုန်ခါသွားသကဲ့သို့
ခံစားခဲ့ကြရသည်။ ကမ္ဘာဦးခေတ်မှ
ရှေးဟောင်းလူသား မဟာမိတ်တို့သည်
အတူတကွ စုစည်းကာ ကျူးကျော်လာသော
မိစ္ဆာများကို သွေးစွန်းသော တိုက်ပွဲဖြင့်
ခုခံတိုက်ခိုက်နေသကဲ့သို့ ဖြစ်သည်။

အားလုံးတို့သည် ကြောက်ရွံ့မှု ကင်းမဲ့စွာဖြင့်
စိတ်ခေါ်တ်ခိုင်မာစွာ
တစ်ယောက်ကိုတစ်ယောက် အကာအကွယ်
ပေးနေကြသည်။

ဒါသည် ထောင်စုနှစ်ပေါင်းများစွာ
လက်ဆင့်ကမ်းလာသည့် စွမ်းအား
သဘောတရား ဖြစ်သည်။ အားလုံးတို့သည်
ဤဖြစ်စဉ်ကြောင့် တုန်လှုပ်သွားကြကာ
သူတို့၏ ကိုယ်ပိုင်စွမ်းအားများကို ဝေမျှကာ
အင်မော်တယ် နဂါးမြို့တော်အား ရန်သူများကို
အနိုင်ယူနိုင်ရန် ထောက်ပံ့လိုသကဲ့သို့
ဖြစ်လာခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းမှ လူသားများ
အားလုံးတို့၏ စိတ်စွမ်းအားများသည်
ဟင်းလင်းပြင်မှတဆင့် အင်မော်တယ်

နဂါးမြို့တော်ထံသို့ ဝင်ရောက်လာသကဲ့သို့ ဖြစ်နေခဲ့၏။

ဤကြီးမြတ်လှသော စိတ်စွမ်းအားများသည် ထာဝရကို ကိုယ်စားပြုနေကာ အမြဲတမ်း တောက်လောင်နေမည့် မီးတောက်တစ်ခုကဲ့သို့ ဖြစ်သည်။

ဝင်ရိုးစွန်းနှစ်ဘက် ကစဉ့်ကလျားဂူ နတ်ဘုရား အလင်းတန်းသည်ပင်လျှင် ဤထာဝရ အလင်းတန်း နံ့ရံ့အား ထိုးဖောက်နိုင်ခြင်း မရှိခဲ့ပေ။

ပေါက်ကွဲနေသော သံလိုက်စက်ကွင်းများသည်
လွင့်ပြယ်သွားခဲ့ကာ နောက်ထပ် လေဟာနယ်
အချိန်ကာလတို့သည် တွန့်လိမ်သွားခဲ့ကြသည်။
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ
နှစ်ပါးတို့၏ တိုက်ခိုက်မှုသည်
ဘေးပတ်ဝန်းကျင်မှ နယ်မြေ
တစ်လက်မမှမကျန်အောင် ပျက်စီးစေခဲ့သည်။
အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများပင်လျှင် အနီးကပ်လာခဲ့ပါက
ပူလောင်လှသော လေထုကြောင့်
အငွေ့ပျံသွားမည် ဖြစ်သည်။

"ကြမ္မာပန်းတိုင် အဆင့်က မော်ရတနာ
နှစ်ပါးတို့ရဲ့ တိုက်ပွဲဟာ တကယ့်ကို

ထူးခြားပြောင်မြောက်လှပါတယ်"
လင်းဖုန်းသည် ဇာတ်လမ်းတစ်ပုဒ်အား
ကြည့်နေသကဲ့သို့ အားပါးတရ ကြည့်နေခဲ့ရင်း
မှတ်ချက်ချလိုက်သည်။ ဒါသည်
ကြမ္မာပန်းတိုင်အဆင့်မှ မှော်ရတနာ နှစ်ပါးတို့၏
အကြားမှ တိုက်ပွဲအား သူက ပထမဆုံး
အနေနှင့် ကြည့်ဖူးခြင်း ဖြစ်၏။

သူသည် ရှီးလင်မြို့ တိုက်ပွဲတွင်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၊
သူတော်စင် ကောင်းကင်ဓားတို့နှင့်
တိုက်ခိုက်ခဲ့ရသော်လည်း သူသည်
အကြံအဖန်လုပ်ကာ နည်းဗျူဟာ အမျိုးမျိုးကို
အသုံးချ၍ ထိုကြမ္မာပန်းတိုင် အဆင့်မှ

မှော်ရတနာများနှင့် ယှဥ်ပြိုင်ခဲ့ရခြင်း ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းကိုယ်နှိုက်ကမူ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ တစ်ပါးကိုမှ ပိုင်ဆိုင်ထားခြင်း မရှိပေ။

"ငါထင်ထားတဲ့ အတိုင်းပဲ သူတို့က ပန်းလိုင်နတ်တောင်စီကို သွားနေတယ်ဆိုတဲ့ ကြေညာချက်ဟာ သူတပါးတွေကို လမ်းလွှဲရုံသက်သက် ဖြစ်တယ်။ ကြည့်ရတာ အားလုံးတို့က ဒီယင်ကျိုးနတ်တောင်ကို မျက်စိကျနေကြတာပဲ"

"အဲ့ဒီအထဲမှာ ငါလည်းပါတယ်"

တော်ဝင်နန်းတော်နှင့် အင်မော်တယ်
နဂါးမြို့တော်တို့သည် အချင်းချင်း
ရန်စောင်နေကြသည့် အချိန်တွင်
ဟင်းလင်းပြင်သည် ထပ်ဖန်တစ်ခါ
တုန်ခါသွားခဲ့ပြန်ကာ ကောင်းကင်ပေါ်မှ
နောက်ထပ် ပြင်းထန်သည့် အော်ရာတစ်ခုသည်
ထိုးတက်လာခဲ့၍ ယင်ကျိုးနတ်တောင်၏
အပေါ်တွင် ပေါ်ပေါက်လာခဲ့သည်။

ဒါသည် ကျောက်စိမ်းဖြူရောင်
တောင်တစ်တောင် ဖြစ်၏။
ယင်ကျိုးနတ်တောင်ထက် အရွယ်အစား

များစွာပိုသေးသော်လည်း စွမ်းအားများမှာ ပိုသာနေ၏။

## စာစဥ် ၄၀ : အပိုင်း ၉

## အပိုင်း ၇၅၉ : ယုံကြည်ချက်

ဆူနာမိ လှိုင်းလုံးကြီးအလား ကျယ်ပြန့်သော ခရမ်းရောင် စွမ်းအား လှိုင်းလုံးကြီး တစ်ခုသည် ယင်ကျိုးနတ်တောင်၏ အပေါ်မှ ကောင်းကင်အပေါ်တွင် ပေါ်ပေါက်လာခဲ့၍ အရပ်မျက်နှာ ပေါင်းစုံသို့ ပျံ့နှံ့သွားခဲ့ရာ

ကောင်းကင်တစ်ခုလုံးသည် ချက်ချင်းပင်
ခရမ်းရောင် အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။

ဤခရမ်းရောင် စွမ်းအားများ၏ အမိုးသည်
လွန်စွာကြီးမားကာ
မိုင်ထောင်ပေါင်းများစွာအထိ ဆန့်တန်းနေခဲ့၏။
သူ၏အလယ်တွင် ပေတစ်သောင်းခန့်မြင့်သော
ရောမ တောင်တစ်တောင်သည်
မြင်ကွင်းအတွင်းသို့ ပေါ်လာခဲ့သည်။
အနက်ရောင် ပင်လယ်ရေများသည်
တောင်ခြေတွင် လှုပ်ရှားနေကြကာ
ကြည့်ရသူများ အားလုံး၏ ကျောရိုးအတွင်းသို့
စိမ့်ကနဲ ဖြစ်သွားစေခဲ့သည်။

"ယုကျင်းတောင်"

ခရမ်းရောင် စွမ်းအားပင်လယ်ကြီးက
ပေါက်ကွဲဝင်ရောက်လာသည့် အချိန်မှစ၍
တော်ဝင်နန်းတော်နှင့် အင်မော်တယ်
နဂါးမြို့တော်တို့သည် အချင်းချင်း
ရန်စောင်နေခြင်းမှနေ၍ ရပ်သွားခဲ့ပြီး
အနောက်သို့ ဆုတ်သွားခဲ့ကာ ဖြစ်တည်မှု
သုံးခုတို့သည် ဟင်းလင်းပြင်အတွင်းတွင်
တြိဂံပုံစံ နေရာယူထားလိုက်ကြသည်။

လင်းဖုန်းသည် ယုကျင်းတောင်ထိပ်ပေါ်မှ
မဟူရာကောင်းကင် ရတနာသစ်ပင်၏
ထိပ်ဖျားတွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။

သူ၏အနောက်တွင် ရောမ ဓားအိမ်ကြီးကို နောက်ကျောတွင် လွယ်ထားကာ အနက်ရောင်နှင့် အဖြူရောင် ဆံပင်များကို ပိုင်ဆိုင်ထားသော မိန်းကလေး တစ်ယောက်သည် မတ်မတ်ရပ်နေခဲ့၏။

လင်းဖုန်းက ရယ်လိုက်ကာ ပြောလိုက်သည်။ "ကျုပ်ကို ထူးခြားပြောင်မြောက်လှတဲ့ တိုက်ပွဲတစ်ပွဲကို ကြည့်ခွင့်ပေးခဲ့တဲ့အတွက် မိတ်ဆွေတို့ကို ကျေးဇူးတင်ပါတယ်"

ဇူရီ၊ ရှင်ပျော်ပျော် သူတော်စင်နှင့် ကျန်သောသူများမှာလည်း လင်းဖုန်းကဲ့သို့ မပြောရဲခဲ့ကြသော်လည်း သူတို့၏

စိတ်အတွင်းတွင် တူညီသော စိတ်ကူးများ ရှိနေကြ၏။

နတ်ဘုရားနယ်မြေမှ ကျန်သောသေးသော တော်ဝင်အင်ပါယာ နှစ်ခုထံမှ ကေရာဇ် နှစ်ပါးတို့၏ တိုက်ပွဲ၊ တော်ဝင်နန်းတော်နှင့် အင်မော်တယ် နဂါးမြို့တော်တို့၏ ယင်ကျိုးနတ်တောင်၏ အပေါ်ရှိ ဟင်းလင်းပြင်မှ ပြင်းထန်သော တိုက်ပွဲသည် ရပ်သပ်ရှုမောဖွယ်ရာ မြင်ကွင်းတစ်ရပ် ဖြစ်သည်။

မှော်ရတနာ တစ်ခုသည် ရှေးဟောင်းခေတ်၏ အဆုံးသတ်တွင် ဒဏ်ရာများ

အပြင်းအထန်ရခဲ့ကာ မဟာမိုးကြိုး ကျောင်းတော်အား ဖျက်ဆီးသည့် တိုက်ပွဲတွင် နောက်ထပ် အကြီးအကျယ် ပျက်စီးခဲ့ရသည်။ သို့သော်လည်း နောက်ဆုံးတွင် သူ့အား ပြန်လည်ပြုပြင်နိုင်ခဲ့၍ လွန်ခဲ့သော နှစ်ပေါင်းများစွာက နတ်ဘုရားနယ်မြေအား လွှမ်းမိုးနိုင်ခဲ့သည့် မှော်ရတနာ တစ်ပါး၏ ကြီးကျယ်မြင့်မြတ်သော စွမ်းအားများကို ပြန်လည်ရရှိနိုင်ခဲ့သည်။

အခြား မှော်ရတနာ တစ်ခုမှာ ကမ္ဘာဦးခေတ် ကတည်းက သူ၏ ခရီးစတင်ခဲ့ခြင်း ဖြစ်သည်။ ပထမဆုံးသော လူသားကေရာဇ်၏ အမြင်နှင့် ရည်ရွယ်ချက်များ၏ အသီးအပွင့် ဖြစ်သည်။

သို့သော်လည်း သူသည် တစ်ခါမှ
မပြီးပြည့်စုံခဲ့သေးပဲ ယခုနှစ်များမှသာ ပြည့်စုံစွာ
သန့်စင်နိုင်ခဲ့ခြင်း ဖြစ်ကာ ကမ္ဘာကြီးအတွင်းသို့
ဝုန်းကနဲ ပြန်လည်ဝင်ရောက်လာခဲ့ခြင်း
ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော်၏
တိုက်စစ်စွမ်းအားများသည်
ခံစစ်စွမ်းအားများထက်စာလျှင်
အားနည်းနေသော်လည်း သူ၏ တိုက်စစ်သည်
အမှန်ပင် အားနည်းနေသည်ဟူ၍
ပြော၍မရချေ။

ဤမှော်ရတနာ နှစ်ပါးတို့၏
စွမ်းအားများတို့သည် သူတို့
စတင်ပြီးမြောက်ခဲ့ကြသော ရှီးလင်မြို့
တိုက်ပွဲမှစ၍လျှင် များစွာပို၍
အစွမ်းထက်လာကြပြီ ဖြစ်သည်။

ထိုအချိန်က ဘီလူးကြီး နှစ်ပါးတို့သည်
နှစ်ခြိုက်စွာ အိပ်မောကျနေကြရာမှ
စတင်နိုးစလာစ ရှိသေး၍ သမ်းဝေနေကြဆဲ
ရှိသေးသည်ဟု ပြော၍ရသည်။ ယခုအခါတွင်မူ
ထိုဘီလူးကြီးများသည် ကောင်းစွာ
နိုးထနိုင်ခဲ့ကြပေပြီ။

လူသားများသည် ကမ္ဘာဦးခေတ် အတွင်းတွင် မိစ္ဆာတို့၏ အမှောင်စည်းမျဉ်းများမှ ပထမဆုံး အကြိမ်အဖြစ် တော်လှန်နိုင်ခဲ့ခြင်းမှာ ဤမှော်ရတနာများတို့၏ ကျေးဇူးများလည်း ပါပြီး အချိန်များစွာ ကုန်လွန်သွားခဲ့ပြီးသော်လည်း အဓိက အစိတ်အပိုင်း တစ်ရပ်အနေနှင့် ရှိနေကြသေး၏။

ဒါသည် လူသားများ ပိုင်ဆိုင်ခဲ့ကြသော မလှုပ်ခါနိုင်သည့် ပိုင်ဆိုင်မှုများ ဖြစ်ကြပြီး နောင်တွင်လည်း ဤအတိုင်း ဆက်သွားမည်သာ ဖြစ်သည်။

"ဒါပေမဲ့ တော်ဝင်နန်းတော်ဟာ လူသား
ကေရာဇ်တွေ ခေတ်တိုးက ပြုလုပ်ခဲ့တဲ့
မှော်ရတနာတွေ အနက်မှာ
အစွမ်းအထက်ဆုံးလို့ အဆိုရှိတယ်"
လင်းဖုန်းက ပရိသတ်များ အကြားမှ ဖွဖွလေး
ပြုံးလိုက်သည်။ "သူက သူ့ရဲ့
မူလဂုဏ်ကျက်သရေတွေကို ပြန်ရဖို့
အနည်းငယ် လိုသေးပေမဲ့ အင်မော်တယ်
နဂါးမြို့တော်ကို ယှဉ်ပြိုင်တိုက်ခိုက်နေနိုင်ပြီ။
ဒါပေမဲ့ ဒါကလည်း အင်မော်တယ်
နဂါးမြို့တော်ရဲ့ အထူးဝိသေသ
လက္ခဏာတွေကြောင့်ပဲ"

"တော်ဝင်နန်းတော်ဟာ သူ့ရဲ့ အထွတ်အထိပ် အခြေအနေကို ပြန်လည်ရနိုင်ရင်တောင်မှ သူက အင်မော်တယ် နဂါးမြို့တော်ရဲ့ ခံစစ်တွေကို ချိုးဖောက်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အနည်းငယ် အားနည်းနေတဲ့ အင်မော်တယ် နဂါးမြို့တော်ရဲ့ တိုက်စစ်စွမ်းအားတွေကလည်း ထိပ်ဆုံး အခြေအနေကို ရောက်နေတဲ့ တော်ဝင်နန်းတော်ရဲ့ ပြိုင်ဘက်မဟုတ်ပြန်ဘူး"

ရှီယုသည် သူ၏မှတ်ချက်အား အင်မော်တယ် နဂါးမြို့တော်၏ ထိပ်ဖျားတွင် ထိုင်နေရင်း တုံ့ပြန်လိုက်သည်။ "လင်းဖုန်း၊ ခင်ဗျားက ယင်ကျိုးနတ်တောင် အတွက် ရောက်လာခဲ့တာပဲလား"

မဟာချင် အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ ဆက်ဆံရေးသည်
မဟာကျိုး အင်ပါယာထက်
များစွာပိုကောင်းသော်လည်း
ယင်ကျိုးနတ်တောင်အား ထိန်းချုပ်ရန်
ယှဉ်ပြိုင်ရမည့် ကိစ္စသည်
စေ့စပ်ညှိနှိုင်း၍ရသည့် အရာတစ်ခု မဟုတ်ပေ။
ဘာပဲပြောပြော နှစ်ဦးနှစ်ဘက်တို့သည်
ယှဉ်ပြိုင်ဘက်များ ဖြစ်နေကြသည်။

သို့သော်လည်း သူတို့နှစ်ဦး မဟာမိတ်ဖွဲ့၍
မဟာကျိုး အင်ပါယာအား

အရင်ကန်ထုတ်လိုက်ပြီးမှ အချင်းချင်း
ပြိုင်ဆိုင်ရန် ဆွေးနွေး၍တော့ရသည်။

လျှမ်ပန်းသည် သူ့အခြေအနေကို
သူသိလိုက်သည်။ တော်ဝင်နန်းတော်သည်
ကောင်းကင်ပေါ်တွင် လွင့်မျောနေသေးခဲ့ပြီး
ခရမ်းရွှေရောင် အလင်းတန်းများနှင့်
လင်းလက်နေခဲ့သေးသော်လည်း သူ၏
ကိုယ်ထည် တစ်ခုလုံးမှာ တဖြည်းဖြည်း
ထွင်းဖောက်မြင်နေရသကဲ့သို့ မှေးမှိန်လာခဲ့ပြီး
လိုအပ်လျှင် အချိန်မီ ဆုတ်ခွာနိုင်စေရန်
အသင့်ပြင်ထားလိုက်သည်။ အကယ်၍
ယုကျင်းတောင်နှင့် အင်မော်တယ်
နဂါးမြို့တော်တို့က ပူးပေါင်း၍

သူ့အားတိုက်ခိုက်ခဲ့ပါက သူသည်
သူတို့၏ပြိုင်ဘက် မဟုတ်ချေ။

မဟာချင် အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့က ယာယီပူးပေါင်း၍
သူ့အား တိုက်ခိုက်ရန် သဘောတူခဲ့ပါက
လျှမ်ပန်းသည် လုံးဝ တွေဝေနေမည် မဟုတ်ပဲ
ချက်ချင်း နောက်ဆုတ်မည်ဖြစ်သည်။
သို့သော်လည်း ဒါသည် သူက
ယင်ကျိုးနတ်တောင်အား
လက်လျှော့လိုက်ပြီဟု ဆိုလိုနေခြင်း
မဟုတ်ပေ။ သူသည် ပြင်ပမှ အခြေအနေကို
စောင့်ကြည့်နေခဲ့ကာ သူ၏ အခွင့်အရေးအား

စိတ်ရှည်လက်ရှည်ဖြစ် စောင့်မျှော်နေမည်ဖြစ်၏။

အကယ်၍ ထိုသို့သာဆိုလျှင် မဟာချင်အင်ပါယာနှင့် အံ့ဖွယ်ကောင်းကင်ဘုံဂိုဏ်းတို့ကလည်း တောင်ကိုရရှိရန် ယှဉ်ပြိုင်ရာတွင် မဟာကျိုးအင်ပါယာအား အလကား အကျိုးဖြစ်စေမည်ကို ရှောင်ကြဉ်သော အနေဖြင့် အင်အားအကုန်ထုတ်လိမ့်မည် မဟုတ်ပေ။ သူတို့သည် မဟာကျိုး အင်ပါယာက ခြေလှမ်းနောက်တစ်လှမ်း အရင်ဆုတ်ထားပြီး သူတို့၏ မျက်စိအောက်မှ အသီးအပွင့်များကို

လုပ်ယူသွားမည့် ဖြစ်နိုင်ခြေကို စဉ်းစားထားရမည် ဖြစ်သည်။

လင်းဖုန်းသည် မဟူရာကောင်းကင် ရတနာသစ်ပင်၏ ထိပ်ဖျားမှနေ၍ တော်ဝင်နန်းတော်အား ကြည့်နေခဲ့ပြီး သူ့ကိုယ်သူ တွေးနေခဲ့သည်။ "သူက အတော်ကို ဉာဏ်များတာပဲ။ သူက ငါစပေါ်လာတဲ့ အချိန်ကစပြီး အင်မော်တယ် နဂါးမြို့တော်တို့ တိုက်ခိုက်နေမှုကနေ ချက်ချင်းရပ်လိုက်တယ်။ သူက ငါဟာ စွမ်းအားဖျက်ဆီး ကပ်ဘေးတွေကို ဆင့်ခေါ်လိုက်မှာကို ကြောက်ရွံ့နေဟန်တူတယ်။ ဒါဆိုရင် သူက

ထွက်ပြေးလွတ်မြောက်ဖို့ အခွင့်အရေး
နည်းသွားပြီ"

ရှီးလင်မြို့တိုက်ပွဲတွင် လင်းဖုန်းသည်
သူတော်စင် ကောင်းကင်ဓားချီနှင့်
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်တို့နှင့်
တိုက်ခိုက်ခဲ့သော မော်ကွန်းဝင်တိုက်ပွဲတွင်
ထိုနည်းစနစ်အား အသုံးပြုခဲ့ခြင်း ဖြစ်သည်။
သူသည် ဗီပရာလိုပါ စစ်တုရင် ကစားပွဲမှ
အနက်ရောင် စစ်တုရင် အရုပ်ထံမှ
စွမ်းအားများကို အသုံးပြုကာ ရှင်းလုံစန်းနှင့်
ကျန်သောသူများအား အံ့အားသင့်စေကာ
အငိုက်ဖမ်း၍ တိုက်ခိုက်ခဲ့၏။ သူတို့သည်
ကျော့ကွင်းဖြင့် အဖမ်းခံလိုက်ရကာ

စွမ်းအားဖျက်ဆီး ကပ်ဘေး၏ ကမ္ဘာဖျက်ဆီး
စွမ်းအားတို့အား အတင်းအကျပ်
ခုခံလိုက်ရသည်။

လျှမ်ပန်းသည် ဤနောက်ဆုံးဖဲချပ်
လူသတ်သိုင်းကွက်အား ကောင်းစွာ
သတိထားမိနေပြီး အစကတည်းမှပင်
လင်းဖုန်းအား သတိထားနေခဲ့၍ အခွင့်အရေး
မပေးခဲ့ပေ။

ဒါသည် အင်မော်တယ် နဂါးမြို့တော်
မယှဉ်နိုင်သည့် တော်ဝင်နန်းတော်၏ ဝိသေသ
လက္ခဏာဖြစ်၏။ တော်ဝင်နန်းတော်၏
တိုက်စစ်စွမ်းအားများသည် အင်မော်တယ်

နဂါးမြို့တော်အား ချိုးဖောက်နိုင်စွမ်း မရှိသော်လည်း သူသည် ကြိုက်သည့်အချိန်တွင် ဆုတ်ခွာ၍ရသည်။

အကယ်၍ မှော်ရတနာများအား ရွှေ့ပြောင်းလိုက်မည် ဆိုလျှင် ရလဒ်သည် လုံး၀ ပြောင်းလဲသွားလိမ့်မည် ဖြစ်သည်။ ရှီယုသည် လျှမ်ပန်းအား ဆက်လက်တိုက်ခိုက်နေခဲ့မည် ဖြစ်၍ သူက တိုက်ပွဲထံမှ နောက်မဆုတ်နိုင်ပဲ လင်းဖုန်းက ပျော်ရွှင်စွာနှင့် ၀င်ရောက်လာခဲ့မည် ဖြစ်ကာ သူတို့နှစ်ယောက်သား ပူးပေါင်း၍ မဟာကျိုး အင်ပါယာအား ကစားပွဲအတွင်းမှ မစခင်ပင် ထုတ်ခဲ့လိုက်မည် ဖြစ်သည်။

"ဒါပေမဲ့ ခင်ဗျားက ဒီလောက်အထိ သတိထားစရာ မလိုပါဘူး" လင်းဖုန်းက ရယ်ချင်ပက်ကျိ ဖြစ်လှစွာနှင့် တွေးလိုက်သည်။

ကောင်းကင် အကာအကွယ်ထီးကြီးထံမှ အပြစ်အနာအဆာများသည် လုံးဝ မပျောက်ကွယ်သွားခဲ့ပေ။ ရှီးလင်မြို့တိုက်ပွဲတွင် စွမ်းအားဖျက်ဆီး ကပ်ဘေးငါးခေါက်ကို ဆင့်ခေါ်ထားခဲ့သည် ဖြစ်၍ ကောင်းကင် အကာအကွယ် ထီးသည် ယခင်ကထက်ပို၍ အားနည်းသွားခဲ့ပြီ ဖြစ်သည်။ သူ၏ ကိုယ်ပိုင် တွက်ချက်မှုများအရ ဤထီးကြီးသည် လုံးဝပြိုကွဲမသွားခင် နောက်ထပ် အနက်ရောင်

စစ်တုရင် အရုပ်နှစ်ရုပ်တို့ကိုသာ ဖယ်ရှားနိုင်လိမ့်မည် ဖြစ်သည်။

လင်းဖုန်းသည် ရှီယုထံသို့ လှည့်ကြည့်လိုက်ကာ ပြုံး၍ပြောလိုက်သည်။ "မိတ်ဆွေကြီး၊ မင်္ဂလာပါ။ ကျုပ်ကလည်း ယင်ကျိုးနတ်တောင်ကို စိတ်ဝင်စားတာပေါ့ဗျာ"

လျှမ်ပန်း၏ တော်ဝင်နန်းတော်သည် လွတ်လပ်စွာ လှုပ်ရှားနေနိုင်သမျှ လင်းဖုန်းနှင့် ရှီယုတို့သည် ဤတောင်အား ထိန်းချုပ်နိုင်ရန်အတွက် တစ်ယောက်နှင့်တစ်ယောက် အစွမ်းကုန် တိုက်ခိုက်ကြမည် မဟုတ်ချေ။

တော်ဝင်နန်းတော်၊ အင်မော်တယ်
နဂါးမြို့တော်နှင့် ယုကျင်းတောင်တို့သည်
ယင်ကျိုးနတ်တောင် အပေါ်မှ ဟင်းလင်းပြင်
အပေါ်တွင် တင်းမာသော အနေအထား
တစ်ခုသို့ ရောက်ရှိနေခဲ့ကြသည်။

ရှီယုသည် တိတ်ဆိတ်ခြင်းကို စတင်
ချိုးဖောက်လိုက်၏။ "မာစတာလင်း၊ ကျုပ်တို့
အတူတကွ ပူးပေါင်းကြရင် မကောင်းဘူးလား။
ကျုပ်တို့က ယင်ကျိုးနဲ့ ပန်းလိုင်တို့ကို
ခွဲဝေယူကြမယ်။ ဘယ်လိုလဲ"

"အခုလိုမျိုး ဖြစ်နေခဲ့ရင် ရေရှည်မှာ
လျှမ်ပန်းကိုပဲ အကျိုးရှိစေလိမ့်မယ်။
ဖန်ကျန်းနတ်တောင်နဲ့အတူ ဇူဟုန်ဝူက
ယင်ပင်လယ် တောင်ပိုင်းကို သွားနေပြီး
ပန်းလိုင်နတ်တောင်ကို သွားရှာနေပြီ"

လင်းဖုန်းက ပြုံးရုံသာ ပြုံးလိုက်ကာ ဘာမှ
မတုံ့ပြန်ခဲ့ပေ။ လျှမ်ပန်း၏ အစီအစဉ်များနှင့်
ရှီယု၏ ကမ်းလှမ်းမှုတို့သည် သူ၏
ခန့်မှန်းချက်များ အတွင်းတွင် ရှိနေခဲ့၏။

အမှန်အတိုင်းပြောရလျှင် ရှီယု၏
ကမ်းလှမ်းချက်များမှာ များစွာ ဆွဲဆောင်မှု
ရှိလှ၏။ သူတို့သည် အကျိုးအမြတ်များကို

ခွဲယူရန် နောက်ပိုင်းတွင် အငြင်းပွားရမည်
ဖြစ်သော်လည်း နောက်ဆုံးတွင်
နှစ်ဦးနှစ်ဘက်စလုံးအတွက် အကျိုးရှိစေသော
အခြေအနေပင် ဖြစ်သည်။

အကယ်၍ မဟာချင် အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည်
တောင်တစ်တောင်စီကို ထိန်းချုပ်နိုင်ခဲ့ပါက
နှစ်ဦးနှစ်ဘက်တို့ ထပ်မံပူးပေါင်း၍
ဖန်ကျန်းနတ်တောင်အား မဟာကျိုး
အင်ပါယာထံမှ လုယူနိုင်ရန်
အခွင့်အရေးများလည်း ရှိသေးသည်။

သို့သော်လည်း ဤကမ်းလှမ်းချက်တွင် မသေချာ မရေရာမှုပေါင်း များစွာတို့ကလည်း ရှိသေး၏။ ဥပမာအားဖြင့် ပန်းလိုင်နတ်တောင်အား မြင်ပင် မမြင်ရသေးချေ။ ပြီးတော့ ယင်ကျိုးနတ်တောင်အား မည်သူက ယခင်ဦးစွာ ထိန်းချုပ်နိုင်စွမ်း ရှိမည်နည်း။

သူတို့က ယင်ကျိုးနတ်တောင်အား ထိန်းချုပ်နိုင်ရန် ကြိုးစားနေချိန်တွင် မဟာကျိုး အင်ပါယာက ပန်းလိုင်နတ်တောင်အား အောင်မြင်စွာ ထိန်းချုပ်နိုင်သွားရန်လည်း ဖြစ်နိုင်ခြေ ရှိသေးသည်။ ထိုသို့သာဆိုလျှင် မဟာကျိုး အင်ပါယာသည် ယင်ပင်လယ်အား ထိန်းချုပ်နိုင်စွမ်း ရှိမည်ဖြစ်ကာ

နောက်ဆုံးရယ်နိုင်သူ ဖြစ်သွားလိမ့်မည် ဖြစ်သည်။

ဒါသည့် အဆိုးဆုံး အခြေအနေအား ကြိုတွေးထားခြင်း ဖြစ်၏။ အခြားအခြေအနေ တစ်ခုအရ ပန်းလိုင်နတ်တောင်အား အခြား အင်အားစုတစ်ခုမှ တွေ့ရှိထိန်းချုပ်နိုင်ခြင်းမျိုးလည်း ဖြစ်သွားနိုင်သည်။ ထိုသို့သာဆိုလျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့သည် ပြန်ယူရန် ခက်ခဲမည် ဖြစ်ကာ မဟာကျိုး အင်ပါယာကလည်း လက်ပိုက်၍ ထိုင်ကြည့်နေမည် မဟုတ်ချေ။

အကယ်၍ ပန်းလိုင်နတ်တောင်အား မည်သူကမှ ရှာမတွေ့ခဲ့ပဲ တောင်သုံးတောင်တို့က ပင်လယ်အတွင်းသို့ ပြန်ဝင်သွားခဲ့မည် ဆိုလျှင် မဟာမိတ် နှစ်ဖွဲ့အနက်မှ တစ်ဖွဲ့သည် လက်ဗလာနှင့်သာ အိမ်ပြန်ရမည် ဖြစ်၏။

ယင်ကျိုးနတ်တောင်အား အောင်မြင်စွာ ကျင့်ကြံနိုင်သူသည် လင်းဖုန်းဖြစ်စေ၊ ရှီယုဖြစ်စေ သူတို့သည် သူတို့ထိန်းချုပ်နိုင်သည့် နတ်တောင်အား မည်တော့မှ ပြန်ပေးလိမ့်မည် မဟုတ်ချေ။

ဒါသည် ဆုလဒ်အား မရခင်တွင်ပင် ခွဲဝေရမည်ကိစ္စအား ပူပန်နေရခြင်း ဟူသည့်

သာမန်ပြဿနာ တစ်ခုသာ မဟုတ်ချေ။
ဆုလဒ်မှာ နှစ်ခုရှိနေသည်။ ပထမမှာ မည်သူက
တောင်ကို အရင်ကျင့်ကြံနိုင်မည်နည်း ဆိုသည့်
ပြဿနာဖြစ်ပြီး ဒုတိယ ပြဿနာမှာ
မရေရာမှုများစွာ ရှိနေခြင်း ဖြစ်သည်။

မဟာချင် အင်ပါယာနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့၏ ဆက်ဆံရေးမှာ
အမြဲတစေ ချစ်ကြည်စွာဖြင့် ဆက်ဆံနေကြခြင်း
ဖြစ်သည်။ သို့ဖြစ်၍ တစ်ယောက်က
ယင်ကျိုးနတ်တောင်အား
ထိန်းချုပ်နိုင်အပြီးတွင် ကတိဖျက်ကာ
တံတားကို မီးရှို့လိမ့်မည် မဟုတ်ချေ။
သို့သော်လည်း ပူးပေါင်းဆောင်ရွက်မှုသည်

မသေချာမှုများ၊ မတင်မကျ ဖြစ်မှုများနှင့်
ပြည့်နေပေမည်။

ထို့ကြောင့်ပင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
မဟာချင် အင်ပါယာတို့သည် ယင်ပင်လယ်ကို
စမဝင်ခင်ကတည်းက မဟာမိတ်
မဖွဲ့ထားကြခြင်း ဖြစ်သည်။
အခြေအနေများသည် မသေချာ၊
မရေရာမှုများနှင့် ပြည့်နေသည်။
တစ်ယောက်ကမှ တောင်များကို ရှာတွေ့ရန်
တစ်ရာရာခိုင်နှုန်း အာမမခံနိုင်ကြပေ။

ယခုအချိန်တွင် သူတို့က တောင်တစ်တောင်ကို
ရှာတွေ့နိုင်ခဲ့ပြီ ဖြစ်သဖြင့်

ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေ ရှိလာခဲ့ပြီ ဖြစ်သည်။

အကယ်၍ ပိုကောင်းသည့် ရွေးချယ်မှု မရှိခဲ့ပါက လင်းဖုန်းသည် ရှီယု၏ ကမ်းလှမ်းမှုအား လက်ခံခဲ့မည် ဖြစ်သည်။

"ဒါပေမဲ့..." လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား ပွတ်သပ်လိုက်ကာ သူ၏ နှုတ်ခမ်းထောင့်စွန်းများက အပြုံးတစ်ခုအဖြစ်သို့ တွန့်သွားခဲ့သည်။ "ငါ့မှာက ပိုကောင်းတဲ့ အကြံအစည်ရှိတယ်"

ရှီယု၏ ကမ်းလှမ်းချက်ကို
ကြားလိုက်ရသောအခါ လျှမ်ပန်းက
အလောတကြီး တုံ့ပြန်ခြင်း မပြုခဲ့ပေ။ သူတို့၏
အဆင့်တွင် သူတို့၏ ကိုယ်ပိုင်
ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်များ ရှိကြပြီး
စကားလုံးများကို ကြားရရုံမျှဖြင့် လွယ်ကူစွာ
တုန်လှုပ်လိမ့်မည် မဟုတ်ပေ။

အကယ်၍ လင်းဖုန်းသည် ရှီယု၏
အကြံအစည်များကို သဘောတူခဲ့ပါက
လျှမ်ပန်းသည် ချက်ချင်းပင်
အမြီးကုပ်၍ပြေးကာ သူ၏ အာရုံများကို

ပန်းလိုင်နတ်တောင်အား ရယူရန် စူးစိုက်ထားခဲ့မည် ဖြစ်သည်။

"ခင်ဗျားရဲ့ ကမ်းလှမ်းမှုဟာ တကယ်ပဲ ကောင်းလှပါတယ်။ ဒါပေမဲ့ ကျုပ်ရဲ့ အမြင်အရဆိုရင် သဘာဝ တရားတွေ ဖြစ်ကြတဲ့ ယင်ပင်လယ်က တောင်သုံးတောင်တွေက ကမ္ဘာကြီးရဲ့ စိတ်ဝိညာဥ် စွမ်းအင်တို့ကို လွှမ်းခြုံနိုင်ကြပြီး သူတို့က ဘယ်သူ့လက်ထဲကို ကျရောက်သွားမလဲ ဆိုတာက တစ်ယောက်ရဲ့ ကံကြမ္မာနဲ့ ကောင်းချီးမင်္ဂလာတို့ရဲ့ အပေါ်မှာ မူတည်နေတယ်" လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ကာ ဆက်ပြောလိုက်၏။ "ကျုပ်တို့က ဒီတောင်သုံးတောင်ရဲ့ ကံကြမ္မာကို

ကျုပ်တို့ရဲ့ တပည့်တွေကို အဆုံးအဖြတ်
ပေးခိုင်းရင် မကောင်းဘူးလား"

သူ၏ ကမ်းလှမ်းချက်ကို ကြားခဲ့ရသည်နှင့်
ရှင်ပျော်ပျော် သူတော်စင်နှင့်
ကျန်သောသူများ၏ မျက်နှာများ အပေါ်တွင်
ထူးခြားသည့် အမူအရာများ ပေါ်လာခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင်
ရှိယုသည် လင်းဖုန်းအား အနည်းငယ်
အံ့အားသင့်နေသော အကြည့်ဖြင့်
ကြည့်လိုက်ကာ သူ့ကိုယ်သူ တွေးနေခဲ့သည်။
"သူက ဒီလောက်အထိ ယုံကြည်ချက်
ရှိနေတာလား၊ ဒါမှမဟုတ် သူက တခြား

အကြံများ ရှိနေတာလား။ အဲ့ဒီလိုဆိုရင် ဘာအကြံများပါလိမ့်"

လျှမ်ပန်းသည်လည်း တော်ဝင်နန်းတော် အတွင်းမှ ပလ္လင်အပေါ်တွင် ထိုင်နေပြီး စတင်၍ မျက်မှောင်ကြုတ်နေခဲ့သည်။ "ဒီလူက ခံတွင်းအတော်ကြီးတာပဲ။ သူက ပန်းလိုင်နဲ့ ယင်ကျိုး နှစ်တောင်စလုံးကို သူ့ကိုယ်သူ လိုချင်နေတယ်။ သူက ဘာကိုများ အားကိုးနေပါလိမ့်။ သူက ပန်းလိုင်နတ်တောင်ကို ရနိုင်ဖို့ ဘာအစီအစဉ်တွေများ ရှိနေတာလဲ"

လင်းဖုန်းသည် အားလုံးတို့၏
စိတ်ရှုပ်ထွေးစွာနှင့် ဆွေးနွေးနေကြမှုများကို
ကောင်းကောင်းကြီး သိနေခဲ့သည်။ သူသည်
အချိန်မဖြုန်းခဲ့ပဲ ရယ်မောကာ ပြောလိုက်၏။
"ကျုပ်က ဒီနေရာမှာ ခင်ဗျားတို့
နှစ်ယောက်နဲ့အတူ ထိုင်နေခဲ့ပြီး
စောင့်ကြပ်နေမယ်။ ကံကြမ္မာနဲ့
ကောင်းချီးမင်္ဂလာတို့က ဘယ်သူ့ကို
ရွေးချယ်သွားမလဲ ဆိုတာကို
စောင့်ကြည့်နေကြတာပေါ့"

လျှမ်ပန်းက ပထမဆုံး တုံ့ပြန်ခဲ့၏။ "ခင်ဗျားရဲ့
ပြောပုံဆိုပုံနဲ့ အမူအရာတွေက တကယ့်ကို
အထင်ကြီးဖွယ်ရာ ရှိပါတယ်။ ခင်ဗျားက

ယင်ကျိုးနတ်တောင်ကို ဘာမှမဟုတ်သလို သဘောထားနိုင်တယ်။ ဒါပေမဲ့ ကျုပ်တို့ရဲ့ အချိန်က အကန့်အသတ်ရှိပြီး တောင်သုံးတောင်က ပင်လယ်ထဲကို အချိန်မရွေး ပြန်ဝင်သွားနိုင်တယ်။ ဒီနေရာမှာ ထိုင်နေပြီး ဘာမှ မလုပ်နေလို့ရှိရင် အားလုံးတို့ရဲ့ အခွင့်အရေးတွေက ဆုံးရှုံးသွားနိုင်တယ်"

လင်းဖုန်းက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ဒါကတော့ ကံတရားပဲပေါ့။ တကယ်လို့ ခင်ဗျားက မစောင့်နိုင်ဘူးဆိုရင် တောင်ပိုင်းကို သွားလိုက်ပြီး ဇူဟုန်ဝူနဲ့ ပူးပေါင်းကာ ဖန်ကျန်းနတ်တောင်နဲ့အတူ

ပန်းလိုင်နတ်တောင်ကိုပဲ အာရုံစိုက်ပြီး ရှာဖွေနိုင်ပါတယ်"

ပြီးတာနှင့် သူသည် ဇူရီနှင့် ကျန်သောသူများဘက်သို့ လှည့်ကာပြောလိုက်၏။ "ကဲ၊ မင်းတို့အလှည့် ရောက်ပြီ"

ဇူရီနှင့် လီယွမ်ဖန်းတို့သည် အချင်းချင်း အကြည့်များ ဖလှယ်လိုက်ကြကာ လင်းဖုန်းအား ဦးညွှတ်လိုက်ပြီး ယင်ကျိုးနတ်တောင်အပေါ်သို့ တက်သွားခဲ့ကြသည်။

တော်ဝင်နန်းတော်နှင့် အင်မော်တယ်
နဂါးမြို့တော်တို့သည် အနည်းငယ်
တုန်ခါသွားကြသော်လည်း လင်းဖုန်းက
ယုကျင်းတောင်ပေါ်တွင် ထိုင်နေသေးခဲ့သဖြင့်
ဘာမှ မလုပ်နိုင်ခဲ့ကြပေ။

ခေတ္တမျှ စဉ်းစားလိုက်ကြအပြီးတွင် လျှမ်ပန်းနှင့်
ရှီယုတို့သည် သူတို့၏ သက်ဆိုင်ရာ တပည့်များ၊
လက်အောက်ငယ်သားများနှင့်
ဆက်သွယ်လိုက်ကာ သူတို့အား
ယင်ကျိုးနတ်တောင်ပေါ်သို့
တက်ရောက်သွားကြရန်
ညွှန်ကြားလိုက်ကြသည်။

ဒီရေ ခားအကြီးအကဲနှင့် နေမင်းမျိုးချ
သိမ်းငှက်တို့သည်လည်း ယင်ကျိုးနတ်တောင်
အနီးသို့ ပျံသန်းလာကြကာ လင်းဖုန်း၏
တုံ့ပြန်မှုများကို စောင့်မျှော်နေကြသည်။
သူတို့သည် လင်းဖုန်းက သူတို့အား
ဂရုမစိုက်ခဲ့ကြောင်းကို သိလိုက်သောအခါ
သူတို့သည်လည်း ရှေးဟောင်း
တောင်အကာအကွယ် ဝင်္ကပါအတွင်းသို့
ဝင်သွားခဲ့ကြသည်။

တော်ဝင်နန်းတော်အတွင်းမှ ကျင့်ကြံသူ
တစ်အုပ်စုသည် ပျံသန်းထွက်ပေါ်လာကြ၏။
သူတို့သည် ကေရာဇ်၏ လက်အောက်မှ
ကျင့်ကြံသူများ ဖြစ်ကြကာ ဆောင်ဟွားရန်နှင့်

အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ ကျန်သော
ကျင့်ကြံသူများပင် ပါကြသေး၏။

အံ့ဩစရာကောင်းသော အချက်မှ
သူတို့အုပ်စုအား ဦးဆောင်ခဲ့သူမှာ မဟာကျိုး
အင်ပါယာမှ နာမည်ကြီး အင်မော်တယ်ဝိညာဉ်
အဆင့် ကျင့်ကြံသူတစ်ယောက် မဟုတ်သလို
အရှေ့ကောင်းကင် တံခါးဂိုဏ်းမှ စွမ်းအားကြီး
ကျင့်ကြံသူ တစ်ယောက်လည်း မဟုတ်ခဲ့ပေ။
ထို့အစား သူသည် ဗုဒ္ဓအလင်းရောင်များ
ဖြာထွက်နေသော သက်လတ်ပိုင်း
လူတစ်ယောက်သာ ဖြစ်ခဲ့သည်။

စာစဉ် ၄၀ : အပိုင်း ၁၀

## အပိုင်း ၇၆၀ : မူလ အကြံအစည်အတိုင်း

ဤဆုံးဖြတ်ချက်နှင့် ပတ်သတ်၍ ဆွေးနွေးစရာ အကြောင်းသိပ်မရှိသော်လည်း လင်းဖုန်းနှင့် ကျန်သော ကေရာဇ်နှစ်ယောက်တို့သည် ယင်ကျိုးနတ်တောင်အတွင်းသို့ ဝင်ရောက်ရမည့် ကျင့်ကြံသူများ၏ စွမ်းအားကို အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ ကန့်သတ်ထား၏။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတွင် အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ

တစ်ယောက်မှ မရှိသော်လည်း ဇူရီသည်
အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ဖြင့်သာ
အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ
ဆောင်ချင်းစန်းအား အနိုင်ယူနိုင်ခဲ့သဖြင့်
သူ့အား မည်သူကမှ အထင်မသေးရဲကြပေ။

မဟာချင် အင်ပါယာမှ ကျင့်ကြံသူများအနက်
ရွှင်ပျော်ပျော် သူတော်စင်အပြင်
အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ
ကျင့်ကြံသူတစ်ယောက် ထပ်ပါလာခဲ့သည်။
သူသည် ရှီယု၏ ဝမ်းကွဲညီဖြစ်သော
ကျင်းဖန်မင်းသား ရှီလင်းဖြစ်သည်။ သူသည်
အန်းလျှန်မင်းသာ ရှီကျုံးယွဲ့နှင့်အတူ မဟာချင်

အင်ပါယာ တော်ဝင်မိသားစု၏ အရေးကြီးသော
ထောက်တိုင်တစ်ခု ဖြစ်သည်။

ရှီလင်းသည် အင်မော်တယ်
နဂါးမြို့တော်အပေါ်မှ ခုန်ဆင်းလာခဲ့၍
ရှင်ပျော်ပျော် သူတော်စင်တို့ထံသို့
ပူးပေါင်းလိုက်ကာ ယင်ကျိုးနတ်တောင်ကို
ပတ်ပတ်လည် ဝိုင်းထားသော ရှေးဟောင်း
မှော်ဝင်ကံ့ပါအတွင်းသို့ ဝင်သွားခဲ့သည်။

မဟာကျိုး အင်ပါယာမှ အုပ်စုကို
ဦးဆောင်နေသော ဗုဒ္ဓအလင်းရောင်များ
ဖြာထွက်နေသည့် သက်လတ်ပိုင်း ဘုန်းကြီး၏
ကျင့်ကြံမှုမှာ အဆင့်မြင့်ရုံတင် မကပဲ သူ၏ ဗုဒ္ဓ

အဆုံးအမများအား နားလည်မှုမှာ
နက်နဲလှသည်ကို အားလုံးက သိနေခဲ့သည်။

သူပေါ်ထွက်လာသည်နှင့် တပြိုင်နက်
အားလုံးတို့၏ မျက်နှာပေါ်တွင် ရှုပ်ထွေးသော
အမူအရာများ ပေါ်လာခဲ့သည်။ "တခုန်း..."

ထိုသက်လတ်ပိုင်း ဘုန်းကြီးသည် ပြုံးလိုက်ကာ
နှုတ်ဆက်လိုက်သည်။ "အားလုံးပဲ၊ မင်္ဂလာပါ"

သူသည် အချိန်မဖြုန်းခဲ့ပဲ သူ၏ လက်ဝါးအစုံကို
ပူးကပ်လိုက်ကာ ဒီရေ ဓားအကြီးအကဲအား
နှုတ်ဆက်လိုက်၍ သူ၏ အုပ်စုနှင့်

ကျယ်ပြန့်သော ပင်လယ်ခေါင်းဂိုဏ်းမှ ကျင့်ကြံသူများအား ခေါ်ဆောင်ကာ တောင်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

သူ၏နာမည်ကို ကြားလိုက်ရသော သူများ၏ မျက်နှာများ အပေါ်တွင် ရှုပ်ထွေးသော အမူအရာများ ပေါ်လာခဲ့သည်။

လင်းဖုန်းသည် တခုန်း ဇန်မာစတာအား ကြည့်လိုက်ကာ သူ၏ မျက်လုံးများကို တော်ဝင်နန်းတော်ထံသို့ ပြန်ပို့လိုက်သည်။ သူသည် ဖွဖွလေး ပြုံးလိုက်ကာ သူ့ကိုယ်သူ တွေးလိုက်၏။ "ဒီလူကိုတောင် ခေါ်လာခဲ့တယ် ဆိုတော့ မဟာကျိုး အင်ပါယာက

ဒီတစ်ခေါက်မှာ အင်အားအကုန်
ထုတ်လာတာပဲ"

တခုန်း ဇန်မာစတာသည် ပါရမီ ဇန်မာစတာနှင့် မျိုးဆက် အတူတူပင် ဖြစ်၏။ သူသည် ဂိုဏ်းအတွင်းသို့ နောက်ကျမှ ဝင်ရောက်လာခဲ့သော်လည်း ပါရမီ ဇန်မာစတာထက် ကျင့်ကြံမှုအဆင့် ပိုမြင့်ကာ မဟာမိုးကြိုး ကျောင်းတော်၏ လူငယ်မျိုးဆက်များ အတွင်းမှ ပါရမီရှင် တပည့်တစ်ဦး ဖြစ်၏။ သူသည် နာမည်မရှိသေးသော ရဟန်းငယ် ဘဝတွင် မဟာမိုးကြိုး ကျောင်းတော်မှ

အကြီးအကဲတစ်ဦး၏ လက်ရင်းတပည့်အဖြစ် ခေါ်ယူခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။

ဗုဒ္ဓ မှော်ကျိန်စာ ခန္ဓာကိုယ်အား ဖန်ဆင်းပြီး၍ ရွှေရောင်ပုံသဏ္ဌာန် ဒုတိယအဆင့်သို့ ရောက်သွားပြီးသောအခါ သူသည် ဉာဏ်အလင်း ဥယျာဉ်အား တာဝန်ယူရကာ မဟာမိုးကြိုး ကျောင်းတော်၏ အတွင်းစည်း အတွင်းသို့ တရားဝင် ဝင်ရောက်ခွင့် ရခဲ့သည်။

ဗုဒ္ဓဝါဒအား နှိမ်နင်းသည့် စစ်ပွဲအပြီးတွင် တခုန်း ဇန်မာစတာသည် မဟာမိုးကြိုး ကျောင်းတော်အား စွန့်ပစ်ခဲ့ကာ မဟာကျိုး အင်ပါယာထံသို့ ဝင်ရောက်သွားခဲ့သည်။

ဤသတင်းသည် သိပ်မပျံ့သွားခဲ့ပဲ အဆင့်နိမ့် ကျင့်ကြံသူများက မသိရှိခဲ့ကြပေ။ သို့သော်လည်း အင်မော်တယ်ဝိညာဥ် အဆင့် အထက်မှ အားလုံးတို့က ထိုအကြောင်းကို သိခဲ့ကြသည်။ တခုန်း ဇန်မာစတာသည် ထိုအချိန်မှ စတင်ကာ တံခါးပိတ် ကျင့်ကြံနေခဲ့၍ ပြင်ပကမ္ဘာသို့ တစ်ခါမှ မထွက်ခဲ့ပေ။

လင်းဖုန်းသည် ဤကြည့်ကောင်း၍ ဖော်ရွေပုံ ပေါက်နေသော ဘုန်းကြီးသည် ဗုဒ္ဓဝါဒအား နှိမ်နင်းသည့် စစ်ပွဲတွင် အရေးပါသော သော့ချက်ပုဂ္ဂိုလ်တစ်ဦး ဖြစ်လိမ့်မည်ဟု သိထားခဲ့သည်။

မဟာမိုးကြိုး ကျောင်းတော်၏
ထိုနှစ်များအတွင်းက ရှုံးနိမ့်မှုသည်
ဟင်းလင်းပြင် ဘုရားကျောင်း၏ မဆိုင်သလို
နေခဲ့သော သဘောထားကြောင့်လည်း
တစ်ပိုင်းတစ်စ ပါသည်။ ထို့အပြင် သူတို့သည်
ဝက်ပါချိုးဖောက်ဖုံကို အသုံးပြုကာ ဗီရိုကာနာ
ဝက်ပါအား ကူညီ ဖျက်ဆီးပေးခဲ့၍ သူတို့၏
သဘောထားများကို ပြသခဲ့သည်။

ဤလုပ်ဆောင်ချက်အတွက် အထူး
အကြောင်းရင်း တစ်ခုတော့ ရှိရမည်။
ဟင်းလင်းပြင် ဘုရားကျောင်း
လုပ်နေကြပုံစံအတိုင်းဆိုလျှင် ထိုကဲ့သို့
ဖြစ်ရမည် မဟုတ်ချေ။

လင်းဖုန်းသိထားသလောက်ဆိုလျှင် တခုန်း ဇန်မာစတာသည် မဟာမိုးကြိုး ကျောင်းတော် အတွင်းတွင် ထည့်သွင်းထားခဲ့သော သူလျှိုတစ်ယောက် မဟုတ်ပေ။ သို့သော်လည်း သူသည် စစ်ပွဲအပြီးတွင် ပျော်ရွှင်စွာဖြင့် ဆက်နေနိုင်ခဲ့သည်မှာ စစ်ပွဲအပြီးတွင် ဘက်ပြောင်းသွားသည်ထက် များစွာပိုပေသည်။

ဤသူသည် မဟာမိုးကြိုး ကျောင်းတော်၏ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဟင်းလင်းပြင် ဘုရားကျောင်းအား ပြောပြခဲ့ကာ ဗုဒ္ဓဝါဒအား နှိမ်နင်းသော စစ်ပွဲနှင့် ပတ်သတ်၍ သူတို့၏

သဘောထားကို ပြောင်းစေခဲ့ခြင်းလည်း ဖြစ်နိုင်သည်။

လင်းဖုန်းသည် တခုန်း ဇန်မာစတာအား အချိန်အတော်ကြာ အကဲခတ်နေခဲ့သည်။ သူ၏ စိတ်ဝိညာဉ်မှာ ကြည်လင်၍ အပူအပင် မရှိကြောင်းကို တွေ့လိုက်ရ၏။ သူ၏ဂိုဏ်းကို စွန့်ခွာကာ ရန်သူဘက်သို့ ပူးပေါင်းခဲ့ခြင်းအတွက် နောင်တရနေမှုလည်း မရှိခဲ့ပေ။ စစ်ပွဲအတွင်းတွင် သူလုပ်ခဲ့သည်မှာ တရားမျှတသည်ဟု လုံးဝ ယုံကြည်နေပုံ ပေါက်နေ၏။

သူသည် ဟင်းလင်းပြင် ဘုရားကျောင်း
သို့မဟုတ် မဟာကျိုး အင်ပါယာမှ
ထည့်သွင်းထားသော သူလျှိုတစ်ယောက်
မဟုတ်ခဲ့သဖြင့် သူ၏ ဗုဒ္ဓအဆုံးအမများကို
သင်ကြားခဲ့ရာတွင် မလိုလားအပ်သော
အတွေးများ မပါပဲ ကြည်လင်သန့်ရှင်းခဲ့မည်
ဖြစ်သည်။ သို့တိုင်အောင် သူသည် ဗုဒ္ဓဝါဒအား
နှိမ်နင်းသည့် စစ်ပွဲအား
အားပေးထောက်ခံခဲ့သည်။

"မဟုတ်မှလွဲရော.. သူက ဗုဒ္ဓဝါဒကို
နှိမ်နင်းတာကို အားပေးတာ မဟုတ်ပဲ
လမ်းလွဲကို လိုက်နေကြတဲ့
တပည့်သာဝကတွေကို နှိမ်နင်းချင်တာပဲ

ဖြစ်လိမ့်မယ်" လင်းဖုန်းက သူ၏ခေါင်းအတွင်းမှ စဉ်းစားတွက်ချက်နေခဲ့သည်။

"ဒါက ဟင်းလင်းပြင် ဘုရားကျောင်းကို ကွန်ဆာဗေးတစ် ပါတီနဲ့ ရှေ့ဆောင်လမ်းစဉ် ပါတီဆိုပြီးတော့ နှစ်ပိုင်း ပိုင်းနေတာနဲ့ တူတယ်။ မဟာမိုးကြိုး ကျောင်းတော်ကလည်း တစ်ဖွဲ့တည်း ရှိနေတာ မဟုတ်ဘူး။ ဗုဒ္ဓအဆုံးအမတွေကို အမျိုးမျိုး လက်ခံကျင့်သုံးကြတဲ့ အဖွဲ့ခွဲတွေ အမျိုးမျိုး ရှိနေကြပြီး ဂိုဏ်းခွဲတွေကိုလည်း အသီးသီး ဖွဲ့စည်းထားကြတယ်"

လင်းဖုန်းသည် အနည်းငယ် ဆက်တွေးလိုက်၍ ရယ်လိုက်ကာ သူ၏ခေါင်းအား ခါလိုက်သည်။ စနစ်၏ အကြောင်းကြားချက်များသည် သူ၏ နားအတွင်းတွင် အဆက်မပြတ် အော်မြည်နေခဲ့ပြီး သူသည် တော်ဝင်နန်းတော်အား တစ်ချက် ထပ်ကြည့်လိုက်၍ ဇူရီနှင့် ကျန်သောသူများထံသို့ ပြန်ကြည့်လိုက်ကာ အသံလွှင့်လိုက်၏။ "ဇူရီ၊ မဟာကျိုး အင်ပါယာကို ဦးဆောင်လာတဲ့ ဘုန်းကြီးကို ငါ့ကိုကူညီပြီး သေချာ စောင့်ကြည့်ထားစမ်းပါ"

လင်းဖုန်း၏ ရှင်းပြချက်များကို နားထောင်ပြီး ဇူရီ၏ မျက်လုံးအစုံမှာ တောက်ပလာခဲ့သည်။

"တကယ်လို့ ကျွန်တော်တို့က ဒီလူကို ဖမ်းဆီးနိုင်ခဲ့ရင် ဟိုနှစ်တွေ အတွင်းက ဗုဒ္ဓဝါဒကို နှိမ်နင်းတဲ့ စစ်ပွဲတွေ အကြောင်းကို သိနိုင်တာပေါ့။ ဒါပေမဲ့ သူက အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်က ကျင့်ကြံသူ ဆိုတော့ ကျွန်တော်က သူ့ကိုဘာမှ မလုပ်နိုင်ဘူး"

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ကာ ပြောလိုက်သည်။ "ကိစ္စမရှိပါဘူး။ ငါက ဗုဒ္ဓဝါဒကို နှိမ်နင်းတဲ့ စစ်ပွဲအတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲ ဆိုတာကို အကြမ်းဖျင်းတော့ စဥ်းစားမိပြီးပြီ။ မင်းက သူ့ကို အကြမ်းနည်း သုံးစရာ မလိုဘူး။ သူ့ဆီမှာ

ခါတ်တော်တွေ အများကြီး ရှိနေနိုင်တဲ့အတွက် မင်းကသူ့ကို အထူးအာရုံစိုက်ထားရင် ရပြီ"

"အိုး" ဗူရီက သူ၏ခေါင်းအား ညိတ်လိုက်သည်။ "ကျွန်တော် သဘောပေါက်ပါပြီ"

ဤနှစ်များ အတွင်းတွင် သူတို့ထွက်ခဲ့သော ရှာဖွေစူးစမ်းခြင်း ခရီးများ အတွင်းတွင် ဗူရီနှင့် ကျန်သောသူများသည် ဟိုနေရာ ဒီနေရာများတွင် ခါတ်တော်အချို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ သို့သော်လည်း စုစုပေါင်းလိုက်လျှင် အားလုံးတို့၏ ဆယ်ရာခိုင်နှုန်းပင် မပြည့်သေးချေ။

လင်းဖုန်း၏ သုံးသပ်ချက်အရ ဆိုလျှင် မဟာမိုးကြိုး ကျောင်းတော်အား ဖျက်ဆီးအပြီးတွင် ခတ်တော် အများစုတို့သည် မဟာကျိုး အင်ပါယာ၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ခြင်း ဖြစ်သည်။

တခုန်း ဇန်မာစတာအား တွေ့ခဲ့အပြီးတွင် သူ၏နားအတွင်းတွင် ဆက်တိုက်ပေါ်လာသော စနစ်၏ အကြောင်းကြားချက်များကို ကြည့်လိုက်ပြီး ဤအချက်ကို ပို၍ သက်သေပြနိုင်ခဲ့သည်။ တော်ဝင်နန်းတော်၏ အတွင်းတွင် ခတ်တော်များ အတော်များများ ရှိနေမည် ဖြစ်သည်။

တော်ဝင်နန်းတော်သည် ယခင်မှ
ဂုဏ်ကျက်သရေများကို ပြန်လည်ရရှိရန်
ဆံခြည်တစ်မျှင်စာမျှသာ လိုအပ်နေခြင်းသည်
မဟာကျိုး အင်ပါယာမှ
အရင်းအမြစ်ပေါင်းများစွာနှင့် ဟေးဒီးစ်
အမှောင်မန္တန်တို့အား ထည့်သွင်းခဲ့ခြင်း ပါသလို
ဗုဒ္ဓခတ်တော်များစွာတို့ကိုလည်း
ထည့်သွင်းထားခြင်း ဖြစ်ပေလိမ့်မည်။

တခုန်း ဇန်မာစတာ၏ ကိုယ်ပေါ်တွင်ပင်
ခတ်တော်များစွာတို့ ရှိနေသည်။

"ဒီဘုန်းကြီးက စိတ်ဝင်စားစရာပဲ။ မင်းက ဗုဒ္ဓလမ်းစဉ်ပေါ်က လူတစ်ယောက်လို့လည်း ပြောသေးတယ်။ မင်းက မင်းရဲ့ ရှေးဆရာတော်တွေရဲ့ ခါတ်တော်တွေကို ရိုသေလေးစားမှု မရှိဘူး။ မင်းက မဟာကျိုး အင်ပါယာဟာ ဒီခါတ်တော်တွေကို အသုံးပြုပြီး မှော်ရတနာတွေကို သန့်စင်တာကို လက်ခံနိုင်ခဲ့တယ်။ မင်းကိုယ်တိုင်ကိုက သူတို့ကို အသုံးပြုနေခဲ့ပေမဲ့ စိတ်ထဲမှာ ဘာမှ မခံစားနေရသလိုပဲ"

လင်းဖုန်းသည် ယခင်က သူတို့ ရှေးဆရာတော်များ၏ ခါတ်တော်များကို မှော်အိုင်တမ်များအဖြစ် အသုံးချခဲ့သော

သူများကို တွေ့ခဲ့ဖူး၏။ ဥပမာအားဖြင့် ဟွေကုနှင့် ယွမ်ရှန်းတို့ ဖြစ်ကြ၏။ သို့သော်လည်း သူတို့သည် ဤကိစ္စနှင့် ပတ်သတ်၍ လိပ်ပြာမသန့်ကြပေ။

လင်းဖုန်းက ပြုံးလိုက်သည်။ "မင်းကိုယ်မင်း တခုန်းလို့ခေါ်တယ်။ မင်းက တကယ်ပဲ ကမ္ဘာကြီးကို ထိုးဖောက်မြင်နိုင်ပြီး စိတ်ခံစားချက်တွေက ကင်းလွတ်နေပြီလား။ ရွှေရောင် ပုံသဏ္ဍာန် တတိယ အဆင့်က ဗုဒ္ဓကျင့်ကြံသူတွေတောင် ဒီလိုမျိုး မစွမ်းဆောင်နိုင်ဘူး။ ဒါတောင်မှပဲ မင်းက ရွှေရောင်ပုံသဏ္ဍာန် တတိယအဆင့်နဲ့ သိပ်မဝေးတော့ဘူး"

ကျယ်ပြန့်သော ပင်လယ်ခေါင်းကိုဏ်းမှ ကျင့်ကြံသူများသည် မဟာကျိုး အင်ပါယာ၏ အနောက်သို့လိုက်သွားကြပြီး ရွှင်ပျော်ပျော် သူတော်စင်နှင့် ရှီရှင်းယွမ်တို့သည် ကျန်းဖန်မင်းသား ရှီလင်း၏ အနောက်သို့ လိုက်သွားကြသည်။

နေမင်းမျိုးချ သိမ်းငှက်နှင့် ရွှေရောင်ငှက်တောင် မဟာနတ်ငှက် အုပ်စု၊ အနီရောင် နဂါးဘုရင်၏ လက်အောက်မှ နဂါးတို့သည် သူတို့တာဝန်၏ ဖြစ်နိုင်ခြေ မရှိသော ခက်ခဲမှုအား သဘောပေါက်နေကြသဖြင့် လက်လျှော့လိုက်ကြသည်။

အင်မော်တယ် နဂါးမြို့တော်၊
တော်ဝင်နန်းတော်နှင့် ယုကျင်းတောင်တို့က
သူတို့၏ ခေါင်းပေါ်မှ တောင်အား
စောင့်ကြပ်နေကြသဖြင့် သူတို့သည်
ဖန်ကျန်းနတ်တောင်အား သူတို့ကိုယ်တိုင်
ထိန်းချုပ်နိုင်ရန်ဟူသော လောဘများဖြင့်
ဝင်ရောက်သွားခဲ့လျှင် ဖုန်မှုန့်များအဖြစ်သို့
ကြွေလွင့်သွားခဲ့နိုင်သည်။

ကမ္ဘာနှစ်ခုအကြားမှ စစ်ပွဲဖြစ်လာလျှင်
သူတို့အား အကျိုးရှိနိုင်ပြီး ယှဉ်ပြိုင်ဘက်များ
လျှော့နည်းသွားမည် ဖြစ်သဖြင့် လင်းဖုန်း၊
ရှီယုနှင့် လျှမ်ပန်းတို့သည် မိစ္ဆာများကို

နိမ်နင်းရန် အတွက် ယာယီမဟာမိတ်များ
ဖွဲ့ကြရန် ဝန်လေးနေကြမည် မဟုတ်ပေ။

ဤကဲ့သို့သော လူထုတ်ပုံကို ရင်ဆိုင်ရန်
နေမင်းမျိုးချ သိမ်းငှက်နှင့် အနီရောင်
နဂါးဘုရင်တို့ မပြောနှင့် ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတနှင့် ခရမ်းရောင် ပင်လယ်နဂါး
ဘုရင်သည်ပင်လျှင် သူတို့အား ရင်ဆိုင်ရန်
နှစ်ခါပြန်၍ စဥ်းစားရမည် ဖြစ်သည်။

အနီရောင် နဂါးဘုရင်သည်
တော်ဝင်နန်းတော်နှင့် အင်မော်တယ်
နဂါးမြို့တော်တို့အား ဟန်ပန် အမူအရာ

ကင်းမဲ့နေသော မျက်နှာဖြင့်
စိုက်ကြည့်နေခဲ့သည်။

ထိုကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ
နှစ်ခုစလုံးတို့သည် သူတို့ နဂါးမျိုးနွယ်စုအား
အကြီးအကျယ် ထိခိုက်နာကျင်စေခဲ့၍
နဂါးများ၏ မဟာရန်သူများ ဖြစ်ကြသည်။

ရှေးပဝေသဏီမှ နတ်နဂါးများသည်
ကမ္ဘာဦးခေတ် အတွင်းတွင် ကြီးစိုးလွှမ်းမိုးကာ
အုပ်ချုပ်နိုင်ကြသူများ ဖြစ်ခဲ့ကြသည်။
ထိုအချိန်တွင် လူသားများဆိုသည်မှာ
စကားထဲတွင် ထည့်ပြောဖို့ပင် မလိုချေ။ အခြား
မိစ္ဆာမျိုးနွယ်စုများသည်ပင်လျှင် နဂါးများ၏

အုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့ကြခြင်း ဖြစ်သည်။

ထိုခေတ်မှ မိစ္ဆာကေရာဗ်မှာ ပထမနဂါး ရှမ်ဆန်း ဖြစ်၍ ရှေးပဝေသဏီ နတ်နဂါးများ၏ မျိုးနွယ်စုခေါင်းဆောင် ဖြစ်၍ ကြွယ်ကေရာဗ်ဟူ၍လည်း ခေါ်ကြသေး၏။ သူသည် ရှေးခေတ်နတ်နဂါး ဖြစ်သူ သူ၏ဇနီး ချန်းနင်နှင့် ရှေးပဝေသဏီ နတ်နဂါးမျိုးနွယ်စု တစ်ခုလုံးကို မွေးဖွားခဲ့၍ နဂါးမျိုးနွယ်စု တစ်ခုလုံး၏ မူလ ဘိုးဘေးဘီဘင် ဖြစ်၏။

ပထမ လူသားကေရာဗ်ဖြစ်သော ရှီကေရာဗ်သည် လူသားတို့အားလုံးတို့ကို

စုစည်း၍ နဂါးတို့၏ အုပ်ချုပ်မှုအား
ပုန်ကန်တော်လှန်ခဲ့၏။ အခြား
မိစ္ဆာမျိုးနွယ်စုများသည်လည်း အစကတည်းက
နဂါးတို့၏ အုပ်ချုပ်မှုအား မပျော်မရွှင်
ဖြစ်နေကြသဖြင့် လူသားတို့အား လျှို့ဝှက်စွာနှင့်
ကူညီပေးခဲ့၏။ လူသားတို့အား ခက်ခဲသော
အချိန်များတွင် ဆက်လက်
ရှင်သန်ကြီးထွားနိုင်အောင်
ကူညီထောက်ပံ့ပေးကြသော သူများပင်
ရှိကြသေး၏။

နောက်ပိုင်းတွင် ဖြစ်ပွားခဲ့ကြသော
သွေးလွှမ်းသည့် တိုက်ပွဲတွင် ရှေးဟောင်းနဂါး
ချန်းနင်သည် သီးသန့် ခွဲအထုတ်ခံခဲ့ရ၍

ဝိုင်းဝန်းလုပ်ကြံခြင်း ခံခဲ့ရကာ နောက်ဆုံးတွင် အသက်ပျောက်ခဲ့ရသည်။ ရှီကေရာဇ်သည် သူမ၏ ရုပ်အလောင်းအား ရုပ်အရင်းအမြစ် အဖြစ် ပြုလုပ်ကာ တိုက်ပွဲအတွင်းမှ သူမ၏ စွမ်းအားနှင့် စိတ်ဝိညာဥ် စွမ်းအင်များကို ပြန်လည် ထည့်သွင်းခဲ့သည်။

သူမ၏ စွမ်းအား သဘောတရားများမှာ မသေနိုင်ခြင်း ဖြစ်ကာ ထာဝရ စောင့်ရှောက်မှုကို ပေးခြင်းဖြစ်သည်။ ထို့နောက် သူမ၏ ရုပ်အကြွင်းအကျန်များအား သန့်စင်ကာ နောက်ဆုံးတွင် အင်မော်တယ် နဂါးမြို့တော်ကို မွေးဖွားပေးခဲ့သည်။ ဒါသည် သူ့နာမည်၏ မူလရင်းမြစ် ဖြစ်၏။

ထိုမှော်ရတနာအား ပြီးဆုံးအောင်
မကျင့်ကြံနိုင်ခင်တွင် ရှီကေရာဇ်သည်
အမျက်ဒေါသ တချောင်းချောင်း ထွက်နေ၍
ရပ်တန့်၍ မရနိုင်သော ရွှမ်ဆန်း၏
သတ်ဖြတ်ခြင်းအား ခံခဲ့ရသည်။ သို့သော်လည်း
ထို့နောက်တွင် လူသားများ၏ မြင့်မားလာမှုအား
တားဆီး၍ မရနိုင်တော့ပဲ အစွမ်းထက်သော
လူသား ကျင့်ကြံသူများစွာတို့သည်
ကျဆုံးသွားခဲ့ကြသော သူတို့
ရဲဘော်ရဲဘက်များ၏ နေရာတွင် ဟိုင်ဒရာ၏
ခေါင်းများအလား တစ်ယောက်ပြီးတစ်ယောက်
အစားထိုးနိုင်ကြသည်။

ဤမှော်ကွန်းဝင် တိုက်ပွဲသည် မူလကောင်းကင်
ကမ္ဘာကြီးကို နတ်ဘုရား နယ်မြေနှင့်
မဟာလွင်တီးခေါင် ကုန်းမြေဟူ၍
နှစ်ခြမ်းကွဲစေကာ ကမ္ဘာဦးခေတ်အား
အဆုံးသတ်ခဲ့သည့် အချိန်အထိ
ဆက်သွားခဲ့သည်။

ကမ္ဘာကြီးသည် ရှေးဟောင်းခေတ်သို့
ရောက်ရှိလာသောအခါ မဟာဟင်းလင်းပြင်
သူတော်စင်သည် အန္တိမ
ကောင်းကင်ကြေးမုံအား ကိုင်ဆောင်၍
တိုင်ကေရာဇ်သည် တော်ဝင်နန်းတော်အား
အသုံးပြုကာ အတူတကွ ပူးပေါင်း၍ ရွှမ်ဆန်းနှင့်
အခြား မဟာနဂါး များစွာတို့အား အနိုင်ယူကာ

သတ်ဖြတ်နိုင်ခဲ့သည်။ ကမ္ဘာဦး ကာလအစကတည်းက နဂါးများ၏ အန္တိမ အုပ်ချုပ်မှုမှာလည်း တရားဝင် အဆုံးသတ်သွားခဲ့သည်။

ယနေ့အချိန်တွင် နဂါးများသည် မဟာကောင်းကင် ပင်လယ်ခုနှစ်ခု အတွင်းတွင် တစ်ခု အပါအဝင် ဖြစ်သော မဟူရာ ပင်လယ်အတွင်းတွင် ကြီးစိုးနိုင်ခဲ့သေးကာ အစွမ်းထက်သော မိစ္ဆာမျိုးနွယ်စု တစ်ခု ဖြစ်နေသေးသော်လည်း လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက နဂါးခေတ်နှင့်ယှဉ်လိုက်လျှင် ဘာမှ မဟုတ်တော့ပေ။ ထိုအချိန်တုံးက သူတို့သည်

ကောင်းကင်ပေါ်တွင် ပျံဝဲနိုင်ခဲ့ကာ
တစ်ကမ္ဘာလုံးက သူတို့အား ဦးညွှတ်ခဲ့ရသည်။
သူတို့၏ အထက်တန်းကျမှုကို မည်သူမှ
မငြင်းနေနိုင်ပေ။

အနီရောင် နဂါးဘုရင်သည် သူ၏
စိတ်ခံစားမှုများကို မထိန်းချုပ်နိုင်မည်ကို
စိုးရိမ်နေသဖြင့် သူ၏ မျက်လုံးများအား
ပိတ်လိုက်သည်။ နဂါးများစွာတို့သည်
အင်မော်တယ် နဂါးမြို့တော်နှင့်
တော်ဝင်နန်းတော်တို့အား သူတို့၏
အကြီးမားဆုံးသော အရှက်ရမှု နှစ်ခုအနေနှင့်
မြင်ထားကြကာ လက်စားပြန်ချေနိုင်ကြရန်
အရူးအမူး ဖြစ်နေကြသည်။

အနီရောင် နဂါးဘုရင်၏ ထွက်ခွာသွားမှုကို ကြည့်နေခဲ့ရင်း လင်းဖုန်း၏ မျက်မှောင်များမှာ ကြုတ်သွားခဲ့၍ ခေတ္တမျှ စဉ်းစားလိုက်ကာ သူ၏ သံမဏိသစ်ပင် ကိုယ်ပွားအား နောက်ယောင်ခံ လိုက်သွားစေခဲ့သည်။

သူ၏ မူလခန္ဓာကိုယ်မှာမူ သူ၏အရှေ့မှ တော်ဝင်နန်းတော်နှင့် အင်မော်တယ် နဂါးမြို့တော် အပေါ်တွင်သာ အာရုံစိုက်ထားခဲ့သည်။

ကြမ္မာပန်းတိုင် အဆင့်နှင့် မဟာယာန အဆင့်မှ မှော်ရတနာများတို့သည် သူတို့၏ ကိုယ်ပိုင် စွမ်းအားများကို ကိုယ်တိုင် ထုတ်လွှတ်နိုင်စွမ်း ရှိကြသည်။ တစ်ခုတည်းသော ကွာခြားချက်မှာ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများသည် ပို၍ သန်မာကာ အစွမ်းထက်သော မူလ စိတ်ဝိညာဉ်အား ပိုင်ဆိုင်နိုင်ကာ စိတ်စွမ်းအား ပိုကြီးခြင်း ဖြစ်သည်။

သို့သော်လည်း သူတို့သည် မူလကောင်းကင် ကမ္ဘာ၏ သဘာဝ အစိတ်အပိုင်း တစ်ရပ် ဖြစ်ကြကာ ပြင်ပကမ္ဘာသို့ အကြောင်းကိစ္စမရှိပဲ ထွက်လာလေ့ မရှိ၍ အချိန်ကာလ အတော်များများတွင် ငြိမ်နေကြသည်။

သူတို့သည် မူလကောင်းကင် ကမ္ဘာတွင် ရှိနေကြသည့် သီးသန့်ကမ္ဘာများနှင့် တူနေကြ၍ အခြား သက်ရှိများကဲ့သို့ တက်တက်ကြွကြွ ရှိမနေကြပေ။

ဤကြမ္ဘာပန်းတိုင် အဆင့်မှ မော်ရတနာများ၏ ခွင့်ပြုချက်ရခဲ့လျှင် အဆင့်နိမ့် ကျင့်ကြံသူများကပင် သူတို့၏ အစွမ်းထက်သော စွမ်းအားများကို ယူသုံးနိုင်စွမ်းရှိကြသည်။ သို့သော်လည်း အကယ်၍ ကျင့်ကြံမှု အဆင့်အတန်း ကွာခြားချက်က ကြီးမားလွန်းခဲ့လျှင် မော်ရတနာများ၏ စွမ်းအားတန်ပြန်မှုအား ခံရမည် ဖြစ်၏။

ဥပမာ အနေနှင့် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူများသည် သူတို့၏ ကိုယ်ပိုင် မှော်စွမ်းအင်များကိုသာ သုံးစွဲနိုင်ကြ၍ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူများသည် ဘေးပတ်ဝန်းကျင်မှ စိတ်ဝိညာဉ် စွမ်းအင်များကို စုပ်ယူနိုင်စွမ်း ရှိကြသည်။ ခြားနားသော ကျင့်ကြံမှု အဆင့်အတန်း များအပေါ်တွင် မူတည်၍ ကောင်းကင်နှင့် မြေကြီးတို့၏ သဘောတရားများကို နားလည်နိုင်စွမ်းက ခြားနားပေသည်။

မဟာကျိုး ကေရာဇ် လျှမ်ပန်း၏
အင်မော်တယ်ဝိညာဥ် တတိယ အဆင့်သို့
တက်လှမ်းသွားနိုင်ခြင်းသည်
တော်ဝင်နန်းတော်၏ အပြည့်အဝ
ပြန်လည်ကောင်းမွန်လုနီးပါး ရောက်နေသည့်
အခြေအနေနှင့် ပေါင်းစပ်လိုက်သောအခါ
ရှီယု၏ အင်မော်တယ် နဂါးမြို့တော်သည်
တော်ဝင်နန်းတော်အား ကျော်လွှားရန်
မဖြစ်နိုင်တော့ချေ။

အကယ်၍ လျှမ်ပန်းသည် အင်မော်တယ်ဝိညာဥ်
ဒုတိယ အဆင့်တွင်သာ ရှိသေးခဲ့လျှင်
တော်ဝင်နန်းတော်သည် အင်မော်တယ်
နဂါးမြို့တော်နှင့် တိုက်ရိုက် ရင်ဆိုင်နိုင်စွမ်း

ရှိမည်ဖြစ်သော်လည်း ဤမျှသော ဖိအားများကို
ပေးနိုင်လိမ့်မည် မဟုတ်ပေ။

"ဒါဆိုရင်.." လျှမ်ပန်းနှင့်
တော်ဝင်နန်းတော်တို့အား
လေ့လာလိုက်ခြင်းအားဖြင့် လင်းဖုန်းသည်
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများနှင့်
ပတ်သတ်၍ ပိုမိုနားလည်
သဘောပေါက်လာခဲ့သည်။ သူသည်
သူ၏စိတ်ကို ဆုံးဖြတ်ချက် ချလိုက်ပြီ ဖြစ်သည်။

"ငါ့ရဲ့ အစီအစဉ်တွေကို ပြောင်းလဲဖို့မလိုဘူး။
အခုလောလောဆယ် နဂိုမူလ
အကြံအစည်အတိုင်းပဲ ရှေ့ဆက်သွားရမှာပဲ"

# စာစဉ် ၄၀ : အပိုင်း ၁၁

## အပိုင်း ၇၆၁ : လျှို့ဝှက် ဆောင်ရွက်မှုများ

လျှမ်ပန်းနှင့် ရှီယုတို့သည် လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည် အနီရောင်
နဂါးဘုရင်၏ အနောက်မှ တိတ်တိတ်ကလေး
လိုက်သွားသည်ကို သတိထားမိခဲ့သည်။
သို့သော်လည်း သူတို့သည်
ယုကျင်းတောင်ပေါ်မှ လင်းဖုန်း၏
မူလခန္ဓာကိုယ်ကိုသာ အာရုံစိုက်ထားခဲ့၍
သူ၏ကိုယ်ပွားအား ဂရုသိပ်မစိုက်ခဲ့ကြပေ။

သို့တိုင်တောင် သူတို့သည် သူတို့၏ အသိစိတ် တစ်စအား ထုတ်လွှတ်လိုက်ကာ မမျှော်လင့်သော အဖြစ်အပျက်များ ဖြစ်လာမည်ကို ကာကွယ်သည့် အနေဖြင့် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားအား စောင့်ကြည့်နေခဲ့ကြသည်။

လင်းဖုန်းကလည်း ဤအရာကို ကြိုတွက်ပြီးသား ဖြစ်၏။ လင်းဖုန်းသည် အနီရောင် နဂါးဘုရင်နှင့် ပတ်သတ်၍ တစ်ခုခု မှားယွင်းနေသည်ဟု ခံစားမိနေရသဖြင့် သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည် အနီရောင်

နဂါးဘုရင် အနောက်သို့ တိတ်တဆိတ်
လိုက်သွားခဲ့ခြင်း ဖြစ်သည်။

သူ၏ ဒုတိယ ရည်ရွယ်ချက်မှာ သူ၏ လျှို့ဝှက်
အကြံအစည်အား တိတ်တိတ်ကလေး
ဆောင်ရွက်နိုင်ရန်  လျှမ်ပန်းနှင့် ရှီယုတို့အား
အာရုံပျံ့လွင့်စေရန် ဖြစ်သည်။

လျှို့ဝှက်ဆန်းကြယ်သော မှော်သင်္ကေတများ
တစ်တန်းပြီးမှ တစ်တန်းတို့သည် အတူတကွ
ပေါင်းစည်းသွားကြကာ အရန်အတား
ချိုးဖောက်ကျောက်တုံး၊
ကောင်းကင်ယောက်သွား ရွှေပုလဲတို့နှင့်
ပေါင်းစပ်သွားကြ၍ သေးငယ်သော

အလင်းတန်း အစက်လေး တစ်ခုအဖြစ်
ပြောင်းလဲသွားခဲ့သည်။
ထိုအလင်းစက်ကလေးသည် လျှမ်ပန်းနှင့်
ရှီယုတို့က သူ၏ သံမဏိသစ်ပင်
ကိုယ်ပွားကြောင့် အာရုံပျံ့လွင့်သွားသည့်
အချိန်လေးကို အသုံးချကာ ယုကျင်းတောင်မှ
တိတ်တိတ်ကလေး ထွက်ခွာသွားခဲ့သည်။

ထူးခြားဆန်းကြယ်သော မှော်သင်္ကေတ
အလွှာများသည် မှော်အရန်အတား
တစ်ခုအနေနှင့် ထိုအလင်းစက်လေး၏
လှုပ်ရှားမှုကို ဖုံးကွယ်ထားသဖြင့် လျှမ်ပန်းနှင့်
ရှီယုတို့က သတိထားမိမည် မဟုတ်ချေ။

လင်းဖုန်း စီစဉ်ထားသော လျှို့ဝှက်
အကြံအစည်၏ ပထမအဆင့်သည်
အောင်မြင်စွာနှင့် ပြီးဆုံးသွားခဲ့သည်။

အကယ်၍ လျှမ်ပန်းနှင့် ရှီယုတို့သည်
အပြည့်အဝ အာရုံစူးစိုက်ထား၍ သူတို့၏
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများနှင့်
တစ်သားတည်း ဖြစ်နေကြလျှင် တွေ့ရှိကောင်း
တွေ့ရှိနိုင်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း
လင်းဖုန်းလိုအပ်နေသည်မှာ စိတ်အာရုံ
ပျံ့လွင့်သွားသော ဤအချိန်ခဏလေးသာ ဖြစ်၍
အလင်းစက်လေးသည် ယင်ပင်လယ်၏ အပေါ်မှ
တိမ်တိုက် မြူခိုးငွေ့များအတွင်းသို့ ဝင်ရောက်
ပျောက်ကွယ်သွားခဲ့သည်။

ထိုအလင်းတန်း အစက်လေးအား
မတွေ့ရှိခဲ့သော်လည်း လျှမ်ပန်းနှင့် ရှိယု
နှစ်ယောက်စလုံးတို့သည် သူတို့၏ နှလုံးခုန်
တစ်ချက်မှားသွားခဲ့သည်ဟု ခံစားလိုက်ရပြီး
သွေးလည်ပတ်မှုများ အနည်းငယ်
မြန်လာခဲ့သည်။ သူတို့၏ မသိစိတ်များမှနေ၍
အခြေအနေများသည် သူတို့ဘက်ကို
ပါမလာနေကြောင်းကို ပြောပြနေကြ၏။

ဘဝနှင့် ကံကြမ္မာတို့၏ လမ်းကြောင်းများသည်
မသေချာမှုများစွာတို့နှင့် ပြည့်နေခဲ့၏။ သူတို့၏
ကျင့်ကြံမှု အဆင့်များမှာလည်း
အရာအားလုံးတို့အား

ထွင်းဖောက်မြင်ရနိုင်သည့်အထိ
မမြင့်မားကြသေးပေ။ သူတို့၏
မသိစိတ်များကသာ လှုပ်ရှားနေကြခြင်း ဖြစ်၍
သူတို့၏ စိတ်မသက်မသာ ဖြစ်ရခြင်း၏
အကြောင်းရင်းအား မထုတ်ဖော်နိုင်ခဲ့ကြပေ။

ရှိယုအနေနှင့် ဤအကြောင်းရင်းသည် လျှမ်ပန်း
ဖြစ်နိုင်သလို လင်းဖုန်းလည်း ဖြစ်နိုင်၏။
ထို့အပြင် ယင်ပင်လယ်အတွင်းသို့
သူတို့နှင့်အတူ ရောက်နေကြသော
အခြားသူများစွာတို့လည်း ရှိကြသေး၏။

လျှမ်ပန်းအနေနှင့်လည်း သူနှင့် အခြေအနေ
အတူတူပင် ဖြစ်၏။

သို့သော်လည်း လင်းဖုန်း၏ ယုံကြည်မှုအပြည့် ရှိနေသော အမူအရာကို ကြည့်လိုက်ခြင်းဖြင့် သူတို့သည် သံသယများကို လင်းဖုန်းအပေါ်သို့သာ ပုံချလိုက်သည်။

"သူက ဘာမှ လုပ်လိုက်တာလဲ" လျှမ်ပန်းသည် မျက်မှောင်အနည်းငယ် ကြုတ်လိုက်၍ အဝေးနေရာမှ ဖန်ကျန်းနတ်တောင် အပေါ်တွင် ရှိနေသော သူ၏ကိုယ်ပွားနှင့် ဆက်သွယ်လိုက်သည်။ ပန်းလိုင်နတ်တောင်အားလည်း ရှာဖွေနေခဲ့သဖြင့် လျှမ်ပန်းသည်

မမျှော်မှန်းထားသော အဖြစ်များ
ပေါ်ပေါက်လာမည်ကို သတိထားနေခဲ့သည်။

ဇူဟုန့်ဝူကလည်း လျှမ်ပန်း၏
အခြေအနေများကို ဖော်ပြချက်ကြောင့်
အနည်းငယ် စိတ်ရှုပ်ထွေးသွားခဲ့သည်။
"အရှင်မင်းမြတ်၊ အစောပိုင်းက ရရှိခဲ့တဲ့
ခံစားချက်က တိုက်ဆိုင်မှုသက်သက်
မဖြစ်နိုင်ဘူး"

လျှမ်ပန်းက သဘောတူစွာဖြင့်
ခေါင်းညိတ်လိုက်ကာ ပြောလိုက်သည်။
"ငါတို့က ပန်းလိုင်နတ်တောင်ကို
အမြန်ရှာတွေ့မှရမယ်။ ဒါပေမဲ့ ငါတို့က

အရမ်းလည်း အလောတကြီးလုပ်လို့ မရဘူး။ လိုအပ်ရင် ခြေတစ်လှမ်းဆုတ်ဖို့ကိုလည်း ပြင်ဆင်ထားရမယ်။ တောင်သုံးတောင် နောက်တစ်ကြိမ် ပေါ်လာတဲ့ အချိန်ကို စောင့်ရရင်လည်း ကိစ္စမရှိဘူး"

"မဟာကျိုး အင်ပါယာက ဖန်ကျန်းနတ်တောင်ကို ထိန်းသိမ်းထားနိုင်ခဲ့လို့ရှိရင် ယင်ပင်လယ် အတွင်းမှာ ပဋိပက္ခဖြစ်လာတဲ့ အချိန်ကျရင် ငါတို့အတွက် အရာအားလုံးက အဆင်ပြေနိုင်တယ်။ တကယ်လို့ ပန်းလိုင်နတ်တောင်ကို ရှာတွေ့လို့ရှိရင် ထိန်းချုပ်ရန် ကြိုးစားဖို့က မင်းတာဝန်ပဲ။

ငါ့ရဲ့ကိုယ်ပွားက တစ်ခုခုဖြစ်ရင်
ကူညီလို့ရအောင်
ဖန်ကျန်းနတ်တောင်အပေါ်မှာပဲ ရှိနေလိမ့်မယ်"

ဇူဟုန်ဝူက ခေါင်းညိတ်လိုက်သည်။ "မှန်လှပါ
အရှင်မင်းမြတ်"

သူသည် ပန်းလိုင်နှင့် ဖန်ကျန်းနတ်တောင်တို့၏
ကိစ္စများကို ဖြေရှင်းပြီးသွားသည်နှင့် လျှမ်ပန်း၏
အာရုံများသည် လင်းဖုန်းအပေါ်သို့ အပြည့်အဝ
ပြန်စိုက်လိုက်ကာ ရှီယုကလည်း
တစ်ချိန်တည်းတွင် ယင်ကျိုးနတ်တောင်နှင့်
ပတ်သတ်၍ တိုးတက်မှုများကို
စောင့်ကြည့်နေခဲ့သည်။

ထိုအချိန်တွင် ဇူရီ၊ လီယွမ်ဖန်း၊ တခုန်း ဇန်မာစတာနှင့် ကျင်းဖန်မင်းသားတို့သည် တောင်ပတ်ပတ်လည်တွင် ဖုံးလွှမ်းထားသည့် ရှေးဟောင်းဝက်ပါ အတွင်းသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

သူတို့သည် ကျောက်စိမ်းပြားများအပေါ်သို့ ခြေချမိသည်နှင့် ဇူရီနှင့် ကျန်သောသူများတို့သည် သူတို့၏ ပတ်ဝန်းကျင်မှ ထူးခြားသော ပြောင်းလဲမှုများအား ခံစားမိလိုက်ကြသည်။

ဤခံစားချက်သည် သူတို့က ရေအတွင်းသို့ ဆင်းသက်သွားရသည့် ခံစားချက်မျိုး ဖြစ်သည်။ သူတို့သည် လှိုင်းတွန့်များကို မြင်နေရသော်လည်း အဓိကအချက်မှ တစ်ယောက်ကမှ မည်သည့်အသံကို မကြားခဲ့ရခြင်း ဖြစ်သည်။ သူတို့အရှေ့မှ အရာအားလုံးတို့သည် အဖြူနှင့် အနက်များသာ ဖြစ်နေပြီး အခြားအရောင်များကို တစ်ခုမှ မတွေ့ရချေ။

အနည်းဆုံးတော့ သူတို့သည် သူတို့၏ အသိစိတ်များကို အသုံးပြုနိုင်သေးပြီး အသံများကိုလည်း လွှင့်၍ ဆက်သွယ်နိုင်သေးသည်။ ဇူရီသည်

ထိုမှော်ဝက်ပါအား လေ့လာလိုက်ကာ အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား ထုတ်ယူလိုက်သည်။ "စီနီယာ၊ စီနီယာက အရင်က ရွှေတောင်ကုန်း သူတော်စင်နဲ့ ဒီမှော်ဝက်ပါ အတွင်းမှာ နေဖူးတယ်။ ကျွန်တော်တို့က ဒီဝက်ပါကို ချိုးဖောက်တဲ့ နေရာမှာ စီနီယာရဲ့ အတွေ့အကြုံကို လိုအပ်နေတယ်"

ကျောက်စိမ်းဖန်တိုင်မှနေ၍ စိတ်ဝိညာဉ် စွမ်းအင်များ တုန်ခါလာခဲ့ကာ ဇူရီနှင့် အဖွဲ့သာ ကြားနိုင်သော အသံများ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ "ဒါက သဘာဝ အတိုင်း မွေးဖွားလာတဲ့ မှော်ဝက်ပါ တစ်ခုဖြစ်ပြီး

ယင်ကျိုးနတ်တောင်နဲ့ ရှိနေခဲ့တာ
အချိန်အကြာကြီး ရှိသွားခဲ့ပြီ။
နတ်ဘုရားနယ်မြေက လူသားတွေက သူ့ကို
အမည်မဲ့ ရှေးဟောင်းဝက်ံပါလို့
ခေါ်နေကြတယ်"

"ဒီကနေ့ ရှေးဟောင်းဝက်ံပါက အရင်ကထက်
အများကြီး ပိုအားနည်းသွားပြီ။
သူအခုလုပ်နိုင်တာက ငါတို့ရဲ့ အကြားအာရုံနဲ့
အရောင်တွေကို ဖယ်ရှားနိုင်တာပဲ ရှိတယ်။
ဟိုးအရင်တုံးက ငါနဲ့ ရွှေတောင်ကုန်း
သူတော်စင်တို့ ဝင်ကြတဲ့အခါမှာ
ဒီရှေးဟောင်းဝက်ံပါက ငါတို့ရဲ့ အမြင်၊
အထိအတွေ့၊ အကြား၊ အရသာနဲ့ အနံ့တို့ကိုပါ

ဖိနှိပ်ထားနိုင်ခဲ့တယ်။ ငါတို့က အသိစိတ်ကိုသာ
အသုံးပြုပြီးမှ အရှေ့ကို စမ်းတဝါးဝါးနဲ့
သွားနိုင်ခဲ့တယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည်
လင်းဖုန်း၏ သန့်စင်ခြင်းအား ခံခဲ့ရ၍
လင်းဖုန်းအား သခင်အဖြစ်နှင့် မှတ်ယူထားပြီ
ဖြစ်သည်။ ထို့ကြောင့်ပင် သူသည် ယခင်က
သူ၏ပိုင်ရှင်ဖြစ်ခဲ့သော ရွှေတောင်ကုန်း
သူတော်စင်အား ဇူရီနှင့် ကျန်သောသူများ
ခေါ်သကဲ့သို့ပင် ခေါ်ခဲ့ခြင်း ဖြစ်သည်။

"ဒါတောင်မှပဲ ငါတို့ရဲ့ အသိစိတ်ရဲ့
လှုပ်ရှားနိုင်မှုဟာ အရမ်းနည်းပါးပြီး

အကန့်အသတ် အရမ်းများတယ်" အစိမ်းရောင်ကျောက်စိမ်းဖန်ဝိညာဉ်က ဆက်ပြောလိုက်သည်။ "ငါတို့ဟာ ယင်ပင်လယ်အတွင်းက လေဟာနယ် ပုံရိပ်ယောင်တွေ အများကြီးကို ထိတွေ့ခဲ့ရပြီး စိတ်အာရုံခံစားမှုတွေ ပျောက်ကွယ်သွားတာကြောင့် ငါတို့က ဒီနေရာမှာ အလွယ်တကူပဲ အပိတ်လှောင်ခံခဲ့ကြရတယ်"

"ရွှေတောင်ကုန်း သူတော်စင်က ပုံရိပ်ယောင် အလွှာတွေ အများကြီးအထဲမှာ အနှောင်အဖွဲ့ခံခဲ့ရတာကြောင့် ကြွေလွင့်ခဲ့ရတာ"

ဇူရီနှင့် ကျန်သောသူများတို့သည် သူတို့၏
ခေါင်းများကို တပြိုင်နက် ညိတ်လိုက်ကြသည်။
နှစ်ပေါင်းများစွာ ရှာဖွေလေ့လာခဲ့ကြအပြီးတွင်
ယင်ကျိုးနတ်တောင် ပတ်ပတ်လည်မှ အမည်မဲ့
ရှေးဟောင်းဝက်ပါ၏ ဂုဏ်သတင်းသည်
အတော်ပျံ့နှံ့နေခဲ့ပြီ ဖြစ်သည်။

ဒဏ္ဍာရီများ အလိုအရ ယင်ပင်လယ်မှ
တောင်သုံးတောင် စပေါ်လာခဲ့စဥ်က
ဤအမည်မဲ့ ရှေးဟောင်းဝက်ပါ၏
စွမ်းအားတို့သည် ထိပ်ဆုံးအချိန်တွင် ရှိနေကာ
ကျင့်ကြံသူများ၏ အသိစိတ်နှင့်
စဥ်းစားနိုင်စွမ်းတို့အား ပိတ်ဆို့နိုင်စွမ်း ရှိခဲ့သည်။
ကျင့်ကြံသူများသည် ဤရှေးဟောင်းဝက်ပါ

အတွင်းသို့ ဝင်ရောက်သွားကြသည်နှင့်
မစဉ်းစားနိုင်ကြတော့သလို စကားလည်း
မပြောနိုင်ကြတော့ပဲ မလှုပ်ရှားနိုင်ကြတော့ပေ။
သူတို့သည် ရှင်လျှက်နှင့် သေနေသော
ဘဝမျိုးသို့ ရောက်ရှိသွားကြသည်။

သူတို့ပတ်ပတ်လည်တွင် အန္တရာယ်များသော
အခြေအနေ မျိုးစုံတို့ကလည်း ရှိနေသေး၏။
ထိုသို့သော အခြေအနေများအောက်မှ
မလှုပ်ရှားနိုင်သော ကျင့်ကြံသူ
တစ်ယောက်သည် သေသည်နှင့်
ဘာမှမထူးတော့ပေ။

တိုင်ဇေကေရာဇ်သည် သူယင်ပင်လယ် အတွင်းသို့ ဝင်လာခဲ့စဉ်က အမည်မဲ့ ရှေးဟောင်းဝက်ပါအား အပြင်းအထန် တိုက်ခိုက်ခဲ့ကာ သူ၏ စွမ်းအားများကို အကြီးအကျယ် အားနည်းသွားစေခဲ့သည်။ ထို့ကြောင့်ပင် နောက်ပိုင်း ဝင်ရောက်လာကြသော ကျင့်ကြံသူများသည် သူတို့၏ အသိစိတ်နှင့် အာရုံအချို့ကို အသုံးပြု၍ ရခြင်းဖြစ်သည်။

သူတို့၏ အသိစိတ်များကို အသုံးပြု၍ရသဖြင့် နောက်ပိုင်းတွင်မှ ရောက်ရှိလာကြသော ကျင့်ကြံသူများသည် ဤဝက်ပါအား ချိုးဖောက်ရန် နည်းလမ်းများကို စမ်းသပ်ဆွေးနွေး၍ ရခဲ့သည်။ ထို့ကြောင့်ပင်

အမည်မဲ့ ရှေးဟောင်းဝက်ပါသည်
တစ်နှစ်ပြီးတစ်နှစ် ပို၍ အားနည်းလာခဲ့ခြင်း
ဖြစ်သည်။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်သည်
ဆက်လက်၍ ရှင်းပြလိုက်သည်။
"ရွှေတောင်ကုန်း သူတော်စင်နဲ့ အတူတူ ငါ့ရဲ့
အတွေ့အကြုံတွေ၊ အတွင်းမှာ ပိတ်မိနေခဲ့ပြီး
လွတ်မြောက်နိုင်ခဲ့တဲ့ သူတွေရဲ့
အတွေ့အကြုံတွေအရ ဒီဝက်ပါကို
ချိုးဖောက်ရတဲ့ နည်းလမ်းဟာ တခြားသာမန်
ဝက်ပါတွေကို ချိုးဖောက်ရတဲ့ နည်းလမ်းတွေနဲ့
အများကြီး ကွဲပြားနေတယ်"

"ဒီဝက်ပါရဲ့ ဗဟိုချက်ဟာ ယင်ကျိုးနတ်တောင် ကိုယ်တိုင်ပဲ ဖြစ်တယ်။ တကယ်လို့ ငါတို့က ဒီဝက်ပါကို မချိုးဖောက်နိုင်ခဲ့လို့ရှိရင် တောင်အနားကို ကပ်နိုင်မှာ မဟုတ်ဘူး။ ဒါကဘာကို ဆိုလိုနေသလဲဆိုတော့ ဝက်ပါရဲ့ မျက်လုံးကို ရှာဖွေတာက ဘာမှအသုံးမဝင်ဘူး။ သူ့ကို ဖန်တီးထားတဲ့ ပစ္စည်းတွေအထဲမှာ ပတ်ဝန်းကျင်ရဲ့ ပထဝီဝင် အနေအထားတွေလည်း ပါဝင်ပြီး နေရာ အတိအကျ မရှိဘူး။ အဲ့ဒီအထဲမှာ ယင်ပင်လယ်မှာရှိတဲ့ ပုံရိပ်ယောင် အလွှာတွေတောင် ပါသေးတယ်"

လီယွမ်ဖန်းသည် နားထောင်နေခဲ့ရင်း သူ၏ မျက်လုံးအစုံသည် တောက်ပလာခဲ့သည်။ "ဒါက ဘာကိုဆိုလိုနေသလဲ ဆိုတော့ ဒီပုံရိပ်ယောင်တွေကို ချိုးဖောက်ဖို့ အဓိက နည်းလမ်းဟာ တော်ဝင်နန်းတော် အတိုင်းပဲ ဖြစ်တယ်။ ကျွန်တော်တို့က အပြင်ကနေ ခွန်အားသုံးပြီးမှ တိုက်ခိုက်ရင် တိုက်ခိုက်၊ ဒါမှမဟုတ် ဝင်္ကပါတွေကို ချိုးဖောက်ရတဲ့ အခြေခံနည်းလမ်းဖြစ်တဲ့ သူ့ရဲ့ပုံစံတွေကို လေ့လာသုံးသပ်ရမယ်"

လွန်ခဲ့သော နှစ်ပေါင်းများစွာတို့က လူသားနှင့် မိစ္ဆာတို့သည် စတင်၍ ယဉ်ကျေးတိုးတက်လာသောအခါ

မှော်ဝက်ပါများက ရှိနေခဲ့ပြီ ဖြစ်သည်။ ထိုဝက်ပါများသည် မဟာကျင့်ကြံသူများ သို့မဟုတ် မဟာမိစ္ဆာများတို့၏ ကိုယ်ပိုင်ဉာဏ်များဖြင့် တီထွင်ထားကြခြင်း မဟုတ်ကြပေ။

သူတို့သည် သဘာဝ၏ ပုံသဏ္ဍာန် ပြောင်းလဲမှုများ၊ ကောင်းကင်နှင့် မြေကြီးတို့၏ ဆက်သွယ်ပုံများတို့အား အခြေခံ၍ တည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအချိန်က လေ့ကျင့်ခဲ့ကြသော မှော်ဝက်ပါများသည် သဘာဝအတိုင်း ဖြစ်ပေါ်ခဲ့ကြသော ယင်ကျိုးနတ်တောင်၏ အမည်မဲ့

ရှေးဟောင်းဝက်ပါကဲ့သို့သော ဝက်ပါများကို နမူနာယူကာ ကျင့်ကြံခဲ့ကြခြင်း ဖြစ်သည်။

ဤဖြစ်စဥ်သည် ရှေးခေတ်လူသားများက အချို့တိရစ္ဆာန်များ၏ နေထိုင်ပုံအား နမူနာယူ၍ ရှင်သန်ခဲ့ရခြင်းနှင့် ပုံစံတူနေသည်။

အချိန်၏ အစပိုင်းမှ မှော်ဝက်ပါများ၏ တိုးတက်လာမှုသည်လည်း ဤဖြစ်စဥ်အတိုင်းပင် ဖြစ်၏။ ကျင့်ကြံသူများသည် သဘာဝအတိုင်း ဖြစ်ပေါ်လာသော ရှေးဟောင်း ဝက်ပါများအား လေ့လာသုံးသပ်ကာ အတွင်းမှ ခက်ခဲနက်နဲသော သဘောတရားများကို

လေ့လာ၍ သူတို့၏ နည်းစနစ်များကို ထည့်သွင်းကာ အသစ်တီထွင်ခဲ့ကြခြင်း ဖြစ်သည်။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်သည် လီယွမ်ဖန်း၏ ထင်မြင်ချက်များကို အတည်ပြုခဲ့လိုက်သည်။ "မင်းပြောတာ အရမ်းမှန်တယ်။ ဒီရှေးဟောင်းဝက်ပါကို လုံးဝ ချိုးဖျက်ဖို့ဆိုရင် ငါတို့က ဒီဝက်ပါပုံစံတွေကို နောက်ဆုံးတစ်ခုတိုင်အောင် ဖြေရှင်းနိုင်ဖို့ လိုတယ်"

သူသည် ဇူရီနှင့် ကျန်သောသူများအား အကြံထပ်ပေးလိုက်သည်။ "ငါ့ရဲ့

အတွေ့အကြုံတွေအရ ဒီရှေးဟောင်းဝက်ံပါက စက်လုံးပုံစံမဟုတ်ပဲ ရစ်ခွေနေတဲ့ ခရုပတ်ပုံစံမျိုး ဖြစ်တယ်။ သူက လေဟာနယ် အချိုးမညီမျှမှုကြောင့်သာ စက်လုံးပုံစံ ပေါက်နေခဲ့တာ"

ဇူရီသည် လီယွမ်ဖန်းထံသို့ လှည့်လိုက်ကာ မေးလိုက်သည်။ "နံပါတ်ခြောက် ဂျူနီယာက ဘယ်လို သဘောရသလဲ"

လီယွမ်ဖန်းသည် အလောတကြီးနှင့် ပြန်မဖြေခဲ့ပေ။ သူ၏ မျက်လုံးများသည် ကျဥ်းမြောင်းသွားခဲ့ကာ မှော်ဝက်ံပါအား သူ့ကိုယ်သူ သုံးသပ်နေခဲ့၍ အသေအချာ

တွက်ချက်အပြီးမှသာ ဇူရီအား ပြန်ဖြေလိုက်၏။ "ဒုတိယ စီနီယာ၊ ကျွန်တော်တို့က လမ်းခွဲပြီး တစ်နေရာမှာ ပြန်လည်ဆုံတွေ့ပြီးမှ ကျွန်တော်တို့ရဲ့ တွေ့ရှိချက်တွေကို ပြန်လည် တိုင်ပင်ရမယ်။ ဒါမှသာ ပိုပြီးတော့ မြန်ဆန်လိမ့်မယ်"

"ငါကလည်း ဒီအတိုင်းပဲ တွေးထားတယ်" ဇူရီက သဘောတူလှစွာဖြင့် ခေါင်းညိတ်လိုက်သည်။ "ဒီဝက်ပါအနားက လေဟာနယ်က တွန့်လိမ်နေခဲ့ပေမဲ့ ငါတို့က လမ်းခွဲပြီးတော့ လေ့လာလို့ရတယ်။ ငါတို့က ဆန့်ကျင်ဘက် တစ်ပတ်ပတ်ခဲ့လိုက်ရင် နောက်ဆုံးမှာ ပြန်လည်ဆုံတွေ့နိုင်လိမ့်မယ်"

"ငါတို့က တခြား ကျင့်ကြံသူတွေနဲ့
ဆုံတွေ့မိမှာကိုလည်း စိုးရိမ်နေစရာ မလိုဘူး။
ဒီနေရာက ဆရာရဲ့ ခရမ်းရောင်တိမ်တိုက်
ဝင်္ကပါနဲ့တူတယ်။ ဒီရှေးဟောင်းဝင်္ကပါထဲကို
အချိန်ခြားပြီးမှ ဝင်လာတဲ့ သူတွေဟာ
တစ်နေရာထဲမှာ ရှိနေပေမဲ့ ခြားနားတဲ့
ဒိုင်မန်းရှင်းတွေ အထဲကို ရောက်နေခဲ့တာ။
တခုန်း ဇန်မာစတာနဲ့ ကျန်းဖန်မင်းသားတို့ဟာ
သူတို့က ဒီရှေးဟောင်းဝင်္ကပါရဲ့ ဖြေရခက်တဲ့
ပြဿနာကို မဖြေရှင်းနိုင်သေးရင်တော့ ငါတို့ကို
တွေ့နိုင်မှာ မဟုတ်ဘူး။ ငါတို့က
လမ်းခွဲသွားပေမဲ့ အန္တရာယ် မရှိနိုင်ဘူး"

လင်းဖုန်း၏ ခရမ်းရောင်တိမ်တိုက် ဝက်ပါသည် သူ၏ အခြေခံတပည့်များအား သူ၏ လက်ရင်းတပည့် ဖြစ်နိုင်မဖြစ်နိုင်ကို စမ်းသပ်သည့် ဝက်ပါဖြစ်သည်။ သူ့အား အကြိမ်ပေါင်းများစွာ အသုံးပြုခဲ့ပြီး ဖြစ်သဖြင့် ဇူရီနှင့် ကျန်သောသူများသည် သူတို့၏ ကျင့်ကြံမှုအဆင့်များ ပို၍ပို၍ မြင့်မားလာသည်နှင့် အသုံးပြုလာနိုင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် လီယွမ်ဖန်းသည် သူ၏ အလုပ်လုပ်ပုံအား နားလည်နိုင်ခဲ့ခြင်း ဖြစ်၏။

သူတို့နှစ်ယောက်တို့သည် အစီအစဥ် ဆွဲပြီးသွားကြသောအခါ အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်သည် အတန်ငယ်

မှင်သက်သွားခဲ့၏။ ဇူရီ၏ လမ်းခွဲသွားကြမည် ဟူသော အစီအစဥ်တွင် သူက အုပ်စုတစ်စုကို ဦးဆောင်၍ တစ်ချိန်တည်းတွင် လီယွမ်ဖန်းက နောက်ထပ် အုပ်စုတစ်စုအား ဦးဆောင်မည် ဖြစ်သည်။

ဇူရီ၏ ကျင့်ကြံမှုအဆင့်မှ ပြောစရာ မလိုပေ။ သို့သော်လည်း လီယွမ်ဖန်းသည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်တွင်သာ ရှိနေသေး၏။

ကျဲယုနှင့် ပိုင်ကွမ်းတို့မှာလည်း အနည်းငယ် သံသယများ ရှိနေကြ၏။ သူတို့သည် အချိန်အတော်ကြာမျှ တံခါးပိတ်

လေ့ကျင့်နေကြသဖြင့် လီယွမ်ဖန်း၏
အကြောင်းအား သိပ်မသိကြချေ။
သူတို့သိထားသည်မှာ ဤအသားမည်းမည်းနှင့်
လူငယ်သည်လည်း လင်းဖုန်း၏
လက်ရင်းတပည့်တစ်ယောက် ဖြစ်သည်ကိုပင်
ဖြစ်၏။

"နတ်ဘုရားနယ်မြေ တစ်ခုလုံးက
အင်မော်တယ် ဝိညာဉ် အဆင့်အောက်က
လူတွေအထဲမှာ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက
စီနီယာနဲ့ ဂျူနီယာတွေ အပါအဝင်
မှော်ဝက်ပါတွေနဲ့ ပတ်သတ်ပြီး နံပါတ်ခြောက်
ဂျူနီယာထက် ပိုကောင်းတာ ငါးယောက်ထက်
မပိုဘူး" ဇူရီက ကျန်သော အဖွဲ့ဝင်များ၏

သံသယများကို ခံစားမိခဲ့သဖြင့် ဘွင်းဘွင်းသာ ပြောလိုက်သည်။

"အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေတောင် မှော်ဝက်ပါနဲ့ ပတ်သတ်ပြီး သိပ်မကောင်းတဲ့ သူတွေက အများကြီး ရှိတယ်။ ဒီအုပ်စုထဲမှာ နံပါတ်ခြောက် ဂျူနီယာက ဝက်ပါတွေရဲ့ ပြောင်းလဲမှုနဲ့ ပတ်သတ်ပြီး လူတိုင်းထက် ပိုသာတယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်၊ ကျဲယုနှင့် ပိုင်ကွမ်းတို့သည် လီယွမ်ဖန်းထံသို့ အံ့အားသင့်သော အမူအရာများဖြင့်

ကြည့်လိုက်ကြသည်။ ဇူရီသည်
အမှန်တရားအား မြတ်နိုးသောသူ ဖြစ်ပြီး
သူသည် မဟုတ်တရားများကို
လိမ်ညာ၍ပြောမည် မဟုတ်ချေ။

သို့တိုင်အောင် သူ၏စကားများသည်
ယုံကြည်ရန် အတော်ကို ခက်ခဲနေခဲ့ပေသည်။

လီယွမ်ဖန်းသည် ဇူရီအား မောက်မာခြင်း၊
ရက်ကိုးရက်ကန်း ဖြစ်ခြင်းမျိုးများ မရှိခဲ့ပဲ
လေးနက်စွာဖြင့် ပြောလိုက်၏။ "မဟာချင်နဲ့
မဟာကျိုး အင်ပါယာတို့မှာ အင်မော်တယ်
ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေ
ရှိနေကြတယ်။ သူတို့အထဲမှာ

ဝက်ပါကျွမ်းကျင်တဲ့ သူတွေမပါလာဘူးလို့
မပြောနိုင်ဘူး"

"အချိန်ကို ချွေတာတဲ့ အနေနဲ့ စီနီယာက
ဝဲပျံနေသော နဂါးမော်ကျိန်စာကို အသုံးပြုပြီးမှ
ကျွန်တော့်ကို ကူညီရင်ကောင်းမယ်"

ဇူရီက သဘောတူစွာနှင့် ခေါင်းညိတ်လိုက်၏။
"မင်းမပြောရင်လည်း ငါက ဒီလိုလုပ်ဖို့
ရည်ရွယ်ချက် ရှိတယ်"

ပြီးတာနှင့် သူ၏ညာလက်အား
စတင်လှုပ်ရှားလိုက်ကာ မော်ကျိန်စာ

တစ်ခုအား ဖော်ထုတ်လိုက်သည်။ ကြီးမားသော နဂါးတစ်ကောင်၏ ပုံရိပ်သည် မြင်ကွင်းအတွင်းတွင် ပေါ်လာခဲ့ကာ လေပေါ်သို့ ဝဲပျံသွားခဲ့၍ လီယွမ်ဖန်း၏ ခန္ဓာကိုယ်အား ရစ်ပတ်လိုက်သည်။

## စာစဥ် ၄၇ : အပိုင်း ၁၂

## အပိုင်း ၇၆၂ : ကံကောင်းစေရန် ဆုတောင်းခြင်း

ကြီးမားသော နဂါးသည် လီယွမ်ဖန်း၏ ခန္ဓာကိုယ်အား လွှမ်းခြုံလိုက်ကာ ကျယ်ပြန့်လှသော စွမ်းအားများသည်

လီယွမ်ဖန်း၏ ကိုယ်ပိုင် မှော်စွမ်းအင်ရေကန်နှင့်
ပူးပေါင်းသွားခဲ့သည်။ ရလဒ်မှာကား
ထူးခြားဆန်းကြယ်သော စွမ်းအား
သဘောတရားများသည် အဆက်မပြတ်
မြင့်တက်လာခဲ့၍ ပုံရိပ်ယောင် နဂါးသည်
လီယွမ်ဖန်း၏ ခန္ဓာကိုယ်မှ
ထုတ်လွှတ်နေခဲ့သော အလင်းရောင်
စွမ်းအင်များကို ဆက်လက်၍
ပေါင်းစည်းနေခဲ့ခြင်း ဖြစ်သည်။

လီယွမ်ဖန်း၏ စိတ်ဝိညာဉ် စွမ်းအားများနှင့်
ခွန်အားတို့သည် သိသိသာသာပင်
သန်မာလာခဲ့သည်ကို အားလုံးတို့က
ချက်ချင်းပင် ခံစားလိုက်ရ၏။

"ဒီခံစားချက်.. ဒါက ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်ပဲ" အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်သည် အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

သူသည် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်၏ မူလစိတ်ဝိညာဉ် ဖြစ်သည်။ သို့ဖြစ်၍ ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သည် သူ့အတွက် ဘာမှမဟုတ်ပေ။ သို့သော်လည်း လီယွမ်ဖန်းသည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်တွင်သာ ရှိသေး၍ ဇူရီ၏ ဝဲပျံနေသော နဂါးမှော်ကျိန်စာ၏ အစွမ်းအောက်တွင်

ရွှေရောင်ဗဟိုချက် အလယ်အလတ် အဆင့်သို့ ချက်ချင်း ရောက်သွားနိုင်ခဲ့၏။ ဤရုတ်တရက် ပြောင်းလဲမှုသည် သူ၏ စိတ်ဝင်စားမှုအား မြင့်တက်စေခဲ့သည်။

မူလကောင်းကင် ကမ္ဘာ၏ သမိုင်းတလျှောက်တွင် တစ်ယောက်၏ ကျင့်ကြံမှု အဆင့်အား ချက်ချင်း မြင့်တက်စေသော လျှို့ဝှက်နည်းစနစ်များ အများအပြား ရှိသည်။ သို့သော်လည်း သူတို့အားလုံးတို့တွင် ဘေးထွက်ဆိုးကျိုးများ ရှိကြ၍ အများစုသည် ကိုယ့်ကိုယ်ကိုယ်သာ ဦးတည်နိုင်၍ အခြားသူများအား ပစ်မှတ်မထားနိုင်ကြပေ။

အင်မော်တယ် ဝိညာဉ် အဆင့်နှင့်
အခြေတည်ဝိညာဉ် အဆင့်မှ ဂရန်းမာစတာများ
အနေနှင့် ရွှေရောင်ဗဟိုချက် အဆင့်မှ
ကျင့်ကြံသူများ၏ ကျင့်ကြံမှုအား မြှင့်ပေးရန်မှာ
မဖြစ်နိုင်သော အရာတစ်ခု မဟုတ်ပေ။
သို့သော်လည်း သူတို့သည် အများအားဖြင့်
ဘေးထွက်ဆိုးကျိုးများ ရှိကြ၍ အလောတကြီး
လုပ်ခဲ့လျှင် ကောင်းကျိုးထက် ဆိုးကျိုးက
ပိုများနိုင်ပေသည်။

ဇူရီနှင့် လီယွမ်ဖန်းတို့သည် တစ်ဂိုဏ်းအတွင်းမှ
လာခဲ့ခြင်းဖြစ်၍ သူတို့သည်
ဆက်ဆံရေးကောင်းများ ရှိနေကြသည်။

ဇူရီအနေနှင့် သူ့အား အန္တရာယ် ဖြစ်စေရန်
လုပ်ဖို့အတွက် အကြောင်းရင်းမရှိပေ။
ဤရှေးဟောင်း ဝက်ပါအား ချိုးဖျက်ရန်
အချိန်သည် အရေးကြီးနေသော်လည်း
ပြန်မကောင်းနိုင်သော ဘေးထွက်ဆိုးကျိုး
ရှိနိုင်သည့် အကွက်မျိုးကို သုံးရန်တော့မလိုပေ။

အကယ်၍ ဤမှော်ကျိန်စာတွင်
ဟာကွက်တစ်ခုသာ ရှိခဲ့ပါက သူသည်
တစ်ယောက်၏ ကျင့်ကြံမှု အဆင့်ကို
ယာယီမြှင့်တင်ပေးနိုင်သော
အခြားမှော်ကျိန်စာများနှင့် ဆင်တူနေမည်
ဖြစ်သည်။ အချိန် အကန့်အသတ်လည်း
ရှိပေမည်။ အစိမ်းရောင်

ကျောက်စိမ်းဖန်ဝိညာဉ်သည် မှော်စွမ်းအင်က လုံးဝ မလွှင့်ပြယ်သွားမီ ဝဲပျံနေသော နဂါးမှော်ကျိန်စာ၏ အကျိုးသက်ရောက်မှုများသည် ဖြည်းဖြည်းချင်း အားနည်းလာမည်ကို ခံစားနေရသည်။ ထိုအချိန်တွင် လီယွမ်ဖန်းသည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်သို့ ပြန်လည် ရောက်သွားခဲ့မည် ဖြစ်သည်။

ဇူရီသည် ကျဲယုနှင့် ပိုင်ကွမ်းတို့အား စိုက်ကြည့်လိုက်သည်။ "ငါက ဒီမှော်ကျိန်စာကို တခြားလူတွေ အပေါ်မှာသာ သုံးနိုင်ပြီး ငါ့အပေါ်မှာတော့ အကျိုးသက်ရောက်မှု မရှိဘူး။ ငါ့ရဲ့ လက်ရှိ ကျင့်ကြံမှု အဆင့်အရ ငါက

အင်မော်တယ် ဝိညာဉ် အဆင့်အောက်က ကျင့်ကြံသူတွေရဲ့ စွမ်းအားကိုသာ တိုးမြှင့်ပေးနိုင်တယ်။ ကျဲယုက မိစ္ဆာသခင် နောက်ဆုံးအဆင့်မှာ ရှိနေပြီ ဖြစ်တဲ့အတွက် ငါက မင်းကို မသေဝိညာဉ် အဆင့်ကိုတော့ မတိုးပေးနိုင်ဘူး။ ဒါပေမဲ့ ငါကပိုင်ကွမ်းကို မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို တိုးပေးနိုင်စွမ်း ရှိတယ်"

"ဒါပေမဲ့ ဒီမှော်ကျိန်စာဟာ တစ်စုံတစ်ယောက်ကို အချိန်ကာလ တစ်ခုအတွင်းမှာ တစ်ကြိမ်သာ အသုံးပြုနိုင်ပြီး ဆက်တိုက် အသုံးမပြုနိုင်ဘူး။ ငါက ဒီရှေးဟောင်းဝက်ပါကို ချိုးဖောက်နိုင်ပြီး

ယင်ကျိုးနတ်တောင်ကို တရားဝင် ပြိုင်ဆိုင်တဲ့ ပြိုင်ပွဲကျမှသာ ပိုင်ကွမ်းကို ဒီမှော်ကျိန်စာကို အသုံးပြုပြီး အဆင့်မြှင့်ပေးမယ်"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် သူတို့၏ ခေါင်းများကို အသိအမှတ်ပြုသောအနေနှင့် ညိတ်လိုက်ကြ၍ ဇူရီက အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်အား လီယွမ်ဖန်းအား ပေးလိုက်သည်။ "မင်းတို့နှစ်ယောက်တို့က နံပါတ်ခြောက် ဂျူနီယာ အနောက်ကို လိုက်သွားရမယ်။ မင်းတို့ရဲ့ တာဝန်က သူ့ကို ဝက်ပါအတွင်းက ပုံရိပ်ယောင်တွေရဲ့ အန္တရာယ်ပေးမှုကနေ ကာကွယ်ပေးဖို့ပဲ ဖြစ်တယ်။ ဝက်ပါတွေကို နားလည်

သဘောပေါက်ပြီး ဖြေရှင်းဖို့ တာဝန်ကိုတော့ သူ့ကိုပဲ ပေးထားလိုက်ပါ"

"ငါကတော့ တစ်ကိုယ်တော် လှုပ်ရှားမယ်။ ကဲ၊ လမ်းခွဲကြစို့"

အမည်မဲ့ ရှေးဟောင်းဝက်ပါသည် ယခုအချိန်တွင် အားနည်းနေပြီ ဖြစ်ကာ ဖျက်ဆီးခြင်းစွမ်းအား သိပ်မရှိတော့ပေ။ သို့သော်လည်း ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင် အလွှာများက ရှိနေဆဲ ဖြစ်၏။ ရှေးဟောင်းဝက်ပါ၏ အစွမ်းအောက်တွင် ကျင့်ကြံသူများသည် အကြားအာရုံကို ဆုံးရှုံးနေခဲ့ပြီး အရောင်များကို မမြင်နိုင်ပဲ

လှည့်စားတတ်သော ပုံရိပ်ယောင်များ အကြားတွင် အပိတ်လှောင်ခံနေရရန် အခွင့်အရေး ပိုများပေသည်။

ကျင့်ကြံသူ တစ်ယောက်သည် အတွင်းတွင် အပိတ်လှောင်ခံလိုက်ရလျှင် အန္တရာယ် အလွန်များနိုင်မည် ဖြစ်သည်။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်သည် ဤတာဝန်အား မနှစ်မြို့သည့်ပုံ ပေါက်မနေခဲ့ပဲ သူ့ကိုယ်သူသာ တွေးလိုက်သည်။ "ငါက ဒီအမည်မဲ့ ရှေးဟောင်းဝက်ပါ အထဲမှာ အရင်က နေခဲ့ဖူးတယ်။ တကယ်လို့ ငါ့သခင်ရဲ့ နံပါတ်ခြောက် တပည့်ဟာ မဖြေရှင်းနိုင်ခဲ့ရင်

ဒါမှမဟုတ် အရမ်းနေးနေခဲ့ရင် ငါက အကူအညီပေးနိုင်တယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်က သူသည် လုံးဝ မလိုအပ်ပဲ ပူပန်နေမိကြောင်းကို မကြာမီတွင်ပင် သဘောပေါက်သွားခဲ့သည်။

"ပထမ ဝက်ပါပုံစံ : ယင်ကရှေ့တိုးပြီး ယန်က နောက်ဆုတ်နေတယ်။ ပင်းဝူက ကျားဇီအတွင်းကို ဝင်သွားတယ်။ ရီမိုက ကွေချန်းကို လမ်းပေးထားတယ်။ တင်းရိက ရန်ချိုးအတွင်းကို ဆုတ်သွားတယ်။ ကန်းမောင်က ပင်းဟိုင်အတွင်းကို ဝင်သွားတယ်..."

"ဒီဝက်ပါပုံစံက အမတန်ကိုမှ ရှေးကျတယ်။ ကောင်းကင်ပင်စည်နဲ့ မြေကြီးအကိုင်းတွေကို အသုံးပြုပြီး တွက်ချက်တာက ပိုမိုရှုပ်ထွေးစေလိမ့်မယ်။ ငါက ဟဲလျှို ဥပဒေသတွေကို ပြောင်းလဲပြီး တွက်ချက်မှရမယ်" လီယွမ်ဖန်းသည် လျှင်မြန်စွာ ရေရွတ်နေရင်း သာမန်သာ အရှေ့သို့ လျှောက်လှမ်းသွားခဲ့သည်။ သို့သော်လည်း သူ၏ ပြောကြားချက်များသည် ကြည်လင်ပြီး အတွေးများမှာ ပြတ်သားသည်။ သူသည် မှော်ဝက်ပါများကို လေ့လာရင်း ကိုယ့်ကိုယ်ကိုယ် စကားပြောနေခဲ့သည်မှာ အကျင့်ဖြစ်နေခဲ့ပြီ ဖြစ်သည်။

"ဝက်ပါပုံစံ ဆယ်မျိုး ပထမ အစုအဝေး : အလယ်ဗဟိုက မရွေ့လျားဘူး။ ဘယ်ဘက်ခြမ်းကို အတူတကွ စုဝေးနေတယ်။ ပထမ၊ တတိယ၊ ပဉ္စမ၊ သတ္တမနဲ့ နဝမ ဝက်ပါပုံစံတွေက ယန်စွမ်းအင်ကို ပိုင်ဆိုင်ထားတယ်။ သတ္တမ ဝက်ပါပုံစံက ပုံမမှန်ဘူး။ ဒုတိယမြောက်မှာ မြေကြီးက မီးတောက်ဖြစ်သွားပြီး သတ္တမကောင်းကင်ကို ဖန်ဆင်းခဲ့တယ်။ ဒါဆိုတော့ ဒုတိယမြေကြီးက မရှိတော့ဘူး"

"ဒုတိယ၊ စတုတ္ထ၊ ဆဋ္ဌမ၊ အဋ္ဌမနဲ့ ဒသမ ဝက်ပါပုံစံတို့က ညာဘက်ခြမ်းမှာ ရှိနေတယ်။

ဒုတိယ ဝက်ပါပုံစံက ပြီးပြည့်စုံခြင်း မရှိပဲ ငါတို့က ဒီနေရာကို အခြေခံပြီး ဝက်ပါကို ဖြေရှင်းနိုင်တယ်"

"ဝက်ပါပုံစံ ဆယ်မျိုး ဒုတိယ အစုအဝေး : အလယ်ဗဟိုက မလှုပ်ရှားဘူး။ ဘယ်ဘက်ခြမ်းက အတူတကွ တည်ရှိနေတယ်။ ပထမ၊ တတိယ၊ ပဉ္စမ၊ သတ္တမနဲ့ နဝမ ဝက်ပါပုံစံတို့က ယန်စွမ်းအင်ကို ပိုင်ဆိုင်ထားတယ်။ ပထမ ဝက်ပါပုံစံက ပုံမမှန်ဘူး။ ပထမကောင်းကင်က ရေပြင်ဖြစ်သွားတယ်။ ဆဌမ မြေကြီးကို ဖန်ဆင်းခဲ့ပြီး ပထမ ကောင်းကင်က ဒီနေရာမှာ မရှိရင် သူကလည်း မရှိနိုင်ဘူး"

"ဒုတိယ၊ စတုတ္ထ၊ ဆဋ္ဌမ၊ အဋ္ဌမနဲ့ ဒသမ ဝက်ပါပုံစံတို့က ညာဘက်ခြမ်းမှာ တည်ရှိတယ်။ ဆဋ္ဌမ ဝက်ပါပုံစံက ပြီးပြည့်စုံခြင်း မရှိပဲ ငါတို့က ဒါကိုအသုံးပြုပြီး ဝင်ရောက်နိုင်တယ်"

"ဝက်ပါပုံစံ ဆယ်မျိုး တတိယ အစုအဝေး..."

"စတုတ္ထ အစုအဝေး..."

လီယွမ်ဖန်းသည် အရှေ့သို့ ဆက်သွားနေရင် အနားယူ၍ စဥ်းစားရန် တစ်ခါမှ မရပ်တန့်ခဲ့ပေ။ သူ့အနေနှင့် အမည်မဲ့ ရှေးဟောင်းဝက်ပါ၏

စွမ်းအားများသည့် ယခင်ကထက် များစွာ
အားနည်းသွားခဲ့ပြီ ဖြစ်၍ သူ၏
အန္တရာယ်များအား ဂရုစိုက်စရာ
သိပ်မလိုတော့ပေ။ သူသည် မှော်ဝင်ပါ၏
ပြောင်းလဲမှုများကိုသာ အာရုံထား၍
စူးစိုက်ရန်လိုသည်။ သူသည် ဝင်္ကပါပုံစံများ၏
စည်းချက်ကို ဖော်ထုတ်နိုင်ခဲ့သည်နှင့်
ဖြေရှင်းရသည်မှာ များစွာပို၍
လွယ်ကူမြန်ဆန်လာခဲ့သည်။

အမည်မဲ့ ရှေးဟောင်းဝင်္ကပါသည်
ယင်ပင်လယ်၏ လေဟာနယ် ပုံရိပ်ယောင်
အမျိုးမျိုးတို့အား ပူးပေါင်းထားသော်လည်း
သူ့တွင် အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်၊

ကျဲယုနှင့် ပိုင်ကွမ်းတို့၏ အစောင့်အရှောက်များ
ရှိသဖြင့် သူသည် ပုံရိပ်ယောင်များအား
ဂရုစိုက်စရာ မလိုနေချေ။

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်နှင့်
ကျန်သော နဂါးနှစ်ကောင်တို့သည် သူ့အား
အံ့အားတကြီးဖြင့် ကြည့်နေကြ၏။
သို့သော်လည်း သူသည် လင်းဖုန်း၏
တပည့်ဖြစ်မှန်းကို တွေးမိလိုက်သောအခါ
ဤသို့ဖြစ်သင့်သည်ဟု ခံစားမိလိုက်ကြသည်။

လီယွမ်ဖန်းသည် ရှေးဟောင်းဝက်ပါ၏
အလယ်တွင် သူ့ကိုယ်သူ နေရာချထားရင်း သူ၏
မျက်လုံးအစုံမှာ လင်းလက်လာခဲ့၏။

အခြားသူများအတွက် ခြောက်သွေ့ရှုပ်ထွေး၍
စိန်ခေါ်မှု အားကြီးသော အရာသည်
သူ့အတွက်တော့ ပျော်စရာတစ်ခု ဖြစ်နေခဲ့၏။

မှော်ဝက်ပါ၏ အတွင်းတွင် ဇူရီနှင့်
ကျန်သောသူများသည် သီးသန့်အလွှာ
တစ်ခုအတွင်းတွင် ရှိနေကြခြင်း ဖြစ်သည်။
လင်းဖုန်းနှင့် ဝက်ပါပြင်ပမှ အခြားသူများ
အနေနှင့် ယင်ကျိုးနတ်တောင်၏ အပေါ်တွင်
အမိုးကဲ့သို့ ဖုံးထားသော မရေမတွက်နိုင်သည့်
ကျောက်စိမ်းပြားများသည် စတုရန်းပုံစံ
အုတ်တုံများကို အကွက်ချထားသကဲ့သို့
ဖြစ်နေခဲ့သည်။

မရေမတွက်နိုင်သော ကျောက်ပြားများသည် စတင်လှုပ်ရှားလာခဲ့ကြသည်။ ဒါသည် ကစဉ့်ကလျားမှုများ အကြားမှ ဆွဲဆောင်မှုရှိသော အလှတရား တစ်မျိုးဖြစ်၏။

အမည်မဲ့ ရှေးဟောင်းဝင်္ကပါသည် ယခင်ကထက် များစွာပို၍ အားနည်းသွားခဲ့ပြီ ဖြစ်သည်။ လင်းဖုန်း၊ လျှမ်ပန်းနှင့် ရှီယုတို့သည် သူတို့ကိုယ်တိုင် လှုပ်ရှားခဲ့ပါက ပြဿနာ သိပ်ရှိမည် မဟုတ်ပေ။ သို့သော်လည်း ပို၍ မြန်မြန် ဖြေရှင်းချင်ခဲ့ပါက ယုကျင်းတောင်၊ တော်ဝင်နန်းတော်နှင့် အင်မော်တယ် နဂါးမြို့တော်တို့ဖြင့် အင်အားသုံးရမည် ဖြစ်သည်။

အကယ်၍ အခြား မဟာအင်အားစု နှစ်ခုတို့က သူ့အား စောင့်ကြည့်နေခြင်း မရှိပါက လင်းဖုန်းသည် မှော်ဝက်ပါအား ဖြေရှင်းရန် ဤမြန်ဆန်သော နည်းလမ်းအား အသုံးပြုရန် ဝန်လေးနေမည် မဟုတ်ပေ။ ဘာပဲပြောပြော သူသည် လီယွမ်ဖန်းကဲ့သို့ မှော်ဝက်ပါများ အပေါ်တွင် ဖက်တွယ်နေသောသူ မဟုတ်ပေ။

သို့သော်လည်း လက်ရှိ အခြေအနေမှာလည်း သိပ်မဆိုးလှပေ။ လင်းဖုန်းသည် သူတပည့်များ၏ ကောင်းချီးမင်္ဂလာများ အပေါ်တွင် ယုံကြည်မှုအပြည့် ရှိနေခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဇူရီတစ်ယောက်သာ မဟုတ်ပဲ
ယခုအချိန်တွင် နှစ်ယောက်ရှိသွားပြီ ဖြစ်၏။

ရှောင်ယန်၊ ရှောင်ကျန်းအာ၊ ယန်ချင်၊
ကွေနွားဘုရင်နှင့် စိတ်ဝိညာဥ်
ရေနဂါးဘုရင်တို့ကလည်း
ယင်ကျိုးနတ်တောင်၏ အပေါ်မှ လေဟာနယ်
အတွင်းသို့ ရောက်ရှိလာကြသည်။
လင်းဖုန်းသည် ချက်ချင်းပင် သူတို့အား
အသံလွှင့်ကာ လက်ရှိအခြေအနေအား
ရှင်းပြလိုက်ပြီး ရှောင်ယန်ကလည်း သူတို့
တွေ့ကြုံခဲ့ကြသမျှတို့ကို တစ်ချိန်တည်းတွင်
တင်ပြခဲ့သည်။

လင်းဖုန်းသည် ရတ်နာဆန်ဘာဗာ
ဘုန်းကြီးအကြောင်းကို ကြားခဲ့ရသောအခါ
ဖွဖွလေးသာ ခေါင်းညိတ်လိုက်၍ ဘာကိုမှ
မပြောခဲ့ပေ။

အရာအားလုံးတို့အား ဖြေရှင်းပြီးသွား၍
ညွှန်ကြားချက်များ ရရှိပြီးသွားသောအခါ
ရှောင်ယန်နှင့် အပေါင်းပါတို့သည် လင်းဖုန်းအား
နှုတ်ဆက်လိုက်ကြကာ ချက်ချင်းပင်
ယင်ကျိုးနတ်တောင် အတွင်းသို့
ဆင်းသက်သွားကြ၏။

ရှောင်ယန်သည်လည်း အခြေတည်ဝိညာဉ်
နောက်ဆုံး အဆင့်သို့ ရောက်ရှိသွားခဲ့ခြင်းကို
သတိထားမိလိုက်သော်လည်း လျှမ်ပန်းရော
ရှီယုပါ သူတို့ ဝင်ရောက်သွားခြင်းအား
မကန့်ကွက်ခဲ့ကြပေ။

ဇူရှီ၏ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
အစွမ်းများနှင့် နှိုင်းယှဉ်ခဲ့ခြင်းအားဖြင့်
ရှောင်ယန်၏ စွမ်းရည်များကိုလည်း
အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ၏
စံနှုန်းဖြင့် တိုင်းတာ၍ မရတော့မှန်းကို
မှန်းဆရန် မခက်ခဲပေ။

သို့သော်လည်း သူတို့သည် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ လုပ်ဆောင်ချက်များကို
ကန့်ကွက်ရန် အကြောင်းမရှိပေ။ မဟုတ်လျှင်
သူတို့သည် ကြောက်လန့်၍ စိုးရွံ့နေသည့်ပုံ
ပေါက်သွားပေလိမ့်မည်။

သူတို့ တတ်နိုင်သည်မှာ တခုန်း ဇန်မာစတာနှင့်
ကျန်းဖန်မင်းသားတို့အပေါ်တွင်
မျှော်လင့်ချက်များ ထားခဲ့ရုံသာ ဖြစ်၏။

သို့သော်လည်း ရှောင်ယန်နှင့်
ကျန်သောသူများမှာ ဇူရီတို့ ပထမအသုတ်မှ
ကျင့်ကြံသူများထက် အတော်ကြီးပို၍
နောက်ကျနေခဲ့ခြင်း ဖြစ်သည်။ သူတို့သည်

ဝက်ပါကို ချိုးဖောက်နိုင်ရန်
ကျန်သောသူများထက် အချိန်ပို၍ ယူရမည်ကို
မျှော်မှန်းထားရမည် ဖြစ်သည်။

အမည်မဲ့ ရှေးဟောင်းဝက်ပါသည် လင်းဖုန်း
အစောက တွေ့ကြုံခဲ့ရသည့် လေဟာနယ်
ပုံရိပ်ယောင်များနှင့် မတူပေ။ သူသည်
လူတစ်ယောက်က ချိုးဖောက်နိုင်ခဲ့သည်နှင့်
လွင့်ပြယ်သွားမည် မဟုတ်ချေ။
အဘယ်ကြောင့်ဆိုသော် ဝက်ပါမျက်လုံးသည်
ယင်ကျိုးနတ်တောင် ဖြစ်နေသောကြောင့်
ဖြစ်သည်။ ထို့ကြောင့် သူ့အား လုံးဝဖယ်ရှားရန်
မဖြစ်နိုင်ပေ။

ထို့အပြင် ဝက်ပါ၏ စွမ်းအားများအား သဘာဝ စိတ်ဝိညာဉ် စွမ်းအင်များနှင့် တောင်ပတ်ပတ်လည်မှ မရေမတွက်နိုင်သော ပုံရိပ်ယောင်များဖြင့် အားဖြည့်ပေးနေခြင်း ဖြစ်သည်။ လင်းဖုန်းနှင့် ကျန်သောသူများက ပြင်ပမှနေ၍ မချိုးဖျက်ခဲ့ပါက သူက ရှိနေမည်သာ ဖြစ်၏။

ထို့ကြောင့် ရှောင်ယန်နှင့် ကျန်သောသူများသည် ဇူရီနှင့် လီယွမ်ဖန်းတို့၏ အောင်မြင်မှု အသီးအပွင့်များကို စားသုံးနိုင်မည် မဟုတ်ပေ။ သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရမည် ဖြစ်သည်။

အချိန်များက ကုန်ဆုံးသွားသည်နှင့်
တောင်များကို ပတ်လည်ဝိုင်းနေသော
ကျောက်စိမ်းပြားများ၏ စက်လုံးပုံသဏ္ဍာန်သည်
စတင်၍ စက်ဝိုင်းပုံစံ ပေါက်လာ၍
လှုပ်ရှားမှုများ ရပ်ဆိုင်းသွားခဲ့ကာ ရောင်စုံ
အလင်းတန်းများ ဖြာထွက်လာခဲ့ကြသည်။

ဇူရီသည် အမည်မဲ့ ရေးဟောင်းဝက်ပါ
အတွင်းတွင် တည်ငြိမ်စွာဖြင့်
သက်တောင့်သက်သာ လျှောက်လှမ်းနေခဲ့ကာ
သူ၏ခေါင်းပေါ်တွင် ရောမ
လိပ်ကြီးတစ်ကောင်၏ ပုံရိပ်က
လွင့်မျောနေခဲ့သည်။

ဤစိတ်ဝိညာဉ် လိပ်ကြီး၏ မျက်လုံးအစုံသည် တည်ငြိမ်နေသော်လည်း ကျယ်ပြန့်လှသော ပင်လယ်ကြီးကဲ့သို့ ဆန်းကြယ်နက်နဲလှသည်။

မတိုင်းတာနိုင်သော အလင်းတန်း ပုံစံများစွာနှင့် စာလုံးများသည် လိပ်၏နောက်ကျောမှ အခွံအပေါ်တွင် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေကြသည်။ တစ်ခဏတာမျှသာခံသည့် ပင်လယ်ရေများအတွင်းမှ လေပူပေါင်းများနှင့် ဆင်တူနေ၏။

ထိုစာလုံးများသည် အတူတကွ စုစည်းလာခဲ့ကာ တစ်ခုနှင့်တစ်ခု အဆက်မပြတ် စုစည်းသွားကြသည်။ အဝေးမှ

လှမ်းကြည့်လိုက်လျှင် အရေအတွက်သုံးခု
အင်းရှစ်ကွက် ရောမ ပုံစံကားချပ်တစ်ခု
ကဲ့သို့ပင် ဖြစ်သည်။

အသွင်သဏ္ဌာန် အားလုံးတို့၏ ပြန်လာခြင်း
မော်ကျိန်စာအား အသုံးပြုလိုက်ခြင်းဖြင့် ဇူရီ၏
အမည်မဲ့ ရှေးဟောင်းဝက်ပါအား
ဖြေရှင်းခြင်းသည် လီယွမ်ဖန်းထက်
ပိုမြန်နေသည်။ ဘာပဲပြောပြော သူသည်
သူ့ထက် ကျင့်ကြံမှု တစ်ဆင့်မက ပိုမြင့်နေခြင်း
ဖြစ်သည်။ သူသည် မော်ဝက်ပါအတွင်းမှ
စိတ်ဝိညာဉ် စွမ်းအင်စီးဆင်းမှုအား များစွာပို၍
အာရုံခံနိုင်အား ကောင်းပေသည်။

ရုတ်တရက်ပင် ဇူရီသည် သူ၏
လမ်းကြောင်းများမှရပ်လိုက်၍ ပြုံးလိုက်သည်။
သူ၏အရှေ့မှ အရောင်မဲ့ လှိုင်းလုံးများတွင်
အဖြူအနက် လှိုင်းတွန့်များ ပေါ်လာကြ၍
လီယွမ်ဖန်းနှင့် ကျန်သောသူများက
ထွက်လာကြ၏။

သူတို့နှစ်ယောက်သားတို့သည် အချင်းချင်း
နှုတ်ပင်မဆက်နိုင်ခဲ့ကြပဲ ချက်ချင်းပင်
ထိုင်လိုက်ကြကာ သူတို့၏ တွေ့ရှိမှုများကို
အချင်းချင်း ပြောပြလိုက်ကြကာ
တိုက်ကြည့်လိုက်ကြသည်။

ဤမှော်ဝက်ပါ အတွင်းမှ ပြောင်းလဲမှုများကို အပြည့်အဝ နားလည်ခဲ့အပြီးတွင် ဇူရီသည် သူ၏ခေါင်းကို နောက်ဆုံးတစ်ခေါက် ညိတ်လိုက်ကာ ပြောလိုက်သည်။ "ငါက မှော်ကျိန်စာကို ထုတ်လွှတ်လိုက်မယ်"

ဇူရီသည် သူထက်ပို၍ စွမ်းအားကောင်းကာ အောင်မြင်ဖို့ အခွင့်အရေး ပိုများနေသည်ကို သိနေခဲ့သဖြင့် လီယွမ်ဖန်းကလည်း အပြည့်အဝ သဘောတူလိုက်သည်။

ဇူရီသည် မှော်ကျိန်စာ တစ်ခုအား စတင်ထုတ်လွှတ်လိုက်ရာ သူ၏ ဝမ်းဗိုက်အပေါ်တွင် လက်ရာတစ်ခု

ထင်လာခဲ့၏။ သူသည် လျှင်မြန်သွက်လက်၍
တစ်ချိန်တည်းမှာပင် သိပ်သည်းနေ၏။
ထို့အတူပင် ရှေးကျကာ ခက်ခဲနက်နဲလှသည်။

တည်ငြိမ်သောလည်း ဝေးကွာနေသည့်
အလင်းရောင်များသည် ရုတ်တရက်ပင်
သူ၏ခေါင်းပေါ်မှ ရောမ စိတ်ဝိညာဉ် လိပ်ကြီး၏
မျက်လုံးများမှနေ၍ ထွက်လာခဲ့ကာ
သူ၏အရှေ့မှ လှိုင်းများကဲ့သို့သော
လေဟာနယ်ကို လှုပ်ရှားစေခဲ့သည်။

သူတို့အုပ်စုအား ဝန်းရံထားသော
နေရာတစ်ခုလုံးသည် ဆူပွက်နေသော
ရေများကဲ့သို့ စတင်၍ တုန်ခါလာခဲ့ကာ

လိပ်ကြီး၏ မျက်လုံးများမှ
အလင်းတန်းများသည် စတင်၍
အကျိုးသက်ရောက် လာခဲ့သည်။ ရောမ
လေပူပေါင်းများသည် ပေါက်လာခဲ့ကာ ဇူရီနှင့်
ကျန်သောသူများ၏ အရှေ့တွင်
ပေါက်ကွဲသွားကြ၏။

ပတ်ဝန်းကျင်တွင် အရောင်များက
ဖြည်းဖြည်းချင်း ပြန်ပေါ်လာခဲ့ကာ
နားကွဲလုမတတ် အသံများကို ကြားလာရသည်။

သူတို့၏ မျက်လုံးများ အရှေ့မှ ဟင်းလင်းပြင်
အလွှာတစ်ခုလုံးသည် ကြေမွသွားခဲ့၍ သူတို့၏
ပတ်ဝန်းကျင်သည် ထပ်ဖန်တစ်ခု

ပြောင်းလဲသွားခဲ့သည်။ သူတို့သည် အမည်မဲ့ ရှေးဟောင်းဝက်ပါ၏ အပြင်သို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်ကာ နောက်ဆုံးတွင် ယင်ကျိုးနတ်တောင် အပေါ်သို့ ရောက်လာနိုင်ခဲ့ပြီ ဖြစ်သည်။

ဇူရိက သူတို့သည် ပုံရိပ်ယောင် အတွင်းသို့ ရောက်ရှိနေကြခြင်း မဟုတ်ပဲ တောင်ပေါ်သို့ တကယ် ရောက်ရှိလာခဲ့ပြီ ဆိုသည်ကို အတည်ပြုနိုင်ခဲ့သည်။ သူတို့သည် မြေပေါ်တွင် ခြေချလိုက်ကြသော အခါ တောင်ပေါ်မှ များပြားလှသော စိတ်ဝိညာဉ် စွမ်းအင်တို့အား ခံစားလိုက်ရ၍ သဘာဝ၏ လျှို့ဝှက်နက်နဲသော ဥပဒေသများကို သဘောပေါက်လာခဲ့သည်။

"ဒါက အရမ်းကို ရိုးရှင်းလွန်းတယ်။ ဒီခံစားချက်က အစစ်အမှန် အဟုတ်တဲ့ အတိုင်းပဲ" အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်သည် ပထမဆုံး စကားပြောသူ ဖြစ်သည်။ သူ၏လေသံသည် ဤဖြစ်စဉ် တစ်ခုလုံးအား မယုံနိုင်အောင် ဖြစ်နေသော အဖြစ်ကို ကောင်းကောင်းကြီး ဖော်ပြနေခဲ့သည်။

ဇူရီက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကျွန်တော်တို့က ကျွန်တော်တို့ရဲ့ အရှေ့က ဘီလူးကြီးရဲ့ ပုခုံးပေါ်ကိုတော့ တက်နိုင်ခဲ့ပြီ။ အမည်မဲ့ ရှေးဟောင်းဝက်ပါက

အကြိမ်ပေါင်းများစွာ အတိုက်ခိုက် ခံခဲ့ရလို့ ကျွန်တော်တို့ရဲ့ အကြားအာရုံနဲ့ ပတ်ဝန်းကျင်ရဲ့ အရောင်တွေကိုသာ အားနည်းအောင် လုပ်ဆောင်နိုင်ခဲ့တယ်။ ဒီအာရုံနှစ်မျိုးတို့က ကျွန်တော်တို့ရဲ့ အားထုတ်မှုတွေအတွက် သိပ်ပြီးမှ အရေးမပါဘူး။ ဒီမှော်ဝင်္က်ပါက သေခါနီး လူတစ်ယောက်လို သူ့ရဲ့ တိုက်စစ်စွမ်းအားတွေကို ဆုံးရှုံးသွားခဲ့တဲ့အတွက် ကျွန်တော်တို့က ဝင်္က်ပါပြောင်းလဲမှုတွေကို သုံးသပ်ပြီး အဖြေရှာခဲ့တာကို ကြည့်နေရုံသာ တတ်နိုင်ခဲ့တာပဲ"

လီယွမ်ဖန်းက ဆက်ပြောလိုက်၏။ "ဒါက အခြား ဝက်ပါပညာရပ်ကို သိပ်မကျွမ်းကျင်တဲ့ သူတွေအတွက်လည်း မှန်တယ်။ သူတို့က ကျွန်တော်တို့ထက် နည်းနည်းသာ နောက်ကျမှာဖြစ်ပြီး ကျွန်တော်တို့က ပထမဆုံး ချိုးဖောက်နိုင်ခဲ့တဲ့သူတွေ ဖြစ်ကြတယ်။ ဒါပေမဲ့ အချိန်က အရေးပါနေသေးတယ်"

ဇူရီသည် သူ၏အကြည့်အား ကြီးမားကျယ်ပြန့်သော တောင်ထံသို့ ကြည့်လိုက်ကာ ပြောလိုက်သည်။ "ကဲ၊ သွားကြစို့"

## စာစဥ် ၄၀ : အပိုင်း ၁၃

# အပိုင်း ၇၆၃ : တောင်၏ အလယ်ဗဟိုမှ ပုံရိပ်ယောင်

စတုရန်းမိုင်ပေါင်း ငါးထောင်ကျော်
ကျယ်ဝန်းသည့် ရောမ လေးထောင့်ပုံ
ဖန်ကျန်းနတ်တောင်နှင့် ယှဉ်လိုက်လျှင်
ယင်ကျိုးနတ်တောင်သည် စတုရန်းမိုင်ပေါင်း
လေးထောင်ကျော်သာ ကြီးမားသည်။
သို့သော်လည်း ဤမျှော်တောင်သည်
ကျွန်းတစ်ကျွန်းဟု ခေါ်ရအောင်
လုံလောက်သည်အထိ ကြီးမားပေသည်။

ဇူရီနှင့် ကျန်သောသူများသည် ဝက်ပါကို
ချိုးဖောက်ပြီးကြသည်နှင့် အချိန်လုံးဝ
ဖြုန်းမနေကြပဲ တောင်ထိပ်ပေါ်သို့
ပျံသန်းဝင်ရောက်လာကြသည်။

တောင်၏ထိပ်ဖျားသည် စိတ်ဝိညာဉ်
စွမ်းအင်များ အသိပ်သည်းဆုံး ဖြစ်သည်ကို
သူတို့၏ အာရုံများက ညွှန်ပြနေခဲ့သဖြင့် ဘာမှ
စဥ်းစားစရာ လိုမနေခဲ့ပေ။

စိတ်ဝိညာဉ် စွမ်းအင်ပေါင်း
အမြောက်အမြားတို့သည် တောင်ထိပ်တွင်
စုစည်းနေကြကာ တောင်ပေါ်တွင်

လည်ပတ်နေသော ဘီးတစ်ဘီးကဲ့သို့
အလယ်ပိုင်းသို့ စီးဆင်းသွားနေကြသည်။

ဇူရီနှင့် လီယွမ်ဖန်းတို့ နှစ်ယောက်စလုံးတို့သည်
တောင်ထိပ်သို့ သွားနေကြရင်းနှင့်
အောက်ဘက်မှ အမည်မဲ့
ရှေးဟောင်းဝက်ပါထံသို့ တစ်ချိန်တည်းတွင်
လှည့်ကြည့်မိလိုက်ကြသည်။

သူတို့သည် အကြည့်ချင်း ဖလှယ်လိုက်ကြ၏။
"ကျန်တဲ့သူတွေကလည်း ဝက်ပါကို
ချိုးဖောက်လာနိုင်ကြပြီ"

ကျန်သောသူများသည် ဇူရီနှင့်
လီယွမ်ဖန်းတို့ထက် အများကြီး
နောက်ကျမနေခဲ့ကြပေ။ သူတို့အုပ်စုသည်
အခြားသူများထက် ပိုမြန်ရခြင်း
အကြောင်းရင်းမှာ သူတို့နှစ်ယောက်စလုံးတို့က
ဝက်ပါ ပညာရပ်များကို နားလည်ပြီး
လမ်းခွဲရှာဖွေရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့်
ဖြစ်သည်။

သူတို့၏ အနောက်မှ အမည်မဲ့
ရှေးဟောင်းဝက်ပါ၏ ဟင်းလင်းပြင်သည်
ပွင့်သွားခဲ့၍ လူတစ်အုပ်စုက တောင်ပေါ်သို့
ရောက်လာခဲ့သည်။ သူတို့သည် မဟာချင်
အင်ပါယာမှ အုပ်စုဖြစ်သည်။

ထိုအုပ်စု၏ ခေါင်းဆောင်မှာ ရှီလင်းမဟုတ်သလို ရှင်ပျော်ပျော်သူတော်စင်လည်း မဟုတ်ချေ။ ရှီရှင်းယွမ်သာ ဖြစ်၏။

သူမ၏ခေါင်းကို မော့လိုက်၍ တောင်ထိပ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ "ဒါက အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဇူရီနဲ့ လီယွမ်ဖန်းတို့ပဲ။ ကြည့်ရတာ သူတို့ကလည်း လမ်းခွဲပြီး တစ်ပတ်စီ ပတ်ခဲ့ကြတယ် ထင်တယ်"

ရှီလင်းသည် မျက်မှောင်အနည်းငယ် ကြုတ်လိုက်သည်။ သူသည် မဟာချင် အင်ပါယာကို ဦးဆောင်၍ အမည်မဲ့ ရှေးဟောင်းဝက်ံပါအတွင်းသို့ ဝင်လာခဲ့သူ ဖြစ်၍ မှော်ဝက်ံပါများနှင့် ပတ်သတ်၍ ကျွမ်းကျင်သူလည်း ဖြစ်သည်။

ရှီရှင်းယွမ်၏ ယခင်က မသိခဲ့သော ဝက်ံပါကျွမ်းကျင်မှုများနှင့်အတူ သူတို့သည် နည်းလမ်းအတူတူပင် အသုံးပြု၍ လူစုခွဲပြီး တစ်ပတ်ပတ်ခဲ့ကြသော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းထက် နောက်ကျနေခဲ့ခြင်း ဖြစ်သည်။

သူတို့အတွဲသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်နှင့် အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်မှ ကျင့်ကြံသူတို့၏ အတွဲဖြစ်သည်။ သို့တိုင်အောင် သူတို့သည် အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်နှင့် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တို့၏ အတွဲထက် နောက်ကျနေခဲ့သည်။ ဒါသည် အမှန်ဆိုရလျှင် အနည်းငယ် အရှက်ကွဲခြင်း ဖြစ်သည်။

ရှီလင်းက သူ၏အသံကို တိုးလိုက်၍ ပြောလိုက်သည်။ "သွားကြစို့။ ငါတို့က သူတို့ကို တောင်ထိပ်မှာ လိုက်မီလာလိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ ဦးရီးတော်" ရှိရှင်းယွမ်က သူမ၏ ခေါင်းကိုညိတ်လိုက်ကာ ရွှင်ပျော်ပျော် သူတော်စင်က ဘာမှမပြောခဲ့ပဲ မဟာချင် အင်ပါယာမှ ကျင့်ကြံသူများကို စုစည်းခဲ့ကာ ဇူရီတို့အနောက်ကိုလိုက်ကာ တောင်ပေါ်သို့ တက်လာခဲ့သည်။

သိပ်မကြာမီတွင် ဟင်းလင်းပြင်သည် နောက်ထပ်တစ်ခါ ကွဲဟသွားခဲ့ကာ မဟာကျိုး အင်ပါယာမှ အုပ်စုက ထွက်လာခဲ့၍ ယင်ကျိုးနတ်တောင် အပေါ်သို့ ရောက်ရှိလာကြသည်။

တခုန်း ဇန်မာစတာသည် သူ၏အကြည့်ကို တောင်ပေါ်သို့ ပို့လိုက်ကာ သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်၏။
"ငါ့ဘိုးဘေးဘီဘင်တွေရဲ့ လမ်းညွှန်မှုကို ရခဲ့တာတောင် လူတစ်ယောက်ရဲ့ အမြန်နှုန်းဟာ လူနှစ်ယောက် ပူးပေါင်းဆောင်ရွက်တာထက် နှေးသေးတာပဲ"

ဒီရေ ဓားအကြီးအကဲသည် မှတ်ချက်ချရန် ငြင်းဆန်လိုက်သည်။ ဓားကျင့်ကြံသူများသည် မှော်ဝက်ပါများကို ဘယ်တုံးကမှ မကျွမ်းကျင်ခဲ့ပေ။ အကယ်၍ ကျွမ်းကျင်သည်ဆိုလျှင်ပင် သူတို့သည် ဓားဝက်ပါများကိုသာ ကျွမ်းကျင်ခြင်း ဖြစ်သည်။

ဒါသည့် သာမန် မှော်ဝင်ပါများနှင့်
များစွာကွာခြား၍ သူပေးနိုင်သော
အကြံဉာဏ်သည် အမတန်မှ
အကန့်အသတ်ရှိသည်။

တခုန်း ဇန်မာစတာသည် အချိန်ဆက်၍
မဖြုန်းနေတော့ပဲ တောင်ထိပ်သို့ ဦးတည်၍
ပျံသန်းသွားခဲ့ရာ ဒီရေ ခားအကြီးအကဲနှင့်
ကျန်သောသူများက အနောက်မှနေ၍
လိုက်သွားကြသည်။

ဇူရီတို့ အဖွဲ့က ဦးဆောင်နေခဲ့၍
ကျန်သောသူများကလည်း အနောက်မှ
ထပ်ကြပ်မကွာ လိုက်လာခဲ့ကြသည်။

မှော်ဆေးပင်များနှင့် ကျန်သော သဘာဝ ရတနာများသည် အားလုံးတို့အား မူးဝေစေခဲ့၍ စိတ်ဝိညာဉ် စွမ်းအင် အမြောက်အမြားတို့သည် လူအများတို့ ကျင့်ကြံရန် သင့်တော်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်စေခဲ့သည်။

"ဒီနေရာက ယုကျင်းတောင်ထက်တော့ နိမ့်ကျပေမဲ့ အံ့ဖွယ် ကောင်းကင်ဘုံကမ္ဘာထက်တော့ အများကြီးသာတယ်။ ဒီတောင်ပေါ်က အရင်းအမြစ် ပစ္စည်းတွေက အံ့ဖွယ် ကောင်းကင်ဘုံကမ္ဘာလို အလယ်ကမ္ဘာထက် နိမ့်ကျပေမဲ့ အရေအတွက်၊ အမျိုးအစားတွေက အတော်လေးကို စုံလင်တယ်"

ဇူရီသည် သူ၏ ပတ်ဝန်းကျင်အား
အကဲခတ်လိုက်ကာ ဆက်ပြောလိုက်သည်။
"ဒါ့အပြင် စီနီယာ အစိမ်းရောင်
ကျောက်စိမ်းဖန်ဝိညာဉ် ပြောထားတဲ့
မှော်အိုင်တမ်တွေရဲ့ စွမ်းအားတွေကို
တိုးတက်စေနိုင်တဲ့ ကျောက်စိမ်း နတ်ရေစင်
ရေအိုင်ကလည်း ရှိသေးတယ်"

အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်သည်
ကျောက်စိမ်း နတ်ရေစင် ရေအိုင်အား
တပ်မက်နေသော်လည်း ယခုအချိန်သည်
သူအခွင့်အရေး ယူရမည့်အချိန် မဟုတ်သေးချေ။
သူသည် လင်းဖုန်းနှင့် ဇူရီတို့က ဉာဏ်တောင်ကို

ထိန်းချုပ်နိုင်သည်အထိ စောင့်ရဦးမည်
ဖြစ်သည်။ ပြီးတာနှင့်သူသည် သူကြိုက်သလို
အချိန်ယူ၍ရမည် ဖြစ်သည်။

ယင်ပင်လယ်ကဲ့သို့ပင် ယင်ကျိုးနတ်တောင်၏
အတွင်းတွင် မဟာ ပုံရိပ်ယောင် အများအပြား
ရှိနေပေသည်။ အားလုံးတို့ လမ်းတလျှောက်တွင်
တွေ့ခဲ့ရသော ရတနာများနှင့်
မှော်ဆေးပင်များသည် ဤပုံရိပ်ယောင်များမှ
ဖန်ဆင်းထားခြင်း ဖြစ်၏။

အန္တရာအများဆုံး ပုံရိပ်ယောင်များမှာ
လှည့်ဖြားမှု အဆင့်အမြင့်ဆုံး
ပုံရိပ်ယောင်များပင် ဖြစ်၏။ တစ်ခုမှာ

တောင်ထိပ်များအပေါ်တွင် တည်ရှိနေသည်။
သူ၏အပေါ်မှ လေဟာနယ်သည် တွန့်လိမ်နေ၍
စိတ်ဝိညာဉ် စွမ်းအင်များတို့၏
အားကောင်းသော တုန်ခါမှုများသည်
ပုံရိပ်ယောင် တောင်ထိပ်တစ်ခုအား
ထုတ်လွှတ်နေခဲ့ကာ အမှုမဲ့အမှတ်မဲ့
တက်သွားလျှင် လမ်းမှားသွားနိုင်ပေသည်။

အချိန်ကြာမြင့်စွာ ရှာဖွေအပြီးတွင်
ယင်ကျိုးနတ်တောင်အား အောင်မြင်စွာ
ထိန်းချုပ်နိုင်ရန်သည် လက်တစ်ကမ်းသာ
လိုနေတော့၍ သူတို့သည် ယင်ပင်လယ်
အတွင်းတွင် လွတ်လပ်စွာ
သွားလာနိုင်တော့မည် ဖြစ်သည်။

ပင်ပန်းခက်ခဲစွာ ကြိုးစားခဲ့ရလျှင် အောင်မြင်မှု၏ အရသာသည် ပိုမိုချိုမြန်၍ ပို၍ အားရကျေနပ်မှု ရရှိမည် ဖြစ်သည်။

သို့သော်လည်း ဇူရီနှင့် လီယွမ်ဖန်းတို့သည် ဤအတွေးများကို ခေါင်းထဲမှ အရင်ထုတ်ထားလိုက်ကြသည်။ သူတို့သည် တောင်ထိပ်မှ ပုံရိပ်ယောင်၏ ချုပ်နှောင်မှုကို မခံရစေရန် အားတင်းထားကြ၍ အပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် နေရာယူလိုက်ကြသည်။ သူတို့သည် ထိုပုံရိပ်ယောင်သည် အမှန်ဆိုရလျှင် တကယ့်တောင်ထိပ်နှင့် အတော်ဝေးကွာသော

နေရာတွင် ရှိနေခဲ့ခြင်း ဖြစ်သည်ဟု
တွေ့ရှိခဲ့ရသည်။

တကယ်တောင်ထိပ်နှင့် ယှဥ်လိုက်လျှင် သူသည်
ကြေးမုံတစ်ခု၏ ရောင်ပြန်ဟပ်မှုနှင့် တူနေ၏။

ဇူရီနှင့် ကျန်သောသူများသည်
ထိုပုံရိပ်ယောင်အား ချက်ချင်း
ချိုးဖောက်နိုင်ခဲ့ကြ၍ သူတို့ကိုယ်သူတို့
ယင်ကျိုးနတ်တောင်၏ ထိပ်ဖျားသို့
ရောက်နေပြီ ဖြစ်သည်ဟု တွေ့လိုက်ရသည်။
သူတို့က တောင်ထိပ်ဖျားသို့
ခြေချမိလိုက်သည်နှင့် တပြိုင်နက် တောင်သည်
စတင်၍ တုန်ခါလာခဲ့သည်။

မရေမတွက်နိုင်သော အလင်းတန်းများသည်
တောင်ထိပ်တွင် လင်းလက်လာကြကာ ရောမ
စက်ဝိုင်း ဝင်္ကပါတစ်ခု အဖြစ်ကို
ဖန်ဆင်းလိုက်ကြသည်။ သူသည်
တိုက်ခိုက်သော ဝင်္ကပါမဟုတ်ပဲ ဇူရီနှင့်
ကျန်သောသူများအား
တောင်၏အလယ်အတွင်းသို့
ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

တောင်၏ အလယ်ပိုင်းသည်
ပိတ်ပိတ်ပိန်းအောင် မှောင်မည်းနေခဲ့ကာ
အလင်းရောင် တစ်စက်ကလေးမှ မရှိခဲ့ပေ။

သဘာဝ အလင်းရောင်များက မဝင်ရောက်နိုင်ခဲ့၍ ဇူရီနှင့် ကျန်သောသူများက အလင်းရောင် များကို ဖန်တီးခဲ့သော်လည်း အမှောင်ထုအတွင်းမှာပင် နစ်မြုပ်နေခဲ့သည်ကို တွေ့လိုက်ရ၏။

"ဒီစွမ်းအား သဘောတရားက ထာဝရည မိစ္ဆာကျောက်တိုင်နဲ့ ဆင်တူနေတယ်။ သူက ရှေးခေတ်က အမှောင်ထုနဲ့ ဆင်တူနေပြီး ထာဝရ အိပ်မရတဲ့ ညတွေလိုပဲ။ အလင်းရောင် အရင်းအမြစ်တွေ အားလုံးကို စားသုံးလိုက်တဲ့ အတိုင်းပဲ" ဇူရီနှင့် ကျန်သောသူများသည် တည်ငြိမ်စွာနှင့် ရှိနေခဲ့ပြီး သူတို့၏ စိတ်အာရုံများဖြင့် အရှေ့သို့

စူးစမ်းကြည့်ခဲ့ကြသည်။ သူတို့သည်
တောင်အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်
စီးဆင်းမှုများကို စတင်၍ ခံစားမိလာကြသည်။

ဒီရေများသည် ကမ်းခြေသို့ လာရောက်
ရိုက်ခတ်နေသကဲ့သို့ စိတ်ဝိညာဉ် စွမ်းအင်
လှိုင်းလုံးများသည် ဤနေရာသို့ စုစည်း၍
လာရောက်နေကြ၏။ လှုပ်ရှားမှုများကို
အသေအချာ တွေ့နေရသည်။

ဇူရီနှင့် ကျန်သောသူများသည် စိတ်ဝိညာဉ်
စွမ်းအင် လှုပ်ရှားမှုများ၏ အနောက်သို့လိုက်၍
ဖြည်းဖြည်းချင်း ရှေ့ဆက်တိုးလာကြသည်။
သူတို့သည် မှော်စွမ်းအင် အရင်းအမြစ်

များစွာတို့၏ ဟန့်တားမှုကို ခံခဲ့ရသော်လည်း အားလုံးတို့သည် လွယ်ကူသက်သာစွာနှင့် ရှေ့ဆက်လာနိုင်ခဲ့သည်။ နောက်ဆုံးတွင် အလင်းစက်လေးများသည် သူတို့၏ မျက်လုံးများ အတွင်းတွင် ပေါ်လာကြ၏။

"ဒီနေရာမှာ" ဇူရီသည် စိတ်ဓာတ်တက်ကြွလာခဲ့ပြီး ထိုအလင်းစက်လေးများတို့၏ အနောက်သို့ လိုက်သွားခဲ့သည်။ သူတို့သည် အရှေ့သို့ ဆက်လျှောက်လေလေ အလင်းစက်များက ပိုကြည်လင်လာလေလေပင် ဖြစ်သည်။

နောက်ဆုံးတွင် အားလုံးတို့သည် ပြန့်ပြူးသော
နံရံတစ်ခုကို တွေ့လိုက်ရသည်။ ထိုနံရံသည်
ရေသလင်းကျောက်များကဲ့သို့
ထွင်းဖောက်မြင်နေရကာ အတွင်းမှနေ၍
အလင်းတန်း မှိန်မှိန်လေးက
ဖြာထွက်နေခဲ့သည်။

သို့သော်လည်း ထူးဆန်းစွာနှင့်ပင်
ထိုသလင်းကျောက်ကဲ့သို့သော နံရံသည်
သူတို့၏ ပုံရိပ်များကို အလင်းမပြန်ခဲ့ကြပေ။

အားလုံးတို့သည် အကြည့်ချင်း
ဖလှယ်လိုက်ကြကာ ဤနံရံက တစ်ခုခု
မှားနေပြီ ဖြစ်ကြောင်းကို

သဘောပေါက်လိုက်ကြ၏။ ဇူရီသည် သူ၏လက်ကို ဆန့်တန်းလိုက်ကာ ထိုနံရံအား ထိလိုက်သည်။ သူသည် ရေခဲကဲ့သို့ အေးစက်မနေပဲ အနည်းငယ် နွေးထွေးနေခဲ့သည်။ သူသည် ဟင်းလင်းပြင်မှတဆင့် ထိုနံရံအတွင်းသို့ ထွင်းဖောက်ဝင်ရောက်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

သူတို့သည် နည်းလမ်းများ ပြောင်းလိုက်ကာ ထိုနံရံကို အားသုံး၍ ဖျက်ဆီးခဲ့ရန် ကြိုးစားခဲ့သော်လည်း သူသည် အရည်ကဲ့သို့ ဖြစ်နေကြောင်းကို တွေ့လိုက်ရသည်။ သူသည် ခေတ္တမျှ တွန့်လိမ်တုန်ခါသွားခဲ့သော်လည်း

ခဏအကြာတွင် မူလ အခြေအနေသို့ ပြန်ရောက်သွားခဲ့သည်။

ဇူရီ၏ မျက်မှောင်များသည် ကြုတ်သွားခဲ့၏။ "ကြည့်ရတာ ဒီနံရံကို အားသုံးပြီး ချိုးဖောက်ဖို့က အင်မော်တယ် ဝိညာဉ် တတိယ အဆင့်က ကျင့်ကြံသူတစ်ယောက် လိုတယ်ထင်တယ်။ ဒါမှမဟုတ် စင်စစ် ဖြစ်တည်မှု လမ်းကြောင်းက သူတွေတောင် မစွမ်းဆောင်နိုင်ပဲ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ပါးကို လိုလိမ့်မယ်"

ပိုင်ကွမ်းသည် အရှေ့သို့ တက်လှမ်းလာခဲ့ကာ ကျောက်သလင်းနံရံအား ဖွဖွလေး

ထိလိုက်သည်။ "ကြည့်ရတာ သူက ပုံရိပ်ယောင် စွမ်းအားတွေနဲ့ သက်ဆိုင်နေမယ် ထင်တယ်။ သူ့ကိုကြည့်ရတာ အထူးစွမ်းအားကောင်းတဲ့ လေဟာနယ် ပုံရိပ်ယောင်နဲ့ တူနေတယ်။ ကျွန်မတို့က အထဲကိုဝင်လို့မရတာ တစ်ခုပဲ"

ပိုင်ကွမ်းသည် ကျောက်စိမ်းနဂါး မျိုးနွယ်စုမှ လာခဲ့ခြင်း ဖြစ်သည်။ ကျောက်စိမ်းနဂါးတို့၏ သဘာဝ ပါရမီမှာ ပုံရိပ်ယောင် စွမ်းအားများကို ကျွမ်းကျင်ခြင်း ဖြစ်၍ အစစ်အမှန် ပုံစံနှင့် အတုအယောင် ပုံစံတို့အား ပြောင်းလဲခြင်း ဖြစ်သည်။ သူတို့၏ ပုံရိပ်ယောင် စွမ်းအားများသည် မြေခွေးမျိုးနွယ်စု သို့မဟုတ် ယောက်သွားမျိုးနွယ်စုကဲ့သို့

လှည့်စားဖြားယောင်းခြင်းများ မဟုတ်ပဲ သူတို့သည် လေဟာနယ် ပြောင်းလဲခြင်းများကို ပို၍ အာရုံခံနိုင်စွမ်း ရှိသည်။

"ဒါက ကျွန်မတို့ အရင်တွေ့ခဲ့ရတဲ့ ပုံရိပ်ယောင်တွေနဲ့ ကွဲပြားခြားနားတယ်။ သူက ကျွန်မတို့ကို အတွင်းကို မဝင်နိုင်အောင် တားမြစ်ထားရုံတင် မကပဲ ကျွန်မတို့ကို ခွဲခြားဆက်ဆံနေသလို ဖြစ်နေတယ်"

ဇူရီသည် သူမ၏ သုံးသပ်ချက်များကို အနည်းငယ် စဥ်းစားလိုက်အပြီးတွင် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်ထံသို့ လှည့်လိုက်သည်။ "စီနီယာ

ကျောက်စိမ်းဖန်တိုင်၊ ဒီနှစ်တွေ အတွင်းမှာ
ရရှိခဲ့တဲ့ အရေးကြီးတဲ့ သတင်း
အချက်အလက်တွေ အများစုက
ပျောက်ဆုံးသွားနိုင်တယ်"

"စီနီယာလိုမျိုး အလယ်ခေတ်ရဲ့
နှစ်ပေါင်းအစကတည်းက တည်ရှိနေခဲ့တဲ့သူရဲ့
အကြံဉာဏ်ကို ရနိုင်ခဲ့တာ အမတန်ကိုမှ
အကျိုးရှိလှပါတယ်။
ယင်ကျိုးနတ်တောင်အတွင်းကို
ရောက်ရှိနိုင်ခဲ့တဲ့ ဒါမှမဟုတ် ဒီလိုမျိုး
ပုံရိပ်ယောင်နဲ့ ကြုံတွေ့ဖူးခဲ့တဲ့ သူတွေကို
စီနီယာ ကြားဖူးပါသလား"

အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဥ်သည် အနည်းငယ်မျှ စဥ်းစားလိုက်ပြီးနောက်တွင် ဖြည်းဖြည်းချင်း ပြန်ဖြေလိုက်သည်။ "ငါက ကောလဟာလတွေကို ကြားဖူးခဲ့ပေမဲ့ အတည်တော့ မပြုနိုင်ဘူး"

"ဒဏ္ဍာရီအရ ဆိုရင် အလယ်ခေတ် အစပိုင်းတုံးက မဟာကျိုး အင်ပါယာက ရွှေရောင်ပုံစံ တတိယအဆင့်မှာ ရှိနေတဲ့ ကျိုကွမ်း ဇန်မာစတာဘွဲ့ရတဲ့ အကြီးအကဲ တစ်ပါးက အမည်မဲ့ ရှေးဟောင်းဝက်ပါကို ချိုးဖောက်နိုင်ခဲ့ပြီး ငါတို့လိုမျိုး တောင်အတွင်းကို ဝင်နိုင်ခဲ့တယ်"

"ဒါပေမဲ့ ကျိုကွမ်း ဇန်မာစတာက ယင်ကျိုးနတ်တောင်ကို မထိန်းချုပ်နိုင်ခဲ့ဘူး။ သူက နောက်ဆုံးမှာ တောင်ပေါ်ကနေ ထွက်ခွာခဲ့ရတယ်။ သူက မဟာမိုးကြိုး ကျောင်းတော်ကို ပြန်လာခဲ့ပြီး ဒီအကြောင်းကို ပြန်ပြောပြခဲ့တယ်။ သူက တောင်အလယ်မှ ပြင်ပလူအားလုံးကို တွန်းဖယ်နေတဲ့ ထူးခြားတဲ့ ပုံရိပ်ယောင်တစ်ခု ရှိနေကြောင်းကို ပြောခဲ့တယ်"

"ဒါက သူပြောဖူးခဲ့တဲ့ ပုံရိပ်ယောင်ပဲ ဖြစ်လိမ့်မယ်" အစိမ်းရောင် ကျောက်စိမ်းဖန်ဝိညာဉ်က ဆက်ပြောလိုက်သည်။ "ကျိုကွမ်း

ဇန်မာစတာက နောက်ထပ် တောင်သုံးတောင် ပေါ်လာတဲ့ အချိန်မှာ ယင်ကျိုးနတ်တောင်ကို ထပ်မံလာရောက်ဖို့ ရည်ရွယ်ချက်တွေ ရှိခဲ့ပေမဲ့ ဒီအခွင့်အရေးကို မရခဲ့ပဲ အခြားအကြောင်း တစ်ခုနဲ့ ပျံတော်မူသွားခဲ့တယ်"

ကျဲယု၏ နှုတ်ခမ်းများက အနည်းငယ် တွန့်သွားခဲ့သည်။ "ကျင့်ကြံသူတွေ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လာရောက် တိုက်ခိုက်ခဲ့ကြတာကြောင့် တောင်သုံးတောင်တို့ရဲ့ ခံစစ်စနစ်တွေက တဖြည်းဖြည်းနဲ့ ပိုပြီးတော့ အားနည်းလာခဲ့တယ်။ အနည်းဆုံးတော့ ကျုပ်တို့က ယင်ပင်လယ်ရဲ့ စွမ်းအားတွေကနေ

ပုတ်အချ မခံရတော့ဘူး။ ဒါပေမဲ့ ကျုပ်တို့က ရတနာဂူရဲ့ ဝင်ပေါက်မှာ ဒီအတိုင်း နေနေလို့တော့ မဖြစ်ဘူး"

"ဒီမှော်တောင်ရဲ့ အကာအကွယ် စနစ်တွေက အတော့်ကို အစွမ်းထက်တယ်" ဇူရီက အသံလွှင့်ကျောက်တုံး တစ်ခုအား ဖိခြေလိုက်ကာ ပြောလိုက်သည်။ "ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ ပုံရိပ်ယောင်က ယင်ပင်လယ်ရဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေနဲ့ ပေါင်းစည်းပြီး ဖွဲ့စည်းထားတာ ဖြစ်ကြတယ်။ ဒါက ငါတို့ဟာ ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်နိုင်တဲ့

သော့ချက်နဲ့ တဖြည်းဖြည်း နီးလာပြီ ဆိုတာကို ပြနေခြင်းပဲ ဖြစ်တယ်"

"ငါတို့က တောင်ပေါ်မှာ ရှိနေစဥ်မှာ ဆရာနဲ့ ကျန်တဲ့သူတွေကို မဆက်သွယ်နိုင်ဘူး။ ငါတို့က အစ်ကိုကြီးတို့ အဖွဲ့က တောင်ပေါ်ကို ရောက်လာပြီလား၊ အမည်မဲ့ ရေးဟောင်းဝက်ပါထဲမှာ ရှိနေတုံးပဲလား ဆိုတာကိုတောင် မသိနိုင်ဘူး။ တကယ်လို့ ငါတို့က သူတို့နဲ့ ဆက်သွယ်နိုင်ခဲ့ရင် ငါတို့က ဒီပုံရိပ်ယောင်ကို ပိုပြီးတော့ လျှင်မြန်စွာ ချိုးဖောက်နိုင်မှာ ဖြစ်တယ်"

ဇူရီသည့် အသံလွှင့် ကျောက်တုံးကို
ပြန်သိမ်းလိုက်၍ သူ၏အရှေ့မှ ကျောက်သလင်း
နံရံအား ထပ်ဖန်တစ်ခါ ပြန်၍
လှေ့လာလိုက်သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ဤနံရံအား
လှေ့လာနေစဉ် အတွင်းတွင် မဟာကျိုး
အင်ပါယာနှင့် မဟာချင် အင်ပါယာတို့မှ
အုပ်စုများကလည်း တောင်အလယ်အတွင်းသို့
ရောက်ရှိလာခဲ့ကြသည်။

ဤမှော်တောင်သည် ထူးခြားသော လေဟာနယ်
အကာအကွယ် နည်းစနစ်များ ရှိသည်။
သီးခြားစီ ရောက်ရှိလာကြသော

အဖွဲ့သုံးဖွဲ့တို့သည် ကွဲပြားခြားနားသော အခြေအနေ ကိုယ်စီဖြင့် ကြုံတွေ့ခဲ့ကြရသည်။

သို့သော်လည်း အားလုံးတို့သည် သူတို့အား အရှေ့သို့ ဆက်သွားခြင်းမှ တားဆီးထားသော ကျောက်သလင်း နံရံတစ်ခုနှင့် ကြုံတွေ့နေခဲ့ရ၏။

"တောင်ရဲ့ အလယ်ဗဟိုက ပုံရိပ်ယောင်.. ဒါက ယင်ကျိုးနတ်တောင်နဲ့ ယင်ပင်လယ်တို့ကို ဆက်သွယ်ထားတဲ့ သော့ချက်ဖြစ်တယ်"

တခုန်း ဇန်မာစတာသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူ၏အိတ်အတွင်းမှ ခါတ်တော်တစ်ပါးအား ထုတ်လာခဲ့သည်။

ထိုခါတ်တော်သည် အလွန်အမင်း သေးငယ်သည့်ပုံပေါက်ကာ စွန်ပလွန်စေ့နှင့် တူနေသည်။ သူသည်  အနက်ရောင်ရှိပြီး ဘာမှ မထူးခြားသည့်ပုံစံသာ ပေါက်နေ၏။

"ကျိုက္ကွမ်း အကြီးအကဲ၊ အကြီးအကဲရဲ့ ဉာဏ်ပညာနဲ့ အတွေ့အကြုံတို့ကို ဆင့်ခေါ်လိုက်ပါတယ်" တခုန်း ဇန်မာစတာသည် လက်အုပ်ချီလိုက်ကာ ဂါထာများကို ရွတ်ဆိုလိုက်သည်။

ခါတ်တော်သည် လေအတွင်းတွင်
လွင့်မျောနေခဲ့သော်လည်း ယခင်ကကဲ့သို့ပင်
ဘာမှ ထူးခြားသည့်ပုံ ပေါ်မလာခဲ့ပေ။ သူသည်
ဗုဒ္ဓအလင်းတန်းများကို ထုတ်လွှတ်နေကာ
စန္ဒကူးရနံ့သင်းနေ၍ ဇန်ဂါထာများကို
ရွတ်ဆိုနေသော အခြားဓါတ်တော်များနှင့်
မတူနေခဲ့ပေ။

သို့သော်လည်း ဤသစ်စေ့ကဲ့သို့
ဓါတ်တော်ထံမှ လွတ်လပ်မှုကို ခံစားနေ၍၍
ခက်ခဲနက်နေသော ဗုဒ္ဓသဘောတရားတို့၏
အငွေ့အသက်သည် ပျံ့လွင့်လာခဲ့သည်။

ရုတ်တရက်ပင် အနက်ရောင် ကျမ်းစာ
စာသားများသည် ခါတ်တော်အတွင်းမှ
ထွက်လာခဲ့၍ ကျောက်သလင်း နံရံအတွင်းသို့
ထွင်းဖောက်ဝင်ရောက်သွားကြသည်။

တစ်ချိန်တည်းတွင်ပင် အနက်ရောင်
ကျမ်းစာသည် ကြိုးတစ်ချောင်း၏ပုံသို့
ပြောင်းသွားခဲ့၍ တခုန်း ဇန်မာစတာ၏
အနားတွင် ရစ်ပတ်လိုက်သည်။

စာစဥ် ၄၀ : အပိုင်း ၁၄

# အပိုင်း ၇၆၄ : ကြယ်စင်အလင်းရောင် ဖြစ်တည်မှု၊ လူသေတို့၏ မှတ်ဉာဏ်များ

တခုန်း ဇန်မာစတာအား ကြည့်ရသည်မှာ သူနှင့် ခတ်တော်တို့၏ ဆက်သွယ်မှု၊ ခတ်တော်နှင့် နံရံတို့၏ အနက်ရောင် ကျမ်းစာတို့ဖြင့် ဆက်သွယ်မှုတို့ကြောင့် ကျောက်သလင်း နံရံနှင့် တစ်သားတည်း ဖြစ်သွားခဲ့ပုံ ပေါက်သွားခဲ့သည်။

သူ၏ခေါင်းပေါ်မှနေ၍ ဗုဒ္ဓအလင်းရောင်များ လင်းလက်လာခဲ့၍ အစိမ်းရောင် အလင်းတန်းများ ထုတ်လွှတ်နေခဲ့သည့်  ရောမ ဗုဒ္ဓတစ်ပါး၏ သန့်စင်သော ရွှေများဖြင့်

ထိုလုပ်ထားသော မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် ဖြစ်သွားခဲ့သည်။

ဒီရေ ခါးအကြီးအကဲသည် လက်ရှိအခြေအနေ အကြောင်းကို တခုန်း ဇန်မာစတာ၏ အကြမ်းဖျင်း ပြောပြထားမှုကြောင့် သိနေခဲ့ကာ တခုန်း ဇန်မာစတာက သူ၏ ဗုဒ္ဓ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်ကို ထုတ်ဖော်ပြသခဲ့သောအခါ အရမ်းကြီး မအံ့သြသွားခဲ့ပေ။

တခုန်း ဇန်မာစတာသည် မဟာမိုးကြိုး ကျောင်းတော်၏ အတွင်းစည်းဝိုင်း အတွင်းတွင် နေခဲ့ရပြီး ကြီးမားသော ကြမ္မာပန်းတိုင် ရှိသူအနေနှင့် ပြုစုပျိုးထောင်ခြင်းကို ခံခဲ့ရသူ

ဖြစ်၏။ သူလေ့ကျင့်ထားသော နည်းစနစ်မှာ ထာဝရ အလင်းတန်း တထာဂန္တ မန္တန်၊ ဗီရိုကာနာ မန္တန် အစရှိသည်တို့နှင့် ယှဥ်နိုင်သော တထာဂတ ခမ္ဘကျမ်းစာ ငါးပါးအတွင်းမှ အမောဃသိဒ္ဓိ မန္တန်ဖြစ်သည်။

သူသည် ရွှေရောင်ပုံစံ ဒုတိယ အဆင့်တွင် ရှိနေကာ သူဖန်ဆင်းထားသော ဗုဒ္ဓ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည် အမောဃသိဒ္ဓိ ဗုဒ္ဓပုံစံပင် ဖြစ်သည်။ သူ၏ညာလက်သည် ဗဂျရာ နှစ်ပါးအား ဆုပ်ကိုင်ထား၍ သူ၏ဘယ်လက်တွင် ခေါင်းလောင်းတစ်လုံးကို ကိုင်ထားကာ သူ၏ပလ္လင်အား ဦးချိုပါသော

တေးသီငှက် တစ်ကောင်က
ထောက်ပံ့ထားသည်။

ထိုတေးသီငှက်သည် ကမ္ဘာဦးခေတ်နှင့်
ရှေးဟောင်းခေတ်တွင်သာ တည်ရှိနေခဲ့ကာ
ယခုအခါတွင် မျိုးတုံးသွားခဲ့ပြီ ဖြစ်သည်။
သူ့တွင် လူသားကဲ့သို့သော ခန္ဓာကိုယ်ရှိ၍
သူ၏ခေါင်းပေါ်တွင် ငှက်တောင်နှင့် ဦးချိုများ
ရှိနေသည်။

ဒဏ္ဍာရီအရဆိုလျှင် ရတနာများကို
ရှာဖွေလေ့ရှိကြသော စွန့်စားသူများသည်
ထိုတေးသီငှက်၏ အသံကို ကြားလိုက်ရလျှင်
ထိုငှက်အား မမြင်ရသော်လည်း သူတို့

ရှာဖွေနေကြသည့် အရာများကို ချက်ချင်း
ရှာတွေ့ကြသည်ဟု ဆို၏။ ဒါသည်
ထိုတေးသီငှက်နှင့် ပတ်သတ်သော
ယုံတမ်းစကား တစ်ခုဖြစ်သည်။

ဗုဒ္ဓကျမ်းစာများအရ ဤတေးသီငှက်၏
အထူးဝိသေသသည် အိမ်မက်များကို
အကောင်အထည် ပေါ်စေ၍ ဆန္ဒများကို
ပြည့်စွမ်းနိုင်သော၊ ဉာဏ်ပညာငါးပါးကို
ကိုယ်စားပြုသော အမောဃသိဒ္ဓိ ဗုဒ္ဓထံမှ
စတင်လာခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း အမောဃသိဒ္ဓိ ဗုဒ္ဓ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်အား ဖော်ထုတ်လိုက်ခြင်းသည်

ကျောက်သလင်း နံရံအား ထိုးဖောက်ရန်
မဟုတ်ပဲ ကျိုကွမ်း ဇန်မာစတာ
ချန်ထားရစ်ခဲ့သည့် ရှေးဟောင်းခတ်တော်အား
အသက်သွင်းရန်သာ ဖြစ်သည်။

အနက်ရောင် ကျမ်းစာသည်
ရှေးဟောင်းခတ်တော် အတွင်းမှ ဆက်လက်
ထွက်ပေါ်လာနေခဲ့ကာ နောက်ဆုံးတွင်
ပြောင်းလဲသွားခဲ့၍ ရွှေရောင်
ဗုဒ္ဓအလင်းတန်းများနှင့် လင်းလက်လာခဲ့သည်။

တခုန်း ဇန်မာစတာ၏ ခေါင်းပေါ်မှ
အမောဃသိဒ္ဓိ မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည်
စတင်၍ အကောင်အထည် ပေါ်လာခဲ့ကာ

ထွင်းဖောက်မြင်နေရသော ဝိညာဥ်တစ်ခု
အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထို့နောက်တွင်
သူသည် ယခုအချိန်တွင် ရွှေရောင်ဖြစ်သွားခဲ့ပြီ
ဖြစ်သော ကျမ်းစာမှတဆင့်
ဓာတ်တော်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။
ရှေးဟောင်းဓာတ်တော်ထံမှ အလင်းရောင်များ
ပေါက်ကွဲထွက်လာခဲ့၍ အလင်းတန်း ပုံရိပ်
တစ်ခုသည် မည်သည့်နေရာမှမသိ
ရောက်လာခဲ့သည်။ လေထုအတွင်းတွင် ခေတ္တမျှ
မျောလွင့်နေခဲ့၍ ကျောက်သလင်း နံရံအတွင်းသို့
ဝင်သွားခဲ့သည်။

မဟာကျိုး အင်ပါယာနှင့် ကျယ်ပြန့်သော
ပင်လယ်ဓားဂိုဏ်းမှ ကျန်သော

ကျင့်ကြံသူများသည် နံရံ၏ အရှေ့သို့ ရောက်လာကြသည်။ သူတို့၏ အခြေတည် ဝိညာဉ် သို့မဟုတ် ရွှေရောင်ဗဟိုချက်များ၏ စွမ်းအားများကိုပင် မထုတ်လိုက်ကြပဲ သူတို့၏ စိတ်ဝိညာဉ်များသည် သူတို့၏ ရုပ်ခန္ဓာကိုယ်များ အတွင်းမှ ထွက်လာကြ၍ ကျောက်သလင်းနံရံ၏ အတွင်းတွင် လွင့်မျောနေခဲ့သည်။

ဒီရေ ဓားအကြီးအကဲ အပါအဝင် ကျန်နေသော သူများသည် တိတ်တဆိတ်ပင် စောင့်ဆိုင်းနေခဲ့ကာ ဝိညာဉ်များ ခန္ဓာကိုယ် အတွင်းမှ ထွက်ခွာသွားခဲ့သော သူများအား စောင့်ကြပ်ပေးနေခဲ့ကြသည်။

တခုန်း ဇန်မာစတာသည် ခါတ်တော်၏
မူလစိတ်ဝိညာဉ်နှင့် သူ၏အတွင်းမှ
လက်ကျန်မှတ်ဉာဏ်များကို
အသက်သွင်းလိုက်ပြီ ဖြစ်ကာ တောင်၏
အလယ်ဗဟိုမှ လျှို့ဝှက်ဆန်းကြယ်သော
ပုံရိပ်ယောင် အတွင်းသို့ မည်ကဲ့သို့ ဝင်ရမည်ကို
အကြမ်းဖျင်း သဘောပေါက်သွားခဲ့ပြီ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်သာ အဖြေရှာရမည်ဖြစ်သော
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာချင်
အင်ပါယာတို့သည် များစွာပို၍
ဒုက္ခရောက်နေကြသည်။

ဇူရီ၊ လီယွမ်ဖန်း၊ ကျဲယုနှင့် ပိုင်ကွမ်းတို့သည်
မြေပြင်ပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေကြကာ
ကျောက်သလင်း နံရံအား
စိုက်ကြည့်နေကြသည်။ သူတို့သည်
ဘာမှမလုပ်နိုင်ပဲ ထိုင်နေရသော်လည်း
စိတ်ရှည်စွာနှင့် အဖြေကို ရှာဖွေနေကြသည်။

အစိမ်းရောင်
ကျောက်စိမ်းဖန်ဝိညာဉ်သည်လည်း ဇူရီ၏
အရှေ့တွင် နေနေခဲ့ကာ ဘာမှမပြောပဲ
ကျောက်သလင်းနံရံအား လေ့လာနေခဲ့သည်။

ဇူရီ၏ မျက်လုံးသူငယ်အိမ်များ အတွင်းမှ ရောမ
လိပ်ကြီး၏ ပုံရိပ်သည် လင်းလက်နေခဲ့ကာ

မရေမတွက်နိုင်သော ရှေးဟောင်း
သင်္ကေတများက ထွက်ပေါ်လာခဲ့ကာ
တွက်ချက်နေခဲ့၏။

ရုတ်တရက်ပင် သူ၏ အသိစိတ်သည်
သူ၏ရုပ်ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ် အတွင်းမှပင်
ထွက်ခွာသွားခဲ့၍ ထူးခြားဆန်းပြားသော
ကမ္ဘာတစ်ခု အတွင်းသို့ ဝင်ရောက်သွားသည်ဟု
ခံစားလိုက်ရသည်။ သူသည် ကောင်းကင်နှင့်
မြေကြီး အတွင်းသို့ ပေါင်းစည်းသွားခဲ့ကာ သူ၏
ရုပ်ခန္ဓာကိုယ်သည် မြေပြင်ပေါ်တွင်
တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်ကို
မြင်နေခဲ့ရသည်။

သူ၏ အခြေတည် ဝိညာဉ်နှင့် ရုပ်ခန္ဓာကိုယ်အား မခံစားနေရတော့ပဲ သူ၏ စိတ်ဝိညာဉ်ကိုပင် မခံစားနိုင်ခဲ့ပေ။ သို့သော်လည်း ဇူရီသည် သူ၏ဝိညာဉ်တွင် တောက်လောင်နေသော မီးလျှံသည် ပို၍ပို၍ အားကောင်းလာသည်ဟု မြင်နေရသည်။

ဤစွမ်းအားသည် သူ့ဝိညာဉ်၏ မွေးရာပါ စွမ်းအင် မဟုတ်ခဲ့ပေ။ သူသည် အတိတ်မှ အနာဂတ်အထိ အရာအားလုံးတို့ကို ထွင်းဖောက်၍ မြင်နိုင်သကဲ့သို့ ထူးခြားဆန်းကြယ်စွာ ခံစားနေရသည်။

ဇူရီတစ်ယောက်တည်းကသာ ဤမီးလျှံအား မြင်နိုင်ခြင်း ဖြစ်သည်။ ဒါသည် ဉာဏ်ပညာ မီးတောက်ဖြစ်၏။

လင်းဖုန်း၏ လက်ရင်းတပည့်များအနက် ဝမ်လင်းနှင့် ဇူရီတို့သည် စိတ်ဝိညာဉ် အားအကောင်းဆုံး ဖြစ်ကြသည်။ သို့သော်လည်း သူတို့နှစ်ယောက်စလုံးတို့သည် ရှီထျန်းဟောင်၏ မွေးရာပါခွန်အားကိုမူ မယှဉ်နိုင်ကြပေ။

ဝမ်လင်းသည် သူ၏စိတ်ဝိညာဉ်အား ငရဲကမ္ဘာ အကြွင်းမဲ့ရေဖြင့် သန့်စင်ထားခြင်း ဖြစ်သည်။ ဟွမ်ဟိုင် စိတ်ဝိညာဉ် အစည်းအဝေးတွင် ဇူရီ၏

စိတ်ဝိညာဉ်သည် ဉာဏ်ပညာ မီးလျှံတို့ဖြင့်
လင်းလက်လာခဲ့၍ သူ၏ စိတ်ဝိညာဉ်အား
တိုးတက်ပြောင်းလဲစေခဲ့သည်။

သို့သော်လည်း ဤဖြစ်စဉ်အား
ထိုအချိန်ပြီးနောက် တစ်ခေါက်မှ ပြန်လည်
မတွေ့ကြုံခဲ့ရတော့ပေ။ ဇူရီကလည်း
ထိုဖြစ်စဉ်အား ဆင့်ခေါ်နိုင်စွမ်း မရှိပေ။

သူ၏အရှေ့မှ ကျောက်သလင်း နံရံအား
ထိုးဖောက်၍ ဇူရီသည် ထူးခြားသော
ဤစိတ်စွမ်းအားနှင့် ယင်ပင်လယ် အတွင်းမှ
လျှို့ဝှက်ဆန်းကြယ်သော ပြောင်းလဲမှုတို့အား
စောင့်ကြည့်နေခဲ့သည်။ သူ၏ ဉာဏ်ပညာ

မီးလျှံသည် ထပ်ဖန်တစ်ခါ တောက်ပလာခဲ့၍
သူ၏ စိတ်ဝိညာဉ်သည် အရင်ကထက်
များစွာပို၍ အားကောင်းလာခဲ့၏။

သူသည် ဘဝ အနှောင်အဖွဲ့မှ
လွတ်မြောက်သွား၍ ထာဝရ အချိန်မြစ်ရေထံမှ
ကင်းလွတ်သွားသည်ဟု ခံစားလိုက်ရသည်။
အတိတ်မှ လျှို့ဝှက်ချက်များနှင့် အနာဂတ်
ကာလမှ မရေရာမှုများကို နားလည်နိုင်သည်ဟု
ခံစားနေခဲ့ရသည်။

ဤစွမ်းအားကြောင်းသော
အာရုံခံစားမှုများသည် အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများတိုင်းပင်

ပိုင်ဆိုင်နိုင်သော အရာမဟုတ်ပေ။ သူတို့သည်ပင်လျှင် ဤအဆင့်သို့ မရောက်နိုင်ကြချေ။

ဤမီးလျှံသည် ခေတ္တမျှသာ တောက်လောင်လာခဲ့၍ ချက်ချင်း ပြန်ငြိမ်းသွားသော်လည်း ဇူရီသည် ဤပြဿနာ၏ အဖြေကို ရှာတွေ့ခဲ့သည်။

"စိတ်ဝိညာဉ်..." လီယွမ်ဖန်းနှင့် ကျန်သောသူများသည် သူ့အား လှည့်ကြည့်နေကြသည်ကို တွေ့လိုက်ပြီး ဇူရီ၏ မျက်လုံးအစုံက တောက်ပလာခဲ့သည်။ ဇူရီသည် အချိန်အနည်းငယ်ယူ၍ တည်ငြိမ်အောင်

ကြိုးစားလိုက်ကာ ရှင်းပြလိုက်သည်။ "ငါ့ရဲ့
ခံစားမှုနဲ့ အတွက်အချက်တွေသာ မမှားခဲ့ရင်
သန့်စင်တဲ့ စိတ်ဝိညာဉ် သက်သက်ကသာ
ဒီကျောက်သလင်း နံရံကို ထွင်းဖောက်ပြီး
တစ်ဘက်ခြမ်းကို သွားနိုင်တယ"

"အင်မော်တယ် ဝိညာဉ် အဆင့်က
ကျင့်ကြံသူတွေကတောင် သူတို့ရဲ့
အင်မော်တယ် ဝိညာဉ်ကို စိတ်ဝိညာဉ်ရဲ့
မူလပုံစံကို ပြောင်းပြီးမှ ဝင်ရောက်နိုင်လိမ့်မယ်"

လီယွမ်ဖန်းက အနည်းငယ်
မျက်မှောင်ကြုတ်လိုက်ကာ ပြောလိုက်သည်။
"တကယ်လို့ ကျွန်တော်တို့ရဲ့

စိတ်ဝိညာဉ်တွေသာ ဝင်နိုင်မယ်ဆိုရင်
ကျွန်တော်တို့က ပုံရိပ်ယောင်တွေ အတွင်းက
မမြင်နိုင်တဲ့ အခြေအနေတွေကို စိတ်ဝိညာဉ်
စွမ်းအားတွေကိုသာ အသုံးပြုပြီး
ရင်ဆိုင်ရတော့မှာပေါ့။ မှော်စွမ်းအင်နဲ့
မှော်ကျိန်စာတွေကိုလည်း အသုံးချလို့ မရဘူး။
ကျွန်တော်တို့ရဲ့ မှော်အိုင်တမ်တွေကိုတောင်မှ
သုံးလို့ရမှာ မဟုတ်ဘူး"

ဇူရီက သူ၏ခေါင်းကို အသာခါလိုက်သည်။
"ငါကတော့ ဒီလိုမထင်ဘူး။ ငါပြောတာ
မှားနိုင်ပေမဲ့ ဒီပုံရိပ်ယောင်တွေ အထဲမှာ
ဖုန်းကွယ်ထားတဲ့ တစ်စုံတစ်ရာ ရှိနေသေးပြီး
ထင်သလောက်တော့ မရိုးရှင်းဘူး"

သူသည် ကျန်သောသူများအား ကြည့်လိုက်ကာ ပြောလိုက်သည်။ "ငါက ငါ့စိတ်ဝိညာဉ်ကို အတွင်းကို ပို့လိုက်မယ်။ မင်းတို့က ဒီနေရာမှာ ငါ့ရဲ့ခန္ဓာကိုယ်ကို ကာကွယ်ပေးထားကြပါ"

ကျဲယုက အနည်းငယ် စိုးရိမ်နေသောပုံဖြင့် ပြောလိုက်သည်။ "မင်းတစ်ယောက်တည်းလား"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဒီပုံရိပ်ယောင်က အတော်လေး ထူးခြားတယ်။ သူက စိတ်ဝိညာဉ် စွမ်းအား တစ်ခုတည်း သက်သက်သာ စမ်းသပ်တာ ဖြစ်ချင်မှ ဖြစ်ပေမဲ့

ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်ဟာ ဒီအုပ်စု
အတွင်းမှာ အားအကောင်းဆုံး ဖြစ်တဲ့အတွက်
ကျွန်တော် တစ်ယောက်တည်း သွားရင်ရပြီ"

ကျဲယုနှင့် ပိုင်ကွမ်းတို့သည် အကြည့်များ
ဖလှယ်လိုက်ကြသည်။ သူတို့၏
စိတ်ဝိညာဉ်များမှာလည်း အတန်ငယ်
အစွမ်းထက်ပေသည်။ သို့သော်လည်း
သူတို့သည် လီယွမ်ဖန်း
တစ်ယောက်တည်းကိုသာ ချန်ထားခဲ့၍ မရချေ။

ဇူရီတွင် အစိမ်းရောင် ကျောက်စိမ်းဖန်တိုင်၊
မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၊ ထာဝရည မိစ္ဆာကျောက်တိုင်၊

ယန်ကောင်းကင် မီးအိမ်နှင့် ယူကောင်းကင်
ဝတ်ရုံ အစရှိသည့် မှော်ရတနာများ
များစွာရှိသော်လည်း ဤသန္ဓေလောင်းနှင့်
ပွားစည်းခြင်း အဆင့်တို့မှ
မှော်ရတနာများတို့သည် ဇူရိက
ကိုင်ဆောင်ထားခြင်း မရှိလျှင်
သူတို့ကိုယ်တိုင်က စွမ်းအားများကို အစွမ်းကုန်
မထုတ်သုံးနိုင်ချေ။

သို့သော်လည်း ဇူရိ တစ်ယောက်တည်းကသာ
ဝင်သွားမည် ဆိုလျှင်လည်း အနည်းငယ်
အန္တရာယ်များပေသည်။ ပိုင်ကွမ်းသည်
အနည်းငယ်မျှ စဉ်းစားလိုက်၍
အကြံပြုလိုက်သည်။ "ကျွန်မက ရှင်နဲ့အတူ

အထဲကို လိုက်လာခဲ့မယ်လေ။ ကျဲယုက
ရှင်ထားခဲ့တဲ့ မှော်ရတနာတွေနဲ့အတူ
လီယွမ်ဖန်းနဲ့ စောင့်ကြည့်ထားနိုင်တာပဲ"

ကျဲယု၏ ပါးစပ်မှာ အဟောင်းသား ဖြစ်သွားခဲ့ပြီး
ကန့်ကွက်ရန် ပြင်ဆင်လိုက်သော်လည်း
ပိုင်ကွမ်းက သူ့အား ဖြတ်ပြောလိုက်သည်။
"ကျွန်မတို့ မိစ္ဆာတွေက မှော်ရတနာတွေကို
အသုံးပြုဖို့ မကျွမ်းကျင်ဘူး။ ရှင်က မိစ္ဆာသခင်
နောက်ဆုံးအဆင့်မှာ ရှိနေပြီး ကျွန်မက
အလယ်အလတ် အဆင့်မှာပဲ ရှိသေးတယ်။
ရှင်က ကျွန်မထက်စာရင် သူတို့ကို ကိုင်ဆောင်ဖို့
ပိုသင့်တော်တယ်"

"ဂရုစိုက်ပါ" ကျဲယုသည် ဘာမှ မတတ်နိုင်ခဲ့ပဲ ခေါင်းသာ ညိတ်ခဲ့ရသည်။

သဘောတူညီချက် ရပြီးသွားသောအခါ ဇူရီနှင့် ပိုင်ကွမ်းတို့သည် အချိန်မဖြုန်းကြတော့ပဲ သူတို့၏ စိတ်ဝိညာဉ်များသည် သူတို့၏ ခန္ဓာကိုယ်များ အတွင်းမှ ထွက်သွားခဲ့ကာ ကျောက်သလင်း နံရံထံသို့ ပျံသန်းသွားခဲ့သည်။

ဇူရီ၏ အာရုံခံမှုများသည် မှန်ကန်နေ၏။ သူတို့သည် ရုပ်ကိုယ်ခန္ဓာ အတွင်းမှ ထွက်လာခဲ့သောအခါ သူတို့၏ စိတ်ဝိညာဉ်များသည် ကျောက်သလင်း နံရံအား ဖောက်ထွင်းနိုင်ခဲ့ကာ တောင်၏ အလယ်ဗဟိုမှ

ထူးဆန်းသော ပုံရိပ်ယောင် အတွင်းသို့
ဝင်ရောက်သွားနိုင်ခဲ့သည်။

သူတို့သည် အတွင်းသို့
ရောက်သွားကြသောအခါ သူတို့၏
ပတ်ဝန်းကျင်များသည် ထပ်ဖန်တစ်ခါ
ပြောင်းလဲသွားခဲ့သည်။ ကောင်းကင်ပေါ်တွင်
ကြယ်စင်များက ပေါက်ကွဲနေကြ၍ သူတို့သည်
အဆုံးမဲ့ ကြယ်စင် စကြာဝဠာနှင့် တူနေသည့်
ကျယ်ပြန့်လှသော လေဟာနယ် အတွင်းသို့
ရောက်သွားကြသည်။

ဇူရီသည် ဘာမှ မတုံ့ပြန်နိုင်ခင်တွင် သူ၏
စိတ်ဝိညာဉ်သည် ကြယ်စင်အလင်းရောင်
စက်လုံးများ၏ လွှမ်းခြုံခြင်းကို ခံလိုက်ရသည်။

"ဟာ" ဇူရီသည် သူ၏ အသိစိတ်ကို
ထပ်ဖန်တစ်ခါ အသုံးပြု၍
လေ့လာကြည့်လိုက်ရာ ဤကြယ်စင်
အလင်းတန်း စက်လုံးသည် သူ၏
စိတ်ဝိညာဉ်အား အန္တရာယ် မပေးနေမှန်းကို
သိလိုက်ရသည်။ ထို့အစား သူသည်
သူ့စိတ်ဝိညာဉ်အား ရုပ်ခန္ဓာကိုယ်
အခွံတစ်ခုအား ပေးနေခဲ့သည်။ သို့သော်လည်း
ဤရုပ်ခန္ဓာကိုယ် အသစ်သည် လူသားပုံစံ
မဟုတ်ပဲ ကမ္ဘာအတွင်းမှ သက်ရှိတစ်ခု၏

ပုံသဏ္ဍာန်လည်း မဟုတ်ခဲ့ပေ။ သူသည်
အနီရောင်များ မှေးမှိန်စွာနှင့်
လင်းလက်နေသော ကြယ်စင်အလင်းတန်း
စက်လုံးတစ်ခုသာ ဖြစ်၏။

သို့သော်လည်း သူသည်
ဤကြယ်စင်အလင်းတန်း စက်လုံးနှင့်
ပေါင်းစပ်ပြီးသွားသောအခါ ဇူရီသည် သူ၏
စိတ်ဝိညာဉ် အတွင်းတွင် အတိတ်မှ
မှတ်ဉာဏ်ဟောင်းများ ပေါ်လာခဲ့သည်။

ဒါသည် သူ၏ မှတ်ဉာဏ်များ မဟုတ်ခဲ့ပဲ
အခြားတစ်ယောက်၏ မှတ်ဉာဏ်များ

ဖြစ်ကြသည်။ သူ၏ စိတ်အာရုံအတွင်းသို့
ပုံရိပ်များ တစ်ခုပြီးတစ်ခု ဝင်လာကြသည်။

"ဒါ.. ဒါတွေက မဟာနေမင်း သူတော်စင်
ဝမ်ဟောင်ရဲ့ မှတ်ဉာဏ်တွေ ဖြစ်တယ်"
ဇူရီသည် လင်းဖုန်း၏ တပည့်များ အတွင်းတွင်
ဗဟုသုတ အရှိဆုံးဖြစ်သည်။ သူသည်
အရာအားလုံးကို မသိနိုင်သော်လည်း
ဤမှတ်ဉာဏ် အကြွင်းအကျန်များ၏
မူလပိုင်ရှင် ဖြစ်သူအား သိနိုင်ခဲ့သည်။

သူ၏နာမည်သည် ဝမ်ဟောင်ဖြစ်သည်။
သူသည် ရှေးဟောင်းခေတ်၏ လူသားဧကရာဇ်
ဖြစ်သော ချန်ဧကရာဇ်၏ ဆက်ခံသူ ဖြစ်၏။

သူ့အား မဟာနေမင်း သူတော်စင်ဟုခေါ်၍ သူသည် ကြယ်စင်များ၏ ပြောင်းလဲမှုကို အခြေခံသည့် ချန်ကေရာဇ်၏ နည်းစနစ် အမွေများကို ဆက်ခံခဲ့သူ ဖြစ်သည်။ သူသည် အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့ ရောက်နိုင်ခဲ့ပြီး ယင်ပင်လယ်မှ တောင်သုံးတောင် ပေါ်လာသော အကြိမ်တစ်ကြိမ်တွင် ကံမကောင်းစွာနှင့် ကျဆုံးသွားခဲ့ရခြင်း ဖြစ်သည်။

သို့သော်လည်း သူ၏ မှတ်ဉာဏ်အရ မဟာနေမင်း သူတော်စင်၏ သေဆုံးမှုသည် ယင်ကျိုးနတ်တောင်နှင့် ဘာမှမဆိုင်ပဲ သူသည်

ဖန်ကျန်းနတ်တောင် အပေါ်တွင်
ကျဆုံးသွားခဲ့ရခြင်း ဖြစ်သည်။

ဇူရီသည် သူ့ကိုယ်သူ တည်ငြိမ်အောင်
ကြိုးစားလိုက်ကာ သူ၏ ယာယီ
ရုပ်ခန္ဓာကိုယ်အား ထိန်းချုပ်၍ ဤလေဟာနယ်
ပုံရိပ်ယောင်၏ အတွင်းသို့
စူးစမ်းလေ့လာလိုက်သည်။

ခဏအကြာတွင် မရေမတွက်နိုင်သော
ကြယ်စင်များသည် သူ၏အရှေ့တွင်
ပေါက်ကွဲကုန်ကြသည်။

သူတို့အတွင်းတွင် ရှေးခေတ်က
သံသရာဂိုဏ်း၏ ငရဲလမ်းစဥ်မှ
ငရဲကမ္ဘာချော်ရည် ဝက်ပါ၊ စူတောင်ခေးဂိုဏ်းမှ
ရှောင်ယမ်ခေး၊ ရှေးဟောင်းခေတ်မှ မိစ္ဆာဂိုဏ်း
တစ်ခုဖြစ်သော ငရဲသွေးမြစ်ဂိုဏ်းမှ နတ်ဘုရား
သွေးရည်ကြည် အလင်းတန်း၊ ခရမ်းရောင်
တိမ်တိုက်ဂိုဏ်းမှ ကောင်းကင်ကိုးလွှာ
မိုးကြိုးနည်းစနစ်နှင့် ဟင်းလင်းပြင်
ဘုရားကျောင်းမှ အစစ်အမှန် နတ်ဘုရားတို့၏
အန္တိမ အပေါက်ကိုးပေါက် မှော်ကျိန်စာကိုပင်
တွေ့နိုင်ခဲ့၏။

မှော်ကျိန်စာ နည်းစနစ်ပေါင်း များစွာတို့သည် ဇူရီအား တစ်ချိန်တည်းမှာပင် ဝိုင်းရံပိတ်ဆို့ တိုက်ခိုက်လိုက်ကြသည်။

ကြယ်စင်တစ်ခုစီတိုင်းတွင် နတ်ဘုရားနယ်မြေ၏ သမိုင်းကြောင်းမှ စွမ်းအားထက်သော ဂိုဏ်းများမှ လျှို့ဝှက်မှော်ကျိန်စာ နည်းစနစ်များ ပါရှိနေကြသည်။

ဇူရီ၏ စိတ်အတွင်းတွင် အတွေးများနှင့် ပြည့်နှက်နေခဲ့၍ သူသည် လွတ်လမ်းကို အပြင်းအထန် ရှာဖွေနေခဲ့သည်။
"ဒီမှော်ကျိန်စာတွေရဲ့ အင်အားတွေက

မတူညီနေဘူး။ သူတို့ရဲ့ အနောက်က ကျင့်ကြံသူတွေကလည်း ကျင့်ကြံမှု အဆင့်တွေ မတူညီဘူး"

" အစစ်အမှန် နတ်ဘုရားတို့ရဲ့ အန္တိမ အပေါက်ကိုးပေါက် မှော်ကျိန်စာက အင်မော်တယ် ဝိညာဉ် ပထမ အဆင့်က ကျင့်ကြံသူတစ်ယောက်ကနေ ထုတ်ဖော်ထားတာ ဖြစ်ပြီး ရှောင်ယမ် ဓားနည်းစနစ်က အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်က ကျင့်ကြံသူက ထုတ်လွှတ်နေခဲ့တာ။ ငရဲကမ္ဘာ ချော်ရည်ဝက်ပါက အခြေတည်ဝိညာဉ် အဆင့် ကျင့်ကြံသူ တစ်ယောက်က ထုတ်သုံးခဲ့ပြီး ကောင်းကင်ကိုးလွှာ

မိုးကြိုးနည်းစနစ်က အင်မော်တယ် ဝိညာဉ်
ပထမ အဆင့်က ကျင့်ကြံသူက
အသုံးပြုနေခဲ့တယ်"

ဇူရီသည် သူတို့ ယင်ပင်လယ်သို့
ထွက်မလာခဲ့စဉ်က ရရှိခဲ့သော သတင်း
အချက်အလက်များကို အသေအချာ ပြန်လည်
စဉ်းစားနေခဲ့သည်။ သူ၏ စိတ်ဝိညာဉ်
စွမ်းအားအရ သူသည် သူဖတ်ခဲ့ဖူးသော
နာမည်တစ်ခုချင်းစီကို ကောင်းကောင်းကြီး
ပြန်လည် မှတ်မိနိုင်ခဲ့သည်။

"ဟင်းလင်းပြင် ဘုရားကျောင်းက
အင်မော်တယ် ဝိညာဉ်ပထမ အဆင့်

စိတ်ဝိညာဉ် ဗျပ်စောင်း သူတော်စင်ဟာ ယင်ပင်လယ်ရဲ့ ပုံရိပ်ယောင် တစ်ခုရဲ့ အတွင်းမှာ သေဆုံးခဲ့တယ်"

"အလယ်ခေတ်မှာ အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်က ရှောင်ယမ် ဓားမာစတာဟာ ပန်းလိုင်နတ်တောင်ကို ထိန်းချုပ်ဖို့ ကြိုးစားရာမှာ မအောင်မြင်ခဲ့ပဲ ယင်ပင်လယ်ရဲ့ စွမ်းအားတွေကို ယူသုံးထားတဲ့ တောင်ရဲ့ ဖိခြေမှုကို ခံခဲ့ရတယ်"

"သံသရာဂိုဏ်းရဲ့ ငရဲလမ်းစဉ်ကတော့ သိပ်မသေချာဘူး။ ကြည့်ရတာ သူတို့ဂိုဏ်း အတွင်းမှာပဲ မှတ်တမ်းတွေ ရှိလိမ့်မယ်"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ထောင်ကျော်က ခရမ်းရောင် တိမ်တိုက်ဂိုဏ်းက တုန်ခါမိုးကြိုး သူတော်စင်လို့ အမည်ရတဲ့ အင်မော်တယ် ဝိညာဉ် ပထမ အဆင့်က ကျင့်ကြံသူ တစ်ယောက်ဟာ ဖန်ကျန်းနတ်တောင်ကို ထိန်းချုပ်ဖို့ ကြိုးစားနေရင်း တောင်ထိပ်က နဂါးပုံရိပ်ယောင်တွေရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်"

"တခြားသူတွေ အတွင်းမှာ ငါ့ရဲ့ကိုယ်ပိုင် ယာယီ ရုပ်ခန္ဓာကိုယ်ဖြစ်တဲ့ မဟာနေမင်း သူတော်စင်လည်း ပါတယ်" ဇူရီသည် သက်ပြင်းတစ်ချက်အား ရှူိက်လိုက်သည်။

"ယင်ကျိုးနတ်တောင်ရဲ့ အလယ်ဗဟိုက ပုံရိပ်ယောင်ဟာ ယင်ပင်လယ်ရဲ့ စွမ်းအားတွေကို အသုံးပြုပြီး ဒီနှစ်ပေါင်းများစွာ အတွင်းက ယင်ပင်လယ် အတွင်းမှာ ကြွေလွင့်ခဲ့ကြတဲ့ စွမ်းအားကြီး ကျင့်ကြံသူတွေရဲ့ လက်ကျန် စိတ်ဝိညာဉ်တွေကို ပုံတူပွားနိုင်ခဲ့တယ်"

ဤပြင်းထန်လှသော တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရသောအခါ ဇူရီသည် စတင်၍ လှုပ်ရှားလိုက်သည်။ သူသည် သူ၏ ကိုယ်ပိုင် နည်းစနစ်များ၊ မှော်ကျိန်စာများကို ထုတ်ဖော်နေခြင်း မဟုတ်ပေ။ ကြယ်စင်အလင်းတန်း စက်လုံးသည်

လူတစ်ယောက်၏ ပုံစံအဖြစ်သို့ ပြောင်းသွား၍ ပြင်းထန်လှသော ဟိန်းဟောက်သံဖြင့် လက်သီးတစ်ချက် ထိုးလိုက်သည်။

ချန်ကေရာဇ်၏ လျှို့ဝှက်သိုင်းပညာ နည်းစနစ် - စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး!

## စာစဥ် ၄၀ : အပိုင်း ၁၅

## အပိုင်း ၇၆၅ : ကြယ်စင်များ၏ တိုက်ပွဲ

အနီးကပ် သေချာကြည့်ရှုလိုက် အပြီးတွင် ဇူရီသည် သူအနားတွင် လှုပ်ရှားနေကြသော

မှော်ကျိန်စာနှင့် နည်းစနစ် အမျိုးမျိုးတို့သည် သူ့ထံသို့ ဦးတည်နေခြင်း မဟုတ်ကြောင်းကို သိလိုက်ရသည်။

ကြယ်စင်တိုင်းသည် အခြားကြယ်စင်များကို မှော်ကျိန်စာ တစ်ခုပြီးမှ တစ်ခု ထုတ်လွှတ်နေကြကာ သူတို့၏ အနားမှ ကြယ်စင်တိုင်းကို ဖျက်ဆီးချင်နေသကဲ့သို့ ဖြစ်နေခဲ့သည်။

ဤကြယ်စင်များသည် အသိစိတ် မရှိသကဲ့သို့ ဖရိုဖရဲ ကစဥ့်ကလျား ဖြစ်နေကြ၏။

ကြယ်စင်များသည် ယင်ပင်လယ် အတွင်းတွင် ကြွေလွင့်ခဲ့ရသည့် အစွမ်းထက် ကျင့်ကြံသူများ၏ စွမ်းအားများကို ပြည့်စုံစွာ ထုတ်သုံးနိုင်ကြ၍ မှော်ကျိန်စာများကို အပြည့်အဝ ဖော်ထုတ်နိုင်ခဲ့ကြသော်လည်း သူတို့ကိုယ့်ကိုယ် ကောင်းစွာ ထိန်းချုပ်နိုင်စွမ်း မရှိပဲ ရုပ်သေးရုပ်များနှင့် တူနေကြသည်။

"ဒီကြယ်စင်တွေရဲ့ လက်ကျန် မှတ်ဉာဏ်တွေက မပြည့်စုံဘူး။ ဒါကြောင့် သူတို့ရဲ့ မှော်ကျိန်စာနဲ့ နည်းစနစ်တွေကလည်း မပြည့်စုံဘူး။ ဒါကြောင့်မို့ သူတို့ဟာ မှော်ကျိန်စာတွေကို ချောမွေ့စွာ အသုံးမပြုနိုင်ပဲ ကြယ်စင်တွေရဲ့ စွမ်းအားကိုသာ အသုံးပြုပြီး သူတို့ရဲ့

မှော်ကျိန်စာနဲ့ သိုင်းပညာရပ်တွေကို ဖော်ထုတ်နိုင်ခဲ့ကြတာ"

"ဒီလက်ကျန် မှတ်ဉာဏ်နဲ့ စိတ်ဝိညာဉ်တွေက ကြယ်စင်တွေနဲ့ တစ်သားတည်း ဖြစ်နေပေမဲ့ ငါ့ရဲ့ကိုယ်ပိုင် စိတ်ဝိညာဉ်နဲ့တော့ ကွာခြားနေကြတယ်။ ဒါကြောင့် ငါက ငါ့ရဲ့ကိုယ်ပိုင် မှော်ကျိန်စာနဲ့ နည်းစနစ်တွေကိုတော့ အသုံးမပြုနိုင်ဘူး။ အတင်းအကျပ် အသုံးပြုလို့လည်း မဖြစ်နိုင်ပဲ ဘေးထွက်ဆိုးကျိုးတွေကို ခံစားရလိမ့်မယ်"

"ငါရဲ့ စိတ်ဝိညာဉ် အနားမှာ ရရှိထားတဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ် အသစ်

ပျက်စီးသွားခဲ့ရင် အကျိုးဆက်က မသေချာပဲ ခန့်မှန်းဖို့ ခက်ခဲတယ်။ ငါက နောက်ထက် စက်လုံးအသစ်နဲ့ ခန္ဓာကိုယ်အသစ် ရကောင်းရမယ်။ ဒါမှမဟုတ် လေဟာနယ် ပုံရိပ်ယောင်ကနေ ထုတ်ပယ်ခြင်းကို ခံရနိုင်တယ်။ အဆိုးဆုံးကတော့ ငါ့ရဲ့ စိတ်ဝိညာဉ်ကပါ ပျက်စီးသွားနိုင်ခြင်းပဲ"

သူ၏ စိတ်အတွင်းတွင် အတွေးပေါင်းများစွာ ပြောင်းဆန်နေခဲ့၍ မဟာနေမင်း သူတော်စင်၏ ချန်ကေရာဇ်ထံမှ ရရှိထားသည့် သီးသန့် သိုင်းပညာရပ်မှ သိုင်းကွက်တစ်ခုကို ဖော်ထုတ်လိုက်သည်။ စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးသည် ဦးချိုသစ်သား မြွေနဂါး

ပုံစံဖြင့် ထွက်သွားခဲ့ကာ သူ၏အရှေ့မှာ ရှောင်ယမ် ခေါးနည်းစနစ်နှင့် တိုက်ရိုက်ရင်ဆိုင်လိုက်သည်။

အစိမ်းရောင်နဂါး၏ စံအိမ်ခုနှစ်လုံး၏ ပထမအကွက်သည် ဦးချိုသစ်သား မြွေနဂါး ဖြစ်၏။ သူ၏ သက်ဆိုင်ရာ ကြယ်မှာ သစ်သားအနွယ်ဝင် ဖြစ်သော အယ်လ်ဖာ ဗာဂို ဖြစ်၍ ကောင်းကင်ပေါ်တွင် မြွေနဂါးပုံစံကို ဖန်ဆင်းလိုက်သည်။ သူသည် အရှေ့ကောင်းကင်မှ စံအိမ်ခုနှစ်လုံးတွင် ပထမဆုံး ဖြစ်၍ နဂါးတစ်ကောင်၏ ဦးချိုကဲ့သို့ ပုံသဏ္ဍာန်ရှိသော ကြယ်နှစ်လုံးရှိနေသည်။

နဂါးဦးချိုသည် ခက်ထန်စွာဖြင့်
တိုက်ပွဲအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။
ဦးချိုသစ်သား မြွေနဂါး ပုံစံသည်
စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏
လူသတ်သိုင်းကွက်များ အနက်မှ တစ်ခုဖြစ်၏။

လက်သီးနှစ်ဘက်စလုံးတို့ဖြင့် ထိုးလိုက်ရာ
ဤတိုက်ခိုက်မှု အင်အားသည် သူ့ရန်သူအား
ချက်ချင်းဆိုသလိုပင် အမှုန့်ခြေနိုင်သည့် ရောမ
တူကြီးနှစ်လက်နှင့် တူနေခဲ့သည်။

ရှောင်ယမ်ခားသည် စူတောင်ခားဂိုဏ်း၏
ခားလမ်းစဥ် ခြောက်သွယ်အနက်
အခက်ထန်ဆုံး ခားဖြစ်သော်လည်း ဇူရီသည်

ရှောင်တိမ်း၍ နောက်ဆုတ်နေလိုခြင်း မရှိပေ။ သူသည် ဦးချိုသစ်သား မြွေနဂါး၏ ပုံစံဖြင့် အကြမ်းခွန်အားကို အကြမ်းခွန်အားဖြင့် တုံ့ပြန်လိုက်သည်။

တိုက်ခိုက်မှုမှနေ၍ တောက်ပသော အလင်းတန်းများဖြင့် ပေါက်ကွဲသွားကြ၍ ရှောင်ယမ်ခေး ကြယ်စင်သည် အနောက်သို့ လွင့်သွားသကဲ့သို့ ဇူရီ၏ ကြယ်စင်သည်လည်း နောက်ဆုတ်သွားခဲ့ရသည်။

သူ့ပြိုင်ဘက်၏ ရှောင်ယမ်ခေးသည် ဦးတည်သည့် နေရာမရှိသဖြင့် သူသည် ဇူရီထက်ပို၍ ဒဏ်ရာပြင်းထန်ခဲ့သည်။ သူသည်

ဘေးပတ်ပတ်လည်မှ ကြယ်စင်များကို မျက်ကန်းတစ်ယောက်အလား တိုက်ခိုက်ခဲ့ခြင်း ဖြစ်၍ ဇူရီကမူ သူ့အားရည်ရွယ်၍ သူ၏စွမ်းအား အကုန်လုံးကို စုစည်းထားခဲ့ခြင်း ဖြစ်သည်။ ဇူရီသည် ထိုကြယ်စင်အား ပေါက်ကွဲလုနီးပါးပင် ဖြစ်သွားစေခဲ့၏။

သို့သော်လည်း အခြားကြယ်စင်များသည် မှော်ကျိန်စာများကို ထုတ်လွှတ်ကာ ဇူရီထံသို့ ဦးတည်၍ တိုက်ခိုက်လာခဲ့ကြသည်။

ဇူရီ၏ စိတ်ဝိညာဉ်သည် မဟာနေမင်း သူတော်စင်၏ လက်ကျန် မှတ်ဉာဏ်များကို အတတ်နိုင်ဆုံး ကြိုးစား၍ ဆက်သွယ်နေရင်း

ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ သူသည် ချန်ကေရာဇ်၏ သိုင်းပညာရပ် လမ်းစဥ်များ၏ နက်နဲသိမ်မွေ့မှုများကို နားလည်ရန် ရုန်းကန်နေရသည်။

နတ်ဘုရားနယ်မြေမှ လူသားကေရာဇ်များ၏ သမိုင်းကြောင်းတွင် ချန်ကေရာဇ်အား ချီးကျူးရမည့် အချက်မှာ သူသည် မိစ္ဆာများထံမှ ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်းကို လုယူ၍ ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ သူသည် ကြယ်စင်ပေါင်း တစ်သန်းတို့၏ စွမ်းအားများကို ရယူနိုင်ခဲ့ပြီး ကြယ်စင်များ အသွင်ပြောင်းလဲခြင်းနှင့် ပတ်သတ်၍ နက်ရှိုင်းစွာ နားလည်မှုဖြင့်

သူသည် အလယ်ခေတ်မှ လူများအားလုံး
မယှဉ်နိုင်ကြသည့် လွန်စွာသန်မာသည့်
ရုပ်ခန္ဓာကိုယ် တစ်ခုအား ဖန်ဆင်းနိုင်ခဲ့သည်။

စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးသည်
ချန်ကေရာဇ် လက်ဆင့်ကမ်းခဲ့သော
နည်းစနစ်နှင့် မှော်ကျိန်စာများအနက်
အထင်ရှားဆုံးသော သိုင်းပညာရပ် နည်းစနစ်
ဖြစ်သည်။

စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးတွင်
စံအိမ်အုပ်စု လေးစုပါဝင်သည်။ အရှေ့
အစိမ်းရောင်နဂါး၏ စံအိမ်ခုနှစ်ခု -
ဦးချိုသစ်သား မြွေနဂါး၊ လည်ပင်းရွှေရောင်

နဂါး၊ မြေကြီးအမြစ် တောကြောင်၊
နေမင်းအခန်းယုန်၊ လမင်းနှလုံးသား မြေခွေး၊
မီးတောက်အမြီးကျားနှင့် လေတိုက်နေသော
ခြင်းကြားရေ ချီတာတို့ ဖြစ်ကြသည်။

တောင်ဘက် ဟသ်ာငှက်၏ စံအိမ်ခုနှစ်လုံး -
ရေတွင်းသစ်သားကျား၊ ရွှေတစ္ဆေဆိတ်၊
မိုးမခမြေကြီး ဒရယ်၊ ကြယ်စင်နေမင်းမြင်း၊
ဆန့်တန်း ပိုက်ကွန်လမင်း သမင်၊
မီးလျှံတောင်ပံမြွေနှင့် ရေပြင်စစ်ရထား
ပိုးကောင်တို့ ဖြစ်ကြသည်။

အနောက် အဖြူရောင်ကျား စံအိမ်ခုနှစ်လုံး -
သစ်သားခြေထောက် ဝံပုလွေ၊ ရွှေချည်ခွေး၊

မြေအစာအိမ်ရစ်၊ နေမင်းအမွေးကြက်၊
ပိုက်ကွန်လမင်း ကျီးကန်း၊
မီးတောက်နှုတ်သီးမျောက်နှင့် ကြယ်သုံးစင်း
ရေပြင်လူဝံတို့ ဖြစ်ကြသည်။

မြောက်ပိုင်း အနက်ရောင်လိပ် စံအိမ်ခုနှစ်လုံး -
ဓူဝံကြယ် သစ်သားရှဲ့၊ ရွှေရောင်နွားသိုး၊
မြေကြီးအမ လင်းနို့၊ ဗလာနေမင်းကြွက်၊
လမင်းအမိုးပျံလွှား၊ တပ်စခန်း မီးလျှံဝက်နှင့်
ရေနံ့ရံ ယုတို့ဖြစ်ကြသည်။

ဇူရီသည် ဤကြယ်စင်၏ အတွင်းတွင်
မြှုပ်နှံထားသည့် စံအိမ် နှစ်ဆယ့်ရှစ်လုံးတို့၏
နက်ရှိုင်းသော သဘောတရားတို့အား

သုံးသပ်နေခဲ့၍ သူ၏ကိုယ်ပိုင် ဗဟုသုတများနှင့် ဆက်စပ်လိုက်ကာ လျှင်မြန်စွာနှင့် နားလည်နိုင်ခဲ့သည်။

"ဒီသိုင်းပညာရပ်က အစ်ကိုကြီး လေ့ကျင့်ထားတဲ့ နည်းစနစ်နဲ့ အနည်းငယ် ဆင်တူနေတယ်။ သူရဲ့ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာက နဂါး၊ စာကလေး၊ ကျားနဲ့ လိပ်တို့နဲ့ ဖွဲ့စည်းထားတယ်။ ဒီသိုင်းပညာရပ်ကို ဆက်လက်လေ့လာပြီး ကြယ်စင်တွေရဲ့ ပြောင်းလဲမှုနဲ့ ဆက်စပ်လိုက်ရင် နောက်ထပ် သိုင်းပညာ နည်းလမ်းတွေ ထွက်ပေါ်လာနိုင်မလား"

ဇူရီ၏ စိတ်ဝိညာဥ်သည် ဤအချိန်တွင် သူ၏စွမ်းအားများကို အစွမ်းကုန် ထုတ်သုံးနေခဲ့၏။ သူသည် ယခုလက်ရှိ အခြေအနေနှင့် လုံးဝ မသက်ဆိုင်သော အရာများကိုပင် တွေးတောစဥ်းစားရန် အချိန်ရှိနေသေးသည်။

သူ၏ ခန္ဓာကိုယ် အနားမှ ကြယ်စင်အလင်းတန်းသည် လင်းလက်သွားခဲ့၍ လူတစ်ယောက်၏ ရုပ်ခန္ဓာကိုယ် တစ်ခုအဖြစ် အကောင်အထည် ပေါ်လာခဲ့သည်။ သူ၏ ခန္ဓာကိုယ် ပတ်ပတ်လည်မှ မွေးညင်းပေါက်များသည် စကြာဝဠာ အတွင်းမှ ကြယ်များကဲ့သို့ တုန်ခါ၍ လင်းလက်နေကြကာ

ကျယ်ပြန့်လှသော စွမ်းအင်များသည် သူတို့အား
အတူတကွ ဆက်သွယ်ပေးနေကြသည်။

သို့သော်လည်း ဇူရိသည် ဤတစ်ခေါက်တွင်
ကွဲပြားခြားနားသော နည်းလမ်းတစ်ခုဖြင့်
ချဉ်းကပ်ခဲ့၏။ ကြယ်စင်အလင်းတန်းများဖြင့်
ဖန်ဆင်းထားသော ခန္ဓာကိုယ်သည်
သူ၏လက်များကို ဘေးတွင်ချထားကာ
ကာကွယ်မှုအားလုံးတို့ကို စွန့်လွှတ်လိုက်ပြီး
ရောမ ငှက်ကြီးတစ်ကောင်ကဲ့သို့ နောက်သို့
ဆုတ်သွားခဲ့သည်။ ဒါသည် မီးလျှံတောင်ပံမြွေ၏
ပုံသဏ္ဍာန် ဖြစ်၏။

သက်ဆိုင်ရာကြွယ်မှာ မီးအနွယ်ဝင် အယ်လ်ဖာ ခရေတားရစ် ဖြစ်၍ မြွေတစ်ကောင်၏ ပုံစံကို ယူထားသည်။ သူသည် တောင်ပိုင်း စံအိမ်တို့၏ နံပါတ်ခြောက်စံအိမ်ဖြစ်ကာ ဟသ်ာငှက်၏ အတောင်ပံများ နေရာကို ယူထားခြင်း ဖြစ်သည်။ ငှက်များသည် အတောင်ပံများဖြင့်သာ ပျံသန်းနိုင်၍ ဒါသည် စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏ လျှင်မြန်စွာ လှုပ်ရှားခြင်း နည်းစနစ် တစ်ခုဖြစ်သည်။

ရှေးဟောင်းခေတ်မှ ချန်ကောရာဇ်သည် သူ၏အတောင်ပံများကို ခတ်လိုက်ကာ ဤနည်းစနစ်ဖြင့် မိုင်ပေါင်းတစ်သောင်း

ကွာဝေးသော နေရာတစ်ခုသို့
ခရီးထွက်ခဲ့ဖူးသည်။ သူသည် တူညီသော
အကျိုးသက်ရောက်မှုရှိသည့်
အခြားနည်းစနစ်များထက် သာပြီး
ရွှေရောင်နတ်ငှက်၏ အမြန်နှုန်းနှင့်ပင်
ယှဉ်နိုင်သည်။

ဇူရီသည် တိုက်စစ်နှင့် ခံစစ် နှစ်မျိုးစလုံးတို့ကို
အပြည့်အဝ ထိန်းချုပ်နိုင်လုနီးပါး
ဖြစ်နေခဲ့သည်။ သူသည် ချက်ချင်းဆိုသလိုပင်
သူ့အား ဝိုင်းဝန်းတိုက်ခိုက်နေကြသော
မှော်ကျိန်စာများထံမှ ရှောင်ရှားသွားနိုင်ခဲ့၍
ထိုမှော်ကျိန်စာများသည် သူတို့၏ ပစ်မှတ်
ပျောက်သွားခဲ့သည်။

"ငါက သူတို့နဲ့ အချိန် ဖြုန်းမနေတော့ဘူး။
အခုအချိန်မှာ အရေးအကြီးဆုံးက
ဒီလေဟာနယ် ပုံရိပ်ယောင်ကို ချိုးဖောက်ဖို့ပဲ"
သူ့ကိုယ်သူ တွေးလိုက်ကာ မီးလျှံတောင်ပံမြွေ
ပုံသဏ္ဍာန်နှင့် အခြားတိုက်ခိုက်မှု များစွာတို့ကို
ရှောင်ရှားလိုက်၍ ကြယ်စင် စကြာဝဠာ၏
အဆုံးသတ်ထံသို့ ပျံသန်းထွက်ခွာသွားခဲ့သည်။

သူသည် လမ်းတလျှောက်တွင် ကျင့်ကြံမှု
အဆင့်အတန်း အမျိုးမျိုးရှိသည့်
ကြယ်စင်အလင်းတန်း စက်လုံးများစွာတို့နှင့်
တိုက်ခိုက်ခဲ့ရသည်။ သို့သော်လည်း
အနိမ့်ဆုံးအဆင့်မှ အခြေတည်ဝိညာဉ်

အဆင့်တွင် ရှိနေသည်။ ကြည့်ရသည်မှာ ယင်ပင်လယ် အတွင်းတွင် ကွေ့လွင့်ခဲ့၍ ဤလေဟာနယ် ပုံရိပ်ယောင်၏ အတွင်းတွင် မှတ်တမ်းတင် ခံရရန် တစ်ယောက်သည် အနည်းဆုံး အခြေတည်ဝိညာဉ် အဆင့်တွင် ရှိရပေမည်။

ဇူရီသည် ခရီးဆက်နေရင်းနှင့် အရာအားလုံးတို့အား စဥ်းစားနေခဲ့သည်။ "ငါတို့က ပုံရိပ်ယောင်တွေ အတွင်းကို အတူတကွ ဝင်ရောက်ခဲ့ပေမဲ့ ပိုင်ကွမ်းက ဘယ်ရောက်နေလဲ မသိခဲ့ဘူး။ ငါအစောပိုင်းက ကြုံတွေ့ခဲ့ရတဲ့ ဖရိုဖရဲ ကြယ်စင်အလင်းတန်း

သက်ရှိတွေအထဲမှ သူမရဲ့ စိတ်ဝိညာဉ် မပါဘူး။
သူမက ဘေးကင်းပါစေလို့ ဆုတောင်းရမှာပဲ"

သူသည် မသေချာနေသော်လည်း ဇူရီ၏
ခန့်မှန်းချက်မှာ ဤလေဟာနယ် ပုံရိပ်ယောင်
အတွင်းသို့ ဝင်ရောက်ခဲ့သော သူများအား
လွှမ်းခြုံခဲ့သည့် ကြယ်စင်အလင်းတန်း
ဝိညာဉ်များသည် ကျပန်းဖြစ်သည်
ဟူ၍ဖြစ်သည်။

ဇူရီသည် မဟာနေမင်း သူတော်စင်၏
လက်ကျန်စိတ်ဝိညာဉ်
ကြယ်စင်အလင်းတန်းအား ရရှိခဲ့သည်မှာ
အခြားသူများထက် အနည်းငယ်

ကံကောင်းသည်ဟူ၍ ဆိုရပေမည်။
ယင်ပင်လယ် အတွင်းတွင် ကြွေလွင့်ခဲ့သော
ကျင့်ကြံသူများ၏ မှတ်တမ်းအတွင်းတွင်
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူအချို့မှလွဲ၍ မဟာနေမင်း
သူတော်စင်သည် အတော်ပင်
ထူးချွန်ပြောင်မြောက်သောသူ
တစ်ယောက်ဖြစ်သည်။

ထို့ကြောင့်ပင် ဇူရီသည် အခြားကြယ်စင်
အလင်းတန်းများ၏ ဝိုင်းဝန်းတိုက်ခိုက်သည်ကို
တွန်းလှန်နိုင်၍ ရှေ့ဆက်နိုင်ရန် စွမ်းအား
ရှိနေသေးခြင်း ဖြစ်၏။

အကယ်၍ သူသည် အခြေတည်ဝိညာဉ် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ လက်ကျန် စိတ်ဝိညာဉ် အတွင်းသို့ ရောက်သွားပါက ဒုက္ခလှလှတွေ့မည် ဖြစ်သည်။ စွမ်းအားမြင့် ကျင့်ကြံသူများ၏ အကြားမှ တိုက်ပွဲလှိုင်းလုံးသည်ပင်လျှင် သူ၏ ကြယ်စင်အလင်းတန်း စက်လုံးတစ်ခုလုံးအား ချေမှုန်းနိုင်စွမ်း ရှိသည်။

သူ၏ကံကောင်းမှုအား လက်ရှိအချိန်တွင် ခံစား၍ ရသကဲ့သို့ ရေရှည်တွင်လည်း ဇူရီအတွက် အကျိုးရှိနိုင်မည် ဖြစ်သည်။ သူသည် မဟာနေမင်း သူတော်စင်၏ လက်ကျန် မှတ်ဉာဏ်များကို ဆက်သွယ်၍

နားလည်နိုင်ခဲ့ပါက သူသည် အင်မော်တယ် ဝိညာဥ် အဆင့်သို့ ရောက်ရှိသွားပြီး အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်သို့ တက်လှမ်းရာတွင် အထောက်အကူ ပြုနိုင်မည် ဖြစ်သည်။

သို့သော်လည်း ဇူရီသည် အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်နှင့် အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ ရုပ်အခွံအတွင်းတွင် နေနေရခြင်းသည် သူ့အား မျက်စိလည်စေသကဲ့သို့ ဖြစ်စေခဲ့သည်။ သူ့မူလခန္ဓာကိုယ်၏ တိုက်ပွဲစွမ်းအားသည် အင်မော်တယ် ဝိညာဥ် ပထမ အဆင့်မှ ကျင့်ကြံသူ အများစုထက် ပိုကောင်းသော်လည်း

ကမ္ဘာကြီး၏ သဘောတရားများအား
နားလည်နိုင်စွမ်းသည် လွန်စွာ
ခြားနားနေသေးကာ အချိန်တိုလေး အတွင်းတွင်
နားလည်နိုင်သည့် အရာတစ်ခု မဟုတ်ပေ။

သို့သော်လည်း သူ၏လက်ရှိ
အတွေ့အကြုံများအရ အကယ်၍ သူသည်
ဤဖြစ်စဥ်အတွင်းတွင် ရရှိလာသော
ဗဟုသုတများကို ကောင်းစွာ အသုံးချနိုင်လျှင်
ဒါသည် ဇူရီအတွက် ဖော်မပြနိုင်သော
တိုးတက်မှုတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်။

"ဟာ" ဇူရီသည် အဝေးမှ မိုးကုတ်စက်ဝိုင်းအား လှမ်းကြည့်လိုက်ရင်း သူ၏ မျက်လုံးအစုံသည် ကျဉ်းမြောင်းသွားခဲ့သည်။

စကြာဝဠာ၏ အစွန်းဘက်တွင် စစ်မြေပြင်တစ်ခု ထပ်ရှိနေ၍ ကြယ်စင်အလင်းတန်း စက်လုံးများက ပြင်းထန်စွာနှင့် တိုက်ခိုက်နေကြသည်။

သို့သော်လည်း ဇူရီ၏ သာမန်ထက် ထူးခြားသော လေ့လာမှုများအရ သူတို့သည် သူဖြတ်သန်းလာရာ လမ်းတလျှောက်ရှိ ကြယ်စင်အလင်းတန်းများနှင့် အနည်းငယ် ကွာခြားနေကြသည်။

သူတို့သည် လူသားများ ဖြစ်ကြ၏။

စိတ်ဝိညာဉ် နောက်တစ်အုပ်စုသည် လေဟာနယ် ပုံရိပ်ယောင် အတွင်းသို့ ဝင်ရောက်နိုင်ခဲ့ကြ၍ သူတို့သည်လည်း လက်ကျန်စိတ်ဝိညာဉ် အသီးသီးကို ရရှိနိုင်ခဲ့ကြသည်။ သူတိုသည် အနည်းငယ် စနစ်တကျရှိကာ အခြား ကြယ်စင်များ၏ တိုက်ခိုက်မှုကို စဉ်းစားတွေးခေါ်နိုင်၍ ကျော်လွှားနိုင်ခဲ့ကာ စိတ်အတွင်းတွင် တိကျသော ရည်မှန်းချက်ပန်းတိုင် ရှိနေသကဲ့သို့ ရှေ့ဆက်သွားနေကြသည်။

"ဒီကျင့်ကြံမှု အဆင့်အတန်း.. ဒါက အင်မော်တယ် ဝိညာဉ် တတိယ အဆင့်က ကျင့်ကြံသူ တစ်ယောက်ပဲ" ဇူရီသည် အနည်းငယ် အံ့အားသင့်သွားခဲ့သည်။ "သူ့ရဲ့ မှော်ကျိန်စာနဲ့ နည်းစနစ်တွေအရ သူဟာ အမောဃသိဒ္ဓိ မန္တန်နဲ့ တူနေတယ်"

"ဒါပေမဲ့ ငါက ယင်ပင်လယ် အတွင်းမှ အနိစ္စရောက်ခဲ့တဲ့ ရွှေရောင်ပုံစံ တတိယ အဆင့်က ကျင့်ကြံသူ တစ်ယောက်ကိုမှ မကြားဖူးခဲ့ဘူး"

အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများသည် ကြည်ညိုလေးစားခြင်း

ခံကြရကာ သူတို့၏ ခေတ်အသီးသီးတွင်
အရေးပါသူများအဖြစ် အသတ်မှတ် ခံရသူများ
ဖြစ်ကြ၏။ အထူးခြွင်းချက် အချို့မှလွဲ၍
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူတစ်ယောက်
ကြွေလွင့်သွားခြင်းသည် ကမ္ဘာကြီး
တစ်ခုလုံးအား ရိုက်ခတ်သွား၍ မူလကောင်းကင်
ကမ္ဘာကြီး တစ်ခုလုံး အပေါ်သို့
အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။

ထို့ကြောင့် အင်မော်တယ် ဝိညာဉ် တတိယ
အဆင့်မှ ကျင့်ကြံသူများ၏ သေဆုံးမှုအား
မှတ်တမ်းများ အတွင်းတွင် စနစ်တကျ
ပြုစုမှတ်တမ်းတင်ထားကြသည်။

"မဟာမိုးကြိုး ကျောင်းတော်နဲ့ ယင်ပင်လယ်တို့ရဲ့ အထင်ရှားဆုံး ဆက်သွယ်မှုက အလယ်ခေတ်က ကျိုကွမ်း ဇန်မာစတာပဲ ဖြစ်တယ်။ ဒဏ္ဍာရီအရဆိုရင် ကျိုကွမ်း ဇန်မာစတာက ယင်ပင်လယ် အတွင်းကို အကြိမ်ပေါင်းများစွာ ဝင်ရောက်ဖူးပြီး နတ်တောင်တွေက ကမ္ဘာအတွင်းကို ပေါ်လာတဲ့ အချိန်မှာ ထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကျိုကွမ်း ဇန်မာစတာရဲ့ သေဆုံးခြင်းက ယင်ပင်လယ်နဲ့ ဘာမှ မသက်ဆိုင်ဘူး"

ဇူရီသည် ဆက်လက်၍ ဆင်ခြင်သုံးသပ်နေခဲ့၏။ "ဒါ့အပြင် ကျိုကွမ်း ဇန်မာစတာရဲ့ နည်းစနစ်တွေက အမောဃသိဒ္ဓိ မန္တန်အပေါ်မှာ အခြေခံထားခဲ့တယ်"

ဤကြယ်စင်အုပ်စုသည် တစ်ခုခုတော့ ပုံမမှန် ဖြစ်နေခဲ့သည်။

ဇူရီသည် ဤကြယ်စင်အုပ်စုအား ဆက်လက်၍ လေ့လာအကဲခတ်ရန် ဟန်ပြင်နေခဲ့သော်လည်း သူဘာမှ မလုပ်နိုင်ခဲ့စဉ်တွင် ထိုကြယ်စင်အုပ်စုသည် သူ၏အရှေ့သို့ မျက်စိတစ်မှိတ် အတွင်းတွင် ရောက်ရှိလာခဲ့သည်။

ကြယ်စင်အလင်းရောင်များသည်
လင်းလက်သွားခဲ့၍ ဗုဒ္ဓအလင်းတန်းများသည်
ဇူရီ၏ အရှေ့သို့ ရောက်ရှိလာခဲ့၏။

အမောဃသိဒ္ဓိ ဗုဒ္ဓပုံသဏ္ဍာန်၊
မည်သည့်နေရာတွင် ရှိနေပါစေ
အရာအားလုံးကို ဖြစ်မြောက်အောင်
ဆောင်ရွက်ရမည်။ မပြီးမြောက်သည့်
အလုပ်ဟူ၍ မရှိပေ။

ဤကြယ်စင် အလင်းတန်း စက်လုံးအတွင်းတွင်
ရှိနေသော စိတ်ဝိညာဉ်မှာ မဟာကျိုး

အင်ပါယာမှ အုပ်စုခေါင်းဆောင်ဖြစ်သော တခုန်း ဇန်မာစတာပင် ဖြစ်သည်။ သူသည် ကျိုကွမ်း ဇန်မာစတာ၏ ရှေးဟောင်းဓာတ်တော်အား အသက်သွင်းလိုက်၍ သူ၏လက်ကျန် စိတ်ဝိညာဉ်အား ဤလေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် ကြယ်စင်အလင်းတန်းများအဖြစ် ပြောင်းလိုက်ကာ သူ၏ ယာယီခန္ဓာကိုယ် အနေနှင့် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်သူသည် ကျိုကွမ်း ဇန်မာစတာ၏ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ စွမ်းအားများကို ရရှိနိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည်လည်း အမောဃသိဒ္ဓိ မန္တန်အား
လေ့ကျင့်ထားကာ ကျိုကွမ်း ဇန်မာစတာ၏
လက်ကျန် စိတ်ဝိညာဉ်အား
ပိုင်ဆိုင်ခဲ့ရခြင်းသည် သူ၏
အဟာန့်အတားများကို ချိုးဖောက်နိုင်ကာ
တကယ့်ဘဝတွင် အင်မော်တယ်ဝိညာဉ်
တတိယ အဆင့်သို့ ရောက်ရှိသွားနိုင်ခြင်းနှင့်
တူနေ၏။

သူသည် အတွင်းသို့ မရောက်ခင်ကတည်းကပင်
ဤလေဟာနယ် ပုံရိပ်ယောင် အကြောင်းကို
သိထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူသည်
သူ၏ဗုဒ္ဓအလင်းတန်းအား မီးပြတိုက်အဖြစ်
အသုံးချခဲ့၍ မဟာကျိုး အင်ပါယာမှ

အခြားကျင့်ကြံသူများအား ဤအလင်းတန်း ပုံရိပ်ယောင် အတွင်းသို့ ရောက်ရှိခဲ့အပြီးတွင် သူ့ထံသို့ စုရုံးလာစေခဲ့သည်။ သူတို့သည် သူတို့ကိုယ်သူတို့ ခွဲခြားနိုင်ရန် အကာအကွယ် မှော်ကျိန်စာ သုံးမျိုးတို့ကို အသုံးပြုခဲ့ကြသည်။

သူတို့ အချင်းချင်း အမှတ်အသားများ ပြုလုပ်ထားခဲ့ကြသဖြင့် သူတို့၏ အစီအစဉ်အတိုင်း မလိုက်နာပဲ ကိုယ်ပိုင် အသိဉာဏ် ရှိနေကြသည့် ကြယ်စင်အလင်းတန်း စက်လုံးများသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း သို့မဟုတ် မဟာချင် အင်ပါယာမှ ဖြစ်ကြသည်။

ဗုဒ္ဓကျမ်းစာ ရွတ်ဆိုသံများ ပေါ်လာခဲ့ပြီး ရွှေရောင် အလင်းတန်းများသည် စကြာဝဠာတလျှောက် ထွက်ပေါ်လာခဲ့ကာ ဇူရီ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား လွှမ်းခြုံသွားခဲ့သည်။

ဤတိုက်ပွဲသည် လေဟာနယ် ပုံရိပ်ယောင် အတွင်းမှ သီးသန့် စကြာဝဠာ အတွင်းတွင် ဖြစ်ပွားနေကြခြင်း ဖြစ်သည်။ လေဟာနယ် ပုံရိပ်ယောင်၏ ပြင်ပမှ လျှို့ဝှက်ဆန်းကြယ်သော ကျောက်သလင်း နံရံ၏ ပြင်ပတွင် နောက်ထပ် လူတစ်အုပ်စုတို့ ရောက်ရှိလာကြသည်။ သူတို့အား ဦးဆောင်လာသူမှာ ခရမ်းရောင်

ကိုယ်ကျပ်ဝတ်စုံအား ဝတ်ဆင်ထား၍ အနက်ရောင် ဝတ်ရုံရှည်ကို လွှမ်းခြုံထားသည့် လူငယ်တစ်ယောက် ဖြစ်သည်။ သူတို့သည် ရှောင်ယန်နှင့် အဖွဲ့ ဖြစ်၏။

"ကျွတ်၊ ဒီရှေးဟောင်းဝင်္ကပါက တကယ်ကို စိတ်အနှောင့်အယှက် ဖြစ်စရာ ကောင်းတာပဲ။ ကြည့်ရတာ ပိုပြီးတော့ စိတ်ရှုပ်စရာ တစ်ခုနဲ့ တွေ့ရပြန်ပြီ ထင်တယ်။ လူတွေကို ဝင်ရောက်ခြင်းမှ တားဆီးထားတဲ့ ပုံရိပ်ယောင်တစ်ခုနဲ့ တွေ့ရပြန်ပြီ။ ဒီကမ္ဘာက ငါ့ကို အံ့သြစရာတွေကို အဆက်မပြတ် ပေးစွမ်းနိုင်တယ်"

# စာစဉ် ၄၇ : အပိုင်း ၁၆

## အပိုင်း ၇၆၆ : အားလုံးတို့အား တစ်ဘက်ကမ်းသို့ ပို့ဆောင်ပေးခြင်း

လေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် တခုန်း ဇန်မာစတာသည် အမောဃသိဒ္ဓိ မန္တန်အား ထုတ်လွှတ်ခဲ့လိုက်သည်။ မရေမတွက်နိုင်သော ကျမ်းစာစာပိုဒ်များသည် အကောင်အထည် ပေါ်လာခဲ့ကာ မရေမတွက်နိုင်သော ရွှေရောင် လမ်းကြောင်းများအဖြစ်သို့ ပြောင်းသွားကြသည်။

လေဟာနယ် အတွင်းမှ ကစဉ့်ကလျား
ဖြစ်နေသော တိုက်ပွဲအတွင်းတွင် အခြား
ကြယ်စင် အလင်းတန်းများတို့၏
တိုက်ခိုက်မှုများသည်
ထိုရွှေရောင်လမ်းကြောင်းများ အပေါ်သို့
ကျရောက်လာကြသည်။ သူတို့၏
မူလပစ်မှတ်သည် မည်သည့်အရာ ဖြစ်စေကာမူ
ဤမှော်ကျိန်စာများတို့သည် သူတို့၏
ဦးတည်ချက်များ ပြောင်းသွားကြကာ
ဤရွှေရောင် လမ်းကြောင်းများ အနောက်သို့
လိုက်လာကြ၍ ဇူရီ၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ် အပေါ်သို့ ကျရောက်လာခဲ့ကြသည်။

ဖူရီသည် တည်ငြိမ်စွာနှင့်
ပြန်လည်တုံ့ပြန်လိုက်၏။ သူသည်
ကြယ်စင်အလင်းတန်းအား လူသားပုံစံ
ခန္ဓာကိုယ် အဖြစ်သို့ ပြောင်းလဲလိုက်၍
လှုပ်ရှားလိုက်သည်။ သူသည် ဟင်းလင်းပြင်
အတွင်းသို့ ထူးဆန်းအံ့သြဖွယ်ကောင်းသည့်
ပုံစံဖြင့် ဝင်ရောက်သွားခဲ့ကာ
စွမ်းအားထက်သော မှော်ကျိန်စာများကို
ဆံခြည်တစ်မျှင်စာသာ ကွာခြား၍
ရှောင်ရှားနိုင်ခဲ့သည်။
ထိုမှော်ကျိန်စာများတို့သည် သူ့အား
ဦးတည်နေခြင်း မဟုတ်ပဲ သူ့ဘေးမှ
လေထုကိုသာ ဦးတည်နေသကဲ့သို့ ဖြစ်၏။

စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၊
ရေပြင်စစ်ရထား ပိုးကောင် ပုံသဏ္ဍာန်!

စစ်ရထား စံအိမ်သည် သစ်သားအနွယ်ဝင်
ဖြစ်၍ သန်ကောင်ပုံစံရှိနေသည်။ သူသည်
တောင်ပိုင်းမှ နံပါတ်ခုနှစ် စံအိမ်ဖြစ်ပြီး
ဟသ်ာငှက်၏ အမြီးပိုင်း ဖြစ်၏။
ငှက်၏အမြီးသည် သူ၏ ဦးတည်ချက်များကို
ထိန်းချုပ်နိုင်သည်။

ရှေးခေတ်တွင် မြင်းရထားများ၏
အနောက်ဘက် အောက်ပိုင်းမှ ပျဉ်ပြားကို
'ကျန်း' သို့မဟုတ် 'စစ်ရထား'ဟူ၍ ခေါ်သည်။
သူသည် ဟသ်ာငှက်၏ အမြီးပိုင်း နေရာနှင့်

တူညီ၍ သူ၏နာမည်ကို ရရှိခဲ့ခြင်း ဖြစ်သည်။
စစ်ရထား စံအိမ်အား တစ်ချိန်တစ်ခါက
'ကောင်းကင်မြင်းရထား' ဟူ၍လည်း ခေါ်သည်။

ရေပြင်စစ်ရထား ပိုးကောင် ပုံသဏ္ဍာန်သည်
စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏
နောက်ဆုံးအကွက် ဖြစ်ကာ အရာအားလုံးတို့ကို
မူလ အနေအထားသို့ ပြန်ရောက်စေရန်
စွမ်းဆောင်ခြင်းကို ကိုယ်စားပြုနေသည်။
ဤပွဲသိမ်းသိုင်းကွက်သည်
အလွန်အသေးစိတ်သော နည်းစနစ်ဖြစ်၍
နောက်ဆုံးခြေလှမ်းကို လှမ်းပြီးသွားသောအခါ
တစ်ယောက်၏ ခန္ဓာကိုယ်သည် မူလနေရာသို့
ပြန်လည်ရောက်ရှိသွားမည် ဖြစ်သည်။

ဇူရီသည် ဤနောက်ဆုံးအကွက်အား သူ၏
အစအကွက်အဖြစ် အသုံးချလိုက်သော်လည်း
ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့၍
တိုက်ခိုက်မှုပေါင်း များစွာတို့အား
ရှောင်ရှားနိုင်ခဲ့သည်။

ဇူရီသည် နောက်ဆုံးခြေလှမ်းအား
လှမ်းပြီးသွားသောအခါ သူ၏
ကြယ်စင်အလင်းတန်း စိတ်ဝိညာဉ်
ခန္ဓာကိုယ်သည် မရပ်တန့်နိုင်သကဲ့သို့ တခုန်း
ဇန်မာစတာ၏ ကြယ်စင်အလင်းတန်း
စိတ်ဝိညာဉ် ခန္ဓာကိုယ် ထံသို့
ဝင်ရောက်လာခဲ့သည်။

ဤအခြေအနေသည် တခုန်း ဇန်မာစတာအား အတန်ငယ် အံ့အားသင့်သွားစေခဲ့သည်။ "ဒါက ချန်ကောရာဇ်ရဲ့ စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးဖြစ်တယ်။ ဒီကြယ်စင်အလင်းတန်း ခန္ဓာကိုယ် အထဲမှာ ရှိနေတာ ဘယ်သူများလဲ။ အားလုံးရဲ့ စိတ်ဝိညာဉ်တွေက ဒီကြယ်စင် အလင်းတန်း အတွင်းကို အခုမှ ရောက်ရှိခဲ့တာ။ သူက ဘယ်လိုလုပ်ပြီး ချန်ကောရာဇ်ရဲ့ သိုင်းပညာရပ်တွေကို လျှင်မြန်စွာနဲ့ ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ရတာလဲ"

တခုန်း ဇန်မာစတာသည် ကြိုတင်
ပြင်ဆင်ထားခဲ့၍ ကျိုကွမ်း ဇန်မာစတာ၏
လက်ကျန်စိတ်ဝိညာဉ်အား သူ၏
ခန္ဓာကိုယ်အဖြစ် အသုံးပြုနိုင်ခဲ့သဖြင့် သူသည်
လေဟာနယ် ပုံရိပ်ယောင်မှ ကျပန်း
ရွေးချယ်ပေးခဲ့သော ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်ကို လက်ခံစရာ မလိုတော့ပေ။
ဒါသည် ဤဖြစ်စဥ်၏ မသေချာမှုများကို
ဖယ်ရှားနိုင်ခဲ့ကာ လက်ကျန် စိတ်ဝိညာဉ်တို့၏
နည်းစနစ် အသစ်များကို လေ့လာစရာ
မလိုတော့ချေ။ တစ်ချိန်တည်းမှာပင် သူ၏
စွမ်းရည်များကို ပိုမိုတိုးတက် စေနိုင်ခဲ့၏။
ဤလေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် သူ၏
စွမ်းအားများသည် ရွှေရောင်ပုံစံ တတိယ

အဆင့်တွင် ရှိနေသော ကျိုကွမ်း ဇန်မာစတာ ကိုယ်ပွား၏ စွမ်းအားများနှင့် ဆင်တူနေသည်။

ဤဖြစ်စဥ်သည် တခုန်း ဇန်မာစတာအတွက် များစွာ အကျိုးကျေးဇူး ရနိုင်သည့်အတွက် သူသည် ယင်ကျိုးနတ်တောင်သို့ လာရောက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူသည် ယင်ကျိုးနတ်တောင်အား မထိန်းချုပ်နိုင်လျှင်ပင် နောက်ဆုံးတွင် သူသည် ဘေးကင်းစွာ ဆုတ်ခွာနိုင်ခဲ့ပါက အလဟဿ ဖြစ်ခဲ့မည် မဟုတ်ပေ။ ဤခရီးအတွင်းတွင် သူရရှိနိုင်ခဲ့သော အတွေ့အကြုံများတို့ဖြင့် သူသည် ရွှေရောင်ပုံစံ တတိယအဆင့်အား

အချိန်သိပ်မယူရတော့ပဲ ချောမွေ့စွာ တက်လှမ်းနိုင်တော့မည် ဖြစ်သည်။

ထို့ကြောင့် တခုန်း ဇန်မာစတာသည် ဇူရီ၏ ပြန်လည် တိုက်ခိုက်မှုများကို စိတ်ထဲတွင် သိပ်မထားခဲ့ပေ။ အကယ်၍ မဟာနေမင်း သူတော်စင် ကိုယ်တိုင်က ပြန်လည် ရှင်သန်လာသည့်တိုင်အောင် သူသည် အများဆုံး အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်တွင်သာ ရှိနေမည် ဖြစ်ပြီး ကျိုကွမ်း ဇန်မာစတာ၏ စွမ်းအားများကို ပိုင်ဆိုင်နေသော တခုန်း ဇန်မာစတာ၏ ပြိုင်ဘက်ဖြစ်မည် မဟုတ်ပေ။

တခုန်း ဇန်မာစတာ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကို ထုတ်လွှတ်လိုက်၍ သူ၏ ပတ်ပတ်လည်မှ ဟင်းလင်းပြင်သည် ဗုဒ္ဓအော်ရာ၏ အောက်တွင် အေးခဲသွားခဲ့သည်။ ထိုအော်ရာ အတွင်းတွင် မရေမတွက်နိုင်သော ရဟန်းများသည် ကျမ်းစာများကို တပြိုင်နက် ရွတ်ဖတ်နေကြသည်။ နိဗ္ဗာန်ဘုံသည် ကမ္ဘာအတွင်းသို့ ဆင်းသက်လာခဲ့သကဲ့သို့ ဖြစ်၏။

"ကျဆင်းခြင်း!"

ထိုစကားလုံးအား တခုန်း ဇန်မာစတာက
ရေရွတ်လိုက်ခြင်း မဟုတ်ပေ။ သူသည်
မရေမတွက်နိုင်သော ဗုဒ္ဓတို့၏
ရွတ်ဖတ်သံများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ကာ
ဇူရီ၏ ရင်အတွင်းတွင် ပဲ့တင်ရိုက်နေခဲ့သည်။

အေကာလာ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်တစ်ခုသည် လေဟာနယ်
အတွင်းမှ ထွက်ပေါ်လာခဲ့သည်။ သူ၏
ညာလက်ဝါးသည် ဇူရီထံသို့ ရိုက်ချလိုက်သည်။
ဤလက်ဝါး၏ အလယ်တွင် ကြီးမားသော
ဗုဒ္ဓအော်ရာများဖြင့် ဖြာထွက်နေခဲ့သည့်卍
ဟူသော  သင်္ကေတ တစ်ခုအား တွေ့နိုင်သည်။

လျှို့ဝှက်ဗုဒ္ဓနည်းစနစ်၊ ဆွာတိက
အသက်စက်ဝိုင်း လက်ဝါး!

တခုန်း ဇန်မာစတာ၏ ဆွာတိက
အသက်စက်ဝိုင်း လက်ဝါးနှင့်
ရင်ဆိုင်လိုက်ရသောအခါ ဇူရီ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
နူးညံ့သိမ်မွေ့သော ပုံစံအဖြစ်သို့
ပြောင်းသွားခဲ့၏။ သူ၏ လက်နှစ်ဘက်စလုံးအား
ပြန်လည် ရုပ်သိမ်းလိုက်ကာ စံအိမ်
နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏
ခံစစ်အကွက်ဖြစ်သော ရေပြင်နံရံ ယုပုံစံသို့
ပြောင်းလဲလိုက်၏။

နံရံစံအိမ်သည် သစ်သား အနွယ်ဝင် ဖြစ်ကာ ဒဏ္ဍာရီ သားရဲဖြစ်သည့် ယုပုံစံကို ဖန်ဆင်းထား၏။ သူသည် မြောက်ဘက်မှ နံပါတ်ခုနှစ် စံအိမ်ဖြစ်ကာ စစ်စခန်း စံအိမ်၏ အပြင်ဘက်တွင် ရှိပြီး စခန်း၏ နံရံနှင့်တူသဖြင့် ဤနာမည်ကို ရရှိခဲ့ခြင်း ဖြစ်သည်။

တခုန်း ဇန်မာစတာသည် ဇူရီအား ပေါ့ပေါ့တန်တန် တွက်မထားခဲ့ပေ။ သူသည် ရွှေရောင်ပုံစံ တတိယ အဆင့်မှ အစွမ်းများကို အကုန်အသုံးပြုခဲ့ကာ သူ့ပြိုင်ဘက်အား လျှင်မြန်စွာနှင့် အနိုင်ယူနိုင်ရန် မျှော်လင့်နေခဲ့သည်။

သူသည် ကျိုကွမ်း ဇန်မာစတာ၏
လက်ကျန်စိတ်ဝိညာဉ်အား
အသုံးပြုနိုင်ခဲ့သော်လည်း ဤလေဟာနယ်
ပုံရိပ်ယောင်အား ဖြေရှင်းနိုင်လိမ့်မည်ဟု
အာမမခံရဲပေ။ ထို့ကြောင့် သူသည် အချိန်ကုန်
သက်သာစေရန် ဤတိုက်ပွဲအား မြန်မြန်
အသုံးသတ်ချင်နေခြင်း ဖြစ်သည်။

သို့သော်လည်း တခုန်း ဇန်မာစတာ၏
အထင်နှင့်အမြင်မှာ တက်တက်စင်အောင်
လွဲသွားခဲ့သည်။ သူ၏ ဆွာတိက
အသက်စက်ဝိုင်း လက်ဝါးသည် ဇူရီ၏
ရေပြင်နံရံ ယုပုံစံအား
ချိုးဖောက်သွားနိုင်ခဲ့သောအခါ

တိုက်ခိုက်မှုများသည်
ရှုပ်ထွေးပွေလီသွားခဲ့သည်ဟု
ခံစားလိုက်ရသည်။

သူက မျက်မှောင်ကြုတ်လိုက်၏။
"မီးတောက်အမြီး ကျားပုံစံ"

အမြီးစံအိမ်သည် မီးအနွယ်ဝင် ဖြစ်၍
ကျားပုံစံကို ယူထား၏။ သူသည် အရှေ့ဘက်မှ
နံပါတ်ခြောက် စံအိမ်ဖြစ်ကာ
မိုးပြာရောင်ကျား၏ အမြီးထံမှ ကြယ်ကိုးလုံးဖြင့်
ဖွဲ့စည်းထားသည်။

ကျွားအမြီးသည် တိုက်ပွဲအတွင်းတွင် အတိုက်ခိုက် အခံရဆုံး အစိတ်အပိုင်း ဖြစ်၍ အန္တရာယ်၏ ရှေ့ပြေးနိမိတ်အဖြစ် အသတ်မှတ် ခံထားရခြင်း ဖြစ်သည်။ စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး အတွင်းတွင် သူသည် ပြိုင်ဘက်အား ပုန်းကွယ်၍ လျို့ဝှက်စွာ ပြန်လည်တိုက်ခိုက်နိုင်ရန် အတွက် ဟာကွက်သက်သက် ဖော်ထားပေးခြင်း ဖြစ်သည်။

ဇူရီ၏ အကွက်သည် အစကတည်းက 'ရေပြင်နံရံ ယုပုံစံ' မဟုတ်ခဲ့ပဲ ''မီးတောက်အမြီး ကျွားပုံစံ'သာ ဖြစ်သည်။

ချန်ကေရာဇ်သည် လွန်ခဲ့သော
နှစ်ပေါင်းများစွာကပင် ကျဆုံးသွားပြီး ဖြစ်သည်။
သူ၏ နောက်လာနောက်သားများမှာလည်း
သိပ်မကျန်ခဲ့ပေ။ သူလက်ဆင့်ကမ်းခဲ့သော
သိုင်းပညာရပ်များကို ရင်းနှီးသောသူများ
နတ်ဘုရား နယ်မြေတွင် သိပ်မကျန်တော့ပေ။

တခုန်း ဇန်မာစတာသည် သမိုင်းဝင်
ထိပ်သီးဂိုဏ်း တစ်ခုဖြစ်သော မဟာမိုးကြိုး
ကျောင်းတော်တွင် ကြီးပြင်းလာခဲ့ခြင်း
ဖြစ်သဖြင့် ဇူရီ၏ သိုင်းကွက်များကို
မှတ်မိနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း
ချန်ကေရာဇ်၏ သိုင်းပညာ လမ်းစဥ်များကို
အသေးစိတ် နားလည်နိုင်ရန်မှာ မဖြစ်နိုင်ခဲ့ပေ။

ဇူရီ၏ စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးအား နားလည် ကျွမ်းကျင်မှုမှာ တခုန်း ဇန်မာစတာ မျှော်လင့်ထားသည်ထက် ပိုနေသည်။ ဤမျှသော အချိန် တိုတိုလေးတွင် ဇူရီသည် ချန်ကေရာဇ်နှင့် မယှဉ်နိုင်ခဲ့သော်လည်း သူ၏ စွမ်းအားများသည် မဟာနေမင်း သူတော်စင် ပြန်လည် မွေးဖွားလာသည်နှင့် တူနေခဲ့သည်။

တခုန်း ဇန်မာစတာသည် သူ၏ လှည့်ကွက်အတွင်းသို့ ကျရောက်လာသောအခါ ဇူရီသည် အခွင့်ကောင်း ယူခဲ့လိုက်သည်။ သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်၏ လက်များသည် စက်ဝိုင်းကဲ့သို့ လှုပ်ရှားသွားပြီး

ရောမ ပိုက်ကွန်ကြီး အဖြစ်သို့
ပြောင်းလဲသွားခဲ့ကာ အေကာလာ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်၏ လက်အား ချုပ်နှောင်ထားခဲ့၍
ဆွာတိက အသက်စက်ဝိုင်း လက်ဝါးအား
ရုပ်တန့်နိုင်ခဲ့သည်။

ရေတွင်းစံအိမ်သည် သစ်သားအနွယ်ဝင်
ဖြစ်ကာ ကျားပုံစံကို ယူထားသည်။ သူ့အား
ရေတွင်းသစ်သားကျား ဟူ၍လည်းခေါ်ကာ
တောင်ပိုင်း ဟသ်ာငှက်၏ ပထမစံအိမ်
ဖြစ်သည်။

ဤစံအိမ်သည် ပိုက်ကွန်တစ်ခု၏ ပုံစံနှင့်
တူညီသော ကြယ်စင်များနှင့် ဖွဲ့စည်းထားခြင်း

ဖြစ်သည်။ ထို့ကြောင့်
ရေတွင်းသစ်သားကျားသည် အဆုံးမဲ့
ချောက်ကြီးနှင့် တူညီနေသော ပိုက်ကွန်ပုံစံကို
ဖန်တီးထားကာ ဖမ်းမိသော ရန်သူများအား
ချုပ်နှောင်ထားခဲ့မည် ဖြစ်သည်။

ခဏတာ အတွင်းတွင် ဇူရီ၏ တိုက်ခိုက်မှုသည်
မတူညီသော အကွက်သုံးခုအား စုပေါင်း၍
စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးအား
အဆင့်မြင့်စွာ အသုံးပြုနိုင်ခဲ့သည်။

တခုန်း ဇန်မာစတာသည် ကျမ်းစာတစ်ခုအား
တိုးတိုးလေး ရေရွတ်လိုက်၏။ အေကာလာ
မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်မှနေ၍ အလင်းတန်း

လှိုင်းတစ်လှိုင်း ဖြာထွက်လာခဲ့ကာ
ဘေးပတ်ဝန်းကျင်မှ ဟင်းလင်းပြင်အား
ရစ်ပတ်ထားလိုက်သည်။
ကျမ်းစာစာပိုဒ်များသည် လမ်းကြောင်းများ
အဖြစ်သို့ ပြောင်းလဲသွားကြကာ ဇူရီ၏
တိုက်ခိုက်မှုများသည် ထိုလမ်းကြောင်းများ
အပေါ်သို့ ကျရောက်သွားကြသောအခါ
အခြားဘက်သို့ လွင့်စင်သွားကြ၏။

ဇူရီ၏ ပစ်မှတ်သည် တခုန်း ဇန်မာစတာ
မဟုတ်တော့ပဲ သူ၏ တိုက်ခိုက်မှုသည်
အဝေးတစ်နေရာမှ ကစဥ့်ကလျား ဖြစ်နေသည့်
ကြယ်စဥ်အလင်းတန်း အစုအဝေးတစ်ခုမှ
ကျယ်ပြန့်သောပင်လယ် ခေးဂိုဏ်း၏

အကွက်တစ်ကွက်ပေါ်သို့
ကျရောက်သွားခဲ့သည်။

တခုန်း ဇန်မာစတာသည်
သူမျှော်လင့်ထားသည်ထက် ဉာဏ်များသော
သူ၏ပြိုင်ဘက်အား အထင်မသေးရဲတော့ပေ။
သူသည် အမောဃသိဒ္ဓိ မန္တန်၏
စွမ်းအားအကုန်လုံးအား ထုတ်လွှတ်လိုက်သည်။
ဤနည်းစနစ်သည် ဇူရီ၏ စံအိမ်နှစ်ဆယ့်ရှစ်လုံး
နတ်လက်သီးအား ထိုးဖောက်နိုင်ခဲ့၍ ဆွာတိက
အသက်စက်ဝိုင်း လက်ဝါးသည် သူ့ထံသို့
ဆက်လက် ရောက်ရှိလာခဲ့ကာ သူ့အားရိုက်ချ၍
ကမ္ဘာကြီး၏ လွတ်လပ်မှု စက်ဝိုင်းအား

ပြန်လည် ထိန်းသိမ်းတော့မည့်ပုံ
ပေါက်နေခဲ့သည်။

"အမောဃသိဒ္ဓိ မန္တန်ကို ဒီလောက်အထိ
အဆင့်မြင့်အောင် လေ့ကျင့်ထားနိုင်တာဟာ
ဒီကြယ်စင် အလင်းတန်း ခန္ဓာကိုယ် အတွင်းက
လက်ကျန် စိတ်ဝိညာဉ်က နည်းစနစ်
သက်သက်ကို မှီခိုနေတာ မဖြစ်နိုင်တော့ဘူး။
ဒီကြယ်စင် အလင်းတန်း အထဲမှာ
နေနေတဲ့သူဟာ အရင်ကတည်းက
အမောဃသိဒ္ဓိ မန္တန်ကို လေ့ကျင့်ထားတဲ့သူပဲ
ဖြစ်ရမယ်"

ဇူရီသည် သူ၏ သံသယများကို အတည်ပြုလိုက်သည်။ "ဒီလူက ကျိုက္ကွမ်း ဇန်မာစတာရဲ့ ခေတ်တော်ကို ရရှိထားတဲ့ မဟာကျိုး အင်ပါယာက တခုန်း ဇန်မာစတာပဲ ဖြစ်ရမယ်။ ဒါမှမဟုတ် အမောဃသိဒ္ဓိ မန္တန်ကို အထူးလေ့ကျင့်ထားတဲ့ ရွှေရောင်ပုံစံ တတိယ အဆင့်က အဆင့်မြင့် ဗုဒ္ဓကျင့်ကြံသူလည်း ဖြစ်နိုင်တယ်"

ဤကောက်ချက်ကို ချပြီးသွားသော အခါ ဇူရီက သူသည် စွမ်းအားထက်သော ရန်သူနှင့် တွေ့နေခဲ့ပြီ ဖြစ်ကြောင်းကို သဘောပေါက်သွားခဲ့သည်။

အကယ်၍ သူသည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ တခုန်း ဇန်မာစတာအား အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်မှ ကျင့်ကြံမှုဖြင့် တိုက်ခိုက်ခဲ့ရပါက သူသည် သူ့ပြိုင်ဘက်၏ ဇီဝိန်ကို ခြွေနိုင်မည်ဟု ယုံကြည်ချက်အပြည့် ရှိနေသည်။

သို့သော်လည်း ယခုအချိန်တွင် သူသည် ကြယ်စင်အလင်းတန်းများဖြင့် ဖွဲ့စည်းထားသော မဟာနေမင်း သူတော်စင်၏ စိတ်ဝိညာဉ် ခန္ဓာကိုယ်အား အသုံးပြုနေရသဖြင့် ကျိုကွမ်း ဇန်မာစတာအား ယှဉ်နိုင်ရန် ခက်ခဲပေမည်။

"ငါက ငါ့ရဲ့ အခြားယူဆချက်တွေကိုလည်း အတည်ပြုရဦးမယ်"

ဇူရီသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၍ သူ၏ စိတ်ဝိညာဉ်သည် စတင်ပြီး တုန်ခါလာခဲ့သည်။

ကြယ်စင်အလင်းတန်း ခန္ဓာကိုယ် အတွင်းမှ စိတ်ဝိညာဉ်သည် အပိုင်းအစပိုင်း သန်းနှင့်ချီ၍ ကွဲပျံ့သွားခဲ့သည်။ ကွဲကြေသွားရမည့်အစား ထိုအပိုင်းအစများသည် သေးငယ်သော လူပေါင်း တစ်သန်းကျော်အဖြစ် ပြောင်းသွားကြ၏။ သူတို့ တစ်ယောက်ချင်းစီတိုင်းတို့သည် ဇူရီနှင့် တူနေကြသည်။

ထိုသေးငယ်သော လူများအားလုံးတို့သည်
မီးတောက်များဖြင့် တောက်လောင်နေကြသည်။
စိတ်ဝိညာဉ်အား လောင်ကျွမ်းနေကြသည့်
ဉာဏ်ပညာ မီးတောက်များ ဖြစ်ကြသည်။
ပြာကျအောင် လောင်ကျွမ်းရမည့်အစား
ထိုမီးတောက်များသည် ဇူရီ စိတ်ဝိညာဉ်၏
စွမ်းအားများကို အားဖြည့်ပေးနေကြသည်။

ဇူရီသည် အသိဉာဏ်မီးတောက်အား အစွမ်းကုန်
မတောက်လောင်နိုင်ခဲ့သည့် အတွက်
နောင်တရရန် အချိန်မရှိခဲ့ပေ။ သူသည်
သူ့စိတ်ဝိညာဉ်၏ စွမ်းအားများကို အစွမ်းကုန်
ထုတ်ဖော်လိုက်ရာ သေးငယ်သော

လူတစ်ယောက်ချင်းစီ၏ ကိုယ်ပေါ်တွင်
စာလုံးတစ်လုံးစီ ပေါ်လာခဲ့၏။

သန်းပေါင်းများစွာသော စကားလုံးများတို့သည်
ပူးပေါင်းသွားကြကာ ကမ္ဘာကို တုန်ခါနိုင်သော
စာပိုဒ်တစ်ပိုဒ် အဖြစ်သို့ ပြောင်းသွားကြ၍ သူ၏
ကြယ်စင်အလင်းတန်း စိတ်ဝိညာဉ်
ခန္ဓာကိုယ်သည် စတင်၍ တုန်ခါလာခဲ့သည်။

ဒါသည် ဇူရီ၏ ပညာရှိတို့၏ စာစီစာကုံး
ဖြစ်သည်။

သူ၏ ခန္ဓာကိုယ်သည် ဤအချိန်တွင် ကြယ်စင်အလင်းတန်းများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သဖြင့် ဇူရီသည် အခြား နည်းစနစ်နှင့် မှော်ကျိန်စာများကို အသုံးပြု၍မရချေ။ သို့သော်လည်း ပညာရှိတို့၏ စာစီစာကုံးမှာ သူ၏ စိတ်ဝိညာဉ် အတွင်းတွင် နက်ရှိုင်းစွာ ခတ်နှိပ်ထားခြင်း ဖြစ်၍ ဇူရီ၏ ကျင့်ကြံမှုနှင့် သူ့အတွေးများ၏ အနှစ်သာရတို့အား ပေါင်းစည်းထားခြင်း ဖြစ်သည်။ သူသိထားသော အခြား နည်းစနစ်၊ မှော်ကျိန်စာများနှင့် မတူနေခဲ့ပေ။

ထိုအချိန်တွင် ဤစာပိုဒ်သည် မဟာနေမင်း သူတော်စင်၏ စိတ်ဝိညာဉ် လက်ကျန်များ၏

အချုပ်အနှောင်မှ လွတ်မြောက်သွားနိုင်ခဲ့၍
ကြွယ်စင်အလင်းတန်းများအား အသုံးပြုကာ
သူ့ကိုယ်သူ ကြီးကျယ်ခမ်းနားလှသည့်
ရွှေရောင်တံတား တစ်ခုအဖြစ်သို့
ပြောင်းလဲလိုက်သည်။

ဤရွှေရောင်တံတားသည် ကောင်းကင်ပေါ်မှ
ပျံသန်းသွားခဲ့၍ ရွှေရောင်ကျမ်းစာများ၏
လမ်းကြောင်းကဲ့သို့ မျဉ်းများကို
ရှင်းလင်းခဲ့သည်။ စာရွက်ဖတ်သံများမှာ
ဗုဒ္ဓကျမ်းစာ ရွတ်ဖတ်သံများကို လွှမ်းမိုးသွားခဲ့၍
လေဟာနယ်တွင် ကျယ်လောင်စွာနှင့်
ပဲ့တင်ရိုက်နေခဲ့၏။

ကြီးကျယ်ခမ်းနားလှသည့်
ရွှေရောင်တံတားသည် တစ်ချက်တည်းနှင့်ပင်
အေကာလာ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်၏
ညာဘက်ခြမ်းအား ဖျက်ဆီးနိုင်ခဲ့သည်။

ထိုရွှေရောင်တံတားအား တွေ့လိုက်ရသောအခါ
တခုန်း ဇန်မာစတာသည် ချက်ချင်းပင်
သဘောပေါက်သွားခဲ့၏။ "လတ်စသတ်တော့
ဇူရီကိုး၊ ဒါပေမဲ့ ဒီနေရာမှာ မင်းက
ဘယ်လိုလုပ်ပြီး မင်းရဲ့ကိုယ်ပိုင်
နည်းစနစ်တွေကို အသုံးပြုနိုင်ခဲ့တာလဲ"

သူသည် အံ့အားတကြီး ဖြစ်နေခဲ့သော်လည်း
ရပ်တန့်နေခြင်း မရှိခဲ့ပေ။ အမောဃသိဒ္ဓိ မန္တန်၏

စွမ်းအားများကို အဆုံးစွန်အထိ
ထုတ်လွှတ်နေခဲ့ကာ တခုန်း ဇန်မာစတာသည်
ကျိုးပျက်သွားသော အေကာလာ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်အား ရွှေရောင် အလင်းတန်း
စက်လုံးတစ်ခု အဖြစ်သို့ ပြောင်းလဲလိုက်သည်။

ဤအလင်းတန်း စက်လုံးအတွင်းတွင်
သင်္ခါရများက ပြီးဆုံးသွား၍ နိဗ္ဗာန်ဘုံ
ရှိနေသကဲ့သို့ ထင်နေရသည်။
တစ်ယောက်သည် ထိုအတွင်းသို့ ဝင်သွားလျှင်
သူလိုချင်နေသော အရာများကို ရရှိနိုင်မည်
ဖြစ်သည်။

ဗုဒ္ဓ မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်အား
ဖန်ဆင်းနိုင်ကာ ရွှေရောင်ပုံစံ ဒုတိယအဆင့်သို့
ရောက်ရှိသွားနိုင်အပြီးတွင် ဗုဒ္ဓကျင့်ကြံသူ
တစ်ယောက်သည် သင်္ခါရငါးပါး ချုပ်ငြိမ်း၍
ဒုက္ခတို့မှ ကင်းဝေးရာဖြစ်သော နိဗ္ဗာန်ဘုံသို့
ရောက်ရှိအောင် ကြိုးစားရမည် ဖြစ်၍ ဗုဒ္ဓ၏
ဉာဏ်ပညာအား ရရှိကာ အင်မော်တယ် ဝိညာဉ်
တတိယ အဆင့်နှင့် တူညီသော ရွှေရောင်ပုံစံ
တတိယအဆင့်သို့ တက်လှမ်းနိုင်ရန်
ကြိုးစားရမည် ဖြစ်သည်။

နိဗ္ဗာန်ဘုံသို့ ရောက်ရှိနိုင်ခြင်းသည် စင်စစ်
ဖြစ်တည်မှု လမ်းစဉ်ကို ရောက်ရှိနိုင်ခြင်းနှင့်
တူညီသည်။

အမောဃသိဒ္ဓိ မန္တန်အား ကျင့်ကြံ၍ ရောက်ရှိသွားနိုင်သော နိဗ္ဗာန်ဘုံအား လုံ့လဝီရိယ နိဗ္ဗာန်ဟု ခေါ်သည်။ သူသည် ပြီးပြည့်စုံခြင်း၊ မြင့်မြတ်ခြင်း၊ တစ်ယောက်လိုချင်သည်များကို ရရှိနိုင်ခြင်း အစရှိသည်တို့ဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

ဇူရီသည် ထိုနိဗ္ဗာန်အား ကြည့်လိုက်ကာ သူ၏ စိတ်အခြေအနေသည် မလှုပ်ရှားသွားခဲ့ပေ။ သူသည် ရွှေရောင်တံတားအား ထိန်းချုပ်လိုက်ကာ ရဲစွမ်းသတ္တိအပြည့်နှင့် တိုက်ခိုက်လိုက်သည်။ "မင်းရဲ့ နည်းစနစ်က မင်းနဲ့ နီးစပ်တဲ့ သူတွေကိုပဲ

ပို့ဆောင်ပေးနိုင်တာ။ ငါ့ရဲ့
ရွှေရောင်တံတားကတော့ ဘယ်သူ့ကိုမဆို
တစ်ဘက်ကမ်းကို ပို့ဆောင်ပေးနိုင်တယ်"

## စာစဉ် ၄၀ : အပိုင်း ၁၇

## အပိုင်း ၇၆၇ : မိတ်ဆွေလော ရန်သူလော

အမောဃသိဒ္ဓိ မန္တန်အား အဆင့်အမြင့်ဆုံး ကျင့်ကြံပြီးသွားလျှင် တစ်ယောက်သည် လုံ့လဝီရိယ နိဗ္ဗာန်သို့ ရောက်နိုင်မည် ဖြစ်ကာ မနာလိုခြင်း၊ စိတ်ဒုက္ခရောက်ခြင်းများ ပျောက်ကွယ်သွားနိုင်၍ တစ်ယောက်အား

သင်္ခါရဒုက္ခများထံမှ လွတ်မြောက်နိုင်မည်
ဖြစ်သည်။

မနာလိုခြင်းကို ဖယ်ရှားနိုင်ခြင်းအားဖြင့်
တစ်ယောက်သည် ဗုဒ္ဓလမ်းစဥ်အား အပြည့်အဝ
ကိုယ်စားပြုနိုင်မည် ဖြစ်ကာ
ဗုဒ္ဓဉာဏ်ပညာအား အလုံးစုံ နားလည်နိုင်မည်
ဖြစ်၏။

လုံ့လဝီရိယနိဗ္ဗာန် ပေါ်လာ၍ ဟင်းလင်းပြင်
လေဟာနယ်အား ထွန်းလင်းသွားစေခဲ့အပြီးတွင်
တခုန်း ဇန်မာစတာသည် သူ၏ စွမ်းအား
သဘောတရားများအား ဆင်ခြင်လိုက်၏။

သူသည် ယခင်အချိန်က ဤမျှလောက်
ကျေနပ်အားရမှု မရှိခဲ့ဖူးပေ။

ကျိုကွမ်း ဇန်မာစတာ၏ လုံ့လဝီရိယ နိဗ္ဗာန်အား
လေ့လာခြင်းအားဖြင့် သူ့အား အမောဃသိဒ္ဓိ
မန္တန်၏ အစစ်အမှန် သဘောတရားများကို
အပြည့်အဝ နားလည်စေနိုင်ခဲ့သည်။

တခုန်း ဇန်မာစတာသည်
မယုံနိုင်လောက်အောင် ပါရမီနှင့်
ပြည့်စုံသူဖြစ်၍ သူ၏
သီတင်းသုံးဖော်များအနက် သူသည်
နောက်ဆုံးမှ စတင် ကျင့်ကြံခဲ့သူ ဖြစ်သည်။
သို့သော်လည်း သူသည် အလျှင်မြန်ဆုံး

တိုးတက်လာနိုင်ခဲ့သော ပါရမီရှင်
တပည့်တစ်ယောက် ဖြစ်လာခဲ့သည်။

မဟာမိုးကြိုး ကျောင်းတော်ကြီး
မကျဆုံးခဲ့စဥ်က တခုန်း ဇန်မာစတာသည်
ရွှေရောင်ပုံစံ ဒုတိယ အဆင့်တွင် ရှိနေခဲ့ပြီ
ဖြစ်သည်။ သူသည် ဤနှစ်များအတွင်းတွင်
နောက်ဆုံး အတားအဆီးအား
ကျော်လွှားနိုင်ကာ ရွှေရောင်ပုံစံ တတိယ
အဆင့်ဖြစ်သော နိဗ္ဗာန်ဘုံသို့
ရောက်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့်
တံခါးပိတ် ကျင့်ကြံနေခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် တခုန်း ဇန်မာစတာသည် သူ၏ နောက်ဆုံး အတားအဆီးသည် ကျိုးပေါက်သွားခဲ့ပြီဟု အာရုံခံနိုင်ခဲ့၏။ သူသည် ဤလေဟာနယ် ပုံရိပ်ယောင်မှ ထွက်ခွာသွားအပြီးတွင် တံခါးပိတ်၍ ထပ်မံ လေ့ကျင့်လိုက်လျှင် သူ၏ကိုယ်ပိုင် လုံ့လဝီရိယ နိဗ္ဗာန်အား ရရှိနိုင်မည် ဖြစ်ကာ ရွှေရောင်ပုံစံ တတိယ အဆင့်သို့ ရောက်ရှိနိုင်မည် ဖြစ်သည်။

ဘာပဲပြောပြော သူသည် ဇူရီ၏ ပညာရှိတို့၏ စာစီစာကုံးဖြင့် ဖန်ဆင်းထားသော ရွှေရောင်တံတားအား ရင်ဆိုင်ခဲ့ရသောအခါ တခုန်း ဇန်မာစတာသည် သူ၏ နှလုံးသားအတွင်းမှနေ၍ အခြားအရာများကို

မစဥ်းစားခင် သူ၏ အရှေ့မှ
လက်ရှိအခြေအနေအား အသည်းအသန်
ရင်ဆိုင်ရဦးမည်ဟူ၍ သဘောပေါက်နေခဲ့သည်။

ခမ်းနားကြီးကျယ်လှသော
ရွှေရောင်တံတားသည် အဆုံးမဲ့
ဒုက္ခချောက်နက်အား ဖြတ်ကျော်ကာ
နိဗ္ဗာန်ဘုံသို့ တိုက်ရိုက်ရောက်ရှိနိုင်သော
လမ်းကြောင်းကို ဖော်ဆောင်ပေးနိုင်ခဲ့၍
လူအားလုံးတို့အား မြင့်မြတ်သော နယ်မြေသို့
သယ်ဆောင်ပေးနိုင်သကဲ့သို့ ဖြစ်နေခဲ့သည်။

ဤရွှေရောင်တံတားသည် တခုန်း
ဇန်မာစတာ၏ လှံ့လဝီရိယ နိဗ္ဗာန်အထိ

ဆန့်တန်းလာခဲ့ကာ အားလုံးတို့ကို
စွမ်းဆောင်နိုင်သည့် အစစ်အမှန် အဓိပ္ပာယ်ကို
လွှမ်းခြုံထားသည့် သန့်စင်သော နယ်မြေကို
ထိုးဖောက်သွားနိုင်ခဲ့သည်။

ကြီးကျယ်မြင့်မြတ်သော ဗုဒ္ဓနိဗ္ဗာန်ကပင်
ဤလူသား၏ လမ်းကြောင်း အရှိန်အဟုန်ကို
ရပ်တန့်ရန် သို့မဟုတ် နိဗ္ဗာန်ဘုံ အတွင်းတွင်
ရှုံးနိမ့်စေရန် မစွမ်းဆောင်နိုင်ခဲ့ပေ။
ဤရွှေရောင်တံတားသည် သက်ရှိအားလုံးတို့၏
စိတ်ဆန္ဒများကို သယ်ဆောင်ထား၍
မယုံနိုင်အောင် အလွန်အမင်း
ထက်သန်တက်ကြွသော စိတ်ဓာတ်များဖြင့်

ရှေ့ဆက်၊ ရှေ့ဆက်၊ ရှေ့ဆက်
တက်လှမ်းလာခဲ့သည်။

တစ်ချိန်က တောက်ပနေခဲ့သော လုံ့လဝီရိယ
နိဗ္ဗာန်သည် ယခုအချိန်တွင် ရပ်တန့်သွားခဲ့၏။
ဗီပရာလိုပါခေတ်က စတင်လာသကဲ့သို့ သူ၏
ဗုဒ္ဓအောင်ရာတို့သည် မှေးမှိန်သွားခဲ့သည်။

ထိုအချိန်တွင် ဟင်းလင်းပြင် အတွင်းတွင်
ကျယ်ပြန့်လှသည့် မမြင့်မြတ်သော
သွေးမြစ်တစ်စင်းက ပေါ်ထွက်လာခဲ့သည်။
သူ၏ မှောင်မည်းနေသော
လှိုင်းလုံးကြီးများသည် ပုတ်အဲ့နေသော
ပျို့အန်ချင်ဖွယ် အနံ့များအား

သယ်ဆောင်လာခဲ့သည်။ ဇူရီနှင့် တခုန်း
ဇန်မာစတာတို့၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်များသည် ဤယုတ်ညံ့သော အနံ့အား
ရှူရှိုက်လိုက်ရရုံနှင့် ထိန်းချုပ်ရန်
ခက်ခဲလာခဲ့၏။ သူတို့ထံမှ ကြယ်စင်
အလင်းတန်းများကလည်း သိပ်ပြီးမှ
မတောက်ပနိုင်ကြတော့ပေ။

အဝေးတစ်နေရာမှနေ၍ အနီရင့်ရောင် ကြယ်စင်
အလင်းတန်း တစ်စုသည်
မြောက်မြားလှစွာသော အကြွင်းမဲ့
သွေးမြစ်ရေများကို ထိန်းချုပ်ကာ
သူတို့ရှိရာထံသို့ ဝင်ရောက်လာခဲ့သည်။

ထိုကြယ်စင် အလင်းတန်း၏ ပစ်မှတ်မှာ
သိသာနေ၏။ သူသည် ဇူရီအပါအဝင် ကျန်သော
ကြယ်စင်အလင်းတန်း များအား
လျစ်လျူရှုထားခဲ့၍ တခုန်း ဇန်မာစတာ၏
ကြယ်စင်အလင်းတန်း စိတ်ဝိညာဥ်
ခန္ဓာကိုယ်ထံသို့ ပြေးဝင်လာခဲ့သည်။

တခုန်း ဇန်မာစတာသည် သူ့၏နဂိုနေရာတွင်
မနေရဲခဲ့တော့ပေ။ သူ၏ လုံ့လဝီရိယ နိဗ္ဗာန်အား
ပြန်လည်ဆင့်ခေါ်ခဲ့ကာ သူ့ပြိုင်ဘက်၏
မမြင့်မြတ်သော သွေးမြစ်ကို
အနားမလာနိုင်စေရန် ဟန့်တားလိုက်၍
အနောက်သို့ ဆုတ်ခွာလိုက်သည်။

သို့သော်လည်း ဇူရီသည် သူ့အား
ဤအခွင့်အရေး မပေးခဲ့ပေ။ သူ၏
ကြယ်စင်အလင်းတန်းများ အကြားတွင်
သေးငယ်သော လှူသန်းပေါင်းများစွာတို့သည်
စုပေါင်းလိုက်ကြကာ ဇူရီ၏ စိတ်ဝိညာဉ် အဖြစ်
ပြန်လည် ဖွဲ့စည်းလိုက်ကြသည်။ လက်ရှိ
ရှိနေခဲ့သော ပညာရှိတို့၏ စာစီစာကုံး
သုံးပိုဒ်တို့အပြင် ကမ္ဘာအသစ်များက
စတင်ပေါ်ပေါက်လာခဲ့သည်။

"တကယ်ပဲ၊ ငါက ဒီစာပိုဒ်ကို
အင်မော်တယ်ဝိညာဉ် အဆင့်ကို
ရောက်သွားမှသာ အဆုံးသတ်နိုင်မှာ ဖြစ်တယ်။
ယခုအချိန်မှာ မဟာနေမင်း သူတော်စင်ရဲ့

လက်ကျန်စိတ်ဝိညာဉ် အကူအညီနဲ့ ငါက နောက်ထပ်အနည်းငယ် တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့တယ်" ဇူရီသည် ဉာဏ်အလင်း ပွင့်သွားခဲ့ကာ သူ၏စာပိုဒ်အား အလျှင်အမြန် တည်ဆောက်လိုက်သည်။

ပညာရှိတို့၏ စာစီစာကုံးဖြင့် တည်ဆောက်ထားသော ရွှေရောင်တံတား၏ အောက်ရာသည် ပို၍ပို၍ ခမ်းနားကြီးကျယ်လာခဲ့သည်။ နားကွဲလုမတတ် ဟိန်းဟောက်လိုက်ပြီး သူသည် တခုန်း ဇန်မာစတာထံသို့ ဖိနှိပ်ချလိုက်သည်။

ထွက်ပြေးလွတ်မြောက်နိုင်ရန် အတွက် မမြင့်မြတ်သော သွေးမြစ်အား အသည်းအသန် ခုခံကာကွယ်နေသည့် တခုန်း ဇန်မာစတာ၏ စိတ်ဝိညာဉ်သည် ဗုဒ္ဓကျမ်းစာ တစ်ခုအား တိုးတိုးလေး ရေရွတ်လိုက်သည်။ ဟင်းလင်းပြင် အတွင်းတွင် မရေမတွက်နိုင်သော ရွှေရောင်လမ်းကြောင်းများ ပြန်လည် ပေါ်ထွက်လာခဲ့၏။ အခြား ကြယ်စင် အလင်းတန်းများမှ တိုက်ခိုက်ခဲ့သော နည်းစနစ်နှင့် မှော်ကျိန်စာ အမျိုးမျိုးတို့သည် ထိုရွှေရောင် လမ်းကြောင်းများ အပေါ်တွင် ကျရောက်သွားခဲ့၍ ဇူရီ၏ ရွှေရောင်တံတားထံသို့ ဝင်ရောက်လာကြသည်။

ကံမကောင်းစွာနှင့်ပင် ပညာရှိတို့၏
စာစီစာကုံးဖြင့် တည်ဆောက်ထားသည့်
ရွှေရောင်တံတားသည် ယခင်ကထက်ပို၍
သန်မာနေခဲ့ကာ သူ၏ ပစ်မှတ်ထံသို့
ရှေ့ဆက်လာခဲ့သည်။

စူတောင်မှ အင်မော်တယ်ဝိညာဥ် ပထမ အဆင့်
ကျင့်ကြံသူ တစ်ယောက်၏ မဟာလမင်းဓား၊
ရှေးဟောင်းစေတန်ဂိုဏ်းမှ
အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်
ကျင့်ကြံသူ တစ်ယောက်၏ အဝီစိ နတ်ဘုရား
သတ်ဖြတ်ခြင်းဓား၊ မသေဝိညာဥ် ပထမ
အဆင့်မှ စွန်းနီမဟာပဏ္ဍိတ၏ သဘာဝ

နည်းစနစ် ကောင်းကင်နှင့် မြေကြီးတို့၏
ခရမ်းရောင် မီးခိုးမိုးကြိုး...

ရွှေရောင် တံတားသည် ဤနည်းစနစ်
အားလုံးတို့ကို ချိုးဖောက်ဖြတ်ကျော်
လာနိုင်ခဲ့သည်။ တစ်စုံတစ်ယောက်ကမှ
ဤရွှေရောင်တံတားအား သူ့ပစ်မှတ်ထံသို့
မရောက်နိုင်အောင် မတားဆီးနိုင်ခဲ့ကြပေ။

မျက်စိတစ်မှိတ်လေး အတွင်းမှာပင်
ဤရွှေရောင်တံတားသည် ကျယ်ပြန့်သော
ဟင်းလင်းပြင်ကို ဖြတ်ကျော်သွားခဲ့၍ တခုန်း
ဇန်မာစတာ၏ ကြယ်စင်အလင်းတန်း

ခန္ဓာကိုယ်အား အပိုင်းအစများအဖြစ်
ရိုက်ချခဲ့လိုက်သည်။

ဇူရီ၏ နက်ရှိုင်းသော စိတ်ဝိညာဉ် အတွင်းတွင်
တခုန်း ဇန်မာစတာ၏ နာကျင်စွာ
ညည်းတွားသံကို ကြားခဲ့ရသကဲ့သို့
ထင်နေရသည်။

တခုန်း ဇန်မာစတာ၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်သည် အစိတ်အပိုင်း များစွာအဖြစ်
ပြောင်းသွားခဲ့၍ အလင်းတန်း အသေးလေး
တစ်တန်းသာ အဝေးတစ်နေရာသို့
ထွက်ပြေးလွတ်မြောက် သွားနိုင်ခဲ့သည်။ အခြား
အစိတ်အပိုင်းများမှ ရွှေရောင်ဗုဒ္ဓ

အောင်ရာများသည် တဖြည်းဖြည်း
မှေးမှိန်သွားကြကာ ဟင်းလင်းပြင်အတွင်းတွင်
လွင့်ပြယ်သွားခဲ့သည်။

"ခင်ဗျားက ကျိကွမ်း ဇန်မာစတာရဲ့ လက်ကျန်
စိတ်ဝိညာဉ် ကြွယ်စင်အလင်းတန်းနဲ့
ခန္ဓာကိုယ်ကို ဖွဲ့စည်းထားခဲ့တဲ့အတွက်
ဒီဒဏ်ရာက ခင်ဗျားရဲ့ကိုယ်ပိုင် ဗုဒ္ဓ မော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်နဲ့ နိဗ္ဗာန်ကို အကျိုးသက်ရောက်မှု
ရှိမှာမဟုတ်ဘူး။ ဒါပေမဲ့ ဒီရိုက်ချက်ဟာ
ခင်ဗျားရဲ့ အခြေခံတွေကို ချိုးဖျက်ခဲ့လိုက်ပြီး
ခင်ဗျားက အချိန်အကြာကြီးကြအောင်
ပြန်လည်ကုစားရမယ်။ အခုလတ်တလောမှာ
ရွှေရောင်ပုံစံ တတိယ အဆင့်ကို

တက်လှမ်းနိုင်ဖို့ စိတ်ကူးထဲတောင်
ထည့်မထားနဲ့တော့"

ဇူရီသည် တခုန်း ဇန်မာစတာ၏ စိတ်ဝိညာဉ်
အခြေအနေအား ကောင်းစွာ
နားလည်ထားသည်။ သို့သော်လည်း သူသည်
သူ့အနောက်သို့ လိုက်မဖမ်းခဲ့ပေ။
သူ၏အနားတွင် ရန်သူမှန်း မိတ်ဆွေမှန်း
မသိသေးသည့် လူတစ်ယောက် ရှိနေသေး၏။
ဤလူသည် မိစ္ဆာ မြင့်မြတ်နယ်မြေ
တစ်ခုဖြစ်ခဲ့သော သွေးမြစ်ဂိုဏ်းမှ ထိပ်သီး
ကျင့်ကြံသူ တစ်ဦး၏ လက်ကျန်စိတ်ဝိညာဉ်ဖြင့်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား

တည်ဆောက်ထားနိုင်ခဲ့သဖြင့်
လျှော့တွက်ရမည့်သူတစ်ယောက် မဟုတ်ပေ။

ပညာရှိတို့၏ စာစီစာကုံးဖြင့်
တည်ဆောက်ထားသော
ရွှေရောင်တံတားကြောင့် ဇူရီက မည်သူမည်ဝါ
ဖြစ်သည်ဆိုသည်မှာ ပေါက်ကြားသွားခဲ့ပြီ
ဖြစ်သော်လည်း ထိုသူက မည်သူဟူသည်ကို
မသိရသေးပေ။

ထို့ကြောင့် ဇူရီသည် သတိတကြီးဖြင့်သာ
စောင့်ကြည့်နေခဲ့သည်။ တစ်ချိန်တည်းတွင်ပင်
အစောနက ပညာရှိတို့၏ စာစီစာကုံးအား
ထုတ်သုံးခဲ့သဖြင့် ယခုအချိန်တွင်

ဘေးထွက်ဆိုးကျိုးများကို စတင်၍ ခံစားလာခဲ့ရသည်။

ဇူရီသည် သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် အဆက်မပြတ် တုန်ခါနေသည်ကို ခံစားနေခဲ့ရ၍ အချိန်မရွေး ကွဲကြေသွားတော့မည်ဟု ထင်နေခဲ့ရသည်။ သူ၏ စိတ်ဝိညာဉ်နှင့် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်တို့၏ ဆက်သွယ်မှုမှာလည်း အတော်ကို အားနည်းသွားခဲ့ပြီ ဖြစ်၏။

"ဒါက ငါ့ရဲ့ကိုယ်ပိုင် နည်းစနစ်တွေကို ထုတ်သုံးမိတဲ့ အကျိုးဆက်တွေပဲလား" ဇူရီက ကောက်ချက်ချလိုက်သည်။ "ငါက

ဒီလေဟာနယ် ပုံရိပ်ယောင်ရဲ့ အခြေခံ စည်းကမ်းကို ချိုးဖောက်ခဲ့မိတယ်။ ဒါကြောင့် သူကငါ့ကို ကန်ထုတ်ချင်နေတာပဲ"

"ကြည့်ရတာ ပညာရှိတို့၏ စာစီစာကုံးကို အခုအချိန်ကစပြီး ဆက်သုံးလို့ မဖြစ်တော့ဘူးနဲ့ တူတယ်။ မဟုတ်လို့ရှိရင် ရန်သူတွေက ငါ့ကို တိုက်ခိုက်ဖို့တောင် မလိုပဲ ငါ့ရဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က သူ့ဘာသာသူ ပြိုကွဲသွားလိမ့်မယ်။ ဒါဆိုရင် ငါ့ရဲ့ စိတ်ဝိညာဉ်ဟာ ဒဏ်ရာမရပဲ ဒီလေဟာနယ် ပုံရိပ်ယောင်ရဲ့ အထဲက ဒီအတိုင်းပဲ ထွက်သွားခဲ့ရပြီး အစကနေ အသစ်ပြန်စနိုင်ခဲ့ရင်တောင် ကုန်သွားတဲ့

အချိန်တွေကို ပြန်လည် အစားထိုးဖို့ မလွယ်ဘူး"

သူ၏ ပညာရှိတို့၏ စာစီစာကုံး အကြောင်းကို စဉ်းစားမိသည်နှင့် ဇူရီသည် သူ၏ခေါင်းကို ခါလိုက်သည်။ သူသည် ဤစာပိုဒ်အား ပြီးဆုံးရန် စာကြောင်းရေ အနည်းငယ်သာ လိုတော့သော်လည်း နောက်ဆုံးတွင် အဆုံးမသတ်နိုင်ခဲ့ပေ။

ဘာပဲပြောပြော အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှ ကျင့်ကြံမှုသည် မဟာနေမင်း သူတော်စင်နှင့်သာ သက်ဆိုင်၍ သူ၏ကိုယ်ပိုင် မဟုတ်ချေ။

သို့တိုင်အောင် ဤဖြစ်စဉ်များ အပြီးတွင် ဇူရီက
သူသည် အင်မော်တယ်ဝိညာဉ် အဆင့်နှင့်
များစွာနီးကပ်လာပြီဟု ခံစားနေခဲ့ရသည်။
ကြည့်ရသည်မှာ ကျင့်ကြံမှုအဆင့်
တက်လှမ်းနိုင်ရန် တံခါးမှာ သူ၏အရှေ့
မနီးမဝေး နေရာတွင် ရှိနေခဲ့ပြီ ဖြစ်သည်။

သူသည် အခြေတည် ဝိညာဉ် နောက်ဆုံး
အဆင့်သို့ ယခုကလေးမှတင်
ဝင်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူသည် သူ၏ မျက်နှာချင်းဆိုင်မှ အကြွင်းမဲ့ သွေးမြစ်ရေများ လွှမ်းခြုံထားသည့် အနီရင့်ရောင် ကြယ်စင်အလင်းတန်းအား ကြည့်လိုက်ကာ သူနှင့် ဆက်သွယ်ရန် ကြိုးစားလိုက်၏။ သို့သော်လည်း သူသည် သူက မည်သူမည်ဝါဟူသည်ကို ပြောရန် ကြံရွယ်လိုက်သည်နှင့် သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် စတင်၍ ပြင်းထန်စွာ တုန်ခါလာခဲ့ကာ သူ့၏ စိတ်ဝိညာဉ်အား ပို၍ တွန်းဖယ်ရန် ကြိုးစားနေခဲ့သည်။

"ငါ့ရဲ့ မည်သူမည်ဝါ ဖြစ်တယ်ဆိုတာကို ကြေညာလိုက်ခြင်းဟာ ငါ့ရဲ့ကိုယ်ပိုင်

ဖြစ်တည်မှုကို အားကောင်းအောင် လုပ်သလို
ဖြစ်သွားပြီး မဟာနေမင်း သူတော်စင်ရဲ့
လက်ကျန်စိတ်ဝိညာဉ်နဲ့ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်ရဲ့ ပေါင်းစည်းခြင်းကို
ဆန့်ကျင်သလိုမျိုး ဖြစ်သွားလိမ့်မယ်"

ဇူရီသည် သူ၏ မျက်နှာချင်းဆိုင်မှ အနီရင့်ရောင်
ကြယ်စင် အလင်းတန်းကလည်း
တုန်ခါသွားသည်ကို တွေ့လိုက်ရသည်။
သူကလည်း သူ့ကိုယ်သူ ဖော်ပြချင်နေသည်မှာ
သိသာနေ၏။ သို့သော်လည်း ထိုကဲ့သို့
ပြုလုပ်ခြင်းသည် သူ့စိတ်ဝိညာဉ်နှင့်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်တို့အား

ကွဲပြားစေနိုင်သည်ကို သဘောပေါက်ခဲ့သဖြင့် ရပ်တန့်ခဲ့ရသည်။

"အစ်ကိုကြီးနဲ့ ကျန်တဲ့သူတွေကလည်း ဒီလေဟာနယ် ပုံရိပ်ယောင်တွေ အတွင်းကို ရောက်လာခဲ့ပြီလား"

သူတို့သည် အချင်းချင်း ဆက်သွယ်မှု မလုပ်နိုင်ကြသော်လည်း သူတို့နှစ်ယောက်သားတို့သည် ယခုလောလောဆယ် ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း သူတို့နှစ်ယောက်စလုံးတို့သည် အချင်းချင်း အပြည့်အဝ ယုံကြည်မှုတော့ မရှိသေးပေ။

သူတို့သည် အတူတကွ သွားလာနေကြရင်း အချင်းချင်း သတိတော့ ထားနေကြသည်။

ဘာပဲပြောပြော ပူးပေါင်းဆောင်ရွက်ခြင်းသည် သူတို့၏ စွမ်းအားများကို မြင့်မားစေ၍ အခက်အခဲများကို လွယ်ကူစွာ ကျော်လွှားစေနိုင်သည်။ သူတို့သည် အခြား ကြယ်စင်အလင်းတန်းများနှင့် တွေ့ခဲ့သောအခါ အခြားသူသည် အကြွင်းမဲ့ သွေးမြစ်ရေများဖြင့် ဝန်းရံခံနေရကာ သူ၏ စွမ်းအားများကို ညစ်ညမ်းအောင် ပြုလုပ်နေစဉ်တွင် ဇူရီသည် စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးဖြင့် သူ့အား တိုက်ခိုက်ခဲ့သည်။

ဤဖြစ်စဉ်အား ဇူရီသည် အသေအချာ
စောင့်ကြည့်နေခဲ့ရာ ဖရိုဖရဲဖြစ်နေသော
ဤကြယ်စင်အလင်တန်း ခန္ဓာကိုယ်များသည်
ပျက်စီးသွားသောအခါ ခန္ဓာကိုယ်
အစိတ်အပိုင်းသည် လေဟာနယ် အတွင်းတွင်
ပြိုကွဲသွား၍ ကြက်သွေးရောင် အလင်းတန်း
တစ်ခုသည် အဝေးသို့ ပျံသန်းသွားခဲ့သည်ကို
တွေ့ရှိလိုက်ရသည်။

ဤအလင်းတန်းများ ပျံသန်းသွားရာ
လမ်းကြောင်းသည် တခုန်း ဇန်မာစတာ
ထွက်ပြေးသွားရာ လမ်းကြောင်းနှင့် မတူခဲ့ပေ။
၎က်များသည် အသိုက်သို့ ပြန်သွားသကဲ့သို့
အလင်းတန်းများ အားလုံးတို့သည်

အရပ်မျက်နှာ တစ်ခုတည်းသို့
စုစည်းသွားကြခြင်း ဖြစ်သည်။

ဤအချက်ကို ရှာဖွေတွေ့ရှိခဲ့သောအခါ ဇူရီနှင့်
သူ၏ယာယီ မဟာမိတ်တို့သည် သူတို့၏
လမ်းကြောင်းကို ပြောင်းလိုက်ကြပြီး
ထိုအလင်းတန်းများ စုစည်းသွားသည့် နေရာသို့
သွားရောက်၍ ရှာဖွေစူးစမ်းခဲ့ကြသည်။

ကျယ်ပြန့်လှသော လေဟာနယ်ကြီးသည်
လူများကို မိမိတို့ မည်မျှခရီးပေါက်လာခဲ့ပြီကို
မခန့်မှန်းနိုင်လောက်အောင် ဖြစ်စေခဲ့သည်။
အချိန်အတော်ကြီး ကြာပြီးသွားသော
အချိန်တွင် သူတို့နှစ်ယောက်တို့သည်

ဖြည်းဖြည်းချင်း အရှိန်လျှော့ခဲ့ကြသည်။
သူတို့မြင်နေရသော အဝေးတစ်နေရာတွင်
ရောမ တိမ်တိုက် ဝဲကတော့ကြီး တစ်ခုသည်
ညင်သာစွာဖြင့် လည်ပတ်လျှက်ရှိသည်။

ဤကြယ်စင်တိမ်တိုက်သည် မီးတောက်ကဲ့သို့
ရဲရဲနီလျှက် ရှိပြီး
စောင့်ကြည့်နေသောသူများအား
တွန့်လိမ်နေသော ခံစားချက် တစ်မျိုးကို
ပေးစွမ်းနိုင်သည်။ သူသည်
မဖော်ပြနိုင်လောက်သည်အထိ အလွန်တရာ
ကြီးမားသည်ဟု ထင်နေရသော်လည်း
တစ်ချိန်တည်းမှာပင် သဲမှုန်လေးတမျှ
သေးငယ်သည်ဟုလည်း ထင်နေရသည်။

ပျက်စီးသွားသော ကြယ်စင်အလင်းတန်းများ၏ ကြယ်သွေးရောင် အလင်းတန်းများသည် ဤနေရာသို့ စုစည်းလာခဲ့ကြခြင်း ဖြစ်သည်။

ဤဝဲကတော့ကဲ့သို့သော ကြယ်စင်တိမ်တိုက်၏ အလယ်ဗဟိုသည် အဆက်မပြတ် လည်ပတ်နေလျှက် ရှိသည်။ တစ်ယောက်သည် သူ၏အလယ်ဗဟိုတွင် တံခါးကဲ့သို့သော အပေါက်တစ်ခု ရှိနေသည်ကို တွေ့နိုင်ပေသည်။

ဘာမှ တွေဝေနေခြင်း မရှိပဲ ဇူရီနှင့် သူ၏ဘေးမှ အနီရင့်ရောင် ကြယ်စင် အလင်းတန်းတို့သည်

ထိုကြယ်စင်တိမ်တိုက်၏ အလယ်ဗဟိုသို့ တဟုန်ထိုး ဝင်ရောက်သွားကြသည်။

ဤနေရာတွင်လည်း ကြယ်စင်အလင်းတန်း များစွာတို့က တိုက်ခိုက်နေကြသည်။ သူတို့သည် အလယ်ဗဟိုနှင့် နီးကပ်လာသောအခါ ဇူရီသည် ချက်ချင်းဆိုသလိုပင် သူတို့နှစ်ယောက်အပြင် လေဟာနယ် ပုံရိပ်ယောင် အတွင်းသို့ ဝင်လာကြသော အခြား ကြယ်စင်အလင်းတန်း စိတ်ဝိညာဉ်များ ရှိနေကြသည်ကို သတိပြုမိလိုက်သည်။ ဤကြယ်စင်အလင်းတန်း ခန္ဓာကိုယ်များသည် ရည်ရွယ်ချက် ပြတ်သားစွာဖြင့် အစီအစဉ်တကျ လှုပ်ရှားနေကြ၏။

သူတို့အားလုံးတို့သည်
ကြယ်စင်တိမ်တိုက်များတို့၏ အလယ်ဗဟိုမှ
တံခါးထံသို့ ဦးတည်နေကြခြင်း ဖြစ်သည်။

ဇူရီသည် သူ၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်အား ထိန်းချုပ်၍ တိမ်တိုက်၏
အလယ်သို့ ဦးတည်သွားခဲ့သည်။ သူ၏ဘေးမှ
ဦးတည်ချက် တူနေသော သူများကလည်း
သူ့အား ချက်ချင်းပင် သတိထားမိခဲ့ကြသည်။

ပစ်မှတ်အနီးသို့ ရောက်လာသောအခါ
အချို့သူများသည် ဇူရီအား

မမှတ်မိနိုင်ကြသော်လည်း ဆုံးဖြတ်ချက်ပြတ်သားစွာဖြင့် ဇူရီအား တိုက်ခိုက်လိုက်ကြသည်။ ဇူရီကလည်း ဘာမှ တွေဝေမနေခဲ့ပဲ စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးဖြင့် ချက်ချင်းပြန်လည် တုံ့ပြန်လိုက်သည်။

မြစိမ်းရောင် နဂါးတစ်ကောင် မှုတ်ထုတ်လိုက်သော မိုးပြာရောင် မီးတောက်များသည် ဇူရီ၏ စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးမှ ဦးချိုသစ်သား မြွေနဂါးကြောင့် တစ်စစီ ဖြစ်သွားခဲ့၏။

ချက်ချင်းပင် ရောမ နဂါး ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်နှင့် ရင်ဆိုင်ခဲ့ရသောအခါ ဇူရီသည် သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား ဟင်းလင်းပြင် အတွင်းတွင် ဘီလူးကြီး တစ်ကောင် အဖြစ်သို့ ဖန်ဆင်းလိုက်သည်။ သူ၏ လက်မောင်းများကို ယှက်ထားလိုက်ကာ လက်နှစ်ဘက် စလုံးတို့အား ဆန့်တန်းခဲ့လိုက်ပြီး တစ်ခုက လက်သည်း၊ ကျန်တစ်ခုက ဓားတစ်စင်း၏ပုံကို ဖန်ဆင်းလိုက်သည်။

လက်သည်းသည် ခုနှစ်လက်မ နေရာကို ကုတ်ဆွဲလိုက်၍ ဓားသည် နဂါး၏ မျက်လုံးကို ထိုးဖောက်လိုက်သည်။ ဤအကွက်

တစ်ကွက်ထဲတွင် စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးမှ ပုံစံသုံးမျိုးဖြစ်သော 'ရွှေတစ္ဆေဆိတ်၊ မိုးမခမြေကြီး ဒရယ်နှင့် ကြယ်စင်နေမင်းမြင်း'တို့၏ အနှစ်သာရများ ပါဝင်နေသည်။

ဤစံအိမ် သုံးမျိုးတို့သည် တောင်ပိုင်း ဟသ်ာဒေသ အတွင်းတွင် ပါဝင်နေသည်။ ကြယ်စင်အလင်းတန်း ဘီလူးကြီး၏ လက်များသည် ငှက်တစ်ကောင်၏ နှုတ်သီးနှင့် လက်သည်းများနှင့် ဆင်တူနေသည်။ ငှက်များသည် မြွေကဲ့သို့သော သတ္တဝါများ၏ မဟာရန်သူဖြစ်သည်။ ဇူရီသည် တောက်ပနေသော ဟသ်ာငှက်တစ်ကောင်

အလား မြစိမ်းရောင် နဂါးဘုရင်အား
ကုတ်ဆွဲလိုက်၍ သူ၏မျက်လုံးကို
ထိုးဖောက်ကာ ကန်းစေခဲ့သည်။

တစ်ချိန်တည်းမှာပင် နောက်ထပ်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ် တစ်ခုသည်
အစောပိုင်းက ပြိုကွဲသွားခဲ့သော
နတ်ရေကန်ဂိုဏ်း၏ နည်းစနစ်များကို
အသုံးပြု၍ တိုက်ခိုက်လာခဲ့သော်လည်း ဇူရီ၏
တွန်းလှန်မှုကို ခံလိုက်ရ၏။

အနီးတွင်ရှိနေသော ပစ်မှတ်များသည်
ရန်သူလော၊ မိတ်ဆွေလောဟူ၍ ခွဲခြား၍
မရသည့် အခြေအနေတွင် ဇူရီသည်

သူ၏စိတ်ကို တည်ငြိမ်အောင်
ထိန်းထားလိုက်သည်။ မျှော်လင့်ချက်များသည်
သူ၏ကိုယ်ပိုင် လက်များအတွင်းတွင်သာ
ရှိနေကြောင်းကို သဘောပေါက်ထားသဖြင့်
သူသည် အခြား ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်များအား အတူတူသာ
သဘောထားလိုက်ပြီး သူ့အပေါ်သို့
ကျရောက်လာသော တိုက်ခိုက်မှုများအား
တစ်ခုပြီးမှတစ်ခု တွန်းလှန်ခဲ့လိုက်ကာ
ကြယ်စင်တိမ်တိုက်၏ အလယ်ဗဟိုထံသို့
အလျှင်အမြန် ပြေးသွားခဲ့သည်။

သို့သော်လည်း နောက်ထပ်
ပြိုင်ဘက်တစ်ယောက်၏ တိုက်ခိုက်မှုကို

ခုခံလိုက်ရသောအခါ ဇူရီသည် ကြီးမားသော အန္တရာယ် အငွေ့အသက်အား ခံစားလိုက်ရသဖြင့် ဆက်လက် ရှေ့မတိုးတော့ပဲ ရပ်တန့်လိုက်သည်။

ခဏအကြာတွင် အောက်ဘက်မှနေ၍ အရိပ်ကဲ့သို့သော ပုံရိပ်တစ်ခု ရုတ်တရက် ပေါ်လာခဲ့ကာ ဇူရီအား တိုက်ခိုက်လိုက်သည်။

စာစဥ် ၄၀ : အပိုင်း ၁၈

အပိုင်း ၇၆၈ : ပြင်းထန်လာသော တိုက်ပွဲများ

သူသည် ကြယ်စင်တိမ်တိုက်များ၏
အလယ်ဗဟိုသို့ ချဉ်းကပ်ရန် ကြိုးစားနေကြသူ
ပြိုင်ဘက်များစွာတို့အား လျှင်မြန်စွာနှင့်
ကျော်ဖြတ်နိုင်ခဲ့သော်လည်း ဇူရီသည်
သူ၏သတိကို လျှော့ထားခဲ့ခြင်း မရှိခဲ့ပေ။
အကြွင်းမဲ့ သွေးမြစ်ရေအား
ထိန်းချုပ်နိုင်သေးသော ကျန်နေသေးသည့်
ပြိုင်ဘက်မှာ ခြိမ်းခြောက်မှုတစ်ရပ် အနေနှင့်
ရှိနေသေး၏။

ကမ္ဘာဦးခေတ် ကတည်းက ရှိနေခဲ့သော
သွေးမြစ်ဂိုဏ်းသည် သူ့ခေတ်သူ့အခါက
လွန်စွာတောက်ပခဲ့သော မိစ္ဆာဂိုဏ်းတစ်ခု
ဖြစ်သည်။ သူသည် သမိုင်းတလျှောက်

စူတောင်ခေးဂိုဏ်းနှင့် ရန်သူဖြစ်၍ တစ်ချိန်တွင် အောင်မြင်စွာနှင့် စူတောင်အား အကြွင်းမဲ့ သွေးမြစ်ရေများဖြင့် ရေလွှမ်းနိုင်အောင် လုပ်ခဲ့ဖူးသည်။ သူတို့သည် နောက်ပိုင်းတွင် ပြန်လည် တွန်းလှန်ခြင်းကို ခံခဲ့ရသော်လည်း ဤတိုက်ပွဲသည် စူတောင်ခေးဂိုဏ်း၏ သမိုင်းတွင် အကြီးမားဆုံး ကပ်ဘေးများ အနက်မှ တစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းကို ခံခဲ့ရသည်။

သို့သော်လည်း ကံမကောင်းစွာနှင့်ပင် အကြွင်းမဲ့ သွေးမြစ်ရေသည် လူတိုင်း၏ အမုန်းပွားမှုကို ခံခဲ့ရသည်။ လူသားနှင့် မိစ္ဆာတို့၏ အကြားမှ တင်းမာနေသော အချိန်ကာလများတွင်ပင်

နတ်ဘုရားနယ်မြေမှ လူတိုင်းတို့က
သွေးမြစ်ဂိုဏ်းအပေါ်တွင် ရန်လိုနေကြသေး၏။
မိစ္ဆာဂိုဏ်း အချင်းချင်းကပင် သူတို့အား
သည်းမခံနိုင်ကြပေ။ လူအားလုံးတို့၏
ရန်လိုမှုသည် နောက်ဆုံးတွင် ထိုဂိုဏ်းအား
ပျက်စီးစေခဲ့သည်။

ကမ္ဘာဦးခေတ် အတွင်းတွင်
သွေးမြစ်ဂိုဏ်းကလည်း ယင်ပင်လယ်
အတွင်းသို့ အစွမ်းထက်သော
ကျင့်ကြံသူများအား စေလွှတ်၍
နတ်တောင်များကို ထိန်းချုပ်နိုင်ရန်
ကြိုးစားခဲ့ဖူး၏။ သို့သော်လည်း သူတို့သည်
ဖန်ကျန်းနတ်တောင်အား ထိန်းချုပ်နိုင်ရန်

ကြိုးစားနေဆဲတွင်ပင် ဤနတ်တောင်၏
ယင်ပင်လယ်၏ စွမ်းအားများကို ဆင့်ခေါ်ကာ
လွှမ်းမိုးမှုအောက်တွင် ကျဆုံးသွားခဲ့ရ၏။

ယင်ပင်လယ် အတွင်းတွင် ကျဆုံးသွားခဲ့သော
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူ အနည်းငယ် အတွင်းတွင်
သွေးမြစ်မင်းသားကလည်း တစ်ယောက်
အပါအဝင် ဖြစ်၏။

ဇူရီ အကဲခတ်ရသလောက် သွေးမြစ်မင်းသား၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ပိုင်ဆိုင်ထားသူသည်လည်း ကျင့်ကြံသူ
အဆင့်အတန်း မြင့်မားသည်။

ဤလေဟာနယ် ပုံရိပ်ယောင် အတွင်းသို့ ဝင်လာကြသူများ အနက် အကယ်၍ သူတို့သည် ကျင့်ကြံမှု အဆင့်နိမ့်ပါက သူတို့သည် အလွန်သန်မာသော ကျင့်ကြံသူ တစ်ယောက်၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ကြလျှင်ပင် ထိုစွမ်းအားများကို အစွမ်းကုန် ထုတ်သုံးနိုင်မည် မဟုတ်ချေ။ သုံးနှစ်အရွယ် ကလေးလေးက ပေါင်တစ်ထောင် အလေးချိန်ရှိသော တူအား မမနိုင်သကဲ့သို့ ဖြစ်၏။

သို့သော်လည်း ဇူရီ၏ အရှေ့မှသူသည် သွေးမြစ်မင်းသား၏ စွမ်းအားများကို

အပြည့်အဝ အသုံးမချနိုင်ခဲ့သော်လည်း
အတော့်ကို သန်မာသော စွမ်းအားများကို
ပိုင်ဆိုင်ထားသည်။

သို့သော်လည်း ထိုသူနှင့် တိုက်ပွဲတွင်
မရင်ဆိုင်ရသေးခင် ဇူရီသည် ကြီးမားသော
အန္တရာယ် တစ်ခုက သူ့ထံသို့
ချဉ်းကပ်လာသည်ဟု ခံစားလိုက်ရသည်။
အရိပ်တစ်ခုသည် သူ့အား အောက်ဘက်မှနေ၍
ချဉ်းကပ်လာခဲ့သည်။ သူ၏ ပုံစံမှာ
ချောက်ကမ်းပါး မွန်းစတား တစ်ကောင်က
သူ၏ပါးစပ်ကို ဖွင့်ထားပြီး သူ့အား
ဝါးမျိုချင်နေဟန် ပေါက်နေသည်။

ဇူရီသည် အနည်းငယ် မျက်မှောင်ကြုတ်လိုက်၍ မီးလျှံတောင်ပံမြွေ နည်းစနစ်ကို အသုံးပြု၍ ထိုအရိပ်အား ရှောင်တိမ်းလိုက်၏။ သို့သော်လည်း ထိုအရိပ်သည် ချက်ချင်းပင် ကျယ်ပြန့်လာခဲ့ကာ ကြီးမားသော အရွယ်အစားဖြင့် သူ့အား ဝါးမျိုရန် ကြိုးစားနေခဲ့သည်။

ဤပြင်းထန်သော တိုက်ခိုက်မှုနှင့် ရင်ဆိုင်လိုက်ရသည့် အခါ ဇူရီသည် နောက်မဆုတ်ရန် ဆုံးဖြတ်လိုက်၏။ သူ့ကိုယ်သူ တိုက်ပွဲဝင် ပုံစံသို့ ပြောင်းလိုက်၍ ဤရောမ အရိပ်အား တည်ငြိမ်စွာနှင့် ရင်ဆိုင်လိုက်သည်။

ဇူရီ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် ကြည့်ရသည်မှာ ငြိမ်သက်နေသည်ဟု ထင်နေရသော်လည်း အမှန်တွင်မူ လူသားတစ်ယောက်၏ မျက်စိဖြင့် မမြင်နိုင်သည့် အမြန်နှုန်းဖြင့် ရွေ့လျားနေခြင်း ဖြစ်သည်။

ဇူရီသည် သူ၏အရှေ့တွင် ခြေတစ်ချောင်းတည်းနှင့် ရပ်နေခဲ့သည်။ သူ၏ ကျောမှာ လုံးဝ ဖြောင့်တန်းနေ၏။ သူ၏ ခန္ဓာကိုယ် အပေါ်ပိုင်း တစ်ခုလုံးသည် မြားတစ်စင်းကို ယခုပင် ပစ်လွှတ်ခဲ့သည့် လေးတစ်စင်း၏ အစွမ်းကုန် ဆန့်တန်းထားသည့် လေးကြိုးနှင့် တူနေခဲ့၏။

"ကြယ်စင်နေမင်းမြင်း!"

ကြယ်စင်စံအိမ်သည် နေမင်းပုံစံ ရှိပြီး မြင်းနှင့်တူသော ပုံသဏ္ဌာန်ရှိ၍ ကြယ်စင်နေမင်းမြင်း ဟူသော သူ၏နာမည်ကို ရရှိခဲ့ခြင်း ဖြစ်သည်။ သူသည် တောင်ဘက်မှ နံပါတ်လေး စံအိမ်ဖြစ်၍ ဟသ်ၤငှက်၏ မျက်စိနေရာကို ယူထားခြင်း ဖြစ်သည်။ ငှက်တို့၏ မျက်လုံးများသည် ကြယ်စင်ကဲ့သို့ လင်းလက်နေ၍ ဤစံအိမ်အား ကြယ်စင်ဟူ၍ နာမည်ပေးထားခြင်း ဖြစ်သည်။

ကြယ်စင်နေမင်းမြင်း အကွက်သည်
စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးတို့အနက်
ငြိမ်သက်စွာ နေနေ၍ ပြန်လည်
တန်ပြန်တိုက်ခိုက်သည့် အကွက်ဖြစ်သည်။
သူ့အား အသုံးပြုသူသည် သူ့ပြိုင်ဘက်၏
လှုပ်ရှားမှုများ ပြီးဆုံးသွား၍ သူ၏
ဟာကွက်များအား ထုတ်ဖော်ပြီးသည်အထိ
ငြိမ်သက်နေခြင်း ဖြစ်သည်။ သူ့ရန်သူက
တိုက်ခိုက်ပြီးသွားလျှင် သူ၏တိုက်ခိုက်မှုက
သူ့ရန်သူထံသို့ အရင်ကျရောက်သွားမည်
ဖြစ်သည်။

စက္ကန့်ပိုင်းလေး အတွင်းတွင်ပင် ဇူရီ၏
စိတ်အတွင်းတွင် သတင်း
အချက်အလက်များစွာတို့ကို စဥ်းစားနေခဲ့၏။

"ဒါက ကမ္ဘာဦးခေတ်က လူသားကေရာဇ်တွေ
အထဲက တစ်ယောက်ဖြစ်တဲ့
အမှောင်ကေရာဇ်ရဲ့ နည်းစနစ်ပဲ။ ဒါက
အမှောင်ကေရာဇ်ရဲ့ မှော်ကျိန်စာအစစ် မဟုတ်ပဲ
သူ့ရဲ့ နောင်လာနောက်သားတွေက ပြန်လည်
ဖန်တီးထားတဲ့ နည်းစနစ်ပဲ ဖြစ်တယ်"

"အလယ်ခေတ်က အစွမ်းထက်တဲ့
မိစ္ဆာကျင့်ကြံသူတွေ အထဲမှာ မိစ္ဆာအရိပ်ဂိုဏ်းရဲ့
အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်က

ကျင့်ကြံသူ တစ်ယောက်ဟာ ယင်ပင်လယ်ရဲ့
တောင်သုံးတောင်တွေ အကြားမှာ
ကျဆုံးသွားခဲ့တယ်။ သူ့ကို ငရဲအရိပ်
သူတော်စင်လို့ ခေါ်ပြီး ဒီလူက ဒီငရဲအရိပ်
သူတော်စင်ရဲ့ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်ကို ရရှိထားတာပဲ ဖြစ်ရမယ်"

လက်ရှိ အခြေအနေကို သုံးသပ်နေရင်း ဇူရီသည်
သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ထိန်းချုပ်လိုက်သည်။ သူ၏ လက်သီးများကို
ကွေးလိုက်ကာ သူ၏ ခန္ဓာကိုယ်
တစ်ခုလုံးမှနေ၍ သိုင်းသမားစစ်စစ်
တစ်ယောက်၏ သွေးအော်ရာများ
ပေါက်ကွဲထွက်လာခဲ့သည်။ သူ၏ ခန္ဓာကိုယ်

တစ်ခုလုံးရှိ မွေးညင်းပေါက်များသည်
တစ်ချိန်တည်းတွင် တုန်ခါသွားကြပြီး
မွေးညင်းပေါင်း တစ်ခုချင်းစီမှ အလွန်
နူးညံ့သိမ်မွေ့သော ကြယ်တစ်စင်းစီ
ထွက်လာကြ၏။

သူ၏ ခန္ဓာကိုယ် တစ်ခုလုံးအား
လွှမ်းခြုံထားသည့် လင်းလက်နေသော
ကြယ်စင် အလင်းရောင်များက သူ့၏ဘေးမှ
အရိပ်ကို တွန်းလှန်လိုက်သည်။
သူ၏ခက်ထန်သော လက်သီးအော်ရာသည်
ကြယ်များစွာတို့ လင်းလက်နေကြသည့်
အစစ်အမှန်ဟု ထင်နေရသည့်

ပုံရိပ်ယောင်တစ်ခု အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ချန်ကေရာဇ်၏ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်၊
ဝန်းခတ်ထားသော နတ်ဘုရားလက်ဝါး၊
ကောင်းကင်စျေး ဝန်းခတ်နတ်လက်ဝါး!

တခုန်း ဇန်မာစတာနှင့် တိုက်ပွဲအပြီးတွင် သူ၏
ပညာရှိတို့၏ စာစီစာကုံးအား အတင်းအကျပ်
အသုံးပြုခဲ့ အပြီးတွင် ဇူရီ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
ပြိုကွဲလုနီးပါး ဖြစ်သွားခဲ့၏။ သို့သော်လည်း
သူသည် ယခင်က အသုံးမပြုနိုင်ခဲ့သော
ချန်ကေရာဇ်၏ သိုင်းပညာရပ်

ဝန်းခတ်ထားသော နတ်ဘုရား လက်ဝါးအား
အသုံးပြုနိုင်ခဲ့သည်။

ဝန်းခတ်ခြင်း သုံးပါးမှာ အထက်ပိုင်း
အန္တိမနန်းတော် ဝန်းခတ်ခြင်း၊ အလယ်ပိုင်း
ခရမ်းရောင် တားမြစ် ဝန်းခတ်ခြင်းနှင့်
အောက်ပိုင်း ကောင်းကင်စျေး ဝန်းခတ်ခြင်းတို့
ဖြစ်ကြသည်။

ယခုအချိန်တွင် ဇူရီ အသုံးပြုခဲ့သော
သိုင်းပညာရပ်မှာ ကောင်းကင်စျေး ဝန်းခတ်ခြင်း
နတ်လက်ဝါး ဖြစ်သည်။ သိုင်းပညာရပ်
လမ်းစဉ်၏ အမှန်အရားတို့
စုစည်းလာသောအခါ ကျယ်ပြန့်လှသော

စကြာဝဠာ တစ်ခုကို ဖန်ဆင်းနိုင်လုနီးပါးအထိ ဖြစ်သွားခဲ့သည်။

ဤလက်ဝါးရိုက်ချက် ကျဆင်းလာသောအခါ ကြယ်များ ကြွေကျလာသကဲ့သို့ ပြင်းထန်လှ၏။ ကမ္ဘာဦးခေတ် အတွင်းမှ စွမ်းအားအထက်ဆုံး သိုင်းသမား တစ်ယောက်ဖြစ်သည့် ချန်ကေရာဇ်၏ စွမ်းအားများကို အစွမ်းကုန် ဖော်ပြနိုင်ခဲ့သည်။ ကမ္ဘာဦး မိစ္ဆာများကို သူ၏ လက်ဗလာ သက်သက်ဖြင့် ဆွဲဖြဲနိုင်ခဲ့သော အစစ်အမှန် ပုံသဏ္ဌာန်ပင် ဖြစ်၏။

ကောင်းကင်ဈေး ဝန်းခတ်ခြင်း နတ်လက်ဝါးနှင့် ရင်ဆိုင်ခဲ့ရသောအခါ ဤအရိပ်ဘောလုံးသည်

ခေတ္တမျှ ငြိမ်သက်သွားခဲ့သည်။ ထို့နောက် သူသည် ချက်ချင်းပင် အရိပ်ဘောလုံးငယ်လေးများစွာတို့အဖြစ် ကွဲပြားသွားခဲ့၍ ဘေးသို့ နေရာပြောင်းလိုက်ကာ ဇူရီ၏ လက်ဝါးအား ရှောင်ရှားရန် ကြိုးစားလိုက်သည်။

သူသည် မိစ္ဆာအရိပ်ဂိုဏ်း၏ နည်းစနစ်ဖြင့် သူ၏ခန္ဓာကိုယ်အား အရိပ်များ အဖြစ် ပြောင်းလဲ၍ ခုခံခြင်း၊ သို့မဟုတ် မှော်ကျိန်စာ နည်းစနစ် အမျိုးမျိုးတို့အား ဝါးမျိုနိုင်စွမ်း ရှိသော်လည်း ဤကဲ့သို့သော ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်နှင့် ရင်ဆိုင်ခဲ့ရသောအခါ သူ၏ စိတ်ဝိညာဉ်အား ဒဏ်ရာရစေခဲ့သည်။

အရိပ်များသည် ကွဲပြားသွားခဲ့သော်လည်း သူသည် အညွှံ့ခံရန် ဆန္ဒမရှိခဲ့ပေ။ ထို့အစား အရိပ်ဘောလုံးများသည် လေဟာနယ် အတွင်းတွင် ပို၍ ကွဲပြားသွားကြကာ ဇူရီထံသို့ ဘက်ပေါင်းစုံမှ ဝင်ရောက်၍ တိုက်ခိုက်လိုက်ကြသည်။

အရိပ်ဘောလုံး တစ်ခုစီသည် ရှည်လျားသော ဦးထုတ်နှင့် ဟောင်းနွမ်းနေသော အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားသည့် တာအိုဆရာ တစ်ယောက်၏ ပုံစံသို့ ပြောင်းသွားကြသည်။

ဇူရီသည် ထိုတိုက်ခိုက်မှုအား ဂရုမစိုက်ခဲ့ပေ။ သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်၏

လက်သီးများကို ဖွေ့ယမ်းလိုက်ကာ
ထိုပုံရိပ်များအား တစ်ခုချင်း တိုက်ခိုက်ရန်
ပြင်ဆင်လိုက်သည်။

သို့သော်လည်း မကြာမီတွင် သူသည်
ဒုက္ခရောက်သွားခဲ့သည်ကို
သဘောပေါက်သွားခဲ့၏။ အနက်ရောင်
တာအိုဆရာ ပုံရိပ်သည် သူ၏
လက်သီးချက်များကို မရှောင်ရှားခဲ့ပဲ
တိုက်ရိုက်ရင်ဆိုင်ခဲ့သည်။ ထိုကိုယ်ပွားများသည်
ပုံရိပ်ပေါင်း များစွာအဖြစ်
ပြောင်းလဲသွားခဲ့သော်လည်း သူတို့
တစ်ခုချင်းစီ၏ စွမ်းအားသည် အင်မော်တယ်
ဝိညာဉ် ဒုတိယ အဆင့်တွင် ရှိနေခဲ့သည်။

ဇူရီက အမှတ်ရလိုက်သည်။ "အမှောင်ကောရာဇ် လက်ဆင့်ကမ်းခဲ့တဲ့ မိစ္ဆာအရိပ်ဂိုဏ်းက ယွမ်အရိပ်ကိုယ်ပွား!"

တစ်ယွမ်သည် ၁၂၉၆၀၀နှင့် ညီမျှသည်။ ဒဏ္ဍာရီအရဆိုလျှင် ကမ္ဘာဦးခေတ်မှ အမှောင်ကောရာဇ်က ဤမှော်ကျိန်စာအား ထုတ်ဖော်လိုက်လျှင် သူသည် နေရာတိုင်းတွင် ရှိနေနိုင်သော ကိုယ်ပွားပေါင်း ၁၂၉၆၀၀ကို ဆင့်ခေါ်နိုင်၍ ကိုယ်ပွားတစ်ခုတိုင်းသည် အမှောင်ကောရာဇ် ကိုယ်တိုင်ကဲ့သို့ အစွမ်းရှိသည် ဟုဆိုသည်။

ထိုနည်းစနစ် စတင်ပေါ်ပေါက်လာသောအခါ
မူလကောင်းကင် ကမ္ဘာကြီး တစ်ခုလုံးအား
တုန်လှုပ်သွားစေခဲ့သည်။ အစွမ်းထက်သော
မိစ္ဆာ အများအပြားသည် အမှောင်ဂေဟာဇ်
ကိုယ်တိုင်အား တွေ့ပင် မတွေ့လိုက်ရပဲ
ဤအကွက်အောက်တွင် ကျဆုံးသွားခဲ့ရသည်။
ရှေးပဝေသဏီမှ နတ်နဂါးတို့၏ မျိုးနွယ်စု
အကြီးအကဲဖြစ်သော ပထမနဂါး
ရွှမ်ဆန်းသည်ပင်လျှင် ဤအကွက်အား
ရင်ဆိုင်ရာတွင် အခက်အခဲများနှင့်
တွေ့ခဲ့ရသည်။

အချိန်အတော်ကြာမှပင် ရွှမ်ဆန်းသည်
ဤအစွမ်းထက်သော နည်းစနစ်၏

ဟာကွက်များကို ဖော်ထုတ်နိုင်ခဲ့၍
အမှောင်ဧကရာဇ်အား
အနိုင်ယူသတ်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယွမ်အရိပ် ကိုယ်ပွားသည် ကိုယ်ပွားများစွာကို
ဆင့်ခေါ်နိုင်စွမ်း ရှိသော်လည်း
သူတို့အားလုံးတို့သည် မူလခန္ဓာကိုယ်လောက်
သန်မာကြခြင်း မရှိကြပေ။ သို့သော်လည်း
အသုံးပြုသူသည် သူ၏ မူလခန္ဓာကိုယ်နှင့်
မည်သည့် ကိုယ်ပွားကိုမဆို ဆန္ဒရှိသကဲ့သို့
နေရာလဲနိုင်ခြင်း ဖြစ်သည်။

အကျိုးသက်ရောက်မှု တူညီသော အခြား
မှော်ကျိန်စာ များစွာတို့လည်း ရှိကြသည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူများသည် သူတို့၏ ကိုယ်ပွားနှင့်
မူလခန္ဓာကိုယ်အား နေရာလဲရန် မှော်ကျိန်စာ
တစ်ခုပင် မလိုချေ။

သို့သော်လည်း ယွမ်အရိပ် ကိုယ်ပွားကဲ့သို့
စိတ်ရှိတိုင်း လျှင်မြန်စွာ
နေရာအစားထိုးနိုင်သည့် နည်းစနစ်မှာ
အလွန်အမင်း ရှားပါးသည်။

အမှောင်ဇေကရာဇ်ကဲ့သို့သော သန်မာသည့်
ကျင့်ကြံသူသည် မျက်စိတစ်မှိတ်လေး
အတွင်းမှာပင် အံ့ဩစရာကောင်းလောက်အောင်

လျှင်မြန်စွာဖြင့် အကြိမ်ပေါင်းများစွာ
နေရာပြောင်းနိုင်သည်။

လျှပ်စီးကဲ့သို့ လျှင်မြန်သော အမြန်နှုန်းဖြင့်
နေရာပြောင်းနိုင်ခြင်းသည် ကိုယ်ပွားများ
တစ်ခုချင်းစီအား မူလခန္ဓာကိုယ်နှင့် တူညီသော
အင်အားကို ပေးစွမ်းနိုင်သည်။

ဤအခြေအနေတွင် တစ်ယောက်သည်
ကြွယ်ကေရာဇ် ရွှမ်ဆန်းကဲ့သို့
အမှောင်ကေရာဇ်ထက် များစွာပို၍
အထက်တန်းကျသော အားအင်များကို
မပိုင်ဆိုင်ထားခဲ့လျှင်၊ နေရာတိုင်းကို
အကျိုးသက်ရောက်မှု ရှိစေသော

သိုင်းကွက်များဖြင့် ပုံရိပ်ကိုယ်ပွားများနှင့်
အစစ်အမှန် ခန္ဓာကိုယ်တို့အား
တပြိုင်နက်တည်း မဖျက်ဆီးနိုင်လျှင်
အစစ်အမှန် ခန္ဓာကိုယ်အား တိုက်ခိုက်နိုင်ရန်
မဖြစ်နိုင်ပေ။

သို့သော်လည်း နေရာတစ်ခုလုံးအား လွှမ်းခြုံ၍
တိုက်ခိုက်လိုက်လျှင် တိုက်ခိုက်သူ၏
အင်အားသည် လျော့ကျသွားမည်ဖြစ်ကာ
ယွမ်အရိပ် ကိုယ်ပွားများအား အနိုင်ယူနိုင်ရန်
ခက်ခဲမည် ဖြစ်သည်။

ထို့ကြောင့် လက်ရည်တူနေသော ပြိုင်ဘက်များ
အကြားမှ တိုက်ပွဲတွင် ယွမ်အရိပ်ကိုယ်ပွား

နည်းစနစ်သည် ရင်ဆိုင်ရန် ခက်ခဲသော
မှော်ကျိန်စာ တစ်ခုပင် ဖြစ်သည်။

"ယွမ်အရိုပ် ကိုယ်ပွားဟာ အမှောင်ကောရာဇ်နဲ့
မိစ္ဆာအရိုပ်ဂိုဏ်းရဲ့ မျိုးဆက်အကြားမှာ
အဆင့်မြင့်တဲ့ နည်းစနစ် တစ်ခုဖြစ်တယ်။
ဒီလူက သူ့ရဲ့ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်နဲ့ ဒီမှော်ကျိန်စာကို
ထုတ်ဖော်နေရတာက အတော်ကို
ခက်ခဲလိမ့်မယ်" ဇူရီက စဉ်းစားလိုက်သည်။
"မိစ္ဆာအရိုပ်ဂိုဏ်းရဲ့ မျိုးဆက်တွေက လွန်ခဲ့တဲ့
နှစ်ပေါင်းများစွာကတည်းက
ပြတ်တောက်သွားပြီး ဖြစ်တယ်။ ဒါကြောင့်
သူက ငါလုပ်သလိုမျိုးပဲ ဒီနည်းစနစ်ကို

ကိုယ့်ဘာသာကိုယ် လေ့လာထားတာပဲ
ဖြစ်ရမယ်"

ဇူရီသည် စိတ်ထဲမှနေ၍
သတိထားနေခဲ့သော်လည်း သူသည်
ယွမ်အရိပ်ကိုယ်ပွားများ၏ လှုံ့ဝှက်ချက်များကို
သိထားသဖြင့် ကြောက်ရွံ့မှုတော့ မရှိနေခဲ့ပေ။
သူ၏ပါးစပ်ကို ဟလိုက်ရာ သူ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်မှနေ၍
မကြားနိုင်သော အသံဖြင့်
ဟိန်းဟောက်လိုက်သည်။

အသံတစ်သံကိုမှ မကြားရသော်လည်း
သူ၏အနားမှ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်များအားလုံး တုန်ခါသွားကြသည်။

ခဏအကြာတွင် ဇူရီသည် သူ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
စောင်းလိုက်ကာ သူ၏ ကိုယ်ပွားများစွာတို့ကို
ဖန်ဆင်းလိုက်သည်။ ထိုကိုယ်ပွားများ
အားလုံးတို့၏ လက်သီးများသည်
အရိပ်ကိုယ်ပွားများအား တပြိုင်နက်တည်း
တိုက်ခိုက်လိုက်ကြသည်။

ဇူရီသည် ဤသို့စွမ်းဆောင်နိုင်ခြင်းမှာ
သူ့ပြိုင်ဘက်ကဲ့သို့ မရေမတွက်နိုင်သော

ကိုယ်ပွားများအား ဆင့်ခေါ်နိုင်၍ မဟုတ်ပေ။
ထို့အစား သူသည် သိုင်းသမား တစ်ယောက်၏
ပေါက်ကွဲနိုင်မှု စွမ်းအားများကို
အသုံးပြုလိုက်ကာ တိုတောင်းသော
အကွာအဝေးကို ဖြတ်သန်း၍ လျှပ်စီးကဲ့သို့
အမြန်နှုန်းဖြင့် သူ၏လက်သီးများကို ထိုးခဲ့ခြင်း
ဖြစ်သည်။

သူ၏ အမြန်နှုန်းသည် အမှောင်ကေရာဇ်အား
မမီသော်လည်း သူ့ပြိုင်ဘက်၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်လည်း
ငရဲအရိပ် သူတော်စင် သို့မဟုတ်
အမှောင်ကေရာဇ် ကိုယ်တိုင် မဟုတ်ချေ။

သူ၏ လျှပ်စီးကဲ့သို့ မြန်ဆန်သော
လက်သီးချက်များနှင့် ရင်ဆိုင်ခဲ့ရသောအခါ
ဇူရီ၏ ပြိုင်ဘက်သည် အဆက်မပြတ် ပြန်လည်
တုံ့ပြန်ခဲ့သည်။ သူသည် ဇူရီ၏
လက်သီးချက်များကို မိစ္ဆာပုံရိပ် နည်းစနစ်အား
အသုံးပြု၍ တစ်ချက်ချင်း ပြန်လည်
တုံ့ပြန်ခဲ့သည်။

အကြိမ်ပေါင်းများစွာပင် သူသည် ဇူရီအား သူ၏
ပုံရိပ်ကိုယ်ပွား အချို့ကို တိုက်ခိုက်ခွင့် ပြုခဲ့ကာ
ဇူရီအား အစွမ်းထက်သော မှော်ကျိန်စာ
တစ်ခုဖြင့် ပြန်လည် တိုက်ခိုက်ခဲ့၏။

တစ်ခဏလေးမျှသာကြာသော အချိန်လေးတွင် သူတို့၏ တိုက်ပွဲသည် များစွာပြင်းထန်လာခဲ့၍ သူတို့အနီးသို့ ကပ်လာရဲသော သူများသည် ကစဥ့်ကလျား ကြယ်စင်အလင်းတန်းများပင် ဖြစ်စေ၊ လူများ ထိန်းချုပ်ထားသော ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်များပင် ဖြစ်စေ ဒဏ်ရာရသူရ၊ အသက်ပျောက်သူပျောက် ဖြစ်ကုန်ကြသည်။

တိုက်ပွဲအပြီးတွင် သူတို့နှစ်ယောက်စလုံးတို့သည် ရပ်တန့်လိုက်ကြကာ ကြယ်စင်တိမ်တိုက်တို့၏ အလယ်တွင် ရှိနေသော တံခါးပေါက်ထံသို့ ပြေးဝင်သွားကြသည်။

သွေးမြစ်မင်းသား၏ စိတ်ဝိညာဉ်ကို
ထိန်းချုပ်ထားသောသူသည် သူ့လမ်းတွင်
ပိတ်ဆို့နေသော ကြယ်စင်အလင်းတန်း
များစွာတို့အား ဖယ်ရှားနိုင်ခဲ့၍
ကြယ်စင်တိမ်တိုက်တို့၏ အလယ်ဗဟိုသို့
ရောက်ခါနီး ဖြစ်နေခဲ့ပြီ ဖြစ်သည်။

ဇူရီနှင့် ငရဲအရိပ် သူတော်စင်၏
ကြယ်စင်အလင်းတန်းအား
ပိုင်ဆိုင်ထားသူတို့သည် သူ့အား ဟန့်တားရန်
အတူတကွ တိုက်ခိုက်လိုက်ကြသည်။
ကောင်းကင်ဈေး ဝန်းခတ်ခြင်း နတ်လက်ဝါးနှင့်
ရောမ အရိပ်ပိုက်ကွန်ကြီး တစ်ခုတို့သည်

သွေးမြစ်များဖြင့် ဝိုင်းရံထားသော ကြယ်စင်အလင်းတန်း ခန္ဓာကိုယ် အပေါ်သို့ ကျရောက်သွားကြသည်။

သို့သော်လည်း သူတို့၏ ပြိုင်ဘက်မှာ အလွယ်တကူ အနိုင်ယူနိုင်သောသူ မဟုတ်ချေ။ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် သူ့အား လွှမ်းခြုံနေသည့် မမြင့်မြတ်သော သွေးမြစ်အား ဟင်းလင်းပြင် အတွင်းသို့ ဆန့်တန်းလိုက်၍ အနီရင့်ရောင် ကြာပန်းများအဖြစ် ပြောင်းလဲလိုက်ကာ သူတို့နှစ်ယောက်တို့အား တားဆီးလိုက်သည်။

အရိပ် ကြွယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
ဘာမှ ချိတ်ချတ်တုံ ဖြစ်မနေခဲ့ပဲ အရိပ်ကိုယ်ပွား
များစွာတို့အား ထိန်းချုပ်လိုက်၍
ထိုကြာပန်းများနှင့် ရင်ဆိုင်တိုက်ခိုက်ခဲ့၍
လမ်းရှင်းရန် ကြိုးစားလိုက်သည်။

ဇူရိသည် တိတ်ဆိတ်စွာနှင့်
အားပေးအားမြှောက် ပြုလိုက်၏။ အရိပ်
ကြွယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
စွမ်းအားကြီးသော ပြိုင်ဘက် ဖြစ်သော်လည်း
သူတို့သည် တစ်စုံတစ်ယောက်အား အတူတကွ
ပူးပေါင်းတိုက်ခိုက်လျှင် သူ့ထက်ပိုကောင်းသော
အသင်းဖော်တစ်ယောက်ကို
ရှာတွေ့နိုင်လိမ့်မည် မဟုတ်ချေ။

သွေးမြစ်ဂိုဏ်းမှ မမြင့်မြတ်သော
သွေးကြာပန်းများသည်လည်း လွယ်ကူစွာဖြင့်
ချိုးဖောက်နိုင်သော အရာတစ်ခု မဟုတ်ချေ။
သို့သော်လည်း သွေးကြာပန်းများက
အရိပ်ကိုယ်ပွားများအား လွှမ်းခြုံနေသည့်
အချိန်တွင် ဇူရီသည် အခွင့်အရေးကို
အပိုင်အသုံးချလိုက်ကာ သူ့၏ သိုင်းသမား
သွေးအော်ရာတို့အား အစွမ်းကုန်
ထုတ်လွှတ်လိုက်သည်။ သူ၏ အမြန်နှုန်းကို
အမြင့်ဆုံး မြှင့်တင်လိုက်ကာ ကြာပန်းတို့၏
ပိတ်ဆို့ထားမှုကို ကျော်လွှားကာ
ပြိုင်ဘက်ထံသို့ ရောက်ရှိသွားခဲ့သည်။

တစ်ချိန်တည်းမှာပင် နောက်ထပ်
ကြယ်စင်အလင်းတန်း အစုအဝေး တစ်ခုသည်
အခြား အရပ်မျက်နှာ တစ်ဘက်မှ
ရောက်ရှိလာခဲ့သည်။ သူ၏ မျက်နှာပြင်ပေါ်မှ
ရွှေရောင်မီးတောက်များ ပေါက်ကွဲနေခဲ့ကာ
နေမင်းကဲ့သို့ လင်းလက်တောက်ပလျှက်
ရှိသည်။ သူသည် ခြေသုံးချောင်း
ရွှေကြီးအသွင်သို့ ပြောင်းလဲသွားခဲ့ကာ
သွေးမြစ်တို့ဖြင့် ဖုံးလွှမ်းထားသော
ကြယ်စင်အလင်းတန်းအား
တိုက်ခိုက်လိုက်သည်။

စာစဥ် ၄၀ : အပိုင်း ၁၉

# အပိုင်း ၇၆၉ : အားလုံးတို့က ဘယ်သူတွေလဲ

မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့ဖြင့်
ဖုံးလွှမ်းထားသော ထိုရွှေကျီးပုံရိပ်အား
တွေ့လိုက်ရသည့်အခါ ဇူရီ၏ နှလုံးခုန်သံသည်
အနည်းငယ် မြန်သွားခဲ့၏။ သို့သော်လည်း
မကြာမီပင် သူသည် ပြန်လည်
တည်ငြိမ်သွားခဲ့သည်။

သူ၏အရှေ့မှသူသည် ယင်ပင်လယ် အတွင်းတွင်
ကြွေလွင့်ခဲ့သည့် ရွှေကျီး မဟာပဏ္ဍိတ၏
လက်ကျန်စိတ်ဝိညာဉ်ဖြင့် ဖန်ဆင်းထားသော
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ပိုင်ဆိုင်ထားခြင်း ဖြစ်သည်။

ဇူရီ သိထားသလောက်ဆိုလျှင် သူ့ဆရာ၏
ဖိနှိပ်ခြင်းကို ခံနေရသော ကံဆိုးသူ
မောင်ရှင်မှလွဲ၍ ရွှေကျီးမျိုးနွယ်စုတွင်
အလယ်ခေတ်က ယင်ပင်လယ်အတွင်းတွင်
သေဆုံးသွားခဲ့သည့် အင်မော်တယ်ဝိညာဉ်
ဒုတိယ အဆင့်မှ မိစ္ဆာ မဟာပဏ္ဍိတ
တစ်ပါးရှိသေး၏။

တခုန်း ဇန်မာစတာက ကျိကွမ်း ဇန်မာစတာ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ပိုင်ဆိုင်ထားသည့် ထူးခြားသည့်
အခြေအနေမှလွဲ၍ ဤဟင်းလင်းပြင် အတွင်းသို့
ဝင်ရောက်လာသူတိုင်းသည်

ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်များအား
ကျပန်းသာ ရရှိနိုင်ခဲ့၍ သူတို့၏
စိတ်ဆန္ဒများအတိုင်း ရွေးချယ်ပိုင်ခွင့် မရှိမှန်းကို
သိခဲ့လိုက်ရသည်။

မည်သို့ပင် ဖြစ်စေ ရွှေကျီး မဟာပဏ္ဍိတ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
ပိုင်ဆိုင်ထားသောသူသည် သွေးမြစ်မင်းသား၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
ပိုင်ဆိုင်ထားသည့် သူအား အရင်
ရင်ဆိုင်လိုသော ရည်ရွယ်ချက် ရှိနေခဲ့သည်။

တစ်ဘက်တွင် ဤလူသည် ကျန်သောသူများ
အားလုံးတို့ထက် ခြေတစ်လှမ်း ပိုဦးနေကာ

ကြယ်စင်တိမ်တိုက်တို့၏ အလယ်ဗဟိုနှင့်
အနီးဆုံး နေရာသို့ ရောက်ရှိနေခဲ့သည်။
အခြားတစ်ဘက်တွင်မူ သူသည်
သူတို့အတွင်းတွင် ကျင့်ကြံမှုအဆင့်
အမြင့်ဆုံးဖြစ်သော အင်မော်တယ်ဝိညာဉ်
တတိယ အဆင့်မှ သွေးမြစ်မင်းသား၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
ပိုင်ဆိုင်ထား၍ ဖြစ်သည်။

ထို့ကြောင့် သံသယဖြစ်ဖွယ် မရှိပဲ သူသည်
အားလုံးတို့၏ ပစ်မှတ် ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။

သွေးမြစ်မင်းသား၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်အား ပိုင်ဆိုင်ထားသောသူသည်

ခက်ထန်စွာဖြင့် ပြန်လည် တုံ့ပြန်လိုက်သည်။
ပထမ ထုတ်လွှတ်လိုက်သော မမြင့်မြတ်သည့်
သွေးကြောပန်းများ အပြီးတွင် သူသည်
နောက်ထပ် သွေးကြောပန်း များစွာတို့ကို
ထုတ်လွှတ်လိုက်၍ ကြောက်မက်ဖွယ်ရာ
ဝက်ပါတစ်ခုအား ဖန်ဆင်းလိုက်၍ ရွှေကျီး
ကြယ်စင်အလင်းတန်းအား
ဝန်းရံပိတ်ဆို့ထားလိုက်သည်။

သွေးကြောပန်း ဆယ့်နှစ်ပွင့်တို့သည်
မှောင်မည်း၍ စေးကပ်သော စက်ဝိုင်းတစ်ခုကို
ဖန်ဆင်းလိုက်ကာ သွေးမီးတောက်များဖြင့်
ရွှေကျီးအား လောင်ကျွမ်းစေရန်
ကြိုးစားလိုက်သည်။

ရွှေကျီးကလည်း မကြားနိုင်သော
အသံတစ်ခုဖြင့် ဟစ်ကြွေးလိုက်သည်။
သူ၏ကိုယ်ပေါ်မှ မဟာသူရိယ အကြွင်းမဲ့
မီးတောက် အလျှာသည် ပေါက်ကွဲသွားခဲ့၍
အနီးကပ်လာသော သွေးမီးတောက်များကို
လွင့်စင်စေခဲ့သည်။

အကြွင်းမဲ့ သွေးမြစ်ရေသည် တည်ရှိနေသော
အရာအားလုံး နီးပါးတို့အား ညစ်ညမ်းစေနိုင်စွမ်း
ရှိနေသည်။ အကြွင်းမဲ့ရေ ခြောက်ပါးအနက်
တစ်ခုဖြစ်သော ရေအားလုံးတို့၏ မိခင်ဖြစ်သော
တစ်ခုတည်းသော ကောင်းကင်
အကြွင်းမဲ့ရေသည်သာလျှင် သူ့အား

အာနိသင်ပြယ်အောင် လုပ်နိုင်သည်ဟု
အဆိုရှိ၏။

သို့သော်လည်း အရာအားလုံးတို့တွင်
ခြွင်းချက်များ ရှိ၏။ ဗီရိုကာနာ ဖန်သန့်စင်ခြင်း
မီးတောက်သည် ကောင်းကင်ကမ္ဘာဖျက်
မီးတောက်အား ခံနိုင်ရည် ရှိသကဲ့သို့ပင်
အချို့အရာများမှာလည်း သူတို့၏ သန့်စင်သော
အနေအထားတွင် အကြွင်းမဲ့ သွေးမြစ်ရေ၏
တိုက်စားမှုအား ခံနိုင်စွမ်းရှိသည်။
အကြွင်းမဲ့မီးတောက် ခုနှစ်မျိုး အတွင်းတွင်
အပါအဝင် ဖြစ်သော ယန်စွမ်းအင်တို့အား
အားကောင်းစွာ ထုတ်လွှတ်နိုင်သော

မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည်
သူတို့အနက်မှ တစ်ခုဖြစ်သည်။

သို့သော်လည်း သူတို့နှစ်ခုတို့၏ ပမာဏနှင့်
စွမ်းအားတို့သည် တစ်ခုနှင့်တစ်ခု ညီမျှနေရမည်
ဖြစ်၏။ ရေပမာဏ အမြောက်အမြားသည်
မီးအား ငြိမ်းသတ်နိုင်သကဲ့သို့ မီးပမာဏ
အများအပြားသည် ရေကို အငွေ့ပျံစေနိုင်သည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
သွေးမြစ်မင်းသား ထိန်းချုပ်ထားသည့်
အကြွင်းမဲ့ သွေးမြစ်ရေသည် မသေဝိညာဉ်
ဒုတိယ အဆင့်မှ ရွှေကြီး မဟာပဏ္ဍိတ
ထုတ်လွှတ်ခဲ့သည် မဟာသူရိယ အကြွင်းမဲ့

မီးတောက်အား အနိုင်ယူချင်လျှင် သူ၏ စင်စင်ဖြစ်တည်မှု စွမ်းအားကို ထုတ်ဖော်ရမည်ဖြစ်သည်။

သို့သော်လည်း ရွှေကျီးသည် ညစ်ညမ်းမှုမှ ကာကွယ်နိုင်ရန် လမ်းတစ်ဝက်တွင် ရပ်တန့်၍ သူ၏ ခံစစ်များကို အားဖြည့်လိုက်ရသည်။ သွေးကြာပန်း ဆယ့်နှစ်ပွင့် ဒုတိယအသုတ်သည် ရွှေကျီးအား ပိတ်လှောင်လိုက်ချိန်တွင် ပထမအသုတ် သွေးကြာပန်းတို့သည် ပေါက်ကွဲသွားခဲ့ကာ သွေးစွန်းနေသော ကြာပန်းပွင့်ချပ်များ အဖြစ် ငရဲအရိပ် သူတော်စင်၏ ကြယ်စင်အလင်းတန်းခန္ဓာကိုယ်ထံသို့ ပျံသန်းဝင်ရောက်လာကြသည်။

မရေမတွက်နိုင်သော သွေးစက်များ
ရှိနေကြသဖြင့် အရိပ်ကိုယ်ပွား တစ်ခုမှ
ဤအရန်အတားအား
မကျော်ဖြတ်နိုင်ကြတော့ပေ။

ရွှေကျီးနှင့် အရိပ်တို့၏ တိုက်ခိုက်မှုများကို
ဟန့်တားခဲ့သွားပြီးသောအခါ သွေးများဖြင့်
လွှမ်းခြုံနေသည့် ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်သည် ကြယ်စင်တိမ်တိုက်များ၏
အလယ်ဗဟိုသို့ ဆက်သွားခဲ့သည်။

သူသည် သူ့ဘေးမှဇူရီအား တိုက်ခိုက်ခြင်း
မပြုခဲ့ပဲ သူ့ကိုယ်သူသာ သွေးမြစ်ဖြင့်
ကာကွယ်ထားခဲ့သည်။

ဇူရီက မျက်မှောင်ကြုတ်လိုက်၏။ သွေးဖြင့် လွှမ်းခြုံထားသော ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် သူမည်သူဟူသည်ကို သိနေသည့်ပုံ ပေါက်နေ၏။ ကွဲပြားခြားနားစွာ ဆက်ဆံပုံအား ကြည့်လိုက်လျှင် သူသည် ဇူရီဘက်မှ ရှိနေသည့်ပုံ ဖြစ်သည်။

ပိုင်ကွမ်းသာဆိုလျှင် သွေးမြစ်မင်းသား၏ နည်းစနစ်နှင့် မှော်ကျိန်စာများကို ဤမျှအထိ ထုတ်ဖော်နိုင်မည် မဟုတ်ပေ။

ထိုသို့သာဆိုလျှင် သူသည် ရှောင်ယန် သို့မဟုတ် အခြားတစ်ယောက် ဖြစ်ရမည်။
ယန်ချင်ကလည်း ကျင့်ကြံမှုအဆင့် နိမ့်နေသေးသဖြင့် သူသည် ဤမျှအထိ စွမ်းဆောင်နိုင်မည် မဟုတ်ချေ။
ရှောင်ကျန်းအာသည်လည်း အကာအကွယ်ပေးရန် အနောက်တွင် ချန်နေခဲ့မည် ဖြစ်သည်။

"ဒီကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က အစ်ကိုကြီးများ ဖြစ်နေသလား" ဇူရီသည် ဤကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က မည်သူမည်ဝါ ဖြစ်သည်ကို စဉ်းစားနေဆဲတွင် သူ၏ အကြည့်မှာ လက်ကနဲ ဖြစ်သွားခဲ့သည်။

သူ၏အနောက်မှ အခြေအနေက
ပြောင်းလဲသွားခဲ့သည်။

အကြွင်းမဲ့ သွေးမြစ်ရေဖြင့် ရင်ဆိုင်ခဲ့ရသောအခါ
ငရဲအရိပ် သူတော်စင်၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်သည် ရုတ်တရက်ပင်
ပြောင်းလဲသွားခဲ့သည်။
ပုံရိပ်အစုအဝေးများသည် အချင်းချင်း
စုစည်းသွားကြကာ လုံးဝမည်းနက်နေသည့်
ရှေးဟောင်းကြေးမုံ တစ်ခုအဖြစ်
ပြောင်းသွားခဲ့၏။

ကြေးမုံ၏ မျက်နှာပြင်မှာလည်း
မည်းနက်နေ၏။ သူသည် အလင်းတန်း

တစ်ခုကိုမှ ရှောင်ပြန်မဟပ်ခဲ့ပဲ သူ့အနားသို့ ကပ်လာသည့် အလင်းတန်းများနှင့် စိတ်ဝိညာဉ် စွမ်းအင်များ အပါအဝင် အရာအားလုံးကို ဝါးမျိုပစ်ခဲ့သည်။

ဇူရီသည် အမှောင်ကေရာဇ် အကြောင်းကို ကြားဖူးခဲ့သည့် သတင်းအချက်အလက်များကို ပြန်လည် စဉ်းစားလိုက်၏။ စာကြောင်းတစ်ကြောင်းသည် သူ၏ စိတ်အတွင်းတွင် ပေါ်လာခဲ့သည်။ "အမှောင်ကေရာဇ်၏ အန္တိမနည်းစနစ် သုံးမျိုး : ကမ္ဘာဦး အမှောင်ထုကမ္ဘာ၊ မေးမှိန်သောလောက၊ မဟူရာ ရှေးဟောင်းကြေးမုံ။ သူတို့ဟာ အမတန်ကိုမှ

စွမ်းအားကြီးမားကြတယ်။
ယွမ်အရိပ်ကိုယ်ပွားနဲ့အတူ
ဒီအကွက်သုံးကွက်တို့ဟာ ကမ္ဘာဦးခေတ်
အတွင်းမှာ အမှောင်ဇကေရာဇ်ကို
အရေးထားရမယ့် ပုဂ္ဂိုလ်တစ်ဦးအနေနဲ့
ထင်ရှားစေခဲ့တယ်"

သူ၏အရှေ့မှလူ ဖော်ထုတ်ခဲ့သော နည်းစနစ်မှာ
မဟုရာ ရှေးဟောင်းကြေးမုံမှလွဲ၍
အခြားမဟုတ်ချေ။

ရိုးရာပုံပြင်များအရဆိုလျှင် ဤမှော်ကျိန်စာသည်
အခြားသူများ ထုတ်လွှတ်ခဲ့သော မှော်ကျိန်စာ
နည်းစနစ်များကို ပုံတူပွားနိုင်၍ အလွန်ကို

အစွမ်းထက်သည်။ မြောင်ရိုးဟောင်၏ အလင်းတန်းရောင်ပြန် ကြေးမုံသည် သူ့ပြိုင်ဘက်၏ မှော်ကျိန်စာများကို ပုံတူပွားနိုင်ခြင်း ဖြစ်သည်။ သူ့နည်းစနစ်၏ အကန့်အသတ် အတွင်းတွင် သူသည် သူနှင့်အဆင့်တူ ပြိုင်ဘက်များ၏ မှော်ကျိန်စာများကို တန်ပြန် စေလွှတ်နိုင်သည်။ သူ့ပြိုင်ဘက်က တိုက်ခိုက်လာမှသာ သူသည် ထိုမှော်ကျိန်စာအား ထုတ်လွှတ်နိုင်ခြင်း ဖြစ်၍ နောက်ပိုင်းတွင် ထိုမှော်ကျိန်စာအား ထပ်မံထုတ်လွှတ်နိုင်မည်ဟု မဆိုလိုပေ။

သူနှင့် နှိုင်းယှဉ်ရလျှင် အမှောင်ကေရာဇ်၏ နည်းစနစ်သည် အခြား မှော်ကျိန်စာများအား

အမှန်တကယ် ပုံတူပွားနိုင်ခြင်း ဖြစ်သည်။
ပြိုင်ဘက်၏ နည်းစနစ်များကို အသုံးပြု၍
သူ့အား ပြန်လည် တိုက်ခိုက်နိုင်သည်။
ဤနည်းစနစ်တွင် အကန့်အသတ် များစွာ
ရှိသော်လည်း သူသည် သူ့ပြိုင်ဘက်များအား
တုန်လှုပ်နိုင်စေရန် လုံလောက်နေသည်။

ဤအချိန်တွင် ငရဲအရိပ် သူတော်စင်၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ပိုင်ဆိုင်ထားသော သူသည် ဤမဟူရာ
ရေးဟောင်းကြေးမုံအား သူ့ထံသို့
ကျဆင်းလာသော သွေးမိုးများထံသို့
ဦးလှည့်လိုက်သည်။

ကြေးမုံ၏ မည်းမှောင်နေသော မျက်နှာပြင်
အပေါ်တွင် နီရဲနေသော သွေးအရိပ်တစ်ခု
ပေါ်လာခဲ့၏။

ချက်ချင်းဆိုသလိုပင် အရိပ်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့သည်။
ဟင်းလင်းပြင် အတွင်းမှ အကြွင်းမဲ့ သွေးမြစ်ရေ
အချို့တို့သည် သွေးမိုးများအဖြစ်သို့
ပြောင်းသွားခဲ့ကာ ကျန်နေသော အကြွင်းမဲ့
သွေးမြစ်ရေတို့အား ပြန်လည်
ရင်ဆိုင်ခဲ့ကြသည်။

သို့သော်လည်း ဤအကြွင်းမဲ့ရေစီးကြောင်းမှာ
သွေးမြစ်မင်းသား၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ် ထိန်းချုပ်ထားသော အကြွင်းမဲ့
သွေးမြစ်ရေထက်စာလျှင် များစွာ နည်းပါးသည်။

မြင့်မြတ်သော ရတနာများ ဖြစ်ကြသည့်
အကြွင်းမဲ့ သွေးမြစ်ရေနှင့် မဟာသူရိယ
အကြွင်းမဲ့ မီးတောက်ကဲ့သို့သော အရာများသည်
မှော်ကျိန်စာ တစ်ခုအား ထုတ်လွှတ်ယုံမျှဖြင့်
ထုတ်ယူသုံးစွဲ၍ရသော အရာများ
မဟုတ်ကြပေ။ သူတို့နှင့် သက်ဆိုင်ရာ
မှော်ကျိန်စာ နည်းစနစ်များသည် သူတို့အား
ထိန်းချုပ်ရန်သာ အသုံးပြုရခြင်း ဖြစ်သည်။

သို့ဖြစ်၍ မဟူရာ ရှေးဟောင်းကြေးမုံသည့်
ပြိုင်ဘက်၏ မမြင့်မြတ်သော
သွေးမိုးနည်းစနစ်အား ပုံတူပွားနိုင်ခဲ့သောလည်း
သူသည် သူ့ရန်သူအား ဤနည်းစနစ်ဖြင့်
တိုက်ခိုက်ရန် ပထမဆုံး အကြွင်းမဲ့
သွေးမြစ်ရေအား ထိန်းချုပ်နိုင်ရမည် ဖြစ်၏။

အရိပ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
မမြင့်မြတ်သော သွေးမိုးနည်းစနစ်ကိုသာ
ရရှိထားပြီး သွေးမြစ်မန္တန်ဖြင့်
ကျင့်ကြံထားသော မှော်စွမ်းအင် မရှိသဖြင့်
သူသည် လွန်စွာနည်းပါးသော အကြွင်းမဲ့
သွေးမြစ်ရေများကိုသာ ထိန်းချုပ်နိုင်ခဲ့သည်။

ပြဿနာကို ရှာဖွေတွေ့ရှိပြီးသွားသည်နှင့် အရိပ်ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် မဟူရာရေးဟောင်းကြေးမုံအား အကြွင်းမဲ့သွေးမြစ်ရေများဖြင့် ပိတ်လှောင်ခြင်းကို ခံနေရသည့် ရွှေကျီးထံသို့ပါ လှည့်လိုက်၏။

မည်းနက်နေသော ကြေးမုံအပေါ်တွင် ရွှေရောင်အလင်းတန်းများ ထင်ဟပ်လာခဲ့သည်။

အကြွင်းမဲ့ သွေးမြစ်ရေများကို စွမ်းအားများ အားလုံးနီးပါး အသုံးပြု၍ ကာကွယ်နေရသော ရွှေကျီးသည် မဟူရာ ရေးဟောင်းကြေးမုံအား မကာကွယ်နိုင်ခဲ့ပေ။ သူ၏ခန္ဓာကိုယ်မှ မဟာသူရိယ အကြွင်းမဲ့ မီးတောက် အစုအဝေး

များစွာတို့သည် ထွက်ခွာသွားခဲ့ကာ ငရဲအရိပ်
သူတော်စင်၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်ထံသို့ ဦးတည်ရောက်လာခဲ့သည်။

အရိပ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
အနက်ရောင် ဝတ်ရုံနှင့် တာအိုဆရာပုံစံသို့
ပြောင်းသွားခဲ့ကာ သူ၏အရှေ့မှ မမြင့်မြတ်သော
သွေးမြစ်အား လက်ညှိုးထိုးလိုက်သည်။
မဟာသူရိယ အကြွင်းမဲ့ မီးတောက်
များစွာတို့သည် မြောက်မြားလှစွာသော
ရွှေအပ်များအသွင် ပြောင်းသွားကြ၍
သူနှင့်ထိတွေ့သော သွေးမိုးစက်တို့အား တစ်စစီ
ဖောက်ခွဲပစ်လိုက်ကြသည်။

သူ၏ ပတ်ပတ်လည့်မှ ဟင်းလင်းပြင်သည်
တောက်ပနေသော ရွှေရောင်နှင့်
သွေးနီရောင်များ ရောယှက်နေသော
ကမ္ဘာတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့သည်။

စူးရှသော သွေးမိုးများသည် အစိတ်အပိုင်း
များစွာအဖြစ် အဖောက်ခွဲ ခံခဲ့ရသော်လည်း
အကြွင်းမဲ့ သွေးမြစ်ရေများသည်
မပျောက်ကွယ်သွားခဲ့ပေ။ သူသည်
မကြာခင်တွင်ပင် သူ့ကိုယ်သူ ပြန်လည်
စုစည်းလိုက်ကာ သွေးမိုးများ အဖြစ်သို့
ပြန်လည် အသွင်ပြောင်းနေခဲ့၏။

သို့သော်လည်း သွေးမိုးများက တစ်စစီ
ဖြစ်သွားသော အချိန် အခိုက်အတန့်လေးတွင်
အနက်ရောင် ဝတ်စုံနှင့် တာအိုဆရာသည်
သူ့ကိုယ်သူ အရိပ်တစ်ခု အဖြစ်သို့
ပြန်ပြောင်းလိုက်၍ သူ့အား ပိတ်ဆို့ထားခဲ့သော
သွေးမိုးများ အကြားမှ
ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ သူသည်
သွေးမြစ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်နှင့်
ဇူရီတို့၏ အနောက်သို့
ဆက်လက်လိုက်နေခဲ့သည်။

သွေးမြစ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်
ကြယ်စင်တိမ်တိုက် အလယ်သို့ ရောက်ရှိနေခဲ့ပြီ
ဖြစ်သော်လည်း တံခါးမှာ ပွင့်မလာသေးချေ။

လက်ရှိအချိန်တွင် တစ်ယောက်ကမှ
ဖြတ်သန်းသွားလာမှု မပြုနိုင်သေးပေ။

အကြွင်းမဲ့ သွေးမြစ်ရေပေါင်း များစွာတို့သည်
တိမ်တိုက်ကြယ်စင်တို့၏ အလယ်တွင်
သွေးပင်လယ်ကြီး တစ်ခုအား စုစည်းသွားခဲ့၏။
သူသည် ပိတ်ထားသော တံခါးထံသို့
ပွင့်သွားစေရန် မျှော်လင့်ချက်ဖြင့် အားသုံး၍
ရိုက်ချလိုက်သည်။

ဖိအားပေးနေသည့်အပြင် ထိုသွေးပင်လယ်သည်
ကြီးမားသော စုပ်အားတစ်ခုအား ဖန်တီးလိုက်၍
သူ့အနားမှ အရာအားလုံးတို့ကို
ဆွဲယူလိုက်သည်။

ဒါသည် သွေးမြစ်ဂိုဏ်း၏ မဟာ လျှို့ဝှက်နည်းစနစ် တစ်မျိုးဖြစ်သော ကမ်းမဲ့သွေးပင်လယ် ဖြစ်သည်။ သူသည် သက်ရှိထောင်ပေါင်းများစွာတို့၏ သွေးနှင့် စိတ်ဝိညာဉ် အဆီအနှစ်များတို့နှင့် အကြွင်းမဲ့ သွေးမြစ်ရေတို့အား ပူးပေါင်း၍ ဖန်တီးထားခြင်း ဖြစ်သည်။ သူသည် ရန်သူများ၏ တိုက်ခိုက်မှုများနှင့်တကွ ရန်သူများကိုပါ သွေးပင်လယ် အတွင်းသို့ စုပ်ယူနိုင်စွမ်း ရှိသည်။

သွေးပင်လယ်သည် အောက်ခြေမဲ့ ချောက်ကမ်းပါး တစ်ခုကဲ့သို့ သူ့ထံသို့ ဆင်းသက်လာသော အရာတိုင်းကို

လောဘကြီးစွာနှင့် ဝါးမျိုခဲ့ကာ
ဆာလောင်နေသော ကမ္ဘာဦးသားရဲ
တစ်ကောင်ကဲ့သို့ စုပ်ယူလိုက်သည်။

သွေးပင်လယ်သည် ကျယ်ပြန့်လာသောအခါ
ကြယ်စင်တိမ်တိုက်၏
အလယ်နေရာတစ်ခုလုံးအား
လွှမ်းခြုံသွားခဲ့သည်။ ရွှေကျီးကလည်း
နားကွဲလုမတတ် စူးရှစွာ အော်ဟစ်လိုက်၏။
အနက်ရောင် ဝတ်စုံနှင့် တာအိုဆရာသည်
သူ့ထံမှ မဟာသူရိယ အကြွင်းမဲ့ မီးတောက်
အချို့ကို ခိုးယူသွားခဲ့သော်လည်း သူ၏
အော်ရာများမှာ ပို၍ပင်
အားကောင်းလာသေးသည်။

အားလုံးတို့အား အံ့အားသင့်စေခဲ့သည်မှာ ဇူရီနှင့် အနက်ရောင် ဝတ်ရုံ တာအိုဆရာတို့အား သွေးမြစ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်နှင့် အရင်တိုက်ခိုက်စေရန် ရွှေကျီးသည် သူ၏ စွမ်းအားများကို လျှို့ထားခဲ့ခြင်း ဖြစ်သည်။

ရွှေကျီးသည် ယခုအချိန်တွင် သူ၏ အစစ်အမှန် စွမ်းအားများကို ထုတ်ဖော်လိုက်သည်။ ရွှေကျီး၏ ပတ်ပတ်လည်တွင် မဟာသူရိယ အကြွင်းမဲ့ မီးတောက်များစွာတို့ ထိုးတက်လာကြ၍ အတူတကွ စုစည်းသွားကြကာ ရွှေရောင်နေမင်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဤ၌ရွှေရောင်နေမင်းသည် သူ၏
အကြွင်းမဲ့မီးတောက် အချို့ကို အနစ်နာခံကာ
သူ၏ ပတ်ပတ်လည်မှ သွေးမီးတောက်များကို
ဖြတ်သန်း၍ အားသုံးဝင်ရောက်လာခဲ့သည်။
သူသည် ရွှေရောင်အလင်းတန်း တစ်ခုအဖြစ်သို့
ပြောင်းသွား၍ သွေးပင်လယ်ထဲသို့
ပျံသန်းဝင်ရောက်လာခဲ့သည်။

သို့သော်လည်း ရွှေရောင်နေမင်း၊
အနက်ရောင်ဝတ်ရုံ တာအိုဆရာတို့နှင့်
ဇူရီပင်လျှင် ကမ်းမဲ့သွေးပင်လယ်နှင့် တိုက်ရိုက်
ရင်မဆိုင်ရဲခဲ့ကြပေ။ သူတို့သည် ဤကဲ့သို့သော
အပြုအမူသည် ကိုယ့်ကိုယ်ကိုယ်

သတ်သေနေခြင်းဟူ၍
သဘောပေါက်ထားကြသည်။

ကမ်းမဲ့သွေးပင်လယ်သည် ရွှေကျီးနှင့်
အနက်ရောင်ဝတ်ရုံ တာအိုဆရာတို့အား
သတိထားနေခဲ့သော်လည်း သူသည် ဇူရီအား
ရန်မလိုနေခဲ့ပေ။ သူသည် ဇူရီအား
စိတ်မပူရုံတင် မကပဲ ဇူရီကသူ့အား
အချိန်ဆွဲပေးသော အနေဖြင့် ရွှေကျီးနှင့်
အနက်ရောင်ဝတ်ရုံ တာအိုဆရာအား
ဟန့်တားပေးစေလိုနေခဲ့သည်။

ဇူရီ၏ အကြည့်သည် ရွှေကျီး၊
အနက်ရောင်ဝတ်ရုံ တာအိုဆရာနှင့်

ကမ်းမဲ့သွေးပင်လယ်တို့၏ အကြားတွင်
ခေါက်တုံ့ပြန်နေခဲ့သည်။

အားလုံးတို့အား မည်သူမည်ဝါ ဆိုသည်ကို
မသိရသေးပဲ မည်သူက သူ့ဘက်တွင် ရှိနေပြီး
သူတို့သည် စုပေါင်းတိုက်ခိုက်ရမည်လော၊
အချင်းချင်း တိုက်ခိုက်ရမည်လော ဟူသည်ကို
ဆုံးဖြတ်ရ ခက်ခဲပေသည်။

လူများသည် ဤလေဟာနယ် ပုံရိပ်ယောင်၏
ဗဟိုချက်သို့ ရောက်လာကြသောအခါ
ယင်ကျိုးနတ်တောင်တွင် ပြောင်းလဲမှုများ
စတင်ဖြစ်ပေါ်လာခဲ့သည်။ တောက်ပလှသော
အလင်းတန်းများသည်

တောင်တစ်တောင်လုံးအား လင်းလက်စေခဲ့ကာ
သူ့ဘေးပတ်ပတ်လည်မှ တိမ်တိုက်များ
ကင်းစင်သွားခဲ့ပြီး အောက်မှ ကျယ်ပြန့်သော
အပြာရောင် ပင်လယ်အား ဖော်ပြလိုက်သည်။

နတ်တောင်၏ အပေါ်တွင် လှုပ်ရှားနေသော
အလင်းတန်း မြူခိုးငွေ့များ အကြားတွင်
လေဟာနယ် ပုံရိပ်ယောင်မှ ကျယ်ပြန့်သော
ပုံရိပ်တစ်ခုအား ထုတ်လွှတ်၍
ယင်ကျိုးနတ်တောင်၏ အလယ်ဗဟိုမှ
ပုံရိပ်ယောင် အတွင်းတွင် ဖြစ်ပေါ်နေသော
အခြေအနေကို ထုတ်လွှင့်ပြသနေခဲ့သည်။

နတ်တောင်၏ အပြင်မှ လင်းဖုန်း၊ လျှမ်ပန်း၊ ရှီယုနှင့် ကျန်သောသူများသည် ထိုပုံရိပ်အား ကြည့်နေကြကာ အချင်းချင်းလည်း သတိထားသော အကြည့်များနှင့် ကြည့်နေကြသည်။

သူတို့သည် လေဟာနယ် ပုံရိပ်ယောင်အား ကိုယ်တိုင် မကြုံတွေ့နေရသော်လည်း သူတို့၏ အထက်တန်းကျသော အသိအမြင်များဖြင့် ဤလေဟာနယ် ပုံရိပ်ယောင်၏ အလုပ်လုပ်ပုံအား ဖြည်းဖြည်းချင်း နားလည်လာနိုင်ခဲ့သည်။

တစ်ဦးနှင့်တစ်ဦး
ယှဉ်ပြိုင်တိုက်ခိုက်နေကြသော အုပ်စုအား
ကြည့်လိုက်ကာ လင်းဖုန်းက
မျက်မှောင်ကြုတ်လိုက်သည်။ "သူတို့က
ဒီလေဟာနယ် ပုံရိပ်ယောင် အတွင်းမှာ
ဆက်သွယ်မှုတွေ မလုပ်နိုင်ကြဘူးလား။
တကယ်လို့ သူတို့က
စကားမပြောနိုင်ကြရင်တောင်
မှော်စွမ်းအင်တွေနဲ့လည်း
မဆက်သွယ်နိုင်ကြဘူးလား။ သူတို့က
မှော်စွမ်းအင်ကို အသုံးပြုပြီး သူတို့ကိုယ်သူတို့
ဖော်ပြဖို့ စာလုံးတွေကိုတောင်
မဖော်နိုင်ဘူးလို့တော့ မပြောနဲ့နော်"

"အင်း၊ ကြည့်ရတာ ဒီကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို ပိုင်ဆိုင်ဖို့ဆိုရင် သူတို့က ကိုယ့်ကိုယ်ကိုယ် ဖော်ပြလို့ရမှာ မဟုတ်ဘူး။ တစ်ယောက်ရဲ့ စိတ်ဝိညာဉ်က သန့်စင်လေလေ သူတို့ရဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို ထိန်းချုပ်ရတာ ပိုလွယ်လေပဲ"

လင်းဖုန်းက ပြုံးလိုက်သည်။ "စိတ်ဝင်စားစရာပဲ၊ စိတ်ဝင်စားစရာပဲ။ ကြယ်စင်အလင်းတန်း အလွှာတစ်လွှာ၊ မဟုတ်ဘူး၊ အလွှာနှစ်လွှာကို ထွင်းဖောက်ပြီးတော့ ဘယ်သူက သူ့ဘေးကလူဟာ လူသားလား၊ မိစ္ဆာလား၊ အထီးလား၊ အမလား ဆိုတာကို ဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲ"

ဖွဖွလေး ရယ်လိုက်ရင်း သူ့အနီရောင် နဂါးဘုရင်
အနောက်သို့ တိတ်တဆိတ် နောက်ယောင်ခံ
လိုက်သွားခိုင်းခဲ့သည့် သံမဏိသစ်ပင်
ကိုယ်ပွားမှ သတင်းပေးပို့လာသည်ကို
ကြားလိုက်ရသဖြင့် လင်းဖုန်း၏ စိတ်အာရုံသည်
အနည်းငယ် လှုပ်ရှားသွားခဲ့သည်။

"ထင်တဲ့အတိုင်းပဲ၊ ဒီကောင်က
ကောင်းတဲ့ကောင် မဟုတ်ဘူး"

စာစဥ် ၄၀ : အပိုင်း ၂၀

# အပိုင်း ၇၇၀ : မည်သူ့ကိုမှ အကျိုးမရှိစေသည့် မကောင်းမှု ပြုလုပ်ခြင်း

လင်းဖုန်းသည် သူ၏ သံမဏိသစ်ပင်
ကိုယ်ပွားအား အနီရောင် နဂါးဘုရင်၏
အနောက်မှ အနည်းငယ်ခွာ၍
လိုက်သွားစေခဲ့သည်။ သူသည် အနီရောင်
နဂါးဘုရင်အား မကြောက်သော်လည်း
အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်မှ
ကိုယ်ပွားသည် မိစ္ဆာ မဟာပဏ္ဍိတ တစ်ပါး၏
အာရုံခံမှုမှ ပုန်းကွယ်ရန်
လွယ်ကူသောကိစ္စမဟုတ်ချေ။

သို့သော်လည်း လင်းဖုန်းသည် အနီရောင် နဂါးဘုရင်၏ အနောက်မှ ပြောင်ပင် လိုက်သွားပါက ဝံပုလွေ တစ်ကောင်သည် သိုးအုပ်တစ်အုပ်တို့အား အသက်လု၍ ပြေးစေသော အဖြစ်နှင့် တူသွားမည် ဖြစ်၏။

အနီရောင် နဂါးဘုရင် ထွက်ခွာသွားသောအခါ လင်းဖုန်းသည် သူ၏ စိတ်အခြေအနေနှင့် ပတ်သတ်၍ တစ်ခုခု မှားနေသည်ဟု ထင်နေခဲ့သည်။ ထို့ကြောင့် သူသည် ဤနဂါးအိုကြီးက ဘာလှည့်ကွက်များ သုံးချင်နေသနည်း ဟူသည်ကို သိချင်နေခဲ့ခြင်း ဖြစ်သည်။

ရှိယုနှင့် လျှမ်ပန်းတို့သည်လည်း ဤကိစ္စအား စိတ်ဝင်စားနေကြ၏။ သူတို့သည် ပထမ ကေရာဇ်နှင့် တိုင်ကေရာဇ်တို့၏ အမွေများကို အသီးသီး ဆက်ခံခဲ့ရသူများ ဖြစ်သဖြင့် သူတို့သည် နဂါးများနှင့် ထိုလူသား ကေရာဇ်နှစ်ပါးတို့၏ အငြိုးတရားများကိုပါ ဆက်ခံခဲ့ကြရသည်။

အချိန်များသည် ကုန်လွန်သွား၍ အရာများသည် တဖြည်းဖြည်း ပြောင်းလဲလာခဲ့ကြသော်လည်း အင်မော်တယ် နဂါးမြို့တော်နှင့် တော်ဝင်နန်းတော်တို့က ဆက်လက်တည်ရှိနေကြသရွေ့ သူတို့သည် နဂါးကလန်မှ ဒဏ်ရာဟောင်းများကို

ပြန်ဆွနေကြသကဲ့သို့ ဖြစ်နေလိမ့်မည် ဖြစ်သည်။

ရှိယုနှင့် လျှမ်ပန်းတို့သည် သူတို့၏ စိတ်ဝိညာဉ် တစ်စစီအား လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွား အတွင်းတွင် ထည့်လိုက်ကြကာ အနီရောင် နဂါးဘုရင်၏ အနောက်သို့ အတူတကွ လိုက်သွားကြသည်။ လင်းဖုန်းကလည်း သူတို့၏ လှုပ်ရှားမှုအား မဆန့်ကျင်ခဲ့ပေ။ ဒါသည် သူတို့သုံးယောက်သား သဘောတူညီမှု ရထားသည့် တဲတဲလေး ဖြစ်နေသော မှူခြေကို မကျိုးပျက်စေရန် ဖြစ်၏။ သူတို့သုံးယောက်စလုံးတို့သည် နည်းဗျူဟာအရ သဘောတူညီမှု ရထားခြင်း ဖြစ်သည်။

သံမဏိသစ်ပင် ကိုယ်ပွားသည် အနီရောင်
နဂါးဘုရင်၏ အနောက်သို့
မိုင်ထောင်ပေါင်းများစွာ လိုက်သွားခဲ့သည်။
သူသည် အနီရောင် နဂါးဘုရင်က
သူ့လက်အောက်မှ နဂါးများကို
အမိန့်ပေးလိုက်သည်ကို ကြည့်နေခဲ့သည်။
မိုးကြိုးနဂါးများသည် အသီးသီး
ထွက်ခွာသွားကြကာ ထိုနေရာတွင်
အနီရောင်နဂါး ဘုရင် တစ်ယောက်သာ
ကျန်နေခဲ့တော့သည်။

မိုးကြိုးနဂါးအိုကြီးသည် သူ၏ အစစ်အမှန်
နဂါးပုံစံသို့ ပြန်ပြောင်းလိုက်ကာ

ယင်ပင်လယ်အပေါ်တွင် လှည့်ပတ်နေခဲ့သည်။ ကြည့်ရသည်မှာ သူသည် တစ်စုံတစ်ယောက်အား စောင့်မျှော်နေသကဲ့သို့ ဖြစ်၏။

ခဏအကြာတွင် ကြီးမားလှသော အရိပ်တစ်ခုသည် ပင်လယ်အောက်မှ တက်လာခဲ့ကာ ရေမျက်နှာပြင် အပေါ်သို့ ပေါ်လာခဲ့သည်။ ပေတစ်ထောင်ရှိသော နီလာရောင် နဂါးတစ်ကောင်က ထွက်လာခဲ့သည်။ သူသည် အနီရောင် နဂါးဘုရင်နှင့် တူညီသော မိစ္ဆာစွမ်းအားများရှိသည့် ပင်လယ်နဂါး ဘုရင်ပင် ဖြစ်သည်။

သို့သော်လည်း ပင်လယ်အတွင်းတွင်
ရောက်နေခဲ့သဖြင့် ပင်လယ်နဂါးဘုရင်၏
စွမ်းအားများသည် မိုးကြိုးနဂါးသာ ဖြစ်သည့်
အနီရောင် နဂါးဘုရင်ထက်
ပို၍အားကောင်းနေပေသည်။

"အနီရောင် နဂါးဘုရင်၊ မင်းက
ယင်ကျိုးနတ်တောင်ကို တွေ့ခဲ့ပြီလား"
နီလာရောင် ပင်လယ်နဂါးက မေးလိုက်သည်။

အနီရောင် နဂါးဘုရင်က ညည်းတွားလိုက်သည်။
"ငါက သူ့ကို တွေ့ခဲ့ပေမဲ့ လူသားတွေဘက်မှာ

ကျိုးကေရာဇ် လျှမ်ပန်းက တိုင်ကေရာဇ်ရဲ့
တော်ဝင်နန်းတော်နဲ့ ပေါ်လာတယ်။
ချင်ကေရာဇ် ရှီယုကလည်း အင်မော်တယ်
နဂါးမြို့တော်နဲ့ ရောက်လာခဲ့တယ်။ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်
လင်းဖုန်းကလည်း ယုကျင်းတောင်နဲ့အတူ
ပေါ်လာခဲ့တယ်"

ပင်လယ်နဂါး ဘုရင်သည် အင်မော်တယ်
နဂါးမြို့တော်နှင့် တိုင်ကေရာဇ်၏
တော်ဝင်နန်းတော်ဟူသော အမည်များကို
ကြားလိုက်ရသော် သူ၏ မိစ္ဆာအော်ရာတို့သည်
ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့၏။ ထို့ကြောင့်
ပြောက်မြားလှစွာသော

ပင်လယ်ရေများတို့သည် လေပေါ်တွင် ရောက်သွားကြ၍ ရောမ လှိုင်းလုံးကြီးများကို ဖြစ်ပေါ်စေခဲ့သည်။

သို့သော်လည်း အနီရောင် နဂါးဘုရင်၏ စကားအားလုံးတို့အား နားထောင်သွားအပြီးတွင် သူသည် ငြိမ်သက်သွားခဲ့၏။

သူသည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ နှစ်ပါးနှင့်အတူ ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများ၏ စွမ်းအားကို ရင်ဆိုင်နိုင်ကြောင်း သက်သေပြထားပြီးသည့် လင်းဖုန်းကိုပါ ရင်ဆိုင်ရမည် ဖြစ်သည်။ သူနှင့် အနီရောင် ပင်လယ်နဂါး မပြောနှင့် ခရမ်းရောင်

ပင်လယ်နဂါး ဘုရင်သည်ပင်လျှင်
လက်မှိုင်ချရမည် ဖြစ်၏။

နဂါးကလန်မှ ထိပ်သီးနဂါးများကို စုစည်း၍
တိုက်ခိုက်ခဲ့လျှင်ပင် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၊ မဟာကျိုး အင်ပါယာနှင့်
မဟာချင် အင်ပါယာတို့၏ ပူးပေါင်းစွမ်းအားကို
ယှဉ်နိုင်မည် မဟုတ်ပေ။

အနီရောင် နဂါးဘုရင်က မေးလိုက်သည်။
"ယွင်လန်၊ မင်းက ဝဲပျံနေသော
မီးတောက်နဂါးဘုရင် အခုဘယ်မှာလဲ ဆိုတာကို
သိသလား"

ဤပြင်လယ်နဂါးသည် ရှောင်ယန်တို့ အုပ်စုနှင့် အစောပိုင်းက တွေ့ခဲ့သည့် လှိုင်းလုံး ပင်လယ်နဂါး ဘုရင်မှလွဲ၍ အခြားမဟုတ်ပေ။ အနီရောင် နဂါးဘုရင်၏ မေးခွန်းအား ကြားလိုက်ရသော် သူ၏ ရောမ ခေါင်းကြီးကို ခါလိုက်၏။ "ဘာမှ မသုံးမဝင်ဘူး။ တကယ်လို့ ဝဲပျံနေသော မီးတောက်နဂါးဘုရင် ဒီမှာရှိနေလည်း ငါတို့က သူတို့ကို တိုက်ခိုက်ဖို့ အားနည်းလွန်းနေတယ်"

ဝဲပျံနေသော မီးတောက်နဂါး ဘုရင်သည် မီးနဂါး ကလန်အတွင်းမှ အစွမ်းထက်သော ကျင့်ကြံသူများအနက် တစ်ယောက်အပါအဝင်

ဖြစ်၏။ သူသည် ရှမ်ပင်လယ် အတွင်းမှ ထွက်လာကာ ယင်ပင်လယ် အတွင်းတွင် အခွင့်အရေးများကို လာရှာသည့် မသေဝိညာဉ် တတိယအဆင့်မှ နဂါးတစ်ကောင် ဖြစ်၏။ သူသည် ဤတစ်ခေါက်တွင် တောင်သုံးတောင်အား ထိန်းချုပ်နိုင်ရန် အတွက် နဂါးကလန်မှ စေလွှတ်လိုက်သူများအနက် အသန်မာဆုံး ကျင့်ကြံသူ ဖြစ်သည်။

"ယင်ပင်လယ်က နတ်ဘုရားနယ်မြေရဲ့ ပိုင်နက်နယ်မြေ ဖြစ်တယ်။ သူက မဟာလွင်တီးခေါင် ကုန်းမြေနဲ့ နယ်နိမိတ် နီးကပ်နေပေမဲ့ လူသားတွေက ဘာပဲပြောပြော အိမ်ကွင်းအားသာချက် ရှိတယ်။ ဒီတစ်ခေါက်မှာ

ယင်ပင်လယ် အတွင်းကို လူသားကျင့်ကြံသူတွေ အထဲက ထိပ်သီး ကျင့်ကြံသူတွေ အမြောက်အမြား ဝင်ရောက်လာကြတယ်"

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်က ဆက်ပြောလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ မဟာကျိုး အင်ပါယာနဲ့ မဟာချင် အင်ပါယာတို့ အကြားမှာ ပဋိပက္ခတွေ ရှိနေနိုင်ပြီး သူတို့က ယင်ကျိုးနတ်တောင်ကို ရရှိဖို့ သူသေကိုယ်သေ တိုက်ခိုက်ကြနိုင်တယ်။ ဒါပေမဲ့ ငါတို့ ပေါ်လာတာနဲ့ တပြိုင်နက် သူတို့သုံးဖွဲ့တို့က ပူးပေါင်းပြီး ငါတို့ကို အရင်နှိမ်နင်းကြလိမ့်မယ်"

"တကယ်လို့ ဂိုဏ်းနှစ်ဂိုဏ်းသာ ရှိရင် ငါတို့က
တစ်ဂိုဏ်းနဲ့ ယာယီမဟာမိတ်ဖွဲ့ပြီး
ကျန်တဲ့တစ်ဂိုဏ်းကို တိုက်ခိုက်လို့ရတယ်။
ဒါပေမဲ့ ဂိုဏ်းသုံးဂိုဏ်း ရှိနေတော့ ငါတို့က
ခြေတောင်ချလို့ ရမှာမဟုတ်ဘူး"

စကားပြောနေရင်း လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်သည် စိတ်ပျက်လက်ပျက်ဖြင့်
သက်ပြင်းတစ်ချက် ချလိုက်သည်။
"ဒီတစ်ခေါက် ယင်ပင်လယ်အတွင်းကို
ငါတို့အထဲက သန်မာတဲ့ ကျင့်ကြံသူတွေက
ဝင်လာတာ နည်းလွန်းတယ်။ ငါတို့က
သူတို့အထဲက တစ်ဂိုဏ်းနဲ့ မဟာမိတ်
ဖွဲ့နိုင်ခဲ့ရင်တောင် ကျန်တဲ့ နှစ်ဂိုဏ်းရဲ့

ပူးပေါင်းစွမ်းအားတွေကို ယှဉ်နိုင်မှာ မဟုတ်ဘူး။
ငါတို့ ကမ်းလှမ်းနိုင်တဲ့ အရာက
နည်းလွန်းတယ်။ ဒါကြောင့် ငါတို့က
အမောင်းထုတ်ခံရမယ့် ပထမဆုံး အဖွဲ့ပဲ။
ငါတို့ရဲ့ ကလန်ခေါင်းဆောင်တွေ
ရောက်လာမှသာ ဒီအခြေအနေကို
ပြောင်းလဲနိုင်မှာ ဖြစ်တယ်"

အနီရောင် နဂါးဘုရင်၏ အသံသည်
လေထုအတွင်းတွင် ကျယ်လောင်စွာ
ပေါ်ထွက်လာခဲ့သည်။ "အခုအချိန်မှာ
ညည်းညူနေလို့လည်း
ဘာမှအကြောင်းမထူးဘူး။ ငါတို့က

ယင်ကျိုးနတ်တောင်ကို မရခဲ့ရင် ဘယ်သူကမှ မရစေရဘူး"

လှိုင်းလုံး နဂါးဘုရင်က သူ၏ဆိုလိုရင်းအား ချက်ချင်း သဘောပေါက်လိုက်သည်။ "မင်းက ပုံရိပ်ယောင် ပင်လယ်ဒီရေကို ဆိုလိုနေတာလား"

အနီရောင် နဂါးဘုရင်က ပြန်ဖြေလိုက်၏။ "ဟုတ်တယ်။ ငါက ပုံရိပ်ယောင် ပင်လယ်ဒီရေကို လှုံ့ဆော်လိုက်မယ်။ မင်းဆီမှာ ပင်လယ်နဂါး အကြီးအကဲရဲ့ နဂါးအကြေးခွံ ရှိနေတယ် ဆိုတာကို ငါသိထားတယ်"

ယင်ပင်လယ်မှ တောင်သုံးတောင်သည့်
အချိန်ကာလ တစ်ခုအထိ ပေါ်လာသည့်
အချိန်တိုင်းတွင် ယင်ပင်လယ် အတွင်းတွင်
ရောမ လှိုင်းလုံးကြီးတစ်ခု ဖြစ်ပေါ်လာကာ
လေဟာနယ် ပုံရိပ်ယောင်များ အားလုံးတို့ကို
အန္တရာယ်ကြီးမားသော ဒီရေတစ်ခုအဖြစ်
လှုံ့ဆော်ပေးခဲ့သည်။ သူ့အား ပုံရိပ်ယောင်
ပင်လယ်ဒီရေဟု ခေါ်သည်။

ပုံရိပ်ယောင် ပင်လယ်ဒီရေ ထွက်ပေါ်လာလျှင်
ပန်းလိုင်၊ ယင်ကျိုးနှင့်
ဖန်ကျန်းနတ်တောင်တို့သည်
သီးသန့်နေရာများတွင် ပြန်လည်

ရောက်ရှိသွားကာ နောက်တစ်ခေါက်
ပေါ်လာသည့် အချိန်အထိ ရှာဖွေ၍
မရနိုင်တော့ချေ။

ဤကြောက်မက်ဖွယ်ရာ ဒီရေသည်
ယင်ပင်လယ်၏ အလိုဆန္ဒအရ ဖြစ်ပေါ်လာခြင်း
ဖြစ်၏။ ဒီရေ မစတင်လာခင် ယင်ပင်လယ်
အတွင်းမှ ကျင့်ကြံသူများသည်
နတ်ဘုရားနယ်မြေ အတွင်းသို့
ဆုတ်ခွာသွားရမည် ဖြစ်သည်။ မဟုတ်လျှင်
ယင်ပင်လယ် အတွင်းတွင် ပုံရိပ်ယောင်
ပင်လယ်ဒီရေ စတင်လာပါက ယခင်ကထက်
များစွာပို၍ အန္တရာယ် ကြီးမားလိမ့်မည် ဖြစ်၏။

အတိတ်ကာလတွင် မသေဝိညာဉ်
တတိယအဆင့်မှ ပင်လယ်နဂါး
တစ်ကောင်သည် ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်ခဲ့သည်။ သူသည်
တောင်သုံးတောင်အား
မထိန်းချုပ်နိုင်ခဲ့သော်လည်း လက်ဗလာနှင့်
မပြန်ခဲ့ရပေ။

သူ၏ ထူးခြားသော ပါရမီအား အသုံးပြု၍
ဤပင်လယ်နဂါး ဘုရင်သည် ပုံရိပ်ယောင်
ပင်လယ်ဒီရေထံမှ အောင်မြင်စွာ
လွတ်မြောက်နိုင်ခဲ့ရုံတင်မက ထိုဒီရေအတွင်းမှ
လျှို့ဝှက်ဆန်းကြယ်မှု အချို့ကို
ထုတ်ဖော်နိုင်ခဲ့သည်။ သူ၏ နည်းစနစ်ဖြင့်

သူသည် ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင် ပင်လယ်ဒီရေ အသေးစား တစ်ခုအား ဖော်ထုတ်နိုင်သည့် လျှို့ဝှက်နည်းစနစ် တစ်ခုအား တီထွင်နိုင်ခဲ့သည်။

သို့သော်လည်း ဤနည်းစနစ်အား အသုံးပြုရန် အလွန်ခက်ခဲသည်။

ဥပမာအားဖြင့် သူသည် နတ်တောင်များနှင့် ယင်ပင်လယ်တို့၏ အကြားမှ ဆက်သွယ်မှုအား အခြေခံထားသဖြင့် နတ်တောင်တစ်တောင်၏ အနီးတွင် အသုံးပြုမှရသည်။

အမှန်အတိုင်းပြောရလျှင် တစ်ယောက်သည် နတ်တောင်တစ်ခု၏ နေရာအတိအကျကို ရှာဖွေရန် အလွန်ခက်ခဲပေသည်။ ထို့အပြင် နတ်တောင်အား ရှာဖွေတွေ့ရှိခဲ့သူ မည်သူမဆို အတတ်နိုင်ဆုံး ကြိုးစား၍ သူ့အား ထိန်းချုပ်ရန် ကြိုးစားမည် ဖြစ်သည်။

အကယ်၍ ထိုနေရာတွင် ပုံရိပ်ယောင် ပင်လယ်ဒီရေ တစ်ခုသာ ဖြစ်ပေါ်ခဲ့ပါက ထိုနတ်တောင်သည် ယင်ပင်လယ် အတွင်းသို့ အချိန်မတိုင်မီ ပြန်လည် ဝင်ရောက်သွားမည် ဖြစ်သည်။

ထို့ကြောင့် မည်သည့် ရွေးချယ်စရာမှ မရှိသော သူများကသာလျှင် ဤကဲ့သို့သော မည်သူ့ကိုမှ အကျိုးမရှိစေသည့် မကောင်းမှုမျိုးကို လုပ်လိမ့်မည် ဖြစ်သည်။

အနီရောင် နဂါးဘုရင်နှင့် လှိုင်းလုံး ပင်လယ်နဂါးဘုရင်တို့သည် ဤနည်းစနစ်ကို ထုတ်သုံးရန်အတွက် မည်သို့မျှ စဉ်းစားစရာ မလိုခဲ့ပေ။

ဂိုဏ်းသုံးဂိုဏ်းတို့က ဤနတ်တောင်အား မျက်စိကျနေသဖြင့် သူတို့အနေနှင့် မည်သည့် မျှော်လင့်ချက်မှ ရှိနိုင်တော့မည် မဟုတ်ချေ။ ထိုကဲ့သို့သာဆိုလျှင် ဤနဂါးဘုရင်များသည်

မစားရသည့်အမဲ သဲနှင့်ပက်ရန်သာ
ဆုံးဖြတ်တော့မည် ဖြစ်သည်။

အကယ်၍ မဟာကျိုး အင်ပါယာနှင့် မဟာချင်
အင်ပါယာတို့ကသာ ဤနတ်တောင်များကို
ရရှိသွားပါက သူတို့ မဟာရန်သူတို့၏
အင်အားကို ထပ်မံအားဖြည့်ပေးသကဲ့သို့
ဖြစ်သွားပေလိမ့်မည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
သူ၏ပါးစပ်အား ဟလိုက်ရာ ရေစက်တစ်စက်
အသွင်ရှိသော နဂါးအကြေးခွံ တစ်ခုက
ထွက်လာခဲ့သည်။ သူသည် အရွယ်အစား
သေးငယ်သော်လည်း အကယ်၍ သူ၏

စွမ်းအားများကို ထုတ်လွှတ်လိုက်ပါက ပင်လယ်ကြီး တစ်ခုအဖြစ်ကို ဖန်ဆင်းနိုင်သည့် ထူးခြားနက်နဲသည့် ရေအနွယ်ဝင် မိစ္ဆာစွမ်းအင်များစွာတို့ ပါဝင်နေသည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင် ထုတ်ယူလိုက်သည့် အကြေးခွံသည် စတင်၍ အပြာရောင် သန်းလာခဲ့သည်။ ရှေးဟောင်း မှော်သင်္ကေတများ တစ်တန်းပြီးမှတစ်တန်း လင်းလက်လာခဲ့၍ ဤရေစက်ပုံသဏ္ဍာန်ရှိ နဂါးအကြေးခွံထံသို့ ပေါင်းစည်းဝင်ရောက်သွားကြသည်။

လျှပ်စီး မှော်သင်္ကေတများသည်လည်း သူ၏
ကိုယ်အပေါ်တွင် ပေါ်ပေါက်လာခဲ့၍ အနီရောင်
နဂါးဘုရင်သည် သတိတကြီးနှင့်
စောင့်ကြပ်နေခဲ့သည်။

အချိန်ကြာလာသည်နှင့်အမျှ
နဂါးအကြေးခွံသည် စတင်၍
ကျယ်ပြန့်လာခဲ့ကာ ရောမ ရေပူပေါင်းနှင့်
တူလာခဲ့သည်။

ရေပူဖောင်း၏ မျက်နှာပြင် အပေါ်တွင်
အလင်းရောင်များ လင်းလက်လာခဲ့၍
ယင်ပင်လယ် အတွင်းမှ လေဟာနယ်
ပုံရိပ်ယောင် များစွာတို့နှင့် ဆက်သွယ်မှုများ

ဖန်ဆင်းနိုင်ခဲ့၏။ လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်၏ ထိန်းချုပ်မှုအောက်တွင် ဤရောမ
ရေပူဖောင်းသည် ပင်လယ်အတွင်းသို့
နက်ရှိုင်းစွာ ဝင်ရောက်သွားခဲ့သည်။

ရှေးဟောင်း မော်သကော်တများကို
ရွတ်ဆိုနေရင်း လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်သည် အပြာရောင်
သလင်းကျောက်များနှင့် ခတ်နှိပ်ထားသော
တိုကင် နှစ်ဆယ့်လေးခုတို့အား
ထုတ်ယူလိုက်ကာ သူတို့အား
ရေပူဖောင်းအနားတွင် အသေးစိတ်
နေရာချထားလိုက်သည်။

ပြီးတာနှင့် ပင်လယ်နဂါးအိုကြီးသည် သူ့လက်မှ
အကြေးခွံများကို ဖြတ်တောက်လိုက်သည်။
ဒဏ်ရာမှနေ၍ နဂါးသွေးပေါင်း
မြောက်မြားစွာတို့ ထွက်လာခဲ့၍
ပင်လယ်အတွင်းသို့ ကျရောက်သွားကာ
တိုကင်များ၏ စုပ်ယူခြင်းအား ခံလိုက်ရသည်။

ချက်ချင်းပင် လင်းလက်နေသော
တိုင်လုံးများသည် ကောင်းကင်ပေါ်သို့
ထိုးတက်လာကြ၏။ ထိုတိုင်လုံးများသည်
ရေပူဖောင်းအား အလယ်ဗဟိုတွင် ထားလိုက်၍
ရှုပ်ထွေးသော ပုံစံတစ်ခုအား
ဖော်ဆောင်လိုက်ကြသည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည် ကောင်းကင်ပေါ်သို့ မော့ကြည့်ပြီးမှ သူ၏အကြည့်ကို အောက်ပြန်ငုံ့လိုက်ကာ ပင်လယ်ပြင်အား စစ်ဆေးလိုက်သည်။ "အချိန်မကျသေးဘူး။ ငါက ဒီမှော်ကျိန်စာကို နောက်ထပ် လေးဆယ့်ငါး မိနစ်ကြာမှ အသက်သွင်းနိုင်လိမ့်မယ်"

"ဘာမှ မဖြစ်ပါဘူး။ ငါတို့က လေးဆယ့်ငါးမိနစ် စောင့်ကြတာပေါ့။ တကယ်လို့ လူသားတွေက ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်ဖို့ လေးဆယ့်ငါးမိနစ်ပဲ လိုခဲ့ကြရင်တော့ ဘယ်တတ်နိုင်ပါ့မလဲ" အနီရောင် နဂါးဘုရင်က ပြန်ပြောလိုက်သည်။ "ဒါပေမဲ့

ဒီအချိန်အတွင်းမှာ ငါတို့က ဒီတိုကင်တွေကို ငါတို့ရဲ့ သွေးအဆီအနှစ်တွေနဲ့ အားဖြည့်ပေးဖို့ လိုအပ်တယ်"

"ငါကမင်းကို ဒီနည်းစနစ်ကို အလကား လုပ်ခိုင်းတာ မဟုတ်ပါဘူး။ မင်းကို စောင့်ကြပ်ပေးမယ့်အပြင် ငါ့ရဲ့ သွေးအဆီအနှစ် အချို့ကိုလည်း ထည့်သွင်းပေးပါဦးမယ်။ မင်းက အချိန်ကျရင် ဒီနည်းစနစ်ကို ထုတ်လွှတ်နိုင်ဖို့ အားမွေးထားလိုက်ပါ"

အနီရောင် နဂါးဘုရင်သည် စကားပြောနေရင်း သူ၏ မျက်နှာ အမူအရာများသည်

ပြောင်းလဲသွားခဲ့သည်။ "အိုး၊
မကောင်းတော့ဘူး"

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည် သူ၏
နည်းစနစ်နှင့် အလုပ်ရှုပ်နေသဖြင့်
အနီရောင်နဂါး နောက်မှသာ
သဘောပေါက်နိုင်ခဲ့သည်။ သူတို့သည် အဝေးမှ
ကောင်းကင်ယံတွင် အက်ကွဲကြောင်းတစ်ခု
ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ခရမ်းရောင်
ဝတ်စုံကို ဝတ်ဆင်ထားသည့်
နေလောင်ထားသည့် အသားအရည်နှင့်
လူငယ်တစ်ယောက်သည် ခရမ်းရောင်
တိမ်တိုက်များအကြားမှ ပေါ်လာခဲ့၏။

"ဒါက အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရဲ့ ကိုယ်ပွားတွေ အထဲက တစ်ခုဖြစ်တယ်။ သူ့ရဲ့ ကျင့်ကြံမှု အဆင့်က အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်မှာသာ ရှိသေးပေမဲ့ အင်မော်တယ်ဝိညာဉ် အဆင့်က လူသားတစ်ယောက်လောက် အစွမ်းထက်ပြီး သူ့မှာ မှော်ရတနာ တစ်ခုထက်ပိုပြီး ရှိနေနိုင်တယ်" အနီရောင် နဂါးဘုရင်သည် လှိုင်းလုံး ပင်လယ်ဘုရင်က အလောတကြီး လုပ်ဆောင်မိမည်ကို စိုးရိမ်နေသဖြင့် ချက်ချင်း အသံလွှင့်ကာ ပြောလိုက်သည်။

"ငါတို့နှစ်ယောက် ပူးပေါင်းလိုက်ရင် သူ့ထက် စွမ်းအားပိုကြီးပေမဲ့ ဒီနည်းစနစ်ကိုတော့ အသက်သွင်းနိုင်တော့မယ် မထင်ဘူး"

လှိုင်းလုံးပင်လယ် နဂါး၏ နှုတ်ခမ်းသည် အနည်းငယ် တွန့်သွားခဲ့သည်။ သူသည် ယင်ပင်လယ် အတွင်းသို့ မရောက်လာခင်က သူ့ပြိုင်ဘက်အား လျှော့တွက်ကောင်း လျှော့တွက်လိမ့်မည် ဖြစ်သော်လည်း သူသည် လင်းဖုန်း၏ ကိုယ်ပွားတစ်ခု ဖြစ်သည်ကို သိပြီးသွားသောအခါ ဤကဲ့သို့ မတွက်ရဲတော့ပေ။ ရှောင်ယန်က ကျင်းဟွမ်အမတ်အား မည်ကဲ့သို့ သတ်ဖြတ်ခဲ့သည်ကို တွေ့ခဲ့ရအပြီးတွင် သူသည်

အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ
ရှိသေးသော သူများကို
အထင်သိပ်မသေးရဲခဲ့တော့ပေ။

သူတို့သည် အရှက်ရနေခဲ့သော်လည်း နဂါးဘုရင်
နှစ်ပါးစလုံးတို့သည် ဤနည်းစနစ်အား
ဆက်လက်၍ အသက်သွင်း မရတော့သည်ကို
သဘောပေါက်ခဲ့လိုက်ကြသည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
သူ၏ပါးစပ်အား ဟလိုက်ကာ ရေပူဖောင်းနှင့်
တိုကင်များကို ပြန်သိမ်းရန် ဟန်ပြင်လိုက်သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်၏ အပြုအမူအား
တွေ့လိုက်ရသောအခါ လင်းဖုန်းက
ပြုံးလိုက်၏။ သူ၏ညာလက်အား ခေးပုံစံဖြင့်
မြှောက်လိုက်ကာ လေအထဲသို့
ခုတ်ချလိုက်သည်။

ပင်လယ်အတွင်းမှ ရေပူဖောင်းနှင့်
တိုကင်တို့သည် သူတို့နေရာတွင်သာ
ဆက်ရှိနေကြ၍ လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်သည် သူတို့အား သိမ်းဆည်း၍ မရခဲ့ပေ။

ထိုအချိန်တွင် ကောင်းကင်၏
အခြားတစ်နေရာမှ တုန်ခါမှုတစ်ခု
ဖြစ်လာခဲ့သည်။ လင်းဖုန်း၏ အကြည့်သည်

အနည်းငယ် လင်းလက်သွားခဲ့၏။ မိုးကုတ်စက်ဝိုင်း၏ အစွန်းမှ ဟင်းလင်းပြင်သည် ထပ်ဖန်တစ်ခါ ပွင့်ဟသွားခဲ့၍ လေဟာနယ် အတွင်းမှ နောက်ထပ်ပုံရိပ်တစ်ခုက ထွက်လာခဲ့သည်။

## စာစဉ် ၄၁ : အပိုင်း ၁

## အပိုင်း ၇၇၁ : ကောင်းကင်လက်၊ သေးငယ်သော အလင်းစက်

လင်းဖုန်းသည် ကောင်းကင်၏ စည်းရိုးများကို အသုံးပြု၍ လှိုင်းလုံး ပင်လယ်နဂါးဘုရင်အား ရေပူဖောင်းနှင့် တိုကင်တို့ကို သိမ်းဆည်း၍

ထွက်ပြေးလွတ်မြောက်သွားမည်ကို
ကာကွယ်ခဲ့သည်။ ထိုအချိန်တွင်
မိုးကုတ်စက်ဝိုင်းတွင် အက်ကွဲကြောင်းတစ်ခု
ပေါ်လာခဲ့ကာ လူတစ်ယောက်က ဟင်းလင်းပြင်
အတွင်းမှ ထွက်လာခဲ့သည်။

သူသည် အစိမ်းရောင် ဝတ်စုံအား
ဝတ်ဆင်ထားသော အသက်ကြီးရင့်နေသည့်
လူကြီးတစ်ယောက် ဖြစ်၏။ သူ၏
ဆံပင်အားလုံးတို့မှာ ဖြူနေသော်လည်း
ကျန်းမာရေး ကောင်းနေသေးသည်။ သူ၏
အရေပြားတွင် တွန့်နေခြင်းများ မရှိပဲ
လူငယ်လေး တစ်ယောက်ကဲ့သို့
ချောမွေ့နေသည်။

ဤဆံပင်ဖြူနှင့် အဘိုးအိုသည်
အင်အားကြီးမားလှသည့် အော်ရာများကို
ပိုင်ဆိုင်ထား၏။ ဟင်းလင်းပြင် အတွင်းမှနေ၍
ရောက်လာသောအခါ သူ၏ တစ်ခုတည်းသော
ခန္ဓာကိုယ်သည် ကိုယ်ပိုင်ကမ္ဘာ တစ်ခုအား
ပိုင်ဆိုင်ထားသကဲ့သို့ ဖြစ်နေ၏။ သူသည်
သူ့ဘေးပတ်ဝန်းကျင်မှ လေဟာနယ်နှင့်
သီးသန့်ဖြစ်နေသည်ဟု ထင်နေရသော်လည်း
တစ်ချိန်တည်းတွင်ပင် လိုက်လျောညီထွေစွာ
သဟဇာတ ဖြစ်နေသည်ဟုလည်း ထင်နေရကာ
လူများကို ခွဲခြားရခက်သော ခံစားချက်မျိုးကို
ပေးစွမ်းနိုင်သည်။

ဤအဘိုးအို၏ မျက်လုံးများရှိ မျက်ကြည်လွှာမှနေ၍ တစ်ယောက်သည် ကျယ်ပြန့်လှသော စကြာဝဠာ တစ်ခုအား ရေးရေးလေး တွေ့နိုင်သည်။ သူ၏ မျက်ဝန်းအတွင်းတွင် လည်ပတ်နေသော ကောင်းကင်ကမ္ဘာသည် မဟာတာအို လမ်းစဥ်၏ ခက်ခဲနက်နဲသော သဘောတရားများကို ရောင်ပြန်ဟပ်နေသကဲ့သို့ ရှိ၏။

လင်းဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။ ထိုအဘိုးအိုအား အကဲခတ်လိုက်ပြီးမှာ သူသည် ခပ်ပေါ့ပေါ့သာ ပြောလိုက်သည်။ "ဆောင်တုန်းထျန်းလား"

သူ၏ စကားလုံးများသည် မေးခွန်းကဲ့သို့ ဖြစ်နေသော်လည်း လင်းဖုန်း၏ လေသံသည် သိပြီးသား အရာတစ်ခုအား ပြောနေသကဲ့သို့ သေချာနေ၏။

အဖြူရောင် ဆံပင်နှင့် အဘိုးအိုက ပြုံးလိုက်သည်။ "မင်္ဂလာပါ၊ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်။ ကျုပ်က ဆောင်တုန်းထျန်း ဖြစ်ပါတယ်"

မှန်ပေ၏။ သူသည် အရှေ့ကောင်းကင် တံခါးဂိုဏ်းအား စတင် တည်ထောင်ခဲ့သော

အင်မော်တယ် ဝိညာဥ် အဆင့်မှ
ခေါင်းဆောင်ဖြစ်သည်။ တစ်ချိန်တည်းတွင်
သူသည် ဆောင်ချင်းစန်း၏ ဖခင်ဖြစ်၍
ဆောင်ဟွားရန်၏ အဘိုးဖြစ်သည်။

ယင်ချန်စန်း၏ အဆိုအရဆိုလျှင်
ဆောင်တုန်းထျန်းသည် ကြာရှည်စွာ တံခါးပိတ်
လေ့ကျင့်မှု အပြီးတွင် သိပ်မကြာသေးခင်ကမှ
စင်စစ် ဖြစ်တည်မှု လမ်းစဥ်ကို ရရှိပြီးသွားပြီ
ဖြစ်၏။

ဤသတင်းသည် ယင်ချန်စန်းထံမှ ရရှိခဲ့သော
သတင်းများအနက် အရေးအကြီးဆုံး
သတင်းတစ်ခု ဖြစ်သည်။

အကယ်၍ ဆောင်တုန်းထျန်းသည် စင်စစ် ဖြစ်တည်မှု လမ်းစဥ်ကို ရောက်ရှိသွားပါက အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် ကောင်းကင်တံခါးဂိုဏ်းမှ ကျမ်းစာ အပြည့်အစုံကို မရခဲ့လျှင်ပင် အတော်များများကို ရရှိထားလိမ့်မည် ဖြစ်သည်။

အကယ်၍ ကျမ်းစာများက မပြည့်စုံခဲ့လျှင်ပင် ဆောင်တုန်းထျန်းသည် သူ၏ တံခါးပိတ် လေ့ကျင့်မှု အတွင်းတွင် စင်စစ် ဖြစ်တည်မှု လမ်းစဥ်ကို တက်လှမ်းနိုင်ရန် ကြီးမားသော ရှာဖွေတွေ့ရှိမှု တစ်ရပ်ကို ရရှိနိုင်ခဲ့မည် ဖြစ်သည်။ အကယ်၍ သူသာ ဆက်ရှိနေခဲ့လျှင်

အရှေ့ကောင်းကင် တံခါးဂိုဏ်းသည်
လျှင်မြန်စွာနှင့် တိုးတက်လာခဲ့မည် ဖြစ်၏။

သို့သော်လည်း လင်းဖုန်းသည်
ဆောင်တုန်းထျန်းသည်
ကောင်းကင်တံခါးဂိုဏ်း၏ လျှို့ဝှက်ကျမ်းစာ
ဖြစ်သော ကြီးမြတ်သော ကောင်းကင်ကျမ်းစာ
အပြည့်အစုံအား ရရှိခဲ့သလော ဟူသည်ကို
စိတ်ဝင်အစားဆုံး ဖြစ်သည်။

ဆောင်တုန်းထျန်း၏ သမီးဖြစ်သူသည်
လင်းဖုန်း၏ တပည့်ဖြစ်သော ဇူရီ၏
အနိုင်ယူမှုကို ခံခဲ့ရ၍ သူမ၏ ယန်ကောင်းကင်
မီးအိမ်ကလည်း အလုယူခံလိုက်ရသည်။

သူ၏တပည့်ဖြစ်သူ ယင်ချန်စန်းကလည်း အဖမ်းခံလိုက်ရ၍ သူ၏ ယူကောင်းကင် ဝတ်ရုံကလည်း အသိမ်းပိုက်ခံလိုက်ရ၏။ အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် စာရင်းရှင်းစရာများ ရှိနေသည်။

သို့သော်လည်း ဆောင်တုန်းထျန်းသည် လင်းဖုန်းအား အလောတကြီးနှင့် လက်စားမချေခဲ့ပေ။ သူ၏ မျက်နှာပေါ်တွင် ဒေါသ အရိပ်အယောင် တစ်စက်ကိုမှ မတွေ့ခဲ့ရပေ။

လင်းဖုန်းအား နှုတ်ဆက်ပြီးသည်နှင့် သူသည် တိုက်ရိုက်ပင် အနီရောင် နဂါးဘုရင်နှင့် လှိုင်းလုံး ပင်လယ်နဂါး ဘုရင်တို့အား ကုတ်ဆွဲလိုက်၏။

အနီရောင် နဂါးဘုရင်နှင့် လှိုင်းလုံးပင်လယ် ဘုရင်တို့သည် ရေပူဖောင်းနှင့် တိုကင်တို့အား ဂရုမစိုက်နိုင်တော့ပဲ အလောတကြီးဖြင့် ထွက်ပြေးလွတ်မြောက်နိုင်ရန် ကြိုးစားလိုက်သည်။ ဆောင်တုန်းထျန်း၏ လက်ဝါးသည် ဆန့်တန်းလာခဲ့ကာ ကျယ်ပြန့်လှသော ပင်လယ်ကြီးကို လွှမ်းခြုံသွားသည်ဟု ထင်နေရသည်။ နဂါးဘုရင် နှစ်ပါးတို့သည် မည်မျှပင်

ကြိုးစားခဲ့သောလည်း သူ၏လက်ဝါးထဲမှ
မလွတ်မြောက်နိုင်ခဲ့ပေ။

ဤအကွက်သည် ဘာမှ ထူးခြားနေသည်ဟု
မထင်ရသော်လည်း အမှန်တကယ်တွင် သူသည်
ကောင်းကင်တံခါးဂိုဏ်း၏ လျှို့ဝှက်နည်းစနစ်
တစ်ခုဖြစ်သည့် ကောင်းကင်လက်ဝါးပင် ဖြစ်၏။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
ပင်လယ်အောက်သို့ နက်ရှိုင်းစွာ ငုပ်လျှိုးသွား၍
သူ၏ ထူးခြားသော ပါရမီကို အသုံးပြု၍
ပင်လယ်ရေ အမြောက်အမြားတို့အား
အသုံးပြုကာ ဆောင်တုန်းထျန်း၏ ကုတ်ဆွဲမှုကို
ကာကွယ်ရန် ကြိုးစားလိုက်သည်။

သို့သော်လည်း ဆောင်တုန်းထျန်း၏
လက်ဝါးအလယ်တွင် အလင်းရောင်ဘီးတစ်ခု
ရှိနေသကဲ့သို့ ဖြစ်နေခဲ့သည်။ ထိုဘီးက
လည်ပတ်လာသောအခါ သူသည်
ပင်လယ်ရေများကို ခြောက်ကပ်သွားအောင်
စုပ်ယူလိုက်ကာ လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်အား ဖမ်းဆီးနိုင်ခဲ့သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်သည်
မသေဝိညာဉ် ပထမအဆင့်မှ နဂါးတစ်ကောင်
ဖြစ်သော်လည်း သူသည် အင်မော်တယ် ဝိညာဉ်
တတိယ အဆင့်မှ ဆောင်တုန်းထျန်းနှင့်
ရင်ဆိုင်ခဲ့ရာတွင် ခုခံရန် အင်အားမဲ့နေခဲ့သည်။

အခြားတစ်ဘက်တွင် လင်းဖုန်းကလည်း
အကွက်တစ်ကွက် ထုတ်ခဲ့သည်။
ကောင်းကင်၏ စည်းရိုးများသည်
ကောင်းကင်ဖမ်းဆီးခြင်းသို့ ပြောင်းသွား၍
အနီရောင် နဂါးဘုရင်အား ဖမ်းချုပ်ခဲ့သည်။

ဆောင်တုန်းထျန်း၏ မျက်ခုံးများသည် ချက်ချင်း
မြင့်တက်သွားခဲ့၏။ သူ၏ မျက်နှာပေါ်တွင်
ပြုံးနေသကဲ့သို့ အမူအရာတစ်ခု ပေါ်လာခဲ့သည်။

သူသည် အင်မော်တယ် ဝိညာဉ် တတိယ
အဆင့်သို့ ယခုမှ ရောက်ခဲ့သဖြင့် ဟင်းလင်းပြင်

ဘုရားကျောင်းမှ ကောင်းဟန်နှင့် ရွှမ်းလင်သူတော်စင်တို့လောက် မသန့်မာပေ။ လင်းဖုန်း၏ စွမ်းအားများသည် ကောင်းဟန်နှင့် ရွှမ်းလင်သူတော်စင်တို့ထက်ပင် သာလွန်သဖြင့် သူသည် လင်းဖုန်းနှင့် တိုက်ခိုက်လျှင် ရှုံးနိမ့်မည် ဖြစ်သည်။

သူဆိုလိုနေသော လင်းဖုန်းသည် လင်းဖုန်း၏ မူလခန္ဓာကိုယ် ဖြစ်၏။ သူ၏အရှေ့မှ အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်တွင်သာ ရှိနေသည့် ကိုယ်ပွားမဟုတ်ချေ။

ဆောင်တုန်းထျန်းသည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည်

အလွန်အစွမ်းထက်၍ အင်မော်တယ် ဝိညာဉ်
ပထမ အဆင့်မှ ကျင့်ကြံသူကိုပင်
အနိုင်ယူနိုင်မှန်း သိနေသော်လည်း
ထိုစွမ်းအားများသည် သူ့ကို စိန်ခေါ်နိုင်ရန်တော့
မလုံလောက်ပေ။

ဤကိုယ်ပွားသည် လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်ထက် ရင်ဆိုင်ရန် ခက်ခဲမည်
ဖြစ်သော်လည်း ရလဒ်များမှာမူ ပြောင်းလဲမည်
မဟုတ်ချေ။

အကယ်၍ လင်းဖုန်းသည် သူ့ကိုယ်သူ
အရှက်အခွဲခံချင်နေပါက

ဆောင်တုန်းထျန်းကလည်း ပျော်ရွှင်စွာနှင့် လိုက်လျောပေးမည် ဖြစ်၏။

ဆောင်တုန်းထျန်းသည် လက်တစ်ဘက်ဖြင့် လှိုင်းလုံး ပင်လယ် နဂါးဘုရင်အား ဖမ်းဆီးလိုက်သည်။ ပြီးတာနှင့် သူသည် အနက်ရောင် နယ်နိမိတ် ကျိန်စာဖြင့် ကမ္ဘာငယ် တစ်ခုအား ဖန်ဆင်းလိုက်ကာ လှိုင်းလုံး ပင်လယ်နဂါး ဘုရင်အား အတွင်းတွင် ထည့်သွင်းလိုက်သည်။

ပြီးတာနှင့် သူ၏အခြား လက်တစ်ဘက်ဖြင့် အနီရောင် နဂါးဘုရင်အား ကုတ်ဆွဲလိုက်သည်။

လင်းဖုန်း၏ အမူအရာသည် တည်ငြိမ်နေဆဲသာ ဖြစ်၏။ ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများသည် သူ၏ မျက်လုံးများမှ ပျံ့သန်းထွက်ပေါ်လာကြသည်။ မှော်သင်္ကေတ တစ်ခုစီမှာ အဖြူနှင့်အနက်ရောင်များ ရှိကြသည်။ သူတို့သည် အချင်းချင်း ပေါင်းစည်းသွားကြ၍ မြူမှုန်လေး တစ်ခုနှင့်တူနေသည့် မထင်ရှားသော သေးငယ်သည့် အလင်းတန်း စက်လုံးလေး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဆောင်တုန်းထျန်း၏ မျက်ဝန်းများသည် သတိကြီးစွာဖြင့် ကျဉ်းမြောင်းသွားခဲ့၏။

"ဒီအကွက်က ဒီကိုယ်ပွားကနေ လုပ်ခဲ့တာမဟုတ်ဘူး။ သူက လင်းဖုန်းရဲ့ မူလခန္ဓာကိုယ်ကနေ အစပြုလာခဲ့တာ"

"ဒါက မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် မဟုတ်သလို့ မှော်ရတနာနဲ့ အဆောင်လက်ဖွဲ့ တစ်ခု မဟုတ်ဘူး။ ဒါပေမဲ့ သူက ရုပ်ခန္ဓာကိုယ် ပုံစံကို ပိုင်ဆိုင်ထားပြီး အချိန်အကြာကြီး သိမ်းထားလို့ရတယ်"

ဆောင်တုန်းထျန်းသည် ဤအကွက်၏ အသေးစိတ် အချက်အလက်များကို လေ့လာနေရင်း ပို၍ပို၍ ပဟေဠိ ဖြစ်လာခဲ့သည်။ "ငါက သူ့အရင်က

ဒီမှော်ကျိန်စာကို ထုတ်လွှတ်တာ တစ်ခါမှ
မတွေ့ဖူးဘူး"

ဆောင်တုန်းထျန်းသည် အနီရောင်
နဂါးဘုရင်အား ဖမ်းဆီးရန် အသုံးပြုလိုက်သော
လက်သည် ကောင်းကင်တမျှ ကြီးမားပေသည်။

သူနှင့် နှိုင်းယှဉ်ရလျှင် လင်းဖုန်း၏
မှော်သင်္ကေတများဖြင့် ဖန်ဆင်းထားသော
စက်လုံးလေးသည် မြူမှုန်တစ်မှုန့်ကဲ့သို့
အလွန်အမင်း သေးငယ်ပေသည်။

ကြီးမားခြင်းနှင့် သေးငယ်ခြင်းကို
ထိပ်တိုက်တွေ့လိုက်ကြသောအခါ လင်းဖုန်း၏
အလင်းစက်လေးမှ တောက်ပသော
အလင်းတန်းများဖြင့်
ပေါက်ကွဲထွက်လာခဲ့သည်။
မရေမတွက်နိုင်သော လင်းလက်နေသည့်
မှော်သင်္ကေတများသည် ကောင်းကင်ပေါ်တွင်
ပျံ့နှံ့နေခဲ့၍ ကျယ်ပြန့်လှသည့် နေရာတစ်ခုအား
လွှမ်းခြုံထားခဲ့ကာ ယင်ပင်လယ်၏ အပေါ်မှ
ကောင်းကင်အား အဖြူနှင့်အနက် အလင်းတန်း
ပင်လယ်တစ်ခုအဖြစ်သို့
ပြောင်းလဲပေးလိုက်သည်။

ဤပြင်းထန်သော တွေ့ဆုံမှုသည်
ဆောင်တုန်းထျန်း၏ လက်အား ရပ်တန့်စေခဲ့၍
အနီရောင် နဂါးဘုရင်အား လျှင်မြန်စွာနှင့်
လွှမ်းခြုံသွားခဲ့ကာ မြူမှုန်လေး တစ်ခုအဖြစ်သို့
ပြန်ပြောင်းသွားခဲ့ပြီး လင်းဖုန်း၏
လက်အတွင်းသို့ ပြန်လည်
ရောက်ရှိသွားခဲ့သည်။

လင်းဖုန်းသည် ဆောင်တုန်းထျန်းအား
တည်ငြိမ်စွာဖြင့် ကြည့်လိုက်ကာ
ပြောလိုက်သည်။ "ဂရန်းမာစတာဆောင်ကို
ကျေးဇူးတင်ပါတယ်"

ဆောင်တုန်းထျန်းသည် လင်းဖုန်းအား အသေအချာ ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ဂရန်းမာစတာလင်းက တကယ့်ကို ထူးချွန်တဲ့ ကျင့်ကြံသူတစ်ယောက် ဖြစ်တယ်။ ကျုပ်က လေးစားပါတယ်"

အကယ်၍ ဤအလင်းစက်လေးသည် လင်းဖုန်းရှိသမျှ အကုန်ဆိုလျှင် ဆောင်တုန်းထျန်းသည် ဂရုသိပ်စိုက်နေမည် မဟုတ်ချေ။ ထိုအလင်းစက်မှလွဲ၍ သူသည် သံမဏိသစ်ပင် ကိုယ်ပွား၏ ကျန်သော အကွက်များအားလုံးကို အရေးပါသည်ဟု မမြင်ပေ။ ထိုအလင်းစက်သည် ဤတစ်ခေါက်တွင် သူ့အား

အလစ်အငိုက်မိသွားစေခဲ့သော်လည်း သူသည် ယခုကဲ့သို့ အမှားမျိုးကို ဆက်မှားတော့မည် မဟုတ်ချေ။

သို့သော်လည်း လင်းဖုန်းသည် သူ၏ ပါးနပ်သော အကွက်များကြောင့် နာမည်ကြီးသူ ဖြစ်၏။ လင်းဖုန်းက မည်သို့ ကြံစည်နေသည်ကို အတိအကျ မသိပဲ ဆောင်တုန်းထျန်းက အခြားသူများ အရှေ့မှ ခေးစာခံ အဖြစ်ခံမည် မဟုတ်ချေ။ ထို့အပြင် သူသည် ယင်ပင်လယ်သို့ လာခဲ့ခြင်းမှာ ကျိုးကေရာဇ်အား ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်နိုင်ရန် ကူညီဖို့ ဖြစ်သည်။ အခြားအရာများသည် စောင့်နိုင်သေး၏။

ဆောင်တုန်းထျန်းသည် ကွဲပြားခြားနားသော အချိန်များတွင် ပိုမိုအရေးပါသည်ကို ခွဲခြား၍ သိနိုင်သည်။

ထို့ကြောင့် လင်းဖုန်းသည် သူ့အကွက်အား တန်ပြန်ပြီးသွားခဲ့သောအခါ ဆောင်တုန်းထျန်းသည် အခြားအကွက်များကို မလုပ်တော့ပဲ လှိုင်းလုံး ပင်လယ်နဂါး ဘုရင်ကိုသာလျှင် ဖမ်းချုပ်ထားခဲ့သည်။

လင်းဖုန်းနှင့် ဆောင်တုန်းထျန်းတို့ နှစ်ယောက်စလုံးတို့သည် ထိုနဂါးနှစ်ကောင်တို့

အစောပိုင်းက ပင်လယ်အောက်တွင်
တည်ဆောက်ထားသော ဝင်္ကပါအား
မနှောင့်ယှက်မိစေရန် သတိထားနေကြသည်။

ဆောင်တုန်းထျန်းသည် အနက်ရောင်
နယ်နိမိတ် ကျိန်စာဖြင့် ဖန်တီးထားသော
ကမ္ဘာငယ်အား တည်ငြိမ်စွာဖြင့်
ထိန်းချုပ်နေခဲ့ကာ အတွင်းတွင်
ချုပ်နှောင်ထားသော လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်အား သူ၏နဂါးသွေးများဖြင့်
ပင်လယ်အတွင်းကို အားဖြည့်ပေးနေခဲ့သည်။
လှိုင်းလုံး ပင်လယ်နဂါး ဘုရင်ကလည်း
ဘာမှမတတ်နိုင်ပဲ သူ၏ သွေးအဆီအနှစ်များကို
ထုတ်ပေးနေခဲ့ရသည်။

လင်းဖုန်းနှင့် ဆောင်တုန်းထျန်းတို့သည်
အလင်းတန်းတိုင်လုံး နှစ်ဆယ့်လေးလုံးတို့ဖြင့်
ဖန်ဆင်းထားသော မှော်ဝင်ကျော်ပါ၏
တစ်ဘက်စီတွင် နေနေခဲ့ပြီး ထိုဝင်ကျော်ပါအား
တည်ငြိမ်စွာဖြင့် ကြည့်နေခဲ့သည်။

ထိုနေရာနှင့် အဝေးတွင် ရှိနေခဲ့သော
ယင်ကျိုးနတ်တောင်အပေါ်တွင် လင်းဖုန်း၏
မူလခန္ဓာကိုယ်၊ ချင်ကေရာ၇် ရှီယုနှင့်
ကျိုးကေရာ၇် လျှမ်ပန်းတို့ကလည်း နဂါးများနှင့်
ပတ်သတ်၍ ဘာမှ မဖြစ်ခဲ့သလို
နတ်တောင်ထံသို့သာ စိုက်ကြည့်နေကြသည်။

နတ်တောင်၏ ဗဟိုချက် နေရာတွင် ရှိသော လေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် တိုက်ပွဲများသည် ပို၍ ပြင်းထန်ကာ ရှုန်းရင်းဆန်ခတ် ဖြစ်နေကြသည်။

ဇူရီသည် သူ၏အနောက်မှ သွေးပင်လယ်အား တိတ်တိတ်ကလေး ချောင်းကြည့်လိုက်သည်။ သူ၏ မဟာနေမင်း သူတော်စင်၏ လက်ကျန်စိတ်ဝိညာဉ်ဖြင့် ဖန်ဆင်းထားသည့် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် လူသားပုံစံသို့ ပြောင်းလဲသွားခဲ့ပြီ ဖြစ်၏။ သူ၏ ခန္ဓာကိုယ်မှ မွေးညင်းပေါက် တစ်ပေါက်ချင်းစီမှ နူးညံ့သိမ်မွေ့သော ကြယ်စင်တစ်ခုစီ လေအပေါ်သို့ ထွက်လာခဲ့သည်။

ကမ်းမဲ့သွေးပင်လယ်၏ အပေါ်တွင် ရပ်နေရင်း
ကြယ်စင်အလင်းတန်း ဘီလူးကြီးသည် သူ၏
လက်သီးများကို ဝှေ့ယမ်းလိုက်ကာ
လေဟာနယ်အပေါ်သို့ ဝဲပျံသွားခဲ့၍
နဂါးတစ်ကောင်အလား နားကွဲလုမတတ်
ဟိန်းဟောက်လိုက်သည်။

ချက်ချင်းဆိုသလိုပင် စံအိမ် နှစ်ဆယ့်ရှစ်လုံး
နတ်လက်သီးမှ ဦးချိုသစ်သား မြွေနဂါး၏
အော်ရာသည် ထိုးတက်လာခဲ့၍
ငရဲအရိပ်သူတော်စင်၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်မှ ထုတ်ဖော်ထားသော
ကိုယ်ပွားတစ်ခုအား ဖျက်ဆီးလိုက်သည်။

တစ်ချိန်တည်းတွင်ပင် သူသည် ခြေလှမ်းတစ်ဘက်ဖြင့် ဟင်းလင်းပြင် အတွင်းသို့ ခိုင်မြဲစွာဖြင့် ခြေချလိုက်သည်။ တစ်ဦးတစ်ယောက်ကမှ သူ့အား ရွေ့လျား အောင် မလုပ်နိုင်ခဲ့ပေ။ ဒါသည် 'မြေကြီးအမြစ် တောကြောင်' အကွက်ဖြစ်သည်။

သူ၏ အခြားခြေထောက် တစ်ဘက်သည် 'လည်ပင်းရွှေရောင် နဂါး' အကွက်ဖြင့် ကမ်းမဲ့ သွေးပင်လယ် အနီးသို့ ကပ်လာသော ရွှေကျီးအား ပြင်းထန်စွာဖြင့် ကန်လိုက်သည်။

ဦးချိုစံအိမ်သည် သစ်သားအနွယ်ဝင် ဖြစ်၍ မြွေနဂါးတစ်ကောင်၏ ပုံစံအား ယူထားသည်။ ထို့ကြောင့် ဦးချိုသစ်သား မြွေနဂါးဟူသော အမည်ကို ရခြင်းဖြစ်သည်။ သူသည် အရှေ့ဘက်မှ အစိမ်းရောင် နဂါးဒေသ၏ ပထမစံအိမ်ဖြစ်သည်။ သူ့တွင် နဂါးတစ်ကောင်၏ ဦးချိုနှစ်ဘက်နှင့် ဆင်တူသော ကြယ်စင်နှစ်စင်း ပါရှိသည်။ နဂါးချိုသည် ခက်ထန်စွာ တိုက်ခိုက်ခြင်းအား ကိုယ်စားပြု၍ ဤအကွက်သည် စံအိမ်များ အားလုံးအတွင်းတွင် အသေစေနိုင်ဆုံး အကွက်ဖြစ်သည်။

အမြစ်စံအိမ်သည် မြေကြီးအနွယ်ဝင် ဖြစ်၍ တောင်ကြောင်တစ်ကောင်၏ ပုံစံနှင့် တူညီသည်။ ထို့ကြောင့် မြေကြီးအမြစ် တောကြောင်ဟူသော အမည်ကို ရခြင်းဖြစ်သည်။ သူသည် အရှေ့ဘက်မှ အစိမ်းရောင်နဂါး၏ တတိယစံအိမ်ဖြစ်သည်။ အမြစ်သည် တစ်ယောက်၏ အခြေခံအုတ်မြစ်များကို ကိုယ်စားပြုသည်။ သစ်ပင်တစ်ပင်၏ အမြစ်သည် သူ့အား မယိမ်းမယိုင်ဖြင့် ကြီးထွားလာနိုင်ရန် အထောက်အကူ ပြုသည်။

လည်ပင်းစံအိမ်သည် ရွှေအနွယ်ဝင် ဖြစ်၍ နဂါးတစ်ကောင်၏ ပုံစံအား ယူထားသည်။

ထို့ကြောင့် လည်ပင်းရွှေရောင် နဂါးဟူ၍ ခေါ်ခြင်းဖြစ်သည်။ သူသည် အရှေ့ဘက်မှ အစိမ်းရောင်နဂါး၏ ဒုတိယစံအိမ် ဖြစ်သည်။ နဂါးတစ်ကောင်၏ လည်ပင်းသည် နဂါးဦးချို၏ ကာကွယ်ခြင်းအား ခံထားရသည်။ လည်ပင်းမှ လှုပ်ရှားမှုတစ်ခုသည် ကျန်သော ခန္ဓာကိုယ် အစိတ်အပိုင်းများအား လျှင်မြန်စွာနှင့် လိုက်ပါလာစေခဲ့ကာ သွက်လက်သော တိုက်ခိုက်မှုကို ဖြစ်စေခဲ့သည်။

ဤခက်ထန်ကြမ်းတမ်းသော အကွက်သုံးကွက်တို့သည် အရိပ်နှင့် ရွှေကျီးတို့အား ဟန့်တားထားနိုင်ခဲ့ပြီး ကမ်းမဲ့ သွေးပင်လယ်အနီးသို့ မရောက်နိုင်ခဲ့ပေ။

ရှေ့ကျီးသည် စူးရှစွာနှင့် ဟစ်ကြွေးလိုက်သည်။ သူ၏ တစ်ကိုယ်လုံးမှ မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည် တပြိုင်နက် ပေါက်ကွဲထွက်လာခဲ့ပြီး မီးတောက်ဆူးများ အဖြစ်သို့ ပြောင်းသွားခဲ့ကာ ဇူရီအား တိုက်ခိုက်လိုက်သည်။

အကယ်၍ ထိုမဟာသူရိယ အကြွင်းမဲ့ မီးတောက်ဆူး တစ်ချောင်းသာ ဇူရီထံသို့ ဝင်ရောက်နိုင်ခဲ့လျှင် သူ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်တွင် အပေါက်တစ်ပေါက် ဖြစ်သွားမည် ဖြစ်သည်။

ဇူရီ၏ တိုက်ခိုက်မှုသည်လည်း ထိုနေရာတွင် မရပ်တန့်သွားခဲ့ပေ။ သူသည် 'မီးတောက်နှုတ်သီးမျောက်'၊ 'ကြယ်သုံးစင်း ရေပြင်လူဝံ'နှင့် 'ရေတွင်းသစ်သားကျား' ဟူသော အကွက်သုံးခုအား တစ်ကွက်ထဲ အဖြစ်သို့ ပေါင်းစည်းလိုက်ကာ သူ၏လက်နှစ်ဘက် စလုံးတို့အား ဆုတ်ညှစ်လိုက်သည်။ ဤအကွက်သည် သူ၏အရှေ့မှ ကျယ်ပြန့်သော လေဟာနယ် တစ်ခုလုံးအား အေးခဲသွားစေခဲ့ကာ သူ့ဆီသို့ ပြေးလာနေသော မဟာသူရိယ အကြွင်းမဲ့ မီးတောက်တို့အား ရှေ့ဆက်မတက်နိုင်အောင် ဖိနှိပ်ထားနိုင်ခဲ့သည်။

နှုတ်သီးစံအိမ်သည် မီးအနွယ်ဝင် ဖြစ်၍ မျောက်ပုံစံကို ယူထားသည်။ ထို့ကြောင့် မီးတောက်နှုတ်သီးမျောက် ဟူသောအမည်ကို ရခြင်းဖြစ်သည်။ သူသည် အနောက် အဖြူရောင်ကျား ဒေသမှ နံပါတ်ခြောက် စံအိမ်ဖြစ်ကာ ကျား၏ ပါးစပ်နေရာကို ယူထားသည်။ နှုတ်သီးသည် နိမိတ်ကောင်းသော သင်္ကေတ အနေနှင့် ရှိနေခြင်း ဖြစ်၏။ ထို့ကြောင့် စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏ ဤအကွက်သည် အသုံးပြုသူအား အန္တရာယ် ကျရောက်နိုင်သော အခြေအနေများမှ အကာအကွယ် ပေးထားခြင်း ဖြစ်သည်။

ရေတွင်းစံအိမ်သည် သစ်သားအနွယ်ဝင်
ဖြစ်ကာ ကျားတစ်ကောင်၏ ပုံစံအား
ယူထားသည်။ ထို့ကြောင့်
'သစ်သားရေတွင်းကျား'ဟူသော နာမည်ကို
ရခြင်းဖြစ်သည်။ သူသည် တောင်ပိုင်း
ဟသ်ာငှက်ဒေသ၏ ပထမစံအိမ်ဖြစ်သည်။
သူ၏ ကြယ်စင် အနေအထားများသည်
ပိုက်ကွန်တစ်ခု ပုံစံကို ဖန်ဆင်းထားခဲ့သည်။
ထို့ကြောင့် သစ်သားရေတွင်းကျားသည်
ပိုက်ကွန်အသွင်ကို ဖန်ဆင်းလိုက်သောအခါ
သူသည် အဆုံးမဲ့ အသူရာချောက်နှင့်
တူသွားခဲ့၍ ဖမ်းမိသော ရန်သူတိုင်းကို
ချုပ်နှောင်ထားနိုင်ခဲ့သည်။

ကြယ်သုံးစင်း စံအိမ်သည် ရေအနွယ်ဝင်
ဖြစ်ကာ လူဝံပုံစံအား ယူထားသည်။ ထို့ကြောင့်
ကြယ်သုံးစင်း ရေပြင်လူဝံဟူသော နာမည်ကို
ရခဲ့ခြင်း ဖြစ်သည်။ သူသည် အနောက်ဘက်
အဖြူရောင်ကျားဒေသ၏
နောက်ဆုံးစံအိမ်ဖြစ်ကာ ကျား၏
ရင်ဘတ်နေရာကို ဖော်ဆောင်ထားခြင်း
ဖြစ်သည်။ သူသည်အနောက်ဘက်မှ
နောက်ဆုံးစံအိမ်ဖြစ်၍ အလွန်ပင်
အရေးကြီးသော နေရာကို
တာဝန်ယူထားရသည်။ သူသည် ကံကောင်းခြင်း
သင်္ကေတ ဖြစ်လာ၍ သူ၏ အကွက်သည် စံအိမ်
နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး အတွင်းတွင်

လူသတ်အကွက် ဖြစ်ကာ တိုက်ပွဲ၏
ရလဒ်များကို ပြောင်းလဲနိုင်သည်။

ဇူရီသည် သူ၏လက်အတွင်းသို့
အင်အားများစွာတို့အား ထည့်သွင်းလိုက်ကာ
သူ့လက်ဝါး၏ အလယ်ဗဟိုမှ မယုံနိုင်စရာ
ဖိအားများသည် မဟာသူရိယ အကြွင်းမဲ့
မီးတောက် အပါအဝင် ဘေးပတ်ပတ်လည်မှ
လေဟာနယ်တို့အား ခြေမွနိုင်ခဲ့သည်။

သူ၏အနောက်တွင် ကမ်းမဲ့ သွေးပင်လယ်သည်
သူ၏ အစွမ်းများကို နှစ်ဆတိုးကာ
ကြယ်စင်တိမ်တိုက်၏ အလယ်မှ တံခါးအား
ဖွင့်လှစ်ရန် ကြိုးစားနေခဲ့သည်။

သွေးပင်လယ်သည့် တံခါးအပေါ်တွင်
ကြီးမားသော ဖိအားများကို ပေးနေခဲ့ရာ
နောက်ဆုံးတွင် ပွင့်လာတော့မည်ကဲ့သို့
ဖြစ်လာခဲ့သည်။

ဇူရီသည် သူ၏ညာလက်ကို မြှောက်လိုက်၏။
သူ့လက်သီး၏ အနားမှ ခက်ထန်သော
အော်ရာများသည် ဖြည်းဖြည်းချင်း
စစ်မှန်သည်ဟု ထင်နေရသော ပုံရိပ်ယောင်
အဖြစ်သို့ ပြောင်းသွား၍ မရေမတွက်နိုင်သော
ကြယ်စင်များက တောက်ပနေကြသည်။

ဝန်းခတ်ခြင်း သုံးမျိုး နတ်ဘုရား လက်ဝါး၊
ကောင်းကင်စျေး ဝန်းခတ်ခြင်း နတ်လက်ဝါး!

# စာစဉ် ၄၁ : အပိုင်း ၂

## အပိုင်း ၇၇၂ : ဟုတ်တယ်၊ မင်းပဲ

ဇူရီသည် ကောင်းကင်ဈေး ဝန်းခတ်ခြင်း
နတ်လက်ဝါးအား ထုတ်လွှတ်လိုက်သည်။
လက်ဝါးကို မထုတ်လွှတ်မီကပင်
သူ၏အတွင်းတွင် ရှိနေသော
ကြောက်မက်ဖွယ်ရာ ပေါက်ကွဲမှု
စွမ်းအားများသည် ပတ်ဝန်းကျင်မှ
ဟင်းလင်းပြင်အား ပြိုကွဲသွားစေခဲ့သည်။

ခဏအကြာတွင် စကြာဝဠာ ပုံရိပ်ယောင်
အတွင်းမှ လူအားလုံးတို့သည်
ချက်ချင်းဆိုသလိုပင် သူတို့ ပတ်ပတ်လည်မှ
ကြယ်စင်တိုင်းသည် တပြိုင်နက်တည်း ခေတ္တမျှ
မှေးမှိန်သွားသည်ဟု ခံစားခဲ့ရသည်။

ကြယ်စင်များသည် တောက်ပနေရာမှ
မှေးမှိန်သွား၍ မှေးမှိန်နေရာမှ ပြန်လည်
တောက်ပလာခဲ့သည်။ ဇူရီ၏
ကြယ်စင်အလင်းတန်းဖြင့် ဖန်ဆင်းထားသော
ဘီလူးကြီး၏ မွေးညင်းပေါင်း တစ်ခုတိုင်းသည်
ပွင့်လာခဲ့ကာ ထိုအချိန်တွင် သူသည် အဆုံးမဲ့
နဂါးငွေ့တန်းနှင့် ဆက်သွယ်သွားသည်ဟု
ထင်နေရသည်။

မရေမတွက်နိုင်သော ကြယ်များက
မွေးဖွားလာကြ၍ နောက်ဆုံးတွင်
သေဆုံးသွားကြကာ စကြာဝဠာကြီး၏
ရှေးအကျဆုံး ဥပဒေသများကို
ရွတ်ဆိုနေသကဲ့သို့ ဖြစ်နေကြ၏။

စကြာဝဠာက ပြောင်းလဲသွား၍ ကြယ်စင်များက
နေရာရွှေ့သွားကြသည်။

အရာအားလုံးတို့သည် မလွဲမသွေ
သန္ဓေတည်ခြင်း၊ မွေးဖွားခြင်း၊ ကြီးထွားခြင်း၊

အိုမင်းခြင်းနှင့် နောက်ဆုံးတွင်
ပျက်သုဥ်းခြင်းနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

စကြာဝဠာ အတွင်းမှ အသက်အရှည်ဆုံး
ဖြစ်တည်မှုများ ဖြစ်ကြသည့်
ကာလအစကတည်းက တည်ရှိနေကြသော
နဂါးငွေ့တန်း ကြယ်စင်များသည်ပင်လျှင်
ယင်းနိယာမကို မလွန်ဆန်နိုင်ကြပေ။ ကြယ်စင်
အစုအဝေးများသည် ရွေ့လျားသွားကာ
နဂါးငွေ့တန်းများက လွင့်မြောသွားနေရင်း
သူတို့သည် သေမင်းဖြစ်သော စကြာဝဠာ၏
နောက်ဆုံးပန်းတိုင်ထံသို့ ဦးတည်နေကြသည်။

ဇူရီ၏ စိတ်ဝိညာဉ်ဖြင့် ဖန်ဆင်းထားသော ကြီးမားသည့် ခန္ဓာကိုယ်သည် ရုတ်တရက် ရွေ့လျားလာခဲ့ပြီး ချက်ချင်းဆိုသလိုပင် အရှေ့သို့ ခြေသုံးလှမ်းတက်လိုက်သည်။

ပထမခြေလှမ်းနှင့် သူ၏ ခန္ဓာကိုယ်သည် ဘေးသို့ရွေ့သွားခဲ့ကာ မရေမတွက်နိုင်သော ပုံရိပ်များ အဖြစ်သို့ တပြိုင်နက် အရည်ပျော်သွားခဲ့ပြီး သန်းပေါင်းများစွာသော ကြယ်စင်များကဲ့သို့ အတူတကွ လင်းလက်နေကြ၏။

ဒုတိယခြေလှမ်းနှင့် သူတို့သည် လူနှစ်ဆယ့်ရှစ်ယောက်တို့၏ ပုံစံများသို့

ပြောင်းသွားခဲ့ကာ တစ်ယောက်ချင်းစီတိုင်းသည်
စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏
နေရာတစ်ခုစီကို ယူထားခဲ့၍
ကျယ်လောင်စွာဖြင့် ဟစ်ကြွေးလိုက်ကြသည်။

နောက်ဆုံးဖြစ်သော တတိယ ခြေလှမ်းနှင့် ပုံရိပ်
တစ်ခုချင်းစီတိုင်းတို့သည် အစကတည်းက
တစ်ခါမှ မပေါ်ပေါက်ဖူးခဲ့သကဲ့သို့ အတူတကွ
ကွယ်ပျောက်သွားခဲ့သည်။ ဇူရီကသာ
ကျန်နေခဲ့ပြီး အားကောင်းသည့်
အသွေးအသားများသည် မရေမတွက်နိုင်သော
ကြယ်များက တပြိုင်နက်တည်း
ပေါက်ကွဲသွားခဲ့သကဲ့သို့ ပြင်းထန်စွာနှင့်
ဆူပွက်လာခဲ့သည်။

ချန်ကေရာဇ်၏ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်၏
သေစေနိုင်သော သိုင်းကွက် -
ကြယ်စင်ရွှေ့ပြောင်းခြင်း နည်းစနစ်!

ထိုခြေလှမ်းသုံးလှမ်းဖြင့် စုစည်းထားသော
ကြယ်စင်အလင်းတန်းများဖြင့်
ဖွဲ့စည်းထားသည့် ဇူရီ၏ ခန္ဓာကိုယ် အတွင်းမှ
စွမ်းအားများသည် အဆုံးစွန်အထိ
တိုးတက်လာခဲ့ကာ သာမန်သာ ထိုးလိုက်သော
လက်သီးသည်ပင်လျှင် ကြယ်တစ်စင်းအား
ပေါက်ကွဲသွားစေနိုင်ခဲ့သည်။

ခြေအောက်မှစ၍ ခြေထောက်၊ ခါး၊ ကျောရိုးနှင့် ခေါင်းပေါ်သို့တိုင်အောင် လူတစ်ကိုယ်လုံးသည် ပြင်းထန်စွာနှင့် တုန်ခါလာခဲ့ကာ ချက်ချင်းပင် ကြယ်များက ဂယက်ရိုက်သွား၍ စကြာဝဠာက ယိမ်းယိုင်သွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

ခြေသုံးလှမ်း လှမ်းပြီးသွားသောအခါ ဇူရီ၏ ခန္ဓာကိုယ်သည် ကြယ်စင်တို့၏ နယ်မြေမှ ပျောက်ကွယ်သွားခဲ့သည်။ သူနောက်တစ်ခေါက် ပေါ်လာခဲ့သောအခါ သူ၏ တည်နေရာသည် ရွှေ့ပြောင်းသွားခဲ့ပြီ ဖြစ်၏။ သို့သော်လည်း သူသည် ရွှေကျီးနှင့် အနက်ရောင် ပုံရိပ်တို့အား တိုက်ခိုက်နေခြင်း မဟုတ်ပဲ ကမ်းမဲ့

သွေးပင်လယ်၏ အရှေ့တည့်တည့်သို့
တိုက်လိုက်လိုက်ခြင်း ဖြစ်သည်။

ယခုအချိန်တွင် ကြယ်စင်တိမ်တိုက်၏
အလယ်မှ တံခါးကို ထိန်းချုပ်ရန်
ကြိုးစားနေမှုတွင် ကမ်းမဲ့ သွေးပင်လယ်သည်
အရေးကြီးသော အချိန်သို့ ရောက်နေခဲ့ပြီ
ဖြစ်သည်။ သူ၏ စွမ်းအားသည်
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်တွင်
ရှိနေသော်လည်း စိတ်အာရုံ ပျံ့လွင့်နေပြီး
ကြယ်စင်ရွှေ့ပြောင်းခြင်း နည်းစနစ်ကဲ့သို့သော
ရောမ ပေါက်ကွဲမှု စွမ်းအားကို
ရင်ဆိုင်ခဲ့ရသောအခါ လှိုင်းထနေသော

သွေးပင်လယ် အတွင်းတွင် အပေါက်တစ်ခုက ချက်ချင်း ပေါက်သွားခဲ့သည်။

ဇူရီသည် သူ၏ညာလက်အား မြှောက်လိုက်သည်။ အစောကြီးကတည်းက အဆင့်သင့် ဖြစ်နေခဲ့သော ကောင်းကင်ဈေး ဝန်းခတ်ခြင်း နတ်လက်ဝါးသည် ကမ်းမဲ့သွေးပင်လယ်အား ဆက်လက်၍ ရိုက်ချခဲ့သည်။

"ငါဘယ်သူ ဆိုတာကို သိခဲ့ရင် အစ်ကိုကြီးရဲ့ ပင်ကိုစရိုက်နဲ့ဆိုရင် သူက အင်မော်တယ်ဝိညာဉ် ပထမ အဆင့်၊ ဒါမှမဟုတ် အခြေတည် ဝိညာဉ် အဆင့်က

ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
ရထားရင်တောင် သူက ဘာမှ တွေဝေနေမှာ
မဟုတ်ပဲ ရန်သူတွေကို
သူကတားဆီးထားပေးပြီး ငါ့ကို
တိမ်တိုက်ကြယ်စင်တွေရဲ့ အလယ်က တံခါးကို
ထိန်းချုပ်ဖို့ တာဝန်ပေးထားမှာ"

ဇူရီသည် လှိုင်းထန်နေသော ကမ်းမဲ့
သွေးပင်လယ်အား တိတ်တဆိတ်ဖြင့်
အေးဆေးတည်ငြိမ်စွာ စိုက်ကြည့်နေခဲ့သည်။
"ပြီးတော့ မင်းက အင်မော်တယ်ဝိညာဥ်
တတိယ အဆင့်က သွေးမြစ်မင်းသား
ဖြစ်တယ်"

"အစ်ကိုကြီးရဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က ဘာလဲဆိုတာကို မသိနိုင်ခဲ့ပေမဲ့ မင်းမဟုတ်ဘူး ဆိုတာကတော့ သေချာတယ်။ သေချာနေမှတော့ ဘာများ ပြောနေဖို့ လိုသေးလဲ။ ဟုတ်တယ်၊ မင်းကို ကောင်းကောင်း ရိုက်နှက်မယ်။ မင်းက မင်းအချိန်ရနိုင်အောင်လို့ ငါ့ကို ရန်သူတွေကို တားဆီးပေးစေနေချင်တယ်။ ဒါပေမဲ့ ငါကမင်းကို ကြယ်စင်တိမ်တိုက် အလယ်က တံခါးကို ထိန်းချုပ်မှု မပေးနိုင်ဘူး"

သူ၏ကိုယ်ပိုင် နည်းစနစ်များကို အသုံးပြု၍ မရသဖြင့် ဇူရီသည် သွေးမြစ်မင်းသားကို ထိန်းချုပ်ထားနိုင်သော ပြိုင်ဘက်အား

အနိုင်တိုက်ရန် မလွယ်ပေ။ ထို့ကြောင့် ဇူရီသည် သူ့အား ကြယ်စင်တိမ်တိုက် အလယ်မှ တံခါးအား ထိန်းချုပ်နိုင်ရန် အာရုံစိုက်ထားစေခဲ့ခြင်း ဖြစ်သည်။

ဇူရီ လှုပ်ရှားလိုက်သည့် အချိန်တွင်ပင် ငရဲအရိပ် သူတော်စင်၏ လက်ကျန် စိတ်ဝိညာဉ်ဖြင့် ဖန်ဆင်းထားသော ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် မင်ကဲ့သို့ မည်းနက်နေသည့် ရှေးဟောင်းကြေးမုံ အဖြစ်သို့ ပြောင်းသွားခဲ့သည်။

သို့သော်လည်း ထိုကြေးမုံ၏ အလင်းတန်းသည် ရှိနေသောသူများ၏ အပေါ်သို့

မကျရောက်သွားခဲ့ပဲ အဝေးတစ်နေရာမှ
ကြယ်စင်အလင်းတန်း ဘောလုံးတစ်ခု၏
အပေါ်သို့ ကျရောက်သွားခဲ့သည်။

ဒါသည် လက်ကျန်စိတ်ဝိညာဉ် မရှိသော
ကစဉ့်ကလျား ဖြစ်နေသည့်
ကြယ်စင်အလင်းတန်း ဘောလုံးတစ်လုံးသာ
ဖြစ်သည်။ သူသည် အဝေးမှနေ၍
ကြယ်စင်တိမ်တိုက်၏ အလယ်သို့
ပြေးဝင်လာနေခဲ့ခြင်း ဖြစ်သည်။
ကြယ်စင်အလင်းတန်း၏ ပတ်ပတ်လည်တွင်
နို့နှစ်ကဲ့သို့ ဖြူဖွေးနေသော မီးတောက်များ
ပေါက်ကွဲနေခဲ့ပြီး ဖီးနစ်တစ်ကောင်၏ ပုံကို
ဖန်ဆင်းထားခဲ့သည်။

ထိုနို့နှစ်ကဲ့သို့ ဖြူဖွေးနေသော မီးတောက်များမှာ
မဟာသုရိယ အကြွင်းမဲ့ မီးတောက်နှင့်အတူ
ဒက္ခာရီလာ အကြွင်းမဲ့မီးတောက်ခုနှစ်မျိုး
အနက်မှ သန့်စင်သောယန်
အကြွင်းမဲ့မီးတောက်မှ လွဲ၍ အခြားမဟုတ်ပေ။

ဤကြယ်စင်အလင်းတန်း ဘောလုံးသည်
ယင်ပင်လယ် အတွင်းတွင် သေဆုံးခဲ့သော ဖီးနစ်
မဟာပဏ္ဍိတ တစ်ပါး၏
လက်ကျန်စိတ်ဝိညာဉ်ဖြင့် ဖွဲ့စည်းထားခြင်း
ဖြစ်သည်။

ကြေးမုံထံမှ အလင်းတန်းသည်
သန့်စင်သောယန် အကြွင်းမဲ့မီးတောက်ဖြင့်
ဝန်းရံထားသည့် ကြယ်စင်အလင်းတန်း
အပေါ်သို့ ကျသွားခဲ့သည်။ မြူဆိုင်းနေသော
အဖြူရောင် အလင်းစက်များသည် မဟူရာ
ရေးဟောင်းကြေးမုံ အပေါ်တွင် ပေါ်လာခဲ့သည်။
ခဏအကြာတွင် သူသည်
မြောက်မြားလှစွာသော သန့်စင်သောယန်
အကြွင်းမဲ့မီးတောက်တို့အား အားသုံး၍
ယူဆောင်လိုက်သည်။

ရွှေရောင်ဝင်းနေသောကာ
မျက်စိကျိန်းလုမတတ် တောက်ပနေသော
မဟာသူရိယ အကြွင်းမဲ့ မီးတောက်သည်

အနက်ရောင် အရိပ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်၏ အရှေ့တွင် ပေါ်လာခဲ့သည်။

ထိုကြယ်စင်အလင်းတန်းသည် ဦးထုပ်ရှည်ကို ဆောင်းထားပြီး ရိုးရာဝတ်စုံကို ဝတ်ဆင်ထားသော ဝတ်စုံနက် တာအိုဆရာ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ခံစားမှု ကင်းမဲ့နေသော မျက်နှာဖြင့် ထိုတာအိုဆရာသည် မဟာသူရိယ အကြွင်းမဲ့ မီးတောက်နှင့် သန့်စင်သောယန် အကြွင်းမဲ့မီးတောက်တို့အား လက်နှစ်ဘက်ဖြင့် ကိုင်ဆောင်ထားကာ ချက်ချင်းပင် သူတို့နှစ်ခုအား ပူးကပ်လိုက်သည်။

ချက်ချင်းဆိုသလိုပင် အလွန်အမင်း
ကြောက်မက်ဖွယ်ရာ အော်ရာတစ်ခုသည်
ထိုအနက်ရောင် ဝတ်စုံနှင့် တာအိုဆရာထံမှ
ထွက်ပေါ်လာခဲ့၏။

ထိုမြင်ကွင်းအား မြင်လိုက်သောအခါ ဇူရီက
ချက်ချင်းပင် ပြုံးလိုက်သည်။

ငရဲအရိပ် သူတော်စင်၏
လက်ကျန်စိတ်ဝိညာဉ်ဖြင့် ဖန်ဆင်းထားသော
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ထိန်းချုပ်နေသောသူမှာ ရှောင်ယန်မှလွဲ၍
အခြားမဟုတ်ချေ။

အနက်ရောင် ဝတ်စုံနှင့် တာအိုဆရာ၏ မျက်နှာသည် ဟန်ပန်အမူအရာ လုံးဝ ကင်းမဲ့နေခဲ့သော်လည်း ရှောင်ယန်သည် သူ၏အရှေ့မှ ကမ်းမဲ့သွေးပင်လယ်အား စိုက်ကြည့်နေခဲ့ကာ အေးစက်စွာနှင့် ရယ်လိုက်သည်။

"မင်းနဲ့ ဟိုချန်ကေရာဇ်ရဲ့ ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်ကို လေ့ကျင့်ထားတဲ့ သူက တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဆိုတာကို သိသိမသိသိ မင်းတို့က အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြတယ်။ မင်းရဲ့ ကျင့်ကြံမှု အဆင့်က မြင့်မားပေမဲ့ မင်းရဲ့

အဖော်ကို ငါ့တို့ကို ဟန့်တားထားစေခဲ့ပြီး မင်းက ကြယ်စင်တိမ်တိုက်အလယ်က တံခါးကို အလောတကြီးနဲ့ သွားရောက်ထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့တယ်"

"ဒုတိယ ဂျူနီယာက နည်းဗျူဟာကျစွာ ဆောင်ရွက်တတ်တယ်။ သူက ဆုံးဖြတ်ချက် ပြတ်သားပြီး စိတ်ပုပ်ကောက်ကျစ်တတ်သူ မဟုတ်ဘူး။ သူက ရဲစွမ်းသတ္တိနဲ့လည်း ပြည့်စုံတယ်။ ငါတို့က တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဆိုတာကို သိထားကြရင်တောင် ဒီလို အခြေအနေမျိုးမှာ ငါတို့အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြရင် မတတ်နိုင်တဲ့ အခြေအနေကလွဲလို့ သူက

ငါနဲ့အတူ ရန်သူတွေကို တားဆီးပေးမှာ
ဖြစ်တယ်"

"ကျန်းအာက ဝင်မလာခဲ့ဘူး။ နံပါတ်ငါး
ဂျူနီယာ၊ နံပါတ်ခြောက် ဂျူနီယာ၊ ပိုင်ကွမ်း၊
ကွေနွားဘုရင်၊ စိတ်ဝိညာဉ် ရေနဂါးဘုရင် သူတို့
တစ်ယောက်ကမှ အင်မော်တယ်ဝိညာဉ်
တတိယ အဆင့်က ကိုယ်ပွားကို ဒီလိုမျိုး
လွယ်လွယ်ကူကူနဲ့ ထိန်းချုပ်နိုင်မှာ မဟုတ်ဘူး"

"ငါက မင်းဘယ်သူလဲ ဆိုတာကို သိဖို့မလိုဘူး။
ဒါပေမဲ့ မင်းက ဒုတိယ ဂျူနီယာ
မဟုတ်မှန်းကိုတော့ သိနေတယ်"

"ဒါဆိုရင်တော့ မင်းကို မတိုက်ခိုက်ရင်
ငါကဘယ်သူ့ကို အရင်တိုက်ခိုက်ရမှာလဲ"

ရှောင်ယန်၏ စိတ်ဝိညာဉ် ထိန်းချုပ်ထားသော
အနက်ရောင် ဝတ်စုံနှင့် တာအိုဆရာ၏
လက်များသည် အဆက်မပြတ်
လှုပ်ရှားနေခဲ့ကာ မရေမတွက်နိုင်သော
ထူးခြားဆန်းကြယ်သည့် ပုံသဏ္ဍာန်များ
ပေါ်ပေါက်လာခဲ့သည်။ ထိန်းချုပ်မှုအောက်မှ
လွတ်မြောက်တော့မည့် အကြွင်းမဲ့မီးတောက်
နှစ်ခုထံသို့ မရေမတွက်နိုင်သော
မှော်ကျိန်စာများ ဝင်ရောက်သွားကြ၏။

သို့သော်လည်း သူသည် ကောင်းကင်မီးတောက်
ကြာပန်းအား ဖန်ဆင်းရန် ပြင်ဆင်ခဲ့စဉ်တွင်
ရှောင်ယန်သည် သူ၏ စိတ်ဝိညာဉ်မှ
အဆက်မပြတ် တုန်ခါနေ၍ သူ့နှင့်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်တို့၏
အကြားမှ ဆက်သွယ်မှုက
ပြတ်တောက်လာခဲ့သည်ကို ခံစားလိုက်ရသည်။

လုံးဝကို သဟဇာတ မဖြစ်သည့် အရာနှစ်ခုကို
အတူတကွ ပေါင်းစည်းခဲ့လျှင် သူတို့သည်
အချင်းချင်း လိုက်လျောညီထွေ
မဖြစ်သည့်အပြင် တစ်ခုကိုတစ်ခု
တိုက်စားခဲ့မည် ဖြစ်သည်။

"ငါက ဒီတာအိုဆရာရဲ့ ကိုယ်ပိုင် နည်းစနစ်ကို အသုံးပြုပြီး မဟာသူရိယ အကြွင်းမဲ့ မီးတောက်နဲ့ သန့်စင်သောယန် အကြွင်းမဲ့မီးတောက်တို့ကို ဖန်တီးထားခဲ့တယ်။ ကောင်းကင်မီးတောက် ကြာပန်းကသာ ငါ့ရဲ့ကိုယ်ပိုင် မှော်ကျိန်စာ ဖြစ်တယ်။ ဒါတောင်မှပဲ တွန်းလှန်ခြင်းကို ခံစားခဲ့ရတယ်" ရှောင်ယန်သည် စိတ်မပျက်သွားခဲ့ပဲ တည်ငြိမ်လျှက်သာ ရှိသေး၏။ "ဒီပုံရိပ်ယောင်က အတော်ကို ပြဿနာပေးတာပဲ"

"ဒါပေမဲ့ ငါက ဒီတစ်ခေါက်မှာ ကောင်းကင်မီးတောက် ကြာပန်းကို

မအောင်မြင်လဲရတယ်" ရှောင်ယန်က
ရုတ်တရက်ပင် ရယ်ရမ်းသွေးလိုက်၏။ "ငါက
ယုကျင်းတောင်ပေါ်မှာ
အကြွင်းမဲ့မီးတောက်တွေကို
စတင်ပေါင်းစည်းတဲ့ နေရာမှာ မအောင်မြင်တဲ့
နေ့တုံးက ဂရုထားဖို့ လိုအပ်တယ်။ ဒါပေမဲ့
အခုအချိန်မှာ ဘာမှကြောက်ဖို့ မလိုဘူး"

တိတ်ဆိတ်စွာ ဟစ်ကြွေးသံနှင့်အတူ ရှောင်ယန်
ထိန်းချုပ်ထားသည့် အနက်ရောင် ဝတ်စုံနှင့်
တာအိုဆရာသည် တစ်ခုနှင့်တစ်ခု ပြင်းထန်စွာ
တွန်းတိုက်နေ၍ မပေါင်းစည်းသေးသည့်
အကြွင်းမဲ့မီးတောက် နှစ်မျိုးတို့ကို

သယ်ဆောင်သွားကာ ကမ်းမဲ့ သွေးပင်လယ် အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။

"သူတို့ကို မပေါင်းစည်းနိုင်တာက ငါကိုယ်တိုင်ကလည်း ဒီအကြွင်းမဲ့ မီးတောက်တွေကို ထိန်းချုပ်နိုင်စွမ်း မရှိတာကို ဆိုလိုနေခြင်း ဖြစ်တယ်။ တကယ်လို့ သူတို့က တကယ်ပဲ ပေါက်ကွဲသွားခဲ့ရင် သူတို့ရဲ့ ဖျက်ဆီးနိုင်စွမ်းက အပြည့်အဝ ဖန်ဆင်းထားတဲ့ ကောင်းကင်မီးတောက် ကြာပန်းနဲ့ သိပ်ကွာမှာ မဟုတ်ဘူး"

ကမ်းမဲ့ သွေးပင်လယ်ကလည်း ထိုအကြောင်းကို သိထားလေသည်။ ဇူရီကြောင့် အပြင်းအထန်

ဒဏ်ရာရရှိနေခဲ့သော်လည်း သူသည် လှိုင်းထနေသော အကြွင်းမဲ့ သွေးမြစ်ရေများကို အသုံးပြု၍ သူ့ထံသို့ ဝင်ရောက်လာသော တောက်လောင်နေသည့် မီးတောက်များကို ငြိမ်းသက်ရန် ကြိုးစားလိုက်သည်။

ရှောင်ယန်၏ အပြုအမူသည် ဇူရိက သူမည်သူမည်ဝါ ဖြစ်သည်ကို သိရှိစေသကဲ့သို့ အခြားသူများကလည်း သိရှိသွားနိုင်ခဲ့သည်။

ရှွေကျီးသည် ရုတ်တရက် ပြန်လှည့်လိုက်၍ ရှောင်ယန်အား တိုက်လိုက်လိုက်သည်။ သို့သော်လည်း ဤအချိန်တွင် သွေးပင်လယ်၏

တွန်းထုတ်ခြင်းကို ခံခဲ့ရသော ဇူရီက သူ့အား ထပ်ဖန်တစ်ခါ တားဆီးလိုက်ပြန်သည်။

ဤအရာကို မြင်လိုက်ရသောအခါ ရှောင်ယန်ကလည်း ပြုံးလိုက်၏။ "ဟားဟား၊ လက်စသတ်တော့ သူက ဒုတိယ ဂျူနီယာကိုး။ အရင်က တိုက်ပွဲက တိုက်လို့အရမ်းကောင်းတာ အဆန်းမဟုတ်ပါဘူး"

လှိုင်းထန်နေသော သွေးပင်လယ်အား ရင်ဆိုင်နေရင်း ရှောင်ယန်သည် ထိန်းချုပ်မှုအောက်မှ လွတ်လုနီးပါး ဖြစ်နေသော အကြွင်းမဲ့မီးတောက် နှစ်မျိုးတို့အား ဖောက်ခွဲလိုက်သည်။

ကမ္ဘာအတွင်းမှ အရာအားလုံးတို့ကို ညစ်ညမ်းစေနိုင်စွမ်းရှိသော အကြွင်းမဲ့ သွေးမြစ်ရေများပင်လျှင် ဤကဲ့သို့သော ပြင်းထန်လှသည့် ပေါက်ကွဲမှုကြောင့် ဖရိုဖရဲ ဖြစ်သွားခဲ့သည်။

ရှောင်ယန်၏ ကိုယ်ပိုင် စိတ်ဝိညာဉ်အား လက်ခံထားသည့် အနက်ရောင်အရိပ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည်လည်း အပြင်းအထန် ဒဏ်ရာရသွားခဲ့ကာ အရောင်မှေးမှိန်သွားခဲ့သည်။ သို့သော်လည်း သူသည် ပြင်ဆင်ထားပြီး ဖြစ်သဖြင့် အသက်အန္တရာယ်တော့ မရှိခဲ့ပေ။

သို့သော်လည်း သွေးပင်လယ်မှာမူ
သူ့ထက်ပင်ပို၍ အခြေအနေ ဆိုးနေသေး၏။
ချိုင့်ဝှမ်းကြီး တစ်ခုက
ချက်ချင်းဖြစ်ပေါ်လာခဲ့ကာ အကြွင်းမဲ့
သွေးမြစ်ရေ အမြောက်အမြားတို့က
အငွေ့ပျံသွားကြသည်။

ကမ်းမဲ့ သွေးပင်လယ်၏ မယုံနိုင်စရာ
ကောင်းလှသော ခံစစ်စွမ်းအင် သို့မဟုတ်
မီးတောက်နှစ်မျိုး ကြာပန်းမီးတောက်က
အပြည့်အဝ မဖန်ဆင်းနိုင်ခြင်းကြောင့်သာ
မဟုတ်လျှင် သွေးပင်လယ်ကြီးသည် လုံးဝ
ပျက်စီးသွားမည် ဖြစ်သည်။

သို့သော်လည်း သို့တိုင်အောင်
သွေးပင်လယ်သည် အတော်ကြီးကို
အားနည်းသွားသဖြင့် နဂိုက ပွင့်လုနီးပါး
ဖြစ်နေခဲ့သော ကြယ်စင်တိမ်တိုက်တို့၏
အလယ်မှ တံခါးသည် တဖြည်းဖြည်း ပြန်လည်
ပိတ်မည့်ပုံ ပေါက်လာခဲ့သည်။

ကျယ်ပြန့်လှသော အကြွင်းမဲ့
သွေးမြစ်ရေများသည် လျှင်မြန်စွာနှင့်
နောက်ပြန်ဆုတ်လာခဲ့ကြကာ
ကြယ်စင်အလင်းတန်း အနားတွင်
စီးဆင်းနေသော မမြင့်မြတ်သော သွေးမြစ်
အဖြစ်သို့ ပြန်ပြောင်းသွားကြသည်။

ဇူရီ၏ ယခင်မှ တိုက်ခိုက်မှုအား ခံနိုင်ရည်
ရှိသေးသော်လည်း ရှောင်ယန်က
ထပ်မံတိုက်ခိုက်ခဲ့သဖြင့် သူသည် ဒဏ်ရာ
အပြင်းအထန် ရရှိသွားခဲ့သည်။

ဤလူကလည်း ဆုံးဖြတ်ချက် ပြတ်သားသောသူ
ဖြစ်၏။ သူသည် ရှောင်ယန်၊ ဇူရီနှင့်
အခြားသူများအား အကျိုးဖြစ်စေခြင်းမှ
ကာကွယ်ရန် ကြယ်စင်တိမ်တိုက် အလယ်မှ
တံခါးအား ထိန်းချုပ်ရန် ကြိုးစားမှုကို ချက်ချင်း
စွန့်လွှတ်လိုက်ကာ သူ့ကိုယ်သူ
ပြန်လည်ထိန်းချုပ်က ဒဏ်ရာများကို
ကုစားလိုက်သည်။

သို့သော်လည်း ဤအချိန်တွင်ပင်
သက္ကတကျမ်းစာများ ရွတ်ဖတ်သံကို
ကြားခဲ့ရကာ တခုန်း ဇန်မာစတာက
နောက်ဆုံးတွင် ပေါ်လာခဲ့သည်။

ယခင်က သူသည် ဇူရီနှင့် သွေးမြစ်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်တို့၏
အတူတကွ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာ
အပြင်းအထန် ရသွားခဲ့သည်။
ယခုအချိန်တွင်လည်း သူသည် အလွန်အမင်း
အားနည်းနေခဲ့ကာ သွေးမြစ်
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ထက်ပင်
အခြေအနေ ဆိုးနေသေးသည်။

သို့သော်လည်း တခုန်း ဇန်မာစတာ တွေ့ရှိထားသော အခွင့်အရေးမှာ အလွန် ကောင်းမွန်လှသည်။ သွေးမြစ် ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် သူ့အတွက် လမ်းခင်းပေးထားခဲ့ပြီ ဖြစ်၏။ နောက်ဆုံးရိုက်ချက် တစ်ချက်သာ လိုတော့သည်။ ဘာမှ တွေဝေနေခြင်း မရှိပဲ တခုန်း ဇန်မာစတာသည် ရွှေရောင် ဗုဒ္ဓအလင်းတန်း ဘောလုံးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ ကြယ်စင်တိမ်တိုက်တို့၏ အလယ်မှ တံခါးထံသို့ ပြေးဝင်သွားခဲ့သည်။

"ဟွန့်!"

ကြယ်စင်အလင်းတန်းများသည် တိတ်ဆိတ်နေသော်လည်း ဆရာသမား လေးယောက်တို့ ဖြစ်ကြသည့် ရှောင်ယန်၊ ဇူရီ၊ သွေးမြစ်နှင့် ရွှေကျီးတို့သည် တပြိုင်နက်တည်း နှာမှုတ်လိုက်ကြသကဲ့သို့ တစ်ချိန်တည်းတွင် တုန်ခါသွားကြသည်။

"လူလည်ဘုန်းကြီး၊ မင်းကိုယ်မင်း ကောင်းကောင်း ပုန်းနေနိုင်တယ်လို့ ထင်နေတာလား။ မင်းက ဒီတံခါးကို ဖွင့်ဖို့အတွက် ယဇ်ကောင်အနေနဲ့ အသုံးအချခံလိုက်ရပြီ"

ခဏအကြာတွင် သူတို့လေးယောက်တို့သည်
တပြိုင်နက်တည်း လှုပ်ရှားခဲ့လိုက်ရာ သူတို့၏
အညှာအတာ ကင်းမဲ့သော
တိုက်ခိုက်မှုများတို့သည် တခုန်း ဇန်မာစတာနှင့်
ကြယ်စင်တိမ်တိုက်တို့၏ အလယ်မှ
တံခါးအပေါ်သို့ တပြိုင်နက်တည်း
ကျရောက်သွားကြသည်။

ဤပေါက်ကွဲနိုင်မှု စွမ်းအားတို့သည် တခုန်း
ဇန်မာစတာ၏ ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်အား တစ်ခါတည်း
ပြိုကွဲသွားစေခဲ့သည်။ မှော်စွမ်းအင်နှင့်
ကြယ်စင်အလင်းတန်းများတို့သည်
ပြင်းထန်သော လှိုင်းလုံးအဖြစ်သို့

ပြောင်းသွားခဲ့ကာ ကြယ်စင်တိမ်တိုက်
အလယ်မှ တံခါးအပေါ်သို့ ကျရောက်သွားခဲ့ပြီး
တံခါးကလည်း အပြည့်အဝ ပွင့်သွားခဲ့သည်။

တံခါးအတွင်းမှနေ၍ တောက်ပသော
အလင်းတန်းများ ထွက်လာခဲ့ကာ စကြာဝဠာ
ပုံရိပ်ယောင် တစ်ခုလုံးအား
လင်းလက်သွားစေခဲ့သည်။

ရှောင်ယန်၊ ဇူရီနှင့် ကျန်နှစ်ယောက်တို့ကလည်း
တံခါးအတွင်းသို့ အတူတကွ
ဝင်ရောက်သွားခဲ့ကြသည်။

ဇူရီ၏ မျက်လုံးများ အတွင်းတွင်
တောက်ပသော အလင်းရောင်များဖြင့်
လင်းလက်လာခဲ့သည်။ သူ၏ စိတ်ဝိညာဉ်အား
လက်ခံထားသော ကြယ်စင်အလင်းတန်း
ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားခဲ့၏။ သို့သော်လည်း သူ၏
စိတ်ဝိညာဉ်သည် ဒဏ်ရာမရခဲ့ပေ။
သူ၏မျက်လုံးအရှေ့မှ ကမ္ဘာကြီးက
လည်ပတ်သွားခဲ့ပြီး အရာအားလုံးတို့သည်
ရုတ်တရက် လင်းလက်သွားခဲ့၏။ သူသည် သူ၏
ကိုယ်ပိုင် ရုပ်ခန္ဓာကိုယ် အတွင်းသို့ ပြန်လည်
ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း သူ၏ စိတ်ဝိညာဉ်သည်
ခန္ဓာကိုယ် အတွင်းသို့ ပြန်ရောက်ပြီးသည်နှင့်
တပြိုင်နက် လီယွမ်ဖန်းနှင့် ကျန်သောသူများနှင့်
မဆက်သွယ်နိုင်ခင်တွင်ပင် သူ့မျက်လုံးများ၏
အရှေ့မှ မြင်ကွင်းများသည် ထပ်ဖန်တစ်ခါ
ပြောင်းလဲသွားခဲ့ကာ ဘယ်နေရာမှန်း မသိသော
နေရာတစ်ခုထံသို့ သယ်ယူပို့ဆောင်ခြင်း
ခံလိုက်ရ၏။

ဇူရီသည် သူ၏အာရုံများကို ပြန်လည်
ထိန်းချုပ်နိုင်သော အချိန်တွင်
သူတစ်ယောက်တည်းသာ ကျန်နေခဲ့သည်။
သူ၏အရှေ့မှာ ဘယ်နေရာကို
ဦးတည်နေသည်ကို မိုးနတ်မင်းကြီးမှပင်

သိမည်ဖြစ်သော အနက်ရောင်
လူသွားစင်္ကြံတစ်ခုကို တွေ့နိုင်ခဲ့သည်။

ယင်ကျိုးနတ်တောင်၏ ပြင်ပတွင် လင်းဖုန်း၊
လျှမ်ပန်းနှင့် ရှီယုတို့ သုံးယောက်သည်
အချင်းချင်း ရင်ဆိုင်လျက်သာ ရှိသေးသည်။
သူတို့သည် အတူတကွပင် ဇူရီနှင့်
ကျန်သုံးယောက်တို့သည် ကြယ်စင်တိမ်တိုက်
အလယ်မှ တံခါးအား ဖွင့်နိုင်ခဲ့ကာ
ပုံရိပ်ယောင်ကို ချိုးဖျက်နိုင်ခဲ့သည်ကို
မြင်တွေ့ခဲ့ရသည်။

တစ်ချိန်တည်းတွင်ပင် ရောမ
ယင်ကျိုးနတ်တောင် တစ်ခုလုံးသည်
တုန်ခါလာခဲ့သည်။

"နတ်တောင်ရဲ့ အဓိက ပုံရိပ်ယောင်က
အဖျက်ဆီးခံလိုက်ရပြီ။ နောက်တစ်ခေါက်မှာ
ဘယ်သူက နတ်တောင်ရဲ့ အသိအမှတ်
ပြုခြင်းကို ပထမဆုံး ခံရပြီး ထိန်းချုပ်နိုင်မလဲ
ဆိုတာကို စောင့်ကြည့်ရတော့မယ်" လင်းဖုန်း၏
မျက်လုံးများသည် အတန်ငယ်
ကျဉ်းမြောင်းသွားခဲ့သည်။

"ဒါက နတ်တောင် တစ်ခုလုံးရဲ့ လွှမ်းခြုံခြင်းကို
ခံထားရပြီး အသေအချာ မမြင်နိုင်ဘူး။

ကြည့်ရတာ အမတန်ကိုမှ
ထူးခြားပြောင်မြောက်တဲ့ ပစ္စည်းတစ်ခုက
တောင်အတွင်းမှာ ရှိနေခဲ့တယ်။ ဘာများ
ဖြစ်နိုင်ပါလိမ့်"

## စာစဥ် ၄၁ : အပိုင်း ၃

## အပိုင်း ၇၇၃ : ထာဝရ အလင်းတန်း
## ဗောဓိနှလုံးသား မီးအိမ်

လင်းဖုန်းသည် သူ့အောက်မှ
ယင်ကျိုးနတ်တောင်အား စိုက်ကြည့်နေခဲ့သည်။
ယခုအချိန်တွင် ယင်ကျိုးနတ်တောင်၏

ဘေးပတ်ပတ်လည်နှင့် တောင်အတွင်းမှ ပုံရိပ်ယောင် အလွှာများတို့သည် စတင် ပြိုကွဲလာကြပြီ ဖြစ်၏။

နတ်တောင်အား လွှမ်းခြုံထားသော အမည်မဲ့ ရှေးဟောင်းဝက်ပါကသာလျှင် ကျန်နေခဲ့ခြင်း ဖြစ်သည်။ ဒါသည် လင်းဖုန်းအား အနည်းငယ် စိုးရိမ်စေခဲ့သည်။ ပုံရိပ်ယောင်များ မရှိတော့လျှင် အမည်မဲ့ ရှေးဟောင်းဝက်ပါနှင့် ယင်ကျိုးနတ်တောင်တို့၏ အကြားမှ ပုံမမှန်စွာ နီးကပ်သော ဆက်ဆံမှုသည် ပေါ်လာတော့မည် ဖြစ်သည်။

ဒါသည့် လင်းဖုန်းနှင့် ကျန်သောသူများ
ထင်ထားသည်ထက် ပို၍ပင်နီးကပ်နေသေး၏။
နှစ်ဦးနှစ်ဘက်တို့ အကြားတွင်
အခြားတစ်ဘက်က အားနည်းသွားခဲ့လျှင်
တစ်ဘက်က အားဖြည့်ပေးခဲ့မည် ဖြစ်သည်။

သူတို့၏ ဆက်သွယ်မှုအား
ဖုံးကွယ်ထားခဲ့သော်လည်း လင်းဖုန်း၊ ရှီယုနှင့်
လျှမ်ပန်းတို့သည် သတိထားနေကြရသည်။

လေဟာနယ် အလွှာများ မရှိကြတော့သောအခါ
လင်းဖုန်းနှင့် ကျန်သောသူများတို့သည်
နတ်တောင်ပေါ်တွင် ရှိနေသော သူများအား
နောက်ဆုံးတွင် ဆက်သွယ်နိုင်ခဲ့ကြသည်။

"ဆရာ၊ ကျွန်တော်တို့က ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လူအားလုံးတို့ကို ခွဲခြားထားခဲ့တယ်"
ရှောင်ယန်က ခါးသီးစွာနှင့် ရယ်လိုက်ရင်း လင်းဖုန်းအား အခြေအနေကို တင်ပြလိုက်၏။
"ကျွန်တော်က ကြယ်စင်တိမ်တိုက် အလယ်က တံခါးအတွင်းကို ဝင်သွားခဲ့ အပြီးမှာ ကျွန်တော်ရရှိထားတဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က ပြိုကွဲသွားခဲ့တယ်။ ကျွန်တော့်ရဲ့ ကိုယ်ပိုင် စိတ်ဝိညာဉ်က ကျွန်တော့်ရဲ့ ခန္ဓာကိုယ် အတွင်းကို ပြန်ဝင်သွားခဲ့ပြီး ကျွန်တော် မသိတဲ့ နေရာတစ်ခုကို ရောက်သွားခဲ့တယ်။ ပြီးတော့ ကျွန်တော်က

ကျန်းအာနဲ့ နံပါတ်ငါး ဂျူနီယာတို့နဲ့လည်း အဆက်အသွယ် ပြတ်သွားခဲ့တယ်"

"ပုံရိပ်ယောင် အထဲမှာ ကျွန်တော်က ကောင်းကင်မီးတောက် ကြာပန်းကို အားသုံးပြီးတော့ ဆင့်ခေါ်ခဲ့တဲ့အတွက် ကျွန်တော့်ရဲ့ စိတ်ဝိညာဉ်က အနည်းငယ် ထိခိုက်သွားခဲ့တယ်။ ဒါပေမဲ့ ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

လင်းဖုန်းက ပြောလိုက်သည်။ "ကြည့်ရတာ မင်းနဲ့ ဇူရီတို့ကသာ နေရာရွှေ့သွားအပြီးမှာ ကွဲကွာသွားတာ ဖြစ်ရမယ်။ အခုပဲ ငါက ယန်ချင်နဲ့ ယွမ်ဖန်းတို့ကို

ဆက်သွယ်လိုက်တယ်။ သူတို့ရဲ့
နေရာတွေကလည်း အရွှေ့ပြောင်း
ခံလိုက်ရပေမဲ့ သူတို့က မကွဲကွာသွားကြဘူး"

"ဇူရီကလည်း ဘာမှမဖြစ်ဘူး။
ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်နိုင်ဖို့
နည်းလမ်းတစ်ခုကို ဆက်ပြီးတော့
ကြိုးစားရှာဖွေပါ။ ငါက မင်းတို့အားလုံးတို့ကို
အပြင်ကနေ စောင့်ကြပ်ထားပေးမယ်"

ရှောင်ယန်သည် သူ၏ခေါင်းအား
ညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ ဆရာသခင်"
သူ၏စကား ဆုံးသွားသောအခါ သူသည်

အရှေ့မှ မည်းနက်နေသော လူသွားစင်္ကြန်အား ကြည့်လိုက်၍ အရှေ့သို့ ဆက်သွားလိုက်သည်။

ဇူရီသည်လည်း လင်းဖုန်းနှင့် စကားပြော၍ ပြီးသွားသောအခါ ထိုစင်္ကြန်မှ ဆက်လျှောက်သွားခဲ့သည်။

လမ်းလျှောက်နေရင်း ဇူရီသည် သူ၏ ဘေးပတ်ပတ်လည်မှ လှုပ်ရှားမှုများကို သတိပြုမိလိုက်သည်။ ယင်ကျိုးနတ်တောင် တစ်ခုလုံးအား ဖုံးလွှမ်းထားသော လေဟာနယ် ပုံရိပ်ယောင်များက ကွယ်ပျောက်သွားခဲ့ပြီ ဖြစ်ကြောင်းကို ခံစားလိုက်ရသည်။ ဇူရီက တွေးနေခဲ့၏။ "အလယ်ဗဟိုက လေဟာနယ်

ပုံရိပ်ယောင်က ပြိုကွဲသွားအပြီးမှာ တခြား ပုံရိပ်ယောင်တွေကလည်း ပျောက်ကွယ်သွားခဲ့တယ်။ ဒါပေမဲ့ သူတို့က အပြီးအပိုင် ကျိုးပျက်သွားပြီလို့ မဆိုလိုဘူး"

"တကယ်လို့ တစ်စုံတစ်ယောက်က ဒီနတ်တောင်ကို ထိန်းချုပ်နိုင်ခဲ့လို့ရှိရင်း သူက အလယ်ဗဟိုက လေဟာနယ် ပုံရိပ်ယောင်ကို ပြန်လည် တည်ဆောက်နိုင်လိမ့်မယ်။ အဲ့ဒီအချိန်ကျလို့ရှိရင် တခြား ပုံရိပ်ယောင်တွေက အသက်ပြန်ဝင်လာကြလိမ့်မယ်"

ယခုအချိန်တွင် ဇူရီသည် ရှောင်ယန်၊ ယန်ချင်၊ လီယွမ်ဖန်းနှင့် ကျန်သောသူများအား သူ၏ မှော်စွမ်းအင်ဖြင့် ဆက်သွယ်ခဲ့သည်။ သူတို့နှင့် စကားပြောပြီးနောက်တွင် သူသည် အခြေအနေ အကြမ်းဖျင်းကို နားလည်နိုင်ခဲ့သည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ သူများအနက် သူနှင့် ရှောင်ယန်တို့မှလွဲ၍ လေဟာနယ် ပုံရိပ်ယောင် အတွင်းသို့ ဝင်ခဲ့ကြသော သူများသည် ကြယ်စင်တိမ်တိုက်တို့၏ အလယ်မှ တံခါးထံသို့ မဝင်နိုင်ခဲ့ကြပေ။ သူတို့အနက်မှ အချို့သူများ၏ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်များသည် အခြားသူများ၏ ဖျက်ဆီးခြင်းကို ခံခဲ့ကြရ၏။

အကယ်၍ အပြင်အခွံသက်သက်သာ ကျိုးပျက်သွားခြင်း ဖြစ်ပါက သူတို့၏ စိတ်ဝိညာဉ်များတို့သည် ထိခိုက် ဒဏ်ရာရကြမည် မဟုတ်ချေ။ ထို့အစား သူတို့သည် လေဟာနယ် ပုံရိပ်ယောင်၏ ပြင်ပမှ သူတို့၏ ရုပ်ခန္ဓာကိုယ်များထံသို့သာ ပြန်လည် ရောက်ရှိလာကြမည် ဖြစ်၏။ သို့သော်လည်း သူတို့အနေနှင့် လေဟာနယ် ပုံရိပ်ယောင် အတွင်းသို့ ပြန်လည် ဝင်ရောက်နိုင်ကြတော့မည် မဟုတ်ချေ။

လေဟာနယ် ပုံရိပ်ယောင် အတွင်းတွင် အကယ်၍ ပြင်ပအခွံနှင့်အတူ စိတ်ဝိညာဉ်

များကပါ ဒဏ်ရာရသွားခဲ့ပါက သူတို့သည် ပုံရိပ်ယောင်၏ ပြင်ပသို့ ရောက်သွားခဲ့လျှင်ပင် ဒဏ်ရာများက ပါလာဦးမည် ဖြစ်သည်။

အလယ်ဗဟိုမှ ပုံရိပ်ယောင် လေဟာနယ်က ပြိုကွဲသွားအပြီးတွင် ဇူရီ၊ ရှောင်ယန်တို့အပြင် ကျန်သောသူများ၏ နေရာများကလည်း ရွှေ့ပြောင်းသွားခဲ့သည်။ ယခုအချိန်တွင် ယန်ချင်၊ ကွေ့နွားဘုရင်၊ ရှောင်ကျန်းအာနှင့် စိတ်ဝိညာဉ် ရေနဂါးဘုရင်တို့သည် လမ်းကြောင်းတစ်ခုပေါ်တွင် ရောက်နေပြီး လီယွမ်ဖန်း၊ ပိုင်ကွမ်းနှင့် ကျဲယုတို့သည် နောက်ထပ် လမ်းကြောင်း တစ်ခုအပေါ်တွင် ရောက်နေခဲ့သည်။ အုပ်စုတစ်စုစီ၏ အရှေ့တွင်

ရင်းနှီးကျွမ်းဝင်မှု မရှိသော စကြ်န်တစ်ခုစီ ရှိနေသည်။

ဇူရီသည် လေဟာနယ် အတွင်းသို့ ချိုးဖောက်ပြီး ထွက်သွားခဲ့ခြင်း မပြုခဲ့ပေ။ အဘယ်ကြောင့်ဆိုသော သူသည် ယင်ကျိုးနတ်တောင်နှင့် ယင်ပင်လယ်တို့၏ ကြီးမားသော ဖိအားသည် ရှိနေသေးကြောင်းကို ရေးရေးလေး ခံစားမိနေသောကြောင့် ဖြစ်သည်။ ထို့အပြင် လေဟာနယ် ပုံရိပ်ယောင်က ပျောက်ကွယ်သွား အပြီးတွင် ထိုဖိအားများက ပို၍ ကြီးမားလာခဲ့သည်။

အခြေအနေများက မသေချာနေစဉ်တွင်
အာရုံများကို ဆွဲဆောင်ခဲ့ပါက
သူကိုယ်တိုင်သည် နတ်တောင်နှင့်
ယင်ပင်လယ်တို့၏ ပစ်မှတ် ဖြစ်သွားနိုင်သည်။

"အိုး" သူလမ်းလျှောက်နေရင်းနှင့် ဇူရီ၏
အကြည့်သည် လင်းလက်သွားခဲ့ကာ
ရပ်တန့်ခဲ့လိုက်သည်။

စကြံ၏ အခြားတစ်ဘက်တွင်
အလွန်ဝေးကွာသော နေရာတစ်ခုမှ
တစ်စုံတစ်ယောက်သည် သူ့ထံသို့
လမ်းလျှောက်လာခဲ့သည်ဟု ဇူရီက
ကောင်းကောင်းကြီး ခံစားနေရသည်။

ဇူရီက ရပ်တန့်လိုက်သော အချိန်တွင်ပင်
အခြားဘက်မှ လူကလည်း ရပ်တန့်သွားခဲ့သည်။

သူတို့နှစ်ယောက်စလုံးတို့သည်
မည်းမှောင်နေသော စကြံန်အတွင်းတွင်
ဝေးကွာစွာ တည်ရှိနေကြသော်လည်း
တစ်ဘက်သား၏ တည်ရှိနေမှုကို
ကောင်းစွာခံစားခဲ့ကြရသည်။

ခေတ္တမျှ ငြိမ်သက်သွားအပြီးတွင် ဇူရီသည်
စတင် ရယ်မောလိုက်ကာ ရှေ့သို့
ဆက်လျှောက်သွားခဲ့သည်။

အခြားဘက်မှ သူကလည်း ခေတ္တမျှ စဥ်းစားခဲ့ အပြီးတွင် အရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

သူတို့ နှစ်ယောက်စလုံးတို့သည် နီးကပ်လာကြသောအခါ သူတို့သည် အချင်းချင်း မည်သူဖြစ်သည်ကို သိရှိသွားခဲ့ကြသည်။ ဇူရီသည် သူ၏ လက်ဝါးနှင့် လက်သီးတို့အား ဆုပ်လိုက်၍ ပြုံးလိုက်ကာ ပြောလိုက်သည်။ "ရှင်းယွမ် မင်းသမီး၊ ဒီလောက်အထိ စောစောကြီး တွေ့ရလိမ့်မယ်လို့ ထင်မထားခဲ့ဘူး"

ဤတံခါးအတွင်းသို့ ဝင်ရောက်ခဲ့ကြသူများ
အနက် သူနှင့် ရှောင်ယန်တို့အပြင် တခုန်း
ဇန်မာစတာလည်း ပါဝင်နေသည်။
သို့သော်လည်း သွေးမြစ်မင်းသားနှင့် ရွှေကျီး
မဟာပဏ္ဍိတတို့က မည်သူတို့ ဖြစ်သနည်း
ဟူသည်ကိုမူ မသိခဲ့ရပေ။

တစ်ဘက်မှသူသည် အဖော်တစ်ယောက်မှ
မပါပဲနှင့် ရောက်လာခဲ့သည်။ ကြည့်ရသည်မှာ
ထိုသူသည် သွေးမြစ်မင်းသား သို့မဟုတ် ရွှေကျီး
မဟာပဏ္ဍိတကို အသုံးပြု၍ ရောက်လာခဲ့သူ
ဖြစ်ရမည်။

အခြားတစ်ဘက်မှနေ၍ ရယ်သံတစ်ခုကို ကြားလိုက်ရသည်။ "အစောပိုင်းက ရဲဘော်ဇူကို အပြစ်လုပ်မိတာ ရှိရင် တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်မကို ခွင့်လွှတ်ပါ"

သိပ်မကြာမီတွင် အဝါရောင် ဝတ်စုံနှင့် မိန်းကလေး တစ်ယောက်သည် ဇူရီ၏ အရှေ့တွင် ပေါ်လာခဲ့သည်။ သူမသည် အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်တွင် ရှိနေ၏။ သူမသည် ပြုံးလိုက်ရင်း ဇူရီထံသို့ ဦးညွှတ်လိုက်သည်။ "ရဲဘော်ဇူ၊ ရှင်က တကယ်ကိုပဲ အင်အားကြီးလှပါတယ်။ ရှင်က မဟာနေမင်း သူတော်စင်ရဲ့ ဝန်းခတ်ခြင်းသုံးမျိုး

နတ်ဘုရား လက်ဝါးနဲ့ ကြယ်စင်ရွှေ့ပြောင်းခြင်း နည်းစနစ်ကို အသုံးပြုနိုင်ခဲ့တယ်"

ဇူရီက သူမအား အကဲခတ်လိုက်သည်။ "ကြည့်ရတာ ခင်ဗျားရဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က သွေးမြစ်မင်းသား ဖြစ်ရမယ်"

ရှီရှင်းယွမ်က သူမ၏ခေါင်းကို ညိတ်လိုက်ကာ ရိုးသားစွာနှင့် ဖြေကြားလိုက်၏။ "ရှင့်ရဲ့ စူးရှတဲ့ မျက်စိတွေကနေ ကျွန်မက ကွယ်ဝှက်လို့ မရပါဘူး။ ကျွန်မက ရှင်နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ အကြံရှိခဲ့ပေမဲ့ ရဲဘော်ရှောင်ကလည်း တံခါးဝကို ရောက်လာခဲ့တယ်။ အဲ့ဒီမှာ ရှင်နဲ့ အတူတကွ

ပူးပေါင်းဆောင်ရွက်မယ့်
မျှော်လင့်ချက်တွေကလည်း
ကုန်ဆုံးသွားခဲ့တာပဲ"

"ကျွန်မက မကောင်းတဲ့ ရည်ရွယ်ချက်တွေ
မရှိခဲ့ပေမဲ့ ရှင့်ကို လှည့်စားသလို
ဖြစ်သွားခဲ့တယ်။ တကယ်လို့ စော်ကားသလို
ဖြစ်သွားခဲ့ရင် ကျွန်မကို အပြစ်မတင်ဖို့
တောင်းပန်ပါတယ်"

ဇူရီက ပြန်ဖြေလိုက်သည်။ "ကျုပ်က ဘာမှ
မဖြစ်ပါဘူး။ ဒါပေမဲ့ အခုအချိန်မှာ
ကျုပ်တို့နှစ်ယောက် တွေ့ခဲ့ကြတော့ ခင်ဗျားရဲ့
အစီအစဥ်တွေက ဘယ်လိုရှိသလဲ"

ရှီရှင်းယွမ်က ရယ်လိုက်သည်။ "ရှင်က ဒီလိုပြောတယ်ဆိုတော့ ကျွန်မတို့ရဲ့ အရင်ကလိုမျိုး ပူးပေါင်းဆောင်ရွက်လို့ ရသေးတယ်။ နောက်ဆုံးမှာ နတ်တောင်က ဘယ်သူ့ဆီကို ရောက်သွားမလဲဆိုတာကို ဆုံးဖြတ်တဲ့ အချိန်အထိပေါ့"

သူတို့နှစ်ယောက်သားတို့သည် အကွာအဝေး အတန်ငယ် ကွာဝေးနေကြသေး၏။ သို့သော်လည်း သူတို့ နှစ်ယောက်စလုံးတို့က သူတို့၏ အကြားတွင် လမ်းသုံးခွ ရှိနေသည်ကို ခံစားမိနေကြသည်။ သူတို့နှစ်ယောက် ရှိနေသော လမ်းကြောင်းနှစ်ခုအပြင်

အခြားအရပ်မျက်နှာ တစ်ခုသို့ ဦးတည်နေသော လမ်းကြောင်းတစ်ခု ရှိနေသေးသည်။

ရှီရှင်းယွမ်က ရယ်လိုက်သည်။ "အရင်က နတ်တောင်ရဲ့ လေဟာနယ် ပုံရိပ်ယောင် အတွင်းမှာ ကျွန်မက ဘယ်သူဘယ်ဝါ ဆိုတာကို ထုတ်ဖော်ပြောပြီး အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ အကြံရှိတယ်။ ဒါပေမဲ့ ဘယ်သူက သိမှာလဲ၊ ဒီလေဟာနယ် ပုံရိပ်ယောင်ကြောင့် ကျွန်မတို့အားလုံးတို့က ဘာကိုမှ မသိခဲ့ကြရဘူး"

"ဒါပေမဲ့ အခုအချိန်မှာ အတူတူ ဆုံတွေ့နေရပြီ ဆိုတော့ ကျွန်မတို့က ဘာလုပ်ရမလဲ ဆိုတာကို ဆွေးနွေးလို့ ရပြီ"

ဇူရီသည် သူ၏ မျက်လုံးများကို ပင့်လိုက်သော်လည်း အမူအရာများမှာ မပြောင်းလဲခဲ့ပေ။ "အိုး၊ ခင်ဗျားရဲ့ စကားတွေက နည်းနည်းလေး ထူးခြားနေသလိုပဲ။ ကျုပ်ထင်တာ မမှားရင် အားလုံးတို့က လေဟာနယ် ပုံရိပ်ယောင် အတွင်းကို မဝင်ခင် အရာအားလုံးကို ကြိုတင်စီစဉ်ခဲ့ပြီး ဖြစ်တယ်"

"လေဟာနယ် ပုံရိပ်ယောင် အတွင်းကို ဝင်ရမယ့် လူတွေကို ရွေးချယ်မှုအပြင်

ခင်ဗျားတို့ရဲ့ ရုပ်ခန္ဓာကိုယ်ကို ကာကွယ်ဖို့နဲ့ တကယ်လို့ အခြားတစ်ယောက်ယောက် ပေါ်လာခဲ့ရင် ဘာဆက်လုပ်မလဲ ဆိုတာကို စီစဉ်ခဲ့ပြီး ဖြစ်လိမ့်မယ်"

"မဟာကျိုး အင်ပါယာကနေ အင်မော်တယ်ဝိညာဉ် အဆင့်က အကြီးအကဲ နှစ်ယောက် ပါလာတယ်။ တစ်ယောက်က တခုန်း ဇန်မာစတာဖြစ်ပြီး ကျန်တစ်ယောက်က ဒီရေ ဓားအကြီးအကဲ ဖြစ်တယ်။ တခုန်း ဇန်မာစတာက ပုံရိပ်ယောင် လေဟာနယ် အတွင်းကို ဝင်ပြီး ဒီရေ ဓားအကြီးအကဲက တခုန်း ဇန်မာစတာရဲ့ ခန္ဓာကိုယ်ကို စောင့်ရှောက်နေလိမ့်မယ်"

"မဟာချင် အင်ပါယာကလည်း ဒီလိုမျိုး လုပ်မှာ အမှန်ပဲ။ ခင်ဗျားအပြင် ကျင်းဖန်မင်းသားနဲ့ ရှင်ပျော်ပျော် သူတော်စင်တို့အနက်က တစ်ယောက်ကသာ ဒီလေဟာနယ် ပုံရိပ်ယောင် အတွင်းကို ဝင်လာလိမ့်မယ်"

ဇူရိသည် သူ၏လက်များကို ကျောအနောက်တွင် ပစ်ထားခဲ့ပြီး ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။
"ကျုပ်အမြင်အရဆိုရင် ဝင်လာတဲ့သူက ကျင်းဖန်မင်းသား ဖြစ်လိမ့်မယ်။ ဟုတ်တယ်မလား"

သူသည် မေးခွန်းမေးနေသော်လည်း ရှိရှင်းယွင်ကို ပြန်ဖြေရန် မျှော်လင့်နေခြင်း မရှိပေ။ ထို့ကြောင့် သူက ဆက်ပြောလိုက်သည်။ "တကယ်လို့ တစ်ယောက်က သန်မာပေမဲ့ ပုံရိပ်ယောင် လေဟာနယ် အထဲမှာ ရရှိခဲ့တဲ့ ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်က အတူတူ သန်မာချင်မှ သန်မာလိမ့်မယ်။ ဒါပေမဲ့ ရွှေကျိုးကို ကြည့်ရတာ သူက အင်မော်တယ်ဝိညာဉ် အဆင့်က အကြီးအကဲ တစ်ယောက်ရဲ့ ထိန်းချုပ်မှု အောက်ကို ရောက်နေခဲ့မှ ဒီလိုမျိုး စွမ်းဆောင်ရည်တွေကို ပြုလုပ်နိုင်မှာ ဖြစ်တယ်"

"မဟာကျိုး အင်ပါယာ ဘက်မှာလည်း အခြေတည် ဝိညာဉ် အဆင့်မှာ ခင်ဗျားလို့မျိုး အစွမ်းထက်တဲ့သူ ရှိကောင်းရှိနိုင်ပေမဲ့ ကျုပ်က ဒီလိုမျိုး ဖြစ်နိုင်မယ်လို့ မထင်ဘူး။ ဒါကြောင့် ရွှေကျီး ကြယ်စင်အလင်းတန်း ခန္ဓာကိုယ် အတွင်းက စိတ်ဝိညာဉ်ဟာ ကျင်းဖန်မင်းသားပဲ ဖြစ်လိမ့်မယ်"

"ဒါကြောင့်မို့ ဒီတံခါးကို ဝင်လာတဲ့ အထဲမှာ ခင်ဗျားနဲ့ ကျုပ်အပြင် တခုန်း ဇန်မာစတာနဲ့ ကျုပ်စီနီယာ ရှောင်ယန်တို့ ရှိကြတယ်။ နောက်ဆုံးတစ်ယောက်ကတော့ ကျင်းဖန်မင်းသားပဲ ဖြစ်လိမ့်မယ်"

ဇူရီသည် ရှီရှင်းယွမ်အား ကြည့်လိုက်ကာ လေးနက်စွာနှင့် မေးလိုက်သည်။ "တကယ်လို့ ကျုပ်တို့ နှစ်ယောက်က အတူတကွ ပူးပေါင်းဆောင်ရွက်ကြရင် ဘယ်သူ့ကိုများ ရင်ဆိုင်ရပါ့မလဲ"

ရှီရှင်းယွမ်ကလည်း ဇူရီက ဤသို့ပြန်လည် ဖြေကြားလိမ့်မည်ကို မျှော်လင့်ထားသကဲ့သို့ ကြောင်အမ်းအမ်း ဖြစ်မသွားခဲ့ပေ။ သူမက ရယ်လိုက်၍သာ ပြန်ဖြေခဲ့သည်။ "တခုန်းရော ရောက်နေတယ်လို့ ရှင်အစောက မပြောထားဘူးလား။ ဒီပုံရိပ်ယောင် နယ်မြေက ထူးခြားဆန်းကြယ်ပြီး ခန့်မှန်းရခက်ခဲတယ်။ ဒါ့အပြင် သူက လျှို့ဝှက်ချက်တွေ အများကြီး

ရှိနေတဲ့သူ ဖြစ်တယ်။ သူ့ရဲ့
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်ကို
ကျွန်မတို့က လေးယောက်ပေါင်းပြီး
ဖျက်ဆီးခဲ့ပြီး သူ့ရဲ့ စိတ်ဝိညာဉ်ကိုလည်း
နောက်ထပ် ဒဏ်ရာရစေခဲ့ပေမဲ့ သူက
သေဦးမှာတော့ မဟုတ်ဘူး"

ဇူရီက ပြန်ဖြေလိုက်သည်။ "တကယ်လို့ သူက
မသေသေးပေမဲ့ သူရခဲ့တဲ့ ဒဏ်ရာတွေအရဆိုရင်
ကျုပ်တစ်ယောက်တည်းက သူ့ကို ကိုင်တွယ်ဖို့
လုံလောက်တယ်"

ရှီရှင်းယွမ်သည် ဇူရီအား ကြည့်လိုက်ကာ သူမ၏
မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။

သူမခေါင်းကို ခါလိုက်ကာ ပြောလိုက်၏။ "ကျွန်မက ရှင့်ကို အစောပိုင်းက အပြစ်လုပ်ထားမိတဲ့အတွက် ရှင်ကကျွန်မကို သတိထားနေတာ အပြစ်မတင်ပါဘူး"

"ဒါပေမဲ့ ရှင်က ဒီလိုမျိုး ဖြစ်နေစရာ မလိုပါဘူး။ ကျွန်မက နတ်တောင်ကို မလိုချင်ဘူးလို့ ပြောရင်လည်း ဟန်ဆောင်လွန်းရာ ကျသွားလိမ့်မယ်။ ဒါပေမဲ့ ကျွန်မက ကျွန်မရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို ကောင်းကောင်း နားလည်ထားတယ်လေ။ တကယ်လို့ ကျွန်မက နတ်တောင်ကို ကိုယ့်ဘာသာကိုယ် ရယူဖို့ ကြိုးစားရင် မျှော်လင့်ချက်တွေက အမတန်မှ နည်းပါးတယ်"

"ခြေတစ်လှမ်း ဆုတ်ပြီးမှ ပြောရရင် ကျွန်မက နတ်တောင်ပေါ်က တစ်စုံတစ်ခုကိုပဲ ရယူဖို့ စိတ်ဝင်စားတယ်။ ဒီအရာကို ရနိုင်ဖို့ ကျွန်မက ရှင့်ရဲ့ မှော်ရတနာ တစ်ခုဖြစ်တဲ့ ထာဝရည မိစ္ဆာကျောက်တိုင်ကို လိုအပ်နေတယ်"

ဇူရီက ပြန်လည် မဖြေကြားခဲ့ပဲ သူ၏စိတ်အတွင်းတွင် အတွေးများနှင့် ပြည့်သွားခဲ့သည်။ "သူမရဲ့ ကျင့်ကြံမှုအဆင့်က အခြေတည်ဝိညာဉ် အလယ်အလတ် အဆင့်ကို မကျော်လွန်သေးဘူး။ ဒါပေမဲ့ သူမက သွေးမြစ်မင်းသားရဲ့ စွမ်းအားတွေကို ဒီလောက် အခြေအနေအထိ အသုံးချနိုင်တယ်။ သာမန်

အင်မော်တယ် ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကတောင် ဒီလောက်အထိ ပြုလုပ်နိုင်မှာ မဟုတ်ဘူး"

"သူမမှာ လျှို့ဝှက်ချက် တစ်ရပ် ကြီးကြီးမားမား ရှိလိမ့်မယ်။ သူမရဲ့ စကားတွေအရဆိုရင် တစ်ခုခုကို သဲလွန်စပေးနေသလိုရှိပြီး တခြား အကြံအစည်တစ်ခု ရှိလိမ့်မယ်။ သူမက မဟာချင် အင်ပါယာရဲ့ မင်းသမီးသက်သက် မဟုတ်နိုင်ဘူး။ သူမက နဂါးဝိညာဉ်ကနေ မွေးဖွားလာတယ် ဆိုတာကို သိရအပြီးမှာ ဆရာနဲ့ ငါတို့က သူမရဲ့ နောက်ခံသမိုင်းကြောင်းကို သံသယ ဝင်နေခဲ့တယ်"

ရှီရှင်းယွမ်က ဆက်ပြောလိုက်သည်။ "ကျွန်မက ရှင့်ကို အလကား မခိုင်းပါဘူး။ တကယ်လို့ အခြေအနေတွေက ချောချောမွေ့မွေ့နဲ့ ပြီးဆုံးသွားလို့ရှိရင် ရှင်က ပွားစည်းခြင်း အဆင့်က မှော်ရတနာ တစ်ခုကို ရရှိပါမယ်"

ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် သူမက ဆက်ပြောလိုက်သည်။ "ဒီမှော်ရတနာက အကြီးအကျယ် ပျက်စီးသွားပြီး သန္ဓေလောင်း အဆင့်ကို ပြန်ကျကောင်း ကျသွားနိုင်တယ်။ တစ်ချိန်တည်းမှာပဲ သူ့ရဲ့ မူလစိတ်ဝိညာဉ်ကလည်း ပျက်စီးကောင်း ပျက်စီးနေနိုင်တယ်။ ဒါနဲ့ ပတ်သတ်ပြီး

ကျွန်မကတော့ အာမမခံနိုင်ဘူး။
ဘာပဲပြောပြော ကျွန်မက ဒီမှော်ရတနာရဲ့
လက်ရှိ အခြေအနေကို မမြင်ရသေးဘူး"

"ရဲဘော်၊ ရှင်က ကျွန်မကို ဒီရတနာကို
ရှာကူပေးနေရလို့ ယင်ကျိုးနတ်တောင်ကို
ထိန်းချုပ်ရာမှာ နှောင့်နှေးသွားမယ်လို့
စိတ်ပူနေစရာ မလိုပါဘူး။ ရှင်က ဒီတောင်ကို
ကျင့်ကြံနိုင်ဖို့ နည်းလမ်းကို
ဆက်လက်စုံစမ်းနိုင်ပါတယ်။ ထာဝရည
မိစ္ဆာကျောက်တိုင်ရဲ့ စွမ်းအားတွေကို
ထုတ်ဖော်ခဲ့လိုက်တာနဲ့ တပြိုင်နက်
ကျွန်မလိုချင်တဲ့ ပစ္စည်းက သူ့ဘာသာသူ
ပေါ်လာမှာ ဖြစ်တယ်"

သူမသည် ဤ်တစ်ခေါက်တွင် ဘာမှ ကွယ်ဝှက်ထားခြင်း မရှိခဲ့ပေ။ သူမသည် အမှန်တရားကို ရိုးသားစွာနှင့် ပြောပြခဲ့၏။ ပြီးတာနှင့် သူမသည် သူမနေရာ၌သာ ရပ်နေခဲ့ကာ ဇူရီ ဆုံးဖြတ်ချက် ချသည်ကို စောင့်မျှော်နေခဲ့သည်။

"ထာဝရည မိစ္ဆာကျောက်တိုင်ရဲ့ အကူအညီကို အသုံးချပြီး ဒီပစ္စည်းကို ရှာဖွေမယ်။ မဟုတ်မှလွဲရော..." ဇူရီသည် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ကာ မေးလိုက်သည်။
"ခင်ဗျားရှာနေတဲ့ ပစ္စည်းက ဘာများလဲ"

ရှိရှင်းယွင်က ပြန်ဖြေလိုက်၏။ "ကျွန်မက နဂါးပုံစံနဲ့တူတဲ့ ဦးချိုမဲ့ နဂါးစိတ်ဝိညာဉ်ကို ရှာနေတာပါ။ ကျွန်မသိထားသလောက်ဆိုရင် ဒီဦးချိုမဲ့ နဂါးစိတ်ဝိညာဉ်ဟာ ယင်ကျိုးနတ်တောင်ထဲမှ လမ်းပျောက်ခဲ့တဲ့ ကျိုကွမ်း ဇန်မာစတာရဲ့ ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အထဲမှာ တွယ်ကပ်နေတယ်"

"ကျိုကွမ်း ဇန်မာစတာက အမောဃသိဒ္ဓိ မန္တန်ကို အသုံးပြုပြီးမှ ဗုဒ္ဓ ရွှေရောင်ပုံစံကို ဖန်ဆင်းခဲ့ပေမဲ့ သူ့ရဲ့ ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်က ထာဝရ အလင်းတန်း တထာဂတ မန္တန်ကနေ အစပြုလာခဲ့တာ"

# စာစဥ် ၄၁ : အပိုင်း ၄

## အပိုင်း ၇၇၄ : တခုန်း ဇန်မာစတာနှင့် ထပ်မံတွေ့ဆုံခြင်း

"ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်.." ဇူရီသည် ဤနာမည်အား တိုးတိုးလေး ရေရွတ်နေမိ၏။ ရှီရှင်းယွမ်သည် အစောပိုင်းက ထာဝရည မိစ္ဆာကျော်ကက်တိုင်အား ထုတ်ဖော်ပြောဆိုလိုက်သော အချိန်တွင် ဇူရီသည် သူ၏စိတ်အတွင်းတွင် ထိုထာဝရ

အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်ကို စဥ်းစားမိခဲ့သည်။

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်သည် ရှေးဟောင်းခေတ်မှ ဗုဒ္ဓရတနာ တစ်ပါးဖြစ်သည်။ သူ၏ စွမ်းအား သဘောတရားများသည် ထာဝရ အလင်းတန်း တထာဂတ မန္တန်မှ အခြေခံလာခြင်း ဖြစ်သည်။ အလယ်ခေတ်တွင် သူသည် ကျိကွမ်း ဇန်မာစတာ၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ကာ သူပိုင်ဆိုင်ထားသော မှော်ရတနာ တစ်ပါးဖြစ်လာခဲ့သည်။

ကျိုက္ကွမ်း ဇန်မာစတာသည် အမောဃသိဒ္ဓိ
မန္တန်ကို အသုံးပြုကာ ဗုဒ္ဓ ရွှေရောင်ပုံစံကို
ကျင့်ကြံခဲ့သော်လည်း သူသည် ထာဝရ
အလင်းတန်း တထာဂတ မန္တန်ကိုလည်း
နက်ရှိုင်းစွာ နားလည်ထားသူ ဖြစ်သည်။
သူသည် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား
မီးအိမ်ကို အသုံးပြုခဲ့သောအခါ
ဉာဏ်မျှော်ရတနာနှင့် ကောင်းစွာ
ဆက်သွယ်နိုင်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး
ကောင်းမွန်စွာ အထောက်အပံ့ ပြုနိုင်ခဲ့သည်။

လင်းဖုန်းသည် ထာဝရည
မိစ္ဆာကျောက်တိုင်အား ဇူရီကို
ပေးလိုက်သောအခါ ဇူရီက သူ့အား

သန့်စင်ခဲ့သည်။ ဤမှော်ရတနာ၏
စွမ်းအားများကို အတတ်နိုင်ဆုံး အစွမ်းကုန်
ထုတ်လွှတ်နိုင်ရန် အတွက် ဇူရီသည်
သူ၏အတွင်းမှ စွမ်းအား သဘောတရားများကို
နားလည်နိုင်အောင် ကြိုးစားခဲ့ရုံတင် မကပဲ
ဤမှော်ရတနာ၏ နောက်ခံကိုလည်း
သိရှိအောင် လေ့လာခဲ့သည်။

အလယ်ခေတ်တွင် ထာဝရည
မိစ္ဆာကျောက်တိုင်၏ မူလပိုင်ရှင်မှာ
ညတစ်ထောင်မိစ္ဆာ အကြီးအကဲဖြစ်သည်။
သူနှင့် ကျိကွမ်း ဇန်မာစတာတို့သည်
ကျင့်ကြံမှုလမ်းစဥ် ဆန့်ကျင်ဘက်
ဖြစ်နေကြသော်လည်း

သူတို့နှစ်ယောက်တို့သည် ရင်းနှီးသော ဆက်ဆံရေးများ ရှိကြသည်။ အလယ်ခေတ် စတင်သော အချိန်တွင် မိစ္ဆာဂိုဏ်းများနှင့် လမ်းမှန်ဂိုဏ်းများတို့သည် တစ်ဦးနှင့်တစ်ဦး တစောင်းစေးနှင့် မျက်ချေးများ မဖြစ်ကြသေးပဲ အချင်းချင်း အပြန်အလှန် ဆက်သွယ်မှုများ ရှိခဲ့ကြသည်။

သူတို့၏ မှော်ရတနာများ ဖြစ်ကြသော ထာဝရည မိစ္ဆာကျောက်တိုင်နှင့် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်တို့သည်လည်း မိတ်ဆွေကောင်းများ ဖြစ်ခဲ့ကြ၏။ ထိုမှော်ရတနာ နှစ်ပါးစလုံးတို့သည်

ပွားစည်းခြင်း အဆင့်တွင် ရှိနေကြပြီး
ကောင်းမွန်သော ဆက်ဆံရေးများ ရှိခဲ့ကြသည်။

ကျိုကွမ်း ဇန်မာစတာသည် ကမ္ဘာနှစ်ခု အကြားမှ
စစ်ပွဲတွင် ကြွေလွင့်ခဲ့ရပြီး ထာဝရ အလင်းတန်း
ဗောဓိနှလုံးသား မီးအိမ်က
ပျောက်ဆုံးသွားသော အချိန်မှသာ
ထိုမော်ရတနာ နှစ်ပါးတို့၏ ဆက်ဆံရေးမှာ
ဆုံးခန်းတိုင်သွားခဲ့ခြင်း ဖြစ်သည်။

သူသည် ထာဝရည မိစ္ဆာကျောက်တိုင်အား
ဆင့်ခေါ်လိုက်သည်။ ထိုကျောက်တိုင်၏
မူလစိတ်ဝိညာဉ်သည် အနက်ရောင် ဝတ်စုံနှင့်
သက်လတ်ပိုင်း လူကြီးတစ်ယောက် အဖြစ်သို့

ပြောင်းသွားခဲ့သည်။ ဇူရီ၏ ဖော်ပြမှုကို ကြားပြီးသွားသောအခါ ထာဝရညဟုခေါ်သော ထာဝရည မိစ္ဆာကျောက်တိုင်၏ မူလစိတ်ဝိညာဉ်သည် အနည်းငယ် စိတ်လှုပ်ရှားသွားခဲ့သည်။

ထာဝရညသည် အလောတကြီးနှင့် ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပေ။ ထို့အစား သူသည် ဘေးပတ်ဝန်းကျင်အား ငြိမ်သက်စွာနှင့် အကဲခတ်လိုက်ကာ သူ၏ စွမ်းအားများကို ထုတ်လွှတ်လိုက်သည်။ အနက်ရောင် လှိုင်းများသည် ဘေးပတ်ပတ်လည်သို့ ပျံ့လွင့်သွားခဲ့သည်။

ခဏအကြာတွင် ထာဝရညက လေးနက်သော အသံဖြင့် ပြောလိုက်သည်။ "ဗောဓိဝိညာဉ်က အရင်က ဒီနေရာမှာ ပေါ်လာဖူးတယ်"

"ဒီနတ်တောင်ရဲ့ စိတ်ဝိညာဉ် စွမ်းအားတွေက အရမ်းကို အားကောင်းပြီး ကျုပ်ရဲ့ အာရုံခံနိုင်မှုတွေကို အနှောင့်အယှက်ပေးနေခဲ့တယ်။ ကျုပ်က သူ့ရဲ့ နေရာ အတိအကျကို မရှာဖွေနိုင်ပေမဲ့ ဒီနေရာ အနီးတဝိုက်မှာပဲ ရှိနေတယ်"

အခိုင်အမာ အတည်ပြုချက်ကို ရသွားပြီးသောအခါ ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်ကာ ရှီရှင်းယွမ်အား

ပြောလိုက်သည်။ "တကယ်လို့ ခင်ဗျားက စိတ်ရင်းနဲ့ ပူးပေါင်းလိုစိတ် ရှိမယ်ဆိုရင်တော့ ကျုပ်တို့ စလို့ရပြီ"

ရှီရှင်းယွမ်က ပြန်ဖြေလိုက်သည်။ "ကျွန်မက ဦးချိုမဲ့ နဂါးစိတ်ဝိညာဉ်ကိုပဲ လိုချင်တာပါ။ ကျွန်မအနေနဲ့ကတော့ ယင်ကျိုးနတ်တောင် အပေါ်ကို ခြေစချပြီးကတည်းက တောင်ကတော့ အရေးအကြီးဆုံး ပစ်မှတ်ဖြစ်ပေမဲ့ လက်တွေ့အကျဆုံးကတော့ ဦးချိုမဲ့ နဂါးစိတ်ဝိညာဉ်ပဲ ဖြစ်ပါတယ်"

သူတို့နှစ်ယောက်တို့သည် လမ်းဆုံတွင် တွေ့ခဲ့ကြ၍ အခြားလမ်းတစ်ခုသို့ အတူတကွ

သွားခဲ့ကြသည်။ ဒါသည့် နောက်ထပ်
မှောင်မည်းနေသော စကြံန်တစ်ခု ဖြစ်၏။

ဇူရီသည် သူ၏ခေါင်းကို လှည့်လိုက်ကာ
ရှီရှင်းယွမ်အား ကြည့်လိုက်သည်။ သူသည်
ရှီရှင်းယွမ်က အဘယ်ကြောင့် ဦးချိုမဲ့
နဂါးစိတ်ဝိညာဥ်အား အဘယ်ကြောင့်
ဤမျှအထိ အလေးထားနေခဲ့သည်ကို
စဥ်းစားမိနေခဲ့သည်။

ဇူရီသည် ဤဦးချိုမဲ့ နဂါးစိတ်ဝိညာဥ်အား
တစ်ခါမှ မကြားဖူးခဲ့ချေ။ သူ့အား မည်ကဲ့သို့
အသုံးပြုရသည်ကို မသိပဲ သူသည် အန္တရာယ်
ရှိနိုင်သလော ဟူသည်ကိုလည်း မသိချေ။

သူပို၍ သိချင်နေသည်မှာ ရှီရှင်းယွမ်သည်
နဂါးဝိညာဉ်မှ ပြောင်းလဲလာသူပင်
ဖြစ်သော်လည်း သူမသည် ယခင်က
လေဟာနယ် ပုံရိပ်ယောင် အတွင်းတွင်
အဘယ်ကြောင့် သွေးမြစ်မင်းသား၏
စွမ်းအားများကို ဤမျှအထိ အသုံးပြုနိုင်သည်ကို
ပိုမို စိတ်ဝင်စားနေခဲ့သည်။

ဇူရီ အကဲခတ်မိသလောက်အရ သူမသည်
သွေးမြစ်ဂိုဏ်းမှလာသော နည်းစနစ်များ၊
မှော်ကျိန်စာများကို တစ်ခါမှ မလေ့ကျင့်ခဲ့ဖူးပေ။

အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ
သွေးမြစ်မင်းသား၏ တာအိုသစ်သီးအား
အသုံးမပြုနိုင်သည်မှ လွဲ၍ သူမသည်
သွေးမြစ်မင်းသား၏ ကိုယ်ပွားတစ်ခုနှင့်
တူညီနေသည်။

သို့သော်လည်း ဒါသည် သာမန်သာ ဖြစ်သေး၏။
လုံ့လဝီရိယ နိဗ္ဗာန်ကို ဖော်ထုတ်ခဲ့သည့် တခုန်း
ဇန်မာစတာမှပင် ပုံမမှန်သူ ဖြစ်သည်။

ရှီရှင်းယွမ်၏ သွေးမြစ်မင်းသား၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ထိန်းချုပ်နေစဉ်တွင် ကောင်းကင်နှင့်
မြေကြီးတို့အား နားလည်မှုနှင့် စိတ်ဝိညာဉ်အား

ထိန်းချုပ်ပုံသည် အနည်းဆုံး အင်မော်တယ်
ဝိညာဥ် အဆင့်တွင် ရှိနေသည်။

ကျင်းဖန်မင်းသားသည် ရှေးကျီး မဟာပဏ္ဍိတ၏
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်အား
ထိန်းချုပ်နိုင်ခဲ့သကဲ့သို့ ဖြစ်၏။

ဇူရီသည် မောက်မာနေခြင်း မရှိသလို
အလွန်အမင်း နှိမ့်ချနေသူလည်း မဟုတ်ခဲ့ပေ။
ရှောင်ယန်နှင့် ကျန်သော သူ၏
ဂိုဏ်းတူညီအစ်ကို အချို့မှလွဲလျှင်
အခြေတည်ဝိညာဥ် အဆင့်မှနေ၍ ဤကဲ့သို့
စွမ်းဆောင်နိုင်သူ များများစားစား မရှိပေ။

အထူးသဖြင့် ရှီရှင်းယွမ်သည် နဂါးဝိညာဉ်ထံမှ ပြောင်းလဲလာသူ ဖြစ်သည်။ သူမသည် အရင်ဘဝတွင်  မိစ္ဆာ မဟာပဏ္ဍိတတစ်ပါး ဖြစ်ခဲ့၍ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ လူသားကျင့်ကြံသူ တစ်ယောက်၏ ကျင့်ကြံမှု အဆီအနှစ်များကို နားလည်နိုင်မည် မဟုတ်ပေ။ ပို၍တိကျစွာ ပြောရလျှင် သူမ၏ အရင်ဘဝမှ စွမ်းအားများကို အသုံးပြုခဲ့ပါက ခက်ခဲမှုသည် ပို၍ပင် မြင့်မားနိုင်သေးသည်။

ထိုပုံမမှန်မှုကြောင့် ဇူရီသည် အတော်လေး သံသယ ဖြစ်နေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သူသည် ဘာမှ မပြောခဲ့ပေ။
ဘာပဲပြောပြော လူတိုင်းတွင်
လျှို့ဝှက်ချက်ကိုယ်စီ ရှိပေသည်။

"သူ့အနားရောက်လာပြီ" ထာဝရသည်
တုန်ခါသွားခဲ့ပြီး သူ၏အာရုံအား စကြဲန်၏
အဆုံးပိုင်း အတွင်းသို့ ပို့လွှတ်လိုက်သည်။

ဇူရီနှင့် ရှီရှင်းယွမ်တို့သည်
တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်ကြသည်။ သူတို့သည် အရှေ့သို့
လျှင်မြန်စွာနှင့် သွားလိုက်ကြသည်။
သို့သော်လည်း သူတို့ မည်မျှမှ မသွားရသေးခင်
ရပ်တန့်သွားခဲ့သည်။

ထာဝရသည် တစ်ချိန်တည်းမှာပင် နိမိတ်မကောင်းသော ခံစားချက်များကို ခံစားခဲ့လိုက်ရသည်။ "သူက တကယ်ကို ဗောဓိဝိညာဉ်ပဲ။ ဒါပေမဲ့ နောက်ထပ်တစ်ယောက်ပါ ရှိနေတယ်"

တစ်ချိန်တည်းတွင်ပင် ကျန်သောသူသည် သူတို့၏ ရောက်လာမှုကို အာရုံခံမိလိုက်ဟန်တူသည်။ ဇူရီနှင့် ရှီရှင်းယွမ်တို့သည် အနည်းငယ်သာ လှုပ်ရှားရသေးသော်လည်း သူတို့သည် လျှင်မြန်နေသည်။

မှောင်မည်းနေသော စကြဲန်အတွင်းတွင်
တောက်ပသော သန့်စင်သည့်
အလင်းတန်းတစ်ခု လင်းလက်လာခဲ့သည်။
ဇူရီနှင့် ရှီရှင်းယွမ်တို့သည် ထိုအလင်းတန်း
အနားသို့ ရောက်သွားခဲ့သောအခါ
သူတို့အရှေ့တွင် ရှေးဟောင်းမီးအိမ် တစ်ခုကို
တွေ့လိုက်ရ၏။ သူတို့အရှေ့မှ မီးအိမ်တွင်
မီးစာတစ်ခုသာ ရှိနေသည်။ မီးစာ၏
ထိပ်ပိုင်းသည် မီးတောက်တစ်ခုနှင့်
တောက်ပမနေပဲ အလွန်အမင်း သန့်စင်သော
အလင်းတန်း တစ်ခုဖြင့်သာ တောက်ပနေ၏။

သူ့အား အကဲခတ်လိုက်ရုံဖြင့်ပင် ဇူရီသည်
ပြီးပြည့်စုံသော သဘာဝ၏

ထူးခြားဆန်းကြယ်သော သဘောတရားများကို ပိုင်ဆိုင်ထားသည့် ထာဝရ အလင်းတန်းကို ခံစားလိုက်ရသည်။

ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ ပါရမီ ဇန်မာစတာသည် ထာဝရ အလင်းတန်း တထာဂတ မန္တန် အပြည့်အစုံကို ကျင့်ကြံထားသည်။ အခြေခံ မန္တန်အပြင် အမိတာဘ မန္တန်၏ အန္တိမ အလင်းတန်း နည်းစနစ်နှင့် ကြယ်တာရာသုံးထောင် မှော်ကျိန်စာတို့ကလည်း ပြီးပြည့်စုံသည်။

ပါရမီ ဇန်မာစတာ၏ ခွင့်ပြုချက်ဖြင့် ဇူရီသည် ထာဝရ အလင်းတန်း တထာဂတ မန္တန်

အပြည့်အစုံကို လေ့လာခဲ့ဖူးသည်။ သူသည် သူ့အား အသေအချာ မလေ့ကျင့်ခဲ့သော်လည်း သူ၏ ဤတောက်ပသော နည်းစနစ်အား နားလည်မှုမှာ မဟာမိုးကြိုး ကျောင်းတော်၏ မျိုးဆက်တပည့်များစွာတို့ထက် မနိမ့်ကျပေ။

ဤအဖြူရောင် အလင်းတန်း အတွင်းတွင် လျို့ဝှက်ဆန်းကြယ်သော အဖြူရောင် နဂါးတစ်ကောင်၏ ပုံရိပ်ကို တွေ့နေနိုင်သည်။ သူသည် အလွန်သေးငယ်၍ အလင်းတန်း တစ်စအနေဖြင့်သာ တည်ရှိနေသည်။ လေဟာနယ် အတွင်းတွင် သူသည် အဆက်မပြတ် ကူးခတ်နေခဲ့သော်လည်း

သူသည် အလင်းတန်း၏ နယ်နိမိတ်ကို မကျော်လွန်နိုင်ခဲ့ပေ။

"ဒါက ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်ဖြစ်ပြီး ဟိုထူးခြားဆန်းကြယ်တဲ့ နဂါးက ရှိရှင်းယွမ် လိုချင်နေတဲ့ ဦးချိုမဲ့ နဂါးစိတ်ဝိညာဉ်ပဲ ဖြစ်တယ်" ဇူရီသည် ထိုရတနာ မီးအိမ်၏ ဘေးတွင် ရပ်နေသော သက်လတ်ပိုင်း ဘုန်းကြီးတစ်ပါးအား ကြည့်လိုက်သည်။ သူသည် တခုန်း ဇန်မာစတာ ဖြစ်၏။

တခုန်း ဇန်မာစတာသည် ယခုအချိန်တွင် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်၏

မူလစိတ်ဝိညာဉ်ဖြင့် စကားပြောနေခဲ့သည်။
သူသည် ဥာဏ်မြော်ရတနာအား ယူဆောင်၍
ကျင့်ကြံချင်နေခြင်း ဖြစ်၏။

သူသည် တည်ငြိမ်နေသည့်ပုံ
ပေါက်နေသော်လည်း သူ၏ အကြည့်မှာ
ယင်ကျိုးနတ်တောင် အတွင်းသို့
စတင်ဝင်ရောက်လာစဉ်ထက် များစွာ
မှေးမှိန်နေခဲ့သည်။

လေဟာနယ် ပုံရိပ်ယောင် အတွင်းမှ
ကြယ်စင်အလင်းတန်း ခန္ဓာကိုယ်သည် ဒဏ်ရာ
အပြင်းအထန် ရရှိသွားခဲ့သောအခါ တခုန်း

ဇန်မာစတာ၏ အသက်စွမ်းအင်များပင်လျှင် အကြီးအကျယ် ပျက်စီးသွားခဲ့သည်။

သူသည် ကျိုကွမ်း ဇန်မာစတာ၏ ခါတ်တော်အား အသုံးပြု၍ ထာဝရ အလင်းတန်း ဗောဓိန္နလုံးသား မီးအိမ်အား ရှာဖွေနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း သူသည် ထိုမီးအိမ်အား အတင်းအကျပ် အားသုံး၍ ကျင့်ကြံရန် အဆင်မပြေခဲ့ပေ။ သူသည် သူ့အား ဖြည်းဖြည်းချင်း နားချရန်သာ တတ်နိုင်ခဲ့၏။ သို့သော်လည်း မည်သူက သိမည်နည်း၊ ဇူရီနှင့် ရှီရှင်းယွမ်တို့သည် သူ့တို့ထံသို့ ရောက်လာခဲ့သည်။

သူသည် ဇူရီနှင့် ရှီရှင်းယွမ်တို့၏
လက်ချက်ကြောင့် ဒဏ်ရာများကို
ရခဲ့သော်လည်း တခုန်း ဇန်မာစတာသည်
စိတ်ဆိုး ဒေါသထွက်မနေခဲ့ပေ။ ဒဏ်ရာ
ပြင်းထန်နေခဲ့သော်လည်း တခုန်း
ဇန်မာစတာသည် စိတ်ကို ကောင်းမွန်စွာ
ထိန်းချုပ်နိုင်ခဲ့သည်။

သို့သော်လည်း သူ၏ စိတ်အတွင်းတွင်
နိမိတ်မကောင်းသော ခံစားချက်များ
ပေါ်လာခဲ့သည်။ သူ၏ ထာဝရ အလင်းတန်း
ဖောခိန္ဒလုံးသား မီးအိမ်အား ရယူလိုမှုသည်
သူ့အာ ပြဿနာများကို ပိုမို၍
သယ်ဆောင်ပေးလာခဲ့သည်။

ထာဝရညသည် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အား တွေ့လိုက်သောအခါ သူ၏ ပါးစပ်ကို ဟလိုက်ကာ ပြောလိုက်သည်။ "ဗောဓိဝိညာဉ်၊ မတွေ့ရတာ အကြာကြီး ရှိသွားပြီ။ မင်းက ယင်ကျိုးနတ်တောင် အတွင်းမှာ ပျောက်ဆုံးနေလိမ့်မယ်လို့ ငါလုံးဝမယုံနိုင်ခဲ့ဘူး"

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်သည် ငြိမ်းချမ်းသော လေသံဖြင့် ပြန်ဖြေလိုက်သည်။ "မင်းရဲ့အရှေ့မှာ ရယ်စရာကြီး ဖြစ်သွားခဲ့ပြီ၊ မိတ်ဆွေဟောင်းကြီး"

ထာဝရည မိစ္ဆာကျောက်တိုင်နှင့် ဇူရီတို့သည် စိတ်ချင်းဆက်သွယ်လိုက်ကြသည်။ သူတို့သည် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အား ချက်ချင်းပင် ပြောလိုက်သည်။

"ဗောဓိဝိညာဉ်၊ ဒီတခုန်း ဇန်မာစတာက ကျိုကွမ်း ဇန်မာစတာရဲ့ ခါတ်တော်ကို ပိုင်ဆိုင်ထားပေမဲ့ သူက သူ့ရဲ့ အကြီးအကဲနဲ့ ဘိုးဘေးဘီဘင်တွေကို သစ္စာဖောက်ခဲ့တဲ့ လူဆိုးဘုန်းကြီး ဖြစ်တယ်။ မင်းကလည်း အာရုံခံမိလိမ့်မယ် ထင်ပါတယ်။ သူက ကျိုကွမ်း ဇန်မာစတာရဲ့ ခါတ်တော်ကို ကျင့်ကြံထားတယ်"

ဗောဓိဝိညာဉ်သည် ငြိမ်သက်သွား၍
မီးစာအပေါ်မှ စိတ်ဝိညာဉ် အလင်းတန်းသည်
ခေတ္တမျှ တုန်ခါသွားခဲ့၏။ သူသည်
ထိုအချက်အား သတိပြုမိခဲ့၍ တခုန်း
ဇန်မာစတာအား သူ့ကို ကျင့်ကြံရန်
ခွင့်မပြုခဲ့ခြင်း ဖြစ်သည်။

တခုန်း ဇန်မာစတာသည် ဗုဒ္ဓကျမ်းစာ
တစ်ပိုဒ်အား ရွတ်ဆိုလိုက်၍ ပြုံးလိုက်သည်။
"ဗုဒ္ဓက တစ်ယောက်ရဲ့ နှလုံးသား အထဲမှာပဲ
ရှိတယ်။ တကယ်လို့ လူတစ်ယောက်ရဲ့
စိတ်ထဲမှာ ဗုဒ္ဓရှိနေလို့ရှိရင် သူကလည်း
ဗုဒ္ဓဖြစ်လာနိုင်တယ်"

"ငါ့ရဲ့ ကျင့်ကြံမှုက အနည်းငယ်
နိမ့်သေးတယ်လို့ ပြောလို့ရသေးပေမဲ့
ငြိမ်းချမ်းတဲ့ စိတ်အခြေအနေက တစ်ယောက်ရဲ့
ကျင့်ကြံမှုကို လမ်းကြောင်းမှန် အပေါ်ကို
ပို့ပေးနိုင်တယ်လို့ သိထားတယ်။
အကြီးအကဲတွေက ပျံတော်မူသွားကြပေမဲ့
သူတို့က သူတို့ရဲ့ လက်ခံသူတွေကို ပူဇော်ဖို့
ဘာမှ ချန်မထားခဲ့ကြဘူး။ ငါတို့မျိုးဆက်က
သူတွေက စိတ်ငြိမ်းချမ်းမှုကို ရစေဖို့ ငါတို့ရဲ့
အကြီးအကဲတွေကို ပူဇော်ခဲ့ကြတယ်"

"ဒါပေမဲ့ ငါတို့ရဲ့ ဘိုးဘေးဘီဘင်တွေ အနေနဲ့
လူတစ်ယောက် အနိစ္စ ရောက်သွားပြီးရင်
နောက်ထပ် ဘဝသံသရာ အသစ်တစ်ခုကို

စတင်တာပဲ။ အတိတ်က ပိုင်ဆိုင်မှုတွေဟာ ဘာမှ အရေးမပါတော့ဘူး"

"ဗုဒ္ဓရဲ့ အဆုံးအမတွေကို ဆက်ခံရရှိပြီး အခြားသူတွေကို လက်ဆင့်ကမ်းပေးတာက ငါတို့ရဲ့ ဘိုးဘေးဘီဘင်တွေကို အကောင်းဆုံး ပူဇော်ခြင်းပဲ။ သူတို့ ချန်ထားခဲ့တဲ့ ရုပ်ဝတ္ထု ပစ္စည်းတွေက အရေးမကြီးဘူး"

ဇူရိက ထူးမခြားနား ပုံစံဖြင့် ပြောလိုက်သည်။ "ခင်ဗျားက တကယ်ကိုပဲ အာသွက်လျှာသွက် ရှိလှပါတယ်။ ဒါပေမဲ့ ကျုပ်နားမလည်တာ တစ်ခုရှိတယ်။ ခင်ဗျားရဲ့ အမြင်ကနေ ပြောရရင် မဟာမိုးကြိုး ကျောင်းတော်ကို ဖျက်ဆီးတာဟာ

ဗုဒ္ဓရဲ့ အမွေအနှစ်တွေကို
လက်ဆင့်ကမ်းပေးတာလို့တော့ မပြောနဲ့နော်"

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်၏
အလင်းတန်းမှာ လှုပ်ခါသွားခဲ့ကာ
ဗောဓိဝိညာဉ်၏ အသံက ထွက်လာခဲ့သည်။
"အဲ့ဒါ အဖြစ်မှန်လား"

ထာဝရညက တိုးညင်းစွာဖြင့် ပြောလိုက်သည်။
"ဗောဓိဝိညာဉ်၊ မင်းက ယင်ကျိုးနတ်တောင်
အတွင်းမှာ ပိတ်မိနေခဲ့တာ နှစ်ပေါင်းများစွာ
ကြာသွားခဲ့ပြီ။ အပြင်က မဟာကမ္ဘာကြီး
အတွင်းမှာ အများကြီး ပြောင်းလဲသွားပြီ
ဆိုတာကို မင်းမသိခဲ့ဘူး။ မဟာမိုးကြိုး

ကျောင်းတော်က လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဖျက်ဆီး ခံလိုက်ရပြီ"

"ကျောင်းတော်ကြီး ပျက်စီးခဲ့ရတာ သူ့အပြစ် မကင်းဘူး။ သူက မဟာမိုးကြိုး ကျောင်းတော်ကို ပစ်မှတ်ထားတဲ့ ရန်သူတွေနဲ့ ပူးပေါင်းခဲ့တယ်"

ဗောဓိဝိညာဉ်သည် ထိတ်လန့်တုန်လှုပ်သွားခဲ့၏။ "ဒါက ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ။ မဟာမိုးကြိုး ကျောင်းတော်က မီရှူတောင်ရဲ့ အကာအကွယ်အောက်မှာ ရှိနေတာ။

ဘယ်လိုလုပ်ပြီး ဒီလိုမျိုး လွယ်လွယ်ကူကူနဲ့ ပျက်စီးပါ့မလဲ"

တခုန်း ဇန်မာစတာသည် ထာဝရည မိစ္ဆာကျောက်တိုင်၏ စွပ်စွဲချက်အား နားထောင်နေပြီး သူ့အား မငြင်းဆန်ခဲ့ပေ။ သူက ရိုးသားစွာနှင့် ပြန်ဖြေလိုက်၏။ "ဒီကနေ့အထိ ငါက ငါလုပ်ခဲ့တာကို နောင်တမရခဲ့ဘူး။ အကြီးအကဲ ဖန်းကျန်းနဲ့ ကျန်တဲ့သူတွေက လမ်းမှားကို လိုက်ခဲ့ပြီး ဗုဒ္ဓရဲ့ အဆုံးအမတွေကို သစ္စာဖောက်ခဲ့တယ်။ ဒါက မဟာမိုးကြိုး ကျောင်းတော်ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခဲ့တယ်"

"မင်းတို့အားလုံးတို့က ငါဟာ ဗုဒ္ဓဝါဒကို ပျက်သုဥ်းစေခဲ့တယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ငါ့ရဲဘော်အပေါင်းနဲ့ ငါ့ရဲ့အမြင်အရ ဒါက ဗုဒ္ဓဝါဒရဲ့ ပြန်လည်မွေးဖွားခြင်းပဲ"

သူသည် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အား တည်ငြိမ်စွာနှင့် ကြည့်လိုက်သည်။ "ကျိုက္ခမ်း ဇန်မာစတာကလည်း အသက်ရှင်နေသေးခဲ့ရင် ဒီအတိုင်းပဲ တွေးလိမ့်မယ်လို့ ငါယုံကြည်တယ်"

"အကြီးအကဲ ဗောဓိဝိညာဥ်၊ တကယ်လို့ အကြီးအကဲက ဘာဖြစ်ခဲ့သလဲဆိုတာကို အမှန်တကယ် သိချင်ရင် ကျွန်တော်နဲ့

လိုက်လာခဲ့ပါ။ ပြီးတာနဲ့ ကျွန်တော်က
အရာအားလုံးကို ရှင်းပြပါမယ်။ ဒါပေမဲ့
အခုအချိန်က အဆင်မပြေဘူး"

## စာစဥ် ၄၁ : အပိုင်း ၅

## အပိုင်း ၇၇၅ : မဟာနေမင်း ရွှေရောင်ခန္ဓာကိုယ်၊ နိဗ္ဗာန်သို့ တက်လှမ်းခြင်း

တခုန်း ဇန်မာစတာသည် တည်ငြိမ်စွာနှင့်ပင်
ရှိနေခဲ့သည်။ သူ့အား ကြည့်ရသည်မှာ
အနည်းငယ် သနားစရာ

ကောင်းနေခဲ့သော်လည်း နောင်တ
သံဝေဂရခြင်းမျိုး တစ်စက်မှ ရှိမနေခဲ့ပေ။

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်၏
အနားမှ ဗုဒ္ဓအလင်းရောင်သည်
လင်းလက်သွားခဲ့ကာ အတွင်းမှ အသံတစ်ခု
ထွက်လာခဲ့သည်။ "ကျုပ်က
ယင်ကျိုးနတ်တောင်အတွင်းမှ
ထောင်စုနှစ်ပေါင်းများစွာ ပိတ်မိနေခဲ့တော့
ပြင်ပကမ္ဘာမှာ ဘာတွေဖြစ်နေခဲ့မှန်းကို
မသိနိုင်ဘူး။ ကျုပ်က အမှားနဲ့အမှန်ကို
ခွဲခြားပြီးမှ မသိနိုင်တော့ဘူး"

ဗောဓိဝိညာဉ်၏ အသံသည်
ငြိမ်းချမ်းနေသော်လည်း သူ၏
စိတ်အခြေအနေသည် အမှန်ပင်
တည်ငြိမ်နေသလော ဟူသည်ကို မည်သူကမှ
မသိနိုင်ခဲ့ပေ။

သူက ငြိမ်သက်စွာနှင့် ပြောလိုက်သည်။
"တကယ်လို့ ကျုပ်က အဆင့်တက်နိုင်ခဲ့ပြီး
ယင်ကျိုးနတ်တောင်ကနေ ထွက်ခွာနိုင်ပြီး
နတ်ဘုရား နယ်မြေကို ပြန်နိုင်တဲ့အခါ ကျုပ်က
ဒီကိစ္စအနောက်က အမှန်တရားကို
ကျုပ်ကိုယ်တိုင် ရှာဖွေလေ့လာမယ်။
သက်သေမရှိပဲ တခြားသူတွေရဲ့ ပြောစကားကို

နားထောင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်က ခင်ဗျားနဲ့အတူ မလိုက်နိုင်ဘူး"

မီးအိမ်အတွင်းတွင် ကူးခတ်နေသော ဦးချိုမဲ့ နဂါး စိတ်ဝိညာဉ် အပြင် ဗုဒ္ဓအလင်းတန်း အတွင်းတွင် ဘုန်းကြီးအိုတစ်ပါး ရှိနေပေသည်။ သူသည် မိတ်ဆွေဆန်ကာ ဖော်ရွေသည့်ပုံ ပေါက်နေ၍ အလင်းတန်း ပုံရိပ်များက သိပ်သည်းသွားခဲ့ကာ သူ၏ ခန္ဓာကိုယ်က အကောင်အထည်ပေါ်လာခဲ့သည်။ ဒါသည် ဗောဓိဝိညာဉ်က ရုပ်လုံးပေါ်လာခဲ့ခြင်း ဖြစ်သည်။

သူသည် တခုန်း ဇန်မာစတာဘက်သို့ တစ်ချက်ကြည့်လိုက်ကာ ဇူရီနှင့် ထာဝရည မိစ္ဆာကျောက်တိုင်တို့ဘက်သို့ လှည့်လိုက်ကာ မေးလိုက်သည်။ "မဟာမိုးကြိုး ကျောင်းတော် ပျက်စီးသွားပြီးနောက်မှာ ဗုဒ္ဓရဲ့ ထောင်နဲ့ချီတဲ့ သာဝကတွေက ဘာဖြစ်သွားခဲ့သလဲ"

ဇူရီက ပြန်ဖြေလိုက်၏။ "အများစုက ခေါင်လံတဲ့ နေရာမှာ သွားပုန်းနေကြရတယ်။ ဒါပေမဲ့ အနည်းငယ် ခေါင်းမာတဲ့ ဘုန်းတော်ကြီးတွေက တိုက်ပွဲမှာ ကျဆုံးသွားခဲ့ကြတယ်"

"ပြီးတာနဲ့ မဟာမိုးကြိုး ကျောင်းတော်က မဟာကျိုး အင်ပါယာ အတွင်းမှာ

ရှိနေတဲ့အတွက် မဟာကျိုး အင်ပါယာက
ကျန်နေတဲ့ ဘုန်းကြီးတွေကို လူလွှတ်ပြီး
လိုက်လံလုပ်ကြံခဲ့တဲ့အတွက် အများအပြား
ကျဆုံးကုန်ကြတယ်"

ဗောဓိဝိညာဥ်၏ မျက်နှာပေါ်တွင်
ဝမ်းနည်းသော အရိပ်အယောင် အချို့
ပေါ်လာခဲ့၍ တခုန်း ဇန်မာစတာဘက်သို့
လှည့်ကြည့်လိုက်သည်။ "မင်းက ဗုဒ္ဓရဲ့
ဂုဏ်သိက္ခာတွေကို မထိမဲ့မြင်လုပ်ပြီး
ထိခိုက်စေခဲ့တယ်လို့ ပြောခဲ့တယ်။ သေသွားတဲ့
သာဝကတွေက ဒီအထဲမှာ ပါနေကြသလား"

တခုန်း ဇန်မာစတာသည် ခေတ္တမျှ
စဉ်းစားလိုက်ပြီးနောက် သက်ပြင်းတစ်ချက်အား
လေးလံစွာနှင့် ချလိုက်သည်။ "အဓိက
လက်သည်တရားခံတွေက ကျောင်းထိုင်
ဆရာတော်နဲ့ မဟာမိုးကြိုး ကျောင်းတော်ရဲ့
အတွင်းစည်းဝိုင်းက အကြီးအကဲတွေပဲ
ဖြစ်ကြတယ်။ ကျုပ်တို့မျိုးဆက်က ရွှေရောင်ပုံစံ
ဒုတိယ အဆင့်မှာရှိတဲ့ တပည့်တွေပဲ
သိကြတယ်။ ကျန်တဲ့သူတွေက ဘာမှ
မသိကြပါဘူး"

ဖောခိဝိညာဉ်၏ အမူအရာများသည်
ချက်ချင်းပင် ဒေါသထွက်သည့် အသွင်သို့
ပြောင်းသွားခဲ့ကာ သူ၏ မျက်လုံးအစုံသည်

ဗဂျရာကဲ့သို့ ကျယ်လာခဲ့သည်။ "ဒါဆိုရင် ဒီဖြစ်စဉ်မှာ သေဆုံးသွားကြတဲ့ တပည့်တွေက ဘာဖြစ်လို့ ဖြစ်မှန်းကို မသိပဲနဲ့ ပြည်နှင်ဒဏ် ခံခဲ့ကြရတာပေါ့။ ပြီးတာတောင် သူတို့က လိုက်လံဖမ်းဆီး သတ်ဖြတ်ခြင်းကို ခံခဲ့ကြရတယ်။ ဒါက တကယ်ပဲ တန်သလား"

တခုန်း ဇန်မာစတာက ပြန်ဖြေလိုက်သည်။ "မဟာမိုးကြိုး ကျောင်းတော်ကြီး ပျက်စီးသွားပြီးတဲ့ အခါမှာ လိုက်လံဖမ်းဆီးခြင်း ခံခဲ့ရတဲ့ တပည့်တွေ အတော်များများက မသေကြပါဘူး။ ဖမ်းဆီးခြင်းကို ခုခံကြတဲ့ သူတွေကသာ အသတ်ခံခဲ့ရတာပါ။ ကျုပ်က မဟာကျိုး အင်ပါယာကို ဝင်ခဲ့ပေမဲ့

ဝင်ရောက်ခိုလှုံလာကြတဲ့ အပြစ်မဲ့တဲ့
တပည့်တွေကို
ကာကွယ်စောင့်ရှောက်ထားခဲ့ပါတယ်"

"ကျုပ်သိထားသလောက်ဆိုရင် ဟင်းလင်းပြင်
ဘုရားကျောင်းကလည်း ထွက်ပြေးလာကြတဲ့
ဗုဒ္ဓသာဝကတွေကို လှိုက်လှဲစွာနဲ့
လက်ခံထားကြတယ်"

ဇူရီနှင့် ရှီရှင်းယွမ်တို့သည် ဤအချက်ကို
ကြားလိုက်ရသောအခါ အချင်းချင်း
ကြည့်လိုက်ကြ၍ သူတို့၏ မျက်လုံးအစုံတို့မှ
လင်းလက်လာခဲ့သည်။

တခုန်း ဇန်မာစတာ၏ စကားများသည်
တစ်ခုကိုသာ သက်သေပြနေ၏။
ဒွိစုံသူငယ်အိမ်နှင့်သူ ဖြစ်သော ရှိုထျန်းရီသည်
သူ၏ မွေးရာပါ အားနည်းချက်ဖြစ်သော
ရုပ်ကိုယ်ခန္ဓာ အားနည်းချက်အား
အားဖြည့်ပေးနိုင်ရန် အေကာလာ တထာဂတ
မန္တန်နှင့် မရွေ့လျားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်တို့အား လေ့ကျင့်နိုင်ခဲ့ခြင်းမှာ
ဟင်းလင်းပြင် ဘုရားကျောင်းကြောင့်ပင်
ဖြစ်၏။

တခုန်း ဇန်မာစတာသည် နောက်ထပ်
သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။

"ကျွန်တော်ကလည်း အသက်တွေ
ဆုံးရှုံးသွားခဲ့ရတဲ့ တပည့်တွေအတွက်
ရင်ကွဲဝမ်းနည်းခဲ့ရပါတယ်။ ဒါပေမဲ့ ဟိုနှစ်တွေ
အတွင်းက ကျွန်တော်ချခဲ့တဲ့
ဆုံးဖြတ်ချက်အတွက် နောင်တလုံးဝ မရဘူး။
တကယ်လို့ ကျွန်တော်က
ကျောင်းထိုင်ဆရာတော်နဲ့ ကျန်တဲ့
အကြီးအကဲတွေကို သူတို့ရဲ့ နတ်ဆိုး
ရည်ရွယ်ချက်တွေကို အကောင်အထည်
ဖော်ခွင့်ပေးလိုက်ရင် နတ်ဘုရား နယ်မြေ
တစ်ခုလုံးက ပျက်စီးပြီး ငရဲလိုမျိုး
ဖြစ်သွားလိမ့်မယ်။ ကမ္ဘာကြီးရဲ့
အသက်ကလည်း ချုပ်ငြိမ်းသွားလိမ့်မယ်"

ဗောဓိဝိညာဉ်၏ အမျက်ဒေါသများသည် ဖြည်းဖြည်းချင်း လွင့်ပြယ်သွားခဲ့ကာ သူ၏ ပါးရေတွန့်နေသော မျက်နှာသည် ထပ်ဖန်တစ်ခါ အမူအရာ ကင်းမဲ့သွားခဲ့သည်။ သူသည် တခုန်း ဇန်မာစတာအား တည့်တည့်ကြည့်လိုက်ကာ ပြောလိုက်သည်။ "တကယ်လို့ ငါက ယင်ကျိုးနတ်တောင်ကနေ လွတ်မြောက်နိုင်ခဲ့ရင် ငါက ဒီကိစ္စရဲ့ အနောက်က အမှန်တရားကို သေချာစုံစမ်းမယ်။ ဒါပေမဲ့ ဒီအချိန် မတိုင်ခင် မင်းက ကျိကွမ်း ဇန်မာစတာနဲ့ ကျန်တဲ့သူတွေရဲ့ ခတ်တော်တွေကို ချန်ထားခဲ့ရမယ်"

"ငါ့မှာက ဗုဒ္ဓအဆင့်က စွမ်းရည်တွေ မရှိပေမဲ့ ဗုဒ္ဓအနွယ်ဝင်တို့ရဲ့ ခါတ်တော်တွေကို တခြားသူတွေရဲ့ စွန်းထင်းအောင် ပြုလုပ်မှုကို လက်မခံနိုင်ဘူး။ မင်းပါ အပါအဝင်ပေါ့"

တခုန်း ဇန်မာစတာသည် သူ၏ခေါင်းကို ခါလိုက်သည်။ "ထားလိုက်ပါတော့၊ ခင်ဗျားက ကျုပ်ရဲ့ ရည်ရွယ်ချက်တွေကို အနာဂတ်မှာ နားလည်နိုင်မှာပါ။ ယင်ကျိုးနတ်တောင်ကို ဘယ်သူက ထိန်းချုပ်နိုင်မလဲ ဆိုတာက မကြာခင်မှာ အဖြေပေါ်မှာ ဖြစ်ပြီး အချိန်က အမတန်ကို တန်ဖိုးရှိနေတယ်။ တကယ်လို့ ခင်ဗျားက ကျုပ်နဲ့ မလိုက်ချင်ဘူးဆိုရင် ကျုပ်ကလည်း နှုတ်ဆက်ခဲ့ပါတယ်"

ဇူရီနှင့် ရှီရှင်းယွမ်တို့သည်လည်း ဤနေရာတွင် ရှိနေခဲ့ပြီး သူကလည်း ဒဏ်ရာ အပြင်းအထန် ရရှိနေသဖြင့် တခုန်း ဇန်မာစတာသည် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အား အတင်းအကျပ် သန့်စင်မည့် အကြံအစည်ကို လက်လျှော့လိုက်ပြီး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်၏။

သူသည် ဗောဓိဝိညာဉ်၏ တောင်းဆိုချက်အားလည်း လုံးဝ လျစ်လျူရှုထားခဲ့သည်။

ဇူရိက အရှေ့သို့ တက်လာခဲ့ကာ
ပြောလိုက်သည်။ "ဘုန်းကြီး၊ ခင်ဗျားက
နှုတ်ချိုပေမဲ့ ဒီအတိုင်း ထွက်သွားလို့
ရမယ်လို့တော့ ထင်မနေနဲ့"

"ကျုပ်တို့ရဲ့ ပုံရိပ်ယောင် အတွင်းက
တိုက်ခိုက်မှုတွေဟာ အမတန်ကိုမှ
အကန့်အသတ်တွေ ရှိခဲ့တယ်။ ခင်ဗျားရဲ့
ဗုဒ္ဓနည်းစနစ်တွေကို ကျုပ်က ထပ်မံ
လေ့လာလိုသေးတယ်"

စကားပြောနေရင်း သူသည် မြင့်မြတ်သော
အန္တိမ ရှေးဟောင်း ချပ်ဝတ်တန်ဆာကို သူ၏

ခန္ဓာကိုယ် အပေါ်တွင် ဝတ်ဆင်လိုက်ကာ သူ၏ စကြာဝဠာ ပုံသဏ္ဍာန်ကို ထုတ်ဖော်လိုက်သည်။

တခုန်း ဇန်မာစတာကလည်း စကားပြောမနေတော့ပဲ သူ၏ ခန္ဓာကိုယ်မှ ဗုဒ္ဓအလင်းရောင်များ စီးဆင်းလာခဲ့ကာ မဟာနတ်ငှက် တစ်ကောင်၏ ပုံရိပ်ယောင်က ပေါ်လာခဲ့သည်။ မဟာနတ်ငှက်၏ ပုံရိပ်ယောင်သည် သူ၏ ခန္ဓာကိုယ်နှင့် ပေါင်းစည်းသွားခဲ့ကာ သူ၏ တစ်ကိုယ်လုံးသည် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍ ဟင်းလင်းပြင်အား ချိုးဖောက်လိုက်ကာ ဘာမှမဖြစ်ခင် ထွက်ခွာသွားရန် ကြိုးစားလိုက်သည်။

ဂရုဒါ လေလွှာလှိုင်းစီး နည်းစနစ်သည် မဟာမိုးကြိုး ကျောင်းတော်၏ အစွမ်းအထက်ဆုံး ပျောက်ကွယ်ခြင်း နည်းစနစ်များ အတွင်းတွင် တစ်ခု အပါအဝင် ဖြစ်၏။ သူ၏ အမြန်နှုန်းသည် မဟာနတ်ငှက် တစ်ကောင်၏ အမြန်ဆုံး အမြန်နှုန်းနှင့် ယှဉ်နိုင်ကာ ပြိုင်ဘက်ကင်းသည်။

သို့သော်လည်း ဇူရီက ပြင်ဆင်ပြီးသား ဖြစ်သည်။ နဂါး၊ ဖီးနစ်၊ စိတ်ဝိညာဉ်လိပ်နှင့် ချီလင်တို့၏ စိတ်ဝိညာဉ် ပုံစံများက သူ၏ ခန္ဓာကိုယ် အနားတွင် ချက်ချင်း ပေါ်လာခဲ့ကာ တခုန်း ဇန်မာစတာအား ဝန်းရံထားလိုက်ကြ၏။

တခုန်း ဇန်မာစတာသည် တည်ငြိမ်စွာနှင့်ပင် ရှိနေခဲ့၍ ပြောလိုက်သည်။ "မင်းက ဆောင်ချင်းစန်းကို အနိုင်ယူနိုင်ခဲ့ပေမဲ့ ငါ့ကိုတော့ ရင်ဆိုင်နိုင်မယ်လို့ မဆိုလိုဘူး။ ငါက ခါတိုင်းထက် အားနည်းနေပေမဲ့ မင်းကငါ့ကို ကျော်လွှားနိုင်မယ်လို့ ထင်နေတာလား"

သူသည် စကားပြောနေရင်း သူ၏ညာလက်ကို မြှောက်လိုက်ကာ လက်သီးဆုပ်လိုက်သည်။ မဟာနတ်ငှက်၏ ပုံရိပ်ယောင်သည် နားကွဲလုမတတ် ဟိန်းဟောက်လိုက်၍ အကောင်အထည် ပေါ်လာခဲ့ကာ သူ၏ အတောင်များကို ဖြန့်လိုက်၏။

ခဏအကြာတွင် သူ၏ အတောင်များသည် အပြင်သို့ ပြင်းထန်စွာနှင့် ဆန့်တန်းလာခဲ့ကာ ကြီးမားသော အင်အားများနှင့် လေပြင်းတို့က ထွက်လာခဲ့သည်။

ဤမယုံနိုင်လောက်အောင် အားကြီးသည့် အကွက်နောက်တွင် တခုန်း ဇန်မာစတာသည် သူ၏အခြားလက်ဖြင့် ဗူရီ၏ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါ၏ ကောင်းကင် ပြောင်းလဲတိုးတက်မှုအား ရင်ဆိုင်လိုက်သည်။

ဒါသည် ဂရုဒါ လေလွှာလှိုင်းစီး နည်းစနစ်နှင့်
အဆင့်အတန်း တူညီသည့် အန္တိမ
မဟာနတ်ငှက် လက်သီးဖြစ်သည်။ သူသည်
တစ်ယောက်၏ ခန္ဓာကိုယ်မှ စွမ်းအားအကုန်ကို
တစ်ခါတည်းနှင့် ဖောက်ခွဲပစ်၍ရသည်။

ဇူရိသည် ဟန်ပန် အမူအရာ ကင်းမဲ့နေခဲ့ပြီး
သူ၏ လက်ဝါးများကို အတူတကွ
စုစည်းလိုက်သည်။ သူနှင့် ဆောင်ချင်းစန်းတို့
ရင်ဆိုင်ခဲ့စဉ်ကကဲ့သို့ ကောင်းကင်ဝက်ပါသည်
ထပ်မံ အသွင်ပြောင်းလဲလာခဲ့သည်။

ကောင်းကင် တိုးတက်ပြောင်းလဲမှုသည်
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့ကာ

နေရာတစ်ခုလုံးကို ဖုံးလွှမ်းသွားသည့် ထူထဲသော မြူခိုးငွေ့များ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဆန်စေ့ကဲ့သို့သော အလင်းစက်လေးများသည် ထိုအလင်းတန်း မြူခိုးငွေ့များ အကြားတွင် ချက်ချင်းဆိုသလိုပင် လင်းလက်လာခဲ့၍ ညအမှောင်တွင် ကြယ်စင်များက လှည့်လည်နေခဲ့သကဲ့သို့ ထူးခြားဆန်းကြယ်သော လမ်းကြောင်းဖြင့် တောက်ပနေခဲ့သည်။

ထိုအလင်းတန်း မြူခိုးငွေ့များသည် သေးငယ်သော သီးသန့် စကြာဝဠာနှင့် တူနေခဲ့၍ အရာအားလုံးကို စုပ်ယူနိုင်ခဲ့ကာ အန္တိမ မဟာနတ်ငှက် လက်သီးကလည်း

ဘာမှမရှိခြင်း အဖြစ်သို့
ပျောက်ကွယ်သွားခဲ့သည်။

တခုန်း ဇန်မာစတာ၏ မျက်နှာသည်
မည်းမှောင်သွားခဲ့၏။ သူသည်
ညည်းတွားလိုက်ကာ ချက်ချင်းပင်
အမောဃသိဒ္ဓိ ပုံစံကို ဖန်ဆင်းလိုက်ကာ
သူ၏ညာလက်ဝါးသည် ဆွာတိက
အသက်စက်ဝိုင်း လက်ဝါးအဖြစ်သို့
ပြောင်းသွားခဲ့၍ ဇူရီထံသို့ ရိုက်ချလိုက်သည်။

ထိုအချိန်တွင် ဗောဓိဝိညာဉ်က
ဝင်ရောက်လာခဲ့ကာ ကြုံးဝါးလိုက်သည်။
"တခုန်း၊ ခါတ်တော်တွေကို ချန်ခဲ့လိုက်ပါ"

မှော်မီးအိမ်မှ အလင်းတန်း တစ်တန်း ထွက်လာခဲ့၍ လွင့်မျောနေသော ဦးချိုမဲ့ နဂါး စိတ်ဝိညာဉ်က လွင့်ပြယ်သွားခဲ့ကာ ထာဝရ အလင်းတန်း ဗုဒ္ဓအလင်းတန်းသည် ပေါက်ကွဲထွက်လာခဲ့၍ တခုန်း ဇန်မာစတာ အပေါ်သို့ ကျရောက်လာခဲ့သည်။

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်သည် ထိန်းချုပ်မည့်သူ မရှိခဲ့၍ သူ၏ စွမ်းအားများကို အစွမ်းကုန် မထုတ်လွှတ်နိုင်ခဲ့ပေ။ သို့သော်လည်း တခုန်း ဇန်မာစတာသည် ဒဏ်ရာ ရထားခဲ့၍ ဗူရီ၏ ကောင်းကင်ဝက်ပါကိုလည်း ရင်ဆိုင်နေရသဖြင့်

ဗောဓိဝိညာဉ် ဝင်ရောက်လာခဲ့ခြင်းသည်
သူ့အား ဒုက္ခရောက်စေခဲ့ကာ ကွဲပြားသော
တိုက်ခိုက်မှု နှစ်ခုအား ရင်ဆိုင်နေခဲ့ရသည်။

ဇူရီသည် တခုန်း ဇန်မာစတာ၏ စိတ်အာရုံ
ပျံ့လွင့်သွားမှုအပေါ် အခွင့်ကောင်း ယူနိုင်ခဲ့၍
သူ၏ ဟာကွက်များကို ရှာနိုင်ခဲ့သည်။

သူသည် သူ့ခြေအောက်မှ စတင်၍
အက်ကွဲကြောင်းမွစ ပြုလာသော
ဟင်းလင်းပြင်အား ကြည့်လိုက်သည်။
ကြယ်စင်များ ပေါက်ကွဲမှုနှင့်တူသော
မယုံနိုင်လောက်အောင် ပေါက်ကွဲနိုင်စွမ်း
ကောင်းလှသည့် စွမ်းအားများသည် သူ၏

ခြေမှတဆင့် ပေါင်များ၊ ခါးနှင့်
ကျောရိုးတစ်လျှောက် တက်လာခဲ့၍
ခေါင်းပေါ်သို့ ရောက်လာခဲ့သည်။

ဇူရီ၏ ခန္ဓာကိုယ် တစ်ခုလုံးသည်
ကြွေသွားသော ကြယ်တစ်စင်းကဲ့သို့ လက်ကနဲ
ဖြစ်သွားကာ မျက်စိတမှိတ် အတွင်းတွင် တခုန်း
ဇန်မာစတာ၏ အရှေ့သို့ ရောက်လာခဲ့သည်။

ချန်ကေရာဇ်၏ လူသတ်သိုင်းကွက် -
ကြယ်စင်ရွှေ့ပြောင်းခြင်း နည်းစနစ်!

ဇူရီသည် ဤအစွမ်းထက်လှသော
သိုင်းပညာရပ်၏ အနှစ်သာရကို လေဟာနယ်
ပုံရိပ်ယောင် အတွင်းတွင် ဖြည်းဖြည်းချင်း
ဆုပ်ကိုင်နိုင်ခဲ့၍ သူ၏ကိုယ်ပိုင်
ရုပ်ခန္ဓာကိုယ်နှင့်ပါ အသုံးပြုနိုင်ခဲ့သည်။

ဇူရီ၏ ရုပ်ခန္ဓာကိုယ်သည် သာမန်ထက်
များစွာပို၍ မထူးခြားနေပဲ ရွှေရောင်ပုံစံ ဒုတိယ
အဆင့်တွင် ရှိနေသော တခုန်း ဇန်မာစတာနှင့်
စာလိုက်လျှင် သူသည် အခြေတည် ဝိညာဉ်
နောက်ဆုံး အဆင့်တွင်သာ ရှိသေးသည်။
ထို့ကြောင့် သူသည် လိုအပ်သော
အကျိုးသက်ရောက်မှုများ ရရှိစေရန်
ဤသိုင်းပညာရပ်၏ စွမ်းအား အပြည့်အဝကို

ထုတ်လွှတ်နိုင်မည် မဟုတ်ပေ။ သို့သော်လည်း သူသည် ဤနည်းစနစ်အား တိုက်ခိုက်မှုအတွက် အသုံးပြုလိုခြင်း မရှိပဲ သူ့အား ခြုံခို၍ အလစ်အငိုက်ဖမ်းရန်သာ ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

သူသည် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါအား ဆက်လက် ထုတ်လွှတ်နေခဲ့၍ မရေမတွက်နိုင်သော အလင်းတန်းများသည် ကြယ်များ ကြွေနေခဲ့သကဲ့သို့ တခုန်း ဇန်မာစတာထံသို့ ဝင်ရောက်လာကြသည်။

သို့သော်လည်း အခြေအနေသည် မမျှော်လင့်ပဲ ထပ်ဖန်တစ်ခါ ပြောင်းသွားခဲ့၏။

တခုန်း ဇန်မာစတာ၏ အမောဃသိဒ္ဓိ ပုံစံသည် ပြင်းထန်စွာနှင့် တုန်ခါသွားခဲ့ကာ နောက်ထပ် လူသားပုံရိပ်သည် ဗုဒ္ဓအလင်းတန်းများ အကြားမှ ပေါ်လာခဲ့သည်။

ထိုလူရိပ်သည် အမောဃသိဒ္ဓိ ဗုဒ္ဓပုံစံကဲ့သို့ တစ်ကိုယ်လုံး ရွှေရောင်များဖြင့် လွှမ်းခြုံနေလျှက် ရှိ၏။ ဇူရီသည် တစ်ခေါက်တည်း ကြည့်လိုက်ရုံနှင့်ပင် သူသည် သူ၏ စိတ်ဝိညာဉ် အစောပိုင်းမှ ဝင်စားခဲ့သည့်

မဟာနေမင်း သူတော်စင် ဖြစ်မှန်းကို
သိခဲ့လိုက်သည်။

သို့သော်လည်း လေဟာနယ် ပုံရိပ်ယောင်
အတွင်းတွင် ဒါသည့် မဟာနေမင်း
သူတော်စင်၏ လက်ကျန် စိတ်ဝိညာဥ်
မှတ်ဉာဏ်များဖြင့် ဖန်ဆင်းထားသော
အတုအယောင် ခန္ဓာကိုယ် တစ်ခုသာ ဖြစ်သည်။
ယခု သူ၏အရှေ့မှ လူရိပ်သည့် မဟာနေမင်း
သူတော်စင်၏ အစစ်အမှန် ရုပ်ခန္ဓာကိုယ်
ဖြစ်၏။

"ဒဏ္ဍာရီအရဆိုရင် မဟာနေမင်း သူတော်စင်ရဲ့
သေဆုံးမှုဟာ ယင်ကျိုးနတ်တောင်နဲ့

မသက်ဆိုင်ပဲ ဖန်ကျန်းနတ်တောင်နဲ့သာ သက်ဆိုင်တယ်။ ကြည့်ရတာ မဟာနေမင်း သူတော်စင်ရဲ့ စွမ်းအားကြီးတဲ့ ရုပ်ခန္ဓာကိုယ်ဟာ မဟာကျိုး အင်ပါယာရဲ့ လက်ထဲကို ကျရောက်သွားခဲ့တာပဲ"

"ကြည့်ရတာ ဒီခန္ဓာကိုယ်က အရင်က ပျက်စီးနေခဲ့ပေမဲ့ မဟာကျိုး အင်ပါယာက တခုန်း ဇန်မာစတာကို သူ့ရဲ့ ဗုဒ္ဓအလင်းတန်းတွေနဲ့ ပြန်လည် ပြုပြင်စေခဲ့တာ ဖြစ်လိမ့်မယ်" ဇူရီ၏ ခေါင်းထဲတွင် အတွေးပေါင်း များစွာတို့ဖြင့် ပြည့်နှက်လျှက်ရှိသည်။

"တခုန်း ဇန်မာစတာက ဒဏ်ရာရနေခဲ့ပြီး ငါနဲ့ ဗောဓိဝိညာဉ်တို့ရဲ့ နှစ်ယောက်ပေါင်းပြီး အဆက်မပြတ် တိုက်ခိုက်မှုကို ခံနေရတဲ့အတွက် အခြေအနေမလှတော့လို့ ဒီအစွမ်းထက်တဲ့ ရုပ်ခန္ဓာကိုယ်ကို မဖိနှိပ်ထားနိုင်တော့တာ ဖြစ်လိမ့်မယ်။ သူက ချန်ကေရာဇ်ရဲ့ နည်းစနစ်တွေကို လေ့ကျင့်ထားပြီး သူ့ရဲ့ကိုယ်ပိုင် အသက်ရှိနေတယ်။ ဒါက အပြင်အခွံသက်သက်သာ ဖြစ်ပေမဲ့ သူက ငါ့ရဲ့ ကြယ်စင်ရွှေ့ပြောင်းမှု နည်းစနစ်ကြောင့် ပြန်လည် နိုးထလာခဲ့တာနဲ့ တူတယ်"

ဘာဖြစ်ခဲ့မှန်းကို သဘောပေါက်သွားခဲ့သည်နှင့် ဇူရီသည် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ဝက်ပါအား ဆက်လက် အသုံးပြု၍ တခုန်း ဇန်မာစတာအား တိုက်ခိုက်ခဲ့ပြီး စံအိမ် နှစ်ဆယ့်ရှစ်လုံး နတ်လက်သီးကိုလည်း ထုတ်ဖော်နေခဲ့သည်။ သို့သော်လည်း သူ၏ ပစ်မှတ်မှာ မဟာနေမင်း သူတော်စင်၏ ရွှေရောင် ခန္ဓာကိုယ်သာ ဖြစ်၍ သူ၏ သိုင်းပညာရပ် လမ်းစဥ်များနှင့် ဤခန္ဓာကိုယ်အား ပို၍ လှုံ့ဆော်ချင်နေခဲ့သည်။

ဤအချိန်တွင် တခုန်း ဇန်မာစတာ၏ မျက်နှာသည် အလွန်အမင်းကို ပျက်နေခဲ့သည်။ သူ၏ မျက်လုံးများသည် ဇူရီနှင့် ထာဝရ

အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်တို့၏ အကြားတွင် ခေါက်တုံ့ပြန်နေခဲ့၍ မဟာနေမင်း သူတော်စင်၏ တော်လှန်ပုန်ကန်နေလိုသော ရွှေရောင်ပုံစံ ခန္ဓာကိုယ်အား ကြည့်လိုက်သည်။ သူသည် လျှင်မြန်စွာနှင့် ဆုံးဖြတ်လိုက်၍ လုံးဝ တွေဝေနေခြင်း မရှိပဲ မဟာနေမင်း သူတော်စင်၏ ရုပ်ခန္ဓာကိုယ်အား စွန့်လွှတ်လိုက်သည်။

"နိဗ္ဗာန်သို့ တက်လှမ်းခြင်း" မဟာနေမင်း သူတော်စင်၏ ရွှေရောင်ပုံစံအား လက်လွှတ်လိုက်ပြီးနောက် တခုန်း ဇန်မာစတာသည် ကျမ်းစာများ တစ်ခုပြီးမှ တစ်ခုအား ရွတ်ဆိုလိုက်၍ သူ၏ အမောဃသိဒ္ဓိ

ဗုဒ္ဓပုံစံသည် တောက်ပသော အရောင်များဖြင့် လင်းလက်လာခဲ့ကာ မရေမတွက်နိုင်သော ရောင်စုံ အလင်းတန်းများတို့သည် အရပ်မျက်နှာ ပေါင်းစုံသို့ ကျယ်ပြန့်သွားခဲ့သည်။ ဤအကွက်၏ ကြီးမားလှသော ခွန်အားသည် ဗောဓိဝိညာဉ်အား တုန်လှုပ်စေခဲ့၍ ဇူရီကပင် အနည်းငယ် အံ့အားသင့်သွားခဲ့၏။

ရောင်စုံ အလင်းတန်းများသည် ဘေးပတ်ပတ်လည်မှ ဟင်းလင်းပြင်ကို ဖျက်ဆီးခဲ့လိုက်သည်။

ဒါသည် မဟာမိုးကြိုး ကျောင်းတော်၏ လျှို့ဝှက်သီးသန့် နည်းစနစ်ဖြစ်၍ ရွှေရောင်ပုံစံ

ဒုတိယ အဆင့်မှ ကျင့်ကြံသူများကသာ လေ့ကျင့်နိုင်ခြင်း ဖြစ်သည်။ ဒါသည် သူတို့၏ကိုယ်ပိုင် ဗုဒ္ဓ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်ကို ထိခိုက်စေ၍ ကြောက်မက်ဖွယ်ရာ ဖျက်ဆီးနိုင်မှု စွမ်းအားတို့အား ယာယီ ထုတ်ဖော်နိုင်ခြင်း ဖြစ်သည်။

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်သည် ဦးချိုမဲ့ နဂါး စိတ်ဝိညာဥ်ကို လွှတ်ပေးလိုက်သည်နှင့် ရှီရှင်းယွမ်သည် ဤအခွင့်အရေးအား အပိုင် အသုံးချကာ သူ့အား ဖိနှိပ်ထားနိုင်ခဲ့သည်။ သူမသည် ဤတိုက်ပွဲတွင် မပါဝင်ခဲ့သဖြင့် လွတ်လပ်ခွင့် ရှိနေခဲ့သည်။

သို့သော်လည်း ဇူရီနှင့် ဗောဓိဝိညာဥ်တို့သည်
နိဗ္ဗာန်သို့ တက်လှမ်းခြင်း မှော်ကျိန်စာနှင့်
ရင်ဆိုင်ခဲ့လိုက်သောအခါ သူမ၏
လက်အတွင်းမှ ဦးချိုမဲ့ နဂါး စိတ်ဝိညာဥ်သည်
လွတ်သွားခဲ့၏။

ချက်ချင်းဆိုသလိုပင် ဦးချိုမဲ့ နဂါး
စိတ်ဝိညာဥ်သည်
လုံးဝပျောက်ကွယ်သွားခဲ့သည်။
ရှိရှင်းယွမ်သည်လည်း ဇူရီတို့အား
ဂရုမစိုက်နိုင်တော့ပဲ တစ်ချက်
ညည်းညူလိုက်ကာ သူမ၏ စိတ်ဝိညာဥ်သည်
ချက်ချင်းဆိုသလိုပင် သူမ၏ ရုပ်ခန္ဓာကိုယ်
အတွင်းမှ ထွက်ခွာသွားခဲ့သည်။

# စာစဉ် ၄၁ : အပိုင်း ၆

## အပိုင်း ၇၇၆ : တောင်အတွင်းမှ လျှို့ဝှက်ဂူ

ရှီရှင်းယွမ်၏ စိတ်ဝိညာဉ်သည်
လူသားတစ်ယောက် မဟုတ်ပဲ
သွက်လက်ထက်မြက်သော ရှေးပဝေသဏီ
နတ်နဂါး၏ ပုံစံဖြစ်၏။ သူသည် အစစ်အမှန်
ပုံသဏ္ဍာန်ကဲ့သို့ ကြည်လင်ပြတ်သားလှသည်။

ထိုနဂါးဝိညာဉ်သည် တခုန်း ဇန်မာစတာအား
အလွန် ခက်ထန်စွာဖြင့် စိုက်ကြည့်လိုက်ရာ

ဘုန်းကြီးသည် သူ၏ ကျောရိုးအတွင်းမှ စိမ့်ကနဲ ဖြစ်သွားခဲ့သည်။ "ဒီကောင်မလေးရဲ့ စိတ်ဝိညာဉ်က အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူတစ်ယောက်နဲ့စာရင် အများကြီး စွမ်းအားကြီးမားတယ်။ သူမက သူမရဲ့ ကိုယ်ပိုင်စိတ်ဝိညာဉ် အတွင်းကို မသေဝိညာဉ် အဆင့်က နဂါးတစ်ကောင်ရဲ့ စိတ်ဝိညာဉ်ကို ပေါင်းစပ်ထားတယ် ဆိုတောင်မှပဲ ဒီအဆင့်ကို မရောက်နိုင်ဘူး။ နေပါဦး၊ သူမက ရှေးပဝေသဏီ နတ်နဂါး တစ်ကောင်ရဲ့ ပြန်လည်ဝင်စားတာများ ဖြစ်နေမလား"

ရှေးပဝေသဏီ နတ်နဂါး ဝိညာဉ်သည် သူ၏ပါးစပ်ကို ဟလိုက်ကာ

စူးရှကျယ်လောင်စွာဖြင့်
ဟိန်းဟောက်လိုက်သည်။

ထိုဟိန်းဟောက်သံသည် ဇူရီကိုပင်
တုန်ခါသွားစေခဲ့၍ သူ၏
မှော်ရတနာများမှာလည်း ဖွဖွလေး
ခါယမ်းသွားကြသည်။

ဒါသည် ဟွမ်ဟိုင် စိတ်ဝိညာဥ်
အစည်းအဝေးတွင် သူမက စန်းလျှိုဟဲနှင့်
တိုက်ခိုက်သော တိုက်ပွဲနှင့် များစွာ
ခြားနားပေသည်။ သူမသည် ထိုအချိန်က သူမ၏
စိတ်ဝိညာဥ် စွမ်းအားများကို များစွာ
ထိမ်ချန်ထားခဲ့သော်လည်း ယခုအချိန်တွင်

အားလုံးတို့ကို ထုတ်လွှတ်လိုက်ပြီ ဖြစ်သည်။
သူမ၏ စွမ်းအားများကိုသာ မက သူမသည်
ယခင်က ကမ္ဘာကြီးတွင် မပေါ်ဖူးခဲ့သည့်
လျှို့ဝှက်နည်းစနစ် တစ်ခုအား
ထုတ်ဖော်လိုက်သည်။

နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံ!

နဂါးဝိညာဉ်ထံမှ တုန်ခါလာသော စွမ်းအားသည်
တိမ်တိုက်များကို ဖရိုဖရဲ ဖြစ်စေခဲ့၍
ဘေးပတ်ပတ်လည်မှ လေဟာနယ်
အချိန်ကာလများက တွန့်လိမ်သွားခဲ့ကြသည်။

သူမ စိတ်ဝိညာဉ်၏ စွမ်းအားသည် အရာဝတ္ထု
ပစ္စည်းများ၏ အပေါ်တွင်ပင်
အကျိုးသက်ရောက်မှု ရှိနေခဲ့သည်။
ထိုစွမ်းအားသည် အင်မော်တယ်ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများတွင်ပင် မြင်တွေ့ရခဲ၏။

ရှီရှင်းယွမ်၏ နဂါးကေရာဇ်၏
နတ်ဟိန်းဟောက်သံကြောင့်
တုန်ခါသွားပြီးနောက်တွင် တခုန်း
ဇန်မာစတာသည် သူ၏ ဒဏ်ရာများစွာ
ရထားပြီးသော ဗုဒ္ဓ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်သည် ကြီးမားသော ဖိအားများကို
ခံစားလာခဲ့ရသည်ကို ခံစားမိခဲ့လိုက်သည်။
သူသည် ကြီးမားသော ဒီရေလှိုင်းလုံးကြီးအား

ရင်ဆိုင်နေရသော သဲရဲတိုက်
တစ်ခုဖြစ်နေသည့်ဟု ခံစားနေခဲ့ရသည်။

နိဗ္ဗာန်သို့ တက်လှမ်းခြင်း မှော်ကျိန်စာ၏
ပြင်းထန်လှသော ဖျက်ဆီးနိုင်မှု စွမ်းအားသည်
ဇူရီနှင့် ဗောဓိဝိညာဥ်တို့အား
ဟန့်တားထားနိုင်သော်လည်း ယခုအခါတွင်
နဂါးကေရာဇ်၏ နတ်ဟိန်းဟောက်သံကိုပါ
ရင်ဆိုင်ခဲ့ရသဖြင့် ဘက်ပေါင်းစုံမှ ဖိအားများကို
ရင်ဆိုင်နေခဲ့ရသည်။ တခုန်း ဇန်မာစတာသည်
သူ့အား မည်ကဲ့သို့မျှ ဆက်လက်
ထိန်းမထားနိုင်တော့ပဲ အလယ်မှနေ၍
ပြတ်တောက်သွားခဲ့ကာ ဘေးပတ်ပတ်လည်မှ

ဗုဒ္ဓအလင်းတန်းများသည်လည်း ချက်ချင်းပင်
လွင့်ပြယ်သွားခဲ့၏။

ဇူရီသည် အလင်းနှင့်အမှောင် စာလုံးများကို
အတန်းလိုက် ထုတ်လွှတ်လိုက်ရာ သူတို့သည်
ကျယ်ပြန့်လှသော ရွှေရောင်
တံတားများအဖြစ်သို့ ပြောင်းသွားခဲ့ကာ တခုန်း
ဇန်မာစတာထံသို့ ပြေးဝင်သွားခဲ့သည်။

တခုန်း ဇန်မာစတာသည် ဘာမှ
မတတ်နိုင်တော့ချေ။ အရှုံးပေးသော အနေဖြင့်
သက်ပြင်းတစ်ချက်ကို စိတ်ပျက်လက်ပျက်ဖြင့်
ချလိုက်၍ သူ၏လက်ကို ဝှေ့ယမ်းလိုက်ရာ

ခေတ်တော်များ များစွာတို့က
ပျံ့သန်းထွက်ပေါ်လာကြသည်။

ထာဝရ အလင်းတန်း ဗောဓိနှလုံးသား
မီးအိမ်သည် ဗုဒ္ဓအလင်းတန်း တစ်ခုဖြင့်
ခေတ်တော်များကို သိမ်းဆည်းလိုက်ကာ တခုန်း
ဇန်မာစတာအပေါ်မှ သူ၏ တိုက်ခိုက်မှုများကို
ရုပ်သိမ်းလိုက်သည်။

တခုန်း ဇန်မာစတာသည် ဟင်းလင်းပြင်
အတွင်းမှ ဖြည်းဖြည်းချင်း ထွက်ခွာသွားခဲ့ရာ
သူ၏ ခြေလှမ်းတိုင်းတွင် အောက်ဘက်မှ
အဖြူရောင် ကြာပန်းများ ထွက်ပေါ်လာခဲ့သည်။

ထိုကြာပန်း အဖြူရောင်များ၏
ပေါ်ပေါက်လာခြင်းသည် ဇူရီ၏
ရွှေရောင်တံတားအား တားဆီးနိုင်ခဲ့သည်။
သို့သော်လည်း ရွှေရောင်တံတား၏
ကြီးမားလှသော စွမ်းအားကြောင့် အဖြူရောင်
ကြာပန်းများကလည်း ချက်ချင်းဆိုသလိုပင်
ပြိုကွဲသွားကြ၏။

တခုန်း ဇန်မာစတာသည် ဆက်လက်၍
နောက်ဆုတ်သွားခဲ့ပြီး သူ့ခြေအောက်တွင်
ပြိုကွဲသွားသော ကြာပန်းများ နေရာတွင်
နောက်ထပ် ကြာပန်းများက
ဆက်လက်ထွက်ပေါ်လာခဲ့သည်။ ဒါသည်

မဟာမိုးကြိုး ကျောင်းတော်၏ နောက်ထပ် ကွယ်ပျောက်ခြင်း မှော်ကျိုန်စာဖြစ်သော ကြာပန်းချီတက်ခြင်း ဖြစ်သည်။

ဒါသည် ဂရုဒါ လေလွှာလှိုင်းစီး နည်းစနစ်၏ အမြန်နှုန်းကို အားပေးခြင်းနှင့် မတူညီပေ။ ကြာပန်းချီတက်ခြင်း၏ သဘာဝသည် ကောင်းကင်တံခါးဂိုဏ်းမှ ကောင်းကင်ရှောင်တိမ်းခြင်း နည်းစနစ်နှင့် တူညီ၏။ သူ့တွင် ထူးခြားဆန်းကြယ်သော စွမ်းအားတမျိုးရှိ၍ ရန်သူ၏ ပိတ်ဆို့ထားသော မှော်ကျိန်စာများကို တားဆီးဖြတ်ကျော်နိုင်စွမ်း ရှိသည်။

သူ၏ ဒဏ်ရာများသည် တဖြည်းဖြည်း ပို၍ ဆိုးဝါးလာသော်လည်း သူသည် မဟာနေမင်း သူတော်စင်၏ ရွှေရောင် ခန္ဓာကိုယ်အား ဆက်လက်၍ ဖိနှိပ်ထားရန် မလိုတော့သောကြောင့် တခုန်း ဇန်မာစတာသည် ယခင်ကထက် အနည်းငယ်ပို၍ အစွမ်းထက်လာခဲ့သည်။

ဇူရီသည် တခုန်း ဇန်မာစတာ ထွက်ခွာသွားသည်ကို ကြည့်နေခဲ့ကာ ချီလင် စကြာဝဠာ ပုံသဏ္ဍာန်၏ အပေါ်တွင် တင်ပလ္လင်ခွေ ထိုင်နေခဲ့သည်။ သူသည် ရုတ်တရက် မတ်တတ်ထရပ်လိုက်ရာ အသွင်သဏ္ဍာန် လေးမျိုးစလုံးတို့သည်

စာများကို ရွတ်ဆိုလိုက်၍
ခြေလက်ရှစ်ဘက်စလုံးတို့သည် စာအုပ်များ၊
မင်တံနှင့် စာရွက်၊ ပေတံနှင့် ဗျပ်စောင်းတိုကို
ထုတ်ယူလိုက်ကာ ရှေးဟောင်း အခမ်းအနား
တစ်ခုကို ဖော်ဆောင်လိုက်ကြသည်။

မြင့်မြတ်သော အန္တိမ ရှေးဟောင်း
ချပ်ဝတ်တန်ဆာ၏ အထောက်အပံ့ဖြင့်
ပညာရှိတို့၏ စာစီစာကုံးသည်
ယခင်ကထက်ပို၍ အစွမ်းထက်လာခဲ့ကာ
ရွှေရောင်တံတားသည် စွမ်းအားများဖြင့်
ပေါက်ကွဲလာခဲ့၍ တခုန်း ဇန်မာစတာ၏
ခြေထောက်အောက်မှ ကြာပန်းများကို
ဖိနှိပ်ထားလိုက်သည်။

အသွင်သဏ္ဍာန်လေးမျိုး
ကောင်းကင်ဝက်ပါသည့် ထူထဲသော
အလင်းတန်း မြူခိုးငွေ့များ အဖြစ်သို့
ပြောင်းလဲသွားခဲ့၍ စကြာဝဠာအား
ဖုံးလွှမ်းသွားခဲ့ကာ တခုန်း ဇန်မာစတာ၏ ဗုဒ္ဓ
မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်နှင့် ပြင်းထန်စွာ
တိုက်ခိုက်လိုက်ကြသည်။

တခုန်း ဇန်မာစတာသည်
တစ်ချက်ညည်းတွားလိုက်ကာ သူ၏ ဗုဒ္ဓ
မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည်
ကွဲကြေတော့မည့် ကြွေပန်းအိုး တစ်လုံးကဲ့သို့
အက်ကွဲကြောင်းများ ပေါ်လာခဲ့သည်။

"ကျွန်တော်မျိုးရဲ့ စိတ်ဝိညာဥ် အပေါ်မှာ ကရုဏာ ထားတော်မူပါ၊ ဗုဒ္ဓအရှင်မြတ်" တခုန်း ဇန်မာစတာသည် ကြုံးဝါးလိုက်ရာ အနီရောင် မှင်များဖြင့် ကျမ်းစားများကို ရေးသားထားသော ရွှေအဝတ်နှင့် အလံတံခွန် တစ်ခုသည် သူ၏ ဗုဒ္ဓ မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်၏ နဖူးအပေါ်တွင် ထွက်လာခဲ့သည်။

ကြီးမားသော ဖျက်ဆီးခြင်း အော်ရာများ မရှိခဲ့ပဲ ဗုဒ္ဓအလင်းရောင်များ လင်းလက်နေခြင်း မရှိသလို ထူးခြားသော အသွင်ပြောင်းလဲခြင်းမျိုးလည်း မရှိခဲ့ပေ။

သို့သော်လည်း တခုန်း ဇန်မာစတာ၏
အက်ကွဲနေသော ဗုဒ္ဓ မှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်သည် ရွှေရောင် အလံတံခွန်
ပေါ်လာသည်နှင့် ထူးခြားဆန်းကြယ်စွာနှင့်
ပြန်လည် ကောင်းမွန်သွားခဲ့သည်။
ပင့်ကူအိမ်ကဲ့သို့သော
အက်ကွဲကြောင်းများသည်
ရှိနေကြသေးသော်လည်း
ဆက်လက်ပြန့်ပွားခြင်း မရှိကြတော့ပေ။

ဤအချိန်တွင် ပြင်းထန်လှသော စစ်မြေပြင်၏
အပေါ်မှ လေဟာနယ် အတွင်းတွင်
ဟင်းလင်းပြင်သည် ကစဉ့်ကလျား ဖြစ်နေခဲ့၍
မရေမတွက်နိုင်သော တွင်းနက်များ

ပေါ်လာခဲ့ကာ ဟင်းလင်းပြင်အား
အပိုင်းအစများအဖြစ်သို့ ဆွဲဖြဲပစ်ခဲ့သည်။

တခုန်း ဇန်မာစတာ၏ နိဗ္ဗာန်သို့ တက်လှမ်းခြင်း
မှော်ကျိန်စာအား ခံစားခဲ့ရအပြီးတွင်
ရှီရှင်းယွမ်၏ နဂါးကေရာဇ်
နတ်ဟိန်းဟောက်သံနှင့် ဇူရီ၏ နောက်ဆုံး
တိုက်ခိုက်မှုတို့ကြောင့် တောင်၏ အလယ်ပိုင်းမှ
စိတ်ဝိညာဉ် စွမ်းအင်များတို့သည်
နောက်ဆုံးတွင် ထိန်းချုပ်မှုမှ
ကင်းလွတ်သွားခဲ့ကာ
မှုခြေကင်းလွတ်သွားခဲ့သည်။ ယင်ပင်လယ်၏
စွမ်းအားများနှင့် ယင်ကျိုးနတ်တောင်တို့၏
အကာအကွယ် စနစ်သည် အသက်ဝင်လာခဲ့ကာ

နတ်တောင်သည် ဤအနှောင့်အယှက်များကို ဖိနှိပ်ရန် ကြိုးစားခဲ့လိုက်သည်။

ဤအက်ကွဲကြောင်းများမှ ဖိအားများသည် များစွာ ကြီးမားလှ၍ ဇူရီ၏ မျက်စိတို့သည် တောက်ပသော အလင်းတန်းများဖြင့် လင်းလက်လာခဲ့သည်။ သူသည် ယင်ကျိုးနတ်တောင်မှ မည်သည့်နေရာသို့ ပို့ဆောင်ခြင်း ခံရမည်ကို မသိနိုင်ခဲ့ပေ။

တခုန်း ဇန်မာစတာသည် တွင်းနက်တစ်ခု အတွင်းသို့ ဝင်သွားခဲ့၍ သူနှင့်အတူ ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်၊

ရှီရှင်းယွမ်တို့သည် အခြား တွင်းနက် တစ်ခုစီ
အတွင်းသို့ ဝင်သွားခဲ့သည်။

တခုန်း ဇန်မာစတာသည် ဇူရီထံသို့
နောက်ဆုံးအကြည့် တစ်ချက်ကို
ကြည့်လိုက်ကာ ကွဲကွာသွားခဲ့သည်။ သူ၏
ဟန်ပန် အမူအရာ ကင်းမဲ့နေသော
အကြည့်သည် ဇူရီ၏ စိတ်ဝိညာဉ် အတွင်းသို့
နက်ရှိုင်းစွာ ဝင်ရောက်သွားခဲ့ကာ
တိတ်ဆိတ်စွာဖြင့် ခေါင်းကိုညိတ်ပြလိုက်သည်။

ရှီရှင်းယွမ်မှာမူ အနည်းငယ်
စိတ်လက်ပေါ့ပါးနေခဲ့၍ သူမ၏
အနောက်တစ်နေရာသို့

လက်ညှိုးထိုးလိုက်သည်။ အကယ်၍
တစ်ယောက်သည် သူမ၏ လက်ညွှန်ရာသို့
လိုက်ကြည့်လိုက်ပါက ကတော့ပုံများကို
တွေ့ရမည်ဖြစ်ကာ သူမလက်အတွင်းမှ
လွတ်သွားခဲ့သော ဦးချိုမဲ့ နဂါး စိတ်ဝိညာဉ်သည်
ကံမကောင်းစွာနှင့်ပင် သူမကျရောက်သွားသည့်
တွင်းနက်အတွင်းသို့ စုပ်ယူခြင်းကို
ခံခဲ့လိုက်ရသည်။

ဇူရီ၏ ပတ်ပတ်လည်မှ ပတ်ဝန်းကျင်သည်
ချက်ချင်းပင် ပြောင်းလဲသွားခဲ့ပြန်ကာ
မျက်စိကျိန်းလောက်သော အရောင်များသည်
သူ၏အရှေ့တွင် ပေါ်လာခဲ့သည်။ သူသည်
အခြေကျသွားသောအခါ နောက်ထပ်

လှိုဏ်ခေါင်းတစ်ခု၏ အရှေ့သို့ ရောက်နေပြီ ဖြစ်ကြောင်းကို တွေ့လိုက်ရ၏။

"ငါတို့က ယင်ကျိုးနတ်တောင်ရဲ့ တွန်းဖယ်ခြင်းကို မခံခဲ့ရတာ ကံကောင်းတယ်လို့ပဲ ပြောရမယ်" ဇူရီသည် ရယ်ရမ်းသွေးလိုက်ရင်း ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်နှင့် ထာဝရည မိစ္ဆာကျောက်တိုင်၏ ဖိနှိပ်ခြင်းကို ခံနေခဲ့ရသော မဟာနေမင်း ရွှေရောင်ပုံစံကို ကြည့်လိုက်သည်။

"စီနီယာ ဗောဓိဝိညာဉ်၊ ဒီကိစ္စပြီးသွားရင် စီနီယာမှာ ဘာအစီအစဉ်များ ရှိပါသလဲ"

ဇူရီသည် စတင်မေးမြန်းလိုက်ရာ
ဗောဓိဝိညာဥ်ကလည်း အတွေးနက်သွားခဲ့သည်။

သူသည် ပွားစည်းခြင်း အဆင့်မှ မော်ရတာနာ
တစ်ပါးသာဖြစ်၍ ပိုင်ရှင်မရှိပဲ သူ့ဘာသာသူ
လျှောက်သွားရန် အလွန်အမင်း ခက်ခဲပေသည်။

ထာဝရည မိစ္ဆာကျောက်တိုင်သည်
ဝတ်စုံနက်နှင့် သက်လတ်ပိုင်းလူကြီး ပုံစံသို့
ပြောင်းသွားခဲ့ကာ ပြောလိုက်သည်။ "ငါတို့နဲ့
လိုက်ခဲ့ပါလား။ ငါတို့ရဲ့ ဂိုဏ်းခေါင်းဆောင်က
လက်ရှိခေတ်မှာမှ မွေးဖွားခဲ့ပေမဲ့ သူ့ရဲ့
ကျင့်ကြံမှုအဆင့်က မကြုံစဖူး မြင့်မားလှပြီး
သူ့မှာ ကြီးမားတဲ့ အလားအလာတွေ ရှိတယ်။

သူက အနာဂတ်မှာ မဟာမိုးကြိုး ကျောင်းတော်အတွက် တရားမျှတမှုကို ပြန်ရှာပေးနိုင်တဲ့ စွမ်းအားတွေရှိတယ်"

"ဂိုဏ်းခေါင်းဆောင်နဲ့ ငါ့ရဲ့သခင် ဇူရီ အပါအဝင် သူ့တပည့်တွေဟာ အတတ်နိုင်ဆုံး ကြိုးစားပြီး ပျောက်ဆုံးနေတဲ့ ခါတ်တော်တွေကို ပြန်လည်ရှာဖွေပြီး သူတို့ကို မဟာမိုးကြိုး ကျောင်းတော် အတွင်းက စေတီပုထိုး တောအုပ်အတွင်းမှာ ကောင်းမွန်စွာ ပြန်လည် မြှုပ်နှံပေးခဲ့တယ်။ ငါတို့ဂိုဏ်းအထဲမှ မဟာမိုးကြိုး ကျောင်းတော်က အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူ တစ်ယောက်ကလည်း နေထိုင်လျှက်ရှိတယ်။

သူက မဟာမိုးကြိုး ကျောင်းတော်က ပျောက်ဆုံးနေတဲ့ ကျမ်းစာနဲ့ နည်းစနစ်တွေကို ပြန်လည် စုဆောင်းနေလျှက်ရှိတယ်"

ဗောဓိဝိညာဉ်၏ အမူအရာသည် အနည်းငယ် ပြောင်းလဲသွားခဲ့သည်။ "အိုး၊ ဒီလိုဆိုရင် ငါက မင်းတို့နဲ့အတူ ခရီးထွက်ဖို့အတွက် ဆန္ဒတွေ ရှိပါတယ်"

သူသည် ဇူရီဘက်သို့ လှည့်ကြည့်လိုက်သည်။ "မင်းတို့အုပ်စုကလည်း ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်ဖို့ စိတ်ဝင်စားနေတာနဲ့တူတယ်။ ငါက မင်းတို့နဲ့အတူ ခရီးဆက်ပြီး မင်းရဲ့ ရည်ရွယ်ချက်တွေကို ပြည့်မြောက်အောင်

အတတ်နိုင်ဆုံး ကူညီပေးပါမယ်။ မင်းကလည်း ငါ့ကို နတ်ဘုရား နယ်မြေကို ပြန်ခေါ်သွားပေးဖို့ မျှော်လင့်ပါတယ်။ တကယ်လို့ သူပြောတာက မှန်ခဲ့ရင် မင်းနဲ့ မင်းတို့ဂိုဏ်းက ဗုဒ္ဓသာဝကတွေ အပေါ်မှာ ကျေးဇူးတွေရှိပါတယ်။ ငါက မင်းတို့ကို ကူညီနိုင်အောင် အသန့်စင်ခံဖို့ ဆန္ဒရှိပါတယ်"

ဇူရီက ချက်ချင်းပင် သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြောလိုက်သည်။
"ဒါဆိုရင်လည်း သွားကြစို့"

သူသည် ထာဝရည မိစ္ဆာကျောက်တိုင်အောက်မှ မဟာနေမင်း ရွှေရောင်ခန္ဓာကိုယ်အား

ယူလိုက်ကာ သူ၏အရှေ့တွင် ပေါ်လာသော လှိုဏ်ခေါင်းအတွင်းသို့ ဝင်သွားခဲ့သည်။

ယင်ကျိုးနတ်တောင်၏ အလယ်ဗဟိုမှ ပုံရိပ်ယောင်သည် ကွဲပျက်သွားခဲ့ပြီ ဖြစ်သဖြင့် တောင်ကို ထိန်းချုပ်နိုင်ရန် ပြိုင်ဆိုင်၍ရမည် ဖြစ်သည်။

ဇူရီသည် လမ်းလျှောက်နေရင်း နှလုံးခုန် တစ်ချက်မှားသွားသကဲ့သို့ ခံစားခဲ့ရကာ လှိုဏ်ခေါင်း၏ အဆုံးမှ ကြီးမားသော စိတ်ဝိညာဉ် စွမ်းအင် လှိုင်းလုံးများကို ခံစားလိုက်ရသည်။ သူ့ပန်းတိုင်သည်

ဆန်းကြယ်နက်နဲလှကာ
သီးသန့်ကမ္ဘာတစ်ခုကဲ့သို့ အဆုံးမရှိပေ။

အရွယ်အစားကသာ ကြီးမားသည် မဟုတ်ပဲ
အရည်အသွေးကလည်း ထိပ်တန်းကျလှသည်။

ဇူရီသည် သူ၏ ရှာဖွေတွေ့ရှိမှုအား အနည်းငယ်
ထူးဆန်းသကဲ့သို့ ခံစားခဲ့ရကာ လျှင်မြန်စွာနှင့်
ရှေ့ဆက်သွားခဲ့သည်။ ခဏလေး အတွင်းတွင်
သူသည် လှိုဏ်ခေါင်း၏ အဆုံးသို့
ရောက်ရှိသွားခဲ့၍ ထူးခြားဆန်းကြယ်သော
မြင်ကွင်းတစ်ခုအား မြင်လိုက်ရသည်။

သူသည် လွန်စွာကြီးမားလှသည့် ကျောက်ဂူကြီး တစ်ခုအတွင်းသို့ ရောက်နေခြင်း ဖြစ်သည်။ သူသည် နေနှင့်လ မရှိသော သီးသန့်ကမ္ဘာ တစ်ခုနှင့် တူနေခဲ့သည်။

ယင်ကျိုးနတ်တောင်၏ အလယ်ပိုင်းသည် အခေါင်းပေါက်ဖြစ်ကာ သူ၏အတွင်းတွင် ရောမ ဂူကြီးတစ်လုံး ရှိနေခဲ့သည်။

ထိုဂူ၏ အတွင်းတွင် အောက်ခြေမှနေ၍ အပေါ်သို့ ထိုးတက်နေသော ရောမ ကျောက်စိမ်းတိုင်လုံးကြီး တစ်ခု ရှိနေသည်။ သူသည် မြင့်မားလွန်းသဖြင့် ဇူရိက သူ၏ထိပ်ဖျားကို မြင်ပင်မမြင်နိုင်ခဲ့ပေ။ သူ၏

ခနို့မှန်းချက်မှာ ဤတိုင်လုံးသည်
တောင်ထိပ်ဖျားသို့တိုင်အောင် မြင့်တက်သွား၍
ပေတစ်သောင်းကျော်ကျော် မြင့်မားဟန်တူသည်။
သူသည် တောင်အတွင်းမှ နောက်ထပ်
တောင်တစ်လုံး ဖြစ်သည်။

ဇူရီသည် ကမ္ဘာကြီး၏ အလေးချိန်အား
ထမ်းပိုးထားသကဲ့သို့ ထင်နေရသည့်
အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား
စိုက်ကြည့်နေခဲ့ရင် သူ့အတွင်းမှ ကြီးမားလှသည့်
စွမ်းအားများကို ခံစားနေခဲ့သည်။

ထိုတိုင်လုံးသည် တောင်၏ အလယ်ပိုင်းမှ
ကွယ်ဝှက်ထားနေခဲ့သော်လည်း ထိုရောမ

ကျောက်စိမ်းတိုင်လုံးသည် ကမ္ဘာကြီး
တစ်ခုလုံးအား သယ်မထားသည်ဟု
ထင်နေရသော အော်ရာအား
ထုတ်လွှတ်နေခဲ့သည်။

ဇူရီသည် အေးဆေးတည်ငြိမ်နေခဲ့သော်လည်း
ထိုအဖြူရောင် ကျောက်စိမ်းတိုင်လုံးနှင့်
အနည်းငယ် ရင်းနှီးကျွမ်းဝင်နေခဲ့သကဲ့သို့
ခံစားနေရ၍ သူသည် အံ့အားတကြီး
ဖြစ်နေခဲ့သည်။

"ငါက ဒါကို တစ်နေရာမှာ တွေ့ဖူးသလိုပဲ..
အံ့ဖွယ် ကောင်းကင်ကမ္ဘာ..
ယုကျင်းတောင်အောက်က ယင်ယန်ပင်လယ်

အတွင်းမှာ ဖြစ်တယ်" ဇူရီသည် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ သူ၏ ညာဘက်လက်ညှိုးဖြင့် လေထုအတွင်းတွင် 'တည်ငြိမ်ခြင်း'ဟူသော စာလုံးကို အကြိမ်အနည်းငယ် ရေးလိုက်အပြီးမှသာ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။

"ငါက ဒီခံစားချက်ကို ဆရာက ရှီးလင်မြို့ တိုက်ပွဲမှာ သူတော်စင် ကောင်းကင်ခေါးနဲ့ မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်နဲ့ တိုက်ခိုက်နေတုံးက ရခဲ့ဖူးတယ်"

"ပြီးတော့ အင်မော်တယ် နဂါးမြို့တော်နဲ့ တော်ဝင်နန်းတော်တို့ တိုက်ခိုက်ခဲ့စဉ်ကလည်း မြင်ခဲ့ဖူးတယ်"

"ငါက ယင်ယန်ပင်လယ် အတွင်းမှာ ဟိုရှေရောင်စကက်လုံး အထဲမှာလည်း တွေ့ခဲ့ဖူးတယ်"

ဇူရီ၏ ပါးစပ်သည် အပြုံးတစ်ခုအဖြစ်သို့ တွန့်သွားခဲ့ပြီး အာမေဋိတ်ပြုလိုက်သည်။ "ဒါက ကြမ္မာပန်းတိုင် အဆင့်က မော်ရတနာ တစ်ခုအဖြစ်ကို မွေးဖွားနိုင်တဲ့ မော်ရတနာ သန္ဓေလောင်း တစ်ခုပဲ!"

သူသည် ထိုတိုင်လုံးအတွင်းမှ စွမ်းအား
သဘောတရားများကို ဆက်လက်၍
ခံစားလိုက်သည်။ ဒါသည်
ယင်ယန်ပင်လယ်အတွင်းမှ
ရွှေရောင်စက်လုံးကဲ့သို့ လူများအား
တွန်းလှတ်နေသော ကြီးစိုးလွှမ်းမိုးနိုင်သည့်
အော်ရာမျိုး မဟုတ်ပေ။

ထို့အစား သူ၏အတွင်းမှ စွမ်းအားများသည်
များစွာပို၍ ရင့်ကျက်တည်ငြိမ်သည်။ သူသည်
များစွာပို၍ ကျယ်ပြန့်ကြီးမား၏။ သူ၏
ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်မှာ အဆင့်ပိုမြင့်သည်။

ယင်ယန်ပင်လယ်၏ အတွင်းမှ
ရွှေရောင်စက်လုံးသည် မော်ရတနာ
သန္ဓေလောင်းတစ်ခု ဖြစ်သော်လည်း သူသည်
ရင့်ကျက်ရန် အချိန်များစွာလိုသေးသည်။
သို့ရာတွင် သူ၏အရှေ့မှ အဖြူရောင်
ကျောက်စိမ်းတိုင်လုံးသည်
ရင့်ကျက်နေပြီဖြစ်သော မော်ရတနာ
သန္ဓေလောင်းဖြစ်၍ စွမ်းအားမြင့်သော
ကျင့်ကြံသူ တစ်ယောက်မှ ကြမ္မာပန်းတိုင်
အဆင့်ရှိ မော်ရတနာအဖြစ် ချက်ချင်းလက်ငင်း
ထုလုပ်ရန် အဆင့်သင့်ဖြစ်နေပေပြီ။

သို့သော်လည်း ကြမ္မာပန်းတိုင်အဆင့်မှ
မော်ရတနာ တစ်ပါးအား ထုလုပ်သည့်

ဖြစ်စဉ်သည် ခဲယဉ်း၍ အချိန်အတော်
ပေးရသည်။ ထို့အပြင် ကံကြမ္မာကဲ့သို့သော
မသေချာသည့် အချက်များ ရှိသေးသည်။

ထိုအဖြူရောင် ကျောက်စိမ်းတိုင်လုံး၏
အတွင်းတွင် သိုမှီးထားသော စွမ်းအား
အမြောက်အမြားတို့သည် ဉာဏ်မှော်ရတနာ
သန္ဓေလောင်းက ကောင်းစွာ ရင့်ကျက်နေပြီ
ဖြစ်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက် ချနေနိုင်ပြီ
ဖြစ်ကြောင်းကို သက်သေပြနေခဲ့သည်။ သူသည်
အချိန်မရွေး ထိန်းချုပ်မှုအောက်မှ
လွတ်သွားနိုင်သည့် ရွှေရောင်စက်လုံးနှင့် လုံးဝ
မတူနေခဲ့ပေ။

ဇူရီသည် လင်းဖုန်း၊ လီယွမ်ဖန်း၊ အစိမ်းရောင်ကျောက်စိမ်းဖန်ဝိညာဉ်တို့နှင့်အတူ ယင်ကျိုးနတ်တောင်နှင့် အမည်မဲ့ ရေးဟောင်းဝင်္ကပါတို့၏ အကြောင်းကို ပြောဆိုခဲ့သည်ကို ပြန်လည်၍ အမှတ်ရလိုက်သည်။

"အမည်မဲ့ ရေးဟောင်းဝင်္ကပါက လူသားတွေ ပြုလုပ်ထားတာ မဟုတ်ဘူး။ ယင်ကျိုးနတ်တောင် ပေါ်လာခြင်းနဲ့အတူ သဘာဝ အင်အားတွေနဲ့ အတူတကွ ပေါ်လာတာဖြစ်တယ်။ ဒါကြောင့် အမည်မဲ့ ရေးဟောင်းဝင်္ကပါရဲ့ ပြောင်းလဲမှုတွေက

ယင်ကျိုးနတ်တောင်ရဲ့ သဘာဝတွေကို လိုက်ပြီးမှ ပြောင်းလဲစေနိုင်တယ်"

"ဒီဝက်ပါက ဒီနှစ်တွေ အတွင်းမှာ ပိုပြီးပိုပြီး အားနည်းလာခဲ့တယ်။ ဒါပေမဲ့ ဝက်ပါနဲ့ ပြောင်းပြန်ဖြစ်စွာ တောင်ရဲ့ စွမ်းအားတွေက တဖြည်းဖြည်းနဲ့ ပိုပြီးမှ အားကောင်းလာခဲ့တယ်"

"ဒီစွမ်းအားတွေက တောင်ရဲ့ စွမ်းအား သဘောတရားတွေကနေ အပြည့်အဝ မဖော်ပြနိုင်ဘူး"

"တောင်ကိုယ်တိုင်က အသိဉာဏ်ပညာ
အဆင့်အတန်း မြင့်လာတယ်ဆိုတဲ့ ဖြစ်နိုင်ခြေ
ရှိနေတယ်"

ဇူရီ၏ ခေါင်းအတွင်းတွင်
ထိုဆွေးနွေးချက်များကို ပြန်လည်
ကြားယောင်နေခဲ့၍ သူ၏အရှေ့မှ အဖြူရောင်
ကျောက်စိမ်းတိုင်လုံးအား
တစ်ချက်ကြည့်လိုက်သည်။ သူသည်
အတွေးများစွာတို့ကို တွေးတောနေခဲ့၍
သူ၏ခေါင်းများသည်ပင် မူးဝေလာခဲ့သည်။

မည်သူက ထင်ထားမည်နည်း၊
ယင်ကျိုးနတ်တောင်၏ သဘာဝ

ပြောင်းလဲမှုများသည် ဤကဲ့သို့သော
အခြေအနေမျိုးကို ဖန်တီးပေးနိုင်ခဲ့သည်။
ဒါသည် တောင်က အသိဉာဏ်
ဖြစ်ပေါ်လာသည့်လောက် မရိုးရှင်းပဲ များစွာပို၍
ကြောက်မက်ဖွယ်ကောင်းနေခဲ့သည်။

နတ်တောင်သည် အမည်မဲ့
ရှေးဟောင်းဝက်ပါနှင့် ထူးခြားဆန်းကြယ်သော
ဆက်သွယ်မှုများ ရှိနေပြီး ယင်ပင်လယ်
အတွင်းမှ စိတ်ဝိညာဉ် စွမ်းအင်များကို
စုဆောင်းကာ ဤကြမ္မာပန်းတိုင် အဆင့်မှ
မှော်ရတနာ သန္ဓေလောင်းအား
မွေးဖွားပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဤဖြစ်စဉ်သည် ရှေးက မကြုံခဲ့ဖူးပဲ
နောက်တွင်လည်း ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။

ဤအဖြူရောင်ကျောက်စိမ်းတိုင်လုံး၏
တန်ဖိုးသည် ယင်ကျိုးနတ်တောင်
တစ်တောင်လုံးနှင့်ပင် ယှဉ်၍ရနိုင်သည်။

သူသည် သူ၏အရှေ့မှ အခြေအနေအား
လေ့လာသုံးသပ်အပြီးတွင် လင်းဖုန်းအား
အသံလွှင့်၍ တင်ပြရန်
ကြိုးစားလိုက်သော်လည်း ဆက်သွယ်၍
မရတော့သည်ကို တွေ့ရှိလိုက်ရသည်။

ဇူရီသည် မျက်မှောင်ကြုတ်လိုက်ကာ
ကျောက်ဂူအတွင်းမှ ထွက်လိုက်၍
ထပ်မံဆက်သွယ်ရန် ကြိုးစားလိုက်သည်။
သို့သော်လည်း အဖြူရောင် ကျောက်တိုင်ထံမှ
ထွက်လာသော အမိုးကဲ့သို့ ထူထဲလှသည့်
စိတ်ဝိညာဉ် စွမ်းအင်များသည် ပြင်ပကမ္ဘာမှ
လှိုဏ်ခေါင်းကိုပင် ဖြတ်တောက်ထားခဲ့၏။

လှိုဏ်ခေါင်း၏ အခြားတစ်ဘက်တွင်
ထွက်ပေါက်မရှိပဲ ဇူရီသည် ကျောက်ဂူအတွင်းသို့
ပြန်ရောက်လာခဲ့သည်။ သူသည် ထိုအဖြူရောင်
ကျောက်စိမ်းတိုင်လုံးအား ကြည့်လိုက်ကာ
ခေါင်းပင်ကိုက်လာခဲ့သည်။

သူသည် ပြင်ပကမ္ဘာအား ဆက်သွယ်နိုင်ခြင်း
မရှိပဲ ဤအဖြူရောင် ကျောက်စိမ်းတိုင်လုံးအား
ကျင့်ကြံရန်လည်း လုံလောက်သော
စွမ်းအားမရှိပေ။ အကယ်၍
တစ်စုံတစ်ယောက်သည် ဤနတ်တောင်အား
ထိန်းချုပ်နိုင်ခဲ့ပါက ဤအဖြူရောင်
ကျောက်စိမ်းတိုင်လုံးသည် ထိုသူ၏
လက်အတွင်းသို့ ကျရောက်သွားနိုင်ခြေများ၏။
ဤလှိုဏ်ခေါင်းမှ ထွက်ခွာခဲ့လျှင်လည်း
အဖိုးတန်သော ပစ္စည်းအား
ဤလှိုဏ်ခေါင်းအတွင်းသို့ ရောက်လာနိုင်သည့်
အခြားသူအတွက် ထားပေးခဲ့သလို
ဖြစ်သွားပေမည်။

သူ့ဆရာသည် ပြင်ပတွင် လျှမ်ပန်းနှင့်
ရှီယုတို့အား တားဆီးပေးထားခဲ့သည်။
အကယ်၍ သူကသာ ဘာဖြစ်မည်ကို
ကြိုတင်သိခဲ့လျှင် ဇူရီအား
ဆုံးဖြတ်ချက်ချနိုင်ရန် အကူအညီပေးနိုင်ခဲ့မည်
ဖြစ်သည်။

ဇူရီသည် စိတ်ပျက်လက်ပျက်ဖြင့်
သက်ပြင်းတစ်ချက်ချလိုက်သည်။
သူမရည်ရွယ်ပဲနှင့် တွေ့ရှိခဲ့သော အဖိုးတန်သည့်
ရတနာတစ်ပါးသည် ရတ်တရက်ပင်
အာလူးပူကြီးတစ်လုံး ဖြစ်သွားခဲ့သည်။

## စာစဉ် ၄၁ : အပိုင်း ၇

## အပိုင်း ၇၇၇ : သက်ရှိအားလုံးတို့သည် ပုစဥ်း၏ ကျည်ကျည်ကျာကျာ မြည်သံနှင့်အတူ ကမ္ဘာအတွင်းသို့ ပြန်လည်ရောက်ရှိလာကြသည်

ယင်ကျိုးနတ်တောင်၏ အပြင်တွင် လင်းဖုန်းသည် သူ၏အောက်မှ နတ်တောင်အား လှည့်ကြည့်လိုက်ကာ သူ၏ စိတ်အတွင်းမှ ထူးခြားသော ခံစားချက်သည် ပို၍ ပြင်းထန်လာခဲ့၏။ "ဒီတောင်ထဲမှာ တစ်ခုခုကို ဖုံးကွယ်ထားတယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်"

တောင်၏ အလယ်ဗဟိုမှ ပုံရိပ်ယောင်သည် ကျိုးပျက်သွားပြီ ဖြစ်သော်လည်း တောင်နှင့် ယင်ပင်လယ် အတွင်းမှ ဆက်သွယ်မှုများသည် တည်ငြိမ်နေဆဲ ဖြစ်သည်။ ဒါသည် ယင်ကျိုးနတ်တောင်အား မြူခိုးငွေ့ အလွှာပါး တစ်ခုနှင့်တူသော အရံအတား တစ်ခုနှင့် ဖုံးလွှမ်းစေနေခဲ့သည်။ လင်းဖုန်းသည် သူကိုယ်တိုင် အောက်သို့ ဆင်းမသွားခဲ့ပဲ တောင်အတွင်းတွင် ကွယ်ဝှက်ထားသော လျှို့ဝှက်ချက်များအား သိနိုင်လိမ့်မည် မဟုတ်ချေ။

ရှီယုနှင့် လျှမ်ပန်းတို့မှာလည်း တူညီသော ခံစားချက်များကို ရခဲ့ကြသဖြင့် အင်မော်တယ်

နဂါးမြို့တော်နှင့် တော်ဝင်နန်းတော်တို့သည် အချိန်အရွေး လှုပ်ရှားနိုင်ရန် စွမ်းအားများ တိုးတက်လာခဲ့သည်။

လင်းဖုန်းသည်လည်း ထိုနည်းတူစွာ ပြင်ဆင်ထားခဲ့၍ အင်အားစု သုံးစုတို့၏ အကြားမှ ငြိမ်းချမ်းစွာ စောင့်ကြည့်နေမှုသည် အချိန်နှင့်အမျှ အားနည်းလာခဲ့သည်။

"မူလရှေးဟောင်း ကောင်းကင်စီးနင်းသူဟာ ပန်းလိုင်နတ်တောင် အနားကို ရောက်နေလောက်ပြီ" လင်းဖုန်း၏ ရင်အတွင်းတွင် ခေါင်းလောင်းသံများ

ပေါ်လာခဲ့ကာ သူ၏ မျက်လုံးအစုံသည်
လှျို့ဝှက်နက်နဲလာခဲ့သည်။

ထိုအချိန်တွင် ယင်ကျိုးနတ်တောင်မှ
လွန်စွာကွာဝေးလှသော နေရာတစ်ခု ဖြစ်သည့်
ယင်ပင်လယ်၏ တောင်ဘက်ပိုင်းမှ
နေရာတစ်ခုတွင် မြူမှုန်
အရွယ်အစားလောက်သာရှိသော
အလင်းစက်လေး တစ်ခုသည် ထူထဲလှသော
အဖြူရောင် တိမ်တိုက်များ အကြားတွင်
ကြယ်ကြွေသကဲ့သို့ ပျံသန်းနေခဲ့ရင်း
ရုတ်တရက် ရပ်တန့်သွားခဲ့သည်။

ဤသေးငယ်သော အလင်းစက်လေးသည် စတင်ကျယ်ပြန့်လာခဲ့ကာ ရောယှက်နေသော အဖြူနှင့်အနက် စာလုံးများအဖြစ်သို့ ပြောင်းသွားခဲ့သည်။

မှော်သင်္ကေတ စာလုံးများ အကြားမှနေ၍ ရောမ လူကြီးတစ်ယောက် ပုံသဏ္ဍာန်က ထွက်လာခဲ့၍ ကောင်းကင်အား ထောက်မထားသော တိုင်လုံးကဲ့သို့ မတ်မတ်ရပ်နေခဲ့သည်။ သူသည် ပေသုံးထောင်ကျော် မြင့်မားပေသည်။

ထိုရောမ လူကြီးသည် ဝတ်ရုံပွပွ အင်္ကျီလက်စ ဖားဖားဖြင့် လင်းဖုန်းနှင့် တစ်ထေရာထဲ တူညီပေသည်။ သူ၏ ရုပ်ရည် အသွင်အပြင်

ပုံစံများအားလုံးတို့သည် ဝတ်ဆင်ထားသော အဝတ်မှအစ အတူတူပင် ဖြစ်၏။ သူသည် လင်းဖုန်း၏ ရောမ မိတ္တူတစ်စုံနှင့် တူနေပေသည်။

သူသည် လေထုဖြင့် ဖွဲ့စည်းထားသော ပုံရိပ်နှင့် တူနေသော်လည်း ထိုလေထုပုံရိပ်၏ လှုပ်ရှားနေမှုသည် ကောင်းကင်နှင့် မြေကြီးတို့၏ အစမူလနှင့် တူနေပေသည်။

ထိုဘီလူးကြီးအား မူလရှေးဟောင်း ကောင်းကင်စီးနင်းသူဟုခေါ်ပြီး လင်းဖုန်းက မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်အား အသုံးပြုကာ ဖန်ဆင်းထားသော

မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် တစ်ခုဖြစ်သည်။
တစ်ချိန်တည်းမှာပင် သူသည် လင်းဖုန်း
ဖန်ဆင်းနိုင်သော မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်
အတွင်းတွင် အစွမ်းအထက်ဆုံး ဖြစ်သည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူကို
ထုတ်သုံးထားလျှင် လင်းဖုန်း၏
မူလခန္ဓာကိုယ်သည် မူလ
ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်၊
မဟာကောင်းကင် နေမင်းလက်သီးနှင့်
အဆုံးမဲ့ပင်လယ် မှော်ကျိန်စာတို့အား
မထုတ်သုံးနိုင်ပေ။

သို့သော်လည်း သူ၏ တိုက်ပွဲစွမ်းအားများသည် မဟာကောင်းကင် မီးလျှံကေရာဇ်နှင့် အဆုံးမဲ့ ပင်လယ်ဘုရင် မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်များထက် ပို၍ အထက်တန်းကျသည်။ သူသည် လျှမ်ပန်း၊ ရှီယုတို့နှင့် ရင်ဆိုင်နေရစဉ်တွင် ဤမှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည် ပန်းလိုင်နတ်တောင်ကို ရှာဖွေသည့် အစီအစဉ်ကို သူ့အားကူညီ၍ အကောင်အထည် ဖော်နိုင်ပေသည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏ နဖူးတွင် သေးငယ်သော အလင်းစက်လေးတစ်ခု ရှိနေသည်။ ဒါသည် ကောင်းကင်ယောက်သွား ရွှေပုလဲ ဖြစ်၏။ ရွှေပုလဲသည် မှေးမှိန်သော

ခရမ်းရောင် အလင်းတန်းများဖြင့်
လင်းလက်နေခဲ့သော်လည်း
ထိုအလင်းတန်းများသည် ပို၍ပို၍
သန်မာလာခဲ့သည်။

"အိုး၊ ငါတို့က ပန်းလိုင်နတ်တောင် အနားကို
နီးကပ်လာပြီလား"

လင်းဖုန်း၏ အသိစိတ်သည် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူနှင့် ဆက်သွယ်ထားသည်။
ကောင်းကင်ယောက်သွား ရှေ့ပုလဲ၏
လမ်းညွှန်မှုဖြင့် သူသည် လမ်းကြောင်းမှန်
အပေါ်တွင် ရောက်နေကြောင်းကို သိထားသည်။
ပန်းလိုင်နတ်တောင်သည် ယင်ပင်လယ်၏

တောင်ပိုင်းတွင် ရောက်နေသည်ဟူသော
ကောလဟာလများသည် မှန်ကန်နေပေသည်။

ရုတ်တရက်ပင် ကောင်းကင်ယောက်သွား
ရွှေပုလဲထံမှ အလင်းတန်းများသည်
ထပ်ဖန်တစ်ခါ ပြင်းထန်စွာဖြင့်
လင်းလက်လာခဲ့၏။ သို့သော်လည်း
ယခုအကြိမ်သည် ယခင်က ပန်းလိုင်နတ်တောင်
အနားမှ ဖြတ်သန်းခဲ့စဥ်က တုန်ခါနေမှုနှင့်
အနည်းငယ် ကွဲပြားနေ၏။

လင်းဖုန်းသည် မည်သို့ ဖြစ်သွားသည်ကို
သဘောပေါက်သွားခဲ့သည်။
"ယင်ကျိုးနတ်တောင်က ယင်ပင်လယ်ရဲ့

အရှေ့မြောက်ပိုင်းမှာ တည်ရှိနေတယ်။
တကယ်လို့ ဒါက ပန်းလိုင်နတ်တောင်
မဟုတ်ခဲ့ရင် မဟာကျိုး အင်ပါယာ
လက်အတွင်းကို ကျရောက်နေတဲ့
ဖန်ကျန်းနတ်တောင်ပဲ ဖြစ်ရမယ်"

မူလရေးဟောင်း ကောင်းကင်စီးနင်းသူအား
လွှမ်းခြုံထားသည့် အဖြူနှင့်အနက်
စာလုံးများသည် ထပ်မံ၍ သိပ်သည်းလာခဲ့၍
ရောမ ဘီလူးကြီးသည် သေးငယ်သော
အလင်းစက်လေး တစ်ခုအဖြစ်သို့
သေးငယ်သွားခဲ့သည်။ သူသည်
မြူမှုန်အလင်းစက် အဖြစ်သို့
အသွင်ပြန်ပြောင်းသွားခဲ့ကာ

လေထုအတွင်းတွင် မြူမှုန်တစ်စက်လေး
တစ်ခုထက်ပို၍ ကြီးမနေခဲ့ပေ။

ခါတ်နှစ်ပါး သေးငယ်သောမြူမှုန်
နည်းစနစ်သည် လင်းဖုန်းက မဟာကောင်းကင်
တာအိုကျမ်းစာ၏ တတိယအခန်းဖြစ်သော
ခါတ်နှစ်ပါးကျမ်းစာကို အဆက်မပြတ်
လေ့လာပြုစုရာမှ ဖန်တီးနိုင်ခဲ့ခြင်း ဖြစ်သည်။
ဒါသည် သူက အင်မော်တယ် ဝိညာဉ် ဒုတိယ
အဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးစားနေသော
ဖြစ်စဉ်အတွင်းမှ တီထွင်မှုတစ်ခု ဖြစ်သည်။

ဤမှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည်
ပြီးပြည့်စုံခြင်း မရှိသေးပဲ လင်းဖုန်းက

အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်သို့
တရားဝင် ရောက်သွားရန် လိုအပ်နေသည်။
တစ်ချိန်တည်းတွင်ပင် လင်းဖုန်းသည်
ဤမှော်ကျိန်စာအား ကောင်းကောင်း
အသုံးချနိုင်ရန် ခေတ်နှစ်ပါးကျမ်းစာကို
အပြည့်အဝ ပြီးပြည့်စုံစွာ ပြုစုနိုင်ရန်
လိုအပ်သည်။

သို့သော်လည်း သူ့အား လက်ရှိအချိန်တွင်
အသုံးပြုနေ၍တော့ရသည်။ ဤမှော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်အား အသုံးပြုနိုင်ခြင်းသည်
ကျယ်ပြန့်သော မြစ်ပြင်အား
တံတားထိုးနေသကဲ့သို့ အင်မော်တယ် ဝိညာဉ်
ဒုတိယ အဆင့်သို့ တက်လှမ်းနိုင်ခြင်းနှင့်

ခတ်နှစ်ပါး ကျမ်းစာအား ပြည့်စုံအောင်
ပြုစုနိုင်ခြင်းအား အထောက်အကူ ပြုနေသည်။

ခဏအကြာတွင် ပင်လယ်အပေါ်မှ
ဟင်းလင်းပြင်သည် စတင်တုန်ခါသွားခဲ့သည်။
ဘာကိုမှ မမြင်ခဲ့ရသော်လည်း မမြင်နိုင်သည့်
ရောမ အရာကြီးတစ်ခုက ဤအနားမှ
ဖြတ်သွားသကဲ့သို့ ဖြစ်သည်။

"ဖန်ကျန်းနတ်တောင်.." လင်းဖုန်းသည်
နတ်တောင် ဖြတ်သန်းသွားခြင်းအား
ကြည့်နေခဲ့၍ ရင်အတွင်းမှ ရယ်နေခဲ့သည်။

မဟာကျိုး အင်ပါယာသည် ဤတစ်ကြိမ်တွင် အပြည့်အဝ ရင်းနှီး မြှုပ်နှံထားခဲ့သည်။ ယခုတစ်ခေါက် ယင်ပင်လယ်အတွင်းမှ ပဋိပက္ခသည် သူတို့အင်ပါယာ၏ အနာဂတ်တွင် ကြီးစိုးလွှမ်းမိုးနိုင်သည့် အခွင့်အရေးတစ်ခုဟု သတ်မှတ်ထားဟန် ရှိ၏။

လျှမ်ပန်းသည် တော်ဝင်နန်းတော်အား ယူဆောင်ကာ ယင်ကျိုးနတ်တောင်အား ထိန်းချုပ်နိုင်ရန် ကြိုးစားနေချိန်တွင် ဇူဟုန်ဝူသည် ဖန်ကျန်းနတ်တောင်အား အသုံးပြု၍ ပန်းလိုင်နတ်တောင်အား ရှာဖွေရန် ကြိုးစားနေခဲ့သည်။

မဟာကျိုး အင်ပါယာသည်
နတ်တောင်တစ်လုံးအား ရထားပြီး ဖြစ်သဖြင့်
ဤပြိုင်ပွဲတွင် အခြားသူများထက် အသာစီး
ရထားခဲ့ပြီ ဖြစ်သည်။ သူတို့သည်
ဖန်ကျန်းနတ်တောင်နှင့်
ပန်းလိုင်နတ်တောင်တို့၏ အကြားမှ
ထူးခြားဆန်းကြယ်သော ဆက်သွယ်မှုများကို
အသုံးပြုကာ ပန်းလိုင်နတ်တောင်အား
ရှာဖွေရန် ကြိုးစားနေကြခြင်း ဖြစ်သည်။

လင်းဖုန်းသည် ခါတ်နှစ်ပါး
သေးငယ်သောမြှူမှုန် နည်းစနစ်ကို
ထပ်မံအသုံးပြုကာ မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူအား အသုံးပြု၍

ထိုနေရာသို့ပင် ဆက်သွားခဲ့သည်။ "ကြည့်ရတာ သူတို့က ငါ့ထက်အရင် ပန်းလိုင်နတ်တောင်ဆီကို ရောက်နိုင်လိမ့်မယ် ထင်တယ်"

သူသည် မည်သို့ ဆက်လက်လုပ်ဆောင်ရမည်ကို တွေးတောနေစဉ်တွင် လင်းဖုန်းသည် ယင်ပင်လယ် အပေါ်မှ ထူထဲသော တိမ်တိမ်များ အကြားရှိ ဖန်ကျန်းနတ်တောင်မှ ပြင်းထန်စွာ တုန်ခါလာမှုကို ရုတ်တရက် ခံစားလိုက်ရ၏။

အဖြူရောင် တိမ်တိုက်များသည် ရုတ်တရက် ရွှေရောင် ပြောင်းသွားခဲ့၍ ရွှေရောင်

တိမ်တိုက်များ အကြားမှ
ရွှေရောင်အလင်းတန်းများ မြောက်မြားစွာ
ထွက်လာခဲ့ကာ ဘေးပတ်ပတ်လည်မှ
လေဟာနယ်သည် တွန့်လိမ်သွားခဲ့သည်။

ထိုရွှေရောင် အလင်းတန်းများ အကြားမှ ရောမ
လေးထောင့်ပုံစံ တောင်တစ်တောင်သည်
ထွက်ပေါ်လာခဲ့ကာ တိမ်တိုက်များက ချက်ချင်း
ကင်းစင်သွားခဲ့သည်။

တောင်ကြီးပေါ်လာသည့် အချိန်မှစ၍ အဆုံးမဲ့
အလင်းတန်းများသည်
စတင်သိပ်သည်းလာခဲ့ကာ ရွှေရောင်
ကောင်းကင်နှလုံးသား ဖန်ကျန်း

နတ်အလင်းတန်း အဖြစ်သို့
ပြောင်းသွားကြသည်။ ထိုအလင်းတန်းသည်
အဝေးတစ်နေရာသို့ ထိုးဖောက်သွားခဲ့၍ သူနှင့်
ထိတွေ့ခဲ့သမျှ ဟင်းလင်းပြင်သည်
ပျက်စီးသွားကာ ဘာမှမရှိခြင်း အဖြစ်သို့
ပြောင်းသွားခဲ့သည်။

အစပထမတွင် လင်းဖုန်းသည် သူ့အား
ရှာဖွေတွေ့ရှိသွားပြီဟု ထင်နေခဲ့သော်လည်း
ချက်ချင်းပင် သူသည် ကောင်းကင်နှလုံးသား
ဖန်ကျန်း နတ်အလင်းတန်း၏ ပစ်မှတ်
မဟုတ်သည်ကို သဘောပေါက်သွားခဲ့သည်။

ထိုအလင်းတန်း၏ ဦးတည်ရာ နေရာမှ ဟင်းလင်းပြင် အတွင်းတွင် လူသားပုံရိပ် တစ်ခုပေါ်လာခဲ့သည်။ ထိုလူက ပြုံးဖြီးဖြီးဖြင့် ပြောလိုက်သည်။ "ကြည့်ရတာ ကျုပ်က နောက်ယောင်ခံ လိုက်လာခဲ့တာ သိပ်ပြီး နီးကပ်သွားတယ်နဲ့ တူတယ်"

သူသည် လက်အုပ်ချီလိုက်ရာ သူ၏ခန္ဓာကိုယ် အနားမှ ဗုဒ္ဓအလင်းရောင်များ လင်းလက်လာခဲ့သည်။ သူ၏ခေါင်းပေါ်မှ ကောင်းကင်ယံတွင် ရောမ ရွှေရောင် ဗုဒ္ဓပုံစံတစ်ခု ပေါ်လာခဲ့၍ အပြာရောင် အလင်းတန်း အငွေ့အသက်များကို ထုတ်လွှတ်နေခဲ့သည်။

ထိုရှေးဟောင်းဗုဒ္ဓသည် ဆင်ရှစ်ကောင်
ပင့်ထားပေးသော ကြာပန်းပလ္လင်အပေါ်တွင်
ထိုင်နေခဲ့၏။ သူသည် လက်တစ်ဘက်တွင်
ဇဂျရာ တောင်ဝှေးအား ကိုင်ထားကာ
အခြားတစ်ဘက်မှ ရောမ ခေါင်းလောင်းအား
ကိုင်ထားခဲ့သည်။ သူသည် အေကာလာ ဗုဒ္ဓ
မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် ဖြစ်သည်။

အေကာလာ ဗုဒ္ဓပုံစံသည် ဗုဒ္ဓကျမ်းစာများကို
ရွတ်ဆိုလိုက်ရာ သူ၏အရှေ့တွင်
ရွှေရောင်အလင်းတန်း စက်လုံးတစ်ခု
ပေါ်လာခဲ့သည်။ ထိုအလင်းတန်း စက်လုံးသည်
သီးသန့် သန့်စင်သော နယ်မြေဖြစ်ကာ

အစစ်အမှန် ပျော်ရွှင်မှုများနှင့် မယိမ်းယိုင်သော ကျေနပ်အားရမှုများကို သယ်ဆောင်ထားခဲ့သည်။

အောကာလာ ဗုဒ္ဓ၏ သန့်စင်သော နယ်မြေအား ပျော်ရွှင်မှု သန့်စင်သော နယ်မြေဟု ခေါ်သည်။ သူ၏အတွင်းတွင် ပါရှိသော လျှို့ဝှက်နက်နဲသည့် ဉာဏ်အလင်းနှင့် ဗဟုသုတများမှာ စိုးရိမ်ပူပန်မှု အားလုံးတို့အား ပျော်ရွှင်မှုနှင့် ကျေနပ်အားရမှုများအဖြစ်သို့ ပြောင်းလဲနိုင်ခြင်း ဖြစ်သည်။ ဒါသည် မဟာကြေးမုံ ဉာဏ်ပညာ၏ အစစ်အမှန် သဘာဝဖြစ်၍ သူသည် ဤအစွမ်းကို

ကြောက်ရွံ့မှုနှင့် တွေဝေမှု ကင်းစွာနှင့်
စွမ်းဆောင်နိုင်ပေသည်။

အလင်းတန်း ပုံရိပ်သည် မီးခိုးရောင် ဝတ်စုံကို
ဝတ်ထားသည့် အသက်ငယ်ကာ
ကြည့်ကောင်းသည့် ရဟန်းပျိုတစ်ပါး ဖြစ်သည်။
အံ့သြစရာ ကောင်းလှစွာပင် သူ၏ ကျင့်ကြံမှု
အဆင့်သည် ကျိုကွမ်း ဇန်မာစတာထက်ပင်
ပိုမြင့်နေသေးပြီး သူဖော်ပြခဲ့သော ပျော်ရွှင်မှု
သန့်စင်သောနယ်မြေသည် တခုန်း
ဇန်မာစတာ၏ လုံ့လဝီရိယ သန့်စင်သော
နယ်မြေထက် များစွာပို၍
ကြီးမားရင့်ကျက်နေသည်။

အလင်းတန်း စက်လုံးသည်
စတင်ကျယ်ပြန့်လာခဲ့ကာ သန့်စင်သောနယ်မြေ
တစ်ခုလုံး အဖြစ်သို့ အသွင်ပြောင်းသွားခဲ့သည်။
ရွှေလျှားအောင်လုပ်၍ မရပဲ ကြောက်ရွံ့မှု
ကင်းစွာဖြင့် သူသည် ကောင်းကင်နှလုံးသား
ဖန်ကျန်း နတ်အလင်းတန်းအား
ရင်ဆိုင်လိုက်သည်။

တစ်ချိန်တည်းတွင်ပင် ရဟန်းငယ်လေးသည်
သူ၏ညာလက်ကို မြှောက်လိုက်ကာ
သူ၏လက်သီးအား ဆုပ်လိုက်သည်။

သူ၏ခေါင်းပေါ်မှ အေကာလာ ဗုဒ္ဓ မော်ကျိန်စာ
ရုပ်ခန္ဓာကိုယ်သည် သူ၏ ပုံစံအတိုင်း

လိုက်လုပ်လိုက်ကာ အနာဂတ်ကို မှန်းဆနိုင်၍ အတိတ်တ်အား ပြုပြင်နိုင်သည့် အရာခပ်သိမ်းကို ထိုးထွင်းသိမြင်နိုင်သည့်၊ တစ်ချိန်တည်းတွင်ပင် မရွေ့လျား မယိမ်းယိုင်သည့် စွမ်းအား သဘောတရား တစ်ခုသည် စီးဆင်းထွက်ပေါ်လာခဲ့သည်။

ဒါသည် ဗုဒ္ဓနည်းစနစ်များ အတွင်းတွင် အစွမ်းအထက်ဆုံး အကာအကွယ် သိုင်းပညာရပ် လမ်းစဥ်တစ်ခု ဖြစ်သည့် မလှုပ်ရှားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ် ဖြစ်သည်။

မလှုပ်ရှားနိုင်သော နာဂါရာဂျာ ဗုဒ္ဓခန္ဓာကိုယ်နှင့်
ပျော်ရွှင်မှု သန့်စင်သော နယ်မြေတို့
ပေါ်လာခဲ့သော အခါ ထိုးဖောက်၍ မရနိုင်သော
နံရံတစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍
ပင်လယ်ဒီရေ လှိုင်းလုံးများအား
ရင်ဆိုင်နေသည့် ပင်လယ်ကမ်းစပ်မှ
ကျောက်ဆောင်များပမာ ကောင်းကင်နှလုံးသား
ဖန်ကျွန်း နတ်အလင်းတန်းအား
ခံယူလိုက်သည်။

ဖန်ကျွန်းနတ်တောင်၏ အဓိက
ခန်းမဆောင်အတွင်းမှ လျှမ်ပန်း၏
ကိုယ်ပွားသည် မီးခိုးရောင် ဝတ်စုံနှင့်
ရဟန်းအား ကြည့်လိုက်ကာ ငြိမ်သက်စွာနှင့်

ပြောလိုက်သည်။ "ရွှေပုစဥ်း ဆရာတော်၊ ကျုပ်တို့ လမ်းခွဲထားကြတာ သိပ်မကြာသေးဘူး။ အခု ထပ်ပြီးတော့ ထွက်သွားချင်ပြန်ပြီလား"

ရွှေပုစဥ်း ဆရာတော်သည် ရယ်ရမ်းသွေးလိုက်ကာ ပြန်ဖြေလိုက်သည်။ "ဒီတစ်ကြိမ်တော့ ကျုပ်က သွားလို့ မဖြစ်တော့ဘူး။ တကယ်လို့ ကျုပ်ထွက်သွားခဲ့ရင် ပန်းလိုင်နတ်တောင်က မဟာကျိုး အင်ပါယာရဲ့ အိတ်ကပ်အတွင်းကို ရောက်သွားတော့မယ်"

လျှမ်ပန်းက ပြောလိုက်သည်။ "ဒါဆိုရင်လည်း အနောက်ကနေပဲ ပုန်းမနေနဲ့ပေါ့"

"ဟိုနှစ်တွေတုံးက မဟာမိုးကြိုး ကျောင်းတော် တိုက်ပွဲမှာ ခင်ဗျား မရှိနေခဲ့ဘူး။ ခင်ဗျား ပေါ်မလာတဲ့အတွက် ကျုပ်ရော ကျန်တဲ့ တိုက်ပွဲဝင်တဲ့သူတွေကပါ နောင်တရနေခဲ့တယ်"

ရွှေပုစဥ်း ဆရာတော်သည် လက်အုပ်အစုံကို ချီလိုက်ကာ အသံတိုးတိုးဖြင့် ရေရွတ်လိုက်၏။ "ဒါက ကျုပ်ရဲ့ တာဝန်နဲ့ အပြစ်ပေးမှု ဖြစ်ရမှာ။ ဒါပေမဲ့ ကျုပ်က မဟာမိုးကြိုး ကျောင်းတော်ကို ပျက်စီးမှု အတွင်းကို ဆွဲချမိခဲ့တယ်"

ဇူဟုန်ဝူသည် မဟာခန်းမဆောင် အတွင်းတွင် လျှမ်ပန်း၏အောက်တွင် ထိုင်နေ၍ တိုးတိုးလေး ပြောလိုက်သည်။ "ခင်ဗျားက ဟိုနှစ်တွေတုံးက သူရဲဘောကြောင်စွာ နေခဲ့ပြီး တိုက်ပွဲမှာ မပါခဲ့ဘူး။ အခုအချိန်မှာ ကိစ္စတွေကို ရှုပ်အောင် လာလုပ်ချင်နေပြန်ပြီ။ ခင်ဗျားက နည်းနည်းလေးမှ အရှက်မရခဲ့ဘူးလား"

ရွှေပုစဥ်း ဆရာတော်သည် သူ၏အကြည့်အား ဖန်ကျန်းနတ်တောင်ထံသို့ ပို့လိုက်သည်။ သူ၏မျက်လုံးသည် ဟင်းလင်းပြင် အလွှာများကို ထိုးဖောက်သွား၍ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏ စိတ်ဝိညာဥ်များ အတွင်းသို့

ထိုးဖောက်ဝင်ရောက်သွားသကဲ့သို့ ဖြစ်နေခဲ့သည်။ "ဗုဒ္ဓဟာ ဒေါသနဲ့ လက်စားချေမှုတို့ကို အားမပေးဘူး။ ဒါပေမဲ့ သူ့မှာ မကောင်းဆိုးဝါးတွေ အားလုံးတို့ကို ချေမှုန်းနိုင်တဲ့ စွမ်းအားတွေရှိတယ်။ ကမ္ဘတရားတွေ အားလုံးတို့ဟာ နောက်ဆုံးမှာ အဆုံးသတ်သွားရမှာပါပဲ။ ခင်ဗျားတို့ နှစ်ယောက်က ဘာဖြစ်လို့ ကျုပ်ကို စကားလုံး စစ်ပွဲတွေ ဆင်နွှဲဖို့ ကြိုးစားနေရတာလဲ"

"ဗုဒ္ဓသာဝကတွေက လျှာစောင်းထက်လှပါတယ်။ ဒါက ခင်ဗျားရဲ့ စွမ်းအားတွေ အနက်က တစ်ခု မဟုတ်ဘူးလား" လျှမ်ပန်းက ဖွဖွလေး ပြုံးလိုက်သည်။ "ဒါပေမဲ့

ကျုပ်က သဘောတူတယ်။ စကားလုံး စစ်ပွဲက
တကယ်ကို မလိုအပ်ဘူး"

သူ၏စကားဆုံးသည်နှင့်
ဖန်ကျန်းနတ်တောင်သည် ထပ်ဖန်တစ်ခါ
ပြင်းထန်စွာနှင့် စတင် တုန်ခါလာခဲ့ကာ
မရေမတွက်နိုင်သော မှော်သင်္ကေတ
များစွာတို့သည် ဟင်းလင်းပြင် အတွင်းမှ
ထွက်လာခဲ့၍ သူတို့ကိုယ်သူတို့
ဖန်ကျန်းနတ်တောင်နှင့်
ဆက်သွယ်ခဲ့လိုက်သည်။

မိုင်ပေါင်း ငါးထောင်ကျော်
ရှည်လျားကျယ်ပြန့်သည့် ရောမ လေးထောင့်ပုံ

တောင်ကြီးသည် ချက်ချင်းပင် မေးမိုန်သော
ရွှေရောင် အလင်းတန်းများဖြင့်
ဖုံးလွှမ်းသွားခဲ့သည်။

ရွှေရောင် အလင်းတန်းများသည်
ထွင်းဖောက်မြင်နေရသော မှော်သကော်တ
ကြိုးတန်းများ တလျှောက် လိုက်သွားခဲ့ပြီး
ထိုကြိုးတန်းများကလည်း ရွှေရောင်များ
ပြောင်းသွားခဲ့သည်။ ဘေးပတ်ပတ်လည်မှ
ကောင်းကင်ကြီးသည်လည်း ရွှေရောင်
ပြောင်းသွားခဲ့၍ မှော်သကော်တများသည်
အဆက်မပြတ် ပေါ်ထွက်လာခဲ့ကာ
ကောင်းကင်နှင့် မြေကြီးတို့ကလည်း
အလင်းတန်းများ အကြားတွင်

တုန်ခါနေကြသည်။ ကမ္ဘာကြီး တစ်ခုလုံးက
မြည်ဟည်းနေသကဲ့သို့ ဖြစ်၏။

ယင်ပင်လယ် တစ်ခုလုံးမှ စွမ်းအားတို့သည်
ဖန်ကျန်းနတ်တောင် အတွင်းသို့
ပေါင်းစည်းသွားခဲ့သကဲ့သို့ ဖြစ်ကာ
အရာအားလုံးတို့သည် ရွှေပုစဉ်း
ဆရာတော်ထံသို့ ကျဆင်းလာကြသည်။

လင်းဖုန်းသည် ထိုအကွက်အား
တွေ့လိုက်သောအခါ သူ၏ခေါင်းကို
အသိအမှတ် ပြုသောအနေဖြင့်
ညိတ်လိုက်သည်။ "ဒါက ဖန်ကျန်းနတ်တောင်ရဲ့
စွမ်းအား အကောင်းဆုံး အခြေအနေပဲ။

ယင်ပင်လယ်ရဲ့ စွမ်းအားတွေကို ထုတ်ယူပြီး ရန်သူတွေကို အနိုင်ယူခြင်း ဖြစ်တယ်။ အင်မော်တယ်ဝိညာဉ် တတိယ အဆင့်က ကျင့်ကြံသူတွေတောင် ဒီလိုမျိုး စွမ်းအားကို ယှဉ်နိုင်မှာ မဟုတ်ဘူး။ ဒါက တော်ဝင်နန်းတော်နဲ့ အင်မော်တယ် နဂါးမြို့တော်တို့ရဲ့ အစွမ်းထက်လှတဲ့ အော်ရာတွေနဲ့ အနည်းငယ် ဆင်တူတယ်"

ဤအချိန်တွင် ရွှေပုစဉ်း ဆရာတော်သည် ကမ္ဘာကြီး အတွင်းတွင် သူ့အတွက် နေရာမရှိတော့သလို အထီးကျန်ဆန်စွာ ခံစားနေရ၍ ကောင်းကင်နှင့် မြေကြီးတို့ကပင် သူ့အား ဆန့်ကျင်နေသကဲ့သို့ ခံစားခဲ့ရသည်။

ပျော်ရွှင်မှု သန့်စင်သော နယ်မြေနှင့်
မရွေ့လျားနိုင်သော နာဂါရာဂျာ
ဗုဒ္ဓခန္ဓာကိုယ်ကပင် ဤကြီးမားသော
ဖိအားများအောက်တွင် တုန်ခါလာကြသည်။

ရွှေပုစဉ်း ဆရာတော်သည် သက်ပြင်း ဖွဖွလေး
ချလိုက်ကာ ပြောလိုက်သည်။ "နှမြောစရာ
ကောင်းတာက ကျုပ်ဟာ ဗီရိုကာနာ မန္တန်
အပြည့်အစုံကို မလေ့ကျင့်ရသေးတာပဲ။
တကယ်လို့ တထာဂတ ခမ္မကျမ်းစာ
ငါးပါးစလုံးတို့က ပြီးပြည့်စုံသွားမယ်ဆိုရင်
ကျုပ်က ဗုဒ္ဓစွမ်းအားတွေကို အသုံးပြုပြီး
ကပ်ဘေးတွေကို ရင်ဆိုင်နိုင်ကာ ရွှေရောင်ပုံစံ

တတိယ အဆင့်မှာ ကြန့်ကြာနေတော့မှာ မဟုတ်ဘူး။

ရွှေပုစဉ်း ဆရာတော်သည် ထိုကဲ့သို့ တီးတိုးရေရွတ်လိုက်သော်လည်း တည်ငြိမ်နေဆဲပင် ရှိသေးသည်။ သူသည် နှောင်တအနည်းငယ်သာ ရနေခြင်းဖြစ်၍ ကြောက်ရွံ့နေခြင်း မရှိခဲ့ပေ။

ရုတ်တရက်ပင် ကောင်းကင်တို့၏အကြားမှ ပုစဉ်းတို့၏ ကျည်ကျည်ကျာကျာ မြည်သံတို့က ထွက်ပေါ်လာခဲ့သည်။

ထိုအော်မြည်သံများတွင် ဗုဒ္ဓ အဆုံးအမတို့၏
လွတ်လပ်မှု၊ အနှောင်အဖွဲ့မှ ကင်းလွတ်မှုတို့၏
အစစ်အမှန် သဘောတရားတို့ ပါနေခဲ့ကာ သူ၏
နက်ရှိုင်းသော နေရာအတွင်း၌သာ ခက်ထန်မှု
အနည်းငယ်ကို တွေ့ရှိနိုင်မည် ဖြစ်သည်။

"ကျိ.. ကျိ.. ကျိ.."

အော်မြည်သံများ တစ်ခုပြီးမှတစ်ခု
ပေါ်လာခဲ့ကာ ဟင်းလင်းပြင် တစ်ခုလုံးသည်
ပုစဥ်းမြည်သံများနှင့် ပြည့်နက်သွားခဲ့သည်။

ချက်ချင်းဆိုသလိုပင် ကမ္ဘာကြီးသည် စတင်၍
တုန်ခါလာခဲ့ကာ အရာအားလုံးတို့သည်
ယိုယွင်းပျက်စီးလာခဲ့၍ အဆုံးသတ်အချိန်
အပိုင်းသို့ ရောက်သွားသကဲ့သို့ ဖြစ်လာခဲ့သည်။
ရာသီဥတုတို့သည် နွေရာသီမှ နွေဦးနှောင်းပိုင်း၊
ထိုမှတဆင့် ဆောင်းရာသီသို့
ပြောင်းလဲသွားကာ ကမ္ဘာအတွင်းမှ
သက်ရှိအားလုံးတို့သည် ကမ္ဘာအတွင်းသို့
ပြန်ရောက်လာခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။
သဘာဝ၏ ဥပဒေသများနှင့် အတူ
ကောင်းကင်နှင့် မြေကြီးတို့သည် ဘာမှ မရှိခြင်း
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ကြောက်မက်ဖွယ် ကောင်းလှသည့်
ဖန်ကျန်းနတ်တောင်သည်ပင်လျှင်
မိုးသက်မုန်တိုင်း အလွှာတစ်ခုဖြင့်
လွှမ်းခြုံခြင်းကို ခံလိုက်ရကာ သူ၏ ယခင်မှ
ဂုဏ်ကျက်သရေ အရောင်အဝါတို့သည်
ပျောက်ဆုံးသွားခဲ့သည်။

ခုတ်နှစ်ပါး သေးငယ်သောမြူမှုန် အတွင်းတွင်
ပုန်းအောင်းနေခဲ့သော လင်းဖုန်း၊ လျှမ်ပန်းနှင့်
ဇူဟုန်ဂူတို့သည် ထူးဆန်းသော
တုံ့ပြန်မှုတစ်ခုအား အတူတကွ
ခံစားခဲ့ကြရသည်။

"အယ်လ်ဖာနဲ့ အိုမီဂါ၊ ဗီပရာလိုပါ အဆင့်!"

ရွှေပုစဉ်း ဆရာတော်၏ အသံအား ကျွတ်ကျွတ်ညံနေသော ပုစဉ်းမြည်သံများ အကြားမှနေ၍ ကြားနေရသည်။ "ကျုပ်ရဲ့ မိစ္ဆာပုံစံဟာ လမ်းကြောင်းရဲ့ အဆုံးသတ်ကို ရောက်သွားခဲ့ပြီ။ ဒါပေမဲ့ ကျုပ်က နောက်တစ်ဆင့်ကို ဟိုနှစ်တွေ အတွင်းက ဗုဒ္ဓရဲ့ နည်းစနစ်တွေကို လေ့လာပြီးမှ တက်လှမ်းနိုင်ခဲ့တယ်။ ဒါပေမဲ့ ကျုပ်က ကပ်ဘေးတွေကို ကျော်ဖြတ်နိုင်ပြီး ကမ္ဘာကြီး အတွင်းကို ပြန်ဝင်လာနိုင်တဲ့ အချိန်မှာ မဟာမိုးကြိုး ကျောင်းတော်က ကျုပ်ကြောင့် ပျက်စီးသွားခဲ့မယ် ဆိုတာကို လုံးဝ မမျှော်လင့်ထားခဲ့ဘူး"

# စာစဥ် ၄၁ : အပိုင်း ၈

## အပိုင်း ၇၇၈ : မိစ္ဆာတို့၏ ကသောင်းကနင်း ကခုန်ခြင်း

ရွှေပုစဥ်း ဆရာတော်သည် ဟင်းလင်းပြင် အလယ်တွင် နေရာယူထားခဲ့ပြီး ရဟန်းပျိုတစ်ပါးကဲ့သို့ပင် ဝတ်ဆင်ထားဆဲ ရှိသေးသည်။ သို့သော်လည်း သူ၏ ခန္ဓာကိုယ် အတွင်းမှ ထွက်ပေါ်လာသော ဗုဒ္ဓအလင်းရောင်များအား စတင်၍ ရုပ်သိမ်းလာခဲ့သည်။

သူ၏အပေါ်မှ ဟင်းလင်းပြင် အတွင်းတွင် ရောမ ပုစဉ်းတစ်ကောင်၏ ပုံရိပ်က တဖြည်းဖြည်းနှင့် ပေါ်ပေါက်လာခဲ့သည်။ ထိုရောမ ပုစဉ်း၏ မျက်နှာပြင် ဧရိယာသည် ဖန်ကျန်းနတ်တောင်ထက်ပင် အနည်းငယ် ပို၍ ကြီးမားနေသေး၏။

ဤရောမ ပိုးမွှားပုံစံသည် ဗုဒ္ဓ၏ လွတ်လပ်မှုများ ပါဝင်နေသော်လည်း သူ့တွင် လွန်စွာ ကြီးမားကျယ်ပြန့်၍ ကြီးစိုးလွှမ်းမိုးနိုင်သောအော်ရာတစ်ခုလည်း ပါနေ၏။

လျှမ်ပန်း၊ လင်းဖုန်းနှင့် ဇူဟုန်ဝူကဲ့သို့သော
သူများသည် ဤအော်ရာကြောင့်
သောကရောက်သွားမည် မဟုတ်ချေ။ သူတို့အား
ထူးဆန်းသည့် တုံ့ပြန်မှုများ ဖြစ်စေခဲ့ခြင်းမှာ
ဤရွှေရောင် ပုစဥ်း၏ အနားတွင်
လွှမ်းခြုံထားသော ကြောက်ခမန်းလိလိ
သေမင်းအော်ရာများကြောင့် ဖြစ်သည်။
သူ့ထံမှနေ၍ လင်းဖုန်းကဲ့သို့သော လူများ၏
စိတ်ကိုပင် ညစ်ညူးစေသော ခံစားချက်
တစ်မျိုးအား ထုတ်လွှတ်နေ၏။
သူတို့နှလုံးသား၏ နက်ရှိုင်းသော အပိုင်းမှနေ၍
ထွက်လာသော ကြောက်မက်ဖွယ်ရာ
ခံစားချက်တစ်မျိုး ဖြစ်သည်။

လင်းဖုန်းသည် ဤစွမ်းအား
သဘောတရားများနှင့် ရင်းနှီး ကျွမ်းဝင်နေသည်။
သူသည် ယုကျင်းတောင်ထိပ်မှ ဗီပရာလိုပါ
စစ်တုရင် ကစားပွဲမှ အနက်ရောင် စစ်တုရင်
အရုပ်များ၏ အော်ရာများနှင့် တူနေ၏။

ဒါသည် ကောင်းကင်နှင့် လူသားတို့၏
ပျက်စီးခြင်းငါးမျိုးမှ စွမ်းအားဖျက်ဆီး ကပ်ဘေး
စွမ်းအားဖြစ်သည်။

ဤမိစ္ဆာသည် စွမ်းအားဖျက်ဆီး ကပ်ဘေး၏
စွမ်းအားများကို ဆင့်ခေါ်နိုင်စွမ်း ရှိသည်။

လင်းဖုန်းသည် ပုစဥ်းများ၏ အော်မြည်သံကို
အသေအချာ နားထောင်လိုက်ပြီး ရွှေပုစဥ်း
ဆရာတော်အား တိတ်ဆိတ်စွာနှင့်
စောင့်ကြည့်နေခဲ့သည်။

ဤမိစ္ဆာသည် မဟာမိုးကြိုး ကျောင်းတော်သို့
ဝင်ရောက်၍ ဗုဒ္ဓနည်းစနစ်များကို
လေ့ကျင့်ခဲ့စဥ်က ဗီရိုကာနာ မန္တန်သည်
ပျောက်ဆုံးပြီး ဖြစ်နေခဲ့ပြီး ဖြစ်သည်။
ကျမ်းစာ၏ ကျန်သော အပိုင်းများကို
လုံ့လထုတ်ကာ လိုက်လံ
ရှာဖွေစုဆောင်းခဲ့သော်လည်း
အဓိကအပိုင်းဖြစ်သော ဗီရိုကာနာ ဇန်လက်ဝါး
လက်သီးအကွက်များသည် ပျောက်ဆုံးနေဆဲ

ဖြစ်၏။ ထို့ကြောင့်ပင် သူ၏ ဗုဒ္ဓနည်းစနစ် ကျင့်ကြံမှုများသည် ရွှေရောင်ပုံစံ တတိယ အဆင့်၏ အထွတ်အထိပ်တွင် တစ်ဆို့နေခဲ့ခြင်း ဖြစ်ကာ နောက်တစ်ဆင့်သို့ မတက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အကယ်၍ သူသည် ဤလမ်းကြောင်းကို လိုက်ခဲ့ပါက အင်မော်တယ်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများကိုပင် ထိတ်လန့်စေသည့် ကောင်းကင်နှင့် လူသားတို့၏ ပျက်စီးခြင်းငါးပါး ဖြစ်သော စွမ်းအားဖျက်စီး ကပ်ဘေးကို ကျော်လွှားနိုင်ပြီ ဖြစ်သည်။

လူသားများသည့် နောက်ဆုံးတွင်
တစ်နည်းမဟုတ် တစ်နည်းဖြင့် ကြွေလွင့်ရမည်
ဖြစ်ကာ သူတို့၏ ကံကြမ္မာများသည်
ကမ္ဘာအတွင်းသို့ ပြန်လည်
ဝင်ရောက်လာကြမည် ဖြစ်သည်။ သေမင်းသည်
လူသားတို့ အားလုံး၏ အကြီးမားဆုံး
ကြောက်ရွံ့မှုဖြစ်၍ ထို့ထက်ပင်ပို၍
ကြောက်မက်ဖွယ် ကောင်းသောအရာသည်
ကမ္ဘာကြီး၏ ယိုယွင်းပျက်စီးမှု ဖြစ်ကာ
ကံကြမ္မာ အားလုံးတို့၏ အဆုံးသတ် ဖြစ်၏။

သူ၏ ကျင့်ကြံမှု ခရီးလမ်းတွင် လင်းဖုန်းသည်
ကံကြမ္မာ သံသရာတို့၏ အကြောင်းကို
ပို၍ကောင်းမွန်စွာ နားလည်လာနိုင်ခဲ့၍

အတိတ်မှ သူ၏ လွဲမှားသော အချက်များကို ပြုပြင်နိုင်ခဲ့သည်။ ယခင်မှထက်စာလျှင် သူ၏ နားလည်သဘောပေါက်မှုသည် များစွာ တိုးတက်လာခဲ့ပြီ ဖြစ်သည်။

ကောင်းကင်နှင့် လူသားတို့၏ ပျက်စီးခြင်းငါးပါး၊ စွမ်းအားဖျက်ဆီး ကပ်ဘေးနှင့် ရင်ဆိုင်ရလျှင် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူများသည်ပင်လျှင် ကူရာမဲ့သွားကြမည် ဖြစ်သည်။ ကပ်ဘေးများကသာ သူတို့အား ရိုက်ခတ်လိုက်ပါက သူတို့သည် နေရာတွင်ပင် ပြိုလဲသွားကြမည် ဖြစ်သည်။

မဟာကမ္ဘာသည် အိုမီဂါ လမ်းစဉ်အပေါ်တွင်
ရှိနေခြင်း ဖြစ်သည်။ သူ၏အချိန်
အဆုံးသတ်သွားလျှင် ကမ္ဘာဖျက်
ကပ်ဘေးများက ကျရောက်လာမည် ဖြစ်ပြီး
တစ်ယောက်ကမှ ဤကံကြမ္မာမှနေ၍
လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာများသည်
ဤပြဿနာကို အဖြေရှာရာမှ
ထွက်ပေါ်လာသော အဖြေတစ်ပုဒ် ဖြစ်သည်။
ထိပ်သီးကျင့်ကြံသူ အများအပြားတို့သည်
လုံ့လများစွာ ထုတ်ကာ သူတို့၏ ကျင့်ကြံမှု
အဆင့်ကို မြင့်မားလာရန် ကြိုးစား၍
လှိုင်းထန်သော သမုဒ္ဒရာကို ကျော်ဖြတ်ကာ

တစ်ဘက်ကမ်းမှ နိဗ္ဗာန်ဘုံကို ရောက်ရှိအောင် မျှော်လင့်နေကြခြင်း ဖြစ်သည်။

လူသားများသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်သို့ ရောက်သွား၍ မိစ္ဆာ မဟာပဏ္ဍိတများသည် မသေဝိညာဉ် တတိယ အဆင့်သို့ ရောက်သွားကြသောအခါ သူတို့ ရှေ့ဆက်လျှောက်လှမ်းရမည့် လမ်းများသည် အတူတူပင် ဖြစ်၏။ သူတို့၏ ကျင့်ကြံမှု အဆင့်များကို ထပ်မံမြှင့်တင်နိုင်ရန် သူတို့သည် ကြမ္မာပန်းတိုင် ကပ်ဘေးသုံးပါးတို့ကို ကျော်ဖြတ်ရမည် ဖြစ်သည်.

ဒက္ခိဏာရီလာ ကြမ္မာပန်းတိုင် ပြိုလဲမှုနှင့် ကမ္ဘာဖျက်ကပ်တို့သည် အပိုင်းသုံးပိုင်းဖြင့် ဖွဲ့စည်းထားကြသည်။ ပထမအဆင့်တွင် အသက်ရှိသော သက်ရှိအားလုံးနှင့် ကမ္ဘာကြီး၏ ကြမ္မာပန်းတိုင်မှ မွေးဖွားထားသော စိတ်ဝိညာဉ် စွမ်းအင်တို့ကို ပိုင်ဆိုင်ထားသော သူများအားလုံးတို့သည် ကောင်းကင်နှင့် လူသားတို့၏ ပျက်စီးခြင်း ငါးပါး မဟာကပ်ဘေးတို့ကို ဖြတ်ကျော်ရမည် ဖြစ်သည်။

ဤအဆင့်အား အယ်လ်ဖာ ကြမ္မာပန်းတိုင် ကပ်ဘေး သို့မဟုတ် စွမ်းအားဖျက်ဆီး

ကပ်ဘေး၊ ကောင်းကင်နှင့် လူသားတို့၏
ပျက်စီးခြင်း ငါးပါးဟူ၍လည်း ခေါ်သည်။

ဤဖြစ်စဉ်သည် မူလကောင်းကင်
ပင်လယ်ခုနစ်ပါး အနက်မှ
လျှို့ဝှက်ဆန်းကြယ်မှု အရှိဆုံးဖြစ်သည့်
သေမင်းပင်လယ်မှ အစပြုလာခဲ့ခြင်း ဖြစ်သည်။

သေမင်းပင်လယ်သည် အခြားပင်လယ်များ
ဖြစ်ကြသော ကြယ်စင်ပင်လယ်၊ ဟင်းလင်းပြင်
ပင်လယ်နှင့် ယင်ပင်လယ်တို့နှင့် မတူပေ။
အခြားပင်လယ်များသည် တိကျသော ပထဝီဝင်
နေရာဒေသများ ရှိနေကြသော်လည်း
သေမင်းပင်လယ်သည် မည်သည့်နေရာတွင်မှ

ရှာဖွေ၍ မရသလို တစ်ချိန်တည်းတွင်ပင်
နေရာတိုင်းတွင် ရှိနေသည်ဟု ထင်နေရ၏။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
ထိပ်သီး ကျင့်ကြံသူများသည်
ကျင့်ကြံမှုအဆင့်အတန်း တစ်ခုသို့
ရောက်သောအခါ သတ္တိများကို စုစည်း၍
သေမင်းပင်လယ်နှင့် ဆက်သွယ်ရန်
ကြိုးစားခဲ့ကြသည်။ ဆက်သွယ်မှု
ရရှိသွားသောအခါ သူတို့သည် သူ့တို့အပေါ်၌
စွမ်းအားဖျက်ဆီး ကပ်ဘေးများကို
ဆင့်ခေါ်နိုင်စွမ်း ရှိကြသည်။

စွမ်းအားဖျက်ဆီး ကပ်ဘေးများကို ဆင့်ခေါ်ခြင်းသည် ထိုကျင့်ကြံသူအတွက် သူတို့အား ရင်ဆိုင်ရန် သူကိုယ်တိုင်မှလွဲ၍ အခြားဘာမှ အသုံးပြု၍မရဟု ဆိုလိုနေခြင်း ဖြစ်သည်။ သူတို့သည် ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာများကို အသုံးပြု၍ မရပဲ စွမ်းအားဖျက်ဆီး ကပ်ဘေးများသည် သူတစ်ယောက်တည်း အပေါ်၌သာ ကျရောက်လာမည် ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်ခြင်းအားဖြင့် ထိုကပ်ဘေးများကို ကျော်လွှားမည့် နည်းလမ်းများကိုလည်း အသုံးပြု၍မရပေ။

စွမ်းအင်ဖျက်ဆီး ကပ်ဘေးများ
ရောက်ရှိလာခဲ့လျှင် ထိုကျင့်ကြံသူသည်
သူ၏ကိုယ်ပိုင် ကျင့်ကြံမှု အဆင့်အတန်းဖြင့်သာ
ခုခံရမည် ဖြစ်သည်။ အကယ်၍
ရှုံးနိမ့်သွားခဲ့လျှင် သူသည် ဟင်းလင်းပြင်
အတွင်းသို့ ရောက်ရှိသွားခဲ့မည် ဖြစ်သည်။

အကယ်၍ သူသည် စွမ်းအားဖျက်ဆီး
ကပ်ဘေးများကို အောင်မြင်စွာ
ကျော်လွှားနိုင်ခဲ့လျှင်ပင် အရာအားလုံးသည်
ပြီးဆုံးသွားပြီဟု မဆိုလိုပေ။ ကောင်းကင်နှင့်
လူသားတို့၏ ပျက်စီးခြင်း ငါးပါးတို့သည်
သူ၏အနားတွင် တွယ်ကပ်နေဦးမည် ဖြစ်ကာ
သူ့အား ကြီးမားသော ဝေဒနာများကို

ပေးစွမ်းနိုင်မည် ဖြစ်၏။ သူသည် ရှားပါးသော ပစ္စည်းများနှင့် လျှို့ဝှက် နည်းစနစ်များကို အသုံးပြု၍ ထိုဝေဒနာကို ကျော်လွှန်အောင် ကြိုးစားရမည် ဖြစ်သည်။

အကယ်၍ သူသည် စွမ်းအားဖျက်ဆီး ကပ်ဘေး ပထမတစ်ဆင့်ကို ခုခံနိုင်မည်ဆိုလျှင် သူသည် ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်သို့ ရောက်သွားပြီဟု ပြော၍ရမည် ဖြစ်သည်။

ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်၏ ဆိုလိုချက်မှာ ထိုကျင့်ကြံသူသည် စွမ်းအားဖျက်ဆီး ကပ်ဘေး၏ ပထမဆုံး တစ်ခေါက် သို့မဟုတ် နောက်ထပ်

အခေါက်ပေါင်း များစွာတို့ကို ခုခံနိုင်သည်ဟူ၍
ဆိုလိုနေခြင်း ဖြစ်၏။ စွမ်းအားဖျက်ဆီး
ကပ်ဘေးများကို ကျော်လွှားနိုင်၍ ပြန်လည်
သက်သာလာရခြင်းသည် အင်မော်တယ်ဝိညာဉ်
တတိယ အဆင့်၏ အလွန်မှ
ကြမ်းတမ်းခက်ထန်သော ခရီးလမ်း
တစ်ခုဖြစ်သည်။ သို့သော်လည်း သူသည်
သူ့ကိုယ်သူ ပြန်လည်သက်သာအောင်
လုပ်နိုင်စွမ်း မရှိပဲ ပြင်ပ အကူအညီများကို
ယူခဲ့ရပါက သူသည် ထိုအဆင့်ကို
ကျော်ဖြတ်နိုင်တော့မည် မဟုတ်ပေ။

ကျင့်ကြံသူ တစ်ယောက်သည် မိမိ၏
အခြေခံများကို ခိုင်မာအောင် တည်ဆောက်ပြီး

ကျင့်ကြံမှု အဆင့်အတန်းများကို အဆက်မပြတ် တိုးတက်အောင် လေ့ကျင့်၍ ကပ်ဘေးများကို ကျော်လွှားနိုင်မှသာ ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်ကို ကျော်လွန်နိုင်ပြီဟူ၍ ပြော၍ရသည်။

ကာဒီနယ်ကပ်ဘေး စဦးပိုင်း အဆင့်သည် အဆင့်တစ်ခုဟူ၍သာ ပြောရသော်လည်း သူသည် ခရီး သို့မဟုတ် ဖြစ်စဉ်တစ်ခုနှင့် ပို၍တူနေသည်။ ဤလမ်းစဉ်သည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်တွင် အဆင့်မြင့်မြင့် ရောက်နေပြီး သတ္တိများကို လုံလုံလောက်လောက် မွေးမြူနိုင်မှသာ လျှောက်လှမ်းနိုင်မည် ဖြစ်သည်။

သူတို့သည် စွမ်းအားဖျက်ဆီး ကပ်ဘေးများကို ဆင့်ခေါ်ပြီးတိုင်းတွင် ဖြစ်ပေါ်လာသော ထိခိုက်ဒဏ်ရာများကို ပြင်ပအကူအညီ မပါပဲ ပြန်လည် သက်သာလာနိုင်သည့် အဆင့်သို့ ရောက်သွားပြီ ဆိုပါက သူတို့သည် ထိုအဆင့်ကို အောင်မြင်စွာနှင့် ပြီးမြောက်ပြီး ကာဒီနယ်ကပ်ဘေး နောက်ဆုံးအဆင့်သို့ ရောက်သွားပြီဟူ၍ ပြောရမည် ဖြစ်၏။

ကာဒီနယ်ကပ်ဘေး နောက်ဆုံးအဆင့်မှ ကျင့်ကြံသူများသည်ပင်လျှင် စွမ်းအားဖျက်ဆီး ကပ်ဘေးများအား ရင်ဆိုင်ရာတွင် ဝေဒနာများကို ခံစားကြရမည် ဖြစ်ပြီး သူတို့

ရင်ဆိုင်နိုင်သော ကပ်ဘေး
အရေအတွက်တို့သည် အကန့်အသတ်
ရှိပေသည်။ သို့သော်လည်း အကယ်၍
သူတို့သည် ဤဖြစ်စဥ် အတွင်းတွင်
အပြင်းအထန် ဒဏ်ရာရသွားခြင်းမျိုး မရှိခဲ့ပါက
သူတို့သည် အချိန်အနည်းငယ် အတွင်းတွင်
ပြန်လည် သက်သာလာကြမည် ဖြစ်သည်။

ဤအဆင့်တွင် ထိုကျင့်ကြံသူများသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးများကို အသုံးပြုကာ
တိုက်စစ်အနေဖြင့် အသုံးပြုနိုင်မည် ဖြစ်သည်။
သို့သော်လည်း သူတို့ကိုယ်တိုင်ကလည်း
စွမ်းအားဖျက်ဆီး ကပ်ဘေးများကို
ကိုယ်တွယ်ရာတွင် ဝေဒနာများကို ခံစားရဦးမည်

ဖြစ်၏။ ထို့ကြောင့်ပင် ကာဒီနယ်ကပ်ဘေး နောက်ဆုံးအဆင့်အား ဗီပရာလိုပါ အဆင့်ဟူ၍လည်း ခေါ်၏။

တစ်ယောက်သည် ဗီပရာလိုပါ အဆင့်သို့ ရောက်နေခြင်း ရှိမရှိအား အဓိက အချက်နှစ်ချက်ဖြင့် ဆုံးဖြတ်နိုင်သည်။ ပထမမှာ ထိုသူသည် စွမ်းအားဖျက်ဆီး ကပ်ဘေးများအား ဆင့်ခေါ်ပြီးတိုင်းတွင် သူ့ဘာသာသူ ပြန်လည် သက်သာနိုင်စွမ်း ရှိမရှိ ဟူသောအချက် ဖြစ်သည်။ ဒုတိယမှာ ထိုသူသည် စွမ်းအားဖျက်ဆီး ကပ်ဘေးများကို ဆင့်ခေါ်၍ တိုက်စစ်အဖြစ် အသုံးပြုနိုင်ခြင်း ရှိမရှိ ဟူ၍ပင် ဖြစ်သည်။

ထို့ကြောင့်ပင် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူများသည် ကျင့်ကြံမှု အဆင့်အတန်း အမျိုးမျိုး ရှိနိုင်ခြင်း ဖြစ်သည်။ အစကတည်းက နည်းစနစ် အမျိုးမျိုးနှင့် အခြေခံ အဆင့်အတန်းများက ကွာခြားနေသဖြင့် သူတို့ အသုံးပြုနိုင်သည့် စွမ်းအားဖျက်ဆီး ကပ်ဘေး အကြိမ် အရေအတွက်ကလည်း ခြားနားနိုင်သည်။ အချို့သူများသည် ကပ်ဘေးအချို့ကိုသာ ဆင့်ခေါ်နိုင်၍ အချို့မှာမူ အတော်များများကို ဆင့်ခေါ်နိုင်စွမ်း ရှိသည်။

စွမ်းအားဖျက်ဆီး ကပ်ဘေးများကို တိုက်စစ်အဖြစ်နှင့် အသုံးမချခဲ့လျှင်ပင်

သူတို့အကြားတွင် တာအိုနည်းစနစ်များ၊
မှော်စွမ်းအင် စွမ်းအားများ အဆင့်အတန်း
ကွဲပြားခြားနားမှုတို့ ရှိကြသည်။

ကြမ္မာပန်းတိုင် အဆင့်မှ
မှော်ရတနာများတွင်လည်း သူတို့ ခုခံနိုင်သော
စွမ်းအားဖျက်ဆီး ကပ်ဘေး အရေအတွက်
အကန့်အသတ် ခြားနားမှုများ ရှိသည်။
သူတို့သခင်များ၏ အကူအညီဖြင့် သူတို့သည်
ကပ်ဘေးတစ်ခုအား ရင်ဆိုင်အပြီးတွင်
အချိန်တစ်ခု ကြာပြီးသွားသောအခါ ပြန်လည်
သက်သာလာနိုင်ကြသည်။

သို့သော်လည်း သူတို့ကိုယ်တိုင်ကမူ
ကပ်ဘေးများကို မဆင့်ခေါ်နိုင်ကြပေ။
ကြမ္မာပန်းတိုင် အဆင့်မှ
မော်ရတနာများတွင်လည်း ကိုယ်ပိုင်
စွမ်းအားများ အသီးသီး ရှိကြကာ ဗီပရာလိုပါ
အဆင့်မှ ကျင့်ကြံသူများနှင့် ရင်ဆိုင်ခဲ့ရလျှင်
အနိုင်အရှုံးကို တကယ့်တိုက်ပွဲကသာ
အဆုံးအဖြတ် ပေးနိုင်မည် ဖြစ်သည်။

ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူများသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးများကို မဆင့်ခေါ်ပဲ
သူတို့၏ကိုယ်ပိုင် တာအိုနည်းစနစ်များ၊
မော်ကျိန်စာများဖြင့်သာ ကြမ္မာပန်းတိုင်
အဆင့်မှ မော်ရတနာများနှင့် ရင်ဆိုင်ခဲ့လျှင်

အနိုင်ယူနိုင်မည်လော ဟူသည်မှာ
ပြောရခက်ပေသည်။

သို့သော်လည်း အကယ်၍ ထိုကျင့်ကြံသူသည်
စွမ်းအားဖျက်ဆီး ကပ်ဘေးများကို
ဆင့်ခေါ်လိုက်ပါက မည်သူက ကပ်ဘေးများကို
ပိုပြီးတော့ ခံနိုင်ရည် ရှိသည်ကို မူတည်၍
အနိုင်ရသူက ထွက်ပေါ်လာမည် ဖြစ်သည်။

ရှီးလင်မြို့ တိုက်ပွဲတွင် လင်းဖုန်းသည်
ဗီပရာလိုပါ စစ်တုရင် ကစားပွဲမှ အနက်ရောင်
စစ်တုရင် အရုပ်များကို အသုံးပြု၍ သူတော်စင်
ကောင်းကင်ဓားကို ထိခိုက်စေခဲ့ကာ
ရှင်းလုံစန်းအား နောက်ဆုတ်စေခဲ့သည်။

ရှင်းလုံစန်းသည် လင်းဖုန်းက ဗီပရာလိုပါ
အဆင့်သို့ ရောက်နေပြီလော၊ သို့မဟုတ်
အထူးနည်းလမ်း တစ်ခုအား အသုံးပြု၍
စွမ်းအားဖျက်ဆီး ကပ်ဘေးအား
ဆင့်ခေါ်နေသလော ဟူသည်ကို
မသေချာနေခဲ့ပေ။ သို့သော်လည်း သူတော်စင်
ကောင်းကင်ဓားသည် စူတောင်အတွက်
အမတန်မှ အရေးပါနေသဖြင့် သူ့ဓားက
လင်းဖုန်းထက်ပို၍ ကပ်ဘေးများကို
ခံနိုင်စွမ်းရှိမည်ဟူ၍ အလောင်းအစား
မလုပ်ရဲခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ထိုကဲ့သို့သော မဟုတ်ပဲ ရှင်းလုံစန်း ကိုယ်တိုင်က ဗီပရာလိုပါ အဆင့်တွင် ရောက်နေခဲ့ပါက သူသည် လင်းဖုန်းနှင့် မည်သူကပို၍ စွမ်းအားဖျက်ဆီး ကပ်ဘေးများကို ရင်ဆိုင်နိုင်မည်ကို အဆုံးအထိ တိုက်ခိုက်ခဲ့မည် ဖြစ်သည်။

ရွှေပုစဥ်း ဆရာတော်သည် ရှေးခေတ်က ရွှေပုစဥ်း မဟာပဏ္ဍိတ ဖြစ်သည်။ သူ၏ တထာဂတ ဓမ္မကျမ်းစာများ၏ ကျင့်ကြံမှုသည် မပြည့်စုံခဲ့သေး၍ သူ၏ ဗုဒ္ဓနည်းစနစ်များဖြင့်သာ အယ်လ်ဖာ ကြမ္မာပန်းတိုင် ကပ်ဘေးများအား ရင်ဆိုင်ရင် မဝံ့ရဲသေးသော်လည်း သူ၏

ဗုဒ္ဓနည်းစနစ်များသည် သူ့မိစ္ဆာစွမ်းရည်များကို နောက်တစ်ဆင့်သို့ ပို့ပေးနိုင်ခဲ့သည်။

သူသည် မသေဝိညာဉ် တတိယအဆင့်ကို ကျော်လွန်၍ သူ၏ မိစ္ဆာစွမ်းအားများဖြင့် အယ်လ်ဖာ ကြမ္မာပန်းတိုင် ကပ်ဘေးများကို ကျော်ဖြတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ဗီပရာလိုပါ အဆင့်သို့ ရောက်ရှိနေခဲ့ပြီ ဖြစ်၏။

ရွှေပုစဉ်း ဆရာတော်သည် ဖန်ကျန်းနတ်တောင်အား စိုက်ကြည့်နေခဲ့ကာ ဘာမှ မပြောခဲ့ပဲ ဟင်းလင်းပြင်မှ ပုစဉ်းများ၏ အော်မြည်သံများသည် တစ်ကမ္ဘာလုံးအတွင်းမှ ကျန်နေသော အသံတစ်ခုထဲကဲ့သို့

အကွဲအပြဲမရှိပဲ ပေါင်းစည်းသွားခဲ့သည်။ အဆုံးမဲ့သော နားကွဲလုမတတ် ထာဝရ ပုစဥ်းအော်မြည်သံများကိုသာ ကြားနေရပေသည်.

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ "ဟုန်ဝူ၊ မင်းက မူလ အစီအစဥ်အတိုင်း ဆက်လုပ်လိုက်ပါ"

ဇူဟုန်ဝူက ခေါင်းညိတ်လိုက်သည်။ "မှန်လှပါ၊ အရှင်မင်းမြတ်"

လျှမ်ပန်းသည် သူ၏ခေါင်းကို အနည်းငယ် ခါလိုက်ကာ ပြောလိုက်သည်။ "တကယ်လို့ ငါ့ရဲ့ မူလခန္ဓာကိုယ်က ဒီနေရာမှာ ရှိနေခဲ့ရင် ငါက ယင်ပင်လယ်ရဲ့ စွမ်းအားတွေကို ဆင့်ခေါ်ပြီး ဖန်ကျန်းနတ်တောင်နဲ့ ရွှေပုစဉ်း ဆရာတော်ကို စိန်ခေါ်နိုင်စွမ်း ရှိလိမ့်မယ်"

ဖန်ကျန်းနတ်တောင်သည်လည်း ရွှေရောင် မှော်သင်္ကေတ ကြိုးတန်းများနှင့် ယင်ပင်လယ်ထံသို့ ဆက်သွယ်ထားခြင်း ဖြစ်သည်။ ပုစဉ်းများ၏ အဆက်မပြတ် အော်မြည်သံများနှင့် ရင်ဆိုင်ခဲ့ရသောအခါ ထိုကြိုးတန်းများသည် ပျက်စီးလာခဲ့ကာ သံချေးများ တက်လာကြသော်လည်း

လျှမ်ပန်းသည် ယင်ပင်လယ်နှင့် ဆက်သွယ်မှုကို ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်သည်။

မှေးမှိန်သော အဆုံးမဲ့ ရွှေရောင် အလင်းတန်းများသည် အနည်းငယ် နောက်ဆုတ်သွားကာ ရွှေရောင်စက်လုံး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ပုံရိပ်ယောင် လေဟာနယ် အချိန်ကာလ အသွင်ပြောင်းမှုများ အကြားတွင် သူ၏ မျက်နှာပြင်သည် သေးငယ်သွားခဲ့ကာ အစက်တစ်ခုအဖြစ် သိပ်သည်းသွားခဲ့သည်။ ကြည့်ရသည်မှာ ယင်ပင်လယ်၏ စွမ်းအားများ အားလုံးတို့သည် ထိုအလင်းတန်း စက်ဝိုင်း၏ အလယ်သို့ ပြိုကျပျက်စီးသွားသကဲ့သို့ ဖြစ်သည်။

ကြမ္မာပန်းတိုင် ကမ္ဘာ၏ စွမ်းအားများကို ထုတ်ဖော်လိုက်သည်။ အလင်းတန်း စက်ဝိုင်းသည် သီးသန့်ကမ္ဘာ တစ်ခုနှင့် တူနေခဲ့၍ သူသည် ကြမ္မာပန်းတိုင်မှ မှော်ရတနာ တစ်ခုလောက် မနက်နဲသော်လည်း သူ၏ စွမ်းအားများသည် များစွာတိုးတက်လာခဲ့၍ ရွှေပုစဉ်း ဆရာတော်၏ မိစ္ဆာစွမ်းအားများနှင့် တိုက်ခိုက်နိုင်ခဲ့သည်။

"ဖန်ကျန်းနတ်တောင်က ယင်ပင်လယ်ရဲ့ စွမ်းအားတွေနဲ့ဆိုရင် သူက ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ တစ်ပါးလို့ မဆိုနိုင်ပေမဲ့ အင်မော်တယ် ဝိညာဉ် တတိယ အဆင့်က

ကျင့်ကြံသူ တစ်ယောက်ထက်တော့ ပိုပြီး အစွမ်းထက်တယ်။ တကယ်လို့ ခင်ဗျားက စွမ်းအားဖျက်ဆီး ကပ်ဘေးတွေကို မဆင့်ခေါ်ဘူးဆိုရင် ခင်ဗျားက ဒီနတ်တောင်ကို ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး"

လျှမ်ပန်းက ဖွဖွလေး ပြုံးလိုက်ကာ ပြောလိုက်သည်။ "ခင်ဗျားက စွမ်းအားဖျက်ဆီး ကပ်ဘေး ဘယ်နှစ်ခေါက်ကို ခံနိုင်ရည် ရှိမလဲ ဆိုတာကို သိချင်နေမိတယ်"

သူမပြောခဲ့သည်မှာ တစ်ခုကျန်နေသေးသော်လည်း အားလုံးတို့က သူ့စကားများ၏ အဓိပ္ပာယ်ကို

နားလည်နေကြပေသည်။ အကယ်၍ ရွှေပုစဥ်း ဆရာတော်သည် စွမ်းအားဖျက်ဆီး ကပ်ဘေးကို တိုက်စစ်အဖြစ် အသုံးချခဲ့ပါက သူအနိုင်ရခဲ့လျှင်ပင် ဖန်ကျန်းနတ်တောင်သည် စွမ်းအားဖျက်ဆီး ကပ်ဘေးများကို အကြိမ်ပေါင်းများစွာ ခုခံခဲ့ရသည့်အတွက် လုံးဝ ပျက်စီးသွားမည် ဖြစ်၏။

ဤတောင်၏ ပျက်စီးသွားမှုမှာ နောင်တရစရာ ကိစ္စတစ်ခု ဖြစ်သည့်အပြင် ဤနတ်တောင်သည် ယင်ပင်လယ်နှင့် အလွန်အမင်း နီးကပ်စွာ ဆက်သွယ်ထားခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ရွှေပုစဥ်း ဆရာတော်သည် ယင်ပင်လယ်အား အမျက်ထွက်စေခဲ့မည် ဖြစ်၏။ အကယ်၍

ယင်ပင်လယ်က သူ၏စွမ်းအားများကို
အကုန်သုံး၍ သူ့အား တိုက်ခိုက်ခဲ့မည် ဆိုပါက
ရွှေပုစဉ်း ဆရာတော်သည် ဗီပရာလိုပါ
အဆင့်တွင် ရှိနေသော်လည်း
ကျောက်ဆောင်နှင့် အခြားမာသော
အရာတစ်ခု၏ အကြားတွင် ညှပ်နေသကဲ့သို့
ဖြစ်သွားခဲ့ပေမည်။

ဤကဲ့သို့သော နောက်ဆက်တွဲ ဖြစ်ရပ်မျိုးကို
ယခင်နှစ်များက ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်ခဲ့ကြသည့် ထိပ်သီး ကျင့်ကြံသူများက
သက်သေပြခဲ့ပြီးသား ဖြစ်သည်။

ရွှေပုစဉ်း ဆရာတော်၏ မျက်နှာပေါ်တွင် ဝင်းလက်သော အပြုံးတစ်ခုက ရှိနေခဲ့ဆဲ ဖြစ်၍ သူ၏ အသံသည် ပုစဉ်းအော်မြည်သံများ အကြားမှ ထွက်ပေါ်လာခဲ့သည်။ "မာစတာလျှမ်၊ ခင်ဗျားက တကယ်ကို နည်းဗျူဟာသမား တစ်ယောက်ဖြစ်ပြီး ဒီခေတ်ရဲ့ ထိပ်သီးပုဂ္ဂိုလ်တွေ အနက်က တစ်ယောက်ဖြစ်တယ်။ မဟာကျိုး အင်ပါယာက တိုးတက်စည်ပင် ဖွံ့ဖြိုးလာခဲ့ပြီး သမိုင်းမှတ်တမ်းတွေ အထဲကို ခြေချနိုင်ခဲ့ပြီ"

"ဒါပေမဲ့ ခင်ဗျားက ရည်မှန်းချက် ကြီးမားသလို အလောတကြီးနဲ့လည်း ဆောင်ရွက်ခဲ့တယ်။ တကယ်လို့ ခင်ဗျားရဲ့ မူလ ခန္ဓာကိုယ်နဲ့

တော်ဝင်နန်းတော်တို့က ဒီမှာရှိခဲ့ရင် ခင်ဗျားက ပန်းလိုင်နတ်တောင်ကို အိတ်ကပ်ထဲ ထည့်နိုင်ဖို့ ရှစ်ဆယ်ရာခိုင်နှုန်း အခွင့်အရေး ရှိလိမ့်မယ်။ ခင်ဗျားက ယင်ကျိုးနတ်တောင်ကို မရခဲ့ရင်တောင် တစ်ခုခုကို ရခဲ့ဦးမယ်။ ခင်ဗျားက မဟာကျိုး အင်ပါယာကို ဗုဒ္ဓဝါဒကို နှိမ်နင်းတဲ့ စစ်ပွဲအပြီးမှာ နောက်ထပ် အဆင့်တစ်ခုကို ပို့ဆောင်ပေးနိုင်လိမ့်မယ်"

"မဟာကျိုး အင်ပါယာက နတ်တောင်သုံးခုစလုံးကို ဝါးမျိုနိုင်မယ်လို့ တွက်ထားရင် ခင်ဗျားက လေထဲမှာ တိုက်အိမ်ဆောက်နေတာပဲ"

ရွှေပုစဥ်း ဆရာတော်သည်
ရယ်ရမ်းသွေးလိုက်ကာ ပြောလိုက်သည်။
"လဲ့ယွမ်၊ မင်းက မတွေ့ရသေးတဲ့
ပန်းလိုင်နတ်တောင်ကို လိုချင်နေတာလား၊
ဒါမှမဟုတ် မင်းရဲ့အရှေ့မှာ ရှိနေတဲ့
ဖန်ကျန်းနတ်တောင်ကိုပဲ ကြိုးစားမလား"

ကောင်းကင်ပေါ်တွင် ရောမ
အက်ကွဲကြောင်းကြီး တစ်ခု ပေါ်လာခဲ့ကာ
ရောမ ရွှေရောင်နတ်ငှက် တစ်ကောင်က
မြင်ကွင်းအတွင်းတွင် ပေါ်လာခဲ့သည်။ သူ၏
တောင်ပံများမှာ ကြီးမားလွန်းလှသဖြင့်
နေမင်းကိုပင် ဖုံးကွယ်ထားနိုင်ပြီး သူ၏
အေးစက်သော မိစ္ဆာမျက်လုံးများမှ ရွှေရောင်

အလင်းတန်းများ လင်းလက်နေကြသည်။
ဤရွှေရောင် နတ်ငှက်သည်
သိပ်သည်းကြီးမားသော အော်ရာများကို
ပိုင်ဆိုင်ထားပြီး လွန်ခဲ့သော နှစ်များက
တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင်
ဟေးဒီးစ် အမှောင်မန္တန် တစ်စိတ်တစ်ပိုင်းကို
ဝါးမျိုခဲ့သော ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတ
ဖြစ်သည်။

လင်းဖုန်း၊ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏
မျက်လုံးများသည် ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတ၏ ဝင်ရောက်လာမှုကို
တွေ့လိုက်ရသောအခါ လေးနက်သွားကြသည်။

သူ၏တောင်ပံများမှ
ရွှေရောင်ငှက်တောင်များမှနေ၍ ခရမ်းရောင်
စွမ်းအားများက ထွက်ပေါ်လာနေကြ၍ သူ၏
စွမ်းအားများသည် တိမ်တိုက်တောအုပ်
ကမ္ဘာတွင် တွေ့ခဲ့စဥ်ကထက် များစွာပို၍
ကြီးမားကာ ကြောက်မက်ဖွယ်ရာ
ကောင်းနေခဲ့သည်။

သူ၏အနားတွင် နောက်ထပ် သားရဲတစ်ကောင်
ပါလာသေး၏။ သူ၏ကျောပေါ်တွင်
တောင်ပံတစ်စုံရှိကာ ဖြူကဲ့သို့သော
ဆူးချွန်များရှိ၍ ကျားနှင့်နွားအကြားမှ
ရုပ်အသွင်အပြင်များ ရှိနေသည်။ သူ့ထံမှ
ထွက်ပေါ်နေသော နတ်ဆိုးအော်ရာများသည်

သူက မည်သူမည်ဝါ ဖြစ်သည်ကို ဖော်ပြနေခဲ့သည်။ သူသည် ချုံးချိ မဟာပဏ္ဍိတ ဖြစ်၏။

သူ၏ခေါင်းပေါ်မှနေ၍ ဝက်ပါမြေပုံ တစ်ခုက ကောင်းကင်သို့ပင် ထိုးဖောက်နိုင်မည်ဟု ထင်နေရသည် အလင်းတန်း တစ်ခုနှင့် လင်းလက်နေခဲ့၍ ကြယ်တာရာ ကိုးလုံးတို့၏ ကြယ်စင်အလင်းရောင်များမှာ စူးရှတောက်ပနေခဲ့သည်။

## စာစဥ် ၄၁ : အပိုင်း ၉

## အပိုင်း ၇၇၉ : မဟာကောင်းကင်ဘီး

တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင်
နောက်ဆုံး တွေ့ခဲ့သော အချိန်နှင့်
ယှဉ်လိုက်လျှင် ချုံးချိ မဟာပဏ္ဍိတသည်လည်း
ယခင်ကထက်စာလျှင် များစွာ
ပိုမိုသန်မာလာခဲ့ပြီ ဖြစ်၏။ ဒါသည်
တိမ်တိုက်တောအုပ် ကမ္ဘာအတွင်းတွင် သူ့အား
ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတက
ချီးမြှင့်ထားသော တော်ဝင်စိတ်ဝိညာဉ်
ဆီးနှင်းပေါက်ကြောင့် ဖြစ်သည်။ သူသည်
မူလတွင် မသေဝိညာဉ် ဒုတိယ အဆင့်၏
အထွတ်အထိပ်တွင် ရောက်ရှိနေခဲ့ပြီ ဖြစ်ကာ

ယခုအချိန်တွင် မသေဝိညာဉ် တတိယ
အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်၏။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတသည်
ယခင်ကတည်းက မသေဝိညာဉ် တတိယ
အဆင့်တွင် ရှိနေခဲ့ပြီး ဖြစ်သည်။
ပေါင်းစပ်ကြယ်စင် ဝိညာဉ်အဆင့်မှ
မဟာမိစ္ဆာသည် ယခင်ကထက် များစွာပို၍
ကြောက်မက်ဖွယ်ကောင်းသော စွမ်းအားနှင့်
မှော်စွမ်းအင်တို့ကို ထုတ်လွှတ်လျှက်ရှိသည်။

လျှမ်ပန်းက သူ၏ပါးစပ်ကို အရင်ဟလိုက်သည်။
"လဲ့ယွမ်၊ မင်းက အခုဆိုရင် ရွှေပုစဉ်း
ဆရာတော်ရဲ့ အမိန့်တွေကို နာခံနေတာလား။

ကြည့်ရတာ မင်းရဲ့ မိစ္ဆာကောရာဇ် ဖြစ်ဖို့အတွက် အကြံအစည်တွေကို စွန့်လွှတ်လိုက်ပြီ ထင်တယ်"

ရောမ ရွှေရောင်နတ်ငှက်၏ ရေခဲကဲ့သို့ အေးစက်နေသော မျက်လုံးအစုံသည် ရွှေရောင် အလင်းတန်းများဖြင့် တောက်ပလာခဲ့၍ သူ့အား လျှပ်စီးလက်သကဲ့သို့ စူးရှစွာနှင့် စိုက်ကြည့်လိုက်သည်။

"ကျုပ်ရဲ့ ရည်မှန်းချက်တွေက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဒါက ကျုပ်ဟာ လမ်းတလျှောက်မှာ

မဟာမိတ်တွေကို ရှာမှာမဟုတ်ဘူးလို့
မဆိုလိုဘူး"

ချုံးချို မဟာပဏ္ဍိတက ဟားတိုက်ရယ်လိုက်ကာ
ပြောလိုက်သည်။ "ကျုပ်တို့အကြားကို
ရန်တိုက်ပေးဖို့ စဥ်းတောင် မစဥ်းစားပါနဲ့။
ယင်ကျိုးနတ်တောင်လိုပဲပေါ့၊ မင်းရယ်၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ရယ်၊
ဟိုကောင် ရှီယုတို့က ငါတို့မိစ္ဆာတွေကို
အနားမကပ်နိုင်အောင် အတူတကွ
စောင့်ကြပ်နေခဲ့တယ်"

"ပန်းလိုင်နတ်တောင်မှာလဲ ဒီလိုပဲ။ မင်းတို့
လူသားတွေက ကြိုးစားဖို့ စဥ်းတောင်

မစဥ်းစားနဲ့။ ပြီးတော့ အခုကြည့်ရတာ ပန်းလိုင်နတ်တောင်သာ မကပဲ မင်းက ဖန်ကျန်းနတ်တောင်ကိုတောင် ထိန်းသိမ်းထားနိုင်တော့မယ် မထင်ဘူး။ ဒါတောင်မှ မင်းက တောင်သုံးတောင်စလုံးတို့ကို မင်းဘာသာမင်း ဝါးမျိုဖို့ ကြံစည်နေခဲ့သေးတယ်။ မင်းက ဒီလိုမျိုးစွမ်းရည် ရှိမရှိကို ကြည့်ကြည့်ရအောင်"

"ငါတို့က ရွှေပုစဥ်း ဆရာတော်နဲ့ နောက်ပိုင်းမှာ ရင်ဆိုင်ရမယ်ဆိုတောင် မင်းတို့ကိုအရင် ရှင်းလင်းပြီးမှ ဖြစ်လိမ့်မယ်"

လျှမ်ပန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "မင်းက တိမ်တိုက်တောအုပ် ကမ္ဘာမှာတုန်းက အသက်ရှင်ပြီး ထွက်ပြေးသွားနိုင်ခဲ့တာ ကံကောင်းတယ်လို့ မှတ်လိုက်ပါ။ အခုအချိန်မှာလည်း မင်းက ခြင်လိုမျိုး တစ်ဝီဝီနဲ့ နားညည်းအောင် လုပ်နေခဲ့တယ်"

ချုံးချိ မဟာပဏ္ဍိတသည် သူ၏ သွားများကို စေ့လိုက်ကာ ထူးခြားစွာနှင့် ပြုံးလိုက်သော်လည်း ဘာမှဆက်၍ မပြောတော့ချေ။ ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါသည် ဤအချိန်တွင် အပြည့်အဝ ထုတ်လွှတ်လိုက်ပြီ ဖြစ်ပြီး

ကောင်းကင်ပေါ်တွင်
အက်ကွဲကြောင်းကြီးတစ်ခု ပေါ်လာခဲ့ကာ
စကြာဝဠာအား လည်ပတ်နေကြသည့်
ကြယ်တာရာ ကိုးလုံးတို့သည် ဖိအားများစွာဖြင့်
ပေါ်လာခဲ့သည်။

ယခုအချိန်တွင် ချုံးချိ မဟာပဏ္ဍိတသည်
မသေဝိညာဥ် တတိယအဆင့်သို့
ရောက်ရှိသွားပြီ ဖြစ်သဖြင့် ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ပါသည် ယခင်ကထက်
များစွာပို၍ စွမ်းအားမြင့်မားလာခဲ့သည်။ သူ့အား
ဖန်ဆင်းရန် လိုအပ်သည့် မှော်ရတနာများသည်
မပြည့်စုံသေးသော်လည်း ဤမှော်ဝက်ပါ၏
စွမ်းအားသက်သက်သည် တိမ်တိုက်တောအုပ်

ကမ္ဘာတွင် ရှိခဲ့စဉ်ကထက် များစွာပို၍
ကြီးမားလာခဲ့သည်။

ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝက်ပါ၏ အထောက်အကူဖြင့် သူသည်
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
ကျင့်ကြံသူများ အားလုံးကို
အသာစီးယူနိုင်တော့မည် ဖြစ်သည်။ သူ၏
တိုက်ပွဲစွမ်းအားများသည် သူ၏ဘေးမှ
ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့်
သိပ်မကွာတော့ချေ။

သို့သော်လည်း လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတအား များစွာပို၍ အာရုံစိုက်နေခဲ့ကြသည်။

ဇူဟုန်ဝူ၏ မျက်ခုံးများသည် တွန့်သွားခဲ့ကာ ပြောလိုက်သည်။ "မင်းက ဟိုခြေလှမ်းကို လှမ်းလိုက်ပြီ မဟုတ်လား၊ လဲ့ယွမ်"

လျှမ်ပန်းသည် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတအား ကြည့်လိုက်ကာ ခေတ္တမျှ စဉ်းစားလိုက်ပြီး ပြောလိုက်သည်။ "ဟုန်ဝူ၊ ယခုလှုပ်ရှားမှ ရတော့မယ်"

ဇူဟုန်ဝူသည် သူ၏ခေါင်းကို ညိတ်လိုက်ကာ ပြန်ဖြေလိုက်သည်။ "ဟုတ်ကဲ့ပါ၊ အရှင်မင်းမြတ်"

ပြီးတာနှင့် ဇူဟုန်ဝူသည် ဖန်ကျန်းနတ်တောင်၏ အကာအကွယ် အတွင်းမှ တိုက်ရိုက် ထွက်လာခဲ့ကာ ရွှေပုစဉ်း ဆရာတော်၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ မဟာပဏ္ဍိတတို့၏ အရှေ့တွင် ရပ်နေလိုက်သည်။

သူ၏ တစ်ဘဝလုံး ကျင့်ကြံလာသော သိုင်းပညာရပ် လမ်းစဥ်များသည် အပြည့်အဝ

စတင်ဖော်ပြလာခဲ့၍ အကောင်အထည်
ပေါ်လာခဲ့သည်။

သူ၏အပေါ်မှ ဟင်းလင်းပြင် အလွှာများတွင်
သေးငယ်သော သီးသန့် ကမ္ဘာငယ်လေးများ
ပေါ်လာခဲ့၍ ဘီးကဲ့သို့သော ပုံစံနှင့်
ပုံရိပ်တစ်ခုနှင့် ဆက်သွယ်သွားခဲ့သည်။
ကမ္ဘာငယ်လေး တစ်ခုချင်းစီ၏ အတွင်းတွင်
ဗုဒ္ဓရုပ်ပွားတော် တစ်ဆူစီ ရှိနေကာ
ဗုဒ္ဓကျမ်းစာများကို ရွတ်ဆိုလျက် ရှိနေကြ၏။
ကမ္ဘာတစ်ထောင်၊ ဗုဒ္ဓရုပ်ပွားတော် တစ်ထောင်
ရှိနေကြသည်။

ထိုဘီးသည် စတင်လည်ပတ်လာခဲ့ကာ မရပ်တန့်နိုင်သော စွမ်းအား သဘောတရားဖြင့် ပြည့်နေခဲ့သည်။ ထိုဘီးကိုယ်တိုင်က သဘာဝ နိယာမများကို ကိုယ်စားပြုနေသကဲ့သို့ ဖြစ်နေခဲ့ကာ ကောင်းကင်ကို ထောက်ကန်ထားပေးခဲ့ကာ သူ၏လမ်းတွင် တားဆီးနေသော အရာမှန်သမျှကို မှုန့်မှုန့်ကြေအောင် ချေမှုန်းပစ်မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

သူ့အား တုံ့ပြန်ရန်၊ သံသယဖြစ်ရန် မဖြစ်နိုင်ချေ။

ရွှေပုစဉ်း ဆရာတော်သည် ထိုမြင်ကွင်းအား မြင်လိုက်သောအခါ သူ၏ခေါင်းကို ခါလိုက်သည်။ "ဇူဟုန်ဝူ၊ မင်းက တကယ်ကို အထင်ကြီးဖွယ်ရာ ကောင်းလှပါတယ်။ မင်းက ရှေးခေတ်က ကောင်းကင်တံခါးဂိုဏ်းရဲ့ အဆုံးအမတွေကို ရရှိခဲ့ပြီး တိုင်ကေရာဇ်ရဲ့ အမွေအနှစ်တွေကို ရရှိခဲ့တယ်။ ငါက မဟာမိုးကြိုး ကျောင်းတော်ရဲ့ ဗုဒ္ဓအဆုံးအမတွေကိုတောင် မြင်နေရတယ်။ မင်းက စွမ်းအားထက်တဲ့ အမွေအနှစ် သုံးခုကို တစ်ခုတည်း အဖြစ်နဲ့ ပေါင်းစည်းနိုင်ခဲ့တယ်"

"မင်းက အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့်မှာပဲ ရှိသေးပေမဲ့ သမိုင်းတလျှောက်က

အင်မော်တယ်ဝိညာဥ် တတိယ အဆင့်က
ကျင့်ကြံသူ အများအပြားတို့က မင်းရဲ့ပြိုင်ဘက်
မဟုတ်နိုင်ဘူး" ရွှေပုစဥ်း ဆရာတော်၏
လေသံမှာ တည်ငြိမ်နေခဲ့ပြီး
သူ၏မျက်လုံးများသည် ဇူဟုန်ဝူ၏ အပေါ်သို့
အာရုံစိုက်ထားခဲ့သည်။

အခြားတစ်ဘက်တွင် ချုံးချိ မဟာပဏ္ဍိတ၏
အကြည့်များ များစွာပို၍
တည်ကြည်လေးနက်နေခဲ့သည်။ ချုံးချိသည်
ရှေးပဝေသဏီမှ မဟာမိစ္ဆာ
လေးကောင်အတွင်းတွင် တစ်ကောင်
အပါအဝင်ဖြစ်၍ သူတို့၏ အဆင့်အတန်းမှာ
အခြား မိစ္ဆာမျိုးနွယ် အများစုတို့ထက်

ပိုမြင့်ပေသည်။ သူသည် သိပ်မကြာသေးခင်ကမှ မသေဝိညာဥ် တတိယ အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကာ သူ၏ တိုက်ပွဲစွမ်းအင်များသည် လွန်စွာမှ အစွမ်းထက်လှ၏။

သို့သော်လည်း သူသည် ဇူဟုန်ဝူအား ကြည့်လိုက်သောအခါ ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ံပါကို မထုတ်ဖော်ခဲ့လျှင် သူသည် သူ၏အရှေ့မှ အင်မော်တယ်ဝိညာဥ် ဒုတိယ အဆင့် ကျင့်ကြံသူ၏ ပြိုင်ဘက် မဟုတ်နိုင်မှန်းကို ခံစားနေရသည်။

"နှမြော့စရာကောင်းတာက မင်းက စင်စင်ဖြစ်တည်မှု လမ်းစဥ်ကို ဒီနေရာမှာ အခုပဲ မတက်လှမ်းနိုင်ခဲ့ရင် ဒီတိုက်ပွဲမှာ အကျိုးသက်ရောက်မှုရှိအောင် မလုပ်နိုင်တာပဲ" ရွှေပုစဥ်း ဆရာတော်သည် ပွင့်ပွင့်လင်းလင်း ပြောလိုက်ကာ ရှေ့ဆက်လိုက်၏။

"တကယ်လို့ မင်းက ငါ့နဲ့ ဒါမှမဟုတ် ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနဲ့ တိုက်ခိုက်ချင်နေလို့ရှိရင် ငါက ဒီအခွင့်အရေးကို အသုံးချပြီး သဘောတရားတစ်ခုကို စမ်းသပ်လိုက်မယ်။ ဟိုနှစ်တွေတုံးက ဗုဒ္ဓဝါဒကို နှိမ်နင်းတဲ့ စစ်ပွဲအတွင်းမှာ မင်းက အလွန် အစွမ်းထက်တဲ့ မှော်ရတနာ တစ်ခုကို

ထုတ်သုံးခဲ့တယ်။ ဒါက ဒဏ္ဍာရီလာ
မဟာကောင်းကင်ဘီးလားဆိုတာကို
ကြည့်ချင်သေးရဲ့"

ဇူဟုန်ဝူသည် သူ၏ရန်သူများကို
အကဲခတ်လိုက်ကာ သူ၏ အကြည့်သည်
ရွှေပုစဥ်း ဆရာတော်၊ ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတနှင့် နောက်ဆုံးတွင် ချုံးချိ
မဟာပဏ္ဍိတ၏ အပေါ်သို့ ကျရောက်သွားခဲ့ကာ
စတင်၍ ရယ်မောလိုက်သည်။

"ကျုပ်တို့က မဟာမိုးကြိုး ကျောင်းတော်ကို
ပြင်ပစွမ်းအားတွေ အများကြီး သုံးပြီးမှ
ဖျက်ဆီးခဲ့တာက ခင်ဗျားကို အနိုင်ယူဖို့အတွက်

အင်အားတွေကို ချွေတာထားချင်လို့ပဲ။ မဟုတ်လို့ရှိရင် ကျုပ်တို့က ဗီရိုကာနှာ ဝက်ံပါကို ကျော်လွှားဖို့ ဟင်းလင်းပြင် ဘုရားကျောင်းက ဝက်ံပါချိုးဖောက်ဖုံကိုတောင် မလိုဘူး"

ဇူဟုန်ဝူသည် သူ၏လက်များကို အရှေ့သို့ ဆန့်တန်းလိုက်သည်။ သူ၏လက်များသည် ဖြူဖွေး၍ ချောမွေ့နေသည်။ သို့သော်လည်း သူ့အတွင်း၌ မခန့်မှန်းနိုင်သော စွမ်းအားများ ပါနေသကဲ့သို့ ဖြစ်နေ၏။ သူ၏ညာလက်များကို လက်သီးအဖြစ်ဆုပ်လိုက်ကာ ကောင်းကင်ပေါ်သို့ မြှောက်လိုက်သည်။

ဤလှုပ်ရှားမှုသည်
လျှင်မြန်သွက်လက်သော်လည်း လူအများကို
သူသည် ကမ္ဘာကြီး တစ်ခုလုံးအား သူ၏
လက်တစ်ဘက်တည်းနှင့်
ထောက်မထားသည်ဟူ၍ ခံစားနေစေခဲ့သည်။

ဇူဟုန်ဝူ လက်သီး၏ စွမ်းအားများသည်
ဟင်းလင်းပြင်မှ လင်းလက်နေသည့်
အလင်းတန်းများနှင့် ပူးပေါင်းသွားသောအခါ
ဟင်းလင်းပြင်သည် စတင်၍
တွန့်လိမ်သွားခဲ့သည်။

"သက်ရှိတွေ အားလုံးက သေဆုံးဖို့အတွက်
မွေးဖွားလာခဲ့တာ။ ကောင်းကင်နဲ့

မြေကြီးတို့ကတောင် ဒီနိယာမကို မလွန်ဆန်နိုင်ဘူး။ ငါက ကောင်းကင်ပေါ်က နတ်ဘီးနဲ့ အရာအားလုံးရဲ့ ကံကြမ္မာတွေကို ထိန်းချုပ်ထားတယ်။ ငါက အရှေ့ကို သွားလိုက်ရင် နောက်ပြန်လှည့်လို့ မရသလို ရပ်တန့်လို့လည်း မရဘူး"

သူ၏ အမူအရာ ကင်းမဲ့နေသော အသံသည် ကောင်းကင်ပေါ်မှ နတ်ဘုရားများ၏ တေးသံကဲ့သို့ ကောင်းကင်ပေါ်တွင် ပဲ့တင်ရိုက်နေခဲ့သည်။

သူ၏ လက်ဖဝါး အတွင်းတွင် အလင်းတန်းများ သိပ်သည်းလှစွာ ရှိနေသော်လည်း အရာဝတ္ထု

တစ်ခုကိုမှ မမြင်ရချေ။ သို့သော်လည်း
အတွင်းတွင် အသွင်သဏ္ဍာန် ကင်းမဲ့နေသော
အလင်းရောင် ဘီးတစ်ဘီးက
လည်ပတ်နေသည်ဟူ၍ ခံစားနေရသည်။

ကောင်းကင်ကို ဖုံးလွှမ်းကာ
သက်ရှိအားလုံးတို့၏ ကြမ္မာပန်းတိုင်ကို
ထိန်းချုပ်နိုင်လောက်အောင်
အားကောင်းလှသည့် စွမ်းအား သဘောတရား
တစ်ခုက ပေါ်ထွက်လာခဲ့သည်။
ထိုကြီးစိုးလွှမ်းမိုးနိုင်သော အော်ရာများက
ကောင်းကင်ပေါ်တွင် ပျံ့နှံ့သွားသောအခါ
ကမ္ဘာကြီး တစ်ခုလုံးက တုန်ခါသွားပေမည်။

မဟာကမ္ဘာကြီး တစ်ခုလုံးသည် သူ၏ကိုယ်ပိုင်
ဆန္ဒများ ပေါ်ပေါက်လာကာ အရာအားလုံးတို့၏
ကံကြမ္မာနှင့် သေခြင်းရှင်ခြင်းတို့ကို
ပြောင်းလဲလိုစိတ်များ ပေါ်လာခဲ့သည်။

ရှေးဟောင်း ကောင်းကင်တံခါးဂိုဏ်း၏
ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာဖြစ်သည့်၊
ကောင်းကင်တံခါးဂိုဏ်းမှ အစွမ်းထက်
ကျင့်ကြံသူများနှင့်အတူ ရှေးဟောင်းခေတ်ကို
အဆုံးသတ်ခဲ့သည့်၊ နောက်ဆုံး
လူသားဧကရာဇ်အား ပလ္လင်ပေါ်မှ
ဖြုတ်ချခဲ့သည့် မဟာကောင်းကင်ဘီး!

လင်းဖုန်းသည် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "ကြည့်ရတာ ငါ့ရဲ့ ခန့်မှန်းချက်တွေက မှန်နေတာပဲ။ မဟာကောင်းကင်ဘီးက မဟာကျိုး အင်ပါယာရဲ့ လက်အတွင်းကို ကျရောက်သွားခဲ့တာ ဖြစ်တယ်"

သူသည် ဤအသွင်သဏ္ဌာန် ကင်းမဲ့နေသည့်၊ ကမ္ဘာအားလုံးတို့နှင့် ပေါင်းစည်းနေသကဲ့သို့ ဖြစ်နေသည့် အလင်းရောင်ဘီးအား အနည်းငယ် ပိုကပ်၍ ကြည့်လိုက်ရာ ဗုဒ္ဓရုပ်ပွားတော်များမှာ ဖြည်းဖြည်းချင်း လေပေါ်သို့ တက်လာခဲ့ကြောင်းကို သဘောပေါက်သွားခဲ့သည်။

"မဟာကောင်းကင်ဘီးဟာ ယခင်က အကြီးအကျယ် ဒဏ်ရာရထားခဲ့တယ်။ ကြည့်ရတာ လျှမ်ပန်းနဲ့ ဗူဟုန်ဝူက ရတနာတွေ အများကြီးနဲ့ မဟာမိုးကြိုး ကျောင်းတော်က ခါတ်တော်တွေကို အသုံးပြုပြီးမှ သူ့ကို ပြန်လည် ပြုပြင်ထားတာ ဖြစ်မယ်။ ဒီဗုဒ္ဓရုပ်ပွားတော်တွေက ဒီခါတ်တော်တွေကို ကိုယ်စားပြုနေတာ ဖြစ်လိမ့်မယ်"

"ခါတ်တော်တွေက တော်ဝင်နန်းတော်ကိုသာ ပြုပြင်ဖို့အတွက် အသုံးပြုခဲ့တာ မဟုတ်ဘူး။ သူတို့ကို မဟာကောင်းကင်ဘီးကို ပြုပြင်ဖို့လည်း အသုံးပြုခဲ့တယ်"

ဤစွမ်းအား ကြီးမားလှသော အော်ရာသည်
ရွှေပုစဥ်း ဆရာတော်နှင့် ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတတို့၏ အမူအရာများကိုပင်
အနည်းငယ် ပြောင်းသွားစေခဲ့သည်။
ဤမှော်ရတနာအား အင်မော်တယ် ဝိညာဥ်
ဒုတိယ အဆင့်မှ ကျင့်ကြံသူ
တစ်ယောက်ကသာ ကိုင်ဆောင်ထားခြင်း
ဖြစ်သော်လည်း ဘာပဲပြောပြော ဒါသည်
မဟာကောင်းကင်ဘီးဖြစ်ကာ
သူ၏စွမ်းအားများကို လျှော့တွက်၍မရချေ။

မဟာကောင်းကင်ဘီးသည် ယခင်
ဂုဏ်ကျက်သရေများကို ပြန်လည်ရရှိရန်

ခြေတစ်လှမ်း လိုနေသေးသည့်
တော်ဝင်နန်းတော်ကဲ့သို့ မဟုတ်ပဲ သူ၏
အထွတ်အထိပ် အခြေအနေကို ပြန်လည်
ရရှိထားခဲ့ပြီ ဖြစ်သည်။

ဤမှော်ရတနာသည် တော်ဝင်နန်းတော်နှင့်
အင်မော်တယ် နဂါးမြို့တော်ကဲ့သို့သော အခြား
မှော်ရတနာများနှင့် မတူပေ။
ထိုမှော်ရတနာများသည် အခြားစွမ်းရည်များကို
ပိုင်ဆိုင်ထား၍ အတွင်းတွင် လူများက
နေထိုင်၍ပင် ရသည်။ သို့သော်လည်း
ဤမဟာကောင်းကင်ဘီးသည်
ဖျက်ဆီးဖို့သက်သက် လက်နက်တစ်ခု ဖြစ်၏။

မဟာကောင်းကင်ဘီးသည် စွမ်းအားဖျက်ဆီး ကပ်ဘေး၏ ဖိအားများကို ရင်ဆိုင်နိုင်မည်လော ဟူသည်ကို ပြောရန် ခက်ခဲသော်လည်း သူ၏ တိုက်စစ်စွမ်းအားများသည် အခြား ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ အများစုထက် များစွာပို၍ အထက်တန်းကျသည်။

"ကိုယ့်ကိုယ်ကိုယ် ချီးကျူးနေလို့ ဘာအကျိုးရှိသလဲ" ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတက အေးစက်စွာနှင့် ပြစ်တင်ပြောဆိုလိုက်၏။ "ဗုဒ္ဓဝါဒကို နှိမ်နင်းတဲ့ တိုက်ပွဲမှာ မဟာကောင်းကင်ဘီးက ရွှေပုစဥ်း ဆရာတော်ကို ရင်ဆိုင်ဖို့အတွက် သူ့ရဲ့စွမ်းအား

အကုန်ကို ထုတ်မသုံးခဲ့ပဲ
လျှို့ထားခဲ့တယ်။ဒါပေမဲ့ မင်းက ဒီမော်ရတနာကို
အပြည့်အဝ မထိန်းချုပ်နိုင်သေးတာလည်း
မပါဘူးလား။ ဒီမော်ရတနာက အပြည့်အဝ
ပြန်လည် မပြုပြင်ရသေးတာလည်း
မပါဘူးလား။ ငါက မျက်စိမကန်းနေပါဘူး။
မဟာကျိုး အင်ပါယာက မဟာမိုးကြိုး
ကျောင်းတော်ရဲ့ အရင်းအမြစ်တွေ
အများကြီးကို အသုံးပြုပြီးမှ မင်းတို့ရဲ့
ကြမ္မာပန်းတိုင်က မော်ရတနာ နှစ်ပါးတို့ကို
ပြန်လည် ပြုပြင်ခဲ့ကြတာ"

"ဒါတောင်မှပဲ မဟာကောင်းကင်ဘီး
ဆိုရင်တောင်မှ ဘာဖြစ်သလဲ"

ရွှေရောင်နတ်ငှက် မဟာပဏ္ဏိတသည် သူ၏မျက်လုံးများကို အနည်းငယ် ပို၍ကျယ်အောင် ဖွင့်လိုက်ရာ တူညီစွာ ပြင်းထန်သည့် အော်ရာများ ပါဝင်သည့် ခရမ်းရောင် အလင်းတန်းများက ပျံ့လွင့်သွားကြသည်။ ဤစွမ်းအင်သည် ရွှေပုစဉ်း ဆရာတော်၊ ဖန်ကျန်းနတ်တောင်နှင့် မဟာကောင်းကင်ဘီး၏ စွမ်းအားများကိုပင် ယှဉ်နိုင်ပေသည်။

ဇူဟုန်ဝူသည် သူ၏ခေါင်းကို အသိအမှတ်ပြုသည့် အနေဖြင့် ညိတ်လိုက်၏။ "လက်စသတ်တော့ ဒါကြောင့်ကိုး။ မင်းက

ဟေးဒီးစ် အမှောင်မန္တန်ကို လေ့ကျင့်နိုင်ရုံသာ
မကပဲ လုံရဲ့နဲ့ စီးရီးယပ် မဟာပဏ္ဍိတတို့ထံက
ဟန်ယွမ် မိစ္ဆာကျမ်းစာကို ရရှိခဲ့တယ်။
ဒါကြောင့်မို့ မင်းက စွမ်းအားဖျက်ဆီး
ကပ်ဘေးကို ဆင့်ခေါ်အပြီးမှာ ကောင်းကင်နဲ့
လူသားတို့ရဲ့ ပျက်စီးခြင်း ငါးပါးကနေ
လျှင်မြန်စွာနဲ့ ပြန်လည်
သက်သာလာနိုင်ခဲ့တာပဲ။ မင်းက မင်းရဲ့ ထိပ်ဆုံး
အခြေအနေကို ပြန်လည် ရောက်ရှိနိုင်ခဲ့ပြီး
စွမ်းအားတွေတောင်မှ ပိုမိုတိုးတက်လာခဲ့တယ်"

"ဒါပေမဲ့ မင်းက ဘယ်လောက်ပဲ
မြန်တယ်ပဲဆိုဆို မင်းက စွမ်းအားဖျက်ဆီး
ကပ်ဘေးတွေကို ဘယ်နှစ်ခေါက်

ရင်ဆိုင်ပြီးပြီလဲ။ တစ်ခေါက်လား၊
နှစ်ခေါက်လား"

"မင်းက အခုအချိန်မှာ ကာဒီနယ်ကပ်ဘေး
စဦးပိုင်း အဆင့်မှာ ရှိနေပြီ ဖြစ်ပေမဲ့ ငါက
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှာ
ရှိနေရင် မင်းကို အနိုင်ယူဖို့
မဟာကောင်းကင်ဘီးကိုတောင် မလိုဘူး။
မဟာကောင်းကင်ဘီးနဲ့သာဆိုရင် မင်းက
အခွင့်အရေး တစ်ခုတောင် ရှိမှာမဟုတ်ဘူး"
ရှုဟုန်ဝူသည် မဟာကောင်းကင်ဘီးအား
ကောင်းကင်ပေါ်သို့ မြှောက်လိုက်ကာ
လေထုအလယ်တွင် နတ်ဘုရား တစ်ပါးအလား

ရပ်နေခဲ့၍ ချုံးချို မဟာပဏ္ဍိတထံသို့ ကြည့်လိုက်သည်။

လျှမ်ပန်းသည် ဖန်ကျန်းနတ်တောင်၏ အပေါ်မှနေ၍ သက်ပြင်းတစ်ချက်အား လေးလံစွာနှင့် ချလိုက်သည်။ "ငါက ဒါကို အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကို ရင်ဆိုင်ဖို့အတွက် ချန်ထားခဲ့တာ။ ဒါပေမဲ့ ရွှေပုစဉ်း ဆရာတော်နဲ့ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတတို့က တကယ့်ကို စွမ်းအားကြီးတဲ့ ပြိုင်ဘက်တွေ ဖြစ်တဲ့အတွက် ငါက လျှို့ထားလို့ မဖြစ်တော့ဘူး"

သူစကားပြောနေဆဲတွင် ဖန်ကျန်းနတ်တောင် အတွင်းမှ လူသားပုံရိပ် နှစ်ခုတို့သည် ပျံသန်းထွက်ပေါ်လာခဲ့၏။

ချုံးချိ မဟာပဏ္ဍိတသည် သူတို့အနက်မှ အနက်ရောင် မုတ်ဆိတ်ရှည်နှင့် တစ်ယောက်ကို မှတ်မိခဲ့၍ နှာမှုတ်လိုက်သည်။ "လော်ဖူး၊ မင်းက နောက်ဆုံးမှာ မဟာကျိုး အင်ပါယာနဲ့ တရားဝင် ပူးပေါင်းသွားခဲ့ပြီပေါ့"

လော်ဖူးသူတော်စင်က ပြုံးလိုက်ကာ ပြန်ဖြေလိုက်သည်။ "ငါက မင်းလိုမျိုး မိစ္ဆာတွေကို တွေ့မှသာ ဒီလိုမျိုး လှုပ်ရှားတာ"

ချုံးချိ မဟာပဏ္ဍိတသည် ဗလုံးဗထွေးနှင့် ပြောလိုက်သည်။ "ကမ္ဘာနှစ်ခုအကြားက နယ်နိမိတ် အစပ်မှာ ငါတို့ တွေ့ခဲ့တာက အစပဲရှိသေးတယ်။ မင်းက ငါ့ရဲ့ ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါကို အနိုင်ယူနိုင်မယ်လို့ ထင်နေတာလား"

လောဖူးသူတော်စင်၏ ဘေးမှ ပင်လယ်ပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားသော သက်လတ်ပိုင်း ခါးကျင့်ကြံသူက အေးစက်စွာ ရယ်လိုက်ကာ ချုံးချိအား ကြားဖြတ် ဝင်ပြောလိုက်သည်။ "မင်းတစ်ယောက်ထဲက မှော်ဝက်ပါ ရှိနေတယ်လို့ ထင်နေတာလား"

"ငါတို့က မင်းတို့ကို ဒီနေရာမှာ တိုက်ခိုက်ဖို့ ပြင်ဆင်ထားခဲ့တာ။ မင်းတို့က ငါတို့ကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လို့ အနိုင်ရမယ် ထင်နေတာလား။ ဒီနေရာကို ငါတို့က ရွေးချယ်ထားခဲ့တာ၊ ဒီနေရာကို ဘာဖြစ်လို့ ရွေးထားတယ်လို့ ထင်သလဲ"

ချုံးချ မဟာပဏ္ဍိတသည် ထိုသက်လတ်ပိုင်း ခေါင်းကျင့်ကြံသူအား တစ်ချက်ကြည့်လိုက်သည်။ "ကျယ်ပြန့်သောပင်လယ် ခေါ်းမာစတာ"

လော်ဖူးသူတော်စင်၏ ဘေးမှသူမှာ
ကျယ်ပြန့်သောပင်လယ်
ခေါင်းဆောင်
ကျယ်ပြန့်သောပင်လယ် ခေါင်းဆောင်
ဖြစ်၏။ သူ၏ ညာလက်မှနေ၍ မှော်ကျိန်စာ
တစ်ခုအား ဖန်ဆင်းလိုက်ကာ ပြောလိုက်သည်။
"ငါက ကုန်းပေါ်မှာဆိုရင် ကြယ်တာရာကိုးလုံး
ကောင်းကင်ချေမှုန်း ဝက်ပါကို ရင်ဆိုင်ဖို့
အခုလိုမျိုး ယုံကြည်ချက် မရှိဘူး။ ဒါပေမဲ့
ငါတို့ရောက်နေတဲ့ ဒီနေရာက အဆုံးမဲ့
ပင်လယ်အထဲမှာ ဖြစ်တယ်"

သူ၏အောက်မှာ ပင်လယ်ဒီရေများသည်
အပြာရောင် အလင်းတန်းများဖြင့်

လင်းလက်လာခဲ့ကာ ခေးချီစီးကြောင်းများသည်
ကောင်းကင်ပေါ်သို့ ထိုးတက်လာကြသည်။

ချုံးချိ မဟာပဏ္ဍိတသည်
ရယ်ရမ်းသွေးလိုက်ကာ ပြောလိုက်သည်။
"ကျယ်ပြန့်သောပင်လယ် ခေးဂိုဏ်းရဲ့
စွမ်းအားအထက်ဆုံး ဝင်္ကပါကိုတောင်
ထုတ်သုံးခဲ့တယ်။ မင်းက မင်းမှာရှိသမျှ
အရာအားလုံး ဆုံးရှုံးသွားမှာကို
မကြောက်ဘူးလား။ မင်းရဲ့
တောင်အကာအကွယ် ဝင်္ကပါကို အစကနေ
ပြန်ပြီးမှ တည်ဆောက်ရရင် ဒုက္ခအရမ်း
ရောက်သွားလိမ့်မယ်"

ကျယ်ပြန့်သောပင်လယ် ခေါ်မာစတာက ပြန်ဖြေလိုက်သည်။ "ဒါက ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါလိုမျိုး မရွှေ့လျားနိုင်ဘူး။ ဒါပေမဲ့ အဆုံးမဲ့ ပင်လယ် ခေါ်ဝက်ပါက အနီးအနားမှာ ပင်လယ်တစ်ခုရှိနေရင် ဘယ်နေရာမှာမဆို လွယ်ကူစွာနဲ့ တည်ဆောက်လို့ရတယ်"

ချုံးချိ မဟာပဏ္ဍိတ၏ အပြုံးသည် ရက်စက်သောပုံ ပေါက်လာခဲ့သည်။ "အဲ့ဒီတော့ ဘာဖြစ်လဲ။ ဒီဝက်ပါက အစကတည်းက ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါရဲ့ ပြိုင်ဘက်မဟုတ်ဘူး။ ပြီးတော့ မင်းက အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်မှာပဲ

ရှိသေးတယ်။ မင်းက ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း ဝက်ပါရဲ့ တိုက်ခိုက်မှု ဘယ်နှစ်ခေါက်ကိုများ ခံနိုင်မယ်လို့ ထင်သလဲ"

လော်ဖူးသူတော်စင်သည် တည်ငြိမ်စွာဖြင့် ပြောလိုက်သည်။ "ကျယ်ပြန့်သောပင်လယ် ခေါးမာစတာနဲ့ သူ့ဝက်ပါတို့ရဲ့ ကူညီမှုနဲ့ ငါကမင်းကို ရင်ဆိုင်လို့ရတယ်။ ငါက လွယ်လွယ်ကူကူနဲ့ အနိုင်ယူနိုင်မယ်လို့ မပြောနိုင်ပေမဲ့ မင်းက ဒီအချိန် အတောအတွင်းမှာ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနဲ့ ရွှေပုစဉ်း ဆရာတော်တို့ကို ကူညီနိုင်မှာ မဟုတ်ဘူးလို့တော့ ပြောလို့တော့ရတယ်"

# စာစဉ် ၄၁ : အပိုင်း ၁၀

## အပိုင်း ၇၈၀ : ပန်းလိုင်နတ်တောင်

ချုံးချိ မဟာပဏ္ဍိတသည်
လော်ဖူးသူတော်စင်တို့၏ အကြံအစည်ကို
ရိပ်မိနေခဲ့သဖြင့် သူပြောခဲ့သည်ကို
ကြားလိုက်ရသောအခါ သူ၏စိတ်ဓာတ်သည်
ပြုတ်ကျသွားခဲ့သည်။

ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝင်္ကပါနှင့်ဆိုလျှင် ချုံးချိ မဟာပဏ္ဍိတသည်

လောဖူးသူတော်စင်နှင့် ကျယ်ပြန့်သောပင်လယ်
ဓားမာစတာတို့၏ သနားစဖွယ်
ပူးပေါင်းဆောင်ရွက်မှုအား
အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်ချက်
အပြည့်ရှိသည်။ ကျယ်ပြန့်သောပင်လယ်
ဓားမာစတာက အဆုံးမဲ့ပင်လယ် ဓားဝက်ပါ၏
စွမ်းအားများကို ထုတ်ဖော်ခဲ့လျှင်လည်း
ရလဒ်မှာ အတူတူပင် ဖြစ်မည်ဖြစ်သည်။

အကယ်၍ လော်ဖူးသူတော်စင်သည်
ကြယ်တာရာကိုးလုံး ကောင်းကင်ချေမှုန်း
ဝက်ပါနှင့် အဆင့်တူသော ဝက်ပါတစ်ခုအား
ထုတ်ဖော်နိုင်ခဲ့လျှင် အခြေအနေကို
မှန်းရခက်သွားမည် ဖြစ်သည်။

သို့သော်လည်း ဤကဲ့သို့သော
အခြေအနေမျိုးတွင် ချုံးချိ မဟာပဏ္ဍိတသည်
မည်မျှပင် ယုံကြည်ချက် ရှိနေပါစေ သူသည်
အချိန်တိုလေး အတွင်းတွင် နိုင်ပွဲကို ရနိုင်မည်
မဟုတ်ချေ။ သူသည် လောဖူးသူတော်စင်နှင့်
ကျယ်ပြန့်သောပင်လယ် ခေါးမာစတာတို့၏
ဟန့်တားထားခြင်းကို ခံရမည်မှာ သေချာနေ၏။

အခြားတစ်ဘက်တွင် မဟာကောင်းကင်ဘီးကို
ကိုင်ဆောင်ထားသော ဇူဟုန်ဝူနှင့်
ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတ၏
တိုက်ပွဲရလဒ်မှာလည်း မသေချာပေ။

ဖန်ကျန်းနတ်တောင်၏
အကာအကွယ်နှင့်ဆိုလျှင် ရှေ့ပုစဥ်း
ဆရာတော်ကလည်း စွမ်းအားဖျက်ဆီး
ကပ်ဘေးများကို ဆင့်ခေါ်၍ တောင်အား
ဖျက်ဆီးခြင်း မပြုခဲ့လျှင် အနိုင်ရရန် မလွယ်ချေ။

ထိုအချိန်တွင် အခြေအနေသည် ယခင်ကထက်
များစွာပို၍ မှုခြေညီသွားခဲ့သည်။ ဒါသည်
ယာယီ မဟာမိတ် ဖွဲ့ထားကြသော မဟာမိတ္တာ
သုံးပါးတို့အတွက် ပြဿနာများ ဖြစ်စေမည်မှာ
သံသယဖြစ်ဖွယ် မရှိချေ။ တိုက်ပွဲ၏ အခြေအနေ
မလှတော့လျှင် သို့မဟုတ် သူတို့က နိုင်ပွဲရရန်
တစ်ရာရာခိုင်နှုန်း မသေချာနိုင်တော့လျှင်

သူတို့၏ ယာယီမဟာမိတ် ဖွဲ့ထားခြင်းကို အကျိုးသက်ရောက်မှု ရှိပေလိမ့်မည်။

ဒါသည် စိတ်ပိုင်းဆိုင်ရာ အခြေအနေသာ ဖြစ်၍ ထိုစွမ်းအားကြီး မိစ္ဆာသုံးပါးတို့၏ အသိဉာဏ်နှင့် မသက်ဆိုင်ချေ။ အကြောင်းရင်းမှာ ယင်ပင်လယ်တွင် သူတို့သုံးယောက်နှင့် မဟာကျိုး အင်ပါယာတို့သာ ရှိနေကြခြင်း မဟုတ်ချေ။ တတိယ အဖွဲ့တစ်ဖွဲ့က အချိန်မရွေး ဝင်ရောက်လာနိုင်သည်။ ဤအဆင့်မှ တိုက်ပွဲအတွင်းသို့ ဝင်ပါနိုင်အောင် အစွမ်းထက်သော သူများက ရှားပါးလှသော်လည်း မရှိနိုင်ဟု မဆိုလိုနေပေ။

ထို့ကြောင့်ပင် ယခုကဲ့သို့ မျှခြေညီနေသော စစ်မြေပြင်သည် ရွှေပုစဥ်း ဆရာတော်နှင့် ကျန်သော မိတ္တာများအတွက် အောက်စည်းသို့ ရောက်သွားခြင်း ဖြစ်သည်။

သို့သော်လည်း လေးကြိုးကို အဆုံးအထိ တင်ထားပြီး ဖြစ်သဖြင့် ပစ်လွှတ်လိုက်ရန်မှလွဲ၍ အခြားရွေးချယ်မှု မရှိတော့ပေ။ ရွှေပုစဥ်း ဆရာတော် ယခင်က ပြောထားသည့်အတိုင်း အကယ်၍ သူတို့သည် ယခုအချိန်တွင် နောက်ဆုတ်သွားပါက သူတို့သည် ဖန်ကျန်းနတ်တောင်သာမက ပန်းလိုင်နတ်တောင်ကို မဟာကျိုး အင်ပါယာ၏ လက်အတွင်းသို့ ထည့်လိုက်ရမည် ဖြစ်၏။

နှစ်ဦးနှစ်ဘက် စလုံးတို့သည် တင်းမာစွာဖြင့်
ရင်ဆိုင်နေကြသည်။ လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့သည်လည်း ထိုကဲ့သို့
သုံးသပ်နေခဲ့သဖြင့် အလောတကြီး
ဆောင်ရွက်ခြင်း မပြုခဲ့ပေ။ အကယ်၍
သူတို့သည် ရွှေပုစဉ်း ဆရာတော်နှင့် ကျန်သော
မိတ္တာများကို မတိုက်ခိုက်ပဲနှင့်
နောက်ဆုတ်သွားစေနိုင်ခဲ့လျှင် မဟာကျိုး
အင်ပါယာအတွက် အကောင်းဆုံး
အခြေအနေပင် ဖြစ်သည်။ အကယ်၍ သူတို့က
သူသေကိုယ်သေ တိုက်ခိုက်ခဲ့ကြပါက
အခွင့်အရေးကို အမြတ်ထုတ်ရန်

ဘေးမှစောင့်ကြည့်နေသော သူများအား အကျိုးအမြတ် ရှိစေခဲ့မည် ဖြစ်သည်။

အထူးသဖြင့် ယင်ကျိုးနတ်တောင်တွင် လင်းဖုန်း၏ ထူးခြားသော အပြုအမူနှင့် အမူအရာများသည် လျှမ်ပန်းအား အထူး စိတ်မသက်မသာ ဖြစ်စေခဲ့၏။

ခုတ်နှစ်ပါး သေးငယ်သောမြူမှုန် အတွင်းတွင် လင်းဖုန်းက ရုတ်တရက် ရယ်လိုက်သည်။ မဟာကျိုး အင်ပါယာသည် သူတို့၏ လက်နက်များကို အကုန်ဖော်ပြခဲ့ရပြီ ဖြစ်သည်။ သူတို့သည် စစ်မြေပြင် နှစ်ခုကို တပြိုင်နက် ဖွင့်နိုင်ခြင်းသည် အဆန်းမဟုတ်ပေ။ သူတို့သည်

တောင်သုံးတောင်တို့ ပေါ်လာခြင်းကို သူတို့၏ တန်ခိုးအာဏာ အမြင့်ဆုံး အဆင့်ထိ ရောက်နိုင်အောင် အကောင်းဆုံး အခွင့်အရေးဟူ၍ သတ်မှတ်နေခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းသည် မဟာကျိုး အင်ပါယာက ဖန်ကျန်းနတ်တောင်ကို အစောကြီးကတည်းက ရယူနိုင်ရန် လျှို့ဝှက်စွာ ကြိုးစားနေခဲ့ခြင်း ဖြစ်သည်ဟု ကြိုတင်ခန့်မှန်းထားပြီးသား ဖြစ်သည်။ ဖန်ကျန်းနတ်တောင်သည် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့၏ အကြံအစည်တွင် အလွန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေ၏။ ဒါသည် ပန်းလိုင်နတ်တောင်အား ရှာဖွေရာတွင် အထောက်အကူ ပြုနိုင်ရုံသာမက

တိုက်ခိုက်ရန် အတွက်လည်း အားကောင်းသော
အင်အားတစ်ခု ဖြစ်နေခဲ့သည်။

မဟာကျိုး အင်ပါယာသည်
ဖန်ကျန်းနတ်တောင်ကို ယင်ပင်လယ်အတွင်းမှ
ယူဆောင်သွား၍ မရချေ။ သူတို့သည်
စွမ်းအားမြင့် ကျင့်ကြံသူ အများအပြားနှင့်
တပြိုင်နက်တည်း စစ်မျက်နှာ များစွာဖွင့်၍
တိုက်ခိုက်နိုင်စွမ်းလည်း မရှိချေ။ သို့ဖြစ်၍
သူတို့သည် လော်ဖူးသူတော်စင်နှင့် မဟာမိတ်
ဖွဲ့ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူတို့အချင်းချင်း
အကြားတွင် အပြန်အလှန် အကျိုးရှိစေသော
အလဲအလှယ်များ ရှိနိုင်ပေမည်။

ယင်ပင်လယ်သည့် ဘာပဲပြောပြော
နတ်ဘုရားနယ်မြေ အတွင်းတွင် ရှိနေခြင်း
ဖြစ်သည်။ အတွင်းသို့ ဝင်လာနိုင်သော မိစ္ဆာ
အရေအတွက်မှာ အကန့်အသတ် ရှိသည်။
ထို့ကြောင့်ပင် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည်
တော်ဝင်နန်းတော် မပါပဲ ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတနှင့် ရွှေပုစဉ်း ဆရာတော်တို့အား
ရင်ဆိုင်ရန် စိုးရိမ်မှု မရှိခဲ့ခြင်း ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ငါက လျှမ်ပန်းနဲ့ ဇူဟုန်ဝူတို့ကို
ကျေးဇူးတင်ရမှာပဲ" လင်းဖုန်းက စပ်ဖြဲဖြဲနှင့်
ပြုံးလိုက်သည်။ "ရွှေပုစဉ်း ဆရာတော်နဲ့
ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတတို့ကိုလည်း
ကျေးဇူးတင်ပါတယ်"

သူတို့ နှစ်ဦးနှစ်ဘက် ရင်ဆိုင်နေကြစဉ် လင်းဖုန်းသည် ထိုအခွင့်အရေးအား အသုံးချကာ ခါတ်နှစ်ပါး သေးငယ်သောမြူမှုန် အတွင်းမှနေ၍ စစ်မြေပြင်ထံမှ ထွက်ခွာလာခဲ့သည်။ သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲ၏ လမ်းညွှန်မှုအနောက်သို့ လိုက်လာခဲ့ရာ ဘာမှ မကြာခင်တွင် စစ်မြေပြင်နှင့် အလွန်ဝေးကွာသော နေရာသို့ ရောက်ရှိသွားခဲ့သည်။

ကောင်းကင်ယောက်သွား ရွှေပုလဲ၏ လမ်းပြမှုနှင့် ဖန်ကျန်းနတ်တောင်၏

အနောက်သို့ ယခင်က လိုက်လာခဲ့ရာ သူသည်
ပန်းလိုင်နတ်တောင်နှင့် အလွန် နီးကပ်နေပြီဟု
လင်းဖုန်းက ယုံကြည်နေခဲ့သည်။

ခေတ္တမျှ ခရီးဆက်လာခဲ့ အပြီးတွင်
ကောင်းကင်ယောက်သွား ရွှေပုလဲသည် ယခင်မှ
မကြုံဖူးသော လင်းလက်မှုများဖြင့် ခရမ်းရောင်
အလင်းတန်းများဖြင့် တောက်ပလာခဲ့သည်။

လင်းဖုန်းသည် စိတ်ခံတ်များ
တက်ကြွလာခဲ့ကာ ကြုံးဝါးလိုက်သည်။
"တွေ့ပြီကွ!"

သူသည် တိမ်တိုက် မြူခိုးငွေ့များ အကြားကို ထိုးဖောက်သွားခဲ့ရာ အစွမ်းထက်သော ပုံရိပ်ယောင် အချို့အား လွယ်ကူစွာ ကျော်ဖြတ်နိုင်ခဲ့အပြီးတွင် သူ့ကိုယ်သူ အနက်ရောင် ပင်လယ်တစ်ခုအတွင်းသို့ ရောက်သွားခဲ့သည်ကို တွေ့ခဲ့လိုက်သည်။ ထိုအနက်ရောင် ပင်လယ်၏ အလယ်တွင် ဒေါသူပုန် ထနေသော ကြောက်မက်ဖွယ်ရာ ဒီရေလှိုင်းလုံးများဖြင့် ဝိုင်းရံထားသော လေထုအလယ်တွင် လွင့်မျောနေသည့် ကြီးမားကျယ်ပြန့်လှသော နတ်တောင်တစ်တောင်ကို တွေ့နိုင်သည်။

"ဒါက ပန်းလိုင်နတ်တောင်ပဲလား" လင်းဖုန်းက အကဲခတ်လိုက်၏။ ပန်းလိုင်နတ်တောင်သည် ဖန်ကျန်းနတ်တောင်ထက် သေးငယ်သော်လည်း ယင်ကျိုးနတ်တောင်ထက် အနည်းငယ် ပိုကြီးပြီး မိုင်ငါးထောင် ပတ်လည်ခန့် ရှိပေသည်။

တောင်အား ဝန်းရံထားသော အနက်ရောင် ရေများမှာ ဒဏ္ဍာရီလာ အနက်ရောင် ပင်လယ်ဖြစ်သည်။ ကျယ်ပြန့်သော အနက်ရောင် ပင်လယ်ဟူ၍လည်း ခေါ်သည်။ အနီးကပ် ကြည့်ရှုလိုက်လျှင် တစ်ယောက်သည် ထိုကျယ်ပြန့်လှသော အနက်ရောင် ပင်လယ်သည် စက်ဝိုင်းပုံ နယ်နိမိတ်ဖြင့်

ယင်ပင်လယ် အတွင်းတွင် ရှိနေခဲ့သည်ကို တွေ့နိုင်သည်။ အဝေးမှနေ၍ ကြည့်လိုက်လျှင် အနက်ရောင် ပင်လယ်သည် စက်လုံးတစ်ခု၏ အလယ်ပိုင်းနှင့် တူနေခဲ့၏။

ဒါသည် ယုကျင်းတောင်နှင့် ယင်ယန်ပင်လယ်နှင့် ဆင်တူနေပေသည်။

သူတို့၏ အရောင်များသည် တူညီနေကြသော်လည်း ယင်ယန်ပင်လယ်၏ သဘာဝသည် အနက်ရောင် ပင်လယ်နှင့် လုံးဝ ကွဲပြားခြားနားနေသည်။ ယင်ယန်ပင်လယ်၏ အနက်ရောင် ရေများမှာ အစွန်းရောက်

ယင်ခါတက်များ၏ သိပ်သည်းမှုကြောင့်
ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ဤအနက်ရောင် ပင်လယ်သည် ဟင်းလင်းပြင်
စစ်တလင်းနှင့် ပိုတူနေသည်။ ဟင်းလင်းပြင်
အတွင်းတွင် တည်ရှိနေသော အဆုံးမဲ့
ကျယ်ပြန့်သည့် ပင်လယ်တစ်ခုသာ ဖြစ်သည်။

လင်းဖုန်းသည် အလောတကြီးနှင့်
မလှုပ်ရှားခဲ့ပေ။ သူသည် လျှမ်ပန်းနှင့် ရွှေပုစဉ်း
ဆရာတော်တို့၏ မတိုးသာ မဆုတ်သာ
အခြေအနေများ ပြောင်းလဲလာသည်ကို
စောင့်နေခဲ့၏။

သူသည် သူတို့ နှစ်ဦးနှစ်ဘက်တို့၏
တိုက်ပွဲသည် အထွတ်အထိပ်သို့
ရောက်နေခဲ့သည်ကို စောင့်နေခဲ့ပြီးမှ သူ၏
အကြံ နောက်တစ်ဆင့်အား အကောင်အထည်
ဖော်ခဲ့သည်။

လင်းဖုန်းသည် သူ၏ လုပ်ဆောင်ချက်များမှာ
လျှင်မြန်မှ ရမည်ကို သိနေခဲ့၏။ အနက်ရောင်
ပင်လယ်အား ချိုးဖောက်ခြင်းသည် ရွှေပုစဥ်း
ဆရာတော်နှင့် လျှမ်ပန်းတို့၏ အာရုံစိုက်မှုကို
ဆွဲဆောင်နိုင်မည်မှာ သံသယဖြစ်ဖွယ် မရှိချေ။
အထူးသဖြင့် လျှမ်ပန်းသည်
ဖန်ကျန်းနတ်တောင်အား ထိန်းချုပ်နေနိုင်သဖြင့်

တောင်အချင်းချင်း အကြားမှ ထူးခြားသော ဆက်သွယ်မှုဖြင့် ရိပ်စားမိခဲ့မည် ဖြစ်သည်။ ဤမျှ နီးကပ်နေသော အခြေအနေတွင် တစ်ခုခု ပြောင်းလဲမှုများကို လျှမ်ပန်းက ပထမဆုံး သိရှိနိုင်မည် ဖြစ်၏။

သူသည် ခုတ်နှစ်ပါး သေးငယ်သောမြူမှုန် အတွင်းမှ ထွက်လိုက်၍ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏ ကြီးမားသော ခန္ဓာကိုယ်သည် ထပ်ဖန်တစ်ခါ ပေါ်ထွက်လာခဲ့သည်။ သူသည် ကျယ်ပြန့်သော အနက်ရောင် ပင်လယ်ထံသို့ လက်ညှိုးထိုးလိုက်ရာ သူ၏ လက်ချောင်းများ အတွင်းမှ အနက်ရောင် ပင်လယ်နှင့်

ဆင်တူသော အနက်ရောင် ရေတစ်တန်းသည်
ကျယ်ပြန့်သော အနက်ရောင်
ပင်လယ်အတွင်းသို့ ဝင်သွားခဲ့သည်။

ယင်ပင်လယ် တောင်ပိုင်းသို့ လာခဲ့သော
သူ၏ခရီးတွင် လင်းဖုန်းသည် လေဟာနယ်
မွန်းစတားပေါင်း များစွာတို့အား အနိုင်ယူ
သတ်ဖြတ်ခဲ့၏။ လေဟာနယ်
မွန်းစတားများသည် ယင်ပင်လယ် အတွင်း၌သာ
တည်ရှိနေခြင်း ဖြစ်၏။ သူတို့သည်
ဝင်ရောက်လာသူများကို ပုံရိပ်ယောင်များဖြင့်
ဖြားယောင်း၍ သေဆုံးသွားသော
ကျင့်ကြံသူများ၏ စိတ်ဝိညာဉ် စွမ်းအင်များကို

သူတို့၏ အာဟာရများအဖြစ် စုပ်ယူကြခြင်း ဖြစ်သည်။

လင်းဖုန်းသည် အနီရောင် နဂါးဘုရင်ထံမှ ခရမ်းရောင် ပင်လယ်နဂါး ဘုရင်သည် လေဟာနယ် မွန်းစတားများ၏ သွေးများကို သန့်စင်၍ အနက်ရောင် ပင်လယ်၏ အရံအတားများကို ချိုးဖောက်နိုင်သည်ဟု သိရှိခဲ့ရသည်။ ဤအနက်ရောင် ရေတန်းသည် လေဟာနယ် မွန်းစတားများ၏ သွေးများဖြင့် ဖန်တီးထားခြင်း ဖြစ်သည်။

ထိုသတင်းသည် မှန်ကန်နေ၍ လေဟာနယ် မွန်းစတားများ၏ သွေးများဖြင့်

ဖန်ဆင်းထားသော ရေတန်းသည် အနက်ရောင်
ပင်လယ်အတွင်းမှ အနက်ရောင် ရေများအား
ထောပတ်ကို လှီးဖြတ်သော ဓားသွားကဲ့သို့
အလွယ်တကူ ထိုးဖောက်နိုင်ခဲ့သည်။

ဒါသည် ထူးခြားဆန်းကြယ်သော
မြင်ကွင်းဖြစ်၏။ ဒေါမာန်ထနေသော
ပင်လယ်လှိုင်းလုံးများ အကြားတွင်
ကြီးမားသော အက်ကွဲကြောင်းကြီး
တစ်ခုပေါ်လာခဲ့ကာ အပေါက်ငယ်လေး
တစ်ပေါက်အား ဖောက်ပေးလိုက်သည်။
မမြင်ရသော အတားအဆီး တစ်ခုက
ပိတ်ဆို့ထားသည့် အတိုင်း လှိုင်းထနေသော

ရေများသည် ထိုအပေါက်အတွင်းသို့
မဝင်နိုင်ခဲ့ကြပေ။

တစ်ချိန်တည်းတွင် လင်းဖုန်းသည် လျှမ်ပန်းနှင့်
မိစ္ဆာတို့၏ တိုက်ပွဲအကြားတွင် တစ်ခုခု
ပြောင်းလဲသွားခဲ့သည်ကို ခံစားလိုက်ရ၏။
ပြင်းထန်စွာ တုန်ခါလှုပ်ရှားနေကြသော
စိတ်ဝိညာဉ် စွမ်းအင်များသည် ရုတ်တရက်
အေးခဲသွားခဲ့သလို ရပ်တန့်သွားကြ၏။

ခဏအကြာတွင် ရန်လိုနေကြသော
စွမ်းအားများစွာတို့သည် ဟင်းလင်းပြင်ကို
ဖြတ်ကျော်ကာ ပန်းလိုင်နတ်တောင်ဘက်သို့
ရောက်ရှိလာကြသည်။

ကျယ်ပြန့်သော အနက်ရောင် ပင်လယ်၏
အရံအတားကလည်း ပျက်စီးသွားခဲ့သည်။
ဒါသည် ဘာမှ မထူးခြားသကဲ့သို့
ဖြစ်နေသော်လည်း တောင်၏ ပတ်ပတ်လည်မှ
စိတ်ဝိညာဉ် စွမ်းအင် စီးဆင်းမှုကို
အနှောင့်အယှက် ပြုနိုင်ခဲ့၍
ပန်းလိုင်နတ်တောင်၏ နေရာ အတိအကျကို
ဖော်ပြပေးနိုင်ခဲ့သည်။ လျှမ်ပန်းနှင့်
ကျန်သောသူများကလည်း ချက်ချင်း
တွေ့ရှိသွားကြ၏။

လင်းဖုန်းသည် ရောက်ရှိလာသော သူများကို
လုံးဝ လျစ်လျူရှုထားခဲ့၍ သူယခုလေးတင်

ဖောက်ထားသော
လမ်းကြောင်းအတွင်းမှတဆင့်
ပန်းလိုင်နတ်တောင် အတွင်းသို့ လျှင်မြန်စွာနှင့်
ဝင်ရောက်သွားခဲ့သည်။

ပန်းလိုင်နတ်တောင်၏
ဖွဲ့စည်းတည်ဆောက်ပုံသည် ယင်ကျိုးနှင့်
ဖန်ကျန်းနတ်တောင်များနှင့် ဆင်တူပေသည်။
တောင်မျက်နှာပြင် အပေါ်တွင် စိတ်ဝိညာဉ်
ဆေးဝါးပင်များနှင့် ရေစမ်းများ၊
ရေတံခွန်များဖြင့် နတ်ပြည်အလား ဖြစ်နေခဲ့၏။

သို့သော်လည်း တောင်ပေါ်မှ အထူးခြားဆုံး
အရာမှာ တောင်ထိပ်တွင် တည်ရှိနေသော

မဟာခန်းမဆောင် တစ်ခုပင် ဖြစ်သည်။
မြင့်မြတ်သော နန်းတော်တစ်ခုအလား
စံအိမ်များ၊ ခြံဝင်းများစွာတို့ဖြင့်
တည်ဆောက်ထားခဲ့သည်။

ထိုအချိန်တွင် လင်းဖုန်းသည် ထိုနန်းတော်
အတွင်းမှ တစ်စုံတစ်ခုသည် သူ့အား
စိုက်ကြည့်နေသည်ဟု ခံစားခဲ့ရသဖြင့် သူ၏
နှလုံးခုန် တစ်ချက်မှားသွားခဲ့သည်။

သူသည် နန်းတော်အတွင်းသို့
မရောက်နိုင်ခဲ့သေးခင်ပင် ခရမ်းရောင်
အလင်းတန်း တစ်ခုက ထွက်လာခဲ့၍
မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏

မျက်လုံးအကြားမှ ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းသို့ ရောက်လာခဲ့သည်။

ပို၍ တိကျစွာနှင့် ပြောရလျှင် ထိုခရမ်းရောင် အလင်းတန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲ၏ အတွင်းမှ လျှိုကြီး၏ ဝိညာဥ်အား ဦးတည်နေခြင်း ဖြစ်သည်။

လျှိုကြီးသည် သူ့ထံသို့ ရောက်ရှိလာသော ခရမ်းရောင် အလင်းတန်းအား သတိဖြင့် ကြည့်နေခဲ့သည်။ သို့သော်လည်း သူသည် သူ၏ ရင်ဘတ်အတွင်းမှ နွေးထွေးမှု တစ်ခုအား ခံစားလိုက်ရာကာ ရှုပ်ထွေးနေသော

ခံစားချက်များသည် သူ့အား
သတိကင်းလွတ်သွားစေခဲ့သည်။

လင်းဖုန်းသည် ထိုခရမ်းရောင်
အလင်းတန်းသည် လျှို့ကြီးအား ရန်မူနေလိုခြင်း
မရှိကြောင်းကို ပြောနိုင်ပေသည်။ ထို့အစား
သူသည် သူက မည်သူမည်ဝါ ဖြစ်သည်ကို
သိရအောင် ဆက်သွယ်နေလိုခြင်း ဖြစ်သည်။

သူသည် ဝင်ရောက်လာသော ထိုခရမ်းရောင်
အလင်းတန်းအား တားဆီးရန် မကြိုးစားခဲ့ပဲ
ရပ်တန့်လိုက်ကာ ထိုအလင်းတန်းကို
သူ့ကိုယ်အတွင်းသို့ စုပ်ယူခဲ့လိုက်သည်။

ထိုခရမ်းရောင် အလင်းတန်းသည်
ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းသို့
ဝင်ရောက်သွား၍ သူ၏အတွင်းတွင်
လှည့်ပတ်နေကာ မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူနှင့်
ကောင်းကင်ယောက်သွား ရွှေပုလဲတို့အား
လွှမ်းခြုံလိုက်၍ သူတို့အား မဟာခန်းမဆောင်
အတွင်းသို့ ခေါ်ဆောင်သွားခဲ့သည်။

မဟာခန်းမဆောင် အတွင်းသို့
ရောက်သွားသောအခါ ပလ္လင်တစ်ခုအပေါ်တွင်
ရောမ ခရမ်းရောင် အလင်းတန်း ပုံရိပ်တစ်ခုက
ထိုင်နေခဲ့သည်ကို တွေ့လိုက်ရသဖြင့်

လင်းဖုန်း၏ မျက်လုံးအစုံသည်
ကျဉ်းမြောင်းသွားခဲ့သည်။

သူသည် လူသားတစ်ယောက်နှင့် တူညီသော ရုပ်အသွင်အပြင်များ ရှိနေခဲ့သော်လည်း သူ၏ အရေပြား အပေါ်တွင် ပုံနှိပ်ထားသည်ဟု ထင်နေရသည့် ခရမ်းရောင် အလင်းတန်း ပုံစံများစွာ ရေးထိုးထားခဲ့သည်။ သူ၏ခေါင်းပေါ်မှ ဆံပင်များသည် ငွေရောင် ဖြစ်၍ သူ၏ကျောရိုးမှတဆင့် မြီးညှောင့်ရိုးအထိ ပေါက်နေခဲ့သည်။

သူ့ခန္ဓာကိုယ် အနောက်တွင် လှုပ်ရှားနေသော အမွေးထူသည့် အမြီးရှည်တစ်ချောင်းရှိ၍ သူ၏

နဖူးအပေါ်တွင် ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများကို ရေးထွင်းထားသည့် ဦးချိုသုံးချောင်း ပေါက်နေခဲ့သည်။

သူသည် လျှိုကြီးကဲ့သို့သော ဟေးဒီးစ်သားရဲ တစ်ကောင်ဖြစ်သည်။

ဤထူးခြားဆန်းကြယ်သော သားရဲ၏ ကိုယ်ပတ်ပတ်လည်တွင် မပြောပြနိုင်သည့် ကြီးစိုးလွှမ်းမိုးနိုင်သည့် အော်ရာများက လွှမ်းခြုံလျှက် ရှိကြသည်။ သူသည် အစကတည်းက ကောင်းကင်နှင့် မြေကြီးတို့ကို အုပ်ချုပ်ရမည့် အာဏာရှင်အဖြစ်နှင့် မွေးဖွားလာခဲ့သကဲ့သို့ ဖြစ်၏။

ဒါသည် အစစ်အမှန် လူတစ်ယောက် မဟုတ်ခဲ့သော်လည်း ဤခရမ်းရောင် အလင်းတန်း ပုံရိပ်သည် သူ၏ ဗိုလ်ကျလွှမ်းမိုးနိုင်သော အော်ရာဖြင့် ကြည့်နေသော သူများကို ကျောက်ရုပ်ဖြစ်စေရန် စွမ်းဆောင်နိုင်စွမ်း ရှိသည်။

လင်းဖုန်းက သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်လိုက်သည်။ "မူလကောင်းကင် ကမ္ဘာရဲ့ သမိုင်းမှာ စွမ်းအားအထက်ဆုံး မိစ္ဆာသုံးကောင်ထဲမှာ တစ်ယောက်ဖြစ်တဲ့၊ လက်ရှိခေတ်မှာ အစွမ်းအထက်ဆုံး ဖြစ်ခဲ့တဲ့၊ တစ်ချိန်က အကြွင်းမဲ့ အုပ်စိုးနိုင်ခဲ့တဲ့

မိစ္ဆာကောရာဇ် ဖြစ်တဲ့ ဟေးဒီးစ်ကောရာဇ်
ကောင်းကင်ပင်လယ်ဟေးဒီးစ် ဖြစ်တယ်။
အထင်ကြီးစရာပဲ၊ အထင်ကြီးစရာပဲ"

ထိုအလင်းတန်း ပုံရိပ်ကို
စောင့်ကြည့်နေဆဲတွင်ပင်
ဖန်ကျန်းနတ်တောင်သည် မဟာကျိုး
အင်ပါယာ၏ လက်အတွင်းသို့ မကျရောက်မီ
လွန်ခဲ့သော နှစ်ထောင်ပေါင်း အနည်းငယ်
ကတည်းက ပန်းလိုင်နတ်တောင်သည်
ဟေးဒီးစ်ကောရာဇ်၏ လက်အတွင်းသို့
ကျရောက်ခဲ့ခြင်း ဖြစ်သည်ကို လင်းဖုန်းက
ချက်ချင်း သဘောပေါက်သွားခဲ့သည်။

သို့သော်လည်း ဤလျှို့ဝှက်ချက်သည်
ဟေးဒီးစ်ကေရာဇ်က သူ့ဘဝသက်တမ်း
တလျှောက်တွင် မည်သူ့ကိုမှ မပြောပြခဲ့သဖြင့်
သူတစ်ယောက်သာ သိခဲ့ပြီး ပြင်ပကမ္ဘာ
တစ်ခုလုံးက မသိနိုင်ခဲ့ကြပေ။ သူသည်
ကမ္ဘာနှစ်ခုအကြားမှ တိုက်ပွဲတွင်
ကျဆုံးခဲ့သောအခါ ဤလျှို့ဝှက်ချက်အား
သူ၏အုတ်ဂူအတွင်းသို့ ယူဆောင်သွားခဲ့သည်။

ဟေးဒီးစ် ကေရာဇ်၏ မျက်လုံးသည်
ခရမ်းရောင် အလင်းတန်းများဖြင့်
လင်းလက်လာခဲ့၍ သူသည် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူနှင့်
ကောင်းကင်ယောက်သွား ရွှေပုလဲတို့အား

စိုက်ကြည့်နေခဲ့ကာ နောက်ဆုံးတွင် သူ၏အကြည့်သည် လျှိုကြီးအပေါ်သို့ ကျရောက်သွားခဲ့သည်။

ထိုအလင်းတန်း ပုံရိပ်သည် သီးသန့် စိတ်ဆန္ဒ သို့မဟုတ် အသိဉာဏ်များ မရှိသော်လည်း လျှိုကြီးသည် ထိုအလင်းတန်း ပုံရိပ်၏ ပါးစပ်မှာ အပြုံးဖွဖွလေး အဖြစ် တွန့်သွားခဲ့သည်ကို ခံစားမိလိုက်သည်။

လင်းဖုန်းသည် သူ၏ အသိစိတ်အား ခရမ်းရောင် အလင်းတန်း ပုံရိပ်အတွင်းသို့ ထည့်သွင်းလိုက်သည်။ "လက်ကျန် စိတ်ဝိညာဉ် မှတ်ဉာဏ်တွေ၊ အသွေးအသား အဆီအနှစ်တွေ၊

မိစ္ဆာ စိတ်ဝိညာဉ် အကြွင်းအကျန်တွေ တစ်စက်မှ ရှိမနေဘူး။ ဒါက သူ့ရဲ့ မိစ္ဆာစွမ်းအား လက်ကျန်သက်သက်ပဲ။ ဒီလိုမျိုး အခြေအနေမှာ သူဟာ အရင်က ဘယ်လောက်အထိပဲ စွမ်းအားကြီးခဲ့ပေမဲ့ သူက ပြန်ပြီးတော့ ရှင်သန်မလာနိုင်တော့ဘူး"

အန္တရာယ်ကင်းမှန်းကို အတည်ပြုပြီးသွားသောအခါ လင်းဖုန်းသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား ပေးဒီးစ်ကေရာဇ်၏ အလင်းတန်း ပုံရိပ်အတွင်းသို့ တိုက်ရိုက်ပို့ဆောင်လိုက်ရန် ဆုံးဖြတ်လိုက်၏။

ခဏအကြာတွင် ခရမ်းရောင် အလင်းတန်း
ပုံရိပ်သည် မဟာခန်းမဆောင် တစ်ခုလုံးအား
လင်းလက်သွားစေခဲ့ကာ မရေမတွက်နိုင်သော
ခရမ်းရောင် မှော်သင်္ကေတ များသည်
ပန်းလိုင်နတ်တောင် တစ်ခုလုံးအား
ဖုံးလွှမ်းသွားစေခဲ့သည်။

သို့သော်လည်း သူ၏အနောက်မှ
တောင်အပေါ်တွင် အသံတစ်ခုက ပေါ်လာခဲ့၏။
"ပန်းလိုင်နတ်တောင်က ဟေးဒီးစ်ကေရာဇ်ရဲ့
လက်အတွင်းကို ကျရောက်ဖူးခဲ့တယ် ဆိုတာ
တကယ်မှန်တာပဲ"

မဟာခန်းမဆောင်၏ အပေါ်မှ လေဟာနယ်
အတွင်းတွင် မီးခိုးရောင် ဝတ်စုံနှင့်
ရဟန်းပျိုတစ်ပါး ပေါ်လာခဲ့သည်။ သူသည်
ရွှေပုစဉ်း ဆရာတော်ပင် ဖြစ်၏။

လင်းဖုန်းသည် သူ့အား ငြိမ်သက်စွာနှင့်ပင်
စိုက်ကြည့်နေခဲ့သည်။ ရွှေပုစဉ်း
ဆရာတော်ကလည်း တူညီစွာပင်
တည်ငြိမ်သော အမူအရာဖြင့်
သူ၏ညာလက်အတွင်းမှ
ကျောက်စိမ်းနားဆွဲကဲ့သို့သော အရာတစ်ခုကို
ထုတ်ယူလိုက်သည်။ "မင်္ဂလာပါ၊ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊ ဒါက

ခင်ဗျားရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် တစ်ခုပဲ ဖြစ်လိမ့်မယ်"

"ကျုပ်က ဟေးဒီးစ်ကေရာဇ် ပိုင်ဆိုင်ခဲ့တဲ့ နေရာတစ်ခုကို ကံကောင်းစွာနဲ့ တူးဖော်တွေ့ရှိမိခဲ့ပြီး အတွင်းမှာ ဒီကျောက်စိမ်း နားဆွဲလေးကို တွေ့ခဲ့တယ်။ ဒါကြောင့်မို့ ကျုပ်က ဖန်ကျန်းနတ်တောင်ကို ပိုင်ဆိုင်ထားတဲ့ လျှမ်ပန်းထက်တောင် ပိုမြန်နေခဲ့တာ"

"ဒါပေမဲ့ အချိန်က အမတန်ကိုမှ တန်ဖိုးရှိနေတယ်။ လျှမ်ပန်းနဲ့ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတတို့က

မကြာခင်မှာ ရောက်ရှိလာတော့မယ်။
ကျုပ်ကလည်း ခင်ဗျားနဲ့ စကားစမြည်ပြောဖို့
အချိန်မရှိတော့ဘူး။ တကယ်လို့ကျုပ်က
ခင်ဗျားကို ပန်းလိုင်နတ်တောင်ကို သန့်စင်ပြီး
ထိန်းချုပ်ခွင့်ပေးလိုက်ရင် ခင်ဗျားဆီကနေ
အချိန်တိုလေး အတွင်းမှာ ပြန်ရယူနိုင်ဖို့
မလွယ်တော့ဘူး။ ကျုပ်ကလည်း မြန်မြန်
လုပ်ဆောင်ရလိမ့်မယ်။ ခင်ဗျားကို
အပြစ်ပြုမိမယ်ဆိုရင်
နားလည်ပေးစေလိုပါတယ်"

## စာစဥ် ၄၁ : အပိုင်း ၁၁

# အပိုင်း ၇၈၁ : လုံး၀ အံ့သြတုန်လှုပ်သွားခဲ့သော ရွှေပုစဉ်း ဆရာတော်

လင်းဖုန်း၏ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် မဟာခန်းမဆောင် အတွင်းမှ ပျံသန်းထွက်ခွာလာခဲ့ကာ ရွှေပုစဉ်း ဆရာတော်၏ အရှေ့သို့ ရောက်ရှိလာခဲ့သည်။ ရုတ်တရက်ပင် သူက ရယ်မောလိုက်ကာ ပြောလိုက်သည်။ "ဒါက ကျုပ်တို့ ဒုတိယအကြိမ် တွေ့ဆုံတာဖြစ်တယ်။ ဟုတ်တယ်မလား"

ရွှေပုစဉ်း ဆရာတော်ကလည်း ပြန်ပြုံးပြလိုက်ကာ ပြောလိုက်သည်။ "ကျုပ်တို့ နောက်ဆုံးတွေ့ခဲ့စဉ်က ကျုပ်ရဲ့ ဗီရိုကာနာ

ကိုယ်ပွားနဲ့ ခင်ဗျားရဲ့ မူလခန္ဓာကိုယ်နဲ့ ဖြစ်တယ်။ ဒီကနေ့မှာတော့ ကျုပ်ရဲ့ မူလခန္ဓာကိုယ်နဲ့ ခင်ဗျားရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်နဲ့ ဖြစ်တယ်။ ကျုပ်တို့ရဲ့ ကံကြမ္မာတွေက တကယ်ကိုပဲ ရောထွေးယှက်တင် ဖြစ်နေခဲ့တယ်။ တစ်နေ့မှာ ကျုပ်တို့က ကောင်းမွန်စွာ တွေ့နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းသည် သဘောတူလှစွာနှင့် ခေါင်းညိတ်လိုက်သည်။ "တကယ်လို့ ကျုပ်ခန့်မှန်းချက်တွေက မမှားခဲ့ရင် ဗီရိုကာနာ မန္တန်အပြင် ခင်ဗျားက တထာဂတ ဓမ္မကျမ်းစာ အထဲက ကျန်တဲ့ မန္တန်တွေကို စုဆောင်းထားပြီး

ဖြစ်တယ်။ ခင်ဗျားမှာ ကျမ်းစာတစ်ခုစီက ကိုယ်ပွား တစ်ခုစီကို ပိုင်ဆိုင်ထားတယ်၊ ဟုတ်တယ်မလား"

"ဒါက ဗုဒ္ဓအဆုံးအမတွေကို နားလည်နိုင်ဖို့ ကျုပ်ရဲ့ လှည့်ကွက်တစ်ခု သာသာပါပဲ" ရွှေပုစဥ်း ဆရာတော်က သူ၏ခေါင်းကို ခါလိုက်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

လင်းဖုန်းက ရယ်ရမ်းသွေးလိုက်ကာ ပြောလိုက်သည်။ "အဓိပ္ပာယ် မရှိတာ။ ဗုဒ္ဓနည်းစနစ်တွေကို ကျွမ်းကျင်တဲ့ မိစ္ဆာတစ်ကောင်။ ခင်ဗျားက သမိုင်းတလျှောက်

ဘယ်သူကမှ မစဥ်းစားခဲ့ဖူးတဲ့ အရာတစ်ခုကို ရှာဖွေတွေ့ရှိပြီး စွမ်းဆောင်နိုင်ခဲ့တာ"

ရွှေပုစဥ်း ဆရာတော်သည် မျက်တောင်ပင် မခတ်ခဲ့ပဲ ထပ်ပြုံးလိုက်သည်။ "ဗုဒ္ဓရဲ့ ဂရုဏာတော်ကို မခံယူခဲ့ရစဥ်က ကျုပ်ဟာ ဆောင်းဦးရာသီ ကျရောက်လာချိန်မှာ အော်မြည်ရုံသာ သိခဲ့တဲ့ ပုစဥ်းလေး တစ်ကောင်သာ ဖြစ်ခဲ့တယ်။ ဗုဒ္ဓရဲ့ အဆုံးအမတွေကြောင့် ကျုပ်ဒီကနေ့မှာ ရှိနေတဲ့ အရာမှန်သမျှကို ပိုင်ဆိုင်ထားနိုင်ခဲ့တာ။ ကျုပ်က မိစ္ဆာစွမ်းအားတွေကို ပထမဆုံး လေ့ကျင့်တဲ့ အချိန်ကစပြီး

မိစ္ဆာအုပ်ချုပ်သူအဆင့်၊ မသေဝိညာဏ် အဆင့်နဲ့ အခုအချိန်အထိပဲ"

"ကျုပ်ရဲ့ နှလုံးသားဟာ ဗုဒ္ဓနဲ့ အမြဲရှိနေခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာတုံးက ကျုပ်အိမ်မက်တွေ အကောင်အထည် ပေါ်လာခဲ့စဉ်က ကျုပ်ဟာ အရမ်းကို ဝမ်းမြောက်ခဲ့တယ်"

လင်းဖုန်းသည် ခပ်တည်တည်ပင် ရှိနေခဲ့ကာ သူ၏ခေါင်းတွင် အတွေးများက လှိုင်းထန်လျက်ရှိသည်။ "ဒါကတကယ်ကို သူပဲ။ ရွှေပုစဉ်း မဟာပဏ္ဍိတက ရှေးဟောင်းခေတ်ကတည်းက

မကောင်းသတင်းနဲ့ ကျော်ကြားခဲ့ပြီး
အလယ်ခေတ် အထိကို ရှင်သန်နိုင်ခဲ့တယ်။
ဒါပေမဲ့ အလယ်ခေတ် နောက်ပိုင်းမှာ သူက
ဘာသဲလွန်စမှ ချန်မထားခဲ့ပဲနဲ့ ရုတ်တရက်
ပျောက်ကွယ်သွားခဲ့တယ်။
လူတော်တော်များများက ရေးခေတ်က ရွှေပုစဥ်း
မဟာပဏ္ဍိတဟာ ယနေ့က ရွှေပုစဥ်း
ဆရာတော် အဖြစ် ပြောင်းသွားတာကို
ဆက်စပ်ချင်မှ ဆက်စပ်နိုင်လိမ့်မယ်"

"ရွှေပုစဥ်း မဟာပဏ္ဍိတသည် ထိုနှစ်များ
အတွင်းက မူလကောင်းကင် ကမ္ဘာတွင်
ဂုဏ်သတင်း အတော်ရှိခဲ့သူ ဖြစ်သည်။ သူသည်
အလွန်အမင်း စွမ်းအားကြီးသည့်အပြင် သူ၏

ကျောထောက်နောက်ခံမှာလည်း
လူတိုင်းအတွက် လျှို့ဝှက်ဆန်းကြယ်မှု
ဖြစ်နေခဲ့သည်။ သူသည် ပိုးမွှားလေး
တစ်ကောင်သာလော၊ ဗုဒ္ဓ၏ ကောင်းချီးမင်္ဂလာ
အပြုခံထားရသူလော"

စဥ်းစားနေရင်း လင်းဖုန်းသည် သူ၏
ပတ်ဝန်းကျင်အား အကဲခတ်လိုက်ကာ
ရယ်ရမ်းသွေးလိုက်၏။
"ကောင်းလိုက်တဲ့အကွက်"

ရွှေပုစဥ်း ဆရာတော်ကလည်း သူနှင့်
အတူတကွ ရယ်လိုက်ရာ ကောင်းကင်နှင့်
မြေကြီးတို့၏ အကြားတွင် ပုစဥ်းတို့၏

အောင်မြည်သံများ ပေါ်လာခဲ့၏။
ထိုအောင်မြည်သံများသည် အစပိုင်းတွင်
ညင်သာစွာဖြင့် တိုးတိုးလေး ဖြစ်သော်လည်း
လျှင်မြန်စွာနှင့်ပင် ကျွတ်ကျွတ်ညံလာခဲ့သည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ
မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်ကလည်း
ချက်ချင်းဆိုသလိုပင်
ဆွေးမြေ့ပျက်စီးလာခဲ့သည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည်
လင်းဖုန်း၏ မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်
တစ်ခုသာ ဖြစ်သော်လည်း သူ့တွင်
ကြီးမားသော တိုက်ပွဲစွမ်းအားများကို

ပိုင်ဆိုင်ထားသည်ဟု ရွှေပုစဉ်း ဆရာတော်က ပြောနိုင်ခဲ့သည်။ ရှီးလင်မြို့ တိုက်ပွဲတွင် လင်းဖုန်းသည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ စွမ်းအားများကို ထုတ်လွှတ်နိုင်ခဲ့သည်။ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်များသည် ကိုယ်ပွားများနှင့် မတူသော်လည်း သူတို့သည် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း စွမ်းအားများကို ထုတ်လွှတ်နိုင်စွမ်း ရှိနေသည်။

ထိုကဲ့သို့သာဆိုလျှင် မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏ စွမ်းအားများသည် ယခင်ကထက် ပို၍ သန်မာလာခဲ့မည် ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေများအောက်တွင်

တိုက်ပွဲကို မြန်နိုင်သမျှ မြန်အောင်
အဆုံးသတ်နိုင်ရန် သူသည်
ဗုဒ္ဓနည်းစနစ်များအစား သူ၏ကိုယ်ပိုင်
မိစ္ဆာနည်းစနစ်များကို အသုံးပြုမှ ရမည်ဖြစ်၏။

သူသည် စွမ်းအားဖျက်ဆီး ကပ်ဘေးကို
ဆင့်ခေါ်ခြင်း မပြုခဲ့သော်လည်း သူသည်
ကာဒီနယ်ကပ်ဘေး နောက်ဆုံးအဆင့်ဖြစ်သော
ဗီပရာလိုပါ အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။
သူ့နည်းစနစ်များ၏ စွမ်းအားများမှာ
မယုံနိုင်အောင် အစွမ်းထက်မြက်လှပေသည်။

ချက်ချင်းဆိုသလိုပင် လင်းဖုန်းသည်
တော်ဝင်နန်းတော်၊ သူတော်စင်

ကောင်းကင်ခါးနှင့် အင်မော်တယ်
နဂါးမြို့တော်တို့နှင့် ဆင်တူသော
အော်ရာတစ်မျိုးကို စတင်၍
ခံစားခဲ့လိုက်ရသည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏
ခန္ဓာကိုယ် အတွင်းမှ နတ်ဘုရား အလင်းတန်း
နှစ်တန်း ထွက်ပေါ်လာခဲ့သည်။ တစ်ခုမှာ
အဖြူရောင်ဖြစ်၍ တစ်ခုမှာ အနက်ရောင်
ဖြစ်ကာ ထိုအလင်းတန်း နှစ်တန်းတို့သည်
ဟင်းလင်းပြင်ကို ဖြတ်သန်းသွားခဲ့၍ အပြင်မှ
ပုစဥ်းအော်မြည်သံများကို
ပိတ်ဆို့တားဆီးထားသည့် သီးသန့်ကမ္ဘာ
တစ်ခုအား ဖန်တီးလိုက်သည်။

သို့သော်လည်း ပုစဥ်းများ၏ အဆက်မပြတ် အော်မြည်သံများတို့သည် လင်းဖုန်း၏ မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း ဖန်တီးထားသော အရုံအတား စွမ်းအားများကို အဆက်မပြတ် တိုက်စားနေခဲ့၏။

"ခင်ဗျားက မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းကို ဆက်လက်ပြီးတော့ အသုံးပြုနေခဲ့ရင် ခင်ဗျားရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်က မကြာခင်မှာပဲ အားကုန်သွားလိမ့်မယ်" ရွှေပုစဥ်း ဆရာတော်က ပြုံးဖြီးဖြီးဖြင့် ပြောလိုက်သည်။ "ဒါပေမဲ့ ဒါက

ကျုပ်အတွက် ကြာနေသေးတယ်။ အချိန်က
လူကိုမစောင့်နေဘူး"

သူစကားပြောနေရင်း ပုစဉ်းတို့၏
အော်မြည်သံသည် ပို၍ပို၍
ကျယ်လောင်လာခဲ့ကာ သူတို့၏ အပေါ်မှ
ဟင်းလင်းပြင်သည် တုန်ခါလာခဲ့၏။
ပုစဉ်းတစ်ကောင်၏ ရောမ အလင်းတန်း
ပုံရိပ်တစ်ခုသည် ပန်းလိုင်နတ်တောင်၏
အပေါ်တွင် ပေါ်လာခဲ့၍ တောင်အား အမိုးကဲ့သို့
အုပ်မိုးထားခဲ့ပြီး နေမင်းကိုပင်
ဖုံးအုပ်သွားနိုင်ခဲ့သည်။

လင်းဖုန်း၏ မျက်ခုံးများသည် တွန့်သွားခဲ့၍ သူသည် မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်ကို စတင်ထုတ်ဖော်လိုက်သည်။ သူတို့၏ ခြေအောက်မှ မြေပြင်အား ခွဲခြားထားနိုင်သည့် မယုံနိုင်လောက်အောင် စွမ်းအားကြီးမားသည့် အင်အားတစ်ခုသည် ပုစဉ်းအော်သံများကို ခွဲခြားထားသည့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား ဆက်လက် ထောက်ပံ့နေခဲ့သည်။

သို့သော်လည်း သူ၏အနားမှ လေဟာနယ်နှင့် ဟင်းလင်းပြင်တို့သည် အဆက်မပြတ် တွန့်လိမ်လာခဲ့ကာ လင်းဖုန်းသည်

အကြီးအကျယ် အရေးနိမ့်နေသည့်ပုံ
ပေါက်နေခဲ့သည်။

မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း
နည်းစနစ်၏ ထူးခြားသော အစွမ်းများကြောင့်
မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည်
အခြား မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်များနှင့် မတူပဲ
အခြားသူများ၏ တိုက်စားမှုများကို
မကြောက်ပေ။

ရွှေပုစဥ်း ဆရာတော်သည် သူ့မှော်ကျိန်စာ၏
စွမ်းအားများကို တိုးမြှင့်လိုက်ကာ
မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏

အကန့်အသတ်များကို
ချိုးဖောက်နိုင်တော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

ဤမှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်သည်
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းအား
ထုတ်လွှတ်နိုင်သော်လည်း သူ၏
စွမ်းအားများသည် မူလခန္ဓာကိုယ်ထက်တော့
များစွာ နိမ့်ကျနေသည်။

လင်းဖုန်း၏ ခေါင်းအတွင်းတွင် အတွေးတစ်ခု
ပေါ်လာခဲ့ကာ မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူသည် သူ၏
လက်ဝါးအစုံအား ပူးကပ်လိုက်ရာ
အပြဖြူနှင့်အနက် မှော်သင်္ကေတများသည်

ဟင်းလင်းပြင် အတွင်းတွင် လင်းလက်လာခဲ့၍
သေးငယ်သော ဖုန်မှုန့်အစလေးများအဖြစ်
ပြောင်းသွားခဲ့သည်။

စုစုပေါင်း ဖုန်မှုန့် ၁၈စက် ရှိနေသည်။
သူတို့အားလုံးတို့သည် ဝုန်းကနဲ
ပေါက်ကွဲသွားခဲ့ကြရာ အလွန်ကြီးမားသော
စွမ်းအားများက ထွက်ပေါ်လာကြသည်။
သူတို့သည် အဆုံးမဲ့ အလင်းတန်းများ အဖြစ်သို့
ပေါက်ကွဲသွားခဲ့ကြ၍ ဖုန်မှုန့်တစ်ခုစီသည်
သီးသန့်ကမ္ဘာ တစ်ခုနှင့် တူနေခဲ့၏။

ထိုအချိန်တွင် ကောင်းကင်နှင့် မြေကြီးတို့သည် အရောင်များနှင့် အသက်စွမ်းအင်တို့ ဆုံးရှုံးသွားခဲ့သကဲ့သို့ ဖြစ်နေခဲ့သည်။

ဒါသည် ပန်းလိုင်နတ်တောင်သို့ အပြန်လာနေကြသော လူများအပေါ်တွင်လည်း အကျိုးသက်ရောက်မှု ရှိခဲ့သည်။ လျှမ်ပန်း၊ ဇူဟုန်ဝူ၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတတို့သည် ချက်ချင်းဆိုသလိုပင် သူတို့၏ ပတ်ပတ်လည်မှ ကမ္ဘာကြီးသည် ပြောင်းလဲသွားခဲ့၍ သူတို့၏ အမြင်နှင့် အကြားအာရုံတို့သာ အလုပ်လုပ်နိုင်ခဲ့သည်ဟု ခံစားခဲ့ကြရသည်။

တစ်ယောက်သည် ပုစဉ်းတို့၏ အဆက်မပြတ်
အော်မြည်သံများကိုသာ ကြားနေနိုင်ကာ
မျက်စိကျိန်းလောက်အောင် တောက်ပသည့်
အလင်းတန်းများကိုသာ တွေ့နိုင်ခဲ့သည်။

ခဏအကြာတွင် အလင်းတန်းများက စတင်၍
မှေးမှိန်လာခဲ့၍ ပုစဉ်းအော်သံများမှာလည်း
တိုးလာခဲ့သည်။ သို့သော်လည်း
အော်မြည်သံများမှာ ရန်လိုနေမှုများဖြင့်
ပြည့်နေ၍ ပို၍ အားကောင်းလာကြသည်။

ရွှေပုစဉ်း ဆရာတော်သည်
ရယ်ရမ်းသွေးလိုက်ကာ လှောင်ပြောင်
သရော်သလိုနှင့် သက်ပြင်းတစ်ချက်

ချလိုက်သည်။ "ဘယ်လောက်အထိတောင် အစွမ်းထက်လိုက်တဲ့ နည်းစနစ်လဲ။ ခင်ဗျားရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်က မှော်ကျိန်စာတွေ ဘယ်လောက်အထိ သယ်ဆောင်ထားသလဲ။ တကယ်လို့ မရေမတွက်နိုင်လောက်အောင် မများဘူး ဆိုရင်တော့ မလုံလောက်နိုင်သေးဘူး"

လင်းဖုန်းသည် သူ၏ လက်ဝါးအစုံအား ပူးကပ်လိုက်ကာ ရယ်လိုက်သည်။ "ခင်ဗျားက တကယ့်ကို အင်အားကြီးတဲ့ ပြိုင်ဘက်တစ်ယောက်ပဲ၊ ရွှေပုစဥ်း မဟာပဏ္ဍိတ။ ကျုပ်တို့က တစ်ယောက်နဲ့တစ်ယောက် ထိုင်ပြီးတော့ အချင်းချင်း ဗဟုသုတတွေကို

ဆွေးနွေးကြမယ်ဆိုရင် အရမ်းကို
ကောင်းမွန်သင့်မြတ်မှာပဲ"

ရွှေပုစဉ်း ဆရာတော်က ပြုံးစစနှင့်
ပြန်ပြောလိုက်၏။ "အချိန်မရွေးပါပဲ။ ကျုပ်က
ခင်ဗျားရဲ့ ခမ်းနားတဲ့ ဝင်ရောက်လာမှုကို
ပန်းလိုင်နတ်တောင်ရဲ့ တောင်ထိပ်ကနေ
စောင့်နေမှာပါ"

လင်းဖုန်းသည် သူ၏မျက်လုံးများအား
ထေ့ပြုံးပြုံးကာ ကြည့်လိုက်၏။ "ခင်ဗျားက
ပြောင်းပြန်တွေ ပြောနေပြန်ပြီ"

"အခ" ရွှေပုစဉ်း ဆရာတော်သည် သူ၏ နှလုံးခုန် တစ်ချက်မှားသွားပြီး တစ်ခုခုက မှားနေပြီဟူ၍ ခံစားလိုက်ရသည်။ ခဏအကြာတွင် သေးငယ်၍ အထင်ကြီးဖွယ် မရှိသော ကျောက်စိမ်းတုံး တစ်တုံးသည် မှူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏ အရှေ့မှ ဟင်းလင်းပြင် အတွင်းတွင် ပေါ်လာခဲ့၏။

ရွှေပုစဉ်း ဆရာတော်သည် လျှင်မြန်စွာနှင့် တုံ့ပြန်ခဲ့ကာ သူ၏ ပုစဉ်းအော်မြည်သံများကို တတ်နိုင်သလောက် အစွမ်းကုန် တိုးမြှင့်လိုက်သည်။ သူ၏ခေါင်းပေါ်မှ ရောမ ရွှေပုစဉ်း အလင်းတန်း ပုံရိပ်သည် သူ၏ ကြီးမားလှသည့် တောင်ပံများကို ခတ်လိုက်ကာ

ပန်းလိုင်နတ်တောင်အပေါ်သို့ တဟုန်ထိုး
ပျံသန်းဝင်ရောက်လာခဲ့သည်။

သို့သော်လည်း ထိုအချိန်တွင်
သလင်းကျောက်ပုံစံနှင့် ကျောက်စိမ်းတုံးသည်
ပုံသဏ္ဍာန် ကင်းမဲ့သော မှော်စွမ်းအင်
တစ်တန်းကို ထုတ်လွှတ်လိုက်သည်။
အလင်းရောင် မရှိသလို စွမ်းအား
အငွေ့အသက်လည်း မရှိပေ။
အသံတစ်စက်မှလည်း မထွက်ခဲ့ချေ။

ထိုမှော်စွမ်းအင် စီးကြောင်းသည် ရွှေပုစဉ်း
ဆရာတော်နှင့် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူတို့အား တမုဟုတ်ချင်းပင်

ဖုံးလွှမ်းသွားခဲ့ကာ
သူတို့နှစ်ယောက်စလုံးတို့သည် ပါးလျသော
လေထုအတွင်းတွင် ပျောက်ကွယ်သွားခဲ့၏။

ပန်းလိုင်နတ်တောင်သည် မူလ
အခြေအနေအတိုင်း ထပ်ဖန်တစ်ခါ
တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ရောမ
ရွှေပုစဉ်းနှင့်အတူ ပုစဉ်းမြည်သံများကိုလည်း
မကြားရတော့ချေ။ ရွှေပုစဉ်း ဆရာတော်နှင့်
မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူတို့ကိုလည်း မည်သည့်
နေရာတွင်မှ မတွေ့ရတော့ချေ။ သူတို့သည်
အစကတည်းက ဤနေရာတွင် ရှိမနေခဲ့ဟူ၍
ခံစားနေခဲ့ရသည်။

အစောပိုင်းက ဖြစ်ပွားခဲ့သော တိုက်ပွဲကလည်း တစ်ခုမှ မဖြစ်ခဲ့ဟု ထင်နေရသည်။ ပန်းလိုင်နတ်တောင်၏ အပေါ်မှ လေဟာနယ်သည် မူလရှေးဟောင်း ကောင်းကင်စီးနင်းသူနှင့် ရွှေပုစဥ်း ဆရာတော်တို့၏ တိုက်ခိုက်မှုကို မခံခဲ့ရသကဲ့သို့ ရှိနေခဲ့သည်။

"ဒီနေရာက..." ရွှေပုစဥ်း ဆရာတော်သည် ရုတ်တရက်ပင် သူနှင့် ရင်းနှီးနေသလို တစ်ချိန်တည်းတွင်ပင် မရင်းနှီးနေခဲ့သည့် မှောင်မည်းနေသော ကောင်းကင်အောက်မှ လွင်ပြင်တောအုပ်တစ်ခု၏ အတွင်းတွင်

ရောက်နေခဲ့ကြောင်းကို သတိပြုမိလိုက်သည်။
".. ငါအရင်က ရောက်ခဲ့ဖူးတယ်။ ဒါက
မဟာလွင်တီးခေါင် ကုန်းမြေအထဲက
လွင်ပြင်တစ်ခုပဲ ဖြစ်တယ်"

ဤရွှေပုစဥ်းသည်
ရှေးဟောင်းခေတ်ကတည်းကစ၍
ထောင်စုနှစ်ပေါင်းများစွာ
မိုးဒဏ်လေဒဏ်များကို ခံခဲ့ရ၍
ယနေ့ခေတ်အထိတိုင် ရှင်သန်နေခဲ့ခြင်း
ဖြစ်သည်။ သူသည် ဗီပရာလိုပါ အဆင့်သို့
ရောက်နေခဲ့၍ ဗုဒ္ဓ၏ အဆုံးအမများကို
အချိန်အတော်ကြာ လေ့လာခဲ့ကာ သူ၏
စိတ်အခြေအနေသည် လွယ်လွယ်ကူကူ

မလှုပ်ရှားနိုင်သော အခြေအနေသို့ ရောက်နေခဲ့ပြီ ဖြစ်၏။ သို့တိုင်အောင် သူသည် ယခုအချိန်တွင် ပါးစပ်အဟောင်းသား ဖြစ်နေခဲ့၏။

သူသည် မဟာကျိုး အင်ပါယာမှ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား ရင်ဆိုင်ခဲ့ရချိန်တွင် သူတို့သည် မဟာမိုးကြိုး ကျောင်းတော်အား ဖျက်ဆီးခဲ့ကြသည့် အဓိက တရားခံများ ဖြစ်ကြသော်လည်း ရှေ့ပုစဉ်း ဆရာတော်သည် တလျှောက်လုံး တည်ငြိမ်နေခဲ့၍ အမျက်ဒေါသ အရိပ်အယောင်များကို တစ်စက်မှ မပြခဲ့ပေ။

သို့သော်လည်း ယခုအချိန်တွင် သူ၏
သွေးကြောများ အတွင်းမှ သွေးများသည်
ဆူပွက်လာခဲ့သလို ခံစားခဲ့ရ၍
မည်သည့်နည်းနှင့်မျှ တည်ငြိမ်စွာ
မနေနိုင်ခဲ့တော့ပေ။

အကယ်၍ တစ်စုံတစ်ယောက်သည် သူ့အား
အနိုင်ယူကာ ရိုက်နှက်၍ ဒဏ်ရာရစေခဲ့လျှင်ပင်၊
သူ့အား အသက်ဆုံးရှုံးစေနိုင်သည်အထိ
တိုက်ခိုက်ခဲ့လျှင်ပင်၊ သို့မဟုတ် သူ့အား
အရှင်ဖမ်းဆီးနိုင်ခဲ့လျှင်ပင် သူသည် ဤမျှအထိ
တုန်လှုပ်နေခဲ့မည် မဟုတ်ပေ။

သူ၏ မှော်ကျိန်စာ စွမ်းအားများထက်
သိသိသာသာ အားနည်းနေသော လင်းဖုန်း၏
မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် တစ်ခုသည် သူ့အား
ကမ္ဘာအကြားမှ နယ်နိမိတ် လမ်းကြောင်းများ
မရှိသည့် ယင်ပင်လယ်မှနေ၍
မဟာလွင်တီးခေါင် ကုန်းမြေသို့
တိုက်ရိုက်ပို့ဆောင်ခဲ့လိုက်သည်။

ဖြစ်စဥ် တစ်ခုလုံးတွင် သူသည်
ဒဏ်ရာမရခဲ့သလို ပြင်းထန်သော မှော်စွမ်းအင်
စီးကြောင်းများကို မခံစားခဲ့ရပေ။
တစ်ယောက်ကမှ သူ၏ ကျင့်ကြံမှုများကို
ဖိနှိပ်မထားခဲ့ပဲ သူ၏ စွမ်းအားများကိုလည်း
ကုန်ခမ်းအောင် မလုပ်ဆောင်ခဲ့ပေ။

သို့သော်လည်း သူသည် ဘာမှ မတတ်နိုင်ခဲ့ပဲ
တုံ့ပြန်ဖို့ အခွင့်အရေး တစ်ခုမျှပင် မရှိခဲ့ပေ။

ထိုခံစားချက်သည် ကူရာမဲ့နေသော
ယုန်တစ်ကောင်ထံသို့ ခုန်အုပ်နေခဲ့သော
ဝံပုလွေ တစ်ကောင်သည် ခဏအကြာတွင်
ဘာဖြစ်သွားမှန်း မသိခဲ့ပဲ နဂိုနေရာမှ မိုင်ပေါင်း
သန်းနှင့်ချီ၍ ဝေးသော နေရာတစ်ခုတွင်
ပြန်ပေါ်လာခဲ့ခြင်းနှင့် တူနေသည်။
ထိုဝံပုလွေသည် ဒဏ်ရာများ မရခဲ့သော်လည်း
သူသည် ဘာဖြစ်သွားခဲ့မှန်းကို စဉ်းစား၍
မရနိုင်ခဲ့ပဲ စိတ်မလှုပ်ရှားပဲ နေနိုင်ပါမည်လော။

လင်းဖုန်းက ပြုံးစစဖြင့် ပြောလိုက်သည်။ "ဖန်ကျန်းနတ်တောင်က ယင်ပင်လယ်ကနေ မထွက်ခွာနိုင်တဲ့အတွက် ငါက သူ့အပေါ်မှာ ဒီလိုမျိုး လုပ်လို့ မရနိုင်ဘူး။ ဇူဟုန်ဝူက ခင်ဗျားကို ကျေးဇူးတင်ရလိမ့်မယ်၊ ရွှေပုစဥ်း ဆရာတော်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ အရင်က ဒီလှည့်ကွက်ကို သူနဲ့ မဟာကောင်းကင်ဘီး အပေါ်မှာ အသုံးပြုဖို့ ရည်ရွယ်ထားလို့ပဲ"

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် စကားပြောနေရင်း တဖြည်းဖြည်း နွေးကွေးလာခဲ့သည်။ ပြီးတာနှင့် သူသည် သေးငယ်သွားခဲ့ကာ ပါးလျသော

လေထုအတွင်းတွင် ပျောက်ကွယ်သွားခဲ့၍
မျက်စိတမှိတ် အတွင်းတွင် ပန်းလိုင်နတ်တောင်
အပေါ်သို့ ပြန်ရောက်လာခဲ့သည်။

ဤအရာ အားလုံးတို့သည် စက္ကန့်ပိုင်း
အတွင်းတွင် ဖြစ်သွားခဲ့ခြင်း ဖြစ်၏။ ရွှေပုစဉ်း
ဆရာတော်သည် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူအား
ဖိနှိပ်ချင်နေခဲ့သော်လည်း ချက်ချင်းဆိုသလိုပင်
မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည်
သာမန်ဟုသာ ထင်နေရသော်လည်း
ထူးဆန်းသည့် ကျောက်စိမ်းတုံးနှင့်
ထူးခြားဆန်းကြယ်သော ဆက်သွယ်မှုများ

ရှိနေခဲ့ပြီး သူ့အား အချိန်အနည်းငယ်လေး ဟန့်တားပေးထားခဲ့သည်။

ထိုအချိန် အနည်းငယ်လေး အတွင်းမှာပင် မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် ယင်ပင်လယ် အတွင်းသို့ ပြန်ရောက်သွားနိုင်ခဲ့ခြင်း ဖြစ်သည်။

"ကမ္ဘာအကြားက နယ်နိမိတ်လမ်းကြောင်းတွေ မရှိပဲနဲ့ ကမ္ဘာအကြား ခရီးသွားနိုင်တာလား" လင်းဖုန်းက ပျောက်ကွယ်သွားသောအခါ ရွှေပုစဉ်း ဆရာတော်သည် ပါးစပ်အဟောင်းသား ဖြစ်နေခဲ့၍ အလွန်အမင်းကို အံ့သြတုန်လှုပ်နေခဲ့သည်။

သူသည် အချိန်အတော်ကြီး ကြာမှသာ သတိပြန်ဝင်လာခဲ့၍ သူ၏ခေါင်းကို အဆက်မပြတ် ခါယမ်းနေခဲ့ပြီး ဖွဖွလေးသာ ကြိတ်၍ ရယ်နိုင်ခဲ့သည်။

"အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်၊ ပြောင်မြောက်လိုက်တဲ့ အကွက်"

သူ၏ အစပိုင်းမှ အံ့အားသင့်မှုများ အပြီးတွင် ရွှေပုစဥ်း ဆရာတော်သည် ဘာဖြစ်ခဲ့သည်ကို နောက်ဆုံးတွင် သဘောပေါက်နိုင်ခဲ့သည်။ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် ပန်းလိုင်နတ်တောင်မှ မူလနေရာသို့ ပြန်လည် ရောက်ရှိသွားနိုင်ခဲ့သဖြင့် သယ်ယူပို့ဆောင်ခြင်း

မှော်ကျိန်စာ တစ်ခုအား ထုတ်ဖော်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သူတို့သည် ပန်းလိုင်နတ်တောင်မှ အတူတကွ ထွက်ခွာခဲ့ကြ၍ လင်းဖုန်းသည် တောင်အတွင်းမှ မူလနေရာသို့ ပြန်သွားနိုင်ခဲ့သည်။ ဒါသည် ကမ္ဘာနှစ်ခု အကြားတွင် လွတ်လပ်စွာ သွားလာနိုင်ခြင်းနှင့် တူမနေပေ။

သို့တိုင်အောင် ရွှေပုစဉ်း ဆရာတော်သည် ယခုဖြစ်ပျက်ခဲ့သမျှ၏ အနောက်မှ အစစ်အမှန် သဘောတရားများကို နားမလည်နိုင်ခဲ့သေးပေ။

သို့သော်လည်း သူသည် တစ်ခုကိုတော့ ယုံကြည်ချက် ရှိနေသည်။ အကယ်၍ သူသည် ကမ္ဘာနှစ်ခု အကြားမှ နယ်နိမိတ် လမ်းကြောင်းများမှတဆင့် နတ်ဘုရားနယ်မြေထံသို့ ပြန်သွား၍ ယင်ပင်လယ်သို့ ဦးတည်ကာ ပန်းလိုင်နတ်တောင်သို့ ပြန်သွားခဲ့လျှင် သူသည် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်ဖြစ်သော်လည်း ပန်းတိုင်သို့ အချိန်မီ ရောက်နိုင်လိမ့်မည် မဟုတ်ပေ။

ပန်းလိုင်နတ်တောင်၏ အခြေအနေသည် သူတောင်သို့ ပြန်ရောက်သွားသောအခါ

ပြီးဆုံးခဲ့သည်မှာ အကြာကြီးပင် ရှိနေမည်ဖြစ်၍ သူဘာမှလုပ်၍ရတော့မည် မဟုတ်ပေ။

ရွှေပုစဉ်း ဆရာတော်သည် ရှုံးနိမ့်သွားသည့် အနေဖြင့် သက်ပြင်းတစ်ချက် ချလိုက်ကာ တိုးတိုးလေး ရေရွတ်လိုက်၏။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်.. ခင်ဗျားက တကယ်ကိုပဲ လျှို့ဝှက်ဆန်းကြယ်ပြီး ခန့်မှန်းရ ခက်ခဲလှချည်လား"

သူသည် ပန်းလိုင်နတ်တောင်သို့ ပြန်ရောက်လာသောအခါ လင်းဖုန်းသည် အရံအတား ချိုးဖောက်ကျောက်တုံးအား ကြည့်လိုက်ကာ တူညီစွာပင်

သက်ပြင်းတစ်ချက်အား ချလိုက်၏။ ရွှေပုစဥ်း ဆရာတော်သည် ဇူဟုန်ဝူနှင့် မဟာကောင်းကင်ဘီးတို့အတွက် ခေါးစားခံ ဖြစ်သွားခဲ့ခြင်းသာ ဖြစ်သည်။ အရံအတား ချိုးဖောက်ကျောက်တုံးသည် ဤကဲ့သို့သော စွမ်းအားကြီးသည့် ဗီပရာလိုပါ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်အား သယ်ယူပို့ဆောင် အပြီးတွင် အချိန်အနည်းငယ်အတွင်း အသုံးပြု၍ ရနိုင်တော့မည် မဟုတ်ချေ။ အချိန်တစ်ခုအထိ အားပြန်ဖြည့်ပြီးသော အခါမှသာ ပြန်လည် အသုံးပြု၍ ရမည်ဖြစ်၏။

သယ်ယူပို့ဆောင်ခြင်း၏ ပန်းတိုင်သည် ကံအားလျော်သည့် နေရာသို့ ရောက်သွားခြင်း

ဖြစ်သည်။ အကယ်၍ အရံအတား
ချိုးဖောက်ခြင်း ကျောက်တုံးသည် ရွှေပုစဥ်း
ဆရာတော်အား နတ်ဘုရားနယ်မြေ အတွင်းမှ
အရှေ့ပင်လယ်နှင့် နီးကပ်သော နေရာတစ်ခုသို့
ပို့လိုက်ပါက သူသည် အချိန်များစွာ မကြာမီပင်
ပြန်ရောက်လာမည် ဖြစ်သည်။

စနစ်အတွင်းမှ ပစ္စည်းများသည် ဘာပဲပြောပြော
စိတ်ချရခြင်းမရှိပေ။ သို့သော်လည်း သူတို့သည်
အချိန်မှန်တွင် အခွင့်အရေးကို
အပိုင်အသုံးချကာ သင့်လျော်စွာ
အသုံးပြုနိုင်ခဲ့ပါက စဥ်းစား၍ပင် မရသော
အကျိုးသက်ရောက်မှုများကို ပေးစွမ်းနိုင်သည်။

သူ့အား နဂိုနေရာသို့ ပြန်လည်
ပို့ဆောင်ပေးနိုင်ရန်မှာလည်း အချိန်ယူ၍
အသေအချာ ပြင်ဆင်ထားရသည်။ အကယ်၍
သူသည် ဤကျောက်တုံးအား ယခုကဲ့သို့
သင့်တင့်လျှောက်ပတ်စွာ အသုံးချနိုင်ခဲ့ပါက
အရာအားလုံးတို့သည် အဆင်ပြေသွားမည်
ဖြစ်၏။ သို့သော်လည်း သူကသာ အမှားအယွင်း
တစ်ခုခုကို ပြုလုပ်မိခဲ့လျှင် သူသည်လည်း
အလွန်ဝေးကွာသော နေရာတစ်ခုသို့
ရောက်ရှိသွားခဲ့မည် ဖြစ်သည်။

လင်းဖုန်းသည် အရှံအတား
ချိုးဖောက်ကျောက်တုံးအား သူ၏
အိတ်ကပ်အတွင်းသို့ ပြန်ထည့်လိုက်၍

သူ၏ခေါင်းကို မိုးကုတ်စက်ဝိုင်းထံသို့ ကြည့်လိုက်သည်။ ရောမ ဖန်ကျန်းနတ်တောင်၏ ပုံရိပ်သည် အီကွေတာ၏ အပေါ်မှနေ၍ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

## စာစဥ် ၄၁ : အပိုင်း ၁၂

## အပိုင်း ၇၈၂ : ပန်းလိုင်နှင့် ဖန်ကျန်းတို့၏ တိုက်ခိုက်ခြင်း

ရွှေပုစဥ်း ဆရာတော်သည် စတင်ရောက်ရှိလာချိန်မှစ၍ လင်းဖုန်း၏

မဟာလွင်တီးခေါင် ကုန်းမြေ အတွင်းသို့
သယ်ယူပို့ဆောင်ခြင်း ခံလိုက်ရခြင်းသည်
အချိန်အနည်းငယ်အတွင်းတွင်
ဖြစ်ပျက်သွားခဲ့ခြင်း ဖြစ်သည်။

ရွှေပုစဥ်း ဆရာတော်သည်
ဟေးဒီးစ်ကေရာဇ်ထံမှ ရရှိထားခဲ့သည့်
ကျောက်စိမ်းနားဆွဲကို အသုံးပြုခဲ့၍ လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့ထက် ခေါင်းတစ်လုံး ပိုသာသွားခဲ့၍
ပန်းလိုင်နတ်တောင်သို့ ပိုစောစွာ
ရောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း သူသည် အနည်းငယ်သာ
ပိုမြန်နေခြင်း ဖြစ်၍ လျှမ်ပန်းနှင့်

ဇူဟုန်ဝူတို့သည် ဖန်ကျန်းနတ်တောင်နှင့်အတူ လျှင်မြန်စွာနှင့် ရောက်ရှိလာကြသည်။

"ဟာ၊ ရွှေပုစဉ်း ဆရာတော်က ဘယ်ရောက်သွားတာလဲ" လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် သူတို့ နှစ်ရှည်လများ အိမ်မက်မက်နေခဲ့သော နတ်တောင်သည် သူတို့အရှေ့တွင် ပေါ်လာခဲ့သည်ကို မြင်လိုက်ရ၍ သူတို့၏ သွေးကြောများ အတွင်းမှ သွေးများသည် ဆူပွက်လာခဲ့သည်။ သို့သော်လည်း သူတို့၏စိတ်ကို လျှင်မြန်စွာနှင့် တည်ငြိမ်အောင် ထိန်းလိုက်၍ တောင်အားတစ်ချက် အကဲခတ်လိုက်ရာ

ရွှေပုစဉ်း ဆရာတော်အား မည်သည့်နေရာတွင်မှ မတွေ့ခဲ့ရသည်ကို တွေ့ရှိလိုက်ရသည်။

မှူလရှေးဟောင်း ကောင်းကင်စီးနင်းသူအား မြင်လိုက်ရသောအခါ မဟာကျိုး အင်ပါယာမှ ကျင့်ကြံသူများသည် တိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။

လင်းဖုန်း၏ ပေါ်ပေါက်လာမှုသည် သူတို့အား အံ့အားသင့်စေခဲ့၍ မဟုတ်ပေ။ လျှမ်ပန်းနှင့် ကျန်သောသူများတို့သည် ဤဖြစ်နိုင်ခြေကို အစောကြီးကတည်းက ခန့်မှန်းထားခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း သူတို့သည် ရွှေပုစဉ်း ဆရာတော်၊ ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့်

ချုံးချိ မဟာပဏ္ဍိတတို့၏ ဖိအားများကြောင့်
သူတို့၏ လျှို့ဝှက်ဖဲချပ်များကို စောစောစီးစီး
ဖော်ပြခဲ့ကြရသည်။

လင်းဖုန်းက သူ့ကိုယ်သူ
ဖော်ပြလိုက်သောအခါမှသာ သူတို့၏
ရင်အတွင်းမှ သံသယများကို
အတည်ပြုနိုင်ခဲ့၏။

သို့သော်လည်း ရွှေပုစဉ်း ဆရာတော်၏
ထူးခြားဆန်းကြယ်စွာ
ပျောက်ဆုံးသွားခြင်းသည် သူတို့အား
သံသယအသစ်များကို ပေးစွမ်းနိုင်ခဲ့သည်။

သူတို့သည် လင်းဖုန်းနှင့် ရွှေပုစဥ်း ဆရာတော်၏
အကြားမှ တိုက်ပွဲ၏ လှိုင်းလုံးများကို
အဝေးကပင် ခံစားနေခဲ့ရသည်။ ရွှေပုစဥ်း
ဆရာတော်က အသာစီးမှ
တိုက်ခိုက်နိုင်ခဲ့သည်ဟူ၍ ကောင်းကောင်း
ပြောနိုင်ခဲ့သည်။

ခဏအကြာတွင် တိုက်ပွဲက ပြီးဆုံးသွားခဲ့၍
ရွှေပုစဥ်း ဆရာတော်သည်
ပျောက်ကွယ်သွားခဲ့ကာ လင်းဖုန်း၏
မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်က သူ့နေရာတွင်သာ
ရှိနေခဲ့သည်။ ရွှေပုစဥ်း ဆရာတော်သည်

လင်းဖုန်း၏ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်အား ပျောက်ကွယ်သွားအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

သို့သော်လည်း လင်းဖုန်း၏ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် အခြေအနေများကို ပြောင်းပြန်လှန်လိုက်ကာ ရွှေပုစဉ်း ဆရာတော်အား အနိုင်တိုက်နိုင်ခဲ့ခြင်းမှာလည်း မဖြစ်နိုင်ပေ။

သူတို့သည် မည်သည့်ဘက်မှကြည့်ကြည့် ပဟေဠိ ဖြစ်စရာများပင် ဖြစ်သည်။ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည် ဤကဲ့သို့ ပြုလုပ်နိုင်သည့် စွမ်းရည်များ မရှိပေ။ ထို့အပြင် မူလရှေးဟောင်း

ကောင်းကင်စီးနင်းသူသည် တနည်းနည်းဖြင့် ရွှေပုစဥ်း ဆရာတော်အား ကျော်လွှားနိုင်ခဲ့ပါကလည်း ရေးဟောင်းခေတ်မှ ဗီပရာလိုပါ အဆင့် မဟာမိစ္ဆာတစ်ပါးသည် မည်သည့် သဲလွန်စမှ ချန်မထားခဲ့ပဲ ပျောက်ကွယ်သွားစရာ အကြောင်းမရှိပေ။ သူ၏ ချက်ချင်း ရှုံးနိမ့်သွားမှုသည် သူက အစကတည်းက ပန်းလိုင်နတ်တောင် အပေါ်သို့ ခြေမချခဲ့သကဲ့သို့ ဖြစ်နေခဲ့၏။

အတိတ်မှ အဖြစ်အပျက် တစ်ခုသည် သူတို့၏ စိတ်အတွင်းတွင် ပေါ်လာခဲ့၏။ လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် လင်းဖုန်း၏ သံမဏိသစ်ပင် ကိုယ်ပွားသည် အရံအတား

ချိုးဖောက်ကျောက်တုံးအား အသုံးပြု၍
သူတို့ထံမှ လွတ်မြောက်သွားခဲ့ပုံကို ပြန်လည်
စဉ်းစားမိခဲ့ကြသည်။

သို့သော်လည်း ထိုအဖြစ်သည် သူတို့၏ အရှေ့မှ
မြင်ကွင်းနှင့် သိပ်ပြီး မကိုက်ညီနေခဲ့ပေ။
အရံအတား ချိုးဖောက်ကျောက်တုံးကို
အသုံးပြုခြင်းဖြင့် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူသည် ရွှေပုစဉ်း
ဆရာတော်၏ လက်အတွင်းမှ လွတ်မြောက်ရန်
ဖြစ်နိုင်သော်လည်း ရွှေပုစဉ်း ဆရာတော်၏
ပျောက်ဆုံးသွားမှုသည် အဖြေမရှာနိုင်သော
ပုစ္ဆာတစ်ပုဒ် ဖြစ်နေဆဲဖြစ်သည်။

ပို၍ ဖြစ်နိုင်ခြေရှိသော သုံးသပ်ချက်မှာ လင်းဖုန်းသည် ရွှေပုစဉ်း ဆရာတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်မည်။

သူတို့သည် တိုက်ပွဲအား ကိုယ်တိုင်ကိုယ်ကျ မြင်နိုင်ခြင်း မရှိခဲ့သော်လည်း လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် မိစ္ဆာစွမ်းအား လှိုင်းလုံးများကို အကဲခတ်ရခြင်းအားဖြင့် ရွှေပုစဉ်း ဆရာတော်သည် မူလရှေးဟောင်း ကောင်းကင်စီးနင်းသူအား ရှုံးနိမ့်နိုင်ခြင်း မဖြစ်နိုင်ပေ။

သို့သော်လည်း လင်းဖုန်းသည် အမြဲတမ်းပင် ထူးခြားဆန်းကြယ်၍ သူ၏ အစစ်အမှန်

စွမ်းအားများကို ဖုံးကွယ်ထားလေ့ ရှိသည်။
သူသည် ထူးခြားသော နည်းစနစ် တစ်မျိုးအား
အသုံးပြုလိုက်၍ ရွှေပုစဉ်း ဆရာတော်က
သူ့အား နိုင်ပွဲလျှင်မြန်စွာ ရရှိခြင်းကို
ဟန့်တားနိုင်ခြင်း ဖြစ်မည်။

ထိုသို့သာဆိုလျှင် မဟာမိုးကြိုး
ကျောင်းတော်နှင့် ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတတို့၏ ရောက်ရှိလာမှုကို
တားဆီးရန် ရွှေပုစဉ်း ဆရာတော်သည်
လင်းဖုန်းနှင့် သဘောတူညီမှုများကို
ရရှိနိုင်လိမ့်မည် ဖြစ်သည်။ လင်းဖုန်းသည်
အကျိုးအမြတ် အချို့ကို ရယူကာ သူ့အား

ပန်းလိုင်နတ်တောင်ကို ထိန်းချုပ်နိုင်ရန်
အကူအညီ ပေးလိမ့်မည် ဖြစ်သည်။

မဟာမိတ္တာအား မမြင်တွေ့ရခြင်းမှာ သူသည်
တောင်အတွင်းပိုင်းသို့ နက်ရှိုင်းစွာ
ရောက်ရှိနေခဲ့၍ သူ့အား ကျင့်ကြံရန်
ကြိုးစားနေခြင်း ဖြစ်လိမ့်မည်။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် လင်းဖုန်းနှင့်
ရွှေပုစဥ်း ဆရာတော်တို့ အတူတကွ
ပူးပေါင်းဆောင်ရွက်ရန် ဖြစ်နိုင်ခြေကို
တွက်ဆမိခဲ့သဖြင့် အလွန်အမင်း
ဒုက္ခရောက်သွားကြသည်။

လျှမ်ပန်းသည် ဖန်ကျန်းနတ်တောင်နှင့် ဆက်သွယ်ခဲ့ကာ တောင်သုံးတောင် အကြားမှ ထူးခြားသော ဆက်သွယ်မှုများကို အာရုံခံလိုက်အပြီးတွင် သူ၏ မျက်နှာမှာ ယခင်ကထက်ပင်ပို၍ လေးနက်တည်ကြည်လာခဲ့သည်။ "ရွှေပုစဉ်း ဆရာတော်က တောင်ပေါ်မှာ ရှိမနေဘူး"

ပန်းလိုင်နတ်တောင်သည် စွမ်းအားကြီးသော မိစ္ဆာတစ်ကောင်ဖြစ်သော ရွှေပုစဉ်း ဆရာတော်၏ သန့်စင်ခြင်းကို ခံခဲ့ရပါက မှော်စွမ်းအင် လှိုင်းလုံးများစွာ ထွက်ပေါ်လာမည်

ဖြစ်၍ ယင်ပင်လယ် တစ်ခုလုံး၏ အာရုံစိုက်မှုကို ခံခဲ့ရမည် ဖြစ်၏။

"ဘာတွေ ဖြစ်ခဲ့တာလဲ။ ရွှေပုစဉ်း ဆရာတော်က အမြီးကုပ်ပြေးပြီး ပန်းလိုင်နတ်တောင်ကို လက်လျှော့သွားတာတော့ မဖြစ်နိုင်ဘူး" ကျယ်ပြန့်သော ပင်လယ်ဓားမာစတာကလည်း သံသယများ ဖြစ်နေခဲ့သည်။ "မဟုတ်မှလွဲရော အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်က ကြီးမားတဲ့ တန်ဖိုးတစ်ခုနဲ့ ရွှေပုစဉ်း ဆရာတော်ကို နောက်ဆုတ်စေခဲ့တာ ဖြစ်မယ်။ ဒါပေမဲ့ သူက ပန်းလိုင်နတ်တောင်ကို စွန့်လွှတ်နိုင်ရအောင် ဘယ်လိုတန်ဖိုးရှိတဲ့ အရာကို ကမ်းလှမ်းနိုင်မှာလဲ"

လျှမ်ပန်းသည် သူ၏ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။ "ဒါက လင်းဖုန်းရဲ့ ပင်ကိုစရိုက်နဲ့ မကိုက်ညီဘူး။ သူက သဘောတူညီမှုတွေကို လက်ခံတတ်ပေမဲ့ ဒီလောက်အထိ ရိုးရှင်းမှာတော့ မဟုတ်ဘူး။ ဒီလိုမျိုး ဖြစ်နိုင်ခြေက နည်းပါးတယ်"

ကျယ်ပြန့်သော ပင်လယ်ဓားမာစတာ၏ မျက်ခုံးများသည် ကြုတ်သွားခဲ့၏။ "ဒါပေမဲ့လည်း သူက မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် သက်သက်နဲ့ ရွှေပုစဉ်း ဆရာတော်ကို ချက်ချင်း အနိုင်ယူဖို့ကလည်း မဖြစ်နိုင်ဘူး"

လျှမ်ပန်းသည် သူ၏ခေါင်းမှာ တစ်ဆစ်ဆစ်နှင့် ကိုက်လာသည်ဟု ခံစားခဲ့ရသည်။

အခြေအနေသည် ယခုထက်တိုင် မရှင်းမလင်း ဖြစ်နေသဖြင့် မဟာကျိုး အင်ပါယာမှ ကျင့်ကြံသူများသည် သူတို့နေရာတွင်သာ ရပ်နေကြကာ မည်ကဲ့သို့ ပြုလုပ်ရမည်ကို မသေမချာ ဖြစ်နေခဲ့သည်။

လင်းဖုန်းသည် ပန်းလိုင်နတ်တောင် အပေါ်တွင် ရပ်နေခဲ့ရင်း သူတို့၏ ဆွေးနွေးမှုများကို ကြည့်နေခဲ့ကာ သူ့ကိုယ်သူ ရယ်ရမ်းသွေးနေခဲ့သည်။ သူသည် ကောင်းကင်ယောက်သွား ရွှေပုလဲက

ဟေးဒီးစ်ကေရာဇ်၏ အလင်းတန်း ပုံရိပ်နှင့် အပြည့်အဝ ပေါင်းစည်းလုနီးပါး ဖြစ်နေခဲ့ပြီကို ခံစားနေရ၏။

ကောင်းကင်ယောက်သွား ရွှေပုလဲသည် လျှိုကြီး၏ စိတ်ဝိညာဉ်ကို အတွင်းတွင် ထည့်ထားကာ သူနှင့် ဆက်သွယ်ထားသည်။ သို့သော်လည်း လင်းဖုန်းသည် ထိုပုလဲအား သန့်စင်ထားသည်မှာ အချိန်အကြာကြီး ရှိပြီဖြစ်၍ သူသည် ရွှေပုလဲ၏ ထိန်းချုပ်သူအစစ် ဖြစ်သည်။

သူသည် ပန်းလိုင်နတ်တောင် အနားတွင် လှည့်ပတ်နေသည့် နတ်စွမ်းအင်စီးကြောင်း

ကိုးကြောင်းရှိသည်ဟု စတင်၍ အာရုံခံမိခဲ့သည်။
ထိုစွမ်းအင်စီးကြောင်းများသည်
သန့်စင်ကြည်လင်၍ တောင်ထိပ်ပေါ်မှာ
မဟာခန်းမဆောင် ထံသို့ စုစည်းနေခဲ့သည်။

ဟေးဒီးစ်ကေရာဇ်သည် ကွေ့လွင့်သွားခဲ့ပြီ
ဖြစ်သော်လည်း သူသည် လင်းဖုန်းနှင့်
ကောင်းကင်ယောက်သွား ရွှေပုလဲတို့အတွက်
အဆင်ပြေအောင် ခြေနင်းကျောက်တုံး တစ်ခုကို
တည်ဆောက်ထားပေးခဲ့ကာ ဤတောင်အား
ကျင့်ကြံရမည့် ဖြစ်စဉ်အား များစွာရိုးရှင်း၍
လွယ်ကူမြန်ဆန်သွားစေခဲ့သည်။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့က တွေဝေနေသည့်
အချိန် အခိုက်အတန့်လေးသည်
ကောင်းကင်ယောက်သွား ရွှေပုလဲအား
ဟေးဒီးစ်ကေရာဇ်၏ အလင်းတန်း ပုံရိပ်နှင့်
အပြည့်အဝ ပေါင်းစပ်နိုင်ရန် လုံလောက်သော
အချိန်ကို ပေးစွမ်းနိုင်ခဲ့သည်။ သူသည်
တောင်ပတ်ပတ်လည်မှ နတ်ဘုရားစွမ်းအင်
ကိုးတန်းတို့ကို အပြည့်အဝ စုပ်ယူနိုင်ခဲ့၏။

လင်းဖုန်း၏ မျက်လုံးအစုံသည်
လင်းလက်လာခဲ့ကာ ပန်းလိုင်နတ်တောင်သည်
သူ၏ကိုယ်ပိုင် ခြေလက်ကဲ့သို့ သူ့ခန္ဓာကိုယ်၏
တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့သည်ဟု
ခံစားလိုက်ရသည်။

ပို၍အရေးကြီးသည့် အချက်မှာ လင်းဖုန်းသည် သူနှင့် ယင်ပင်လယ်တို့၏ အကြားတွင် နက်ရှိုင်းစွာ ဆက်သွယ်လာနိုင်ခဲ့သည်ဟု ခံစားနေခဲ့ရခြင်း ဖြစ်သည်။ အစွမ်းထက်သော ပုံရိပ်ယောင်များ၊ အန္တရာယ်များဖြင့် ပြည့်နေသော ပင်လယ်သည် ရုတ်တရက်ပင် သူ့အိမ်၏ နောက်ဖေးခြံဝင်းနှင့် တူလာခဲ့၍ လွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ပြီ ဖြစ်သည်ဟု ခံစားခဲ့ရသည်။

ရောင်စုံစွမ်းအင် ကိုးတန်းတို့သည် ရောမ သက်တံကြီး တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍ ကောင်းကင်နှင့် မြေကြီးတို့အား

ဆက်သွယ်ခဲ့ကာ ယင်ပင်လယ် တစ်ခုလုံးက တုန်ခါလာခဲ့သည်။

ထိုအံ့ဩဖွယ်ရာ မြင်ကွင်းကို ကြည့်ခဲ့ရသော လျှမ်ပန်း၏ မျက်လုံးအစုံသည် ကျဉ်းမြောင်းသွားခဲ့ကာ ပြောလိုက်သည်။ "ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အရေးမကြီးတော့ဘူး။ ငါတို့က ဆက်စောင့်နေလို့ မဖြစ်တော့ဘူး။ မဟုတ်ရင် ပန်းလိုင်နတ်တောင်ကို ဆုံးရှုံးသွားရတော့မယ်"

ဇူဟုန်ဝူသည် သူ၏အသံကို နှိမ့်ချလိုက်ကာ ပြောလိုက်သည်။ "စိတ်မပူပါနဲ့၊ အရှင်မင်းမြတ်။

ပန်းလိုင်နတ်တောင်က ကျွန်တော်တို့ဟာပဲ
ဖြစ်ရမယ်"

သူ၏စကားဆုံးသည်နှင့် သူသည်
ဖန်ကျန်းနတ်တောင် အတွင်းမှ
ထွက်ခွာလိုက်ကာ ဟင်းလင်းပြင် အတွင်းသို့
ဝင်လိုက်၍ ကြယ်ကြွေသကဲ့သို့
ပန်းလိုင်နတ်တောင်ထံသို့
ပျံသန်းဝင်ရောက်သွားခဲ့သည်။

ဖန်ကျန်းနတ်တောင်ကလည်း လေဟာနယ်
အလွှာများကို ဖောက်ထွင်း၍
ပန်းလိုင်နတ်တောင် အပေါ်သို့
ကျဆင်းလာခဲ့သည်။

ရွှေရောင်ကြိုးတန်းများသည် ဟင်းလင်းပြင်အပေါ်သို့ ထပ်ဖန်တစ်ခါ ဆန့်တန်းလာခဲ့သည်။ သူတို့သည် ယင်ပင်လယ်၏ စွမ်းအားများကို ဆွဲယူခဲ့ကာ ကြိုးတန်းများစွာတို့သည် ပန်းလိုင်နတ်တောင်နှင့် ယင်ပင်လယ်တို့အား ဆက်သွယ်ထားသည့် သက်တံ့ကိုးသွယ်ထံသို့ ဝင်ရောက်သွားခဲ့သည်။

လင်းဖုန်းသည် မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ၏ အရွယ်အစားကို ချုံ့လိုက်၍ ပန်းလိုင်နတ်တောင်၏ မဟာခန်းမဆောင် အတွင်းသို့ ဝင်လိုက်သည်။

ပေါ်ဒီးစ်ကေရာဇ်၏ အလင်းတန်း ပုံရိပ်သည်
ပျောက်ကွယ်သွားပြီ ဖြစ်ကာ
ကောင်းကင်ယောက်သွား ရွှေပုလဲသာ
ကျန်နေရစ်သည်။

တစ်ခုတည်းသော ခြားနားချက်မှာ
ကောင်းကင်ယောက်သွား ရွှေပုလဲသည် မူလက
လူကြီးတစ်ယောက်၏ လက်သီးဆုပ်ခန့်
ရှိသော်လည်း ယခုအချိန်တွင်
နှစ်ဆကြီးမားလာခဲ့ပြီ ဖြစ်သည်။

ခရမ်းရောင် အလင်းတန်းများသည်
ပုလဲအတွင်းမှ ထွက်လာခဲ့ကာ
မြူခိုးငွေ့များအဖြစ် မဟာခန်းမဆောင်

အတွင်းတွင် လှည့်ပတ်နေခဲ့၍ တောင်ပေါ်မှ
အခြား သက်ရှိများနှင့် နီးစပ်စွာ
ဆက်သွယ်နေခဲ့သည်။

ထိုခရမ်းရောင် မြူခိုးငွေ့များ၏ အတွင်းတွင်
မရေမတွက်နိုင်သော အဖြူနှင့်အနက်
မှော်သင်္ကေတ စာလုံးများသည်
လွင့်မျောနေခဲ့၏။

လင်းဖုန်းသည် ကောင်းကင်ယောက်သွား
ရွှေပုလဲအား ထိလိုက်ရာ သူသည်
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့၍ ခရမ်းရောင်
အလင်းတန်းများက နောက်ဆုတ်သွားခဲ့သည်။
သို့သော်လည်း နောက်ဆုတ်သွားသော

အလင်းတန်းများ၏ စွမ်းအားများသည်
အားမနည်းသွားခဲ့ပဲ ပို၍ သိပ်သည်းလာခဲ့သည်။

မဟာခန်းမဆောင်၏ ထိပ်တွင်
လွင့်မျောနေသော ပုလဲသည် သူ၏ စွမ်းအားများ
အားလုံးကို မျက်နှာကြက် အတွင်းသို့
ထည့်သွင်းလိုက်သည်။ ရွှေပုလဲသည်
ယခုအချိန်တွင် မဟာခန်းမဆောင်၏
အစိတ်အပိုင်း တစ်ခုအဖြစ်ကဲ့သို့
ဖြစ်သွားခဲ့သည်။

မဟာခန်းမဆောင်၏ အနားတွင် ရှိနေသော
ခရမ်းရောင် စွမ်းအားများသည် လင်းဖုန်း၏

မှူလရှေးဟောင်း ကောင်းကင်စီးနင်းသူနှင့်
ဆက်သွယ်သွားခဲ့သည်။

လင်းဖုန်းသည် ရယ်ရမ်းသွေးလိုက်ကာ
ခက်ထန်စွာ ရောက်လာကြသော ဇူဟုန်ဝူနှင့်
ဖန်ကျန်းနတ်တောင်တို့အား ကြည့်လိုက်သည်။
သူ၏ အတွေးတစ်ချက်နှင့်ပင် တောင်အား
လှည့်ပတ်နေကြသော နတ်စွမ်းအင်
ကိုးတန်းတို့သည် အရောင်ကိုးမျိုး နတ်ဘုရား
အလင်းတန်း အဖြစ်သို့ ပြောင်းသွားခဲ့ကာ
အပြင်သို့ ပေါက်ကွဲထွက်သွားကြသည်။

စွမ်းအင်ကိုးမျိုး အစစ်အမှန် ကောင်းကင်
နတ်ဘုရား အလင်းတန်း!

ထည်ဝါလှသည့် အရောင်ကိုးမျိုး နတ်ဘုရား အလင်းတန်းသည် ဖန်ကျန်းနတ်တောင်နှင့် ယင်ပင်လယ်တို့အား ဆက်သွယ်ထားသည့် ရွှေရောင်ကြိုးတန်းများအား ထက်မြတ်သော ဓားသွားဖြင့် ဒိန်ခဲတုံးအား လှီးချခဲ့သကဲ့သို့ ဖြတ်တောက်လိုက်သည်။

"ယင်ပင်လယ်က တောင်သုံးတောင်တို့က ကွဲပြားခြားနားတဲ့ တိုက်ပွဲစွမ်းရည်တွေ ရှိနေကြတယ်" လင်းဖုန်း၏ အသံသည် ကောင်းကင်အကြားမှာ ထွက်လာခဲ့သည်။ "သူတို့က ကိုယ်ပိုင် တိုက်စစ်နဲ့ ခံစစ် အကွက်တွေ ရှိကြပေမဲ့ ဖန်ကျန်းနတ်တောင်က

ခံစစ်စွမ်းရည်နဲ့ ဖိအားပေးတဲ့ နေရာမှာ ပိုသာတယ်"

"ယင်ကျိုးနတ်တောင်ရဲ့ အမည်မဲ့ ရှေးဟောင်းဝက်ပါက ရန်သူတွေကို လှည့်စားတဲ့နေရာမှာ ပိုအသုံးဝင်တယ်။ တောင်ထိပ်က ပုံရိပ်ယောင်က အစွမ်းအထက်ဆုံး ပုံရိပ်ယောင်တွေ အနက်မှာ တစ်ခုလို့ ပြောလိုက်ရတယ်"

"ဒါပေမဲ့ တိုက်စစ်စွမ်းရည်တွေ အထဲမှာတော့ ငါ့ရဲ့ ပန်းလိုင်နတ်တောင်က အထက်တန်း အကျဆုံး ဆိုတာက သံသယဖြစ်ဖွယ် မရှိဘူး"

မဟာခန်းမဆောင် အတွင်းမှ နောက်ထပ်
အစွမ်းထက်သော အရောင်ကိုးမျိုး နတ်ဘုရား
အလင်းတန်းတစ်ခု ထပ်ထွက်လာခဲ့ကာ
ဖန်ကျန်းနတ်တောင်အား တိုက်ခိုက်လိုက်သည်။
ဤကြမ်းတမ်းသော တိုက်ခိုက်မှုသည်
ကြီးမားလှသည့် ဖန်ကျန်းနတ်တောင်အား
အနောက်သို့ အဆက်မပြတ်
ဆုတ်ခွာစေခဲ့သည်။

လျှမ်ပန်း၏ မျက်နှာသည် မည်းမှောင်လာခဲ့၍
ရွှေရောင်ကြိုးတန်းပေါင်း များစွာတို့သည်
ဖန်ကျန်းနတ်တောင်မှ ထွက်ပေါ်လာကြသည်။
သူသည် ယင်ပင်လယ်၏ စွမ်းအားများကို

ထုတ်ယူခဲ့ကာ ကောင်းကင်နှလုံးသား ဖန်ကျန်း
နတ်အလင်းတန်းကို ထုတ်ဖော်ခဲ့၍
စွမ်းအင်ကိုးမျိုး အစစ်အမှန် ကောင်းကင်
နတ်ဘုရား အလင်းတန်းနှင့် ရင်ဆိုင်ခဲ့ကာ သူ၏
နောက်ဆုတ်နေမှုကို ရပ်တန့်နိုင်အောင်
ကြိုးစားခဲ့သည်။

"အိုး၊ မင်းက တိုက်စစ်စွမ်းအားချင်း
ပြိုင်ချင်နေတာလား။ မင်းက
မဟာကောင်းကင်ဘီးကို ကျော်နိုင်မယ်
ထင်နေတာလား" ဇူဟုန်ဝူ၏ ပုံရိပ်သည်
ဖန်ကျန်းနတ်တောင် အပေါ်တွင် ပေါ်လာခဲ့၍
အေးစက်စွာနှင့် ပြောလိုက်သည်။ "လင်းဖုန်း၊
တကယ်လို့ မင်းရဲ့ မူလခန္ဓာကိုယ်သာ ရှိခဲ့ရင်

မင်းက အသက်ရှင်နိုင်ဖို့ အခွင့်အရေးရှိတယ်။
ဒါပေမဲ့ မင်းရဲ့ မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ်နဲ့သာ
ဆိုရင်တော့ အိမ်မက်တောင် မမက်နဲ့"

အသွင်မဲ့ဘီးသည် သူ၏ လက်ဖဝါးများ
အတွင်းမှ စတင်လည်ပတ်လာခဲ့၍
ပန်းလိုင်နတ်တောင်၏ အပေါ်သို့
ကောင်းကင်ကို ချေမှုန်းနိုင်သော
စွမ်းအားများဖြင့် ရိုက်ချလိုက်ရာ
အရာအားလုံးတို့က ကြေမွသွားတော့မည့်ကဲ့သို့
ဖြစ်သွားခဲ့သည်။

ဘီးများ၏ ကြီးမားလှသော စွမ်းအင်များသည်
ပန်းလိုင်နတ်တောင် ပတ်ပတ်လည်ရှိ

အနက်ရောင် ပင်လယ်အား
လှိုင်းတံပိုးထစေခဲ့ကာ ထိုလှိုင်းလုံးများသည်
ထကြွလှုပ်ရှားလာခဲ့၍ ဝင်ရောက်လာသော
တိုက်ခိုက်မှုအား ရပ်တန့်နိုင်ရန်
ကြိုးစားလိုက်သည်။

သို့သော်လည်း မဟာကောင်းကင်ဘီး၏
ပေါက်ကွဲလာသော စွမ်းအားများသည်
အနက်ရောင် ရေများကို နောက်ဆုတ်စေခဲ့ကာ
အနက်ရောင် ပင်လယ်၏ ထူထဲလှသော
ရေလှိုင်းများကို စက္ကူစကို ဆွဲဖြဲသကဲ့သို့
ဆုတ်ဖြဲလိုက်သည်။

အနက်ရောင် ပင်လယ်၏ ဒီရေများသည်
လှိုင်းထန်နေခဲ့ကာ ယင်ပင်လယ်
ပတ်ပတ်လည်မှ ကောင်းကင်သည် မှုန်မှိုင်း၍
အုံ့ဆိုင်းလာခဲ့သည်။ ယင်ပင်လယ်
တစ်ခုလုံးသည် မဟာကောင်းကင်ဘီး၏
ပေါက်ကွဲနိုင်သော သဘာဝ၏ လှုံ့ဆော်မှုကို
ခံခဲ့ရ၍ ယင်ပင်လယ်၏ သဘာဝ အကာအကွယ်
စနစ်များသည် အသက်ဝင်လာကြကာ
အနက်ရောင် ပင်လယ်နှင့် ပူးပေါင်း၍
ဇူဟုန်ဝူနှင့် မဟာကောင်းကင်ဘီးအား ဖိနှိပ်ရန်
ကြိုးစားလိုက်ကြသည်။

ဇူဟုန်ဝူသည် မဟာကောင်းကင်ဘီးအား
လက်အတွင်းတွင် ကိုင်ထားကာ

လေထုအလယ်တွင် နတ်တစ်ပါးကဲ့သို့
ကြောက်ရွံ့မှု ကင်းမဲ့စွာနှင့် ရပ်နေခဲ့သည်။
သူသည် အနောက်သို့ ခြေတစ်လှမ်းမှ
မဆုတ်ခဲ့ပဲ ယင်ပင်လယ်၏ စွမ်းအားများနှင့်
တိုက်ရိုက် ရင်ဆိုင်ခဲ့သည်။

လျှမ်ပန်းသည်လည်း ဖန်ကျန်းနတ်တောင်၏
စွမ်းအားများကို ဆင့်ခေါ်လိုက်ကာ လင်းဖုန်း၏
ပန်းလိုင်နတ်တောင်နှင့် ရင်ဆိုင်လိုက်၍
ယင်ပင်လယ် ကမ္ဘာ၏ ကြီးမားလှသော
စွမ်းအားများကို ထိန်းချုပ်နိုင်ရန်
စိန်ခေါ်လိုက်၏။ ဖန်ကျန်းနတ်တောင်၏
ဝင်ရောက်ပိတ်ဆို့မှုကြောင့် အနက်ရောင်
ပင်လယ်သည် အင်အားယုတ်လျော့သွားခဲ့သည်။

မဟာကောင်းကင်ဘီး၏ အပေါ်မှ
ဖိအားများသည် လျော့ကျသွားခဲ့သောအခါ
ဇူဟုန်ဝူသည် ချက်ချင်းပင် အနက်ရောင်
ပင်လယ်အား ဖြတ်ကျော်ဝင်ရောက်လာခဲ့ကာ
ပန်းလိုင်နတ်တောင် အပေါ်သို့ ရောက်လာခဲ့၏။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ
မဟာပဏ္ဍိတတို့ကလည်း တစ်ချိန်တည်းတွင်
အဝေးမှ မိုးကုတ်စက်ဝိုင်းအတွင်းတွင်
ပေါ်လာခဲ့ကာ နတ်တောင်နှစ်တောင်တို့အား
စိုက်ကြည့်နေခဲ့သည်။

ဇူဟုန်ဝူသည် မဟာကောင်းကင်ဘီးအား လေပေါ်သို့ ထပ်မံမြှောက်လိုက်ကာ ပန်းလိုင်နတ်တောင်ထံသို့ ခုန်အုပ်ခဲ့လိုက်သည်။

လင်းဖုန်း၏ အသံသည် ချက်ချင်းဆိုသလိုပင် တောင်အတွင်းမှ ထွက်လာခဲ့၏။ "ကဲ၊ ရွှေပုစဉ်း ဆရာတော်ဆီကို သွားပြီးတော့ အဖော်လုပ်ပေတော့"

ဇူဟုန်ဝူသည် ထိုစကားများကို ကြားလိုက်သောအခါ သူ၏ လှုပ်ရှားမှုများသည် အနည်းငယ် တုံ့ဆိုင်းသွားခဲ့ကာ လင်းဖုန်း၏ ချောင်းမြောင်း တိုက်ခိုက်မှုများကို သတိထားနေခဲ့သည်။

ခဏအကြာတွင် ပန်းလိုင်နတ်တောင်သည် ပြင်းထန်စွာ တုန်ခါလာခဲ့၍ အရောင်ကိုးမျိုး နတ်ဘုရား အလင်းတန်းဖြင့် လွှမ်းခြုံသွားခဲ့ပြီး ကောင်းကင်ပေါ်သို့ ပျံသန်းသွားခဲ့ကာ ဖန်ကျန်းနတ်တောင်နှင့် ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

လင်းဖုန်းသည် ဝံပုလွေ တစ်ကောင်ကဲ့သို့ ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကဲ၊ တောင်နှစ်တောင်စလုံးကို တပြိုင်နက် လက်လွှတ်လိုက်ကြစို့"

လျှမ်ပန်း၏ အမူအရာသည် ပျက်သွားခဲ့ကာ ကျယ်ပြန့်သောပင်လယ် ခေါ်မာစတာက ကိုက်ဆဲလိုက်၏။ "သူက ရှုးနေတာပဲ။ ရှုးမိုက်တဲ့ လူယုတ်မာပဲ။ သူက ယုကျင်းတောင်နဲ့ ဒီလိုမျိုး လုပ်ရတာကို ပျော်နေတဲ့အပြင် အခုလည်း ပန်းလိုင်နတ်တောင်နဲ့ လုပ်ချင်နေပြန်ပြီ"

အားလုံးတို့က ဘာမှ မတုံ့ပြန်နိုင်ခင် ပန်းလိုင်နတ်တောင်နှင့် ဖန်ကျန်းနတ်တောင်တို့သည် ပြင်းထန်စွာနှင့် ထိပ်တိုက် ရိုက်ခတ်ခဲ့ကြသည်။

## စာစဥ် ၄၁ : အပိုင်း ၁၃

# အပိုင်း ၇၈၃ : အကျပ်ရိုက်သွားသော မဟာကျိုး အင်ပါယာ

အစပထမတွင် လျှမ်ပန်းသည် ဖန်ကျန်းနတ်တောင်၏ ခံစစ်စွမ်းအားများသည် တောင်သုံးတောင် အနက်တွင် အကောင်းဆုံး ဖြစ်သည်ဟု သိထားသဖြင့် လင်းဖုန်း၏ ထူးဆန်းသော အပြုအမူဖြင့် ပန်းလိုင်နတ်တောင်ကို အသုံးပြု၍ ဖန်ကျန်းနတ်တောင်အား တိုက်ခိုက်မှုကို စိတ်ထဲတွင် သိပ်မထားခဲ့ပေ။

သို့သော်လည်း လျှမ်ပန်းသည် လင်းဖုန်းက ပစ်မှတ် တစ်ခုတည်းကို သီးသန့် ရွေးချယ်ခဲ့သည်ကို သတိပြုမိလိုက်၏။ သူသည် ဖန်ကျန်းနတ်တောင် အပေါ်မှ နဂါးအုပ်စု၏ ပုံရိပ်ယောင်များကို ဦးတည်၍ တိုက်ခိုက်ခဲ့သည်ကို တွေ့ရသောအခါ လျှမ်ပန်း၏ မျက်နှာသည် ပျက်သွားခဲ့သည်။

ကျွန်းငယ်လေး တစ်ကျွန်းထက်ပင် ပို၍ကြီးမားလှသည့် ရောမ တောင်ကြီး နှစ်တောင်တို့သည် အတူတကွ ထိပ်တိုက် တိုက်ခိုက်လိုက်ကြသည်။

ပထမ အကျိုးသက်ရောက်မှုမှာ
ဖန်ကျန်းနတ်တောင် အပေါ်မှ
နဂါးပုံရိပ်ယောင်များက လုံးဝ
ပြိုကွဲလွင့်ပြယ်သွားခြင်း ဖြစ်သည်။ ပြီးတာနှင့်
ရွှေရောင်ဖျော့ဖျော့ အလင်းတန်းများက
အရောင်ကိုးမျိုး နတ်ဘုရား အလင်းတန်းနှင့်
ရောထွေးသွားကြ၏။ တောင်များအပေါ်မှ
ကောင်းကင်သည် မှောင်မိုက်သွားခဲ့ကာ
အရောင်မျိုးစုံတို့ဖြင့် ထူးဆန်းစွာ
ရောထွေးနေခဲ့သည်။

ယင်ပင်လယ်၏ တောင်ပိုင်းတစ်ခုလုံးမှ
ကောင်းကင်သည် တစ်စုံတစ်ယောက်က

ဆွဲလိမ်ထားသော ရောမ ပန်းချီကားကြီး
တစ်ချပ်ကဲ့သို့ ဖြစ်သွားခဲ့သည်။

မရေမတွက်နိုင်သော ပုံရိပ်ယောင်များက
ပျက်စီးသွားကြ၍ ယင်ပင်လယ် အတွင်းတွင်
နေထိုင်နေကြသော လေဟာနယ်
မွန်းစတားများစွာတို့သည် မှုန့်မှုန့်ညက်ညက်
ကြေသွားကြ၏။ စိတ်ဝိညာဉ် ဆေးဝါးပင်များနှင့်
ယင်ပင်လယ် အတွင်းတွင် သွားလာနေကြသော
ကျင့်ကြံသူ အများအပြားတို့လည်း
အသက်ပျောက်ကုန်ကြသည်။

ဖန်ကျန်းနတ်တောင်၏ အပေါ်တွင် ရှိနေသော
လျှမ်ပန်းနှင့် မဟာကျိုး အင်ပါယာမှ

ကျင့်ကြံသူများ၊ တောင်နှင့် မသက်ဆိုင်သော
အခြားသက်ရှိများတို့သည်
သားမွေးတစ်ထည်အပေါ်မှ ခါအချ
ခံလိုက်ရသော ပိုးမွှားများပမာ တောင်ပေါ်မှ
လွင့်စင်ကျလာခဲ့သည်။

လျှမ်ပန်းကိုယ်တိုင်ကလည်း ဒဏ်ရာ
အပြင်းအထန် ရရှိသွား၏။ သို့သော်လည်း
သူ့အားပို၍ နောင်တရစေခဲ့သည်မှာ သူနှင့်
ဖန်ကျန်းနတ်တောင်နှင့် ဆက်သွယ်မှုသည်
ပြတ်တောက်သွားခြင်းပင် ဖြစ်သည်။

ဇူဟုန်ဝူသည် ခြေတစ်လှမ်း
နောက်ကျသွားခြင်းကြောင့်

ပန်းလိုင်နတ်တောင်၏ ကြယ်တစ်စင်းကဲ့သို့
လှုပ်ရှားမှုအား မရပ်တန့်နိုင်ခဲ့ပေ။
သို့သော်လည်း သူသည်
မဟာကောင်းကင်ဘီး၏ စွမ်းအားများကို
ထုတ်ဖော်၍ အရောင်ကိုးမျိုး နတ်ဘုရား
အလင်းတန်းအား တစ်စစီဖြစ်အောင်
ခြေမွနိုင်ခဲ့သည်။

လင်းဖုန်း၏ မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူသည် လျှမ်ပန်း၏
ကိုယ်ပွားထက် အင်အားပိုကြီးသော်လည်း
သူသည် ဖန်ကျန်းနတ်တောင်နှင့် ရင်ဆိုင်ခဲ့ရ၍
မဟာကောင်းကင်ဘီး၏
တိုက်ခိုက်မှုများကိုလည်း ခံလိုက်ရသဖြင့်

တောင်ပေါ်မှ လွင့်စင်ကျလာခဲ့သည်။
လျှမ်ပန်းကဲ့သို့ပင် လင်းဖုန်းသည်လည်း
ပန်းလိုင်နတ်တောင်နှင့် ဆက်သွယ်မှုများ
ပျောက်ကွယ်သွားခဲ့သည်။

သူသည် မဟာခန်းမဆောင်မှ မလွင့်စင်ခင်
အချိန်အတွင်း၌ လင်းဖုန်းသည်
နောက်ပြန်လှည့်လိုက်ကာ
ကောင်းကင်ယောက်သွား ရွှေပုလဲအား
နောက်ဆုံးအကြိမ်အဖြစ်
တစ်ချက်ကြည့်လိုက်ပြီး အားရပါးရ
ရယ်မောလိုက်သည်။ ပြီးတာနှင့် အရုံအတား
ချိုးဖောက်ကျောက်တုံးနှင့် အခြားရတနာများကို
ပုလဲအတွင်းသို့ ထည့်လိုက်ပြီးချိန်တွင်

တိုက်ခိုက်မှုများ၏ ပြင်းထန်သော
စွမ်းအားများက သူ့အား တောင်ပေါ်မှ
ပြုတ်ကျစေခဲ့သည်။

လင်းဖုန်းသည် ဤထိပ်တိုက်တွေ့ဆုံမှုမှ
အနိုင်ရရှိရန် လုံးဝ မမျှော်လင့်ခဲ့ပေ။ ဇူဟုန်ဝူနှင့်
မဟာကောင်းကင်ဘီးတို့က ရှိနေခဲ့သဖြင့်
ပန်းလိုင်နတ်တောင်သည် အောက်စည်းသို့
ရောက်နေခဲ့ပြီး ဘေးမှ အခွင့်ကောင်းကို
စောင့်မျှော်နေသည့် ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတနှင့် ချုံးချီ
မဟာပဏ္ဍိတတို့အားလည်း
သတိထားနေရဦးမည် ဖြစ်သည်။

သူ၏ အစကတည်းက အကြံအစည်မှာ ပန်းလိုင်နတ်တောင်အား အနစ်နာခံ၍ လျှမ်ပန်းထံမှ ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးအောင် ပြုလုပ်ရန် ဖြစ်သည်။

"ငါက ပန်းလိုင်နတ်တောင်ကို ထိန်းသိမ်းဖို့ မဖြစ်နိုင်ဘူးဆိုရင် မင်းကလည်း ဖန်ကျန်းနတ်တောင်ကို ဆက်ပြီးတော့ ထိန်းထားနိုင်ဖို့ မစဉ်းစားနဲ့တော့"

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ မဟာပဏ္ဍိတတို့သည် သူတို့အရှေ့မှ ဖြစ်ပျက်ခဲ့သမျှကို ကြည့်လိုက်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။

သို့သော်လည်း သူတို့သည် လင်းဖုန်းက သူတို့အားလုံး၏ ဝန်းရံတိုက်ခိုက်မှုကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသည့် အပြုအမူမျိုးကို ပြုလုပ်နိုင်သည်ဟု ခန့်မှန်းထားကြသည်။ ခဏအကြာတွင် သူတို့သည် ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံပဲ ပန်းလိုင်နတ်တောင်ထံသို့ ပြေးဝင်သွားကြသည်။

အခြားတစ်ဘက်တွင်မူ လျှမ်ပန်းနှင့် သူ၏အဖွဲ့ဝင်များသည် ဖန်ကျန်းနတ်တောင်ထံသို့ ပြန်သွားရန် ကြိုးစားလိုက်ကြ၏။

ဇူဟုန်ဝူ၏ မျက်လုံးများသည် လင်းဖုန်း၏ မူလရှေးဟောင်း ကောင်းကင်စီးနင်းသူထံမှ လုံးဝ မခွာခဲ့ပေ။ သူ၏ မျက်လုံးများမှာ မီးလျှံနှင့် ရေခဲများ ဖြာထွက်နေ၍ သူသည် မဟာကောင်းကင်ဘီးကို မြှောက်လိုက်ကာ နောက်တစ်ခေါက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

လင်းဖုန်းသည် ဇူဟုန်ဝူအား ကြည့်လိုက်ကာ ရယ်ရမ်းသွေးလိုက်သည်။ "အရင်က ယင်ပင်လယ်က တောင်တွေ အချင်းချင်း ထိပ်တိုက်တွေ့ဆုံတာကို တစ်ယောက်ကမှ မမြင်ဖူးဘူး။ ဒါပေမဲ့ ဟေးဒီးစ်ကေရာဇ်ရဲ့ အလင်းတန်း ပုံရိပ်အတွင်းက

မှတ်ဉာဏ်တွေထဲမှာ မဟာမိစ္ဆာ တစ်ကောင်က သူ့အသက်ရှင်နေဆဲမှာ ဖန်ကျန်းနတ်တောင်ကို ဒီနည်းလမ်းကိုပဲ အသုံးပြုပြီး ထိန်းချုပ်နိုင်ဖို့ ကြိုးစားခဲ့တာကို တွေ့ခဲ့ရတယ်"

"ရလဒ်အနေနဲ့ကတော့.. ဟက်!"

ထိပ်တိုက်တွေ့ဆုံခြင်းမှ ဖြစ်ပေါ်လာသော တုန်ခါနေသည့် လှိုင်းလုံးများသည် တဖြည်းဖြည်းနှင့် ပြန်လည် ငြိမ်သက်လာခဲ့ကာ ကောင်းကင်နှင့် မြေကြီးတို့သည် သူတို့၏ မူလ အခြေအနေသို့ ပြန်လည်၍ တည်ငြိမ်လာခဲ့သည်။

သို့သော်လည်း ခဏအကြာတွင်
ဒီရေလှိုင်းလုံးများက စတင်၍
ထကြွလှုပ်ရှားလာခဲ့ကာ ယင်ပင်လယ်၏
အပေါ်မှ အဖြူရောင် တိမ်တိုက်များသည်
ကြဲပြန့်လွင့်ပြယ်သွားကြသည်။ ပင်လယ်ရေ
မျှော်စင်များသည် ကောင်းကင်ပေါ်သို့
လည်ပတ်၍ တက်သွားကြကာ လေဟာနယ်
ပုံရိပ်ယောင်များသည် တစ်ခုနှင့်တစ်ခု
ရောထွေးယှက်လိမ်သွားကြသည်။

စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ပြည့်နေသော
ဆူနာမီ လှိုင်းလုံးကြီးတစ်ခုသည်
ကောင်းကင်တစ်ဝက်ကို ဖုံးလွှမ်းထားကာ

ယင်ပင်လယ်၏ တောင်ပိုင်း တစ်ခုလုံးသည် တုန်ခါလာခဲ့သည်။ ဒါသည် ပုံရိပ်ယောင် ပင်လယ်ဒီရေ ဖြစ်၏။

ပန်းလိုင်နှင့် ဖန်ကျန်းနတ်တောင်တို့၏ ပြင်းထန်စွာ ထိပ်တိုက်တွေ့ဆုံမှုသည် ပုံရိပ်ယောင် ပင်လယ်ဒီရေကို အချိန်မကျသေးခင်တွင် ဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်။

လျှမ်ပန်းနှင့် ကျန်သောသူများတို့သည် ဤအဖြစ်ကို မမျှော်လင့်ထားကြပဲ ဖန်ကျန်းနတ်တောင်၏ အကာအကွယ်ကို ဆုံးရှုံးသွားရပြီး ဖြစ်သဖြင့် သူတို့အားလုံးတို့က

ကြောက်ရွံ့သွားကြသည်။ သူတို့အားလုံးတို့သည်
ကြီးမားလှသော ဝဲသြဃ အတွင်းတွင်
ရောက်ရှိနေသော လှေငယ်လေးများကဲ့သို့
အချိန်မရွေး တိမ်းစောင်းနစ်မြုပ်နိုင်သည့်
အခြေအနေနှင့် ကြုံတွေ့နေခဲ့ကြရသည်။
အင်မော်တယ် ဝိညာဉ် တတိယ အဆင့်တွင်
ရှိသော လော်ဖူး သူတော်စင်ပင်လျှင်
သတိကြီးစွာ ထားနေရ၏။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ
မဟာပဏ္ဍိတတို့မှာမူ အနည်းငယ်
တော်သေးသည်။ သို့သော်လည်း ဤကဲ့သို့သော
ယင်ပင်လယ်၏ မာန်ဟုန်ပြင်းစွာ
ထကြွလှုပ်ရှားနေကြသော

ဒီရေလှိုင်းလုံးကြီးများနှင့်
ရင်ဆိုင်ကြုံတွေ့လိုက်ရသောအခါ သူတို့အား
ချိုးဖောက်ကာ နတ်တောင်အပေါ်သို့
တက်နိုင်ရန်တော့ မဖြစ်နိုင်တော့ချေ။ သူတို့
တတ်နိုင်ကြသည်မှာ သူတို့၏
လက်တစ်ကမ်းအနားသို့ ရောက်လာပြီးသော
နတ်တောင်များသည် သူတို့၏ လက်အတွင်းမှ
လွတ်သွားကြကာ အဝေးသို့
ရောက်ရှိသွားကြသည်ကို ကြည့်နေရုံသာ
ဖြစ်သည်။

အင်အားကြီးမားကာ လျှို့ဝှက်ဆန်းကြယ်သော
လေဟာနယ် ပုံရိပ်ယောင်များတို့သည်
ပုံရိပ်ယောင် ပင်လယ်ဒီရေ အတွင်းတွင်

ရောယှက်နေကြကာ ပင်လယ်ရေမျက်နှာပြင်
အပေါ်တွင် လေပူဖောင်းများကဲ့သို့
ပေါ်လာကြသည်။

အစမူလက လူများအား ထင်ယောင်ထင်မှား
ဖြစ်စေရန်သာ လှည့်စားတတ်သော
အင်အားများသည် ယခုအချိန်တွင်
ပေါက်ကွဲလွယ်သော စိတ်ဝိညာဉ် စွမ်းအင်များ
အဖြစ်သို့ ပြောင်းသွားကြကာ
မုန်တိုင်းလှိုင်းလုံးများကို ပို၍ ခက်ထန်အောင်
ပြုလုပ်ပေးနေကြသည်။ ယင်းပင်လယ်မှ
ဒေါသူပုန်ထနေသော လှိုင်းလုံးများသည်
သူတို့၏ လမ်းကြောင်းတွင် ရှိနေသမျှ

အရာအားလုံးတို့အား
ရိုက်ခတ်ဖယ်ရှားပစ်ခဲ့ကြသည်။

ဒါသည် ဖန်ကျန်းနှင့်
ပန်းလိုင်နတ်တောင်တို့ကြောင့်
ဖြစ်ပေါ်လာသော ပုံရိပ်ယောင်
ပင်လယ်ဒီရေသာ ဖြစ်သဖြင့် သူသည်
ယင်ပင်လယ် တစ်ခုလုံးသို့ ပျံ့နှံ့သွားခြင်း မရှိပဲ
ထိုနေရာတွင်သာ ဖြစ်ပေါ်ခဲ့ကြသည်။
သို့သော်လည်း သူ၏ ဖျက်ဆီးနိုင်မှု
စွမ်းအားများမှာ သာမန်ထက် များစွာပို၍
ကြောက်မက်ဖွယ်ရာ ကောင်းပေသည်။

ပန်းလိုင်နှင့် ဖန်ကျန်းနတ်တောင်တို့သည်
ဒေါမာန်ထနေသော လှိုင်းလုံးများအောက်သို့
ရောက်သွားခဲ့ကာ ပင်လယ်အောက်တွင်
ပျောက်ကွယ်သွားကြသည်။
နတ်တောင်နှစ်လုံးတို့သည် ရုတ်တရက်
ပေါ်ပေါက်လာသော ပုံရိပ်ယောင်
ပင်လယ်ဒီရေကြောင့် ပင်လယ်အောက်တွင်
ပြန်လည်ပုန်းကွယ်သွားကြပြီ ဖြစ်သည်။
အကယ်၍ သူတို့အား ပြန်ရှာလိုလျှင်
နောက်ထပ် တောင်သုံးတောင် ပေါ်လာမည့်
အချိန်အား စောင့်ရတော့မည် ဖြစ်၏။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ
မဟာပဏ္ဍိတတို့သည် နောင်တများ

ရနေကြကာ မခံချိ မခံသာများ ဖြစ်နေကြ၏။
အကယ်၍ သူတို့သည် ကြားနေမှုဝင်၍
အမြတ်ထုတ်ရန် ရည်ရွယ်၍ ဘေးမှသာ
ထိုင်မကြည့်နေခဲ့ပဲ မဟာကျိုး အင်ပါယာနှင့်
အတူ လင်းဖုန်းထံသို့ ဝင်ရောက်
တိုက်ခိုက်ခဲ့ပါက လင်းဖုန်းသည်
ပန်းလိုင်နတ်တောင်ကို အသုံးပြု၍
ဖန်ကျန်းနတ်တောင်အား တိုက်ခိုက်ရန်
အခွင့်အရေး လုံးဝရနိုင်လိမ့်မည် မဟုတ်ချေ။

ယင်ကျိုးနတ်တောင်ဘက်တွင် အင်မော်တယ်
နဂါးမြို့တော်၊ တော်ဝင်နန်းတော်နှင့်
ယုကျင်းတောင်တို့သည် ခံတပ်ကိုသာ
စောင့်ကြပ်နေခဲ့၍ သူတို့၏ အခွင့်အရေးများမှာ

နည်းပါးလှသည်။ သူတို့ တတ်နိုင်ကြသည်မှာ ပန်းလိုင်နှင့် ဖန်ကျန်းနတ်တောင်တို့သည် ပုံရိပ်ယောင် ပင်လယ်ဒီရေ၏ လှိုင်းလုံးများအောက်သို့ ကျဆင်းသွားကြသည်ကို ကြည့်နေရခြင်းပင် ဖြစ်သည်။ ဒါသည် သူတို့နှစ်ယောက်တို့သည် ဤတစ်ခေါက် ယင်ပင်လယ် အတွင်းသို့ လာခဲ့သော ခရီးတွင် လက်ဗလာနှင့် အိမ်ပြန်ရမည် ဟူသည်ကို ဆိုလိုနေခြင်း ဖြစ်၏။

သို့သော်လည်း ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ မဟာပဏ္ဍိတတို့နှင့် စာလျှင် မဟာကျိုး အင်ပါယာ၏ အကျပ်ရိုက်မှုမှာ များစွာပို၍ ကြီးမားပေသည်။

ရွှေရောင်နတ်ငှက် မဟာပဏ္ဍိတနှင့် ချုံးချိ မဟာပဏ္ဍိတတို့သည် ပန်းလိုင်နတ်တောင်အား တစ်ခါမှ မပိုင်ဆိုင်ဖူးပဲ သူတို့၏ မျက်စိရှေ့မှ လက်လွှတ်သွားခဲ့ရခြင်းသာ ဖြစ်သည်။ သို့သော်လည်း မဟာကျိုး အင်ပါယာသည် ဖန်ကျန်းနတ်တောင်အား သူတို့၏ လက်အတွင်းတွင် မြဲမြံစွာ ဆုပ်ကိုင်နိုင်ကြပြီး ဖြစ်ကာ သူတို့၏ မျက်စိအောက်တွင် လက်လွှတ်ဆုံးရှုံးသွားရခြင်း ဖြစ်၏။ ဒါသည် အခြားအရာ အားလုံးတို့ထက် များစွာပို၍ ခံပြင်းဒေါသထွက်ဖွယ်ရာ ဖြစ်သည်။

ယခင်က ယင်ပင်လယ်တွင် တောင်သုံးတောင် ပေါ်လာခဲ့စဉ် အချိန်တုံးက မဟာကျိုး အင်ပါယာသည် ဖန်ကျန်းနတ်တောင်အား လျှို့ဝှက်စွာနှင့် ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ဒါသည် သူတို့၏ ဩဇာအာဏာနှင့် လွှမ်းမိုးမှုများအား ကြီးမားကျယ်ပြန့်စွာ ချဲ့ထွင်နိုင်ခြင်း၏ အကြောင်းရင်း တစ်ခုလည်း ဖြစ်၏။

ဒါသည် သူတို့အား ယခုတစ်ခေါက် တောင်သုံးတောင် ပေါ်လာသည့် အချိန်တွင် ကြီးမားလှသည့် အရေးသာမှုကိုလည်း ပေးစွမ်းနိုင်ကာ သူတို့သည် တိုက်ပွဲတစ်ဝက်ကို ကြိုတင်အောင်နိုင်ပြီး ဖြစ်သည်ဟူ၍

ပြော၍ရသည်။ သို့သော်လည်း လင်းဖုန်း၏
ထိပ်တိုက် တိုက်ခိုက်မှုကြောင့် မဟာကျိုး
အင်ပါယာသည် ပန်းလိုင်နတ်တောင်အား
မရရှိခဲ့သည့် အပြင် သူတို့၏
နောက်ဖေးခြံဝင်းသို့ ရောက်နေပြီးဖြစ်သည့်
ဖန်ကျန်းနတ်တောင်ကိုပင် ဆုံးရှုံးသွားခဲ့ရသည်။

လျှမ်ပန်း၏ တည်ငြိမ်သော
စိတ်အခြေအနေနှင့်ပင် သူသည် လင်းဖုန်း၏
မူလရှေးဟောင်း ကောင်းကင်စီးနင်းသူ
မော်ကျိန်စာ ရုပ်ခန္ဓာကိုယ်အား
မီးဝင်းဝင်းတောက်သော မျက်လုံးများဖြင့်
ကြည့်နေခဲ့ကာ အချိန်အတော်ကြာအောင် ဘာမှ
မပြောနိုင်ခဲ့ပေ။

ဇူဟုန်ဝူမှာမူ စကားပြော၍
အချိန်ဖြုန်းမနေတော့ပဲ
မဟာကောင်းကင်ဘီးကို ကိုင်ဆောင်၍
လင်းဖုန်းထံသို့ နောက်တစ်ခေါက်
ထပ်ဝင်လာခဲ့သည်။ သူသည် သူ၏အရှေ့မှ
ပုံရိပ်ယောင် ပင်လယ်ဒီရေအား လုံးဝ
လျစ်လျူရှုထားခဲ့ကာ လက်စားချေနိုင်ရန်
သွေးရူးသွေးတန်း ကြိုးစားလိုက်သည်။

မူလရှေးဟောင်း ကောင်းကင်စီးနင်းသူသည်
တစ်ချက်ပြုံးလိုက်ကာ ပုံရိပ်ယောင်
ပင်လယ်ဒီရေအား မခုခံတော့ပဲ သူ့ကိုယ်သူ
လှိုင်းလုံးများအကြားတွင် အနစ်မြှုပ်ခံလိုက်ကာ

အမှုန့်များ အဖြစ်သို့ ချက်ချင်း
ပြောင်းသွားခဲ့သည်။

သူသည် ရေအောက်သို့ မပျောက်ကွယ်သွားခင်
ဇူဟုန်ဝူဘက်သို့ ကြည့်လိုက်ကာ
တစ်ချက်ရယ်လိုက်ပြီး ဇူဟုန်ဝူ၏
အနောက်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

လျှမ်ပန်း၏ အင်မော်တယ်ဝိညာဉ် ပထမ
အဆင့်မှ ရုပ်ပွား၊ အင်မော်တယ်ဝိညာဉ် ဒုတိယ
အဆင့်မှ ကျယ်ပြန့်သော
ပင်လယ်ဓားမာစတာနှင့် မင်းသားအချို့
အပါအဝင် မဟာကျိုး အင်ပါယာမှ အခြား
ကျင့်ကြံသူများတို့သည် ပုံရိပ်ယောင်

ပင်လယ်ဒီရေ အတွင်းတွင်
အသက်မပျောက်အောင်
ရုန်းကန်နေခဲ့ကြရသည်။

အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
လော်ဖူးသူတော်စင်မှာ သူ့ကိုယ်သူသာ
ကာကွယ်နိုင်ပြီး ကျန်သောသူများအား
ကူညီနိုင်စွမ်း မရှိနေပေ။ သူတတ်နိုင်သည်မှာ
အနည်းငယ် အားနည်းသော
ကျင့်ကြံသူများအား လှိုင်းလုံးကြီးများက
ဝါးမျိုသွားသည်ကို ကြည့်နေရုံသာ ဖြစ်၏။

ဇူဟုန်ဝူသည် မူလရှေးဟောင်း
ကောင်းကင်စီးနင်းသူက သူ၏အရှေ့တွင်

ကြွေကြွေမွသွားခဲ့သော နောက်ဆုံးအချိန်ကို ကြည့်နေခဲ့ကာ ဒေါသတကြီးဖြင့် ကြိမ်းဝါးလိုက်သည်။ "လင်း.. ဖုန်း!"

သူသည် မဟာကောင်းကင်ဘီးကို ရုပ်သိမ်းလိုက်ကာ လျှမ်ပန်း၊ ကျယ်ပြန့်သော ပင်လယ်ခေါ်မာစတာနှင့် ကျန်သောသူများကို ကူညီရန် အပြေးသွားလိုက်သည်။ မဟာကောင်းကင်ဘီးကို အသုံးပြု၍ သူသည် သူ၏ရဲဘော်ရဲဘက်များကို ကူညီ၍ ပုံရိပ်ယောင် ပင်လယ်ဒီရေအား ခုခံပေးခဲ့ကာ အန္တရာယ် ရှိသော အခြေအနေမှ ကာကွယ်ပေးခဲ့သည်။

ရောမ လှိုင်းလုံးကြီးများသည် ယင်ပင်လယ်၏
တောင်ပိုင်း တစ်ခုလုံးအား ဖုံးလွှမ်းသွားခဲ့၏။
သို့သော်လည်း ထိုလှိုင်းလုံးများသည်
တိုက်ပွဲဖြစ်ပွားရာ နေရာတွင် အကြီးမား
အပြင်းထန်ဆုံး ဖြစ်သည်။ ဤနေရာမှ
အတန်ငယ် ကွာဝေးသော နေရာများသည်
အားအနည်းငယ်နည်းသော လှိုင်းများကိုသာ
ရင်ဆိုင်ခဲ့ရသော်လည်း ထိုဒီရေလှိုင်းများသည်
ယင်ပင်လယ် အတွင်းတွင် သာမန်တွေ့နေကြ
လှိုင်းများနှင့်တော့ မတူညီနေပေ။

လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့သည် အသက်ဘေးမှ
သီသီလေး လွတ်ခဲ့ကြသဖြင့်
စိတ်သက်သာရာရစွာ သက်ပြင်းတစ်ချက်

ချလိုက်ကြ၏။ ရွှေရောင်နတ်ငှက်
မဟာပဏ္ဍိတနှင့် ချုံးချိ မဟာပဏ္ဍိတတို့သည်
အခြားလမ်းကြောင်းများမှ ထွက်သွားခဲ့ပြီ
ဖြစ်ကာ အစောကြီးကတည်းက
ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။

"ငါတို့က ပန်းလိုင်နတ်တောင်ကို
မရနိုင်တဲ့အပြင် ဖန်ကျန်းနတ်တောင်ကိုပါ
ဆုံးရှုံးသွားခဲ့ရတယ်။ ယင်ကျိုးနတ်တောင်
တစ်ခုပဲ မျှော်လင့်စရာ ရှိတော့တယ်။ ငါတို့က
ဒီအခွင့်အရေးကို ထပ်ပြီးဆုံးရှုံးလို့
မဖြစ်တော့ဘူး"

လျှမ်ပန်းသည် စိတ်လှုပ်ရှားမှုများမှ
ဖြည်းဖြည်းချင်း ပြန်လည် တည်ငြိမ်လာခဲ့သည်။

သူ၏ မူလရည်မှန်းချက်မှာ
နတ်တောင်သုံးတောင် စလုံးတို့ကို
ထိန်းချုပ်နိုင်ရန် ဖြစ်သည်။ သူသည်
ဤတစ်ခေါက်တွင် သူ၏အင်ပါယာ
တစ်ခုလုံးအား ခေါ်လာခဲ့ကာ သူ့တိုင်းပြည်
တန်ခိုးထွားနိုင်ရေးအတွက် အလောင်းအစား
ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ယင်ကျိုးနတ်တောင်၏
အခြေအနေမှာ မသေချာသေးပဲ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာချင်

အင်ပါယာတို့က ရှိနေပြီး သူတို့နှင့် ပြိုင်ဆိုင်နေကြသည်။ သူတို့သည် ပန်းလိုင်နတ်တောင်အား ရနိုင်မည်ဟု ယုံကြည်ချက်များ ရှိခဲ့ကြသော်လည်း သူတို့၏အိမ်မက်က အကောင်အထည် မပေါ်လာခဲ့ပေ။ သူတို့အား ခေါင်းပိုကိုက်စေသည်မှာ သူတို့နှစ်ပေါင်းများစွာ ထိန်းချုပ်လာခဲ့သော ဖန်ကျန်းနတ်တောင်ကပင် ဤဖြစ်စဥ်အတွင်း၌ ဆုံးရှုံးသွားရခြင်း ဖြစ်သည်။

ယင်ပင်လယ် အတွင်းမှ ကျန်သော ရတနာ ရှာဖွေသူများကလည်း လက်ဗလာဖြင့် အိမ်ပြန်ကြရမည် ဖြစ်သည်။ သို့သော်လည်း အကယ်၍ မဟာကျိုး အင်ပါယာကသာ

ယင်ကျိုးနတ်တောင်ကို မရယူနိုင်ခဲ့ပါက
သူတို့သည် ဘာမှ မရသည့်အပြင် ဆုံးရှုံးမှုနှင့်
အိမ်ပြန်ကြရမည် ဖြစ်သည်။

မဟာကျိုး အင်ပါယာသည် ထိပ်ဆုံးနေရာမှ
အောက်ဆုံးနေရာသို့ ပြုတ်ကျသွားခဲ့ရသည်။
သူတို့သည် အရေးသာမှု များစွာတို့ကို
ပိုင်ဆိုင်ထားခဲ့ကြပြီး စစ်မြေပြင်အား
ကြီးစိုးထားနိုင်ရန် အနည်းငယ်သာ
လိုတော့သည်။

ဤကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရမှုသည်
အင်မော်တယ်ဝိညာဉ် အဆင့်မှ

ကျင့်ကြံသူများ၏ စိတ်ဓာတ်ကိုပင်
တုန်လှုပ်သွားစေနိုင်ခဲ့သည်။

လျှမ်ပန်းသည်
အထက်တန်းကျသောသူတစ်ယောက်
ဖြစ်သည့်အားလျော်စွာ သူ၏စိတ်ကို
တည်ငြိမ်အောင် ပြန်ထိန်းနိုင်ခဲ့၍ မှန်ကန်သော
ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့သည်။ "ဟုန်ဝူ၊
အခုချက်ချင်း ယင်ပင်လယ်ရဲ့ အရှေ့မြောက်ပိုင်း
ဒေသကို သွားလိုက်ပါ။ ငါတို့က
ယင်ကျိုးနတ်တောင်ကို ဆုံးရှုံးလို့ မဖြစ်ဘူး"

"မှန်လှပါ၊ အရှင်မင်းမြတ်" ဇူဟုန်ဝူ၏
အသံသည် မိုးခြိမ်းသံနှင့် တူနေ၍ သူသည်

မဟာကောင်းကင်ဘီး အပေါ်တွင်
စီးနင်းသွားခဲ့ကာ တတ်နိုင်သမျှ အမြန်ဆုံး
အမြန်နှုန်းဖြင့် ဟင်းလင်းပြင် လေဟာနယ်တို့ကို
ချိုးဖောက်သွားခဲ့ကာ ယင်ပင်လယ်၏
အရှေ့မြောက်ပိုင်း ဒေသသို့ ထွက်သွားခဲ့သည်။

တော်ဝင်နန်းတော်နှင့် မဟာကောင်းကင်ဘီးတို့
နှစ်ခုစလုံးရှိလျှင် မဟာကျိုး အင်ပါယာသည်
သူတို့ကသာ အသည်းအသန် တိုက်ခိုက်ပါက
အင်မော်တယ် နဂါးမြို့တော်နှင့်
ယုကျင်းတောင်ကို တစ်ချိန်တည်းတွင်
တိုက်ခိုက်နိုင်ကာ ယင်ကျိုးနတ်တောင်ကို
ထိန်းချုပ်နိုင်မည်ဟူ၍ ယုံကြည်ချက်
ရှိနေသည်။ မဟုတ်လျှင် မဟာကျိုး

အင်ပါယာသည် ဆုံးရှုံးမှု ကြီးမားစွာဖြင့်
အိမ်ပြန်ရမည် ဖြစ်၏။

အကယ်၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း
သို့မဟုတ် မဟာချင် အင်ပါယာကသာ
ယင်ကျိုးနတ်တောင်အား
ထိန်းချုပ်သွားနိုင်ခဲ့လျှင် မဟာကျိုး
အင်ပါယာသည် ပန်းလိုင်နတ်တောင်ကို
မရခဲ့သည့်အပြင် ဖန်ကျန်းနတ်တောင်ကိုပါ
ဆုံးရှုံးသွားခဲ့ရသဖြင့် သူတို့၏ ယင်ပင်လယ်ခရီး
အပြီးတွင် မဟာကျိုး အင်ပါယာ၏
လွှမ်းမိုးမှုသည် များစွာဆုံးရှုံး
ထိခိုက်သွားနိုင်ပေသည်။

ယင်ပင်လယ်သည် အရှေ့ပင်လယ်နှင့် ဆက်စပ်နေ၍ အရှေ့ပင်လယ်သည် မဟာကျိုး အင်ပါယာ၏ ကိုယ်ပိုင် နောက်ဖေးခြံဝင်းဟူ၍ သတ်မှတ်ကို ခံထားရသည်။ သူတို့၏ ယင်ပင်လယ် အတွင်းမှ ရှုံးနိမ့်မှုမှာ သူတို့၏ ကိုယ်ပိုင်ခြံဝင်း အတွင်းတွင် မီးလောင်၍ နေအိမ်များသည် အတွင်းတွင် လူများ အိပ်ပျော်နေစဥ်တွင် ပြိုကျသွားခြင်းနှင့် တူနေသည်။

ဖန်ကျန်းနတ်တောင်နှင့် ပန်းလိုင်နတ်တောင်တို့အား ဆုံးရှုံးသွားမှုသည် မဟာကျိုး အင်ပါယာ၏ အနာဂတ်အတွက် များစွာ အကျိုးသက်ရောက်မှုများ

ရှိနိုင်ပေသည်။ ဒါသည် ဆင့်ကဲဖြစ်စဉ်များ အနေနှင့် မဟာကျိုး အင်ပါယာ၏ အခြေအနေကို ထိခိုက်စေနိုင်သည့်အတွက် သူတို့အတွက် လုံး၀ လက်ခံ၍မရသည့် အဖြစ်အပျက် တစ်ခုဖြစ်သည်။

ယင်ပင်လယ်၏ အရှေ့မြောက်ပိုင်း ဒေသတွင် ယင်ကျိုးနတ်တောင်၏ အပေါ်၌ လျှမ်ပန်း၏ မူလခန္ဓာကိုယ်သည် တော်၀င်နန်းတော်၏ အတွင်းမှ ပလ္လင်အပေါ်တွင် ထိုင်နေကာ လင်းဖုန်းအား စူးရှသော အကြည့်ဖြင့် စိုက်ကြည့်နေခဲ့သည်။

လင်းဖုန်း၏ မူလခန္ဓာကိုယ်ကလည်း ယုကျင်းတောင် အပေါ်တွင် ထိုင်နေလျက်ရှိသည်။ သူသည်လည်း ပန်းလိုင်နှင့် ယင်ကျိုးနတ်တောင်တို့၏ အဖြစ်အပျက်များ အကြောင်းကို ကောင်းကောင်းသိထားသည် ဆိုသည်မှာ ပြောစရာမလိုပေ။

မဟာကျိုး အင်ပါယာသည် ပန်းလိုင်နှင့် ယင်ကျိုးနတ်တောင်တို့ အပေါ်တွင် ဘာမှပြောစရာ မရှိတော့ပေ။ သို့ဖြစ်၍ ဇူဟုန်ဝူသည် မဟာကောင်းကင်ဘီးနှင့်အတူ ယင်ကျိုးနတ်တောင်ထံသို့ လာရာလမ်းပေါ်တွင် ရောက်နေတော့မည် ဖြစ်သည်။ သူ၏

အမြန်နှုန်းနှင့်ဆိုလျှင် သူရောက်ရှိလာရန်
အချိန်သိပ်မလိုတော့ချေ။

လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ ထိပ်ဖျားပေါ်မှ
ရယ်ရမ်းသွေးလိုက်ကာ
မတ်တတ်ထရပ်လိုက်၏။ "အချိန်ကျပြီ။ တိုက်ပွဲ
စတင်လို့ရပြီ"

## စာစဥ် ၄၁ : အပိုင်း ၁၄

## အပိုင်း ၇၈၄ : လင်းဖုန်းက သူ့ရဲ့ကိုယ်ပိုင်
## ခံစစ်တွေကို ချိုးဖောက်နေတာလား

လင်းဖုန်းသည် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ ထိပ်ဖျား၌
မတ်တတ်ရပ်လိုက်သော အချိန်တွင်
သံမဏိသစ်ပင် ကိုယ်ပွားသည်
ယင်ကျိုးနတ်တောင်နှင့် မိုင်ပေါင်း
တစ်သောင်းခန့် အကွာတွင် အရှေ့ကောင်းကင်
တံခါးဂိုဏ်းမှ ဆောင်တုန်းထျန်းနှင့်
ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့
ရောက်နေခဲ့သည်။ သံမဏိသစ်ပင် ကိုယ်ပွားက
ပြုံးကာပြောလိုက်သည်။ "အခု အချိန်ကျပြီ။
ကျုပ်တို့က လှုပ်ရှားလို့ရပြီ"

အခမ်းအနား မော်ဝက်ပါ၏
အခြားတစ်ဘက်တွင် ရှိနေသော
ဆောင်တုန်းထျန်းသည် တစ်ခုခု မှားနေသည်ဟု
ခံစားခဲ့လိုက်ရ၍ သူ၏ အဖြူရောင်
မျက်ခုံးများမှာ တွန့်သွားခဲ့ပြီး သံမဏိသစ်ပင်
ကိုယ်ပွားအား စိုက်ကြည့်လိုက်သည်။

လင်းဖုန်းသည် ခေတ်နှစ်ပါး
သေးငယ်သောမြူမှုန် မော်ကျိန်စာဖြင့်
အနီရောင် နဂါးဘုရင်အား ထိန်းချုပ်ထားဆဲ
ဖြစ်၍ သူ့အား အသံလွှင့်၍ မေးမြန်းလိုက်သည်။
"ဒီမော်ဝက်ပါကို ဘယ်လို ထိန်းချုပ်ရမလဲ"

အနီရောင် နဂါးဘုရင်၏ မျက်လုံးများမှာ
လည်သွားခဲ့၍ သူသည် ဤအခမ်းအနား၏
လျှို့ဝှက်ချက်များကို ပြောပြခဲ့ရသည်။

လင်းဖုန်းသည် ဘာမှ ဆက်မပြောတော့ပဲ
မှော်စွမ်းအင် နှစ်ဆယ့်လေးတန်းတို့အား
ထုတ်လွှတ်လိုက်၍ သူတို့အကြားတွင်
ခရမ်းရောင် မှော်သင်္ကေတများကို
ထည့်သွင်းလိုက်ရာ ကျယ်ပြန့်သော
ပင်လယ်အတွင်းတွင် တိုင်လုံး
နှစ်ဆယ့်လေးလုံးတို့ ပေါ်ထွက်လာကြ၏။

တိုကင် ၂၄ခုတို့ဖြင့် ဖန်တီးထားသော
ရေပူဖောင်းများသည် ပြင်းထန်စွာ

တုန်ခါသွားကြ၍ ယင်ကျိုးနတ်တောင်သည်
ထိုအလင်းတန်း တိုင်လုံး ၂၄လုံးတို့၏
ပုံရိပ်အကြားတွင် ပေါ်လာခဲ့သည်။

ဆောင်တုန်းထျန်းသည် ဟန်ပန် အမူအရာ
ကင်းမဲ့သည့် အနေအထားဖြင့်သာ ရှိနေသေး၍
သူသည် ယင်ကျိုးနတ်တောင်၏ အလင်းတန်း
ပုံရိပ်အား စိုက်ကြည့်နေခဲ့သည်။

အနီရောင် နဂါးဘုရင်နှင့် လှိုင်းလုံး ပင်လယ်နဂါး
ဘုရင်တို့သည် ဘေးပတ်ဝန်းကျင်တွင်
ပုံရိပ်ယောင် ပင်လယ်ဒီရေ တစ်ခုအား
လှုံ့ဆော်မည့် လျှို့ဝှက် အခမ်းအနား တစ်ခုကို
တည်ဆောက်နေခဲ့ကြခြင်း ဖြစ်သည်။ သူတို့၏

အကြံကို ဖော်ထုတ်ခဲ့အပြီးတွင် လင်းဖုန်းနှင့်
ဆောင်တုန်းထျန်းတို့သည် ဤအခမ်းအနား
မှော်ဝင်ကော်ပါအား သူတို့၏ နောက်ဆုံး
အထူးလက်နက် အနေနှင့် ထားခဲ့ကြရန်
ဆုံးဖြတ်လိုက်ကြသည်။

သူ့အား အမိန့်ပေးခဲ့စဉ်က ယင်ပင်လယ်
ပဋိပက္ခများ အကြားတွင် မဟာကျိုး
အင်ပါယာ၏ အနေအထားမှာ အသာစီး
ရနေခဲ့သည့် အခြေအနေတွင် ဖြစ်သည်။
သူတို့တွင် ဖန်ကျန်းနတ်တောင်
ရှိနေသေးသဖြင့် အထက်စီးတွင် နေနိုင်ခဲ့သည်။
အကယ်၍ ယင်ကျိုးနတ်တောင်သည် သူတို့၏
ထိန်းချုပ်မှုအောက်မှ လွတ်သွားခဲ့သော်

သူတို့သည် ပုံရိပ်ယောင် ပင်လယ်ဒီရေအား
ဆင့်ခေါ်၍ ယင်ကျိုးနတ်တောင်အား
ပင်လယ်အောက်သို့ ရောက်စေခဲ့၍
နောက်တစ်ကြိမ် တောင်များပေါ်လာသော
အချိန်တွင်မှ ပြန်လည် ကြိုးစားမည် ဖြစ်သည်။

တောင်၏ အလယ်ဗဟိုမှ ပုံရိပ်ယောင်များ
ကျိုးပျက်သွားသောအခါ တခုန်း
ဇန်မာစတာသည် ပုံရိပ်ယောင် အတွင်း၌
သူသည် ဒဏ်ရာ အပြင်းအထန်
ရသွားကြောင်းကို သတင်းပို့ခဲ့သည်။ သို့ဖြစ်၍
သူသည် ဇူရီ၊ ရှောင်ယန်၊ ရှီရှင်းယွမ်နှင့်
ကျင်းဖန်အမတ် ရှီလင်းထက်စာလျှင်
အောက်စည်းသို့ ရောက်နေခဲ့သည်။

ထိုသတင်းကြောင့် လျှမ်ပန်းနှင့်
ဆောင်တုန်းထျန်းတို့သည် အဆိုးဆုံး
အခြေအနေ အတွက် တုံ့ပြန်ရန်
ကြိုတင်ပြင်ဆင်ထားခဲ့ကြသည်။

ဤမှော်ဝက်ပါသည်  အောင်မြင်စွာနှင့်
တည်ဆောက်ပြီးခဲ့ပြီ ဖြစ်ကာ သူ့အား
အသက်သွင်းရန် မခက်ခဲတော့ပေ။
သို့သော်လည်း လင်းဖုန်းသည် ထိုဝက်ပါအား
မည်ကဲ့သို့ ပြုလုပ်နိုင်သည်ကို မသိသောကြောင့်
ဆောင်တုန်းထျန်းနှင့် ကျန်သောသူများက
သတိထားနေရခြင်း ဖြစ်သည်။

သို့သော်လည်း ရုတ်တရက်ပင် ယင်ပင်လယ် အတွင်းမှ အခြေအနေများသည် မဟာကျိုး အင်ပါယာ အတွက် အဆိုးဆုံးအဖြစ်သို့ ပြောင်းသွားခဲ့သည်။ သူတို့သည် ပန်းလိုင်နတ်တောင်ကို မရခဲ့ရုံတင်မကပဲ သူတို့၏ အိတ်ကပ်အတွင်းမှ ဖန်ကျန်းနတ်တောင်ကိုပင် ဆုံးရှုံးသွားခဲ့ရသည်။

ယင်ပင်လယ် အတွင်းသို့ မဝင်ရောက်လာမီက လျှမ်ပန်း၊ ဇူဟုန်ဝူနှင့် ဆောင်တုန်းထျန်းတို့သည် မသေချာသော ဖြစ်နိုင်ခြေရလဒ် အမျိုးမျိုးတို့အား ကြိုတင်၍ စဉ်းစားထားကြကာ ကြိုးစား၍ ပြင်ဆင်ထားကြပြီးသား ဖြစ်သည်။ ပန်းလိုင်နတ်တောင်အား ဆုံးရှုံးရ၍

ဖန်ကျန်းနတ်တောင်ကို လက်လွှတ်လိုက်ရခြင်းသည် အဆိုးတကာ့ အဆိုးဆုံး ရလဒ်ဖြစ်သည်မှာ မေးခွန်းထုတ်ရန် မလိုချေ။

ထိုကဲ့သို့သော အခြေအနေများအောက်တွင် မဟာကျိုး အင်ပါယာသည် အခြေအနေကို ပြောင်းပြန်လှန်လိုပါက သူတို့သည် ယင်ကျိုးနတ်တောင်ကို ထိန်းချုပ်နိုင်မှ ရပေလိမ့်မည်။

လျှမ်ပန်း၏ မူလခန္ဓာကိုယ်သည် ရရှိခဲ့သော သတင်းကို ဆောင်တုန်းထျန်းအား

ပို့ပေးလိုက်သည်။ ဆောင်တုန်းထျန်းကလည်း ဤအဖြစ်အပျက်များကို သုံးသပ်နေခဲ့သည်။

အခြေအနေများက များစွာပို၍ သိမ်မွေ့လာသည်နှင့် အမှျ သူတို့လက်အတွင်းမှ မှော်ဝက်ပါက ပို၍ အရေးကြီးလာခဲ့သည်။ ဇူဟုန်ဝူနှင့် မဟာကောင်းကင်ဘီးက လမ်းပေါ်တွင်သာ ရှိသေးသဖြင့် လင်းဖုန်းကလည်း ထိုဝက်ပါကို အလောတကြီးဖြင့် အသုံးပြုလိမ့်မည် မဟုတ်သေးချေ။

လင်းဖုန်းသည် ပန်းလိုင်နတ်တောင်ဖြင့် ဖန်ကျန်းနတ်တောင်ကို ထိပ်တိုက်တိုက်ခိုက်ရန်

ရှုးမိုက်သော ဆုံးဖြတ်ချက်အား ချခဲ့သည်။
ဆောင်တုန်းထျန်းသည် လင်းဖုန်းက
ဤကဲ့သို့သော ရှူးမိုက်မှုကို နောက်ထပ်တစ်ခါ
ထပ်လုပ်နိုင်သေးသည်ဟု ယုံကြည်နေသည်။
လင်းဖုန်းသည် ပုံရိပ်ယောင်
ပင်လယ်ဒီရေများကို ထပ်မံဆင့်ခေါ်၍
ယင်ကျိုးနတ်တောင်ကို လွှမ်းခြုံနိုင်ခြေ
ရှိနေပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာချင်
အင်ပါယာတို့ အနေဖြင့် အစကတည်းက
ဆုံးရှုံးစရာ မရှိနေခဲ့ပေ။ မဟာကျိုး
အင်ပါယာကသာ မည်သည့် အကျိုးအမြတ်မှ

မရှိပဲ သူတို့၏ ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးသွားရခြင်း ဖြစ်သည်။

လင်းဖုန်းသည် ဣျမော်ဝက်ပါအား အသက်သွင်းရန် ပြင်ဆင်လိုက်သည်ကို ကြည့်လိုက်ကာ ဆောင်တုန်းထျန်းက ဝင်ရောက်တားဆီးရန် အဆင့်သင့် ဖြစ်နေခဲ့သည်။ သို့သော်လည်း အနီးကပ် အသေအချာ ကြည့်ပြီးနောက်တွင် သူသည် သူ့ကိုယ်သူ ရပ်တန့်လိုက်ကာ လင်းဖုန်းအား မော်ကျိန်စာကို ထုတ်လွှတ်ခွင့် ပေးလိုက်သည်။

ဆောင်တုန်းထျန်းသည် ဣျဝက်ပါ၏ လျှို့ဝှက်ကျမ်းစာ တစ်ခုလုံးကို ထုတ်ယူခဲ့ပြီး

ဖြစ်ကာ သူ့အတွင်းမှ ပြောင်းလဲမှုများသည်
တစ်စုံတစ်ခု ထူးဆန်းနေသည်ဟု
ခံစားမိနေခဲ့သည်။

ဆောင်တုန်းထျန်း၏ ခေတ္တမျှ
တွေဝေသွားမှုသည် မှော်ဝင်္ကပါအား
စတင်လည်ပတ်လာစေရန် လုံလောက်သော
အချိန်ကို ပေးနိုင်ခဲ့သည်။

ယင်ကျိုးနတ်တောင်၏ အလင်းတန်း
ပုံရိပ်ယောင်ကို ဝိုင်းရံထားကြသော
အလင်းတန်းတိုင်လုံး ၂၄လုံးတို့သည် ပို၍ပို၍
တောက်ပလာကြကာ နက်ရှိုင်းသော

ပင်လယ်အတွင်းရှိ ဧရာမ ရေပူဖောင်းကြီးသည် ပို၍ပို၍ သေးငယ်သွားခဲ့သည်။

မိုးစက်တစ်ပေါက်နှင့် တူနေသော နဂါးအကြေးခွံ တစ်ခုသည် ရေပူဖောင်း၏ အတွင်းတွင် လင်းလက်နေခဲ့သည်။

ဆောင်တုန်းထျန်းသည် သူ၏ မျက်ခုံးများကို ပင့်လိုက်ကာ အာမေဋ္ဍိတ်ပြုလိုက်သည်။ "တကယ်ပဲ၊ ဒီမှော်ဝက်ံပါကို ပြောင်းပြန်လှန်လို့ရတယ်။ ဒါပေမဲ့ ဒါက ရိုးရိုး ပြောင်းပြန်လှန်ရုံ သက်သက်မဟုတ်ဘူး"

သူသည် သူချုပ်နှောင်ထားသည့် လှိုင်းလုံး ပင်လယ်နဂါး ဘုရင်၏ စွမ်းအားများသည် စက္ကန့်နှင့်အမျှ ပိုမိုသန်စွမ်းလာသည်ကို တွေ့လိုက်ရသည်။ သို့သော်လည်း ထိုစွမ်းအား တိုးတက်လာခြင်းသည် အစီအစဉ် မကျပဲ ရှုပ်ထွေးနေခဲ့၍ သူ၏ မိစ္ဆာဝိညာဉ်နှင့် နဂါးခန္ဓာကိုယ် အကြားတွင် မညီမျှမှုများကို ဖြစ်ပေါ်စေခဲ့သည်။

ဤမှော်ဝက်ပါသည် ပုံရိပ်ယောင် ပင်လယ်ဒီရေကို မဖြစ်ပေါ်စေခဲ့ပဲ အခြား အကျိုးသက်ရောက်မှု တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ အနီရောင် နဂါးဘုရင်၊ လှိုင်းလုံး ပင်လယ်ဘုရင်နှင့် ရေပူပေါင်း

အတွင်းမှ အတိတ်က မသေဝိညာဥ်အဆင့်
နဂါးဘုရင်အို၏ အကြေးခွံ စွမ်းအားများတို့သည်
များစွာတိုးတက်လာခဲ့သည်။

လှိုင်းလုံး ပင်လယ်နဂါး ဘုရင်၏
သွေးအဆီအနှစ်များသည် မော်ဝက်ပါအား
ထောက်ပံ့ပေးရန် ထုတ်ယူ အသုံးပြုခြင်းကို
ခံနေရသဖြင့် ယခုအခါတွင် အလွန်အမင်း
အားနည်းနေခဲ့ပြီ ဖြစ်သည်။ သူ၏
စွမ်းအားများသည် တိုးတက်လာခဲ့သော်လည်း
အကန့်အသတ် ရှိနေပြီး ဆောင်တုန်းထျန်းက
သိပ်ပြီး ဂရုမစိုက်ခဲ့ပေ။ သူ၏ အာရုံများကို
လင်းဖုန်းဘက်သို့သာ စိုက်ထားခဲ့သည်။

စွမ်းအားများ တိုးတက်လာမှုအောက်တွင် အနီရောင် နဂါးဘုရင်သည် အပေါ်သို့ ပေါက်ကွဲတက်လာခဲ့ပြီး ခေတ်နှစ်ပါး သေးငယ်သောမြူမှုန် နည်းစနစ်၏ ချုပ်နှောင်ထားမှုမှနေ၍ ချိုးဖောက်နိုင်ရန် ကြိုးစားခဲ့သည်။ သူသည် ဤအခွင့်အရေးကို အသုံးချ၍ သူ၏ လွတ်လပ်မှုကို ပြန်လည်ရရှိရန် ကြိုးစားနေခဲ့၏။

အထီးကျန်ရှစ်မျိုး နတ်ဘုရားမိုးကြိုး၏ စွမ်းအားတို့အား အစွမ်းကုန်အထိ ဖော်ထုတ်လိုက်၍ မိုးကြိုးတို့သည် အဆက်မပြတ် ပေါက်ကွဲထွက်လာကြသည်။ မိုးကြိုးနဂါးများ၏ ပေါက်ကွဲဖျက်ဆီးနိုင်မှု

စွမ်းအားတို့သည် နဂါးမျိုးနွယ်စုများတို့၏ အကြားတွင် အကောင်းဆုံးအတွင်းတွင် ပါနေပြီ ယခုစုစည်းနိုင်သော စွမ်းအားများသည် အနီရောင် နဂါးဘုရင်၏ သာမန် အကန့်အသတ်များထက် များစွာ သာလွန်နေခဲ့သည်။

သူ၏ မိစ္ဆာဝိညာဉ်သည် သူ၏ နဂါးခန္ဓာကိုယ်နှင့် အနည်းငယ် မကိုက်ညီ ဖြစ်နေခဲ့၍ အနီရောင် နဂါးဘုရင်သည် ခေါင်းမူးလာသကဲ့သို့ ခံစားနေရ၍ သူ၏ အသိစိတ်က ဝေဝါးလာခဲ့သည်။ သို့သော်လည်း သူသည် ဤအဖိုးတန်သော အခွင့်အရေးကို လက်မလွှတ်ရလေအောင် အတတ်နိုင်ဆုံး

ကြိုးစား၍ သွေးရူးသွေးတန်းဖြင့်
လွတ်မြောက်အောင် ရုန်းကန်လိုက်သည်။

လင်းဖုန်းသည် လုံးဝ ပူပန်နေခြင်း မရှိခဲ့ပဲ သူ၏
အားနည်းသော ရုန်းကန်မှုအား
ရယ်ရမ်းသွေးလိုက်၏။ "မင်းကတကယ်ကို
စိတ်မရှည်တဲ့သူပဲ။ ငါက မင်းရဲ့အသက်ကို ယူဖို့
စိတ်ကူးမရှိပေမဲ့ မင်းက တောင်းဆိုနေရင်တော့
ငါက သနားညှာတာနေမှာ မဟုတ်တော့ဘူး"

သူ၏စကားဆုံးသည်နှင့် ခေတ်နှစ်ပါး
သေးငယ်သော မြူမှုန်သည် အတွင်းသို့
ပြိုကျပျက်စီးသွားခဲ့၍ နဂိုထက်ပင်ပို၍
သေးငယ်သွားခဲ့သည်။

ကမ္ဘာဖျက် စွမ်းအား သဘောတရားများသည်
သူ၏ ကောင်းကင်ကမ္ဘာငယ်
မှော်ကျိန်စာထက်ပင် ပို၍ အားကောင်းနေခဲ့ကာ
အနီရောင် နဂါးဘုရင်၏ နိမ့်ကျသော
ခုခံအားများကို ချက်ချင်းပင်
ဖျက်ဆီးခဲ့လိုက်သည်။

အနီရောင် နဂါးဘုရင်၏
စွမ်းအားတိုးတက်လာမှု၏ ဒုတိယ
အကျိုးသက်ရောက်မှုများနှင့် ခေတ်နှစ်ပါး
သေးငယ်သော မြူမှုန်၏ ဖိအားတို့ကြောင့်
အနီရောင် နဂါးဘုရင်သည် သေလုမျောပါး

ဖြစ်သွားခဲ့၍ နောက်ဆုံးအသက်များကို ရှူနေရသကဲ့သို့ ဖြစ်သွားခဲ့သည်။

လင်းဖုန်းသည် အနီရောင် နဂါးဘုရင်၏ ခံစားနေရသော ဝေဒနာများကို ကြည့်လိုက်ကာ သူ၏ခေါင်းထဲတွင် အကြံတစ်ခု ရုတ်တရက် ပေါ်လာခဲ့သည်။ "အိုး၊ နေပါဦး။ ငါက သံမဏိသစ်ပင် ကိုယ်ပွားကို ဖန်တီးခဲ့စဉ်က လူသား ကျင့်ကြံမှု နည်းစနစ်တွေကို လေ့ကျင့်ခဲ့ပြီး တစ်ခုခု မသင့်တော်သလို ခံစားနေရတယ်။ ဒါပေမဲ့ ဘယ်နေရာမှာ မှားနေသလဲ ဆိုတာကို တစ်ခါမှ မသိခဲ့ဘူး"

သံမဏိသစ်ပင် ကိုယ်ပွားသည် လင်းဖုန်း၏
မူလခန္ဓာကိုယ်နှင့် တူညီသော
တာအိုနည်းစနစ်များကို လေ့ကျင့်ထားသည်။
သူ၏ စွမ်းအားများသည် သူ၏
မူလခန္ဓာကိုယ်ထက် နိမ့်ကျသော်လည်း
ကျင့်ကြံမှု အဆင့်တူသော
အေးရိုးစ်ကိုယ်ပွားထက်တော့
ပို၍သာလွန်နေသည်။ သူ၏
တိုက်ပွဲစွမ်းအားများအရ သံမဏိသစ်ပင်
ကိုယ်ပွားသည် ကိုယ်ပွားတစ်ခု
စွမ်းဆောင်နိုင်သမျှ အစွမ်းကုန်
စွမ်းဆောင်နေနိုင်သည်။

သို့သော်လည်း တိုက်ပွဲပြင်ပတွင် လင်းဖုန်းသည် သူ၏ သံမဏိသစ်ပင် ကိုယ်ပွားသည် သာမန်ကျင့်ကြံမှုများကို ကျင့်ကြံရာတွင် တစ်ခုခု လိုနေသကဲ့သို့ အမြဲတမ်း ခံစားနေရသည်။

"ငါ့ရဲ့ ကျင့်ကြံမှုအဆင့် မြင့်မားလာတာနဲ့ အမျှ ဒီမသင့်တော်မှုက ပိုပြီးတော့ အားကောင်းလာခဲ့တယ်။ ငါက လမ်းမှားအပေါ်မှာ တစ်ချိန်လုံး ရောက်နေခဲ့တယ်လို့ အမြဲတမ်း ခံစားနေရပြီး လမ်းမှန်နဲ့ တဖြည်းဖြည်း ဝေးကွာလာတယ်လို့ ခံစားနေရတယ်"

သူ၏ လက်ရှိ ကျင့်ကြံမှု အဆင့်အတန်းနှင့်ဆိုလျှင် သူ၏ အာရုံခံနိုင်မှုများနှင့် ထိုမသင့်တော်မှုမှာ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကြောင့် မဟုတ်မှန်းကို သိနိုင်ခဲ့သည်။ ထို့အစား သူ၏ နည်းလမ်းများသည် သဘာဝ နိယာမများနှင့် ဆန့်ကျင်နေမှုကြောင့် ဖြစ်နေခြင်း ဖြစ်သည်ဟူ၍ ယုံကြည်နေခဲ့၏။

သို့သော်လည်း ပြဿနာမှာ သူသည် အကြောင်းရင်း အတိအကျကို မသိနိုင်ခဲ့ပဲ အကြမ်းဖျင်းသာ ခန့်မှန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

"ငါက ဒီအခွင့်အရေးကို အသုံးချပြီး
ငါ့အမှားတွေကို ပြင်ပြီး နောက်ထပ်
လမ်းကြောင်းတစ်ခုကို ရှာရမယ်။
ဘာပဲပြောပြော ငါ့ရဲ့ ဆာရိုသံမဏိ သစ်ပင်က
အလဟဿ ဖြစ်သွားမှာမှ မဟုတ်တာ"

သူ၏စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ကာ
အနီရောင် နဂါးဘုရင်ထံသို့ လှည့်လိုက်သည်။
"မင်းရဲ့ လျှို့ဝှက်စွမ်းအားတွေက မင်းရဲ့
မိစ္ဆာဝိညာဉ်နဲ့ နဂါးခန္ဓာကိုယ်ကို မျှခြေမညီ
ဖြစ်စေခဲ့တယ်။ ဒါပေမဲ့ ဒါကငါ့ရဲ့
ဆန္ဒတွေကိုတော့ ပြည့်အောင်
ဖြည့်စွမ်းပေးနိုင်ခဲ့တယ်"

သူသည် ချက်ချင်းပင် သံမဏိသစ်ပင်
ကိုယ်ပွား၏ စကြာဝဠာ ပုံသဏ္ဌာန်ကို
ဖော်ထုတ်လိုက်ကာ အနီရောင် နဂါးဘုရင်ထံသို့
ခုန်အုပ်လိုက်သည်။

"ခင်ဗျား..." အနီရောင် နဂါးဘုရင်သည်
ကြောက်ရွံ့စွာနှင့် ဟိန်းဟောက်လိုက်၏။
သို့တိုင်အောင် သူ၏ခန္ဓာကိုယ်သည် အလွန်
အားနည်းနေခဲ့သဖြင့် သူ၏ဟိန်းဟောက်သံမှာ
ကြောင်အော်သံအလား ဖြစ်နေခဲ့သည်။

ခဏအကြာတွင် အနီရောင် နဂါးဘုရင်၏
ခန္ဓာကိုယ်သည် စတင်၍ တွန့်လိမ်လာခဲ့ကာ

သူ၏ ရောမ မျက်လုံးများမှ လျှပ်စီးများ လင်းလက်လာခဲ့သည်။

လင်းဖုန်းသည် လျှင်မြန်စွာနှင့်ပင် အနီရောင် နဂါးဘုရင်၏ မူလစိတ်ဝိညာဉ်ကို သန့်စင်လိုက်ကာ သူ့ကိုယ်သူ နဂါး၏ မသေဝိညာဉ်နှင့် ပေါင်းစည်းလိုက်ပြီး နဂါးခန္ဓာကိုယ်ကို ဝင်စားလိုက်သည်။

ဆောင်တုန်းထျန်းသည် ထိုဖြစ်စဉ် တစ်ခုလုံးအား ကြည့်နေခဲ့၍ စိတ်ရှုပ်ထွေးစွာဖြင့် မျက်မှောင်ကြုတ်လိုက်သည်။ "မင်းက ဒီမိုးကြိုးနဂါးကို ဝင်စားချင်နေတာလား"

ဆောင်တုန်းထျန်းသည် ချက်ချင်းပင်
ဝင်ရောက်နှောင့်ယှက်ရန်
ကြိုးစားလိုက်သော်လည်း လင်းဖုန်းက
ထိုဖြစ်နိုင်ခြေကို ပြင်ဆင်ထားပြီး ဖြစ်၏။
ခုတ်နှစ်ပါး သေးငယ်သောမြူမှုန် အချို့သည်
ထွက်ပေါ်လာခဲ့ကာ အဆုံးမဲ့ အလင်းရောင်များ
အဖြစ်သို့ ပြောင်းလဲသွားကြ၍
အရံအတားအဖြစ် ဆောင်ရွက်ခဲ့ကြပြီး
ဆောင်တုန်းထျန်းအား ခုခံလိုက်သည်။

ထိုပိတ်ဆို့ကာကွယ်လိုက်သော
အချိန်ခဏလေးတွင် အလင်းတန်း
အမိုး၏အောက်မှနေ၍ ကျယ်လောင်လှသော

နဂါးဟိန်းသံ တစ်ခုက ပေါ်လာခဲ့သည်။ ခရမ်းရောင် အကြေးခွံ ကောင်းကင်နဂါး တစ်ကောင်သည် မျက်စိကျိန်းလုမတတ် အလင်းတန်းများ အကြားမှ ထွက်လာခဲ့ကာ ခါတ်နှစ်ပါး သေးငယ်သော မြူမှုန်တို့သည် နောက်ဆုတ်သွားခဲ့ပြီး မူလပုံစံသို့ ပြန်ပြောင်းသွားခဲ့သည်။ လေထုထဲတွင် ခရမ်းရောင် အကြေးခွံနှင့် နဂါးသာ ကျန်နေရစ်ခဲ့သည်။

သူ့အရှေ့မှ နဂါး၏ တောက်ပနေသော မျက်လုံးအစုံအား ကြည့်လိုက်ကာ ဆောင်တုန်းထျန်းသည် ဤမိုးကြိုးနဂါးသည် ယခုအချိန်တွင် လင်းဖုန်း၏ ကိုယ်ပွားအသစ်

ဖြစ်သွားပြီ ဖြစ်သည်ဟု သိလိုက်သည်။
လင်းဖုန်းသည် နဂါး၏ စိတ်ဝိညာဉ်ကို
သန့်စင်လိုက်ကာ သူ၏ခန္ဓာကိုယ်ကို
ဝင်စားလိုက်ပြီ ဖြစ်သည်။

ထိုကိုယ်ပွားထံမှ ထွက်ပေါ်လာသော
မှော်စွမ်းအင် လှုပ်ရှားမှုများသည်
သံမဏိသစ်ပင် ကိုယ်ပွားနှင့် လုံးဝမတူပဲ
သန့်စင်သော မိစ္ဆာစွမ်းအားများသာ ဖြစ်သည်။
သံမဏိသစ်ပင် ကိုယ်ပွားသည် မိစ္ဆာအခြေခံ
ဖြစ်သော်လည်း သူသည်
လူသားနည်းစနစ်များကို ကျင့်ကြံထား၍
လူသားမှော်စွမ်းအင်များကို ထုတ်သုံးခဲ့သည်။

မူလ သံမဏိသစ်ပင် ကိုယ်ပွား၏ အပေါ်တွင် စကြာဝဠာ ပုံသဏ္ဍာန်သည် ပြန်လည်ပေါ်ပေါက်လာခဲ့သော်လည်း သူ၏ စိတ်ဝိညာဉ် စွမ်းအားများ အချို့ကို ဆုံးရှုံးသွားခဲ့ပြီ ဖြစ်သည်။ နောက်ပိုင်းတွင် စကြာဝဠာ ပုံသဏ္ဍာန်သည် သံမဏိသစ်ပင် ကိုယ်ပွား အတွင်းသို့ ပြန်လည် ဝင်ရောက်သွားခဲ့၍ သံမဏိသစ်ပင် ကိုယ်ပွားတွင် အံ့သြဖွယ်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။

သူသည် လူသားပုံစံမှနေ၍ အနက်ရောင် သစ်ကိုင်းများ၊ ရွှေရောင် သစ်ရွက်များတို့ဖြင့် ထာဝရ တည်ရှိနေသော ဖြစ်တည်မှု အော်ရာကို

ထုတ်လွှတ်နေသည့် ဆာရို သံမဏိ
သစ်ပင်အဖြစ်သို့ ပြန်ပြောင်းသွားခဲ့သည်။
စကြာဝဠာ ပုံသဏ္ဍာန်၏ ပေါင်းစည်းမှုသည်
ဤဖြစ်စဉ်ကို အပြီးသတ်ပေးခဲ့ကာ သူသည်
မှော်ရတနာ တစ်ခုအဖြစ်သို့
ပြောင်းသွားသည်နှင့် တူနေခဲ့သည်။

ဆောင်တုန်းထျန်း၏ မျက်မှောင်များသည်
အလွန်အမင်း ကြုတ်နေခဲ့သည်။ သူသည်
စွမ်းအားကြီးသော အင်မော်တယ် ဝိညာဉ်
အဆင့်မှ ကျင့်ကြံသူများသည် မိစ္ဆာ
မဟာပဏ္ဍိတများအား ဝင်စားခဲ့သည်ကို
ယခင်က တွေ့ခဲ့ဖူး၏။ လင်းဖုန်း၏
သံမဏိသစ်ပင် ကိုယ်ပွားသည်

အခြေတည်ဝိညာဉ် အဆင့်တွင်သာ
ရှိသော်လည်း သူ့အား သာမန်
အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူများ၏
အဆင့်အတန်းဖြင့် တိုင်းတာ၍ မရချေ။

ထို့အပြင် အနီရောင် နဂါးဘုရင်သည်
လျှင်မြန်စွာနှင့် စွမ်းအားများ
ပေါက်ကွဲလာနိုင်ခဲ့သော်လည်း ခေတ္တမျှသာ
ခံခဲ့၍ ပြန်လည် အားနည်းသွားခဲ့ပြီး
နောက်ဆုံးတွင် လင်းဖုန်းကိုသာ
အကျိုးရှိစေခဲ့သည်။ ထို့ကြောင့် လင်းဖုန်းက
သံမဏိသစ်ပင် ကိုယ်ပွားအား အသုံးပြု၍ သူ့၏
စိတ်ဝိညာဉ်အား သန့်စင်နိုင်ခဲ့သည်မှာ
အထူးအဆန်းတော့ မဟုတ်ပေ။

သို့သော်လည်း လင်းဖုန်းသည် အနီရောင် နဂါးဘုရင်၏ မိစ္ဆာစွမ်းအားများကို ဆက်လက် ထိန်းသိမ်းထားခဲ့၍ ဤကိုယ်ပွားအသစ်အား သူ၏ကိုယ်ပိုင် နည်းစနစ်များကို လေ့ကျင့်နိုင်ရန်အတွက် မပြောင်းလဲခဲ့ပေ။ လင်းဖုန်း၏ ဆောင်ရွက်ချက်များသည် သူ၏ တိုက်ပွဲစွမ်းအားများကို အားနည်းအောင် ပြုလုပ်နေသည်နှင့် တူညီနေခဲ့သဖြင့် ဆောင်တုန်းထျန်းကလည်း တွေးရခက်နေခဲ့သည်။

မိုးကြိုးနဂါး ကိုယ်ပွားသည် မသေဝိညာဉ် ပထမအဆင့်တွင် ရှိနေသဖြင့် လင်းဖုန်းသည်

အခြေခံတည်ဝိညာဉ် အဆင့်မှ အင်မော်တယ်
ဝိညာဉ် အဆင့်သို့ တက်လှမ်းရမည့်
ခက်ခဲနာကျင်သည့် ဖြစ်စဉ်ကို ကျော်လွှားနိုင်ရန်
ဆောင်ရွက်နိုင်ခဲ့သည်။

သို့သော်လည်း မိုးကြိုးနဂါး ကိုယ်ပွား၏
စွမ်းအားများသည် အနီရောင် နဂါးဘုရင်
အသက်ရှင်နေစဉ်က စွမ်းအားများနှင့်သာ
တူညီနေမည် ဖြစ်သည်။ သူ၏
စွမ်းအားများသည် သံမဏိသစ်ပင်
ကိုယ်ပွားထက် အားနည်းနေသည်မှာ
သိသာနေ၏။

သံမဏိသစ်ပင် ကိုယ်ပွားသည့် သူ့ဘာသာသူ
အင်မော်တယ် ဝိညာဉ် အဆင့်သို့
တက်လှမ်းနိုင်ခဲ့လျှင် သူ၏ စွမ်းအားများသည်
ယခုလက်ရှိ မိုးကြိုးနဂါး ကိုယ်ပွားထက် များစွာ
စွမ်းအားကြီးမည်မှာ မေးခွန်းထုတ်ဖွယ် မရှိချေ။

အကယ်၍ လင်းဖုန်းသည် သူ၏
ကျင့်ကြံမှုအဆင့်အား မြှင့်တင်ရန်
မစောင့်နိုင်ခဲ့ပါကလည်း ဒါသည် သူ့အား
အားနည်းသွားစေခဲ့မည် ဖြစ်သဖြင့်
သင့်တော်သော ဖြေရှင်းနည်းတစ်ခု မဟုတ်ချေ။

ဆာရိုသံမဏိ သစ်ပင်အား မှော်ရတနာ
တစ်ခုအဖြစ် ပြန်လည် ထုလုပ်နိုင်ခဲ့ပြီး ဒါသည်

စွမ်းအားထက်သော လက်နက်တစ်ခု
ဖြစ်သော်လည်း အမှန်မှာမူ သူသည် ယခုမှ
စတင်မွေးဖွားသော မှော်ရတနာ တစ်ခုဖြစ်ပြီး
သူ့အား တိုးတက်စေရန်
လေ့ကျင့်မွေးမြူရဦးမည် ဖြစ်၏။

ထို့အပြင် ဆာရိုသံမဏိ သစ်ပင်ကို
ကျင့်ကြံရသည်မှာ လွယ်ကူမည် မဟုတ်ပဲ
မိုးကြိုးနဂါး ကိုယ်ပွားသည် မိစ္ဆာသက်သက်
ဖြစ်သဖြင့် မှော်ရတနာများကို အသုံးပြုရန်
မသင့်တော်ပဲ ဤမှော်ရတနာ အသစ်၏
စွမ်းအားများကို အစွမ်းကုန် အသုံးပြုနိုင်မည်
မဟုတ်ချေ။

ယခုအချိန်သည် ယင်ကျိုးနတ်တောင်အား ထိန်းချုပ်နိုင်ရန် တိုက်ပွဲတွင် အရေးပါသော အခိုက်အတန့် ဖြစ်နေ၍ သူ၏ အဘယ်ကြောင့် ဤကဲ့သို့ ပြုလုပ်ရပါသနည်း။ ဒါသည် သူ၏ကိုယ်ပိုင် ခံစစ်အား ကိုယ့်ဘာသာကိုယ် ချိုးဖောက်နေခဲ့သည်နှင့် မတူနေပါလော။

ဆောင်တုန်းထျန်းသည် လင်းဖုန်း၏ အပြုအမူများ၏ နောက်ခံအကြောင်းရင်းကို နားမလည်နိုင်ခဲ့သဖြင့် သူ့အား သံသယ အကြည့်ဖြင့်သာ ကြည့်နေနိုင်ခဲ့သည်။

## စာစဥ် ၄၁ : အပိုင်း ၁၅

## အပိုင်း ၇၈၅ : ပုံရိပ်ယောင် ပင်လယ်ဒီရေအား ထပ်မံဆင့်ခေါ်ခြင်း

ခရမ်းရောင် အကြေးခွံနှင့် နတ်နဂါးတစ်ကောင်၏ ရောမ ခန္ဓာကိုယ်သည် လေဟာနယ် အတွင်းတွင် မျောလွင့်နေခဲ့သည်။ သူ၏ မျက်လုံးများ အတွင်းတွင် လျှပ်စီးတို့က လင်းလက်လျှက် ရှိကြ၏။

လင်းဖုန်းသည် ထိုမိုးကြိုးနဂါး ကိုယ်ပွား၏ အတွင်းမှ မိစ္ဆာလောကကို အနည်းငယ် ခံစားနိုင်ခဲ့သည်။ သူသည် သူ့အား

မဟာကောင်းကင် တာအိုကျမ်းစာ၏ ကျင့်ကြံမှုအဖြစ် မပြောင်းလဲခဲ့ပဲ လိုက်လျောညီထွေမှု ရှိနိုင်ရန် ကြိုးစားနေခဲ့သည်။

"အမှန်ပဲ၊ အမှန်ပဲ.." လင်းဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ကာ သူ၏မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ "ငါက နည်းနည်း နောက်ကျသွားပေမဲ့ အချိန်တော့ မှီပါသေးတယ်"

သူသည် ဆာရိုသံမဏိ သစ်ပင်အား လှည့်ကြည့်လိုက်သည်။ သူသည်

တစ်စုံတစ်ခုကို တွေးလိုက်ရာ သစ်ပင်၏ ကြီးမားလှသည့် ပင်စည်သည် ကျုံ့ဝင်လာခဲ့ကာ သစ်ကိုင်းလေး အဖြစ်သို့ ပြောင်းသွားခဲ့သည်။ မဟူရာ သံမဏိနှင့် တူနေသော သစ်ကိုင်းနှင့် ရွှေရောင် သစ်ရွက်တို့သည် သက်တံ့ရောင် အလင်းတန်းဖြင့် စတင်၍ လင်းလက်လာခဲ့သည်။

"ဒီရတနာကို ဆာရို မှော်သစ်ပင်လို့ ခေါ်ရမယ်" လင်းဖုန်းက တွေးလိုက်၏။ "ဒါပေမဲ့ သူ့က စွမ်းအားကြီးတဲ့ ရတနာတစ်ပါး မဖြစ်လာခင် ကောင်းကောင်း ကျင့်ကြံပြီး မွေးမြူဖို့ လိုနေသေးတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ဒီလောက်နဲ့တင် ရပါပြီ"

သူသည် တွေးနေရင်းနှင့် အနီးရောင်
နဂါးဘုရင်၏ နဂါးဝိညာဉ် အတွင်းသို့
ကြည့်လိုက်ကာ ပင်လယ်အောက်မှ ဝက်ပါအား
အသုံးပြုနိုင်ရန် ကျင့်ကြံမှု ကျမ်းစာအား
ရှာဖွေရန် ကြိုးစားလိုက်သည်။

ပြီးတာနှင့် ရောမ နဂါးခေါင်းကြီးသည်
ပင်လယ်အောက်သို့ လေပြင်းတစ်ချက်ကို
မှုတ်ထုတ်လိုက်ရာ လျှပ်စီးများ အဖြစ်သို့
ပြောင်းသွားခဲ့သည်။ ပြီးတာနှင့် သူသည်
ပင်လယ်အောက်သို့ ဆင်းသက်သွားခဲ့၍
ရှေးဟောင်းမှော်အင်းကွက်များ အဖြစ်သို့
အသွင်ပြောင်းသွားခဲ့၏။

ဆောင်တုန်းထျန်းသည် လင်းဖုန်းအား စိုက်ကြည့်နေခဲ့ရင်း သူ၏အဖြူရောင် မျက်ခုံးများက မြင့်သွားခဲ့ကာ ပြောလိုက်သည်။
"မာစတာလင်း၊ ခင်ဗျားက ခင်ဗျားရော အခြားသူတွေပါ အကျိုးမရှိတဲ့ လုပ်ရပ်တွေကို လုပ်ဖို့ ဘာဖြစ်လို့ ကြိုးစားနေရတာလဲ"

စကားပြောနေရင်း သူ၏လက်ကို ဆန့်တန်းလိုက်ကာ လင်းဖုန်းအား ဖမ်းဆုပ်ရန် ကြိုးစားလိုက်၏။

လင်းဖုန်းသည် ခုတ်နှစ်ပါး
သေးငယ်သောမြှူမှုန် တစ်ခုမက ချထားမှန်းကို
သိနေသဖြင့် ဤတစ်ခေါက်တွင်
ဆောင်တုန်းထျန်းက ကြိုတင်၍
သတိထားနေခဲ့သည်။ သူ၏ ကြီးမားသော
လက်ဝါးအတွင်းမှ အလင်းရောင်ဘီးသည်
အစစ်အမှန် ဖြစ်တည်မှု တစ်ခုအဖြစ်သို့
အသက်ဝင်လာခဲ့၍ အဆက်မပြတ်
လည်ပတ်နေခဲ့သည်။

မရေမတွက်နိုင်သော ကမ္ဘာများသည်
တစ်ချိန်တည်းတွင် လည်ပတ်နေခဲ့သကဲ့သို့
ဖြစ်နေခဲ့၍ ကောင်းကင်နှင့် မြေကြီးတို့မှ
အရာအားလုံးတို့၏ ကံကြမ္မာများသည် သူ၏

ထိန်းချုပ်မှုကို ခံနေရသကဲ့သို့ ဖြစ်နေခဲ့သည်။
လက်ဝါး၏အောက်မှ လေဟာနယ်
ဟင်းလင်းပြင်များသည် စတင်၍
တွန့်လိမ်လာကြသည်။

ဒါသည် ဆောင်တုန်းထျန်း၏
ကောင်းကင်လက်ဝါးမှ ထုတ်လွှတ်လိုက်သည့်
ကောင်းကင်တံခါးဂိုဏ်းမှ နတ်ရတနာဘီး
ဖြစ်သည်။သူ၏ စွမ်းအား
သဘောတရားများသည် ယခင်က
တိုက်ခိုက်မှုထက် ပို၍ အဆင့်မြင့်ပေသည်။

လင်းဖုန်း၏ အရှေ့မှ ခါတ်နှစ်ပါး
သေးငယ်သော မြူမှုန်များကို

ထုတ်လွှတ်လိုက်သောအခါ သူ၏
သေးငယ်သော အရွယ်အစား အတွင်းမှ
ကြီးကျယ်ခမ်းနား၍ လွှမ်းမိုးနိုင်သော
စွမ်းအားများ ထွက်လာခဲ့သည်။
ဤသေးငယ်သော မြူမှုန်များတွင်
ကိုယ်ပိုင်ကမ္ဘာ တစ်ခုစီ ရှိနေခဲ့သကဲ့သို့ ဖြစ်၏။

ဆောင်တုန်းထျန်း၏ အကြည့်သည် လက်ကနဲ
ဖြစ်သွားခဲ့၍ သူ၏ဘယ်လက်အား
ကောင်းကင်ပေါ်သို့ မြှောက်လိုက်သည်။ သူ၏
လက်ငါးချောင်းတို့သည် အလင်းတန်းများဖြင့်
လင်းလက်လာခဲ့သည်။

မျက်စိကျိန်းစေနိုင်သည့် ကြက်သွေးရောင်
မီးတောက် ခုနှစ်တန်းသည် သူ၏
လက်သူကြွယ်မှနေ၍ ထွက်လာခဲ့သည်။
သူတို့သည် တိုးတက်ပြောင်းလဲလာခဲ့ကာ
လည်ပတ်နေသော ရောမ မီးတောက်ဘီးကြီး
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဒါသည် ကောင်းကင်တံခါးဂိုဏ်း၏ ဂြိုဟ်ကိုးလုံး
အစစ်အမှန် ကောင်းကင်ကျိန်စာမှ လာခဲ့သည့်
မားစ်မီးတောက်ဘီး ဖြစ်သည်။

ဆောင်တုန်းထျန်း၏ ဘယ်ဘက်
လက်ခလယ်၏ အပေါ်တွင် အေးစက်သော
စွမ်းအားများက စုစည်းလာကြသည်။ ဒါသည်

ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာမှ လာသည့် မာကျူရီ သေမင်းရေခဲ လှိုင်းတံပိုးပင် ဖြစ်၏။

ဤမှော်ကျိန်စာများသည် အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ ဆောင်တုန်းထျန်း၏ ထုတ်ဖော်မှုကို ခံခဲ့ရခြင်း ဖြစ်သည်။ သူသည် အင်မော်တယ်ဝိညာဉ် ပထမ အဆင့်မှ ဆောင်ချင်းစန်းထက် များစွာပို၍ သန်မာသည်။ ရေခဲနှင့် မီးလျှံတို့၏ စွမ်းအားများကို ဆင့်ခေါ်လိုက်သောအခါ လေဟာနယ်သည် တောက်လောင်လာခဲ့၍ တစ်ချိန်တည်းတွင် အေးခဲသွားခဲ့သည်။

ပို၍ ကြောက်မက်ဖွယ်ရာ ကောင်းသည်မှာ ဆောင်တုန်းထျန်း၏ ဘယ်လက်မ အပေါ်တွင် ရွှေရောင် လျှပ်စီးတို့က ပြင်းထန်စွာဖြင့် လင်းလက်လာခဲ့ခြင်း ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးတို့အား ခေါ်အလင်းတန်းများက ဖြတ်တောက်ပစ်တော့မည့်ကဲ့သို့ ဖြစ်၏။

ဒါသည် ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာမှ လာသည့် ဗီးနပ် ရွှေခေါ်လျှပ်စီးပင် ဖြစ်သည်။

ဆောင်တုန်းထျန်း၏ ဘယ်လက်ညှိုး အပေါ်တွင် မိုးထိုးနေသော မိုးမခပင် တစ်ပင်သည် လေယူရာ ယိမ်းနွဲ့နေခဲ့၍

ထူထဲသော အသက်အော်ရာ တစ်ခုအား ထုတ်လွှတ်နေခဲ့သည်။

ဒါသည့် ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာမှ လာသည့် ဂျူပီတာ အသက်ပြောင်းလဲသော မြင့်မြတ်သည့် သစ်ပင်ဖြစ်သည်။

ဆောင်တုန်းထျန်း၏ လက်သန်းအပေါ်တွင် အနက်ရောင် ကျောက်ဆောင်များဖြင့် ပြည့်နေသည့် ဧရာမ တောင်တစ်လုံး ရှိနေသည်။ ထိုတောင်သည် အလွန်အမင်းကို ခမ်းနားထည်ဝါပြီး အရာအားလုံးကို ဖိနှိပ်၍ သယ်ဆောင်သွားနိုင်စွမ်း ရှိနေသည်။ သူသည်

ကောင်းကင်အား ထောက်ပံ့ပေးကာ မြေကြီးကို တည်ငြိမ်စေခဲ့သည်။

ဒါသည့် ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာမှ စေတန် ရှေးဟောင်း မြင့်မြတ်သောတောင် ဖြစ်၏။

ဆောင်တုန်းထျန်းသည် လက်ငါးချောင်းတို့အား ဖြန့်လိုက်သောအခါ ဂြိုဟ်ကိုးလုံး အစစ်အမှန် ကောင်းကင်ကျိန်စာမှ နည်းစနစ် ငါးခုတို့ကို ထုတ်လွှတ်နိုင်ခဲ့သည်။

လျှပ်စီး၊ မိုးမခသစ်ပင်၊ လှိုင်းတံပိုး၊
မီးတောက်ဘီးနှင့် မြင့်မြတ်သောတောင်တို့က
ပေါ်လာသောအခါ ကောင်းကင်ပေါ်တွင်
ပုံရိပ်ယောင် အက်ကွဲကြောင်း တစ်ခုက
ပေါ်လာခဲ့သည်။

ဗီးနပ်၊ ဂျူပီတာ၊ မာကျူရီ၊ မားစ်နှင့်
စေတန်တို့သည် အတူတကွ
အလင်းတန်းများဖြင့် လင်းလက်လာကြ၏။
အလင်းတန်းသည် ပို၍ပို၍ တောက်ပလာခဲ့ကာ
မည်းနက်နေသော ကောင်းကင်အား
နောက်ခံထား၍ မျက်စိပသာဒ ရှိလှပေသည်။
ကောင်းကင်က ပြိုကျလာတော့မည်ကဲ့သို့
ဖြစ်သည်။

ကြယ်တာရာများ၏ ကြီးကျယ်လှသည့် စွမ်းအားများသည် ဆောင်တုန်းထျန်း၏ စွမ်းအားများကို အားဖြည့်ပေးခဲ့ကာ သူတို့အား များစွာပို၍ ကြောက်မက်ဖွယ်ရာ ကောင်းနေစေခဲ့သည်။

လင်းဖုန်းသည် ဆောင်တုန်းထျန်း၏ နည်းစနစ်ငါးမျိုးတို့သည် တစ်ခုနှင့်တစ်ခု အထောက်အကူပြုနိုင်ကာ သူတို့၏ စွမ်းအားများကို တိုးတက်စေ၍ နောက်ထပ်အဆင့်တစ်ခုကို ရောက်နိုင်စေခဲ့သည်ကို တွေ့ရှိခဲ့သည်။

"ကြယ်ကြွေကောင်းကင် မဟာလက်ဝါး!"

ဆောင်တုန်းထျန်း၏ ညာလက်သည် နတ်ရတနာဘီး၏ စွမ်းအား သဘောတရားများကို အသုံးပြု၍ ကောင်းကင်လက်ကို ဆင့်ခေါ်လိုက်၍ သူ၏ ဘယ်လက်ဖြင့် ကြယ်စင်တို့၏ စွမ်းအားများကို ဆင့်ခေါ်လိုက်သည်။ သူသည် ကြယ်ကြွေကောင်းကင် မဟာလက်ဝါးအား ထုတ်လွှတ်လိုက်သောအခါ  လင်းဖုန်းထံသို့ ဆင်းသက် ကျဆင်းလာခဲ့သည်။

ကြယ်တာရာတို့၏ စွမ်းအားများသည် အစကတည်းက လွန်စွာ

ကြီးကျယ်ခမ်းနားနေခဲ့ပြီ ဖြစ်သည်။ သူတို့သည် သာမန်လူတစ်ယောက် ခုခံနိုင်သော စွမ်းအားတစ်ခု မဟုတ်ချေ။ ဆောင်တုန်းထျန်းသည် လျှပ်စီး၊ မိုးမခသစ်ပင်၊ လှိုင်းတံပိုး၊ မီးတောက်ဘီးနှင့် မြင့်မြတ်သော တောင်တို့အား ထည့်သွင်းလိုက်သောအခါ ထိုစွမ်းအားများသည် များစွာပို၍ အားကောင်းလာခဲ့သည်။

လင်းဖုန်း ထုတ်လွှတ်ထားသော ဓါတ်နှစ်ပါး သေးငယ်သော မြူမှုန်တို့၏ ခံစစ်သည် ထိုလက်ဝါး၏ ရိုက်ခတ်ခြင်းကို ခံခဲ့ရသောအခါ ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။

ခတ်နှစ်ပါး သေးငယ်သော မြူမှုန်တို့ဖြင့်
ဖန်ဆင်းထားသော ကမ္ဘာသည်
ကြယ်တာရာတို့၏ တိုက်ခိုက်မှုကို
ခံခဲ့ရသောအခါ ကမ္ဘာကြီးသည်
ကွဲကြေပျက်စီးသွားသော အခြေအနေသို့
ရောက်သွားခဲ့သည်။

ထိုအချိန်တွင် ဆောင်တုန်းထျန်း၏
ကောင်းကင်လက်ကလည်း
ကျဆင်းလာခဲ့သည်။ သူ၏လက်ဖဝါး အတွင်းက
အလင်းတန်းဘီးက လည်ပတ်နေသောအခါ
ကောင်းကင်ကမ္ဘာငယ်ကလည်း
ပြိုကျပျက်စီးသွားခဲ့သည်။

ဆောင်တုန်းထျန်း၏ ဘယ်လက်နှင့်
ညာလက်တို့သည် အတူတကွ
ပူးပေါင်းဆောင်ရွက်ခဲ့ကြသောအခါ လင်းဖုန်း၏
ခေတ်နှစ်ပါး သေးငယ်သောမြူမှုန် နည်းစနစ်၏
ခံစစ်မှာ ကျိုးပေါက်သွားခဲ့သည်။

လင်းဖုန်းသည် ထိုမြင်ကွင်းအား မြင်ရသောအခါ
ပြုံးလိုက်၏။ "ကောင်းကင်တံခါးဂိုဏ်းက
တကယ်ကို စွမ်းအားကြီးတဲ့ နည်းစနစ်တွေကို
ပိုင်ဆိုင်ထားတာပဲ။ ဒါပေမဲ့ အခုကြည့်ရတာ
ခင်ဗျားရဲ့ နတ်ရတနာဘီးမှာ ဟာကွက်တစ်ခု
ရှိနေတယ်နဲ့ တူတယ်"

ဆောင်တုန်းထျန်း၏ ပြင်းထန်လှသော တိုက်ခိုက်မှုအား လင်းဖုန်းက အမှုမထားခဲ့ပေ။ သူသည် ပင်လယ်အောက်ခြေမှ ဝက်ပါကိုသာ ဆက်လက် အသက်သွင်းနေခဲ့သည်။

လေဟာနယ် ဟင်းလင်းပြင်၏ အတွင်းတွင် ခေါင်းလောင်းတစ်ခု၏ အသံက မြည်လာခဲ့သည်။ ထိုအသံသည် လေဟာနယ်ကို ဖြတ်သန်းလာခဲ့ကာ ယင်ပင်လယ် အတွင်းသို့ ရောက်ရှိလာခဲ့သည်။ ဒါသည် လင်းဖုန်း၏ မွေးရာပါ မှော်ရတနာဖြစ်သည့် ကြမ္မာပန်းတိုင် ခေါင်းလောင်းပင် ဖြစ်သည်။

အကယ်၍ သူသည် အစောကတည်းက ပြင်ဆင်မှုများ မလုပ်ထားလျှင် လင်းဖုန်းသည် အလောတကြီးနှင့် သံမဏိသစ်ပင် ကိုယ်ပွားအား မိုးကြိုးနဂါး ကိုယ်ပွားအဖြစ်သို့ ပြောင်းလဲလိုက်မည် မဟုတ်ချေ။

သို့သော်လည်း လင်းဖုန်း၏ မူလခန္ဓာကိုယ်မှာ ထိုနေရာတွင် ရှိမနေသဖြင့် အသစ်ကျင့်ကြံထားသော မိုးကြိုးနဂါး ကိုယ်ပွားသည် ထိုမှော်ရတနာကို မသုံးမပြုနိုင်ခဲ့ပေ။ ထို့ကြောင့် ကြမ္မာပန်းတိုင် ခေါင်းလောင်းအား အသက်ဖန်ဆင်းခြင်း တံခါးအဖြစ်သို့ ပြောင်းလဲလိုက်ရခြင်း ဖြစ်သည်။

ထိုက်ကျိစစ်သည်များကို မဖန်ဆင်းခဲ့ပဲ သူသည် လင်းဖုန်း၏ ခေါင်းအပေါ်တွင်သာ ရှိနေခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ဆာရို သံမဏိသစ်ပင်သည် အသက်ဖန်ဆင်းခြင်း တံခါးအပေါ်သို့ ကျသွားခဲ့ပြီး အသက်ဖန်ဆင်းခြင်း တံခါး၏ အားကောင်းသော အသက်အော်ရာ၏ အားဖြည့်မှုအောက်တွင် သူ၏ ကိုယ်ပိုင် အော်ရာများသည် ပို၍တည်ငြိမ် ပြည့်စုံလာခဲ့သည်။ သစ်ပင်အတွင်းတွင် သာမန် အသိစိတ်တစ်ခု ပေါ်လာခဲ့သည်။

ဆောင်တုန်းထျန်းသည် သူ၏မျက်မှောင်များကို ကြုတ်လိုက်ကာ သူ၏ လက်ဝါးများကို အသုံးပြု၍ ဆာရိမှော်သစ်ပင်၏ အပေါ်မှနေ၍ ဆွဲနှုတ်လိုက်၏။ သို့သော်လည်း ဆာရိ မှော်သစ်ပင်သည် အနည်းငယ်သာ တုန်ခါသွားခဲ့ပြီး ဆောင်တုန်းထျန်း၏ ဆွဲယူခြင်းကို မခံခဲ့ရပေ။ ထို့အစား သူသည် အသက် ဖန်ဆင်းခြင်းတံခါး အပေါ်၌သာ မြဲမြံစွာ ရှိနေခဲ့သည်။

"သူ့ကို အပြည့်အဝ မကျင့်ကြံရသေးပေမဲ့ သူ့ရဲ့ ခံစစ်တွေက ဒီလောက်အထိ သန်မာနေပြီလား" ဆောင်တုန်းထျန်းက တွေးလိုက်ကာ အားပိုသုံး၍ ဆွဲလိုက်သည်။

သို့သော်လည်း အသက်ဖန်ဆင်းခြင်း တံခါးသည် ဆာရို မော်သစ်ပင်အား စွမ်းအားများ ပိုမို ထောက်ပံ့ခဲ့ခြင်းကြောင့် ဆောင်တုန်းထျန်းကလည်း ဆာရို မော်သစ်ပင်အား ဘာမှ မလုပ်နိုင်ခဲ့ပေ။

"ဒီမော်ရတနာရဲ့ ခံစစ်တွေက တကယ့်ကို အံ့အားသင့်စရာပဲ။ တကယ်လို့ သူ့ကို အပြည့်အဝ ကျင့်ကြံနိုင်မယ် ဆိုရင် အင်မော်တယ် ဝိညာဉ် ပထမ အဆင့်က အကြီးအကဲ တစ်ယောက်ကတောင် သူ့ကိုအသုံးပြုပြီး ခုခံလိုက်ရင် ငါကလည်း ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

ဆောင်တုန်းထျန်း၏ အမူအရာသည် ပျက်သွားခဲ့၏။ "အခုအချိန်မှာလည်း သူ့ကို ထိန်းချုပ်နေတာ လင်းဖုန်းရဲ့ မိစ္ဆာကိုယ်ပွားသာ ဖြစ်ပေမဲ့ အသက်ဖန်ဆင်းခြင်း တံခါးရဲ့ အထောက်အပံ့ကို ရနေတော့ အတော့်ကို သန်မာနေတယ်"

ဆောင်တုန်းထျန်းသည် တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ရာ ရှေးဟောင်းတံဆိပ် တစ်ခုက ထွက်ပေါ်လာခဲ့သည်။ သူ၏ ကြီးမားလှသော စွမ်းအားများသည် ကောင်းကင်အပေါ်သို့ ကျရောက်လာခဲ့သည်။

ကောင်းကင်တံခါးဂိုဏ်း၏ မှော်ရတနာ ကိုးပါးအနက်မှ တစ်ခုဖြစ်သော မြောက်ဘက် ရွှမ်ကောင်းကင် တံဆိပ်!

သူသည် ပွားစည်းခြင်း အဆင့်သို့ နိမ့်ကျသွားခဲ့သော်လည်း ဆောင်တုန်းထျန်း၏ နှစ်ပေါင်းများစွာ ကျင့်ကြံမှုကြောင့် သူသည် ပွားစည်းခြင်း အဆင့်၏ ထိပ်ဆုံးသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်ကာ မဟာယာန အဆင့်သို့ ရောက်ရှိရန် ခြေတစ်လှမ်းသာ လိုတော့သည်။

ထိုမှော်ရတနာ ပေါ်လာသောအခါ လင်းဖုန်း၏ အသက်ဖန်ဆင်းခြင်း တံခါးသည် မည်သို့မှ

မတုံ့ပြန်ခဲ့သော်လည်း ဆာရိုမှော်သစ်ပင်သည်
အနည်းငယ် တုန်ခါသွားခဲ့၏။

ရွှမ်ကောင်းကင် တံဆိပ်သည်
ကောလဟာလများအရ
ကောင်းကင်တံခါးဂိုဏ်း၏ ခေါင်းဆောင်
ထျန်းတိခုန်း၏ ကျင့်ကြံမှုကို ခံထားရခြင်း
ဖြစ်သည်။ သူသည် ဂိုဏ်းအတွက်
ကောင်းချီးမင်္ဂလာ နယ်မြေတစ်ခုကို
ရှာဖွေနေစဉ် နတ်တောင်တစ်တောင်၏
ထိပ်ပိုင်းကို ဖြတ်လိုက်ပြီး ထိုတောင်ထိပ်၏
အပေါ်မှ မြေပြန့်အပေါ်တွင်
ကောင်းကင်တံခါးဂိုဏ်း၏ အခြေခံကို
တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ပြီးနောက်တွင်

ဖြတ်တောက်ခဲ့သော တောင်ထိပ်အား
ရွှမ်ကောင်းကင် တံဆိပ်အဖြစ် ကျင့်ကြံခဲ့ခြင်း
ဖြစ်၏။

ရှေးဟောင်းခေတ် အတွင်းတွင် ထိုတံဆိပ်သည်
အလွန်ကိုပင် နာမည်ဆိုးနှင့် ကျော်ကြား၏။
သူသည် ကောင်းကင်တံခါးဂိုဏ်း၏ မှော်ရတနာ
ကိုးပါးအနက်တွင် သတ်ဖြတ်မှုနှုန်း
အမြင့်မားဆုံး ဖြစ်၏။

သူ၏ အဆင့်သည် နိမ့်ကျသွားခဲ့သော်လည်း
သူသည် အလွန်ပင် ခက်ထန်ကြမ်းတမ်းဆဲ
ဖြစ်သည်။ သူသည် ပွားစည်းခြင်း အဆင့်မှ
မှော်ရတနာ များစွာတို့အား အနိုင်ယူခဲ့ပြီး

ဖြစ်ကာ မဟာယာန အဆင့်မှ
မော်ရတနာများနှင့်ပင် ယှဉ်ပြိုင်နိုင်သည်။

အကယ်၍ ဆာရို မော်သစ်ပင်သည်လည်း
ပွားစည်းခြင်း အဆင့်တွင် ရှိနေပါက သူသည်
ရွှမ်ကောင်းကင် တံဆိပ်အား ကြောက်ရွံ့ခဲ့မည်
မဟုတ်ပေ။ သို့သော်လည်း သူသည်
ယခုအချိန်တွင် သန္ဓေလောင်း အဆင့်၌သာ
ရှိနေသေး၏။ ဤသစ်ပင်၏ ခံစစ်သည်
ရွှမ်ကောင်းကင် တံဆိပ်၏ ချိုးဖျက်ခြင်း
ခံရနိုင်ကာ လုံး၀ ပျက်စီးသွားမည့် အန္တရာယ်ပင်
ရှိနေခဲ့သည်။

"ရွှမ်ကောင်းကင် တံဆိပ်၊ ဟားဟား"
လင်းဖုန်းသည် ရယ်လိုက်ကာ သူ၏
မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း
ပုံဆောင်ခဲကို ထုတ်ယူလိုက်သည်။

ထိုပုံဆောင်ခဲမှနေ၍ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ
အလင်းတန်း တစ်ခုအား လေဟာနယ်
အတွင်းတွင် ထုတ်လွှတ်လိုက်၏။ အဖြူနှင့်
အနက်ရောင်တို့သည် အတူတကွ
လင်းလက်လာကြကာ ယင်နှင့်ယန်တို့
ပေါင်းစပ်ဖွဲ့စည်းထားပုံ ပေါက်နေသည့်
နေမင်းတစ်စင်းက ဖြည်းဖြည်းချင်း
တက်လာခဲ့သည်။

စွမ်းအားထက်သော မြင့်မြတ်သည့်
အလင်းတန်းသည် ဆာရို မော့်သစ်ပင်၏
အပေါ်သို့ ကျရောက်သွားခဲ့ကာ သူ၏အပေါ်တွင်
အဖြူနှင့်အနက် အလင်းတန်း အလွှာတစ်ခုအား
ဖန်တီးပေးခဲ့လိုက်သည်။

ခဏအကြာတွင် ဆောင်တုန်းထျန်း၏
လက်ဝါးနှင့် ရွှမ်ကောင်းကင် တံဆိပ်တို့သည်
ဆာရို မော့်သစ်ပင်၏ အပေါ်သို့
ကျရောက်လာကြသည်။

သစ်ပင်၏ အကိုင်းအခက်များသည်
တွန့်လိမ်သွားကြကာ ဖျက်စီး၍ မရသည့်
စွမ်းအား သဘောတရားသည် လွင့်ပြယ်လုနီးပါး

ဖြစ်သွားခဲ့၏။ သူသည် ကျိုးပျက်လုနီးပါး ဖြစ်သွားခဲ့သည်။

သို့သော်လည်း မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်း၏ ထောက်ပံ့မှုအောက်တွင် သူသည် ဤတိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ အသက်ဖန်ဆင်းခြင်း တံခါး၏ စွမ်းအားများသည် ဆာရို မှော်သစ်ပင်နှင့် မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းတို့အား ဆက်လက်၍ အားဖြည့်ပေးနေခဲ့သည်။ နောက်ဆုံးတွင် ဆောင်တုန်းထျန်းသည် ထပ်မံ၍ ဘာမှ မလုပ်နိုင်ခဲ့ပေ။

သူသည် ပုံဆောင်ခဲမှ ပြောင်းလဲလာခဲ့ခြင်း ဖြစ်သဖြင့် အသက်ဖန်ဆင်းခြင်း တံခါးက အားဖြည့်ပေးနေခဲ့သော်လည်း မြင့်မြတ်သော ဖန်ဆင်းခြင်း အလင်းတန်းသည် လျှင်မြန်စွာနှင့် အားကုန်သွားခဲ့သည်။ သို့သော်လည်း ဆောင်တုန်းထျန်းသည် မပျော်နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော ဤအချိန်အတွင်းတွင် လင်းဖုန်းသည် ပင်လယ်အောက်မှ မှော်ဝက်ပါအား အပြည့်အဝ အသက်သွင်းနိုင်ခဲ့ပြီ ဖြစ်သောကြောင့် ဖြစ်သည်။

နဂါးအကြေးခွံ၏ အနေအထားသည် ရေပူဖောင်း အဖြစ်သို့ ပြန်လည်

ပြောင်းလဲသွားခဲ့သည်။ အပြာရောင် တိုကင် ၂၄ခုတို့သည် သူ့အား ကာကွယ်ပေးထားကြကာ သူမှနေ၍ အလင်းတန်း ၂၄တန်းတို့သည် ကောင်းကင်အပေါ်သို့ ထိုးတက်သွားခဲ့သည်။

ထိုအလင်းတန်းများ၏ ဝန်းရံခြင်းကို ခံထားရသော ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ယင်ကျိုးနတ်တောင်၏ ပုံရိပ်က ထပ်မံ၍ ပေါ်လာခဲ့သည်။

ပြီးတာနှင့် ယင်ကျိုးနတ်တောင်၏ ပုံရိပ်သည် ရေပူဖောင်းနှင့် ဆက်သွယ်သွားနိုင်ခဲ့သည်။ ရေပူပေါင်းသည် တုန်ခါ၍ ကျယ်ပြန့်လာခဲ့ကာ ပင်လယ်ကြီးအား လှုပ်ခါစေခဲ့သည်။

ဆူနာမီ လှိုင်းလုံးကြီးများက အစပျိုးလာသကဲ့သို့ ဒီရေများက မာန်ဟုန်ပြင်းလာကြသည်။

ယင်ပင်လယ်မှ ရေများသည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။ ပုံရိပ်ယောင် လေဟာနယ်များက ပိုမို၍ ရှုပ်ထွေးလာခဲ့၏။ စိတ်ဝိညာဉ် စွမ်းအင်များဖြင့် ပြည့်နေသော အဆုံးမဲ့ ဒီရေလှိုင်းလုံးကြီး တစ်ခုသည် ရေပူဖောင်းအား အလယ်တွင်ထားကာ ပေါက်ကွဲထွက်လာခဲ့သည်။

ပုံရိပ်ယောင် ပင်လယ်ဒီရေ!

အဝေး တစ်နေရာတွင် ရှိနေသော
ယင်ကျိုးနတ်တောင်ကလည်း အနည်းငယ်
တုန်ခါသွားခဲ့သည်။ လျှမ်ပန်းသည်
ဆောင်တုန်းထျန်းထံမှ သတင်းကို
ရရှိခဲ့သောအခါ သူသည် တော်ဝင်နန်းတော်
အတွင်းတွင် ထိုင်နေရာမှ ထလိုက်သည်။

## စာစဥ် ၄၁ : အပိုင်း ၁၆

## အပိုင်း ၇၈၆ : ယုကျင်းတောင်၏ စွမ်းအား၊ အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်း!

ပုံရိပ်ယောင် ပင်လယ်ဒီရေအား ဆင့်ခေါ်လိုက်ပြီးနောက်တွင် လင်းဖုန်းသည် ဆောင်တုန်းထျန်းအား နောက်ထပ်လုံးဝ ဂရုမစိုက်တော့ပေ။ မိုးကြိုးနဂါး ကိုယ်ပွားသည် ခရမ်းရောင် အလင်းတန်း တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ပြီး အသက်ဖန်ဆင်းခြင်း တံခါးနှင့်တကွ ဆာရို မှော်သစ်ပင်အား ခေါ်ဆောင်သွားခဲ့သည်။ သူတို့သည် ပင်လယ်အတွင်းမှ ရေပူဖောင်းများ အတွင်းသို့ ပြေးဝင်သွားခဲ့၏။

ဆောင်တုန်းထျန်းသည် သူတို့အား လိုက်ဖမ်းရန် ကြိုးစားခဲ့လိုက်သော်လည်း ဓာတ်နှစ်ပါး

သေးငယ်သော မြူမှုန်တို့က သူ၏အရှေ့တွင် ပေါက်ကွဲသွားခဲ့ကာ သူ့လမ်းကြောင်းကို ဟန့်တားလိုက်သည်။

ခရမ်းရောင် အလင်းတန်းသည် ရေပူဖောင်း အတွင်းသို့ ဝင်ရောက်သွားသောအခါ ဒီရေများက အပြည့်အဝ လွှမ်းမိုးနိုင်ခဲ့ပြီ ဖြစ်သည်။ သူသည် အရပ်မျက်နှာ ပေါင်းစုံထံသို့ ကျယ်ပြန့်သွားခဲ့သည်။ နဂါးအကြေးခွံမှာ အကြီးမားဆုံးဖြစ်၍ သူသည် ယင်ကျိုးနတ်တောင်ထံသို့ ပြေးဝင်သွားခဲ့၏။

ရေပူဖောင်းအား ဝန်းရံထားသော တိုကင် ၂၄ခုတို့သည် ကြေမွသွားကြပြီး ရေပူဖောင်းမှာ

ဒီရေလှိုင်းလုံးများနှင့်အတူ လိုက်ပါသွားခဲ့၍
ယင်ကျိုးနတ်တောင် အနားသို့
ရောက်ရှိလာခဲ့သည်။

လှိုင်းလုံးများက ပြင်းထန်စွာ
ပေါ်ပေါက်လာကြသောအခါ
ဆောင်တုန်းထျန်းက သက်ပြင်းကိုသာ
ချနိုင်ခဲ့၏။ အကယ်၍ သူသည် ရေပူဖောင်းအား
ဖျက်ဆီးနိုင်ခဲ့လျှင်ပင် ဘာအဓိပ္ပာယ်မှ
ရှိတော့မည် မဟုတ်ချေ။

ထို့အပြင် သူသည် ပုံရိပ်ယောင်
ပင်လယ်ဒီရေများအား ရင်ဆိုင်နေခဲ့ရသည်။
ယင်ကျိုးနတ်တောင်၏ တောင်ပိုင်းတွင်

ဖြစ်ပေါ်ခဲ့သော ယခု ပုံရိပ်ယောင်
ပင်လယ်ဒီရေသည် ပန်းလိုင်နှင့်
ဖန်ကျန်းနတ်တောင်တို့၏ တိုက်ခိုက်မှုကြောင့်
ဖြစ်ပေါ်ခဲ့သော လှိုင်းလုံးများလောက်
မကြီးမားချေ။ သို့သော်လည်း သူ့အား
ပေါ့သေးသေးသာ သဘောထားလိုက်လျှင်
မှားသွားလိမ့်မည်။ ဆောင်တုန်းထျန်းသည်
အခြားဘာကိုမှ ဂရုစိုက်ရန်
အင်အားမရှိတော့ချေ။

ဆောင်တုန်းထျန်းသည် အဝေးသို့
စီးမျောသွားခဲ့သော ရေပူဖောင်း အနောက်သို့
လိုက်သွားခဲ့ကာ သူ၏ မျက်မှောင်များကို
ကြုတ်လိုက်သည်။ "လက်စသတ်တော့ ဒီလိုကိုး၊

သူက ဒီနဂါးရဲ့ ခန္ဓာကိုယ်ကို
ဝင်စားလိုက်အပြီးမှာ နဂါးအကြေးခွံနဲ့
ဖန်တီးထားတဲ့ ရေပူဖောင်း အတွင်းမှ
နေနိုင်ခဲ့တယ်။ သူ့ရဲ့ သံမဏိသစ်ပင်
ကိုယ်ပွားက အချိန်တိုလေး အတွင်းမှ
အင်မော်တယ် ဝိညာဉ်ကို ဖန်ဆင်းဖို့
မဖြစ်နိုင်ဘူး။ ဒါကြောင့်သူက နဂါးတစ်ကောင်
အဖြစ်ကို ပြောင်းလိုက်တာပဲ"

"အနာဂတ်က အလားအလာတွေကို
အနစ်နာခံပြီး အခုအချိန်မှာ အသာစီးရအောင်
လုပ်ခဲ့တယ်။ ဒါပေမဲ့ ကြည့်ရတာ
ဒီလောက်အထိတော့ မရိုးရှင်းဘူး"

 အခြေအနေများက ဤအဆင့်အထိတိုင် ရောက်လာခဲ့ပြီ ဖြစ်သဖြင့် ဆောင်တုန်းထျန်းသည် ပုံရိပ်ယောင် ပင်လယ်ဒီရေ၏ တိုက်ခိုက်မှုများကို ခုခံကာ ယင်ကျိုးနတ်တောင်ထံသို့ အမြန် လိုက်သွားခဲ့သည်။

လျှမ်ပန်းသည် ဆောင်တုန်းထျန်းထံမှ သတင်းများကို ကြားလိုက်ရသောအခါ မတည်မငြိမ် ဖြစ်သွားခဲ့သည်။ သူသည် ယုကျင်းတောင်ကို ကြည့်လိုက်ကာ ပြောလိုက်သည်။ "မာစတာလင်းက ဒီတစ်ခေါက်မှာတော့ တော်တော်များသွားပြီ"

လင်းဖုန်းသည် အနီရောင် နဂါးဘုရင်၏
ခန္ဓာကိုယ်အား ဝင်စား၍ မိုးကြိုးနဂါး
ကိုယ်ပွားအဖြစ် ကျင့်ကြံခဲ့ကာ ဆာရိသံမဏိ
သစ်ပင်အား ဆာရိမှော်သစ်ပင် အဖြစ်သို့
ပြန်လည် ကျင့်ကြံခဲ့သည်။ ရှီယုနှင့်
လျှမ်ပန်းတို့၏ ထိုသစ်ပင်အပေါ်တွင်
ထားထားသော သဘာဝလွှန်
အသိစိတ်များမှာလည်း လုံးဝ
ပျောက်ကွယ်သွားခဲ့သည်။

လျှမ်ပန်းကဲ့သို့ သတင်း အပြည့်အစုံ
မသိခဲ့ရသော်လည်း ရှီယုသည်လည်း အဝေးမှ
အခြေအနေများသည် အကြီးအကျယ်
ပြောင်းလဲသွားခဲ့သည်ကို ခံစားလိုက်ရ၏။

အနီရောင် နဂါးဘုရင်နှင့် လှိုင်းလုံး ပင်လယ်ဘုရင်တို့၏ အစီအစဉ်များကို ကြည့်လိုက်ခြင်းအားဖြင့် သူသည်လည်း ဘာဖြစ်နေသည်ကို ခန့်မှန်းနိုင်ခဲ့သည်။

ရှီယုကလည်း သူ၏ မျက်မှောင်များကို ကြုတ်လိုက်ကာ မေးလိုက်သည်။ "မာစတာလင်း၊ ခင်ဗျားက ဘာဖြစ်လို့ ဒီလိုမျိုး လုပ်လိုက်ရတာလဲ"

လင်းဖုန်းက ပြုံးလိုက်၏။ "စိတ်မရှိကြပါနဲ့၊ ရဲဘော်တို့"

သူ့စကား ဆုံးသည်နှင့် သူ၏နဖူးတွင်
ထိုက်ကျိပုံရိပ် တစ်ခုက ပေါ်လာခဲ့ကာ
စတင်လည်ပတ် လာခဲ့၏။ လျှမ်ပန်းနှင့်
ရှီယုတို့က ကြည့်နေဆဲတွင်ပင် လင်းဖုန်း၏
တစ်ကိုယ်လုံးသည် ရောမ ထိုက်ကျိပုံရိပ်
အဖြစ်သို့ ချက်ချင်းပြောင်းလဲသွားခဲ့ကာ
စကြာဝဠာကြီး တစ်ခုလုံးအား
လွှမ်းမိုးနိုင်သည့်ပုံ ပေါက်သွားခဲ့သည်။

ယုကျင်းတောင်ပေါ်မှ မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ရွက်များသည်
အနည်းငယ် လှုပ်ရှားသွားကြသည်။ ညင်သာစွာ
လှုပ်ယမ်းနေကြရင်း သူတို့သည် ပို၍ပို၍
မြန်ဆန်လာကြသည်။ သူတို့သည် သူတို့အနားမှ

ကမ္ဘာကြီး တစ်ခုလုံး၏ လေဟာနယ်
စွမ်းအားများကို စုဆောင်းနေခဲ့ကြသကဲ့သို့
ကောင်းကင်တစ်ခုလုံးအား လှုပ်လှုပ်ရှားရှား
ဖြစ်စေခဲ့သည်။

ကောင်းကင်ကို လှည့်ပတ်နေသော ခရမ်းရောင်
တိမ်တိုက် ဘောလုံးများသည် စတင်၍
တုန်ခါလာခဲ့၏။ ခရမ်းရောင် တိမ်တိုက်များ
အကြားတွင် အရာဝတ္ထု အားလုံးတို့၏
ပုံရိပ်များက ပေါ်လာခဲ့သည်။ တစ်ခုမှ
ကျန်မနေခဲ့ပေ။

သို့သော်လည်း လျှမ်ပန်းနှင့် ရှီယုတို့အား
သတိထားစေခဲ့သည်မှာ ယုကျင်းတောင်သည်

ရုတ်တရက် ခါယမ်းသွားခဲ့၍
တောင်၏ကိုယ်ထည်သည် ထွင်းဖောက်
မြင်နေရခဲ့ပြီး ကြည်လင်နေသော ဖန်သားကဲ့သို့
ပြောင်းလဲသွားခြင်း ဖြစ်သည်။ အရောင်မဲ့
တောင်ကိုယ်ထည်မှနေ၍ မရေမတွက်နိုင်သော
ပုံရိပ်များဖြင့် လင်းလက်လာခဲ့သည်။
တစ်ခုချင်းစီတိုင်းသည် ကွဲပြားခြားနား၍
ဆက်လက်၍ ပြောင်းလဲနေကြဆဲ ဖြစ်သည်။

လျှမ်ပန်းသည် လုံးဝ ချီတုံချတုံ မဖြစ်ခဲ့ပဲ
တော်ဝင်နန်းတော်အား တိုက်ရိုက်
ဆင့်ခေါ်လိုက်သည်။ နန်းတော်၏ အတွင်းတွင်
မရေမတွက်နိုင်သော လူသားပုံရိပ်များသည်
ပုံရိပ်ယောင် ဘဝမှ အကောင်အထည်

ပေါ်လာကြပြီး တပြိုင်နက် သီကြွေးလိုက်ကြ၏။ သူတို့သည် ဤမှော်ရတနာ၏ စွမ်းအားများကို ချက်ချင်း တိုးတက်စေခဲ့သည်။

တော်ဝင်နန်းတော်၏ အပေါ်ဘက်တွင် ရောမ ကစဉ့်ကလျား တွင်းနက်တစ်ခု ပေါ်လာခဲ့သည်။ သူ၏အတွင်းတွင် ခရမ်းရွှေရောင် အလင်းတန်းများကို စုစည်းနေခဲ့၏။ ပြီးတာနှင့် အဖြူနှင့်အနက် အလင်းတန်း တစ်ခုစီတို့သည် ရစ်ပတ်နေကြကာ နန်းတော်အတွင်းမှ ထွက်လာခဲ့၍ ယုကျင်းတောင်ထံသို့ ဝင်ရောက်လာခဲ့သည်။

ဒါသည့် တော်ဝင်နန်းတော်မှ
ဆင့်ခေါ်လိုက်သည့် ဝင်ရိုးစွန်းနှစ်ဘက်
ကစဥ့်ကလျားဂူ နတ်ဘုရား အလင်းတန်း
ဖြစ်သည်။

လင်းဖုန်းသည် ထိုနတ်ဘုရား အလင်းတန်းကို
ရင်ဆိုင်နေခဲ့ရင်း ရှီယုနှင့် အင်မော်တယ်
နဂါးမြို့တော်ဘက်သို့ လှည့်လိုက်ကာ
ရုတ်တရက် ပြောလိုက်၏။ "မဟာကျိုး
အင်ပါယာရဲ့ ဖန်ကျန်းနတ်တောင်ကို
ယင်ပင်လယ်ရဲ့ တောင်ဘက်မှာ ကျုပ်က
ပန်းလိုင်နတ်တောင်နဲ့ တိုက်ခိုက်ခဲ့တယ်။
အခုအချိန်မှာ တောင်နှစ်တောင် စလုံးတို့က

ပုံရိပ်ယောင် ပင်လယ်ဒီရေကြောင့်
ပင်လယ်အောက်ကို ရောက်သွားခဲ့ပြီ"

"အခုအချိန်မှာ မဟာကျိုး အင်ပါယာက
ပစ်မှတ်ထားစရာ ယင်ကျိုးနတ်တောင်ပဲ
ရှိတော့တယ်"

ရှီယုသည် ထိုစကားကို ကြားလိုက်ရသောအခါ
သူ၏ အကြည့်မှာ လက်ကနဲ ဖြစ်သွားခဲ့၏။
လင်းဖုန်းသည် ပန်းလိုင်နတ်တောင်အား
အသုံးပြု၍ မဟာကျိုး အင်ပါယာ၏
ဖန်ကျန်းနတ်တောင်ကို တိုက်ခိုက်ခဲ့သည်။
ရှီယုသည် ထိုနေရာတွင် မရှိခဲ့သော်လည်း

ဤကဲ့သို့သော သတင်းထူးကို ရရှိခဲ့ပြီး ဖြစ်သည်။

ရှီယုသည် လင်းဖုန်း၏ စကားများကို အပြည့်အဝ မယုံသော်လည်း လျှမ်ပန်းနှင့် ဆောင်တုန်းထျန်းတို့၏ လှုပ်ရှားမှုများကို ကြည့်လိုက်၍ တန်ဖိုးရှိသော အချက်များကို ကောက်ချက်ချနိုင်ခဲ့သည်။

ရှီယု၏ ထိန်းချုပ်မှုအောက်တွင် အင်မော်တယ် နဂါးမြို့တော်သည် ရောမ အလင်းရောင် နဂါးတစ်ကောင် အဖြစ်သို့ ပြောင်းသွားခဲ့၍ လက်စွပ်တစ်ကွင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ထိုလက်စွပ်သည် အပြင်သို့

ကျယ်ပြန့်လာခဲ့သော်လည်း လင်းဖုန်းနှင့်
လျှမ်ပန်းတို့၏ တိုက်ပွဲကို ဝင်ရောက်ခဲ့ခြင်း
မပြုခဲ့ပေ။ ထို့အစား သူသည်
ယင်ကျိုးနတ်တောင်၏
ဘေးပတ်ပတ်လည်ကိုသာ
ဝန်းရံထားလိုက်သည်။

ပုံရိပ်ယောင် ပင်လယ်ဒီရေသည် ပို၍ပို၍
နီးကပ်လာခဲ့သည်။

လင်းဖုန်းသည် ယုကျင်းတောင် အပေါ်တွင်
စောင့်ကြပ်နေခဲ့ကာ သူ၏ အကြည့်သည်
စီးဆင်းနေသော အချိန်မြစ်ရေကဲ့သို့
တည်ငြိမ်နေခဲ့သည်။

သို့သော်လည်း ဤအချိန်တွင် ထိုမြစ်သည် ပို၍ပို၍ နွေးကွေးလာခဲ့သည်ဟု ထင်နေရ၏။ သူသည် ရပ်တန့်သွားတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

ထူးခြားသော အလင်းတန်းပေါင်း များစွာတို့သည် လင်းဖုန်းအား ဗဟိုပြု၍ ကောင်းကင်နှင့် မြေကြီးတို့ အပေါ်မှ ဆင်းသက်လာကြသည်။ ထိုအလင်းတန်းများ၏ လွှမ်းခြုံမှုကို ခံခဲ့ရသောအခါ လင်းဖုန်းသည် ထာဝရအချိန်၏ လျှို့ဝှက်ချက်များကို ထိန်းချုပ်နိုင်သကဲ့သို့ ဖြစ်ကာ ထာဝရ၏

ထူးခြားဆန်းကြယ်သော စွမ်းအား
သဘောတရားများကို ထုတ်ဖော်နိုင်ခဲ့သည်။

ထာဝရသည် အချိန်၏ အစွန်းတစ်ဘက်
ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးတို့ပင်လျှင်
အချိန်တန်လျှင် ပျက်စီးရသေးရာ
မည်သည့်အရာက ထာဝရ
တည်မြဲနိုင်မည်နည်း။

ထာဝရသည် ရှည်ကြာလွန်းကာ
ဆုပ်ကိုင်နိုင်မည် မဟုတ်ချေ။ တိုတောင်းသော
တစ်ခဏအား ဆုပ်ကိုင်နိုင်ခြင်းသည် အချိန်၏
အစစ်အမှန် အဓိပ္ပာယ်အား ဖမ်းဆုပ်နိုင်ခြင်းနှင့်
တူ၏။ အနာဂတ်သည် ကြိုတင်ခန့်မှန်း၍

မရသော်လည်း တစ်ယောက်သည် ပစ္စုပ္ပန်တွင်
အရာအားလုံးကို ထိန်းချုပ်နိုင်သည်။

သူသည် ထာဝရ အလင်းတန်းကို
ဆင့်ခေါ်လိုက်သောအခါ အလင်းတန်း
အချို့သည် သူ၏ကိုယ်ပေါ်တွင်
လင်းလက်လာခဲ့သည်။ သူတို့သည်
တစ်ခဏသာ ကြာ၍ အရေးပါသည်ဟု
ထင်မနေရသော်လည်း သူတို့တွင် တစ်ခဏ၏
အစစ်အမှန် အနှစ်သာရများ ပါဝင်နေ၏။

သူသည် အစဥ်အမြဲ ရှည်ကြာသည့် ထာဝရနှင့်
တူနေခဲ့သော်လည်း တစ်ချိန်တည်းတွင်
ခေတ္တမျှသာ ဖြစ်သည့် တစ်ခဏနှင့်လည်း

တူနေခဲ့သည်။ ထာဝရနှင့် တစ်ခဏတို့သည် အချိန်၏ အစွန်းနှစ်ဘက်တို့ ဖြစ်ကြသည်။ သူတို့ နှစ်ခုစလုံးတို့၏ သဘောတရားများကို နားလည်နိုင်ခြင်းသည် အချိန်၏ လျှို့ဝှက်ချက်များကို ဖြေရှင်းနိုင်ခြင်းနှင့် တူနေသည်။

ယခုအချိန်တွင် လင်းဖုန်းသည် ထိုသဘောတရား နှစ်ခုစလုံးတို့အား ပေါင်းစပ်နိုင်ခဲ့သည်။ သူ၏အနားမှ အော်ရာတို့သည် အချိန်၏ အနှစ်သာရတို့အား ထိန်းချုပ်နိုင်သည့်အတိုင်း ထူးခြားဆန်းကြယ်လှသည်။

လင်းဖုန်း၏ ထိန်းချုပ်မှုအောက်တွင်
ယုကျင်းတောင်သည့် အရပ်မျက်နှာ
အားလုံးတို့ကို ဖြာထွက်သွားသော
ကစဥ့်ကလျား အလင်းတန်း တစ်ခုကို
ထုတ်လွှတ်လိုက်သည်။ အားလုံးတို့သည်
မှေးမှိန်စွာနှင့် ဖရိုဖရဲ ဖြစ်သွားကြသည်။
ကျန်နေခဲ့သည်မှာ မီးခိုးရောင်နှင့် အဖြူရောင်
လွှင်ပြင်တစ်ခုပင် ဖြစ်၏။

ယုကျင်းတောင်ကို ဗဟိုတွင် ထားလိုက်ကာ
သူသည် အဆက်မပြတ် ကျယ်ပြန့်လာခဲ့သည်။
ကောင်းကင်နှင့် မြေကြီးတို့ အတွင်းမှ
အရာအားလုံးတို့သည် သူတို့၏ အရောင်များကို
ဆုံးရှုံးသွားသကဲ့သို့ ဖြစ်သွားခဲ့သည်။

လေဟာနယ်တွင် စီးဆင်းနေသော စိတ်ဝိညာဉ်
စွမ်းအင်တို့ကလည်း ရပ်တန့်သွားသည်ဟု
ထင်နေရ၏။ ယင်ပင်လယ်၏ အပေါ်ဘက်တွင်
လှုပ်ရှားနေကြသော သိမ်မွေ့သည့်
တိမ်တိုက်တို့သည် ကြီးမားသော
ကျောက်ဆောင်များ အဖြစ် ပြောင်းသွားသကဲ့သို့
ဖြစ်နေခဲ့သော်လည်း အောက်သို့
ပြုတ်ကျမလာကြပေ။

အစပထမတွင် လှိုင်းထန်နေသော
အောက်ဘက်မှ ပင်လယ်
မျက်နှာပြင်သည်လည်း ရပ်တန့်သွားခဲ့၏။
ခရုပတ်နှင့် တူနေသော

အလင်းတန်းများသည်လည်း မူလပုံစံ အတိုင်းသာ ငြိမ်သက်သွားခဲ့သည်။ သူ၏ ထိပ်ဖျားသည် ယုကျင်းတောင်နှင့် မီတာတစ်ထောင်ခန့်သာ ကွာတော့သည်။

ယုကျင်းတောင်ပေါ်မှ အလင်းတန်း ပုံသဏ္ဍာန်အား သာမန်မျက်စိဖြင့်ပင် မြင်နေရသည်။

ယုကျင်းတောင်၏ အလင်းတန်းနှင့် ထိတွေ့မိသူ မှန်သမျှတို့သည် စဉ်းစားနိုင်ခြင်း၊ လှုပ်ရှားနိုင်ခြင်း၊ မြင်နိုင်ခြင်း၊ ကြားနိုင်ခြင်း၊ အနံ့ခံနိုင်ခြင်းမျိုး မရှိတော့ပေ။ သူတို့သည်

ဤအခိုက်အတန့်တွင်
အသက်ကင်းမဲ့သွားကြသည်။

တော်ဝင်နန်းတော် တစ်ခုသာ
ဤအကျိုးသက်ရောက်မှုမှ ရှောင်ရှားနိုင်ခဲ့သည်။
သို့သော်လည်း သူ့အား ဝန်းရံထားသည့်
ခရမ်းရွှေရောင် အလင်းတန်းသည်
မှေးမှိန်သွားခဲ့၍ အဖြူရောင် ဖျော့ဖျော့နှင့်
မီးခိုးရောင်သာ ကျန်ရစ်ခဲ့သည်။

တော်ဝင်နန်းတော်၏ အပေါ်တွင်
လူသားပုံရိပ်များသည် သူတို့၏ နေရာတွင်ပင်
အေးခဲသွားကြ၍ သီကြွေးသံများကလည်း
ရပ်တန့်သွားခဲ့သည်။

တော်ဝင်နန်းတော် အတွင်းမှ လျှမ်ပန်းသည် သူ၏ကိုယ်ပိုင် အတွေးအခေါ်နှင့် တုံ့ပြန်မှုတို့က နှေးကွေးသွားခဲ့သည်ဟု သတိပြုမိခဲ့သည်။

သူ၏ အမူအရာသည် အလွန်အမင်း လေးနက်သွားခဲ့သည်။ "သူရဲ့တောင်၊ ရတနာသစ်ပင်၊ ခရမ်းရောင် တိမ်တိုက်တွေ အားလုံးတို့က သူ့ရဲ့ကိုယ်ပိုင် ခန္ဓာကိုယ်နဲ့ ပေါင်းစပ်ထားခဲ့တယ်။ သူက သူတို့ရဲ့ စွမ်းအားတွေကို ဆင့်ခေါ်ပြီး တောင်ရဲ့ စွမ်းအား သဘောတရားကို အဆုံးစွန်အထိ ထုတ်ဖော်နိုင်ခဲ့တယ်။ သူက အချိန်ကာလရဲ့ အစစ်အမှန် သဘောတရားတွေကို

နားလည်နိုင်ခဲ့တယ်။ တကယ့်ကို ထူးချွန်
ပြောင်မြောက်လှပါတယ်"

ယုကျောင်းတောင်၏ အလင်းတန်းအောက်တွင် လျှမ်ပန်းသည် သူကိုယ်တိုင်နှင့် တော်ဝင်နန်းတော်တို့၏ စွမ်းအားများသည် အချိန်၏ အသုံးပြုမှုကို ခံခဲ့ရသကဲ့သို့ ခံစားခဲ့ရသည်။ သူတို့သည် လျှင်မြန်စွာနှင့် ကွယ်ပျောက်သွားကြသည်။

တော်ဝင်နန်းတော်သည် ခံနိုင်ရည် ရှိသေး၏။ သို့သော်လည်း ဤကဲ့သို့သာ ဆက်လက် ဖြစ်ပေါ်နေပါက လျှမ်ပန်းသည် ခံနိုင်တော့မည် မဟုတ်ပေ။

ရှိယုသည် ယုကျင်းတောင်မှ အလင်းတန်း နယ်နိမိတ်တို့၏ ပြင်ပတွင် ရှိနေခဲ့သည်။ သူသည် ထိုမြင်ကွင်းအား မြင်လိုက်ရသောအခါ သူသည် အလွန်အမင်းကို အံ့ဩတုန်လှုပ်သွားခဲ့သည်။ "ထာဝရ အလင်းတန်းက ထာဝရ အစစ်အမှန် သဘောတရားတွေကို အဆုံးစွန်အထိ ဖော်ထုတ်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့အကြားမှာ တစ်ခဏရဲ့ အစစ်အမှန် သဘောတရား အလွှာတစ်ခုကိုပါ ထည့်သွင်းထားနိုင်ခဲ့တယ်"

"မာစတာလင်းရဲ့ ဒီအလင်းတန်းဟာ ထာဝရနဲ့ တစ်ခဏတို့ကို ပေါင်းစည်းထားနိုင်ပြီး

အချိန်ကာလရဲ့ သဘောတရား အစစ်အမှန်ကို ထိတွေ့နိုင်ခဲ့တယ်။ ဒီနည်းလမ်းနဲ့ သူက တော်ဝင်နန်းတော်ကိုတောင် ချုပ်နှောင်နိုင်ခဲ့တယ်။ တကယ်လို့ ငါက အင်မော်တယ် နဂါးမြို့တော်ကို ဆင့်ခေါ်ခဲ့ရင်တောင် သူကလည်း အဖိနှိပ်ခံရမှာ သေချာနေတယ်"

ယင်ကျိုးနတ်တောင်သည် အလင်းတန်း နယ်နိမိတ်များ၏ အတွင်းတွင် ရှိနေခဲ့သည်။ အမည်မဲ့ ရှေးဟောင်းဝက်ပါကလည်း လွင့်ပြယ်သွားခဲ့ပြီ ဖြစ်သည်။ သို့တိုင်အောင် သူသည် ယုကျင်းတောင်နှင့် ထိတွေ့မိသည်နှင့် ယင်ပင်လယ်သည် တုံ့ပြန်နိုင်ခဲ့ကာ

ယုကျင်းတောင်မှ အလင်းတန်းအား
တားဆီးထားခဲ့သည်။

လင်းဖုန်းသည် တော်ဝင်နန်းတော်နှင့်
အင်မော်တယ် နဂါးမြို့တော်တို့
နှစ်ခုစလုံးတို့ကိုသာ ပစ်မှတ်ထားခဲ့၍
ယင်ကျိုးနတ်တောင်ကိုတော့
ပစ်မှတ်မထားခဲ့ပေ။ ထို့ကြောင့် သူသည်
ယင်ကျိုးနတ်တောင်အား
ဆက်လက်တိုက်ခိုက်ခြင်း မရှိခဲ့ပဲ
လျှမ်ပန်းအပေါ်၌သာ အာရုံစိုက်ထားခဲ့သည်။

သူသည် သူ၏ စွမ်းအားအားလုံးကို
ဆင့်ခေါ်လိုက်ကာ ယုကျင်းတောင်ဖြင့်

အချိန်ကာလ၏ အစစ်အမှန်
သဘောတရားများကို အစွမ်းကုန်
ထုတ်ဖော်လိုက်ပြီး အစွန်းရောက်ကောင်းကင်
စကြာဝဠာ အလင်းတန်းကို
ထုတ်လွှတ်လိုက်သည်။ ဘေးပတ်ဝန်းကျင်မှ
အချိန်ကာလကို နှောင်ဖွဲ့ခဲ့၍
တော်ဝင်နန်းတော်သည်ပင်လျှင် အချုပ်နှောင်
ခံလိုက်ရ၏။

အင်မော်တယ် နဂါးမြို့တော်တွင် ထာဝရ
အလင်းတန်း ရှိနေသော်လည်း အကယ်၍
သူသည် အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်း၏ အတွင်းသို့ ရောက်ရှိသွားခဲ့လျှင်
တော်ဝင်နန်းတော်ထက် အနည်းငယ်

သက်သာမည် ဖြစ်သော်လည်း ဘာမှ
တတ်နိုင်လိမ့်မည် မဟုတ်ပေ။

သို့သော်လည်း ဤအလင်းတန်းသည်
ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ
နှစ်ပါးတို့အား တစ်ပြိုင်နက် ဖိနှိပ်ရမည် ဆိုလျှင်
လင်းဖုန်းနှင့် ယုကျင်းတောင်၏ အပေါ်မှ
ဖိအားများမှာ များစွာ ကြီးမားလာမည်
ဖြစ်သည်။ ဤအလင်းတန်း အသုံးပြုနိုင်သော
အချိန်မှာလည်း တိုတောင်းသွားမည် ဖြစ်၏။

ရှီယုသည် အင်မော်တယ် နဂါးမြို့တော်ကို
ဆင့်ခေါ်လိုက်ကာ ဆုတ်ခွာသွားခဲ့သဖြင့်
လင်းဖုန်းက သက်သာရာ ရသွားခဲ့သည်။

ဖြစ်ပျက်နေခဲ့သမျှ အရာအားလုံးတို့သည် အချိန်ကို ဆန့်ကျင့်၍ တိုက်ခိုက်နေကြခြင်း ဖြစ်သည်။ အချိန်ကာလ အခိုက်အတန့်လေး တစ်ခုသည် အရာများစွာတို့ကို ပြောင်းလဲနိုင်၍ အနိုင်ရသူကို သတ်မှတ်ပေးနိုင်၏။

"တကယ်လို့ ရဲဘော်ရှိက အစီအစဥ်တွေ ရှိမယ်ဆိုရင် အခုအချိန်မှာ လုပ်ဆောင်နိုင်ပါပြီ" လင်းဖုန်းသည် ရှီယုနှင့် အင်မော်တယ် နဂါးမြို့တော်အား ကြည့်လိုက်ကာ ရယ်လိုက်သည်။ "ဇူဟုန်ဝူနဲ့ မဟာကောင်းကင်ဘီးတို့ ရောက်မလာခင် ကျုပ်က ရဲဘော်လျှမ်ကို တားဆီးထားနိုင်တယ်"

ရှီယုသည် လျှမ်ပန်းနှင့် အဆင့်တူသောသူ ဖြစ်သည်။ မဟာကျိုး အင်ပါယာသည် သူတို့ရှိသမျှ အင်အားအစွမ်းကုန် ထုတ်ဖော်ခဲ့ချိန်တွင် မဟာချင် အင်ပါယာက ဘေးမှနေ၍ ထိုင်ကြည့်နေလိမ့်မည်ဟု လင်းဖုန်းက မယုံကြည်ပေ။

ရှီယုက တည်ငြိမ်စွာနှင့် ပြောလိုက်သည်။ "လျှမ်ပန်းက ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးသွားခဲ့ပြီလို့ ခင်ဗျားက ကျုပ်ကို ပြောလိုက်တဲ့ အချိန်မှာပဲ ကျုပ်က ပြင်ပကမ္ဘာနဲ့ ဆက်သွယ်လိုက်တယ်။ အခုအချိန်မှာ ဦးရီးတော် ကန်းရန်နဲ့ အန်းလျှန်တို့က

မဟာကျိုး အင်ပါယာရဲ့ နယ်စပ်ကို
ဝင်ရောက်နေခဲ့ပြီ ဖြစ်တယ်"

ကန်းရန်မင်းသား ရှီကျုံးမောင်သည်
အန်းလျှန်မင်းသားနှင့် စီနီယာ အဆင့်တူသူ
ဖြစ်သည်။ သူသည် တံခါးပိတ် ကျင့်ကြံနေခဲ့ကာ
သူ၏ ကျင့်ကြံမှု အဆင့်သည် အင်မော်တယ်
ဝိညာဥ် တတိယ အဆင့်တွင် ရှိနေခဲ့ပြီ
ဖြစ်သည်။ ကမ္ဘာနှစ်ခု အကြားက
စစ်ပွဲအပြီးတွင် သူသည် နှစ်ထောင်ပေါင်းများစွာ
သူ့ကိုယ်သူ မဖော်ပြခဲ့ပေ။

## စာစဉ် ၄၁ : အပိုင်း ၁၇

## အပိုင်း ၇၈၇ : ရှီယု၏ အစီအစဥ်

"ဦးရီးတော် ကန်းရန်နဲ့ အခြားသူတွေက ထျန်းကျင်းကိုတော့ ထိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့က မဟာကျိုး အင်ပါယာရဲ့ အရှေ့က ပြည်နယ်၁၀ခုကိုတော့ သိမ်းပိုက်မှာ ဖြစ်ပါတယ်"

ရှီယုသည် တည်ငြိမ်လျက်ပင် ရှိသေးသော်လည်း သူ၏ စကားလုံးများသည် ကြောက်မက်ဖွယ်ရာ ကောင်းနေသည်။

လူအများစုတို့သည် ယင်ပင်လယ် အပေါ်တွင်
အာရုံစိုက်နေစဉ်တွင် မဟာချင် အင်ပါယာသည်
တိုက်စစ်နှစ်ခုကို ဖွင့်ထားခဲ့သည်။
တစ်ဘက်တွင် သူတို့သည်
တောင်သုံးတောင်အား ထိန်းချုပ်နိုင်ရန်
ယင်ပင်လယ် အတွင်းသို့ ဝင်လာခဲ့၍
အခြားတစ်ဘက်တွင် သူတို့သည် မဟာကျိုး
အင်ပါယာအား အာရုံစိုက်နေခဲ့သည်။

ယင်ပင်လယ်မှ
နတ်တောင်သုံးတောင်တို့အတွက် မဟာကျိုး
အင်ပါယာသည် အင်အားအကုန်ကို
အသုံးပြုထားခဲ့သည်။ လျှမ်ပန်းနှင့်
ဇူဟုန်ဝူတို့သည် တော်ဝင်နန်းတော်နှင့်

မဟာကောင်းကင်ဘီးတို့အား ယင်ပင်လယ်
အတွင်းသို့ အသီးသီး ယူဆောင်လာကြ၏။
ကျယ်ပြန့်သော ပင်လယ်ခေါ်ကိုဏ်းနှင့် ယခင်က
သိုသိုသိပ်သိပ်သာ နေလေ့ရှိသော
အရှေ့ကောင်းကင် တံခါးဂိုဏ်းကပင်
ဝင်ပါလာကြသည်။

သူတို့သည် တန်ဖိုးတစ်ခု ပေးဆပ်ကာ
သူတို့အား ကူညီရန် လော်ဖူးသူတော်စင်ကိုပင်
ဖိတ်ခေါ်ခဲ့၏။ သူတို့သည်
နတ်တောင်သုံးတောင်တို့ကို ရယူလိုသည့်
ဆန္ဒကို အပြည့်အဝ ဖော်ပြခဲ့ကြ၏။

သူတို့နှင့် စာလိုက်လျှင် မဟာချင်
အင်ပါယာသည် ရှီယုနှင့် အင်မော်တယ်
နဂါးမြို့တော်ကသာ လာခဲ့ခြင်း ဖြစ်သည်။
သူတို့၏ ဆုံးဖြတ်ချက်သည် ဤမျှအထိ
မပြတ်သားပေ။

ရှီယု၏ ကိစ္စများကို သတိကြီးစွာ
ဆောင်ရွက်တတ်မှုကြောင့် ဤအဖြစ်ကို
မျှော်လင့်ထားနိုင်သည်။ သို့သော်လည်း
မဟာကျိုး အင်ပါယာနှင့်စာလျှင် မဟာချင်
အင်ပါယာသည် အင်တိုက်အားတိုက်
မလှုပ်ရှားခဲ့၍ သံသယဖြစ်ဖွယ် ရှိနေခဲ့သည်။

ဘာပဲပြောပြော ရှီယုအပြင် မဟာချင်
အင်ပါယာတွင် အင်မော်တယ်ဝိညာဥ် အဆင့်မှ
ကျင့်ကြံသူ နှစ်ယောက်ဖြစ်သော
ကန်းရန်မင်းသားနှင့် အန်းလျှန်မင်းသားတို့
ကျန်နေခဲ့ကြသည်။

သို့သော်လည်း ယခုအချိန်တွင် ရှီယုသည်
အခြားသူများ မမျှော်မှန်းထားသည့်
လုပ်ဆောင်ချက် တစ်ခုကို ကြံစည်နေခဲ့ခြင်း
ဖြစ်သည်။ သူသည် မဟာကျိုး အင်ပါယာက
ယင်ပင်လယ် အတွင်းသို့
ဝင်ရောက်လာခဲ့ခြင်းကို စောင့်နေခဲ့ပြီး
သူတို့အား အလစ်အငိုက်ဖမ်း၍ ရုတ်တရက်
တိုက်ခိုက်ရန် ပြင်ဆင်ထားခဲ့သည်။

တော်ဝင်နန်းတော် အတွင်းတွင် လျှမ်ပန်းသည်
အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်းအား ခုခံနေရင်း အင်မော်တယ်
နဂါးမြို့တော်အား တည်ငြိမ်စွာနှင့်
စိုက်ကြည့်နေခဲ့သည်။

သူတို့သည် နှစ်ပေါင်းများစွာ ရန်သူများ
ဖြစ်ခဲ့ကြသဖြင့် လျှမ်ပန်းသည် မဟာချင်
အင်ပါယာက မဟာကျိုး အင်ပါယာအား
အလစ်အငိုက်ဖမ်း၍ တိုက်ခိုက်လာနိုင်သည်ကို
မျှော်လင့်ထားပြီး ဖြစ်၏။

သို့သော်လည်း သူသည် ရှီယုနှင့် အတွေးအခေါ်ခြင်း မတူပေ။ သူသည် စစ်မျက်နှာပြင် နှစ်ခုဖွင့်မည့်အစား သူ၏ အင်အားများကို စစ်မျက်နှာ တစ်ခုအတွင်းတွင် ပုံအောထားခဲ့သည်။

အကယ်၍ မဟာကျိုး အင်ပါယာသည် နတ်တောင်သုံးတောင်အား ထိန်းချုပ်နိုင်ခဲ့၍ ယင်ပင်လယ် တစ်ခုလုံးအား ထိန်းချုပ်နိုင်ခဲ့လျှင် နတ်ဘုရား နယ်မြေ အတွင်းမှ နယ်မြေတစ်ဝက်ခန့်ကို ဆုံးရှုံးခဲ့ရလျှင်ပင် အောက်စည်းသို့ ရောက်သွားမည် မဟုတ်ပေ။ ယင်ပင်လယ်အား မှီခို၍ သူတို့၏ အင်အားများကို တိုးတက်အောင် လုပ်၍ရသည်။

နောက်ပိုင်းတွင် သူတို့ ဆုံးရှုံးခဲ့ရသည့် နယ်မြေများကို ပြန်လည် ရယူနိုင်မည် ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် သူတို့၏ နတ်တောင်သုံးတောင်တို့အား ရယူမည့် အစီအစဥ်က ပျက်ပြားသွားခဲ့ပြီ ဖြစ်သည်။ ပို၍ဆိုးသည်မှာ မဟာချင် အင်ပါယာသည် ဤအခွင့်အရေးကို အပိုင် အသုံးချကာ သူတို့၏ ပျော့ကွက်များကို တက်နင်းခဲ့ပြီ ဖြစ်သည်။

"အရာအားလုံးကို ရယူနိုင်ရန် ကြိုးစားခြင်းဟာ လောင်းကစား လုပ်နေတာနဲ့ တူညီတယ်။ ဒါက ကေရာဇ် တစ်ပါးရဲ့ လုပ်ဆောင်ချက်နဲ့

ဘယ်တူနေလို့လဲ" ရှီယု၏ အကြည့်သည် ဟင်းလင်းပြင် လေဟာနယ်အား ဖြတ်ကျော်၍ လျှမ်ပန်းထံသို့ ကျရောက်သွားခဲ့သည်။ "လျှမ်ပန်း၊ မဟာကျိုး အင်ပါယာက ဒီနှစ်တွေ အတွင်းမှာ အကြီးအကျယ် တိုးတက်လာခဲ့တယ်။ မင်းက လျှင်မြန်စွာနဲ့ လှုပ်ရှားခဲ့ပြီး အောင်မြင်မှုတွေ ရယူဖို့အတွက် အလောတကြီး နိုင်လွန်းခဲ့တယ်"

သူ၏အကြည့်သည် ပို၍ပို၍ နီးကပ်လာသော ပုံရိပ်ယောင် ပင်လယ်ဒီရေထံသို့ ပြောင်းလိုက်ကာ ပြောလိုက်သည်။ "မင်းက ဒီနေရာမှာ မာစတာလင်းရဲ့ ပိတ်ဆို့မှုကို ခံနေရပြီး ငါကလည်း ရှိနေတယ်။ ဇူဟုန်ဝူနဲ့

မဟာကောင်းကင်ဘီးက နတ်ဘုရား နယ်မြေကို ပြန်လို့မရပဲ ဒီနေရာကို လာပြီးတော့သာ မင်းကို ကယ်တင်ရလိမ့်မယ်"

လင်းဖုန်းနှင့် ကျန်သောသူများသည် သူတို့၏ သဘာဝလွန် အသိစိတ်များကို အသုံးပြု၍ ဆက်သွယ်နေကြခြင်း ဖြစ်ကြကာ သူတို့၏ ရည်ရွယ်ချက်များသည် သိသာနေခဲ့၏။ အခြေအနေများသည် ရှုပ်ထွေးနေသည်ဟု ထင်နေရသော်လည်း တစ်ချိန်တည်းတွင် ထိုကဲ့သို့ ထင်မနေရချေ။

"ကန်းရန်မင်းသားနဲ့ ကျန်တဲ့သူတွေက ဒီတစ်ခေါက်မှာ အောင်မြင်ကြလိမ့်မယ်။

အနာဂတ်မှာကတော့..." ရှီယုက ငြိမ်းချမ်းသည့်ပုံ ပေါက်နေခဲ့သည်။ "ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးခဲ့ရပြီး ယင်ကျိုးနတ်တောင်ကို မရယူနိုင်ခဲ့တဲ့အတွက် မင်းနဲ့ ဇူဟုန်ဝူတို့က ဒီနေရာကနေ အသက်ရှင်လျှက် ထွက်သွားနိုင်ရင်တောင် မင်းတို့ရဲ့ အသက်စွမ်းအင်တွေက ဒဏ်ရာရသွားခဲ့ကြလိမ့်မယ်။ မင်းတို့က မဟာချင် အင်ပါယာကို လက်စားပြန်ချေနိုင်ဖို့ မဖြစ်နိုင်တော့ဘူး"

သူသည် ယင်ကျိုးနတ်တောင်အား မည်ကဲ့သို့ ခွဲဝေမည်ကို ဆက်လက်၍ မပြောခဲ့ပေ။ သို့သော်လည်း လင်းဖုန်းရော လျှမ်ပန်းပါ

သူသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအား ပေးအပ်လိမ့်မည်ဟူ၍ သိနေခဲ့သည်။

သူသည် အင်မော်တယ် နဂါးမြို့တော်အား အသုံးပြု၍ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယင်ကျိုးနတ်တောင်အား ကျင့်ကြံနေချိန်တွင် ပုံရိပ်ယောင် ပင်လယ်ဒီရေကို ယာယီ တားဆီးထားပေးမည် ဖြစ်သည်။ ပြီးတာနှင့် သူသည် ယင်ကျိုးနတ်တောင်အား ပင်လယ်အောက်သို့ ပုန်းကွယ်နိုင်ပြီး မဟာကျိုး အင်ပါယာက ပစ်မှတ်ထား၍ မရတော့အောင် ပုံရိပ်ယောင် ပင်လယ်ဒီရေကို ပြန်ဖွင့်ပေးလိုက်မည် ဖြစ်၏။

သို့သော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည်
ယင်ကျိုးနတ်တောင်ကို မဖုံးကွယ်ပဲ သူ့အား
အသုံးပြုကာ မဟာကျိုး အင်ပါယာနှင့်
ရင်ဆိုင်၍လည်း ရသည်။ ဒါသည် လင်းဖုန်း၏
ဆန္ဒအပေါ်တွင်သာ မူတည်နေမည် ဖြစ်၏။

သူတို့သည် ယင်ကျိုးနတ်တောင်အား တန်ဖိုး
မထားခဲ့ခြင်း မဟုတ်ပေ။ ပန်းလိုင်နှင့်
ဖန်ကျန်းနတ်တောင်တို့က
ပင်လယ်အောက်တွင် ပျောက်ကွယ်သွားကြပြီ
ဖြစ်သဖြင့် အကယ်၍ မဟာချင် အင်ပါယာသည်
ယင်ကျိုးနတ်တောင်ကိုသာ ရရှိနိုင်ခဲ့ပါက
သူတို့၏ စွမ်းအားများသည် မဟာကျိုး

အင်ပါယာထက် သာလွန်သွားနိုင်ပေသည်။
တစ်ချိန်တည်းတွင်ပင် သူတို့သည်
အရှေ့ပင်လယ် အတွင်းတွင်
ခြေချနိုင်မည်ဖြစ်ကာ မဟာကျိုး အင်ပါယာ၏
အပေါ်တွင် အရှေ့မှာရော အနောက်တွင်ပါ
အသာစီး ရနိုင်လိမ့်မည် ဖြစ်သည်။

သို့သော်လည်း ရှီယု၏ အတွေးများမှာ အလွန်
ပြတ်သားပေသည်။ သူအသေအချာ ရရှိနိုင်သော
အရာများသည်သာလျှင် တန်ဖိုးအရှိဆုံး
ဖြစ်သည်။ ယင်ကျိုးနတ်တောင်အား ရရှိရန်မှာ
မသေချာပဲ မဟာကျိုး အင်ပါယာ၏
နယ်မြေများနှင့် အရင်းအမြစ်
ပစ္စည်းများတို့သည် ပို၍ လက်တွေ့ကျသည်။

ပန်းလိုင်နှင့် ဖန်ကျန်းနတ်တောင်တို့သည် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သဖြင့် သူတို့ နောက်တစ်ခေါက် ပေါ်လာသော အချိန်တွင် မဟာချင် အင်ပါယာသည် အခွင့်အရေး တစ်ခုရှိသေးသည်။ ယခုအချိန်တွင် သူတို့သည် ယင်ကျိုးနတ်တောင်အား အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသို့ ပေးလိုက်ပါက နှစ်ဦးနှစ်ဘက်စလုံးတို့သည် ဆက်ဆံရေးကောင်းများကို ဆက်လက် ထိန်းသိမ်းထားနိုင်ကြမည် ဖြစ်သည်။ အချိန်ကျလာလျှင် သူတို့သည် မဟာကျိုး အင်ပါယာ၏ အပေါ်တွင် အရှေ့ရော အနောက်ပါ အသာစီး ရနိုင်မည် ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် ရှီယုက လင်းဖုန်းသည် လျှမ်ပန်းနှင့် ဇူဟုန်ဝူတို့အား ပိတ်နှောင်ထားရန် သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဟု ယုံကြည်နေခဲ့၏။

မဟုတ်ပါက အကယ်၍ လင်းဖုန်းသည် တော်ဝင်နန်းတော်နှင့် မဟာကောင်းကင်ဘီးတို့အား သူ့ဘာသာသူ ရင်ဆိုင်ရလျှင် သူသည် ကြောက်ရွံ့ချင်မှ ကြောက်ရွံ့မည် ဖြစ်သော်လည်း အင်မော်တယ် နဂါးမြို့တော်က ကူညီနေသည်လောက် အဘယ်မှာ သက်တောင့်သက်သာ ရှိနိုင်ပါမည်နည်း။

လျှမ်ပန်းက ရှီယုအား ကြည့်လိုက်သည်။ "ရှီယု၊ ခင်ဗျားက အရင်ကလိုပဲ သတိတကြီးနဲ့ ဆောင်ရွက်တတ်တုံးပဲ"

ရှီယုသည် သူ၏အချိန်ကို အကျိုးရှိစွာ အသုံးချခဲ့သည်။ သူသည် မဟာကျိုး အင်ပါယာက ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးသွားပြီ ဆိုသည်ကို သေချာအောင် အရင် အတည်ပြုခဲ့သည်။ ပြီးမှ အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်း၏ စွမ်းအားကို အကဲခတ်လိုက်ပြီး ယုကျင်းတောင်နှင့် အင်မော်တယ် နဂါးမြို့တော်တို့၏ ပူးပေါင်းစွမ်းအားသည်

တော်ဝင်နန်းတော်နှင့်
မဟာကောင်းကင်ဘီးတို့အား
ကျော်လွှားနိုင်မည်လောဟု တွက်ချက်ခဲ့၏။

နောက်ဆုံးတွင် မဟာကျိုး အင်ပါယာသည်
နတ်ဘုရား နယ်မြေသို့ စစ်ကူမလွှတ်နိုင်သည်ကို
သေချာသွားမှသာ သူ၏ အစီအစဉ်ကို
အကောင်အထည် ဖော်ခဲ့ခြင်း ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် မဟာကျိုး
အင်ပါယာသည် ပန်းလိုင်နတ်တောင်ကို
မရရှိခဲ့ပဲ ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးသွားခဲ့ပြီး
ယင်ကျိုးနတ်တောင်ကိုလည်း ရရှိရန်
မျှော်လင့်ချက်များ ကင်းမဲ့သွားခဲ့ပြီ ဖြစ်သည်။

သူတို့သည် ယင်ပင်လယ် အတွင်းတွင်
စွမ်းအားများကို မြှင့်တင်နိုင်ရန်
မဖြစ်နိုင်တော့ချေ။ အရာအားလုံးတို့သည်
ပြီးဆုံးသွားသောအခါ သူသည် မဟာချင်
အင်ပါယာအား ပြန်လည် လက်စားချေနိုင်ရန်
ယုံကြည်မှုရှိမည် မဟုတ်ချေ။

လင်းဖုန်းသည် ယုကျင်းတောင်ပေါ်မှနေ၍
ပြုံးလိုက်သည်။ ရုတ်တရက်ပင်
တောင်ပေါ်မှနေ၍ အနက်ရောင်
ပုံရိပ်တစ်ခုသည် ခုန်ထွက်သွားခဲ့၍
ယင်ကျိုးနတ်တောင် အပေါ်သို့
ကျရောက်သွားခဲ့သည်။ ထိုပုံရိပ်သည်
အရပ်ရှည်ပြီး သန်မာထွားကြိုင်း၏။ သူ၏

မျက်နှာ အမူအရာများသည် လင်းဖုန်းနှင့် တစ်ထေရာတည်း တူနေခဲ့သည်။ သို့သော်လည်း သူထုတ်လွှတ်လိုက်သော စွမ်းအားများသည် အလွန်အမင်းကို ပူပြင်းနေ၍ တောက်လောင်နေသော နေမင်းတစ်စင်းအလား ဖြစ်နေခဲ့သည်။

သူသည် လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွား ဖြစ်၏။

သူတို့သည် ထိုကိုယ်ပွားကို မြင်လိုက်ရသောအခါ လျှမ်ပန်းနှင့် ရှီယု နှစ်ယောက်စလုံးတို့သည် မှင်သက်သွားကြ၏။ အဘယ်ကြောင့်ဆိုသော် လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားသည် ဟင်းလင်းပြင်

စစ်တလင်းသို့ ဝင်ရောက်သွားခဲ့သည်မှာ
အချိန်အကြာကြီး ရှိပြီဖြစ်၍ နတ်ဘုရား
နယ်မြေသို့ ပြန်လာသေးဟန် မတူချေ။ သူတို့၏
အစီအစဉ်များကို ဆွဲထားခဲ့ကြသောအခါ
ထိုကိုယ်ပွားကို လျစ်လျူရှုထားပြီး
နောက်ဆုံး၌သာ ထားခဲ့ကြသည်။

ယခုအချိန်တွင် လင်းဖုန်း၏
အေးရီးစ်ကိုယ်ပွားသည် ပေါ်လာခဲ့သဖြင့်
သူတို့သည် အံ့အားသင့်သွားကြခြင်း ဖြစ်သည်။

လျှမ်ပန်းနှင့် ရှီယုတို့ မသိကြသည်မှာ
ဤကိုယ်ပွားသည် စနစ်အတွင်းမှ ရထားခဲ့ခြင်း
ဖြစ်သည်။ လင်းဖုန်းသည် သူ့အား အချိန်မရွေး

ပြန်၍ ဆင့်ခေါ်နိုင်သည်။ သို့သော်လည်း
သူသည် ထိုကိုယ်ပွားအား ရှီထျန်းဟောင်၏
မိဘများကို ရှာဖွေရန် စေလွှတ်ထားခဲ့ခြင်း
ဖြစ်သဖြင့် အလွယ်တကူနှင့်တော့ ပြန်လည်၍
ဆင့်ခေါ်လိမ့်မည် မဟုတ်ချေ။

ဤအချိန်တွင် သူသည် သူ့အား
နတ်တောင်သုံးတောင်အတွက် ပြန်လည်
ဆင့်ခေါ်ခဲ့ခြင်း မဟုတ်ပေ။
အဘယ်ကြောင့်ဆိုသော်
အေးရီးစ်ကိုယ်ပွားသည် ဟင်းလင်းပြင်
စစ်တလင်း အတွင်းတွင် မထင်မှတ်ထားသော
ဆုလာဘ်တစ်ခုကို ရရှိခဲ့သဖြင့် လင်းဖုန်းသည်

သူ့အား ထိုဆုလာဘ်ကို ပြန်ယူလာစေခဲ့ခြင်း ဖြစ်သည်။

ပို၍ အဆင်ပြေသွားသည်မှာ လင်းဖုန်းသည် တော်ဝင်နန်းတော်နှင့် အင်မော်တယ် နဂါးမြို့တော်တို့အား စောင့်ကြည့်နေချိန်တွင် အေးရီးစ်ကိုယ်ပွားသည် ယင်ကျိုးနတ်တောင်ကို ကျင့်ကြံနိုင်မည် ဖြစ်သည်။ အေးရီးစ်ကိုယ်ပွားသည် ရုပ်ခန္ဓာကိုယ် သိုင်းပညာရပ်များကို အထူးပြု လေ့ကျင့်ထားသော်လည်း သူသည် မှော်ကျိန်စာများတွင်လည်း အားမနည်းချေ။ ယင်ကျိုးနတ်တောင်အား ကျင့်ကြံရန်မှာ သူ့အတွက် ခက်ခဲသောအရာတစ်ခု မဟုတ်ချေ။

လျှမ်ပန်းသည် လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားသည် တောင်ခြေသို့ ကျရောက်သွားခဲ့သည်ကို ကြည့်လိုက်ရင်း သူ၏မျက်နှာမှာ မည်းမှောင်သွားခဲ့သည်။ သူက ရှီယုအား စိုက်ကြည့်လိုက်သည်။ "ရှီယု၊ မင်းက လုံ့လအများကြီးကို အလဟဿ ဖြစ်စေခဲ့တယ်။ ယင်ပင်လယ်နဲ့ နတ်ဘုရား နယ်မြေ အကြားမှာ အဆက်အသွယ် ပြုလုပ်ဖို့က လွယ်ကူတဲ့ အရာတစ်ခု မဟုတ်ဘူး"

"တကယ်လို့ ငါကသာ ဖန်ကျန်းနတ်တောင်ကို မဆုံးရှုံးခဲ့ပဲ ပန်းလိုင်နတ်တောင်ကိုပါ ရရှိခဲ့မယ် ဆိုရင် မင်းက ဘယ်လိုဖြစ်သွားမယ် ထင်သလဲ"

လျှမ်ပန်းသည် တည်ငြိမ်နေဆဲ ဖြစ်သည်ကို ကြည့်လိုက်၍ ရှီယုက သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။ သူသည် စကားပြောရန် ဟန်ပြင်လိုက်သော်လည်း ချက်ချင်းဆိုသလိုပင် ယင်ကျိုးနတ်တောင်သည် ပြောင်းလဲမှုတစ်ရပ် ဖြစ်သွားခဲ့သည်ကို သတိထားမိလိုက်သည်။

"အိုး" ရှီယုသာမက လျှမ်ပန်းကလည်း သူ့အား သတိထားမိခဲ့သည်။ သူသည် အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းအား ခုခံနေခဲ့ရင်း သူ၏ သဘာဝလွန် အသိစိတ်နှင့် ဘာဖြစ်နေသည်ကို အကဲခတ်ခဲ့လိုက်သည်။

သူသည် ယင်ကျိုးနတ်တောင် အတွင်းတွင် ရုတ်တရက် အသိစိတ်တစ်ခု ပေါ်လာခဲ့သည်ကို သတိထားမိလိုက်၏။

လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားသည် တောင်ပေါ်သို့ ယခုမှသာ ကျရောက်သွားခဲ့ခြင်း ဖြစ်ပြီး အမည်မဲ့ ရှေးဟောင်းဝက်ပါကို ကျော်ဖြတ်ခဲ့ပြီ ဖြစ်ကာ ယင်ကျိုးနတ်တောင်၏ တောင်ထိပ်ထံသို့ အပြေးသွားနေခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းက တွေးလိုက်သည်။ "ကြည့်ရတာ ဒီယင်ကျိုးနတ်တောင် အတွင်းမှာ

တစ်စုံတစ်ခုကို ဖုံးကွယ်ထားပြီး အဲ့ဒီအရာက ပြောင်းလဲခြင်းတစ်ရပ် ဖြစ်ပေါ်ခဲ့တာပဲ ဖြစ်လိမ့်မယ်"

"ဒါပေမဲ့ မေးခွန်းက ဘယ်သူက သူ့ကို ဒီလိုမျိုး ပြောင်းလဲမှုဖြစ်အောင် လုပ်ခဲ့တာလဲ"

စဥ်းစားနေရင်း လင်းဖုန်းသည် သူ၏ မှော်စွမ်းအင်အား အသုံးပြုကာ ယင်ကျိုးနတ်တောင် အပေါ်မှ သူ၏ တပည့်များကို ဆက်သွယ်လိုက်သည်။ "လူတစ်ယောက်မှလွဲ၍ ကျန်သူအားလုံးတို့သည် သူ့အား ပြန်လည် တုံ့ပြန်ခဲ့ကြသည်။

ဇူရီ။

လင်းဖုန်းက တွေးလိုက်သည်။ "ဇူရီ၊ မင်းက တစ်စုံတစ်ခုကိုများ ရှာဖွေ တွေ့ရှိခဲ့သလား"

တစ်ချိန်တည်းမှာပင် လျှမ်ပန်းနှင့် ရှီယုတို့သည် တောင်ပေါ်မှ သူတို့၏ လူများနှင့် ဆက်သွယ်နေကြ၏။ လျှမ်ပန်းသည် ဘာသတင်းမှ မရခဲ့ပဲ ရှီယုသည် ကျန်းဖန်မင်းသား ရှီလင်းနှင့် ဆက်သွယ်၍ မရခဲ့ပေ။

ယခုအချိန်တွင် ယင်ကျိုးနတ်တောင်၏ ဂူတစ်ခု အတွင်း၌ လူနှစ်ယောက်တို့သည် အဖြူရောင် ကျောက်စိမ်းတိုင်လုံး တစ်ခုအား ရယူနိုင်ရန် ယှဉ်ပြိုင်လျက် ရှိကြသည်။

တစ်ယောက်သည် လျှို့ဝှက်ဆန်းကြယ်သော အနက်ရောင် ရေများကို အသုံးပြုကာ အဖြူရောင် ကျောက်စိမ်းတိုင်လုံး၏ အောက်ခြေမှ ထိပ်ဖျားတိုင်အောင် အားသုံး၍ ဆွဲယူနေခဲ့သည်။

ကျန်တစ်ယောက်မှာ အဖြူနှင့်အနက် စကားလုံးများဖြင့် ပြည့်နေသော

ကျမ်းစာတစ်ပိုဒ်ကို အသုံးပြုကာ အားသုံး၍ ဆွဲယူနေခဲ့၏။

ရေနှင့် စာပိုဒ်တို့သည် တိုင်လုံး၏ အလယ်တွင် တွေ့ဆုံခဲ့ကြပြီး တစ်ယောက်ကမှ ကျန်တစ်ယောက်ကို လမ်းဖယ်ပေးလိုစိတ် မရှိခဲ့ကြပေ။

တစ်ချိန်တည်းတွင်ပင် ပုံရိပ်နှစ်ခုတို့သည် ဂူအတွင်း၌ တိုက်ခိုက်နေကြသည်။

တစ်ယောက်မှာ ဇူရီဖြစ်ပြီး ကျန်တစ်ယောက်မှာ ရှီလင်းဖြစ်သည်။ ရှီလင်းသည် သူ၏

လူသားပုံစံကို စွန့်လွှတ်လိုက်ကာ အင်မော်တယ် ဝိညာဥ်ကိုယ်ပွားကိုပင် ထုတ်ဖော်ခြင်း မပြုခဲ့ပေ။ ထို့အစား သူ၏ကိုယ်ပိုင် စင်စင် ဖြစ်တည်မှုကို ထုတ်ဖော်လိုက်ကာ စပါးအုံးမြွေ ရုပ်ပုံကို ရေးထွင်းထားသော ဝတ်စုံနက်ဖြင့် ခေါင်းအပေါ်တွင် သရဖူ ဆောင်းထားသော ဆယ်ပေခန့်မြင့်သည့် သက်လတ်ပိုင်း လူကြီးတစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့သည်။ သူ့အား အလင်းတန်း ပုံရိပ်တစ်ခုမှ ဖန်ဆင်းထားခြင်း ဖြစ်သည်။

လေဟာနယ် အတွင်းတွင် အနက်ရောင် ဓားအလင်းတန်း တစ်ခုသည် စီးဆင်းနေသော အနက်ရောင် မြစ်တစ်ခုကဲ့သို့

ရစ်ခွေလျက်ရှိသည်။ သူသည် ဇူရီ၏ ထာ၀ရည မိစ္ဆာကျောက်တိုင်နှင့် ထာ၀ရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်အား ဝန်းရံထားခဲ့သည်။

ထိုအနက်ရောင် မြစ်ရေစားသည် ပွားစည်းခြင်း အဆင့်မှ မှော်ရတနာ တစ်ခုဖြစ်သည်။ ရှီလင်း၏ ကွပ်ကဲမှုအောက်တွင် သူသည် သူ၏စွမ်းအား အပြည့်အ၀ကို ဖော်ထုတ်နိုင်ခဲ့သည်။ သူသည် အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ နောက်ထပ် ကျင့်ကြံသူတစ်ယောက်နှင့် တူနေ၏။

သူသည် ထာ၀ရည မိစ္ဆာကျောက်တိုင်နှင့် ထာ၀ရ အလင်းတန်း ဗောဓိနှလုံးသား

မီးအိမ်တို့အား ရင်ဆိုင်ခဲ့ရသော အချိန်တွင် အင်အားမမျှနေသော်လည်း သူသည် အသာစီး ရနေခဲ့သည်။ အကယ်၍ ထာဝရည မိစ္ဆာကျောက်တိုင်နှင့် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်တို့သည် ကောင်းစွာ သန့်စင်ခြင်းကို ခံထားရခြင်း မရှိလျှင် သူတို့သည် ထိုအနက်ရောင် မြစ်ရေခွား၏ ဖိနှိပ်မှုကို အလွယ်တကူ ခံခဲ့ရမည် ဖြစ်သည်။

ဇူရီသည် ရှေးဟောင်း ဝတ်စုံတစ်ခုအား ဝတ်ဆင်ထား၍ ရှီလင်းနှင့် ရင်ဆိုင်ခဲ့ရာတွင် အနည်းငယ် ဖိအားအပေးခံနေရသည်။

ရှီလင်း၏ ကျင့်ကြံမှုသည် တခုန်း
ဇန်မာစတာထက် ပို၍ အောက်မကျပေ။
ထို့အပြင် သူသည် တခုန်း ဇန်မာစတာကဲ့သို့
ဒဏ်ရာ ရမထားခဲ့ပေ။ ယခုအချိန်တွင်
ရှီလင်းသည် အားအင် ပြည့်ဝနေခဲ့ပြီး
သူ၏စွမ်းအားများကို အစွမ်းကုန်
ထုတ်ဖော်လိုက်ရာ ဇူရီက ခက်ခက်ခဲခဲနှင့်
ရင်ဆိုင်နေရသည်။

ဇူရီသည် ကြောက်ရွံ့နေခြင်း မရှိသော်လည်း
ပြိုင်ဘက်အား အနိုင်ရယူလိုလျှင်တော့
ခက်ခဲမည် ဖြစ်သည်။

ရှိလင်းသည် သူ၏ စင်စစ် ဖြစ်တည်မှုအား ထုတ်ဖော်ပြသခဲ့ကာ သူ၏ စွမ်းရည်များကို အဆုံးစွန် ထုတ်ဖော်လိုက်၏။ သို့သော်လည်း သူသည် ဇူရီအား သတိထားနေခဲ့သည်။ ဇူရီက လက်တုံ့ပြန်ခဲ့၍ သူ၏ စင်စစ် ဖြစ်တည်မှု ထိခိုက်သွားမည်ကို စိုးရိမ်နေခဲ့သည်။

ဇူရီအား ဒုက္ခပေးနေခဲ့သည်မှာ အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ရယူရန် တိုက်ခိုက်နေကြရာတွင် သူသည် အရေးနိမ့်နေသည့် အခြေအနေသို့ ရောက်နေခဲ့ခြင်း ဖြစ်သည်။

ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ
သန္ဓေလောင်းသည် သိပ်သည်းသော
အခြေခံရှိသည်။ သူ့အား ကျင့်ကြံလိုလျှင်
တစ်ယောက်၏ စွမ်းအားများ အပေါ်တွင်သာ
မူတည်နေရုံ မကပဲ ကောင်းကင်နှင့်
မြေကြီးတို့၏ မဟာလမ်းစဉ်ကို နားလည်နိုင်မှု
အပေါ်၌လည်း မူတည်နေ၏။

ဇူရီသည် မဟာနေမင်း သူတော်စဉ်၏
စိတ်ဝိညာဉ်နှင့် ဆက်သွယ်နေခဲ့ကာ
အင်မော်တယ် ဝိညာဉ် အဆင့်အား နက်ရှိုင်းစွာ
နားလည်နေခဲ့ပြီ ဖြစ်သော်လည်း သူသည်
အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်မှ

ရှိလင်းနှင့် ယှဉ်လိုက်လျှင်တော့
အဆင့်နိမ့်နေပေသည်။

## စာစဉ် ၄၁ : အပိုင်း ၁၈

## အပိုင်း ၇၈၈ : အန္တရာယ်များသော လှုပ်ရှားမှု

သူ၏ မျက်နှာပြင်ပေါ်မှ
ထူးခြားဆန်းကြယ်သော အနက်ရောင်ရေနှင့်
စာလုံးများကို ရောမ အဖြူရောင်
ကျောက်စိမ်းတိုင်လုံးသည် ခွဲခြား၍
ဆက်မဆံခဲ့ပေ။ သူသည် ထိုနေရာတွင်

တည်ငြိမ်စွာနှင့်သာ မတ်မတ်
ရပ်တည်လျက်ရှိသည်။

အဖြူရောင် ကျောက်စိမ်းတိုင်လုံးသည် မည်သူ၏ ကျင့်ကြံမှုကို ခံမည်ဟူ၍ ရွေးချယ်မှု မရှိခဲ့ပေ။ သူ၏ ကိုယ်ပိုင် ကမ္ဘာငယ် အတွင်းတွင် သူသည် ကောင်းကင်နှင့် မြေကြီးတို့၏ မရေမတွက်နိုင်သော သက်ရှိစိတ်ဝိညာဉ်များကို လက်ခံထားကာ သူတို့အား ပျက်စီးပြီး သေဆုံးခြင်း ရောက်လာသည့်တိုင်အောင် ဖွံ့ဖြိုးတိုးတက်စေရန် ခွင့်ပြုထားခဲ့သည်။ သူသည် ကောင်းကင်နှင့် မြေကြီးတို့၏

ကျယ်ပြန့်သည့် ပြောင်းလဲမှုကို
အနက်အဓိပ္ပာယ် ကောက်လျက်ရှိသည်။

ဇူရီ၏ ခေါင်းပေါ်မှ ရောမ ချီလင်သည်
အနက်ရောင် ရေများကို ဖျက်ဆီးနေခဲ့သည်။
သို့သော်လည်း ထိုရေတို့သည်
ရေငွေ့အတန်းများ အဖြစ်သို့ ပြောင်းသွားခဲ့၍
ဇူရီ၏ စွမ်းအားများကို ပတ်လည်ဝိုင်းနေကာ
ဖျက်ဆီးပစ်ရန် ခြိမ်းခြောက်နေခဲ့သည်။

"ဒီလိုမျိုး ဆက်ပြီး တိုက်နေလို့တော့ မဖြစ်ဘူး"
ဇူရီ၏ အကြည့်သည် အဖြူရောင်
ကျောက်စိမ်းတိုင်လုံး အပေါ်သို့

ကျရောက်သွားခဲ့သည်။ ထိုနေရာသည် တကယ့် စစ်မြေပြင် အစစ်ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင် သူဖြစ်စေ၊ ရှီလင်းဖြစ်စေ သူတို့သည် အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား အနည်းငယ်သာ ကျင့်ကြံနိုင်မည် ဖြစ်သည်။ သူတို့၏ စွမ်းအားများဖြင့် ဆိုလျှင် ထိုတိုင်လုံးအား ကြမ္မာပန်းတိုင်မှ မှော်ရတနာ တစ်ပါးအဖြစ်သို့ ကျင့်ကြံရန်မှာ အလွန်ဝေးကွာလှသေး၏။ အမှားတစ်ခု လုပ်မိလျှင် ဤမှော်ရတနာ သန္ဓေလောင်းသည် အလဟဿ ဖြစ်သွားပေလိမ့်မည်။

သို့သော်လည်း သူတို့သည် ထိုတိုင်လုံးအား အနည်းငယ် ကျင့်ကြံနိုင်ခဲ့ပြီး အခြေခံအုတ်မြစ် ချနိုင်ခဲ့ပါက ဤမော်ရတနာ သန္ဓေလောင်း၏ စွမ်းအားများကို ထုတ်ယူ၍ တစ်ဘက်လူအား အနိုင်ယူနိုင်မည် ဖြစ်သည်။

ဇူရီနှင့် ရှီလင်းတို့အတွက် ယခုအချိန်တွင် ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ သန္ဓေလောင်းအား အပြည့်အဝ ကျင့်ကြံနိုင်ခြင်း မရှိသေးသော်လည်း တိုက်ပွဲတွင် အနိုင်ရမည့်သူကို ခန့်မှန်း၍ ရနိုင်ခဲ့သည်။

တိုက်ပွဲတိုက်ခိုက်ရာတွင် ဇူရီသည် ခုခံနိုင်သေးသော်လည်း အဖြူရောင်

ကျောက်စိမ်းတိုင်လုံးအား ကျင့်ကြံရာတွင် သူသည် အရေးနိမ့်နေခဲ့၏။

အချိန်ကြာလာသည်နှင့် အမှု အနက်ရောင်ရေများသည် ဇူရီ၏ စာလုံးများကို အဖြူရောင် ကျောက်စိမ်းတိုင်လုံး အတွင်းမှ တဖြည်းဖြည်း ခွာထုတ်နိုင်ခဲ့သည်။ အကယ်၍ သူသည် ထိုမှော်ရတနာ သန္ဓေလောင်းအား ကျင့်ကြံနိုင်ခဲ့ပါက ဇူရီအား အလွယ်တကူပင် ဖိနှိပ်နိုင်လိမ့်မည် ဖြစ်သည်။

အရေးနိမ့်နေ၍ အခြေအနေ သိပ်မလှနေခဲ့သော်လည်း ဇူရီသည် မတုန်လှုပ်နေခဲ့ပေ။ သူသည် ရှုံးနိမ့်နေသည်ဟု

မခံစားနေခဲ့ရပဲ သူ့ကိုယ်သူ တည်ငြိမ်အောင် ထိန်းသိမ်းခဲ့ကာ လျှင်မြန်စွာနှင့် စဥ်းစားနေခဲ့သည်။

"အစပိုင်းမှာ ငါကသူ့ကို ဖြည်းဖြည်းချင်း မွေးမြူပြီး တစ်ခါတည်းနဲ့ အောင်မြင်အောင် ကျင့်ကြံဖို့ ရည်ရွယ်ထားခဲ့တာ။ ဒါပေမဲ့ အခုအချိန်မှာ ငါက အန္တရာယ်များတဲ့ လှုပ်ရှားမှု တစ်ခုကို လုပ်ရတော့မယ်နဲ့ တူတယ်" ဇူရီ၏ မျက်လုံးအစုံသည် လင်းလက်လာခဲ့သည်။ "လုံခြုံစိတ်ချရတဲ့ အခြေအနေမှာ အရာအားလုံးကို ပြင်ဆင်ထားခဲ့ရင် အောင်မြင်ဖို့က သေချာနေတယ်။ ဒါပေမဲ့ ပြင်ပက ဖိအားတွေနဲ့ ရင်ဆိုင်ခဲ့ရတာကလည်း

စိတ်လှုံ့ဆော်မှု တစ်ရပ်ဖြစ်တယ်။ ရလဒ်တွေက အဆိုးကြီးတော့ မဟုတ်နိုင်ဘူး"

ဤအထိတွေးပြီးသည်နှင့် ဇူရီ ဝတ်ဆင်ထားသော ရှေးဟောင်းဝတ်စုံသည် တောက်ပသော အလင်းတန်းတစ်ခုနှင့် လင်းလက်လာခဲ့သည်။ သူ၏ စကြာဝဠာ ပုံသဏ္ဌာန်သည် နားကွဲလုမတတ် အသံတစ်သံဖြင့် ဟိန်းဟောက်လိုက်၏။

အသွင်သဏ္ဌာန်လေးမျိုး ကောင်းကင်ဝင်္က်ပါမှနေ၍ ကောင်းကင် ပြောင်းလဲတိုးတက်မှုကို ထုတ်ဖော်လိုက်သည်။ ဇူရီအား အလယ်မှထား၍ ကာကွယ်ထားကြပြီး

သူတို့သည် ဟီဂန် ရွှေရောင်တံတား အပေါ်သို့ ကျရောက်သွားခဲ့သည်။ (ဇူရီ ထုတ်ဖော်ခဲ့သော ရွှေရောင်တံတား ဖြစ်သည်)

ရှီလင်းနှင့် ရင်ဆိုင်ခဲ့ရသောအခါ ဇူရီသည် ခံစစ်ဖြင့်သာ ခုခံခဲ့သည်။

ထာဝရည မိစ္ဆာကျောက်တိုင်နှင့် ထာဝရ အလင်းတန်း ဗောဓိနှလုံးသား မီးအိမ်တို့သည် အနက်ရောင်နှင့် တောက်ပလှသော သလင်းကျောက်ပုံစံ ဖြစ်တည်မှုများ အဖြစ်သို့ ပြောင်းသွားကြသည်။ သူတို့သည် ပူးပေါင်းလိုက်ကြပြီး စိတ်ဝိညာဉ် ယဇ်ပလ္လင်တစ်ခုကို တည်ဆောက်လိုက်ကာ

ရှိလင်း၏ အနက်ရောင် မြစ်ရေခေါးကို
အတွင်းတွင် ပိတ်လှောင်ထားလိုက်ကြသည်။

ဒါသည့် မှော်ရတနာ နှစ်ခုဖြင့်
ဖန်ဆင်းလိုက်သော ဇူရီ၏ ကောင်းကင်
အလင်းနှင့်အမှောင် မန်ဒလာ မဟာနယ်နိမိတ်
ဖြစ်ပြီး အနက်ရောင် မြစ်ရေခေါးကို
ပိတ်လှောင်ထားနိုင်ခဲ့သည်။

အနက်ရောင် မြစ်ရေခေါးသည် နယ်နိမိတ်များ၏
အတွင်းတွင် ဆက်လက် လှုပ်ရှားနေခဲ့ကာ
လွတ်မြောက်ရန် ကြိုးစားနေခဲ့သော်လည်း
ကောင်းကင် အလင်းနှင့်အမှောင် မန်ဒလာ
မဟာနယ်နိမိတ်သည် တိုက်စစ်ကို လုံးလုံး

စွန့်လွှတ်ထားခဲ့ကာ ခံစစ်ကိုသာ အာရုံစိုက်၍ ခုခံနေခဲ့သည်။ ဒါသည် ထိုခေါ်ကို အချိန်တိုအတွင်း ထိုးဖောက်နိုင်ခြင်းမှ ကာကွယ်ထားနိုင်ခဲ့သည်။

ဇူရီသည် ဟီဂန် ရွှေရောင်တံတားနှင့် ကောင်းကင် တိုးတက်ပြောင်းလဲမှုတို့၏ ကာကွယ်မှုအောက်တွင် အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ကာ မဟာနေမင်း ရွှေရောင်ပုံစံအား ထုတ်လွှတ်လိုက်သည်။

သူသည် မဟာနေမင်း ရွှေရောင်ပုံစံအား ရရှိထားခဲ့သည်မှာ အချိန်အတန်ကြာ ရှိသွားခဲ့ပြီ ဖြစ်သည်။ အသေးစိတ် လေ့လာသုံးသပ်ခဲ့

အပြီးတွင် မဟာကျိုး အင်ပါယာသည် ထိုရွှေရောင်ပုံစံအား အဘယ်ကြောင့် တခုန်း ဇန်မာစတာအား ပေးထားခဲ့သည်ကို သဘောပေါက်သွားခဲ့သည်။

မဟာနေမင်း သူတော်စင်သည် ဖန်ကျန်းနတ်တောင် အတွင်းတွင် ကြွေလွင့်သွားခဲ့ခြင်း ဖြစ်သည်။ သူ၏ စိတ်ဝိညာဉ်သည် ပျက်စီးသွားခဲ့သော်လည်း သူ၏ အသွေးအသားများသည် အကောင်းအတိုင်း ကျန်နေသေး၏။ ယင်ပင်လယ်၏ စိတ်ဝိညာဉ် စွမ်းအင်များက အားဖြည့်ပေးနေမှုကြောင့် ကံကြမ္မာ၏ ထောက်ပံ့မှုနှင့်အတူ သူသည်

ထူးခြားဆန်းကြယ်သော အခြေအနေ တစ်ခုသို့ ရောက်ရှိသွားခဲ့သည်။

သူ့ခန္ဓာကိုယ်၏ ရုပ်ခန္ဓာ သိုင်းပညာရပ်များက ကျန်ရစ်နေသေးသော်လည်း သူ၏ စိတ်ဝိညာဉ်သည် လုံးဝ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။

မဟာနေမင်း သူတော်စင်ကဲ့သို့ အင်မော်တယ်ဝိညာဉ် ဒုတိယ အဆင့်မှ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရှင် တစ်ယောက်အနေနှင့် သူ၏ စင်စင် ဖြစ်တည်မှုနှင့် အသွေးအသားများကို တစ်သားတည်း ပေါင်းစည်းထားခြင်း ဖြစ်သည်။

အကယ်၍ သူ၏ အသွေးအသားနှင့်
ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကို
ထိန်းသိမ်းထားနိုင်ခဲ့လျှင် လုံလောက်စွာ
အားဖြည့်ပေးလိုက်ပါက ပြန်လည်
ရှင်သန်လာရန် မျှော်လင့်ချက်များ ရှိနေသည်။

သို့သော်လည်း ယင်ပင်လယ် ကမ္ဘာ၏
ထူးခြားသော ဖိနှိပ်မှုများကြောင့် မဟာနေမင်း
သူတော်စင်၏ အသွေးအသားများသည်
မှော်ကျိန်စာ ရုပ်ခန္ဓာကိုယ် တစ်ခုအဖြစ်တော့
ပြန်လည်ဖွဲ့စည်းနိုင်ခြင်း မရှိပေ။ သို့သော်လည်း
သူ၏ အသွေးအသားများသည် ကျင့်ကြံသူ
တစ်ယောက်၏ ကိုယ်ပိုင်ကိုယ်ပွား အဖြစ်သို့
ကျင့်ကြံရန်တော့ သင့်တော်နေသည်။

ဖန်ကျန်းနတ်တောင်သည် မဟာကျိုး
အင်ပါယာ၏ လက်အတွင်းသို့
ကျရောက်သွားပြီးသောအခါ မဟာနေမင်း
သူတော်စင်၏ အသွေးအသားများသည်
လျှမ်ပန်း၏ လက်အတွင်းသို့
ကျရောက်သွားခဲ့သည်။ လျှမ်ပန်းသည် သူ့အား
သူ၏ကိုယ်ပွား တစ်ခုအဖြစ်သို့
ကျင့်ကြံချင်နေခဲ့သည်။ ထိုသို့သာဆိုလျှင်
သူသည် အတိတ်မှ မဟာနေမင်း သူတော်စင်၏
စွမ်းအားများကို ပြန်လည် ထုတ်ဖော်နိုင်ခဲ့မည်
ဖြစ်သည်။ တစ်ချိန်တည်းတွင်ပင် လျှမ်ပန်းသည်
မဟာနေမင်း သူတော်စင် ယခင်က
ကျင့်ကြံခဲ့သော ချန်ကေရာဇ်၏ ရုပ်ကိုယ်ခန္ဓာ

သိုင်းပညာရပ်များကို ပြီးပြည့်စုံစွာ
လေ့ကျင့်နေလိုခဲ့သည်။

အကယ်၍ ဤရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်များအား ဇူဟုန်ဝူအား လေ့လာ၍
ကျင့်ကြံစေခဲ့ပါက သူ၏ စွမ်းအားများသည်
နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်
ဖြစ်သည်။

အတွင်းမှ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကို
ပြီးပြည့်စုံစွာ ထုတ်ဖော်နိုင်ရန်အတွက်
လျှမ်ပန်းသည် မဟာနေမင်း ရွှေရောင်ပုံစံအား
တခုန်း ဇန်မာစတာအား ယာယီ
ထိန်းသိမ်းထားစေခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ယခုအချိန်တွင် မဟာနေမင်း ရွှေရောင်ပုံစံသည် ဇူရီ၏ လက်အတွင်းသို့ ရောက်ရှိသွားခဲ့ပြီ ဖြစ်သည်။ ထို့အပြင် မဟာချင် အင်ပါယာမှ ကျင်းဖန်မင်းသား ရှီလင်း၏ ဖိအားများကလည်း ရှိနေခဲ့သဖြင့် ဇူရီသည် သူနတ်တောင် အတွင်းတွင် နားလည်ခဲ့သော ချန်ကေရာဇ်၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကို ထုတ်ဖော်လိုက်ကာ မဟာနေမင်း ရွှေရောင်ပုံစံအား အသုံးပြု၍ တိုက်ခိုက်ခဲ့လိုက်သည်။

သူတို့သည် အရင်းအမြစ် တစ်ခုတည်းမှ လာခဲ့ကြခြင်း ဖြစ်ကြသဖြင့် အချင်းချင်း ဆက်သွယ်မှုများ ရှိနေကြသည်။

မဟာနေမင်း ရွှေရောင်ပုံစံသည် တစ်စုံတစ်ခုကို ရရှိသွားသကဲ့သို့ တုန်ခါသွားခဲ့သည်။ သူ၏ ခန္ဓာကိုယ် အတွင်းမှနေ၍ တောက်ပလှသည့် အလင်းတန်း တစ်ခုက ထွက်ပေါ်လာခဲ့သည်။

ရွှေရောင်ပုံစံ၏ မျက်လုံးသူငယ်အိမ်များ အတွင်းမှ ထူးခြားသော အလင်းတန်းတစ်ခု စတင်လင်းလက်လာခဲ့၍ ဇူရီအား စိုက်ကြည့်နေခဲ့သည်။

တစ်ချိန်လုံး ငြိမ်သက်နေသော မဟာနေမင်း
ရွှေရောင်ပုံစံသည် မတ်တတ်
ထရပ်ချင်နေသကဲ့သို့ စတင်၍
တုန်ခါလာခဲ့သည်။

သူ၏ မျက်နှာပြင် အပေါ်မှ ရွှေရောင်
ဗုဒ္ဓအလင်းတန်းသည် ရွှေသတ္တုလွှာ
အလွှာတစ်ခုနှင့် တူနေခဲ့သည်။ သူသည်
ဖြည်းဖြည်းချင်း ကွာကျလာခဲ့၍
ရွှေရောင်အလင်းတန်းများ
ပျောက်ကွယ်သွားသည့် နေရာတိုင်းတွင်
တောက်ပသော ကြယ်စင်အလင်းတန်း
တစ်ခုနှင့် အစားထိုးလာခဲ့သည်။

ယခုအချိန်တွင် မဟာနေမင်း ရွှေရောင်ပုံစံသည် အိပ်ပျော်နေသော ဘီလူးကြီး တစ်ကောင်က နိုးထတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

မဟာနေမင်း ရွှေရောင်ပုံစံနှင့် ရင်ဆိုင်ခဲ့ရသောအခါ ဇူရီသည် စကြာဝဠာ အတွင်းက ကြယ်စင်များနှင့် ရင်ဆိုင်နေခဲ့ရသကဲ့သို့ ခံစားနေရသည်။ မဟာနေမင်း သူတော်စင် ခန္ဓာကိုယ်မှ သွေးကြောများက တုန်ခါလာကြ၍ စကြာဝဠာ အတွင်းက မရေမတွက်နိုင်သော ကြယ်စင်များက လင်းလက်လာခဲ့သကဲ့သို့ ဖြစ်လာခဲ့သည်။

ဇူရီသည် လက်ဝါးအကွက် တစ်ခုကို
ထုတ်ဖော်လိုက်ရာ မဟာနေမင်း ရွှေရောင်ပုံစံ၏
အနားတွင် ခရမ်းရောင် တိမ်တိုက်များက
ဖုံးလွှမ်းသွားခဲ့ကာ အရေအတွက်သုံးခု
အင်းရုစ်ကွက် ပုံစံအဖြစ်သို့ ပြောင်းသွားခဲ့သည်။

အရေအတွက်သုံးခု အင်းရုစ်ကွက်တို့၏
အလယ်တွင် နဂါး၊ ဖီးနစ်၊ လိပ်နှင့် ချီလင်တို့၏
ပုံရိပ်များက ပေါ်လာခဲ့သည်။ သူတို့၏
အနားတွင် ပညာရှိတို့၏ စာစီစာကုံးက
လည်ပတ်နေလျှက် ရှိသည်။

ရှီလင်း၏ တိုက်ခိုက်မှုများသည် ဇူရီ၏ ခံစစ်ကို အချိန်မရွေး ထိုးဖောက်နိုင်တော့မည့်အတိုင်း ဆက်လက် ကျရောက်လာခဲ့သည်။

သို့သော်လည်း ဇူရီက အမှုမထားခဲ့ပေ။ သူ၏ အာရုံအများစုအား သူ၏အရှေ့မှ ဖြစ်စဉ်အပေါ်တွင်သာ စူးစိုက်ထားခဲ့သည်။ ရှီလင်းက ပေးနေခဲ့သော ဖိအားများနှင့် အလျင်လိုမှုများသည် သူ၏ လှုံ့ဆော်မှုများ ဖြစ်သွားခဲ့သည်။ သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုများကို နားလည်နိုင်မှုသည် အဆင့်အသစ် တစ်ခုသို့ တက်သွားနိုင်ခဲ့သည်။

ဇူရီ၏ စိတ်ဝိညာဉ်သည် သူ၏ ခန္ဓာကိုယ်မှ ခွာသွားခဲ့၍ သူ့စွမ်းအင်များဖြင့် ဖန်ဆင်းထားသည့် ပုံရိပ်လေးခုနှင့် အရေအတွက်သုံးခု အင်းရှစ်ကွက်တို့၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။ ပြီးတာနှင့် သူသည် သူ၏ စိတ်ဝိညာဉ်နှင့် အတွေးများကို ခွဲခြားလိုက်သည်။

ပြီးတာနှင့် သူသည် ချန်ကေရာဇ်၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကို ဆက်လက်၍ ထုတ်ဖော်ခြင်း မပြုတော့ပေ။ ထို့အစား ပုံရိပ်လေးခု၊ အရေအတွက်သုံးခု အင်းရှစ်ကွက်တို့နှင့် ပညာရှိတို့၏

စာစီစာကုံးတို့အား မဟာနေမင်း ရွှေရောင်ပုံစံ၏
မျက်ခုံးများ အကြားသို့ ထည့်သွင်းလိုက်သည်။

ဤအချိန်တွင် သူသည် သူ၏ကိုယ်ပိုင်
စွမ်းအားများကို အသုံးပြုမှ ရပေလိမ့်မည်။
မဟုတ်လျှင် သူသည် မဟာနေမင်း
ရွှေရောင်ပုံစံအား သူ၏ကိုယ်ပိုင်
ကိုယ်ပွားအဖြစ် ကျင့်ကြံခြင်း မဟုတ်ပဲ
မဟာနေမင်း သူတော်စင်က သူ၏
စိတ်ဝိညာဉ်အား အသုံးပြုသွားပေလိမ့်မည်။

သူ၏ စိတ်ဝိညာဉ်သည် မဟာနေမင်း
သူတော်စင်၏ အသွေးအသားများအတွင်းသို့
ဝင်ရောက်သွားသောအခါ ဇူရီက သူသည်

ကြယ်စင်အလင်းတန်း ပင်လယ်ကြီး
တစ်ခုအတွင်းသို့ ဝင်သွားခဲ့ရသကဲ့သို့
ခံစားလိုက်ရသည်။ တစ်စုံတစ်ယောက်၏
မျက်နှာရေးရေးလေးကို မြင်နိုင်ခဲ့သည်။ သူသည်
မဟာနေမင်း သူတော်စင်ပင် ဖြစ်၏။

ယခုအချိန်တွင်မဟာနေမင်း ရွှေရောင်ပုံစံ
အတွင်း၌ မဟာနေမင်း သူတော်စင်သည်
သူ၏ကိုယ်ပိုင် ရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်များကို ကျင့်ကြံနေသကဲ့သို့ ရှိပြီး
မွေးကင်းစကလေး တစ်ယောက်ကဲ့သို့
စိတ်ရှုပ်ထွေးသော အခြေအနေ တစ်ခုသို့
ရောက်ရှိနေခဲ့သည်။ သို့သော်လည်း
တစ်ချိန်တည်းတွင်ပင် သူသည် ကောင်းကင်နှင့်

မြေကြီးတို့၏ မဟာလမ်းစဉ်ကို ဆက်လက်၍ လက်ခံရရှိနေခဲ့သည်။

ဇူရီ၏ စိတ်ဝိညာဉ်သည် သူနှင့် ပူးပေါင်းသွားခဲ့ကာ သူ၏ အတွေးများသည် အချိန်ခေတ္တမျှ ရှုပ်ထွေးသွားခဲ့သည်။ မဟာနေမင်း သူတော်စင်နှင့် ပူးပေါင်းလုနီးပါး ဖြစ်သွားခဲ့သည်။

သို့သော်လည်း ဇူရီသည် သတိတကြီးဖြင့် မဟာကောင်းကင် တာအိုကျမ်းစာကို ထုတ်ဖော်လိုက်သည်။ သူသည် မဟာနေမင်း သူတော်စင်၏ အသွေးအသား အတွင်းတွင်

ကျန်နေခဲ့သော ရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်များကို ကျင့်ကြံလိုက်သည်။

"ငါက ယင်ကျိုးနတ်တောင်ရဲ့ လေဟာနယ်
ပုံရိပ်ယောင်ကို ကျေးဇူးတင်ရလိမ့်မယ်" ဇူရီက
နားလည်သွားခဲ့သည်။ ယခုအချိန်တွင် သူသည်
ပုံရိပ်ယောင် လောကအတွင်းတွင်
ရှိနေခဲ့ရစဥ်ကဲ့သို့ ကြယ်စင်အလင်းတန်းအား
သူ၏ ခန္ဓာကိုယ်အဖြစ် ပြောင်းလဲလိုက်သည်။
သူ၏ စိတ်ဝိညာဥ်နှင့် မဟာနေမင်း
ရွှေရောင်ပုံစံတို့သည် ပိုမိုနီးကပ်စွာ
ပေါင်းစပ်သွားနိုင်ခဲ့သည်။

"ဒါက ငါ့ရဲ့ကိုယ်ပိုင် အဆီအနှစ်တွေနဲ့ ကျင့်ကြံထားတဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရှင် ကိုယ်ပွားဖြစ်သွားခဲ့ပြီ" ဖြစ်စဉ်တစ်ခုလုံး အပြီးတွင် ဇူရီ၏ စိတ်ဝိညာဉ်သည် သူ၏ကိုယ်ပိုင် ခန္ဓာကိုယ် အတွင်းသို့ ပြန်ရောက်လာခဲ့သည်။ ပြီးတာနှင့် သူသည် သူ၏ကိုယ်ပိုင် သွေးအဆီအနှစ်များကို မဟာနေမင်း ရွှေရောင်ပုံစံ၏ နဖူးအတွင်းသို့ အစက်ချလိုက်သည်။

မဟာနေမင်း ရွှေရောင်ပုံစံသည် ရွှေရောင် ဗုဒ္ဓအလင်းတန်း တစ်လွှာနှင့် ဖုံးအုပ်ထားနေဆဲ ရှိသေးသည်။ သို့သော်လည်း သူသည် မကြာမီတွင် အက်ကွဲသွားခဲ့ကာ ရောမ

ပုံရိပ်တစ်ခုကို ဖော်ပြလိုက်သည်။ ထိုပုံရိပ်၏ မျက်နှာ အသွင်အပြင်တို့သည် မဟာနေမင်း သူတော်စင်၏ပုံ မဟုတ်တော့ပဲ ဇူရီ၏ပုံသာ ဖြစ်သွားခဲ့၏။

ဇူရီ၏ မူလခန္ဓာကိုယ်နှင့် သူ၏ မဟာနေမင်း ကိုယ်ပွားတို့သည် တပြိုင်နက်တည်း ပြုံးလိုက်ကြ၏။

သူကျင့်ကြံ၍ ပြီးသွားသောအခါ သူ၏မူလ အခြေတည်ဝိညာဥ် နောက်ဆုံး အဆင့်နှင့် သူသည် အင်မော်တယ် ဝိညာဥ် ဒုတိယ အဆင့်မှ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရှင် ကိုယ်ပွားတစ်ခုကို ရရှိခဲ့ပြီ ဖြစ်သည်။

ဇူရီ၏ စိတ်ဝိညာဥ်သည် မဟာနေမင်း ရွှေရောင်ပုံစံနှင့် အပြည့်အဝ ပေါင်းစပ်သွားခဲ့ပြီ ဖြစ်သည်။ သူသည် အဆုံးမဲ့ စွမ်းအားများကို ပိုင်ဆိုင်ထားသည်ဟု ခံစားလိုက်ရသည်။ သူ၏ စွမ်းအားများသည် လုံးဝကို ပြောင်းလဲသွားခဲ့ပြီ ဖြစ်သည်။

သူ၏ ခန္ဓာကိုယ်မှ မွေးညင်းပေါက်များ အားလုံးတို့သည် ယင်ကျိုးနတ်တောင်၏ အရှံအတားများကို ကျော်ဖြတ်၍ ကောင်းကင်ပေါ်မှ ကြယ်တာရာများနှင့် ဆက်သွယ်နိုင်ခဲ့သည်ဟူ၍ ခံစားခဲ့ရသည်။

အင်မော်တယ် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ ကောင်းကင်နှင့် မြေကြီးတို့၏ လမ်းစဉ်အား နားလည်နိုင်မှုတို့အား ဇူရီ၏ မူလခန္ဓာကိုယ်တွင်လည်း ခံစားလိုက်ရသည်။ အချို့အရာများသည် သူနားလည်ပြီးသား ဖြစ်ခဲ့သော်လည်း အချို့မှာမူ သူ့အား အကြီးအကျယ် အကျိုးအမြတ် ရှိစေခဲ့သည်။

"ဒီမဟာနေမင်း ရွှေရောင်ပုံစံနဲ့ ငါက အင်မော်တယ် ဝိညာဉ် အဆင့်ကို ခြေတစ်လှမ်း နီးကပ်လာပြီလို့ ကောင်းကောင်းကြီး ခံစားနေခဲ့ရတယ်"

"နှမြောစရာ ကောင်းတာက ငါက ဒီကိုယ်ပွားကို ကျင့်ကြံခဲ့တဲ့ အချိန်မှာ ငါ့ရဲ့ ကိုယ်ပိုင်စွမ်းအားတွေကို အသုံးပြုခဲ့ပေမဲ့ ငါ့ရဲ့ စိတ်ဝိညာဉ်က မဟာနေမင်း သူတော်စင်ရဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ် စိတ်ဝိညာဉ်နဲ့ အပြည့်အဝ ပေါင်းစပ်သွားခဲ့တာ ဖြစ်တယ်။ ဒါကြောင့်မို့ ဒီကိုယ်ပွားက ချန်ကေရာဇ်ရဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်တွေကိုသာ ကောင်းကောင်း အသုံးပြုနိုင်မှာ ဖြစ်ပြီး ငါ့ရဲ့ စွမ်းအားတွေကို ထုတ်လွှတ်လိုက်မယ် ဆိုရင်တော့ အပြည့်အဝ ထုတ်လွှတ်နိုင်မှာ မဟုတ်ဘူး"

"ဒါပေမဲ့ ဒါကငါ့အတွက် လုံလောက်နေပါပြီ"

ဇူရီ၏ မဟာနေမင်း ကိုယ်ပွားသည်
ဟိန်းဟောက်လိုက်ရာ သူပိုင်ဆိုင်ထားသော
ကြောက်မက်ဖွယ်ရာ စွမ်းအားများက
သန်စွမ်းစွာဖြင့် ထွက်ပေါ်လာခဲ့သည်။ ဇူရီသည်
ကောင်းကင် တိုးတက်ပြောင်းလဲမှုနှင့် ဟီဂန်
ရွှေရောင်တံတားတို့အား
ထုတ်လွှတ်လိုက်သည်။ မဟာနေမင်း
ကိုယ်ပွား၏ စွမ်းအားများသည် ထပ်မံ၍
တိုးတက်လာခဲ့ကာ ကြယ်စင်အလင်းတန်း
တစ်ခုကဲ့သို့ ရှိလင်းထံသို့
ခုန်ပေါက်ဝင်ရောက်သွားခဲ့သည်။

ရှီလင်းသည် ဇူရီနှင့် ဆောင်ချင်းစန်းတို့၏ တိုက်ပွဲမှ စွမ်းရည်များကို ရှီရှင်းယွမ်နှင့် ရွှင်ပျော်ပျော် သူတော်စင်တို့ထံမှ ကြားထားခဲ့ပြီး ဖြစ်သည်။ ဇူရီသည် ခံစစ်ကိုသာ အသုံးပြုနေခဲ့သည်ကို တွေ့ခဲ့ရသော်လည်း သူသည် ပေါ့ပေါ့တန်တန် သဘောမထားခဲ့ပဲ ပို၍ပင် သတိထားနေခဲ့သည်။

သူသည် ဇူရီ၏ ခံစစ်အား ဖျက်ဆီးရန် မကြိုးစားခဲ့ပဲ အဖြူရောင် ကျောက်စိမ်းတိုင်လုံးကိုသာ ကျင့်ကြံနိုင်ရန် ကြိုးစားနေခဲ့သည်။

သူသည် လက်ရှိပြဿနာကို ဖြေရှင်းနိုင်သည့် အဓိက သော့ချက်ကို ကောင်းစွာ သဘောပေါက်နေခဲ့သည်။ သူသည် ဤမှော်ရတနာ သန္ဓေလောင်းအား ကျင့်ကြံနိုင်ခဲ့ပါက ဇူရိသည် မည်သို့မှ ပြုလုပ်နိုင်တော့မည် မဟုတ်ပေ။

အနက်ရောင် ရေများသည် စာပိုဒ်များ စာလုံးများကို ကျောက်စိမ်းတိုင်လုံးအပေါ်မှ ဆေးချနေခဲ့သည်။

အနက်ရောင် ရေများသည် တိုင်အပေါ်သို့ တက်သွားနေခဲ့ကာ ထိပ်ဖျားသို့ ရောက်လုနီးပါး ဖြစ်နေခဲ့သည်။ သို့သော်လည်း ဤအချိန်တွင်

ဇူရီသည် သူ၏ခံစစ်များကို စွန့်လွှတ်လိုက်ကာ အလင်းတန်း တစ်ခုသည် ကြယ်ကြွေခဲ့သည့်အလား ရှီလင်းထံသို့ ရောက်ရှိလာခဲ့၏။

သန့်စွမ်းလှသည့် စွမ်းအားများကို ခံစားလိုက်ရသောအခါ ရှီလင်း၏ မျက်ခုံးများသည် တွန့်သွားခဲ့သည်။ "ဘာဖြစ်လို့ အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်က ကျင့်ကြံသူတစ်ယောက် ပေါ်လာခဲ့တာလဲ"

## စာစဉ် ၄၁ : အပိုင်း ၁၉

# အပိုင်း ၇၈၉ : အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ရရှိခြင်း

ဇူရီ၏ မဟာနေမင်း ကိုယ်ပွားသည် ကြယ်ကြွေသကဲ့သို့ ရှီလင်းထံသို့ ပျံသန်းဝင်ရောက်လာခဲ့သည်။ သူ၏ လက်ဝါးဖြင့် ရိုက်ချက်လိုက်ရာ ဝုန်းကနဲ မြည်ဟည်းသွားခဲ့၏။ လေဟာနယ် တစ်ခုလုံးသည် သူ၏လက်ဝါးကြောင့် ကြေမွသွားခဲ့သည်။

ရှီလင်းသည် အတန်ငယ် မှင်သက်သွားခဲ့သည်။ "ကောင်းကင်စျေး ဝန်းခတ်ခြင်း နတ်လက်ဝါး.. ယင်ပင်လယ်မှာ အင်မော်တယ် ဝိညာဥ် ဒုတိယ

အဆင့် ကျင့်ကြံသူတစ်ယောက် ပေါ်လာခြင်း.. ခင်ဗျားက မဟာနေမင်း သူတော်စင် ဝန်ဟောင် မဟုတ်လား.. ခင်ဗျားက မသေသေးဘူးလား"

သို့သော်လည်း သူသည် ဇူရီနှင့် တူနေခဲ့သည်ကို သူက သတိပြုမိလိုက်သည်။

"မင်း.. မင်းက မဟာနေမင်း သူတော်စင်ကို မင်းရဲ့ကိုယ်ပွား အဖြစ်နဲ့ ကျင့်ကြံခဲ့တယ်" ရှီလင်းသည် ဇူရီက အခြေတည်ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ အများစုထက် များစွာသာလွန်သည်ကို သိနေခဲ့သော်လည်း သူက အင်မော်တယ် ဝိညာဉ်ကို မဖန်ဆင်းရသေးပဲ အင်မော်တယ် ဝိညာဉ်

ဒုတိယ အဆင့်မှ ကိုယ်ပွားတစ်ခုအား ပိုင်ဆိုင်နိုင်သည်ကို တွေ့လိုက်ရသောအခါ အံ့ဩတုန်လှုပ်သွားခဲ့သည်။

သူသည် ချန်ကေရာဇ်၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကိုသာ ဖော်ထုတ်နိုင်သည်နှင့် တူနေခဲ့သော်လည်း သူ၏ ကျင့်ကြံမှု ခွန်အားသည် မဟာနေမင်း သူတော်စင်က ပြန်လည်မွေးဖွားလာသည်နှင့် တူနေခဲ့သည်။ သူ၏ စွမ်းအားများသည် တခုန်း ဇန်မာစတာက သူ၏ ထိပ်ဆုံးအချိန်တွင် ရှိနေခဲ့စဉ်ထက် အောက်မကျပေ။

ရှီလင်း၏ စင်စစ် ဖြစ်တည်မှုသည် မှော်ကျိန်စာ တစ်ခုအား ဖော်ထုတ်လိုက်၍ အနက်ရောင် ရေများသည် သူ၏အရှေ့တွင် အနက်ရောင် နဂါးတစ်ကောင် အဖြစ်သို့ ပြောင်းလဲသွားခဲ့ကာ ဇူရီ၏ မဟာနေမင်း ကိုယ်ပွား၏ တိုက်ခိုက်မှုများကို ခုခံလိုက်သည်။ သို့သော်လည်း သူ၏ခေါင်းမှာ မဟာနေမင်း ကိုယ်ပွား၏ ခြေမွမှုကို လွယ်ကူစွာနှင့် ခံလိုက်ရသည်။ ပြီးတာနှင့် ကိုယ်ပွား၏ လက်နှစ်ဘက်စလုံးတို့သည် လက်သည်းများ အဖြစ်သို့ ပြောင်းသွား၍ နဂါး၏ ကိုယ်ခန္ဓာအား ကုတ်ဆွဲလိုက်သည်။ နဂါးမှာ အပိုင်းအစများ အဖြစ်သို့ ချက်ချင်း ကြေမွသွားခဲ့သည်။

အခြားတစ်ဘက်တွင်မူ ဇူရီ၏
မူလခန္ဓာကိုယ်သည် အသွင်သဏ္ဌာန်လေးမျိုး
ကောင်းကင်ဝင်္ကပါအား ဖော်ထုတ်လိုက်သည်။
ကောင်းကင် တိုးတက်ပြောင်းလဲခြင်းသည်
အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား
ဖုံးလွှမ်းသွားခဲ့၏။ သူသည်
ထူးခြားဆန်းကြယ်သော
အနက်ရောင်ရေများကို ချုပ်နှောင်နိုင်ခဲ့ပြီး
နောက်ထပ် ဆက်မတက်နိုင်ရန်
တားဆီးထားနိုင်ခဲ့သည်။

ယခုအချိန်တွင် အနက်ရောင် ရေများသည်
တိုင်လုံးထိပ်သို့ ရောက်ရှိရန် ခြေတစ်လှမ်းသာ
လိုတော့ခြင်း ဖြစ်သည်။ သို့သော်လည်း

ထိုခြေတစ်လှမ်းသည် အလွန်ဝေးကွာသည်ဟု ထင်နေခဲ့ရကာ ရေမျှားသည် တစ်လက်မမှ ရှေ့ဆက်မတိုးနိုင်တော့ချေ။

ရှီလင်းသည် မဟာနေမင်း ကိုယ်ပွား၏ တိုက်ခိုက်မှုများကို ခုခံကာ အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား အရင်ကျင့်ကြံမည်ဟု ရည်ရွယ်ထားခဲ့သည်။ ထိုအချိန်တွင် ဇူရီနှင့် မဟာနေမင်း ကိုယ်ပွားတို့က အတူတကွ ပူးပေါင်း၍ တိုက်ခိုက်သည့်တိုင်အောင် သူက ကြောက်ရွံ့စရာလိုတော့မည် မဟုတ်ချေ။ သို့သော်လည်း မည်သူကသိမည်နည်း၊ မဟာနေမင်း ကိုယ်ပွားသည် လွန်စွာ ခက်ထန်လှ၏။ အကယ်၍ သူသည် အဖြူရောင်

ကျောက်စိမ်းတိုင်လုံးဘက်သို့ အာရုံပျံ့လွင့်ခဲ့ပါက မဟာနေမင်း ကိုယ်ပွားသည် သူ၏ အနီးသို့ ရောက်လာနိုင်မည် ဖြစ်သည်။

မဟာနေမင်း ကိုယ်ပွားကသာ အနားသို့ ရောက်လာပါက ရှီလင်းသည် ဒုက္ခအမှန်တွေ့မည် ဖြစ်သည်။ သူသည် ရှီလင်းက အစွမ်းကုန် တိုက်ခိုက်လျှင်ပင် အနိုင်ရရန် မသေချာသည့် ပြိုင်ဘက်တစ်ယောက် ဖြစ်သည်။

ရှီလင်းသည် တစ်စုံတစ်ခုအား တွေးမိခဲ့သည့်အတွက် သူသည် အနက်ရောင် မြစ်ရေစားအား ပြန်လည် ဆင့်ခေါ်လိုက်သည်။ သို့သော်လည်း

အနက်ရောင် မြစ်ရေခေါးထံမှ မည်သည့်
တုံ့ပြန်မှုများကို ပြန်မရခဲ့ကြောင်းကို
မကြာခင်တွင်ပင် သဘောပေါက်သွားခဲ့သည်။
အနည်းငယ် ဆက်သွယ်မှုများ
ပြုလုပ်နိုင်ခြင်းမှလွဲ၍ အနက်ရောင်
မြစ်ရေခေါးမှနေ၍ မည်သည့် သတင်းမှ
ပြန်မပို့နိုင်ခဲ့ပေ။

သူလှမ်းကြည့်လိုက်သောအခါ အနက်ရောင်
မြစ်ရေခေါးသည် ကောင်းကင်
အလင်းနှင့်အမှောင် မန်ဒလာ
မဟာနယ်နိမိတ်တို့၏ အတွင်းတွင် အပိတ်ဆို့
ခံနေရ၍ မလှုပ်ရှားနိုင်မှန်းကို
တွေ့လိုက်ရသည်။

အစပထမတွင် ထာဝရည မိစ္ဆာကျောက်တိုင်နှင့် ထာဝရ အလင်းတန်း ဗောဓိနွယ်လုံးသား မီးအိမ်တို့သည် အနက်ရောင် မြစ်ရေစားကို ခုခံနိုင်ရန် ရုန်းကန်နေကြရသည်။ သို့သော်လည်း ယခုအချိန်တွင် အနက်ရောင် မြစ်ရေစားသည် ထိုမှော်ရတနာ နှစ်ခုတို့၏ ဖိနှိပ်မှုကို ခံနေရ၍ ယခင်ကလို လွှမ်းမိုးနိုင်ခြင်း မရှိတော့ပေ။

"ကျန်းဖန်မင်းသား.. ကျုပ်က အင်မော်တယ် ဝိညာဉ်ကို မဖန်ဆင်းရသေးပေမဲ့ ဒီမဟာနေမင်း ကိုယ်ပွားက အင်မော်တယ် ဝိညာဉ် ဒုတိယ အဆင့်မှာ ရှိနေတယ်" ဇူရီက ပြုံးလိုက်သည်။

"မဟာနေမင်း ကိုယ်ပွားက ထာဝရည
မိစ္ဆာကျောက်တိုင်နဲ့ ထာဝရ အလင်းတန်း
ဗောဓိနှလုံးသား မီးအိမ်တို့ကို ထိန်းချုပ်လိုက်ရင်
သူတို့ရဲ့ စွမ်းအားတွေကို အဆုံးစွန်
ထုတ်ဖော်နိုင်တယ်"

"သူတို့ထဲက တစ်ခုမှ ခင်ဗျားရဲ့ အနက်ရောင်
မြစ်ရေခေါးထက် မနိမ့်ကျနေဘူး"

ရှီလင်း၏ စိတ်ခေတ်မှာ ပြုတ်ကျသွားခဲ့၏။
ဇူရှီသည် မဟာနေမင်း ကိုယ်ပွားအား
ကျင့်ကြံနိုင်ခဲ့သောအခါ သူ့တွင် အင်မော်တယ်
ဝိညာဥ် ဒုတိယ အဆင့်မှ ကိုယ်ပွားတစ်ခုအား
ပိုင်ဆိုင်နိုင်ရုံသာ မကပဲ သူ့တွင် ပွားစည်းခြင်း

အဆင့်မှ မှော်ရတနာ နှစ်ခုပင်ရှိနေပြီး သူ၏ စွမ်းအားများကို များစွာ တိုးတက်လာစေခဲ့သည်။

ဤအထိ တွေးလိုက်ပြီးသောအခါ ရှီလင်းသည် တည်ငြိမ်အောင် ကြိုးစားလိုက်သည်။ သူသည် မဟာနေမင်း ကိုယ်ပွားနှင့် တိုက်ခိုက်မှု အပေါ်တွင်သာ အာရုံစိုက်ထားခဲ့ပြီး စိတ်အာရုံ မပျံ့လွင့်ရခဲ့ပေ။

ဇူရီသည် မဟာနေမင်း ကိုယ်ပွားနှင့် ရှီလင်းအား ဖိနှိပ်နိုင်ခဲ့သောအခါ သူ၏ မူလခန္ဓာကိုယ်နှင့် အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ကျင့်ကြံခဲ့၏။

ကံကြမ္မာသည် ပြောင်းလဲသွားခဲ့၏။ ယခင်က ရှိလင်း၏ အနက်ရောင် ထူးခြားဆန်းကြယ်သော ရေများသည် ဇူရီ၏ စာသားများအား တိုင်လုံးပေါ်မှ တွန်းချနေခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် ထိုအနက်ရောင် ရေများကို ကိုင်တွယ်ရန် ဇူရီ၏အလှည့် ရောက်လာခဲ့လေပြီ။

သို့သော်လည်း ရှိလင်း၏ အနက်ရောင် ထူးခြားဆန်းကြယ်သော ရေများသည် အလွန်ကို အံ့ဖွယ်ကောင်းလှ၏။ ရေများ၏ အပေါ်တွင် အလင်းတန်းတစ်ခု ရှိနေသည်။

ထိုအလင်းတန်း လင်းလက်သွားသည့် နေရာတိုင်းတွင် ထိုအနက်ရောင် ရေများကို ထိတွေ့၍ မရနေချေ။ ဇူရီသည် စိန်ခေါ်မှုတစ်ရပ်နှင့် ရင်ဆိုင်နေခဲ့ရသည်။

"ခင်ဗျားက ထာဝရ အလင်းတန်းရဲ့ စွမ်းအား သဘောတရားတွေကို ဒီထူးခြားဆန်းကြယ်တဲ့ အနက်ရောင် ရေတွေအပေါ်မှာ ကျင့်ကြံထားတာလား" ဇူရီက သူ၏ခေါင်းကို ခါလိုက်ကာ ကျောက်စရစ်ခဲ တစ်လုံးအရွယ်ရှိသည့် အလင်းစက်လေး တစ်ခုကို ဖော်ပြလိုက်သည်။ ဒါသည် တစ်ခဏကောင်းကင် ကျောက်စရစ်ပင် ဖြစ်သည်။ တစ်ခဏ၏ အစစ်အမှန်

စွမ်းအားများကို ဖော်ပြလိုက်၍ သူသည် ရှီလင်း၏ ထာဝရ အလင်းတန်းကို လွှင့်ပြယ်စေခဲ့သည်။

တစ်ခဏကောင်းကင် ကျောက်စရစ်အား တွေ့လိုက်ရသောအခါ ရှီလင်းသည် သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ သူ၏နောက်ဆုံးမျှော်လင့်ချက်သည်လည်း ဆုံးရှုံးသွားခဲ့သည်။

သူသည် အင်မော်တယ် နဂါးမြို့တော် မဟုတ်ပေ။ အင်မော်တယ် နဂါးမြို့တော်သည် တစ်ခဏကောင်းကင် ကျောက်စရစ်၏ ဟန့်တားမှုကို ခံရလိမ့်မည် မဟုတ်သော်လည်း

သူက အင်မော်တယ် နဂါးမြို့တော်မှ ကျင့်ကြံထားသည့် ထာဝရ အလင်းတန်းမှာမူ တစ်ခဏကောင်းကင် ကျောက်စရစ်၏ ချေဖျက်မှုကို ခံလိုက်ရသည်။

အနက်ရောင် ထူးခြားဆန်းကြယ်သော ရေများသည် အဖြူရောင် ကျောက်စိမ်းတိုင်လုံး အပေါ်မှ တွန်းအချခံလိုက်ရ၍ ဇူရီ၏ စကားလုံးများသည် ကျောက်စိမ်းတိုင်လုံး အပေါ်တွင် ပျံ့နှံ့သွားခဲ့သည်။

အဖြူရောင် ကျောက်စိမ်းတိုင်လုံး အပေါ်တွင် စကားလုံးများ ပြည့်သွားသောအခါ သူတို့သည် ယင်ကျိုးနတ်တောင် တစ်ခုလုံးအပြင်

ကောင်းကင်နှင့် မြေကြီးတို့ကပါ
တုန်ခါလာခဲ့သည်ဟု ခံစားခဲ့ရသည်။

ဇူရီသည် ချက်ချင်းပင် သူ၏ကိုယ်ပိုင်
တွေးခေါ်မှုနှင့် အသိစိတ်တို့သည်
ကြမ္မာပန်းတိုင်နှင့် ပေါင်းစည်းသွားခဲ့သည်ဟု
ခံစားလိုက်ရသည်။ ဒါသည် လွန်စွာကျယ်ပြန့်၍
ခမ်းနားကြီးကျယ်လှပေသည်။ သို့သော်လည်း
ဤသန်မာသော စွမ်းအားတုန်ခါမှုသည်
ယင်ကျိုးနတ်တောင်၏ အရံအတားများကို
ချိုးဖောက်၍ ကမ္ဘာကြီး အတွင်းသို့
ရောက်သွားခဲ့သည်။

လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားသည်
ယင်ကျိုးနတ်တောင် အပေါ်သို့ ရောက်ရှိသွား၍
တောင်အား ကျင့်ကြံရန် အသင့်ပြင်နေခဲ့သည်။
သို့သော်လည်း ရုတ်တရက်ပင် သူသည်
ကျယ်ပြန့်သော ထိုအော်ရာအား ခံစားလိုက်ရ၍
သူ၏အတွင်းတွင် ပါဝင်နေသော
ကြမ္မာပန်းတိုင်၏ စွမ်းအား
သဘောတရားများကို အာရုံခံမိလိုက်သည်။
သူက ချက်ချင်းပင် သဘောပေါက်သွားခဲ့၏။
"ကြမ္မာပန်းတိုင်က မှော်ရတနာ သန္ဓေလောင်း..
ယင်ကျိုးနတ်တောင်.. မဟုတ်ဘူး.. ဒါက
ယင်ပင်လယ်က မွေးမြူနေခဲ့တဲ့ မှော်ရတနာ
သန္ဓေလောင်း တစ်ခုပဲ"

ဆရာတစ်ယောက် အနေနှင့် လင်းဖုန်းသည် သူ့တပည့်များနှင့် ရင်းနှီးကျွမ်းဝင်မှု အရှိဆုံးဖြစ်သည်။ ချက်ချင်းပင် သူသည် ထိုမှော်ရတနာ၏ အော်ရာကို ခွဲခြားသိမြင်နိုင်ခဲ့သည်။ သူသည် ဤကဲ့သို့ အကြီးအကျယ် လှုပ်ရှားလာခဲ့ခြင်းမှာ ဇူရီကသူ့အား အနည်းငယ် ကျင့်ကြံနိုင်ခဲ့ခြင်း ဖြစ်သောကြောင့် ဖြစ်သည်ဟု သိခဲ့လိုက်သည်။

ဇူရီသည် သူ၏ အတိုင်းအဆများကို သိပေသည်။ သူသည် မဟာနေမင်း ကိုယ်ပွားအား အသုံးပြုကာ ရှီလင်းအား ဖိနှိပ်ထားခြင်း ဖြစ်သည်။ သူ၏ မူလခန္ဓာကိုယ်ကမူ အင်မော်တယ် ဝိညာဉ်အား

မဖန်ဆင်းရသေးပေ။ ထို့ကြောင့် သူသည် ထိုမှော်ရတနာ သန္ဓေလောင်းကို အရမ်းကာရော မကျင့်ကြံခဲ့ပေ။ သူသည် သူ့အား အနည်းငယ်သာ ထိန်းချုပ်နိုင်ရန် ကြိုးစားခဲ့ပြီး တောင်ကို ထိန်းချုပ်နိုင်ခဲ့သည်။

ရှီလင်းဖြစ်စေ၊ တခုန်း ဇန်မာစတာဖြစ်စေ၊ ဒီရေ ခေါ်အကြီးအကဲဖြစ်စေ၊ ရှင်ပျော်ပျော် သူတော်စင်ဖြစ်စေ၊ သူတို့သည် သူ့အား မရပ်တန့်နိုင်တော့ပေ။

လျှမ်ပန်းနှင့် ရှီယုတို့သည်လည်း နတ်တောင်မှ ပြောင်းလဲမှုများကို သတိပြုမိခဲ့ကြရာ သူတို့ကလည်း အံ့သြတုန်လှုပ်သွားကြ၏။ "ဒါက

ကြမ္မာပန်းတိုင်က မှော်ရတနာ သန္ဓေလောင်း ဖြစ်တယ်။ အမည်မဲ့ ရှေးဟောင်းဝက်ပါနဲ့ ယင်ကျိုးနတ်တောင်တို့ရဲ့ ထူးခြားတဲ့ ပေါင်းစပ်မှုကနေပြီး ယင်ပင်လယ်ရဲ့ စွမ်းအားတွေကို ဆင့်ခေါ်နိုင်ခဲ့ကာ ဒီမှော်ရတနာ သန္ဓေလောင်းကို ဖန်ဆင်းနိုင်ခဲ့တာလို့တော့ မပြောနဲ့နော်"

ရှီယု၏ မျက်နှာအား သူ့သရဖူမှ ပုတီးကန့်လန့်ကာများဖြင့် ကာထားခဲ့ရာ အနည်းငယ် မှောင်နေခဲ့၍ သေချာမမြင်နိုင်ခဲ့ပေ။

အင်မော်တယ် နဂါးမြို့တော်သည် အဆုံးကို မမြင်နိုင်သော အလင်းတန်း နဂါးတစ်ကောင်အဖြစ်သို့ ပြောင်းသွားခဲ့ကာ ဟင်းလင်းပြင် လေဟာနယ် အတွင်းသို့ ပျံသန်းသွားခဲ့သည်။

ရှီယု၏ မူလအစီအစဉ်သည် မဟာကျိုး အင်ပါယာကို ဖိနှိပ်နိုင်ရန် ကူညီခဲ့သဖြင့် လင်းဖုန်းအား ယင်ကျိုးနတ်တောင်ကို ပေးအပ်ရန်ဖြစ်သည်။ အပြန်အလှန် အနေနှင့် သူသည် မဟာကျိုး အင်ပါယာ၏ အရှေ့ပိုင်း နယ်မြေနှင့် အရင်းအမြစ်များကို ရယူနိုင်မည် ဖြစ်သည်။ ဒါသည် သူပေးနိုင်သည်၏ အဆုံးစွန် ဖြစ်၏။

သို့သော်လည်း ယခုအချိန်တွင် ကြမ္မာပန်းတိုင်မှ မှော်ရတနာ သန္ဓေလောင်း တစ်ခုက ရုတ်တရက် ပေါ်လာခဲ့၍ ရှီယုသည် သူ၏ အစီအစဥ်ကို ပြောင်းလိုက်သည်။

ဒါသည် လောဘတက်၍ မစဥ်းစား မဆင်ခြင်နိုင်တော့ခြင်း မဟုတ်ပေ။ အခြေအနေများသည် မျှတနေရာမှ အလွန်အမင်းကို မမျှတသည့် အဖြစ်သို့ ရောက်သွားခဲ့ကာ ရှီယု၏ မျှော်မှန်းချက်များကို ကျော်လွန်သွားခဲ့သည်။

လျှမ်ပန်းသည် တည်ငြိမ်နေခဲ့ကာ နတ်ဘုရားနယ်မြေတွင် မဟာချင် အင်ပါယာမှ မဟာကျိုး အင်ပါယာအား ကျူးကျော်နေမှုကို ဂရုမစိုက်သကဲ့သို့ ရှိနေခဲ့သည်။

"ရှီယု..အောင်မြင်မှုကို ရယူဖို့ အသေအချာ ပြင်ဆင်မှုက ဘာမှမမှားဘူး" လျှမ်ပန်းသည် ယုံကြည်မှု အပြည့်နှင့် တည်ငြိမ်ရင့်ကျက်စွာ ပြောလိုက်သည်။ "အဓိက သော့ချက်က တစ်ယောက်ရဲ့ စွမ်းအားတွေပဲ.. သူတို့က ပြောင်းလဲမှုကို အလိုက်သင့် လိုက်ပါနိုင်မလား ဆိုတာအပေါ်မှာ မူတည်နေတယ်"

ရှိယု၏ အမူအရာများသည်လည်း
မပြောင်းလဲခဲ့ပေ။ သူသည် ယင်ပင်လယ်၏
ပြင်ပမှ မဟာချင် အင်ပါယာ အကြီးအကဲများကို
ထပ်မံ ဆက်သွယ်ခဲ့သည်။

နတ်ဘုရားနယ်မြေ အတွင်းတွင် မဟာချင်
အင်ပါယာ၏ အရှေ့ အစွန်အဖျားသည်
မဟာကျိုး အင်ပါယာ၏ အနောက်ပိုင်း
ဖြစ်သည်။ ထိုနေရာအပေါ်တွင် ရောမရွှေရောင်
အလင်းတန်းနဂါး တစ်ကောင်သည်
လေဟာနယ် အတွင်းတွင် လှည့်ပတ်နေခဲ့၏။
နောက်ဆုံးတွင် သူသည် စပါးအုံးမြွေ ပုံစံ
ရေးထိုးထားသော ဝတ်ရုံနှင့် အကြီးအကဲ
တစ်ယောက်အဖြစ် ပြောင်းလဲသွားခဲ့သည်။

သူသည် မဟာကျိုး အင်ပါယာ နယ်မြေအပေါ်မှ တိမ်တိုက်များ အတွင်းသို့ ကြည့်လိုက်သည်။

တိမ်တိုက်များက လေဟာနယ် အတွင်းတွင် နေရာပြောင်းသွားခဲ့၍ အမျိုးသမီး တစ်ယောက်၏ ရုပ်ရည်သွင်ပြင် တစ်ခုကို ဖြည်းဖြည်းချင်း ဖော်ပြလိုက်သည်။ သူမသည် သက်လတ်ပိုင်း အမျိုးသမီး တစ်ယောက်နှင့် တူနေသော်လည်း တစ်ချိန်တည်းတွင်ပင် အရွယ်မရောက်သေးသည့် ကောင်မလေး တစ်ယောက်နှင့်လည်း တူနေခဲ့သည်။

တိမ်တိုက်များ အတွင်းမှ ထိုမျက်နှာ ပေါ်လာသောအခါ သူသည်

ကောင်းကင်တစ်ဝက်ကို ဖုံးလွှမ်းသွားခဲ့၏။ သူမသည် ထိုအကြီးအကဲအား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ကန်းရန်မင်းသား.. ကျေးဇူးပြုပြီး"

ထိုအကြီးအကဲက ငြိမ်သက်သွားခဲ့သည်။ ထိုအချိန်တွင် ရှီယုက သူ့အား ဆက်သွယ်လာခဲ့သည်။ သူက ပြန်ဖြေလိုက်၏။ "ယန်ယွင်ကျန်းက ဒီမှာရှိနေတယ်"

ထိုစကား ပြောပြီးသည်နှင့် အကြီးအကဲသည် ဘာမှ ဆက်မပြောတော့ပေ။ ရှီယုကလည်း နောက်ထပ်ဘာမှ ဆက်မစူးစမ်းတော့ပေ။ သို့သော်လည်း သူတို့သည် သူတို့၏

မူလအကြံအစည်သည် မဖြစ်နိုင်တော့မှန်းကို သိခဲ့လိုက်သည်။

ရှီယုသည် တော်ဝင်နန်းတော်နှင့် လျှမ်ပန်းအား ကြည့်လိုက်သည်။ "ယန်ယွင်ကျန်းက ယန့်မင်းရွှဲ့ရဲ့ ဆရာဖြစ်ပေမဲ့ ဒီလိုမျိုး ကိစ္စမှာ ယန်ယွင်ကျန်းက သူမရဲ့ ကိုယ်ပိုင်ဆုံးဖြတ်မှုနဲ့ လုပ်ခဲ့မှာသာ ဖြစ်တယ်။ မင်းက ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ ဘာအပေးအယူတွေ လုပ်ထားခဲ့သလဲ"

လျှမ်ပန်းက ပြန်ဖြေလိုက်၏။ "ဘာအပေးအယူမှ မလုပ်ခဲ့ဘူး။ တစ်ဝက်က ယန့်မင်းရွှဲ့ရဲ့ ကူညီမှု ဖြစ်တယ်။

တစ်ဝက်ကတော့ မင်းပြောခဲ့တဲ့ အတိုင်းပဲ ယန်ယွင်ကျန်းရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက် ဖြစ်တယ်"

ရှီယုက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟင်းလင်းပြင် ဘုရားကျောင်းက မဟာကျိုး အင်ပါယာကို ဒီအတိုင်း ရှိနေစေချင်ပြီး မင်းတို့ရဲ့ စွမ်းအားတွေကို အများကြီး ယုတ်လျော့သွားစေလိုခြင်း မရှိဘူး။ မင်းက ဖန်ကျန်းနတ်တောင်ကို တကယ် မဆုံးရှုံးသွားခဲ့ရင် ယန်ယွင်ကျန်းကလည်း လှုပ်ရှားလိမ့်မယ် မထင်ဘူး"

ရှီးလင်မြို့ တိုက်ပွဲတွင် ဟင်းလင်းပြင် ဘုရားကျောင်း၏ လူသားကျင့်ကြံမှု ကမ္ဘာအပေါ်မှ အနေအထားသည် လင်းဖုန်းနှင့် ကျန်သောသူများ၏ နှောင့်ယှက်မှုကို ခံခဲ့ရ၏။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၊ မဟာချင် အင်ပါယာ၊ မဟာကျိုး အင်ပါယာ၊ ခရမ်းရောင် တိမ်တိုက်ဂိုဏ်း၊ မြောက်ပိုင်းမျိုးနွယ်စုတို့၏ တော်ဝင်အိမ်တော်နှင့် ကျန်သော မဟာအင်အားစုများသည် စုပေါင်း၍ ဟင်းလင်းပြင် ဘုရားကျောင်းကို ဆန့်ကျင်ခဲ့ကြသည်။

သို့သော်လည်း ဒါသည် မျှခြေညီသော မဟာမိတ် မဟုတ်ချေ။ မဟာချင်နှင့်

မဟာကျိုးတို့သည် အစကတည်းက
တစ်ယောက်နှင့်တစ်ယောက် မတည့်ကြပေ။
တစ်ချိန်တည်းမှာပင် အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာကျိုး
အင်ပါယာတို့သည်လည်း
တစ်ယောက်နှင့်တစ်ယောက် မသင့်မမြတ်
ဖြစ်လာကြသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည်
အခြေအနေများကို ပြောင်းပြန်လှန်၍
ရှီးလင်မြို့တိုက်ပွဲ မတိုင်ခင်
အခြေအနေများအတိုင်း ပြန်ရောက်စေရန်
သူတို့တွင် ကိုယ်ပိုင်အကြံများ ရှိပေသည်။

ဤအချိန်တွင် ယင်ပင်လယ်တွင်
နတ်တောင်သုံးတောင် ပေါ်လာသောအခါ
အကြောင်းရင်း အချို့ကြောင့် ဟင်းလင်းပြင်
ဘုရားကျောင်းသည် ဤကိစ္စတွင်
ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပေ။
သို့သော်လည်း သူတို့သည် အခြေအနေကို
ဘေးမှ စောင့်ကြည့်လျက် ရှိနေကြသည်။
တောင်သုံးတောင်တို့သည် မိစ္ဆာကလန်များ၏
လက်အတွင်းသို့ ကျရောက်သွားခြင်း မရှိလျှင်
သူတို့က ဂရုစိုက်နေလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း လိုအပ်လာသောအခါ
သူတို့သည် မဟာကျိုး အင်ပါယာသို့ အကူအညီ
ထောက်ပံ့ပေးခဲ့သည်။ သူတို့သည်

နှစ်ဦးနှစ်ဘက်တို့၏ အကြားမှ ပဋိပက္ခများကို ထိန်းညှိပေးနေခဲ့သည်။ သူတို့တွင် ထိုသို့ပြုလုပ်ရန် လုံလောက်သော အကြောင်းရင်းများ ရှိနေသည်။

အကယ်၍ မဟာကျိုး အင်ပါယာသည် ဤတစ်ခေါက်တွင် နတ်တောင်သုံးတောင်အား ရရှိနိုင်ခဲ့ပါက ဟင်းလင်းပြင် ဘုရားကျောင်းသည် ဤအခြေအနေကို စောင့်ကြည့်နေ၍ မဟာချင် အင်ပါယာအား ကူညီခဲ့မည် ဖြစ်သည်။ သူတို့သည် သူတို့အား အစကတည်းက ဆန့်ကျင်ခဲ့သည့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကိုပင် ကူညီကောင်း ကူညီနိုင်သည်။

သူတို့သည် သူတို့၏ ယုံကြည်မှုများကို ဆက်လက်ထိန်းသိမ်းထားသော်လည်း နည်းလမ်းများက ပြောင်းသွားခဲ့သည်။ လူတိုင်းသည် သူတို့၏ ရန်သူ သို့မဟုတ် မိတ်ဆွေ ဖြစ်လာမည်မှာ အခြေအနေများ အပေါ်တွင်သာ မူတည်နေသည်။

ဟင်းလင်းပြင် ဘုရားကျောင်းသည် အစကတည်းက အကြံတစ်ခု ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ယန်ယွင်ကျန်းက ဝင်ရောက်လှုပ်ရှားခဲ့ခြင်း ဖြစ်သည်။ ဟင်းလင်းပြင် ဘုရားကျောင်းမှ

အကြီးအကဲများကလည်း သဘောတူသော
အနေဖြင့် ခပ်မဆိတ်သာ နေနေခဲ့သည်။

သို့သော်လည်း သူတို့သည် မဟာကျိုး
အင်ပါယာအား နတ်ဘုရားနယ်မြေ အတွင်းမှ
ပြဿနာများကိုသာ ဖြေရှင်းနိုင်ရန်
ကူညီပေးမည် ဖြစ်၏။ ကျန်သောအရာများသည်
မဟာကျိုး အင်ပါယာ၏ စွမ်းရည်များ
အပေါ်တွင်သာ မူတည်နေမည် ဖြစ်သည်။

လင်းဖုန်းသည် ယုကျင်းတောင် အပေါ်တွင်
ထိုင်နေခဲ့၍ တည်ငြိမ်နေလျက်သာ
ရှိသေးသည်။ ရှီယုနှင့် အင်မော်တယ်

နဂါးမြို့တော်၏ ထူးခြားသော လှုပ်ရှားမှုကို သူက မမြင်သကဲ့သို့ နေနေခဲ့သည်။

သူက ပြုံးလိုက်ကာ ပြောလိုက်၏။ "ရဲဘော်ရှီ.. ရှီးလင်မြို့မှာ ကျုပ်က ကောင်းကင်ဖျက်ဆီး ခေးကို အသုံးပြုပြီးမှ ခင်ဗျားရဲ့ အင်မော်တယ် နဂါးမြို့တော်ကို ကျင့်ကြံဖို့ ကူညီခဲ့တယ်.. ခင်ဗျားကလည်း ကျုပ်ကို ထာဝရ အလင်းတန်း ပြန်ပေးခဲ့တယ်.. ကျုပ်တို့နှစ်ယောက်စလုံးတို့က အပြန်အလှန် အကျိုးကျေးဇူးတွေ ရခဲ့ကြတယ်"

"ကျုပ်တို့က ဒီကနေ့မှာ ထပ်တွေ့ခဲ့ကြတဲ့အတွက် ကျင့်ကြံမှုအကြောင်း ဆွေးနွေးကြရအောင်"

စကားပြောနေရင်း လင်းဖုန်းသည်
သူ၏ဘယ်လက်ကို ဆန့်တန်းလိုက်ရာ
သူ၏လက်ညှိုးမှနေ၍ အလင်းတန်းတစ်ခု
လင်းလက်လာခဲ့သည်။ သူသည် လျှင်မြန်စွာ
ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့၍ အချိန်၏
တစ်ခဏ ပြောင်းလဲခြင်းများကို
ဖော်ပြနေခဲ့သည်။ အလွန်အမင်းကို
ထူးခြားဆန်းပြားလှသည့်
စွမ်းအားသဘောတရား ဖြစ်ပေသည်။

စာစဥ် ၄၁ : အပိုင်း ၂၀

# အပိုင်း ၇၉၀ : ငြင်းဆန်၍ မရနိုင်သော ကမ်းလှမ်းမှုများ

လင်းဖုန်း၏ လက်ချောင်းထိပ်မှနေ၍ အလင်းတန်းတစ်ခု လင်းလက်လာခဲ့၍ ပြုံးလိုက်ကာ ပြောလိုက်သည်။ "အလင်းဓားမြန်ဂိုဏ်းရဲ့ တစ်ခဏ ဓားသယ်ယူပို့ဆောင်ခြင်း နည်းစနစ်က တစ်ခဏရဲ့ နက်ရှိုင်းတဲ့ သဘောတရားတွေ ပါဝင်တယ်။ ဒါပေမဲ့ သူ့မှာ တစ်စုံတစ်ခုတော့ လိုအပ်နေသေးတယ်။ ကျုပ်က တစ်ခဏကောင်းကင် ကျောက်စရစ်ကို လေ့လာသုံးသပ်ပြီး ထာဝရ အလင်းတန်းနဲ့ တိုက်ဆိုင်လိုက်တဲ့အခါ အဖိုးတန်တဲ့

အချက်အလက်အချို့ကို ရရှိနိုင်ခဲ့တယ်။
ရဲဘော်ရှိုကမျှား သိချင်စိတ် ရှိမလား မသိဘူး"

အစပထမတွင် မဟာချင် အင်ပါယာသည်
အဲ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
ယင်ကျိုးနတ်တောင်အား ယှဥ်ပြိုင်ရန်
ပြင်ဆင်ထားသည်။ သို့သော်လည်း တောင်မှာ
တစ်လုံးတည်း ရှိသောကြောင့်
အကျိုးအမြတ်များကို ခွဲဝေရန် ခက်ခဲပေသည်။
လင်းဖုန်းသည်လည်း သူ့အကြံနှင့်သူ
ရှိသောကြောင့် သဘောတူညီချက်များ
မယူထားခဲ့ပေ။ ယခုအချိန်တွင် ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာ သန္ဓေလောင်း တစ်ခုက

ထပ်မံ ပေါ်လာခဲ့သည် ဖြစ်သဖြင့်
အခြေအနေမှာ ခြားနားသွားခဲ့ပြီ ဖြစ်သည်။

နတ်ဘုရား နယ်မြေဘက်တွင် မဟာချင်
အင်ပါယာသည် အခွင့်အရေး မရှိတော့ပေ။
ရှီယုသည် အင်မော်တယ် နဂါးမြို့တော်ဖြင့်
ချက်ချင်းသွား၍ စစ်ကူသွားပေးလျှင်ပင် ဘာမှ
အကျိုးထူးမည် မဟုတ်ချေ။ ဟင်းလင်းပြင်
ဘုရားကျောင်းတွင် ယန်ယွင်ကျန်း
တစ်ယောက်သာရှိသည် မဟုတ်ပေ။

ယန့်မင်းရွဲ့နှင့် ယန်ယွင်ကျန်းတို့၏
အပြုအမူများသည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ ကွန်ဆာဖေးတစ် ပါတီ၏

တွေးခေါ်ပုံနှင့် ကိုက်ညီနေသည်။ ထို့ကြောင့်
သူတို့သည် အကူအညီ လိုအပ်နေလျှင်
သူတို့ထံမှ တောင်းခံနိုင်ပေသည်။

သို့သော်လည်း ပုဂ္ဂိုလ်ရေး
အကြောင်းရင်းများကြောင့် ဟင်းလင်းပြင်
ဘုရားကျောင်းက စတင်၍တော့
တိုက်ခိုက်လိမ့်မည် မဟုတ်ချေ။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင်
မဟာချင် အင်ပါယာသည် ယင်ပင်လယ်အား
ပြန်လည်၍ ပစ်မှတ်ထားလာမည်မှာ
အသေအချာပင် ဖြစ်သည်။ ကန်းရန်မင်းသားနှင့်
ကျန်သောသူများတို့သည် ယခုအချိန်တွင်

ယင်ပင်လယ်သို့ အပြေးအလွှား
လာရောက်နေကြပြီဟု လင်းဖုန်းက
ယုံကြည်နေခဲ့သည်။

ရှိယုသည် အမြဲတစေ အသေအချာ
သတိထားတတ်မှုကြောင့် မဟာချင်
အင်ပါယာ၏ နောက်ထပ်
အင်မော်တယ်ဝိညာဉ် တတိယ အဆင့်မှ
အကြီးအကဲ တစ်ယောက်ဖြစ်သူ
နန်းမင်မင်းသား ရှိကျုံးထန်းသည်
ရှီးလင်မြို့အား စောင့်ကြပ်နေပေလိမ့်မည်။
သို့သော်လည်း ဒါသည် ပြောရခက်သည်။

မဟာချင် အင်ပါယာအတွက်
အကောင်းဆုံးသော ရလဒ်မှာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ပူးပေါင်း၍ မဟာကျိုး
အင်ပါယာကို ကန်ထုတ်ရန်ဖြစ်သည်။
ယင်ကျိုးနတ်တောင်နှင့် အဖြူရောင်
ကျောက်စိမ်းတိုင်လုံးတို့အား သူတို့သည်
တစ်ခုစီ ခွဲဝေယူမည် ဖြစ်၏။

အကယ်၍ သူတို့သည် မဟာကျိုး
အင်ပါယာအား အကြီးအကျယ်
ရိုက်နှက်နိုင်ခဲ့လျှင် ကောင်းသောအရာ
တစ်ခုဖြစ်သည်။

သို့သော်လည်း လင်းဖုန်းအနေနှင့် သူသည် ယင်ကျိုးနတ်တောင်နှင့် အဖြူရောင် ကျောက်စိမ်းတိုင်လုံး နှစ်ခုစလုံးတို့အား ရယူရန် ဆုံးဖြတ်ချက် ချထားသည်။ သို့သော်လည်း သူတစ်ယောက်တည်းကသာ အကုန်လုံးကို သိမ်းကျုံး၍ ရယူသွားခဲ့ပါက လူအများ၏ မျက်စိ ဆံပင်မွေးစူးစရာ ဖြစ်နေပေလိမ့်မည်။

အကယ်၍ တစ်ယောက်သည် တစ်ကမ္ဘာလုံးကို စိန်ခေါ်နိုင်စွမ်း ရှိပါက အလွန်ကို ပျော်ရွှင်ဖွယ်ကောင်းကာ ဗိုလ်ကျလွှမ်းမိုးနိုင်မည်ဟု အားလုံးက သိနေပေသည်။ သို့သော်လည်း အကယ်၍ သူသည် ထိုကဲ့သို့သော စွမ်းအားများ ရှိလျှင်ပင်

ဤကဲ့သို့လုပ်ရန် မလိုပေ။
အဘယ်ကြောင့်ဆိုသော် ဒါသည် လွန်စွာ
ငြီးငွေ့ဖွယ် ကောင်းသောကြောင့် ဖြစ်၏။
အကယ်၍ လုပ်ငန်းများကို လွယ်ကူစွာနှင့်
ပြီးစီးအောင် ဆောင်ရွက်နိုင်လျှင်
လင်းဖုန်းကလည်း သူ့ကိုယ်သူ ခက်ခဲအောင်
ပြုလုပ်နေလိုခြင်း မရှိပေ။

သူသည် သူလုပ်နေသော လုပ်ငန်းများ၏
ခက်ခဲမှုကို လျှော့ချနေလိုပြီး အခြားသူများနှင့်
စေ့စပ်ညှိနှိုင်းမှုများ မလုပ်ပဲ
ဆောင်ရွက်လိုနေခြင်းများ မရှိပေ။ သူသည်
လူများကိုပို၍ စုစည်းနေလိုပြီး မိတ်ဆွေများ
များလာအောင် လုပ်နေလိုပေသည်။

ရန်သူများက နည်းပါးလေလေ
အရာအားလုံးတို့သည် ပို၍
အဆင်ပြေချောမွေ့လေလေ ဖြစ်သည်။

သူသည် ဤတစ်ခေါက်တွင်
ယင်ကျိုးနတ်တောင်နှင့် မှော်ရတနာ
သန္ဓေလောင်း နှစ်ခုစလုံးတို့အား
ရယူချင်နေသည့် အတွက်ကြောင့်
တန်ဖိုးတစ်ခုကို ပြန်ပေးရမည် ဖြစ်သည်။

လင်းဖုန်း ကျင့်ကြံထားသည့် တစ်ခဏ
အလင်းတန်းသည် သူပေးဆပ်လိုနေသည့်
တန်ဖိုးပင် ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် လွန်ခဲ့သော သုံးနှစ်ကျော်က မဟာကမ္ဘာအတွင်းတွင် အင်မော်တယ် နဂါးမြို့တော်ကို အပြည့်အဝ ကျင့်ကြံ၍ အပြီးတွင် လင်းဖုန်းသည် ထာဝရ အလင်းတန်းကို ရင်ဆိုင်နေခဲ့ရင်း တစ်ခဏ အချိန်ကာလ၏ အရေးကြီးမှုတို့ကို သဘောပေါက်ခဲ့ပြီး ဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်း ချမှတ်ထားသော စည်းမျဉ်းများက ဆက်လက်၍ ရှိမနေတော့ပေ။ မဟာလွင်တီးခေါင် ကုန်းမြေမှ ထူးခြားသည့် လှုပ်ရှားမှုများဖြင့် လူသားကျင့်ကြံသူများအား ဖိအားပေးမှုများ ရှိမနေခဲ့လျှင် လူသားကျင့်ကြံမှု

ကမ္ဘာအတွင်းတွင် မဟာအင်အားစု
အချင်းချင်းတို့သည်
တစ်ယောက်ကိုတစ်ယောက် ကြံစည်မှု
အမျိုးမျိုးဖြင့် အနိုင်ယူနိုင်ရန်
ပြင်ဆင်နေကြမည် ဖြစ်သည်။

ဥပမာအားဖြင့် မဟာချင် အင်ပါယာသည်
အလင်းခေါမြန်ဂိုဏ်း၏ ခေါပညာရပ်များကို
အမြဲတစေပင် မျက်စိကျနေခဲ့သည်။
သို့သော်လည်း ရှီးလင်မြို့တိုက်ပွဲ အပြီးတွင်
အလင်းခေါမြန်ဂိုဏ်းသည် အဲ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် နီးကပ်သွားခဲ့သည်။
မိစ္ဆာကလန်များ၏ ပြင်ပ ဖိအားများနှင့်အတူ
အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏

စောင့်ရှောက်မှုတို့ကြောင့် မဟာချင်
အင်ပါယာသည် အလွယ်တကူ
အကွက်မရွှေ့နိုင်ခဲ့ပေ။

လင်းဖုန်းပြောခဲ့သည့် စကားအရဆိုလျှင်လည်း
အလင်းခေါးမြန်ဂိုဏ်း၏ တစ်ခဏ
ခေါးသယ်ယူပို့ဆောင်ခြင်း နည်းစနစ်သည်
မဟာချင် အင်ပါယာ၏ လိုအပ်မှုမှ အနည်းငယ်
လိုနေသေးသည်။ ထို့ကြောင့်ပင် မဟာချင်
အင်ပါယာသည် သူတို့၏ စိတ်ဝင်စားမှုကို ခေတ္တ
ချိုးနှိမ်ထားခဲ့ခြင်း ဖြစ်သည်။

သိပ်မကြာသေးမီက လင်းဖုန်းသည်
ယုကျင်းတောင်၏ စွမ်းအားများကို

စုစည်းနိုင်ခဲ့ပြီး အလင်းခေးမြန်ဂိုဏ်းမှ တစ်ခဏကောင်းကင် ကျောက်စရစ်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခဲ့သည်။ သူသည် တစ်ခဏ အလင်းတန်းနှင့် ထာဝရ အလင်းတန်းတို့အား ပေါင်းစပ်၍ ကျင့်ကြံနိုင်ခဲ့သည်။ သူသည် ယခုအချိန်တွင် စဦးပုံစံသာ ရှိသေးသော်လည်း မဟာချင် အင်ပါယာ၏ စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့သည်။

မဟာချင် အင်ပါယာသည်လည်း ထာဝရ အလင်းတန်းအား ကျင့်ကြံထားနိုင်၍ အချိန်ကာလ၏ စွမ်းအား သဘောတရားများကို များစွာ သဘောပေါက်ထားနိုင်ကြသည်။

သို့သော်လည်း သူတို့သည်  တစ်ခဏ၏
သဘောတရားများကိုမူ
မကျင့်ကြံနိုင်သေးသဖြင့် အချိန်ကာလ၏
လျှို့ဝှက်ချက်ကို အပြည့်အဝ
နားမလည်နိုင်သေးပေ။

အကယ်၍ သူတို့သည် လင်းဖုန်း၏ တစ်ခဏ
အလင်းတန်းအား ရရှိနိုင်ခဲ့ပါက
သူ့အားနားလည်ရန် လုံ့လများစွာ
စိုက်ထုတ်နေစရာ မလိုတော့ပေ။ သူတို့အရှေ့မှ
လမ်းသည် ဖြောင့်ဖြူး၍
ချောမွေ့သွားနေပေလိမ့်မည်။ အကယ်၍
အင်မော်တယ် နဂါးမြို့တော်အတွင်းသို့
တစ်ခဏ အလင်းတန်းကို ထည့်သွင်းနိုင်ခဲ့ပါက

သူ၏ စွမ်းအားများသည် များစွာ
တိုးတက်လာမည် ဖြစ်သည်။

ရှိယုသည် အင်မော်တယ် နဂါးမြို့တော်၏
အပေါ်တွင် ရပ်နေခဲ့ရင်း
သူ၏မျက်နှာအပေါ်တွင် အပြုံးတစ်ခု
ပေါ်လာခဲ့သည်။ လင်းဖုန်းနှင့် သူတို့၏
အဆင့်အတန်းမျိုးသို့ ရောက်လာခဲ့လျှင်
သဲလွန်စ အနည်းငယ် ပေးလိုက်လျှင်ပင်
တစ်ယောက်နှင့်တစ်ယောက်
နားလည်သဘောပေါက်နိုင်ကြမည် ဖြစ်သည်။

လက်ရှိ အခြေအနေတွင် မဟာချင်
အင်ပါယာသည် မဟာကျိုး အင်ပါယာနှင့် လုံးဝ

ပူးပေါင်းဆောင်ရွက်လိမ့်မည် မဟုတ်ချေ။ ယခုအချိန်တွင် လျှမ်ပန်းနှင့် တော်ဝင်နန်းတော်တို့ကသာ ရှိနေသော်လည်း ဇူဟုန်ဝူနှင့် မဟာကောင်းကင်ဘီးတို့သည် လာရာလမ်း အပေါ်တွင် ရောက်နေခဲ့ပြီ ဖြစ်သည်။ သူတို့သည် ဤနေရာသို့ အချိန်မရွေး ရောက်ရှိလာနိုင်သည်။

ကြမ္မာပန်းတိုင် အဆင့်မှ မှော်ရတနာ သုံးခုကသာ ပူးပေါင်းခဲ့ပါက သူတို့သည် လင်းဖုန်းအား အနိုင်ယူကောင်း ယူနိုင်လိမ့်မည် ဖြစ်သည်။ သို့သော်လည်း ပြီးတာနှင့် မဟာချင် အင်ပါယာနှင့် မဟာကျိုး အင်ပါယာတို့ ယှဥ်ပြိုင်ကြပါက အကျိုးအမြတ်

အများစုတို့သည် မဟာကျိုး အင်ပါယာ၏ လက်အတွင်းသို့ ကျရောက်သွားလိမ့်မည် ဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက သူတို့အိတ်ကပ် အတွင်းသို့ အားလုံးထည့်သွားသည့် ဖြစ်ရပ်ထက်စာလျှင် ဤအခြေအနေသည် မဟာချင် အင်ပါယာ အတွက်ပို၍ ဆိုးပေသည်။

အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက အကျိုးအမြတ် အားလုံးတို့ကို သိမ်းကျုံးရယူသွားသည့် ဖြစ်ရပ်ကိုလည်း ရှီယုက လက်ခံနိုင်မည် မဟုတ်ချေ။ သူသည် လင်းဖုန်း၏ တုံ့ပြန်မှုကို သိချင်နေခဲ့သဖြင့် အစောပိုင်းက အင်မော်တယ်

နဂါးမြို့တော်အား ထူးခြားသည့်
လှုပ်ရှားမှုမျိုးကို ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်း၊ ရှီယုနှင့် လျှမ်ပန်းတို့၏ အဆင့်ကို
ရောက်လာခဲ့ပါက သူတို့သည် ထာဝရ
မိတ်ဆွေများအဖြစ်လည်း ရပ်တည်နိုင်လိမ့်မည်
မဟုတ်ပေ။ သို့သော်လည်း မပြေလည်နိုင်သော
ပဋိပက္ခများ မရှိခဲ့ပါက ထာဝရ ရန်သူများလည်း
ဖြစ်ကြလိမ့်မည် မဟုတ်ချေ။ သူတို့၏
စိတ်အတွင်းတွင် အကျိုးအမြတ်များသာ
ရှိပေသည်။

သူတို့၏ လက်အတွင်းတွင် ဖဲချပ်များ
ရှိနေသရွေ့ သူတို့သည် သူတို့

လုပ်ချင်သည်များကို လုပ်နိုင်၍ ကြံစည်နိုင်ကြမည် ဖြစ်သည်။ မည်သူက ပိုမိုအောင်မြင်၍ အကျိုးအမြတ်များ မည်မျှ ရိပ်သိမ်းနိုင်မည် ဆိုသည်မှာ မည်သူ၏ အကြံအစည်က ပို၍ပြောင်မြောက်ကာ မည်သူက ဖဲချပ်များကို ပိုမိုပိုင်ဆိုင်ထားသည် အပေါ်တွင် မူတည်နေ၏။

ပို၍ တိကျစွာနှင့် ပြောရလျှင် အကယ်၍ သူတို့သည် တစ်ယောက်နှင့်တစ်ယောက် ပြေလည်အောင် ညှိနှိုင်း၍မရသည့် ပဋိပက္ခများကို ပိုင်ဆိုင်ထားသော မဟာရန်သူများပင် ဖြစ်လင့်ကစား သူတို့တွင်

အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့်
အချိန်ကာလအချို့ ရှိနေနိုင်သည်။

သို့သော်လည်း မဟာချင်နှင့် မဟာကျိုးတို့၏
အကြားမှ ပဋိပက္ခများသည်
များစွာနက်ရှိုင်းနေသည်။ သူတို့သည်
တစ်ယောက်နှင့်တစ်ယောက် ယုံကြည်နိုင်စွမ်း
လုံးဝကင်းမဲ့နေကြသည်။ အကယ်၍
အလွန်အမင်း လိုအပ်သည့် အခြေအနေမျိုးသာ
မရောက်ခဲ့လျှင် သူတို့ နှစ်ဦးနှစ်ဘက်
အကြားတွင် လုံးဝ
ပူးပေါင်းဆောင်ရွက်ကြလိမ့်မည် မဟုတ်ချေ။

သို့ဖြစ်၍ ပိုကောင်းသည့် ရွေးချယ်မှုတစ်ခု ရှိခဲ့လျှင် ရှီယုသည် လျှမ်ပန်းနှင့် ပူးပေါင်းဆောင်ရွက်လိမ့်မည် မဟုတ်ပေ။ ထိုအချက်အား လင်းဖုန်းကလည်း သဘောပေါက်နေခဲ့၍ ရှီယုအား ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်းနှင့် ရှီယုတို့အတွက် အကောင်းဆုံး အခြေအနေမှာ နှစ်ဦးနှစ်ဘက်စလုံးတို့က အကျိုးအမြတ်များကို ရရှိနိုင်ခြင်း ဖြစ်သည်။

"ခင်ဗျားက တကယ်ကို ထက်မြက်လှပါတယ်.. ခင်ဗျားက ကျုပ်မငြင်းဆန်နိုင်တဲ့ အရာတွေနဲ့ ကမ်းလှမ်းနိုင်ခဲ့တယ်" ရှီယုသည်

ယင်ကျိုးနတ်တောင်အား ကြည့်လိုက်ကာ
အတွင်းမှ အဖြူရောင် ကျောက်စိမ်းတိုင်လုံး၏
ကြမ်းပြင်ပန်းတိုင် အငွေ့အသက်များကို
ခံစားလိုက်ပြီး သူ၏ခေါင်းကို ဖြည်းဖြည်းချင်း
ခါလိုက်သည်။

လင်းဖုန်းသည် သူ့အား တစ်ခဏ
အလင်းတန်းအား ပေးမည်ဖြစ်သည်။
သို့သော်လည်း ဒါသည် သူ့အတွက် ဘာမှ
ဆုံးရှုံးသွားစရာ မရှိပေ။ သူ့တွင် ရှိနေပြီးသော
အရာအား ဝေမျှပေးခဲ့ရုံသာ ဖြစ်၏။

သို့သော်လည်း ယခုအချိန်တွင်
ယင်ကျိုးနတ်တောင်နှင့် အဖြူရောင်

ကျောက်စိမ်းတိုင်လုံး နှစ်ခုစလုံးတို့သည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ လက်အတွင်းသို့ ကျရောက်သွားခဲ့ပြီ ဖြစ်သည်။

ယင်ပင်လယ် အတွင်းမှ ကိစ္စများသည် နောက်ဆုံးတွင် အဆုံးသတ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့် မဟာချင် အင်ပါယာတို့သည် အနာဂတ်တွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြဦးမည် ဖြစ်သည်။

လင်းဖုန်း၏ အကျင့်စရိုက်နှင့် ဆောင်ရွက်ပုံများအရ သူသည် မဟာချင် အင်ပါယာအား မျှတစေရန် အရင်းအမြစ်

အချို့နှင့် အခွင့်အရေး အချို့ကို
ပေးဦးမည်ဖြစ်သည်။ သို့သော်လည်း
ယင်ကျိုးနတ်တောင်နှင့် အဖြူရောင်
ကျောက်စိမ်းတိုင်လုံးတို့သည်
သူစွန့်လွှတ်လိမ့်မည် မဟုတ်သည့် အရာနှစ်ခု
ဖြစ်သည်။

သို့သော်လည်း မဟာချင် အင်ပါယာ အတွက်မူ
သူတို့သည် တစ်ခဏ အလင်းတန်းအား
ရရှိနိုင်ခဲ့သည့် အတွက် ဒါသည် အကျိုးမရှိသည့်
ခရီးတစ်ခု မဖြစ်ခဲ့ပေ။

သူတို့သည် ထာဝရ အလင်းတန်းနှင့် တစ်ခဏ
အလင်းတန်းတို့ နှစ်ခုစလုံးတို့ကို

ပိုင်ဆိုင်သွားနိုင်ခဲ့ပြီ ဖြစ်သည်။ ဒါသည် အင်မော်တယ် နဂါးမြို့တော်၏ အချိန်စွမ်းအား သဘောတရားများကို များစွာ တိုးတက်စေနိုင်သည်။ ယုကျင်းတောင်၏ အစွမ်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းထက် မနိမ့်ကျနိုင်သည့် နည်းစနစ် တစ်ခုအား တီထွင်၍ပင် ရနိုင်၏။

သို့သော်လည်း အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွက်မူ သူ၏ စွမ်းအားများမှာ ပို၍ပင် တိုးတက်လာနိုင်သည်။

သို့သော်လည်း ဒါသည် မဟာချင် အင်ပါယာက လက်ရှိအချိန်တွင် ပြုလုပ်နိုင်သည့်

အကောင်းဆုံး ရွေးချယ်မှု တစ်ခုဖြစ်သည်။
ဒါသည် မဟာကျိုး အင်ပါယာအား
အကျိုးအမြတ် ရရှိစေခြင်းထက်
များစွာပိုကောင်းသည်။

ထို့အပြင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းနှင့်
မဟာချင် အင်ပါယာတို့က ပူးပေါင်းသွားခဲ့သဖြင့်
မဟာကျိုး အင်ပါယာ ဆုံးရှုံးရမည်မှာ
ဖန်ကျန်းနတ်တောင် တစ်ခုတည်းပင်
မဟုတ်နိုင်တော့ချေ။

လင်းဖုန်းသည် သူ၏ လက်ချောင်းများကို
လှုပ်ရှားလိုက်ရာ တစ်ခဏ အလင်းတန်းသည်
အင်မော်တယ် နဂါးမြို့တော် အပေါ်သို့

ကျရောက်သွားခဲ့သည်။ ရှီယုသည် သူ့အား
လက်ခံလိုက်ရာ အင်မော်တယ်
နဂါးမြို့တော်သည် အလင်းတန်း
အလွှာတစ်ခု၏ ဖုံးလွှမ်းခြင်းကို ခံခဲ့ရသကဲ့သို့
စတင်၍ လင်းလက်လာခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်၏ နံရံများ
အပေါ်တွင် အလင်းတန်းများက
တဖြည်းဖြည်းနှင့် မှေးမှိန်သွားခဲ့သည်။
သို့သော်လည်း ဒါသည် သူက
အားနည်းလာသည်ကို ဖော်ပြနေခြင်း မဟုတ်ပဲ
ပို၍ သန်မာကာ ထူးခြားဆန်းကြယ်သည့်
စွမ်းအား သဘောတရား တစ်ခုကို
ပြသနိုင်ခဲ့ခြင်း ဖြစ်သည်။ ရှည်လျားသော

အချိန်မြစ်ရေတစ်စင်းက စီးဆင်းနေသကဲ့သို့ ဖြစ်၏။

တစ်ချိန်တည်းတွင်ပင် တော်ဝင်နန်းတော်သည် ကြောက်မက်ဖွယ်ရာ စွမ်းအားများဖြင့် ပေါက်ကွဲထွက်လာခဲ့သည်။ အဆုံးမဲ့ အလင်းတန်းများတို့သည် ပျံ့နှံ့ကာ ခရမ်းရွှေရောင် အလင်းတန်းများက လွင့်ပြယ်သွားခဲ့သည်။ ကျန်နေခဲ့သည်မှာ သန့်စင်၍ ရေးကျသော အလင်းတန်း တစ်ခုသာ ဖြစ်သည်။

ထိုအလင်းတန်း၏ အတွင်းတွင် ရောမ ကစဥ္စကလျား စက်လုံးတစ်ခုကို ရေးရေးလေး

မြင်နေနိုင်သည်။ သူသည် အလွန်အမင်း
မတည်မငြိမ် ဖြစ်နေခဲ့ကာ တွန့်လိမ်တုန်ခါနေ၍
ပုံစံများ အဆက်မပြတ် ပြောင်းလဲနေခဲ့သည်။

ရှီယုနှင့် လင်းဖုန်းတို့ကိုပင်
မှင်သက်သွားစေသည့် ကြီးမားလှသည့် စွမ်းအား
သဘောတရား တစ်ခုက
ပေါက်ကွဲထွက်လာခဲ့သည်။ ခဏအကြာတွင်
ကစဥ့်ကလျား စက်လုံးအတွင်းတွင် ရောမ
လေဟာနက် အက်ကွဲကြောင်းတစ်ခု
ထွက်ပေါ်လာခဲ့၏။

ထိုအက်ကွဲကြောင်း ပေါ်လာခဲ့သောအခါ
ကြီးမားလှသော စွမ်းအားများတို့သည်

မဟာကမ္ဘာကို နှစ်ခြမ်းခွဲချင်နေသကဲ့သို့
ဖြစ်သွားခဲ့သည်။ ယင်ပင်လယ်၏ လေဟာနယ်
တစ်ခုလုံးက ယမ်းခါလာခဲ့ကာ
ပြင်ပကမ္ဘာသည်ပင်လျှင် တုန်သွားခဲ့သည်။

ဤကမ္ဘာကို လှုပ်ခါနိုင်သော စွမ်းအားများသည်
အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်းအား ထိုးဖောက်နိုင်ခဲ့သည်။

လင်းဖုန်းနှင့် ရှီယုတို့သည်
ထိုအက်ကွဲကြောင်းအား ကြည့်လိုက်ကာ
တစ်ချိန်တည်းတွင် အော်ဟစ်လိုက်ကြ၏။
"အစွန်းရောက် ကေရာဇ်
ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာ!"

ကမ္ဘာဦးခေတ်၏ အဆုံးသတ်တွင် လူသားမျိုးနွယ်စုတို့သည် တိုးတက်လာကြကာ မိစ္ဆာများကို တော်လှန်ခဲ့ကြသည်။ ရှီကေရာဇ်က အစပြု၍ သူတို့သည် အဆက်မပြတ် ခုခံခဲ့ကြသည်။ စစ်ပွဲများက နှစ်ပေါင်းများစွာ အဆက်မပြတ် ဖြစ်ပေါ်ခဲ့ကြ၍ အစွမ်းထက် ကျင့်ကြံသူပေါင်းများစွာ ပေါ်ထွက်လာကာ ကြွေလွင့်သွားခဲ့ကြသည်။

မဟာဟင်းလင်းပြင် သူတော်စင်နှင့် တိုင်ကေရာဇ်တို့၏ ပူးပေါင်းစွမ်းအားများကြောင့်သာ မဟာစစ်ပွဲကြီး

အပြီးတွင် လူသားများအပေါ်၌ မိစ္ဆာတို့၏ အုပ်ချုပ်မှုသည် အဆုံးသတ်သွားနိုင်ခဲ့သည်။

ဒါသည့် ကောင်းကင်နှင့် မြေကြီးတို့၏ အစစ်အမှန် ပြိုကွဲခြင်း ဖြစ်၏။ မူလကောင်းကင် ကမ္ဘာကြီးသည် နှစ်ခြမ်း ခြမ်းသွားခဲ့ကာ မဟာလွင်တီးခေါင် ကုန်းမြေနှင့် နတ်ဘုရား နယ်မြေတို့ အဖြစ်သို့ ပြောင်းသွားခဲ့သည်။ မိစ္ဆာများနှင့် လူသားတို့သည် ထိုနေရာများတွင် အသီးသီး နေရာယူနိုင်ခဲ့ကြသည်။

တိုင်ကေရာဇ်သည် ကမ္ဘာဦးခေတ်မှ နောက်ဆုံး လူသားကေရာဇ် ဖြစ်သွားခဲ့ပြီး

ရှေးဟောင်းခေတ်၏ ပထမဆုံး
လူသားကေရာဇ်လည်း ဖြစ်လာခဲ့သည်။

အစွန်းရောက် ကေရာဇ် ကောင်းကင်ခွဲခြမ်းခြင်း
မှော်ကျိန်စာသည် လင်းဖုန်း၏ မူလ
ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း
နည်းစနစ်နှင့် ကွဲပြားသည်။ သူသည်
တိုင်ကေရာဇ်က မူလဦးစွာ ဖန်တီးခဲ့ခြင်း
ဖြစ်သည်။ ကောင်းကင်နှင့် မြေကြီးတို့က
ပြိုကျသွားခဲ့သောအခါ သူသည်
အရာအားလုံးတို့ကို တွေ့ခဲ့ရပြီး သက်ရှိတို့၏
ဖန်ဆင်းခြင်းနှင့် ပျက်စီးခြင်း စွမ်းအား
သဘောတရားများကို
သဘောပေါက်နိုင်ခဲ့သည်။ နောက်ဆုံးတွင်

သူသည် အစွန်းရောက် ကေရာဇ် ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာကို တီထွင်နိုင်ခဲ့ခြင်း ဖြစ်သည်။

လင်းဖုန်း၏ မူလ ကောင်းကင်နှင့်မြေကြီး ခွဲခြမ်းခြင်း နည်းစနစ်နှင့် စာလိုက်လျှင် အစွန်းရောင် ကေရာဇ် ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာက ပို၍ လွှမ်းမိုးနိုင်ကာ ဖျက်ဆီးနိုင်မှု ပိုကောင်းသည်။ ပို၍လည်း ပြင်းထန်၏။

လျှမ်ပန်းသည် ရှီယုနှင့် လင်းဖုန်းတို့က သဘောတူညီမှု ရသည်အထိ စောင့်နေစရာ မလိုခဲ့ပေ။ သူသည် တစ်ခဏ အလင်းတန်းအား

မြင်လိုက်သည်နှင့် တပြိုင်နက် လှူပ်ရှားရန်
ဆုံးဖြတ်ချက်ကို ချလိုက်၏။

လင်းဖုန်းသည် ရှီယုအား အများဆုံး အဖြူရောင်
ကျောက်စိမ်းတိုင်လုံးကိုသာ ပေးနိုင်လိမ့်မည်။
သူသည် အဖြူရောင် ကျောက်စိမ်းတိုင်လုံးနှင့်
ယင်ကျိုးနတ်တောင် နှစ်ခုစလုံးတို့ကို မဟာချင်
အင်ပါယာသို့ ပေးလိမ့်မည် မဟုတ်ပေ။

တစ်ခဏ အလင်းတန်းသည် အင်မော်တယ်
နဂါးမြို့တော်၏ စွမ်းအားများကို များစွာ
တိုးတက်စေနိုင်သည်။ သူ၏တန်ဖိုးသည်
အဖြူရောင် ကျောက်စိမ်းတိုင်လုံးထက်
နိမ့်ကျသော်လည်း အံ့ဖွယ်

ကောင်းကင်ဘုံဂိုဏ်းနှင့် အကျိုးအမြတ်များကို ခွဲဝေခံစားရခြင်းသည် မဟာကျိုး အင်ပါယာနှင့် ခွဲဝေရခြင်းထက် များစွာပိုကောင်း၏။ ရှီယုအနေနှင့် ဆုံးဖြတ်ချက်ချရန် စဉ်းစားရန်ပင် လိုမည်မဟုတ်ပေ။

မဟာချင် အင်ပါယာနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏ ပူးပေါင်းမှုသည် ဇူဟုန်ဝူနှင့် မဟာကောင်းကင်ဘီးတို့ ရောက်မလာသေးခင်တွင် မဟာကျိုး အင်ပါယာ အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သည်။ အကယ်၍ လင်းဖုန်းသည် ယင်ကျိုးနတ်တောင်အား အချိန်မီ

ကျင့်ကြံနိုင်ခဲ့ပါက လျှမ်ပန်းသည် ကြီးမားစွာ ဒုက္ခရောက်သွားနိုင်သည်။

သို့ဖြစ်၍ တစ်ခဏ အလင်းတန်းအား တွေ့လိုက်သောအခါ လျှမ်ပန်းသည် လုံးဝ တွေဝေနေခြင်း မရှိပဲ ဘာကိုမှ ထိန်းသိမ်းနေခြင်း မရှိတော့ပေ။ သူသည် မည်သည့်တန်ဖိုးကို ပေးရသည်ဖြစ်စေ အမြန်ဆုံး ထွက်ခွာနိုင်ရန် လိုအပ်နေသည်။

လင်းဖုန်းက ပြောလိုက်သည်။
"တော်ဝင်နန်းတော်က အစွန်းရောက် ဧကရာဇ် ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာကို အမွေဆက်ခံနိုင်ခဲ့တယ်.. ဒါက သိပ်ပြီးတော့

အံ့အားသင့်စရာ မကောင်းပါဘူး.. ဒါပေမဲ့ တော်ဝင်နန်းတော်က သူရဲ့ ထိပ်ဆုံး အခြေအနေ မရောက်သေးပဲ ဒီမှော်ကျိန်စာကို ထုတ်လွှတ်ခဲ့တယ်.. ဒါက ဒီမှော်ကျိန်စာရဲ့ စွမ်းအားကို များစွာ နိမ့်ကျစေရုံတင် မကပဲ တော်ဝင်နန်းတော်ကိုပါ အန္တရာယ် ရှိစေလိမ့်မယ်"

"ဒါပေမဲ့.. အစွန်းရောက် ကေရာဇ် ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာဆိုလဲ ဘာဖြစ်သလဲကွာ"

လင်းဖုန်းသည် သူ၏ လက်နှစ်ဘက်စလုံးတို့ဖြင့် မှော်ကျိန်စာ တစ်ခုကို ဖော်ဆောင်လိုက်သည်။

ယုကျင်းတောင် အပေါ်မှ ခရမ်းရောင်
တိမ်တိုက်များက လှည့်ပတ်သွားကြ၍
မဟူရာကောင်းကင် ရတနာသစ်ပင် အပေါ်မှ
သစ်ရွက်များက လှုပ်ရှားသွားကြသည်။

အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်းသည် ပြန်လည်
ပေါ်ထွက်လာခဲ့ကာ တော်ဝင်နန်းတော်အား
ထပ်မံ ဖုံးလွှမ်းသွားခဲ့သည်။

ပြီးတော့ ဒါသည် အစောပိုင်းကထက်ပင် ပို၍
စွမ်းအား ကောင်းနေသေး၏။

လျှမ်ပန်းက စွမ်းအားများကို လျှို့ထားခဲ့သလို
လင်းဖုန်းကလည်း ရှီယုနှင့် အင်မော်တယ်
နဂါးမြို့တော်တို့အား သတိထားနေခဲ့သဖြင့်
သူ၏ စွမ်းအားများကို အစွမ်းကုန်
မဖော်ထုတ်ရသေးပေ။

## စာစဉ် ၄၂ : အပိုင်း ၁

## အပိုင်း ၇၉၁ : အချိန်မီ ရောက်မလာနိုင်ခဲ့သော ရှုဟုန်ဝူ

အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်း၏ ထပ်မံ ပိတ်ဆို့မှုကို
ခံခဲ့ရသော်လည်း လျှမ်ပန်းသည်

တည်ငြိမ်လျက်ပင် ရှိသေးသည်။
"တော်ဝင်နန်းတော်က သူ့ရဲ့ ထိပ်ဆုံးအချိန်ကို ပြန်မရောက်နိုင်သေးတာ နှမြောစရာပဲ"

သူသည် တော်ဝင်နန်းတော် အတွင်းမှ မဟာခန်းမဆောင် အတွင်းတွင် ရှိနေခဲ့သည်။ သူ၏အနားတွင် ခရမ်းရောင် ခတ်ငွေ့များက စတင်၍ စီးဆင်းလာခဲ့သည်။ တော်ဝင်ရုပ်ထု တစ်ခုက ထွက်ပေါ်လာခဲ့၏။ ထိုခရမ်းရောင် ခတ်ငွေ့များ အတွင်းတွင် ကြီးစိုးလွှမ်းမိုးနိုင်သော စွမ်းအားများကို ခံစားနေရသည်။ အုပ်ချုပ်သူ တစ်ယောက်နှင့် တူနေသော လူသားပုံရိပ် တစ်ခုက ပေါ်ပေါက်လာခဲ့သည်။

လျှမ်ပန်း၏ တိုင်ကေရာဇ်ထံမှ
အမွေဆက်ခံနိုင်ခဲ့သည့် တော်ဝင်ခရမ်းရောင်
ခေတ်ငွေ့များက ပေါ်လာခဲ့သည်။
တော်ဝင်နန်းတော်၏ စွမ်းအားများသည်
များစွာပို၍ တိုးတက်လာခဲ့၍ သူ့အား
လွှမ်းခြုံထားသည့် ခရမ်းရွှေရောင်
အလင်းတန်းများက ပို၍ပို၍ သန်မာလာခဲ့၏။

ကြီးမားလှသည့် စွမ်းအားများသည်
ကောင်းကင်နှင့် မြေကြီးတို့အား
တုန်ခါစေခဲ့သည်။ အစွန်းရောက် ကေရာဇ်
ကောင်းကင်ခွဲခြင်းခြင်း မှော်ကျိန်စာမှ
ထုတ်လွှတ်ထားသော ကစဉ့်ကလျား

စက်လုံးသည် ဤအချိန်တွင် လုံးဝကို
အက်ကွဲသွားခဲ့ပြီ ဖြစ်သည်။

ကစဥ့်ကလျား စက်လုံးသည် နှစ်ပိုင်း
ပိုင်းသွားခဲ့သည်။ ထိုအပိုင်း နှစ်ပိုင်းတို့သည်
ပြီးပြည့်စုံသော ပို၍သေးငယ်သည့် စက်လုံးနှစ်ခု
အဖြစ်သို့ ပြောင်းသွားခဲ့သည်။

ဤဖြစ်စဥ်သည် မူလကောင်းကင်
ကမ္ဘာကြီးသည် နတ်ဘုရားနယ်မြေနှင့်
မဟာလွင်တီးခေါင် ကုန်းမြေ အဖြစ်သို့
ကွဲသွားခဲ့သည့် မြင်ကွင်းကို ပြန်လည်
ဖော်ပြနိုင်ခဲ့သည်။

အဆုံးမဲ့ စိတ်ဝိညာဉ် စွမ်းအင်တို့သည်
ပျက်စီးသွားခဲ့၍ ရောမ လေဟာနယ်
နယ်နိမိတ်များက စတင်၍ ပြိုကွဲသွားခဲ့၏။

လျှမ်ပန်းသည် တော်ဝင်နန်းတော်အား
အသုံးပြု၍ အစွမ်းရောက် ကောရာဇ်
ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာအား
အစွမ်းကုန် ထုတ်ဖော်လိုက်သည်။ ယင်ပင်လယ်
အတွင်းမှ လေဟာနယ်သည် ပြင်းထန်စွာနှင့်
တုန်ခါလာခဲ့သည်။

လေဟာနယ် ဟင်းလင်းပြင်များက ဆက်တိုက် အက်ကွဲနေခဲ့၍ အက်ကွဲကြောင်းများမှ တဆင့် လင်းဖုန်းနှင့် ရှိယုတို့သည် ကြယ်စင်များနှင့် ပြည့်နေသော အနက်ရောင် စကြာဝဠာအား တွေ့နေရသည်။

အစွန်းရောက် ကေရာဇ် ကောင်းကင်ခွဲခြမ်းခြင်း မှော်ကျိန်စာသည် ယင်ပင်လယ်၏ လေဟာနယ် နယ်နိမိတ်တို့အား ရောမ အက်ကွဲကြောင်းတစ်ခု ဖြစ်ပေါ်စေခဲ့သည်။ ဤကြီးမားလှသည့် စွမ်းအားတို့သည် ယုကျင်းတောင်၏ အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းအား ထပ်မံ၍ ချိုးဖျက်နိုင်ခဲ့သည်။

သို့သော်လည်း တော်ဝင်နန်းတော် အပေါ်မှ အလင်းတန်း ပုံရိပ်မျိုးစုံတို့သည် ဖြည်းဖြည်းချင်း ပြိုလဲသွားခဲ့သည်ကို တွေ့နေရသည်။ မရေမတွက်နိုင်သော ပူဖောင်းများက ပေါက်သွားခဲ့သကဲ့သို့ ဖြစ်၏။

စိတ်မကောင်းစရာမှာကား သူသည် အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းအား ကျော်လွှားနိုင်ခဲ့သော်လည်း ရှီယုနှင့် အင်မော်တယ် နဂါးမြို့တော်တို့က ရှိနေသေးခြင်း ဖြစ်သည်။

အရာအားလုံးကို ချေမှုန်းနိုင်သည့်
နံ့ရုံတစ်ခုအလား အင်မော်တယ်
နဂါးမြို့တော်သည် တော်ဝင်နန်းတော် အပေါ်သို့
ကျရောက်လာခဲ့သည်။

လင်းဖုန်းသည်လည်း ယုကျင်းတောင်အား
ဆင့်ခေါ်ကာ အရှေ့သို့ တက်လာခဲ့၍
တော်ဝင်နန်းတော်အား ဝန်းရံ၍ ပူးပေါင်း
တိုက်ခိုက်လိုက်ကြသည်။ သို့သော်လည်း
ထိုအချိန်တွင် လင်းဖုန်း၊ လျှမ်ပန်းနှင့်
ရှီယုတို့သည် တစ်စုံတစ်ခုအား
ခံစားလိုက်ရသည်။ သူတို့သည် အဝေးမှ
ပင်လယ်ပြင်အား လှည့်ကြည့်လိုက်ကြ၏။

သူတို့သည် ဘာကိုမှ မမြင်ခဲ့ရသော်လည်း ဒါသည်ပင်လျှင် သူတို့၏ အာရုံစူးစိုက်မှုကို ရရှိရန် လုံလောက်နေခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း သိပ်မကြာမီပင် သူတို့အားလုံးတို့သည် ပုစဉ်းတစ်ကောင်၏ အော်မြည်သံကို သူတို့၏ နားအတွင်းတွင် ကြားလာခဲ့သည်။

လင်းဖုန်း၏ မျက်လုံး သူငယ်အိမ်များသည် ကျဉ်းသွားခဲ့ကာ အဝေးမှ ပင်လယ်ပြာ၏ လှိုင်းလုံးများ အပေါ်တွင် ပုစဉ်းတစ်ကောင် ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုပုစဥ်းသည် သစ်ရွက် တစ်ရွက်အလား ဖြစ်၏။ အကယ်၍ လူတစ်ယောက်သည် သူ၏အရှေ့တွင် ရပ်နေလျှင်ပင် သူ့အား သတိပြုချင်မှ ပြုမိမည် ဖြစ်သည်။ သို့သော်လည်း လင်းဖုန်းသည် သူ့အားကောင်းစွာ တွေ့နိုင်ခဲ့သည်။

ထိုပုစဥ်းသည် ရွှေရောင်အလင်းတန်းများနှင့် လင်းလက်နေခဲ့သည်။ ခဏအကြာတွင် မီးခိုးရောင် ဝတ်စုံနှင့် ရဟန်းပျို တစ်ပါးသည် အလင်းတန်းများ အကြားတွင် ပေါ်လာခဲ့သည်။ သူသည် ရွှေပုစဥ်း ဆရာတော်ပင် ဖြစ်၏။ သူ၏ လက်အုပ်များကို ချီလိုက်ကာ လင်းဖုန်းအား ပြုံးပြလိုက်သည်။ "မာစတာလင်း.. ခင်ဗျားက

ကျုပ်ကို ကမ္ဘာကြီး အပေါ်မှာ
အမြင်ကျယ်အောင် မျက်လုံးဖွင့်ပေးခဲ့တယ်..
ကျုပ်က လေးစားမိပါတယ်"

"ကျုပ်ကလည်း ပြင်ဆင်မှု အချို့ကို
ပြုလုပ်ထားခဲ့ပေမဲ့ မာစတာလင်းလိုမျိုး
ဘယ်ကိုသွားမလဲ ဆိုတာကို
မဆုံးဖြတ်နိုင်ခဲ့ဘူး.. ကျုပ်ကိုယ်ကျုပ် ရယ်စရာ
ဖြစ်သွားစေခဲ့တဲ့အတွက် တောင်းပန်ပါတယ်"

"ယင်ပင်လယ်ကို ပြန်ရောက်ဖို့
အချိန်အတော်ယူလိုက်ရတယ်.. ဒါပေမဲ့
ဒီကိုရောက်လာတဲ့ အချိန်မှာ
ပန်းလိုင်နတ်တောင်က ဖြေရှင်းပြီးသွားပြီ

ဖြစ်တဲ့အတွက် ဒီနေရာကိုပဲ လာခဲ့ရတယ်..
အလောတကြီးနဲ့ လာခဲ့ရတဲ့အတွက်
တောင်းပန်ပါတယ်"

သူသည် ယဉ်ကျေးစွာနှင့် ပြောနေခဲ့သော်လည်း
သူ၏ လုပ်ဆောင်ချက်များသည်
နှောင့်နှေးမနေခဲ့ပေ။ သူပေါ်လာသည်နှင့်
ယင်ကျိုးနတ်တောင် အပေါ်သို့
တက်နိုင်တော့မည်ကဲ့သို့ ဖြစ်သွားခဲ့သည်။

သူကဲ့သို့သော ဗီပရာလိုပါ အဆင့်မှ
တစ်စုံတစ်ယောက် အတွက် စွမ်းအားများသာ
အားကောင်းသည် မဟုတ်ပေ။ သူ၏
အင်္ကျီလက်ဝတွင် ဖဲချပ်ပေါင်းများစွာတို့

ရှိနေသည်။ လင်းဖုန်းသည်ပင် အတန်ငယ် အံ့အားသင့်သွားခဲ့သည်။ ရွှေပုစဉ်း ဆရာတော်သည် ဇူဟုန်ဝူထက် ပိုစော၍ ရောက်လာလိမ့်မည်ဟု လုံးဝမထင်ထားခဲ့ပေ။

ထိုသူသည် နယ်နိမိတ်များကို ကျော်ဖြတ်သွားလာရန် စွမ်းအားနှင့် နည်းလမ်းများရှိကာ နေရာတစ်ခုကို ရှာဖွေရန် အစွမ်းများကိုလည်း ပိုင်ဆိုင်ထား၏။ ထို့ကြောင့်ပင် သူက လျှင်မြန်စွာနှင့် ရောက်ရှိလာခြင်း ဖြစ်သည်။ သို့သော်လည်း သူရောက်ရှိလာခဲ့သော နေရာသည် ယင်ပင်လယ်၏ တောင်ပိုင်းနှင့် အတန်ငယ်

ဝေးကွာကာ အရှေ့မြောက်ပိုင်းနှင့်
နီးကပ်နေခဲ့သည်။

သူသည် ယင်ပင်လယ် အတွင်းသို့
ရောက်ရှိလာခဲ့သောအခါ ယင်ပင်လယ်
တောင်ပိုင်းမှ ပုံရိပ်ယောင် ပင်လယ်ဒီရေ၏
လှုပ်ရှားမှုများကို ခံစားခဲ့ရသည်။ သူသည်
ပန်းလိုင်နတ်တောင်အား ရရှိရန်
မျှော်လင့်ချက်များ မရှိတော့သည်ကို သိလိုက်၍
ယင်ကျိုးနတ်တောင်ထံသို့ ရောက်လာခဲ့ခြင်း
ဖြစ်သည်။

သူသည် လျှမ်ပန်းအား ကယ်တင်ရန် စိတ်မဝင်စားခဲ့ပေ။ သူ၏ပစ်မှတ်မှာ ယင်ကျိုးနတ်တောင်ပင် ဖြစ်သည်။

လင်းဖုန်း၏ အေးရီးစ်ကိုယ်ပွားက ယင်ကျိုးနတ်တောင်အား မကျင့်ကြံနိုင်ခင်တွင် ရွှေပုစဥ်း ဆရာတော်အား တောင်ပေါ်သို့ ပေးတက်လိုက်ပါက တစ်ယောက်ကမှ သူ့အား ဟန့်တားနိုင်တော့မည် မဟုတ်ချေ။ ဇူရီသည် အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ထိန်းချုပ်နိုင်ပြီ ဖြစ်သဖြင့် အခြားသူများကို ဖိနှိပ်နိုင်မည် ဖြစ်သော်လည်း ရွှေပုစဥ်း ဆရာတော်၏ အရှေ့တွင် ဘာမှ တတ်နိုင်လိမ့်မည် မဟုတ်ချေ။

လင်းဖုန်းသည် တည်ငြိမ်စွာနှင့်ပင် ရှိနေသေး၏။
"ဆရာတော်.. ခင်ဗျားက အဝေးကြီးကနေ
လာခဲ့ရတာ.. ပင်ပန်းနေပြီနဲ့ တူတယ်..
ကျေးဇူးပြုပြီး ခဏလောက်
အပန်းဖြေလိုက်ပါဦး"

သူ၏စကားဆုံးသည်နှင့် ယုကျင်းတောင်မှနေ၍
အလင်းတန်း တစ်ခုက ရုတ်တရက်
လင်းလက်လာခဲ့သည်။
အစွန်းရောက်ကောင်းကင် စကြာဝဠာ
အလင်းတန်းသည် ရွှေပုစဥ်း ဆရာတော်ထံသို့
ကျလာခဲ့ပြီး သူ့အား လွှမ်းခြုံတော့မည်ကဲ့သို့
ဖြစ်သွားခဲ့သည်။

ရွှေပုစဉ်း ဆရာတော်သည် လင်းဖုန်းထံသို့ လှည့်ကြည့်လိုက်ကာ ပြောလိုက်သည်။
"ကျုပ်က အရင်က မမေးခဲ့ရဘူး.. ဒါပေမဲ့.. ခင်ဗျားက ကျုပ်ရဲ့ စွမ်းအားဖျက်ဆီး ကပ်ဘေး ဘယ်နှစ်ခေါက်ကို ရင်ဆိုင်နိုင်သလဲ.. မာစတာလင်း"

စကားပြောနေရင်း ပုစဉ်းတို့၏ အော်မြည်သံများသည် ကောင်းကင်နှင့် မြေကြီးတို့ အပေါ်၌ ပြည့်နှက်သွားခဲ့သည်။ ရောမ ပုစဉ်းတစ်ကောင်၏ အလင်းတန်း ပုံရိပ်သည် ရွှေပုစဉ်း ဆရာတော်၏ ခေါင်းပေါ်၌ ပေါ်လာခဲ့၏။ ရုတ်တရက်ပင် ရောမ ပုစဉ်း၏

ခန္ဓာကိုယ် အပေါ်မှ အနက်ရောင်
ခေတ်ငွေ့တစ်တန်းသည် အနက်ရောင်
မျဉ်းကြောင်းတစ်ခု အဖြစ်သို့ ပြောင်းသွားခဲ့၍
လင်းဖုန်းနှင့် ယုကျင်းတောင်ထံသို့
ပြေးဝင်လာခဲ့သည်။

ကောင်းကင်နှင့် လူသားတို့၏ ပျက်စီးခြင်း
ငါးပါး၊ စွမ်းအားဖျက်ဆီး ကပ်ဘေး!

လင်းဖုန်း၏ အရံအတား
ချိုးဖောက်ကျောက်တုံး၏ ရွေ့ပြောင်းခြင်းကို
မခံရတော့ရန် အတွက် ရွှေပုစဉ်း
ဆရာတော်သည် ယခုတစ်ခေါက်တွင် မည်သည့်
တာအိုနည်းစနစ်များကိုမှ အသုံးမပြုတော့ရန်

ဆုံးဖြတ်လိုက်သည်။ သူသည် လင်းဖုန်းထံသို့ စွမ်းအားဖျက်ဆီး ကပ်ဘေးကိုသာ ထုတ်လွှတ်ခဲ့လိုက်သည်။ သူသည် သူ့စွမ်းအားကို ဂရုမစိုက်နေခဲ့ပဲ သူ၏ ပစ်မှတ်ကိုသာ အတည်ပြုခဲ့လိုက်သည်။

ထိုအနက်ရောင် ဓါတ်ငွေ့ ဖြတ်သန်းသွားသော နေရာတိုင်းတွင် အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းသည်ပင်လျှင် စတင်၍ ယိုယွင်းကာ ပျက်စီးသွားခဲ့သည်။

ကောင်းကင်နှင့် မြေကြီးတို့မှ အရာအားလုံးတို့သည် အချိန်၏ ရိုက်ခတ်မှုအောက်တွင် ပျက်စီးခြင်းထံသို့

လျှောက်လှမ်းနေရသည်။ တစ်ခုတည်းသော ကိန်းရှင်မှာ အမြန်နှုန်းပင် ဖြစ်၏။

သို့သော်လည်း ကမ္ဘာကြီးသည် သူ၏ အဆုံးသတ်သို့ ရောက်လာကာ ပျက်စီးခြင်းနှင့် ရင်ဆိုင်ခဲ့ရသော အချိန်တွင် အရာအားလုံးသည် ဘာမှမရှိခြင်း အဖြစ်သို့ ပြောင်းသွားခဲ့သည်။ အချိန်ကာလကပင် ရပ်တည်နိုင်မှု မရှိတော့ပေ။ နောက်ထပ် ကြမ္ဘာပန်းတိုင် စက်ဝိုင်းတစ်ခုက စောင့်ကြိုနေခဲ့ကာ အရာအားလုံးတို့သည် အသစ်တစ်ဖန် ပြန်လည် စတင်ကြမည် ဖြစ်သည်။

လင်းဖုန်းနှင့် ယုကျင်းတောင်တို့က သူ့အား
ဖိနှိပ်ထားခြင်း မရှိတော့သဖြင့် လျှမ်ပန်းသည်
ရှီယုနှင့် တစ်ယောက်ချင်း တိုက်ခိုက်နိုင်ခဲ့သည်။
တော်ဝင်နန်းတော်၏ အပေါ်မှ ခရမ်းရွှေရောင်
အလင်းတန်းများတို့သည် ချက်ချင်းပင်
ခရမ်းရောင် အဖြစ်သို့ ပြောင်းသွားခဲ့၏။

တိကျသော အဓိပ္ပာယ် မရှိသည့်
မရေမတွက်နိုင်သည့် လျှို့ဝှက်ဆန်းကြယ်သော
မှော်သင်္ကေတတို့သည် တော်ဝင်နန်းတော်
အပေါ်မှ တိုင်ကောရာဇ်၏ စိတ်ဝိညာဉ်
အလင်းတန်း ပုံရိပ် အပေါ်၌ ပေါ်လာခဲ့သည်။

ရှိယုသည့် ထိုအရာကို မြင်လိုက်သောအခါ သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "မင်းက ရေတို အကျိုးအမြတ်တွေကိုသာ ကြည့်ခဲ့တာပဲ.. တော်ဝင်နန်းတော် ပြိုကွဲသွားမှာကို မကြောက်ဘူးလား" သူသည် မေးသာမေးလိုက်သော်လည်း အကယ်၍ သူသည် လျှမ်ပန်း၏ နေရာတွင် ရောက်နေခဲ့ပါက သူသည်လည်း ထိုကဲ့သို့ပင် ပြုလုပ်ခဲ့မည် ဖြစ်သည်။

အင်မော်တယ် နဂါးမြို့တော်၏ အပေါ်တွင် အလင်းတန်းများက လင်းလက်နေခဲ့သည်။ ရတ်တရက်ပင် အလင်းတန်း ကိုးစက်တို့က

တောက်ပလာခဲ့၏။ ခုနှစ်ခုမှာ လင်းလက်နေ၍ နှစ်ခုမှာ မှေးမှိန်နေသည်။

ယင်ပင်လယ်၏ အပေါ်တွင် ပုံရိပ်ယောင် အက်ကွဲကြောင်းတစ်ခု ပေါ်လာခဲ့ကာ စကြာဝဠာ အတွင်းမှ ကြယ်စင်များကို ဖော်ပြလိုက်သည်။ ကြယ်တာရာ ကိုးလုံးတို့က အတူတကွ လင်းလက်နေကြ၍ ကြီးမားလှသည့် စွမ်းအားများသည် အင်မော်တယ် နဂါးမြို့တော်အား ထောက်ပံ့ပေးနေကြသည်။

မှော်ရတနာ နှစ်ခုတို့သည် ထပ်ဖန်တစ်ခါ တိုက်ခိုက်လိုက်ကြရာ အင်မော်တယ် နဂါးမြို့တော်သည် နောက်သို့ ဆုတ်သွားခဲ့ရကာ

တော်ဝင်နန်းတော်၏ အပေါ်မှ တိုင်ကေရာဇ်၏
စိတ်ဝိညာဉ် အလင်းတန်း ပုံရိပ်သည်
ကြေမွလုနီးပါး ဖြစ်သွားခဲ့သည်။

ထိုအခွင့်အရေးကို အပိုင်အသုံးချလိုက်ကာ
တော်ဝင်နန်းတော်သည် ခရမ်းရောင်
အလင်းတန်း တစ်ခုအဖြစ်
မိုးကုတ်စက်ဝိုင်းထံသို့
ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အင်မော်တယ် နဂါးမြို့တော်သည်
အနောက်မှနေ၍ ထပ်ကြပ်မကွာ
လိုက်ပါလာခဲ့ကာ သူ့ပြိုင်ဘက်အား
အသက်ရှူခွင့် လုံးဝ မပေးခဲ့ပေ။

အခြားဘက်မှ ယင်ကျိုးနတ်တောင်၏
အပေါ်တွင်  လင်းဖုန်း၏ အမူအရာသည်
တည်ငြိမ်နေဆဲပင် ဖြစ်၏။ သူသည်
ယုကျင်းတောင် အပေါ်တွင် ထိုင်နေခဲ့၍
ပြောလိုက်သည်။ "ဆရာတော်ကလည်း
စွမ်းအားဖျက်ဆီး ကပ်ဘေး ဘယ်နှစ်ချက်ကို
ခံနိုင်သလဲ"

သူ၏စကားဆုံးသည်နှင့် မဟူရာကောင်းကင်
ရတနာသစ်ပင်၏ သစ်ရွက်များသည်
ပြင်းထန်စွာနှင့် စတင်လှုပ်ရှားလာခဲ့၏။
သစ်ရွက်ပေါင်း များစွာတို့သည် သစ်ကိုင်းများ
အပေါ်မှ ကျဆင်းလာကြသည်။

ဤကျောက်စိမ်းရောင် သစ်ရွက်များသည် လေဟာနယ် အလယ်တွင် သက်တန့်အလင်းတန်း များစွာအဖြစ် ပြောင်းသွားခဲ့ကာ ယုကျင်းတောင်အား လည်ပတ်နေကြသည်။ ယုကျင်းတောင် တစ်ခုလုံးသည် လေဟာနယ် အတွင်းသို့ ရောက်ရှိသွားခဲ့သည်။

ရွှေပုစဥ်း ဆရာတော်၏ စွမ်းအားဖျက်ဆီး ကပ်ဘေးသည် မည်သည့်နေရာကိုမှ ကျရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

"အိုး" ရွှေပုစဉ်း ဆရာတော်သည် ထိတ်လန့် တုန်လှုပ်သွားခဲ့သည်။ သူသည် ယုကျင်းတောင်အား ကြည့်လိုက်ရာ သူသည် ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ပေါ်လိုက်ပျောက်လိုက် ဖြစ်နေခဲ့သည်ကို တွေ့လိုက်ရ၏။ သူသည် ထိုတောင်အား မြင်နေရသော်လည်း အာရုံခံ၍ မရခဲ့ပေ။

စွမ်းအားဖျက်ဆီး ကပ်ဘေးအား ဆင့်ခေါ်လိုက်သည်နှင့် ပြိုင်ဘက်သည် ဟင်းလင်းပြင် အတွင်းတွင် ပုန်းအောင်းရန် မဖြစ်နိုင်ချေ။ ဒါသည် ကမ္ဘာကြီးအား အဆုံးသတ်စေနိုင်သည့် ဖျက်ဆီးနိုင်စွမ်း ဖြစ်၍ ပြိုင်ဘက်၏ ပျက်စီးခြင်း ငါးပါးတို့အား

စတင်စေနိုင်သည်။ တစ်ချိန်တည်းတွင်ပင် သူ့အား ထုတ်ဖော်ခဲ့သော ကျင့်ကြံသူကလည်း ထိုစွမ်းအားဖျက်ဆီး ကပ်ဘေးကို ခံစားရပေသည်။

သို့သော်လည်း ယခုအချိန်တွင် ရွှေပုစဉ်း ဆရာတော်သည် စွမ်းအားဖျက်ဆီး ကပ်ဘေးအား ခံစားနေရချိန်တွင် လင်းဖုန်းနှင့် ယုကျင်းတောင်တို့မှာ ရှောင်ရှားနိုင်ခဲ့သည်။

ရွှေပုစဉ်း ဆရာတော်၏ အကြည့်သည် ယိမ်းယိုင်နေသော မဟူရာကောင်းကင် ရတနာသစ်ပင်၏ အပေါ်သို့ ကျရောက်သွားခဲ့သည်။ "ဒါက တောင်ပေါ်က

ကျောက်တုံးတွေကြောင့် မဟုတ်ဘူး..
မှော်သစ်ပင်ရဲ့ တောက်ပမှုတွေကြောင့်
ဖြစ်တယ်"

ခဏအကြာတွင် ယုကျင်းတောင် အနားတွင်
လည်ပတ်နေသော အလင်းတန်း တစ်ခုပြီးမှ
တစ်ခုတို့သည် ပျောက်ကွယ်သွားကြကာ
လင်းဖုန်းနှင့် ယုကျင်းတောင်တို့က
ပြန်ပေါ်လာကြသည်။ လင်းဖုန်း၏ဘေးတွင်
ကောင်းကင်ဖျက်ဆီး ခေါ်း၏ ရှေးမ
ခေါ်းအိမ်ကြီးကို ထောင်ထားခဲ့၏။ လင်းဖုန်းသည်
သူ့အား ထိလိုက်သောအခါ ကောင်းကင်ပေါ်သို့
ခက်ထန်ကြမ်းတမ်းသည့် အလင်းတန်း
တစ်ခုသည် ထိုးတက်သွားခဲ့၍

ကောင်းကင်ဖျက်ဆီး ဓားသည် လင်းဖုန်း၏ လက်အတွင်းသို့ ရောက်ရှိလာခဲ့သည်။

ရွှေပုစဥ်း ဆရာတော်သည် ဗုဒ္ဓကျမ်းစာ တစ်ခုကို ရွတ်ဆိုလိုက်ရာ သူ၏ခေါင်းပေါ်မှ ရောမ ပုစဥ်း၏ အလင်းတန်း ပုံရိပ်သည် တောင်ပံများကို ခတ်လိုက်သည်။ အနက်ရောင် အလင်းတန်းများ တစ်တန်းပြီးမှ တစ်တန်း ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့ကာ လင်းဖုန်း၏ ကောင်းကင်ဖျက်ဆီး ဓားအလင်းတန်းကို ရင်ဆိုင်ခဲ့ကြသည်။

သို့သော်လည်း သူ၏လမ်းကြောင်းမှာ လင်းဖုန်း၏ ပိတ်ဆို့မှုကို ခံလိုက်ရ၍ သူသည်

ယင်ကျိုးနတ်တောင် အပေါ်သို့
တက်လှမ်းနိုင်ခြင်း မရှိတော့ပေ။

ဤကဲ့သို့ ခေတ္တမျှ နှောင့်နှေးသွားသော
အချိန်တွင် ယင်ကျိုးနတ်တောင်သည် စတင်၍
ပြင်းထန်စွာနှင့် တုန်ခါလာခဲ့သည်။ မူလက
ပြိုကွဲသွားခဲ့သော အမည်မဲ့
ရှေးဟောင်းဝက်ပါသည် ပြန်လည်
ပေါ်ပေါက်လာခဲ့ကာ တောင်အား ပြန်၍
ဖုံးကွယ်သွားခဲ့သည်။

ရွှေပုစဥ်း ဆရာတော်သည် ဤအရာကို
တွေ့လိုက်ရသောအခါ
ယင်ကျိုးနတ်တောင်သည် ကျင့်ကြံခြင်းကို

ခံခဲ့ရပြီဟု သိလိုက်သည်။ သူ၏
စွမ်းအားတုန်ခါမှုများသည် လင်းဖုန်းနှင့်
တူညီနေ၏။

ထို့ကြောင့် သူသည် လျှင်မြန်စွာနှင့်
လှည့်လိုက်ကာ ထွက်ခွာရန်
ဟန်ပြင်လိုက်သည်။ လင်းဖုန်းက
ယင်ကျိုးနတ်တောင်အား ထိန်းချုပ်၍
ယင်ပင်လယ်တို့၏ စွမ်းအားများကို ဆင့်ခေါ်ကာ
သူ့အား တိုက်ခိုက်မည်ကို မလိုလားနေခဲ့ပေ။

တစ်ချိန်တည်းတွင်ပင် အဝေးမှနေ၍
အလင်းတန်း ဘီးတစ်ခုသည်
ပေါ်ပေါက်လာခဲ့သည်။ ယင်ပင်လယ်၏ အပေါ်မှ

တိမ်တိုက်များသည် သူ၏ အလင်းတန်းအား ဖုံးကွယ်နိုင်ခြင်း မရှိခဲ့ပေ။ ခဏအကြာတွင် ထိုဘီးသည် အနီးသို့ ရောက်လာကာ အင်မော်တယ် နဂါးမြို့တော်အား တိုက်ခိုက်လိုက်သည်။

ရီယု၏ ကျင့်ကြံမှုနှင့်ပင် သူသည် အင်မော်တယ် နဂါးမြို့တော် အပေါ်တွင် ရပ်နေရင်း ထိုဘီး၏ အလင်းတန်းကို ရင်ဆိုင်ခဲ့ရသောအခါ မတတ်နိုင်ပဲ သေမင်း၏ ခံစားချက်များကို ရရှိခဲ့သည်။

"မဟာကောင်းကင်ဘီး.. ဇူဟုန်ဝူ.. မင်းက နောက်ကျလွန်းတယ်" ရီယုသည်

ပြောနေရင်းနှင့် ယင်ကျိုးနတ်တောင်ဘက်သို့ လှည့်လိုက်သည်။ သူသည် အနည်းငယ် စိတ်ရှုပ်ထွေးသော အမူအရာများ ပေါ်လာခဲ့၍ အင်မော်တယ် နဂါးမြို့တော်အား ထိန်းချုပ်လိုက်ကာ မဟာကောင်းကင်ဘီးနှင့် တိုက်ခိုက်လိုက်၏။

ယင်ကျိုးနတ်တောင် အပေါ်တွင် အမည်မဲ့ ရှေးဟောင်းဝက်ပါက ပြန်ပေါ်လာသောအခါ မဟာကျိုး အင်ပါယာနှင့် မဟာချင် အင်ပါယာမှ ကျင့်ကြံသူများကလည်း တောင်ကို တစ်စုံတစ်ယောက်က ကျင့်ကြံခဲ့ပြီကို သိနေခဲ့သဖြင့် သူတို့သည် ဆက်လက်၍

မနေရစ်ခဲ့တော့ပဲ လျှင်မြန်စွာဖြင့်
ထွက်ခွာခဲ့ကြသည်။

အလင်းရောင် ဘီးသည် ဖြည်းဖြည်းချင်း
ကျုံ့ဝင်သွားခဲ့ကာ ဇူဟုန်ဝူ၏ ပုံရိပ်ကို
ဖော်ပြလိုက်သည်။ သူသည် မဟာကျိုး
အင်ပါယာမှ ကျင့်ကြံသူများကို ဆွဲယူလိုက်၍
ယုကျင်းတောင်နှင့် ယင်ကျိုးနတ်တောင်တို့အား
အမူအရာ ကင်းမဲ့စွာဖြင့် ကြည့်နေခဲ့သည်။

မဟာကောင်းကင်ဘီး၏ အလင်းတန်း
အနောက်တွင် တော်ဝင်နန်းတော်က
ပေါ်လာခဲ့သည်။ သို့သော်လည်း ယခင်က
ခမ်းနားထည်ဝါလှသည့်

တော်ဝင်နန်းတော်သည် ယခုအချိန်တွင်
အားနည်းသည့်ပုံ ပေါက်နေခဲ့သည်။

နန်းတော်အတွင်းတွင် လျှမ်ပန်းသည်လည်း
ယုကျင်းတောင်အား ဟန်ပန် အမူအရာ
ကင်းမဲ့စွာနှင့် ကြည့်နေခဲ့သည်။ "သွားကြစို့..
ဟုန်ဝူ.. ငါတို့က ဘာမှ မတတ်နိုင်တော့ဘူး"

အစောက စတင်ခဲ့သော ပုံရိပ်ယောင်
ပင်လယ်ဒီရေတို့သည် တဖြည်းဖြည်းနှင့် ပို၍
နီးကပ်လာကြပြီ ဖြစ်သည်။
ယင်ကျိုးနတ်တောင်သည် ပုံရိပ်ယောင်
ပင်လယ်ဒီရေနှင့် ထိတွေ့ခဲ့လျှင်
ပင်လယ်အောက်သို့ ရောက်သွားခဲ့မည် ဖြစ်ကာ

လင်းဖုန်းနှင့် ယုကျင်းတောင်တို့ကလည်း ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင် ဝင်ရောက်၍ ထွက်သွားနိုင်စွမ်း ရှိသည်။

သူတို့သည် မထွက်ခွာခဲ့လျှင်ပင် လင်းဖုန်း၏ ယုကျင်းတောင်၊ ယင်ကျိုးနတ်တောင်နှင့် ရှီယု၏ အင်မော်တယ် နဂါးမြို့တော်တို့သည် တော်ဝင်နန်းတော်၊ မဟာကောင်းကင်ဘီးနှင့် ရွှေပုစဉ်း ဆရာတော်တို့အား ရင်ဆိုင်နိုင်စွမ်း ရှိသည်။ ထို့အပြင် ရွှေပုစဉ်း ဆရာတော်နှင့် မဟာကျိုး အင်ပါယာတို့ အကြားမှ ဆက်ဆံရေးသည် မဟာကျိုးနှင့် မဟာချင်တို့ထက် များစွာပို၍ မကောင်းလှချေ။

သူတို့အား တိုက်ခိုက်မည်လော၊
အလွတ်ပေးမည်လော ဟူသည်ကို
လင်းဖုန်းသည် ဆုံးဖြတ်နိုင်ရန်
စွမ်းအားရှိနေသည်။

"ဟုတ်ကဲ့ပါ.. အရှင်မင်းမြတ်" ဇူဟုန်ဝူ၏
အကြည့်သည် လင်းလက်သွားခဲ့၍
စကားတစ်လုံးချင်း ပြန်ပြောလိုက်သည်။

သူသည် စိတ်ဓာတ်ခိုင်မာသောသူ
ဖြစ်သော်လည်း ယခုအချိန်တွင်
ဆုံးဖြတ်ချက်ချရန် စွမ်းအား ကင်းမဲ့နေခဲ့၍
စိတ်ဓာတ်ကျချင်နေခဲ့သည်။

သူသည် လျှမ်ပန်းအား စစ်ကူပေးနိုင်ရန် ယင်ပင်လယ် တစ်ဝက်ကို ကျော်ဖြတ်၍ အမြန်ပြေးလာခဲ့သည်။ သို့သော်လည်း နောက်ဆုံးတွင် သူရောက်ရှိလာသောအခါ အရာအားလုံးတို့က ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ သူလုပ်နိုင်သောအရာမှာ ဘာမှ မရှိတော့ပဲ သူ၏ အားထုတ်မှုများ အားလုံးတို့သည် အလဟဿ ဖြစ်သွားခဲ့သည်။

## စာစဥ် ၄၂ : အပိုင်း ၂

# အပိုင်း ၇၉၂ : ကမ္ဘာအတွင်း၌ တစ်ခုတည်းသော အရာ

သူတို့သည် မလိုမလား ဖြစ်နေသည့်တိုင်အောင် မဟာကျိုး အင်ပါယာသည် ဘာမှ မတတ်နိုင်ပဲ ပြန်လည် ဆုတ်ခွာခဲ့ရသည်။

သို့သော်လည်း ဤအကြိမ်တွင် သူတို့၏ ဆုံးရှုံးနစ်နာမှုများမှာ ကြီးမားလှသည်။ သူတို့သည် ယင်ကျိုးနတ်တောင်နှင့် ပန်းလိုင်နတ်တောင်တို့အား မရရှိနိုင်ခဲ့ရုံတင် မကပဲ သူတို့၏ကိုယ်ပိုင် ဖန်ကျန်းနတ်တောင်ကိုပင် ဆုံးရှုံးသွားခဲ့ရသည်။ ထိပ်ဆုံး အခြေအနေသို့ ပြန်လည်

မရရှိသေးသည့် တော်ဝင်နန်းတော်သည်လည်း ဒဏ်ရာများ ထပ်ရသွားခဲ့သည်။

နတ်တောင်သုံးတောင် ပေါ်လာသည့် အချိန်တွင် မဟာကျိုး အင်ပါယာသည် အသာစီး ရနိုင်ရန် လုံ့လများစွာတို့ကို ရင်းနှီးမြှုပ်နှံထားခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံးတွင် သူတို့သည် အတော်ကြီးကို ခံစားခဲ့ကြရ၏။ ဤရလဒ်များသည် လျှမ်ပန်း၊ ဇူဟုန်ဝူနှင့် အခြား မဟာကျိုး အင်ပါယာမှ သူများကို စိတ်ဓာတ်ကျစေခဲ့သည်။

အမှန်အတိုင်း ပြောရလျှင် လင်းဖုန်းသည် ပန်းလိုင်နတ်တောင်ကို အသုံးပြုကာ

တိုက်ခိုက်ခဲ့၍ ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။ အကယ်၍ သူတို့သည် ယင်ကျိုးနတ်တောင်ကို ရရှိခဲ့လျှင်ပင် အရေးနိမ့်ခဲ့သည်ဟု ပြောရမည် ဖြစ်သည်။

သူတို့သည် နှစ်ပေါင်းများစွာ ပြင်ဆင်၍ ပြင်ဆင်မှု များစွာတို့ကို ပြုလုပ်ထားခဲ့ကြသည်။ သူတို့သည် သူတို့အား ကူညီရန် လောဖူးသူတော်စင်ကိုပင် ဖိတ်ခေါ်ထားခဲ့၏။ သို့သော်လည်း ဤအရာ အားလုံးတို့သည် နောက်ဆုံးတွင် အလဟဿ ဖြစ်သွားခဲ့သည်။ သူတို့သည် ဒုတိယ နတ်တောင်တစ်ခုအား မရနိုင်ခဲ့သဖြင့် သူတို့၏ အားထုတ်မှုများသည် သဲထဲရေသွန် ဖြစ်သွားခဲ့၏။

သူတို့သည် ယင်ကျိုးနတ်တောင်နှင့် အဖြူရောင် ကျောက်စိမ်းတိုင်လုံးတို့အား ရရှိခဲ့မှပင် သူတို့၏ ကွဲနေသော အသည်းအား ကုစားနိုင်မည် ဖြစ်သည်။ သို့သော်လည်း ကံမကောင်းစွာဖြင့် သူတို့၏ အလိုအတိုင်း ဖြစ်မလာခဲ့ပေ။

ဇူဟုန်ဝူသည် မဟာကောင်းကင်ဘီးအား သိမ်းလိုက်ကာ တော်ဝင်နန်းတော်ထံသို့ ပြန်လာခဲ့သည်။ သူသည် မည်းမှောင်စွာဖြင့် ပြောလိုက်သည်။ "ကျွန်တော်က အသုံးမကျပဲ အရှင်မင်းမြတ်ရဲ့ အကြံအစည်တွေကို ပျက်စေခဲ့ပါတယ်"

လျှမ်ပန်းသည် သူ၏ခေါင်းကိုခါလိုက်ကာ သူ၏ အမူအရာတို့သည် သာမန်အတိုင်း ပြန်ဖြစ်သွားခဲ့သည်။ "ငါက မင်းတို့အားလုံးကို အပြစ်တင်လို့ မရပါဘူး.. ဒီဆုံးရှုံးမှုက အချက်နှစ်ချက်ကြောင့် ဖြစ်ရတာ.. ပထမ.. ငါတို့ရဲ့ ဖန်ကျန်းနတ်တောင်ကို ပိုင်ဆိုင်ထားမှုက ပေါက်ကြားသွားခဲ့တယ်.. ဒုတိယ.. ငါက အတော်ကို လောဘကြီးလွန်းခဲ့တယ်"

မဟာကျိုး အင်ပါယာသည် ဖန်ကျန်းနတ်တောင်ကို ပိုင်ဆိုင်ထားသဖြင့် သူတို့သည် ကျန်သော နတ်တောင်များကို ရရှိနိုင်ရန် အတွက် ကြီးမားသော

အားသာချက်ကို ပိုင်ဆိုင်ထားခဲ့သည်။ သို့သော်လည်း ဤသတင်းသည် အစောကြီးကတည်းက ပေါက်ကြားသွားခဲ့ကာ မဟာကျိုး အင်ပါယာကို မီးရောင်အောက်သို့ ပို့ခဲ့လိုက်သည်။ အခြား မဟာ အင်အားစုများက မဟာကျိုး အင်ပါယာကို စောင့်ကြည့်နေကြ၏။ သူတို့သည် အတူတကွ စုပေါင်း၍ မဟာကျိုး အင်ပါယာကို ရင်ဆိုင်ကြမည် ဖြစ်သည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် မဟာကျိုး အင်ပါယာသည် ဆက်လက်၍ တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။ သူတို့သည် ပန်းလိုင်နတ်တောင်နှင့် ယင်ကျိုးနတ်တောင် နှစ်ခုစလုံးတို့ကို ရယူရန် ကြိုးစားခဲ့ကြသဖြင့်

သူတို့သည် တောင်သုံးတောင်စလုံးတို့ကို ဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

လျှမ်ပန်းသည် တော်ဝင်နန်းတော် အတွင်းမှ နဂါးပလ္လင်အပေါ်တွင် ထိုင်နေရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။ "ငါက အရမ်းလောဘကြီးသွားခဲ့တဲ့အတွက် ကြောင်းကျိုးဆင်ခြင်နိုင်စွမ်း နည်းပါးသွားခဲ့တယ်.. အရမ်းကို အရှက်ရစရာပဲ"

ဇူဟုန်ဝူနှင့် ကျန်သော မဟာကျိုးမှ အမတ်များက တပြိုင်နက်တည်း ပြောလိုက်ကြသည်။ "ကျွန်တော်တို့မှာလည်း အပြစ်ရှိပါတယ်"

တော်ဝင်နန်းတော် အတွင်းသို့ ပြန်ရောက်လာပြီ ဖြစ်သော ဆောင်တုန်းထျန်းကလည်း သက်ပြင်းချလိုက်သည်။ "အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကြောင့်သာ မဟုတ်ရင် ကျွန်တော်တို့ရဲ့ ဖန်ကျန်းနတ်တောင်ကို ပိုင်ဆိုင်ထားတဲ့ သတင်းက ပျံ့သွားမှာ မဟုတ်ဘူး.. တကယ်လို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ဝင်ပြီး မစွက်ဖက်ခဲ့ရင် ကျွန်တော်တို့က အခွင့်အရေး ရနိုင်သေးတယ်"

အရှေ့ကောင်းကင် တံခါးဂိုဏ်းသည် အမြဲတမ်း သိုသိုသိပ်သိပ် နေနေခဲ့သည်။ ဤအချိန်တွင်

မဟာ အကြံအစည်ကြောင့် သူတို့သည် ကိုယ့်ကိုယ်ကိုယ် ဖော်ပြခဲ့သည်။ ပြင်ပကမ္ဘာ အတွင်းသို့ ဝင်လာသည်နှင့် သူတို့ကလည်း ကြီးမားသော ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ဇူဟုန်ဝူက ပြောလိုက်သည်။ "လင်းဖုန်း မရှိရင်လည်း ကျန်းဖုန်း.. လီဖုန်း ဒါမှမဟုတ် တခြားသူတွေ ရှိဦးမှာပဲ.. ဒါတွေအားလုံးကို စဉ်းစားမယ့်အစား ကျုပ်တို့က ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်ပြီး ပိုကောင်းအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို စဉ်းစားသင့်တယ်"

သူသည် သူ၏လက်များကို ကျောနောက်တွင် ပစ်ထားခဲ့ပြီး သူ၏ လက်ချောင်းများက အနည်းငယ် လှုပ်ရှားသွားခဲ့သည်။
"ခင်ဗျားအမြဲတမ်း လိုချင်နေတဲ့ အရာကို ကျုပ်ကခင်ဗျားကို ပေးလိုက်မယ်"

ဆောင်တုန်းထျန်းသည် ဇူဟုန်ဝူအား ကြည့်နေခဲ့ရင်း သူ၏ မျက်ခုံးများသည် မြင့်တက်သွားခဲ့သည်။
သူတို့နှစ်ယောက်တို့သည် အချင်းချင်း ခေတ္တမျှ စိုက်ကြည့်နေခဲ့ရင်း ဆောင်တုန်းထျန်းကလည်း သူ၏ခေါင်းကို ညိတ်လိုက်သည်။
"ခင်ဗျားလိုချင်တာ ရှိရင်လည်း ကျုပ်က ခင်ဗျားကို ပေးနိုင်တယ်"

လျှမ်ပန်းသည် မလှုပ်ရှားခဲ့ပဲ
ဆောင်တုန်းထျန်းကို ကြည့်လိုက်ကာ
တည်ငြိမ်စွာနှင့် ပြောလိုက်၏။ "ဆောင်..
ပြန်သွားပြီးရင် ရတနာတချို့ကို သွားယူလိုက်..
မင်းရဲ့ ရွှမ်ကောင်းကင် တံဆိပ်ကို မြန်နိုင်သမျှ
အမြန်ဆုံး ပြုပြင်လိုက်ပါ"

မဟာကျိုး အင်ပါယာသည်
ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးလိုက်ရပြီ
ဖြစ်သဖြင့် ယင်ပင်လယ် အတွင်းတွင်
သူတို့၏ခံတပ် မရှိတော့ပေ။ အနာဂတ်တွင်
သူတို့သည် ယင်ပင်လယ် အတွင်းမှ
ရတနာများကို ရယူနိုင်ရန် ခက်ခဲသွားတော့မည်

ဖြစ်၏။ တစ်ချိန်တည်းတွင်ပင်
တော်ဝင်နန်းတော်ကလည်း ဒဏ်ရာရသွားခဲ့၍
အရင်းအမြစ် များစွာတို့ကို အသုံးပြုကာ
ပြန်လည် ပြုပြင်ရမည် ဖြစ်သည်။
သို့သော်လည်း လျှမ်ပန်းသည် လုံးဝ
တွေဝေနေခြင်း မရှိပဲ ဆောင်တုန်းထျန်းအား
ရွှမ်ကောင်းကင် တံဆိပ်ကို
ပြန်လည်ပြုပြင်နိုင်ရန်
အမိန့်ထုတ်ပြန်ပေးခဲ့သည်။

ဆောင်တုန်းထျန်း၏ မျက်ခုံးများသည်
အနည်းငယ် တုန်ခါသွားခဲ့သည်။ သူသည်
စိတ်မလှုပ်ရှားသွားခဲ့ပဲ သက်ပြင်းသာ
ကျိတ်၍ချလိုက်သည်။ သို့သော်လည်း သူသည်

အပြင်ပန်းတွင် တည်ငြိမ်စွာ နေနေခဲ့ကာ လျှမ်ပန်းအား ကျေးဇူးတင်လိုက်သည်။ "အရှင်မင်းမြတ်ရဲ့ ရက်ရောမှုအတွက် ကျေးဇူးတင်ပါတယ်"

ပြီးတာနှင့် သူသည် ခေတ္တမျှ ငြိမ်သက်သွားခဲ့ကာ ရိုသေစွာနှင့် ပြောလိုက်သည်။ "ကျွန်တော့်သမီးရဲ့ ကျင့်ကြံမှုက အဆင့်နိမ့်ပါတယ်.. သူက အရှင်မင်းမြတ် ချီးမြှင့်ထားတဲ့ သံတမန် ကိုယ်ခံစွမ်းအား လတ်မှတ်ကို ပျက်စီးစေခဲ့ပါတယ်.. ကျွန်တော်က အရှက်မဲ့စွာနဲ့ အရှင်မင်းမြတ်ထံက နောက်ထပ်တစ်ခု တောင်းဆိုချင်ပါတယ်..

အရှင်မင်းမြတ်က ခွင့်ပြုပေးနိုင်လိမ့်မယ်လို့ မျှော်လင့်နေပါတယ်"

လျှမ်ပန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့ကာ ဖြည်းညင်းစွာနှင့် ပြောလိုက်သည်။ "ခွင့်ပြုတယ်"

ဒီရေ ဓားအကြီးအကဲသည် ကျယ်ပြန့်သောပင်လယ် ဓားမာစတာကို မေးလိုက်သည်။ "ဆရာ.. ဆောင်တုန်းထျန်းက အတော်ကို လောဘကြီးတာပဲ.. တကယ်လို့ သူက မဟာကျိုး အင်ပါယာက အားနည်းသွားတယ်လို့ မထင်ခဲ့ရင် ဒီလောက်အထိ တောင်းဆိုဖို့ သတ္တိရှိပါ့မလား..

မဟာကျိုး အင်ပါယာက ဒီတစ်ခေါက်မှာ အတော် အထိနာခဲ့ပေမဲ့ သူတို့ရဲ့ စွမ်းအားတွေကို အများကြီး အကျိုးသက်ရောက်မှု မရှိခဲ့ဘူးလို့ ထင်တယ်"

ကျယ်ပြန့်သောပင်လယ် ခါးမာစတာသည် ထိုမေးခွန်းကို တိုက်ရိုက် ပြန်လည်ဖြေဆိုခြင်း မပြုခဲ့ပေ။ "ဆောင်တုန်းထျန်းက ပါးနပ်တယ်.. သူက ငါ့ထက် ပိုပြီးလျှင်မြန်တယ်.. ဒါပေမဲ့ အရှေ့ကောင်းကင် တံခါးဂိုဏ်းက ကျယ်ပြန့်သောပင်လယ် ခါးဂိုဏ်းထက် အနည်းငယ်ပိုပြီးတော့ သန်မာတယ်.. သူက ခြေလှမ်းကို ဦးစွာစလှမ်းလိုက်တော့ ငါက သူ့အနောက်ကို လိုက်လို့ မကောင်းတော့ဘူး"

ဒီရေ ဓားအကြီးအကဲက ခံပြင်းသွားခဲ့၏။
"ဒါပေမဲ့.. ဆရာ.."

ကျယ်ပြန့်သောပင်လယ် ဓားမာစတာသည် သူ၏ခေါင်းကို အနည်းငယ် ခါလိုက်သည်။
"လောကမှာ အလကားစားရတဲ့ နေ့လယ်စာ မရှိဘူး"

"ဆရာ.. ဆရာဆိုလိုချင်နေတာက ဆောင်တုန်းထျန်းက ပြောင်းပြန် လုပ်နေတာလား" ဒီရေ ဓားအကြီးအကဲသည် သဘောပေါက်သွားခဲ့သည်။ သူကရယ်လိုက်ကာ

ပြောလိုက်သည်။ "သူက တကယ်ကို စဉ်းလဲတာပဲ.. မဟာကျိုး အင်ပါယာက သူ့ကိုနောက်ထပ်ပေးမယ့် တာဝန်က အရှေ့ကောင်းကင် တံခါးဂိုဏ်းကို ပျက်စီးသွားစေနိုင်မှာကို စိတ်မပူဘူးနဲ့ တူတယ်"

ကျယ်ပြန့်သောပင်လယ် ခေးမာစတာသည် သူ၏ခေါင်းကို ခါလိုက်ကာ ဘာမှ မပြောခဲ့ပေ။ သို့သော်လည်း သူ့အားကြည့်ရသည်မှာ စိုးရိမ်နေသောပုံ ပေါက်နေ၏။ ယနေ့မတိုင်ခင်က မဟာကျိုး အင်ပါယာသည် လျှင်မြန်စွာနှင့် တိုးတက်လာခဲ့ပြီး ဆက်လက်၍ ကျယ်ပြန့်လာနေခဲ့သည်။

နတ်တောင်သုံးတောင် ပေါ်လာသော အချိန်တွင် အကယ်၍ မဟာကျိုး အင်ပါယာသည် ပန်းလိုင်နှင့် ယင်ကျိုးနတ်တောင်တို့အား ထိန်းချုပ်နိုင်ခဲ့ပါက သူတို့သည် ယင်ပင်လယ် တစ်ခုလုံးအား ထိန်းချုပ်နိုင်မည် ဖြစ်သည်။ ပြီးတာနှင့် မဟာကျိုး အင်ပါယာသည် ထပ်မံ၍ တိုးတက်လာမည်မှာ သေချာနေ၏။

သို့သော်လည်း ယခုအချိန်တွင် ထင်ထားသည့်အတိုင်း ဖြစ်မလာခဲ့ပဲ မဟာကျိုး အင်ပါယာ၏ အင်အားများသည် လျော့နည်းသွားခဲ့သည်။ ဤရှုံးနိမ့်မှုကြောင့် မဟာကျိုး အင်ပါယာ၏ တိုးတက်နေသော

အရှိန်အဟုန်သည် ရပ်တန့်သွားမည်မှာ သေချာနေခဲ့သည်။

အနာဂတ်တွင် မဟာကျိုး အင်ပါယာသည် သူတို့ ဆက်လျှောက်မည့် ခြေလှမ်းတိုင်းကို သတိတကြီး ထားရတော့မည် ဖြစ်သည်။ အကယ်၍ သူတို့သည် သတိလက်လွတ် ဖြစ်သွားသည်နှင့် သူတို့၏ တိုးတက်မှုသည် တန့်နေရုံတင် မကပဲ နောက်သို့ပင် ပြန်ဆုတ်သွားနိုင်သည်။ နောက်ထပ် နမော်နမဲ့လုပ်နိုင်ရန် အခွင့်အရေး မရှိတော့ပေ။

ထိုသို့ဆိုလျှင် ကျယ်ပြန့်သောပင်လယ်
ဓားငိုဏ်းသည်လည်း မည်ကဲ့သို့
ရှေ့ဆက်ရမည်နည်း။

အရှေ့ကောင်းကင် တံခါးဂိုဏ်းကဲ့သို့ပင်
ကျယ်ပြန့်သောပင်လယ် ဓားဂိုဏ်းနှင့်
မဟာကျိုး အင်ပါယာတို့၏ အကြားမှ
ဆက်ဆံရေးသည် လွန်စွာနီးကပ်သည်။
သူတို့သည် ခွဲခြား၍ မရနိုင်ပေ။

စိတ်ဓာတ်ကျနေသော ကျယ်ပြန့်သောပင်လယ်
ဓားမာစတာနှင့် ဆန့်ကျင်စွာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းသည် ပျော်ရွှင်နေခဲ့သည်။

ရှိယုနှင့် ကျန်သောသူများအား
နှုတ်ဆက်ခဲ့အပြီးတွင် လင်းဖုန်းသည်
ယုကျင်းတောင်ကို ထိန်းချုပ်လိုက်ကာ
ဟင်းလင်းပြင် လေဟာနယ် အတွင်းသို့
ဝင်ရောက်သွားခဲ့သည်။ ပုံရိပ်ယောင်
ပင်လယ်ဒီရေအား သူ၏ အေးရိုးစ်ကိုယ်ပွားက
တားဆီးခဲ့ကာ နတ်တောင်သည်
ယင်ပင်လယ်၏ မြူမှုန်အကြားတွင်
ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

မရေမတွက်နိုင်သော ထွင်းဖောက်မြင်နေရသည့်
ကျောက်စိမ်းဝိုင်းတို့သည် တစ်ခုအပေါ်တွင်
တစ်ခု ထပ်သွားကြကာ

ထွင်းဖောက်မြင်နိုင်သည့် စက်လုံးပုံစံ
အရာတစ်ခုအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။
အခွံတစ်ခုကဲ့သို့ သူတို့သည်
ယင်ကျိုးနတ်တောင်အား လွှမ်းခြုံခဲ့လိုက်သည်။

လင်းဖုန်းသည် ဤနတ်တောင်အား
ကျင့်ကြံပြီးသွားသောအခါ သူသည်
ယင်ပင်လယ်၏ စွမ်းအားများကို ရရှိခဲ့ကာ
အမည်မဲ့ ရှေးဟောင်းဝက်ပါကို ပြန်လည်
တည်ဆောက်နိုင်ခဲ့သည်။ သို့သော်လည်း သူ၏
မူလစွမ်းအားများကို ပြန်လည်ရရှိရန်မှာ
အချိန်ပေးရဦးမည် ဖြစ်သည်။

နတ်တောင်၏ ဗဟိုချက်မှ လေဟာနယ် ပုံရိပ်ယောင်ကလည်း ပြန်လည် ပေါ်ထွက်လာပြီ ဖြစ်၏။ ထိုဗဟိုချက် ပုံရိပ်ယောင် လောကအား လင်းဖုန်းက အလွန် အလေးထားခဲ့သည်။ ထိုပုံရိပ်ယောင် လောကအတွင်းသို့ ဝင်ရောက်သွားခဲ့ကြသော ဇူရီ၊ ရှောင်ယန်နှင့် ကျန်သောသူများတို့သည် မဟာနေမင်း သူတော်စင်၊ ငရဲအရိပ် သူတော်စင်တို့၏ စွမ်းအားများကို ထိုလောက အတွင်းမှ ကြယ်စင်အလင်းတန်းများနှင့် ပူးပေါင်းခြင်းအားဖြင့် နားလည်နိုင်ခဲ့ကြသည်။

ယင်ကျိုးနတ်တောင်၏ ဗဟိုချက်မှ ပုံရိပ်ယောင် လောကသည် ယင်ပင်လယ် အတွင်းတွင်

ကြွေလွင့်ခဲ့ကြသော ကျင့်ကြံသူများ၏
လက်ကျန်စိတ်ဝိညာဥ်များကို ကြယ်စင်တို့၏
စွမ်းအားအဖြစ်သို့ ပြောင်းလဲပေးနိုင်ခဲ့သည်။

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများတို့သည်
သူတို့၏ တာအိုနည်းစနစ်များကို မရရှိခဲ့ပဲ
မှော်ကျိန်စာများကိုသာ
နားလည်နိုင်ခဲ့ကြသော်လည်း ဒါသည်
တန်ဖိုးမဖြတ်နိုင်သည့် ရတနာသိုက်
တစ်ခုဖြစ်သည်။

သို့သော်လည်း ကြီးမားသော ပြဿနာ တစ်ခုမှာ
ဤပုံရိပ်ယောင် လောကအတွင်းတွင်
ကုန်ဆုံးသွားကြသော ကြယ်စင်တို့၏

စွမ်းအားများကို ပြန်လည်အားဖြည့်၍ မရခြင်းဖြစ်သည်။ ကွဲလွင့်သွားခဲ့သော ကျင့်ကြံသူများတို့၏ လက်ကျန် စိတ်ဝိညာဉ်များအား အသုံးပြု၍ ကြယ်စင်များ၏ စွမ်းအားများကို ရရှိနိုင်ရန် အခွင့်အရေး တစ်ခေါက်သာ ရှိပေသည်။

ယခင်က ဤပုံရိပ်ယောင် လောကအား ချိုးဖောက်နိုင်ရန် အတွက် ရှောင်ယန်၊ ဇူရီ၊ တခုန်း ဇန်မာစတာ၊ ရှီရှင်းယွမ်နှင့် ကျန်သောသူများသည် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ဒါသည် ဤပုံရိပ်ယောင် လောကအတွင်းမှ ကြယ်စင်တစ်ဝက်ခန့်ကို ပြိုကွဲစေခဲ့သည်။

ပြိုကွဲသွားသော ကြယ်စင်များသည် အနီရောင် အလင်းတန်း တစ်ခုအဖြစ် ကြယ်စင်မြစ်၏ အလယ်တွင် စုစည်းသွားကာ ဤပုံရိပ်ယောင် လောက၏ တံခါးအဖြစ် ဖန်ဆင်းခဲ့သည်။

သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ ယင်ပင်လယ်၏ အတွင်းတွင် ကြွေလွင့်သည့် ကျင့်ကြံသူများကလည်း ပိုများလာမည် ဖြစ်သည်။ သူတို့၏ လက်ကျန် စိတ်ဝိညာဉ်များအား စုဆောင်းကာ ဤလောကအတွင်းတွင် ကြယ်စင်များ၏ စွမ်းအားများအဖြစ် ပြန်လည် ပြောင်းလဲနိုင်လိမ့်မည် ဖြစ်သည်။

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည်
နတ်တောင်အပေါ်သို့ တက်ခဲ့၍ ကျန်သော
အစွမ်းထက် ကျင့်ကြံသူများနှင့်
တိုက်ခိုက်ခဲ့သော အချိန်တွင်
ယင်ကျိုးနတ်တောင်၏ အကာအကွယ် စနစ်မှာ
အလွန်ပင် အားနည်းနေခဲ့ပြီ ဖြစ်သည်။
သို့သော်လည်း လင်းဖုန်းသည်
ယင်ကျိုးနတ်တောင်အား
ကျင့်ကြံပြီးသွားသောအခါ ဤဗဟိုချက်မှ
ပုံရိပ်ယောင် လောကတွင် အသုံးဝင်မှု
များစွာရှိသေးကြောင်းကို တွေ့လိုက်ရသည်။

ဥပမာအားဖြင့် အတွင်းမှ ကြယ်စင်များ၏
စွမ်းအားကို ထုတ်လွှတ်ကာ ရန်သူများကို
ရင်ဆိုင်နိုင်ခြင်း ဖြစ်သည်။
၎င်းကြယ်စင်ဘောလုံးများ တစ်ခုချင်းစီသည်
အချိန်အနည်းငယ်မျှ စိတ်ဝိညာဉ် ပိုင်ရှင်တို့၏
မူလစွမ်းရည်တို့ကို ထုတ်လွှတ်နိုင်သည်။

၎င်းစွမ်းအားများသည် ပုံရိပ်ယောင် လောကမှ
ထွက်လိုက်သည်နှင့် လျှင်မြန်စွာ
လွင့်ပြယ်သွားသော်လည်း သူတို့အား
အတူတကွ စုစည်းလိုက်ပါက သူတို့၏
စွမ်းအားများသည် အတော့်ကို
အစွမ်းထက်လှပေသည်။

အမည်မဲ့ ရှေးဟောင်းဝက်ပါနှင့် အလယ်ဗဟိုမှ
ပုံရိပ်ယောင် လောကတို့အပြင်
ယင်ကျိုးနတ်တောင် အပေါ်တွင် အတားအဆီး
များစွာတို့ ရှိသေးသည်။ သို့သော်လည်း
လင်းဖုန်းသည် ဤတောင်အား ယခုမှသာ
ကျင့်ကြံခဲ့ခြင်း ဖြစ်သောကြောင့် သူနောက်ထပ်
လေ့လာရမည့် အရာများစွာ ရှိသေးသည်။

အရင်းအမြစ်များ အနေနှင့်
ယင်ကျိုးနတ်တောင်၏ အလယ်ဗဟိုမှ
ပုံရိပ်ယောင် လောကအပြင် တန်ဖိုးအရှိဆုံး
အရာမှာ ကျောက်စိမ်း နတ်ရေစင် ရေအိုင်ပင်
ဖြစ်၏။ လင်းဖုန်းသည် သူ၏အတွင်းမှ
စိတ်ဝိညာဉ် စွမ်းအင်များကို လေ့လာလိုက်ပြီး

ဤနတ်ရေစင်သည် မှော်ရတနာများကို အားဖြည့်ရာတွင် အမှန်တကယ်ပင် အသုံးဝင်လှကြောင်းကို တွေ့လိုက်ရသည်။ သူ၏ တန်ဖိုးမှာ ကြီးမားလှသည်။

အခြား စိတ်ဝိညာဥ် ပန်းပင်များ၊ ဆေးပင်များနှင့် သတ္တုတွင်းများ အနေနှင့်လည်း များပြားလှစွာ ရှိကြသည်။ ဤနတ်တောင်ကြောင့် လင်းဖုန်းသည် ယင်ပင်လယ် အတွင်းမှ ရတနာများကို များစွာပို၍ လွယ်ကူစွာ ရရှိနိုင်မည် ဖြစ်သည်။

"ဆရာ.. ကျွန်တော်တို့က ဒီတစ်ခေါက်မှာ အကျိုးအမြတ်တွေ အများကြီး ရသွားခဲ့ပြီ"

ရှောင်ယန်က ရယ်လိုက်ကာ လင်းဖုန်းနှင့်
ကျန်သောသူများကို နှုတ်ဆက်လိုက်သည်။
သူ့အား နှုတ်ဆက်ခဲ့ အပြီးတွင် သူက ဇူရီကို
ညွှန်ပြလိုက်၏။ "အထူးသဖြင့် ဒုတိယ ဂျူနီယာ
ဖြစ်တယ်.. သူက ဒီတစ်ခေါက်မှာ
အရမ်းထောသွားခဲ့ပြီ"

ဇူရီက တောက်ပစွာဖြင့် ပြုံးလိုက်သည်။
သို့သော်လည်း သူသည် ဝင့်ကြွားမောက်မာ၍
မနေခဲ့သလို နှိမ့်ချ၍လည်း မနေခဲ့ပေ။
"ကျွန်တော်က တကယ်ကိုပဲ ကြီးမားလှစွာ
အကျိုးအမြတ် ရရှိခဲ့တယ်"

သူ၏ မဟာနေမင်း ကိုယ်ပွားသည့် အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ဆွဲယူလာခဲ့ကာ လင်းဖုန်းအရှေ့သို့ ယူလာခဲ့သည်။ "ဆရာ.. သူ့ကို ကိုင်တွယ်လိုက်ပါ"

လင်းဖုန်းက ရယ်လိုက်သည်။ "ဒါက မင်းရဲ့ ကိုယ်ပိုင် ကံကြမ္မာဖြစ်တယ်.. ငါက ဝင်ပြီး စွက်ဖက်မှာ မဟုတ်ဘူး.. မင်းကို ဒီရတနာကို လျှင်မြန်စွာနဲ့ ကျင့်ကြံနိုင်အောင် အကူအညီ ပေးရုံပဲပေးမယ်.. သူက အနာဂတ်မှာ ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ ဖြစ်လာနိုင်ရင်တော့ အကောင်းဆုံးပေါ့"

ဇူရီသည် သူ၏ မျက်လုံးများကို ခတ်လိုက်ကာ လင်းဖုန်းထံသို့ ဦးညွှတ်လိုက်၏။ "ကျေးဇူးပါ.. ဆရာသခင်"

သူ၏ ယခင် အတွေ့အကြုံများအရ လင်းဖုန်းသည် သူတို့ ကံအားလျော်စွာ ရရှိလာသော ရတနာများကို ယူလိမ့်မည် မဟုတ်ဟု သိနေသော်လည်း ဤအဖြူရောင် ကျောက်စိမ်းတိုင်လုံးမှာမူ လွန်စွာ တန်ဖိုးရှိသော မှော်ရတနာ သန္တေလောင်း ဖြစ်သည်။ သူ့တွင် လုံးဝကို ကွဲပြားခြားနားသော အခိပ္ပာယ် တစ်ခုရှိ၏။ ဟင်းလင်းပြင် ဘုရားကျောင်း၊ စူတောင်ဓားဂိုဏ်းနှင့် မဟာကျိုး အင်ပါယာတို့ပင် သူ့အား လက်လွတ်ခံလိမ့်မည်

မဟုတ်ချေ။ ပထမ အနေဖြင့် သူ၏
လုံခြုံမှုအတွက် ဖြစ်သည်။ ဒုတိယ အနေနှင့်
သူ့အား အောင်မြင်စွာ ကျင့်ကြံနိုင်ရန် ဖြစ်သည်။

ကမ္ဘာကြီး တစ်ခုလုံးတွင် ဤအဖြူရောင်
ကျောက်စိမ်းတိုင်လုံးကဲ့သော ရတနာအား
တပည့်တစ်ယောက်ကို ပေးသောသူမှာ
လင်းဖုန်းတစ်ယောက်သာ ရှိပေလိမ့်မည်။

## စာစဥ် ၄၂ : အပိုင်း ၃

## အပိုင်း ၇၉၃ : မျှော်မှန်းချက်ထက်ပိုသော ဆုလာဘ်များ

ရှောင်ယန်နှင့် ကျန်သောသူများသည် ဇူရီနှင့် မဟာနေမင်း ကိုယ်ပွား ဆွဲယူလာသည့် အဖြူရောင် ကျောက်စိမ်းတိုင်လုံးအား ကြည့်နေကြသည်။ သူတို့သည် မနောလို မဖြစ်နေကြသော်လည်း အနည်းနှင့် အများတော့ အားကျနေကြသည်။

ကြမ္မာပန်းတိုင်မှ မော်ရတနာ၏ ရှားပါးမှုကို အားလုံးတို့က သိထားကြသည်။ အမှန်အတိုင်း ပြောရလျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း တစ်ခုလုံးတွင် ကြမ္မာပန်းတိုင် အဆင့်မှ မော်ရတနာ စစ်စစ် တစ်ခုမှ မရှိချေ။

နတ်ဘုရား နယ်မြေ တစ်ခုလုံးတွင်
တစ်စုံတစ်ယောက်၏ ထိန်းချုပ်မှုကို ခံထားရ၍
အချိန်မရွေး အသုံးပြုနိုင်သော ကြမ္မာပန်းတိုင်
အဆင့်မှ မှော်ရတနာမှာ ခြောက်ခုသာ ရှိသည်။
သူတို့သည် အန္တိမ ကောင်းကင်ကြေးမုံ၊
မဟာဟင်းလင်းပြင် မြင့်မြတ်သောစံအိမ်၊
သူတော်စင် ကောင်းကင်ဓား၊ အင်မော်တယ်
နဂါးမြို့တော်၊ မဟာကောင်းကင်ဘီးနှင့်
တော်ဝင်နန်းတော်တို့ ဖြစ်ကြ၏။

ယင်ယန်ပင်လယ် အတွင်းမှ
ရွှေရောင်အလင်းတန်း စက်လုံးဖြစ်စေ၊
သေမင်းခန်းမမှ ခန်းမခေါင်းဆောင်၏
ရှင်ခြင်းနှင့်သေခြင်း စာအုပ်ဖြစ်စေ သို့မဟုတ်

နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာပင် ဖြစ်စေ သူတို့သည် ဤအဖြူရောင် ကျောက်စိမ်း တိုင်လုံးကဲ့သို့သာ ဖြစ်သည်။ သူတို့တွင် ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်နိုင်သည့် အလားအလာများသာ ရှိနေကြသည်။

အံ့ဖွယ် ကောင်းကင်ကမ္ဘာ၏ မွေးမြူခြင်းကို ခံနေရသော ရွှေရောင်အလင်းတန်း စက်လုံးကဲ့သို့ ဤအဖြူရောင် ကျောက်စိမ်းတိုင်လုံးသည် ယင်ပင်လယ်မှ စွမ်းအားများ၏ မွေးမြူခြင်းကို ခံနေရသည်။ ဒါသည် နောက်ထပ် ပုံတူပွား၍ မရသည့် အံ့ဖွယ်တစ်ပါးပင် ဖြစ်သည်။

ဇူရီသည် အင်မော်တယ်ဝိညာဉ်ကိုပင် ဖန်ဆင်းရခြင်း မရှိသေးပဲ ဤကဲ့သို့သော ကံကြမ္မာမျိုးကို ပိုင်ဆိုင်ထားသည်။ မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးမှ လူတိုင်းတို့သည် သူ၏ ကံကောင်းမှုကို အားကျနေကြမည် ဖြစ်သည်။

သို့သော်လည်း ကြမ္မာပန်းတိုင် အဆင့်သို့ ရောက်ရှိရန် အလားအလာ ရှိနေခြင်းသည် အောင်မြင်မည်ဟု အာမခံနိုင်ခြင်း မရှိပေ။ မျှော်လင့်ချက်သည် တစ်ရာရာခိုင်နှုန်း စိတ်ချရခြင်း မရှိပေ။

အင်မော်တယ် နဂါးမြို့တော်ကဲ့သို့
အောင်မြင်နိုင်ခဲ့သော အရာများ ရှိသကဲ့သို့
နတ်ဘုရား ခန္ဓာကိုယ် ချပ်ဝတ်တန်ဆာကဲ့သို့
ကျရှုံးခဲ့သော အရာများလည်း ရှိသည်။

ဇူရီသည် လင်းဖုန်း၏ သူ့အပေါ်တွင်
ထားရှိသော ယုံကြည်ချက်နှင့်
မျှော်လင့်ချက်များကို ခံစားမိလိုက်ရ၏။
သို့သော်လည်း ဒါသည် သူ့အတွက်
ဖိအားမဖြစ်ခဲ့ပဲ လှုံ့ဆော်မှုပင် ဖြစ်သွားခဲ့သည်။

"ဆရာ.. ကျွန်တော်က အရာအားလုံးကို
အလေးအနက်ထားပြီး ဆောင်ရွက်ပါမယ်"
ဇူရီသည် ခေတ္တမျှ နားလိုက်ကာ

ဆက်ပြောလိုက်သည်။ "ကျွန်တော်က ယုကျင်းတောင်အပေါ်မှာ အချိန်အနည်းငယ် တံခါးပိတ်ပြီး လေ့ကျင့်လို့ပါတယ်"

ယုံကြည်ချက် ရှိခြင်းသည် သူ့အား မျက်စိမှိတ်၍ ယုံကြည်နေခြင်း မဟုတ်ပေ။ ဇူရီသည် ထိုအဖြူရောင် ကျောက်စိမ်းတိုင်လုံးအား သိမ်းထားရန် လင်းဖုန်းထံမှ ခွင့်ပြုချက်ကို ရရှိပြီး ဖြစ်သည်။ သူသည် နေရာတကာသို့ ပတ်သွား၍ ဝင့်ကြွားနေမည် မဟုတ်ချေ။ ကျန်သော ကျင့်ကြံသူများစွာတို့သည် သူ့ဆီမှ လုယူနိုင်ရန် ချောင်းမြောင်းနေကြမည် ဖြစ်သည်။

လင်းဖုန်းက ပြုံးလိုက်သည်။ "ဇူရီ.. ဒီအဖြူရောင် ကျောက်စိမ်းတိုင်လုံး အကြောင်းကို သွားပြီးမှ လေ့လာချေ.. ဒါက မင်းရဲ့ ကိုယ်ပိုင် ကျင့်ကြံမှု အတွက်ပါ အကျိုးရှိစေလိမ့်မယ်"

ဇူရီက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ.. ကျွန်တော် နားလည်ပါတယ်"

ထိုအချိန်တွင် ကျဲယုနှင့် ပိုင်ကွမ်းတို့က ချဉ်းကပ်လာကြ၏။ သူတို့သည် လင်းဖုန်းအား နှုတ်ဆက်လိုက်ကြပြီး ပိုင်ကွမ်းက ပြောလိုက်သည်။ "အကြီးအကဲလင်းက ကျွန်မကို ဒီခရီးမှာ လိုက်ပါခွင့် ပြုခဲ့တဲ့အတွက်

ကျေးဇူးအရမ်းတင်ပါတယ်.. ကျွန်မက
ယင်ပင်လယ်ရဲ့ အတွေ့အကြုံကနေ အများကြီး
သင်ယူခဲ့ရပါတယ်.. ဒါပေမဲ့ ကျွန်မက အရမ်း
အကူအညီ မပေးခဲ့ရတဲ့အတွက်
နောင်တရမိပါတယ်"

လင်းဖုန်းက သူမအား ကြည့်လိုက်သည်။
"မင်းကလည်း အလယ်ဗဟိုက ပုံရိပ်ယောင်
လောကအတွင်းကို ဝင်သွားခဲ့တယ်
မဟုတ်လား"

ပိုင်ကွမ်းက ပြန်ဖြေလိုက်၏။ "ဟုတ်ကဲ့ပါ..
ကျွန်မ ဝင်သွားပြီးတဲ့အခါ ကျွန်မ ရရှိခဲ့တဲ့
ကြယ်စင် အလင်းတန်းက မသေဝိညာဥ်ကို

ဖန်ဆင်းပြီးခဲ့တဲ့ နဂါးဘုရင် တစ်ယောက်ရဲ့ လက်ကျန်စိတ်ဝိညာဉ် ဖြစ်ပါတယ်.. ကျွန်မက အများကြီး သင်ယူခဲ့ရပါတယ်"

"ဟုတ်ပြီ" လင်းဖုန်းက ပြောလိုက်သည်။ "မင်းကလည်း တံခါးပိတ် ကျင့်ကြံပြီး မိစ္ဆာသခင် နောက်ဆုံးအဆင့်ကို ရောက်အောင် အားထုတ်နိုင်တယ်။ မင်းက စကြာဝဠာ ပုံသဏ္ဍာန်ကို ရရှိနိုင်တော့မယ်"

ပိုင်ကွမ်းနှင့် ကျဲယုတို့သည် လင်းဖုန်းအား ဦးညွှတ်လိုက်ကြသည်။ "အားလုံးတို့က မာစတာလင်းရဲ့ ကျေးဇူးတွေကြောင့်ပါ"

"ငါ့ကို ကျေးဇူးမတင်ကြပါနဲ့.. ဒါက မင်းတို့ရဲ့ ကံကြမ္မာပဲ ဖြစ်တယ်.. ငါက မင်းတို့ကို ယင်ပင်လယ်ကို ခေါ်လာရတာက ဒီတောင်ကို လာခဲ့ကြတဲ့ နဂါး အဖွဲ့ဝင်တွေ အတွင်းမှာ မင်းတို့နဲ့ ကံစပ်တဲ့သူ ရှိမလား ဆိုပြီးတော့ ဖြစ်တယ်"

သူ၏စကား ဆုံးသည်နှင့် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွားသည်လည်း ယင်ကျိုးနတ်တောင် အပေါ်သို့ ရောက်ရှိလာခဲ့သည်။ သူ၏အသံမှာ အသံသြဇာနှင့် ပြည့်စုံလှသည်။ "ဒါပေမဲ့

အခုကြည့်ရတာ ငါကတော့ ဘာမှလုပ်စရာ မရှိဘူး"

ရှောင်ယန်က ရယ်လိုက်သည်။ "ဆရာ.. ဒီတစ်ခေါက်မှာ ကျွန်တော်တို့က ယင်ကျိုးနတ်တောင်ကို ရရှိခဲ့တယ်.. ဒုတိယ ဂျူနီယာက ကြမ္မာပန်းတိုင် အဆင့်က မှော်ရတနာ သန္ဓေလောင်းကိုတောင် ရရှိနိုင်ခဲ့တယ်.. ကျွန်တော်တို့ရဲ့ ခရီးက အလဟဿ မဖြစ်ခဲ့ဘူး.. ဒါ့အပြင် ဆရာက မဟာကျိုး အင်ပါယာကို ဖန်ကျန်းနတ်တောင်ကို ဆုံးရှုံးစေခဲ့သေးတယ်.. ဒါပေမဲ့ ပန်းလိုင်နတ်တောင်နဲ့

ဖန်ကျန်းနတ်တောင်တို့က
ပျောက်ကွယ်သွားခဲ့တာ နှမြောစရာပဲ"

"တကယ်လို့ ကျွန်တော်တို့က နတ်တောင်
သုံးတောင်စလုံးကို ရရှိနိုင်ခဲ့ရင်
အကောင်းဆုံးပေါ့"

လင်းဖုန်းသည် ထူးခြားဆန်းကြယ်စွာနှင့်
ပြုံးလိုက်ကာ ရှောင်ယန်၊ ဇူရီ၊ ယန်ချင်နှင့်
လီယွမ်ဖန်းတို့အား သူ၏ မှော်စွမ်းအင်ဖြင့်
ဆက်သွယ်လိုက်၏။ "ဖန်ကျန်းကိုတော့
ထားလိုက်ပါ။ ဒါပေမဲ့ ပန်းလိုင် အနေနဲ့ကတော့
သိပ်မကြာခင်မှာ သူက ဒီနေရာကို
ရောက်လာလိမ့်မယ်"

ရှောင်ယန်၊ ဇူရီနှင့် ကျန်သောသူများသည် အသေအချာ အာရုံစိုက်နေကြသော်လည်း သူတို့၏ အမူအရာများမှာ အရင်အတိုင်းပင် ဖြစ်၏။

ကျဲယု၊ ပိုင်ကွမ်း၊ ကွေနွားဘုရင်နှင့် ကျန်သောသူများ ထွက်သွားကြသောအခါ ရှောင်ယန်က လင်းဖုန်းအား စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်သည်။ "ဆရာ.. ဆရာ့စကား အရဆိုရင် ပန်းလိုင်နတ်တောင်က.."

"ငါ့အနောက်ကို လိုက်ခဲ့ကြ" လင်းဖုန်းက ရယ်လိုက်သည်။ မိုးကြိုးနဂါး ကိုယ်ပွားသည် သူတို့ လေးယောက်တို့အား ယင်ကျိုးနတ်တောင် အပေါ်မှ ခေါ်ဆောင်းသွားခဲ့သည်။ သူတို့သည် ယင်ပင်လယ် တလျှောက် ဖြတ်သန်းလာခဲ့ကြသည်။

ခဏအကြာတွင် အားလုံးတို့သည် သူတို့၏ အရှေ့မှ လေဟာနယ်သည် တုန်ခါသွားသည်ဟု ခံစားမိလိုက်ကြသည်။ ပြီးတာနှင့် တိမ်တိုက်များက လွင့်စင်သွားကြကာ ယင်ကျိုးနတ်တောင်ထက် အနည်းငယ် သေးငယ်သော နတ်တောင်တစ်ခုက

ပေါ်လာခဲ့သည်။ သူ့အား အနက်ရောင် ပင်လယ်တစ်ခုက ဝန်းရံထားခဲ့သည်။

"ဒါ.. ဒါက ပန်းလိုင်နတ်တောင် မဟုတ်လား" အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းမှ လူအားလုံးတို့သည် အံ့အားတကြီးဖြင့် စိတ်လှုပ်ရှားနေကြသည်။

ရှောင်ယန်က ရယ်လိုက်သည်။ "ဟားဟား.. ငါတို့က ဒီတစ်ခေါက်မှာ ပန်းလိုင်နဲ့ ယင်ကျိုးနတ်တောင် နှစ်ခုစလုံးကို ရရှိခဲ့တယ်။ ငါတို့က ကျန်တဲ့သူတွေကို အံ့အားသင့်စေမယ့် အချိန်ကို စောင့်ရဦးမယ်"

လင်းဖုန်းသည် သူတို့အား ပန်းလိုင်နတ်တောင်
အပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။
လှိုင်းထနေသော ပင်လယ်သည် သူတို့အတွက်
လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးခဲ့၍
သူတို့အား တောင်ပေါ်သို့
ခေါ်ဆောင်သွားခဲ့သည်။

တောင်အပေါ်မှ စံအိမ်အတွင်းတွင် ရောမ
ပုံရိပ်တစ်ခုက သူတို့ထံသို့ ချဉ်းကပ်လာခဲ့၏။
သူသည် ဝံပုလွေကဲ့သို့ ပုံစံရှိ၍ သူ၏
လက်များသည် နဂါးလက်သည်းများကဲ့သို့
ဖြစ်နေသည်။ သူ့တွင် ငွေဖြူရောင်
အမွေးများရှိပြီး သူ့ခေါင်းတွင် ဦးချိုသုံးခု

ရှိနေသည်။ သူ၏ ဘေးပတ်ပတ်လည်တွင်
ခရမ်းရောင် အလင်းတန်းများ
လင်းလက်နေကြသည်။ သူသည် လျှိုကြီး
ဖြစ်၏။

လျှိုကြီးသည် လင်းဖုန်းအား
တွေ့လိုက်သောအခါ သူ့အား ဦးညွှတ်လိုက်ကာ
လေးစားစွာနှင့် နှုတ်ဆက်လိုက်သည်။
"မာစတာလင်း"

ရှောင်ယန်နှင့် ကျန်သောသူများသည် သူ့အား
စိတ်ဝင်တစားဖြင့် စိုက်ကြည့်လိုက်ကြသည်။
လင်းဖုန်းသည် သူ့အကြောင်း တစ်ပိုင်းတစ်စ

ပြောပြလိုက်ကာ သူတို့နှင့်
မိတ်ဆက်ပေးလိုက်သည်။

လှိုုကြီးသည် နို်မ့်ချ၍ ယဥ်ကျေးစွာ နေခဲ့ပြီး
သူ၏ စွမ်းအားများကို တမင်သက်သက်
ဖိနှိပ်ထားခဲ့သော်လည်း ယန်ချင်နှင့်
လီယွမ်ဖန်းတို့သည် ကြီးမားသော ဖိအားများကို
ခံစားနေကြရသည်။ ရှောင်ယန်နှင့် ဇူရီတို့သည်
အချင်းချင်း ကြည့်လိုက်ကြ၏။ "ဆရာ.. သူက
နည်းနည်းလေး ထူးခြားနေသလိုပဲ"

သူတို့ အချင်းချင်း
မိတ်ဆက်ပြီးသွားကြသောအခါ သူတို့သည်
အတန်ငယ် ရင်းနှီးသွားကြသည်။ ပြီးတာနှင့်

ရှောင်ယန်နှင့် ကျန်သောသူများသည် ပန်းလိုင်နတ်တောင် ပတ်ပတ်လည်ကို လျှောက်ကြည့်လိုက်ကြ၏။

လင်းဖုန်းသည် လျှိုကြီးအား ကြည့်လိုက်ကာ ပြုံး၍မေးလိုက်သည်။ "မင်းက ဘယ်လို ခံစားနေရသလဲ"

လျှိုကြီးက သက်ပြင်းအနည်းငယ် ချလိုက်သည်။ "ကျွန်တော်က ကျိုးပဲ့နေတဲ့ မှတ်ဉာဏ်အချို့ကို စုစည်းနိုင်ခဲ့ပြီး ကိစ္စအချို့ကို နားလည်နိုင်ခဲ့ပါတယ်.. ဒါပေမဲ့ ကျွန်တော့်ရဲ့ သံသယတွေက ပိုပိုပြီး များလာတယ်လို့ ခံစားနေရတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "စိတ်လျှော့ပါ.. သိပ်ပြီးတော့ စိုးရိမ်မနေပါနဲ့"

"မင်းရဲ့ စိတ်ဝိညာဉ်ကို အရင် အားမွေးထားပါ.. မင်းရဲ့ မိစ္ဆာ မှော်ကျိန်စာတွေကို လေ့ကျင့်ထားပါ.. အချိန်ကျလာလို့ရှိရင် မင်းရဲ့ ကိုယ်ခန္ဓာကို ပြန်လည် ဖန်ဆင်းနိုင်လိမ့်မယ်" လင်းဖုန်းက ခေတ္တမျှ ရပ်နားလိုက်ကာ လျှိုကြီးအား ကြည့်လိုက်သည်။ သူက တည်ငြိမ်စွာနှင့် ပြောလိုက်၏။ "တစ်ချိန်ကျရင် မင်းက မဟာလွင်တီးခေါင် ကုန်းမြေကို သွားနိုင်တယ်.. အဲ့ဒီမှာ မင်းက အဖြေတွေကို ပိုတွေ့လာနိုင်လိမ့်မယ်"

လှိုကြီးက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဟုတ်ကဲ့ပါ.. မာစတာလင်း.. ကျွန်တော် နားလည်ပါတယ်"

ပြီးတာနှင့် သူက ကသိကအောက် ဖြစ်လှစွာနှင့် ပြောလိုက်သည်။ "ကျွန်တော်က ပေးဒီးစ်ကေရာဇ်ရဲ့ ပုံရိပ်ကနေပြီး ကျင့်ကြံမှု ကျမ်းစာတွေကို အမွေဆက်ခံခဲ့ရတယ်.. ကျွန်တော်က အချို့အပိုင်းတွေကို နားမလည်သေးပေမဲ့ သက်တောင့်သက်သာ ဖြစ်စွာ ခံစားနေရတယ်"

လင်းဖုန်းက ပြန်ဖြေလိုက်၏။ "သိပ်မလောနဲ့.. မင်းက လေးနက်တဲ့ အရာများစွာတို့ကို အခုအချိန်မှာ တွေ့ကြုံခဲ့ရတယ်.. မင်းကျော်လွှားရမယ့် အရာတွေက ကြီးကျယ်လွန်းတယ်.. မင်းနားမလည်သေးတဲ့ အရာတွေက အများကြီး ရှိဦးမှာပဲ"

"မိစ္ဆာ ကျင့်ကြံမှု ကျမ်းစာတွေ အနေနဲ့ ငါက သူတို့ကို သိပ်မကျွမ်းကျင်ပေမဲ့ မင်းနဲ့အတူတူ လေ့လာပေးလို့ ရတယ်"

လျှိုကြီးသည် သူ၏ခေါင်းကို ညိတ်လိုက်သည်။ သူ၏ မျက်လုံးအစုံမှာ အလင်းတန်းများဖြင့် တောက်ပလာခဲ့၏။ ထိုအလင်းတန်းများ

အကြားတွင် ထူးခြားဆန်းပြားသော မှော်သင်္ကေတပေါင်း များစွာတို့ လွင့်မျောနေခဲ့ကြသည်။

လင်းဖုန်းသည် သူတို့အား အချိန်အတန်ကြာ ကြည့်လိုက်ရာ မိုးကြိုးနဂါး၏ ခန္ဓာကိုယ်သည် အပြင်းအထန် တုန်ခါလာခဲ့သည်ဟု ခံစားခဲ့ရသည်။ မိစ္ဆာစွမ်းအား၊ အသွေးအသား၊ စိတ်ဝိညာဉ်၊ မသေမိစ္ဆာဝိညာဉ်တို့သည် တစ်ခုနှင့်တစ်ခု ဆက်သွယ်နေသလို့ ဖြစ်နေခဲ့သည်။

"ဒါက မပြည့်စုံသေးတဲ့ ကောင်းကင်တာအို မိစ္ဆာကျမ်းစာ ဖြစ်တယ်"

ယုကျင်းတောင်ပေါ်တွင် လင်းဖုန်း၏ မူလခန္ဓာကိုယ်ကလည်း အနည်းငယ် တုန်ခါသွားခဲ့၏။ သူက တွေးလိုက်သည်။ "ငါက သံမဏိသစ်ပင် ကိုယ်ပွားကို စွန့်လွှတ်ပြီး သန့်စင်တဲ့ မိစ္ဆာကိုယ်ပွား တစ်ခုကို ကျင့်ကြံခဲ့တယ်.. ဒါက မှန်ကန်တဲ့ ဆုံးဖြတ်ချက် တစ်ခုပဲ.. ငါက တကယ်ပဲ အရင်က ဖြတ်လမ်းလိုက်ခဲ့မိတယ်"

လင်းဖုန်း၏ မူလခန္ဓာကိုယ်သည် ယုကျင်းတောင်ပေါ်တွင် ဖြည်းညင်းစွာနှင့် လမ်းလျှောက်နေခဲ့သည်။ လမ်းလျှောက်နေရင်း သူက စဥ်းစားနေခဲ့သည်။

ပန်းလိုင်နတ်တောင်တွင်လည်း အရင်းအမြစ်
များစွာရှိသည်။ ယင်ကျိုးနတ်တောင်ထက်
ပို၍အောက်မကျချေ။ သို့သော်လည်း
လင်းဖုန်းအမြင်အရ တန်ဖိုးအရှိဆုံးအရာမှာ
ပန်းလိုင်နတ်တောင် ကိုယ်တိုင်ကလွဲ၍
ကောင်းကင်ယောက်သွား ရွှေပုလဲနှင့်
ဟေးဒီးစ်ကေရာဇ် အလင်းတန်း ပုံရိပ်တို့၏
ပေါင်းစည်းသွားမှုပင် ဖြစ်သည်။

ထို့အပြင် ၃၃ဘုံ ဖန်ဆင်းခြင်း
သက်စောင့်ဆေးလုံးမှ အဓိက
အမယ်တစ်မျိုးဖြစ်သော ရစ်ခွေသိပ်သည်း
သလင်းကျောက်အားလည်း ရရှိခဲ့သည်။

ဒါသည် လင်းဖုန်း၏ လျှို့ဝှက်ချက် ဖြစ်၏။ ယခုအချိန်အထိတိုင်အောင် မူလကောင်းကင် ကမ္ဘာတွင် သူ၏ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းအတွက် အရေးပါမှုကို တစ်ယောက်မှ မသိကြသေးချေ။

"ဖန်ကျန်းနတ်တောင်က သူ့ကိုယ်သူ ဖုံးကွယ်သွားခဲ့ပြီ.. ဒါပေမဲ့ ငါ့ရဲ့လက်ထဲမှာ ပန်းလိုင်နတ်တောင်နဲ့ ယင်ကျိုးနတ်တောင်တို့ ရှိနေတယ်.. ငါက အစောပိုင်းမှာ ကောင်းကင်နှလုံးသား ဖန်ကျန်း နတ်အလင်းတန်းကိုလည်း ရရှိခဲ့တယ်.. အနာဂတ်မှာ ဖန်ကျန်းနတ်တောင်ကို

ရှာဖွေဖို့က ဒီလောက်ကြီး ခက်တော့မှာ မဟုတ်ဘူး"

"ဒီနတ်တောင် နှစ်တောင်တို့ကို ကျင့်ကြံပြီး ထိန်းချုပ်နိုင်ခဲ့တော့ ယင်ပင်လယ် တစ်ဝက်က တကယ်ပဲ ငါ့ရဲ့ လွှမ်းမိုးမှုအောက်ကို ရောက်သွားခဲ့ပြီ.. ယင်ပင်လယ်ကို ကြံစည်နေကြတဲ့ သူတွေအတွက် သူတို့ကို အံ့အားသင့်စေမယ့် အရာတစ်ခုက စောင့်နေတယ်"

ပြင်ပကမ္ဘာတွင် သိထားခဲ့သည်နှင့် နှိုင်းယှဥ်လျှင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း၏ အစစ်အမှန်

ဆုလာဘ်များမှာ မျှော်မှန်းထားသည်ထက် များစွာပိုပေသည်။

"နောက်ထပ် နတ်တောင်တွေ ပေါ်လာမယ့်အချိန်မတိုင်ခင်မှာ ငါက ဖန်ကျန်းနတ်တောင်ကို ရယူနိုင်မလား"

ခဏအကြာတွင် လင်းဖုန်းသည် ရပ်တန့်လိုက်ကာ သူ၏ လက်ဝါးကို လှန်လိုက်သည်။ သူသည် မက်မုံသီး အရွယ်ရှိသည် စက်ဝိုင်းပြားတစ်ခုကို လက်ဝါးအတွင်းမှ ယူလိုက်၏။ သူသည် မျက်စိကျချင်စရာ မကောင်းပေ။ ညစ်ပတ်၍

အနည်းငယ် ပျက်စီးနေသော အနက်ရောင် စက်ဝိုင်းပြားလေး တစ်ခုသာ ဖြစ်သည်။

ဒါသည့် အေးရီးစ်ကိုယ်ပွားက ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ယူပြန်လာသော ပစ္စည်းလေး ဖြစ်သည်။ ထိုအရာသည် လင်းဖုန်း၏ စိတ်ဝင်စားမှုကို မြင့်တက်စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအရာကို အဖွဲ့နှစ်ဖွဲ့က ဝိုင်းလုနေကြခြင်းကြောင့် ဖြစ်သည်။

ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ပဋိပက္ခများမှာ မကြာခဏ ဖြစ်ပွားလေ့ ရှိကြသည်။ သို့သော်လည်း လင်းဖုန်းအား

စိတ်ဝင်စားစေသည့် အချက်မှ
ထိုနှစ်ဖွဲ့စလုံးတို့သည် သေမင်းခန်းမ၏
လက်အောက်ခံများ ဖြစ်ကြခြင်း ဖြစ်သည်။

တစ်ဖွဲ့မှာ ထိုစက်ဝိုင်းပြားအား ကာကွယ်နေ၍
ဟင်းလင်းပြင် အတွင်းတွင် သို၀ှက်ရန်
ကြိုးစားနေသည်။ အခြားတစ်ဖွဲ့မှာ သူတို့အား
အလစ်ဖမ်း၍ တိုက်ခိုက်ခဲ့သည်။ သူတို့သည်
ရက်စက်စွာဖြင့် တိုက်ခိုက်ခဲ့ကြ၍
အခြားတစ်ဖွဲ့မှ လူအချို့ကို သတ်ဖြတ်ခဲ့ကာ
ထိုစက်ဝိုင်းပြားအား လုယူသွားခဲ့ကြသည်။

ထိုစက်ဝိုင်းပြားကို ကာကွယ်နေသော အဖွဲ့မှာ ဘာမှ ပြန်မလုပ်ခဲ့ပဲ ထိုစက်ဝိုင်းပြားကိုသာ ကာကွယ်ခဲ့ကြသည်။

ထိုစက်ဝိုင်းပြားအား လုယူခဲ့သော အဖွဲ့သည် သူ့အား မကျင့်ကြံခဲ့ပေ။ သူတို့သည် ထွက်ပြေးခဲ့ကြရင်း ထိုစက်ဝိုင်းပြားအား ကာကွယ်ခဲ့ကာ တစ်နေရာသို့ သွား၍ အခြားတစ်ယောက်ထံသို့ လက်ဆင့်ကမ်းခဲ့ကြသည်။

လင်းဖုန်းသည် သူတို့အား စစ်မေးခဲ့လိုက်သော်လည်း သူတို့က ဘာမှ မသိကြပေ။ သူတို့သည် အမိန့်များကို

ဆောင်ရွက်ရုံ သက်သက်ဖြစ်သည်။ သူတို့ထံမှ ရရှိခဲ့သော အဖိုးတန်သည့် သတင်းမှာ သူတို့ကို အမိန့်ပေးသောသူမှာ ငရဲဘုရင် ဆယ်ပါးအတွင်းမှ ချူကျန်းဘုရင် ဖြစ်သည်။ သူသည် ထိုသူများက ဤစက်ဝိုင်းပြားကို လက်ဆင့်ကမ်းရမည့် သူလည်းဖြစ်၏။

လင်းဖုန်းသည် သူတို့ပေးထားသည့် သဲလွန်စများအရ လိုက်သွားခဲ့ကာ ချိန်းထားသည့် နေရာကို ရောက်သွားခဲ့သည်။ သို့သော်လည်း မည်သူ့ကိုမှ မတွေ့ခဲ့ရပေ။ ချူကျန်းဘုရင်သည် အချိန်အတော်ကြီး ကြာသည်အထိတိုင်အောင် ပေါ်မလာခဲ့ပေ။ ချူကျန်းဘုရင်က တစ်ခုခု မှားနေသည်ကို

သိသွား၍လော သို့မဟုတ် အကြောင်းတစ်ခုခု ပေါ်လာ၍လော ဟူသည်ကိုမူ သူက မသိခဲ့ပေ။

ဘာမှ အကြောင်းမထူးခဲ့သဖြင့် လင်းဖုန်းသည် အချိန်အတန်ကြာ စဉ်းစားလိုက် အပြီးတွင် ထိုစက်ဝိုင်းပြားအား အေးရီးစ်ကိုယ်ပွားနှင့်အတူ နတ်ဘုရားနယ်မြေ အတွင်းသို့ ယူလာခဲ့ရန် ဆုံးဖြတ်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် လင်းဖုန်းသည် ထိုစက်ဝိုင်းပြားသည် ဘဝသံသရာ၌ ပြန်လည်ဝင်စားခြင်းနှင့် ပတ်သတ်နေသော မှော်ရတနာ တစ်ပါးဖြစ်သည်ကို သိရှိခဲ့ရသောကြောင့် ဖြစ်သည်။ သို့သော်လည်း

သူသည် တစ်ခါသာ ထပ်မံ၍ အသုံးပြု၍
ရတော့မည် ဖြစ်သည်။
နောက်တစ်ခါအသုံးပြုပြီးပါက
သူ၏စွမ်းအင်သည် ကုန်ခမ်းသွားမည်ဖြစ်ကာ
နောက်ထပ် အသုံးပြု၍ ရတော့မည် မဟုတ်ချေ။

ဘဝသံသရာ၌ ပြန်လည်ဝင်စားရခြင်း၏
လျှို့ဝှက်ချက်မှာ ခက်ခဲ၍ နက်နဲလှသည်။
လင်းဖုန်း၏ ထိုနေရာ၌ သဘောပေါက်
နားလည်မှုများသည်ပင် အကန့်အသတ် ရှိသည်။
သို့သော်လည်း သူသည် ထိုစက်ဝိုင်းပြားကို
နောက်ဆုံးတစ်ခေါက်
အသုံးပြုထားသောသူသည် ကျင့်ကြံမှုအဆင့်
အလွန်မြင့်မားသည်ကို သိနိုင်ခဲ့သည်။ သူ၏

ကျင့်ကြံမှုသည် ငရဲဘုရင် ဆယ်ပါးထက် ပိုမြင့်နိုင်သည်။

ထို့အပြင် ထိုမှော်ရတနာသည် အလွန်အမင်း ရှေးကျ၍ ဟောင်းနွမ်းနေသည်။

ဤမှော်ရတနာအား တစ်ခါထက်မက ပို၍ အသုံးပြုခဲ့ပြီး ဖြစ်သည်။ သူသည် သူ၏အစွမ်းကို အဆုံးစွန် ထုတ်လွှတ်နိုင်ရန် အတွက် အခြား မှော်ရတနာများနှင့် ပူးပေါင်းရမည် ဖြစ်သည်။

ထိုစက်ဝိုင်းပြားအား ရရှိရန်
တိုက်ခိုက်နေကြသည့် အဖွဲ့ နှစ်ဖွဲ့စလုံးတို့မှာ
သေမင်းခန်းမမှ ဖြစ်ကြသဖြင့် လင်းဖုန်းအား
စိတ်ဝင်စားစေခဲ့သည်။

သူ၏စိတ်သည် သေမင်းခန်းမနှင့်
ကြုံတွေ့ခဲ့ရသည့် အဖြစ်များကို ပြန်လည်၍
စဉ်းစားနေခဲ့သည်။ သူ့တွင် မရေရာသေးသော
အတွေးများ ပေါ်လာခဲ့သော်လည်း
တဖြည်းဖြည်းနှင့်
ကြည်လင်ပြတ်သားလာခဲ့သည်။

## စာစဉ် ၄၂ : အပိုင်း ၄

## အပိုင်း ၇၉၄ : ခွန်းလွန်သို့ ပြန်ခြင်း

လင်းဖုန်းသည် ခေတ္တမျှ စဥ်းစားလိုက်ကာ အကြံတစ်ခု ပေါ်လာခဲ့သည်။ "ငါ့ရဲ့ ထင်မြင်ချက်ကို စမ်းသပ်ချင်နေပေမဲ့ အချိန်ခဏတော့ စောင့်ဦးမှ ရမယ်နဲ့ တူတယ်"

ပြန်လည်ဝင်စားခြင်း စက်ဝိုင်းပြားဟုခေါ်သော ထိုစက်ဝိုင်းပြားကို သိမ်းလိုက်အပြီးတွင် လင်းဖုန်းသည် အသံလွှင့်ကျောက်တုံးတစ်ခုကို ထုတ်ယူလိုက်သည်။ ထိုကျောက်တုံးအား ဖိခြေလိုက်သောအခါ အတွင်းမှ

ယန့်မင်းရွှဲ့၏အသံ ပေါ်လာခဲ့သည်။
"ယင်ကျိုးနတ်တောင်ကို ရရှိခဲ့တဲ့အတွက်
မာစတာလင်းကို ဂုဏ်ပြုပါတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ကျုပ်အတွက်
ကောင်းပေမဲ့ ခင်ဗျားအတွက်တော့
ကောင်းချင်မှ ကောင်းမှာ"

ယန့်မင်းရွှဲ့ကလည်း ရယ်လိုက်၏။
"အရာအားလုံးတို့က ကိုယ်စီစဉ်ထားတဲ့အတိုင်း
ဘယ်ဖြစ်နိုင်ပါ့မလဲ.. မဟာကျိုး အင်ပါယာက
အစီအစဉ်ရဲ့ လွဲချော်မှုတွေက ကျွန်မတို့ ဘာမှ
တတ်နိုင်တဲ့ အရာတွေ မဟုတ်ဘူး"

ယုကျင်းတောင်သည့် သူ့ကိုယ်သူ ဟင်းလင်းပြင် အတွင်းတွင် ဖော်ပြလိုက်သည်။ ခရမ်းရောင် အလင်းတန်း တစ်ခုသည် အဝေးသို့ ဆန့်တန်းသွားခဲ့သည်။ လူသားပုံရိပ်နှစ်ခုတို့က ထိုခရမ်းရောင် အလင်းတန်း အပေါ်သို့ ကျရောက်သွားခဲ့၍ တောင်ပေါ်သို့ ရောက်လာခဲ့သည်။

တစ်ယောက်မှာ ယန့်မင်းရွဲ့ဖြစ်၍ ကျန်တစ်ယောက်မှာ လင်းဖုန်း မမျှော်လင့်ထားသောသူ ဖြစ်သည်။ သူသည် မြောင်ရှီးဟောင် ဖြစ်၏။

လင်းဖုန်းအား ပို၍ စိတ်ဝင်စားစေသည့်
အချက်မှာ ဟင်းလင်းပြင် ဘုရားကျောင်းမှ
ကျင့်ကြံသူများကို မနှစ်မြို့သည့်
မြောင်ရှီးဟောင်သည် ယခုအချိန်တွင်
ယန့်မင်းရွှဲ့နှင့် ဘေးချင်းယှဥ်ရပ်နေခြင်း
ဖြစ်သည်။ သူ့အား ကြည့်ရသည်မှာ
စက်ဆုပ်နေသည့်ပုံ ပေါက်မနေပဲ
လေးနက်နေသောပုံ ပေါက်နေသည်။ သူသည်
တစ်စုံတစ်ခုအား စဥ်းစားနေသည့်ပုံ
ပေါက်နေကာ စိတ်ပျံ့လွင့်နေသောပုံ
ပေါက်နေ၏။

ယုကျင်းတောင် အပေါ်သို့ ရောက်လာပြီးသော
အခါမှသာ မြောင်ရှီးဟောင်သည်

သတိပြန်ဝင်လာခဲ့ကာ လင်းဖုန်းအား ကြည့်လိုက်ပြီး သူ၏မျက်လုံးအစုံမှာ တောက်ပလာခဲ့၏။ "အရှင်.."

လင်းဖုန်းသည် သူစကားပြောမည်ကို စောင့်မနေခဲ့ပဲ တစ်စုံတစ်ခုအား ပစ်ပေးလိုက်သည်။ မြောင်ရှီးဟောင်သည် သူ့အား ဖမ်းလိုက်သောအခါ ကျောက်စိမ်းလည်ဆွဲ တစ်ခု ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ထိုကျောက်စိမ်းလည်ဆွဲသည် အနည်းငယ် ထူးခြားသည်။ သူသည် အစိုင်အခဲ တစ်ခုဖြစ်သော်လည်း အမှန်တွင်

စီးဆင်းနေသော ရေသကဲ့သို့ ဖြစ်နေ၍
ပုံသဏ္ဍာန် အဆက်မပြတ် ပြောင်းလဲနေခဲ့သည်။
တစ်ချိန်တွင် သူသည် လပြည့်ဝန်းနှင့်တူကာ
တစ်ချိန်တွင် သူသည် လခြမ်းတစ်ခုနှင့်
တူနေ၏။

ကျောက်စိမ်းလည်ဆွဲသည် အဆက်မပြတ် ပုံစံ
ပြောင်းလဲနေခဲ့သည်။

"အပြစ် ကျောက်စိမ်းလည်ဆွဲ"
မြောင်ရှီးဟောင်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ ဒါသည် သူလိုချင်နေသော
ပစ္စည်းတစ်ခု ဖြစ်သည်။ ဒါသည်

ယင်ကျိုးနတ်တောင် အတွင်း၌သာ ရရှိနိုင်သော အထူး အရင်းအမြစ် တစ်ခုဖြစ်သည်။

မြောင်ရှီးဟောင်သည် သူ့အား အလောတကြီးနှင့် သိမ်းဆည်းခဲ့ခြင်း မပြုခဲ့ပေ။ သူသည် လင်းဖုန်းအား ဆက်လက်၍ စိုက်ကြည့်နေခဲ့သည်။ "အရှင်လင်း.. အရှင့်ကို အကြာကြီး လိုက်ရှာနေရတာ"

လင်းဖုန်း၏ နှုတ်ခမ်းများမှာ တွန့်သွားခဲ့၍ မြောင်ရှီးဟောင်အား လျစ်လျူရှုထားလိုက်သည်။ သူ့အား ဆက်၍ ဂရုစိုက်နေလျှင် သူ၏ထံမှ အဓိပ္ပာယ် မရှိသော

အရာများ ထပ်မံထွက်ပေါ်လာမည်ကို သိထားခဲ့သည်။

မြောင်ရှီးဟောင်ကလည်း စိတ်မပျက်သွားခဲ့ပေ။ သူက ပြုံးလိုက်ကာ ပြောလိုက်၏။ "ထားလိုက်ပါတော့.. အရှင်နဲ့ နောက်ကျမှပဲ စကားပြောတော့မယ်"

သူသည် ယန့်မင်းရွှဲ့ထံသို့ လှည့်ကြည့်လိုက်သောအခါ သူ၏မျက်နှာပေါ်မှ အပြုံးက ပျောက်ကွယ်သွားခဲ့သည်။ "ခင်ဗျားက ကျုပ်ကို ဒီတစ်ခေါက်မှာ အများကြီး ပြောပြခဲ့လို့ ကျုပ်က အများကြီး အကျိုးရှိခဲ့တယ်.. ဒါပေမဲ့

ကျုပ်ကခင်ဗျားကို ကျေးဇူးတင်မှာတော့ မဟုတ်ဘူး"

ယန့်မင်းရွဲ့သည် သူမ၏ နားစပ်အနောက်သို့ ဆံနွယ်များကို သိမ်းလိုက်ကာ ပြုံးလိုက်သည်။ "ကိစ္စမရှိပါဘူး.. ရှင်က အင်မော်တယ်ဝိညာဉ် အဆင့်ကို မြန်မြန် ရောက်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

မြောင်ရှီးဟောင်သည် သူ၏ မျက်ခုံးများကို ပင့်လိုက်သည်။ သူသည် အခြားတစ်ဘက်သို့ လျှောက်သွားခဲ့ကာ လှပသော တံစဉ်းတစ်ခုကို ထုတ်ယူလိုက်၍ သူ၏ လက်သည်းများကို သနေခဲ့သည်။

ယန့်မင်းရွှဲ့သည် လင်းဖုန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ "မာစတာလင်း.. ယင်ပင်လယ်မှာ ပဋိပက္ခတွေ ဖြစ်နေတဲ့ အချိန်မှာ နတ်ဘုရား နယ်မြေမှာလည်း သတိထားဖို့ကောင်းတဲ့ ပြောင်းလဲမှုအချို့ ဖြစ်ပေါ်ခဲ့တယ်"

"အိုး" လင်းဖုန်းက မေးလိုက်သည်။ "ဘာတွေများလဲ"

ယန့်မင်းရွှဲ့က ပြန်ဖြေလိုက်သည်။ "သံသရာဂိုဏ်းက ကောင်းကင်လမ်းစဥ်၊

ကျတ်တစ္ဆေလမ်းစဉ်နဲ့ သားရဲလမ်းစဉ်တို့ဟာ ပူးပေါင်းပြီး ယင်ပင်လယ်ကိုလာဖို့ ကြံစည်ခဲ့တယ်.. အသူရာလမ်းစဉ်၊ ငရဲလမ်းစဉ်နဲ့ လူသားလမ်းစဉ်တို့က ဒီအခြေအနေကို အခွင့်ကောင်းယူပြီး ကောင်းကင်လမ်းစဉ်ရဲ့ အားနည်းနေတယ်လို့ ထင်နေရတဲ့ ဌာနချုပ်ကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြတယ်"

"နောက်ဆုံးမှာ သူတို့က ထောင်ချောက်အတွင်းကို ကျရောက်သွားခဲ့ပြီး အကြီးအကျယ် ဆုံးရှုံးသွားခဲ့တယ်"

"အခုအချိန်မှာ ကောင်းကင်လမ်းစဉ်၊ ကျတ်တစ္ဆေလမ်းစဉ်နဲ့ သားရဲလမ်းစဉ်တို့က

ပြန်လည် တိုက်ခိုက်နေကြတယ်.. သူတို့က သံသရာဂိုဏ်းရဲ့ ပြည်တွင်းစစ်မှာ အသာစီး ရနေကြတယ်.. ကြည့်ရတာ အခုအချိန်မှာ သူတို့က အနိုင်ရသွားလောက်ပြီ"

လင်းဖုန်း၏ အမူအရာသည် မပြောင်းလဲသွားခဲ့ပေ။ "ဒီပဋိပက္ခက ဖြစ်နေတာ အတော်ကြာလှပြီ.. ဟိုလမ်းစဉ် သုံးခုက ဘယ်လိုလုပ်ပြီး ဒီလိုမျိုး ထောင်ချောက် အလွယ်တကူ မိသွားကြတာလဲ"

"တခြားသူတွေကို မပြောနဲ့.. လူသားလမ်းစဉ်က ခေါင်းဆောင် ကျန်းအန်းဟွေက တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ခဲ့ဖူးတယ်..

သူက ခန့်မှန်းတဲ့ နေရာမှာ
ကျွမ်းကျင်တဲ့သူတစ်ယောက် မဟုတ်ပေမဲ့
လောဘ သိပ်ကြီးတဲ့သူလည်း မဟုတ်ဘူး..
သူက ဘာဖြစ်လို့ ဒီလောက်အထိ နမော်နမဲ့
နိုင်ရတာလဲ"

ယန့်မင်းရွဲ့သည် သူမ၏ခေါင်းကို ညင်သာစွာနှင့်
ခါလိုက်သည်။ "ကျွန်မကလည်း ကျွန်မရဲ့
စီနီယာထံကနေ ကြားရတာပါ..
အသေးစိတ်ကိုတော့ အသေအချာ မသိပါဘူး"

လင်းဖုန်းက ရယ်လိုက်သည်။ "ဟင်းလင်းပြင်
ဘုရားကျောင်းက ဝင်မပါတော့ဘူးလား"

"ရှင့်ရဲ့ ကျေးဇူးကြောင့်ပေါ့.. မာစတာလင်း.. နတ်ဘုရား နယ်မြေမှာ သံသရာဂိုဏ်းက ပေါင်းစည်းသွားနိုင်ခဲ့ရင် ဟင်းလင်းပြင် ဘုရားကျောင်းအတွက် ဆိုးဝါးတဲ့ကိစ္စတစ်ခု မဟုတ်ဘူး" ယန့်မင်းရွှဲ့က ဖွဖွလေး ရယ်လိုက်သည်။ "အင်မော်တယ်ဝိညာဉ် အဆင့်က ကျင့်ကြံသူတွေ မကြွေလွင့်ခဲ့သ၍ ဟင်းလင်းပြင် ဘုရားကျောင်းက ဝင်ပါမှာ မဟုတ်ဘူး"

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်သည်။ "ကျုပ်ကြည့်ရသလောက်တော့ အင်မော်တယ်ဝိညာဉ် အဆင့်က

အကြီးအကဲတစ်ယောက်
ကြွေလွင့်သွားရင်တောင် နောက်ဆက်တွဲ
အကျိုးဆက်တွေက သိပ်မဆိုးရွားခဲ့ရင်
ဟင်းလင်းပြင် ဘုရားကျောင်းက ဝင်ပါမှာ
မဟုတ်ဘူး"

"အတိတ်ကလိုမျိုး ဖြစ်အောင် ဟင်းလင်းပြင်
ဘုရားကျောင်းက သူတို့ဘာသာ အခြေအနေကို
ထိန်းချုပ်နိုင်အောင် အရင်
စောင့်ကြည့်နေရမယ်"

"ဒါက ကျုပ်ကြောင့်သက်သက် မဟုတ်ပါဘူး..
ခင်ဗျားကြောင့်လည်း အများကြီး ပါပါတယ်"

ယန့်မင်းရွှဲ့က ရယ်လိုက်သည်။ သူမသည် တွေ့ရခဲ့သော ပြောင်ချော်ချော်ပုံစံ လုပ်ပြလိုက်သည်။ "ကျွန်မက မလိမ္မာတဲ့ တပည့်တစ်ယောက် ဖြစ်ပါတယ်.. ဂိုဏ်းကနေ မကြာခင် အထုတ်ခံရတော့မယ်နဲ့ တူတယ်"

လင်းဖုန်းသည် အဓိပ္ပာယ်မရှိဟု တွေးလိုက်၏။ ယန်ယွင်ကျန်းက လှူပ်ရှားခဲ့သည်ကို ကြည့်ရသော် ပြဿနာများစွာ ရှိနေခဲ့မည် ဖြစ်သည်။

သို့သော်လည်း ယန်ယွင်ကျန်း၊ ယန့်မင်းရွဲ့နှင့် ကျန်သောသူများ၏ လှုပ်ရှားနေသော ပုံစံကို ကြည့်ရသည်မှာ ဟင်းလင်းပြင် ဘုရားကျောင်း ခေါင်းဆောင်၏ လမ်းစဥ်ကို လိုက်နေသည့်ပုံ ပေါက်မနေချေ။ သူတို့သည် တစ်စုံတစ်ခုကို စမ်းသပ်၍ စောင့်ကြည့်နေသည့်ပုံ ပေါက်နေသည်။ မဟုတ်လျှင် ဟင်းလင်းပြင် ဘုရားကျောင်းသည် သံသရာဂိုဏ်းက စည်းမျဥ်းတစ်ခုတည်း အောက်တွင် ညီညွတ်သွားကြမည်ကို စောင့်ကြည့်နေမည် မဟုတ်ပေ။

သံသရာဂိုဏ်း ညီညွတ်သွားမည်ကို နတ်ဘုရား နယ်မြေ အတွင်းမှ ကျန်သောသူများထက်

စာလျှင် မဟာကျိုး အင်ပါယာက အစိုးရိမ်ဆုံး ဖြစ်ပေလိမ့်မည်။ သူတို့နှစ်ဖွဲ့တို့သည် အိမ်နီးနားချင်းများ ဖြစ်ကြ၏။ သူတို့အား ရေးဟောင်းကမ္ဘာ စိမ့်မြေဖြင့်သာ ခွဲခြားထားကြသည်။ အတိတ်ကာလတွင် သူတို့ နှစ်ဦးနှစ်ဘက် အကြားတို့တွင် ပဋိပက္ခအချို့ ဖြစ်ခဲ့ကြသည်။

အတိတ်ကာလတွင် ဤကဲ့သို့သော အဖြစ်မျိုး ဖြစ်ခဲ့ပါက မဟာကျိုး အင်ပါယာသည် ထိုင်ပြီးတော့မှ စောင့်ကြည့်နေလိမ့်မည် မဟုတ်ပေ။

သို့သော်လည်း ယခုအချိန်တွင် မဟာကျိုး အင်ပါယာသည် ယင်ပင်လယ်တွင် အလွန်အမင်း အထိနာသွားခဲ့သည်။ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းသည် ယင်ကျိုးနတ်တောင်ကို ရရှိသွားခဲ့ကာ မဟာချင် အင်ပါယာသည် သူတို့အား ဖိနှိပ်နိုင်ခဲ့သည်။ သူတို့သည် ယခင်ကဲ့သို့ မြောက်ကြွကြွ လုပ်၍မရတော့ချေ။ သံသရာဂိုဏ်း အနေနှင့် ယခုထက် ပို၍ကောင်းသော အချိန် မရှိနိုင်တော့ပေ။

သို့သော်လည်း ကောင်းကင်လမ်းစဥ်သည် မဟာကျိုး အင်ပါယာက ယင်ပင်လယ်

အတွင်းတွင် ဒုက္ခရောက်လိမ့်မည်ဟု မည်ကဲ့သို့ အနာဂတ်ကို တွက်ချက်နိုင်ခဲ့ပါသနည်း။

သူတို့သည် ဤအချိန်ကို ရွေးချယ်၍ လှုပ်ရှားခဲ့သဖြင့် အတွင်းသတင်း အချို့ကို ရထားခဲ့ပေလိမ့်မည်။

လင်းဖုန်းသည် ယန့်မင်းရွှဲ့အား ကြည့်လိုက်သည်။ သူမသည် တည်ငြိမ်နေဆဲဖြစ်ကာ အမူအရာ မပြောင်းလဲခဲ့ပေ။

သူတို့သည် လေးနက်သော ကိစ္စများကို ဆွေးနွေးပြီးသွားကြသောအခါ ခေတ္တမျှ

ဟိုပြောဒီပြော လျှောက်ပြောခဲ့ကြသည်။ ပြီးတာနှင့် ယန့်မင်းရွှဲ့သည် နှုတ်ဆက်လိုက်ကာ တောင်ပေါ်မှ ဆင်းသွားခဲ့သည်။

လင်းဖုန်းသည် သူမထွက်သွားသည်ကို ကြည့်နေခဲ့သော အချိန်တွင် မြောင်ရှီးဟောင်က နောက်ဆုံးတွင် ပါးစပ်ဟလာခဲ့သည်။ "အရှင်.. ယန့်မင်းရွှဲ့က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကွန်ဆာဖေးတစ် ပါတီဝင် မဟုတ်တော့ဘူး.. ဒါပေမဲ့ သူမက မဟာကျိုး အင်ပါယာနဲ့လည်း သိပ်ပြီး အကျွမ်းဝင်ပုံ မရဘူး.. သူမက ဘာများ လိုချင်နေပါလိမ့်"

"သူမ.. မဟုတ်ဘူး.. သူတို့က ဟင်းလင်းပြင် ဘုရားကျောင်းရဲ့ ကွန်ဆာဗေးတစ် ပါတီနဲ့ ရှေ့ဆောင်လမ်းစဉ် ပါတီတို့ရဲ့ အကြားမှာ လမ်းကြောင်းအသစ် တစ်ခုကို ဖောက်ချင်နေတာ" လင်းဖုန်းက ပြန်ဖြေလိုက်သည်။

"ဒီဖြစ်စဉ်မှာ ကွန်ဆာဗေးတစ် ပါတီနဲ့ ရှေ့ဆောင်လမ်းစဉ် ပါတီတို့ နှစ်ခုစလုံးတို့က သူတို့ရဲ့ ကိုယ်ပိုင် အကြံအစည်နဲ့ အစီအစဉ်တွေ ရှိကြတယ်.. သူတို့ရဲ့ သဘောထားတွေ တူညီနေတဲ့ ကိစ္စတွေမှာ သူတို့က အတူတကွ ဆောင်ရွက်ကြတယ်.. သူတို့က သဘောထားတွေ ကွဲပြားနေကြတဲ့ အချိန်မှာ

ဘယ်သူ့ရဲ့ နည်းဗျူဟာတွေက ပိုပြီးတော့ ပြောင်မြောက်သလဲ ဆိုတာအပေါ်မှာ မူတည်နေတယ်"

"အခြေအနေတွေ ပြောင်းလဲနေတဲ့အတွက် နောက်ဆုံး ရလဒ်တွေကလည်း ပြောင်းလဲသွားခဲ့တယ်.. သူတို့က ကွန်ဆာဗေးတစ် ပါတီနဲ့ ပူးပေါင်းပြီး ရှေ့ဆောင်လမ်းစဉ် ပါတီကို ဖိနှိပ်နိုင်တယ်.. ဒါမှမဟုတ် ရှေ့ဆောင်လမ်းစဉ် ပါတီနဲ့ ပူးပေါင်းပြီး ကွန်ဆာဗေးတစ် ပါတီကို ဆန့်ကျင်နိုင်တယ်"

"တစ်ခါတစ်လေမှာလည်း ကွန်ဆာဗေးတစ် ပါတီနဲ့ ရှေ့ဆောင်လမ်းစဉ် ပါတီတို့ အတူတကွ ပူးပေါင်းပြီး သူတို့ကို ထိန်းချုပ်နိုင်တယ်.. အခြေအနေတွေက အမျိုးမျိုး ဖြစ်နိုင်တယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "ရှီးလင်မြို့ တိုက်ပွဲမှာ သူတို့က ကွန်ဆာဗေးတစ် ပါတီနဲ့ ပူးပေါင်းပြီး ရှေ့ဆောင်လမ်းစဉ် ပါတီကို ဖိနှိပ်ဖို့ ငါ့ကို ကူညီပေးခဲ့တယ်.. ဒါပေမဲ့ မျက်စိတစ်မှိတ် အတွင်းမှာ ရှေ့ဆောင်လမ်းစဉ် ပါတီ၊ ယန့်မင်းရွှဲ့တို့အဖွဲ့၊ မဟာကျိုး အင်ပါယာနဲ့ ငါကိုယ်တိုင်တို့က အတူတကွ ပူးပေါင်းပြီး ကွန်ဆာဗေးတစ် ပါတီက နတ်ဘုရား နယ်မြေမှ

အချိန်ကြာမြင့်စွာ ထိန်းချုပ်ထားတဲ့ စနစ်ကို တိုက်ဖျက်ခဲ့တယ်"

"ပူးပေါင်းဆောင်ရွက်မှုနဲ့ ပဋိပက္ခတို့က အချိန်နဲ့အမျှ ပြောင်းလဲနေတယ်.. အချိန်ကာလ အမျိုးမျိုးမှာ ကိစ္စတစ်ခုတည်းရဲ့ အပေါ်မှာ အမြင်အမျိုးမျိုး ပြောင်းလဲနိုင်တယ်"

မြောင်ရှီးဟောင်က အတွေးနက်နေသည့်ပုံဖြင့် မေးလိုက်သည်။ "ယန့်မင်းရွဲ့က ဒီကိစ္စမှာ အတော် ကြီးကြီးမားမား ကစားနေတာပဲ.. ယန်ယွင်ကျန်းကတောင်မှ သူမကို ကျောထောက်နောက်ခံ ပြုနိုင်မှာ မဟုတ်ဘူး..

ချင်းရီ သူတော်စင်မယ်ကလည်း ရှိနေတယ်လို့
မပြောနဲ့နော်"

ဟင်းလင်းပြင် ဘုရားကျောင်းမှ
လူတိုင်းသိထားကြသော လက်ရှိ ဆရာတပည့်
ဆက်ဆံရေးတို့မှာ ဤအတိုင်းဖြစ်ကြသည်။
ထိုက်ရီသူတော်စင်နှင့် ယန်နန်းလိုင်၊
ယန်နန်းလိုင်နှင့် လင်းတောက်ဟန်၊
လင်းတောက်ဟန်နှင့် ချန်းရှင်းယု။

ကျန်းရီသူတော်စင်သည် သူ၏ စွမ်းရည်များကို
ကောင်းဟန်သို့ လက်ဆင့်ကမ်းခဲ့၍ ထိုမှတဆင့်
ရှီထျန်းရီကို သင်ကြားပေးခဲ့သည်။

ချင်းရှိ သူတော်စင်မယ်၏ တပည့်မှာ ယန်ယွင်ကျန်း ဖြစ်၍ သူမ၏ တပည့်မှာ ယန့်မင်းရွဲ့ ဖြစ်သည်။

ရွှမ်းရှိ သူတော်စင်မှာမူ သူ၏ တပည့်များကို မသိရပေ။ ရွှမ်းလင်သူတော်စင်နှင့် တင့်တယ်သောတိမ်တိုက် သူတော်စင်မယ်တို့မှာ ယန်ရှိ သူတော်စင်ဟူသော ဆရာတစ်ယောက်တည်းထံမှ လာခဲ့သည်။ သို့သော်လည်း သူက လွန်ခဲ့သော နှစ်ပေါင်းများစွာက ကြွေလွင့်သွားခဲ့သည်။

ရွှမ်းလင်သူတော်စင်သည် သူ၏တပည့်အဖြစ်
ပန်ကျဲအား လက်ခံခဲ့သည်။

ထိုက်ရီ၊ ကျန်းရီ၊ ချင်းရီနှင့်
ကျန်သောသူများတို့သည် သူတို့၏
ဆက်ခံသူများအဖြစ် ယန်နန်းလိုင်၊ ကောင်းဟန်၊
ယန်ယွင်ကျန်းတို့သာ ရှိကြသည် မဟုတ်ပေ။
သို့သော်လည်း ပိုင်ယွမ်တောင် အတွင်းမှ
အခြေအနေအား စောင့်ကြည့်ရန်
ခက်ခဲလှသဖြင့် အရာအားလုံးတို့သည်
လျှို့ဝှက်ချက် အဖြစ်သာ ရှိနေသည်။

လင်းဖုန်းက ရယ်လိုက်သည်။ "ဒါက မသိနိုင်ဘူး.. ငါတို့ မသိသေးတဲ့ အရာတွေ အများကြီး ရှိသေးတယ်"

ဥပမာအနေဖြင့် ယန့်မင်းရွဲ့သည် သူမဆန္ဒအတိုင်းသာ ဆောင်ရွက်ခြင်းဖြစ်ပြီး သူမ အကြီးအကဲများ၏ ထောက်ခံမှုကို ရထားခြင်းလော သို့မဟုတ် သူမသည် သူမ အကြီးအကဲများ၏ ဆန္ဒအတိုင်း ဆောင်ရွက်နေရသည်လော။

မြောင်ရှီးဟောင်သည် အတန်ကြာမှ စဥ်းစားလိုက်၍ သူ၏ခေါင်းကို ခါလိုက်သည်။

"ထားလိုက်ပါတော့.. သူတို့အကြောင်းကို မတွေးချင်တော့ဘူး"

သူ၏ခေါင်းကို မော့လိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ "အရှင်.. ယန့်မင်းရွဲ့က ကျွန်တော့်ကို အခုပဲ တစ်စုံတစ်ခု ပြောလိုက်တယ်"

မြောင်ရှီးဟောင်သည် ပို၍ လေးနက်တည်ကြည်လာခဲ့သည်။ လင်းဖုန်းသည် သူအစမှအဆုံးအထိ တစ်လုံးမကျန် ပြန်ပြောခဲ့သည်ကို နားထောင်နေခဲ့ကာ အတွေးနက်နေသည့်ပုံ ပေါက်လာခဲ့သည်။ "ဒါက ငါမျှော်မှန်းထားတာနဲ့

အတော် ဆင်တူနေတယ်.. ဒါပေမဲ့
ငါ့မျှော်မှန်းထားတာထက် ကျော်လွန်သွားတဲ့
အရာတွေလည်း ရှိနေတယ်"

"မင်းရဲ့ အစီအစဥ်တွေက ဘယ်လိုလဲ"
လင်းဖုန်းက မေးလိုက်သည်။ မြောင်ရှီးဟောင်၏
မျက်လုံးများသည် မှေးသွားခဲ့ကာ
ပြန်ဖြေလိုက်၏။ "ကျွန်တော်က အင်မော်တယ်
ဝိညာဥ်ကို ဖန်ဆင်းနိုင်တဲ့အထိ စောင့်ရမယ်..
ပြီးတာနဲ့ ကျွန်တော်က ဆက်ခံသူ
တစ်ယောက်ကို ရှာပြီးမှ သူ့ကို
သင်ကြားပေးမယ်"

"အရှင်လင်းက ကျွန်တော့်ရဲ့ ဆက်ခံသူကိုလည်း စောင့်ရှောက်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။ "စိတ်ချပါ.. မင်းရှာနေတဲ့ အရာကိုလည်း ဂိုဏ်းကလူတွေက ကူညီပေးနိုင်ပါတယ်"

မြောင်ရှီးဟောင်က ရယ်လိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ "အရှင်.. အရှင်က ဒီအတောအတွင်းမှာ ကျွန်တော့်ကို သတိရနေတယ်ဆိုတာ ကျွန်တော်သိနေတယ်"

လင်းဖုန်း၏ နှုတ်ခမ်းများမှာ အနည်းငယ် တွန့်သွားခဲ့သည်။ "မင်းနဲ့ကြာကြာ စကားပြောလိုက်ရင် ဖွဲဖောက်လာမယ် ဆိုတာကို ငါသိနေတယ်"

မြောင်ရှီးဟောင်အား မောင်းထုတ်လိုက် အပြီးတွင် လင်းဖုန်းသည် သူ၏ခေါင်းကိုခါလိုက်ကာ ယုကျင်းတောင်အား ထိန်းချုပ်လိုက်၍ ယင်ပင်လယ်မှနေ၍ ခွန်းလွန်တောင်သို့ ပြန်ခဲ့လိုက်သည်။

ယင်ကျိုးနတ်တောင်၏ အပေါ်တွင် အေးရီးစ်ကိုယ်ပွားသည် စောင့်ကြပ်နေခဲ့၍ ပန်းလိုင်နတ်တောင်အား မိုးကြိုးနဂါး

ကိုယ်ပွားက ထိန်းချုပ်ထားခဲ့သည်။
အချိန်ကြာလာသည်နှင့် အမှူ ပုံရိပ်ယောင်
ပင်လယ်ဒီရေက ပေါက်ကွဲလာတော့မည်
ဖြစ်သည်။

လင်းဖုန်းသည် ယုကျင်းတောင် အပေါ်မှနေ၍
နတ်ဘုရားနယ်မြေ အတွင်းသို့
ပြန်ပေါ်လာခဲ့သည်။ သူက တွေးလိုက်သည်။
"ခရမ်းရောင် ကြယ်စင်မြက်ပင်ကို ရပြီးသွားရင်
၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံး
အတွက် လိုအပ်တဲ့ အမယ်တွေက
ပြည့်စုံသွားပြီ"

## စာစဉ် ၄၂ : အပိုင်း ၅

## အပိုင်း ၇၉၅ : ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံးအား ဖော်စပ်ခြင်း

လင်းဖုန်းနှင့် ကျန်သောသူများတို့သည် ခွန်းလွန်တောင်သို့ ပြန်ခဲ့ကြသည်။ သူတို့ ရောက်ရှိခဲ့သောအချိန်တွင် တောက်ဇီချွမ်က တိမ်တိုက်ကြေးမုံမြို့မှနေ၍ သူသည် ခရမ်းရောင် ကြယ်စင်မြက်ပင်အား ရယူနိုင်ခဲ့သည်ဟု သတင်းပို့လာခဲ့သည်။

ဒါသည် လင်းဖုန်းကသူ့အား လွန်ခဲ့သော နှစ်အနည်းငယ်က ပေးထားသော

တာဝန်ဖြစ်သည်။ ခရမ်းရောင်
ကြယ်စင်မြက်ပင်သည် ရစ်ခွေသိပ်သည်း
သလင်းကျောက်ကဲ့သို့ ပန်းလိုင်နတ်တောင်
အပေါ်တွင်သာ တွေ့ရှိနိုင်သော အရာတစ်ခု
မဟုတ်သော်လည်း သူသည် အလွန်ရှားပါးသော
ရတနာ တစ်ပါးဖြစ်သည်။ သူ့အား
ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်းတွင်
အများဆုံး တွေ့ရှိနိုင်သည်။

ယခုအချိန်တွင် ရှေးဟောင်းအထီးကျန်
နဂါးငွေ့တန်းသည် မိစ္ဆာကလန်များ၏
လက်အောက်သို့ ကျရောက်နေခဲ့ပြီ ဖြစ်သဖြင့်
နတ်ဘုရားနယ်မြေတွင် ထိုကဲ့သို့သော ရတနာ
တစ်ပါးကို ရရှိရန် ခက်ခဲပေသည်။ ခရမ်းရောင်

ကြယ်စင်မြက်ပင်သည် ရှေးဟောင်းအထီးကျန်
နဂါးငွေ့တန်း အတွင်းတွင် ရှားပါးသော
ပစ္စည်းတစ်မျိုးလည်း ဖြစ်၏။
တောက်ဇီချွမ်သည် အချိန်နှင့် လုံ့လများစွာ
စိုက်ထုတ်ခဲ့ပြီးမှ လင်းဖုန်း တောင်းဆိုထားသည့်
အရေအတွက်ကို ပြည့်မှီအောင် ရရှိနိုင်ခဲ့ခြင်း
ဖြစ်သည်။

လင်းဖုန်းသည် သူ၏အရှေ့မှ မြက်ပင်အား
ကြည့်လိုက်သည်။ သူ့အား ဆင့်ခေါ်ခြင်း
မပြုရသေးပဲ သူသည် လေထုအတွင်းတွင်
လွင့်မျောနေနိုင်သည်။ သူ့တွင် ကိုယ်ပိုင်အသက်
ရှိသကဲ့သို့ ဖြစ်၏။

သူ၏ ခရမ်းရင့်ရောင် မျက်နှာပြင်တွင် မရေမတွက်နိုင်သော သေးငယ်သည့် အလင်းတန်းများစွာတို့ဖြင့် လင်းလက်နေသည်။ သူတို့သည် သူတို့အားတွေ့သည့် လူတိုင်းကို လိုချင်စိတ်များ ပေါ်စေနိုင်သည့် ကြယ်များကဲ့သို့ ဖြစ်နေကြသည်။

"နှမြောစရာက ဒီအရေအတွက်က ဆေးတစ်ခေါက်ဖော်စာအတွက်ပဲ လုံလောက်တယ်" လင်းဖုန်းက တည်ငြိမ်စွာနှင့် တွေးနေခဲ့သည်။ "ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်း.."

သူသည် ထိုမြက်ပင်အား သိမ်းလိုက်ကာ သူ၏ လက်ချောင်းများကို လေဟာနယ် အတွင်းတွင် ဖွေ့ယမ်းလိုက်သည်။ သူ၏လက်ဝါး အတွင်း၌ တိမ်တိုက်ဘောလုံးတစ်ခု ပေါ်လာခဲ့သည်။ ထိုတိမ်တိုက် ဘောလုံးတို့၏ အကြားတွင် သလင်းကျောက်ကဲ့သို့သော အရာတစ်ခုကို တွေ့နိုင်သည်။

ထိုတိမ်တိုက်များသည် စုစည်းနေခဲ့သလို ကွာခြား၍လည်း နေကြသည်။ သူတို့ စုစည်းနေကြသောအခါ သလင်းကျောက် ပုံစံကဲ့သို့ ဖြစ်သွားခဲ့ကာ ကွာခြားသွားသော အချိန်တွင် တိမ်တိုက်များ ပြန်ဖြစ်သွားကြ၏။

အနီးကပ် ကြည့်လိုက်လျှင် သူတို့သည်
သလင်းကျောက် ပုံစံမျိုး ဖြစ်နေခဲ့၍
ထိုသလင်းကျောက်များ အကြားတွင်
အလင်းရောင် မြူခိုးငွေ့များကို တွေ့နိုင်ခဲ့သည်။
အမတန်ပင် ထူးခြားဆန်းကြယ်လှ၏။

ဒါသည် ပန်းလိုင်နတ်တောင်မှ ရရှိခဲ့သော
ရစ်ခွေသိပ်သည်း သလင်းကျောက် ဖြစ်သည်။
ယင်ပင်လယ်မှ နတ်တောင်သုံးတောင်တို့
စတင်ထွက်ပေါ်ခဲ့အပြီးတွင် မည်သူကမှ
ပန်းလိုင်နတ်တောင်အား ကျင့်ကြံနိုင်ခြင်း
မရှိသေးခင် တစ်စုံတစ်ယောက်သည်
ထိုတောင်ပေါ်သို့ အချိန်ခေတ္တမျှ

တက်ရောက်နိုင်ခဲ့ပြီး ဤရတနာကို ယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မူလကောင်းကင် ကမ္ဘာ၏ မှတ်တမ်းများအရ ဤရစ်ခွေသိပ်သည်း သလင်းကျောက်သည် စိတ်ဝိညာဉ် ဆေးဝါးတစ်ခု မဟုတ်ပေ။ သူသည် မှော်အိုင်တမ် တစ်ခုအား ထုလုပ်နိုင်ရန် ကောင်းမွန်သည့် ပစ္စည်းတစ်ခုသာ ဖြစ်၍ သူ့အား အသုံးပြု၍ တစ်ယောက်ကမှ ဆေးလုံးများကို မဖော်စပ်ဖူးပေ။

လင်းဖုန်းသည် ပန်းလိုင်နတ်တောင်အား ရယူနိုင်ခဲ့ပြီး ဖြစ်သဖြင့် သူသည် ရစ်ခွေသိပ်သည်း သလင်းကျောက်၏ ပမာဏကို

စိုးရိမ်နေစရာ မလိုတော့ပေ။ ယခင်က သူသည် စိတ်ဝိညာဉ် ၄က်တောင်နွယ်ပင်အား စန်းချီဖန်းထံမှ ရရှိခဲ့သည်။ အချိန်အနည်းငယ် အသုံးပြုကာ စိုက်ပျိုးထားခဲ့သဖြင့် ပမာဏသည် များစွာ မကြီးမားသေးသော်လည်း ဆေးလုံး တစ်မျိုးတည်းကိုသာ ဖော်စပ်မည်ဆိုပါက ကောင်းကောင်း လုံလောက်ပေသည်။

ခရမ်းရောင် ကြယ်စင်မြက်ပင်ကိုမူ ချွေတာ၍ အသုံးပြုရမည် ဖြစ်သည်။

ဤအထိ တွေးပြီးသည်နှင့် လင်းဖုန်းသည် ရှောင်ယန်အား ဆင့်ခေါ်လိုက်သည်။ ရှောင်ယန်သည် သူ၏ အရှေ့တွင်

ပေါ်လာသောအခါ တက်ကြွသောပုံ
ပေါက်နေခဲ့၏။

လင်းဖုန်းက သူ့အားကြည့်လိုက်ကာ
ပြုံးလိုက်သည်။ "ယင်ကျိုးနတ်တောင်ရဲ့
အလယ်ဗဟိုက ပုံရိပ်ယောင် လောကအတွင်းမှာ
ဇူရီနဲ့ တိုက်ခိုက်ခဲ့ရတဲ့ အတွေ့အကြုံကနေပြီး
အကျိုးအမြတ်တွေ ဘယ်လောက်အထိ
ရရှိခဲ့သလဲ"

ရှောင်ယန်က သူ၏ခေါင်းကို ညိတ်လိုက်ကာ
ရယ်လိုက်သည်။ "ချန်ကေရာဇ်ရဲ့ ရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်တွေက တကယ့်ကို
အစွမ်းထက်လှပါတယ်.. စံအိမ် နှစ်ဆယ့်ရှစ်လုံး

နတ်လက်သီးက စံအိမ် နှစ်ဆယ့်ရှစ်လုံးရဲ့
အသွင်သဏ္ဍာန် လေးမျိုးကနေ
ဆင်းသက်လာခဲ့တာ ဖြစ်တယ်..
အသွင်သဏ္ဍာန် လေးမျိုးတို့က
ကျောက်စိမ်းနဂါး၊ မဟာကျားဖြူ၊ ဟသ်ာငှက်နဲ့
ရွှမ်းဝူတို့ ဖြစ်ကြတယ်.. သူတို့ တစ်ခုချင်းစီက
စံအိမ် ခုနှစ်ခုစီရဲ့ ပြောင်းလဲမှုတွေကို
ပိုင်ဆိုင်ထားနိုင်ကြတယ်"

"ကျွန်တော်က သူတို့ကို ကျွန်တော့်ရဲ့ ကိုယ်ပိုင်
သိုင်းပညာရပ်တွေနဲ့ ယှဉ်ကြည့်လိုက်ပြီးတော့
ကြီးမားတဲ့ အကျိုးအမြတ်တွေ ရရှိခဲ့တယ်"

လင်းဖုန်းက ပြောလိုက်သည်။
"ကမ္ဘာဦးခေတ်တုံးက ရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်ကို လေ့ကျင့်ခဲ့ကြတဲ့
လူသားကျင့်ကြံသူတွေ များစွာရှိခဲ့တယ်..
ကမ္ဘာဦးခေတ်က လူသားကေရာဇ် အများစုက
ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်တွေကို
ကောင်းကောင်း ကျွမ်းကျင်ကြတယ်.. ဒါပေမဲ့
အကြောင်းရင်း အမျိုးမျိုးတို့ကြောင့်
ကမ္ဘာဦးခေတ်က ရုပ်ကိုယ်ခန္ဓာ
သိုင်းပညာရပ်တွေကို
လက်ဆင့်မကမ်းနိုင်ခဲ့ကြဘူး.. ငါတို့က ဒီကနေ
သိပ်ပြီးတော့ အကျိုးအမြတ်တွေ မရနိုင်ဘူး"

"ရှေးဟောင်းခေတ် စတင်ခဲ့တဲ့အခါ တာအိုနည်းစနစ်တွေက ပိုပြီးတော့ ကျော်ကြားလာခဲ့တယ်.. မရေမတွက်နိုင်တဲ့ ကျမ်းစာတွေ ပေါ်ပေါက်လာကြတယ်.. လူသားဧကရာဇ်တွေ အထဲမှာ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်နဲ့ နန်းတက်နိုင်တဲ့ ဧကရာဇ်တစ်ပါးသာ ရှိခဲ့တယ်.. သူက ချန်ဧကရာဇ်ပဲ"

"သူ့ရဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်တွေက ပြိုင်ဘက်ကင်းတယ်.. သူ့ရဲ့ ဆက်ခံသူ တပည့်ဖြစ်တဲ့ မဟာနေမင်း သူတော်စင်ကတောင် ချန်ဧကရာဇ်ရဲ့ စွမ်းအားတွေ အကုန်လုံးကို အမွေမရခဲ့ဘူး"

"ရှေးဟောင်းခေတ်ရဲ့ လူသားကျင့်ကြံမှု ကမ္ဘာတစ်ခုလုံးမှာ ချန်ကေရာဇ်ရဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်တွေဟာ ရေပေါ်တကာ့ ရေပေါ်ဆီ ဖြစ်တယ်"

လင်းဖုန်းက ရှောင်ယန်အား ကြည့်လိုက်သည်။
"တကယ်လို့ မင်းက ဆန္ဒရှိရင် ငါတို့ဂိုဏ်းရဲ့ ကျင့်ကြံမှုကို အခြေခံထားပြီး မဟာနေမင်း သူတော်စင်ရဲ့ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်တွေကို မင်းရဲ့ ကျင့်ကြံမှု အတွင်းမှာ ထည့်သွင်းပြီး လေ့ကျင့်နိုင်တယ်.. မင်းရရှိခဲ့တဲ့ ဆုလာဘ်တွေနဲ့ဆိုရင် မင်းမှာ နောက်ထပ် တိုးတက်နိုင်တဲ့ အလားအလာတွေ

ရှိနေတယ်.. ဇူရီရဲ့ မဟာနေမင်း ကိုယ်ပွားနဲ့ အတူတကွ လေ့လာပါ.. ဒါဆိုရင် မင်းတို့ နှစ်ယောက်စလုံးအတွက် အကျိုးအမြတ် ရှိစေလိမ့်မယ်"

"ငါတို့ဂိုဏ်းရဲ့ တာအိုနည်းစနစ်နဲ့ ကျင့်ကြံမှုတွေက မင်းရဲ့ အခြေခံဖြစ်တယ်.. ဒါပေမဲ့ နောက်ထပ် ဘယ်လိုမျိုး ကျင့်ကြံမလဲ ဆိုတာက ကွဲပြားသွားနိုင်တယ်.. ငါက မင်းတို့အားလုံးတို့ကို မျက်စိကျယ်ကျယ် ဖွင့်ထားပြီး ကမ္ဘာကြီးကို လေ့လာဖို့ အမြဲတမ်း အားပေးနေတယ်"

ရှောင်ယန်က သူ၏ခေါင်းကို ညိတ်လိုက်သည်။ "စိတ်ချပါ.. ဆရာသခင်.. ကျွန်တော် နားလည်ပါတယ်"

"ဇူရီကလည်း မင်းရဲ့ မိစ္ဆာအရိပ်ဂိုဏ်းက နည်းစနစ်နဲ့ မှော်ကျိန်စာတွေကနေ အကျိုးအမြတ် ရရှိခဲ့မယ်လို့ ငါယုံကြည်နေတယ်" လင်းဖုန်းက ရယ်လိုက်ကာ ပြောလိုက်သည်။ ရှောင်ယန်ကလည်း ရယ်လိုက်၏။ "တကယ်လို့ ကျွန်တော်နဲ့ ဒုတိယ ဂျူနီယာတို့က ပုံရိပ်ယောင် ကမ္ဘာအတွင်းမှာ ရှိနေခဲ့စဉ်က ကျွန်တော်တို့ ရရှိထားတဲ့ ကြယ်စင်အလင်းတန်းတွေကို လှဲလှယ်နိုင်လို့ရှိရင် ကျွန်တော်တို့

ထုတ်လွှတ်နိုင်မယ့် စွမ်းအားတွေက ပိုမို ကြီးမားလိမ့်မယ်"

လင်းဖုန်းက သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "မင်းတို့ရဲ့ အားနည်းချက်တွေကို ပိုမို ပေါ်လွင်စေတဲ့ ပတ်ဝန်းကျင်မှာ အတူတကွ တိုက်ခိုက်ရတာက ကောင်းမွန်တဲ့ အရာတစ်ခု ဖြစ်တယ်.. အကျိုးအမြတ်တွေက ပိုပြီးတော့ ကြီးမားတယ်"

သူသည် ၃၃ဘုံ ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံးကို ဖော်စပ်ရာတွင် လိုအပ်သည့် အမယ်များနှင့် ဆေးအညွှန်းအား

ရှောင်ယန်ထံသို့ ပေးလိုက်သည်။ "ကဲ.. ဒါကို ကြည့်လိုက်ပါဦး"

ရှောင်ယန်သည် ထိုဆေးအညွှန်းအား ကြည့်လိုက်၍ ဆေးအမယ်များကို အကဲခတ်လိုက်သည်။ သူသည် မတတ်နိုင်ခဲ့ပဲ အံ့သြတုန်လှုပ်သွားခဲ့သည်။ "ရစ်ခွေသိပ်သည်း သလင်းကျောက်.. ပျံသန်းနေသော အသံကျောက်တုံး.. ဒါတွေက မှော်ရတနာတွေကို ကျင့်ကြံတဲ့ ပစ္စည်းတွေပဲ.. သူတို့ကို ဘယ်လိုလုပ်ပြီး ဆေးဖော်စပ်နိုင်မှာလဲ"

သို့သော်လည်း သိပ်မကြာမီတွင် ရှောင်ယန်၏ မှင်သက်နေသော အကြည့်မှာ ပျောက်ကွယ်သွားခဲ့သည်။ သူ၏မျက်နှာသည် တဖြည်းဖြည်းနှင့် လေးနက်တည်ကြည်လာခဲ့၏။ သူသည် ဆေးအညွန့်အား ဖြည်းဖြည်းချင်း ဖတ်လိုက်ကာ နောက်တစ်ခေါက် အသံထွက်၍ ရွတ်လိုက်သည်။

ခဏအကြာတွင် ရှောင်ယန်သည် အသက်ဖြည်းဖြည်းချင်း ရှူထုတ်လိုက်၏။ သူ၏ အာရုံအား စုစည်းလိုက်ကာ လင်းဖုန်းအား ကြည့်လိုက်သည်။ "ဆရာ.. ဒီ၃၃ဘုံ

ဖန်ဆင်းခြင်း သက်စောင့်ဆေးလုံးက
မရိုးရှင်းဘူး"

လင်းဖုန်းက ပြန်ဖြေလိုက်သည်။ "သူ့ရဲ့
အကျိုးသက်ရောက်မှုတွေက တကယ့်ကို
မှန်ကန်တယ်.. ဘာမှ သံသယဖြစ်စရာ မရှိဘူး..
တစ်ယောက်ရဲ့ ကျင့်ကြံမှုတွေက သူ့အပေါ်မှာပဲ
မူတည်နေတယ်.. ဒီဆေးလုံးက ပံ့ပိုးမှု
သက်သက်ပဲ ဖြစ်တယ်.. ဒါပေမဲ့ သင့်တော်စွာနဲ့
အသုံးပြုလိုက်ရင် သူ့ရဲ့
အကျိုးသက်ရောက်မှုတွေက
အလွန်ကြီးမားတယ်"

ရှောင်ယန်သည် သူ၏ခေါင်းကို အဆက်မပြတ် ညိတ်လိုက်၏။ "ဟုတ်တယ်ဆရာ.. ကျွန်တော်က အခုပဲ ကောင်းကင်ရွှေရောင် ခန်းမဆောင်ကို သွားပြီးတော့ ပြင်ဆင်လိုက်မယ်.. ကျွန်တော်က ဒီဆေးလုံးကို ကျင့်ကြံမှရမယ်"

သူသည် အနည်းငယ် စိတ်လှုပ်ရှားနေခဲ့သည်။ သူသည် ဇူရီထံမှ ချန်ကေရာဇ်၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကို လေ့လာခဲ့ရသည်ထက်ပင် တက်ကြွနေခဲ့၏။ သူသည် စတင်ရန် အချိန်မစောင့်နိုင် ဖြစ်နေခဲ့သည်။

ရှောင်ယန်သည် ဤဆေးလုံး၏ အကျိုးများကို လောဘကြီးနေခြင်း မဟုတ်ပေ။ သူသည် ဆေးလုံးများကို ဖော်စပ်ရာတွင် ပါရမီပါလာသူ ဖြစ်သည်။ ဤဆေးလုံးနှင့် ပတ်သတ်၍ သူသည် အလွန်အမင်းကို စိတ်ဝင်စားနေသည်။ ယခုအချိန်တွင် သူသည် ရှားပါး၍ တန်ဖိုးရှိသော ဆေးအညွှန်း တစ်ခုကို ရရှိခဲ့ပြီ ဖြစ်၍ လေ့လာရန် အချိန်မစောင့်နိုင် ဖြစ်နေခဲ့သည်။

သူသည် ဆေးအမယ်များကို လေ့လာပြီးသွားသော အချိန်တွင် သူ၏ မျက်မှောင်များကို ကြုတ်လိုက်သည်။ "ခရမ်းရောင် ကြယ်စင်မြက်ပင်က အရမ်းကို

နည်းလွန်းတယ်.. သူက တစ်ခေါက်စာပဲ ရှိနေတယ်"

သူသည် လင်းဖုန်းအား ကြည့်လိုက်ကာ သူ၏ မျက်လုံးအစုံသည် တောက်ပလာခဲ့၏။ "ဆရာ.. အရာအားလုံးကို ပြင်ဆင်ပြီးတဲ့ အချိန်ကျရင် ရှေးဟောင်းအထီးကျန် နဂါးငွေ့တန်း အတွင်းကို ဝင်ကြရအောင်.. နတ်ဘုရားနယ်မြေ ဆေးမီးဖိုအတွက် မဟုတ်ရင်တောင် ခရမ်းရောင် ကြယ်စင်မြက်ပင်တွေကို ရနိုင်ရင်လည်း မဆိုးပါဘူး"

လင်းဖုန်းသည် ရှောင်ယန်အား ကြည့်လိုက်ကာ ရယ်ချင်ပက်ကျိ ဖြစ်သွားခဲ့သည်။ သူ၏

မျက်လုံးများသည် ခရမ်းရောင်
ကြယ်စင်မြက်ပင်၏ ပုံအလားပင်
ဖြစ်နေခဲ့သည်။

ရှောင်ယန်အား လွှတ်လိုက်အပြီးတွင်
လင်းဖုန်းသည် တိပိဋ္ဌက
ကျမ်းစာခန်းမဆောင်ထံသို့
လျှောက်သွားခဲ့သည်။ ထိုနေရာတွင် ဇူရီသည်
တာအိုနည်းစနစ် ကျမ်းစာများကို
လှန်လှောနေသည်ကို တွေ့လိုက်ရ၏။
အစောပိုင်းက သူနှင့် ရှောင်ယန်တို့သည်
ဤနေရာတွင် တာအိုနည်းစနစ်များ
အကြောင်းကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် သူတို့သည် ယင်ကျိုးနတ်တောင်၏ ပုံရိပ်ယောင် လောကအတွင်းမှ သူတို့၏ အတွေ့အကြုံများကို စကားလုံးများအဖြစ် မှတ်တမ်းတင်နေကြခြင်း ဖြစ်သည်။ သူတို့သည် တိပိဋကကျမ်းစာခန်းမဆောင်၏ အထူးစွမ်းအားကို အသုံးပြု၍ ကျန်နေသေးသည့် အပိုင်းများကို ဖြည့်နေကြခြင်း ဖြစ်သည်။

ငရဲအရိပ် သူတော်စင်နှင့် မဟာနေမင်း သူတော်စင်တို့၏ လက်ကျန်စိတ်ဝိညာဉ်များသည် ပြည့်စုံခြင်း မရှိကြပေ။ သူတို့ ရရှိခဲ့သော

အချက်အလက်များသည်လည်း ပြည့်စုံခြင်း မရှိခဲ့ပေ။

တိပိဋကကျမ်းစာခန်းမဆောင်သည် ကျင့်ကြံမှု ကျမ်းစာများ၏ ပျောက်ဆုံးနေသော အပိုင်းများကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိသည်။ ဥပမာအနေဖြင့် စံအိမ်နှစ်ဆယ့်ရှစ်လုံး နတ်လက်သီး၏ စံအိမ်တစ်ခုကိုသာ သိနိုင်ခဲ့လျှင်ပင် ကျန်သော စံအိမ် နှစ်ဆယ့်ခုနှစ်လုံးအား တိပိဋက ကျမ်းစာခန်းမဆောင်က ဆင်ခြင်သုံးသပ်နိုင်စွမ်း ရှိသည်။

သို့သော်လည်း ချန်ကေရာဇ်၏ အခြား
ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များကိုမူ အကယ်၍
သဲလွန်စ တစ်ခုမှ မရှိခဲ့လျှင်တော့
ဆင်ခြင်သုံးသပ်နိုင်စွမ်း မရှိပေ။

လင်းဖုန်းသည် ဇူရီအား အနှောင့်အယှက်
မပေးခဲ့ပဲ တိပိဋက ကျမ်းစာခန်းမဆောင်အား
အသုံးပြု၍ ကောင်းကင်တာအို
မိစ္ဆာကျမ်းစာအား ထည့်သွင်းလိုက်သည်။
သို့သော်လည်း အကျိုးသက်ရောက်မှုများမှာ
အားရဖွယ် မရှိပေ။ အကြိမ်ပေါင်းများစွာ
စမ်းသပ်ကြည့် အပြီးတွင် လင်းဖုန်းသည်
တိပိဋက ကျမ်းစာခန်းမဆောင်သည်
လူသားကျင့်ကြံမှု ကျမ်းစာများကိုသာ

ဖြည့်ဆည်းနိုင်စွမ်းရှိကာ မိစ္ဆာ ကျင့်ကြံမှု ကျမ်းစာများကို ဘာမှမတတ်နိုင်ကြောင်း တွေ့လိုက်ရ၏။

လင်းဖုန်းသည် သူ၏မျက်မှောင်များကို အတန်ငယ် ကြုတ်လိုက်ကာ တိပိဋကကျမ်းစာခန်းမဆောင်၏ ပထမနှင့် ဒုတိယ အထပ်ကို ဖြတ်သန်းလာ၍ အမြင့်ဆုံး တတိယ အဆင့်သို့ တက်လာခဲ့သည်။

သူသည် ဝါးခုံတစ်ခု အပေါ်တွင် ထိုင်လိုက်ကာ သူ၏ မျက်လုံးများကို အသာမှိတ်လိုက်သည်။

လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင်၏ တတိယ အထပ်ကို အသုံးပြု၍ ခေတ်နှစ်ပါး သေးငယ်သောမြူမှုန် နည်းစနစ်နှင့် အစွန်းရောက်ကောင်းကင် စကြာဝဠာ အလင်းတန်းတို့အား နားလည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ယခုအချိန်တွင် သူသည် ဤနေရာသို့ ထပ်မံတက်လာခဲ့ပြီး မပြည့်စုံသေးသော ကောင်းကင်တာအို မိစ္ဆာကျမ်းစာ၏ လျှို့ဝှက်ချက်များကို လေ့လာနေခဲ့သည်။ သူသည် တပြိုင်နက်တည်းတွင် သူ၏ကိုယ်ပိုင် တာအိုနည်းစနစ်များနှင့် မှီငြမ်းနေခဲ့သည်။

အချိန်အတော်ကြီး ကြာပြီးမှသာ လင်းဖုန်းသည် သူ၏မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်ကာ မတ်တက်ရပ်လိုက်သည်။ သူသည် တိပိဋကက ကျမ်းစာခန်းမဆောင်မှ ဆင်းသက်လာခဲ့သည်။

"ငါက မိုးကြိုးနဂါး ကိုယ်ပွားကို ကျင့်ကြံခဲ့တာ မှန်သွားတယ်.. ငါက အခုအချိန်ကစပြီး ဘယ်လို ရှေ့ဆက်ရမလဲ ဆိုတာကို အကြမ်းဖျင်း သိသွားခဲ့ပြီ.. ဒါပေမဲ့ ငါ့ရဲ့အမြင်ကို တစ်စုံတစ်ခုက ကာဆီးထားပြီး ကောင်းကောင်း မမြင်နိုင်အောင် လုပ်နေခဲ့တယ်လို့ အမြဲတမ်း ခံစားနေရတယ်"

စဉ်းစားနေရင်း လင်းဖုန်းသည် တိပိဋကကျမ်းစာခန်းမဆောင်မှ ထွက်ခွာလာခဲ့သည်။ သူသည် ယုကျင်းတောင်၏ ထိပ်ပေါ်သို့ တက်လာခဲ့ကာ တစ်စုံတစ်ခုကို ရုတ်တရက် စဉ်းစားမိလိုက်သည်။ "အိုး.. ဟုန်ရန်က ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးတွေကို ရင်ဆိုင်တော့မယ်"

ဟင်းလင်းပြင် လျှပ်စီးကပ်ဘေးသည် တစ်ယောက်က မည်သည့်နေရာတွင် ရှိနေမှန်းကို ဂရုမစိုက်ပေ။ သူ့အား ဆင့်ခေါ်လိုက်သည်နှင့် သူသည် လေဟာနယ် ဟင်းလင်းပြင် အလွှာများကို ကျော်ဖြတ်ကာ ထိုသူ့အား တိုက်ခိုက်မည် ဖြစ်သည်။

လင်းဖုန်းသည် ဆီးနှင်းမုန်တိုင်း
ချိုင့်ဝှမ်းဘက်သို့ လှည့်လိုက်ကာ
လျှပ်စီးလက်သွားသည်ကို တွေ့လိုက်ရ၏။
တစ်ချိန်တည်းတွင်ပင် မှေးမှိန်သော ခရမ်းရောင်
အလင်းတန်း တစ်ခုသည် ကောင်းကင်ပေါ်သို့
ထိုးတက်သွားခဲ့သည်။ သူသည် ဟင်းလင်းပြင်
လျှပ်စီးကပ်ဘေးနှင့် ရင်ဆိုင်လိုက်သည်။

တစ်ဘက်သား၏ ထိပ်တိုက်ရင်ဆိုင်မှုနှင့်
ခေါင်းမာမှုကို အမျက်ထွက်သွားသည့်အလား
လျှပ်စီးသည် ပို၍ပင် အလွန်အမင်း
ခက်ထန်လာခဲ့သည်။ သို့သော်လည်း သူက
မည်မျှပင် ခက်ထန်ကြမ်းတမ်းသော်လည်း

သူသည် ခရမ်းရောင် အလင်းတန်းအား မကျော်လွှားနိုင်ခဲ့ပေ။ နောက်ဆုံးသည် သူသည် ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။

ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းမှ ခက်ထန်သော မှော်စွမ်းအင် လှိုင်းလုံးတစ်ခုက ပေါ်လာခဲ့သည်။ သူ၏နောက်တွင် ပြင်းထန်သော စွမ်းအား လှုပ်ရှားမှုတစ်ရပ် ပေါ်လာခဲ့၏။ မီးတောင်တစ်ခု အလားပင် ဖြစ်သည်။

ငရဲမီး ချောက်ကမ်းပါး၊ ကောင်းကင်ဘုံကျောင်း၊ နိဗ္ဗာန်ကမ္ဘာ၊ မြစ်ပြင်ဂေဟာနှင့် ချင်းဝူစံအိမ်တို့မှ ရတနာ အလင်းတန်းများတို့သည် ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

အသံအချို့က တပြိုင်နက်တည်း ပေါ်လာကြ၏။ "နံပါတ်လေး ဂျူနီယာက အခြေတည်ဝိညာဉ်ကို အောင်မြင်စွာ ဖန်ဆင်းနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်" "နံပါတ်လေး စီနီယာက အခြေတည်ဝိညာဉ်ကို အောင်မြင်စွာ ဖန်ဆင်းနိုင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်"

ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်း၏ အပေါ်တွင် ခရမ်းရောင် ပုံရိပ်တစ်ခုက ပေါ်လာခဲ့သည်။ ထိုလူသားပုံရိပ်၏ ဆံနွယ်ရှည်များသည် လေယူရာ ယိမ်းနွဲ့နေခဲ့၏။ တောက်လောင်နေသော မီးတောက် အလားပင် ဖြစ်သည်။

ယုကျင်းတောင်ပေါ်မှ ရှောင်ယန်နှင့်
ကျန်သောသူများ၏ ဂုဏ်ပြုစကားများကို
ကြားခဲ့ရသောအခါ ဆက်ခံသူ
တပည့်များကလည်း သူတို့၏ အဆောင်များ
အတွင်းမှ ထွက်လာကြ၍ ယွဲ့ဟုန်ယန်အား
ဂုဏ်ပြုလိုက်ကြသည်။

နီရနေသော ကြက်သွေးရောင် မျက်ခုံးမွေးနှင့်
မိန်းမပျိုလေးသည် သူ၏ လက်သီးနှင့်
လက်ဝါးကို ပူးကပ်လိုက်ကာ လူအားလုံးအား
အရိုအသေ ပေးလိုက်သည်။ သူမ၏ မျက်နှာတွင်
အပြုံးတစ်ခုကို တွေ့မြင်နိုင်သည်။

ခဏအကြာတွင် သူမသည် ဟင်းလင်းပြင်ကို ချိုးဖောက်ကာ လင်းဖုန်း၏ အရှေ့သို့ ရောက်လာခဲ့သည်။ သူမသည် ဒူးထောက်လိုက်ကာ နှုတ်ဆက်လိုက်၏။ "ဆရာ့ကို အရိုအသေပြုပါတယ်"

လင်းဖုန်း၏ နားအတွင်းတွင် စနစ်၏ အကြောင်းကြားချက်ကို ကြားလိုက်ရသည်။ "သင့်ရဲ့တပည့် ယွဲ့ဟုန်ယန်ဟာ အခြေတည်ဝိညာဥ်ကို နှစ်ပေါင်းငါးဆယ် အတွင်းမှာ ရရှိခဲ့တဲ့အတွက် ဂုဏ်ပြုပါတယ်.. နှစ်ပေါင်းငါးဆယ်အတွင်း အခြေတည်ဝိညာဥ် အဆင့်ကို ရောက်ရှိခဲ့တဲ့ တပည့်

အရေအတွက်ဟာ အခုဆိုရင် လေးယောက်
ရှိသွားပါပြီ"

"စနစ်စုတ်ကြီး.. မင်းက ဝမ်လင်းကို
ထည့်မတွက်ခဲ့ဘူး.. မဟုတ်ရင် အခုဆို
ငါးယောက်ဖြစ်နေပြီ" လင်းဖုန်းသည်
သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။
သူသည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ
ပြုံးလိုက်သည်။ "ဟုန်ရန်..
အခြေတည်ဝိညာဉ်ကို ဖန်ဆင်းနိုင်ခဲ့တဲ့အတွက်
ဂုဏ်ပြုပါတယ်"

ယွဲ့ဟုန်ယန်သည် အမြဲတစေပင်
မာကျောနေသော်လည်း ယခုအချိန်တွင်

အတော့်ကို စိတ်လှုပ်ရှားနေ၏။ သူမ၏ အသံသည် အနည်းငယ် တုန်ခါနေကာ ပြောလိုက်သည်။ "ဒါတွေအားလုံးက ဆရာ့ရဲ့ လမ်းညွှန်မှုတွေကြောင့်ပါ"

လင်းဖုန်းသည် သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "မင်းက မင်းရဲ့ကိုယ်ပိုင် ပင်ကိုယ်စွမ်းရည်၊ စိတ်ခိုင်မာမှုနဲ့ ကံကြမ္မာတွေကြောင့်သာ ဒီနေ့အဖြစ်ကို ရခဲ့တာပါ.. ငါကမင်းကို လမ်းညွှန်ပေးရုံ သက်သက်ပါပဲ"

သူ၏ညာလက်ညှိုးသည် သူ၏နဖူးအား ဖွဖွလေး ထိလိုက်ကာ ရယ်လိုက်သည်။ "ဟုတ်သားပဲ..

မင်းတို့ တစ်ယောက်ချင်းစီက
အခြေတည်ဝိညာဉ် အဆင့်ကို
ရောက်သွားပြီးရင် ငါကမင်းတို့ကို မှော်ရတနာ
တစ်ခုစီ ပေးရမယ်"

## စာစဉ် ၄၂ : အပိုင်း ၆

## အပိုင်း ၇၉၆ : လက်ရှိ စိုးရိမ်ပူပန်မှုများ

လင်းဖုန်း၏ စကားများကို ကြားရအပြီးတွင်
ယွဲ့ဟုန်ယန်၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု
ပေါ်လာခဲ့သည်။ အခြေတည် ဝိညာဉ် အဆင့်မှ
ကျင့်ကြံသူ တစ်ယောက်အတွက်

အင်မော်တယ်ဝိညာဉ် အဆင့်မှ မှော်ရတနာ တစ်ပါးသည် တစ်ယောက်ရရှိနိုင်သည့် အစွမ်းအထက်ဆုံး စွမ်းအားဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိချေ။ ဒါသည် အထူးသဖြင့် စဦးပိုင်း အဆင့်မှ သူများအတွက် ပိုမို အသုံးဝင်သည်။ သူတို့သည် ဤမှော်ရတနာ၏ အစွမ်းကို အဆုံးစွန် အသုံးပြုနိုင်ခြင်း မရှိသော်လည်း သူတို့အတွက် တန်ဖိုးအလွန် ကြီးမားသည်။

အကယ်၍ သင့်တော်စွာ အသုံးပြုနိုင်ခဲ့လျှင် သူသည် ကျင့်ကြံသူ ကိုယ်တိုင်ထက်ပင် ပို၍ အစွမ်းထက်နေနိုင်သည်။

အခြေတည် ဝိညာဉ် စဦးပိုင်း အဆင့်မှာပင် မှော်ရတနာ တစ်ပါးအား ရရှိသည့်အတွက် ယွဲ့ဟုန်ယန်သည် အမတန်မှ ပျော်ရွှင်နေခဲ့သည်။ သူမသည် သူမ၏ စိတ်ခံစားချက်များကို ဖုံးကွယ်ထားလေ့ မရှိသောသူ တစ်ယောက်ဖြစ်သဖြင့် သူမသည် တောက်ပစွာနှင့် ပြုံးနေခဲ့သည်။

လင်းဖုန်းသည် ယွဲ့ဟုန်ယန်က အခြေတည် ဝိညာဉ်အား ဖန်ဆင်းနေသည်ကို သိလိုက်ကတည်းက သူမအား မည်သည့်ရတနာကို ပေးမည်ဟူ၍ စဉ်းစားထားပြီးသား ဖြစ်သည်။

သူ့လက်ရင်းတပည့်များကို အခြေခံအုတ်မြစ် အဆင့်မှစ၍ ရွှေရောင်ဗဟိုချက် မှော်အိုင်တမ်တို့ကို ပေးခဲ့သောအခါ လင်းဖုန်းသည် သူတို့နှင့် သင့်တော်မည့် အရာများကို အသေအချာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ သူတို့၏ လိုအပ်ချက်များနှင့် ကိုက်ညီကာ သူတို့၏ စွမ်းအားများကို တိုးတက်စေနိုင်မည့် အိုင်တမ်များကို ပေးခဲ့ခြင်း ဖြစ်သည်။ မဟုတ်လျှင် သူတို့အားနည်းနေသည့် နေရာများကို အားဖြည့်ပေးနိုင်သည့် အရာများကို ပေးထားခဲ့သည်။ သူပေးခဲ့သော အရာများ အားလုံးတို့သည် ကျပန်းရွေးချယ်ခဲ့ခြင်း မဟုတ်ခဲ့ပေ။

ဥပမာအားဖြင့် ရှောင်ယန်၏
တိုက်ခိုက်မှုများသည် ပြင်းထန်လှသော်လည်း
သူ၏ ခံစစ်မှာမူ အားနည်းပေသည်။
ထို့ကြောင့်ပင် လင်းဖုန်းကသူ့အား
ခံစစ်အရာတွင် အားကောင်းသည့် ပလ္လင်ငါးပါး
နတ်ဘုရား အထိမ်းအမှတ်ကို ပေးခဲ့ခြင်း
ဖြစ်သည်။ ဒါသည် သူ၏ ခံစစ်စွမ်းအားများကို
တိုးတက်စေ၍ မတော်တဆမှုများ မဖြစ်စေရန်
ကာကွယ်ပေးထားခြင်း ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် တိုက်ခိုက်ရာတွင်
ရှောင်ယန်ထက်ပင်ပို၍ ခက်ထန်ကြမ်းတမ်းကာ
ရက်စက်ပေသည်။

နည်းစနစ်အားဖြင့် ပြောရလျှင် ယွဲ့ဟုန်ယန်၏ ပင်ကိုစွမ်းရည်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသည်။ သူမ၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များသည် အကြွမ်းစား ဆန်သလို တစ်ချိန်တည်းပင် အသေးစိတ် ကျလှသည်။ သို့သော်လည်း ပုံစံအနေနှင့်မူ တစ်ပုံစံတည်း ဖြစ်၏။ သူမသည် အမြဲတမ်း ရှေ့တက်တိုက်ခိုက်နေမည် ဖြစ်သည်။

သူမသည် တိုက်ခိုက်သောအခါ တိုက်ပွဲများ၏ ၉၀%အား သူမက ဦးဆောင်၍ တိုက်ခိုက်မည် ဖြစ်သည်။ အကယ်၍ သူမ၏ ပြိုင်ဘက်များက ကြမ်းတမ်းပါက သူမကပို၍ ကြမ်းတမ်းပြမည် ဖြစ်၏။ ထိုကဲ့သို့သော ပုံစံမျိုးဖြင့် အကယ်၍

သူမ၏ ပြိုင်ဘက်များသည် သူမအား
ရှုံးနိမ့်သွားနိုင်သော်လည်း သူမသည်
ကိုယ့်ကိုယ်ကိုယ် ပြဿနာများ
ဖိတ်ခေါ်နေသည်နှင့် တူနေသည်။

ယွဲ့ဟုန်ယန် တိုက်ခိုက်ပါက
အသက်ရှင်ကျန်ရစ်သူ ရှားပါးသည်။
သို့သော်လည်း သူမကိုယ်တိုင်သည်လည်း
တစ်ခါတစ်ရံတွင် တန်ဖိုး ကြီးကြီးမားမား
ပေးဆပ်ခဲ့ရသည်။

ထိုပုံစံသည် ယွဲ့ဟုန်ယန်၏ အသွေးအသားနှင့်
စိတ်ဝိညာဉ်များ အတွင်းသို့ ဝင်ရောက်နေပြီ
ဖြစ်ကာ သူမ၏ ရုပ်ခန္ဓာကိုယ်

သိုင်းပညာရပ်များနှင့် တစ်သားတည်း ဖြစ်နေခဲ့ပြီ ဖြစ်သည်။ သူမသည် ဤအဆင့်သို့ ရောက်နေပြီ ဖြစ်သဖြင့် သူမ၏ပုံစံအား ပြောင်းလဲနိုင်တော့မည် မဟုတ်ပေ။ အကယ်၍ သူမကသာ အမှန်တကယ် ပြောင်းလဲလိုလျှင် သူမ၏ ရုပ်ကိုယ်ခန္ဓာ သိုင်းပညာရပ်များ အားလုံးကို မစွန့်လွှတ်ရလျှင်ပင် အနည်းဆုံး တစ်ဝက်ခန့် ဆုံးရှုံးခံလိုက်မှသာ ပြောင်းလဲနိုင်မည် ဖြစ်သည်။

ထို့ကြောင့် လင်းဖုန်းက ဘာကိုမှ ပြောင်းလဲပေးရန် အစီအစဉ် မရှိခဲ့ပေ။ သူသည် ပြောင်းလဲလိုစိတ် မရှိသဖြင့် သူမ၏ကိုယ်ပိုင် ခံစစ်စွမ်းအားများကို တိုးတက်စေရန်

မှော်ရတနာ တစ်ခုဖြင့် မြှင့်တင်ပေးရမည် ဖြစ်သည်။ ဒါသည် သူမ၏ အားနည်းချက်ကို ကာကွယ်ကာ သူမ၏ ပြိုင်ဘက်များနှင့် ထိပ်တိုက်တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် ဂိုဏ်းအတွင်းသို့ အခြေခံအုတ်မြစ် အဆင့်ဖြင့် ဝင်ရောက်ခဲ့စဥ်ကတည်းက သူမအား ပေးအပ်ခဲ့သော ရှေးဟောင်းကျောက်စိမ်း ချပ်ဝတ်တန်ဆာသည် ခံစစ်အဖြစ် အသုံးပြုရသည့် မှော်အိုင်တမ် ဖြစ်သည်။

သူမအား ရွှေရောင်ဗဟိုချက် အဆင့်တွင် ပေးအပ်ထားသည့် အခြေတည် ဝိညာဥ်

အဆင့်မှ မှော်အိုင်တမ်ဖြစ်သည့် နတ်သမီးမိစ္ဆာ ရွှေသရဖူသည် ခံစစ်သက်သက် မဟုတ်သော်လည်း သူမ၏ တိုက်စစ်နှင့် ခံစစ်အကြားတွင် ထိန်းညှိပေးနိုင်သည်။

ယခုအချိန်တွင် ယွဲ့ဟုန်ယန်သည် အခြေတည် ဝိညာဉ် အဆင့်တွင် ရောက်ရှိနေခဲ့ပြီ ဖြစ်သဖြင့် လင်းဖုန်းက သူမအား ပေးအပ်မည့် အင်မော်တယ်ဝိညာဉ် အဆင့်မှ မှော်ရတနာသည် ဤအတွေးအတိုင်းပင် ဖြစ်၏။ ဒါသည် ခံစစ်ကို အားပေးထားသည့် မှော်ရတနာ ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဒါသည် လင်းဖုန်းကိုယ်တိုင်
ထုလုပ်ထားသော မြင့်မြင့်သော
ကောင်းကင်နဂါး ချပ်ဝတ်တန်ဆာ မဟုတ်ပေ။
ထို့အစား ဒါသည် အဖိုးတန်သော အရင်းအမြစ်
အချို့ဖြင့် စနစ်အတွင်းမှ လှဲလှယ်ထားသည့်
မှော်ရတနာ တစ်ပါးဖြစ်သည်။

ညှာတာမှု ကင်းမဲ့သော ခုနှစ်စဥ်ကြယ်
ချပ်ဝတ်တန်ဆာ!

ဤချပ်ဝတ်တန်ဆာသည် သန္ဓေလောင်း
အဆင့်မှ မှော်ရတနာ တစ်ပါးဖြစ်၏။ သူ့အား
ကြယ်များအားလုံး အတွင်းတွင် ညှာတာမှု
အကင်းမဲ့ဆုံးသော ကြယ်ခုနှစ်လုံးမှ

ကျင့်ကြံထားခြင်း ဖြစ်၏။ ဒါသည်
ဤမှော်ရတနာအား တိုက်စစ်ရော ခံစစ်ပါ
အလွန်အမင်း အစွမ်းထက်စေခဲ့သည်။

ညှာတာမှု ကင်းမဲ့သော ကြယ်ခုနှစ်လုံးတို့အား
နတ်ဆိုးကြယ် ခုနှစ်လုံး သို့မဟုတ်
ကောင်းကင်သတ်ဖြတ်ခြင်း
ကြယ်များဟူ၍လည်း ခေါ်သည်။ သူတို့သည်
ဘဝ၏ အထီးကျန်ခြင်းနှင့် ခါးသီးခြင်း၊
အပြစ်ပေးခြင်းနှင့် ကပ်ဆိုးတို့အား
ထိန်းချုပ်သော ကြယ်တာရာများ ဖြစ်ကြသည်။
သူတို့သည် သေခြင်းနှင့် ရှင်ခြင်းတို့အား
ထိန်းချုပ်ကြသူများလည်း ဖြစ်ကြ၏။

ညှာတာမှု ကင်းမဲ့သည့် ခုနှစ်စဥ်ကြယ်
ချပ်ဝတ်တန်ဆာသည် ညှာတာမှု ကင်းမဲ့သော
ကြယ်ခုနှစ်လုံးတို့၏ စွမ်းအားများကို
ကျင့်ကြံထားခြင်း ဖြစ်သည်။ ချပ်ဝတ်တန်ဆာ
တစ်ခုအနေနှင့် သူ၏ ခံစစ်စွမ်းအားများမှာ
သန်မာလှသည်။ သို့သော်လည်း
တစ်ချိန်တည်းတွင်ပင် သူ့တွင် သန်မာသော
တိုက်စစ်စွမ်းအင်များကိုလည်း ပိုင်ဆိုင်ထား၏။
တိုက်စစ်နှင့် ခံစစ်တို့ ပူးပေါင်းသွားချိန်တွင်
သူ့အားထိန်းချုပ်ရန် စွမ်းအားထက်သော
ကျင့်ကြံသူ တစ်ယောက်လိုအပ်သည်။

လင်းဖုန်းသည် ယွဲ့ဟုန်ယန်အား
အခြားအကြောင်းရင်း တစ်ရပ်ကြောင့်လည်း

ထိုရတနာအား ပေးအပ်ရန် စနစ်ထံမှ
လှဲလှယ်ခဲ့ခြင်း ဖြစ်သည်။ ယွဲ့ဟုန်ယန်၏
ကျင့်ကြံမှုအဆင့် မြင့်မားလာသည်နှင့် အမျှ
သူမသည် ညှာတာမှု ကင်းမဲ့သော
ကြယ်ခုနှစ်လုံးနှင့် အခြားကြယ်တာရာများကို
ဆက်သွယ်နိုင်စွမ်း ရှိလာမည် ဖြစ်၏။

ယွဲ့ဟုန်ယန်၏ လက်ရှိ ကျင့်ကြံမှုသည်
အကန့်အသတ် ရှိသေး၍ လက်ရှိ
ဆက်သွယ်နိုင်မှုမှာ
အားနည်းနေသေးသော်လည်း ရှိနေပြီ
ဖြစ်သည်။

ဤအချက်အပေါ်တွင် မူတည်၍ လင်းဖုန်းသည် သူ၏ မြင့်မြတ်သော ကောင်းကင်နဂါး ချပ်ဝတ်တန်ဆာအား ယွဲ့ဟုန်ယန်အား မပေးခဲ့ခြင်း ဖြစ်သည်။ ထို့အစား သူသည် သူမအား ညှာတာမှု ကင်းမဲ့သည့် ခုနှစ်စဥ့်ကြယ် ချပ်ဝတ်တန်ဆာကိုသာ ပေးခဲ့ခြင်း ဖြစ်သည်။

ယွဲ့ဟုန်ယန်သည် လင်းဖုန်းထံမှ ညှာတာမှု ကင်းမဲ့သည့် ခုနှစ်စဥ့်ကြယ် ချပ်ဝတ်တန်ဆာကို ရရှိခဲ့သည်။ ဤမှော်ရတနာသည် စနစ်အတွင်းမှ ထွက်လာခါစဖြစ်၍ သူ၏ မူလ စိတ်ဝိညာဥ်အား စတင်ဖန်ဆင်းခါစ ဖြစ်သည်။ ထိုမူလ စိတ်ဝိညာဥ်သည် ကလေးငယ် တစ်ယောက်နှင့်သာ တူနေခဲ့၍ အသိစိတ်များ၊

ယုံကြည်ချက်များကို ဖန်ဆင်းနိုင်စွမ်း မရှိခဲ့သေးပေ။ ထို့ကြောင့် ယွဲ့ဟုန်ယန်က ကျင့်ကြံရန်ပို၍ သင့်တော်ခဲ့သည်။ သူတို့နှစ်ယောက်အနေဖြင့် အနာဂတ်တွင် အတူတကွ တိုးတက်လာနိုင်ကြမည် ဖြစ်၏။

ချပ်ဝတ်တန်ဆာအား သူမ၏ လက်များဖြင့် ပွတ်သပ်နေရင်း ယွဲ့ဟုန်ယန်သည် ဤချပ်ဝတ်တန်ဆာထံမှ နွေးထွေးမှုများကို ခံစားလိုက်ရ၏။ ဤချပ်ဝတ်တန်ဆာသည် သူမနှင့် နီးကပ်နေသကဲ့သို့ ဖြစ်သည်။

ညှာတာမှု ကင်းမဲ့သည့် ခုနှစ်စဥ်ကြယ် ချပ်ဝတ်တန်ဆာသည် အနည်းငယ်

တုန်ခါသွားခဲ့သည်။ ယွဲ့ဟုန်ယန်သည် အခြေတည် ဝိညာဉ် အဆင့်မှ ကျင့်ကြံသူ တစ်ယောက်သာ ဖြစ်သော်လည်း ဤမှော်ရတနာသည် သူမနှင့် အလွန်အမင်း နီးကပ်နေခဲ့သည်။

သို့သော်လည်း ညှာတာမှု ကင်းမဲ့သည့် ကြယ်ခုနှစ်လုံးတို့မှ ကျင့်ကြံထားသော မှော်ရတနာ ဖြစ်သည့်အားလျှော်စွာ သူသည် အသစ်ဖန်ဆင်းထားခြင်း ဖြစ်သော်လည်း ခက်ထန်သော အော်ရာများကို ထုတ်ဖော်ပြနေခဲ့ပြီ ဖြစ်သည်။

ယွဲ့ဟုန်ယန်၏ မျက်လုံးအစုံသည် ကြက်သွေးရောင် မီးတောက်များဖြင့် လင်းလက်လာခဲ့၍ သူမ၏ သတ်ဖြတ်လိုစိတ်တို့မှာ ပြင်းထန်လာခဲ့သည်။ သူမသည် ထိတ်လန့် တုန်လှုပ်သွားခဲ့၍ သူမ၏ စိတ်ခံစားချက်များကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ရသည်။ သို့သော်လည်း သူမ၏ သတ်ဖြတ်လိုစိတ်များကို လှုံ့ဆော်ပေးခဲ့သည်မှာ ထိုချပ်ဝတ်တန်ဆာပင် ဖြစ်ကြောင်းကို တွေ့ရှိခဲ့သည်။

လင်းဖုန်းသည် ပြုံးလိုက်ကာ သူ၏ခေါင်းကိုခါလိုက်သည်။ "ကောင်းတယ်.. ဟုန်ယန်.. ဒီကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်မှု

စွမ်းရည်ကို ထိန်းသိမ်းထားလိုက်ပါ.. ဒါက အနာဂတ်မှာ အင်မော်တယ်ဝိညာဥ် အဆင့်ကို ကြိုးစားတဲ့အခါမှာ မင်းအတွက် အသုံးဝင်လာနိုင်တဲ့ လေ့ကျင့်မှု တစ်မျိုးဖြစ်တယ်"

ယွဲ့ဟုန်ယန်က လင်းဖုန်းအား ကြည့်လိုက်ကာ ဦးညွှတ်လိုက်သည်။ "ကျေးဇူးပါ.. ဆရာသခင်"

သူသည် လင်းဖုန်းအား နှုတ်ဆက်လိုက်၍ ထိုချပ်ဝတ်တန်ဆာကို ဆီးနှင်းမုန်တိုင်း ချိုင့်ဝှမ်းသို့ ယူပြန်သွားခဲ့သည်။ သူမသည် ဤမှော်ရတနာအား ကျင့်ကြံ၍ တစ်ချိန်တည်းမှာပင် သူမ၏

စတင်ဖွဲ့စည်းထားသည့် အခြေတည်
ဝိညာဉ်အား အားဖြည့်ရန် ပြင်ဆင်လိုက်သည်။

ယွဲ့ဟုန်ယန် အပြင် ယန်ချင်သည်လည်း
တံခါးပိတ် ကျင့်ကြံကာ ယင်လေပြင်း
ကပ်ဘေးများကို ကျော်လွှားနိုင်ရန်
ပြင်ဆင်နေခဲ့သည်။ သူသည် ရွှေရောင်ဗဟိုချက်
နောက်ဆုံး အဆင့်သို့ တက်လှမ်းနိုင်တော့မည်
ဖြစ်သည်။

ယန်ချင်၏ စုဆောင်းမှုများသည်
လုံလောက်နေပြီ ဖြစ်သည်။ သို့သော်လည်း
သူသည် ကျိုးယွင်ချုံးအား လမ်းညွှန်မှုဖြင့်
စိတ်ပျံ့လွင့်နေသဖြင့် ရွှေရောင်ဗဟိုချက်

အလယ်အလတ် အဆင့်တွင် ကြာနေရခြင်း ဖြစ်၏။

ဤအချိန်တွင် သူ၏ ယင်လေပြင်း ကပ်ဘေးအား ကျော်လွှားမှုသည် ရွှေရောင်ဗဟိုချက်ကို စတင်ဖန်ဆင်းစဉ်ကနှင့် ယင်မီးတောက် ကပ်ဘေးတို့အား ကျော်လွှားစဉ်ကထက် ပို၍ လွယ်ကူနေခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် လင်းဖုန်းကလည်း စိတ်သက်သာရာ ရနေခဲ့သည်။

ရှုယွင်စန်းနှင့် ရှုမြောင်ရင်းတို့သည် လင်းဖုန်း၊ ဇူရီနှင့် ကျန်သောသူများ အနောက်မှလိုက်၍ ခွန်းလွန်တောင်တို့ ရောက်လာကြသည်။

ရှုယွင်စန်းသည် သူ၏ညီမအား အခြေကျအောင် ကူညီပြီးနောက်တွင် ခေတ္တမျှ ပြင်ဆင်၍ ဇူရီအား နှုတ်ဆက်ကာ အပြင်ထွက် လေ့ကျင့်ခဲ့သည်။

သူ့တွင် ရွှေရောင်ဗဟိုချက် အဆင့်သို့ ရောက်ရှိနိုင်ရန် အချိန်ဆယ်နှစ် ရှိသည်။ အကယ်၍ သူသည် ရွှေရောင်ဗဟိုချက်ကို ဖန်ဆင်းနိုင်ခဲ့ပါက ဆယ်နှစ်အပြီးတွင် အံ့ဖွယ် ကောင်းကင်ကမ္ဘာအတွင်းသို့ ဝင်ရောက်ကာ အလုပ်ကြမ်း လုပ်ရပါက သူ့အတွက် မျှော်လင့်ချက် ရှိနိုင်သေး၏။

အကယ်၍ သူမအောင်မြင်ခဲ့လျှင်
ဆယ်နှစ်အပြီးတွင် သူသည် မသေမချင်း
အလုပ်ကြမ်း လုပ်ရတော့မည်
ဖြစ်သည်။သို့သော်လည်း ရှုယွင်စန်းသည်
မစိုးရိမ်နေခဲ့သလို တုန်လှုပ်၍လည်း မနေခဲ့ပေ။
သူလျှောက်လှမ်းခဲ့သော ခြေလှမ်းတိုင်းသည်
အသေအချာ တွက်ချက်ခဲ့ခြင်း ဖြစ်သည်။
သူသည် ယုကျင်းတောင်အပေါ်၌သာ
မျက်စိမှိတ်၍ ကျင့်ကြံနေမည် မဟုတ်ပေ။
သူသည် ပြင်ပကမ္ဘာသို့ သွားရောက်ကာ သူ၏
စိတ်အခြေအနေအား လေ့ကျင့်မည် ဖြစ်သည်။

သူ၏ညီမဖြစ်သူ ရှုမြောင်ရင်းမှာမူ
တိမ်တိုက်ကြေးမုံမြို့တွင်သာ နေခဲ့မည်

ဖြစ်သည်။ သင့်တော်သော အချိန်တစ်ခုတွင် သူမသည် နှလုံးသားကို ဖော်ပြသော လှေကားထစ်များကို တက်မည် ဖြစ်သည်။ သူမသည်လည်း သူမ၏ အစ်ကိုကဲ့သို့ အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း အတွင်းသို့ ဝင်ချင်နေပေသည်။

လင်းဖုန်း၏ လက်ရင်းတပည့် တစ်ယောက်အနေနှင့် ယွဲ့ဟုန်ယန်သည် အခြေတည် ဝိညာဉ်ကို နှစ်ပေါင်းငါးဆယ်အတွင်း ဖန်ဆင်းနိုင်ခဲ့သည်။ သူမအား လာရောက်ဂုဏ်ပြုကြသည့် ရဲဘော်ရဲဘက် များစွာတို့ ရှိကြသည်။ သို့သော်လည်း သူမသည် အတိတ်က

ဝမ်လင်းနှင့် ဇူရီတို့ကဲ့သို့ ကြီးမားသော
ရုတ်ရုတ်သဲသဲ ဖြစ်မှုမျိုးကိုတော့ မဖြစ်စေခဲ့ပေ။

ဒါသည့် သူမ၏ ရလဒ်များက
ထူးချွန်ပြောင်မြောက်မှု မရှိခဲ့၍ မဟုတ်ပေ။
ထို့အစား ထူးချွန်ပြောင်မြောက် လွန်းနေသဖြင့်
တစ်ယောက်ကမှ အံ့သြစရာဟု မခံစားကြရခြင်း
ဖြစ်သည်။

ဝမ်လင်း၊ ရှီထျန်းဟောင်နှင့် ကျန်သောသူများ
အပြီးတွင် လူသားကျင့်ကြံမှု ကမ္ဘာအတွင်းတွင်
လင်းဖုန်း၏ လက်ရင်းတပည့်များ၏
ထူးချွန်ပြောင်မြောက်သော
စွမ်းဆောင်ရည်များကို ထုံနေကြပြီ ဖြစ်သည်။

လင်းဖုန်း၏ လက်ရင်းတပည့်များသည်
အဘယ်မှာ ရှုံးနိမ့်နိုင်မည်နည်း။
အားလုံးတို့သည် အဘယ်ကြောင့် ထပ်မံ၍
အံ့ဩတုန်လှုပ်ကြရမည်နည်း။

အမှန်တွင်မူ အကယ်၍ လင်းဖုန်းတွင်
သာမန်တပည့် တစ်ယောက်သာ ရှိလျှင်ပင်
လူအချို့သည် သူ၏ ကံဆိုးမှုအပေါ်တွင်
ကျိတ်၍ ဝမ်းသာနေကြမည် ဖြစ်သည်။
သို့သော်လည်း လူအများစုတို့မှာ အခြေအနေကို
အသေအချာ အကဲခတ်နေကြမည် ဖြစ်သည်။

ဝမ်လင်းသည့် အကောင်းဆုံးသော ဥပမာ ဖြစ်သည်။ အားလုံးတို့သည် သူ့အား စောစောစီးစီးပင် သရော်လှောင်ပြောင်ခဲ့ကြသည်။။ သို့သော်လည်း နောက်ဆုံးတွင် သူတို့သာလျှင် အကြီးအကျယ် အရှက်ကွဲသွားခဲ့သည်။ ဝမ်လင်း၏ တိုးတက်လာမှုတိုင်းသည် သူတို့၏ မျက်နှာအား ရိုက်ချနေသကဲ့သို့ ဖြစ်သည်။

တစ်ချိန်ချိန်တွင် လင်းဖုန်း၏ လက်ရင်းတပည့်တစ်ယောက်သည် ရွှေရောင်ဗဟိုချက် အဆင့်သို့ မရောက်မီ သေဆုံးသွားနိုင်သည်။ သို့မဟုတ် သူသည် အလွန်အမင်း အသက်ကြီးသွား၍ အခြေတည် ဝိညာဥ်ကို မဖန်ဆင်းနိုင်ပဲ

ရှိနိုင်သည်။ သူသည် သေမည့်အချိန်
နီးကပ်လာသည်ကို ကြည့်ရုံသာ
ကြည့်နိုင်လိမ့်မည်။ ထိုကဲ့သို့ ဖြစ်သောအခါ
ဤသတင်းသည် ကမ္ဘာကြီးအတွင်းသို့
ပျံ့နှံ့သွားလိမ့်မည် ဖြစ်သည်။

သို့သော်လည်း ထိုကဲ့သို့သော ဖြစ်ရပ်များကို
ကြည့်ချင်နေကြသူများမှာ စောင့်ရုံသာ
စောင့်နိုင်ကြသည်။ ဤကဲ့သို့ အဖြစ်မျိုး
ဖြစ်နိုင်ခြေမှာ အလွန်ကို နည်းပါးလှ၏။
ရှားပါးလွန်းသဖြင့် ဖြစ်နိုင်လိမ့်မည် မဟုတ်ချေ။

အချိန်များ ကုန်ဆုံးသွားသည်နှင့် အမျှ
ယင်ပင်လယ်မှ အဖြစ်အပျက်များသည်

ဖြည်းဖြည်းချင်း မှေးမှိန်သွားခဲ့ကာ နတ်ဘုရား နယ်မြေသည် ထပ်ဖန်တစ်ခါ ငြိမ်းချမ်းသွားခဲ့သည်။ သို့သော်လည်း နောက်ကွယ်တွင်မူ အဖြစ်များက ဖြစ်ပျက်လျက် ရှိကြသည်။

သံသရာဂိုဏ်း၏ ကောင်းကင်လမ်းစဥ်သည် ဂိုဏ်းကို ပြန်လည်စည်းလုံးရန် ကြိုးစားမှုမှာ လှိုဏ်ဂူ၏ အဆုံးတွင် အလင်းရောင် ပြပြလေးကို နောက်ဆုံးတွင် မြင်နေရပြီ ဖြစ်၏။ ကျတ်တစ္ဆေလမ်းစဥ်နှင့် သားရဲလမ်းစဥ်တို့သည် ကောင်းကင်လမ်းစဥ်အား အညံ့ခံလိုက်ရပြီ ဖြစ်သည်။ ငရဲလမ်းစဥ်နှင့် လူသားလမ်းစဥ်တို့ကလည်း

ကောင်းကင်လမ်းစဥ်ဘက်သို့ တဖြည်းဖြည်းနှင့် ပါလာပြီ ဖြစ်သည်။

အသူရာလမ်းစဥ် တစ်ခုသာလျှင် ခေါင်းမာမာနှင့် တောင့်ခံနေဆဲ ဖြစ်သည်။ သို့သော်လည်း သူတို့သည် ဖြည်းဖြည်းချင်း ရှုံးနိမ့်လာသည်ကို အားလုံးတို့က ပြောနိုင်ကြသည်။ ကောင်းကင်လမ်းစဥ်က သံသရာဂိုဏ်း တစ်ခုလုံးအား အုပ်ချုပ်နိုင်တော့မည့် အချိန်က ရောက်လာတော့မည် ဖြစ်သည်။

ရလဒ်များက ပြတ်သားနေသောလည်း ဖြစ်စဥ်ကမူ မရိုးရှင်းနေပေ။ နတ်ဘုရား နယ်မြေမှ ကျန်သောသူများသည် ဤဖြစ်စဥ်က

မည်ကဲ့သို့ ဖြစ်ပျက်မည်ကို
မခန့်မှန်းနိုင်နေကြပေ။

နှစ်ပေါင်းများစွာ ပြည်တွင်းစစ် ဖြစ်ပွားနေသော
သံသရာဂိုဏ်းသည် ဤကဲ့သို့ပင်
ပေါင်းစည်းသွားကြမည်လော။ အကယ်၍
ဤမျှလွယ်နေလျှင် သူတို့သည်
အစောကြီးကတည်းက အဘယ်ကြောင့်
မကြိုးစားခဲ့ပါသနည်း။

ဤပဋိပက္ခအတွင်းတွင် ရှိထျန်းဖန်းနှင့်
ကျန်သော ကောင်းကင်လမ်းစဥ်မှ
ကျင့်ကြံသူများတို့သည် အထူး
လျှို့ဝှက်ဖဲချပ်များကို မထုတ်သုံးခဲ့ကြပေ။

တစ်ခုတည်းသော မျက်စိကျစရာ
ကောင်းသည့်အချက်မှာ
ကောင်းကင်လမ်းစဉ်သည် သံသရာဂိုဏ်း၏
ပျောက်ဆုံးနေသည်ဟု ကောလာဟာလများ
ဖြစ်နေသည့် လျှို့ဝှက်ကျမ်းစာ အချို့ကို
ရရှိခဲ့ခြင်း ဖြစ်သည်။

အမြင်စူးရှသူ အချို့ကမူ ဒါသည် အတိတ်က
ဗုဒ္ဓဝါဒကို နှိမ်နင်းသည့် တိုက်ပွဲတွင်
ပါဝင်ခဲ့သော ရှီထျန်းဖန်းနှင့်
သက်ဆိုင်နေသည်ဟု ပြောနိုင်ခဲ့သည်။

သံသရာဂိုဏ်း၏ ကိုယ်ပိုင် နည်းစနစ်များသည်
မကျော်ကြားခဲ့စဉ်က သူတို့၏ မှော်ကျိန်စာ

အချို့သည် ဗုဒ္ဓ အဆုံးအမများကို
အခြေခံထားသည်ဟု မဟာမိုးကြိုး
ကျောင်းတော်ထံမှ ကောလဟာလများ
ထွက်လာခဲ့သည်။ သို့သော်လည်း
သံသရာဂိုဏ်းသည် သူတို့၏ ကိုယ်ပိုင်
အတွေးအခေါ်များနှင့်
ကျော်ကြားလာခဲ့သောအခါ သူတို့၏
မှော်ကျိန်စာများသည် ဗုဒ္ဓ အဆုံးအမများနှင့်
သီးသန့်ဖြစ်နေခဲ့သည်။

ရှီထျန်းဖန်းနှင့် ကျန်သောသူများသည်
ဗုဒ္ဓဝါဒအား နှိမ်နင်းသည့် စစ်ပွဲတွင်
ဆုလာဘ်အချို့ကို ရရှိခဲ့သည်။ သူတို့သည် ဗုဒ္ဓ
ကျမ်းစာများကို လေ့လာနိုင်ခဲ့ပြီး

သံသရာဂိုဏ်း၏ ပျောက်ဆုံးနေသော နည်းစနစ်များကို ပြန်လည် ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

သို့သော်လည်း ဒါသည် ကောင်းကင်လမ်းစဉ်၏ ရုတ်တရက် အင်အားကြီးထွားလာမှုကို မရှင်းပြနိုင်ပေ။ သူတို့သည် ကျန်သောသူများကို ပြတ်ပြတ်သားသား အနိုင်ယူနိုင်ခဲ့ကြသည်။

စည်းလုံးသွားသော သံသရာဂိုဏ်းအား မမြင်ချင်ဆုံးမှာ မဟာကျိုး အင်ပါယာပင် ဖြစ်ပေလိမ့်မည်။ မဟာကျိုး အင်ပါယာ၏ စွမ်းအားများသည် သူတို့ထက် သိသိသာသာ ပိုကောင်းနေသော်လည်း သူတို့တွင်

ရန်သူများစွာ ရှိနေသည်။ အနောက်ဘက်တွင် မဟာချင် အင်ပါယာ ရှိသည်။ အရှေ့ဘက်တွင် ယင်ပင်လယ်နှင့် နတ်တောင်တို့အား ထိန်းချုပ်ထားသည့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်း ရှိနေသည်။

မဟာကျိုး အင်ပါယာသည် ဟင်းလင်းပြင် ဘုရားကျောင်းနှင့်လည်း နီးစပ်သော ဆက်ဆံရေးများ ရှိမနေပေ။ ဗုဒ္ဓဝါဒကို နှိမ်နင်းသည့် စစ်ပွဲအတွင်းတွင် မဟာကျိုး အင်ပါယာသည် စူတောင်ဓားဂိုဏ်းနှင့်လည်း ပဋိပက္ခများ ဖြစ်ခဲ့သည်။

ထို့ကြောင့် ယင်ပင်လယ် အတွင်းမှ ရှုံးနိမ့်မှု အပြီးတွင် မဟာကျိုး အင်ပါယာသည် နှိမ့်နှိမ့်ချချသာ နေနိုင်ခဲ့သည်။ သူတိုသည် ကောင်းမွန်သော အခွင့်အရေး တစ်ခုကို စောင့်နေနိုင်ခဲ့သည်။ သံသရာဂိုဏ်း၏ တန်ခိုးထွားလာမှုကို သူတို့သည် သတိဖြင့်သာ စောင့်ကြည့်နိုင်၍ ဘာမှ မလုပ်နိုင်ခဲ့ပေ။

လင်းဖုန်း၏ ယင်ပင်လယ် အတွင်းမှ ဂုဏ်ကျက်သရေ ကြီးမားသည့် အောင်ပွဲအပြီးတွင် သူသည် ထပ်မံ၍ တိတ်ဆိတ်သွားခဲ့သည်။ သူသည် ယုကျင်းတောင် အပေါ်တွင်သာနေနေ၍ အခြေအနေများကိုသာ စောင့်ကြည့်နေခဲ့၏။

သို့သော်လည်း လင်းဖုန်းအား စိတ်အနှောင့်အယှက် ပေးနေသော အရာတစ်ခု ရှိနေသည်။ သူသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းမှ ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့အား စိတ်ပူနေခြင်း ဖြစ်သည်။

## စာစဥ် ၄၂ : အပိုင်း ၇

## အပိုင်း ၇၉၇ : အတူတကွ အပြင်ထွက်ခြင်း

ဟင်းလင်းပြင် စစ်တလင်း၏ အထူး ဝိသေသ လက္ခဏာများကြောင့် လင်းဖုန်းသည်ပင်လျှင်

အတွင်းမှ တစ်စုံတစ်ယောက်အား ရှာဖွေရန် ခက်ခဲပေသည်။

တစ်ချိန်တည်းတွင်ပင် ဆက်သွယ်မှု နည်းစနစ် အမျိုးမျိုးသည်လည်း အသုံးဝင်သည့်ပုံ မပေါ်ချေ။ ထို့ကြောင့်ပင် ဝမ်လင်းနှင့် ရှီထျန်းဟောင်တို့သည် ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်သွားပြီးနောက်တွင် မည်သည့်သတင်းမှ မရခြင်း ဖြစ်သည်။

သို့သော်လည်း သူတို့ ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့ ဝင်ရောက်သွားပြီး နှစ်နှစ်အကြာတွင် ဝမ်လင်းသည် ဟင်းလင်းပြင် စစ်တလင်းမှနေ၍ မဟာကမ္ဘာ အတွင်းသို့ ပြန်လာနိုင်ခဲ့သည်။

ဝမ်လင်းသည် ဂိုဏ်းသို့ ပြန်လာအပြီးတွင် လင်းဖုန်းထံသို့ လာရောက်၍ နှုတ်ဆက်လိုက်သည်။ လင်းဖုန်းသည် ဝမ်လင်းအား ကြည့်လိုက်ကာ မအောင့်နိုင်ပဲ ရယ်လိုက်မိသည်။

ဝမ်လင်းသည် ဇူရီနှင့် ရှောင်ယန်ကဲ့သို့ပင် အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်သို့ ရောက်သွားခဲ့ပြီ ဖြစ်သည်။ သူသည် သူ၏ကိုယ်ပိုင် စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ခဲ့ပြီ ဖြစ်၏။

ဝမ်လင်း၏ မျက်နှာအပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ သူသည် လင်းဖုန်းအား

ကြည့်လိုက်ကာ ဦးညွှတ်လိုက်သည်။ "ဆရာ.. ကျွန်တော် ပြန်ရောက်လာပြီ"

လင်းဖုန်းသည် သူ့အားကြည့်လိုက်ကာ သူ၏ စိတ်လှုပ်ရှားမှုတို့ကို အာရုံခံမိလိုက်သည်။ သူသည် ခေတ္တမျှ စဉ်းစားလိုက်၍ တစ်စုံတစ်ခုအား တွေးမိလိုက်သည်။

"မင်းရဲ့ဇာတိရွာက ဆွေမျိုးတွေကို သတ်ဖြတ်ခဲ့တဲ့ အခြေတည် ဝိညာဉ် အဆင့်က ကျင့်ကြံသူကို မင်းက ရှင်းပစ်နိုင်ခဲ့ပြီလား"

ဝမ်လင်းက ရယ်လိုက်သည်။ "ဟုတ်ကဲ့ပါ" သူသည် လက်ချောင်းများကို ဆန့်တန်းလိုက်ရာ မှေးမှိန်နေသော အဝါရောင် ဝိညာဉ်တစ်ခုသည် သူ၏ လက်သည်းများမှတဆင့် လွင့်မျောကာ ထွက်လာခဲ့သည်။ သူသည် ခက်ထန်သော ပုံစံနှင့် အကြီးအကဲတစ်ယောက် ဖြစ်သည်။

လင်းဖုန်းသည် ဝမ်လင်းနှင့် ယန်ချင်တို့က ထိုသူ၏ ပုံစံကို ပြောပြထားသည်ကို ကြားဖူးခဲ့၏။ သူသည် ထိုသူအား မြင်လိုက်သည်နှင့် ဝမ်လင်း၏ ဇာတိရွာမှ လူများကို သတ်သွားခဲ့သည့်သူ ဖြစ်မှန်းကို သိခဲ့လိုက်သည်။

ဤအကြီးအကဲသည် သူ၏တူကို လွှတ်လိုက်ကာ စိတ်ဝိညာဉ်များကို ရှာဖွေစုဆောင်းစေခဲ့သည်။ သို့သော်လည်း မည်သူက သိမည်နည်း၊ သူ၏တူသည် ရွှေရောင်ဗဟိုချက် စဦးပိုင်း အဆင့်မှ ကျင့်ကြံသူ တစ်ယောက်၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။ သူသည် အမျက်ထွက်သွားခဲ့ကာ ဝမ်လင်းအား သတ်ဖြတ်ရန် ကြံစည်ခဲ့ရုံသာမကပဲ ဝမ်လင်း၏ မိသားစု တစ်ခုလုံးကိုပါ သတ်ဖြတ်ရန် ကြံစည်ခဲ့သည်။

နောက်ဆုံးတွင် သူတို့ နှစ်ဘက်သားတို့သည် ပြင်းထန်သော တိုက်ပွဲတစ်ခုအား တိုက်ခိုက်ခဲ့ကြသည်။ ပြီးတာနှင့် သူတို့သည်

ဟင်းလင်းပြင် စစ်တလင်း အတွင်းသို့
ရောက်ရှိသွားခဲ့၍ သူသေကိုယ်သေ
တိုက်ပွဲတစ်ခုကို ဆင်နွှဲခဲ့ကြသည်။

ဝမ်လင်းသည် ရွှေရောင်ဗဟိုချက်
အလယ်အလတ် အဆင့်သို့
ရောက်သွားနိုင်ခဲ့ကာ ထိုအကြီးအကဲနှင့်
သွေးလွှမ်းသော တိုက်ပွဲတစ်ခုကို
တိုက်ခိုက်ခဲ့သည်။ ထိုအကြီးအကဲ၏ စကြာဝဠာ
ပုံသဏ္ဍာန်ကို ဖျက်ဆီးနိုင်ခဲ့သော်လည်း
ဝမ်လင်းသည် အကြီးအကျယ်ဒဏ်ရာ
ရရှိသွားခဲ့သည်။

အချိန်အတော်ကြာမှသာ သူသည်
အသွေးအသားများကို ပြန်လည်
တည်ဆောက်နိုင်ခဲ့၍ သူ၏ ဒဏ်ရာများမှနေ၍
ပြန်လည် သက်သာလာခဲ့သည်။ ပြီးတာနှင့်
သူသည် ရွှေရောင်ဗဟိုချက် နောက်ဆုံး
အဆင့်သို့ ရောက်ရှိသွားနိုင်ခဲ့သည်။

ဤအကြီးအကဲ၏ စကြာဝဠာ ပုံသဏ္ဌာန်
ပျက်စီးသွားခဲ့သောအခါ သူသည်
သေမင်းခန်းမမှ အင်မော်တယ်ဝိညာဥ် အဆင့်ရှိ
သံတမန် တစ်ပါးကို ဖိတ်ခေါ်ခဲ့ကာ
ဝမ်လင်းအား ဟင်းလင်းပြင် စစ်တလင်းတွင်
သတ်ဖြတ်ရန် ကြံစည်ခဲ့သည်။ နောက်ဆုံးတွင်
သူသည် လင်းဖုန်း၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ပြီးတာနှင့် အခြေအနေသည် အလွန်အမင်းကို ရှုပ်ထွေးသွားခဲ့၏။ ဝမ်လင်းသည် ရှီထျန်းရီ၏ မျက်လုံးတစ်ဖက်အား ကန်းစေခဲ့ပြီး လင်းဖုန်း၏ လက်ရင်းတပည့်များ အတွင်းတွင် အခြေတည် ဝိညာဉ်အား ပထမဆုံး ဖန်ဆင်းနိုင်ခဲ့သောသူ ဖြစ်သွားခဲ့သည်။ ပြီးတာနှင့် သူသည် အခြေတည် ဝိညာဉ် အလယ်အလတ် အဆင့်ကို တက်လှမ်းနိုင်ခဲ့သည်။

သေမင်းခန်းမသည် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းကြောင့် အကြီးအကျယ် ဆုံးရှုံးသွားခဲ့သည်။ ငရဲဘုရင် ဆယ်ပါးအတွင်းမှ

ချင်းကွမ်းဘုရင်သည်ပင်လျှင် အဖိနှိပ်ခံခဲ့ရ၍ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ဝမ်လင်းသည် ဤအခြေတည် ဝိညာဉ်၏ နောက်ဆုံး အဆင့်မှ အကြီးအကဲကို အသည်းအသန် လိုက်ရှာခဲ့သည်။ သူသည် သူ၏ ကျဆုံးခဲ့ရသော မိသားစုဝင်များအတွက် လက်စားပြန်ချေပေးနေလိုခြင်း ဖြစ်သည်။ ထိုအကြီးအကဲသည် အလွန်ကို ပါးနပ်လှသည်။ သူသည် ဝမ်လင်းနှင့် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းတို့၏ ပစ်မှတ်ထားခြင်းကို ခံနေရမှန်း သိခဲ့သောအခါ လျှင်မြန်စွာနှင့်ပင် သူ့ကိုယ်သူ ဖုံးကွယ်ခဲ့သည်။

သို့သော်လည်း နောက်ဆုံးတွင် သူသည် ဟင်းလင်းပြင် စစ်တလင်း အတွင်းတွင် ဝမ်လင်း၏ ဖမ်းဆီးမှုကို ခံခဲ့ရသည်။ သူ့အား တွေ့ရှိခဲ့သောအခါ သူသည် မမြင့်မြတ်သော ငရဲကမ္ဘာ ရုပ်သေးရုပ် အဖြစ် ဝမ်လင်း၏ ကျင့်ကြံခြင်းကို ခံခဲ့ရ၏။

"ကျွန်တော်က နောက်ဆုံးမှာ ကျွန်တော့်ရဲ့ မိသားစုဝင်တွေ အတွက် လက်စားချေပေးနိုင်ခဲ့ပြီ.. ကျွန်တော်က ဟင်းလင်းပြင် စစ်တလင်း အတွင်းမှာ စကြာဝဠာ ပုံသဏ္ဍာန်ကိုလည်း ဖန်ဆင်းနိုင်ခဲ့တယ်" ခေတ္တမျှ ငြိမ်သက်သွားအပြီးတွင် လင်းဖုန်းက

ပြောလိုက်သည်။ "ကျွန်တော်က အချိန်အနည်းငယ် ယူပြီး တံခါးပိတ်ပြီး လေ့ကျင့်ချင်နေပါတယ်.. အင်မော်တယ်ဝိညာဥ်အတွက် ပြင်ဆင်ရအောင်ပါ"

"တစ်ချိန်တည်းမှာပဲ ကျွန်တော်က အသွင်သဏ္ဍာန်လေးမျိုး နယ်နိမိတ် မှော်ကျိန်စာရဲ့ နောက်ဆုံး မှော်ကျိန်စာကို အလေးအနက် စဥ်းစားနေလိုပါတယ်"

သူတို့သည် ကွဲပြားခြားနားကြသော်လည်း ခြုံ၍ကြည့်လိုက်လျှင် သူတို့အားလုံးတို့သည် အသွင်သဏ္ဍာန် လေးမျိုးတို့ အပေါ်တွင် အခြေခံထားကြခြင်း ဖြစ်သည်။

ကျင့်ကြံပြီးသည်နှင့် သူတို့သည် ပုံစံ အမျိုးမျိုး ရှိနိုင်ကာ ထုတ်လွှတ်ရန် ခက်ခဲသလို လွယ်ကူနိုင်၍ အခြားနေရာများတွင်လည်း ကွဲပြားခြားနား နိုင်ကြသည်။ သို့သော်လည်း ဤအရာ အားလုံးတို့သည် သူတို့၏ ဆုံးဖြတ်ခြင်းကို ခံနေရသည်။

ယွဲ့ဟုန်ယန်သည် ရွှေရောင်ဗဟိုချက် နောက်ဆုံး အဆင့်တွင် အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာအား စတင်လေ့ကျင့်ခဲ့ကာ သူမတွင်လည်း သူမ၏ ကိုယ်ပိုင် နားလည်မှုများ ရှိနေသည်။ ဒါသည် ရှီထျန်းဟောင်နှင့် ကျန်သောသူများထံမှ ကွဲပြားခြားနားသော်လည်း အသွင်သဏ္ဍာန်

လေးမျိုးတို့၏ အပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။

ယန်ချင်သည် ယင်လေပြင်း ကပ်ဘေးတို့ကို အောင်မြင်စွာနှင့် ကျော်လွှားနိုင်ခဲ့သည်။ သူသည်လည်း ဤနှစ်ပိုင်း အတွင်းတွင် တံခါးပိတ်ကာ လေ့ကျင့်နေ၍ အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာကို ကျင့်ကြံနေခဲ့သည်။ သို့သော်လည်း သူသည် လင်းဖုန်းအား မပြောပြရသေးသဖြင့် သူ၏ တိုးတက်မှုကို မသိနိုင်သေးပေ။

ဝမ်လင်း၏ အသွင်သဏ္ဍာန်လေးမျိုး နယ်နိမိတ် မှော်ကျိန်စာမှာ မိစ္ဆာကျမ်းစာ

လေးမျိုးအပေါ်တွင် အခြေခံ၍ ကျင့်ကြံထားကာ
ကမ္ဘာလေးခုကို ဖန်ဆင်းခြင်း ဖြစ်သည်။
ဤဖြစ်စဉ်သည် တိုးတက်နေဆဲ ဖြစ်၏။

ပထမ ကျမ်းစာကို ဖွင့်လှစ်လိုက်သောအခါ
ပထမကမ္ဘာ အတွင်းသို့ ဝင်နိုင်မည် ဖြစ်သည်။
ဒုတိယ ကျမ်းစာကို ဖွင့်လှစ်လိုက်သောအခါ
ဒုတိယ ကမ္ဘာကို ဝင်နိုင်မည် ဖြစ်၏။
နောက်ပိုင်းတွင်လည်း ဤအတိုင်း ဖြစ်သည်။

စကြာဝဠာ ပုံသဏ္ဍာန်ကို မဖန်ဆင်းမီတွင်
ဝမ်လင်းသည် ပထမကမ္ဘာကို ကျင့်ကြံပြီး၍
ဒုတိယကမ္ဘာကို ကျင့်ကြံနိုင်ခဲ့သည်။
ယခုအချိန်တွင် သူသည် စကြာဝဠာ

ပုံသဏ္ဍာန်အား ဖန်ဆင်းနိုင်ပြီ ဖြစ်ပြီး အခြေတည် ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်ရှိနိုင်ပြီ ဖြစ်၍ တတိယကမ္ဘာကို ဖန်ဆင်းနိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း စတုတ္ထကမ္ဘာကို မကျင့်ကြံရသေးပေ။

လင်းဖုန်းသည် သူ့အား အကြံပေးလိုက်သည်။ "တကယ်လို့ မင်းက နောက်ဆုံးမှော်ကျိန်စာကို တီထွင်ချင်တယ်ဆိုရင် မင်းက အံ့ဖွယ် ကောင်းကင်ကမ္ဘာ အတွင်းက ပါရမီ ဇန်မာစတာကို သွားရှာသင့်တယ်.. ဒါက မင်းအတွက် အကျိုးရှိစေလိမ့်မယ်"

ဝမ်လင်းသည် သူ၏ခေါင်းကို
တစ်ဆတ်ဆတ်နှင့် ညိတ်လိုက်၏။
"ကျွန်တော်ကလည်း ဒီလိုမျိုး
စဥ်းစားမိပါတယ်.. ဆရာ့ကို နှုတ်ဆက်ပြီးတာနဲ့
ကျွန်တော်က အံ့ဖွယ် ကောင်းကင်ကမ္ဘာကို
သွားပြီးမှ ပါရမီ ဇုန်မာစတာကို သွားရှာဖို့
အစီအစဥ် ရှိပါတယ်"

သူသည် လျှင်မြန်စွာ လှုပ်ရှားတတ်သော
သူတစ်ယောက် ဖြစ်၏။ လင်းဖုန်းအား
နှုတ်ဆက်အပြီးတွင် သူသည်
သစ်တောဗိမာန်ကို ပြန်သွားခဲ့ကာ
သူ၏တပည့်များကို ကြည့်လိုက်သည်။

သူတို့အား သူတို့၏ ကျင့်ကြံမှုများကို အချိန်အနည်းငယ်မျှ အကြံပေးအပြီးတွင် သူသည် အံ့ဖွယ် ကောင်းကင်ကမ္ဘာသို့ လျှင်မြန်စွာနှင့် သွားခဲ့လိုက်သည်။

"ဝမ်လင်းက ဘေးကင်းစွာနဲ့ ပြန်လာခဲ့ပြီ.. ဒါပေမဲ့ ထျန်းဟောင်ရဲ့ သတင်းတွေကိုတော့ မရသေးဘူး" လင်းဖုန်းသည် ဝမ်လင်း ထွက်ခွာသွားသည်ကို ကြည့်လိုက်သည်။ ပြီးတာနှင့် သူ၏အာရုံကို နိဗ္ဗာန်ကမ္ဘာထံသို့ ပို့လိုက်သည်။ ရက်အနည်းငယ် အပြီးတွင် ယန်ချင်သည် နောက်ဆုံးတွင် တံခါးပိတ် ကျင့်ကြံမှု ပြီးဆုံးသွားခဲ့သည်။

သို့သော်လည်း သူသည် လင်းဖုန်းထံသို့ ရောက်လာခဲ့သောအခါ အနည်းငယ် ဝေခွဲမရ ဖြစ်နေခဲ့သည်။ သူ၏ တိုးတက်မှုများကို လင်းဖုန်းအား တင်ပြခဲ့သည်။

ယန်ချင်အား တွေ့လိုက်သောအခါ လင်းဖုန်းသည် သက်တောင့်သက်သာ ရှိလှစွာဖြင့် သူ့အား ပြုံးပြလိုက်သည်။ "ဘာမှ စိတ်မပျက်နဲ့.. မင်းက အသွင်သဏ္ဍာန်လေးမျိုး ကောင်းကင်ခွဲခြမ်း ကျမ်းစာကို လေ့ကျင့်တဲ့ နေရာမှာ မှန်ကန်တဲ့ လမ်းကြောင်းအပေါ်ကို ရောက်နေတယ်.. ဒါပေမဲ့ မင်းမှာက အတွေ့အကြုံ တချို့လိုနေသေးတယ်.. ဒါက

မင်းတောင်ပေါ်မှာ နေနေရုံနဲ့ ရနိုင်မယ့် အရာတစ်ခု မဟုတ်ဘူး"

"တောင်ပေါ်ကနေ ဆင်းပြီးမှ လေ့ကျင့်ပါ.. မင်းက ဒီကနေ အကျိုးအမြတ် တစ်စုံတစ်ခုကို ရရှိလိမ့်မယ်"

ယန်ချင်က သူ၏ခေါင်းကို လေးနက်စွာဖြင့် ညိတ်လိုက်၏။ "ဟုတ်ကဲ့ပါ.. ဒါပေမဲ့ ကျွန်တော် တောင်ပေါ်က မဆင်းခင် ယွင်ချုံးရဲ့ အခက်အခဲတွေကို ကျော်လွှားတာကို စောင့်ကြည့်ပေးချင်တယ်"

"သူ့ရဲ့ စုဆောင်းမှုတွေက လုံလောက်နေပြီ.. တကယ်လို့သူက အခုအချိန်မှာ အတားအဆီးတွေကို စိန်ခေါ်ခဲ့ရင် အောင်မြင်ဖို့ များတယ်"

လင်းဖုန်းက ပြုံးလိုက်သည်။ "မင်းက တောင်အောက်ကို ဘယ်အချိန် ဆင်းမလဲ ဆိုတာကို မင်းဘာသာမင်း ဆုံးဖြတ်နိုင်တယ်.. မင်းက ယွင်ချုံးကိုလည်း တစ်ခါတည်း ခေါ်ဆင်းသွားလည်း ကောင်းတာပဲ.. သူကလည်း အတွေ့အကြုံတွေ လိုအပ်နေတယ်"

ယန်ချင်က တောက်ပစွာနှင့် ပြုံးလိုက်သည်။
"ကျွန်တော်ကလည်း ဒီအတိုင်း ထင်ပါတယ်"

သူ၏ မီးလောင်ပြာကျသော
ယန်ဖြစ်တည်မှုကြောင့် ကျိုးယွင်ချုံးသည်
အလွန်အမင်း ခက်ထန်စွာ
တိုက်ခိုက်တတ်သည်။ သူသည် လျှင်မြန်စွာနှင့်
တိုးတက်လာခဲ့သော်လည်း သူ၏ ကျင့်ကြံမှု
ဖြစ်စဉ်တွင် အန္တရာယ်များ များပြားစွာ
ရှိနေခဲ့သည်။

စဦးပိုင်း ကျင့်ကြံမှု အဆင့်များတွင် အန္တရာယ်
အများဆုံးမှာ ရွှေရောင်ဗဟိုချက်ကို
ဖန်ဆင်းခြင်းပင် ဖြစ်သည်။

မီးလောင်ပြောကျသော ယန်ဖြစ်တည်မှုကို ပိုင်ဆိုင်ထားသော ကျင့်ကြံသူတစ်ယောက် အနေနှင့် သူသည် ရွှေရောင်ဇဟိုချက်ကို စတင်ဖန်ဆင်းရာတွင် ယင်မီးတောက် ကပ်ဘေးကို တစ်ခါတည်း ရင်ဆိုင်ရမည် ဖြစ်သည်။ သူ့အား ရပ်တန့်၍ မရနိုင်ချေ။

ဤကဲ့သို့သော အခြေအနေမျိုးတွင် အကယ်၍ သူသည် ယင်မီးတောက် ကပ်ဘေးများကို ကျော်လွှားနိုင်ပါက ရွှေရောင်ဇဟိုချက် အလယ်အလတ် အဆင့်သို့ တစ်ခါတည်း ရောက်သွားမည် ဖြစ်၏။ သို့သော်လည်း သူက မကျော်လွှားနိုင်ခဲ့ပါက

ယင်မီးတောက်များကြောင့် သူ၏
တစ်ကိုယ်လုံးသည် ပြာဖြစ်သွားမည် ဖြစ်သည်။

ထို့ကြောင့်ပင် လုံခွက်ကို အောင်မြင်စွာနှင့်
ဖန်ဆင်းသွားအပြီးတွင် သူသည်
အခြေခံအုတ်မြစ် နောက်ဆုံး အဆင့်တွင်
အချိန်အတော်ကြာ နေနေရမည် ဖြစ်သည်။
သူသည် ယန်ချင်၏ အကြံဉာဏ်များအတိုင်း
ကျင့်ကြံကာ သူ၏ စွမ်းအားများကို
စုဆောင်းနေခဲ့ခြင်း ဖြစ်၍ သူသည်
ယင်မီးတောက် ကပ်ဘေးများကို ကျော်လွန်ကာ
တစ်ခါတည်းနှင့် ရွှေရောင်ဗဟိုချက်
အလယ်အလတ် အဆင့်ကို ရောက်နိုင်မည်
ဖြစ်သည်။

သို့သော်လည်း ဒါသည် သူက ထိုအဆင့်ကို ရောက်ပြီးသွားလျှင် အန္တရာယ်များ မရှိတော့ဟု ဆိုလိုနေခြင်း မရှိပေ။ မီးလောင်ပြာကျသော ယန်ဖြစ်တည်မှုကို ပိုင်ဆိုင်ထားသည့် ကျင့်ကြံသူ တစ်ယောက်သည် အမြဲတစေ ဂရုတစိုက် လေ့ကျင့်နေမှ ရမည်ဖြစ်သည်။ အကယ်၍ ခြေတစ်လှမ်း မှားသွားခဲ့ပါက မလိုလားအပ်သော အကျိုးသက်ရောက်မှုများက စောင့်နေမည်ဖြစ်သည်။

ယန်ချင်၏ လမ်းညွှန်မှုနှင့် လင်းဖုန်း၏ တစ်စိတ်တစ်ပိုင်း ကြိုးကြပ်မှုတို့ အောက်တွင် ကျိုးယွင်ချုံးသည် ဤအဆင့်ကို

အောင်မြင်စွာနှင့် ဖြတ်သန်းသွားနိုင်ခဲ့၏။ ပြီးတာနှင့် ယန်ချင်သည် သက်တောင့်သက်သာ ဖြစ်သွားခဲ့ကာ သူ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။ ကျိုးယွင်ချုံးသည် သူ၏ စွမ်းအားများကို ရုပ်သိမ်းလိုက်ကာ ငြိမ်သက်နေခဲ့သည်။ ပြီးနောက်သူသည် ယန်ချင်ထံသို့ ရိုသေစွာနှင့် ဦးတိုက်လိုက်သည်။

ယန်ချင်သည် ထိုမြင်ကွင်းအား မြင်လိုက်သောအခါ မတတ်နိုင်ပဲ သူနှင့် လင်းဖုန်းအကြားမှ အဖြစ်ကို ပြန်လည် စဥ်းစားလိုက်သည်။ သူ၏လက်များဖြင့် ကျိုးယွင်ချုံးအား ဖေးမလိုက်ကာ သူ၏

စိတ်အတွင်းတွင် ခံစားချက်များစွာ
စီးဆင်းသွားခဲ့သည်။

အားလုံးတို့ကို ပြင်ဆင်ပြီးသွားသောအခါ
ယန်ချင်သည် ကျိုးယွင်ချုံးအား သူနှင့်အတူ
အပြင်ထွက်ရန် အသင့်ဖြစ်နေခဲ့သည်။
ယွဲ့ဟုန်ယန်သည် ထိုသတင်းအား
ကြားသောအခါ သူသည် ကျောက်ဟွမ်အား
ခေါ်ခဲ့ကာ နိဗ္ဗာန်ကမ္ဘာသို့ လာခဲ့သည်။

"နံပါတ်ငါး ဂျူနီယာ.. နင်ကဘယ်ကိုသွားဖို့
အစီအစဉ် ရှိသလဲ" ယွဲ့ဟုန်ယန်က
မေးလိုက်သည်။ ယန်ချင်က အနည်းငယ်
စဉ်းစားပြီးမှ ဖြေလိုက်၏။ "ကျွန်တော်က

တောင်ပိုင်း တောရိုင်းဒေသကို သွားဖို့အတွက်
ကြံစည်ထားပါတယ်.. အဲ့ဒီနေရာမှာ
မဟာလွင်တီးခေါင် ကုန်းမြေနဲ့ နယ်နိမိတ်
လမ်းကြောင်းတွေ အများကြီး ရှိသလို
ပတ်ဝန်းကျင်ကလည်း ရှုပ်ထွေးပြီး
အန္တရာယ်များတယ်"

"ဒီတစ်ခေါက်မှာတော့ ကျွန်တော်က
ကျွန်တော့်ရဲ့ စိတ်အခြေအနေကို
လေ့ကျင့်ဖို့အပြင် ကျွန်တော့်ရဲ့ မှော်ကျိန်စာတွေ
နားလည်မှုကို ပြီးပြည့်စုံအောင်
လုပ်ဆောင်ချင်နေတယ်.. အဲ့ဒီနေရာက
သင့်တော်တဲ့ နေရာတစ်ခု ဖြစ်တယ်"

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "ငါကလည်း ကျောက်ဟွမ်ကို ခေါ်ပြီးတော့ ရှေးဟောင်းကမ္ဘာ စိမ့်မြေကို သွားဖို့ ရည်ရွယ်ချက်ရှိတယ်.. ငါတို့ရဲ့ ပြင်းထန်သောမုန်တိုင်း အဖွဲ့အစည်းက ရဲဘော်တွေရဲ့ သေဆုံးခြင်း နှစ်ပတ်လည်က နီးကပ်လာပြီ ဖြစ်တယ်"

"သူတို့ရဲ့ သင်္ချိုင်းဂူတွေက တောင်ပိုင်း တောရိုင်းဒေသ အနီးမှာ ရှိနေတယ်.. ငါတို့က အတူတူ သွားလို့ရမယ်နဲ့ တူတယ်"

ယန်ချင်က ချက်ချင်းပင် သဘောတူလိုက်၏။

ယွဲ့ဟုန်ယန်သည် နိဗ္ဗာန်ကမ္ဘာမှ ထွက်လာသော
အချိန်တွင် ယုကျင်းတောင်ထိပ်ပေါ်တွင်
အောက်သို့ ငေးကြည့်နေ၍
စိတ်ပျံ့လွင့်နေသည့်ပုံ ပေါက်နေသော
အဖြူရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်အား
တွေ့လိုက်သည်။

"အကြီးအကဲခန်း" ယွဲ့ဟုန်ယန်သည်
အနည်းငယ် အံ့အားသင့်သွားခဲ့သည်။
"အကြီးအကဲက တံခါးပိတ် ကျင့်ကြံနေရာကနေ
ထွက်လာပြီလား"

ထိုဝတ်ရုံဖြူနှင့် လူငယ်က
လှည့်ကြည့်လိုက်သည်။ သူသည်

ခန်းနန်ဟွာဖြစ်သည်။ သူသည် ယွဲ့ဟုန်ယန်အား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "ဟုန်ရန်.. မင်းက အခြေတည်ဝိညာဥ်ကို ဖန်ဆင်းနိုင်ခဲ့ပြီ.. ဂုဏ်ယူပါတယ်"

ခန်းနန်ဟွာ၏ အကြည့်သည် ကျောက်ဟွမ်အပေါ်သို့ ကျရောက်သွားခဲ့ရာ သူ၏အပြုံးသည် ပို၍ တောက်ပလာခဲ့သည်။ "ကျောက်ဟွမ်ကလည်း လုံ့ခွက်ကို ဖန်ဆင်းနိုင်ခဲ့ပြီ"

"အကြီးအကဲခန်းကလည်း တံခါးပိတ် ကျင့်ကြံမှု အောင်မြင်သွားတဲ့အတွက် ဂုဏ်ယူပါတယ်"

ကျောက်ဟွမ်ကလည်း ပျော်ရွှင်စွာနှင့် ပြောလိုက်သည်။

ယွဲ့ဟုန်ယန်သည် ခန်းနန်ဟွာအား အသေအချာ ကြည့်လိုက်ကာ ပြောလိုက်သည်။
"အကြီးအကဲခန်း.. အကြီးအကဲက စကြာဝဠာ ပုံသဏ္ဍာန်ကို ဖန်ဆင်းနိုင်ပြီး အခြေတည်ဝိညာဉ် နောက်ဆုံး အဆင့်ကို ရောက်သွားခဲ့ပြီ"

ခန်းနန်ဟွာသည် သူ၏ခေါင်းကို ခါလိုက်ကာ ရယ်လိုက်သည်။ "ငါက မင်းတို့တွေနဲ့ နှိုင်းယှဉ်လို့ မရပါဘူး.. ရှောင်ယန်နဲ့ ကျန်တဲ့သူတွေကလည်း အခြေတည်ဝိညာဉ်

နောက်ဆုံး အဆင့်ကို ရောက်သွားပြီလို့ ကြားတယ်"

ယွဲ့ဟုန်ယန်က ပြောလိုက်သည်။ "အစ်ကိုကြီးနဲ့ ကျန်တဲ့သူတွေက ပါရမီရှင်တွေ ဖြစ်ကြတယ်.. သူတို့ရဲ့ ကျင့်ကြံမှုတွေက မျှော်မှန်းချက် အတွင်းမှာပဲ ရှိနေတယ်.. ဒါပေမဲ့ ဆရာကိုပဲ ကျေးဇူးတင်ရမှာ.. မဟုတ်ရင် ကျွန်မက ဒီလောက်မြန်မြန်နဲ့ အခြေတည်ဝိညာဉ်ကို ဖန်ဆင်းနိုင်မှာ မဟုတ်ဘူး.. တကယ်လို့ နည်းစနစ် အတူတူသာ ကျင့်ကြံခဲ့ရင် ကျွန်မက အကြီးအကဲခန်းထက် နိမ့်ကျပါတယ်"

ခန်းနန်ဟွာက သူ၏ခေါင်းကို ခါလိုက်သည်။ "ဒါတွေ မပြောကြစို့.. မင်းတို့က အပြင်သွားကြမလို့လား"

ယွဲ့ဟုန်ယန်က အတိုချုံး၍ ပြောလိုက်ရာ ခန်းနန်ဟွာက သက်ပြင်းတစ်ချက် ချလိုက်သည်။ "ငါကလည်း ဒီနှစ်တွေ အတွင်းမှာ တံခါးပိတ်ပြီး ကျင့်ကြံနေတော့ သူတို့ရဲ့ အုတ်ဂူတွေဆီကို မသွားရတာ အတော်ကြာနေပြီ.. တကယ်လို့ မင်းတို့ စိတ်မရှိရင် ငါကလည်း မင်းတို့နောက် လိုက်ခဲ့မယ်"

ယန်ချင်နှင့် ကျိုးယွင်ချုံးတို့သည် ဤအချိန်တွင် သူတို့၏ ဂူအတွင်းမှ ထွက်လာခဲ့သည်။ သူတို့သည် ခန်းနန်ဟွာအား နှုတ်ဆက်လိုက်ကြပြီး ပြောလိုက်သည်။ "ကျွန်တော်တို့က သွားရမယ့်လမ်း တူနေတာပဲ.. အကြီးအကဲခန်းက လိုက်လာခဲ့လို့ ရပါတယ်"

"ငါ့ကိုလည်း ထည့်တွက်ထားလိုက်ပါ" ထိုအချိန်တွင် ဟင်းလင်းပြင် အတွင်းမှ အသံတစ်ခုက ထွက်လာခဲ့သည်။ ခဏအကြာတွင် ခေါင်းတစ်ခုလုံး ဆံပင်များ ဖြူဖွေးနေသော ခရမ်းရောင် ဝတ်စုံနှင့် လူငယ်တစ်ယောက်က လေဟာနယ် အတွင်းမှ ထွက်လာခဲ့သည်။ သူသည် အံ့ဖွယ်

ကောင်းကင်ကမ္ဘာ အတွင်းမှ ပါရမီ ဇန်မာစတာနှင့် သွားတွေ့လာခဲ့သော ဝမ်လင်းပင် ဖြစ်သည်။

ယန်ချင်၊ ယွဲ့ဟုန်ယန်နှင့် ခန်းနန်ဟွာတို့သည် သူ့အားကြည့်လိုက်ကာ အတန်ငယ် အံ့အားသင့်သွားခဲ့သည်။ သူတို့နှင့် ဆက်ဆံခဲ့သောအခါ ဝမ်လင်းက ခပ်တည်တည်နှင့် မနေခဲ့ပေ။ သူက ပြုံးလိုက်ကာ ပြောလိုက်သည်။ "ငါက အခုပဲ ပါရမီ ဇန်မာစတာကနေ အကြံတစ်ခု ရလာခဲ့တယ်.. ငါ့ရဲ့ ကျင့်ကြံမှုအတွက် အသုံးဝင်တဲ့ အရာတစ်ခုကို တောင်ပိုင်း တောရိုင်းဒေသမှာ သွားရှာမလို့ပဲ"

မဟာ့ရာကောင်းကင် ရတနာသစ်ပင်၏ သစ်ကိုင်းတစ်ခုပေါ်မှနေ၍ လင်းဖုန်းသည် သူတို့အုပ်စု တောင်ပေါ်မှ ထွက်သွားသည်ကို ကြည့်နေခဲ့သည်။ သူသည် မတတ်နိုင်ပဲ သူ၏ပုခုံးအား တွန့်လိုက်သည်။ "ဒီလူစုက အတော်ကို လူများပြီး ငါ့ရဲ့ မျှော်မှန်းချက်နဲ့ နည်းနည်းတော့ ကွာဟသွားတယ်.. ဒါပေမဲ့ ကိစ္စတော့ မရှိပါဘူး.. ဝမ်လင်းပါနေတယ် ဆိုတော့ သူတို့ရဲ့ လုံခြုံမှုအတွက် ပိုပြီးတော့ စိတ်ချရတာပေါ့"

သူ၏ မျက်လုံးအစုံမှာ လက်ကနဲ ဖြစ်သွားခဲ့၍ သူ၏ အာရုံအား ပန်းလိုင်နတ်တောင်တွင်

ရှိနေသော မိုးကြိုးနဂါး ကိုယ်ပွား အပေါ်သို့ ရွှေ့လိုက်သည်။ ထိုနေရာတွင် သူ့ကိုယ်ပွား၏ ကျင့်ကြံမှုသည် အရေးကြီးသော အဆင့်သို့ ရောက်နေခဲ့ပြီ ဖြစ်သည်။

## စာစဉ် ၄၂ : အပိုင်း ၈

## အပိုင်း ၇၉၈ : ဟင်းလင်းပြင် ဘုရားကျောင်း၏ လုပ်ဆောင်ချက်များ

ယင်ပင်လယ် အတွင်းတွင် ပုံရိပ်ယောင် ပင်လယ်ဒီရေ၏ ရိုက်ခတ်မှုကို ခံရအပြီးတွင်

ပြန်လည်၍ တည်ငြိမ်အေးချမ်းသွားခဲ့ပြီ ဖြစ်သည်။

တစ်ခါတစ်ရံတွင် လူသားနှင့် မိစ္ဆာအချို့တို့သည် နတ်ဘုရားနယ်မြေ၏ အရှေ့ပင်လယ်မှ နယ်နိမိတ် လမ်းကြောင်းများကို ဖြတ်ကျော်ကာ ယင်ပင်လယ် အတွင်းသို့ ဝင်ရောက်လာကြသည်။ သူတို့သည် တန်ဖိုးရှိ၍ ရှားပါးသော ရတနာများနှင့် အရင်းအမြစ် အချို့တို့ကို ရယူရန် ကံလာစမ်းကြခြင်း ဖြစ်ကြ၏။

သို့သော်လည်း သူတို့သည် ယင်ပင်လယ် အတွင်းမှ ပုံရိပ်ယောင် လောက အမျိုးမျိုးတို့ကို

ရင်ဆိုင်ရမည် ဖြစ်သည်။ သူတို့အတွင်းမှ လူများစွာတို့သည် ဤပုံရိပ်ယောင်များ အကြားမှ ရုန်းမထွက်နိုင်ခဲ့ကြပေ။ သို့တိုင်အောင် ကံစမ်းရန် လာရောက်ကြသော လူများစွာတို့ ရှိနေကြဆဲ ဖြစ်သည်။

သို့သော်လည်း မဟာကျိုး အင်ပါယာက ဖန်ကျန်းနတ်တောင်ကို ရရှိထားစဉ်နှင့် မတူပဲ ယခုအချိန်တွင် အံ့ဖွယ် ကောင်းကင်ဘုံဂိုဏ်းက ယင်ကျိုးနတ်တောင်ကို ရရှိထားပြီး ဖြစ်သည်ဟူသည်ကို လူအားလုံးတို့က သိနေကြပြီ ဖြစ်သည်။

နောက်ကွယ်မှနေ၍ ကုလားဖန်ထိုးချင်ကြသူ
အချို့ ရှိနေကြသော်လည်း အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း၏ စွမ်းအားများကို
စဉ်းစားမိကြအပြီးတွင် သူတို့၏ ဆန္ဒများကို
မျိုသိပ်ထားကြကာ အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းနှင့် ဆွေးနွေးကြရန်သာ
ကြိုးစားခဲ့ကြသည်။

လင်းဖုန်းနှင့် အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်းတို့သည်
ယင်ကျိုးနတ်တောင်အား ရရှိခဲ့သည်။
သို့သော်လည်း သူတို့သည် တောင်ပေါ်မှ
အရင်းအမြစ်များကိုသာ ရရှိနိုင်ခဲ့ခြင်း မဟုတ်ပဲ
တစ်ချိန်တည်းတွင်ပင် ယင်ပင်လယ် အတွင်းမှ

ပုံရိပ်ယောင် များစွာတို့ကို ကျော်လွှားနိုင်ကာ
ရတနာများစွာတို့အား ရှာဖွေနိုင်ကြသည်။
အခြားသူများနှင့် ယှဉ်လိုက်လျှင် သူတို့အနေနှင့်
အတော်ကို လွယ်ကူခဲ့မည် ဖြစ်သည်။

ဤတောင်ကို ထိန်းချုပ်နိုင်ပြီးမှပင်
လင်းဖုန်းသည် မဟာကျိုး အင်ပါယာက
ဖန်ကျန်းနတ်တောင်ကို
ထိန်းချုပ်နိုင်ခဲ့အပြီးတွင် ယင်ပင်လယ်ထံမှ
မည်မျှအထိ အကျိုးအမြတ် ရရှိခဲ့သည်ကို
ခန့်မှန်းနိုင်ခဲ့သည်။

သူတို့သည် ရက်လများစွာ
စုဆောင်းနိုင်ခဲ့သောကြောင့်

အရေအတွက်ဖြစ်စေ၊ အရည်အသွေးဖြစ်စေ လျှော့တွက်၍ရမည် မဟုတ်ချေ။

သို့သော်လည်း အားလုံးတို့သည် သူတို့က ယင်ကျိုးနတ်တောင်အား ရရှိခဲ့သည်ကိုသာ သိကြခြင်း ဖြစ်သည်။ တစ်ယောက်ကမှ သူတို့သည် ပန်းလိုင်နတ်တောင်ကိုပါ ရရှိနိုင်ခဲ့သည်ကို မသိခဲ့ကြပေ။

ယင်ပင်လယ် အတွင်းမှ အံ့ဆိုင်းနေသော တိမ်တိုက်များ အကြားတွင် လင်းဖုန်း၏ မိုးကြိုးနဂါး ကိုယ်ပွားသည် ပန်းလိုင်နတ်တောင်၏ စံအိမ်အတွင်းတွင် ထိုင်နေခဲ့ကာ ကျင့်ကြံနေခဲ့သည်။ သူသည် သူ၏

မူလပုံစံကို ဖော်ပြထားခဲ့ကာ
မီတာတစ်ထောင်ကျော်ရှိသော ခရမ်းရောင်
အကြေးခွံများနှင့် နတ်နဂါးအဖြစ်သို့
ပြောင်းလဲထားခဲ့သည်။ သူ၏
တစ်ကိုယ်လုံးမှနေ၍ လျှပ်စီးများဖြင့်
လင်းလက်လျက် ရှိနေသည်။

ဤကိုယ်ပွားသည် သူ၏ မူလပုံစံကို
ဖော်ပြထားခဲ့သော်လည်း သူနေနေသော
စံအိမ်မှာ ကျဉ်းမြောင်းသွားသည်ဟု
ထင်မနေရချေ။ လေဟာနယ်များက
ထပ်နေကြပြီး နယ်နိမိတ် မရှိသည့်အလား
ကျယ်ပြန့်နေကြသည်။

မိုးကြိုးနဂါး ကလန်တို့သည် အထီးကျန်ရှစ်မျိုး
နတ်ဘုရား မိုးကြိုးကို ကျင့်ကြံထားကြသည်။
သူသည် တိုင်ဇေကေရာဇ်၏ ကစဥ့်ကလျားဂူ
သူတော်စင် သတ်ဖြတ်ခြင်း မိုးကြိုးသွား၊
မိုးကြိုးသခင်၏ ကောင်းကင်ကိုးလွှာ
နတ်ဘုရားမိုးကြိုးတို့နီးပါး အစွမ်းထက်သည်။

မိုးကြိုးနဂါး ကိုယ်ပွား၏ မျက်နှာချင်းဆိုင်တွင်
ကောင်းကင်ယောက်သွား ရွှေပုလဲမှနေ၍ မိစ္ဆာ
ခန္ဓာကိုယ်အဖြစ် ပြောင်းလဲထားသည်
လျှိုကြီးရှိနေသည်။ ယခုအချိန်တွင် လျှိုကြီး၏
ခန္ဓာကိုယ်မှနေ၍ အလင်းတန်း
တစ်ခုပြီးမှတစ်ခုတို့ လင်းလက်နေကြသည်။
သူတို့သည် ခရမ်းရောင် အလင်းတန်း

တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့၍
သူ၏ခန္ဓာကိုယ်အား ဆွဲမပေးခဲ့သည်။

မရေမတွက်နိုင်သော ရှေးကျသည့် အဓိပ္ပာယ်
မဖော်နိုင်သော လျှို့ဝှက်ဆန်းကြယ်သည့်
စကားလုံးများတို့သည် ဤအလင်းတန်း
အတွင်းတွင် ပေါ်လာခဲ့သည်။ စကားလုံး
တစ်ခုချင်းစီတိုင်းသည် နက်ရှိုင်း၍
ထူးခြားဆန်းကြယ်သော သဘောတရားများ
ပါဝင်နေကြသည်။ စကားလုံး အားလုံးတို့သည်
အတူတကွ စုစည်းသွားကြ၍ ကောင်းကင်နှင့်
မြေကြီးတို့နှင့် ဆက်သွယ်သွားခဲ့သည်။

လင်းဖုန်း၏ လမ်းညွှန်မှုနှင့် လှိုကြီး၏ကိုယ်ပိုင်
သဘောပေါက် နားလည်မှုဖြင့်
ကောင်းကင်ယောက်သွား ရှေပုလဲမှ
ဖန်ဆင်းထားသော ဖြစ်တည်မှုပုံစံသည်
အချိန်အတော်ကြာ ရပ်တည်နိုင်ခဲ့ပြီ ဖြစ်သည်။

လင်းဖုန်းသည် လှိုကြီး၏ ကျင့်ကြံမှု
တိုးတက်လာလေလေ
ကောင်းကင်ယောက်သွား ရှေပုလဲသည်လည်း
ပို၍ပို၍ သန်မာလာလေလေ ဖြစ်နေကြောင်းကို
ခံစားနေရသည်။

"အိုး" လင်းဖုန်းနှင့် လှိုကြီးတို့သည် သူတို့၏
ကျင့်ကြံမှုများကို ရပ်လိုက်ကြသည်။

လှိုုကြီး၏ မျက်နှာအပေါ်တွင် အံ့အားသင့်သော အရိပ်အယောင်များ ပေါ်လာခဲ့သည်။
"မာစတာလင်း.. ကောင်းကင်ယောက်သွား ရွှေပုလဲ အထဲမှာ ထူးခြားတဲ့ အရာ တစ်စုံတစ်ခု ပေါ်လာခဲ့တယ်"

လင်းဖုန်းက သူ၏ခေါင်းကို ညိတ်လိုက်သည်။
"ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှာ ဖြစ်ပျက်နေတဲ့ ပြောင်းလဲမှုကို ဖယ်ရှားလိုက်ပြီး မူလ အခြေအနေကို ပြန်ထားလိုက်ပါ"

"ဟုတ်ကဲ့ပါ.. မာစတာလင်း" လျှိုကြီးသည် သူ၏ မျက်လုံးအစုံကို ပိတ်လိုက်၍ သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် တုန်ခါသွားခဲ့သည်။ အလင်းတန်း မြောက်မြားစွာတို့သည် သူ၏ တစ်ကိုယ်လုံးအား ဖုံးလွှမ်းသွားခဲ့၏။

သူ၏ ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း ရွှေရောင်မြူခိုးငွေ့ ဘောလုံးတစ်ခု အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ထိုရွှေရောင် မြူခိုးငွေ့များ အကြားတွင် အဆုံးမဲ့ ခရမ်းရောင် အလင်းတန်းများက လင်းလက်နေကြသည်။

ခဏအကြာတွင် ရွှေရောင်မြူခိုးငွေ့များသည် အလယ်ဗဟိုသို့ စတင်၍ စုစည်းသွားကြ၏။ ရောမ ရတနာ ပုလဲတစ်လုံး ပေါ်ထွက်လာခဲ့ကာ ရွှေရောင်မြူခိုးငွေ့များသည် ထိုပုလဲအတွင်းသို့ ဝင်သွားခဲ့သည်။

လင်းဖုန်းနှင့် လျှိုကြီး၏ စိတ်ဝိညာဉ်တို့သည် ကောင်းကင်ယောက်သွား ရွှေပုလဲ အတွင်းမှ ပြောင်းလဲမှုများကို တိတ်တဆိတ် အာရုံခံနေကြသည်။

သူတို့၏ အသိစိတ် အတွင်းတွင် တူညီသော ပုံရိပ်တစ်ခု ပေါ်လာခဲ့သည်။

အဖြူရောင်တိမ်တိုက် ပင်လယ်ကြီး
တစ်ခုဖြစ်သည်။ ထိုတိမ်တိုက်ပင်လယ်
အတွင်းမှ အလင်းတန်းများ
တစ်တန်းပြီးတစ်တန်း ပေါ်လာခဲ့သည်။
သူတို့သည် လွန်စွာမှ မျက်စိပသာဒ ရှိလှပြီး
ကောင်းကင်ပေါ်တွင် နှောင်ဖွဲ့နေကြသည်။

ထိုအလင်းတန်းများတို့သည် မူလကောင်းကင်
ကမ္ဘာ၏ မဟာတာအို သဘောတရားများ၏
တည်ဆောက်ပုံအတိုင်း ဖန်ဆင်းထားခြင်း
ဖြစ်သည်။ ပုံရိပ် စတင်ပေါ်ပေါက်လာသည်နှင့်
ကြည့်ရသောသူ အားလုံးကို
အံ့အားသင့်စေခဲ့သည်။

သို့သော်လည်း လင်းဖုန်းသည် သူက ထိုတည်ဆောက်ပုံ အတွင်းသို့ မဝင်နိုင်ကြောင်းကို ခံစားမိနေရသည်။ သူသည် ထိုတည်ဆောက်ပုံ၏ အဝင်ဝ အနားတွင်ပင် ရှိမနေချေ။ သူ့အား မထိတွေ့နိုင်သလို မြင်လည်း မမြင်နေရချေ။

ထိုတိမ်တိုက်ပင်လယ်၏ အောက်တွင် စစ်မှန်သော လျှို့ဝှက်ချက်များကို ဖုံးကွယ်ထားသကဲ့သို့ ဖြစ်သည်။

လင်းဖုန်းသည် ကြည့်နေရင်း သူ၏
မျက်လုံးသူငယ်အိမ်များသည်
ကျဉ်းမြောင်းလာခဲ့သည်။
အဘယ်ကြောင့်ဆိုသော် သူသည်
တိမ်တိုက်ပင်လယ်၏ နက်ရှိုင်းသော
အတွင်းပိုင်းတွင် ဧရာမ တံခါးနှင့်
အဆောက်အအုံ တစ်ခုကို ရေးရေးလေး
တွေ့နေရသောကြောင့် ဖြစ်သည်။

ထိုမြင်ကွင်းသည် သူနှင့် အလွန်အမင်း
ရင်းနှီးကျွမ်းဝင်နေသည်ဟု လင်းဖုန်းက
ခံစားလိုက်ရသည်။ သူသည် လျှင်မြန်စွာဖြင့်
သူ၏ မှတ်ဉာဏ်များ အတွင်းတွင်
ရှာဖွေလိုက်သည်။ ဒါသည် သူမူလကောင်းကင်

ကမ္ဘာအတွင်းသို့ စရောက်ခဲ့စဉ်က
ရေးဟောင်းကမ္ဘာ စိမ့်မြေအတွင်းတွင်
ခန်းနန်ဟွာနှင့် ယွဲ့ဟုန်ယန်တို့အား
စတင်တွေ့ခဲ့စဉ်က ဖြစ်ပျက်ခဲ့ခြင်း
ဖြစ်ကြောင်းကို မှတ်မိလိုက်၏။

ထိုအချိန်တွင် သူသည် အခြေခံအုတ်မြစ်ကိုပင်
မတည်ဆောက်ရသေးပဲ ချီသာဝက အဆင့်မှ
ကျင့်ကြံသူသာ ဖြစ်နေသေး၏။

သူသည် ခန်းနန်ဟွာနှင့် ပထမဆုံး
အကြိမ်အဖြစ် တွေ့ခဲ့စဉ်က သူသည်
လုံရဲ့ပေးထားသော ကျောက်ပုလွေအား
အသုံးပြုကာ ခန်းနန်ဟွာ၏

ဒဏ်ရာဟောင်းများကို ကုစားပေးခဲ့သည်။ ထိုအချိန်တွင် ထိုကျောက်ပုလွေမှနေ၍ ပုံရိပ်ယောင် လောကတစ်ခုကို ဖန်ဆင်းပြခဲ့သည်။ သူတွေ့ခဲ့သော ပုံရိပ်မှာ သူယခု တွေ့နေရသော အရာနှင့် ကွဲပြားခြားနားနေသည်။ သို့သော်လည်း ဆင်တူသော အရာအချို့ ရှိသည်။ ထိုအရာမှာ သူယခု တွေ့မြင်နေရသည့် ဧရာမ တံခါးနှင့် အဆောက်အအုံပင် ဖြစ်၏။

လင်းဖုန်းက ဤအရာသည် အလွန် အစွမ်းထက်သော ကျင့်ကြံသူ တစ်ယောက်၏ နေထိုင်ရာဖြစ်မည်ဟု ထင်နေဆဲ ဖြစ်သည်။

သို့သော်လည်း ယခုကြည့်ရသည်မှာ ဤမျှအထိ မရိုးရှင်းတော့ပေ။

"ဒီနေရာက တော်ဝင်ဟေားဒီးစ် ဒေသနဲ့ တစ်စုံတစ်ရာ ပတ်သတ်မှု ရှိလိမ့်မယ်" လင်းဖုန်းက အနည်းငယ် အံ့အားသင့်သွားခဲ့သည်။ "မဟုတ်လို့ရှိရင် ကောင်းကင်ယောက်သွား ရွှေပုလဲက ဒီနေရာနဲ့ ဒီလိုမျိုး ဆက်သွယ်မှု ရှိနိုင်မှာ မဟုတ်ဘူး"

"စိတ်ဝင်စားစရာပဲ.. ဒီနေရာက ဘာများဖြစ်မလဲ.. ဟင်းလင်းပြင် ဘုရားကျောင်းက ဒီနေရာကို

စိတ်ဝင်စားနေခဲ့ပြီး သူက မိစ္ဆာကလန်နဲ့
ဆက်သွယ်မှု ရှိနေခဲ့တယ်"

လင်းဖုန်းသည် စဥ်းစားနေရင်း
သူ၏စိတ်အတွင်းတွင် နောက်ထပ်
မေးခွန်းတစ်ခု ပေါ်လာခဲ့သည်။
"ကောင်းကင်ယောက်သွား ရွှေပုလဲက အရင်က
ဒီလိုမျိုး ထူးခြားတဲ့ အပြောင်းအလဲ တစ်ခုကို
မပြဖူးဘူး.. ငါကလည်း ဟင်းလင်းပြင်
ဘုရားကျောင်းက ကျောက်ပုလွေနဲ့
ကျောက်လှေကားကို ဒီပုလဲနဲ့ တစ်ခါမှ
မထိကပ်ခဲ့ဖူးဘူး"

"ဒါဆိုရင်တော့ တစ်ခုတည်းသော ဖြစ်နိုင်ခြေက ဒီလင်းလက်နေတဲ့ အဖြူရောင်တိမ်တိုက် ပင်လယ်က ပြောင်းလဲမှုတစ်ခုကို ဖြစ်ပေါ်စေခဲ့ပြီး ကောင်းကင်ယောက်သွား ရွှေပုလဲနဲ့ ဆက်သွယ်ခဲ့ကာ ပုလဲအတွင်းက လှုပ်ရှားမှုကို ဖြစ်ပေါ်စေခဲ့တာပဲ ဖြစ်ရမယ်"

လင်းဖုန်းက သူ၏မျက်လုံးများကို မှိတ်လိုက်သည်။ "ဒီတောက်ပနေတဲ့ တိမ်တိုက်ပင်လယ်နဲ့ ဟိုတံခါးတို့က ပန်းလိုင်နတ်တောင်လိုမျိုးပဲ ဟောဒီးစ်ကေရာဇ်နဲ့သာ ဆက်သွယ်မှုရှိပြီး ဟောဒီးစ်မျိုးနွယ်စုနဲ့ ဘာမှ မသက်ဆိုင်ဘူးလို့ ယူဆရမယ်"

"တစ်ချိန်တည်းမှာပဲ သူတို့ရဲ့
ဟေးဒီးစ်ကေရာဇ်နဲ့ ဆက်သွယ်မှုဟာ
ဒီကောင်းကင်ယောက်သွား ရွှေပုလဲ
အတွင်းမှာပဲ ရှိနေလိမ့်မယ်.. သူက
ဟေးဒီးစ်ကေရာဇ် ချန်ထားခဲ့တဲ့ အခြား
မှော်ရတနာတွေနဲ့ ဆက်သွယ်မှု မရှိနိုင်ဘူး..
ယခုအချိန်မှာ ဒီတိမ်တိုက်ပင်လယ်က
ပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေတဲ့
အကြောင်းအရာက ဟင်းလင်းပြင်
ဘုရားကျောင်းပဲ ဖြစ်လိမ့်မယ်"

ဒါသည် ခန့်မှန်းတွက်ဆချက် သက်သက်သာ
ဖြစ်၍ ဘာသက်သေမှ မရှိချေ။ သို့သော်လည်း

လင်းဖုန်း၏ မသိစိတ်မှနေ၍
ဤခန့်မှန်းချက်သည် မှန်နေလိမ့်မည်ဟု
ပြောနေသည်။

သူ၏လက်ရှိ စွမ်းအားများအရ
သူ၏အတွေးထဲတွင် အကြံဉာဏ်များ
ပေါ်လာသောအခါ ဒါသည် တွေးဆချက်
သက်သက်သာ မဟုတ်ပေ။ သူ၏စိတ်သည်
ကောင်းကင်နှင့် မြေကြီးတို့နှင့် ဆက်သွယ်မှုများ
ပြုလုပ်နေနိုင်သည်။ ထို့ကြောင့် ဤခံစားချက်ကို
ပေးစွမ်းနိုင်သည့် ကောင်းကင်နှင့် မြေကြီးတို့၏
ပြောင်းလဲမှုသည် သူ့အား ဤခန့်မှန်းချက်ကို
ပေးနိုင်ခြင်း ဖြစ်လိမ့်မည်။

အကယ်၍ အပြည့်အဝ မမှန်လျှင်ပင်
ဆက်သွယ်မှု တစ်စုံတစ်ခုတော့ ရှိရမည်
ဖြစ်သည်။ ဘာမှ မဆိုင်ပဲတော့ မဖြစ်နိုင်ချေ။

အသက်ရှူထုတ်လိုက်ရင်း လင်းဖုန်းသည် သူ၏
မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။
သူသည် ထပ်ဖန်တစ်ခါ
အတွေးနက်သွားပြန်သည်။

တစ်ချိန်တည်းမှာပင် တိမ်တိုက်များဖြင့်
ဖုံးကွယ်နေကာ အခြားသူများ ထောက်လှမ်းရန်
မလွယ်ကူသည့် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ပိုင်ယွင်တောင် အပေါ်တွင်
ဟင်းလင်းပြင် ဘုရားကျောင်းမှ

တပည့်များသည် လုပ်နေကျ အလုပ်များကို သာမန်သာ ဆောင်ရွက်နေကြသည်။

သို့သော်လည်း တောင်ထပ်အပေါ်တွင် စက်ဝိုင်းပုံ ဆောက်လုပ်ထားသော သာမန် ဝါးတဲလေး တစ်လုံးရှိသည်။ သို့သော်လည်း သူ၏အတွင်းတွင် ဘာမှ မရှိချေ။

ဤအချိန်တွင် ထိုလွတ်နေသော မြေပြင်အပေါ်တွင် လူအချို့ မတ်တတ်ရပ်နေကြ၏။ သူတို့သည် စက်ဝိုင်းပုံ ဝိုင်းထားကြကာ ကောင်းကင်ပေါ်သို့ သိမ်မွေ့သော အလင်းတန်းတစ်ခု

ထုတ်လွှတ်နေသည့် သူတို့၏အောက်မှ
မြေပြင်အား ကြည့်နေကြသည်။

ဤလူများသည် လွန်စွာ တည်ငြိမ်သည့်ပုံ
ပေါက်နေကြပြီး သူတို့သည် သာမန်လူများသာ
ဖြစ်သည့်အတိုင်း အော်ရာများ အနည်းငယ်မှ
ထုတ်လွှတ်မနေခဲ့ပေ။ သိမ်မွေ့သော
အလင်းတန်းကလည်း မျက်စိကျစရာ
မကောင်းလှပေ။ သူအား ဂရုစိုက်၍
မကြည့်ခဲ့လျှင် သတိပင် ထားမိမည် မဟုတ်ချေ။

သို့သော်လည်း ထိုသူများကို မြင်ခဲ့ရလျှင်
မြင်ရသောသူများ အားလုံးတို့သည် ထိတ်လန့်
တုန်လှုပ်သွားကြမည် ဖြစ်သည်။

ထိုစက်ဝိုင်း၏ အပြင်ဆုံးအလွှာတွင် ရှိနေသူမှာ လင်းတောက်ဟန် ဖြစ်သည်။ သူ၏အရှေ့တွင် အသက်သိပ်မကြီးသေးသော လူငယ်တစ်ယောက်က ရပ်နေခဲ့သည်။ သူတွင် နက်မှောင်ရှည်လျားသော ဆံပင်များ ရှိနေသော်လည်း နဖူးဘေးမှ ကျနေသော ဆံနွယ်နှစ်တန်းမှာ ဆွတ်ဆွတ်ဖြူနေခဲ့သည်။

သူသည် လင်းတောက်ဟန်၏ ဆရာဖြစ်သော ယန်နန်းလိုင် ဖြစ်သည်။

ယန်နန်းလိုင်၏ ဘေးတွင် အဖြူရောင် ဝတ်စုံနှင့် အမျိုးသမီး တစ်ယောက်ရှိနေသည်။ သူမ၏ နှုတ်ခမ်းအစုံတွင် အပြုံးတစ်ခုကို တွေ့နိုင်ပြီး သူမ၏ မျက်နှာသွင်ပြင်မှာ ကြည့်ကောင်းလှသည်။ သူမသည် ရင့်ကျက်သော အမျိုးသမီးတစ်ယောက်၏ပုံ ပေါက်နေသော်လည်း တစ်ချိန်တည်းတွင်ပင် အရွယ်မရောက်သေးသော ကောင်မလေး တစ်ယောက်နှင့် တူနေခဲ့သည်။

သူမသည် ဟင်းလင်းပြင် ဘုရားကျောင်းမှ နာယက အကြီးအကဲ ကောင်စီဝင်တစ်ယောက်ဖြစ်သော ယန်ယွင်ကျန်း ဖြစ်သည်။

ယန်နန်းလိုင်နှင့် ယန်ယွင်ကျန်းတို့၏ ဘေးတွင် လူတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ရှိနေသည်။ ထိုသူ၏ မျက်နှာပေါ်တွင် ညင်သာသော အပြုံးတစ်ခု ရှိနေသော်လည်း အမျိုးသမီး၏ မျက်နှာမှာ ခက်ထန်သောပုံ ပေါက်နေ၏။

ဟင်းလင်းပြင် ဘုရားကျောင်း၏ နာယက အကြီးအကဲ ကောင်စီဝင် ချိုင်ဖန်းကျိုး။

ဟင်းလင်းပြင် ဘုရားကျောင်း၏ နာယက
အကြီးအကဲ ကောင်စီဝင်
ယုယွမ်သူတော်စင်မယ်။

ယန်နန်းလိုင်နှင့် ကျန်သောသူများတို့၏
အရှေ့တွင် လူနှစ်ယောက် ရှိနေသည်။
တစ်ယောက်မှာ ဆီးနှင်းကဲ့သို့ ဆံပင်များ
ဖြူနေသည့် အကြီးအကဲ တစ်ယောက်ဖြစ်သည်။
သူသည် ကျန်းရီသူတော်စင် ဖြစ်၏။

ကျန်းရီသူတော်စင်၏ ဘေးတွင် တည်ငြိမ်၍
ခပ်တည်တည်ဖြင့်သာ နေနေသော အမျိုးသမီး
တစ်ယောက်ရှိသည်။ သူသည်
ယန်ယွင်ကျန်းနှင့် ယုယွမ်သူတော်စင်မယ်ထက်

ငယ်နေသောပုံ ပေါက်နေသော်လည်း
သူတို့နှစ်ယောက်စလုံးတို့သည် သူမအား
တွေ့ခဲ့ပါက ရိုသေလေးစားစွာ ဆက်ဆံရမည်
ဖြစ်သည်။

သူမသည် ကျန်းရီသူတော်စင်နှင့် စီနီယာအဆင့်
အတူတူဖြစ်ပြီး ယန်ယွင်ကျန်း၏ ဆရာဖြစ်၍
ယန့်မင်းရွဲ့၏ ဂရန်းမာစတာ ဖြစ်သော ချင်းရီ
သူတော်စင်မယ် ဖြစ်သည်။

ချင်းရီ သူတော်စင်မယ်၏ ဘေးတွင်
သက်လတ်ပိုင်း လူကြီးတစ်ယောက် ရှိသည်။
သူ၏မျက်လုံး အတွင်းတွင် ခံစားချက်ပေါင်း
များစွာရှိ၍ သက်ရှိအားလုံးတို့၏ ခံစားချက်များ

ပါဝင်နေသကဲ့သို့ ခံစားနေရသည်။ သူသည် ရွှမ်းလင်သူတော်စင် ဖြစ်သည်။

ဤအချိန်တွင် သူ၏ညာလက်ကို ဆန့်တန်းလိုက်ရာ သူ၏ လက်ဝါးမှ ထူးခြားဆန်းကြယ်သော မှော်သင်္ကေတများ လင်းလက်လာခဲ့သည်။

ယန်ယွင်ကျန်းသည် ရွှမ်းလင်သူတော်စင်အား ကြည့်လိုက်ကာ ပြုံးလိုက်သည်။ "အကြီးအကဲ ထိုက်ရီကလွဲလို့ ရှင်က ကောင်းကင်ရဲ့ လျှို့ဝှက်ချက်တွေကို အနက်ရှိုင်းဆုံး နားလည်ထားသူ ဖြစ်တယ်"

ရှမ်းလင်သူတော်စင်က သူ၏ခေါင်းကို ညိတ်လိုက်ကာ ဘာကိုမှ ဆက်မပြောခဲ့ပေ။ သူနှင့် မျက်နှာချင်းဆိုင်တွင် ဖော်ရွေသည့်ပုံ ပေါက်နေသော အကြီးအကဲ တစ်ယောက်ရှိသည်။ သို့သော်လည်း သူသည် ဘာမှ မမြင်ရသကဲ့သို့ သူ၏ မျက်လုံးအစုံကို ပိတ်ထားခဲ့သည်။

သို့သော်လည်း မူလကောင်းကင် ကမ္ဘာ တစ်ခုလုံးတွင် သူ့အား မည်သူကမှ အထင်မသေးရဲကြပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ဟင်းလင်းပြင် ဘုရားကျောင်း၏ ယခင်ခေါင်းဆောင်၊ ယန်နန်းလိုင်၏

ဆရာဖြစ်သော ဟင်းလင်းပြင် ဘုရားကျောင်းမှ
အစွမ်းအထက်ဆုံး ကျင့်ကြံသူ
ထိုက်ရီသူတော်စင် ဖြစ်သောကြောင့် ဖြစ်သည်။

ထိုက်ရီသူတော်စင်သည်လည်း
သူ၏ညာလက်ကို ဆန့်တန်းလိုက်ရာ
သူ၏လက်ဝါး အတွင်းတွင်
လျှို့ဝှက်ဆန်းကြယ်သော မှော်သင်္ကေတများ
အဆက်မပြတ် ပေါ်ထွက်လာခဲ့သည်။
သူတို့သည် ရှမ်းလင်သူတော်စင်နှင့်
ဆက်သွယ်သွားကြသည်။

အကယ်၍ ဟင်းလင်းပြင် ဘုရားကျောင်း၏
နောက်ခံကို သိနေကြသော သူများက

ဤမြင်ကွင်းကို မြင်ခဲ့ကြလျှင် သူတို့သည်
ထိတ်လန့်တုန်လှုပ်သွားကြမည် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဤသူတို့သည်
ဟင်းလင်းပြင် ဘုရားကျောင်း၏ အရေးပါသော
ဆုံးဖြတ်ချက်များကို ချရန် တာဝန်ရှိကြသော
ထိပ်သီးကျင့်ကြံသူများ ဖြစ်သောကြောင့်
ဖြစ်သည်။ တာဝန်များ ရှိနေ၍
ရောက်မလာနိုင်သူ အချို့မှလွဲ၍
ရှိသင့်သောသူများ အကုန် ရှိနေကြသည်။

ဤအချိန်တွင် သူတို့အားလုံးတို့သည်
ရွှမ်းလင်သူတော်စင်နှင့်
ထိုက်ရီသူတော်စင်တို့အား အလယ်မှထားကာ

ဝန်းရံလိုက်ကြ၏။ ယန်နန်းလိုင်၊ ကျန်းရှိသူတော်စင်၊ ချင်းရှိ သူတော်စင်မယ်၊ ယန်ယွင်ကျန်းနှင့် ကျန်သောသူများ၏ ခန္ဓာကိုယ်တွင်လည်း အလင်းတန်းများဖြင့် လင်းလက်လာကြသည်။ ထိုအလင်းတန်းများ စုစည်းလာကြသောအခါ သူတို့သည် ညင်သာသော အလင်းတန်း တစ်ခုအဖြစ် ကောင်းကင်ပေါ်သို့ ထိုးတက်သွားကြသည်။

## စာစဉ် ၄၂ : အပိုင်း ၉

## အပိုင်း ၇၉၉ : ဒသမ ကောင်းကင်နန်းတော်

ဟင်းလင်းပြင် ဘုရားကျောင်းမှ အစွမ်းထက်ကျင့်ကြံသူများသည် အတူတကွစုစည်းနေကြသည်။ သူတို့၏ စွမ်းအားများသည် ပြိုင်ဖက်ကင်း ဖြစ်၏။ သူတို့သည် မှေးမှိန်သော အလင်းတန်းတစ်ခုကို ဖန်ဆင်းလိုက်ကာ ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့သည်။

ထိုအလင်းတန်းသည် မျက်စိကျစရာမကောင်းသော်လည်း ဟင်းလင်းပြင်အတွင်းတွင် အပေါက်တစ်ခုကို ထိုးဖောက်နိုင်ခဲ့သည်။ ဟင်းလင်းပြင်၏ အလွှာများ အကြားတွင် ကြီးမားသော ပုံရိပ်ယောင် အလင်းတန်း ဘောလုံးတစ်ခု ပေါ်လာခဲ့သည်။

ကွဲပြားခြားနားသော ပုံရိပ်ယောင်
လောကကိုးခုကို ထိုအလင်းတန်း
ဘောလုံးအတွင်းတွင် တွေ့နေရသည်။ အဆင့်
တစ်ဆင့်ချင်းသည် ကျန်သော အဆင့်များထက်
ပို၍မြင့်မားလာခဲ့သည်။
သာယာနာပျော်ဖွယ်ဖြစ်သော
နတ်သီချင်းသံတို့သည် ထိုလောကများကို
ဝန်းရံနေခဲ့သည်။ နတ်တေးသံစုံကျူး
အဖွဲ့များက မဟာတာအို၏
သဘောတရားများကို သီကျူးနေသည့်
အလားဖြစ်၏။

အောက်ဆုံးအဆင့်တွင် အဆုံးမဲ့
အလင်းတန်းများဖြင့် လင်းလက်နေခဲ့သည်။
ကောင်းကင်တံခါး တစ်ချပ်က ဖြည်းဖြည်းချင်း
ဖွင့်လှစ်လာခဲ့သည့် အလားဖြစ်၏။

ထိုတံခါးသည် လျှို့ဝှက်ဆန်းကြယ်၍
နက်နဲသော ခံစားချက်များကို
ပေးစွမ်းနိုင်ခဲ့သည်။ စကြာဝဠာ အတွင်းမှ
မရေမတွက်နိုင်သော နည်းစနစ်များ၊
မှော်ကျိန်စာများ၏ အလားဖြစ်သည်။ အကယ်၍
တစ်ယောက်သည် ထိုတံခါး အတွင်းသို့
ဝင်နိုင်ခဲ့ပါက သူ၏ ကျင့်ကြံမှု
လမ်းကြောင်းသည် ချောမွေ့သွားနိုင်သည်။

နောက်ထပ် ဒုတိယ အဆင့်မှ လောကသည်
မည်းနက်နေသော လေဟာနယ်
ဟင်းလင်းပြင်ကြီး ဖြစ်သည်။ သူ၏ အတွင်းတွင်
မရေမတွက်နိုင်သော ကြယ်များ ရှိနေကြသည်။
မြူခိုးငွေ့များတို့သည် နေရာတိုင်းတွင်
ပျံ့နှံ့နေကြ၍ အဆုံးမဲ့ ကြယ်များက
ကောင်းကင်နှင့် မြေကြီးတို့၏ အပေါ်တွင်
လင်းလက်နေကြ၏။ သူတို့သည်
ကောင်းကင်အပေါ်မှ ကြယ်များနှင့်
ဆက်သွယ်မှု ရှိနေကြသည်။

တတိယမြောက် လောကသည် ဘာမှ
သိပ်ထူးခြားခြင်း မရှိပေ။ လေဟာနယ်
အတွင်းတွင် ရောမ အက်ကွဲကြောင်း တစ်ခုသာ

ရှိနေသည်။ သို့သော်လည်း
ဤလေဟာနယ်သည် အမှောင်ဖုံးလွှမ်းနေခြင်း
မရှိပဲ မျက်စိကျိန်းသော အဖြူရောင်
အလင်းတန်း တစ်ခုကသာ လင်းလက်နေခြင်း
ဖြစ်သည်။

ထိုအက်ကွဲကြောင်းသည်
တွန့်လိမ်ကောက်ကွေ့နေပြီး
အရာအားလုံးတို့ကို သူ့အတွင်းသို့
ဆွဲယူနေခဲ့သည်။ အက်ကွဲကြောင်း၏
အစွန်းနှစ်ဘက်တို့သည် အလယ်သို့
တိုးဝင်သွားခဲ့သည်။ ကမ္ဘာနှစ်ခုတို့၏ အကြားမှ
နယ်နိမိတ်များကလည်း ထိုကဲ့သို့ပင်

ဖြစ်နေကြ၏။ မဟာကမ္ဘာသည်
အဆွဲဖြဲခံနေရတော့မည်ကဲ့သို့ ဖြစ်နေခဲ့သည်။

စတုတ္ထ လောကသည် ကြီးမားသော ကမ္ဘာကြီး
တစ်ခုဖြစ်သည်။ သူသည် အဆုံးမဲ့
ကျယ်ပြန့်သော်လည်း ပြိုကျလုဆဲဆဲ
ဖြစ်နေခဲ့သည်။ သူသည် လက်ဝါးဖွင့်ထားသော
ရောမ လက်ကြီးကဲ့သို့ ကောင်းကင်ကို
ဖုံးအုပ်ထားခဲ့သည်။

ပဥ္စမကမ္ဘာ အတွင်းမှ တိမ်တိုက်အလွှာတစ်ခု
အကြားတွင် ရွှေရောင် လျှပ်စီးတန်းများက
လင်းလက်ကာ ထစ်ချုန်းနေခဲ့သည်။
မရေမတွက်နိုင်သော လျှပ်စီးနဂါးတို့သည်

တိမ်တိုက်များ အကြားတွင်
ပျံသန်းနေခဲ့သော်လည်း သူတို့တွင် သာမန်
လျှပ်စီးစွမ်းအားတို့သာ ရှိနေကြခြင်း မဟုတ်ပေ။
စိတ်ဝိညာဉ် စွမ်းအင်များဖြင့်လည်း
ပြည့်နေကြသည်။

ဆဋ္ဌမ လောကမှ အဖြူရောင် တိမ်တိုက်များ
အကြားတွင် ရွှေရောင် အလင်းတန်းများက
လင်းလက်လျက် ရှိကြသည်။ မြို့ရိုးနံရံများက
ရောမ မြို့ကြီးတစ်ခုအား ပုံဖော်ထားခဲ့သည်။
နတ်မြို့တော် တစ်ခုအလား
ကြီးကျယ်ခမ်းနားလှသည်။ ဤမြို့၏
အတွင်းတွင် အနိုင်မယူနိုင်သော ရွှေ့လျားၡ

မရသော သန်မာသည့် အော်ရာတစ်ခု ရှိနေသည်။

မြို့၏အပေါ်တွင် သတ္တမ လောကရှိနေ၏။ စက်ဝိုင်းများ အဖြစ်သို့ မရောက်သေးသည့် အလင်းတန်း လက်စွပ်ခြောက်ကွင်း ရှိနေသည်။ သူတို့ တစ်ခုချင်းစီသည် မကြီးမားသော်လည်း အနီးကပ်၍ ကြည့်လိုက်လျှင် သူတို့တွင် ကိုယ်ပိုင်ကမ္ဘာ တစ်ခုစီ ရှိနေသကဲ့သို့ ဖြစ်နေသည်။ ဤသီးသန့်ကမ္ဘာ တစ်ခုချင်းစီတွင် သူတို့၏ကိုယ်ပိုင် ထူးခြားသော လက္ခဏာများ ရှိနေကြသည်။

ဤကမ္ဘာ ခြောက်ခုတို့သည် စက်ဝိုင်းတစ်ခု အဖြစ်သို့ ဖန်ဆင်း၍ အဋ္ဌမ လောကအား ထောက်ပံ့ပေးထားကြသည်။ အဋ္ဌမလောက အတွင်းတွင် အဖြူရောင် တိမ်တိုက်များ ရှိနေ၍ ရွှေရောင် အလင်းတန်းများက လင်းလက်နေကြသည်။ အဖြူရောင် တိမ်တိုက်နှင့် ရွှေရောင် အလင်းတန်းတို့၏ အကြားတွင် မရေမတွက်နိုင်သော လူသားပုံရိပ်များက အတူတကွ သီကြွေးနေကြသည်။

အလင်းတန်း ဘောလုံးမှ ထွက်ပေါ်လာသော တေးတံသာများသည် ဤအဋ္ဌမ လောကမှ အစပြုလာခဲ့ခြင်း ဖြစ်သည်။

အမြင့်ဆုံးဖြစ်သော နဝမ လောက အတွင်းတွင် မည်သည့်အရာကိုမှ မြင်နိုင်ခြင်း မရှိပေ။ မေးမှိန်လှသော အလင်းတန်း တစ်ခုသာ ရှိနေသည်။ သူသည် တောက်ပမှု မရှိပဲ မျက်စိကျစရာ မကောင်းသလို ခမ်းနားထည်ဝါခြင်းလည်း မရှိပေ။ တစ်ယောက်သည် ဤအလင်းတန်းများလွှဲ၍ မည်သည့်အရာကိုမှ မမြင်နိုင်ခဲ့ပေ။

ထိုအလင်းတန်းအား ဖော်ပြ၍လည်း မရချေ။ သူသည် အဆုံးမဲ့နေ၍ ထွင်းဖောက်မြင်နိုင်စွမ်း မရှိပေ။

ဤလောကကိုးပါးတို့သည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ ကောင်းကင်နန်းတော်
ကိုးခုတို့ ဖြစ်ကြသည်။
နန်းတော်တစ်ခုချင်းစီသည်
သီးသန့်လေဟာနယ်များ ဖြစ်ကြသည်။
ရှေးပဝေသဏီခေတ်မှစ၍ သူတို့သည် ဒဏ္ဍာရီ
များစွာတို့ကို ဖန်တီးနိုင်၍ လူအားလုံးတို့၏
နှလုံးသားကို ဖမ်းစားနိုင်ခဲ့ကြသည်။

သို့သော်လည်း ယခုအချိန်တွင် ဂုဏ်ကျက်သရေ
ကြီးမားသော နဝမ လောက၏ အပေါ်သို့
ထိုအလင်းတန်းသည် ထိုးတက်သွားနေခဲ့သည်။
သူ၏ပုံရိပ်အား ရေးရေးလေးသာ မြင်နိုင်၍
မကြည်လင်သေးသော်လည်း တစ်ယောက်သည်

သူ၏အပေါ်တွင် နောက်ထပ် လောကတစ်ခု ရှိနေသည်ကို တွေ့နိုင်ပေသည်။

ဟင်းလင်းပြင် ဘုရားကျောင်း အတွင်း၌ပင် ဒသမ ကောင်းကင်နန်းတော် ရှိနေသည့် အကြောင်းကို သိနေကြသူ အနည်းငယ်သာ ရှိနေသည်။

နတ်ဘုရား နယ်မြေ အတွင်းမှ ကောင်းကင်ကိုးလွှာ၏ သတ်မှတ်ချက်မှာ ဤအတိုင်းဖြစ်၏။ အလယ်ဗဟိုမှ ကျွန်းကောင်းကင်၊ အရှေ့ဘက်မှ ချန်ကောင်းကင်၊ အရှေ့မြောက်ဘက်မှ မင်ကောင်းကင်၊ မြောက်ဘက်မှ

ရွှမ်ကောင်းကင်၊ အနောက်မြောက်ဘက်မှ
ယူကောင်းကင်၊ အနောက်ဘက်မှ
ယွမ်ကောင်းကင်၊ အနောက်တောင်ဘက်မှ
ဇူကောင်းကင်၊ တောင်ဘက်မှ
ယန်ကောင်းကင်နှင့် အရှေ့တောင်ဘက်မှ
ယမ်ကောင်းကင်တို့ ဖြစ်ကြသည်။
သို့သော်လည်း ဟင်းလင်းပြင်
ဘုရားကျောင်းတွင် နောက်ထပ် အဓိပ္ပာယ်
ဖွင့်ဆိုချက်များ ရှိနေသည်။

ကောင်းကင်ကိုးလွှာတို့အနက် ပထမသည်
ကျုံးကောင်းကင်၊ ဒုတိယသည် ရှန်ကောင်းကင်၊
တတိယသည် ချုံးကောင်းကင်၊ စတုတ္ထသည်
ကန်းကောင်းကင်၊ ပဉ္စမသည် ကျွေကောင်းကင်၊

ဆင္ဌမသည် ခေါ်ကောင်းကင်၊ သတ္တမသည်
ရှန်းကောင်းကင်၊ အဋ္ဌမသည်
စန်းကောင်းကင်နှင့် နဝမသည်
ချန်ကောင်းကင်တို့ ဖြစ်ကြသည်။

နဝမ ကောင်းကင်သည် အကန့်အသတ်
ဖြစ်သည်။ သို့သော်လည်း အကန့်အသတ်များ၏
အလွန်တွင်လည်း နေရာတစ်ခု ရှိသေးသည်။
ကောင်းကင်၏ အလွန်တွင် မဟာတာအို
ရှိနေသည်။ မဟာတာအိုသည် အဆုံးမဲ့ကာ
သူ၏ တောက်ပမှုသည် အကန့်အသတ် မရှိပေ။

ဟင်းလင်းပြင် ဘုရားကျောင်း၏
ကောင်းကင်ကိုးလွှာ နန်းတော်များ၏

အပေါ်တွင် မဟာတာအို ရှိနေသော ဒသမ
ကောင်းကင်နန်းတော် ရှိနေသည်။

ဒသမ ကောင်းကင်နန်းတော်သည်
ကောင်းကင်များ၏ အပေါ်မှ လောကဖြစ်သည်။

ဟင်းလင်းပြင် ဘုရားကျောင်းကို
စတင်တည်ထောင်ခဲ့သော မဟာဟင်းလင်းပြင်
သူတော်စင်သည် ကောင်းကင်တို့၏
အပေါ်တွင်ရှိသော လောကမှ မဟာတာအိုကို
လေ့ကျင့်နိုင်ခဲ့သည်ဟူ၍ အဆိုရှိသည်။
နောက်ဆုံးတွင် သူသည် ဟင်းလင်းပြင်
ဘုရားကျောင်း၏ အခြေခံများကို ဖန်တီးခဲ့၍
ကောင်းကင်တို့၏ အပေါ်မှ လောကသည်

ဟင်းလင်းပြင် ဘုရားကျောင်း၏ မမြင်နိုင်သော
မြင့်မြတ်နယ်မြေ ဖြစ်လာခဲ့သည်။
အချိန်ကြာလာသည်နှင့်အမျှ ဟင်းလင်းပြင်
ဘုရားကျောင်း အတွင်းတွင်
မရေမတွက်နိုင်သော ထိပ်သီး ကျင့်ကြံသူများ
ပေါ်ထွက်လာခဲ့သည်။

သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်း
တစ်သောင်းကျော်ခန့်တွင် ဤမမြင်နိုင်သော
လောကသည် ချိပ်ပိတ်ခြင်းကို ခံခဲ့ရ၍
တစ်ယောက်ကမှ ဝင်ရောက်နိုင်ခြင်း မရှိခဲ့ပေ။
ပြီးတာနှင့် ဟင်းလင်းပြင် ဘုရားကျောင်းမှ
အကြီးအကဲ များစွာတို့သည် ဤလောကကို

ပြန်လည် ဖွင့်လှစ်နိုင်ရန် ကြိုးစားခဲ့ကြကာ နည်းလမ်းပေါင်းများစွာကို စဥ်းစားခဲ့ကြသည်။

ကျောက်ပုလွေနှင့် ကျောက်လှေကားတို့သည် ဤလောကကို ဖွင့်လှစ်နိုင်ရန် သုတေသန ပြုလုပ်ခြင်းမှ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် ဟင်းလင်းပြင် ဘုရားကျောင်းမှ အကြီးအကဲတို့၏ စုပေါင်းအင်အားဖြင့် ဤလောကအား နောက်ဆုံးတွင် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်၏။

"အစောပိုင်းက လော်ဖူးသူတော်စင်က ဟေးဒီးစ်မျိုးနွယ်စုဟာ ပြန်ပေါ်လာပြီး အခွင့်အရေးကို အသုံးချကာ

ကောင်းကင်အပေါ်မှ လောကကို
ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးစားခဲ့တယ်လို့
သတင်းပို့လာခဲ့တယ်.. ဒီအချိန်က နောက်ဆုံးမှာ
ရောက်ရှိလာခဲ့ပြီ" ထိုက်ရီသူတော်စင်သည်
သူ၏ မျက်လုံးများကို ပိတ်လိုက်ကာ
သူ၏ခေါင်းကို မော့လိုက်သည်။ သူသည်
ဟင်းလင်းပြင် လေဟာနယ်မှ အလင်းတန်း
ပုံရိပ်ကို ကြည့်နေသကဲ့သို့ ဖြစ်သည်။

ရှိနေကြသော လူများအားလုံးတို့သည်
တိတ်ဆိတ်နေကြ၏။
နှစ်ပေါင်းတစ်သောင်းကျော်ခန့်က
ဟောဒီးစ်ကေရာဇ်ကြောင့် ကောင်းကင်အပေါ်မှ
လောကသည် ချိပ်ပိတ်ခြင်းကို ခံလိုက်ရ၏။

ထိုက်ရီသူတော်စင်ကလည်း သူ့ကြောင့်ပင် ကမ္ဘာနှစ်ခုအကြားမှ စစ်ပွဲတွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

ထိုက်ရီသူတော်စင်သည် သူ၏ အသွေးအသားအား သူ၏ အင်မော်တယ်ဝိညာဉ် အတွင်းတွင် ကျင့်ကြံထားခဲ့ပြီး ဖြစ်ကာ သူ၏ အသွေးအသားများကို စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။ သာမန် ဒဏ်ရာတစ်ခုသည် သူ့အား မျက်စိကန်းနေသည့်ပုံ ဖြစ်စေခဲ့မည် မဟုတ်ချေ။

သို့သော်လည်း စစ်ပွဲအတွင်းတွင် ထိုက်ရီသူတော်စင်သည် ဟေးဒီးစ်ကေရာဇ်အား

အန္တိမ ကောင်းကင်ကြေးမုံကို အသုံးပြု၍ သတ်ဖြတ်နိုင်ခဲ့သော်လည်း သူ၏ ကိုယ်ပိုင် ကျင့်ကြံမှုသည်လည်း ဟေးဒီးစ်ကေရာဇ်ကြောင့် အပြင်းအထန် ထိခိုက်သွားခဲ့သည်။ ထို့ကြောင့် သူသည် မျက်စိကန်းနေသည်ဟု ထင်နေရခြင်း ဖြစ်သည်။

ချိုင်ဖန်းကျိုးက ပြောလိုက်သည်။
"ကောင်းကင်တို့ရဲ့ အပေါ်မှ လောကဟာ ဒီလိုမျိုး အကြီးအကျယ် ပြောင်းလဲမှု တစ်ရပ်ကို ကြုံတွေ့ခဲ့လို့ သူက ပြန်ပွင့်တဲ့ အချိန်မှာလည်း အရင်နှစ်ပေါင်း တစ်သိန်းတုံးက အခြေအနေနဲ့ တူညီတော့မှာ မဟုတ်ဘူး"

"ကျောက်ပုလွေကို ဆုံးရှုံးသွားခဲ့ရတာက တော်သေးတယ်.. ဒါပေမဲ့ ကျောက်လှေကား မရှိခဲ့ရင် ကျွန်တော်တို့က ဒီလောက အတွင်းကို တက်လှမ်းချင်တယ် ဆိုရင် လုံ့လတွေ အများကြီး ထုတ်ရလိမ့်မယ်"

ယန်နန်းလိုင်က ပြောလိုက်သည်။
"ဘာပဲပြောပြော ကျောက်လှေကားကလည်း လူတစ်ယောက်ကိုသာ ဒီလောကအတွင်းကို ဝင်ခွင့်ပြုနိုင်တာ.. တကယ်လို့ ငါတို့က တခြားနည်းလမ်းကို အသုံးပြုခဲ့မယ် ဆိုရင် ငါတို့ပေးရမယ့် တန်ဖိုးက ပိုများနိုင်ပေမဲ့ လူတွေပိုပြီးတော့ ဝင်နိုင်လိမ့်မယ်"

"ဒီအချိန်မှာ ငါတို့က ကောင်းကင်အပေါ်မှ လောကကို ဝင်ရောက်တဲ့ အချိန်မှာ ကောင်းကင်ပင်လယ် ဟေးဒီးစ် ပြုလုပ်ခဲ့တဲ့ အပြောင်းအလဲတွေကို ဖယ်ရှားလိုက်မှ ရမယ်.. ဒါမှသာ ဒီလောကက မူလ အခြေအနေကို ပြန်ရောက်သွားနိုင်မယ်"

သူသည် ထိုက်ရှီသူတော်စင်၊ ကျန်းရှီသူတော်စင်နှင့် ချင်းရှီ သူတော်စင်မယ်တို့အား ကြည့်လိုက်သည်။ "ရှမ်းရှီ အကြီးအကဲက ပျက်စီးခြင်းငါးပါး ကပ်ဘေးကို အခုလေးတင် ကျော်လွှားထားရလို့ ဒဏ်ရာကုစားနေတယ်.. ကောင်းကင်အပေါ်မှ လောကကို ပြန်လည် ပြုပြင်ဖို့က

အရေးကြီးပေမဲ့ ကျွန်တော်တို့က မဟာကမ္ဘာ အတွင်းက ပြောင်းလဲမှုတွေကို ကာကွယ်ဖို့ ပိုပြီးတော့ အရေးကြီးတယ်"

"ဒီတစ်ခေါက်မှာ အကြီးအကဲတို့ သုံးယောက် အနက်မှာ အနည်းဆုံးတော့ တစ်ယောက်က ပိုင်ယွင်တောင်ကို စောင့်ကြပ်ဖို့ နေခဲ့ရလိမ့်မယ်"

ထိုက်ရှီသူတော်စင်သည် ချင်းရှီ သူတော်စင်မယ်အား ကြည့်လိုက်သည်။ "ဂျူနီယာ ချင်းရှီ.. မင်းက ဒီမှာ နေခဲ့လိုက်ပါ.. ငါနဲ့ ကျန်းရှီတို့က အပေါ်ကလောကဆီကို တက်သွားလိုက်မယ်"

ကောင်းကင်တို့၏ အပေါ်မှ လောကအား ပြန်လည် ပြုပြင်ရန် ထိုက်ရှိသူတော်စင် သွားရောက်ရန် မဖြစ်မနေ လိုအပ်သည်။ အခြားတစ်ယောက်သည်လည်း ထိုက်ရှိသူတော်စင်နှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် လိုအပ်နေသည်။

ထိုက်ရှိသူတော်စင်၏ အစီအစဉ်ကို ကြားရသောအခါ ကျန်းရှိသူတော်စင်သည် သူ၏ခေါင်းကို ငြိမ်းချမ်းသည့် အမူအရာဖြင့် ညိတ်ပြလိုက်သည်။

ချင်းရီ သူတော်စင်မယ်သည် ထိုစကားကို ကြားရသောအခါ သူမ၏ခေါင်းကို မော့လိုက်၍ ထိုက်ရီသူတော်စင်အား ကြည့်လိုက်သည်။ သူ့တွင် နွေးထွေးသော အပြုံးတစ်ခု ရှိနေသည်။ သူ၏မျက်လုံးများအား ပိတ်ထားသော်လည်း သူ့တွင် သူမအား ဖောက်ထွင်းမြင်နေနိုင်သော စူးရှသည့် အကြည့်တစ်ခု ရှိနေသကဲ့သို့ ဖြစ်သည်။

ချင်းရီ သူတော်စင်မယ်သည် သူမ၏ ခေါင်းကို ဖြည်းညင်းစွာဖြင့် ညိတ်လိုက်သည်။ "စိတ်ချပါ.. စီနီယာ"

ထိုကိုရီသူတော်စင်သည်
ရှမ်းလင်သူတော်စင်နှင့် ကျန်သောသူများအား
ကြည့်လိုက်သည်။ "ရှမ်းလင်၊ ယုယန်၊ ဖန်းကျိုး၊
ယွင်ကျန်း မင်းတို့လေးယောက်တို့က ငါနဲ့
ကျန်းရီတို့နဲ့အတူ လိုက်လာခဲ့ကြပါ။
တောက်ဟန်ကလည်း လိုက်လာနိုင်တယ်"

ရှမ်းလင်သူတော်စင်၊ ယုယန် သူတော်စင်မယ်၊
ချိုင်ဖန်းကျိုးနှင့် ယန်ယွင်ကျန်းတို့သည်
တပြိုင်နက်တည်း ပြောလိုက်ကြသည်။
"ဟုတ်ကဲ့ပါ.. ဂိုဏ်းတူဦးကြီး"

လင်းတောက်ဟန်သည်လည်း ရိုသေစွာ ဦးညွှတ်လိုက်၍ ပြောလိုက်သည်။ "ဟုတ်ကဲ့ပါ.. ဆရာဘိုးဘိုး"

ထိုက်ရှီသူတော်စင်သည် သူ၏ခေါင်းကို ညိတ်လိုက်သည်။ "ဂျူနီယာ ကျန်းရီနဲ့ ရှမ်းလင်.. ငါတို့ စလိုက်ကြစို့"

သူ၏စကားဆုံးသည်နှင့် သူ၏လက်ကို လေဟာနယ် အတွင်းတွင် ဝှေ့ယမ်းလိုက်သည်။ စီးဆင်းနေသော အလင်းတန်းပေါင်းများစွာတို့ ပေါ်လာကြသည်။ သူတို့သည် လေဟာနယ် အတွင်းတွင် ရောမ အလင်းတန်း ဘောလုံးတစ်ခု အဖြစ်သို့ ပြောင်းသွားကြ၏။

ဤအလင်းတန်း ဘောလုံးသည် အပိုင်းကိုးပိုင်း အဖြစ်သို့ ကွဲသွားခဲ့သည်။ ကြည့်ရသည်မှာ သူတို့သည် ကောင်းကင်ကိုးလွှာ နန်းတော်များနှင့် တူနေပြီး အနည်းငယ်သာ ပုံရိပ်ယောင် ပိုဆန်နေခဲ့သည်။

ကျန်းရီသူတော်စင်သည် သူ၏လက်ဝါးကို မြှောက်လိုက်၏။ အဖြူရောင် တိမ်တိုက်များက စုစည်းလာကြ၍ ကြီးမားသော တောင်တစ်လုံး အဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဤတောင်သည် ထိုက်ရီသူတော်စင်၏ အလင်းတန်း ဘောလုံးနှင့် ပူးပေါင်းသွားခဲ့သည်။

ရှမ်းလင်သူတော်စင်၏ လက်အတွင်းမှ
မှော်ကျိန်စာများက ပြောင်းလဲသွားခဲ့သည်။
သူသည် လေဟာနယ် အတွင်းတွင်
လွင့်မျောနေခဲ့၍ ကောင်းကင်ပေါ်သို့
ပျံသန်းသွားခဲ့သည်။ လေဟာနယ်၏
အလယ်တွင် သူ၏ အင်မော်တယ် ဝိညာဉ်သည်
အနည်းငယ် တုန်ခါသွားခဲ့၍ ပုံစံ
ပြောင်းသွားခဲ့သည်။ သို့သော်လည်း
အင်မော်တယ် ဝိညာဉ် ကိုယ်ပွားကို
မဖော်ပြခဲ့ပေ။ ထို့အစား သူ၏ ခန္ဓာကိုယ်
တစ်ခုလုံးသည် အလင်းရောင်များ
အဖြစ်ပြောင်းသွားခဲ့၍
ကျောက်လှေကားထစ်များ အဖြစ်သို့
ပြောင်းသွားခဲ့သည်။

ထိုက်ရှိသူတော်စင်နှင့်
ကျန်းရှိသူတော်စင်တို့သည်
ထိုကျောက်လှေကားထစ်များကို သူတို့၏
စွမ်းအားများဖြင့် ထောက်ပံ့နေခဲ့သည်။
ထိုကျောက်လှေကားထစ်များတို့သည်
ကောင်းကင်ကိုးလွှာ နန်းတော်များ၏ အပေါ်သို့
ကျရောက်သွားခဲ့ကာ န၀မ လောက၏
မှေးမှိန်သော အလင်းတန်းနှင့်
ပေါင်းစည်းသွား၍ အလင်းတန်း တံတားအဖြစ်
ပြောင်းသွားခဲ့၏။ ပြီးတာနှင့် ထိုတံတားသည်
ဒသမ ကောင်းကင်နန်းတော်ထံသို့
ဆန့်တန်းသွားခဲ့သည်။

ယန်နန်းလိုင်၊ ချင်းရှိ သူတော်စင်မယ်၊
ယန်ယွင်ကျန်း၊ ယုယန် သူတော်စင်မယ်နှင့်
ချိုင်ဖန်းကျိုးတို့သည် အဆောင်လက်ဖွဲ့
တစ်ခုစီကို ထုတ်ယူလိုက်ကြသည်။
ထိုအဆောင်လက်ဖွဲ့တို့မှနေ၍ အလင်းတန်းများ
ထွက်ပေါ်လာကြသည်။

ထိုအလင်းတန်းတို့သည်
မျက်စိကျိန်းလောက်အောင် တောက်ပနေခြင်း
မရှိကြသော်လည်း ကမ္ဘာအတွင်းမှ
အရာအားလုံးတို့ ပါဝင်နေသကဲ့သို့
ထင်နေရသည်။

ကြည့်ရသည်မှာ သူတို့သည် နဝမ လောကမှ
အလင်းတန်းနှင့် ဆင်တူနေခဲ့သည်။
ဤအလင်းတန်း ငါးခုတို့၏
အထောက်အပံ့တို့ကို ရခဲ့သောအခါ
အလင်းတန်း တံတားမှာ အရှေ့သို့ပို၍
ဆက်တိုးသွားနိုင်ခဲ့သည်။

ဤအချိန်တွင် နတ်တေးသံများတို့သည်
စတင်ငြိမ်သက်သွားခဲ့သည်။
တိမ်တိုက်များမှာလည်း ဖြည်းဖြည်းချင်း
ပျောက်ကွယ်သွားခဲ့၏။ ဟင်းလင်းပြင်
လေဟာနယ်သည် ဗလာဖြစ်သွားခဲ့၍
ကောင်းကင်သည် ကြီးမားသောလည်း
ပုံသဏ္ဍာန် ကင်းမဲ့နေသော ထူးခြားသည့်

သဘောတရားများ အဖြစ်သို့
ပြောင်းလဲသွားခဲ့သည်။

ဤအချိန်တွင် ကောင်းကင်ကိုးလွှာ
နန်းတော်တို့သည် ကောင်းကင်နှင့်
မြေကြီးတို့၏ မဟာလမ်းစဉ်နှင့်
ဆက်သွယ်သွားသကဲ့သို့ ဖြစ်နေခဲ့ကာ
မဟာကမ္ဘာကို လျစ်လျူရှုထားလိုက်သည်။

ထိုက်ရီသူတော်စင်သည်
လက်ကိုဆန့်တန်းလိုက်ရာ
ကျောက်လည်ဆွဲတစ်ခု ပေါ်ထွက်လာခဲ့၏။
ထိုကျောက်စိမ်းလည်ဆွဲသည် လေဟာနယ်
အတွင်းတွင် သဏ္ဍာန်ကင်းမဲ့သော အလင်းတန်း

တစ်ခုအဖြစ်သို့ ပြောင်းသွားခဲ့ကာ
ရွှမ်းလင်သူတော်စင်၏ အလင်းတန်း
တံတားဖြင့် ပေါင်းစည်းသွားခဲ့သည်။

အလင်းတန်း တံတား၏ မျက်နှာပြင်တွင်
လှိုင်းတွန့်များ ပေါ်လာခဲ့၍ အနည်းငယ်
တုန်ခါသွားခဲ့သည်။ တံတား၏
အလင်းတန်းများသည် လွင့်ပြယ်သွားခဲ့၍
တံတားတစ်ခုလုံးသည်
အသွင်ပျောက်သွားခဲ့သည်။ ကောင်းကင်နှင့်
မြေကြီး တစ်ခုလုံးက ပျောက်ကွယ်သွားသကဲ့သို့
ဖြစ်၏။

သို့သော်လည်း အလင်းတန်း တံတားသည် ဟင်းလင်းပြင် သဘောတရားနှင့် ပေါင်းစည်းသွားပြီးသော အချိန်တွင် ဟင်းလင်းပြင် အဆုံးမှ အလင်းတန်း တံတားအဆုံးတွင် တံခါးတစ်ခု၏ ပုံရိပ်က ဖြည်းဖြည်းချင်း ပေါ်လာခဲ့သည်။

ထိုက်ရှီသူတော်စင်က ပြုံးလိုက်ကာ ပြောလိုက်သည်။ "ကဲ.. သွားကြစို့" သူသည် ချက်ချင်းဆိုသလိုပင် ကောင်းကင်ကိုးလွှာ နန်းတော်တို့၏ အပေါ်သို့ တက်လှမ်းသွားခဲ့သည်။ သူ၏အနားတွင် မှော်စွမ်းအင် စီးဆင်းမှု လုံးဝမရှိနေသေးပေ။ သူ့အား ကြည့်ရသည်မှာ မျက်စိကန်းနေသော

သာမန် အကြီးအကဲ တစ်ယောက်နှင့်သာ တူနေ၏။

သူသည် ခြေလှမ်းကိုးလှမ်း လှမ်းလိုက်ပြီးသော အခါ သူသည် နဝမ လောက၏ အလင်းတန်း အပေါ်တွင် ရောက်ရှိသွားခဲ့ပြီး ဖြစ်သည်။ သူသည် ဒသမ ခြေလှမ်းကို လှမ်းလိုက်ပြီးသော အချိန်တွင် သူသည် သဏ္ဍာန်မဲ့ အလင်းတန်း တံတားကို တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ကာ တံခါး၏ အရှေ့သို့ လျှောက်လှမ်းသွားနိုင်ခဲ့ပြီ ဖြစ်သည်။

ကျန်သောသူများသည် ဘာမှ မပြောခဲ့ကြပဲ ထိုက်ရှီသူတော်စင်၏ ဦးဆောင်မှု အနောက်မှနေ၍ လိုက်သွားခဲ့ကြသည်။

သူတို့သည်လည်း ကောင်းကင်ကိုးလွှာ
နန်းတော်တို့၏ အပေါ်သို့
တက်လှမ်းသွားကြသည်။

ချက်ချင်းဆိုသလိုပင် ယန်နန်းလိုင်နှင့် ချင်းရှီ
သူတော်စင်မယ်တို့ကသာ ပိုင်ယွင်တောင်၏
အပေါ်၌ ကျန်နေခဲ့ကြသည်။ သူတို့သည်
ထိုက်ရှီသူတော်စင်နှင့် ကျန်သောသူများကို
ကြည့်နေကြ၏။ ယန်နန်းလိုင်က ရုတ်တရက်
သူ၏ပါးစပ်ကိုဟကာ ပြောလိုက်သည်။ "အံ့ဖွယ်
ကောင်းကင်ဘုံဂိုဏ်း ခေါင်းဆောင်ကလည်း
ဒါကို အာရုံခံမိမှာ သေချာတယ်"

စာစဉ် ၄၂ : အပိုင်း ၁၀

# အပိုင်း ၈၀၀ : လင်းဖုန်းကလည်း ကောင်းကင်တို့၏ အပေါ်မှ လောကကို ဝင်ရောက်ချင်နေသည်

"ငါတို့က ဟေးဒီးစ် သားရဲရဲ့ နေရာကို အတိအကျ ရှာမတွေ့နိုင်ပေမဲ့ လော်ဖူး သူတော်စင်ရဲ့ အဆိုအရဆိုရင် သူက လင်းဖုန်းရဲ့ ကိုယ်ပွားနဲ့ တွေ့ဆုံခဲ့ဖူးတယ်" ယန်နန်းလိုင်က ပြောလိုက်သည်။ "လင်းဖုန်းရဲ့ အသိဉာဏ်နဲ့ အာရုံခံနိုင်စွမ်းနဲ့ဆိုရင် သူ့ကို လိမ်ညာလို့ရမှာ မဟုတ်ဘူး"

ချင်းရှီ သူတော်စင်မယ်က ထူးမခြားနား ပုံစံဖြင့် ပြောလိုက်သည်။ "ငါတို့က ကောင်းကင်တို့ရဲ့ အပေါ်မှ လောကကို ပြန်လည် ဖွင့်လှစ်ခဲ့ပြီး သူ့အတွက် လမ်းပါ ရှင်းထားပေးခဲ့သေးတယ်.. ကျောက်ပုလွေနဲ့ ကျောက်လှေကားတို့ကလည်း သူ့လက်အထဲမှာ ရှိနေတယ်.. သူက ကောင်းကင်တို့ရဲ့ အပေါ်မှ လောကထဲကို ဝင်ရောက်လာမှာ သေချာသလောက် ရှိတယ်"

ယန်နန်းလိုင်က ပြောလိုက်သည်။ "ပြဿနာကို စတင်ဖန်တီးခဲ့တဲ့သူက သူ့ကို ပြန်ပြီးတော့ ဖြေရှင်းသင့်တယ်.. ကောင်းကင်ပင်လယ် ဟောဒီးစ်က ကောင်းကင်တို့ရဲ့ အပေါ်မှ လောကကို ချိပ်ပိတ်စေရအောင်

ပြုလုပ်ခဲ့တယ်.. ဒါပေမဲ့ ကျွန်တော်တို့က အသေးစိတ် အကြောင်းရင်းကို အခုအချိန်အထိ အသေအချာ မသိရသေးဘူး.. ဒီလောကကို နဂိုအတိုင်းဖြစ်အောင် ပြန်လည်ပြုလုပ်ဖို့ဆိုရင် ကျွန်တော်တို့က ဟေးဒီးစ်မျိုးနွယ်စုရဲ့ သွေးကိုလိုအပ်တယ်"

"ကမ္ဘာနှစ်ခုရဲ့ အကြားက နောက်ဆုံးစစ်ပွဲ အပြီးမှာ ဟေးဒီးစ်မျိုးနွယ်စုတို့က သူတို့ကိုယ်သူတို့ ပုန်းအောင်းနေခဲ့ကြတယ်.. အခုအချိန်အထိတောင် သူတို့ရဲ့ သတင်းကို မကြားခဲ့ရသေးဘူး.. မဟာလွင်တီးခေါင် ကုန်းမြေက မိစ္ဆာတွေဖြစ်ဖြစ်.. ကျွန်တော်တို့ပဲ ဖြစ်ဖြစ် သူတို့ကို နှစ်ထောင်ပေါင်းများစွာ

ရှာဖွေခဲ့ကြပေမဲ့ အလကားပဲ..
အခုလတ်တလောမှာ ပေါ်ထွက်လာတဲ့
ဟေးဒီးစ်တစ်ကောင်ကိုပဲ တွေ့နိုင်ခဲ့တယ်"

"ပြီးတော့ ကျွန်တော်က ဒီဟေးဒီးစ်သားရဲက
သာမန်မဟုတ်ဘူးလို့ ရေးရေးလေး
ခံစားနေရတယ်.. သူက ကောင်းကင်ပင်လယ်
ဟေးဒီးစ်နဲ့ နက်နက်ရှိုင်းရှိုင်း
ဆက်သွယ်နေလိမ့်မယ်"

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။
"ကောင်းကင်တို့ရဲ့ အပေါ်က လောကဟာ
မယုံနိုင်လောက်အောင်
ထူးခြားဆန်းကြယ်တယ်.. ဟင်းလင်းပြင်

ဘုရားကျောင်းကတောင် သူ့အကြောင်းကို
အနည်းငယ်သာ သိသေးတယ်.. လွန်ခဲ့တဲ့
နှစ်ပေါင်းများစွာက ပိတ်ခဲ့တဲ့ချိပ်ဟာ
ကျွန်တော်တို့ မသိသေးတဲ့ အရာတစ်ခုနဲ့များ
ဆက်နွယ်နေလေမလား"

ဤကဲ့သို့သာ မဟုတ်လျှင် ကောင်းကင်တို့၏
အပေါ်မှ လောကအား ပြန်လည်
ဖွင့်လှစ်ခြင်းသည် ဟင်းလင်းပြင်
ဘုရားကျောင်းမှ အကြီးအကဲတို့၏ အကြားတွင်
ဤမျှအထိ ရုတ်ရုတ်သဲသဲ ဖြစ်စေလိမ့်မည်
မဟုတ်ချေ။ တစ်ဘက်တွင် အခြေအနေမှာ
မသေချာပဲ အခြားတစ်ဘက်တွင်
သတိထားရမည့် ကိစ္စများ ရှိနေသည်။

နှစ်ပေါင်းလေးထောင်ခန့် ပုန်းအောင်းနေသော
ဟေးဒီးစ်မျိုးနွယ်စုက ပြန်လည်
ပေါ်ထွက်လာခဲ့သည်။
ဟေးဒီးစ်ဧကရာဇ်ကဲ့သို့ပင် သူတို့သည်
ကောင်းကင်တို့၏ အပေါ်မှ လောကအား
ပြန်လည် ဖွင့်လှစ်နိုင်သည်။

"လင်းဖုန်းကလည်း ဒီပြောင်းလဲမှုကို
အာရုံခံမိပြီး ဟိုဟေးဒီးစ်သားရဲကို
ကောင်းကင်တို့ရဲ့ အပေါ်မှ လောကကို
ခေါ်လာနိုင်ပါစေလို့ မျှော်လင့်ရတာပဲ"

ချင်းရီ သူတော်စင်မယ်က ပြောလိုက်သည်။
"ဟိုကျောက်ပုလွေနဲ့ ကျောက်လှေကားတို့က သူ့ရဲ့ လက်အတွင်းမှာ ရှိနေတယ်ဆိုတော့ သူဘာလုပ်မလဲ ဆိုတာက သူ့အပေါ်မှာပဲ မူတည်နေတယ်"

"ဒါပေမဲ့ ဒီတစ်ခေါက်မှာ စီနီယာ ထိုက်ရီနဲ့ ကျန်းရီတို့က ယွင်ကျန်းနဲ့ ကျန်တဲ့သူတွေကို ခေါ်ပြီးတော့ အတူဝင်သွားခဲ့တယ်.. သူတို့က ဘယ်အချိန်မှာမှ ပြန်လာမလဲ ဆိုတာက မသေချာဘူး.. ဂိုဏ်းရဲ့ အင်အားက အတော်ကို အားနည်းသွားခဲ့ပြီ.. ငါတို့က မဟာလွင်တီးခေါင် ကုန်းမြေက ထူးခြားတဲ့ လှုပ်ရှားမှုတွေကို ပြင်ဆင်ထားမှရမယ်"

ခေတ္တမျှ ရပ်နားလိုက်ပြီးမှ ချင်းရီ
သူတော်စင်မယ်က ဆက်ပြောလိုက်သည်။
"တစ်ချိန်တည်းမှာပဲ ဒီနှစ်တွေအတွင်း
နတ်ဘုရားနယ်မြေ အထဲမှာ
နောက်ကွယ်ကနေပြီး လက်မည်းတွေက
လှုပ်ရှားနေကြတယ်.. သူတို့က ကြီးမားတဲ့
ကိစ္စတွေ ဖြစ်လာနိုင်တဲ့အတွက် ငါတို့က
သတိထားမှရမယ်"

ယန်နန်းလိုင်က သူ၏ခေါင်းကို
ညိတ်လိုက်သည်။ "အကြီးအကဲ ချင်းရီပြောတာ
မှန်ပါတယ်"

သူ၏လက်ဝါးများကို ဖွင့်လိုက်ရာ
လင်းလက်နေသော မှော်အင်းကွက်များ
ထွက်ပေါ်လာကြသည်။ ခဏအကြာတွင်
အလင်းတန်း ပုံရိပ်များ လင်းလက်လာခဲ့၍
သူတို့အနက်မှ နှစ်ခုတို့သည် ယန်နန်းလိုင်နှင့်
ချင်းရီ သူတော်စင်မယ်တို့၏ အရှေ့သို့
ကျဆင်းလာကြသည်။

သူတို့သည် အကြီးအကဲ နှစ်ယောက်ဖြစ်၏။
တစ်ယောက်မှာ အဖြူရောင် ဆံပင်နှင့်
ကလေးကဲ့သို့ နီရဲသော အသားအရည်များ
ရှိနေသည်။ သူသည် အသက်ကြီးသောပုံ
ပေါက်နေသော်လည်း အင်အားကြီးသော
ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထား၏။

အခြားတစ်ယောက်၏ ခန္ဓာကိုယ်မှာ
ထွင်းဖောက်မြင်နေရသည်ဟု ထင်နေရပြီး
ကြည်လင်ခြင်း မရှိသော အလင်းတန်း တစ်ခုနှင့်
တူနေခဲ့သည်။ သူ၏ နားရွက်ဘေးမှ
ဆံနွယ်နှစ်ချောင်းတို့မှာ တစ်ဘက်ကဖြူ၍
တစ်ဘက်က မည်းနက်နေသည်။ သူတို့သည်
ယင်နှင့်ယန်တို့၏ အစွန်းနှစ်ဘက်နှင်
တူနေကြသည်။

သူတို့သည် ဟင်းလင်းပြင် ဘုရားကျောင်းမှ
အစွမ်းအထက်ဆုံး မဟာယာန အဆင့်မှ
မှော်ရတနာ နှစ်ပါးဖြစ်ကြသည့်
ဝက်ပါချိုးဖောက်ဖုံနှင့် ဟင်းလင်းပြင်

ယင်ယန်နာရီတို့၏ မူလစိတ်ဝိညာဉ်များ ဖြစ်ကြသည်။ သူတို့သည် ဗုံနတ်သားနှင့် ယင်ယန် အကြီးအကဲတို့ ဖြစ်ကြ၏။

ရတနာ နှစ်ပါးစလုံးတို့သည် မဟာယာန အဆင့်၏ အထွတ်အထိပ်တွင် ရောက်နေကြပြီ ဖြစ်သည်။ သူတို့၏ စွမ်းအားများတို့သည် အင်မော်တယ် ဝိညာဉ် တတိယ အဆင့်မှ ကျင့်ကြံသူ တစ်ယောက်နှင့် တူနေသည်။ သူတို့၏ စီနီယာ အဆင့်များမှာလည်း အလွန်အမင်း မြင့်ကြသည်။ ချင်းရှီ သူတော်စင်မယ်သည်ပင် သူတို့နှင့် တွေ့ခဲ့သောအခါ အတော့်ကို ရှိသေစွာဖြင့် ဆက်ဆံခဲ့သည်။

ဗိုနတ်သားနှင့် ယင်ယန် အကြီးအကဲတို့သည် ယန်နန်းလိုင်နှင့် ချင်းရီ သူတော်စင်မယ်တို့အား နှုတ်ဆက်လိုက်ကြသည်။ ယန်နန်းလိုင်က ပြောလိုက်၏။ "အကြီးအကဲကောင်းက နောက်ဆုံး အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီ.. သူက အောင်မြင်သွားခဲ့ပေမဲ့ အားနည်းနေခဲ့တယ်.. သူက အားမွေးဖို့ လိုအပ်နေတယ်.. အကြီးအကဲ ရွှမ်းရီကလည်း ပျက်စီးခြင်းငါးပါး ကပ်ဘေးကို သိပ်မကြာခင်က ရင်ဆိုင်ခဲ့ပြီး ပြန်လည် သက်သာလာခြင်း မရှိသေးဘူး"

"ဂျူနီယာဖူက တခြား အရေးကြီးတဲ့ ကိစ္စတွေနဲ့ အလုပ်ရှုပ်နေပြီး လောလောဆယ် ထွက်လာလို့

မရသေးဘူး.. ဆရာ၊ ကျန်းရီ အကြီးအကဲ၊ ဂျူနီယာ ရှမ်းလင်၊ ဂျူနီယာ ယုယန်၊ ဂျူနီယာချိုင်နဲ့ ဂျူနီယာယန်တို့ အားလုံးက ကောင်းကင်တို့ရဲ့ အပေါ်မှ လောကအတွင်းကို ဝင်သွားခဲ့တယ်.. ဂိုဏ်းက အခုအချိန်မှာ လူအင်အား နည်းပါးနေခဲ့တယ်.. အကြီးအကဲတို့ နှစ်ယောက်တို့ကို အားကိုးဖို့ လိုလိမ့်မယ်"

ဗုံနတ်သားက သူ၏ခေါင်းကို အနည်းငယ် ခါလိုက်၏။ 'ဒါက ငါတို့ရဲ့ တာဝန် ဝတ္တရားတွေပဲ.. မင်းက ဘာမှအားနာနေစရာ မလိုပါဘူး"

ယင်ယန် အကြီးအကဲကလည်း ဖြည်းညင်းစွာဖြင့် ပြောလိုက်သည်။ "ဂိုဏ်းက လူအင်အား နည်းနေတော့ မင်းက ဖန်းလုံကို ပြန်ခေါ်လိုက်မလား"

ယန်နန်းလိုင်က သူ၏ခေါင်းအား ညိတ်လိုက်၏။ "ကျွန်တော်ကလည်း ဒီလိုမျိုး စဥ်းစားမိပါတယ်.. ဒါပေမဲ့ ကျွန်တော်က ရွှမ်းရီ အကြီးအကဲကို အရင်မေးရဦးမယ်"

ဗုံနတ်သားနှင့် ယင်ယန် အကြီးအကဲသို့ ပြန်သွားကြပြီးသောအခါ ယန်နန်းလိုင်နှင့် ချင်းရီ သူတော်စင်မယ်တို့သည် ဝါးအိမ်လေး အတွင်းတွင် ထိုင်နေကြကာ ကောင်းကင်ပေါ်မှ

ကောင်းကင်ကိုးလွှာ နန်းတော်နှင့် ကောင်းကင်တို့၏ အပေါ်မှ လောကတို့အား ကြည့်လိုက်ကြသည်။

အချိန်အတော်ကြီးကြာမှ ချင်းရှီ သူတော်စင်မယ်က သက်ပြင်းတစ်ချက် ချလိုက်သည်။ "ကောင်းကင်တို့ရဲ့ အပေါ်က လောကရဲ့ မြင်ကွင်းက ဘယ်လိုမျိုး နေမလဲ မသိဘူး"

ယန်နန်းလိုင်သည် စကားမပြောခဲ့ပေ။ သို့သော်လည်း သူသည် မတတ်နိုင်ပဲ သူက ကောင်းကင်တို့၏ အပေါ်မှ လောကအတွင်းသို့

ဝင်ရောက်ခဲ့သော အချိန်ကို ပြန်လည်
စဉ်းစားနေခဲ့သည်။

အချိန်တို့က ဖြည်းဖြည်းချင်း
ကုန်လွန်သွားခဲ့သည်။ ယန်နန်းလိုင်နှင့် ချင်းရှီ
သူတော်စင်မယ်တို့သည် တစ်စုံတစ်ခုကို
တပြိုင်နက်တည်း ခံစားမိလိုက်ကြသည်။
သူတို့နှစ်ယောက်စလုံးတို့သည် အချင်းချင်း
ကြည့်ကာ ပြောလိုက်ကြ၏။ "အခြား
တစ်စုံတစ်ယောက်က ကောင်းကင်တို့ရဲ့
အပေါ်မှ လောကကို လှမ်းပြီး
ဆက်သွယ်နေခဲ့တယ်.. ဒါက
လင်းဖုန်းများလား"

***************

ဤအချိန်တွင် လင်းဖုန်း၏ မူလခန္ဓာကိုယ်သည် ယုကျင်းတောင် အပေါ်မှ ထွက်ခွာသွားခဲ့ပြီ ဖြစ်သည်။ သူသည် ဟင်းလင်းပြင် လေဟာနယ်ကို ဖြတ်ကျော်သွား၍ ပန်းလိုင်နတ်တောင်ထံသို့ ရောက်ရှိလာခဲ့သည်။

သူ၏ မိုးကြိုးနဂါး ကိုယ်ပွားသည် ကောင်းကင်ယောက်သွား ရွှေပုလဲအား ကိုင်ဆောင်ထားခဲ့သည်။ လင်းဖုန်း၏ မူလခန္ဓာကိုယ် ရောက်ရှိလာသောအခါ ကိုယ်ပွားသည် ထိုပုလဲအား မူလခန္ဓာကိုယ်အား ပေးလိုက်သည်။

လင်းဖုန်းသည် ကျောက်ပုလွေနှင့်
ကျောက်လှေကားတို့ကို ကိုင်ထားခဲ့၍ သူ၏
သဘာဝလွန် အသိစိတ်ဖြင့်
ကောင်းကင်ယောက်သွား ရွှေပုလဲအား
အကဲခတ်လိုက်သည်။ ခေတ္တမျှ စဉ်းစားလိုက်
အပြီးတွင် လင်းဖုန်းသည် သူ၏
မှော်စွမ်းအင်များဖြင့် ကျောက်ပုလွေအား
ကျင့်ကြံလိုက်သည်။ ကျောက်ပုလွေမှနေ၍
မှေးမှိန်သော အဖြူရောင် အလင်းတန်း
တစ်ခုအား ထုတ်လွှတ်လိုက်ကာ
ပန်းလိုင်နတ်တောင်၏ စံအိမ်အပေါ်မှ
လေဟာနယ် အတွင်းကို
ထိုးဖောက်သွားခဲ့သည်။

ထိုအလင်းတန်း ပုံရိပ်အတွင်းတွင် အဖြူရောင်
တိမ်တိုက်များ ဖုံးလွှမ်းနေသည့်
တောင်တန်းကြီးများ ရှိနေသည်။
နေအလင်းရောင်က ကျဆင်းလာသောအခါ
သူသည် ကောင်းကင်အပေါ်သို့
တက်ရောက်သွားသည့် လှေကားရှည်ကြီး
အဖြစ်သို့ ပြောင်းသွားခဲ့သည်။
ထိုလှေကားထစ်များသည်
ကောင်းကင်ကိုးလွှာသို့တိုင်အောင်
မြင့်တက်သွားခဲ့သည်။

ဟင်းလင်းပြင် လေဟာနယ် အတွင်းတွင်
တံခါးတစ်ခု ပေါ်လာသကဲ့သို့ ဖြစ်နေသည်။

သူသည် သူ့ကိုယ်သူ လေဟာနယ် အလွှာများ
အကြားတွင် ဖုံးကွယ်ထားခဲ့၏။

ဤအချိန်တွင် လင်းဖုန်းသည်
ကောင်းကင်ယောက်သွား ရွှေပုလဲနှင့်
ကျောက်လှေကား နှစ်ခုတို့အား အတူတကွ
ကျင့်ကြံလိုက်သည်။ မှော်စွမ်းအင် တစ်စပြီးမှ
တစ်စတို့သည် လင်းလက်နေသော
မှော်သင်္ကေတများ အဖြစ်သို့
ပြောင်းလဲသွားကြ၏။ သူတို့သည် ပုလဲနှင့်
လှေကားတို့၏ အတွင်းသို့ အဆက်မပြတ်
ဝင်ရောက်သွားကြသည်။

ကောင်းကင်ယောက်သွား ရွှေပုလဲသည့်
တောက်ပသော အလင်းတန်း တစ်ခုကို
ထုတ်လွှတ်လိုက်ကာ ကျောက်ပုလွေ၏
အလင်းတန်း ပုံရိပ်နှင့် ပေါင်းစည်းသွားခဲ့သည်။

ခဏအကြာတွင် လင်းဖုန်းနှင့် လျိုကြီးတို့၏
စိတ်အတွင်းတွင် ပေါ်လာခဲ့သော အလင်းတန်း
ပုံရိပ်သည် အစစ်အမှန် ဖြစ်တည်မှု အဖြစ်သို့
ပြောင်းသွားခဲ့သည်။ တိမ်တိုက်ပင်လယ်များ
အတွင်းတွင် မရေမတွက်နိုင်သော
တောက်ပသည့် အလင်းတန်းများမှာ
ကောင်းကင်ပေါ်သို့ ထိုးတက်သွားခဲ့၍
တစ်ခုနှင့်တစ်ခု ယှက်သန်းသွားကြသည်။
အလင်းတန်း တိမ်တိုက်ပင်လယ်၏ အဆုံးမှ

တံခါးသည် ပေါ်လိုက်ပျောက်လိုက်
ဖြစ်သွားကြ၏။

"ဟင်းလင်းပြင် ဘုရားကျောင်းက ခြေတစ်လှမ်း ပိုသာနေခဲ့ပေမဲ့ သူတို့က ငါ့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ်.. မဟုတ်လို့ရှိရင် ငါက ကျောက်ပုလွေနဲ့ ကျောက်လှေကားတို့ကို ထိန်းချုပ်ထားနိုင်ပေမဲ့ ဒီဝင်ပေါက်ကို ရှာလို့ရမှာ မဟုတ်ဘူး" လင်းဖုန်းက တွေးလိုက်သည်။
"ဒါပေမဲ့ ငါက ဒီလမ်းကြောင်းကို ကောင်းကင်ယောက်သွား ရွှေပုလဲကနေတဆင့် တွေ့ခဲ့တာ.. ဒါဆိုတော့ ဒီဝင်ပေါက်က ဟင်းလင်းပြင် ဘုရားကျောင်းနဲ့ အတူတူဖြစ်မှာ

မဟုတ်ဘူး.. ငါတို့က ဆုံတွေ့နိုင်ဖို့
အခွင့်အရေးတွေများ ရှိနေမလား"

လင်းဖုန်းသည် တွေးနေရင်း ကျောက်ပုလွေနှင့်
ကျောက်လှေကားတို့ကို လက်လွှတ်လိုက်ရာ
သူတို့သည် ဟင်းလင်းပြင် အတွင်းသို့
ပျံတက်သွားကြသည်။ သူတို့ကလည်း
မှေးမှိန်သော အလင်းတန်း တစ်ခုကို
ထုတ်လွှတ်လိုက်၍ တိမ်တိုက်ပင်လယ်တို့အား
ဖြတ်သန်းသွားခဲ့ကာ
တံခါးဝင်ပေါက်သို့တိုင်အောင်
ရောက်ရှိသွားခဲ့၏။

လှေကားထစ်များက မြင့်တက်လာသည်နှင့်
အမျှ သူ၏ အလင်းတန်းကလည်း
ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားခဲ့သည်။
ကျောက်လှေကားသည်
ထွင်းဖောက်မြင်နေရသကဲ့သို့ ဖြစ်သွားခဲ့ကာ
သဏ္ဍာန်ကင်းမဲ့နေခဲ့၍ သဲလွန်စရှာ၍
မရနိုင်တော့ချေ။

သို့သော်လည်း လင်းဖုန်းသည် သူနှင့်
တံခါးဝင်ပေါက်တို့အား ဆက်သွယ်ထားသော
ထူးခြားဆန်းကြယ်သည့် လမ်းကြောင်းတစ်ခုကို
ခံစားနေရသည်။

"ဒီလှေကားက လူတစ်ယောက်ပဲ တက်လို့ရတယ်.." လင်းဖုန်းသည် သဘာဝလွန် အသိစိတ်ဖြင့် အကဲခတ်လိုက်ရာ မတတ်နိုင်ပဲ သူ၏ မျက်ခုံးများကို ကြုတ်လိုက်သည်။ "ထားလိုက်ပါတော့.. ဒီတစ်ခါက်မှာ ငါတစ်ယောက်ပဲ တက်လို့ရတယ်.. ဒါပေမဲ့ ယုကျင်းတောင်ကို ငါ့ရဲ့ အင်မော်တယ် ဝိညာဉ်ကိုယ်ပွား အတွင်းကို ထည့်ပြီးမှ ယူသွားလို့များ ရမလား"

လင်းဖုန်းသည် တွေးနေရင်းနှင့် သဏ္ဍာန်မဲ့လှေကား အပေါ်သို့ ခြေချလိုက်သည်။ သူသည် ယုကျင်းတောင်နှင့် ဆက်သွယ်လိုက်ကာ သူ့အား

ကျဆင်းလာစေရန် အမိန့်ပေးလိုက်၏။ သို့သော်လည်း ချက်ချင်းပင် ထိုအပြုအမူအား ကျောက်လှေကားက ဆန့်ကျင်ခဲ့သည်ကို တွေ့လိုက်ရသည်။

"ငါက ဒီလိုမျိုး လှည့်ကွက်ကိုတောင် သုံးလို့မရဘူး" လင်းဖုန်းသည် သူ၏ ပုခုံးများကို တွန့်လိုက်ကာ ဘာမှတော့ မဖြစ်သွားခဲ့ပေ။ သူသည် ကျောက်လှေကားထစ်များအတိုင်း တက်သွားခဲ့ကာ တိမ်တိုက်ပင်လယ်များ၏ နက်ရှိုင်းသော အဆုံးပိုင်း အတွင်းသို့ ဝင်သွားခဲ့သည်။

သူသည် ယခုတစ်ခေါက်တွင် မည်သည့် အစီအစဉ်မှ မရှိခဲ့ပေ။ သူ၏ အဓိက ရည်ရွယ်ချက်မှာ လေ့လာကြည့်ရန်ပင် ဖြစ်သည်။ ဘာပဲပြောပြော သူသည် တံခါး၏ အနောက်တွင် ဘာရှိသည်ကို သိမနေပေ။ အားလုံးတို့သည် သူ့အတွက် ပဟေဠိသာ ဖြစ်နေ၍ ကြိုတင်ခန့်မှန်း၍ မရနိုင်ချေ။ ထို့ကြောင့် သူ့အတွက် အစီအစဉ် ကြိုဆွဲထားရန် ခက်ခဲနေသည်။

ထို့ကြောင့်ပင် လင်းဖုန်း၏ ဤတစ်ခေါက် ရည်ရွယ်ချက်မှာ ရိုးရှင်းနေသည်။ သူသည် အခြေအနေများကို လေ့လာကာ သတင်း အချက်အလက်များကို စုဆောင်းမည် ဖြစ်သည်။

အကယ်၍ သူသည် ဆုလာဘ်များကို ရရှိခဲ့လျှင် ပျော်ရွှင်ဖွယ်ကောင်းသော အံ့အားသင့်မှု တစ်ရပ် ဖြစ်ပေလိမ့်မည်။ အကယ်၍ ဘာမှ မရခဲ့လျှင်လည်း သူ့အတွက် ဘာမှမဖြစ်ပေ။

သူသည် လှေကားထစ်များအတိုင်း တက်လာ၍ တိမ်တိုက် ပင်လယ်များ အကြားမှ အလင်းတန်းကို လှေ့လာနေခဲ့သည်။ မဟာတာအို၏ သဘောတရားများသည် တစ်တန်းပြီးတစ်တန်း လင်းဖုန်း၏ စိတ်ဝိညာဉ် တာဝါ အတွင်းသို့ ဝင်လာခဲ့ကာ သူ့အား ကျေနပ်အားရစေခဲ့သည်။

သို့သော်လည်း သူသည် သူတို့အား
အမှန်တကယ် ကြုံတွေ့ခဲ့ရခြင်း မဟုတ်ပဲ
ခံစားမှု သက်သက်သာ ဖြစ်သည်။
လင်းဖုန်းသည် လှေကားထစ်များ၏ အဆုံးမှ
တံခါးအား ကြည့်လိုက်ကာ တစ်ဘက်ခြမ်းတွင်
ထိုသဘောတရားများ အမှန်တကယ်
တည်ရှိနေကြောင်းကို ရေးရေးလေး
ခံစားနေရ၏။

လင်းဖုန်းသည် အံ့အားသင့်နေခဲ့ကာ
သူ၏ခန့်မှန်းချက်သည် မှန်ကန်ကြောင်းကို
သိလိုက်ရသည်။

လင်းဖုန်းသည် လှေကားထစ်များမှတဆင့် တံခါးအရှေ့သို့ ရောက်လာခဲ့သည်။ တံခါး၏ အပြင်ဘက်ခြမ်းသည် ဟင်းလင်းပြင်မှ ဖန်ဆင်းထားသကဲ့သို့ သာမန်ဟုသာ ထင်နေရသည်။ မည်သည့် ထူးခြားသော ပုံစံမျိုးမှ မရှိခဲ့ပေ။ သို့သော်လည်း သူ့တွင် ရိုးရှင်းသော ခံစားချက်တစ်မျိုး ရှိနေသည်။

တံခါးရှိနေသော ဟင်းလင်းပြင် အတွင်းမှ မည်သည့် အသံမှ ထွက်မနေခဲ့ချေ။ လင်းဖုန်းသည်ပင်လျှင် ဘာအသံမှ မထွက်ခဲ့ပဲ ငြိမ်သက်စွာ နေနေခဲ့သည်။

"အိုး" လင်းဖုန်း၏ မျက်လုံးအစုံသည် လက်ကနဲ ဖြစ်သွားခဲ့ကာ လျှင်မြန်စွာ တုံ့ပြန်ခဲ့လိုက်သည်။ သူသည် ဤနေရာမှ ထူးခြားဆန်းကြယ်သော သဘောတရားများနှင့် တစ်သားတည်း ဖြစ်သွားသည်ဟု ခံစားလိုက်ရသည်။

လင်းဖုန်းက ရယ်လိုက်၏။ "တကယ့်ကိုပဲ မရိုးရှင်းဘူး"

သူသည် တံခါးတွန်းဖွင့်သည့် ပုံစံမျိုး ပြုလုပ်လိုက်သည်။ တံခါးသည် နှစ်ဘက်စလုံးသို့ ပွင့်နေနိုင်သည်။ တံခါး၏အနောက်မှ မြင်ကွင်းသည် သာမန်သာဖြစ်၍ မည်သည့်အရာကိုမှ

မမြင်နေရချေ။ သို့သော်လည်း လင်းဖုန်းသည် စိတ်မပျက်သွားခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူသည် ကောင်းကင်နှင့် မြေကြီးတို့၏ ဆက်သွယ်မှုများကို ကောင်းစွာ ခံစားနေရသောကြောင့် ဖြစ်သည်။

သူသည် မည်သည့်အရာကိုမှ မကြားခဲ့ရသော်လည်း မရေမတွက်နိုင်သော သဘောတရား လမ်းစဥ်တို့သည် သူ၏စိတ်ကို ဖြတ်သန်းကာ သူ့အား စကားပြောနေခဲ့သကဲ့သို့ ဖြစ်သည်။

လင်းဖုန်းသည် လမ်းလျှောက်ဝင်သွားမည်ဟု ပြင်ဆင်လိုက်သောအခါ ထူးခြားသော

တစ်စုံတစ်ခုက ဖြစ်ပျက်ခဲ့သည်။
ကောင်းကင်ဖျက်ဆီး ခေးသည်
ဟိန်းဟောက်လိုက်ကာ လင်းဖုန်း၏
အင်မော်တယ်ဝိညာဉ် အတွင်းမှ
ထွက်ခွာလာခဲ့သည်။

လင်းဖုန်းသည် အနည်းငယ်
အံ့အားသင့်သွားခဲ့၏။ သူသည် ရွှမ်းလီအား
မနည်းနှစ်သိမ့်ကာ ခေးအိမ်အတွင်းသို့
ပြန်ဝင်စေခဲ့ခြင်း ဖြစ်သည်။ ပြီးတာနှင့် သူသည်
ခေးအိမ်ကို သူ၏ အင်မော်တယ်ဝိညာဉ်
အတွင်းတွင် ထည့်ထားခဲ့သည်။ သို့သော်လည်း
ဤအချိန်တွင် ခေးကြီးသည် သူ၏

အင်မော်တယ်ဝိညာဥ် အတွင်းမှ ထွက်လာခဲ့သည်။

"ဒီနေရာကလည်း ကောင်းကင်ဖျက်ဆီး ခေါးကို ခွဲခြားဆက်ဆံနေတာလား" လင်းဖုန်းသည် ခေတ္တမျှ တွေးလိုက်ကာ ဉာဏ်အလင်း ပွင့်သွားခဲ့သည်။

ဤနေရာသည် ကောင်းကင်နှင့် မြေကြီးတို့၏ လမ်းစဥ်များ စုဝေးရာ နေရာဖြစ်သည်။ မဟာကမ္ဘာ အတွင်းမှ အထူးခြား အဆန်းကြယ်ဆုံး နေရာတစ်ခု ဖြစ်၏။ သူသည် ကိုယ်ပိုင် အသိစိတ် ရှိနေသကဲ့သို့ ကောင်းကင်နှင့် မြေကြီးတို့၏ လမ်းစဥ်ကို

ဆန့်ကျင်နေသည့် ကောင်းကင်ဖျက်ဆီး ခေးကို ခွဲခြားဆက်ဆံနေခြင်း ဖြစ်သည်။

ကောင်းကင်ဖျက်ဆီး ခေး၏ ခေးဝိညာဥ်သည် စူတောင်ခေးဂိုဏ်း၏ ခေးပညာရပ်နှင့် ကွာခြားသည်။ သူသည် ကမ္ဘာအတွင်းမှ အခြားလူသတ်ခေးများနှင့် မတူနေချေ။ သူသည် ကမ္ဘာကြီးအား အဆုံးသတ်စေမည့် ကောင်းကင်ဖျက်ဆီး ခေးဖြစ်သည်။

အကယ်၍ လူသားများတွင် အသက်ရှိလျှင် သူက ဖျက်ဆီးမည် ဖြစ်သည်။ အကယ်၍ ကြယ်တာရာများတွင် အသက်ရှိလျှင်လည်း သူက ဖျက်ဆီးမည် ဖြစ်၏။ အကယ်၍

ကောင်းကင်နှင့် မြေကြီးတို့က အသက်ရှိလျှင်ပင် သူက ထိုနည်းတူစွာ ဖျက်ဆီးဦးမည် ဖြစ်သည်။

သူသည် မည်သည့် သက်ရှိကိုမျှ ရည်ရွယ်၍ ပစ်မှတ်ထားနေခြင်း မဟုတ်ပေ။ သူသည် ကောင်းကင်နှင့် မြေကြီးတို့၏ လမ်းစဉ်တစ်ခုလုံးအား ပစ်မှတ်အဖြစ် သဘောထားနေ၍ ဖျက်ဆီးချင်နေခြင်း ဖြစ်သည်။

ဤမျှအထိ ခက်ထန်ကြမ်းတမ်းသောဓားသည် ခွဲခြား၍ ဆက်ဆံခြင်းကို ခံရသည်မှာ သဘာဝ ကျပေသည်။